www.burmeseclassic.com



ဘဝတက္ကသိုလ်

မြသန်းတင့်

# ရွှေပြည်တော်မျှော်တိုင်းဝေး

# THE FAR PAVILIONS

M. M. KAYE

ဒုတိယအကြိမ်

ပထမတွဲ

www.burmeseclassic.com

www.burmeseclassic.com

စာမူ ခွင့်ပြုချက် အမှတ် [၁၆၈၀/၂၀၀၃ (၁၂)]
မျက်နှာဖုံး ခွင့်ပြုချက် အမှတ် [၁၀၉၄/၂၀၀၄ (၁၁)]

ဒုတိယ အကြိမ်၊ ၂၀၀၄၊ ဒီဇင်ဘာ
[ပထမ အကြိမ်၊ ၁၉၈၆၊ စက်တင်ဘာ၊ အောက်တိုဘာ၊
ရှစ်တွဲ၊ ဘ၀တက္ကသိုလ် စာပေ။]

| | |
|---|---|
| မျက်နှာဖုံး | ပန်းချီ တင်မောင်မျင့် |
| အုပ်ရေ | ၅၀၀ |
| တန်ဖိုး | ၅၀၀၀ ကျပ် |
| မျက်နှာဖုံးရိုက် | ဒေါ်ရွှေ (၀၂၀၇၉)၊ သုခ ပုံနှိပ်တိုက် ၁၂၈၊ ၄၆ လမ်း၊ ရန်ကုန်။ |
| ပုံနှိပ်သူ | ဦးတင်မောင်ဝင်း (၀၅၉၄၆)၊ သင်းလဲ့ဝင်း ပုံနှိပ်တိုက် ၁၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံ မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဦးနေဝင်း (ယာယီ ၇၀၅)၊ ဘဝတက္ကသိုလ် စာပေ၊ ၁၄၉၊ ၃၇ လမ်း၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်။ |

www.burmeseclassic.com

www.burmeseclassic.com

# မြသန်းတင့်

# ရွှေပြည်တော် မျှော်တိုင်းဝေး

[ပထမတွဲ]

**M. M. KAYE**

# THE FAR PAVILIONS

www.burmeseclassic.com

www.burmeseclassic.com

## မြန်မာပြန်သူ၏ အမှာ
## (ပထမ အကြိမ်)

BURMESE CLASSIC .com

၁၉၈၂ ခုနှစ်တွင် စန္ဒာ မဂ္ဂဇင်း အယ်ဒီတာ အဖွဲ့က တင့်တယ် ပြန်ဆို၍ အဆုံး မသတ်ခဲ့သော **ရေဘက်ကာ** ဝတ္ထုကြီးကို ဆက်လက် ပြန်ဆိုပေးရန် ကျွန်တော့်ကို ပြောခဲ့လေသည်။ ထိုစဉ်က စန္ဒာ မဂ္ဂဇင်းသည် နိုင်ငံခြား ဝတ္ထုကြီးများကို မြန်မာ စာဖတ် ပရိသတ်နှင့် မိတ်ဆက်ပေးလိုသဖြင့် မဂ္ဂဇင်းတွင် ဘာသာပြန် ခန်းဆက် ဝတ္ထုကြီးများ ထည့်နေချိန် ဖြစ်သည်။ ဒပ်ဖနီ ဂျူ မောရီးယား၏ **ရေဘက်ကာ** ဝတ္ထုကြီးကို ဘာသာပြန်၍ ပေးနေစဉ် ရှစ်လ အကြာတွင် တင့်တယ် ကွယ်လွန်သွားသဖြင့် ဝတ္ထုကြီးမှာ တစ်ပိုင်းတစ်စ ဖြစ်နေသည်။ ဤတွင် စန္ဒာ မဂ္ဂဇင်းက ထိုဝတ္ထုကို ဆက်လက် ဖော်ပြလိုသဖြင့် ကျွန်တော့်အား ဆက်လက် ပြန်ဆိုရန် တိုက်တွန်းခြင်း ဖြစ်သည်။

သို့ရာတွင် အခြားသူ ပြန်လက်စ ဖြစ်နေသည့် အတွက်ကြောင့် တစ်ကြောင်း၊ ကျွန်တော် ကိုယ်တိုင်က **ရေဘက်ကာ**ကို အကြိုက်ကြီး မဟုတ်သည့် အတွက်ကြောင့် တစ်ကြောင်း ကျွန်တော် ငြင်းခဲ့ပါသည်။ ဤတွင် စန္ဒာမဂ္ဂဇင်း အယ်ဒီတာ အဖွဲ့သည် သူတို့ ရွေးချယ်ထားသော နိုင်ငံခြား ဂန္ထဝင် စာအုပ် သုံးလေးအုပ်ကို အဆိုပြုပြန်သည်။ ထိုအထဲတွင် ကျွန်တော်နှင့် သူတို့ အကြိုက်ချင်း တူသည့် စာအုပ်များလည်း ရှိပြီး အကြိုက်ချင်း ကွဲသည့် စာအုပ်တွေလည်း ပါသည်။ အကြိုက်ချင်း တူသည့် စာအုပ်များကို ပြန်ရန် စဉ်းစားကြသည့် အခါတွင် အခြေအနေ အရပ်ရပ်ကြောင့် အခက်အခဲတွေ ရှိနေသည်ကို တွေ့ကြရသည်။

ဤတွင် ကျွန်တော်က ကျွန်တော် ပြန်ချင်နေသည့် **ရွှေပြည်တော် မျှော်တိုင်းဝေး**ကို ထည့်ရန် အဆိုပြုသည်။ သူတို့က ဝမ်းမြောက်ဝမ်းသာ လက်ခံကြသည်။ သို့ရာတွင် ခက်သည်မှာ ထိုဝတ္ထုကြီးသည် ရှည်လျားလွန်းနေခြင်း ဖြစ်သည်။ မဂ္ဂဇင်း ခန်းဆက် ဝတ္ထုရှည် အနေဖြင့် ထည့်လျှင် ထိုဝတ္ထုကြီးကို လေးနှစ်ကျော်မျှ ထည့်ရပေလိမ့်မည်။ သို့ထည့်လျှင် ပရိသတ်က စိတ်မှ ရှည်ပါမည်လောဟု ကျွန်တော်တို့ စဉ်းစားကြရသည်။ နောက်ဆုံးတွင် ကျွန်တော်တို့ နှစ်ဖက် သဘောတူညီချက် ရကြ၏။ ထိုဝတ္ထုကြီးကို အစ အဆုံး ထည့်မည်။ သို့ရာတွင် ဝတ္ထုကြီးထဲတွင် အချို့ နေရာများ၌ ထပ်နေသည့် အခန်း အချို့ပါသည်။ ဥပမာ အချို့ အဖြစ်အပျက်များကို စကားပြောခန်းထဲတွင် ပါရှိပြီး ဖြစ်သော်လည်း လှုပ်ရှားမှု အနေဖြင့် ထပ်၍ ဖော်ပြခြင်းမျိုး ရှိနေသည်။ ထိုအခန်းမျိုးတွင် ဖြတ်သင့်သည်တို့ကို ဖြတ်မည်။ သို့ရာတွင် တတ်နိုင်သမျှ မဖြတ်ဘဲ ထားမည်။

သို့ဖြင့် ကျွန်တော်တို့သည် ထိုဝတ္ထုကြီးကို စန္ဒာ မဂ္ဂဇင်းတွင် ထည့်ခဲ့ရာ သုံးနှစ်နှင့် လေးလမျှ ကြာခဲ့ပါသည်။ ပရိသတ်ကလည်း စိတ်ဝင်စားစွာ စောင့်၍ ဖတ်ခဲ့ကြသဖြင့် ကျွန်တော်တို့ ကျေနပ်ကြရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စန္ဒာတွင် ကျွန်တော် စတင် ပြန်ဆိုနေစဉ်က ထိုဝတ္ထုကြီးကို ရုပ်ရှင်ပင် မရိုက်သေးချေ။ စန္ဒာထဲတွင် ပါပြီး တစ်နှစ်ကျော်ကျော်လောက် ရှိသည့်အခါတွင် အိန္ဒိယပြည်သို့ လာ၍ ထိုဝတ္ထုကြီးကို ရုပ်ရှင်ရိုက်သည် ဆိုသော သတင်းကို ကျွန်တော် တွေ့လိုက်သည်။ ရုပ်ရှင် ရိုက်ပြီး၍ ရုပ်ရှင်ကား ပြသသည့် အခါတွင်လည်း ကျွန်တော့် ဝတ္ထုမှာ စန္ဒာတွင် မပြီးသေးပါ။ ရန်ကုန်တွင် မပြခင် ကလေးတွင်မှ စန္ဒာတွင် အဆုံးသတ်သွားခြင်း ဖြစ်သည်။

**ရွှေပြည်တော် မျှော်တိုင်းဝေး** ဝတ္ထုကြီးမှာ အိန္ဒိယပြည်ကို နောက်ခံထား၍ ရေးသားသည့် ဝတ္ထုကြီး ဖြစ်၍ ဇာတ်ဆောင်များမှာ အင်္ဂလိပ် စစ်ဗိုလ်ကလေး အက်ရှ်နှင့် အိန္ဒိယ မဟာရာဇာ တစ်ဦး၏ ကပြားသွေး စပ်သော သမီးတော် တစ်ဦး ဖြစ်သည့် ဇူလီတို့ ဖြစ်သည်။ အက်ရှ်သည် အိန္ဒိယပြည် ဟိမဝန္တာ တောင်စောင်း တစ်နေရာ တောကြီးမျက်မည်းထဲတွင် မွေးဖွားသူ ဖြစ်ပြီး သူ့မွေးပြီး မကြာမီတွင် အဖေရော အမေပါ ဆုံးသွားသဖြင့် အာယားမ တစ်ဦး ဖြစ်သူ သီတာက မွေးစားခဲ့ရသည်။ ထို့ကြောင့် အက်ရှ်သည် သွေးကသာ အင်္ဂလိပ်သွေး ဖြစ်သော်လည်း စိတ်က အိန္ဒိယစိတ် ဖြစ်နေသည်။ အိန္ဒိယ တပ်တွင်း ပုန်ကန်မှုကြီး ဖြစ်သည့်အခါတွင် အိန္ဒိယ တိုင်းရင်းသားတို့က အင်္ဂလိပ်သွေး ပါသူများကို လိုက်လံ သတ်ဖြတ်နေသဖြင့် သီတာသည် သူ့ကို အိန္ဒိယ တိုင်းရင်းသား ကလေး တစ်ယောက် ယောင်ဆောင်ခိုင်းကာ ကြီးပြင်းအောင် မွေးမြူခဲ့ရသည်။ အင်္ဂလိပ်သွေး ပါသူများကို လိုက်လံ သတ်ဖြတ်လျက် ရှိသဖြင့် သီတာနှင့် အရော့ ခေါ် အက်ရှ်တို့သည် မြောက်ပိုင်း ဂူးလ်ကုတ် ပြည်နယ်သို့ ပြေးလာခဲ့ကြသည်။ ဂူးလ်ကုတ် ပြည်နယ်သို့ ရောက်စဉ် သူတို့ သားအမိသည် မဟာရာဇာ၏ ဟော်နန်းထဲသို့ ရောက်သွားကြကာ ဟော်နန်းတွင် အစေအပါး အဖြစ် နေခဲ့ကြသည်။ အရော့ ခေါ် အက်ရှ်မှာလည်း ဟော်နန်းထဲတွင် မြင်းထိန်း အဖြစ် အလုပ်ရသည်။ သို့နေစဉ် အက်ရှ်သည် စော်ဘွား၏ မောင်းမ တစ်ဦးမှ မွေးသည့် ဇူလီကို သွားတွေ့ကာ ဇူလီနှင့် သူသည် ကစားဖော် ကစားဖက်များ ဖြစ်လာခဲ့ကြသည်။

ဟော်နန်းတွင်းတွင် အမွေ ဆက်ခံရေးနှင့် ပတ်သက်၍ တစ်ယောက်နှင့် တစ်ယောက် အကောက်ကြံမှုများ ဖြစ်နေစဉ် အက်ရှ်က အကောက်ကြံမှုများကို သိသည့်အတွက် သူ့ကို တစ်ဖက်ဂိုဏ်းက ရန်ရှာသဖြင့် အက်ရှ်တို့ သားအမိသည် ဂူးလ်ကုတ် ဟော်နန်းမှ ထွက်ပြေးခဲ့ရသည်။ လမ်းတွင် သီတာမှာ ရောဂါကြောင့် သေဆုံးခဲ့ရ၏။ သီတာ ဆုံးကာနီးတွင် သီတာက အရော့သည် အိန္ဒိယသွေး မဟုတ်ဘဲ အင်္ဂလိပ်သွေး ဖြစ်ကြောင်း၊ သူ့မိဘများက သေတမ်းစာနှင့် အမွေများ ပေးခဲ့ကြောင်း၊ ထိုငွေများဖြင့် ဘိလပ်သို့ သွား၍ ပညာသင်ရန် မှာခဲ့ကြောင်း စသည်တို့ကို ပြောခဲ့သဖြင့် အက်ရှ်မှာလည်း သူ့ဦးကြီးရှိရာ နယ်ခြားစောင့် တပ်သို့ လိုက်လာခဲ့သည်။ သို့ရာတွင် နယ်ခြားစောင့်တပ်တွင် သူ့ဦးကြီးကို မတွေ့ရတော့။ ထို့ကြောင့် တပ်မှူးက သူ့ကို ဘိလပ်သို့ ပို့ပေးကာ ပညာ သင်ကြားစေသည်။

အက်ရှ်သည် ဘိလပ်တွင် ပညာ သင်ပြီးနောက် အိန္ဒိယပြည်သို့ ပြန်လာခဲ့ကာ နယ်ခြားစောင့်တပ်တွင် အမှုထမ်းနေသည်။ ထိုသို့ အမှုထမ်းနေစဉ် စည်းကမ်း ဖောက်ဖျက်မှုဖြင့် အရေးယူခံရကာ တောင်ပိုင်းသို့ အပို့ခံရသည်။ တောင်ပိုင်းသို့ ပြောင်းရွှေ့ အမှုထမ်းစဉ် ဘိသော စော်ဘွားနှင့် ကာရိကုတ် မဟာရာဇာ၏ သမီးတော်တို့ စုလျား ရစ်ပတ်သည့် လက်ထပ်ပွဲသို့ တာဝန်



www.burmeseclassic.com

www.burmeseclassic.com



အရ လိုက်လံ ပို့ဆောင်ရာမှ သတို့သမီး တစ်ဦး ဖြစ်သူ မိမိ ချစ်သူဟောင်း ဇူလီနှင့် ပြန်တွေ့ရခြင်း ဖြစ်သည်။ ဇူလီမှာ သို့သော မဟာရာဇာ၏ ကြင်ရာတော်အဖြစ် အရွေးခံရသော်လည်း စော်ဘွားမှာ ဇူလီကို ပေါင်းဖော်ခြင်း မပြုဘဲ သူ့ ညီမတော်ကိုသာ ပေါင်းဖော်ခြင်း ပြုသည်။ ဟိန္ဒူ ထုံးစံအရ လင်ယောကျ်ား သေဆုံးသည့်အခါတွင် ဇနီးများက မီးပုံထဲသို့ ခုန်ဆင်းရသည်။ စော်ဘွား ကွယ်လွန်သည့်အခါတွင် အက်ရှ်သည် မီးပုံထဲသို့ ခုန်ဆင်းရတော့မည့် ဇူလီကို ကယ်တင်ကာ ချစ်သူ နှစ်ဦးတို့ ပြန်တွေ့ကြပြီးနောက် အာဖဂန်နစ္စတန်ပြည်သို့ တာဝန်အရ သွားခဲ့ရသည်။

ထိုအချိန်၌ အင်္ဂလိပ် အာဖဂန် ဒုတိယ စစ်ပွဲ ဖြစ်နေချိန် ဖြစ်သည်။ အာဖဂန် မြို့တော် ကဗူးလ်မြို့တွင် အရေးအခင်း ဖြစ်ပွားရာ အင်္ဂလိပ် သံတဲကို အဝိုင်းခံရပြီး အက်ရှ်နှင့် ဇူလီတို့မှာလည်း ကဗူးလ်မှ ဝေးရာသို့ ထွက်ပြေးခဲ့ကြရသည်။ ချစ်သူ နှစ်ဦးတို့သည် အဝေးတွင် မြင်ရသော ရွှေပြည်သာ တောင်တန်းကြီးများဆီသို့ လာခဲ့ကြသည်။ ထိုတောင်တန်းများတွင် ဒေါသ မရှိ၊ လောဘ မရှိ၊ မောဟ မရှိ၊ စစ်မက် မရှိ၊ သတ်ဖြတ်မှုတွေ မရှိ။ ထိုတောင်တန်းများဆီတွင် ငြိမ်းချမ်းရေး ရှိသည်၊ ပန်းပွင့်တွေ ရှိသည်၊ ကျေးငှက်တွေ ရှိသည်၊ စမ်းရေ ရှိသည်၊ သာယာသော ကမ္ဘာလောကကြီး ရှိသည်။

ဤသည်မှာ **ရွှေပြည်တော် မျှော်တိုင်းဝေး** ဇာတ်လမ်း ဖြစ်၍ ထို ဇာတ်လမ်းက ပြောပြလိုသော အနက် အဓိပ္ပာယ် ဖြစ်လေသည်။

**ရွှေပြည်တော် မျှော်တိုင်းဝေး** ဝတ္ထုကြီးသည် သမိုင်းနောက်ခံ ဝတ္ထုကြီးဟု ပြောနိုင်သည်။ သို့ရာတွင် သမိုင်းနောက်ခံ ဝတ္ထုတို့ ထုံးစံအတိုင်း အချက်အလက်များနှင့် သမိုင်းဝင် ပုဂ္ဂိုလ် အချို့တို့သာလျှင် တကယ် အမှန်များ ဖြစ်ပြီး ကျန် ဇာတ်ဆောင်များနှင့် အချက်အလက် အချို့၊ ဇာတ်လမ်း အချို့တို့မှာ စာရေးဆရာ၏ စိတ်ကူး ဖြစ်လေသည်။

သမိုင်း အချက်အလက်နှင့် သမိုင်းဝတ္ထုသည် ခြားနားသော အရာများ ဖြစ်သည်။ သမိုင်း အချက်အလက်သည် သမိုင်းဆရာ၏ အလုပ် ဖြစ်သည်။ သမိုင်းဆရာသည် ထို အချက်အလက်ကို အနည်းငယ်မျှ ပစ်ပယ်၍ မရ။ တစ်ချက်ကလေးမျှ သွေဖည်၍ မရ။ သမိုင်း အချက်အလက်ကို ပစ်ပယ်လိုက်သည်နှင့်၊ သမိုင်း အချက်အလက်မှ သွေဖည်လိုက်သည်နှင့် ထို သမိုင်းဆရာသည် သမိုင်းဆရာ အဖြစ်မှ လျှောကျတော့သည်။

သမိုင်း ဝတ္ထု ဆရာကား ထိုသို့မဟုတ်။ သူ့ ဦးတည်ချက်၊ သူ့ ရည်ရွယ်ချက်၊ သူ့ ဇာတ်လမ်း အတွက် အထောက်အကူ ပြုသည့် အချက်အလက် အချို့ကိုသာ ယူ၍ သူ့အတွက် မလိုသော သမိုင်း အချက်အလက်တို့ကို စွန့်ပစ်ခဲ့သည်။ အချို့ နေရာများတွင် သမိုင်းဝင် ပုဂ္ဂိုလ်များကို ထည့်သွင်းပြီး အချို့ နေရာများတွင် သူ ပြောလိုသည့် အကြောင်းအရာများကို လွတ်လပ်စွာ ပြောနိုင်ရန် အတွက် စိတ်ကူးဖြင့် ဇာတ်ဆောင်များကို ဖန်တီးရသည်။ သမိုင်းတွင် တကယ် မရှိခဲ့သော်လည်း တကယ် ရှိခဲ့လေဟန် ရေးရသည်။ ဤသို့ မဟုတ်ဘဲ သမိုင်း အချက်အလက်တွေကိုချည်း လျှောက်ရေးနေမည် ဆိုလျှင် ထိုသမိုင်းဝတ္ထု စာရေးဆရာသည် စာရေးဆရာ အဖြစ်မှ လျှောကျတော့သည်။

သမိုင်းဆရာနှင့် စာရေးဆရာသည် မတူကြပေ။ သမိုင်းဆရာသည် အချက်အလက်ကို သီကုံးပြသူ ဖြစ်ပြီး စာရေးဆရာသည် စိတ်ကူးကို သီကုံးပြသူ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဥပမာအားဖြင့် **ရွှေပြည်တော် မျှော်တိုင်းဝေး** ဝတ္ထုကြီး၏ နောက်ခံဖြစ်သော အိန္ဒိယ တပ်တွင်း ပုန်ကန်မှုကြီးသည် အမှန် ဖြစ်သည်။ အင်္ဂလိပ်အာဖဂန် ဒုတိယ စစ်ပွဲသည် အမှန် ဖြစ်သည်။ အရှေ့အိန္ဒိယ ကုမ္ပဏီ၏ လုပ်ရပ်များသည် အမှန် ဖြစ်သည်။ ကဗူးလ် အရေးအခင်းသည် အမှန်ပင် ဖြစ်သည်။ ဗိုလ်မှူး ကာဗက်နာရီ ကျဆုံးသည့် ကိစ္စသည် အမှန် ဖြစ်သည်။ အာဖဂန် ပေါ်လစီနှင့် ပတ်သက်၍ ဗြိတိသျှ အုပ်စိုးသူ အသိုင်းအဝိုင်းတွင် သဘော ကွဲလွဲနေချက်များသည် အမှန် ဖြစ်သည်။

သို့ရာတွင် အက်ရှ်၏ ဇာတ်လမ်းသည် စိတ်ကူး ဖြစ်သည်။ ဇူလီသည် စိတ်ကူး ရုပ်ပုံလွှာ တစ်ခု ဖြစ်သည်။ ဝေါ်လီသည် စိတ်ကူး ရုပ်ပုံလွှာ ဖြစ်သည်။ သီတာသည် စိတ်ကူး ရုပ်ပုံလွှာ ဖြစ်သည်။ အလားတူပင် အခြားသော ဇာတ်ဆောင်ပေါင်း များစွာ၊ အဖြစ်အပျက် များစွာတို့သည် စိတ်ကူး ရုပ်ပုံများ ဖြစ်ကြလေသည်။

**ရွှေပြည်တော် မျှော်တိုင်းဝေး** ဝတ္ထုကြီးသည် သမိုင်းနောက်ခံ ဝတ္ထုမျှသာမက အချစ်ဝတ္ထုလည်း ဖြစ်သည်။ စွန့်စားခန်း ဝတ္ထုလည်း ဖြစ်သည်။ လျှို့ဝှက်သည်းဖို ဝတ္ထုလည်း ဖြစ်သည်။ စစ်ဝတ္ထုလည်း ဖြစ်သည်။ လူမှုရေး ဝတ္ထုလည်း ဖြစ်သည်။

BURMESE CLASSIC .com

စာရေးဆရာမ အမ် အမ် ကေးသည် အကောင်းအမွန်တွေကိုချည်း ထိုဝတ္ထုထဲတွင် စုပြုံ ထည့်ထားသည်။ အကောင်းတွေချည်း စုနေလွန်းသဖြင့် ဘယ်အကောင်းကို အရသာ ခံရမည် မသိဘဲ ဖြစ်နေတတ်သည်။ စားကောင်းသောက်ဖွယ်တို့ ဟင်းလျာခွက်တွေ အများကြီး တည်ခင်းထားသည့် စားသောက်ပွဲကြီးတွင် မည်သည့်ဟင်းကို နှိုက်ရမည် မသိ၊ မည်သည့်ဟင်းကို အရသာ ခံရမည် မသိဘဲ ဖြစ်နေသကဲ့သို့ ရှိလေသည်။

အမ် အမ် ကေးသည် အိန္ဒိယပြည်တွင် မွေးသော အင်္ဂလိပ် အမျိုးသမီး ဖြစ်ပြီး သူ့အဘိုး၊ အဖေ၊ အစ်ကိုနှင့် ခင်ပွန်းတို့သည် အိန္ဒိယတွင် အမှုထမ်းခဲ့ကြသူများ ဖြစ်သည်။ စုံထောက်ဝတ္ထုများ အပြင် **ကုန်သည်လေ၊ လစန္ဒာ၏ အရိပ်** နှင့် **ရွှေပြည်တော် မျှော်တိုင်းဝေး** စသည့် သမိုင်းနောက်ခံ ဝတ္ထုရှည်ကြီးများကို ရေးခဲ့သူ ဖြစ်သည်။

**ရွှေပြည်တော် မျှော်တိုင်းဝေး**ကို စာအုပ် အဖြစ် ထုတ်ဝေသည့် အခါတွင် မဂ္ဂဇင်းခန်းဆက် ထည့်စဉ်က ချန်လှပ်ခဲ့သော အပိုင်းများကို ပြန်၍ အပြည့်အစုံ ထည့်သွင်းထားပါသည်။

မူလက ဆိုက်ကြီး တစ်တွဲလျှင် စာမျက်နှာ ၆၀၀ ခန့်ဖြင့် သုံးတွဲ ထွက်ရန် စီစဉ်ခဲ့ကြသော်လည်း အကြောင်း အမျိုးမျိုးကြောင့် ဆိုက်သေး အတွဲ ရှစ်တွဲ ထုတ်ဝေရခြင်း ဖြစ်ပါသည်။

**ရွှေပြည်တော် မျှော်တိုင်းဝေး** ဝတ္ထုကြီး ပြန်ဆိုရာတွင် ကူညီခဲ့ကြသော ရေးဖော်များ၊ မိတ်ဆွေများကို လည်းကောင်း၊ သုံးနှစ်ကျော်တိုင်တိုင် ထည့်သွင်း ဖော်ပြပေးခဲ့သော စန္ဒာ မဂ္ဂဇင်းကို လည်းကောင်း၊ အမြန်ဆုံး ထွက်နိုင်ရန် တတ်စွမ်းသမျှ ကြိုးပမ်းသော ဘဝတက္ကသိုလ် စာပေတိုက်ကို လည်းကောင်း ကျေးဇူးတင်ရှိကြောင်း ဖော်ပြပါသည်။

မြသန်းတင်
၁၈၊ ၈၊ ၁၉၈၆။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁

သူတို့ခေတ်သည် ဝိတိုရိယ ဘုရင်မ နန်းစံသည့်ခေတ်။ ထိုခေတ်သည် စည်းကမ်း အလွန်ကြီးသည်။ အမျိုးသမီးတို့ကလည်း ဟီရိ ဩတ္တပ္ပ တရားကို အလွန်ထိန်းကြသည်။ ထိုခေတ် မျက်စိဖြင့် ကြည့်လျှင် အစ္စဘယ်သည် အလွန် ခေတ်ဆန်သည့် မိန်းမဟု ဆိုရလိမ့်မည်။

အိန္ဒိယ အနောက်မြောက် နယ်ခြား ပက်ရှဝါမြို့လေးရှိ တပ်နယ်မြေသို့ အစ္စဘယ် ရောက်လာသည့်အခါတွင် မျက်ခုံးပင့်၍ ကြည့်သူတွေ မနည်း။ ကဲ့ရဲ့စကား ဆိုသူတို့ကလည်း မရေမတွက်နိုင်။ အရွယ်ကိုကြည့်လိုက်တော့ နှစ်ဆယ့်တစ်နှစ်။ အိမ်ထောင်လည်းမရှိသေး။ လူလွတ်ဖြစ်သည့် တစ်ဦးတည်းသော အစ်ကိုဝီလျံထံတွင် အိမ်ထောင် ထိန်းပေးရန် လိုက်လာခဲ့ခြင်းဖြစ်သည်။ ဝီလျံမှာ မကြာမီက ဖွဲ့စည်းလိုက်သော နယ်ခြားစောင့်တပ်တွင် တပ်ဗိုလ်ကလေး အဖြစ် ခန့်အပ်ခြင်း ခံရသဖြင့် ပက်ရှဝါသို့ ရောက်လာခဲ့ခြင်း ဖြစ်၏။

နောက် တစ်နှစ်လောက် ကြာသည့် အခါတွင် အစ္စဘယ်သည် ပါမောက္ခ ဟီလာရီ ပယ်လ်ဟမ် မာတင်နှင့် လက်ထပ်လိုက်သည်။ ပါမောက္ခ ဟီလာရီက ထင်ရှားသည့် ဘာသာဗေဒ ပါရဂူ၊ လူမျိုးစုဗေဒ ပါရဂူနှင့် ရက္ခဗေဒ ပါရဂူ။ အစ္စဘယ်သည် ပါမောက္ခ ဟီလာရီနှင့် လက်ထပ်ပြီးနောက် မိန်းမဖော် တစ်ယောက်မျှမပါဘဲ သူနှင့်အတူ ဟင်ဒူကုစတန် တောင်တန်း တောကြီးမျက်မည်းထဲသို့ စွန့်စွန့်စားစား လိုက်သွားခဲ့သည်။ ထိုအခါ၌ကား စောစောက ပင့်ထားသည့် မျက်ခုံးများသည် ပို၍ မြင့်တက် သွားခဲ့ကြလေပြီ။

ပါမောက္ခ ဟီလာရီက လူလတ်ပိုင်း အရွယ်၊ ခပ်ဆန်းဆန်း။ အစ္စဘယ်က ရုပ်ချော၍ သူ့ထက်အသက် တစ်ဝက်လောက် ငယ်သည့်တိုင် ဆွေမရှိ၊ မျိုးမရှိ၊ ဂုဏ်မရှိ၊ ပစ္စည်းမရှိ။ အရှေ့တိုင်း အကြောင်းကို

ဟိမဝန္တာ တောင်တန်း တစ်ခုသော တောင်စွယ်ထိပ်ရှိ စစ်သုံး ရွက်ဖျင်တဲကလေး တစ်လုံးထဲတွင် အက်ရှ် (အက်ရှ်တန် ဟီလာရီ အက္ကဘာ ပယ်လ်ဟမ် မာတင်) ကို မွေးခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် သူ့ကို နှစ်ခြင်း မင်္ဂလာ ပြုသည့်အခါတွင်လည်း စစ်သုံး ရွက်ဖျင် ရေအိတ်တစ်လုံးထဲတွင် ခေါင်းနှစ်၍ နှစ်ခြင်းမင်္ဂလာ ပြုခဲ့ရသည်။

ယောက်ျား ပီသခြင်း၏ လက္ခဏာ တစ်ရပ်ဟု ဆိုရမည်လော မသိ။ သူ၏ ပထမဆုံးသော အရုဝ် အော်သံသည် တောင်ခြေရင်း လျှိုကြားထဲမှ တဝေါင်းဝေါင်း မြည်သော ကျားသစ် တစ်ကောင်၏ ဟိန်းသံနှင့် အချီအချ ပြိုင်လျက် ရှိ၏။ သူ ပထမဆုံး ရှူရှိုက်လိုက်ရသည့် လေက အေးစိမ့်လျက်။ အဝေး ဟိမဝန္တာ တောင်တန်းများပေါ်မှ တိုက်ခတ်လာခြင်း ဖြစ်သည်။ လေက နှင်းနံ့၊ ထင်းရှူးနံ့တို့ဖြင့် မွှေးနေသည်။ ရေနံဆီ မီးအိမ်မှ ရေနံနံ့၊ သွေးနံ့၊ ချွေးနံ့၊ လားဝန်တင်များ၏ ချဉ်စူးစူး အနံ့တို့ နံစော်နေသည့် ပတ်ဝန်းကျင်ကို သန့်ရှင်းကြည်လင် သွားအောင် လုပ်ပေးလိုက်သကဲ့သို့ ရှိသည်။

ရေခဲတမျှ အေးစိမ့်နေသော လေက ရွက်ဖျင်တဲထဲသို့ တိုးဝင်လာသည်။ အစ္စဘယ်သည် ခိုက်ခိုက်တုန်လျက် ရှိ၏။ ကျပ်ခိုးတွေ မည်းနေသည့် ဟာရီကိန်း မှန်အိမ်မှ မီးတောက်သည် ယိမ်းလှုပ်နေသည်။ အစ္စဘယ်သည် အသံပြဲကြီးဖြင့် ဟစ် ငိုလိုက်သည့် သူ့သားငယ်၏ အသံကို နားထောင်ရာမှ 'လ မစေ့ဘဲ မွေးလာလို့ စိုးရိမ်နေတာ၊ အသံကြီးကတော့ နည်းတဲ့ အသံကြီးမဟုတ်ဘူးနော်၊ ထင်တာနှင့် တခြားစီ' ဟု လေသံသဲ့သဲ့ကလေးဖြင့် ပြော၏။

ဟုတ်သည်။ သူ့အထင်နှင့် တခြားစီ။ မမွေးခင်တုန်းက စိုးရိမ်လိုက်ရသည့် ဖြစ်ခြင်း။ သောက ရောက်လိုက်ရသည့် ဖြစ်ခြင်း။ သောကကြောင့် စိတ်ထောင်းကိုယ်ကြေ ဖြစ်ခဲ့ရသူတွေ မနည်းတော့။



www.burmeseclassic.com

www.burmeseclassic.com



လည်း ဘာမျှ နားမလည်။ သည်လို မိန်းကလေး တစ်ယောက်အား အဘယ်ကြောင့် လက်ထပ်ခဲ့သည်ကို မည်သူကမျှ မစဉ်းစားတတ်။ သူကိုယ်တိုင်လည်း ကောင်းကောင်း မသိ။ တစ်ကိုယ်တည်း လူပျိုကြီး အဖြစ် သည်လောက် နေလာပြီး သည်အချိန် ရောက်မှ လက်ထပ်ရခြင်းကို နားမလည်နိုင်။

သူ့လို လူတစ်ယောက်ကို အစ္စဘယ် လက်ထပ်လိုက်ခြင်းကိုမူ ပက်ရှဝါမြို့ရှိ အသိုင်းအဝိုင်းမှ အလွယ်တကူ နားလည်နိုင်သည်။ ပါမောက္ခ ဟီလာရီက စိတ်တိုင်းကျ နေနိုင်လောက်အောင် ချမ်းသာသည်။ သူ့ကျမ်းများက အတိုင်းတိုင်း အပြည်ပြည်ရှိ ပညာတတ်အသိုင်းအဝိုင်းများတွင် ထင်ရှားသည်။ အစ္စဘယ်သည် သူ့လို လူမျိုးကို အမိအရ ဖမ်းလိုက်သည်ဟုပင် ထင်ကြသည်။

သို့ရာတွင် အစ္စဘယ် လက်ထပ်ခဲ့ခြင်းမှာ ပိုက်ဆံကြောင့်လည်း မဟုတ်၊ ဂုဏ်ကြောင့်လည်း မဟုတ်။ အစ္စဘယ်သည် ရိုးဖြောင့်သည့်တိုင် စိတ်ဆတ်သည်။ တစ်ချိန်တည်းတွင် စိတ်ကူးကလည်း အလွန်ယဉ်သည်။ ပါမောက္ခ ဟီလာရီ နေပုံထိုင်ပုံကို မြင်သည့်အခါတွင် သူ မျှော်မှန်းခဲ့သည့် စိတ်ကူးယဉ် ကမ္ဘာကြီးကို တွေ့လိုက်သကဲ့သို့ ရှိ၏။ အပူအပင် မရှိ၊ နေရာ အနှံ့ ခရီးသွားချင်သည်။ ရောက်ရာ နေရာမှာ နေပြီး မရောက်ဖူးသည့် ဒေသတွေကို သွားချင်သည်။ ရှေးဟောင်း မြို့ရိုးပျက်ကြီးများကို လျှောက်ကြည့်ချင်သည်။ ရွက်ဖျင်တဲတွေထဲတွင် အိပ်ချင်သည်။ သို့မဟုတ် ကောင်းကင်ကြီးအောက်တွင် အမိုးအကာ မပါဘဲ အိပ်ချင်သည်။ ခေတ်သစ် ကမ္ဘာလောကကြီး၏ ထုံးတမ်း အစဉ်အလာတွေ၊ အဆောင်အယောင်တွေကို စွန့်ပစ် ဘေးချိတ်ပြီး စိတ်လွတ်လက်လွတ် နေချင်သည်။

ပါမောက္ခ ဟီလာရီလို လူတစ်ယောက်နှင့် ဤသို့ လျှောက်သွားနေရလျှင် မည်မျှ ပျော်စရာ ကောင်းလေမည်နည်းဟု အစ္စဘယ် စိတ်ကူးယဉ်သည်။ ထို့ပြင် ပါမောက္ခကို သူ လက်ထပ်ခဲ့သည့် နောက် အကြောင်းတစ်ချက်လည်း ရှိသေး၏။ အခြား မဟုတ်။ စိတ်ပျက်စရာကောင်းသည့် အခြေအနေမှ သူ ထွက်သွားချင်သည်။

အိန္ဒိယသို့ လိုက်လာခဲ့စဉ်ကမူ မျှော်လင့်ချက်တွေ အပြည့်။ သို့ရာတွင် အိန္ဒိယသို့ ရောက်လာသည့်အခါ၌ သူ့အစ်ကို ဗီလျံသည် သူ လိုက်လာသည်ကို မနှစ်သက်ရုံမျှမက ရှေခြား မြေခြား တိုင်းတစ်ပါးသို့ လိုက်လာရပါမည်လောဟု အထိတ်တလန့် ဖြစ်နေသည်။ ထို့မျှမက သူ့ နှမငယ်ကို အိမ်တစ်ဆောင် မီးတစ်ပြောင်နှင့် ထားနိုင်သည့် အခြေအနေတွင်လည်း မရှိ။

ထိုအချိန်က ဗီလျံ အမှုထမ်းနေသည့် အိန္ဒိယနယ်ခြားစောင့် တပ်ဖွဲ့သည် နယ်စပ်တွင် ပုန်ကန်သောင်းကျန်းနေကြသည့် လူမျိုးစုများကို နှိမ်နင်းနေကြရသဖြင့် အမြဲတမ်း ပြောင်းရွှေ့နေရသည်။ မဒန်းမြို့တွင် ရှိသည့် တပ်နယ်မြေတွင် အတည်တကျ နေဖို့ဆိုသည်မှာ စိတ်ကူးပင် ထည့်၍ မရ။ သူတို့ တပ်ရင်းသို့ အစ္စဘယ် ရောက်လာသည့် အခါတွင် အစ်ကို ဗီလျံနှင့် တပ်ရင်း တစ်ခုလုံး စိတ်ပျက်သွားကြသည်။ အစ္စဘယ်ကို ထားဖို့ အိမ်ပင် မရှိ။ မတတ်သာသည့် အဆုံး ပက်ရှဝါမြို့တွင် ရှိသည့် ဗိုလ်မှူးကြီး ပင်ဘာသီ၏ အိမ်တွင် ထားရသည်။ သို့ရာတွင် အဆင်မပြေလှ။

ဗိုလ်မှူးကြီး ပင်ဘာသီတို့ လင်မယားသည် စိတ်ရင်းကောင်း ရှိသည် မှန်၏။ သို့ရာတွင် သူတို့ လင်မယားကို ကြည့်ရသည်က အေးတိ အေးစက်နှင့်။ ထို့မျှမက အပျိုကလေး တန်မယ့် အရှေ့တိုင်းသို့ တစ်ယောက်တည်း လိုက်လာသည့် အစ္စဘယ်ကိုလည်း ဘဝင်မကျချင်။ တစ်ယောက်တည်း ထွက်လာရသလောဟု ပြောင်ပြောင်တင်းတင်းပင် ပြောကြသည်။ သူတို့ အိမ်တွင် နေရသခိုက်မှာ အကွပ်အညှပ်တွေ များလွန်းသည်။ စည်းကမ်း ကလနားတွေ တင်းကျပ်လွန်းသည်။ ဟိုဟာ မလုပ်ရ၊ သည်ဟာ မလုပ်ရ စသည်ဖြင့် ပညတ်ချက်တွေက တစ်ပုံတစ်ပင်။ ဆုံးပင် မဆုံးနိုင်တော့။

ဗိုလ်မှူးကြီး ကတော်သည် သူ့ယောကျ်ားနှင့်အတူ အိန္ဒိယပြည်သို့ လိုက်လာခဲ့သည်မှာ ကြာလှပြီ။ သို့ရာတွင် ဗိုလ်မှူးကြီး ကတော်သည် အိန္ဒိယပြည်အကြောင်းကို တစိုးတစိမျှ စိတ်ဝင်စားခြင်း မရှိ။ တိုင်းရင်းသားများကို အရိုင်းအစိုင်းတွေ၊ ဘုရားတရားမရှိသူတွေဟု ယူဆသည်။ စိတ်ရှည်ခြင်း၊ စည်းကမ်းကြီးခြင်းတို့ကြောင့် တိုင်းရင်းသားများကို လေ့ကျင့်သင်ကြားပေးလျှင် အစေခံကောင်းများ ဖြစ်မည်ဟု ထင်သည်။

သူတို့နှင့် ရောထွေးယှက်တင် နေရမည် ဆိုခြင်းကို ဗိုလ်မှူးကြီးကတော် သဘောမပေါက်ချင်။ အစ္စဘယ်က ဈေးထဲ လျှောက်သွားချင်သည်။ တိုင်းရင်းသားတွေချည်း နေသည့် မြို့များကို လျှောက်လည်ချင်သည်။ ဣန္ဒုမြစ်နှင့် တမူးမြစ် တောင်ဘက် တ[illegible]ပိုက်နှင့် အလွန်

www.burmeseclassic.com



ခရီးလမ်းပန်း ကြမ်းသည့် ကိုင်ဘာ တောင်ကြားဘက်သို့ မြင်းဖြင့် လျှောက်လည်ချင်သည် ဆိုသည့် အခါတွင် ဗိုလ်မှူးကြီးကတော် နားမလည်နိုင်။

'ဘာများ ကြည့်စရာ ရှိလို့လဲကွယ်၊ တောင်ပေါ်သားတွေက ရိုင်းစိုင်း ကြမ်းတမ်းပါဘိသနှင့်၊ နည်းနည်းလေးမှ စိတ်ချရတာ မဟုတ်ဘူး' ဟု ဗိုလ်မှူးကြီးကတော်က ပြောသည်။ သူ့အမြင်ကို ဗိုလ်မှူးကြီး ပင်ဘာ့သီကလည်း ထောက်ခံသည်။ သူတို့အိမ်တွင် ရှစ်လလောက်သာ နေခဲ့ရသော်လည်း အစ္စဘယ် အဖို့မူ ရှစ်နှစ်လောက် ကြာသည်ဟု ထင်မိ၏။

အစ္စဘယ်တွင် မိတ်ဆွေ အပေါင်းအသင်း ဟူ၍လည်း မရှိ။ တပ်ရင်းတွင် ရှိသည့် စစ်ဗိုလ်ကတော်များက သူ့ကို ပျံတန်တန်ဟု ထင်ကြသည်။ လက်ဖက်ရည်ဝိုင်းတွင် အတင်း ပြောကြသည်။ အပျိုကလေးတန်မဲ့ အရှေ့တိုင်းသို့ လိုက်လာခြင်းမှာ လင်ထောင်ရန်မှအပ အခြား မည်သည့် ရည်ရွယ်ချက်မျှ မရှိနိုင်ဟု မှတ်ချက်ချသည်။

တပ်ရင်းတွင် ရှိသည့် လူပျို စစ်ဗိုလ်ကလေးများသည် ရုပ်ချောသည့် အစ္စဘယ်ကို သဘောကျကောင်း ကျကြမည်။ ပွင့်လင်း ရိုးသားမှုကို သဘောကျကောင်း ကျကြမည်။ မြင်းစီးကောင်းပုံကို သဘောကျကောင်း ကျကြမည်။ ထို့ကြောင့် ဤလို မိန်းမပျို တစ်ယောက်ကို လင်ထောင်သည့် မိန်းကလေး တစ်ယောက်အဖြစ် သဘော မထားရက်ကြ။ သို့ရာတွင် ပြောဖန်များလာသည့် အခါတွင်မူကား သူတို့ကိုယ်တိုင်လည်း ဤသို့ထင်လာခဲ့ကြသည်။ အစ္စဘယ်သည် ထိုသတင်းများကို ကြားရဖန်များသဖြင့် ပက်ရှဝါရှိ အင်္ဂလိပ် အသိုင်းအဝိုင်းကို ငြီးငွေ့လှပြီ။

ထိုစဉ် ပါမောက္ခ ဟီလာရီ တစ်ယောက် တိုင်းရင်းသား အဖော် တစ်ဦး ဖြစ်သူ အက္ကဘာခန်နှင့် အတူ ပက်ရှဝါ မြို့ကလေးသို့ ရောက်လာခဲ့ခြင်း ဖြစ်သည်။ ပါမောက္ခ ဟီလာရီတွင် အစေခံတွေ၊ စခန်း အလုပ်သမားတွေလည်း ပါလာသည်။ သူနှင့်အတူ ရက္ခဗေဒ သုတေသန လုပ်ရန် အတွက် သစ်ပင်၊ သစ်ရွက်၊ သစ်ခေါက်နမူနာတွေ ထည့်ထားသည့် သေတ္တာကြီး လေးလုံးလည်း ပါလာသည်။ ထို့ပြင်မက သင်္ကရိုက် ဘာသာ၏ မူလအစနှင့် ပတ်သက်၍ သူ လေ့လာ သုတေသန ပြုထားသည့် စာတမ်း တစ်စောင်၊ အရှေ့အိန္ဒိယ ကုမ္ပဏီပိုင် နယ်များအတွင်းတွင် ဖြစ်ပွားခဲ့သည့် အရေးအခင်းများကို လျှို့ဝှက်စွာဖြင့် ရေးထားသည့် အစီရင်ခံစာ တစ်စောင်တို့လည်း ပါလာကြသည်။

ပါမောက္ခ ဟီလာရီသည် အစ္စဘယ်၏ ကွယ်လွန်သူ ဖခင် မစ္စတာ အက်ရှ်တန်နှင့် တော်တော်တူသည်။ သူတို့ နှစ်ယောက်စလုံး နူးနူးညံ့ညံ့၊ စရိုက် ခပ်ဆန်းဆန်းတွေ ဖြစ်ကြသည်။ အစ္စဘယ်သည် သူ့အဖေကို အလွန် ချစ်၏။ ထို့ကြောင့်လော မသိ၊ အစ္စဘယ်သည် ပါမောက္ခ ဟီလာရီကို မြင်လိုက် ကတည်းက စိတ်ဝင်စားခဲ့သည်။ ပါမောက္ခ ဟီလာရီနှင့် စကားပြောနေရလျှင် စိတ်ချမ်းသာသည်။ အေးချမ်း လုံခြုံသည်ဟု ခံစားရသည်။ သူ ပြုမူ လှုပ်ရှားပုံ၊ အိန္ဒိယပြည်ကြီးကို စိတ်ဝင်စားပုံ၊ မုတ်ဆိတ်မွေး ထူလပျစ်နှင့် ခြေတစ်ဖက်ထော့နင်း ဖြစ်နေသည့် သူ့မိတ်ဆွေကြီး အက္ကဘာခန်နှင့် ရင်းရင်းနှီးနှီး နေတတ်ပုံ၊ ဗိုလ်မှူးကြီး ပင်ဘာ့သီတို့ကဲ့သို့ အထက်တန်းလွှာ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများကို အရေးမထားဘဲ နေတတ်ပုံ၊ ထိုအရာများ အားလုံးသည် အစ္စဘယ် အဖို့တွင် စိတ်ဝင်စားစရာတွေချည်း ဖြစ်နေသည်။

ပါမောက္ခ ဟီလာရီသည် တစ်ပြိုင်နက်တည်းတွင် အားကိုးအားထား ပြုရာဟု ဆိုလျှင်လည်း မှန်သည်။ သူ့ဘဝမှ ထွက်ပြေး ခိုလှုံရာလည်း မှန်သည်။ အစ္စဘယ်သည် ပိုဒါမောက် ဆိပ်ကမ်းတွင် ဆိုက်ထားသည့် အက်စ် အက်စ် ကိုဒါ ကားဆဲလ် အမည်ရှိ ပင်လယ်ကူး သင်္ဘောကြီးပေါ်သို့ ဝမ်းမြောက်ဝမ်းသာ တက်လိုက်လာခဲ့သလို ပါမောက္ခ ဟီလာရီကိုလည်း ဝမ်းမြောက်ဝမ်းသာ လက်ထပ်ခဲ့ခြင်း ဖြစ်သည်။ နောင်အနာဂတ်တွင် ဘာဖြစ်မည်ကို ဘာမျှ မတွေး၊ ဘာမျှ ပူပန်ခြင်း မရှိ။ ဤတစ်ကြိမ်တွင်မူ အစ္စဘယ် စိတ်မပျက်ရတော့။

ပါမောက္ခ ဟီလာရီသည် သူ့ကို ဇနီး တစ်ယောက်လိုထက် သမီးချစ် တစ်ဦးလို ဆက်ဆံသည်။ သို့ရာတွင် ဤသို့ ဆက်ဆံသည်ကို အစ္စဘယ် ကိုယ်တိုင်ကလည်း ကျေနပ်သည်။ အန္တရာယ် များလှသော စခန်းတွင် နေရချိန်၌ သူ့ကို ဤသို့ ဆက်ဆံခြင်းသည် လုံခြုံ အေးချမ်းမှုကို ပေးသည်ဟုလည်း ယူဆ၏။ အစ္စဘယ်သည် အလျှင်က တစ်ခါမျှ ချစ်သူ မရှိဖူးခဲ့။ ထို့ကြောင့် လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါး နေတတ်သည့် သူ့ယောက်ျား ပါမောက္ခ ဟီလာရီ၏ အချစ်ကို တိုင်းထွာရန် သူ့တွင် မည်သည့် ကိုက်တံမျှလည်း မရှိ။



www.burmeseclassic.com

www.burmeseclassic.com



ပါမောက္ခ ဟီလာရီသည် သူ့ကို ယောက်ျားများလို ကားရားခွ၍ မြင်းစီးခွင့် ပြုသည်။ သူတို့နှစ်ယောက်သည် နှစ်နှစ်လုံးလုံး အိန္ဒိယပြည် တစ်ခွင်ကို ပြုံပြုံစင်အောင် လှည့်လည်ခဲ့ကြသည်။ ဟိမဝန္တာ တောင်ခြေရင်းမှ တောနက်ကြီးများထဲသို့လည်း ရောက်ကြ၏။ ကသ္မီယသို့ သွားရောက် တိုက်ခိုက်ခဲ့သော အက္ကဘာ ဧကရာဇ်ဘုရင်ကြီး၏ စစ်ချီတက်ရာ လမ်းအတိုင်းလည်း သွားခဲ့ကြဖူး၏။ ဆောင်းရာသီသို့ ရောက်လျှင် ရှေးမြို့ဟောင်းများမှ ဂူသချိုင်းရာ နန်းတော်ရာများ ရှိသည့် လွင်ပြင်သို့ ပြန်ဆင်းလာကြသည်။

ဤသို့ - ခရီး လှည့်လည်စဉ် အစ္စဘယ်တွင် မိန်းမဖော် ဆို၍ တစ်ယောက်မျှ မပါ။ ပါဖို့ လိုသည်ဟုလည်း မထင်။ ပျင်းလျှင် ပါလာသည့် စာအုပ်များကို ဖတ်သည်။ သူ့ ယောက်ျား၏ ရက္ခဗေဒဆိုင်ရာ စာတမ်းများကို ဖတ်သည်။ သူက စာအုပ်တွေကို ဖတ်ပြီး အပျင်းဖြေ နေစဉ် ပါမောက္ခ ဟီလာရီနှင့် သူ့ လက်စွဲတော်ကြီး အက္ကဘာခန်တို့က စစ်တုရင် ထိုးကြသည်။ သို့မဟုတ်လျှင်လည်း နိုင်ငံရေး၊ ဘာသာရေး၊ နောင်တမလွန် အယူအဆနှင့် လူမျိုးရေး ပြဿနာများကို ငြင်းခုံ ဆွေးနွေးတတ်ကြသည်။

လက်စွဲတော်ကြီး အက္ကဘာခန်က မုတ်ဆိတ်မွေး ထူထူ၊ ခြေတစ်ဖက်က ကောင်းကောင်း မသန်တော့။ တစ်ခါက ကျော်ကြားသည့် မြင်းတပ်ရင်း တစ်ခုတွင် အရာရှိ တစ်ယောက် ဖြစ်ခဲ့ပြီး မီယန်နီ တိုက်ပွဲတွင် ဒဏ်ရာ ရခဲ့သဖြင့် တပ်မှ ပင်စင် ယူခဲ့ရသည်။ ပင်စင် ယူပြီးနောက် သူ့ဇာတိ ဖြစ်သည့် ရာဝိ မြစ်ကမ်းဘေးက ရွာတစ်ရွာတွင် အခြေတကျ နေထိုင်ပြီး သစ်ပင်စိုက်ပျိုးခြင်း၊ ကိုရန် ကျမ်းစာကို လေ့လာခြင်းဖြင့် အေးချမ်းစွာ နေထိုင်ခဲ့သည်။

အက္ကဘာခန်တို့ ရွာကလေး အနီးတွင် ပါမောက္ခ ဟီလာရီ လာ၍ စခန်းချစဉ် သူတို့နှစ်ယောက် တွေ့ဆုံသိကျွမ်းကာ ရင်းနှီးသော မိတ်ဆွေကြီးများ ဖြစ်ခဲ့ကြသည်။ သူတို့ နှစ်ယောက်က စရိုက်ချင်းလည်း တူသည်။ အမြင်ချင်းလည်း တူသည်။ အက္ကဘာခန်သည် တစ်နေရာတည်းတွင် ဘယ်တော့မျှ ကြာကြာ မနေချင်။ ခြေထောက်တွင် ဗွေပါသည်လော မသိ၊ ခြေဦးတည့်ရာ လျှောက်သွားနေရမှ နေထိုင်ကောင်းသူ ဖြစ်သည်။

'ကျွန်တော်ကတော့ အသက်လည်း ကြီးပါပြီ၊ သားမယားလည်း မရှိတော့ဘူး၊ သားတွေ အားလုံးက ကုမ္ပဏီ အစိုးရဆီမှာ အမှုထမ်းရင်း သေကုန်ကြပြီ၊ သမီး တစ်ယောက်လည်း အိမ်ထောင်ကျလို့ သူ့အိုး သူ့အိမ်နှင့် ဖြစ်နေပြီ၊ တွယ်တာစရာ ဘာရှိသေးလို့လဲ၊ ဒီတော့ သခင်ဆပ် သွားရာကို ကျွန်တော် လိုက်မယ်၊ ကျွန်တော့်လို လူတစ်ယောက် အဖို့ ရွက်ဖျင်တဲ တစ်လုံးဟာ အိမ်တစ်အိမ်ရဲ့ နံရံ လေးဖက်ထက် ပိုပြီး ကောင်းပါတယ်'

အက္ကဘာခန်က ပြောသည်။

ထိုအချိန်မှ စ၍ သူတို့ နှစ်ယောက်သည် အတူခရီး သွားခဲ့ကြ၏။ ရင်းနှီးသော အပေါင်းအဖော်များ ဖြစ်လာခဲ့ကြ၏။ သို့ရာတွင် မကြာမီမှာပင် အက္ကဘာခန်သည် သူ့သခင်၏ အကြောင်းကို သိလာခဲ့၏။ ပါမောက္ခ ဟီလာရီ၏ ရက္ခဗေဒ သုတေသန လုပ်ငန်း၊ ရှေးဟောင်း သုတေသနနှင့် ဘာသာဗေဒ သုတေသန လုပ်ငန်းများသည် အခြား လုပ်ငန်း တစ်ခုကို လုပ်ရန် အကာအကွယ်များသာ ဖြစ်ကြောင်းကို အက္ကဘာခန် သိလာရသည်။

ထိုလုပ်ငန်းမှာ အရှေ့အိန္ဒိယ ကုမ္ပဏီ၏ လုပ်ငန်းများကို စုံစမ်း ထောက်လှမ်း၍ ဘိလပ်ရှိ ဘုရင်မ အစိုးရထံသို့ အစီရင်ခံရန် ဖြစ်သည်။ ဘိလပ်ရှိ ဘုရင်မ၏ အစိုးရ အဖွဲ့ဝင် အချို့သည် သက်ဆိုင်ရာမှ တင်ပို့သော အရှေ့အိန္ဒိယ ကုမ္ပဏီ အကြောင်း အစီရင်ခံစာများနှင့် ပတ်သက်၍ သံသယ ဖြစ်စရာ အချက်အလက်များ တွေ့နေရသည်။ ထို့ကြောင့် အရှေ့အိန္ဒိယ ကုမ္ပဏီ၏ လှုပ်ရှားမှုများကို စုံစမ်း ထောက်လှမ်း၍ အစီရင်ခံရန် ပါမောက္ခ ဟီလာရီကို စေလွှတ်လိုက်ခြင်း ဖြစ်၏။

ထိုလုပ်ငန်းမျိုးကို အက္ကဘာခန်ကလည်း သဘောကျသည်။ အက္ကဘာခန်သည် သူတို့ အိန္ဒိယ တိုင်းရင်းသားများ အကြောင်းကို ကောင်းကောင်း သိသည်။ အရှေ့အိန္ဒိယ ကုမ္ပဏီနှင့် ပတ်သက်သည့် အိန္ဒိယ တိုင်းရင်းသားများ၏ ထင်မြင်ချက်များကို နားထောင်ရာတွင် ပါမောက္ခ ဟီလာရီထက် ပို၍ တိတိကျကျ နားလည်နိုင်သည်။ ထိုနှစ်များ အတွင်း၌ သူတို့ နှစ်ယောက်သည် အိန္ဒိယ တိုင်းရင်းသားများ အပေါ်တွင် နှိပ်စက်ကလူပြုသည့် အရှေ့အိန္ဒိယ ကုမ္ပဏီ၏ အကြောင်းကို ရှာဖွေထောက်လှမ်းခဲ့ကြသည်။ ရသည့် သတင်းများကို ဘိလပ်သို့ ပို့ခဲ့ကြသည်။ သူတို့ ပေးပို့လိုက်သည့် အချက်အလက်များသည် ဘိလပ် သတင်းစာများတွင် ပါခဲ့ပြီး ဘိလပ် အောက်လွှတ်တော် အချေအတင် ဆွေးနွေးပွဲများတွင် ထုတ်ဖော် ကိုးကားခြင်း ခံခဲ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် သူတို့ သတင်း ပေးပို့ချက်များသည် များစွာ အရာ မရောက်ခဲ့ကြ။ ဘိလပ် ပြည်သူများကလည်း အိန္ဒိယပြည်တွင် အရှေ့အိန္ဒိယ ကုမ္ပဏီ ပြုမူနေပုံများကို အရေးမထားကြ။ ပြည်သူလူထု ဆိုသည်မှာ စိတ်ချမ်းသာမည့် သတင်းလောက်ကိုသာ ယုံကြည်တတ်ကြ၍ စိတ်အနှောင့်အယှက် ဖြစ်မည့် သတင်းများကို မေ့ပျောက်ထားလိုကြသည့် ဓမ္မတာ သူတို့ သတင်းများကိုလည်း မေ့ပျောက် ပစ်လိုက်ကြသည်။ ဤသို့သော ချွတ်ယွင်းချက် အားနည်းချက်သည် လူမျိုးတိုင်းတွင် ရှိသည်လော မဆိုနိုင်။

ပါမောက္ခ ဟီလာရီနှင့် သူ့လက်စွဲတော်ကြီး အက္ကဘာခန်သည် လှည်းတန်းကြီး တစ်ခုဖြင့် အိန္ဒိယတိုင်းပြည် အနှံ့အပြားတွင် ငါးနှစ်ခန့် လှည့်လည်ခဲ့ကြသည်။ ငါးနှစ် နောက်ပိုင်းတွင်မှ သူတို့အဖွဲ့သို့ အမျိုးသမီး တစ်ယောက် တိုးလာခဲ့လေပြီ။ အက္ကဘာခန်သည် သူတို့အထဲသို့ အမျိုးသမီး တစ်ဦး တိုးလာသည့် အတွက် စိတ်ပျက်ခြင်းလည်း မရှိ၊ ဝမ်းသာခြင်းလည်း မဖြစ်၊ သူ ရောက်လာသည့် အတွက် အရေးကြီးသည်ဟုလည်း မထင်၊ တည်ငြိမ်စွာပင် လက်ခံသည်။ အစ္စဘယ် တစ်ယောက် ကိုယ်ဝန် ရှိပြီ ဆိုသည့် အခါတွင် လင်ရော မယားပါ စိတ်ပျက် အံ့အားသင့်ခြင်း ဖြစ်ကြသည့်တိုင် အက္ကဘာခန်ကား မတုန်မလှုပ်။ ကလေး မွေးခြင်းသည် မိန်းမတို့ အလုပ် မဟုတ်လော။ မွေးချင်းမွေးလျှင် သားယောကျ်ားလေး မွေးပါစေ ဟူ၍ကား အက္ကဘာခန် ဆုတောင်းသည်။

'သခင်ဆပ်ရဲ့ သားလေး မွေးလာရင်တော့ သူ့ဦးလေးလို နယ်ခြားစောင့်တပ်မှာ စစ်ဗိုလ် ဖြစ်အောင် လုပ်ရမယ်၊ ဒါမှ မဟုတ်ရင်လည်း ပြည်နယ် တစ်ခုမှာ ဘုရင်ခံ ဖြစ်အောင် လုပ်ရမယ်'

အက္ကဘာခန်က စစ်တုရင်ခုံပေါ်တွင် ငုံ့နေရင်းက ပြောသည်။

သူတို့ခေတ်က မိန်းကလေးများ ထုံးစံ အစ္စဘယ်သည် ပဋိသန္ဓေ လွယ်ရသည့် ကိစ္စများကို ဘာမျှ နားမလည်။ သူ့တွင် ကိုယ်ဝန် ရှိနေသည်ကိုလည်း အချိန်အတော်ကြာသည် အထိ မသိ။ သိရသည့် အခါတွင်မှ ထိတ်လန့် စိတ်ပျက်ခြင်း ဖြစ်မိသည်။ (ချောက်ချားသည် အထိကား မဖြစ်ပါ။ အစ္စဘယ်သည် မည်သည့်အခါမျှ တုန်လှုပ် ချောက်ချားသည် ဟူ၍လည်း မရှိဖူးသေးပါ။) မည်သို့ပင်ဖြစ်စေ သူတို့အဖွဲ့တွင် ကလေး တစ်ယောက် တိုးလာလျှင် အလုပ်ရှုပ် ပိုလာတော့မည်။ ကလေးကို ပြုစု စောင့်ရှောက်ရတော့မည်။ ကလေးထိန်း၊ ကလေး အစားအသောက်တို့ လိုလာတော့မည်။ ဤသည်တို့ကို တွေးမိတိုင်း အစ္စဘယ် စိတ်ပျက်သည်။

ထိုသတင်းကို ကြားသည့်အခါတွင် ပါမောက္ခ ဟီလာရီ ကိုယ်တိုင်လည်း အံ့အားသင့်နေသည်။ အထင်မှားခြင်း ဖြစ်ကောင်း ဖြစ်လိမ့်မည်ဟု မယားကို အားပေးသေးသည်။

သို့ရာတွင် အထင်မှားခြင်း မဟုတ်၊ ကိုယ်ဝန် ရှိခြင်း ဖြစ်ကြောင်း သေသေချာချာ သိရသည့် အခါတွင် မွေးမည့် အချိန်ကို မေးကြည့်သည်။ အစ္စဘယ်သည် မွေးမည့် ရက်လကိုလည်း မတွက်တတ်။ ဓမ္မတာ ဖောက်လွဲဖောက်ပြန် ဖြစ်သည့်လတို့ကို ရေတွက်ကြည့်သည်။ မကျေနပ်သေး၍ နောက်တစ်ဖန် မျက်မှောင်ကုတ်ပြီး တွက်ကြည့်ပြန်သည်။ ထိုသို့ အထပ်ထပ် တွက်ကြည့်ပြီးမှ မွေးမည့် ရက်လတို့ကို ပြောသည်။ သို့ရာတွင် တလွဲမှူသာ။

'ဒီလိုဆိုရင် အစ်ကိုကြီးတို့ ပက်ရှဝါကို ပြန်မှ ဖြစ်မယ်၊ ဟိုမှာ ဆိုတော့ ဆရာဝန်တို့ ဘာတို့ ရှိတာပေါ့၊ ကူဖော်လောင်ဖက် အမျိုးသမီးလည်း ရနိုင်တယ်၊ မမွေးခင် တစ်လလောက် ရောက်သွားရင် အတော်ပဲ၊ ပိုပိုမိုမို တစ်လခွဲလောက် ကြိုရောက်အောင် ပြန်ရမယ်ကွာ'

ပါမောက္ခ ဟီလာရီက ပြောသည်။

သူတို့နှစ်ယောက် ရက်တွက် မှားခဲ့ကြသဖြင့် နောက်ဆုံးတွင် တောကြီးမျက်မည်းထဲတွင် ကလေးမွေးခဲ့ရသည့် အဖြစ်သို့ ရောက်ခဲ့ရခြင်း ဖြစ်သည်။ တောမှ ဟိမဝန္တာ တောင်စွယ်က တကယ့် တောကြီးမျက်မည်း။ ဆရာဝန် မရှိ၊ သူနာပြု မရှိ၊ သိပ္ပံပညာက ထုတ်လုပ်ပေးလိုက်သည့် ဆေးဝါးကောင်း ဆို၍ ဘာမျှ မရှိ။

အစ္စဘယ် မီးဖွားသည့် အခါတွင် စခန်း၌ သန့်ရှင်းရေး အလုပ်သမား နှစ်ယောက်၏ ဇနီး နှစ်ယောက်၊ အထမ်းသမားများ၏ ဆွေမျိုးတော်သည့် အမည်မသိ ခေါင်းမြီးခြုံ အမျိုးသမီးများ အပြင် ကူဖော်လောင်ဖက် ဆို၍ အမျိုးသမီး တစ်ယောက်သာ ရှိသည်။ ထိုအမျိုးသမီးမှာ ဟီလာရီ၏ မြင်းကို ထိန်းသည့် မြင်းထိန်း ဒါယာရန်း၏ မိန်းမ သီတာ ဖြစ်သည်။ သီတာသည် တောင်ပေါ်သူ တစ်ယောက် ဖြစ်၍ လွန်ခဲ့သည့် ငါးနှစ်အတွင်း သမီး ငါးယောက်ကို မွေးခဲ့ပြီး ငါးယောက်စလုံး ဆုံးရှုံးခဲ့ဖူးသူ ဖြစ်သည်။ နောက်ဆုံး သမီးကလေး ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်မှာ ဘာမှ မကြာသေး။ လွန်ခဲ့သည့် အပတ်ထဲကမှ သုံးရက်သား အရတွင် ဆုံးသွားခြင်း ဖြစ်သည်။

'ဒီကောင်မဟာ ယောကျ်ားလေး မမွေးတတ်ဘူးဆပ်၊ ဒီတော့ ဒီကောင်မကို သူများမွေးတဲ့ ယောကျ်ားကလေးကို အထိန်းခိုင်းရမယ်၊ ခိုင်းသာ ခိုင်း၊ သူ မမွေးတတ်လို့ သူများမွေးတာ လုပ်ပေးဖို့ သူ့ကို ဘုရားက ဖန်ဆင်းလိုက်တာ' ဟု သူ့ယောကျ်ား ဒါယာရန်းက ပြောသည်။

မြင်းထိန်း ဒါယာရန်း၏ ဇနီး သီတာက ရက်ကြောက်တတ်သည်။ သို့ဖြင့် သနားစရာ ကောင်း၍ အရက်အကြောက် ကြီးသည့် သီတာသည် အစ္စဘယ်ကလေး မွေးရာတွင် ဝမ်းဆွဲ ဖြစ်လာခဲ့သည်။ ဟုတ်သည်။ သီတာသည် သားယောကျ်ားကလေးကို ကိုယ်တိုင် မွေးမပေးနိုင်ခဲ့သော်လည်း တခြား သားယောကျ်ားကလေး တစ်ယောက်ကိုမူ လောကထဲသို့ ရောက်အောင် ပို့ပေးနိုင်ခဲ့ပြီ။

အစ္စဘယ် တစ်ယောက် မီးတွင်းတွင် ဆုံးခဲ့ရခြင်းမှာ သီတာ မကျွမ်းကျင်၍ မဟုတ်။ မီးတွင်းတွင် လေစိမ်းတိုက်၍ အအေးမိ၍ ဆုံးခဲ့ရခြင်း ဖြစ်သည်။ နှင်းခဲတွေ ဖုံးနေသည့် အဝေး တောင်တန်းများပေါ်မှ တဟူးဟူး တိုက်ခတ်လာသည့် လေစိမ်းက အေးစိမ့်နေသည်။ လေအေးကြီး တိုက်လိုက်သည့် အခါတွင် မီးဖွားရာ ရွက်ဖျင်တဲထဲသို့ ဖုန်တွေ၊ ထင်းရှူးရွက်ခြောက်တွေ တသောသော ဝင်လာကြသည်။ မီးတောက်ကလေးသည် လေထဲတွင် ယိမ်းလူပ်လျက် ရှိ၏။ ဖုန်မှုန့်ထဲတွင် အညစ်အကြေးတွေ ပါလာသည်။ အခြား စခန်းများနှင့် စခန်း အပြင်ဘက်မှ ပိုးမွှားတွေ၊ ရောဂါပိုးတွေ၊ အညစ်အကြေးတွေ ပါလာသည်။ ပက်ရှဝါ နယ်မြေထဲမှ စစ်ဆေးရုံတွင် ဆိုလျှင်မူ ဤလို အညစ်အကြေးတွေကို တွေ့နိုင်မည် မဟုတ်။ အစ္စဘယ် အတွက် ဆရာဝန်လည်း ရှိသည် မဟုတ်လော။

နောက် သုံးရက် ကြာသည့် အခါတွင် ဟိမဝန္တာမှ ပက်ရှဝါသို့ ပြန်လာသည့် သာသနာပြု တစ်ဦး သူတို့စခန်းသို့ ရောက်လာသည်နှင့် ကလေးကို နှစ်ခြင်းမင်္ဂလာပြုပေးရန် တောင်းပန်ရသည်။ သာသနာပြု ဘုန်းကြီးက ခေါက်သိမ်း၍ ရသည့် ရွက်ဖျင် ရေအိတ်ထဲတွင် ကလေးခေါင်းကို နှစ်၍ နှစ်ခြင်းမင်္ဂလာ ပြုပေး၏။ သူ့အဖေ၏ ဆန္ဒအရ ကလေးကို အက်ရှ်တန် ဟီလာရီ အက္ကဘာဟုလည်း ကင်ပွန်း တပ်ပေးသည်။ ကလေး အမေကမူ ကျန်းမာရေး မကောင်းသဖြင့် မလာရောက်နိုင်ဟု ဘုန်းကြီးကို ပြောထားကြ၏။ ဘုန်းကြီးကလည်း ဘာမျှ အထူးတလည် အံ့သြခြင်း မဖြစ်တော့။ တောကြီးမျက်မည်းထဲတွင် သားဖွားရသည်မှာ ဒုက္ခ ရောက်လှသည်ဟု သာမန်မျှသာ အောက်မေ့ကာ ပြန်သွားသည်။

အကယ်၍သာ ဘုန်းကြီးသည် နောက်ထပ် နှစ်ရက်လောက် နေလိုက်လျှင် ကလေး အမေ၏ အသုဘကိုလည်း သရဏဂုံ တင်သွားရပေလိမ့်မည်။ အစ္စဘယ်သည် သားကလေး ကင်ပွန်းတပ်ပြီးနောက် နှစ်ဆယ့်လေးနာရီ အကြာတွင် ဆုံးသွားသည်။ အစ္စဘယ်၏ အလောင်းကို တောင်ကြော တစ်ခုပေါ်တွင် မြှုပ်လိုက်ကြ၏။ သူ့အသုဘကို စခန်းရှိ လူကုန်လာကြသည်။ အားလုံး သူ့အဖြစ်ကို ကြည့်၍ ပူဆွေးခြင်း ဖြစ်ကြရသည်။

ဟီလာရီလည်း မပူဆွေးဘဲ မနေနိုင်။ သူ့အဖြစ်ကိုလည်း နာကြည်းသည်။ အစ္စဘယ် မရှိတော့သည့်နောက်တွင် ကလေး တစ်ယောက်နှင့် သူ မည်ကဲ့သို့ နေရစ်ခဲ့ရတော့မည်နည်း။ ကလေး အကြောင်းကို သူ ဘာမျှ မသိ။ ကလေး ဆိုသည်မှာ ဆာလျှင် ငိုတတ်သည်။ နေ့ညမဟူ သူ့ကို အစာရေစာ ကျွေးနေရသည် ဆိုသည်က လွဲလျှင် ကလေး အကြောင်းကို သူ ဘာမှ နားမလည်။ 'သားတစ်ကောင်နှင့် တို့လို့တွဲလဲ ငါ ဘာလုပ်ရမလဲ' ဟု ကလေးငယ်ကို စိတ်ပျက် လက်ပျက် ကြည့်ရင်း အက္ကဘာခန်ကို ပြောမိသည်။

အက္ကဘာခန်က အရိုးပြိုင်းပြိုင်း ထနေသော လက်ချောင်း တစ်ချောင်းဖြင့် ကလေးကို ပွတ်သပ်သည်။ ကလေးက လက်ကို ဖမ်းဆုပ်လိုက်သည့် အခါတွင် အက္ကဘာခန်က ရယ်၏။

'သခင်ဆပ် သားက တော်တော် သန်တာပဲ၊ ရဲလည်း ရဲတယ်၊ ကြီးရင် စစ်သား ဖြစ်မယ်၊ စစ်ဗိုလ်ဖြစ်ရင်လည်း တိုက်ပွဲတွေ အများကြီး တိုက်မယ်၊ ကလေး အတွက် ဒီလောက်လည်း စိတ်ညစ် မနေပါနှင့်သခင်၊ ဒါယာရန်းရဲ မိန်းမ ရှိသားပဲ၊ မွေးကတည်းက သူ့ပဲ နို့တိုက်လာတာ၊ သူ တိုက်လိမ့်မပေါ့၊ သူ့မှာလည်း ကလေး ဆုံးတော့ နို့တိုက်စရာ ကလေးမှ မရှိတာ၊ အလ္လာ ကိုယ်တော်မြတ်ကြီးက ရေကန် အသင့် ကြာအသင့် ဖြစ်အောင် ဖန်ဆင်း လိုက်တာပေါ့လေ'

'ဒါပေမဲ့ ခက်တာက ကလေးကို စခန်းမှာ ထား လို့ မဖြစ်ဘူးကွ၊ ဘိလပ်ကို ပြန်မယ့်လူ ရှိရင် ငါ ဘိလပ်ကို ပို့လိုက်ချင်တယ်၊ ဘိလပ်ပြန်မယ့် လူကြုံကို



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးကြီး ပင်ဘာသီတို့တော့ သိချင် သိမှာ၊ ဒါမှမဟုတ် ရင်လည်း သူ့ ဦးကြီး ဝီလျံ တစ်ယောက်တော့ သိကောင်း ပါရဲ့၊ ဘိလပ်မှာ ငါ့ အစ်ကို တစ်ယောက် ရှိတယ်၊ သူ့ မိန်းမမှာ ကလေးလည်း မရှိတော့ ငါ ပြန်ရောက်သည် အထိ မွေးပေးနိုင်မှာပါ'

ဤသို့ဖြင့် အက္ကာဘာခန်၏ အကြံပေးချက်အရ ကလေးကို ဘိလပ်ပို့ရန် ဆုံးဖြတ်လိုက်သည့် အခါကျမှ စိတ်အေးရတော့သည်။ ကလေးက အဖွဲ့မြန်သည်။ ငို သည်ဟူ၍လည်း မရှိလှ။ အလွန် အေးသည်။ ထို့ကြောင့် ပက်ရှဝါသို့ လောလောဆယ် ပို့ရန် မလိုသေးဟု ယူဆ လိုက်သည်။ သူတို့သည် အစ္စဘယ်၏ မြေပုံပေါ်တွင် ကျောက်တုံး တစ်တုံးကို စိုက်ထူကာ သူ့အမည်ကို ရေး ထွင်းခဲ့ကြပြီးနောက် စခန်းကို ရုပ်သိမ်း၍ အရှေ့ဘက် ဂါဝါးနယ်သို့ ထွက်ခဲ့ကြသည်။

ဟီလာရီသည် ပက်ရှဝါသို့လည်း ပြန်မရောက် တော့။ သတိ မေ့တတ်သူ ဖြစ်သည့်အလျောက် ကလေး အကြောင်းနှင့် ပတ်သက်၍ သူ့ယောက်ဖ ဝီလျံထံသို့ လည်း စာမရေးဖြစ်။ ဘိလပ်ရှိ သူ့ဆွေမျိုးများထံသို့လည်း အကြောင်း မကြားမိ။ သူ့ကိုယ်သူ ကလေး အဖေ တစ် ယောက်၊ မုဆိုးဖို တစ်ယောက် ဆိုသည်ကိုလည်း သတိ မရ။ တစ်ခါတစ်ရံ သူ့မိန်းမ အစ္စဘယ် အမည်ဖြင့် စာ တစ်စောင်တလေ ရောက်လာသည့် အခါကျမှပင် သူ့ အဖြစ် သူ ပြန်၍ သတိရတော့သည်။ သို့တိုင် သူ့တွင် လောလောဆယ် လုပ်စရာတွေ ရှိလာပြန်သည့် အခါ ဟီလာရီသည် အစ္စဘယ်ကိုလည်း မေ့နေသည်။ တစ်ခါ တစ်ရံတွင်မူ သူ့တွင် သားတစ်ယောက် ရှိနေသည် ဆို ခြင်းကိုပင် ကောင်းကောင်း အမှတ်မရချင်။

မွေးစားအမေ ဖြစ်သည့် သီတာကမူ ကလေးကို အက်ရှ်ဘာဘာဟု ခေါ်သည်။ စခန်းတွင် ရှိသည့် အခြား သူများကလည်း သီတာ ခေါ်သကဲ့သို့ပင် ခေါ်ကြသည်။ အက်ရှ်သည် အခါလည်နှင့် ခြောက်လတိုင်တိုင် တောင် ရိုးများပေါ်တွင် အချိန် ကုန်ခဲ့ရသည်။ အလှမ်း သင်စ ပြုသည့် အရွယ် ရောက်သည့် အခါတွင် မိုးထိအောင် မြင့်၍ နှင်းခဲတွေ ဖွေးနေသော နန္ဒာဒေဝီ တောင်ထိပ်ကို လှမ်းကြည့်ရင်း မြက်ပင်တွေ ပေါက်သဖြင့် ချောကျိကျိ ဖြစ်နေသည့် တောင်စောင်းပေါ်တွင် အလှမ်း သင်ခဲ့ရ သည်။

စခန်းထဲတွင် ခြေကလေး မခိုင့်တခိုင် ဒယီး ဒယိုင် လျှောက်သွားနေသည့် အက်ရှ်ကို မြင်လျှင် မည် သူကမှ အင်္ဂလိပ်ကလေးဟု မထင်ကြ။ သီတာ၏ ကလေးဟုပင် ထင်ရသည်။ သူ့အမေ အစ္စဘယ်က တခြား အင်္ဂလိပ်မတွေလို ဖြူစပ်စပ် မဟုတ်။ ညိုစိမ့်စိမ့် နှင့် လှသည့် အလှ ဖြစ်သည်။ အသားက ပျားရည်ရောင်၊ ဆံပင်က နက်နက်၊ မျက်လုံးပြာပြာ။ သူ့သားငယ် အက်ရှ်သည် အမေ့ထံမှ အသားအရေကို အမွေ ရလိုက် သည်။ အက္ကာဘာခန်ကမူ ကြီးလာလျှင် လူချော တစ် ယောက် ဖြစ်လာမည်ဟု အားပါးတရ ပြောတတ်၏။

သူတို့စခန်းသည် တစ်နေရာတည်းတွင် ကြာကြာ စခန်းချ ရပ်နားလေ့ မရှိ။ ဟီလာရီက တောင်ပေါ်သား လူမျိုးစုများ၏ ဘာသာစကားများကို လေ့လာရင်း တစ် ဖက်က တောပန်းရိုင်းများကို စုဆောင်းတတ်သဖြင့် သူတို့အဖွဲ့သည် အမြဲ တစ်နေရာမှ တစ်နေရာသို့ ရွှေ့ ပြောင်း နေရတတ်သည်။ သို့ရာတွင် ထို့ထက် အရေး ကြီးသည့် ကိစ္စများ ပေါ်လာသဖြင့် သူတို့အဖွဲ့သည် တောင်ပိုင်း မြေပြန့်သို့ ပြန်ဆင်းခဲ့ကြသည်။ ဂျန်စီနှင့် ဆတ္တရ ပြည်နယ်များကို ဖြတ်ပြီးနောက် ကော်ရီမန်ဒါ ကမ်းခြေသို့ ရောက်လာခဲ့ကြသည်။

တောင်ပိုင်း လွင်ပြင်က ရာသီဥတု ပြင်းသည်။ စွတ်စိုသည်။ ထိုရာသီဥတုသည် တောင်ပေါ်က အေးမြ သည့် လေပြည်လေညင်းလို အက်ရှ်နှင့် ကိုက်ညီခြင်း မရှိ။ တောင်ပေါ်သူ တစ်ယောက် ဖြစ်သည့် သီတာ ကိုယ်တိုင်ကလည်း သူတို့ တောင်ရိုးကို လွမ်းသည်။ တောင်ရိုးကို လွမ်းလျှင် သီတာသည် ဟီမဝန္တာ တောင် ခြေရင်းရှိ သူတို့နယ်က ဒဏ္ဍာရီ ပုံပြင်တွေကို ပြောပြ တတ်၏။ နှင်းခဲထုကြီးများနှင့် နှင်းခဲပြင်ကြီးတွေ အရည် ပျော်ကျသည့် အကြောင်း၊ ငါးတွေ အလွန် ပေါသည့် တောင်ပေါ်ချောင်းများ အကြောင်း၊ တောပန်းရိုင်းတွေ ဖုံးနေသည့် တောင်ရိုးများ အကြောင်း၊ နွေဦးရောက် လျှင် လေက သစ်သီးမှည့်နံ့၊ ပန်းပွင့်နံ့တွေနှင့် မွှေးထုံ နေသည့် အကြောင်း၊ ငြိမ်သက် တိတ်ဆိတ်နေသည့် ရွှေ ရောင် နွေရက်များတွင် သစ်တော်သီးများနှင့် သစ်ချ သီးတွေ မှည့်သည့် အကြောင်း။

ကာလ အတန်ကြာသည့် အခါတွင် သီတာ ပြောသည့် ပုံပြင်များသည် သူတို့အဖို့ စွဲမက်ဖွယ်ကောင်း သော ပုံပြင်များ ဖြစ်လာခဲ့ကြ၏။ သီတာကလည်း ပုံ ပြောကောင်းသည်။ သီတာ ပြောပြသည့် ပုံပြင်များက ကြည်မောစရာ။ ပုံပြင်ထဲက တောင်ခြေ ချိုင့်ဝမ်းတွင် သူတို့ နှစ်ယောက်တည်း နေမည်။ အိမ်ကလေး တစ်လုံး



www.burmeseclassic.com

www.burmeseclassic.com



လောက် ဆောက်မည်။ အိမ်ကလေးကို ထင်းရှူးသားဖြင့် ဆောက်ပြီး ရွံ့မံမည်။ အမိုးပေါ်တွင် ပြောင်းဆန်လှန်းမည်။ ငရုတ်သီးခြောက် လှန်းမည်။ ခြံထဲတွင် ရှောက်ပင်တွေ စိုက်မည်။ သစ်တော်ပင်တွေ စိုက်မည်။ ထို့နောက် ဆိတ်ကလေးတွေ၊ ခွေးကလေးတွေ၊ ကြောင်ကလေးတွေ မွေးမည်။

ဟီလာရီ၏ အဖွဲ့ထဲတွင် မည်သူမျှ အင်္ဂလိပ်စကား မပြောတတ်ကြ။ တစ်ခါတစ်ရံတွင် သူ့အဖေပါမောက္ခ ဟီလာရီ အင်္ဂလိပ်စကား ပြောသံကို ကြားသည့်အခါတွင် ထိုစကားသည် သူ့အမိ ဘာသာစကားရင်း ဖြစ်ကြောင်းကို အက်ရှ် ကောင်းကောင်း သဘောမပေါက်။ သို့ရာတွင် ဘာသာဗေဒ ပါရဂူ ဟီလာရီ၏သား ဖြစ်သည့် အက်ရှ်သည် ဘာသာ စကားများကို ချက်ချင်း နားလည်လွယ်သည်။ လူမျိုးစုံပါသည့် သူတို့အဖွဲ့တွင် အက်ရှ်သည် ဘာသာစကား တော်တော်များများကို ပြောနိုင် ဆိုနိုင် ဖြစ်လာသည်။ ဆွတ်ဂူးလ်ထံမှ ပထန် စကား တတ်သည်။ ရမ်ချန်းထံမှ ဟိန္ဒီ စကားတတ်သည်။ တောင်ပိုင်းသားများထံမှ တေလဂူ၊ ဂူဂျာရတီနှင့် တမီလ် စကား တတ်သည်။

သို့တိုင်အောင် အက်ရှ်သည် အက္ကဘာခန် ပြောသည့် ပန်ချာပီ စကားကို သဘောကျသည့် အတွက် ပန်ချာပီ စကားကို ပြောသည်။ အက်ရှ်သည် အက္ကဘာခန်၊ သီတာနှင့် ဒါယာရန်းတို့ သုံးသည့် ပန်ချာပီ စကားကို သဘောကျသဖြင့် ပန်ချာပီလိုသာ ပြောလေ့ ရှိ၏။ သူ့အဖေ ဟီလာရီက ဥရောပ အဝတ်အစား ရနိုင်သည့် နေရာများတွင် နေလေ့ မရှိ။ ထို့ကြောင့် အက်ရှ်သည် ဥရောပ အဝတ်အစားများကိုလည်း မဝတ်ဖြစ်။ ရနိုင်သည့် တိုင်အောင်လည်း ထိုအဝတ်အစားများသည် သူတို့လို နေရာအနှံ့ စခန်းချနေသည့် ဘဝမျိုးနှင့် လည်းကောင်း၊ ရာသီဥတုနှင့် လည်းကောင်း ကိုက်ညီခြင်း မရှိ။

ထို့ကြောင့် အက်ရှ်သည် ဟိန္ဒူလို ဝတ်တတ်သည်။ ဟိန္ဒူလို မဝတ်ဖြစ်လျှင် မူဆလင်လို ဝတ်သည်။ သူ ဝတ်ပုံစားပုံနှင့် ပတ်သက်၍ အက္ကဘာခန်နှင့် သီတာတို့ နှစ်ယောက် အငြင်းပွားကြသော်လည်း နောက်နှစ်တွင် နှစ်ဖက် ကျေလည်သွားကြ၏။ မူဆလင်လို တစ်ပတ် ဝတ်ရမည်။ နောက်တစ်ပတ်တွင် ဟိန္ဒူလို ဝတ်ရမည်။ အထူးသဖြင့် ဗလီတက်သည့် သောကြာလို နေ့မျိုးတွင် မူဆလင်လို ဝတ်ရမည်ဟု သဘောတူကြသည်။

၁၈၈၅ ခု ဆောင်းဦးပေါက်တွင် သူတို့အဖွဲ့သည် ဆီအိုနီ တောင်ရိုးပေါ်တွင် စခန်းချလျက် ရှိ၏။ အပေါ်ယံအားဖြင့် ထိုဒေသရှိ ဂုန်းလူမျိုးစုတို့၏ ဒေသစကားကို လေ့လာရန်ဟု အကြောင်းပြသော်လည်း တကယ့်ရည်ရွယ်ချက်မှာ ထိုသို့မဟုတ်။ ဟီလာရီသည် ထိုတောင်ရိုးပေါ်မှ နေ၍ နာဂပူရ်၊ ဂျန်စီနှင့် တန်ဂျိုရီနယ်များကို အရှေ့အိန္ဒိယ ကုမ္ပဏီမှ အတင်း ဝင်ရောက်သိမ်းပိုက်သည့် ကိစ္စနှင့် ပတ်သက်၍ (ဟီလာရီကမူ ဝင်ရောက် သိမ်းပိုက်မှုဟု မခေါ်၊ ခိုးဝှက်မှုဟု ခေါ်သည်။) ဘိလပ် အစိုးရထံ အစီရင်ခံစာ တစ်စောင် တင်ပို့ခဲ့သည်။

သူ့ အစီရင်ခံစာထဲတွင် ဘိလပ် အစိုးရက ခန့်ထားသည့် ဝန်ရှင်တော် မင်းကြီးနှင့် နာဂပူရ်ပြည်နယ် အရေးပိုင် မစ္စတာ မင်ဆယ်လ်ကို အရှေ့အိန္ဒိယ ကုမ္ပဏီက မောင်းထုတ်ခဲ့ပုံ၊ ပြည်နယ် အရေးပိုင်သည် ကွယ်လွန်သူ မဟာရာဇာ စော်ဘွား၏ မိသားစုများအား ထိုက်တန်သည့် လျော်ကြေးပေးရန် စေ့စပ် ဆွေးနွေးခဲ့ပုံ၊ မိမိတို့အား ကုမ္ပဏီက နှင်ထုတ်ခဲ့သဖြင့် အရေးပိုင်က ကန့်ကွက်ခဲ့ပုံတို့ကို အစီရင်ခံစာတွင် အသေးစိတ် ဖော်ပြထားသည်။

စော်ဘွား ကွယ်လွန်ပြီးနောက် ဆက်လက် အမွေခံသူများ မရှိသည့် ပြည်နယ်များကို ကုမ္ပဏီက အတင်းဝင်ရောက် သိမ်းပိုက်ခဲ့ပုံ၊ ဘိလပ် အစိုးရနှင့် အိန္ဒိယစော်ဘွားများ၏ သဘောတူညီချက် အရ တိုက်ရိုက်အမွေ ဆက်ခံမည့်သူ မရှိသည့် ပြည်နယ်များတွင် စော်ဘွားမျိုးနွယ် ဆွေတော် မျိုးတော် တစ်ဦးဦးကို အမွေဆက်ခံခွင့် ပေးနိုင်သည့် အစဉ်အလာ ရှိခဲ့ကြောင်း၊ ထိုအစဉ်အလာသည် ရာစုနှစ် တစ်ခုတိုင် ကြာခဲ့သည့်အစဉ်အလာကြီး ဖြစ်ကြောင်း၊ အရှေ့အိန္ဒိယ ကုမ္ပဏီသည် ထိုအစဉ်အလာများကိုပင် စောင့်ထိန်းခြင်း မရှိတော့ဘဲ စော်ဘွားများ၏ ပြည်နယ်များကို အဓမ္မ သိမ်းပိုက်လျက် ရှိကြောင်း၊ ထိုအပြုအမူမှာ အလွန် အရုပ်ဆိုးသည့် အပြုအမူ ဖြစ်ကြောင်း၊ ထို့မျှမက ထိုသို့သောအပြုအမူသည် ဗြောင် လုယက် တိုက်ခိုက်ခြင်း ဖြစ်ပြီးအကာအကွယ် မဲ့သော စော်ဘွား၏ မုဆိုးမ မဟာဒေဝီများနှင့် ကလေးငယ်များကို လိမ်လည် လှည့်ဖျားခြင်း၊ အနိုင်ကျင့်ခြင်းပင် ဖြစ်ကြောင်း။

အဆိုပါ ပြည်နယ် သုံးနယ်ရှိ စော်ဘွားများသည် အသက်ထင်ရှား ရှိခဲ့စဉ်က အရှေ့အိန္ဒိယ ကုမ္ပဏီကို



www.burmeseclassic.com

www.burmeseclassic.com



သစ္စာ ရှိခဲ့သူများ ဖြစ်ကြောင်း၊ သို့တိုင်အောင် ကုမ္ပဏီသည် ကွယ်လွန်သူ စော်ဘွားများ၏ မျက်နှာကို ထောက်ထားခြင်း မရှိဘဲ ကျန်ရစ်သူ သားမယားများထံမှ စော်ဘွား မျိုးရိုးစဉ်ဆက် ခံစားသင့်သော ရပိုင်ခွင့်များကို ရုပ်သိမ်းလျက် ရှိကြောင်း၊ ထို့မျှမက ၎င်းတို့ ဘိုးဘွားစဉ်ဆက် ပိုင်ဆိုင်ခဲ့သော ကျောက်မျက် ရတနာများနှင့် အခြွေအရံများကိုလည်း သိမ်းယူလျက် ရှိကြောင်း၊ ဥပမာအားဖြင့် တန်ဇူရီ ပြည်နယ် ကိစ္စတွင် ဆိုလျှင် စော်ဘွား ကွယ်လွန်ပြီးနောက် ထိုပြည်နယ်ကို ကုမ္ပဏီက သိမ်းယူခဲ့ကြောင်း။

ထိုပြည်နယ် စော်ဘွားတွင် သား မရှိသည့်တိုင် သမီး တစ်ယောက် ကျန်ခဲ့ကြောင်း၊ ထိုကိစ္စ အတွက် ဗြိတိသျှ လူမျိုး တစ်ဦး ဖြစ်သူ မစ္စတာ ဖောဇ်က ပြည်နယ်နှင့် ကုမ္ပဏီတို့ ချုပ်ဆိုထားသည့် စာချုပ်တွင် စော်ဘွား၏ သားယောကျ်ားကိုသာ အမွေ ဆက်ခံခွင့် ပေးရမည်ဟု မဆိုဘဲ 'အမွေစား အမွေခံများ' ဟုသာ ဆိုထားကြောင်း၊ ထို့ကြောင့် စော်ဘွား သမီးတော်အား ဆက်ခံခွင့်ပေးရန် လျှောက်ပေးခဲ့ကြောင်း။

သို့ရာတွင် မစ္စတာ ဖောဇ်၏ မေတ္တာရပ်ခံချက်ကိုလည်း ကုမ္ပဏီက လျစ်လျူ ပြုခဲ့ကြောင်း၊ အရှေ့အိန္ဒိယ ကုမ္ပဏီသည် စစ်ဗာရီတပ်များကို စော်ဘွား၏ နန်းတော်ထဲသို့ စေလွှတ်ခဲ့ပြီးနောက် ပြည်နယ်ပိုင်နှင့် စော်ဘွားပိုင် ဥစ္စာပစ္စည်းတို့ကို သိမ်းယူခဲ့ကြောင်း၊ အရှေ့အိန္ဒိယ ကုမ္ပဏီသည် စော်ဘွားပိုင် ရွှေငွေနှင့် ကျောက်မျက် ရတနာများကို ကုမ္ပဏီ တံဆိပ်ဖြင့် ချိပ်ပိတ်ပစ်ခဲ့ကြောင်း၊ စော်ဘွား၏ ကိုယ်ပိုင်တပ်များကို လက်နက်ဖြုတ်ပြီးနောက် စော်ဘွား မယ်တော်ပိုင် မြေတော် လယ်တော်များကိုလည်း သိမ်းယူခဲ့ကြောင်း။

ထိုထက် ဆိုးသည်မှာ ကုမ္ပဏီကြောင့် ပြည်နယ်လူထုများ၏ နေထိုင် စားသောက်ရေး ကျပ်တည်းလာခြင်း ဖြစ်ကြောင်း၊ ထိုပြည်နယ်ရှိ ယခင် စော်ဘွားပိုင်မြေများပေါ်တွင် နေထိုင် လုပ်ကိုင်သူများ အားလုံးကို နှင်ထုတ်လိုက်ပြီး ကုမ္ပဏီက သိမ်းယူခဲ့ကြောင်း၊ ထိုမြေကို ဆက်လက် လုပ်ကိုင်လိုလျှင် ဗြိတိသျှ မဟာမင်းကြီးရုံးသို့ လာရောက်၍ ဦးပိုင်သစ် လျှောက်ထားရမည်ဟုလည်း အမိန့် ထုတ်ခဲ့ကြောင်း၊ သို့ဖြင့် စော်ဘွား၏ အမှုထမ်းများမှာ အလုပ်လက်မဲ့ စားရမဲ့ သောက်ရမဲ့ ဘဝကို ကျရောက်တော့မည်ကို တွေးတော စိုးရိမ် ပူပန်လျက်ရှိကြောင်း။

တန်ဇူရီ ပြည်နယ်သည် ကုမ္ပဏီ၏ အုပ်ချုပ်မှုအောက်တွင် အေးချမ်း သာယာသော ပြည်နယ် တစ်ခုအဖြစ်မှ မကျေမနပ် ဆူပွက်လာသော ပြည်နယ် တစ်ခုအဖြစ်သို့ ရောက်လာခဲ့ကြောင်း၊ ပြည်နယ်သားများသည် ကုမ္ပဏီကို လိုလိုလားလား ရှိခဲ့ရာမှ ကုမ္ပဏီ၏ ဖိနှိပ်မှုများကြောင့် ဒေါသ ထွက်လာခဲ့ကြကြောင်း၊ နောက်ဆုံးတွင် ကုမ္ပဏီ အမှုထမ်းများကပင် ကုမ္ပဏီကို ဆန့်ကျင်လာခဲ့ကြကြောင်း။

ဂျန်စီ ပြည်နယ်တွင်လည်း အလားတူ ဖြစ်ပျက်ခဲ့ကြောင်း၊ ဂျန်စီ ပြည်နယ် စော်ဘွားတွင် ကလေး တစ်ယောက် ကျန်ရစ်ခဲ့ကြောင်း၊ ထိုကလေးမှာ စော်ဘွား၏ သားအရင်း မဟုတ်ဘဲ ဆွေနီးမျိုးစပ် တစ်ဦး၏ ကလေးဖြစ်သည့်တိုင် ၎င်းကို စော်ဘွားက တရားဝင် မွေးစားခဲ့ပြီး ဖြစ်ကြောင်း၊ စော်ဘွား၏ မဟာဒေဝီက မိမိ၏ ခင်ပွန်းသည် ကုမ္ပဏီကို သစ္စာ ရှိခဲ့သည့် ပုဂ္ဂိုလ် တစ်ဦးဖြစ်၍ မိမိတို့၏ နေထိုင်ရေးကို သက်သက်ညှာညှာ စဉ်းစားရန် ကုမ္ပဏီသို့ မေတ္တာ ရပ်ခံခဲ့ကြောင်း၊ သို့ရာတွင် အချည်းနှီးမျှသာ ဖြစ်ခဲ့ကြောင်း။

ဂျန်စီ ပြည်နယ်ကို ဗြိတိသျှ အစိုးရ၏ ငှားရမ်းနယ်မြေထဲသို့ သွတ်သွင်းခဲ့ပြီးနောက် အနောက်ပြည်နယ်များ၏ ဘုရင်ခံအောက်တွင် ထားရှိခဲ့ကြောင်း၊ ပြည်နယ်ရှိ စော်ဘွား အုပ်ချုပ်ရေး ဌာနများ အားလုံးကို ဖျက်သိမ်းပစ်ခဲ့ကြောင်း၊ ပြည်နယ် အစဉ်အဆက် ထားခဲ့သည့် ပြည်နယ် အဖွဲ့အစည်းများကိုလည်း ဖျက်သိမ်းပစ်ခဲ့ကြောင်း၊ စော်ဘွား၏ လက်နက်ကိုင်တပ်များ အားလုံးကိုလည်း လစာ ပေး၍ ဖျက်ပစ်ခဲ့ကြောင်း။

'ဤသို့ ဖြောင်းကျ၍ သနား အညှာတာ ကင်းသော လုယက်ရေး စီမံကိန်းထက် ရွံမုန်းစရာ၊ ဒေါသထွက်စရာ၊ နာကြည်းစရာ ကောင်းသော အရာ ဟူ၍ မရှိတော့ပါ' ဟု ဟီလာရီက အစီရင်ခံခဲ့သည်။ သို့ရာတွင် ဗြိတိသျှ လူမျိုးများမှာ ထို့ထက် အရေးကြီးသည့် ကိစ္စများကို ကြုံတွေ့နေကြသည်။ ကရိုင်းမီးယား စစ်ပွဲသည် များစွာ တန်ဖိုးကြီးပြီး ကြောက်စရာကောင်းသည့် စစ်ပွဲကြီး ဖြစ်သည်။ အိန္ဒိယပြည်သည် ဝေးလံသော တိုင်းပြည် တစ်ပြည် ဖြစ်နေပြီး အမြင်အားဖြင့် လည်းကောင်း၊ အသိအားဖြင့် လည်းကောင်း အလှမ်း ကွာဝေးနေသည်။ ဤအစီရင်ခံစာကို ဖတ်ပြီး သနားကရုဏာ သက်စွာဖြင့် စုတ်သပ်သူတို့ကလည်း အတန်ကြာသော အခါတွင် ထိုကိစ္စကို မေ့သွားကြလေပြီ။ ဂုဏ်သရေရှိ အရှေ့အိန္ဒိယ



www.burmeseclassic.com

www.burmeseclassic.com


ကုမ္ပဏီ၏ ကိုယ်စားလှယ်တော်ကြီးများကလည်း အစီရင်ခံစာကို ရေးသူအား 'အမြင် မှားနေသော လူကြောင်တစ်ဦး' ဟု ယူဆကာ ထိုသူ၏ အမည်ကို ဖော်ထုတ်ရန်၊ ထိုသူအား စာရေးခွင့်၊ ပြည်မသို့ စာပို့ခွင့်တို့ကို ပိတ်ပင်ရန် ကြိုးစားခဲ့ကြသည်။

သို့ရာတွင် သူတို့၏ ကြိုးပမ်းမှုသည် မအောင်မြင်ခဲ့။ ဟီလာရီ၏ အစီရင်ခံစာများသည် အခြား နည်းလမ်းများဖြင့် ပြည်မသို့ ရောက်မြဲ ရောက်နေခဲ့ကြသည်။ အချို့ အရာရှိများက ဟီလာရီ၏ အစီရင်ခံစာများကိုလည်းကောင်း၊ ဟီလာရီနှင့် 'တိုင်းရင်းသား' တစ်ယောက်တို့ ရင်းနှီးစွာ ဆက်ဆံခဲ့ကြသည့် အတွက်ကြောင့်လည်းကောင်း သံသယ ရှိကြသည့်တိုင် သူတို့ သံသယကို ထောက်ခံမည့် အထောက်အထား မရှိဘဲ ဖြစ်နေကြသည်။ သံသယ တစ်ခုသည် သက်သေ အထောက်အထား မဖြစ်နိုင်။

ထို အတောအတွင်း၌ကား ဟီလာရီသည် အိန္ဒိယ တစ်ဝန်း လှည့်လည်ကာ လူ၏ အကြီးဆုံးသော ပြစ်မှုသည် မတရားမှုပင် ဖြစ်ကြောင်း၊ မတရားမှု မှန်သမျှကို အမြဲ တိုက်ဖျက်ပစ်ရမည် ဖြစ်ကြောင်း၊ ကိုယ်က အနိုင်ရရန် မျှော်လင့်ချက် မရှိသည့်တိုင် မတရားမှုကိုမူ အစွမ်းကုန် တိုက်ဖျက်ရမည် ဖြစ်ကြောင်းဖြင့် သူ့သားငယ်ကို သွန်သင်ခဲ့သည်။

'ဒီမှာ လူလေး၊ ဘာကြီးပဲ ဖြစ်နေနေ တရားမျှတပါစေ၊ ဒါကို ဘယ်တော့မှ မမေ့နှင့်၊ ကိုယ် မကြိုက်သည်ကို သူတစ်ပါးအားလည်း မပြုရတဲ့၊ အဓိပ္ပာယ်ကတော့ ဘယ်တော့မှ မတရား မလုပ်ပါနှင့်တဲ့၊ ဘယ်တော့မှ မလုပ်ရဘူး၊ ဘယ်လို အခြေအနေမျိုးမှာပဲ ဖြစ်ဖြစ် မလုပ်ရဘူး၊ ဘယ်သူ့အပေါ်မှ မလုပ်ရဘူး၊ နားလည်လား'

သည်တုန်းက အက်ရှ်သည် ငယ်ငယ်ကလေး ရှိသေးသည်။ ဘယ်သူ့ကိုမျှ မတရားလုပ်စရာ အကြောင်း မပေါ်။ သို့ရာတွင် အဖေသည် ထိုစကားကို နေ့တိုင်း ပြောသည်။ နေ့တိုင်း သင်ပေးသည်။ သို့ဖြင့် အက်ရှ်သည် ဘရားဆပ် (အက်ရှ်သည် သူ့အဖေကို ဘရားဆပ် ဟူသော အမည်မှအပ အခြား မည်သည့် အမည်နှင့်မျှ မခေါ်ဖူး။) သင်ပေးသမျှကို မှတ်မိနေသည်။ မမှတ်မိပဲ ရှိပါမည်လော။ ဦးလေး အက္ကဘာခန်ကလည်း ပုံပြင်တွေ၊ နိပါတ်တွေကို ပြောရင်း ထိုသင်ခန်းစာကိုပင် ပေးတတ်သည်။

လူသည် ဧကရာဇ် ဘုရင်တို့ထက် ကြီးမြတ်ကြောင်း၊ ထိုအကြောင်းကို ကြီးသည့်အခါတွင် သိလာလိမ့်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် မည်သူနှင့် မဆို ဆက်ဆံရာတွင် တရား မျှတမှု ရှိဖို့ လိုကြောင်း၊ ယခု အချိန်တွင် အာဏာ ယစ်မူးသူများ အုပ်စိုးသော တိုင်းပြည်များ၌ ကြောက်စရာ မတရားမှုများကို ကျူးလွန်နေကြကြောင်းဖြင့် ပြောပြတတ်သည်။

'လူတွေက ဘာဖြစ်လို့ ငုံ့ခံနေကြတာလဲ ဟင်အဘ၊ အရှေ့အိန္ဒိယ ကုမ္ပဏီက လူနည်းနည်းကလေးက မတရား လုပ်ချင်တိုင်း လုပ်နေတာကို ဘာဖြစ်လို့ ထမချတာလဲ၊ ဘာဖြစ်လို့ ခေါင်းငုံ့ ခံနေကြရတာလဲ'

ဟီလာရီက မေးသည်။

'တစ်နေ့ကျရင် ထ ချကြမှာပါ ဘရားဆပ်' ဟု အက္ကဘာခန်က တည်ငြိမ်စွာ ပြော၏။

'မြန်မြန်ချလေ ကောင်းလေပေါ့ အဘိုးကြီးရာ'

ပါမောက္ခ ဟီလာရီက ပြောသည်။ တရားသဖြင့် ပြောရလျှင် အိန္ဒိယထဲသို့ ရောက်နေသော ဗြိတိသျှ လူမျိုးများထဲတွင် လူဆိုးချည်း မဟုတ်။ လူကောင်းတွေ ရှိသေးသည်။ လောရင့်စ်၊ နစ်ကိုလ်ဆန်၊ ဘန်းစ်၊ ဖောဗစ် နှင့် လွန်ဗိုရီတွင် ရောက်နေသည့် ရန်ဒယ် စသူတို့သည် စိတ်နှလုံး ကောင်းသူများ ဖြစ်ကြ၏။ တကယ် ရှင်းပစ်ရမည့် သူများမှာ ဆင်းမလားနှင့် ကာလကတ္တားမှ အုပ်ချုပ်နေကြသော အရာရှိဆိုးများ ဖြစ်သည်။ သူတို့တစ်တွေက ဂုဏ်မောက်လွန်းသည်။ လောဘဇော တိုက်လွန်းသည်။ ခေါင်းမာလွန်းသည်။ စင်စစ် သူတို့တစ်တွေမှာ သချိုင်းသို့ ခြေတစ်ဖက် လှမ်းနေကြလေပြီ။ အပူဒဏ်ကြောင့် သူတို့ ဦးနှောက်များသည် ချောင်နေကြပြီ။ သူတို့ကိုယ် သူတို့ ထင်တစ်လုံးဖြင့် မိုးမမြင် လေမမြင် ဖြစ်နေကြပြီ။ ဂုဏ်တွေ၊ ပကာသနတွေကြောင့် ကြောင်တောင်တောင် ဖြစ်နေကြပြီ။ ဗြိတိသျှ စစ်တပ်ကို ကြည့်လိုက်ဦးမည်လော။ အသက် ခုနစ်ဆယ် မကျော်သည့် စစ်အရာရှိ ဟူ၍ တစ်ယောက်မျှပင် ရှိမည် မထင်တော့။

'ကျုပ်လည်း တိုင်းပြည်ကို ချစ်တဲ့ လူတစ်ယောက်ပါဗျာ၊ ဒါပေမဲ့ အိန္ဒိယမှာ ရှိတဲ့ ကျုပ်တို့ အင်္ဂလိပ် အုပ်ချုပ်ရေးပိုင်းမှာ ဖြစ်နေတဲ့ မတရားမှုတွေ၊ ညံ့ဖျင်းမှုတွေ၊ မိုက်မဲမှုတွေကိုတော့ မျက်စိမှိတ်ပြီး မမြင်ချင်ယောင် ဆောင်မနေနိုင်ဘူးဗျ၊ ခု အုပ်ချုပ်ရေးပိုင်းမှာ ဒီအချက်တွေကို မြင်မြင်နေရတယ်'


www.burmeseclassic.com

www.burmeseclassic.com



'ဒါတော့ ဟုတ်ပါတယ် သခင်ဆပ်၊ ဒါပေမဲ့ ဒါတွေက ပြီးသွားမှာပါ၊ သခင်ရဲ့ မြေးတွေ မြစ်တွေ လက်ထက်ကျတော့ ဒီအပြစ်တွေကို မေ့ပြီး အင်္ဂလိပ်တွေ ဘုန်းမီး တောက်ပခဲ့တာလောက်ကိုပဲ အမှတ် ရကြတော့မှာ၊ ဒါပေမဲ့ ကျွန်တော်တို့ သားမြေးမြစ်တွေ ကျတော့ အင်္ဂလိပ်တွေ ဒီလို ဖိနှိပ်ခဲ့တာ မေ့ကြမှာ မဟုတ်ဘူး ခင်ဗျ၊ လူကောင်းတွေကိုပါ လူဆိုး ထင်ကြမှာ၊ အင်္ဂလိပ် ဆိုရင် သိမ်းကျုံးပြီး မုန်းကြမှာ'

အက္ကဘာခန်က ပြောသည်။ ပါမောက္ခ ဟီလာရီက စိတ်ပျက် လက်ပျက် ပြုံးလိုက်လျက်

'ဟုတ်ပါတယ်လေ၊ ကျုပ် သိပါတယ်၊ တကယ်တော့ ကျုပ် ကိုယ်တိုင်ဟာလည်း ဘဝင်မြင့်ပြီး ကိုယ့်ကိုယ်ကိုယ် အထင်ကြီးတဲ့ လူတစ်ယောက် ဖြစ်ချင် ဖြစ်နေမှာပါ၊ ဒီလို လူတွေဟာ ပြင်သစ်တွေ၊ ဒတ်ချ်တွေ၊ ဂျာမန်တွေ ဖြစ်နေရင်တော့ ဘာအရေးလဲဗျာ၊ မင်းတို့လို ကောင်တွေ အလကားကောင်တွေ ဆိုပြီး ကိုယ်က အပေါ်စီး ယူနိုင်တာပေါ့၊ ဒါပေမဲ့ ခုတော့ ခက်တာက ဒီလိုလူမျိုးက ကိုယ့်လူမျိုး ဖြစ်နေတယ်'

'ဒါတော့ ဘုရားရဲ့ အလိုတော် အတိုင်းပေါ့လေ၊ ကျွန်တော်တို့ အားလုံးဟာ အသားရောင် ကွဲချင် ကွဲမယ်၊ ဒါပေမဲ့ ဘုရားရဲ့ စီမံရာကို ခံရသူတွေချည်းပဲ မဟုတ်လား၊ လူဆိုတာ မကောင်းမှုမှာ ပျော်တဲ့ လူချည်းပဲ၊ ကောင်းအောင် ကြိုးစားကြတဲ့ လူလည်း ရှိတော့ ရှိပါရဲ့'

အက္ကဘာခန်က သံဝေဂသံဖြင့် ပြော၏။

ပါမောက္ခ ဟီလာရီသည် အရှေ့အိန္ဒိယ ကုမ္ပဏီမှ အရာရှိများနှင့် ဘုရင်ခံချုပ်တို့၏ ညှံ့ဖျင်းပုံများနှင့် ပတ်သက်၍ အစီရင်ခံစာများ ရေးခြင်း မပြုတော့။ သူ စိတ်ဝင်စားသော သုတေသန လုပ်ငန်းများကိုသာ ဖိဖိစီးစီး လုပ်ကိုင်ခဲ့သည်။ သုတေသန စာတမ်းများကို ဘီလပ်သို့ ပို့ရာတွင် လျှို့ဝှက် အစီရင်ခံစာများလို အကေ်အခဲ ဘာမျှ မရှိ။ သာမန် ချောစာများဖြင့်သာ ပို့သည်။ သူ့စာကို အုပ်ချုပ်ရေးဆိုင်ရာတို့က ထုံးစံအတိုင်း ဖွင့်ဖတ်၍ စစ်ဆေးကြသောအခါ ဘာမှ ထူးထူးထွေထွေ မတွေ့ရ။ ဤတွင်မှ ဆိုင်ရာတို့က ပါမောက္ခ ဟီလာရီသည် မသင်္ကာဖွယ် ကောင်းသည့် လူတစ်ဦး မဟုတ်၊ သူ့ဝါသနာကို စိုက်စိုက်မတ်မတ် လုပ်နေသည့် ပညာရှိ လူကြောင်တစ်ဦးဟု သဘောထားလိုက်ကြသည်။

ဟီလာရီနှင့် အဖွဲ့သည် တဲစခန်းများကို သိမ်းကာ အိန္ဒိယ တောင်ပိုင်းမှ ထန်းပင်များ၊ ဘုရားဝတ်ကျောင်းများကို ကျောခိုင်းပြီးနောက် မြောက်ဘက်သို့ ရွေ့လာခဲ့ကြသည်။ မြို့ရိုးတွေ ကာထားသည့် ရှေး မဂိုဘုရင်တို့၏ မြို့တော် ဖြစ်သော ဒေလီမြို့တွင် အက်ရှ်၏ လေးနှစ်မြောက် မွေးနေ့ကို ကျင်းပသည်။ ပါမောက္ခ ဟီလာရီသည် ဒေလီမြို့သို့ အရောက်တွင် သူ့နောက်ဆုံး စာတမ်းကို အချောသပ်ပြီးနောက် ဘီလပ်သို့ ပို့လိုက်၏။ မွေးနေ့တွင် အက္ကဘာခန်က အက်ရှ်အား မူဆလင်လို ဆင်ယင်ပေးပြီးနောက် ခံတပ်နီနှင့် မျက်နှာချင်းဆိုင် ယမုန်နာ မြစ်ကမ်းပေါ်ရှိ မဂိုဘုရင်ကြီး ရှာဂျီဟန် ဆောက်လုပ် လှူဒါန်းခဲ့သည့် ဂျူမာ မက်စ်ဂျစ် ဗလီကြီးသို့ ဝတ်ပြုရန် ခေါ်သွားသည်။

သောကြာနေ့ ဖြစ်သဖြင့် ဗလီတွင် လူစည်ကားလျက် ရှိ၏။ အချို့မှာ ဗလီဝင်းထဲတွင် နေရာ မရနိုင်သဖြင့် ဗလီဝင်း တံခါးကြီးပေါ်သို့ တက်ကြသည်။ ဤတွင် တိုးကြ ဝေ့ကြသဖြင့် နှစ်ယောက် လိမ့်ကျပြီး သေဆုံးသွားခဲ့သည်။ 'ဘုရား အလိုတော်ကျအတိုင်း ဖြစ်ရတာ' ဟု အက္ကဘာခန်က ပြောပြီးနောက် ဝတ်ပြုသည်။ အက်ရှ်သည် အခြားလူတွေလို ဦးချပြီး ဒူးထောက်သည်။ ထိုင်ရာမှ ထသည်။ ထို့နောက် အက္ကဘာခန် သင်ပေးသည့် ဘုရင် ရှာဂျီဟန် ဘုရားရှိခိုးကို ရွတ်သည်။

'အို အလ္လာသခင်၊ အစ္စလမ် သာသနာတော်ကြီးကို စောင့်ရှောက်တော်မူပါ၊ သာသနာတော်ကို စောင့်ရှောက်သူ အပေါင်းတို့အား မှိုင်းမရန် ရှိခိုးပါ၏၊ အရှင်၏ တပည့်သာဝက ဖြစ်သည့် စုလ်တန် ဘုရင်၊ ထိုစုလ်တန် ဘုရင်၏ သားတော် ကေရာဇ်၊ ထိုကေရာဇ်၏ သားတော် ဖြစ်၍ တိုက်ကြီး နှစ်တိုက်ကို စိုးမိုး အုပ်ချုပ်သည့် မင်းနှင့် သမုဒ္ဒရာ နှစ်စင်းတို့၏ အရှင်သခင်၊ အရှင်၏ သာသနာတော် အတွက် တိုက်ခိုက်သော အာဇာနည် စစ်သည်တော် ဖြစ်သော တပည့်တော် ကေရာဇ် ဘုရင် အဗ္ဗဒူလ် မွတ်ဇဖာ ရှာဟာဗူဒင် မိုဟာမက် ရှာဂျီဟန် ဂါဇီသည် ...'

'သမုဒ္ဒရာ ဆိုတာ ဘာလဲ' ဟု အက်ရှ်က မေးသည်။ ဘာကြောင့် သမုဒ္ဒရာ နှစ်စင်း ဖြစ်ရသလဲဟု စောဒက တက်သည်။ ဗလီဝင်း တံခါးပေါ်မှ လူနှစ်ယောက် လိမ့်ကျ သေဆုံးအောင် မည်သူက အလိုရှိသလဲ ဟုလည်း မေးသည်။

သီတာကလည်း အားကျမခံ။ သူ့မွေးစားသား အက်ရှ်ကို ဟိန္ဒူလို ဝတ်စေပြီးနောက် ဘုရားဝတ်ကျောင်းသို့ ခေါ်သွားသည်။ သင်္ကန်းဝါဝါ ဆီးထားသည့် ဟိန္ဒူ

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးကို ငွေစ အနည်းငယ် လှူလိုက်သည်တွင် ဘုန်းကြီးက သူ့နဖူးတွင် ဆေးနီ တားပေးသည်။ ထို့မှမက ဒါယာရန်းသည် သူ၏ ရုပ်ပွား ဖြစ်သော ပုံပန်း ပျက်နေသည့် ရေးကျောက်တုံးကြီး တစ်တုံးကို ရှိခိုး ပူဇော်နေသည်ကိုလည်း အကဲ၍ မြင်ခဲ့ရသည်။

ဒေလီတွင် အက္ကဘာခန်၏ မိတ်ဆွေတွေ ရှိသည်။ ခါတိုင်းဆိုလျှင် အက္ကဘာခန်သည် သူ့ မိတ်ဆွေတွေဆီကို သွားမြဲ။ သို့ရာတွင် သည်တစ်ခေါက်တွင်မူ အခြေအနေ ထူးခြားနေသည်ကို သတိပြုမိ၏။ သူ့ မိတ်ဆွေ ပြောနေသည့် စကားများကို ကြားရသည် ကလည်း စိတ် မချမ်းသာစရာ။ တစ်မြို့လုံး ကောလာဟလတွေ ပြန့်နေသည်။ အခြေအနေ တင်းမာနေသည်။ ဆူညံသည့် လမ်းကျဉ်းကလေးများနှင့် လူစည်သည့် ဈေးများထဲတွင် လှုပ်လှုပ်ရွရွ ဖြစ်နေသည်။ ဤသည်ကို ကြည့်၍ အက္ကဘာခန် စိတ်ထဲတွင် တထင့်ထင့် ဖြစ်နေသည်။ တစ်ခုခုတော့ ဖြစ်တော့မည်ဟု ထင်နေသည်။

'တစ်ခုခုတော့ ဖြစ်တော့မယ် ထင်တယ်၊ အခြေအနေကို ကြည့်ရတာ သိပ် မဟန်ဘူး' ဟု ပြောသည်။ 'သခင်ဆပ်တို့ အတွက် သိပ်ကောင်းမယ် မထင်ဘူး၊ ဒီပြင်ဟာက အရေးမကြီးဘူး၊ ကလေးကို ရန်ရှာတာမျိုးကတော့ ကျွန်တော် မခံနိုင်ဘူး၊ ကျွန်တော်တို့ ဒီက အမြန်ဆုံး ထွက်သွားရင် ကောင်းမယ် ထင်တာပဲ၊ သွားမယ် ဆိုရင် အခြေအနေ ကောင်းသေးတယ်၊ တကယ်ကျတော့ ကျွန်တော်လည်း မြို့တွေ ဘာတွေမှာ သိပ်မနေတတ်ဘူး၊ နောက်ချေးပုံတွေက ပိုးကောင် ယင်ကောင်ကို ပေါက်ပွားစေသလို မြို့ဆိုတာလည်း မကောင်းမှုကို အားပေးတာပဲ၊ အခြေအနေ ပိုပြီး ဆိုးလာလိမ့်မယ် ထင်တယ်'

ပါမောက္ခ ဟီလာရီက တည်ငြိမ်စွာဖြင့်

'ဘာလဲ၊ အဘိုးကြီး ပြောတာက သူပုန်ထမယ့် အရိပ်အယောင်တွေ တွေ့နေရတယ်လို့ ပြောချင်တာလား၊ ဒါကတော့ ဒီမှာတင် မဟုတ်ပါဘူးဗျာ၊ အိန္ဒိယပြည် တစ်ဝက်လောက်မှာ ဒီအတိုင်း ဖြစ်နေတာပဲ၊ ကျုပ်အမြင်ကတော့ သူပုန် မြန်မြန်ထလေ ကောင်းလေပဲ၊ လေပုပ်လေဆိုးတွေ သန့်ရှင်းသွားအောင် ပေါက်ကွဲမှု တစ်ခုခုတော့ လိုနေပြီ ထင်တာပဲ၊ ဒါမှ ကာလကတ္တားနှင့် ဆင်းမလားမှာ ဇိမ်ကျကျ ထိုင်နေတဲ့ ကောင်တွေ လွင့်စဉ်သွားမှာ'

'ဟုတ်တော့ ဟုတ်တာပေါ့၊ ဒါပေမဲ့ ပေါက်ကွဲမှု ဆိုတာ ပြောလို့ရတာ မဟုတ်ဘူး၊ မကောင်းသူထိပ် ကောင်းသူထိပ် ဆိုသလို ရောပြီး မှန်ချင် မှန်တတ်တာ၊ ဒီအထဲမှာ ဘာမဆိုင် ညာမဆိုင်နှင့် ကျွန်တော့် ကလေးကို အန္တရာယ် ဖြစ်တာ မခံနိုင်ဘူး၊ ကျွန်တော်တို့ သားလို့ပဲ ပြောပါစို့လေ၊ ကလေးက သခင်ဆပ်ထက် ကျွန်တော့်ကိုတောင် ပိုပြီး ခင်ပါသေးတယ်'

'ဒါတော့ ခင်ဗျားက အလိုလိုက်တာကိုး'

'အလိုလိုက်လို့ မဟုတ်ပေါင် ခင်ဗျာ၊ ကျွန်တော်က ချစ်လို့ပါ၊ ကိုယ်က ချစ်တော့ သူကလည်း ပြန်ချစ်တာပေါ့၊ သွေးသား အရတော့ သခင်ဆပ်ရဲ့ သားပဲ၊ ဒါပေမဲ့ နှလုံးသား အရတော့ ကျွန်တော့်သား၊ မကြာခင် လေမုန်တိုင်း လာတော့မယ်၊ ဒီမုန်တိုင်းထဲမှာ ကျွန်တော့်သားလေး အန္တရာယ် အဖြစ် မခံနိုင်ဘူး၊ တပ်နယ်ထဲမှာ ရှိတဲ့ သခင်ဆပ်ရဲ့ အင်္ဂလိပ် မိတ်ဆွေတွေကိုကော သတိလေး ဘာလေး ပေးပြီးပြီလား'

အကြိမ်ပေါင်း များစွာ သတိပေးပြီး ဖြစ်ကြောင်း၊ သို့ရာတွင် သူတို့က မိမိ စကားကို အယုံအကြည် မရှိကြကြောင်းဖြင့် ဟီလာရီက ပြောပြသည်။ ခက်သည်မှာ ကာလကတ္တားနှင့် ဆင်းမလားရှိ အုပ်ချုပ်ရေး အရာရှိများ သာမက စစ်တပ်မှ အရာရှိများကပါ သူတို့ အုပ်ချုပ်နေသည့် အိန္ဒိယ ပြည်သူများ၏ စိတ်သဘောထားကို နားမလည်ခြင်း ဖြစ်သည်။

အက္ကဘာခန်က ခပ်ဌေးဌေးဖြင့်

'ရှေးခေတ်တုန်းကလို မဟုတ်တော့ဘူးလေ၊ ခက်တာက အင်္ဂလိပ် ဗိုလ်ချုပ်ကြီးတွေကလည်း အိုလှပြီ၊ စစ်လည်း မတိုက်နိုင်ကြတော့ဘူး၊ သူတို့ လက်အောက်က ဗိုလ်ကလေးတွေကျတော့လည်း တပ်စခန်း ခဏ ခဏ ပြောင်းနေရတော့ ကိုယ့်အောက်က အိန္ဒိယ စစ်ဗားရီတွေရဲ့ အကြောင်းကို မသိကြတော့ဘူး၊ အိန္ဒိယ စစ်ဗားရီတွေဟာ မကျေမနပ် ဖြစ်နေကြတယ်၊ ဥပမာ ဘာရက်ပူရီမှာ ဖြစ်တာမျိုး ဆိုရင် ကျွန်တော် သိပ်မကြိုက်လှဘူး၊ တိုင်းရင်းသား စစ်ဗားရီ တစ်ယောက်က ပုန်ကန်ပြီး သူ့အထက် အင်္ဂလိပ် အရာရှိကို ပစ်သတ်တယ်၊ ပြီးတော့ တပ်မှူးကိုလည်း ပစ်သတ်မယ်လို့ ခြိမ်းခြောက်တယ်၊ တခြား စစ်ဗားရီတွေက ဘာမှ မလုပ်ဘူး၊ အသာ ကြည့်နေကြတယ်၊ ပြစ်မှု ကျူးလွန်သူကို ကြိုးပေးပြီးပေမဲ့ ဒီတပ်ရင်းကို ချက်ချင်း ဖျက်ပစ်လို့လည်း မဖြစ်သေးဘူး၊ ကိုယ့် မကျေနပ်ချက်နှင့် ကိုယ် ရှိနေကြတဲ့ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



မှာ ခေါင်းဆောင် မရှိတဲ့ လူ သုံးရာလောက်ကို ထိန်းသိမ်းဖို့ ဆိုတာ လွယ်တဲ့ ကိစ္စ မဟုတ်ဘူး သခင်ဆပ်၊ တစ်ချိချိတော့ တွေ့ကြမှာပဲ၊ တွေ့ဆို သိပ်ကြာတော့မယ် မထင်ဘူး'

'ဟုတ်တယ်၊ ကျုပ်လည်း ဒီလိုပဲ ထင်တယ်၊ ဆူဆူပူပူ ဖြစ်လာရင်တော့ ကျုပ်တို့ အင်္ဂလိပ်တွေ လန့်ချပ်ပြီး ဒေါသ ထွက်ကြမှာ မြင်ယောင်သေးတယ်ဗျာ၊ သစ္စာ မရှိဘူးလေး၊ ကျေးဇူး ကန်းသလေးနှင့် ပြောကြဦးမှာ၊ စောင့်ကြည့်နေ'

'မသေသေးလို့ ရှိရင်တော့ ကျွန်တော်တို့လည်း ဒါတွေ ကြုံရမှာပေါ့ သခင်ဆပ်၊ ဒါကြောင့် ကျွန်တော့်သဘောကို ပြောရရင် ဒီမှာ မနေတာ အကောင်းဆုံးပဲ၊ တောင်ရိုးတွေပေါ်ကို သွားနေတာ အကောင်းဆုံးပဲ သခင်ဆပ်'

ပါမောက္ခ ဟီလာရီသည် သူပိုင် သေတ္တာများကို ထုပ်ပိုး ပြင်ဆင်ပြီးနောက် တချို့ကို တပ်နယ်မြေရှိ အသိ တစ်ယောက်ထံတွင် အပ်နှံပစ်ခဲ့၏။ ဒေလီမှ မသွားခင် စာတွေ ရေးထားခဲ့ရဦးမည်။ စင်စစ် ထိုစာများကို ရေးသင့်သည်မှာ ကြာပြီ။ သို့ရာတွင် သည် တစ်ကြိမ်တွင်လည်း ထိုစာများကို မရေးဖြစ်။ အက္ကဘာခန်က မြန်မြန် သွားချင်လှပြီ။ တောင်ရိုးတွေပေါ် ရောက်လျှင် အေးအေးဆေးဆေး ရေးနိုင်မည် မဟုတ်လော။ မရေးဖြစ်ခဲ့သည့် အတူတူ နောက်တစ်လ နှစ်လ ရွှေ့ဆိုင်းရုံနှင့်လည်း အကျိုးမထူးတော့ပြီ။ သို့ဖြင့် ပါမောက္ခ ဟီလာရီသည် သူ့မိန်းမထံမှ စာများ အပြင် စာမပြန်ရသေးသော အခြားစာများကိုပါ ကြိုးတစ်ကြိုးနှင့် စည်းပြီးနောက် 'အလျင်အမြန်' ဟု ရေးထားသည့် ဂျပ်သေတ္တာ တစ်လုံးထဲသို့ ထည့်လိုက်သည်။ ထို့နောက် ပို၍ စိတ်ဝင်စားဖွယ် ကောင်းသည့် ကိစ္စများဖြင့် အလုပ်များနေသည်။

၁၈၅၆ ခုနှစ် နွေဦးပေါက်တွင် စာအုပ် တစ်အုပ် ထွက်လာ၏။ စာအုပ်မှာ **ဟိန္ဒူစတန်ပြည်နယ်မှ လူသိနည်းသော ဒေသသုံး စကားများ** ဆိုသည့် စာအုပ် ဖြစ်သည်။ ရေးသူမှာ ပါမောက္ခ ဟီလာရီ၊ ဘီအေ၊ အက်စ်အေ ဖြစ်သည်။ 'ချစ်ဇနီး အစ္စဘယ်သို့ အမှတ်တရ' ဟု ရည်ညွှန်းထား၏။ ထိုစာအုပ် ဒုတိယတွဲကို နောက်နှစ် ဆောင်းဦးပေါက်တွင် ထုတ်ဝေသည်။ 'စာရေးသူအား အတိုင်းမသိသော ပျော်ရွှင်မှုကို ပေးခဲ့သည့် ဘာသာရပ် တစ်ခုကို ဝါသနာ ပါလိမ့်မည်ဟု မျှော်လင့်လျက် သားငယ် အက်ရှ်တန် ဟီလာရီ အက္ကဘာခန်သို့ အမှတ်တရ ရည်ညွှန်းသည်'ဟု စာအုပ်တွင် ဖော်ပြထားသည်။

သို့ရာတွင် ထိုစာအုပ် ထွက်လာသည့် အချိန်၌ ပါမောက္ခ ဟီလာရီနှင့် အက္ကဘာခန်တို့ နှစ်ယောက်စလုံး မြေကြီးထဲသို့ ရောက်ခဲ့သည်မှာ ခြောက်လခန့် ကြာခဲ့လေပြီ။ စာအုပ်တွင် ရည်ညွှန်းထားသည့် အက်ရှ်တန် ဟီလာရီ အက္ကဘာခန် ဆိုသည်မှာ မည်သူနည်း ဆိုသည်ကိုလည်း မည်သူကမျှ ဂရုတစိုက် စုံစမ်းခြင်း မရှိတော့။

ပါမောက္ခ ဟီလာရီတို့ အဖွဲ့သည် မြောက်ဘက်ရှိ တာရဲ တောင်တန်းကြီးများ ဘက်ဆီသို့ ရွှေ့လာခဲ့ကြ၏။ ဒွန်းတောင်ခြေသို့ ရောက်သည့်အခါတွင် ဧပြီလသို့ ရောက်နေလေပြီ။ တဖြည်းဖြည်း ပူစပြုလာပြီ။ ညဆိုလျှင် သိပ် မအေးတော့။ ထိုနေရာသို့ အရောက်တွင် သူတို့တစ်တွေ ကံဆိုးမိုးမှောင် ကျခဲ့ရခြင်း ဖြစ်၏။

ဟာဒဝါမှ ဘုရားဖူး ဆင်းလာသူ တချို့ သူတို့စခန်းသို့ ရောက်လာခဲ့သည်တွင် ထိုဘုရားဖူး အဖွဲ့ကို ညအိပ်ညနေ တည်းခို နေရာ ပေးခဲ့သည်။ သူတို့အထဲတွင် ကာလဝမ်းရောဂါ ဖြစ်သူတွေ ပါလာသည်။ သူတို့အထဲမှ တစ်ယောက်သည် အရုဏ်မတက်မီ မှောင်ကြီးမည်းကြီးထဲတွင် ဝမ်းရောဂါဖြင့် သေဆုံးသွားခဲ့သည်။ သူ့ အပေါင်းအသင်း၊ အဖော်များသည် အလောင်းကို ထားပစ်ခဲ့ပြီး ထွက်ပြေး သွားကြသည်။ မနက်ကျမှ ပါမောက္ခ ဟီလာရီတို့ အဖွဲ့မှ အထမ်းသမားများက တွေ့ရခြင်း ဖြစ်၏။

ညနေ သုံးနာရီ ထိုးသည့် အခါတွင်မူ သူတို့အဖွဲ့ထဲမှ အထမ်းသမား သုံးယောက် ကာလဝမ်းရောဂါ ဖြစ်ကြသည်။ ကာလဝမ်းရောဂါ ဆိုသည်ကလည်း သိကြသည့်အတိုင်း အလွန် မြန်သည်။ ထိုအထမ်းသမား သုံးယောက်သည် နောက်တစ်နေ့ အရုဏ်တက် ထိအောင်ပင် မခံတော့ဘဲ တစ်ယောက်ပြီး တစ်ယောက် ဆက်တိုက် ဆုံးသွားကြသည်။ ဤတွင် သူတို့အဖွဲ့ တစ်ခုလုံး အထိတ်တလန့် ဖြစ်ကာ 'ကိုယ့်အထုပ်အပိုးကလေးတွေကို ယူပြီး တစ်ယောက်ပြီး တစ်ယောက် ပြန်ပြေးကြသည်။ သူတို့ ရစရာရှိသည့် ပိုက်ဆံကိုပင် တောင်းခြင်း မပြုတော့။ နောက်တစ်နေ့တွင်မူ အက္ကဘာခန် နာမကျန်း ဖြစ်တော့သည်။

'သခင်ဆပ်၊ ကျွန်တော့် အနားကို မလာနှင့်လေ၊ သွားကြတော့၊ ကျွန်တော့်ကို ထားပစ်ခဲ့ကြတော့၊ လူလေး



www.burmeseclassic.com

www.burmeseclassic.com



ကို ခေါ်ပြီး မြန်မြန်သွားပါ၊ နို့မို့ရင် သခင်ကြီးတို့ပါ သေကုန်လိမ့်မယ်၊ ကျွန်တော်က အရေးမကြီးဘူး၊ အသက်လည်း ကြီးပြီ၊ သားမရှိ မယားမရှိ တစ်ကောင်ကြွက်ရယ်၊ ကျွန်တော့်အဖို့ သေမှာကို ဘာမှ ကြောက်စရာမလိုတော့ဘူး၊ သခင်ကြီးမှာ သားလေး ရှိသေးတယ်၊ သားတစ်ယောက်မှာ အဖေ ရှိဖို့ လိုတယ်'

ပါမောက္ခ ဟီလာရီက အက္ကဘာခန်၏ လက်ကို ကိုင်ထားရင်း

'သူ့အဖို့တော့ ခင်ဗျားဟာ ကျုပ်ထက် အဖေကောင်း ပီသမှာပါဗျာ၊ ခင်ဗျားပဲ တစ်လျှောက်လုံး ပြုစုစောင့်ရှောက်ခဲ့တာ မဟုတ်လား'

အက္ကဘာခန်က ပြုံးလိုက်လျက်

'ဟုတ်ပါတယ်၊ ဒါကို ကျွန်တော် သိပါတယ်၊ လူလေးမှာ ကျွန်တော့် စိတ်ဓာတ်မျိုး ရှိတယ်၊ ကျွန်တော် သူ့ကို သင်စရာတွေ အများကြီး ရှိသေးတယ် သခင်ကြီး၊ အများကြီး ရှိသေးတယ်၊ အချိန် မရတော့ဘူး ထင်ပါရဲ့၊ ကဲ သခင်ကြီး သွားတော့၊ မြန်မြန် သွားတော့'

'ကျုပ် ဘယ်ကို သွားရမှာလဲ အဘိုးကြီး၊ ကျုပ်မှာ သွားစရာ မရှိဘူးလေ၊ ဖြစ်ပြီ ဆိုရင် ဒီရောဂါကို ဘယ်လိုလုပ်ပြီး လွတ်အောင် ပြေးမလဲ အဘိုးကြီး၊ ကျုပ်တို့ သွားရင် ရောဂါကလည်း ကျုပ်တို့နှင့် အတူ လိုက်လာမှာပေါ့၊ ဟာဒဝါမှာ ဆိုရင် ဒီရောဂါကြောင့် တစ်နေ့ကို လူတစ်ထောင်လောက် သေနေသတဲ့၊ မြို့ထဲနှင့်စာရင် ကျုပ်တို့နေတဲ့ နေရာက တော်သေးတာပေါ့၊ ခင်ဗျားလည်း မကြာခင် ကောင်းသွားမှာပါ၊ ခံနိုင်ရည် ရှိသားပဲ၊ ပြန်ကောင်း လာမှာပေါ့'

သို့ရာတွင် အက္ကဘာခန်သည် မပြန်လမ်းသို့ မြန်းခဲ့ပြီ။

သူ့ဇနီး သေတုန်းက မငိုခဲ့ရ။ ယခု သူ့မိတ်ဆွေလည်း ဖြစ် ကျွန်ယုံကြီးလည်း ဖြစ်သည့် အက္ကဘာခန် သေသည့် အခါတွင် ပါမောက္ခ ဟီလာရီသည် အားရပါးရ ငိုပစ်လိုက်သည်။

အက္ကဘာခန်၏ အလောင်းကို မြေမြှုပ်ပြီးနောက် သူ့ ရွက်ဖျင်တဲထဲသို့ ပြန်လာကာ ဘီလပ်ရှိ သူ့ညီနှင့် သူ့ရှေ့နေဆီကို စာတစ်စောင်စီ ရေးသည်။ ထို့နောက် သူ့တွင် ရှိသည့် အခြား စာရွက်စာတမ်းများနှင့် ဓာတ်ပုံများကို ထုတ်သည်။ ထိုပစ္စည်းများကို အတူရောစု၍ ထုပ်လိုက်ပြီး အပေါ်မှ ဖယောင်းပုဆိုးဖြင့် သေချာစွာ ပတ်သည်။ ထို့နောက် ချိပ်ပိတ်သည်။

တစ်ဖန် တတိယ စာ တစ်စောင်ကို ရေးသည်။ ထိုစာမှာ သူ့ဇနီးသည် အစ္စဘယ်၏ အစ်ကိုထံ ပေးရန် ဖြစ်သည်။ စင်စစ် ထိုစာကို သူ ရေးသင့်သည်မှာ ကြာပြီ။ သို့ရာတွင် နေ့ရွှေ့ ညရွှေ့ဖြင့် မရေးဖြစ်ခဲ့။ ယခု ရေးဖြစ်ပြီ။ သို့တိုင် ထိုစာကို သူ ဆုံးအောင် မရေးလိုက်ရ။ သူ့ မိတ်ဆွေ အက္ကဘာခန်ကို သတ်ခဲ့သည့် ကာလဝမ်း ရောဂါသည် အရိုးငေါငေါ ရှိသည့် လက်ကြီး တစ်ဖက် ထုတ်ကာ သူ့ ပခုံးကို နောက်မှ လာတို့သည်။ ကလောင်တံသည် လက်ထဲတွင် ယမ်းသွားကာ ကြမ်းပြင်သို့ ကျသွား၏။

နောက် တစ်နာရီခန့် အကြာတွင် ပါမောက္ခ ဟီလာရီသည် ဝေဒနာကို ပြင်းပြစွာ ခံစားရင်း ရေးလက်စ စာရွက်ကို ခေါက်သည်။ စာရွက်ပေါ်တွင် လိပ်စာကို ကြိုးစား၍ ရေးသည်။ သူ့တပည့် ကရင်ကို ခေါ်၏။ သို့ရာတွင် ကရင်လည်း မြော့မြော့ကလေးသာ ကျန်တော့သည်။ နောက်ဆုံးတွင် ဒါယာရန်း၏ မိန်းမ သီတာ ရောက်လာသည်။ သီတာသည် လက်တွင် မှန်အိမ် တစ်လုံးကို ဆွဲကာ သူ့သခင်ဆပ် အတွက် စားဖွယ် သောက်ဖွယ်တို့ဖြင့် ကပျာကယာ ရောက်လာသည်။ ထိုအချိန်၌ စခန်းတွင် ထမင်းချက်သူ ပန်းကန်ဆေးသူတို့လည်း မရှိကြတော့။ ထွက်ပြေးကုန်ကြပြီ။

ကလေးက သီတာနှင့် အတူ လိုက်လာသည်။ သို့ရာတွင် သူ့အဖေ၏ အခြေအနေကို မြင်ရသည့်အခါတွင် သီတာသည် ကလေးကို အပြင်တွင် ထားပစ်ခဲ့သည်။ ကလေးကို လုံးဝ ဝင်ခွင့် မပြုတော့။

'အေး၊ နင် လုပ်တာ မှန်တယ်၊ ကလေးကို မခေါ်ခဲ့နှင့် သီတာ၊ ငါ ပြောပြမယ်၊ နားထောင်စမ်း၊ ကလေးကို နင်ပဲ စောင့်ရှောက်ပြီး သူ့အမျိုးတွေ ရှိရာကို ရောက်အောင် ပြန်ပို့လိုက် ဟုတ်လား၊ သူ့ကို... သူ့ကို'

စကားကို ဆုံးအောင် မပြောနိုင်။ စာရွက်နှင့် ချိပ်ပိတ်ထားသည့် အထုပ်ကို စမ်းရှာကာ သီတာ့ လက်ထဲသို့ ထိုးထည့်လိုက်သည်။

'ဟောဟို သံသေတ္တာလေးထဲမှာ ပိုက်ဆံ ရှိတယ်၊ အဲဒီ ပိုက်ဆံကို ယူ၊ နင်တို့ နှစ်ယောက်ကိုတော့...'

ပါမောက္ခ ဟီလာရီသည် သတိလစ်သွား၏။ သီတာသည် ပိုက်ဆံနှင့် စာရွက်စာတမ်းများကို ဆာရီ ခါးကြားထဲသို့ ထိုးထည့်ကာ ကလေးကို လက်ဆွဲ၍ တဲစခန်းသို့ ခပ်သုတ်သုတ် ပြန်လာခဲ့သည်။ တဲသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်လျှင် ကလေးကို သိပ်သည်။ ခါတိုင်းလို တေး ဆိုခြင်း မရှိ၊ ပုံပြောခြင်း မရှိ။

ထိုနေ့ညမှာပင် ပါမောက္ခ ဟီလာရီ ဆုံးသည်။ နောက်တစ်နေ့ နေ့လယ် ရောက်သည့် အခါတွင်မှ ကာလဝမ်းရောဂါသည် နောက်ထပ် လူသုံးယောက်၏ အသက်ကို ခြွေခဲ့လေပြီ။ ထိုအထဲတွင် ဒါယာရန်း၏ အသက်လည်း ပါသွားသည်။ ကျန်သမျှသော လူအနည်း ငယ်တို့သည် စခန်းမှ အဖိုးတန် ပစ္စည်းများကို လုယူပြီး နောက် မြင်းများ၊ ကုလားအုတ်များဖြင့် တောင်ဘက် သို့ ထွက်ခွာသွားကြသည်။ မုဆိုးမ သီတာကိုမူ ရောဂါ ကူးမည် စိုးသဖြင့် ခေါ်မသွားဘဲ ထားပစ်ခဲ့ကြသည်။ လေးနှစ်သား အရွယ် အက်ရှ်သည်လည်း သီတာနှင့် အတူ ကျန်ရစ်ခဲ့သည်။

နောင်နှစ်တွေ ကြာသည့် အခါ၌ အက်ရှ်သည် အခြား အကြောင်းများကို မေ့ချင် မေ့မည်။ ထိုညက အဖြစ်ကိုမူ မမေ့နိုင်။ အပူရှိန်နှင့် လရောင်၊ တဲစခန်းမှ ခဲတစ်ပစ် အကွာတွင် တစ်ကောင့် တစ်ကောင် ကိုက်ခဲနေ ကြသော တောခွေးများနှင့် ခွေးအများ၏ အသံ၊ ရွက်ဖျင်တဲ ကလေးထဲတွင် သီတာက သူ့ဘေးမှ ကုပ်ကုပ်ကလေး ထိုင်ရင်း ကြောက်ကြောက်ဖြင့် သူ့ကို ပွတ်သပ် ချော့သိပ် နေပုံ။ ထိုအရာများကို သူ သတိရနေသည်။ အက်ရှ် အိပ်မပျော်နိုင်။ အနီးရှိ အင်ကြင်းပင်ပေါ်မှ လင်းတကြီး များက အတောင် တဖျပ်ဖျပ် ခတ်ကာ တကုတ်ကုတ် မြည်နေကြသည်။ လူသေနံ့ ပုပ်ဟောင်လျက်။ သူတို့ နှစ်ယောက်တည်း အထီးတည်း ဖြစ်နေသည်ကို သူ သတိပြုမိသည်။ ထိုမှလွဲလျှင် သူ ဘာမှ နားမလည်။ နားလည်အောင်လည်း သူ့ကို မည်သူကမျှ ရှင်းမပြ။

အက်ရှ် မကြောက်။ ယခုအထိ သူ့တစ်သက်တွင် ဘာမျှ ကြောက်စရာ အကြောင်း မရှိ။ ယောကျ်ား ဆို သည်မှာ ကြောက်စိတ် ဆို၍ မြူမျှ မရှိရဟု အဘ အက္က ဘာခန်က သင်ထားဖူးသည်။ သူကိုယ်တိုင်ကလည်း သတ္တိ ကောင်းသည့် ကလေး တစ်ယောက် ဖြစ်သည်။ တောတောင် လျှိုမြောင်တွေ၊ ကန္တာရတွေထဲမှာ နေလာရ သည့် သူ့အဖို့ တောတိရစ္ဆာန်တို့ အကြောင်းကို သိသင့် သလောက် သိနေလေပြီ။

သို့ရာတွင် သီတာ တစ်ယောက် ဘာကြောင့် ငို နေသည်ကိုမူ သူ မသိ။ သူ့အား အဖေ့ အနားသို့ ဘာ ကြောင့် အကပ်မခံသည်ကို သူ နားမလည်။ အဘ အက္က ဘာခန်နှင့် လူတချို့ မည်သို့ ဖြစ်သွားကြသည်ကိုလည်း သူ ကောင်းစွာ သဘောမပေါက်။ သူတို့တစ်တွေ သေ သွားကြပြီ ဆိုသည်ကိုမူ သူ သိသည်။ သေသည်ကို သူ မြင်ခဲ့ဖူးပြီ။ အဘ အက္ကဘာခန်နှင့် အတူ လင့်စင်ပေါ် တွင် ထိုင်ရင်း ကျားပစ်သည်ကိုလည်း သူ မြင်ခဲ့ဖူးပြီ။ ကျားကိုက်ထားသည့် ဆိတ်သေ၊ ကျွဲသေတို့ကိုလည်း သူ မြင်ခဲ့ဖူးပြီ။ ကျားသေကိုလည်း သူ မြင်ခဲ့ဖူးပြီ။ ဟင်းလျာ အလို့ငှာ တောကြက်၊ ခါ၊ ရေဘဲ စသည်တို့ ပစ်ခဲ့သည်ကိုလည်း သူ မြင်ခဲ့ဖူးပြီ။ ထိုတိရစ္ဆာန်များ သည် အဘ အက္ကဘာခန် လက်ချက်ဖြင့် သေခဲ့ကြသည် ချည်း။

သို့ရာတွင် အဘ အက္ကဘာခန်သည် သူတို့လို သေမျိုး ဖြစ်သည်ဟု သူ မထင်။ အဘ အက္ကဘာခန်တွင် မပျက်စီးနိုင်သော အရာတစ်ခု ရှိသည်ဟု သူ ထင်သည်။ သူများတွေထက် အားကောင်းသည့် ခွန်အား တစ်မျိုး ရှိသည်ဟု သူ ထင်သည်။ ယခု ထိုအရာသည် ဘယ်ကို ရောက်သွားပြီနည်း။ ဤသည်ကို သူ နားမလည်နိုင်။

သီတာသည် စခန်းကို ကာထားသည့် ခြံစည်း ရိုးမှ ဆူးခက်ကို ဆွဲလာပြီး သူ့ကို ကာသည်။ ကံကောင်း သည်ဟု ဆိုရချိမ့်မည်။ ညသန်းခေါင် ရောက်သည့်အခါ တွင် အလောင်းများကို လာစားကြသည့် တောခွေးများ နှင့် ခွေးအများ ထွက်ပြေးကာ ကျားသစ် နှစ်ကောင် ရောက်လာသည်။ လင်းအားကြီးလောက်တွင် တောအုပ် ဆီမှ ကျားဟိန်းသံ ကြားရပြန်သည်။ မနက် မိုးလင်း သည့်အခါ သူတို့ ခြံစည်းရိုး အပြင်ဘက်တွင် ကျား ခြေရာကြီးများကို တွေ့ရသည်။

ထိုနေ့ မနက်တွင် နို့သောက်စရာပင် မရှိ။ စား စရာကလေး နည်းနည်းသာ ရှိသည်။ သို့ရာတွင် သီတာ က သူ့ကို ချာပါတီ အကျန်ကလေး ကျွေးသည်။ ထို့ နောက်မှ သီတာသည် ရှိသမျှကလေးကို ထုပ်ပိုး ပြင် ဆင်ကာ သူ့ကို လက်မှ တွဲလျက် စခန်းမှ ထွက်ခွာလာ ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂

သီတာသည် အလွန်ဆုံးရှိမှ နှစ်ဆယ့်ငါးနှစ်လောက်သာ ရှိဦးမည်။ သို့ရာတွင် သူ့ရုပ်က ထို့ထက် နှစ်ဆလောက် ရင့်ရော်နေသည်။ ပင်ပန်း ဆင်းရဲစွာ အလုပ် လုပ်ရခြင်း၊ နှစ်စဉ် ပဋိသန္ဓေ လွယ်ရခြင်း၊ ကလေး ငါးယောက်ကို မွေးမြူခဲ့ရခြင်း၊ သူတို့အားလုံး ဆုံးရှုံးရသဖြင့် ပူဆွေးသောက ရောက်ရခြင်း စသည်တို့ စုပေါင်းကာ သူ့ကို အရွယ် မရောက်မီ အိုမင်း ရင့်ရော် အောင် ပြုလုပ်နေသကဲ့သို့ ရှိ၏။

သီတာသည် စာလည်း မရေးတတ်၊ စာလည်း မဖတ်တတ်၊ စဉ်းစား ဆင်ခြင်ဉာဏ်လည်း မရှိ။ သို့ရာတွင် သီတာသည် သတ္တိကောင်းသည်။ သစ္စာရှိသည်။ ချစ်တတ်သော နှလုံးသား ရှိသည်။ သူ့သခင် ပါမောက္ခ ဟီလာရီ ပေးခဲ့သည့် ပိုက်ဆံကို သူ့ ကိုယ်ကျိုးအတွက် သုံးဖို့ တစ်ခါမျှ စိတ်မကူးမိ။ သူ့သခင်၏ အမိန့်ကို ဖီဆန်ရန်လည်း တစ်ခါမျှ စိတ်ကူးမပေါ်။ သီတာသည် သူ့သခင် ဟီလာရီ၏ သားငယ်ကို မွေးကင်းစ ကတည်းက ချစ်ခဲ့သည်။ ယခု သူ့သခင်က သားငယ်ကို သူ့လက်ထဲသို့ အပ်ခဲ့ကာ သူတို့ ဆွေမျိုးသားချင်းတွေ ရှိရာသို့ အရောက် ပို့ရန် မှာခဲ့ပြီ။ ယခုအချိန်တွင် အက်ရှ်ကို ကြည့်ရှု စောင့်ရှောက်မည့်သူ ဆို၍ သူတစ်ယောက်မှ အပ မည်သူမျှ မရှိတော့။ အစစ အရာရာ သူ့တာဝန် ဖြစ်ပြီ။

သူ့ ဆွေမျိုးတွေကို သူ မသိ။ ဘယ်ဆီ လိုက်ရှာရမည် ဟူ၍လည်း သူ စိတ်ကူးမပေါ်။ သို့ရာတွင် ထို့အတွက် သီတာ စိတ်မညစ်။ ဒေလီက တပ်နယ်မြေထဲတွင် အက်ရှ်၏ အဖေ ပစ္စည်းများ အပ်ထားခဲ့သည့် အိမ်နံပါတ်ကို သူ သိသည်။ ထိုအိမ်တွင်နေသည့် ဗိုလ်မှူးကြီးကိုလည်း သူ သိသည်။ ကလေးကို ဒေလီသို့ ခေါ်သွားမည်။ ထိုအိမ်နံပါတ်တွင် နေသည့် အဘူနော့ဆပ်ထံ ကလေးကို ပြမည်။ ထိုအခါ သူတို့က ကလေးအတွက် လိုအပ်သည်တို့ကို စီစဉ်ပေးလိမ့်မည်။ ကလေးထိန်းဖို့ အာယား တစ်ယောက်တော့ လိုလိမ့်မည်။ သို့ဆိုလျှင် သူသည် အက်ရှ်နှင့် ခွဲရမည် မဟုတ်တော့။

စင်စစ် ဒေလီ ဆိုသည်မှာ အဝေးကြီး။ သို့ရာတွင် တစ်နေ့နေ့တော့ ရောက်မည်ဟု သူ တွက်ထားသည်။ ပါလာသည့် ပိုက်ဆံ အတွက်တော့ သူ စိုးရိမ်သည်။ သည်လောက်များသည့် ပိုက်ဆံကို သူ့ တစ်သက်တွင် တစ်ခါမျှ မမြင်စဖူး။ သည်ပိုက်ဆံ လမ်းတွင် တစ်ယောက်ယောက် မြင်သွားလျှင် ရန်ရှာမည်ကို သူ စိုးရိမ်သည်။ ထို့ကြောင့် သီတာသည် အက်ရှ်ကို အဟောင်းဆုံး အဝတ်အစားကို ဝတ်စေပြီးနောက် လမ်းတွင် မည်သည့် လူစိမ်းနှင့်မျှ စကား ပြောဆိုခြင်း မပြုရန် သတိပေးရသည်။

မေလ ရောက်ပြီ။ မဂိုမင်းတို့၏ ရှေးဟောင်း မြို့တော်ကြီး ဖြစ်သည့် ဒေလီမြို့ကိုမူ မမြင်ရသေး။ လမ်းတွင် အက်ရှ်ကို ကြာကြာချီပြီး မသွားနိုင်။ အက်ရှ်သည် သန်မာသည့် ကလေး ဖြစ်သည့်တိုင် တစ်နေ့တွင် မိုင် အနည်းငယ်ထက် ပိုပြီး မသွားနိုင်တော့။ ရာသီကလည်း ခါတိုင်းနှစ်တွေထက် ပြင်းသည်။ ရာသီ ပြင်းသည့်အတွက် တစ်နေ့ကို ခရီး သိပ်မတွင်ချင်။ အက်ရှ်သည် သူ့ကို ဘာမျှ မမေး။ သူ့ဘဝ တစ်လျှောက်လုံး ခရီးသွားကာ ရှခင်းသစ်တွေကိုချည်း မြင်ခဲ့ရဖန် များသဖြင့် ထိုအရာများသည် သူ့ အဖို့ အသစ်အဆန်း မဟုတ်တော့။ သူ့တွင် တည်ငြိမ်မှု ဟူ၍ ရှိခဲ့လျှင် ထိုအရာမှာ သူ့ပတ်ဝန်းကျင်တွင် ရှိနေသည့် အသိုင်းအဝိုင်းသာ ဖြစ်သည်။ သီတာ၊ အဘ အက္ကဘာခန်၊ ဘရားဆပ်၊ ဒါယာရန်း၊ ကာတာဆင်း၊ ဆွတ်ဂူးလ်၊ တာရာချန်း၊ ဒိနိနှင့် အခြားသူများသည် သူ့ အနားတွင် အမြဲနေရသည့် လူများ ဖြစ်ကြသည်။ ယခု ကျန်လူ အားလုံး မရှိကြတော့သည့်တိုင် သူ့ အနားတွင် သီတာ ရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယပြည်ကြီး ရှိသေးသည်။ သူ မြင်ဖူး တွေ့ဖူးနေကျ အိန္ဒိယ ရှုခင်းတွေ ရှိသေးသည်။

သူတို့ နှစ်ယောက်သည် တဖြည်းဖြည်းနှင့် ခရီးနှင်ခဲ့ကြ၏။ အစားအသောက်ကို လမ်းတစ်လျှောက်ကြုံသည့်ရွာမှ ဝယ်စားခဲ့ကြသည်။ ဟိုမေး သည်မေးအမေး ခံရမည် စိုးသဖြင့် ရွာပြင် ကြုံရာတွင် အိပ်ခဲ့ကြသည်။ ဒေလီ မြို့ကြီးမှ မြို့ရိုးများနှင့် စုလစ်မွမ်းချွန်တို့ကို မိုးကုပ်စက်ဝိုင်းတွင် ရေးရေး မြင်လိုက်ရသည့်အခါတွင် ပျော်လိုက်သည့် ဖြစ်ခြင်း။ စုလစ်မွမ်းချွန်များသည် ဖုန်တွေ ထနေသော ရွှေရောင် ဆည်းဆာထဲတွင် တစ္ဆေ ခြောက်နေသည်နှင့်ပင် တူတော့သည်။

သီတာက မမှောင်ခင် နန်းမြို့ထဲကို ဝင်ချင်သည်။ ချန်ဒီချောက် ရပ်ကွက်မှ လမ်းကြားကလေး တစ်ခုထဲတွင် သူ့ယောက်ျား ဒါယာရန်း၏ ဆွေမျိုး တစ်ယောက် ဂျုံဆိုင် တစ်ဆိုင် ဖွင့်ထားသည်။ ထိုဆိုင်တွင် ညအိပ်မည်။ တပ်နယ်ထဲသို့ မသွားခင် အက်ရှ်ကို အဝတ်အစားကလေး ဘာလေး ကောင်းကောင်း ဝတ်နိုင်အောင် အထုပ်ထဲတွင် ပါလာသည့် ဘောင်းဘီကလေးတွေကို ထုတ်၍ မီးပူ တိုက်ရဦးမည်။ သို့ရာတွင် ထိုနေ့က သူတို့ နှစ်ယောက် ခြောက်မိုင်လောက် ခရီးပေါက်ခဲ့ပြီ။ ဒေလီမြို့ရိုးကို မြင်နေရသည့်တိုင် အချိန် မရှိတော့။ နေက စုံးစုံးမြုပ်သွားပြီ။ ရှေ့တွင် ယမုန်နာ မြစ်ကမ်း ကူးတို့ဆိပ်ကို ရောက်အောင် မိုင်တစ်စိတ်လောက် သွားရဦးမည်။

တစ်ဖက်ကမ်း ရောက်လျှင် သူတို့ သွားရမည် ရပ်ကွက်ကို မိုင်ဝက်လောက် လျှောက်ရဦးမည်။ ထိုအချိန် ရောက်လျှင် ဘာကိုမျှ မြင်ရတော့မည် မဟုတ်။ ကိစ္စမရှိ။ သူတို့တွင် ညနေစာ အလုံအလောက် ပါလာပြီးသား။

ကလေးကလည်း ပင်ပန်းလှပြီ။ အိပ်ချင်လှပြီ။ သီတာသည် ကလေးငယ်ကို လမ်းဘေးရှိ ညောင်ပင်ကြီး တစ်ပင်အောက်သို့ ခေါ်လာခဲ့သည်။ ညောင်ပင်ကြီးအောက်တွင် အုတ်ပလ္လင်ကြီး တစ်ခု ရှိ၏။ သီတာသည် ကလေးကို အစာကျွေးပြီးနောက် ညောင်မြစ်တွေ ကြားထဲတွင် စောင်ကို ဖြန့်ခင်းလိုက်၏။ ထို့နောက် ပန်ချာပီတွေ ဆိုသည့် 'အာရေးကိုကို၊ ဂျာရေးကိုကို' ဆိုသည့် ရှေးဟောင်း သားချော့တေးကို ဆိုသည်။ ထို့နောက် 'အိပ်ပါတော့ လူကလေးရယ်၊ ထောပတ် သကြားနှင့် မုန့်တွေ ဝယ်ခဲ့မယ်၊ ထောပတ် သကြားနှင့် မုန့်တွေလည်း ကုန်ပေါ့၊ လူလေးရေ အိပ်ပါတော့' ဆိုသည့် သူအကြိုက်ဆုံး တေးကို ဆိုရင်း အက်ရှ်ကို သိပ်သည်။

ညက တိတ်ဆိတ်နေသည်။ ကောင်းကင်တွင် ကြယ်တို့ ပြိုးပြက်လျက်။ ကလေးကို ပိုက်ရင်း သူ အိပ်နေရာမှ မျှော်ကြည့်လိုက်လျှင် ဒေလီမြို့မှ မီးရောင်တို့ကို တလက်လက် မြင်နေရသည်။ ကတ္တီပါ အနက်ကြီးအပေါ်တွင် ရွှေမှုန်တွေ ကြဲပက် ထားသည့်နှယ်။ ခပ်လှမ်းလှမ်း မြို့ရိုးပျက်ကြားမှ ခွေးအများ အော်သံကို ကြားရ၏။ သစ်ကိုင်းများ ကြားမှ လင်းနို့ မြည်သံနှင့် ငှက်ဆိုးထိုးသံ ပေါ်လာသည်။

တစ်ခါတွင်မူ သူတို့ အနီးရှိ ကိုင်းတောစပ်မှ တောခွေး တစ်ကောင် အူသံကို ကြားလိုက်ရ၏။ အမှောင်ရိပ်ထဲမှ မြွေပါတွန်သံ ပေါ်လာသည်။ သို့ရာတွင် ထိုအသံများသည် သူတို့အဖို့ အဆန်းမဟုတ်။ ထိုအသံများသည် ဗုံသံနှင့် တဗီဇီမြည်သော ပုစဉ်း ရင်ကွဲတို့အသံကဲ့သို့ သူတို့အဖို့ ရိုးနေပြီ။ ထိုအသံများကို နားထောင်ရင်း သီတာသည် ခေါင်းတွင် ပတ်ထားသည့် ရောစောင်ကို မျက်နှာပေါ် ဖုံးလိုက်သည်။ ချက်ချင်းပင် အိပ်ပျော်သွား၏။

အရုဏ် အပြုတွင် သူ ကြားနေကျ မဟုတ်သည့် အသံများကြောင့် အိပ်ရာမှ လန့်နိုးလာခဲ့သည်။ ထိုအသံများမှာ တဖြောင်းဖြောင်း မြည်သော မြင်းခွာသံများ၊ သေနတ်သံများနှင့် ညာသံများ ဖြစ်၏။ မီးရုတ်မြို့ဘက်ဆီမှ ကဆုန်စိုင်းလာသည့် မြင်းများကို ပေတစ်ရာပေါ်တွင် မြင်နေရသည်။ မြင်းစီးလာသူများကို ကြည့်နေရသည်က နတ်ပူးနေသည့်နှယ်။ သို့မဟုတ် နောက်မှ ရန်သူ လိုက်လာနေသည့်နှယ်။ အရုဏ် ပက်ဖျန်းထားသည့် ပေတစ်ရာ တစ်လျှောက်တွင် မီးခိုးတန်းကြီးများ လွင့်နေသည့်ပမာ မြင်းများ နောက်တွင် ဖုန်လုံးကြီးတွေ အလိပ်လိပ်ထ ကျန်ရစ်ခဲ့ကြသည်။

မြင်းများသည် ညောင်ပင်ကြီးနှင့် ခဲတပစ် အကွာလောက်ရှိ ပေတစ်ရာအတိုင်း တစ်ဟုန်ထိုး ဖြတ်သွားကြ၏။ သူတို့၏ အော်သံများက ဆူညံလျက်။ သူတို့၏ ပြူးကျယ်သော မျက်လုံးများ၊ ထိတ်လန့်တကြား ဖြစ်နေသော မျက်နှာများနှင့် ဒုန်းစိုင်းနေသော မြင်းများ၏ လည်တံနှင့် နံပါးမှ ဝဲပုံ ကျန်ရစ်ခဲ့သော အမြှုပ် ဖြူဖြူဖွေးဖွေးတို့ကိုပင် သီတာ မြင်လိုက်ရသည်။ မြင်းစီးသမားများမှာ စစ်သားများ ဖြစ်ပြီး ဘင်္ဂလား မြင်းတပ်ဝတ်စုံတို့ကို ဝတ်ထားကြသည်။ မီးရုတ်တွင် စခန်းချထား

www.burmeseclassic.com



သည့် မြင်းတပ်မှ တပ်သားများ ဖြစ်သည်။ သို့ရာတွင် သူတို့ဝတ်စုံမှာ စုတ်ပြတ်နေကြပြီ။ ညစ်ပတ်နေကြပြီ။ နက်မှောင် နီရဲသော သွေးကွက်တို့ စွန်းထင်းနေကြပြီ။

ကျည်ဆန် တစ်ခုက ညောင်ပင်ကိုင်း ကြားထဲ ဖြတ်သွားသဖြင့် သီတာသည် ဝပ်၍ နေလိုက်သည်။ အက်ရှ်မှာလည်း ဆူဆူညံညံ အသံတွေကြောင့် နိုးလာခဲ့လေပြီ။ ခဏကြာလျှင် မြင်းသမားများသည် သူတို့အနားမှ ဖြတ်စီးသွားကြပြီး သူတို့နောက်မှ လာသော ဖုန်လုံးကြီးတွေထဲတွင် ပျောက်သွားကြ၏။ သီတာသည် ဖုန်တွေ ဝင်သဖြင့် ချောင်း တဟွပ်ဟွပ် ဆိုးလာသည်။ နှာခေါင်းနှင့် ပါးစပ်ကို ဆာရီဖြင့် ပိတ်ထားလိုက်သည်။ ဖုန်လုံးတွေ ကွဲသွားသည့် အခါတွင်မှ မြင်းတပ်သားများသည် ယမုန်နာ မြစ်ကမ်းသို့ ရောက်သွားကြပြီ။ ခဏကြာလျှင် လှေတွေကို ဆက်ခင်းထားသည့် သစ်သား တံတားပေါ်သို့ ကျလာသော မြင်းခွာသံများကို ကြားလိုက်ရ၏။

နောက်က လိုက်လာသော ရန်သူတို့ လက်မှ လွတ်အောင် မြင်းကို ဒုန်းရိုက် စီးသွားသည့် မြင်းသမားများ၏ ရှုခင်းကို သီတာ မမေ့နိုင်။ သီတာသည် ကလေးကို ကောက်ချီကာ ကိုင်းတောစပ်သို့ ပြေးခဲ့ပြီး ကိုင်းတောထဲတွင် ဝပ်နေလိုက်သည်။ နောက်က လိုက်လာသည့် ညာသံများကို ရင်တထိတ်ထိတ်နှင့် နားစွင့်နေမိသည်။

သီတာသည် မျက်စိသူငယ် ဖြစ်နေသော ကလေးကို တိုးတိုးတိတ်တိတ် နေရန် ချော့ရင်း ကိုင်းတောထဲတွင် တစ်နာရီလောက် ပုန်းနေသည်။ မီးရထား ပေတစ်ရာ ဘက်ဆီမှ နောက်ထပ် မြင်းခွာသံများကို မကြားရတော့။ သို့ရာတွင် ဒေလီ မြို့ရိုးထဲလောက်ဆီမှ သေနတ်ပစ်သံ အော်ဟစ်သံများကို သဲ့သဲ့ ကြားရသည်။

ထို့နောက်တွင် သေနတ်သံများနှင့် အော်သံများသည်လည်း ရေတွင်း စက်သီးမှ တကျွီကျွီ မြည်သံ၊ လွင်ပြင်နံ့ဆီမှ ခါတွန်သံ၊ မြစ်ကမ်းပါးမှ ကြိုးကြာမြည်သံ၊ စပါးတောဘက်ဆီမှ ဒေါင်းအော်သံ၊ ရှဉ့်တောက်သံ၊ စာဗူးတောင်းတို့၏ ကျစ်ကျစ်မြည်သံ စသည့် အိန္ဒိယ ကျေးလက် နံနက်ခင်း၏ အသံဗလံတွေ ကြားထဲတွင် ပျောက်ကွယ်သွား၏။ မျောက်သို တစ်အုပ်က ညောင်ပင် ခွကြားတွင် ခုန်ကူးလျက်။ မြစ်ဘက်မှ တိုက်လာသော လေပြင်းကြောင့် ကိုင်းတောမှ ကိုင်းပင်များသည် အရွက်ချင်း ထိကာ တရှဲရှဲ မြည်နေကြသည်။

'ဘာလဲ အမေ၊ ကျားလား'

အက်ရှ်က ခပ်တိုးတိုး မေး၏။ အဘ အဗ္ဗဘာ ခန်နှင့် ကျားပစ် လိုက်ခဲ့ဖူးသဖြင့် ကျားတို့၏ သဘာဝကို သူ ကောင်းကောင်း သိနေလေပြီ။

'ဟင့်အင်း မဟုတ်ဘူး၊ သိပ် စကားမပြောနှင့် လူလေး၊ တိတ်တိတ် နေ'

သီတာက ပြောသည်။ မြင်းတပ်သားတွေ အော်သွားသံကြောင့် သူ့ရင်ထဲတွင် တုန်သည်။ ဘာကြောင့် ရင်တွေပန်းတွေ တုန်နေရသည်ကို သူ မသိ။ အက်ရှ် နားလည်အောင်လည်း ရှင်းမပြတတ်။ သို့ရာတွင် သူ့နှလုံးသည် ခါတိုင်းထက် နှစ်ဆ ခုန်နေသည်ဟု ထင်ရ၏။ စခန်း တစ်ခုလုံး ကာလဝမ်း ဖြစ်တုန်းကလည်း သူ သည်လောက် မကြောက်ခဲ့။ စခန်းထဲတွင် သူတို့ နှစ်ယောက်တည်း ကျန်ခဲ့သည့် နောက်ဆုံး ညတုန်းကလည်း သည်လောက် မကြောက်ခဲ့။ ယခု သည် မြင်းတပ်သားတွေ အသံပြဲကြီးဖြင့် အော်သွားပုံကမှ ကြောက်စရာ။ ကာလဝမ်းရောဂါ အကြောင်းကို သူ သိပြီးသား။ ရောဂါရခြင်း၊ သေခြင်းနှင့် တော တိရစ္ဆာန်ရိုင်းတို့ သဘာဝကို သူ သိပြီးသား။ သို့ရာတွင် ယခုကိစ္စကိုမူ သူ ဘာမျှ မသိ။ ဘာမျှ နားမလည်။ ကြောက်စရာ ကောင်းသည် ဆိုသည်လောက်ကိုသာ သိသည်။

ပေတစ်ရာလမ်း တစ်လျှောက်တွင် နွားနှစ်ကောင် တပ်ထားသည့် နွားလှည်း တစ်စီးက တအိအိ မောင်းလာ၏။ ပျင်းရိပျင်းတွဲဖြင့် မြည်နေသော သူ ကြားနေကျ အသံကို ကြားလိုက်ရသည့် အခါကျမှ သီတာ၏ ရင်သည် ငြိမ်စပြုသွားသည်။ နေဝန်းက အရှေ့ မိုးကုပ်စက်ဝိုင်း နှုတ်ခမ်းသို့ ပြူထွက်လာသည်။ မိုးထိန်ထိန် လင်းပြီ။ ထိုအခါကျမှ သီတာ၏ အသက်ရှူသံသည် နှေးသွားကာ ပုံမှန် ဖြစ်လာ၏။ သီတာသည် အသာရပ်ကာ ကိုင်းပင် တွေကို ဖြဲပြီး လှမ်းကြည့်လိုက်သည်။ ပေတစ်ရာ လမ်းမ ကြီးက မနက်ခင်း အလင်းရောင်တွင် ဟာလာဟင်းလင်း။ လမ်းမပေါ်တွင် လှုပ်လှုပ် အရာ ဆို၍ တစ်ခုမျှ မမြင်ရ။ လမ်းသည် တိတ်ချက် ထူးဘိခြင်း။

စင်စစ် မီးရထား ပေတစ်ရာသည် အသွားအလာ အလွန်များသည့် ပေတစ်ရာ ဖြစ်၏။ ရိုဟီကွန်းနှင့် အုဒ်မှ ဒေလီသို့ လာလျှင် သည်စခန်းကို လာရစမြဲ။ သို့ရာတွင် သီတာသည် ထိုအချက်ကို သတိ မပြုမိ။ တိတ်ဆိတ်နေသည့် အတွက်ပင်လျှင် အားရှိ သလိုလို ဖြစ်လာ၏။ သို့တိုင်အောင် မြင်းတပ်တွေ နောက်မှ ကပ်လိုက်သွား၍မူ မဖြစ်သေး။ အခြေအနေကို စောင့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရဦးမည်။ သူတို့တွင် စားစရာကလေး နည်းနည်း ကျန်သေးသည်။ နို့ကမူ မရှိတော့။ နှစ်ယောက်စလုံး ရေလည်း ငတ်လှပြီ။

'လူလေး၊ ဒီမှာ ခဏ နေရစ်ဦးနော်၊ အမေ ကမ်းနားဆင်းပြီး ရေခပ်ချေဦးမယ်၊ ချက်ချင်း ပြန်လာခဲ့မယ်၊ ဒီနေရာက ဘယ်မှ မသွားနှင့် ကြားလား၊ ငြိမ်ငြိမ်ကလေး နေရစ်နော်'

အက်ရှ်သည် သူ ပြောသည့်အတိုင်း ငြိမ်ငြိမ်ကလေး ကျန်နေရစ်ခဲ့သည်။ သူလည်း အကြောက်ရောဂါကူးပြီး သူ့တစ်သက်တွင် ပထမဦးဆုံး အကြိမ် ထိတ်လန့်ခြင်း ဖြစ်မိ၏။ သို့ရာတွင် သူလည်း သီတာလိုပင် ဘာကို ကြောက်သည်ဟု မပြောနိုင်။

သီတာကလည်း ကြာလိုက်သည့် ဖြစ်ခြင်း။ တော်တော်နှင့် ပြန်မလာတော့။ မကြာဘဲ ရှိမည်လော။ သီတာသည် မြစ်ကို အဖြောင့် မသွားရဲ။ ကွေ့ပတ်ပြီး တံတား အထက်နားက တစ်နေရာတွင် ရေစပ်သို့ ဆင်း၏။ သည်နေရာမှ မျှော်ကြည့်လိုက်လျှင် သဲကမ်းပါးများနှင့် ကာလကတ္တား တံခါး အနီး ရောက်အောင် စီးဆင်းသွားသည့် ယမုန်နာ မြစ်လက်တက်ကလေးများကို မြင်ရသည်။ ထိုမှုမက လက်နက်တိုက်ကို ကာရံထားသည့် တံတိုင်းကြီးကိုလည်း မြင်နိုင်သေးသည်။ မြို့မှ အသံဗလံတွေကိုလည်း ပီပီသသ ကြားရ၏။ မြို့၏ အသံဗလံများကား အဝေးမှ နားထောင်လျှင် ပက်လက် လှန်ထားသော ပျားအုံ တစ်အုံမှ ဒေါသထွက်နေသော ပျားကောင်တို့၏ မြည်သံများနှင့် တူသည်။ သို့ရာတွင် မြို့၏ အသံဗလံများက အဆ တစ်ထောင် ပိုကျယ်သည်။

ထိုအသံများ ကြားမှ သေနတ်ပစ်သံကို ကြားရ၏။ တစ်ခါ တစ်ခါတွင် တစ်ချက်ချင်း ပစ်သံ၊ တစ်တုံတစ်တုံတွင် ဖျောဖျောသံ။ ကောင်းကင်တွင်မူ ငှက်တွေဝဲနေကြသည်။ စွန်တွေ၊ တအာအာ အော်မြည်နေသည့် ကျီးကန်းတွေ၊ လန့်ပျံနေသည့် ခိုတွေ။ အောက်မှ တစ်စုံတစ်ရာက ခြောက်လှန့် လွှတ်လိုက်သည့်နှယ် ကောင်းကင်တွင် ဝဲလျက်၊ ပျံလျက်၊ ထိုးဆင်းလျက်၊ ပျံတက်လျက်။ ဟုတ်သည်၊ သည်နေ့မနက် ဒေလီ နန်းမြို့တွင် တစ်ခုခု ထူးထူးခြားခြားတော့ ဖြစ်ဟန်တူသည်။ သည်လိုဆိုလျှင် မြို့ထဲသို့ ဝင်၍ မဖြစ်သေး။ ခဏတော့ ရှောင်နေဦးမှ ဖြစ်မည်။ ခက်သည်က သူတို့တွင် စားစရာ သိပ်မရှိတော့။ သို့ရာတွင် ကလေး အတွက် လုံလောက်သည်။ အနည်းဆုံး ရေတော့ ရှိသေးသည်။

သီတာသည် ရေတိမ်ရာ ကမ်းစပ်သို့ ဆင်းပြီးနောက် သူ့ကြေးအိုးကို နှစ်လိုက်ပြီး မီးရတ် ပေတစ်ရာ ဆောက ကိုင်းတောစပ်သို့ ပြန်လာခဲ့သည်။ ကုက္ကိုပင်တွေ၊ ကျောက်ဆောင်တွေ၊ ကိုင်းမြီးဖြူပင်တွေ ကြားမှ ဖြတ်ပြီး လာခဲ့၏။ သူတို့နှစ်ယောက် ညနေ မိုးချုပ်သည် အထိတော့ နေဦးမှ။ ညနေ မှောင်ရီဖျိုးဖျတွင် တံတားကို ဖြတ်၊ နန်းမြို့ကို ကွင်းပြီး တပ်နယ်သို့ အရောက်သွားရမည်။ အက်ရှ် အဖို့မူ အတန်ငယ် ဝေးလိမ့်မည်။ သို့ရာတွင် ကိစ္စမရှိ။ တစ်နေ့လုံး နားပြီးပြီ။ သီတာက ကိုင်းတောထဲမှ ပို၍ကောင်းသည့် နေရာကလေး တစ်နေရာကို ရာသည်။ နေရာက ဖုန်ထူပြီး ပူအိုက်သည်။ သို့ရာတွင် တစ်နေကုန် ပျင်းအောင် စောင့်နေခဲ့ရသည့် အက်ရှ်သည် ငိုက်မျဉ်းစ ပြုလာ၏။ မွန်းလွဲလောက် ရောက်သည့်အခါတွင် မနေနိုင်တော့ဘဲ အိပ်ပျော်သွားသည်။

သီတာ ကိုယ်တိုင်လည်း အိပ်ငိုက်လာသည်။ လမ်းပေါ်မှ တအိအိ မောင်းသွားကြသည့် နွားလှည်းများနှင့် တစ်ချီ တစ်ချီတွင် ကြားလိုက်ရသည့် မြင်းလှည်းမှ ချူသံတို့ကြောင့် ပို၍ အိပ်ချင်လာ၏။ ပေတစ်ရာ လမ်းမကြီးပေါ်တွင် လှည်းသံ ချူသံကို ကြားလိုက်ရပြီ ဆိုလျှင် အန္တရာယ်သည် (ရှိရိုးမှန်ခဲ့သည် ဆိုပါက) ယခုလောက်ဆိုလျှင် ပျောက်ကွယ်လောက်ပြီ။

သူ မြင်လိုက်ရသည့် မြင်းတပ်သားတို့သည် မဂိုဘုရင် ဗဟာဒူးရှားထံမှ အရေးကြီးသည့် သတင်းကို ဆောင်ယူခဲ့သည့် စေတမန်များသာ ဖြစ်ပေလိမ့်မည်။ ထို့ကြောင့်သာလျှင် ဒေလီ နန်းမြို့တော်သည် အုတ်အော်သောင်းတင်း ဖြစ်ကာ အောင်ပွဲခံနေခြင်း ဖြစ်လိမ့်မည်။ အရှေ့အိန္ဒိယ ကုမ္ပဏီ၏ ဘင်္ဂလား စစ်တပ်က အဝေးစစ်မြေ တစ်နေရာတွင် အောင်ပွဲ ရလာခဲ့ခြင်းကြောင့်လော။ သို့မဟုတ် အကြည်တော် မင်းတစ်ပါးပါးတွင် သားသမီး ရတနာ မွေးဖွား သန့်စင်သောကြောင့်လော။ ဘိလပ်မှ ဝိတိုရိယ ဧကရီ ဘုရင်မကြီးတွင်ပင် သားသမီး ရတနာ ဖွားမြင် သန့်စင်သောကြောင့်လော။

သည်လို သက်သာရာတွေကို တွေးလိုက်သည့်အခါတွင်မူ နည်းနည်း အကြောက်ပြေသွားသည်။ ဒေလီ နန်းမြို့ဘက်ဆီမှ အသံများလည်း တိတ်ဆိတ်သွားလေပြီ။ ယမုန်နာ မြစ်ဘက်မှ တသုန်သုန် တိုက်လာသည့် လေသည် ဖုန်တွေ ထအောင် ပြင်းထန်ခြင်း မရှိသော်လည်း ကိုင်းရွက်များကို တရှဲရှဲ လှုပ်ကစားလျက် ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



'အင်း လူလေး နိုးရင်တော့ ခရီး ဆက်ဦးမှ' သီတာ တွေးသည်။ သို့ရာတွင် သီတာ စိတ်အေးရသည်မှာ ဘာမှ မကြာလိုက်။ မြေကြီးသည် လှိုင်းလုံးကြီး တစ်လုံးလို မြင့်တက်သွားသည်ဟု ထင်မှတ်လိုက်ရကာ တုန်ဟည်းသွား၏။ သူ့ဘေးတွင် ရှိသည့် ကိုင်းပင် မြက်ပင်တို့သည် တုန်ခါသွားကြ၏။ မရှေးမနှောင်းပင် ပွင့်ဖွေး တိတ်ဆိတ်သော နေ့လယ်ခင်း၌ မိုးကြိုး ထစ်ချုန်းသကဲ့သို့သော အသံကြီး တစ်ခုကို ကြားလိုက်ရသည်။

အက်ရှ်သည် ထိုအသံကြောင့် လန့်နိုးလာ၏။ သီတာက လန့်၍ မတ်တတ်ရပ်သည်။ တစ်ကိုယ်လုံး အကြောအခြင်တွေ တောင့်တင်းလျက်။ လေတိုက်သဖြင့် လှုပ်ယမ်းနေသော မြက်ပင် ကိုင်းပင်များ ကြားမှနေ၍ လှမ်းကြည့်လိုက်သည်။ အဝေးရှိ ဒေလီ မြို့ရိုးပေါ်မှ မီးခိုးလုံးကြီးများ အလိပ်လိုက် တက်လာသည်ကို မြင်ရ၏။ မီးခိုးလုံးကြီးများက ကြောက်စရာ။ ထိန်လင်းနေသည့် ညနေခင်း နေခြည်ထဲတွင် မှိုပွင့်ကြီးလို ထီးဆောင်းလျက်။ ဘာဖြစ်သည်ကို သူတို့ ကောင်းကောင်း မသိကြ။ ရန်ရင်းဆန်ခတ် ဖြစ်နေသော လူအုပ်ကြီး လက်ထဲသို့ ရောက်မည် စိုးသဖြင့် ဒေလီမြို့ရှိ လက်နက်တိုက်ကြီးကို အစောင့် အချို့ ဖောက်ခွဲပစ်လိုက်ခြင်း ဖြစ်ကြောင်းကို သူတို့ နှစ်ယောက် ဘယ်တော့မှ သိမည် မဟုတ်။

မီးခိုးလုံးကြီးသည် အတန်ကြာအောင် ကောင်းကင်တွင် တွဲလွဲ ချိတ်နေသည်။ ဝင်လုဆဲ နေရောင်ခြည်ထဲတွင် နှင်းဆီရောင် ပြေးလျက်။ ပုန်းကွယ်နေရာမှ သီတာတို့ နှစ်ယောက် ထွက်လာသည့် အခါတွင်မူ လဝန်း နိမ့်နိမ့်မှ ရောင်ခြည်များသည် တဖြည်းဖြည်း လွင့်ပါး ပျောက်ကွယ်နေသော မီးခိုးလုံးကြီး၏ အဖျားကို ငွေရောင်ဖြင့် ဆွတ်ဖျန်းလိုက်လေသည်။

သူတို့ သွားရမည့် နေရာသို့ ရောက်လုပြီ။ သည်နေရာ ရောက်မှ နောက်ကြောင်းပြန် လှည့်၍ မဖြစ်။ တပ်နယ်မြေကို သွားဖို့ တခြားလမ်းတွေ အသွယ်သွယ် ရှိခဲ့သည် ဆိုလျှင် သီတာသည် ထိုတစ်လမ်းလမ်းကို ရွေးမိပေလိမ့်မည်။ သို့ရာတွင် ယမုန်နာမြစ်ကို သူ မဖြတ်ရဲ။ သည်နေရာမှ အပ တခြား နီးနီးနားနားတွင်လည်း မြစ်ကို ဖြတ်ကူးသည့် တံတား မရှိ။

သို့ဖြင့် သူတို့နှစ်ယောက်သည် လှေများကို ဖွဲ့ထားသည့် တံတားကို ဖြတ်၍ မင်္ဂလာဆောင် တစ်ခုမှ ပြန်လာသည့် လူအုပ်နှင့် အတူ ရော၍ လိုက်လာခဲ့ကြသည်။ တစ်ဖက်ကမ်းမှ အစောင့်များက သူတို့ကို စစ်ဆေး မေးမြန်းကြ၏။ အစောင့်များသည် မင်္ဂလာဆောင်မှ ပြန်လာသည့် လူအုပ်ကို စစ်ဆေး မေးမြန်းနေစဉ် ကလေးလေး တစ်ယောက်ကို ပိုက်လာသည့် သီတာကို ရေးကြီးခွင့်ကျယ် လုပ်၍ မေးမနေကြတော့ဘဲ အလွယ်တကူပင် ဖြတ်သန်းခွင့် ပြုလိုက်ကြသည်။ သူတို့ မေးမြန်း ပြောဆိုနေသည့် အထဲမှ သီတာသည် ထိုနေ့က ဖြစ်ခဲ့သည့် အဖြစ်အပျက်ကို သိလိုက်ခြင်း ဖြစ်သည်။

ပါမောက္ခ ဟီလာရီနှင့် အက္ကဘာခန်တို့ စကားသည် မှန်သည်။ အိန္ဒိယ လူထုများတွင် နစ်နာချက်တွေ အများအပြား ရှိသည်။ အဓမ္မမှု များစွာကို ခံနေကြရသည်။ လူထုသည် ထိုမတရားမှု၊ ထိုနစ်နာချက်တို့ကို တစ်သက်လုံး ခေါင်းငုံ့ ခံနေမည် မဟုတ်။ ပေါက်ကွဲမှု ပေါ်ပေါက်လာရသည့် နောက်ဆုံး အကြောင်းရင်းက တကယ့် သေးသေးကလေး။ ဘင်္ဂလား တပ်ရင်းကို ထုတ်ပေးသည့် ရိုင်ဖယ် သေနတ် အသစ်များ အတွက် ဆိုင်ရာ ဗြိတိသျှ တပ်ရင်းမှူးက ဆီသုတ်သည့် ကျည်ဆန်များ ထုတ်ပေးသည်။ ထိုကျည်ဆန်တွင် သုတ်ထားသည့် ဆီများမှာ အမဲဆီနှင့် ဝက်ဆီများ ဖြစ်သည်။ အမဲဆီသည် ဟိန္ဒူ အမျိုးသား တစ်ယောက်ကို ဇာတ်ပျက်စေ၍ ဝက်ဆီသည် မဟာမေဒင် ဘာသာဝင် တစ်ဦးကို ယုတ်ညံ့စေသည်။ သို့ရာတွင် ဤသည်မှာ အပေါ်ယံ အကြောင်းမျှသာ ဖြစ်၏။

အရှေ့အိန္ဒိယ ကုမ္ပဏီသည် လွန်ခဲ့သည့် အနှစ် ငါးဆယ်လောက်က မဒရပ် ပြည်နယ် ဗီလိုရီ မြို့ကလေးရှိ အိန္ဒိယ စစ်သားများကို သားရေ လည်စည်းမာနှင့် အနောက်တိုင်း ဦးထုပ် ဆောင်းရန် အတင်းအကျပ် လုပ်ခဲ့သည်။ ဤသည်ကို မကျေနပ်၍ အိန္ဒိယ စစ်သားများသည် ကုမ္ပဏီကို ပုန်ကန်ခဲ့ကြသည်။ သွေးမြေကျခဲ့ကြသည်။

ထိုအချိန်က စ၍ အိန္ဒိယ စစ်ဗားရီများသည် ဟိန္ဒူဘာသာဝင်တို့ အထွတ်အမြတ် အထားဆုံးသော ဇာတ်ခွဲခြားသည့် စနစ်ကို ဖျက်သိမ်းရန် အင်္ဂလိပ်တို့က ကြိုးပမ်းနေပြီဟု သံသယ ဖြစ်ခဲ့ကြသည်။ ဗီလိုရီမှ သူပုန်တို့ကို လျင်မြန်စွာ နှိမ်နင်းနိုင်ခဲ့သည်။ ထို့နောက်တွင် ပေါ်ပေါက်လာသည့် ပုန်ကန် ထကြွမှုများကိုလည်း နှိမ်နင်းနိုင်ခဲ့သည်။ သို့ရာတွင် အရှေ့အိန္ဒိယ ကုမ္ပဏီသည် ထိုနိမိတ်များကို ပေါ့ပေါ့ဆဆ တွက်ခဲ့သည်။ ဆီသုတ်သည့် ကျည်ဆန်များကို မကိုင်လိုဟု



www.burmeseclassic.com

www.burmeseclassic.com



ကန့်ကွက်သည့် အခါတွင် ကုမ္ပဏီသည် အကြီးအကျယ် ဒေါသထွက်ခဲ့သည်။

သို့ဖြင့် ဘာရက်ပူရီ မြို့ကလေးရှိ တိုင်းရင်းသား ခြေလျင် တပ်ရင်း ၃၄ မှ ဒေါသ ထွက်နေသော စစ်ဗာရီ မန်ဂဲလ်ပန်ဒီသည် ပုန်ကန်ရန် သူ့ရဲဘော်များအား သွေးထိုးပြီးနောက် ဗြိတိသျှ တပ်ရေးဗိုလ် တစ်ယောက်ကို သေနတ်ဖြင့် ပစ်ရာ တပ်ဗိုလ် ဒဏ်ရာ ရသွားသည်။ ပန်ဒီကို ဗြိတိသျှ အစိုးရက ကြိုးပေးလိုက်၏။ ဝင်ရောက် ဟန့်တားခြင်း မပြုဘဲ ဘေးမှ ကြည့်နေကြသည့် စစ်ဗာရီများကိုလည်း လက်နက် ဖြုတ်လိုက်သည်။ တပ်ရင်းကိုလည်း ဖျက်ပစ်လိုက်သည်။ ဆူပူလာသည့် အခါတွင် ဘုရင်ခံချုပ်သည် ကျည်ဆန်သစ်များကို ပြန်သိမ်းရန် အမိန့် ထုတ်လိုက်သည်။

သို့ရာတွင် နောက်ကျသွားပြီ။ သူတို့သည် ထင်သည့်အတိုင်း အင်္ဂလိပ် အစိုးရသည် မိမိတို့ကို ဇာတ်ပျက်အောင် အနည်းနည်း အဖုံဖုံ ကြိုးစားနေသည်ဟု သူတို့ အသည်းတွင် စွဲနေကြပြီ။ ဘုရင်ခံချုပ်၏ အမိန့်သည် မိမိတို့ သံသယ မှန်ကြောင်းကို သက်သေပြသလို ဖြစ်နေသည်။ ဘုရင်ခံချုပ်၏ အမိန့်သည် တင်းမာမှုများ လျော့ပါးစေခြင်း မရှိသည့်အပြင် ပို၍ပင် အခြေအနေ ဆိုးလာစေခဲ့သည်။ အိန္ဒိယပြည် တစ်ဝန်းလုံးတွင် မီးရှို့မှုတွေ အများအပြား ပေါ်ခဲ့သည်။ အခြေအနေသည် ပေါက်ကွဲလုနီး အခြေအနေသို့ ရောက်နေသည်။ မကြာမီ တစ်ခုခု ဖြစ်တော့မည် ဆိုသည်ကို စဉ်းစားတတ်သူ တိုင်း သိနေကြပြီ။

ထိုစဉ် မီးရတ်မြို့မှ တပ်စွဲထားသည့် အမှတ် ၃ မြင်းတပ်ရင်းမှ ဗြိတိသျှ တပ်မှူးက သူ့တပ်သားများကို ဝက်ဆီသုတ်ထားသည့် ကျည်ဆန်များကို သုံးရမည်ဟု အမိန့်ထုတ်လိုက်သည်။ စစ်ဗာရီ ရှစ်ဆယ့်ငါးယောက်တို့က ချေချေငံငံ ပြောခဲ့သည့်တိုင် ပြတ်သားစွာ ငြင်းပယ်ခဲ့ကြသည်။ ဤတွင် အင်္ဂလိပ် တပ်မှူးက ထိုတပ်သားများကို ဖမ်းဆီး၍ စစ်ခုံရုံးတင်သည်။ ထို့နောက် အလုပ်ကြမ်းဖြင့် ထောင်ဒဏ် တစ်ပတ် အပြစ် ပေးလိုက်သည်။

တပ်ရင်းမှူး ဗိုလ်ချုပ် ဟူးဝစ်က ခပ်ဝဝ ခပ်ဖိုင့်ဖိုင့်။ အမှုအရာကလည်း လေးတိလေးကန်။ အသက်ကလည်း ခုနစ်ဆယ်ထဲ ရောက်တော့မည်။ ဗိုလ်ချုပ်သည် မီးရတ်တပ်ရင်းကို တန်းစီစေပြီးနောက် အမိန့်ကို စိတ်မပါတပါဖြင့် ဖတ်ပြသည်။ တပ်ရင်းမှ စစ်ဗာရီ ရှစ်ဆယ့်ငါးယောက်ကိုလည်း အများရှေ့မှာပင် စစ်ဝတ်စစ်စား ချွတ်ပြီး သံခြေကျင်းခတ်လိုက်သည်။ ပြစ်ဒဏ်မှာ ပြင်းထန်လွန်းသည်။ ထိုအထဲတွင် တပ်သားတွေကို အားလုံး တန်းစီစေပြီး အကြည့်ခိုင်းခြင်းမှာ ပြစ်ဒဏ်ပေးသည်ထက် ပို၍ ဆိုးရွားသည့် အမှားကြီး တစ်ခု ဖြစ်သည်။

သံခြေကျင်း ခတ်ခံရသည့် စစ်ဗာရီများကို မြင်လိုက်ရသည့် အခါတွင် တပ်သားတွေရော၊ မြို့လူထုပါ စစ်ဗာရီများကို သနားသွားကြသည်။ ထိုနေ့ညက မီးရတ်တစ်မြို့လုံးက လူများသည် ထိုအကြောင်းကို ပြောဆိုကာ အရှက်ရကြသည်။ ဒေါသ ထွက်ကြသည်။ လက်စားချေရန် စိတ်ကူးကြသည်။ မနက် လင်းသည်နှင့် ကာလ ကြာမြင့်စွာက ပျိုးလာသည့် မုန်တိုင်းကြီး စတင်တိုက်ခတ်လေပြီ။ ဒေါသထွက်လျက် ရှိသည့် စစ်ဗာရီများသည် မီးရတ် အကျဉ်းထောင်ကြီးကို စီးနင်း တိုက်ခိုက်ပြီးနောက် အကျဉ်းသားများကို လွှတ်ပစ်ကာ ဗြိတိသျှတို့ကို တိုက်ခိုက်ကြသည်။

ထိုနေ့ တစ်နေ့လုံး မီးရတ်တွင် သွေးချောင်းစီးနေတော့သည်။ စစ်ဗာရီများသည် ဘန်ဂလိုများကို လုယက် ဖျက်ဆီး၍ မီးရှို့ကြ၏။ ပုန်ကန် ထကြွရေးအောင်လံကို လွှင့်ရန် ဒေလီသို့ မြင်းများဖြင့် ချီတက်လာခဲ့ကြ၏။ နန်းကျ မဂိုမင်းဆက်၏ နောက်ဆုံးဘုရင်ဖြစ်သော ဗဟာဒူးရှားကို မင်းမြှောက်ကြသည်။

မနက် အရုဏ်တက်တွင် သီတာ ဝိုးတိုးဝါးတား မြင်လိုက်ရသော စစ်သားများမှာ ထိုစစ်ဗာရီများ ဖြစ်သည်။

နန်းကျဘုရင် ဗဟာဒူးရှားသည် စစ်ဗာရီတို့၏ စကားများကို ရုတ်တရက် လက်မခံသေး။ မယုံကြည်သေး။ မီးရတ်မြို့ ဆိုသည်မှာ နယ်နယ်ရရ မြို့မဟုတ်။ ဗြိတိသျှ တပ်ရင်းတွေ အများကြီး တပ်စွဲထားသည့်မြို့။ မီးရတ်က ဗြိတိသျှတပ်များသည် သူပုန် စစ်သားတို့ကို လိုက်လံ တိုက်ခိုက်မည် မုချ။ သို့ရာတွင် သူတို့နောက်မှ ဘယ် ဗြိတိသျှ စစ်တပ်မှ လိုက်မလာ။ ထိုအခါကျမှပင် အမှတ် ၃ မြင်းတပ်မှ စစ်ဗာရီတို့ ပြောသည့် စကားသည် အမှန် ဖြစ်ကြောင်း၊ သူတို့ ပြောသည့်အတိုင်း မီးရတ်တွင် ရှိသည့် အင်္ဂလိပ် တပ်မှူးများ အားလုံးကို ပစ်သတ်ခဲ့ကြကြောင်းကို ဗဟာဒူးရှား ယုံတော့သည်။

ဒေလီတွင်လည်း ဥရောပ တိုက်သားများကို သတ်ဖြတ်ကုန်ပြီဟု သတင်း ထွက်နေသည်။ အချို့ မျက်နှာဖြူများသည် လက်နက် တိုက်ထဲသို့ဝင်၍ အလုံ



www.burmeseclassic.com

www.burmeseclassic.com



ပိတ် နေကြသည်။ ခုခံ မရတော့ဟု သိလာသည့် အခါ တွင် လက်နက်တိုက်ကို ဖောက်ခွဲ ပစ်လိုက်ကြသည်။ သူတို့ကိုယ်တိုင်လည်း လက်နက်တိုက်ထဲတွင် စတေး လိုက်ကြသည်။ အချို့ အင်္ဂလိပ် တပ်မှူးများကို တပ်သား များက သတ်ပစ်လိုက်ကြသည်။ အချို့ကိုလည်း မီးရတ် သူပုန်ကြီးကို ထောက်ခံသည့် အရပ်သား လူအုပ်များက သတ်ပစ်လိုက်ကြသည်။ ဒေလီမြို့တော် လမ်းမတကာ တွင် လူအုပ်များသည် မျက်နှာဖြူ အင်္ဂလိပ်များကို လိုက်ရှာနေကြသည်။

သီတာသည် စစ်သားများနှင့် ခရီးသည်များ ပြောနေသည့် ထိုသတင်းများကို ကြားလိုက်၏။ ထို့ ကြောင့် အက်ရှ်ကို အင်္ဂရေစီ (အင်္ဂလိပ်) ဟု မှတ်မိ သွားမည် စိုးသည့် အတွက် မီးတုတ် မီးစည်းကြီး၏ အလင်းရောင်ထဲတွင် ရပ်မနေဘဲ သူ့လက်ကို ဆွဲကာ နောက် အမှောင်ထဲသို့ ဆုတ်လာခဲ့သည်။ လူလေးကို အင်္ဂလိပ်မှန်း သိသွားလျှင် တံတားစောင့်ကျသည့် စစ် ဗာရီများ၏ ဓားဖျားတွင် အသက် ပါသွားတော့မည်။ မြို့ထဲတွင် လူအုပ်တွေ အော်ဟစ် သွားလာနေကြသည်။ မီးတောက်များက တဟုန်းဟုန်း တောက်လောင်နေကြ သည်။

သည်အရာတွေကို မြင်လိုက်ရုံမျှဖြင့် ရှေ့တွင် အန္တရာယ် မသေးလှကြောင်းကို သီတာ သိလိုက်ပြီ။ သီတာသည် ကာလကတ္တား တံခါးမှ ပြန်လှည့်လာကာ ယမုန်နာမြစ်နှင့် ဒေလီ မြို့တံတိုင်း အကြားက ကမ်းစပ် လမ်းမြောင်ကလေး အတိုင်း ဒေလီမြို့ကို ရေပေးသည့် ရေလှောင်ကန်ဆီသို့ မှန်း၍ လာခဲ့၏။ အမှောင်တွင် ဝိုးတိုးဝါးတား။

လမ်းက ကြမ်းသည်။ ကျောက်တုံးတွေ ကျောက် ဆောင်တွေက ထိုးထိုးထောင်ထောင်။ ချိုင့်တွေ ကျင်း တွေက ပြည့်လျက်။ ဘေးတွင် မမီမကမ်းဖြင့် လိုက်လာ ရသည့် လူလေး၏ ခြေထောက်များသည် တောင့်ကုန် ကြပြီ။ ထိုအချိန်၌ လထွက်လာပြီ။ မီးတောက်ကြီးများ အရောင်ကြောင့် ညသည် နေဝင်ချိန် တိမ်တောက်သလို ရဲလျက် ရှိ၏။

အမှောင်ထဲတွင် မိုင်ဝက်လောက် လျှောက်လာ မိသည့် အခါတွင် ကျောက်ဆောင်တွေ အမှိုက်ပုံတွေ ကြားထဲတွင် လွတ်နေသည့် လားတစ်ကောင်ကို တွေ့ ရသည်။ ပိုင်ရှင်က ဒိုဘီ ကုလားလော၊ မာလီ ကုလား လော မသိ။ လားကို မခိုင့်တခိုင် ချည်ပစ်ခဲ့ဟန် တူ သည်။ မြို့ထဲတွင် လူအုပ်ကြီးသည် ဥရောပတိုက်သား အင်္ဂလိပ်တို့ ပိုင်သည့် ကုန်တိုက်ကြီးများ၊ အိမ်များကို ဖောက်ထွင်းလျက် ရှိရာ ပိုင်ရှင်သည် လူအုပ်ကြီးနှင့် ပါသွားခြင်း ဖြစ်နိုင်သည်။ မည်သို့ဖြစ်စေ သီတာ အဖို့မူ လားတစ်ကောင်သည် ဘုရား ပေးလိုက်သည့် လား ဖြစ်သည်။ သီတာက လူလေးကို လား ကျောပေါ် သို့ တင်စဉ် လားကလည်း ငြိမ်သက်စွာ ရပ်နေသည်။ လူလေးကို တင်ပြီးနောက် သီတာလည်း သူ့နောက်မှ တက်ထိုင်လိုက်သည်။ လားသည် ထိုထက်မကသော ဝန်တို့ကို ထမ်းခဲ့ရဟန် တူ၏။ ခြေဖြင့် တစ်ချက် တို့ လိုက်သည်နှင့် ကျောက်တုံးတွေ အမှိုက်ပုံတွေ ကြား တွင် ခပ်သွက်သွက် သွားနေသည်။

သောင်ပြင်ထဲသို့ ရောက်သည့်အခါ လားခွာသံ ကို ကောင်းကောင်း မကြားရတော့။ သီတာ ဝတ်ထား သည့် အညိုရောင် ဆာရီကလည်း အမှောင်နှင့် ရောသွား ပြီ။ သို့ရာတွင် ထိုညက မြို့ရိုးပေါ်တွင် အသံတိုင်း၊ လှုပ်ရှားမှုတိုင်းကို သံသယ ဖြစ်နေသူများ စောင့်နေကြ သည်။ အသံကွဲကြီးဖြင့် အော်မေးလိုက်သံကို နှစ်ကြိမ် တိုင်တိုင် ကြားလိုက်ပြီးနောက် သူတို့ခြေရင်းမှ ကျောက် ခဲကို ကျည်ဆန် ထိမှန်သံ၊ သူတို့ ခေါင်းပေါ်မှ ရှီခနဲ ကျည်ဆန် ဖြတ်သန်းသွားပြီး ရေထဲသို့ ကျသွားသံကို နှစ်ကြိမ်တိုင်တိုင် ကြားလိုက်ရ၏။

နောက်ဆုံးတွင် သူတို့သည် ရေလှောင်ကန်ကြီး ဆီသို့ ရောက်သွားကြပြီး ကသွီယ တံခါးမှ နေ၍ ကွက် လပ် တစ်ခုကို ကျော်ကာ အမှောင်ရိပ် ချုံဖုတ်များဆီသို့ ရောက်လာခဲ့ကြသည်။

နောက်မှ သေနတ်ဖြင့် လှမ်း ပစ်လိုက်သံများကို ကြားရ၏။ သို့ရာတွင် သူတို့အဖို့ အန္တရာယ် မရှိတော့။ ဆယ်မိနစ်ခန့် ကြာသည့် အခါ၌ကား တောအုပ်ကလေး တစ်ခုထဲသို့ ရောက်သွားကြသည်။ ဒေလီမြို့သည် အဝေး တွင် ကျန်ရစ်ခဲ့၏။ မည်းမှောင်၍ မညီမညာ ဖြစ်နေ သည့် ဒေလီ မြို့ရိုးနှင့် သူ့ရဲခိုများ၊ အိမ်ခေါင်မိုးများ၊ သင်ပင်ထိပ်ဖျားများ၊ အချွန်အတက်တွေဖြင့် မိုးသို့ တက် နေသော ဗလီများ၏ အရိပ်ကို လောင်နေသော မီးတောက် များ၏ နောက်ခံတွင် ရေးရေးရိပ်ရိပ် မြင်ရသည်။ လက် ယာဘက်တွင် ယမုန်နာ မြစ်ကြီး။ ရှေ့လက်ဝဲဘက် ခပ် ကျကျတွင် တောင်စွယ် တစ်ခု။ ထိုတောင်စွယ်သည် ဒေလီမြို့နှင့် တပ်နယ်မြေကို ခြားထားသည့် အတား အဆီးကြီး တစ်ခု ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



တပ်နယ်မြေထဲတွင် မီးရောင်ကလေးတွေ တလက်လက်နှင့် ဘန်ဂလိုများ၊ စစ်တန်းလျားများ၊ စားမြိန် ရိပ်သာများ၊ တပ်စခန်းတွင် နေထိုင်သူများ၏ တန်းလျားများ။ ည အမှောင်ထုကြီးထဲတွင် မြင်ရသည့် မီးရောင် လက်လက်ကလေးများကို သူတို့ မြင်ဖူးနေကျ။ သို့ရာတွင် ယနေ့ ညတွင်မူ ထိုမီးရောင်များသည် ပို၍ လင်းချည် မှိတ်ချည်။ တပ် နယ်မြေထဲမှာပင် မီးတွေ လောင်နေသည်လော မဆိုနိုင်။

အင်္ဂလိပ် တပ်တို့သည် အမှောင်ရိပ်ကို ခို၍ ချောင်းမြောင်း တိုက်ခိုက်မည် စိုးသည့် အတွက် တပ်နယ်မြေ ပတ်လည်တွင် မီးပုံတွေ ဖိုထားလေသလားဟု ပင် သီတာ တွေးမိသေးသည်။ သည်လို မီးတွေ ဖိုထားသည်က ဟုတ်တုတ်တုတ် ရှိသေးတော့ဟု သီတာ ထင်သည်။

သို့ရာတွင် လမ်းမှာ လက်နက်ကိုင်တွေကို တွေ့နေရသည်။ ခြေကျင် တစ်မျိုး၊ မြင်းဖြင့် တစ်သွယ် ဖြတ်သန်းနေသူတွေကို မြင်ရ၏။ သူပုန်တွေ၊ ဖောက်ထွင်းသူတွေ ဖြစ်နိုင်သည်။ ထို့ကြောင့် လာသာ လာခဲ့ရသည်၊ အန္တရာယ်က အများသား။ အဘူနော့ဆပ် သခင်၏ ဘန်ဂလိုနားသို့ သူတို့နှစ်ယောက် နီးလာလေလေ သူတို့ အဖို့ စိတ်အေးရလေလေ။ သို့ရာတွင် ရှေ့လောကြီး၍ မဖြစ်သေး။ လမ်းဘေး ချုံဖုတ်ထဲသို့ ဆင်းပြီး လမ်းပေါ် လူသူရှင်းအောင် စောင့်မှ ဖြစ်မည်။

လားသည် တအိအိ သွားနေရာမှ ရုတ်တရက် ရပ်လိုက်၏။ သီတာ လိမ့်ကျတော့မလို ဖြစ်သွားသည်။ လားက နှာတရှူးရှူး မှုတ်ရင်း ရပ်၏။ တုတ်တုတ်မျှ မလှုပ်။ သီတာက တင်ပါးကို ခြေထောက်ဖြင့် တို့သည်။ လားက ရှေ့သို့ မသွား။ နောက်သို့ ပြန်လှည့်၏။ သီတာ မတတ်နိုင်တော့။ လားပေါ်က ဆင်းသည်။ လားမျက်စိလို အမှောင်ထဲတွင် အမြင်သန်သော လူလေးက

'ဟင် ချုံဖုတ်ထဲမှာ ဘာကြီးမှန်း မသိဘူး' ဟု ပြောသည်။

သူ့အသံက ကြောက်ရွံ့သည့် အသံ မဟုတ်။ စိတ်ဝင်စားစရာကို မြင်သဖြင့် ပြောသည့် အသံမျိုး။ လူလေးသည် အလျင်တုန်းက စကား သိပ်မပြောခဲ့။ အဘ အဏ္ဏဘာခန်နှင့်သာ စကားပြောခဲ့သည်။ သေနတ်သံတွေ အော်ဟစ်သံတွေ ကြားခဲ့ရသည့် အတွက် လူလေး စိတ်လှုပ်ရှားနေသည်။ သို့ရာတွင် ထို့ထက် ဘာမျှ မပို။ အဘ အဏ္ဏဘာခန်သည် သူ့ကို လမ်းမလျှောက်တတ်ခင် ကတည်းက သေနတ်ပစ် သင်ပေးခဲ့၏။

ယခု လောလောဆယ် ကြောက်စရာ ကောင်းသည်က သီတာ၏ အကြောက်သာ ဖြစ်သည်။ သီတာက သူ့ကို ဘာမှ အကျိုးအကြောင်း ရှင်းမပြသည့် အတွက်မှု သူ ကြောက်သည်။ သီတာမှအပ ကျန်လူ အားလုံးတို့သည် သူ့ကို အဘယ့်ကြောင့် ရုတ်တရက် စွန့်ခွာသွားကြသနည်း ဆိုသည့် အချက်ကို ရှင်းမပြသည့် အတွက် သူ စိုးရိမ်သည်။ သို့ရာတွင် လောကတွင် ရှိသည့် ကလေးငယ်တို့ ထုံးစံ လူလေးသည်လည်း လူကြီးများ၏ ထူးဆန်းသော အပြုအမူများကို ရှည်ရှည်ဝေးဝေး မတွေးတော့ဘဲ နိယာမဟုပင် လက်ခံလိုက်သည်။

ယခုမူ သီတာသည် နောက်တစ်ကြိမ် ကြောက်လန့်နေပြန်ပြီ။ သည်တစ်ကြိမ် သူ ကြောက်လန့်သူမှာ ချုံထဲက လူကို ကြောက်ခြင်း ဖြစ်သည်။ လားကလည်း ကြောက်နေသည်။ လူလေးသည် တုန်နေသော လား၏ ကျောကို ပွတ်သပ်ပေးရင်း 'မကြောက်ပါနှင့်ကွာ၊ ချုံထဲမှာ လူတစ်ယောက် အိပ်နေတာပါ' ဟု အားပေး၏။

ချုံကြားထဲတွင် မိန်းမ တစ်ယောက်။ သူ့ကို ကြည့်ရသည်မှာ ချုံတွေ ကြားထဲတွင် လေးဖက်ထောက် လာခဲ့ရသည့်နှယ်။ မှောက်လျက်သား အိပ်ပျော်လျက်။ သစ်ရွက်များ ကြားမှ ထိုးကျနေသော မီးတောက်များ၏ အရောင်တွင် ထင်ထင်ရှားရှား မြင်နေရသည်။ အမျိုးသမီးက ခပ်ဝဝ။ ခါးတွန့် ဂါဝန်ရှည်ကြီးကို ဝတ်ထားပြီး အပေါ်ပိုင်းတွင် အင်္ကျီတိုများကို အထပ်ထပ် ဝတ်ထားသည်။ အင်္ကျီတွေကို ထပ်ဝတ်ထားသဖြင့် ပို၍ပင် ဝနေသည်ဟု ထင်ရ၏။

သို့ရာတွင် ထိုအမျိုးသမီးသည် အိပ်ပျော်နေခြင်း မဟုတ်။ သေနေခြင်း ဖြစ်သည်။ မြို့ထဲတွင် မျက်နှာဖြူ အင်္ဂလိပ်များကို လိုက်သတ်နေကြသဖြင့် ထွက်ပြေးလာသူ တစ်ယောက် ဖြစ်နိုင်သည်။ လန့်၍သော်လည်း ဖြစ်မည်၊ နှလုံးသွေး ရပ်သွားခြင်းသော်လည်း ဖြစ်မည်။ သူ့ကိုယ်တွင် ဒဏ်ရာ ဆို၍ ဘာမျှ မရှိ။ သူသည်လည်း မိမိတို့လိုပင် တပ်နယ်မြေသို့ ထွက်ပြေးလာသူလော။ သူ့လို ထွက်ပြေးလာသည့် အင်္ဂလိပ်တွေ၊ သို့မဟုတ် သူတို့နောက်က လိုက်လာသည့် သူပုန်တွေ ရှိများ ရှိနေဦးမည်လော။

နောက်မှ သူပုန်တွေသာ လိုက်လာလျှင် ဒုက္ခ။ သို့ရာတွင် သူပုန်တို့ လိုက်လာသည် ဆိုလျှင် ပန်းခြံ



www.burmeseclassic.com

www.burmeseclassic.com



ပျက်ထဲက ပန်းချီတွေ-ကြားထဲတွင် တိုးဝှေ့လာသည့် ခြေသံတွေကို ကြားရလောက်ပြီ။ ရှာသည် ဆိုလျှင်လည်း မှောင်ကြီးထဲတွင် မီးတုတ် မပါဘဲ ရှာ၍ ရမည် မဟုတ်။ ညက တိတ်ဆိတ်လျက်။ ပေတစ်ရာ လမ်းမကြီးပေါ်မှသာ လူသံသူသံများကို ကြားရသည်။ သည်နေရာတွင် စိတ်ချရလောက်သည် အထိ စောင့်ရဦးမည်။

သီတာသည် လားကို လွတ်မသွားအောင် သေသချာချာ ချည်ပြီးနောက် လူလေး အတွက် မြက်တောထဲတွင် အိပ်စရာ နေရာကလေး တစ်ခု လုပ်သည်။ နောက်ဆုံးကျန်သည့် ချာပါတီကို ကျွေးပြီး နောက်တစ်နေ့တွင် သူတို့နှစ်ယောက်သည် တောင်ခြေ ချိုင့်ဝှမ်းလွင်ပြင်သို့ သွားကြမည့် အကြောင်း၊ ထိုနေရာတွင် သစ်သီးတို့ ပေါကြောင်း၊ ဆိတ်တစ်ကောင်၊ နွားမ တစ်ကောင်နှင့် ကြောင်ကလေး တစ်ကောင်ကို မွေးမည့် အကြောင်း စသည်တို့ကို လေသံ တိုးတိုးဖြင့် ပြောနေသည်။

'လားကလေးကိုတော့ မခေါ်ခဲ့တော့ဘူးလား' ဟု လူလေးက အိပ်ချင်မူးတူး အသံဖြင့် မေး၏။

'ခေါ်လာမှာပေါ့၊ မြစ်ဆိပ်ထိ ဆင်းပြီး ရေခပ်ရင် သူ့ကျောပေါ်မှာ အိုးတင်ရမယ်၊ ထင်းခွေသွားရင်လည်း သူ့ကို သုံးရမယ်၊ တောင်ကြားထဲမှာ သိပ်ချမ်းတော့ ညဆိုရင် မီးလှုံရမယ် မဟုတ်လား၊ လေကလည်း ထင်းရှူးတောတွေထဲက တိုက်လာတော့ မွှေးလို့ သင်းလို့၊ သစ်ရွက်လေးတွေကလည်း လေတိုက်လို့ ရှဲရှဲ ရှဲရှဲနှင့် မြည်လို့'

သီတာသည် ကောင်းကင်တွင် မီးတောက်အရောင်များနှင့် ကြယ်တွေ မှိန်သွားသည် အထိ အကြာကြီး စောင့်နေသည်။ အရှေ့ရိပ် လဲ့လဲ့မှုန်မှုန် ဆန်းစပြုပြီ။ သည်တော့မှ အိပ်ပျော်နေသည့် လူကလေးကို နှိုးကာ ဒေလီ တပ်မြေဆီသို့ မှန်း၍ လာခဲ့သည်။

ပေတစ်ရာပေါ်တွင် လူအသွားအလာ မရှိတော့။ လမ်းမကြီးက ရှင်းလျက်၊ ဖုန်တွေ ထူလျက်။ မြစ်ဘက်မှ တိုက်လာသော လေပြည်က အေးလျက်။ သို့တိုင် လေထဲတွင် မီးခိုးနံ့၊ မီးလောင်သည့် ညှော်နံ့တို့ကို ရနေသည်။ တိတ်ဆိတ်ခြင်းသည် လွန်စွာ တိုးညင်းသည့် အသံကလေးကိုပင် ကျယ်လောင်လာအောင် လုပ်နေသကဲ့သို့ ရှိ၏။ သစ်ကိုင်းခြောက်ကို နင်းမိသည့် အသံ။ လားခွာဖြင့် ကျောက်တုံးကို တိုက်မိသံ။ နှေးလိုက် မြန်လိုက်ဖြစ်နေသော သူ့အသက်ရှူသံ။ ထိုအသံများကို အဝေးကြီးကပင် ကြားရလိမ့်မည်ဟု သီတာ ထင်သည်။ ထို့ကြောင့် လားကို မြန်မြန်မောင်း၏။ အမွေးတွေ ထနေသော လားတင်ပါး နှစ်ဖက်ကို ဖနောင့်ဖြင့် ဆောင့်၏။ သွား သွား မြန်မြန်ဟု ပါးစပ်က အော်၏။

သူတို့ နောက်ဆုံး အခေါက် သည်လမ်းက လာခဲ့တုန်းက ဘာဂီ မြင်းရထားကြီးကို စီးလျက်။ ကသ္မီယတံခါးနှင့် တပ်နယ်မြေသည် အနီးကလေးဟု ထင်ရသည်။ ယခုတော့ ဝေးလိုက်သည့် ဖြစ်ခြင်း။ တောင်စွယ်ကလေး ထိပ်သို့ မရောက်မီမှာပင် အလင်းရောင် ပျပျမှေးမှေး ပြေးစပြုပြီ။ စောစောက လမ်းဘေး တစ်ဖက်တစ်ချက်တွင် မည်းမည်းရိပ်ရိပ် ပိုးတိုးဝါးတား မြင်ရသည့် အရာများသည် ကျောက်ဆောင်ကြီးတွေ၊ တွန့်လိမ် ကွေးကောက်နေသော ဆူးရစ်ချုံတွေ ဖြစ်နေသည်ကို တွေ့ရ၏။ ကုန်းဆင်းသို့ ရောက်သည့်အခါတွင် ပို၍ မြန်လာသည်။

သည်တစ်ခါတွင်မူ တိတ်ဆိတ်နေသည်ကို တွေ့ရသည့် အတွက် သီတာ စိတ်အေးသွားသည်။ တပ်နယ်မြေထဲက လူတွေ သည်လောက် စိတ်အေးလက်အေး အိပ်နေကြသည် ဆိုလျှင် တပ်နယ်ထဲတွင် ဘာမှ ဖြစ်ဟန်မတူ။ အေးဆေး၍ပင် သွားပြီလော၊ သို့မဟုတ် အစကတည်းကပင်လျှင် ဆူပူမှုများသည် သည်နေရာသို့ ရောက်မလာခြင်း ဖြစ်သလော။

သည်အချိန်တွင် မီးရောင် ဟူ၍ မရှိ။ တပ်နယ်မြေထဲမှ လမ်းများ၊ ဗိုလ်တဲများ၊ ပန်းခြံများသည် အရှေ့တွင် ငြိမ်သက်နေကြသည်။ သို့ရာတွင် မီးလောင်သည့် ညှော်နံ့သည် ပို၍ ပြင်းလာသည် ထင်ရ၏။ ကျောက်မီးသွေးနံ့ မဟုတ်။ နွားချေးမီးနံ့ မဟုတ်။ သက်ကယ်များနှင့် သစ်သားကို မီးလောင်သည့် အနံ့။ မြေကြီးနှင့် အုတ်နံရံတို့ကို မီးလောင်သည့် အနံ့။

မှောင်နေသေးသဖြင့် ဗိုလ်တဲများနှင့် သစ်ပင်များကို ရေးရေးရိပ်ရိပ်သာ မြင်ရသေးသည်။ လား၏ ခွာသံသည် ကျောက်ခင်းသည့် လမ်းပေါ်တွင် ပို၍ ကျယ်လောင်လာသည်။ သို့တိုင် သူတို့ကို မည်သူကမျှ လှမ်း၍ မေးမြန်းသံ မကြားရ။ စန္ဒရီတို့သည်လည်း အိပ်ပျော်နေကြပြီ ထင်သည်။

အဘူနော့ဆပ်၏ ဗိုလ်တဲသည် တပ်နယ်မြေအစွန် သစ်ပင်တို့ အုပ်မိုးနေသော လမ်းကလေးပေါ်တွင် ရှိ၏။ ခက်ခက်ခဲခဲ မရှာလိုက်ရ။ ဝင်းဝတွင် လားပေါ်မှ ဆင်းပြီး လူလေးကို အောက်သို့ ချ၏။ အထုပ်ကို ကျစ်ကျစ်ပါအောင် ထပ်ချည်သည်။



www.burmeseclassic.com

www.burmeseclassic.com



လူလေးက စိတ်ဝင်တစားဖြင့်

'အမေ ဘာလုပ်နေတာလဲ ဟင်'

သူ့စိတ်ထဲတွင် သီတာသည် သူ့အဖို့ စားစရာ တစ်ခုခုကို ထုတ်ယူနေသည်ဟု ထင်၏။ ဆာလည်း ဆာလှပြီ။ သို့ရာတွင် သီတာသည် ဒါယာရန်း၏ အစ်ကို ဂျုံကုန်သည် အိမ်ရောက်လျှင် သူ့ကို ဝတ်ပေးဖို့ အတွက် ကလေးဝတ် သဘော်သား အင်္ကျီကလေးကို ထုတ်နေခြင်း ဖြစ်သည်။

သီတာသည် သူ့သခင်၏ သားငယ်အား သူတို့ မျက်နှာဖြူ အသိုင်းအဝိုင်းသို့ ပြန်ပို့ရာတွင် အဝတ် အစားကလေး သန့်သန့်ပြန့်ပြန့်နှင့် မြင်စေချင်သည်။ သူ့ဝတ်စုံကလေးသည် ကြေမွနေကောင်း ကြေမွနေမည်။ သို့ရာတွင် ဖြူစင်သည်။ ဖိနပ်ကလည်း ပြောင်လျက်။ မီးပူတွေ ဘာတွေ တိုက်မထားသည့်တိုင် တပ်က ဗိုလ်ကြီးတွေ မြင်လျှင် ခွင့်လွှတ်တန် ကောင်းသည်။

လူကလေးက သည်ဝတ်စုံကို မဝတ်ချင်။ သို့ရာတွင် မတတ်နိုင်တော့။ သူ မုန်းသည့် ဝတ်စုံတို့ကိုပင် ဝတ်ရတော့မည်။ ထို့ကြောင့် သက်ပြင်းချ၏။ အလျင် တစ်ခါ ဝတ်တုန်းကလောက် မချောင်တော့။ နည်းနည်း ကျပ်စပြုနေလေပြီ။ ဘွတ်ဖိနပ် ကြိုးသိုင်းကို စီးသည့် အခါတွင် ခြေထောက်ကိုပင် သွင်း၍ မရ။

'လူကလေးက အတင်းမှ မသွတ်ဘဲကိုး လူလေးရ၊ စီး စီး အတွင်း ထိုးပြီး ဖိချလိုက်' ဟု သီတာက စိတ်ရှုပ်ရှုပ်ဖြင့် ပြောသည်။

သို့ရာတွင် အချည်းနှီးသာ။ မတတ်နိုင်တော့သည့် အဆုံးတွင် လွှာဖိနပ် စီးသလို ရှေ့ပိုင်းသာ ဖိနပ်ထဲ ရောက်ပြီး ဖနောင့်ကို အပြင်ထုတ်၍ စီးခိုင်းရသည်။ ဘေးတွင် ကြိုးပြာလေးတွေ ရစ်ထားသည့် သဘော်သား ဦးထုပ်ဖြူမှာလည်း အထုပ်ထဲတွင် ကာလ ကြာရှည်စွာ သိမ်းထားသည့် အတွက် ကြေမွနေလေပြီ။ သီတာသည် ဦးထုပ်ကို အတွန့်အခေါက်တွေ ပျောက်အောင် လက်နှင့် ဆွဲသပ်ပြီး လူလေး ခေါင်းပေါ်တွင် ဆောင်းပေးလိုက်၏။ သားရေကြိုးကို သူ့ မေးအောက်တွင် ချည်ပေးသည်။

သီတာက သူ့ကို နမ်းလိုက်ရင်း

'ကဲ ခုဆို လူလေးလည်း သခင်ဆပ်နှင့် တူသွားရောပေါ့'

သီတာသည် မျက်လုံးတွင် ဝဲကျလာသည့် မျက်ရည်တို့ကို ဆာရီ အနားဖြင့် သုတ်၏။ ထို့နောက် လူလေး၏ အဝတ်ဟောင်းများကို အထုပ်ထဲသို့ ပြန်ထည့်၍ ထုပ်လိုက်ပြီးလျှင် လူလေး လက်ကို ဆွဲ၍ ခြံထဲသို့ ဝင်လာခဲ့သည်။

အရုဏ်၏ မှုန်ဖျော့ဖျော့ ရောင်ခြည်အောက်တွင် ပန်းခြံသည် ဖြူပြာရောင် သန်းလျက်။ အဘူနော့ သခင်ဆပ်၏ ဗိုလ်တဲကို ထင်ထင်ရှားရှား မြင်နေရလေပြီ။ ဗိုလ်တဲ တစ်ခုလုံး တိတ်ဆိတ်လျက်။ တိတ်ဆိတ်လွန်းသဖြင့် အိမ်နားသို့ ရောက်လာသည့် အခါတွင် ဖျာကို တကျစ်ကျစ် လက်သည်းနှင့် ခြစ်နေသံများကိုပင် ကြားရ၏။

ခဏကြာလျှင် အမှောင်ထဲမှ ခပ်မည်းမည်း သဏ္ဌာန် တစ်ခုသည် ဝရန်တာ အတိုင်း ပြေးထွက်လာကာ ပန်းခြံထဲသို့ ခုန်ဆင်းသွားသည်ကို မြင်လိုက်ရသည်။ အဘူနော့ သခင်ဆပ်၏ ခွေး မဖြစ်နိုင်။ တပ်နယ်မြေထဲတွင် သောင်းကျန်းနေကြသည့် ဈေးခွေးများလည်း မဖြစ်နိုင်။ ခါးကုန်းကုန်း၊ နောက်ပိုင်း ခြေတိုတိုနှင့် ဖြစ်သည့်အတွက် တောခွေး တစ်ကောင် ဖြစ်လိမ့်မည်။

သီတာသည် ငူငူကြီးရပ်ရင်း တထိတ်ထိတ် ဖြစ်နေသည်။ တောခွေးက ပန်းချုံတွေ ကြားထဲသို့ ဝင်ပြေးသဖြင့် သစ်ရွက်များသည် လှုပ်ကျန်ရစ်ခဲ့ကြသည်။ သစ်ရွက်များ တရှဲရှဲမြည်သံနှင့် ဝင်းဝတွင် ချည်ထားခဲ့သည့် လား၏ တဖြုတ်ဖြုတ် မြက်ဝါးသံကိုသာ ကြားရ၏။ သို့ရာတွင် အိမ်ထဲမှမူ ဘာသံမျှ မကြားရ။ အစေခံတန်းလျားဘက်မှလည်း ဘာသံမျှ မကြားရ။ ဗိုလ်တဲကို စောင့်သည့် ညစောင့်တို့ကော ဘယ်မှာနည်း။

သီတာ၏ မျက်လုံးများသည် သူ့ခြေရင်း ကျောက်စရစ် လမ်းကလေးပေါ်တွင် ကျနေသည့် ဖြူဖြူ အရာ တစ်ခုကို မြင်လိုက်သည်။ ကောက်ကြည့်လိုက်သည့် အခါတွင် ကပွဲများ၊ ညစာစားပွဲများတွင် သခင်မတွေ စီးလေ့ရှိသည့် ခုံမြင့် ဖဲဖိနပ်ကလေး တစ်ဖက်။ သည်လောက်လှသည့် ဖိနပ်ကလေး တစ်ဖက် လမ်းမပေါ်တွင် ပိုးစိုးပက်စက် ဖြစ်နေခြင်းမှာ သည်လို အချိန်မျိုးတွင် ကြည့်၍ မကောင်း။ ဘယ်လို အချိန်မျိုးမှလည်း ကြည့်၍ မကောင်း။

သီတာ၏ မျက်လုံးများသည် လမ်းဘေးပန်းခြံနှင့် မြက်ခင်းပေါ်သို့ ရောက်သွားကြ၏။ ထိုအခါကျမှ သည်နားတစ်ဝိုက်တွင် တခြား ပစ္စည်းများလည်း ပြန့်ကျဲလျက် ရှိကြောင်းကို ပထမဆုံး အကြိမ် သတိပြုမိတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ စာအုပ်များ၊ ပန်းကန်ကွဲများ၊ စုတ်ပြဲနေသည့် အဝတ်အစားများ၊ မိန်းမဝတ် ခြေအိတ်ရှည် တစ်စုံ။ သီတာသည် လက်တွင် ကိုင်ထားသည့် ခုံမြင့် ဖဲဖိနပ် လှလှကလေးကို လွှတ်ချလိုက်ပြီးနောက် လူလေး လက်ကို ဆွဲကာ ဝင်းဝသို့ ပြန်ပြေးလာခဲ့သည်။ ဝင်းဝသို့ ရောက်သည့်အခါတွင် လူလေးကို ချုံကြီးအောက်တွင် ဝှက်ထားလိုက်၏။

'လူလေး၊ ဒီမှာ ခဏ နေရစ်ခဲ့ဦးနော်၊ အဲဒီ အမှောင်ထဲမှာ အသာ ဝပ်နေ၊ အသံ မကြားရစေနှင့်၊ ဗိုလ်တဲထဲမှာ ဘယ်သူ ရှိသလဲလို့ ဝင်ကြည့်ချည်ဦးမယ်၊ ချက်ချင်း ပြန်လာခဲ့မယ်၊ အမေ့ကို ချစ်ရင် တိတ်တိတ် ကလေး နေရစ်နော်၊ ဘာသံမှ မကြားရစေနှင့်နော်'

'အမေ၊ ဆာတယ်၊ စားစရာ တစ်ခုခု ယူခဲ့နော်' ဟု လူလေးက ပြော၏။

'အေး အေး ရှာခဲ့မယ် စိတ်ချ၊ ငြိမ်ငြိမ်သာ နေရစ်ခဲ့'

သီတာသည် ပန်းခြံကို ဖြတ်ကာ ရဲဆေးတင်၍ တိတ်ဆိတ် မှောင်မည်းနေသည့် အိမ်ကြီးထဲသို့ ဝင်လာခဲ့သည်။ အိမ်ထဲတွင် လူတစ်ယောက်မျှ မရှိ။ အိမ်ထောင် ပရိဘောဂ အကျိုးအပဲ့တို့ ပြန့်ကျဲလျက်။ အဖိုးတန် ပစ္စည်းတို့ကို လုယက် ယူငင်ပြီးနောက် ကျန်သည့် ပစ္စည်းတို့ကို ရိုက်ချိုး ဖျက်ဆီး သွားခဲ့ကြဟန် တူသည်။ အစေခံ တန်းလျားတွင်လည်း လူတစ်ယောက်မျှ မရှိ။ သူပုန်များသည် ဗိုလ်တဲကို မီးတင်ရှို့ရန် ကြိုးစားကြ သေးဟန် တူ၏။ မီးစွဲထားသည့် နေရာများကို တွေ့ရ သည်။ ကျိုးပဲ့နေသော တံခါးမှ ကြည့်လိုက်သည့်အခါ မီးဖိုထဲတွင် စားစရာ အချို့ကို တွေ့ရသည်။ မည်သူမျှ စားမသွားကြ။ သူပုန်တို့သည် သူတို့၏ဇာတ် အဆင့် အတန်းအရ ထိုအစားအသောက်များကို မစားဘဲ ချန် ထားခဲ့ပုံ ရသည်။

အခြားသော အခြေအနေများတွင် ဆိုလျှင် သီတာ ကိုယ်တိုင်လည်း ထိုအစားအသောက်မျိုးကို လက်ဖျား နှင့်ပင် တို့မည် မဟုတ်။ သို့ရာတွင် ယခုမူ သီတာ မနေ နိုင်။ စုတ်နေသည့် စားပွဲခင်း တစ်ထည်ကို ကောက်ယူ လိုက်ကာ သယ်နိုင်သမျှသော အစားအသောက်တို့ကို ထုပ်ယူလိုက်သည်။ ပေါင်မုန့်၊ ကြက်သားဟင်း၊ ပဲဟင်း၊ ပူတင်း၊ အာလူးပြုတ်နှင့် သစ်သီး အချို့၊ ယိုဘူး တစ် ဘူး၊ သစ်သီးကိတ်နှင့် ဘီစကွတ်မုန့်များ ဖြစ်သည်။ နို့ ခွက်ကိုလည်း တွေ့ရ၏။ သို့ရာတွင် နို့က ချဉ်နေပြီ။ ထိုပြင် သူ မသယ်နိုင်သည့် စည်သွတ်ဘူးကြီးတွေလည်း ရှိသေးသည်။ ကွဲနေသော ပုလင်းများထဲတွင် အကောင်း ပကတိ ကျန်နေသည့် ပုလင်း တစ်လုံးကို တွေ့ရသည်။ ထို့ကြောင့် သီတာသည် ထိုပုလင်းကို ယူ၍ မီးဖို အနီး ရှိ ရေဘုံပိုင်တွင် ရေခပ်ပြီးနောက် လူလေးဆီသို့ ခပ် သုတ်သုတ် ပြန်လာခဲ့၏။

တဖြည်းဖြည်း လင်းစ ပြုနေလေပြီ။ ခဏကြာ လျှင် မနေ့တုန်းက လုယက် တိုက်ခိုက်ခဲ့သူများ၊ ပစ္စည်း ကို ဖောက်ထွင်းယူသည့် တောကြောင်များသည် အကြွင်း အကျန်များကို ယူရန် ပြန်လာကြလိမ့်ဦးမည်။ သည်နေ ရာတွင် ကြာကြာနေ၍ မဖြစ်။ သို့ရာတွင် သည်နေရာ က ထွက်မည် ဆိုလျှင် ခပ်စောစောက လူလေးကို ဝတ် ပေးထားသည့် သင်္ဘောသား အင်္ကျီကို ပြန်ချွတ်ပေးရ ဦးမည်။ လူလေးကလည်း ထိုအင်္ကျီကြီးကို မဝတ်ရ သည့် အတွက် ဝမ်းသာသည်။ ငရုတ်ပင် အောက်တွင် သီတာက လွှင့်ပစ်ခဲ့ပြီ ဖြစ်သဖြင့် နောက်ထပ် ဝတ်ရ တော့မည် မဟုတ်ဟုလည်း စိတ်သက်သာရာ ရသွား သည်။

လူလေးသည် ဆာဆာဖြင့် အေးစက်နေသည့် ပူတင်းကို အဝ စားပစ်လိုက်၏။ သီတာက ကျိုးပဲ့ ကြေမွနေသည့် စပယ်ချုံကြီးများ အနီးရှိ ရေတွင်းကလေး အတွင်းမှ ရေကို ခပ်၍ သူ့ကြေးအိုးကလေးထဲသို့ ထည့် နေသည်။ လားအတွက်လည်း သားရေဘူး တစ်လုံးဖြင့် ရေထည့်သည်။ အားလုံး ပြင်ဆင်ပြီးသည့် အခါတွင် သီတာတို့ နှစ်ယောက်သည် ပုလဲရောင် ဖြူပြာပြာ အလင်းရောင်ထဲတွင် ပန်ဂျပ်ပြည်ဘက်သို့ သွားသော ပေတစ်ရာ လမ်းမကြီးဆီသို့ ထွက်လာခဲ့ကြသည်။

လားက တပ်နယ်မြေထဲတွင် ရှိသည့် မြေညီ ညာသည့် ကတ္တရာစေး လမ်းတွေ အတိုင်း သွားချင် သည်။ ယခုအချိန်၌ မိုးစင်စင် လင်းနေလေပြီ။ မီးလောင် ပျက်စီးသွားသော ဗိုလ်တဲများ၊ တငွေ့ငွေ့ လောင်နေသော အပျက်အစီးပုံများ၊ မီးခိုးများကို ကောင်းစွာ မြင်နေရ လေပြီ။ ထိတ်စရာ လန့်စရာ ရှုခင်းတွေကို သီတာ မကြည့်ချင်၊ မမြင်ချင်။ ထို့ကြောင့် တပ်နယ်မြေထဲက လမ်းအတိုင်း မသွားတော့ဘဲ ဗိုလ်တဲကုန်းနှင့် အလံတိုင် မျှော်စင်ကြီး ရှိရာဘက်သို့ ချိုးလိုက်သည်။ ဒေလီမြို့ထဲ က ထွက်၍ သည်လမ်းအတိုင်း မြောက်ဘက်သို့ လိုက် သွားလျှင် ပန်ဂျပ်ပြည်ထဲသို့ သွားသည့် ပေတစ်ရာ လမ်းမကြီးကို ရောက်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သီတာသည် ဗိုလ်တဲကုန်းပေါ်မှ နေ၍ တပ်နယ်မြေဘက်သို့ မျှော်ကြည့်လိုက်၏။ တစ်ခါတုန်းက စစ်ဗိုလ်တွေ၊ စစ်သားတွေ၊ ဈေးသည်တွေဖြင့် ပျားပန်းခပ်မျှ စည်ကားသည့် တပ်နယ်မြေသည် ယခု ဟာလာဟင်းလင်း။ ခရုခွံ ဟောင်းလောင်း တစ်ခုနှယ်။ သစ်ပင်များကြားမှ မီးခိုးတို့ တလူလူ ထွက်နေသည်ကိုသာ မြင်ရတော့သည်။ ဗိုလ်တဲကုန်း တစ်ဖက်တွင်မူ တောင်ကုန်းမြေပြင်သည် ပြေလျောဆင်းသွားကာ သဲကမ်းပါး ဖြူဖြူများနှင့် လယ်ကွင်းပြင်ကျယ်ကြီးများ ကြားတွင်မူ ယမုန်နာ မြစ်သည် တငြိမ့်ငြိမ့် စီးဆင်းလျက်။

ထိုလယ်ကွင်း ပြင်ကြီးကို ကျော်၍ မျှော်ကြည့်လိုက်လျှင် မနက်ခင်း နှင်းမြူငွေ့တို့ ကြားမှနေ၍ နီကြန့်ကြန့် မြို့ရိုးများနှင့် စုလစ်မွမ်းချွန်များကို မြင်ရသည်။ အလံပြ မျှော်စင်မှ ကသ္မီယ တံခါး အထိ လမ်းတစ်သွယ်သည် ဓားရှည် တစ်စင်းလို ဖြောင့်တန်းလျက်။

သို့ရာတွင် ယခုအချိန်၌မူ လမ်းမပေါ်တွင် ဘာမျှ လှုပ်ရှားမှု မတွေ့ရ။ လေသည်ပင် တိုက်ခတ်ခြင်း မရှိ။ လောကအလုံးသည် တိတ်ဆိတ်လျက်။ အဝေးရှိ နာဂျာဂတ် တူးမြောင်း တစ်ဖက်ရှိ ရွာတစ်ရွာ ဘက်ဆီမှ ကြက်တွန်သံ သဲ့သဲ့ကို ကြားရသည်။

သူတို့ ရပ်နေသည့် တောင်စွယ်သည်လည်း တိတ်ဆိတ် ငြိမ်သက်နေသည်။ သို့ရာတွင် ဗရုတ်သုတ်ခ ဖြစ်ခဲ့ကြောင်းကို သက်သေပြနေသည့် အထောက်အထားများကိုမူ တွေ့နေရ၏။ ကလေး ဖိနပ် တစ်ရန်၊ ယမင်းရုပ်ကလေး တစ်ရုပ်၊ ဆူးချုံပေါ်တွင် တင်နေသည့် နှင်းဆီပွင့် စိုက်ထားသော မိန်းမဆောင်း ဦးထုပ်လှလှ ကလေး တစ်လုံး၊ ကလေး ကစားစရာ အချို့။ စာအုပ်များ၊ အထုပ်များနှင့် သေတ္တာများ။ ည မှောင်ကြီး မည်းကြီးတွင် ပြေးရင်းလွှားရင်း ကျကျန်ရစ်ခဲ့သလော၊ သို့မဟုတ် ကြောက်ကြောက်ဖြင့် စွန့်ပစ်ခဲ့လေသလော။

ဒေါက်ကပ် ရထားကြီး တစ်စီးမှာ လမ်းဘေးမြောင်းထဲတွင် စောင်း၍ မှောက်နေသည်။ ဘီးတစ်ဖက်က မိုးသို့ ထောင်လျက်။ ဝင်ရိုးလည်း ကျိုးနေပြီ။ ညက နှင်းတွေ ရွဲနေအောင် ကျထားသဖြင့် အပျက်အစီးတွေပေါ်တွင် နှင်းစက်တွေ စီးလျက်။ မြက်ပင်တို့မှာ ငွေရည် ဆမ်းထားသည့်နှယ်။ သို့ရာတွင် ပထမဆုံး ကျလာသည့် နေရောင်ခြည်များကြောင့် နှင်းစက်ကလေးတွေ ပျောက်သွားကြပြီ။ ချုံများထဲတွင် ငှက်တို့က တေးသီစ ပြုနေပြီ။

အလံပြ မျှော်စင်ပေါ်တွင်လည်း လူတစ်ယောက်မျှ မရှိ။ သည်နေရာတွင်မူ အပျက်အစီးက ပို၍ပင် များသေးသည်။ မြေကြီးတွေက ပွယောင်းနေသည်။ သည်နေရာ တစ်ဝိုက်တွင် အရာရှိတွေ မိန်းမတွေ ကလေးတွေ အချိန် အတော်ကြာကြာ စခန်းချသွားဟန် တူသည်။ ဒေါက်ကပ် ရထား တစ်စင်းပေါ်တွင် ယခုတိုင် မီးမငြိမ်းသေးသည်ကို ထောက်လျှင် သည်နေရာမှ ထွက်သွားသည်မှာ သိပ်ကြာပုံ မရသေး။ လှည်းဘီးရာ၊ မြင်းခွာရာ၊ လူခြေရာတို့ကို ကြည့်ခြင်းဖြင့် သူတို့ တစ်သိုက်သည် မြောက်ဘက် ကွန်နား မြို့ဘက်သို့ ထွက်ပြေးကြဟန် တူ၏။ သီတာလည်း သူတို့လမ်းအတိုင်း လိုက်မှ ဖြစ်မည်။

တစ်ခုမှု ရှိသည်။

အလံပြ မျှော်စင်နှင့် ကိုက် ငါးဆယ်လောက် အကွာရှိ ဆူဒါးဘဇားဘက်သို့ သွားပြီး ထိုမှ ပေတစ်ရာ လမ်းမကြီး ညာဘက်သို့ ချိုးကွေ့လိုက်လျှင် ပန်ဂျပ်ပြည်သွား ပေတစ်ရာ လမ်းမကြီးကို တွေ့ရမည်။ ထိုလမ်းချိုးနားတွင် စွန့်ပစ်ခဲ့သည့် လှည်းတစ်စီးကို မြင်ရသည်။ အဝေးမှနေ ကြည့်လျှင် လှည်းပေါ်တွင် မိန်းမ အသုံးအဆောင် ပစ္စည်းတွေ တင်ထားသည်ဟု ထင်ရ၏။

ထိုလှည်းနားသို့ ရောက်သည့်အခါတွင် သူတို့လားသည် မနေ့ညကလို ဆက်မသွားတော့ဘဲ ပေရပ်နေသည်။ လားကို မောင်းသည်။ သို့ရာတွင် လားက နေရာမှ မရွေ့။ သီတာ သိပြီ။ ထို့ကြောင့် လားပေါ်မှ ဆင်းကာ မရဲတရဲနှင့် လှည်းနားသို့ ကပ်ကြည့်သည်။

လှည်းပေါ်တွင် အလောင်းတွေ။ ကြက်သွေးရောင် ယူနီဖောင်းကို ဝတ်ထားသည့် သခင်ဆပ် လေးယောက်။ သူတို့၏ ကိုယ်ခန္ဓာများကို အပိုင်းပိုင်း ဖြစ်အောင် ခုတ်ထစ်ထားကြသည်။ အလောင်းများပေါ်တွင် အမျိုးသမီးဝတ် ပန်းရိုက် ဂါဝန်ကို လွှမ်းခြုံထားသည်။ မြင်မကောင်း သူတို့က လွှမ်းပစ်ခဲ့ပုံ ရ၏။ သို့ရာတွင် မလုံ့တလုံ ဖြစ်၍ မမြင်ချင် အဆုံး။ အဝတ်ပေါ်တွင် ရိုက်ထားသည့် ပန်းပွင့်ကလေးများက မမေ့နိုင် ပန်းပွင့်ကလေးများ၊ နှင်းဆီဖူးကလေးများ ဖြစ်သည်။

သို့ရာတွင် ယခုမူ ပန်းပွင့်တွေ မပေါ်တော့။ တစ်ခါက ဖြူဖွေးသည့် အောက်ခံပေါ်တွင် ညိုမည်းနေသည့် အကွက်ကြီးများ စွန်းနေသည်။ တောက်ပသည့် ကြက်သွေးရောင် ယူနီဖောင်းများမှာ ဓားခုတ်ရာများဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မှုန်းထားသကဲ့သို့ ဖြစ်နေပြီး သွေးတွေဖြင့် စေးထန်းကာ ချုပ်ခဲကြီး ဖြစ်နေကြသည်။

လက်သန်းလေး တစ်ချောင်း မပါတော့သော်လည်း လက်သူကြွယ်တွင် ရွှေလက်စွပ် တစ်ကွင်း ဝတ်လျက်သား ရှိသည့် လက်တစ်ဖက်သည် လွှမ်းထားသည့် အဝတ်အောက်မှ ငေါငေါကြီး ပေါ်လျက် ရှိ၏။ သီတာသည့် ရင်တွေ ပန်းတွေ တုန်ကာ လှည်းနားမှ နောက်သို့ ပြန်ဆုတ်လာခဲ့သည်။ မဖြစ်။ သူတို့ သခင်ဆပ်တွေ ပြောင်းရွှေ့သွားသည့် လမ်းအတိုင်း လိုက်၍ မဖြစ်တော့။

မနေ့ညက ယမုန်နာမြစ်ကို ကူးစဉ် ခရီးသည်များထံမှ ကြားခဲ့ရသည့် သတင်းများ၊ ချုံဖုတ်ထဲမှ အင်္ဂလိပ် သခင်မ၏ အလောင်းနှင့် လူသူ တိတ်ဆိတ်နေသော တပ်နယ်မြေကို တွေ့လိုက်ရသည့်တိုင် အခြေအနေကို သီတာ မရိပ်မိသေး။ ယခု သူ မြင်လိုက်ရသည့် အခြင်းအရာသည် ပုန်ကန်မှု ဖြစ်သည်။ အဓိကရုဏ်း ဖြစ်သည်။ မီးရှို့မှု ဖြစ်သည်။ ဂူးရ်ဘားရ်ဟုခေါ်သော ထကြွမှု ဖြစ်သည်။

သည်လို ပုန်ကန် ထကြွမှုများ အကြောင်းကို သီတာ မကြာခဏ ကြားခဲ့ဖူး၏။ သို့ရာတွင် ကိုယ်တိုင် ကိုယ်ကျ တစ်ခါမျှ မကြုံဖူးသေး။ သခင်ဆပ်တို့သည် ထိုပုန်ကန် ထကြွမှုများကို နှိမ်နင်းခဲ့ကြသည်။ နှိမ်နင်းပြီးသည်နှင့် ပါဝင်သူတို့ကို ကြိုးစင် တင်ခဲ့ကြသည်။ တစ်သက် တစ်ကျွန်းသို့ ပို့ခဲ့ကြသည်။ သူတို့တစ်တွေ ဘယ်လောက်ပင် ပုန်ကန် ထကြွသည် ဖြစ်စေ သခင်ဆပ်တို့က ရှိစမြဲ။ သခင်ဆပ်တို့ အာဏာသည် တောင့်တင်းခိုင်မာစမြဲ။ သခင်ဆပ်တို့ စစ်တပ်များ၏ အရေအတွက်သည် ပိုမို များလာမြဲ။

သို့ရာတွင် သည်အချိတွင်မူကား သခင်ဆပ်တို့ကို ကြည့်ရသည်မှာ အရေးလှပုံ မပေါ်။ လှည်းပေါ်တွင် သေနေသည့် အလောင်း လေးလောင်းသည် အရှေ့အိန္ဒိယကုမ္ပဏီပိုင် စစ်တပ်များမှ အရာရှိများ ဖြစ်သည်။ သခင်ဆပ်များသည် အသတ် ခံလိုက်ရသည့် သူတို့ ရဲဘော်လေးယောက်ကိုပင် မြေမြှုပ် သင်္ဂြိုဟ်ခြင်း မပြုနိုင်။ မိန်းမ အဝတ်အထည်ဖြင့် ပျာယီးပျာယာ ဖုံးအုပ်ကာ ကသောကမျော ထွက်ပြေးကုန်ကြပြီ။ သူတို့ ရဲဘော်များ၏ အလောင်းများကို ခွေးစာ ကျီးစာ လင်းတစာ ကျွေးပစ်ခဲ့ကြပြီ။ ကျန်သည့် လက်ဝတ်လက်စား၊ အဝတ်အထည်တို့ကို တောကြောင်တို့က ချွတ်ယူကြတော့မည်။

သို့ဖြစ်လျှင် အမြဲတမ်း တောင့်တင်း၍ အမြဲတမ်းအောမသီ ရန်မခ ရှိတတ်သည့် သခင်ဆပ်တို့သည်လည်း လုံခြုံမှု မရှိတော့။ မိမိ၏ ဝမ်းမနာသား ဖြစ်သည့် အက်ရှ်ဘာဘာ ခေါ် လူလေးကို ဒေလီမှ ဝေးရာ၊ သခင်ဆပ် အင်္ဂလိပ်များနှင့် ဝေးရာသို့ ခေါ်သွားမှ ဖြစ်တော့မည်။

သီတာသည် နောက်ကြောင်းပြန်လှည့်ကာ ပျက်စီးနေသည့် တပ်နယ်မြေများကို ဖြတ်သန်းလာခဲ့သည်။ မီးလောင်ကျွမ်း မည်းနက်ကာ အမိုး ဟောင်းလောင်းဖြစ်နေသည့် ဗိုလ်တဲများကို ကွေ့ရှောင်လာခဲ့သည်။ ပျက်စီးနေသော ပန်းခြံများ၊ မီးလောင်ကျွမ်းနေသော စစ်တန်းလျားများ၊ လက်နက် အပျက်အစီးပုံများ၊ သူများမြေပေါ်တွင် လာရောက် ခေါင်းချကြသည့် အင်္ဂလိပ် သခင်ဆပ်တို့၏ သင်္ချိုင်းများကို ဖြတ်သန်းလာခဲ့သည်။

လားခွာသံက တဖြောက်ဖြောက်။ နဂျပ်ဝါး တူးမြောင်းပေါ်က တံတားကို ဖြတ်သည့်အခါတွင် လေးလေးကန်ကန်။ ရေအိုင်ကလေး တစ်ခုထဲတွင် ရေသောက်နေကြသည့် ကြက်တူရွေး တစ်အုပ်သည် သူတို့ ခြေသံများကြောင့် ကျည်ကျည်ကျာကျာ အော်မြည်၍ လန့်ပျံသွားကြသည်။

ယခု တပ်မြေ နယ်နိမိတ်မှ ထွက်လာခဲ့ကာ လွင်ပြင်သို့ ရောက်လာခဲ့ပြီ။ တောထဲသို့ ရောက်လာခဲ့ပြီ။ လောကကြီးသည် မှုန်မှိုင်း တိတ်ဆိတ်နေသော လောကကြီး မဟုတ်တော့။ အရုဏ်ကြောင့် ဝါလဲ့လဲ့ အသွေးတောက်ကာ ငှက်မြည်သံ၊ ရဉ်တစ်သံတို့ဖြင့် ဆူညံနေသည်။

တူးမြောင်းကို ကျော်မိလျှင် လမ်းသည် တဖြည်းဖြည်း ကျဉ်းလာ၏။ ခဏကြာလျှင် လမ်းကလေးသည် ကြံခင်းများနှင့် ပြောင်းခင်းများ ကြားက ဖြတ်သွားသည်။ ထို့နောက် ပန်ဂျပ်ပြည်သွား ပေတစ်ရာ လမ်းမကြီးကို ဘွားခနဲ တွေ့လိုက်ရ၏။

သို့ရာတွင် သူတို့နှစ်ယောက်သည် ပေတစ်ရာ လမ်းမကြီးအတိုင်း မလိုက်။ ပေတစ်ရာကို ကျော်ဖြတ်ကာ ကွင်းပြင်များထဲက လူသွားလမ်းကလေး အတိုင်း လိုက်လာခဲ့ရာ ဒဟီပူရ် ရွာကလေးသို့ ရောက်သည်။ လားကလေးသာ မပါလျှင် သည်လောက် ခရီးတွင်ဖွယ်ရာ မမြင်။ သို့ရာတွင် ပေတစ်ရာ လမ်းမကြီး ကွယ်သွားသည်နှင့် တစ်ပြိုင်နက် သီတာသည် လားပေါ်မှ ဆင်းသည်။ ခြေကျင် လျှောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် နေမွန်းတည့်ချိန်လောက် ရောက်သည့် အခါ၌ကား ဒေလီနှင့် တော်တော် ဝေးလာခဲ့လေပြီ။ သီတာသည် ရန်ကို စိတ်မချသေးသည့် အတွက် ရွာများနှင့် လမ်းသွားလမ်းလာများကို မတွေ့အောင် မကြာခဏ ရှောင်ကွင်း လာခဲ့သဖြင့် ထင်သလောက် ခရီး မတွင်လှ။

လူလေး အက်ရှ်ဘာဘာသည် သူ့ အမေထံမှ ဆံပင်နက်နက်ကို အမွေရခဲ့ပြီး တပ်စခန်းများထဲတွင် နေခဲ့သဖြင့် နဂိုက ညိုသည့် သူ့အသားသည် အိန္ဒိယ လူမျိုး တစ်ယောက်၏ အသားကဲ့သို့ ညိုလျက် ရှိသည့် တိုင် မျက်လုံးများက ပြာလဲ့လဲ့။ ထို့ကြောင့် လမ်းသွား လမ်းလာ တစ်ယောက်ယောက်က အင်္ဂလိပ်ကလေး တစ်ယောက်ဟု ထင်သွားကာ သတ်မသွားဟု မည်သူမျှ တာဝန်မခံနိုင်။ ထို့ပြင် ကလေး ဆိုသည်ကလည်း အခက်သား။ သူ ဘာလုပ်၍ ဘာပြောမည် ဆိုသည်ကို မည်သူမှ ကြိုတင် ပြောနိုင်သည် မဟုတ်။ အက်ရှ်ဘာဘာ ကိုယ်တိုင်က အင်္ဂလိပ်ကလေး တစ်ယောက်ဟု ပြော လိုက်မှဖြင့် ဒုက္ခ။ ဒေလီမြို့နှင့် မဝေးမချင်း၊ မီးရတ် သူပုန်တွေနှင့် မဝေးမချင်း သီတာ စိတ်မအေးနိုင်။

ထိုအထဲတွင် ဂျုံခင်း ပဲခင်းတွေကလည်း သိပ် မသန်ကြသေးသည့် အတွက် သူတို့ကို အကာအကွယ် မပေးနိုင်။ သို့ရာတွင် ကံကောင်းသည်က သည်နေရာ တစ်ဝိုက်တွင် လျှိုမြောင်ကလေးတွေ၊ ချပ်ကြားကလေး တွေ ပေါသည်။ ချုံဖုတ်များနှင့် ကိုင်းတောကြီးတွေ ပေါ သည်။ လား တစ်ကောင်လုံး ပျောက်သွားအောင်ပင် အကာအကွယ် ပေးနိုင်သည်။

သို့တိုင် ဤနေရာတွင်လည်း အင်္ဂလိပ် သခင်ဆပ် တို့ ရောက်သွားသည့် အထောက်အထားများကို တွေ့ နေရသည်။ ယင်မမည်းရိုင်းတွေ တဝီဝီ ပျံနေသည့် အင်္ဂလိပ် အိန္ဒိယ ကပြား တစ်ဦး၏ အလောင်းကို တွေ့ လိုက်ရ၏။ ကြည့်ရသည်က အစိုးရ ရုံးတစ်ရုံးမှ စာရေး ဖြစ်ဟန် တူသည်။ သူလည်း ချုံဖုတ်ထဲတွင် တွေ့ရသည့် သခင်မ ဝဝကြီးကဲ့သို့ပင် ကိုင်းတောထဲတွင် တွားသွား လာရင်း သေသွားခဲ့ဟန် တူသည်။ သို့ရာတွင် သူက ဒဏ်ရာကြီးနှင့်။ သည်ဒဏ်ရာကြီးဖြင့် သည်လောက်ဝေး ဝေး ဘယ်လို ဘယ်ပုံ ရောက်လာသည် မသိ။

သည်လမ်းအတိုင်း ထွက်ပြေးလာသူမှာ သူတို့ နှစ်ယောက်သာ မဟုတ်။ သူတို့ ရှေ့တွင်လည်း ထွက် ပြေးလာသူတွေ ရှိသည်ကို တွေ့လိုက်ရသည့် အခါတွင် သီတာ စိတ်ပျက်သွား၏။ အကြောက်ကြောက် အလန့် လန့်ဖြင့် ထွက်ပြေးလာသော ဖာရင်ဂီ (နိုင်ငံခြားသား) များကို မြင်ရလျှင် တိတ်ဆိတ် အေးချမ်း ငြိမ်သက် သည့် ရွာကလေးများတွင် ကောလာဟလတွေ ပေါ်ကြ တော့မည်။ ပုန်ကန်သူ စစ်ဗာရီများကို ကျေးလက်လူထု ကလည်း ထောက်ခံကြတော့မည်။

ဒေလီတွင် ဖြစ်နေသည့် ထိုသတင်းများကို ကြား ဟန် မတူသေးဟု ထင်သဖြင့် ထိုလမ်း ထိုရွာများဘက် သို့ လာခဲ့ခြင်း ဖြစ်၏။ ယခုတော့ သီတာ မှားပြီ။ လမ်းဘေး ကိုင်းတောစပ်တွင် တွေ့ရသည့် အလောင်း သည် မနေ့ကတည်းက သည်နေရာသို့ ရောက်လာခဲ့ဟန် တူသည်။ သည်နေရာသို့ သည်ဒဏ်ရာကြီးဖြင့် ရောက် လာခဲ့လျှင် သူ့ကို တစ်ယောက်ယောက် ခေါ်လာခဲ့၍သာ ဖြစ်ရမည်။ ခွေးအများ၊ လင်းတများနှင့် ယင်မမည်းရိုင်း တို့ လက်သို့ ဝကွက် အပ်ထားခဲ့ခြင်း မပြုမီ သေသူ၏ မျက်နှာကို လက်ကိုင် ပဝါကလေးပင် အုပ်ပေးခဲ့သေး သည် မဟုတ်လော။

သီတာသည် လားကို ဆက်မောင်း၏။ လူလေး စိတ်ပြေလက်ပျောက် ဖြစ်စေရန်နှင့် သူ့ကိုယ်သူ အား ပေးရန် အတွက် သူ ပြောနေကျ ဖြစ်သည့် သာယာ လှပ သော တောင်ခြေ ချိုင့်ဝှမ်း လွင်ပြင် အကြောင်း ပုံပြင် ကိုပင် ပြောပြလာခဲ့သည်။ သူ ပြောသည့် ပုံပြင်ထဲက တောင်ခြေ ချိုင့်ဝှမ်း လွင်ပြင်တွင် မည်မျှ သာယာသည့် အကြောင်း၊ မည်မျှ လှပသည့် အကြောင်း၊ ပန်းပွင့်တွေ သစ်သီးတွေ မည်မျှ ဝေဆာသည့် အကြောင်း။ တစ်နေ့ တွင် သူတို့နှစ်ယောက် ရောက်သွားပြီး သေတပန်သက် ဆုံး အေးချမ်းစွာ နေထိုင်သွားကြမည့် အကြောင်း။

မှောင်စပျိုးသည့် အခါတွင် သူတို့နှစ်ယောက် သည် ပေတစ်ရာ လမ်းမကြီးနှင့် တော်တော် ဝေးလာ ခဲ့ကြပြီ။ သည်နားတစ်ဝိုက်က ရွာတစ်ရွာတွင် ဝင်နား လျှင်မှ စိတ်ချရကောင်းသည်။ မီးကလေးတွေ တလက် လက် မြင်ရသဖြင့် ဈေးဆိုင်ကနားတို့ ရှိဟန်တူသည်။ မုန့် ပူပူနွေးနွေးနှင့် နွားနို့ ကောင်းကောင်း ရလျှင် ဟန် ကျပြီ။ လူလေး အက်ရှ်ဘာဘာသည် မောလည်း မောလှ ပြီ။ အိပ်လည်း အိပ်ချင်ပြီ။ လားကိုလည်း အစာရေစာ တိုက်ကျွေးဖို့ လိုနေပြီ။ သီတာ ကိုယ်တိုင်လည်း ပင် ပန်းလှပြီ။

ထိုနေ့ညက သူတို့နှစ်ယောက်သည် စေတနာ ကောင်းသော လယ်သမား တစ်ဦး၏ တစ်ဖက်ရှင်နွား



www.burmeseclassic.com

www.burmeseclassic.com



တင်းကုပ်ကလေးထဲတွင် အိပ်ရ၏။ နွားတင်းကုပ်ကလေးထဲတွင် သူတို့နှစ်ယောက်၊ လားတစ်ကောင်၊ နွားမတစ်ကောင် စုပြုံ အိပ်ခဲ့ရသည်။ သီတာက သူ့ကိုယ်သူ ဂျူလွန်ဒါရွာမှ ပန်းပဲဆရာ တစ်ဦး မိန်းမဟု ပြောသည်။ လူလေး အက်ရှ်ဘာဘာကိုမူ သူ့ယောကျ်ား၏ အစ်ကိုသား၊ မိဘမဲ့ ဖြစ်သည်ဟု ပြောသည်။ သူတို့နှစ်ယောက် အကျွဲဂါရာမှ ဘုရားဖူး ပြန်လာကြခြင်း ဖြစ်သည်ဟု လုပ်ဇာတ်ထွင်သည်။

သီတာသည် မုန့်ပူပူနွေးနွေးနှင့် ကျွဲနို့ကို ဈေးမှ သွားဝယ်၏။ ဈေးထဲ ရောက်တော့ ကြောက်စရာ ကောလာဟလ သတင်းစုံကို ကြားရသည်။ သတင်းတွေက တစ်ခုမှ မကောင်း။ လူလေး အိပ်ပျော်သွားသည့်အခါ၌ သီတာသည် ရွာက အမျိုးသမီးများနှင့် အတူ ကောက်တလင်း အစပ်တွင် ထိုင်၍ သတင်းပေါင်းစုံကို ပြောကြသည်။

တင်းကုပ်ထဲသို့ ပြန်ရောက်သည့် အခါကျမှ သီတာသည် ကြားရသည့် သတင်းများကို အနုလုံပဋိလုံ ပြန်စဉ်းစားမိ၏။ မနက်က ဂူဂျာရတီ အမျိုးသား တစ်သိုက် သူတို့ ရွာကလေးသို့ ရောက်လာကာ ဒေလီတွင် ပုန်ကန် ထကြွကုန်ကြပြီ ဖြစ်ကြောင်း ပြောသွားကြသည်။ ညနေပိုင်းသို့ ရောက်သော် ကသ္မီယ တံခါးတွင် သူပုန်ဘက်သို့ လိုက်ပါသွားကြသည့် အမှတ် ၅၄ တိုင်းရင်း တပ်ရင်းမှ စစ်ဗိုလ် ငါးယောက် ရောက်လာကြကာ ဒေလီတွင် သူပုန်ထပြီ ဆိုသည်မှာ အမှန်ပင် ဖြစ်ကြောင်း၊ အချို့ သူပုန်တပ်များမှာ ဆာရ်ဒါနာနှင့် မဖေ့နဂါသို့ ချီတက်သွားကြပြီ ဖြစ်ကြောင်း၊ အရှေ့အိန္ဒိယ ကုမ္ပဏီအစိုးရ၏ အုပ်ချုပ်ရေးသည် ပျက်စီးသွားပြီ ဖြစ်ကြောင်း၊ ယခုအချိန်တွင် ဒေလီမြို့ကို မဂိုမင်း အဆက်အနွယ် တစ်ဦးက အုပ်ချုပ်လျက် ရှိကြောင်းဖြင့် ပြောပြကြသည်။ သတင်းက အပြည့်အစုံ။ ရွာက လူများ ပြန်ပြောသည်ကို ကြားရသဖြင့် တစ်ကြောင်း၊ မီးရတ် ပေတစ်ရာလမ်းပေါ်တွင် သူပုန် မြင်းတပ်ရင်းကြီး ဖြတ်သန်းသွားသည်ကို သူကိုယ်တိုင် မြင်ခဲ့ရပြီ ဖြစ်သည့် အတွက်ကြောင့် တစ်ကြောင်း သီတာသည် သူတို့စကားကို လက်ခံလိုက်ပြီ။

ရွာသားများ၏ အဆိုအရ မီးရတ်တွင် ရှိသည့် အင်္ဂလိပ်များ အားလုံးကို သူပုန်တို့က သတ်ပစ်လိုက်ကြပြီ ဖြစ်ကြောင်း၊ ဒေလီတွင်လည်း တပ်နယ်မြေများနှင့် အရပ်ထဲ ရှိသည့် အင်္ဂလိပ်များ အားလုံးကို သတ်ဖြတ်ပစ်လိုက်ပြီ ဖြစ်ကြောင်းဖြင့် သိရ၏။ မနေ့ မနက်က ယမုန်နာ မြစ်ကူး တံတားတွင် သူ ကြားခဲ့ရသည်နှင့် အတူတူ။

ဒေလီနှင့် မီးရတ် မြို့များတွင်မက စစ်ဗိုလ် သူပုန်တို့သည် အိန္ဒိယပြည် တစ်ပြည်လုံးတွင် မည်သည့် ဖာရင်ဂီတို့ကိုမှ အရှင် ထားတော့မည် မဟုတ်ကြောင်း၊ ကလေးငယ်များကိုလည်း ခြွင်းချန်ထားမည် မဟုတ်ကြောင်း၊ ထွက်ပြေးသူများကိုလည်း လိုက်လံ သတ်ဖြတ်လျက် ရှိကြောင်း၊ တောထဲသို့ ထွက်ပြေး ပုန်းအောင်းနေကြသူများမှာလည်း ကျားစာ ဖြစ်မည် ဖြစ်ကြောင်း၊ သို့မဟုတ်လျှင်လည်း အစာရေစာ ငတ်သည့်ဒဏ်၊ ရာသီဥတုဒဏ်တို့ကြောင့် သေကြေ ပျက်စီးကြတော့မည်သာ ဖြစ်ကြောင်း။

သခင်ဆပ်တို့၏ ခေတ်သည် ကုန်ဆုံးသွားပြီ ဖြစ်ကြောင်း၊ လေပြင်းတိုက်လျှင် ဖုန်မှုန့်တို့ လွင့်ကြရသကဲ့သို့ သခင်ဆပ်တို့သည်လည်း ထွက်ပြေးကြရတော့မည် ဖြစ်ကြောင်း၊ အရှေ့အိန္ဒိယ ကုမ္ပဏီသည် ပလာဆီတိုက်ပွဲဖြင့် အိန္ဒိယပြည်ကြီးကို အောင်နိုင်ခဲ့သော်လည်း ယခု အိန္ဒိယ တိုင်းရင်းသားတို့က လက်စားချေလိုက်ပြီ ဖြစ်ကြောင်း၊ အိန္ဒိယပြည်ကို အရှေ့အိန္ဒိယ ကုမ္ပဏီက သိမ်းပိုက်ခဲ့ပြီး အနှစ်တစ်ရာကြာတွင် အရှေ့အိန္ဒိယ ကုမ္ပဏီသည် အိန္ဒိယမှ ထွက်ပြေးရမည်ဟု တဘောင်ပေါ်ခဲ့ကြောင်း၊ ယခု မိမိတို့ အနေဖြင့် အခွန်အတုတ်တို့ကို ပေးရတော့မည် မဟုတ်ကြောင်း စသဖြင့် ပြောဆိုကြသည်။

'စမစ်ဆပ်ကော သေပြီပေါ့' ဟု ရွာသား တစ်ယောက်က တအံ့တသြဖြင့် မေးသည်။ စမစ်မှာ သူတို့ ခရိုင် အရာရှိ တစ်ယောက် ဖြစ်သည်။ သူတို့ ရွာသားများမှာ အင်္ဂလိပ် ဆို၍ သူ တစ်ယောက်ကိုသာ မြင်ဖူးခြင်း ဖြစ်၏။

'သူကကော ဘာသားနှင့် ထုထားတာမို့လဲကွ၊ ဒီလောက်ဆို သေရောပေါ့၊ ဒူဂါဒတ်စ်က ပြောတယ်၊ သောကြာနေ့တုန်းက တိုင်းမင်းကြီးနှင့် တွေ့ဖို့ ဒေလီကို တက်သွားသတဲ့၊ ကျောက်ပေါက်မာ သက်သက်နှင့် စစ်ဗိုလ် ပြောသွားတယ် မဟုတ်လား၊ ဒေလီမှာ အင်ဂရေစီ ဆိုလို့ တစ်ယောက်မှ မကျန်တော့ဘူးတဲ့၊ အကုန် အသတ်ခံရသတဲ့၊ ဒီလောက်ဆို ဘယ်ရှိတော့မလဲ၊ ကောင်းတယ်ကွာ၊ ဝမ်းသာလိုက်တာ၊ ဒီကောင်တွေ သေကုန်မှ အေးမယ်'



www.burmeseclassic.com

www.burmeseclassic.com



သီတာသည် သူတို့ စကားများကို နားထောင်ပြီးနောက် လူချင်းခွဲကာ ဈေးသို့ နောက်တစ်ခေါက် ပြန်လာ၏။ ဈေးမှ မြေအိုး တစ်လုံး ဝယ်သည်။ ထို့နောက် အသားပေါ်တွင် စွဲသည့် သစ်ခေါက် ဆိုးဆေးတွေကို ဝယ်သည်။ ညက စိမ်ထားလိုက်လျှင် မနက်လင်းသည်နှင့် အဆင်သင့် ဖြစ်လေပြီ။

သီတာသည် လူတွေ မနိုးခင် လူလေး အက်ရှ်ကို အိပ်ရာမှ နှိုးကာ တဖောင်း ချုံကွယ် တစ်ခုသို့ ခေါ်လာခဲ့၏။ ချုံကွယ်သို့ ရောက်လျှင် လူလေး အက်ရှ်၏ ကိုယ်မှ အဝတ်အစားများကို ချွတ်ပစ်လိုက်သည်။ ဂွမ်းဖတ် တစ်ဖတ်ဖြင့် သူ့တစ်ကိုယ်လုံးကို သုတ်လိမ်းပေးသည်။

ယခု အချိန်မှ စ၍ သူ့အမည်ကို အက်ရှ် အစား အိန္ဒိယ အမည် ဖြစ်သည့် အရှော့ဟု အမည်ပြောင်းလိုက်ကြောင်း တတွတ်တွတ် ပြောလျက် ရှိ၏။

'မမေ့နှင့်နော် လူလေး၊ လူလေး နာမည်က အရှော့တဲ့၊ မမေ့နှင့်နော် သိလား'

'ဘာလုပ်မလို့လဲ၊ ရုပ်ဖျက်တမ်း ကစားမလို့လား'

'အေး ဟုတ်တယ်၊ ကစားနည်း တစ်မျိုးပေါ့၊ ရုပ်ဖျက်တမ်း ကစားတာ၊ လူလေးရဲ့ နာမည်က အရှော့တဲ့၊ ပြီးတော့ အမေ့သားလို့ ပြောရမယ်၊ အဖေ သေပြီလို့ပြော နားလည်လား၊ ကဲ ပြောစမ်း လူလေး၊ နာမည်ဘယ်သူလဲ'

'အရှော့'

သီတာသည် အက်ရှ်ကို ပွေ့ဖက် နမ်းရှုပ်ကာ သူ့ကို လူတွေက ဟိုမေး သည်မေး မေးလျှင် မဖြေဖို့ အကြောင်း ပြောဆိုကာ နွားတင်းကုပ်ထဲသို့ ပြန်ဝင်လာခဲ့ကြသည်။

အစားအသောက်ကို ခပ်သုတ်သုတ် စားကာ လယ်သမားကြီးအား တည်းခိုခ ပေးပြီးနောက် သူတို့ နှစ်ယောက်သည် လယ်ကွင်းများကို ဖြတ်၍ ခရီး နှင်ခဲ့ကြ၏။ မွန်းတိမ်းသို့ ရောက်သည့်အခါတွင် ရွာနှင့် တော်တော် ဝေးလာခဲ့ပြီ။ ဒေလီနှင့် မီးရတ်မြို့မှ အဖြစ်အပျက်များသည်လည်း သူတို့ မှတ်ဉာဏ်တွင် မှုန်ဝါးစ ပြုလာခဲ့ပြီ။

'ခု အမေတို့ မြောက်ပိုင်းက မဒန်းကို ရောက်အောင် သွားမယ်လေ၊ မြောက်ပိုင်းမှာတော့ အေးဆေးမှာပါ'

'အမေ ပြောတဲ့ တောင်ကြားက ရွာကလေး ဆိုတာလား၊ ကျွန်တော့်ကို ခဏ ခဏ ပြောနေတဲ့ တောင်ကြားရွာကို ရောက်တော့မှာပေါ့၊ ဟုတ်လား'

'ခုတော့ မရောက်သေးဘူးလေ၊ တစ်နေ့နေ့တော့ ရောက်မှာပေါ့၊ အဲဒီ တောင်ကြား ရွာကလေးကလည်း မြောက်ဘက်မှာ ရှိတယ်၊ ဒါကြောင့် အမေတို့ မြောက်ဘက်ကို သွားနေကြတာပေါ့'

သီတာတို့ နှစ်ယောက် ထွက်ပြေးလာခဲ့ကြသည်မှာ ကံကောင်းသည်ဟု ဆိုရလိမ့်မည်။ သူတို့ နောက်တွင် အိန္ဒိယ ပြည်ကြီးသည် ဆူပွက် ကျန်ရစ်ခဲ့၏။ အဂ္ဂါရာ၊ အလီပူရ်၊ နီမတ်၊ နဆီရာဗတ်၊ လပ်ကနောင် စသည့် မြို့များ၊ တပ်နယ်မြေများနှင့် တကွ အိန္ဒိယပြည်ကြီး တစ်ခုလုံးသည် အင်္ဂလိပ်တို့ကို ပုန်ကန် တိုက်ခိုက်နေလေပြီ။

ကောင်ပူရ်မြို့တွင် ကွယ်လွန်သူ စော်ဘွား၏ မွေးစားသား နာနာသည် အင်္ဂလိပ်တို့ကို ပုန်ကန်ကာ မြို့ကို သိမ်းလိုက်၏။ အင်္ဂလိပ်တို့က တပ်နယ်မြေထဲမှ မထွက်ဘဲ ကတုတ်ကျင်းများ တူး၍ ခုခံကြ၏။ နာနာသည် တပ်နယ်မြေကို ဝိုင်းပိတ် ထားလိုက်၏။ အရက် နှစ်ဆယ်မြောက်သည့် အခါတွင် နာနာသည် အင်္ဂလိပ်များအား အေးချမ်းစွာ ထွက်သွားခွင့် ပေးလိုက်သည်။

တပ်ထဲမှ အင်္ဂလိပ်များသည် လက်နက်ချ၍ ထွက်လာကာ မြစ်တွင် ဆိုက်ကပ်ထားသည့် လှေများပေါ်သို့ တက်ကြသည်။ သူတို့လှေများ ကမ်းမှ ခွာသည့် အခါတွင် ကမ်းပေါ်မှ သူပုန်များက လှေများကို သေနတ်များဖြင့် ဝိုင်းပစ်ကြသည်။ လှေများကို မီးရှို့ပစ်ကြသည်။ ကမ်းသို့ ကူး၍ လွတ်မြောက်လာသူများကို သုံ့ပန်း အဖြစ် ဖမ်းဆီးသည်။ ယောကျ်ားများကို ပစ်သတ်ပြီး အမျိုးသမီးနှင့် ကလေးငယ် နှစ်ရာတို့အား (တပ်မြေထဲတွင် မူလက အမျိုးသမီးနှင့် ကလေးပေါင်း တစ်ထောင်ခန့် ရှိသည်။) အကျဉ်းတိုက် ကလေးထဲတွင် လှောင်ပိတ်ထားပြီး နောင်တွင် နာနာ၏ အမိန့်အရ ဓားဖြင့် ခုတ်သတ်ပစ်ကြသည်။ အလောင်းများနှင့် ဒဏ်ရာ ရသူများကို အနီးရှိ ရေတွင်းများထဲသို့ ပစ်ချခဲ့ကြသည်။

ပါမောက္ခ ဟီလာရီ၏ အစီရင်ခံချက်ထဲတွင် ဖော်ပြခဲ့သည့် ဂျန်စီ စော်ဘွားကတော် လက်ရှမီးဘိုင်သည် ရုပ်ချောသည်။ ငယ်လည်း ငယ်သည်။ သူသည် သမီး



www.burmeseclassic.com

www.burmeseclassic.com



ရှိသဖြင့် သူ့ ပစ္စည်းများကို အမွေ ဆက်ခံစေရန် မွေးစား သားသမီး ထားခွင့် လျှောက်သည်။ သို့ရာတွင် အရှေ့ အိန္ဒိယ ကုမ္ပဏီသည် မဟာဒေဝီ၏ ပစ္စည်းများကို သိမ်းချင်သည့် အတွက် မွေးစားခွင့် မပေးခဲ့။ ဤတွင် ဂျန်စီ မဟာဒေဝီသည် သူပုန်တို့ကို ခေါင်းဆောင်ကာ မြို့ကို သိမ်းပိုက်ပြီးနောက် တပ်နယ်မြေထဲရှိ အင်္ဂလိပ်များ အားလုံးကို အစုလိုက် အပြုံလိုက် သတ်ဖြတ်ပစ်ခဲ့သည်။


ထိုစဉ်က ပါမောက္ခ ဟီလာရီက 'ကိုယ့်ဘာသာကိုယ် သားသမီး မွေးစားတာပဲ၊ ဘာဖြစ်လို့ မွေးစားခွင့် မရှိရမှာလဲ၊ လူတွေကကော ဘာဖြစ်လို့ ခံနေကြရသလဲ၊ တစ်ခုခုတော့ လုပ်မှာပေါ့' ဟု သူ့တပည့် အက္ကဘာခန်ကို ပြောခဲ့သည်။ ယခု ဂျန်စီ မဟာဒေဝီသည် ထိုတစ်ခုခုကို လုပ်ခဲ့လေပြီ။ အိန္ဒိယပြည် ဘုရင်ခံချုပ်နှင့် အရှေ့အိန္ဒိယ ကုမ္ပဏီမှ ဂုဏ်သရေရှိ လူကြီးများ၏ မတရားမှု၊ အဓမ္မမှုကို မဟာဒေဝီသည် ပို၍ အဓမ္မကျသော အပြုအမူဖြင့် ကြေးပြန်ဆပ်ခဲ့ပြီ။ ထိုတိုက်ပွဲတွင် အင်္ဂလိပ် အမျိုးသားများ သာမက အမျိုးသမီးများနှင့် ကလေးများကိုပါ ကြိုးဖြင့် ပူးချည်ပြီး တစ်ပြည်လုံး သတ်ပစ်ခဲ့သည်။ ကလေးများ၊ အမျိုးသမီးများနှင့် အမျိုးသားများကို အစီအစဉ်လိုက် ကြိုးချည်၍ သတ်ခဲ့သည်။

ဤလေကို ပင့်သူမှာ 'ဂျွန်' ကုမ္ပဏီဟု ခေါ်ကြသည့် အရှေ့အိန္ဒိယ ကုမ္ပဏီ ဖြစ်၏။ သို့ရာတွင် သီတာနှင့် အက်ရ်တို့ကဲ့သို့သော အပြစ်မဲ့ လူပေါင်းများစွာတို့သည် ထိုလေပြင်းမှ ပေါ်ပေါက်လာသော လေမုန်တိုင်းကြီး၏ ဒဏ်ကို ခံလိုက်ကြရသည်။ သူတို့နှစ်ယောက်သည် မုန်တိုင်းထန်သော နေ့တစ်နေ့တွင် စာကလေးနှစ်ကောင်လို လွင့်ပါ သွားခဲ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၃

အောက်တိုဘာလသို့ ရောက်ပြီ။ သူတို့နှစ်ယောက် ဂူးလ်ကုတ်သို့ ရောက်သည့်အခါတွင် သစ်ရွက်တို့ ရွှေရောင်လဲ့လဲ့ ပြေးစပြုလေပြီ။ ဂူးလ်ကုတ်သည် ပန်ဂျပ်ပြည်နယ်စပ်တွင် ရှိသည့် မြို့ကလေး တစ်မြို့ ဖြစ်၏။ ထိုနေရာတွင် လွင်ပြင် ဆုံးသွားကာ ပါပင်ဂျား တောင်ခြေကို စတွေ့ရသည်။

သူတို့နှစ်ယောက်သည် တဖြည်းဖြည်း လာခဲ့ကြရခြင်း ဖြစ်၏။ အများအားဖြင့် ခြေကျင်ခရီး လာခဲ့ကြရခြင်း ဖြစ်သည်။ မေလထဲတုန်းက သူတို့ စီးလာသည့် လားကလေးကို စစ်ဗာရီ တစ်စုက သိမ်းသွားသဖြင့် သူတို့တွင် လားလည်း မရှိတော့။ နေ အလွန်ပူသဖြင့် နေမထွက်မီ သို့မဟုတ် နေဝင်ပြီး နောက်မှသာ ခရီးတွင်အောင် သွားနိုင်သည်။

သူတို့ လားကလေးကို သိမ်းသွားကြသည့် စစ်ဗာရီများမှာ အမှတ် ၃၈ တိုင်းရင်းသား ခြေလျင် တပ်ရင်းမှ ဖြစ်၏။ ထိုတပ်ရင်းသည် မီးရတ်ကို အမှတ် ၃ မြင်းတပ်ရင်းက သိမ်းပိုက်လိုက်သည့် နေ့မှ စ၍ ဖရိုဖရဲ ဖြစ်သွားခဲ့သည်။ ထို့ကြောင့် သူတို့ တပ်သားများသည် လုယက်၍ ရသမျှသော ပစ္စည်းတို့ကို ယူကာ အိမ်သို့ ပြန်ကြသည်။ ဒေလီတွင် ပုန်ကန် ထကြွကြသည့် အကြောင်း၊ နောက်ဆုံး ကျန်ရစ်ခဲ့သည့် ဖာရင်ဂီ အမျိုးသား နှစ်ယောက်နှင့် အမျိုးသမီးနှင့် ကလေး ငါးဆယ်တို့ ဘုရင့် နန်းတော်တွင် မည်သို့ အကျဉ်းချ ခံခဲ့ရပြီး မည်သို့ အသတ် ခံခဲ့ကြရကြောင်းကို မြိန်ရေရှက်ရေ ပြောတတ်ကြသည်။

'ကျုပ်တို့ တိုင်းပြည်မှာ နိုင်ငံခြားသား ဖာရင်ဂီတွေကို တစ်ယောက်မှ ထားလို့ မဖြစ်ဘူးဗျ၊ ဒါပေမဲ့ ကျုပ်တို့ စစ်သားတွေကတော့ အမျိုးသမီးတွေနှင့် ကလေးတွေကို မသတ်ပါဘူး၊ သူတို့ခမျာ သေမတတ် ကြောက်လန့်နေကြပြီပဲ၊ ဘာသတ်နေစရာ လိုသေးသလဲ၊ အမှောင်ထဲမှာလည်း အကျဉ်းကျ၊ အစာ ရေစာကလည်း ငတ်နေတော့ မြော့မြော့ပဲ ကျန်တော့တယ်၊ ဘုရင့်ရဲ့ နန်းတော်အမှုထမ်းတွေကလည်း အမျိုးသမီးတွေနှင့် ကလေးတွေကို သတ်တာ မကြိုက်ဘူး၊ အမျိုးသမီးနှင့် ကလေးတွေကို သတ်တာ၊ သုံ့ပန်းတွေကို သတ်တာဟာ ကျုပ်တို့ မူဆလင် ဘာသာတရားတော်နှင့်လည်း မကိုက်ညီဘူး၊ ဒါပေမဲ့ မိဇာမာဂျလီက သူတို့ အသက်ကို ကယ်မယ်လုပ်တော့ လူအုပ်ကြီးက မကယ်ရဘူးတဲ့၊ ကယ်မယ့်လူကို သတ်ပြီး သူ့သွေးကို သောက်မယ်လို့ အော်ကြတယ်၊ နောက်ဆုံးတော့ ဘယ်နေလို့ ရတော့မလဲ၊ ဘုရင့် နန်းတော် အမှုထမ်းတွေက ဓားတွေကို ထုတ်ပြီး သူတို့ကို သတ်ပစ်လိုက်ရတယ်'

'ဘုရား... ဘုရား၊ အကုန်လုံးကို သတ်ပစ်လိုက်သလား၊ ကလေးတွေက ဘာလုပ်နိုင်မှာတဲ့လဲတော်၊ ကလေးတွေရဲ့ အသက်ကိုတောင် ချမ်းသာ မပေးကြတော့ဘူးတဲ့လား'

သီတာက အသံ တုန်တုန်ဖြင့် မေး၏။ စစ်ဗာရီက

'ဘာဖြစ်လို့ ချမ်းသာပေးရမှာလဲဗျ၊ မြွေပွေးကို အငယ်ကလေး ဆိုပြီး မသတ်ဘဲ နေလို့ ရမလား'

သီတာသည် သူနှင့် မလှမ်းမကမ်း ဖုန်ထဲတွင် ဆော့နေသည့် မြွေပွေးကလေး တစ်ကောင် ဖြစ်သော အက်ရှ်ဘာဘာကို လှမ်းကြည့်လိုက်မိသည်။

အခြား စစ်ဗာရီ တစ်ယောက်က

'ဟုတ်တာပေါ့၊ မသတ်လို့ ဘယ်ဖြစ်ပါ့မလဲ၊ သူတို့ကို မသတ်ဘဲ လွှတ်ပေးလိုက်ရင် ကြီးလာတော့ မြွေပွေးကလေးတွေ ထပ်ပေါက်ဦးမယ် မဟုတ်လား၊ တစ်နေ့မှာ ဒီကောင်ကလေးတွေဟာ သူခိုးတွေ၊ ဓားပြတွေ၊ ကျုပ်တို့ကို ဖိနှိပ်သူတွေ ဖြစ်လာဦးမှာပဲ၊ ဒီတော့ အပြတ် ရှင်းပစ်တာပဲ ကောင်းတယ်'



www.burmeseclassic.com

www.burmeseclassic.com



ထိုစစ်ဗာရီက ပြောပြောဆိုဆိုဖြင့် သီတာတို့ စီးလာသည့် လားကလေးကို သိမ်းသည်။ သီတာက ကန့်ကွက်သည်တွင် သီတာ့ ခေါင်းကို သေနတ်ဒင်ဖြင့် ရိုက်ချလိုက်၏။ သီတာကို ကာကွယ်ရန် ကျားသစ်ကလေး တစ်ကောင်ကဲ့သို့ ပြေးဝင်လာသော အက်ရ်ကို စစ်ဗာရီ တစ်ယောက်က ကောက်ယူကာ ဆူးချုံထဲသို့ ပစ်ချလိုက်သည်။ အက်ရ် တစ်ကိုယ်လုံးတွင် ခြစ်ရာတွေ၊ ပွန်းရာပဲ့ရာတွေ ပြည့်လျက်။ အက်ရ်က သွေးအလိမ်းလိမ်းဖြင့် ငိုယိုလျက်။ ချုံထဲမှ ထလာသည့် အခါတွင် လမ်းပေါ်တွင် သတိမေ့ လဲကျနေသော သီတာကို တွေ့ရ၏။ စစ်ဗာရီများနှင့် လားကလေးမှာ အဝေးတွင် မှုန်မှုန်ပျပျသာ မြင်ရတော့သည်။

ထိုနေ့သည် သူတို့နှစ်ယောက် အဖို့ ကံဆိုးမိုးမှောင် ကျသည့်နေ့ ဖြစ်၏။ သို့ရာတွင် သီတာ့ အထုပ်ထဲက ပစ္စည်းကလေးများကို ယူမသွားသဖြင့် တော်သေးသည်ဟု ဆိုရမည်။ စုတ်ပြတ်နေသော ကလေး တစ်ယောက်နှင့် မိန်းမ တစ်ယောက်တို့၏ အထုပ်ထဲတွင် အဖိုးထိုက် အဖိုးတန် ပစ္စည်း ပါမည် မဟုတ်ဟု သူတို့ ထင်ပုံရသည်။ အထုပ် အောက်ဆုံးတွင် ပါမောက္ခ ဟီလာရီ၏ အိပ်ရာအောက်မှ တွေ့ရသည့် ရွှေဒင်္ဂါးပြားတွေ ပါလာခဲ့သည်။ သီတာသည် ရွှေဒင်္ဂါးများကိုသာ သားရေ အိတ်စုတ်ကလေးဖြင့် ထည့်ကာ အဝတ်ထုပ် အောက်ဆုံးတွင် ထိုးထည့်လာခဲ့ခြင်း ဖြစ်၏။

သီတာသည် သတိ ပြန်ရလျှင်ရချင်း အထုပ်ထဲမှ ရွှေဒင်္ဂါးများကို ထုတ်ကာ သူ့ ဆာရီအောက် ခါးကြားတွင် ကျစ်ကျစ်ပါအောင် စည်းထားလိုက်၏။ ခါးထဲတွင် ခိုးလိုးခုလု ဖြစ်နေသည်တော့ အမှန်။ သို့ရာတွင် အထုပ်ထဲ ထားရသည်ထက်မူ စိတ်ချရသည်။ ယခု သူတို့တွင် လားကလေးလည်း မရှိတော့သည့် အတွက် အထုပ်ကို သူကိုယ်တိုင်ပင် ရွက်ခဲ့ရတော့သည်။

သူတို့တွင် လားကလေး အလု ခံလိုက်ရသည် ကမူ တော်တော် ထိခိုက်သည်။ လားကလေး မရှိတော့သည့် အတွက် လူလည်း ပင်ပန်းသည်။ စိတ်လည်း ပင်ပန်းသည်။ အက်ရ်သည် ယခုအချိန်တွင် လားကလေးအပေါ် သံယောဇဉ် တွယ်နေလေပြီ။ သူ့ကိုယ်တွင် ဆူးတွေ ခြစ်မိသည့် ဒဏ်ရာကို သည်းလောက် ဂရုမစိုက်နိုင်။ လားကလေး ပါသွားသည့် အတွက်မူ တော်တော် စိတ်ထိခိုက်ခြင်း ဖြစ်ရ၏။

သို့ရာတွင် လားကလေး မရှိတော့သည့် အတွက်ကြောင့် တစ်ကြောင်း၊ အလု ခံလိုက်ရသည့် အတွက်ကြောင့် တစ်ကြောင်း၊ စစ်ဗာရီများ၏ စကားများကို ကြားလိုက်ရသည့် အတွက်ကြောင့် တစ်ကြောင်း မြို့ကြီးများနှင့် ရွာကြီးများကို သွားသည့် ပေတစ်ရာ လမ်းအတိုင်း သွားလျှင် လုံခြုံခြင်း မရှိ ဆိုသည့် အချက်ကမူ ထင်ရှားနေပြီ။ ထို့ကြောင့် သူတို့နှစ်ယောက်သည် ပေတစ်ရာ လမ်းမကြီးများကို ရှောင်ကွင်းကာ လူသွားလမ်းကလေးများ အတိုင်း လိုက်ခဲ့ကြသည်။ ပြင်ပကမ္ဘာကြီးနှင့် အဆက်ပြတ်ကာ အထီးတည်း ရှိနေသော ရွာကလေးများကိုသာ ဖြတ်သန်းခဲ့ကြသည်။

တစ်ခါတစ်ရံတွင်မူ ဒေလီနှင့် မီးရတ်မြို့တို့တွင် တိုက်ခဲ့ကြသည့် မုန်တိုင်းကြီး၏ အဖျားသည် အလွန်ဝေးလံသီခေါင်သည့် တောရွာကလေးများ အထိပင် ရောက်လာတတ်သည့် အခါမျိုးလည်း တွေ့ရတတ်သေး၏။ တောထဲတွင် ဒဏ်ရာရကာ ငတ်ပြတ် ပုန်းအောင်းလျက် ရှိသည့် သခင်ဆပ်များကို တွေ့ခဲ့ရကြောင်း၊ လမ်းသွားလမ်းလာများထံမှ ရသမျှ အစာကို တောင်းစားကြကြောင်းဖြင့် ကြားရသည်။ တစ်ခါတွင်မူ သူပုန်တို့ အောင်ပွဲ ခံနေသည်ဟု ကြားရသည့်အတွက် ဖရိုဇီပူနှင့် ဆယ်လီကုတ်တို့တွင်လည်း ပုန်ကန် ထကြွမှုများ ဖြစ်ကာ အင်္ဂလိပ် သခင်ဆပ်တို့ကို သတ်ဖြတ်ကြကြောင်းဖြင့်လည်း ကြားရသေးသည်။

သီတာ၏ စိတ်ကူးမှာ အက်ရ်ကို သူ့ဦးကြီး ဝီလျံ ရှိရာ နယ်ခြားစောင့်တပ် ရှိသည့် မဒရပ်မြို့သို့ ခေါ်သွားရန် ဖြစ်သည်။ သို့ရာတွင် ဖရိုဇီပူနှင့် ဆယ်လီကုတ်လို မြို့ကလေးများမှာပင် အိန္ဒိယ တိုင်းရင်းသား စစ်ဗာရီတို့က ပုန်ကန် ထကြွနေကြပြီ ဆိုလျှင် ပုန်ကန်မှု မဖြစ်သည့် တပ်နယ်မြေ ဆို၍ ရှိဖွယ် မမြင်တော့။ သို့ဆိုလျှင် တိုက်ပွဲတွင် အသတ် မခံရသည့်တိုင် (ဤသည်မှာလည်း ဆယ်ရေးတစ်ရေးမျှသာ အခွင့်အလမ်း ရှိပါသည်။) သုံ့ပန်း အဖြစ် ဖမ်းမိကာ အခုလောက်ဆိုလျှင် အသတ်ခံရပြီး ဖြစ်နေမည်မှာ ဗေဒင် မေးစရာ မလိုတော့။ အိန္ဒိယ တစ်ပြည်လုံးတွင် အင်္ဂရေစီ ဆို၍ ယခု သူ့သား အရော့ အဖြစ် အမည် ပြောင်းလိုက်သည့် အက်ရ် တစ်ယောက်သာလျှင် ကျန်တော့မည် ထင်သည်။

ယခုအချိန်တွင် သီတာသည် အက်ရ်ကို လူလေးဟု လည်းကောင်း၊ တစ်ခါတစ်ရံတွင် သားဟု လည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း ခေါ်တတ်သည်။ အက်ရှ်ကလည်း သူ့သား အဖြစ်ကို ကြည်ကြည်ဖြူဖြူ ခံယူ၏။ တစ်ပတ်လောက် ကြာလျှင် သူတို့နှစ်ယောက်သည် ရုပ်ဖျက်တမ်း ကစားနေခြင်း မဟုတ်တော့ဘဲ တကယ့် သားနှင့် အမေလို ထင်မှတ်လာကြသည်။ အက်ရှ်ကလည်း အမေဟု ခေါ်ရသည်ကို နှစ်ခြိုက်နေလေပြီ။

သူတို့သည် ဆွာဝါလီ တောင်ခြေရင်း အတိုင်း မြောက်ဘက်သို့ လာခဲ့ကြ၏။ ပုန်ကန် ထကြွမှု သတင်းကို ကောင်းကောင်း မကြားရတော့။ ထိုနယ်များတွင် ကောက်ပဲသီးနှံ အကြောင်း၊ ရာသီဥတု အကြောင်း၊ ရွာသူကြီးတို့က နှိပ်စက် ဗိုလ်ကျကြသည့် အကြောင်း များလောက်ကိုသာ ကြားရတော့သည်။

ဇွန်လ၏ ပူပြင်းသော နေ့ရက်များ နောက်တွင် မိုးစက်မိုးပေါက်များ ရောက်လာကြ၏။ မုတ်သုံရာသီသည် ပပ်ကြားအက်နေသော အိန္ဒိယပြည် မြောက်ပိုင်းမှ လွင်ပြင်ကြီးများကို ရေဖွေးဖွေး ထနေသော လယ်ကွင်းပြင်ကြီးများ အဖြစ် ပြောင်းလိုက်သည်။ ထို့ကြောင့် ခရီး မတွင်လှ။ ခါတိုင်းလို တွေ့ရာ သစ်ပင်အောက်တွင်လည်း အိပ်၍ မဖြစ်။ လေမိုး လုံရာကို ရှာရသည်။ တည်းခိုခ ပေးရသည်။

သီတာက နမြောသည်။ သည်ပိုက်ဆံကို လွယ်လွယ်သုံး၍ မဖြစ်။ ချွေချွေတာတာ သုံးမှ ဖြစ်မည်။ ထိုပိုက်ဆံများသည် အက်ရှ်၏ ပိုက်ဆံ ဖြစ်သည်။ သူ လူလားမြောက်သည် အထိ သိမ်းဆည်း ထားရလိမ့်မည်။ သည်အထဲတွင် သွားရင်းလာရင်း ပိုက်ဆံ ပေါသည်ဟု အထင် မခံရအောင်လည်း လုပ်ရသေးသည်။ ကိုယ်က ပိုက်ဆံတွေ ဖောဖော သုံးပြနေလျှင် ဓားပြကို ဖိတ်ခေါ်သကဲ့သို့ ရှိချိမ့်မည်။ ထို့ကြောင့် ပိုက်ဆံ ထုတ်ပေးလျှင် အကြွေ အနုတ်ကလေးများကိုသာ ထုတ်သုံး၏။ တော်တော်တန်တန်ကိုလည်း မရမက ဈေးဆစ်၏။

သီတာသည် အက်ရှ်ကို မိုးရေ မစိုအောင် တိုင်းရင်းဖြစ် ခပ်ကြမ်းကြမ်း ပတ္တူစ တစ်စကို ဝယ်သည်။ အက်ရှ်က မိုးရေထဲတွင် သည်အတိုင်း ခေါင်းရေစိုခံ၍ သွားချင်သည်။ ဖိနပ် မပါဘဲ သွားချင်သည်။ အက်ရှ်၏ အဖေဘက်မှ ဘွားအေသည် အာဂျိုင်း အနောက်ဘက် ကမ်းခြေမှ စကော့ အမျိုးသမီး တစ်ယောက် ဖြစ်၏။ ထို့ကြောင့် မိုးထဲလေထဲတွင် မျက်နှာကို မိုးရေစက်တွေ အပက်ခံ၍ သွားလာရသည်မှာ သူ့ဘွားအေ၏ သွေးပါသည်ဟု ထင်မည်ဆိုက ထင်စရာ။ သို့ရာတွင် စင်စစ် ထို့ကြောင့် မဟုတ်။ ကလေးပီပီ ရွှံ့တွေ ရေတွေထဲတွင် ဆော့ချင်သောကြောင့်သာ ဖြစ်၏။

မိုးရေတွေထဲတွင် အမြဲ သွားနေရသဖြင့် အက်ရှ်၏ ကိုယ်တွင် လိမ်းထားသည့် ဆိုးဆေးတို့သည် စွန်းကွက်ကုန်ကြကာ သူ့နဂို အသားရောင် ပေါ်လာ၏။ သီတာသည် ထိုအချက်ကို သတိပြုမိသည့်တိုင် ဆိုးဆေးများကို နောက်ထပ် လိမ်းမပေးတော့။ သူတို့ နှစ်ယောက်သည် ဟိမဝန္တာ တောင်ခြေနားသို့ ကပ်လာခဲ့ကြပြီ ဖြစ်သဖြင့် နောက်ထပ် ဆိုးဆေးများကို လိမ်းမပေးတော့။

တောင်ခြေက လူမျိုးစုများမှာ တောင်ပိုင်းသားများထက် အသားအရေ ကောင်းသည်။ မျက်လုံးက ပြာပြာ၊ ဆံပင်ကလည်း အနီ အညို အနက် စုံနေတော့သည်။ သူ့သား အရှော့ ခေါ် အက်ရှ်ဘာဘာသည် မြောက်ပိုင်းတွင် အထူးအဆန်း မဟုတ်တော့။ ရွာထဲမှ အသားဖြူဖြူ ဟိန္ဒူကလေးများနှင့် ကစားလျှင် သူကပင် ညိုနေသေးသည်ဟု ထင်ရ၏။ ထို့ကြောင့် သူ့ဝမ်းမနာသား အရှော့၏ လုံခြုံရေး အတွက်လည်း ပူပန်စရာ မလိုတော့။ အရှော့ ခေါ် အက်ရှ်သည်လည်း ဘဝဟောင်းကို မေ့သလို ဖြစ်နေသည် ထင်ရ၏။

စင်စစ်တွင်မူ အက်ရှ်သည် ဘဝဟောင်းကို မမေ့။ ဘဝဟောင်းကို ပြန်ပြောင်း မတွေးလို မပြောလိုခြင်းသာ ဖြစ်သည်။ အရှေ့တိုင်းတွင် ကလေးများသည် အလွန် လူဖြစ် မြန်ကြသည်။ အနောက်နိုင်ငံများတွင် သူတို့ အရွယ်များသည် အထက်တန်းကျောင်းများတွင် ကျောင်းတက်နေကြရစဉ် သူတို့မှာ ယောက်ျားကြီးတွေ၊ မိန်းမကြီးတွေ ဖြစ်ကုန်ကြပြီ။

ယခု အက်ရှ်သည် လူမမည် အရွယ်သာ ရှိသေးသည့်တိုင် သူ့ကို လူကြီးလို ဆက်ဆံခဲ့ကြသည်။ လေးဖက် တွားတတ်သည့် အရွယ်က စ၍ သူ့အဖေ၏ စခန်းတွင် သူ့ကို လူကြီးသဖွယ် ဆက်ဆံခဲ့ကြသည်။ အရေးပေး ခံခဲ့ရသည်။ အလိုလိုက် ခံခဲ့ရသည်။ သူကိုယ်တိုင်ကလည်း လူကြီးတွေထဲမှာ နေခဲ့ရသည်။ သူ့အဖေ ပါမောက္ခ ဟီလာရီနှင့် အဘ အက္ကဘာခန်တို့သာ မရှိခဲ့လျှင် အက်ရှ်သည် ပျက်စီးချင်းမလှ ပျက်စီးလှရော့မည်။

သူ့အဖေ ပါမောက္ခ ဟီလာရီနှင့် အဘ အက္ကဘာခန်တို့သည် သွန်သင်ပုံချင်း ကွဲပြား ခြားနားကြသည့်တိုင် သူ့ကို အလိုလိုက် အမိုက် စော်ကားသည့် ကအေး



www.burmeseclassic.com

www.burmeseclassic.com



မျိုး မဖြစ်ရန် ကွပ်ညှပ်ခဲ့ကြသည်။ အဖေ ဟီလာရီက သူ့ကို လူပျင်း လူညံ့ မဖြစ်စေချင်။ ဉာဏ် အမြော် အမြင် ရှိသည့် လူတစ်ယောက် ဖြစ်စေချင်သည်။ အဘ အက္ကဘာခန်က သူ့ကို တပ်မှူးကောင်းကြီး တစ်ယောက်၊ စစ်ဗိုလ်ကြီး၊ ခေါင်းဆောင်ကြီး တစ်ယောက် ဖြစ်စေချင်သည်။ ငယ်ငယ်က အလိုလိုက် ခံခဲ့ရ၍ ပျက်စီးနေသော ကလေး တစ်ယောက် ဆိုလျှင် သူတို့ မျှော်မှန်းသည့် လူမျိုး ဘယ်နည်းနှင့်မျှ မဖြစ်နိုင်။

အက်ရှ်ကို ကလေးလေးလို ပုံပြောပြီး ကလေးလို သီချင်း ဆိုပြသူဟူ၍ သီတာ တစ်ယောက်သာ ရှိ၏။ အဘ အက္ကဘာခန်ကမူ ယောကျ်ားလေး တစ်ယောက်သည် ယောကျ်ား ပီသရမည်။ ပျော့တိ ပျော့ဖတ် စိတ်ကူးမျိုးတွေ မရှိရဟု သင်ကြားသည်။ ထို့ကြောင့် သီချင်းဆိုပြခြင်း၊ ရောက်တတ်ရာရာ ကလေးစကားတို့ကို ပြောခြင်း စသည့် ကိစ္စများသည် အက်ရှ်နှင့် သူ့ မွေးစား အမေ သီတာတို့ နှစ်ယောက်သာ သိသည့် လျှို့ဝှက်ကိစ္စ တစ်ခုမျှသာ ဖြစ်နေသည်။ သူတို့ နှစ်ယောက်ကြားက စကားများကို ပါမောက္ခ ဟီလာရီတို့၊ အဘ အက္ကဘာခန် တို့ကို အသိပေး၍ မဖြစ်။

ဤနည်းဖြင့် အက်ရှ်သည် လျှို့ဝှက်တတ်သော အကျင့်ကို ရလာခဲ့ကာ ထိုအကျင့်ကြောင့်ပင် ဒေလီသို့ ထွက်ပြေးခဲ့စဉ် လမ်းတစ်လျှောက်တွင် သူ့ကိုယ်သူ အိန္ဒိယ တိုင်းရင်းသား ကလေး တစ်ယောက်လို လျှို့ဝှက် ဟန် ဆောင်နိုင်ခဲ့ခြင်း ဖြစ်သည်။ သီတာက သူ့အဖေ ဘရားဆပ်နှင့် အဘ အက္ကဘာခန်တို့ အကြောင်းကို ပြောဆိုခြင်း မပြုရန် သူ့ကို အထပ်ထပ် သတိပေး၏။ သူ့ အဖေနှင့် တောတွင် စခန်းချခဲ့ကြပုံနှင့် တကွ သူ့ရှေးဟောင်း နှောင်းဖြစ်များကို ပြောဆိုခြင်း မပြုရန် သတိပေး၏။

အက်ရှ်ကလည်း သီတာ့ စကားကို နားထောင်၏။ သီတာကို ချစ်သောကြောင့် လည်းကောင်း၊ ထိတ်လန့်နေသောကြောင့် လည်းကောင်း နားထောင်ခြင်း ဖြစ်သည်။ သူ့ ကမ္ဘာ လောကကလေး လျင်မြန်စွာ ပျက်စီးသွားခဲ့ပုံ၊ သူ့ဘဝ ပျက်ခဲ့ပုံ စသည်တို့သည် အရိပ် မည်းမည်းကြီးတွေလို ဖြစ်နေသည်။

အက်ရှ်သည် ထိုအရိပ်ကြီးများကို မကြည့်ချင်။ အဟောင်းတွေကို ပြန်၍ အသစ် မဖြစ်စေချင်။ အဘ အက္ကဘာခန်ကို မြေကျင်းကြီးထဲတွင် ချလိုက်ပြီး သူ့ အပေါ်မှ မြေကြီးတွေ ဖို့ပစ်လိုက်ပုံ၊ မြေပုံဘေးတွင် ထိုင်ကာ သူ့အဖေ ဘရားဆပ် ဟီလာရီ ငိုနေခဲ့ပုံ၊ 'မျက်ရည်ကျတယ် ဆိုတာ ယောကျ်ားတွေရဲ့ အလုပ် မဟုတ်ဘူး၊ မိန်းမတွေရဲ့ အလုပ်' ဟု အဘ အက္ကဘာခန်နှင့် သူတို့ မကြာခဏ ပြောခဲ့ကြပုံတို့ကို အက်ရှ် ပြန်၍ မြင်ယောင်သည်။

ထိုအရာများကို မေ့ပျောက်ပစ်မှ ဖြစ်မည်။ ယခု ထိုဘဝဟောင်းကို အက်ရှ် ကျော်ခိုင်းခဲ့ပြီ။ အမေ သီတာ တိုက်တွန်းဖို့ မလိုတော့။ အမေ သီတာက သူ့အတိတ် ဟောင်း အကြောင်းကို ပြန်၍ အပြောခိုင်းလျှင်ပင် ပြောမည် မဟုတ်တော့။ သို့ရာတွင် သီတာ့ဘက်ကမူ ထို အကြောင်းများကို သူ မေ့နေသည်ဟု ထင်ကာ ဝမ်းသာနေသည်။ ကလေးများတွင် မေ့လွယ် ပျောက်လွယ်သည့် မှတ်ဉာဏ် ရှိနေသည့် အတွက် ကျေးဇူးတင်ရသည်။

ယခု လောလောဆယ်တွင် သီတာ့ အတွက် အရေးအကြီးဆုံးမှာ အရှေ့အိန္ဒိယ ကုမ္ပဏီ၏ အကြောင်းတွေ၊ ပုန်ကန် ထကြွမှု၏ အကြောင်းတွေကို ဘာမှ မသိသည့် ချောင်ကလေး တစ်ချောင်ထဲတွင် လုံလုံခြုံခြုံ နေနိုင်ဖို့ပင် ဖြစ်သည်။

အင်္ဂရေစီတို့ကို လိုက်လံ သတ်ဖြတ်နေသည့် သူတို့ မျက်စိ လျှမ်းသွားနိုင်မည့် နေရာကလေး တစ်ခု။ သို့တိုင် ကလေး တစ်ယောက်နှင့် မိန်းမ တစ်ယောက် ရောက်လာသည်ကို မည်သူကမှ သတိ မထားလိုက်မိအောင် ကျယ်ပြန့်သည့် နေရာ တစ်ခုကို လိုချင်သည်။ ထိုနေရာတွင် အလုပ် တစ်ခုခု ရှာမည်။ အခြေချမည်။ ဘဝကို အသစ် ပြန်စမည်။ ငြိမ်းချမ်းသော ဘဝ၊ ရောင့်ရဲစရာ ကောင်းသော ဘဝ၊ ဘာကိုမှ ကြောက်လန့်ရခြင်း မရှိဘဲ မပူမပင် မကြောင့်မကြ နေရသော ဘဝကို တွေ့အောင် ရှာမည်။ ဤနေရာမျိုးကို ရှာလိုလျှင် သူ့မွေးဇာတိ ရွာကလေးပင်လျှင် ကျေနပ်စရာ မရှိသေး။

ရွာသို့ သူ ပြန်ရောက်သွားလျှင် အမျိုးမျိုး အဖုံဖုံ ပြောကြ ဆိုကြမည်။ မိမိအတွက် အရေးမကြီးလှသော်လည်း အက်ရှ်၏ လုံခြုံရေး အတွက် သူ့ရွာသို့ ပြန်၍ မဖြစ်။ ရွာသို့ ပြန်ရောက်လျှင် သူ့ယောကျ်ား ဒါယာရန်း သေခဲ့သည့် အကြောင်းကို သူ့မိဘတွေကို ပြန် ပြောရတော့မည်။ မုဆိုးမ တစ်ယောက် အဖြစ် နေရတော့မည်။ မုဆိုးမ အဖြစ် နေရရုံတွင် ဆိုလျှင် တော်သေးသည်။ အိန္ဒိယပြည်သည် အယူသီးသည့် တိုင်းပြည် ဖြစ်ရာ မိန်းမက မကောင်းမှု အကုသိုလ်တွေ များခဲ့သဖြင့် လင် သေရသည်ဟု အယူရှိကာ သူ့ကို ဝိုင်းကြဉ်ကြဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအရ မုဆိုးမ တစ်ယောက်သည် စိန်ရွှေ သက်ဝတ် လက်စားတို့ကို ဘယ်တော့မျှ မဝတ်ရ။ အဝတ်အစား ပြောင်ပြောင်လက်လက်ကို မဝတ်ရ။ ခေါင်းတုံး တုံးကာ ဆာရီ အဖြူကိုသာ ဝတ်ရသည်။ နောက်ထပ် အိမ်ထောင် ပြုချင်သည် ဆိုလျှင်လည်း ပြု၍ မရတော့။ ယောက်ျား၏ ဆွေမျိုးသားချင်းများထံတွင် တစ်သက်လုံး ထမင်းစား ကျွန်ခံ လုပ်ရတော့မည်။ မုဆိုးမဟု အနှိမ်ခံရတော့မည်။ ဂြိုဟ်မွှေတဲ့ မိန်းမဟု အပြောခံရတော့မည်။

ဤလို မုဆိုးမ အဖြစ် တစ်သက်လုံး အနှိမ်ခံ၊ အထင်သေး ခံရခြင်းကို ကြောက်သဖြင့် ဟိန္ဒူ အမျိုးသမီးများသည် လင်ယောက်ျား သေသည်နှင့် တစ်ပြိုင်နက် ယောက်ျား အလောင်းကို ရှို့သည့် မီးပုံထဲသို့ ခုန်ဆင်းကာ သူတို့ကိုယ် သူတို့ ဆတ္တီး လုပ်ခဲ့ကြသည် မဟုတ်လော။ အရှေ့အိန္ဒိယ ကုမ္ပဏီ လာရောက် အုပ်စိုးသည့် အခါကျမှ ထိုထုံးစံကို ဥပဒေ ပြဋ္ဌာန်း၍ ဖျက်သိမ်းခဲ့ရသည် မဟုတ်လော။

သို့ရာတွင် သူများ ရပ်ရွာတွင်မူ ကိစ္စ မရှိ။ သူတို့ကလည်း လူစိမ်း၊ နေရာကလည်း နေရာစိမ်း။ မည်သည့် အမည်ကို ယူ ယူ ရသည်။ သူသည် မုဆိုးမ တစ်ယောက် ဖြစ်သည်ကို မည်သူက သိမည်နည်း။ မည်သူက အရေးလုပ်၍ နေမည်နည်း။ သူ့ယောက်ျားသည် တောင်ပိုင်းတွင် အလုပ် လုပ်နေသည်ဟု ပြောနိုင်သည်၊ သို့မဟုတ် မိမိကို စွန့်ပစ်ကာ နောက်မိန်းမ ယူသွားပြီဟု ပြောနိုင်သည်။

ဘာအရေးနည်း။ သား တစ်ယောက် အမေအဖြစ် ခေါင်းကို မော့ထားနိုင်သည်။ အဝတ်အစား ပြောင်ပြောင်လက်လက်ကို ဝတ်နိုင်သည်။ ဖန်လက်ကောက် ရှိစုမဲ့စုကလေးကို ဝတ်နိုင်သည်။ အလုပ် တွေ့လျှင်လည်း သူနှင့် အက်ရှ်တို့ နှစ်ယောက် ဝမ်းရေးအတွက် လုပ်နိုင်သည်။ သူ့ယောက်ျား၏ ဆွေမျိုးများထံတွင် သွား၍ ထမင်းစား ကျွန်ခံ လုပ်စရာ မလို။

ဒေလီမှ ထွက်ပြေးလာပြီးသည့် နောက်မှ စ၍ နေရာများစွာကို ရောက်ခဲ့သည်။ ယခုမှ ကိုယ်နှင့်တန်ရာ ရိပ်မြုံကို တွေ့ပြီဟု သီတာ ယူဆသည်။ ထိုရိပ်မြုံကို စွန့်ခွာ ထွက်ပြေးစရာ မလိုတော့။ လုံခြုံပြီ။ စိတ်အေးရပြီ။ စိတ်ချလက်ချ အလုပ် လုပ်နိုင်ပြီ။

သို့ရာတွင် အင်္ဂလိပ် တပ်မှူးများကို ပုန်ကန်၍ ထွက်လာသည့် စစ်ဗာရီများ၊ ထွက်ပြေးနေသည့် အင်္ဂရေစီများကို လိုက်လံ ရှာဖွေနေသည့် စစ်ဗာရီများ၊ ငတ်ပြတ်နေသည့် ဖာရင်ဂီ မိသားစုများ၊ ပုန်းအောင်းနေသည့် နေရာမှ မိသွား၍ လူအုပ်က ဆွဲထုတ်ပြီး အသတ် ခံလိုက်ရသည့် ဖာရင်ဂီများ၊ အသတ်ခံရသည့် အင်္ဂလိပ် စစ်ဗိုလ်၏ ယူနီဖောင်း ကိုးရိုးကားရား ဝတ်ထားသည့် ခရီးသွားများနှင့် လယ်ကွင်းတွေထဲတွင် မြင်းကို ကဆုန်ဆိုင်း စီးသွားကြသော စစ်ဗာရီ မြင်းတပ်သားများ စသည်တို့ကို မြင်လိုက်ရသည့် အခါတွင်မူ သီတာ အသည်းတုန် အူတုန် ဖြစ်မိသေးသည်။

'ကျွန်တော်တို့ တစ်နေရာရာမှာ အတည်တကျ မနေတော့ဘူးလား' ဟု အက်ရှ်က စိုးရိမ်တကြီးဖြင့် မေးတတ်သည်။

ဇွန်လ ကုန်လျှင် ဇူလိုင်။ ဇူလိုင် ကုန်လျှင် ဩဂုတ်လ။ သူတို့နောက်တွင် လယ်ကွင်းကြီးတွေ ကျန်ရစ်ခဲ့ပြီး ရှေ့တွင် တောင်တန်းများနှင့် တောအုပ်များသာ ရှိတော့သည်။

သီတာနှင့် အက်ရှ်တို့သည် တောတောင်ထဲတွင် သွားနေကျ လာနေကျ ဖြစ်နေလေပြီ။ တိတ်ဆိတ်ခြင်းနှင့် ပူပြင်း စိုစွတ်သည့် ချုံဖုတ်များသည် သူတို့အဖို့ ရွာသားများလောက် ကြောက်ဖွယ် မကောင်း။ တောထဲတွင် စားစရာ သစ်သီးဝလံ ရှိသည်။ ရေ ရှိသည်။ ထင်း ရှိသည်။ နေရိပ်ခိုဖို့ အရိပ် ရှိသည်။ မိုးခိုဖို့ အကာအကွယ် ရှိသည်။

တစ်ခါတွင်မူ အမဲလိုက်သူများ သွားလေ့ရှိသည့် ကိုင်းတောထဲက လမ်းကလေး အပေါ်တွင် သူတို့နှစ်ယောက် ကျားနှင့် ပက်ပင်း တိုးနေသည်။ သို့ရာတွင် ကျားမှာ အစာ ဝနေပြီ။ ကိုင်းတောထဲသို့ ရောက်လာသည့် သူတို့နှစ်ယောက်ကို ကြာမြင့်စွာ စိန်းစိန်းကြီး စိုက်ကြည့်နေပြီးနောက် အေးဆေးစွာပင် ကိုင်းတောထဲသို့ ဝင်သွား၏။

သီတာသည် ငါးမိနစ်မျှ ကြာအောင် မလှုပ်နိုင်ဘဲ တောင့်တောင့်ကြီး ရပ်နေမိသည်။ သူတို့ လက်ယာဘက် ကိုက်သုံးဆယ်လောက်ဆီမှ တောကြက် တစ်ကောင် တွန်သံကို ကြားလိုက်သည့် အခါကျမှ သတိပြုမိတော့သည်။ သီတာသည် ရှေ့သို့ ဆက် မသွားရဲတော့။ နောက်သို့ ပြန်ဆုတ်လာကာ ကိုင်းတောထဲမှ ထွက်ပြီး ကိုင်းတောကို ကွင်းလာခဲ့သည်။ ချုံတွေ၊ ကိုင်း



www.burmeseclassic.com

www.burmeseclassic.com



တောတွေ၊ ဝါးတောတွေ၊ တောင်ကြောတွေ၊ နွယ်ငန်းကြီးတွေ။

သည်လောက် တောထူသည့် မြိုင်ထဲတွင် သူတို့ နှစ်ယောက် မျက်စိလည် လမ်းမှားခြင်း မရှိသည်ကို အံ့သြရသေးသည်။ သို့ရာတွင် သီတာကလည်း အမှတ်အသား ကောင်းသည်။ ထို့ပြင် သူတို့ သွားနေသည်ကလည်း ဘယ်မြို့ ဘယ်ရွာရယ်ဟု ရည်ရွယ်ထားခြင်း မဟုတ်။ မြောက်စူးစူးသို့ လာနေခြင်း ဖြစ်သဖြင့် ဘယ်လမ်းကပင် သွား သွား ခရီးပေါက်သည်သာ။

သြဂုတ်လ ကုန်သည့် အခါတွင် သူတို့သည် တောတောင်များကို လွန်ကာ ကွင်းပြင်သို့ ရောက်လာခဲ့ကြ၏။ စက်တင်ဘာလ ရောက်လျှင် မုတ်သုံကလည်း အရှိန် လျော့လာသည်။ နေပူရှိန် ပြင်းစပြုလာပြီ။ ညနေတိုင် ဆိုလျှင် ခြင်အုပ်ကြီးများသည် ချုံဖုတ်တွေ၊ ရေအိုင်တွေ အစပ်မှ ပေါ်လာကြသည်။

သို့ရာတွင် ကွင်းပြင် အစပ်နှင့် တောင်ခြေရင်း တစ်ဝိုက် ဟိုမှာဘက်တွင်မူ မြင့်မား ဝေသီသော ဟိမဝန္တာ တောင်တန်းကြီးသည် နှင်းမြူထဲတွင် မှိုင်းပျပျ ရှိကာ ညဆိုလျှင် လောက အေးစိမ့်စိမ့် ဖြစ်နေသည်။ သည်နားတစ်ဝိုက်က ရွာကလေးများတွင်မူ တိုင်းပြည် ဆူပူသည့် အကြောင်း၊ ပုန်ကန် ထကြွသည့် အကြောင်းကို မကြားရတော့။

ရွာကလေးများက အဆက်ပြတ်သည်။ လမ်းဟူ၍ ကောင်းကောင်း မရှိ။ လူသွားလမ်းကလေးများသာ ရှိသည်။ ရွာဆိုသော်လည်း လယ်ကွက်ကလေး အနည်းငယ်နှင့် တဲသိုက်ကလေးသာ ရှိသည့် နေရာကလေးများ ဖြစ်၏။ တစ်ဖက်တွင် ကျောက်စရစ်ကုန်းများနှင့် တစ်ဖက်တွင် တောင်ခြေရင်း တောစွယ်များ ဖြစ်သည်။

ကြည်လင်သော နေ့များတွင် မြောက်ဘက်သို့ မျှော်ကြည့်လိုက်လျှင် နှင်းတွေ ဖုံးနေသော ရေခဲတောင်ထွတ်များကို မြင်ရ၏။ သီတာ့ အဖို့မူ ထိုရေခဲသော တောင်ထွတ်တို့ကို မြင်လျှင် ဆောင်းရာသီ ရောက်တော့မည်။ မိမိတို့ အတွက် အချိန် မရှိတော့ဟု ကိုယ့်ကိုယ်ကိုယ် အမြဲ နှလုံးသွင်းသည်။ ဆောင်းရာသီ မရောက်ခင် မိမိတို့ အတွက် တစ်နေရာရာတွင် အမိုးအကာနှင့် နေစရာကို ရအောင် ရှာမှ ဖြစ်တော့မည်။

သို့ရာတွင် သည်လို တောခေါင်ခေါင် နေရာမျိုးတွင် မိမိအတွက် မည်သည့် အလုပ် ရှိမည်နည်း။ အရှေ့ ခေါ် အက်ရ် အတွက်လည်း ဘာမျှော်လင့်ချက် ရှိမည်နည်း။ ပင်ပန်း နွမ်းနယ်ကာ ခြေထောက်တွေ ပေါက်နေသည့်တိုင် ဤသည်တို့ကို အမှုမထားနိုင်။ ဘုရားဆပ် ဟီလာရီ၏ ရွက်ဖျင်တဲကလေးကို ကျောခိုင်းကာ ဒေလီသို့ ထွက်လာခဲ့သည့် ဧပြီလ မနက်ခင်း တစ်ခုမှ စ၍ သူတို့ နှစ်ယောက်စလုံး တစ်ချက်ကလေးမျှ အနား မရခဲ့ကြသေး။

သစ်ရွက်တို့ ရွှေရောင် လုစပြုသည့် အောက်တိုဘာလထဲတွင် ဂူလ်ကုတ် မြို့ကလေးသို့ ရောက်သည့် အခါ၌ ထိုနေရာကလေးသည် သူတို့ ရပ်နား မှီခိုဖို့ ကောင်းသည့် နေရာကလေး ဖြစ်သည်ဟု သီတာ ထင်ခဲ့သည်။ သူတို့ လုံခြုံစွာ ပုန်းခို နားနေနိုင်သည့် နေရာကလေး ဖြစ်သည်ဟု ယူဆခဲ့သည်။

ဂူလ်ကုတ်နယ်သည် သေးငယ်သည့် နယ်ကလေး တစ်နယ် ဖြစ်ပြီး အရောက်အပေါက် အသွားအလာ ခက်သည့် ဒေသ ဖြစ်၏။ ထို့ပြင် အလွန် ခေါင်းပါး ဆင်းရဲသဖြင့် ဘုရင်ခံချုပ်နှင့် အရှေ့အိန္ဒိယ ကုမ္ပဏီတို့က စိတ်ဝင်စားခြင်း မရှိကြ။ ထိုနယ်က နယ်စောင့် တပ်သားပေါင်း တစ်ရာလောက်သာ ရှိပြီး မီးကျိုးမောင်းပျက် သေနတ်များနှင့် ဓားများ လှံများသာ ရှိသည်။ ထိုနယ်မှ စော်ဘွားသည် လူထုများနှင့် အဆင်ပြေပြေဟန် ရှိသည်။ အရှေ့အိန္ဒိယ ကုမ္ပဏီကလည်း စော်ဘွားကို လက်ဖျားနှင့်မျှ မတို့ဘဲ ထားသည်။

ပြည်နယ်၏ မြို့တော်မှာလည်း ဂူလ်ကုတ်ဟု အမည်တွင်သည်။ ပင်လယ်ရေပြင်မှ အထက် ပေငါးထောင် မြင့်ပြီး တောင်ခြေရင်းရှိ သုံးမြှောင့်ချွန်း ကုန်းမြင့်ကြီး တစ်ခုပေါ်တွင် မြို့တည်ထားခြင်း ဖြစ်၏။ တစ်ခါက ခံတပ်မြို့ တစ်မြို့ ဖြစ်ခဲ့ပြီး ယခုတိုင် မြို့ရိုးပျက်များ ရှိသေးသည်။ မြို့လယ်ကို ဖြတ်သွားသည့် လမ်းမကြီးသည် တောင်ဘက်တွင် လာဟိုရီ တံခါးမှ မြောက်ဘက် တံခါးနီထိအောင် ဖြောင့်တန်းနေသည်။ ကျန်လမ်းကလေးတွေက လမ်းသေး လမ်းမြွာကလေးတွေ။

ဘုရားဝတ်ကျောင်း သုံးကျောင်းနှင့် ဗလီ တစ်ခု ရှိသည်။ ကုန်းထိပ်တွင် မဟာရာဇာ စော်ဘွား၏ တံတိုင်း အထပ်ထပ် ကာထားသည့် ဟော်ကြီး တစ်ဆောင် ရှိ၏။ မြို့တံတိုင်းပြင်ထက် ကျောက်တောင်ကြီးပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



ဆောက်ထားခြင်း ဖြစ်သည်။ ထိုဟော်နန်းကား လေညင်းသာဟော် ဖြစ်သတည်း။

မဟာရာဇာ စော်ဘွား၏ ဘိုးဘေးများမှာ ဆီကန္ဒာ မင်းလက်ထက်က မြောက်ဘက်မှ ဝင်ရောက်လာသည့် ရတ်ဂျပွတ် အကြီးအကဲ တစ်ဦး ဖြစ်၍ ဆီကန္ဒာ မင်း၏ နိုင်ငံတော်ကို ဖဲ့သိမ်းပိုက်ကာ ထိုမြို့တွင် မင်းဆက် ထူထောင်ခဲ့သည်။ ရတ်ဂျပွတ် မင်း၏ နိုင်ငံတော်သည် ကာလ ကြာမြင့်သည့် အခါတွင် တဖြည်းဖြည်း ယိုယွင်း သေးငယ်လာခဲ့ကာ ရန်ဂျစ်ဆင်း ခေါင်းဆောင်သော ဆစ်လူမျိုးများက ပန်ဂျပ်ပြည်နယ်ကို သိမ်းပိုက်လိုက်သည့် အခါတွင် မြင်းတစ်နေ့ ခရီးစာ စီးရသည့် ရွာစုကလေးများသာ ပါရှိသည့် နယ်ကလေး တစ်နယ် အဖြစ်သို့ လျော့ကျသွားခဲ့သည်။

ဘေးတွင် တံတား ဆက်သွယ်ထားခြင်း မရှိသော မြစ်ကြီး တစ်စင်း ရှိခြင်း၊ တစ်ဖက်တွင် အလွန်ထူထပ်သည့် တောအုပ်ကြီး တစ်ခု ရှိခြင်း၊ တစ်ဖက်တွင် ကျောက်စွယ်တို့ ထူထပ်သည့် ကျောက်တောင်ကြီး တစ်ခု ရှိခြင်းနှင့် နက်စွာသော လျှိုမြောင်ကြီးများ ရှိခြင်းကြောင့်သာလျှင် ယခုအချိန်ထိ သီးခြား ပြည်နယ် တစ်နယ် အဖြစ် တည်ရှိနေခြင်း ဖြစ်သည်။

အနီး တစ်ဝိုက်ရှိ ပြည်နယ်များမှာလည်း ရတ်ဂျပွတ် စော်ဘွားနှင့် ဆွေရိပ် မျိုးရိပ် မကင်းသူများ ဖြစ်ကြသည်။ ဂူးလ်ကုတ် ပြည်နယ်၏ နောက်ကျောတွင်မူ တွန့်ခေါက်နေသော တောတောင် လျှိုမြောင် အထပ်ထပ်တို့သည် ဒူးရ်ခိုင်မာ တောင်ထွတ်ထိ ကျယ်ပြောသည်။ ထိုတောင်တန်းကြီး ကာဆီးထားသည့် အတွက် ဂူးလ်ကုတ် ပြည်နယ်ကို မြောက်ဘက်မှလည်း ဝင်ရောက် တိုက်ခိုက်ခြင်း မပြုနိုင်တော့။ စစ်ရေးစစ်ရာ အရ လုံခြုံသည့် ပြည်နယ် တစ်နယ်ကို ဝင်ရောက် တိုက်ခိုက်ဖို့ ဆိုသည်မှာ လွယ်မည် မထင်။ အရေးတကြီး ဝင်ရောက် တိုက်ခိုက်စရာလည်း အကြောင်း မရှိ။

ထို့ကြောင့် ထိုပြည်နယ်ကလေးကို မဂိုမင်းများကလည်း မတိုက်ခဲ့။ 'ဂျွန်' ကုမ္ပဏီ ခေါ် အရှေ့အိန္ဒိယ ကုမ္ပဏီကလည်း မတိုက်ခဲ့။ သို့ဖြင့် ထိုပြည်နယ်ကလေးသည် ဆယ့်ကိုးရာစုကြီးနှင့် အဆက်ပြတ်ကာ တသီးတခြား အေးဆေးစွာ ရှိနေခဲ့သည်။

သီတာနှင့် အရှော့ ခေါ် အက်ရှ်တို့ ထိုမြို့ကလေးသို့ ရောက်သွားသည့်နေ့က တစ်မြို့လုံး လှုပ်လှုပ်ရွရွ ဖြစ်ကာ ပျော်ပွဲ ရွှင်ပွဲတွေ တခြိမ့်ခြိမ့် ဖြစ်နေသည်။ လေညင်းသာ ဟော်နန်းမှ မဟာဒေဝီကြီးတွင် သားသမီးဖွားသန့်စင်သည့် အတွက် ဆင်းရဲသားများအား အဝတ်အထည်များ၊ အစားအသောက်များ စွန့်ကြဲ ပေးကမ်းသောကြောင့် ဖြစ်သည်။ သို့ရာတွင် မီးရှူးသန့်စင်သူမှာ သမီးလေး တစ်ယောက် ဖြစ်နေသည့် အတွက် အထူးအထွေ ကြီးကြီးကျယ်ကျယ် ကျင်းပခြင်း မဟုတ်၊ သင့်ရုံ ကျင်းပခြင်းသာ ဖြစ်သည်။

မြို့သူမြို့သားများမှာ ထိုအချိန်ကို အခွင့်ကောင်း ယူကာ ပွဲလမ်းသဘင်တွေ ကျင်းပနေကြသည်။ စတုဒီသာတွေ ခင်းဇနေကြသည်။ အိမ်များတွင် ပန်းကုံးတွေ၊ အလံတွေ ဆင်ထားကြသည်။ ကလေးများက လမ်းသွားလမ်းလာတွေ ကြားထဲသို့ ဗျောက်အိုးတွေ ပစ်ဖောက်ကြသည်။ ညရောက်သည်နှင့် မီးရှူးမီးပန်းတွေ ဖောက်ကြသဖြင့် ကောင်းကင်တွင် လင်းထိန်နေတော့သည်။ အမျိုးသမီးများ အိမ်အပေါ်ထပ် ဝရန်တာသို့ တက်ကာ စာကလေး တစ်သိုက်လို ကျွတ်စီကျွတ်စီနှင့် မီးရှူးလွှတ်ပွဲကို ကြည့်ကြသည်။

တောထဲ တောင်ထဲတွင် အထီးတည်း အနေကြာလာခဲ့ပြီ ဖြစ်သည့် သီတာနှင့် အက်ရှ်တို့ အဖို့သော်မူ အရောင်အသွေးတွေ၊ လူအုပ်တွေ၊ ဆူဆူညံညံ အသံတွေကို ကြည့်၍ အကြီးအကျယ် ပျော်သွားကြ၏။ စော်ဘွား စွန့်ကြဲသော အစားအသောက်တို့ကို စားကြသည်။ မီးရှူး မီးပန်းတို့ကို ကြည့်ကြသည်။ ချန်ဒါဈေးအနီးက သစ်သီးသည် တစ်ယောက်၏ နေအိမ်တွင် အိပ်စရာ ရကြသည်။

အက်ရှ်မှာ စားကောင်းသောက်ဖွယ်နှင့် အချိုအချဉ်တို့ကို စားရသဖြင့် ဝမ်းသာ၍ မဆုံး။

'အမေ၊ ကျွန်တော်တို့ ဒီမှာ နေရတော့မှာလားဟင်' ဟု အိပ်ချင်မူးတူးဖြင့် မေး၏။

'ဟုတ်တယ်၊ အမေတို့ ဒီမှာ နေဦးမယ်၊ အလုပ်ကလေး ဘာလေး ရှာပြီး အေးအေးချမ်းချမ်း နေကြတာပေါ့၊ ဒါပေမဲ့ အမေ ဖြစ်ချင်တာကတော့...'

သီတာက စကားကို ဆုံးအောင် မပြောဘဲ သက်ပြင်းကြီး တစ်ချက် ချလိုက်၏။ သူ့ကိုယ်သူ လိပ်ပြာမသန့်။ ကွယ်လွန်သူ ဘရားဆပ် ဟီလာရီသည် သူ့သားလေး အက်ရှ်ကို သူတို့ အမျိုးများဆီသို့ ရောက်အောင် ပို့ရန် တဖွဖွ မှာခဲ့သည် မဟုတ်လော။ သို့ရာတွင် သူ မတတ်နိုင်။ ဘာလုပ်ရမည် မသိ။ အချိန်တန် အရွယ်ရောက်၍ ယောကျ်ားကြီး တစ်ယောက် ဖြစ်လာသည့်



www.burmeseclassic.com

www.burmeseclassic.com



အခါတွင်မူ သူ့ကို အရောက် ပြန်ပို့နိုင်မည်လော မဆိုနိုင်။

သို့ရာတွင် ယခု လောလောဆယ်တွင်မူ ခရီးသွားရသည်ကို ငြီးငွေ့လှပြီ။ ပင်ပန်းလှပြီ။ မည်သို့ပြောပြော ခု လောလောဆယ်တွင်မူ အေးချမ်းရာ၊ လုံခြုံရာ တောင်တန်းများပေါ်သို့ ရောက်နေပြီ။ ယခု မြို့ထဲသို့ရောက်သည်မှာ တစ်နာရီ နှစ်နာရီခန့် ရှိပြီ။ ယခုတိုင် မီးရထား သူပုန်ကြီး အကြောင်း၊ ဆူပူမှုများ အကြောင်းကို ဘာမျှ ပြောသံ ဆိုသံတို့ မကြားရသေး။ အင်္ဂလိပ်သခင်ဆပ်တို့ကို ပုန်ကန် ထကြွသည့် စစ်ဗိုလ်များ အကြောင်းကို ဘာမျှ ပြောသံ မကြားရသေး။

ဂူးလ်ကုတ် မြို့ကလေးသည် သူ့ကိစ္စဖြင့်သူ အလုပ် များနေသည်။ ဟော်နန်း အတွင်းက သတင်းများ လောက်ကိုသာ ပြောနေကြသည်။ သူတို့ပြည် နယ်နိမိတ် အပြင်ဘက်ရှိ ကမ္ဘာကြီး အကြောင်းကို သူတို့ စိတ်မဝင်စားနိုင်။ ယခု လောလောဆယ် သူတို့ စိတ်ဝင်တစား ပြောဆိုနေကြသည့် အကြောင်းမှာ (ကောက်နှံ အထွက်နှင့် အခွန်အတုတ် ကိစ္စများ အပြင်) မဟာရာဇာ စော်ဘွားသည် ထိပ်ခေါင်တင် မဟာဒေဝီကြီးကို များစွာ စုံမက်ခြင်း မရှိတော့ဘဲ ကသ္မီယ ပြည်နယ်မှ ဂျာနူး အမည်ရှိ ကချေသည် တစ်ဦးကို စွဲလမ်းလျက် ရှိကြောင်း၊ ယခု ထိုကချေသည်ကို မဟာဒေဝီ တစ်ယောက် အဖြစ် မြှောက်လိုက်ကြောင်း စသည့် သတင်းများ ဖြစ်သည်။

ကချေသည် ဂျာနူးဘိုင်သည် စုန်းကဝေ အတတ်ကို တတ်သည်ဟု အချို့က ပြောကြ၏။ စုန်းကဝေ အတတ်ကို မတတ်လျှင် အဘယ်ကြောင့် သူ့လို သာမန် ကချေသည် တစ်ဦးသည် မဟာဒေဝီ အရာသို့ ရောက်လာနိုင်မည်နည်း။ သမီးကလေး တစ်ယောက်ကို မွေးဖွားပေးခဲ့သည့် ထိပ်ခေါင်တင် မဟာဒေဝီထက် သာအောင် အဘယ်ကြောင့် လုပ်နိုင်မည်နည်း။

ဂျာနူးဘိုင်သည် လှသည်ဟုလည်း နာမည်ကြီး၏။ ရက်စက်သည်ဟုလည်း ကျော်ကြား၏။ သူ ပြုစားသောကြောင့် မဟာဒေဝီကြီးတွင် သမီး မိန်းကလေး ဖွားမြင်ခြင်း ဖြစ်သည်ဟုပင် ပြောကြသည်။

'ကဝေမှ ဆယ့်နှစ်ကြိုး တပ်တဲ့ ကဝေပါဗျာ၊ ခု ဟော်နန်းက ဆင်းရဲသားတွေကို စတုဒိသာ ကျွေးတာဟာ သူ့ အမိန့်ကြောင့်ဆိုပဲ၊ မဟာဒေဝီကြီးမှာ သားယောက်ျားလေး မမွေးဘဲ သမီး မိန်းကလေး မွေးလို့ ဝမ်းသာတဲ့ အတွက် စတုဒိသာ အကျွေး ခိုင်းတာပဲဗျ၊ အေးလေ၊ ဒါတော့ သူတို့ အချင်းချင်း နားလည်ကြမှာပေါ့၊ သူသာ သားယောက်ျားကလေး မွေးရင် ဘယ်လိုနေမလဲ မသိဘူးနော်' ဟု ဂူးလ်ကုတ် မြို့သူမြို့သားတို့က ပြောကြ၏။

သီတာသည် သူတို့စကားကို နားထောင်ပြီးနောက် စိတ်အေးသွား၏။ ဟုတ်ပြီ၊ ဂူးလ်ကုတ်တွင် သူတို့အတွက် ဘာမျှ စိုးရိမ်စရာ မလိုတော့။ ကလေးတစ်ယောက်နှင့် မိန်းမကို စွန့်ပစ်ကာ အရပ်ပျက်မ တစ်ယောက်နှင့် ထွက်ပြေးသွားသော မြင်းထိန်းဆိုက်ကုလား၏ သား အရှော့ အတွက်လည်း ဘာမှ စိုးရိမ်စရာ မရှိတော့။

သူ့စကားကို အားလုံးက အစစ်အဆေး မရှိ လက်ခံလိုက်ကြ၏။ မကြာမီတွင် ဂါနက် ဝတ်ကျောင်းနောက်ဖေးရှိ ခန်နာလား၏ ပန်းဆိုင်တွင် သီတာ အလုပ် ရသည်။ သူ့အလုပ်မှာ မင်္ဂလာဆောင်များ၊ ပွဲတော်များတွင် သုံးသည့် ပန်းကုံးများတွင် ဆင်ရန်အတွက် ပန်းစက္ကူကလေးများ လုပ်ရခြင်း ဖြစ်၏။ ရသည့် လုပ်ခကလေးက မဖြစ်စလောက်မျှသာ။ သို့ရာတွင် သူတို့တွင်လည်း သုံးစရာ သိပ် ရှိလှသည် မဟုတ်။ သည်အထဲတွင် သီတာကလည်း လက်မြောက်သည်။ အားလပ်ချိန်တွင် သစ်သီးဆိုင်တွင် သုံးရန် ခြင်းတောင်းကလေးများ ယက်သည်။ ကျန်အချိန်တွင် ဆိုင်တွင် ကူညီ လုပ်ကိုင်ပေး၏။

သူတို့နှစ်ယောက် နေသားကျသွားသည့် အခါ သီတာသည် သူတို့ အိပ်ခန်းကလေးထဲက ရွှံ့ကြမ်းခင်းကလေးတွင် ကျင်းကလေး တစ်ကျင်း တူးပြီး ဘရားဆပ်ဟီလာရီ ပေးလိုက်သည့် ရွှေဒင်္ဂါးများကို မြှုပ်ထားလိုက်သည်။ မြေကို ခြေထောက်ဖြင့် နင်းသိပ် ပြန်ဖို့ပြီးနောက် အပေါ်က ဖျာချေးမ်ကာ သရွတ်ကိုင်လိုက်သည်။ မည်သူမျှ ရှာတွေ့နိုင်ဖွယ် မရှိတော့။ ဖယောင်းပုဆိုးစဖြင့် လိပ်ထားသည့် စာရွက်စာတမ်းများနှင့် စာများ ကျန်သေးသည်။ ထိုပစ္စည်းများကို မီးရှို့ပစ်ချင်သည်။ ထိုစာရွက်စာတမ်းထဲတွင် ပါသည့် စာများကို မဖတ်တတ်သည့်တိုင် ထိုစာရွက်များသည် အရှော့၏ မျိုးရိုးဇာတိကို အစကောက်ရာတွင် သက်သေ အထောက်အထားဖြစ်နေလိမ့်မည်ဟု ထင်နေသည်။

သီတာသည် ကြောက်သည်ရော၊ မနာလိုသည်ရော ဖြစ်ကာ ထိုစာရွက်များကို ဖျက်ဆီးဖို့သာ စိတ်



www.burmeseclassic.com

www.burmeseclassic.com



စောနေသည်။ ထိုစာရွက်များကိုသာ တွေ့သွားခဲ့လျှင် ဒေလီ၊ ဂျန်စီ၊ ကောင်ပူရ် စသည့် မြို့ကြီးများတွင် သခင်ဆပ်တို့၏ ကလေးငယ်များ အသတ် ခံခဲ့ရသည့်နည်းတူ အရှော့ ခေါ် အက်ရှ်သည်လည်း အသတ်ခံရတော့မည်။ သူ့ကို ကယ်ခဲ့မိသည့် အတွက် သူလည်း သက်သာမည် မဟုတ်။ အသတ် မခံရသည့်တိုင် အရှော့ ခေါ် အက်ရှ်သည် သူ့သားများ မဟုတ်ကြောင်း ဘူးပေါ်သလို ပေါ်တော့မည်။ သို့ရာတွင် သည်လောက်ကိုပင် မတွေးရက်။ ထို့ကြောင့် စာရွက်စာတမ်းများကို ဖျက်ဆီးမည်ဟု စိတ်ကူးပြန်သည်။ သို့ရာတွင် တကယ် ဖျက်ဆီးတော့မည် ပြုသည့်အခါ သူ မဖျက်ဆီးရက်။

စင်စစ် ထိုစာရွက်စာတမ်းများသည် သူ့ကို ဘရားဆပ်က ပေးလိုက်သည့် စာရွက်များ ဖြစ်သည်။ ဘရားဆပ်သည် စာရွက်များကို ယုံယုံကြည်ကြည်ဖြင့် သူ့လက်ထဲသို့ ထည့်ခဲ့၏။ ထိုစာရွက်များကို မီးရှို့ ဖျက်ဆီးပစ်သည် ဆိုလျှင် ဘရားဆပ်၏ တစ္ဆေ သို့မဟုတ် ဘရားဆပ်၏ လိပ်ပြာသည် သူ့ကို ကိုယ်ထင်ပြကာ လက်စားချေလိမ့်မည်။ ထို့ကြောင့် မည်သို့ဖြစ်ဖြစ် ထိုစာရွက်စာတမ်းများကို သူ သိမ်းတော့မည်။ မည်သူမှ မမြင်စေရ။ စာရွက်များကို ခြစားသွားလျှင်မူ သူ မတတ်နိုင်။ သူ့တာဝန် မဟုတ်တော့ပြီ။

သော်လည်း ဘာမျှ ရေရေရာရာ ရှိသည် မဟုတ်။ ဗလုံးဗထွေးမျှသာ။ လပေါင်းများစွာ ကြာခဲ့ပြီ ဖြစ်သော သတင်း အဟောင်းတွေ၊ အင်္ဂလိပ်တို့ ဘယ်ပုံဘယ်နည်း အသတ် ခံခဲ့ရသည် ဟူသော သတင်းမျိုးတွေ။

အင်ဗာလာတွင် အင်္ဂလိပ်တို့က တပ်များကို ပြန်ဖွဲ့နေကြောင်း၊ အင်္ဂလိပ် နယ်ခြား အစောင့်တပ်များသည် မဒရပ်မှ ဒေလီ အထိ နွေခေါင်ခေါင်ကြီးတွင် မိုင် ငါးရာ့ရှစ်ဆယ်ကို နှစ်ဆယ့်နှစ်ရက်ဖြင့် ချီတက်ခဲ့ပြီး ဒေလီကို သူပုန်တို့လက်မှ ပြန်၍ သိမ်းပိုက်ခဲ့ကြကြောင်း၊ သူပုန်တို့ နန်းတင်ထားသော မဂိုဘုရင်မှာ လက်နက်ချ အညံ့ခံကြောင်း၊ မဂိုဘုရင်၏ သားတော်များကို မြင်းတပ်ဗိုလ် ဟော့ဆန်က သတ်ဖြတ်ခဲ့ကြောင်း၊ မီးရတ်တွင် အစပြုခဲ့သည့် အိန္ဒိယ တိုင်းရင်းသားတို့၏ သူပုန်ကြီးသည် ပြီးဆုံးခြင်း မရှိသေးကြောင်း စသည့် အကြောင်းများကိုမူ သူတို့ မသိကြ။ ထိုသတင်းများသည် သူတို့ မြို့ကလေးကိုလည်း ရောက်မလာသေး။

သို့ဖြင့် အိန္ဒိယပြည် အဝန်းတွင် လေဆိုး မုန်တိုင်းကြီး တိုက်ခတ်လျက် ရှိစဉ် ဂူးလ်ကုတ်မြို့ကလေးမှာ အေးအေးချမ်းချမ်းပင်။

အရှော့ ခေါ် အက်ရှ်၏ မျက်လုံးပြာပြာများနှင့် ပါးအို့နီနီတို့ အတွက်မူ ဂူးလ်ကုတ်မြို့တွင် ဘာမျှ မဆန်း။ ထိုနယ်သူ နယ်သားများမှာ အများအားဖြင့် ကသ္မီယ၊ ကူလူးနှင့် ဟိန္ဒူကွတ် တောင်တန်းများမှ လာရောက် နေထိုင်သူများ ဖြစ်ကြသည်။ သီတာ ကိုယ်တိုင်လည်း တောင်ပေါ်သူ တစ်ယောက် ဖြစ်၏။ အက်ရှ်သည် သူတို့ သားများ၊ မြေးများနှင့် ရောသွားသည်။ ကြာသော် ဂူးလ်ကုတ် လမ်းပေါ်တွင် ဆော့ကလေးနေသည့် ကလေးများနှင့် ခွဲမရတော့။ ဤသည်ကို ကြည့်၍ သီတာ ကျေနပ်သည်။

အင်္ဂလိပ် လူမျိုး အားလုံး သေကုန်ပြီ ဖြစ်ကြောင်း၊ အရှေ့အိန္ဒိယ ကုမ္ပဏီသည်လည်း အပြီးသတ် ပြိုကွဲပျက်စီးသွားပြီ ဖြစ်ကြောင်းဖြင့် စစ်ဗာရီများက ပြောပြခဲ့ရာ သီတာသည် ထိုစကားများကို ယခုတိုင် ယုံကြည်နေဆဲ။ ဒေလီမြို့သည် ဝေးလှဘိခြင်း။ ဂူးလ်ကုတ်မြို့အနီးတွင် ပန်ဂျပ် နယ်စပ် ရှိသည်။ ပန်ဂျပ် ပြည်နယ်တွင် အခြေအနေ မဆိုး။ ငြိမ်ငြိမ်သက်သက်။ 'တစ်ခါတစ်ရံ ဈေးထဲတွင် ကောလာဟလတွေ ကြားရတတ်

ထိုနှစ် အောက်တိုဘာလတွင် အက်ရှ်သည် ငါးနှစ် ရှိပြီ။ နောက်တစ်နှစ် ဖြစ်သည့် ၁၈၅၈ ခုနှစ်တွင်မှ အပြင်လောက အကြောင်းကို အရပ်တကာ လှည့်၍ တရားအားထုတ်နေသော ဆာဒူးကြီး တစ်ပါးထံမှ သီတာ သိရသည်။ ဒေလီနှင့် လပ်ကနော် မြို့များကို သူပုန်လက်မှ ပြန်သိမ်းပြီးပြီ။ သူပုန်ခေါင်းဆောင် နင်နာဆတ်သည် ဝရမ်းပြေးနေပြီ။ သတ္တိကောင်းသော ဂျန်စီ မဟာဒေဝီသည် ယောက်ျားလေးလို ဝတ်၍ တိုက်ရင်း တိုက်ပွဲတွင် ကျသွားခဲ့ပြီ။ အရှေ့အိန္ဒိယ ကုမ္ပဏီသည်လည်း ပြိုကွဲသွားပြီ။

သို့ရာတွင် ဖာရင်ဂီ နိုင်ငံခြားသားများမှာ ယခင်ကကဲ့သို့ပင် အာဏာ ပြန်ရှိလာပြီး သူပုန်တို့ကို ရက်ရက်စက်စက် နှိပ်ကွပ်လျက် ရှိကြောင်း၊ အရှေ့အိန္ဒိယ ကုမ္ပဏီ ဟူ၍ မရှိတော့သော်လည်း ထိုနေရာတွင် မျက်နှာဖြူ ဘုရင်မ တစ်ဦး ဖြစ်သော ဝိတိုရိယ ဘုရင်မက အုပ်ချုပ်လျက် ရှိကြောင်း၊ ယခု အိန္ဒိယပြည် တစ်ပြည်လုံးသည် ဝိတိုရိယ ဘုရင်မ လက်အောက် ရောက်နေပြီ ဖြစ်ကြောင်း၊ အိန္ဒိယပြည်ကို အုပ်ချုပ်ရန် ဘုရင်ခံ



www.burmeseclassic.com

www.burmeseclassic.com



ချုပ် တစ်ဦးနှင့် အင်္ဂလိပ် စစ်တပ်များကို ပို့ထားပြီ ဖြစ်ကြောင်းနှင့် ဆာဒူးကြီးက ပြောပြ၏။

ဆာဒူးကြီးသည် လိမ်ပြောနေခြင်း ဖြစ်ပါစေ၊ သို့မဟုတ်လျှင်လည်း သူ့စကားများ မဟုတ်ပါစေနှင့်ဟု သီတာ ကျိတ်၍ ဆုတောင်းသည်။ သူပြောသည့်အတိုင်း မှန်လျှင် သူသည် အရှော့ ခေါ် အက်ရှ်ကို သူ့ဆွေမျိုးများဆီသို့ ပို့ရတော့မည်။ သို့ဆိုလျှင် သူနှင့် ခွဲရတော့မည်။ မဖြစ်နိုင်။ ဆာဒူးကြီး ပြောသည့် စကားများသည် လုံးဝ မဖြစ်နိုင်။ စောင့်ရဦးမည်။ ထိုသတင်းမှန် မမှန် စုံစမ်းရဦးမည်။ ယခု လောလောဆယ် ထင်ရာတွေ လျှောက်လုပ်၍ မဖြစ်သေး။

သီတာသည် ထိုနှစ် တစ်ဆောင်းလုံး သတင်းပလင်းကို စနည်းနာသည်။ နွေဦးပေါက်သို့ အရောက်တွင် ဆာဒူးကြီး ပြောသည့်အတိုင်း မှန်ကြောင်း ထောက်ခံ အတည်ပြုသည့် သတင်းများ ကြားရ၏။ သို့တိုင်အောင် သီတာသည် ဘာမျှ မလုပ်သေး။ အရှော့ ခေါ် အက်ရှ်သည် သူ့သား ဖြစ်သည်။ အက်ရှ်ကို ပြန်ပေးလိမ့်မည် မဟုတ်။ ပြန်၍လည်း မပေးနိုင်။

အလျင်တုန်းကလို ဆိုလျှင် အက်ရှ်ကို သူတို့ဆွေမျိုးတွေဆီကို ပြန်ပို့ချင် ပို့ဦးမည်။ သို့ရာတွင် ယခု သူ့သား အဖြစ် အသိအမှတ် ပြုလိုက်သည့် အချိန်မှ စ၍ အက်ရှ်ကို ပြန်မပို့နိုင်တော့။ မပို့ချင်တော့။ ယခု သူသည်ပင်လျှင် အဖေ၊ သူသည်ပင်လျှင် အမေ။ အက်ရှ်တွင် အဖေလည်း မရှိတော့၊ အမေလည်း မရှိတော့။ လောကတွင် အက်ရှ်ကို ပိုင်ဆိုင်ခွင့် ရှိသူ ရှိသည် ဆိုလျှင် ထိုသူသည် တခြားသူ မဟုတ်၊ အက်ရှ်ကို မွေးကင်းစ ကတည်းက ယခုထက်တိုင် ပြုစု စောင့်ရှောက်ခဲ့သည့် သူပင် ဖြစ်ရလိမ့်မည်။

သူသည် အက်ရှ်ကို အမေ့ဝမ်းမှ ဆွဲထုတ်ပေးခဲ့ပြီး ရင်မှ ဖြစ်သော သွေးဖြင့် နို့ချို တိုက်ကျွေးခဲ့သည် မဟုတ်လော။ အက်ရှ် ကိုယ်တိုင်ကလည်း သူက လွဲလျှင် အမေ ရှိသည်ဟု မထင်။ မိမိ သားအရင်းလို လက်ခံနေပြီ မဟုတ်လော။ မိမိသည် မည်သူ့ဆီကမျှ သူ့ကို လုယူခဲ့ခြင်း မဟုတ်။ သူသည် အက်ရှ်ဘာဘာ မဟုတ်တော့။ သူ့သား အရှော့ ဖြစ်နေပြီ မဟုတ်လော။ စာရင်း ပြတ်သွားအောင် လုပ်မှ ဖြစ်မည်။ ဝှက်ထားသည့် စာရွက်စာတမ်းများကို အပြတ် ရှင်းပစ်တော့မည်။ မည်သူ့ကိုမျှ မပြောတော့။ မည်သူမျှ သိတော့မည် မဟုတ်။

သို့ဖြင့် သူတို့သည် ဂူးလ်ကုတ်တွင် ပျော်ရွှင်ချမ်းမြေ့စွာ နေခဲ့ကြသည်။ သို့ရာတွင် သီတာသည် ဘရားဆပ် ဟီလာရီ၏ စာရွက်စာတမ်းများကို မီးရှို့ဖျက်ဆီးခြင်း မပြု။ အရေးမကြီး၊ ထိုစာရွက်စာတမ်းများကို လူတွေ တွေ့သွားသည်က အရေးမကြီး။ ဘရားဆပ် ဟီလာရီ၏ တစ္ဆေ ခြောက်ခံရမည်ကိုမူ သီတာ ကြောက်သည်။

ဂူးလ်ကုတ်မြို့တွင် နောက်တစ်ကြိမ် မီးရှူးမီးပန်းတွေ ဖောက်ကာ ပျော်ပွဲ ရွှင်ပွဲများ ကျင်းပပြန်သည်။ သည်တစ်ကြိမ်တွင်မူ တစ်ခါက ကချေသည် ဖြစ်ခဲ့သည့် မဟာဒေဝီ ဂျာနူးဘိုင်မှာ သားယောကျ်ားကလေး တစ်ယောက် မွေးသဖြင့် ကျင်းပခြင်း ဖြစ်၏။ ဂျာနူးဘိုင်မှ မွေးသည့် သားငယ်သာ ဂူးလ်ကုတ် ပြည်နယ်ကို အုပ်ချုပ်သူ အစစ် ဖြစ်နေသည်။ ဂျာနူးဘိုင်သည် နောက်မှနေ၍ မဟာရာဇာ စော်ဘွားကို ကြိုးကိုင်ကာ သူ့စိတ်တိုင်းကျ အုပ်ချုပ်လျက် ရှိ၏။

မဟာရာဇာ စော်ဘွား၏ လက်အောက်ခံများအား ထိုအထိမ်းအမှတ် အဖြစ် ပျော်ပွဲရွှင်ပွဲ ကျင်းပခိုင်းသည်တွင် လက်အောက်ခံများကလည်း အမိန့်အတိုင်း လုပ်ကြသည်။ စိတ်ပါ၍ကား မဟုတ်။ ကချေသည် မဟာဒေဝီကို ပြည်နယ်သားများက နှစ်သက်ခြင်း မရှိသည့် အတွက် သူ မွေးသည့် သားက စော်ဘွား အရိုက်အရာ ခံမည် ဆိုသည်ကိုလည်း များစွာ နှစ်ခြိုက်ခြင်း မရှိလှ။

အမှန်အားဖြင့် ထိုကချေသည် မဟာဒေဝီ၏ သားသည် စော်ဘွား အရိုက်အရာကို ခံရစရာ အကြောင်း မရှိ။ ထိပ်ခေါင်တင် မဟာဒေဝီသည် မီးတွင်းတွင် ကွယ်လွန် အနိစ္စ ရောက်သွားခဲ့ရာ ထိုမဟာဒေဝီမှ လာလာဂျီ အမည်တွင်သည့် သားငယ် တစ်ယောက် မွေးခဲ့သည်။

မဟာဒေဝီကြီးမှ မွေးသည့် သားမှာ ယခုအခါတွင် အသက် ရှစ်နှစ်သား ရှိလေပြီ။ အိမ်ရှေ့ ဥပရာဇာ စော်ဘွား အဖြစ် ရွေးချယ်ပြီး ဖြစ်၏။ ခမည်းတော် စော်ဘွားကြီးကလည်း ချစ်သည်။ နယ်သူနယ်သားများကလည်း ဂုဏ်ယူကြသည်။

သို့ရာတွင် ခက်သည်က အိန္ဒိယပြည်တွင် ဘာမျှ သေချာ ရေရာသည် မဟုတ်။ လာလာဂျီသည် ဆယ်ကျော် ရောက်သည် အထိ ဘေးမသီ ရန်မခ ရှိမည်ဟု မည်သူမျှ မပြောနိုင်။ သူ့အမေ မဟာဒေဝီသည် အိမ်ထောင်သက်



www.burmeseclassic.com

www.burmeseclassic.com



ဆယ့်ငါးနှစ် အတွင်းတွင် ကလေး ကိုးယောက် မွေးခဲ့သည်။ ယင်းတို့အနက် လာလာဂျီမှ အပ ကျန်ကလေးများ အားလုံးသည် နို့စို့အရွယ်တွင် ပျက်စီးသွားခဲ့ကြ၏။ (အငယ်ဆုံးဖြစ်သည့် မိန်းကလေးမှာ မွေး ကတည်းကပင် အသက် ပါမလာခဲ့။) ထိုကလေးကို မွေးပြီးနောက် မဟာဒေဝီ ကိုယ်တိုင်ကပင်လျှင် မီးတွင်းတွင် ကွယ်လွန် သွားခဲ့သည်။

စော်ဘွားသည် ထိုမဟာဒေဝီ ကွယ်လွန်ပြီးသည့်နောက် မကြာမီမှာပင် နိုင်ငံခြား ကြေးစား စစ်ဗိုလ် တစ်ဦး၏ သမီးကို မဟာဒေဝီ မြှောက်ခဲ့၏။ ထို့ကြောင့် သူ့ကို ဂူးလ်ကုတ် နယ်သူနယ်သားတို့က ဖာရင်ဂီ (နိုင်ငံခြားသူ) မဟာဒေဝီဟု ခေါ်ကြသည်။

ဖာရင်ဂီ မဟာဒေဝီ၏ ဖခင်သည် ကမ္ဘာ အနှံ့သွားနေသည့် ရုရှားလူမျိုး တစ်ဦး ဖြစ်၏။ အိန္ဒိယ ပြည်နယ် အချင်းချင်း ဖြစ်သည့် စစ်ပွဲများတွင် ပြည်နယ်ဆေါင်းစုံဘက်မှ ပါဝင် တိုက်ခိုက်ဖူးသည်။ 'ပန်ဂျပ်ပြည်နယ်၏ ခြင်္သေ့ကြီး' ဟု အမည်တွင်သော ပန်ဂျပ်စော်ဘွား ရန်ဂျစ်ဆင်း၏ လက်အောက်တွင် အမှုထမ်းစဉ် ရာထူးကြီး တစ်ခုကို ရခဲ့သည်။ ရန်ဂျစ်ဆင်း ကွယ်လွန်သည့် နောက်တွင်မူ အမှုထမ်း ဘဝမှ အနားယူကာ အလွန် ချောင်ကျသည့် ဂူးလ်ကုတ် ပြည်နယ်တွင် အခြေချသည်။

သူသည် တစ်ခါက ရုရှား ကော့ဆက် မြင်းတပ်ဗိုလ် တစ်ဦး ဖြစ်ကြောင်း၊ ပြစ်မှု တစ်ခုဖြင့် တစ်သက် တစ်ကျွန်း အပြစ်ခံရကြောင်း၊ ထောင်ကို ဖောက်ပြေးကာ တောင်တန်းများကို ဖြတ်၍ အိန္ဒိယပြည်ထဲသို့ ဝင်ရောက်လာခဲ့ခြင်း ဖြစ်ကြောင်း၊ မိမိ၏ နေရင်း တိုင်းပြည်သို့လည်း မပြန်တော့ကြောင်း၊ ရန်ဂျစ်ဆင်း ကွယ်လွန်သည့် အခါတွင် ပန်ဂျပ် ပြည်နယ် မင်းမှုထမ်း ဘဝမှ အနားယူကာ အမှုထမ်းသက် ဆယ်နှစ် အတွင်း စုမိဆောင်းမိခဲ့သော ပစ္စည်းများဖြင့် ဓိမ်ကျကျ နေထိုင်လျက် ရှိကြောင်း၊ သူနှင့် အတူ မောင်းမမိသံ အများအပြားလည်း ပါလာခဲ့ကြောင်း၊ သူ့ဇနီးမှာ သူနှင့် ယှဉ်ပြိုင် တိုက်ခိုက်ရာတွင် ရှုံးသွားသည့် ရတ်ဂျပွတ် စော်ဘွား တစ်ဦး၏ သမီး အိန္ဒိယသူ တစ်ဦး ဖြစ်ပြီး ကုမ္မာရီဒေဝီဟု အမည်တွင်ကြောင်း၊ စစ်နိုင်သူ အဖြစ် ရတ်ဂျပွတ် စော်ဘွားထံ သူ့သမီးကို တောင်းခဲ့ကြောင်း၊ သူတို့ နှစ်ယောက်သည် တွေ့လျှင် တွေ့ချင်း မေတ္တာသက်ဝင် သွားခဲ့ကြကြောင်းဖြင့် အဆိုရှိသည်။

ဖာရင်ဂီ မဟာဒေဝီသည် သူ့အမေ၏ အငယ်ဆုံးကလေး ဖြစ်ပြီး ကျန်ရစ်ခဲ့သည့် တစ်ဦးတည်းသော ကလေးလည်း ဖြစ်၏။ ထိုအချိန်၌ကား ဖာရင်ဂီ မဟာဒေဝီ၏ အမေသည် အသက်အရွယ်လည်း အတန်ငယ်ထောက်လာပြီး ယောကျ်ား စစ်တိုက် သွားရာကိုချည်း လိုက်နေရသဖြင့် သားပျက်သည့် အကြိမ်၊ ကလေး အသေ မွေးသည့် အကြိမ်ကလည်း မနည်းတော့။

သို့ဖြင့် ဖာရင်ဂီဒေဝီသည် သူ့အဖေ ရတ်ဂျပွတ် စော်ဘွား၏ အခြားသော မောင်းမငယ်များမှ မွေးသော ကလေးများနှင့် အတူ ကြီးပြင်း လူလား မြောက်ခဲ့ရသည်။ လှလွန်း ချောလွန်းသဖြင့် ဂူးလ်ကုတ် စော်ဘွားက သူ့ကို မဟာဒေဝီ မြှောက်မည်ဟု ကြားရသည့် အခါတွင် ကျန် အဖေတူ အမေကွဲ ညီအစ်ကို မောင်နှမများက ဝမ်းသာကြသည်။ ဖာရင်ဂီ မဟာဒေဝီ၏ အမေဘက်မှ အမျိုးများမှာ စော်ဘွားမျိုးသာမက မင်းမျိုးမင်းနွယ်ထဲကလည်း ဖြစ်သဖြင့် ဂူးလ်ကုတ် စော်ဘွားသည် ဖာရင်ဂီ ဒေဝီနှင့် လက်ထပ် ထိမ်းမြားခွင့် တောင်းခဲ့သည်။

ဖာရင်ဂီ မဟာဒေဝီသည် ဂူးလ်ကုတ် စော်ဘွား၏ မဟာဒေဝီ ဖြစ်ရသည်ကို ပျော်၏။ ရတ်ဂျပွတ်တွင် သူ့ဘက်မှ တစ်ယောက်မျှ မရှိ။ အဖေတူ အမေကွဲ ညီအစ်ကို မောင်နှမများကလည်း သူ့အပေါ်တွင် ကြင်နာခြင်း မရှိ။ မိထွေးများကလည်း သူ့အပေါ် ငြိုငြင်ကြသည်။ ထို့ကြောင့် သူတို့ပြည်နယ်မှ နေ၍ ဂူးလ်ကုတ် စော်ဘွား၏ ခမ်းနားသော လေညင်းသာ ဟော်နန်းကို ရောက်ရသည့် အတွက် ဝမ်းသာသည်။

သူ ရောက်လာသည့် အတွက် ဟဝါးမဟာ အဆောင်မှ မိန်းမများက မနာလိုဝန်တို ဖြစ်ကြသည့်တိုင် သူတို့ကို ဖာရင်ဂီ မဟာဒေဝီ ဂရုမစိုက်။ မိမိသည် မိန်းမဆောင်မှ ကုန်းချောမှုများ၊ လုပ်ကြံမှုများကို အများကြီး ကြုံခဲ့ တွေ့ခဲ့ဖူးပြီ။ အဆန်း မဟုတ်တော့။ ထို့ပြင် သူ့ကို ဂူးလ်ကုတ် စော်ဘွားကလည်း ချစ်ခင် မြတ်နိုးသည် မဟုတ်လော။ အလိုလိုက်သည် မဟုတ်လော။

လေညင်းသာ ဟော်နန်းသို့ သူ ရောက်ပြီး တစ်နှစ် အကြာတွင် သူ့ ခမည်းတော် ရတ်ဂျပွတ် စော်ဘွား ကွယ်လွန်ကြောင်း ကြားသိရသည့် အခါတွင်လည်း ဖာရင်ဂီ မဟာဒေဝီသည် အထူးတလည် ဝမ်းနည်းခြင်း မဖြစ်မိ။ သူ့ခမည်းတော်တွင် မယားများစွာမှ မွေးသော သားသမီး အမြောက်အမြား ရှိရာ ခမည်းတော်သည် သူ့ကို ဘာမှ ဂရုစိုက်နိုင်ခဲ့သည် မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့တွင် သားသမီး မရသည့် အချက်ကိုမှု ဖာရင်ဂီ မဟာဒေဝီ စိတ်မကောင်း။ သို့တိုင် ဖာရင်ဂီ မဟာဒေဝီသည် အရှေ့တိုင်းသူတို့ ထုံးစံအတိုင်း ကလေးကို သည်လောက် စုံရေမက်ရေ ရှိလှသည် မဟုတ်။ သို့ရာတွင် မိန်းမဆောင်တွင် ရှိသည့် အခြားသော မဟာဒေဝီများနှင့် မောင်းမများက သည်ကပြား မ အမြဲမပြောသည့် စကားများကို နားမဆံ့အောင် ကြားခဲ့ရပြီးပြီ။ ထို့ကြောင့် သူတို့တစ်တွေကို မခံချင်သည့် အတွက် ကလေး တစ်ယောက်ကိုတော့ မွေးပြလိုက်ချင်သည်။ သူ့ သားယောကျ်ား တစ်ယောက်ကိုမှု မွေးပြလိုက်ချင်သည်။

ယခုအချိန် အထိမှု မဟာရာဇာ၏ မယားများ အနက် ထိပ်ခေါင်တင် မဟာဒေဝီ တစ်ယောက်သာ သားယောကျ်ားလေးတွေ မွေးခဲ့ပြီး ယင်းတို့အနက် တစ်ဦးသာလျှင် အဖတ်တင် ကျန်ရစ်ခဲ့သည်။ သို့ရာတွင် ယောကျ်ား တစ်ယောက်အဖို့ သားတစ်ယောက်နှင့် မလုံလောက်။ သားတွေ အများကြီး ရှိရလိမ့်မည်။ သို့မှသာ ထိုသား တစ်စုံတစ်ခု ဖြစ်သွားလျှင် မိမိ စော်ဘွားမျိုးဆက်ကို အစားထိုး ထိန်းသိမ်းနိုင်လိမ့်မည်။ ထို့ကြောင့် ဟော်နန်းတွင် အကြီးအမှူး ဖြစ်သည့် မဟာဒေဝီ တစ်ယောက် အဖြစ် မဟာရာဇာ အတွက် သားယောကျ်ားတွေ မွေးပေးဖို့ ကိစ္စသည် သူ့ မဟာ တာဝန်ကြီး ဖြစ်သည်။

မိမိတွင် ပဋိသန္ဓေ ရှိပြီ ဆိုသည့် အခါတွင်ကား မဟာဒေဝီ ဝမ်းသာလိုက်ပုံမှာ ဆိုဖွယ် မရှိတော့။ သူ မွေးသည့် ကလေးသည် သားယောကျ်ားလေး ဖြစ်ရမည်။ မိန်းမတို့တွင် ပဋိသန္ဓေ ဆောင်လျှင် ဝမ်းသာကြသည်ချည်း။ သို့ရာတွင် မဟာဒေဝီသည် အနောက်တိုင်းသွေး ပါသူမို့လော မသိ၊ ပဋိသန္ဓေ ဆောင်ရခြင်းကို စိတ်ညစ်သည်။ အရှေ့တိုင်းသူတို့မှာ ပဋိသန္ဓေ ဆောင်စဆိုလျှင် အသားအရေတွေ ရွှန်းစိုကာ အလှ တိုးလာတတ်ကြ၏။ သို့ရာတွင် သူ့မှာမူ တပျို့ပျို့ တအန်အန်ဖြင့် အဆင်းအရေတွေ ခန်းခြောက်ကာ ပိန်းချုံးကျသွားသည်။ ကိုယ်ဝန် အနည်းငယ် ရင့်လာသည့် အခါတွင်မူကား ဖာရင်ဂီ မဟာဒေဝီတွင် ကိုယ်ခန္ဓာ အလှလည်း မရှိတော့။ စိတ်ဓာတ်လည်း မရှိတော့။

မဟာရာဇာ စော်ဘွားကမူ သူ့ကို တကယ် ချစ်ရှာသည်။ သို့ရာတွင် ယောကျ်ားများ ထုံးစံအတိုင်း နာဖျားမကျန်း ဖြစ်သူ၏ အနားတွင် မနေချင်။ ခပ်ရှောင်ရှောင် လုပ်နေပြီး ခဏကြာလျှင် မဟာဒေဝီသည် နေထိုင် ကောင်းသွားလိမ့်မည်ဟု မျှော်လင့်ခဲ့သည်။

ထိုစဉ် ဘယ်ကြမ္မာဆိုး ဝင်လေသည် မသိ။ စော်ဘွား၏ အမတ် တစ်ဦးက စော်ဘွားကို ညစာ တည်ခင်း ကျွေးမွေးရာတွင် ကချေသည်များ ပါဝင်ဖျော်ဖြေသည်။ ထို ကချေသည်များထဲတွင် ကသ္မီယ ကချေသည် ဂျာနူးကို တွေ့ရခြင်း ဖြစ်သည်။ ဂျာနူး၏ အသားက တပ်မက်စဖွယ် ရွှေလိုဝင်းလျက်။ မျက်လုံးတို့က နက်မှောင်လျက်။ ကျားသစ်နက်မလေး တစ်ကောင်လို လှသလောက် ကြောက်စရာ ကောင်းနေသည်။

ဂျာနူး၏ အရပ်သည် ယောကျ်ား ရင်စို့လောက်သာ ရှိလိမ့်မည်။ ဂျာနူးက ခပ်သေးသေး ခပ်ပြတ်ပြတ်။ တစ်နေ့တွင် ဆိုလျှင် ပုအိုင့်အိုင့်နှင့် ဖြစ်လာနိုင်သည်။ သို့ရာတွင် ယခုလို နုနုနယ်နယ်၊ လန်းဆတ်ပျိုမျစ်နုနယ်နေသော အချိန်တွင် ဆိုင်းချက်အတိုင်း တင်ပါးလှုပ်ယမ်း ကနေသည့် ဂျာနူးမှာ အဇန္တာ လိုဏ်ဂူ နံရံရေး ပန်းချီကားများထဲက ကချေသည် နတ်သမီးများ၊ ကုန္နရတ် ကျောင်းမှ ကျောက်ဆစ်ရုပ်များကို ကြည့်နေရသကဲ့သို့ ရှိ၏။

ဂျာနူးသည် (နှောင်းခေတ် လူငယ်တို့က 'လိင်ဆွဲဆောင်မှု' ဟု ခေါ်ကြသည့်) ဖော်ပြ၍ မရနိုင်သော အရည်အချင်း တစ်မျိုးကို ပိုင်ဆိုင်သူ ဖြစ်ပြီး ဉာဏ်အမြော်အမြင်ရော၊ အလှပါ ပြည့်စုံသူ ဖြစ်သည်။ သို့ဖြင့် ဆွဲဆောင်မှု ရှိခြင်း၊ ဉာဏ် ထက်မြက်ခြင်း၊ လှပချောမောခြင်း စသည့် အဖိုး မဖြတ်နိုင်သော အရည်အချင်းမျိုးတို့ကို ပိုင်ဆိုင်သည့် ဂျာနူးသည် နှစ်ဆယ့်လေးနာရီ အတွင်း ဟော်နန်းတွင် မောင်းမ အမြှောက်ခံလိုက်ရသည်။

တစ်ပတ် အတွင်းတွင် ဖာရင်ဂီ မဟာဒေဝီ၏ ကံဇာတာသည် မှေးမှိန်သွားခဲ့ပြီ။ သို့ဖြင့် ဟော်နန်းတွင် မျက်နှာသာ ရလိုသူတို့ကလည်း စော်ဘွား၏ အချစ်တော် ဖြစ်သော ဂျာနူးကို မြှောက်ပင့် ပေးကြသည်တွင် ဂျာနူးသည် စော်ဘွား၏ အချစ်တော် ဖြစ်လာခဲ့သည်။

မဟာရာဇာသည် မူးရူးနေဆဲ ဖြစ်၍သာ ဂျာနူးကို သည်မျှ အရေးပေး အလိုလိုက်ခြင်း ဖြစ်ကြောင်း၊ ရူးမူးစိတ် ပျက်ပြယ်သည်နှင့် အတူ အရေးပေး အလိုလိုက်မှုတို့သည်လည်း ပပျောက်သွားမည်သာ ဖြစ်ကြောင်းဖြင့် အားလုံးက ထင်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ဤသို့မဟုတ်။ ဂျာနူးသည် ငယ်ငယ်ကလေး ကတည်းကပင် ယောက်ျားများ ကျေနပ်အောင်မည်သို့ ကိုင်တွယ်ရမည်ကို သင်ကြားခဲ့သူ ဖြစ်ရာ၏။ ထို့ကြောင့် တစ်ခါတလေ စော်ဘွားက အမှတ်ရမှ ဆောင်တော်ကူးသည့် အဖြစ်မျိုး၊ ငွေစကလေး အနည်းငယ်ဖြင့် ကျေနပ်ရသည့် အဖြစ်မျိုး၊ လက်ဝတ်လက်စားကလေး မဖြစ်စလောက်ဖြင့် တင်းတိမ်ရသည့် အဖြစ်မျိုးသို့ အရောက်မခံနိုင်။ စော်ဘွား၏ ရာဇပလ္လင်ကိုပါ အပိုင် သိမ်းလိုသည်။ သို့ဖြင့် ဂျာနူးသည် စော်ဘွားကို ကျွမ်းကျင်စွာ ကိုင်တွယ်ခဲ့၏။ နောက်ဆုံးတွင် စော်ဘွားက သူ့ကို မဟာဒေဝီ မြှောက်ခဲ့သည်။

နောက်နှစ်ပတ် ကြာသော အခါတွင် ဖာရင်ဂီ မဟာဒေဝီတွင် ကမ္ဘဇလေ လှုပ်ရှားသည်။ သို့ရာတွင် သူ့ဂုဏ်သိက္ခာကို ဆည်ပေးမည့် သားယောကျ်ားလေး မွေးခြင်း မဟုတ်ဘဲ အရုပ်ဆိုးဆိုး၊ သေးသေးညှက်ညှက် ဖြူရော်ရော် သမီးလေး တစ်ယောက်ကို မွေးခဲ့သည်။

ဂျာနူးဘိုင်က လှောင်ပြောင်သည့် လေသံဖြင့်

'သူနှင့် ထိုက်တန်တာပဲ မွေးမှာပေါ့၊ ဒီလောက် ချည့်နဲ့ပြီး သွေးမရှိသလို ဖြူဖပ်ဖြူရော် ဟာမမျိုးက သားယောကျ်ားကလေး မွေးနိုင်မှာတဲ့လား၊ ငါ့သားလေး မွေးတော့မှ...'

သူ့ ပထမ ကလေးသည် သားယောကျ်ားလေး ဖြစ်မည်ဟု ဂျာနူး ယုံကြည်သည်။ သားယောကျ်ားလေးမှ ပျော့စိပျော့ဖတ် ယောကျ်ားကလေး မဟုတ်။ ဖအေတွေ ဂုဏ်ယူချင်သည့် ကျားကျားလျားလျား သားယောကျ်ားလေးမျိုး ဖြစ်ရမည်။ သူ ယုံကြည်သည့် အတိုင်းလည်း သားယောကျ်ားလေး မွေးခဲ့သည်။ ပျော့စိပျော့ဖတ် မဟုတ်။ ဖအေတိုင်း ဂုဏ်ယူလောက်သည့် သားယောကျ်ားလေးမျိုး ဖြစ်သည်။ သားယောကျ်ားလေး မွေးသည့် အထိမ်းအမှတ် အဖြစ် ညတွင် ကောင်းကင်သို့ မီးရှူးမီးပန်းများ ပစ်လွှတ်ရာ မြို့ပေါ်တွင် ကြယ်တွေ ကြွေသကဲ့သို့ ရှိသည်။ ဝတ်ကျောင်းများတွင် မောင်းသံ၊ ခရုသင်းသံတို့ ညံနေသည်။ ဥပရာဇာကလေးကို ရည်စူး၍ ဆင်းရဲသားများကို စတုဒိသာ တည်ခင်း ကျွေးမွေးသည်။ ထို မရှိဆင်းရဲသားများထဲတွင် အက်ရှ် ခေါ် အရော့နှင့် သူ့မွေးစား အမေ ပန်းသည်မ သီတာတို့လည်း ပါသည်။

ပါမောက္ခ ဟီလာရီနှင့် အစ္စဘယ်တို့၏ ခြောက်နှစ်သား အရွယ် အက်ရှ် ခေါ် အရော့သည် ဟလဝါနှင့် ဂျလေဘီတို့ကို အဝ စားပြီးနောက် သူငယ်ချင်းများနှင့် မီးပန်းတွေ၊ ဗြောက်အိုးတွေ ပစ်ဖောက်ရင်း စော်ဘွားတွင် နေ့တိုင်း သားတစ်ယောက် မွေးနေလျှင် ကောင်းလေစွဟု အောက်မေ့မိသည်။

အက်ရှ်တွင် စိတ်ညစ်စရာ ဆို၍ ဘာမျှ မရှိ။ သူ့မွေးစား အမေ သီတာက ရှာဖွေကျွေးသည့် ထမင်းမှာ လူတန်းစေ့ရုံလောက်သာ ရှိသည်မှာ မှန်သည်။ ငြင်းစရာ မရှိ။ အချို အချဉ် စားချင်လျှင် သူငယ်ချင်းများနှင့်အတူ ဈေးထဲက မုန့်ဆိုင်သို့ သွား၍ အလစ်ဆွဲတတ်သည်။

အက်ရှ် ခေါ် အရော့က သန်မာ၍ အကြီးမြန်သည်။ သူ့အသက်နှင့် စာလျှင် အလုံးအရပ် ထွားသည်။ မျောက်တစ်ကောင်လို လျင်မြန် ဖျတ်လတ်သည်။ ဆင်းရဲသားတို့သာ စားလေ့ရှိသည့် ဂျုံကြမ်းကို စားရသဖြင့် သူ့ခန္ဓာကိုယ်သည် အဆီ မရှိဘဲ အသားတို့ဖြင့် ကျစ်လျစ်နေသည်။ သူငယ်ချင်းများနှင့် လိုက်တမ်းပြေးတမ်း ကစားခြင်း၊ ကျောင်းခေါင်မိုးများပေါ်တွင် လိုက်တမ်းပြေးတမ်း ကစားခြင်း၊ သစ်သီး ချိုချဉ် စသည်တို့ကို အလစ်ဆွဲရာတွင် လိုက်ဖမ်းသဖြင့် အပြေးအလွှား ထွက်ပြေးရခြင်း စသည်တို့ကြောင့် သူ့ ကြွက်သားများသည် သန်မာ တောင့်တင်းလျက် ရှိကာ ခြေနတ် ခြေသိမ်းမြန်သည့် အကျင့်ကို ရနေလေပြီ။

ကမ္ဘာ တစ်ခြမ်းတွင် ရှိသော ဝိတိုရိယ လက်ထက် အင်္ဂလန်ပြည် အထက်တန်းနှင့် လူလတ်တန်းစား အိမ်ထောင်များတွင်မူ အသက် ငါးနှစ် ခြောက်နှစ်ရွယ် ဆိုသည်မှာ အေ ဘီ စီ ဒီ သင်ကောင်းတုန်း။ ဆရာမများ၏ ကြီးကြပ်မှု အောက်တွင် ရောင်စုံ ဘလောက်တုံးကလေးတွေ၊ ကွင်းကလေးတွေဖြင့် ကစား၍ ကောင်းတုန်း။ သို့တိုင် သတ္တုတွင်းများ၊ စက်ရုံများ၊ လယ်တောများတွင်မူ ဆင်းရဲသား သားသမီးများမှာ မိဘများနှင့်အတူ ရုန်းကန်ရသည့် နည်းတူ ဂူးလ်ကုတ် ပြည်နယ်တွင် အက်ရှ်သည်လည်း ကိုယ့်ဝမ်းစာ ကိုယ်ရှာစားရသည့် သူငယ်လေး တစ်ယောက် ဖြစ်နေလေပြီ။

ဗိဿနိုး ဘုရား ဝတ်ကျောင်းနားတွင် နေသည့် မြေပိုင်ရှင် ဒွန်နီချန်း၏ မြင်းဇောင်းတွင် မြင်းထိန်း ဝင်လုပ်သည့် အချိန်၌ အက်ရှ်သည် အသက် ခြောက်နှစ်ခွဲမျှသာ ရှိသေးသည်။

ဒွန်နီချန်းသည် မြင်းတွေ အများကြီး မွေးထားသည်။ ထိုမြင်းများဖြင့် တောသို့ သွားကာ လယ်တွေကို လှျောက်ကြည့်သည်။ မြစ်ကမ်းဘေးက ဖုန်းဆိုးများတွင်



www.burmeseclassic.com

www.burmeseclassic.com



တောလိုက်လေ့ ရှိသည်။ အက်ရှ်၏ တာဝန်မှာ ထိုမြင်းများ ပြန်လာလျှင် ရေတိုက်ရသည်။ အစာ ကျွေးရသည်။ မြင်းကို ကကြိုး ဆင်ပေးရသည်။ မြက်ရိတ်ခြင်း၊ မြင်းမွေး ညှပ်ခြင်း စသည့် ကိစ္စများတွင် လူကြီးများကို ကူညီရသဖြင့် အလုပ်က ပင်ပန်းသလောက် အခက နည်းသည်။

သို့ရာတွင် အက်ရှ်သည် သူ့ မွေးစား အဖေ (သူကိုယ်တိုင်ကမူ တကယ့်အဖေ ထင်နေသည်။) ဒါယာရန်းနှင့် အတူ ငယ်စဉ်က မြင်းတွေ ကြားထဲတွင် နေခဲ့ရသဖြင့် မြင်းတွေနှင့် ကျွမ်းဝင် ရင်းနှီးပြီးသား ဖြစ်နေလေပြီ။ အက်ရှ်သည် မြင်းတွေနှင့် နေရသည်ကို ပျော်ရုံမက လုပ်ခကလေး တစ်မူး တစ်ပဲ ရသည့် အတွက်လည်း ကျေနပ်ကာ သူ့ကိုယ်သူ အဟုတ် ထင်နေသည်။ မိမိသည် ကိုယ့်လုပ်အားဖြင့် ကိုယ် ဝင်ငွေ ရအောင် ရှာနိုင်ပြီ မဟုတ်လော။ သူ့အဖို့မူ အဆင့်အတန်း မြင့်မားလာခြင်းပင် မဟုတ်လော။

တစ်နေ့တွင် သီတာ ပြောသည့် တောင်ခြေ ချိုင့်ဝှမ်း လွင်ပြင်သို့ သွားလျှင် သူသည် မြင်းထိန်း ဆိုက်ကုလား လုပ်၍ သီတာကို ရှာကျွေးမည်ဟု ပြောနေလေပြီ။ သူတို့အထဲတွင် အကြီးအကဲ ဖြစ်သည့် မြင်းထိန်း ဆိုက်ကုလားခေါင်း မာမက် ရှရစ်မှာ တစ်လလျှင် ဆယ့်နှစ်ကျပ် ရသည်။ ထိုအထဲတွင် မြင်းစာတို့ ဘာတို့ ဝယ်လျှင် တစ်ကျပ်ကို ကော်မရှင် တစ်ပဲ ရသေးသည်။ ထိုငွေကလည်း လခလောက် စည်သည်။

အက်ရှ်က ခပ်ကြွားကြွားဖြင့်

'ကျွန်တော်သာ ဆိုက်ကုလားခေါင်း ဖြစ်ရင် အိမ် အကြီးကြီးနှင့် နေမယ်၊ ထမင်းချက်တွေလည်း ငှားထားမယ်၊ အဲဒီအခါကျရင် အမေ အလုပ် လုပ်ရတော့မှာ မဟုတ်ပါဘူး အမေရယ်'

သူ ပြောသည့် အတိုင်း လုပ်ဖို့ အခွင့်အလမ်းလည်း ရခဲ့သည်။ မာမက် ရှရစ်သည် အက်ရှ်ကို မြင်သည့် အခါတွင် မြင်းစီးကောင်း တစ်ယောက် ဖြစ်နိုင်သည်ကို ချက်ချင်း သတိပြုလိုက်မိသည့် အတွက် သူ့တာဝန်များကို ယူစေကာ မြင်းကောင်းကောင်း စီးတတ်အောင် သင်ပေး၏။ ထိုနှစ်က ဒွန်နီချန်း၏ မြင်းဇောင်းတွင် နေခဲ့ရသည့် ရက်များကို အက်ရှ် မမေ့နိုင်။ သို့ရာတွင် ကံတရား ဆိုသည် ပြောရခက်သည်။ မမျှော်လင့်သည့် အဖြစ်အပျက် တစ်ခုကြောင့် အက်ရှ် တစ်ယောက် ဆိုက်ကုလားခေါင်း လုပ်ရန် အကြံသည် ပျက်စီး သွားခဲ့ရသည်။

သူတို့ရောက်ပြီး သုံးနှစ်ကြာသည့် ဧပြီလ တစ်မနက်၌ ဝူးလ်ကုတ် ပြည်နယ်၏ အိမ်ရှေ့ ဥပရာဇာ ကိုယ်တော်လေး လာလာဂျီသည် ဗိသနိုး ဝတ်ကျောင်းတွင် ဝတ်ပြုရန် အတွက် မြို့ထဲသို့ မြင်းဖြင့် လှည့်လာခဲ့၏။ ချန္ဒီဈေးနှင့် ပန်းတင်းတန်း လမ်းထောင့်သို့ ရောက်သည့် အခါတွင် ထိုလမ်းထောင့်တွင် ရှိသည့် ချားဗတ်ရေး မြို့တံခါးကြီးကို ဖြတ်လာခဲ့သည်။ ဥပရာဇာ ရောက်မလာမီ တံခါးမုခ်မှ ကျောက်တုံးကြီး တစ်တုံးသည် ပြုတ်၍ ကျလာကာ လမ်းမတွင် ကန့်လန့်ကြီး ဖြစ်နေသည်။

အက်ရှ်သည် လမ်းဘေး တစ်ဖက် တစ်ချက်တွင် ရပ်နေသည့် လူအုပ်ကြီး ရှေ့တန်းတွင် ရပ်၍ ကြည့်နေ၏။ အက်ရှ်သည် လူကြီးတွေ ခြေထောက်တွေ ကြားထဲမှ အတင်း တိုးဝှေ့ကာ လာစဉ် ကျောက်တုံးကြီး ပြုတ်ကျလာသည်ကို ရုတ်တရက် မြင်လိုက်ရသည်။ ထိုစဉ် အိမ်ရှေ့ ဥပရာဇာ၏ မြင်းသည် မုခ်ဦးအောက်မှ ထွက်လာသည်။ အက်ရှ်သည် ဘာမှ စဉ်းစားမနေနိုင်ဘဲ (စဉ်းစားချိန်လည်း မရပါ။) ဥပရာဇာ စီးသည့် မြင်းဇက်ကြိုးကို ခုန်၍ လှမ်းကိုင်လိုက်ပြီး လန့်ဖျပ်နေသည့် မြင်းကို အတင်း ဆွဲထားသည်။ ထိုစဉ် မြင်းရှေ့သို့ ကျောက်တုံးကြီး ဝုန်းခနဲ ကျလာကာ ပတတ်ရပ်နေသော မြင်းကြီး အောက်တွင် ကျောက်တုံးတွေ အစိတ်စိတ် အမွှာမွှာ ဖြစ်နေသည်။

အက်ရှ်နှင့် တကွ မြင်းကြီးရော ပရိသတ် အချို့ပါ ကျောက်တုံး ကျောက်စတွေ မှန်သဖြင့် ဒဏ်ရာ ရကုန်ကြသည်။ သွေးတွေ သွေးတွေ။ ဖုန်ထူသည့် လမ်းမပေါ်မှာ။ ပရိသတ်များတွင် ဝတ်ထားသည့် အဝတ်အစား ပြောင်ပြောင်လက်လက်တွေပေါ်မှာ။ မြင်းတွင် ဆင်ထားသည့် ကကြိုးတန်ဆာတွေပေါ်မှာ။ သွေးတွေ မြင်၍ မကောင်းတော့။

လာကြည့်သည့် ပရိသတ်မှာလည်း အော်သူ အော်၊ ပြေးသူ ပြေး၊ လဲသူ လဲ၊ ကွဲသူ ကွဲ ဖြစ်ကုန်ကြသည်။ အကယ်၍ အက်ရှ်ကသာ မြင်းခေါင်းကို ကိုင်ပြီး ပွတ်သပ် ချော့မော့ခြင်း မပြုလျှင် အသံနှင့် လူအုပ်ကြောင့် လန့်ဖျပ်နေသော မြင်းသည် လူတွေကို လျှောက်နင်းတော့မည်မှာ သေချာသည်။

ထိုသို့ ဖြစ်နေစဉ် မှင်တက်မိနေသော အစေခံ တစ်ယောက်က သတိ ပြန်ရလာကာ အတင်း ပြေးလာပြီး သူ့လက်ထဲမှ ကြိုးကို ဆွဲယူလိုက်၏။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ ဥပရာဇာကလေး အနားသို့ တိုးကာ သူ့ကို ကိုယ်လုံးဖြင့် တိုက်ပစ်သည်။ ဤတွင် လူအုပ်ကြီးက ဝိုင်းအုံလာကာ တစ်ယောက်တစ်ပေါက် မေးမြန်း ပြော ဆို နေကြသည်တွင် အစောင့် တစ်ယောက်က လူအုပ် ကြီးကို တုတ်ဖြင့် ရိုက်၍ နောက်သို့ အဆုတ်ခိုင်းပြီး အပေါ်မှ တံခါးမုခ်ကြီးကို တအံ့တသြဖြင့် ငေးကြည့် နေသည်။ မုတ်ဆိတ်တွေ ဖြူနေသည့် မြင်းစီး ကိုယ်ရံ တော် တစ်ယောက်က အက်ရှ်ကို ဒင်္ဂါး တစ်ပြား လှမ်း ပစ်ပေးလိုက်ပြီး (သူ ပေးလိုက်သည့် ဒင်္ဂါးမှာ မိုဟား ရွှေဒင်္ဂါး တစ်ပြား ဖြစ်သည်။) ...

'ကောင်လေး ကောင်းတယ်၊ အားကြီး သတ္တိ ကောင်းတယ်၊ ရှားဘားစ်' ဟု လှမ်းအော်သည်။

မည်သူမျှ ကြီးကြီးကျယ်ကျယ် ဒဏ်ရာ မရ ကြောင်းကို သိလိုက်သည့် အခါတွင် လူအုပ်ကြီးက လည်း 'ဟုတ်တယ်၊ ဟုတ်တယ်' ဟု အော်ကြသည်။ ဥပရာဇာနှင့် အခြွေအရံများသည် ဝတ်ကျောင်းသို့ ဆက် သွားကြ၏။ လူအုပ်ကြီးကလည်း နောက်မှ ကောင်းချီး သြဘာပေး၍ လိုက်လာကြသည်။

အိမ်ရှေ့ ဥပရာဇာ ကိုယ်တော်လေးသည် ခါး ကို မတ်၍ မြင်းကို ဆက်စီး လာရသော်လည်း သူ့ လက်များသည် တုန်ယင်နေကြသည်။ သို့တိုင် မြင်းကို ကျွင်လည်စွာ ကိုင်တွယ် စီးသွားသည်ကို တွေ့ရသဖြင့် လူထုကလည်း သူတို့ အိမ်ရှေ့ ဥပရာဇာ အတွက် ဂုဏ် ယူကြသည်။ သို့ရာတွင် စိန်ရွှေ ရတနာတွေ စီခြယ် ထားသည့် မကိုဋ်အောက်တွင် ရှိသည့် မျက်နှာနုနု ကလေးမှာ တင်းမာ ထိတ်လန့်လျက် ရှိကာ ဖြူဖပ်ဖြူရော် ဖြစ်နေလေပြီ။

ထိုသို့ စီးလာရင်းလည်း အိမ်ရှေ့ဥပရာဇာ ကိုယ် တော်လေးသည် သူ့မြင်းခေါင်းပေါ်သို့ ကျောက်တုံးကြီး ကျအောင် မြင်း၏ ဇက်ကို အတင်း တုံ့ဆွဲလိုက်သည့် သူငယ်ကလေးကို ရှာဖွေလျက် ရှိသည်။

အက်ရှ် မင်းခမ်းမင်းနားကို မြင်နိုင်အောင်ဟု ဆိုကာ လူတစ်ယောက်က အက်ရှ်ကို ပခုံးပေါ်သို့ တင် ၍ မြှောက်ပြသည်။ ထိုစဉ် အက်ရှ်နှင့် အိမ်ရှေ့ ဥပရာဇာ ကိုယ်တော်လေးတို့သည် မျက်လုံးချင်း ဆုံမိကြသည်။ ကြောက်လန့်နေသော ကိုယ်တော်လေး၏ နက်မှောင် သော မျက်လုံးများသည် ဒွန်နီချန်း၏ မြင်းဇောင်းမှ ဆိုက်ကုလားကလေး အက်ရှ်၏ ပြာလဲ့လဲ့ မျက်လုံးများ နှင့် ဆိုင်မိကြသည်။

တစ်မိနစ်လောက် အကြာတွင် လူအုပ်ကြီးများ ထူထပ်လာသဖြင့် သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် မမြင်ရတော့။ ပန်းတင်းတန်း လမ်းထိပ် သို့ ရောက်သည့် အခါတွင် ဥပရာဇာနှင့် နောက်လိုက် နောက်ပါတို့လည်း ကွေ့သွားကြသဖြင့် နောက်ထပ် မမြင်ရတော့။

သီတာသည် သူ့သား အရော့ ခေါ် အက်ရှ် ရွှေ ဒင်္ဂါး တစ်ပြား ရလာသည့် အတွက် ဂုဏ်လည်း ယူ သည်။ ပျော်လည်း ပျော်သည်။ သူ့သား သတ္တိကောင်း ပုံကို ကြားရသည့် အတွက်လည်း ကျေနပ်သည်။ သူတို့ နှစ်ယောက်သည် ရွှေသည် ဘဂဝန်လားလ်ထံသို့ သွား ကာ သီတာ ဝတ်ရန် ငွေထည် လက်ဝတ်လက်စားများကို ဝယ်ကြ၏။ ပိုက်ဆံ အသုံးလိုလျှင် ထိုပစ္စည်းများကို ထု ခွဲ ရောင်းချရန် ဖြစ်သည်။ သို့ဖြင့် အိမ်နီးနားချင်းများက ချီးကျူးကြခြင်း၊ ဝမ်းသာစကား ပြောခြင်းတို့ကို ကြား ပြီးနောက် ထိုကိစ္စကို မေ့မေ့ပျောက်ပျောက် နေလိုက် ကြ၏။

သို့ရာတွင် နောက်တစ်နေ့ မနက်တွင်မူ ဟော် နန်းမှ ခပ်ဝဝ အရာရှိ တစ်ဦး ဆိုက်ကုလားခေါင်း ဒွန်နီ ချန်း အိမ်သို့ ရောက်လာကာ ဤဇောင်းတွင် အလုပ် လုပ်သည့် ဆိုက်ကုလား သူငယ်ကလေးကို ဥပရာဇာက အခေါ် လွှတ်လိုက်ကြောင်း၊ ဟော်နန်းတွင် သူ့အတွက် နေရာထိုင်ခင်း ပေးထားမည် ဖြစ်ကြောင်း၊ ဟော်နန်း တွင် အလုပ် တစ်ခုလည်း ပေးထားမည် ဖြစ်ကြောင်း ခံ့ညားစွာ ပြောဆိုသည်။

အက်ရှ်က စိတ်ပျက်လက်ပျက်ဖြင့်

'ဟင့်အင်း၊ ကျွန်တော် မလိုက်ချင်ဘူးဗျ၊ ကျွန် တော် အမေ့ကို တစ်ယောက်တည်း ထားခဲ့လို့ ဘယ် ဖြစ်မလဲ၊ အမေကလည်း ထည့်မှာ မဟုတ်ဘူး၊ ပြီး တော့...'

စကားကို ဆုံးအောင် မပြောလိုက်ရ။ ဟော်နန်း မှ အရာရှိက

'မင်းအမေ ထည့်တာ မထည့်တာက အရေး မကြီးပါဘူး၊ အိမ်ရှေ့ ဥပရာဇာ ကိုယ်တော်လေးရဲ့ အမိန့် ပါတယ်၊ လိုက်ခဲ့ရမယ်၊ ကဲ အချိန် မရှိဘူး၊ ရေမိုး ချိုး အဝတ်အစားလဲ၊ ဒီလို စုတ်စုတ်ပြတ်ပြတ်နှင့် မလိုက် ခဲ့နှင့်'

သူ့အဖို့ အမိန့် နာခံရုံမှ အပ အခြား ဘာမှ လုပ် စရာ မရှိတော့။ သူတို့သည် အက်ရှ်ကို သူ နေသည်



www.burmeseclassic.com

www.burmeseclassic.com



သစ်သီးသည်၏ အိမ်သို့ ပြန်ခေါ်လာကြကာ သူ၏ တစ်ထည်တည်းသော အဝတ်သစ်ကို အလဲခိုင်းကြ၏။ အက်ရှ်က ဝမ်းပန်းတနည်း ဖြစ်နေသော သီတာကို နှစ်သိမ့်သည့် အနေဖြင့် စိတ်မပူဖို့ အကြောင်း၊ မကြာမီ ရောက်အောင် ပြန်လာခဲ့မည် ဖြစ်ကြောင်းဖြင့် ပြောသည်။

'မငိုပါနှင့် အမေ၊ ဘာငိုစရာ ရှိသလဲ၊ ကျွန်တော် ဒီမှာပဲ နေချင်တယ်လို့ ကိုယ်တော်လေးကို ပြောမှာပေါ့၊ သူ့ကို ဘာမှ မဖြစ်အောင် ကာကွယ်တဲ့ အတွက် ကျွန်တော့်ကို ချီးမြှောက်ချင်တယ် ဆိုရင် ကျွန်တော့်ကို ခုလက်ရှိ နေရာကလေးကိုပဲ ပြန်ခွင့်ပေးပါလို့ ပြောမှာပေါ့၊ ကြည့်ပါ အမေ၊ ကျွန်တော်မှ မနေချင်တာ၊ သူတို့ ကျွန်တော့်ကို ဘယ့်နှယ်လုပ် ထားလို့ ရမှာလဲ'

အက်ရှ်သည် ဤယုံကြည်ချက်ဖြင့် သူ့အမေကို ပွေ့ဖက် နှုတ်ဆက်ပြီးနောက် ဟော်နန်းမှ အခြွေအရံများနှင့် အတူ ဂူးလ်ကုတ် စော်ဘွား၏ ဟော်နန်းသို့ လိုက်ပါ သွားလေသတည်း။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၄

လေညင်းသာ ဟော်နန်းသည် တောင်ကုန်း မြင့်မြင့်ကြီး ပေါ်တွင် ရှိ၏။ ဟော်နန်းသို့ တက်သည့် လှေကားကြီးက မတ်စောက်သည့် နှမ်းဖတ်ကျောက်သား လှေကားကြီး။ အစဉ်အဆက် ဆင်တွေ၊ မြင်းတွေ၊ လူတွေ သွားခဲ့ကြပြီ ဖြစ်သဖြင့် အချို့ ကျောက်သားများမှာ ချိုင့်ခွက်နေကြ လေပြီ။ ဥပရာဇာ အခြွေအရံများ၏ နောက်မှ လိုက် လာသော အက်ရှ်၏ ခြေထောက် များတွင် ဖိနပ်မပါ။ ကျောက်တုံးကြီးများက အေးစက်နေသည်။ ရှေ့က မိုး ထိ မြင့်လုနီးသော ကျောက်ဆောင် တံတိုင်းကြီးကို မြင် လိုက်ရသဖြင့် အက်ရှ် ရုတ်တရက် လန့်သွားသည်။

သည်လို တံတိုင်းတွေ အထပ်ထပ် ကာထား သည့် ခံတပ်ကြီးထဲတွင် သူ မနေချင်။ အလုပ်လည်း မလုပ်ချင်။ သူငယ်ချင်းတွေ ရှိရာ မြို့ထဲတွင် နေချင် သည်။ ဒွန်နီချန်း၏ မြင်းများကို ကျောင်းချင်သည်။ မြင်းထိန်း ဆိုက်ကုလားခေါင်း မာမက် ရှရစ်ထံမှ အသိ ပညာတို့ကိုလည်း ဆည်းပူးချင်သည်။

လေညင်းသာ ခေါ် ဟဝါးမဟာသည် ညိုမှောင် မှိုင်းညို့လျက် အန္တရာယ် များသည့် အသွင်ကို ဆောင် နေသည်။ ရာဇာတံခါးဟု ခေါ်သော တံခါးမကြီးမှ ဝင် လာသည့် အခါတွင်လည်း ထို့အတူ။ ထုထဲလှသော သံ တံခါးကြီး ပွင့်သွားသည်နှင့် တံခါး နောက်ကွယ်တွင် အမှောင်ထုသည် ကြီးစိုး မင်းမူလျက်။ ထိုအမှောင်ထဲမှ ကျောက်တုံး နံရံ နောက်ကွယ်တွင် တူမီး သေနတ်ကြီး များနှင့် ဓားရှည်ကြီးတွေကို ကိုင်ထားသည့် အစောင့် များကို ခပ်ရေးရေး မြင်ရသည်။

ဟော်နန်းထဲသို့ ဝင်သည့် လမ်းသည် ကျောက် တုံးဖြင့် ဆောက်ထားသည့် လေသာဆောင်ကြီး တစ်ခု အောက်မှ ဖြတ်သွားသည်။ ထိုကျောက်တုံး လေသာ ဆောင်ကြီးပေါ်တွင် အောက်သို့ ချိန်ထားသည့် 'ကြေး အမြောက်ဝကြီးများကို မြင်ရသည်။ ဥမင် တစ်ခုထဲသို့ ဝင်လိုက်သည့်အခါတွင် ဓားနှင့် တိခနဲ ဖြတ်ချလိုက် သကဲ့သို့ နေရောင်သည် ချက်ချင်း ပျောက်ကွယ်သွား သည်။ မည်းမှောင်နေသည့် ဥမင်နံရံ တစ်ဖက်တစ်ချက် တွင် အစောင့်များ၏ အခန်းများ၊ ရုပ်တုများ ထားသည့် အခန်းကလေးများသည် ပျားအုံ တစ်အုံမှ ပျားအိမ်များ သဖွယ် ဖြစ်နေသည်။

ပူနွေးသည့် နေခြည်ထဲမှ အေးစက်သည့် အမှောင် ထဲသို့ ရုတ်တရက် ရောက်သွားခြင်း၊ ဥမင် အမိုးခုံးကြီး အောက်တွင် ပုံ့တင်သံ ပါနေခြင်းတို့ကြောင့် အက်ရှ်မှာ ပို၍ပင် စိတ် မသက်မသာ ဖြစ်လာခဲ့လေပြီ။ နောက်သို့ သမင်လည်ပြန် ကြည့်လိုက်သည့် အခါတွင် ဘောင်ခတ် သကဲ့သို့ ဖြစ်နေသော ဥမင်ဝတွင် ပေါ်လာသည့် နေ ရောင်ခြည်နှင့် နှင်းမြူအောက်က ဂူးလ်ကုတ်မြို့ကို လှမ်း မြင်နေရလေသည်။

အက်ရှ်သည် နေရောင်ခြည်တွင် စိတ်အေးချမ်း သာ လဲလျောင်းနေသည့် ဂူးလ်ကုတ် မြို့ကြီးကို ကြည့် ရင်း ဤဥမင်ကြီးထဲမှ အမြန်ဆုံး ထွက်ပြေးချင်စိတ် ပေါက်လာသည်။ သူ့စိတ်ထဲတွင် ဘယ်တော့မှ လွတ် မြောက်နိုင်တော့မည် မဟုတ်သော အကျဉ်းထောင်ကြီး တစ်ခုထဲသို့ ဝင်လာရသည့်နှယ် ထင်မိသည်။ ယခု ချက်ချင်း ထွက်ပြေးခြင်း မပြုလျှင် သူ့တွင် လွတ်လပ်မှု၊ ပျော်ရွှင်မှုနှင့် မိတ်ဆွေ သူငယ်ချင်းများ ဆုံးရှုံးတော့ မည်။ မြို့ထဲက အိုးဆိုင်ရှေ့တွင် ချိတ်ထားသည့် လှောင် အိမ်ထဲက သာလိကာလို သံတိုင်တွေ နောက်ကွယ်တွင် ဘဝ တစ်ခုလုံး ကုန်ဆုံးရတော့မည်ဟု သူ့ စိတ်ထဲတွင် ထင်နေသည်။

အက်ရှ်သည် ထိုအတွေးကို တွေးလိုက်မိသည် နှင့် တစ်ကိုယ်လုံး တုန်သွား၏။ သို့ရာတွင် ထွက်ပြေး ဖို့ ဆိုသည်မှာ မလွယ်။ လမ်းတွင် အစောင့်တွေ တသီ ကြီး ရှိသည်။ သူတို့လက်မှ လွတ်အောင် ပြေးနိုင်ဖွယ်



www.burmeseclassic.com

www.burmeseclassic.com



မရှိ။ ထွက်ပြေးပြီးမှ ပြန်မိသွားပြီး သူတို့ခေါ်သည့် အတိုင်း ပော်နန်းသို့ မလိုက်ချင် လိုက်ချင်နှင့် လိုက်လာရသည် ဆိုလျှင်လည်း ရှက်စရာ။ ထို့ပြင် သူကိုယ်တိုင်ကလည်း ဟပါးမဟာ ခေါ် လေညင်းသာ ပော်နန်းကို ကြည့်ဖူး မြင်ဖူးချင်သေးသည်။ ပော်နန်းတွင်းသို့ ရောက်ဖူးပြီ ဆိုလျှင် ပော်နန်းကြီး မည်မျှ ကြီးကျယ်ကြောင်း၊ ခမ်းနားကြောင်းကို သူ့ သူငယ်ချင်းများထံ ကြွားရဦးမည်။

သို့ရာတွင် ပော်နန်းကြီးထဲမှာ ဥပရာဇာ၏ အပါးတွင် အလုပ် လုပ်ရမည် ဆိုသည်ကိုမူ ခေါင်းထဲတွင် နည်းနည်းလေးမျှ ထည့်၍ပင် စဉ်းစားခြင်း မရှိ။ သူ့ကို အတင်းအကျပ် လုပ်၍ ရသည်ဟု သူတို့ထင်လျှင်မူ တက်တက်စင်အောင် လွဲလိမ့်မည်။ သူတို့ခိုင်းလျှင် မိမိသည် မြို့ရိုး တံတိုင်းကြီးများကို ကျော်၍ မြို့ထဲသို့ ပြန်ပြေးမည်။ မြို့ထဲ ရောက်အောင် လိုက်လာသည် ဆိုလျှင် အမေ သီတာကို ခေါ်ကာ သည်နယ်မှ ထွက်ပြေးကြမည်။ ကမ္ဘာကြီးသည် အကျယ်ကြီး။ ဟိုးအဝေးက တောင်ကြားတွေထဲတွင် အမေ သီတာ ပြောသည့် သူတို့နေရာကလေး၊ သူတို့ရွာကလေး ရှိသည် မဟုတ်လော။ ထိုနေရာကလေးတွင် သူတို့နှစ်ယောက် အေးချမ်း လုံခြုံစွာ သေတပန် သက်တဆုံး နေနိုင်သည်။

ဥမင်သည် လက်ယာဘက်သို့ တည့်တည့်ကြီး ချိုးကွေ့လိုက်၏။ ထိုဥမင်မှ ထွက်လိုက်သည့် အခါတွင် ကွက်လပ်ကလေး တစ်ခု ရှိပြီး ထိုကွက်လပ်ထဲတွင် စောစောကထက် အရေအတွက် များသော အစောင့်များနှင့် ကြေးအမြောက်ကြီးများကို တွေ့ရပြန်သည်။ ထိုကွက်လပ် အဆုံးတွင် ဝင်းတံခါးကြီး တစ်ခု ရှိပြီး ထိုဝင်း တံခါးနောက် ဆင်ကျုံးထဲ၌ စော်ဘွား၏ ဆင်နှစ်ကောင်သည် သစ်ပင်ကြီး တစ်ပင် အောက်တွင် ထူးခတ်လျက်သား ရပ်နေကြပြီး မိန်းမ တစ်ကျိပ်ခန့်သည် ဆူညံစွာ စကား ပြောဆိုလျက် ရှိကာ ကျောက်ကန်ကြီး တစ်ခုထဲမှ နက်မှောင် စိမ်းပြာနေသော ရေထဲတွင် အဝတ်များကို လျှော်ဖွပ်လျက် ရှိကြ၏။

ထိုကျုံးကို လွန်လျှင်မူ ပော်နန်းမကြီးသို့ ရောက်လေပြီ။ လုပ ခိုင်ခံ့စွာ တည်ဆောက်ထားသော နံရံကြီးများ၊ သူရဲခိုများ၊ ပန္နင်များ၊ ရင်တားများ၊ လသာဆောင်များ၊ လေသာ ပြတင်းများ၊ အပြောက်အမွမ်းတို့ဖြင့် ထုလုပ်ထားသော ခန်းဆောင်ကြီးများ၊ ပြာသာဒ်များ စသည်တို့ဖြင့် ပော်ကြီးမှာ အံ့မခန်း ရှိ၏။ သို့ရာတွင် အပြင် တံတိုင်းကြီး ကာ၍ နေသည့် အတွက် ပော်နန်းကို တောင်အောက်ရှိ ဂူးလ်ကုတ် မြို့ထဲမှ မမြင်ရ။

လေညင်းသာ ပော်နန်း ခေါ် ဟပါးမဟာ ခံတပ်ကြီးသည် သက်တမ်း ဘယ်လောက် ရှိပြီ ဆိုသည်ကို မည်သူမျှ မပြောနိုင်။ ဒဏ္ဍာရီများ အဆိုအရမူ ဆီကန်ဒါဒူးလ်ခန် ခေါ် မဟာ အယ်လက်စန္ဒာ ဘုရင်ကြီးသည် အိန္ဒိယပြည်ကို မြောက်ဘက်မှ ဝင်ရောက် တိုက်ခိုက်ခဲ့စဉ် သူ့စစ်တပ်များသည် ဤခံတပ်ကြီးကို ပေါက်အောင် မတိုက်နိုင်ခဲ့ကြဟု အဆိုရှိသည်။ မည်သို့ရှိစေ ပော်နန်းနှင့် ခံတပ်ကြီး၏ အဓိက အပိုင်းများကိုမူ ဆယ့်ငါးရာစုနှစ် အစလောက်တုန်းက တောပုန်းဗိုလ်ကြီး တစ်ဦးက ဆောက်ခဲ့ခြင်း ဖြစ်သည်။

တောပုန်း ဓားပြဗိုလ်ကြီးနှင့် သူ့နောက်လိုက်များသည် ထိုခံတပ်ကြီးကို အခိုင်အမာ ဆောက်ခဲ့ကြပြီးနောက် မြစ်တစ်ဖက်ကို ကူးကာ လွင်ပြင်ရှိ မြို့များ၊ ရွာများကို လုယက် တိုက်ခိုက်ခဲ့ကြပြီးနောက် အရေးကြုံလျှင် ထိုခံတပ်ကြီးဆီသို့ ပြန်၍ ဆုတ်ခွာ ပုန်းအောင်းခဲ့ကြသည်။ ထို့ကြောင့် ထိုခေတ်က ထိုခံတပ်ကြီးကို ကလကိလ (ခံတပ်နက်) ဟု အမည် တွင်ခဲ့သည်။

ခံတပ်နက်ဟု ခေါ်ခြင်းမှာ ခံတပ်ကြီး၏ အရောင်က မည်းနက်နေခြင်းကြောင့် မဟုတ်။ စင်စစ် ထိုခံတပ် တံတိုင်းကြီးကို ဆောက်သည့် ကျောက်တုံးများ၏ အရောင်မှာ ခံတပ်ကြီး တည်ရာ ကျောက်တောင်ကြီးမှ ထွက်သည့် အပြာရောင် ကျောက်တုံးကြီးများ ဖြစ်၏။ ခံတပ်နက်ဟု ခေါ်ခြင်းမှာ ကျောက်တုံးများကြောင့် ခေါ်ခြင်း မဟုတ်ဘဲ မည်းမှောင်သည့် ဂုဏ်သတင်းကြောင့်သာ ဖြစ်သည်။

ထို့နောက် ရတ်ဂျပွတ်နွယ် လူဆိုး တစ်ဦးက ထိုခံတပ်ကို တိုက်ခိုက် သိမ်းပိုက်လိုက်ပြီးလျှင် ထပ်မံပြင်ဆင်ခဲ့သည်။ သူ့သားက ခံတပ်အောက် တောင်ခြေရင်းတွင် ရှိသည့် ဂူးလ်ကုတ်မြို့ကို တံတိုင်းနှင့် တည်ဆောက်ခဲ့ကာ ပထမဆုံးသော ဂူးလ်ကုတ် မဟာရာဇာ စော်ဘွား ဖြစ်လာခဲ့လေသည်။ ထိုစော်ဘွားသည် ကလကိလ မည်သော ခံတပ်နက်ကို ပြန်လည် မွမ်းမံသည်။ အပြောက်အမွမ်း အဆင်တန်ဆာတို့ ထည့်သည်။ ထိုသို့ ပြင်ဆင်ပြီးနောက် မဟာရာဇာ၏ စံနန်း အဖြစ် ပြောင်းလဲလိုက်ကာ အမည်ကိုလည်း ဟပါးမဟာ သို့မဟုတ် လေညင်းသာ ပော်နန်းဟု ပြောင်းခဲ့ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ရှိ ဂူးလ်ကုတ် စော်ဘွားမှာ ခမ်းနားသော ထိုဟော်အိုကြီးထဲရှိ ဝက်ပါလို ရှုပ်ထွေးနေသော ခန်းဆောင်များတွင် စံနေသည်။ ဟော်နန်းရှိ အဆောင်ဆောင် အခန်းခန်းတို့မှာ ကြမ်းပြင်တွင် ပါသျှန်း ကော်ဇောကြီးတွေ အပြည့်ခင်းလျက်။ ရွှေချည် ထိုးထားသည့် မျက်နှာကြက်များကမူ ဟောင်းအိုကာ ဖုန်တွေ တက်နေလေပြီ။ ငွေနားကွပ်ထားသော ကျောက်စိမ်းခွက်များ၊ အလှအပ ပစ္စည်းများတွင် ကျောက်နီများနှင့် နီလာရိုင်းတို့ စီခြယ်ထားသည်ကို တွေ့ရ၏။ ညီလာခံရာ ခန်းမကြီးကို ပွတ်လုံးပန်းခက်တို့ ခြယ်လှယ်ထားသည့် သစ်သားလိုက်ကာများ ဆင်ထားသည်။

ညီလာခံ ခန်းမမှ ထွက်လိုက်လျှင် သစ်သီးများနှင့် နှင်းဆီတို့ ဖူးဝေနေသော ဥယျာဉ် တစ်ခု ရှိ၏။ ထိုဥယျာဉ်ကို ကျော်လျှင် အနောက်ဆောင် ခေါ် မိန်းမဆောင်ရှိသည်။ ထိုအနောက်ဆောင်ထဲမှ အဆောင် တစ်ဆောင်တွင် လက်ရှိ မဟာဒေဝီ ဂျာနူးဘိုင် နေလျက်ရှိပြီး သူ့ပြိုင်ဘက် ဖြစ်သည့် ဖာရင်ဂီ မဟာဒေဝီသည်လည်း ဤအဆောင်မှာပင် နာမကျန်း ဖြစ်ကာ ကွယ်လွန်သွားခဲ့သည်။ (အချို့ကမူ အဆိပ်မိသည်ဟု ပြောကြ၏။)

ဟော်နန်း၏ တောင်ဘက် တောင်ပံရှိ အခန်းများမှာမူ ငယ်ငယ်က လာလာဂျီဟု ခေါ်ခဲ့ကြသော အိမ်ရှေ့ ဥပရာဇာ ကိုယ်တော်လေး၏ အဆောင်များဖြစ်သည်။ ဥပရာဇာ ကိုယ်တော်လေးသည် ခမည်းတော် စော်ဘွားကြီးက ပေးထားသည့် အခြွေအရံများ၊ အရာရှိများ၊ နောက်လိုက် နောက်ပါများနှင့် အတူ ထိုအဆောင်ဘက်တွင် အချိန်ကုန်လေ့ ရှိသည်။

အမှုထမ်းများသည် အက်ရှ်အား လမ်းမြောင်များ၊ ခန်းဆောင်များကို ကျော်ဖြတ်ကာ ဥပရာဇာ၏ ခန်းဆောင်သို့ ခေါ်လာခဲ့ကြ၏။ အခန်းကြီး တစ်ခန်းထဲသို့ ရောက်သည့်အခါတွင် အိမ်ရှေ့ ကိုယ်တော်လေး လာလာဂျီသည် ကတ္တီပါ ထိုင်ခုံကြီး တစ်ခုပေါ်တွင် တင်ပျဉ်ခွေ ထိုင်ရင်း ကတ္တဝါကြီး တစ်ကောင်ကို စလျက်ရှိလေရာ ကတ္တဝါကြီးမှာ အတောင်တွေ ဖွကာ စိတ်ဆိုးနေဟန် ရှိလေ၏။

အိမ်ရှေ့ ဥပရာဇာ ကိုယ်တော်လေး ကိုယ်တွင် မနေ့က တွေ့ခဲ့ရသည့် တောက်ပ ပြိုးပြက်သော အဆင်းတန်ဆာ အဝတ်အစားတို့ မရှိတော့။ ချည်အောင်းဘီ ကျပ်နှင့် ဒူးဆစ် အထိ ရှည်သော အပေါ်ဝတ်ရုံ အင်္ကျီကျပ်တို့ကိုသာ ဝတ်ဆင်ထားသည်။

မနေ့က ဗိုလ်ပုံ ပရိသတ်၏ အလယ် မြင်းဖြူကြီးပေါ်တွင် စီးလိုက်လာသည်နှင့် စာလျှင် ကိုယ်တော်လေး လာလာဂျီသည် များစွာ နုနယ် ငယ်ရွယ်နေသည်ကို တွေ့ရ၏။ ထိုစဉ်က သူ့ကို ကြည့်ရသည်မှာ တကယ့် မင်းသား တစ်ပါး။ အိမ်ရှေ့ ဥပရာဇာ တစ်ဦး။ ကောင်းကင်ပြာရောင် ခေါင်းပေါင်းပေါ်တွင် ဖျိုင်းရုပ် တစ်ကောင်နှင့် စိန်ရင်ထိုး တစ်ခုကို တပ်ထားသည်။ ယခုမူ အိမ်ရှေ့ ဥပရာဇာသည် သူငယ်ကလေး တစ်ယောက်မျှသာ။ ခပ်ပြည့်ပြည့်၊ မျက်နှာဖောင်းဖောင်းနှင့် အက်ရှ်ထက် အသက်နှစ်နှစ် ကြီးသည့်တိုင် နှစ်နှစ်လောက် ငယ်နေသည်ဟု ထင်ရ၏။ ဘာမှ ကြောက်စရာ လန့်စရာ မကောင်း၊ သူလို ကိုယ်လို သူငယ်လေး တစ်ဦးမျှသာ။

အက်ရှ်သည် သူ့ကို မြင်လိုက်သည့် အခါ အကြောက်ပြေသွား၏။ ဥပရာဇာသည်လည်း သူ့လို ကြောက်တတ်သည်သာ။ သူ့လို စိတ်တိုသည်သာ။ ထိုအချက်ကို ခန်းဆောင်ထဲတွင် ပျင်းပျင်းရိရိ အထိန်းတော် လုပ်နေသူများ မသိသည့်တိုင် အက်ရှ် သတိပြုမိသည်။ ထို့ကြောင့် အက်ရှ်သည် တစ်နေ့တွင် ဂူးလ်ကုတ်ပြည်၏ မဟာရာဇာ စော်ဘွား ဖြစ်လာမည့် ထိုသူငယ်ကို ကိုယ်ချင်း စာနာမိသည်။

ပတ်ပတ်လည်တွင် ခစားနေကြရသော အခြွေအရံတို့မှာ ခေါင်းညိတ်ကြသည့်တိုင် စိတ် မပါ့တပါ၊ မင်းတိုင်းကျေမျှသာ ဖြစ်ကြောင်းကိုလည်း အက်ရှ် သတိထားမိသည်။ အမြှောက်အပင့်တို့ဖြင့် ပြောသည့်တိုင် သူတို့အသံက လုပ်ထားရသည့် အသံ။ သူတို့ မျက်နှာများက ခံစားချက် ကင်းကာ ကောက်ကျစ်သည့် အသွင်ကို ဆောင်လျက်။

အက်ရှ်သည် ထိုအခြင်းအရာတို့ကို ကြည့်၍ ထိုသူများကို အလိုလို မုန်းသွားကာ ဥပရာဇာ ကိုယ်တော်လေးဘက် ပါပြီးသား ဖြစ်နေသည်။

အက်ရှ်သည် သူတို့ကို အကဲခတ် ကြည့်၏။ သူတို့ကို ကြည့်ရသည်က ဖော်ဖော်ရွေရွေ ပျူပျူငှာငှာ မရှိ။ လူပုံပန်းတွေက ဝဝဖိုင့်ဖိုင့်၊ အဆီတွေ ရစ်လျက်။ သူတို့ကိုယ် သူတို့ ဘဝင်မြင့်နေသည့် ပုံတွေ။ တစ်ယောက်မှု ရုပ်ချောချော၊ အဝတ်အစားကို သားသားနားနား ဝတ်ထားကာ နားတစ်ဖက်တွင် စိန်နားဆွဲကြီး တစ်ဖက်ကို တွဲလောင်း ဆွဲထားသည်။ ဂူးလ်ကုတ် လမ်းမများ ပေါ်တွင် ကြီးပြင်းလာသည့် တေလေ ကြမ်းပိုးကလေး



www.burmeseclassic.com

www.burmeseclassic.com



ထဲတွင် ဆင်းရဲသား အနံ့နှင့် မြင်းဇောင်းမှ အနံ့များ ပါလာမည်ကို စိုးသည့်နယ် နှာဝကို ရေမွှေးဆွတ်သည့် လက်ကိုင်ပဝါ တစ်ထည်ဖြင့် ပိတ်ထား၏။

အက်ရှ်သည် အဝေးသို့ လှမ်းကြည့်လိုက်ပြီး လျှင် ထုံးတမ်းစဉ်လာအရ လက်နှစ်ဖက်ကို နဖူးပေါ်သို့ တင်၍ အရိုအသေ ပေးလိုက်၏။ အက်ရှ်၏ အကြည့်တွင် စိတ်ဝင်စားသည့် အကြည့်နှင့် ရင်းနှီးသော အကြည့် သည် ပေါ်လျက် ရှိ၏။ ထိုအခါကျမှ ဥပရာဇာ၏ မျက်နှာသည် ကြည်လင်သွားကာ စောစောက စိတ်တိုလျက် ရှိသည့် အမူအရာများသည် ပျောက်ကွယ်သွားသည်။

အိမ်ရှေ့ ဥပရာဇာသည် လက်တစ်ဖက်ဖြင့် ဇော့ ယမ်း ပြလိုက်လျက်

'ကဲ ကဲ ခင်ဗျားတို့ သွားချင် သွားနိုင်ပြီ၊ သူနှင့် နှစ်ယောက်တည်း စကား ပြောနေရစ်မယ်'

နားတစ်ဖက်တွင် စိန်နားပန်ကြီး တွဲလောင်း ဆွဲထားသည့် ရှိုးကျကျ အခြွေအရံက ဥပရာဇာ၏ နား နားသို့ကပ်၍ တစ်စုံတစ်ရာ ပြောလိုက်သည်တွင် ဥပရာဇာ သည် သူ့ကို တွန်းဖယ်လိုက်ပြီး ခပ်ကျယ်ကျယ်ဖြင့်

'ဒီမှာ ဘီဂျူရှန်း၊ ဒီစကားတွေက အလကား စကားတွေဗျ၊ ကျွန်တော့် အသက်ကိုတောင် ကယ်ဆယ် ထားတဲ့သူ တစ်ယောက်က ကျွန်တော့်ကို ဘယ်လို အန္တရာယ် ပေးနိုင်မှာလဲ၊ ပြီးတော့ သူ့မှာ ဘာလက် နက်ပါလို့လဲ၊ သွားကြစမ်းဗျာ၊ မဟုတ်တယုတ်တွေ ပြောမနေကြစမ်းနှင့်'

အခြွေအရံ လူငယ်သည် နောက်သို့ ဆုတ်သွား ကာ ဦးညွှတ်၍ ထွက်သွား၏။ သို့ရာတွင် မျက်နှာက မူ ရှုံ့မဲ့နေသည်။ ဤလို အချိန်မျိုးတွင် ရှုံ့မဲ့ကာ မလို တမာ မျက်နှာထားကို မြင်လိုက်ရသည့် အတွက် အက်ရှ် သည် တအံ့တသြ ဖြစ်နေသည်။ ဘီဂျူရှန်းသည် အငေါက် ခံလိုက်ရသည့် အတွက်လည်း အနည်းငယ် ရက်သွား ဟန် တူ၏။ သူ့ကြောင့် အငေါက်ခံရခြင်း ဖြစ်သည် ဟုလည်း အက်ရှ်ကို အနည်းငယ် အခဲမကျေ ဖြစ်သွား ပုံ ရသည်။ စင်စစ် အက်ရှ်သည် ဘာတစ်လုံးမျှလည်း ပြောရသည် မဟုတ်။ ထို့ပြင် သူတို့ ဟော်နန်းသို့လည်း သူ လာချင်၍ လာခဲ့ရသည် မဟုတ်။

ဥပရာဇာက အခြွေအရံများကို လက်ဖြင့် ပြ၍ မောင်းထုတ်နေသည့် အတွက် အခြွေအရံများသည် ထွက် သွားကြ၏။ ခန်းဆောင်ထဲတွင် သူတို့ နှစ်ယောက်သာ ကျန်ရစ်ခဲ့သည်။ သို့တိုင်အောင် အက်ရှ်သည် စကား တစ်လုံးမျှ မပြောမိ။ အတန်ကြာ တိတ်ဆိတ်နေကြစဉ် ဥပရာဇာက စတင်၍

'ငါ့ အသက်ကို မင်း ဘယ်လို ကယ်ခဲ့တယ် ဆို တာ ခမည်းတော်ကြီးကို ပြောပြတယ်၊ ဒါဖြင့် သူ့ကို အခြွေအရံ အဖြစ် ခေါ်ထားပါလား ဆိုလို့ မင်းကို အခေါ်လွှတ်လိုက်တာ၊ မင်းကို လစာတို့ ဘာတို့ ကောင်း ကောင်း ပေးမှာပါကွာ၊ ငါ့မှာ ကစားဖော်ရယ်လို့ တစ် ယောက်မှ မရှိဘူး၊ ငါ့အနားမှာ မိန်းမတွေနှင့် ငါ့ထက် အသက်ကြီးတဲ့ လူကြီးတွေပဲ ရှိတယ်၊ ငါနှင့် နေမလား ဟင်'

အက်ရှ်သည် အစကတည်းက ငြင်းဆန်ရန် စိတ် ကူးပြီးသား ဖြစ်၏။ သို့ရာတွင် သူ့စကားများကို ကြား လိုက်သည့်အခါ၌ မငြင်းရက်တော့။ ခပ်ဆိုင်းဆိုင်းဖြင့် မရေမရာ ဖြေသည်။

'ဟို ဟိုမှာ ကျွန်တော့် အမေ ရှိသေးတယ်၊ အမေ တစ်ယောက်တည်း ခွဲထားလို့ ဖြစ်မှာ မဟုတ်ဘူး၊ အမေကလည်း...'

'ဒါကတော့ လွယ်ပါတယ်ကွာ၊ သူလည်း ဒီမှာ နေနိုင်သားပဲ၊ ဒီမှာ ငါ့ ညီမတော် ရှိတယ်၊ သူ့ဆီမှာ အခြွေအရံ လုပ်ရင် ဖြစ်တာပဲ၊ နေစမ်းပါဦး၊ မင့်အမေ ကို တော်တော် ချစ်သလား'

အက်ရှ်မှာ အံ့အားသင့်လျက်

'ချစ်တာပေါ့၊ ကိုယ့် အမေပဲ မချစ်ဘဲ နေပါ့မလား'

'အင်း မင်း တော်တော် ကံကောင်းတယ်နော်၊ ငါ့မှာတော့ အမေ မရှိတော့ဘူး၊ ငါ့အမေက မဟာဒေဝီ ရယ်၊ မဟာဒေဝီတွေထဲမှာ အကြီးဆုံး၊ ဒါပေမဲ့ ငါ့အမေ က ငါ့ကို မွေးပြီး မကြာခင်မှာပဲ ဆုံးသွားတယ်၊ ဒီတော့ ငါ့အမေကို ငါ ကောင်းကောင်း မမြင်လိုက်ရဘူးပေါ့၊ တကယ်လို့ သူ မသေခဲ့ဘူး ဆိုရင်တော့ ကောင်းတာ ပေါ့လေ၊ ပြီးတော့ ငါ့ညီမတော်လေး အန်ဇူလီရဲ့ အမေ လည်း သေသွားရှာတယ်၊ တချို့က ပြောတော့ လူပြက်စား ခံရလို့ သေတာတဲ့၊ တချို့ကတော့လည်း အဆိပ်မိလို့ သေတာတဲ့၊ အမျိုးမျိုး ပြောကြတာပဲ၊ ပြီးတော့ ငါတို့ ဟော်နန်းမှာ ဖာရင်ဂီ မဟာဒေဝီ တစ်ယောက် ရောက် လာတယ်၊ စိတ်ထားကလည်း ဆိုးတယ်၊ သူ့ကိုတော့ အဆိပ်တွေ ပြုစားတာတွေ လုပ်လို့ ရချင်မှ'

ဥပရာဇာ ကိုယ်တော်လေးသည် ဘောပတ်ဝန်း ကျင်ကို မလုံမလဲဖြင့် လှည့်ကြည့်လိုက်၏။ ထို့နောက် ထိုင်ရာမှ ချက်ချင်း ထလိုက်ပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



'လာကွာ၊ ဥယျာဉ်ထဲကို သွားရအောင်၊ ဒီ အဆောင်ထဲမှာ စကား ပြောရတာ မလုံခြုံဘူး၊ သူလျှို တွေ၊ အထောက်တော်တွေက ချောင်းပြီး နားထောင် ချင် နားထောင်နေကြမှာ'

အိမ်ရှေ့ ကိုယ်တော်လေးသည် ကတ္တဝါကို လှောင် အိမ်ထဲသို့ ပြန်ထည့်လိုက်၏။ ကန့်လန့်ကာကြီး တစ်ခု ကာထားသည့် တံခါးပေါက်ကြီးကို ဖွင့်၍ ထွက်လိုက် ကာ အရိုအသေ ပေးနေသည့် အခြွေအရံများကို ဖြတ် သန်းခဲ့ပြီးလျှင် ဥယျာဉ်ထဲသို့ ဆင်းလာခဲ့သည်။ ဥယျာဉ် ထဲတွင် သစ်ချပင်များ၊ ရေပန်းများကို တွေ့ရ၏။ အဆောင်ကလေး တစ်ခုမှာ ကြာပန်းများနှင့် ရွှေငါးများ ကူးခတ်နေသည့် ကန်ကလေးထဲတွင် အလှကြည့်နေ သည်။

အက်ရှ်သည် သူ့နောက်မှ လိုက်လာခဲ့၏။ ဥယျာဉ် အစွန်းတွင်မူ မြက်ခင်း တစ်ခုရှိပြီး ထိုမြက်ခင်း ဆုံးလျှင် ကျောက်နံရံ တံတိုင်းကြီး ရှိသည်။ ကျောက်နံရံ တံတိုင်း ကြီး၏ တစ်ဖက်တွင် ပေနှစ်ရာခန့် နက်သည့် တောင် စောင်းကြီး။ ထိုတောင်စောင်း အောက်ခြေတွင်မူ ဂူးလ် ကုတ်မြို့ တည်ရာ ကုန်းမြင့် ရှိ၏။ ကျန်သုံးဖက်တွင် ဟော်နန်း အဆောက်အအုံများ ရှိသည်။ ဘုံဆောင်တွေ က အထပ်ထပ်။ အမိုးတွေက အဆင့်ဆင့်။ ဘုံဆောင် များပေါ်ရှိ လေသာပြတင်းများမှ လှမ်းကြည့်လျှင် ဂူးလ် ကုတ် မြို့ကို လည်းကောင်း၊ သစ်ပင် တောတောင်များ ကို လည်းကောင်း၊ မိုးကုပ်စက်ဝိုင်းကို လည်းကောင်း မြင်နေရသည်။

အိမ်ရှေ့ ကိုယ်တော်လေးသည် ရေကန် အစပ် တွင် ထိုင်လိုက်ကာ ကန်ထဲရှိ ရွှေငါးကလေးများကို ကျောက်စရစ်ကလေးများနှင့် ပေါက်လျက် ရှိရာမှ စကား တစ်ခွန်းကို ကောက်ကာငင်ကာ မေးလိုက်၏။

'ကျောက်တုံးကို ဘယ်သူ တွန်းချလိုက်သလဲ ဆိုတာ မင်း မြင်လိုက်တယ်နော်'

'ဘယ်ကျောက်တုံးလဲ' ဟု အက်ရှ်က တအံ့ တဩဖြင့် မေး၏။

'ငါ့ ခေါင်းပေါ်ကို ကျလာတဲ့ ကျောက်တုံးလေ၊ ငါ့မြင်းကို မင်း ဆွဲလိုက်ပေလို့ပေါ့၊ နို့မဟုတ်ရင် ငါ့ ခေါင်းပေါ်ကို တည့်တည့်ကျမှာ'

'ဟင့်အင်း၊ ဘယ်သူကမှ ပစ်ချလိုက်တာ မဟုတ် ပါဘူး၊ သူ့ဘာသာသူ ကျလာတာပါ'

အိမ်ရှေ့ ကိုယ်တော်လေးက လေသံတိုးတိုးဖြင့်

'မဟုတ်ဘူးကွ၊ တွန်းချတာ၊ သူဟာ ငါ့ကို အမြဲ တမ်း မကောင်းကြံနေတယ်လို့ အထိန်းတော်ကြီး ဒွန် မာယားက အမြဲ ပြောတယ်၊ သူသာ မျိုးရိုးကို ဆက်ခံ ဖို့ သားယောကျ်ားလေး မွေးတယ် ဆိုရင် ငါ့ကို တစ်ခုခု တော့…'

အိမ်ရှေ့ ကိုယ်တော်လေးက စကားကို ဖြတ်လိုက် ၏။ နောက်ထပ် မပြောရဲဘဲ ဖြစ်နေသည်ကို ကလေး အချင်းချင်းပင် မသိစေချင်သည့် ပုံမျိုးဖြင့် ဖုံးကွယ် ထားသည်။ သို့တိုင်အောင် သူ့နှုတ်ခမ်းများသည် တုန်နေ ကြသဖြင့် သူပြောမည့် စကားသည် မည်သည့် စကား မျိုး ဖြစ်သည်ကို အလိုလို သိနိုင်သည်။ ကျောက်စရစ် ခဲကလေးများကို ကျောက်ကန်ထဲသို့ ကောက်ပစ်နေ သည့် လက်များကလည်း မသိမသာ တုန်လျက် ရှိ၏။

အက်ရှ်သည် မျက်မှောင်ကုတ်ကာ မှန်ဦးကြီးပေါ် မှ ကျောက်တုံးကြီး ပြုတ်ကျလာစဉ် အဖြစ်အပျက်ကို စဉ်းစားနေသည်။ ထိုကျောက်တုံးကြီးသည် တိုက်တိုက် ဆိုင်ဆိုင် အဘယ်ကြောင့် အောက်သို့ ကျလာခဲ့ရသနည်း။ သို့မဟုတ်လျှင်လည်း အိမ်ရှေ့ ကိုယ်တော်လေး ပြော သည့်အတိုင်း တစ်ယောက်ယောက်က တွန်းချခြင်းပင် ဖြစ်သလော။

အိမ်ရှေ့ ကိုယ်တော်လေးက ခပ်တိုးတိုးဖြင့်

'ခုတင်က ရွှေစိန် နားပန်ကြီးကို ပန်ထားတဲ့ ငါ့ ကိုယ်ရံတော် ဘီဂျူရန်းကို တွေ့တယ် မဟုတ်လား၊ သူ ကတော့ ဒါတွေဟာ ငါ့ဘာသာငါ ထင်နေတာတွေတဲ့၊ ငါ့ကို ဒီလို ဘယ်သူ လုပ်ရဲပါ့မလဲ တဲ့၊ သူလည်း လုပ် ရဲမယ် မထင်ပါဘူးတဲ့၊ ဒါပေမဲ့ ကျောက်တုံးကြီး ကျ လာတော့ ငါ့ အထိန်းတော်ကြီး ပြောတာကို သွားပြီး သတိရတယ်၊ အထိန်းတော်ကြီး ဒွန်မာယားက ဘယ်သူ့ ကိုမှ မယုံနဲ့တဲ့၊ ခုတော့ ငါ့ကို မင်းကယ်လိုက်တာပဲ၊ မင်း ငါနဲ့အတူ နေမယ် ဆိုရင်တော့ ငါလည်း စိတ်ချ ရမယ်လို့ ထင်တာပဲ'

အက်ရှ်က ဇဝေဇဝါဖြင့်

'ကျွန်တော် နားမလည်ဘူး၊ ဘယ်လို ရန်မျိုး ရှိလို့ ပြောတာလဲ၊ ကိုယ်တော်လေးဟာ အိမ်ရှေ့ဥပရာ ဇာ၊ အခြွေအရံတွေ ရှိတယ်၊ အစောင့်တွေ ရှိတယ်၊ တစ်နေ့ကျရင် ကိုယ်တော်လေး ကိုယ်တိုင်လည်း မဟာ ရာဇာ တစ်ယောက် ဖြစ်လာမှာပဲ မဟုတ်လား'

အိမ်ရှေ့ ကိုယ်တော်လေးက ရှင်လန်းခြင်း ကင်း စွာ ရယ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဒါက ခပ်စောစောက အချိန်အထိတော့ ဟုတ်တာပေါ့၊ ဒါပေမဲ့ ခု ငါ့ ခမည်းတော်မှာလည်း နောက်ထပ် သားလေး တစ်ယောက် ရနေပြီလေ၊ အဲဒီသားလေးက သူ့သား၊ ကချေသည်မရဲ့သား၊ ဒွန်မာယားကတော့ ငါ့ထီးနန်းကို မရမချင်း သူ ကျေနပ်မှာ မဟုတ်ဘူးတဲ့၊ သူဟာ သူ့သားကို ငါ့အစား နန်းမွေခံရအောင် ဖြစ်တဲ့နည်းနဲ့ ကြိုးစားမှာပဲတဲ့၊ သူ့သားငယ် အတွက် ထီးနန်းလိုချင်တာကိုး၊ ပြီးတော့ သူက ငါ့ခမည်းတော်ကြီးကိုလည်း ကြိုးကိုင်ထားနိုင်အောင် လုပ်မှာပဲ'

အိမ်ရှေ့ ကိုယ်တော်လေးက သူ့ လက်ကောက်ဝတ်တွေ ဖြူရော်သည် အထိ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။ ထို့နောက် လက်သီးဆုပ်ကို ဖြေကာ လက်ထဲတွင် ကိုင်ထားသည့် ကျောက်စရစ်ခဲလုံးကလေးများကို ကြည့်နေ၏။ ကလေး မျက်နှာကလေးသည် အရွယ်နှင့် မလိုက်အောင် ရင့်ကျက်သွားသည် ထင်ရ၏။

'တကယ်တော့ ငါဟာ ခမည်းတော်ရဲ့ သားပဲအရှေ့၊ သားမှ အကြီးဆုံးသား၊ ဒါပေမဲ့ ခမည်းတော်ဟာ ဟိုမိန်းမ ကျေနပ်မယ် ဆိုရင် ဘာကိုပဲဖြစ်ဖြစ်လုပ်မှာပဲ'

အိမ်ရှေ့ ကိုယ်တော်လေး၏ အသံသည် တိမ်ဝင်သွားကာ ရေပန်းမှ ဖွာထွက်နေသော ရေသံများအောက်တွင် ပျောက်သွား၏။ ထိုစဉ် အက်ရှ်သည် ဘဝတစ်ခုတွင် သူ ကြားဖူးသော စကားလုံးများကို ချက်ချင်းကြားယောင်လာသည်။ 'လောကကြီးမှာ အဆိုးဆုံးဟာ အစမ္မမှုပဲ၊ အစမ္မမှု ဆိုတာ မတရားမှုပဲ' ဟူသော စကားလုံးများ ဖြစ်သည်။

'ကောင်းပါပြီ ကိုယ်တော်လေး၊ ကျွန်တော် နေပါတော့မယ်၊ ကိုယ်တော်လေး အနားမှာပဲ နေပါ့မယ်'

အက်ရှ်သည် မြို့ထဲ လမ်းမပေါ်မှာ သူ၏ အပူအပင် ကင်းမဲ့သော ဘဝကို စွန့်လွှတ်လိုက်ပြီ။ နောင်တွင် ဒွန်နီချန်း၏ မြင်းဇောင်းတွင် မြင်းထိန်းခေါင်း ဖြစ်အောင် ကြိုးစားမည် ဟူသော သူ့အနာဂတ် မျှော်လင့်ချက်ကိုလည်း စွန့်လွှတ်လိုက်ရလေပြီ။ အက်ရှ်၏ အပူအပင် ကင်းမဲ့သော ဘဝသည် ကုန်ဆုံး သွားခဲ့လေပြီ။

ထိုနေ့ ညနေတွင် အက်ရှ်သည် သူ့အမေ သီတာထံ ထိုအကြောင်းကို ကြားလိုက်သည်။ သီတာသည် သူတို့ အခန်း မြေကြီးထဲတွင် မြှုပ်နှံထားသည့် ရွှေငွေနှင့် စာရွက်စာတမ်းတို့ ပါသည့် အထုပ်ငယ်ကလေးကို တူးဖော်ကာ ကျန်ရှိစုမဲ့စု ပစ္စည်းကလေးများကို ထုပ်ပိုးပြီးလျှင် ဟဝါးမဟာ ခေါ် လေညင်းသာ ဟော်နန်းသို့ လိုက်လာခဲ့သည်။

နောက်တစ်နေ့ မနက်တွင် အက်ရှ်အား ကိုယ်တော်လေး၏ အိမ်တော်သား တစ်ဦး အဖြစ် ခန့်အပ်လိုက်ပြီ ဖြစ်ကြောင်း၊ အိမ်တော်သား လစာ အဖြစ် တစ်လလျှင် ငွေဒင်္ဂါး ငါးဆယ် ရမည် ဖြစ်ကြောင်း၊ သီတာကိုလည်း ကွယ်လွန်သူ ဖာရင်ဂီ မဟာဒေဝီ၏ သမီးတော်ကလေး အန်ဇူလီထံတွင် အစေတော် တစ်ဦး အဖြစ် ခန့်အပ်လိုက်ကြောင်းဖြင့် သိရသည်။

သူတို့ ဟော်နန်း ထုံးစံအတိုင်း ဆိုလျှင် သီတာနှင့် အရှေ့ ခေါ် အက်ရှ်တို့ ရသည့် အခန်းဇာလေးက ခပ်ကျဉ်းကျဉ်း၊ ခပ်နုပ်နုပ်။ ပြတင်းပေါက် မပါသည့် အခန်းကျဉ်းကလေး သုံးခန်း ဖြစ်ပြီး တစ်ခန်းက မီးဖိုခန်း ဖြစ်သည်။ မြို့ထဲက ဒွန်နီချန်း၏ မြင်းဇောင်းမှ အခန်းကျဉ်းကလေးနှင့် စာလျှင် ယခု သူတို့ အခန်းကလေးသည် တကယ့် နတ်ဘုံ နတ်နန်းဟု ဆိုနိုင်သည်။ သူတို့ အခန်းကလေးတွင် ပြတင်းပေါက် မရှိသော်လည်း ကိစ္စမရှိ။ တံခါးပေါက်ကြီး သုံးပေါက်ရှိသည်။ ထို တံခါးပေါက်ကြီး အတိုင်း ထွက်သွားလျှင် ကွက်လပ် တစ်ခုသို့ ရောက်သွား၏။ ကွက်လပ် ပတ်ပတ်လည်တွင် ရစ်ပေခန့် မြင့်သည့် တံတိုင်းကြီး ကာထားပြီး ကွက်လပ်ထဲတွင် ထင်းရှူးကြီး တစ်ပင် မိုးနေသည်။

သီတာကား ထိုနေရာကို ရသည့်အတွက် ဝမ်းသာ၍ မဆုံး။ မကြာမီပင် ထိုနေရာကလေးကို သံယောဇဉ် တွယ်စပြုလာပြီ။ အရှေ့ ခေါ် အက်ရှ်မှာ ထိုနေရာတွင် အိပ်ခွင့် မရသည့် အတွက် သီတာ စိတ်မကောင်းဖြစ်မိသည်။ အက်ရှ်၏ တာဝန်မှာ အိမ်ရှေ့ ကိုယ်တော်လေး၏ အပါးတွင် ခစားရန် ဖြစ်သည့် အတွက် ညဆိုလျှင် ကိုယ်တော်လေး၏ အိပ်ဆောင် အပြင်ဘက်တွင် အိပ်ရသည်။

အမှန်အားဖြင့် အက်ရှ်၏ တာဝန်သည် ဘာမျှ အပန်းကြီးလှသည် မဟုတ်။ သို့တိုင်အောင် အတန်ကြာလာသည့် အခါတွင် အက်ရှ်မှာ ထိုအလုပ်ကို ပင်ပန်းတကြီး ဖြစ်နေလေပြီ။ အိမ်ရှေ့ ကိုယ်တော်လေးက စိတ် အပြောင်းအလဲ မြန်သည်။ စိတ်လည်း တိုတတ်သည်။ မည်သည့် အတွက်ကြောင့်မှန်း မသိ၊ အက်ရှ်ကို နှစ်မြို့ခြင်း မရှိသည့် ကိုယ်ရံတော် ဘီဂျူးကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ ကိုယ်တော်လေးသည် မကြာခဏ စိတ်တိုတတ်သည်။

အိမ်ရှေ့ ကိုယ်တော်လေး လာလာဂျီသည် ဘီဂျူရန်းကို ဘီချူး (ကင်းမြီးကောက်) ဟု ခေါ်လေ့ ရှိ၏။ သို့ရာတွင် သူ့ရှေ့တွင်မူ ထိုအမည်ကို မည်သူမျှ မခေါ်ရဲ။ ကွယ်ရာတွင် ခေါ်ကြခြင်းသာ ဖြစ်သည်။ ကင်းမြီးကောက် ဆိုသော နာမည်နှင့် လိုက်အောင် အဆိပ်ပြင်းသူ ဖြစ်ခြင်းကြောင့် မခေါ်ရဲကြခြင်း ဖြစ်လိမ့်မည်။

ဘီဂျူရန်းသည် အက်ရှ်ကိုမူ မျက်နှာသာပေးလေ့ မရှိဘဲ အမြဲတမ်း နှိမ်ထားတတ်သည်။ တစ်ခါတစ်ရံတွင် သူ့ကို ဟော် အမှုထမ်းတွေ ရှေ့တွင် ရယ်စရာ ဖြစ်အောင် ပြောတတ်သည်။ တစ်ခါတစ်ရံတွင်လည်း နောက်ပြောင် ကျီစားသည်။ သို့ရာတွင် နောက်ပြောင် ကျီစားနည်းများမှာ ရက်စက်၍ ညစ်ညမ်းသည်။ ထိုအခါတွင် စောင့်ကြည့်နေသည့် ဟော် အမှုထမ်းများသည် ဘီဂျူရန်း ကျေနပ်အောင် ဟားတိုက် ရယ်မောကြရ၏။ အိမ်ရှေ့ ကိုယ်တော်လေးမှာမူ ကျိတ်၍ ရယ်သည်။

အိမ်ရှေ့ ကိုယ်တော်လေး လာလာဂျီ၏ စိတ်ကလည်း အစိုးရသည် မဟုတ်။ တစ်ခါတလေ ကောင်းသော်လည်း မကြာ မကြာ စိတ်ကောက်တတ်သည်။ ကချေသည် မဟာဒေဝီ ရောက်မလာခင် အထိ လာလာဂျီသည် ဟော်နန်း တစ်ခုလုံးတွင် အရေးပေး ခံခဲ့ရသူ ဖြစ်၏။ ခမည်းတော်ကလည်း အလိုလိုက်သည်။ မိန်းမဆောင်မှ အပျိုတော်တွေကလည်း အလိုလိုက်ကြသည်။ သူ၏ ပထမ မိထွေး ဖြစ်သည့် ဖာရင်ဂီ မဟာဒေဝီကလည်း သူ့ကို အမိမဲ့သား ဖြစ်သည် ဆိုကာ ဂရုစိုက်သည်။ သား အရင်းလို အလိုလိုက်သည်။ သို့ရာတွင် သူ့ကို မည်သူကမျှ စည်းကမ်းတကျ သွန်သင် ပဲ့ပြင်ခြင်း မရှိကြသဖြင့် ချစ်စရာကောင်းသည့် ကလေးငယ်သည် အကျင့် ပျက်ကာ အနိုင်ကျင့်တတ်သော စရိုက်ကို ရလာခဲ့သည်။

သူ့ကို အလိုလိုက်ခဲ့သော ဖာရင်ဂီ မဟာဒေဝီ ကွယ်လွန်ပြီးနောက် ဟော်နန်းတွင် ကချေသည် မဟာဒေဝီ ကြီးစိုးလာကာ သူကိုယ်တိုင်က သားငယ် တစ်ယောက်ကို မွေးဖွားလာသည့် အခါတွင်မူ အိမ်ရှေ့ ကိုယ်တော်လေးကို မည်သူကမျှ ယခင်ကလောက် ဂရုတစိုက် မလုပ်ကြတော့။ ကျွန်များကပင်လျှင် ယခင်ကလောက် အရေးတယူ မရှိကြတော့။ တစ်ခါက သူ့ကို မျက်နှာချိုသွေးကာ မြှောက်ပင့်ခဲ့ကြသည့် အမှုထမ်းများသည် ရာဇပလ္လင် နောက်ကွယ်တွင် ရှိသည့် အာဏာသစ်ကို ခယ ဝပ်တွား နေကြလေပြီ။

အိမ်ရှေ့ ကိုယ်တော်လေး၏ အခြွေအရံများနှင့် အဆောင်အယောင်တို့သည် မှေးမှိန်သွားသည် ထင်ရ၏။ သူ့အမိန့်များကိုလည်း ကောင်းစွာ နာခံခြင်း မရှိကြတော့။ သူ့အမေ၏ အထိန်းတော်လည်း ဖြစ်ခဲ့၍ သူ့လက်ထက်တွင်လည်း အထိန်းတော် ဖြစ်လျက် ရှိသော ဒွန်မာယား၏ သတိပေး ပြောဆိုသံများသည်လည်း အခြေအနေကို ကောင်းမွန်လာအောင် လုပ်ပေးနိုင်ခြင်း မရှိ။

ဒွန်မာယားသည် အိမ်ရှေ့ ကိုယ်တော်လေး အတွက် အသက်ကို အသေခံကောင်း ခံမည်။ အိမ်ရှေ့ ကိုယ်တော်လေးနှင့် ပတ်သက်၍ သူ့ စိုးရိမ် ကြောင့်ကြမှုတို့သည်လည်း မှန်ကောင်း မှန်မည်။ သို့ရာတွင် ထို စိုးရိမ် ကြောင့်ကြမှုတို့ကို မကြာခဏ ထုတ်ဖော် ပြောဆိုခြင်း၊ သူ့ခမည်းတော်ကြီးက ယခုကဲ့သို့ လျစ်လျူရှုထားသည်တို့ကို ဝေဖန် ပြောဆိုခြင်း စသည်တို့ကို ကြားရသည့် အခါတွင် အိမ်ရှေ့ ကိုယ်တော်လေးသည် များစွာ စိတ်မချမ်းမသာ ဖြစ်ရသည်။ တစ်ခါတစ်ရံတွင် အော်ကြီးဟစ်ကျယ် ငိုမိသည် အထိ ဖြစ်ရ၏။

တစ်ခါတစ်ရံတွင် အိမ်ရှေ့ ကိုယ်တော်လေးသည် ဟော်နန်းထဲတွင် မည်သို့ ဖြစ်ပျက်နေသည်ကို နားမလည် နိုင်။ နားမလည်နိုင်သည်နှင့်အမျှ ကြောက်ရွံ့ ထိတ်လန့်ခြင်း ဖြစ်မိသည်။ သို့ရာတွင် ဂုဏ်သိက္ခာကို ငဲ့၍ ကြောက်ဟန်မပြ။ ထိုအကြောက်ကို ဒေါသဖြင့် ဖုံးအုပ်ပစ်လိုက်သည်။ ထိုအခါမျိုးတွင်မူ အနီးတွင် ခစားသည့် အခြွေအရံတို့မှာ ထိုဒဏ်ကို ကုန်းခံကြရတော့သည်။

အက်ရှ်သည် ငယ်ရွယ်သည့်တိုင် ဟော်နန်းထဲတွင် တစ်စုံတစ်ရာ အရှုပ်တော်ပုံ ပေါ်နေသည် ဆိုသည်ကိုမူ ရိပ်မိ၏။ ထိုအခြေအနေကို လုံးဝဥဿုံ နားလည်သည် ဆိုလျှင် အိမ်ရှေ့ ကိုယ်တော်လေး လာလာဂျီ၏ အပြုအမူတို့ကို အက်ရှ် ခွင့်လွှတ်တန်ကောင်းသည်။

သို့ရာတွင် အက်ရှ်သည် ခုတစ်မျိုး ခုတစ်မျိုး ဖြစ်တတ်သော အိမ်ရှေ့ ကိုယ်တော်လေးကို သည်းမခံနိုင်။ အိမ်ရှေ့ ကိုယ်တော်လေးသည် မွေးကတည်းက ဖောင်းတော်ညိတ် စိတ်တော်သိ ဆိုသကဲ့သို့ အခြွေအရံ ကြီးငယ် အားလုံးက ဖူးဖူးမှုတ် ခံခဲ့ရသူ ဖြစ်ခဲ့ရာ အက်ရှ်သည် သူတို့လောက် ပျပ်ဝပ် ရှိသေခြင်း မရှိ။



www.burmeseclassic.com

www.burmeseclassic.com



အစ ပထမသော် အက်ရှ်သည် ဟော်နန်း ရာဇ ပလ္လင်ကို ဆက်ခံမည့် အိမ်ရှေ့ ကိုယ်တော်လေးအား အထင် ကြီးသလိုလို ရှိ၏။ ထီးနန်း အရိုက်အရာကို ဆက်ခံမည့်သူ တစ်ဦး၏ သူငယ်တော် တစ်ဦး ဖြစ်သည့် မိမိကိုယ်ကိုလည်း အဟုတ် ထင်မိ၏။ သို့ရာတွင် မွေး ပါများ ပြယ် မြင်ပါများ ငယ် ဆိုသကဲ့သို့ သူနှင့် နေရ ဖန် များလတ်သော် အထင်သေးစ ပြုလာရုံမျှမက ငြီး ငွေ့စ ပြု၍လည်း လာခဲ့လေပြီ။ တစ်ခါတစ်ရံတွင်မူ အိမ်ရှေ့ ကိုယ်တော်လေးကို မုန်းတီး၍ပင် လာတတ် သေးသည်။ အမေ သီတာသာ မရှိဘဲ သူတစ်ယောက် တည်းသာ ဆိုလျှင် ဤဟော်နန်းမှ ထွက်၍ပင် ပြေးမိ လိမ့်မည်။

သို့ရာတွင် အမေ သီတာကို ကြည့်ရသည်က ဟော်နန်းတွင် ပျော်ပိုက်နေပုံရသည်။ မိမိသာ ထွက် ပြေးခဲ့လျှင် အမေ သီတာသည် သူနှင့်အတူ လိုက်ရလိမ့် မည်။ သူကိုယ်တိုင်ကလည်း မထားရက်။ ကျန်ရစ်ခဲ့ လျှင်လည်း သူ့ကို ဝိုင်းနှိပ်စက်ကြမည် ဖြစ်သည့် အတွက် သူ ထွက်ပြေးသည် ဆိုလျှင် အမေ သီတာကို ခေါ်မှ ဖြစ်မည်။ သို့ဖြင့် အက်ရှ်သည် လာလာဂျီအား သနား သည့် အတွက် ဟော်နန်းသို့ ရောက်လာခဲ့သကဲ့သို့ အမေ သီတာကို ချစ်သည့်အတွက် သည်ဟော်နန်းမှ မခွာရက်နိုင်အောင် ဖြစ်လျက် ရှိပြန်သည်။

အိမ်ရှေ့ ကိုယ်တော်လေး လာလာဂျီနှင့် အက်ရှ် တို့ အကြားတွင် တူညီချက် ဆို၍ သိပ် မရှိလှ။ ထို့ပြင် အဆင့်အတန်း အနေအထိုင် စသည်တို့ကလည်း ကွာ ခြားနေကြပြန်သဖြင့် သူတို့နှစ်ယောက်သည် ရင်းနှီးသော အပေါင်းအသင်းများ ဖြစ်မလာခဲ့ကြ။ သူတို့နှစ်ယောက် က ဇာတ်ချင်းလည်း မတူ၊ ကြီးပြင်း လူလားမြောက်ပုံ ချင်းလည်း မတူ၊ အခြေအနေချင်းလည်း မတူ၊ မျိုးရိုးစဉ် ဆက်ချင်းလည်း မတူ။ ထီးနန်း အရိုက်အရာကို ဆက်ခံ ရမည့်သူ တစ်ယောက်နှင့် အစေခံ တစ်ယောက်၏ သား တို့ အကြားတွင် လူမှုရေးအရ ကြီးမားသည့် ကွာဟ ချက်ကြီး ရှိနေသည် မဟုတ်လား။

ထိုမျှမက သူတို့နှစ်ယောက် ကြားတွင် စရိုက် ချင်းကလည်း ကွာခြားကြသေးသည်။ စိတ်ဓာတ်ချင်း ကလည်း ကွာခြားကြသေးသည်။ သူတို့ နှစ်ယောက် အနက် လာလာဂျီသည် သူ့ထက် နှစ်နှစ်ခန့် ကြီးနေ သည့်တိုင် သူက နှစ်နှစ် ပိုကြီးနေသည်ဟု အက်ရှ် စိတ် တွင် ထင်နေသည်။ ထို့ကြောင့် မိမိသည် ထိုဟော်နန်း အိုကြီးတွင် လူးလွန့် လှုပ်ရှားနေသော အန္တရာယ်များမှ ကာကွယ်ရန် ဝတ္တရား ရှိသည်ဟု အက်ရှ် စိတ်ထဲတွင် အလိုလို ထင်နေသည်။

အက်ရှ်သည် ဘယ်တော့မှ သတိမလွတ်။ အစက မူ အထိန်းတော်ကြီး ဒွန်မာယား၏ သတိပေးချက်များ ကို သူ လက်မခံ။ အဘွားအိုကြီးတို့ ထုံးစံ ပြောနေခြင်း မျှသာ ဖြစ်သည်ဟု သူ ထင်ခဲ့သည်။ သို့ရာတွင် အက်ရှ် သည် မကြာမီမှာပင် ထိုအမြင်ကို ပြောင်းလိုက်ရ၏။

ဟော်နန်းတွင် သူတို့ နေ့စဉ်ဘဝမှာ ပျင်းစရာ ခြောက်ကပ်ကပ်ဖြင့် တစ်ရက်ပြီး တစ်ရက် ကုန်သွား ခဲ့သည်။ သို့ရာတွင် ငြိမ်သက်နေသော အပေါ်ယံ ရေပြင် အောက်တွင်မူ လုပ်ကြံမှု၊ တန်ပြန် လုပ်ကြံမှုတို့သည် တဖြည်းဖြည်း ကြီးထွားလာနေကြသည်။ ဟာဝါးမဟာ ခေါ် လေညင်းသာ ဟော်နန်း၏ စင်္ကြံများ၊ အကွေ့များ တွင် တီးတိုးသံများ၊ တိုင်ပင် နေသံများကို အမြဲလို ကြားနေကြရသည်။

ဟော်နန်း၏ အဆောင် တံခါးများ နောက်ကွယ် ရှိ ဖုန်ထူသော ခန်းဆောင်များထဲတွင် လာဘ်ထိုးမှု၊ အကောက်ကြံမှု၊ ကုန်းချောမှုတို့သည် တစ္ဆေခြောက် သကဲ့သို့ ခြောက်လှန့်နေကြသည်။ ထိုအခြေအနေကို ကလေး တစ်ယောက်ပင်လျှင် မသိချင် မမြင်ချင်၍ မရ။ သို့တိုင် အက်ရှ်သည် ထိုအခြင်းအရာများကို အလေး အနက် သတိမပြုမိ။ ဥပရာဇာ ကိုယ်တော်လေး အလွန် ကြိုက်သည့် မုန့်ပန်းကန်ကို ကိုယ်တော်လေး၏ ဥယျာဉ် အတွင်းရှိ ကန်ဘေးနားတွင် သွား၍ တွေ့သည့်အခါ တွင်မှ…။

ထိုနေ့က ဥပရာဇာ ကိုယ်တော်လေးသည် ယဉ် ပါးအောင် မွေးထားသည့် သမင်မကလေး တစ်ကောင် ကို လိုက်ဖမ်းနေစဉ် အက်ရှ်သည် ထိုမုန့်ပန်းကန်ကို အမှတ်တမဲ့ သွားတွေ့သဖြင့် မုန့်ကလေးများကို ဖဲ့ကာ ကန်ထဲမှ ရွှေငါးကလေးများကို ပစ်ကျွေးနေမိသည်။ ငါးကလေးများသည် အက်ရှ် ပစ်ပေးသည့် မုန့်အစအန ကလေးများကို အလုအယက် လာဟပ်ကြ၏။

ခဏကြာသော အခါတွင် ငါးကလေးများသည် ရေကန်ဘေး ရေမျက်နှာပြင် အထက်က ကြာပန်းတွေ ကြားမှာ ပက်လက်ကလေးတွေ ပေါ်လာကြသည်။ အက်ရှ် သည် တအံ့တသြဖြင့် ထိုငါးကလေးများကို သေသေ ချာချာ စိုက်ကြည့်နေ၏။ ရွှေငါးကလေးများမှာ အသက် မရှိကြတော့။ မိမိ လက်ချက်ကြောင့် သေခဲ့ကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ ကိုယ်တော်လေး လာလာကျိတွင် တရားခင် ခန့်အပ်ထားသော အမြည်းတော်များ ရှိသည်။ သူ၏ အမြည်းတော်များက ပထမ မြည်းကြည့်ပြီးမှ အိမ်ရှေ့ ကိုယ်တော်လေးသည် အစားအသောက်တို့ကို စားလေ့ ရှိ၏။ ယခု ဤမုန့်များကို ကိုယ်တော်လေး တွေ့ပုံ မရသေး။ ကိုယ်တော်လေးသာ တွေ့လျှင် ထိုမုန့်များကို ရွှေငါးကလေးတွေ စားသလို အငမ်းမရ စားမည် မုချ။

အက်ရှ်သည် မုန့်ပန်းကန်ကို ဥယျာဉ် အစွန်ရှိ ဘံတိုင်းနားသို့ ယူလာခဲ့ပြီးလျှင် အောက်က ချောက်အမ်းပါးထဲသို့ ပစ်ချလိုက်၏။ တောင်စောင်း အတိုင်း မုန့်များ အောက်သို့ ကျသွားစဉ် ကျီးတစ်ကောင်က မုန့်ကို လိုက်၍ ထိုးသုတ်သည်ကို မြင်လိုက်ရသည်။ ခဏကြာလျှင် ချောက်ထဲသို့ ထိုးဆင်း ကျသွားသည့် တောင် ဖရိုဖရဲနှင့် မည်းမည်း သဏ္ဌာန် တစ်ခုကို မြင်လိုက်ရသည်။

ဤအကြောင်းကို ပြော၍ ပြောလျှင် နားထောင်သည့်သူတွေ တစ်ပုံတစ်ပင်။ သို့ရာတွင် အက်ရှ်သည် ထိုအကြောင်းကို မည်သူ့ကိုမျှ မပြော။ အန္တရာယ်ကို စောစော တွေ့လျှင် သတိထားဖို့ လိုကြောင်းကို အတွေ့အကြုံက သင်ကြားပေးခဲ့ပြီ။ ထို့ကြောင့် သည်ကိစ္စတွင်လည်း မည်သူ့ကိုမျှ မပြောဘဲ နေသည်က အကောင်းဆုံး ဖြစ်မည်ဟု ယူဆလိုက်သည်။

သည်အကြောင်းကို ကိုယ်တော်လေး လာလာကျိကို သွားပြောလျှင် သူ့ကို အကြောက်တိုးအောင် လုပ်သလို ဖြစ်နေလိမ့်မည်။ အထိန်းတော်ကြီး ဒွန်မာယားအား ရှုးအောင် လုပ်သလို ဖြစ်လိမ့်မည်။ ထိုကိစ္စကို ဆိုင်ရာက စုံစမ်းလာသည် ဆိုလျှင်လည်း တကယ့် တရားခံကို ရှာဖွေ တွေ့ဖွယ်ရာ မမြင်။ ထိုအခါတွင် ကြားထဲက တစ်ယောက်က ဓားစာခံ ဖြစ်ရတော့မည်။

ဟော်နန်းသို့ ရောက်လာပြီးနောက် တွေ့ခဲ့ရသည့် အတွေ့အကြုံများ အရ ဟော်နန်းတွင် မဟာဒေဝီ ဂျာနူးဘိုင် ခေါ် ကချေသည် မဟာဒေဝီ ရှိနေသမျှ တရားမျှတမှု ဟူ၍ ရှိမည်မထင်။ ယခု အချိန်၌ ဂျာနူးဘိုင်တွင် ဒုတိယ သားလေး တစ်ယောက် ထပ်၍ မွေးဖွားပြီး ဖြစ်သည့် အတွက် ယခင်ကထက်ပင် ဩဇာကြီးနေသည်။

သို့ဖြစ်ရာ အလျှောက် မကောင်းလျှင် မိမိ ကိုယ်တိုင်ပင်လျှင် ဓားစာခံ ဖြစ်သွားနိုင်သည်။ သို့မဟုတ်လျှင်လည်း ထိုမုန့်ပန်းကန်သည် အိမ်ရှေ့ ကိုယ်တော်လေး အတွက် မဟုတ်ဘဲ မိမိကို ထောင်ထားသည့် မုန့်ပန်းကန်လည်း ဖြစ်နိုင်သည်ဟု အက်ရှ် တွေးမိသည်။

ထို့ကြောင့် အက်ရှ်သည် ထိုအကြောင်းကို ဘာမျှ မပြောတော့ဘဲ နှုတ်ပိတ်ရေငုံ လုပ်နေလိုက်၏။ ကလေး ဆိုသည်မှာ လောကကြီးကို သူ တွေ့သည့် မြင်သည့် အတိုင်းသာ မှတ်သားထားတတ်သည် မဟုတ်လော။ လူကြီးများသည် ဉာဏ်ပညာ မကြီးကြသည့်တိုင် တန်ခိုးအင်အား ကြီးကြသည်ဟု သူတို့ ယုံကြည်ကြသည် မဟုတ်လော။

အက်ရှ်သည် မုန့်ပန်းကန် ကိစ္စကို ခေါင်းထဲမှ ဖျောက်ပစ်လိုက်၏။ ဟဝါးမဟာ ခေါ် လေညင်းသာ ဟော်နန်းတွင် သူ မပျော်သည့်တိုင် မနေ၍ မဖြစ်သေး။ နေရလိမ့်ဦးမည်။ အနည်းဆုံး အိမ်ရှေ့ ကိုယ်တော်လေး လူလားမြောက်ပြီး မိမိကို မလိုတော့သည့် အချိန် အထိမူ အောင့်အည်း နေရလိမ့်မည်။

ယခု လောလောဆယ်တွင်မူ အနည်းဆုံး သူ့တွင် စားစရာ လုံလုံလောက်လောက် ရှိပြီ။ အဝတ်အထည် ဆိုလျှင်လည်း သန့်သန့်ရှင်းရှင်း လုံလုံခြုံခြုံ ဝတ်နိုင်ပြီ။ လစာကမူ ယခုတိုင် မရသေး။ ကချေသည် မဟာဒေဝီက စော်ဘွားကြီး၏ အသုံးစရိတ်ကို လျှော့ချထားသည့် အတွက် အသုံးစရိတ်များကို ချွေတာနေရသည်။

သို့ဖြင့် သူတို့နှစ်ယောက်၏ ဘဝသည် ဟော်နန်းထဲတွင် ပျင်းရိစရာ ကောင်းလျက် ရှိစဉ် အက်ရှ်တွင် တူကူး ဆိုသော မြွေပါကလေး တစ်ကောင် ကောက်ရသည့် အချိန်ကျမှ အပျင်း ပြေသွားတော့သည်။ စင်စစ် ထိုမြွေပါကလေးမှာ သီတာ၏ အခန်းထဲသို့ မကြာခဏ ပေါက်ပေါက် လာတတ်သည်တွင် အက်ရှ်က ပျင်းပျင်း ရှိသဖြင့် လိုက်ဖမ်း၍ ယဉ်အောင် မွေးထားခဲ့ခြင်း ဖြစ်သည်။

စင်စစ် မြွေပါကလေး တူကူးသည် လောကတွင် သူ ပထမဆုံး ပိုင်သော သက်ရှိ သတ္တဝါ တစ်ဦးပင် ဖြစ်၏။ သီတာကိုကော မပိုင်ဘူးလားဟု မေးစရာ ရှိ၏။ သီတာ၏ အသည်းနှလုံး အစိတ်အပိုင်း တချို့ကို သူ ပိုင်သည်မှာ မှန်သည်။ သို့ရာတွင် သီတာကို သူ လာစေချင်သည့် အချိန်တွင် လာအောင် အမိန့် မပေးနိုင်။ သီတာတွင် သူ့ကိုယ်ပိုင် တာဝန်တွေ ရှိသေးသည်။ အားလပ်ချိန်ကလေး ကျမှသာ သူတို့ သားအမိ နှစ်ယောက် တွေ့နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် တူကူးကမူ ဤသို့ မဟုတ်။ သူ သွားရာကို နောက်မှ ထက်ကြပ် လိုက်လာတတ်သည်။ တစ်ခါတလေတွင်လည်း ပခုံးပေါ် တက်စီး၍ လိုက်လာတတ်သည်။ ညဆိုလျှင် သူ့ရင်ဘတ် အပေါ် တက်လာပြီး လည်ပင်းကြားတွင် ဝင်ခို အိပ်တတ်သည်။ သူ ခေါ်လိုက်သည်နှင့် အပြေးအလွှား ရောက်လာတတ်သည်။ အက်ရှ်ကလည်း လုပသလောက် ကြောက်ရွံ့ခြင်း ကင်းသည့် မြွေပါကလေးကို ချစ်သည်။ တူကူးသည် အက်ရှ်၏ မေတ္တာကို နားလည်ပြီး အက်ရှ်ကိုလည်း ပြန်၍ ချစ်သည်။ သို့ဖြင့် သူတို့နှစ်ယောက်သည် အဆွေခင်ပွန်းကောင်းတွေ ဖြစ်ခဲ့ကြသည်။

တစ်နှစ်ခွဲခန့် အကြာ တစ်နေ့၌ အိမ်ရှေ့ ကိုယ်တော်လေးက ပျင်းပျင်းရှိရှိ ရှိ၍ သူ့မြွေပါလေးကို ခေါ်ခဲ့ရန် အက်ရှ်ကို ပြောသဖြင့် အက်ရှ်သည် သူ့မြွေပါကလေးကို ကိုယ်တော်လေး၏ ခန်းဆောင်သို့ ခေါ်လာခဲ့ရသည်။

ကိုယ်တော်လေးမှာလည်း ပျင်းလွန်းသဖြင့် မြွေပါကလေးကို စသည်တွင် နာနာကြည်းကြည်း စမိသဖြင့် တူကူးမှာ သည်းမခံနိုင်တော့ဘဲ ပြန်ကိုက်လိုက်လေ၏။ ထို့နောက်တွင် ဖြစ်သည့် အဖြစ်အပျက်မှာ အက်ရှ် အဖို့ လပေါင်းများစွာ ခြောက်အိပ်မက်ကဲ့သို့ ရှိနေပြီး နောင်တစ်သက်တွင် မေ့နိုင်တော့မည် မဟုတ်သည့် ရှုခင်းပင် ဖြစ်သည်။

အိမ်ရှေ့ ကိုယ်တော်လေး၏ လက်ညှိုးမှာ သွေးတို့ဖြင့် ခြင်းခြင်းနီလျက် ရှိပြီး ကိုယ်တော်လေးမှာလည်း နာကျင် ထိတ်လန့်စွာ အော်လျက်ရှိကာ မြွေပါကို ချက်ချင်း သတ်ပစ်ရန် အစေတော် တစ်ယောက်ကို အော်ဟစ် စေခိုင်းလျက် ရှိ၏။

အက်ရှ်က ဟန့်တားမည် ပြုသော်လည်း အချိန်မရလိုက်တော့။ ဓားအိမ် တစ်ခုထဲမှ ဓားတစ်လက်သည် ဝင်းခနဲ ပြက်လာပြီးနောက် တူကူး၏ ကျောကို ထက်ပိုင်း ပိုင်းချလိုက်ပြီး ဖြစ်နေလေသည်။ တူကူးသည် တစ်ချက်မျှ အော်ကာ တွန့်လိမ်ပြီးနောက် အသက်ပျောက်သွားသည်။ ကိုင်ကြည့်လိုက်သော အခါတွင် တူကူးသည် သူ့လက်ထဲတွင် ပျော့ဖတ် တွဲကျနေသော အမွေး စုတ်ဖွားကလေး တစ်ခု အဖြစ်သာ ရှိတော့သည်။

တူကူး သေသွားပြီ ဆိုသည်ကို သူ မယုံနိုင်။ လွန်ခဲ့သည့် တစ်မိနစ်လောက်တုန်းကပင် အမြီးကလေး တဖွားဖွားဖြင့် အိမ်ရှေ့ ကိုယ်တော်ကလေးက တို့ကဆိတ်တို့ကနန်း ကျီစယ်သည်ကို စိတ်ဆိုး၍ ရန်ထောင်နေခဲ့သေးသည်။ ယခုမူ...။

'ဟဲ့ အရှော့၊ ငါ့ကို ကြည့်မနေနှင့်၊ ဒီကောင် သေသွားတော့ ဘာဖြစ်သလဲ၊ အလကား တိရစ္ဆာန်၊ တိရစ္ဆာန်မှ တိရစ္ဆာန် အရိုင်း၊ ဒီကောင်ကို မွေးထားတော့ကော ဘာ အကျိုး ရှိမှာလဲ၊ ကြည့်စမ်း၊ ငါ့ကို ကိုက်သွားလိုက်တာ'

အက်ရှ်က ခပ်တိုးတိုးဖြင့်

'ကိုယ်တော်လေးက သူ့ကို သွားစတာကိုး၊ တကယ်ကတော့ ခင်ဗျားသာ တိရစ္ဆာန်'

အက်ရှ်သည် အော်ဟစ် ငိုယိုပစ်လိုက်ချင်သည်။ အက်ရှ်သည် ဒေါသကို မထိန်းနိုင်တော့ဘဲ လက်ထဲတွင် ကိုင်ထားသည့် တူကူးကို ပစ်ချလိုက်ကာ လာလာဂျီကို ခုန်အုပ်လိုက်၏။

လာလာဂျီသည် ဘာမှ ပြန်မလုပ်နိုင်။ အက်ရှ်ကို တံတွေးဖြင့် ထွေးကာ လက်မှ အတင်း ရုန်းကန်ထွက်နေသည်။ သို့ဖြင့် သူတို့နှစ်ယောက် လုံးထွေးနေကြရာ ခန်းမဆောင် ထောင့်အသီးသီးတွင် စောင့်နေသည့် အမှုထမ်းများ ရောက်လာပြီး သူတို့နှစ်ယောက်ကို ဆွဲခွင်ယူရသည်။

အက်ရှ်သည် သူ့ကို ကြမ်းတမ်းစွာ ဆုပ်ကိုင်ထားကာ ဝိုင်းရံထားသည့် အမှုထမ်းများကို ရဲရဲကြီး ကြည့်လိုက်လျက်

'ဖယ်၊ ကျွန်တော် မနေဘူး၊ ပြန်မယ်၊ ခင်ဗျားတို့ဆီမှာလည်း မနေချင်ဘူး၊ အလုပ်လည်း မလုပ်ချင်ဘူး၊ တော်ပြီ၊ ခု ပြန်မယ်၊ နောက် ဘယ်တော့မှ ပြန်မလာတော့ဘူး'

လာလာဂျီမှာလည်း အကြီးအကျယ် ဒေါသထွက်လျက် ရှိကာ

'မသွားရဘူး၊ ဘယ်ကိုမှ မသွားရဘူး၊ ငါ့အမိန့် မရဘဲ မင်း ဘယ်မှ မသွားရဘူး၊ သွားလို့ ရသလား မရဘူးလား သိချင်ရင် စမ်းကြည့်ပေါ့'

ကိုယ်ရံတော် ဘီဂျူရန်သည် အိမ်ရှေ့ ကိုယ်တော်လေး၏ အသက်ကို အရေးတကြီး ကာကွယ်လိုဟန်ဖြင့် ပြောင်းရှည် သေနတ်ကြီး တစ်လက်ကို ကောက်ကိုင်ကာ အက်ရှ်ကို ချိန်လိုက်ပြီး (ကျည်ထည့် မထားသဖြင့် တော်သေးသည်ဟု ဆိုရပေလိမ့်မည်။)

'ကိုယ်တော်လေး၊ ဒီကောင်လေးကို သိမ်မြက်နုသာ မပေးနှင့်၊ မြင်းတွေ အာခံတဲ့ ကျွန်တွေကို လုပ်



www.burmeseclassic.com

www.burmeseclassic.com



သလို သံပူနှင့် ကပ်ရမယ်၊ ဒါမှ ဒီကောင် ထွက်ပြေးရင်လည်း ကိုယ်တော်လေး ကျွန်မှန်း သိပြီး ချက်ချင်းဖမ်း မိမယ်၊ နဖူးမှာ သံပူနှင့် ကြက်ခြေ ခတ်ရမယ်'

ဘီဂျူရုန်းသည် တကယ် လုပ်ရန် ရည်ရွယ်၍ ပြောခြင်း ဟုတ်ချင်မှ ဟုတ်မည်။ မျက်နှာလို အားရ ပြောခြင်းလည်း ဖြစ်နိုင်သည်။ ဒေါသကြောင့် ပြောမိပြောရာ ပြောလိုက်ခြင်းလည်း ဖြစ်နိုင်သည်။

မည်သို့ ဖြစ်စေ အိမ်ရှေ့ ကိုယ်တော်လေး လာလာဂျီမှာ စိတ် မထိန်းနိုင်လောက်အောင် ဒေါသထွက်လျက် ရှိလေပြီ။ သို့ဖြင့် နဖူးတွင် သံပူကပ်ရန် အမိန့်ပေးလိုက်သည်။ မည်သူကမျှ ကန့်ကွက် တားဆီးမည့်သူ မရှိ။ အက်ရှ် အဖို့ ကံဆိုးသည်ဟု ဆိုရမည်လော မသိ။ ထိုပြစ်ဒဏ်ကို ကန့်ကွက် ပြောဆိုမည့် တစ်ဦးတည်းသော သူမှာ နာမကျန်း ဖြစ်ကာ အိပ်ရာထဲတွင် ရောက်နေသည်။

နဖူးတွင် သံပူကပ်သည့် အလုပ်ကို အဆောင်ထဲတွင် ဘီဂျူရုန်း ကိုယ်တိုင် လုပ်ခဲ့လေသည်။ ထိုအချိန်က ခန်းဆောင်ထဲတွင် ကျောက်မီးသွေး မီးဖိုကြီး တစ်လုံး ရှိသည်။ ဆောင်းလယ် ရောက်လျှင် ဟော်နန်းထဲတွင် အလွန် အေးသဖြင့် ခန်းဆောင်ထဲတွင် မီးလင်းဖိုများ ထားရ၏။

ဘီဂျူရုန်းသည် စက်ဆုပ်စဖွယ် တဟဲဟဲ ရယ်လိုက်ပြီးနောက် သေနတ် ပြောင်းဝကို မီးကျီး ရဲရဲထဲသို့ ထိုးထည့်လိုက်သည်။ အက်ရှ်သည် အသက် ရှစ်နှစ်သာ ရှိသေး၏။ သို့ရာတွင် သူ့ကို သံပူ ကပ်တော့မည်ဟု သိသည့်အခါတွင် ကြောင်ရိုင်း တစ်ကောင်လို အပြင်းအထန် ခုခံ တိုက်ခိုက်သည်။ လူကြီး လေးယောက် သူ့ကို မနည်း ထိန်းချုပ်ယူရ၏။ သို့တိုင်အောင် တော်တော်နှင့် ချုပ်၍ မရ။ လေးယောက်စလုံး လက်သည်းခြစ်ရာတွေ အစင်းစင်းနှင့် ဖြစ်ကုန်သည်။ သို့ရာတွင် အချည်းနှီးမျှသာ။ နောက်ဆုံးတွင် အက်ရှ်သည် သူတို့ကို အရှုံးပေးလိုက်ရသည်။

ဘီဂျူရုန်းသည် နဖူးကို သံပူဖြင့် ကပ်ရန် စိတ်ကူး၏။ သို့ကပ်လျှင် အက်ရှ်သည် တစ်ချက်တည်းနှင့် သေဖွယ်ရာသာ ရှိတော့သည်။ လာလာဂျီသည် ဒေါသထွက်နေသည့်တိုင် သတိလက်လွတ် မဖြစ်သေး။ နဖူးကို သံပူကပ်၍ တစ်စုံတစ်ခု ဖြစ်သွားလျှင် ခမည်းတော် စော်ဘွားကြီး စိတ်ဆိုးတော့မည်။ ခမည်းတော်သည် ဤသို့ အပြစ်ပေးခြင်းကို လက်ခံမည် မဟုတ်။ ထို့ကြောင့် ခမည်းတော် မမြင်နိုင်သည့် နေရာ တစ်နေရာတွင် သံပူကပ်ရန် စိတ်ကူးရသည်။

ဘီဂျူရုန်းမှာ သူ့ စိတ်ကြိုက်နေရာ ဖြစ်သည့် နဖူးတွင် သံပူကပ်ခြင်း မပြုရတော့ဘဲ မီးကျီးထဲတွင် ထိုးထည့်ထားသည့် သေနတ် ပြောင်းဝကို အက်ရှ်၏ ဟာလာဟင်းလင်း ဖြစ်နေသော ရင်အုပ်ပေါ်သို့ ဖိချလိုက်သည်။ တဖျစ်ဖျစ် မြည်သော အသံများနှင့် အတူ အသားများကို မီးလောင်သည့် ညှော်နံ့ကြီး ထွက်လာလေသည်။

အက်ရှ်သည် ကင်းမြီးကောက် ဘီဂျူရုန်း ဝမ်းသာမည် စိုးသဖြင့် အော်ဟစ်ခြင်း မပြုဘဲ ကြိတ်ခံမည်ဟု စိတ်ထဲက တင်းထားသော်လည်း မအောင့်နိုင်တော့။ သူ့ အော်သံကြောင့် အဝတ်အစားကို ရှီးကျကျ ဝတ်လေ့ရှိသည့် ကင်းမြီးကောက် ဘီဂျူရုန်းသည် အားရပါးရ ရယ်လိုက်သည်။

သို့ရာတွင် အိမ်ရှေ့ ကိုယ်တော်လေး လာလာဂျီကား ထိုသို့မဟုတ်။ အက်ရှ်၏ အခြေအနေကို မြင်လိုက်သည့် အခါတွင် နဂိုက စိတ်ရင်း ကောင်းသည့် အိမ်ရှေ့ ကိုယ်တော်လေး လာလာဂျီသည် ဘီဂျူရုန်းကို အတင်း ဝင်ရောက်ဆွဲကာ ယခုကဲ့သို့ ဖြစ်ရခြင်းမှာ အက်ရှ်၏ အပြစ် မဟုတ်ဘဲ မိမိ၏ အပြစ်မျှသာ ဖြစ်ကြောင်းဖြင့် ပြောဆိုလျက် ရှိသည်။ ထိုအချိန်၌ကား အက်ရှ်မှာ ဒဏ်ရာကြောင့် သတိလစ် သွားခဲ့လေပြီ။

လာလာဂျီသည် ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ငုံ့ကြည့်လိုက်ရင်း

'ဟင် သေပြီ ထင်တယ်၊ ဘီဂျူရုန်း ဒါခင်ဗျား သတ်တာ၊ ဒီအတိုင်း ကြည့်နေလို့ ဖြစ်မလားဗျ၊ သမားတော်တို့ ဘာတို့ အခေါ် လွှတ်ဦးမှပေါ့၊ ဒွန်မာယားကိုလည်း အခေါ်လွှတ်ဦး၊ အရှော့ အရှော့၊ သတိရပြီလားဟင်၊ သတိရပြီလား'

အက်ရှ်မှာ မကြာမီ သတိ ပြန်ရလာကာ ပြန်၍ နေထိုင် ကောင်းလာခဲ့သည်။ ကိုယ်ခံ ကျန်းမာရေးကောင်းခြင်း၊ သီတာနှင့် ဒွန်မာယားတို့ ကျွမ်းကျင်စွာ ပြုစုနိုင်ခြင်းတို့ကြောင့် မီးလောင်သည့် ဒဏ်ရာမှာ မကြာခင် ကျက်သွားခဲ့သည်။ သို့ရာတွင် ထိုဒဏ်ရာမှာ သေသည် အထိ ပျောက်မည် မဟုတ်တော့။ ရင်ဘတ်ပေါ်တွင် ပြောင်းဝရာ ဝိုင်းဝိုင်းစက်စက် ထင်နေခြင်းမူ မဟုတ်။ သူ့ကိုယ်ကို ကပ်ထားစဉ် ဟိုလိမ့် သည်လိမ့် လိမ့်သဖြင့် တစ်ဝက်တစ်ပျက် ထင်နေသည့် အတွက် လခြမ်း



www.burmeseclassic.com

www.burmeseclassic.com



ရာ ပေါ်နေသည်။ သို့တိုင်အောင် ဘီဂျူရန်းမှာ မကျေနပ် နိုင်သေးဘဲ

'နင့် ရင်ဘတ်ပေါ်မှာ လထွက်အောင် လုပ်ပေးမလို့ မဟုတ်ဘူးဟ၊ နေထွက်အောင် လုပ်ပေးမလို့၊ သိရဲ့လား၊ ဒါပေမဲ့ နင့်လို အကောင်က နေရုပ် ရေးပေးရလောက်အောင် မတန်ဘူး၊ ဒါကြောင့် နင်နှင့် ထိုက်တဲ့ လရုပ်ကိုပဲ ရေးပေးလိုက်တာ' ဟု ပြောလိုက်သေးသည်။

ထူးတော့ ထူးဆန်းသည်။ အိမ်ရှေ့ ကိုယ်တော်လေးနှင့် အက်ရှ်တို့သည် ထို့နောက်တွင် ပို၍ ရင်းနှီးသော အဆွေ ခင်ပွန်းများ ဖြစ်လာခဲ့ကြ၏။ အက်ရှ်ကလည်း သူ့အမှားကို သူ သိသည်။ မိမိသည် နန်းလျာ တစ်ဦးကို သတ်ပုတ်ခဲ့ရာ ရေးတုန်းကဆိုလျှင် ထိုပြစ်မှုမျိုးကြောင့် ကြိုးပေး၍ သော်လည်း အသတ်ခံရမည်။ သို့မဟုတ်လျှင်လည်း ဆင်နင်း၍ အသတ် ခံရမည်မှာ သေချာသည်။ ယခုမူ အလွန်ဆုံး ခြေ လက် တစ်ဖက်၊ မျက်လုံး တစ်ဖက်လောက်သာ ဆုံးရှုံးမည်ဟု သူ ထင်ခဲ့သည်။

နန်းလျာ တစ်ယောက်ကို ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်း ဆိုသည်မှာ ထိုပြည်နယ်တွင် နည်းသည့် ရာဇဝတ်မှု မဟုတ်။ အရွယ်ရောက်သူသာ ဆိုလျှင် ထိုမှု မရှိသော ပြစ်မှု အသေးကလေးကိုပင် အသက်ပေး၍ ပြစ်ဒဏ် ခံသွားရသည်။ ထို့ကြောင့် ထိုမျှလောက်သာ အပြစ် ပေးသည့် အတွက် အံ့ဩရုံမျှမက အိမ်ရှေ့ ကိုယ်တော်လေး ကိုယ်တိုင်က သူ့အား သံပူဖြင့် နောက်ထပ် ကပ်ခြင်း မပြုရန် ငိုယို ပြောဆိုနေသည့် အခါတွင် အက်ရှ်သည် အကြီးအကျယ် အံ့အားသင့်လျက် ရှိ၏။

ထိုမျှမက သူ့ကြောင့် ဤသို့ ဖြစ်ရသည်ဟု အားလုံး ရှေ့တွင် ဝန်ခံသော အခါ၌ အက်ရှ်မှာ ကိုယ်တော်လေး၏ ရိုးသားမှုကို လေးစား သွားမိသည်။

မိမိတွင် အချစ်တော် မြွေပါကလေး တူကူး မရှိတော့။ သို့ရာတွင် အက်ရှ်သည် နောက်ထပ် မြွေပါ တစ်ကောင် အသစ် မမွေးတော့။ အခြား မည်သည့် အိမ်မွေး တိရစ္ဆာန်ကိုမှလည်း မမွေးတော့။ မွေး၍ အိမ်ရှေ့ ကိုယ်တော်လေးနှင့် နောက်ထပ် သည်အဖြစ်မျိုး ကြုံနေရလျှင် မကောင်း။ အိမ်ရှေ့ ကိုယ်တော်လေးသည် နောက်တစ်ကြိမ် သူ့ကို စိတ်လက် မကြည်သာ ဖြစ်လျှင် သို့မဟုတ် သူ့ကို ပြစ်ဒဏ် ပေးလိုလျှင် သည်တိရစ္ဆာန်ကို ရမယ် ရှာနေလိမ့်ဦးမည်။

သို့တိုင်အောင် (သူကိုယ်တိုင် မမျှော်လင့်ဘဲ) တူကူး အစား ချစ်စရာ သတ္တဝါကလေး တစ်ကောင် ရခဲ့သည်။ ထိုသတ္တဝါကလေးမှာ တိရစ္ဆာန် မဟုတ်။ အန်ဇူလီ ဆိုသည့် မဟာရာဇာကြီး၏ သမီးတော်လေး ပေတည်း။ အန်ဇူလီမှာ အရက်အကြောက် ကြီး၍ ကွယ်လွန်သူ ဖာရင်ဂီ မဟာဒေဝီ၏ မိတဆိုး သမီးလေး ဖြစ်သည်။

အိမ်ရှေ့ ကိုယ်တော်လေး လာလာဂျီတွင် ကောင်းသည့် အချက် အများအပြား ရှိသည့်အနက် တစ်ချက်မှာ အဖေတူ အမေကွဲ ညီမဖြစ်သည့် အန်ဇူလီကို ကြင်ကြင်နာနာ၊ ချစ်ချစ်ခင်ခင် ရှိခြင်း ဖြစ်သည်။ (အခြေအနေပေး၍ အရည်အချင်းကောင်းများ ပေါ်လာသည့် အခါတွင် ထိုအရာများသည် ဆိုးသည့် သူ့အပြစ်များကိုပင် ဖုံးလွှမ်း သွားတတ်ပါသည်။)

ထိုစဉ်က အန်ဇူလီမှာ မိန်းမဆောင်သို့ ပို့ရန် ငယ်သေးသည့် အတွက် အိမ်ရှေ့ ကိုယ်တော်လေး၏ အဆောင်တွင် မကြာခဏ ရောက်လာလေ့ ရှိသည်။ အန်ဇူလီက ပိန်ပိန်ပါးပါး။ အဝတ်အစားကလည်း မဟာရာဇာ တစ်ယောက်၏ သမီး ဝတ်စားထားသည်နှင့် မတူ။ သာမန် လယ်သမား တစ်ယောက်၏ သမီး တစ်ယောက်လောက်မျှပင် ပြောင်ပြောင်ရောင်ရောင် မရှိ။ ပြောင်ရောင် နိုင်ပါမည်လော။ ကချေသည် မဟာဒေဝီသည် ကွယ်လွန်သူ သူ့ပြိုင်ဘက်၏ သမီး တစ်ယောက်အတွက် မည်သို့ အကုန်အကျ ခံနိုင်မည်နည်း။

တစ်နေ့တွင် အန်ဇူလီသည် မဟာရာဇာ တစ်ယောက်ကို ဆွဲဆောင် သိမ်းသွင်းနိုင်ခဲ့သည့် သူ့အမေလိုပင် သူ့အဖေကို ချစ်ခင် ကြင်နာအောင် ဖမ်းစားနိုင်မည့် သမီးချော တစ်ယောက် ဖြစ်လာနိုင်ကြောင်းကို မြင်ပြီး ဖြစ်၏။ သူ့သမီးငယ် အရွယ်ရောက်၍ သမီးချော ဖြစ်လာလျှင် မဟာရာဇာသည် မိမိအပေါ်တွင် အချစ်လျော့ကာ သမီး အပေါ်တွင် အချစ် ပိုလိမ့်မည်။ သည်လို အဖြစ်မျိုးကိုမူ ဂျာနူးဘိုင် အဖြစ်မခံနိုင်။ သူ့ခမည်းတော်သည် သူ့သမီး အတွက် ဂုဏ်ယူသည်ကို သူ မကြည့်နိုင်။ ထို့ကြောင့် ဂျာနူးဘိုင်သည် သမီးတော်လေး အန်ဇူလီကို အဝေးဆုံး အဆောင်တွင် ပို့ထားပြီး အောက်တန်းစား အထိန်းတော်များဖြင့်သာ ထားပေးသည်။

စော်ဘွားကြီးကလည်း သမီးတော် အန်ဇူလီကို ကောင်းကောင်း သတိ မရချင်။ တစ်ခါတစ်ရံမှသာ မေးမြန်းတတ်သည်။ ကြာသော် သူ့တွင် သမီးတော် အန်ဇူလီ



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်ကိုပင် မေ့သလို ဖြစ်နေလေပြီ။ ဂျာနူးဘိုင်ကလည်း သမီးတော်လေး အန်ဇူလီကို ကောင်းမွန်စွာ ထားကြောင်း၊ သို့ရာတွင် သမီးတော်လေးမှာ အကျည်းတန်သည့် အတွက် ကြီးလျှင် လင်ကောင်းသားကောင်း ရရန် ခဲယဉ်းမည် ဖြစ်ကြောင်းဖြင့် အခါ အခွင့် သင့်တိုင်း ပြောတတ်သည်။

ဂျာနူးဘိုင်သည် စိတ်မကောင်းသည့် ဟန်ဆောင်ကာ သက်ပြင်း တစ်ချက် ချလိုက်ရင်း 'သမီးတော်လေးက အရုပ် ဆိုးရှာတယ်၊ သနားပါတယ်' ဟု ပြောတတ်၏။ အန်ဇူလီကိုလည်း ကွယ်ရာတွင် ကိုင်ရီ ဟူသော အမည်ဖြင့် ခေါ်သည်။ (ကိုင်ရီ ဆိုသည်မှာ မမှည့်သေးသည့် သရက်သီးကလေး တစ်လုံးဟု အဓိပ္ပာယ် ထွက်သည်။) ဂျာနူးဘိုင်သည် အန်ဇူလီကို ကိုင်ရီ ဟူသော အမည်ဖြင့် ခေါ်သံကြားလျှင် လွန်စွာ ဝမ်းသာသည်။

အန်ဇူလီသည် သူ့အခန်းမှာထက် သူ့အစ်ကို လာလာဂျီ၏ ခန်းဆောင်တွင် နေရသည်ကို ပျော်၏။ လာလာဂျီ၏ အခန်းက သူ့အခန်းထက် တောက်ပြောင်ခမ်းနားသည်။ သူ့ အစ်ကိုတော် လာလာဂျီသည် သူ့ကို စားသောက်ဖွယ် အချိုအချဉ်တို့ ကျွေးသည့်ပြင် သူ မွေးထားသည့် မျောက်များနှင့်လည်း ဆော့ခွင့်ပေးသည်။ ကတ္တဝါနှင့် လည်းကောင်း၊ သမင်မလေးနှင့် လည်းကောင်း ကစားခွင့်ပေးသည်။ ကိုယ်တော်လေး၏ အစေတော်များမှာလည်း သူ့ အစေတော်များကဲ့သို့ပင် သူ့ကို စိတ်မရှည်ကြ။ ဤတွင် အန်ဇူလီသည် ထိုအထဲမှ အသက်အငယ်ဆုံး ဖြစ်သည့် အရှော့ကို ခင်မင်သွားခြင်း ဖြစ်၏။

တစ်နေ့တွင် အန်ဇူလီသည် ကိုယ်တော်လေး၏ ဥယျာဉ်ထဲရှိ ထောင့်တစ်ထောင့်တွင် ထိုင်၍ မျောက်အမြီးကို သွားဆွဲမိသဖြင့် မျောက်ကိုက်ခံရ၍ ငိုနေစဉ် အက်ရှ်က မြင်သွားသဖြင့် သူ့ကို သီတာထံသို့ ခေါ်သွားကာ ပြုစုခိုင်းသည်။ သီတာက သူ့လက်ကို ပတ်တီးစည်းပေးပြီး အငိုတိတ်အောင်ဟု ဆိုကာ ကြံတစ်ချောင်းပေးသည်။ ထို့နောက် ရာမဇာတ်မှ ရာမ မင်းသားနှင့် သီတာဒေဝီတို့ အကြောင်း၊ သီတာဒေဝီကို လင်္ကာဒီပကျွန်းမှ ဒသဘီလူးက ခိုးယူ ထွက်ပြေးသွားကြောင်း၊ သီတာဒေဝီကို မျောက်ဘုရင်ကြီး ဖြစ်သည့် ဟနုမန်က ကယ်ခဲ့ရကြောင်းတို့ကို ပြောပြသည်။

'ဒီတော့ သခင်မလေးလည်း သိသားပဲ၊ မျောက်ရဲ့ ကျေးဇူးဟာ သိပ်ကြီးတာ၊ ဘာဖြစ်လို့ သူ့အမြီးကို သွားဆွဲရတာလဲ၊ သူ့ခမျာ ဘယ်လောက် နာမလဲ တွေးကြည့်ပေါ့၊ ပြီးတော့ ဒီလို လုပ်တာကို ဟနုမန် မျောက်မင်းကလည်း မကြိုက်ဘူး၊ ကဲ လာ လာ အမေတို့ ခရေပွင့်ကလေးတွေ လိုက်ခူးပြီး ပန်းသီရအောင်၊ ဘယ်လိုသီရတယ် ဆိုတာ အမေ ပြမယ်၊ အဲဒီ ပန်းကုံးကလေးကို ယူပြီး ဟနုမန် မျောက်မင်းရဲ့ ဝတ်ကျောင်းကို သွားပူဇော်ချည်၊ အမေ့သား အရှော့က သခင်မလေးကို လိုက်ပို့လိမ့်မယ်'

ရာမဇာတ်ကို ကြားလိုက်ရပြီး ခရေကုံးကို ကုံးလိုက်ရသဖြင့် စောစောက အန်ဇူလီ၏ စိတ်တွင် နောက်ကျိ ညစ်ကျုံလျက် ရှိသည်တို့ ပျောက်သွားသည်။ အန်ဇူလီသည် အက်ရှ်နှင့် လက်ချင်းတွဲကာ ဟော်ဝင်းထဲရှိ ဆင်ကျုံးများ အနီးတွင် ရှိသော ဟနုမန် ဝတ်ကျောင်းသို့ လိုက်လာခဲ့၏။ မှောင်ရီရီ ဝတ်ကျောင်းထဲတွင် ဟနုမန် ရုပ်တုသည် ကခုန်လျက်။

ထို့နောက်မှ စ၍ အန်ဇူလီသည် သီတာတို့ အဆောင်သို့ မကြာခဏ ရောက်နေတတ်သည်။ သို့ရာတွင် သီတာကြောင့် မဟုတ်၊ အက်ရှ်ကို ခင်မင်သည့် အတွက် ဖြစ်သည်။ အန်ဇူလီသည် မိမိသခင်ကို ရွေးချယ်ပြီးနောက် မောင်း၍လည်း မရ၊ ခြောက်လည်း မရအောင် တကောက်ကောက် လိုက်လျက် ရှိသည့် ခွေးမကလေး တစ်ကောင်ကဲ့သို့ အက်ရှ် သွားရာသို့ နောက်မှ တကောက်ကောက် လိုက်နေတတ်သည်။ အက်ရှ်သည် သူ့ကို မောင်းမထုတ်ချင်။ အမေ သီတာက အန်ဇူလီကို ခင်မင် ကြင်နာရန် တဖွဖွ ပြောသည် မဟုတ်လော။

အမေ သီတာသည် အန်ဇူလီကို စော်ဘွားသမီး တစ်ယောက် ဖြစ်သောကြောင့် အရေးပေးခြင်း၊ ကြင်နာသနားခြင်း မဟုတ်။ မိတဆိုး သမီးကလေး ဖြစ်ခြင်း၊ အနိုမ် ခံရခြင်းတို့ကြောင့် ကြင်နာ သနားခြင်း ဖြစ်၏။ နှစ်ထပ်ကွမ်း ထူးခြားသော နေ့တွင် မွေးလာသောကြောင့် အရေးပေးခြင်း ဖြစ်သည်။ အန်ဇူလီသည် အက်ရှ်နှင့် တစ်နေ့တည်းသား ဖြစ်ပြီး သူတို့နှစ်ယောက် ဂူးလ်ကုတ် ရောက်လာသော နေ့တွင် မွေးခဲ့သည် မဟုတ်လော။

အက်ရှ်သည် သူ့ကို ဇူလီဟု ခေါ်လေ့ ရှိ၏။ (အန်ဇူလီကလည်း သူ့ကိုယ်သူ ပြောလျှင် ဇူလီဟု ပြောလေ့ ရှိသည်။) အက်ရှ်သည် ဇူလီကို နှမလေးသဖွယ် စောင့်ရှောက်သည်။ အားလုံးက ဇူလီကို ကိုင်ရီဟု နှိမ်ခေါ်ကြချိန်တွင် အက်ရှ် တစ်ယောက်သာလျှင် သူ့ကို ဇူလီဟု ခေါ်တတ်သည်။ အန်ဇူလီအား အခြား ပျော်



www.burmeseclassic.com

www.burmeseclassic.com



နန်း အစေတော်များက ပြောကြ စကြလျှင် အက်ရှ်က ရှေ့မှ ကာကွယ်ပေးသည်။

ဤတွင် အိမ်ရှေ့ ကိုယ်တော်လေး၏ အစေတော်များသည် သူ့ကို အာယားဂျီးဟု နောက်ကြ ပြောင်ကြပြန်သည်။ ထိုသို့ ပြောင်နေကြသံကို အိမ်ရှေ့ ကိုယ်တော်လေး ကြားသဖြင့် ထိုသို့ မပြောသင့်ကြောင်း၊ စင်စစ် အန်ဇူလီဘိုင်သည် မိမိ၏ ညီမငယ် ဖြစ်သည်ကို သတိချပ်သင့်ကြောင်းဖြင့် စိတ်ဆိုးမာန်ဆိုး ပြောသည့် အခါတွင်မှ သူတို့တစ်တွေ အပြောင် ရပ်သွားကြသည်။

ထိုအခါကျမှပင် သူတို့သည် အဖြစ်မှန်ကို လက်ခံလာကြကာ အန်ဇူလီအား လေးစားသယောင် ပြလာကြသည်။ သို့ရာတွင် စိတ်ထဲမှ ဟက်ဟက်ပက်ပက် လက်ခံခြင်း မဟုတ်။ သူတို့စိတ်၌ အန်ဇူလီသည် ဘာမျှ အရေးမကြီး။ သူ့ ကိုယ်လုံးကိုယ်ပေါက်ကို ကြည့်၍ သက်ဆိုင်ရာလည်း အကြောင်းမရှိ။ သာမန် မိန်းကလေးတွေလို တော်ရုံတန်ရုံ ဖြစ်လျှင် ခံနိုင်စရာ အကြောင်းမမြင်။ အရှော့ ဆိုသည့် မြင်းထိန်းဘဝက လာသော ကောင်လေးကား ဆိုဖွယ် မရှိတော့။ အခြားသူများအတွက် မပြောနှင့်၊ အိမ်ရှေ့ ကိုယ်တော်လေး အတွက်ပင်လျှင် သူသည် မှုလောက်စရာ အရေးထားစရာ သတ္တဝါ တစ်ယောက် မဟုတ်။

သို့ရာတွင် သူတို့ အထင်တွေ ပါစင်အောင် လွဲနေသည်ကို တွေ့ရ၏။ အိမ်ရှေ့ ကိုယ်တော်လေး လာလာဂျီသည် အရှော့ကို ယခုတိုင် ယုံကြည် အားထားဆဲဖြစ်သည်။ (အကြောင်းကို ရှာ၍ မရ။) အရှော့ကို ဟော်နန်းမှ ပြန်ခွင့်မပြု။ တူကူး အကြောင်းနှင့် သူတို့နှစ်ယောက် ကတောက်ကဆ ဖြစ်သည့် အကြောင်းကိုလည်း နောက်ထပ် မပြောတော့။

လာလာဂျီသည် သူ့ကို ဟော်နန်းမှ ထွက်ခွင့်မပြုဟု တစ်ခါက ပြောခဲ့ဖူးရာ သူ ပြောသည့် အတိုင်း သူ့ကို ဟော်နန်းမှ မသွားအောင် အစီအမံတွေ လုပ်ထားသည်ကို နောင်တွင် တွေ့လာရသည်။ ဟော်နန်းကို ဝင်ပေါက် ထွက်ပေါက်မှာ ဘရဒွါဇ ဟူသော တံခါးမကြီး တစ်ပေါက်တည်းသာ ရှိ၏။ ထိုနေ့မှ စ၍ အက်ရှ်သည် ဘရဒွါဇ တံခါးဘက်သို့ သွားလျှင် တစ်ယောက်တည်း သွား၍ မရတော့။ သူ့နောက်မှ အစေတော် သို့မဟုတ် အရာရှိ သုံးလေးယောက်တို့ ပါလာတတ်သည်။ သူတို့တစ်တွေက အက်ရှ်၏ အရိပ်အခြည်ကို စောင့်ကြပ်လိုက်ပါလာကြသည်။

တစ်ယောက်တည်း သွားခွင့်ရလျှင်လည်း စန္ဒရီတို့က ဖွင့်၍ မပေးကြ။ 'ဖွင့်မပေးရဘူးလို့ ကိုယ်တော်လေးက အမိန့် ထုတ်ထားတယ်' ဟု ချိုသာစွာ ပြောကာ သူ့ကို အတွင်းဘက်သို့ တွန်းပို့ လိုက်ကြသည်။ နောက်နေ့များတွင်လည်း ထို့အတူ။ အက်ရှ်က ကိုယ်တော်လေးကို မေးကြည့်သည့် အခါတွင် ကိုယ်တော်လေးက

'ဘာဖြစ်လို့ ပြန်ချင်ရတာလဲကွာ၊ ဒီမှာ နေရတာ မပျော်ဘူးလား၊ ဘာလိုသလဲ၊ လိုတာ ရှိရင် ရမ်ဒတ်စ်ကို ပြောပေါ့၊ သူ ပေးပါလိမ့်မယ်၊ မင်းကိုယ်တိုင် ဈေးသွားဝယ်ဖို့ မလိုပါဘူး'

'ကျွန်တော့် သူငယ်ချင်းတွေကိုလည်း တွေ့ချင်လို့ပါ'

'ငါကတော့ မင်းသူငယ်ချင်း မဟုတ်တော့ဘူးလား'

အက်ရှ်က ဘာမျှ မဖြေ။ သူ့ကို အဘယ်ကြောင့် အပြင်ထွက်ခွင့် မပေးသနည်းဟုလည်း သူ စဉ်းစား၍ မရ။ သူ့ကို အပြင် မထွက်ရန် မည်သူက အမိန့်ထုတ်ထားသနည်း။ မဟာရာဇာ ကိုယ်တိုင်လော၊ သို့မဟုတ် အိမ်ရှေ့ ကိုယ်တော်လေးလော။ (သူကမူ မဟုတ်ရပါဟု ငြင်း၏။ သို့ရာတွင် အက်ရှ်သည် သူ့စကားကို မယုံချင်။) သို့မဟုတ်လျှင် မဟာဒေဝီ ဂျာနူးဘိုင် ကိုယ်တိုင်ကပင် ထုတ်ပြန်ထားခြင်း ဖြစ်သလော။

သို့ရာတွင် မည်သူက ထုတ်ပြန်သည် ဖြစ်စေ၊ အမိန့်ကမူ ပြန်၍ ရုပ်သိမ်းခြင်း မရှိတော့။ အက်ရှ်သည် ထိုအချက်ကို ကောင်းစွာ သတိပြုမိသည်။ လက်စသတ်တော့ သူသည် ခံတပ်ကြီးထဲတွင် အကျဉ်းသား တစ်ဦး ဖြစ်မှန်းမသိ ဖြစ်နေပါပကော။

ဟဝါးမဟာ ခေါ် လေညင်းသာ နန်းတော်၏ ဝင်းအတွင်းတွင် မိမိ ကြိုက်ရာသို့ လွတ်လပ်စွာ သွားနိုင် လာနိုင်သည်မှာ မှန်ပါ၏။ သို့ရာတွင် လေညင်းသာ ဟော်နန်းသည် မည်မျှ ကျယ်၍နည်း။ လေညင်းသာ ဟော်နန်းမှာ အတော်ကျယ်သည့် ဟော်ဝင်းကြီး ရှိသည့်အတွက် အကျဉ်း ခံရသည့်နှယ် ကျဉ်းကျပ်ခြင်းမူ မဖြစ်။ ထို့ပြင် သူ့တွင် မိတ်ဆွေ မရှိ၊ အပေါင်းအသင်း မရှိလည်း မဟုတ်။ သူ့တွင် အပေါင်းအသင်း နှစ်ယောက် ရှိနေပြီ။ ထိုအထဲတွင် တစ်ယောက်နှင့်လည်း ချစ်ကြည်သော မဟာမိတ်များ ဖြစ်နေကြလေပြီ။

သို့တိုင်အောင် အက်ရှ်သည် ပြိုလဲလုသော ဤ ဟော်နန်းအိုကြီးနှင့် ဤခံတပ်ကြီးမှ မျှော်စင်များ ထို



www.burmeseclassic.com

www.burmeseclassic.com



မျှော်စင်ကြီးများပေါ်မှ သစ်သား အဆောင်များနှင့် တကွ ထိုခံတပ် တံတိုင်းကြီးထဲကမူ အမြန်ဆုံး လွတ်မြောက်ချင်သည်။ ထိုမျှော်စင်ကြီးများပေါ် ကြည့်လိုက်လျှင် တောင်ကုန်း အောက်ခြေတွင် ရောင်စုံ မြေပုံကားချပ် တစ်ခုကို ချခင်းထားသည့်နှယ် ရှိသော တောတောင် လျှိုမြောင် ရှုခင်းတို့ကို မြင်ရ၏။ အဝေးတွင် မျှော်မဆုံးနိုင်အောင် ရှိနေသော မိုးကုပ်စက်ဝိုင်းကြီးကိုလည်း မြင်ရသည်။ ထိုအရာများကို မြင်ရသည့် အခါတွင် အက်ရှ်သည် လွတ်လွတ်လပ်လပ် သွားလာချင်သည်။ ထိုအရာများသည် သူ့ကို လက်ယပ် ခေါ်နေသကဲ့သို့ ရှိ၏။

ဟော်ကုန်း၏ အနောက်တောင်ဘက် အောက်ခြေတွင် ဂူးလ်ကုတ်မြို့ ရှိသည်။ ထိုမှ လွန်လျှင် လွင်ပြင်ကြီး။ လွင်ပြင် အဆုံးသည် မြစ်ကမ်းစပ်ဆီသို့ လျှောဆင်းသွားကာ မြေဆီပေါသည့် ပန်ဂျပ် နယ်မြေနှင့် ပေါင်းစပ်သွားသည်။ ရာသီဥတု ကြည်လင်သည့် နေ့များတွင် ဆိုလျှင် ပန်ဂျပ် လွင်ပြင်ကြီးကို အတိုင်းသား တွေ့နိုင်သည်။

သို့ရာတွင် အက်ရှ်သည် ဟော်ကုန်းပေါ်မှ နေ၍ မျှော်ကြည့်တိုင်း အနောက်တောင်ဘက်သို့ မမျှော်မိ။ မျှော်ချင်း မျှော်လျှင် မြောက်ဘက်သို့သာ မျှော်မိသည်။ မြောက်ဘက်တွင် သူ့အမေ သီတာ မကြာခဏ ပြောဖူးသည့် တောင်ခြေ ရှိသည် မဟုတ်လော။ မြောက်ဘက် မိုးကုပ်စက်ဝိုင်းသို့ မျှော်ကြည့်လိုက်လျှင် တောင်စဉ်တောင်တန်း အသွယ်သွယ်နှင့် အထပ်ထပ် ဖြစ်နေသော ဒူးရှိနိုင်မာ ခေါ် ရွှေပြည်သာ တောင်တန်းကြီးကို မြင်ရ၏။ တောင်တန်းကြီးများကို ကြည့်ရသည်က လှပသည်။ လျှို့ဝှက် ဆန်းကြယ်သည့် သဘောကို ဆောင်သည်။ တောင်ဇလပ်တော၊ အင်ကြင်းတောတို့ကို လွှမ်းခြုံကာ နှင်းတို့ကို သရဖူ ဆောင်းထားသည်။

သူ မွေးတုန်းက သည်လိုပင် နှင်းတွေ သရဖူ ဆောင်းထားသည့် တောင်တန်းကြီးများကို ကြည့်၍ မွေးလာခဲ့ခြင်း ဖြစ်ကြောင်းကို အက်ရှ် မသိ။ နေဝင်ရီတရောတွင် နှင်းဆီရောင် ပြေးကာ လရောင်တွင် ငွေရောင်သန်းလျက် ရှိသည့် ထိုနှင်းခဲတို့ကို ကြည့်ရင်း ဟိမဝန္တာ တောင်ပေါ်တွင် အိပ်ပျော်ခဲ့ရသော ဟိမဝန္တာ တောင်တန်းပေါ်က သူ့အတိတ် ဘဝကိုလည်း အက်ရှ် မသိ။ မနက်ခင်း နေခြည်နုနုထဲတွင် ဆီးသီးရောင်နှင့် ပယင်းရောင် ပြေးနေသည့် ထိုရေခဲ တောင်ထွတ်တို့ကို ကြည့်၍ နိုးခဲ့ရသည့် သူ့အဖြစ်ကိုလည်း အက်ရှ် မမှတ်မိ။

ထိုရေခဲ တောင်ထွတ်ကြီးများသည် သူ၏ မသိစိတ်တွင် ပုန်းခိုနေသော အရာများသာ ဖြစ်နေသည်။ ငယ်ငယ်တုန်းက ကလေးထိန်းကျောင်း နံရံတွင် ရေးခြယ်ထားသည့် ပန်းပြောက် ပန်းနွယ်တို့ကို ကလေးတိုင်း ဝိုးတိုးဝါးတား မှတ်မိသယောင် ရှိသကဲ့သို့ အက်ရှ်သည်လည်း ထိုတောင်တန်းကြီးများကို ဝိုးတိုးဝါးတား မှတ်မိနေခြင်းသာ ဖြစ်သည်။

ယခု ထိုတောင်တန်းကြီးများကို လှမ်းကြည့်လိုက်မိသည့် အခါတွင်မူကား အတွန့် အတွန့် ဖြစ်နေသော ထိုတောင်တန်းကြီးများကြား တစ်နေရာရာ၌ အိပ်ရာဝင်ကာနီး အမေ သီတာ ပြောသည့် သူတို့ ရွှေပြည်သာ ရွာကလေး ရှိလိမ့်မည်။ တောင်ပေါ် လမ်းကြမ်းကြီးတွေ၊ လျှိုမြောင်ကြီးတွေ၊ ချိုင့်ဝှမ်းကြီးတွေ၊ လေပြင်း တဖွဖွ အော်သံတွေ၊ မည်းနက်နေသော ကျောက်တောင်ကြီးတွေ၊ စိမ်းလဲ့သော ရေခဲတောင်ကြီးတွေ။ ထိုအရာတွေ အားလုံးကို ကျော်ဖြတ်ပြီး နောက်တွင် သူတို့နေမည့် လုံခြုံ အေးချမ်းသော ရွှေပြည်သာသို့ ရောက်ရတော့မည်။

သီတာကမူ ယခုတလောတွင် ထိုတောင်ခြေ လျှိုကြားမှ သူတို့ ရွှေပြည်သာ ရွာကလေး အကြောင်းကို သိပ် မပြောတော့။ နေ့ခင်းဆိုလျှင် သူ့မှာ တကုတ်ကုတ် အလုပ်နှင့်လက် ပြတ်သည် မရှိ။ ညဆိုလျှင် အက်ရှ်ကလည်း ကိုယ်တော်လေး၏ အဆောင်မှာ အိပ်ရသည်။

သို့တိုင် ငယ်ငယ် အိပ်ရာဝင်တုန်းက ကြားခဲ့ရသည့် ရွှေပြည်သာ ရွာကလေး၏ ပုံပြင် အကြောင်းကိုမူ အက်ရှ် မမေ့။ စင်စစ် အမေ သီတာ ပြောသည့် ရွှေပြည်သာ ရွာကလေးသည် တကယ်ရှိသည့် ရွာကလေး မဟုတ်။ အမေ သီတာ စိတ်ကူးထဲက ရွာကလေးသာ ဖြစ်သည် ဆိုခြင်းကို အက်ရှ် သိခဲ့ဟန် မတူ။ သိခဲ့လျှင်လည်း ထိုရွာကလေး တကယ် မရှိ ဆိုသည့် အချက်ကို မေ့နေဟန် တူပြီ။ အက်ရှ် အဖို့မူ ထိုရွာကလေးသည် တကယ် အဟုတ် ရှိသည့် ရွာကလေး ဖြစ်သည်။

မနက် ဖြစ်စေ၊ ညနေ ဖြစ်စေ အားသည်နှင့် တစ်ပြိုင်နက် သို့မဟုတ် နေ့လယ် နေ့ခင်း ဟော်နန်းတစ်ခုလုံး ငိုက်မျဉ်း တိတ်ဆိတ်ကာ ပူလောင်သော နေရောင်က ပစ္စင် ရင်တားများပေါ်သို့ ကျရောက်နေသည့် အခါများတွင် အက်ရှ်သည် မိုးမီနာ ခေါ် မောရိယ မျှော်စင် တံတိုင်း၏ အပြင်ဘက်သို့ ထွက်နေသော ပြာသာဒ်



www.burmeseclassic.com

www.burmeseclassic.com


အဆောင်ကလေး တစ်ဆောင်ပေါ်သို့ တိတ်တိတ် တက်လာခဲ့သည်။ ပူနွေးနေသည့် ကျောက်တုံးပေါ်တွင် လဲလျောင်းရင်း အဝေးတွင် မြင်ရသည့် တောင်တန်းကြီးများကို ငေးမောကြည့်ကာ ရွှေပြည်သာ အကြောင်းကို တွေးတောလျက် သူ့အနာဂတ်ကို စိမ်ကိန်း ချနေမိသည်။

မောရိယ မျှော်စင် တံတိုင်းပေါ်တွင် ထိုပြာသာဒ်ပုံဆောင်ကလေး ရှိနေသည်ကို မည်သူမှ မသိကြ။ သူနှင့် အန်ဇူလီတို့သာ သိကြသည်။ ထိုပြာသာဒ်ကလေးမှာ တံတိုင်း အပြင်ဘက်တွင် ထွက်နေကာ အောက်တွင် ချောက်ကမ်းပါးကြီး ရှိနေသည့် အတွက် ခံတပ် အတွင်းကနေ ကြည့်လျှင် ကောင်းကောင်း မမြင်ရ။

မောရိယ မျှော်စင်သည် မူရင်း ခံတပ်ဟောင်းကြီး ဆောက်စဉ်ကတည်းက ပါခဲ့သည့် မျှော်စင် ဖြစ်၏။ ကင်းစောင့် မျှော်စင် ဖြစ်သည့် အတွက် တောင်ခြေရင်းကို အပေါ်စီးမှ မြင်နေရသည်။ သို့ရာတွင် မျှော်စင်တွင် အမိုးနှင့် လှေကားတို့ မရှိတော့။ ကာလ ကြာမြင့်စွာက ပင် ပျက်စီးခဲ့ကြပြီ။ အဝင်ဝသည်ပင်လျှင် အုတ်ကျိုး အုတ်ပဲ့ အပျက်အစီးတို့ဖြင့် ပိတ်ဆို့လျက် ရှိ၏။

ပြာသာဒ်ကလေးမှာ နောက်ကျမှ အပြင်ဘက်တွင် ထုတ်၍ ဆောက်ထားခြင်း ဖြစ်သည်။ ကျောက်ဖြူနှင့် နမ်းဖတ်ကျောက်တို့ဖြင့် လှပ သားနားစွာ ဆောက်ထားသည့် မုခ်ဦး တစ်ခု ရှိပြီး ဟိန္ဒူ ဗိသုကာ လက်ရာဖြစ်သည့် အမိုး ခုံးခုံးကြီး တစ်ခု တပ်ဆင်ထားသည့်အတွက် ကွယ်လွန်သူ မဟာဒေဝီ တစ်ဦးဦး လေညင်းခံရန် အတွက် ဆောက်ထားခဲ့ခြင်း ဖြစ်ဟန်တူသည်။

ယခုမူ တံခါးပင် မရှိတော့။ တစ်ခါက တံခါးတပ်ခဲ့သည့် နေရာတွင် သံချေးတက်နေသည့် ပတ္တာများနှင့် သစ်သား အပိုင်းအစ အချို့သာ ကျန်တော့သည်။ ကျောက်ဖြူသားကို ဇာပန်းခက်များ သဖွယ် ဖြစ်အောင် ဆစ်ထားသည့် လိုက်ကာမှအပ ဘောင်များမှာ အကောင်းပကတိ ရှိသေးသည်။ ထိုနေရာမှ နေ၍ မဟာဒေဝီနှင့် အခြွေအရံများသည် အဝေး တောင်တန်းကြီးများကို လှမ်းမျှော် ကြည့်ခဲ့ကြခြင်း ဖြစ်ပေလိမ့်မည်။

မုခ်ဦးကလေးများ တစ်ခုနှင့် တစ်ခု အကြားရှိ ပြာသာဒ် ကြမ်းပြင်ပေါ်တွင် ကွက်လပ်ကလေးများ ရှိ၍ ထိုကွက်လပ်ကလေးများပေါ်တွင်မူ ကျောက်ဖြူသား ပန်းခက်၊ ပန်းကိုင်း၊ ပန်းပွင့် အကျိုးအပဲ့များသည် ပြန့်ကျဲလျက် ရှိ၏။ ထိုပြာသာဒ် အောက်ခြေမှ နံရံသည် ပေလေးဆယ်လောက် မြင့်ပြီး အောက်ခြေတွင် ချုံနွယ်ပင်များနှင့် ဟော်နန်း ဆောက်ထားသည့် ကျောက်တောင်များ ရှိ၏။ ထိုကျောက်ဆောင်ကြီးများသည် ထို့ထက်လေးဆခန့် မြင့်သည့် အထက် အထိ ငုံ့ဆင်းသွားကြကာ နောက်ဆုံးတွင် အောက်ခြေ ကုန်းမြင့်ကြီးနှင့် ရောစပ်သွားသည်။

ကျောက်ဆောင်တွင် ပေါက်နေသည့် ချုံနွယ်ပင်များကြားတွင် ဆိတ်ခြေရာများကို မြင်ရသည်။ သို့ရာတွင် လူခြေရာ ဆို၍ကား တစ်ခုမျှ မရှိ။ ထိုနေရာ အထိ တက်လာနိုင်သည် ဆိုလျှင်လည်း နောက်မှ မည်းနက်သော တံတိုင်းကြီးနှင့် ကပ်လျက် ရှိနေသဖြင့် မောရိယ မျှော်စင်နှင့် ပြာသာဒ်ကို မည်သည့်နည်းနှင့်မျှ မြင်နိုင်ဖွယ် မရှိ။

အက်ရှ်နှင့် အန်ဇူလီတို့သည် ထွက်ပြေးသည့် ရှဥ့်မျောက်ကလေး တစ်ကောင်ကို လိုက်ဖမ်းရင်း ပျက်စီးနေသော မျှော်စင်ကလေးထဲတွင် ရှိနေသည့် အုတ်ကျိုး အုတ်ပဲ့ပုံကြီးပေါ်သို့ ရောက်သွားကြခြင်း ဖြစ်သည်။ မော့ကြည့်လိုက်သည့် အခါတွင် မျှော်စင် လှေကား တစ်ဝက်သို့ ရောက်နေသည့် ရှဥ့်မျောက်ကလေးကို မြင်လိုက်ရသည်။ တစ်ခါက အဆောင်ဆောင် အခန်းခန်းတို့ ရှိခဲ့ဖူးမည် ဖြစ်သော်လည်း ယခုမူ ခန်းဆောင် ဟူ၍လည်း မရှိတော့။ ကြမ်းပြင် ဟူ၍လည်း မရှိတော့။ အပေါ်ထပ်သို့ တက်သည့် လှေကားပျက် အစအနတို့ကို သာလျှင် တွေ့ရသည်။

ကျိုးပဲ့နေသော ကျောက်တုံး အစအနများ ကျန်နေသဖြင့် ရှဥ့်မျောက်ကလေးသည် ထိုကျောက်တုံးကြီးများကို ကျော်နင်းကာ အထက်သို့ တက်သွားခြင်း ဖြစ်ဟန်တူသည်။ သို့ရာတွင် ဘယ်မှာ ရမည်နည်း။ မျောက်တစ်ကောင် သွားနိုင် တက်နိုင်သည် ဆိုလျှင် အဆော့သန်သည့် ကလေး တစ်ယောက်လည်း တက်နိုင် သွားနိုင်သည်ပေါ့။

အက်ရှ်သည် မြို့ထဲက ဘုရားဝတ်ကျောင်း ခေါင်မိုးများပေါ်တွင် မကြာခဏ လိုက်တမ်းပြေးတမ်း ကစားခဲ့ဖူးရာ အမြင့်ကို တက်ရာတွင် အကြောက်အလန့် ဟူ၍ မရှိလှတော့။ အန်ဇူလီကလည်း ရှဥ့်မလေး တစ်ကောင်လို နောက်မှ တက်လိုက်လာသည်။ မုခ် အဝင်ဝတွင် ရှိသည့် ကျောက်တုံး အပဲ့များ၊ ဘယ်နှစ် ဘယ်ကာလကတည်းက ရှိခဲ့သည်ဟု မသိရသော ဓါးကွက်ဥခွံ အကွဲများ၊ တောကျိုးကန်း ဥခွံ အကွဲများကို ဖယ်ရှားပြီးသည့်


www.burmeseclassic.com

www.burmeseclassic.com



နောက်တွင်မှ ပြာသာဒ်ဘုံဆောင် အပေါ်ထပ်သို့ ကောင်းကောင်း တက်၍ ရပေပြီ။

သူတို့ နှစ်ယောက်သည် ပြာသာဒ် ဘုံဆောင်ပေါ်သို့ ကုတ်ကပ် တွယ်တက် လာခဲ့ကြပြီးနောက် ရာ.မှ ရှဥ့်မျောက်ကလေး သွားသည့် လမ်း အတိုင်း တံခါး တစ်ခုမှ နေ၍ ခန်းဆောင် တစ်ခုထဲသို့ ဝင်လိုက်လာခဲ့ကြသည်။ ထိုနေရာမှာ အခန်း မဟုတ်ဘဲ လသာဆောင် တစ်ခု ဖြစ်၏။ အောက်တွင် နက်လှစွာသော ချောက်ကမ်းပါးကြီး ရှိနေရာ ထိုလသာဆောင်လေးမှာ ချောက်ကမ်းပါး နံရံတွင် ချိတ်ဆွဲထားသကဲ့သို့ ရှိနေပြီး ပျံလွှား ငှက်သိုက်နှယ် မည်သည့် အန္တရာယ်မျှ မလာရောက်နိုင်ဘဲ တသီးတခြား ဖြစ်နေသည်။

ထို လသာဆောင်ကလေးကို တွေ့လိုက်သည့်အတွက် အက်ရှ်မှာ ဝမ်းသာ၍ မဆုံးတော့။ စိတ်ညစ်လျှင် အေးအေးလူလူ လာနေ၍ ခိုလှုံနိုင်သော နေရာကလေး တစ်ခုကို တွေ့ရပြီ။ ကမ္ဘာ လောကကြီးကို လှမ်းကြည့်စရာ နေရာကလေး တစ်နေရာ ရပြီ။ အနာဂတ်ကို မျှော်မှန်း ကြံစည် စိတ်ကူး ကြည့်နိုင်သည့် နေရာကလေး တစ်နေရာကို ရပြီ။

မှောင်မည်းနေသော ဟော်အို ပတ်ဝန်းကျင်၊ ဟော်ထဲမှ အကောက်ကြံမှုများနှင့် ကုန်းချောမှုများ၊ ရာထူးလုမှုများ၊ အချင်းချင်း ချောက်တွန်းမှုများ၊ လုပ်ကြံမှုများတို့သည် ကျောက်ဖြူ ခြူးနွယ် ခြူးပြောက်များကြားမှ တသုန်သုန် တိုက်ခတ်လာသော သန့်ရှင်းသည့်လေပြည်ထဲသို့ ရောက်လျှင် လွင့်စဉ် သွားကြတော့မည်။

ထို့ထက် ပိုကောင်းသည်မှာ သည်နေရာကလေးကို သူတို့နှစ်ယောက်မှ အပ အခြား ဘယ်သူမျှ မသိခြင်းပင် ဖြစ်သည်။ ထို့ကြောင့် သည်နေရာကလေးကို လာလုမည်ကိုလည်း မစိုးရိမ်ရတော့။

မျောက်များ၊ ဒီးကွက်များ၊ တောကျီးကန်းများနှင့် ရင်အုပ်ဝါဝါ သပိတ်လွယ် ငှက်ကလေးများ အပြင် အခြား မည်သည့် သတ္တဝါမျှ သူတို့ ဘုံဆောင်ကလေးသို့ လာကြမည် မဟုတ်။ သည်နေရာကလေးသို့ လူသူရောက်သည်မှာ အနည်းဆုံး အနှစ် လေးငါးဆယ်လောက်တော့ ရှိရေမည်။ သည်နေရာကလေး ရှိသည်ကို သိမှ သိကြသေး၏လော မဆိုနိုင်။ မေ့လောက်ပြီဆင်သည်။

အကယ်၍ မြို့ထဲသို့ သွားမည်လော၊ ဘုံဆောင်ကလေးပေါ်တွင် တက်နေမည်လောဟု မေးလျှင်မူ မြို့ထဲသို့ သွားလိုက်ချင်သေးသည်။ သို့ရာတွင် ယခုလိုမြို့ထဲသို့လည်း သွားခွင့် မရတော့သည့် အတူတူ ဆိုလျှင်မူ အတင်းအဖျင်း ပြောသံများ၊ ရန်ဖြစ်သံများနှင့် ငြီးငွေ့စရာ ကောင်းသည့် ပတ်ဝန်းကျင်တို့မှ ကင်းဝေးရာ ဤဘုံဆောင်ကလေးပေါ်တွင် လာနေသည်က အကောင်းဆုံး ဖြစ်လိမ့်မည်။

သူနှင့် သီတာတို့ အတွက် ပေးထားသည့် ခန်းဆောင်ကလေး ရှိသည်မှာ မှန်၏။ သို့ရာတွင် အေးအေးဆေးဆေး မနေရ။ အစေခံတွေ မကြာခဏ ရောက်လာကာ သူတို့ကို လာခေါ်တတ်သည်။

ယခုမူ သည်နေရာကလေးသို့ လာနေလိုက်လျှင် သူ့ကို နှောင့်ယှက်မည့်သူ မရှိတော့။ အားအားယားယား ရှိတိုင်း ခေါ်ခေါ်ခိုင်းနေမည့် သူများနှင့်လည်း မတွေ့နိုင်။ အားအားယားယား ရှိ၍ ခေါ်ပြီး တောင်မေး မြောက်မေး မေးခွန်းတွေ မေးမည့်သူများနှင့်လည်း တွေ့နိုင်တော့မည် မဟုတ်။ သည်ဘုံဆောင်ကလေးကို တွေ့လိုက်ရသည့်အတွက် ဟဝါးမဟာ ခေါ် လေညင်းသာ ဟော်သည် အက်ရှ် အဖို့ နေသာ ထိုင်သာ ရှိလာခဲ့သည်။

ထို့ပြင် ဟော်နန်းမှ မြင်းမူးကြီး ကိုဒါဒတ်ခန်နှင့် သူ့သားငယ် ဇာရင် စသည့် အပေါင်းအသင်း နှစ်ယောက် တိုးလာသည့် အတွက်လည်း သူ့ဘဝသည် ပို၍ နေပျော် ထိုင်ပျော် ရှိလာခဲ့သည်။

ကိုဒါဒတ်သည် ပထန် အမျိုးသား တစ်ယောက် ဖြစ်၏။ လူငယ်ဘဝ ကတည်းက ဇာတိဖြစ်သည့် အာဖဂန် နယ်စပ်မှ တောင်တန်းကြီးပေါ်မှ ဆင်းလာခဲ့ကာ ပန်ဂျပ်ပြည် မြောက်ပိုင်းတစ်ခွင် ပြပြစ်စင်အောင် သွား၍ အလုပ် လုပ်ခဲ့သည်။ ဂူးလ်ကုတ်သို့ ရောက်သည့် အခါတွင် သိန်းငှက်ဖမ်း ကျွမ်းကျင်သဖြင့် သူ မရောက်မီ နှစ်လလောက်ကမှ ကွယ်လွန်သွားခဲ့သည့် ခမည်းတော် စော်ဘွားကြီး၏ အရိုက်အရာကို ဆက်ခံရသူ မဟာရာဇာ စော်ဘွားကလေးက သူ့ကို သဘောကျသွားသည်။

ဤသည်မှာ လွန်ခဲ့သည့် အနှစ် သုံးဆယ်ခန့်က ဖြစ်၏။ တစ်ခါတစ်ရံ ဇာတိဖြစ်သည့် နယ်စပ်တောင်တန်းသို့ အလည်အပတ် သွားသည်မှ အပ ကိုဒါဒတ်သည် အိမ်သို့ မပြန်တော့။ ဂူးလ်ကုတ် မဟာရာဇာ စော်ဘွားထံတွင် မြင်းမူးကြီး အဖြစ် အမှုထမ်းခဲ့ရာ ယခုအချိန်တွင်မူ ဂူးလ်ကုတ် ပြည်နယ်တွင် အတော်အတန် နာမည်ကြီးသည့် လူတစ်ယောက် ဖြစ်နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကိုဒါဒတ်သည် မြင်းကျွမ်းကြေသူ တစ်ယောက် ဖြစ်၏။ မြင်းအကြောင်း မေးလျှင် သူ မသိသည့် အရာ ဟူ၍ မရှိ။ မြင်းတွေ နားလည်သော စကားကို တတ်ကျွမ်းသည်ဟုပင် ပြောကြသည်။ မည်မျှ ဗွေဆိုးသော မြင်း ဖြစ်စေ၊ မည်မျှ အကိုင်ရခက်သော မြင်း ဖြစ်စေ သူ စကားပြောလိုက်လျှင် ပျော့ကျ သွားရသည်ဟုလည်း ဆိုကြသည်။ ကိုဒါဒတ်က မြင်းစီးကောင်းသလို သေနတ်ပစ်လည်း ဖြောင့်သည်။ မြင်းအကြောင်း ကောင်းကောင်းသိသလို တိုက်သိန်းနှင့် စွန်ရဲများ အကြောင်းကိုလည်း ကောင်းစွာ နားလည်၏။

ဂူးလ်ကုတ် မဟာရာဇာ စော်ဘွားသည် သူကိုယ်တိုင် မြင်းနှင့် တိုက်သိန်းငှက်များ အကြောင်းကို ကောင်းစွာ နားလည်သည့်တိုင် အရေးကိစ္စ ကြုံလာလျှင် ကိုဒါဒတ်၏ အကြံဉာဏ်ကို ရယူသည်။

ဇာတိ ရပ်ရွာသို့ ပထမ တစ်ခေါက် ပြန်သည့်အခါ၌ ကိုဒါဒတ်တွင် မိန်းမ တစ်ယောက် ပါလာခဲ့သည်။ ထိုမိန်းမဖြင့် သားသုံးယောက် မွေးခဲ့၏။ ယခုအချိန်တွင်မူ ကိုဒါဒတ်တွင် မြေးတွေ ရနေလေပြီ။ သူ့မြေးများနှင့် ပတ်သက်၍ ကိုဒါဒတ်က 'ဒီကောင်တွေက ငါငယ်ငယ်က အတိုင်းပဲလို့ ငါ့အမေက ပြောတယ်ကွ၊ တို့များ နယ်က ယူဆပ်ဖိုင်းနယ် မဒန်းနှင့် နီးတယ်ကွ၊ အဲဒီမှာ ငါ့သား အမှုထမ်းနေတဲ့ တပ်ရင်းလည်း အဲဒီမှာ စခန်းချထားတယ်၊ ငါ့ ဒုတိယသား အက်ဖ်ဇားလည်း အဲဒီ တပ်ရင်းမှာပဲ'

ကိုဒါဒတ်၏ သား အကြီး နှစ်ယောက်သည် အက်ရှ်၏ ဦးကြီး ဝီလျံ အမှုထမ်းသည့် နယ်ခြားစောင့်တပ်ရင်းတွင် အမှုထမ်းနေကြသည်။ ယခုမူ ကိုဒါဒတ်တို့ လင်မယား နှစ်ယောက်ထံတွင် သားအငယ်ဆုံး ဖြစ်သည့် ဇာရင်ခန် တစ်ယောက်သာလျှင် မိဘများနှင့် အတူ ကျန်ရစ်ခဲ့၏။ ဇာရင်သည်လည်း စစ်ထဲသို့ လိုက်ရန် စိတ်ကူးနေသည်။

ဇာရင်က အက်ရှ်ထက် အသက် ခြောက်နှစ်လောက် ကြီးသည်။ အာရှတိုက်စံဖြင့် ပြောရလျှင် ဇာရင်သည် လူလားမြောက်သည့် အရွယ်သို့ ရောက်နေလေပြီ။

ဇာရင်နှင့် အက်ရှ်တို့သည် အရပ်အမောင်း ကွာကြသည့်တိုင် အသားအရေနှင့် အလုံးအဖန် ထွက်ပုံမှာ တစ်ပုံတည်း ဖြစ်၏။ ပထန် လူမျိုးများ ထုံးစံအတိုင်း ဇာရင်က မျက်လုံးပြာပြာ၊ အသားဖြူဖြူနှင့် ဖြစ်သည်။ ရုတ်တရက် ကြည့်လိုက်လျှင် သူတို့နှစ်ယောက်သည် ညီအစ်ကိုလားဟု အောက်မေ့ရသည်။

ကိုဒါဒတ်ကလည်း သူတို့နှစ်ယောက်ကို ထိုအတိုင်းပင် သဘောထားကာ အက်ရှ်ကို သားဟု ခေါ်လေ့ရှိ၏။ ရိုက်နှက် ဆုံးမခြင်း ပြုလျှင်လည်း မည်သူ့ကိုမျှ မျက်နှာလိုက်ခြင်း မရှိ။ တန်းတူညီတူ ရိုက်နှက် ဆုံးမခြင်း ပြုသည်။ စင်စစ် ကိုဒါဒတ်သည် သူ ငယ်ငယ်က မိတ်ဆွေကြီးနှင့် သူ့ရဲကောင်းကြီး အက္ကဘာခန် အသက် ပြန်ဝင်လာခြင်းနှင့် တူသည်ဟု အက်ရှ်က ထင်သည်။ ကိုဒါဒတ်သည် အက္ကဘာလိုပင် ကြင်နာ သနားတတ်၍ ဉာဏ် အမြော်အမြင် ရှိသူ ဖြစ်သည်။

ကိုဒါဒတ်သည် သူ့ကို သိန်းငှက် တိုက်နည်း၊ မြင်းရိုင်း တစ်ကောင်ကို ကုန်းတင်၍ စီးနည်း၊ မြင်းကို ကဆုန်စိုင်း စီးလာရင်း မြေတွင် စိုက်ထားသည့် ရွက်ဖျင်တဲ ကြိုးချည်ငုတ်ကို လှံဖျားကလေး စိုက်ယူနည်း၊ ရွေ့လျားနေသော ပစ်မှတ်ကို ပစ်နည်း၊ ထိုပစ်မှတ်ကို ဆယ်ချက် ပစ်လျှင် ကိုးချက် မှန်အောင် ပစ်နည်း၊ ပစ်မှတ်ကို ချက်တိုင်း မှန်အောင် ပစ်နည်း စသည်တို့ကို သင်ပေးခဲ့သည်။

မိမိကိုယ်ကို မိမိ မည်သို့ ထိန်းချုပ်သင့်ကြောင်း၊ စိတ်အလိုကို လိုက်လျှင် မည်မျှ အန္တရာယ် ဖြစ်ကြောင်း၊ အလုပ် တစ်ခုကို လုပ်ပြီ ဆိုလျှင် ချင့်ချိန် စဉ်းစားပြီးမှ လုပ်သင့်ကြောင်းဖြင့် ကိုဒါဒတ်က ဆုံးမသည်။ အိမ်ရှေ့ကိုယ်တော်လေးအား ထိုးသည့် ကိစ္စနှင့် လေညင်းသာဟော်နန်းမှ သွားမည်ဟု မဆင်မခြင် ပြောပုံများကို ထောက်ပြကာ ထိုသို့ ဆုံးမခြင်း ဖြစ်သည်။

'စကား ဆိုတာ ဆင်ခြင် ပြောမှပေါ့ကွ၊ စိတ်ထဲမှာ ရှိတိုင်း လျှောက်ပြောနေရင် ဒုက္ခ ရောက်မှာပေါ့' ဟု ကိုဒါဒတ်က သူ့ကို မာန်သည်။

ဇာရင်ကလည်း သူ့ကို ညီငယ် တစ်ဦးလိုပင် ကြင်ကြင်နာနာ ဆက်ဆံသည်။ တစ်ခါတစ်ရံ၌ သူ့ကို ရိုက်နှက် ဆုံးမသည်။ တစ်ခါတစ်ရံတွင်လည်း သူ့ကို အားပေး နှစ်သိမ့်သည်။ သူ သဘောအကျဆုံးမှာ ဟဝါးမဟာ ခေါ် လေညင်းသာ ဟော်နန်းမှ အပြင်သို့ ထွက်ရသော အခါများတွင် သူ့ကို ခေါ်သွားစေခြင်း ဖြစ်၏။ တစ်ယောက်တည်း သွားရသလို စိတ်ထဲတွင် ပျော်သည်။

သူ ထွက်ပြေးမည်ကို စိုးရိမ်သည့် အတွက် အပြင်သို့ ထွက်လျှင် သတိနှင့် စောင့်ကြပ် ကြည့်ရှုရန် ကိုယ်တော်လေးက ပြောထားသည့်တိုင် ဇာရင်သည်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တော်လေး၏ အခြားသော အခြေအရံများ ကြည့်သလို သူ့ကို ပါးကွက် အာဏာသား မျက်စိ၊ ထောင်မှူး၏ မျက်စိမျိုးဖြင့် မကြည့်။ သူ ကြိုက်သလို လွတ်လွတ်လပ်လပ် နေစေသည်။ ထို့ကြောင့် ဇာရင်နှင့် အပြင်ထွက်ရသည် ဆိုလျှင် အက်ရှ် ပျော်သည်။ လွတ်လပ်ခြင်း၏ အရသာကို ခံစားရသည်။

အက်ရှ်သည် သူ့အဖေ၏ တဲစခန်းများတွင် နေခဲ့ရစဉ်က ပထန်စကား သင်ခဲ့ဖူးသော်လည်း မေ့နေပြီ။ သို့ရာတွင် အက်ရှ်သည် ပတ်ရှ်တွန်း စကားဟု ခေါ်သော ပထန်စကားကို ပြန်သင်သည်။ ထိုစကားသည် ကိုဒါဒတ်နှင့် ဇာရင်တို့ ပြောသည့် စကား မဟုတ်လော။ အက်ရှ်သည် များစွာသော ကလေးတို့ ထုံးစံ သူ့သူ့ရဲ့ကောင်းများကို နေရာတကာ လိုက်၍ အတုခိုးချင်သည် မဟုတ်လော။

ထို့ကြောင့် သူတို့နှင့် ဆိုလျှင် အက်ရှ်သည် ပထန်လိုသာ ပြောလေ့ ရှိ၏။ သူ ပထန်စကား ပြောသံကို ကြားလျှင် ကိုဒါဒတ်က ရယ်တတ်သည်။ သို့ရာတွင် အမေ သီတာကမူ တစ်ခါတုန်းက အင်္ဂလိပ်ဘာသာခန်းနှင့် ပထန်စကား ပြောသံ ကြားလျှင် မနာလို ဝန်တိုခြင်း ဖြစ်သည့်နည်းတူ ယခုလည်း ကိုဒါဒတ်တို့ သားအဖနှင့် သူ မတတ်သည့် ပထန်စကားကို ပြောသံ ကြားလျှင် စိတ်ဆိုးတတ်သည်။

သို့ရာတွင် အက်ရှ်သည် ကိုဒါဒတ်နှင့်လည်း အတိုက်အခံ မပြုလို။ အမေ သီတာ စိတ်မကောင်းအောင်လည်း မလုပ်ချင်။ ထို့ကြောင့် အက်ရှ်သည် သူ့သဘောနှင့် ဘုရားရှိခိုးသည်။ မြို့ထဲတွင် ရှိစဉ်က ဝတ်ကျောင်းမှ ဘုန်းကြီး ရှိခိုးသံကို သူ ကြားခဲ့ရသည်။

'လူသတ္တဝါတို့တွင် ရှိတတ်သည့် ဒုစရိုက် သုံးမျိုးတို့ကို ကျူးလွန်မိပါက တပည့်တော်အား ခွင့်လွှတ်တော်မူပါဘုရား၊ အရှင်ဘုရားအား ကိုးကွယ် ဆည်းကပ်ပါ၏ ဘုရား၊ အရှင်သည် သဏ္ဌာန်မဲ့ ဖြစ်သည့်တိုင် တပည့်တော်သည် အရှင်၏ သဏ္ဌာန်ကို ရည်စူး၍ ရှိခိုးပါ၏ ဘုရား၊ အရှင်သည် အထူး ချီးမြှောက်ခြင်းကို မလိုသည့်တိုင် တပည့်တော်သည် အရှင်အား ချီးမြှောက်ပူဇော်ပါ၏ ဘုရား၊ တပည့်တော်အား အပြစ်များမှ ခွင့်လွှတ်တော်မူပါ ဘုရား'

အက်ရှ်သည် ထိုဘုရား ရှိခိုးကို သဘောကျသည်။ မဟာဒေဝီ ဘုံဆောင်ထက်မှနေ၍ နှင်းဖုံးသော တောင်ထွတ်များကို ငေးကြည့်မိသည်။ နှင်းဖုံးနေသော တောင်ထွတ် တောင်တန်းတို့က ပြာသာဒ် စုလစ်မွမ်းချွန်တွေလို မိုးသို့ မြင့်လျက်။ နတ်သမီး ပုံပြင်ထဲက မြို့ကြီးတစ်မြို့သဖွယ်။ ထိုတောင်တန်းကြီးများကို (ဒူးရှ်ခိုင်မာ တောင်တန်း) ရွှေပြည်သာ တောင်တန်းဟု ခေါ်ကြသည်။

အက်ရှ်သည် ထိုတောင်တန်းကြီးများကို သဘောကျသည်။ အမေ သီတာ ဆွမ်း ကွမ်း ရေချမ်း ကပ်သည့် ရုပ်တုတွေထက် ထိုတောင်တန်းကြီးများကို ကြည်ညိုလေးစားသည်။ ကိုဒါဒတ်သည် ဘုရားရှိခိုးလျှင် မက္ကာမြို့ဘက် ရှိရာသို့ လှည့်၍ ရှိခိုးသကဲ့သို့ အက်ရှ်သည်လည်း ထိုဘုရားရှိခိုးကို ရွတ်မိလျှင် ရွှေပြည်သာ တောင်တန်းကြီးဆီသို့ မျက်နှာမူမိသည်။

ရွှေပြည်သာ တောင်တန်းကြီးများကို သည်လောက်လှအောင် တစ်ဦးဦးက ဖန်ဆင်းခဲ့ခြင်း ဖြစ်ပေလိမ့်မည်ဟု အက်ရှ် တွေး၏။ ဖန်ဆင်းသူသည် အမေ သီတာနှင့် သူ့ ဘုန်းကြီးများ ကိုးကွယ်သည့် ဟိန္ဒူဘုရားလော၊ သို့မဟုတ် ကိုဒါဒတ်နှင့် သူ့မော်လဝီဆရာတို့ ကိုးကွယ်သည့် အလ္လာ ဘုရားသခင်လော။ ထိုဘုရားသခင်တို့၏ တန်ခိုး ပြာဋိဟာဖြင့် ဖန်ဆင်းသော အရာ အဖြစ် ထိုတောင်တန်းကြီးများကို ကိုးကွယ်သင့်သည်ဟု အက်ရှ် ထင်သည်။

ဟုတ်သည်။ ထိုတောင်တန်းကြီးများသည် မိမိ၏ ကိုးကွယ်ရာ ဖြစ်သည်။ မိမိ၏ ကျေးဇူးရှင်၊ မိမိ၏ အရှင်သခင်။ အမေ သီတာ၏ သား၊ ဂူလ်ကုတ် အိမ်ရှေ့ ဥပရာဇာ ကိုယ်တော်လေး၏ ကျေးတော်မျိုး ဖြစ်သည့် အရှေ့၏ ကိုးကွယ် အားထားရာများ ဖြစ်ကြသည်။

'အို အရှင်၊ အရှင်သည် နေရာတိုင်းတွင် ရှိပါ၏၊ တန်ခိုးဖြင့် ပြည့်စုံပါ၏' ဟု အက်ရှ်သည် ဒူးရှ်ခိုင်မာ ခေါ် ရွှေပြည်သာ တောင်တန်းကြီးများကို ငေးကြည့်ရင်း စိတ်ထဲမှ ဆိုနေမိသည်။

ထိုသို့ အောက်မေ့လိုက်သည်နှင့် လှပ၍ တောင်ထွတ် တောင်စွယ် အသွယ်သွယ်တို့ဖြင့် ရှိသော ရွှေပြည်သာ တောင်တန်းကြီးသည် အက်ရှ်၏ စိတ်ထဲတွင် သက်ဝင် လှုပ်ရှားနေသော အရာ၊ သက်ရှိ ရုပ်တစ်ခု၊ မျက်နှာ များစွာ ရှိသော နတ်ဒေဝီ တစ်ပါး ဖြစ်လာသည်။ ဗိဿနိုးဘုရား ရုပ်ပွားတော်များနှင့်လည်း မတူ။ မက္ကာမှ ကျောက်ဆောင်များနှင့်လည်း မတူ။ နာရီနှင့် အမျှ၊ နေ့စဉ်နှင့် အမျှ၊ ရာသီနှင့် အမျှ အသွင်ပြောင်းနေသည့် ဇီဝရုပ် တစ်ပါး။



www.burmeseclassic.com

www.burmeseclassic.com



အရက် ပျို့ပြီ ဆိုလျှင် ရွှေပြည်သာ တောင်တန်းထိပ်တွင် နီရဲလျက်။ မွန်းတည့်ချိန် ဆိုလျှင် ငွေရောင်သန်းလျက်။ နေဝင် ဆည်းဆာတွင် ဆိုလျှင် ရွှေရောင်နှင့် နှင်းဆီရောင် လှလျက်။ မှောင်ရီရီ ဆိုလျှင် တမာခါးပွင့်ရောင် ဖြူဖြူနှင့် လာဗင်ဒါ ပွင့်ရောင်၊ ခရမ်းနုရောင်တို့ ပြေးလျက်။ မိုးတိမ်တွေ မှိုင်းပြီ ဆိုလျှင် ပြာညိုရောင်ဆိုင်းလျက်။ ကြယ်လင်းသည့် ညများတွင် ဆိုလျှင် မည်းမှောင်လျက်။ မုတ်သုံ ရာသီသို့ ရောက်ပြီ ဆိုလျှင် နှင်းမြူဇာလွှာ အထပ်ထပ် ရစ်ခြုံလျက်။ ခဲသားရောင် ပြာမှိုင်းသော မိုးစက် ကန့်လန့်ကာကြီး နောက်ကွယ်တွင် ပုန်းကွယ်လျက်။

အက်ရှ်သည် မဟာဒေဝီ ဘုံဆောင်ပေါ်သို့ တက်တိုင်း ထမင်း တစ်ဆုပ်ကို ယူသွားတတ်သည်။ သို့မဟုတ်လျှင်လည်း ပန်းကြွေ တချို့ကို ကောက်သွားတတ်သည်။ ဘုံဆောင်ရှိ ကျိုးပဲ့နေသော ပြတင်းဘောင်တွင် တင်ကာ ထိုပန်းများဖြင့် ဒူးရှိခိုင်မာ ခေါ် ရွှေပြည်သာ တောင်တန်းကြီးကို ပူဇော်သည်။

ငှက်များနှင့် ရှဉ့်များက ပူဇော်သည့် စပါးစေ့များ၊ ထမင်းစေ့များကို လာစားကြ၏။ ကြာသော် ယဉ်ပါးလာကာ ငှက်ကလေးများ၊ ရှဉ့်ကလေးများသည် တုံးလုံးပက်လက် လှဲနေသည့် အက်ရှ်၏ အနီးတစ်ဝိုက်သို့ လာတတ်ကြသည်။ ထို့နောက် ကိုယ်ပေါ်သို့ တက်ကြသည်။ သူ့ကို ဘုံဆောင်မှ ကျောက်တုံး တစ်တုံးများ ထင်ကြလေသလော မသိ။ သူ့ကိုယ်ကို နှုတ်သီးကလေးများဖြင့် ထိုးဆွ၍ အစာ တောင်းကြသည်။

'လူလေး၊ ဘယ်တွေကိုများ လျှောက်သွားနေတာလဲ၊ ကိုယ်တော်လေးရဲ့ အဆောင်က လာမေးနေတယ်၊ ကိုဒါဒတ် သားအဖနှင့် အတူ မြင်းဇောင်းထဲမှာ သိန်းတိုက် နေမှာပေါ့လို့ ပြောလိုက်တယ်၊ လူလေးဟာ ကိုယ်တော်လေးရဲ့ အိမ်တော်သား ဖြစ်နေပြီနော်၊ အဲဒီ မြင်းဇောင်းတွေဘက်ကိုချည်း သွား သွား မနေနှင့်'

သီတာက ပြောသည်။

'အိမ်ရှေ့ ကိုယ်တော်လေးရဲ့ အိမ်က အမှုထမ်းတွေက ငါ့ကို မင့် အထိန်းတော်များ အောက်မေ့နေကြသလား မသိပါဘူးကွာ၊ ဒီကို မင်း လာသလား၊ ဘာလာ လုပ်နေတာလဲ၊ ဘာဖြစ်လို့ မလာတာလဲလို့ တစ်မေးတည်း မေးနေကြတာပဲ'

ကိုဒါဒတ်က ညည်းသည်။

'အရှော့၊ မင်း ဘယ်ကို သွားနေတာလဲ ဟင်၊ မိုဟန်နှင့် ဘီဂျူးကို လိုက် အရှာခိုင်းတာ နှံ့နေပြီ၊ မင်းထင်သလို နေလို့ ဘယ်ဖြစ်မလဲ၊ မင်းဟာ ငါ့ကျေးကျွန်ဆိုတာ သတိ ထားဦးမှပေါ့၊ မင်း ငါနှင့် ကျားကစားရမယ်'

အိမ်ရှေ့ ကိုယ်တော်လေးက ပြောသည်။

အက်ရှ်သည် တောင်းပန်ကာ မိမိသည် ဥယျာဉ်ထဲသို့ လျှောက်လည်နေကြောင်း၊ သို့မဟုတ်လျှင်လည်း မြင်းဇောင်းများနှင့် ဆင်ကျုံးဘက်သို့ သွားကြည့်နေကြောင်းဖြင့် လီဆယ်ပြောသည်။ ထို့နောက် ကျားကစားကြသည်တွင် ထိုကိစ္စလည်း မေ့မေ့ပျောက်ပျောက် ဖြစ်သွား၏။

ဟဝါးမဟာ ခေါ် လေညင်းသာ ဟော်နန်းသည် အတန်ငယ်ကြီးသည့် ဟော်ဝင်းကြီး ဖြစ်သည့်အလျောက် အထဲတွင် တော်တော်နှင့် ရှာမတွေ့နိုင်။ တစ်ခါတစ်ရံ အက်ရှ်ကို အရှာခိုင်းလိုက်၍ တွေ့မလာလျှင် အိမ်ရှေ့ ကိုယ်တော်လေး စိတ်မပူ။ အရှော့သည် အပြင်သို့ သူ တစ်ယောက်တည်း ထွက်ရသည် မဟုတ်၊ အဆုံးတွင် တွေ့ရမည်သာဟု အိမ်ရှေ့ ကိုယ်တော်လေး သိပြီးသား ဖြစ်သည်။

သို့တိုင်အောင် အိမ်ရှေ့ ကိုယ်တော်လေးသည် အရှော့ကို သူ့အနားတွင် နေစေချင်သည်။ အရှော့သည် စိတ်ချရသည့် အခြွေအရံ တစ်ယောက်။ သူ့ကို တံစိုးလက်ဆောင်ပေး၍ မကောင်းကြံခိုင်းသည့်တိုင် လုပ်မည့်သူ မဟုတ်ဘဲ သစ္စာရှိသည့် ကျွန်ယုံ တစ်ယောက်ဖြစ်ကြောင်းကို အိမ်ရှေ့ ကိုယ်တော်လေးသည် ပကတိ ဉာဏ်အရ သိသည်။

နောက်ထပ် ထူးထူးထွေထွေ ဘာမျှ မဖြစ်တော့သည့် အတွက် မိမိ၏ လုံခြုံရေးနှင့် ပတ်သက်၍ အထိန်းတော်ကြီး ဒွန်မာယား၏ သတိ ပေးချက်များမှာ အစိုးရိမ်လွန်ခြင်းမျှသာ ဖြစ်သည်ဟု ကိုယ်တော်လေး ထင်စပြုလာသည်။ သူ့ကို အန္တရာယ် ပြုမည့်သူ ဟူ၍ မရှိတော့ကြောင်း၊ ကချေသည် မဟာဒေဝီသည်ပင် သူ့ကို အန္တရာယ်ပြုတော့မည် မဟုတ်ကြောင်းဖြင့် ကိုယ်ရံတော် ဘီဂျူရန်းက တဖွဖွ ပြောလျက်ရှိရာ အိမ်ရှေ့ ကိုယ်တော်လေးသည် သူ့စကားကိုလည်း ယုံကြည်စ ပြုလာ၏။

သို့ဆိုလျှင် သူ့အနားတွင် အရှော့ကို အမြဲတစေထားစရာ အကြောင်း မရှိတော့။ အရှော့က ပရှန်တို့၊ ဘီဂျူရန်းတို့၊ မိုဟန်တို့လို ရယ်စရာတွေကို မပြောတတ်။ ဘီဂျူရန်းသည် အရှော့ထက် ဆယ်နှစ်ခန့်က ကြီးပြီး



www.burmeseclassic.com

www.burmeseclassic.com



စိတ်မချရသည့်တိုင် (ဘီဂျူရန်းမှာ အသက် နှစ်ဆယ် ကျော် ရှိပြီ။) အနောက်ဆောင်ဟု ခေါ်သော မိန်းမ ဆောင်မှ အတင်းအဖျင်းတွေကို ပြောတတ်သည်။ ပျော် စရာ မကောင်းမှုများကို သွန်သင်ပေးတတ်သည်။

အရှေ့သည် သူ့ကို ကျရောက်မည့် အန္တရာယ် တို့မှ ကာကွယ်ပေးတတ်သော အဆောင်လက်ဖွဲ့ တစ်ခု နှယ်၊ မဟုတ်လျှင် အိမ်ရှေ့ ကိုယ်တော်လေးသည် အရှေ့ကို အစောကြီး သူ့အနားမှ ဖယ်ထုတ်မိပေလိမ့် မည်။ အရှေ့၏ စူးစူးရဲရဲ ရှိလှသော အကြည့်က လှောင်ပြောင် သရော်သည့် သဘောကို ဆောင်သည်။ ထို့ပြင် ဘီဂျူရန်းတို့၊ ပူနာတို့ ပြောသည့် ပြက်လုံး တွေကို မကြိုက်သည့်ဟန် ပြပုံက အိမ်ရှေ့ ကိုယ်တော် လေး အဆင့်အတန်း နိမ့်ကျပုံကို တစ်ဖက်တစ်လမ်းမှ ပြောနေသကဲ့သို့ ဖြစ်နေသည်။ ထို့ကြောင့် အိမ်ရှေ့ ကိုယ်တော်လေးသည် အရှေ့ကို မနာလိုဝန်တို ဖြစ် နေသည်။

အရှေ့နှင့် အိမ်ရှေ့ ကိုယ်တော်လေးသည် အန်ဖူလီ ကိစ္စကြောင့် စိတ်သဘောထားချင်း ကွဲလွဲကြ၏။

စင်စစ် သည်ကိစ္စသည် ဘာမျှ ပြောလောက် သည့် ကိစ္စမဟုတ်။ အသေးအဖွဲကလေးမျှသာ။ အန်ဖူ လီသည် ယခုမှ ကလေးမျှသာ ရှိသေးသည်။ သည် အထဲတွင် ရုပ်ကလည်း အချောကြီး မဟုတ်။ အကယ်၍ သာ အန်ဖူလီသည် ရုပ်ချော၍ ချစ်စရာကောင်းသည့် ကလေးငယ် တစ်ယောက် ဖြစ်ခဲ့လျှင် ခမည်းတော် ဧော်ဘွားကြီးက သူ့ကို ချစ်မည်။ သို့ဆိုလျှင် သူနှင့် ပြိုင်ဘက် ဖြစ်နေလိမ့်မည်။ ပြိုင်ဘက် ဖြစ်သည့်အလျောက် အန်ဖူလီကို မုန်းမိလိမ့်မည်။ ကချေသည် မဟာဒေဝီနှင့် သူ့သားငယ် နန်ဒူးတို့ကို မုန်းသကဲ့သို့ မုန်းမိပေလိမ့် မည်။

သို့ရာတွင် အန်ဖူလီ၏ အမေ ဖာရင်ဂီ မဟာ ဒေဝီသည် သူ့ကို ချစ်သည်။ ထို့ကြောင့် အိမ်ရှေ့ ကိုယ် တော်လေးသည် ထိုမျက်နှာကို ထောက်၍ ဖာရင်ဂီ မဟာဒေဝီ၏ သမီး အန်ဖူလီကိုလည်း ပြန်၍ ခင်မင် ရသည်။

ထို့ပြင် အရှေ့ကိုလည်း အန်ဖူလီကို ကာကွယ် သူ၊ စောင့်ရှောက်သူ အဖြစ် အသိအမှတ် ပြုထားလိုက် သည်။ သို့ရာတွင် သူ့အချစ်တော် ဟီရာလားလ်က အရှေ့ကို ချစ်ခင်ခြင်း၊ ဟော်ထဲတွင် ရှိသည့် မင်းညီ မင်းသားများက သူရဲကောင်းဟု ယူဆထားသည့် ကို ဒါဒတ်က အရှေ့ကို ချစ်ခင်ခြင်းတို့ကို မြင်ရသည့် အခါတွင် အိမ်ရှေ့ ကိုယ်တော်လေးသည် အရှေ့ကို မနာလိုဝန်တို ဖြစ်မိပြန်သည်။ ကိုဒါဒတ်သည် ခမည်း တော် ဧော်ဘွားကြီး၏ လူယုံတော်။ ယခု ဤလူယုံ တော်က အရှေ့ကို အကောင်း ပြောနေသည့် အခါတွင် အိမ်ရှေ့ ကိုယ်တော်လေး သည်းမခံနိုင်။

ဂူးလ်ကုတ် မဟာရာဇာ ဧော်ဘွားက ခပ်ဝဝ၊ ခပ်လေးလေး။ စည်းစိမ်ကလည်း အလွန်ခံသည်။ အရက်၊ မိန်းမနှင့် ဘိန်းကို ကြိုက်သည်။ ကာမဂုဏ်ကို လိုက် စားလွန်းသဖြင့် ခွန်အားတို့ ဆုတ်ယုတ်ကာ အသက် ငါးဆယ်တွင်း အရွယ်နှင့် မလိုက်အောင် အိုစာ ရင့်ရော် နေလေပြီ။ မဟာရာဇာသည် သားကြီးကို အလွန်ချစ် သည်။ သူ့သားကြီး၏ အသက် အန္တရာယ်ကို လုပ်ကြံ မည် ဆိုလျှင် မည်သူ့ကိုမျှ ချမ်းသာပေးမည် မဟုတ်။

သို့ရာတွင် ယခုမူ အသက်လည်း ကြီးပြီ၊ အရွယ် လည်း ထောက်ပြီ၊ နောက်ထပ် ဒုက္ခ သုက္ခတွေကို မတွေ့ချင် မမြင်ချင်တော့။ ယခု သူက သားတော် အိမ်ရှေ့ ဥပရာဇာ လာလာဂျီကို အရေးပေးတိုင်း သူ့ မဟာဒေဝီ ဂျာနူးဘိုင်မှာ စိတ်ဆင်းရဲ ရသည်။ သူ့အချစ် မဟာဒေဝီ ဂျာနူးဘိုင် သောက ရောက်ရသည်ကို သူ မကြည့်ရက်။

ထို့ကြောင့် ဧော်ဘွားကြီးသည် မဟာဒေဝီ ဂျာ နူးဘိုင် စိတ်မဆင်းရဲရလေအောင် သားတော် လာလာ ဂျီကို သိပ် မတွေ့တော့။ သားတော် လာလာဂျီသည် သူ့ခမည်းတော်ကို ချစ်သလောက် သူ့အပေါ်တွင် ဤသို့ စိမ်းကားသည်ကို တွေ့ရသည့်အခါတွင် နာကြည်းခြင်း ဖြစ်မိသည်။ တစ်ခါတစ်ရံ သူတို့အဆောင်သို့ ရောက် လာကာ သူ့ကို ကောင်းစွာ စကားမပြောဘဲ အခြားသူ များကို အရေးတယူ စကား ပြောနေလျှင်လည်း နာကြည်း ခြင်း ဖြစ်မိသည်။

ခမည်းတော် ဧော်ဘွားကြီးသည် သူတို့ အဆောင် သို့ ရောက်လာလျှင် အက်ရှ်ကိုသာ အရေးတယူ စကား ပြောလေ့ရှိ၏။ သို့ပြောခြင်းမှာလည်း အခြားကြောင့် မဟုတ်။ သူ၏ လူယုံတော်ကြီး ကိုဒါဒတ်၏ စကား များကြောင့် ဖြစ်သည်။ ကိုဒါဒတ်က အရှေ့ ဆိုသည့် သူငယ်ကလေးကို ကောင်းစွာ မွေးမြူ လေ့ကျင့်ပေးလျှင် ကျွန်ကောင်း တစ်ယောက် ဖြစ်နိုင်ကြောင်းဖြင့် ပြောဖူး သောကြောင့် ဖြစ်၏။ ဧော်ဘွားကြီး ကိုယ်တိုင်ကလည်း အိမ်ရှေ့ ကိုယ်တော်လေး အသက်ကို အရှေ့ ကယ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖူးကြောင်း သတိရသောကြောင့် ဖြစ်၏။ ထို့ကြောင့် အရှောကို အရေးပေးခြင်း ဖြစ်သည်။

တစ်ခါတစ်ရံတွင် စော်ဘွားကြီးသည် သိန်းတိုက်ရာ၊ သို့မဟုတ် သိန်းငှက် ဖမ်းရာသို့ အရှောကို ခေါ်သွားတတ်သည်။ ထိုသို့ ခေါ်သွားပြီ ဆိုလျှင် အိမ်ရှေ့ ကိုယ်တော်လေးမှာ မကျေနပ်နိုင်တော့ဘဲ မျက်နှာကြီး မှုန်နေတော့သည်။ ထို့ပြင် အရှောကို လက်စားချေသည့် အနေဖြင့် အစားအသောက် စားချိန်၊ အိပ်ချိန် မပေးဘဲ အနားတွင် အရှောကို ခစားခိုင်းသည်။

ထိုအခါများတွင် အရှောမှာ ပင်ပန်း ငိုက်မျဉ်းလျက်က သူ့အပါးတွင် ထိုင်နေရ၏။ သို့မဟုတ်လျှင်လည်း အနားတွင် ရှိသည့် အရှော ချစ်သော တိရစ္ဆာန် တစ်ကောင်ကောင်ကို ရက်စက်စွာ ရိုက်မောင်းပုတ်မောင်း ပြုတတ်သည်။ ဤတွင် အရှောနှင့် စကားများကာ ရန်ဖြစ်ကြသည်။ ထိုအခါတွင် အရှောမှာ ပြစ်ဒဏ် အပေး ခံရပြန်သည်။

စော်ဘွားကြီးက မြင်းထိန်း သူငယ်ကလေး တစ်ယောက် ဖြစ်သည့် အရှောကို သည်မျှ အရေးပေးသည်ကို အိမ်ရှေ့ ကိုယ်တော်လေးကသာ မနာလို ဝန်တိုခြင်း ဖြစ်သည် မဟုတ်။ အိမ်ရှေ့ ကိုယ်တော်လေး အနီးတွင် ခစားနေသည့် အခြွေအရံများကလည်း မနာလို ဝန်တိုခြင်း ဖြစ်ကြသည်။ အရှောကို မနာလို ဝန်တိုခြင်း မဖြစ်သူ ဆို၍ ကိုယ်တော်လေးကို မြင်းစီး သင်ပေးသည့် မြင်းဆရာ ဟီရာလားလ် တစ်ယောက်သာ ရှိသည်။

သူတို့အထဲတွင် အရှောကို ကြင်နာသူ၊ အရှောကို သနားသူ ဆို၍ ဟီရာလားလ် တစ်ယောက်သာ ရှိသည်။ ဟီရာလားလ်သည် ဘီဂျူရန်း၏ ရက်စက်ကြမ်းကြုတ်သည့် နောက်ပြောင် ကျီစယ်မှုများကိုလည်း အားမပေး။ သူ၏ ညစ်ညမ်းသော ပြက်လုံးများကိုလည်း နားထောင်လေ့ မရှိ။ ထိုအခါမျိုးတွင် ဟီရာလားလ်သည် သမ်းဝေကာ သူ့ ယာဘက်နားတွင် ဆွဲထားသည့် ပုလဲနက် နားဋောင်းကို လက်ချောင်းကလေးများဖြင့် ကစားရင်း ငြီးငွေ့သည့်ဟန်၊ စိတ်ပျက်သည့်ဟန်၊ စိတ်မဝင်စားသည့်ဟန်ကို ပြနေတတ်သည်။ သို့ဖြင့် ထိုအမူအရာသည် ဟီရာလားလ်တွင် အကျင့်ကြီး တစ်ရပ် ဖြစ်လာခဲ့ရာ ဘီဂျူရန်းသည် သူ့ကို စော်ကားသည်ဟု ထင်သဖြင့် ထိုအခါမျိုးတွင် အကြီးအကျယ် ဒေါပွနေတတ်သည်။

ထိုမျှမက ဟီရာလားလ်၏ နားတွင် ပန်ထားသည့် ပုလဲနက်ကြီးကလည်း အဖိုးတန် ရတနာကြီး ဖြစ်သည်။ ပုံက သစ်တော်သီးပုံ။ အရောင်က ခိုရောင် တောက်လျက်၊ ခပ်မှိုင်းမှိုင်း။ သူ့ကို လှောင်နေသည့်နှယ်။ ဟီရာလားလ်ကလည်း နားဆွဲကို တစ်ဖက်တည်းတွင်သာ ဆွဲသည်။ ဣန္ဒြေရသော ပုလဲနက်ကြီးသည် တပြောင်ပြောင် ဖြစ်နေသည့် သူ့ စိန်နားဆွဲကြီးကို လှောင်ပြောင်သည့်နှယ် ရှိသည်။ ထို့ပြင် ဟီရာလားလ် ဝတ်ထားသည့် အရောင်မှိုင်းမှိုင်း ကိုယ်ကျပ် အင်္ကျီရှည်ကြီးကလည်း ပုံမကျ ပန်းမကျ။ တောက်တောက်ပပ ဖြစ်နေသည့် သူ့အဝတ်အစားများကို သရော်နေသကဲ့သို့ ရှိ၏။

ဟီရာလားလ်ကို ကြည့်ရသည်က ဘာအလုပ်ကိုမျှ မလုပ်သည့်နှယ်။ သူ့ကို ကြည့်လိုက်လျှင် အမြဲတမ်း ငိုက်မျဉ်းနေသယောင်။ သို့ရာတွင် မျက်ခွံတွေ ဖုံးလုနီး ဖြစ်နေသည့် သူ့ မျက်လုံးများသည် အရာရာကို မြင်လိုက်ကြသည်။ မည်သည့် အရာကိုမျှ အလွတ်မပေး။ ဟီရာလားလ်က စိတ်သဘော ကောင်းသည်။ ပျော်ပျော် နေတတ်သည်။ အပျင်းလည်း အလွန်ထူသည်။ သူ့ အပျင်းကြီးပုံသည် ဟော်နန်းထဲတွင် လှောင်ပြောင်စရာ ဖြစ်နေသည်။ ထို့ကြောင့် ဟီရာလားလ်သည် ဟော်ထဲတွင် လူပြက်လို ဖြစ်နေသည်။ သူ့စကား ဆိုလျှင် မည်သူကမျှ အတည်မယူ။

'ဟေ့ကောင်လေးရဲ့၊ သူတို့ စိတ်ညစ်အောင် လုပ်တာကို မခံနှင့်ကွ၊ ဘယ်တော့မှ စိတ်ညစ်မခံနှင့်၊ ဒီဟော်ထဲမှာ ရှိတဲ့ ကောင်တွေက အားလုံး လူညံ့တွေ ချည်းပဲ၊ ခေါင်းရှိတဲ့ ကောင်တွေ မဟုတ်ဘူး၊ ဒီကောင်တွေမှာ ဒီပြင် အပျော်အပါးရယ်လို့ မရှိတော့ သူတို့မှာ တစ်ဖက်သား စိတ်ဆင်းရဲအောင် လုပ်ဖို့ပဲ တတ်တယ်၊ ဒီနည်းနှင့် သူတို့ကိုယ်သူတို့ အာသာ ဖြေနေကြရတာ၊ ဒီပြင်လူတွေ ကိုးရိုးကားရား ဖြစ်မှ သူတို့မှာ နေသာထိုင်သာ ရှိတာ၊ ကလေးတွေကိုပဲ ဖြစ်ဖြစ် ဒရယ်ကလေးတွေကိုပဲ ဖြစ်ဖြစ် စာနာစိတ် ရှိကြတာ မဟုတ်ဘူး၊ သူတို့ စိတ်အငြိုးပြေရင် ဒီသတ္တဝါကလေးတွေကိုလည်း နှိပ်စက်ကြတာပဲ၊ ဒီတော့ သူတို့ကို ဂရုမစိုက်နှင့်၊ မဟုတ်ဘူးလားဗျာ၊ ကင်းမြီးကောက်' ဟု ဟီရာလားလ်က ဘီဂျူရန်းကို လှမ်းပြောတတ်သည်။

ဘီဂျူရန်းသည် သူ့ကို ကင်းမြီးကောက်ဟု နောက်ပြောင် ခေါ်လိုက်သည့် အတွက် မျက်လုံးများကို မှေးကာ မကျေမနပ်ဖြင့် လှမ်းကြည့်လိုက်၏။ အချို့ကလည်း မျက်မှောင်ကြီးတွေ ကုတ်ပြီး ကြည့်နေသည်။ သို့ရာတွင်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ ကိုယ်တော်လေးကမူ သူ ပြောသည့် စကားများကို မကြားယောင် ပြုနေသည်။ အိမ်ရှေ့ ကိုယ်တော်လေးသည် ဟီရာလားလ်ကို ထုတ်ပစ်၍လည်း မဖြစ်။ ပြစ်ဒဏ်ပေး၍လည်း မရ။

ဟီရာလားလ်သည် ခမည်းတော် စော်ဘွားကြီး အမိန့်အရ သူ့ အဆောင်တွင် လာရောက် တာဝန်ကျနေသူ မဟုတ်လော။ (တစ်ခါတစ်ရံတွင်မူ ဟီရာလားလ်ကို သူ့မိထွေးဖြစ်သူ ကချေသည် မဟာဒေဝီက သူ့အဆောင်တွင် လာရောက် ခန့်ထားလေသလော ဟုပင် အိမ်ရှေ့ ကိုယ်တော်လေး သံသယ ဖြစ်မိသေးသည်။) ထို့ကြောင့် အိမ်ရှေ့ ကိုယ်တော်လေး လာလာဂျီသည် ဟီရာလားလ်က ထိုသို့ မကြားတကြား ပြောလျှင် မည်သို့မျှ မပြောတော့ဘဲ မကြားယောင် ပြုနေလိုက်သည် ချည်း။

ထားတော့။ ဟီရာလားလ်မှာ မိထွေးတော် မဟာဒေဝီက လွှတ်သည့် သူလျှို ဟုတ်သည် ဖြစ်စေ၊ မဟုတ်သည် ဖြစ်စေ အရေးမကြီး။ ဟီရာလားလ်က စကားပြော ကောင်းသည်။ ဇဝနဉာဏ် ကောင်းသည်။ ရယ်စရာမောစရာ ပြောတတ်သည်။ ပျင်းစရာ အကောင်းဆုံး နေ့တစ်နေ့ကိုပင် ပျော်စရာ ဖြစ်အောင် ကစားနည်း အမျိုးမျိုးကို ထွင်တတ်သည်။ သူ မရှိလျှင် ဟဝါးမဟာ ခေါ်လေညင်းသာ ဟော်နန်းက သူ့အဆောင်သည် ပျင်းစရာ ကောင်းနေလိမ့်မည်။

အရှေ့လည်း ဟီရာလားလ်ထံမှ သင်ခန်းစာတွေ အများကြီး ရသည်။ အကြံဉာဏ်တွေ တစ်ပုံကြီး ရသည်။ ထို့ကြောင့် ဟီရာလားလ်၏ အကြံပေးချက်သည် အလွန် အဖိုးတန်သည်။ ကြာသော် အရှေ့သည် သူ့ခံစားချက်များကို ဖုံးကွယ်တတ်လာပြီ။ သူ့ကို ပေးသည့် ပြစ်ဒဏ်တို့ကိုလည်း မတုန်မလှုပ် ခံနိုင်စွမ်း ရှိနေလေပြီ။ အပေါ်ယံအားဖြင့် မတုန်မလှုပ် အမူအရာမျိုးကို ပြသည့်တိုင် အတွင်း ခံစားချက်မှာ မပြောင်းလဲနိုင်သေး။ လာလာဂျီ အပေါ်တွင် စိတ်ပျက်နေဆဲ။

သို့ရာတွင် အိမ်ရှေ့ ကိုယ်တော်လေး လာလာဂျီကို စိတ်ပျက်ခြင်း မဖြစ်သင့်ကြောင်း၊ တကယ်က အိမ်ရှေ့ ကိုယ်တော်လေးသည် သနားစရာ ကောင်းကြောင်း၊ အရှေ့၏ အခြေအနေသည် အမြဲတမ်း စိတ်ဆိုးကာ အလိုမကျ ဖြစ်နေရသည့် အိမ်ရှေ့ ကိုယ်တော်လေး၏ အခြေအနေထက် အများကြီး သာလွန်ကြောင်းဖြင့် ဟီရာလားလ်က ပြောသည်။

ဟီရာလားလ်က

'အိမ်ရှေ့ ကိုယ်တော်လေးဟာ မင့်ကို နှိပ်စက်ကောင်း နှိပ်စက်မယ်၊ အနိုင်ကျင့်ကောင်း အနိုင်ကျင့်မယ်၊ ဒါပေမဲ့ သူ ဒီလို လုပ်ရတာ တခြားကြောင့် မဟုတ်ပါဘူးကွာ၊ သူ့မှာ ချစ်သူ ခင်သူ မရှိတော့ သူ့ကိုယ်သူ နာကြည်းပြီး ထွက်ပေါက်ရှာတဲ့ အနေနှင့် မင့်ကို ဒီလို လုပ်တာပါ၊ ဒါကြောင့် ဒီလို ဖြစ်နေတာပါ၊ တကယ်လို့ သူ့မှာ ငယ်ငယ်တုန်း ကတည်းက ချစ်တာ ကြင်နာတာတို့ မရှိခဲ့ဘူး ဆိုရင်လည်း ဒီလောက် ဆိုးမှာ မဟုတ်ပါဘူး၊ တစ်သက်မှာ ချစ်တာ ကြင်နာတာကို မတွေ့ခဲ့ဖူးတဲ့ လူတွေဟာ ချစ်တာ ကြင်နာတာတွေကို လည်း နားမလည်ဘူး၊ အဲဒီ ချစ်တာ ကြင်နာတာတွေ ဆုံးရှုံး သွားတာကိုလည်း နားမလည်ဘူး။

'ကိုယ်တော်လေးမှာတော့ ဒီလို မဟုတ်ဘူး၊ သူ့မှာ ဟိုတုန်းက ချစ်တဲ့ ကြင်နာတဲ့ လူတွေ ရှိခဲ့တယ်၊ ဒီလို ရှိခဲ့တော့ ချစ်တာ ကြင်နာတာတွေ ဆုံးရှုံးသွားရင် ဘယ်လောက် အနေရ ခက်သလဲ ဆိုတာကိုလည်း ကောင်းကောင်း သိတယ်၊ ဒါကြောင့်မို့ သူ့ခမျာ ခုလို စိတ်မကြည်မလင် ဖြစ်ပြီး ဟိုလူကိုမာန် ဒီလူကိုမဲနှင့် လုပ်နေတာပါ၊ မင်းမှာ အနှိပ်စက်ခံရရင် အမေ့ဆီကို ပြေးပြီး တိုင်နိုင်တယ်၊ ကြိမ်ရိုက်ခံရလို့ ဒဏ်ရာ ရလာတယ် ဆိုရင်လည်း အမေ့ဆီကို ပြေးပြီး ပြနိုင်တယ်၊ အမေက မင့်ကို ဒဏ်ရာတွေ ပျောက်အောင် လုပ်ပေးမယ်။

'ဒါပေမဲ့ သူ့မှာတော့ သူ့ခံစားချက်၊ သူ့ဒဏ်ရာကို ဖွင့်ပြစရာ ဆိုလို့ သူ့အထိန်းတော် ဖြစ်တဲ့ ဒွန်မာယား ဆိုတဲ့ အဘွားကြီးက လွဲလို့ တစ်ယောက်မှ မရှိဘူး၊ ဒီအဘွားကြီးကလည်း သူ့ကို ဘာနှစ်သိမ့်မှု ပေးနိုင်မှာလဲ၊ မဟုတ်တရုတ်တွေကို ပြောပြီး သူ့ကို ကြောက်သည်ထက် ကြောက်အောင် ဖြစ်ခြောက်ဖို့လောက်ပဲ တတ်မှာပေါ့၊ ဒီတော့ ကိုယ်တော်လေးကို သည်းခံပါကွာ၊ မင်းက သူနှင့်စာရင် အများကြီး ကံကောင်းပါတယ်'

အက်ရှ်သည် ကြိတ်မှိတ်၍ သည်းခံ၏။ သို့ဖြင့် အက်ရှ်သည် အိမ်ရှေ့ ကိုယ်တော်လေး၏ အခြေအနေကို ပို၍ နားလည်လာခဲ့သည်။ ထို့ကြောင့် ဟီရာလားလ်ကို ကျေးဇူးတင်ရသည်။

နောက်တစ်နှစ်တွင် အိမ်ရှေ့ ကိုယ်တော်လေး လာလာဂျီကို လက်ထပ်မင်္ဂလာ ပြုပေးသည်။ လက်ထပ်ပွဲ အတွက် ပြင်ကြ ဆင်ကြသည်နှင့် သူတို့ အချင်းချင်း



www.burmeseclassic.com

www.burmeseclassic.com



ကြားတွင် ရန်ငြိုးများ၊ အဆင် မပြေမှုများသည် အလိုလို နောက်တန်းသို့ ရောက်သွားကြ၏။ ပန်းချီဆရာများက ဟော်နန်းကြီးကို ဆေးခြယ်ကြသည်။ နံရံများ၊ မျက်နှာကြက်များ၊ မုခ်ဦးများကို ဖုန်သုတ် လှည်းကျင်းကာ ဆေးရေးကြသည်။ ရွှေချကြသည်။ သို့ဖြင့် အိပ်ပျော်နေသည့် ဟော်နန်းကြီး တစ်ခုလုံးသည် ပျားအုံတစ်အုံနှယ် လှုပ်လှုပ်ရွရွ ဖြစ်လျက် ရှိ၏။

ကချေသည် မဟာဒေဝီကား လင်ပါသားကို အရေးပေးသည့် အတွက် ဆူပူ ငြူစူလျက် ရှိ၏။ တစ်ခါတစ်ရံတွင် အော်ကြီးဟစ်ကျယ် လုပ်တတ်၏။ သည်ကြားထဲတွင် သတို့သမီးဘက်ကလည်း ခန်းဝင်ပစ္စည်းအဖြစ် တောင်းသည့်ငွေကို မကျေနပ်ဟု ဆိုကာ နောက်ထပ် တိုးတောင်းလာသည်။ ဤတွင် ခမည်းတော် စော်ဘွားကြီး အကြီးအကျယ် စိတ်ဆိုးကာ လက်ထပ်ပွဲကို ဖျက်မည်ပြု၏။ သို့ရာတွင် နှစ်ဖက်စလုံး အရှက်ရကြမည် ဖြစ်သည့်အတွက် အပြန်အလှန် စေ့စပ်ကြရသည်။ ဈေးဆစ်ကြရသည်။ နောက်ဆုံး သဘောတူသွားကာ လက်ထပ်ပွဲ အတွက် ဆက်၍ ပြင်ကြ ဆင်ကြသည်။

သတို့သမီးမှာ တောင်တန်းပေါ်မှ စော်ဘွားငယ်တစ်ဦး၏ အသက် ရှစ်နှစ် အရွယ် သမီးငယ် ဖြစ်၏။ သတို့သမီးသည် လက်ထပ်ပြီးနောက် မိဘအိမ်သို့ ပြန်လိုက်သွားကာ အရွယ်ရောက်မှ သတို့သားထံသို့ ပြန်လာရမည် ဖြစ်၏။

သည်မျှလောက် အခမ်းအနားကလေး အတွက် ဂူးလ်ကုတ် စော်ဘွားတွင် ငွေတွေ ကုန်လိုက်ရသည့် ဖြစ်ခြင်း။ ထိုငွေများဖြင့် ဂူးလ်ကုတ် ပြည်နယ်တွင် လမ်းတွေ ဖောက်လျှင်၊ နယ်သူနယ်သားတွေ၏ ကြီးပွားတိုးတက်ရေးကို ဆောင်ရွက်လျှင် အများကြီး လုပ်နိုင်ပေလိမ့်မည်။ သို့ရာတွင် စော်ဘွားကလည်း ထိုအကြံကို မရ။ နယ်သူနယ်သားများကလည်း ထိုစိတ်ကူးမျိုး မရှိ။ ထိုအကြံကို ရ၍ တင်ပြသည် ဆိုလျှင်လည်း မည်သူကမျှ လက်ခံကြမည် မဟုတ်။ သူတို့ အားလုံးသည် တစ်သက်တွင် တစ်ခါသာ ရသော အခွင့်အရေးကြီး ပမာ အိမ်ရှေ့ ကိုယ်တော်လေး၏ လက်ထပ်မင်္ဂလာတွင် ပျော်ဖို့ ပါးဖို့ အတွက်သာ စိတ်စောလျက် ရှိကြသည်။

ဂူးလ်ကုတ် ပြည်နယ် တစ်ခုလုံးသည် လက်ထပ်ပွဲတွင် အကြီးအကျယ် ပျော်လိုက်ကြ၏။ စော်ဘွားက ပေးကမ်း စွန့်ကြဲသည့် အစားအသောက်များကို အားရပါးရ စားကြ၏။ မီးရှူး မီးပန်းတွေ၊ အိုးစည် ဗုံမောင်းတွေ၊ မီးတုတ် မီးစည်းတွေကို ကိုင်၍ ဝတ်ကျောင်းသို့ သွားကြပုံတွေ၊ ပတတ် ရပ်နေသော မြင်းကြီးတွေ၊ တောက်ပ ပြိုးပြက်သည့် ကကြိုးတန်ဆာတို့ကို ဆင်ယင်ထားပြီး စိန်ရွှေ လက်ဝတ်လက်စားများကို ဝတ်လာကြသော မင်း ပရိသတ်တို့ကို ဆင်ကများပေါ်တွင် တင်လာကြသည့် တအိအိ သွားနေသော ဆင်ကြီးတွေ။ နယ်သူနယ်သားတို့သည် ထိုအရာများကို ကြည့်ကာ ပီတိ ဖြစ်နေကြသည်။

ထိုအရာများသည် ခမည်းတော် စော်ဘွားကြီး အတွက် ဘာမျှ အရေးမကြီးသော်လည်း ကချေသည် မဟာဒေဝီမှာ ဒေါသအမျက် ခြောင်းခြောင်းထွက်လျက် ရှိလေပြီ။ ငွေတွေကို အကျိုးမဲ့ ဖြုန်းတီးပစ်သည်ဟု ဆိုကာ ညည်းတွားလျက် ရှိလေပြီ။ ဘဏ္ဍာတိုက်ထဲမှ ပတ္တမြားများနှင့် စိန်များကို သူ့အတွက် ထုတ်ပေးလိုက်သည့် အခါတွင်မှ ထိုအသံများသည် တိတ်သွားကြသည်။



www.burmeseclassic.com

## အခန်း ၅

အခြားသူများကဲ့သို့ပင် အရှော့သည်လည်း အိမ်ရှေ့ ကိုယ်တော်လေး၏ လက်ထပ်ပွဲတွင် အပျော်ကြီး ပျော်လိုက်သည်။ အသက် လေးနှစ်သာ ရှိသေးသည့် သမီးတော်လေး အန်ဇူလီမှာ ဂူးလ်ကုတ် စော်ဘွား၏ သမီးတော် အဖြစ် ထိုအခမ်းအနားသို့ တရားဝင် တက်ရောက်ရသည်။ ပထမဆုံး အကြိမ် အခမ်းအနားသို့ တက်ဖူးခြင်း ဖြစ်၏။

အိမ်ရှေ့ ကိုယ်တော်လေး၏ နှမတော် အဖြစ် အန်ဇူလီသည် သတို့သမီးအား ပန်းစည်းဆက်ခွင့် ရသည်။ အန်ဇူလီသည် လှပ ဆန်းကြယ်သည့် အဝတ်အစားများနှင့် စိန်ရွှေရတနာများကို သူ့တစ်သက်တွင် ပထမဆုံး အကြိမ် ဝတ်ဆင်ရခြင်း ဖြစ်သည်။ အန်ဇူလီသည် တောက်တောက်ပပ ပြိုးပြိုးပြက်ပြက်တို့ကို ဝတ်ရသဖြင့် ပထမတွင် ပျော်သည်။ သို့ရာတွင် နောက်၌မူ လေးသဖြင့် စိတ်ပျက်ခြင်း ဖြစ်ရ၏။ စိန်များမှ အချွန်အတက်များကလည်း အသားကို ခြစ်မိသည်။

ယခင်ကမူ သူ့တွင် လက်ဝတ်လက်စား များများစားစား မဝတ်ရ။ အဆောင်လက်ဖွဲ့ အဖြစ် လည်ပင် ဆွဲထားသည့် ငွေကွပ် ကရုကမာခွံ ငါးရုပ်ကလေး တစ်ရုပ်သာ ရှိသည်။ (ထိုကမာခွံ ငါးရုပ်မှာ သူ့အမေ ဘရင်ဂီ မဟာဒေဝီ၏ ကမာခွံ ငါးရုပ် ဖြစ်ပြီး တစ်ခါက ပရုတ် ကစားဝိုင်းများတွင် သုံးသည့် ကြေးအန်ပြား ဖြစ်သည်။)

အန်ဇူလီသည် ယခုလို ပွဲကြီး လမ်းကြီးတွင် လူကြီးသူမလို တက်ရသည့် အတွက် ဝမ်းသာသည်။ သူသည် ခေသူ မဟုတ်။ ဤဟော်နန်းတွင် အရေးကြီးသည့် ပုဂ္ဂိုလ် ဖြစ်ပြီဟု သူ ထင်သည်။ ထို့ကြောင့် အန်ဇူလီသည် သူ ကျသည့် တာဝန်ကို ကျေပွန်အောင် လုပ်သည်။

အိမ်ရှေ့ ကိုယ်တော်လေး၏ လက်ထပ် အခမ်းအနားနှင့် ပျော်ပွဲ ရွှင်ပွဲများသည် ရက်သတ္တပတ်မျှ ကြာသည်။ ထို့နောက်တွင် သတို့သမီးနှင့် ဧည့်သည်များလည်း မိမိတို့ ရပ်ဌာနသို့ အသီးသီး ပြန်ကြ၏။ အန်ဇူလီ ဝတ်ရသည့် လက်ဝတ် လက်စားများကိုလည်း မဟာရာဇာ စော်ဘွားကြီး၏ ဘဏ္ဍာတိုက်ထဲသို့ ပြန်သိမ်းထားလိုက်သည်။ စုတ်ပြတ်နေသည့် အခမ်းအနား ပစ္စည်းများ၊ ညှိုးနွမ်းနေသည့် ပန်းခွေများ၊ မှုးယစ် စူးရှသည့် အမွှေးတိုင်နံ့များနှင့် ပန်းပုပ်နံ့တို့သာလျှင် ဤနေရာတွင် တစ်ခါက အခမ်းအနား တစ်ခု ရှိခဲ့ကြောင်းကို ပြောပြ နေသကဲ့သို့ ရှိသည်။

ဟဝါးမဟာ ခေါ် လေညင်းသာ ဟော်နန်းနှင့် မဟာရာဇာ စော်ဘွားကြီးတို့သည်လည်း ယခင်ကကဲ့သို့ပင် တိတ်ဆိတ် ငြိမ်သက် သွားကြပြန်သည်။ မဟာဒေဝီ ဂျာနူးဘိုင်ကား သူ့ သားငယ်များကို လက်ထပ် ထိမ်းမြားလျှင် ထို့ထက် ကြီးကျယ် ခမ်းနား၍ ထို့ထက် အဆင့်အတန်း မြင့်သော စော်ဘွား သမီးတော် တစ်ပါးပါးနှင့် လက်ထပ်ရန် စိတ်ကူးလျက် ရှိ၏။

ကာယကံရှင် ဖြစ်သည့် အိမ်ရှေ့ ကိုယ်တော်လေး လာလာဂျီ ကိုယ်တိုင်မှာလည်း လက်ထပ် မင်္ဂလာ အခမ်းအနားတုန်းက စိတ်လှုပ်ရှား ခဲ့ရသည့်တိုင် အခမ်းအနား ပြီးသည့်နောက်တွင် သူ့အခြေအနေမှာ ယခင် အခြေအနေထက် ဘာမှ ထူးလာခြင်း မရှိကြောင်းကို တွေ့လာရသည်။

မိမိနှင့် လက်ထပ်လိုက်သည့် သတို့သမီးငယ်မှာ အချောအလှကြီးထဲက မဟုတ်သည့်ပြင် ဉာဏ်အရာတွင်လည်း ဘာမျှ ထူးခြားခြင်း မရှိသည့် မိန်းကလေး တစ်ယောက် ဖြစ်ကြောင်းကို တွေ့ရပြန်သည့် အခါတွင် အရွယ် မရောက်သေး၍သာ ဤသို့ဖြစ်သည်၊ အရွယ် ရောက်လာလျှင် သည့်ထက်သည် ကြည့်ပျော်ရှုပျော် ရှိသည့် မိန်းကလေး တစ်ယောက် ဖြစ်လာလိမ့်မည်ဟု သာ ကိုယ့်စိတ်ကိုယ် ဖြေရတော့သည်။

www.burmeseclassic.com



သူ့အထိန်းတော်ကြီး ဖြစ်သည့် ဒွန်မာယားကမူ အရွယ် ရောက်လာလျှင် လုလာမည် မုချဟု ပြော၏။ ဒွန်မာယားသည် အိမ်ရှေ့ ကိုယ်တော်လေး စိတ်ချမ်းသာမည် ထင်လျှင် အလိုလိုက် အကြိုက်ဆောင်၍ ပြောမြဲသာ ဖြစ်သည် မဟုတ်လော။ မင်္ဂလာ အခမ်းအနားပြီး၍ ဧည့်သည်များ ပြန်သွားပြီးကြသည့် အခါတွင်မူ ခမည်းတော် မဟာရာဇာ စော်ဘွားကြီးသည်လည်း သူ့သားငယ် အိမ်ရှေ့ ကိုယ်တော်လေးကို မေ့မေ့ပျောက်ပျောက် ဖြစ်သွားလေပြီ။

ဤတွင် အိမ်ရှေ့ ကိုယ်တော်လေးမှာလည်း ခါတိုင်းထက် ပို၍ စိတ်တိုလာကာ ခါတိုင်းထက် ပို၍ စိတ်ညစ်ရပြန်သည်။ ဤတွင် အခြွေအရံများနှင့် မသင့်မတင့် ဖြစ်လာပြန်ကာ အားလုံး စိတ်ဆင်းရဲရသည့် အဖြစ်မျိုးနှင့် ကြုံရပြန်၏။

အရှော့မှာလည်း ကိုယ်တော်လေးနှင့် နေရသည်ကို စိတ်ပျက် ညည်းညူလာကာ ဂူလ်ကုတ်နယ်မှ ထွက်သွားကြဖို့ အမေ သီတာကိုပင် တိုင်ပင်ကြည့်မိသည်။

သီတာမှာ ထိုအကြံအစည်ကို ကြားရသည့် အခါတွင် အံ့အားသင့်လျက် ရှိ၏။ အံ့အား သင့်ရခြင်းမှာ မိမိအတွက် မဟုတ်။ မိမိအဖို့မူ လောကကြီးတွင် ဘာမျှ ထူး၍ တွယ်တာစရာ မရှိပြီ။ အရှော့ အတွက် စိုးရိမ် အံ့အားသင့်ခြင်း ဖြစ်သည်။ အရှော့ အတွက် သည်ထက် ကောင်းမည့် နေရာ မမြင်။ သည်နေရာမှ ထွက်သွားမည်ဟု ပြောခြင်းမှာလည်း အိမ်ရှေ့ ကိုယ်တော်လေးလို စိတ်ရှုပ်ပေါက်၍ ပြောခြင်း ဖြစ်ပြီး အတန်ကြာလျှင် အရှိန် သေသွားလိမ့်မည်ဟု သီတာ ယူဆသည်။

အိမ်ရှေ့ ကိုယ်တော်လေးသည် သူ့သားချစ် ဖြစ်သည့် အရှော့ အပေါ်တွင် နိုင့်ထက်စီးနင်း ပြုရသလော၊ သူ့စိတ် အလိုမကျတိုင်း အရှော့ကို တရိရိ ညှဉ်းပန်းရသလောဟု သီတာ စိတ်ဆိုးမိသည့်တိုင် ကိုယ်တော်လေးမှာ မိတဆိုး ဖြစ်ရုံမျှမက ခမည်းတော်၏ ဥပေက္ခာ ပြုခြင်း ခံထားရသည့် အထဲတွင် မိထွေးက အကောက်ကြံနေသည်ကို သိရသည့် အခါ၌မူ ကိုယ်တော်လေးကို သနားသွားပြန်ကာ သူ့အတွက် စိတ်မကောင်း ဖြစ်ရပြန်သည်။

အိမ်ရှေ့ ကိုယ်တော်လေး စိတ်ကောက်တတ်ခြင်း၊ အခြွေအရံများကို နိုင်ထက်ကလူ ပြုခြင်းမှာ အဆန်း မဟုတ်။ သည်လို အရွယ် သည်လို အခြေအနေသို့ ရောက်နေသည့် သူငယ် တစ်ယောက်သည် ထိုသို့ ပြုတတ်မည်မှာ မမွတာ။ အရှော့သည် ထိုအကြောင်းကို နားလည် သဘောပေါက်ကာ ခွင့်လွှတ်နိုင်ရမည်။

လေညင်းသာ ဟော်နန်းမှ သူတို့ ထွက်ခွာမည် ဆိုလျှင် ကိုယ်တော်လေး ကိုယ်တိုင်ကလည်း ခွင့်ပြုမည် မဟုတ်။ ထွက်ပြေးဖို့ ဆိုသည်မှာကား လုံးဝ မဖြစ်နိုင်။ မကြံကောင်းသော အရာဖြစ်သည်။ ထွက်ပြေး၍ သည်နယ်မှ လွတ်မြောက်သွားသည် ထားဦး၊ သူတို့ နှစ်ယောက် ဘယ်ကို သွားနေကြမည်နည်း။ သည်လောက် လုံခြုံ အေးချမ်းသည့် နေရာမျိုးကို ဘယ်မှာ ရနိုင်မည်နည်း။ သည်ဟော်နန်းတွင် သူတို့သည် လစာလည်း ရသည်။ စော်ဘွား၏ အခြွေအရံ အဖြစ်လည်း ဂုဏ်နှင့် ဒြပ်နှင့် နေနိုင်သည်။ တခြား ဘယ်မှာတွင်မှ သည်လို နေရာမျိုး၊ သည်လို အဆင့်အတန်းမျိုးကို ရနိုင်ဖွယ် မမြင်။

'အမေ့ကိုကော လခတွေ ဘာတွေ ပေးရဲ့လား၊ ကျွန်တော်ကိုတော့ ပေးမယ်သာ ပြောပြီး ခုထိ တစ်ပြားမှ မပေးသေးဘူး၊ အစားအသောက်တို့ အဝတ်အစားတို့တော့ ရပါရဲ့၊ ပိုက်ဆံတော့ တစ်ပြားမှ မပေးသေးဘူး၊ ကျွန်တော် တောင်းတော့လည်း နေ့ရွှေ့ ညရွှေ့နှင့် လုပ်နေတယ်၊ ဒီနေ့ပဲ ရမလိုလို နောက်လမှာ ရမလိုလိုနှင့်၊ ပြောလို့ ပြောရတယ်၊ ကျွန်တော့်မှာ ပိုက်ဆံ သုံးစရာ ဆိုလို့ တစ်ပြားမှ မရှိဘူး'

'သည်းခံပါ လူလေးရယ်၊ အမေတို့ ဒီမှာ နေရတာ ကောင်းကောင်း စားပြီး ကောင်းကောင်း ဝတ်ရပါတယ်၊ ခေါင်းပေါ်မှာ အမိုးအကာနှင့်၊ ချမ်းရင် မီး ထင်း အတွက် မပူရဘူး၊ ပြီးတော့လည်း လူလေး သိထားဖို့က အိမ်ရှေ့ ကိုယ်တော်လေးဟာ တစ်နေ့မှာ မဟာရာဇာ ဖြစ်လာမှာ မဟုတ်လား၊ အဲဒီတော့ လူလေးလည်း ကောင်းစားမှာပေါ့၊ ခုတော့ သူကလည်း ကလေးပဲ ရှိသေးတယ်၊ ဒီတော့ မျှမျှတတ ဘယ်စဉ်းစားနိုင်ပါဦးမလဲ၊ ကြီးလာရင်တော့ သူလည်း စဉ်းစားတတ်လာမှာပေါ့၊ မဟုတ်ဘူးလား၊ ဒီတော့ ငါ့သားလေးက စိတ်ရှည်ရှည်ထားပြီး စောင့်ပါကွယ်၊ နော် လူလေး'

'ဘယ်လောက် ကြာအောင် စောင့်ရမှာလဲ၊ တစ်နှစ်လား၊ နှစ်နှစ်လား၊ သုံးနှစ်လား၊ ခက်တယ် အမေရယ်'

'ဟုတ်ပါတယ်ကွယ်၊ အမေ နားလည်ပါတယ်၊ ဒါပေမဲ့ ခက်တာက အမေကလည်း ငယ်ငယ်ကလို မဟုတ်တော့ဘူး'

သီတာသည် စကားကို ဆုံးအောင် မပြောလိုက်ရ၊ အရှော့က သူ့ကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သည်။ အမေ့ကို ကြည့်ရသည်မှာ ငယ်ငယ်ကနှင့် မတူ။ အမေသည် တစ်နေ့တခြား ပိန်ချုံးလာသည်။ တစ်နှစ်ထက် တစ်နှစ် ခေါင်းတွင် ဆံပင်ဖြူတွေ များလာသည်။ အမေ၏ ခေါင်းတွင် အနက် ဟူ၍ သိပ်မရှိချင်တော့။ အဖြူတွေကိုချည်း မြင်နေရသည်။ အရှော့သည် ယခုမှပင် သတိထား၍ ကြည့်မိ၏။ အမေ့ကို ကြည့်ရသည်က တော်တော်လည်း ပင်ပန်း နွမ်းနယ်နေဟန် ရှိသည်။ အန်ဇူလီ၏ အဆောင်ထဲတွင် အလုပ်ပင်ပင်ပန်းပန်းတွေ လုပ်ရသည်လော မဆိုနိုင်။ အန်ဇူလီနှင့် တွေ့လျှင်မူ သူ့အမေကို သိပ် မခိုင်းဖို့၊ စိတ်ဆင်းရဲအောင် မလုပ်ဖို့ ပြောရဦးမည်။

အရှော့သည် အမေ့ကို ကြည့်၍ သနားသွားကာ အမေ့ လည်ပင်းကို ယီးလေးခို၍ ဖက်လိုက်ပြီးလျှင် မိမိတို့သည် ဂူးလ်ကုတ်နယ်မှ သွားမည် မဟုတ်ကြောင်း၊ သွားမည်ဟု ပြောခြင်းမှာ အမေ့ကို စနေခြင်းသာ ဖြစ်ကြောင်း၊ အမေ ပျော်နေသမျှ ကာလပတ်လုံး ဤပြည်နယ်မှ သွားမည် မဟုတ်ကြောင်းဖြင့် ပြော၏။

အရှော့သည် ထိုအကြောင်းကို မပြောတော့။ ထို့နောက်တွင်မူ အရှော့သည် ဟဝါးမဟာ ခေါ် လေညင်းသာ ဟော်နန်းတွင် ပျော်ပါးဆောင်သည်။ အိမ်ရှေ့ကိုယ်တော်လေး၏ အဆောင်ထဲတွင် စိတ်ညစ်ညူးစရာဆို၍ မရှိသည့်နှယ် နေပြသည်။ ညှိုးငယ် မှိုင်တွေချနေခြင်းမျိုးကို အမေ သီတာ မမြင်စေချင်။

သူ့အမေကို အလုပ် ပင်ပင်ပန်းပန်း ခိုင်းသည်ဟု ထင်သဖြင့် အရှော့က အန်ဇူလီကို အပြစ်တင်သည်တွင် အန်ဇူလီကလည်း မိမိ၏ အဆောင်တွင် အမေ သီတာ၏ အလုပ်မှာ ပင်ပန်းခြင်း မရှိကြောင်း၊ နောင်တွင်လည်း အမေ သီတာကို ကောင်းမွန်စွာ ထားမည် ဖြစ်ကြောင်းဖြင့် ပြော၏။

'အမေ သီတာက အသက်ကြီးလို့ ပင်ပန်းတာပါ' ဟု အန်ဇူလီက ပြော၏။

သို့ရာတွင် သူ့အမေ သီတာသည် သည်လောက်အိုသေး။ အထိန်းတော်ကြီး ဒွန်မာယားတို့လို ပါးရေအရေ မတွန့်သေး။ တစ်ခေါင်းလုံး ဖွေးဖွေးဖြူခြင်းမရှိသေး။ သို့တွေးမိသည့် အခါတွင် အရှော့သည် အမေ သီတာ အတွက် စိုးရိမ်လာပြန်သည်။ အမေ သီတာသည် သည်လောက် မအိုသေးဘဲနှင့် အဘယ်ကြောင့် သည်မျှ အားပန်း နွမ်းနယ် နေရလေသနည်း။ အရှော့သည် အမေ့ အတွက် စိုးရိမ်သည်။

ထို့ကြောင့် အန်ဇူလီအား သည်လောက် နားမလည်ရကောင်းလော၊ မိန်းကလေးများသည် သည်မျှ အဆင်ခြင်ဉာဏ် ကင်းရသလော၊ မိမိ သွားလေရာသို့ ကြောင်မ တစ်ကောင်လို အဘယ်ကြောင့် လိုက်နေရသနည်း၊ မိမိတွင် ညီမသားချင်း မရှိသည်မှာ ကံကောင်းလေစွဟု အန်ဇူလီကို မညှာမတာ ပြောမိသည်။ ဤတွင် အန်ဇူလီသည် ဝမ်းနည်းကာ ကြုံကြုံပါအောင် ငိုသည်။

ရှေးထုံးစံမှာ အမျိုးသမီး တစ်ယောက်က အမျိုးသား တစ်ယောက်အား လက်ကောက်၊ သို့မဟုတ် လက်စည်း စသည်တို့ ပေးပို့၍ အမျိုးသားက လက်ခံလျှင် အမျိုးသမီးအား ကူညီ စောင့်ရှောက်မည်ဟု အဓိပ္ပာယ် ထွက်သည်။ အန်ဇူလီသည် သူ စည်းပေးသည့် ဖဲကြိုးကလေးကို အရှော့က လက်ကောက်ဝတ်တွင် အစည်းခံသည့် အခါကျမှ ကျေနပ်သွား၏။

အန်ဇူလီသည် သူ့ကို အားကိုး အထင်ကြီးလွန်းသည်ဟု အရှော့ ထင်သည်။ ထို့ကြောင့် မကြာခဏ ဆိုသလို စိတ်ပျက်ရ၏။ အန်ဇူလီက သူ့ကို အားကိုးပုံကြောင့် သူ့တွင် စိတ် အနှောင့်အယှက် ဖြစ်ရသည်။ သွားချင်ရာ မသွားရ၊ လာချင်ရာ မလာရဖြင့် မလွတ်မလပ် ဖြစ်ရသည်။

သို့ရာတွင် အရှော့သည် အန်ဇူလီ အပေါ်တွင် သံယောဇဉ် တွယ်နေလေပြီ။ သူ့ မြွေပါကလေး တူကူး သေပြီးကတည်းက သူ့တွင် တွယ်တာ ခင်မင်စရာ ခေါင်းပါးခဲ့ရာ ယခု သူ့တွင် တွယ်တာစရာ ရှိနေပြီ။ အန်ဇူလီမှာ လူဖြစ်သည့် အတွက် သူနှင့် စကားပြော၍ ရသဖြင့် အရှော့သည် သူ့ကို တူကူးထက်ပင် ပို၍ တွယ်တာရသေးသည်။ တူကူးကဲ့သို့ပင် အန်ဇူလီသည် အရှော့ကို ချစ်သည်။ အရှော့ သွားရာသို့ တကောက်ကောက် လိုက်တတ်သည်။

သို့ဖြင့် ကြာသောအခါတွင် အန်ဇူလီသည် မြွေပါကလေး သေပြီးကတည်းက ဟာလာဟင်းလင်း ဖြစ်နေသော အရှော့၏ နှလုံးသား ကွက်လပ်ကို နေရာပြည့်အောင် ဖြည့်ပေးနိုင်လေပြီ။ အရှော့ အဖို့လည်း အိမ်ရှေ့ ကိုယ်တော်လေးနှင့် ဘာမျှ ပတ်သက်ရခြင်း မရှိဘဲ မိမိ တစ်ဦးတည်း ချစ်ခင်နိုင်၊ ယုယနိုင်၊ အကာအကွယ် ပေးနိုင်သည့် တူကူးလို ချစ်စနိုး ထားရမည့် သတ္တဝါကလေး တစ်ကောင်ကို ရသဖြင့် ပျော်သည်။ သို့ရာတွင် မိမိအား အလွန်အမင်း အရေးပေးခြင်း မပြုရန်ကိုမူ အန်ဇူလီအား သတိပေးရ၏။

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ့်ကို သိပ်လည်း အရေး မပေးနှင့်နော်၊ ကိုယ်က ဇူလီရဲ့ အစ်ကိုတော် ကိုယ်တော်လေးရဲ့ အစေခံ ရယ်၊ ဒီလောက် အရေးပေးရမလား ဆိုပြီး သူတို့က ငြိုငြင်နေလိမ့်မယ်'

အန်ဇူလီသည် ငယ်ရွယ်သေးသည့်တိုင် ထိုစကား များကိုမူ ကောင်းစွာ နားလည်၏။ ထို့နောက်တွင်မူ အန်ဇူလီသည် သူတို့ နှစ်ယောက်တည်း ရှိသည့်အခါ များနှင့် သီတာ ရှေ့တွင်မှ အပ အခြားသူများ ရှေ့တွင် ဆိုလျှင် အရော့ကို တိုက်ရိုက် စကား ပြောဆိုခြင်း မပြု တော့။

သူတို့ နှစ်ယောက်သည် ကြားလူ တစ်ယောက် ကို ပြောခြင်းဖြင့် အချင်းချင်း နားလည်အောင် လုပ်သည့် နည်းတစ်ခုကို ထွင်ထားရာ ကြာသောအခါတွင် သူတို့ နှစ်ဦးချင်း တိုက်ရိုက် ပြောဖို့ မလိုတော့ဘဲ အိမ်ရှေ့ ကိုယ်တော်လေးကို ပြောခြင်း၊ အခြား အခြေအရံ တစ် ယောက်ကို ပြောခြင်း၊ အများအားဖြင့် မျောက်ကလေး တစ်ကောင်နှင့် ကြက်တူရွေး တစ်ကောင်ကောင်ကို ပြောခြင်းဖြင့် ဆိုလိုသည့် အဓိပ္ပာယ်ကို အချင်းချင်း နားလည်ပြီးသား ဖြစ်နေကြသည်။ သို့ဖြင့် သူတို့ နှစ် ယောက်သည် ကြားခံ တစ်ခုခုကို ပြောခြင်းဖြင့် အဓိပ္ပာယ် ပြန်ယူကြကာ ကစားနည်း တစ်ခုခုကို ကစားနေရ သကဲ့သို့ နှစ်ယောက်စလုံး ပျော်နေကြသည်။

သူတို့၏ သင်္ကေတ စကားများကို နားလည်သူ ဆို၍ ဟီရာလားလ် တစ်ယောက်သာ ရှိ၏။ ဟီရာလားလ် ကား အကင်းပါးကာ မျက်စိကို ဒေါက်ထောက်ကြည့် နေသူ ဖြစ်သည့်အလျောက် အန်ဇူလီ၏ စကားများနှင့် အရော့၏ စကားတို့သည် တခြားသူကို ပြောနေသည့် တိုင် အဓိပ္ပာယ် တစ်မျိုးကို ဆောင်ကြောင်းကို သတိ ပြုမိသည်။

ထိုသို့အားဖြင့် သူတို့ နှစ်ယောက်သည် စကား ဝှက်များကို သုံးကာ သူတို့နှစ်ယောက် တွေ့လိုသော နေရာ၊ တွေ့လိုသော အချိန်တို့ကို လူတွေ ရှေ့မှာပင် ပြောင်ပြောင်တင်းတင်း ချိန်းဆိုကြသည်။

တစ်ခါတလေတွင် သီတာ၏ အခန်းရှေ့က ကွက်လပ် ကလေးထဲတွင် တွေ့ကြ၏။ တစ်ခါတစ်ရံ တွင် မဟာဒေဝီ ဘုံဆောင်တွင် တွေ့ကြသည်။ ဘုံဆောင် သို့ ရောက်လျှင် ငှက်ကလေး ရှဉ့်ကလေးများကို အစာ ကျွေးကြသည်။ ဟော်ထဲက အကြောင်းတွေကို ပြောကြ သည်။ သို့မဟုတ်လျှင်လည်း အဝေး တောင်တန်းကြီး များပေါ်မှ နှင်းခဲများကို ငေးကြည့်ရင်း တိတ်ဆိတ်စွာ ထိုင်နေမိကြသည်။

ထိုနှစ်တွင် အက်ရှ် ခေါ် အရော့ အဖို့ မိတ်ဆွေ တစ်ယောက် ဆုံးရှုံးခဲ့ရ၏။ ထိုနှစ် ဆောင်းဦးပေါက်တွင် ဇာရင်သည် သူ့အစ်ကို နှစ်ယောက်ကဲ့သို့ နယ်ခြားစောင့် တပ်ထဲသို့ လိုက်သွားသောကြောင့် ဖြစ်သည်။

'သူ့ကို ငါ တတ်သလောက်တော့ အကုန် သင် ပေးလိုက်ပြီးပြီလေ၊ သေနတ်ပစ်လည်း ကောင်းကောင်း သင်လိုက်ပြီ၊ ဓားခုတ် ဆိုရင်လည်း ကျွမ်းကျင်ပြီ၊ မြင်း စီး ဆိုတာတော့ မပြောနှင့်တော့၊ သူ ကိုယ်တိုင်ကိုယ် က မွေးကတည်းက တတ်လာတာ၊ ဒီတော့ ဒီအရွယ်မှာ ကိုယ့်လမ်း ကိုယ်သွားပေတော့ပေါ့၊ လောကကြီးထဲမှာ ကိုယ့်လမ်း ကိုယ်ရှာပေါ့၊ ယောကျ်ား မှန်ရင် စစ်တိုက် ရမယ်၊ အဲဒီ နယ်စပ်မှာ ဆိုရင် တိုက်ပွဲတွေ အမြဲ ရှိ နေတာပဲ' ဟု သူ့အဖေ ကိုဒါဒတ်က ပြောသည်။

ကိုဒါဒတ်သည် ဂူးလ်ကုတ် မြို့ထဲတွင် ရှိသည့် အကောင်းဆုံး မြင်းကို သူ့သား ဇာရင် အတွက် ရှာပေး လိုက်သည်။ နယ်ခြားစောင့်တပ် ဆိုသည်မှာ ဝင်ချင်သူ အလွန်များသည်။ ယှဉ်ပြိုင်၍ အရွေးခံကြပြီ ဆိုလျှင် အလွန် မြင်းစီး ကျွမ်းကျင်သူ၊ အလွန် လက်ဖြောင့်သူ များသာလျှင် အရွေး ခံကြရစမြဲ။ သူတို့လို မြင်းစီး ကျွမ်းကျင်ပုံ မျိုးနှင့် ဆိုလျှင် ဇာရင်သည် တပ်ထဲတွင် အရွေးခံရမည် မုချ။ ဇာရင်သည် သူ့အဖေ ကိုဒါဒတ် ရှာပေးလိုက်သည့် မြင်းကြီးကို စီး၍ ဂူးလ်ကုတ်မှ ထွက် ခွာသွား၏။ ခွင့် ရလျှင်ရချင်း ပြန်လာခဲ့မည် ဟုလည်း အရော့ကို ပြောသွားသည်။

ဇာရင်က

'မင်း ကြီးလာရင် မဒန်းကို လာခဲ့ကွာ၊ ဟို ရောက်ရင် စစ်ထဲကို ဝင်၊ တို့နှစ်ယောက် မြင်းတပ်တွေ နှင့် လိုက်ပြီး တိုက်ပွဲ တိုက်ရတာပေါ့၊ အဖေ သင်ပေး တာကို အကုန်ရအောင် ယူထားနော်၊ တော်တော်ကြာ တပ်ထဲ ရောက်မှ သူများနောက် ကျန်ရစ်ခဲ့ပြီး ငါ့အရှက် ကိုတော့ မခွဲပါနှင့်'

ဇာရင် မရှိသည့် အခါတွင် ဟဝါးမဟာ ခေါ် လေညင်းသာ ဟော်နန်းမှာ ပို၍ ပျင်းစရာ ကောင်းလာ သည်။ အတန်ကြာလျှင် မဒန်းရှိ ဇာရင်ထံမှ မြင်းတပ် ထဲတွင် အရွေးခံရကြောင်း၊ ယခု နယ်ခြားစောင့် တပ်ရင်း တွင် တပ်သား အဖြစ် အမှုထမ်းလျက် ရှိကြောင်းဖြင့် သတင်း ကြားရ၏။ အက်ရှ် ခေါ် အရော့မှာ မနေမထိ



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်မထိ ဖြစ်လျက် ရှိလေပြီ။ ထိုသတင်းကို ကြားကာ ဇာရင်ကို အားကျလျက် ရှိပြီး ကြီးလာလျှင် စစ်သား လုပ်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။

သို့ဖြင့် အက်ရှ်သည် ကိုဒါဒတ်နှင့် အတူလိုက်၍ မြင်းစီးကျင့်သည်။ သေနတ်ပစ် ကျင့်သည်။ သီတာက စစ်ထဲ ဝင်မည် ဆိုသည်ကို စိတ်ပျက်အောင် မည်မျှ ပြောခဲ့သည့်တိုင် တား၍ မရပြီ။ သီတာသည် နယ်ခြား စောင့်တပ် ဟူသော အသံကို ကြားလိုက်သည်နှင့် လန့်သွားတတ်၏။ ကိုဒါဒတ်နှင့် သူ့သား ဇာရင်တို့ကို သီတာ မုန်းတီးခြင်းမှာ အခြားကြောင့် မဟုတ်၊ စစ်တပ်နှင့် အဆက်အသွယ် ရှိသောကြောင့် ဖြစ်၏။

ယခု လုံခြုံလှပြီ သူ ထင်နေသော ဂူးလ်ကုတ်လို မြို့လေးမှာပင် အက်ရှ်သည် သူ့အင်ဂရေစီ ဦးကြီးထံ ပို့ဆောင်ပေးနိုင်မည့် သူများနှင့် အဆက်အသွယ် ရသည်ကို တွေ့ရသည့်အခါ၌ သီတာ အကြီးအကျယ် တုန်လှုပ်မိသည်။ မဖြစ်။ အက်ရှ်ကို စစ်ထဲ မဝင်အောင် လုပ်မှ ဖြစ်မည်။ သူ့ အင်ဂရေစီ ဦးကြီးထံ ပြန်မရောက်အောင် တားမှ ဖြစ်မည်။

သီတာ့ စိတ်၌ စစ်သား ဆိုသည်မှာ ရက်စက် ကြမ်းကြုတ်သည်၊ လခကလေး မဖြစ်စလောက် ရပြီး ရမ်းရမ်းကားကား ဟော့ဟော့ရမ်းရမ်း နေသည်၊ အိပ်တော့ မြေကြီးပေါ်မှာ အိပ်ရသည်၊ သူတို့ ခေါင်းပေါ်တွင် အမိုးအကာ မရှိ၊ သူတို့သားမယား ဆိုသည်မှာလည်း ဘာမျှ ရေရေရာရာ သေချာသည် မဟုတ်ဟု ထင်နေသည်။ သို့ဖြစ်ပါလျက် အရှော့ ခေါ် အက်ရှ်သည် အဘယ်ကြောင့် ချက်ချင်း လက်ငင်း စစ်သား ဖြစ်ချင်စိတ် ပေါက်လာရလေသနည်း။

သီတာသည် ထိုအကြောင်းကို ပြောလျှင် မျက်စိမျက်နှာ ပျက်နေတတ်သဖြင့် အက်ရှ် ခေါ် အရှော့သည် သီတာ့ ရှေ့တွင် ထိုအကြောင်း မပြောတော့။ စစ်ထဲ လိုက်မည်ဟု ပြောခြင်းမှာ အပြောင်အပြက် ပြောခြင်းသာ ဖြစ်ကြောင်း စကားရော ဖောရောဖြင့် လျှော့ချလိုက်ရ၏။ သူ စစ်ထဲ ဝင်မည်ကို သီတာ မကြိုက်ခြင်းမှာ အခြား အကြောင်း ထွေထွေထူးထူး ရှိ၍ ဟုတ်မည်မဟုတ်။ သူ မုန်းသည့် ကိုဒါဒတ်နှင့် ဇာရင်တို့ သားအဖ မြှောက်ပေးသည်ဟု အထင် ရှိခြင်းကြောင့်သာ ဖြစ်လိမ့်မည်ဟု အက်ရှ် ထင်လိုက်၏။

အက်ရှ် ခေါ် အရှော့သည် စစ်ထဲ လိုက်မည့် အကြောင်းကို သီတာအား နောက်ထပ် မပြောတော့သော်လည်း ကိုဒါဒတ်နှင့်မူ အမြဲ တိုင်ပင်လျက် ရှိ၏။ ထို့နောက် သူ့စိတ်ကူးကို အန်ဇူလီကို ပြောပြသည်။ အန်ဇူလီကလည်း ဘာမျှ နားမလည်သည့်တိုင် အက်ရှ် ပြောသမျှကို အဟုတ် ထင်နေသည်။

အန်ဇူလီသည် သူ ပြောသမျှကို မပျင်းမရိ နားထောင်တတ်သည်။ အများအားဖြင့် သူ့စကားများကို အဓိပ္ပာယ် ရှင်းပြစရာ မလို။ ပကတိဉာဏ်ဖြင့် အလိုလို နားလည်ပြီး ဖြစ်နေတတ်သည်။ သို့ရာတွင် အန်ဇူလီသည် အက်ရှ် ပြောသည့် ရွှေပြည်သာ တောင်ကြားမှ ရွာကလေး အကြောင်းလောက်ကိုသာ ကောင်းကောင်း မှတ်မိနေပြီး ကျန် အရာများကိုမူ ခဏကြာလျှင် မေ့သွားတတ်သည်။

အန်ဇူလီသည် အက်ရှ် ပြောသည့် ရွှေပြည်သာ တောင်ကြားမှ ရွာကလေးကို တခြား အရာများထက် စိတ်ဝင်စား၏။ ပြောဖန် များသဖြင့် ရွှေပြည်သာ တောင်ကြားက ရွာကလေးသည် အက်ရှ်၏ စိတ်တွင် တကယ် အဟုတ်ရှိသည့် ရွာကလေးဟု ထင်နေသကဲ့သို့ အန်ဇူလီ၏ စိတ်တွင်လည်း တကယ် အဟုတ်ရှိသည်ဟု ထင်လျက် ရှိလေပြီ။ ထိုရွှေပြည်သာ တောင်ကြားက ရွာကလေးသို့ အတူ လိုက်သွားပြီး အိမ်ကလေးကို ဝိုင်းဝန်း ဆောက်မည်ဟုလည်း စိတ်ကူးလျက် ရှိလေပြီ။

သူတို့နှစ်ယောက်သည် စိတ်ကူးဖြင့် တိုက်အိမ် ဆောက်ကြ၏။ အခန်းတွေ ဖွဲ့ကြ၏။ အခန်းများကို ပြင်ဆင် မွမ်းမံကြ၏။ သို့ဖြင့် သူတို့ စိတ်ကူးထဲတွင် ဆောက်သည့် အိမ်ကလေးသည် နန်းတော်ကြီး ဖြစ်လာခဲ့သည်။ သို့ရာတွင် ကြာသော် နန်းတော်ကြီး၏ ခမ်းနားပုံကို ကြည့်၍ ငြီးငွေ့လာကြသည်။ ဤတွင် သူတို့ နှစ်ယောက်သည် လက်ကို ဇေ့ယမ်းကာ သူတို့ နန်းတော်ကြီးကို ဖျက်ဆီး ဖြိုချလိုက်ပြီးနောက် အမိုးနိမ့်နိမ့်နှင့် သက်ငယ် တဲကလေး တစ်လုံးကို စိတ်ကူးဖြင့် ဆောက်ကြပြန်သည်။

'ဒီတဲကလေးတောင် ပိုက်ဆံ တော်တော် ကုန်မှာနော်၊ ကျပ်တွေ ဆယ်ကျပ်လောက် ကုန်မှာ' ဟု အန်ဇူလီက ပြောသည်။ အန်ဇူလီသည် တစ်ဆယ်ထက် ပို၍ မရေတတ်သေး။

တစ်နေ့တွင် အန်ဇူလီသည် ငွေမတ်စေ့ကလေး တစ်စေ့ကို ယူလာကာ ရွှေပြည်သာ တောင်ကြားတွင် အိမ်ဆောက်ရန် အတွက် ယခုက စ၍ စုမည်ဟု ပြော



www.burmeseclassic.com

www.burmeseclassic.com



၏။ အက်ရ်ှ အဖို့သော်မူ ထိုမျှလောက်သော ပိုက်ဆံကို လက်ထဲတွင် မကိုင်ရသည်မှာ အတော် ကြာနေလေပြီ။ အက်ရ်ှသည် ထိုငွေမတ်စေ့ကလေးကို လက်ထဲတွင် ဆုပ်ထားမိသည်။ သူ့အဖို့ ထိုငွေတစ်မတ်သည် နည်းသည့်ငွေ မဟုတ်။ သူ့ သုံးစရာတွေ အများကြီး ရှိသည်။ သို့ရာတွင် မသုံးရက်။ ဘုံဆောင်တွင် ရှိသည့် ကျောက်တုံး တစ်တုံး အောက်တွင် ထိုငွေမတ်စေ့ကလေးကို ဖွက်ထားလိုက်သည်။ နောက်ထပ် ပိုက်ဆံရလျှင် သည်နေရာကလေးမှာပင် ဖွက်၍ စုထားမည်ဟု အန်ဇုလီကို ပြောခဲ့သည်။

သို့ရာတွင် ဟဝါးမဟာ ခေါ် လေညင်းသာ ဟော်နန်းတွင် ပိုက်ဆံ ရဖို့ ဆိုသည်မှာ လွယ်သည့် ကိစ္စ မဟုတ်။ ထို့ကြောင့် သူတို့အဖို့လည်း နောက်ထပ် တော်တော်နှင့် မစုဖြစ်ကြ။ ဟော်နန်းတွင် စားစရာ ရှိသည်။ အဝတ်အထည် ဆိုလျှင်လည်း ကိုယ့်တွင် ဝတ်စရာ မရှိဟု ပြနိုင်လျှင် ဆိုင်ရာက ထုတ်ပေးသည်။ အက်ရ်ှသည် မြို့ထဲမှာ နေခဲ့ရတုန်းက လွတ်လွတ်လပ်လပ် နေခဲ့ရရုံမျှမက ပိုက်ဆံ ဆိုလျှင်လည်း ကိုယ် လုပ်သလောက် ရသည့် အတွက် ထိုဘဝကို ပြန်၍ လွမ်းနေသည်။ ဒွန်နီချန်း၏ မြင်းဇောင်းတွင် မြင်းထိန်း ဘဝဖြင့် ရခဲ့သည့် လုပ်ခကလေးကို ပြန်၍ အမှတ်ရနေသည်။

ထိုစဉ်တုန်းက ဆိုလျှင် ယခု အန်ဇုလီ ပေးသလောက် ပိုက်ဆံကိုတော့ အလွယ်တကူ ရနိုင်သည်။ သို့ရာတွင် တကယ် တွေးကြည့်လိုက်သည့် အခါ၌ အန်ဇုလီ ပေးသည့် ငွေတစ်မတ်လောက်ကို ရဖို့ ဆိုသည်မှာ အပြင်တွင် သူ ထင်သလောက် မလွယ်။ အက်ရ်ှသည် ဤဟော်နန်းမှ ထွက်နိုင်ပါဦးမည်လော။ အမေ သီတာကလည်း သူ့ကို စစ်ထဲ ထည့်မှ ထည့်ပါဦးမည်လော။ သို့ဆိုလျှင် ဓာရင်တို့လို စစ်ထဲသို့ လိုက်နိုင်တော့မည် မဟုတ်ဟု တွေးရင်း ဝမ်းနည်းနေသည်။

ကိုဒါဒတ် ပြောသည့်အတိုင်း ဆိုလျှင် မြင်းတပ်သားတိုင်းသည် ကိုယ့်မြင်း ကိုယ် ယူလာခဲ့ရမည်။ စစ်ဝတ် စစ်စားနှင့် အသုံးအဆောင်တို့ကို ဝယ်ရန် ပိုက်ဆံ ယူခဲ့ရမည်။ ထိုငွေများကို မိမိတို့ တပ်မှ ထွက်သည့် အခါတွင်မှ ပြန်ရမည်ဟု ဆိုသည်။ ဓာရင်တွင် မြင်း ရှိသည်။ ပိုက်ဆံလည်း ရှိသည်။ သို့ရာတွင် သူ့မှာ ဘာမျှ မရှိ။ နောင်တွင်လည်း ရှိစရာ အကြောင်း မမြင်။

ထိုအချိန်က အန်ဇုလီအား စေ့စပ် ကြောင်းလမ်းတော့မည်ဟု ဟဝါးမဟာ ခေါ် လေညင်းသာ ဟော်နန်းရှိ ခန်းမဆောင်တွင် သတင်း ဖြစ်လျက်ရှိရာ အန်ဇုလီက

'ဇုလီ လက်ထပ်ရင် လိုတဲ့ ပိုက်ဆံတွေကို ပေးပါ့မယ်၊ ဒီလောက်လည်း စိတ်ပူ မနေပါနှင့်' ဟု နှစ်သိမ့် အားပေးသည်။

'အဲဒီ အချိန်ကျမှ ရလို့ ဘာလုပ်တော့မှာလဲ ဇုလီရယ်၊ နောက်ကျနေပြီပေါ့၊ ဇုလီ လက်ထပ်ဖို့ ဆိုတာက အကြာကြီး စောင့်ရဦးမှာ၊ ဇုလီက ခုမှ ကလေးလေး ရှိသေးတယ် မဟုတ်လား'

'ဇုလီ ခြောက်နှစ် ရှိပြီတဲ့၊ အရဏက ပြောတော့ ခြောက်နှစ် ဆိုရင် လက်ထပ်လို့ ရတယ်တဲ့'

'လက်ထပ် ပြီးရင်လည်း ဇုလီက ယောက်ျား နောက် လိုက်သွားရမှာပေါ့၊ သူတို့ပြည်က ဒီကနေပြီး ဘယ်လောက် သွားရမှန်းမှ မသိတာ၊ အဲဒီ အခါကျတော့ ဇုလီက ဘယ်လောက်ပဲ ချမ်းသာ ချမ်းသာ ပိုက်ဆံကို ရောက်အောင် ပို့ဖို့ ဆိုတာ မလွယ်ပါဘူး၊ ပြီးတော့ ဇုလီ့ ယောက်ျားကလည်း ပိုက်ဆံ ပေးချင်မှ ပေးမှာပေါ့'

'ပေးမှာပေါ့၊ ဇုလီသာ မဟာဒေဝီ ဖြစ်လို့ရှိရင် ပိုက်ဆံတွေ အများကြီး ရှိမှာပေါ့၊ ဂျာနူးဘိုင်လို အများကြီး သုံးနိုင်မှာပေါ့၊ စိန်တွေ၊ ပုလဲတွေ၊ ဆင်တွေ...'

'ဇုလီ ရမယ့် ယောက်ျားက ငယ်ငယ်ရွယ်ရွယ် ဆိုရင်တော့ ဟုတ်တာပေါ့၊ ခပ်ဝဝ အသက်ကြီးကြီး အဘိုးကြီး ဆိုရင် ဘယ့်နှယ့် လုပ်မလဲ၊ ဇုလီက ပိုက်ဆံ မပို့ခင် သူက သေသွားရော၊ ဒီတော့ ဇုလီလည်း ဆတ္တီး လုပ်ရပြီး ယောက်ျား အလောင်းနှင့် အတူ မီးပုံထဲ ခုန်ဆင်းရရော'

ဇုလီ၏ မျက်နှာကလေးသည် ဖျော့တော့ ညှိုးငယ်သွား၏။ ဇုလီက အသံတုန်တုန် ကလေးဖြင့်

'ဒီလို မပြောပါနှင့် အရှော့ရယ်' ဟု ဆိုသည်။

ဇုလီသည် ယောက်ျား သေလျှင် ဟိန္ဒူ အမျိုးသမီးတို့ ခုန်ဆင်းရသည့် ဆတ္တီး တံတိုင်းကြီးကို မြင်ယောင်နေသည်။ တံတိုင်းကြီးက အုတ်နီတွေ ရဲလျက်။ ထိုတံတိုင်းကြီးကို မြင်ယောင်တိုင်း ရင်ထဲတွင် သိမ့်ခနဲ ဖြစ်သွား၏။ နံရံကြီးတွင် ပန်းရောင် ဆေးဆိုးထားသည့် လက်ရာတွေက ပွလျက်။ ထိုလက်ရာများသည် အစဉ်အဆက်က မီးပုံထဲသို့ ခုန်ချခဲ့ကြရသည့် ဟိန္ဒူ အမျိုးသမီးတို့၏ ပန်းဆေးဆိုးသည့် လက်ရာများ ဖြစ်ကြသည်။ ကွယ်လွန်သူ ဂူလ်ကုတ် စော်ဘွားတို့၏ အလောင်းများနှင့် အတူ အရှင်လတ်လတ် မီးပုံထဲသို့ ခုန်ဆင်းခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြရသည့် မဟာဒေဝီများ၊ မောင်းမများ၏ လက်ရာပုံစံများ ဖြစ်ကြသည်။

ထို အမျိုးသမီးများသည် မိမိတို့ လက်များကို ပန်းဆီထဲသို့ နှစ်ကာ ဆတ္တီး တံခါးကြီးပေါ်တွင် သုတ်ပစ်ခဲ့ကြပြီး အသုဘ မီးပုံ ရှိရာသို့ သွားခဲ့ကြသည်။ သူတို့ လက်ကလေးတွေက သွယ်သွယ်ပျောင်းပျောင်း နူးနူးညံ့ညံ့ လှလှပပကလေးတွေ။ သူ့လက်သာသာလောက်ပင် ရှိကြဦးမည်။

ဗြိတိသျှတို့သည် ထိုရက်စက် ရိုင်းပျသော ဆတ္တီးထုံးစံကို ဥပဒေဖြင့် တားမြစ် ပိတ်ပင်ခဲ့သည်။ သို့ရာတွင် ဂူးလ်ကုတ် ပြည်နယ်လို လူဖြူကို မမြင်ဖူးသည့် ပြည်နယ်များတွင်မူ ထိုဓလေ့သည် ဆက်လက် တည်ရှိနေဆဲဖြစ်၏။ အန်ဇုလီ၏ အဘွားနှင့် တကွ မောင်းမ သုံးယောက်နှင့် အခြေအရံ တစ်ဆယ့် ခုနစ်ယောက်တို့သည် မဟာရာဇာ စော်ဘွားကြီး ကွယ်လွန်စဉ်က အရှင်လတ်လတ် မီးပုံထဲသို့ ခုန်ဆင်းခဲ့ကြသည်ကို ဂူးလ်ကုတ် ပြည်နယ်တွင် ရှိသည့် သက်ကြီးရွယ်အိုများ ယခုတိုင် အမှတ်ရ နေကြသေးသည်။

'ကိုယ်သာ ဇုလီ ဆိုရင် ဘယ်တော့မှ လက်ထပ်မှာ မဟုတ်ဘူး သိလား၊ လက်ထပ်တာဟာ အန္တရာယ်များပါတယ်' ဟု အက်ရှ်က ပြော၏။

ဂူးလ်ကုတ် ပြည်နယ်သည် အသွားရ အလာရခက်သည်။ တံတား မရှိ၊ လမ်းကောင်းကောင်း မရှိ။ ၁၈၅၇ ခုနှစ် အိန္ဒိယ စစ်ဗာရီတို့၏ ပုန်ကန်မှုကြီး ပြီးသည့်နောက်တွင် ဗြိတိသျှ အစိုးရသည် ဂူးလ်ကုတ်ပြည်နယ်ကို အင်္ဂလိပ် ဘုရင်မင်းမြတ်၏ အုပ်ချုပ်မှုအောက်သို့ သွတ်သွင်းလိုက်သည့်တိုင် ထိုပြည်နယ်သို့ မျက်နှာဖြူ ဆို၍ တစ်ယောက်မျှ မလာဖူးသေး။ ဂူးလ်ကုတ် ပြည်နယ်မှာ အေးချမ်း ငြိမ်သက်လျက် ရှိသည့်အတွက်ကြောင့်လည်း အာဏာပိုင်များသည် ထိုပြည်နယ်ကို နဂိုအတိုင်း ထားလိုက်ကြကာ အရေးကြီးသည့် ပြည်နယ်များကို အလျင် ကိုင်တွယ် အုပ်ချုပ်လျက် ရှိကြသည်။

၁၈၅၉ ခုနှစ်တွင် ဂူးလ်ကုတ် မဟာရာဇာ စော်ဘွားသည် အင်္ဂလိပ်များနှင့် မဟာမိတ် ဖွဲ့ရန် အတွက် မိမိ အမတ်ချုပ်ကြီးအား စေလွှတ်လိုက်သည်။ သို့ရာတွင် ဘာမျှ မထူးခြား။ ၁၈၆၃ ခုနှစ်ကျမှသာ နိုင်ငံရေးဌာနမှ ဗိုလ်မှူးကြီး ဖရက်ဒရစ် ဗင်းသည် လက်ထောက်အတွင်းဝန် ခုနစ်ဦး၊ ဗြိတိသျှ အရာရှိကြီး တစ်ဦး အုပ်ချုပ်သည့် ပန်ချာပီ မြင်းတပ်စု တစ်စုနှင့် အတူ ဂူးလ်ကုတ် ပြည်နယ်သို့ တရားဝင် အလည်အပတ် ရောက်လာခဲ့ခြင်း ဖြစ်သည်။

ဂူးလ်ကုတ် ပြည်နယ်သားများသည် ဗိုလ်မှူးကြီး ဖရက်ဒရစ် ဗင်း၏ ကိုယ်စားလှယ် အဖွဲ့ကို အထူးအဆန်း သဖွယ် ကြည့်ကြသည်။ သူတို့ ပြည်နယ်သို့ မျက်နှာဖြူဆို၍ ကော့ဆက် လူဆိုးဗိုလ် ဆာဂျီ ဇော့ဗီချင်ကိုနှင့် သမီးဖြစ်သူ ကပြား အမျိုးသမီး ဖာရင်ဂီ မဟာဒေဝီတို့သာလျှင် ရောက်လာခဲ့ဖူးသေးသည်။ ပြည်နယ်သားများသည် အင်္ဂလိပ် သခင်ဆပ်များ မည်သို့ နေထိုင်သည်ကို ကြည့်ချင်ကြသည်။ သူတို့လာသည့် အထိမ်းအမှတ် အဖြစ် ပျော်ပွဲ ရွှင်ပွဲများ ကျင်းပရာတွင် ပျော်ချင် ပါးချင်ကြသည်။

ပွဲတော်ကြီးမှာ တကယ့် ပွဲတော်ကြီး။ တစ်သက်တွင် တစ်ခါ ကြုံရခဲဘိခြင်း။ အခြားသူများ နည်းတူ အက်ရှ်သည်လည်း ထိုပွဲတော်ကြီးကို မြင်လိုက် နွှဲလိုက်ချင်သည်။ သီတာကမူ သူတို့ ဂူးလ်ကုတ် ပြည်နယ်သို့ နိုင်ငံခြားသားများ ရောက်လာသည်ကို နည်းနည်းကလေးမျှ မကြိုက်။ အင်္ဂလိပ်တွေ ရောက်နေတုန်း အခမ်းအနားများသို့ တက်ရောက်ခြင်း မပြုရန်၊ ဟော်နန်းထဲသို့ မသွားရန် အက်ရှ်ကို အမျိုးမျိုး သွယ်ဝိုက်၍ ဖြားယောင်းသည်။

'တို့များဆီကို ဘာကြောင့်များ လာကြပြန်တာလဲ မသိပါဘူးကွယ်၊ အမေတော့ ဖာရင်ဂီတွေ မလာစေချင်ဘူး၊ သူတို့ လာပြီး ဆရာ လုပ်နေရင် တော်တော်ကြာ ပြဿနာတွေ ဖြစ်ပြီး ဆူဆူပူပူ ဖြစ်ချင် ဖြစ်လာမှာ၊ ပြီးတော့လည်း ဟိုမေး ဒီမေးနှင့် တယ်ပြီး ဖယားရှုပ်တာပဲ၊ လူလေး သူတို့နှင့် သွားပြီး ရှုပ်ရှုပ်ယှက်ယှက် မလုပ်နှင့်နော်၊ ကိုယ့်ဘာသာကိုယ် ကင်းကင်းရှင်းရှင်းနေ၊ သိလား'

အမေ သီတာက ပြော၏။ အက်ရှ်သည် အမေ သီတာ အဘယ်ကြောင့် ဤမျှ ခါးခါးသီးသီး ဖြစ်နေရသည်ကို နားမလည်နိုင်အောင် ဖြစ်နေသည်။ သူ့အား အမွေမှု၊ မတရားမှု ဟူသည် ရာဇဝတ်မှုနှင့် အတူတူပင် ဖြစ်ကြောင်း မကြာခဏ ပြောဆို ဆုံးမတတ်သည့် အရပ်မြင့်မြင့်၊ မျက်လုံးပြာပြာနှင့် လူတစ်ယောက်ကိုမူ အက်ရှ် ခပ်ရေးရေး မှတ်မိ၏။ သူ့မျက်နှာက တည်ငြိမ်လျက်။ လက်ဆွဲ မီးရောင် မှိန်မှိန်ထဲက သူ့မျက်နှာ။ ဖျော့တော့၍ အသက် ကင်းမဲ့သည့် မျက်နှာ။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အပြင်ဘက် လရောင်အောက်မှ ခွေးအများ၏ အူသံ။ တစ်ကောင်နှင့် တစ်ကောင် ကိုက်ခဲဟိန်းဟောက်သံ။ ထိုအသံများ၊ ထိုရှုခင်းများကို ယခုထက်တိုင် ခပ်ရေးရေး မြင်ယောင်နေသည်။ ခွေးအတွေ့ အူသံက ကြောက်စရာ၊ ကြက်သီးထစရာ။ ယခုတိုင် ခွေးအ အူသံကို ကြားလိုက်ရလျှင် ကျောတွေ ချမ်းလာကာ ကြက်သီးတွေ ထလာတတ်စမြဲ။ အက်ရှ်သည် ထိုရှုခင်းလောက်ကိုသာ အမှတ်ရတော့သည်။ ထိုထက်မှ ဘာမျှ ပို၍ မှတ်မိခြင်း မရှိတော့။

သို့ရာတွင် ဘာကြောင့်မှန်း မသိ၊ အမေ သီတာသည် အတိတ် အကြောင်းကို ပြောသည်ကို မကြိုက်။ သူ့ကို အပြောခိုင်းလျှင်လည်း ပြောခိုင်း၍ မရ။ နိုင်ငံခြားသား ဖာရင်ဂီများသည် အမေ သီတာကို နှိပ်စက်ညှဉ်းပန်းခဲ့ကြသည်လော။ သို့မဟုတ် ရက်စက် နာကြည်းအောင် လုပ်ခဲ့ကြဖူးသည်လော။ ထို့ကြောင့်ပင် အမေသီတာသည် သူ့ကို ဟော်နန်းတွင် ရောက်လာသည့် အင်္ဂလိပ်များနှင့် မတွေ့စေလိုခြင်း ဖြစ်သလော။

မည်သည့် အတွက်ကြောင့်ပင် ဖြစ်စေ ဖာရင်ဂီ အင်္ဂလိပ်တွေ ဟော်နန်းတွင် ရောက်နေတုန်း သူ့ကို ဟော်နန်းထဲသို့ မသွားဖို့ ပြောခြင်း၊ တာဝန်များကို ထမ်းဆောင်ခြင်း မပြုရန် ပြောခြင်းတို့မှာ နည်းနည်းတော့ ဆန်းသည်။ သူတို့ ရောက်နေတုန်းတွင် အိမ်ရှေ့ကိုယ်တော်လေး လာလာဂျီကို သူ့ထုံးစံအတိုင်း ခစားရဦးမည်။ လုပ်စရာ ရှိသည်တို့ကို လုပ်ပေးရဦးမည်။ ဟော်နန်းထဲသို့ မသွားဘဲ နေဖို့ ဆိုသည်မှာ မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်။

သို့ရာတွင် သူတို့ ဟော်နန်းသို့ ဗိုလ်မှူးကြီးဗင်း မရောက်မီ တစ်နေ့၌ အက်ရှ်သည် အမေ သီတာ ပြင်ပေးသော ထမင်းကို စားသောက်ပြီးနောက် နေထိုင်မကောင်း ဖြစ်သဖြင့် အပြင်သို့ မထွက်နိုင်ဘဲ အိပ်ရာပေါ်မှာပင် နေရလေသည်။ ခေါင်းထဲကလည်း တစစ်စစ်ကိုက်သည်။ ဗိုက်လည်း အောင့်သည်။ ထို့ကြောင့် ဟော်နန်းထဲတွင် ဘယ်သူတွေ လာ၍ ဘာတွေ ဖြစ်နေသည်ကို သူ စိတ်မဝင်စားနိုင်။

သီတာသည် သိုးနေသော အစာများကို ကျွေးမိသဖြင့် ယခုလို နေထိုင်မကောင်း ဖြစ်ရကြောင်း၊ မိမိ အပြစ် ဖြစ်ကြောင်းဖြင့် တဖျစ်တောက်တောက် ပြောဆိုကာ အက်ရှ်ကို ပြုစု၏။ ဟီရာလားလ်က ဆေးဆရာကို အပင့်ခိုင်းသည့် အခါတွင်လည်း ပင့်ခွင့်မပြု။ သီတာသည် အိမ်တွင် ရှိသည့် ပရဆေးများ၊ ဆေးမြစ်များကို ထောင်းထု၍ တိုက်သည်နှင့် အက်ရှ်မှာ ဗိုက်မျှဉ်းလာကာ ခေါင်းတွေ လေးလာသည်။

အက်ရှ် နေထိုင် ကောင်းလာသည့် အခါတွင်မူ ဟော်နန်းသို့ လာရောက် လည်ပတ်ကြသည့် အင်္ဂလိပ်စစ်ဗိုလ်များမှာ ပြန်သွားကြလေပြီ။ အန်ဇူလီ၊ ကိုဒါဒတ်နှင့် ဟီရာလားလ်တို့ ပြောစကားဖြင့်သာ သူတို့အကြောင်းကို သိရတော့သည်။

ဟီရာလားလ်က ခပ်လှောင်လှောင်ဖြင့်

'မမြင်လိုက်ရတာပဲ ကောင်းပါတယ်ကွာ၊ ဗိုလ်မှူးကြီးက အသက်လည်း ကြီးပြီကွ၊ လူကလည်း ဝဝဖိုင့်ဖိုင့်ကြီး၊ သူ့ အတွင်းဝန်တွေကတော့ ခပ်ငယ်ငယ်တွေပဲ၊ ဒါပေမဲ့ ခပ်ထိုင်းထိုင်းတွေပါကွာ၊ အဲ သူတို့ကို စောင့်လိုက်လာတဲ့ တပ်မှူး တစ်ယောက်ပဲ တို့စကားကို ရေရေလည်လည် ပြောတတ်တယ်ကွ၊ သူ့ ပန်ချာပီ စစ်သားတွေက ပြောတော့ သူတို့ဗိုလ်ကို သွားမစမ်းနှင့်တဲ့၊ လူလည်တဲ့၊ ဘယ့်နယ်လဲ ကောင်လေး၊ ခု နေလို့ ထိုင်လို့ ကောင်းသွားပြီ မဟုတ်လား၊ ဇူလီဘိုင်က ပြောတော့ နင့်ကို ပွဲတော် မသွားနိုင်အောင်လို့ အဆိပ်ခတ်ထားတာတဲ့၊ ဒီတော့ ငါက ဇူလီဘိုင်ကို မဟုတ်တာ ယုတ်တွေ မပြောနှင့်၊ အရှော့ တစ်ယောက် ပွဲတော်ကို သွားတော့ ဘာဖြစ်မှာလဲ၊ သူ့ကို ဘာဖြစ်လို့ မသွားစေချင်ရမှာလဲ၊ သူ့ကို ဘယ်သူက အရေးလုပ် နေမှာလဲလို့တောင် ငါ ပြန်ပြောလိုက်သေးတယ်၊ ကဲကွာ၊ ငါ မေးမယ်၊ မင်း နေထိုင်မကောင်း ဖြစ်အောင် မင့် အစာထဲကို အိမ်ရှေ့ ကိုယ်တော်လေးက အဆိပ် ခတ်မှာတဲ့လား၊ ကြံကြံစည်ရာ၊ သူ့မှာတောင် သူ့ကိစ္စနှင့်သူ မအားနိုင်အောင် ဖြစ်နေတာ၊ ဒါတွေ ဘာစဉ်းစား နေနိုင်မှာလဲ'

ဟီရာလားလ် ပြောသည့် အတိုင်းလည်း အမှန်။ အိမ်ရှေ့ ကိုယ်တော်လေး လာလာဂျီသည် ထီးနန်းကို ဆက်ခံရမည့်သူ ဖြစ်သည့် အလျောက် ဗိုလ်မှူးကြီး ဗင်း ခေါင်းဆောင်သည့် ကိုယ်စားလှယ် အဖွဲ့ ရောက်လာစဉ် ဧည့်ခံပွဲများသို့ တက်နေရသည်။ ဧည့်ခံပွဲများကို တက်ရသည်က သူ့မင်္ဂလာဆောင် အခမ်းအနားသို့ တက်ရသည်ထက် ပျော်စရာ ကောင်းသည်။ လူလည်း သက်သာသည်။

ထိုပြင် ခမည်းတော် စော်ဘွားကြီးသည် အင်္ဂလိပ်များ အထင်ကြီးစေရန် အတွက် သားတော် အိမ်ရှေ့ ကိုယ်တော်လေးကိုလည်း မင်္ဂလာ ဆောင်စဉ်ကတည်းကပင်



www.burmeseclassic.com

www.burmeseclassic.com



စိန်ရွှေ လက်ဝတ်လက်စားများကို ဆင်ယင်ပေးသည်။ အိမ်ရှေ့ ကိုယ်တော်လေး လာလာဂျီက အဝတ်အစား ကောင်းကို ကြိုက်သည်။ ဖြီးလိမ်း ပြင်ဆင်ရသည်ကို နှစ်သက်သည်။ သူ့တွင် သည်လို အခွင့်အရေးမျိုး ရခဲ့ ဘိခြင်း။

ယခု ထိုအခွင့်အရေးမျိုးကို ရပြီ ဆိုသည့် အခါ တွင် လာလာဂျီသည် ခမည်းတော် အနားတွင် ထိုင်ကာ ဒေါင်း တစ်ကောင်ကဲ့သို့ တဝင့်ဝင့် ဖြစ်နေသည်။ သူ့ အင်္ကျီရှည်က ရွှေခြည်ထိုး အင်္ကျီ။ ရွှေခြည်ငွေခြည် ထိုး ထားသဖြင့် တောင့်လျက်။ ခေါင်းက ဖောင်းထုပ်က ခါဖောင်းထုပ် တောက်တောက်ပပ။ ပုလဲသွယ်တွေ၊ စိန် လည်တောင်တွေက အစီအရီ။ အရိုးတွင် စိန်စီသည့် ဓားက ပုလဲမြိတ် ကတ္တီပါအိတ် စွပ်လျက်။

ဟိန္ဒူစတန်နီ စကားကို မပီကလာ ပီကလာ ပြောသည့် အင်္ဂလိပ် စစ်ဗိုလ် ဝဝကြီးကို သူ သဘော အကျဆုံး။ သူ့ကို လူကြီးသူမ တစ်ယောက်သဖွယ် သဘောထားကာ နောက်လား ပြောင်လား ပြောတတ် သည်။ ခမည်းတော် စော်ဘွားကြီးသည် ဂျာနူးဘိုင် မဟာဒေဝီနှင့် ရသည့် သားငယ် နန်ဒူးကို ဧည့်သည် များနှင့် မိတ်ဆက်ပေးသည့်တိုင် 'ဧည့်သည်များသည် သူ့ကို သိပ် အရေးမပေးကြ။

လူကြီးတွေက အလို လိုက်ကြသည့် အတွက် နန်ဒူးသည် အလွန် ဆိုးသည်။ ဧည့်ခံပွဲသို့ ခေါ်သည့် အခါတွင် ငိုသည်ရော အော်သည်ရော လုပ်၏။ ဧည့် သည်တွေ ရှေ့သို့ ရောက်သည့် အခါတွင်လည်း အငြိမ် မနေ။ ဆော့လွန်းသဖြင့် ဧည့်ခံပွဲ ပြီးအောင် မထားတော့ ဘဲ ပြန်ပို့လိုက်ရသည်။ ထို့နောက်တွင် တစ်ခေါက်မှ ဧည့်ခံပွဲသို့ မလာရတော့။

ထို့ကြောင့် ဧည့်သည်တော်တို့အား လေးရက် တိုင်တိုင် ဧည့်ခံသည့် ပွဲတော် အတွင်းတွင် လာလာဂျီ တစ်ယောက်သာလျှင် ခမည်းတော် စော်ဘွားနှင့် အတူ လိုက်ခွင့်ရသည်။ ခမည်းတော်နှင့် အတူ ဘေးချင်းယှဉ် ထိုင်ရသည်။ အတူ ရပ်ရသည်၊ အတူ မြင်းစီးရသည်။

ပွဲတော် ပြီးသည့် အခါတွင်မှ သူ့ကိုယ်တွင် ဆင်ထားသည့် ကျောက်မျက် ရတနာများကို ပြန်၍ သိမ်းမသွားဘဲ သူကိုယ်တိုင် ထိန်းသိမ်းထားစေသည်။ ခမည်းတော်ကြီးသည် သားတော် လာလာဂျီကို သူ့အပါး တွင် အမြဲ ဝင်ထွက်စေသည်။ ယခင်ကထက်လည်း ပို၍ ချစ်ခင်လာဟန် ရှိသည်။

အိမ်ရှေ့ ကိုယ်တော်လေး လာလာဂျီမှာ ပျော်၍ မဆုံး။ အလျင်ကလို ညီမငယ် အန်နူလီကိုလည်း မခံ သာအောင် နောက်ပြောင်ခြင်း မပြုတော့။ အိမ်မွေး တိရစ္ဆာန်ကလေးများကိုလည်း ညှဉ်းပန်း နှိပ်စက်ခြင်း မပြုတော့။ သူ့အဆောင်ထဲရှိ အခြွေအရံများ အားလုံးကို ကောင်းစွာ ဆက်ဆံသည်။ အလျင်ကထက် ဖော်ရွေစွာ ဆက်ဆံလာသည်။ ယခုကဲ့သို့ ယခင်ကနှင့် မတူ တစ်မူ ပြောင်းလာခြင်းသည် သူ့အတွက် လည်းကောင်း၊ ကျန် လူများ အတွက် လည်းကောင်း ကောင်းသည်။

သို့ရာတွင် ဟီရာလားလ်ကမူ သူ့အနာဂတ် အတွက် စိုးရိမ်၏။ ဟီရာလားလ် ဆိုသည့် လူသည် အရာ ရာကို မကောင်း မြင်တတ်သည့်လူ။ သူ့ကို ထည့်တွက် နေ၍ မဖြစ်။ သူတို့ ကိုယ်တော်လေး လာလာဂျီသည် ယခင်ကနှင့် မတူ စိတ်ကောင်းဝင်ကာ ပျော်ပျော်ရွှင်ရွှင် ရယ်ရယ်မောမော နေချိန်တွင် သူတို့လည်း အဘယ်ကြောင့် မပျော်ဘဲ နေရမည်နည်း။ စင်စစ် ကိုယ်တော်လေးသည် အရွယ်ရောက်လာပြီ ဖြစ်သည့် အတွက် စိတ်ပြောင်း သွားဟန် တူသည်။ ငယ်ငယ်တုန်းကလို စိတ်ကောက် ခြင်း၊ နိုင်လိုမင်းထက် လုပ်ခြင်းတို့ မရှိတော့ပြီ။

စော်ဘွားကြီးသည် သားတော် လာလာဂျီကို သာမက သူ့ အခြွေအရံများကိုလည်း အလိုလိုက်သဖြင့် တအံ့တသြ ဖြစ်နေကြသည်။ အစကမူ ထိုသို့ အလို လိုက်၍ မျက်နှာသာ ပေးခြင်းမှာ ဧည့်သည်များ ရှိနေစဉ် ခဏမျှသာဟု အောက်မေ့မိသော်လည်း ဧည့်သည်များ ပြန်သွားသည့် နောက်ပိုင်းတွင်လည်း ခမည်းတော် စော် ဘွားကြီးသည် သားတော်လေးကို သူ့အပါးတွင် အမြဲ တမ်း ခေါ်ထားကာ ပြည်နယ် အုပ်ချုပ်ရေး ကိစ္စများကို သင်ပြလျက် ရှိသည်။

ဤအခြင်းအရာများကြောင့် ကချေသည် မဟာ ဒေဝီ၏ ရန်သူများမှာ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြ သည်။ သူ့ရန်သူများကလည်း များလှဘိတောင်း။ ထိုသို့ ဖြစ်လာခြင်းမှာ ကချေသည် မဟာဒေဝီတွင် နောက်သမီး လေး တစ်ယောက် နောက်ဆုံး မွေးလာခဲ့သဖြင့် သူ့ အပေါ်တွင် အလိုမကျခြင်းကြောင့် ဖြစ်သည်ဟု ယူဆ ကြသည်။ ဤသည်နှင့် အတူ ကချေသည် မဟာဒေဝီ တွင်လည်း တန်ခိုးအာဏာတွေ လျော့သွားပြီဟု ထင် မှတ်ခဲ့ကြသည်။

သို့ရာတွင် သည်တစ်ကြိမ်တွင်လည်း သူတို့သည် ကချေသည် မဟာဒေဝီကို လျှော့တွက်ထားခြင်း ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းကို နောင်တွင် ဖြစ်လာသည့် အဖြစ်အပျက်များ အရ သိရှိ လာခဲ့ကြရသည်။

မိမိ၏ သားငယ်အား ဆော့သည်ဟု အကြောင်း ပြကာ ပွဲဇာက်ဆောင်မှ အပြင်သို့ ပို့လိုက်သည့်အခါ တွင် ဂျာနူးဘိုင်မှာ အကြီးအကျယ် ဒေါသ ထွက်နေ လေပြီ။ ထို့ပြင် အိမ်ရှေ့ ကိုယ်တော်လေး လာလာဂျီကို မျက်နှာသာ ပေးနေသည်ဟု ကြားရသည့် အခါတွင်ကား မဟာဒေဝီ ဂျာနူးဘိုင်၏ ဒေါသသည် အထွတ်အထိပ် သို့ ရောက်လာခဲ့လေပြီ။ နှစ်ရက်လုံးလုံး ဒေါသမုန်တိုင်း ကြီး တိုက်ကာ တစ်ပတ်လုံးလုံး သုန်မှုန်လျက် ရှိ၏။ သို့ရာတွင် ဘာမျှမဖြစ်ဘဲ အေးအေးဆေးဆေးပင် စခန်း သိမ်းသွားခဲ့သည်။

ဤတွင် မဟာရာဇာ စော်ဘွားကြီးကလည်း သူ ဒေါသ ထွက်သည်ကို ပြန်၍ ကလဲ့စား ချေသည့် အနေ ဖြင့် ဂျာနူးဘိုင်၏ အဆောင်သို့ ကူးခြင်း မရှိဘဲ မိမိ၏ အဆောင်တွင် အချိန်ကုန်နေသည်။ ထိုသို့ စော်ဘွားကြီး က အဆောင်တော် ကူးခြင်း မရှိဘဲ နေလိုက်သည့် အခါ တွင် မဟာဒေဝီ ဂျာနူးဘိုင်မှာ ထိတ်လန့်လျက် ရှိသ လောက် သူ့ရန်သူများက ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြ သည်။

မဟာဒေဝီ ဂျာနူးဘိုင်သည် သူ့ကိုယ်သူ မှန် ထဲတွင် ပြန်ကြည့်လိုက်မိ၏။ ယခင်က သူ အသိအမှတ် ပြုရန် ငြင်းဆိုခဲ့သည့် အရာတစ်ခုကို တွေ့လိုက်လေပြီ။ ဤသည်မှာ တခြား မဟုတ်။ သူ့ခန္ဓာကိုယ်သည် အလှ ပျက်ယွင်းစ ပြုလာကာ ဝဖြိုးစ ပြုလာခြင်း ဖြစ်သည်။ အရွယ် ထောက်လာခြင်း၊ ကလေး မွေးရခြင်း၊ သက် သောင့်သက်သာ ဇိမ်ဖြင့် နေရခြင်းတို့သည် တဖြည်းဖြည်း ဇာတိ ပြလာခဲ့လေပြီ။

လွန်ခဲ့သည့် နှစ် အနည်းငယ်တုန်းက သူသည် ယောကျ်ားတကာတို့ကို ညို့ယူ ဖမ်းစားနိုင်သည့် အသား ဝါဝါဖြင့် မိန်းကလေး တစ်ယောက် ဖြစ်ခဲ့၏။ ယခု ရွှေ ရည်ဝင်းနေသော ထိုမိန်းကလေးသည် မရှိတော့။ ထို နေရာတွင် အသားညိုညို၊ အရပ်ပုပု၊ ခပ်ဖိုင့်ဖိုင့် မိန်းမ တစ်ယောက်သာ ကျန်ရစ်ခဲ့တော့သည်။ ထိုခပ်ဖိုင့်ဖိုင့် သဏ္ဌာန်သည် ဤတွင် ရပ်နေမည် မဟုတ်။ ဝဝကြီး ဖြစ်လာတော့မည်။

သို့တိုင် ဂျာနူးဘိုင်တွင် ထက်မြက်မှုနှင့် စွဲမက် စဖွယ် ဆွဲဆောင်မှုကား ကျန်မြဲ ကျန်နေသေးသည်။ မဟာဒေဝီ ဂျာနူးဘိုင်သည် ထိုအချက်ကို အသုံးချမှ ဖြစ် မည်ဟု ယူဆကာ မဟာရာဇာ စော်ဘွားကြီးကို ချော့မော့ ဖြားယောင်းသည်။ သို့ဖြင့် ခဏကြာလျှင် မဟာဒေဝီ ဂျာနူးဘိုင်သည် စော်ဘွားကြီးကို ကြိုးကိုင်နိုင်သည့် အနေ အထားသို့ ပြန်၍ ရခဲ့လေသည်။

သို့ရာတွင် ဂျာနူးဘိုင်သည် အာဏာလက်လွတ် ဖြစ်ရခြင်း၏ ခါးသီးသော အရသာကို မမေ့။ ထို့ကြောင့် လင်ပါသား ဖြစ်သည့် လာလာဂျီကို ဝင်ပူးရန် ခြေလှမ်း ပြင်ခဲ့သည်။ ဤတွင် ဟော် တစ်ခုလုံးမှာလည်း အံ့အား သင့်သွားကြသည်။

သို့ရာတွင် လာလာဂျီကို ဝင်ပူးသတ်ဖို့ ဆိုသည် မှာ ထင်သလောက် မလွယ်။ ဂျာနူးဘိုင်သည် ဖာရင်ဂီ မဟာဒေဝီကို ပထုတ်လိုက်ပြီး သူ့ခမည်းတော်ကြီးအား ကြိုးဆွဲချင်တိုင်း ကြိုးဆွဲခဲ့သည့် အတွက် လာလာဂျီ သည် ဂျာနူးဘိုင်ကို မုန်းတီးလျက် ရှိခဲ့ရာ ထိုအမုန်းသည် သာမန် အမုန်း မဟုတ်။ ရင်ထဲ အသည်းထဲတွင် စွဲနေ သည့် အမုန်း ဖြစ်သည်။ လာလာဂျီသည် သူ့ကို မြှောက်ပင့် ပြောဆိုသူများကိုလည်း သံသယဖြင့် ကြည့် တတ်သည်။

ဂျာနူးဘိုင်သည် လာလာဂျီအား မြှောက်ပင့်ကာ အပျော့ဆွဲ ဆွဲကြည့်သည်။ သူ့ကို လက်ဆောင် ပဏ္ဏာ တွေ ပေးသည်။ စော်ဘွားကြီးအားလည်း အိမ်ရှေ့ ကိုယ် တော်လေးကို အလိုလိုက်ရန်၊ မျက်နှာသာပေးရန် တိုက် တွန်းသည်။ သို့ဖြင့် ဂျာနူးဘိုင်သည် လာလာဂျီ၏ ချစ် ခင် ယုံကြည်မှုကို မရသည့်တိုင် အနည်းဆုံး စစ်ပြေ ငြိမ်းမှုကို ရလိုက်သည်။

'အိမ်ရှေ့ ကိုယ်တော်လေးကို သတိပေးရမယ်၊ ကွန်ဂျီတောထဲက ကျားစေဦးလဲ အကြောင်းကို ပြောပြ ရဦးမယ်၊ အဲဒီ ကျားကြီးက သက်သတ်လွတ် စားချင် ယောင် ဆောင်ပြီး ကျွဲပေါက်ကလေးကို သူနှင့် အတူ ညစာ စားဖို့ ဖိတ်သတဲ့' ဟု ကိုဒါဒတ်က ပြောသည်။

ဟော်နန်း တစ်ခုလုံးက ထိုအခြေအနေကို စောင့် ကြည့်နေကြသည်။ သူတို့ နှစ်ယောက်၏ အခြေအနေ သည် တာရှည်ခံမည် မဟုတ်။ သို့ရာတွင် ရက်တွေ လတွေသာ လွန်သွားခဲ့သည်။ မဟာဒေဝီ ဂျာနူးဘိုင်၏ သဘောထားမှာ ပြောင်းလဲခြင်း မရှိ။ အိမ်ရှေ့ ကိုယ် တော်လေး လာလာဂျီ အပေါ်တွင် အခင်အမင် မပျက်။

သို့ဖြင့် အချိန် ညောင်းသွားသည့် အခါတွင် ထို ကိစ္စသည် ရိုးသွားကာ ပုံမှန် အနေအထား တစ်ရပ် ဖြစ် လာခဲ့လေပြီ။ သူတို့နှစ်ယောက် သင့်မြတ် ချစ်ခင်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြသည့် အတွက် ခမည်းတော် စော်ဘွားကြီးကလည်း ဝမ်းသာသည်။ ဟော်နန်းရှိ အမှုထမ်းများကလည်း ကျေနပ်ကြသည်။ အိမ်ရှေ့ ကိုယ်တော်လေး၏ အဆောင်ရှိ အခြွေအရံများကလည်း ဝမ်းသာသည်။

ဝမ်းမသာသူ၊ မကျေနပ်သူ ဆို၍ ဒွန်မာယား တစ်ယောက်သာ ရှိ၏။ ဒွန်မာယားသည် ကချေသည် ဟော့ဒေဝီကို မည်သည့်နည်းနှင့်မျှ မယုံနိုင်။ သူ့ကို ဟီရာလားလ်ကလည်း ထောက်ခံသည်။ 'မြွေပွေးနှင့် ပြည့်တန်ဆာမကို ဘယ်တော့မှ မယုံနှင့်' ဟု ဟီရာလားလ်က ပြောသည်။

သူတို့နှစ်ယောက် အဆင်ပြေနေသည့် အတွက် အက်ရှ်မှာလည်း အနေရ အထိုင်ရ ချောင်သည်။ အိမ်ရှေ့ ကိုယ်တော်လေး သာသာကြည်ကြည် ရှိနေစဉ်တွင် ယခင် အကဲ့သို့ စိတ်ကောက်ခြင်း၊ နိုင့်ထက်ကလူ ပြုခြင်းတို့ လုပ်ရန် ပြောခွင့်ရသည်။ လာလာဂျီ ကိုယ်တိုင်က လည်း ယခင်က သူ့ခေါင်းပေါ်သို့ ကျောက်တုံးကြီး ကျလာခဲ့သည့် ကိစ္စတွင် မဟာဒေဝီ ဂျာနူးဘိုင် လက်ချက် ပါကောင်းပါနိုင်သည်ဟု ထင်ခဲ့သည့်တိုင် ယခု ထိုသို့ ထင်ခြင်း မရှိတော့။ မတော်တဆ အဖြစ်အပျက် တစ်ရပ်မျှသာဟု လာလာဂျီ ယူဆလိုက်ပြီ။

အက်ရှ် ခေါ် အရှော့ကို ဟော်နန်းသို့ ခေါ်ထားခြင်းမှာ သူ့အတွက် ဘေးဆီးရန်ကာ ခေါ်ထားခဲ့ခြင်း ဖြစ်ရာ ယခု ထိုအန္တရာယ်များ မရှိတော့သည်နှင့် အရှော့ကို ဟော်နန်းတွင် ခေါ်ထားစရာ အကြောင်း မရှိတော့။ သူ ကြိုက်သလို နေခွင့်ပြုရန် အကြောင်း ဆိုက်လာခဲ့ပြီ။ အရှော့သည် ဟော်နန်းတွင် နေလိုသည် ဆိုလျှင်လည်း နေနိုင်သည်။ သွားလိုသည် ဆိုလျှင်လည်း သွားနိုင်သည်။

သို့ရာတွင် အိမ်ရှေ့ ကိုယ်တော်လေး လာလာဂျီသည် ခေါင်းမာသူ တစ်ဦး မဟုတ်သည့်တိုင် ကိုယ်ပြောသည့် စကားကိုမူ ကိုယ်ပြန်၍ မရုပ်သိမ်းချင်။ ထို့ကြောင့် အရှော့ကို ပြန်မလွှတ်သေးဘဲ ဟော်နန်းတွင်ပင် ဆက်၍ နေခိုင်းသည်။ အရှော့ အပေါ်တွင်ကား ယခင် အကဲ့သို့ နိုင်လိုမင်းထက် လုပ်ခြင်းတို့ မရှိတော့။

အရှော့သည် ဟော်နန်းတွင် အိမ်ရှေ့ ကိုယ်တော်လေး၏ အခြွေအရံ သို့မဟုတ် ကစားဖော် အဖြစ် ဆက်သက် နေရလိမ့်မည်ဟု အားလုံးက ထင်ခဲ့ကြ၏။ သို့ရာတွင် သူ့ကို ကိုယ်တော်လေး အနားသို့ ကပ်ခွင့် မပေးတော့။ အရှော့သည် မျက်နှာသာပေးခြင်း ခံရစဉ်က တအံ့တသြ ဖြစ်ခဲ့သည့်နည်းတူ ယခု သူ့ကို ကိုယ်တော်လေး အနားမှ တခြား နေရာသို့ ပို့လိုက်သည့် အခါတွင်လည်း အံ့အားသင့်ခြင်း ဖြစ်ရသည်။ ဘာကြောင့်မှန်း မသိ၊ အိမ်ရှေ့ ကိုယ်တော်လေး လာလာဂျီသည် သူ့ အပေါ်တွင် ယခင်ကထက် ရိုင်းပျလာကာ ငြိုးသူ ရန်ဖက်ကြီးပမာ ဆက်ဆံလာသည်။

တစ်ခါတစ်ရံတွင် လက်ဝတ်လက်စား နေရာ အထား မှားလျှင်၊ ပစ္စည်း တစ်ခု ကျိုးပျက်သွားလျှင်၊ ကန့်လန့်ကာ စုတ်ပြဲသွားလျှင်၊ သို့မဟုတ် ကြက်တူရွေး နေထိုင် မကောင်းလျှင် သူ့ကိုပင် အပြစ် ပုံချတတ်သည်။ သူ့ကြောင့် ဆိုကာ သူ့ကို ပြစ်ဒဏ် ပေးတတ်သည်။

အရှော့သည် ရုတ်တရက် စိတ်ပြောင်းသွားသော အိမ်ရှေ့ ကိုယ်တော်လေး လာလာဂျီကို နားမလည်နိုင်ဘဲ ထိုအကြောင်းများကို ကိုဒါဒတ်အား ပြန်၍ ပြောပြတတ်၏။

'ဦးလေးရယ်၊ ကျွန်တော့်ကို ဘာဖြစ်လို့ သူ ဒီလောက် ရန်လုပ်နေရတာလဲ၊ ကျွန်တော်က သူ့ကို ဘာလုပ်လို့လဲ၊ ဒီလို လုပ်တာတော့ ဘယ်တရားပါ့မလဲ၊ ကျွန်တော့်ကို ဘာဖြစ်လို့ ဒီလို ဆက်ဆံရတာလဲ ဟင်၊ ဘယ်လို ဖြစ်သွားတာလဲ'

ကိုဒါဒတ်က ပခုံးကို တွန့်လိုက်ရင်း

'ဒါကတော့ အလ္လာ ကိုယ်တော်မြတ်ကြီးမှ သိတော့မှာပဲကွာ၊ အိမ်ရှေ့ ကိုယ်တော်လေးက မင့်ကို မျက်နှာသာ ပြန်ပေးလာတာကို သူ့အဆောင်ထဲက အခြွေအရံ တစ်ယောက်ယောက်က မကျေနပ်လို့ မနာလိုလို့ ဖြစ်ချင်လည်း ဖြစ်မှာပေါ့၊ ဒီတော့ သူ့ကို သွားပြီး ကုန်းတိုက်တာ ဖြစ်နိုင်တာပေါ့၊ သခင် တစ်ယောက်ရဲ့ မျက်နှာသာပေး ခံရတယ် ဆိုတာ မနာလိုသူတွေ ပေါပြီး ရန်သူတွေ များတတ်တယ်၊ ဒီတော့ မင်းကိုလည်း မနာလိုသူတွေ ရှိမှာပေါ့၊ ဥပမာ ဘီဂျူရန်းတို့လို ကောင်မျိုးတွေ ဆိုပါတော့'

'ဟုတ်တယ်၊ ဘီဂျူရန်းကတော့ ကျွန်တော့် ဆိုရင် အင်မတန် မုန်းတယ်၊ ကျွန်တော်ဟာ သူ့ကို ဘာမှလည်း အန္တရာယ် မပေးခဲ့ဖူးပါဘူး၊ သူ့လမ်းမှာလည်း အတားအဆီး မလုပ်ခဲ့ဖူးဘူး၊ ဒါနှင့်တောင် ကျွန်တော့်ကို ဘာဖြစ်လို့ ဒီလောက် မုန်းနေသလဲ မသိဘူးနော်'

'ဒါတော့ ငါလည်း မပြောတတ်ဘူးလေ' ဟု ကိုဒါဒတ်က ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



အရှော့က တစ်စုံတစ်ရာ မေးမည် အပြုတွင် ကိုဒါဒတ်က ခပ်လေးလေးဖြင့်

'ဘီဂျူရန်းဟာ မဟာဒေဝီ ဂျာနူးဘိုင်ရဲ့ အထောက်တော် ဖြစ်မယ်လို့ကော မင်းစိတ်ထဲမှာ မထင်မိဘူးလား'

အရှော့က မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်ကာ အသံတုန်တုန်ဖြင့်

'ဘာ၊ ဘီဂျူရန်းဟာ ဂျာနူးဘိုင်ရဲ့လူ ဟုတ်လား၊ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ဘူး၊ သူ့ကို အိမ်ရှေ့ ကိုယ်တော်လေး ကိုယ်တိုင်က ချစ်လည်း ချစ်၊ မြှောက်လည်း မြှောက်စားသားပဲ၊ ဆုလာဘ်တွေ ဆိုရင်လည်း ပေးလိုက်တာ အလျှံပယ်ပဲ၊ ဒီလိုတော့ လုပ်မယ် မထင်...'

'သူ့ကို အဆိပ်ပြင်းတဲ့ ကင်းမြီးကောက်လို့ ကိုယ်တော်လေး ကိုယ်တိုင် နာမည်ပေးခဲ့တာ မဟုတ်လား၊ အကြောင်းမဲ့ ပေးတာ မဟုတ်ဘူးကွ၊ အကြောင်း ရှိတယ်၊ ဘီဂျူရန်း ဆိုတဲ့ အကောင်က အလွန် ရက်စက်တဲ့ကောင်၊ အလွန် သွေးအေးတဲ့ကောင်၊ ကိုင်ဗာ တောင်ကြားမှာ နေတဲ့ လူတွေ ပြောတဲ့ စကားပုံ တစ်ခု ရှိတယ်၊ မြွေ၊ ကင်းမြီးကောက်နှင့် လူယုတ်မာ ဆိုတာ ဘယ်တော့မှ နှလုံးသား မရှိဘူးတဲ့၊ ဒီမှာ လူလေး၊ ဦးလေး ပြောမယ်၊ မြို့ထဲမှာရော၊ ဟော်ထဲမှာရော ပြောနေကြတဲ့ စကား တစ်ခွန်း ရှိတယ်၊ ဘီဂျူရန်းဟာ မဟာဒေဝီ ဂျာနူးဘိုင်ရဲ့ လူတဲ့၊ သူ့အတွက် အထောက်တော် လုပ်ပေးနေတာတဲ့၊ သူက လစာ ကောင်းကောင်း ပေးထားတယ်တဲ့၊ ဦးလေးကတော့ သူတို့ ပြောတဲ့ အတိုင်း မှန်တယ်လို့ ထင်တာပဲ၊ မှန်တယ် ဆိုရင် ဘီဂျူရန်းကလည်း လူလေးကို မုန်းတော့မှာပေါ့'

'အင်း ဟုတ်မှာပဲ၊ ဒီလိုဆိုရင်တော့ ကိုယ်တော်လေး သနားပါတယ်နော်' ဟု အရှော့က ပြောသည်။ အရှော့၏ အသံသည် ခပ်တိုးတိုးမျှသာ။ အရှော့၏ စိတ်၌ သူ့အောက်တွင် ရှိနေသည့် မြေကြီးသည် တအိအိ ပြိုကျနေသည်ဟု ခံစားရ၏။

ကိုဒါဒတ်က

'အင်း ဟုတ်တာပေါ့၊ သနားစရာတော့ ကောင်းတာပေါ့၊ လူလေးကို ဦးလေး မကြာခဏ ပြောဖူးတယ် မဟုတ်လား၊ သူတို့ အထက်တန်းလွှာတွေ ကြားထဲမှာ နေရ ထိုင်ရတာဟာ မလွယ်ဘူးလို့'

'ဟုတ်ပါတယ်၊ ဒါပေမဲ့ ကိုယ်တော်လေးဟာ ဟိုတလောက ကျွန်တော့် အပေါ်မှာ တော်တော်လေးကို ကောင်းခဲ့တာ၊ သူ့ကို ကြည့်ရတာ ပျော်လည်း ပျော်နေတဲ့ပုံပဲ၊ ကျွန်တော့် အပေါ်မှာလည်း ပိုပြီး ကြင်ကြင်နာနာ ရှိလာတယ်၊ ကျွန်တော့် အပေါ်မှာတင် မဟုတ်ပါဘူးလေ၊ လူတိုင်း အပေါ်မှာပါ၊ ဒါပေမဲ့ ဘယ်လို ဖြစ်သွားမှန်း မသိဘူး၊ ခုတစ်မျိုး ဖြစ်သွားပြီး ကျွန်တော့်ကိုချည်း မာန်မဲ နေတော့တာပဲ၊ ဒီတော့ ဘယ်တရားမလဲ ဦးလေးရာ၊ နည်းနည်းလေးမှကို မတရားဘူး'

ကိုဒါဒတ်က

'အေးလေ၊ မင်းကတော့ ကလေးစကားပဲ ပြောမှာပေါ့၊ ငါတို့ မှတ်ထား၊ လောကကြီးမှာ လူရယ်လို့ ဖြစ်လာရင် ကြီးကြီးငယ်ငယ် မတရားတော့ဘူးကွ၊ ခုလောက် ဆိုရင် မင်း သိလောက်ရောပေါ့၊ နေစမ်းပါဦး၊ ဟီရာလားလ်ကကော ဘာပြောသလဲ'

ဟီရာလားလ်ကမူ ဘာမျှ မပြော။ သူ့နားပန်ကို လှမ်းကိုင်လိုက်ကာ 'တစ်နေ့မှာ ပြဿနာ တစ်ခုခုတော့ ဖြစ်လိမ့်မယ်လို့ ငါ ပြောသားပဲကွ' ဟုသာ ပြော၏။ ထို့ထက် ဘာမျှ မပြော။

မကြာမီတွင် အရှော့သည် ကိုယ်တော်လေး လေးပစ် ကျင့်နေစဉ် လေးညို့ ပြတ်သွားရာ ကိုယ်တော်လေး အနှစ်သက်ဆုံး လေး ဖြစ်သည့် အတွက် တမင် ပြတ်အောင် အရှော့က လုပ်ထားခြင်း ဖြစ်သည်ဟု အစွပ်စွဲ ခံရသည်။ အရှော့က ထိုလေးကို မိမိ လက်ဖျားနှင့်ပင် မတို့မိကြောင်း ပြောသော်လည်း လက်မခံဘဲ ကြိမ်ဖြင့် အရိုက်ခံရ၏။

ထို့နောက်တွင်မူ အရှော့သည် အိမ်ရှေ့ကိုယ်တော်လေး၏ အခြေအရံ အဖြစ်မှ နုတ်ထွက်ခွင့် ပေးရန်နှင့် လေညင်းသာ ဟော်နန်းမှ ပြန်ခွင့်ပေးရန် တောင်းပန်သည်။ သို့ရာတွင် နုတ်ထွက်ခွင့် မပေးရုံမျှမက နောင်တွင် လေညင်းသာ ဟော်နန်း၏ တံတိုင်း အတွင်းမှ မထွက်ရဟု အမိန့် ထုတ်လိုက်သည်။

သို့ဖြင့် အရှော့မှာ စော်ဘွားကြီးသော် လည်းကောင်း၊ ကိုယ်တော်လေးသော် လည်းကောင်း တောသို့ ထွက်၍ အမဲလိုက်လျှင်လည်း လိုက်ခွင့် မရတော့။ သိန်းတိုက် သွားလျှင်လည်း မလိုက်ရတော့။ ကိုဒါဒတ်နှင့် လည်းကောင်း၊ အခြား တစ်ဦး တစ်ယောက်နှင့် လည်းကောင်း မြို့ထဲသို့ ထွက်ချင်သော်လည်း ထွက်ခွင့် မရတော့။

ဟဝါးမဟာ ခေါ် လေညင်းသာ ဟော်နန်းသည် သူရောက်စ နေ့တုန်းက ထင်ခဲ့သည်ကဲ့သို့ပင် သူ့အဖို့ အကျဉ်းထောင်ကြီး တစ်ခုနှင့် တူနေသည်။ ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သချင် ဟော် မြို့ရိုး အတွင်းသို့ ဝင်သည့် တံခါးကြီးများက ပိတ်လျက်။ သူ့အဖို့ လွတ်လမ်း မမြင်တော့။

ဆောင်းတွင်းသို့ ရောက်လာသည့် အခါတွင် အမေ သီတာသည် မကြာခဏ အအေးမိကာ ချောင်း ဟွပ်ဟွပ် ဆိုးတတ်သည်။ စင်စစ် အမေ သီတာ ချောင်းခြောက် ဆိုးခြင်းသည် ဘာမျှမဆန်း။ ယခင်ကလည်း သည်လိုပင် ချောင်းဆိုးနေကျ။ သို့ရာတွင် သည်တစ်ခေါက် ချောင်းဆိုးသည်က အလွန်ကြာသည်။ တော်တော်နှင့် မပျောက်နိုင်။ ဆေးဆရာတို့ကို ပြကြည့်ရန် တိုက်တွန်းသော်လည်း အမေ သီတာသည် ဆေးဆရာကို မပြ။ ဆောင်းကုန်၍ နွေရာသီသို့ ရောက်လျှင် အလိုလို ကောင်းသွားလိမ့်မည်ဟု အရှော့ကို ပြော၏။ သို့ရာတွင် ရာသီဥတု ပူနွေးလာစ ပြုသည့်တိုင် အမေ သီတာ၏ ရောဂါသည် မပျောက်သေး။

ထိုအတောအတွင်း မဒန်းတွင် ရှိသည့် ဇာရင်ထံမှလည်း သတင်းတွေ ရောက်လာသည်။ သို့ရာတွင် ထိုသတင်းများက မကောင်း။ နယ်ခြားစောင့် တပ်များသည် နယ်စပ်ရှိ တောင်ပေါ် လူမျိုးစုများကို လိုက်လံ တိုက်ခိုက်လျက် ရှိကြောင်း၊ ထိုတိုက်ပွဲများတွင် သူ့ အစ်ကိုလတ် (ကိုဒါဒတ်၏ သား) မှာ တိုက်ပွဲတွင် ကျဆုံးသွားကြောင်းဖြင့် သိရ၏။

'အေးလေ၊ ဘယ်တတ်နိုင်မှာလဲ၊ အလ္လာ ကိုယ်တော်မြတ်ရဲ့ အလိုအတိုင်း ဖြစ်ရတာပေကိုး၊ သူ့အမေ ကတော့ သူ့ကို အချစ်ဆုံး' ဟု ကိုဒါဒတ်က ပြောသည်။

ထိုနှစ် ဆောင်းဦးပေါက်သည် အရှော့ အတွက် စိတ်မချမ်းမြေ့ဖွယ် ကောင်းသည့် ဆောင်းဦးပေါက် ဖြစ်သည်။ အကယ်၍သာ သူ့ မိတ်ဆွေ အန်ဇူလီ၏ အားပေး ကူညီမှုကို မရခဲ့လျှင် ထို့ထက်ပင် စိတ်ညစ်ဖွယ် ကောင်းနေပေလိမ့်မည်။ အပြင်သို့ မထွက်ရ၊ အရှော့နှင့် မတွေ့ရဟု တားထားသည့် ကြားမှပင် အန်ဇူလီသည် သူ့အဆောင်မှ တိတ်တဆိတ် ထွက်လာကာ မဟာဒေဝီ အဆောင်သို့ တက်လာပြီး အရှော့နှင့် နေ့တိုင်း တွေ့တတ်သည်။ မကြာခဏ ဆိုသလိုပင် သူ စားမည့်အထဲမှ ဖြစ်စေ၊ လာလာဂျီ၏ အဆောင်မှ ခိုး၍ ဖြစ်စေ သစ်သီးများ၊ ချိုချဉ် ခဲဖွယ်များကို ယူလာတတ်သည်။

သူတို့ နှစ်ယောက်သည် ပျက်စီး ယိုယွင်းလျက်ရှိသော မဟာဒေဝီ ဘုံဆောင်ပေါ်တွင် လဲလျောင်းကာ အဝေးက နှင်းဖုံးနေသည့် ဒူးရ်ခိုင်မာ ခေါ် ရွှေပြည်သာ တောင်တန်းကြီးများကို ငေးကြည့်ရင်း ဟော်နန်းမှ အရှော့ တစ်ယောက် မည်သို့မည်ပုံ ထွက်ပြေးလျှင် ဖြစ်နိုင်ကြောင်းဖြင့် ကြံစည် စိတ်ကူးကြသည်။ အများအားဖြင့် အရှော့က သူ့စိတ်ကူးများကို ပြောပြီး အန်ဇူလီက နားထောင်ခြင်းသာ ဖြစ်၏။

သို့ရာတွင် အမေ သီတာ၏ ကျန်းမာရေးမှာ တစ်နေ့တခြား ဆိုးလျက် ရှိသဖြင့် ထွက်ပြေးဖို့ မဖြစ်နိုင်ကြောင်းကို နှစ်ယောက်စလုံး သိကြပြီးသား ဖြစ်သည်။ တစ်သက်လုံး အလုပ်ကို ပင်ပင်ပန်းပန်း လုပ်ခဲ့သည့် အမေ သီတာသည် ကွက်လပ်ထဲရှိ ထင်းရှူးပင်ကြီးကို မှီ၍ အဝေးသို့ ငေးငေးကြီး ကြည့်ကာ ငူငူကြီး ထိုင်နေတတ်သည်။ ထိုအခါတွင် သူတို့ နှစ်ယောက်ကလည်း အမေ သီတာ စိတ်မကောင်း ဖြစ်မည် စိုးသည့် အတွက် သူတို့ တွေ့ရသည့် ဒုက္ခများကို မပြောကြတော့ဘဲ တိတ်တိတ်သာ နေလိုက်ကြ၏။

အရှော့ တွေ့နေရသည့် ဒုက္ခတွေကလည်း မနည်း။ သူ ကြုံတွေ့နေရသည့် ဒုက္ခများ အပြင် အိမ်ရှေ့ ကိုယ်တော်လေးကို တစ်စုံတစ်ယောက်က လုပ်ကြံရန် ကြံစည်နေသည့် ကိစ္စကလည်း ရှိနေသေးသည်။ အရှော့သည် ထိုကိစ္စကို သတင်း သန့်သန့် ကြားသည့်တိုင် အမေ သီတာကို တစ်လုံးမျှ ဖွင့်ပြောခြင်း မပြု။

ကလေး တစ်ယောက်၏ ဘဝတွင် သုံးနှစ် ဆိုသော ကာလသည် နည်းသည့်ကာလ မဟုတ်။ အလွန်ကြာရှည်သည်။ အရှော့သည် အိမ်ရှေ့ ကိုယ်တော်လေး၏ ဥယျာဉ်ထဲတွင် အဆိပ်ခတ်ထားသည့် မုန့်အကြောင်းကို မေ့သလောက် ဖြစ်နေလေပြီ။ ထိုသို့ရှိစဉ် အလားတူ အဖြစ်အပျက် တစ်ခုကို ထပ်၍ ကြုံရပြန်သည်။

အိမ်ရှေ့ ကိုယ်တော်လေးသည် စပျစ်သီးတွေ ဖြူးထားသည့် ဟလဝါကို အလွန် ကြိုက်တတ်သည်။ တစ်နေ့တွင် ဟလဝါ ထည့်ထားသည့် ဘူးကလေး တစ်လုံးကို ကြာကန် အနီးရှိ အဆောင်ထဲမှ ကျောက်ဖြူခုံပေါ်တွင် တွေ့ရ၏။ ကိုယ်တော်လေးသည် သူ့အခြွေအရံ တစ်ယောက် ကျန်ရစ်ခဲ့သည် အထင်ဖြင့် ထိုဘူးထဲမှ ဟလဝါကို ကောက်ယူလိုက်သည်။ ထိုစဉ် အရှော့၏ မျက်လုံးထဲ၌ ရေမျက်နှာပြင်တွင် ပက်လက်မျော နေသည့် ရွှေငါးကလေး သုံးကောင်ကို မြင်ယောင်လာသည်။ ထို့ကြောင့် အရှော့သည် ခုန်အုပ်ကာ သူ့လက်ထဲမှ ဟလဝါဘူးကို လုယူလိုက်၏။

စင်စစ် အရှော့သည် ပကတိစိတ်၏ စေ့ဆော်ချက်အရ လုပ်လိုက်ခြင်း ဖြစ်သည်။ ကိုယ်တော်လေးက



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် ဤသို့ လုပ်ရသနည်းဟု စိတ်ဆိုးမာန်ဆိုး ဖြင့် မေး၏။ အရှေ့သည် ရွှေငါးကလေးတွေ စားမိသည့် မှန့်အကြောင်းကိုလည်း မည်သူ့ကိုမျှ မပြောမိ။ ယခု ကိစ္စကို ပြောလျှင်လည်း မည်သူကမျှ ယုံမည် မထင်။ ယုံသည် ဆိုလျှင်လည်း ကိုယ်တော်လေး၏ အသက်ကို လုပ်ကြံသည့် ကိစ္စကို အဘယ်ကြောင့် လျှို့ ဝှက် ဖုံးဖိ ထားရသနည်းဟု ဆိုကာ ရာဇဒဏ် သင့်နိုင် သေးသည်။ ထို့ကြောင့် ယခု ကိစ္စကိုလည်း ထိုအတိုင်း ပြောလျှင် မည်သူမျှ ယုံဖွယ် မရှိ။

ထို့ကြောင့် အရှေ့က ထိုဟလဝါဘူးမှာ မိမိ မေ့ကျန်ခဲ့သည့် ဘူး ဖြစ်ကြောင်း၊ သို့ရာတွင် စား၍ မကောင်းတော့ကြောင်း၊ ဓာတ်နိမ့်သည့် တံမြက်လှည်း သမား တစ်ယောက် လက်ဖြင့် ထိပြီး ဖြစ်ကြောင်း၊ ဤ နေရာသို့ ယူလာခြင်းမှာ ခိုကလေးများကို ကျွေးရန် ယူ လာခြင်း ဖြစ်ကြောင်းဖြင့် မုသား ပြောလိုက်၏။

ကိုယ်တော်လေးမှာ ကြောက်လန့်ကာ အထုပ်ကို လွှတ်ချလိုက်သည့်တိုင် အရှေ့မှာမူ ထိုသို့ မသန့်ရှင်း သည့် ပစ္စည်းကို ဟော်ထဲသို့ ယူလာရမည်လောဟု ဆို ကာ အပြစ်ပေး ခံလိုက်ရသည်။ ရွှေငါးကလေးတွေ အဆိပ်မိသည့် ကိစ္စသည် သုံးနှစ်ပင် ကြာခဲ့ပြီ။ သို့တိုင် ထိုကိစ္စကို အရှေ့ မမေ့နိုင်သေး။

ညနေတွင် အရှေ့သည် ကောက်ရသည့် ဟလဝါ ဘူးထဲမှ ဟလဝါ တစ်ဖဲ့ကို ယူကာ ကျီးတစ်ကောင်ကို ကျွေးကြည့်သည်။ ကျီးသည် မုန့်ကို ထိုးသုတ်စားပြီး နောက် ဖုတ်ခနဲ ကျသေသွားသည်။ သို့တိုင်အောင် ထို ကိစ္စကို အစကတည်းက မပြောခဲ့မိသဖြင့် ယခု တစ်ကြိမ် တွင်လည်း ပြော၍ မဖြစ်တော့။

နောက်တစ်ပတ်တွင်မူ ထို့ထက် အသည်းထိတ် စရာ ကောင်းသည့် အဖြစ်အပျက် တစ်ခုနှင့် ကြုံရပြန် သည်။ အခြား မဟုတ်၊ ကိုယ်တော်လေး၏ အိပ်ခန်း ဆောင် အတွင်းမှ မြွေဟောက်ကြီး တစ်ကောင် တွေ့ရ ခြင်း ဖြစ်သည်။ ညဦး ကိုယ်တော်လေး အိပ်ရာသို့ ဝင်သွားပြီးနောက်တွင် ထိုမြွေဟောက်သည် မည်သည့် နည်းနှင့်မျှ အိပ်ခန်းတွင်းသို့ မရောက်နိုင်ဟု အခြွေအရံ အားလုံးက ကျမ်းကျိန် ပြောကြသည်။ သို့ရာတွင် မနက် လင်းအားကြီး အချိန်တွင် ထိုမြွေဟောက်သည် ကိုယ်တော်လေး၏ အခန်းတွင်းသို့ ရောက်နေပြီ။

ထိုနေ့ညက အရှေ့သည် ဘာကြောင့်မှန်း မသိ။ တစ်ရေး နိုးလာသည့် အခါတွင် နာရီပြန် နှစ်မောင်း ရိုက်သံကို ကြားလိုက်ရသည်။ အရှေ့မှာ ကိုယ်တော်လေး အခန်းဝတွင် အိပ်ရာခင်းကာ ကန့်လန့်ပိတ်၍ အိပ်နေ ခြင်း ဖြစ်၏။ အခန်းထဲသို့ ဝင်လိုသည် ဆိုလျှင် သူ့ကို ကျော်ပြီးမှ ဝင်ရမည်။ အရှေ့သည် မျက်လုံး အကြောင် သားဖြင့် အမှောင်ထဲတွင် လှဲနေစဉ် ကြမ်းပြင်တွင် တရှေ့ရှေ့ ပွတ်တိုက်သံနှင့် တကွ တရှီးရှီး မြည်သော အသံကို ကြားလိုက်ရသည်။

အရှေ့သည် အဖေ အမေ အင်္ဂလိပ် ဖြစ်သဖြင့် ဥရောပသွေး ပီပီ မြွေဆိုလျှင် အလွန် ကြောက်တတ် သည်။ ထိုအသံကို ကြားသည်နှင့် မြွေမှန်း သိလိုက်ပြီ။ ထို့ကြောင့် သူ့ဘက်သို့ လှည့်၍ ရန်မူမည် စိုးသဖြင့် အရှေ့သည် တုတ်တုတ်မျှ မလှုပ်ရဲဘဲ ငြိမ်နေလိုက်သည်။ အသံမှာ အိမ်ရှေ့ ကိုယ်တော်လေး၏ အိပ်ဆောင်ထဲမှ ထွက်လာခြင်း ဖြစ်သည်။ ကိုယ်တော်လေး လာလာဂျီ မှာ အအိပ်ကြမ်းသူ ဖြစ်ရာ သူ အိပ်လျှင် ဟိုလူးသည် လွန့်ဖြင့် တလှုပ်လှုပ် ရှိနေတတ်သည်။ ကိုယ်ကို လှုပ် လိုက်သည်နှင့် မြွေသည် ကိုယ်တော်လေးကို ပေါက် လိုက်မည်မှာ သေချာသည်။

အရှေ့သည် အထိတ်ထိတ် အလန့်လန့်ဖြင့် အိပ်ရာမှ အသာထ၍ ခန်းဆီးကို မပြီးနောက် ကိုယ် တော်လေး အိပ်ခန်း တံခါးကို တွန်းဖွင့်ကာ အပြင်သို့ ထွက်လာခဲ့သည်။ အဆောင်ထဲတွင် ဆီမီးခွက် တစ်ခွက် ထွန်းထားသည့်တိုင် မီးဓာမှာ တိုသဖြင့် ခပ်မှိန်မှိန်သာ လင်းလျက် ရှိ၏။ အရှေ့သည် မီးဓာကို မြှင့်ကာ အခြွေ အရံများကို လိုက်နှိုးသည်။

မြွေဟောက်ကြီးသည် အိမ်ရှေ့ ကိုယ်တော်လေး လာလာဂျီ၏ အိပ်ရာဘေး စားပွဲပေါ်ရှိ သစ်သီးပန်းကန် နှင့် ရေချိုင့် အနားတွင် ရောက်နေပြီ။ လာလာဂျီ၏ အလန့်တကြား အော်သံကြောင့် အစေခံတွေ ရောက် လာကာ မြွေကြီးကို သတ်ပစ်လိုက်ကြသည်။

အိမ်ရှေ့ ကိုယ်တော်လေး၏ အိပ်ဆောင်ထဲသို့ ထိုမြွေကြီး မည်သို့မည်ပုံ ရောက်လာသည်ကို မည်သူမျှ မပြောနိုင်။ သို့ရာတွင် ထိုကိစ္စသည် တစ်ယောက်ယောက် လက်ချက် ဖြစ်ရမည်ဟု အထိန်းတော်ကြီး ဒွန်မာယား ယူဆသည်။

ထိုနေ့ညက ဖြစ်ပျက်သည့် အကြောင်းကို အမေ သိတာ ကြားသည့်အခါ၌

'ကြံကြီးစည်ရာကွယ်၊ အဘွားကြီးက သူ့ဘာသာ သူ ထင်မိထင်ရာ ထင်နေတာပါ၊ ဒီမြွေဟောက် ...ရှင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို ဘယ်သူက ဖမ်းပြီး ဟော်ထဲ အထိ ယူလာရဲပါ့မလဲ၊ ယူလာတယ် ဆိုရင်လည်း တစ်ယောက်ယောက်ကတော့ မြင်မှာပေါ့၊ မြွေကြီးက နည်းတဲ့ မြွေကြီးမှ မဟုတ်တာ၊ ပြီးတော့လည်း ဂူးလ်ကုတ်မှာ ကိုယ်တော်လေးကို မကောင်းကြံတဲ့ လူဆိုလို့ ဘယ့်နှယ့်လုပ် ရှိနိုင်မလဲ၊ မိထွေးတော် မဟာဒေဝီလည်း မဖြစ်နိုင်ပါဘူး၊ မဟာဒေဝီလေးက သူ့ကို ချစ်ရှာသားပဲ၊ သူ့သားအရင်းနှင့် ဘာများ ခြားလို့တုံး။

'ပြီးတော့လည်းကွယ်၊ လူ ဆိုတာ ကိုယ် မွေးတဲ့ ကလေးကိုမှ ချစ်ကြတာ မဟုတ်ပါဘူး၊ ကလေး ဆိုရင် ချစ်ကြတာချည်းပါပဲ၊ အထိန်းတော်ကြီး ဒွန်မာယားကို ကြည့်ပါလား၊ အိမ်ရှေ့ ကိုယ်တော်လေးကို သူ မွေးထုတ်ထားတာလား၊ မွေးထုတ်တာ မဟုတ်ပေမဲ့ ချစ်တာပဲ မဟုတ်ဘူးလား၊ ချစ်လိုက်သမှ ကိုယ်တော်လေးကို မြင်မြင်သမျှ လူက မကောင်းကြံနေတယ်လို့တောင် ထင်နေတယ် မဟုတ်လား၊ အဘွားကြီး သက်သက် စိတ်ရှုးပေါက်နေတာပါ'

အက်ရှ်သည် ဥယျာဉ်ထဲမှာ မုန့်ထုပ် တွေ့ပုံ၊ ဘာလဝါ တွေ့ပုံ၊ စားစရာများထဲတွင် အဆိပ်ခတ်ထားပုံ၊ ကချေသည် မဟာဒေဝီနှင့် ဘီဂျူရန်းတို့ အကြောင်းကိုဒါဒတ်က ပြောပြပုံတို့ကို ဘာမျှ မပြောဘဲ နေလိုက်သည်။ ထို အကြောင်းများကို ပြောလျှင် အမေ သီတာ ရင်တုန် ပန်းတုန် ဖြစ်တော့မည်။ ထိုအကြောင်းများကို သူ မပြောချင်။

သို့ရာတွင် တစ်နေ့တွင်မူ သူတို့ ဘဝကို အကြီးအကျယ် ပြောင်းလဲစေမည့် ပြဿနာ တစ်ရပ်နှင့် ကြုံရသဖြင့် အမေ သီတာအား ဖွင့်မပြောဘဲ နေ၍ မရတော့။ နွေဦးရာသီ တစ်နေ့က သူတို့ စခန်းသို့ ကာလဝမ်းရောဂါကြီး စွဲကပ်သဖြင့် ပါမောက္ခ ဟီလာရီနှင့် အက္ကဘာခန်တို့ ကွယ်လွန်ခဲ့ကြသည့် အခါတွင် သူတို့ ဘဝသည် အကြီးအကျယ် ပြောင်းလဲသွားသကဲ့သို့ ယခု အဖြစ်အပျက်သည်လည်း သူတို့ဘဝကို အကြီးအကျယ် ပြောင်းလဲစေခဲ့သည်။

ထိုစဉ်က အန်ဇူလီသည် အသက် ခြောက်နှစ် ရှိပြီ။ အနောက်နိုင်ငံတွင်သာ မွေးခဲ့လျှင် ထိုအရွယ်သည် ကလေး အရွယ်မျှသာ ရှိဦးမည်။ သို့ရာတွင် အန်ဇူလီသည် အရှေ့တိုင်းတွင် မွေးခဲ့ပြီး သူ မွေးသည့် နေရာကလည်း အရှေ့တိုင်း ဟော်နန်း တစ်ခု ဖြစ်ရာ အိန္ဒိယ ဟော်နန်း တစ်ခုတွင် တွေ့ရသည့် အကောက်ကြံမှုများ၊ လုပ်ကြံမှုများသည် အန်ဇူလီအား အရွယ်နှင့် မလိုက်အောင်၊ အကင်းပါးအောင်၊ ဉာဏ်သွားအောင် လုပ်ပေးလိုက်သကဲ့သို့ ရှိသည်။

အက်ရှ်၏ သတိပေး စကားများကြောင့် လည်းကောင်း၊ အိမ်ရှေ့ ကိုယ်တော်လေး လာလာဂျီက အက်ရှ်ကို အလိုမကျ ဖြစ်သည်ကို သတိထားမိသည့် အတွက်ကြောင့် လည်းကောင်း အန်ဇူလီသည် လူရှေ့ သူရှေ့တွင် အက်ရှ်ကို စကားလည်း ပြောခြင်းမပြု၊ မျက်လုံးချင်းလည်း မဆိုင်မိအောင် ရှောင်နေခဲ့သည်။ စကားပြောချင်လျှင် ယခင်အတိုင်း ကြားလူ တစ်ယောက်ကို ပြောသည့်ပုံမျိုး၊ အချက်ပြခြင်းမျိုးဖြင့်သာ ပြောကြသည်။

ကိုယ်တော်လေး၏ အိပ်ဆောင်ထဲတွင် မြွေဟောက် တွေ့ပြီး သုံးရက်မြောက်နေ့၌ အန်ဇူလီသည် အက်ရှ်ကို အရေးတကြီး ပြောစရာ ရှိသဖြင့် အိမ်ရှေ့ ကိုယ်တော်လေး၏ အဆောင်သို့ အပြေးအလွှား ရောက်လာခဲ့သည်။ အန်ဇူလီသည် သူတို့ နှစ်ယောက်သာ သိသော အချက်ပြနည်းဖြင့် အက်ရှ်အား မဟာဒေဝီ ဘုံဆောင်သို့ လိုက်လာခဲ့ရန် အချက်ပြခဲ့သည်။ အက်ရှ်ကလည်း မသိမသာ နောက်ယောင်ခံ၍ လိုက်လာခဲ့သည်။ ပျက်စီး ယိုယွင်းနေသော မဟာဒေဝီ ဘုံဆောင်ပေါ်တွင် မျက်နှာ ဖြူဖပ်ဖြူရော် မျက်ရည် အရွဲသားဖြင့် စောင့်နေသည့် အန်ဇူလီကို တွေ့ရ၏။

အန်ဇူလီက ငိုရှိုက်လျက် ရှိရာမှ

'အရှော့၊ ဘယ်လို လုပ်လိုက်တာလဲဟင်၊ ခုတော့ ဒုက္ခ ရောက်တော့မယ်၊ အရှော့ဟာ သူ စားဖို့ မုန့်တွေကို လွှတ်ပစ်လိုက်တယ်တဲ့၊ ပြီးတော့ မြွေဟောက် မကိုက်အောင်လည်း အရှော့ပဲ ကယ်လိုက်တာတဲ့၊ ခုဂျာနူးဘိုင်က ပြောနေပြီ၊ ဇူလီလည်း အမှတ်မဲ့ ကြားလိုက်ရတာ၊ သူတို့ ဥယျာဉ်ထဲကို သွားပြီး ချောင်း နားမထောင်ရဲပါဘူး၊ ဇူလီရဲ့ ကတ္တဝါကလေးက သူတို့ ဥယျာဉ်ထဲကို ပျံသွားလို့ လိုက်ဖမ်းတာနှင့် ရောက်သွားတာ၊ ဒီတုန်းမှာ ဂျာနူးဘိုင် ရောက်လာလို့ ပြန်ထွက်လို့ မရတာနှင့်ပဲ ချုံကြားထဲမှာ ပုန်းနေရတယ်၊ အဲဒီတုန်းမှာ သူတို့ ပြောတာတွေကို ကြားခဲ့ရတာ၊ ဂျာနူးဘိုင်ဟာ တော်တော်ဆိုးတဲ့ မိန်းမနော်၊ ကောက်လည်း ကောက်ကျစ်တယ်၊ သူက လာလာဂျီကို သတ်ချင်နေတာ၊ ခုတော့ အဆိပ်ကျွေးလို့လည်း မရ၊ မြွေနှင့် တိုက်တာလည်း မအောင်မြင်လို့ အရှော့ကို သိပ် စိတ်ဆိုးနေတယ်၊ အရှော့ ဆိုတဲ့ကောင်က ဈေးထဲမှာ မွေးတဲ့ ကလေကချေတဲ့၊ ဒီကောင်



www.burmeseclassic.com

www.burmeseclassic.com


လေးဟာ သိပ်ပါးတယ်တဲ့၊ သူ့ကြောင့် တို့အကြံအစည်တွေ မအောင်မြင်တာတဲ့၊ အရှေ့ကို သူတို့ သတ်ပစ်ကြတော့မယ်၊ ဘယ်နည်းနှင့် ဖြစ်ဖြစ် အရှေ့ကို သတ်ပစ်လိုက်တဲ့၊ ကျီးတွေ လင်းတတွေကို အစာ ကျွေးလိုက်တဲ့၊ သူ့လို ကလေကချေကောင် တစ်ယောက် သေသွားတာကို ဘာဂရုစိုက်စရာ ရှိသလဲတဲ့၊ အရှေ့ကို ဟော်တံတိုင်း တစ်ဖက် ချောက်ကြီးထဲကို ပစ်ချလိုက်တဲ့၊ သူ့ဘာသာသူ တံတိုင်းပေါ်က လိမ့်ကျတယ်လို့ပဲ ထင်ကြမှာပဲတဲ့၊ သူတို့က ရက်စက်တယ်နော်၊ တကယ် လုပ်မှာ၊ အရှေ့ ဘယ့်နှယ့် လုပ်မလဲဟင်၊ ဘယ်လို လုပ်ကြမလဲ'

ဇူလီသည် သူ့ကို ဖက်၍ ငိုလျက်ရှိ၏။ အက်ရှ်ကလည်း သူ့ကို ဖက်၍ ချော့မော့ရင်း နေမိသည်။ သူ့အတွေးများက ချာချာလည်လျက်။ ဟုတ်သည်၊ ဇူလီသည် ထိုစကားမျိုးကို လုပ်ကြံပြောခြင်း မဖြစ်နိုင်။ လုပ်ကြံ၍လည်း ပြောတတ်မည် မဟုတ်။ ဂျာနူးဘိုင်သည် အိမ်ရှေ့ ကိုယ်တော်လေး လာလာဂျီကို သတ်ကာ သူ့သားကို အရိုက်အရာ ခံစေချင်သည်။ အရှေ့သည် သူ့လမ်းတွင် အတားအဆီး အနှောင့်အယှက် ဖြစ်နေပြီကို ဂျာနူးဘိုင် သိသည်။ အတားအဆီးမှ တစ်ကြိမ် တစ်ခါ မဟုတ်၊ သုံးကြိမ် လေးကြိမ်လောက် ရှိနေပြီ။ ဂျာနူးဘိုင်သည် တကယ်ပင် သိနေသလော။

စင်စစ် မုန့်ထုပ်ကို ကောက်လွှတ်ပစ်ခဲ့သည့် ကိစ္စ၊ မြွေဟောက် တွေ့သည့် ကိစ္စတို့သည် ဘယ်သူမျှ သိသည်မဟုတ်။ သို့ရာတွင် သူ့ အကြံအစည်တွေ ပျက်ရခြင်းသည် အရှေ့ကြောင့်ဟု ဂျာနူးဘိုင် နားလည်သည်။ ရှေ့တွင် အနှောင့်အယှက်၊ အတားအဆီးတွေ အတွေ့မခံနိုင်။ အရှေ့ကို အပျောက် ရှင်းရခြင်းသည် အိမ်ရှေ့ကိုယ်တော်လေးကို အပျောက် ရှင်းရသည်ထက် လွယ်သည်။

ဟော်နန်းတွင် အပစ်ပယ် ခံထားရသည့် အန်ဇူလီ၏ အဆောင်မှ အစေတော် တစ်ယောက်၏ သားလိုဘာမျှ အရေးမကြီးသည့် အညတရ တစ်ယောက် ပျောက်ကွယ်သွားခြင်း၊ သေဆုံးသွားခြင်းကို မည်သူကမျှ ရေးကြီးခွင့်ကျယ် လုပ်၍ မေးမြန်း စုံစမ်းနေမည် မဟုတ်။

အရှေ့သည် အဆိပ် ခတ်သည့် မုန့်ထုပ် အကြောင်း၊ ဟလဝါ အကြောင်းကို လာလာဂျီအား တစ်ခွန်းမျှ မပြောမိ။ ယခုမှ သွားပြောနေလျှင်လည်း နောက်ကျနေပြီ။ သူ့ကို ယုံတော့မည် မဟုတ်။ မိမိအပေါ် ကျောက်တုံးကြီး ပြုတ်ကျလာခြင်းသည် မတော်တဆ ဖြစ်ခြင်းမျှသာ ဖြစ်သည်ဟု အိမ်ရှေ့ ကိုယ်တော်လေး ယုံကြည်သွားပြီ ဖြစ်ရာ အိပ်ဆောင်ထဲတွင် မြွေတွေ့သည့် ကိစ္စနှင့် ပတ်သက်၍ တစ်ယောက်ယောက် မကောင်းကြံခြင်း ဖြစ်နိုင်သည်ဟု ဒွန်မာယားက ပြောခဲ့မိသဖြင့် သည်အဘွားကြီး မဟုတ်တရုတ် ပြောသည်၊ လျှာဖြတ်ပစ်ဖို့ ကောင်းသည်ဟု လွန်ခဲ့သည့် နှစ်ရက်ကပင် ပြောခဲ့သေးသည် မဟုတ်လော။ ထို့ကြောင့် အိမ်ရှေ့ ကိုယ်တော်လေးထံမှလည်း အကူအညီ ရဖွယ်အကြောင်း မမြင်။

'ဟုတ်တယ်၊ ဇူလီ ပြောတာ မှန်တယ်၊ အိမ်ရှေ့ကိုယ်တော်လေးကို ဒီအကြောင်းတွေ ဖွင့်မပြောလိုက်မိတာဟာ ငါ မှားတာပဲ၊ တကယ်ဆိုရင် မုန့်တွေ ကျွေးလို့ ငါးလေးတွေ သေသွားတာကို ပြလိုက်ဖို့ ကောင်းတယ်၊ ဟလဝါတွေကို ကျွေးလိုက်လို့ ကျီးကန်း သေသွားတာကို ပြလိုက်ဖို့ ကောင်းတယ်' ဟု အက်ရှ်သည် စိတ်ပျက်လက်ပျက်ဖြင့် တွေးနေသည်။

ယခု သူ့တွင် သက်သေပြစရာ မရှိတော့။ သက်သေပြစရာ ရှိသည့်တိုင်အောင်လည်း အိမ်ရှေ့ကိုယ်တော်လေး လာလာဂျီသည် မဟာဒေဝီ ဂျာနူးဘိုင်ကို စိတ်ချယုံကြည်လျက် ရှိနေပြီ ဖြစ်သည့်အတွက် သူ့စကားကို လက်ခံတော့မည် မဟုတ်။ ထိုကိစ္စများသည် မဟာဒေဝီ ဂျာနူးဘိုင်၏ လက်ချက် ဖြစ်ကြောင်းကို သူ သက်သေမပြနိုင်။

ဇူလီ ကြားခဲ့ရသည့် သတင်းများကိုလည်း ပြန်ပြော၍ မဖြစ်။ ပြန်ပြောလျှင် ဇူလီသည် ကလေးဖြစ်၍ တွေ့ရာကို ပြောသည်ဟု ထင်ကြဦးမည်။ သို့မဟုတ်လျှင်လည်း ဂျာနူးဘိုင်သည် ဇူလီကိုလည်း သတ်ချင်သတ်ပစ်လိမ့်ဦးမည်။ သူ အသတ်ခံရ၍ အမေ သီတာက ဟိုမေး သည်မေး လျှောက်လုပ်နေလျှင် ဂျာနူးဘိုင်သည် အမေ သီတာကိုလည်း သတ်ပစ်လိမ့်ဦးမည်။

မဟာဒေဝီ ဘုံဆောင်ပျက်ကလေး၏ အမိုးခုံးခုံးကြီး အောက်တွင် ဆည်းဆာ အမှောင်သည် တဖြည်းဖြည်း ပြိုဆင်းလာနေသည်။ ဇူလီသည် အားအင် ကုန်ခန်း မောပန်းသွားအောင် အားရပါးရ ငိုပြီးနောက် တိတ်ဆိတ်ငြိမ်သက်သွား၏။ ချော့မော့ လှုပ်ယမ်းပေးနေသော အက်ရှ်၏ လက်မောင်း ကြားမှနေ၍ အဝေးမှ နှင်းဖုံး တောင်ကြီးများကို ငေးကြည့်နေသည်။

ဟေမန် ဆောင်းချမ်းနှင့် အတူ လေညင်းသည် အေးစိမ့်လာ၏။ အောက်တိုဘာလ ကုန်ကာနီး ဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



နေ့တာက တိုသည်ထက် တိုလာသည်။ နေဝင်လုပြီ။ အဝေးရှိ ဒူးရင်းခိုင်မှာ ခေါ် ရွှေပြည်သာ တောင်တန်းကြီးမှ တောင်ထွတ်များသည် မှိုင်းပြာပြာ ကောင်းကင် နောက်ခံတွင် နှင်းဆီအိုနှင့် ပယင်းရောင် ပန်းကြွ ကနုတ်နွယ်လို အထင်းသား ပေါ်နေကြသည်။ ကောင်းကင်တွင် ကြယ်တစ်ပွင့်သည် မဟာဒေဝီ ဂျာနူးဘိုင်၏ စိန်တစ်လုံးလို တလက်လက် တောက်လျက် ရှိ၏။

အက်ရှ်သည် တစ်ကိုယ်လုံး တုန်သွားကာ ဇူလီကို ဖြေလွှတ်လိုက်သည်။

'သွားကြစို့ ဇူလီ၊ ခဏနေရင် မှောင်လာတော့မယ်၊ တော်တော်ကြာ ကိုယ်တို့ ပျောက်လို့ လိုက်ရှာနေလိမ့်ဦးမယ်'

သို့ရာတွင် တောင်ထွတ်မှ နှင်းများသည် ပန်းနုရောင်မှ မရမ်းရောင်သို့ ပြောင်းသည် အထိ၊ ရွှေပြည်သာ တောင်တန်းမှ အမြင့်ဆုံးသော တောင်ထွတ်ဖြစ်သည့် တာရာကလ ခေါ် ကြယ်ပြာသာဒ် တောင်ထွတ်ပေါ်တွင် ဆည်းဆာ၏ နောက်ဆုံး နေခြည်များ ဝဲနေသည် အထိ မပြန်နိုင်သေး။

ခါတိုင်းဆိုလျှင် အက်ရှ်သည် ရွှေပြည်သာ တောင်တန်းကြီးကို ရည်စူး ပူဇော်ရန် ဆန်စေ့၊ ဂျုံစေ့၊ ထမင်းခြောက် စသည်တို့ကို ယူလာတတ်၏။ ယနေ့တွင်မူ ဘာမျှ မပါလာ။ သို့ရာတွင် ဇူလီကမူ နှောင်းမှပူးသည့် နှင်းဆီဖူးကလေးများကို သီပြီး လက်နှစ်ဖက်တွင် ပန်းလက်ကောက် ဝတ်လာသည်။

အက်ရှ်သည် ဇူလီ လက်မှ နှင်းဆီဖူး ပန်းလက်ကောက်ကို အသာ ဖြုတ်ယူလိုက်ပြီး ဘုံဆောင် ဝရန်တာ အစွန်းတွင် ခြွေချလိုက်ရင်း မိမိအနေဖြင့် ရွှေပြည်သာ တောင်တန်းကြီး အတွက် လှူဖွယ်ပစ္စည်း ပါမလာသည့် အတွက် ခွင့်လွှတ်ရန် စိတ်ထဲမှ တဖွဖွ ပြောနေမိသည်။ စင်စစ် ရွှေပြည်သာ တောင်တန်းကြီးသည် သူ့ကိုးကွယ်ရာ နတ်မင်း တစ်ပါး မဟုတ်လော။

'ရွှေပြည်သာ တောင်တန်းကြီးရေ၊ ကျွန်တော့်ကို ဒီအတိုင်း ပစ်မထားပါနှင့် နော်၊ ကျွန်တော် မသေပါရစေနှင့်ဦး၊ ကျွန်တော့်ကို ကယ်ပါ' ဟု စိတ်ထဲမှ ဆိုနေမိသည်။

ထိုအချိန်၌ကား ရွှေပြည်သာ တောင်ထွတ်ပေါ်တွင် အလင်းရောင် ကွယ်ခဲ့လေပြီ။ တောင်တန်းကြီးသည် မည်းမှောင်လျက် ရှိသော ကောင်းကင်အောက်တွင် ရမ်းရောင် ဖျော့ဖျော့ အရိပ်ကလေး အဖြစ်သာ ကျန်တော့သည်။ ကြယ်တစ်ပွင့် မကတော့။ အထောင်အသောင်း ဖြစ်နေလေပြီ။ ညဦး လေပြည် သုတ်လိုက်သည့် အတွက် ဘုံဆောင် ဝရန်တာ အစွန်တွင် ခြွေချထားသည့် နှင်းဆီဖူးကလေးများသည် အောက်သို့ လွင့်ကျသွား၏။ သူ လှူဒါန်း ပူဇော်သည့် ပန်းပွင့်ကလေးများကို ရွှေပြည်သာ တောင်တန်းကြီးက လက်ခံသကဲ့သို့ ရှိသဖြင့် အက်ရှ် ဝမ်းသာရသည်။

သူတို့ နှစ်ယောက်သည် ပျက်စီးနေသည့် မှောင်ရိရိ ဘုံဆောင် မျှော်စင်ပေါ်မှ အောက်သို့ စမ်းတဝါးဝါးဖြင့် ဆင်းလာခဲ့ကြသည်။ အောက်သို့ ရောက်လျှင် တစ်ယောက် လက်ကို တစ်ယောက် တွဲကာ အမေ သီတာ၏ တဲကုပ်ကလေးရှေ့ တလင်းပြင်ဆီသို့ လာခဲ့ကြ၏။ သူတို့ မျက်လုံးများ၊ နားများကို အစွမ်းကုန် ဖွင့်ကာ သတိကြီးစွာ လာခဲ့ကြရခြင်း ဖြစ်သည်။

အမေ သီတာက ညနေစာ ထမင်း ချက်နေသည်။ အက်ရှ်သည် ဇူလီကို အမေ သီတာထံတွင် အပ်ခဲ့ပြီး နောက် အိမ်ရှေ့ကိုယ်တော်လေး၏ အဆောင်သို့ လာခဲ့သည်။ ဟဝါးမဟာ ခေါ် လေညင်းသာ ဟော်နန်း၏ သုံးပုံ တစ်ပုံလောက် ရှိနေသော ဝက်ပါလို ကွေ့ကောက် နေသည့် စင်္ကြံများ၊ တလင်းပြင်များကို ဖြတ်သန်းကာ အိမ်ရှေ့ကိုယ်တော်လေး၏ အဆောင်သို့ လာခဲ့သည်။

မှောင်မည်းနေသည့် ထောင့်ချိုး အကွေ့များသို့ ရောက်လျှင် နောက်မှ ဓားဖြင့် အစိုက် ခံလိုက်ရပေမည်လောဟု ကျောထဲတွင် စိမ့်ခနဲ ထလာတတ်သည်။ အဆောင်သို့ ရောက်သည့်အခါတွင် အိမ်ရှေ့ကိုယ်တော်လေး လာလာဂျီသည် မဟာဒေဝီ ဂျာနူးဘိုင်ထံမှ လက်ဆောင်ရသော စိန်စီ စစ်တုရင် ရုပ်များဖြင့် ဘီဂျူရန်နှင့် အတူ စစ်တုရင် ကစားနေသည်ကို တွေ့ရ၏။

သူတို့အနီးတွင် နောက်တော်ပါ ခြောက်ယောက်ခန့်သည် စစ်တုရင် ထိုးသည်ကို ဝိုင်းအုံကြည့်ရင်း သူတို့ သခင်လေး၏ စစ်တုရင်ကွက်တိုင်းကို အားပေးလျက် ရှိကြ၏။ အခန်းစွန်တွင်မူ လူတစ်ယောက်သည် တင်ပျဉ်ခွေ ထိုင်ကာ မီးရောင်မှိန်မှိန်ဖြင့် စာအုပ် တစ်အုပ်ကို ဖတ်နေသည်။

အက်ရှ်သည် သူ့ထံသို့ ခြေဖျား ထောက်လာခဲ့ကာ တစ်စုံတစ်ရာ တီးတိုး ပြောလိုက်၏။ ဟီရာလားလ်၏ မှုန်ဝေးသော မျက်လုံးများသည် အက်ရှ် မျက်နှာပေါ်သို့ တစ်ချက်မျှ ဝဲကြည့်လိုက်ပြီးနောက် စာအုပ်ဆီသို့ ပြန်



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားကာ စာကို ဆက်ဖတ်နေသည်။ ထို့နောက် လေသံ ခပ်တိုးတိုးဖြင့်

'လူလေး ပြောစရာ ရှိရင် ပြောပါလေ၊ ဒီမှာပဲ ပြောပါ၊ သိပ် အရေးကြီးတယ် ဆိုရင် ဒီမှာပြောတာက ပိုကောင်းတယ်၊ အပြင် ထွက်သွားရင် သူတို့နှစ်ယောက် ဘာတွေများ ပြောမလဲ ဆိုပြီး လိုက်ချောင်းချင် ချောင်းနေကြမှာ၊ လူတွေ ရှေ့မှာ ဟန်မပျက် ပြောရင် အရေးကြီးတဲ့ စကားလို့ ဘယ်ထင်မလဲ၊ ဒီတော့ လူလေး ပြောစရာ ရှိရင် ဒီမှာပဲ ပြော'

အက်ရှ်သည် သူ့စကားကို လက်ခံလိုက်၏။ သူသည် အကြံဉာဏ်ကို လိုချင်သည်။ အိမ်ရှေ့ ကိုယ်တော်လေး၏ အဆောင်ထဲတွင် သူနှင့် အလွမ်းသင့်သူ၊ သူ့ကို ကူညီ စောင်မမည့်သူ ဆို၍ ဟီရာလားလ် တစ်ယောက်သာ ရှိသည်။ အက်ရှ်သည် ဟီရာလားလ်ကို တိုင်ပင်ချင်သည်။ ယနေ့ညအဖို့ သူ့တွင် မည်သည့် အန္တရာယ်တွေ တွေ့မည်ဟု မပြောနိုင်။

အိမ်ရှေ့ကိုယ်တော်လေး၏ အိမ်တော်တွင် ကချေသည် မဟာဒေဝီ၏ ထောက်ပံ့မှုကို ရထားသည့် အထောက်တော်တွေ မည်မျှ ရှိနေမည်နည်း။ တစ်ဝက် ကျော်ကျော်ပင် ရှိနေပြီလော။

သို့ရာတွင် ဘယ်လောက်ပင် ရှိရှိ ထိုအထဲတွင်မူ ဟီရာလားလ် မပါနိုင်။ သူ ထင်သည့်အတိုင်း မှန်သည်။ ဟီရာလားလ်သည် တစ်ခွန်းမျှ မပြောဘဲ သူ ပြောသမျှကို နားထောင်နေသည်။ သေးသွယ်သော လက်ချောင်းကလေးများဖြင့် နားတွင် ဆွဲထားသော နားပန်ကို ဆွဲလှုပ်ကစားရင်း မျက်လုံးများက အဝေးသို့ မျှော်ငေး ကြည့်နေကြသည်။ တခြားလူများ ကြည့်လိုက်လျှင် သူ့ အမူအရာက အက်ရှ် ပြောသမျှကို စိတ်ပါဝင်စားခြင်း မရှိသည့်ဟန် ပေါ်နေသည်။

အက်ရှ်၏ စကား ဆုံးသွားသည့် အခါတွင် ဟီရာလားလ်က

'အင်း၊ လူလေး ပြောတာ ကောင်းပါတယ်၊ ဒီနေ့ ည လူလေး ဘာမှ မဖြစ်အောင် ငါ သတိထားပါ့မယ်၊ ကချေသည် မဟာဒေဝီဟာ တော်တော် အကြံကြီးတဲ့ မိန်းမ၊ သူ လုပ်ချင်ပြီ ဆိုရင် မဖြစ်ဖြစ်အောင် လုပ်မှာ၊ အကောင်းဆုံးကတော့ မင်းတို့ နှစ်ယောက်စလုံး ဂူးလ်ကုတ်က ထွက်သွားတာ အကောင်းဆုံးပဲ၊ မင်းရယ်၊ မင်း အမေရယ်ပေါ့၊ ဒိပြင် နည်းလမ်း မရှိဘူး'

အက်ရှ်က အသံတုန်တုန်ဖြင့်

'ကျွန်တော် မသွားနိုင်သေးဘူး ဦးလေး၊ ကိုယ်တော်လေးကလည်း ကျွန်တော့်ကို သွားခွင့် မပြုဘူး၊ ပြီးတော့ ကျွန်တော်တို့ချည်းပဲ သွားရင် ဝင်းမှူးတွေ အစောင့်တွေက ဘယ်ခွင့်ပြုပါ့မလဲ'

'ခွင့်တောင်းနေရင်တော့ ဘယ်ရမလဲကွာ၊ ဒီအတိုင်း ထွက်ရမှာပေါ့၊ တံခါးတွေကို ဖြတ်နိုင်အောင်တော့ နည်းလမ်း ရှာရမှာပေါ့လေ၊ မနက်ဖြန်ကျရင် မြင်းမှူးဆီကို သွား၊ ခု ငါ့ကို ပြောတဲ့ အတိုင်း ပြောပြ၊ ကိုဒါဒတ်ဟာ ဉာဏ်ရှိတဲ့ လူတစ်ယောက်ပဲ၊ မင်းအတွက် နည်းလမ်း ရှာပေးပါလိမ့်မယ်၊ ကဲ တို့ စကား ပြောတာ တော်တော် ကြာသွားပြီ၊ တို့ကို ဘီဂျူရှန်းက လှည့်ကြည့်တာ နှစ်ခါတောင် ရှိပြီ'

ဟီရာလားလ်က ဝါးခနဲ သမ်းဝေလိုက်ကာ စာအုပ်ကို ဘုန်းခနဲ မြည်အောင် ပိတ်ချလိုက်သည်။ ထို့နောက် ထိုင်ရာမှ ထလျက် အသံကျယ်ကျယ်ဖြင့်

'ငါက မြင်းဆိုရင်တော့ ဝါသနာ ပါတယ်ကွာ၊ ဒါပေမဲ့ သိန်းတိုက်တာတို့ ဘာတို့တော့ ဝါသနာ မပါဘူး၊ ပြီးတော့ သိန်း မွေးရင် နံကလည်း နံသေးတယ်၊ သန်းကလည်း များပါဘိသနှင့်၊ အခန်းထဲမှာ ဆိုရင် အတောင်တွေက ပွလို့၊ တယ်ညစ်ပတ်တာပဲ၊ ကောင်လေးရာ၊ ဒါတွေ ဒီလောက် လုပ်မနေပါနှင့်၊ စာပေကဗျာတွေကို လေ့လာစမ်းပါ၊ ဒီလိုဆိုရင် မင်း ဉာဏ်အများကြီး ကောင်းလာလိမ့်မယ်၊ မင်းမှာ ဉာဏ်ရှိတယ် ဆိုရင်ပေါ့ကွာ'

ဟီရာလားလ်သည် စာအုပ်ကို အက်ရှ်ထံသို့ လှမ်းပစ်ပေးလိုက်ပြီးနောက် စစ်တုရင် ဝိုင်းနားသို့ ထလာသည်။ သို့ရာတွင် ဟီရာလားလ်သည် ကတိတည်သည်။ ထိုညက အိမ်ရှေ့ ကိုယ်တော်လေး၏ ခန်းဆောင်ထဲသို့ မြွေဝင်သည့် အတွက် အစောင့်အကြပ်တို့ ပေါ့လျော့သည်ဟု ဆိုကာ မဟာရာဇာ စော်ဘွားကြီးက အက်ရှ်နှင့် အတူ အစောင့် တစ်ယောက်ကို ပို့၍ အိပ်ခိုင်းသည်။

ထိုနေ့ညက ထူးထူးခြားခြား ဘာမျှမဖြစ်။ သို့ရာတွင် အက်ရှ်မှာ ကောင်းကောင်း အိပ်မပျော်။ နောက်တစ်နေ့ မနက် လင်းသည့် အခါတွင် အက်ရှ်သည် ကိုဒါဒတ်ထံသို့ လာခဲ့၏။ ဟီရာလားလ်က အဆင်သင့် ပြင်ဆင်ပြီးနေလေပြီ။

ကိုဒါဒတ်က

'သွားမယ် ဆိုရင်တော့ အားလုံး စီစဉ်ပြီးပြီ ဒီနေ့ည သွားနိုင်အောင် စီစဉ်ထားတယ်၊ တံခါးတွေတော့



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်လို့ မရဘူး၊ ဒီတော့ မင်း တံတိုင်းပေါ်က ကျော်ဆင်း၊ ကြိုးတစ်ချောင်း ရှည်ရှည် ရှာရမယ်၊ တံတိုင်းက မြင့်တော့ ကြိုးရှည်ရှည်မှ ဖြစ်မယ်၊ ကြိုးက မြင်းဇောင်းထဲမှာ ရှိပါတယ်ကွာ၊ လွယ်ပါတယ်၊ တံတိုင်း ကျော်ဖို့က ဒီလောက် မခက်ပါဘူး၊ ခက်တာက တံတိုင်းအောက်ရောက်ရင် ကျောက်တောင်ကြီးတွေပေါ်က ဆင်းဖို့က ခက်မှာပါ၊ ကျောက်တောင်ပေါ်မှာ ဆိတ်သွားတဲ့ လမ်းကလေးတွေ ရှိတယ်၊ နေ့မှာတောင် ကောင်းကောင်း မမြင်ရဘူး၊ ည ဆိုတော့ မင်း ကျောက်တောင်ပေါ်က ဆင်းရတာ နည်းနည်း ခက်လိမ့်မယ်၊ ဒါပေမဲ့ ဒီနေ့ည လ ရှိတော့ တော်သေးတာပေါ့ကွာ'

အက်ရှ်က အထစ်ထစ် အငေါ့ငေါ့ဖြင့်

'အမေ... အမေ သိတာကကော၊ အမေ သိတာက သိပ် အားရှိတာ မဟုတ်ဘူး၊ ဒီတံတိုင်းကြီးကို ဘယ့်နည်းလုပ် ကျော်နိုင်ပါ့မလဲ၊ အမေ သိတာကတော့...'

'သူ့ကိုတော့ တံခါးက အထွက် ခိုင်းမယ်လေ၊ သူကတော့ ဖြစ်ပါတယ်၊ ဈေးထဲမှာ လက်ကောက်တို့ နားကျိတို့ သွားဝယ်မယ်လို့ ပြောထွက်ရမှာပေါ့၊ သူက ထွက်နှင့်ပြီး မိတ်ဆွေ တစ်ယောက်ယောက် အိမ်မှာ တစ်ည နှစ်ည သွားအိပ်တယ်လို့ ပြောသွား၊ သူ့ကိုတော့ ဘယ်သူကမှ မေးစမ်းနေမှာ မဟုတ်ပါဘူး၊ သူ ထွက်သွားတော့ မင်းက နေမကောင်းချင်ယောင် ဆောင်၊ ဒါမှ ကိုယ်တော်လေး အဆောင်ထဲမှာ မအိပ်ဘဲ နေရမှာ၊ မင်း ချောင်းလေး တဟွပ်ဟွပ် ဆိုးပြီး အအေးမိချင်ယောင် ဆောင်၊ ဒီလိုဆိုရင် မင်းဆီက အဖျားကူးမှာ စိုးတာနှင့် ကိုယ်တော်လေးကလည်း သူ့အဆောင်မှာ အိပ်ခွင့်ပြုမှာ မဟုတ်တော့ဘူး၊ ညကျလို့ ဟော် တစ်ခုလုံး ငြိမ်သွားတော့မှ ငါ မင်းကို တံတိုင်းပေါ်ကနေပြီး ကြိုးနှင့် ချပေးလိုက်မယ်၊ အောက်ရောက်ရင်တော့ လစ်ပေတော့၊ မင်းအမေက မြင်းတို့ ဘာတို့ စီးနိုင်တယ်နော်'

'ကျွန်တော် မသိဘူးဗျ၊ စီးတာတော့ တစ်ခါမှ မမြင်ဖူးဘူး'

'ကိစ္စ မရှိဘူးလေ၊ မင်းတို့ နှစ်ယောက်က သောက်ျားကြီး တစ်ယောက်စာလောက်တောင် လေးမှာမှ မဟုတ်ဘဲ၊ မင်းက ရှေ့က စီးပြီး မင်းအမေက နောက်က စီးလိုက်ခဲ့ပေါ့၊ မြို့အပြင်ဘက် လားဗက်ရဲ့ သချိုင်းနားက ညောင်ပင်ကြီး သိတယ် မဟုတ်လား၊ အဲဒီနားမှာ စောင့်နေ၊ မြို့ထဲကို ဝင်လို့ ရမှာ မဟုတ်သေးဘူး၊ ည ကျရင် မြို့တံခါးတွေ ပိတ်ထားတယ်၊ မင်းအမေကိုတော့ နေ့လယ်ကတည်းက မြို့ထဲက အထွက်ခိုင်းနှင့်၊ နေ့လယ် ဆိုတော့ လူတွေ ဝင်ထွက်နေကြတော့ ဘယ်သူကမှ သတိထားမိမှာ မဟုတ်ဘူး။

'မင်းအမေကို အနွေးထည်တို့ ဘာတို့လည်း ယူလာခဲ့ဖို့ ပြော၊ ဆောင်း ဝင်လာတော့ ညဆိုရင် သိပ်အေးတယ်၊ မင်းတို့ သားအမိ နှစ်ယောက် မြင်းနှင့် ထွက်ရင် တောင်ဘက်ကို မထွက်နှင့်၊ မြောက်ဘက်ကို ထွက်၊ တောင်ဘက်က ရာသီဥတုကလည်း ကောင်း၊ အစားအသောက်ကလည်း ပေါတော့ ထွက်ချင်း ထွက်ရင် တောင်ဘက်ကို ထွက်မှာပဲလို့ သူတို့က ထင်ကြမှာ၊ တစ်ရက် နှစ်ရက်တော့ ရှာဦးမှာ မဟုတ်သေးဘူး၊ အိမ်ရှေ့ကိုယ်တော်လေးကလည်း မင်း မလာတာ နေထိုင်မကောင်းသေးလို့ မလာတာဘဲလို့ ထင်မှာပဲ၊ မင်းတို့ ထွက်ပြေးတယ် ဆိုတာ သိတဲ့ အချိန်လောက်ကျတော့ မင်းတို့လည်း တော်တော် ခရီး ရောက်လောက်ရောပေါ့။

'ဒါပေမဲ့ သူက ဒီလောက် ကြောက်စရာ မကောင်းပါဘူး၊ မင်းတို့ ကြောက်ရမှာက မဟာဒေဝီ ဂျာနူးဘိုင်ကို ကြောက်ရမှာ၊ မင်းတို့ ဘာကြောင့် ထွက်ပြေးတယ် ဆိုတာလည်း မဟာဒေဝီ သိမှာပဲ၊ ထွက်ပြေးပြီး သူ့အကြောင်းတွေကို ဟိုဟိုသည်သည် လျှောက်ပြောမှာ စိုးတဲ့ အတွက် မင်းတို့ကို လိုက်ရှာမှာပဲ၊ ကချေသည် မဟာဒေဝီဟာ တော်တော် ကြောက်စရာ ကောင်းတဲ့ မိန်းမနော်၊ ပေါ့သေးသေး မတွက်နှင့်၊ သူ့ရန်ကို မင်းတို့ ကြပ်ကြပ် သတိထား'

အက်ရှ်၏ နုနယ်သော မျက်နှာမှာ ဖြူရော်လျက် ရှိလေပြီ။ အက်ရှ်က အသံ တုန်တုန်ဖြင့်

'ဒါဖြင့် ဇူလီကော ဘယ့်နှယ် လုပ်မလဲ ဦးလေး၊ ကျွန်တော့်ကို ဇူလီက ပြောလိုက်တယ် ဆိုတာ မဟာဒေဝီ သိမှာပေါ့၊ ဇူလီကို ရန်ရှာရင် ဘယ့်နှယ် လုပ်မလဲ၊ သူ့ကို သတ်ချင် သတ်ပစ်မှာ၊ ဇူလီကို ကျွန်တော် ခေါ်သွားရင်ကော'

ကိုဒါဒတ်က စိတ်ဆိုးမာန်ဆိုးဖြင့်

'ဖြစ်မလားကွ၊ ကလေးကလားတွေ ပြောမနေစမ်းနှင့်၊ မင်းဟာ ကလေးလို တွေးပြီး ကလေးလို နေလို့ မရတော့ဘူး အရှေ့၊ လူကြီး တစ်ယောက်လို နေရတော့မယ်၊ လူကြီးလို တွေးပြီး လူကြီးလို လုပ်ရတော့မယ်၊ ဇူလီဘိုင်ကိုသာ ဘာမှ မပြောနှင့်လို့ မှာပစ်ခဲ့၊ ဇူလီဘိုင်က ကလေးလို ဟိုသွား သည်သွား ဆိုတော့ သူ့ကို မဟာဒေဝီကလည်း ဘာမှ သံသယဖြစ်မှာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ ဇူလီဘိုင်ကို ခေါ်သွားရင် မင်း ဘာဖြစ်မယ် ထင်သလဲ၊ ဇူလီဘိုင်ဟာ စော်ဘွားရဲ့ သမီးတော်ကွ၊ သူ့သမီးကို ခေါ်သွားတာကို မဟာရာဇာ စော်ဘွားက ဒီအတိုင်း လက်ပိုက် ကြည့်နေမယ် ထင်သလား၊ မင်းကို လိုက်ပြီး အသေ သတ်ပစ်မှာပေါ့၊ ဒီနယ်မှာ သူ့အမိန့်ကို ဖီဆန်ပြီး သူ့ကို အာခံရဲတဲ့ လူဆိုလို့ တစ်ယောက်မှ မရှိဘူး၊ သူ ခိုင်းရင် လုပ်ရမှာချည်းပဲ၊ ကဲ တော်တော့၊ အဓိပ္ပာယ် မရှိတာတွေ မပြောနှင့်တော့'

'ဟုတ်ကဲ့ ဦးလေး၊ နောက် မပြောတော့ပါဘူး'

'အင်း လူလေး လူလေး၊ မင်းမှာလည်း ဒုက္ခပဲ၊ မင်းက လုပ်စရာ ရှိတာကို အလျင် လုပ်ပြီး နောက်မှ စဉ်းစားတာကိုးကွ၊ အလျင် စဉ်းစားပြီး နောက်မှ လုပ်လို့ ဦးလေး မင်းကို ဘယ်နှခါ ပြောခဲ့ပလဲ ဟင်၊ ကဲ ကဲ မင်းကို ဦးလေး တံတိုင်းပေါ်ကနေ အောက်ကို ချပေးမယ်၊ ဘယ်ကနေ ဆင်းရင် ကောင်းမလဲ၊ ငါ့အထင်တော့ မြောက်ဘက် တံတိုင်းပေါ်ကနေ ဆင်းရင် ကောင်းမယ် ထင်တာပဲ၊ အဲဒီနေရာမှာ လျှိုလေးတွေ ဘာလေးတွေလည်း ရှိတယ်၊ ပြီးတော့ ကျောက်တောင်တွေ ကြားထဲမှာ ချုံဖုတ်ကလေးတွေ၊ ဆိတ်သွား လမ်းကလေးတွေလည်း ရှိတယ်၊ ဒါပေမဲ့ ခက်တာက အဲဒီဘက်က ချောက်ကမ်းပါးကတော့ နိမ့်ပါရဲ့၊ ဒါပေမဲ့ ကင်းမျှော်စင်ကနေ ကြည့်ရင် ထင်းထင်းကြီး မြင်နေရမယ် ထင်တယ်၊ အကာအကွယ် ဆိုလို့ သိပ် မရှိဘူး'

'တစ်နေရာတော့ ရှိတယ်ဗျ၊ ဟို ဘုံအဆောင်ကလေးနားမှာ'

သို့ဖြင့် အက်ရှ်သည် လေညင်းသာ ဟော်နန်းမှ ထွက်ပြေးရန် အတွက် ညအချိန်တွင် မဟာဒေဝီ ဘုံဆောင်ပျက်ဆီသို့ လာခဲ့သည်။ ညအချိန်တွင် ထိုနေရာကလေးသို့ ပထမဆုံး ရောက်ဖူးခြင်း ဖြစ်၏။ တံတိုင်းပေါ်မှ ကိုဒါဒတ်နှင့် ဟီရာလားလ်တို့ ပေးလိုက်သော ကြိုးဖြင့် တွယ်ကာ အောက် ပေလေးဆယ်တွင် ရှိသည့် ကျောက်ဆောင်ပေါ်သို့ ဆင်းလာခဲ့သည်။ အောက်တိုဘာလ၏ ရွှန်းလဲ့နေသော လရောင်ထဲတွင် ဆူးချုံများသည် မည်းမည်းရိပ်ရိပ် ပေါ်နေကြ၏။ ဖြူဖွေးနေသော လွင်ပြင်သို့ ရောက်အောင် ကွေ့ကောက် ဆင်းသွားသည့် ဆိတ်သွား လမ်းကလေးများကိုလည်း ဝိုးတိုးဝါးတား မြင်ရသည်။

နေ့လယ်က အမေ သီတာ ထွက်သွားပြီးသည့် အခါတွင် အက်ရှ်သည် ဇူလီကို နှုတ်ဆက်ခဲ့ပြီး ဖြစ်၏။ ထို့ကြောင့် ဇူလီကို နောက်ထပ် တွေ့ရတော့မည် မဟုတ်ဟု ထင်ခဲ့သည်။ သို့ရာတွင် မဟာဒေဝီ ဘုံဆောင်ပေါ်သို့ ရောက်သည့်အခါတွင် သူ့ကို စောင့်နေသည့် ဇူလီကို တွေ့လိုက်ရသည်။ လရောင် ရွှန်းလဲ့နေသည့် ညထဲမှ အထီးကျန် ဖြစ်နေသည့် မည်းမည်း သဏ္ဌာန်ကလေး တစ်ခုမျှသာ။

အက်ရှ်က မည်သို့မှ မပြောရသေးမီ

'ဇူလီ ထွက်လာတာကို ဘယ်သူမှ မသိကြဘူး၊ ဇူလီ အိပ်ပျော်နေပြီလို့ ထင်နေကြတာ၊ တစ်ယောက်ယောက် ကြည့်ရင် အိပ်ပျော်နေတယ်လို့ ထင်အောင် စောင်တွေကို လုံးပြီး အိပ်ရာပေါ်မှာ တင်ပစ်ခဲ့တယ်၊ ဇူလီ ထွက်လာတော့ သူတို့ ဟောက်နေကြပြီ၊ ဘယ်သူမှ မနိုးဘူး၊ အရှေ့ကို လက်ဆောင် တစ်ခု ပေးချင်လို့ လာခဲ့တာ၊ တကယ်တော့ အရှေ့ဟာ ဇူလီရဲ့ အစ်ကို ဆိုရင်လည်း မှန်တယ်၊ ခု အစ်ကို သွားတော့မယ် ဆိုတော့ ဇူလီ လက်ဆောင် ပေးလိုက်ချင်တယ်၊ ရော့ ဒီမှာ အစ်ကို့ဖို့ လက်ဆောင်'

ဇူလီက သေးသွယ်သည့် လက်ဖဝါးကလေးကို ဖြန့်ပြလိုက်၏။ ကနုကမာဖြင့် လုပ်ထားပြီး ငွေကွပ်ထားသည့် ငါးရုပ်ကလေး။ သူ့လည်တွင် အဆောင်လက်ဖွဲ့ အဖြစ် ဆွဲထားသည့် အရုပ်ကလေး။ ကနုကမာငါးရုပ်ကလေးသည် လရောင်ထဲတွင် ပြောင်လက်နေသည်။

အက်ရှ် သိသလောက် ဆိုလျှင် ထိုငါးရုပ်ကလေးသည် ဇူလီ၏ တစ်ခုတည်းသော အမြတ်တနိုး ပစ္စည်း။ သူ့တွင် လက်ဆောင် ပေးစရာ ဆို၍ ထိုပစ္စည်းကလေး တစ်ခုသာ ရှိသည်။ ဇူလီသည် သူ အမြတ်တနိုး ထား၍ သူ့တွင် တစ်ခုတည်းသာ ရှိသော ထိုပစ္စည်းကလေးကို ပေးလိုက်ပြီ။ တော်ရုံတန်ရုံ စေတနာဖြင့် ပေးခြင်း မဟုတ်။ အက်ရှ်သည် ထိုလက်ဆောင် ငါးရုပ်ကလေးကို လေးကန်စွာ လှမ်းယူလိုက်ရင်း

'ဘာဖြစ်လို့ ပေးရတာလဲ ဇူလီရယ်၊ ကိုယ့်မှာ ဘာမှ ပြန်ပေးစရာ မရှိဘူး၊ တကယ်ကတော့ ကိုယ့်မှာ ကိုယ်ပိုင် ပစ္စည်းရယ်လို့ ဘာတစ်ခုမှ ရှိတာ မဟုတ်ဘူး'

အက်ရှ်က ခပ်ရှက်ရှက်ဖြင့် ပြောသည်။

'ခုတော့ အစ်ကို့မှာ ငါးရုပ်ကလေး ရှိပြီ မဟုတ်လား'

'အင်း ခုတော့ ငါးရုပ်ကလေး ရှိပြီပေါ့လေ'



www.burmeseclassic.com

www.burmeseclassic.com



အက်ရှ်သည် ငါးရုပ်ကလေးကို ငုံ့ကြည့်လိုက်သည်။ သူ့မျက်လုံးတွင် မျက်ရည်တွေ ဝဲနေသဖြင့် ငါးရုပ်ကလေးကို ကောင်းကောင်း မမြင်ရ။ သို့ရာတွင် ယောကျ်ား ဆိုသည်မှာ မျက်ရည် မကျစကောင်း။ အက်ရှ်သည် ချက်ချင်း သတိရကာ ငါးရုပ်ကလေးကို နှစ်ပိုင်း ချိုးလိုက်ပြီးနောက် တစ်ပိုင်းကို ဇူလီကို ပြန်ပေးလိုက်သည်။

'ရော့၊ ဒီလိုဆိုရင် ဒီငါးရုပ် အဆောင်လက်ဖွဲ့ကလေးကို နှစ်ယောက်စလုံး ဆောင်ထားနိုင်ပြီပေါ့၊ တစ်နေ့ ကိုယ်တို့ နှစ်ယောက် ပြန်တွေ့ကြတဲ့ အခါကျတော့ ဒီငါးရုပ်ကလေးကို ပြန်ဆက်ရမှာပေါ့၊ မဟုတ်ဘူးလား'

'ကဲ ကဲ တော်ကြတော့၊ ဇူလီဘိုင်လည်း အဆောင်ထဲ ပြန်ဝင်တော့၊ အပြင်ထွက်တာ တွေ့လို့ မိသွားရင် အားလုံး ဒုက္ခ ရောက်ကုန်လိမ့်မယ်၊ လူလေးလည်း သွားရမှာ၊ လမဝင်ခင် ခရီး ပေါက်အောင် သွားထားမှ ကောင်းမယ်၊ ကဲ နှုတ်ဆက်ပြီး သွားတော့'

ဇူလီ၏ မျက်နှာကလေးသည် မဲ့သွားကာ မျက်ရည်များသည် ပါးပြင်ပေါ်သို့ စီးကျလာသည်။ စကားလုံးများသည် မျက်ရည်တွေထဲမှာ နစ်သွားသည် ထင်၏။ အက်ရှ်က

'မငိုပါနှင့် ဇူလီရယ်၊ တစ်နေ့ကျရင် အစ်ကို ပြန်လာမှာပေါ့၊ ပြန်ဖြစ်အောင် ပြန်လာမှာပေါ့'

အက်ရှ်သည် ဇူလီကို ဖက်လိုက်ပြီးနောက် အမှောင်ရိပ်ထဲတွင် ရပ်နေသော ဟီရာလားလ်ဆီသို့ တွန်းလွတ်လိုက်သည်။

'ဦးလေး၊ ဇူလီကို လိုက်ပို့လိုက်ပါနော်၊ သူ အပြင် ထွက်သွားတာကို သူ့အဆောင်က အစေတော်တွေ မသိစေနှင့်နော်၊ တော်တော်ကြာ မဟာဒေဝီ သိသွားလို့ ရှိရင် ဒုက္ခရောက်မှာ၊ ဒီအထဲမှာ ကျွန်တော်ကလည်း ထွက်ပြေးပြီ ဆိုတော့'

'သွားမှာသာ သွားစမ်းပါကွာ၊ ငါ နားလည်ပါတယ်၊ ကဲ သွားတော့'

ဟီရာလားလ်သည် မှောင်ရိပ်ထဲမှ လရောင်သို့ ထွက်လိုက်သည်။ မီးခိုးရောင် ပိုးအင်္ကျီရှည်ကြီးသည် ကောင်းကင်ရောင်နှင့် ရောသွား၏။ သူ့မျက်နှာနှင့် လက်များက ကျောက်တုံးရောင်။ အက်ရှ်၏ စိတ်ထဲတွင် လူတစ်ယောက်ကို မြင်လိုက်ရသည်နှင့် မတူ။ တစ္ဆေကို မြင်လိုက်ရသည်နှင့် တူနေသည်။

ဟီရာလားလ်သည် သူ့မှတ်ဉာဏ်ထဲတွင် ရေးရေးရိပ်ရိပ်မျှသာ ကျန်ရစ်ခဲ့၏။ ထိုသို့ တွေးလိုက်သည်နှင့် သူ့တစ်ကိုယ်လုံး အေးစက်သွားသည်။ ဟီရာလားလ်၏ ကျေးဇူးကို ပထမဆုံး အကြိမ် အောက်မေ့ ဆင်ခြင်မိသည်။ သူ့တွင်မက ကိုဒါဒတ်၊ ဇူလီ။ ထို့ပြင် သူ့အပေါ်တွင် စိတ်ကောင်း ထားခဲ့သူတွေ၊ တိုက်သိမ်းငှက်များကို မွေးသူတွေ၊ စောင့်ရှောက် ထိန်းသိမ်းရသူတွေ၊ မြင်းထိန်းတွေ၊ ဆင်ကျုံးဘက်မှ ဆင်ဦးစီးတွေ၊ ဂူးလ်ကုတ် မြို့ထဲတွင် နေခဲ့ရစဉ်က သူနှင့် ကစားဖော်တွေ၊ သူငယ်ချင်းတွေ။ ထိုသူများ အားလုံးကို သူ အမှတ်ရသည်။ ကျေးဇူးတင်သည်။

ဂူးလ်ကုတ်မှ သွားတော့မည် ဆိုသည့် အခါမှ သူ့အပေါ်တွင် မကောင်းကြံသူ၊ စိတ်ဆိုးစိတ်ယုတ် ထားသူတွေ ရှိသလို သူ့အပေါ်တွင် စေတနာ ထားသူ၊ စိတ်ကောင်း ရှိသူတွေ ရှိကြောင်းကို အက်ရှ် တစ်ယောက် ပြက်ပြက်ထင်ထင် မြင်လာခဲ့သည်။

ဟီရာလားလ်က လှုပ်ရှားလိုက်သည်နှင့် သူ့နားတစ်ဖက်တွင် ဆွဲထားသည့် ပုလဲနက် နားပန်သည် လရောင်တွင် တလက်လက် တောက်ပနေသည်။ ပုလဲနက်က ကြောင်မျက်ရွဲ တစ်လုံးနှင့် တူသလိုလို။ တစ်ချက်တစ်ချက်တွင်လည်း မျက်ရည်ပေါက်ကြီး တစ်ပေါက်နှင့် တူသလိုလို။ အက်ရှ်သည် ပုလဲနက်ကြီးကို လှမ်းကြည့်ရင်း နောင်တွင် တော်တော်နှင့် မြင်ရတော့မည် မဟုတ်ဟု တွေးမိကာ ငိုချင်သလိုလို ဖြစ်လာသည်။

ဟီရာလားလ်က အသံ ပြတ်ပြတ်ဖြင့်

'ကောင်လေး၊ မြန်မြန်လုပ်၊ တော်တော်တောင် နောက်ကျနေပြီ၊ အချိန် သိပ်မရှိတော့ဘူး၊ ကဲ သွားတော့၊ ဘုရား မပါစေကွာ'

ကိုဒါဒတ်က

'ကြိုးအဖျားမှာ ကွင်းတပ်ထားတယ်၊ ကြိုးကွင်းထဲကို ခြေထောက် လျှိုလိုက်၊ ပြီးတော့ ကြိုးကို မြဲမြဲကိုင်၊ အောက်က ကျောက်ဆောင်ပေါ်ကို ရောက်ရင် ခြေကို မြဲအောင် ကုပ်ထားနော်၊ ခြေ မမြဲသေးဘဲနှင့် ကြိုးကို မလွှတ်လိုက်နှင့်၊ အဲဒီ ကျောက်ဆောင်ပေါ်က ဆင်းရတာက ပိုခက်တယ်၊ ဆင်းရင်လည်း ဖြည်းဖြည်းဆင်း၊ ဆိတ်သွား လမ်းတွေပေါ်မှာ ချော်လဲရင် အောက်ကို တလိမ့်ကောက်ကွေး ကျသွားမယ်၊ ဘုရားမလို့ မင်းတို့ သားအမိ နှစ်ယောက် ချောချောမောမော ဖြစ်ပါစေကွာ၊ ကဲ သွားတော့ လူလေးရေ'



www.burmeseclassic.com

www.burmeseclassic.com


ကိုဒါဒတ်သည် အက်ရှ်ကို ဖက်လိုက်၏။ အက်ရှ်သည် တုန်ရီသော လက်များဖြင့် ကိုဒါဒတ်၏ ခြေထောက်ကို ထိသည်။ ထို့နောက် ချက်ချင်း လှည့်ကြည့်လိုက်ကာ သူ့ မျက်ရည်တွေကို ကိုဒါဒတ် မြင်မည် စိုးသည့်အတွက် ကျောတွင် ပိုးထားသည့် အထုပ်ကို ပြင်၍ ပိုးသယောင် ပြုနေသည်။ သူ့နောက်မှ ဇူလီ၏ ရှိုက်သံကို ကြားနေရ၏။

အက်ရှ်သည် အောက်သို့ ငုံ့ကြည့်လိုက်၏။ သူ့ခြေအောက်တွင် အသူတစ်ရာနက်သည့် ချောက်ကမ်းပါးကြီး။ ထိုတံတိုင်းကြီး အောက်ခြေတွင် အသူတစ်ရာနက်သည့် ကျောက်ဆောင် ကမ်းပါးကြီး။ ချုံဖုတ်ကလေးတွေ ကျိုးတိုးကျဲတဲနှင့်။ ဟိုအောက်ခြေ လွင်စပ်ဆီသို့ ဆင်းသွားသည်။

'အောက်ကို ငုံ့မကြည့်နှင့်လေကွာ၊ ခေါင်းမော့ပြီး အထက်ကို ကြည့်' ဟု ကိုဒါဒတ်က ပြော၏။

အက်ရှ်သည် မျက်လုံးများကို ချောက်ကမ်းပါးဆီမှ လွှဲလိုက်ကာ လရောင် ဆမ်းထားသော ညဟင်းလင်းပြင်ကို ဖြတ်၍ အဝေးက ဒူးရ်ခိုင်မာ ခေါ် ရွှေပြည်သာ တောင်တန်းကြီးများကို မျှော်ကြည့်လိုက်သည်။ ရွှေပြည်သာ တောင်ထွတ်များက လရောင်တွင် တလက်လက် တောက်ပကာ တည်ငြိမ်သော ဣန္ဒြေကို ဆောင်လျက်။

အက်ရှ်သည် ရွှေပြည်သာ တောင်ထွတ်များကို ငေးကြည့်ရင်း ခြေထောက်ဖြင့် ကြိုးများကို စမ်း၍ စွပ်သည်။ ထို့နောက် ကြိုးကို မြဲမြဲကိုင်ကာ ဘုံဆောင်အစွန်းမှ အောက်သို့ တဖြည်းဖြည်းနှင့် ဆင်း ဆင်း လာခဲ့သည်။ ကြိုးဖျားတွင် လိုက်လာသည့် အက်ရှ်သည် လဟာပြင်ထဲတွင် လှုပ်ယမ်းလျက်။ သူ့မျက်လုံးတွင် မျက်ရည်တွေကြောင့် ကျိန်းစပ်နေသည်။ တံတိုင်းပေါ်မှ ဇူလီ၏ ရှိုက်သံနှင့် နှုတ်ဆက်သံကို ကြားရ၏။ နှုတ်ဆက်သံနှင့် ရှိုက်သံသည် ခပ်သဲ့သဲ့မျှသာ ဖြစ်သည့်တိုင် တိတ်ဆိတ်သော ညတွင် ကျယ်လောင်နေသည် ထင်ရ၏။

'သွားတော့ အစ်ကိုရေ၊ သွားတော့၊ တစ်နေ့ကျရင်တော့ ပြန်လာခဲ့ဦးနော်၊ အစ်ကို တစ်ယောက် ဘေးမသီ ရန်မခ‌ဘဲ ချောချောမောမော ရောက်ပါစေ'

ဘုံဆောင် ဝရန်တာမှ ငုံ့ကြည့်နေသော ဇူလီ၏ မျက်ရည်များသည် အပေါ်သို့ မော့ကြည့်နေသော အက်ရှ်၏ မျက်နှာပေါ်သို့ ကျလာကြ၏။ ကြိုးသည် တဖြည်းဖြည်း အောက်သို့ ကျလာခဲ့ရာ နောက်ဆုံးတွင် တံတိုင်းအောက်ခြေရှိ ကျောက်ဆောင်ကို ခြေထောက်ဖြင့် စမ်းမိသည်။

အက်ရှ်သည် ကျောက်ဆောင်ပေါ်တွင် ကိုယ်ကို ဟန်ချက်ညီအောင် ရပ်ပြီး လက်ထဲမှ ကြိုးကို လွှတ်လိုက်၏။ ကြိုးသည် အထက်သို့ ပြန်တက်သွားသည်။ အက်ရှ်သည် ဘုံဆောင် ဝရန်တာမှ သူ့ကို ငုံ့ကြည့်နေကြသည့် မိတ်ဆွေ သုံးယောက်ကို နောက်ဆုံး အကြိမ် လက်ပြ နှုတ်ဆက်ပြီးနောက် ကျောက်ဆောင်များနှင့် ဆူးချုံများကြားမှ ဆိတ်သွားလမ်းကလေးများကို ရှာရန် အောက်သို့ ဆင်းလာခဲ့သည်။

ညနေပိုင်းတုန်းက အက်ရှ်သည် ဘုံဆောင်ပေါ်မှ နေ၍ ဆိတ်သွား လမ်းကလေးများကို ရှာကြည့်ခဲ့ပြီးပြီ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၆

ဘုံတိုင်း အောက်ခြေမှ လွှင်ပြင် အထိ ပေနှစ်ရာ ကျော်သောက် ဆင်းရသည်။ သို့ရာတွင် အက်ရှ် အဖို့မူ ပေနှစ်ရာကို နာရီဝက်ခန့် စမ်းတဝါးဝါးဖြင့် ဆင်းယူရ၏။

တစ်ခါတွင်မူ တောင်စောင်း တစ်ခုသို့ ခြေအချလိုက်တွင် လချေး ကျောက်တုံး ချောချောကြီးကို နင်းလိုက်မိသဖြင့် ချော်သွားကာ အောက်သို့ ကျတော့မတတ်ဖြစ်သွားလိုက်သေးသည်။ ထို့ကြောင့် ထိုနေရာက မဆင်းတော့ဘဲ အပေါ်သို့ လေးဖက်ထောက် တွား၍ တက်လာကာ ဆင်း၍ ကောင်းမည့် နေရာကို ပြန်ရှာရပြန်သည်။

ထို့နောက်တွင်မူ အက်ရှ်သည် သတိကြီးစွာထား၍ ဆင်းတော့သည်။ မြေပြင်သို့ ရောက်လာသည့်အခါတွင်မူ သူ့တစ်ကိုယ်လုံး ပွန်းရာပဲ့ရာ ခြစ်ရာရှရာတို့ ပြည့်လျက်။ အသက်ကိုမှု ကောင်းကောင်း မရှူနိုင်။ သူ့ကိုယ်တွင် ဝတ်ထားသည့် အဝတ်အစားများမှာလည်း စုတ်ပြတ်ကုန်ကြပြီ။

အပေါ်သို့ မော့ကြည့်လိုက်သည့် အခါတွင် ကျောက်တောင် ကမ်းပါးကြီး။ ထိုအထက်တွင် ဟော်ဘုံတိုင်း မြင့်မြင့်နှင့် မည်းမှောင်နေသည့် မောရိယချောက်စင်ကြီး။ သို့ရာတွင် သူတို့နှစ်ယောက် တွေ့နေကျ မဟာဒေဝီ ဘုံဆောင်ပျက်ကလေးကိုမူ မမြင်ရတော့။ အမှောင်ရိပ်တွေနှင့် ရောသွားကာ ပျောက်ကွယ်သွားပြီ။

ယခုလောက် ဆိုလျှင် ဘုံဆောင်ပေါ်တွင်လည်း သည်သူမျှ ရှိမည် မဟုတ်တော့။ တစ်ခါတစ်ရံတွင် ဇူလီသည် စိတ်ကူးရ၍ ထိုအဆောင်ကလေးထဲသို့ ရောက်ချင် ရောက်မည်။ သူမှ လွဲလျှင် ထိုအဆောင်ကလေးထဲသို့ သည်သူမျှ ရောက်မည် မဟုတ်တော့။ သို့တိုင် ဇူလီသည်လည်း မကြာခဏ ရောက်တော့မည် မဟုတ်။

ဇူလီသည် ကလေးမျှသာ ရှိသေးရာ အတန်ကြာလျှင် သူသည်လည်း ထိုဘုံဆောင်ကလေးကို . မေ့မေ့ပျောက်ပျောက် ဖြစ်သွားတော့မည်။ ဘုံဆောင်သို့ သွားသည့် လမ်းကလေးသည်လည်း မြက်ပင်တွေ ဖုံးကာ ပျောက်သွားတော့မည်။ အရာရာသည် ပြောင်းလဲသွားကြတော့မည်။

လာလာဂျီသည် လူကြီး တစ်ယောက် ဖြစ်လာကာ ကချေသည် မဟာဒေဝီသည်လည်း အသက်တွေ ကြီးပြီး ဝဝဖိုင့်ဖိုင့်ကြီး ဖြစ်လာတော့မည်။ ငယ်မူငယ်သွေးတွေ၊ အလှတွေ ပြယ်သည်နှင့် အတူ တန်ခိုးအာဏာတွေလည်း ပျောက်ကုန်တော့မည်။

ကိုဒါဒတ်သည် အလုပ်မှ အနားယူကာ မြင်းမှူး နေရာတွင် အခြား လူငယ် တစ်ယောက် ရောက်လာတော့မည်။

ဟီရာလားလ်သည်လည်း အိုမင်းမစွမ်း ဖြစ်ရာတော့မည်။

တစ်နေ့တွင် မဟာရာဇာ စော်ဘွားကြီး ကွယ်လွန်ကာ လာလာဂျီသည် ဂူးလ်ကုတ် ပြည်နယ်ကို အုပ်စိုးသူ ဖြစ်လာတော့မည်။

မပြောင်းလဲသည့် အရာ ဆို၍ ဒူးရ်ခိုင်မာ ခေါ် ရွှေပြည်သာ တောင်တန်းကြီးသာ ရှိလိမ့်မည်။ လူတွေ၊ နှစ်တွေ၊ ရာစုနှစ်တွေ ကုန်ဆုံး သွားကြလိမ့်မည်။ ထိုအခါတွင် လေညင်းသာ ဟော်နန်းသည်လည်း ရှိတော့မည် မဟုတ်။ သို့ရာတွင် ရွှေပြည်သာ တောင်တန်းကြီးကား ယခင်ကလည်း မပြောင်းလဲခဲ့။ ယခုလည်း မပြောင်းလဲ။ နောက်တွင်လည်း ပြောင်းလဲမည် မဟုတ်ဘဲ ရှိမြဲရှိနေမည်သာ။

အက်ရှ်သည် မြေပြင်တွင် ဒူးထောက် ထိုင်ချလိုက်၏။ အလ္လာကို ကိုဒါဒတ် ဝတ်ပြုသကဲ့သို့ အက်ရှ်သည်လည်း ရွှေပြည်သာ တောင်တန်းကြီးကို နောက်ဆုံးအကြိမ် ဝတ်ချသည်။ ထို့နောက် ထိုင်ရာမှ ထကာ အထုပ်ကို ထမ်းလိုက်ပြီး လရောင်အောက်တွင် မြို့အစွန်ရှိ ညောင်ပင်အုပ်အုပ်ဆီသို့ လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ညောင်ပင်အုပ်အုပ်တွေ အောက်တွင် အမေ သီတာသည် သူ့ကို စောင့်လျက် ရှိ၏။ ဟီရာလားလ်က လည်း ကတိတည်သည်။ သစ်ပင်အုပ်တွေ အောက် အမှောင်ထဲတွင် တောင့်တင်းသည့် မြင်းချောကြီး တစ်ကောင်ကို ချည်ထား၏။

အမေ သီတာက ညနေက ဈေးမှ ဝယ်လာသည့် စားစရာ သောက်စရာများနှင့် အဝတ်အထည်များကို ထုပ်ထည့်ထားသည့် အထုပ်ကလေးကို ပိုက်လျက်။ သူတို့အနီးတွင် မြင်းထိန်းသည့် လူစိမ်း တစ်ယောက်လည်း ရှိသည်။ သူ့အမည်ကို အက်ရှ် မသိ။ ထိုလူက ဟီရာလားလ် ပေးလိုက်သည့် အထုပ်ကလေး တစ်ထုပ်ကို လှမ်းပေးသည်။

'မင်းတို့ လမ်းကျရင် ပိုက်ဆံလေး ဘာလေး လိုမှာတဲ့၊ ဟောဒီမှာ ပေးလိုက်တယ်၊ မြင်းကတော့ စိတ်ချပါကွာ၊ မင်းတို့ ထင်တာထက် ကောင်းပါတယ်'

လူစိမ်းက ဝမ်းပတ်ကို ခပ်တင်းတင်း ဆွဲချည်လိုက်၏။

'တစ်နေ့ စီးရင် မိုင် တော်တော်များများ ရောက်တယ်၊ ပြီးတော့ လမ်းထိုး စီးချင်တယ် ဆိုရင် နှစ်နာရီ သုံးနာရီလောက်ကတော့ တောက်လျှောက် စီးလို့ ရတယ်၊ မြင်းက ရထားဆွဲတဲ့ မြင်း ဆိုတော့ တော်တော် အပင်ပန်း ခံနိုင်တယ်ကွ၊ ဟောဒီ လမ်းက သွားရင်တော့ အကောင်းဆုံးပဲ'

ထိုလူက လက်ညှိုး ထိုးပြလိုက်ပြီးနောက် လရောင် ဖြာကျလျက် ရှိသော မြေပြင်တွင် ကုန်း၍ မြေပုံ ခြစ်ပြသည်။

'ဟောဒီ လမ်းအတိုင်း သွား၊ မြစ်ကူးတဲ့ တံတား မရှိဘူး၊ ကူးတို့ဆိပ်ကြီး တစ်ခုတော့ ရှိတယ်၊ ဒါပေမဲ့ အဲဒီ ကူးတို့ဆိပ်က မဖြတ်နှင့်၊ အသွားအလာ များတယ်၊ ဟောဒီနားမှာ ကူးတို့ဆိပ်ကလေး တစ်ခု ရှိတယ်၊ အဲဒီကနေ ကူးပြီး တောင်တည့်တည့်ကို လိုက်သွား၊ အဲဒီ လမ်းက တောင်ယာသမားတွေ ထင်းခုတ်သမားတွေ သုံးတာ၊ ဒါပေမဲ့ မြစ်ကို ကူးပြီးသည့်တိုင် စိတ်ချလက်ချတော့ မနေနှင့်နော်၊ သတိထား သွား၊ မဟာဒေဝီက မင်းတို့ နောက်ကို အလိုက်ခိုင်းမှာပဲ၊ ဂူးလ်ကုတ်နယ် ဟိုဘက် အထိ လိုက်နိုင်တယ်တဲ့၊ ဟီရာလားလ်က မှာလိုက်တယ်၊ ကဲ ခလုတ်မထိ ဆူးမငြိပါစေနှင့်လို့ ဆုတောင်းပါတယ်ကွာ၊ ခပ်သုတ်သုတ်ကလေးသာ စီးပေတော့'

အက်ရှ်သည် ဇက်ကြိုးကို ဆုပ်လိုက်ပြီးနောက် တင်ပါးကို လက်ဖြင့် ပုတ်လိုက်သည်။

ကံကောင်းသည်ဟု ဆိုရမည်လော မသိ။ အက်ရှ်သည် တောလမ်း ခရီးကို ကျင့်သားရပြီးသား ဖြစ်နေသည်။ အလျင်တုန်းက တောလိုက်ရင်း သိမ်းတိုက်ရင်း မြင်းကောင်းကောင်း စီးဖူးသည်။ သို့မဟုတ်လျှင် ညအမှောင်ကြီးထဲတွင် မျက်စိလည် လမ်းပျောက်မည် မုချ။ ယခုမူ ညောင်ပင်အောက်ကလူ လမ်းညွှန်လိုက်သည့် လမ်းကို လရောင်ထဲတွင် အလွယ်တကူ ရှာတွေ့သည်။

လင်းအားကြီး အချိန်လောက်တွင်မူ တောင်စောင်း တစ်ခုတွင် ရှိသည့် ကျောက်ဆောင်ကြီး တစ်ခုကို မြင်ရ၏။ ထိုနေရာမှာ တစ်ခါက မဟာရာဇာ စော်ဘွားကြီး ကျားသစ် ပစ်ခဲ့ဖူးသည့် နေရာ ဖြစ်သည်။ သည်အထိတော့ ဟုတ်နေပြီ။ လမ်းမမှားသေး။

အမေ သီတာမှာ မနေ့က တွေ့ခဲ့ရသည့် ကိစ္စများကြောင့် ပင်ပန်းနေလေပြီ။ အမေ သီတာသည် အက်ရှ်၏ ပခုံးကို မှီကာ အိပ်လိုက်လာသည်။ အက်ရှ်ကိုယ်ကို ခေါင်းပေါင်းဖြင့် ပူးတွဲချည်၍ လိုက်လာခဲ့သဖြင့်သာ လိမ့်မကျခြင်း ဖြစ်၏။

မနက်လင်း၍ နိုးလာသဖြင့် ကြည့်လိုက်သည့် အခါတွင် တောင်ကြားထဲမှ နေ၍ စီးဆင်းနေသည့် မြစ်တစ်သွယ်ကို တလက်လက် မြင်နေရလေပြီ။ အမေ သီတာက ကူးတို့ဆိပ် မရောက်ခင် အဆာပြေ တစ်ခုခု စားရန် တိုက်တွန်းသည်။ ကူးတို့ဆိပ်သို့ အစောကြီး မရောက်ချင်။ စောစောစီးစီး ရေးကြီးသုတ်ပျာ ရောက်လာလျှင် ကူးတို့ဆိပ်က လူများက သင်္ကာမကင်း ဖြစ်ချင် ဖြစ်နေကြဦးမည်။

'ဒီလို လုပ်ပါလား လူလေးရဲ့၊ လူလေးက မိန်းကလေးလို ဝတ်၊ တော်တော်ကြာ ဒီကူးတို့ဆိပ်ကို ဘယ်သူတွေ ဖြတ်သွားသလဲလို့ လာ စုံစမ်းရင် ခြေရာဖျောက်ဖို့ လွယ်တာပေါ့၊ သူတို့ စုံစမ်းမှာက မိန်းမကြီး တစ်ယောက်နှင့် ကောင်လေး တစ်ယောက် ခြေကျင် မလာကြဘူးလားလို့ မေးမယ်၊ အမေတို့က မြင်းတစ်စီးနှင့် မိန်းမ နှစ်ယောက် ဖြတ်သွားဟန် ပြခဲ့ရင် မကောင်းဘူးလား'

အက်ရှ်သည် အမေ သီတာ၏ ဆာရီ တစ်ထည်ကို ဝတ်ကာ အပေါ်စား ကြေးလက်ကောက် နှစ်ရန် သုံးရန်ကို ဝတ်သည်။ အမေ သီတာက ဆာရီကို မျက်နှာဖုံးလုနီးပါး ခေါင်းမြီး ခြုံထားရန်၊ သူနှင့် စကား မပြော



www.burmeseclassic.com

www.burmeseclassic.com



-ခဲ့ သတိပေး၏။ ချက်ချင်းပင် အက်ရှ်သည် မိန်းကလေး တစ်ယောက်နှင့် တူနေလေပြီ။

သို့ရာတွင် ခက်သည်က မြင်းကို တစ်ဖက်ကမ်းသို့ သယ်ရသည့် ကိစ္စ ဖြစ်သည်။ မြင်းက ရေတွေ ယိုနေသည့် လှေဝမ်းပြားထဲသို့ ဆင်းရန် ငြင်းဆန်နေသည်။ ဘူးတို့သမားက မြင်းတင်ခ အတွက် မတန်တဆ ကျူးကို့ခ တောင်းနေသည်။ ဟီရာလားလ် ပေးလိုက်သည့် အထုပ်ကလေးထဲတွင် ငွေငါးကျပ်ဖိုးခန့် ငွေစနှင့် ကြေးပြား အချို့ ပါလာသည်။ သီတာက ထိုပိုက်ဆံကို မဖြုန်းချင်။ မရမက ဈေးဆစ်တော့မှ ဈေးတည့်သွားကြကာ မြင်းကို လှေပေါ်သို့ ခက်ခက်ခဲခဲ တင်ယူရသည်။

'အင်း ခုမှပဲ စိတ်အေးရတော့တယ်' ဟု သီတာက တစ်ဖက်ကမ်းသို့ လှမ်းမျှော်ကြည့်ရင်း ပြော၏။

အက်ရှ်ကမူ ကိုဒါဒတ်နှင့် ညောင်ပင်အောက်က လူ ပြောလိုက်သည့် စကားများကို အမှတ်ရသည်။ စင်စစ် သူတို့နှစ်ယောက်သည် ဘေးကင်းရာသို့ မရောက်သေး။ ပထမ အဆင့်ကို ကျော်ဖြတ်နိုင်ခဲ့ရုံသာ ရှိသေးသည်။ မဟာဒေဝီသည် သူတို့ ထွက်ပြေးသည်ကို သည်အတိုင်း ကြည့်နေလိမ့်မည် မဟုတ်။ နောက်က လိုက်မည် မုချ။

ထို့ကြောင့် အက်ရှ်သည် မြင်းကို မြောက်ဘက်သို့ လှည့်စီးခဲ့သည်။ မြောက်ဘက်တွင် တောင်ကြီးတွေ ရှိသည်။ သူတို့သည် အစာရေစာ ပေါရာ၊ ရာသီဥတု ကောင်းမွန်ရာ တောင်ပိုင်းသို့ ပြေးလိမ့်မည်ဟု မဟာဒေဝီ တွက်မည် မုချ။

ဂူးလ်ကုတ်သို့ ရောက်ခဲ့စဉ် သူ့ဘဝသည် လုံခြုံအေးချမ်းတော့မည်၊ သာယာတော့မည်ဟု အက်ရှ် ထင်ခဲ့သည်။ သို့ရာတွင် ဟဝါးမဟာ ခေါ် လေညင်းသာ ဆောင်နန်းတွင် လွတ်လပ်မှု မရှိ။ အေးချမ်းမှု မရှိ။ လုံခြုံမှု မရှိ။

ယခုတစ်ဖန် သူတို့ နှစ်ယောက်သည် အိုးမဲ့အိမ်မဲ့ ဖြစ်ကြရပြန်ပြီ။ နောက်က အလိုက်ခံရပြန်ပြီ။ ပုန်းခိုရာသို့ လိုက်ရှာနေကြရပြန်ပြီ။ လူအချင်းချင်း တစ်ဦးကို တစ်ဦး မေတ္တာထားရာ၊ အဓမ္မမှုတို့ ကင်းဝေးရာ၊ မင်းဆက် စီးနင်း ပြုမူခြင်း မရှိသည့် နေရာ၊ သူတို့ဘာသာ သူတို့ ပျော်ရွှင် ချမ်းမြေ့စွာ နေထိုင်နိုင်သည့် နေရာ တစ်နေရာရာမှ ရှိရလိမ့်မည်။

မဟာဒေဝီ၏ အကြံကို ဇူလီထံမှ မနေ့က ကြားခဲ့ရပြီး နောက်တွင် ထွက်ပြေးဖို့ စီစဉ်ရ၊ တိုင်ပင်ရသည်နှင့် သူ ကောင်းကောင်း မအိပ်ရသေး။ သည်အချိန် အထိ သုံးနာရီလောက်သာ အိပ်ခဲ့ရသေးသည်။ သူ့အသက်ကို စစ်ကြည့်လိုက်လျှင် ဆယ့်တစ်နှစ်သာ ရှိသေးသည်။ ယခု သူ မောလှပြီ။

မြောက်ဘက်သို့ ရောက်လာသည်နှင့် အမှု ညပိုင်း ဆိုလျှင် ပိုအေးလာသည်။ အမေ သီတာကလည်း ချောင်းတဟွပ်ဟွပ်နှင့် ပို၍ အခြေအနေ ဆိုးလာသည်။ ယခုမှ အမေ သီတာနှင့် အတူတူ နေလာရပြီး သတိထားမိလာ၍လား မပြောတတ်၊ အလျင်ကထက် ဆိုးသည်ဟု အက်ရှ် ထင်သည်။

ဟီရာလားလ် ပြောလိုက်သည့် စကားများကို သတိရသည့် အတွက် ဂူးလ်ကုတ် ပြည်နယ်မှ လွန်သည်နှင့် မြင်းကို ရောင်းပစ်ခဲ့သည်။ မြင်းနှင့် သွားလျှင် ထင်ရှား သိသာလွန်းနေသည့် အတွက် မြင်းကို ရောင်းပစ်ခဲ့ပြီး ခြေကျင်ခရီး နှင်ခဲ့ကြသည်။ သို့ရာတွင် မြင်းကို ရောင်းလိုက်ပြီးမှ သူတို့တစ်တွေ နောင်တ ရနေရပြီ။ အမေ သီတာက ကောင်းကောင်း ခရီး မသွားနိုင်။ တစ်ခါတစ်ရံတွင် တစ်နေ့လုံး သွားမှ တစ်မိုင်လောက်သာ ခရီးပေါက်ခဲ့ကြသည်။

အမေ သီတာ၏ ကျန်းမာရေး အခြေအနေကို ယခင်က သူ သတိ မထားခဲ့မိ။ ယခု သတိထားမိသည့် အခါတွင် အက်ရှ် စိတ်ပူသည်။ သို့တိုင် သူတို့တွင် ဟီရာလားလ် ပေးလိုက်သည့် ငွေနှင့် မြင်း ရောင်းရသည့် ငွေကလေး ရှိသေးသည့် အတွက် တစ်ခါတစ်ရံတွင် လှည်း ငှားစီးခဲ့ကြသည်။

သို့ရာတွင် လှည်းတို့၊ မြင်းရထားတို့နှင့် ခရီး သွားရသည်က ကိုယ်တစ်ယောက်တည်းချည်း မဟုတ်။ ခရီးသည်တွေ ပါသေးသည်။ လမ်းတွင် ဟိုစကား သည်စကားတွေ ပြောတတ်ကြသည်။ ဘယ်ကလဲ ဘာလဲ စသည်ဖြင့် စူးစမ်းတတ်ကြသည်။ ထို့ကြောင့် နေးချင်နေးပေစေ၊ ခြေကျင်သွားသည်က ပို၍ လုံခြုံသည် ထင်ရသဖြင့် ခြေကျင်ပင် ဆက်ခဲ့ကြသည်။

ရက် အတော် ကြာလာသည် အထိ နောက်မှ လိုက်လာသည့် အရိပ်အရောင်ကို မတွေ့ရ။ အမေ သီတာလည်း စိတ်အေးစပြုပြီ။ အက်ရှ် အဖို့လည်း ရှေ့နေရေး ထိုင်ရေးကို အေးအေးဆေးဆေး တွေးနိုင်ပြီ။ သည်အတိုင်းချည်း လျှောက်သွားနေ၍ မဖြစ်။ သူတို့



www.burmeseclassic.com

www.burmeseclassic.com



တွင် ရှိသည့် ပိုက်ဆံကလည်း မကုန်နိုင် မခန်းနိုင် ရှိသည် မဟုတ်။

အမေ သီတာ အဖို့လည်း အနားယူဖို့ လိုသေးသည်။ ခေါင်းပေါ်တွင် အမိုးအကာလေး ရှိဖို့ လိုသေးသည်။ ယခုလို တစ်ည တစ်နေရာ ပြောင်းအိပ်နေ၍ မဖြစ်သေး။ နားခိုနေရာ မတွေ့လျှင် ကွင်းပြင်ကြီးတွေထဲမှာ သည်လိုချည်း အိပ်နေ၍ မဖြစ်သေး။ အလုပ်တစ်ခုကို ရှာရဦးမည်။ သူတို့အဖို့ တဲကလေး တစ်လုံးကို ရှာရဦးမည်။ မြန်မြန်ရမှ ဖြစ်မည်။ မြောက်ပိုင်းရာသီဥတုသည် အလွန် အေးသည်။ နေ့လယ်ကြီးမှာပင် လေသည် အေးစိမ့်နေတတ်၏။ မြောက်ပိုင်းသို့ ရောက်သွားလျှင် တောင်ထွတ်တွေပေါ်မှာ နှင်းတွေ ခဲနေလေပြီ။

ယခုဆိုလျှင် ဂူးလ်ကုတ် ပြည်နယ်နှင့်လည်း တော်တော် လှမ်းခဲ့ပြီ။ သည်လောက် အလောသုံးဆယ် ပြေးလွှားနေရာ မလိုတော့။ မဟာဒေဝီသည်လည်း သူတို့ကို လိုက်နိုင်တော့မည် မဟုတ်။

အက်ရှ်က မဟာဒေဝီ၏ အကြံအစည်များကို လူတွေ လျှောက်ပြောနေလျှင်လည်း မဟာဒေဝီ အဖို့ မှုစရာ မဟုတ်တော့။ ဂူးလ်ကုတ် ပြည်နယ်လို မထင်မရှား ပြည်နယ်ကလေးက ကိစ္စကို မည်သူက စိတ်ဝင်စားနေမည်နည်း။ ထို့ပြင် ပြောသူကလည်း ခြေသလုံး အိမ်တိုင် သွားနေသည့် ကလေးသာသာ ကောင်ကလေး တစ်ယောက်။ သူ့စကားကို မည်သူက အရေးတယူ နားထောင်နေမည်နည်း။

သို့ရာတွင် အက်ရှ်သည် မဟာဒေဝီ၏ အထောက်တော်များ၊ အတွင်းလူယုံများကို အထင်သေးခြင်း ဖြစ်၏။ မဟာဒေဝီသည် သူ့ကို အဘယ်ကြောင့် ဤမျှ အပျောက်ရှင်းချင်သနည်း ဆိုသည့် အကြောင်းရင်းကို အက်ရှ် နားမလည်။

မဟာဒေဝီသည် မဟာရာဇာ စော်ဘွားကြီး၏ ရန်ကို ကြောက်၍ သူ့ကို လိုက်လံ အပျောက်ရှင်းလိုခြင်း မဟုတ်။ ဗရစ်တစ် ရပ်ဂျ် ခေါ် ဗြိတိသျှတို့၏ အာဏာစက်ကို ကြောက်၍ သူ့ကို အပျောက် ရှင်းလိုခြင်း ဖြစ်သည်။

ယခင်တုန်းကမူ အက်ရှ်လို ကောင်လေး တစ်ယောက် သူတို့နယ်မှ ထွက်ပြေးသွားခြင်းသည် ဘာမှ မှုလောက်စရာ မရှိ။ သို့ရာတွင် ယခုသည် ယခင် မဟုတ်တော့။ အင်္ဂရေဇီ ခေါ် အင်္ဂလိပ်တို့သည် အိန္ဒိယပြည်ကြီး တစ်ပြည်လုံးကို စိုးမိုး အုပ်ချုပ် မင်းလုပ်နေပြီ။ သူတို့ တင်ချင်သည့် စော်ဘွားကို တင်၍ သူတို့ မတင်ချင်သည့် စော်ဘွားကို ရာဇပလ္လင်ပေါ်မှ ဆွဲချနေပြီ။

ဂျာနူးဘိုင်သည် သူ့သားကို သူတို့ ပြည်နယ်က ရာဇပလ္လင်ပေါ်သို့ တင်ချင်သည်။ သို့တင်နိုင်ရန် အတွက် အိမ်ရှေ့ကိုယ်တော်လေး လာလာဂျီကို ရှင်းပစ်ဖို့ လိုသည်။ မဟာဒေဝီသည် အိမ်ရှေ့ ကိုယ်တော်လေးကို အပျောက်ရှင်းရန် ကြိုးစားခဲ့သည့်တိုင် မအောင်မြင်ခဲ့။ သို့တိုင် စိတ်ပျက် လက်လျှော့ခြင်း မရှိသေး။ တစ်နည်း မဟုတ်လျှင် တစ်နည်း စမ်းကြည့်ရလိမ့်မည်။ သူ့ကို အပျောက်ရှင်းဖို့ ကိစ္စက သည်လောက် အရေးမကြီး။ အရေးကြီးသည်က သူ့လက်ချက်မှန်း မသိအောင် ဖုံးဖို့ ကိစ္စ ဖြစ်သည်။

ယခုမူ လာလာဂျီ၏ အစေတော် တစ်ယောက် ဖြစ်သည့် ဘာမဟုတ်သည့် မလောက်လေး မလောက်စား ကောင်လေး တစ်ယောက်က သူ့ အကြံအစည်ကို သိသွားပြီ။ သည်ကောင်လေးသည် အင်္ဂလိပ်တို့၏ သူလျှို အထောက်တော် ဖြစ်ကောင်း ဖြစ်နိုင်သည်။ သို့ဖြစ်လျှင် သူ့ကို အပြတ် ရှင်းပစ်လိုက်သည်က အကောင်းဆုံး ဖြစ်မည်။ သူက တစ်ဆင့် စော်ဘွားကြီး သိသွားနိုင်သည်။ စော်ဘွားကြီးသည် သူ့ကို မျက်နှာသာ ပေးတတ်သည်။ သူ့မျက်နှာသာ ပေးလျှင် သူ့စကားကိုလည်း ယုံသွားနိုင်သည်။

ထို့ကြောင့် အက်ရှ်ကို အပြတ်ရှင်းရန် မဟာဒေဝီ ကြံစည်ရခြင်း ဖြစ်သည်။ သို့ စီစဉ်နေစဉ် သူတို့ ထွက်ပြေးကြပြီ။ ထို့ကြောင့် မဟာဒေဝီ ဂျာနူးဘိုင်သည် စိတ်ဆိုးရုံမျှမက အနည်းငယ်လည်း စိုးရိမ် ထိတ်လန့်စ ပြုလာသည်။

အက်ရှ် ထွက်ပြေးသည့် အခါတွင် အိမ်ရှေ့ကိုယ်တော်လေး လာလာဂျီကလည်း စိတ်ဆိုးသည်။ ထို့ကြောင့် လူစုခွဲ၍ အရာခိုင်းကာ သူ့ကို ဖမ်းရန် အမိန့်ပေးလိုက်၏။ သို့ရာတွင် ရှာမရသည့် အခါ၌ အိမ်ရှေ့ကိုယ်တော်လေးသည် ထိုကိစ္စကို မေ့မေ့ပျောက်ပျောက် ဖြစ်သွား၏။ အချို့သူများကလည်း အရှော့ မရှိတော့သည့် အတွက် ဝမ်းသာကြသည်။ မဟာဒေဝီ ကိုယ်တိုင်လည်း ဝမ်းသာသင့်သလောက် သာသည်။ သို့ရာတွင် ထိုသတင်းကို ဗြိတိသျှတို့ ကြားမည် စိုးရိမ်သဖြင့်သာ ဝမ်းမသာနိုင်ခြင်း ဖြစ်သည်။

မဟာဒေဝီသည် သူတို့ ဟော်နန်းသို့ ဗြိတိသျှ ဗိုလ်မှူးကြီး ဖရက်ဒရစ် ဗင်း မခေါ်ပင့်ဘဲ ရောက်လာ

www.burmeseclassic.com

www.burmeseclassic.com



သည်ကို မမေ့နိုင်သေး။ ဗိုလ်မှူးကြီး ရောက်လာသည့် အခါတွင် ဇော်ဘွားကြီး ကိုယ်တိုင်ပင် စိတ်မပါ့တပါ ဖြင့် သူ့ကို ဂုဏ်ပြု ကြိုဆိုခဲ့ရသေးသည် မဟုတ်လော။ မိမိတို့၏ ဆွေမျိုးများ၊ ပြိုင်ဘက်များကို သတ်ဖြတ်၍ ထီးနန်းကို အုပ်ချုပ်သည့် ဇော်ဘွားများ၊ မင်းညီမင်းသား များကို ဗြိတိသျှတို့သည် ရာဇပလ္လင်မှ ဆွဲချသည် ဟူ သော သတင်းများကိုလည်း ကြားနေရသည်။

အိမ်ရှေ့ကိုယ်တော်လေး တစ်စုံတစ်ခု ဖြစ်ပြီ ဆိုသည့် သတင်းကို အရှော့ ဆိုသည့် ကောင်လေး ကြား လျှင် သူ သိခဲ့သမျှတို့ကို ဗြိတိသျှ အာဏာပိုင်တို့ထံ သွားမပြောဟု မည်သူ အာမခံနိုင်သနည်း။ ဗြိတိသျှ တို့က စုံစမ်းလား မေးမြန်းလား လုပ်လာနိုင်သည်။ ထို အခါတွင် မိမိ အကြံအစည်တို့ မပေါ်ဟု မည်သူ တာဝန် ခံနိုင်သနည်း။

ဟုတ်သည်။ သည်ကောင်လေးကို အရှင်ထား၍ မဖြစ်။ သည်ကောင်လေး အသက် ရှိနေသေးသမျှ သူ သည် မိမိအတွက် အန္တရာယ် တစ်ခု ဖြစ်နေလိမ့်မည်။ မိမိ သားယေ နန်းတက်ရေးတွင် အတားအဆီး တစ်ခု ဖြစ်နေလိမ့်မည်။

'ဘယ်နည်းနှင့် ဖြစ်ဖြစ် တွေ့အောင် လိုက်ရှာ ကြ၊ သူရော သူ့အမေကိုရော နှစ်ယောက်စလုံးကို တွေ့ အောင် ရှာခဲ့၊ နို့မဟုတ်ရင် ဒီကောင်လေးက အကုန် လျှောက်ပြောနေလိမ့်မယ်၊ သင်းတို့ မသေသေးသမျှ အလာဂျီကို ငါ ဘာမှ လုပ်လို့ ရဦးမှာ မဟုတ်ဘူး' ဟု မဟာဒေဝီ ဂျာနူးဘိုင်က ပြောသည်။

အက်ရှ်သည် ပေတစ်ရာ လမ်းမကြီး အနီးက ရွာကလေး တစ်ရွာတွင် ပန်းပဲ အလုပ်ရ၏။ ပန်းပဲဖို အနီးက ဂိုဒေါင် တစ်လုံးတွင် သူတို့ သားအမိ နှစ် ယောက် နေရသည်။ သူတို့နေသည့် ဂိုဒေါင် အခန်း ကလေးက တကယ့် ကျဉ်းကျဉ်းကလေး။ ပြတင်းပေါက် မရှိ၊ လေဝင်ပေါက် မရှိ။ အလုပ်ကလည်း ပင်ပန်းသည်။ ရသည့် လုပ်ခကမူ ဘာမျှ မဖြစ်လောက်။

သို့ရာတွင် ဤသည်မှာ အစမျှသာ ရှိသေး၏။ သူတို့တွင် ဟီရာလားလ် ပေးလိုက်သည့် ပိုက်ဆံကလေး ကျန်သေးသည်။ ထိုပိုက်ဆံဖြင့် ကြိုးခုတင် အဟောင်း ကလေး တစ်လုံး၊ အပေါ်စား မွေ့ရာကလေး တစ်ချပ် နှင့် အိုးခွက် ပန်းကန်များ ဝယ်သည်။ မြင်းရောင်းရ သည့် ပိုက်ဆံကလေးကိုမူ အိပ်ရာအောက်တွင် ကျင်း တူးပြီး မြှုပ်ထား၏။

အက်ရှ် အပြင် ထွက်သွားသည့် အခါ အမေ သီတာသည် နံရံတွင် နောက်ထပ် အပေါက် တစ်ပေါက် ဖောက်ပြီး ပါမောက္ခ ဟီလာရီ၏ စာရွက်တွေ ထည့် ထားသည့် ချိပ်ပိတ်ထားသော အထုပ်ကလေးကို ဝှက် ထားလိုက်သည်။ လေညင်းသာ ဟော်နန်းတုန်းက သူ့ အခန်းကလေးထဲတွင် ဝှက်ထားရာမှ ယူလာခဲ့ခြင်း ဖြစ် ၏။

အမေ သီတာသည် သူ့အတွက် အလုပ် လိုက် ရှာဖို့လည်း ကြိုးစားခြင်း မပြုတော့။ အားလျှင် အပြင် ထွက်၍ နေစာလှုံသည်။ ထမင်း ချက်သည်။ ညဆိုလျှင် အရှော့ ပြောပြသည့် နေ့လယ်က အတွေ့အကြုံများကို နားထောင်သည်။

အမေ သီတာသည် အက်ရှ်၏ နေရေး ထိုင်ရေး ကိုလည်း မေးမြန်းခြင်း မပြု။ ဘာကိုမှလည်း တောင့် တောင့်တတ မရှိ။ လေညင်းသာ ဟော်တွင် မတောင့်မတ နေခဲ့ရသည်ကိုလည်း မလွမ်း။ လေညင်းသာ ဟော်တွင် အရှော့ကို တွေ့ချင်၍လည်း မတွေ့ရ။ အရှော့ ကိုယ် တိုင်လည်း ပျော်ပိုက်ခြင်း မရှိကြောင်းကို အမေသီတာ သိသည်။

ယခု အက်ရှ်ကို ကြည့်ရသည်မှာ အိမ်ရှေ့ ကိုယ် တော်လေးထဲတွင် ခစားရသည်ထက် ပျော်ဟန်တူသည်။ လုပ်ခက နည်းသည့်တိုင် ကိုယ့်လုပ်ခကို ကိုယ့်ဘာသာ ကိုယ် ကိုင်ရသည်။ လေညင်းသာ ဟော်တုန်းက ဆိုလျှင် သူတို့ လက်ထဲတွင် ပိုက်ဆံ တစ်ခါမျှ မကိုင်ရ။ မည် သို့ဖြစ်စေ သူသည် လူကြီး တစ်ယောက် ဖြစ်ပြီ။

အက်ရှ်က တစ်နေ့တွင် အမေ သီတာနှင့် အတူ ရွှေပြည်သာ ရွာကလေးသို့ သွားကာ အေးချမ်းစွာ နေ တော့မည် ဟူသော စိတ်ကူးကို စွန့်လွှတ်ခြင်း မပြုသေး သည့်တိုင် သည်နေရာကလေးတွင် တစ်နှစ် တန်သည် နှစ်နှစ် တန်သည်တော့ နေလိုက်ဦးမည်ဟု စိတ်ကူးထား သည်။

သို့ရာတွင် နောက်နှစ် နှစ်သစ်ကူးပြီး မကြာခင် တွင် သူတို့ ရှိရာသို့ လူနှစ်ယောက် ပေါက်လာသည်။ တောင်ပေါ်သူ မိန်းမ တစ်ယောက်နှင့် ကောင်လေး တစ်ယောက်ကို လိုက်ရှာကြခြင်း ဖြစ်၏။ ကောင်လေး က မျက်လုံးပြာပြာနှင့် ဖြစ်ပြီး မိန်းကလေး အသွင် ရုပ်ဖျက် ထားနိုင်သည်ဟု သူတို့က ပြောကြသည်။ သူ တို့ နှစ်ယောက်သည် ဂူးလ်ကုတ် ပြည်နယ် ဇော်ဘွား ပိုင်သော ကျောက်မျက်ရတနာများကို ခိုးယူ ထွက်ပြေး



www.burmeseclassic.com

www.burmeseclassic.com


တစ်ညနေတွင် သစ်စက် တစ်ခု အနီးတွင် ကုလီများနှင့် စကား ပြောနေစဉ် မဟာရာဇာ တစ်ဦး၏ ကျောက်မျက်ရတနာများကို ခိုးယူသွားသည့် သူခိုး နှစ်ယောက်ကို မိလျှင် ဆုတော်ငွေ ပေးမည် ဖြစ်ကြောင်းဖြင့် ပြောဆိုနေသည့် သတင်းများကို ကြားရပြန်သည်။ အက်ရှ်သည် စိတ်ဓာတ်ကျစ ပြုလာ၏။ သူတို့နှစ်ယောက်သည် ပြေး၍မှ လွတ်ပါဦးမည်လော မဆိုနိုင်။

အမေ သီတာက

'မထူးပါဘူးကွယ်၊ မြောက်ပိုင်း တောင်ပေါ်ကို သွားနေတာပဲ ကောင်းပါတယ်၊ တောင်ပေါ်ဆိုရင် အမေတို့ စိတ်ချရပြီ၊ လမ်းပန်းကလည်း မသာဘူး၊ ပုန်းစရာ ခိုစရာတွေလည်း အများကြီး၊ ဟောဒီ မြေပြန့်မှာ နေရတာက အမေ ကျောချမ်းလွန်းလို့၊ ဘာမှလည်း အကာအကွယ် မရှိ၊ လမ်းတွေကလည်း ပွစာတက်လို့'

သို့ဖြင့် သူတို့နှစ်ယောက်သည် မြောက်ပိုင်းသို့ လာခဲ့ကြသည်။ သို့ရာတွင် ခြေကျင် ဖြစ်၍ ခရီး မတွင်လှ။ သူတို့တွင် ရထားခ၊ လှည်းခ အတွက်လည်း ပိုက်ဆံ မရှိတော့။ အစားအသောက် အတွက် ချန်ထားသည့် ပိုက်ဆံကလေးသာလျှင် ကျန်တော့သည်။ တည်းခိုမတတ်နိုင်သည့် အတွက် မြို့ရောက်လျှင် လမ်းမတွင် အိပ်ပြီး တောရောက်လျှင် သစ်ပင်အောက်မှာပင် အိပ်ကြသည်။

သို့ဖြင့် ဤသို့ နေလာခဲ့ကြရာ တစ်နေ့တွင်မူ အမေ သီတာ၏ ကျန်းမာရေး အခြေအနေမှာ ဆိုးလာခဲ့ကာ ရှေ့ဆက်၍ ခရီး မသွားနိုင်သည့် အခြေအနေသို့ ရောက်လာခဲ့သည်။

သူတို့ နှစ်ယောက်သည် မနေ့ညက ဂျီလွန်မြစ်ကမ်းဘေးရှိ ကျောက်ဆောင်ကြီး တစ်ဆောင် အောက်တွင် အိပ်ခဲ့ကြရ၏။ ထိုကျောက်ဆောင်ကြီး အောက်မှ မျှော်ကြည့်လိုက်လျှင် ကသ္မီယ တောင်တန်းများပေါ်မှ နှင်းခဲများကို မြင်နေရသည်။ နှင်းတို့ စွတ်စိုလျက် ရှိသည့် မြေပြန့် လွင်ပြင်ကြီးပေါ်သို့ အရှေ့ဘက် ဖြာဆင်းလာသည့် အခါ၌ ခံတပ် တံတိုင်းကြီးလို ဖြစ်နေသော တောင်စဉ် တောင်တန်းကြီးများသည် မနက်ခင်း နှင်းမြူတွေ အထက်မှာ ရောက်နေကြသည်။ နေခြည်ဦးတို့ ပက်ဖျန်းထားသဖြင့် တောင်တန်းကြီးများသည် နှင်းဆီရောင် သန်းလျက်။ တောင်တန်းကြီးများသည် တစ်နေ့ ခရီးလောက် ဝေးကွာနေသေးသည့်တိုင် သူတို့နှင့်မနီးမဝေးတွင် ရောက်နေသည်ဟု ထင်ရသည်။

သွားခြင်း ဖြစ်ကြောင်း၊ သူတို့ကို ဖမ်းမိလျှင် ဆုတော်ငွေ ငါးရာ ပေးမည် ဖြစ်ကြောင်း၊ သတင်း ပေးနိုင်လျှင် ဆုတော်ငွေ ငါးဆယ် ပေးမည် ဖြစ်ကြောင်းဖြင့် ပြောကြ၏။

ထိုလူများသည် ညကြီး မိုးချုပ်တွင် ရောက်လာကြခြင်း ဖြစ်၏။ ထိုညက အက်ရှ်သည် ရွာသူကြီး အိမ်တွင် သွားအိပ်နေသည်။ ရွာသူကြီး သားမှာ သူနှင့် နှင်မင် ရင်းနှီးသောကြောင့် သူတို့အိမ်သို့ သွားအိပ်ခြင်း ဖြစ်၏။ သူကြီးသားသည် လူနှစ်ယောက်နှင့် သူ့အဖေတို့ ပြောနေသည့် စကားများကို ကြားသည်တွင် အရှေ့တို့ သားအမိ နှစ်ယောက်၏ ပုံစံနှင့် ကိုက်နေသဖြင့် အက်ရှ်ကို နှိုးပြီး ပြောသည်။

နာရီဝက်ခန့် အကြာတွင်မူ အက်ရှ်နှင့် အမေ သီတာတို့သည် ကြယ်ရောင်အောက် လယ်ကွင်းထဲက လူသွားလမ်း ဖုန်ဖုန်ကလေး အတိုင်း ထွက်ပြေး လာခဲ့ကြသည်။ အမေ သီတာက ကောင်းကောင်း လမ်းမလျှောက်နိုင်တော့သဖြင့် လှည်းကြုံလေး ဘာလေး တွေ့လိုတွေ့ငြား ပေတစ်ရာ လမ်းမကြီးပေါ်သို့ ဖက်လာခဲ့ကြသည်။

ကံအားလျော်စွာပင် သဘောကောင်းသည့် မြင်းရထားသမား တစ်ယောက်နှင့် တွေ့ကာ သူတို့ကို ငါးမိုင်ခန့် ဝေးသည့် မြို့ကလေး တစ်မြို့သို့ ခေါ်သွား၏။ ထိုမြို့ကလေးမှ တစ်ဆင့် ကွင်းပြင်များကို ဖြတ်ကာ တောင်ဘက်သို့ ဆင်းလာခဲ့ကြသည်။

နောက် နှစ်လလုံးလုံး သူတို့ နှစ်ယောက်သည် အငတ်ငတ် အပြတ်ပြတ်ဖြင့် နေခဲ့ကြရ၏။ နောက်မှ လိုက်လာမည့် အန္တရာယ်ကိုလည်း စိုးရိမ်ရသေးသည်။ သူတို့ကို အာရုံ စိုက်မည် ထင်သည့် နေရာများတွင် မနားရဲဘဲ တောကြို တောင်ကြားတွင် ပုန်းအိပ်ရသည်။ မြို့ကြီးများမှာ မြို့ငယ်ကလေးများထက် လုံခြုံ စိတ်ချရ၏။ သို့ရာတွင် မြို့ကြီးများတွင် အလုပ် ရှာဖို့ မလွယ်။ စရိတ်စကမှာလည်း ကြီး၏။ ပိုက်ဆံကလေးကလည်း ကုန်လုပြီ။

အမေ သီတာကလည်း လူများသည့် နေရာမျိုးသို့ ရောက်လျှင် ရောဂါ တိုးချင်သည်။ အမေ သီတာသည် တောင်တန်းကြီးများကိုသာ လွမ်းနေတတ်သည်။ အမေ သီတာသည် နဂိုကတည်းကပင် မြေပြန့်ကို ကြိုက်လှသည် မဟုတ်။ ယခုမူ မြေပြန့်ကို ကြောက်၍ပင် နေလေပြီ။


www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ခေါင်းကို အနိုင်နိုင်ထူ၍ ကြည့်နေသော အမေ သီတာသည် ထိုတောင်တန်းကြီးများဆီသို့ သူ ဘယ်တော့မှ ရောက်တော့မည် မဟုတ်ကြောင်းကို သူ သိလိုက်လေပြီ။

ထိုနေ့က တစ်မနက်လုံး သူတို့နှစ်ယောက် ဘာမျှ စားကြရသေး။ သူတို့ လက်ထဲတွင် ထမင်းခြောက် တစ်ထုပ်သာ ရှိ၏။ အရေးအကြောင်း ရှိလျှင် စားရန် အမင် စုဆောင်းထားခဲ့သည့် ထမင်းခြောက်များ ဖြစ်သည်။

အက်ရှ်သည် မာတောင့်နေသည့် ထမင်းခြောက်များကို ကျောက်တုံး တစ်တုံးဖြင့် ဆန်လုံး ကွဲသွားအောင် ကြိတ်လိုက်ပြီးနောက် ရေဖြင့် စိမ်လိုက်သည်။ သို့ရာတွင် အမေ သီတာသည် ရေနှင့် ဖျော်ထားသည့် ထမင်းခြောက်ကို မမျိုနိုင်တော့။ အက်ရှ်က ရှေ့သို့ ခရီးဆက်ရန် ပြောသည့်အခါတွင် သီတာသည် ခေါင်းကို ယမ်းလိုက်၏။

'အမေ မသွားနိုင်တော့ဘူး လူလေး၊ အမေ မောတယ်'

'ကျွန်တော် သိပါတယ် အမေ၊ ကျွန်တော်လည်း မောတာပါပဲ၊ ဒါပေမဲ့ ကျွန်တော်တို့ ဒီမှာ ကြာကြာ နေလို့ မဖြစ်ဘူး၊ အန္တရာယ် များတယ် မဟုတ်လား၊ ဒီနားမှာ ပုန်းစရာ ခိုစရာ ဆိုလို့လည်း မရှိဘူး၊ သူတို့ လိုက်လာရင် တန်းတိုးနေမှာ၊ ထောင်ချောက်ထဲ ရောက်တဲ့ ကြွက်လို ဘယ်ကိုမှ သွားလို့ ရတော့မှာ မဟုတ်ဘူး၊ ကျွန်တော့် အထင်တော့ သူတို့ ဒီလမ်းက လိုက်လာကြမယ် ထင်တယ်၊ ကျွန်တော်တော့...'

အက်ရှ်သည် စကားကို ဆက်မပြောနိုင်။ သူ့စကားကို ကြားလိုက်ရလျှင် သီတာသည် ပို၍ ရောဂါ အခြေအနေ ဆိုးသွားလိမ့်မည် ထင်သည်။

'မနေ့က ကျွန်တော်တို့ နားတုန်းက ဂူးလ်ကုတ်က လူတစ်ယောက်ကို ကျွန်တော် မြင်လိုက်တယ်၊ အဲဒီ လူက ကျွန်တော်တို့ကို သိတယ်၊ ဒါကြောင့်မို့ ကျွန်တော် ဒီနားမှာ ကြာကြာ မနေဖို့ ပြောနေတာ၊ ခု ကျွန်တော်တို့ မြစ်ကမ်းအတိုင်း အောက်ကို စုန်သွားရင် ကောင်းမယ် ထင်တယ်၊ ရေတိမ်တဲ့ နေရာကျမှ ဟိုဘက်ကမ်းကို ကူး၊ ဒါမှ မဟုတ်ရင်လည်း လှေသမား တစ်ယောက်ယောက် တွေ့ရင် ဟိုဘက်ကမ်းကို လိုက်ပို့ခိုင်းရင် ကောင်းမယ်၊ ဟိုဘက်ကမ်း ရောက်မှ နားရတာက ပိုပြီး စိတ်ချရတယ်၊ အမေ့ကို ကျွန်တော် တွဲခေါ်မယ်လေ၊ သိပ် မဝေးပါဘူး အမေရယ်၊ နည်းနည်းလေး လျှောက်လိုက်ရင် ရောက်သွားမှာပါ'

'အမေတော့ ဘယ်လိုလုပ်ပြီးမှ မသွားနိုင်တော့ဘူး လူလေး၊ လူလေး တစ်ယောက်တည်းသာ လွတ်အောင် ပြေးပေတော့၊ အမေ ပါနေရင် ခရီး ဖင့်နေလိမ့်မယ်၊ လူလေး တစ်ယောက်တည်း ဆိုရင် သူတို့လိုက်လို့မိမှာ မဟုတ်ဘူး၊ ပိုပြီးလည်း စိတ်ချရမယ်၊ သူတို့က မိန်းမ တစ်ယောက်နှင့် ကောင်လေး တစ်ယောက် ဆိုပြီး လိုက်ရှာနေကြတာ ဆိုတော့ အမေ ပါနေရင် ချက်ချင်း ရိပ်မိသွားကြမှာ၊ အမှန်ကတော့ အမေ လူလေးနှင့် အစောကြီး ကတည်းက ခွဲခဲ့ဖို့ ကောင်းတယ်၊ မခွဲရက်လွန်းလို့သာ ဒီလောက် အထိ လိုက်နေတာ'

အက်ရှ်က စိတ်တိုတိုဖြင့်

'မဟုတ်တာဗျာ၊ အမေကလည်း ဘာတွေ လျှောက်ပြောနေတာလဲ၊ ကျွန်တော်ကလည်း အမေ့ကို ထားပြီး ဘယ်သွားပါ့မလဲ၊ ကျွန်တော်နှင့် ခွဲသွားလို့ရှိရင် အမေ့ကို ဘယ်သူ စောင့်ရှောက်မှာလဲ၊ ကဲ အမေ ထနော်၊ လိုက်ခဲ့နော် အမေ၊ ဖြည်းဖြည်းပဲ သွားမှာပေါ့ အမေရယ်'

အက်ရှ်သည် သူ့ဘေးတွင် ဒူးထောက် ထိုင်ချလိုက်ပြီးနောက် အမေ သီတာ၏ အေးစက်နေသော လက်များကို ကိုင်၍ ချော့နေသည်။

'အမေ ဟောဟိုက တောင်တန်းကြီးတွေပေါ်ကို သွားချင်တယ် ဆို၊ သွားချင်တယ် မဟုတ်လား ဟင်၊ သွားချင်တယ် ဆိုရင် ရောက်ရမှာပေါ့ အမေရဲ့၊ ဟိုမှာ မြင်နေရပြီလေ၊ အမေ ကြည့်စမ်းပါဦး၊ တောင်ကြီးတွေကို အတိုင်းသား မြင်နေရပြီ၊ အဲဒီ တောင်တွေပေါ် ရောက်သွားရင် အမေ နေကောင်းသွားမှာပေါ့ အမေရဲ့၊ တောင်တန်းပေါ်က လေကောင်းလေသန့်တွေကို ရှူလိုက်ရတယ် ဆိုရင် အမေ ချောင်းဆိုးတာတွေ ဘာတွေလည်း ပျောက်သွားမှာပါ၊ အဲဒီ တောင်တန်းကြီးတွေပေါ် ရောက်ရင် အမေ ပြောပြောနေတဲ့ တောင်ကြားက ရွာကလေးကို လိုက်ရှာကြမယ်လေ၊ အမေ ပြောတဲ့ တောင်ကြားရွာကလေးကို မေ့သွားပြီလား၊ ဆိတ်ကလေးတွေ မွေးမယ် ဆို၊ သံပရာပင်ကလေးတွေ ရောက်ပင်ကလေးတွေ စိုက်မယ် ဆို၊ ပြီးတော့...'

အက်ရှ်၏ အသံသည် ပြောရင်းဆိုရင်း တိမ်ဝင်သွား၏။ အမေ သီတာ၏ လက်ကို ဆွဲကာ သူ့ကို ထူ ကြည့်ပြန်သည်။

'ကဲ ထပါ အမေရယ်၊ သိပ် သွားရတော့မှာ မဟုတ်ပါဘူး၊ နည်းနည်းကလေး ကျန်ပါတော့တယ်'



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် သူ့ခရီးသည် လမ်းဆုံးသို့ ရောက်ပြီဖြစ်ကြောင်းကို သီတာ သိသည်။ သူ့တွင် ခွန်အားတွေ မရှိတော့။ ကုန်ခန်းခဲ့ပြီ။ ကျန်သည့် အားခွန်ကလေးကိုမူ သူ မလုပ်ချင်ဆုံး ဖြစ်သည့် နောက်ဆုံး အလုပ်တစ်ခုကို အချိန်မနှောင်းမီ လုပ်ဖို့ ချန်ရဦးမည်။

အမေ သီတာသည် သူ့လက်ကို ဆုပ်ကိုင်ထားသည့် အက်ရှ် လက်ထဲမှ အသာ ရုန်းထွက်လိုက်ပြီးနောက် ဆာရီကြားထဲသို့ စမ်းကာ ခါးတွင် ကြိုးဖြင့် စည်းထားသည့် ချိပ်ပိတ်ထားသော စာထုပ်နှင့် သားရေ အိတ်ကလေးကို ထုတ်သည်။ ထိုပစ္စည်းများကို ကြည့်ရင်း မျက်ရည်များသည် ပါးပြင်ပေါ်သို့ စီးဆင်းလာကြ၏။

အရှေ့က သူ့ကို အမေ အရင်းဟု ထင်ခဲ့ရာ ထိုသို့ အထင်ခံရသည့် ပီတိသည် မည်မျှ အရသာရှိလေသနည်း။ ယခုမူ အမှန်ကို ပြောရတော့မည်။ သည် အမှန်တရားကို သူ ဖွင့်မပြောရက်။ သို့ရာတွင် မပြော၍ မဖြစ်။ သူ မသေခင် အရှေ့ တစ်ယောက် အမှန်ကို သိအောင်မူ ပြောသွားရတော့မည်။ အရှေ့ကို လွတ်အောင် ပြေးစေလိုလျှင် ထိုအမှန်ကို ဖွင့်ပြောလိုက်သည့် နည်းမှအပ အခြားနည်း မရှိတော့။ ဤသို့ ပြောလိုက်လျှင်... ။

အမေ သီတာသည် တုန်ရီသော နှုတ်ခမ်းများကို လှုပ်ကာ လေသံကလေးဖြင့်

'လူလေး၊ လူလေးဟာ... လူလေးဟာ အမေ့သားအရင်း မဟုတ်ဘူး လူလေးရဲ့၊ လူလေးက အင်္ဂရေစီဆပ် တစ်ယောက်ရဲ့ သား'

ထိုစကားများသည် အက်ရှ်အဖို့ ဘာမျှ အဓိပ္ပာယ် မရှိ။ သူ့ကို ဘာမျှ ထူးခြားအောင် မလုပ်နိုင်။ သို့ရာတွင် အမေ သီတာ၏ မျက်ရည်များကို မြင်ရသည်ကမူ ရင်နာသည်။ အမေ သီတာ၏ မျက်ရည်များကို မြင်ရခြင်းလောက် ဘယ်အရာမျှ ကြောက်စရာ မကောင်း။

အက်ရှ်သည် ဟဝါးမဟာ ခေါ် လေညင်းသာဟော်နန်းထဲတွင် ထမင်းစားကျွန်ခံ ဘဝဖြင့် နေခဲ့ရဖူးပြီ။ အသက်ဘေးကြောင့် အကြောက်ကြောက် အလန့်လန့်ဖြင့် ထွက်ပြေးခဲ့ရဖူးပြီ။ သူ ချစ်သော မြွေပါကလေး တူကူးကို ဆုံးရှုံးခဲ့ရပြီ။ အဆိပ်မှန့်ထုပ်နှင့် မြွေဟောက်တို့၏ ရန်ကိုလည်း ကြုံခဲ့ရဖူးပြီ။ ထွက်ပြေးစဉ် လမ်းတွင် ရင်တထိတ်ထိတ် အဖြစ်မျိုးနှင့်လည်း ကြုံခဲ့ရဖူးပြီ။ သို့ရာတွင် ထိုအရာများသည် အမေ သီတာ၏ မျက်ရည်စများကို မြင်ရခြင်းလောက် ကြောက်စရာ မကောင်း။

အက်ရှ်သည် အမေ သီတာကို လည်ပင်းမှ သိုင်းဖက်လိုက်ကာ လမ်းမလျှောက်နိုင်လျှင် သူ ပိုးသွားမည့်အကြောင်း၊ ဘာမှ အားငယ်ဖို့ မလိုကြောင်းဖြင့် ပြော၏။ အမေ သီတာသည် သူ့လည်ပင်းကို အသာအယာ ခိုလိုက်ခဲ့မည် ဆိုလျှင် တော်တော်တန်တန် ခရီးလောက်ကိုမူ ပွေ့ချီသွားနိုင်သည်ဟုလည်း အက်ရှ် တကယ် အမှန် ယုံသည်။

အမေ သီတာ ပြောသည့် စကားများသည် စင်စစ် ဘာမျှ အဓိပ္ပာယ် မရှိ။ ပိုက်ဆံတွေကို မြင်လိုက်သည့် အခါတွင်မူ အက်ရှ် အကြီးအကျယ် အံ့အားသင့်သွား၏။ သူ့တစ်သက်တွင် သည်မျှလောက် များပြားသည့် ပိုက်ဆံကို တစ်ခါမျှ မမြင်စဖူး။

သည်ပိုက်ဆံတွေနှင့် လှည်း ငှားနိုင်တော့မည်။ အသုံးလိုသည့် ပစ္စည်းများကို ဝယ်နိုင်တော့မည်။ အမေ သီတာ လမ်းလျှောက်စရာ မလိုတော့။ သူတို့ကို လိုက်နေသူများထံမှ လွတ်အောင် ပြေးနိုင်တော့မည်။ အမေ့အတွက် ဆေးဆရာ ပြနိုင်တော့မည်။ လိုအပ်သည့် ဆေးဝါးတို့ကို ဝယ်နိုင်တော့မည်။ သူတို့တွင် ငွေရှိသည်။ ဘာမျှ စိုးရိမ်စရာ မလိုတော့။

'ကျွန်တော့်ကို စောစောတုန်းက ဘာဖြစ်လို့ မပြောတာလဲ အမေ'

'လူလေးဟာ အမေ့သား အရင်း မဟုတ်ဘူး ဆိုတာ လူလေး မသိစေချင်လို့ ဖုံးထားခဲ့တာပါ လူလေးရယ်၊ တကယ်ကတော့ အမေ ဒီပိုက်ဆံတွေနှင့် ဒီအထုပ်တွေကို ထားပစ်ခဲ့ချင်တယ်၊ ဒါပေမဲ့ အမေ မလုပ်ခဲ့ဘူး၊ တစ်နေ့မှာ လူလေး အတွက် အသုံးလိုမှာပဲ ဆိုပြီး သိမ်းထားခဲ့တာ၊ ခုတော့ လူလေးမှာ အသုံးလိုလာပြီ မဟုတ်လား၊ ခု မဟာဒေဗီရဲ့ လူတွေက လူလေးနောက်ကို လိုက်နေကြပြီ၊ သူတို့ရန်က လွတ်ချင်ရင် လူလေး အမေ့ကို ထားပစ်ခဲ့တော့၊ လူလေးရဲ့ အမျိုးတွေ ရှိရာကို သွားတော့၊ အဲဒီကို ရောက်ရင် သူတို့ လူလေးကို ရန်မူရဲတော့မှာ မဟုတ်ဘူး၊ အဲဒီ ရောက်ရင် လူလေး စိတ်ချရပြီ၊ ဘာမှ စိုးရိမ်စရာ မလိုတော့ဘူး'

'ဘယ်က ကျွန်တော့် အမျိုးတွေ ရှိရမှာလဲ အမေရယ်၊ အမေ့မှာ ဆွေမျိုး မရှိဘူးလို့ အမေပဲ ပြောခဲ့တယ် မဟုတ်လား၊ ကျွန်တော်ဟာ အမေ့သား၊ အမေ့သား အရင်း၊ ဘယ်သူ့သားမှ မဟုတ်ဘူး၊ အမေ ဘာဖြစ်လို့ ဒီစကားတွေကို ပြောနေတာလဲ၊ အမေ နေမကောင်းလို့ အစာ မရှိလို့ ကယောင်ကတမ်းတွေ ပြောနေတာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား၊ ခု ကျွန်တော်တို့မှာ ပိုက်ဆံ ရှိပြီ၊ အမေ ဘာစားချင်သလဲ၊ အမေ စားချင်တာကို စားနိုင်ပြီ၊ လှည်း တစ်စီးလောက် ငှားနိုင်ပြီ၊ ပြီးတော့...'

ကြောက်စိတ်၊ စိုးရိမ်စိတ်တို့ကြောင့် သီတာသည် အားခွန်တွေ ပိုတိုးလာသည်ဟု ထင်လိုက်ရ၏။ သီတာက သူ့လက်ကောက်ဝတ်ကို ခပ်တင်းတင်း ဆုပ်သည်။

'ဒီမှာ လူလေး၊ အမေ့ စကားကို နားထောင်စမ်းပါ၊ သား ဒီပိုက်ဆံတွေကို ယူသွားပြီး စားစရာတွေ သွားဝယ်လို့ ဘယ်ဖြစ်မလဲ၊ သားရဲ့ လက်ထဲမှာ ဒီပိုက်ဆံတွေကို မြင်သွားရင် ခိုးလာတယ်လို့ ထင်ကြမှာပေါ့၊ သားမှာ ရှိတဲ့ ပိုက်ဆံတွေဟာ အများကြီး၊ ဒီလောက်များတဲ့ ပိုက်ဆံတွေကို ကလေး တစ်ယောက် လက်ထဲမှာ တွေ့ရင် ဘယ်လို ထင်ကြမလဲ၊ ဒီတော့ ဒီပိုက်ဆံတွေကို အမေ ဝှက်ထားသလို သားလည်း ဝှက်ထားပါ၊ သားရဲ့ ဆွေမျိုးတွေဆီ ရောက်မှ ဒီပိုက်ဆံတွေကို ထုတ်သုံးပါ။

'ဒီအထုပ်ထဲမှာ စာတွေ ပါတယ်၊ ဒီစာရွက်စာတမ်းတွေထဲမှာလည်း စာတွေ ရေးထားတာ ရှိတယ်၊ မြို့ကို ရောက်ရင် အင်္ဂရေစီစာ တတ်တဲ့ လူတစ်ယောက်ကို သွားပြပါ၊ ဒီစာတွေကို ဘယ်ကို သွားပေးရမယ်ဆိုတာ သူတို့ ပြောပြလိမ့်မယ်၊ ဒီစာဟာ လူလေး အဖေသေခင် ရေးသွားတဲ့ စာတွေပဲ၊ သူ့ဆန္ဒအရ အမေဟာ လူလေးကို ဆွေမျိုးတွေဆီကို သွားပို့တာ၊ ဒါပေမဲ့ ဟိုမှာ သူပုန်ကြီး ထပြီး အင်္ဂရေစီတွေကို လိုက်သတ်နေကြလို့ အမေ မပို့နိုင်ခဲ့ဘူး၊ ဒါနှင့် ပိုက်ဆံတွေနှင့် စာရွက်စာတမ်းတွေကို အမေ သိမ်းထားခဲ့တာ။

'ခုတော့ သူ့ဆန္ဒအတိုင်း အမေ ဒီစာရွက်စာတမ်းတွေကို လူလေးကို လွှဲခဲ့ပြီ၊ သီတာရယ် ငါ့သားလေးကို စောင့်ရှောက်လိုက်ပါလို့ တဖွဖွ မှာသွားလို့ လူလေးကို စောင့်ရှောက်ခဲ့တယ်၊ ခု အမေ တာဝန်ကျေပြီ လူလေး၊ အမှန်ကတော့ အမေဟာ လူလေးရဲ့ အမေရင်း မဟုတ်ဘူး၊ လူလေးရဲ့ အမေဟာလည်း အင်္ဂရေစီပဲ၊ ဒါပေမဲ့ လူလေး အမေဟာ လူလေးကို မီးဖွားပြီး မကြာခင်မှာပဲ ဆုံးသွားခဲ့တယ်။

'ဒါနှင့် လူလေးကို အမေပဲ နို့တိုက်ပြီး မွေးခဲ့တာ၊ လူလေး အမေ့ဝမ်းက ကျွတ်ကတည်းက လူလေးကို အမေပဲ မွေးခဲ့တာ၊ ခုတော့ လူလေးကို အမေ မမွေးနိုင်တော့ဘူး လူလေးရယ်၊ လူလေးကို လူလေးရဲ့ အမျိုးတွေဆီကို ပြန်ပို့ရတော့မယ်၊ သူတို့ဆီကို ရောက်ရင် လူလေး အတွက် စိတ်ချရပါပြီ၊ အမေလည်း ရှေ့လျှောက် မလိုက်နိုင်တော့ဘူး၊ ဒီတော့ လူလေး တစ်ယောက်တည်း လွတ်အောင်သာ ပြေးပေတော့၊ အမေ့ကို ထားခဲ့တော့'

'ဟင့်အင်း၊ အမေ့ကို ကျွန်တော် မထားခဲ့နိုင်ဘူး၊ အမေဟာ ခုထိ ကျွန်တော့် အမေပဲ၊ ဒါကြောင့်မို့ အမေ တစ်ယောက်တည်း ကျွန်တော် ထားမပစ်ခဲ့နိုင်ဘူး၊ ကျွန်တော့်ကို ထားပစ်ခဲ့ဖို့ စကား မပြောပါနှင့်၊ အမေ ပြောတာတွေကို ကျွန်တော် တစ်ခုမှ မယုံဘူး၊ ဖြစ်လည်း မဖြစ်နိုင်ဘူး၊ အမေ ပြောတာတွေ ဟုတ်တယ် ဆိုရင်လည်း အရေးမကြီးပါဘူး၊ ဒီစာရွက်တွေကို မီးရှို့ပစ်လိုက်မယ်၊ အဲဒီအခါကျရင် ဘယ်သူ သိတော့မှာလဲ၊ ကျွန်တော်ဟာ အမေ့သားပဲ ဖြစ်နေမှာပေါ့'

'လူလေးဟာ အမေ့သား ဆိုရင် အမေ့ စကားကို နားထောင်ပါ၊ လူလေး ဒီလို လုပ်တာကို အမေ ခွင့်မပြုနိုင်ဘူး၊ အမေ တစ်ယောက် အနေနှင့် ပြောမယ်၊ သား အမေ့ကို ထားပစ်ခဲ့ပါ၊ နေချင်သပ ဆိုရင်တော့ အမေ အသက် ထွက်သည် အထိ နေချင်နေပါ၊ သိပ်တော့ ကြာတော့မှာ မဟုတ်ပါဘူး၊ အမေ မရှိတဲ့နောက် ကျရင်တော့ ဒီစာရွက်စာတမ်းတွေနှင့် ပိုက်ဆံတွေကို ယူပြီး ဒီနေရာက မြန်မြန် လွတ်အောင် ပြေးပါ၊ ဒီစာရွက်စာတမ်းတွေကို ဖျက်ဆီး မပစ်ပါနှင့်၊ လူလေး အမေ့ကို ချစ်တယ်နော်၊ ချစ်တယ် ဆိုရင် ဒီစာရွက်စာတမ်းတွေကို ဖျက်ဆီးမပစ်ပါဘူးလို့ ကတိပေးပါ လူလေးရယ်၊ ဒီစာရွက်တွေကို ယူပြီး လူလေးရဲ့ အမျိုးတွေဆီကို ရောက်အောင် သွားပါ့မယ်လို့ ကတိပေးပါ၊ တကယ်လို့ အမေ ပြောတဲ့ အတိုင်း မလုပ်ဘူး ဆိုရင်တော့ အမေ့ကိုလည်း အမေလို့ မအောက်မေ့နှင့်တော့၊ အမေလို့ သဘောထားသေးတယ် ဆိုရင် အမေ ပြောတဲ့ အတိုင်း လုပ်ပါ၊ လူလေး အမေ့ကို ကတိပေးတယ်နော်'

'ဟုတ်ကဲ့ အမေ၊ ကျွန်တော် ကတိပေးပါတယ်'

အက်ရှ်က ခပ်တိုးတိုး ပြောသည်။ အမေ သီတာ မသေနိုင်။ အမေ သီတာ သေတော့မည် ဆိုသည်မှာ မဟုတ်နိုင်။ ဆေးဆရာ တစ်ယောက်ကို ခေါ်နိုင်လျှင် အမေ သေမည် မဟုတ်။ အစားအသောက် ကောင်းကောင်း ကလေး ကျွေးနိုင်လျှင် အမေ သေမည် မဟုတ်။ အမေ ပြန်၍ နေကောင်း လာနိုင်သည်။ သို့ရာတွင် အမေ့ကို ကြည့်ရသည်က မဟာန်။ အမေ့ကို သည်အနားတွင် ခဏ



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့ပြီး နီးရာ ရွာတစ်ရွာသို့ ပြေးကာ ဆေးဆရာတို့၊ စားစရာတို့ ရှာလျှင် ကောင်းမည်လော။ အဖမ်းများ ခံရလေမည်လော။

အက်ရှ်သည် အမေ့ကို ထိုအတိုင်း ပစ်၍ မသွားရဲ။ အမေက အားနည်းလှပြီ။ အစာငတ် ရေငတ် ဖြစ်ကာ တဖြည်းဖြည်းနှင့် လုံးပါးပါးတော့မည် ထင်သည်။

သို့ရာတွင် သူတို့ နှစ်ယောက်စလုံး သည်နေရာတွင် ကြာကြာနေ၍ မဖြစ်။ သည်နေရာတွင် ကြာကြာနေလျှင် နှစ်ယောက်စလုံး အစာငတ် ရေငတ် ဖြစ်ကြတော့မည်။ တစ်ယောက်ယောက်ကလျှင်လည်း တွေ့သွားမည်။ သည်နေရာက ကွင်းပြင်ကြီး။ တစ်မိုင် ပတ်ပတ်လည်လောက်တွင် မည်သည့် အတားအဆီးမျှ မရှိ။ အတိုင်းသား မြင်နေရသည်။ သစ်ပင် တစ်ပင်မျှ မရှိသည့် ကွင်းခေါင်ခေါင်ကြီးနှင့် မြစ်ပြင်ကြီးသာ ရှိသည်။ သူတို့ ထွက်ပြေးလာခဲ့ကြကတည်းက သည်နေရာမျိုးတွင် နားလေ့ မရှိ။ မိုးချုပ်မှသာ ထိုနေရာမျိုးတွင် နားတတ်ကြသည်။ ပေတစ်ရာလမ်း အတိုင်း မသွားရဲကြသဖြင့် သည်ကွင်းပြင်ကြီးကို ဖြတ်လာခဲ့ကြခြင်း ဖြစ်သည်။

လထွက်ပြီးနောက် တစ်နာရီလောက် အကြာတွင် သူတို့နှစ်ယောက်သည် မြစ်ဘေးရှိ ကျောက်ဆောင်ကြီး တစ်ခု အနီးသို့ ရောက်ခဲ့ကြ၏။ အမေ သီတာ မသွားနိုင်တော့သဖြင့်သာ သည်နေရာတွင် သည်လောက် ကြာကြာ နေကြရခြင်း ဖြစ်သည်။ သို့ရာတွင် သည်နေရာမျိုးတွင် ကြာကြာ နေ၍ မဖြစ်။ မနက် အရဏ်ကျင်းသည်နှင့် သည်နေရာက အမြန် ခွာမှ ဖြစ်မည်။ ထိုထက် လုံခြုံသည့် နေရာ တစ်ခုကို ရှာမှ ဖြစ်မည်။

နေရောင်သည် ဖြာကျလာကာ နှင်းမြူတို့ ကွဲစ ပြုနေပြီ။ တောင်ခြေကို လှမ်းမြင်နေရပြီ။ တောင်ထွတ်များပေါ်မှ နှင်းခဲများတွင် ပန်းနုရောင်နှင့် ပယင်းရောင်တို့ မရှိကြတော့။ နေရောင်ထဲတွင် ဖွေးဖွေးဖြူ နေကြပြီ။ နေ့ရောက်လှပြီ။ အမေ သီတာသည်လည်း မီးစာကုန်ဆီခန်း ဖြစ်တော့မည်။

'မဖြစ်နိုင်ဘူး၊ လုံးလုံး မဖြစ်နိုင်ဘူး' ဟု အက်ရှ်သည် ကယောင်ကတမ်း တွေးရင်း အမေ သီတာ၏ လက်မောင်းကို ခပ်တင်းတင်း ဆုပ်မိသည်။ သို့ရာတွင် အမေ သီတာသည် သူ့ကို ပစ်ကာ ကမ္ဘာလောကကြီးမှ ထွက်ခွာ သွားနေသည်ကို သူ ချက်ချင်း သဘောပေါက်လိုက်ပြီ။ ပူလောင်ခြင်း၊ ကြောက်လန့်ခြင်း၊ ခိုကိုးရာ မရ ဖြစ်ခြင်းတို့သည် သူ့ရင်နှင့် အမျှ ဖြစ်ပေါ်လာကြ၏။

အက်ရှ်သည် သူ့မျက်နှာကို အမေ့ ပခုံးတွင် အပ်လိုက်ကာ ကလေး တစ်ယောက်လို ရှိုက်ကြီးတငင် ငိုလိုက်မိသည်။ အမေ သီတာ၏ ဖျော့တော့ အားနည်းသော လက်များသည် သူ့ကို ပွတ်သပ်လျက် ရှိ၏။ မိမိသည် ယခုအချိန်တွင် ကလေး တစ်ယောက် မဟုတ်တော့ဘဲ ယောကျ်ားကြီး တစ်ယောက် ဖြစ်နေပြီ ဖြစ်ကြောင်း၊ ငိုယိုခြင်း မပြုသင့်တော့ကြောင်း၊ သတ္တိ ရှိရမည် ဖြစ်ကြောင်း၊ ရန်သူတို့ကို နိုင်အောင် တိုက်နိုင်ရမည် ဖြစ်ကြောင်း၊ သူ့အဖေလို၊ အဘ အက္ကဘာခန်လို သတ္တိကောင်းသည့် လူကြီး တစ်ယောက် ဖြစ်လာအောင် မွေးရမည် ဖြစ်ကြောင်းဖြင့် အမေ သီတာက တဖွဖွ ပြောနေသည်။

အဘ အက္ကဘာခန်သည် ကျားပစ်ထွက်တုန်းက သူ့ကို ခေါ်သွားခဲ့သည် မဟုတ်လော။ သည်တုန်းက သူသည် ကလေးငယ်မျှသာ ရှိသေး၏။ သို့တိုင်အောင် သူ မကြောက်ခဲ့။ အဖေတို့၊ အဘ အက္ကဘာခန်တို့သည် သူ့ကို ကြည့်၍ ဂုဏ်ယူခဲ့သည်။

ယခုလည်း ထို့အတူ သတ္တိ ကောင်းရမည် မဟုတ်လော။ ရဲရင့်ရမည် မဟုတ်လော။ တစ်နေ့ကျလျှင် မဟာရာဇာရေ သူတောင်းစားပါ သေကြရသည်သာ မဟုတ်လော။ ဗြဟ္မဏမျိုးနှင့် ဇာတ်နိမ့်သူတွေပါ သေကြရသည်သာ မဟုတ်လော။ ယောကျ်ား မိန်းမ မဟူ သေကြရသည်သာ မဟုတ်လော။ လူတိုင်းသည် ထိုတံခါးမှ ထွက်သွားကြရကာ တစ်ဖန်ပြန်၍ မွေးဖွားလာခဲ့ကြရသည် မဟုတ်လော။

'အမေ မသေပါဘူးကွယ်၊ အမေ ခဏ နားတာပါ၊ နောင်ဘဝမှာ ပြန်မွေးဖို့ အတွက် အနားယူတာပါ၊ ဘုရားက သနားတယ် ဆိုရင်တော့ အမေနှင့် လူလေး နောင်ဘဝမှာ ပြန်တွေ့ကြရဦးမှာပေါ့၊ အမေနှင့် ပြန်တွေ့ကြမှာ မဟုတ်လား လူလေး ဟင်၊ အမေ ပြောတဲ့ တောင်ကြားထဲက ရွာကလေးမှာလေ'

အမေ သီတာသည် အသက်ကို အနိုင်နိုင်ရှုရင်း ပြတ်တောင်း ပြတ်တောင်း ပြောလျက် ရှိ၏။ ပြောရင်းက အမေ သီတာ၏ အသံသည် တိမ်၍ တိမ်၍ ဝင်သွားသည်။ အမေ သီတာသည် ငယ်ငယ်က သူ့ကို ချော့သိပ်ရင်း ဆိုခဲ့သည့် သားချော့ သီချင်းကလေး တစ်ပုဒ်



www.burmeseclassic.com

www.burmeseclassic.com



ကို ညည်းသည်။ ညည်းရင်း ညည်းရင်း သူ့အသံကို မကြားရတော့။ အက်ရှ်သည် သူ့အသံကို နားထောင်ရင်း ငိုနေမိသည်။ သတိရ၍ ကြည့်လိုက်သည့်အခါ၌ လောကကြီးတွင် သူ တစ်ယောက်တည်း။

နေကိုခင်း၏ အရိပ် ပြာပြာများသည် တိုး၍ လာကြ၏။ ညနေပိုင်းသို့ ရောက်လျှင် ထိုအရိပ်များသည် ပြန့်၍ ရှည်လျားစ ပြုလာကြကာ အဝေး မိုးကုပ်စက်ဝိုင်းတွင် တဖြည်းဖြည်း ပျောက်သွားကြသည်။

ကွင်းစပ်ဆီမှ ခါတွန်သံများကို ကြားရ၏။ တောဘဲများက မြစ်ရိုး တစ်လျှောက်တွင် အော်မြည် ပျံသန်းနေကြသည်။ ဂျီလွန် မြစ်ဘေးမှ ကမ်းပါးဖြူဖြူများတွင် တစ်နေကုန် နေစာ လှုံခဲ့ကြသည့် ကုန်းလိပ်များပင် ရေထဲသို့ ပြန်ဆင်းကုန်ကြပြီ။ မကြာမီ ဆိုလျှင် မှောင်ရီ ဖျိုးတော့မည်။ သည်နေရာမှ သွားရဦးမှာပါ တကားဟု အက်ရှ် ထုံထိုင်းစွာ တွေး၏။ သူ့အမျိုးတွေဆီကို သွားမည်ဟု အမေ သီတာကို ကတိပေးခဲ့ပြီးပြီ။ သည်နေရာတွင်လည်း နေစရာ အကြောင်း မရှိတော့။

အက်ရှ်သည် လေးကန်စွာ ထိုင်ရာမှ ထ၏။ အမေသီတာ၏ တောင့်တင်းစ ပြုနေသော လက်ကြမ်းကြီးကို ကိုင်ပြီး ထိုင်နေသည်မှာ တစ်နေကုန်ခဲ့ပြီ မဟုတ်သား။ ထို့ကြောင့် မနည်း မတ်တတ် ရပ်ယူရသည်။ သူ့ကြွက်သားများက တောင့်တင်းကာ သောကနှင့် တုန်လှုပ် ချောက်ချားခြင်းကြောင့် သူ့စိတ်သည် ကြောင်တက်တက် ဖြစ်လျက် ရှိ၏။ နောက်ဆုံး ဘယ်အချိန်က ထမင်း စားခဲ့ရသည်ကိုပင် မေ့နေပြီ။ သို့ရာတွင် ဆာလောင်ခြင်း မဖြစ်။ ရေငတ်တာ တစ်ခုပဲ ရှိသည်။

စိုစွတ်သည့် သောင်ပြင်တွင် ထိုင်ချလိုက်ပြီး ရေကို လက်ခုပ်ဖြင့် ခပ်ကာ အငမ်းမရ သောက်လိုက်၏။ ဝင်လုဆဲ နေခြည်ကြောင့် မြစ်ပြင်သည် တလက်လက် တောက်လျက်။ အက်ရှ်သည် ကိုက်ခဲနေသော ခေါင်းနှင့် ပူလောင်နေသော မျက်လုံးများကို ရေဆွတ်သည်။ အမေ သီတာ ဆုံးပြီးသည့် နောက်ပိုင်းတွင် သူ မငိုတော့။ ယခုလည်း မငိုတော့။ သူလည်း အမေ သီတာနှင့် အတူ သေသွားခဲ့ပြီ။

သူ့ အသက်သည် ဆယ့်နှစ်နှစ် တင်းတင်းပင် မပြည့်တတ်သေး။ သို့တိုင်အောင် သူသည် ကလေးလို နေ၍ မဖြစ်တော့။ တစ်ညနေ အတွင်းမှာပင် သူသည် လူကြီး တစ်ယောက် ဖြစ်လာခဲ့ကာ လူမမည် ဘဝကို အတိတ်တွင် ထားရစ်ခဲ့ပြီ။ သည်နေ့ တစ်နေ့တည်းတွင်ပင် သူသည် အမေ တစ်ယောက်သာ ဆုံးရှုံးရသည် မဟုတ်။ ဇာတိ တစ်ခု ဘဝ တစ်ခုလည်း ဆုံးရှုံးခဲ့ရပြီ။

မြင်းထိန်း ဒါယာရန်း၏ မိန်းမ၊ သီတာ၏ သား အရှော့ ဆိုသည့် ကောင်လေး တစ်ယောက် မရှိတော့။ မည်သည့် အခါကမျှလည်း မရှိခဲ့စဖူး။ မိဘမဲ့၊ ဆွေမျိုးမဲ့၊ ကိုယ့်အမည်ကိုပင် ကိုယ် မသိသော အမည်မဲ့ ကောင်လေး တစ်ယောက်၊ အင်္ဂလိပ်ကလေး တစ်ယောက်၊ ဖာရင်ဂီကလေး တစ်ယောက်မျှသာ ရှိခဲ့ဖူးသည်။ သူသည် နိုင်ငံခြားသား တစ်ယောက် ဖြစ်နေပါပကော။ သည်မြေကြီးသည်လည်း သူ့မြေကြီး မဟုတ်တော့။

ခေါင်းကို ရေဆွတ်လိုက်သဖြင့် ကြည်လင် လန်းဆန်းသွား၏။ ဘာလုပ်ရမည်နည်းဟု သူ စဉ်းစားသည်။ အမေ သီတာကို သည်အတိုင်း ထားပြီး ထွက်မသွားနိုင်။ လရောင်ထဲတွင် ခွေးအများနှင့် တောခွေးများ တစ်ကောင်ကို တစ်ကောင် ကိုက်ခဲ ဟိန်းဟောက်နေကြသည့် ငယ်ငယ်တုန်းက တစ်ညကို သတိရသလိုလို ရှိသည်။

ငြိမ်သက်နေသော မြစ်ပြင်တွင် အရာ တစ်ခု တငြိမ့်ငြိမ့် မျောလာ၏။ အခြား မဟုတ်။ ထင်းတုံး တစ်တုံး ဖြစ်သည်။ သူ ကြည့်နေစဉ် ထင်းတုံးသည် စုန်ဆင်းသွားသည်။ သူ့အမျိုးများသည်...။ မဟုတ်။ သူ့အမျိုးများ မဟုတ်။ သူ့အမေ သီတာ၏ အမျိုးများသည် သေသူတို့၏ အလောင်းကို မီးသဂြိုဟ်ကာ ပြာများကို မြစ်ထဲသို့ မျောလေ့ ရှိသည်ဟု သူ ကြားဖူး၏။

အက်ရှ်သည် အမေ သီတာ အတွက် မီးသဂြိုဟ်စင် တစ်ခု မလုပ်နိုင်။ သူ့တွင် ထင်းမရှိ၊ မီးမရှိ။ အနီးတွင် မြစ်ကြီး တစ်စင်းသာ ရှိ၏။ မြစ်ရေက နက်ရှိုင်းငြိမ်သက်စွာ စီးဆင်းလျက်။ ထိုမြစ်ကြီးသည် အမေ ချစ်သည့် တောင်တန်းကြီးတွေ ကြားက စီးဆင်းလာခဲ့ခြင်း ဖြစ်သည်။ သည်မြစ်ကြီးသည် အမေ့ကို ပင်လယ် သမုဒ္ဒရာထဲ အထိ သယ်ဆောင်သွားလိမ့်မည်။ မြစ်ပြင်ပေါ်တွင် ဖြာကျနေသည့် ဝင်လုဆဲ နေရောင်ခြည်များသည် မီးရောင်ထက် နီရဲလျက် ရှိ၏။

အက်ရှ်သည် မြစ်ကမ်းဘေးမှ ပြန်လှည့်လာခဲ့ကာ ကျောက်ဆောင်တွေ ကြားထဲက ဂူကလေးဆီသို့ ပြန်လာခဲ့၏။ ပိန်ချုံး တောင့်တင်းနေသည့် သီတာ၏ ကိုယ်ကို စောင်ဖြင့် ပတ်သည်။ အမေ သီတာ ချမ်းနေ



www.burmeseclassic.com

www.burmeseclassic.com



မည်စိုးသည့်နယ် အထပ်ထပ် ပတ်၏။ အမေ့ အလောင်းကို ထမ်းကာ မြစ်ရေတိမ်ထဲသို့ ဆင်းခဲ့သည်။

ရေနက်ရာသို့ အရောက်တွင် အမေ၏ အလောင်းကို ရေထဲသို့ အသာချ၏။ အမေ့ အလောင်းက တောင့်တင်းလျက်။ သူ ထင်သည်ထက် ပေါ့ပါးနေသည်။ အက်ရှ်က လက်မှ လွှတ်လိုက်သည့် အခါတွင်မူ အမေသည် သူ့ထံမှ ခွဲခွာကာ မြစ်ရေစီးနှင့် မျောပါသွားပြီ။

မြစ်ရေသည် အမေ့ အလောင်းကို သယ်သွား၏။ အက်ရှ်သည် ခါးထိနက်သော ရေထဲတွင် ရပ်ကာ အမေ့ကို လှမ်းမျှော်ကြည့်ရင်း ကျန်ရစ်ခဲ့သည်။ တဖြည်းဖြည်းနှင့် အမေသည် ဝေး၍ ဝေး၍ သွားပြီ။ အမေ၏ သဏ္ဌာန်သည် နေခြည်ထဲတွင် မည်းမည်း အစက်အပြောက်ကလေးမျှသာ ဖြစ်နေပြီးနောက် လုံးဝ မမြင်ရတော့။ မြစ်ရေပြင်မှ နေခြည်တွေ ပျောက်ကာ ရွှေရောင်မှ မဟူရာရောင်သို့ ကူးသွားသည့်အခါတွင် အမေ မရှိတော့။

အက်ရှ်သည် ကမ်းပေါ်သို့ ပြန်တက်လာခဲ့သည်။ ခြေအေးလွန်းသဖြင့် ခြေထောက်တွေ ထုံနေပြီ။ ခိုက်ခိုက်တုန် ချမ်းလွန်းသဖြင့် မေးတဆတ်ဆတ် မတုန်အောင် အံကို ကြိတ်ထားရ၏။ ဆာလည်း ဆာလှပြီ။ သို့ရာတွင် အမေ့ အတွက် ရေနှင့် နယ်ပေးထားခဲ့သည့် ထမင်းခြောက်ဆုပ်ကလေးတွေကို သူ မစားနိုင်။

အက်ရှ်သည် ထမင်းခြောက်များကို လွှင့်ပစ်လိုက်သည်။ တစ်ခုခုကိုမူ စားရမည်။ သို့မဟုတ်လျှင် ခရီး ဝေးဝေးကို သွားနိုင်မည် မဟုတ်။ အမေ သီတာကို သူ ကတိ ပေးခဲ့ပြီးပြီ။

အက်ရှ်သည် ချိပ်ပိတ်ထားသည့် အထုပ်ကလေးနှင့် ရွှေဒင်္ဂါးများ၊ ငွေဒင်္ဂါးများ ထည့်ထားသည့် သားရေ အိတ်စုတ်ကလေးကို ဆကြည့်လိုက်သည်။ သည်ပစ္စည်းတွေကို သူ ထားပစ်ခဲ့ချင်သည်။ သို့ရာတွင် ထား၍ မဖြစ်။ ထိုပစ္စည်းများသည် သူပိုင်ပစ္စည်းများ ဖြစ်သည်။ ထိုပစ္စည်းများကို သူ ယူသွားရလိမ့်မည်။

သူ လောလောဆယ် သုံးဖို့ ငွေဒင်္ဂါး တစ်ပြားကို ထုတ်ကာ ကျန်ပစ္စည်းများကို အဝတ်ကလေး တစ်ထုပ်ဖြင့် ထုတ်ပြီး ခါးတွင် ပတ်ထားလိုက်၏။ စာရွက် စာတမ်းတွေ ထည့်ထားသည့် အထုပ်ကလေးကိုမူ ခေါင်းပေါင်းကြားထဲတွင် ထိုးထည့်ထားလိုက်သည်။ ဂူထဲတွင် ဘာပစ္စည်းမျှ မကျန်တော့။ သည်နေရာတွင် လူသူ ရောက်လာခဲ့ဖူးသည် ဆိုသည့် ခြေရာလက်ရာ ဟူ၍ ဘာမျှ မရှိတော့။ ခြေရာ တချို့နှင့် အမေ သီတာ မနေ့ညက အိပ်ခဲ့ပြီး အရုဏ်တက်တွင် လောကကြီးကို စွန့်ခွာသွားရာ ဖြစ်သည့် သဲမြေ ချိုင့်ချိုင့်ကလေးသာ ကျန်ရစ်ခဲ့သည်။ အက်ရှ်သည် အမေ သီတာ ရှိနေသေး သကဲ့သို့ ထိုချိုင့်ခွက်ကလေးကို လက်ဖြင့် အသာထိ ကြည့်၏။

လေညင်းသည် မြစ်ထက်မှ တသုန်သုန် တိုက်လာ၏။ ခဏကြာလျှင် အမေ သီတာ အိပ်ခဲ့သည့် ချိုင့်ခွက်ကလေးကို သဲတွေ ပို့သွားပြီ။ အက်ရှ်တန် ဟီလာရီ အက္ကဘာ ပယ်လ်ဟမ် မာတင် ခေါ် အက်ရှ်သည် သူ့ အထုပ်ကလေးကို ထမ်းကာ ဂူထဲမှ ထွက်လာခဲ့သည်။ ဆည်းဆာက မှုန်ပျပျ။ အေးစိမ့်လျက်။ အတိတ်ကို အတိတ်မှာ ထားခဲ့ပြီ။ သူ့ အမျိုးတွေကို လိုက်ရှာရဦးမည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၇

ရုံးအခန်းတွင် ထိုင်နေသည့် လျှောက်လွှာ စာရေးက အစင်း အစင်း ခြစ်ရာတွေ ထင်နေသည့် မျက်မှန်ဖြင့် ပါမောက္ခ ဟီလာရီ၏ စာရွက် စာတမ်းများကို ကြည့်နေသည်။

'စာကတော့ ဗိုလ်ကြီးဆပ် တစ်ယောက်ဆီကို ရေးထားတဲ့ စာပဲ၊ နယ်ခြားစောင့် တပ်ရင်းက ဗိုလ်ကြီးဆပ် တစ်ယောက်ဆီကို လိပ်တပ်ထားတယ်၊ ဟုတ်တယ်၊ တပ်ရင်းက မဒန်းမှာ ရှိတယ်တဲ့၊ မဒန်းလို့ ရေးထားတယ်၊ တပ်စခန်း ချထားတဲ့ ဟိုတီ မဒန်းကို ပြောတာ၊ ဗလာကန် ပေတစ်ရာကြီးပေါ်မှာ ရှိတယ်၊ ဩန္နမြစ်ရဲ့ အိုဘက်မှာ၊ ကဗူးလ် မြစ်ကိုလည်း ဖြတ်ရမယ်'

'နယ်ခြားစောင့်တပ်၊ ဟုတ်လား'

အက်ရှ်က အထိတ်တလန့်ဖြင့် ခပ်တိုးတိုး ရွတ်သည်။

မဒန်းကို သူ မသွားရဲ။ သွားရဲသည် ဆိုလျှင် အစောကြီး ကတည်းက သူ သွားခဲ့ပြီးပြီ။ မဟာဒေဝီ ဂူနားဘိုင်၏ လူများသည် သူတို့နှစ်ယောက် မဒန်းသို့ ထွက်ပြေးမည် အထင်ဖြင့် မဒန်းတွင် ကြို၍ စောင့်ကောင်း စောင့်နေနိုင်သည်။

မဒန်းတွင် ရှိသည့် ကိုဒါဒတ်၏ သား ဇာရင်နှင့် သူတို့ ခင်မင် ရင်းနှီးကြောင်းကို လေညင်းသာ ဘော်နန်း တစ်ခုလုံး သိပြီးသား။ ထို့ကြောင့် မဒန်းသို့ လိုက်ကောင်း လိုက်နိုင်သည်။ သို့ရာတွင် ယခုအချိန် လောက် ဆိုလျှင်မူ မိမိသည် ဤမျှ ထင်ရှားသော နေရာသို့ သွားလောက်အောင် ထူမည့် အ မည့်သူ မဟုတ်ကြောင်းကို မဟာဒေဝီ၏ လူများ သိလောက်ပြီ။ တခြား နေရာများတွင် လိုက်ရှာ နေလောက်ပြီ။

မဒန်းသို့ လိုက်လာသည့်တိုင် သူ မကြောက်တော့။ သူ့ အခြေအနေသည် တစ်မျိုး ပြောင်းသွားခဲ့ပြီ။ သူ့ အခြေအနေသည် နယ်ခြားစောင့် မြင်းတပ်သား တစ်ယောက်ထဲတွင် ကပ်ရပ်နေရမည့် ဈေးထဲက ကလေ ကချေ ကလေး တစ်ယောက် မဟုတ်တော့။

မိမိတို့ အမျိုးဖြစ်သည့် သခင်ဆပ် အင်္ဂလိပ်များ ထဲ အကူအညီ တောင်းပိုင်ခွင့် ရှိသည့် အင်္ဂလိပ် သခင် ဆပ်လေး တစ်ယောက် ဖြစ်နေပြီ။ သူ့အတွက်သာ မဟုတ်။ ဇာရင် အတွက်၊ ကိုဒါဒတ် အတွက်ပင်လျှင် အကူအညီ တောင်းပေးနိုင်သည့် အနေအထားသို့ ရောက်နေပြီ။

'နယ်ခြားစောင့်တပ်' ဟု အက်ရှ်က ခပ်တိုးတိုး ရေရွတ်သည်။ သူ့မျက်လုံးများသည် တောက်ပလာကြ၏။ သူ့စိတ်ထဲတွင် နောက်ကျို ညစ်ကျုံနေမှုတို့သည် မနက်ခင်း နေခြည်တွင် နှင်းတွေ ပျောက်သလို ပျောက်ကွယ်သွား၏။ အက်ရှ်တို့ ကံကောင်းပြီ။

'နယ်ခြားစောင့်တပ် ဆိုတာ မဒန်းမှာ စခန်းချနေတဲ့ တပ်ရင်းကွ၊ အဲဒီထဲမှာ လိပ်တပ်ထားတဲ့ သခင်ဆပ်က အက်ရှ်တန်တဲ့၊ ဗိုလ်ကြီး အက်ရှ်တန်တဲ့၊ အဲထဲမှာ ပါတာကတော့...'

လျှောက်လွှာစာရေးက ခံ့ညားစွာဖြင့်

'မင်းအတွက် ရေးပေးထားတဲ့ ထောက်ခံချက် ထင်တယ်၊ ထောက်ခံချက် ဆိုရင် အထဲမှာ ဘာတွေ ရေးတယ် ဆိုတာ သိရတာပေါ့၊ ကိုယ့်အကြောင်း မကောင်း ရေးထားတာ ဆိုရင် ဆုတ်ပစ်ခဲ့ပြီး လမ်းမှာ ပျောက်သွားတယ်လို့ ပြောလိုက်ရုံပေါ့၊ ကောင်းတဲ့ ထောက်ခံချက် ဆိုရင် ဒီထောက်ခံချက်ကို ဈေးကောင်း ကောင်းနှင့် ရောင်းလို့ ရတယ်၊ ဘာလဲ မင်းက သခင်ဆပ်တွေဆီမှာ အလုပ် လုပ်မလို့လား'

'မဟုတ်ပါဘူး၊ ကျွန်တော်က... အဲ ကျွန်တော်က ကျွန်တော့် အစ်ကို တစ်ဝမ်းကွဲရဲ့ မိန်းမရဲ့ အစ်ကိုဆီကို သွားမလို့ပါ၊ သူက အဲဒီ သခင်ဆပ်ဆီမှာ အလုပ် လုပ်တယ်၊ သူတို့က လိပ်စာတော့ ပြောလိုက်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကျွန်တော်က မေ့နေတယ်၊ အင်ဂရေစီ စာလည်း မတတ်တော့ ခက်နေတာပေါ့'

အက်ရှ်က ပါးစပ်ထဲတွင် တွေ့ရာကို လုပ်ကြံ၍ ပြော၏။

အက်ရှ်သည် သူ တောင်းသည့်အတိုင်း စာဖတ်ခ နှစ်ပြား ပေးပြီးနောက် လိပ်စာကို အလွတ်ကျက်ကာ စာရွက်ကို ခေါင်းပေါင်း ကြားထဲသို့ ထိုးလိုက်၏။ ကျန်သည့် ပိုက်ဆံ နှစ်ပြားဖြင့် ပဲလှော် တစ်ဆုပ်နှင့် ကြံ တစ်ချောင်းကို ဝယ်သည်။

မနေ့ညက ဂျီလွန် မြစ်ကမ်းဘေးရှိ ဂူကလေးထဲမှ မြို့သို့ ရောက်အောင် လာခဲ့ရသဖြင့် အက်ရှ် မောလှပြီ။ မည်မျှ မောသည် ဖြစ်စေ တစ်ယောက်တည်း ခရီး သွားရသည့် အခါတွင် ပို၍ ခရီး တွင်သည်ကို တွေ့လာရ၏။ သူတစ်ယောက်တည်း သွားလျှင် ပို၍ စိတ်ချရမည်ဟု အမေ သီတာက ပြောခဲ့ဖူးရာ ထိုစကားမှန်ကြောင်းကို ယခု ပို၍ သိလာရသည်။

ရွာများသို့ ရောက်လျှင် သူတို့နှစ်ယောက်ကို မဟာဒေဝီ၏ လူများက လိုက်လံ ရှာဖွေ နေကြသည့် သတင်းများကို ကြားရဆဲ။ မဟာဒေဝီ၏ လူများသည် တောင်ပေါ်သူ မိန်းမ တစ်ယောက်နှင့် မျက်လုံးပြာပြာ ကောင်လေး တစ်ယောက်ကိုသာ လိုက်ရှာနေကြခြင်း ဖြစ်သည်။ သူ့လို အစုတ်စုတ် အပြတ်ပြတ်ဖြင့် သွားနေသည့် ကောင်လေး တစ်ယောက်ကို လိုက်ရှာနေခြင်း မဟုတ်။ အိန္ဒိယ အနောက်မြောက်ပိုင်း ကိုင်ဗာတောင်ကြား တစ်ဝိုက်တွင် သူ့လို အသားဖြူဖြူ ကလေးတွေကလည်း တစ်ပုံတစ်ပင်။ အက်ရှ်သည် ထိုကလေးများကြားတွင် ဘာမျှ ထူးခြားဟန် မရှိ။

အက်ရှ်ကလည်း အနေအထိုင် ပိရိသည်။ သူ့ခေါင်းပေါင်းထဲတွင် ထိုးထည့်ထားသည့် စာကို ပြချင်သည့်တိုင် မြို့ငယ်ကလေးများတွင် ထုတ်မပြ။ မြို့ငယ်ကလေးတွေ ဆိုလျှင် ချက်ချင်း သိသွားလိမ့်မည်။ မေးလား မြန်းလား လုပ်ကြလိမ့်မည်။

လျှောက်လွှာ စာရေးတွေ ဒုနှင့်ဒေး ပေါသည့် မြို့ကြီး တစ်မြို့သို့ ရောက်သည့် အခါကျမှပင် အက်ရှ်သည် ထိုစာကို ထုတ်၍ မေးခြင်း ဖြစ်၏။ မေးကြည့်လိုက်သည့် အခါတွင် လိပ်စာရှင်က ဓာရင် အမှုထမ်းသည့် နယ်ခြားစောင့်တပ်မှ ဗိုလ်ကြီး တစ်ဦး။ တိုက်ဆိုင်လွန်းသဖြင့် အက်ရှ် တအံ့တသြ ဖြစ်ရသေးသည်။

စာထဲတွင် ဘာတွေ ရေးထားသည်ကို အမေ သီတာ မသိ။ သို့ရာတွင် အမေ သီတာသည် ရိုးတိုးရိပ်တိပ် သိပုံရ၏။ ထို့ကြောင့်သာလျှင် ဂူးလ်ကုတ်တွင် ရှိစဉ်က ကိုဒါဒတ်တို့ သားအဖနှင့် သူ ပေါင်းသင်းသည်ကို မနှစ်သက်ခြင်း ဖြစ်ဟန်တူသည်။ ထို့ကြောင့်သာလျှင် တစ်နေ့တွင် ဓာရင်နှင့် အတူ နယ်ခြားစောင့်တပ်ထဲသို့ ဝင်မည်ဟု ပြောသည့် အခါတွင် ကန့်ကွက်ခြင်း ဖြစ်ပုံရ၏။

သို့ရာတွင် အမေ သီတာသည် နောက်ဆုံးတွင် သူ့ကို မဒန်းသို့ သွားသည့် လမ်းအတိုင်း ခေါ်လာခဲ့သည်။ မဒန်းသို့ ရောက်လျှင် ဓာရင်နှင့် တွေ့ရတော့မည်။ နယ်ခြားစောင့်တပ်တွင် မြင်းတပ်သား တစ်ယောက် ဖြစ်ရဦးတော့မည်။

အကယ်၍ သူ အမျိုးတော်သည့် သခင်ဆပ်ဗိုလ်ကြီးနှင့် တွေ့လျှင် ထို့ထက်ပင် ကြီးပွားနိုင်သေးသည်။ သို့ရာတွင် ထိုအမျိုးကို အက်ရှ် မတွေ့လိုက်ရတော့။ အက်ရှ်၏ ဦးကြီး ဝီလျံ အက်ရှ်တန်သည် ကွယ်လွန်ခဲ့လေပြီ။

နယ်ခြားစောင့် တပ်များသည် အန်ဗေလာ တိုက်ပွဲတွင် ပါဝင် တိုက်ခိုက်ခဲ့ကြသည်။ ထိုတိုက်ပွဲမှာ ယမန်နှစ်က ဆူပူ သောင်းကျန်းနေကြသည့် တောင်ပေါ်သားလူမျိုးစုကို နှိမ်နင်းသည့် တိုက်ပွဲ ဖြစ်၏။ ဦးကြီး ဝီလျံသည် သူ့တွင် တူတစ်ယောက် ရှိသည် ဆိုခြင်းကို မသိ။ သူ့ညီမ၏ သားငယ် အက်ရှ် တစ်ယောက် လေညင်းသာဟော်နန်းမှ ထွက်ပြေးလာခဲ့ပြီး များမကြာမီတွင် တိုက်ပွဲ၌ သူ ကျဆုံးသွားခဲ့သည်။

ဤသည်မှာ ဆောင်းဦးပေါက်က ဖြစ်၏။ ယခု နွေဦးသို့ ရောက်ပြီ။ ပက်ရှဝါသို့ အက်ရှ် လာခဲ့သည့် အခါတွင် ရှောက်ပင်များတွင် အပွင့်တွေ ဝေနေပြီ။ မိုးမခပင်များတွင် အဖူးတွေ ဖူးကုန်ကြပြီ။

ကိုင်ဗာ တောင်ကြားမှ မြေနီများကြောင့် ကဗူးလ်မြစ်ရေသည် နီရဲလျက် ရှိ၏။ အဝေးရှိ အာဖဂန်နစ္စတန်တောင်တန်းကြီးများမှ အရည် ပျော်ဆင်းလာသော နှင်းခဲများနှင့် နွေဦး မိုးစက်များကြောင့် သည်အချိန်ဆိုလျှင် ရေကြီးတတ်သည်။ ထို့ကြောင့် ရေတိမ်ရာက ဖြတ်၍ မရ။

အက်ရှ်သည် နောင်သျှီရာ အနီးရှိ လှေတံတားမှ ဖြတ်ရ၏။ အက်ရှ်သည် ဣန္ဒုမြစ်ကို ဖြတ်ရာတွင် ... သွားလူလာ များသည့် အက်တော့ ကူးတို့ဆိပ်မှ ဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ကွေ့ပတ်လာခဲ့ခြင်း ဖြစ်၏။ မဟာဒေဝီ၏ ...သည် ထိုကူးတို့ဆိပ်မှ ထိုင်စောင့်ကာ အသွား ...များကို စောင့်ကြည့်ရုံနှင့် ကိစ္စပြီးနိုင်သည်။ သူ ...သည့် အတိုင်းပင် ကူးတို့ဆိပ်တွင် မဟာဒေဝီ၏ ...တစ်ယောက် ရောက်နှင့်နေသည်။ သူ ကြည့်လိုက် ...သည့် အခါတွင် ဘာမျှ အရေးမကြီးသည့် သာမန် ခရီး ...တစ်ယောက်။ ကူးတို့သမားနှင့် တစ်နေ့လုံး ထိုင် ...ပြောကာ လူသွားလူလာများကို စောင့်ကြည့်နေ ...သည်။

အက်ရှ်သည် ထိုကူးတို့ဆိပ်မှ မဖြတ်။ အောက် ...လောက် ဝေးသည့် နေရာမှ လယ်သမား တစ် ...၏ လှေကြုံဖြင့် မြစ်ကို ဖြတ်ကာ ပက်ရှဝါ ပေ ...ကြီး အတိုင်း လာခဲ့သည်။

သည်တစ်ချီတွင်လည်း အက်ရှ်ကို ဘုရား မသည် ...ဆိုရလိမ့်မည်။ နောင်ချိုရာသို့ ရောက်သည့်အခါတွင် ...ပူသို့ သွားသည့် ကုန်စိမ်းလှည်း တစ်စီးကို တွေ့ ...ထိုကုန်စိမ်းလှည်းဖြင့် လိုက်လာခဲ့သည်။ အက်ရှ် ...လှည်းပေါ် ရောက်လျှင် အိပ်ချင်သည်ဟု ဆိုကာ ...သာဥများနှင့် ခါကြက်ဥပုံကြီး နောက်တွင် ကွယ်၍ ...လာခဲ့သည်။ လှေတံတားကို ဖြတ်သည့်အခါတွင် ...ကို ဘယ်သူမျှ မမြင်လိုက်ကြ။

သို့ဖြင့် ထိုနေ့ ညနေတွင် အက်ရှ်သည် ဖုန် ...လူး၊ ချေးအထပ်ထပ်၊ ခြေထောက်တွေ ပေါက်ပြဲ ...ဖြင့် မဒန်း တပ်နယ်မြေထဲသို့ ရောက်လာခဲ့ကာ ...ခြားစောင့်တပ်မှ ဇာရင်ကို မေးမြန်းလာခဲ့သည်။

နယ်ခြားစောင့် တပ်ရင်းမှာ ယူစွတ်ဇိုင်နယ်တွင် ...ပွဲအပြီး တပ်နားနေချိန် ဖြစ်၏။ စစ်မြေပြင်တွင် ...စ်လခန့် နေခဲ့ရသည့် အတွက် ဇာရင်မှာ များစွာ ...ပြောင်းကာ ရင့်ရော် သွားခဲ့လေပြီ။

ဂူးလ်ကုတ်မြို့မှ အပူအပင် မရှိ ပျော်ရွှင် မြူးထူး ... မြင်းတစ်စီးဖြင့် ထွက်ခွာသွားသော ဇာရင်မှ ...ပါလေစဟု ထင်မိသေး၏။ အရပ် မြင့်လာပြီး ...ကြီးကလည်း ပို၍ ကျယ်လာသည်။ ယခင်က ...မ်းမွေး ရေးရေး နေရာတွင် မုတ်ဆိတ်မွေးတွေ၊ ...မွေးတွေနှင့် ဖြစ်နေသည်။ သို့ရာတွင် စိတ်ကမူ ...အတိုင်းပင်။ အက်ရှ်ကို မြင်လိုက်သည့် အခါ၌ ...သည် ဝမ်းသာနေသည်။

'မင်းတို့ ဂူးလ်ကုတ်မှာ မရှိတော့ဘူး ဆိုတာ ...က စာရတယ်ကွ၊ တစ်နေ့ကျရင် မင်း ပေါက်ချလာမယ် ဆိုတာ ငါ ထိပြီးသားပါကွာ၊ ခု လောလောဆယ်တော့ မြင်းတပ်ထဲကို ဝင်လို့ ရမှာ မဟုတ်သေးဘူး၊ မင်းက ငယ်သေးတယ်၊ နည်းနည်း စောင့်ရဦးမယ်၊ ဒါပေမဲ့ ငါ့အစ်ကိုက ဂျမဒါကွ၊ အန်ဖေလာ တိုက်ပွဲတုန်းက ရလာခဲ့တာ၊ သူ့ဆီမှာ အလုပ်ကလေး ဘာလေး တောင်းကြည့်ရမှာပဲ၊ မင့်အမေကော ပါလာသလား'

'အမေ မရှိတော့ဘူး၊ ဆုံးပြီ'

အက်ရှ်က ခပ်ပြတ်ပြတ် ပြောသည်။ ဇာရင်လို ရင်းနှီးသည့် မိတ်ဆွေ သူငယ်ချင်း တစ်ယောက်ကိုပင်လျှင် အမေ့ အကြောင်းကို မပြောချင်။ မပြောရက်။ ဇာရင်ကလည်း ရိပ်မိသွားပုံ ရသည်။ နောက်ထပ် ဘာမျှ မေးမြန်းခြင်း မပြုတော့။

'စိတ် မကောင်းပါဘူးကွာ၊ တကယ်တော့ မင့် အမေဟာ မင့်အပေါ်မှာ တော်တော် ကောင်းရှာတာ၊ အေးလေ၊ အမေ ဆိုတာ ဆိုးတဲ့ အမေ ဖြစ်ပေစေဦး၊ ရှိရင် ကောင်းတာပဲ၊ အမေ ဆိုတာ တစ်သက်မှာ တစ်ယောက်ပဲ ရှိတာ၊ အစားထိုးလို့ ရနိုင်တာမှ မဟုတ်ဘဲ'

'ကျွန်တော့်မှာတော့ အမေ နှစ်ယောက် ရှိတယ် ထင်တာပဲဗျာ' ဟု အက်ရှ်က ပြောသည်။

အက်ရှ်သည် ဇာရင်၏ မီးဖိုဘေးတွင် ထိုင်ချရင်း လေညင်းသာ ဟော်နန်းမှ ထွက်ပြေး လာခဲ့ပုံ၊ မြစ်ဘေး ဂူထဲတွင် အမေ သီတာက သူ့ဘဝကို ပြောသွားခဲ့ပုံတို့ကို ပြောပြကာ စာရွက်စာတမ်းများကို ထုတ်ပြသည်။

ဇာရင် ကိုယ်နှိုက်ကလည်း အင်ဂရေစီစာကို မတတ်။ သို့ရာတွင် အက်ရှ် ထုတ်ပြသည့် ရွှေဒင်္ဂါးများနှင့် ငွေသားများကို မြင်လိုက်သည့် အခါတွင် ဇာရင်မှာ အလန့်တကြား ဖြစ်နေလေပြီ။ ဟုတ်သည်။ အင်ဂရေစီစာကို ဘာသာပြန်ခိုင်းဖို့ မလိုတော့။ ထိုရွှေဒင်္ဂါးများကို မြင်လိုက်ရုံမျှဖြင့်ပင် ထင်ရှားနေလေပြီ။ ဒင်္ဂါးပြား နှစ်ရာလောက် ရှိပြီး ငါးဆယ်ခန့်မှာ ငွေသားများ ဖြစ်၍ ကျန် ဒင်္ဂါးများမှာ ရွှေဒင်္ဂါးများ ဖြစ်သည်။

သီတာသည် ထိုရွှေဒင်္ဂါးပြားများကို နှစ်ရှည်လများ သိမ်းဆည်း သိုဝှက်ထားသည်ကို တွေးလျှင် သူ့စကားသည်လည်း မှန်လောက်သည်။

ဇာရင်က သူ့လက်ထဲသို့ ထိုးပေးသည့် စာရွက်စာတမ်းများကို ဇဝေဇဝါဖြင့် ငုံ့ကြည့်လိုက်ရင်း

'ငါ့အစ်ကိုကို ပြကြည့်ရင် ကောင်းမယ် ထင်တယ်၊ သူ ဆိုရင် အကြံဉာဏ် ပေးနိုင်မှာပဲ၊ ငါကတော့



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ မပေးတတ်ဘူး၊ ဒီလောက် အထိ ငါ ဉာဏ်မမီဘူး'

ဂျမဒါသည် သူ့ စာရွက်စာတမ်းများကို ဘာမျှ သံသယ မဖြစ်။ လုပ်စရာ တစ်ခုသာ ရှိသည်။ လိပ်စာရှင် ဗိုလ်ကြီး ဝီလျံ အက်ရှ်တန် မရှိတော့။ ထို့ကြောင့် ထိုစာရွက်စာတမ်းများကို တပ်မှူး ဗိုလ်မှူးကြီး ဗရောင်း သခင်ဆပ်ထံသို့ သွားပြလျှင် အကောင်းဆုံး ဖြစ်မည်။ ဗိုလ်မှူးကြီးသည် ထိုကိစ္စကို မည်သို့ ကိုင်တွယ်ရမည်ကို ကောင်းကောင်း သိလိမ့်မည်။

ဇာရင်၏ အစ်ကို ဂျမဒါ အဝါရားသည် အက်ရှ်ကို ချက်ချင်း ဗိုလ်မှူးကြီးဆီသို့ ခေါ်သွား၏။ စာရွက်စာတမ်း အတိုင်း မှန်လျှင် ထိုပစ္စည်းများနှင့် စာရွက်စာတမ်းများ ဘေးကင်း လုံခြုံရာသို့ မြန်မြန်ရောက်လေကောင်းလေလေ။

'ဟေ့ ဇာရင်၊ ဒီအကြောင်းကို ဘယ်သူ့ကိုမှတော့ လျှောက်မပြောနှင့်နော်၊ ဂူးလ်ကုတ် မဟာဒေဝီက သူ့ကို သတ်ချင်နေတာ မဟုတ်လား၊ ဒီတော့ သူ့ကို လွတ်သွားအောင် အကူအညီ ပေးလိုက်တဲ့ လူတွေကိုလည်း ရန်ရှာလာနိုင်တယ်၊ ခု တို့ဆီကို သူ ရောက်နေတာကို သိသွားရင် ဒီကိစ္စမှာ အဖေ့ လက်ချက်လည်း ပါမှာလို့ တွက်မှာပဲ၊ ဒီတော့ ဒီကိစ္စကို တတ်နိုင်သမျှ ဖုံးဖိထားဖို့ လိုတယ်၊ ကဲ လာ တပ်မှူးဆီကို သွားမယ်၊ အရှေ့လည်း လိုက်ခဲ့၊ ခပ်လှမ်းလှမ်းက လိုက်ခဲ့နော်၊ ဟိုရောက်တော့ အပြင်မှာ စောင့်နေ၊ ခေါ်တော့မှ ဝင်လာခဲ့၊ လာ'

ဂျမဒါ အဝါရားသည် စာရွက်စာတမ်းများကို အိတ်ထဲသို့ ထိုးထည့်လိုက်ပြီးနောက် အပြင်သို့ ထွက်သွားသဖြင့် အက်ရှ်ကလည်း ခပ်လှမ်းလှမ်းမှ မယောင်မလည် လိုက်လာခဲ့သည်။ မြောင်းပေါင်ကြီး တစ်ခုပေါ်တွင် နာရီဝက်ခန့် ကြာအောင် ထိုင်စောင့်နေရ၏။

အက်ရှ်သည် ကျောက်စရစ် ခဲလုံးကလေးများကို မြောင်းထဲသို့ ပစ်ချနေရာမှ တပ်မှူး၏ ရုံးခန်းပြတင်းပေါက်ဆီသို့ မကြာခဏ လှမ်းကြည့်နေမိသည်။ တပ်နယ်မြေထဲရှိ ဖုန်ထူသော လမ်းမများပေါ်တွင် အရိပ်တွေ ရှည်လာနေကြပြီ။ ဆောင်းဌေ့ မပြယ်သေးသည့် နွေဦး ညချမ်းသည် ထင်းမီးခိုးနံ့၊ နွားချေး မီးခိုးနံ့တို့ဖြင့် မွှန်လျက် ရှိ၏။

ထိုအချိန်ကလေးသည် လွတ်လပ်သည့် သူ့ဘဝ၏ နောက်ဆုံး အချိန်ကလေး ဖြစ်သည်ကို အက်ရှ် မသိ။ ငြိမ်းချမ်းစွာ၊ လွတ်လပ်စွာ၊ အပူအပင် ကင်းစွာ နေခဲ့ရသော သူ့ ဘဝကလေးသည် ကုန်ဆုံးသွားခဲ့ပြီ။ သည်လို မလွတ်မလပ် နေရမှန်းသာ သိခဲ့လျှင် အမေသီတာကို ပေးခဲ့သည့် ကတိကို ချိုးဖောက်ခဲ့မိမည် အမှန်။ အချိန်ရခိုက် ထွက်ပြေးခဲ့မိမည် အမှန်။ မိမိသည် မဟာဒေဝီ ဂျာနူးဘိုင်၏ ရန်မှ လွတ်အောင် ထွက်ပြေးနိုင်သော်လည်း ယခု ထွက်ပြေး၍ မရတော့။

နယ်ခြားစောင့် တပ်ရင်းမှူး ဗိုလ်မှူးကြီး ဆမ် ဗရောင်း (ဝိတိုရိယ ဘုရင်မ ကြက်ခြေ တံဆိပ်တော်ရ) သည် ပါမောက္ခ ဟီလာရီ ပယ်လ်ဟမ် မာတင်က သူ့ ယောက်ဖဖြစ်သူ ဗိုလ်ကြီး ဝီလျံ အက်ရှ်တန်ထံသို့ ပေးခဲ့သည့် အဆုံး မသတ်သော စာကို ဖတ်ရန် လွန်ခဲ့သည့် ခုနစ်နှစ်လောက်က ဆီစိမ် ဖယောင်းပုဆိုးဖြင့် ပတ်ကာ ချုပ်ပိတ်ထားခဲ့သည့် အထုပ်ကို ခွာနေလေပြီ။ အက်ရှ် အဖို့ ထွက်ပြေးရန် အချိန် မရှိတော့။

သုံးပတ် ကြာသည့် အခါတွင် အက်ရှ်သည် ဘုံဘေမြို့သို့ ရောက်နေလေပြီ။ အဝတ်အစားက ဥရောပတိုက်သား အဝတ်အစား၊ ဖိနပ်ကလည်း ဥရောပတိုက်သားတို့ စီးသည့် ဖိနပ်ရှည်။ နည်းနည်းလေးမျှ သက်သောင့်သက်သာ မရှိ။ သူ့ ဘိုးဘေးများ ရှိရာ ဘိလပ် (အင်္ဂလန်) သို့ သွားရန် ရောက်လာခြင်း ဖြစ်သည်။

သူ့အတွက် ခရီးစရိတ် အဝဝကို သူ့ဦးကြီး၏ တပ်ရင်းရှိ အရာရှိများက စုပေါင်း ခံလိုက်ကြခြင်း ဖြစ်သည်။ သူတို့အားလုံးက သည်ကလေးကချေ ကောင်လေးသည် သူတို့ ရဲဘော် ဝီလျံ၏ တူ မဖြစ်နိုင်ဟု ပြောင်ပြောင်တင်းတင်းပင် ငြင်းကြ၏။

သို့ရာတွင် သားနှင့် ရုပ်ချင်း ချွတ်စွပ်တူသည့် မိခင်ဖြစ်သူ အစ္စဘယ်၏ ဓာတ်ပုံ၊ အက်ရှ် လေးနှစ်ပြည့်သည့် နေ့က သီတာ့ ပေါင်ပေါ်တွင် ထိုင်ကာ ဒေလီတွင် ရိုက်ထားသည့် ဓာတ်ပုံ (ထိုပုံတို့ မှန်ကန်ကြောင်းကို ဇာရင်က ထောက်ခံသည်။) တို့ ပါသည့် အထုပ်ထဲမှ သက်သေခံ အထောက်အထားများ စသည်တို့ကို တွေ့သည့် အခါတွင် မငြင်းသာတော့ဘဲ အသိအမှတ် ပြုလိုက်ကြသည်။

အက်ရှ်ကိုလည်း မေးခွန်းတွေ မေးကာ သူ့ခန္ဓာကိုယ်ကိုလည်း စစ်ဆေးကြသည်။ ထိုသို့ သေချာကောင်း စစ်ဆေးပြီး ဟုတ်မှန်ကြောင်း တွေ့ရသည့် အခါတွင်မှ အရာရှိများသည် မဒန်းတွင် တပ်ရင်း မှူးကတည်းက



www.burmeseclassic.com

www.burmeseclassic.com



အမှုထမ်းခဲ့ပြီး သူတို့ ခင်မင်သည့် ဝီလျံ၏ တူတော်သူကို လိုလေသေးမရှိ ကူညီလိုက်ကြသည်။ အက်ရှ်ကမူ သူတို့ ကူညီလိုက်သည့် အတွက် အထူးတလည် ကျေးဇူးတင်ခြင်း မဖြစ်မိ။

အက်ရှ်သည် သူ့မွေးစား အမေ သီတာ၏ နောက်ဆုံး ဩဝါဒကို လိုက်နာသောအားဖြင့် သူ့ကို ပေးခဲ့သည့် စာရွက်စာတမ်းများနှင့် ငွေများကို တပ်ရင်း ဗိုလ်မှူးကြီးကို အပ်လိုက်သည်။ ထိုသို့ အပ်လိုက်ပြီး နောက် ဓာရင်တို့ အဝါရှားတို့နှင့် အတူ စစ်တန်းလျားတွင် နေကာ မြင်းထိန်း အဖြစ် မာလီ အဖြစ် နေရင်း အရွယ် ရောက်သည်နှင့် တပ်ထဲသို့ ဝင်ချင်သည်။ သို့ရာတွင် ဆိုင်ရာတို့က ခွင့်မပြု။

အဘယ်ကြောင့်များ ကိုယ့်စိတ် ကိုယ့်သဘောနှင့် လွတ်လပ်စွာ မနေနိုင်ရလေသနည်း။ မိမိသည် အဘယ် ကံအကြောင်းတရားကြောင့်များ ယခုလို မိမိအပေါ်တွင် ဩဇာအာဏာတွေ ပေးကာ ချုပ်ချယ်သူများနှင့် အမြဲ တွေ့နေရလေသနည်း။ မိမိသည် မည်သူ့အပေါ်မျှ ကောင်း မကြံခဲ့ဖူးပါလျက် အဘယ့်ကြောင့် မိန်းမဆိုး တစ်ယောက်က သတ်ဖြတ်ရန် လိုက်လံ ရှာဖွေနေသည့် အဖြစ်မျိုးသို့ ရောက်နေရသနည်း။ ဤသည်ကမူ နည်းနည်းမှ မတရား။

အက်ရှ်သည် ဂူးလ်ကုတ် ဈေးထဲတွင် နေရသည်ကို ပျော်သည်။ တတ်နိုင်လျှင် ထိုနေရာမှ မခွာချင်။ လေညင်းသာ ဟော်နန်းသို့ မပြောင်းချင်။ သို့ရာတွင် နေခွင့်မရ။ လေညင်းသာ ဟော်နန်းသို့ ပြောင်းနေခဲ့ရသည်။ ယခုတစ်ဖန် မိမိ၏ အပေါင်းအသင်းများနှင့် မိမိ၏ ဇာတိကို စွန့်ခွာကာ အဖေ့ ဇာတိ ဖြစ်သည့် ဘိလပ်သို့ ပြောင်းရွှေ့ရဦးတော့မည်။ ယခု တစ်ကြိမ်တွင်လည်း သူ့အဖို့ မလိုက်၍ မရ။ လိုက်ရဦးတော့မည်။ အခြား ရွေးစရာလမ်း မရှိ။ ဓောဒက တက်ခွင့်မရ။

မိမိသည် လေညင်းသာ ဟော်နန်းထဲသို့ ဝင်ခဲ့ရသကဲ့သို့ပင် ယခု တစ်ကြိမ်တွင်လည်း ထောင်ချောက်ထဲသို့ နောက်တစ်ကြိမ် ဝင်ခဲ့ရပြန်ပြီ။ ယခုမှ ထွက်ပြေး၍ မဖြစ်တော့။ သူ့နောက်တွင် တံခါး ပိတ်သွားပြီ။ အရွယ် ရောက်လာလျှင်မူ ကိုယ် ကြိုက်သလို နေခွင့်ရမည်လော မဆိုနိုင်။

သို့တိုင်အောင် သည်လောကကြီးသည် မတရားမှုတွေ၊ ချုပ်ချယ်မှုတွေ၊ အကောက်ကြံမှုတွေ၊ နိုင်လိုမင်းထက် လုပ်ချင်သူတွေ များပြားသည့် လောကကြီး။ သည်လို လောကကြီးထဲတွင် သူ နေချင်သလို လွတ်လွတ်လပ်လပ် နေခွင့်ရမည် မထင်။

ဆိုင်ရာ လူကြီးများကမူ ဘိလပ်တွင် အချုပ်အချယ်နှင့် ကာလ အတန်ကြာ နေပြီးနောက် အိန္ဒိယသို့ ပြန်လာခွင့် ရမည်ဟု ပြောကြသည်။

မိမိ ဖခင်၏ ဆွေမျိုးများထံ ကြေးနန်းရိုက် အကြောင်းကြားပြီး ဖြစ်ကြောင်း၊ သူ့အဖေ ဆွေမျိုးများသည် မိမိကို ကျောင်းထားကာ သခင်ဆပ် တစ်ယောက် ဖြစ်အောင် လုပ်ပေးလိမ့်မည် ဖြစ်ကြောင်းဖြင့် ဗိုလ်မှူးကြီး ဆမ်ဗရောင်းက ပြောပြ၏။ ထို့ပြင် စာကြိုးစား၍ စာမေးပွဲများတွင် အောင်မြင်လျှင် (မည်သည့် စာမေးပွဲမျိုး ဖြစ်သည်ကိုမူ သူ မသိ။) စစ်တပ်တွင် ကော်မရှင်ရကာ နယ်ခြားစောင့်တပ် ဗိုလ်တစ်ဦး အနေဖြင့် မဒန်းသို့ ပြန်လာရမည် ဖြစ်ကြောင်းဖြင့်လည်း ပြောပြသည်။

အက်ရှ်သည် ထိုစကား တစ်ခွန်း၊ ထိုမျှော်လင့်ချက်ကလေး တစ်ခုကြောင့်သာလျှင် ထွက်မပြေးမိခြင်း ဖြစ်သည်။ သို့မဟုတ်လျှင် အမေ သီတာကို အဘယ်မျှ ကတိတွေ ပေးခဲ့စေကာမူ၊ မဟာဒေဝီ ဂျာနူးဘိုင်၏ လူများက သူ့နောက်သို့ ဘယ်မျှ လိုက်နေစေကာမူ ထွက်ပြေးမိပေလိမ့်မည်။

ထို့ပြင် မိမိသည် ဘိလပ်သို့ အိန္ဒိယ အစေခံ နှစ်ဦးကို ခေါ်သွားသည့် သခင်ဆပ် တစ်ဦးနှင့် အတူ လိုက်ရမည်ဟု သိသည့်အတွက် သူ ထင်သလောက် အဖော်မဲ့ အပေါင်းအသင်းမဲ့ မဟုတ်သေးဟု သိသဖြင့်သာလျှင် ထွက်မပြေးမိခြင်း ဖြစ်သည်။ ဤသည်မှာလည်း အဝါရှားက အမှတ်တမဲ့ ပြောလိုက်သော စကား တစ်ခွန်းကြောင့် ဖြစ်၏။

'ဒီအတိုင်းသာ ဆိုရင်တော့ ဒီသူငယ်ကလေးဟာ အိန္ဒိယ စကားတွေ၊ အိန္ဒိယ ဓလေ့ထုံးစံတွေကို မေ့ကုန်တော့မှာပဲ၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ အထဲမှာ နေတဲ့ သခင်ဆပ် တစ်ယောက်သာ ပန်ချာပီ စကားတို့ ပထန် စကားတို့ကို တတ်ထားရင် ကောင်းတာပေါ့၊ တပ်မှာ ပြန်လုပ်ရင် ပိုအဆင်ပြေတာပေါ့၊ ကျွန်တော်တို့ တိုင်းရင်းသား တပ်သားတွေ အကြောင်းကိုလည်း သိတာပေါ့၊ ဘိလပ်မှာသာ ဆိုရင် သူလည်း အိန္ဒိယ စကားတွေ ထုံးစံတွေကို မေ့ပြီး တခြား သခင်ဆပ်တွေ လိုပဲ ဖြစ်မှာပေါ့၊ ဒီလိုဆိုရင် ကျွန်တော်တို့ တပ်ဒ… က် လည်း တစ်ပန်းရှုံးတာပေါ့' ဟု အဝါရှားက ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



တပ်မှူးသည် ထိုစကားကို သဘောကျသွား၏။ အိန္ဒိယပြည်တွင် အမှုထမ်းနေသည့် အင်္ဂလိပ် အရာရှိများသည် အိန္ဒိယ တိုင်းရင်း ဘာသာစကား တစ်ခုခုကို တတ်ကျွမ်းသည့်တိုင် ကောင်းကောင်းမွန်မွန် တတ်ကြသည် မဟုတ်။ တတ်ကျွမ်းသူများမှာလည်း ကပြားများသာ ဖြစ်သဖြင့် စစ်ဘက်တွင် လည်းကောင်း၊ အုပ်ချုပ်ရေးဘက်တွင် လည်းကောင်း ရာထူးကြီးများကို မရနိုင်ကြ။

'ဆိကန္ဒာဆပ်' ဟု ခေါ်သော နာမည်ကျော် စစ်သားကြီး တစ်ဦး ဖြစ်သည့် ဗိုလ်မှူးကြီး ဂျော့ စကင်းနားသည်ပင်လျှင် အမေက အိန္ဒိယ အမျိုးသမီး ဖြစ်သည့်အတွက် ဘင်္ဂလား စစ်ဘက်တွင် တိုက်ရိုက် ကော်မရှင်မရဘဲ တပ်သားဖြင့် ဝင်ခဲ့ရသည်။

သို့ရာတွင် ဗိုလ်မှူးကြီး အက်ရှ်တန်၏ တူဖြစ်သူ အက်ရှ်မှာကား သွေးမှအပ အိန္ဒိယပြည်တွင် မွေးသည့် ဇာတိစစ်စစ်။ ထို့ကြောင့် သူ့လိုလူ တစ်ယောက်သာ နယ်ခြားစောင့် တပ်ရင်းတွင် ဝင်၍ အမှုထမ်းလျှင် များစွာ အဖိုးတန်ပေလိမ့်မည်။

အိန္ဒိယပြည် ဆိုသည်မှာ အဖြစ်အပျက် တစ်ခု ပေါ်ပေါက်လျှင် တိတိကျကျ သတင်းရဖို့ ခက်ခဲဘိခြင်း။ ဘာသာစကားတွေ ခြားသည်နှင့် အဓိပ္ပာယ် အယူအဆတွေ မကြာခဏ လွဲတတ်သည်။ ထိုသို့ သတင်းကလေး လွဲရုံမျှဖြင့် ကိုးရိုးကားရား ဖြစ်သွားနိုင်သည်။

ယခု အဝါရှားက အက်ရှ်ကဲ့သို့သော အဖိုးတန် ပစ္စည်း တစ်ခုကို အလဟဿ မဖြစ်အောင် အကြံပေးခြင်းမှာ သင့်မြတ်သည်ဟု ဗိုလ်မှူးကြီး ယူဆသည်။

တပ်မှူးသည် အဝါရှား ပြောသည့် စကားကို အလေးအနက် စဉ်းစားကာ နည်းလမ်းရှာသည်။ အရေးပိုင် ဗိုလ်မှူးကြီး အင်ဒါဆင်မှာ ကျန်းမာရေး ချို့တဲ့သည့်အတွက် ကြာသပတေးနေ့တွင် ဘိလပ်သို့ ပြန်စရာရှိသည်။

သူနှင့်အတူ ပထန် အမျိုးသား အစေခံ ဖြစ်သည့် အာလယားနှင့် ခန်တမာ (ထမင်းချက်) ဖြစ်သူ မာဒူးတို့ကို ဘိလပ်သို့ ခေါ်သွားရန် စီစဉ်ထား၏။ သူတို့နှစ်ယောက်စလုံးမှာ အဗိုဒဗတ်မြို့ အထက်ရှိ တောင်တန်းများပေါ်မှ တောင်တန်းသားများ ဖြစ်ကြသည်။ သူတို့ နှစ်ယောက်စလုံး အရေးပိုင် ဗိုလ်မှူးကြီး အင်ဒါဆင်ထံ အလုပ် လုပ်လာခဲ့ကြသည်မှာ အနှစ် နှစ်ဆယ်ခန့် ရှိလေပြီ။

အရေးပိုင် အင်ဒါဆင်သည် ဂျွန် နီကိုလ်ဆန်၊ ဆာ ဟင်နရီ လောရင့် စသူတို့နှင့် ရင်းနှီးသော မိတ်ဆွေတွေ ဖြစ်ပြီး အိန္ဒိယ တိုင်းရင်း ဘာသာ စကားခြောက်မျိုးလောက်ကို ကျွမ်းကျင်စွာ တတ်ရုံမျှမက အိန္ဒိယပြည် အနောက်မြောက် နယ်စပ်ကို သဘောကျကာ ထိုနယ် အကြောင်းကိုလည်း ထဲထဲဝင်ဝင် သိသူ ဖြစ်၏။ ထို့ကြောင့် သူကလည်း အက်ရှ်လို အိန္ဒိယ တိုင်းရင်း စကား ကျွမ်းကျင်သည့် သူငယ်ကလေး တစ်ယောက်ကို ခေါ်သွားမည်ဟု လိုလိုချင်ချင်ပင် ပြောသည်။

သို့ဖြင့် တပ်ရင်းမှူးသည် ထိုနေ့ ညမှာပင် မြင်းတစ်စီးဖြင့် အရေးပိုင် အင်ဒါဆင်ထံသို့ အက်ရှ်ကို ခေါ်သွားပြီး အပ်သည်။

အရေးပိုင် အင်ဒါဆင်ကလည်း အက်ရှ်၏ အဖြစ်အပျက်ကို စိတ်ဝင်စားကာ သူ့ကို ဘိလပ်သို့ ခေါ်သွားရန် သဘောတူလိုက်၏။

အက်ရှ်မှာကား ပြန်မှ လာရပါမည်လောဟု စိုးရိမ်လျက် ရှိလေပြီ။

ဇာရင်က

'ပြန်လာရမှာပါကွာ၊ ဟိုမှာ ပညာ သွားသင်ရုံလောက်ပါ၊ ဘိလပ်ကို သွားပြီး စာသင်မှ ကောင်းမယ်တဲ့၊ လူကြီးတွေက ပြောတယ်၊ ငါတို့ကတော့... အေးလေ၊ ပညာ သင်တာကတော့ ထားပါတော့၊ မင်းအဖို့ လောလောဆယ် အရေးကြီးတာက အသက်ဘေးက လွတ်ဖို့ အရေးကြီးတယ်၊ ဒီမှာ ဆိုရင် နောက်ရန် မအေးဘူး မဟုတ်လား၊ ဟိုမှာ ဆိုတော့ စိတ်ချရပြီပေါ့၊ ဒီမှာ ဆိုရင် သူတို့ နောက်က လိုက်ချင် လိုက်နေကြဦးမှာ၊ ပင်လယ်ကြီးကိုတော့ ကျော်ပြီး မလိုက်နိုင်တော့ဘူး ပေါ့ကွာ၊ မင်း ပြန်လာတဲ့ အချိန်လောက်ကျတော့ သူတို့လည်း မင်းကို မေ့သွားကြတော့မှာပါ။

'ငါနှင့် ငါ့အစ်ကို အဝါရှားတို့ ဆိုရင် မင်းအကြောင်းကို ဂူးလ်ကုတ်က အဖေ့ဆီကို စာမရေးဖို့ ညှိထားကြတယ်၊ တကယ်လို့ ကြားက ဖွင့်ဖတ်ရင် မင်း ဒီကို ရောက်နေတယ် ဆိုတာ သူတို့ သိသွားမယ် မဟုတ်လား၊ ဒါကြောင့် မင်းအကြောင်းကို အဖေ့ကို တောင် မပြောတော့ဘူးလို့ တို့နှစ်ယောက် တိုင်ပင်ပြီးသားပါ၊ ငါလည်း မင်းဆီကို စာမရေးသေးဘူး၊ နောင်ကျလို့ ဗိုလ်မှူးကြီး သခင်ဆပ်က စိတ်ချရပြီ ဆိုတဲ့ အခါကျတော့မှ ဘိလပ်မှာ ရှိတဲ့ မင်းဆီကို စာရေးတော့မယ်။



www.burmeseclassic.com

www.burmeseclassic.com



'ပြီးတော့ ခုသွားရမှာက မင်း တစ်ယောက်တည်း သည်း မဟုတ်ပါဘူး၊ အင်ဒါဆင် ဆပ်လည်း ပါသေး တာပဲ၊ အင်ဒါဆင် ဆပ်က လူကောင်း တစ်ယောက်ပါ၊ အစစ အရာရာ စိတ်ချရပါတယ်၊ သူ့ဆီကလည်း မင်း အများကြီး ပညာတွေ ရမှာပါ၊ မကြာပါဘူး၊ ဒီလိုနှင့် နှစ်တွေ ကုန်သွားပြီး ပြန်လာရမှာပေါ့'

သို့ရာတွင် နှစ်များသည် ဖာရင် ပြောသလို မြန် မြန် ကုန်လွန်သွားသည် မဟုတ်။ တအိအိနှင့် နှေးကွေး လွန်းလှသည်။ ထို့ကြောင့် အက်ရှ်၏ စိတ်တွင် တစ်ပတ် ကို တစ်လ ကြာသည်ဟု ထင်၏။ တစ်လကို တစ်နှစ် ကြာသည်ဟု အောက်မေ့မိ၏။ သို့ရာတွင် အရေးပိုင် အင်ဒါဆင်နှင့် ပတ်သက်၍ ဖာရင် ပြောလိုက်သည့် စကားမှာမူ မှန်ပါ၏။

အရေးပိုင် အင်ဒါဆင်သည် အက်ရှ်ကို သဘော ကျသွားကာ တစ်လမ်းလုံး အင်္ဂလိပ် စကားပြော သင် သွားသည်။ တိုင်းတစ်ပါးတွင် အအကြီးလို နေရမည် ဆိုလျှင် တစ်ပန်း ရှုံးလွန်းသည်။ ရက်စရာလည်း ကောင်း သည်ဟု အက်ရှ် ယူဆသည်။

အက်ရှ်သည် ဘာသာဗေဒ ပါရဂူ ဖြစ်သည့် အဖေ့သွေး ပါသူ ဖြစ်သည့်အတိုင်း တစ်နှစ် အတွင်း တွင် အင်္ဂလိပ် စကားကို ကောင်းကောင်း ပြောတတ် သွားလေရာ အလျင်က တခြား စကား တစ်မျိုးမျိုးကို တတ်ခဲ့ဖူးသူ တစ်ဦးဟုပင် မထင်ရတော့။ မွေးကတည်း က အင်္ဂလိပ် စကား ပြောခဲ့သူဟုပင် ထင်ရလောက် အောင် ကျွမ်းကျင်သွားသည်။ ငယ်ကလည်း ငယ်သေး သဖြင့် အထက်တန်းစား အင်္ဂလိပ် စကားကို အင်္ဂလိပ် လေသံ စစ်စစ်ဖြင့် ပြောနိုင်လေပြီ။

သို့တိုင်အောင် အက်ရှ်သည် သူ့ကိုယ်သူ အင်္ဂလိပ် တစ်ယောက်ဟု ခံစား၍ မရသေး။ သူ့အသိုင်းအဝိုင်း ကလည်း သူ့ကို အင်္ဂလိပ်သွေးဟု ရောရောရှုရှု လက် ခံကြသေး။

အက်ရှ်သည် သူစိမ်း တိုင်းပြည်တွင် လူစိမ်း တစ်ယောက် ဖြစ်နေသည်။ အင်္ဂလန်သည် သူ့အဖို့ 'ဟုမ်း' ဟု အင်္ဂလိပ်တွေ ခေါ်လေ့ ရှိကြသော မွေးရပ် မြေ မည်သည့်အခါမျှ မဖြစ်နိုင်။ သူ့အဖို့ 'ဟုမ်း' ခေါ် မွေးရပ်မြေသည် ဟိန္ဒူစတန် ခေါ် အိန္ဒိယပြည်ကြီး ဖြစ် သည်။ သူသည် ယခုတိုင် အမေ သီတာ၏ သားဖြစ်ပြီး နောင်တွင်လည်း အမေ သီတာ၏ သား ဖြစ်နေဦးမည် သာ။

သူ့ဘဝသစ်တွင် တွေ့ကြုံရသည့် အဖြစ်အပျက် များမှာ သူ့အတွက် အသစ်အဆန်း ဖြစ်နေရုံမျှမက ကြောက်စရာ ကောင်းနေသည်။ အချို့ ကိစ္စကလေး များသည် အင်္ဂလိပ်များ အမြင်တွင် အသေးအဖွဲ့ကလေး မျှသာ ဖြစ်သော်လည်း အမေ သီတာတို့ အတွက်မူ ကြောက်ခမန်းလိလိ အရာကြီးတွေ ဖြစ်နေသည်။

ဥပမာအားဖြင့် ဝက်သား စားသည့် ကိစ္စနှင့် အမဲသား စားသည့် ကိစ္စမျိုး။ ဝက်သည် မသန့်ရှင်းသော သတ္တဝါ ဖြစ်ပြီး နွားသည် မြင့်မြတ်သော သတ္တဝါဟု ယူဆသည့် အတွက် ဝက်သား စားခြင်းသည် စက်ဆုပ် ဖွယ် ကောင်းနေပြီး အမဲသား စားခြင်းသည် ဓမ္မန္တရာယ် ကြီး တစ်ပါး ဖြစ်နေသည်။

သွားပွတ်တံ တစ်ချောင်းကို တစ်ကြိမ် မဟုတ်ဘဲ နေ့တိုင်း သုံးနေသည့် ဥရောပ ထုံးစံသည်လည်း အက်ရှ် ၏ အမြင်တွင် စက်ဆုပ်စရာ ကောင်းနေသည်။ အမေ သီတာတို့ဆီမှာ ဆိုလျှင် သွားတိုက်လျှင် တံပူဖြင့် တိုက် ကာ တစ်ခါ သုံးပြီးနောက် လွှင့်ပစ် လိုက်ကြသည်။ ဟိန္ဒူများသည် တံတွေးကို ရောဂါ ကူးသည်ဟု ဆိုကာ တံပူကို တစ်ခါသာ သုံးကြ၏။ အင်္ဂလိပ်များသည် ဤ အချက်ကို မသိယောင်တကား။

အက်ရှ်သည် သွားပွတ်တံ သုံးရန်နှင့် အခြား သော ဓလေ့များကို အချိန် အတော်ကြာမှ လက်ခံလာ နိုင်ခဲ့သည်။

ပထမနှစ်သည် သက်ဆိုင်သူ ကာယကံရှင် နှစ် ဖက်စလုံး အဖို့ အတော် ဒုက္ခရောက်သည့် နှစ်လည်း ဖြစ်သည်။ အက်ရှ် အတွက် ကသိကအောက် ဖြစ်ရသည့် နည်းတူ အက်ရှ်၏ ဆွေမျိုးများ အတွက်လည်း အရှေ့ တိုင်းမှ လာသည့် ဤ (လူရိုင်း) ကလေး၏ ရုပ်ဆင်း သဏ္ဌာန်နှင့် အနေအထိုင် အပြုအမူတို့ကြောင့် အတော် ဒုက္ခ ရောက်ကြရ၏။

အင်္ဂလိပ် လူမျိုးသည် ရှေးဆန်ပြီး ကျွန်းကလေး ပေါ်တွင် နေထိုင်ရသူ ပီပီ မွေးကတည်းက စိတ်ထား ကျဉ်းမြောင်းသူများ ဖြစ်သည့်အလျောက် အက်ရှ်၏ အမျိုးများသည်လည်း သူတို့ တူကလေးကို လူရှေ့သူရှေ့ တွင် တော်တော်နှင့် မထုတ်ရဲကြ။

ခပ်စောစောကမူ သူတို့ တူကလေးကို နာမည် ကျော် အလွတ်ပညာသင် ကျောင်းကြီး တစ်ကျောင်း တွင် ထားမည်ဟု စိတ်ကူးခဲ့သော်လည်း နောက်တွင် စိတ်ကူး တစ်မျိုး ပြောင်းသွားကာ အိမ်တွင် အငြိမ်းစား



www.burmeseclassic.com

www.burmeseclassic.com



**အောက်စဖို့** တက္ကသိုလ် ကျောင်းဆရာ တစ်ယောက်ကို ခေါ်ပြီး သူ့ကို ပုံသွန်းပေးရသည်။

ထိုသို့ သူတို့ စိတ်တိုင်းကျ ပုံသွင်းပေးပြီးမှ သူ့ကို အရေးပိုင် အင်ဒါဆင်နှင့် အတူ အလည်အပတ် ထည့်လိုက်၏။

ပါမောက္ခ ဟီလာရီ၏ အစ်ကိုကြီး ဆာ မက်သယူး၏ **အိမ်သည်** ပယ်လ်ဟမ် အဘာစ်ဟု ခေါ်ပြီး အန်းဘုရင်မကြီး လက်ထက် ကတည်းက ဆောက်ခဲ့သည့် ရှေးအိမ်ကြီး တစ်ဆောင် ဖြစ်၏။ ယခင်က ထိုနေရာတွင် ကျူးဒါးခေတ်က ဆောက်ခဲ့သည့် အိမ်ကြီး တစ်လုံး ရှိခဲ့သော်လည်း ၁၆၄၄ ခုနှစ်တွင် ကရွန်းဝဲ၏ သူပုန်များက မီးတင် ရှို့ခဲ့သည့် အတွက် မူလ အိမ်ဟောင်းကြီးမှာ ပျက်စီးခဲ့လေပြီ။

စံအိမ်ကြီး ပတ်ပတ်လည်တွင် လေ့ကားထစ် မြက်ခင်း စိမ်းစိမ်းများ၊ ပန်းဥယျာဉ်များ၊ မြင်းဇောင်းများ၊ သစ်ပင်စိုက်သည့် ဖန်အိမ်များလည်း ရှိ၏။ အလှ တူးထားသည့် ရေကန် တစ်ကန်လည်း ရှိပြီး အက်ရှ် မြင်းစီးကျင့်သည့် ပန်းခြံကြီး တစ်ခြံလည်း ရှိသည်။ ငါးသလောက် ယောက်ဖ မျှားနိုင်သည့် စမ်းချောင်းကလေး တစ်ခုလည်း ရှိသည်။

ခြံတစ်ဖက် တောစပ်တွင်မူ ဆာ မက်သယူး၏ တောလိုက် မုဆိုး နေသည့် ယာတော တစ်ခု ရှိပြီး ခေါင်းများ၊ ရစ်များ မွေးထား၏။ ဧက လေးရာလောက် ရှိသည့် ယာတော တစ်ခုလည်း ရှိသည်။

အိမ်ကြီးထဲတွင် မိဘ ဘိုးဘွားများ၏ ပုံတူ ပန်းချီကားကြီးများ၊ ရှင်ခွင်ပိုက် ကိုယ်တော်ကလေး လက်ထက်တွင် ပေါ်ခဲ့သည့် ရှေးဟောင်း ပရိဘောဂများဖြင့် ပြည့်လျက် ရှိ၏။

သူ့အဖေ၏ အမျိုးများသည် ဤအိမ်ကြီးကို မြင်သည့် အခါတွင် သူတို့တူ အရိုင်းအစိုင်းကလေးသည် တအံ့တသြ ဖြစ်နေလိမ့်မည်ဟု ထင်ခဲ့ကြသော်လည်း အက်ရှ်က သူတို့အိမ်မှာ အနေအထိုင် ကျဉ်းကျပ်ကြောင်း၊ သူ နေခဲ့ဖူးသည့် အိန္ဒိယပြည်ရှိ ဟော်နန်း တစ်ခုနှင့် စာလျှင် အရွယ် ပမာဏတွင် လည်းကောင်း၊ ခမ်းနား ကြီးကျယ်မှုတွင် လည်းကောင်း မနှိုင်းယှဉ်သာအောင် သေးငယ်လျက် ရှိကြောင်းဖြင့် ပြောသည့် အခါတွင် အံ့အား သင့်နေကြသည်။

**သူ့**ဆွေမျိုးများသည် သူ့စကားများကြောင့် ပထမဆုံး အကြိမ် တအံ့တသြ ဖြစ်ကြရသည်။ သူ ပြောသည့် စကားများကလည်း လက်ခံနိုင်စရာ မရှိ။ ယုံနိုင်စရာ မရှိ။ ထို့ပြင် အက်ရှ် သေနတ်ပစ် လက်ဖြောင့်ပြီး မြင်းစီး ကျွမ်းသည်ကို ကြည့်၍လည်း သူတို့ တအံ့တသြ ဖြစ်နေကြသည်။ သို့ရာတွင် ထိုသို့ သေနတ်ပစ် ဖြောင့်ခြင်း၊ မြင်းစီး ကျွမ်းကျင်ခြင်း အတွက်မူ သူတို့ ဝမ်းလည်းသာသည်။

သူ့အစ်ကို ဝမ်းကွဲဖြစ်သည့် ဟန်ဖရီက 'မြင်းစီးကောင်းပြီး သေနတ်ပစ် ဖြောင့်နေတယ် ဆိုရင်တော့ သူ့အတိတ်ကို ဖုံးလို့ ရချင်ရမှာပါ၊ ဒါပေမဲ့ ကျွန်တော်တို့ သူ့ကို ငယ်ငယ်က မတွေ့လိုက်ရတာ သိပ်နာတာပဲ၊ ခုတော့ သူ့ခေါင်းထဲမှာ မဟုတ်တဲ့ အယူအဆတွေက တော်တော် စွဲနေပြီ' ဟု ပြောသည်။

အက်ရှ်၏ အယူအဆများမှာ ဘိလပ်က အင်္ဂလိပ်များနှင့် လုံးလုံး မတူ။ ထို့ကြောင့် သူတို့နှင့် ဆက်ဆံရာတွင် မကြာခဏ ပြဿနာ ဖြစ်ရသည်။ ဥပမာ အမဲသား မစားသည့် ကိစ္စမျိုး (အမဲသား ရှောင်သည့် အကျင့်မှာ အမေ သီတာ သင်ပေးခဲ့သည့် အကျင့်ဖြစ်ရာ ထိုအကျင့်ကို တော်တော်နှင့် ဖျောက်၍ မရ။ ကျောင်းတွင် ဆရာများက သူ့ကို ဒဏ်အမျိုးမျိုး ပေး၍ ထိုအစွဲကို ချွတ်ကြသည်။ အိမ်တွင် ဆွေမျိုးသားချင်းများက အမျိုးမျိုး အကျပ် ကိုင်ကြသည်။) အခက်အခဲပေါင်းများစွာကို ဖြတ်သန်းပြီးသည့် နောက်ကျမှ ထိုအစွဲကြီး ကျွတ်သွားတော့သည်။

အက်ရှ်သည် ကျောင်းက ဖိနပ် တိုက်သည့် ကောင်လေး ဝီလီ ဟစ်ဂင်းကို မြင်းစီး သင်ပေးသည်။ ဤသည်ကို ဆရာများက တားကြသည်။ ကျောင်းဘော်ဒါ မီးဖိုတွင် ပန်းကန်ဆေးသည့် အသက် ဆယ့်နှစ်နှစ် အရွယ် ကောင်မလေး အင်နီမော့မှာ ပိန်ချုံးကာ ချို့ချို့ငဲ့ငဲ့ စားရသည်။ ဤတွင် အက်ရှ်က သူ့ကို ကျောင်းခန်းထဲ ခေါ်၍ သူ့တွင် ပါသည့် လက်ဖက်ရည်နှင့် မုန့်များကို ကျွေးသည်။ ဤသည်တို့ကိုလည်း ဆရာများက တားမြစ်ကြပြန်သည်။

အက်ရှ်သည် သူ့ကို ဆရာများက အဘယ်ကြောင့် တားသည်ကို နားမလည်နိုင်။ 'ဒါ ကျွန်တော် သောက်ရမယ့် လက်ဖက်ရည်ပဲ၊ ကျွန်တော်က သနားလို့ ကျွန်တော် မသောက်ဘဲ တိုက်တာ ဘာဖြစ်သလဲ၊ မတိုက်ရဘူးလား' ဟု မေးတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'သော်တာ ဆိုတဲ့ ဒီမြင်းကြီးကို ကျွန်တော့် ဦးလေးက ကျွန်တော့်ကို အပိုင် ပေးထားတာပဲ၊ ကောင်လေးက မြင်းစီး သင်ချင်တယ် ဆိုလို့ သင်ပေးတာကော သင်မပေးရတော့ဘူးလား' ဟု မေးတတ်သည်။

အက်ရ်္ဂသည် အဆင့်အတန်း ခွဲသည့် သူ့ဆွေမျိုးများကို နားမလည်နိုင်။

သူ့ ဒေါ်လေး မီလီဆင့်က

'သူတို့က အစေခံတွေကွယ့်၊ အစေခံကို တန်းတူ ဆက်ဆံရဘူး၊ သူတို့က သနားလို့လို့ နားလည်မှာ မဟုတ်ဘူး၊ ဒီတော့ ရောင့်တက် ကုန်ကြလိမ့်မယ်' ဟု ပြောသည်။

အက်ရ်္ဂက အင်္ဂလိပ်စကား ကိုးရိုးကားရားဖြင့် ဆင်ခြေတက်သည့် အခါတွင် ဒေါ်လေး မီလီဆင့်သည် သူ့အစ်ကိုကဲ့သို့ ခပ်ဆန်းဆန်း ဖအေတူသား ဖြစ်သည့် သူ့တူ အတွက် စိတ်ပျက်ခြင်း ဖြစ်ရသည်။ အင်း သူ့ အမေလိုပဲ အမြဲ ပြဿနာ တက်တာပဲဟု အောက်မေ့မိသည်။ သူ့အစ်ကို ဟီလာရီသည် သေသည်၏ နောက် မှာပင် ပြဿနာ ဖန်တီးပစ်ခဲ့သေးသည်။

'ကျွန်တော်လည်း အိမ်ရှေ့ ကိုယ်တော်လေး ဘာလာဂျီရဲ့ အစေခံ ဖြစ်ခဲ့ဖူးတုန်းက သူ့မြင်းကို တက် စီးတာပဲ၊ ဘာမှ...'

'အဲဒါက အိန္ဒိယပြည်၊ ခုဟာက အင်္ဂလန်၊ အင်္ဂလန် မှာ မင်း ဗိုင်းကောင်း ကျောက်ဖိ နေရမယ်၊ သိက္ခာနှင့် နေရမယ်၊ တို့အင်္ဂလန်မှာ အစေခံတွေနှင့်အတူ မကစား ဘူး အတူတူ မစားဘူး၊ အင်နီကို မင်း ကျွေးဖို့ မလို ဘူး၊ မီးဖိုမှာ သူ့ကို ဝအောင် ကျွေးပြီးပြီပဲ'

'မဝဘူး ဒေါ်လေး၊ အင်နီမှာ အမြဲတမ်း ဆာနေ တာပဲ၊ ဒါတော့ ဘယ် တရားမလဲ၊ အင်နီခမျာ'

'တော်ပြီ အက်ရ်္ဂ၊ နောက်ထပ် စကားရှည် မနေ နဲ့ သူတို့ကို မကျွေးရဘူးလို့ ပြောပြီးပြီ၊ ဒါပဲ၊ နောက် ထပ် ဒါမျိုး ကြားရရင် မင်း မီးဖိုထဲကို မဝင်ရတော့ဘူး၊ အစေခံတွေနှင့်လည်း စကား မပြောရတော့ဘူး၊ နားလည် လား'

အက်ရ်္ဂ နားမလည်။ ထို့အတူ သူ့ဆွေမျိုးများ ကလည်း သူ့ကို နားမလည်။ အင်္ဂလိပ်စာကို ရေးတတ် ဖတ်တတ်လာသည့် အခါ၌ သူ့ဘကြီးက သူ့တူကို အား ပေးသည့် သဘောဖြင့် အိန္ဒိယပြည်နှင့် ပတ်သက်သည့် စာအုပ် အချို့ကို ဖတ်စေသည်။ 'မင်း စိတ်ဝင်စားမှာပါ' ဟုလည်း ပြော၏။

ထိုစာအုပ်များထဲတွင် သူ့အဖေ ဟီလာရီ ရေးခဲ့သည့် စာအုပ်များလည်း ပါသည်။ ဘင်္ဂလားပြည်ကို သိမ်းပိုက်ခြင်း၊ ဆာ ဂျွန် ကေး၏ အိန္ဒိယ စစ်ဗာရီတို့၏ ပုန်ကန်မှု သမိုင်း စသည့် စာအုပ်များလည်း ပါသည်။

အက်ရ်္ဂသည် ထိုစာအုပ်များကို စိတ်ဝင်စားစွာ ဖတ်၏။ သူ့ဘကြီး မက်သယူးက ထိုစာအုပ်များကို အဖတ် ခိုင်းခြင်းမှာ ကျောင်း သင်ခန်းစာများကိုချည်း ကြည့်နေရသဖြင့် ငြီးငွေ့သွားမည် စိုးသောကြောင့် အဖတ် ခိုင်းခြင်း ဖြစ်သည်။ သို့ရာတွင် သူက ထိုစာအုပ်များကို အလေးအနက် ထား၍ ဖတ်နေသည်။ သူ့အဖေ ရေး သည့် စာအုပ်များကို ဖတ်ရသည်မှာ ပျင်းစရာ ကောင်း သည်။ ပညာရှိ ဆန်သည်။

သူ့ဘကြီး မက်သယူးက ထိုစာအုပ်များနှင့် ပတ် သက်၍ အက်ရ်္ဂ၏ ထင်မြင်ချက်ကို မေး၏။ သူ့စကား ကြောင့် ဘကြီး မက်သယူး စိတ်ပျက်နေသည်။

'ဘကြီး မေးလို့ ပြောရတာပဲလေ၊ ကျွန်တော့် သဘော ပြောရမယ် ဆိုရင်တော့ အိန္ဒိယပြည် ဆိုတာ သူတို့ တိုင်းပြည်ပဲ၊ သူတို့က ဘကြီးတို့ကို ဘာအန္တရာယ် ပြုတာ မှတ်လို့၊ သူတို့ တိုင်းပြည်ကို သွားပြီး သိမ်းတာ တော့ မတရားသက်သက် အနိုင်ကျင့်တာပဲ'

ဟီလာရီရဲ့ သား ပီသပါပေ့ဟု စိတ်ထဲတွင် အောက်မေ့မိသည်။ ဤတွင် ဘကြီး မက်သယူးက လေ သံ ပြတ်ပြတ်ဖြင့် အိန္ဒိယ လူမျိုးများသည် များစွာ အန္တရာယ် ပေးလျက် ရှိကြောင်း၊ အချင်းချင်း သတ်ဖြတ် နေကြကြောင်း၊ ပြည်နယ် တစ်ခုနှင့် တစ်ခု စစ်တိုက် နေကြကြောင်း၊ နတ်များကို ပသရန် အတွက် အပြစ်မဲ့ သော ခရီးသွားများကို သတ်ဖြတ်ကြကြောင်း၊ ယောက်ျား သေလျှင် မိန်းမက လိုက်၍ မီးပုံထဲ ခုန်ဆင်းရကြောင်း၊ ကုန်စည် ကူးသန်း ရောင်းဝယ်မှုနှင့် တိုးတက်မှုကို တား ဆီး နှောင့်ယှက်လျက် ရှိကြောင်း၊ ဤသို့သော ကြောက် ဖွယ်လိလိ အဖြစ်အပျက်များကို ဆက်လက် ခွင့်မပြုနိုင် ကြောင်း၊ ခရစ်ယာန် လူမျိုး တစ်မျိုး အနေဖြင့် အင်္ဂလန် သည် ထိုရက်စက် ရိုင်းပျမှုများကို အဆုံးသတ်ကာ ဒုက္ခ ရောက်နေသည့် အိန္ဒိယ လူမျိုး သန်းပေါင်း များစွာ အတွက် ငြိမ်ဝပ် ပိပြားရေးနှင့် အေးချမ်း သာယာရေးကို တည်ဆောက်ပေးရန် တာဝန် ရှိကြောင်း...။

'ဘာဖြစ်လို့ အင်္ဂလန်ပြည်က တာဝန် ရှိရမှာလဲ၊ ဘကြီးတို့နှင့် အဲလေ ကျွန်တော်တို့နှင့် ဘာဆိုင်တာ မှတ်လို့၊ အိန္ဒိယပြည် ဆိုတာ ကျွန်တော်တို့နှင့် အနီး



www.burmeseclassic.com

www.burmeseclassic.com



ကလေးမှ မဟုတ်တာ၊ ဟိုကမ္ဘာ တစ်ဖက် အစွန်းမှာ' ဟု အက်ရှ်က ရိုးရိုးသားသား မေးသည်။

ဘကြီး မက်သယူးမှာ စိတ်တိုလာလေပြီ။ သို့ရာတွင် အနိုင်နိုင် ချုပ်တည်းကာ

'အင်း ငါ့တူက စာအုပ်တွေကို သေသေချာချာ မဖတ်ဘဲကိုး၊ သေသေချာချာလည်း ဖတ်ကြည့်ဦးလေကွာ၊ ဘကြီးတို့ အနေနှင့် အိန္ဒိယပြည်မှာ ကုန်သွယ်ရေး စခန်းတွေ တည်ဆောက်ခွင့် ရထားတယ်၊ ကုန်သွယ်ရေး ကိစ္စ ဆိုတာ ဘကြီးတို့ တိုင်းပြည် စည်ပင် ဝပြောရေး အတွက်သာ မဟုတ်ဘူး၊ ကမ္ဘာကြီး တစ်ခုလုံး တိုးတက်ရေး အတွက်လည်း အရေးကြီးတယ်။

'ခု အိန္ဒိယမှာ သူတို့ ပြည်နယ် စော်ဘွားအချင်းချင်း စကားများပြီး တိုက်ခိုက်နေကြတော့ ဘကြီးတို့ ကုန်သွယ်ရေး ကိစ္စတွေမှာ အများကြီး အနှောင့်အယှက် ဖြစ်တယ်၊ ဒီတော့ ဘကြီးတို့ အနေနှင့် တရားဥပဒေ စိုးမိုးရေးနှင့် ငြိမ်ဝပ် ပိပြားရေး ရအောင် လုပ်ရမယ်၊ ခုတော့ ရသလောက် ရနေပြီ ဆိုပါတော့၊ ဘုရားသခင်ရဲ့ ကူညီ မှိုင်းမမှုကြောင့် ဘကြီးတို့ဟာ အိန္ဒိယမှာ ငြိမ်ဝပ် ပိပြားရေး ရအောင် လုပ်ပြီးပြီ။

'ဟိုတုန်းက နှစ်ပေါင်းများစွာ ကတည်းက အိန္ဒိယ ပြည်ကြီးဟာ လောဘကြီးတဲ့ ဟိန္ဒူ ဘုန်းကြီးတွေနှင့် အချင်းချင်း ရန်စောင်နေကြတဲ့ မဟာရာဇာတွေရဲ့ မတရား ညှဉ်းပန်းမှုတွေ အောက်မှာ နေလာခဲ့ရတယ်၊ အိန္ဒိယ လူထုတွေဟာ မျက်ရည်နှင့် မျက်ခွက် ဖြစ်ခဲ့ကြတယ်၊ ဘကြီးတို့ အင်္ဂလိပ်တွေကြောင့် ခုဆိုရင် အိန္ဒိယ လူမျိုးတွေဟာ တိုးတက် ပြောင်းလဲ လာကြပြီ၊ ဒီအတွက် ဘကြီးတို့ အင်္ဂလိပ်တွေ အနေနှင့် ဂုဏ်ယူကြရမယ်။

'အိန္ဒိယ ပြည်ကြီးကို ဒီလို တိုးတက် ပြောင်းလဲလာအောင် လုပ်တဲ့ နေရာမှာ အင်္ဂလိပ်တွေဟာ ချွေးတွေ သွေးတွေ အသက်တွေ ပေးခဲ့ကြရတယ်၊ ဒါပေမဲ့ ဘယ်သူတွေက ဘယ်လောက်ပဲ ဟန့်တား နှောင့်ယှက်သည် ဖြစ်စေ တိုးတက်မှုကိုတော့ တားလို့ မရပါဘူး၊ ခုခေတ်က ဆယ့်ကိုး ရာစုနှစ်၊ ရှေးခေတ် လူရိုင်း အပြုအမူ အယူအဆတွေ၊ ရက်စက် ကြမ်းကြုတ်မှုတွေကို ကမ္ဘာကြီးက ခွင့်မပြုနိုင်တော့ဘူး၊ ကမ္ဘာကြီးဟာ ကျဉ်းသွားပြီ၊ ကိုယ်နှင့် မဆိုင်ဘူး ဆိုပြီး လက်ပိုက် ကြည့်နေလို့ မဖြစ်တော့ဘူး'

သူ့စကားများကို နားထောင်ရင်း အက်ရှ်သည် ဒူးရ်ရှိုင်မာ ခေါ် ရွှေပြည်သာ တောင်တန်းကြီးပေါ်မှ ဖြူဖွေးသည့် နှင်းဖုံး တောင်ထွတ်များ၊ ကိုယ်တော်လေးလာလာ၍နှင့် ကိုဒါဒတ်တို့နှင့် အတူ ကွင်းပြင်တွင် သိမ်းငှက် လိုက်ခဲ့ပုံများကို မြင်ယောင်လာကာ ရင်ထဲတွင် ဆို့လာသည်။

တစ်နေ့တွင် ဆိုလျှင် သူ့ဘကြီး မက်သယူးနှင့် သူ့မိတ်ဆွေများ ပြောသည့် 'တိုးတက်မှု' ဆိုသည့် အရာများသည် နေရာတကာတွင် ရောက်နေကြကာ ကမ္ဘာတွင် လှပသည့် ဒေသတို့ ပျောက်ကွယ် ကုန်တော့မည်ဟု တွေး၍ စိုးရိမ်မိသည်။

အက်ရှ်သည် 'တိုးတက်မှု' ဆိုသည့် စကားကို လက်မခံချင်။ ထို့ကြောင့် ဘာမျှ မပြောတော့ဘဲ စကားကို ဖြတ်လိုက်သည်။ သူနှင့် သူ့ဘကြီးသည် နောင်တွင် အလားတူ ပြဿနာများနှင့် ပတ်သက်၍ အမြင်ချင်း တူကြမည် မထင်တော့။

သူတို့ စံအိမ်ကြီးတွင် ပြုပြင် ပြောင်းလဲစရာတွေ အများကြီး ရှိသည်ဟု အက်ရှ် မြင်သည်။ (ဘကြီး မက်သယူးမှ ထိုအချက်များကို သတိမပြုမိ။) သူတို့ စံအိမ်တွင် အသုံးအဖြုန်းတွေ များသည်။ အစေခံ အချင်းချင်း ကြားတွင် ကတုံးကတိုက် လုပ်မှုတွေ ရှိနေသည်။ အဆင့်မြင့်သည့် အစေခံများက အဆင့်နိမ့်သည့် အစေခံများကို အနိုင်ကျင့်ကြသည်။ ပင်ပင်ပန်းပန်း လုပ်ရသည့်တိုင် အစေခံများကို မဖြစ်စလောက် လုပ်ခကလေးသာ ပေးထားသည်။

ပန်းကန် ဆေးသည့် ကောင်မလေးတွေ၊ ဖိနပ် တိုက်သည့် ကောင်လေးတွေ၊ ဗာဟီရ လုပ်သည့် အစေခံတွေ ဆိုလျှင် အကြီးအကျယ် နိမ်ကာ မီးလင်းဖို မရှိသည့် အထပ်ခိုးကလေးများပေါ်တွင် ချမ်းချမ်းစီးစီးဖြင့် အိပ်ကြရသည်။ အစေခံမလေးများမှာ နေ့စဉ်နှင့်အမျှ လေ့ကားရှည်ကြီးများကို တက်လိုက် ဆင်းလိုက် လုပ်ကာ ရေနွေးပုံး၊ အညစ်အကြေးပုံး၊ စားစရာ သောက်စရာများကို တစ်နေ့လျှင် အကြိမ်ပေါင်း များစွာ သယ်ပိုးနေရသည်။

တစ်ချက်ကလေး မမှားလိုက်နှင့်၊ မှားလိုက်သည်နှင့် ဘာမျှ အကြောင်းမပြဘဲ အလုပ်မှ ချက်ချင်း နှင်ထုတ်ပစ်လိုက်သည်။

အက်ရှ်တို့ ဆွေမျိုးတွေ နေသည့် ပယ်လ်ဟာ အဘာစ် စံအိမ်နှင့် ဂူးလ်ကုတ်မှ လေညင်းသာ ဟော်နန်းတို့တွင် ကွာခြားချက် တစ်ခု ရှိ၏။ အခြားမဟုတ် လေညင်းသာ ဟော်နန်းတွင် ရှိသည့် အစေခံများက

www.burmeseclassic.com



သူတို့အိမ်က အစေခံများထက် ဖိမ်ကျသည်။ သက်သောင့်သက်သာ နေရသည်။

သို့တိုင် ဥဏ်အမြော်အမြင် ရှိ၍ အကျင့်သိက္ခာ အရာတွင် ဆိုစရာ မရှိသည့် ဟီရာလားလ်နှင့် ကိုဒါဒတ်တို့သာ အမြောက်ကြီးများ၊ တိုက်ဆင်များ၊ လက်နက်ကိုင် စစ်သားများနှင့် အတူ သူတို့ အိမ်ဝင်းဝသို့ ရောက်လာကာ မိမိတို့ စံအိမ်ကြီးကို သူတို့ စိတ်တိုင်းကျ သိမ်းပိုက်၍ အုပ်ချုပ်နေသည် ဆိုလျှင် ဘကြီး မက်သယူးသည် မည်သို့ ရှိမည်နည်း။

အကယ်၍ သူတို့ အိမ်ကြီးကို ဟီရာလားလ်တို့ ကိုဒါဒတ်တို့ အုပ်ချုပ်ကာ အိမ်ကြီးကို ယခုထက် တိုးတက်အောင် လုပ်သည် ဆိုလျှင် သူ့ဘကြီး မက်သယူးသည် သူတို့၏ အုပ်ချုပ်မှုကို လက်ခံနိုင်မည်လော။ မည်သည့် နည်းနှင့်မျှ လက်ခံနိုင်မည် မဟုတ်။ လူဆိုသည်မှာ မည်သူ ဖြစ်ဖြစ် မှားချင်းမှားလျှင် ကိုယ့်ဘာသာ ကိုယ်သာ မှားချင်သည်။ တခြားလူက မည်မျှ စေတနာ ကောင်းကာ မည်မျှ တတ်ကျွမ်း နားလည်သည် ဖြစ်စေ ကိုယ့်ကိစ္စထဲတွင် တခြားသူ ဝင်ရောက်စွက်ဖက်သည်ကို သည်းမခံနိုင်။

အက်ရှ်သည် သူ့ကိုယ်သူ ဒေါသထွက်၏။ သူ့အဖြစ်ကိုလည်း သူ ဒေါသထွက်၏။ စင်စစ် သူသည် ဒီလပ်သို့ မလာချင်။ သခင်ဆပ် တစ်ယောက်လည်း မဖြစ်ချင်။ မဒန်းတွင် နေကာ ဇာရင်လို မြင်းတပ်သား တစ်ယောက် ဖြစ်ချင်သည်။ သို့ရာတွင် နေခွင့် မရခဲ့။ ထို့ကြောင့်ပင်လျှင် အက်ရှ်သည် အိန္ဒိယ တိုင်းရင်းသားများကို ကိုယ်ချင်း စာနာမိခြင်း ဖြစ်သည်။ အိန္ဒိယ တိုင်းရင်းသားများ၏ ခံစားချက်များကို ဘကြီး မက်သယူးထက် နားလည်ခြင်း ဖြစ်သည်။

ဘကြီး မက်သယူးကမူ 'အတိဒုက္ခ ရောက်နေသည့် သန်းပေါင်း များစွာသော အိန္ဒိယ လူထုများအား ငြိမ်ဝပ် ပိပြားရေးနှင့် စည်ပင် ဝပြောရေးတို့၏ အရသာတို့ကို ပေးသည်' ဟု ဆိုနေပါပကော။

'အင်း ငါ့ကိုလည်း အတိဒုက္ခ ရောက်နေတဲ့ သန်းပေါင်း များစွာထဲက တစ်ယောက်လို့ သူတို့ ထင်နေပုံကျတယ်၊ သူတို့ မသနားချင်ရင် နေပါစေ၊ ဒီမှာ နေပြီး သူတို့ ခိုင်းသလို နေရတာထက်တော့ အိန္ဒိယ ပြန်ပြီး ကူလီ လုပ်နေတာကမှ ပိုပြီး စိတ်ချမ်းသာဦးမယ်' ဟု အက်ရှ် စိတ်နာနာဖြင့် တွေးသည်။

သူ့အတွက် သင်ခန်းစာများသည် ခြောက်သွေ့နေသည့် သဲကန္တာရကြီးနှင့် တူသည်။ အားလပ်ရက်များမှာမူ သဲကန္တာရကြီးများထဲမှ အိုအေစစ်ကလေးများပင်။ ထိုအားလပ်ရက်များသာ မရှိခဲ့လျှင် အက်ရှ်သည် သူ့ဘဝသစ်ကို သည်းခံနိုင်ဖွယ်ရာပင် မရှိ။

သူ့ကို ပန်းခြံထဲတွင် မြင်းစီးခွင့်၊ ကစားခွင့် ပေးသည့်တိုင် တစ်ယောက်တည်း မဟုတ်။ ဆရာ သို့မဟုတ် မြင်းထိန်းများနှင့်သာ လွှတ်လေ့ရှိသည်။ ပန်းခြံမှာ တံတိုင်း မြင့်မြင့်ကြီး ကာထားပြီး အပြင်သို့ ထွက်ခွင့်မရ။ အကျဉ်းသား တစ်ယောက်ကဲ့သို့ လည်းကောင်း၊ စိတ္တဇ ဝေဒနာသည် တစ်ယောက်ကဲ့သို့ လည်းကောင်း အက်ရှ်၏ ဘဝသည် ကန့်သတ်ချက်တွေ များနေသည်။

အက်ရှ်သည် ဟဝါးမဟာ ခေါ် လေညင်းသာ ဟော်နန်းတွင် အချုပ်အချယ်ခံ ဘဝကို ကြုံခဲ့ဖူးပြီ ဖြစ်ရာ ယခု သူ တွေ့နေရသည့် ဘဝသည်လည်း အဆန်း မဟုတ်တော့။ သို့ရာတွင် ထိုစဉ်တုန်းကမူ အမေ သီတာ ရှိသည်။ ဟီရာလားလ်တို့လို ကိုဒါဒတ်တို့လို မိတ်ဆွေတွေ ရှိသည်။ အိမ်ရှေ့ ကိုယ်တော်လေး လာလာဂျီကလည်း သူနှင့် ရွယ်တူ။

ယခု သူ့ထောင်မှူးများက အသက်ကြီးကြီးတွေ။ အရောင်အသွေး စုံလှသော အိန္ဒိယ ဟော်နန်း တစ်ခုမှ ရှေးဆန်သော ဝိတိုရိယခေတ် ကျေးလက် စံအိမ် တစ်ခုသို့ ရောက်လာရခြင်းမှာ ပျင်းစရာ ကောင်းသည်။ ငြီးငွေ့စရာ ကောင်းသည်။ သို့ရာတွင် သူ ရသည့် အသုံးစရိတ်က အစေခံများလိုပင် ခပ်နည်းနည်း။ အင်္ဂလန် ဆိုသည်ကလည်း ကျွန်းသေးသေးကလေး။ အိန္ဒိယပြည်ကြီးက မိုင်ခြောက်ထောင်လောက် ဝေးနေသည်။ ထို့ကြောင့် ထွက်ပြေးဖို့ကို စိတ်မကူးရဲ။

အက်ရှ်သည် အရွယ် ရောက်လာပြီး အိန္ဒိယသို့ ပြန်ကာ နယ်ခြားစောင့်တပ်တွင် အမှုထမ်းရမည့် နေ့ကို သည်းခံ စောင့်ဆိုင်းရုံမှတစ်ပါး အခြား နည်းလမ်း မရှိပြီ။ လူကြီးများ၏ စကားကို နားထောင်၍ စာကြိုးစားမှသာလျှင် သူ မြန်မြန် ပြန်နိုင်မည်။

ထို့ကြောင့် အက်ရှ်အဖို့ လူကြီးများ၏ စကားကို နားထောင်သည်။ စာကို ကြိုးစားသည်။ သူ့ဘိုးဘေး အစဉ်အဆက် နေခဲ့သည့် ကျောင်းတွင် ကျောင်းသင်ခန်းစာများကို လေးနှစ်တိုင်တိုင် သင်ယူရသည်။

အက်ရှ် ငယ်ငယ်က တွေ့ခဲ့ရသည့် ဘဝက တစ်မျိုး၊ အင်္ဂလိပ် အလွှတ်ပညာသင်ကျောင်းတွင် နေရသည့် ဘဝက တစ်မျိုး။ အက်ရှ်သည် အင်္ဂလိပ် အလွှတ်



www.burmeseclassic.com

www.burmeseclassic.com



ပညာသင်ကျောင်းတွင် ကျောင်းနေရသည်ကို ငြီးငွေ့သည်။ သူတို့ စည်းကမ်းတွေကို မုန်းသည်။ အားနည်းသူ၊ အများနှင့် စိတ်သဘောချင်း မတူသူတို့အား အနိုင်ကျင့်သည်ကို အက်ရှ် သည်းမခံနိုင်။ ကျောင်းတွင် ကစားရသည့် နည်းများ၊ ကစားသင်း ခေါင်းဆောင်ကို နတ်တစ်ပါးသဖွယ် အရိုအသေ ပေးရသည့် ကိစ္စများကိုလည်း သူ မကြိုက်။

အက်ရှ်သည် သူ့အကြောင်းကို များများ မပြော။ သို့ရာတွင် သူ့အမည်ထဲတွင် အက္ကဘာ ဟူသော အမည်ပါသည့် အတွက် အများက ဟိုမေး သည်မေး လုပ်ကြသည်။ ဤတွင် အက်ရှ်ကလည်း သူ့အကြောင်းကို အထိုက်အလျောက် ပြန်ပြောရ၏။

ကျောင်းသားတွေက သူ့ကို အိန္ဒိယ စစ်သားများကို အင်္ဂလန်တွင် ခေါ်သည့် အမည်ဖြစ်သည့် ပန်ဒီ ဟူသော အမည်ကို ပေးကြသည်။ ပန်ဒီမှာ အိန္ဒိယ တပ်တွင်း သူပုန်ကြီးတွင် ပထမဆုံးသော သေနတ်ဖောက်ချက်ကို စတင်ခဲ့သူ ဖြစ်သည်။

အက်ရှ်သည် ယဉ်ကျေးသည့် လူမျိုး တစ်မျိုး၏ အလေ့အထများကို နားလည်သူ မဟုတ်။ ထို့ကြောင့် သူ့ကို အရိုင်းအစိုင်းတို့၏ အမူအကျင့်တွေ ပျောက်အောင် လူယဉ်ကျေးတို့၏ အပြုအမူတွေကို အများကြီး သင်ရဦးမည်ဟု သူတို့ ယူဆကြသည်။ သူတို့ သင်ခန်းစာများကလည်း နာကြည်းစရာ ကောင်းပါဘိခြင်း။

အက်ရှ်သည် သူတို့ သင်ခန်းစာများကို အလွယ်တကူ လက်မခံနိုင်။ သူ့ 'ဆရာများ' ၏ နိုင်ထက်ကလူ ပြုကျင့်မှုများကို အက်ရှ်သည် ဂူးလ်ကုတ် ဈေးထဲက ထုံးစံအတိုင်း သွားများ၊ လက်သည်းများ၊ ခြေထောက်များဖြင့် ခုခံသည်။

သူ့နည်းတွေက ရိုင်းစိုင်းရုံမျှမက 'အားကစားစိတ်ဓာတ်' မရှိရာလည်း ရောက်သေးသည်။ 'အားကစားစိတ်ဓာတ်' မရှိဘဲ လက်သည်းတွေနှင့် ကုတ်၊ သွားတွေနှင့် ကိုက်သဖြင့် သူ့ကို ဝိုင်း၍ ထိုးသူ လေးငါးယောက်လောက်ကို တစ်ယောက်တည်းဖြင့် နိုင်အောင် သတ်နိုင်သည်။

သို့ရာတွင် အဆုံးတွင်မူ များသူက နိုင်စတမ်းဖြစ်သည့်အလျောက် အက်ရှ်သည် အရှုံး ပေးလိုက်ရကာ ထွက်ပြေးတော့မည်ဟုပင် စိတ်ကူးမိသေးသည်။ သို့ရာတွင် ဂူးလ်ကုတ်မှ ထွက်ပြေး လာခဲ့သလို အင်္ဂလန်မှ ထွက်ပြေးဖို့ ဆိုသည်မှာ မည်သည့်နည်းနှင့်မျှ ဖြစ်နိုင်စရာ အကြောင်း မရှိ။ ထို့ကြောင့် ထွက်ပြေးဖို့ အကြံကို စွန့်လွှတ်လိုက်ရသည်။

ပယ်လ်ဟမ် အဘောစ် စံအိမ်တွင် မရောင်မလွဲသာ အောင့်အည်း နေခဲ့ရသည့်နည်းတူ ကျောင်းဆောင်တွင်လည်း အောင့်အည်း နေခဲ့ရသည်။ သို့ရာတွင် ကစားကွင်းများသို့ ရောက်သည့်အခါ၌ အက်ရှ်သည် သူတို့ဖာရင်ဂီများထက် မညံ့ဘဲ သူတို့ထက် သာအောင် ကစားနိုင်သည်။

ကိုဒါဒတ်ထဲတွင် သေနတ်ပစ် သင်ခဲ့ခြင်းကြောင့် မျက်စိလျင်သော အကျင့်ကို ရခဲ့သည်။ နောက်တွင် အက်ရှ်သည် အားကစား မျိုးစုံလောက်တွင် သူတို့ထက်တော်သူ ဖြစ်လာခဲ့ရာ ဤတွင် သူတို့ သဘောထားသည်လည်း သိသိသာသာကြီး ပြောင်းသွားခဲ့သည်။

အထူးသဖြင့် လက်ဗေ့ ထိုးသည့် နေရာတွင် သူတို့ထက် အဆများစွာ သာကြောင်းကို တွေ့လာသည့် အတွက် အက်ရှ်ကို ပို၍ အထင် ကြီးလာခဲ့ကြသည်။ ကျောင်းအားကစားသင်းများ၌ ပထမတန်း အသင်းများတွင် ပါဝင်ရပြီး ကျောင်းဘောလုံး အသင်းတွင် ခေါင်းဆောင် ဖြစ်လာသည်တွင် သူ့ကို ကောင်းစွာ နားမလည်ကြသည့်တိုင် အက်ရှ်သည် ကျောင်းတွင် 'ဟီးရိုး' တစ်ယောက် ဖြစ်လာခဲ့သည်။

အက်ရှ်သည် သူတို့ကို ရန်လိုခြင်း မရှိသည့်တိုင် အင်္ဂလိ ဆက်ဇံမျိုးသည် မြင့်မြတ်သည့် အမျိုး ဖြစ်ခြင်း၊ အင်္ဂလိပ် လူမျိုး ဆိုသည်မှာ အမျိုးကောင်းသား ပီသရန် အရေးကြီးခြင်း၊ မယဉ်ကျေးသော မျက်နှာဝါများအား အုပ်ချုပ်ရန် ဘုရားသခင်က ပြဋ္ဌာန်းခဲ့သည်ဟု ထင်ခြင်း စသည့် သူတို့ အယူအဆများကို စိတ်ဝင်စားခြင်း မရှိ။

အစစ အရာရာတွင် အမြော်အမြင် ရှိပြီး အက်ရှ်ကို နားအလည်ဆုံး ဖြစ်သည့် ဗိုလ်မှူးကြီး အင်ဒါဆင်သည်ပင်လျှင် အက်ရှ်၏ အမြင်များကို လက်မခံ။ သူ့ အယူအဆများကလည်း ဆာ မက်သယူး၏ အယူအဆများနှင့် သိပ်မကွာလှ။

ရေနွေးငွေ့ဖြင့် မောင်းသော စက်နှင့် ဆေးပညာ တိုးတက် ဖွံ့ဖြိုးလာသည်နှင့် အတူ ကမ္ဘာကြီးသည် တဖြည်းဖြည်း ကျဉ်းမြောင်းလာကာ ကမ္ဘာတွင် လူဦးရေများပြားလာကြောင်း၊ ထို့ကြောင့် လူမျိုးများ၊ လူပုဂ္ဂိုလ်များသည် ကိုယ်ထင်သလို လုပ်၍ မရတော့ကြောင်း၊ လူတိုင်း ကိုယ်ကြိုက်ရာ ကိုယ်ထင်ရာကို လုပ်နေကြမည် ဆိုလျှင် လောကကြီးသည် ငြိမ်းချမ်း သာယာခြင်း မရှိ



www.burmeseclassic.com

www.burmeseclassic.com



ပရမ်းပတာ ဖြစ်ကုန်တော့မည် ဖြစ်ကြောင်းဖြင့် ဗိုလ်မှူးကြီး မကြာခဏ ပြောတတ်သည်။

'မင်း ကြိုက်သလိုသာ နေမယ် ဆိုရင် လူမရှိတဲ့ ကျွန်းကလေး တစ်ကျွန်းပေါ်မှာ တစ်ယောက်တည်း သွားနေဖို့ပဲ ရှိတော့တယ်၊ ဒီလို နေနိုင်မယ် ဆိုရင် မင်းကို ဘယ်သူကမှလည်း လာပြီး နှောင့်ယှက်တော့မှာ မဟုတ်ဘူး၊ မင်း ကြိုက်သလိုသာ နေပေတော့' ဟု ဗိုလ်မှူးကြီး အင်ဒါဆင်က ပြောတတ်သည်။

အင်္ဂလန် ရာသီဥတုသည် ဗိုလ်မှူးကြီး အင်ဒါဆင်၏ ကျန်းမာရေးကို တိုးတက် ကောင်းမွန်အောင် မတတ်နိုင်။ ဗိုလ်မှူးကြီး အင်ဒါဆင်သည် ရောဂါကြောင့် ဒုက္ခတောသူတောသို့ သိပ် မဝင်တော့သည့်တိုင် အက်ရှ်အဖို့ ကောင်းစွာ ပဲ့ပြင် သွန်သင်ခြင်း ပြု၏။

အက်ရှ်သည် ကျောင်းပိတ်ရက်များတွင် ဗိုလ်မှူးကြီး အင်ဒါဆင်၏ အိမ်တွင် အချိန် ကုန်တတ်သည်။ ဗိုလ်မှူးကြီး အင်ဒါဆင်၏ အိမ်မှာ တိုကွေးတွင် ရှိသည့် အိမ်ငယ်ကလေး တစ်လုံး ဖြစ်ပြီး သူတို့ နေထိုင်ရာ ပယ်လ်ဟမ် အဘောစ် စံအိမ်ကြီးနှင့် စာလျှင် အကွာကြီး ကွာလွန်းလှသည်။ သို့တိုင် အက်ရှ် အဖို့သော်မူ ထိုအိမ်ငယ်ကလေးတွင် နေရသည်ကို သဘောကျ၏။

ဘကြီးတော် ဆာ မက်သယူး၏ စံအိမ်တွင် ဆိုလျှင် ဆာ မက်သယူးရော အက်ရှ်ပါ နှစ်ယောက်စလုံး အနေရ ခက်ကြသည်။ ဆာ မက်သယူးသည် သူ့တူတော်မောင် အက်ရှ် အားကစား ထူးချွန်ခြင်းနှင့် ပတ်သက်၍ ဂုဏ်ယူသော်လည်း ကျန်ကိစ္စများတွင်မူ သူ့အဖေ ဟီလာရီတဲ့သို့ ဆုံးမ မနိုင်၊ ဆိုနိုင် ခက်ခဲသော အက်ရှ်အတွက် သူ အကြီးအကျယ် စိတ်ပျက်ရသည်။

အက်ရှ်ကလည်း သူ့ဘကြီး၊ သူ့ဆွေမျိုးများနှင့် သူတို့ အသိုင်းအဝိုင်းကို စိတ်ပျက်သည်။ ဥပမာအားဖြင့် ဘယ်ကြောင့် သူ့ထင်မြင်ချက်တွေကို အတင်း မေးနေကြသနည်း။ သူက ရိုးရိုးသားသား ဟုတ်တိုင်းမှန်ရာကို ဖြေသည့် အခါမျိုးတွင် အဘယ်ကြောင့် အလန့်တကြား ဖြစ်ကုန်ကြရသနည်း။

'ဒါနှင့် ပတ်သက်လို့ မင်း ဘယ်လို ထင်သလဲ' ဟူသော မေးခွန်းမျိုးသည် စိတ်ကောင်း စေတနာဖြင့် ရိုးရိုးသားသား မေးခြင်းမျိုး ဖြစ်သည့်တိုင် ဟုတ်တိုင်းမှန်ရာကို မကွယ်မထောင့် ဖြေတတ်သည့်သူ တစ်ယောက်ကို ထိုသို့ မေးခြင်းသည် မိုက်မဲရာ မရောက်ပါသလော။ ထိုမေးခွန်းများသည်လည်း မိုက်မဲသော မေးခွန်းမျိုး မဟုတ်ပါလော။

အက်ရှ်သည် မည်သည့်အခါမျှ အင်္ဂလိပ် လူမျိုးကို နားလည်တော့မည် မဟုတ်။ သူတို့ တိုင်းပြည်တွင်လည်း ပျော်နိုင်ဖွယ် အကြောင်း မမြင်။

ဗိုလ်မှူးကြီး အင်ဒါဆင်ကမူ ထိုသို့သော မိုက်မဲသည့် မေးခွန်းများကို ဘယ်တော့မျှ မေးလေ့ မရှိ။ သူနှင့် စကား ပြောရသည်မှာ စိတ်ဝင်စားစရာ ကောင်းသည်။ အတွေးအခေါ်ကို ရင့်သန်စေသည်။

ဗိုလ်မှူးကြီး အင်ဒါဆင်သည် အချို့သူများ ကိုယ့်အလုပ်ကို ကိုယ် ချစ်မြတ်နိုးသလို၊ ကိုယ့်မယားကို ကိုယ် ချစ်မြတ်နိုးသလို အိန္ဒိယပြည်ကို ချစ်မြတ်နိုးသည်။ အိန္ဒိယပြည် သမိုင်း၊ ယဉ်ကျေးမှု၊ နိုင်ငံရေး၊ လူမှုရေး စသည်တို့ အကြောင်းကို နာရီပေါင်း များစွာ ပြောနိုင်သည်။ ထိုတိုင်းပြည်ကို အုပ်ချုပ်ကာ ထိုတိုင်းပြည်၏ အကျိုးကို ဆောင်လိုသူတို့ သိသင့်သိအပ်သော ဗဟုသုတများ၊ နည်းပရိယာယ်များကို ပြောပြတတ်သည်။

တစ်ခါတစ်ရံတွင်လည်း ဟိန္ဒူစကားနှင့် ပထန်စကားတို့ကို ပြောတတ်သည်။ အိန္ဒိယပြည် အကြောင်းကို ပြောပြီ ဆိုလျှင် ဗိုလ်မှူးကြီး အင်ဒါဆင်သည် ဘယ်တော့မျှ အင်္ဂလိပ်လို မပြော။ ထိုဘာသာများဖြင့်သာ ပြောဆိုခြင်း ပြု၏။

ထို့မှုမက ဗိုလ်မှူးကြီးသည် အက်ရှ် တစ်ယောက် ဟိန္ဒူစကားနှင့် ပထန်စကားတို့ကို ယခုတိုင် သွက်လက်စွာ ပြောနိုင်ဆဲ ဖြစ်ကြောင်းဖြင့်လည်း မဒန်းသို့ လှမ်း၍ စာရေးတတ်သည်။

၁၈၉၈ ခုနှစ်တွင် ဗိုလ်မှူးကြီး အင်ဒါဆင်မှာ အကြီးအကျယ် မကျန်းမာသဖြင့် အက်ရှ်မှာလည်း ထိုနှစ် နာတာလူး ပွဲတော်တွင် ဘယ်ကိုမျှ မသွားနိုင်တော့ဘဲ ပယ်လ်ဟမ် အဘောစ် စံအိမ်မှာပင် နေရသည်။

ထိုနာတာလူး ပွဲတော်တွင် အက်ရှ်၏ ပညာရေးသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွား၏။ သူတို့ စံအိမ်တွင် မကြာခင်က ရောက်ရှိလာသည့် လီလီ ဗရစ် ဆိုသည့် အိမ်စေမကလေးသည် အက်ရှ်ကို ရိသဲ့သဲ့ လုပ်သည်။

လီလီမှာ ခပ်ပျံ့ပျံ့ ခပ်ရဲရဲ။ သူ့ဆံပင်က ကြေးနီရောင် ပေါက်နေသည်။ သူ့ထက် အသက် ငါးနှစ်လောက်ကြီးသည်။ အစေခံများ ကြားတွင် လီလီနှင့် ပတ်သက်၍

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နှင့် တစ်ယောက် မနာလို ဝန်တိုမှုတွေ၊ သဘော ကွဲလွဲမှုတွေ ပေါ်လာခဲ့သည်။

လီလီက ပါးစပ်ကလည်း ရဲသည်။ မျက်လုံးများကလည်း အငြိမ်နေသည် ဟူ၍ မရှိ။ ည အိပ်ရာဝင်ကာနီး ဆိုလျှင် အဝတ်အစား ဖရိုဖရဲနှင့် အက်ရ်အိပ်သည့် အခန်းထဲသို့ ရောက်တတ်ကာ အခန်းတံခါးနှုတွ ပိတ်ပြီးခြင်း ရှိ မရှိ၊ ကန့်လန့်ကာ ဆွဲထားခြင်း ရှိ မရှိ စသည်တို့ကို လိုက်ကြည့်တတ်သည်။ ပြောင်းဖူးရောင် သူ့ဆံပင်များက ကျစ်ဆံပြီး ကျစ်ထားကာ ဒူးကောက်ကွေးပေါ်တွင် ဝဲကျနေကြသည်။

တစ်ညတွင် လီလီသည် ဆံပင်များကို ဖြေချကာ အက်ရ်၏ အိပ်ရာစွန်းတွင် ထိုင်ရင်း သူ့ဆံပင်ကောင်းကြောင်း၊ ဆံပင်တို့ကို ဖြန့်ထိုင်၍ ရကြောင်းဖြင့် ပြောပြ၏။ ထို့နောက်တွင်ကား မည်သို့မည်ပုံ ဖြစ်သွားသည် မသိ။ အက်ရ် ဘာကိုမျှ သတိမရတော့။ သူ့အခန်းထဲသို့ လီလီ ဘယ်ပုံ ရောက်လာသည်ကိုလည်း သူ သတိမရတော့။ ဘယ်အချိန်က မီးခွက်ကို မှုတ်လိုက်သည်ကိုလည်း မမှတ်မိတော့။ ပျော်စရာ ကောင်းသည်ကမူ အမှန်။ သည်အထဲတွင် သူကလည်း အရိုင်း။ လီလီကလည်း ခပ်လည်လည်။ အက်ရ်သည် တပည့်ကောင်း ပီသသူ ဖြစ်သည်တွင် လီလီ သဘောကျသွားကာ ညတိုင်း သူ့အခန်းသို့ ရောက်လာတတ်သည်။

သတ္တမမြောက် နေ့တွင်မူ ထိုအကြောင်းကို အိမ်ထောင်ထိန်း မိန်းမကြီး မစ္စက် ပဲရော့ သိသွား၏။ မစ္စက် ပဲရော့က သူ သိခဲ့သမျှတို့ကို အက်ရ်၏ အဒေါ် မီလီဆင့်ကို သာသာထိုးထိုးကလေး ပြောပြလိုက်သည်။

လီလီကို အိမ်မှ နှင်ထုတ်လိုက်ပြီးနောက် အက်ရ်မှာ ခပ်နာနာကလေး အရိုက်ခံရ၏။ ဘကြီး မက်သယူးမှာ မိန်းမလိုက်ခြင်း၏ ဆိုးပြစ်များကို အကျယ် ရှင်းပြသည်။ သစ္စာ မရှိသော လီလီကို နှစ်နှစ်ကာကာ ချစ်မိသူ အစေခံ တစ်ယောက်၏ ငြူစူခြင်းကိုလည်း ခံလိုက်ရ၏။ ထိုရက်များ အတွင်းတွင်မူ နောက်ထပ် ဘာမျှ ထူးထူးခြားခြား မရှိတော့။ နောက်တစ်ကြိမ် ကျောင်းအပိတ်တွင်မူ သူ့ကို ဗိုလ်မှူးကြီး အင်ဒါဆင်ထံသို့ ပြန်ပို့လိုက်သည်။

ဇာရင်ထံကမူ တစ်နှစ်ကို စာတစ်စောင် နှစ်စောင် ရတတ်၏။ သို့ရာတွင် ဘာမျှ သတင်း မထူးလှ။ ဇာရင်မှာ စာမရေးတတ်သည့် အတွက် ဈေးမှ လျှောက်လွှာစာရေးထံတွင် သွား၍ ရေးရသည်။ လျှောက်လွှာစာရေးကလည်း သူ့ထုံးစံအတိုင်း အပိုဆာဒါတွေ ထည့်ကာ သိုင်းဝိုင်း ရေးတတ်ပြီး စာအဆုံးတွင် မာကြောင်း သာကြောင်းနှင့် တကွ ဆုတောင်း ပတ္ထနာတွေကို ရှည်လျားစွာ လျှောက်ရေးတတ်သဖြင့် စာထဲတွင် ဘာမျှ မည်မည်ရရ မပါလှ။ ရှည်လျားစွာ ရေးထားသည့် ထိုစာထဲမှ နေ၍ သတင်း အစအနကလေးများကို ရှာယူရသည်။

ထိုအထဲမှ နေ၍ ဇာရင်သည် အဝါရှား၏ နှမနှစ်ဝမ်းကွဲ တစ်ယောက်နှင့် လက်ထပ်တော့မည် ဖြစ်ကြောင်း၊ ဗိုလ်လေး စမန်နီသည် မဒန်းတွင် လာ၍ ဘင်ခရာ သင်တန်း တက်နေစဉ် အယူသီးသမား တစ်ယောက်၏ သတ်ဖြတ်ခြင်းကို ခံရကြောင်း၊ နယ်ခြားစောင့်တပ်များသည် ဗြိတိသျှပိုင်နယ်တွင် ပုန်ကန် ထကြွလျက် ရှိသော သူပုန်ဗိုလ် တမန်ခါးလ်ကို လိုက်လံတိုက်ခိုက်လျက် ရှိကြောင်း စသည်တို့ကို သိရသည်။

ထိုနှစ်တွင် ဇာရင်၏ အမေ ဆုံးပြီး ကိုဒါဒတ်မှာလည်း မြင်းထိန်း အလုပ်မှ ထွက်လာကာ ဂူးလ်ကုတ်မှ ပြောင်းရွှေ့သွားပြီ ဖြစ်ကြောင်း၊ မဟာရာဇာ စော်ဘွားသည် သူ၏ ကျွန်ယုံကြီးများနှင့် မခွဲချင်သည့်တိုင် ကိုဒါဒတ်မှာ ကျန်းမာရေးကို အကြောင်းပြကာ သူ့ဇာတိရပ်ရွာသို့ ပြန်သွားပြီ ဖြစ်ကြောင်း။

တကယ့် အကြောင်းရင်းမှာမူ အက်ရ် ထွက်ပြေးသည့် ကိစ္စတွင် သူ့ကို မဟာဒေဝီ ဂျာနူးဘိုင်က သံသယ ဖြစ်သည့် အတွက် အသက်ဘေးကို ကြောက်သဖြင့် ထွက်သွားခြင်း ဖြစ်ကြောင်း၊ မဟာဒေဝီသည် သူ့ကို အထင်လွဲအောင် စော်ဘွားကြီးအား ကုန်းချောလျက် ရှိကြောင်း၊ သို့ရာတွင် အောင်မြင်ခြင်း မရှိခဲ့ကြောင်း၊ စော်ဘွားကြီးသည် ကိုဒါဒတ်ကို ယုံကြည်သည့်အလျောက် မဟာဒေဝီကိုသာ မောင်းမဲ ဆူပူခဲ့ကြောင်း၊ ထို့ကြောင့် ကိုဒါဒတ်သည် မဟာဒေဝီ၏ ရန်ကို မကြောက်ရဘဲ လုံခြုံစွာ နေနိုင်ခဲ့ကြောင်း။

သို့ရာတွင် တစ်နေ့၌မူ မဟာရာဇာ စော်ဘွားကြီးသည် ဘုရင်ခံချုပ်နှင့် တွေ့ရန် အတွက် ကာလကတ္တားသို့ သွားရန် ကိစ္စ ပေါ်လာသည်။ ကိစ္စမှာ မိမိနယ်နှင့် ကပ်လျက် ရှိသော ကရဒါရနယ်တွင် အမွေဆက်ခံသူ မရှိသည့် အလျောက် ထိုနယ်ကို သူ့လက်အောက်သို့ သွတ်သွင်းပေးရန် ကိစ္စ ဖြစ်လေသည်။

ထိုကိစ္စ အတွက် ကာလကတ္တားသို့ သွားရာ၌ သားတော်ကြီး အိမ်ရှေ့ဥပရာဇာ လာလာဂျီကို မိန်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အတူ ခေါ်ဆောင်သွားမည် ဖြစ်ကြောင်းဖြင့် ကြေငြာခဲ့သည်။ ထို့ကြောင့် သူ မရှိသည့် အတောအတွင်းတွင် မဟာဒေဝီ ဂျာနူးဘိုင်ကို ရင်ခွင်ပိုက် အုပ်စိုးရန် တာဝန်ပေးခဲ့သည်။

ကိုဒါဒတ်နှင့် စော်ဘွားကြီး၏ ကျွန်ယုံများ အမြင်၌မူ ထိုသို့ အာဏာ လွှဲပေးခြင်းသည် နောင်တွင် သံဝေဂ ဖြစ်ရမည့် ကိစ္စ ဖြစ်သည်ကို မြင်ခဲ့ကြ၏။ စော်ဘွားကြီးနှင့် လိုက်ပါရမည့် စာရင်းတွင် မိမိ ပါဝင်ခြင်း မရှိကြောင်းကို တွေ့ရသည့် အခါ၌ ကိုဒါဒတ် အဖို့ ဂူးလ်ကုတ်မှ ထွက်ခွာမှ ဖြစ်တော့မည်ကို ကောင်းစွာ သဘောပေါက်လိုက်လေပြီ။

ဂူးလ်ကုတ်မှ ထွက်ခွာရခြင်းကြောင့် ကိုဒါဒတ် ဝမ်းမနည်း။ သူ့တွင် ဘာမျှ သံယောဇဉ် တွယ်စရာ မရှိတော့။ မယားလည်း သေခဲ့ပြီ။ သား နှစ်ယောက်ကလည်း အနောက်မြောက် နယ်စပ် ဒေသက တပ်ထဲတွင် ရောက်နေပြီ။ သံယောဇဉ် ဆို၍ မိတ်ဆွေ တချို့နှင့် မြင်းများ၊ တိုက်သိမ်းများက လွဲလျှင် သူ့တွင် ဘာမျှ မရှိတော့။

မဟာရာဇာ စော်ဘွားသည် သူ့အပေါ်တွင် ရက်ရောသည် မှန်၏။ အလိုလိုက်သည် မှန်၏။ ထို့ကြောင့် သူ့ကို ဟော်နန်းရှိ မြင်းဇောင်းများမှ အကောင်းဆုံး မြင်းများကို ပေးလိုက်ပြီး သူ့လက်မောင်းပေါ်တွင် သူ့ အချစ်ဆုံး တိုက်သိမ်းကြီးကို တင်၍ ပြန်လာခဲ့သည်။ ကုန်းနှီး အိတ်များထဲတွင်လည်း ရွှေစတွေ၊ ရွှေဒင်္ဂါးတွေ အများကြီး ထည့်ပေးလိုက်သည်။

ဟီရာလားလ်က 'မင်း ထွက်သွားတာပဲ ကောင်းပါတယ်ကွာ၊ ခုတော့ ကိုယ်တော်လေး အနားမှာလည်း အချေသည် မဟာဒေဝီရဲ့ သူလျှိုတွေနှင့် တင်းကျမ်းပြည့်နေပြီ၊ ကျွန်ယုံ ဆိုလို့ ငါတစ်ယောက်ပဲ ကျန်တော့တယ်၊ ဒီပြင် စိတ်ချရတဲ့ လူယုံတွေ ရှိရင် ငါလည်း မင်းလိုပဲ ထွက်သွားလိုက်ချင်တယ်၊ ခုတော့ ငါက စော်ဘွားကြီးနှင့် အတူ ကာလကတ္တားကို လိုက်ရတော့မယ်၊ ငါက အနေအထိုင် သတိထားတော့ ငါ့ကိုတော့ သက်သာ ကောင်း ဖြစ်မယ် မထင်ဘူး'

သို့ရာတွင် ဤသည်မှာ ဟီရာလားလ်၏ အထင်သာ ဖြစ်သည်။ အိမ်ရှေ့ကိုယ်တော်လေး လာလာဂျီသည် အလိုလိုက် ခံရသည့် အတွက် အမြှောက်ကြိုက်သည်။ ဘဝင်မြင့်သည်။ ကိုယ်ရန်သူနှင့် ကိုယ့်မိတ်ဆွေကိုလည်း ခွဲခြား သိတတ်သူ တစ်ယောက် မဟုတ်။

ထို့ကြောင့် သူ့ကို ဝိုင်းဝန်း မြှောက်ပင့်နေသည့် မဟာဒေဝီနှင့် သူ့လူများကို အဟုတ် ထင်နေသည်။ လာလာဂျီ စိတ်ချလက်ချ ထားနေသည့် ဘီဂျူရန်းနှင့် ပူရန် စသူတို့မှာ မဟာဒေဝီ၏ သူလျှိုများ ဖြစ်နေကြသည်။ သူတို့ နှစ်ယောက်စလုံး ဟီရာလားလ်ကို အမြဲတမ်း စောင့်ကြည့်နေကြသည်။

ကာလကတ္တားသို့ အသွား ပူအိုက်သည့် တစ်ညတွင် ဟီရာလားလ်သည် လေညင်းခံရန် တဲစခန်း အပြင်သို့ ထွက်လာစဉ် ကျားတစ်ကောင်က ဝင်ဆွဲသွားလေသည်။ ရုန်းကန်သည့် လက္ခဏာကို မတွေ့ရ။ သို့ရာတွင် သွေးစွန်းပေလျက် ရှိသော သူ့အဝတ်အစား တစ်ပိုင်းတစ်စကိုမူ စခန်းနှင့် ကိုက်တစ်ရာလောက် ကွာသည့် ဆူးချုံ တစ်ချုံပေါ်တွင် တွေ့ရ၏။ ထိုစဉ်က ထိုအရပ်တွင် လူသားစား ကျားကြီး တစ်ကောင် သောင်းကျန်း နေသည်ဟုလည်း သတင်း ဖြစ်နေသည်။

စော်ဘွားကြီးက အလောင်း တွေ့ရှိသူအား ဆုတော်ငွေ တစ်ရာ ချီးမြှင့်မည်ဟု ကြေညာထားသည့်တိုင် အနီး ပတ်ဝန်းကျင်တွင် သစ်ပင် ချုံနွယ်များ၊ ကိုင်းတောများ၊ လျှိုမြောင်များ၊ ကျောက်ချပ်များ ပေါများသည့် အတွက် အလောင်းကို ရှာမတွေ့တော့ချေ။

သို့ဖြင့် ဟီရာလားလ်သည် အစတုံး ပျောက်ကွယ်သွားခဲ့ရသည်။ သို့ရာတွင် ကိုဒါဒတ်၏ မိတ်ဆွေများသည် တစ်ယောက်နှင့် တစ်ယောက် စာရေးလေ့ ရှိသူများ မဟုတ်ကြ။ ထို့ကြောင့် ထိုအကြောင်းကို လည်းကောင်း၊ အခြား သတင်းများကို လည်းကောင်း ဂူးလ်ကုတ်မှ မကြားရတော့။ ဂူးလ်ကုတ်မှ ကိုဒါဒတ် ထွက်သွားသည့် အခါ၌ အက်ရှ် အဖို့လည်း နောက်ဆုံး ကွင်းဆက်ကလေး ပြတ်သွားခဲ့လေပြီ။

သို့ဖြင့် ရက်တွေ ကုန်လွန်သွားခဲ့သည်။ အင်္ဂလန်ပြည်တွင် နေရစဉ် အက်ရှ်သည် ဘာကိုမျှ တွေးချိန် စဉ်းစားချိန် မရ။ သူ့တွင် လုပ်စရာတွေ တစ်ပုံတစ်ပင်။ ကစားနည်းတွေ အစုံ။ ကာလ အတန်ကြာသည့် အခါတွင် ဂူးလ်ကုတ်တွင် နေခဲ့ရသည့် ဘဝသည် မှတ်ဉာဏ်တွင် ဝိုးတိုးဝါးတား ဖြစ်စ ပြုလာခဲ့သည်။ ဂူးလ်ကုတ် အကြောင်းကို တစ်ခါတစ်ရံမှသာ တွေးမိတော့သည်။

သို့တိုင် သူ့စိတ်ထဲတွင်မူ ဟာလာဟင်းလင်း ဖြစ်လျက်။ သူ့ဘဝတွင် ပြည့်စုံခြင်း မရှိဘဲ တစ်ခုခု လိုနေသကဲ့သို့ ခံစားနေရသည်။ ထိုသို့သော ခံစားချက်သည် သူ့ရင်ထဲတွင် ဘယ်အချိန်က ဘယ်လို ကိန်း



www.burmeseclassic.com

www.burmeseclassic.com



အောင်း နေခဲ့သည်ကိုမူ သူ မသိ။ အမေ သီတာ သေခဲ့ရသည့် အဖြစ်ကို ပြန်၍ သတိရမည် စိုးသဖြင့် အက်ရှ် ကိုယ်တိုင်ကလည်း ထိုအကြောင်းကို မတွေးချင်။ ခေါင်းထဲသို့ ဝင်လာလျှင် မောင်းထုတ်ဖို့ ကြိုးစားခဲ့သည်ချည်း။

သို့ရာတွင် ကိုယ့်မွေးဇာတိ ဖြစ်သည့် အိန္ဒိယသို့ ပြန်ရောက်၍ ဇာရင်တို့ ကိုဒါဒတ်တို့ တစ်တွေနှင့် ပြန်တွေ့လျှင်မူ ထိုဟာလာဟင်းလင်း ဖြစ်နေသော ခံစားချက်သည် ပျောက်ကွယ် သွားလိမ့်မည်ဟု အက်ရှ် ယုံကြည်သည်။ လောလောဆယ်တွင်မူ အက်ရှ်သည် ခြေကျိုး လက်ကျိုးသူ တစ်ယောက် ကိုယ့်ဘဝကိုယ် လက်ခံကာ လျစ်လျူရှုသကဲ့သို့ သူ့ဘဝကိုလည်း မေ့လျော့ထားလိုက်သည်။

အက်ရှ်တွင် အပေါင်းအသင်း ဟူ၍လည်း သိပ်မရှိလှ။ အပေါင်းအသင်းများ ကြားတွင်လည်း သူသည် ရေပန်းစားသူ တစ်ယောက် မဟုတ်။ အပေါင်းအသင်းများက သူ့ကို နားမလည်ကြ။ ခပ်ကြောင်ကြောင် လူတစ်ယောက်၊ 'တစ်ကိုယ်တော်' သမား တစ်ယောက်ဟု ယူဆကြသည်။

သို့ရာတွင် ဘောလုံး ကောင်းကောင်း ကန်တတ်လျှင်၊ အားကစားတွင် ထူးချွန်လျှင် စာတော်သည်ထက် အရေးပေးခံရသည့် အင်္ဂလန်လို တိုင်းပြည်မျိုးတွင် အက်ရှ်မှာ ကစားခုန်စားတွင် ထူးချွန်သူ ဖြစ်သည့် အတွက် အားလုံး၏ လေးစားခြင်းကို ခံရသည်။ (ငယ်ရွယ်သူများက ဆိုလျှင် သူ့ကို နမူနာယူကာ အတုခိုးကြသည်။)

ကျောင်း နောက်ဆုံးနှစ်၌ အက်ရှ်သည် ကရစ်ကက် ရိုက်ရာတွင် ပျမ်းမျှ အမှတ် ငါးဆယ့်သုံး ဒသမ သုည သုံးမှတ် ရပြီး ကျောင်းပွဲပေါင်း ဆယ့်ခြောက်ပွဲ အနက် ခုနစ်ပွဲတွင် ခေါင်းဆောင် အဖြစ် ကစားခဲ့ရ၏။ ကရစ်ကက် ပွဲပေါင်း တစ်ရာကို ကစားနိုင်ခဲ့ကာ ဆင်းဟတ်စ် ဘုရင့် စစ်တက္ကသိုလ်သို့ အလွယ်တကူ တက်ခွင့်ရခဲ့သည်။

ကျောင်းတုန်းက ထင်ရှား ကျော်ကြားခဲ့သည့်တိုင် စစ်တက္ကသိုလ်သို့ ရောက်သည့်အခါတွင်မူ အက်ရှ်သည် သာမန် စစ်ဗိုလ်လောင်းကလေး တစ်ယောက်မျှသာ ဖြစ်နေလေပြီ။ သို့တိုင် ကျောင်းမှာ နေရသည်ထက် စစ်တက္ကသိုလ် တက်နေရသည်ကို သူ ပျော်သည်။ စစ်တက္ကသိုလ်သို့ ရောက်သည့်အခါတွင်လည်း အက်ရှ်သည် ဘက်ပေါင်းစုံတွင် တော်သည့် လူငယ်ကလေး တစ်ယောက် ဖြစ်လာခဲ့သည်။

အိန္ဒိယ စစ်တပ်ထဲသို့ ဝင်မည် ပြုသည့် အခါတွင် သူ့မိတ်ဆွေများက သူ့ကို ဝိုင်း၍ တားကြ၏။ ထိုစဉ်က အိန္ဒိယ စစ်တပ်တွင် ကော်မရှင် ရာထူးကို ဝယ်ယူသည့် အစဉ်အလာ ရှိခဲ့သည်။ လူချမ်းသာ သားတစ်ယောက်သည် ဗိုလ်ရာထူးကို ငွေဖြင့် ဝယ်ယူနိုင်သည်။ သို့ရာတွင် အက်ရှ် စစ်ထဲသို့ ဝင်ကာနီးသည့် အချိန်တွင် ကော်မရှင်ကို ဝယ်သည့် စနစ်ကို ဖျက်သိမ်းနေလေပြီ။ စစ်ဗိုလ် တစ်ယောက် ဖြစ်ရဖို့ အတွက် သားရေအိတ်ကို အားကိုး၍ မရတော့။ ကိုယ့်အရည်အချင်းကိုသာ အားကိုးရတော့မည့် အခြေအနေမျိုး ဖြစ်နေသည်။ ထို့ကြောင့် လူချမ်းသာ သားများသည် စစ်ထဲသို့ မဝင်ကြတော့။

အက်ရှ်တို့ သင်တန်းပတ် ပြီးလျှင် ထိုဥပဒေဟောင်းကို ဖျက်ကာ ဥပဒေသစ် ထွက်တော့မည် ဖြစ်သဖြင့် ထိုနှစ် ဗိုလ်လောင်း သင်တန်းတွင် လူ သိပ်မရှိတော့။ ထိုအထဲတွင် နာမည်ကြီးသည့် တပ်ရင်းသို့ ရောက်လျှင် တော်သေးသည်။ ချောင်ကြိုချောင်ကြားသို့ အပို့ခံရလျှင် ဒုက္ခ။ ဤသည်က ကိစ္စ မရှိသေး။ နာမည် မရှိသည့် တပ်ရင်းသို့ ရောက်သွားလျှင် တက်လမ်း မရှိတော့။

'ဒီလို ချောင်ကြိုချောင်ကြား သွားရမယ် မထင်လို့ ဝင်ခဲ့မိတာ၊ ဒီတော့ ဘာဖြစ်လို့ ချောင်ကြိုချောင်ကြားထဲ သွားရတဲ့ အလုပ်ကို လုပ်မလဲ၊ လက်အောက်ခံတိုင်းပြည် တစ်ပြည်ကို ရောက်သွားပြီး လူမည်းတွေ လူဝါတွေ ကြားမှာ နေရမှာ၊ တစ်သက်လုံး တက်လမ်းရှိတော့မှာ မဟုတ်ဘူး၊ အညွန့်လည်း တုံးတော့မှာ၊ ကိုယ့် ဖားသားကြီးကတော့ စစ်ထဲကို မဝင်စေချင်ဘူး' ဟု အချင်းချင်း ပြောတတ်ကြသည်။

အက်ရှ်ကမူ နဂိုကတည်းက ထိုသို့ တွေးခဲ့မိသည် ဆိုလျှင် အိန္ဒိယ ပြည်ကြီးတွင် အင်္ဂလိပ်တို့ ရှိတော့မည် မဟုတ်ကြောင်း၊ သို့မရှိလျှင် အိန္ဒိယ ပြည်ကြီးသည် ကိုယ့်ကြမ္မာ ကိုယ် ဖန်တီးနိုင်ပြီ ဖြစ်ကြောင်း၊ သူများ တိုင်းပြည်က ပထမတန်းစားတွေ လာအုပ်ချုပ်သည်ထက် ကိုယ့်တိုင်းပြည်က ဒုတိယတန်းစားတွေ အုပ်ချုပ်နိုင်လျှင် ပိုကောင်းကြောင်းဖြင့် ပြန်လည် ချေပတတ်သည်။

'ပန်ဒီတို့ကတော့ ဆင်စီးချင်ပြန်ပြီ ထင်တယ်ဟေ့' ဟု သူ့သူငယ်ချင်းများက နောက်ကြသည်။ သူတို့



www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုနေသံကို ကြားသည့် သင်တန်းဆရာကမူ အက်ရှ်နှင့် သဘောတူသည်။

'မင်း ပြောတာ ဟုတ်တယ်ကွ၊ ဒီကောင်တွေကလည်း ဟိန္ဒူတွေလို ဇာတ်နိမ့် ဇာတ်မြင့် ခွဲသလို ခွဲကြည့်နေကြတာ၊ သူတို့ကိုယ် သူတို့ ဇာတ်မြင့်တွေပေါ့၊ အိန္ဒိယ စစ်တပ်က စစ်ဗိုလ် ဆိုရင် သူတို့က ဇာတ်နိမ့်တွေလောက် အောက်မေ့နေကြတယ်၊ တချို့ အင်္ဂလိပ်စစ်တပ်က စစ်ဗိုလ်တွေ ဆိုရင် တို့နှင့်အတူတောင် တစ်စားပွဲတည်း ထိုင်ပြီး ထမင်း စားချင်တာ မဟုတ်ဘူး၊ ဒါပေမဲ့ တို့မှာ အင်ပါယာကြီး တစ်ခု ထူထောင်ချင်တယ် ဆိုရင် တို့ရဲ့ အကောင်းဆုံး တပ်သားတွေ စစ်ဗိုလ်တွေဟာ အဲဒီ တိုင်းပြည်တွေမှာ ရှိနေရမယ်ကွ၊ တို့ရဲ့ အညံ့စား စစ်ဗိုလ်တွေကို လွှတ်လိုက်ရင် ကိုယ့်အထုပ်ကိုယ်ဖြေပြသလို ဖြစ်နေမှာပေါ့၊ ငါသာ အာဏာ ရှိတဲ့လူဆိုရင် ဒီလို အညံ့စား ကောင်တွေကို နိုင်ငံခြားကို မပို့ဘူး ခုတော့ ဘုရားသခင်ရဲ့ ကျေးဇူးကြောင့် သွားချင်တဲ့ လူတော် လူကောင်းတွေ ရှိလို့ တော်သေးတာပေါ့ကွာ'

တပ်ခွဲမှူးက မယုံ့တယုံဖြင့်

'မင်းက မင်းရဲ့ ပန်ဒီကို ပထမတန်းစားထဲ ထည့်ချင်လို့လား၊ အလကားပါကွာ၊ ငါ့လိုဆိုရင်တော့ ဒီလိုကောင်မျိုးကို ဘယ်တော့မှ ပထမတန်းစားထဲ မထည့်ဘူး ငါ့အမြင်ကို ပြောရရင်တော့ မင့်ကောင်က ရိုင်းတိုက်တာကလည်း အလွန်ပဲ၊ သိမ်းငှက်ရိုင်းလိုပဲ၊ ဖြောင့်ဖြောင့် ပျံနေရာက ကွေ့ကောက် ပျံချင်ပျံမယ့် ကောင်မျိုး၊ ထုံးကမ်းလည်း မရှိသေဘူး၊ ကြည့်တော့ မခုတ်တတ်တဲ့ ကြောင်လိုပဲ၊ ငါတော့ ဒီလိုကောင်မျိုးကို ဘယ်တော့မှ မယုံဘူး၊ ဒီမှာ မင်း မှတ်ထား၊ တို့စစ်တပ်ထဲမှာ ဒီလို စိတ်ယုသန်တဲ့ ကောင်မျိုးတွေ မလိုချင်ဘူးကွ၊ အထူးသဖြင့် အိန္ဒိယ စစ်တပ်လို တပ်မျိုးမှာ ဒီကောင်မျိုးကို ထားလို့ မဖြစ်ဘူး၊ ဒီလိုကောင်မျိုးကို အိန္ဒိယ စစ်တပ်မှာ သွားထားတာဟာ အန္တရာယ်ကို လွှယ်ထားရတာနှင့် အတူတူပဲ၊ ငါသာ တတ်နိုင်ရင်တော့ ဒီလိုကောင်မျိုးကို အိန္ဒိယကို ဘယ်တော့မှ မပို့ဘူး၊ မင်း ပန်ဒီ ဆိုတဲ့ ကောင်ကလည်း ဒီလိုကောင်ပါ'

'ဒီလိုတော့ မပြောပါနှင့် ခွဲမှူးရာ၊ ဒီကောင်ဟာ တစ်နေ့မှာ နီကိုလ်ဆန်တို့ ဟောဒ်ဆန်တို့လို ကျွန်တော်တို့ ဗြိတိသျှ လူမျိုးရဲ့ ဂုဏ်ကို မြှင့်တင်နိုင်တဲ့ လူ မဖြစ်ဘူးလို့ ဘယ်သူ ပြောနိုင်မလဲ'

'အေး အဲဒီလို ဖြစ်မှာ ငါ ကြောက်တာပေါ့ကွ၊ ဟုတ်ပါတယ်၊ ဒီကောင်မျိုးဟာ တစ်နေ့မှာ တပ်မှူးတစ်ယောက် ဖြစ်ချင်ဖြစ်မယ်၊ ဒါပေမဲ့ မင်း ပြောတဲ့ နီကိုလ်ဆန်တို့ ဟောဒ်ဆန်တို့ ဆိုတာ နှစ်ယောက်စလုံး သောက်ကြွားတွေချည်းပဲကွ၊ အသုံးတော့ ကျပါရဲ့၊ ဒါတောင် ထူးခြားတဲ့ အခြေအနေမျိုးမှာသာ အသုံးကျတာပါကွာ၊ ခုလို တိုက်ပွဲတွေမှာ ကျသွားတော့ သူတို့အတွက် ကံကောင်းသွားတာပေါ့၊ ငါတို့ ကြားရသလောက်ဆိုရင် သေသွားတာကလည်း မိုက်ရူးရဲ လုပ်လို့ သေသွားတာပါ'

'ဒါတော့ ဟုတ်ချင်လည်း ဟုတ်မှာပေါ့လေ' ဟု သင်တန်းဆရာက လေသံပျော့ပျော့နှင့် ဖြေသည်။

ကျောင်းမှာတုန်းကကဲ့သို့ပင် ဆင်းဟတ်စ် စစ်တက္ကသိုလ်တွင်လည်း အက်ရှ် အဖို့ အပေါင်းအသင်း များများစားစား မရှိလှ။ သူ့ကို ခင်သူ တချို့ ရှိ၍ အတုခိုး တန်ဖိုးထားသူ ရှိသည့်တိုင် အားကစား ထူးချွန်ခြင်းကြောင့် အတုခိုး အားကျကြခြင်း ဖြစ်သည်။

အက်ရှ်သည် ငါးမျိုးစုံ ပြိုင်ပွဲတွင်လည်း ပထမ ရသည်။ ဘောလုံးလည်း ကစားသည်။ စစ်တက္ကသိုလ် အတွက် ကရစ်ကက်လည်း ကစားသည်။ မြင်းစီးနှင့် သေနတ်ပစ် ပြိုင်ပွဲတွင် ပထမ ရသည်။ သင်တန်းသား ပေါင်း နှစ်ရာ့လေးဆယ် ရှိသည့် အနက် နံပါတ် နှစ်ဆယ့် ခုနစ်မှာ ချိတ်သည်။

ဗိုလ်သင်တန်း ဆင်းပွဲသို့ ဘကြီး မက်သယူး၊ ဒေါ်လေး မီလီဆင့်၊ အစ်ကိုဝမ်းကွဲ ဟန်ဖရီနှင့် အဖေ ဘက်မှ အမျိုးတော်သူ အမျိုးသမီး နှစ်ယောက် တက်ကြသည်။

သို့ရာတွင် ဗိုလ်မှူးကြီး အင်ဒါဆင်မှာ တက်ရောက်ခြင်း မပြုနိုင်တော့။ သင်တန်း မဆင်းမီ တစ်ပတ်အလိုတွင် ကွယ်လွန်ခဲ့လေပြီ။

မသေမီတွင် သူ့အိန္ဒိယ အစေခံ နှစ်ယောက်အား အိန္ဒိယသို့ ပြန်စရိတ်နှင့် အတူ အမွေ ပေးပစ်ခဲ့သည်။ သူတို့နှစ်ယောက် ချောမောစွာ အိမ်ပြန်ရောက်ခြင်း ရှိ မရှိကို စောင့်ကြည့်လိုက်ရန်လည်း အက်ရှ်သို့ စာရေး မှာခဲ့သည်။ သူ့အိမ်နှင့် ပစ္စည်းများကိုမူ အက်ရှ်နှင့် သူ့တူ တစ်ယောက်ကို ခွဲပေးခဲ့သည်။

အက်ရှ်၊ အာလယားနှင့် မာဒူးတို့သည် ဇွန်လ ကုန်တွင် အက်စ် အက်စ် ကင်တာဘာရီ ကာဆယ် သင်္ဘောဖြင့် ဘုံဘေသို့ ပြန်လာခဲ့ကြ၏။ တစ်ကျွန်း



www.burmeseclassic.com

www.burmeseclassic.com



တစ်မြေတွင် နေခဲ့ရသည့် နှစ်တွေကို လွန်မြောက်ခဲ့ပြီ။ မကြာမီ သူတို့ ဌာနေသို့ ပြန်ရောက်ကြတော့မည်။

မာဒူးက

'လာဟိုးကို ပြန်ရောက်ရတာ တော်တော် ပျော်စရာ ကောင်းမှာပဲနော်၊ ဘိလပ်မှာ မြို့ကြီး ပြကြီးတွေ တော့ ရှိပါရဲ့၊ ဒါပေမဲ့ ဘယ်လိုပဲ ရှိရှိ လာဟိုးလောက် ပျော်စရာ မကောင်းတာတော့ အမှန်ပဲနော်'

အာလယားက

'ပက်ရှဝါနှင့် ကဗူးလ်ကလည်း ပျော်စရာ ကောင်းတာပါပဲဗျာ၊ ဟိုရောက်ရင် မနက်ခင်း ဈေးထဲ သွားပြီး ကိုယ် စားချင်ရာကို စားနိုင်တော့မယ်၊ ကိုင်ဗာ တောင်ကြားကို တိုက်လာတဲ့ လေကို ရှူရတော့မယ်'

အက်ရှ်က ဘာမျှ မပြော။ သင်္ဘော လက်ရန်းကို မှီကာ သင်္ဘောနှင့် ကမ်းကြားမှ ရေမြှုပ်တွေ ထနေသော ရေပြင်ကျယ်ကြီးကို လှမ်းကြည့်နေသည်။ သူ့ရှေ့အနာဂတ် ခရီးက လှမ်းမြင်နေရသည့် မိုးကုပ် စက်ဝိုင်းကြီးလို အဝေးကြီး။ မျှော်၍ မဆုံးနိုင်။ ထိုခရီးကြီးကို သူ လျှောက်ရဦးမည်။ ကိုယ့်လမ်းကို ရှာရဦးမည်။ ကိုယ့်အချိန်ကို ရွေးရဦးမည်။

မည်သို့ဆိုစေ ယခု လွတ်လပ်ပြီ။ သူ့အိမ် သူ့ဌာနေသို့ ပြန်ရောက်ရတော့မည်။ အနာဂတ်သည် သူ့အနာဂတ်။ ထိုအနာဂတ်တွင် သူ ကြိုက်ရာကို လုပ်နိုင်ပြီ။ ထိုအထဲတွင် တပ်ရင်းက သူ့ ပထမဆုံး ကွန်းခိုရာ။ နယ်ခြားစောင့်တပ်သို့ ရောက်လျှင် ဇာရင်နှင့် တွေ့ရတော့မည်။ အနောက်မြောက် နယ်စပ်က တောင်တန်းကြီးများပေါ်တွင် စစ်သား ဘဝဖြင့် အချိန် ကုန်ရဦးတော့မည်။

တစ်နေ့တွင် သူသည် တပ်မှူး ဖြစ်ကောင်း ဖြစ်မည်။ ထို့နောက် တပ်မကြီး တစ်တပ်ကို ဦးစီး ကွပ်ကဲရသည့် တပ်မမှူးကြီး တစ်ယောက် ဖြစ်ကောင်းဖြစ်မည်။ နောင်တစ်ချိန်ကျလျှင် စစ်သေနာပတိချုပ်ကြီး တစ်ယောက် မဖြစ်ဟု မည်သူ ပြောနိုင်သနည်း။ သို့ရာတွင် အချိန် လိုသေးသည်။ ခရီးရှည်ကြီးကို ဖြတ်သန်းရဦးမည်။ ထိုအခါတွင် သူလည်း အဘိုးကြီး တစ်ယောက် ဖြစ်ချင် ဖြစ်နေတော့မည်။ ထိုအရာများ အားလုံးသည် အတိတ်ဖြစ် ကျန်ရစ်နေခဲ့တော့မည်။ အတိတ်ကို ယခုက စ၍ တွေးမနေနိုင်။ ယခု လောလောဆယ်တွင် အနာဂတ်ကို တွေးရဦးမည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၈

၁၈၇၁ ခုနှစ် နွေရာသီတွင် အက်ရှ်သည် အိန္ဒိယ ပြည်သို့ ပြန်ရောက်သည်။

ထိုနှစ်သည် သန်းပေါင်း များစွာသော လူထုများ အဖို့ စိတ်ဝင်စားစရာတွေ ပြည့်နေသည့်နှစ် ဖြစ်၏။ ပြင်သစ်တို့သည် ပါရီကို ပရပ်ရှင်းတို့ထံသို့ ထိုးအပ်လိုက်ရသည်။ ပရပ်ရှင်း မင်းသား ဝီလျံက ဗာဆေးမြို့သို့ ရောက်လာကာ သူ့ကိုယ်သူ ဂျာမန် ဧကရာဇ်ဟု ကြေညာသည်။ ထို့နောက် ဂျာမန် သမ္မတ နိုင်ငံ တည်ထောင်လိုက်ပြီဟု နောက်တစ်ကြိမ် ကြေညာပြန်သည်။

အင်္ဂလန်တွင် ပါလီမန် လွှတ်တော်က အလုပ်သမား သမဂ္ဂများကို တရားဝင် ကြေညာလိုက်သည်။ ယခင်က ဗြိတိသျှ စစ်တပ်ထဲတွင် စစ်ဗိုလ် ရာထူးကို အရည်အချင်းအရ မဟုတ်ဘဲ ငွေအများဆုံး ပေးနိုင်သူအား စစ်ဗိုလ် ရာထူး ပေးသည့် စနစ်ကို ဖျက်သိမ်းလိုက်သည်။

သို့ရာတွင် အက်ရှ် ခေါ် အက်ရှ်တန် ဟီလာရီ အတ္တဘာ အဖို့ ထိုအဖြစ်အပျက်များသည် ဘာမျှ စိတ်ဝင်စားစရာ မကောင်း။ နိုင်ငံခြားတွင် ခုနစ်နှစ် နေပြီးနောက် မိမိ ဇာတိချက်ကြွေ ဖြစ်သည့် အိန္ဒိယပြည်သို့ ပြန်ရောက်လာသည့် အချက်နှင့် စာလျှင် ထိုအဖြစ်အပျက်များသည် အသေးအဖွဲမျှသာ။

ယခု သူ အိမ်ပြန်ရောက်ပြီ။ အသက် ဆယ့်ကိုးနှစ် ရှိ၍ လက်ထပ်ဖို့ပင် စေ့စပ်ကြောင်းလမ်း ပြီးပြီ။

မကြာသေးမီ အထိ အက်ရှ်သည် မိန်းမကို စိတ်ဝင်စားခြင်း မရှိ။ လီလီနှင့် တွေ့ပြီးနောက်တွင် သူ့အတန်းအစားမှ မိန်းကလေးများ၊ ဗိုင်းကောင်းကျောက်ဖိ မိန်းကလေးများ၊ ဣန္ဒြေကြီးလှသော သူ့အစ်မ ညီမ ဝမ်းကွဲများ၊ သူ့ကျောင်းနေဘက် သူငယ်ချင်းများ၏ ညီမများသည် ဟန်များပြီး တည်ကြည်လွန်းနေသည်။ ပျင်းစရာ ကောင်းနေသည်။

အက်ရှ်သည် ထိုမိန်းကလေးများကို ရှောင်ခဲ့၏။ လီလီ နောက် တွေ့သည့် မိန်းကလေး ဟူသမျှသည် သူ့အတွက် ဘာမျှ စွဲလမ်းဖွယ် မရှိ။ သူတို့ အမည်များနှင့် သူတို့ ရုပ်များကိုပင် ဝိုးတိုးဝါးတား ဖြစ်နေလေပြီ။ သူ့နှလုံးသားများသည် သူတို့အပေါ်တွင် တိမ်းညွတ်ခြင်း မရှိတော့။ စစ်တက္ကသိုလ် ဗိုလ်လောင်း ဘဝတုန်းက သူ့ကို လက်ဖက်ရည်ပွဲများ၊ ညစာ စားပွဲများသို့ ဖိတ်ကြသည်။ ဖိတ်တိုင်း သူ့တွင် မိန်းမတွေ အတွက် အချိန် မပေးနိုင်ဟု အကြောင်းပြကာ ငြင်းခဲ့သဖြင့် သူ့ကို မိန်းမမုန်းသူဟု အများက ပြောခဲ့ကြ၏။

သို့ရာတွင် ယခု လန်ဒန်မှ ဘုံဘေသို့ လာသည့် ခရီး တစ်လျှောက်တွင်မူ သူ့အတွက် အချိန်တွေ အများကြီး ရှိသည်။ နာရီတွေ ရက်တွေ သီတင်းပတ်တွေ အများကြီး ရှိသည်။ သင်္ဘောပေါ်တွင် တွေ့ရသည့် မဇ္ဇ ဗီလင်ဒါ ဝေး ဆိုသည့် အမျိုးသမီးမှာ သင်္ဘောပေါ်တွင် အယဉ်ဆုံး အချောဆုံး ဖြစ်သည်။

ဗီလင်ဒါသည် သူတို့လို ပျင်းစရာ မကောင်း။ သူတို့လို ဟန်တွေ ပန်တွေ မလုပ်။ စိတ်ကူးယဉ် အိပ်မက်ထဲတွင် တွေ့ခဲ့ရသည့် လီလီလိုပင် အသွေးအရောင်ခုံသည်။ ပန်းနုရောင် အဖြူရောင် ရွှေရောင်တို့ဖြင့် ဝင်းလက်နေသည်။ လီလီလို မြူးသည်။ အိုင်ဗီလို စွဲမက်ဖွယ် ကောင်းသည့် ကိုယ်လုံး ကိုယ်ပေါက် ရှိသည်။ အိုင်ဗီက ကင်ဗာလီ ဦးထုပ်ဆိုင် တစ်ခုတွင် အလုပ်လုပ်ပြီး ရက်ရောသည်။

ဗီလင်ဒါသည် (အက်ရှ်ထက် အသက် နှစ်နှစ်ငယ်သည့် အတွက်) နုလည်း နုနယ်၊ ငယ်လည်း ငယ်မျစ်၊ ချစ်လည်း ချစ်စရာ ကောင်းသည်။ မျက်နှာက ချစ်စရာ ကောင်းသလောက် ပေတေတေ နိုင်သည်။ သူ့မျက်နှာသည် ရွှေရောင်ဖျော့ဖျော့ ဆံနွယ်ကလေးတွေ အောက်တွင် ဝင်းပလျက်။ နှာတံစင်းပြီး ရယ်လိုက်လျှင်



www.burmeseclassic.com

www.burmeseclassic.com



နှာခေါင်းပေါ်တွင် အရေတွန့်ကလေးတွေ လှိုင်းထလာပုံက ချစ်စရာ။ မျက်လုံးများက ပြောင်းဖူး ပန်းရောင် ပြာလဲ့လဲ့။ ဘဝကို ခုံမင်သည့် ဟန်။ ဘဝကို တွယ်တာသည့် ဟန်။ ထောင့်တွင် ပါးချိုင့်ကလေးတွေ ဝဲနေသည့် နှုတ်ခမ်း နှစ်လွှာက နမ်းချင်စရာ။

အက်ရှ်သည် (ထိုအလှများကို စိတ်ဝင်စားသည် မှန်သော်လည်း) ထိုအရာများကို အထူးတလည် မက်မက် မောမော ရှိလှသည် မဟုတ်။ ဗီလင်ဒါသည် သူ့လိုပင် အိန္ဒိယမှာ မွေးပြီး အိန္ဒိယသို့ ပြန်ရသည်ကို ဝမ်းသာနေသည့် မိန်းကလေး တစ်ယောက်မှန်း သိရသည့် အခါတွင် ထိုအချက်ကို ပို၍ စိတ်ဝင်စားသွားခြင်း ဖြစ်၏။

သူတို့ သင်္ဘော ပင်လယ်ထဲသို့ ရောက်၍ ဆယ်ရက်မြောက်နေ့၌ ညစာ စားကြရာတွင် ဗီလင်ဒါ၏ မိခင် အပါအဝင် အမျိုးသမီးကြီးများက အရှေ့တိုင်းသို့ နောက်တစ်ခေါက် ပြန်ရသည့်အတွက် စိတ်ညစ်ကြောင်း ညည်းညည်းညူညူ ပြောကြသည်။ အိန္ဒိယတွင် တွေ့ရမည့် စိတ်ညစ်စရာများကို စာရင်း လုပ်သည့်နှယ် တစ်ခုပြီး တစ်ခု ထုတ်၍ ပြသည်။ အပူရှိန်၊ ဖုန်၊ ရောဂါဘယ၊ ဆိုးရွား ကြမ်းတမ်းသော လမ်းများ၊ ခရီး အသွားအလာ ခက်ခဲပုံ။

ဤတွင် ဗီလင်ဒါက ရယ်ရယ်မောမောဖြင့်

'မေမေတို့ကလည်း စိတ်ညစ်စရာတွေကိုချည်း လျှောက်ပြောနေတာကိုး၊ တကယ်တော့ အိန္ဒိယပြည်က မေမေတို့ ပြောသလောက် မဆိုးပါဘူး၊ ပျော်စရာ ကောင်းပါတယ်၊ ဘန်ဂလိုကလေးတွေက ဘယ်လောက် လှသလဲ၊ အေးလို့၊ ဆင်ဝင်မှာ ခရမ်းရောင် တိုက်ပန်းနွယ်ကလေးတွေက ပွင့်လို့၊ ပန်းခြံထဲမှာ ဆိုရင် ပန်းတွေက ရောင်စုံပွင့်လို့၊ ခရမ်းရောင် နှင်းပန်းတွေနှင့် နွယ်သာကီ ပန်းတွေပေါ်မှာ လိပ်ပြာကလေးတွေက ဝဲလို့၊ မြက်ခင်းပြင်ပေါ်မှာ မြင်းလျှောက်စီးရင်း ကုလားအုတ်တန်းကြီးတွေ သွားနေတာကို ကြည့်ရတာကကော ဘယ်လောက် လှသလဲ၊ နွေရောက်လို့ တောင်ပေါ် စခန်းမြို့တွေကို တက်ပြီး အနားယူတော့လည်း ကြိုးရထားကလေးနှင့်၊ ပိုင်းပင် မြင့်မြင့်တွေကို ကြည့်ရတာက ဘယ်လောက် လှသလဲ၊ တောနှင်းဆီ ဝါဝါကလေးတွေကလည်း မွှေးကြိုင်နေတာပဲ၊ ပြီးတော့ နှင်းတွေက ဖွေးလို့၊ ရေခဲတောင်ကြီးတွေက မျှော်လို့ မဆုံးနိုင်ဘူး၊ ဒီလောက်လှတဲ့ ရှုခင်းတွေဟာ ဒေါ်လေးတို့ နယ်လဘာရီ ပန်းခြံတွေနှင့် ဘာဆိုင်သလဲ၊ ဟိုမှာ ဆိုရင် အာယားတို့ ခန်တမာတို့ ဆိုက်ကုလားတို့ကလည်း ဗီလင်ဒါကို အလိုလိုက်တယ်၊ ဘိလပ်မှာ ဆိုရင် အစေခံတွေက စပြီး မာန်ချင် မဲချင် ပါဘိသနှင့်'

စင်စစ် ထိုစကားဝိုင်းသည် လူကြီးဝိုင်း ဖြစ်၏။ လူကြီးဝိုင်းထဲတွင် ဗီလင်ဒါက ဝင်ပြောလိုက်သဖြင့် မစ္စက် ရီဗာတန် ဆိုသည့် အဘွားကြီး စိတ်တိုသွားသည်။ အိန္ဒိယ သူပုန်ကြီး၏ ကြောက်မက်ဖွယ်များကို ကြုံတွေ့ခဲ့ကြရသူတိုင်း အိန္ဒိယ တိုင်းရင်းသားတို့ကို ယုံနိုင်တော့မည် မဟုတ်ကြောင်း၊ အမျိုးသမီးတိုင်း ကြုံတွေ့ရမည့် ကြောက်စရာ အန္တရာယ်များနှင့် တကွ အရိုင်းအစိုင်းတို့၏ တိုင်းပြည်တွင် တွေ့ရမည့် အန္တရာယ်များကို ဗီလင်ဒါလို မကြောက်တတ်လျှင် ကောင်းမည် ဖြစ်ကြောင်း၊ ထို့ကြောင့် မသိ နားမလည်သည့် ဗီလင်ဒါကို အားကျမိကြောင်းဖြင့် ပြော၏။

ဤတွင် ဗီလင်ဒါက အနည်းငယ်မျှ ရက်ရွံ့ခြင်း မရှိဘဲ တစ်ချက် ရယ်လိုက်ကာ စားပွဲတွင် ထိုင်နေကြသည့် အမျိုးသားများကို မျက်လုံး ရီလဲ့လဲ့များဖြင့် တစ်ချက် လှမ်းကြည့်ပြီးနောက်

'ဒါလည်း ဘာကြောက်စရာ ရှိသလဲ ဒေါ်ဒေါ်ရယ်၊ ဗီလင်ဒါတို့ကို အကာအကွယ် ပေးမယ့် ဟောဒီက အစ်ကိုတွေဟာ သတ္တိ ဗျတ္တိ အရာမှာ ဘာမှ ပြောစရာမှ မရှိတာ၊ ပြီးတော့လည်း ဒီလို အဖြစ်အပျက်မျိုးဟာ နောက်ထပ် ပြန်ဖြစ်နိုင်စရာ အကြောင်း မရှိတော့ပါဘူး'

ဗီလင်ဒါသည် ထိုသို့ ပြောပြီးနောက် စားပွဲ မျက်နှာချင်းဆိုင်တွင် ထိုင်ကာ စိတ်ဝင်စားစွာ နားထောင်နေသည့် အက်ရှ် ဘက်သို့ လှည့်၍ ကိုယ်ကို ညွတ်၍ မေးလိုက်သည်။

'မဟုတ်ဘူးလား အစ်ကို ဟင်'

'ဒါတော့ ကိုယ်လည်း မသိဘူး၊ ဒီအဖြစ်မျိုး ပြန်ဖြစ် မဖြစ်ကတော့ ကိုယ်တို့ အပေါ်မှာပဲ တည်မယ် ထင်တာပဲ'

အက်ရှ်က သူ့ထုံးစံအတိုင်း စိတ်ထဲ ရှိသည်ကို ဖွင့်ပြောလိုက်၏။

'ဘာကွယ်၊ တို့အပေါ်မှာ တည်တယ်၊ ဟုတ်လား'

မစ္စက် ရီဗာတန်က မေး၏။ သူ့လို စစ်ဗိုလ်ကလေး တစ်ယောက်က ထိုစကားမျိုးကို ပြောလိုက်ခြင်းသည် သူတို့ အားလုံးကို စော်ကားလိုက်ခြင်း ဖြစ်သည်ဟု မစ္စက် ရီဗာတန်က ယူဆသည်။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အောင်နိုင်တော့ဘဲ အက်ရှ် ဘက်သို့ လှည့်၍ မေး လိုက်ခြင်း ဖြစ်၏။

အက်ရှ်သည် ခဏမျှ တွေသွား၏။ မစ္စက် ရီဗာတန်ကို စိတ်ထိခိုက်စေမည့် စကားမျိုးကို သူ ပြောဖို့ သင့်။ သို့ရာတွင် စစ်ဗိုလ်ကလေး အက်ရှ် မပြောရဲသည့် စကားမျိုးကို ဗီလင်ဒါက ကြားဝင်၍ ခပ်သွက်သွက် ပြောလိုက်သည်။

'ဒီက အစ်ကို ပြောတာက ဒီလိုပါ ဒေါ်ဒေါ်ရဲ့၊ အိန္ဒိယမှာ ကျွန်မတို့တွေက မျှမျှတတ သမာသမတ်ကျကျ လုပ်ရင် သူတို့အနေနှင့် နောက်ထပ် သူပုန်ထစရာ အကြောင်း မရှိတော့ဘူးလို့ ပြောတာပါ၊ အစ်ကို ပြောတာ ဒီအဓိပ္ပာယ် မဟုတ်လားဟင်'

ဗီလင်ဒါက အက်ရှ် ဘက်သို့ လှည့်၍ မေးသည်။

အမှန်စင်စစ် အက်ရှ် ပြောချင်သည်မှာ ထိုအဓိပ္ပာယ် မဟုတ်။ သို့ရာတွင် 'မျှမျှတတ သမာသမတ်' ဟု သုံးလိုက်သည့် အခါတွင်မှ အက်ရှ်သည် ဗီလင်ဒါကို အထင်ကြီး သွားလေပြီ။ သူ့အလှထက် သူ့အယူအဆကို လေးစားသွားခဲ့လေပြီ။

ဗီလင်ဒါမှာ အဒေါ်တွေ အမေတွေ စောင့်ကြပ်ခြင်းခံရလာသည်။ သူ့အနားတွင် သူ့အလှကို မြတ်နိုး ယုယနေသူတွေ တစ်ပုံတစ်ပင် ရှိသည်။ သင်္ဘောပေါ်တွင် လူတွေကလည်း နည်းသည့် လူတွေ မဟုတ်။ ထို့ကြောင့် ဗီလင်ဒါနှင့် စကားပြောရန် သို့မဟုတ် သူ ပြောသည့် စကားတွေကို နားထောင်ရန် အခွင့်အရေးကို အမိအရ ဖမ်းဆုပ်လိုက်သည်။ မျှော်လင့်ချက်တွေ အနန္တ၊ ဝမ်းသာမှုတွေ အပြည့်ဖြင့် သူတို့ ဦးတည်လာခဲ့ရာ အိန္ဒိယပြည်ကြီး အကြောင်းကို ပြောဖို့ အခွင့်အရေးကို အမိအရ ယူလိုက်သည်။

ဗီလင်ဒါ၏ အမေ မစ္စက် အာချီဘော ဟာလိုးက ခပ်ပိုင်ပိုင်။ စိတ်ရင်း စေတနာ ကောင်းသည်။ စိတ်လွယ်တတ်သည်။ တစ်ခါတုန်းကမူ သူ့သမီးငယ် ဗီလင်ဒါကဲ့သို့ပင် ချောခဲ့ လှခဲ့လိမ့်မည်။ သို့ရာတွင် အိန္ဒိယပြည်၏ ရာသီဥတုဒဏ်၊ တိုင်းရင်းသား အိန္ဒိယ လူမျိုးများကို မယုံကြည်မှုနှင့် နောက်ထပ် သူပုန်ကြီး ဖြစ်ပွားမည်လော ဟူသော စိုးရိမ်စိတ်တို့ကြောင့် ကျန်းမာရေး ချွတ်ယွင်းခဲ့ရုံမျှမက စိတ်ထားပါ ပြောင်းလဲသွားခဲ့လေပြီ။ ရာသီဥတုနှင့် မကြာခဏ ပဋိသန္ဓေ ဆောင်ခဲ့ရသည့် ဒဏ်တို့သည် တစ်ခါက လှပ စွဲမက်ဖွယ်ကောင်းသည့် ကိုယ်ဟန် အလှအပတို့ကို ယိုယွင်းစေခဲ့ပြီ။

သူ့ယောက်ျားသည် အသက် ခြောက်ဆယ်ထဲသို့ ရောက်ပြီ ဖြစ်သည့်တိုင် အိန္ဒိယပြည် တပ်ရင်း တစ်ခုတွင် ဗိုလ်မှူး အဆင့်သာ ရှိသေး၏။ သားသမီး ခုနစ်ယောက် မွေးခဲ့သည့် အနက် သုံးယောက်မှာ ငယ်ငယ်ကလေးတည်းက ပျက်စီးခဲ့ပြီး လွန်ခဲ့သည့် သုံးနှစ်ခန့်က ဟယ်ရီနှင့် တက်ဒီ ဆိုသည့် အမြွှာကလေး နှစ်ယောက်ကို မွေးဖွားခဲ့သည်။ တက်ဒီနှင့် ဟယ်ရီတို့ကို အင်္ဂလန်ရှိ သူ့ညီမ လစ်ဇီထံ ပို့ထားခဲ့သည်။

အိန္ဒိယပြည် ဆိုသည်မှာ ကလေးငယ်တွေ အဖို့ သေမင်း ခံတွင်းဝသို့ ဆင်းရသည်နှင့် အတူတူ။ အိန္ဒိယပြည် တစ်ဝန်းရှိ တပ်နယ်မြေ သင်္ချိုင်းများတွင် ကာလဝမ်းရောဂါ၊ အပူရှပ်ခြင်း၊ အူရောင်ငန်းဖျားနှင့် ပိုးထိ၍ သေသည့် အင်္ဂလိပ် ကလေးငယ်တို့၏ သင်္ချိုင်းပုံတို့ဖြင့် ပြည့်နှက်နေသည် မဟုတ်လော။

မစ္စက် ဟာလိုးသည် အင်္ဂလန်တွင် သူ့သားငယ် နှစ်ယောက်နှင့် နေရစ်ခဲ့ချင်သည်။ သို့ရာတွင် ညီအစ်မ နှစ်ယောက် အကြိတ်အနယ် တိုင်ပင်ပြီးနောက် ဆုံးဖြတ်ချက် တစ်ရပ်ကို ချလိုက်ကြ၏။ မစ္စက် ဟာလိုး အနေဖြင့် အိန္ဒိယသို့ လိုက်မှ ဖြစ်မည် ဆိုသည့် ဆုံးဖြတ်ချက် ဖြစ်သည်။ ယောက်ျား အတွက် မဟုတ်။ သမီးငယ် ဗီလင်ဒါ အတွက် ဖြစ်သည်။ ဤသည်မှာ လွန်ခဲ့သည့် ဆယ်နှစ်ကာလ၊ ဗီလင်ဒါ ခုနစ်နှစ် သမီး အရွယ်က ဖြစ်သည်။

ဒေါ်လေး လစ်ဇီက နယ်လဘာရီလို မြို့ငယ်ကလေးတွင် ဗီလင်ဒါကို မထားသင့်။ ထိုမြို့ကလေးမျိုးတွင်သာ ဆိုလျှင် သူ့တူမ ဗီလင်ဒါသည် အရွယ် ရောက်သည်နှင့် လင်ကောင်း သားကောင်း ရနိုင်ဖွယ် မရှိ။ သို့ရာတွင် အိန္ဒိယလို တိုင်းပြည်မျိုးတွင် ဆိုလျှင် တစ်ပဲနိလောက် ပေးနိုင်လျှင် လူပျို စစ်ဗိုလ်ကလေးတွေ နှစ်ယောက်လောက် ရနိုင်သည်။ သို့ဆိုလျှင် အရွယ် ရောက်လာသည့် ဗီလင်ဒါ အတွက် စိတ်အေးရမည်။ လင်ကောင်း သားကောင်း ရနိုင်မည်။ ထိုအခါတွင် သူ့အတွက် ပူစရာ မရှိတော့။ အင်္ဂလန်တွင် ထားခဲ့သည့် သားနှစ်ယောက်ထံ အေးအေးဆေးဆေး ပြန်လာနိုင်ပြီ။ သူ့ယောက်ျား တပ်မှူး ဖြစ်သည် အထိ သို့မဟုတ် ပင်စင်ယူသည် အထိ အေးအေးဆေးဆေး နေနိုင်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ယောက်ျား ဗိုလ်မှူး ဟာလိုးမှ အပ အားလုံးက ထိုဆုံးဖြတ်ချက်ကို လက်ခံကြသည်။ ကင်တာဘာရီကာဆယ် သင်္ဘောပေါ်သို့ ရောက်၍ သူ့သမီးချောကို ယောက်ျားလေး နှစ်ဆယ့် ခုနစ်ယောက် အနက် ဆယ့်ရှစ်ယောက်က အသေအလဲ ပိုးနေကြသည်ကို မြင်သည့်အခါတွင် သူ့ ဆုံးဖြတ်ချက် မှန်ပြီဟု မစ္စက် ဟာလိုး ယူဆလိုက်၏။

မှန်သည်။ သူ့သမီးချောကို ပိုးပန်းကြသည့် လူငယ်များမှာ အများအားဖြင့် လူငယ်ကလေးများသာ ဖြစ်ကြသည်။ တချို့က အလယ် အလတ်တန်းစား စစ်ဗိုလ်ကလေးများ၊ အရှေ့အိန္ဒိယ ကုမ္ပဏီတွင် အမှုထမ်းရန် ရောက်လာသည့် အရာရှိကလေးများ ဖြစ်ကြသည်။ သင်္ဘောပေါ်တွင် ပါလာသည့် အခြား မိန်းမပျိုငါးယောက်မှာလည်း ရုပ်ရည် ရွက်ကြမ်းရေကျိုများသာ ဖြစ်ကြသည်။

ထိုမျှမကသေးပါ။ ဗီလင်ဒါကို ပိုးပန်း အရေးပေးကြသူများထဲတွင် အသက် သုံးဆယ် တစ်ဝိုက်တွင်ရှိသည့် ခြေလျင်တပ် ဗိုလ်ကြီး တစ်ဦး၊ ဂုန်လျှော်အဝယ်ဒိုင် တစ်ခုမှ ချမ်းသာသည့် သက်လတ်ပိုင်း မုဆိုးဖို တစ်ယောက်၊ စစ်ဗိုလ်ကလေး တစ်ဦး ဖြစ်သူ အက်ရှ်တို့လည်း ပါဝင်ကြသည်။ (မစ္စက် ရီဗာတန်၏ အဆိုအရမူ သင်္ဘော တစ်စင်းလုံး၏ အာရုံစိုက်ခြင်းကို ခံရသူဟု ဆိုသည်။) အက်ရှ်က မှူးမတ်ကြီး တစ်ဦး၏ တူ။ အမွေ ခပ်များများကို ဆက်ခံရမည့်သူ။ သူ့အဖေက ကမ္ဘာကျော် သုတေသန ပညာရှင်။

ငွေကြေး အရသာ ကြည့်မည် ဆိုလျှင် ဂုန်လျှော်အဝယ်ဒိုင် အစုရှယ်ယာဝင် မစ္စတာ ဂျိုးဆက် တီလ်ဘာရီသည် အလားအလာ အကောင်းဆုံးဟု မစ္စက် ဟာလိုး ယူဆသည်။ သို့ရာတွင် ခက်သည်က ဂျိုးဆက်သည် သူ့သမီးချောကို အထူး အရေးပေး အာရုံစိုက်နေသည့်တိုင် မည်သို့မျှ ဖွင့်ဟ ပြောဆိုခြင်း မရှိသေး။ ဂျိုးဆက်နှင့် ခြေလျင်တပ် ဗိုလ်ကြီးတို့ကိုလည်း လူငယ်များက 'အဘိုးကြီး' ဟု ရည်ညွှန်း ပြောဆိုနေသံကို ဗီလင်ဒါ ကိုယ်တိုင် ကြားနေရသည်။

ဗီလင်ဒါ သဘောကျသည်က လူငယ် စစ်ဗိုလ်ကလေးတွေနှင့် လူငယ် အရာရှိကလေးတွေ။ ထို့ကြောင့် ဗီလင်ဒါသည် သူတို့နှင့် ပရောပရည် နေသည်။ သူတို့နှင့် နေရသည်ကိုလည်း အရသာ တွေ့သည်။ လူငယ် အရာရှိကလေးတွေ သူ့အတွက် တစ်ယောက်နှင့် တစ်ယောက် မနာလိုဝန်တို ဖြစ်နေကြသည်ကို ကြည့်၍ ကျေနပ်သည်။ ငယ်ရွယ်ခြင်း၊ ရုပ်ချောခြင်း၊ ယောက်ျားတကာ အရေးပေး ခံရခြင်းတို့ အတွက် ဗီလင်ဒါ ကြည်နူးသည်။

သူတို့ သင်္ဘောခရီးက အကြာကြီး။ ထိုအထဲက သင်္ဘောပေါ်တွင် မင်္ဂလာဆောင် တစ်ခု ပေါ်လာသည့်အတွက် သူတို့တစ်တွေ ပို၍ ပျော်ကြ၏။ ရှင်းရှင်းပြောရလျှင် သတို့သားနှင့် သတို့သမီး နှစ်ယောက်စလုံးမှာ အချောအလှတွေထဲက မဟုတ်ကြ။ အသက်ကလည်း အတန်ငယ် ထောက်နေကြပြီ။ သူတို့ နှစ်ယောက်က ကုန်းပတ်က လိုက်လာခဲ့ကြသူများ ဖြစ်သည့် အတွက် စောစောက သတိ မထားမိခဲ့။ သင်္ဘော မာလိန်မှူးသည် သင်္ဘောမှ ပြန်လာသည့် ထောက်ပံ့ရေးတပ်မှ တပ်ကြပ်ကြီး အဲလဖရက် ဗရစ်နှင့် ဘုံဘေ–ဘာရီဒါ မီးရထားကုမ္ပဏီတွင် အလုပ် လုပ်နေသည့် သူ့မောင်ထံသို့ လိုက်လာသော မေဘယ် တင်းမင်းတို့ကို လက်ထပ်ပေးလိုက်သည်။

လက်ထပ် မင်္ဂလာကို ပထမတန်း ဧည့်ခန်းတွင် ပြုလုပ်ပြီး သင်္ဘောပေါ်ရှိ ခရီးသည်တိုင်း တက်ရောက်ကြ၏။ မင်္ဂလာ စကားတွေ ပြောကြ၏။ ဆုတောင်း၍ အရက်သောက်ကြ၏။ သင်္ဘော ကပ္ပိတန်က ရှမ်ပိန်တွေ ထုတ်ပေးသည်။ ထို့နောက်တွင်မှ သင်္ဘောပေါ်တွင် ပါသည့် ခရီးသည် အားလုံး ကုန်းပတ်ပေါ်တွင် ကပွဲကြီး တစ်ခု ကျင်းပကြသည်။

ဤတွင် ဗီလင်ဒါကို ပိုးနေသည့် လူငယ် သုံးယောက်ကလည်း စောစောက စုံတွဲလို သင်္ဘောပေါ်တွင် လက်ထပ်ကာ ကျန်ခရီးကို 'ပျားရည်ဆမ်း' ခရီး အဖြစ် သွားရန် ဖွင့်ပြောကြသည်။

သည်လို အခြေအနေမျိုးတွင် တခြား မိန်းမပျိုများနှင့် သူတို့ အမေများက ဗီလင်ဒါကို မည်သို့ အတင်း ပြောကြသည့်တိုင် ဗီလင်ဒါ ဂရုမစိုက်နိုင်။ မိမိသည် ဒေါ်လေး အပျိုကြီး အိမ်ထဲတွင် ဆယ်နှစ်ဆယ်မိုး ကုပ်နေခဲ့ရပြီ မဟုတ်လော။ သင်ခန်းစာတွေကို သင်လာခဲ့ရပြီ မဟုတ်လော။ သူတို့ ဆုံးမ သြဝါဒကို နာခံကာ 'ဟုတ်ကဲ့ အဒေါ်' ဟု ခေါင်းတဆတ်ဆတ် ညိတ်ခဲ့ရပြီ မဟုတ်လော။

ထိုစဉ်က ပါတီများတွင် တွေ့ခဲ့ရသည့် လူငယ်များမှာလည်း သူ့အဒေါ် မိတ်ဆွေ၏ သားများ ဖြစ်ကြပြီး အားလုံး ခပ်ကြောင်ကြောင် ခပ်ထိုင်းထိုင်းကလေးများ ဖြစ်ကြသည်။ သူ ဂါဝန် တိုနန့်နန့်ကလေး ဝတ်



www.burmeseclassic.com

www.burmeseclassic.com



ငယ်ကတည်းက သိခဲ့ကြသူများ ဖြစ်သည့် အလျောက် သူ့ကို မောင်လို နှမလို သဘောထားခဲ့သူများချည်းသာ ဖြစ်သည်။

သို့ဖြစ်ရာ ညစ်ကျူ စိတ်ပျက်ဖွယ် ကောင်းသည့် ဆွပ်ညှပ်မှုများ အောက်မှ ယခုကဲ့သို့ ပင်လယ်ကူး သင်္ဘောကြီး တစ်စင်းပေါ်တွင် လွတ်လွတ်လပ်လပ် နေရသည့် အဖြစ်၊ သူ့အနားတွင် ယောက်ျားလေးတွေ ဝိုင်းဝိုင်းလည်နေသည့် အဖြစ်ကို တွေ့ရသည့်အခါ ဗီလင်ဒါ ပျော်ဘဲ မနေနိုင်။ မကြည်နူးဘဲ မနေနိုင်။ တစ်သက်တွင် တစ်ခါသာ ပျော်ရသည့် နည်းမျိုးဖြင့် အစွမ်းကုန် ပျော်မိသည်။ မည်သူ့ကို ရွေးရမည် ဆိုသည့် ကိစ္စတွင်သာ အခက်အခဲ ရှိ၏။ သို့ရာတွင် အီဂျစ်ပြည် အယ်လက်ဇန္ဒြီးယားမြို့သို့ သင်္ဘော ဆိုက်သည့်အခါတွင်မှ ဗီလင်ဒါ ဆုံးဖြတ်လိုက်ပြီ။

အက်ရှ်တန် ခေါ် အက်ရှ်သည် ဂျော့ ဂါးဖို့လို (ဂျော့က ဂရိ ကျောက်ဆစ်ရုပ်လို အချိုးအစား ကျသည်။ ကဗျာဆရာ ဘိုင်ရွန်လို ဆံပင်ကလေးတွေက လှိုင်းတွန့်ကလေးတွေနှင့်) ရုပ်ချောချင်မှ ချောမည်။ ဗိုလ်လေး ဖြဂတ်စတပ်လို ရယ်စရာ ပြောချင်မှ ပြောတတ်မည်။ ကျူးဆက်လို ချမ်းသာချင်မှ ချမ်းသာမည်။

စင်စစ် အက်ရှ်တန်သည် လူအေး တစ်ယောက်။ စကားကလည်း အလွန် နည်းသည်။ အိန္ဒိယပြည် အကြောင်း ပြောရမည် ဆိုလျှင်သာ အာသွက်သည်။ သို့မဟုတ်လျှင် စကားများများ ပြောလေ့ မရှိ။ ဗီလင်ဒါကလည်း သူနှင့် တွေ့လျှင် အိန္ဒိယပြည် အကြောင်းကိုသာ အပြောခိုင်းတတ်၏။ သူနှင့် တွေ့၍ စကား ပြောရလျှင် ဗီလင်ဒါသည် သူ ငယ်ငယ်က အိန္ဒိယပြည်တွင် နေခဲ့ရသည်တို့ကို ပြန် အမှတ်ရသည်။

သူ နေချင်ပြီ ဆိုလျှင် အက်ရှ်သည် ချစ်စရာ ကောင်းအောင် နေတတ်သည်။ သူ့တွင် စွဲမက်စရာ တစ်ခု ရှိသည်ဟု ဗီလင်ဒါ ထင်သည်။ တခြား လူငယ်တွေနှင့် မတူ။ ပျော်စရာ ကောင်းသည်ဟု ထင်သည်။ သူတို့က လှောင်အိမ်ထဲတွင် ရောက်နေသည့် ငှက်နှင့် တူပြီး အက်ရှ်က သိမ်းငှက်ရိုင်း တစ်ကောင်နှင့် တူသည်။ သူ့မျက်နှာက ညိုမှောင်မှောင်။ သွယ်သွယ်လျလျ။ သူ့ကို ကြည့်ရသည်မှာ စိတ်ကူးယဉ်စရာ ကောင်းသည့် လျှို့ဝှက် ဆန်းကြယ်မှု တစ်ခု ရှိနေသလိုလို။ ငယ်ငယ်တုန်းက အိန္ဒိယပြည် ဟော်နန်း တစ်ခုထဲတွင် ကြီးပြင်းလာခဲ့ရသည်ဟုလည်း ပြောသံသဲ့သဲ့ ကြားဖူးသည်။

အတင်း ပြောတတ်သည့် မစ္စက် ရီဗာတန်ကမူ အက်ရှ်၏ ညိုမှောင်မှောင် အသားအရေနှင့် နက်မှောင်သော မျက်တောင်၊ မျက်ခုံး၊ ဆံပင် စသည်တို့ကြောင့် အက်ရှ်သည် အင်္ဂလိပ် အိန္ဒိယ ကပြား ဖြစ်ရမည်ဟုပင် မညှာမတာ ပြောတတ်သေးသည်။

သို့ရာတွင် မစ္စက် ရီဗာတန်သည် အလစ်ချောင်းနေသည့် ကြောင်အိုမကြီး ဖြစ်သည်ကို သိကြပြီးသား။ အက်ရှ်ကသာ အရုပ်ဆိုးဆိုး သူ့သမီး အေမီကို ပိုးပန်း အရေးပေးလာလျှင် ကျေနပ်လိုက်မည့် ဖြစ်ခြင်း။

ဗီလင်ဒါသည် အက်ရှ်နှင့် တွေ့လျှင် အတောက်ပဆုံး အပြုံးနှင့် ကြိုသည်။ ဤတွင် အက်ရှ်ကလည်း မနေနိုင်တော့။ ဗီလင်ဒါကို အရူးအမူး ဖြစ်သွားသည်။ သင်္ဘော ဆိုက်မည့် နေ့တွင်မူ အက်ရှ်သည် မစ္စက် ဟာလိုးကို ချဉ်းကပ်ကာ သူ့သမီးကို လက်ထပ်ခွင့် တောင်းခဲ့သည်။

အက်ရှ်သည် ငယ်ငယ်တုန်း ကတည်းက သိမ်ငယ်စိတ်တွေ ဝင်ခဲ့ရသည်။ အငြင်းပယ် ခံခဲ့ရသည်။ ထို့ကြောင့် အငြင်း ခံရမည်ကို ကြောက်နေလေပြီ။ သို့ရာတွင် ဗီလင်ဒါ၏ အမေက သူ့သမီးကို ချစ်ရေး ဆိုလျှင် သူ့အနေဖြင့် ဘာမျှ ကန့်ကွက်စရာ မရှိကြောင်း ပြောသည့်အခါ၌ ကိုယ့် နားများကိုပင် မယုံနိုင်။ ဗီလင်ဒါ၏ အဖေသည် ငယ်ရွယ်စဉ် လက်ထပ်သည်ကို သဘောကျသည့် အတိုင်း ကန့်ကွက်စရာ အကြောင်း မရှိဟုလည်း ယုံကြည်ကြောင်းဖြင့် မစ္စက် ဟာလိုးက ပြောပြသည်။

သို့ရာတွင် ဗိုလ်မှူး ဟာလိုးသည် သူတို့ကိစ္စကို သဘော မတူခဲ့။ စစ်အရာရှိများ ထုံးစံအတိုင်း လူငယ် ဗိုလ်ကလေးများ စောစောစီးစီး အိမ်ထောင်ပြုခြင်းသည် ကိုယ့် တက်လမ်းကို ပိတ်စေသည်ဟု ယူဆသည်။ စစ်ဗိုလ်ကလေးများ ငယ်ငယ်ရွယ်ရွယ်နှင့် လက်ထပ်ခြင်းသည် တပ်တွင် ခွန်အား ဆုံးရှုံးသည်ဟု ထင်သည်။ တပ်ကိစ္စကို အာရုံ မစိုက်နိုင်ဘဲ အိမ်တွင်းရေး ကိစ္စ အသေးအဖွဲ ကလေးတွေထဲ နစ်မြုပ်နေတတ်သဖြင့် ကိုယ့်အောက်က တပ်သားများ အတွက် အကျိုး ယုတ်စေနိုင်သည်ဟု ယူဆသည်။

ဗိုလ်မှူး ဟာလိုးသည် သူ့မိန်းမထက် နှစ်ဆလောက် ကြီးသည်။ သူ လက်ထပ်သည့်အခါတွင် လေးဆယ်နားသို့ ကပ်နေလေပြီ။ မစ္စက် ဟာလိုးသည် သူ့ယောက်ျား၏ သဘောထားကို ယေဘုယျအားဖြင့် သိသည့်တိုင် သူ့ယောက်ျားကို ကပ်၍ နူးမည်။ မိမိတို့



www.burmeseclassic.com

www.burmeseclassic.com



သမီး လင်ကောင်း သားကောင်း ရပြီ ဆိုလျှင် နောင်ရေး အတွက် စိတ်အေးရပြီ ဖြစ်ကြောင်းဖြင့် ဖျောင်းဖျမည်။

စင်စစ် ဗိုလ်လေး လခသည် သူတို့ လင်မယား အတွက် မလောက်နိုင်။ သို့ရာတွင် ကိစ္စမရှိ။ အက်ရှ်ကို အိမ်က ထောက်သည်။ နောက် နှစ်နှစ်လောက် ရှိ၍ အရွယ် ရောက်လာလျှင် သူ့ အဖေ၏ အမွေတွေကို ရ စရာ ရှိသေးသည်။ ဤသို့ တွက်ပြလျှင် ဗိုလ်မှူး ဟာလိုး သဘောတူရမည်။

အက်ရှ်သည် ဆယ်ကျော်သက် အရွယ်မျှသာ ရှိ သေးသည့်တိုင် အသက်နှင့် စာလျှင် ပို၍ ကြီးခိုင်နေ သည် ထင်ရသည်။ လူက ခပ်အေးအေး တည်တည်ငြိမ် ငြိမ်။ အပြောအဆို အနေအထိုင်က အစ ဆိုစရာ မရှိ။ ယဉ်ကျေး သိမ်မွေ့သည်။ ဗီလင်ဒါကို ချစ်သည်။ ထို့ ပြင် အလွန် မက်စရာ ကောင်းသည်။

မစ္စက် ဟာလိုးသည် ဝမ်းသာသဖြင့် မျက်ရည် ကျ၏။ နောက် နာရီဝက်လောက် အကြာ၌ ခရီးသည် များ ကုန်းပတ်သို့ တက်၍ ထမင်း စားနေစဉ် ချောင် ကလေး တစ်ချောင်ထဲ၌ အက်ရှ်သည် ဗီလင်ဒါကို ချစ်ရေးဆိုသည်။ ဗီလင်ဒါကလည်း လက်ခံလိုက်သည်။

သူတို့ စေ့စပ်သည့် သတင်းကို လျှို့ဝှက်ထား ကြသော်လည်း သတင်း ပေါက်သွားသည်။ ညစာ စား မပြီးခင်မှာပင် အက်ရှ် အနီးသို့ ရောက်လာကာ ချီးကျူး နှုတ်ဆက်သူတွေ မနည်းတော့။ ပြိုင်ဘက်များက အား ကျ၍ ချီးကျူးကြသည်။

ဗီလင်ဒါနှင့် ပြိုင်ဘက် အမျိုးသမီးများက ခပ် တည်တည်ဖြင့် ကြည့်ကြသည်။ ဗီလင်ဒါအား ပျံတံတံ နန့်တန့်တန့်ဟု ပြောခဲ့ကြသူများက ဗီလင်ဒါ၏ အမေ မစ္စက် ဟာလိုးသည် သူတို့ ထင်သလို ခပ်အအ ခပ်နုံနုံ မိန်းမကြီး တစ်ယောက် မဟုတ်ဘဲ သမက် အဖမ်း ကောင်းသူဟု ချက်ချင်း ဆုံးဖြတ်လိုက်ကြသည်။

ဂုန်လျှော် အဝယ်ဒိုင် ပိုင်ရှင် မုဆိုးဖို တီလ်ဘာရီ နှင့် ဗိုလ်ကြီးတို့မှာ စကား တစ်လုံးမျှ မပြောကြတော့ ဘဲ ငိုင်တိုင်တိုင်ကြီးတွေ ဖြစ်နေကြသည်။ ဂျော့ ဂါးဖို့ တစ်ယောက်သာလျှင် အကြီးအကျယ် မကျေမနပ် ဖြစ် ကာ တဖျစ်တောက်တောက်နှင့် ဖြစ်နေသည်။

ဂျော့သည် စိတ်ပျက်သမျှကို အရက်ထဲတွင် နှစ် မြှုပ်ပစ်ရန် ကြိုးစားပြီးနောက် သူ့ပြိုင်ဘက်ကို စိန်ခေါ် မည် ကြံသော်လည်း စိန်မခေါ်ရသေးမီ အရက်မူးသွား ကာ သူ့အခန်းသို့ ထမ်းပို့လိုက်ရသည်။ ဗီလင်ဒါမှာ လည်း အိပ်ခန်းထဲသို့ ဝင်သွားလေပြီ။ ဂျော့ကိုလည်း သူ့ အခန်းထဲသို့ ပြန်ပို့လိုက်ရလေပြီ။

အက်ရှ်သည် လူသူ ရှင်းလျက် ရှိသော ကုန်းပတ် ပေါ်သို့ တက်လာခဲ့သည်။ ကြယ်ရောင်များ အောက် ကုန်းပတ်ပေါ်က ပက်လက် ကုလားထိုင် တစ်လုံးတွင် တစ်ညလုံး ထိုင်နေမိသည်။ ရှမ်ပိန်ကြောင့် တစ်ကြောင်း၊ သူ့ အောင်မြင်မှုကြောင့် တစ်ကြောင်း အက်ရှ် မူးနေ သည်။

ညက ချစ်စရာ။ ငယ်ငယ်တုန်းက သူ ကြည့်ခဲ့ ဖူးသည့် မောင်ရင်ဆိုင်းထမ်းတို့၊ ခုနစ်စဉ်ကြယ်တို့ကို ရှာကြည့်နေမိသည်။ နောင်တွင် သူ့ဘဝတွင် ဖြတ်သန်း လာခဲ့ရသည်တို့ကို သူ မေ့ချင် မေ့မည်။ သို့ရာတွင် သည် ညကိုမူ သူ မမေ့နိုင်။ နောင်တွင် သူ့တစ်သက်၌ သည်လောက် တစ်ခါမျှ ပျော်တော့မည် မထင်တော့။

လီလီနှင့် တွေ့ခဲ့ရသည့် သူ့ ပထမ အချစ်ရေး သည် ဇာတ်သိမ်း မကောင်းဘဲ နိဂုံးချုပ်ခဲ့ရ၏။ သူ ရွေ နှတ်သမီး ထင်ခဲ့သည့် လီလီသည် အဆုံး၌ မနူးမနပ် ကျောင်းသားကလေးကို မြူဆွယ်ကာ သူ့ အငြိုးပြေ အသုံးချသွားသည့် အပေါစားမ တစ်ယောက်မျှသာ ဖြစ် ကြောင်းကို ခြောက်လလောက် ကြာမှ သိလာခဲ့ရသည်။

သို့တိုင် လီလီသည် သူ ပထမ အိပ်ဖူးသော မိန်း ကလေး တစ်ယောက် ဖြစ်သည့် အတွက် လီလီကို သူ့ တစ်သက်တွင် ဘယ်တော့မှ မေ့နိုင်တော့မည် မဟုတ်။ သူ့နောက် တွေ့သည့် မိန်းကလေးမှာ ဘာမျှ မကြာလိုက်။ သူနှင့်လည်း ဖိုမကိစ္စမှ အပ တခြား ဘာကိုမျှ အလေး အနက် မထားခဲ့သဖြင့် သူတို့ အမည်များကိုပင် သူ ကောင်းကောင်း မမှတ်မိချင်။ သူတို့ကို မမှတ်မိသည့် အတွက် စိတ် မကောင်းရုံမျှသာ။

သို့ရာတွင် ဗီလင်ဒါကိုမူ ထိုအမျိုးအစားထဲတွင် ထည့်၍ မဖြစ်။ သူတို့နှင့် ပျော်ပါးခဲ့ခြင်းသည် ဗီလင်ဒါ ကို သစ္စာမဲ့သလို ဖြစ်ကောင်း ဖြစ်နေပေလိမ့်မည်။ သို့ ရာတွင် ထိုအကြောင်းများကို ဗီလင်ဒါ သိမည် မဟုတ်။ သူကလည်း မပြောနိုင်။ သူသည် ဆန်းကြယ်သော သူ့ ငယ်စဉ် ဘဝ အကြောင်းကို ပြောကောင်း ပြောမည်။ ထိုနှစ် ကာလများတွင် နေခဲ့ရသည့် ပျော်စရာ၊ စိတ်ညစ် စရာ၊ လျှို့ဝှက်စရာတို့ကို ပြောကောင်း ပြောမည်။ သို့ ရာတွင် ထိုအကြောင်းကိုမူ မပြောနိုင်၊ မပြောရက်။

သို့တိုင် ငယ်စဉ်က အကြောင်းများကိုလည်း ခပ်စောစောတုန်းက ဆိုလျှင် ပြောကောင်း ပြောမိမည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် သူ့အနီး ပတ်ဝန်းကျင်တွင် ပြိုင်ဘက်တွေ ဒု နှင့် ဒေး ရှိနေသဖြင့် ထိုအကြောင်းများကိုလည်း ပြော ခွင့် မသာခဲ့။ တစ်ခါတစ်ရံတွင်မူ အက်ရှ်သည် သူနှင့် ပြိုင်ဘက်များ ဖြစ်သည့် ဂတ်စ်ဗလိန်းတို့၊ ဟန်များသည့် ခွေတာ တီလ်ဘာရီတို့၊ သို့မဟုတ် ဗီလင်ဒါကို ဝိုင်း ဝန်း ပိုးပန်းနေသူတို့ အားလုံးကို သတ်ပစ်လိုက်ချင် စိတ်ရှော့ ပေါ်ခဲ့ဖူးသည်။

သို့တိုင် ဗီလင်ဒါသည် သူ့အနားတွင် ရွေးစရာ တွေ ပတ်လည် ဝိုင်းနေသည့်ကြားက သူ့ကို ရွေးချယ် ခဲ့သည့် အခါတွင်မူ ကမ္ဘာတွင် သူ့ထက် ကံကောင်းသူ ရှိမည် မထင်တော့။ မနက်ဖြန် ဆိုလျှင်... မဟုတ်။ နက်ဖြန် မဟုတ်။ ယနေ့ဆိုလျှင် (ယခုပင် သန်းခေါင် ကျော်နေပြီ မဟုတ်လော။) သူ့ဇာတိ ချက်ကြွေသို့ ပြန် ရောက်ရတော့မည်။ မကြာမီတွင် ရာဝီမြစ်ကို ဖြတ်ရ တော့မည်။ တောင်တွေကို မြင်ရတော့မည်။ ထို့နောက် ဇာရင်... ။

ဇာရင်။

ဇာရင်သည် အလျှင်က ဇာရင် အတိုင်းမှ ဟုတ်ပါ သေး၏လော။ ပြောင်းများ ပြောင်းနေပြီလော။ ဤသို့ တွေးမိလိုက်သည့် အခါတွင် အက်ရှ် တစ်ယောက် စိတ် သက်မသာ ဖြစ်ရ၏။ သူ့ကို တွေ့လျှင် မှတ်မိမှ မှတ်မိ ပါဦးမည်လော။ သူ ဘိလပ်တွင် ရှိစဉ်က ဇာရင်ထံမှ စာ ကြော မကြာ လာလေ့ရှိရာ ဘာမျှ ထူးထူးထွေထွေ ရေး။

စကားလုံး လှလှတွေကို တမင်ရွေး၍ ရေးလေ့ ရှိသော စာများထဲတွင် ဇာရင်သည် ဒတ်ဖဒါ ခေါ် တပ် ကြပ်ကြီး တစ်ယောက် ဖြစ်ကာ ကလေးပင် သုံးယောက် ရနေလေပြီ။ ထို့ထက် ဘာမျှ ပို၍ မသိရ။ ကျန်အကြောင်း အရာများမှာ တပ်ရင်းက အကြောင်း ကိစ္စများသာ ဖြစ် သည့်အတွက် ဇာရင် ဘယ်သို့ တွေးပြီး ဘယ်သို့ ခံစား သည်ကို သူ မသိနိုင်။ ဇာရင်သည် လွန်ခဲ့သည့် ခုနစ်နှစ် တုန်းကလို သူ့ကို မိတ်ဆွေ သူငယ်ချင်းလိုမှ ဆက်ဆံ ပါဦးမည်လော။

ခပ်စောစောတုန်းကမူ သူကလည်း မပြောင်း။ ဇာရင်ကလည်း စိတ်ထား ပြောင်းမည် မဟုတ်ဟု သူ ထင်ခဲ့သည်။ ယခု သူ့တွင် သံသယတွေ ဝင်လာခဲ့ပြီ။ သူတို့ နှစ်ယောက်သည် အခြေအနေချင်း ကွာခြားခဲ့ ကြပြီ။ သူက ဗြိတိသျှ အရာရှိ တစ်ယောက်။ သူက အစ်ကိုကြီးဟု ခေါ်ခဲ့ပြီး သူ အားကျခဲ့ရသော၊ အထင် ကြီးခဲ့သော၊ လေးစားခဲ့သော ဇာရင်ခန်က သူ့ လက် အောက်က ဒတ်ဖဒါ။ မည်မျှ ကွာခြား သွားကြလေ သနည်း။

သူ့အနေဖြင့်မူ ဘာမျှ မကွာခြား။ သို့ရာတွင် အခြေအနေကမူ မကွာခြားဘဲ မနေ။ တပ်ရင်းသို့ ရောက်လျှင် သူ့ထုံးစံအတိုင်း ဆက်ဆံရမည်။ သူ့စည်း ကမ်းတွေ ရှိသည်။ သူ့မိတ်ဆွေ အရာရှိတွေက မည်သို့ ပြောကြမည်နည်း။ ဗီလင်ဒါကကော မည်သို့ ပြောမည် နည်း။ မဟုတ်၊ မပြောတန်ရာ။ ဗီလင်ဒါသည် သူ့ကို ချစ်သည်။ ဗီလင်ဒါသည် သူနှင့် ထပ်တူထပ်မျှ ခံစား နိုင်မည် မုချ။ သို့တိုင် အစတွင်မူ သူနှင့် ဇာရင်တို့ ကိုယ်တိုင်သည်လည်း အခက်အခဲ တွေ့ကြရလိမ့်ဦး မည်။

မဒန်းက တပ်သို့ ပြန်ရောက်လျှင် သူတို့ အကြောင်းကို သိသူများက သူတို့နှစ်ယောက် ဆက်ဆံ ရေးကို အကဲခတ်ကြလိမ့်မည်။ သို့ဆိုလျှင် စစ်တပ် စည်းကမ်းအတိုင်း တင်းတင်းကျပ်ကျပ် ဆက်ဆံခြင်း မပြုဘဲ မှန်တန်း ဆက်ဆံရလျှင် ကောင်းမည်လောဟု သူ စဉ်းစားမိပြန်သည်။ သို့ရာတွင် ယခုမူ နောက်ကျ ခဲ့ပြီ။ စဉ်းစားဖို့ အချိန် မရှိတော့။ ဟိုရောက်မှ မီးစဉ် ကြည့် ကရတော့မည်။ သင့်သလို ကြည့်နေရတော့မည်။ (အက်ရှ်သည် စည်းကမ်း ကလနားတွေကို မလိုက်နာဟု ကိုဒါဒတ်ကရော သူ့ဘကြီး မက်သယူးကပါ သူ့ကို မကြာခဏ ဆုံးမခဲ့ဖူးသည်။) ကိစ္စ မရှိသေး။ ဘုံဘေ ရောက်လျှင် အနောက်မြောက် နယ်စပ် ရောက်အောင် ခရီးအရှည်ကြီး သွားရဦးမည်။

ယခု လောလောဆယ်တွင်မူ ဘိလပ်တွင် သူနှင့် အတူ နေလာခဲ့ကြသည့် အာလယားနှင့် မာဒူးတို့နှင့် ခွဲရတော့မည်။ တောက်ပသည့် မိုးကုပ် စက်ဝိုင်းတွင် သူတို့နှင့် ခွဲရသည့် အဖြစ်ကလေး တစ်ခုသာ တိမ်မည်း ညိုရိပ် ဟူ၍ ရှိသည်။ အခြား ဘာမျှ မရှိ။ နောက်မှ စဉ်းစားတော့မည်။

ယခု ပြန်စဉ်းစား ကြည့်လိုက်သည့် အခါတွင်မူ သူသည် ဗီလင်ဒါနှင့် အချိန် ကုန်ခဲ့ရသဖြင့် သင်္ဘော ပေါ်တွင် သူတို့နှစ်ယောက်ကို ဂရု မစိုက်နိုင်ခဲ့။ တစ်ခါ တစ်ရံ ခရီးသည်တွေ မနိုးခင် ကုန်းပတ်ပေါ်တွင် အညောင်းပြေ အညာပြေ လမ်းလျှောက်ခြင်းလောက်၊ အာလယား သူ့အခန်းသို့ အိပ်ရာခင်း လာလဲသည့် အခါ၊ အင်္ကျီ ကြယ်သီး လာတပ်ပေးသည့် အခါ စကား



www.burmeseclassic.com

www.burmeseclassic.com



တစ်ခွန်း နှစ်ခွန်းလောက် ပြောရုံမျှသာ ရှိသည်။ ထိုမှလွဲလျှင် သူတို့နှင့် မတွေ့တော့။

ယခုမှ သူ့အမှားကို ပြန်ပြင်၍ မရ။ မနက်ဖြန် ... ယနေ့ ဆိုလျှင် သင်္ဘောဆိုက်ကာ သူတို့တစ်တွေနှင့် ခွဲရတော့မည်။ သူတို့ သုံးယောက်သည် ဤတွင် လမ်းခွဲကာ ကိုယ့်လမ်း ကိုယ်သွားကြရတော့မည်။ သူ့ဘက်မှနေ ကြည့်လျှင် အကျ်ရှိသည် သူတို့နှစ်ယောက်ကို လွမ်းကျန်ရစ်ခဲ့ပေလိမ့်မည်။ သူတို့နှစ်ယောက်သည် သူ့ကလေး ဘဝနှင့် ဆက်သွယ်နေသည့် ကွင်းဆက် ဖြစ်၏။

နောက်တစ်နေ့ မနက် မိုးသောက် အလင်းသို့ ရောက်သည်နှင့် နေ့သစ်နှင့် ဘဝသစ်သည် အစပြုတော့မည်။ မကြာမီပင်လျှင် ထိုနေ့သစ်သည် ရောက်တော့မည်။ ယခုပင်လျှင် ကောင်းကင်တွင် ကြယ်တို့သည် မှေးမှိန်စပြုပြီ။ အရှေ့ဘက် ကောင်းကင်သည် အရုဏ်၏ မှုန်ပျပျ အရောင်ဖြင့် စိမ်းပြာရောင် သန်းစပြုနေပြီ။

ဘုံဘေမြို့သည် အဝေး မိုးကုပ်စက်ဝိုင်း အောက်တွင် ရှိနေသေး၏။ သို့ရာတွင် အရုဏ် လေညင်းထဲ၌ အဝေးမြို့ကြီးမှ အနံ့အသက်များသည် မျောပါလာကြသည်။ ထိုအနံ့များကို အကျ်ရှိ ခံစားမိသယောင် ရှိ၏။ ဖုန်နံ့နှင့် အညစ်အကြေးနံ့။ အုတ်အုတ်ကျက်ကျက် ဖြစ်နေသော ဈေးမှ အနံ့။ ဟင်းသီးဟင်းရွက်ပုပ်နံ့။ ခပ်မွှေးမွှေး ခပ်သင်းသင်း ပန်းနံ့။ ထပ်တစ်ရာပန်းနံ့။ တရုတ်စံကားပန်းနံ့။ စံပယ်ပန်းနံ့။ ထို့နောက် လိမ္မော်ပွင့်နံ့။ ထိုအနံ့များသည် သူ့မွေးရပ်မြေ၏ အနံ့။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၉

[illegible]ခြားစောင့်တပ်မှ ဒုတ်ဖဒါ ဇာရင်ခန်သည် 'ကိုယ်[illegible] ကိုယ်တာ ကိစ္စ' ဖြင့် တပ်မှ သုံးပတ် ခွင့်ယူကာ [illegible]ယ့်စရိုက်ဖြင့် ကိုယ် ဘုံဘေသို့ လာခဲ့သည်။ ကင်တာ[illegible]ရီ ကာဆယ် သင်္ဘောကို လာရောက်ကြိုရန် ဖြစ်၏။ [illegible]နှင့် အတူ အက်ရှ် အတွက် အစေခံ တစ်ယောက်လည်း [illegible]လာခဲ့သည်။ သူ့အမည်က ဂူးလ်ဘတ်။ ပထန် လူ[illegible] အဝါရှားက သူ့စိတ်ကြိုက် တမင် ရွေး၍ ရှာဖွေ[illegible]လိုက်ခြင်း ဖြစ်သည်။

ဇာရင်သည် အလျင်ကနှင့် ဘာမျှ မထူးခြားလှ။ [illegible]တရက် ကြည့်လိုက်လျှင် လွန်ခဲ့သည့် ခုနစ်နှစ်က [illegible]အား ငယ်နေသည့် ကောင်လေး တစ်ယောက်ကို [illegible]ဘော်ဆိပ်မှ ရပ်၍ လက်ပြ နှုတ်ဆက်နေသည့် မြင်း[illegible]သား ဇာရင်နှင့် ဘုံဘေ ဆိပ်ကမ်းထဲသို့ ဝင်လာနေ[illegible] သင်္ဘောကို စောင့်ကြည့်နေသည့် ဒုတ်ဖဒါ ဇာရင်[illegible] အကြားတွင် ကွဲပြား ခြားနားမှု ဆို၍ သိပ်မရှိ။

အလျင်ကထက်မူ အရပ် မြင့်လာကာ ကိုယ်လုံး[illegible]လာသည်။ မုတ်ဆိတ်မွေးကလည်း ပို၍ ထူလာ[illegible] နှုတ်ခမ်း တစ်ဝိုက်နှင့် မျက်လုံး တစ်ဝိုက်တွင် [illegible]က မရှိခဲ့သည့် အရေးအကြောင်းများကို မြင်ရ[illegible]

အက်ရှ်ကို လိုက်ပို့တုန်းက ဝတ်ထားခဲ့သည့် သဲ[illegible] ကာကီ ယူနီဖောင်းနှင့် ခြေပတ် ပတ်တီး နေရာ[illegible] ပထန် အမျိုးသား ဝတ်စုံကို ဝတ်ထားသည်။ [illegible]ဘီက ခပ်ပွပွ။ အပြင် ထုတ်ဝတ်ထားသည့် ရှပ်[illegible] လက်ရှည်ကြီးနှင့် ထိုအပေါ်ကမှ ပန်းပွင့်တွေ[illegible]ထားသည့် ခါးပြတ်အင်္ကျီ။

ညစ်ပတ် ပေရေသည့် ဆိပ်ကမ်း တစ်လျှောက်[illegible] နေကျဲကျဲတောက် ပူလျက်။ ကူလီများ၊ ဆိပ်ကမ်း[illegible]များ၊ ရွက်ကြိုများ၊ လာကြိုနေသည့် ပရိသတ်များဖြင့် [illegible]ကမ်း တစ်ခုလုံး ကြိတ်ကြိတ် တိုးနေသည်။

သင်္ဘောကြီး အနီးသို့ ကူးတို့ သင်္ဘောကလေး လာကပ်ပြီး ကုန်းပေါင် ထိုးလိုက်သည်နှင့် ဇာရင်၏ မျက်လုံးများသည် ကုန်းပတ် လက်ရန်းမှ အောက်သို့ ငုံ့ကြည့်နေကြသော မျက်နှာများကို လျှောက်ကြည့်သည်။ အရှော့ကသာ သူ့ကို မမှတ်မိချင် ရှိမည်၊ သူကမူ အရှော့ကို ကောင်းကောင်း မှတ်မိလိမ့်မည်ဟု သူ့စိတ်ထဲတွင် ထင်နေ၏။

ထိုသို့ ကြည့်နေစဉ် မျက်လုံးများသည် တစ်နေရာတွင် ရပ်တန့်သွားကြကာ သက်ပြင်းကြီး တစ်ချက် ချလိုက်၏။ ဟုတ်သည်၊ အရှော့ ဖြစ်ရမည်။ ဘယ်နည်းနှင့်မျှ မမှားနိုင်။

အရှော့သည် အရပ် မြင့်လာသည့်တိုင် သူ ထင်သလောက် အရပ် မမြင့်။ ခြောက်ပေ အောက်မှာပင် ရှိသေးသည်။ သို့ရာတွင် နိမ့်သည် မဆိုသာ။ မြောက်ပိုင်းသား တစ်ယောက်လို၊ ပထန် တစ်ယောက်လို ကိုယ်လုံးကိုယ်ပေါက် ခပ်မြှောင်းမြှောင်း။ ခပ်ကျစ်ကျစ်။ သူ့အဝတ်အစားကမူ သခင်ဆပ် တစ်ယောက်၏ အဝတ်အစားမျိုး ဖြစ်သည်။ သူ့အသားသည် ယခင်က ခပ်ညိုညိုဖြစ်သော်လည်း ယခုမူ သင်္ဘော ကုန်းပတ်ပေါ်တွင် နေရောင် ခံလာခဲ့သည့် အတွက် မည်းသည့်ဘက်သို့ လုနေလေပြီ။ ဆံပင်ကမူ ခပ်နက်နက်။ အလျင်ကလိုပင်။

သူ့ကို အဝတ်အစား ပြောင်းဆင်ပေးလိုက်လျှင် ပထန် တစ်ယောက် သို့မဟုတ် တောင်ပေါ်သား တစ်ယောက်နှင့် ခွဲမရအောင် တူနေပေလိမ့်မည်။ နှစ်တွေကြာသွားသည့်တိုင် များစွာ ပြောင်းလဲခြင်း မရှိသေးသည့်အတွက် ဇာရင် ဝမ်းသာသည်။ ဇာရင်သည် ဝမ်းသာအားရ ပြုံးလိုက်၏။

အရှော့ ခေါ် အက်ရှ်သည် ဘီလပ်တွင် ရှိစဉ်က ဇာရင်ထံ စာတွေ အများကြီး ရေးခဲ့သည်။ ခပ်စောစောပိုင်းက စာများမှ အပ နောက်ပိုင်း စာများကို အူရဒူ ဘာ



www.burmeseclassic.com

www.burmeseclassic.com



သာဖြင့် ရေးခဲ့သော်လည်း ဇာရင်မှာ စာမတတ်သဖြင့် မွန်ရှိ တစ်ယောက်ကို သွား၍ ဘာသာ ပြန်ခိုင်းရ၏။

မွန်ရှိက ဘာသာပြန်လိုက်သည့် အခါတွင် ဆိုလိုချက် အားလုံး မပါလာတော့။ အချို့ တစ်ဝက်သည် လမ်းတွင် အဓိပ္ပာယ် ငုပ်သွားကြပြီ။ သို့တိုင် ကိစ္စမရှိ။ သူတို့၏ အရှောက သူတို့ကို သတိရသေးသည် ဆိုလျှင်၊ အိန္ဒိယတွင် ကျစ်ရစ်ခဲ့သည့် ငယ်ပေါင်း သူငယ်ချင်းဟောင်းများကို အမှတ်ရသေးသည် ဆိုလျှင် သူတို့ ဝမ်းသာလှပြီ။ လူချင်း တွေ့လျှင် မည်သို့ ဖြစ်မည်ကိုမူ စောင့်ကြည့်ရဦးမည်။

အရှောသည် သူ့ကို မည်သူကမျှ လာ၍ ကြိုမည်ဟု တွက်ထားဟန် မတူ။ အခြား ခရီးသည်များက လာကြိုသူများကို လှမ်းမျှော် ကြည့်နေကြစဉ် အရှောသည် သူတို့ ခေါင်းပေါ်မှ ကျော်ကာ အဝေးရှိ ခေါင်မိုးများ၊ လှုပ်လှုပ်ရွရွ ဖြစ်နေသော မြို့ကြီးထဲမှ သစ်ပင် စိမ်းစိမ်းများ၊ ပန်းခြံများကို လှမ်းမျှော် ကြည့်နေသည်ကို မြင်ရ၏။

အဝေးကြီးမှ ကြည့်သည့်တိုင် ဇာရင်သည် အက်ရှ်ခေါ် အရှော၏ မျက်နှာတွင် ပေါ်လွင်နေသည့် မျက်နှာထားကို လှမ်းမြင်နေရသည်။ ထိုမျက်နှာထားကို မြင်ရသည့် အတွက် ဇာရင် ကျေနပ်၏။ ယခု ပြန်ရောက်လာသူသည် အိမ်သို့၊ မွေးရပ်မြေသို့ ပြန်လာသည့် အရှော ဖြစ်သည်။ လူစိမ်း တစ်ယောက် မဟုတ်။

'အဲဒါ အက်ရှ်တန် ဆပ်ပဲကွ' ဟု ဇာရင်က ဂူးလ်ဘတ်ကို ပြော၏။ ဇာရင်သည် လက်ကို မြှောက်ပြပြီး ပြန်ချလိုက်သည်။ အခြားကြောင့် မဟုတ်။ အရှောဘေးတွင် မိန်းမပျို တစ်ယောက်ကို မြင်လိုက်ရသောကြောင့် ဖြစ်၏။ မိန်းမပျိုက ပိုင်စိုးပိုင်နင်း အရှော၏ လက်မောင်းကို တွဲချိတ်လိုက်ကာ မော့၍ စကားပြောနေသည်။

အရှောမှာ မျက်နှာထား ပြောင်းသွားခဲ့လေပြီ။ ဤသည်ကို သတိထားလိုက်မိသည့် အတွက် ဇာရင်သည် မျက်မှောင်ကြီး ကုတ်လိုက်၏။ သခင်မကလေး တစ်ယောက်။ ဆပ် သခင်မကလေး တစ်ယောက်။ ဤအချက်ကမူ ဇာရင် မျှော်လင့် မထားမိသည့် အချက် ဖြစ်သည်။

ဗရစ်တစ်ရပ်ဂျ် ခေါ် ဗြိတိသျှ အစိုးရမင်းတို့၏ နယ်မြေများတွင် တိုင်းရင်းသားများကို မယုံသင်္ကာ ဖြစ်သူ၊ လူဖြူ လူမည်းဟု အသွေးအရောင် အဆင့်အတန်း ခွဲခြားခဲ့သူများမှာ သခင်မများ ဖြစ်ကြသည်။

'ဂျွန် ကုမ္ပဏီခေတ်' ဟု ခေါ်ကြသော အော်နာရေဘီ အရှေ့အိန္ဒိယ ကုမ္ပဏီ အာဏာစက် ပြင်းခဲ့သည့် ခေတ်က အိန္ဒိယပြည်တွင် အင်္ဂလိပ် သခင်မတွေ များများစားစား မရောက်ကြသေး။ အိန္ဒိယ ရာသီဥတုကလည်း ပြင်း၊ လာရသည့် ပင်လယ် ခရီးကြီးကလည်း ရှည်လျားသည့် အတွက် သူတို့ လိုက်မလာခဲ့ကြ။ အိန္ဒိယ ရောက်နေသည့် သခင်ဆပ်များသည် ကိုယ့်အသိုင်းအဝိုင်း မရှိသည့် အတွက် အပျင်းပြေ သဘောဖြင့် အိန္ဒိယ တိုင်းရင်းသူများကို လက်ထပ်ခဲ့ကြသည်။ အချို့ကလည်း အမြှောင်ထားကြသည်။

ထိုသို့ဖြင့် သူတို့သည် အိန္ဒိယပြည်၏ ထုံးစံဓလေ့များကို နားလည်လာခဲ့ကြကာ အိန္ဒိယ တိုင်းရင်းသား စကားများကို ရေလည်စွာ ပြောနိုင်ခဲ့ကြသည်။ ထိုခေတ်တုန်းက မျက်နှာဖြူများနှင့် မျက်နှာမည်းများကြားတွင် မိတ်ဆွေ ဆက်ဆံရေး၊ ညီအစ်ကို ဆက်ဆံရေးတို့ ရှိခဲ့ကြသည်။ တစ်ယောက်ကို တစ်ယောက် အပြန်အလှန် ရိုသေ လေးစားခဲ့ကြသည်။

သို့ရာတွင် ရေနွေးငွေ့ အားကို ဇက်ကြိုး တပ်နိုင်ခြင်းကြောင့် ပင်လယ်ကူး သင်္ဘောတွေ အပေါက်အရောက်များလာသည့် အခါတွင်မူ အိန္ဒိယသို့ သခင်မတွေ စုပြုံရောက်လာကြသည်။ သူတို့နှင့် အတူ ဂုဏ်တွေ၊ ပကာသနတွေ၊ ကျဉ်းမြောင်းမှုတွေ၊ သဝန်တိုမှုတွေ၊ စိတ်မရှည်မှုတွေ ပါလာကြသည်။

အလျင်က တန်းတူရည်တူ ဆက်ဆံခြင်း ခံခဲ့ကြရသော အိန္ဒိယ လူမျိုးများသည် 'ဌာနေ တိုင်းရင်းသားများ' ဖြစ်လာခဲ့ကြသည်။ 'ဌာနေ တိုင်းရင်းသား' ဟူသော စကားသည် နဂိုမူရင်း အဘိဓာန် အဓိပ္ပာယ် ပျောက်ကာ နှိမ့်ချသော စကား ဖြစ်လာခဲ့သည်။ အောက်တန်းကျသော လူမျိုး၊ မျက်နှာမည်းသော လူမျိုး အဖြစ် အဓိပ္ပာယ် ဆောင်လာခဲ့သည်။

အင်္ဂလိပ် သခင်ဆပ်များသည် မဟာရာဇာ စော်ဘွားများက သူတို့အား ဧည့်ခံသည်ကို သဘောကျ ဂုဏ်ယူကြသည့်တိုင် သာမန် တိုင်းရင်းသားများနှင့် အပေါင်းအသင်း အဆက်အဆံ မလုပ်လိုကြ။ အိန္ဒိယ တိုင်းရင်းသားများကိုလည်း သူတို့ အိမ်များသို့ ဖိတ်၍ ဧည့်ခံလေ့မရှိကြ။

အများကပင် အိန္ဒိယပြည်အား ဘာသာတရားမရှိသည့် အရိုင်းအစိုင်း တိုင်းပြည်ဟု သဘောထားကာ အိန္ဒိယပြည်၏ ယဉ်ကျေးမှုနှင့် သမိုင်းကိုလည်း စိတ်ဝင်



www.burmeseclassic.com

www.burmeseclassic.com


စားခြင်း မရှိကြ။ ထိုအခါတွင် သခင်ဆပ်တို့သည်လည်း အိန္ဒိယ တိုင်းရင်းသူများကို လက်မထပ်ကြတော့။ အငှမ်းမြှောင် မထားကြတော့။

ခေတ်ကောင်းတုန်းက သူတို့ရှေ့က နောင်တော်နောင်တော်များ မွေးပေးခဲ့သည့် အိန္ဒိယ အင်္ဂလိပ်ကပြားတို့ကိုလည်း လှောင်ပြောင် သရော်သည့် အကြည့်ဖြင့် ကြည့်လာခဲ့ကြသည်။ သူတို့ကို 'ယူရေးရှန်းများ' 'ဘလက်ကီးများ' ဟု လှောင်ပြောင် ခေါ်လာခဲ့ကြသည်။ 'ကတ္တရာ သုတ်သည့် စုတ်တံပြားနှင့် ထိဖူးသူ' ဟု သံသယ ရှိလျှင် ထိုသူကို ဆေးဖော်ကြောဖက်လည်း မလုပ်ကြတော့။ အိန္ဒိယ တိုင်းရင်းသားများအား တန်းတူညီတူ ဆက်ဆံသူများ အနည်းအကျဉ်း ရှိသော်လည်း သူတို့မှာ အများကြားထဲတွင် နစ်မြုပ်နေကြသည်။

သို့ဖြင့် အင်္ဂလိပ်နှင့် အိန္ဒိယ တိုင်းရင်းသားများကြားထဲတွင် ပေါင်းသင်း ဆက်ဆံမှု နည်းပါးလာသည်နှင့် အတူ စာနာမှု နားလည်မှုတို့သည်လည်း ခန်းခြောက်လာခဲ့ကြသည်။ ခေတ်ကောင်းစဉ်တုန်းက ရရှိခဲ့သည့် မိတ်ဆွေ့စိတ်၊ အပေါင်းအသင်း စိတ်တို့သည် ပျောက်ကွယ်သွားကြကာ ထိုနေရာတွင် သံသယ၊ မယုံကြည်မှု၊ ရန်ငြိုးသိုမှုတို့ ပေါ်ပေါက် လာခဲ့ကြသည်။

ဇာရင်သည် နေကျဲကျဲတောက် ပူနေသည့် ဘုံဘေဆိပ်ကမ်းတွင် မတ်တတ်ရပ်လျက် ရှိရာမှ ငယ်ငယ်တုန်းက သူ့မိတ်ဆွေ အက်ရှ် ခေါ် အရှေ့ကို ကြည့်နေသည်။ အရှေ့က ဆံပင် ဝါလဲ့လဲ့နှင့် မိန်းမပျို တစ်ယောက်ကို ကုန်းပေါင် တစ်လျှောက် စိုးရိမ်တကြီး ဆွဲခေါ်လာသည်ကို မြင်ရသည့်အခါ၌ စိတ်ပျက်သလိုလို ဖြစ်သွား၏။

အရှေ့သည် ဘိလပ်သို့ ရောက်နေစဉ် မည်သို့ပြောင်းလဲ သွားခဲ့သနည်း။ ဤသည်ကို သူ မသိ။ သို့ရာတွင် ယခုလို အဖော်အပေါင်းနှင့် ပြန်လာလိမ့်မည်ဟူ၍ကား သူ နည်းနည်းမျှ မမျှော်လင့်ခဲ့။ ယခုလို ကိစ္စမျိုးသည် အချိန်တန်လျှင် ပြီးပြီးပျောက်ပျောက် ဖြစ်သွားသည့် ကိစ္စမျိုးမျှသာ ဖြစ်လိမ့်မည်ဟုသာ မျှော်လင့်ရဆော့သည်။

သို့ရာတွင် ကြည့်စမ်းပါဦး။ ခပ်ဝဝ ခပ်ဖိုင့်ဖိုင့်သခင်မကြီး တစ်ယောက်က သခင်မလေး၏ အမေနှင့်တူသည်။ မျက်နှာက ကျေနပ်နေသည့် မျက်နှာ။ မာနကြီးသည့် မျက်နှာ။ ကြည့်လိုက်သည့် အခါတွင် အခြားသူ မဟုတ်။ ပက်ရှဝါတွင် စခန်းချနေသည့် တပ်ရင်းတစ်ရင်းမှ ဒုတပ်ရင်းမှူး ဖြစ်သည့် ဗိုလ်မှူး ဟာလိုးကတော် ပါတကား။

ဤသည်ကမူ မဟန်။ ပက်ရှဝါနှင့် သူတို့ စခန်းချထားသည့် မဒန်း ဆိုသည်မှာ လေးနာရီလောက် မြင်းစီးသွားလျှင် ရောက်သည်။ သို့ဆိုလျှင် အရှေ့ တစ်ယောက်တခြား ကိစ္စတွေကို အလေးအနက် စဉ်းစားနေချိန်မျိုးတွင် ဗိုလ်မှူး ဟာလိုး သမီးက ကပွဲတွေ ပါတီတွေ ဖိတ်လျှင် မည်သို့ ရှိမည်နည်း။

ဇာရင်သည် မျက်မှောင်ကို ကုတ်လိုက်၏။ သူလာကြိုမိသည်ကို မှားသည်ဟု ထင်ချင်လာသည်။

ထိုအချိန်က နယ်ခြားစောင့် တပ်များမှာ စစ်ကစားမှုများ လုပ်ရန် ပြင်ဆင်လျက် ရှိသဖြင့် အလုပ် များနေသည်။ ထို့ကြောင့် ဗိုလ်မှူး ဟာလိုးသည် သူ့မိသားစုကို လာမကြိုနိုင်။ သို့ရာတွင် ဗိုလ်မှူးသည် သူ့အစေခံနှင့် သူ့မိန်းမ၏ အစေခံတို့ကို အကြို လွှတ်လိုက်သည်။ မြောက်ဘက်သို့ လာသည့် ခရီးတွင် သက်သောင့်သက်သာ ရှိစေရန် အားလုံး စီစဉ် ပေးလိုက်သည်။ ရထားပေါ်တွင် အသိအကျွမ်း တစ်ယောက် နှစ်ယောက်လောက်မှ တွေ့လိမ့်မည်။ သို့ဆိုလျှင် သူတို့လည်း အပျင်းပြေတန်ရာသည်။

ဗီလင်ဒါက မျက်လုံးကလေး ကြည်ကြည်ဖြင့်

'အို ဖေဖေက ဒီလိုပဲ ပြောလိုက်သလား၊ ဘာလို့ပျင်းရမှာလဲ၊ ဗီလင်ဒါတို့နှင့် အတူ အစ်ကိုလည်း ပါသားပဲ၊ ပြီးတော့လည်း လမ်းမှာ ကြည့်စရာတွေမှ အများကြီး၊ တောတွေ တောင်တွေ ကျားတွေ ဆင်တွေ စုံလို့၊ ဒီပြင် မကြည့်နှင့်လေ၊ ဟိုကလေးလေးကိုပဲ ကြည့်ပါလား၊ အင်္ဂလန်ကလည်း ထွက်လာရော ကလေးလေးကို လက်ကောက်တွေ ဝတ်ပေးထား လာခဲ့ကြတယ်၊ နေစမ်းပါဦး၊ မစ္စက် ဟစ်ကာရီကကော လည်ပင်းမှာ ပန်းကုံးကြီး ဘာလို့ ဆွဲထားသလဲ မသိဘူး၊ ကြည့်ရတာ ရယ်စရာကြီး၊ မျက်နှာတောင် ပန်းကုံးတွေ ကြားထဲမှာ ပျောက်နေတယ်၊ အံမယ် မစ္စက် ရှီဗာတန်ကကော ပန်းကုံးကြီးနှင့်နော်၊ ဗီလင်ဒါတို့ကိုလည်း တိုင်းရင်းသားတွေထဲက လာကြိုနေတဲ့လူ ရှိရင် ကောင်းမှာနော် အစ်ကို၊ အနားမှာ ရွှေရစ်ထားတဲ့ ပေါင်းထုပ်ဖြူကြီးနှင့် အရပ်မြင့်မြင့် ဟိုကုလားကြီးက အစ်ကို့ကို လာကြိုနေတယ် ထင်တယ်'

အက်ရှ်သည် သူ ပြရာသို့ ကြည့်လိုက်၏။ ခေါ်လှမ်းတွေ တုံ့ခနဲ ဖြစ်သည်။ အခြားသူ မဟုတ်။ ဇာရင်...။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဟောင်းတို့သည် ပြန်ရောက်လာကြ၏။ အက်ရှ်၏ စိတ်သည် လူမမည် ဘဝသို့ ပြန်ရောက်သွားသည်။ ဇာရင်က သူ့ကို ဘိလပ်သို့ သွားရန် တိုက်တွန်းခဲ့ပုံ၊ နှစ်တွေဟာ ဒီလိုနှင့် ဖြတ်ခနဲ ကုန်သွားမှာပါဟု ပြောခဲ့ပုံ၊ အမှန်ကမူ သူ ပြောသလို နှစ်များသည် ဖြတ်ခနဲ ကုန်လွန် မသွားခဲ့ကြ။ နှစ်များသည် ကုန်လွန် သွားခဲ့ကြသော်လည်း သူ ပြောသလို မြန်မြန် ကုန်လွန် သွားခဲ့ကြသည် မဟုတ်။

ယခု သူ မွေးရပ်မြေသို့ ပြန်ရောက်ပြီ။ ဇာရင်သည် သူ ကတိပေးခဲ့သည့် အတိုင်း လာကြိုနေပြီ။ ဇာရင်ဟု အသံထွက်၍ ခေါ်ကြည့်သည်။ သို့ရာတွင် အသံ ထွက်မလာ။ သူ့လည်ချောင်းထဲတွင် အလုံးကြီး တစ်ဆို့နေသည်။ မချိပြုံးသာ ပြုံးနိုင်တော့သည်။

'အစ်ကို ဘာဖြစ်လို့လဲ ဟင်၊ ဘာ ကြောင်ကြည့်နေတာလဲ၊ သူက ဘယ်သူလဲ'

ဗီလင်ဒါက သူ့လက်မောင်းကို ဆွဲ၍ မေးသည်။

'ဇာရင်ရယ်၊ ဇာရင်'

ထိုအခါကျမှ အသံ ထွက်လာသည်။

အက်ရှ်သည် သူ့အင်္ကျီ လက်ဖျားကို ကိုင်ထားသည့် ဗီလင်ဒါ၏ လက်မောင်းကို ဖြုတ်လိုက်ပြီးနောက် ဇာရင်ထံသို့ ပြေးလာ၏။ ဗီလင်ဒါသည် ကြောင်ကြည့်ရင်း ကျန်ရစ်ခဲ့ရာမှ တိုင်းရင်းသား တစ်ယောက်ကို ဖက်လှဲတကင်း ပွေ့ဖက် နှုတ်ဆက်နေသည့် သူ့ခင်ပွန်းလောင်းကို ကြည့်ရင်း အလန့်တကြား ဖြစ်နေသည်။

လူမြင်ကွင်းတွင် ဤသို့ လုပ်ပုံကမူ လွန်လွန်းသည်။ ပြင်သစ်တွေပင် သည်လို လုပ်မည် မထင်။ ယခု ကြည့်စမ်းပါဦး။ သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ပွေ့ဖက်နေကြသည်မှာ အားပါးတရ။ ဗီလင်ဒါသည် မျက်နှာတွေ နီရဲလာကာ ရက်ရက်ဖြင့် တစ်ဖက်သို့ လှည့်လိုက်သည်။ ထိုအဖြစ်ကို လှမ်းကြည့်နေသည့် အေမီနှင့် မျက်နှာချင်း ဆိုင်မိ၏။

အေမီက အကွက်ပေါ်ပြီ ဟူသော အချိုးမျိုးဖြင့်

'မေမေက ဒါကြောင့် ပြောတာ၊ ဒီ အက်ရှ်တန်ဆိုတဲ့ သူငယ်ကို ကြည့်ရတာ တစ်မျိုးပဲတဲ့၊ ခပ်ကြောင်ကြောင်ရယ်တဲ့၊ ဒီလောက်တောင် ဖက်ယမ်း နှုတ်ဆက်နေရအောင် အဲဒီ ပေါင်းထုပ်ကြီးနှင့် ကုလားကြီးက သူနှင့် အဖေတူ အမေကွဲတို့၊ ဝမ်းကွဲတို့၊ ဘာတို့ တော်သလားမှ မသိတာ၊ ကြည့်ရတာကတော့ ရုပ်ချင်း ဆင်သလိုလိုပဲ၊ ဩော် ဆောရီးကွယ်၊ ကိုယ်က ယူနှင့် စေ့စပ်ထားတယ် ဆိုတာကို မေ့သွားတယ်၊ ဟုတ်တယ်၊ ကိုယ်က တော်တော် အလိုက်ကန်းဆိုး မသိဘူး၊ နောက်တာပါကွယ်၊ စိတ်မဆိုးပါနှင့်၊ လာကြိုတဲ့ သူ့အစေခံတို့ ဘာတို့ အထဲက ဖြစ်မှာပါ၊ ကိုယ်တို့ အစေခံတွေလည်း လာနေပြီ၊ ယူ့ အစေခံတွေလည်း ရောက်ပြီ ထင်တယ်'

သို့ရာတွင် ကိုယ့် အစေခံကို ဘယ်သူ ပွေ့ဖက် နှုတ်ဆက်ပါမည်နည်း။ မဖြစ်နိုင်ဟု ဗီလင်ဒါ တွေးသည်။ လူကို ကြည့်ရသည်က အသက် သိပ် မကြီးသေး။ ဗီလင်ဒါသည် သူတို့နှစ်ယောက်ဆီသို့ လှမ်းကြည့်လိုက်ပြန်သည်။

ဟုတ်သည်၊ အေမီ ပြောသည့်အတိုင်း ဖြစ်နိုင်သည်။ သူတို့ နှစ်ယောက်က ရုပ်ချင်း ခပ်ဆင်ဆင်။ အက်ရှ်သာ သူ့လို မုတ်ဆိတ်မွေးတွေ ထားလိုက်လျှင် သူတို့ကို ညီအစ်ကို ထင်ကြမည် မုချ။

မစ္စက် ဟာလိုးသည် သူနှင့် အခန်းချင်း ကပ်၍ လိုက်ပါလာသည့် ဗိုလ်မှူးကြီး တစ်ယောက်နှင့် မစ္စက်ပီးလ်ပေါ့တို့ကို နှုတ်ဆက်ပြီးနောက် အနားသို့ ခပ်သုတ်သုတ် ရောက်လာကာ

'သမီးကလည်း သိပ်ပြောရ ခက်တာပဲကွယ်၊ ထီးတို့ ဘာတို့ မပါဘဲနှင့် နေပူထဲမှာ မရပ်ပါနှင့်လို့ သမီးကို ခဏ ခဏ ပြောထားရက်သားနှင့်၊ တော်တော်ကြာ အသားတွေ မည်းကုန်လိမ့်မယ်၊ အက်ရှ် တစ်ယောက်ကော၊ ဘယ်သွားနေသလဲ'

ဗီလင်ဒါက သူ့အမေ၏ လက်မောင်းကို လှမ်းကိုင်လိုက်ပြီးနောက် အကောက်ရုံဘက်သို့ ဆွဲခေါ်လာခဲ့သည်။

'ဟို... ဟို သူလေ သူ့ပစ္စည်းတွေ သယ်ဖို့ ကူလီသွားရှာနေတယ် မေမေ' ဟု လိမ်လိုက်သည်။

အက်ရှ် လုပ်နေပုံကို မေမေ အမြင်မခံနိုင်။ ကုလားကြီး တစ်ယောက်နှင့် ပွေ့ဖက်နေပုံကို မေမေ မြင်၍ မဖြစ်။ မေမေသည် အက်ရှ်နှင့် ထိုကုလားကြီးအား အေမီ ထင်သလို ရက်ရက်စက်စက် ထင်မည် မဟုတ်သည့်တိုင် တော်တော် စိတ်ပျက်သွားလိမ့်မည်။

ဗီလင်ဒါ ကိုယ်တိုင်လည်း ထိုအကြောင်းကို မပြောချင်။ ကြားလည်း မကြားချင်။ အက်ရှ်တွင် အကြောင်း တစ်စုံတစ်ရာ ရှိလိမ့်မည်။ မည်သို့ရှိစေ သူ့ကို ယခုလို တစ်ယောက်တည်း ပစ်မထားသင့်။ ဆော်တွေ သံတွေနှင့် နံစော်နေသည့် ကူလီတွေ ကြားထဲတွင် သူ့ကို အစောင့်အရှောက် မပါ တစ်ယောက်တည်း ပစ်



www.burmeseclassic.com

www.burmeseclassic.com



သားခဲ့ပြီး ထိုကုလားကို အရေးတကြီး သွား၍ နှုတ်ဆက်ခြင်း မပြုသင့်သည်မှာ အမှန်။ ယခု သူ လုပ်သွားပုံက သူသည် ဘာမျှ အရေးမကြီးသည့်နှယ်။ ရေ့လျှောက်သည်လိုတွေ လုပ်နေမှဖြင့်...။

ဒေါသကြောင့် ဗီလင်ဒါ၏ ပြာလဲ့သော မျက်လုံးတွင် မျက်ရည်တွေ ဝဲလာသည်။ သူ့ ရှေ့တွင် မြင်နေရသည့်၊ အသွေးစုံ အရောင်စုံတို့သည် နှစ်သက်စဖွယ်ကြည်နူးစဖွယ် မကောင်းတော့ဘဲ အနိဋ္ဌာရုံတွေ ဖြစ်နေ၏။ အပူရှိန်၊ အသံဗလံနှင့် တစ်ကိုယ်လုံး တောင့်တင်းနေသည်ကိုသာ သတိ ပြုမိတော့သည်။ ပန်းပွင့်ကလေးတွေ ရိုက်ထားသည့် သူ့အောက်ခံ ဘော်လီသည် ချွေးတွေဖြင့် နစ်နေသည်။ ဘော်လီကြိုး သေးသေးကလေးသည် ပခုံးပေါ်တွင် လေးနေသည် ထင်ရ၏။

အက်ရှ် လုပ်ပုံက စက်ဆုပ်စရာ။ အိန္ဒိယ ပြည်ကြီးကလည်း ရွံမုန်းစရာ။

အက်ရှ်သည် ဗီလင်ဒါကို ခဏမျှ မေ့နေသည်။ သူသည် သခင်ဆပ် တစ်ယောက် ဖြစ်သည် ဆိုသည်ကိုလည်း မေ့သွား၏။ အက်ရှ်သည် ဇာရင်ကို ပွေ့သည်ရော၊ ဖက်သည်ရော၊ ရယ်သည်ရော၊ စကားပြောသည်ရော တစ်ပြိုင်နက်တည်း လုပ်နေသည်။

'ဗျို့ ဇာရင်၊ ဇာရင်နော်၊ ခင်ဗျားနယ်ဗျာ၊ လာမယ် ဆိုတာ ဘာဖြစ်လို့ ပြောမထားတာလဲ'

'သူတို့ မသိကြဘူးလေ၊ ကျွန်တော်ကလည်း ဘယ်က ခွင့်ယူပြီး ထွက်သာလာတာ၊ ဘာမှ ပြောခဲ့တာ မဟုတ်ဘူး၊ ကျွန်တော် ဘယ်သွားမယ် ဆိုတာ ဘယ်သူမှ မသိဘူး'

'ဘာလဲ၊ အဝါရှားကိုတောင် မပြောခဲ့ဖူးလား၊ သူကော နေလို့ ထိုင်လို့ ကောင်းရဲ့လား၊ ကျွန်တော် ဘယ် ဆိုတာ မသေချာလို့လား၊ ကြည့်စမ်းဗျာ၊ ကျွန်တော်ကသာ ပြောင်းသွားတယ်၊ ခင်ဗျားကတော့ အလျင် အတိုင်းပဲ၊ နည်းနည်းလေးပဲ ပြောင်းတယ်၊ ကဲ ထားပါတော့လေ၊ နေစမ်းပါဦး၊ ခင်ဗျား အဖေ သူကော နေထိုင်ကောင်းရဲ့လား၊ မဒန်းကို ရောက်တွေ့မှာပေါ့နော်'

'နေလို့တော့ ကောင်းပါတယ်၊ ဒါပေမဲ့ မဒန်းတော့ မရှိဘူးဗျ၊ သူ နေတဲ့ ရွာက မဒန်းနှင့် လေးမိုင် ဝေးတယ်၊ နယ်စပ်ရဲ့ ဟိုဘက် တောင်ပေါ်မှာ၊ ကလည်း ကြီးလာတော့ ဘယ်မှ မသွားတော့ပါဘူး'

'ဒီလိုဆိုရင် ကျုပ်တို့တပ်ကျတော့ ခွင့်ယူပြီး သွားလည်မယ်ဗျာ၊ အေးဗျာ တွေ့ရတာ ဝမ်းသာတယ်၊ ပြန်ရောက်ရတာကိုလည်း ဝမ်းသာတယ်၊ ခင်ဗျားကော ဝမ်းသာတယ်နော်'

'ဘယ့်နှယ် ပြောပါလိမ့်ဗျာ၊ ကျွန်တော်လည်း ဝမ်းသာတာပေါ့၊ ဟိုတုန်းကတော့ ခင်ဗျားနှင့် ကျွန်တော်တို့ ဝေးကြပြီလို့ ထင်နေတာ၊ ခုတော့ ခင်ဗျားဟာ အရင်က အရော့ အတိုင်းပါပဲ၊ ဘာမှ မပြောင်းလဲပါဘူး၊ ခင်ဗျားကို စွန်လွှတ် သင်ပေးခဲ့တာ၊ ဖရဲသီးတွေ ခိုးပေးတာတွေ မှတ်မိသေးတယ် မဟုတ်လား၊ လေညင်းသာ ဟော်မှာ နေခဲ့ကြတုန်းကလေ၊ အဲဒီတုန်းက အတိုင်းပါပဲ၊ ဘာမှ မထူးပါဘူး၊ တော်တော် ပြောင်းပြီး စခန်းကြီးသွားလိမ့်မယ်လို့ အောက်မေ့တာ၊ ဘိလပ်မှာ နေရတာ သိပ်ကြာတယ်လို့ ထင်သေးသလား'

'ကြာတာပေါ့၊ ဒါပေမဲ့ ခုတော့ ပြန်ရောက်ပါပြီလေ၊ ကဲ ပြောစမ်းပါဦးဗျာ၊ ခင်ဗျား အကြောင်း၊ တပ်ရင်း အကြောင်း'

သူတို့ နှစ်ယောက်သည် နယ်ခြားစောင့်တပ် အကြောင်းနှင့် သတင်းကြီးနေသော ဆောင်းဦးပေါက် တိုက်ပွဲစဉ် အကြောင်းကို ပြောဆိုနေကြသည်။ တောင်ပေါ်သား လူမျိုးစု အချို့သည် ရွာများကို စီးနင်း တိုက်ခိုက်ကာ အမျိုးသမီးများနှင့် ကျွဲနွား တိရစ္ဆာန်တို့ကို လုယက် ခေါ်ဆောင် သွားကြသည်။

ထိုသို့ ပြောနေစဉ် ဇာရင်က ဂူးလ်ဘတ်ကို ခေါ်ပြသဖြင့် အက်ရှ်ကလည်း သူနှင့် ဘိလပ်မှ ပါလာကြသည့် အာလယားနှင့် မာဒူးတို့ကို ခေါ်၍ ဇာရင်နှင့် မိတ်ဆက်ပေးသည်။

သင်္ဘောပေါ်မှ ဆင်းလာသည့် ခရီးသည် အချို့က တိုင်းရင်းသားများနှင့် အားရပါးရ စကားပြောနေသည့် အက်ရှ်ကို ကြည့်၍ အံ့အားသင့်နေကြ၏။ သင်္ဘောပေါ်တုန်းက ဆိုလျှင် အက်ရှ်သည် စကား ပြောချင်မှ ပြောသည်။ စကား နည်းလွန်းသောကြောင့် သူ့ကို နွားထုံကြီးဟုပင် အမည်ပေးခဲ့ကြသည်။ ဗီလင်ဒါက သူ့ကို ရွေးချယ်လိုက်သည့် အခါမှပင် အက်ရှ်တွင် စကားနည်းသော်လည်း စွဲမက်စရာ တစ်စုံတစ်ခုတော့ ရှိလိမ့်မည်ဟု အနည်းငယ် အမှတ် ပေးလာခဲ့ကြခြင်း ဖြစ်သည်။

ယခုတော့လည်း အက်ရှ်ကို ကြည့်ရသည်မှာ သင်္ဘောပေါ်တုန်းကလို မထုံတက်သေး မဟုတ်တော့။ စကားတွေ ရွှန်းရွှန်းဝေအောင် ပြောနေသည်။ သူ



www.burmeseclassic.com

www.burmeseclassic.com



ကုလား တစ်သိုက်နှင့် စကားပြောနေသည့် အက်ရှ်ကို မြင်လိုက်ရသည့် အခါတွင် စောစောက ပေးထားသည့် အမှတ်ကလေးတွေကို ပြန်နုတ်လိုက်ကာ နှာခေါင်း ရှုံ့သူ ရှုံ့၊ မျက်ခုံး ပင့်သူပင့် ဖြစ်ကုန်ကြသည်။

ဆိပ်ကမ်းတွင် တဖြည်းဖြည်း လူတွေ ကျဲစ ပြုလာ၏။ အထုပ်အပိုး ပစ္စည်းပုံကြီးများမှာလည်း တဖြည်းဖြည်း လျော့သွားလေပြီ။ သို့ရာတွင် ဗီလင်ဒါနှင့် သူ့အမေမှာ အက်ရှ် ပြန်မလာသေးသဖြင့် တစောင့်စောင့် လုပ်နေရဆဲ။

သင်္ဘောပေါ်တွင် နှစ်လလုံးလုံး သူတို့နှင့် အတူ ခရီး သွားခဲ့ကြသူတို့မှာ အထုပ်အပိုးများကို ရထားကြီးများပေါ်သို့ တင်ကာ မြို့ထဲသို့ သွားကုန်ကြပြီ။ အကောက်ရုံ ခေါင်မိုးမှ သွပ်မိုးကို ထိုးနေသည့် နေရောင်ကြောင့် သူတို့ မျက်စိတွေ ကျိန်းစပ်နေသည်။ နေကလည်း တဖြည်းဖြည်း ပူစပြုလာ၏။

သို့ရာတွင် အက်ရှ်မှာ အချိန်ကို သတိမရ။ နားထောင်စရာတွေက တစ်ပုံတစ်ပင်။ နောက်ဆုံးတွင် ဇာရင်က ဂူးလ်ဘတ်ကို ခေါ်ကာ အက်ရှ်၏ ပစ္စည်းများကို ကူလီဖြင့် သယ်ယူလာရန် ပြောလိုက်၏။

ထိုစဉ် အာလယားက သူနှင့် မာဒူးတို့ နှစ်ယောက်လည်း အက်ရှ်နှင့် အတူ မဒန်းသို့ လိုက်မည်ဟု ပြောသည်။

'သခင်ဆပ်မှာ နောက်ထပ် အစေခံ ငှားဖို့ မလိုပါဘူး၊ အင်ဒါဆင်ဆပ် မသေခင်တုန်းမှာ ကျွန်တော် သူ့ကို ကတိပေးလိုက်တယ်၊ ကျွန်တော် အသက်ရှင်နေသမျှ ကာလပတ်လုံး သခင်ဆပ်ဆီမှာပဲ အလုပ် လုပ်မယ်လို့ ပြောလိုက်ပြီးပြီ၊ မာဒူးလည်း သခင်ဆပ်ဆီမှာပဲ အလုပ် လုပ်မယ်တဲ့၊ ကျွန်တော်တို့ နှစ်ယောက် တိုင်ပင်ပြီးပြီ၊ ကျွန်တော်တို့ နှစ်ယောက်က အဘိုးကြီးတွေပေမဲ့ ဒီအတိုင်း ထိုင်မနေချင်ဘူးလေ၊ အလုပ် လုပ်ချင်တယ်၊ နောက်ထပ် သခင်ဆပ်သစ်လည်း မရှာချင်တော့ဘူး၊ ကျွန်တော်တို့ သိပြီးသား သခင်ဆပ်ဆီမှာပဲ အလုပ် လုပ်ချင်တော့တယ်၊ ဒီတော့ ကျွန်တော်က သခင်ဆပ်ဆီမှာ မာဒူးက အစေခံ လုပ်မယ်၊ ထမင်းချက် လုပ်မယ်၊ ကျွန်တော်တို့ကို လခ ပေးဖို့ မလိုပါဘူး၊ အင်ဒါဆင်ဆပ်က ကျွန်တော်တို့ကို ပိုက်ဆံတွေ အများကြီး ပေးလိုက် ပြီးပါပြီ၊ ကျွန်တော်တို့မှာ ဘာအသုံး လိုတာ မှတ်လို့၊ နောက်ထပ် နည်းနည်း ပေးရင် လုံလောက်ပါပြီ'

သူတို့ နှစ်ယောက်ကို အနားယူဖို့ အမျိုးမျိုး ဖျောင်းဖျသည့်တိုင် အဘိုးကြီး နှစ်ယောက်သည် ဆုံးဖြတ်ချက်ကို မပြောင်း။ ဇာရင်က တပ်ထဲတွင် နေသည့် လူပျို အရာရှိတွင် ထမင်းချက် မလိုကြောင်း ရှင်းပြသည့် အခါ၌ မာဒူးက ထိုသို့ဆိုလျှင် သူ့အနေဖြင့် သခင်ဆပ်၏ ဘဏ္ဍာစိုး လုပ်မည် ဖြစ်ကြောင်း၊ တခြား မည်သည့် အလုပ်ကို လုပ်ရသည် ဆိုလျှင်လည်း အကြောင်း မဟုတ်ကြောင်း၊ သူနှင့် အာယလားတို့သည် နှစ်ပေါင်း များစွာ အတူတကွ အလုပ် လုပ်ခဲ့ကြပြီး ဖြစ်သည့် အတွက် တစ်ယောက် အကြောင်းကို တစ်ယောက် သိနေကြပြီ ဖြစ်ကြောင်း၊ အက်ရှ် သခင်ဆပ်၏ အကြောင်းကိုလည်း သိပြီး ဖြစ်၍ အတူ မခွဲမခွာ နေလိုကြောင်း ဖြင့် ပြောကြသည်။

အက်ရှ် အဖို့ကား ဆိုဖွယ်ရာ မရှိတော့။ အက်ရှ်သည် ခပ်စောစော ကတည်းက အိန္ဒိယသို့ ပြန်လိုသည့်တိုင် သူတို့နှစ်ယောက်၏ သံယောဇဉ်ကြောင့် မပြန်ဖြစ်ဘဲ ရှိခဲ့ရာ ထိုအစီအစဉ်ကို အထူး ငြင်းစရာ အကြောင်း မရှိ။ ထို့ကြောင့် ဂူးလ်ဘတ်ကို လက်ထောက် အဖြစ် ခန့်လိုက်သည်။

'ကောင်းပြီလေ၊ ဒီလိုဆိုရင် ကျွန်တော် သူ့ကို ဘူတာကို လွှတ်ပြီး မီးရထား လက်မှတ် အဝယ်ခိုင်းလိုက်မယ်၊ သခင်လေးရဲ့ တွဲနှင့် အနီးဆုံးတွဲမှာ ကျွန်တော်တို့ အတွက် လက်မှတ် ယူခိုင်းလိုက်တာပေါ့၊ ဟာ မဟုတ်တာ သခင်လေးကလည်း၊ ကျွန်တော်တို့က သခင်လေးနှင့် အတူတူ တစ်တွဲတည်း စီးလို့ မရဘူးလေ၊ သခင်လေးဟာ အခု သခင်ဆပ် ဖြစ်သွားပြီလေ၊ သခင်ဆပ် ဖြစ်ရင် သခင်ဆပ်လို နေမှ ဖြစ်မှာပေါ့၊ ဒီလို မဟုတ်ဘဲ ကျွန်တော်တို့ အတူတူနေရင် ကျွန်တော်တို့ အားလုံး ဒုက္ခ ရောက်ကုန်လိမ့်မယ်၊ ကျွန်တော်တို့ အချင်းချင်းကတော့ ဘာမှ အကြောင်း မဟုတ်ဘူး၊ ဒါ ပေမဲ့ ဆောလူတွေက ဘယ် နားလည်နိုင်မလဲ'

အာလယားက

'ဟုတ်တာပေါ့ သခင်လေး၊ ပြီးတော့ သခင် တွေလည်း ပါသေးတယ် မဟုတ်လား'

'အို ထားလိုက်စမ်းပါ၊ အခုလို ဗီလင်ဒါကော ကြည့်စမ်း သူ့ကို လုံးလုံး သတိမရဘူး၊ ကဲ ဇာ ဘူတာကို သွားနှင့်၊ ဟိုကျတော့ တွေ့မယ်၊ ကျွန် ပစ္စည်းတွေကို သယ်လာလို့ ဂူးလ်ဘတ်ကိုလည်း ပြော လိုက်၊ အာလယား၊ ခင်ဗျားဆီမှာ ဒေ ရှိတယ်နော်



www.burmeseclassic.com

www.burmeseclassic.com



ကျုပ် အဝတ်အစားတွေကို သိတယ် မပဟုတ်လား၊ ယူခဲ့ဗျာ'

အက်ရှ်သည် ဗီလင်ဒါတို့ သားအမိ နှစ်ယောက်ဆီသို့ ပြန်ပြေးလာခဲ့သည်။ သို့ရာတွင် သူ ထားရစ်ခဲ့သည့် နေရာတွင် မရှိတော့။ အခြား ခရီးသည်များ၊ သူတို့ အထုပ်အပိုးများနှင့် သူတို့ကို လာကြိုနေသူတို့ကိုလည်း မတွေ့ရတော့။ ကင်တာဘာရီ ကာဆယ် သင်္ဘောကြီးသည် ပူပြင်းသည့် နေရောင်ထဲတွင် တိတ်ဆိတ်ငြိမ်သက်လျက်။

အမျိုးသမီး နှစ်ယောက် သူ့ကို အကြာကြီးစောင့်နေကြောင်း၊ ခပ်စောစောကပင် ထွက်သွားကြပြီဖြစ်ကြောင်း၊ မည်သည့် နေရာသို့ သွားသည်ကိုမူ သူလည်း မသိကြောင်း၊ မာလဗာ တောင်ကုန်းပေါ်ရှိ ဟိုတယ် တစ်ခုသို့ သွားခြင်း ဖြစ်မည် ထင်ကြောင်း၊ သို့မဟုတ်လျှင်လည်း ရွက်လှေ အသင်းတိုက်သို့ သွားမည်ထင်ကြောင်း၊ သင်္ဘောဆိပ်တွင် ရှိသည့် ရထားသမားများကို မေးလျှင် သိမည် ထင်ကြောင်းဖြင့် အကောက်ခွန်မှ အရာရှိ တစ်ဦးက အက်ရှ်ကို ပြောပြ၏။ အမျိုးသမီး နှစ်ဦးမှာ အတော် စိတ်ဆိုးနေဟန် တူကြောင်းဖြင့်လည်း အားမနာ ပါးမနာ ဆက် ပြောလိုက်သေးသည်။

အက်ရှ်သည် ပက်လက် ရထားကလေး တစ်စီးကို ငှား၍ လိုက်ရှာသည်။ သို့ရာတွင် မြင်းက ပိန်ပိန်၊ ဆောင်းချင်တိုင်း မောင်း၍ မရ။ သူတို့ကို လိုက်မမီတော့။

တစ်ညနေလုံး ဘုံဘေမြို့ထဲမှ ဟိုတယ်များ၊ ကလပ်များသို့ လိုက်ရှာသည့်တိုင် သူတို့ သားအမိ၏ အရိပ်အယောင်ကိုမျှ မတွေ့ရတော့။ အက်ရှ်သည် ဘူတာရုံသို့ ပြန်လာကာ သူတို့ သားအမိကို ပြန်စောင့်ရုံမှတစ်ပါး အခြားလမ်း မရှိတော့။

စာပို့ရထားက ညမှ ထွက်မည်။ ထို့ကြောင့် အက်ရှ်သည် ဘူတာရုံဝတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း သူ့ကိုယ်သူ ကျိန်ဆဲ၏။ မိမိသည် ကိုယ်ကျိုးကြည့်တတ်သူ၊ စဉ်းစားဉာဏ် မရှိသူ၊ ကိုယ်ချင်း မစာတတ်သူ၊ ဗီလင်ဒါလို အမျိုးသမီးနှင့် ထိုက်တန်ခြင်း မရှိသူဟု သူ့ကိုယ်သူ နောင်တရ၍ မဆုံး။

သူ့ကို သေတစ်ပန် သက်တစ်ဆုံး ချစ်နေမည် ဖြစ်ကြောင်း၊ ယုယ ပိုက်ထွေးမည် ဖြစ်ကြောင်း၊ သူ ခိုင်းချမ်းသာမည် ဆိုပါလျှင် ဘာမဆို လုပ်မည် ဖြစ်ကြောင်း မနေ့ညကပင် ပြောခဲ့သေးသည်။ သို့ရာတွင် သူသည် ပထမ အစမ်း စာမေးပွဲမှာပင် ကျရှုံးခဲ့ပြီ။ သူ့ကို မည်သို့ ထင်မည်နည်း။ မည်သည့် နေရာသို့များ သွားလေသနည်း။

ဗီလင်ဒါတို့ သားသမိ နှစ်ယောက်သည် သူတို့ အသိ တစ်ယောက်၏ အိမ် တစ်အိမ်သို့ ထွက်သွားကြခြင်း ဖြစ်၏။ စင်စစ် သင်္ဘောဆိပ်နှင့် ဘာမျှ ဝေးသည် မဟုတ်။ ပူလွန်းသဖြင့် နားနားနေနေ ဝင်နားကြခြင်း ဖြစ်သည်။ သူတို့ သားအမိ နှစ်ယောက်သည် ညစာကို ခပ်စောစော စားခဲ့ကြပြီးနောက် ဘူတာရုံသို့ လာခဲ့ကြ၏။

ဘူတာရုံ စင်္ကြံတွင် ရပ်နေသည့် အက်ရှ်ကို တွေ့ရသည်။ သို့ရာတွင် သည်တစ်ကြိမ်၌လည်း အက်ရှ်သည် တစ်ယောက်တည်း မဟုတ်။ သည်နေ့ တစ်နေ့လုံး အက်ရှ် ကံဆိုးနေသည်။ ခပ်စောစောကသာ သူတို့ ရောက်လာခဲ့လျှင် လက်မှတ်ရုံနားတွင် ယောင်လည်လည် ရပ်နေသည့် အက်ရှ်ကို တစ်ယောက်တည်း တွေ့ရလိမ့်မည်။

အာလယားမှာ မြို့ထဲတွင် မိတ်ဆွေများ ရှိသဖြင့် ဇာရင်နှင့် မာဒူးတို့နှင့် အတူ သွားလည်နေခြင်းကြောင့် ဖြစ်၏။ ဘူတာရုံတွင် ဂူးလ်ဘတ် တစ်ယောက်သာလျှင် ကျန်ရစ်ခဲ့ပြီး သွားရေးလာရေးနှင့် ပတ်သက်သည့် ကိစ္စများကို ဆောင်ရွက်လျက် ရှိသည်။ သူတို့ သုံးယောက်သည် ဗီလင်ဒါတို့ သားအမိ ရောက်မလာခင် ငါးမိနစ်လောက်မှ ပက်လက် ရထားကလေး တစ်စီးဖြင့် ပြန်ရောက်လာကြခြင်း ဖြစ်၏။

ယခု သူတို့တစ်တွေ စင်္ကြံတွင် ရပ်ကာ အားရပါးရ စကား ပြောနေကြသည်ကို မြင်ရပြန်ပြီ။ ဤတွင် အက်ရှ်သည် သူ့ကို လိုက်ရှာခြင်း မရှိဘဲ သူတို့တစ်တွေနှင့် တစ်နေကုန် အချိန်ဖြုန်းနေသည်ဟု ဗီလင်ဒါ ထင်လိုက်သည်။

ဗီလင်ဒါ စိတ်ဆိုးသည်။ မျက်ရည်ကို မကျအောင် မနည်း ထိန်းထားရ၏။ သူ့ရင်ထဲတွင်ရော၊ လည်ပင်းတွင်ပါ အလုံးကြီး ဆို့နေသည် ထင်ရသည်။ ဗီလင်ဒါသည် ကိုယ့်ကိုယ်ကိုယ် ချုပ်တည်းနိုင်အောင် ငယ်ငယ်ကတည်းက အမေက သင်ကြားခဲ့သည်။ မီးရထားဘူတာထဲတွင်လည်း လူတွေ ဥဒဟို။

သို့ရာတွင် ထိုအချက်များကို ဗီလင်ဒါ သတိမထားမိတော့။ သူ့လက်တွင် လက်ထပ် လက်စွပ်သာ



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ထားခဲ့သည် ဆိုလျှင် လက်စွပ်ကို ချွတ်ပြီး အက်ရှ်၏ မျက်နှာကို ပေါက်မိလိမ့်မည်။ ယခု ပေါက်ကွဲ၍ မရ။ သူ့ရင်ကို ခေါင်းနှင့် ပစ်ဆောင့် ပစ်လိုက်ရမလား ဟု စိတ်ကူးမိသေးသည်။

ထိုစဉ် ထိုအခြေအနေမျိုးတွင် မိန်းမ များစွာတို့ သုံးလေ့ရှိသော လက်နက် တစ်ခုကို သူ သတိရလိုက်၏။

ထိုလက်နက်ကို အသုံး ချလိုက်ခြင်းသည် သုံးသူတွင် ဘာမျှ သတိ မထားလိုက်မိသော်လည်း အခြားသူများ အဖို့ကား စိတ်ဓာတ်ကို အကြီးအကျယ် ပြောင်းသွားစေရုံမျှမက အဖြစ်အပျက်များ၏ လမ်းကြောင်းကိုလည်း တစ်မျိုးတစ်ဖုံ ပြောင်းလဲ သွားစေနိုင်၏။ ဤသည်ကို ဗီလင်ဒါလည်း သတိ မထားလိုက်မိ။ ဗီလင်ဒါ၏ စိတ်ကမူ ဘာရယ်မဟုတ်။ အက်ရှ်ကို သူ နည်းတူ ပြန်၍ ကြွေးဆပ် ပြလိုက်ချင်သည်။

သဘော်ပေါ်တုန်းက သူ့ကို ပိုးပန်းခဲ့သည့် ဂျော့ဂါးဖို့သည် ဘူတာရုံ ပလက်ဖောင်း စင်္ကြံတွင် သူ့ပစ္စည်း သယ်လာသူများကို လိုက်ရှာနေစဉ် ဗီလင်ဒါက သူ့ကို ဝမ်းသာအားရ နှုတ်ဆက်လိုက်သည်။ ဤတွင် ဂျော့မှာလည်း သူ့ကို အရေးတယူ ဝမ်းသာအယ်လဲ နှုတ်ဆက်သဖြင့် အတိုင်းမသိ ဝမ်းသာသွား၏။

သိမ်ငယ်ခြင်း၊ ရှက်ခြင်း၊ ချစ်ခြင်းတို့ကြောင့် သဘော်ပေါ်တုန်းက သူ့အချစ်ကို ဂျော့ ဖွင့်မပြောမိခဲ့။ ဗီလင်ဒါသည် ဂျော့ ရုပ်ချောသည်ကို သဘောကျသည့်တိုင် ဂျော့က ထုံထိုင်းသည်။ ပျင်းစရာကောင်းသည်။

ထိုအထဲတွင် အေမီကလည်း 'ဂျော့ကို ကြည့်ရတာ ချောတော့ ချောပါရဲ့၊ ဒါပေမဲ့ စက်ဆိုင်မှာ အင်္ကျီကြော်ငြာဖို့ ထောင်ထားတဲ့ ကော်ရုပ်လိုပဲ' ဟု ဆိုသည့် စကားကိုလည်း သူ သတိပြုမိသည်။

တကယ်ဆိုလျှင် ဂျော့လို ရုပ်ချောသူ တစ်ယောက်သည် ဘဝင်မြင့်ခြင်း မရှိသင့်သည့်တိုင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမျိုး ရှိဖို့ကောင်းသည်။ သို့ရာတွင် ဂျော့မှာ ဘဝင်မြင့်ခြင်းလည်း မရှိ။ ယုံကြည်မှုလည်း မရှိ။ မရဲ တရဲနှင့်။ သူ့ကြည့်ရသည်က ရှက်သလိုလို။ ကြောက်သလိုလို။ ခွတီးခွကျ။ ကိုယ့်ကိုယ်ကိုယ် မနည်း အားပေးနေရသည့် ဟန်။ လူရိပ်သူရိပ် လူကဲ နည်းနည်းလေးမျှ နားမလည်ဘဲ မဟုတ်သည့် အချိန်တွင် အနားသို့ ရစ်ဝဲ ရစ်ဝဲဖြင့် ရောက်လာတတ်ပြီး ဘာမှ မဟုတ်ဘဲ မျက်နှာပျက်ပျက် ထူအမ်းအမ်းဖြင့် ပြန်ချင် ပြန်သွားတတ်သည်။

သူ့ကို ခင်သည့် အက်ရှ်ကမူ 'ဂျော့ဟာ အရေ ပါးပါးကလေးနှင့် မွေးလာတာနှင့် တူတယ်၊ သူ့ကို ထိလိုက်တာနှင့် တစ်ပြိုင်နက် ဘာလုပ်လုပ် ရှက်နေတော့တာပဲ' ဟု ပြောတတ်သည်။

ယခု ဗီလင်ဒါသည် သူ့ကို တို့ထိလိုက်လေပြီ။ သဘော်ပေါ်တုန်းက ဂျော့သည် သူ့အနားသို့ မရဲတရဲ ရောက်လာတတ်ကာ ဗီလင်ဒါ စိတ်ဝင်စားလာအောင် အတတ်နိုင်ဆုံး ကြိုးစားခဲ့သည်။ သို့ရာတွင် သူ့အမူအရာက ရယ်ချင်စရာ။ ဗီလင်ဒါ့လို မိန်းကလေး မပြောနှင့်၊ အသိမ်မွေ့ဆုံး၊ အရက်အကြောက် အကြီးဆုံး ဆိုသည့် မိန်းကလေးတွေပင် စိတ်ပျက်လောက်သည်။

ထို့ကြောင့် ဗီလင်ဒါက သူ့ကို မှတ်လောက်သားလောက် အရွဲ့တိုက်ပြသည့် အခါတွင် ဂျော့သည် လန့်ဖျပ်သွားကာ သူ့ ဥခွံကလေးထဲသို့ ပြန်ဝင်သွားသည်။

ယခု ဗီလင်ဒါက သူ့ကို လှိုက်လှိုက်လှဲလှဲ လှမ်းနှုတ်ဆက်ကာ အချိုသာဆုံး အပြုံးကို ပြုံးထားလိုက်သည်ကို တွေ့ရသည့်အခါ၌ ဂျော့သည် အံ့အားသင့်လျက် ရှိ၏။ နှုတ်ဆက်လိုက်သံကို ကြားသည့် အတွက် ဂျော့သည် လှည့်ကြည့်လိုက်သည်။

'ဟင် ဂျော့လည်း ဒီရထားနှင့် လိုက်မလို့လား၊ အတော်ပဲ၊ ဗီလင်ဒါတို့လည်း ဒီရထားနှင့်ပဲ လိုက်မှာ၊ ဂျော့နှင့် အတူ သွားရတော့ ပိုပြီး ပျော်စရာ ကောင်းတာပေါ့နော်'

ဂျော့သည် သူ့ နားများကိုပင် မယုံ။ လက်ထဲတွင် ကိုင်ထားသည့် စာအိတ်များကို လွှတ်ချလိုက်ပြီး ရေနစ်သူ ကြိုးကို လှမ်းဆွဲသလို အားရပါးရ လက်ဆွဲနှုတ်ဆက်၏။ မျက်နှာတွင် သွေးတွေ ခန်းသွားကာ လျှာသည် ကြိုးထုံးကြီးလို အထုံးတွေ ဖြစ်နေသည် ထင်မိ၏။ စကား တစ်လုံးမျှ မပြောနိုင်။ သို့ရာတွင် အကြောင်း မဟုတ်။ သူက စပြီး ဘာမျှ မပြောရမီ ဗီလင်ဒါက သူ့လက်မောင်းကို တွဲချိတ်လိုက်ပြီး တွဲပေါ်သို့ လိုက်ပို့ရန် ပြောသည်။

ဗီလင်ဒါက အသံ လွင်လွင်ကလေးဖြင့်

'အစ်ကိုသာ ဗီလင်ဒါတို့နှင့် တစ်တွဲတည်း လိုက်မှန်း သိရင် စောစော ကတည်းက စိတ်အေးရမှာ၊ အစ်ကိုတို့များ နေနိုင်လိုက်တာနော်၊ မနက်က သဘော်



www.burmeseclassic.com

www.burmeseclassic.com



ဆင်းတော့ ဗီလင်ဒါတို့ကိုတောင် နှုတ်ဆက်ဖော် မရဘူး၊ ဒီကဖြင့် နှုတ်ဆက်မလို့ လူတွေကြားထဲမှာ လိုက်ရှာ လိုက်ရတာ မောနေတာပဲ၊ ဒီထဲမှာ ကုန်းပတ်ပေါ်မှာ နေ တာလည်း ပူလိုက်သေးတယ်'

'ဟုတ်... ဟုတ်လား၊ ဟင် တကယ်... တကယ် လား'

ဂျော့ ကောင်းကောင်း စကား မပြောနိုင်။ ထစ် နေသည်။

သူတို့ နှစ်ယောက်သည် အက်ရှ်နှင့် သူ၏ အောက်တန်းစား အပေါင်းအသင်းများ အနီးသို့ ရောက် လာကြသည်။ ဗီလင်ဒါက မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ် နေသည့် ဂျော့၏ မျက်နှာကို မော့ကြည့်ပြီး တခစ်ခစ် ရယ်လိုက်၏။ ထို့နောက် လက်မောင်းကို ဖျစ်ညှစ် လိုက်ကာ

'တကယ် ပြောတာပေါ့ အစ်ကိုရဲ့'

ဂျော့၏ မျက်နှာတွင် ပြန်၍ သွေးရောင်လျှမ်းစ ပြုလာသည်။ ဂျော့သည် အဆုတ်တွေ ပြည့်ဖောင်းသွား အောင် သာမက သူ့တစ်ကိုယ်လုံး လေတွေ ပြည့်ဖောင်း သွားတော့မည်ဟု ထင်ရလောက်အောင် အသက်ကို အားရပါးရ ရှူလိုက်၏။ သူ့ခေါင်းထဲတွင် ယစ်မူးလာ၏။ ရှူသည့် အရက်ကို သောက်သောက် သည်လောက် မူးမည် မထင်။ ချက်ချင်း အရပ် ပိုမြင့်သွားပြီး ခန္ဓာကိုယ် မှာ၍ တောင့်တင်းလာသည်ဟု ထင်လိုက်ရ၏။ သူ့တစ် သက်တွင် ပထမဆုံး အကြိမ် ကိုယ့်ကိုယ်ကိုယ် ယုံကြည် မှု ဝင်လာသည်။

'ဝမ်းသာလိုက်တာ'

ဂျော့ ရယ်လိုက်သည်။ အက်ရှ်က လှည့်ကြည့် လိုက်သည့် အခါတွင် လက်ချင်း ချိတ်၍ လျှောက်လာ သော သူတို့နှစ်ယောက်ကို တွေ့လိုက်ရ၏။ ရယ်လျက် မောလျက်။ တစ်လောကလုံးတွင် သူတို့နှစ်ယောက်တည်း သာ ရှိသည့်နှယ်။ ဘယ်သူ့ကိုမျှ ဂရုမထား။

အက်ရှ်က သူတို့ဆီသို့ လျှောက်လာသည်။ ဗီ လင်ဒါက 'ဟလို အက်ရှ်' ဟု နှုတ်ဆက်ကာ ထိမထင် သော အမူအရာဖြင့် ခေါင်းကလေးကို တစ်ချက်စောင်း ညိတ်ဆက်လိုက်ပြီး ဆက်လျှောက်သွား၏။ အက်ရှ်၏ အသည်းနှလုံးမှာ ဓားနှင့် မွှမ်းသလို ခံစားလိုက်ရသည်။

အက်ရှ်သည် သူတို့ နောက်မှနေ၍ ရထားတွဲ ဆီသို့ လျှောက်လာခဲ့၏။ သူ နောက်ကျသွားသည့် အတွက် မစ္စက် ဟာလိုးကို တောင်းပန်သည်။ ဗီလင်ဒါ ကား ဂျော့နှင့် စကားတွေ ဖောင်နေလေပြီ။ သူပြော သည်ကို ဂရုပင် မစိုက်အား။ တောင်းပန်ဖို့ မလိုကြောင်း သာမန်မျှသာ ပြောသည်။ ဗီလင်ဒါက သည်လို ပြော လိုက်သည့် အခါတွင် အက်ရှ်သည် ကြောင်အမ်းအမ်း ဖြစ်နေ၏။

နောက်နေ့များတွင်ကား အက်ရှ်၏ အခြေအနေ မှာ ပို၍ ဆိုး၏။ ဗီလင်ဒါသည် သူ့ကို တမင် လုပ်ထား သည့် ယဉ်ကျေး သိမ်မွေ့ဟန်ဖြင့် ဆက်ဆံသည်။ သူတို့ တွဲနားသို့ သွားလည်သည့် အခါမျိုး၊ ဘူတာများတွင် ရထား ရပ်၍ အက်ရှ်က အောက်ဆင်းပြီး နှုတ်ဆက်သည့် အခါမျိုးတွင် ရထားတွဲထဲသို့ တက်လာရန် တစ်ခါမျှ ဖိတ်ခေါ်ခြင်း မပြု။ ရထား ရပ်တုန်းတွင်လည်း သူ့ကို ဘူတာထဲသို့ လျှောက်ပြရန် ပြောဆိုခြင်း မပြု။

သူ့ အပြုအမူကြောင့် အက်ရှ် ခံပြင်းသည်။ မစ္စက် ဟာလိုးမှာလည်း သူ့သမီး လုပ်ပုံကြောင့် အလန့် တကြား ဖြစ်လျက် ရှိ၏။

ဂျော့ အဖို့သော်မူကား လျှပ်စစ်ဖြင့် အတို့ခံရ သည့်နှယ် နေမထိ ထိုင်မသာ ဖြစ်လျက် ရှိလေပြီ။ သင်္ဘောပေါ်တွင် သူတို့နှင့် အတူ ခရီးသွားခဲ့တုန်းက ခပ်ထုံထုံ ခပ်ထိုင်းထိုင်း စကားနည်းနည်းနှင့် ရက်တတ် ကြောက်တတ်သည့် ဂျော့သည် နေ့ချင်း ညချင်း စကား တွေ ဖောင်ကာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု တစ်ခွဲသား ဖြင့်။ ညနေ ဆည်းဆာများတွင် ခေါင်းမော့ ရင်ကော့ လျက် ဗီလင်ဒါနှင့် အတူ လက်ချင်းချိတ် လမ်းလျှောက် နေသည်ကို မြင်ရသည့် အခါတွင် မယုံကြည်နိုင်အောင် ဖြစ်နေကြသည်။ ရထားတွဲ တစ်တွဲလုံး သူ့အသံချည်း။

အက်ရှ်မှာ ဆွေး၍နေလေပြီ။ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်၍ မဆုံး ဖြစ်နေလေပြီ။ ဗီလင်ဒါ အရွဲ့တိုက် သည်ကိုလည်း သတိ မထားမိတော့။ ဂျော့က မနာလို ဝန်တိုမှုတွေ များလာကာ ဆောင့်ကြွားကြွား ဖြစ်သည် ကိုလည်း သတိမပြုမိ။ မိမိသည် ချစ်သူတို့၏ အဘိဓာန် တွင် ရှိသည့် ရာဇဝတ်မှု မျိုးစုံကို ကျူးလွန်ခဲ့မိလေပြီ။ ချစ်သူကို ဆုံးရှုံးသည့် ပြစ်ဒဏ်မှတစ်ပါး အခြား မည် သည့် ပြစ်ဒဏ်နှင့်မျှ မထိုက်တော့ဟု ခံစားရသည်။

ဓာရင်သည် မှိုင်တွေချကာ ငိုင်ငိုင်ကြီး ဖြစ်နေ သည့် အက်ရှ်ကို စိတ်သက်သာရာ ရလိုရငြား ဟိုစကား သည်စကားတွေ လျှောက်ပြော၏။ သို့ရာတွင် ဘာမျှ အကြောင်းမထူး။ ထို့ကြောင့် သူ့ကို ဖျောင်းဖျရန် ကြိုး စားခြင်း မပြုတော့ဘဲ သူ့အဖော်တွေနှင့်သာ စကား



www.burmeseclassic.com

www.burmeseclassic.com


ပြောရတော့သည်။ သူတို့နှစ်ယောက် ထင်ခဲ့သည်က သူတို့ခရီးသည် ပျော်စရာ ကောင်းမည်ဟု ထင်ခဲ့သည်။ သို့ရာတွင် ခရီးက ပျင်းစရာ။ ရောက်ခဲလှချည့်။

သည်နေရာနှင့် ခွဲခွာ သွားခဲ့ရသည်မှာ ခုနစ်နှစ်ရှိပြီ။ သည်ရှုခင်းတွေ ပြန်မြင်ရလျှင် သူ ပျော်မည်ဟု အက်ရှ် ထင်ခဲ့သည်။ သို့ရာတွင် အက်ရှ်သည် ရထားပြတင်းဘောမှ တရိပ်ရိပ် စီးဆင်းသွားသော ရှုခင်းကျယ်ကြီးများကိုလည်း အာရုံ မစိုက်မိ။ ဘီလပ်သို့ ရောက်နေစဉ် သည်ရှုခင်းကြီးများကို လွမ်းခဲ့ရသည်။ သည်တောသည်တောင်တွေကို လွမ်းခဲ့ရသည်။

တောတောင် လျှိုမြောင်တို့က စိမ်းစိုလျက်။ ရထားသည် စိမ်းစိုသော တောတောင် လျှိုမြောင်များ၊ စိမ်းလန်းသော စိုက်ခင်းများ ရှိသည့် တောင်ပိုင်းကို ဖြတ်ကျော်လာခဲ့ကာ ခြောက်သွေ့၍ ပပ်ကြားအက်နေသော ကျောက်တောင်ကြီးများ၊ သဲပြင်ကြီးများ၊ လယ်ကွင်းတွေ ကြားထဲတွင် မြုပ်နေသည့် ရွာကလေးများ၊ ရှေးဟောင်း မြို့ပျက်ကြီးများ၊ သောင်ခုံတွင် မိကျောင်းများနှင့် ကုန်းလိပ်များ နေစာတက်လှုံရာ ရစ်ခွေ စီးဆင်းနေသော မြစ်များ၊ ရေတိမ်တွင် ငါးရှာ နေကြသည့် ဗျိုင်းဖြူများကို မြင်ရတတ်သည့် ချောင်းကလေးများကို ကျော်ဖြတ်လာခဲ့သည်။

ညဆိုလျှင် ချုံကြားတွေ ကိုင်းတောတွေထဲမှာ ပိုးစုန်းကြူးတွေ လက်နေကြသည်။ အရှေ့တက်သို့ ရောက်လျှင် ကြိမ်တောတွေ ဘက်ဆီမှ ဒေါင်းအော်သံများကို ကြားရ၏။ ဝါလုံးလုံး ကောင်းကင်သည် ကြာတွေပေါက်နေသည့် ကန်များ၊ မြောင်းကလေးများထဲတွင် မှန်ကြည့်လျက် ရှိသည်။

သို့ရာတွင် အက်ရှ်သည် ထိုရှုခင်းများကို ကြည့်၍ မကြည့်မောနိုင်။ အိပ်ရာပေါ်တွင် ပက်လက်လှန်ရင်း ရထား ခေါင်မိုးကိုသာ ကြောင်ကြောင်ကြီး ငေးကြည့်နေမိသည်။

ဗီလင်ဒါ၏ အသည်းနှလုံးကို ပျော့ပျောင်းအောင် မည်သို့ လုပ်ရမည်နည်း။ သူ့အား စကားပြောရန် ရေလာမြောင်းပေး လုပ်နေကြသော သူ့အပေါင်းအဖော်များကို မည်သို့ မျက်နှာချင်း ဆိုင်ရမည်နည်းဟုသာ တွေးနေသည်။

တစ်ခါတစ်ရံတွင်လည်း သူနှင့် တစ်တွဲတည်း လိုက်ပါလာသည့် နိုင်ငံရေးဌာနမှ အရာရှိ တစ်ဦးနှင့် လူလတ်ပိုင်း သစ်တော အရာရှိ တစ်ဦးတို့ မေးသည့် မေးခွန်းများကိုပင် ကောင်းကောင်း မဖြေနိုင်။ တစ်ခွန်းစ နှစ်ခွန်းစမျှသာ။

မစ္စက် ဟာလိုးသည်လည်း သည်ခရီးကို မပျော်။ သူ့အဖို့ သည်လို ဖြစ်လိမ့်မည်ဟု မျှော်လင့်ပြီးသား။ အိန္ဒိယတွင် အကြိမ်ပေါင်း များစွာ ခရီးသွားခဲ့ဖူးပြီ။ အိန္ဒိယတွင် ခရီး သွားရသည်က ဖုန်ထူသည်။ နေပူသည်။ ပင်ပန်းသည်။ သို့ရာတွင် သည်တစ်ခါ မပျော်ခြင်းမှာမူ နေပူ၍၊ ဖုန်ထူ၍၊ ပင်ပန်း၍ မဟုတ်။ အက်ရှ်တန်နှင့် ဗီလင်ဒါတို့ နှစ်ယောက်သည် ကလေးသာသာ အရွယ်မျှသာ ဖြစ်နေကြသဖြင့် ဗိုလ်မှူး ဟာလိုးက သဘောမတူပါ့မလားဟု တွေး၍ စိတ်ပူနေသောကြောင့် ဖြစ်သည်။

များသောအားဖြင့် မိန်းကလေးများသည် အသက်ဆယ့်ခုနစ်နှစ်တွင် လက်ထပ်ကြ၏။ သူလည်း ထိုအရွယ်မှာပင် အိမ်ထောင်ကျခဲ့သည် မဟုတ်လော။ သို့ရာတွင် သူတို့ ယူခဲ့သည့် ယောက်ျားများက ကိုယ့်ထက် အသက်ကြီးသူ၊ မှီခိုရသူများ၊ အားထားရသူများ ဖြစ်သည်။ အရမ်းကာရော လုပ်တတ်သည့် ဆယ်ကျော်သက်ကလေးများ မဟုတ်ကြ။

ယခုမူ အက်ရှ်က ထိုသို့ လုပ်ချင်ရာ လုပ်သည့် ကောင်ကလေး သာသာ။ ယခုပင် ကြည့်။ လူတွေ တင်းကျမ်းပြည့်နေသည့် သင်္ဘောဆိပ်တွင် သူတို့သားအမိနှစ်ယောက်ကို အစောင့်အရှောက် မပါဘဲ ပစ်ထားခဲ့ကာ တိုင်းရင်းသားတွေနှင့် တစ်နာရီကျော်ကျော် သွား၍ စကား ပြောနေခဲ့ပြီ မဟုတ်လော။

သူက ရင်းပြလိုက်မှ ပို၍ ဆိုးနေသေးသည်။ အက်ရှ်က သူတို့အထဲမှ တစ်ယောက်မှာ (ထိုလူမှာလည်း ဘာမဟုတ်သည့် ဒတ်ဖဒါ) သူနှင့် မိတ်ဆွေ သူငယ်ချင်း ဖြစ်ကြောင်း၊ သူ့သူငယ်ချင်းသည် ကိုင်ဗာ တောင်ကြားကို ဖြတ်ကာ ဘုံဘေသို့ ဆင်းလာပြီး သူ့ကို လာကြိုခြင်း ဖြစ်ကြောင်း၊ သူနှင့် စကားလက်ဆုံ ကျနေသဖြင့် အချိန်ကို သတိ မထားလိုက်မိခြင်း ဖြစ်ကြောင်း ရှင်းပြသည်။ (သူ သွား၍ စကားပြောသူမှာ အိန္ဒိယ လူမျိုး စစ်ဗိုလ် တစ်ယောက် ဆိုလျှင် ကိစ္စ မရှိသေး။ ယခုတော့ ဘာမဟုတ်သည့် တပ်ကြပ်။)

သူ့စကားသည် မှန်ကောင်း မှန်မည်။ ရိုးသားစွာ ပြောသည့်အတွက် သူ့ရိုးသားမှုကို အမှတ် ပေးချင် ပေးမည်။ သို့ရာတွင် သူ လုပ်ပုံမှာ အမြော်အမြင် မရှိရာ ရောက်သည်။ အရိပ်အကဲကို နားမလည်ရာ ရောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အက်ရှ်၏ တောင်းပန်ချက်ကို လက်မခံဘဲ စိတ်ကောက်နေသော သူ့သမီးကို မစ္စက် ဟာလိုး ကိုယ်ချင်းစာသည်။ အက်ရှ်သည် သည်မျှလောက်ကိုမှ သိတတ်ဖို့ကောင်း၏။ စစ်ဗာရီများ၊ အစေခံများနှင့် သည်မျှလောက် ရင်းရင်းနှီးနှီး ဆက်ဆံဖို့ မကောင်းသည်ကို သိတတ်ဖို့ ကောင်း၏။ ထားတော့၊ ကိစ္စမရှိသေး။ သူ့အနေအထိုင် မတတ်လို့ဟု ပြောရုံသာ ရှိသည်။ သူ့အကြောင်းကို ကိုယ် မသိသေးလို့ဟု ဖြေသာသေးသည်။

သို့ရာတွင် ပိုဆိုးသည်က သူ့သမီး ဗီလင်ဒါသည် သူ့ရှေ့တွင်ပင် လူတစ်ယောက်နှင့် ခပ်ပြောင်ပြောင် တွဲပြနေသည့် ကိစ္စ ဖြစ်သည်။ အက်ရှ်ကို သဘောတူခဲ့တုန်းက (ကျွန်သည်တို့ အပထား) ဆွေမျိုး၊ ဂုဏ်အဆင့်အတန်း၊ ပစ္စည်း စသည်တို့ကြောင့် သဘောတူခဲ့ခြင်းဖြစ်သည်။ အက်ရှ်နှင့် လက်ထပ်လျှင် သူ့သမီး နောင်ရေး စိတ်အေးရပြီဟု ယူဆသဖြင့် သဘောတူခဲ့ခြင်းဖြစ်သည်။

ယခု သူ တွဲနေသည့် ဂျော့က ဘာမျှ မရှိ။ သဘော တူစရာ အကြောင်း ဘာမျှ မရှိ။ ထို့ကြောင့် မစ္စက် ဟာလိုး စိတ်ညစ်သည်။ စိတ်ညစ်ရုံမျှမက စိတ်ဆိုးသည်။ ထိုအကြောင်းကို လင်တော်မောင် ဗိုလ်မှူးများ ကြားလျှင် မည်သို့နေမည် မသိ။

မစ္စက် ဟာလိုးသည် တစ်ယောက်တည်း ကျိတ်၍ ငိုမိသည်။ သနားစရာ ကောင်းလိုက်ပါဘိ။ မိုက်မဲလိုက်ပါဘိ။ ဩတပ္ပ တရား ကြီးပါသည့် မစ္စက် ဟာလိုး။ ဗီလင်ဒါသည် မီးရထားဖြင့် သွားရသည့် သုံးရက်စလုံး သူ့ အမေ၏ အခြေအနေကို မြင်သည်။ ထိုအခါကျမှ ပူဆိုက်၍ ဖုန်ထူသည့် မီးရထားတွဲထဲတွင် ခရီးသွားရသည်ကို ပျင်းစရာ ကောင်းရုံမျှဖြင့် ဤသို့ အဖော် မရှာသင့် ဆိုသော အသိတရားကို ရေးရေး သဘောပေါက်လာခဲ့သည်။

ထို့ကြောင့် အက်ရှ်နှင့် ပတ်သက်သည့် ကိစ္စ၊ ဆောစောစီးစီး စေ့စပ် ကြောင်းလမ်းရသည့် ကိစ္စ၊ ဖေဖေ ဗိုလ်မှူးက ထိုကိစ္စနှင့် ပတ်သက်၍ မည်သို့ ပြောမည်နည်း ဆိုသည့် ကိစ္စတို့ကို မေမေ ပြောသမျှ နားထောင်နေရသည်။ စင်စစ် အက်ရှ်ကိုလည်း ထိုက်သင့်သည့် အပြစ်ဒဏ် ပေးပြီးပြီ မဟုတ်လော။

ထို့ပြင် ဂျော့ တစ်ယောက် ဆောင့်ကြွားကြွား ဖြစ်ကာ သူ့ကို ကာကွယ် စောင့်ရှောက်ရသူ တစ်ယောက် အဖြစ် ဟန်ရေး ပြနေသည်ကိုလည်း ငြီးငွေ့လာခဲ့လေပြီ။ ယခု သူ့ နေရာမှန်ကို ပြန်ပို့ဖို့ အချိန်ရောက်ပြီ။

နောက် တစ်ဘူတာသို့ ရထားရပ်၍ အက်ရှ်က ထုံးစံအတိုင်း သူ့တံခါးကို အသာလာ၍ ခေါက်သည်။ အက်ရှ်ကို ဝင်ခွင့်ပြုလိုက်၏။ ဂျော့သည် ချက်ချင်း အရှင်လတ်လတ် နတ်ပြည်မှ စုတေလာသကဲ့သို့ မနေတတ် မထိုင်တတ်နှင့် ကြောင်တက်တက် ဖြစ်နေသည်။ ဂျော့သည် စကြံတွင် မယောင်မလည် လျှောက်လိုက်၊ တစ်ခါတစ်ရံတွင် မစ္စက် ဟာလိုးနှင့် စကားမရှိ စကားရှာ ပြောလိုက်ဖြင့် အချိန် ဖြုန်းနေရသည်။ အက်ရှ်နှင့် ဗီလင်ဒါတို့ အဖို့မူ ကျန်ခရီးသည် သာသာယာယာ။

ဒေလီသို့ ရောက်လျှင် မြောက်ပိုင်းသို့ ဆက်ခရီး သွားလိုသူတို့ အဖို့ မြင်းရထားဖြင့် သွားလိုက သွားနိုင်သည်။ သို့မဟုတ် ဝေါဖြင့် သွားလိုက သွားနိုင်သည်။ နွားလှည်း သို့မဟုတ် ခြေကျင်သွားလိုက သွားနိုင်သည်။ ခရီးသည်များမှာ ဒေလီက ဘန်ဂလိုများတွင် တည်းကြ၏။

အက်ရှ်သည် သူတို့နှင့် အတူ နှစ်ညနေမျှ ရှခင်းတို့ကို လိုက်ကြည့်ပြီးနောက် နောက်နေ့ တစ်နေ့လုံး ပျောက်နေသည်။

စင်စစ် တစ်နေ့လုံး မဟုတ်။ နှစ်ဆယ့်လေးနာရီလုံးလုံး ဖြစ်သည်။ သို့ရာတွင် မစ္စက် ဟာလိုးတို့ သားအမိသည် ထိုအချက်ကို သတိ မပြုမိကြ။ အက်ရှ်သည် ပညာ တတ်သွားလေပြီ။

အက်ရှ်သည် အပြန်တွင် ပုလဲ တစ်လုံးနှင့် စိန်လက်စွပ် တစ်ကွင်းကို ဝယ်လာကာ ထိုပစ္စည်းကို လိုက်ရှာနေခြင်း ဖြစ်ကြောင်း၊ ဒေလီ မြို့ဟောင်းတွင် ထိုပစ္စည်းကို ဆိုင်နှစ်ဆယ် သုံးဆယ်လောက် ရှာကြည့်မှ တွေ့ခဲ့ကြောင်း၊ နောက်ဆုံးတွင် ဒေလီမြို့၏ ငွေလမ်းဟု ခေါ်ကြသော ချန်ဒီချောက် ရပ်ကွက် ဈေးဆိုင်တန်းများသို့ ရောက်မှ ဗီလင်ဒါ အတွက် စိတ်ကြိုက် ပစ္စည်း တွေ့ခဲ့ကြောင်းဖြင့် ပြောပြ၏။

ဖေဖေ့အား အသိ မပေးရသေးသည့် အတွက် လက်စွပ်ကို မဝတ်နိုင်သေးသည့်တိုင် သားအမိ နှစ်ယောက်သည် အရည်အသွေး ကောင်းလှသော စိန်လက်စွပ်ကို ကြည့်၍ သဘောကျနေကြသည်။

ဂျော့ကလည်း အက်ရှ် မရှိသည်ကို အခွင့်ကောင်း ယူကာ သူတို့ သားအမိကို ကူးတပ်မီနာသို့ ပျော်ပွဲစား ခေါ်သွားသဖြင့် သူတို့တစ်တွေ ပျော်ခဲ့ကြသည်။ ထို့



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သူတို့အနေဖြင့်လည်း အက်ရှ် တစ်ရက် မပေါ်လာသည်ကို ဘာမျှ အကျယ် အကျယ် ပြောမနေတော့ဘဲ ခွင့်လွှတ်လိုက်ကြ၏။

စင်စစ် ထိုပစ္စည်းကို ဝယ်ရသည်မှာ နာရီဝက်သာ ကြာသည်။ ကျန် အချိန်များကိုမူ အခြားနည်းဖြင့် ဖြုန်းပစ်ခဲ့ခြင်း ဖြစ်၏။

ဒေလီတွင် မာဒူး၏ ဆွေမျိုးများ ရှိရာ မနေ့ညက အက်ရှ်သည် ပထန် အမျိုးသား အဝတ်ကို ဝတ်ဆင်ကာ (ထိုအဝတ်အစားများကိုမူ ဂူးလ်ဘတ်က ငှားပေးသည်။) မနက် အရုဏ်တက်သည် အထိ မြို့ထဲသို့ လျှောက်လည်ကြသည်။ မာဒူး၏ ဆွေမျိုးများနှင့် စားကြ သောက်ကြ ပျော်ကြသည်။ ထို့နောက် ဇာရင်နှင့် အတူ လူစည်ကားသည့် ဈေးများတွင် ညလောက၏ အရသာကို မြည်းစမ်း ကြည့်ကြသည်။

အက်ရှ် တစ်ယောက် ထောင်မှ လွတ်လာသူ တစ်ဦးလို ပျော်လိုက်သည့် ဖြစ်ခြင်း။ ကျောင်းနှင့် ဘကြီး မက်သယူး အိမ်မှာတုန်းက စိတ်ပျက်လက်ပျက် တပ်ဆင် ထားခဲ့ရသည့် အနောက်တိုင်း မျက်နှာဖုံးသည် နွေရောက်လျှင် ချွတ်ပစ်လိုက်ရသည့် ဆောင်းဝတ် ကုတ်အင်္ကျီ တစ်ထည်လို အလွယ်တကူ ကွာကျသွားသည်။

အက်ရှ်သည် သူ ငယ်ငယ်တုန်းက ပြောခဲ့သည့် စကားများ၊ နေပုံထိုင်ပုံများကို အလွယ်တကူ ပြန်ရသွားသည်။ အမဲသားပြုတ်၊ မုန်လာဥဝါ၊ အရည် တရွှမ်းရွှမ်း ရှိနေသည့် ဂေါ်ဖီထုပ်နှင့် ပူဒင်းတို့ကို ကာလကြာရှည်စွာ စားခဲ့ရပြီးနောက် မဆလာနံ့ သင်းသင်း၊ ငရုတ်သီး စပ်စပ်နှင့် ဟင်းတွေကို စားလိုက်ရသည့် အခါတွင် နတ်သုဒ္ဓါပဲဟု ထင်မိသည်။ အပူရှိန်၊ ဓိယာနံ့နှင့် အုတ်အုတ်ကျက်ကျက် အသံတွေကို ကြားလိုက်ရသည့် အခါတွင် အရက် မူးလိုက်ရသလို ပျော်သည်။

အင်္ဂလန်၊ သခင်ဆပ် ဘဝ၊ နယ်ခြားစောင့်တပ်နှင့် ဗီလင်ဒါတို့ကိုပင် အမှတ် မရချင်တော့။ သူသည် အမေ သီတာ၏ သား ပြန်ဖြစ်ပြီ။ အရှေ့ ပြန်ဖြစ်ပြီ။ အိမ်သို့ ပြန်ရောက်ပြီ။ နိုင်ငံ တစ်ခုကို အမွေ ဆက်ခံလိုက်ရပြီ။

အမေ သီတာ ခေါ်သွားဖူးသည့် ဝတ်ကျောင်းကို သွားချင်သေးသည်။ သို့ရာတွင် ဘယ်ဝတ်ကျောင်းမှန်း မမှတ်မိတော့။ (မှတ်မိသည့် တိုင်အောင်လည်း ပထန် အဝတ်အစားနှင့် ဖြစ်၍ ဟိန္ဒူ ဝတ်ကျောင်းကို ဝင်ခွင့်ရမည် မဟုတ်။) အက်ရှ်သည် ပြာတွေ တို့ထားသည့် ဆာဒူးများနှင့် ဟိန္ဒူ သူတောင်းစားများအား အမေ သီတာကို ရည်စူး၍ အလှူငွေ ထည့်သည်။

နောက်တစ်နေ့ မနက်တွင် ဇာရင်၊ အာလယား၊ မာဒူး၊ ဂူးလ်ဘတ် စသူတို့နှင့် အတူ ဂျူမာမက်စဂျစ်ဗလီတွင် အမေ သီတာနှင့် အဘ အက္ကဘာခန်တို့ အတွက် ဆုတောင်းသည်။

တစ်ယောက်က အလွန် အယူသီးသည့် ဟိန္ဒူဖြစ်ပြီး တစ်ယောက်က မူဆလင် ဖြစ်သည့်တိုင် မတတ်နိုင်ပြီ။ အရာ အားလုံးကို ဖန်ဆင်းတော်မူသည့် တစ်ဆူတည်းသော ထာဝရ ဘုရားသခင်သည် သူ့ ဆုတောင်းကို ကြားပြီး ခွင့်လွှတ်တော်မူလိမ့်မည် ထင်သည်။

ဗလီ တံခါးဝတွင် ဗလီကြီးကို လာကြည့်ကြသည့် ဥရောပ ခရီးသည်များကို တွေ့ရ၏။ အမျိုးသမီးများလည်း ပါကြသည်။ သူတို့သည် ဝင်းဝမှနေ၍ မြေပြင်တွင် ဝပ်တွား ဆုတောင်းနေကြသည့် လူအုပ်ကြီးကို အထင်သေးသည့် ဟန်ဖြင့် ငုံ့ကြည့်နေကြသည်။ တိရစ္ဆာန်ရုံ တစ်ရုံတွင် ရှားပါး တိရစ္ဆာန်တို့ကို ကြည့်သည်နှယ် အရယ်အမော မပျက်။ စကားပြော မပျက်။ ခပ်တိုးတိုး ဝတ်ပြုသံတွေ ကြားထဲတွင် သူတို့၏ အသံ စူးစူးကို သည်အတိုင်း ကြားနေရသည်။

ဝက်စမင်စတာ ဘုရား ရှိခိုးကျောင်းကြီးတွင် သူတို့ ဘုရားရှိခိုးနေတုန်း အိန္ဒိယ လူမျိုး တစ်သိုက်လာ၍ သူတို့လို ဆူဆူညံညံ စကားပြောနေလျှင် မည်သို့ ရှိမည်နည်း။

အက်ရှ်သည် စိတ်ဆိုးဆိုးဖြင့် တွေးနေသည်။ လှမ်းကြည့်လိုက်သည့် အခါတွင် ထိုအထဲ၌ မစ္စက် ဟာလိုး နှင့် ဗီလင်ဒါတို့ ပါသည်ကို မြင်လိုက်ရသဖြင့် စိတ်ပျက်သွားသည်။

'အင်း မသိ နားမလည်မှု သက်သက်ပဲ ထင်ပါရဲ့၊ အနှောင့်အယှက် ဖြစ်အောင် တမင် လုပ်တာတော့ ဟုတ်မယ် မထင်ပါဘူး၊ ဒီလောက်မှ နားမလည်ကြဘဲကိုး' ဟု သူ့ကိုယ်သူ ဖြေသိမ့်သည်။

မဂို ဘုရင်တို့၏ မြို့ရိုးနီနီ ကာထားသည့် မြို့ဟောင်းကြီးသည် ညတွင် လှပ ဆန်းကြယ်နေသလို နေ့တွင်လည်း လျှို့ဝှက် ဆန်းကြယ်သည့် သဘောကို ဆောင်နေသည်။

သို့ရာတွင် ညနေပိုင်း ရောက်လာသည့် အခါတွင်မူ အက်ရှ်သည် သူ လုပ်နေပုံ ဘယ်မျှ အန္တရာယ် ရှိကြောင်း၊ မည်သည့် ဆိုးပြစ်များ ပေါ်ပေါက် လာစေနိုင်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းကို သတိ ပြုမိလာခဲ့သည်။ ထို့ကြောင့် သူ့အဝတ်အစားများကို ပြန်လဲကာ ချန်ဒီချောက် ရပ်ကွက်ရှိ ရတနာဆိုင် တစ်ဆိုင်သို့ ဝင်၍ ပစ္စည်း ဝယ်ပြီးမှ ဘန်ဂလိုသို့ ပြန်လာခဲ့သည်။

ဘုံဘေမှ မီးရထားဖြင့် လာသူတို့ အနက် အချို့သာလျှင် မြောက်ပိုင်း ပန်ဂျပ်နယ်သို့ ဆက်သွားကြမည်ဖြစ်ပြီး အများစုမှာ မြင်းလှည်းများ၊ ယိုင်တီးယိုင်နဲ့ တို့ ရထားကလေးများနှင့် သွားကြရခြင်း ဖြစ်သည်။

သည်ခရီးတွင်မူ သူနှင့် အတူ ပါလာသူမှာ ဂျော့တစ်ယောက်သာ ရှိသဖြင့် အက်ရှ် တစ်ယောက် အကြီးအကျယ် စိတ်ပျက်ရသည်။

ဂျော့သည် ဗီလင်ဒါနှင့် ပတ်သက်၍ မျှော်လင့်ချက် မကုန်သေး။ ဘုံဘေမှ ထွက်ပြီး သုံးရက်လောက်အထိ သူ့ကို အရေးပေးခဲ့သည့် အတွက်လည်း ယခင်ကထက် ပို၍ အားတက်လာသည်။ ဗီလင်ဒါသည် အက်ရှ်နှင့် စေ့စပ် ကြောင်းလမ်း ပြီးစီးသည့်တိုင်အောင် သူ အားမလျှော့သေး။ (မနာလိုခြင်းနှင့် စိတ်ပျက်ခြင်း ဖြစ်မိသည်ကမူ အမှန်။)

မိမိ နှလုံးသားတွင် ဒဏ်ရာရခဲ့သည့် အကြောင်းကို အက်ရှ်အား ဖွင့်မပြောစရာ အကြောင်းလည်း မရှိဟု ယူဆသည့် အတွက် တစ်လမ်းလုံး ပြောလာခဲ့သည်။ အက်ရှ်သည် သည်းခံ၍ နားထောင် လာခဲ့သည့်တိုင် တစ်ချီ တစ်ချီတွင်မူ စိတ်တိုလာသဖြင့် မနည်း ထိန်းချုပ် ထားခဲ့ရသည်။

စင်စစ် ဗီလင်ဒါသည် ဂျော့ကို လွဲမှားသည့် မျှော်လင့်ချက် ပေးဖို့ မကောင်း။ ပြောင်ပြောင်တင်းတင်းပင် ပြောလိုက်ဖို့ ကောင်းသည်။ ဂျော့ ဆိုသည့် လူကဖြစ်လျှင် တန်းတန်းစွဲ ဖြစ်မည့်လူ။ သို့ရာတွင် မတတ်နိုင်။

အက်ရှ်သည် သူ့စကားကို ဆက် နားမထောင်နိုင်တော့သည့် အတွက် နောက်ဆုံးတွင် ဇာရင်၊ အာလသားနှင့် မာဒူးတို့ထံ သွားပြီး အချိန် ဖြုန်းနေလိုက်သည်။ သူတို့နှင့် နေချင်လှသောကြောင့်ချည်း မဟုတ်။ မစ္စက်ဘာလိုးက သူတို့ ရထားထဲတွင် မစ္စက် ဗစ်ကာရီ ဆိုသည့် အမျိုးသမီး တစ်ယောက်ကိုပါ ခေါ်ခဲ့သဖြင့် သူနှင့် ဗီလင်ဒါတို့ နှစ်ယောက်ချင်း စကား မပြောနိုင်သောကြောင့်လည်း ဖြစ်သည်။

သူတို့ ရထားတွဲတွင် အမျိုးသမီး အရွယ်ကောင်းကောင်း တစ်ယောက် ရောက်လာသည့် အတွက် အက်ရှ်မှာ ဗီလင်ဒါတို့ ရထားဆီသို့ သွားမလည်နိုင်တော့။ ဗီလင်ဒါတို့ အနေဖြင့်လည်း ဖိတ်ရန် ခက်နေသည်။ ထို့ပြင် ရထားရပ်သည့် အခါများတွင် သူတို့နှင့် အတူသွား၍ ထမင်းစားခြင်း၊ လျှောက်လည်ခြင်း မပြုနိုင်တော့။ သို့တိုင် အက်ရှ်သည် သူတို့နှစ်ယောက် ကြားတွင် ဝင်ရောက် စွက်ဖက်နေသည့် မစ္စက် ဗစ်ကာရီကို စိတ်တိုခြင်းမူ မဖြစ်မိ။

စင်စစ် မစ္စက် ဗစ်ကာရီသည် ချစ်စရာကောင်းသည်။ အကင်းပါးသည်။ စိတ်ရှည်သည်။ နားလည်တတ်သည်။ ဖော်ရွေသည်။ သူများ အကြောင်းကို စိတ်ဝင်စားသည်။ ထို့ကြောင့် သူနှင့် စကားပြောရသည်မှာ လွယ်ကူသည်။

မစ္စက် ဗစ်ကာရီသည် သူတစ်ပါး ပြောသည့် စကားကို စိတ်ဝင်စားစွာ နားထောင်တတ်သူ တစ်ဦးဖြစ်သည့်အတိုင်း ခဏကြာလျှင် အက်ရှ်သည် သူ့အကြောင်းကို မစ္စက် ဗစ်ကာရီကို ပြောမိလျက်သားဖြစ်နေလေပြီ။ ထိုအကြောင်းများကို ဗီလင်ဒါကိုပင် မပြောဖူးသေး။ အက်ရှ်သည် ထိုအဖြစ်ကို ကြည့်ပြီး သူ့ကိုယ်သူ အံ့အားသင့်နေသည်။ မစ္စက် ဗစ်ကာရီကမူ ဘာမျှ အံ့သြခြင်း မဖြစ်။

အီးဒစ် ဗစ်ကာရီသည် သည်လို သူ့အား ယုံယုံကြည်ကြည် ဖွင့်ပြောခဲ့သည့် လူများကို တွေ့ခဲ့ဖူးပေါင်းများလှလေပြီ။ (သူ့အား ယုံကြည်၍ ဖွင့်ပြောခဲ့သမျှတို့ကိုလည်း ဘယ်တော့မျှ သစ္စာမဖောက်။ ထို့ကြောင့်ပင်လျှင် သည်လို ဖွင့်ဟချက်များကို တွေ့ခဲ့ရခြင်းလည်း ဖြစ်နိုင်သည်။)

ထို့ပြင် ယခုကိစ္စတွင်မူ အက်ရှ်၏ ရှေ့အလားအလာများ၊ ဆွေမျိုးများနှင့် နောက်ကြောင်း ရာဇဝင်တို့ကို ယောက္ခမလောင်း ဖြစ်သူထံမှ နားမဆံ့အောင် ကြားပြီး ဖြစ်သည့်တိုင် သူ့မွေးရပ်မြေကို ချစ်သည့် အက်ရှ်၏ စကားများကို စိတ်ဝင်စားစွာ နားထောင်နေမိပြန်သည်။ သူသည်လည်း အိန္ဒိယပြည်တွင် မွေးဖွားခဲ့သူ ဖြစ်သည့် အတွက် အက်ရှ်၏ စကားများကို အီးဒစ် ဗစ်ကာရီ စိတ်ဝင်စားခြင်း ဖြစ်၏။

မစ္စက် ဗစ်ကာရီသည် အိန္ဒိယတွင် မွေးပြီး ရှစ်နှစ်သမီး အရောက်တွင် သူ့ကို အင်္ဂလန်သို့ ပို့လိုက်ကြ၏။ ဆယ့်ခြောက်နှစ် အရွယ်တွင် အိန္ဒိယသို့ ပြန်လာကာ မဂိုမင်းတို့၏ ရှေးဟောင်း မြို့တော်ကြီး ဖြစ်ခဲ့သော ဒေလီတွင် နေခဲ့သည်။ ဒေလီတွင် အင်ဂျင်နီယာ



www.burmeseclassic.com

www.burmeseclassic.com



ကလေး တစ်ယောက် ဖြစ်သည့် ဗစ်ကာရီနှင့် တွေ့ကာ လက်ထပ်ခဲ့ကြသည်။

ထိုနှစ်မှာ ၁၈၄၉ ခုနှစ် ဖြစ်၏။ ထို့နောက်မှ စ၍ ယောက်ျား၏ အလုပ်ကိစ္စကြောင့် အိန္ဒိယပြည် အနှံ့အပြားတွင် နေထိုင်ခဲ့ဖူးသည်။ သူတို့ နှစ်ယောက်စလုံး၏ ဘိုးဘွား မိဘများသည် အရှေ့အိန္ဒိယ ပြည်တွင် အမှုထမ်းခဲ့ကြသည်။ ပထမတွင် အရှေ့အိန္ဒိယ ကုမ္ပဏီ၊ နောက်တွင် ဘုရင်မ အစိုးရ လက်ထက်။

မစ္စက် ဗစ်ကာရီသည် အိန္ဒိယပြည် အနှံ့ ရောက်ဖူးလေလေ အိန္ဒိယ ပြည်ကြီးကို ချစ်ခင် တွယ်တာလာလေလေ ဖြစ်လာခဲ့သည်။ အိန္ဒိယ ပြည်သူများကိုလည်း သံယောဇဉ် တွယ်လာခဲ့သည်။ သူ့တွင် အိန္ဒိယ မိတ်ဆွေတွေ တစ်ပုံတစ်ပင်။ လက်ချိုး၍ပင် မရေနိုင်။ မစ္စက် ဗစ်ကာရီသည် မစ္စက် ဟာလိုးကဲ့သို့ မဟုတ်ဘဲ အိန္ဒိယ တိုင်းရင်းသားတို့၏ ဘာသာစကား လေးမျိုးလောက်ကိုလည်း သွက်သွက်လက်လက် ပြောနိုင်သည်။

ကာလဝမ်း ဖြစ်၍ သူ၏ တစ်ဦးတည်းသော ကလေး ဆုံးပါးသွားခဲ့ရသည်။ ၁၈၅၇ ခုနှစ်တွင် ဖြစ်သည့် စစ်ဗာရီတို့၏ သူပုန်ကြီးတွင် မိဘ နှစ်ပါးနှင့် အတူ ညီမဖြစ်သူ ဆာရာနှင့် သူ့ကလေးငယ် သုံးဦးတို့သည် ကောင်ရ်ပူတွင် ဖြစ်သည့် လူသတ်ပွဲ၌ အသတ်ခံခဲ့ကြရသည်။

သို့တိုင် မစ္စက် ဗစ်ကာရီသည် စိတ်ပျက်ခြင်း မရှိ။ တရားလက်လွတ် မဖြစ်။ သူပုန်ကြီး ပြီး၍ အင်္ဂလိပ်တို့က အိန္ဒိယပြည်ကြီးနှင့် အိန္ဒိယ လူမျိုးတို့ကို ခါးသီးစွာ နာကြည်း မုန်းတီးကြသည့်တိုင် မစ္စက် ဗစ်ကာရီသည် အမုန်းစိတ်ကို နေရာမပေး။

မည်သို့ဆိုစေ သည်အဖြစ်အပျက်သည် ဘာမျှ မထူးဆန်း။ အိန္ဒိယတွင် သည်လို အင်္ဂလိပ်တွေက တစ်ပုံတစ်ပင်။ သို့ရာတွင် အက်ရ်၊ အဖို့မူ သူ့လို အမျိုးသမီးမျိုးကို သည်တစ်ခါသာ တွေ့ဖူးသေးခြင်း ဖြစ်သည်။ အိန္ဒိယသို့ ရောက်သည့် သခင်မ အားလုံးသည် ဗလီတွင် ဘုရား ရှိခိုးနေသည်ကို ဝိုင်းကြည့်ကာ ရယ်လားမောလား လုပ်တတ်သည့် သခင်မတွေချည်းဟု ယခင်က သူ ထင်ခဲ့၏။

ယခုမူ မစ္စက် ဗစ်ကာရီကို တွေ့လိုက်သည့် အခါတွင်မှ ထိုအထဲတွင် ခြွင်းချက်တွေ ရှိနေပါသေးကလားဟု သူ သဘောပေါက် လာခဲ့သည်။ ထို့ကြောင့် ပင်လျှင် အက်ရ်နှင့် ဗီလင်ဒါတို့ စကား မပြောနိုင်အောင် အနှောင့်အယှက် ဖြစ်နေသည့်တိုင် မစ္စက် ဗစ်ကာရီကို ခွင့်လွှတ်လိုက်ပြီ။

ဗီလင်ဒါနှင့် နှစ်ယောက်ချင်း စကား မပြောရသည်က လွဲလျှင် ထိုနေ့သည် ကြည်နူး ချမ်းမြေ့စွာ လွန်မြောက်သွား၏။ လမ်းတွင် ဇာရင်နှင့် စကားပြောရသည်။ ရထား ပြတင်းမှ မြင်ရသော ရှုခင်းများကို ငေးမောရသည်။ ပဲဟင်း၊ ချာပါတီ၊ ထမင်း၊ မဆလာ နိုင်နိုင်ဖြင့် ချက်ထားသည့် ကုလားဟင်း၊ သကြားရည်တွေ နစ်နေအောင် စိမ်ထားသည့် ဂျလေဘီ စသည်တို့ကို ဂူးလ်ဘတ် ဝယ်လာသဖြင့် မြိန်ရေရှက်ရေ စားရသည်။ ထမင်းကို ဖက်စိမ်းပေါ်တွင် ပုံပြီး ကျွဲနို့ သို့မဟုတ် ရွာကလေးများတွင် တွေ့ရတတ်သည့် ရေတွင်းမှ ရေအေးအေးဖြင့် မျှောချရသည်မှာ အရသာ ရှိလိုက်ပါဘိ။

သည်တစ်ဝိုက်က မြို့ရွာ အမည်များ၊ ရှုခင်းများကို ချက်ချင်း မှတ်မိလာသည်။ မမှတ်မိဘဲ ရှိပါမည်လော။ သည်နေရာ တစ်ဝိုက်သည် ဂူးလ်ကုတ် ဟော်နန်းမှ ထွက်ပြေးလာပြီး အမေ သီတာနှင့် သူတို့နှစ်ယောက် ပြုံပြုံစင်အောင် သွားခဲ့ လာခဲ့သော နေရာများ မဟုတ်လော။

ကာနယ်မြစ်၊ အမ်ဗာလာမြစ်၊ လူဟီနာမြစ်၊ ဂျလွန်ဒါမြစ်၊ အမ္ဗရစ်ဇာမြစ်၊ လာဟိုမြစ်၊ စုတလက်မြစ်နှင့် ရာဝီမြစ်။ ထိုမြစ်များ အားလုံးကို သူ မှတ်မိသည်။ နေမွန်းတည့်ချိန် အပူရှိန်၊ ညနေခင်း ကျနေ၏ အပူ၊ ဂါရီ အမိုးများနှင့် ဆေးသုတ်ထားသော တွဲများပေါ်သို့ ထိုးရိုက်နေသည့် နေရောင်။

သို့ရာတွင် တဂျောက်ဂျောက် ပြေးနေသည့် ရထားတွဲများနှင့် မြင်းများ ပန်ဂျပ် ပြည်နယ်ထဲသို့ ဝင်လာသည့် အခါတွင် လယ်ကွင်းကြီးတွေက စိမ်းစိုလျက်။ လေက သိသိသာသာကြီး အေးစိမ့်လာသည်။

တစ်နေ့ မနက် အစောကြီး လှည်းများကို ရပ်နား၍ ခြေညောင်းလက်ဆန့် အောက်သို့ဆင်း လမ်းလျှောက်စဉ် အက်ရ်သည် မြောက်ဘက် မိုးကုပ်စက်ဝိုင်း စိမ်းပြာသော ကောင်းကင်အောက်မှ ဆီးနှင်းရိပ် ပျပျကို မြင်လိုက်ရသည်။ အခြား မဟုတ်။ နှင်းခဲတွေ ဖုံးနေသည့် ဟိမဝန္တာ။

ဟိမဝန္တာ တောင်တန်းကြီးကို လှမ်းကြည့်ရင်း အက်ရ်၏ ရင်သည် တဒိတ်ဒိတ် ခုန်လာကာ မျက်လုံးတွင် မျက်ရည်တွေ ဝဲလာသည်။ ချက်ချင်း ရုပ်ပစ်



www.burmeseclassic.com

www.burmeseclassic.com



ထိုက်ချင်သည်။ ငိုပစ်လိုက်ချင်သည်။ အော်ဟစ် ပစ်လိုက်ချင်သည်။ ဓာရင်တို့ အာလယားတို့ လုပ်သလို မြေကြီးတွင် ဝပ်၍ ဆုတောင်း ပစ်လိုက်ချင်သည်။ သို့ရာတွင် ဤမြို့ဘက်သို့ လှည့်မည် မဟုတ်။ ဟိမဝန္တာ တောင်တန်းကြီး ရှိရာကို မျက်နှာ မူမိပေလိမ့်မည်။

သည်တောင်တန်းကြီးများသည် သူ့တောင်တန်းကြီးတွေ။ သည်တောင်ရိုးများ၏ အရိပ်တွင် သူ မွေးဖွားရလာ်း မြောက်ခဲ့ရခြင်း ဖြစ်သည်။ သူ ငယ်ငယ်ကတည်းက ဆုတောင်းခဲ့သော ဒူးရ်ခိုင်မာ ခေါ် ရွှေပြည်သာ တောင်တန်းကြီးဆီသို့ ဦးခိုက် ပူဇော်လိုက်ချင်သည်။

ထိုဒူးရ်ခိုင်မာ တောင်တန်းကြီး တစ်နေရာတွင် ရွှေပြည်သာ တောင်တန်းကြီး ရှိလိမ့်မည်။ ထိုရွှေပြည်သာ တောင်တန်းကြီးပေါ်တွင် နေခြည်နနများကို ပွေ့ဖက်နေသည့် တာရာကလ ခေါ် ကြယ်ပြာသာဒ် တောင်ထွတ် ရှိလိမ့်မည်။ တောင်ခြေ လျှိုကြား တစ်နေရာတွင် အမေ သီတာ သွားနေချင်သည် ဆိုသည့် ရွှေပြည်သာ ရွာကလေး ရှိလိမ့်မည်။ သူလည်း တစ်နေ့တော့ ရောက်ဖူးချင်သေးသည်။

သူတို့ ရထားတန်းကြီးသည် မနေ့ညတုန်းက ရွာကလေး တစ်ရွာ အစွန်တွင် တစ်ည အိပ်ခဲ့ကြသည်။ အနီးတွင် ထမင်းဆိုင်ကလေးနှင့်။

အက်ရှ်သည် ဂူးလ်ကုတ်တွင် ရှိစဉ်က မဟာဒေဝီ ဘုံဆောင်ပျက်ကလေးပေါ်မှ နေ၍ ဒူးရ်ခိုင်မာ ခေါ် ရွှေပြည်သာ တောင်တန်းကြီးကို ထမင်းဆုပ်ဖြင့် ပူဇော်ခဲ့ဖူး ရှိသည်ကို သတိရသည့် အတွက် ထမင်း တစ်ဆုပ်ယူယ်သည်။ ထမင်းစေ့များကို စိုနေသည့် မြေကြီးပေါ်သို့ ကြဲပက်လိုက်ပြီး ကံကောင်းရန် ဆုတောင်းသည်။ ပြာကျဲ ကျီးတစ်ကောင်နှင့် ခွေးလေ တစ်ကောင်က သူ ကြဲပက်လိုက်သည့် ထမင်းများကို လုနေကြသည်။

ခွေးဝဲစားကလေးကို မြင်လိုက်ရသည့် အခါတွင် အက်ရှ်၏ စိတ်သည် အတိတ်မှ ပစ္စုပ္ပန်သို့ ပြန်ရောက်လာ၏။ ဂူးလ်ကုတ်နှင့် ဒူးရ်ခိုင်မာ ခေါ် ရွှေပြည်သာ တောင်တန်းတို့ကို သူ မေ့သွားပြီ။ ချာပါတီကလေးတွေ ယူပြီး ခွေးတွေကို ကျွေးလေ့ရှိသည့် အရော့ မဟုတ်တော့။ ဗိုလ်လေး အက်ရှ်တန် ပယ်လ်ဟာမ် မာတင် ဖြစ်ကြောင်း သူ သတိရသည်။ မိမိသည် သီတာ၏ သား မဟုတ်ဘဲ အစ္စဘယ်၏ သားဖြစ်ကြောင်းကို သတိရသည်။

လက်စသတ်တော့ မိမိသည် အစ္စဘယ်၏ သား။

ကုတ်အင်္ကျီ အိတ်ထဲသို့ လက်နှစ်ဖက်ကို စုံနှိုက်ကာ ဝွန်ပီးလ် တေးသွားကို လေချွန်၍ ဂါရီပေါ်သို့ တက်လာသော အင်္ဂလိပ် စစ်ဗိုလ် တစ်ဦးပါတကား။

နေသည် မိုးကုပ်စက်ဝိုင်း အထက်သို့ မြင့်တက်လာကာ တောက်ပသော ရောင်ခြည်များဖြင့် တောတောင်အလုံးကို ပက်ဖျန်းလိုက်သည်။

'အင်း၊ ခုမှ ကိုယ့်တိုင်းပြည် ကိုယ်ပြန်ရောက်ပေတော့တယ်ဗျာ'

မြင်းဇောင်း အနံ့ကို ရှူနေသည့် မြင်းအိုကြီး တစ်ကောင်လို အာလယားက ပြောလိုက်သည်။

'ရထားတွေ လမ်းမှာ ကျိုးရင်လည်း မပူတော့ပါဘူး၊ ကျန်တာလောက်ကိုတော့ အသာကလေး ခြေကျင် လျှောက်သွားရုံပဲ'

အာလယားမှာ ယာဉ်များကို မည်သည့်အခါကမျှ စိတ်မချ။ လမ်းတွင် ခဏ ခဏ ရပ်ခြင်းမှာ ယာဉ်မောင်းတို့ ပိုက်ဆံ ပိုလိုချင်၍ ရပ်ခြင်း ဖြစ်သည်ဟု ထင်သည်။

ရထားများမှာ ကျိုးပျက်ခြင်း မရှိ။ သို့ရာတွင် တစ်နေရာတွင်မူ မြစ်ရေလျှံသဖြင့် တာရိုး ကျိုးသွားကာ တစ်မိုင်လောက် လမ်းပျက်နေသည်။ ထို့ကြောင့် နှစ်ရက်လောက် နောက်ကျသွားသည်။ ခရီးသည်များမှာ လမ်းပြင်ပြီးသည် အထိ အနီးရှိ ဘန်ဂလိုကလေး တစ်ခုတွင် တည်းခိုကြရသည်။

ဂျော့မှာ ယခုတိုင် လက်လျှော့လိုဟန် မတူသေး။ သို့ရာတွင် အများအားဖြင့် ဗီလင်ဒါနှင့် စကားပြောချိန် မရ။ သူ့အမေ မစ္စက် ဟာလိုးနှင့်သာ စကား ပြောရတော့သည်။ ဂျော့သည် မစ္စက် ဟာလိုး သိုးမွေး ထိုးနေလျှင် သိုးမွေးချည်လုံး ကူ၍ ကိုင်ပေးရင်း သူ ငယ်ငယ်က အကြောင်းများကို ပြန်ပြောနေသည်။

ဂျော့သည် လူတစ်ယောက် အနေဖြင့် ချစ်စရာကောင်းသည့် လူငယ်ကလေး တစ်ယောက် ဖြစ်သည်ဟု မစ္စက် ဟာလိုး ထင်သည်။ ဂရိ ကျောက်ဆစ်ရုပ်တုလို ချောခြင်း၊ သစ်ကြားသီးရောင် ဆံပင် လှိုင်းတွန့်များနှင့် ရွှန်းလဲ့နေသော မျက်လုံးညိုညိုတို့သည် သူ၏ ဆင်းရဲ နွမ်းပါးမှုကို မဖုံးကွယ်နိုင်။ ဗီလင်ဒါ၏ အသည်းနှလုံးကို ပိုင်ဆိုင်ဖို့ လောလောဆယ်တွင် မျှော်လင့်ချက် မရှိ။

ဂျော့သည် ဘီယာ၊ ဝိုင်နှင့် အရက်တို့ ရောင်းသည့် ကုမ္ပဏီတွင် အစုရှယ်ရာဝင်ကလေး တစ်ဦး ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည့်တိုင် သူ့လခက နည်းနည်းကလေး။ သူ့မျိုးရိုးနှင့် လူနေမှု အဆင့်အတန်းကမူ ပို၍ပင် အောက်တန်းကျသေးသည်။ ကာလကတ္တား၊ ဘုံဘေ၊ မဒရပ် စသည့် ဆိပ်ကမ်း မြို့ကြီးများတွင် တွင်ကျယ်ကောင်း တွင်ကျယ်နိုင်မည်။

အိန္ဒိယပြည်တွင် စစ်တပ်နှင့် အုပ်ချုပ်ရေးဘက်မှ အင်္ဂလိပ်များကိုသာ ကပြားများက အထက်တန်းကျသည်ဟု ယူဆကြပြီး ကုန်သည်ကိုမူ 'ဘောက်စ်ဝါလား' ဟု ခေါ်တတ်ကြသည်။ (ကုန်သည်များ အားလုံးကို သူတို့က ဘောက်စ်ဝါလား သေတ္တာဖြင့် ထမ်းရောင်းသူဟု နှိမ်နှိမ်ချချ ခေါ်တတ်ကြသည်။)

ပက်ရှဝါလို တပ်မြို့ကလေးမျိုးတွင် ဆိုလျှင်မူ ဂျော့လို ကုန်သည် အငယ်စားကလေးသည် အထက်တန်းလွှာ အသိုင်းအဝိုင်းတွင် နေရာ မရှိ။ ဤသို့ မဟုတ်ဘဲ ဂျော့သာ ငွေနှင့် ကြေးနှင့်၊ ဆွေနှင့် မျိုးနှင့် ဆိုလျှင် တစ်မျိုး စဉ်းစားကာ သမက်အဖြစ် စာရင်း ထည့်နိုင်ပေလိမ့်မည်။

အက်ရ်ကိုကား သမက်လောင်းသာ တော်လိုက်ရသည့်တိုင် သူ ကောင်းကောင်း နားမလည်သေး။ သဘော်ပေါ်တုန်းကမူ လူက အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်။ သူ့ကို ကြည့်ရသည်က အားရှိစရာ။ ပစ္စည်းလည်း ရှိသည်။ သူ့ဘကြီးတွင် သား တစ်ယောက်သာ ရှိသည်။ ထို့ကြောင့် အက်ရ်သည် အချိန်မရွေး မူးမတ်ဘွဲ့ကို ဆက်ခံနိုင်စရာ အကြောင်း ရှိသည်ဟု သူ့ကို အထင်ကြီးခဲ့၏။ သတို့သားလောင်း အဖြစ် အလားအလာ ကောင်းသည်ဟု သူ ထင်ခဲ့၏။

သို့ရာတွင် ဘုံဘေ ဆိပ်ကမ်း ရောက်၍ သူ လုပ်ပုံကို မြင်လိုက်သည့် အခါတွင်မူ ယောက္ခမလောင်းကြီး မစ္စက် ဟာလိုး စိတ်ပျက်စ ပြုလာပြီ။

အကယ်၍သာ ဂျော့တွင် သူ့လို ပစ္စည်းဥစ္စာရှိသည် ဆိုလျှင် သမီးလေး နောင်ရေး စိတ်အေးရတော့မည်ဟု တွေးကာ မစ္စက် ဟာလိုး သက်ပြင်းချမိသည်။ ဂျော့က ရုပ်လည်း ချောသည်။ အကဲ ခတ်ရသည်က လည်း လွယ်သည်။ သူ့မိဘများကလည်း အချမ်းသာကြီး မဟုတ်ကြသည့်တိုင် စားနိုင် သောက်နိုင် ချောင်ချောင်လည်လည်ထဲက ဖြစ်သည်။

သူ ပြောသည့် စကားများကို ထောက်လျှင် ဂျော့တို့ နေပုံ ထိုင်ပုံမှာ သူတို့ထက်ပင် အဆင့်အတန်း မြင့်ပုံရ၏။ ကရထားချည်း နှစ်စင်းတောင် ရှိသည် ဆိုလျှင် သူ ထင်သည်ထက်ပင် အဆင့်အတန်း မြင့်နေသေးသည်။ သူ့စကားအရ ဆိုလျှင် သူ့အဖေက အိုင်းရစ်အနွယ်။ အမေဘက်က ဘွားအေမှာ ဂရိ မူးမတ်နွယ် တစ်ဦးဦး ဖြစ်သည်။ (ထို့ကြောင့်များ သူ့မျက်နှာသည် ခေါမ ကျောက်ဆစ်ရုပ်တုလို အချိုးအဆစ် ပြေပြစ်နေသည်လော မဆိုနိုင်။)

ဂျော့သည် စစ်ထဲသို့ လိုက်ချင်သော်လည်း အမေက သဘောမတူ။ ထို့ကြောင့် အရောင်းအဝယ် လုပ်ငန်းကို လုပ်ရခြင်း ဖြစ်သည်ဟု ပြောသည်။ အရှေ့တိုင်းက စိတ်ကူးယဉ်စရာ စိတ်ဝင်စားစရာ ကောင်းသည်။ ထို့ကြောင့် ဂျော့သည် ဗရောင်းနှင့် မက်ဒေါ်နယ် ကုမ္ပဏီတွင် ဝင်လုပ်ခဲ့ခြင်း ဖြစ်၏။ အင်္ဂလန်ရှိ လခ ကောင်းကောင်းရသည့် နာမည်ကြီး ကုမ္ပဏီ တစ်ခုတွင်ပင်လျှင် ဝင်မလုပ်ခဲ့။

ဂျော့သည် မိဘများကို ငဲ့ညှာသည့် အလျောက် သူတို့ လုပ်စာကို ထိုင်မစားချင်ဘဲ ကိုယ့်ခြေထောက်ပေါ်တွင် ကိုယ် ရပ်ချင်သည်။ သူတစ်ပါး၏ အကူအညီ မလိုဘဲ ကိုယ့်အားကိုယ်ကိုးလျက် လှေကား အောက်ဆုံးထစ်တွင် ရပ်ပြီး တဖြည်းဖြည်း ကြီးပွားလမ်း ရှာချင်သည်ဟု ဆိုသည်။

မစ္စက် ဟာလိုးသည် သည်လို ကိုယ့်ထူးကိုယ်ချွန် ကြိုးစားသည့် စိတ်ဓာတ်ကို သဘောကျနေသည်။ တကယ့် လူတော်ကလေး တစ်ယောက်။

အက်ရ်ကမူ သူ့မိဘတွေ အကြောင်းကို တစ်လုံးမျှ ပြောဆိုခြင်း မရှိ။ သူ့ ကလေး ဘဝနှင့် ပတ်သက်၍ သူ ပြောသမျှမှာလည်း ကိုးရိုးကားရား။ မစ္စက် ဟာလိုးသည် နောက်ထပ် မကြားချင်တော့။ ထို့ကြောင့် သူ့ကို နောက်ထပ် မပြောအောင် တစ်နည်းတစ်ဖုံ သွယ်ဝိုက်၍ ပြောရသည်။ သည့်ထက်သည် ဆက်ပြောလျှင် ရှုပ်ကုန်တော့မည်။

ဘာမဟုတ်သည့် မြင်းထိန်းကုလား မိန်းမ ကုလားမကို တကယ့် အမေရင်းလို ပြောနေသည်။ သည်အကြောင်းကို မိမိတို့ အသိုင်းအဝိုင်းမှသာ သိလျှင် မည်သို့ ပြောကြမည်နည်း။ ဤသို့ တွေးမိသည့် အခါတွင် မစ္စက် ဟာလိုး ကျောချမ်းသွားသည်။ ဗီလင်ဒါနှင့် သဘောတူလိုက်မိသည်မှာ မှားလေပြီလောဟုပင် နောင်တ ရချင်သည်။

အကယ်၍သာ ဘိလပ်တွင် ထားခဲ့ရသည့် ဟယ်ရီနှင့် တက်ဒီ ဆိုသည့် အမြွာကလေး နှစ်ယောက် အပေါ်



www.burmeseclassic.com

www.burmeseclassic.com



တွင် သံယောဇဉ် မတွယ်ရလျှင် သည်လောက် မြန်မြန် ဆန်ဆန် သဘောတူမိမည် မဟုတ်။ မိခင် တစ်ယောက် အဖို့ ကလေးတွေနှင့် ခွဲနေရသည်မှာ မည်မျှ သောက ရောက်သည်ကို သူတို့ မသိကြ။ တခြားလူ မပြောနှင့်၊ သူ့ယောက်ျား ဗိုလ်မှူး ဟာလိုးပင်လျှင် ကောင်းကောင်း နားမလည်။

သူ့အနေဖြင့် ပြောရလျှင် ဗီလင်ဒါ တစ်ယောက် တင့်တောင့်တင့်တယ် ဖြစ်စေချင်သည်။ သည်လို စီစဉ်ခဲ့သည့် အတွက် သူ့ယောက်ျား ဗိုလ်မှူး ဟာလိုးသည် စိတ်မဆိုးတန်ရာ။ မည်သို့ဖြစ်စေ သူ့အနေဖြင့်မူ အကောင်းဆုံး ဖြစ်အောင် စီစဉ်ခဲ့ပြီးပြီ။ ဟယ်ရီနှင့် တက်ဒီတို့ အတွက်လည်း အကောင်းဆုံး စီစဉ်ခဲ့ပြီးပြီ။

ဒုတိယနေ့ မှောင်ရီပျိုးစ အချိန်တွင် လမ်းပြင် ပြီးသွားသည်။ ခရီးသည်တွေလည်း ရထားများဖြင့် ခရီး ဆက်ခဲ့ကြ၏။ လထွက်ချိန်လောက်တွင် ရထားများသည် နောက်ဆုံး ခရီးထောက် ဖြစ်သည့် ဂျီလွန်မြစ်သို့ မောင်း ကြသည်။ ဂျီလွန်တွင် ဗြိတိသျှ တပ်နယ်မြေ တစ်ခု ရှိသည်။

မိုးနှောင်း ကောင်းသဖြင့် ဂျီလွန်မြစ်မှာ ရေကြီး နေသည်။ မြစ်ရေ ညိုညိုကို မြင်ရသည့် အခါတွင် အမေ သိတာ အလောင်းကို သူ ရေမျှောခဲ့ရသည်ကို အက်ရှ် သတိရ၏။ ဂျီလွန်မြို့နှင့် တပ်နယ်မြေမှာ တစ်ဖက်ကမ်း ချင်း ရှိ၏။ သို့ရာတွင် မနေ့က စစ်လေ့ကျင့်ခန်း ဆင်း သည့် အတွက် တပ်သို့ ပြန်ဖို့ သည်ဘက်ကမ်းတွင် စောင့်နေကြသည့် ဗြိတိသျှ စစ်ဗိုလ်ကလေးများကို တွေ့ရသည်။

ဗီလင်ဒါသည် နေလောင်သဖြင့် အသားတွေ ညိုပြီး လန်းဆန်း ဖျတ်လတ်နေသော စစ်ဗိုလ်ကလေး များကို ကြည့်ကာ သူတို့ နယ်လဘာရီ မြို့ကလေးမှ နေ့၊ အဝတ်အစား သပ်သပ်ရပ်ရပ် ဝတ်ထား သည့် မြို့သားကလေးများကို နှိုင်းယှဉ် ကြည့်နေမိရင်း သူတို့ကို စိတ်ဝင်စားနေသည်။

သူတို့ကို ကြည့်ရသည်က ပျော်စရာ။ တက်ကြွ မီးဖိုကြီးလို ပူလောင်သည့် နွေရာသီ၊ ကြမ်းတမ်း သည့် ကိုင်ဗာ တောင်ကြားက ဆောင်းတွင်း၊ တိုက်ပွဲ ခြင်း၊ တာဝန်နှင့် ပြင်းထန်သည့် စစ်လေ့ကျင့် ကြောင့် သူတို့သည် အိန္ဒိယ လူနီရိုင်းများ၊ ဆက် ပြည်နယ်က ကောင်းဘွိုင်များလို စိတ်ဝင်စား ကောင်းနေသည်။

လွန်ခဲ့သည့် တစ်ရက် နှစ်ရက်လုံးလုံး စိတ်ပျက် နေသည့် ဗီလင်ဒါသည် သူတို့ကို မြင်လိုက်သည့် အခါ တွင် လန်းဆန်း ကြည်နူးသွား၏။ ခရီးကလည်း ရှည်၊ ဖုန်ကလည်း ထူသဖြင့် ဗီလင်ဒါ တစ်လမ်းလုံး စိတ် ပျက်လာခဲ့သည်။

ယခု မြစ်ကမ်းတွင် ထိုင်နေသည့် စစ်ဗိုလ်ကလေး များကို မြင်လိုက်သည့် အခါတွင် ပျော်စရာတွေ ရှိသေး သည်ဟု ဗီလင်ဒါ တွေးလိုက်မိသည်။ ယဉ်ကျေးမှုကြီး ကျန်သေးသည်ဟု သူ ထင်လိုက်သည်။ သည်မြို့တွင် သည်လောက် လူငယ် စစ်ဗိုလ်ကလေးတွေ များနေလျှင် သူ့လို ရုပ်ချောသည့် မိန်းကလေး တစ်ယောက် အတွက် ပျော်ပွဲစား မထွက်ရမှာ၊ ဧည့်သည် မရှိမှာ၊ ကပွဲတွင် တွဲကမည့်သူ မရှိမှာကို မပူရတော့။

အက်ရှ်ကို လက်ထပ်ဖို့ ကတိ ပေးခဲ့သည်မှာ မှားလေခြင်း။ သို့ရာတွင် အက်ရှ်ကို သူ ချစ်သည်။ သူ နှင့် လက်ထပ်ချင်သည်။ ချက်ချင်း မဟုတ်သေး။ အပျို ဘဝတွင် ပျော်ပျော် နေချင်သေးသည်။ တစ်ယောက် တည်းနှင့် မဟုတ်ဘဲ သူ့ဘေးတွင် စစ်ဗိုလ်ကလေးတွေ၊ လူပျိုကလေးတွေ ဒါဇင်ဝက်လောက် ဝိုင်းဝိုင်းလည်ပြီး သူတို့တစ်တွေ ပိုးကြ ပန်းကြသည့် အရသာကို ခံလို သေးသည်။

တစ်ခုမှု ရှိသည်။ အက်ရှ်သည် ပက်ရှဝါတွင် နေရမည် မဟုတ်။ မဒန်း တပ်စခန်းတွင် နေရမည်။ သို့ဆိုလျှင် သူ့ကို နေ့တိုင်း မတွေ့နိုင်။ အလွန်ဆုံး သူ လာနိုင်လျှင် တစ်ပတ် တစ်ခါ မြင်းဖြင့် လာရုံလောက် သာ ရှိမည်။ သို့တိုင် စေစပ်ပြီး မိန်းကလေး တစ်ယောက် အနေဖြင့် အခြား ယောက်ျားကလေးများ၏ ဖိတ်ကြား ချက်များကို လက်ခံနိုင်မည် မဟုတ်တော့။ ဤတစ်ချက် ကမူ ဆိုးသည်။

ဗီလင်ဒါသည် သက်ပြင်းကလေး တစ်ချက် ချ လိုက်၏။ စစ်ဗိုလ်ကလေးများ၏ ခရမ်းရောင် ကုတ် အင်္ကျီများနှင့် မုတ်ဆိတ်မွေးများကို လှမ်းကြည့်သည်။ သူ့အဖေ လာကြိုမည် မထင်သဖြင့် အသက်ကြီးကြီး စစ်ဗိုလ်များဆီသို့ မျက်လုံး မရောက်။ သူ့မျက်လုံးများ သည် လူငယ် စစ်ဗိုလ်ကလေးများဆီသို့သာ ရောက် နေသည်။

သူ့အဖေ လာကြိုသည် ဆိုလျှင်လည်း ဗီလင်ဒါ သည် သူ့အဖေကို မှတ်မိမည် မဟုတ်။ သူ့အဖေက သူ ခုနစ်နှစ် သမီးက ခွဲသွားခဲ့ခြင်း ဖြစ်၏။ ထိုစဉ်တုန်းက



www.burmeseclassic.com

www.burmeseclassic.com



မှ သူ့အဖေကို ဇရာမ လူကြီးကြီး တစ်ယောက်ဟု ထင်ခဲ့သည်။ ထိုစဉ် အသက် ခပ်ကြီးကြီး ခပ်ညှပ်ညှပ် လူတစ်ယောက် သူတို့ရထား ပြတင်းပေါက် ရှေ့တွင် လာရပ်သည်။

'ဟင် အစ်ကိုကြီး' ဟု ခေါ်လိုက်သည့် သူ့အမေ၏ အသံကို ကြားလိုက်ပြီး ထိုလူကို ပွေ့ဖက် နှုတ်ဆက်နေသည့် သူ့အမေကို လှမ်းမြင်လိုက်သည့် အခါတွင် ဗီလင်ဒါ အံ့အားသင့်သွားသည်။ ထိုလူဖလံကလေးသည် စည်းကမ်းကြီးသော သူ့ဒေါ်လေး လစ်ဇီနှင့် ဝဝဖိုင့်ဖိုင့် သူ့အမေတို့ ပါးစပ်မှ 'ညည်းဖေဖေက ခွင့်ပြုမှာမဟုတ်ဘူး' ဟု မကြာခဏ ရည်ညွှန်း ပြောဆိုလေ့ ရှိသော သူတို့ အိမ်ဦးနတ်လော။ ဟုတ်မှ ဟုတ်ပါ၏လော။ သူ့အဖေကို သူ ခုနစ်နှစ် သမီးက ခွဲသွားခဲ့ခြင်းဖြစ်ရာ ထိုစဉ်တုန်းကမူ ဇရာမ လူကြီးကြီး တစ်ယောက်ဟု ထင်ခဲ့သည်။

ဗီလင်ဒါက သူ့အဖေကို ကြည့်၍ စိတ်ပျက်သည့်တိုင် သူ့အဖေကမူ သမီးကို တွေ့ရသဖြင့် ဝမ်းသာနေသည်။ သူ့အမေ ပြောသည့်အတိုင်း သမီးသည် အမေငယ်ငယ်ကနှင့် တထေရာတည်း။

ဖေဖေတို့တပ် ရှေ့တန်း ထွက်ရတော့မည် ဆိုသည်ကမူ စိတ်ပျက်စရာ။ ဖေဖေတို့ တပ် ထွက်လျှင် တပ်ထဲတွင် စစ်ဗိုလ်ကလေးတွေလည်း မရှိတော့။ ပက်ရှဝါသည် ပျင်းစရာ ကောင်းနေတော့မည်။ သို့ရာတွင် နာတာလူး ပွဲတော်သို့ ရောက်လျှင်မူ တပ်အားလုံး တပ်နယ်မြေထဲသို့ ပြန်ရောက်ကြတော့မည်။ ထို့နောက်တွင်မူ ဘာမျှ ပူစရာ မလိုတော့။ ပက်ရှဝါက ပျော်စရာ စခန်းသာကလေး။

ဖေဖေက သူ့သမီးဘက်သို့ လှည့်ကာ တပ်ထဲသို့ ရောက်လျှင် မြင်းစီး သင်ရအောင်ဟု ဆိုကာ စစ်ဗိုလ်ကလေးတွေ လာခေါ်ကြမည့် အကြောင်း ပြောပြသည်။ ဗီလင်ဒါမှာ ကျေနပ်သော်လည်း မျက်နှာကလေး နီရဲသွား၏။

မစ္စက် ဟာလိုးကမူ ဗီလင်ဒါကို စေ့စပ်ခဲ့ပြီးကြောင်းကို မစ္စက် ဗစ်ကာရီကများ ဖွင့်ပြောလိုက်လေမလား။ သည်တုန်းမှာ အက်ရှ် တစ်ယောက် အနားများ ရောက်လေမလားနှင့် တထိတ်ထိတ် ဖြစ်နေသည်။

မစ္စက် ဟာလိုး စိတ်ကူးထားသည်က သူတို့နှစ်ယောက်တည်း အေးအေးဆေးဆေး ရှိမှ ဗီလင်ဒါ၏ ကိစ္စကို တစ်လုံးသွင်း နှစ်လုံးသွင်းဖြင့် နားဝင်အောင် ပြောမည်။ နောင်သျှီရာသို့ ရောက်လျှင် သူတို့နှင့် လမ်းခွဲသွားတော့မည့် အက်ရှ်နှင့် တွေ့မပေးသေးဘဲ နောင်ကျမှ တွေ့ပေးမည်ဟု စိတ်ကူးထားခဲ့သည်။

ယခု ဗိုလ်မှူး ဟာလိုးက သည်ဘက်ကမ်း လာကြိုနေသည့် အခါတွင် သူ စီစဉ်ထားသည့် အစီအစဉ်တွေ ပျက်တော့မလို ဖြစ်နေသဖြင့် မစ္စက် ဟာလိုး စိတ်ညစ်နေသည်။

ဂျီလွန်မြစ် တစ်ဖက်ကမ်းတွင် ရပ်နားနေကြသည့် နာရီ တစ်စိတ်လောက် အချိန်ကလေးကား မစ္စက် ဟာလိုး အတွက် ငရဲကျသည်နှင့် အတူတူ။ သို့ရာတွင် မစ္စက် ဗစ်ကာရီက ဘာမျှ မပြောသဖြင့် တော်ပါသေးသည်။

အက်ရှ်ကလည်း ဂျော့နှင့် အတူ သူတို့ ရထားနားသို့ ရောက်လာသည့် အတွက် မစ္စက် ဟာလိုးမှာ နှစ်ယောက်စလုံးကို သင်္ဘောစီး ခရီးဖော်များ အဖြစ် ဣန္ဒြေမပျက် မိတ်ဖွဲ့ပေးနိုင်လိုက်သည်။ ထို့နောက် အကြာကြီး ခွဲနေရခဲ့ကြသဖြင့် သူတို့ သားအမိ သားအဖ သုံးယောက် စကား ပြောဦးမည်ဟု ခွင့်တောင်းသည်။ သူတို့ နားလည်လိမ့်မည်ဟု မစ္စက် ဟာလိုး မျှော်လင့်၏။

အက်ရှ်ကလည်း နားလည်လိုက်သည်။ လမ်းခရီး မိုးတိုးမတ်တတ်တွင် သူ့ကို ယောက္ခမလောင်းကြီးနှင့် မိတ်ဖွဲ့ပေးဖို့ မကောင်း။ သမက်လောင်း တစ်ယောက် အနေဖြင့် မိတ်ဆက်ပေးစရာ နေရာ မဟုတ်။ ထို့ကြောင့် ဘန်ဂလိုသို့ ပြန်လာခဲ့၏။ ဇာရင်နှင့် အတူ ဟင်းလေး ပွဲ ပါသည့် ညစာကို စားတော့မည်။ ဇာရင်မှာ နောက်ခရီး အတွက် ပစ္စည်းများ၊ ယာဉ်များ စီစဉ်လျက် ရှိ၏။

ဂျော့က ဗီလင်ဒါ၏ မျက်လုံး ပြာပြာများနှင့် နောက်ဆုံး တွေ့ဆုံရန် ဝရန်တာတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။

ဗိုလ်မှူး ဟာလိုးတို့ သားအမိ သားအဖတွေ ထွက်သွားသည့် အခါတွင် ဂျော့က ထမင်းစားပွဲဆီသို့ လျှောက်လာရင်း

'ခင်ဗျားကို ကျွန်တော် နားမလည်ဘူးဗျာ၊ ကျွန်တော်သာ ခင်ဗျား နေရာမျိုး ဆိုရင် သူတို့နှင့် အတူ လိုက်သွားနေမှာပဲ၊ အဘိုးကြီးနှင့် စကားလေး ဘာလေး ပြောပြီး မဏ္ဍပ်တိုင် တက်ပြ နေလိုက်မှာပေါ့၊ တကယ်တော့ ခင်ဗျားလို လူနှင့် သူလို မိန်းကလေးမျိုးနှင့် မတို[illegible] ပါဘူး၊ ဒီမှာ ကိုယ့်ဆရာ၊ ဒီလိုလည်း သိပ် [illegible]မနေ နှင့်နော်၊ တော်တော်ကြာရင် တခြားကို ပါသွားလိမ့်



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ပက်ရှဝါကျရင် သူ့အနားမှာ စစ်ဗိုလ်လေးတွေ ဝိုင်းဝိုင်းလည်နေမှာ'

အက်ရှ်က လေသံ အေးအေးဖြင့်

'ပက်ရှဝါတင် မဟုတ်ပါဘူးဗျာ၊ သင်္ဘောပေါ်မှာလည်း ဝိုင်းဝိုင်း လည်နေတာပဲ မဟုတ်လား၊ ခင်ဗျားပဲ စဉ်းစားကြည့်လေ၊ လမ်းမှာ မိုးတိုးမတ်တတ် တွေ့တုန်း သူ့သမီးကို တောင်းလို့ ကောင်းမလား၊ ဒီလိုဆိုရင် ကျွန်တော့်လောက် ရူးတဲ့ကောင် ဘယ်မှာ ရှိပါတော့မလဲ၊ သူ့သမီး ဂါဝန် တိုနံ့နံ့ကလေးနှင့်တုန်း ကတည်းက ကွဲသွားတာ ခုမှ သားအဖ ပြန်တွေ့ကြတာ၊ ဒီတုန်းမှာ ကိုယ့်ကိစ္စကို ဖြုန်းစားကြီး ပြောလို့ ဘယ်ကောင်းမလဲ၊ သားအဖ နှစ်ယောက် အလွမ်းသယ်မလို့ ရှိသေး ကျွန်တော်က ဝင်ဖောက်ပြောလို့ ဖြစ်မလား၊ ပြီးတော့ ဘန်ဂလိုထဲမှာ လူတွေကလည်း ပြည့်လို့၊ ဒီကြားထဲ သွားပြောလို့ သေရောပေါ့၊ မဟုတ်က ဟုတ်ကတွေ လာမြှောက်ပေး မနေစမ်းပါနှင့်'

ဂျော့က ပြဇာတ် မင်းသား ဟန်မျိုးဖြင့် နဖူးကို တစ်ချက် ရိုက်လိုက်ပြီးနောက်

'ကျွန်တော် ဆိုရင်တော့ နေနိုင်မှာ မဟုတ်ဘူးဗျာ၊ ကျွန်တော် သူ့ကို သဘောကျတယ်၊ ကျွန်တော့်အဖို့ မျှော်လင့်ချက် မရှိတော့ဘူး ဆိုတာ သိပါတယ်၊ ဒါပေမဲ့ မတတ်နိုင်ဘူးလေ၊ ခင်ဗျားသာ စိတ်ပျက်သွားရင်...'

အက်ရှ်က စိတ်တိုတိုဖြင့်

'ဟေ့လူ တော်စမ်းဗျာ၊ စောစောတုန်းကတော့ ကျွန်တော့် အမျိုးသမီး တခြားကို ပါသွားလိမ့်မယ်လို့ ခင်ဗျားပဲ ပြောပြီးတော့၊ ခု ကျွန်တော်ကပဲ စိတ်ပျက်သွားရင်လေး ဘာလေးနှင့် တစ်မျိုး ပြောပြန်ပြီ၊ ကဲ ထမင်း အပြင်ခိုင်း၊ ထမင်း စားကြမယ်'

အက်ရှ်သည် ဆုတ်ခွာသွားရသော ဂျော့ အတွက် စိတ်မကောင်း။ အောင်မြင်သူ တစ်ယောက် အနေဖြင့် သူ့ကို သဘောထား ကြီးစွာ ဆက်ဆံဖို့ လိုသည်ဟု သူ ထင်သည်။ ယခုမူ ဂျော့ အဖြစ်သည်းနေပုံကို စိတ်ပျက်သွား၏။

အက်ရှ်သည် ပက်ရှဝါတွင် မနေရသည့် အတွက် [illegible]သွားသည်။ ပက်ရှဝါတွင်သာ နေရမည် ဆိုလျှင် ဗီလင်ဒါ အိမ်သို့ မကြာခဏ အလည် သွားနိုင်မည်။ သူတို့နှစ်ယောက် မကြာ မကြာ တွေ့နိုင်မည်။ ဗီလင်ဒါသည် သူ့အပေါ်တွင် စိတ်ပြောင်း သွားလိမ့်မည်ဟုကား တစ်ခါမျှ မထင်စဖူး။ ဗီလင်ဒါသည် သူ့အချစ်ကို တစ်စွန်းတစ်စ ပြသခဲ့ပြီး ဖြစ်ရာ သူ့အပေါ်တွင် သံသယစိတ် ပွားနေလျှင် ချစ်သူ တစ်ယောက်ကို မယုံသင်္ကာ ဖြစ်ရာ ရောက်လိမ့်မည်။ သို့ဆိုလျှင် သူ့ကို စော်ကားသလို ဖြစ်နေလိမ့်မည်။ အက်ရှ်သည် ခံစားချက်နှင့် ပတ်သက်လာလျှင် ကောင်းစွာ အသား မပေးတတ်သေး။

ဗီလင်ဒါတို့ သားအမိက သူ့ကို ယောက္ခမလောင်းကြီးနှင့် အထူးတလည် မိတ်ဆက်ပေးခြင်း မပြုသည့် အခါတွင်လည်း အက်ရှ်သည် စိတ်ဓာတ်ကျခြင်း မရှိ။ လမ်းတွင် နားကြသည့်အခါ သို့မဟုတ် ဘန်ဂလိုများတွင် တည်းကြသည့် အခါတွင် မိတ်ဆက် မပေးသည့် အတွက်လည်း စိတ်ထိခိုက်ခြင်း မဖြစ်။

ဂျော့က ဘာတွေပြောပြော (ဂျော့ စကား များလိုက်သည်မှာလည်း ပြောစရာ မရှိတော့။ သူနှင့် အမြဲလိုလို တစ်ခန်းတည်း ကျတတ်သဖြင့် ဂျော့သည် စကားကို သူကချည်း ဒိုင်ခံပြောသည်။) အဖေနှင့် နှစ်ပေါင်းများစွာ ကွဲကွာနေသည့် သမီး တစ်ယောက် အနေဖြင့် မကြာခင် လက်ထပ်တော့မည် ဖြစ်ကြောင်းနှင့် အဖေနှင့် ခွဲခွာနေတော့မည်ဟု မပြောသင့်ကြောင်း သူ သဘောပေါက်သည်။

သူတို့တစ်တွေ အိမ်ပြန်ရောက်ပြီး အေးအေးဆေးဆေး ရှိသည့် အခါ၌ ဗီလင်ဒါသည် သူ့ထံ သူ့အဖေ၏ ထင်မြင်ချက်နှင့် ပတ်သက်၍ အကျိုးအကြောင်း ရေးလိမ့်မည်ဟု အက်ရှ် ထင်သည်။ မည်သည့် အခါတွင် ပက်ရှဝါသို့ လာသင့်ကြောင်း၊ သူ့အဖေကို မည်သို့မည်ပုံ ပြောသင့်ကြောင်း ရေးလိမ့်မည်။ အခန့်သင့်လျှင် နွေဦး မပေါက်ခင် လက်ထပ်ဖြစ်ချင်လည်း လက်ထပ်ဖြစ်လိမ့်မည်။

သို့ရာတွင် နွေဦးပေါက်တွင် လက်မထပ် ဖြစ်သေးလျှင်လည်း ကိစ္စ မရှိ။ ဗီလင်ဒါ၏ အဖေသည် အတန်ငယ် ဆိုင်းရန် ပြောကောင်း ပြောနိုင်သည်။ သို့ပြောလာလျှင်လည်း သူ့အနေဖြင့် သဘော မတူနိုင်စရာ မရှိ။

သို့ရာတွင် ဗိုလ်မှူး ဟာလိုးကို တွေ့လိုက်သည့် အခါ၌ အက်ရှ်သည် သဘောထား တစ်မျိုး ပြောင်းသွား၏။ သူ ထင်သည်က ဗိုလ်မှူး ဟာလိုး ဆိုသည်မှာ အရပ် ထောင်ထောင်မောင်းမောင်း၊ ကိုယ်လုံးထွားထွားနှင့် ကြောက်စရာ လူကြီး တစ်ယောက်။ သို့ရာတွင်



www.burmeseclassic.com

www.burmeseclassic.com


တွေ့လိုက်ရသည့် အခါ၌ တကယ့် လူဖလံကလေး။ ဘာမျှ သြဇာရှိဟန် မတူ။

မစ္စက် ဟာလိုးက သင်္ဘောပေါ်တွင် သူ့သင်္ဘောနှင့်သူ တစ်ဦးတည်း သင်္ဘောတူ လိုက်သည်ကို ဘာမျှ အံ့သြခြင်း မဖြစ်တော့။ ဗိုလ်မှူး ဟာလိုးသည် အိမ်တွင် သူ့မိန်းမနှင့် သမီး သြဇာအတိုင်း နေရဟန် တူသည်။ သို့ဆိုလျှင် သူတို့ ကိစ္စသည် မြန်မြန်ဆန်ဆန် ပြီးနိုင်သည်။ သည်လိုဆိုလျှင် ဟန်ကျပြီ။

ဗိုလ်မှူး ဟာလိုးသည် စစ်ဗိုလ်ကလေး အက်ရ်ကို မြင်လိုက်သည့် အခါတွင် သူ့သမီးချောကို ပိုးပန်းနေသည့် စစ်ဗိုလ်ကလေး တစ်ယောက်မျှသာဟု သာမန် အောက်မေ့လိုက်၏။ မိန်းမက အက်ရ်နှင့် ကျော့တို့ နှစ်ယောက်လုံးနှင့် မိတ်ဆက် ပေးလိုက်ပြီးသည်နှင့် သူတို့ နှစ်ယောက်စလုံး၏ အမည်ကိုပင် မကြာခင် မေ့သွားပြီ။ သို့ရာတွင် လမ်းခရီးထောက်များတွင် နားကြ၍ တစ်ယောက်နှင့် တစ်ယောက် မျက်နှာချင်း ဆိုင်မိလျှင် ဗိုလ်မှူး ဟာလိုးသည် ခေါင်းညိတ်၍ နှုတ်ဆက်တတ်သည်။

ဂျီလွန်မြစ်နှင့် တပ်မြို့ ဖြစ်သော ရဝါလ်ပင်ဒီ မြို့ကလေး ကြားတွင် ခြောက်သွေ့သော တောင်ကြီးများကို ဖြတ်သွားသည်။ ထိုမှလွန်လျှင် တက္ကသီလာ ရှေးဟောင်း မြို့ပျက်ကြီးကို ရောက်၏။

မြို့ပျက်မှ လွန်လာလျှင် ခြောက်သွေ့သော လွင်ပြင်ပေါ်တွင် အစာ ငတ်နေသော ကျွဲနွား တိရစ္ဆာန်များ၏ အရိုးများသဖွယ် ခုံးခုံးကြီး ဖြစ်နေသော ကျောက်တောင်ကြီးများကို ဖြတ်သွားရသည်။ ထိုတောင်တန်းတွေကို ကျော်ပြီးမှ အက်တော့ ခံတပ်ကြီး မိုးနေသည့် ဣန္ဒုမြစ်ကမ်းတွင် လမ်းဆုံးသွားသည်။

သည်နေရာတွင် ခရီးသည်တွေ ဆင်းကြရ၏။ ရထားတွေကို ပိုက်ဆံပေးပြီး မြစ်ကို ကူးတို့ဖြင့် ဖြတ်ကူးကာ ကဗူးလ်မြစ်နှင့် ယှဉ်လျက်ရှိသည့် ပေတစ်ရာ လမ်းမကြီးအတိုင်း ဆက်၍ ရထား စီးခဲ့ကြရပြန်သည်။ မိုးနှောင်းကောင်းသဖြင့် ကဗူးလ်မြစ်သည် အရှိန်ပြင်းစွာ စီးဆင်းနေသည်။ သို့ရာတွင် လွင်ပြင်များမှာမူ ပပ်ကြားအက်တွေ ကွဲအက်ကာ ခြောက်သွေ့မြဲ။ ဖုန်ထူမြဲ။

မြစ်တစ်ဖက်တွင်မူ မှိုင်းညိုနေသည့် တောင်စဉ်တောင်တန်း အထပ်ထပ်တို့ကို မြင်ရ၏။ တောင်တန်းကြီးတွေက ခြံသေ့ လည်ဆံမွေးရောင်။ ညိုဘိုတို၊ မွဲခြောက်ခြောက်နှင့်။ ကျောက်ဆောင်ကြီးတော့ကလည်း အတိုင်းသား။ နေ့ အပူရှိန်ကြောင့် တောင်တန်းကြီးများသည် ရွှေဝါရောင် တောက်နေကြသည်။

တဖြည်းဖြည်းနှင့် တောင်ကြီးတွေနှင့် နီးလာခဲ့လေပြီ။ မိုးကုပ်စက်ဝိုင်းကိုလည်း အကျယ်ကြီး မမြင်ရတော့။ နာရီနှင့်အမျှ အရောင်ပြောင်းနေသည့် ကျောက်တောင်ကြီးများ၊ ကျောက်ထပ်ကြီးများ အုပ်မိုးနေသည်ကို တွေ့ရ၏။ တစ်ခါတစ်ရံတွင် ကျောက်တောင်ကြီးများသည် မိုင်ငါးဆယ်လောက် ဝေးသည် ထင်ရကာ မှန်သားလို ပြာလဲ့နေသည်။ တစ်ခါတစ်ရံတွင် တစ်ဖာလုံလောက်သာ ဝေးသည် ထင်ရပြီး လျှိုမြောင်ကြီးတွေ၊ ကမ်းပါးစောက်ကြီးတွေနှင့် မှိုင်းညို့ နေတတ်သည်။

ထိုကျောက်တောင်ကြီးတွေ နောက်တွင်မူ နယ်စပ် တောင်တန်းကြီးနှင့် နာမည်ကျော် မာလာကန် တောင်တန်းကြီးသည် တောင်စဉ်တွေ အထပ်ထပ်ဖြင့် မိုးသို့ လုနေကြသည်။

ထိုတောင်တန်းကြီးများ တစ်ဖက်တွင်မူ အင်အားသုံးခြင်းမှအပ အခြား မည်သည့် တရားဥပဒေကိုမျှ လက်မခံဘဲ ဆူပူ သောင်းကျန်းနေသော တောင်ပေါ်သားများ ရှိသည်။ သူတို့ ရွာများတွင် ခံတပ်တွေ ဆောက်ထားကြသည်။ တစ်ဦးနှင့် တစ်ဦး၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့ သွေးဖြင့် လက်စားချေကြသည်။ အချင်းချင်း ဖြစ်စေ၊ ဗြိတိသျှ အစိုးရနှင့် ဖြစ်စေ အမြဲတမ်း စစ်တိုက်နေကြသည်။

သည်ဒေသသည် အခြား မဟုတ်။ နာမည်ကြီးသည့် အနောက်မြောက် နယ်စပ်ဒေသ။ အိန္ဒိယပြည်ကြီး၏ တံခါးဝ။ ထိုတံခါးဝမှ နေ၍ ရှေးတုန်းက အယ်လက်ဇန္ဒြာ ဘုရင်နှင့် သူ့တပ်များသည် အိန္ဒိယပြည်ထဲသို့ ဝင်လာခဲ့ကြဖူးသည်။

ကြမ်းတမ်းသော တောင်ကြားလမ်းတွေ၏ ဟိုမှာဘက်တွင် အာဖဂန် ဇော်ဘွား ရှားအလီ၏ နိုင်ငံ ရှိသည်။

ထိုတစ်ဖက်တွင် ဇာဘုရင်တို့၏ အင်ပါယာကြီး ရှိသည်။

ရှုခင်းက ခြောက်သွေ့လျက်။ ဟာလာဟင်းလင်း။ ဗီလင်ဒါသည် ရှုခင်းကို ကြည့်၍ စိတ်ပျက်၏။ သို့တိုင် ပက်ရှဝါသွား ပေတစ်ရာလမ်းပေါ်တွင် အသွားအလာ ပြတ်သည်ဟူ၍ မရှိ။ ရထား ပြတင်းပေါက်မှ လှမ်းကြည့်လိုက်လျှင် မြင်းဖြင့် သို့မဟုတ် ပက်လက်ရထားကလေးများဖြင့် ခရီးသွားနေသော အင်္ဂလိပ် လူမျိုးများကို


www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ တွေ့ရသည်။ အိန္ဒိယသို့ ရောက်ကတည်းက တွေ့နေရသော နွားလှည်းများနှင့် ခြေကျင် ခရီးသွားများကိုလည်း တွေ့ရတတ်၏။

တစ်ခါတွင်မူ ရှေ့တန်းသို့ ချီတက်သွားသော အင်္ဂလိပ် စစ်ကြောင်း တစ်ကြောင်းနှင့် ဝန်စည်စလယ်တွေကို တင်ထားသည့် ဆင်တန်းကြီးကိုပင် မြင်လိုက်ရသေးသည်။ သူတို့၏ ကြက်သွေးရောင် ယူနီဖောင်းများမှာ ဖုန်များကြောင့် မွဲညစ်ကာ သံချေးရောင် ပေါက်နေလေပြီ။

တစ်ခါတစ်ရံတွင် သူ ငယ်ငယ်က မြင်ခဲ့ဖူးသော ကုလားအုတ် တန်းကြီးများကိုလည်း တွေ့ရ၏။ သူတို့ ကျောကုန်းတွင် တင်ထားသည့် ဝန်စည်စလယ်များသည် ကြိုင်းထန်သည့် ပင်လယ်တွင် မောင်းနေသည့် သင်္ဘောငယ် တစ်စင်းလို နိမ့်ချည် မြင့်ချည်။ တစ်ခါတစ်ရံတွင်လည်း ရွာဘက်သို့ မောင်းသွားသည့် ဆိတ်အုပ်၊ ကျွဲနွားအုပ်များကို မြင်ရသည်။

နောင်သျှီရာ နားသို့ ကပ်လာသည့် အခါတွင် အသွားအလာမှာ ပို၍ ထူထပ်လာသည်။ မြင်းလှည်းများ၊ မြည်းများ၊ ပက်လက်ရထားများနှင့် နွားလှည်းများသည် မြို့ထဲသို့ ပြိုင်၍ မောင်းလား မောင်းတတ်ကြ၏။ လမ်းဘေး လမ်းလာများ၊ ကြက်ကလေးများသည် လန့်ဖျပ်ကာ ရှောင်ပေးကြသည်။ နောက်တွင်မူ ဖုန်လုံးကြီးများ အလိပ်လိပ် ထလျက်။

နောင်သျှီရာ မြို့က မြို့ငယ်ကလေး။ ဘန်ဂလိုကလည်း တခြား မြို့များက ဘန်ဂလိုနှင့် ဘာမျှ မထူးခြားလှ။

အက်ရှ်က သူတို့ကို လာရောက် နှုတ်ဆက်သည့် အခါတွင်မှ နောင်သျှီရာတွင် အက်ရှ်သည် သူတို့နှင့် ခွဲ၍ ခရီး ဆက်ရတော့မည်ကို ဇီလင်ဒါ သတိ ပြုမိတော့သည်။

ဝင်လုဆဲ နေခြည်ထဲတွင် အက်ရှ်သည် ဦးထုပ်ကို ကိုင်၍ ရပ်နေသည်။ အနားတွင် လူကြီးတွေ ရှိနေသဖြင့် ပြောချင်သည့် စကားများကို မပြောရ။ ဟန်ဆောင် ပန်ဆောင်သာ နှုတ်ဆက်ရ၏။ မစ္စက် ဟာလိုးကလည်း အက်ရှ်က ဘာများ ပြောလေမည်နည်းဟု စောင့်ထိတ်ထိတ်။ ဗိုလ်မှူး ဟာလိုးကမူ ဘာမျှ မသိသေးသည့် အလျောက် ထူးထူးခြားခြား မရှိ။

အက်ရှ်သည် ဇီလင်ဒါ၏ လက်ကို ဖျစ်ညှစ်နှုတ်ဆက်လိုက်ရင်း အချိန်ရသည်နှင့် ပက်ရှဝါကို အစောဆုံး အရောက်လာခဲ့မည် ဖြစ်ကြောင်းလောက်သာ ပြောနိုင်သည်။ မစ္စက် ဟာလိုးကမူ အေးအေးဆေးဆေးမှ လာနိုင်ကြောင်း၊ ယခု လောလောဆယ် မလာနိုင်ကကိစ္စ မရှိကြောင်း၊ နောင် တစ်လလောက် ရှိ၍ အသားကျသွားတော့မှ လာနိုင်ကြောင်းဖြင့် ပြောသည်။

ဗိုလ်မှူး ဟာလိုးကလည်း ဘုမသိ ဘမသိဖြင့် 'ဟုတ်တာပေါ့၊ ဟုတ်တာပေါ့' ဟု ပြောရင်း နာတာလူး ပွဲတော် တစ်ဝိုက်လောက် ဆိုလျှင် တပ်မှ လူငယ်တွေ အနားရမည် ဖြစ်ကြောင်း၊ ဗိုလ်လေး (ဘယ်သူ၊ အရေးထဲ အမည်ကို မေ့နေပြန်ပြီ) လည်း ထိုအချိန်ကျမှ အေးအေးဆေးဆေး လာနိုင်ကြောင်းဖြင့် ပြောနေစဉ် ဇီလင်ဒါက မျက်နှာကလေး နီရဲသွားကာ သူ့အဖေကို တစ်စုံတစ်ရာ ကပ်ပြောလိုက်မှ ဗိုလ်လေး အက်ရှ်ပယ်လ်ဟမ် မာတင်သည်လည်း နာတာလူး ပွဲတော်တွင် လာလည်နိုင်ကြောင်းဖြင့် ပြောနေသည်။

ထိုစဉ် ရထားသမားက မြင်းများ လဲပြီးပြီ ဖြစ်၍ ရထား ထွက်တော့မည် ဖြစ်ကြောင်း ပြောသည်။

ယခုမှ ကိုယ့်သားမယားနှင့် ကျကျနန စကားပြောနိုင်တော့မည်။ ဗိုလ်မှူး ဟာလိုးက ရထား တံခါးကို ပိတ်လိုက်၏။ တရွမ်းရွမ်း မြည်သော ကျာပွတ်သံနှင့် အတူ ရထားသည် ဖုန်လုံးကြီးထဲတွင် ထွက်လာခဲ့သည်။ ခွဲကာနီး အနမ်းကလေးဖြင့်ပင် နှုတ်မဆက်လိုက်ရသည့်အတွက် အက်ရှ် ဆွေးသွား၏။

မစ္စက် ဟာလိုးက နောက်လလောက်ကျမှ လာတာပေါ့ဟု ပြောသွားသည့် စကားကလည်း အားရစရာ မရှိ။ ဗိုလ်မှူး ဟာလိုးကလည်း နာတာလူး ပွဲတော်ကျမှ လာနိုင်သည်ဟု စကားရိပ် သန်းသွားသဖြင့် စိတ်ဓာတ်ကျစရာ။ တကယ် သူ သွားချင် လာချင်သည်က ပက်ရှဝါ ရောက်ပြီး တစ်ရက် နှစ်ရက်လောက် အတွင်းမှာ သွားချင်သည်။

ယခု ပြန်စဉ်းစားလိုက်သည့် အခါတွင်မှ တပ်ကလည်း တပ်ဗိုလ် အသစ်ကို ချက်ချင်း ခွင့်ပေးမည် မဟုတ်ကြောင်းကို သူ သတိရတော့သည်။ အရေးတကြီး အကြောင်းပြစရာကလည်း မရှိ။ သူ့ အဖေကြီးကိုမှ မပြောရသေးမီ တပ်က တပ်မှူးတို့ တပ်ရေးတို့ကိုလည်း ထိုကိစ္စကြောင့် သွားခွင့် တောင်းပေးပါဟု ပြော၍ မကောင်း။ သူတို့ အကြောင်း သိလျှင် ယောက္ခမလောင်းကြီး ဗိုလ်မှူး ဟာလိုးက သူ့ကို ပက်ရှဝါသို့ ခေါ်ပါစေဟုသာ ဆုတောင်းရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ခက်သည်က ယောကျ္ာမလောင်းကြီးက သူတို့ ကိစ္စကို မည်သို့ သဘော ထားမည်ကို မသိရသေး။ ဘာကြောင့်မှန်း မသိ။ ယောကျ္ာမလောင်းကြီး သဘောမှ တူပါ့မလားဟု အက်ရှ်က စိုးရိမ်လာသည်။

ထိုစဉ် သူ့အနီးသို့ ဇာရင် ရောက်လာကာ

'တပ်က မြင်းရထား လွှတ်လိုက်တယ်၊ ကျွန်တော်တို့ အားလုံး မဆံ့ဘူး၊ ဒါကြောင့်မို့ ဂူးလ်ဘတ်ကို နောက်တစ်စင်း အငှားခိုင်းပြီး သူနှင့် မာဒူးတို့ကို ပစ္စည်းတွေနှင့် ရှေ့က လွှတ်လိုက်ပြီ၊ တော်တော် နောက်ကျနေပြီ၊ နောက်ထပ် ဆယ်မိုင်လောက် မောင်းရဦးမှာ၊ သွားကြစို့'



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၀

အရှေ့တိုင်းတွင် ညသည် လျင်မြန်စွာ ရောက်လာတတ်သည်။ အလင်းမှ အမှောင်သို့ ပြောင်းသည့် စပ်ကူးမတ်ကူး ကာလကလေးကို ပြေပြစ် ချောမောအောင် လုပ်ပေးသည့် ဆည်းဆာချိန်သည် ဘာမျှ မကြာလိုက်။ မှောင်သျှိရာက လှေတံတားများပေါ်သို့ အက်ရှ်နှင့် အဖော် သုံးယောက်တို့ ကူးလာခဲ့သည့် အချိန်တွင် ကျူးလ်မြစ်သည် ဝင်လုဆဲ နေခြည်များ အောက်တွင် ရွှေရောင် တောက်လျက်။

သို့ရာတွင် မဒန်း တပ်စခန်းသို့ သူတို့ မရောက်မီမှာပင် လသည့် တော်တော် မြင့်နေလေပြီ။ အိန္ဒိယ သူပုန်ကြီး မတိုင်မီတုန်းက ဗိုလ်ချုပ် ဟောဒ်ဆန် ဆောက်ခဲ့သည့် ကြယ်ပွင့်ပုံ ခံတပ်ကို နို့နှစ်ရောင် လွင်ပြင်ပေါ်တွင် မည်းမည်းကြီး မြင်ရသည်။

အလျင်တုန်းက မြစ်ကြီး ငါးသွယ်တို့ ပေါင်းစုံရာ တိုင်းပြည်ဟု အနက်ထွက်သော ပန်ဂျပ် ပြည်နယ်သည် ဆစ် ခေါ် ပန်ချာပီ လူမျိုးတို့၏ ပြည်နယ် တစ်ခုသာ ဖြစ်ခဲ့၏။ ထိုစဉ်က ပန်ဂျပ် ပြည်နယ်တွင် ရှိသည့် အင်္ဂလိပ်တပ်မှာ ဗြိတိသျှ သံကိုယ်စားလှယ်၏ အာဏာစက်ကို ထိန်းသိမ်း ကာကွယ်ပေးသည့် အရှေ့အိန္ဒိယ ကုမ္ပဏီပိုင် တပ်ရင်းများသာ ဖြစ်သည်။

လက်ရွေးစင် တပ်သားတွေချည်း ဖွဲ့ထားပြီး လျင်မြန်စွာ လှုပ်ရှားနိုင်စွမ်း ရှိသော တပ် ဖြစ်၍ အရေးပေါ်လျှင် လိုအပ်သော နေရာသို့ ချက်ချင်း ပြောင်းရွှေ့နိုင်သည်။

သို့ လျင်မြန်စွာ လှုပ်ရှားနိုင်စွမ်း ရှိသော တပ်မျိုးကို ဖွဲ့ရန် ပထမဆုံး စိတ်ကူးရသူမှာ ဆာ ဟင်နရီ လောရင့်စ် ဖြစ်သည်။ ဆာ ဟင်နရီ လောရင့်စ်သည် အမြော်အမြင် ကြီးသည့် အုပ်ချုပ်ရေး အရာရှိကြီး တစ်ဦး ဖြစ်ပြီး အိန္ဒိယ သူပုန်တို့က လက်ကနောင်ရှိ ဗြိတိသျှ သံတဲကို ဝင်ရောက် သိမ်းပိုက်သည့် အခါတွင် အာဇာနည်ပီပီ အသက်ကို အသေခံ၍ ကာကွယ်သွားခဲ့သည်။

ထိုလက်ရွေးစင် တပ်တွင် မြင်းတပ်ခွဲ တစ်တပ်နှင့် ခြေလျင် တပ်ခွဲ နှစ်တပ် ပါသည်။ ယခင် ဖွဲ့စည်းပုံနှင့် မတူဘဲ ပုံစံသစ်ဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်ပြီး စစ်ဆင်ရေးနှင့် စောစီး၍ တိကျ မှန်ကန်သော ထောက်လှမ်းမှုတို့ကို ပေါင်းစပ် အသုံးပြုသည်။ တပ်ဗိုလ်ရော တပ်သားတွေပါ လက်ရွေးစင်တွေချည်း ဖြစ်သည်။

ယူနီဖောင်းကလည်း ခါတိုင်း အင်္ဂလိပ်တွေ ဝတ်သည့် ကြက်သွေးရောင် ယူနီဖောင်း မဟုတ်။ အနောက်မြောက် နယ်စပ် တောင်တန်းများမှ မြေသားရောင်နှင့် ကိုက်အောင် ဆင်ထားသည့် ကာကီရောင် ယူနီဖောင်း ခပ်ပွပွတွေ ဖြစ်သည်။

ခါတိုင်း ယူနီဖောင်းများမှာ နေပူပူ ချီတက်ရလျှင် ယူနီဖောင်းတွေက ကျပ်လည်း ကျပ်၊ ထူလည်း ထူ သဖြင့် တပ်သားတွေမှာ ယူနီဖောင်း အတွက် အခက် ကြုံရသည်။ အရောင်ကလည်း ကြက်သွေးရောင် ဖြစ်သဖြင့် ရန်သူက အဝေးကြီး ကတည်းက မြင်နေရသည်။

ဆာ ဟင်နရီသည် အစဉ်အလာဟောင်းမှ လမ်းခွဲထွက်ကာ သူ့စိတ်တိုင်းကျ ဖွဲ့ထားသည့် တပ်ကို 'နယ်ခြားစောင့် တပ်ဖွဲ့' ဟု အမည်ပေးသည်။ ထိုတပ်ကို သတ္တိ ဗျတ္တိလည်း ရှိ၊ လုပ်ရည်ကိုင်ရည်လည်း ရှိသည့် ဟင်ရီ လန်ဒင် ဆိုသည့် လူငယ် စစ်ဗိုလ် တစ်ဦးကို ကွပ်ကဲခိုင်းသည်။

နယ်ခြားစောင့် တပ်ဖွဲ့ ဌာနချုပ်ကို မူလက ပက်ရှဝါမြို့တွင် ထားသည်။ ထိုစဉ်က တောင်ပေါ် လူမျိုးစုများသည် ပန်ဂျပ် ပြည်နယ် စော်ဘွား၏ နယ်မြေများထဲသို့ မကြာခဏ ဝင်ရောက်ကာ ကျေးရွာများကို လုယက် ဖျက်ဆီးခဲ့ကြသည်။ အမျိုးသမီးများ၊ ကလေး

www.burmeseclassic.com

www.burmeseclassic.com



ငယ်များ၊ ကျွဲနွား တိရစ္ဆာန်များကို ဖမ်းဆီး ခေါ်ဆောင်သွားတတ်ကြသည်။

နယ်ခြားစောင့် တပ်ဖွဲ့၏ မူလ အလုပ်မှာ ထိုသို့ လုယက် ဖျက်ဆီးသည့် တောင်ပေါ်သားများကို လိုက်လံ နှိမ်နင်းရန် ဖြစ်၏။ ထို့နောက်တွင်မူ နယ်ခြားစောင့် တပ်များသည် တောင်ပိုင်း မြေပြန့်ရှိ ဖာဇပူရ်၊ မိုက်လ်တန်နှင့် လာဟိုး စသည့် ဒေသများသို့ သွား၍ တိုက်ရပြီး ဒုတိယ ဆစ်စစ်ပွဲဟု ခေါ်သော ပန်ဂျပ် ပြည်သိမ်း စစ်ပွဲကို တိုက်ခိုက်ခဲ့ရသည်။

ထို့နောက် ပန်ဂျပ် ပြည်နယ်ကို အရှေ့အိန္ဒိယ ကုမ္ပဏီ၏ အစိုးရက သိမ်းပိုက်လိုက်သည်။ ထိုအခါကျမှ နယ်ခြားစောင့် တပ်များသည် တောင်ပိုင်းမှ နယ်စပ်ဒေသများသို့ ပြန်ရောက် လာခဲ့ကြသည်။ ပြန်ရောက်သည့် အခါတွင် သူတို့ တပ်ဌာနချုပ်မှာ ပက်ရှဝါတွင် မဟုတ်တော့။ နယ်စပ် တစ်လျှောက်တွင်လည်း အထိုက်အလျောက် အေးချမ်း ငြိမ်ဝပ်စ ပြုနေပြီ။

ထို့ကြောင့် နယ်ခြားစောင့် တပ်ဖွဲ့သည် ဆွတ်နှင့် ဘူနာ နယ်တို့မှ လမ်းဆုံ ဖြစ်သည့် ကာလာပနီ မြစ်ကမ်းဘေး တစ်နေရာကို ရွေးလိုက်ကြသည်။ ပက်ရှဝါရှိ သူတို့ ရွက်ဖျင်တဲများကို စွန့်ခွာကာ ယူစွတ်ဇိုင် ကုန်းမြင့်ပေါ်ရှိ မဒန်းမှ ရွှံ့တဲတိုင်း ကာထားသည့် ခံတပ်ထဲသို့ ပြောင်းရွှေ့ လာခဲ့ကြ၏။

ထိုခံတပ်ကို ဟောဒ်ဆန် ဆောက်တုန်းက ထိုနေရာသည် သစ်ပင်ဟူ၍ မရှိ။ လွင်တီးခေါင်ကြီးသာ ဖြစ်သည်။ သူ့မိန်းမ ဆိုဖီယာက ၁၈၅၄ ခုနှစ်က ဘိလပ်သို့ ရေးပေးလိုက်သည့် စာတစ်စောင်ထဲတွင် 'စိတ်ထဲမှာ မှန်းသာ ကြည့်ပေတော့၊ လွင်ပြင်ကြီးက ဘိလိယက်ခုံလို ညီနေတာပဲ၊ ဒါပေမဲ့ ဘိလိယက်ခုံက သက္ကလတ်လိုတော့ စိမ်းမနေဘူးပေါ့၊ အပင် ဆိုလို့ ဟိုတစ်စု သည်တစ်စု ပေါက်တဲ့ ကန္တာရပင်တွေပဲ ရှိတယ်၊ အမြင့်က ဘာရှိမလဲ၊ အလွန် မြင့်ရင် တစ်ပေခွဲ ရှိတော့မှာပေါ့၊ တောင်ဘက်ကို ကြည့်မလား၊ အနောက်ဘက်ကို ကြည့်မလား၊ လွင်ပြင်ကြီးကို မျက်စိတစ်ဆုံး မြင်နေရတယ်၊ ဒါပေမဲ့ မြောက်ဘက်ကို မျှော်ကြည့်လိုက်ရင်တော့ နှင်းတွေ အမြဲ ဖုံးနေတဲ့ မဟာ ဟိမဝန္တာကို မြင်ရတယ်၊ ကိုယ်တို့ စခန်းနှင့် အနီးကလေးလို့ပဲ ထင်ရတယ်' ဟု ရေးခဲ့သည်။

ထိုရှုခင်းသည် မပြောင်းလဲ။ သို့ရာတွင် ယခုမူ နယ်ခြားစောင့်တပ် အဆက်ဆက်၏ အင်အားကလည်း ယခင်ကလို နည်းနည်းကလေး မဟုတ်တော့။ အင်အားကြီးလာပြီ။ နယ်ခြားစောင့်တပ် အဆက်ဆက်တို့သည် ထိုနေရာတွင် သစ်ပင်တွေ စိုက်ခဲ့ကြ၏။ ယခုလို မိုးနှောင်းညများတွင် ဆိုလျှင် တပ်နယ်မြေထဲက ပန်းခြံတွေထဲတွင် စံပယ်နံ့တွေ၊ နှင်းဆီနံ့တွေ ထုံနေလေပြီ။

တပ်နယ် သင်္ချိုင်းထဲတွင်မူ အမ်ဗေလာ တိုက်ပွဲတုန်းက ကျခဲ့သည့် တပ်ဗိုလ် တပ်သားတို့၏ သင်္ချိုင်းပုံကလေးများကို တွေ့ရသည်။ သင်္ချိုင်းမှ လက်ဝါးကပ်တိုင် ဖြူဖြူကလေးများသည် လရောင်တွင် ဖွေးလျက် ရှိ၏။ သင်္ချိုင်းဘေး လမ်းသုံးခွဆုံတွင်မူ ပိုးစာပင်ကြီး တစ်ပင်က မည်းမည်းကြီး အရိပ်ထိုးလျက်။

၁၈၅၇ ခုနှစ်တုန်းက ဘင်္ဂလား ခြေလျင် တပ်ရင်းမှ ဗိုလ်မှူးကြီး စပေါ့တစ် ဝုဒ်သည် နယ်ခြားစောင့်တပ်များကို နေရာချင်းလဲရန် အသွားတွင် သူ့တပ်သားတွေ ပုန်ကန်သဖြင့် ထိုပိုးစာပင်ကြီး အောက်မှာပင် ကိုယ့်ကိုယ်ကိုယ် အဆုံး စီရင်သွားခဲ့သည်။

တပ်နယ် နားသို့ ကပ်လာသည့် အခါတွင် သူကြားနေကျ အသံများ၊ ရှူရှိုက်နေကျ အနံ့များသည် အက်ရှ်ကို နှုတ်ခွန်း ဆက်နေသကဲ့သို့ ရှိ၏။ မြင်းနံ့၊ ထင်းမီးနံ့၊ ခြောက်သွေ့နေသည့် မြေကြီးပေါ်တွင် ရေစီးနေသည့် ရေနံ့၊ မီးသွေးဖိုပေါ်တွင် ချက်နေသည့် ဟင်းမှ မဆလာနံ့နှင့် ဓီယာနံ့၊ မြင်းဇောင်းများထဲတွင် ချည်ထားသည့် မြင်းဟီသံများ၊ တစ်နေကုန် ပင်ပန်းလာပြီးနောက် ပျားကောင်များ မြည်သကဲ့သို့ အုတ်အုတ်ကျက်ကျက် စကား ပြောနေသံ၊ အရာရှိ ရိပ်သာဘက်ဆီမှ စန္ဒရား သေးသေးကလေး တစ်လုံး တီးသံနှင့် အတူ ကာလပေါ် ပြဇာတ်မှ သီချင်း တစ်ပုဒ်ကို ဗိုင်းဆိုနေကြသံ၊ ဈေးဘက်ဆီမှ လကို ကြည့်၍ အူနေကြသော ခွေးအူသံနှင့် ဗုံတီးသံ၊ ဘုရားဝတ်ကျောင်း တစ်ခုဆီမှ ခရုသင်း မှုတ်သံ၊ မြစ်တစ်ဖက် နို့နှစ်ရောင် လွင်ပြန့်ဆီမှ ခွေးအအုပ်တို့ အော်သံ။

ဇာရင်က တသုန်သုန် တိုက်ခတ်လာသည့် ညလေကို အနံ့ခံ၍ ရှူလိုက်ရင်း

'အင်း ပြန်တော့ ရောက်ပြန်ပြီ၊ ဘာပြောပြော တောင်ပိုင်းက ပူတာတွေ၊ လူသံ သူသံတွေ ရထားသံတွေထက်တော့ ဒီမှာ နေရတာက ကောင်းသေးတယ်'

အက်ရှ်က မည်သို့မျှ မဖြေ။ ဘေးပတ်ပတ်လည်ကို လှည့်ကြည့်၏။ ဟိမဝန္တာ တောင်ခြေရင်းနှင့် လွင်ပြင်ကျယ်ကြီး ကြားရှိ လူအုပ်သည် အိုအေစစ်ကလေး



www.burmeseclassic.com

www.burmeseclassic.com


ဘွင် နှစ်ပေါင်းများစွာ နေရဦးတော့မည်။ သည်နေရာမှ နေ၍ သူသည် တပ်နှင့်အတူ ထွက်ကာ အနောက်မြောက် နယ်စပ်၏ ငြိမ်းချမ်း လုံခြုံရေးကို လုပ်ရဦးမည်။ တော တောင်တွေ ကြားထဲတွင် တိုက်ပွဲတွေကို တိုက်ရဦးမည်။

အဝေးမှ တောင်တန်းကြီးများသည် လရောင် တွင် ကြေမွနေသော အဝတ် တစ်စမှ ခေါက်ချိုးရာတွေ နှင့် တူနေသည်။ ဒေလီနှင့် ပက်ရှဝါ အကြားရှိ တပ် စခန်းများတွင် ကရဦးမည်။ မြင်းစီး ပြိုင်ရဦးမည်။ အမဲ လိုက်ရဦးမည်။ သို့ရာတွင် တာဝန်နှင့် သွားသွား၊ အပျင်း ပြေ လျှောက်လည်လည် နယ်ခြားစောင့်တပ်ထဲတွင် ရှိ နေသမျှမှ မဒန်း ဆိုသည့် တပ်မြို့ကလေးသို့ ပြန်လာ ရမည်သာ။

အက်ရှ်က ဇာရင်ဘက်သို့ လှည့်၍ ပြုံးလိုက်ပြီး တစ်စုံတစ်ရာ ပြောမည်ပြုသည်။ ထိုစဉ် လမ်းဘေး ညောင်ပင်ရိပ်ထဲမှ လှစ်ခနဲ အရိပ် တစ်ခု ထွက်လာသည် ကို မြင်လိုက်ရပြီး သူတို့ဆီသို့ ပြေးလာကာ ရှေ့မှနေ၍ ရထားကို အရပ်ခိုင်းသည်။

'ဘယ်သူလဲ'

အက်ရှ်က ပန်ချာပီ စကားဖြင့် မေးလိုက်၏။ ချက်ချင်းပင် တစ်ခါတုန်းက ဂူးလ်ကုတ်မှ ထွက်လာစဉ် လရောင် ရွှန်းပြက်သော ညတစ်ညကို အက်ရှ် ချက်ချင်း ပြေး၍ သတိရသည်။ အက်ရှ်သည် အဖြေကို မစောင့် တော့ဘဲ လှည်းပေါ်မှ ဖုန်ထဲသို့ ခုန်ဆင်းလိုက်ကာ မြင်း ခေါင်းကို ကိုင်၍ ရပ်နေသည့် အဘိုးအို၏ ခြေအစုံကို ခေါင်းဖြင့် ကုန်း၍ ထိလိုက်သည်။

'ကိုဒါဒတ်လား၊ အဘနော်၊ ဟုတ်တယ်နော်'

အက်ရှ်က တုန်ရီ အက်ကွဲသော အသံဖြင့် ပြော လိုက်၏။ အတိတ်မှ ရုပ်ပုံ ကားချပ်များသည် လျှပ်စီး လက်လိုက်စဉ် ပေါ်လာသလို ဖြတ်ခနဲ ဖြတ်ခနဲ ပေါ် လာကြသည်။

ကိုဒါဒတ်က ရယ်၍ သူ့ကို ဖက်သည်။

'လူလေး အဘကို မမေ့သေးဘူးနော်၊ ဝမ်းသာ လိုက်တာကွာ၊ အဘကိုတော့ မှတ်မိမှာ မဟုတ်တော့ ဘူးလို့ ထင်နေတာ၊ ကြည့်စမ်းပါဦး၊ သွားတုန်းက ကောင်လေးပဲ ရှိသေးတယ်၊ ခုတော့ နည်းတဲ့ လူကြီး မဟုတ်ဘူး၊ အရပ်ကြီးကလည်း ထွားလာလိုက်တာ၊ အဘလောက်တောင် ရှိနေပြီ၊ ဒါမှမဟုတ် အဘကပဲ အသက်ကြီးလို့ အရပ်တွေ ဘာတွေ ကျုံ့ဝင်သွားသလား မပြောတတ်ဘူး၊ လူလေး လာမယ် ဆိုတာ ဇာရင်က အကြောင်းကြားလိုက်လို့ တောင်ပေါ်က ဆင်းလာတာ၊ အဝါရှားနှင့် အဘ ဒီမှာ လာစောင့်တာ သုံးည ရှိပြီ၊ လူ လေးတို့က ဘယ်ရက်လာမယ် ဆိုတာ မသေချာတော့ ကြိုကြိုတင်တင် စောင့်ရတာပေါ့ကွယ်'

အဝါရှားသည် ညောင်ပင်ရိပ်မှ ထွက်လာကာ ဆလမ် ပေး၍ နှုတ်ဆက်၏။ သူ့အဖေနှင့် သူ့ညီ ဇာရင် သည် အက်ရှ် ဗိုလ်ကလေး တစ်ယောက် ဖြစ်နေခြင်းကို သတိ ရချင်မှ ရမည်။ သို့ရာတွင် ဒတ်ဖဒါ (တပ်ကြပ်) အဝါရှားသည် ထိုအချက်ကို မမေ့။

အဝါရှားက

'ဆလမ် ဆပ်၊ ရထားတွေက နောက်ကျတော့ ဆပ်တို့ ဒီကို ဘယ်အချိန် ရောက်မယ် ဆိုတာ မှန်းလို့ မရဘဲ ဖြစ်နေတယ်၊ တပ်မှူးဆီ သွားပြီး သတင်း မပို့ခင် အဖေက ဆပ်နှင့် တွေ့ချင်တယ်တဲ့၊ ဒါကြောင့် လမ်းမှာ လာစောင့်နေတာ'

'ဟုတ်တယ်၊ မနက်ဖြန်မှတော့ မတွေ့ချင်ဘူး၊ မနက်ဖြန် ဆိုရင် လူလေးက စစ်ဗိုလ်ဆပ် ဖြစ်တော့မယ် မဟုတ်လား၊ စစ်ဗိုလ်ဆပ် ဖြစ်ရင် လူလေးမှာ တာဝန် တွေ အများကြီး၊ ကိုယ်ပိုင် အချိန်ရယ်လို့ ရှိတော့မှာ မဟုတ်ဘူး၊ ဒါပေမဲ့ ဒီနေ့ည ဆိုရင်တော့ လူလေးက တပ်ကို မရောက်သေးဘူး၊ ဆိုင်ရာကို သတင်း မပို့ရ သေးဘူး၊ ဒါကြောင့် လူလေးဟာ စစ်ဗိုလ် မဟုတ်သေး ဘူး၊ ဒီနေ့ ညမှာတော့ အရင်တုန်းကလို လူလေး အရော ပဲ ဖြစ်နေသေးတယ်၊ အဘနှင့် နာရီဝက်လောက် စကား လေး ဘာလေး ပြောချိန် မရတော့ဘူးလား'

'ရပါတယ် အဘရယ်၊ ဘာဖြစ်လို့ မရရမှာလဲ၊ ဇာရင်ရေ၊ ရထားသမားကို အစောင့် ခိုင်းထားလိုက်စမ်း ပါဗျာ၊ ဘယ်လိုလဲ ဂျမဒါ၊ ခင်ဗျား အခန်းကို သွားကြ မလား'

'အဲဒီမှာ သွား စကား ပြောလို့ မကောင်းဘူး သခင်ဆပ်၊ ကျွန်တော်တို့ စားစရာတွေ ယူလာခဲ့တယ်၊ ဟိုသစ်ပင်တွေ နောက်က ကွင်းထဲ သွားပြီး စကား ပြောကြတာပေါ့၊ အဲဒီမှာ ဆိုရင် ဘယ်သူမှလည်း မမြင် ဘူး'

ဂျမဒါသည် ချာခနဲ လှည့်ကာ ရှေ့မှ စိုက်စိုက် စိုက်စိုက်နှင့် ထွက်သွား၏။ ကွင်းပြင်မှာ စခန်းမီးပုံများ ဖိုထားခဲ့သည့် အတွက် ပြာမှုန်တွေ ပြည့်နှက်ကာ မည်း နက်လျက် ရှိ၏။ ညောင်ပင်ကြီး တစ်ပင် အောက်သို့ ရောက်သည်တွင် မီးကျီးတွေ ရဲနေအောင် ဖိုထားသည့်


www.burmeseclassic.com

www.burmeseclassic.com


မီးဖို တစ်ဖိုကို တွေ့ရသည်။ မီးဖိုနားတွင် အိုးခွက်များနှင့် ဆေးရှုသည့် တမာကူအိုးလည်း ရှိသည်။

ကိုဒါဒတ်သည် မြေကြီးပေါ်တွင် အားရပါးရ ဆောင့်ကြောင့် ထိုင်ချလိုက်၏။ အက်ရှ်က သူ့လို ထိုင်ချလိုက်သည့် အခါတွင် ကျေနပ်သွားဟန် တူ၏။ ဥရောပတိုက်သား တစ်ယောက် အဖို့ အရှေ့တိုင်းသား တစ်ယောက်လို ဆောင့်ကြောင့် ထိုင်ဖို့ ဆိုသည်မှာ မလွယ်လှ။ အနောက်တိုင်း အဝတ်အစားကလည်း ဆောင့်ကြောင့်ထိုင်၍ မရ။ အနောက်တိုင်းသား ဆိုသည်မှာ ငယ်ငယ်ကတည်းက သည်လို ဆောင့်ကြောင့် ထိုင်လေ့ မရှိ။

သို့ရာတွင် ဗိုလ်မှူးကြီး အင်ဒါဆင်၊ အဝါရား နှင့် နယ်ခြားစောင့် တပ်မှူးတို့ကား အက်ရှ်ကို တစ်မျိုး ပုံသွန်းခဲ့ကြသည်။ တစ်နေ့တွင် အက်ရှ်သည် သူတို့ အတွက် အသုံးကျလာလိမ့်မည် ဟူသော မျှော်လင့်ချက်ဖြင့် အိန္ဒိယ တိုင်းသားတို့၏ ဓလေ့ထုံးစံတို့ကို မေ့ပျောက်ခြင်း မရှိရန် အမြဲ ဂရုစိုက်ခဲ့ကြသည်။

'ဇာရင်က ဒေလီက နေပြီး သူ့အစ်ကို အဝါရားဆီကို စာပေးလိုက်တယ်၊ လူလေးဟာ အရင်ကလိုပဲတဲ့၊ ဘာမှ မပြောင်းလဲဘူးတဲ့၊ ဒါကြောင့် အဘလည်း လူလေးကို ကြိုဖို့ တောင်ပေါ်က ဆင်းလာတာ'

ကိုဒါဒတ်က တမာကူအိုးကို ရှုရင်း ပြောသည်။

'တကယ်လို့ ကျွန်တော်ဟာ သခင်ဆပ် တစ်ယောက်ပုံ ဖမ်းလာတယ်လို့ သူက စာရေးလိုက်ရင်ကော'

အက်ရှ်က ချာပါတီပေါ်တွင် ဟင်းကို ပုံလိုက်ပြီးနောက် အားရပါးရ လွေးရင်း မေး၏။

'ဒီလိုဆိုရင်တော့ အဘ အနေနှင့် ဘာပြောစရာမှ မရှိတော့တာ၊ ဘာဖြစ်လို့ လာကြိုတော့မလဲကွယ့်၊ ခုတော့ လူလေးကို ပြောစရာတွေ ရှိတာနှင့် ဆင်းလာခဲ့တာ'

သူ့အသံက လေးနက် တည်ငြိမ်သလောက် အက်ရှ်က အမောတကောဖြင့်

'ဘာတွေများ ပြောစရာ ရှိလို့လဲ အဘ၊ မကောင်း သတင်းလား၊ အဘမှာ အခက်အခဲ ရှိနေလို့လား'

'မကောင်း သတင်းတော့ မဟုတ်ပါဘူးကွယ်၊ ဇာရင်က လူလေးဟာ ဂူးလ်ကုတ်မှာတုန်းက အရှော့ အတိုင်း ပါပဲတဲ့၊ ဇာရင်ကရော အာလယားကရော ပြောပြီးပါပြီ၊ ဒါပေမဲ့...'

ကိုဒါဒတ်က စကား ဆက်၍ မပြောသေးဘဲ သူ့သားနှစ်ယောက် ဖြစ်သည့် ဇာရင်နှင့် အဝါရားတို့ကို လှမ်းကြည့်လိုက်၏။ သူတို့ နှစ်ယောက်က ခေါင်းညိတ်ပြလိုက်သည်။ ဤတွင် အက်ရှ်ကလည်း သူတို့ နှစ်ယောက်ကို နားမလည်နိုင်သလို လှမ်းကြည့်ပြီး

'ဒါဖြင့် ဘာလဲ၊ ပြောပါ'

ကိုဒါဒတ်က လေသံ အေးအေးဖြင့်

'ထူး ထူး ထွေ ထွေ တော့ မဟုတ်ပါဘူးကွယ်၊ မဒန်းမှာ ဖြစ်ဖြစ်၊ တပ်ထွက်ရာမှာပဲ ဖြစ်ဖြစ် လူလေးနှင့် ငါ့သား ဇာရင်တို့ဟာ ဟိုတုန်းက အရှော့နှင့် ဇာရင်တို့ နေသလို မနေပါနှင့်၊ ဂျမဒါ တစ်ယောက်နှင့် အင်ဂရေစီ စစ်ဗိုလ် ဆိုတော့ အရင်တုန်းကလို နေလို့ မကောင်းတော့ဘူး၊ အရင်တုန်းကတော့ ညီအစ်ကိုလို နေလည်း ဘာမှ အရေးမကြီးဘူး၊ ခု ဒီလို နေလိုက်ရင် ပြောစရာ ဖြစ်လာလိမ့်မယ်၊ တော်တော်ကြာ မျက်နှာလိုက်တယ် ဘက်လိုက်တယ်နှင့် ဘေးက ပြောလာကြလိမ့်မယ်၊ နယ်ခြားစောင့်တပ် ဆိုတာ လူမျိုးကလည်း စုံပါဘိသနှင့်၊ ပထန် လူမျိုးချည်းပဲကို အမျိုးမျိုး ရှိသေးတယ်၊ ပြီးတော့ ကိုးကွယ်တဲ့ ဘာသာတို့ ဘာတို့ကလည်း အမျိုးမျိုး၊ ပန်ချာပီတွေ ရှိတယ်၊ ဟိန္ဒူတွေ ရှိတယ်။

'ဒီတော့ စစ်ဗိုလ် တစ်ယောက် အနေနှင့် အားလုံးကို ညီတူညီမျှ သဘောထားနိုင်မှ ဖြစ်မယ်၊ ဒါမှလည်း တရားမျှတမယ်၊ ဒီတော့ အဘ ပြောချင်တာက တပ်ထဲမှာ ဆိုရင် စစ်ဗိုလ်နှင့် စစ်သားလို နေပါ၊ လူလေးတို့ နှစ်ယောက်တည်း ရှိတဲ့အခါကျမှ ဒါမှမဟုတ် ခွင့်တို့ ဘာတို့ သွားမှ အရင်တုန်းကလို နေကြပါ၊ ဒါပေမဲ့ မဒန်းက တပ်ထဲမှာတော့ ဒီလို မနေပါနှင့်၊ စစ်ဗိုလ်နှင့် စစ်သားလိုပဲ နေပါ၊ နားလည်တယ် မဟုတ်လား'

နောက်ဆုံး စကားလုံးများကို ကိုဒါဒတ်သည် ခပ်တိုးတိုးမျှသာ ပြော၏။ အမိန့်ပေးသံ မပါ၊ ဩဝါဒသံ မပါ၊ သာမန် မေးခွန်း တစ်ခုကို မေးသည့်ပုံမျှသာ။ ထိုအသံသည် ဂူးလ်ကုတ်မှာ ရှိစဉ်က မြင်းထိန်း တစ်ယောက်က အညတရ ကောင်လေး တစ်ယောက်ကို မေးသည့် ကြင်ကြင်နာနာ အသံမျိုး ဖြစ်သည်။

အဘ ကိုဒါဒတ်သည် အကျင့်ပျက်၍ ဗိုလ်ကျတတ်သော အိမ်ရှေ့ ဥပရာဇာ တစ်ပါး၏ အနီးတွင် ခစားခဲ့ရသော အရှော့ကို ထိုသို့ ဆုံးမခဲ့ဖူးသည်။ စိတ်ပျက် အားငယ်နေသည့် အခါများတွင် ထိုလေသံဖြင့် ချော့မော့ခဲ့ဖူးသည်။ သားအရင်း တစ်ယောက်ပမာ နှစ်သိမ့်ခဲ့ဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



အက်ရှ်သည် ကိုဒါဒတ် ပြောသည့် အချက်များကို သဘောမတူသည့်တိုင် လက်ခံရတော့မည်။ ဇာရင်ကို ညီအစ်ကိုလို မိတ်ဆွေလို ဆက်ဆံ၍ မဖြစ်။ သို့ ဆက်ဆံလျှင် လူပြောစရာ ဖြစ်လိမ့်မည် ဆိုသည့် အချက်ကို သူ ဘဝင်မကျချင်။ သို့ရာတွင် လူကြီးတွေကို ငြင်းခုံနေ၍ မဖြစ်။ ယခုကိစ္စတွင်မူ ကိုဒါဒတ်၏ အကြံပေးချက်ကလည်း ယုတ္တိ ရှိသင့်သလောက် ရှိသည်။ ထို့ကြောင့် လက်ခံရုံမှ အပ အခြား နည်းလမ်း မရှိတော့။

'ဟုတ်ကဲ့၊ နားတော့ လည်ပါတယ် အဘရယ်၊ ဒါပေမဲ့'

အဝါရှားက ကြားဖြတ်၍

'ဒါပေမဲ့တွေ ဘာတွေ လုပ်မနေနှင့် ဆပ်၊ ဒီကိစ္စကို ကျွန်တော် အဖေနှင့် တိုင်ပင်ပြီးပြီ၊ ဇာရင်ကလည်း သဘောတူတယ်၊ ပြီးခဲ့တာတွေက ပြီးခဲ့ပြီ၊ မေ့ပစ်လိုက်တော့၊ ဂူးလ်ကုတ်က ဟိန္ဒူ ကောင်လေးဟာ မရှိတော့ဘူး သေသွားပြီ၊ သူ့အစား စစ်ဗိုလ် သခင်ဆပ် တစ်ယောက် ရောက်လာပြီ၊ ဒီတော့ မဖြစ်ချင်လို့ မရတော့ဘူး လူတစ်ယောက်တည်းမှာ နှစ်ကိုယ် ခွဲမနေနှင့်တော့'

အက်ရှ်က စိတ်ပျက်လက်ပျက်ဖြင့်

'မခွဲလို့ မရဘူးလေ၊ ခုပဲ ကျွန်တော့်မှာ လူတစ်ယောက်တည်းက နှစ်ကိုယ် ဖြစ်နေပြီ၊ ဒီလိုဖြစ်အောင် ခင်ဗျားညီ ဇာရင်ပဲ လုပ်ပေးခဲ့တာပဲ၊ သူ ပြောခဲ့လို့ သူ ပေးတဲ့ အကြံအတိုင်း ကျွန်တော် ဘိလပ်ကို ပြန်ခဲ့တယ်၊ ပြန်ရောက်လို့ ကျွန်တော့် အဖေဘက်က အမျိုးတွေက ကျွန်တော့်ကို သခင်ဆပ် တစ်ယောက် ဖြစ်အောင် လုပ်ပေးလိုက်တယ်၊ စာသင်ခိုင်းတယ်၊ ဒါကြောင့် ကျွန်တော် သခင်ဆပ် တစ်ယောက် ဖြစ်လာခဲ့တယ်။

'ဒါပေမဲ့ ကျွန်တော်ဟာ အရှေ့ပဲ၊ အရှေ့ရဲ့ အသားကို ပြောင်းလို့ မရတော့ဘူး၊ ခင်ဗျားတို့ပဲ စဉ်းစား ကြည့်လေ၊ ကျွန်တော်ဟာ ဒီမြေကြီးပေါ်မှာ မွေးပြီး ဒီမြေကြီးပေါ်မှာ ဆယ့်တစ်နှစ်လုံးလုံး နေထိုင် ကြီးပြင်း ခဲ့တယ်၊ ကျွန်တော့် သွေးဟာ အိန္ဒိယသွေး ဖြစ်နေပြီ၊ ဒီတော့ ကျွန်တော် ဘယ်လိုပဲ ပြောင်းအောင် ကြိုးစား ကြိုးစား လူတစ်ယောက်တည်းက နှစ်ကိုယ် ဖြစ်နေမှာပဲ၊ ကောင်းတော့ မကောင်းဘူးပေါ့ဗျာ'

အက်ရှ်၏ အသံတွင် နာကြည်း ဆွေးမြည့်သံ ပေါက်နေသည်။ ကိုဒါဒတ်က သူ့ပခုံးပေါ်သို့ အသာ လက်တင်လိုက်ကာ လေသံ အေးအေးဖြင့်

'ဒါကို အဘ နားလည်ပါတယ်ကွယ်၊ ဒါပေမဲ့ အဘ ပြောတာကို နားထောင်ပါ၊ လူလေး အဖို့တော့ ဟုတ်တာပေါ့၊ လူတစ်ယောက်တည်းက နှစ်ကိုယ်ခွဲရင် စိတ်ချမ်းသာတာပေါ့၊ ဒါပေမဲ့ လူတစ်ယောက်တည်းက နှစ်ကိုယ် မဖြစ်အောင် ကြိုးစားပါ၊ တစ်နေ့ကျရင် လူလေးဟာ အရှေ့လည်း မဟုတ်၊ ဗိုလ်လေး အက်ရှ်လည်း မဟုတ်ဘဲ တခြား တစ်ယောက်လည်း ဖြစ်ချင် ဖြစ်လာမှာ၊ အဲဒီ အခါကျတော့ လူလေးဟာ အရှေ့လည်း မဟုတ်ဘူး၊ သခင်ဆပ် ဗိုလ်လေးလည်း မဟုတ်ဘူး၊ တကယ့် လူလေး အစစ် ဖြစ်လာမှာ၊ မဟုတ်ဘူးလား၊ ကဲ ဒါကို အသာထားပြီး ဒီပြင် အကြောင်းကို ပြောရအောင်ပါ၊ မှန်း အဘကို တမာကူ လှမ်းလိုက်စမ်း'

အဝါရှားက ဆေးရှုသည့် တမာကူအိုးကြီးကို ကိုဒါဒတ်ဘက်သို့ လှမ်းပေးလိုက်၏။ ဂလောက် ဂလောက် မြည်သော တမာကူအိုးမှ အသံနှင့် ဆေးရွက်ကြီးနံ့တို့ကြောင့် အက်ရှ်သည် လေညင်းသာ ဟော်တွင် ရှိစဉ် ကိုဒါဒတ်၏ မြင်းဇောင်းမှ ညချမ်းများကို ပြန်၍ သတိရသည်။

သို့ရာတွင် ကိုဒါဒတ် ပြောသည့် စကားများက အတိတ် အကြောင်း မဟုတ်။ ပစ္စုပ္ပန်နှင့် အနာဂတ်တို့ အကြောင်း ဖြစ်သည်။ ကိုဒါဒတ်က ယခုတလောတွင် အနောက်မြောက် နယ်စပ် ဒေသ၌ အထူး ငြိမ်ဝပ် ပိပြားလျက် ရှိကြောင်းဖြင့် ပြောဆိုလျက် ရှိ၏။

သူတို့ စကားပြောနေစဉ် လသည် သစ်ပင်ထိပ်များပေါ်သို့ မြင့်တက်လာခဲ့ကာ မီးဖိုမှ မီးကျီးခဲ အရောင်ကို ငွေရောင်ဖြင့် လွှမ်းခြုံလိုက်လေပြီ။ ပေတစ်ရာ လမ်းမပေါ်တွင် ရပ်ထားသည့် သူတို့ ပက်လက်ရထား ကလေးဆီမှ မြင်းက အငြိမ်မနေ။ တလှုပ်လှုပ် ဖြစ်နေသဖြင့် ချူသံများကို ကြားနေရ၏။ သူတို့ကို သတိပေးသည့် အနေဖြင့် မြင်းလှည်းသမားက ချောင်းတဟွပ်ဟွပ် ဆိုးပြနေသည်။ သည်နေရာတွင် ထိုင် စကားပြောနေကြသည်မှာ တစ်နာရီခန့်ပင် ကြာသွားပါပကော။

ကိုဒါဒတ်က

'ကဲ နောက်ကျနေပြီ၊ သွားကြစို့၊ အဘလည်း တစ်ရေး အိပ်ရဦးမယ်၊ မနက်ကျရင် အစောကြီး ထပြီး တောင်ပေါ်ကို တက်ရမှာ၊ မဖြစ်ပါဘူးကွယ်၊ နေမထွက်ခင် သွားမှ ဖြစ်မှာပါ၊ အဘက လူလေးကို တွေ့ရုံ သက်သက်ပဲ၊ လူလေးနှင့် တွေ့ပြီးပြီ၊ အဘကိစ္စ ပြီးပြီ၊ တောင်ပေါ်ကို ပြန်တော့မယ်'



www.burmeseclassic.com

www.burmeseclassic.com



အဘ ကိုဒါဒတ်က အက်ရ်၏ ပခုံးကို ကိုင်၍ အားယူ ထလိုက်ရင်း

'လူများ အိုတော့လည်း မြင်းများလိုပဲကွ၊ ကိုယ့်ဖောင်းကိုပဲ ပြန်ချင်တာပဲ၊ ကဲ လူလေး အဘ သွားမယ်၊ အဘ မသေသေးရင် တွေ့ရသေးတာပေါ့၊ အားတဲ့အခါ ကျရင် ဇာရင်တို့နှင့် အတူ အဘတို့ တောင်ပေါ်က ရွာကို အလည်လေး ဘာလေး လာခဲ့ကွာ၊ ရောက်ဖူးတယ် ရှိတာပေါ့'

ကိုဒါဒတ်သည် အက်ရ်ကို ပွေ့ဖက် နှုတ်ဆက်ပြီးနောက် တောတန်းက သစ်ပင်ရိပ်များ အောက်သို့ လျှောက်သွား၏။ သားကြီး အဝါရားက ဇာရင်ကို တစ်စုံတစ်ခု ပြောပြီး သူ့အဖေကို တွဲမည်ပြုသည်။ သို့ရာတွင် ကိုဒါဒတ်က လက်မခံ။ အဝါရားသည် အက်ရ်ကို အလေးပြုပြီးနောက် သူ့အဖေနောက်သို့ လိုက်သွားသည်။

ဇာရင်က မီးဖိုမှ မီးတွေ ငြိမ်းလိုက်ပြီး အိုးခွက်များနှင့် တမာကူတို့ကို သိမ်းနေသည်။

'ကျွန်တော်လည်း ပြန်မယ် ဆပ်၊ ကျွန်တော်လည်း ခွင့်ရက်စေ့ပြီ၊ အဖေ ပြောတာ မှန်တယ်၊ တပ်ကို ကျွန်တော်တို့ နှစ်ယောက် အတူတူ ပြန်ဝင်လို့ မကောင်းဘူး၊ တခြားစီ ဝင်မှ ဖြစ်မယ်၊ ဆပ်က တပ်ရေးရဲ့ စခန်းကို မြင်းလှည်းနှင့် သွားနှင့်၊ တပ်ထဲ ရောက်တော့ တွေ့ကြသေးတာပေါ့၊ ဒါပေမဲ့ အလုပ်သဘောပဲ တွေ့မယ်နော်'

'နောက် အားလပ်ရက်တွေ ကျရင်ကောဗျာ'

'အဲဒီတော့ တွေ့တာပေါ့၊ အားလပ်ရက်ကျတော့ အပြင်ထွက်ပြီး ကိုယ့်သဘောနှင့် ကိုယ် နေတာပေါ့၊ ဒါပေမဲ့ တပ်ထဲမှာတော့ တပ်သားနှင့် ဗိုလ်လိုပဲ နေရမှာပဲ သခင်ဆပ်၊ တာဝန်ဟာ တာဝန်ပဲ၊ ကဲ ဆလမ်ဆပ်'

ဇာရင်သည်လည်း သစ်ပင်ရိပ်များ အောက်တွင် ပျောက်ကွယ်သွားသည်။ အက်ရ်သည် လရောင်ထဲက ပေတစ်ရာ လမ်းမကြီးပေါ်တွင် ရပ်နေသည့် မြင်းလှည်း ရှိရာသို့ လေးကန်စွာ ပြန်လာခဲ့သည်။ မြင်းလှည်းပေါ်သို့ ရောက်သည်နှင့် မြင်းလှည်းသည် ခံတပ်မြို့ထဲသို့ တရကြမ်း မောင်းထွက် လာခဲ့လေ၏။

မဒန်း တပ်မြို့တွင် ရောက်စရက်များမှာ အက်ရ်အဖို့ ပျော်စရာ မကောင်း။ နောင်တွင် စစ်သား ဘဝနှင့် ပတ်သက်၍ စိတ်ပျက်စရာ ကောင်းသည့် အခြေအနေ သစ် တစ်ရပ်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည့်အတွက် ဖြစ်၏။ ထိုကိစ္စကြောင့် အက်ရ်သည် နဂိုက ရှိရင်းစွဲ ဖြစ်သည့် စည်းကမ်း ကလနားတို့ကို စိတ်ပျက်သည့် ဗီဇသည် ခေါင်းပြူ ထွက်လာ၏။ အထက်လူကြီး၏ အမိန့်ကို အစစ်အဆေး မရှိ၊ အမေးအမြန်း မရှိ နာခံခြင်း မပြုလိုသည့် နဂိုစိတ်ကလေးသည် ပြန်ပေါ်လာသည်။

စင်စစ် အက်ရ်သည် ထိုအခြေအနေမျိုးကို နဂိုကတည်းက ကြိုတွက်ခဲ့ဖို့ ကောင်းသည်။ သို့ရာတွင် ထိုသို့ ကြိုတင် မမြင်ခဲ့ခြင်းမှာလည်း သူ့ အပြစ်သက်သက် မဟုတ်။ လူသုံးယောက်ကြောင့် ဖြစ်၏။

ဘကြီး မက်သယူးသည် သူ့ကို အမျိုးမျိုး ပုံသွင်း ပေးခဲ့သည့်တိုင် တပ်ထဲ ဝင်ကာ စစ်ဗိုလ်ကလေး တစ်ယောက် အနေဖြင့် လက်မထပ်ဖို့ ကိစ္စကို တစ်လုံးမျှ မပြောခဲ့စဖူး။

ဗိုလ်မှူးကြီး အင်ဒါဆင်သည် သူ့ကို အကြံဉာဏ်တွေ တစ်လှေကြီး ပေးခဲ့သည့်တိုင် (သူကိုယ်တိုင် လူပျိုကြီး ဖြစ်၍လော မသိ။) အိမ်ထောင်ရေး ကိစ္စ အကြောင်းကို တစ်လုံးမျှ မဟာစဖူး။

ယောက္ခမလောင်း မစ္စက် ဟာလိုးသည်လည်း သမီးကို လက်ထပ်ဖို့ ခွင့်တောင်းစဉ်က သူ့အနေနှင့်ရော သူ့ယောက်ျား အဇနေနှင့်ပါ တာဝန်ခံ၍ သဘောတူဖို့ မကောင်း။ ချင့်ချင့်ချိန်ချိန် လုပ်ခဲ့ဖို့ ကောင်းသည်။

စစ်ဗိုလ် ပေါက်စကလေးတွေ တပ်ထဲ ရောက်ကာစ လက်ထပ်ခွင့် မရခြင်းမှာ အသက်ကြောင့် မဟုတ်ဘဲ ငွေရေးကြေးရေး မဖူလုံ၍ ဖြစ်မည်ဟု အက်ရ် ထင်ခဲ့ခြင်းမှာ သူ့ကို အပြစ်ဖို့ဖွယ် မရှိ။ ယခု မိမိတွင် ငွေရေးကြေးရေး အရ ဘာမှ ပူစရာ မလို။ ထို့ကြောင့် မိမိတို့ လက်ထပ်သည့် ကိစ္စတွင် ဘာမျှ အတားအဆီး အနှောင့်အယှက် ရှိလိမ့်မည် မထင်ဟု အက်ရ် ယူဆခဲ့သည်။

ယခုမူ မစ္စက် ဟာလိုး ခပ်စောစောက စိုးရိမ်ခဲ့သည့် အတိုင်း အခက်အခဲ တွေ့ရသဖြင့် အက်ရ် စိတ်ဓာတ်ကျသည်။ ဗိုလ်မှူး ဟာလိုးသည် သူတို့ကိစ္စနှင့် ပတ်သက်၍ လုံးဝ မကျေလည်။ သူ့တွင်မက ထိုသတင်းကို ကြားသည့် အခါတွင် သူတို့ နယ်ခြားစောင့် တပ်မှူးကိုယ်တိုင်ကလည်း ထိုကိစ္စကို လက်မခံ။

အားလပ်ရက် ရသည်နှင့် ပက်ရှဝါသို့ မြင်းဖြင့် သွားလည်ဦးမည် ဟု အက်ရ်က စိတ်ကူးကာ ရှိသေး သူ ရောက်ပြီး နှစ်ရက် အကြာတွင် ဗိုလ်မှူး ဟာလိုးသည် ရထား ပက်လက်ကလေးဖြင့် မဒန်း တပ်စခန်းသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာပြီး တပ်မှူးနှင့် နှစ်ယောက်သား တိုင်ပင်ကြသည်။

သူတို့ နှစ်ယောက်စလုံးက စစ်ဗိုလ်ကလေးများ အစောစီးစီး မိန်းမ ယူသည်ကို မကြိုက်ကြ။ သူငယ်နာမှ မစင်သေးခင်၊ ငယ်သွားမှ မလဲသေးခင် စစ်ဗိုလ်ပေါက်စကလေးများ မိန်းမ ယူခြင်းသည် ဒုက္ခရောက်တတ်သည်ဟု ယူဆကြသည်။

တပ်မှူးသည် အက်ရှ်ကို သူ့ရုံးခန်းထဲသို့ အခေါ်ခိုင်းလိုက်ပြီး ရှည်လျားလှစွာသော ဩဝါဒကို ပေး၏။ အက်ရှ် စိတ်ဓာတ် ကျလိုက်သည့် ဖြစ်ခြင်း။ ထိုမျှမက ရှက်လည်း ရှက်သည်။ ဒေါသလည်း ထွက်သည်။

ဗိုလ်မှူး ဟာလိုးက အက်ရှ် အနေဖြင့် ဗီလင်ဒါထံသို့ လာရောက် လည်ပတ်လိုက လည်ပတ်နိုင်ကြောင်း၊ သို့ရာတွင် တရားဝင် ဖြစ်စေ၊ တရားမဝင် ဖြစ်စေ စေ့စပ်ကြောင်းလမ်းခြင်း ကိစ္စကိုမူ လက်မခံနိုင်သေးကြောင်း (သို့ဆိုလျှင် လာခွင့် မပေးသည်ကမှ တော်ဦးမည်။)၊ နောင်နှစ်ပေါင်း များစွာ အထိ ထိုကိစ္စကို မပြောစေလိုကြောင်း၊ နှစ်ယောက်စလုံး လောက အတွေ့အကြုံတို့ ရင့်သန်လာသည့် အခါကျမှ ထိုကိစ္စကို ပြောစေလိုကြောင်း (သဘောကမူ ဗီလင်ဒါသည် သူ့ထက်သာသူ တစ်ယောက်ကို တွေ့လျှင်လည်း လက်ထပ်ချင် လက်ထပ်ခွင့် ရှိသည် ဆိုသည့် သဘော ဖြစ်သည်။)၊ ဤအချက်ကို ရှင်းရှင်းလင်းလင်း သဘောပေါက် လက်ခံမှသာလျှင် ဗိုလ်လေး အက်ရှ်ကို သူတို့အိမ်သို့ လာရောက် လည်ပတ်ခွင့် ပြုနိုင်မည် ဖြစ်ကြောင်းဖြင့် ပြောပြ၏။

ဗိုလ်မှူး ဟာလိုးက

'ငါ့မှာ နှလုံးသား မရှိလို့ ဒီလို စကားမျိုးတွေ ပြောတာတော့ မဟုတ်ဘူးပေါ့ကွာ၊ မင်း ဘယ်လို ခံစားရမယ် ဆိုတာကို ငါ ကိုယ်ချင်းစာပါတယ်၊ ဒါပေမဲ့ ခု မင်း လုပ်ချင်သလိုတော့ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ဘူး၊ ဟုတ်ပါတယ်၊ မင်းဟာ မိန်းမ တစ်ယောက်ကို တင့်တောင့်တင့်တယ် ထားနိုင်တဲ့ အခြေအနေမှာ ရှိတယ်ဆိုတာ ငါ သိပါတယ်၊ ဒါပေမဲ့ တင့်တောင့်တင့်တယ် ထားနိုင်တာက တခြား၊ အသက်က တခြားပဲ၊ တကယ်တော့ မင်းတို့ နှစ်ယောက်စလုံး ငယ်သေးတယ်၊ ဒီတော့ အိမ်ထောင် ပြုမယ်လို့ စိတ်မကူးခင် ငယ်သွားလဲအောင် စောင့်ပါဦးကွာ၊ ဟုတ်လား။

'ပြီးတော့ စစ်သားကောင်း တစ်ယောက် ဖြစ်အောင်လည်း ကြိုးစားပါဦး၊ မင်းသာ စဉ်းစားတတ်မယ်ဆိုရင် နောင် ရှစ်နှစ် ဆယ်နှစ်လောက် ကြာသည် အထိ မိန်းမယူဖို့ စိတ်ကူးမှာ မဟုတ်သေးဘူး၊ ဘယ့်နှယ်ကွာ ခုတော့ ငယ်ငယ်လေးနှင့် ဘာဖြစ်လို့ မိန်းမ ထဘီနား လိုက်ဆွဲပြီး ကလေးစီး လက်တွန်းလှည်းကို တွန်းချင်ရသလဲ၊ မင်း စဉ်းစားပါ၊ ဒါ ငါ့သဘောထားပဲ'

သူ့သဘောထားသာ မဟုတ်။ တပ်မှူးကလည်း ထိုအတိုင်းပင်။ အက်ရှ်က ထိုကိစ္စကို ထုချေချက်ပေးမည် အပြုတွင် သူတို့နှစ်ယောက် စလုံးက သူငယ်နှပ်စား ကလေးလို အရူး မထသင့်သေးကြောင်း၊ ဗီလင်ဒါနှင့် လက်မထပ်ရ မနေနိုင် ဆိုလျှင် နယ်ခြားစောင့် တပ်ဖွဲ့လို စစ်တပ်မျိုးတွင် အမှု မထမ်းသင့်ကြောင်း၊ တစ်နေရာတည်းတွင် စွဲစွဲမြဲမြဲ ထိုင်လုပ်ရသည့် အလုပ်မျိုးကို ပြောင်းလုပ်သင့်ကြောင်း၊ ယခုကိစ္စမှာ မိမိတို့ဘက်က ရှင်းနေပြီ ဖြစ်ကြောင်း၊ သူ့အနေနှင့် ရှင်းပြီ ဆိုလျှင် ပက်ရှဝါသို့ လာရောက် လည်ပတ်ကာ ထိုကိစ္စကို ဗီလင်ဒါနှင့် လာရောက် ရှင်းစေလိုကြောင်းဖြင့် ပြောကြသည်။

မိမိတို့ ကိစ္စတွင် အတားအဆီး အနှောင့်အယှက် အနည်းငယ် ရှိနိုင်ကြောင်းကို အစောကြီး ကတည်းက အက်ရှ် ကြိုတင် တွက်ခဲ့ပြီးသား။ သို့ဖြစ်လျှင် လောလောဆယ် လက်မထပ်သေး၍ နှစ်ရှည်လများ ကြောင်းလမ်းထားမည်ဟု သူ စိတ်ကူးခဲ့သည်။ သို့ရာတွင် ယခု ဗိုလ်မှူး ဟာလိုးကရော၊ သူ့တပ်မှူးကပါ မည်သည့် ကြောင်းလမ်းမှုမျိုးကိုမျှ ခွင့်မပြု။

စင်စစ် သူသည် မိန်းမသိုက်တူးနေသူ တစ်ယောက်လည်း မဟုတ်။ လက်ဖဝါး ခြေဖဝါးချည်းသာ ရှိသည့် အခြေမဲ့ အနေမဲ့ထဲကလည်း မဟုတ်။ အိန္ဒိယ စစ်တပ်တွင် ရှိသည့် ဗြိတိသျှ အရာရှိ အများစုနှင့် ယှဉ်လျှင် သူ့အခြေအနေက ကြွယ်ဝိုးကြွယ်ဝထဲက။ ထို့ကြောင့် သူတို့ကိစ္စကို ယခုလို ဝိုင်းဖျက်ကြသည်ကို နည်းနည်းမျှ တရားသည်ဟု မထင်။

ယခု သူ့အခြေအနေက ဗီလင်ဒါကို မမြင်ရလျှင်ပင် မနေနိုင်။ သည်လောက်ဖြစ်နေလျှင် ခိုးပြီး ထွက်ပြေးဖို့ တစ်လမ်းသာ ကျန်တော့သည်။ သူတို့နှစ်ယောက် ထွက်ပြေးလျှင် ယောက္ခမလောင်းကြီးသည် သဘော မတူဘဲ နေ၍ မရတော့။ လူပြော သူပြော မခံရလေအောင် သူတို့ကိစ္စကို သဘောတူရမည်။ ထိုကိစ္စကြောင့် သူ့ကို နယ်ခြားစောင့် တပ်ရင်းက လက်မခံလျှင်လည်း ကိစ္စမရှိ။ သည့်ပြင် တပ်တွေ အများကြီး။



www.burmeseclassic.com

www.burmeseclassic.com



ပြန် စဉ်းစားလိုက်သည့် အခါတွင် မဒန်း တပ်မြို့သို့ ရောက်စက ရက်သတ္တပတ် အတွင်း၌ သူ ဘာတွေ လုပ်၍ ဘယ်လို နေခဲ့သည်ကိုပင် သူ ကောင်းကောင်း မမှတ်မိချင်။ ရောက်စဖြစ်၍ တပ်ထဲတွင် လေ့လာစရာတွေ အများကြီး။ လုပ်စရာတွေ တစ်ပုံတစ်ပင်။

သို့ရာတွင် နေ့တွင် အလုပ်ဖြင့် ပိနေသည့်တိုင် ညများကား သူ့အတွက် အိပ်ဖို့ တိုက်ပွဲဝင်ရသည့် စစ်တလင်းတွေ ဖြစ်နေသည်။ ညအချိန် ရောက်မှပင်လျှင် သူ့တွင် ဗီလင်ဒါ အကြောင်း စဉ်းစားချိန် ရတော့သည်။

အက်ရှ်သည် အမှောင်ထဲတွင် မျက်လုံး အကြောင်သားဖြင့် အကြဲထုတ်နေသည်။ အိပ်ပျော်သွား၍ အိပ်မက် မက်သည့် အခါ၌ သူသည် ခြောက်သွေ့နေသည့် တောင်ကြားတွေထဲက ကျောက်ချပ်တွေ ထုနေသည့် လွင်ပြင်ကြီးပေါ်တွင် မိန်းမပျို တစ်ယောက်ကို မြင်းဖြင့် တင်ကာ ကဆုန် စိုင်းနေသည်။ မိန်းမပျိုက သူ့ခါးကို တင်းကျပ်စွာ ဖက်ရင်း အတင်း အစီးခိုင်းနေသည်။ သူ့နောက်က ပါလာသည့် မိန်းမပျို၏ မျက်နှာကို သူ မမြင်ရ။ ဗီလင်ဒါ အပြင် မည်သူ ဖြစ်နိုင်သေးသနည်း။

သို့ရာတွင် အလံ တစ်လက်လို လေတွင် တလူလူ လွင့်နေသည့် ဆံပင်ရှည်ရှည်များကမူ ဗီလင်ဒါ ဆံပင်လို ရွှေရောင် ဆံပင် မဟုတ်။ မည်းနက်လျက်။ နောက်သို့ လှည့်ကြည့်သော်လည်း ဆံပင်တွေ ကွယ်နေသဖြင့် နောက်မှ လိုက်လာသူများကို မမြင်ရ။ နောက်က လိုက်လာသည့် မြင်းခွာသံများမှာမူ ပို၍ ကျယ်လောင်လာကာ တဖြည်းဖြည်း နီးသည်ထက် နီးလာနေကြပြီ။

ဤတွင် ချွေးစေးတွေ ပြန်ကာ အိပ်ရာမှ ရုတ်တရက် လန့်နိုးလာသည်။ အိပ်မက်ထဲတွင် သူ ကြားခဲ့ရသည့် မြင်းခွာသံများမှာ လက်စသတ်တော့ သူ့နှလုံး ခုန်သံ။ သူ့ ရင်ခုန်သံများသည် အပြေးပြိုင်ပွဲတွင် ဝင်ပြေးနေသူ တစ်ယောက်ကဲ့သို့ ပြင်းထန်စွာ ခုန်နေသည်။

အက်ရှ်သည် သူ့မွေးရပ်မြေသို့ ပြန်ရောက်သည်မှာ မှန်သည်။ ဇာရင်တို့၊ ကိုဒါဒတ်တို့နှင့် တွေ့ဆုံ၍ စကား ပြောရသည်မှာလည်း ကောင်းပါ၏။ ဘိလပ်မှာတုန်းက သူ ကြုံတွေ့ခဲ့ရသည့် ဟာလာဟင်းလင်း ခံစားနေရခြင်းကမူ ပျောက်သွားခြင်း မရှိသေး။

သို့ရာတွင် ဗီလင်ဒါသည် သူ့အဖေ၏ စကားကို ဆန့်ကျင်ကာ သူ့ကို လက်ထပ်လိမ့်မည်ဟု သူ မျှော်လင့်သည်။ သို့ဆိုလျှင် သူ့ရင်ထဲတွင် ရှိနေသည့် ကွက်လပ်သည် ပြည့်သွားလိမ့်မည်။ အိပ်မပျော်သည့် ညများက ရှည်လှချည့်။ ရက်တွေကလည်း ကုန်နိုင်ခဲလှချည့်။

သို့ဖြင့် စနေနေ့သို့ ရောက်မှန်းမသိ ရောက်လာခဲ့သည်။

အက်ရှ်သည် ဂူးလ်ဘတ်နှင့် အတူ နေမထွက်ခင် ကတည်းက မဒန်းမှ ထွက်လာခဲ့၏။ နောင်သျှီရာ အလွန် တစ်မိုင်လောက်ကျမှ ဆိုင်ကလေး တစ်ဆိုင်သို့ ဝင်ပြီး ဝယ်ခဲ့သည့် ချာပါတီနှင့် ပဲဟင်းကို လမ်းဘေးတွင် ထိုင်စားသည်။ ပေတစ်ရာ လမ်းဘေးတွင် ပေါက်နေသည့် သစ်ပင်များပေါ်၌ ကြက်တူရွေးများက ဟိုပျံသည်ပျံ ဆူဆူညံလျက်။

ဂူးလ်ဘတ်မှာ အသက် သုံးဆယ် ရှိသည့် သူ့အရွယ်ကိုပင် မေ့သွားကာ သီချင်း တစ်ပုဒ်ကို ညည်းလာသည်။ ထိုအခါကျမှ အက်ရှ်မှာ စိတ်လက် ရွှင်လန်းသွားကာ ပေါ့ပါး ဖျတ်လတ်စ ပြုလာ၏။ သူ့ပြဿနာကို တစ်နည်းနည်းနှင့် ရှင်းမှ ဖြစ်တော့မည်။ မည်သို့ ရှင်းရ ရှင်းရ အကြောင်း မဟုတ်။ မနက်ဖြန် မဒန်းသို့ ပြန်လာလျှင် သူ့အနာဂတ်သည် ရှင်းနေပြီ။ ပြဿနာတွေ အားလုံး ပြေလည်တော့မည်။

အက်ရှ်သည် ထိုနေ့တွင် ပက်ရှဝါသို့ သူ မြင်းဖြင့် လာခဲ့မည် ဖြစ်ကြောင်း၊ နေ့လယ်လောက်တွင် ရောက်မည် ထင်ကြောင်းနှင့် ဗီလင်ဒါထံ စာတိုကလေး တစ်စောင်နှင့် မစ္စက် ဟာလိုးထံသို့လည်း လာလည်ခွင့် ပြုပါမည့် အကြောင်း ထုံးတမ်းစဉ်လာ အရ စာရှည်ရှည် တစ်စောင် ရေးထားခဲ့ပြီး ဖြစ်သည်။

သို့ရာတွင် သူတို့ နေသည့် ဘန်ဂလိုသို့ ထင်သည်ထက် စော၍ ရောက်သွားသည့်တိုင် ဘန်ဂလိုတွင် သူတို့တစ်တွေကို မတွေ့ရ။ ခပ်ဖိုင့်ဖိုင့် မဟာမေဒင် အစေခံ တစ်ဦးကိုသာ တွေ့ရပြီး မိုလ်မှူးဆပ်မှာ ယမန်နေ့က သူ့တပ်နှင့် ရေ့တန်းသို့ ထွက်သွားကြောင်း၊ သခင်မများမှာ ဈေးဝယ် ထွက်သွားကြောင်း၊ ညနေ သုံးနာရီကျမှ ပြန်ရောက်မည် ဖြစ်ကြောင်း၊ အရေးပိုင်ကတော်၏ အိမ်တွင် နေ့လယ် လက်ဖက်ရည် သောက်ကြမည် ဖြစ်ကြောင်း၊ သို့ရာတွင် အက်ရှ်ကို ပေးရန် စာတိုကလေး တစ်စောင် ထားပစ်ခဲ့ကြောင်း...။

စာထဲတွင် ယခုကဲ့သို့ အပြင် ထွက်သွားရသည့်အတွက် ဝမ်းနည်းကြောင်း၊ သို့ရာတွင် အရေးပိုင်ကတော်၏ လက်ဖက်ရည်ပွဲကို မသွား၍ မကောင်းကြောင်း၊ မြို့ထဲမှ မိုဟန်လားလ် စတိုးဆိုင်တွင်လည်း အဆည်



www.burmeseclassic.com

www.burmeseclassic.com



အဆင်ဆန်းများ ရောက်သည်ဟု ကြေညာထားကြောင်း၊ ထို့ကြောင့် စောစော ထွက်သွားရခြင်း ဖြစ်ကြောင်း၊ အက်ရှ်က ခွင့်လွှတ်လိမ့်မည်ဟု ယူဆကြောင်း၊ သူတို့နှင့် အတူ ညနေ လေးနာရီတွင် လက်ဖက်ရည် သောက်ရန် မေမေက ဖိတ်ကြားခိုင်းကြောင်းဖြင့် ရေးထားသည်။

စာထဲတွင် သတ်ပုံ သုံးလုံး မှားသည့် အတွက် ကတိုက်ကရိုက် ရေးသွားရဟန် တူသည်။ သို့ရာတွင် ထိုစာမှာ ဗီလင်ဒါထံမှ အက်ရှ် ပထမဆုံး ရဖူးသောစာ ဖြစ်၏။ အက်ရှ်သည် သူ ချစ်မြတ်နိုးရပါသော ဗီလင်ဒါ ကိုယ်တိုင် လက်မှတ် ထိုးထားသည့် စာကလေးကို သေသေချာချာ ခေါက်ကာ အိတ်ထဲသို့ ထည့်လိုက်သည်။ ထို့နောက် ညနေ လက်ဖက်ရည် သောက်ချိန်တွင် ပြန်လာမည် ဖြစ်ကြောင်းဖြင့် ပြောဆိုကာ မိမိတို့ တည်းမည့် အန်ဂလိုသို့ မြင်းဖြင့် ထွက်လာခဲ့သည်။

ဗိုလ်တဲတွင် တစ်ည အခန်းငှားကာ ဂူးလ်ဘတ်နှင့် မြင်းကို ဗိုလ်တဲတွင် ထားခဲ့ပြီး ပက်လက်ရထားကလေး တစ်စင်းဖြင့် ကလပ်သို့ ထွက်လာခဲ့သည်။ ကလပ်တွင် ဆိုလျှင် ဗိုလ်တဲတွင် နေရသည်ထက် အေးသည်၊ တိတ်ဆိတ်မည်။ ဗိုလ်တဲနှင့် မနှိုင်းယှဉ်သာအောင် သာလိမ့်မည်ဟု သူ ထင်ခဲ့သည်။

သို့ရာတွင် ကလပ် ရောက်တော့ သူ ထင်သည်နှင့် တခြားစီ။

ကလပ်မှာ အေးသည် မှန်ပါ၏။ တိတ်ဆိတ်သည် မှန်ပါ၏။ ကလပ်တွင် အပျင်း ထူနေကြသည့် စားပွဲထိုး နှစ်ယောက်နှင့် ဧည့်ခန်းထောင့်တွင် ကော်ဖီ သောက်နေကြသည့် အရွယ်လတ်ပိုင်း အင်္ဂလိပ် အမျိုးသမီး နှစ်ယောက်မှ အပ အခြား မည်သူကိုမျှ မတွေ့ရ။

အက်ရှ်သည် ဘီယာ တစ်ခွက်ကို ကိုင်ကာ မျက်နှာချင်းဆိုင် ချောင်ကလေး တစ်ခုထဲသို့ လာခဲ့ပြီး လွန်ခဲ့သည့် ခြောက်လခန့်က ထုတ်ခဲ့သည့် ပန်းချီ ကားချပ်၊ ရုပ်ပြောင် မဂ္ဂဇင်း တစ်စောင်ကို ဖတ်နေသည်။ သို့ရာတွင် အင်္ဂလိပ် အမျိုးသမီး နှစ်ယောက်၏ တရွတ်ရွတ် တရက်ရက် အသံတွေကြောင့် စာကို အာရုံစိုက်၍ မရ။

ထို့ကြောင့် အက်ရှ်သည် ထိုင်ရာမှ ရုတ်ခနဲ ထသွားခဲ့ကာ အရက်ခန်းဘက်သို့ ကူးလာသည်။ တပ်ရင်း တစ်ခုလုံး စခန်း ထွက်နေကြသဖြင့် အရက်ခန်းတွင် သူတစ်ယောက်တည်းသာ ရှိ၏။

အက်ရှ်သည် အရက်ခန်းက စားပွဲ တစ်လုံးတွင် ထိုင်ကာ ရောက်တတ်ရာရာကို တွေးနေမိသည်။ သို့ရာတွင် သူ့အတွေးများက ကြည်မောဖွယ် မကောင်း။

ဆယ့်ငါးမိနစ်လောက် အကြာတွင် အရက်ခန်းသို့ ဂျော့ ဂါးဖို့ ပေါက်လာသည်ကို မြင်လိုက်ရသဖြင့် စကားပြောဖော် ရသည့် အတွက် ဝမ်းသာသွားသည်။ သာမန်အားဖြင့် ဆိုလျှင် အက်ရှ်သည် ဂျော့ကို မတွေ့ချင်။ ရှောင်ထွက် သွားမိမည် ဖြစ်၏။ ယခုမူ စကားပြောဖော် ရပြီ။ သို့ရာတွင် ခဏမျှ ကြာသည့်အခါတွင် အက်ရှ်သည် ရှောင်မသွားမိသည့် အတွက် သူ့ကိုယ်သူ နောင်တရသည်။

ဂျော့သည် သူ အရက်သောက် ဖိတ်သည်ကို လက်ခံကာ ဗီလင်ဒါမှာ ပက်ရဝါရှိ အင်္ဂလိပ် အသိုင်းအဝိုင်းတွင် ပျော်နေပြီ ဖြစ်ကြောင်း၊ ယောက်ျားပျိုကလေးတွေ ဝိုင်းဝိုင်း လည်နေကြကြောင်း၊ ထိုသူများမှာ ဗီလင်ဒါလို နနယ် ငယ်ရွယ်သည့် မိန်းမပျိုကလေးနှင့် နည်းနည်းမျှ မတန်ကြောင်းဖြင့် စိတ်မချမ်းမြေ့ဖွယ် ပြောဆိုနေသည်။

'ခင်ဗျား စဉ်းစားကြည့်လေ၊ ဖိုလေတို့ ရော်ဗင်ဆန်တို့ ဆိုတဲ့ လူကြီးတွေက အဘိုးကြီးတွေဗျ၊ သူ့အဖေလောက် သူ့ဦးလေး အရွယ်လောက် ရှိနေပြီ၊ ပါဗယ်ရီ ဆိုတဲ့ လူကြီးကျတော့လည်း ကြာသမား၊ ကိုယ့်နမတောင် သူနှင့် မြင်းစီးထည့်ဖို့ ကောင်းတဲ့ လူစား မဟုတ်ဘူး၊ ဘယ်သူ့ကိုမှ ရှောင်တာ မဟုတ်ဘူး၊ သူ့အမေကြီးကလည်း ဗီလင်ဒါကို ဘာဖြစ်လို့ အဲဒီလို ကောင်မျိုးနှင့် ထွက်လည်ခွင့် ပေးသလဲ မသိဘူးဗျာ၊ ကျွန်တော်ဖြင့် အံ့ရော၊ ခင်ဗျားကရော ဘာဖြစ်လို့ ခွင့်ပေးရသလဲ ဆိုတာ ကျွန်တော် စဉ်းစားလို့ မရဘူး'

ဂျော့က သူ့ကို အပြစ်တင်သည်။ ဂျော့သည် သူ့ဘီယာခွက်ကို တစ်ကျိုက်တည်းဖြင့် အားရပါးရ သောက်လိုက်၏။ သို့ရာတွင် ဗီလင်ဒါမှာ သူ့အနားတွင် စစ်ဗိုလ်ကလေးတွေ ဝိုင်းဝိုင်း လည်နေကြသဖြင့် စိတ်ညစ်လျက် ရှိကြောင်း၊ သူ့အနေဖြင့် ဆိုလျှင် ထိုစစ်ဗိုလ်ကလေးများကို 'လူကြီးလူကောင်း' ဟု မခေါ်ချင်ကြောင်း၊ ဗီလင်ဒါမှာ ထိုလူမျိုးများကို မည်သို့ ဆက်ဆံရမည်ကို မသိသည့် အတွေ့အကြုံ နည်းသော မိန်းမပျို တစ်ယောက် ဖြစ်ကြောင်း၊ မိမိအနေဖြင့် ထိုအကြောင်းကို ဗီလင်ဒါကို သတိပေးလိုသော်လည်း သတိပေးခွင့် မရှိသည့် အတွက် အသာ ကြည့်နေရကြောင်း၊ အက်ရှ်



www.burmeseclassic.com

www.burmeseclassic.com



အနေဖြင့် သတိပေးလျှင် ကောင်းမည် ဖြစ်ကြောင်းဖြင့် ပြောသည်။

ဂျော့က ခပ်ကျယ်ကျယ်ဖြင့်

'သြော် သတိရလို့ တစ်ခု ပြောလိုက်ရဦးမယ်၊ ဗီလင်ဒါရဲ့ လက်မှာ ခင်ဗျား ပေးတဲ့ လက်စွပ်ကို မတွေ့တော့ဘူး၊ ဒီတော့ သူနှင့် ခင်ဗျားနှင့်ဟာ ဘာမှ ကတိကဝတ် မလွန်သေးဘူးလို့ ထင်တယ်၊ ဒီလိုဆိုရင် ကျွန်တော့် အနေနှင့်လည်း သူ့သဘောထား ပြောင်းအောင် လုပ်ပိုင်ခွင့် ရှိတယ်လို့ ထင်တယ်၊ မဟုတ်ဘူးလား၊ အချစ်နှင့် စစ်မှာ ဘာမဆို တရားတယ် ဆိုတဲ့ စကားလည်း ရှိသားပဲဗျာ၊ ကျွန်တော်က ဗီလင်ဒါကို ခင်ဗျားထက် အရင် ချစ်ခဲ့တဲ့ သူပါ၊ နောက်တစ်ခွက်လောက် သောက်ဦးမလား'

အက်ရှ်က ခပ်ပြတ်ပြတ် ငြင်းလိုက်ပြီးနောက် နေ့လယ်စာ မှာထားပြီး ဖြစ်ကြောင်းဖြင့် ပြောသည်။ သို့ရာတွင် ဂျော့မှာ သူက ထိုသို့ ခပ်ပြတ်ပြတ် ပြောသည့်တိုင် မရိပ်မိသေးဘဲ သူလည်း ဆာနေသဖြင့် အတူလိုက်စားမည် ဖြစ်ကြောင်းဖြင့် ပြောပြန်သည်။

သူတို့နှစ်ယောက်၏ နေ့လယ်စာက စိတ်ပျက်စရာ။ တစ်ချိန်လုံး ဂျော့က စကားတွေ ဖောင်ဖွဲ့အောင် ပြောနေသလောက် အက်ရှ်က တစ်ခွန်းမျှ မပြော။

သူ့စကားအရ ဆိုလျှင် ဂျော့မှာ ဗိုလ်မှူး ဟာလိုးတို့၏ ဘန်ဂလိုတွင် တံခါးမရှိ ဓားမရှိ ဝင်နိုင် ထွက်နိုင်သူ တစ်ဦး ဖြစ်ဟန်တူသည်။ ဂျော့သည် သူတို့သားအမိကို ဈေးဝယ်လည်း လိုက်ပို့ပြီးပြီ။ ဗီလင်ဒါကိုလည်း ပျော်ပွဲစား ခေါ်ပြီးပြီ။ ယနေ့ညတွင်လည်း ညစာအတူ စားပြီး စနေည ကပွဲ အတွက် ကလပ်သို့ သွားကြဦးမည်ဟု ဆိုသည်။

ဂျော့က ကျေနပ်စွာဖြင့်

'ဗီလင်ဒါက ပြောတော့ ပင်ကဗျူဓာမှာ ကျွန်တော့်လောက် အက ကောင်းတဲ့လူ မရှိဘူးလို့ ပြောတာပဲ၊ ကျွန်တော် ပြောရဲပါတယ်၊ ကျွန်တော်ဟာ...'

ဂျော့သည် စကား ဖြတ်လိုက်၏။ သူ့ခေါင်းထဲတွင် အတွေး တစ်ခု ဝင်လာသောကြောင့် ဖြစ်သည်။

'ဒါထက် ခင်ဗျားလည်း ညမှာ သူတို့အိမ်ကို ရောက်မယ်နော်၊ သိပ်တော့ လူများမှာ မဟုတ်ပါဘူး၊ မြို့ထဲမှာ တပ်ရှိနေရင်တော့ လူတွေ များမှာပေါ့ဗျာ၊ ဒါပေမဲ့ သူတို့က ကန်ဂျူရီ လွင်ပြင်ဘက်ကို တပ်ထွက်သွားကြတော့ ကပွဲမှာ လူရှိမယ် မထင်ပါဘူး၊ ဗီလင်ဒါက ခင်ဗျား လာမယ် ဆိုတာ တစ်ခွန်းမှ မပြောဘူးဗျာ၊ ခင်ဗျားကော ကဦးမလား၊ ဒီမှာ ရှိတဲ့ လူတော်တော်များများကတော့ မကတတ်ကြပါဘူး၊ ကျွန်တော်ကတော့...'

ဂျော့သည် ဟင်းလေးပွဲ ချပြီးသွားသည် အထိ စကားပြောဆဲ။ စားသောက်ပြီး၍ သူ ထွက်သွားမှပင် အက်ရှ် စိတ်သက်သာရာ ရသွားသည်။ နေ့လယ်စာစားပြီး ထုံးစံအတိုင်း ကလပ် တစ်ခုလုံးမှာ တိတ်ဆိတ်လျက် ရှိ၏။ အက်ရှ်သည် ဧည့်ခန်းဘက်သို့ ပြန်လာခဲ့သည်။ ပျင်းပျင်းနှင့် ပန့်ချ် မဂ္ဂဇင်းကို ထိုင်ဖတ်နေခဲ့ရာ အချိန်စေ့မှ ကလပ်မှ ထွက်လာခဲ့သည်။

ဧည့်ခန်းတွင် သူ့ကို အသင့် စောင့်ကြိုနေသော မစ္စက် ဟာလိုးကို တွေ့ရ၏။ မစ္စက် ဟာလိုးသည် သူ့ကို ဖော်ရွေစွာ နှုတ်ဆက်သည့်တိုင် ကြည့်ရသည်မှာ အနည်းငယ် ဣန္ဒြေ ပျက်နေသည်။ စကားပြောလျှင်လည်း ဟိုတစ်ခွန်း သည်တစ်ခွန်း။ အဆက်အစပ် မရှိ။ အက်ရှ်နှင့် ကိုယ်ရေးကိုယ်တာ စကားများကို ပြောလို့မရ။ အက်ရှ် အလည် လာသည်ကို သာမန် အလည်လာသည့် သဘောမျိုးလောက်သာ ယူဆထားပုံ ရသည်။

ဗီလင်ဒါ ဝင်လာသည့် အခါတွင် မစ္စက် ဟာလိုးမှာ အနေရ ခက်နေသည်။ အဖြူရောင် ဝတ်စုံကို ဝတ်ထားသည့် ဗီလင်ဒါသည် ခါတိုင်းထက် နုနယ်ကာ ခါတိုင်းထက် လှနေသည်ဟု ထင်ရ၏။

သူတို့နေသည့် ဘန်ဂလိုက သာမန် ဘန်ဂလို။ ခန်းဆီးတွေကလည်း အရောင်လွင်လွင် မဟုတ်။ ညစ်ထပ်ထပ်နှင့်။ ကော်ဇောကလည်း အညံ့စား။ ဇာရာဏသီ ပြည်နယ်ထွက် ကြေးလင်ပန်း တချို့ကို စားပွဲပေါ်တွင် တင်ထားသည်။ ထိုမျှ ညစ်နွမ်းနေသည့် အဆောင်အယောင် ကြားထဲတွင် ဗီလင်ဒါသည် အင်္ဂလိပ် ပန်းခြံထဲက ဖူးစ နှင်းဆီပွင့် တစ်ပွင့်နှင့် တူနေသည်။

အက်ရှ်သည် ဣန္ဒြေလည်း မဆောင်နိုင်၊ အနားတွင် မစ္စက် ဟာလိုး ရှိသည်ကိုလည်း သတိ မထားနိုင်တော့ဘဲ ကမ်းလာသည့် လက်ကို ဆွဲမယူဘဲ ဗီလင်ဒါ၏ ကိုယ်လုံးကို သိမ်းကျုံး ဖက်လိုက်၍ နမ်းရန် ပြင်လိုက်သည်။ သို့ရာတွင် ဗီလင်ဒါက မျက်နှာကို တခြားသို့ လွှဲကာ ရုန်းထွက်လိုက်၏။

ဗီလင်ဒါက ဖရိုဖရဲ ဖြစ်သွားသည့် သူ့ဆံနွယ်ကလေးများကို ပင့်တင်လိုက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုကလည်း သိပ်ရမ်းတာပဲ၊ မေမေက ဘယ်ထို ထင်သွားမလဲ၊ အစ်ကို ဒီလို ရမ်းရင် ဗီလင်ဒါ မလာသွားနော်၊ တခြားကို ထွက်သွားမှာ၊ ကဲ ထိုင်စမ်းပါ၊ ညနေ့ရရ ထိုင်စမ်းပါ၊ ဟင့်အင်း ဒီနားမှာ မထိုင်နှင့်၊ ကိုမှာ သွားထိုင်၊ မေမေ့ အနားမှာ သွားထိုင်ချည်လေ၊ အစ်ကိုတို့ တပ်က အကြောင်းတွေ ပြောပြစမ်းပါဦး၊ မေမေရော ဗီလင်ဒါရော နားထောင်ချင်လို့၊ အစ်ကို ကော ဟိုမှာ ဘာတွေ လုပ်နေသလဲ'

သူ လာလည်ခြင်းမှာ သည်လို အဓိပ္ပာယ် မရှိစကားတွေကို ပြောဖို့ မဟုတ်။ အက်ရှ်က ထိုသို့ ပြောခန် ပါးစပ် ဟလိုက်စဉ် မစ္စက် ဟာလိုးက လက်ဖက်ရည်သွားလာရန် ခေါင်းလောင်းကို နှိပ်လိုက်သည်။ အနားတွင် စားပွဲထိုးတွေ ဝင်ချည် ထွက်ချည်နှင့်။ သူတို့နှစ်ယောက် ပြောချင်သည့် စကားတွေကို ပြောခွင့် မရတော့။

ထို့ကြောင့် အက်ရှ်သည် တပ်ထဲက အကြောင်းများကို ပြောနေရသည်။ ဗီလင်ဒါက လက်ဖက်ရည် ငှဲ့ပြီး စားပွဲထိုးများက ကိတ်မုန့် ပန်းကန်နှင့် ဆင်းဒွစ်ပန်းကန်များကို ယူလာကြ၏။

အက်ရှ်သည် ကိုယ့်စကားသံကို နားထောင်ရင်း အိပ်မက်ထဲတွင် ကြားနေရသူလို ဖြစ်နေသည်။ တကယ်ဖြစ်နေသည်ဟု မထင်။ ယခုအတိုင်း ဆိုလျှင် သူတို့အနာဂတ်က ဘာမျှ ရေရာ သေချာခြင်း မရှိ။ သူတို့နှစ်ဦးသည် ဘာမျှ မဆိုင်ကြသည့်နှယ် လက်ဖက်ရည်စား တစ်ကျိုက် သောက်လိုက်၊ ကိတ်မုန့်လေး တစ်ဖဲ့ကိုက်လိုက်၊ အရေးမကြီးသည့် အသေးအဖွဲကလေးတွေကို ပြောလိုက်နှင့်။

ဟာလိုးတို့၏ ဘန်ဂလိုသို့ ရောက်ပြီး ဗီလင်ဒါထို ဈေးဝယ် ထွက်သွားသည်ဟု ကြားလိုက်ရသည့်အချိန်က စပြီး သူ့အဖို့ ထိုနေ့သည် ခြောက်အိပ်မက်ကြီး တစ်ခုကို မက်နေရသလို ဖြစ်နေသည်။

ဂျော့က စကားတွေ တွင်တွင် ပြော၊ ကလပ်ဧည့်ခန်းထဲတွင် ညနေ လေးနာရီ ထိုးအောင် စောင့်၊ ကွမလောင်းကြီး မစ္စက် ဟာလိုးက အဆက်အစပ်မရှိသော စကားများနှင့် သာမန် ဧည့်သည်လို လက်ဖက်ရည်ကို ဟန်ဆောင်ပန်ဆောင် သောက်နေရသည့် ကိစ္စကြီးသည် ခြောက်အိပ်မက်ကြီး တစ်ခုကို မက်နေရသလို ဖြစ်နေသည်။

အခန်းကြီး တစ်ခုလုံးသည် ခြင်ရိုက်သည့် ယပ်တောင်မှ ကော်ပြင်ကြီးလို ဖြစ်နေပြီး သူကိုယ်တိုင်မှာမူ ယိုဘူးထဲတွင် နစ်နေသည့် ယင်ကောင် တစ်ကောင် ထပျံရန် ရုန်းကန် ကြိုးစားရသည်နှင့် တူနေသည်။

မစ္စက် ဟာလိုးက အမျိုးသမီး ကယ်ဆယ်ရေး အသင်းများ အကြောင်းကို ပြောနေပြီး ဗီလင်ဒါက သူ တက်ခဲ့သည့် ပါတီပွဲများ၊ ညှိခံပွဲများ အကြောင်းကို ပြောနေသည်။ ထို့နောက် နာရီစင်ပေါ်တွင် တင်ထားသည့် သစ်သား ပန်းပုလက်ရာများ အကြောင်းကို ပြောနေပြန်သည်။

အက်ရှ်သည် သစ်သား ပန်းပုရုပ်များကို တစ်ချက် လှမ်းကြည့်ပြီး

'ခပ်စောစောက ကလပ်ကို ရောက်ခဲ့လို့ ဂျော့နှင့်တောင် တွေ့ခဲ့သေးတယ်၊ ဗီလင်ဒါတို့ အိမ်ကို ခဏခဏ ရောက်တတ်တယ်ဆို'

ဗီလင်ဒါက ရယ်လိုက်ပြီး နှုတ်ခမ်းကလေး တစ်ချက် စူလိုက်လျက်

'ရောက်မှာပေါ့ အစ်ကိုရဲ့၊ တပ်ထွက်သွားတော့ တစ်မြို့လုံး စစ်ဗိုလ် လူငယ်ရယ်လို့ တစ်ယောက်မှ မရှိတော့တာ၊ ကတတ်တဲ့ လူဆိုလို့ ပက်ရှဝါမှာ သူတစ်ယောက်လောက်ပဲ ရှိတော့တယ်၊ ဒီပြင်လူနှင့် ကရင် ခြေထောက်ကို တက်နင်းလား နင်းရဲ့၊ ဂါဝန်ကို တက်နင်းလား နင်းရဲ့၊ အစ်ကိုရော ကတတ်သလား ဟင်၊ ဗီလင်ဒါက အက ဆိုရင် သိပ် ဝါသနာပါတာ'

'ဘာလဲ၊ ဗီလင်ဒါက အစ်ကို့ကို ကခိုင်းဦးမလို့လား၊ ဒီည ကလပ်မှာ ကပွဲ ရှိတယ်တဲ့၊ ကိုယ်က ဂျော့လောက်တော့ ကတတ်မှာ မဟုတ်ပါဘူး၊ ဒါပေမဲ့ ဗီလင်ဒါရဲ့ ဂါဝန်ကိုတော့ တက်နင်းမိမယ် မထင်ပါဘူး'

'အို ဒါပေမဲ့...'

ဗီလင်ဒါက စကား မဆက်သေးဘဲ သူ့အမေကို လှမ်းကြည့်လိုက်သည်။ ထိုအချိန်၌ကား မစ္စက် ဟာလိုးမှာ မရှောင်သာတော့သည့် အလျောက် ညနေတွင် ကလပ် ကပွဲသို့ လာရန် ဖိတ်ကြားရသည်။ ဖိတ်ချင်လှ၍ကား မဟုတ်။

စင်စစ် အက်ရှ်ကို သူတို့အိမ်သို့ ဖိတ်ခြင်းမှာ သူတို့နှစ်ယောက် ကိစ္စကို သူတို့ဘာသာ ပြတ်ပြတ်သားသား ရှင်းလင်းရန် လက်ဖက်ရည်သောက် ဖိတ်ရုံမျှသာ ဖြစ်၏။

သူတို့နှစ်ယောက် ကိစ္စပြတ်လျှင် နောင်တွင် ခပ်တန်းတန်း အနေခိုင်းမည်။ ထို့နောက် ဗီလင်ဒါအား သူ့လက်စွပ်ကို ပြန် အပေးခိုင်းမည်။



www.burmeseclassic.com

www.burmeseclassic.com


ထိုအခါတွင် အက်ရှ်သည်လည်း ပက်ရှဝါတွင် ဆက်နေတော့မည် မဟုတ်ဘဲ သူ့တပ်စခန်းသို့ ပြန်သွားလိမ့်မည်။ အလွန်ဆုံး သူ နေလျှင် ညစာ စားရုံလောက်သာ နေလိမ့်မည်ဟု မစ္စက် ဟာလိုး ထင်ခဲ့သည်။ ယခု ဗီလင်ဒါက သူ့ကို ကပွဲသို့ ဖိတ်နေပြီ။ ဘာကြောင့်များ ဖိတ်လေသနည်း။ အက်ရှ်ကလည်း အလိုက်သိစွာဖြင့် ငြင်းလိမ့်မည်ဟု သူ ထင်ခဲ့သည်။

သို့ရာတွင် သူ ထင်သလို မဟုတ်။ အက်ရှ်ကလည်း ကပွဲသို့ ဖိတ်သည်ကို လက်ခံသည်။ လက်ခံခြင်းမှာ အခြားကြောင့် မဟုတ်။ သူတို့ကိစ္စကို ဗိုလ်မှူးဟာလိုးက လက်မခံသည့်တိုင် မစ္စက် ဟာလိုးသည် သူ့ဘက်တွင် ရှိလိမ့်ဦးမည်ဟု ထင်သောကြောင့် ဖြစ်၏။ ထိုစဉ် မစ္စက် ဟာလိုးက သူတို့နှစ်ယောက်တည်း ပန်းခြံထဲ သွား၍ စကား ပြောခိုင်းသည့် အခါတွင် မစ္စက် ဟာလိုးသည် သူ ထင်သည့်အတိုင်း သူ့ဘက်မှာ ရှိသည်ဟု စိတ်ချလက်ချ ယုံကြည်သွားသည်။

အက်ရှ်သည် မနက်ပိုင်းက ပက်ရှဝါသို့ လာခဲ့တုန်းကလို စိတ်ဓာတ် ပြန်တက်လာသည်။ ဗီလင်ဒါက ပန်းခြံထဲသို့ ဆင်းသွားသည့် အခါတွင် နောက်မှ လိုက်လာခဲ့ပြီး ရေတပင်ကြီးများ နောက်ကွယ်သို့ ရောက်သည်နှင့် ဖက်နမ်းလိုက်သည်။ အချစ်ကြောင့် လည်းကောင်း၊ မျှော်လင့်ချက်ကြောင့် လည်းကောင်း ရင်တထိတ်ထိတ် ခုန်လျက်။ သို့ရာတွင် နောက်တွင်မူ သူ ထင်သည်နှင့် တခြားစီ။

ဗီလင်ဒါသည် သူ့အနမ်းကို ပြန်၍ တုံ့ပြန်သည် မှန်၏။ သို့ရာတွင် ပြန်နမ်းပြီးနောက် သူ ပေးထားသည့် လက်စွပ်ကို ပြန်ပေးသည်။ ထိုအခါတွင်မူကား အခြေအနေ အရပ်ရပ်ကို အက်ရှ် သိလိုက်ပြီ။ သူ့မိဘများက သူတို့ကိစ္စကို သဘောတူခြင်း မရှိကြောင်း ပြောစရာမလိုတော့။ မစ္စက် ဟာလိုးသည် ရန်သူ့ဘက်သို့ ပါသွားလေပြီ။ သူ့အမှားကို ဝန်ခံ တောင်းပန်ပြီး ဖြစ်ပုံရသည်။ အဖေရော အမေရော တစ်ဖက်တည်း ဖြစ်သွားကြပြီ။

နောင် လေးနှစ် ကြာ၍ ဗီလင်ဒါ လက်ထပ်ရန် အချိန်အရွယ် ရောက်သည် အထိ သူ့အဖို့ မျှော်လင့်ချက် မရှိတော့။ ငြင်းခုံနေ၍လည်း အကျိုးထူးမည် မထင်။ ဒေါသ တက်နေ၍လည်း အောင်မြင်နိုင်စရာ မရှိ။

အက်ရှ်က ထွက်ပြေးကြရန် ပြောသည့်အခါတွင် ဗီလင်ဒါသည် စိတ်ပျက်သွားဟန် တူ၏။ ထို့နောက် ပြန်စဉ်းစားပါဦးဟု ဆိုကာ ငြင်းသည်။

'ဟင့်အင်း၊ ဗီလင်ဒါ ဒီလို မလုပ်ရဲဘူး၊ လုပ်ဖို့ မပြောနှင့် စိတ်တောင် မကူးရဲဘူး၊ ဘာလဲ အစ်ကို၊ အစ်ကို ရူးနေသလားဟင်၊ အစ်ကိုလည်း တပ်ထဲက အထုတ်ခံရမှာပေါ့၊ ပြီးတော့ ဗီလင်ဒါလည်း တော်တော်နှင့် ဘယ်မှာ ခေါင်း ဖော်ရဲပါတော့မလဲ၊ မလုပ်ပါနှင့် အစ်ကိုရယ်၊ အစ်ကိုလည်း သိက္ခာကျ၊ ဗီလင်ဒါလည်း သူများ တံတွေးခွက် ပက်လက် မျောရမယ့် ကိစ္စ၊ အစ်ကို့ကို ဗီလင်ဒါ ကြောက်တောင်လာပြီ၊ ဒီလိုစိတ်ကူးမျိုးတွေ ဘယ်လိုများ ပေါ်လာသလဲ မသိဘူး၊ အစ်ကို ပြောရက်တယ်နော်'

ဗီလင်ဒါ၏ မျက်လုံးတွင် မျက်ရည်များ ဝဲလာသည်။ အက်ရှ်ကို ဘယ်တော့မျှ မျက်နှာချင်း မဆိုင်တော့ဘူးဟု ဆိုကာ အိမ်ထဲသို့ ဝင်ပြေးမည် ပြုသဖြင့် အက်ရှ်မှာ မနည်း တောင်းပန်ယူရသည်။

နောက်ဆုံး၌ ဗီလင်ဒါသည် အက်ရှ်ကို ခွင့်လွှတ်သည့်တိုင် နောင်တွင် သူနှင့် နှစ်ယောက်တည်း ဘာသဘောတူညီချက်မျှ မလုပ်တော့ဟု ပြော၏။

ဗီလင်ဒါက မျက်ရည်လည်ရွဲဖြင့်

'အစ်ကို့ကို မချစ်လို့တော့ မဟုတ်ပါဘူး၊ အစ်ကို့ကို ချစ်ပါတယ်၊ ဖေဖေက သဘောတူတယ် ဆိုရင် ခုချက်ချင်း လက်ထပ်ဖို့ အဆင်သင့်ပါ၊ ဒါပေမဲ့ ကတိတော့ မပေးပါရစေနှင့် အစ်ကိုရယ်၊ ဗီလင်ဒါ နှစ်ဆယ်တစ်နှစ် ပြည့်တယ် ဆိုရင် ဘယ်လို သဘောထားပြောင်းမလဲ ဆိုတာ မပြောနိုင်သေးဘူး၊ အဲဒီအခါကျတော့ အစ်ကို့ အနေနှင့် ဗီလင်ဒါကို ချစ်ချင်မှ ချစ်တော့မှာ၊ ဒီတော့'

'အစ်ကိုကတော့ အမြဲတမ်း ချစ်နေမှာပါ'

'အစ်ကိုကလည်း ဆက်ချစ်နေပြီး ဗီလင်ဒါကလည်း အချစ် မပြယ်သေးဘူး ဆိုရင်တော့ ကောင်းတာပေါ့၊ ဒီလောက် နှစ်ရှည်လများ နေလာပြီးမှ ချစ်နေကြသေးတယ် ဆိုရင် ဗီလင်ဒါတို့ အချစ်ဟာ အစမ်းသပ် ခံပြီးသား ဖြစ်တာပေါ့'

အက်ရှ်က သူ့အနေဖြင့်မူ ထိုမျှမက စောင့်နိုင်ကြောင်း၊ တစ်နေ့တွင် သူ့ကို လက်ထပ်ပါမည်ဟုသာ ကတိပေးဖို့ လိုကြောင်းဖြင့် ပြောသည်။ သို့ရာတွင် ဗီလင်ဒါက မည်သို့မျှ ကတိပေးခြင်း မပြု။ အက်ရှ် ပြန်ပေးသည့် လက်စွပ်ကိုလည်း လက်မခံ။ အက်ရှ်ထံတွင် သိမ်းထားစေလိုကြောင်း၊ အကယ်၍... တစ်နေ့တွင် သူ့မိဘများက သဘောတူမည် ဆိုလျှင်၊ သူတို့ တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ခွင့်ပြုမည် ဆိုလျှင်၊ အကယ်၍... သူတို့ နှစ်ယောက်ကလည်း အချစ် မပြယ်ကြသေး ဆိုလျှင်။

'အကယ်၍ အကယ်၍ အကယ်၍တွေက များလှချည်လားကွယ်၊ ကိုယ့်ကို အကယ်၍ ဆိုတဲ့ စကားတစ်လုံးပဲ ကတိ ပေးနိုင်တော့မှာလား၊ အကယ်၍ မိဘတွေက သဘောတူရင်၊ အကယ်၍ တပ်မှူးက ခွင့်ပြုရင်တဲ့၊ သူတို့ သဘောနှင့်ပဲ ပြီးနေရတော့မှာလား၊ ကိုယ်တို့ 'သဘောကော မပါတော့ဘူးလား၊ ခုပြဿနာက ကိုယ်တို့ ဘဝ၊ ကိုယ်တို့ အချစ်ရေး၊ ကိုယ်တို့ အနာဂတ်ရေးကို ဆုံးဖြတ်ရမှာ၊ ဗီလင်ဒါကသာ ကိုယ့်ကို ချစ်တယ် ဆိုရင်...'

အက်ရှ် ဆက်၍ မပြောနိုင်။ သူ ရှုံးခဲ့ရပြီ။ ဗီလင်ဒါမှာလည်း အကြီးအကျယ် စိတ်ထိခိုက်နေပုံ ရသည်။ သည်အတိုင်းသာ ဆက်ပြောနေကြလျှင် ရန်ဖြစ်ရတော့မည်။ မျက်ရည်ပေါက် ကြီးငယ် ကျရတော့မည်။ ယခု ချက်ချင်းပင် သူတို့နှစ်ယောက် စိတ်ဝမ်းကွဲကာ သူစိမ်းပြင်ပြင်ကြီးတွေ အဖြစ် ရောက်ကြရတော့မည်။ သည်အဖြစ်ကိုမူ သူ အရောက် မခံနိုင်။ အက်ရှ်က သူ့လက်ကို တယုတယ ဆွဲယူလိုက်ကာ ခပ်ဖွဖွ နမ်းလိုက်၏။

'ကိုယ် တောင်းပန်ပါတယ် အချစ်ရယ်၊ ဟုတ်ပါတယ်၊ ကိုယ် ဒီစကားမျိုးကို မပြောသင့်ပါဘူး၊ ချစ်ကိုယ့်ကို ချစ်တယ် ဆိုတာ ကိုယ် သိပါတယ်၊ ခုလို ဖြစ်ရတာဟာလည်း ချစ်ကြောင့် မဟုတ်ဘူး ဆိုတာ ကိုယ်သိပါတယ်၊ ချစ်အတွက် ဒီလက်စွပ်ကို ကိုယ် သိမ်းထားပါ့မယ်၊ ကိုယ်ဟာ ချစ်နှင့် ထိုက်တန်တယ် ဆိုတာကို ပြနိုင်တဲ့ တစ်နေ့ကျမှ ဒီလက်စွပ်ကို ချစ်ကို ပြန်ပေးပါတော့မယ်၊ ချစ်ကို ကိုယ် ဘယ်လောက် ချစ်တယ် ဆိုတာကိုတော့ ချစ် သိပါတယ်နော်၊ သိတယ် မဟုတ်လားဟင်'

'သိပါတယ် အစ်ကိုရယ်၊ ဗီလင်ဒါလည်း စိတ်ကောင်းပါဘူး၊ ဒါပေမဲ့ ဖေဖေက ပြောနေတော့...၊ ဒါပါ အစ်ကိုရယ်၊ ဒါတွေ မပြောပါနှင့်တော့၊ ဒါတွေကို ပြောနေလို့ အကြောင်း မထူးပါဘူး၊ စိတ်ညစ်ရုံပဲ ရှိတာ'

ဗီလင်ဒါသည် စိုစွတ်နေသည့် ဇာလက်ကိုင်ပဝါလေးဖြင့် သူ့မျက်လုံးများကို သုတ်နေသည်။ သူ့ကို ကြည့်၍ အက်ရှ် သနားသွား၏။ ထို့ကြောင့် နမ်း၍ ချော့လိုက်ချင်သည်။ သို့ရာတွင် ဗီလင်ဒါက ခွင့်မပြု။ သူ့ လက်စွပ်ကို ပြန်ပေးပြီး ဖြစ်၍ သူနှင့် ဘာမျှ မဆိုင်တော့သည့် အတွက် မသင့်လျော်ဟု ဆိုသည်။

သို့ရာတွင် မိမိတို့ နှစ်ယောက်သည် မိတ်ဆွေအဖြစ် ဆက်ဆံနိုင်ကြောင်း၊ ယနေ့ည ကပွဲကိုလည်း လိုက်ခဲ့စေလိုကြောင်း၊ အက်ရှ်သည် အက ကောင်းသူတစ်ဦးဟု မိမိ ယုံကြည်ကြောင်း၊ မည်သို့ဖြစ်စေ သူ့အတွက် လူပို တစ်ယောက် ပါလာလျှင် များစွာ အသုံးဝင်ကြောင်းဖြင့် ပြောသည်။

သူတို့နှစ်ယောက်သည် စကားဖြတ်ကာ အိမ်ထဲသို့ ဝင်လာခဲ့ကြ၏။ အက်ရှ်၏ မျက်နှာမှာ သုန်မှုန်လျက်။ သူ့လည်ပင်းကို သူ လိုးပစ်လိုက်ချင်သည်။ သို့မဟုတ်လျှင်လည်း အရက်ကို မူးအောင် သောက်ပစ်လိုက်ချင်သည်။ စင်စစ် လူပို တစ်ယောက် ပါလာလျှင် အသုံးကျသည် ဆိုသည့် စကားသည် နာကြည်းဖို့ကောင်းသည့် စကား။

သို့ရာတွင် အက်ရှ်သည် ဗီလင်ဒါ၏ မျက်နှာကို မြင်ချင်သည်။ ထို့ကြောင့် မာန်ကို လျှော့ကာ သူ ခေါ်သည့် အတိုင်း ကပွဲသို့ လိုက်လာခဲ့သည်။

လိုက်သာ လိုက်ခဲ့ရသည်၊ ပျော်စရာ ကောင်းလိမ့်မည် မထင်။ သို့ရာတွင် သူ ထင်သည်ထက် ပျော်စရာ ကောင်းနေသည်။ ဗီလင်ဒါသည် သူနှင့် သုံးကြိမ်တွဲက၏။ ကပုံကို ချီးမွမ်းသည်တွင် အက်ရှ်သည် အားတက်လာကာ ဗီလင်ဒါ ရင်တွင် ထိုးထားသည့် နှင်းဆီပွင့် ဝါဝါကလေးကို တောင်းသည်။ ဗီလင်ဒါက မပေး။ (ဂျော့ကလည်း ထိုနှင်းဆီပွင့် ဝါဝါကလေးကို ပေးရန် တောင်းသည်တွင် ငြင်းခဲ့သည်။ ပေးလိုက်လျှင် မေမေကလည်း မမြင်ဘဲ နေမည် မဟုတ်။)

သို့ရာတွင် ဗီလင်ဒါသည် သူနှင့် အတူ မီးပုံးတွေ ထွန်းထားသည့် မြက်ခင်းပြင်တွင် လမ်းလျှောက်လိုက်လာခဲ့သည်။ ခပ်စောစောက ဂျော့နှင့် သုံးကြိမ် တွဲကခဲ့ခြင်း၊ ဗိုလ်ချုပ်ကြီး တစ်ယောက်၏ ကိုယ်ရံတော်နှင့် တူသူ တစ်ဦးနှင့် နှစ်ချီ တွဲကခဲ့ခြင်းတို့ကို မြင်ရသည့် အတွက် အက်ရှ် စိတ်ပျက်သည့်တိုင် ယခု သူ ခေါ်ရာသို့ အလွယ်တကူ လိုက်လာခဲ့သဖြင့် ကျေနပ်သလိုလို ဖြစ်သွားသည်။

ဗီလင်ဒါက ကပွဲဝတ်စုံကို ဝတ်လျက် ခါတိုင်းထက် ချစ်စရာ ကောင်းနေသည်ကို တွေ့ရပြန်သည့် အခါတွင် အက်ရှ်သည် ပို၍ နှမြောလာပြန်သည်။ သည်လို ဆိုတော့လည်း ဘယ်နှနှစ် စောင့်ရ စောင့်ရ စောင့်



www.burmeseclassic.com

www.burmeseclassic.com



ပျော်သည်ဟု သူ ကျေနပ်သွားပြန်သည်။ ဟုတ်သည်၊ သည်လို အဖိုးတန် ရတနာ တစ်ပါးကို လုယူဖို့ မကောင်း။ အဆောတလျင် ယူဖို့ မကောင်း။

မစ္စက် ဟာလိုးသည် ကပွဲတွင် အက်ရ်ှ တစ်ယောက် စိတ်ပျက်လက်ပျက်ဖြင့် သုန်သုန်မှုန်မှုန် ဖြစ်နေလိမ့်မည်ဟု ထင်ခဲ့သည်။ သို့ရာတွင် သူ ထင်သလို မဟုတ်။ သူ လာသဖြင့် ကပွဲပို၍ မြိုင်ဆိုင်သွားသည့်အတွက် ဝမ်းသာရသေးသည်။ အက်ရ်ှသည် တခြားသော မိန်းမပျိုကလေးများကို သူ့လောက် အရေးပေးခြင်း မရှိသည့် အတွက် ဗီလင်ဒါ အနေဖြင့်လည်း ဝမ်းသာနေသည်။ မိမိသည် တစ်ဖက်သားကို စွဲလမ်းစေသည့် အရည်အချင်း တစ်မျိုးကို ပိုင်ဆိုင်သည်ဟု သိရသည့် အတွက်လည်း ဗီလင်ဒါ ကျေနပ်သည်။

ပြန်ခါနီးတွင် ဗီလင်ဒါက သူ့လက်ကို ဖျစ်ညှစ်၍ လှိုက်လှိုက်လှဲလှဲ နှုတ်ဆက်သည်။ အက်ရ်ှ ဝမ်းသာလိုက်သည်မှာ ဆိုဖွယ် မရှိတော့။ ဘန်ဂလိုသို့ ပြန်လာခဲ့ရာတွင် မြေကြီးပေါ်တွင် လျှောက်နေရသည်နှင့် မတူ။ လေထဲတွင် ပျံဝဲနေသကဲ့သို့ ထင်ရသည်။

အမေကြီးကလည်း သူ ထင်သည်ထက် ပို၍ ဖော်ရွေနေသည်ကို တွေ့ရ၏။ မနက်ဖြန်တွင်မူ ချိန်းထားသည့် ကိစ္စ ရှိသဖြင့် မတွေ့နိုင်တော့ကြောင်း၊ နောက်တစ်ခါ ပက်ရှဝါသို့ ရောက်လျှင် လာဖြစ်အောင် လာခဲ့စေလိုကြောင်းဖြင့် ဗီလင်ဒါက တဖွဖွ မှာလိုက်သည်။

သို့ရာတွင် မနက်ဖြန် မတွေ့ရလျှင်လည်း အက်ရ်ှ ဝမ်းမနည်း။ သူတို့ ရထား တပ်နယ်မြေထဲမှ ထွက်သွားသည့် အခါတွင် ပြန်ခါနီး သူ့လက်ထဲသို့ ဗီလင်ဒါ ဖျစ်ညှစ် ထည့်ပေးခဲ့သည့် ပစ္စည်းကလေးကို အက်ရ်ှ ငုံ့ကြည့်လိုက်သည်။

သူ့လက်ထဲတွင် ကြေနွမ်းနေပြီ ဖြစ်သည့် နှင်းဆီပွင့် ဝါဝါကလေး တစ်ပွင့်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၁

ညနေ ဆည်းဆာရောင်ထဲတွင် မဒန်း တပ်မြို့ကလေး က ချစ်စရာ။ ကိုယ့် တပ်စခန်းသို့ ပြန်ရောက်ရသည့် အတွက် သူ ဝမ်းသာသည်။ မြင်းတပ်ရှိ မြင်းဇောင်း များမှ အသံများနှင့် အနံ့များ၊ ကြယ်ပုံသဏ္ဌာန် မဒန်း တပ် အဆောက်အအုံ၊ ဝင်လုဆဲ နေရောင်ထဲတွင် နီးဆိနီလို နီရဲနေသည့် ယူစွတ်ဗိုင် တောင်တန်းကြီး များ။ ထိုအရာများ အားလုံးကို မြင်ရသည့် အခါတွင် သူ့အဖို့ အိမ်ကို ပြန်ရောက်သကဲ့သို့ ရှိ၏။

အာလယားသည် ဝရန်တာတွင် ထွက်ကာ သူ့ ကို စောင့်ကြိုနေသည်။ သူ စိတ်လက် ကြည်သာ ရှိလျှင် စကား ပြောမည်။ သူ စိတ်လက် ကြည်သာခြင်း မရှိ လျှင် တိတ်ဆိတ်စွာ ထိုင်နေမည်။

ထို့နောက်ပိုင်းတွင်မူ အက်ရှ်သည် ဗီလင်ဒါ့ အကြောင်းကို တွေးချိန် မရ။ သူတို့ အချစ်ရေး အဆင် ပြေ ဖြစ်နေပုံတွေကို စဉ်းစားချိန် မရှိ။ တချို့ ရက် များတွင်မူ ဗီလင်ဒါ အကြောင်းကို လုံးလုံးပင် မတွေး မိ ညတွင် သူ့ကို အိပ်မက် မက်သည် ဆိုလျှင်ပင် နောက် လင်းသည်နှင့် ထိုအိပ်မက်သည် သူ့ခေါင်းထဲတွင် မရှိတော့။

သူ အမှုထမ်းနေသည့် အိန္ဒိယ တပ်မတော်၊ အထူးသဖြင့် နယ်ခြားစောင့် တပ်ဖွဲ့က အခြား တပ်များ နှင့် မတူ။ ဆင်းဟတ်စ် စစ်တက္ကသိုလ်က သင်ပေး လိုက်သည့် ပုံစံတွေနှင့် တခြားစီ။ အက်ရှ်ကမူ ထိုသို့ ကွာဟ ကွဲပြား ခြားနားနေခြင်းကိုပင် သဘောကျနေ သည်။ ဗီလင်ဒါနှင့်သာ မတွေ့ခဲ့လျှင် အက်ရှ်သည် သူ့ ဘဝ တစ်ခုလုံးကို စစ်တပ်ထဲတွင် လုံးဝ မြှုပ်နှံထားမိ လိမ့်မည်။

နယ်ခြားစောင့်တပ် အရာရှိကလေး တစ်ယောက် အနေဖြင့် အက်ရှ်သည် ပွတ်ရှ်တွန်း ခေါ် ပထန့်စကား နှင့် ဟိန္ဒူစတန် စကားကို သင်ရ၏။ ပထန် စကားမှာ နယ်ခြား ဒေသတွင် သုံးသည့် စကား ဖြစ်ပြီး ဟိန္ဒူစတန် စကားမှာ အိန္ဒိယပြည် တစ်ဝန်းနှင့် အိန္ဒိယ တပ်မတော် ထဲတွင် သုံးသည့် စကား ဖြစ်သည်။

အက်ရှ်သည် ထိုဘာသာစကား နှစ်ခုစလုံးကို အရေးအဖတ် သင်ခဲ့ဖူးခြင်း မရှိ။ စကား ပြောသလို ရေ လည်စွာ မရေးနိုင်၊ မဖတ်နိုင်။ ယခု မွန်ရှီ ခေါ် ဆရာ တစ်ယောက်ထံတွင် သင်ကြားလိုက်သည်တွင် ဘာသာ ဗေဒ ပါရဂူ ဟီလာရီ၏ သွေးဖြစ်သည့် အက်ရှ်သည် အလွယ်တကူ တတ်မြောက်လာခဲ့သည်။

သို့ရာတွင် ပထန် ဘာသာနှင့် ဟိန္ဒူစတန် ဘာသာ အထက်တန်း စာမေးပွဲကို ဝင်ဖြေသည့် အခါ တွင် အက်ရှ် တစ်ယောက် စာမေးပွဲ ကျခဲ့သည့် ကိစ္စ ကမူ ဆန်းနေသည်။ အက်ရှ် ကိုယ်တိုင်ကလည်း အံ့ အားသင့် နေသည်။ သူ့ဆရာ မွန်ရှီမှာကား ဒေါပွ၍ မဆုံး။

အက်ရှ်သည် မည်သည့်နည်းနှင့်မျှ စာမေးပွဲ မကျနိုင်ဟု အခိုင်အမာ ပြော၏။ သူ သင်ခဲ့ဖူးသမျှ တပည့်များထဲတွင် အက်ရှ်လောက် တော်သည့် တပည့် တစ်ယောက်မျှ မရှိသေး။ စာစစ်သူကလျှင် မှားယွင်း ခြင်း ဖြစ်ရမည် သို့မဟုတ် စာမေးပွဲ အောင်စာရင်း ထုတ်ပြန်ရာတွင် ဆိုင်ရာက မေ့ကျန်ခဲ့ခြင်းသော်လည်း ဖြစ်ရမည်ဟု ဆိုသည်။

သို့ရာတွင် ကာလကတ္တားတွင် တပ်မှူး၏ မိတ် ဆွေ တစ်ယောက် ရှိသည့် အတွက် မှားယွင်းခဲ့သော် မည်သို့မျှ တိုင်တန်းခြင်း မပြုပါဟု ကတိပေးကာ အဖြေ လွှာများကို ယူကြည့်ရာတွင် အဖြေလွှာပေါ်တွင် မင်နီ ကြီးဖြင့် 'တစ်လုံးမျှ အမှား မရှိ၊ ဤအရာရှိသည် ကူး ချခြင်း ဖြစ်ရမည်' ဟု ရေးထားသည်ကို တွေ့ရသည်။

'နောက်တစ်ခါကျရင် နည်းနည်းပါးပါး အမှား လေး ဘာလေး ထည့်ဖြေပေ့စေပေါ့' ဟု တပ်မှူး



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေက ပြောချေ၏။ သို့ရာတွင် အက်ရှ်သည် နောက်ထပ် စာမေးပွဲ ဖြေဆိုခြင်း မပြုတော့။

နိုဝင်ဘာလတွင် သူတို့တပ် သင်တန်း ဆင်းရသည်။ အက်ရှ်သည် ခံတပ်ထဲက ပူပြင်း အိုက်စပ်သည့် သူ့ အခန်းကလေးထဲမှ ထွက်ကာ မြစ်တစ်ဖက်ကမ်း ကွင်းပြင်ထဲက ရွက်ဖျင်တဲကလေးထဲမှာ နေရ၏။ တပ်တွေ စခန်းချ ထွက်ပြီ ဆိုလျှင် သူတို့တစ်တွေ မအားရ။ မြင်းကုန်းနှီးပေါ်မှာ အမြဲ နေကြရသည်။ ညဆိုလျှင်လည်း နှင်းမှုန်တွေ အောက်က ရွက်ဖျင်တဲတွေထဲမှာ နေရသည်။ အက်ရှ်သည် တပ်နယ်မြေထဲတွင် နေရသည် ထက် ပျော်၏။

ညနေ မိုးချုပ်၍ ညစာ စားပြီးလျှင် အရာရှိတွေ အားလုံး ပင်ပန်းကြသဖြင့် အိပ်ပျော်ကုန်ကြပြီ။ အက်ရှ်မှာမူ မအိပ်နိုင်သေး။ မီးပုံဘေးတွင် ဝိုင်းထိုင်နေကြသည့် အစုများထဲသို့ ရောက်သွားကာ စကားစမြည် ပြောနေတတ်သည်။

ထိုသို့ နေရသည်ကို အက်ရှ် အပျော်ဆုံး။ မီးပုံဘေးတွင် ဝိုင်းထိုင် စကားပြောရသဖြင့် သူ့တပ်သားတွေ အကြောင်းကို ပို၍ နားလည်လာသည်။ တပ်ထဲမှာ ဆိုလျှင် နေ့စဉ် ကိစ္စတွေကြောင့် သူတို့အကြောင်း၊ သူတို့ဘဝကို လေ့လာချိန် မရ။ ယခုမူ သူတို့ အိမ်တွင်းရေး ကိစ္စတွေ၊ သူတို့ ကိုယ်ရေးကိုယ်တာ ပြဿနာတွေ၊ သူတို့ စရိုက်တွေကို သိရသည်။ တာဝန်ဖြင့် မဟုတ်ဘဲ အေးအေးလူလူ နေကြသည့် အခါတွင် သူတို့ စရိုက်များကို အမှန်အတိုင်း မြင်ရသည်။

မီးပုံများမှ မီးတောက်များသည် မှေးမှိန်စ ပြုလာခဲ့ကြလေပြီ။ မျက်နှာများသည် သဲကွဲခြင်း မရှိတော့ဘဲ မှုန်ဝါးစ ပြုလာခဲ့လေပြီ။

ထိုအခါများတွင် သူတို့သည် သာမန်အားဖြင့် ဖာရင်ဂီ (နိုင်ငံခြားသား) တစ်ယောက် ရှေ့တွင် ထုတ်ဖော် ပြောဆိုလေ့ မရှိသော အကြောင်းအရာများကို ပြောဆိုတတ်ကြသည်။

သူတို့ စကားများထဲတွင် တောင်ပေါ်သား လူမျိုးစုများ အကြောင်းလည်း ပါသည်။ ဘာသာတရား အကြောင်းလည်း ပါသည်။

တစ်ခါကမူ သာသနာပြု တစ်ဦးနှင့် တွေ့၍ စကား ပြောခဲ့ရသည့် ပထန် မြင်းတပ်သား တစ်ယောက်က (ထိုသို့ စကား ပြောရပါမည်လောဟု သူ့ကို မြင်းတပ်သားများက အထင် လွဲခဲ့ကြသေး၏။) အက်ရှ်အား အထွတ်အမြတ် သုံးပါး အကြောင်းကိုပင် မေးမြန်းသေးသည်။

'သာသနာပြုဆပ်က ပြောတော့ သူလည်း ဘုရား တစ်ဆူတည်းကိုသာ ယုံပါတယ်တဲ့၊ ဒါပေမဲ့ သူ ယုံတဲ့ ဘုရားသခင်က ဘုရားသုံးပါး တစ်ဆူတည်းကို ပေါင်းထားတဲ့ ဘုရားတဲ့၊ ဖြစ်နိုင်ပါ့မလားဟင် ဆပ်'

အက်ရှ်က အတန်ကြာမျှ တွေဝေနေသည်။ ထို့နောက် စစ်သား တစ်ယောက် ပန်းကန်ပြား အဖြစ် အသုံးပြုသည့် ဘီစကွတ် သေတ္တာ အဖုံးကို ကောက်ယူလိုက်ပြီးလျှင် ထောင့်စွန်း သုံးထောင့်တွင် ရေစက် သုံးစက် ချပြလိုက်ကာ

'ဟောဒီမှာ ရေစက် သုံးစက်၊ တွေ့တယ် မဟုတ်လား၊ တစ်စက်စီ ရှိနေတာ မဟုတ်လား'

အက်ရှ်က မုန့်သေတ္တာပုံး အဖုံးကို ထောင်လိုက်သည်တွင် ရေတွေ တစ်နေရာတည်းတွင် သွားစုနေလေသည်။

'ကဲ ခု အဲဒီ သုံးစက် ဘယ်မှာ ရှိသေးသလဲ၊ ရေစက် တစ်စက်တည်း ရှိတော့တယ် မဟုတ်လား၊ ဒါပေမဲ့ ဒီရေစက်ထဲမှာ ခုတင်က ရေစက် သုံးစက် ပေါင်းစည်းနေတယ် မဟုတ်လား'

တပ်သားများ အားလုံးက လက်ခံကြသည်။ အက်ရှ်မှာလည်း နေ့ချင်း ညချင်း ပညာရှိကြီး အဖြစ် အသိအမှတ်ပြုခြင်း ခံရ၏။

တပ်စခန်း ပြန်ရုပ်ပြီး တပ်နယ်မြေထဲသို့ ပြန်လာရသည့် အခါတွင် အက်ရှ် အိပ်မပျော်။ သို့ရာတွင် အက်ရှ်သည် သူတို့ လက်ထပ်ဖို့ ကိစ္စ ပျက်ပြားသွားသည့်တိုင် မဒန်းတွင် ပထမဆုံး တွေ့ရသည့် ဆောင်းကို သဘောကျသည်။

သူသည် စစ်ဗိုလ်များနှင့်လည်း အလွမ်းသင့်သည်။ တပ်သားများနှင့်လည်း ဝင်ဆံ့သည်။ သူတို့ အားလုံးသည် အက်ရှ်၏ အတိတ် ရာဇဝင်ကို မည်သို့မည်ပုံ သိထားကြလေသည် မသိ။ အက်ရှ်ကို အထူးတလည် စိတ်ဝင်စားကြသည်။

သူ့တပ်စုသည် တပ်ရင်း တစ်ခုလုံးတွင် စည်းကမ်း အသေဝပ်ဆုံး၊ အတော်ဆုံးဟု နာမည် ရလာခဲ့သည်။ အက်ရှ်မှာလည်း ထင်ရှားလာခဲ့သည်။ တပ်သားများ အမြင်၌ အက်ရှ် သခင်ဆပ်သည် သူတို့စကားကိုသာ ပြောသည် မဟုတ်၊ သူတို့ အတွေးမျိုးကိုလည်း တွေးနိုင်သူ ဖြစ်သည်ဟု ယုံကြည်သည်။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အခြား သခင်ဆပ်များကို သူတို့ လိမ်ညာကောင်း လိမ်ညာမည်။ သို့ရာတွင် အက်ရှ်ကိုမူ လိမ်ညာခြင်း မပြု။

သူတို့ အချင်းချင်း ပဋိပက္ခများကို အက်ရှ်သို့ လာတိုင်လျှင် စိတ်ချရသည်ဟုလည်း သူတို့ ယူဆ၏။ သူတို့ ပြဿနာများ ဖြစ်ရသည့် အကြောင်းကို အနောက်တိုင်းတွင် မွေး၍ အနောက်တိုင်းတွင် ကြီးပြင်း လူလားမြောက်ခဲ့ရသူတို့ နားမလည်နိုင်။ အက်ရှ် တစ်ယောက်သာ နားလည်နိုင်သည်ဟုလည်း သူတို့ ထင်သည်။

တစ်ခါက တပ်ထွက်စဉ် ဖြစ်ခဲ့သည့် ပြဿနာနှင့် ပတ်သက်၍ အက်ရှ်၏ ဆုံးဖြတ်ချက်မျိုး။ ထိုဆုံးဖြတ်ချက်သည် နယ်စပ် ဒေသတွင် နောင်ကြာမြင့်စွာအထိ ပြောစမှတ်ပြု၍ ကျန်ခဲ့သည်။

ဥပမာ...။

ထိုစဉ်က သူ့တပ်စုသည် ရီဆာလ်ပါတွင် ရှိသည့် အရာရှိ တစ်ယောက်၏ ပိုလို ရိုက်သည့် မြင်းကလေး တစ်ကောင် ပျောက်သွားသည့် အတွက် ထိုမြင်းကလေးကို လိုက်ရှာနေကြသည်။

နောက်တစ်နေ့ ည လရောင်မှုန်မှုန်တွင် သာသနာပြု အဖွဲ့မှ ဆရာဝန် တစ်ယောက်သည် ဖောင်ဝတ်ဆောင် မြင်းကလေးကို စီးလာ၏။ ဤတွင် စန္ဒရီက မြင်းနှင့် လူကို အရပ်ခိုင်းသည်။ စန္ဒရီ၏ အော်သံကြောင့် မြင်းသည် လန့်၍ ထွက်ပြေးလေသည်။ စန္ဒရီကလည်း မြင်းသူခိုးဟု ထင်ကာ နောက်မှ စစ်မြင်းဖြင့် လိုက်ပြီး သေနတ်ဖြင့် ပစ်သည်။ အထိအခိုက် ဘာ မရှိ။

သို့ရာတွင် ဆရာဝန်မှာ အသက်ကလည်း ကြီး၊ စိတ်ကလည်း တိုသူ တစ်ယောက် ဖြစ်သည့် အတွက် အကြီးအကျယ် ဒေါသထွက်ကာ သူ့ကို လိုက်ပစ်သည့် စန္ဒရီကို အရေးယူရန် တိုင်ကြားသဖြင့် စစ်သားကို နောက်တစ်နေ့ မနက်တွင် စစ်ခုံရုံးသို့ တင်သည်။

အက်ရှ်သည် တပ်စုမှူး တစ်ယောက်၏ တရားစီရင်ပိုင်ခွင့် အာဏာကို သုံးကာ တပ်သားကို ဆယ့်ငါးရက် ကွာတားချုပ်ပြီး လစာကိုလည်း ဖြတ်လိုက်သည်။ သခင်ဆပ် တစ်ယောက်ကို ပစ်မှု အတွက် နှစ်ရက်၊ ပစ်သော်လည်း မမှန်သည့် အတွက် ဆယ့်သုံးရက် ချသည်ဟု အမိန့်တွင် ဖော်ပြထားသည်။

သူ့စီရင်ချက်ကို တပ်သားများက သဘောကျကြသည်။ ထို့နောက်တွင်မှ တပ်မှူးက စစ်သားမှာ ရိုးသားစွာ ပစ်ခတ်မိခဲ့ခြင်း ဖြစ်သည်ဟု ဆိုကာ အမှုကို ပလပ်လိုက်သည်။

စင်စစ် အက်ရှ်သည် သခင်ဆပ် တစ်ယောက်ကို ပစ်ခတ်မှု အတွက် စန္ဒရီကို ကြီးလေးစွာ အပြစ်ပေးနိုင်သည်။ သို့ရာတွင် အက်ရှ်သည် သခင်ဆပ် တစ်ယောက်ကို ပစ်ခတ်ခြင်းထက် လက်ဖြောင့်ခြင်း မရှိသည့် ကိစ္စကို အရေးတကြီး ထားသည်။ သို့ရာတွင် အထက်လူကြီးများကမူ အက်ရှ်၏ ဆုံးဖြတ်ချက်ကို မကြိုက်ကြ။

'မဖြစ်ဘူးဗျို့၊ ကျွန်တော်တို့ ဒီဗိုလ်လေးကိုတော့ စောင့်ကြည့်မှ ဖြစ်မယ်၊ လူကတော့ တော်ပါရဲ့၊ ဒါပေမဲ့ ထင်ရာ လုပ်တာက ခက်တယ်' ဟု တပ်ခွဲမှူးက ပြောသည်။

ဗိုလ် ဝိုက်ဂရမ်က 'သောက်ရမ်း လုပ်လွန်းတယ်၊ ထင်ရာ စိုင်းလွန်းတယ်၊ လောကြီးလွန်းတယ်၊ အေးလေ၊ နောင်ကျရင်တော့ တဖြည်းဖြည်း နားလည်လာကောင်းပါရဲ့' ဟု ပြောသည်။

'နားလည်မှပဲကွာ၊ နားမလည်ရင်တော့ ဒုက္ခပဲ၊ ဒါပေမဲ့ ငါတော့ သိပ် မျှော်လင့်ချက် မထားချင်တော့ဘူး၊ ခေါင်းအေးအေး ထားနိုင်ရင် လောမကြီးရင် ဒီလို ကောင်မျိုးဟာ နယ်ခြားစောင့်တပ်မှာ သိပ် အသုံးဝင်တာပေါ့ကွာ၊ ခက်တာက ဒီကောင်က သေနတ်ကို အမြဲတမ်း မောင်းတင်ထားချင်တဲ့ ကောင်မျိုး၊ ငါတော့ ဒီကောင့် အတွက် စိတ်ညစ်တယ် ဝိုက်ဂရမ်'

'ဘာဖြစ်လို့ စိတ်ညစ်နေရတာလဲ ခွဲမှူး၊ တပ်သားတွေကတော့ သူ့ကို သဘောကျလို့ ခင်ဗျ၊ သူတို့နှင့် ဆိုရင် လုံးထွေးနေတာပဲ'

'ငါ သိပါတယ်ကွာ၊ တပ်သားတွေကတော့ သူ့ကို ဘုရားငယ် တစ်ဆူလောက် အောက်မေ့နေကြတာ၊ ဒီကောင် လုပ်ရင် ဘာမဆို လိုက်လုပ်ကြမှာ'

'ဒါ မကောင်းဘူးလား ခွဲမှူးရဲ့' ဟု ဗိုလ်လေးက နားမလည်နိုင်ဘဲ မေးသည်။

တပ်ခွဲမှူးက မျက်မှောင်ကုတ်လိုက်ကာ မုတ်ဆိတ်မွေးများကို ဆွဲနေသည်။ သူ့ကြည့်ရသည်က စိတ်ရှုပ်နေပုံ။

'အပေါ်ယံ ကြည့်ရင်တော့ ဘာမှ မဖြစ်ပါဘူး၊ ဒါပေမဲ့ တို့အချင်းချင်း ပြောရဦးမယ်၊ အရေးအကြောင်း ဆိုရင် ဒီကောင်က ဘာဖြစ်ဖြစ် မစဉ်းမစား လုပ်ချင် လုပ်မယ့် အကောင်မျိုး၊ သူ လုပ်ချင်ရာ လုပ်လို့ နောက် တပ်သားတွေက လိုက်လုပ်ရင် အားလုံး ဒုက္ခရောက်မှာကွ၊ ဒီကောင်က သတ္တိလည်း ကောင်းတယ်၊ သတ္တိမှ ကောင်းလွန်းလို့ ခက်နေတယ်၊ ဒါပေမဲ့ သူက ဒီ



www.burmeseclassic.com

www.burmeseclassic.com



နောက်ကိုယ်ပါ လုပ်တတ်တော့ ခက်တယ်၊ နောက် တစ်ချက် ရှိသေးတယ်၊ အရေးကြုံလို့ ပြတ်ပြတ်သားသား ဆုံးဖြတ်ချက် တစ်ခုကို ချရတော့မယ် ဆိုရင် သူဟာ ဘယ်သူ့အပေါ်မှာ သစ္စာစောင့်မလဲ၊ အင်္ဂလန်ကိုလား အိန္ဒိယကိုလား'

ဗိုလ်လေးသည် အလန့်တကြား ဖြစ်သွား၏။

'ဘုရားရေ၊ ခွဲမှူး ပြောချင်တာက သူဟာ တစ်နေ့မှာ သစ္စာဖောက် ဖြစ်သွားနိုင်တယ်လို့ ပြောတာလား၊ ဟုတ်လား'

'အို အို၊ ဒီလိုတော့လည်း မဟုတ်ပါဘူးကွာ၊ ငါ ပြောချင်တာက သူ့လို လူတစ်ယောက်၊ သူ့လို အိန္ဒိယမှာ မွေးပြီး အိန္ဒိယပြည်ကို သံယောဇဉ်ကြီးတဲ့ လူတစ်ယောက်ဟာ ဘယ်လို ဖြစ်မယ် ဆိုတာ မပြောနိုင်ဘူး၊ မင်းတို့ ငါတို့ အဖို့ကတော့ ရှင်းတယ်လေ၊ ပြဿနာ တစ်ခုခု တွေ့လာတယ် ဆိုရင် ငါတို့ဘက်က မှန်တယ်လို့ တစ်ဖက်သတ် တွေးပြီးသားကိုး၊ ဒါပေမဲ့ သူက ဘယ်သူ့ဘက်ကလဲ၊ သူ့ဘက်လား ကိုယ့်ဘက်လား မပြောနိုင်ဘူး၊ ငါ ဆိုလိုချင်တာက ဒီသဘောကို ပြောတာပါ၊ မင်း သဘောပေါက်ရဲ့လား မသိဘူး'

ဗိုလ်လေးက စိတ် မသက်မသာဖြင့်

'အင်း မပေါက်တပေါက်ပဲ ခွဲမှူးရေ၊ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ်ဗျာ၊ သူ့မှာ အိန္ဒိယသွေးမှ မပါတာ၊ ဒီ လောက်လည်း စိုးရိမ်မနေပါနှင့်၊ သူ့အဖေရော သူ့အမေ ရော နှစ်ယောက်စလုံး အင်္ဂလိပ်တွေချည်းပဲဟာ၊ ဒီမှာ မွေးတာ တစ်ချက်ပဲ ရှိပါတယ်၊ ဒါကတော့ သူ့လိုပဲ ဒီမှာ မွေးတဲ့ လူတွေ အများကြီး မဟုတ်လား၊ ခွဲမှူးလည်း ဒီမှာပဲ မွေးတာ မဟုတ်လား'

'ဒီမှာတော့ မွေးတာပါပဲ၊ ဒါပေမဲ့ ငါကတော့ ငါ့ကိုယ်ငါ အိန္ဒိယ လူမျိုးရယ်လို့ တစ်စက်ကလေးမှ မထင်ဘူး၊ သူက သူ့ကိုယ်သူ အိန္ဒိယ လူမျိုးလို့ ထင်နေတာကွ၊ အဲဒါက ပြဿနာ၊ အေးလေ၊ နောင်ကျတော့ အချိန်က ပြလိမ့်မပေါ့၊ ဘာပဲပြောပြော တို့ သူ့ကို ဒီပြန် ခေါ်မိတာ မှားသလား၊ မှန်သလား ဆိုတာတော့ ငါ သံသယ နည်းနည်း ရှိနေတယ်'

'အံမယ်လေး၊ ဒါကတော့ ကျွန်တော်တို့နှင့် မဆိုင်ပါဘူး ခွဲမှူးရာ၊ ကျွန်တော်တို့က မခေါ်လည်းပဲ သူ့ဘာသာသူ ခြေကျင်ပြန်ဆို ပြန်မယ့်လူမျိုးပါ၊ ပင်လယ်ကြီးကို ကူးလာ ဆိုရင်လည်း ကူးလာမှာပဲ၊ အိန္ဒိယကို သူ့အိမ်လို့ ထင်နေပြီကိုး၊ ဘယ်တားလို့ရမလဲ'

'အေး ငါလည်း အစက ဒီလိုပဲ ထင်ခဲ့တာပဲ၊ ဒါပေမဲ့ ဒီလိုလည်း မဟုတ်ဘူး၊ သူလည်း သူ့ကိုယ်သူ အိန္ဒိယပြည်ဟာ သူ့အိမ် သူ့ဌာနေ မဟုတ်ဘူး ဆိုတာ တစ်နေ့ကျရင် သဘောပေါက်လာမှာပဲ၊ အဲဒီလို သဘော ပေါက်လာတဲ့ တစ်နေ့ကျရင်တော့ သူဟာ ဘယ်တိုင်းပြည်သားမှ မဟုတ်ဘူးလို့ သူ့ဘာသာသူ ထင်လာလိမ့်မယ်၊ ဧရဲကို ရောက်ရင်တော့ မပြောတတ်ဘူးပေါ့ကွာ၊ ဒီမှာ ဗိုလ်လေး ဝိုက်ဂရမ်၊ ငါသာ သူ့နေရာမှာ ဆိုရင်တော့ တရုတ်ပြည် တစ်ပြည်လုံးမှာ ရှိတဲ့ လက်ဖက်ခြောက်တွေကို ပုံပေးစေဦး၊ သူ့လို မနေနိုင်ဘူးကွာ၊ သူ့ဘာသာသူ အိန္ဒိယ ပြန်လာရင်တော့ ဘာကြီးဖြစ်နေနေ ဘာအရေးလဲကွ၊ တို့နှင့် ဘာဆိုင်တာ မှတ်လို့၊ သူ့ကိစ္စပဲဟာ၊ ဒါပေမဲ့ ခုဟာက သူ့ကိုယ်ရေးကိုယ်တာ မဟုတ်ဘူးကွ၊ တို့နယ်ခြားစောင့်တပ် တစ်ခုလုံးနှင့် ဆိုင်နေတယ်၊ တို့က သူ့ကို တာဝန်ခံ ခေါ်ထားရတာ၊ ဒါကြောင့်မို့ ငါ ဒီလောက် စိတ်ညစ်နေတာပေါ့၊ လူတစ်ယောက် အနေနှင့်တော့ ငါ ဘာမှ မပြောလိုပါဘူး၊ ကောင်လေးကို ချစ်ပါတယ်'

'ကောင်းပါတယ်၊ မဆိုးပါဘူး၊ အဲ နားလည်ရ ခက်တာ တစ်ခုပါပဲ၊ ကျွန်တော် ဆိုလိုတာကို ခွဲမှူး သဘောပေါက်မလား မသိဘူး၊ ဘာပဲ ပြောပြောဗျာ၊ သူက အားကစား ဆိုရင်လည်း ထူးချွန်တယ်၊ ကျွန်တော်တို့ တပ်မှာ သူ့လို အဘက်ဘက်က ထူးချွန်တဲ့လူ မရှိတာ တော်တော် ကြာနေပြီ၊ နောက်လ ဂျင်မခါနာ ကစားပွဲကျရင်တော့ ကျွန်တော်တို့တပ်က ပထမ ရမှာ သေချာတယ်'

အဝါရားနှင့် ဇာရင်မှာ အက်ရှ်၏ တပ်စုတွင် မရှိ။ မဒန်းတွင် သူတို့နှစ်ယောက်နှင့် သိပ်မတွေ့ဖြစ်။ သို့ရာတွင် အခါအခွင့်သင့်တိုင်း အက်ရှ် တောပစ်ထွက်လျှင် သူတို့နှစ်ယောက် တစ်ယောက်ယောက် ပါလာ တတ်ကြသည်။

သူတို့နှစ်ယောက် မလိုက်နိုင်သည့် အခါများတွင် အက်ရှ်သည် တစ်ယောက်တည်း တောပစ်ထွက်သည်။ သို့မဟုတ်လျှင်လည်း မြင်းတပ်သားများ ဖြစ်သော မာလစ်တို့၊ လားမတ်တို့ကို ခေါ်သွားလေ့ ရှိသည်။ သူတို့ နှစ်ယောက်စလုံးက ပန်ကိုရာ ပြည်နယ်၏ တစ်ဖက် တောင်ပေါ်သားတွေ ဖြစ်သည်။ သူတို့ လိုက်လျှင် အက်ရှ် ပျော်သည်။ သူတို့ထံမှ သင်ခန်းစာတွေ အများကြီး ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မာလစ်မှာ အလွန် လက်ဖြောင့်သည့် တောပစ်ဆိုး။ ဒရယ်အုပ်နှင့် တွေ့ပြီ ဆိုလျှင် သားကောင်တွေ အနံ့ မရအောင် ပစ်မှတ်နား ကပ်သွားတတ်သည်။ သူ အနားရောက်မှ သားကောင်တွေ သိကြသည်။ သူ့ဝမ်းကွဲညီ လားမတ် (ဝမ်းကွဲဟုသာ ပြောရသော်လည်း ဘယ်နှဝမ်းကွဲမှန်း မသိပါ။ အတော် ဝေးပါသည်။) လည်း ထို့အတူပင်။

အက်ရှ်သည် သူတို့နှင့် တောပစ် ထွက်ဖူးပေါင်းများလှပြီ။ သို့ရာတွင် ကိုယ် ပစ်မည့် သားကောင်နားသို့ ရောက်အောင် ကပ်ရာတွင် သူတို့လို ကျွမ်းကျင်ခြင်းမရှိ။ သူတို့လို လူနှင့် တောကောင် ရောထွေးသွားအောင် ချောင်းတတ်။ သူတို့ကမူ သားကောင်တွေ နားသို့ တိတ်တဆိတ် ချဉ်းကပ်သွားတတ်သည်။ လူနှင့် တော ရောသွားအောင် ကိုယ်ဖျောက်တတ်သည်။ တောထဲသို့ သူတို့ ကိုယ်ဖျောက်ပြီ ဆိုလျှင် တော်တော်နှင့် မမြင်ရ။

သူ အနားသို့ အရောက်တွင် ဒရယ် တစ်ကောင်သည် ခေါင်းကို ထောင်ကြည့်ကာ လွင်ပြင်နဲ့အတိုင်း ထွက်ပြေးသည်။

'ဒါမျိုးက ကြီးမှ သင်လို့ မရတော့ဘူး ဆပ်ရှ်၊ ငယ်ငယ်က သင်ရတယ်၊ ကျွန်တော်တို့ တောင်ပေါ်မှာ ဆိုရင် သစ်ပင်တို့ ကျောက်တုံးတို့ မြက်တောတို့လို တွေ့ရာ နေရာမှာ ကိုယ်ဖျောက်တတ်ရတယ်၊ ကိုယ် ဖျောက်တတ်ရင် သေသွားမှာပေါ့ သခင်လေး၊ ကျွန်တော်တို့ တောင်ပေါ်သား ဆိုတာ လက်ကလည်း အလွန် ဖြောင့်တာကိုး၊ ရန်ကလည်း များတယ်၊ ခုတော့ သခင်လေး ကိုယ်ဖျောက်တာက ပေါလောကြီး ပေါ်နေတယ်၊ ခုလို ကျောက်တုံးကြီး တစ်တုံး နောက်မှာ အသေကြီးလို ငြိမ်မနေရဘူး၊ ရန်သူက တောင်စောင်း ပေါ်ကနေ စောင့်နေတာ ဆိုတော့ ကျောက်ဆောင် တစ်ဆောင်ကနေ တစ်ဆောင် မြွေများလို လှစ်ခနဲ လှစ်ခနဲ ကူးနေရတယ်၊ ကိုယ်က ရှောင်ရင်လည်း ဒီအတိုင်း မြန်ရတယ်၊ ကိုယ်က လိုက်ရင်လည်း ဒီလို မြန်နိုင်မှ'

လားမတ်က သူ့လက်ထဲတွင် ကိုင်ထားသည့် စစ်တပ်သုံး ကာဘိုင် သေနတ်ကို မြှောက်ပြလိုက်ရင်း

'ကျွန်တော့်မှာသာ ဒီလို သေနတ် တစ်လက် ရှိစမ်းပါလား၊ ဒီတောင်ရိုး တစ်ပိုက်မှာ ကျွန်တော် ဗိုလ် လုပ်နိုင်တာပေါ့ သခင်လေးရာ၊ ဒါတွင် ဘယ်ကမလဲ၊ တောင်ကြားမှာ ရှိတဲ့ ရွာတွေကိုတောင် ကျွန်တော့် လုပ်ချင်တိုင်း လုပ်လို့ ရတာပေါ့၊ ကဲ သခင်လေး၊ ဒီနားမှာ စောင့်နေနော်၊ ကျွန်တော် ဒရယ်ကို ဟိုဘက်ကနေပြီး ခြောက်လာခဲ့မယ်၊ ဟောဒီက ကျောက်ဆောင်ကြီးနှင့် ဟိုဘက်က ဆူးတွေ ကြားက ထွက်လာလိမ့်မယ်၊ ပစ်ကွင်း သိပ်ကောင်းတာ၊ စောင့်သာ ပစ်ပေတော့'

ကျေးရွာများတွင်လည်း အက်ရှ် အသိတွေ ရှိနေလေပြီ။ အက်ရှ်သည် သူကြီး၏ ဧည့်သည် အဖြစ် ရွာများတွင် ညအိပ်ညနေ သွားခဲ့ဖူးသည်။ ထိုဒေသများမှာ နယ်စပ် တစ်ဖက်က တောင်ရိုးပေါ်မှ ရွာများ ဖြစ်၏။ သူတို့ တစ်သက်တွင် လူဖြူကို တစ်ခါမျှ မမြင်စဖူး။

သူ့တပ်စုမှ တပ်သား အများစုမှာ နယ်စပ် တစ်ဖက်ရှိ ထိုတောင်ပေါ် ရွာများမှ ဖြစ်ကြသည်။ ယူစွတ်ဇိုင် လူမျိုးစု၊ အိုရတ်ဇိုင် လူမျိုးစုနှင့် ခါတပ် လူမျိုးစု များ ဖြစ်ကြပြီး အနည်းနှင့် အများ ဆိုသလို အာဖဂန် သွေး ပါကြသည်။ သို့ရာတွင် နယ်ခြားစောင့်တပ်တွင် ဆစ် ခေါ် ပန်ချာပီများ၊ ပန်ဂျပ်မှ ဟိန္ဒူများနှင့် နီပေါမှ ဂေါ်ရခါးများလည်း ပါကြ၏။ ဒိုဂရပ် လူမျိုးစု၊ (ပါရှန် သွေး ပါသော) ဖာဆီဝမ် လူမျိုးစုနှင့် ပန်ချာပီ မူဆလင် များလည်း ပါကြသည်။

တစ်ခါတစ်ရံတွင် အက်ရှ်သည် ဣန္ဒုမြစ်ကို ဖြတ်ကာ တောင်ဘက်သို့ လှည့်ဆင်းပြီး တောဘဲတို့ စနိုက်တို့ လျှောက်ပစ်သည်။ ထိုအခါများတွင် ပန်ချာပီ အရာခံဗိုလ် ကာဝမ်ဆင်းတို့၊ ဟိန္ဒူ အရာခံဗိုလ် ပီကာ ရန်းတို့ ပါတတ်သည်။ သူတို့တစ်တွေက လူပျော်တွေ။ သူတို့ ငယ်ငယ်က အကြောင်းတွေကို ကြားရသည့် အခါတွင် သူ ငယ်ငယ်က ဂူးလ်ကုတ်တွင် နေခဲ့ရသည် တို့ကို အက်ရှ် အမှတ်ရသည်။

ဟုတ်သည်။ ထိုကာလများသည် ဗီလင်ဒါတို့ တစ်တွေ အတွက် စိတ်ပျက်စရာ ဖြစ်ကောင်း ဖြစ်မည်။ သို့ရာတွင် သူ့အတွက်မူ အပူအပင် ကင်းမဲ့စွာ ပျော်ခဲ့ ရသည့် ဘဝတွေ။

အက်ရှ်သည် အားလပ်သည့် အချိန်များတွင် ပက်ရှဝါသို့ သွားကာ ဗီလင်ဒါ သွားသည့် ကပွဲများတွင် အစောင့်အရှောက် အဖြစ် လိုက်၏။ သို့ရာတွင် ဗိုလ်မှူး ဟာလိုးက တစ်လကို တစ်ကြိမ်ထက် ပို၍ လာခွင့်မပြု။ လာလျှင်လည်း လက်ဖက်ရည် သောက်ရုံမျှသာ။ ကပွဲ တို့ ဘာတို့ကို သွားခွင့်မပေး။ သူ့ကို စာနှာ ထောက် ထားသည့် မစ္စက် ဗစ်ကာရီပင်လျှင် ဗိုလ်မှူး ဟာလိုး၏ တားမြစ်ချက်သည် အကြောင်းမဲ့ မဟုတ်ကြောင်းဖြင့် သူ့ဘက်မှ ရှေ့နေ လိုက်ပေးတတ်သည်။ အခေ တ



www.burmeseclassic.com

www.burmeseclassic.com


ယောက် အနေဖြင့် ထိုသို့ပင် စိုးရိမ်မည် ဖြစ်ကြောင်း ဖြင့် ပြောတတ်သည်။

(ငြိမ်းချမ်းမှုနှင့် စိတ်ကောင်း စေတနာကို ပြရ မည်ဟု အဆိုရှိသော) နာတာလူး ပွဲတော်ရက်များ ကျ မှသာလျှင် ဗိုလ်မှူး ဟာလိုးသည် စည်းကမ်းများကို အနည်းငယ် လျှော့သည်။ ထိုအခါ၌ကား ပက်ရဝါတွင် စခန်း ချနေသည့် တပ်များမှာ ကာဇူရီ လွင်ပြင် စသည့် နေရာများမှ သင်တန်းဆင်း ပြန်လာကြပြီ ဖြစ်သည့် အတွက် ဗီလင်ဒါမှာ အားရသည် ဟူ၍ မရှိ။ ညှော်ခံပွဲ တွေ မြင်းပွဲတွေ ကပွဲတွေနှင့် အလုပ် များနေတတ် သည်။

အက်ရှ်သည် မြင်းတစ်စီးဖြင့် ပက်ရဝါ တပ် စခန်းရှိ ဗိုလ်မှူး ဟာလိုးတို့ ဘန်ဂလိုသို့ လာခဲ့ကာ နာ တာလူး လက်ဆောင်များကို ပေးသည်။ ထို့နောက် တပ်တွင်း လက်ဖော့ထိုးပွဲကို ဝင်ထိုးရာ အနိုင်ရခဲ့သဖြင့် ဝမ်းသာ ချီးကျူးသည့် အနေဖြင့် ဗီလင်ဒါက အက်ရှ် နှင့် နှစ်ချီ တွဲကသည်။ ညစာ စားပြီးသည့် အခါတွင် လည်း တစ်ချီ ထပ်က၏။ ထို့ကြောင့် အက်ရှ် ပျော် သည်။

အက်ရှ်သည် မစ္စက် ဗစ်ကာရီနှင့်လည်း အေး အေးဆေးဆေး စကား ပြောခဲ့ရ၏။ အခြား မိန်းမပျိုများ နှင့်လည်း တွဲကခဲ့ရသည်။ သမီးရှင်များက သဘောကျ သွားကာ နောင်တွင် ညစာစားပွဲ၊ ကပွဲများသို့ မကြာ ခဏ ဖိတ်ခဲ့ကြသည်။

သို့ရာတွင် အက်ရှ်သည် ထိုကပွဲမှ လွဲလျှင် ပက် ရဝါတွင် မည်သည့် ကပွဲသို့မှ မရောက်ဖြစ်ခဲ့။

၁၈၇၂ ခု နှစ်သစ်ကူးတွင် အက်ရှ်သည် ဇာရင် နှင့် အတူ တခြားသို့ ရောက်နေသည်။ သူတို့ နှစ်ယောက် သည် နယ်စပ် တစ်ဖက် တောင်ရိုးပေါ်ရှိ ကိုဒါဒတ်၏ ရွာသို့ ရောက်နေကြခြင်း ဖြစ်၏။

ထိုနှစ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီလမှာ ထူးထူး ခြားခြား အေးသည်။ နယ်စပ် တောင်တန်းကြီးများတွင် နှင်းတွေ ဖုံးနေကြပြီ။ တပ်သားများမှာ ပေါ့ရှ်ထင်း ခေါ် သိုးရေ ဂျာကင်များကို ဝတ်ကြရ၏။ အာလယားက ခံတပ်ထဲက သူ့အခန်းကလေးထဲတွင် ထင်းမီး ဖိုပေး သည်။ မွန်ရှီက နေ့လယ်တိုင်း လာ၍ အရေး အဖတ် သင်ပေး၏။

ဧပြီလသို့ ရောက်သည့် အခါတွင်မူ ပက်ရဝါ ပေတစ်ရာ တစ်လျှောက်ရှိ ပေါ်ပလာပင်များနှင့် မိုးမခ ပင်များတွင် ပုရစ်ဖူးတွေ ဝေစပြုပြီ။ သစ်သီးခြံများ တွင်လည်း ရောက်ပွင့်တွေ ပွင့်ကုန်ကြပြီ။

နွေဦး ကုန်ဆုံးသွားသည့်တိုင် နယ်စပ်ဒေသမှာ အေးချမ်း သာယာလျက်။ လူမျိုးစုတွေကလည်း အေး အေးချမ်းချမ်း။ အချင်းချင်း တိုက်ခြင်း ခိုက်ခြင်း မရှိ ကြ။ ဗြိတိသျှတို့နှင့်လည်း တိုက်ခြင်း ခိုက်ခြင်း မရှိ။

မဒန်း တပ်မြို့ကလေးတွင်မူ နယ်ခြားစောင့်တပ် များသည် ပိုလိုဟု ခေါ်သော ကစားနည်းသစ် တစ်မျိုး ကို ကစားနေကြသည်။ လွင်ပြင်တွင် အစမ်းတိုက်ပွဲများ လေ့ကျင့်ကြသည်။ တပ်သားသစ်များကို စစ်သင်တန်း ပေးနေကြသည်။ သူ့တပ်ရင်းတွင် ရှိသည့် လုပ်ငန်း ဇယားသည် သူ့အခန်း နံရံလေးဖက်လို၊ အရာရှိ စားမြိန် ရိပ်သာ ဝရန်တာမှ မြင်ရသည့် ရှုခင်းလို အက်ရှ်အဖို့ ရိုး နေလေပြီ။

မနက် လင်းသည်နှင့် လက်ဖက်ရည် ပူပူကို မတ်ခွက်ထဲ ထည့်။ ရေနွေးက ထင်းမီးနံ့ နံလျက်။ သကြားက ခပ်ချိုချို။ အာလယား မွှေးပေးသည့် မီးဖို က သစ်သားနံ့ ထွက်လျက်။ သူက မုတ်ဆိတ် ရိတ်၍ အဝတ်အစား လဲနေစဉ်တွင် အာလယားသည် သူ့ဘေး တွင် ရပ်ရင်း မနေ့က လုပ်ငန်းများ၊ မဒန်းတွင် ဖြစ် နေသည့် သတင်းများ၊ နယ်စပ် သတင်းများ၊ ဈေး ကောလာဟလများကို ပြောနေသည်။

ထို့နောက် သေနတ်ပစ်ကွင်းသို့ ဆင်း။ သေ နတ်ပစ် ကျင့်။ အရာရှိ ရိပ်သာသို့ သွား၍ မနက်စာ စား။ မြင်းဇောင်းကို ကြည့်။ ရုံးသွား။ အားလပ်ချိန်သို့ ရောက်လျှင် ဒါဘာပွဲ လုပ်။

ဒါဘာပွဲသည် သူတို့အတွက် ပါလီမန် လွှတ် တော်ကလေး တစ်ခု ဖြစ်သည်။ ဒါဘာပွဲတွင် သူတို့ နစ်နာချက်များကို တင်ပြနိုင်သည်။ ခွင့်တောင်းနိုင်သည်။ ပေါ်လစီနှင့် ဆိုင်သော ကိစ္စများကို လူကြီးများထံ တင် ပြနိုင်သည်။ လူကြီးများကို တင်ပြ တိုင်ပင်သည့် ထုံးစံ မှာ ပန်ချာယတ် ခေါ် ငါးဦး အဖွဲ့ဖြင့် အုပ်ချုပ်သည့် အိန္ဒိယ ရှေးဟောင်း အုပ်ချုပ်ရေး စနစ် ဖြစ်၏။

သူတို့တပ်မှ ငါးဦး အဖွဲ့တွင်မူ တပ်မှူး၊ ဒုတပ် ရင်းမှူး၊ တပ်ရေးနှင့် ဝါရင့် အရာရှိ နှစ်ဦး ပါသည်။ ပန် ချာယတ် အစည်းအဝေးတွင် တပ်သားများသည် ပွဲကြည့် သူမျှမက ဆုံးဖြတ်ချက်များ တရားမျှတခြင်း ရှိ မရှိကို သူတို့ကိုယ်တိုင် စောင့်ကြည့်ကြရသည်။ တပ်သားတိုင်း သည် ကိုယ့်တာဝန် ကိုယ်ယူရသည်။ အလုပ်သင့် တာ



www.burmeseclassic.com

www.burmeseclassic.com


ဆောက်သည် စူးဆောက် တန်ဆာပလာများကို ထိန်းသိမ်းရသကဲ့သို့ တပ်သားတိုင်းသည် ကိုယ့်သေနတ်နှင့် ကိုယ့်ယူနီဖောင်းများကို ထိန်းသိမ်းကြရသည်။

စင်စစ် နယ်ခြားစောင့်တပ်သည် စစ်တပ် တစ်တပ်နှင့် မတူ။ လူမျိုးအုပ်စု တစ်ခုနှင့် တူနေသည်။ အသက်ကြီး၍ လုပ်သက် စေ့သူများသည် တပ်မှ ပြန်အနားယူကာ ကိုယ့်ရွာတွင် ကိုယ် ယာလုပ်နိုင်သည်။ လယ်လုပ်နိုင်သည်။ သူတို့ သားသမီးများကို တပ်သို့ အမွေထမ်းခိုင်းကြသည်။

အလုပ် မရှိလျှင် အက်ရှ်သည် အားအားရှိတိုင်း တောပစ်ထွက်လေ့ ရှိ၏။ ကျန်အချိန်များတွင် ပိုလိုရိုက်ခြင်း၊ သိမ်းတိုက်ခြင်းဖြင့် အချိန်ကုန်သည်။ တစ်ပတ်လျှင် တစ်ကြိမ်ကျ ဗီလင်ဒါထံ စာရေးသည် (ဗီလင်ဒါကမူ စာရေးခွင့် မရ။)။ တစ်လလျှင် တစ်ကြိမ် ပက်ရှဝါရှိ ဗိုလ်မှူး ဟာလိုးတို့ထံ တရားဝင် သွားလည်သည်။ ဗိုလ်မှူး ဟာလိုးကလည်း ခွင့်ပြု၏။

တစ်ခါတစ်ရံတွင် အက်ရှ်သည် စည်းမျဉ်းများကို ချိုးဖောက်ကာ ပက်ရှဝါတွင် ဗီလင်ဒါ ရှိမည် ထင်သော ဧည့်ခံပွဲများသို့ သွားလျှင် ကောင်းလေမည်လားဟု စဉ်းစားမိသေး၏။ သို့ရာတွင် မအောင်မြင်။

ဗီလင်ဒါသည် မြင်းပွဲများ၊ ကပွဲများ၊ တောပစ်ပွဲများသို့ လိုက်လေ့ ရှိသော်လည်း သူ့တွင် အစောင့်အရှောက်နှင့်။ နှစ်ယောက်ချင်း စကားပြောဖို့ အခွင့်သာ။ ဗီလင်ဒါ မြင်းစီးသည်ကို ကြည့်ကာ ကျန်လူများနှင့် စကား ပြောနေရခြင်း၊ ကျော့နှင့် တွဲကသည်ကို ကြည့်ကာ ပြန်လာခဲ့ရခြင်းတို့ကို အက်ရှ် စိတ်ပျက်သည်။

နောက်ဆုံး တပ်မှူးက ဗိုလ်မှူး ဟာလိုး ခွင့်ပြုသည့်အတိုင်း ပက်ရှဝါသို့ တစ်လလျှင် တစ်ကြိမ်သာ သွားရမည်ဟု တားမြစ်ကာ သူ့အတွက် ပက်ရှဝါကို ရောက်တော့ဘောင်း ဒေသ လုပ်လိုက်သည့် အခါမှပင် အက်ရှ် အဖို့ စိတ်သက်သာရာ ရတော့သည်။

အက်ရှ်သည် ကျော့ကို အကြီးအကျယ် မနာလိုစိတ်တို ဖြစ်နေသည်။ ဤသည်မှာ ကိုယ့်ခံစားချက်ကို အလဟဿ ဖြုန်းတီးပစ်ခြင်းနှင့် အတူတူ။ ဗီလင်ဒါ၏ မိဘများသည် ကျော့ကို သူတို့အိမ်သို့ အကြိမ်ပေါင်းများစွာ လာခွင့်ပြုထားကာ ဗီလင်ဒါနှင့် တွဲကခွင့်၊ မြင်းစီးခွင့် ပေးထားသည့်တိုင် ဗီလင်ဒါသည် ကျော့နှင့် ဘာမှ မဖြစ်နိုင်ကြောင်းကို သဘောပေါက်မိကြသည်။

ကျော့သည် အချိန်တန်လျှင် သူ့ဘာသာသူ နောက်ဆုတ်သွားလိမ့်မည်။ ကျော့၏ အဆင့်အတန်းသည် ပက်ရှဝါလို တပ်မြို့တွင် သာမန်မျှလောက်သာ ရှိသည့်အတွက် စိုးရိမ် ပူပန်ခြင်း မရှိ။ သို့ရာတွင် တပ်များမှာ မိုးနှောင်း စစ်ကစားမှု လုပ်ရန် စခန်း ထွက်နေကြသည့်အတွက်ကြောင့် တစ်ကြောင်း၊ သို့ဖြင့် တွဲမည့်သူ ဦးရေ နည်းနေသည့် အတွက်ကြောင့် တစ်ကြောင်း ကျော့မှာ အခွင့်အရေး အများကြီး ရနေလေပြီ။

ရုပ်ကလည်း ရုပ်ချော ဖြစ်သည့်အတွက် တော်တော်တန်တန် မိန်းကလေး ဆိုလျှင် မြင်မြင်ချင်း ကျလောက်သည်။ ထိုအထဲတွင် ကျော့မှာ သူ့ကိုယ်သူ ယုံကြည်မှုကလည်း တိုးလာပြန်၊ သူကလည်း သူ့ဘွားအေသည် မှူးမတ်ကတော်ကြီး တစ်ဦး ဖြစ်သည်ဟု ပြောနေပြန်သည့် အခါတွင်မူ (သူ့ဘွားအေမှာ ချောမော လှပသည့် ဂရိ မြို့စား သမီး တစ်ဦးနှင့် လော့ဒ် ဘိုင်ရွန်တို့၏ သမီး ဖြစ်သည်ဟု ပြောကြသည်။) ကျော့မှာ ယခင်ကထက် ရေပန်းစားသည့် အဆင့်သို့ ရောက်လာသည်။

သို့ဖြစ်ရာ ဗီလင်ဒါသည် မိန်းကလေး တကာတို့ လှမ်းကြည့်ရသည့် ကျော့လို လူတစ်ယောက်က သူ့ကို တမ်းတမ်းစွဲ ဖြစ်နေသည် ဆိုသည့် အခါတွင် ဂုဏ်မယူဘဲ မနေနိုင်။ မသာယာဘဲ မနေနိုင်။ ထို့ပြင် ကျော့သည် အက အလွန်ကောင်းသူဟုလည်း ဗီလင်ဒါ ကိုယ်တိုင်က သူ့ကို ထုတ်ပြောခဲ့ဖူးသည် မဟုတ်လော။

ဗီလင်ဒါသည် တပ်တွေ တပ်ထွက်ရာမှ ပက်ရှဝါသို့ ပြန်လာသည် အထိ ကျော့နှင့် တွေ့မြဲတွေ့ကာ တွဲမြဲတွဲနေသည်။ သူ့အဖေ ဗိုလ်မှူး ဟာလိုးကလည်း သူ့သမီးသည် ကျော့ကို မည်သည့်အခါမျှ လက်ထပ်မည်ဟု မထင်သည့်အတွက် စိတ်ချလက်ချ နေခွင့်ပေးထားခဲ့၏။ ထို့မျှမက သင်္ဘောပေါ်တွင် အက်ရှ်နှင့် စေ့စပ်စကား လွန်ခဲ့သည့် ကိစ္စကိုလည်း မေ့မေ့ပျောက်ပျောက် ဖြစ်စေလိမ့်မည်ဟု ဗိုလ်မှူး ဟာလိုး ယူဆသည်။

ကျော့ကိုမူ နည်းနည်းမျှ ထည့်မစဉ်းစား။ လူငယ်ဆိုသည်မှာ တစ်သက်တွင် တစ်ခါ ချစ်ဖူးကြသူချည်း။ အသည်း ကွဲဖူးကြသူချည်း။ တချို့များ ဆိုလျှင် အသည်းကွဲသည်မှ တစ်ကြိမ် မဟုတ်၊ လေးငါးခြောက်ကြိမ် ကိုင်တိုင်။ ဤသည်ကို ဗိုလ်မှူး ဟာလိုး သိသည်။ ထို့ကြောင့် ကျော့ကို ထည့်၍ မစဉ်းစား။

အက်ရှ် အတွက်လည်း ဘာမျှ မပူပင်။ လက်ထပ်ဖို့ ကိစ္စ အတွက်ကိုလည်း ဘာမျှ ထည့်မတွက်။


www.burmeseclassic.com

www.burmeseclassic.com


အသက်ကလေး ဆယ့်ကိုးနှစ်တွင် လက်ထပ်မည် ဆိုသည်မှာ ထိုသူငယ်သည် ရူး၍သာ ဖြစ်ရမည်။ သို့မဟုတ် လျှင်လည်း ငယ်ငယ်က အိန္ဒိယတွင် ကြီးပြင်းလာခဲ့သဖြင့် အတွေး ချော်နေသောကြောင့်သာ ဖြစ်ရမည်။

ဟုတ်သည်။ အက်ရှ်သည် အိန္ဒိယ လူမျိုး တစ်ယောက်သာ ဖြစ်ခဲ့လျှင် ဆယ့်ငါးနှစ် ပြည့်ရုံဖြင့် လက်ထပ်နိုင်ပြီ။ သို့ရာတွင် အက်ရှ်သည် အိန္ဒိယ လူမျိုး မဟုတ်။ အင်္ဂလိပ် လူမျိုး။ အင်္ဂလိပ် လူမျိုးသည် အင်္ဂလိပ် လူမျိုးလို ကျင့်ရမည်။

အက်ရှ်သည်လည်း အင်္ဂလိပ် လူမျိုးလို ကျင့်ပါ၏။ သို့ရာတွင် မလွယ်။ လွန်ခဲ့သည့် ကိုးနှစ်လောက် တုန်းကမူ အက်ရှ်၏ အရည်အသွေးများကို ကြည့်၍ ထိုအရည်အသွေးများသည် အနာဂတ် အတွက် ကောင်းသော အရည်အသွေးများ ဖြစ်သည်ဟု အဝါရှား၊ တပ်မှူးနှင့် ဗိုလ်ကြီး အင်ဒါဆင်တို့က ပြောခဲ့ကြ၏။ သို့ရာတွင် ထိုအရည်အသွေးများသည် အက်ရှ် အတွက် အနှောင့်အယှက် အတားအဆီးတွေ ဖြစ်နေကြသည်။

အက်ရှ်သည် ဆုံးဖြတ်ချက်များကို လွယ်လွယ်ကူကူ ယုံယုံကြည်ကြည် ရှင်းရှင်းလန်းလန်း ချမှတ်နိုင်ခဲ့ကြသည့် သူ့ လုပ်ဖော်ကိုင်ဖက်များကို အားကျသည်။ သူတို့မှာကား လွယ်လိုက်သည့် ဖြစ်ခြင်း။ အမှားနှင့် အမှန်၊ လိုအပ်ခြင်းနှင့် မလိုအပ်ခြင်း၊ ဆောင်ရန်နှင့် ရှောင်ရန် စသည့် ကိစ္စများသည် လွယ်လွယ်ကလေး မျှသာ။

သို့ရာတွင် သူ့မှာ ထိုသို့မဟုတ်။ အက်ရှ်သည် ပြဿနာ တစ်ရပ်ကို တပ်ကြပ် ချောက်ဒရီရန်းတို့၊ တပ်သား မာလစ်ရှားတို့လို ကြည့်သကဲ့သို့ အင်္ဂလိပ် အလွတ်ပညာသင် ကျောင်းမှ ထွက်ကာ ဆင်းဟတ်စ် စစ်တက္ကသိုလ်မှ ဆင်းခဲ့သူ တစ်ယောက် အနေဖြင့်လည်း ကြည့်သည်။ ဤတွင် ပြဿနာမှာ မရှင်းတော့ဘဲ ရှုပ်လာသည်။

အက်ရှ်သည် တပ်သား တစ်ယောက် ပြစ်မှုကျူးလွန်လာလျှင် ထိုတပ်သား၏ အတွင်းစိတ်ကိုလည်း ကြည့်သည်။ အလားတူ သူ အဘယ်ကြောင့် ပြစ်မှု ကျူးလွန်ရသည်ကိုလည်း နားလည် သဘောပေါက်အောင် ကြိုးစားသည်။ ဤတွင် ပြဿနာကို ဆုံးဖြတ်ရ ခက်လာရခြင်း ဖြစ်သည်။

အက်ရှ်သည် တပ်သားများကို ကြည့်ရာတွင် ကိုယ်တိုင်က အိန္ဒိယ တိုင်းရင်းသား တစ်ယောက်လို ခံစားမိကာ သူတို့ကို စာနာ ထောက်ထားသည်။ အရှေ့နှင့် အနောက် ဆိုသည်မှာ တွေးခေါ်ပုံခြင်း အခြေခံအားဖြင့် ခြားနားကြသည်။

ထို့ကြောင့်ပင် အလျင်တုန်းက စိတ်ရင်း စေတနာကောင်း ရှိပါသည် ဆိုသည့် သာသနာပြုများနှင့် အုပ်ချုပ်ရေးသမားများသည် အရှေ့တိုင်း အကြောင်းကို နားမလည်ခဲ့ကြခြင်း ဖြစ်သည်။ အရှေ့တိုင်းက ဥပဒေ စည်းကမ်းများ၊ ဓလေ့ ထုံးစံများ၊ အလေ့အကျင့်များသည် ခရစ်ယာန် အနောက်တိုင်းနှင့် ကွဲပြားနေသည်ကို တွေ့ရသည့် အခါတွင် သူတို့သည် အရှေ့တိုင်းသားများအား အရိုင်းအစိုင်းများ၊ အကျင့်ပျက်သူများ၊ သိက္ခာမရှိသူများ အဖြစ် ဝိုင်းဝန်း ရှုတ်ချခဲ့ကြသည်။

ထို ကွဲပြား ခြားနားပုံနှင့် ပတ်သက်၍ အိန္ဒိယတိုင်းရင်းသား မွန်ရှီ (ဆရာကြီး) တစ်ဦးက

'အနောက်တိုင်း သခင်ဆပ် တစ်ယောက်ဟာ မေးခွန်း တစ်ခုကို ဖြေရင် အတတ်နိုင်ဆုံး ကြိုးစားပြီး အမှန်ကို ဖြေလေ့ ရှိတယ်၊ တစ်ခါတလေမှာ လိမ်ဖြေတာဟာ အမှန်ကို ဖြေတာထက် အကျိုးရှိတယ် ဆိုတာ သူတို့ မစဉ်းစားမိကြဘူး၊ ကျုပ်တို့ကတော့ ဒီလို မဟုတ်ဘူး၊ ပြောင်းပြန်ပဲ၊ ဒါကြောင့် ကျုပ်တို့မှာ သိပ်ပြီး ဒုက္ခမများလှဘူး၊ အမှန်တရားဟာ တစ်ခါတလေမှာ အလွန်အန္တရာယ် ကြီးတယ်လို့ ကျုပ်တို့ ယူဆတယ်၊ ဒါကြောင့် အမှန်တရားကို နေရာတကာ လက်လွတ်စပယ် မပြောသင့်ဘူးလို့လည်း ယူဆကြတယ်၊ ကြက်စာ ကျွေးသလို နေရာတကာ ရောက်ပက်ကြဲနေလို့ မဖြစ်ဘူး၊ သတိထားပြီး အသုံးချကြတယ်' ဟု ပြောဖူးသည်။

ထိုစကားကို ကြားသည့် အခါတွင် မုသား ပြောခြင်းကို ဒုစရိုက် အလုပ်ဟု အရိုးစွဲအောင် ထင်နေသည့် တပ်မှ အရာရှိကလေးများသည် အလန့်တကြား ဖြစ်ကုန်ကြသည်။ အိန္ဒိယပြည်တွင် မုသား ပြောနိုင်သည်။ ပြော၍ အပြစ် မရှိဟု ဟိန္ဒူစတန် ဘာသာ သင်တန်းဆရာက ပြောသည့်အခါတွင် သူတို့တစ်တွေ အံ့သြကြရသည်။

သူ့စကားသည် မှန်သင့်သလောက် မှန်သည်။ မှန်ကြောင်းကို သူတို့ရှေ့တွင် အမှုထမ်း သွားခဲ့ကြသည့် ဗြိတိသျှ အုပ်ချုပ်ရေး အရာရှိများနှင့် လုပ်ငန်းရှင်များသည် သဘောပေါက်ခဲ့ကြပြီ။ သူတို့ စစ်ဗိုလ်ကလေးများသည်လည်း နောင်တွင် သဘောပေါက် လာကြလိမ့်မည်။ သူတို့ သဘောပေါက် နားလည်သည်နှင့် အမျှ အိန္ဒိယ



www.burmeseclassic.com

www.burmeseclassic.com



ပြည်၏ အကျိုးနှင့် ဗြိတိသျှ အင်ပါယာ၏ အကျိုးသည် ဆတက်ထမ်းပိုး တိုးလာလိမ့်မည်။

သို့ရာတွင် ခက်သည်က သူတို့တစ်တွေ ဘယ်မျှ ဆေတနာ ကောင်းကောင်း သူတို့သည် အာရှ နွယ်ဖွား တို့၏ အတွေးအခေါ်ကို စေ့ဆော်နေသည့် နောက်ခံ အကြောင်းတရားတို့ကို ဘယ်တော့မျှ ပတ်ပတ်နပ်နပ် သိနိုင်မည် မဟုတ်။ ရေခဲတုံးကြီး၏ ထိပ်ဖျားကိုသာ မြင်ခြင်း ဖြစ်လိမ့်မည်။ ထိုထက်မက မြင်သူ အနည်း ငယ် ရှိကောင်း ရှိမည်။ များစွာတို့ကမူ သူတို့ သိသည် ဟု ထင်ကြသည်။ သို့ရာတွင် အများအားဖြင့်မူ အရှေ့ တိုင်း အကြောင်းကို မသိကြ။ သိအောင်လည်း မကြိုး စားချင်ကြ။

အနောက်နှင့် အရှေ့သည် သွေး အရ၊ အခြေအနေ အရ၊ ထုံးစံအရ၊ ယဉ်ကျေးမှု အရ၊ ဘာသာတရား အရ ကွာခြားနေကြသည်။ ထိုကွာခြားမှုကို ဆက်မိသွားအောင် တံတား ခင်းပေးကြသည် ဟူ၍ မရှိ။ ရှိသည့် မပြောပ လောက်သော ဆက်သွယ်မှုကလေးမှာလည်း ယုံကြည် ကိုးစား၍ မဖြစ်။ ယုံကြည် ကိုးစားလိုက်သည်နှင့် ထို ဆက်သွယ်မှု အဆောက်အအုံကလေးသည် ဒဏ်ကို မခံ နိုင်တော့ဘဲ ပြိုကျ ပျက်စီး သွားခဲ့ရသည်။

အက်ရှ်သည် အရှေ့နှင့် အနောက်တို့၏ ကွာ ခြားမှု ကမ်းပါးကြီးပေါ်တွင် ခြေတစ်ဖက်စီ ချ၍ ရပ် နေသည်။ ထိုနှစ်ခုပေါ်တွင် ကိုယ်ကို ဘယ်ဘက်မှ မယိမ်းအောင် ကြိုးစား၍ ရပ်နေရ၏။ အခြား အရာရှိ များလို တစ်ဖက်ဖက်တွင် ပြတ်ပြတ်သားသား ရပ်နိုင် လျှင် ကောင်းလေစွဟု သူ တောင့်တမိသည်။ သည်လို ချိန်နေရခြင်းကမူ မကောင်း။

သူ အပျော်ဆုံးမှာ ဇာရင်နှင့် နေရသည့် အချိန် ကလေး ဖြစ်၏။ သို့တိုင်အောင် ဇာရင်၏ အခြေအနေ လည်း ပြောင်းလဲနေလေပြီ။ သူတို့ နှစ်ယောက်သည် ငယ်ငယ်တုန်းကလို ရင်းရင်းနှီးနှီး ဖြစ်အောင် အတတ် နိုင်ဆုံး ကြိုးစားကြသည့်တိုင် အခြေအနေ မပေးတော့။

ဇာရင်ဘက်က ကြည့်လျှင် အက်ရှ်သည် သခင် တစ်ယောက်၊ အရာရှိ တစ်ယောက်၊ မိမိ အပေါ် အမိန့်အာဏာ သုံးနိုင်သည့် စစ်ဗိုလ် တစ်ယောက်။

ထိုအဖြစ်သည် သူတို့နှစ်ယောက် ကြားထဲတွင် တံတိုင်းကြီး ကာဆီးလိုက်သကဲ့သို့ ရှိ၏။ အက်ရှ်သည် ထိုအချက်ကို သတိ မပြုမိသည့်တိုင် ဇာရင် သတိပြုမိ

အင်္ဂလန်ပြည်တွင် သွားနေခဲ့ခြင်း၊ တပ်ထဲတွင် အရာရှိ ဖြစ်နေခြင်း စသည်တို့ကြောင့် အချို့သော ကိစ္စ များနှင့် ပတ်သက်၍ အက်ရှ် မည်သို့ ယူဆမည်ကို ဇာရင် မသိတတ်နိုင်။ ထို့ကြောင့် ဇာရင်သည် အက်ရှ် နှင့် ခပ်မှန်မှန် ခပ်ကင်းကင်း နေသည်။

စင်စစ် အရှေ့ ခေါ် အက်ရှ်သည် သခင်ဆပ် တစ်ယောက် ဖြစ်နေပြီ မဟုတ်လော။ အရေးကိစ္စ ကြုံ လာလျှင် အက်ရှ်သည် မည်သို့ ရပ်မည်နည်း။ သီတာ ၏ သား အရှေ့ အနေဖြင့် ရပ်မည်လော။ ဗြိတိသျှ စစ် ဗိုလ် တစ်ယောက် အဖြစ် ရပ်မည်လော။

ဤသည်ကိုလည်း ဇာရင် မတွေးတတ်။

သူ့အနေဖြင့် ပြောရလျှင်မူ အက်ရှ်သည် သီတာ ၏ သား အရှေ့သာ ဖြစ်စေချင်သည်။ သို့ရာတွင် ဤ သည်မှာ စိတ်က ဖြစ်စေချင်သည့် ဆန္ဒမျှသာ ဖြစ်၏။ အမှန်ဆိုရလျှင် သူတို့နှစ်ယောက်၏ ဆက်ဆံရေးသည် ငယ်ငယ်တုန်းကလို ဘယ်နည်းနှင့်မျှ မဖြစ်နိုင်တော့။

အစ်ကိုကြီး ဇာရင်နှင့် သူ့ရဲကောင်း ကိုးကွယ် သည့် အရှေ့ ဆိုသည့် ကောင်လေးတို့၏ ဘဝသည် အတိတ်မှာ ကျန်ရစ်ခဲ့ကြပြီ။ ယခု ကြီးပြင်းလာသည့် အခါတွင် သူတို့နှစ်ယောက်သည် ကိုယ့်ရပ်တည်မှုနှင့် ကိုယ် ဖြစ်နေကြပြီ။

သူတို့နှစ်ယောက်သည် မိတ်ဆွေ သူငယ်ချင်း များ အဖြစ် ဆက်လက် တည်ရှိသည် မှန်၏။ သို့ရာ တွင် သူတို့ ဆက်ဆံရေးသည် အရည်အချင်းအားဖြင့် ပြောင်းလဲခဲ့ပြီ။ သူတို့တွင် တစ်ယောက်ကို တစ်ယောက် ဖွင့်မပြောကြသည့် ထိမ်ချန်မှုတွေ ထားတတ်နေကြပြီ။

ကိုဒါဒတ် တစ်ယောက်သာလျှင် မပြောင်းလဲ။ နယ်စပ်ကို ကျော်ပြီး သူ့ရွာသို့ အက်ရှ် အလည်ရောက် သွားတိုင်း၊ သူနှင့် နာရီပေါင်း များစွာ စကားပြောကြ တိုင်း၊ မြင်း လျှောက်စီးကြတိုင်း၊ သိမ်းတိုက်ကြတိုင်း သို့မဟုတ် မီးဖိုဘေးတွင် နှစ်ယောက်သား ထိုင်၍ စကား ပြောကြတိုင်း ကိုဒါဒတ်သည် အတိတ် အကြောင်း ကိုလည်း စားမြုံ့ပြန်သည်။ ပစ္စုပ္ပန် အကြောင်းကိုလည်း ပြောသည်။

ကိုဒါဒတ်နှင့် စကား ပြောရသည့် အခါတွင်သာ အက်ရှ် သက်သောင့်သက်သာ ရှိသည်။ စိတ်အေးလက် အေး ရှိသည်။ ဇာရင်နှင့်မူ ထိုသို့မဟုတ်။ သူနှင့် ဇာရင် သည် မိတ်ဆွေ သူငယ်ချင်းများ အဖြစ် ဆက်လက် တည်ရှိ နေကြသည့်တိုင် တစ်စုံတစ်ရာ အတားအဆီး



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသည်ဟု သူ ထင်သည်။ 'လက်တစ်ဝါးစာ တိမ်မည်းညိုရိပ်ကလေး ရှိနေသည်' ဟု သူ အောက်မေ့သည်။

အာလယား၊ မာဒူးနှင့် အဝါရှားတို့ကလည်း သူ့ကို သခင် တစ်ယောက်လိုသာ ဆက်ဆံကြ၏။ သူတို့ ဆက်ဆံသည်ကမူ အကြောင်းမဟုတ်။ သူတို့သည် သူ့ကို အရှေ့ ဘဝက သိခဲ့ကြသူများ မဟုတ်သောကြောင့် ဖြေသာသည်။

ကိုဒါဒတ်မှာ သူ့သက်တမ်း တစ်လျှောက်တွင် သခင်ဆပ်များနှင့် များများ ဆက်ဆံခဲ့ဖူးခြင်း မရှိ။ အနည်းအကျဉ်းလောက်မျှသာ ဆက်ဆံခဲ့ဖူးသည်။ သခင်ဆပ်များ အကြောင်းကို တစ်ဆင့်ကြားဖြင့်သာ သိခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ကိုဒါဒတ်တွင် သခင်ဆပ်များ၏ ဩဇာ လွှမ်းမိုးခြင်း မရှိ။

အရှေ့၏ မိဘများသည် အင်ဂရေစီ (အင်္ဂလိပ်) များ ဖြစ်ခြင်း၊ အရှေ့သည်လည်း သွေးအရ သခင်ဆပ် တစ်ယောက် ဖြစ်ခြင်း စသည့် အကြောင်းများသည် အက်ရှ် အပေါ်တွင် ရှိသည့် ကိုဒါဒတ်၏ သဘောထားများ၊ ခံစားချက်များကို ပြောင်းလဲစေခြင်းငှာ မတတ်နိုင်။ သူ့အဖို့ လူလေးသည် လူလေးမျှသာ ဖြစ်၏။ သူ့မိဘတွေ ဘာတွေဖြစ်နေနေ သူ့သဘောထားသည် မပြောင်း။ သူ့အဖို့ အက်ရှ်သည် အရှေ့သာ ဖြစ်၏။ ဘယ်တော့မျှ သခင်ဆပ် မဟုတ်။

နွေရောက်သည်နှင့် တပ်ထဲတွင် အချိန်ဇယားတွေ ပြောင်းရသည်။ တပ်ဗိုလ်များ၊ တပ်သားများသည် မနက်စောစော ထကာ လုပ်စရာ ရှိသည်တို့ကို နေမပူခင် လုပ်ကြရ၏။ မနက်ခင်း နေပြင်းလာသည့် အချိန်များနှင့် နေ့လယ်ချိန်များတွင် အနားယူကြသည်။ ညနေစောင်းမှ အလုပ် ပြန်စကြရသည်။

မစ္စက် ဟာလိုးနှင့် ဗီလင်ဒါတို့မှာလည်း နွေရာသီတွင် အပူရှောင်ရန် တောင်ပေါ်စခန်း မြို့များသို့ တက်သွားကြသဖြင့် အက်ရှ်မှာ ပက်ရှဝါသို့ မသွားဖြစ်တော့။ ဗီလင်ဒါနှင့် စာချင်းသာ ဆက်သွယ်နိုင်တော့သည်။ သူကသာ ရေးခြင်း ဖြစ်၍ ဗီလင်ဒါက စာပြန်ခြင်း မရှိပါ။ ဗီလင်ဒါမှာ စာပြန်ခွင့် တစ်ကြိမ်သာ ရ၏။ ထိုစာမှာလည်း တိုတိုတုတ်တုတ်မျှသာ။ မစ္စက်ဟာလိုး၏ ရှေ့တွင် ရေးရဟန် တူသည်။

စာထဲတွင် သူ ရောက်နေသည့် တောင်ပေါ်စခန်းမြို့ကလေး မာရီးတွင် ပျော်စရာတွေ့မည်မျှ များကြောင်းကို ရေးထား၏။ အက်ရှ် ဖတ်ချင်သော စာမျိုးမဟုတ်။ သူ့စာထဲတွင် သူတို့ဆီသို့ မည်သူမည်ဝါ လာကြောင်း ဖော်ပြ မထားသည့်တိုင် အက်ရှ်သည် ရမ်ဇတ်ရှိ မိတ်ဆွေ စစ်ဗိုလ် တစ်ယောက် ပြောသဖြင့် အကြောင်းစုံ သိပြီး ဖြစ်၏။

ဂျော့ အမှုထမ်းသည့် ဗရောင်း အင် မက္ကဒေါ်နယ် ကုမ္ပဏီသည် မာရီးတွင် တိုက်ခွဲ ရှိသည်။ ဂျော့မှာ ပက်ရှဝါတွင် အပူရှပ်ကာ မကြာခဏ နေမကောင်း ဖြစ်နေသည့် အတွက် သူ့ကုမ္ပဏီက သူ့ကို မာရီးရှိ တိုက်ခွဲသို့ ပြောင်းပေးလိုက်ကြောင်း သူ့ မိတ်ဆွေ စစ်ဗိုလ်ထံမှ အက်ရှ် သိပြီး ဖြစ်သည်။

ဟုတ်သည်။ သူတို့ နှစ်ယောက် သည်အချိန် ဆိုလျှင် မာရီးတွင် ပျော်နေကြတော့မည်။ မာရီးက ထင်းရှူးတောတွေထဲတွင် သူတို့ နှစ်ယောက် ပျော်ပွဲစားမကြာခဏ ထွက်ကြမည်။ ညဆိုလျှင် ကပွဲတွေ တက်ကြမည်။ ဤသည်ကို တွေးမိလျှင် အက်ရှ် ရင်မောသွား၏။ သို့ရာတွင် သူ ဘာမျှ မတတ်နိုင်။

အက်ရှ်က နွေရာသီ ခွင့်အဖြစ် မာရီးသို့ သွားရန် ခွင့်တောင်းသည်။ သို့ရာတွင် တပ်ရေးက မာရီးတို့၊ အက်ဘော့တာဗက်တို့သို့ သွားကာ ဧည့်ခံပွဲများတွင် ခွေးကလေးလို ပွတ်သီးပွတ်သပ် လုပ်နေမည့် အစား ကသ္မီယ ပြည်နယ်သို့ သွားကာ တောလိုက်လျှင် ကောင်းကြောင်းဖြင့် ပြော၏။

ဇာရင်ကလည်း ကိုယ်ချင်းမစာ။ ကိုယ့်ကို လက်မထပ်သည့် မိန်းမ တစ်ယောက်၊ ကိုယ်နှင့် မအိပ်ရသေးသည့် မိန်းမ တစ်ယောက် နောက်သို့ ခွေးကလေးလို တကောက်ကောက် လိုက်နေခြင်းသည် ယောကျ်ား သိက္ခာကျလှကြောင်း၊ အချိန်ကို ထို့ထက် ကောင်းစွာ အသုံးချသင့်ကြောင်းဖြင့် ပြောသည်။

နောက်ထပ် ငါးနှစ်လောက် အထိ လက်မထပ်သေးဘဲ နေရန်၊ ထိုအတောအတွင်း ပက်ရှဝါ သို့မဟုတ် ရဝါလ်ပင်ဒီရှိ နာမည်ကြီး မကောင်းသော အိမ်တစ်အိမ်သို့ သွားရန် အကြံပေးသည်။

အက်ရှ်သည် သူ့အကြံပေးချက်ကို လက်ခံချင်သလိုလို။ သို့ဆိုလျှင် သူ့အတွက် ကောင်းမည်။ အိန္ဒိယ စစ်တပ်တွင် ရှိသည့် ဗြိတိသျှ စစ်ဗိုလ် လူပျိုကလေးများ၏ ဘဝက ပျင်းစရာ။ ဘုန်းကြီးကျောင်းတွင် နေရသည့်နှယ်။

စစ်ဗိုလ်ကလေးများသည် ထိုစိတ်များကို ဖြေဖျောက်ရန် အတွက် ပြင်းပြင်းထန်ထန် လေ့ကျင့်ခန်း



www.burmeseclassic.com

www.burmeseclassic.com



ယူကြသည်။ အချို့က အရဲစွန့်ကာ မကောင်းသော အိမ်များသို့ တိတ်တဆိတ် သွားကြသည်။ သို့ဖြင့် ရှိသမျှ ယခကလေးများ ကုန်ကာ ရောဂါကို ဝယ်ယူကြသည်။

သို့ရာတွင် အက်ရှ်သည် ဗီလင်ဒါ အပေါ်တွင် သစ္စာ မဖောက်ချင်။ ပက်ရှဝါတွင် နာမည် အကြီးဆုံး ဆိုသည့် မာဆူမာထဲသို့ပင် မသွားဖြစ်။ အက်ရှ်သည် ဘန်ဂူန် တောင်ကြားသို့ ငါးမျှားထွက်သည်။

စက်တင်ဘာ ရောက်လျှင် ညများက အေးစပြုလာသည်။ နေ့ခင်းကမူ ခါတိုင်းလို ပူမြဲ။ အောက်တိုဘာ လလယ် အရောက်တွင် လေထဲတွင် အအေးဓာတ် ပါလာ၏။ ရေအိုင်များ၊ လူရှင်းရာ မြစ်ကျဉ်းများတွင် ရေလီတွေ၊ ရေဘဲတွေ ပေါလာစ ပြုပြီ။ ငန်းကြီးများသည် အုပ်ဖွဲ့ကာ နေရောင်ခြည် ရှိရာ တောင်ပိုင်းသို့ ပျံကြပြီ။

ဇာရင်မှာ ဂျမဒါ အဆင့်သို့ ရာထူး တိုးပြီး ဗီလင်ဒါတို့ သားအမိမှာလည်း ပက်ရှဝါသို့ ပြန်ရောက်လာကြသည်။

အက်ရှ်သည် ပက်ရှဝါသို့ မြင်းဖြင့် ထွက်လာကာ သူတို့နှင့် အတူ လက်ဖက်ရည် သွားသောက်၏။ နွေဦးပေါက် ကတည်းက ဗီလင်ဒါနှင့် ကွဲသွားကြသည်မှာ ယခု ခြောက်လ ရှိတော့မည်။ သူ့ အဖို့သော်မူ ခြောက်နှစ်လောက် ကြာသည်ဟု ထင်မိ၏။

ထင်မည် ဆိုလျှင်လည်း ထင်စရာ။ ဗီလင်ဒါမှာ အများကြီး ပြောင်းလဲသွား၏။ ဗီလင်ဒါသည် အလျင်ကလိုပင် ချောမြဲ လှမြဲ။ သို့ရာတွင် ကျောင်းသင်ခန်းစာတွေမှ လွတ်မြောက်လာကာစ အပျိုမကလေး တစ်ယောက်၏ ရွှင်မြူးမှုမျိုး မရှိတော့။ ဘဝကို ယစ်မူးနေသည့် ဟန်မျိုး မတွေ့ရတော့။ ဣန္ဒြေ ရလာကာ တည်ကြည်သည့် အသွင်ကို ပြောင်းလာလေပြီ။

ဗီလင်ဒါသည် ရယ်ရယ်မောမော ရွှင်ရွှင်လန်းလန်း ရှိသည့်တိုင် ပင်ကိုအတိုင်း မဟုတ်တော့။ သူ့အရယ်အပြုံး၊ သူ့အပြုအမူ၊ အနွဲ့အပျောင်းတို့သည် တစ်ခါတုန်းက စွဲမက်စဖွယ်။ ဟန်ဆောင်ခြင်း မရှိ။ ပကတိ။ ယခုမူ ဟန်ဆောင်သည့် အငွေ့အသက်တွေ ဖုံးနေလေပြီ။

အက်ရှ်သည် ဗီလင်ဒါ ပြောင်းလဲသွားပုံကို ကြည့်၍ စိတ်မချမ်းသာ။ သူ့စိတ်ထဲ ထင်နေခြင်း ဖြစ်မည်ဟု ဖြေသိမ့်ကြည့်သော်လည်း မရ။ ယခုတစ်ခေါက် ပြန်တွေ့ကြသည့် အခါ၌ ဗီလင်ဒါသည် သူနှင့် တွေ့ရသည့်အပေါ် ရက်သလိုလို၊ မလုံမလဲ ဖြစ်သလိုလို။ သည်မျက်နှာဖုံးတွေ မရှိတော့လျှင် ဗီလင်ဒါသည် အလျင်ကလိုပင် ချစ်စဖွယ်၊ စွဲမက်စဖွယ် ကောင်းနေဦးမည်သာ။

ထိုနေ့ ညနေက ဗီလင်ဒါ၏ ပြောင်းလဲသွားပုံကို ကြည့်၍ အက်ရှ် စိတ်ပျက်သည်။ သို့ရာတွင် လက်ဖက်ရည်သောက် ဖိတ်သဖြင့် ရောက်လာသော ဂျော့ကိုမူ သူ့လောက်မျှပင် အရေးစိုက်ခြင်း မရှိသည့် အတွက် အက်ရှ် တစ်ဖက်တစ်လမ်းမှ ဝမ်းသာရသည်။

သို့တိုင် ဂျော့မှာ ဗီလင်ဒါတို့အိမ်တွင် ရင်းရင်းနှီးနှီး။ သူတို့အိမ် ဧည့်ခန်းဆောင်ကို အချိန်မရွေး ဝင်ထွက်နေကျ ဖြစ်သည့် လူတစ်ယောက်၏ ဟန်။ မစ္စက်ဟာလိုးနှင့်လည်း တရင်းတနှီး။ (မစ္စက် ဟာလိုးသည် ဂျော့ကို လူလေးဟု တစ်ကြိမ်မက ခေါ်သည်ကို သတိပြုမိသည်။) လက်ဖက်ရည်ပွဲတွင် ဗီလင်ဒါကမူ စမိုက်ဟု ခေါ်သည့် ခပ်ဖိုင့်ဖိုင့် လူကြီး တစ်ယောက်နှင့် စကားပြောနေသည်။

အက်ရှ်သည် ဗီလင်ဒါနှင့်သာ မတွေ့ခဲ့လျှင် မည်သို့ ရှိမည်နည်း။ တွေ့ခဲ့လျှင်လည်း သူတို့နှစ်ယောက်ကြားတွင် ဂျော့ ဆိုသည့် လူတစ်ယောက် ဝင်မလာလျှင် မည်သို့ ရှိမည်နည်း။ သူတို့ သုံးယောက်၏ ဘဝ အပ်ချည်မျှင်ကလေးသည် ရောထွေးယှက်တင် ဖြစ်လာကာ ချည်ထွေးကြီး ဖြစ်လာခဲ့လေပြီ။ ထိုချည်ထွေးကြီးထဲတွင် တစ်ယောက်ယောက်ကမူ ပြတ်ထွက်ရလိမ့်မည်။

ယခု ဂျော့နှင့် ဗီလင်ဒါတို့ နှစ်ယောက်ကြောင့် သူ့ စိတ်များသည် ရှုပ်ထွေး နောက်ကျိနေသည်။ ထိုရှုပ်ထွေး နောက်ကျိသော စိတ်ဖြင့် အက်ရှ်သည် ပက်ရှဝါမှ ပြန်လာခဲ့၏။ ထို စိတ်ကြောင့်ပင်လျှင် အက်ရှ်သည် အိပ်မပျော်နိုင်ဘဲ လရောင်ထဲသို့ ထွက်လာကာ လျှောက်သွားနေမိသည်။

ထိုနေ့က အက်ရှ်သည် ပက်ရှဝါမှ ပြန်လာပြီးနောက် စောစောစီးစီး အိပ်ရာသို့ ဝင်ခဲ့သည်။ သို့ရာတွင် အိပ်ပျော်သွားသည့် အခါ၌ မဒန်းသို့ ရောက်စက မက်သည့် အိပ်မက်ကို ပြန်၍ မက်ပြန်သည်။

အိပ်မက်ထဲတွင် သူ့နောက်က လူဆိုးတွေ လိုက်သဖြင့် သူက မြင်းတစ်စီးဖြင့် ရှေ့က ဒုန်းစိုင်းလျက်။ ဗီလင်ဒါက သူ့ခါးကို ဖက်၍ လိုက်လာသည်။ ခြောက်သွေ့သော တောင်ကုန်းများ ကြားက ကျောက်ဆောင် ကျောက်ချပ်ကြီးများပေါ်တွင် ဒုန်းစီးနေသည်။ နောက်က လိုက်လာသူတို့၏ မြင်းခွာသံများမှာ တဖြည်းဖြည်း ကျယ်လောင် လာခဲ့ကြလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



အက်ရှ်သည် ဓာချွေးတွေ ပြန်ကာ အိပ်ရာမှ လန့်နိုးလာ၏။ ကြည့်လိုက်သည့် အခါတွင် သူ့နှလုံးသည် တူထုသည့်နှယ် တဒုန်းဒုန်း မြည်လျက်။ မြင်းခွာသံ မဟုတ်။ သူ့နှလုံး ခုန်သံ။

ညက အေး၍ မွေးနေသည်။ သို့ရာတွင် သူ့ကိုယ်မှာ ချွေးတွေ နစ်လျက်။ အက်ရှ်သည် စောင်ကို ခွာကာ ငြိမ်သက်စွာ လှဲနေသည်။ ဒုန်းစိုင်းနေသည့် သို့နှလုံးခုန်သံ ပုံမှန် ဖြစ်သွားသည် အထိ မလှုပ်မယှက်။ နောက်မှ လိုက်လာသော အသံများကိုကား နားထဲတွင် ကြားယောင်နေသေးသည်။

ဖွင့်ထားသော ပြတင်းပေါက်မှ လှမ်းကြည့်လိုက်လျှင် မဒန်း ခံတပ်သည် လရောင်တွင် နစ်မြုပ်လျက်။ တောခွေးများနှင့် ခွေးအများ၏ အူသံကိုပင် မကြားရ။ စန္ဒရီများ၏ လမ်းလျှောက်သံမှ အပ တပ်စခန်း တစ်ခုလုံးသည် တိတ်ဆိတ်နေသည်။

အက်ရှ်သည် အိပ်ရာမှ ထလာကာ ဝရန်တာဘက်သို့ ထွက်လာခဲ့၏။ သူ့စိတ်တွေက ဂနာမငြိမ်။ အိမ်ထဲသို့ ပြန်ဝင်ပြီး အပေါ်ရုံ အင်္ကျီနှင့် နယ်စပ်ဒေသများတွင် စီးလေ့ ရှိသည့် သားရေ ဖိနပ်ထူကြီးကို ကောက်စွပ်ကာ စိတ်ငြိမ်လို ငြိမ်ငြား အပြင်သို့ ထွက်လာခဲ့၏။ စန္ဒရီက သူ့ကို မှတ်မိသဖြင့် ခါတိုင်းလို အော်ဟစ် မေးမြန်းခြင်း မပြုဘဲ ခပ်တိုးတိုး လှမ်းပြောကာ အပြင်သို့ ထွက်ခွင့်ပြုလိုက်၏။

အက်ရှ်သည် စစ်ရေးပြ ကွင်းကြီးကို ဖြတ်ကာ ကွင်းပြင်ကြီးဆီသို့ လာခဲ့သည်။ သူ့ရှေ့တွင် တောင်ကြီးတွေ ညိုမှိုင်းလျက်။ ဖုန်ထူသော လမ်းပေါ်တွင် သူ့အရိပ်သည် မည်းမည်းရိပ်ရိပ်။

ရန်သူတို့က လာတိုက်လျှင် အချက်ပေးရန်အတွက် မဒန်း ခံတပ်စခန်း အပြင်ဘက်တွင် ကင်းတွေ ပတ်ပတ်လည် ချထားသည်။ အက်ရှ်သည် ကင်းများ ချထားသည့် နေရာများကို သိပြီး ဖြစ်သည့် အတွက် သူတို့ကို ရှောင်ကွင်းကာ တပ်နယ်မြေထဲမှ ထွက်ခဲ့ပြီးနောက် တောင်ကြီးများဆီသို့ လာခဲ့၏။

ကွင်း တစ်လျှောက်မှာ အပ်ချုပ်ရာတွေ ထင်သကဲ့သို့ ချောက်ကြီး ချောက်ကြားတွေ၊ ချပ်ကြီး ချပ်ကြားတွေ၊ ကုလားအုတ် ဆူးချုံတွေ၊ ကျောက်တုံး ကျောက်ဆောင် မားမားကြီးတွေဖြင့် ပြည့်နှက်လျက် ရှိသည်။

သားရေ ဖိနပ်ထူကြီးတွင် တပ်ထားသည့် သံမှိုပွင့်များသည် အောက်က ကျောက်တုံးများနှင့် ထိမိသည့် အခါတွင် တဂေါက်ဂေါက် မြည်ကာ တိတ်ဆိတ်သော ညတွင် ပို၍ အသံကျယ်နေသည် ထင်ရ၏။ သူ့ဖိနပ်သံကြောင့် အတွေး ပျက်သွားသဖြင့် အက်ရှ် စိတ်တိုသည်။

နောက်ဆုံးတွင် ဖုတ်တွေ ထူနေသည့် ဆိတ်သွားလမ်းကလေးပေါ်သို့ ရောက်လာ၏။ ထိုလမ်းပေါ်သို့ ရောက်လျှင်မူ ဖိနပ်သံကို မကြားရတော့။

လမ်းမှာ ဆိတ်သွားလမ်း ဆိုသည့်အတိုင်း ကွင်းပြင်ကြီးတွင် ပွစာတက်လျက်။ အက်ရှ်သည် ဆိတ်သွားလမ်း အတိုင်း တစ်မိုင်လောက် လျှောက်လာခဲ့ပြီးနောက် ကမူကလေး တစ်ခုပေါ်သို့ တက်လာခဲ့သည်။

ကမူကလေးပေါ်တွင် ကျောက်ဆောင်ကြီးများနှင့် ကိုင်းမြီးဖြူပင်များ ပေါက်လျက် ရှိပြီး အလယ်တွင် ကျောက်ဖျာကြီး တစ်ချပ် ခင်းထားသကဲ့သို့ မျက်နှာပြင် ညီသည့် ကျောက်ဆောင်ကြီး တစ်ခု ရှိသည်။ ဘေးပတ်ပတ်လည်တွင် ကျောက်ဆောင် မိုးမိုးမတ်မတ်များနှင့် မြက်ပင်များ ပေါက်လျက် ရှိသဖြင့် ထိုင်ချင့်စဖွယ် ဖြစ်အောင် ပြုပြင်ထားသကဲ့သို့ ရှိ၏။ ကမူကလေးမှာ သိပ်မမြင့်လှ။

အက်ရှ်သည် ကျောက်ဖျာပေါ်တွင် ထိုင်ချလိုက်ကာ ကျောက်ဆောင်ကြီး တစ်ခုကို မှီထားရင်း လရောင်ရည် ပက်ဖျန်းလျက် ရှိသော ကွင်းပြင်ကြီးကို ငေးကြည့်နေမိသည်။ ထိုနေရာကလေးတွင် ထိုင်ရင်း မောရိယမျှော်စင်မှ မဟာဒေဝီ ဘုံဆောင်ပျက်ကလေးပေါ်တွင် ထိုင်ခဲ့သည်ကို အမှတ်ရ၏။

မနေ့က မိုးဖွဲဖွဲ ရွာထားသဖြင့် လေသည် သန့်စင်လျက် ရှိ၏။ အဝေးမှ တောင်တန်းကြီးများသည် အနီးကလေးတွင် ရောက်နေရကား တစ်နာရီလောက် အလွန်ဆုံး တစ်နေ့လောက် သွားလိုက်လျှင် ရောက်လိမ့်မည်ဟု ထင်ရသည်။

အက်ရှ်သည် အဝေးမှ တောင်တန်းကြီးများကို ငေးကြည့်ရင်း ဗီလင်ဒါကိုလည်း မေ့သွားသည်။ ဂျော့ကိုလည်း သတိမရတော့။ တခြား အရာများကို အမှတ်ရနေသည်။

ယခုလိုပင် လရောင် ရွှန်းလဲ့သည့် ညတစ်ညသည်လို ကွင်းပြင်ကြီး တစ်ခုကို ဖြတ်သန်းခဲ့ရပုံ။ ဂူးလ်ကုတ် ပေတစ်ရာ လမ်းမကြီး ဘေးရှိ ညောင်ပင်အုပ်သို့ သူ လျှောက်လာခဲ့ပုံ။ ယခုလောက်ဆိုလျှင် ဟီရာလားလ်သည် ဘယ်ဆီသို့ ရောက်နေပြီနည်း။ ဟီရာ

www.burmeseclassic.com



သားလ်ကို သူ တွေ့ချင်သည်။ ဂူးလ်ကုတ်မှ ထွက်လာခဲ့စဉ် သူ့ကို ပိုက်ဆံနှင့် မြင်း ရှာပေးလိုက်သည့် ဟီရာသားလ်ကို သူ ပြန်၍ ကျေးဇူး ဆပ်ချင်သည်။ တစ်နေ့တွင်မှ သူသည်...။

သူ့မျက်လုံးများသည် ရတ်တရက် မှေးသွားကြသော တစ်နေရာကို စိုက်ကြည့်နေသည်။

ကွင်းပြင်ထဲတွင် မည်းမည်း သဏ္ဌာန် တစ်ခု ရွေ့လျားနေသည်ကို မြင်ရ၏။ ကျွဲတို့၊ နွားတို့၊ ဆိတ်တို့ မဖြစ်နိုင်။ သည်အနား တစ်ဝိုက်တွင် ရွာဟူ၍ မရှိ။ အရုယ်များလော၊ သို့မဟုတ် သမင်လော၊ ဘာမျှ သေချာ အောင် ပြော၍ မရ။ လရောင် ဆိုသည်မှာ မျက်စိကို လှည့်စားတတ်သည် မဟုတ်လော။

သို့ရာတွင် ထိုအရာသည် သူ့ဘက်သို့ တဖြည်းဖြည်း လာနေသည်။ လေတိုက်နေသဖြင့် သူ့အနံ့ကို မရနိုင်။ မကြာမီ သူ့အနား ရောက်လျှင် သိရတော့မည်။ သူ အသာ ငြိမ်နေလိုက်ဖို့သာ လိုသည်။

သူ့အဝတ်အစားက ကျောက်ဆောင် အရောင်နှင့် တစ်သားတည်း ဖြစ်သည့်အတွက် ထိုအရာသည် သူ့ကို မြင်နိုင်မည် မဟုတ်။ ကျောက်ဆောင်ရိပ်တွင် အသာ ထိုင်နေလျှင် တောရိုင်း တိရစ္ဆာန် တစ်ကောင်၏ မျက်လုံးများပင်လျှင် သူ့ကို မြင်နိုင်မည် မဟုတ်။

တဖြည်းဖြည်း နီးလာသည့် အခါတွင် မည်းမည်း အရာသည် လူသုံးယောက် ဖြစ်နေကြောင်း သိရ၏။ ထိုအခါကျမှ တင်းနေသော သူ့ အာရုံကြောများသည် အနည်းငယ် ပြေသွားကြသည်။

နယ်စပ် တောင်ရိုးပေါ်မှ ဆင်းလာကာ ရွာများကို လုယက် တိုက်ခိုက်မည့် လူဆိုးများ ဖြစ်လေသလော။ သို့ရာတွင် ထို သုံးယောက်လောက် ဝင်တိုက်ရုံမျှဖြင့် ဖြစ်စရာ မရှိ။ သို့မဟုတ်လျှင်လည်း ဂျစ်ပစီများလို ရွက်ဖျင်တဲကလေး တစ်လုံးဖြင့် ထိုမှ ဤမှ ပြောင်းရွှေ့နေကြသည့် ပိုဝင်ဒါ ခေါ် ရွှေ့ပြောင်း လူမျိုးများလော။ မဖြစ်နိုင်။

ယခုအချိန်တွင် ရာသီဥတု အေးလာပြီ ဖြစ်သည့်အတွက် ခရီးသွားလျှင် ည သွားစရာ မလို။ နေ့မှာပင် သွားနိုင်ပြီ။ သို့ရာတွင် မည်သူဖြစ်ဖြစ် ထိုသူများနှင့် သူ မတွေ့လို။ ညမှာ သွားလာ လှုပ်ရှားနေသည် ဆိုကတည်းက သူတို့တွင် အကြံအစည် တစ်မျိုး ရှိလိမ့်မည်။

ထို့ကြောင့် အက်ရှ်သည် နားရွက် မခုတ်ရဲဘဲ အသာကလေး ငြိမ်နေလိုက်သည်။ ကျောက်ဆောင်ရိပ်ကြီးများ ရှည်လျားလာသည်ကိုလည်း ကျေးဇူးတင်၏။ ယခုအချိန်၌ လဝန်းသည် သူ့နောက်ဘက်သို့ ရောက်သွားကာ မျက်နှာချင်းဆိုင် လာနေသူများ၏ မျက်နှာပေါ်သို့ လရောင်သည် တည့်တည့်ကြီး ကျနေလေပြီ။

ကျောက်ဆောင်ရိပ်ထဲတွင် ရောက်နေသဖြင့် သူ့ကို ထိုလူများ မမြင်နိုင်။ လှုပ်မှသာ မြင်နိုင်လိမ့်မည်။ ထို့ကြောင့် အက်ရှ်သည် သူတို့ကို အသာ စောင့်ကြည့်နေသည်။

သူ့အနီးသို့ သူတို့ ရောက်လာသည်နှင့် သူ့ တစ်ကိုယ်လုံးမှာ အေးစက်နေလေပြီ။ သူတို့တစ်တွေ မြန်မြန် ဖြတ်သွားကြပါစေဟု သူ ဆုတောင်းမိသည်။ သူတို့တစ်တွေ လွန်သွားကာ မျက်စိအောက်မှ ပျောက်ကွယ်မသွားမချင်း သည်နေရာက သူ ခွာ၍ မရသေး။ အကြာကြီး ထိုင်နေရဦးမည်။

အက်ရှ်သည် တစ်ချက်မျှ ကျိတ်၍ သမ်းလိုက်ပြီးနောက် ချက်ချင်းပင် နားကို စွင့်လိုက်သည်။

သူ ကြားလိုက်ရသည့် အသံက ခပ်တိုးတိုး။ သို့ရာတွင် သူ့ဆီသို့ လာနေသူများ၏ အသံ မဟုတ်။ သူ့ နောက်နားမှ ထွက်လာသော အသံ ဖြစ်သည်။ အလွန်ဆုံး ကိုက် သုံးလေးဆယ်လောက်သာ ဝေးလိမ့်မည်။ သို့ရာတွင် လေဆိတ်နေသည့် အတွက် အနီးကလေးမှ ထွက်လာသည့် အသံလည်း ဖြစ်နိုင်သည်။

အသံက ကျောက်စရစ် ခဲကလေး တစ်လုံး လိမ့်သွားသည့် အသံ။ သို့ရာတွင် သူ ထိုင်နေရာ တစ်ဝိုက်တွင် ကျောက်ဖျာကြီး။ ထိုနေရာတွင် ကျောက်ခဲလိမ့်သံကြားစရာ အကြောင်း မရှိ။

အက်ရှ်သည် အသက်ကိုမျှ ရဲရဲ မရှူရဲဘဲ နားကို စွင့်ထားလိုက်ပြန်သည်။

လာပြန်ပြီ။ နောက် ကျောက်စရစ်ခဲ တစ်လုံး။ စောစောက အသံမျိုး။ နောက်ကျောဘက်က တစ်ယောက်ယောက် သူ့ထံသို့ လာနေခြင်း ဖြစ်ရမည်။

အက်ရှ် ခေါင်းထဲတွင် အန္တရာယ်တွေကို ကြိုတင်စဉ်းစား ကြည့်လိုက်သည်။ သို့ရာတွင် အန္တရာယ်တွေက တစ်ခုမျှ သက်သာစရာ မမြင်။ နယ်စပ်ဒေသများတွင် လူမျိုးစု အချင်းချင်း တိုက်ခိုက်နေကြသည်။ သူ့နောက်တွင် ရှိသည့် လူ သို့မဟုတ် လူများသည် သူ့ရှေ့မှ လာနေသူများကို ထောင်ချောက် ဆင်ကာ ချောင်းမြောင်း တိုက်ခိုက်ကြလေမည်လော။ သို့မဟုတ်လျှင်လည်း နယ်ခြားစောင့်တပ်များကို မုန်းတီးနေသည့် သ



www.burmeseclassic.com

www.burmeseclassic.com



မျိုးစုများသည် သူ့ကို နောက်ယောင်ခံ၍ လိုက်လာကာ သူ့ကိုပင် လုပ်ကြံ သတ်ဖြတ်ကြတော့မည်လော။

လက်နက် မယူခဲ့သည်မှာ မှားပြီ။ သို့ရာတွင် ယခုမှ နောင်တရနေ၍ မဖြစ်တော့။

နောက်တစ်ကြိမ် ကျောက်စရစ်ခဲ ကျလာသံကို ကြားရပြန်သည်။

အက်ရှ်သည် အသံလာရာဆီသို့ သတိကြီးစွာဖြင့် လှည့်ကြည့်လိုက်၏။ သူ့အာရုံကြော၊ သူ့ကြွက်သားနှင့် သူ့ခန္ဓာကိုယ် တစ်ခုလုံးသည် တောင့်တင်းလျက်။ အန္တရာယ်ကို ရင်ဆိုင်ရန် အသင့် ဖြစ်နေသည့်ဟန်။

တောင်ကမူ ခြေရင်းဆီမှ ဆူးချုံတိုးသံ ကြားလိုက်ရ၏။ ခဏ အကြာတွင် လူတစ်ယောက် သူ့အနီးမှ လှစ်ခနဲ ဖြတ်သွားသည်။ သူ့ကို မမြင်။ အက်ရှ် သူ့မျက်နှာကို ကောင်းကောင်း မမြင်လိုက်ရ။

အရပ်မြင့်မြင့်။ စောင်ကြမ်းကြီး တစ်ထည်ကို ခြုံထားပြီး ခေါင်းနှင့် လည်ပင်းကို အဝတ် တစ်ထည်ဖြင့် သိုင်းခြုံထားသည်။ သူ့ကို ကျော်သွားသည်နှင့် ထိုလူသည် လရောင်ထဲတွင် အရိပ်မည်းမည်း သဏ္ဌာန် တစ်ခု ဖြစ်သွားသည်။

သူ့တွင် လက်နက်ပါသည် ဆိုလျှင် သေနတ်တို့ ဘာတို့ မဖြစ်နိုင်။ ပထန်တွေ ကိုင်သည့် ဓားကောက် လောက်သာ ပါနိုင်သည်။

အက်ရှ်ကို လုံးဝ မြင်ပုံ မရသေး။ အနားတွင် လူ ရှိသည်ကိုလည်း သင်္ကာမကင်း ဖြစ်ဟန် မရှိ။

သို့ရာတွင် သူ လှုပ်ရှားပုံမှာ ခိုးကြောင်ခိုးဝှက် နိုင်လွန်းသည်။ ခေါင်းက အငြိမ်မနေ။ ဟိုလှည့် သည် လှည့် ကြည့်နေသည်ကို ထောက်လျှင် သူ့နောက်ကို လူလိုက်လာခြင်း ရှိ မရှိ အကဲခတ်ခြင်း ဖြစ်ဟန်တူသည်။

ထိုလူနှင့် အက်ရှ် ရှေ့မှ လာသူ သုံးယောက် သည် ကမူကလေးနှင့် ကိုက်ငါးဆယ်လောက်တွင် ရပ်ကာ အတန်ကြာ စကား ပြောနေကြသည်။ ထို့နောက် ဆောင့်ကြောင့် ထိုင်ချလိုက်ကာ ဆက်၍ ပြောနေကြပြန် သည်။ မီးခတ်ကျောက်မှ မီးရောင် လက်ခနဲ ဖြစ်သွား သည်ကို မြင်လိုက်ရပြီးနောက် တမာကူအိုးကို မီးညှိကာ တစ်ယောက် တစ်လှည့် ရှူနေကြပြန်သည်။

ခပ်လှမ်းလှမ်း ဖြစ်နေသဖြင့် သူတို့ စကားသံကို သဲသဲကွဲကွဲ မကြားရ။ တီးတိုး ပြောနေသံကိုသာ ကြား ရသည်။ တစ်ချက် တစ်ချက်တွင်လည်း ရယ်သံကို ကြားရ၏။

ယခု သူ ထွက်သွားလျှင် သူ့ကို မြင်တော့မည်။ မြင်လျှင် သူတို့ကို ချောင်းကြည့်သလို ဖြစ်နေသည့် လူတစ်ယောက်ကို သာယာ ညင်းပျောင်း ပြောလိမ့်မည် မဟုတ်။

သည်လို နေရာ သည်လို အချိန်မျိုးတွင် တွေ့၍ စကားပြောသည် ဆိုလျှင် သူတို့ပြောသည့် ကိစ္စသည် လူသိ ခံချင်သည့် ကိစ္စမျိုး ဟုတ်ဟန်မတူ။ သည်လို အခြေအနေမျိုးတွင် ရောက်ရာ နေရာကလေးတွင် ကုပ် နေမှ ဖြစ်မည်။

အက်ရှ် ထိုင်နေသည်မှာ တစ်နာရီလောက် ရှိ သွားလေပြီ။ တစ်ကိုယ်လုံး ခိုက်ခိုက်တုန်ကာ တောင့် တင်းစ ပြုလာ၏။ ညကြီး အချိန်မတော် အတတ်ဆန်း ၍ ထွက်လာခဲ့မိသည့် သူ့အဖြစ်ကို ကျိန်ဆဲမိသည်။

နောက်ဆုံးတွင် လူလေးယောက်သည် ထိုင်ရာမှ ထကာ လမ်းခွဲ ထွက်သွားကြသည်။ သုံးယောက်က တောင်ရိုးဆီသို့ ပြန်ထွက်သွားကြပြီး တစ်ယောက်မှာမူ ကမူ အောက်ခြေမှ ဖြတ်ကာ လာသည့် လမ်းအတိုင်း ပြန်လှည့်သွားသည်။

ထိုအချိန်တွင်ကား လဝန်းသည် ထိုလူ၏ ကျော ပေါ်သို့ မဟုတ်တော့ဘဲ မျက်နှာပေါ်သို့ တည့်တည့်ကြီး ထိုးကျလျက် ရှိလေပြီ။ သို့ရာတွင် ထိုသူမှာ လည်တွင် သိုင်းထားသည့် အဝတ်ကြီးကို မေးနှင့် ပါးစပ်တို့ကိုပါ ဖုံးအုပ် ရစ်ပတ်ထားသည့် အတွက် သိမ်းငှက် နှာခေါင်း ကဲ့သို့ ကောက်နေသော နှာခေါင်းနှင့် နက်ရှိုင်းသော မျက်တွင်းများထဲမှ မျက်လုံးများကိုသာ မြင်လိုက်ရသည်။

သို့တိုင်အောင် သူ့ အလုံးအရပ် သဏ္ဌာန်ကို တစ်နေရာရာတွင် တွေ့ဖူးသည်ဟု အက်ရှ် ထင်သည်။ သူ သိသူ တစ်ယောက်ထဲက ဖြစ်ရမည်။ သည်အချက် မှ သေချာသည်။ ဘာကြောင့် အချိန်မတော် သည်နေရာ သို့ ရောက်လာသည်ကိုမူ သူ မသိ။

သူ ဘာမျှ ဆုံးဖြတ်ခြင်း မပြုသေးမီ ထိုလူသည် သူ့အနားမှ လှစ်ခနဲ ဖြတ်သွားကာ အဝေးသို့ ရောက် သွားလေပြီ။

အက်ရှ်သည် အတန်ကြာ စောင့်ကာ ကျောက် ဆောင် ပတ်ပတ်လည်ကို လှည့်ကြည့်လိုက်သည်။ အရပ် မြင့်မြင့်၊ ခေါင်းမြီးခြုံနှင့် လူသည် မဒန်း တပ်စခန်း ဘက်သို့ သွားနေသည်ကို မြင်ရ၏။

ထိုလူ ပျောက်ကွယ်သွားသည့် အခါတွင်မှ အက်ရှ် သည် ထိုင်နေရာမှ ထလိုက်သည်။ သူ့ တစ်ကိုယ်လုံး



www.burmeseclassic.com

www.burmeseclassic.com



အေးစက် တောင့်တင်းလျက် ရှိလေပြီ။ အက်ရှ်သည် ဒီလင်ဒါ အကြောင်းကို ခေါင်းထဲမှ ဖျောက်ဖျက်ပစ် လိုက်ကာ တပ်စခန်း ရှိရာသို့ ပြန်လာခဲ့သည်။

ရွှေရောင် တောက်သည့် နောက်တစ်နေ့ ဆောင်းဦး မနက်တွင် ထိုကိစ္စကို ပြန် စဉ်းစားလိုက်သည့်အခါ ထိုအဖြစ်အပျက်သည် ကြောက်စရာ မကောင်းတော့ဘဲ သာမန်ကဲ့သို့ ထင်နေရသည်။ လူလေးယောက်သည် သူတို့ လူမျိုးစုချင်း ဖြစ်သည့် ကိစ္စကို လာရောက် တိုင်ပင်ခြင်းလည်း ဖြစ်နိုင်သည်။ ထိုကိစ္စကို ညကြီး အချိန်မတော် ဘာကြောင့် တိုင်ပင်ရသနည်း။ ဤသည်မှာ သူ့ကိစ္စ မဟုတ်။ သူတို့ကိစ္စ။ အက်ရှ်သည် ထိုကိစ္စ ကိုလည်း ခေါင်းထဲတွင် မထားတော့ဘဲ ဖျောက်ပစ် လိုက်သည်။

နောက် ခြောက်ရက် အကြာ တစ်ညနေ မှောင်ရီ ဖျိုးဖျတွင်မှ…။

ထိုနေ့ ညနေက သူတို့ တပ်စခန်းတွင် ပိုလို ရိုက်ပွဲ မရှိ။ ထို့ကြောင့် အက်ရှ်သည် သေနတ် တစ်လက်ကို ဆွဲကာ မြစ်ရိုး တစ်လျှောက် ဖြုတ်တော အလေးသို့ ခါပစ်ရန် ထွက်လာခဲ့သည်။ မှောင်စပျိုး၍ ပြန်အလာ တပ်နယ်ထဲသို့ အဝင် မြင်းဇောင်းများ အနီးတွင် လူတစ်ယောက်နှင့် တွေ့သည်။ မိမိ တပ်စုမှ မြင်း တပ်သား တစ်ယောက် ဖြစ်၏။

မှောင်စပြုပြီ ဖြစ်သဖြင့် မည်သူမည်ဝါမှန်း မသဲကွဲ။ မျက်နှာချင်း ဆိုင်မိတော့မှ သူ့ကို မှတ်မိတော့သည်။ အက်ရှ်သည် ထိုလူ အလေးပြုသည်ကို ပြန်၍ အလေး ပြုခဲ့ပြီး ဆက် လျှောက်လာခဲ့သည်။

လွန်လာပြီးမှ တစ်စုံတစ်ခုကို သတိ ရလိုက်သဖြင့် နောက်သို့ ပြန်လှည့် ကြည့်လိုက်၏။ သူ သွားပုံ လာပုံနှင့် အလုံးအဖန်ကို သတိရလိုက်သဖြင့် လှည့်ကြည့် ခြင်း ဖြစ်သည်။ ပခုံး တစ်ဖက် နိမ့်လျက်။ အမာရွတ် ကြီး တစ်ခုက လက်ဝဲ မျက်လုံးကို ဖြတ်၍ ကန့်လန့် ကြီး ထင်နေသည်။ ထိုမျက်နှာ အပေါ်ပိုင်းကို သူ မြင် လိုက်ဖူးသည်။

အက်ရှ်သည် လရောင်အောက် ကျောက်ဖျာကြီး ဆီ ထိုင်နေစဉ်က အဖြစ်အပျက်ကို ချက်ချင်း သတိ ရလိုက်သည်။

‘ဗျို့ ဒါလီဆားခန်’

‘ဆပ်’

ထိုလူသည် ပြန်လှည့်လာ၏။

ဒါလီဆားခန်က အာဖဂန်သွေး စပ်သည့် ပထန် လူမျိုး တစ်ယောက်။ သူတို့ လူမျိုးသည် အာဖဂန်နစ္စတန် စော်ဘွားကို သစ္စာ ရှိသည်ဟု တရားဝင် ကြေညာထား သည်။ ထို့ကြောင့် ဒါလီဆားခန်သည် သူတို့ တောင် ပေါ်သားများနှင့် ချိန်းကာ တောင်ပေါ်ရွာများမှ သတင်း ပလင်းများကို နားထောင်ခြင်း ဖြစ်လိမ့်မည်။ တောင် ပေါ်တွင် လူမျိုးစု အချင်းချင်း တိုက်ကြ ခိုက်ကြသည့် ကိစ္စတို့ ရှိလိမ့်မည်။ ထိုလူမျိုးစုများလည်း တပ်ထဲတွင် ရှိသဖြင့် ထိုသတင်းကို ဒါလီဆားခန်အား တိတ်တိတ် လာပြောခြင်း ဖြစ်လိမ့်မည်ဟု အက်ရှ် ယူဆလိုက် သည်။

ဗြိတိသျှပိုင် နယ်မြေများမှာ ကြားနယ်မြေများ ဖြစ်သည့် အတွက် သူတို့ လူမျိုးစုချင်း တိုက်ကြ ခိုက် ကြသည့် ကိစ္စများကို ဗြိတိသျှပိုင် နယ်မြေထဲသို့ အဝင် ခံလေ့ မရှိ။ သို့ရာတွင် နယ်စပ်ကို ကျော်သွားပြီ ဆိုလျှင် မူ ဤသို့ မဟုတ်တော့။

ဒါလီဆားခန်၏ လူများသည် ကြားနယ်မြေသို့ တိတ်တိတ် ဝင်လာကာ ဒါလီဆားခန်နှင့် တိုင်ပင်ခြင်း ဖြစ်ပုံရသည်။ သို့ဆိုလျှင် ဒါလီဆားခန်ကို အပြစ်ဆိုဖွယ် မရှိ။ ဥပဒေကို ချိုးဖောက်သည်ဟု စွပ်စွဲရာ အကြောင်း မမြင်။ ကြားနယ်မြေ ဆိုသည်မှာ သည်လိုပင် ကိုယ့်လူ သူ့လူ လာနေကျ။ သူတို့ ကိုယ်ရေးကိုယ်တာ ကိစ္စမျှ သာ။ မိမိအနေဖြင့် ဘာမျှ စွက်ဖက်စရာ အကြောင်း မရှိ။

အက်ရှ်သည် သူ့ဘဝတွင်လည်း ယခုလို ကြား က ဝင်ရောက် စွက်ဖက်သဖြင့် နာကြည်း ခံပြင်းခဲ့ခြင်း ဖြစ်ခဲ့ဖူးသည့် အလျောက် ဒါလီဆားခန်ကို မည်သို့မျှ မမေးတော့ဘဲ အသာ နေလိုက်သည်။

ဤသို့ ဖွင့်၍ မပြောလိုက်ခြင်းသည် အက်ရှ်၏ အမှားပင် ဖြစ်သည်။ ဖွင့်၍ ပြောလိုက်လျှင် ဒါလီဆား ခန်သည် လန့်ဖျပ်သွားလိမ့်မည်။ လန့်ဖျပ်သွားလျှင် သူ့ စိတ် ပြောင်းသွားကာ သူ့အကြံအစည်ကို နောက်ဆုတ် တန့် ဆုတ်သွားလိမ့်မည်။ သို့ဆိုလျှင် သူ့ အသက် အန္တရာယ်ကိုလည်း ထိခိုက်နိုင်မည် မဟုတ်။

သို့ရာတွင် ဒါလီဆားခန်တို့လို အာဖဂန်နှင့် ပထန် စပ်သော တောင်ပေါ်သားသည် သူတို့ ရေး အကြောင်း ကံကို အသည်းစွဲအောင် ယုံကြည်ကြသည်။ သူတို့ ကံကြမ္မာသည် မွေးကတည်းက လည်ပင်း တွဲ လောင်းခို လိုက်လာသည်ဟု ထင်သူများ ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကံကြမ္မာကို မည်သူမျှ ပြောင်း၍ မရ။ ကံအကြောင်းတရားကို ပြောင်းလဲ ရှောင်ကွင်းနိုင်သည်ဟု သူတို့ မယုံကြည်။

ထို့ကြောင့် အက်ရှ်က ပြောလျှင်လည်း ဒါလီဆားခန်သည် နားထောင်ချင်မှ နားထောင်လိမ့်မည်။ နောက်ဆုတ်ချင်မှ ဆုတ်လိမ့်မည်။

အက်ရှ်သည် ထိုနေ့ညက ကျောက်ဆောင်ကြီးနားတွင် သူ မြင်ခဲ့သည့် ကိစ္စနှင့် ပတ်သက်၍ ဘာမျှ မမေးတော့ဘဲ မြင်းစီး သင်တန်းကျောင်း, အကြောင်းစသည့် အသေးအဖွဲကလေးများကို ပြောဆိုကာ လူချင်းခွဲလာခဲ့သည်။

သို့ရာတွင် ထိုအဖြစ်အပျက်သည် အက်ရှ်၏ စိတ်ထဲမှ ပျောက်၍ မရ။ အိပ်ငိုက်နေသူ တစ်ဦး မျက်နှာပေါ်တွင် ယင်ဝဲနေသကဲ့သို့ ထိုအဖြစ်အပျက်သည် သူ့စိတ်ထဲတွင် တဝဲဝဲ တလည်လည် ဖြစ်နေသည်။ အကြောင်းကိုမူ ရှာ၍ မရ။

ထို့ကြောင့် အက်ရှ်သည် မြင်းတပ်သား ဒါလီဆားခန်ကို သတိထား၍ စောင့်ကြည့်ခဲ့သည်။ ဒါလီဆားခန်ကိုလည်း သဘောမကျချင် သလိုလို ဖြစ်နေသည်။ အမှန်အားဖြင့် ဒါလီဆားခန်သည် စစ်သားကောင်း တစ်ယောက် ဖြစ်ပြီး မြင်းစီးကလည်း ကျွမ်းကျင်သည်။ သူ့တွင် ဘာမျှ အပြစ် ပြောစရာ မရှိ။

သို့ရာတွင် ဘာကြောင့်မှန်း မသိ။ အက်ရှ်သည် ဒါလီဆားခန်၏ နောက်ကွယ်တွင် လျှို့ဝှက်ချက် တစ်ခု ရှိနေသည်ဟု ထင်သည်။ 'စဉ်းလဲ ကောက်ကျစ်သည်' ဟု ထင်နေသည်။

တစ်ခါတစ်ရံတွင် သူ့အမူအရာက အောက်ကျို့သည့် အမူအရာ (ထိုအမူအရာမျိုးကို တောင်ပေါ်သားများတွင် တွေ့ရခဲဘိခြင်း။)။ တစ်ခါတစ်ရံတွင် သူနှင့် မျက်လုံးချင်း မဆိုင်ဘဲ ရှောင်ပစ်တတ်သည်ကိုလည်း အက်ရှ် သတိပြုမိသည်။

တပ်ခွဲမှူးနှင့် သူ့တပ်စု အကြောင်းကို ဆွေးနွေးသည့် အခါတွင် အက်ရှ်က

'ကျွန်တော်တော့ ဒါလီဆားခန် ဆိုတဲ့ လူကို နည်းနည်းလေးမှ မယုံဘူး၊ သူ့မျက်လုံးက တစ်မျိုးပဲ၊ ဒီလို မျက်လုံးရှိတဲ့ မြင်းတစ်ကောင် နှစ်ကောင် ကျွန်တော် တွေ့ဖူးတယ်၊ ကျွန်တော့်ကို လက်ဖက်ခြောက်တွေ ဆယ်ပိဿာ ပေးမယ် ဆိုတောင် အဲဒီ မြင်းမျိုးတော့ ယူကို မယူဘူး'

'ဒါလီဆားခန်က ဘာဖြစ်လို့လဲကွ၊ ပြောစမ်းပါဦး'

'ဘာမှတော့ ဖြစ်လို့ မဟုတ်ပါဘူး၊ ဟိုဒင်း... ဟဝါ... အေးလေ ဘာဖြစ်လို့မှန်းတော့ ကျွန်တော် မသိဘူး၊ သူ့ကို မြင်လိုက်ရင် ကျွန်တော့် ကျောထဲမှာ ချမ်းလာတယ်၊ တစ်ည ကျွန်တော့် တပ်နယ်မြေ အပြင်ဘက်က ကျောက်ဆောင်ပေါ် သွားထိုင်နေတုန်း...'

အက်ရှ်က လရောင် ရွှန်းလဲ့သည့် ညတစ်ညက သူ တွေ့ခဲ့ရသည့် အဖြစ်အပျက်ကို ပြောပြသည်။ ခွဲမှူးသည် ရယ်မောလိုက်ပြီးနောက် သူ့စကားကို ပုတ်ထုတ်လိုက်၏။

အက်ရှ်လိုပင် သူကလည်း ဒါလီဆားခန်သည် သူတို့ တောင်ပေါ်သား လူမျိုးစု ကိစ္စကို ဆွေးနွေးမည် ထင်ကြောင်းဖြင့် ပြောပြသည်။

'ကြည့်ရတာကတော့ သူတို့ တောင်ပေါ်မှာ တစ်ရွာနှင့် တစ်ရွာ တိုက်နေကြတယ် ထင်ပါရဲ့ကွာ၊ ဒီတော့ နောက်တစ်ခါ ရွာကို ပြန်လာရင် သတိလေး ဘာလေး ထားဖို့ လာပြောတာ ဖြစ်မှာပေါ့၊ ဒါလီဆားခန်ရဲ့ အစ်ကို ဟာဗစ်က ဟိုဘက်ရွာက သူကြီးကို သေနတ်နှင့် ပစ်သတ်ခဲ့ဖူးတဲ့ ကိစ္စကလည်း ရှိတယ်ကွ၊ သူကြီး နာမည်က အလီတဲ့၊ ဒီတော့ အလီ ရဲ့ ဆွေမျိုးတွေကလည်း ဟာဗစ်ရဲ့ ဆွေမျိုးတွေကို လက်စားချေချင်လို့ ဖြစ်မှာပေါ့၊ မယုံ စောင့်ကြည့်ကွာ၊ ဒါပဲ ဖြစ်ရမယ်'

'ကျွန်တော်လည်း အစတုန်းကတော့ ဒီလိုပဲ ထင်တာပဲ၊ ဒါပေမဲ့ မဖြစ်နိုင်ဘူး ခွဲမှူး၊ ဘာဖြစ်လို့လဲ ဆိုတော့ သူက ထွက်တွေ့တာကို စဉ်းစားကြည့်လေ၊ သူတို့ အချင်းချင်း ကြိုတင်ပြီး အချိန်းအချက် ရှိလို့ ထွက်တွေ့တာ ဖြစ်ရမှာပေါ့'

'ဟုတ်ချင် ဟုတ်မှာပေါ့ကွာ၊ သူတို့ ပြောစရာ ရှိတယ်လို့ ဟိုက လှမ်းပြီး အကြောင်းကြားပြီး ချိန်းထားတာလည်း ဖြစ်ချင် ဖြစ်မှာပေါ့၊ သတ်မယ့် ဖြတ်မယ့် ကိစ္စကို စာထဲမှာ ထည့်ရေးလို့ ဘယ်ကောင်းမလဲ၊ လူချင်း တွေ့ပြီး ပေးမှ စိတ်ချရမှာပေါ့'

'ခွဲမှူး ပြောတာလည်း ဟုတ်ချင် ဟုတ်မှာပေါ့လေ၊ ဘာပဲဖြစ်ဖြစ် ဒီလူကို စောင့်ကြည့် သင့်တယ်လို့တော့ ထင်တာပဲ'

'သဘောပဲလေ'

တပ်ခွဲမှူးက ပြောသည်။ သူ့အသံက ဘာမျှ အလေးအနက် မရှိ။ ကလေးတစ်ယောက် လာတိုင်သည့်

www.burmeseclassic.com



အခါတွင် 'အေး အေး သွားကစားချည်' ဟု ပြောလွှတ်လိုက်သကဲ့သို့ ရှိ၏။

အက်ရှ်က ဘာမျှ မပြောတော့။ သို့ရာတွင် သူ့စိတ်ထဲတွင်မူ မမေ့။ မြင်းတပ်သား ဒါလီဆားခန်၏ နောက်ကြောင်း ရာဇဝင်ကို အာလယားအား စုံစမ်းခိုင်းလျှင် ကောင်းမည်လောဟု တွေးနေမိသည်။

အာလယားက

'မြင်းတပ်ထဲမှာ သူတို့ အာဖဂန် ပထန်စပ် ငါးယောက် ရှိတယ် ဆပ်၊ လူတွေက ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်းတွေ၊ ရက်လည်း ရက်စက်တယ်၊ သူတို့ အာဖဂန်ပထန်မျိုးက မြင်းတပ်ထဲ ဝင်တယ်၊ စစ်ထဲကို မလိုက်ဘဲကို မနေနိုင်လို့ ဝင်ကြတာ၊ သူတို့အဖို့ စစ်တပ်ထဲဝင်ရတာ စစ်တိုက်ရတာ ဂုဏ်တစ်ခုလို့ ထင်ကြတယ် ဆပ်၊ သူတို့ တောင်ပေါ်သား အချင်းချင်းလည်း တစ်ဦးကို တစ်ဦး တစ်စုကို တစ်စု သတ်ကြ ဖြတ်ကြလို့လည်း ဖြစ်မှာပေါ့၊ စစ်တပ်ထဲ ဝင်တော့ သူတို့အဖို့ အများကြီး အန္တရာယ် ကင်းတယ် မဟုတ်လား၊ တခြားကြည့်နှင့်၊ သခင်ဆပ် တပ်စုမှာကို သူတို့ အမျိုးထဲက နှစ်ယောက် ရှိတယ်၊ တစ်ယောက်က မာလစ်ရှား၊ နောက်တစ်ယောက်က လားမတ်'

'ကျုပ် သိပါတယ်လေ၊ သူတို့ နှစ်ယောက်စလုံးက လူကောင်းတွေချည်းပါပဲ၊ အကောင်းဆုံးလို့တောင် ပြောနိုင်တယ်၊ မာလစ်နှင့် လေးငါးခြောက်ခါထက် မနည်း အလိုက် ထွက်ဖူးပါတယ်၊ လားမတ်ကတော့...'

အာလယားက လက်ကာ ပြလိုက်ကာ

'နေဦး သခင်ဆပ်၊ ကျွန်တော် ပြောဦးမယ်၊ ကျွန်တော့် စကား မဆုံးသေးဘူး၊ သူတို့ အမျိုးက သိပ်မကြီးဘူး၊ ခပ်သေးသေးရယ်၊ ဒီတော့ သူတို့ အချင်းချင်း တစ်ယောက်နှင့် တစ်ယောက် ဆွေမျိုး လုပ်တော်ကြတာချည်းပဲ၊ တစ်ဝမ်းကွဲတို့၊ နှစ်ဝမ်းကွဲတို့၊ သုံးဝမ်းကွဲတို့ ဆယ့်လေးငါးဝမ်းကွဲတို့ အထိ ရှိတယ်၊ ဒါပေမဲ့ သူတို့ ဆွေမျိုးစုတွေထဲက ဒါလီဆားခန်ကို တစ်ယောက်မကြိုက်ကြဘူး၊ ဒါလီဆားခန်ဟာ လူလိမ်တဲ့၊ ကောက်ကျစ်တယ်တဲ့၊ သခင်ဆပ်လိုပဲ သူတို့ကလည်း ဒါလီဆားခန်ကို မယုံကြဘူး'

'ဘာဖြစ်လို့ မယုံကြတာလဲ၊ ဘယ်လို မယုံကြတာလဲ'

'ငယ်ငယ်ကလေး ကတည်းက ဉာဉ်မကောင်းဘူးတဲ့ ကလေး ဆိုတာ ထုံးစံအတိုင်း မှတ်ချင်ရာကို စွဲစွဲမြဲမြဲ မှတ်ထားတတ်တယ် မဟုတ်လား၊ လိမ်ရင် သူတို့ကို ညာရင် လူကြီးတွေကို တို့မီး ရှို့မီး လုပ်ရင် မကြိုက်ချင်ကြဘူး၊ သူက ငယ်ငယ်ကတည်းက ဒီလို အကျင့် ရှိတော့ သူ့ကို သူငယ်ချင်းတွေက မကြိုက်ကြဘူး၊ ကလေး ကတည်းက စွဲလာတာ လူကြီး ဖြစ်လာသည် အထိ သူတို့ စိတ်ထဲမှာ စွဲနေတယ်၊ သူက နယ်ခြားစောင့် တပ်ထဲကို ဝင်သွားတော့ ကျန်တဲ့လူတွေက စိုးရိမ်ကြတယ်၊ ကြိုက်လည်း မကြိုက်ကြဘူး၊ အမှန်က ဒါလီဆားခန်ဟာ ဒီလို စစ်ထဲ ဝင်တဲ့ ဝါသနာ ရှိတာ မဟုတ်ဘူးတဲ့၊ ဘာဖြစ်လို့ ဝင်သလဲ မသိဘူးလို့ ပြောကြတယ်။

'ဒါပေမဲ့ သူက တပ်ထဲကို လာတော့ မြင်းကောင်းကောင်း တစ်စီး ယူလာခဲ့တယ်၊ မြင်းစီးလည်း ကောင်းတယ်၊ သေနတ် ပစ်တာလည်း ဖြောင့်တယ်၊ တပ်ထဲမှာ ဒီပြင်လူတွေနှင့် ပြိုင်တော့ သူ အနိုင်ရတယ်၊ ဒီအထဲမှာ တပ်က အရာရှိတွေကလည်း သူ့အကြောင်းကို အကောင်းချည်းပဲ ပြောကြတော့ အမျိုးတွေကလည်း ဘာမှ မပြောသာတော့ဘူးပေါ့၊ တို့အမျိုးထဲက ဆိုပြီး ဂုဏ်တော့ ယူကြသပေါ့၊ ဒါပေမဲ့ သူ့ကိုတော့ အလျင်ကလိုပဲ သိပ် မကြိုက်ကြဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ သူက အခုသာ ကောင်းချင် ကောင်းနေတာ၊ တော်တော် ကြာရင် ဗွေဖောက်ချင် ဖောက်လာတတ်တဲ့ လူစားကိုး၊ လူတွေကတော့ သူ လုပ်တာတွေကို ဘယ်မေ့နိုင်မလဲ၊ နောက်တစ်ခါ သခင်ဆပ် တောပစ်ထွက်ရင် မာလစ်တို့ လားမတ်တို့နှင့် သွားပါ'

အက်ရှ်ကလည်း သူ ပြောသည့်အတိုင်း မာလစ်တို့ လားမတ်တို့နှင့် တောပစ်ထွက်သည်။ သို့ရာတွင် ဒါလီဆားခန် အကြောင်းကို အာလယား ပြောသည်ထက် ဘာမျှ ပိုမသိ။

မာလစ်ကမူ

'ဒါလီဆားခန်ဟာ မြွေပွေးလိုပဲ သခင်ဆပ်၊ သွေးအေးပြီး အဆိပ်ပြင်းတယ်၊ ငယ်ငယ်တုန်းက ဆိုရင်...'

မာလစ်က သူတို့ ငယ်ငယ်က ကြုံတွေ့ခဲ့ရသည်တို့ကို ပြောပြသည်။ ဒါလီဆားခန်သည် ငယ်ငယ်တုန်းက သူတို့ကို မကောင်းသည်ကို လုပ်ရန် သွေးထိုးပေးခဲ့ကြောင်း၊ ထို့နောက် သူငယ်ချင်းတွေကို သစ္စာဖောက်ကာ လူကြီးတွေကို သွားတိုင်ခဲ့ကြောင်း၊ သူကမူ လိမ်ပြောကာ ကိုယ်လွတ် ရုန်းသွားကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



မာလစ်သည် ထိုအဖြစ်ကို တွေးတိုင်း စိတ်နာနေဆဲ ဖြစ်ဟန်တူ၏။ သို့ရာတွင် တပ်ထဲသို့ ရောက်ပြီး တစ်နှစ်လောက် ကြာသွားသည့် အခါတွင်မူ ဒါလီဆားခန်မှာ အကြီးအကျယ် ပြောင်းလဲသွားကြောင်းကို ဝန်ခံသည်။

'တပ်ထဲ ရောက်တော့လည်း တပ်သားကောင်း တစ်ယောက်တော့ ဖြစ်လာပါတယ်၊ တိုက်ပွဲတွေ ဘာတွေမှာ ဆိုရင်လည်း ရဲရဲရင့်ရင့် တိုက်ခဲ့တဲ့ အတွက် ကျွန်တော်တို့ တပ်ရင်းရော သူ့အမျိုးတွေရော ဂုဏ်တက်ပါတယ်၊ တကယ်ကတော့ ဒါလီဆားခန်ဟာ အင်္ဂလိပ် အစိုးရဆီမှာ ဝင်ပြီး အမှုထမ်းဖို့ မကောင်းဘူး၊ သူနှင့်လည်း မကိုက်ဘူး၊ ဒီမှာလာပြီး အမှုထမ်းနေတာ တွေ့ရတော့ ကျွန်တော် အံ့သြတယ်၊ အေးလေ သူ့အကြောင်းနှင့်သူ ရှိလို့ ဖြစ်မှာပေါ့၊ ဟိုမှာ လူတို့ ဘာတို့ သတ်ပြီး မနေရဲလို့ ထွက်ပြေးလာပြီး တပ်ထဲ ဝင်တာလည်း ဖြစ်ချင် ဖြစ်မှာပဲ၊ ဒီနယ်ဘက်မှာ သူလို လူမျိုးတွေ အများကြီး ရှိတာပဲ'

မာလစ်က ရယ်လိုက်၏။ ဟုတ်သည်၊ သူ့လိုလူတွေ အများကြီး ရှိကြောင်းကို အက်ရှ် သိသည်။ အက်ရှ်သည် ထိုအကြောင်းကို နောက်ထပ် မမေးတော့။

သို့ရာတွင် နောက်တစ်ပတ် အကြာ၌မူ ဒါလီဆားခန် တစ်ယောက် နယ်ခြားစောင့်တပ်ထဲသို့ ဘာကြောင့် ဝင်ခဲ့ကြောင်းကို သိလာခဲ့ရသည်။ သူ့အမျိုးများက သူ့အား ဘာကြောင့် မယုံကြည်ခြင်း ဖြစ်ကြောင်းကိုလည်း တွေ့လာရ၏။

သူ့အပေါ်တွင် ရှိခဲ့သော အက်ရှ်၏ သံသယသည် အခြေအမြစ် မရှိသော သံသယ မဟုတ်ကြောင်းကို တွေ့ရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၂

ထိုညက လမိုက်ည။

ဒါလီဆားခန်သည် အစိုးရက ထုတ်ပေးထားသည့် မြင်းတပ်သုံး ကာဘိုင် သေနတ် တစ်လက်နှင့် သူ့ကို ထုတ်ပေးထားသည့် သေနတ် တစ်လက်တို့ကို ယူကာ မဒန်း တပ်စခန်းမှ ပျောက်သွားသည်။ သူ ထွက်သွားသည်ကို မည်သူမျှ မမြင်လိုက်ကြ။ ဒါလီဆားခန်သည် အရိပ် တစ်ခုနှယ် လျင်မြန်စွာ လှုပ်ရှားနိုင်သည်။

အရုဏ်မတက်မီ နောက်ဆုံး အလှည့်တွင် ဒါလီဆားခန် ကင်းကျသည်။ တပ်ထုံးစံမှာ ကင်းချလျှင် နှစ်ယောက်တွဲ ချစမြဲ။ ဒါလီဆားခန်သည် သူ့အဖော် စန္ဒရီကို ဓားဖြင့် ထိုးသတ် မသွားခဲ့ခြင်းမှာ လူလူချင်း သက်ညှာ သနားခြင်းကြောင့် ဟုတ်ဟန်မတူ။ နောင်ရန်ကြွေးတွေ တင်ကာ အကျယ်အကျယ် မငြိမ်းဖွယ် ဖြစ်လာမည် စိုးသောကြောင့် ဖြစ်ပုံရသည်။

သို့ရာတွင် အဖော် စန္ဒရီမှာ ခေါင်းကို အရိုက်ခံလိုက်ရသဖြင့် မူးမေ့သွားကာ သတိ ပြန်ရလာသည့်အခါကျမှ အဖြစ်အပျက်ကို ပြန်ပြောနိုင်တော့သည်။ အဖော် စန္ဒရီသည် သူ့အကြံအစည်ကို မသိ။ သူ့ကို ရန်မူလိမ့်မည်ဟုလည်း မျှော်လင့်ထားခြင်း မရှိ။ ထို့ကြောင့် မည်သို့ မည်ပုံ အရိုက် ခံလိုက်ရသည်ကိုပင် မပြောနိုင်။

ဒါလီဆားခန်သည် အဖော်ကို ကာဘိုင် သေနတ်ဒင်ဖြင့် ရိုက်ချလိုက်ပြီး လဲကျသွားသည့် အခါတွင် သူ့ခေါင်းပေါင်းဖြင့် သူ့ပါးစပ်ကို ပိတ်၍ လက်ပြန်ကြိုးတုပ်သည်။ ထို့နောက် တပ်စခန်းမှ ရွက်ဖျင်တဲများနှင့် တစ်ခေါ်လောက် အကွာ မှောင်ရိပ်ထဲသို့ တရွတ်ဆွဲခေါ်သွားပြီး ထားပစ်ခဲ့၏။ ဒါလီဆားခန်သည် ဤသို့ဖြင့် အမှောင်ရိပ်ကို ခိုကာ တပ်ပြင်သို့ ရောက်သွားသည်။

နောက်တစ်နာရီခန့် ကြာ၍ အဖော် စန္ဒရီ သတိရလာကာ ညည်းတွားနေသည့် အသံကို ဆိုင်ရာတို့က ကြားသွားကာ လာကြည့်သည်တွင်မှ အကျိုးအကြောင်းကို သိရခြင်း ဖြစ်၏။

တပ်မှ ကင်းများသည် မြင်းများဖြင့် တပ်နယ်မြေ အပြင်ဘက် ထွက်၍ လိုက်ရှာကြသည့်တိုင် ဒါလီဆားခန်၏ အရိပ်အယောင်ကိုမျှ မမြင်ရတော့။

ညနေ မိုးချုပ်သည် အထိ အနီးတစ်ဝိုက် တောများ၊ တောင်များထဲတွင် လိုက်ရှာသော်လည်း ရှာမတွေ့။

နောက်တစ်နေ့ မနက်တွင်မူ တပ်မှူးက တပ်ထဲတွင် သူတို့ အမျိုးထဲက အမှုထမ်းသူ ဘယ်နှယောက်ရှိသနည်းဟု စုံစမ်းသည်။ သူတို့အားလုံးကို တပ်ရင်းရုံးသို့ ဆင့်ခေါ်ပြီး ယူနီဖောင်းချွတ်၊ လက်နက်သိမ်းသည်။

သူတို့ အမျိုး တပ်သားများသည် တိတ်ဆိတ်စွာ နားထောင်ကာ တစ်ယောက်ပြီး တစ်ယောက် ယူနီဖောင်းချွတ်ပြီး ပစ္စည်းများကို ဖျာခင်းထားသည့် ကြမ်းပြင်ပေါ်တွင် သွားပုံကြ၏။ ပစ္စည်း ပုံပြီးနောက် နဂိုနေရာသို့ ပြန်လာကာ သတိ အနေအထားဖြင့် မတ်တတ် ရပ်နေကြရသည်။

'ကဲ သွား၊ သေနတ် နှစ်လက်ကို ပြန် မရမချင်း မင်းတို့ မျက်နှာကို ငါ မကြည့်ချင်ဘူး'

တပ်မှူးက ပြောသည်။

တပ်သားများသည် ဘာမျှ မပြောဘဲ ထွက်သွားကြ၏။ မည်သူကမျှ မေးခွန်း မေးမြန်းခြင်း မရှိ။ အက်ရှ် တစ်ယောက်သာလျှင် ထိုအဖြစ်ကို ကြည့်၍ စိတ်ပျက်လက်ပျက် ဖြစ်နေသည်။

အက်ရှ်သည် မျက်နှာ ဖြူဖပ်ဖြူရော်ဖြင့် တပ်ခွဲမှူးထံ ရောက်လာကာ

'ဒီလို လုပ်ဖို့တော့ ဘယ်ကောင်းမလဲ ခွဲမှူးရာ၊ သူတို့နှင့် ဘာဆိုင်လို့လဲ၊ သူတို့ ဘာတတ်နိုင်မှာလဲ၊ ဒါ သူတို့ လုပ်တာမှ မဟုတ်တာ၊ ပြီးတော့ သူတို့... သူတို့ကကော ဒီလူကို ဘာဖြစ်လို့ မကြိုက်ကြတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



တပ်ခွဲမှူးက စိတ်ရှည်လက်ရှည်ဖြင့်

'သူတို့က မျိုးတူစု တစ်စုတည်းကကွ၊ တပ်မှူးက သိပ်ပါးတယ်၊ ဒီငနဲ ဘာလုပ်နေတယ် ဆိုတာ ကောင်းကောင်း သိတယ်၊ ဒါလီဆားခန်ဟာ ကာဘိုင် သေနတ်ကို လိုချင်နေတယ်၊ တို့တပ်ကလည်း ကာဘိုင် သေနတ်ကို တောင်ကြား တစ်ဝိုက်မှာ သုံးခွင့် မပြုနိုင်ဘူး၊ တို့တပ်ထဲက တပ်သားတွေကိုလည်း ဒီသေနတ်တွေကို တောင်ကြားကို ယူသွားခွင့် မပြုနိုင်ဘူး၊ ဒီသေနတ်ကို တောင်ကြားက လူမျိုးစုတွေ မြင်သွားရင် သိပ် သဘောကျသွားလိမ့်မယ်၊ ခုတော့ ငနဲက ကာဘိုင် သေနတ်ကို လစ်ပြေးပြီလေ၊ ဟိုရောက်တော့ ဒီကာဘိုင်ကို လူမျိုးစုတွေ မြင်ရင် သဘောကျပြီး ကာဘိုင်ကို ခိုးခိုးပြီး ထွက်ပြေးကြလိမ့်မယ်၊ တစ်ခုတော့ ရှိပါတယ်လေ၊ ခု တပ်မှူးက အရှာခိုင်းလိုက်တဲ့ ကောင်တွေဟာ ဒါလီဆားခန် ဘယ်ကို ပြေးတယ် ဆိုတာ သိကြမှာပဲ၊ ငါ ထင်ပါတယ်၊ သူတို့ လိုက်ရှာရင် နောက် လေးဆယ့် ရှစ်နာရီ အတွင်းမှာ ရမှာပဲ'

'ရပါ့မလား၊ ခုဆိုရင် သူတို့ကို ယူနီဖောင်းလည်း ချွတ်လိုက်ပြီ၊ မဆိုင်ဘဲနှင့်လည်း အခြောက်တိုက် အပြစ်ပေး ခံလိုက်ရပြီ၊ တကယ်လို့ တရားသဖြင့် ဖြစ်ချင်တယ် ဆိုရင် ကျွန်တော့်ကို အပြစ် ပေးသင့်တာပေါ့၊ ခွဲမှူးလည်း ပါတာပေါ့လေ၊ ဒါလီဆားခန် တစ်ခုခု ကြံနေပြီ ဆိုတာ ကျွန်တော်လည်း သိခဲ့တယ်၊ ခွဲမှူးလည်း သိခဲ့တယ်၊ ကျွန်တော် ခွဲမှူးကို သတိပေးခဲ့သားပဲ၊ ဒါပေမဲ့ ခွဲမှူးက ကျွန်တော် ပြောတာကို ယုံတမ်းစကားလောက် အောက်မေ့ပြီး လက်မှ မခံခဲ့ဘဲကိုး၊ မဟုတ်ဘူးလား၊ ဘာပဲ ဖြစ်ဖြစ်လေ ဒီကိစ္စနှင့် ပတ်သက်လို့ ကျွန်တော် တစ်ခုခု လုပ်နိုင်သေးတယ် ထင်တာပဲ၊ မာလစ်တို့ ဘယ်သူတို့ ဘာမှ တတ်နိုင်မှာ မဟုတ်ပါဘူး၊ ဒါတော့ မတရားဘူး ထင်တယ် ခွဲမှူး'

ခွဲမှူးမှာ စိတ်တိုလာကာ

'ကုလားလေးရာ၊ ကလေးလို မပြောစမ်းပါနှင့်၊ လူကြီးလို ပြောစမ်း၊ ခု မင်းလုပ်နေပုံက နှစ်နှစ်သားကလေးလေး လုပ်နေသလို ဖြစ်နေတယ်၊ ပြောစမ်း၊ မင်း ဘယ်လို ဖြစ်နေတာလဲ၊ ခုတလော မင်းကို ကြည့်ရတာက ခေါင်းမှာ ဒဏ်ချက်မိလာတဲ့ ဝက်ဝံကြီး ကျနေတာပဲ၊ အငြိမ်ကို မနေနိုင်ဘူး၊ မင်း ဘာဖြစ်သလဲ၊ နေမကောင်းဘူးလား'

အက်ရှ်က စိတ်ဆိုးဆိုးဖြင့်

'နေကောင်းပါတယ်ဗျာ၊ ဘာမှ မဖြစ်ပါဘူး၊ ကဲ ခွဲမှူးကို ပြောလို့ မရရင် ကျွန်တော်ကိုယ်တိုင် တပ်မှူးကို သွားတွေ့မယ်ဗျာ၊ ဒီလို မတရား လုပ်တာမျိုးကိုတော့ ကျွန်တော် မကျေနပ်ဘူး'

'အေး တွေ့ချင်ရင် မင်းဘာသာ သွားတွေ့ပေါ့၊ ငါတော့ မလိုက်ဘူး၊ ခုတလောမှာ တပ်မှူး စိတ်ဆိုးနေတယ်နော်၊ သတိ ပေးလိုက်ပါပေရဲ့၊ ပြီးတော့မှ သွားတွေ့မိတာ မှားလေခြင်းလို့ နောင်တ မရနှင့်'

သို့ရာတွင် အက်ရှ်ကို တားဍမရ။ ဒါလီဆားခန် ထွက်ပြေးခြင်းနှင့် မဆီမဆိုင် တပ်သား အချို့ အထုတ်ခံရခြင်းကြောင့် အက်ရှ် အကြီးအကျယ် စိတ်မကောင်းဖြစ်နေသည်။ ခပ်စောစောက ကိုယ်ရေးကိုယ်တာ ကိစ္စကြောင့် စိတ်ညစ်နေရသည့် အထဲတွင် နောက်ထပ် စိတ်ညစ်စရာတွေကို လာတွေ့နေရပြီ။ ထို့နောက်တွင်မူ အက်ရှ်သည် စိတ်ညစ်စရာ တစ်ခုပြီး တစ်ခု တွေ့နေရသည်။

ထိုကိစ္စ မတိုင်မီ တစ်မနက်တွင် စာတိုက်မှ အက်ရှ်ထံသို့ စာတစ်စောင် ရောက်သည်။ စာအိတ်ပေါ်တွင် ရေးထားသည့် လက်ရေးကို ကောင်းကောင်း မမှတ်မိ။ အရာရှိ စားမြိန် ရိပ်သာထဲတွင် ထိုင်ကာ စာအိတ်ကို ဖောက်ဖတ်လိုက်၏။ ညှိခံပွဲ၊ ကပွဲ စသည်တို့သို့ ဖိတ်သည့် ဖိတ်စာ တစ်စောင် ဖြစ်ချင်ဖြစ်မည်။

ဖွင့်လိုက်သည့် အခါတွင် စာက မစ္စက် ဟာလီထံမှ ပေးလိုက်သည့် စာ။ စာထဲတွင် ရေးထားသည့် အကြောင်းက သူ့သမီး ဗီလင်ဒါကို လက်ထပ်ရန် စေ့စပ်ကြောင်းလမ်း ပြီးသည့် အကြောင်း။ အက်ရှ် အနီးတွင် မြွေလျှောင်ကြီး တစ်ခု လှုပ်သွားသည်ဟု ထင်လိုက်ရသည်။

စာထဲတွင် ဗီလင်ဒါမှာ များစွာ ပျော်လျက် ရှိကြောင်း၊ အက်ရှ်သည် ဗီလင်ဒါ၏ ပျော်ရွှင်မှုကို နှောင့်ယှက်မည် မဟုတ်ဟု ယူဆကြောင်း၊ စိတ်ကို ရှည်ရှည်ထားသင့်ကြောင်း၊ စိတ် မချမ်းမြေ့စရာ တစ်စုံတစ်ရာမကြားလိုကြောင်း၊ တွေးကြည့်လိုက်လျှင် သူနှင့် ဗီလင်ဒါတို့မှာ လိုက်ဖက်ခြင်း မရှိကြောင်း၊ အမှန်အားဖြင့်လည်း အက်ရှ်သည် ငယ်ရွယ်သေးသည့် အတွက် အိမ်ထောင်ရေးကို စိတ်မကူးသင့်သေးကြောင်း၊ အင်းဗရိုသည် ဗီလင်ဒါ အတွက် စိတ်ချရသည့် လင်ကောင်းတစ်ယောက် ဖြစ်ကြောင်း။

အက်ရှ်သည် ကိုယ်ကျိုးကို မငဲ့ဘဲ မိမိ သမီးငယ်၏ ပျော်ရွှင်ရေးကို ခွဲဝေ ခံစားနိုင်လိမ့်မည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း၊ မိမိ သမီးငယ် နောင် ပျော်ရွှင် ချမ်းသာရေး အတွက် ဆုတောင်း ပေးစေလိုကြောင်း၊ ယခု သတင်း ကိုလည်း ဗီလင်ဒါက အရေးခိုင်းသဖြင့် ရေးလိုက်ရခြင်း ဖြစ်ကြောင်း၊ မိမိနှင့် အက်ရှ်တို့ သင်္ဘောပေါ်တွင် ပြော ခဲ့ကြသည့် စကားများကိုမူ မေ့ပျောက် ပစ်လိုက်စေလို ကြောင်း...။

အက်ရှ်သည် ငူငူကြီး ထိုင်ကာ စာရွက်ကို စိုက် ကြည့်နေမိသည်။ မည်မျှ ကြာသည် မသိ။ အနီးသို့ စိတ်ဆွေ တစ်ယောက် ရောက်လာကာ နေထိုင်ကောင်း ခြင်း ရှိ မရှိ မေးသည့် အခါတွင်မှ သတိ ရလာတော့ သည်။ သို့တိုင်အောင် အက်ရှ်သည် သူ မေးသည်ကို ပြန်မဖြေမိ။ သုံးလေးခါ ထပ်မေးသည့် အခါတွင်မှ စကားပြန် ပေးနိုင်တော့သည်။

'ဟုတ်... ဟုတ်တယ်၊ ဟင့်အင်း... မဟုတ်ပါ ဘူး၊ နေကောင်းပါတယ်၊ ဘာမှ မဖြစ်ပါဘူး'

အက်ရှ်က ယောင်တီးယောင်တဖြင့် ဖြေသည်။

'ဘာလဲ၊ မကောင်းသတင်းလား' ဟု ဝိုက်ဂရမ် က မေး၏။

'မဟုတ်ပါဘူး၊ ကျွန်တော် ခေါင်းနည်းနည်း ကိုက်နေလို့ပါ၊ နေပူမိသွားတယ် ထင်တယ်၊ ကျွန်တော် ခဏ သွားလှဲလိုက်ဦးမှ ထင်တယ်'

အက်ရှ်သည် ထိုသို့ ပြောပြီးမှ 'မဖြစ်နိုင်ဘူးဗျာ၊ မယုံနိုင်ဘူး' ဟု လွတ်ခနဲ ပြောလိုက်မိသည်။

'ဘာမယုံနိုင်တာလဲဗျ၊ ခင်ဗျား ဆရာဝန် သွား ပြရင် ကောင်းမယ် ထင်တယ်၊ ခင်ဗျားကို ကြည့်ရတာ သိပ် မဟန်ဘူး၊ အပူများ ရှပ်ချင်သလား မသိဘူး'

'အသာ နေစမ်းပါဗျာ၊ မဟုတ်ပါဘူး၊ အရေး ထဲမှာ'

အက်ရှ်သည် သူ့အခန်းသို့ ပြန်လာခဲ့ကာ ခုတင် ပေါ်တွင် ထိုင်ရင်း မစ္စက် ဟာလိုး စာကို ထပ်ဖတ်ပြန် သည်။

အက်ရှ်သည် စာကို အထပ်ထပ် ဖတ်၏။ ဖတ် လေ မယုံကြည်နိုင်လေ။ အကယ်၍ ဗီလင်ဒါသည် တစ် စုံတစ်ယောက်ကို ချစ်နေခဲ့သည် ဆိုလျှင် သူနှင့် နောက်ဆုံး အခေါက် တွေ့ခဲ့ကြစဉ်က သူ ရိပ်မိခဲ့ရမည်။ ကြာသည်မှာ ဘာမျှ မကြာသေး။ သုံးပတ်လောက်သာ ရှိ သေးသည်။ သို့ရာတွင် ထိုစဉ်က ပြောခဲ့သည့် စကား များတွင် အရိပ်အယောင် ဆို၍ တစ်စက်မျှ မပါ။ သူ နှစ်ယောက် အကြောင်းကို သူတို့သာ သိသည်။

ဗီလင်ဒါသည် ထိုစာကို သူ့အမေအား အရေး ခိုင်းသည် ဆိုခြင်းကို သူ မယုံနိုင်။ ဟုတ်ရိုးမှန်လျှင် သူ ကိုယ်တိုင် စာရေးရမည်။ ဗီလင်ဒါသည် သူ့အပေါ်တွင် တစ်ခါမျှ မရိုးမသား မလုပ်ခဲ့။

နေပါဦး။ အင်းဗရိစ် ဆိုသည့် ကောင်ကကော ဘယ်သူနည်း။ သည်ကိစ္စတွင် သူ့မိဘတွေက လုပ်ကြံ လီဆယ်ခြင်း ဖြစ်နိုင်သည်။ သူတို့နှစ်ယောက်ကို ခွဲဖို့ တမင် လုပ်ခြင်း ဖြစ်နိုင်သည်။ သို့မဟုတ်လျှင်လည်း ဗီလင်ဒါကို သူ မကြိုက်သူနှင့် အတင်း ပေးစားရန် စီမံ ခြင်း ဖြစ်မည်။

မစ္စက် ဟာလိုး၏ စာကို သောကြာနေ့က ရခဲ့ ခြင်း ဖြစ်၏။ ဗီလင်ဒါထံ တရားဝင် သွားရောက် လည် ပတ်ခွင့် ရရန်မှာ နောက်ထပ် ရှစ်ရက်ကြီးတောင် လို သေးသည်။ သို့ရာတွင် နောက်တစ်နေ့တွင်မူ အက်ရှ် မနေနိုင်တော့။ အမိန့်ကို လွန်ဆန်ကာ ပက်ရှဝါသို့ မြင်းဖြင့် ထွက်လာခဲ့သည်။

ယခု တစ်ကြိမ်တွင်လည်း ဗီလင်ဒါတို့ နေသည့် ဘန်ဂလိုမှာ သူ ပထမဆုံး သွားလည်ခဲ့သည့် နေ့ကလို ပင် ဟာလာဟင်းလင်း ဖြစ်နေသည်။ သခင်ဆပ်နှင့် သခင်မများမှာ နေ့လယ်စာ ဖိတ်ထားသဖြင့် ထွက်သွား ကြကြောင်း၊ နေ့လယ်ကျမှ ပြန်လာမည် ထင်ကြောင်း ဖြင့် အစေခံ တစ်ယောက်က ဆီးပြော၏။

အက်ရှ်သည် အလျင် တစ်ခေါက်ကကဲ့သို့ပင် ကလပ်သို့ ထွက်လာခဲ့သည်။ သည်နေရာတွင်လည်း အလျင် တစ်ခေါက်ကကဲ့သို့ပင် လူသူမရှင်းဘဲ မြက် ခင်းပေါ်တွင်ရော၊ ဝရန်တာတွင်ပါ လူတွေ ပြည့်ကျပ် နေသည်။ လူတွေက သစ်သစ်လွင်လွင် ဝတ်စားကာ ရယ်ကာ မောကာ စကားပြောလျက်။ သူ့ကို ပထမဆုံး နှုတ်ဆက်သူမှာ ဂျော့။

ဂျော့က သူ့လက်ကို ဖမ်းဆွဲလိုက်ကာ

'ဗျို့ အက်ရှ်၊ လာဗျာ၊ အတော်ပဲ၊ ခင်ဗျားကို ပြောစရာ ရှိလို့၊ မသွားနှင့်ဗျာ၊ ဒီကို လာ၊ တစ်ခုခု သောက်ရအောင်'

အက်ရှ်သည် ဂျော့နှင့် လုံးလုံး စကား မပြောချင်။ ဗီလင်ဒါက လွဲလျှင် မည်သူနှင့်မှလည်း မပြောချင်။ သို့ရာတွင် ရှေ့ဆက်သွား၍ မဖြစ်။

ဂျော့က ထွေနေပုံ ရသည်။ နောက်တစ်ကြောင်း မှာ ဗီလင်ဒါ စေ့စပ်သည် ဆိုလျှင် ထိုအကြောင်းကို ဂျော့ သိနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျော့ကို ကြည့်ရသည်မှာ မနက် အစောကြီး မူး နေလေပြီ။ ဂျော့ တစ်ယောက် မနက် အစောကြီး မူး နေပုံကို ထောက်လျှင် အရေးတော်ပုံ လှဟန်မတူ။ ဤ သည်ကို မြင်သဖြင့် အက်ရှ် အနည်းငယ် စိတ်အားလျော့ သွားသည်။

ဂျော့က အာလေး လျှာလေးကြီးဖြင့်

'အတော်ပဲဗျ၊ ခင်ဗျားကို တွေ့ချင်နေတာ၊ ခင်ဗျားနှင့် စကား ပြောစရာ ရှိလို့၊ ခင်ဗျား တစ်ယောက် ကိုပဲ ပြောချင်တယ်ဗျာ၊ တခြား ဘယ်သူနှင့်မှ မပြော ချင်ဘူး၊ ဒီမှာ မပြောဘူးဗျာ၊ လူ သိပ် ရှုပ်တယ်၊ ဒီမှာ အကုန်လုံး ဘလယ်ဒီဖူးတွေချည်းပဲ၊ ကျုပ်... ကျုပ် ဘန်ဂလိုကို သွား... သွားမယ်'

ဂျော့၏ စကားသည် သင့်မြတ်သည်ဟု အက်ရှ် ယူဆ၏။ သည်နေရာတွင် ပြောလို့ မကောင်း။ လူတွေ ရှေ့မှာ ထိုအကြောင်းကို မပြောချင်။ ကြည့်ရသည်က ဗီလင်ဒါ အကြောင်း ဖြစ်ရမည်။ သို့ဆိုလျှင် သည်နေရာ တွင်လည်း နားမထောင်ချင်။

ဂျော့မှာ အရက် အတော် မူးနေပြီ ဖြစ်သည့် အတွက် သူ့ကို လူတွေက ဝိုင်းကြည့်နေကြပြီ။ ထို့ကြောင့် သည်နေရာမှ အမြန်ဆုံး ထွက်သွားလျှင် ကောင်းမည် ဟုလည်း အက်ရှ် ယူဆသည်။ တချို့မှ သူ့ကို လှမ်း ကြည့်ကာ သူတို့ အချင်းချင်း တီးတိုး ပြောနေကြသည်။

သည်နေရာတွင် ကြာကြာ နေလျှင် ကလပ် အတွင်းရေးမှူးက ဖြစ်စေ၊ ကလပ် အမှုဆောင် လူကြီး တစ်ယောက်ယောက်က ဖြစ်စေ သူ့ကို အိမ်ပြန်ဖို့ လာ ပြောတော့မည်။ သို့ဆိုလျှင် ဂျော့ကလည်း စိတ်ဆတ် ဆတ်။ သူ့ကို စော်ကားသည် ထင်ပြီး မဖွယ်မရာတွေ ဖြစ်လာနိုင်သည်။

အက်ရှ်သည် ပက်လက် ရထားကလေး တစ်စင်း ကို အခေါ် ခိုင်းလိုက်ပြီးနောက် မူးနေသည့် ဂျော့ကို တွဲတင်ကာ သူ့ဘန်ဂလိုသို့ ပြန်ခေါ်လာခဲ့သည်။

ဂျော့၏ ဘန်ဂလိုမှာ အတော်အတန် ကျယ်သည့် စတုရန်းပုံ ဘန်ဂလိုကြီး ဖြစ်ပြီး သူ့ကုမ္ပဏီက ငှားပေး ထားခြင်း ဖြစ်သည်။

သို့ရာတွင် ဂျော့ အခန်းမှာ ခပ်သေးသေးမျှသာ။ ရေချိုးခန်းနှင့် တွဲလျက် အိပ်ခန်းကလေး တစ်ခန်း၊ အပြင်ဘက် ထွက်သည့် ဝရန်တာ တစ်ခု (ဝရန်တာကို သစ်သား ယင်း တစ်ချပ် ကာထားသည်။)၊ ထိုနေရာ ကို ဧည့်ခန်း အဖြစ်လည်း အသုံးချသည်။ ထမင်းစား ခန်းလည်း ဖြစ်သည်။ ဘန်ဂလို တစ်ခုလုံးမှာ အိန္ဒိယ ပြည် အနံ့အပြားတွင် တွေ့ရသည့် စာပို့တိုက် ဘန်ဂလို ပုံစံမျိုး။ ခပ်စုတ်စုတ်၊ ခပ်ချာချာ။

သို့ရာတွင် ရထားသံ ကြားချိန်တွင် ထွက်ကြွ သည့် အစေခံကမူ ဟင်းသုံးပွဲ ပါသည့် နေ့လယ်စာကို ချက်ချင်း စီမံနိုင်သည်။ ဗရောင်း အင် မက်ဒေါ်နယ် ကုမ္ပဏီက ထုတ်သည့် အပေါစား ဘီယာ နှစ်လုံးလည်း ပါ၏။

ထို့ကြောင့် အက်ရှ်သည် စိတ်ညစ်သည့်တိုင် နေ့ လယ်စာကို အားရပါးရ စားပစ်လိုက်သည်။

သို့ရာတွင် အိမ်ရှင် ဂျော့မှာကား ဘာကိုမျှ မစားနိုင်တော့။ ကုလားထိုင် နောက်မှီကို မှီ၍ ထိုင်ရင်း ပါးစပ်မှ တတွတ်တွတ် ရွတ်ကာ တစ်ချီ တစ်ချီတွင်လည်း သူ့အစေခံကို ဆဲဆို ကြိမ်းမောင်းနေသည်။ အစေခံက စားပွဲကို ရှင်းလင်းပေးပြီး ပြန်ထွက်သွားသည့် အခါတွင် မှ ဂျော့သည် ကိုယ် ပြန်မတ်လာသည်။

အစေခံက ထွက်သွားပြီး ယင်းကို ပြန်ချသွား သည့် အခါတွင် ဂျော့သည် ဆတ်ခနဲ ကိုယ်ကို မတ်၍ ရှေ့သို့ ကုန်းလိုက်ကာ လက်နှစ်ဖက်ကို စားပွဲပေါ်သို့ ပစ်တင်ပြီး စားပွဲတွင် ခေါင်းတင်ကာ ငိုနေသည်။

အက်ရှ်သည် သူ့အပါးမှ အသာ ထလာကာ ဖုတ်တွေ ထနေသည့် ဗိုလ်တဲ ဝင်းထဲသို့ ဆင်းလာခဲ့၏။ ကျဲကျဲတောက် ပူနေသည့် နေ့လယ်ခင်း နေရောင်ထဲတွင် ညောင်ပင်ရိပ်ကြီးက အေးမြနေသည်။

အက်ရှ်သည် ကလပ်သို့ ပြန်သွားချင်သည်။ သို့ ရာတွင် သည်လို အခြေအနေမျိုးတွင် ဂျော့ တစ်ယောက် တည်း မထားရစ်ချင်။ ဂျော့ တစ်ယောက် အရက်တွေ မူးပြီး ငိုလား ရယ်လား ဖြစ်ခြင်းမှာ ဗီလင်ဒါ ကိစ္စ ကြောင့်သာ ဖြစ်ရမည်။ ထိုကိစ္စနှင့် ပတ်သက်၍ ဂျော့ ပြောမည့် စကားကို သူ နားထောင်လိုခြင်း ရှိ မရှိကိုပင် ကိုယ့်ဘာသာ ဝေခွဲ၍ မရချင်။

အက်ရှ်သည် ညောင်မြစ် တစ်ခုပေါ်တွင် ထိုင်ချ လိုက်၏။ သူ့ကိုယ်သူလည်း စိတ်ဆိုးသည်။ ဂျော့ကို လည်း စိတ်ဆိုးသည်။ အသံကွဲကြီးဖြင့် ဂျော့ ငိုရှိုက်နေ သည်ကို နားထောင်ရသည်မှာ နည်းနည်းမျှ သုတ သာယာ မဖြစ်။

ခဏကြာလျှင် ငိုသံ တိတ်သွားကာ တခွီးခွီး ဖြင့် နှပ်ညှပ်နေသံကို ကြားရသည်။ ထို့နောက် ရေချိုး ခန်းဆီသို့ လျှောက်သွားသံ ကြားလိုက်ရပြီး ရေတဗွမ်းဗွမ်း



www.burmeseclassic.com

www.burmeseclassic.com



အသံ ကြားရ၏။ စဉ့်အိုးကြီးထဲမှ ရေတွေနှင့် ခေါင်းကို လောင်းနေဟန် တူသည်။

အက်ရှ်သည် ဝရန်တာသို့ ပြန်တက်လာကာ သူ့ ကုလားထိုင်တွင် ဝင်ထိုင်သည်။ ဂျော့က မျက်နှာသုတ် ပဝါကြီးကို ပတ်၍ ထွက်လာ၏။ သူ့ဆံပင်တွေ ရေတွေ စိုရွှဲလျက်။ အစေခံက ဗန်းဖြင့် လာချပေးသည့် ကော်ဖီ အိုးထဲမှ နို့မပါသည့် ကော်ဖီ တစ်ခွက်ကို ငှဲ့လိုက်သည်။ ထို့နောက် အိကျနေသည့် ကြိမ်ကုလားထိုင်ပေါ်သို့ ပစ် ထိုင်လိုက်ပြီးလျှင် ကော်ဖီပူပူကို သောက်နေ၏။

သူ့အမူအရာက အကြီးအကျယ် စိတ်ပျက်နေ သည့် အမူအရာ။ တစ်နှစ်လောက်က လက်ဖက်ရည်ပွဲ များ၊ ကပွဲများတွင် ရေပန်းစားနေခဲ့သည့် စကားများများ ဆောင့်ကြွားကြွား ဂျော့ မဟုတ်တော့။ မျက်နှာက ဖောင်းအစ်အစ်။ မုတ်ဆိတ်မွေးတွေကလည်း ထူလပျစ်။ ငိုထားသဖြင့် မျက်လုံးတွေက နီရဲလျက်။ နကိုချောသည့် ရုပ်ကလေးပင် မရှိတော့။

အက်ရှ်သည် သူ့ကို ကြည့်၍ စောစောက စိတ် ညစ်နေသည်တို့ ပျောက်သွားကာ သနားလာသည်။ အက်ရှ်သည် အားကိုးအားထား ခံရသူပီပီ နှစ်သိမ့် စကား ပြောမှ ဖြစ်မည်ဟု စိတ်ကူးပေါက်လျက် ကော်ဖီ တစ်ခွက်ကို ငှဲ့လိုက်၏။

'ဘာဖြစ်တာလဲဗျ၊ ပြောစမ်းပါဦး၊ စေ့စပ်ကြောင်း လမ်းတဲ့ ကိစ္စ မဟုတ်လား'

'ဘာ စေ့စပ် ကြောင်းလမ်းတာလဲဗျ'

ဂျော့က အေးစက်စက်ဖြင့် ပြောသည်။ အက်ရှ် ၏ နှလုံးသည် လျှင်မြန်စွာ ခုန်စပြုလာကာ ကြမ်းပေါ်သို့ ကော်ဖီတွေ ဖိတ်ကုန်သည်။ ဟုတ်ပြီ၊ သူ ထင်သည့် အတိုင်း မှန်ပြီ။ မစ္စက် ဟာလိုးသည် သူ့ကို လီဆယ် နေခြင်း ဖြစ်ရမည်။

'ဗီလင်ဒါ ကိစ္စလေ၊ ခင်ဗျား ဒီလို ဖြစ်နေတာ ဒီကိစ္စကြောင့်လားလို့၊ ဟို... ဟို သူ စေ့စပ်တယ်လို့ ကြားလို့ပါ'

'ဩော် ဒါလား' ဟု ဂျော့က အရေးမကြီးဟန် ဖြင့် ပြောသည်။

'ဒါက သူ့အပြစ် မဟုတ်ပါဘူးဗျာ၊ သူက အဲ မစ္စက် ဟာလိုးက ကျွန်တော့်ကို ဖျောင်းဖျပါတယ်၊ ကျွန်တော့် ဆိုရင် အဘွားကြီးက တော်တော် သဘော ကျတာ၊ ခက်တာက ဗီလင်ဒါဗျ၊ ဗီလင်ဒါရယ်၊ ကျွန်... ကျွန်တော် သူ့ကို တစ်ယောက်ယောက်က...၊ အို မဖြစ်

နိုင်ပါဘူးဗျာ၊ ခုလောက်ထိ ကျွန်တော် ဘယ်သူ့ကိုမှ မပြောခဲ့ဘူး၊ ကျွန်တော့်ဘက်က နှုတ်ပိတ်နေခဲ့တယ်၊ ခုတော့ ကျွန်တော် မပြောလည်း တစ်နေ့ကျရင်တော့ သိကုန်ကြတော့မှာ'

'ဟော့လူ၊ ဘာတွေ လျှောက်ပြောနေတာလဲဗျ၊ ဘာကို သိရမှာလဲ၊ ခင်ဗျားဟာက မရှင်း မရှင်းနှင့်၊ ဘာ မှန်းလဲ မသိဘူး၊ ကဲ ပြောစမ်းဗျာ၊ သူ စေ့စပ်တယ် ဆို တာ ဟုတ်သလား မဟုတ်ဘူးလား၊ ဒါပဲ သိချင်တယ်'

'ဘယ်သူလဲ၊ ဗီလင်ဒါလား၊ အင်း ဟုတ်တယ် ဗျ၊ ပက်ရှဝါတပ်က လူပျို စစ်ဗိုလ်ကလေးတွေရဲ့ ကပွဲ ပြီးတဲ့နောက် စေ့စပ်တာပဲ၊ ဒီမှာ အိုင်ဆေး၊ ခင်ဗျားကို ကျွန်တော် တစ်ခုခု ပြောချင်တယ်ဗျာ၊ ခင်ဗျား စိတ်ဆိုး မှာလားဟင်၊ ကျွန်တော်တော့ ဘာလုပ်ရမလဲ ဆိုတာ မသိအောင် ဖြစ်နေပြီ၊ ဒါကို ဒီအတိုင်း ဘာမှ မပြောဘဲ မျိုသိပ် ကြိတ်မှိတ် နေလိုက်ရမလား၊ ကျွန်တော့် နို့တစ် စာထဲမှာ ထုတ်ရေးပြီး အလုပ်က ထွက်ရမလား ဆိုတာ မဝေခွဲနိုင်အောင် ဖြစ်နေတယ်၊ ကျွန်တော် ဒီမှာ မနေ ချင်တော့ဘူးဗျာ၊ ဒီမှာ နေရင် ကိုယ့်ကိုယ်ကိုယ် သတ် သေမိလိမ့်မယ်၊ သူက အကုန် လျှောက်ပြောမှာ၊ ခုပဲ လျှောက်ပြောနေပြီ၊ မနက်တုန်းက ကလပ်မှာ ကျွန်တော့် ကို လူတွေ ဝိုင်းကြည့်ပြီး တီးတိုး တီးတိုး ပြောနေတာ ခင်ဗျား မြင်ခဲ့မှာပေါ့၊ ရှေ့လျှောက် ဒီထက် ဆိုးမှာဗျ၊ ပိုဆိုးတော့မှာ၊ ကျွန်တော်တော့...'

အက်ရှ်သည် သူ့စကားများကို ဆက်၍ နား မထောင်တော့။ တုန်ရီသော လက်များဖြင့် ကော်ဖီ ပန်းကန်ကို စားပွဲပေါ်သို့ ချလိုက်ပြီး ကုလားထိုင်ပေါ် တွင် ထိုင်ချလိုက်သည်။ နောက်ထပ် ဘာမျှလည်း မကြားချင်။ ဘယ်သူနှင့်မှလည်း စကား မပြောချင်။ ဂျော့ကိုလည်း စကား မပြောချင်။ သို့တိုင်အောင်...။

'မဖြစ်နိုင်ဘူးဗျာ၊ တပ်က လူပျိုတွေရဲ့ ကပွဲက အရင် လဆန်းက လုပ်တာ၊ တစ်လခွဲလောက် ရှိသွား ပြီ၊ ဒီနောက်မှာ ကျွန်တော် ဗီလင်ဒါနှင့် တွေ့သေးတာ ပဲ၊ အတူတူတောင် လက်ဖက်ရည် သောက်ခဲ့သေးတယ်၊ တကယ် ဟုတ်ရင် အဲဒီတုန်းက ပြောမှာပေါ့၊ ဒါမှမဟုတ် ရင်လည်း သူ့အမေကြီးက ပြောမှာပေါ့၊ သူတို့က မပြော ရင်လည်း တစ်ယောက်ယောက်ကတော့ ပြောမှာပေါ့။

'သူတို့က ချက်ချင်း မကြေညာချင်သေးဘူးတဲ့၊ ဟိုလူ ရာထူး တိုးတော့မှ စေ့စပ်တဲ့ မင်္ဂလာ သတင်းကို ကြေညာချင်တယ်၊ ရာထူးသစ်နှင့် ဆိုတော့ ကြေညာ



www.burmeseclassic.com

www.burmeseclassic.com



ဟာ ဂုဏ်ရှိတာပေါ့၊ ဝန်ရှင်တော် မင်းကြီးနှင့် လက်ထပ်တော့မှာ၊ သိလား'

'ဘာ၊ ဝန်ရှင်တော် မင်းကြီး၊ ဟုတ်လား'

အက်ရှ်က အရက်မူး မပြေသေးသည့် ဂျော့ကို မျက်မှောင်ကုတ်၍ ကြည့်လိုက်၏။ ဝန်ရှင်တော် မင်းကြီး ဆိုသည်မှာ နည်းသည့် ရာထူး မဟုတ်။ အိုင်စီအက်စ် ခေါ် အိန္ဒိယနိုင်ငံ ပဋိညာဉ်ခံ ဝန်ထမ်းများ အဖို့ 'ပျိုတိုင်း ကြိုက်သည့် နှင်းဆီခိုင်' ဖြစ်သည်။ အိုင်စီအက်စ် ဘဝဖြင့် နှစ်ပေါင်းများစွာ အမှုထမ်း ပြီးမှသာလျှင် အိန္ဒိယပြည် ပြည်နယ်များတွင် ဗြိတိသျှ အစိုးရ ကိုယ်စား 'ဝန်ရှင်တော် မင်းကြီး' ဟူသော ရာထူးကို ရတတ်ကြသည်။

'ဟုတ်တယ်ဗျ၊ တောင်ပိုင်းက ဗာလိုပူရ် ပြည်နယ်မှာ၊ မနက်ကတွင် သတင်းစာတွေထဲမှာ ပြန်တမ်းထွက်လာပြီ'

'ဗာလိုပူရ် ပြည်နယ် ဟုတ်လား၊ မဖြစ်နိုင်ဘူးဗျာ၊ ခင်ဗျား မူးနေတယ် ထင်တယ်၊ ဝန်ရှင်တော် မင်းကြီးလို လူနှင့် စေ့စပ်ကြောင်းလမ်းဖို့ မပြောနှင့်၊ ဗီလင်ဒါဟာ ဒီလို လူမျိုးနှင့် ဘယ်မှာ တွေ့စရာ အကြောင်း ရှိလို့လဲ၊ ဖြစ်ကို မဖြစ်နိုင်ဘူး'

ဂျော့က ထိုကိစ္စသည် သူ့အတွက် အရေးမကြီးတော့သည့် မာန်မျိုးဖြင့်

'တွေ့ခဲ့ပြီ၊ အဲဒီလူက သူ့အဖေရဲ့ မိတ်ဆွေ၊ ခင်ဗျားလည်း သူ့ကို တွေ့ဖူးချင် တွေ့ဖူးမှာပါ၊ လူက ခပ်ဝဝ၊ မျက်နှာနီနီ၊ မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးတွေတောင် ဖြူကုန်ပြီ၊ ခင်ဗျား အလျင် တစ်ခေါက် လာတုန်းက သူတို့အိမ်မှာ လက်ဖက်ရည်သောက်တောင် ဖိတ်ထားသေးတယ်၊ ခု ဗီလင်ဒါက သူမှသူ၊ တန်းတန်းစွဲ ဖြစ်နေပြီဗျ'

'ဘာ ပေါ်ဒ်မိုးစမိုက် ဆိုတဲ့ အဘိုးကြီးလား'

အက်ရှ်က အလန့်တကြား မေးလိုက်သည်။

'ဟုတ်တယ်ဗျ၊ ငနဲကြီးက ကြွားကလည်း ကြွားလိုက်သေး၊ ဟန်ကလည်း များလိုက်သေး၊ ဒါပေမဲ့ မက်မယ် ဆိုရင်လည်း မက်စရာပေါ့ဗျာ၊ မကြာခင် ဆာဘွဲ့ ရဦးမယ်၊ လက်ထောက် ဘုရင်ခံ ဖြစ်ဦးမယ်၊ သူ့မိန်းမက မနှစ်က ဆုံးသွားတယ်၊ သူ့သမီးတွေက ဗီလင်ဒါထက်တောင် ကြီးလိမ့်ဦးမယ်၊ ဒါပေမဲ့ ဗီလင်ဒါကတော့ ဒါတွေကို သိပ် ဂရု မစိုက်ပါဘူး၊ ပိုက်ဆံလည်း ချမ်းသာတယ်၊ သူ့အဖေက ကာလကတ္တားမှာ ကုန်တိုက် ပိုင်ရှင်ကြီးဗျာ၊ ဗီလင်ဒါကို ကြည့်ရတာ လေဒီ စမိုက် ဖြစ်ချင်ဟန် တူတယ်၊ ဒါမှမဟုတ်ရင်လည်း ဂုဏ်သရေရှိ လက်ထောက် ဘုရင်ခံ ကတော်ကြီးပေါ့ဗျာ၊ ကံကောင်းရင် တစ်နေ့ကျရင် မှူးမတ်ကတော်ကြီး မဖြစ်ဘူးလို့ ဘယ်သူ ပြောနိုင်မလဲ'

ဂျော့က ခြောက်ကပ်ကပ် ရယ်လိုက်ပြီး ကော်ဖီ တစ်ခွက်ကို ထပ်ငှဲ့လိုက်၏။

'ကျွန်တော် မယုံဘူးဗျာ၊ ခင်ဗျား သက်သက်မဲ့ လုပ်ကြံ ပြောနေတာ ဖြစ်ရမယ်၊ ဗီလင်ဒါဟာ ဒီလို မိန်းကလေးမျိုး မဟုတ်ဘူး၊ ခင်ဗျား ဗီလင်ဒါကို ကျွန်တော့်လောက် နားမလည်ပါဘူး၊ ဗီလင်ဒါဟာ ချစ်စရာ ကောင်းတယ်၊ ရိုးသားတယ်၊ ပြီးတော့...'

'ရိုးပါတယ်ဗျာ၊ ရိုးပါတယ်၊ ကျွန်တော် မငြင်းပါဘူး'

ဂျော့က အရွဲ့တိုက်၍ ပြော၏။ သူ့နှုတ်ခမ်းများက တုန်နေကြသည်။ မျက်လုံးတွင် မျက်ရည်တွေ ဝဲလာပြန်၏။ အက်ရှ်က သတိ မထားမိဘဲ

'တကယ်လို့ ဗီလင်ဒါဟာ စေ့စပ်ခဲ့တယ် ဆိုရင် လူကြီးတွေက အကျပ်ကိုင်လို့သာ ဖြစ်ရမယ်ဗျာ၊ သူ သဘောတူတာတော့ မဖြစ်နိုင်ဘူး၊ အဖေကြီးကလည်း ခပ်တုံးတုံး၊ အမေကြီးကလည်း ခပ်ညံ့ညံ့၊ အတင်းကလည်း ပြောလိုက်သေးတယ်၊ ဗီလင်ဒါနှင့် ကျွန်တော့် ဘဝကို အပျက်စီးခံပြီး ကျွန်တော် ဒီအတိုင်း လက်ပိုက် ကြည့်နေမယ်လို့ သူတို့ ထင်ရင်တော့ သူတို့ မှားပြီ'

'မှားတာက သူတို့ မဟုတ်ဘူးဗျ၊ ခင်ဗျားရယ် အမှန်က သူတို့က ဒီလောက် မဟုတ်ဘူး၊ ဗီလင်ဒါ ကိုယ်တိုင်က ပူဆာလွန်းလို့ သမီး စိတ်ချမ်းသာအောင် လိုက်လုပ်ပေးရတာ၊ ဗီလင်ဒါက သိပ် မလွယ်ဘူးနော်၊ ဒီလောက်ဆိုရင် ခင်ဗျား သိလောက်ရောပေါ့၊ ဒါပေမဲ့ ခင်ဗျား သိမှာ မဟုတ်ပါဘူးဗျာ၊ ကျွန်တော်လည်း မသိဘူး၊ အစတုန်းကတော့ ကျွန်တော် သိတယ်လို့ ကိုယ့်ကိုယ်ကိုယ် ထင်ခဲ့တာပဲ၊ ကျွန်တော်ဖြင့် ဘယ်လိုလုပ် မယုံနိုင်အောင် ဖြစ်နေပြီ၊ ဒုက္ခပါပဲဗျာ၊ ကျွန်တော်တော့ ဘယ်လို လုပ်ရမယ် မသိဘူး၊ ဒုက္ခပါပဲ'

မျက်ရည်များသည် ပါးပြင်ပေါ်သို့ စီးကျလာကြ၏။ သို့ရာတွင် ဂျော့သည် မျက်ရည်များကို သုတ်ပစ်ခြင်း မပြု။ မငိုမိအောင်လည်း ကြိုးစားခြင်း မပြုတော့။ ကုလားထိုင်ပေါ်တွင် ခွေခွေကလေး ထိုင်ကာ မျက်... ကြီး အကြောင်သားဖြင့် ငေးကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြီး ဟလျက်။ လက်ချောင်းများဖြင့် ကော်ဖီ ပန်းကန်ကို လက်ဖြင့် အုပ်လိုက် ဖြန့်လိုက်။ သူ့ ကြည့်ရသည်က စိတ်ပျက်စရာ။

အက်ရှ်သည် သူ့အဖြစ်ကို ကြည့်၍ စိတ်ပျက်နေသည်။ ဂျော့ သည်လောက် ဖြစ်ရအောင် သူနှင့် ဘာဆိုင်သနည်း။ ဖြစ်ခြင်းဖြစ်လျှင် သူကသာ ဖြစ်ရမည် မဟုတ်လော။

အက်ရှ်က ပါးစပ်ကလည်း ထိုအတိုင်း ဖွင့်ပြောသည်။ ထိုသို့ ဖွင့်ပြောလိုက်ရသည့် အခါတွင် သူ့ကိုယ်သူလည်း နှစ်သိမ့်မှု ပေးလိုက်သလို သက်သာရာ ရသွား၏။ အက်ရှ် ထိုသို့ ပြောသည့်တိုင် ဂျော့သည် အက်ရှ်၏ စကားကြောင့် နာကြည်းပုံ မပေါ်။

'ကျွန်တော်က ဒီကိစ္စကြောင့် ဒီလောက် စိတ်ထိခိုက်တာ မဟုတ်ပါဘူးဗျာ၊ ခင်ဗျား မသိပါဘူး၊ သူကျွန်တော့်ကိုလည်း ဘယ်တော့မှ ယူမှာ မဟုတ်ဘူးဆိုတာ ကျွန်တော် သိပါတယ်၊ ကျွန်တော်လည်း အရူး မဟုတ်တာ၊ ကျွန်တော်က အသက်ကလည်း ငယ်သေးတယ်၊ ပြီးတော့ ရေ့မှာ အလားအလာလည်း သိပ်ရှိတဲ့ကောင် မဟုတ်ဘူး၊ အလားအလာတွင် မကပါဘူး ဘာမှ ရှိတဲ့ကောင် မဟုတ်ပါဘူး၊ ဒါကြောင့်မို့ ကျွန်တော် ထွင်လုံးတွေ လျှောက်ပြောခဲ့မိတယ် ထင်တာပဲ၊ ကိုယ့်ကို သူ စိတ်ဝင်စားအောင် လုပ်ရတယ် ဆိုပါတော့၊ ဒါပေမဲ့ တကယ်ပါဗျာ၊ သူ သိသွားရင် ဒီလို လှပ်လိမ့်မယ်လို့တော့ နည်းနည်းလေးမှ မထင်ခဲ့ဘူး'

'ဟေ့လူ၊ ဘာကို သိရသွားတာလဲဗျာ၊ ရှင်းရှင်း ပြောစမ်းပါ၊ ဘယ်လို ဖြစ်တာလဲ၊ ဘာဖြစ်လို့လဲ၊ သူက ဘာကို သိသွားတာလဲ'

အက်ရှ်မှာ သူ့စကားများကို ပို၍ နားမလည်နိုင်အောင် ဖြစ်လာခဲ့လေပြီ။

'ကျွန်တော့် အကြောင်းကို သိသွားတာပေါ့ဗျ၊ ကျွန်တော်က ကိုယ့်အကြောင်းကို မဟုတ်တာတွေ လုပ်ကြံပြီး ပြောခဲ့မိတယ်၊ ဗီလင်ဒါရဲ့ အမေနှင့် သိပ်ခင်တဲ့ မစ္စတာ ဂစ်ဒနီ ဆိုတဲ့ မိန်းမကြီး တစ်ယောက် ရှိတယ်ဗျ၊ သူ့မှာ ရန်ကုန်မှာ မိတ်ဆွေ တစ်ယောက် ရှိတယ်၊ အဲဒီ မိတ်ဆွေက အကြောင်းစုံကို သိထားတော့ ခက်ကုန်တာပေါ့၊ ရှင်းရှင်း ပြောမယ်ဗျာ၊ ကျွန်တော်နှင့် ပတ်သက်ပြီး သူတို့ကို ကျွန်တော် လိမ်ပြောခဲ့မိတယ်၊ ဖြစ်ပုံက…'

ဖြစ်ပုံက ရှင်းရှင်းကလေး။ မစ္စက် ဂစ်ဒနီသည် ရန်ကုန်ရှိ မိတ်ဆွေ တစ်ယောက်ထံ စာရေးသည်တွင် ဂျော့ အကြောင်းကို ထည့်ရေးလိုက်မိသည်။ ဂျော့၏ မျိုးရိုးစဉ်ဆက် အကြောင်းကိုလည်း ရေးလိုက်၏။ ဖြစ်ချင်တော့ ထိုမိတ်ဆွေသည် ကျွန်းသစ် ကုမ္ပဏီ တစ်ခုတွင် လုပ်နေသည့် မစ္စက် ဖရစ္စဗီ ဆိုသူနှင့် သိနေသည်။ ဤတွင် ဂျော့၏ ဇာတိ ပေါ်လာခြင်း ဖြစ်သည်။

ဂျော့၏ အဘွားမှာ သူ ပြောသလို ဂရိ မှူးမတ်ကတော် တစ်ဦး မဟုတ်။ အောက်တန်းစား အိန္ဒိယ အမျိုးသမီး တစ်ဦး ဖြစ်ပြီး ထိုစဉ်က အင်္ဂရာတွင် စခန်းချနေသည့် တပ်မှ တပ်ကြပ်ကြီး တစ်ဦး ဖြစ်သူ ဂျော့၏ အဘိုး၏ တိတ်တိတ်ပုန်း မယား ဖြစ်၍ သမီး တစ်ယောက် မွေးခဲ့သည်။ ထိုသမီးကို မမွေးနိုင်သဖြင့် ကပြားများကို ထားသည့် မိဘမဲ့ဂေဟာ တစ်ခုသို့ ပို့ထားခဲ့၏။

ဆယ့်ငါးနှစ်လောက် အရောက်တွင် ထိုမိန်းကလေးသည် စစ်တပ်မှ အိမ်တစ်အိမ်တွင် အာယား ဖြစ်လာပြီး ထိုတပ်မှ တပ်ကြပ်ကလေး ဖြစ်သူ ဂျော့၏ အဖေ အဲလ်ဖရက် ဂါးဖို့နှင့် အိမ်ထောင်ကျခဲ့သည်။

သူတို့ လင်မယား နှစ်ယောက်စလုံးမှာ ၁၈၅၇ ခု တပ်တွင်း သူပုန်ကြီး ဖြစ်သည့်အခါ ဘာရေလီတွင် အသတ်ခံရသည်။ နို့စို့ရွယ် သူ့ညီလေးနှင့် ညီမငယ် သုံးယောက်တို့မှာ ဆယ့်ငါးမိနစ် အတွင်း အသတ်ခံခဲ့ကြရသည်။ ဂျော့ တစ်ယောက်သာ ကျန်ရစ်ခဲ့ခြင်း ဖြစ်သည်။

အသတ် မခံရဘဲ လွတ်လာသည့် ကုန်စုံဆိုင် ပိုင်ရှင် တစ်ယောက်က သူ့ကို ကယ်ဆယ်ကာ မွေးစားထားခဲ့သည်။ မွေးစားသူမှာ သူကိုယ်တိုင်ကလည်း မိဘမဲ့ ဖြစ်ခဲ့သည့် အတွက် သနား၍ မွေးစားခဲ့ခြင်း ဖြစ်၏။ ထိုစဉ် ကပြား ဆိုလျှင် ကစားဖော် သူငယ်ချင်းတွေက ဝိုင်း၍ နှိမ်တတ်ကြောင်းကို ဂျော့ နားလည်လာခဲ့သည်။ စစ်တန်းလျားမှ ကလေးငယ်များထဲတွင် ထိုသို့သော ကပြားကလေးတွေ တစ်ပုံတစ်ပင်။ သူတို့ကို မျက်နှာဖြူကလေးတွေက ဝိုင်းနှိမ်ကြသည်။ လှောင်ကြသည်။ မိစုံဖစုံ ရှိသည့် အိန္ဒိယ ကလေးတွေကလည်း ဝိုင်းနှိမ်ကြသည်။

'မင်း ဘွားအေက တံမြက်စည်း လှည်းတဲ့ သန့်ရှင်းရေးသမား ဂျာဒူးဝါးလား ဘလက်ကီ' ဟု လှောင်ကြသည်။ ဈေးထဲက ကလေးများကမူ ထိုထက်ပင် ရစရာ မရှိအောင် ပြောကြ၏။

သို့ရာတွင် ကံကြမ္မာ၏ လှည့်စားချက်ဟုပင် ဆိုရမည်လော မသိ။ ဂျော့မှာ သူ့ကို ဝိုင်းနှိမ်ကြသည့်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာဖြူ ကလေးတွေထက် အသားပိုဖြူပြီး ရုပ်ပိုချော သည်။ စိတ်ဓာတ်ခိုင်သည်။ သူသည် ယခုလောက် ရုပ် မချောဘဲ အရုပ် ဆိုးလျှင်လည်း သွားလေသူ အဘွား အကြောင်းကို မေ့ပျောက် ထားနိုင်လိမ့်မည်။

သို့ရာတွင် ခက်သည်က သူက ရုပ်ချောသည်။ ရက်တတ်သည်။ စကားထစ်သည်။ ထို့ကြောင့် သူ့ကို အသက်ကြီးသူများက ချစ်ကြ ခင်ကြပြီး ငယ်ရွယ်သူ များကမူ ဝိုင်းနှိမ်ကြသည်။

သို့ဖြင့် ဂျော့သည် ကျောင်းနေဘက်များနှင့် စစ် တန်းလျားမှ ကလေးများကို မုန်းတတ်လာသည်။ နောက် တွင် စစ်တပ်နှင့် ပတ်သက်လာလျှင် မုန်းတတ်လာသည်။

သူ နေသည့် တပ်ရင်း အင်္ဂလန်သို့ ပြန်သည့် အခါတွင် သူ့ကို ကုန်စုံဆိုင် လင်မယားကပင် ခေါ်သွား ပြီး ဗရစ္စတို အနီးက ကျောင်းတစ်ကျောင်းတွင် ကျောင်း အိပ်ကျောင်းစား ထားပေးခဲ့သည်။ ထိုကျောင်းမှာ နိုင်ငံ ခြားသို့ ရောက်နေသည့် မိဘများ၏ ကလေးများကို ထားသည့်ကျောင်း ဖြစ်၏။ သူတို့ကလည်း ကပြားဆို လျှင် နှိမ်ချင်ကြသည်။ မျက်လုံးနက်နက်၊ အသားညိုညို ဆိုလျှင် ဝိုင်းနှိမ်ကြတော့သည်။

ဤတွင် ဂျော့ကလည်း သူတို့နှင့် အတူ ကပြား များကို နှိမ်တတ်လာခဲ့သည်။ ဂျော့၏ နောက်ကြောင်း ကို ကျောင်းအုပ် ဆရာကြီး တစ်ယောက်မှ အပ အခြား မည်သူမျှ မသိ။ ထို့ကြောင့် ဂျော့သည် သူ့ဆွေစဉ်မျိုး ဆက် ဇယားကို သူ့ဘာသာသူ လုပ်ကြံ တီထွင်ခဲ့ခြင်း ဖြစ်လေသည်။

ငယ်ငယ်တုန်းကမူ သည်လောက် ကြီးကြီးကျယ် ကျယ် မဟုတ်။ သာမန်မျှလောက်သာ ဖြစ်၏။ သို့ရာ တွင် ကြီးလာသည့် အခါတွင်မူ ဂျော့သည် သူ့ဆွေစဉ် မျိုးဆက် ဇယားကြီးကို ကြီးကျယ်သည်ထက် ကြီး ကျယ်အောင်၊ ခမ်းနားသည်ထက် ခမ်းနားအောင် ချဲ့ထွင် လာခဲ့သည်။ သူ့အဘိုးက ဘကြီး၊ သူ့အဘွားက ညာ ကြီး စသည်ဖြင့် စိတ်ကူးတည့်ရာကို လျှောက်ပြောတော့ သည်။

ကြီးလာလျှင် သူ့မျက်လုံးများက နက်လာကာ အသားက ညိုလာမည်လောဟု စိုးရိမ်သဖြင့် (ငယ်ငယ် တုန်းက ဆိုလျှင် သူ့ဆံပင်ကလေးတွေက နီကြောင် ကြောင်၊ လှိုင်းတွန့်ကလေးတွေနှင့်၊ ကြီးလာသည့် အခါ တွင် ဆံပင် နက်သွားသည်။) အဖေက အိုင်းရစ်ဟု ပြော သည် (အိုင်းရစ် လူမျိုးများမှာ အသားညို၍ ဆံပင် နက် တတ်သည်။)။ အရုပ်အမောင်းမှာ ဂရိနွယ် ဖြစ်သည့် အဘွားကို တူသည်ဟု လုပ်ကြံသည်။

နောင်တွင် ဆိုဟို ရပ်ကွက်မှ ပျော်ပွဲစားရုံများ တွင် ဂရိ စားပွဲထိုးများ၊ ဂရိ ကုန်စုံဆိုင် ပိုင်ရှင်ကလေး များကို တွေ့သည့်အခါ စိတ်ကူးရလာကာ သူ့အဘွား သည် ဂရိ မြို့စားကတော်ကြီး တစ်ဦး ဖြစ်သည်ဟု လုပ် လိုက်သည်။

ကျောင်းပြီးသည့် အခါတွင် သူ့ မွေးစား အဖေ မစ္စတာ မူလင်းသည် သူ့အသိမိတ်ဆွေ တစ်ယောက်၏ ဗရောင်း အင် မက်ဒေါ်နယ် ကုမ္ပဏီတွင် စာရေး အလုပ် သွင်းပေးသည်။ တစ်နေ့တွင် ဝိုင်အရက် ကုန်သည်ကြီး တစ်ယောက် ဖြစ်လာလို လာငြား ဟူသော မျှော်လင့်ချက် နှင့် အလုပ်ခိုင်းခြင်း ဖြစ်၏။

အိန္ဒိယပြည်သို့ ပြန်လုပ်ရမည် ဖြစ်သဖြင့် ဂျော့ မလုပ်ချင်။ သို့ရာတွင် မတတ်နိုင်။ ဂျော့သည် ငြင်းခုံ သည့် သတ္တိလည်း မရှိ။ အခြားလမ်းလည်း ရွေးစရာ မရှိတော့သည့် အတွက် သူ့ မွေးစား အဖေ စီစဉ်ပေး သမျှကို လက်ခံ လိုက်ရသည်။

အလုပ်သင် အဖြစ် ဝင်လုပ်ပြီး ပက်ရှဝါသို့ ပြောင်းရ၏။ ပက်ရှဝါမှာ သူ မွေးဖွား ကြီးပြင်းခဲ့သည့် ဗာရေလီမြို့နှင့် မိုင်လေးရာလောက် ကွာသည့်ပြင် မွေး စား အဖေ အမေများနှင့်လည်း သိပ်တွေ့ရတော့မည် မဟုတ်ဟု ဆိုကာ ဝမ်းသာခဲ့သည်။

သူ အိန္ဒိယသို့ မလာခင် တစ်လလောက်တွင် သူ့ မွေးစား အဖေ မစ္စတာ မူလင်းသည် အူရောင်ငန်းဖျား ရောဂါဖြင့် ဆုံးသွားကြောင်း ကြားရ၏။ မွေးစား အမေ မှာမူ ကုန်စုံ ဆိုင်ကလေးကို ရောင်းကာ ရန်ကုန်တွင် ကျွန်းသစ် လုပ်ငန်းဖြင့် ကြီးပွားနေသည့် သမက်ထံ လိုက်သွားသည်။

သူ့ မွေးစား အမေ မစ္စက် မူလင်းသည် နောက် ဆုံး အချိန်အထိ မွေးစားသား အပေါ်တွင် သံယောဇဉ် တွယ်ဆဲ။ ရန်ကုန်သို့ ပြောင်းကာနီးတွင် ဂျော့အား ပေါင် ငါးဆယ်နှင့် ရွှေနာရီ တစ်လုံး ပေးခဲ့သေး သည်။

ဂျော့သည် ရသမျှ ပိုက်ဆံဖြင့် အဝတ်အစား ဝယ်ပစ်လိုက်သည်။ ရွှေနာရီကမူ သူ့အိုင်းရစ် အဘိုးထံမှ ရသည့် အမွေ ဖြစ်သည်ဟု အိမ်ရှင်ကို ပြောပြ၏။ သူ့ အဘိုးက ဂါးဒဖို့ ရဲတိုက်ကြီးမှ အိုဂါးဖို့။

ဂျော့က စိတ်ပျက် အားငယ်စွာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



'သူတို့တော့ ဘယ်နည်းနှင့်မှ သိမှာ မဟုတ်ဘူး ဆိုပြီး ပြောမိတာပဲဗျာ၊ ဒါပေမဲ့ မစ္စက် ဂစ်ဒနီ ဆိုတဲ့ အဘွားကြီးက ရန်ကုန်မှာ အသိ ရှိတယ်၊ သူ့ယောက်ျား က ကျွန်းသစ် လုပ်ငန်း လုပ်နေတာ၊ အဲဒီလူက ကျွန် တော့် မွေးစား အမေ မစ္စက် မူလင်းရဲ့ သမက်နှင့် သိ တယ်၊ ဒီတင် စကားတွေ စပ်မိပြီး အိန္ဒိယ သူပုန်ကြီး အကြောင်း ပြောကြရင်း ကျွန်တော့် မွေးစား အမေက ကျွန်တော့်ကို ဘယ်လို ကယ်ဆယ် ထားခဲ့ရကြောင်း၊ ဘယ်လို ကျောင်းထားပေးခဲ့ရကြောင်း၊ အလုပ် ဘယ်လို ရှာပေးခဲ့ကြောင်း၊ ခု ဘယ်မှာ ရောက်နေတဲ့ အကြောင်း တွေကို လျှောက်ပြောရာက ကျွန်တော့် အကြောင်းတွေ ပေါ်ကုန်တော့တာပဲ၊ ခုတော့ အားလုံး ပေါ်ကုန်ပါပြီ၊ ထူးတော့ပါဘူး၊ ပိုပြီး ဆိုးတာက ကျွန်တော့် မွေးစား အမေဆီမှာ ကျွန်တော့် ဓာတ်ပုံ ရှိနေတော့ ပိုဆိုးတာပေါ့ ဗျာ၊ ကျွန်တော်ကတော့ မေ့တောင်နေပြီ၊ ကျွန်တော် ကျောင်း နောက်ဆုံးနှစ်တုန်းက ရိုက်ပို့လိုက်တာ၊ ခု တော့ အဲဒီ မိတ်ဆွေက ကျွန်တော့် အကြောင်းကို မစ္စက် ဂစ်ဒနီဆီ ရေးလိုက်တော့…'

မစ္စက် ဂစ်ဒနီသည် မိတ်ဆွေကောင်း ပီသစွာ သူ့မိတ်ဆွေ မစ္စက် ဟာလိုးကို ထိုအကြောင်းနှင့် ပတ် သက်၍ သတင်း ပေးဖို့ လိုသည်ဟု ယူဆ၏။ မစ္စက် ဟာလိုးမှာ လူလိမ် ဂျော့ အကြောင်းကို သိရသည့် အခါ တွင် အကြီးအကျယ် ဒေါပွကာ ဗီလင်ဒါကို ပြောပြ သည်။

အဘွားကြီး နှစ်ယောက်က အထိတ်တလန့် ဖြစ်ရုံမျှသာ။ သို့ရာတွင် ဗီလင်ဒါက သူ့ကို ဤသို့ လိမ် ခဲ့မည်လောဟု အကြီးအကျယ် ဒေါသထွက်သည်။ သူ့ကို အရူး လုပ်ရပါမည်လောဟု စိတ်ဆိုးသည်။

စင်စစ် ဂျော့အား ပက်ရှဝါ လူကုံထံ အသိုင်း အဝိုင်းထဲသို့ ဆွဲသွင်း လာသူများမှာ သူတို့ သားအမိ နှစ်ယောက်။ ပက်ရှဝါ အသိုင်းအဝိုင်းသည် ဂျော့ကို မျက်ချေသည့်တိုင် အမျိုးအမည် မထင်ရှားသည့် အတွက် အသိအမှတ် မပြုကြ။ သူတို့ သားအမိ နှစ်ယောက် ကြောင့်သာလျှင် ထင်ပေါ်လာခြင်း ဖြစ်သည်။

ထို့ပြင် ဗီလင်ဒါကလည်း ဂရိ မြို့စားကတော် နှင့် ကဗျာဆရာကြီး ဘိုင်ရွန်တို့ ပေါင်းဖော်ကာ သူ့အဘွားကို မွေးခဲ့သည် ဆိုသည့်အခါတွင် စိတ်ဝင်စား ခဲ့သည်။ စင်စစ် သူ့အဘွားသည် ဘိုင်ရွန်နှင့် မြို့ စားကတော်တို့ တိတ်တိတ် ရခဲ့သည့် ကလေး မဟုတ်။ တပ်ကြပ်ကလေးနှင့် ဓာတ်နိမ့် ဟိန္ဒူ အမျိုးသမီး တစ်ဦး တို့မှ ရခဲ့သည့် ကလေး။ ဘာမျှ မဆိုင်။ တခြားစီ။ ဂျော့၏ အမေကျတော့ တရားမဝင်သည့် ကပြားက မွေးသည့် ကပြားမ။ ရတော့ တပ်ကြပ်ကလေးနှင့် ရ သည်။

ဂျော့တွင် 'ကဏ္ဍရာစေး သုတ်သည့် စုတ်တံနှင့် ထိဖူးရုံ' မျှမက အိန္ဒိယသွေး တစ်မတ်ပင် ပါလိုက် သေးသည်။ အိန္ဒိယသွေးမှ ဓာတ်နိမ့်သွေး။

ထိုလူကို ဗီလင်ဒါတို့ သားအမိသည် ပက်ရှဝါ အထက်တန်းလွှာ အသိုင်းအဝိုင်းတွင် ပွဲထုတ်ခဲ့မိပြီ။ အတူ တွဲကခဲ့မိပြီ။ အတူ ညစာစားခဲ့ ပြီးပြီ။ အပြုံးတွေ ကို ပေးဝေခဲ့ပြီးပြီ။ ယခု တခြား မိန်းကလေးတွေက သူ့ကို ဝိုင်းရယ်ကြတော့မည်။ သည်အဖြစ်ကို သူ မမေ့ နိုင်။ ဘယ်တော့မှ မမေ့နိုင်။

'သူ ကျွန်တော့်ကို တော်တော် စိတ်ဆိုးနေတယ်၊ ကျွန်တော့်ကို ပြောလိုက်တာလည်း ရစရာ မရှိတော့ဘူး၊ ကပြားတွေဟာ လိမ်တယ်တဲ့၊ ကျွန်တော့် မျက်နှာကို လည်း ဘယ်တော့မှ မကြည့်ချင်တော့ဘူးတဲ့၊ နောက် တစ်ခါ သူ့ကို လာစကားပြောရင် ပါးရိုက်လွှတ်မယ်တဲ့၊ ရက်စက်တယ်ဗျာ၊ ခုတော့ သူဟာ ကျွန်တော့် မျက်စိ ထဲမှာ မလှတော့ဘူးဗျ၊ အရုပ် ဆိုးနေပြီ၊ သူ့အသံကလည်း ကြောက်… ကြောက်စရာ ကောင်းနေပြီ၊ သူ့အမေကြီးက တော့ ပြောရာပါတယ်၊ ဒီလို မပြောပါနှင့်ကွယ်၊ သနား ပါတယ်တဲ့၊ ဒါပေမဲ့ မရပါဘူးဗျာ၊ ကျွန်တော့် အကြောင်း ကို လူတွေထဲမှာ အကုန် လျှောက်ပြောတော့တာပဲ၊ သူ ပြောလို့ပေါ့ဗျ၊ ခုဆိုရင် ကျွန်တော့်ကို လူတွေက စက် ဆုပ်တဲ့ အကြည့်နှင့် ကြည့်ကြည့်နေကြတာ၊ ကျွန်တော် ဘာလုပ်ရမလဲဟင်၊ ဖြစ်နိုင်ရင် ကျွန်တော့်ကိုယ် ကျွန် တော် သတ်သေချင်တယ်ဗျာ၊ ဒါပေမဲ့ ခက်တာက သတ်လည်း မသေရဲဘူး၊ အရက် မူးတာတောင် သတ် မသေရဲဘူး၊ ဒီမှာလည်း ကျွန်တော် မနေချင်တော့ဘူး၊ ကျွန်တော့် အထက်လူကြီးကို အကျိုးအကြောင်း အကုန် ဖွင့်ပြောပြီး တခြားကို ပြောင်းပေးဖို့ ပြောရရင် မကောင်း ဘူးလား ဟင်၊ ကျွန်တော် သူ့ကို တောင်းပန် ရှိခိုးပြီး အပြောင်းခိုင်းမယ်ဗျာ၊ ဘယ့်နှယ့်လဲ'

အက်ရှ်က ဘာမျှ ပြန်မပြော။ အက်ရှ်သည် အံ့ အားလည်း သင့်သည်။ စိတ်လည်း ပျက်၏။ ဗီလင်ဒါ ကိုစွကို မယုံနိုင်။ ဂျော့ အဖြစ်ကိုမှ သူ ယုံသည်။ ဂျော့ အကြောင်းက ရှင်းနေပြီ။ သူ ဘာကြောင့် ဂနာမငြိမ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်၊ သူ ဘာကြောင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ကင်းမဲ့နေရသည်ကို သိပြီ။ နဂိုက စကား တစ်လုံးမှ မပြောရဲလောက်အောင် ရှက်ကြောက်တတ်သူ။ ဗီလင်ဒါ နှင့် သူ့အမေကြီးကလည်း မျက်နှာသာ ပေးလိုက်ရော၊ ကမ်းတက်လိုက်သည်မှာ ဆိုဖွယ် မရှိတော့။ ကိုယ်ရော စိတ်ရော ဖြစ်နေပုံသည် သူ ပြောသည့် လုပ်ဇာတ်ကို ဘွားဘွားကြီး သက်သေ ခံနေသကဲ့သို့ ရှိ၏။

မည်သို့ဆိုစေ ဗီလင်ဒါသည် သူ ပြောသလို လူပုံ အလယ်တွင် လျှောက်ပြောနေမည့် မိန်းကလေးမျိုး မဟုတ်။ ဂျော့သည် သည်တစ်ချီတွင်လည်း လုပ်ကြံ ပြောနေသည်လော မဆိုနိုင်။ လူတွေ သိသွားကြသည့် အခါတွင် သူ ကိုယ်တိုင် ဝန်ခံရမည်ကို ရှက်နေသဖြင့် ဗီလင်ဒါက လျှောက်ပြောနေသယောင် လုပ်ခြင်းလည်း ဖြစ်နိုင်သည်။

ဂျော့ အကြောင်းကို ဗီလင်ဒါက လျှောက်ပြော နေသည် ဆိုလျှင် သူနှင့် စမိုက်ကို စေ့စပ်သည့် သတင်း ကိုလည်း လျှောက်ပြောသည်ဟု အစီပွယ် ထွက်သည်။ ဤသတင်းကို သူ မကြားချင်ဆုံး။ ဟုတ်သည့်တိုင် သူ ကိုယ်တိုင် ဗီလင်ဒါ့ ပါးစပ်မှ ထုတ်ပြောသည်ကို ကြား ချင်သည်။ ထိုအခါမှ ယုံနိုင်မည်။ ဂျော့ ပြောရုံမျှဖြင့်မူ မယုံနိုင်သေး။

အကယ်၍ သူ့မိဘများသည် ဗီလင်ဒါကို အဘိုး အို ရွှတ်တွကြီးနှင့် ယူအောင် အတင်းအကျပ် လုပ်သည် ဆိုလျှင် သူတို့တစ်တွေ လုပ်ပုံတွေကို လူသိရှင်ကြား ဖြစ်အောင် လုပ်ရမည်။

အက်ရှ်သည် ဖြုန်းခနဲ မတ်တတ် ရပ်လိုက်ကာ ယင်းကို ဖယ်လိုက်၏။ ရထား တစ်စီး ခေါ်ပေးရန် အစေခံကို လှမ်းပြောလိုက်သည်။

ဂျော့က အားကိုးတကြီးဖြင့်

'နေပါဦးဗျာ၊ သွားတော့မလို့လား၊ ခဏ နေပါ ဦး၊ ခင်ဗျား သွားရင် ကျွန်တော် ထပ်သောက်မိလိမ့်မယ်၊ မူးရင် ပိုဆိုးမယ်၊ ဘရန်ဒီက ဗိုက်ထဲ ရောက်သွားရင် အင်မတန် သွေးကြွတယ်၊ ကျွန်တော် တစ်ခုခု လုပ်မိ လိမ့်မယ် ထင်တယ်၊ မနက်ကလို ကလပ် သွားပြီး ကိုယ့်ကိုယ်ကိုယ် အရှက်ကွဲအောင် လုပ်တာမျိုးတွေ ဖြစ် ကုန်မှာ'

အက်ရှ်က စိတ်ပျက်လက်ပျက်ဖြင့်

'ဒီလိုဆိုရင်လည်း မူးအောင် မသောက်နှင့်ပေါ့ဗျာ၊ ဒီမှာ ရော့၊ ခင်ဗျားကိုယ် ခင်ဗျား ဒီလောက် သနားအောင် လည်း လုပ်မနေပါနှင့်၊ ခင်ဗျား အဘွားနှင့် ပတ်သက် လို့ မဟုတ်က ဟုတ်ကတွေ ပေါက်တာနှင့် ခင်ဗျား ဘဝ ကြီး ပျက်မသွားသေးပါဘူး၊ ခင်ဗျား အဘွားက ဘာ ဖြစ်ဖြစ် ဘယ်သူ့ ဂရုစိုက်ရမှာလဲ၊ သူက သူ၊ ခင်ဗျားက ခင်ဗျားပဲ၊ ခင်ဗျား အဘွားက ဂရိ မြို့စားကတော်ကြီးမို့ အီတလီ မြို့စားကတော်ကြီးမို့ လူတွေက ခင်ဗျားကို အရေး ပေးနေတယ်လို့ ခင်ဗျား ထင်နေရင် ခင်ဗျားဟာ အရူးပဲ၊ ဗီလင်ဒါတို့ ဘယ်သူတို့က ခင်ဗျား အဘွား အကြောင်းကို လျှောက်ပြောနေတယ်လို့ ထင်ရင်လည်း ခင်ဗျားဟာ အရူးပဲ၊ ခု ခင်ဗျား ဘာဖြစ်နေတယ် ထင် သလဲ၊ သိရဲ့လား၊ ခင်ဗျားဟာ မဟုတ်က ဟုတ်ကတွေ ကို လုပ်ကြံ ပုံကြီးချဲ့ ပြောတယ်၊ ပြီးတော့ အလိမ်ပေါ် တော့ ရင်မဆိုင်ရဲဘူး'

'ပြောတော့ဗျာ၊ ခင်ဗျားက ကျွန်တော့်ကို ဗီလင် ဒါ ပြောလိုက်တာကိုမှ မကြားရသေးပဲကိုး၊ ပြောအား ရှိမှာပေါ့၊ ဗီလင်ဒါက ဘာပြောလိုက်တယ် ထင်သလဲ'

'အို ဒါကတော့ ခင်ဗျားက မဟုတ်က ဟုတ်က တွေ သွားပြောတော့ စိတ်ဆိုးမှာပေါ့ဗျ၊ ဆိုးတော့ ပြော မှာပေါ့၊ ကိုယ့်စိတ်ကို ကိုယ်ထိန်းစမ်းပါဗျာ၊ ဒီလောက် လည်း ဣန္ဒြေမရ မဖြစ်စမ်းပါနှင့်၊ ခင်ဗျားကို ကြည့်ရ တာ စည်းကြားထဲကို ရောက်တဲ့ ယုန်ကျနေတာပဲ၊ ဒီ လောက်လည်း မဖြစ်စမ်းပါနှင့်၊ ကျွန်တော် တွက်တဲ့ အတိုင်း မှန်ရင် ဗီလင်ဒါဟာ ခင်ဗျား မျက်နှာကို ထောက်ပြီး ဒီလို လျှောက်ပြောနေမှာ မဟုတ်ဘူး၊ ခင် ဗျား ထင်သလို ဆိုရင်လည်း သူ့ကိုယ်သူ ငဲ့ညှာသော အားဖြင့် ဒီလို ပြောစရာ အကြောင်း မရှိဘူး၊ မစ္စက် ဂစ် ဒနီနှင့် သူ့အမေကလည်း ဒီအတိုင်းပဲ နေမှာပေါ့၊ သူတို့ လည်း အလိမ် ခံခဲ့ရတာပဲ၊ လျှောက်ပြောနေမယ် မထင် ပါဘူး'

ဂျော့သည် အနည်းငယ် အားတက်လာဟန် ရှိ ၏။

'ဟုတ်တယ်ဗျ၊ ဒီလို တွေးရင်တော့'

သို့ရာတွင် သူ့ကိုယ်သည် ချက်ချင်း ပျော့ခွေ သွားပြန်ကာ

'ဒါပေမဲ့ မနက်က ကလပ်ကို ရောက်တော့ ကျွန်တော့်ကို ဘယ်သူကမှ ဆေးဖော်ကြောဖက် မလုပ် ကြဘူးဗျာ၊ မစ္စက် ဗစ်ကာရီ တစ်ယောက်ပဲ စကား ပြော တယ်၊ ကျန်တဲ့ လူတွေက ကျွန်တော့်ကို ဝိုင်းကြည့်ပြီး နှာခေါင်း ရှုံ့လိုက် တိုးတိုး တိုးတိုး လုပ်လိုက်နဲ့



www.burmeseclassic.com

www.burmeseclassic.com


အက်ရှ်က စိတ်တိုတိုဖြင့်

'မကြည့်ဘဲ နေပါ့မလားဗျာ၊ ခင်ဗျားက မနက် အစောကြီး မူးနေလိုက်တာ၊ ဒေါင်ချာ စိုင်းနေတာပဲ၊ ကြည့်တာ နည်းတောင် နည်းသေးတယ်၊ ကဲ တော်တော့ ဗျာ၊ ကိုယ့်ကိုယ်ကိုယ် သနားအောင် လုပ်မနေနှင့်၊ ကိုယ့်စိတ် ကိုယ်နိုင်အောင် ထိန်း'

မြင်းခွာသံများ ကြားရသဖြင့် အက်ရှ်သည် ဦး ထုပ်ကို ကောက်ဆောင်းလိုက်၏။

'ခင်… ခင်ဗျား ကျွန်… ကျွန်တော့်ကို ဒီအတိုင်း ပစ်ထားခဲ့တော့မှာလားဗျာ၊ အကြံလေး ဘာလေး မပေး တော့ဘူးလား၊ ကျွန်တော် တစ်ယောက်တည်း ဒီအတိုင်း နေရစ်ခဲ့ရတော့မှာလား၊ ကျွန်တော့် ခံစားချက်ကလေး တွေကို မပြောရတော့ဘူးလား'

'ဒီမှာ ကိုယ့်လူ၊ ခင်ဗျား ခံစားချက်တွေကို ပြော နေတာ တစ်နာရီလောက် ရှိပြီ၊ ကျုပ် အကြံပေးတာကို သိချင်သလား၊ လိုချင်ရင် ကျုပ် ပြောမယ်၊ အားလုံး ပြီးခဲ့တာကို မေ့ပစ်လိုက်၊ ခင်ဗျား အဘွားတွေ၊ ခင်ဗျား ကြီးဒေါ်တွေ ဘာတွေ အကြောင်းကို ဘာမှ ပြောမနေနှင့်၊ ဘာမှ မဖြစ်သလို ခပ်တည်တည်နှင့် ဆက်နေ၊ ခင်ဗျား ဒီလိုသာ ဆက်လုပ်ရင်တော့ လူကြားထဲမှာ အထုပ် ဖြေ ပြသလို ဖြစ်မှာပဲ၊ ခေါင်းအေးအေး ထားပြီး ကိုယ့်ပါးစပ် ကို ပိတ်ထားနိုင်ရင် ဘယ်သူမှ ဘာမှ ပြောတော့မှာ မဟုတ်ပါဘူး'

'တကယ်… တကယ်… ပြော… ပြောတာလား ဗျာ၊ ခင်ဗျား ပြောတာလည်း ဟုတ်ချင် ဟုတ်မှာပါ လား၊ ကျွန်… ကျွန်တော့် အနေနှင့် ပြော… ပြောရရင် တော့ နောက်ထပ် ဒီလိုစကားတွေကို မကြားရဲတော့ဘူး ဗျာ၊ ဆက်ကြားနေရလို့ ခင်… ခင်ဗျားသာ ဆိုရင် ဘယ်… ဘယ်လိုလုပ်… လုပ်မလဲ ဟင် အက်ရှ်'

'ကိုယ့်ကိုယ်ကိုယ် သတ်သေလိုက်ရုံပေါ့ဗျ၊ ကဲ သွားမယ်' ဟု စိတ်ချဉ်ပေါက်ပေါက်ဖြင့် ပြောခဲ့သည်။

အက်ရှ်သည် ဝရန်တာ လှေကားကို အထစ် ကျော်၍ ခုန်ဆင်းကာ ကလပ်သို့ လာခဲ့၏။ ကလပ်တွင် သတင်းကို ယူပြီး မစွက် ဟာလိုးတို့ အိမ်သို့လာခဲ့သည်။ ကောင်းသည်ဟု ဆိုရမည်လော မသိ။ ဘန်ဂလိုတွင် ဗီလင်ဒါ တစ်ယောက်တည်းသာ ကျန်ရစ်ခဲ့ပြီး အိပ်နေ သည်။

အက်ရှ်သည် အစေခံအား ဗီလင်ဒါကို အခေါ် ခိုင်း၏၊ သို့ရာတွင် အစေခံက မနိုးရဲ။ အက်ရှ်က သူ မနိုးပေးလျှင် သူကိုယ်တိုင် အခန်းထဲ ဝင်နိုးမည်ဟု အတင်း လုပ်နေသဖြင့် ဗီလင်ဒါ၏ အခန်းတံခါးကို သွားခေါက်၍ နိုးပေးသည်။

သခင်ဆပ် တစ်ယောက် ရောက်နေကြောင်း၊ မတွေ့ရလျှင် မပြန်ဟု ဆိုသဖြင့် လာနိုးပေးရကြောင်း ဖြင့် ပြောသည်။

သို့ရာတွင် နောက် ငါးမိနစ်လောက် အကြာ ဧည့်ခန်းထဲသို့ ဗီလင်ဒါ လာသည့် အခါတွင် ဗီလင်ဒါ မျှော်နေသူမှာ မိမိ မဟုတ်ဘဲ တခြား တစ်ယောက် ဖြစ် နေသည်ကို အက်ရှ် တွေ့ရ၏။

ဗီလင်ဒါသည် ဝမ်းသာအားရဖြင့် ဧည့်ခန်းထဲ သို့ ပြေးဆင်းလာခဲ့ရာ အက်ရှ်ကို မြင်လိုက်သည်နှင့် အခန်းဝတွင် တုံ့ခနဲ ရပ်သွားသည်။ သူ့မျက်နှာပေါ်မှ အပြုံးသည် ရုတ်ခြည်း ပျောက်ကွယ်သွားခဲ့လေပြီ။ စိတ် ဆိုးမာန်ဆိုးဖြင့် သူ့မျက်လုံးများသည် ပြူးကျယ်လျက် နေကြ၏။

'ဘာကိစ္စလဲ အက်ရှ်'

သူ့အသံနှင့် သူ့အမူအရာကြောင့် အက်ရှ် ရွံ့ သွားသည်။ ဘာပြောရမှန်း မသိ။ ဂျော့လိုပင် စကား ထစ်နေသည်။

'ကိုယ်… ကိုယ် ဗီလင်ဒါနှင့် တွေ့… တွေ့ချင်လို့ လာ… လာတာပါ၊ ဗီလင်ဒါရဲ့ မေမေက စာ… စာရေး လိုက်လို့၊ ဗီလင်ဒါ ဟို… ဟို လက်ထပ်တော့မလို့ စေ့စပ် ကြောင်းလမ်းတယ်ဆို၊ အဲ… အဲဒါ တကယ်ပဲ လားဟင်'

ဗီလင်ဒါက မည်သို့မျှ မဖြေ။ ပြောစရာ ရှိသည့် စကားကို ပြော၏။

'အစ်ကို ဒီကို မလာရင် ကောင်းမယ် ထင် တယ်၊ ဒီကို လာဖို့ မကောင်းဘူး ဆိုတာ သိဖို့ ကောင်း ပါတယ်၊ ဒီတော့ အစ်ကို မလာပါနှင့်တော့၊ တော်တော် ကြာ ဖေဖေ ပြန်လာလို့ တွေ့ရင် စိတ်ဆိုးနေလိမ့်မယ်၊ အဗ္ဗဒူ ဆိုတဲ့ ကုလားကလည်း ခက်တာပဲနော်၊ ဘာဖြစ် လို့များ ဝင်ခွင့်ပေးသလဲ မသိဘူး၊ ကဲ ပြန်ပါတော့ အစ်ကိုရယ်'

အက်ရှ်က သူ ပြောသည့် စကားကို နားမထောင်။

'ပြောပါ၊ ကိုယ် ကြားတဲ့ အတိုင်း တကယ်ပဲလား'

ဗီလင်ဒါက ခြေထောက်ကို ဆောင့်လိုက်ကာ

'ဒီမှာ အက်ရှ်၊ ပြန်ပါလို့ ကျွန်မ ရှင့်ကို တောင်း ပန်နေတယ်၊ တကယ်ကတော့ ကျွန်မ တစ်ယောက်တည်း


www.burmeseclassic.com

www.burmeseclassic.com


ရှိတုန်း ဒီအိမ်ထဲကို လာစရာ အကြောင်း ဘာမှ မရှိဘူး၊ ကျွန်မကိုလည်း ဒီလို အတင်း မေးပိုင်ခွင့် မရှိဘူး’

အက်ရှ်က ရှေ့သို့ တိုးလာသဖြင့် ဗီလင်ဒါသည် နောက်သို့ ဆုတ်လိုက်၏။ သို့ရာတွင် အက်ရှ်က သူ့ကို လက်ဖျားနှင့်ပင် မတို့ဘဲ တံခါးဆီသို့ လျှောက်သွားကာ တံခါးကို သော့ပိတ်လိုက်ပြီး သော့ကို အိတ်ထဲသို့ ထည့်လိုက်သည်။ အက်ရှ်သည် ပြန်လာကာ သူ ထွက်မသွားနိုင်အောင် နှစ်ထပ် ပြတင်းပေါက်ရှည်ကြီး ရှေ့တွင် ပိတ်ရပ်လိုက်သည်။

ဗီလင်ဒါသည် အစေခံကို အော်ခေါ်ရန် ပါးစပ်ဟလိုက်သည်။ သို့ရာတွင် သူတို့ အခြေအနေကို အစေခံတွေ ရှေ့တွင် အထုပ် ဖြေပြသလို ဖြစ်နေမည် စိုးသဖြင့် ပါးစပ်ကို ပြန်ပိတ်လိုက်ရ၏။ အက်ရှ်နှင့် မတွေ့ချင်သည့်တိုင် အစေခံတွေ ရှေ့တွင် စကား များရသည်ထက်မူ တော်သေးသည်။

စင်စစ် အက်ရှ်နှင့် မတွေ့၍လည်း မဖြစ်သေး။ အနေးနှင့် အမြန် ဆိုသလို တွေ့တော့ တွေ့ကြရဦးမည်။ တွေ့ရမည့် အတူတူ ယခု တွေ့လိုက်သည်က ပိုကောင်းသည်။

ဗီလင်ဒါက ပြုံးလိုက်ကာ ချော့မော့သည့် လေသံဖြင့်

‘ဘာဖြစ်လို့ စကား များချင်ရတာလဲ အစ်ကိုရယ်၊ ဟုတ်ပါတယ်၊ ခုကိစ္စကြောင့် အစ်ကို ဘယ်လောက် ခံစားရမယ် ဆိုတာ ဗီလင်ဒါ သိပါတယ်၊ ဒါကြောင့် ဒီအကြောင်းတွေကို မေမေ့ကို အရေးခိုင်းတာပေါ့၊ ဗီလင်ဒါ ကိုယ်တိုင် မရေးရက်ဘူး၊ ဒါပေမဲ့ အစ်ကိုပဲ ပြန်စဉ်းစားကြည့်ပါ၊ ဗီလင်ဒါတို့ တွေ့ခဲ့ကြတုန်းက နှစ်ယောက်စလုံးဟာ မလိမ်မိုး မလိမ္မာ အရွယ်တွေ၊ တစ်ယောက်အကြောင်းကို တစ်ယောက် သိခဲ့ကြသေးတာ မဟုတ်ဘူး၊ ဖေဖေ ပြောသလို နောက်မှ သိလာခဲ့ကြတာ မဟုတ်လား’

အက်ရှ်က လေသံ ပြတ်ပြတ်ဖြင့်

‘စမိုက် ဆိုတဲ့ လူကို လက်ထပ်တော့မယ်ပေါ့’

‘မစ္စတာ ပေါ့ဒ်မိုးစမိုက်ကို ပြောတာလား၊ ဟုတ်တယ်၊ လက်ထပ်တော့မယ်၊ ရှင် ဒီလို လေသံမျိုးနှင့် မမေးပါနှင့်၊ ဘာဖြစ်လို့လဲ ဆိုတော့’

‘ဒီလောက် မမိုက်မဲစမ်းပါနှင့် ဗီလင်ဒါ၊ ဒါတွေအားလုံးဟာ မင့်အဖေ အစီအစဉ်တွေ ဆိုတာ ကိုယ် မသိဘူး ထင်လို့လား၊ အားလုံး သိပါတယ်၊ တကယ်ကတော့ မင်းဟာ ကိုယ့်ကို ချစ်နေတာပါ၊ ကိုယ်နှင့် လက်ထပ်မလို့ပါ၊ ဒါကို သိလို့ သူတို့က အတင်း စိမ်တာ မဟုတ်လား၊ ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်စမ်းပါ ကွယ်၊ ဘာလို့ သူတို့ စီမံရာကို နာခံရမှာလဲ၊ မင်း သိတယ် မဟုတ်လား’

ဗီလင်ဒါက ကြားဖြတ်၍

‘ဟုတ်တယ်၊ ကျွန်မ သိတယ်၊ အားလုံး သိတယ်၊ ဒီကိစ္စတွေကို ရှင် ဘာမှ မသိဘူး ဆိုတာလည်း ကျွန်မ သိတယ်၊ ရှင် သိထားဖို့က ကျွန်မတို့ ကိစ္စကို ဖေဖေက လုံးဝ သဘောမတူဘူး ဖြစ်နေတယ်၊ မေမေကလည်း သဘော မတူဘူး၊ ပြီးတော့ ခုဆိုရင် ကျွန်မဟာ ဆယ့် ခုနစ်နှစ် သမီးကလေး မဟုတ်တော့ဘူးရှင့်၊ ဆယ့်ကိုး နှစ်ထဲ ရောက်နေပြီ၊ ဒီတော့ ကျွန်မဘာသာ ကျွန်မ ဆုံးဖြတ်တတ်တယ်၊ ကျွန်မကို ဘယ်သူမှ အတင်း လုပ် လို့ မရဘူး၊ နောက်ဆုံးကျတော့ သူတို့ သဘောတူရ တာပဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ စမိုက်က’

‘ဘာလဲ၊ မင်း သူ့ကို ချစ်တယ်လို့ ပြောနေတာ ပေါ့’ ဟု အက်ရှ်က ကြားဖြတ်၍ မေးလိုက်သည်။

‘ဟုတ်တယ်၊ ကျွန်မ သူ့ကို ချစ်တယ်၊ ဘာလဲ သူ့ကို လက်ထပ်တာကို ကျွန်မ သဘောမတူဘဲ လက် ထပ်တယ်လို့ ထင်လို့လား’

‘မဖြစ်နိုင်ဘူး၊ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ဘူး၊ လူကြီးက အသက်ကလည်း ကြီးသေးတယ်၊ ဟန်က လည်း များလိုက်သေးတယ်၊ အမှန်ကတော့ မင်းအဖေ လောက်တောင် ရှိတယ်’

ဗီလင်ဒါ၏ မျက်နှာသည် ရဲတက်သွား၏။ ဗီ လင်ဒါသည် အလျှင်တုန်းကလို မလှတော့ဘဲ အရုပ် ဆိုးသွားပြီဟု ဂျော့ ပြောသည့် စကားကို အက်ရှ် ရုတ် တရက် သတိရလိုက်သည်။ ရုပ်သာ မဟုတ်၊ အသံပါ မလှတော့။ သူ့အသံသည် စူးရှကာ ဒေါသသံ ပါနေသည်။

‘ရှင် ဘာစကား ပြောတာလဲ၊ ကျွန်မ အဖေ လောက်လည်း မကြီးသေးဘူး၊ ရှင် တော်တော် ရိုင်းတဲ့ လူ၊ ရှင် မနာလိုတိုင်း ဒီလို စကားမျိုး မပြောနှင့်၊ ဟိုက ရင့်ကျက်တယ်၊ လူ့အကြောင်း နားလည်တယ်၊ အလုပ် အကိုင်မှာလည်း အောင်မြင်တယ်၊ ဒါကြောင့် ရှင် မနာ လို ဖြစ်နေတာ၊ ရှင့်လို ထင်ရာ စွတ်လုပ်တဲ့ လူရမ်းကား မဟုတ်ဘူး၊ အစစ အရာရာ အမြော်အမြင် ရှိတဲ့လူ၊ စိတ်ဝင်စားစရာ ကောင်းတဲ့ လူ၊ အစစ အရာရာ မှီခို အားထားရတဲ့ လူ’

www.burmeseclassic.com



ဗီလင်ဒါသည် နှုတ်ခမ်းကို ကိုက်လိုက်ပြီးနောက် သူ့စိတ်ကို သူ ချုပ်တည်းထားရဟန်ဖြင့် အသံကို အနည်းငယ် နှိမ့်လိုက်ကာ

'ဝမ်းနည်းပါတယ်၊ ကျွန်မကို ဒီလို မပြောပါနှင့်၊ ဒီလို ပြောရင် ကျွန်မ စိတ်ထိခိုက်တယ်၊ ရှင်ဟာ ငယ်သေးတယ်လို့ ဖေဖေ ပြောတုန်းက ရှင်လည်း စိတ်ဆိုးမိမှာပဲ၊ ဒီကိစ္စမျိုးဟာ အသက်က အရေးမကြီးပါဘူးလို့ ရှင် ပြောခဲ့တယ်လေ၊ မှတ်မိတယ် မဟုတ်လား၊ စမိုက်တာ ကျွန်မကို နားလည်တယ်၊ ရက်ရောတယ်၊ သဘောထား ကြီးတယ်၊ တစ်နေ့ကျရင် ဘုရင်ခံ ဖြစ်မယ် ဆိုတာ လူတိုင်းကလည်း ပြောတယ်၊ ဒါတင်မကဘူး၊ ဘုရင်ခံချုပ်တောင် ဖြစ်ဦးမှာ'

'ပြီးတော့ ချမ်းလည်း ချမ်းသာတယ် မဟုတ်လား'

အက်ရှ်က လှောင်ပြောလိုက်ခြင်း ဖြစ်၏။ သို့ရာတွင် ဗီလင်ဒါသည် အက်ရှ်၏ လှောင်ပြောင်သံကို သတိ မထားလိုက်မိ။ အတည်ယူလိုက်ကာ

'ဟုတ်တယ်၊ ပိုက်ဆံလည်း ရှိတယ်၊ ဒီမှာ ကျွန်မကို သူ ဝယ်ပေးတဲ့ လက်ဆောင်'

ဗီလင်ဒါက လက်ဝဲဘက် လက်ကို ဆုပ်ပြသည်။ လက်တွင် စိန်လက်စွပ် အကြီးကြီး။ စိန်ကြီး [illegible] လွန်ခဲ့သည့် တစ်နှစ်က သူ လက်ဆောင် ပေး[illegible] ပုလဲလုံးကြီးတွေထက် နှစ်ဆလောက် ကြီး[illegible]

သူ့စိတ်ထဲတွင်မူ တစ်နှစ်ခွဲလောက်မကာ၊ ထို့ထက် [illegible] ကြာပြီ ထင်သည်။ အနည်းဆုံး ငါးနှစ်လောက် [illegible]တော့မည်။ အဖေလောက် ရှိသည့် လူကြီး တစ်[illegible]ကို လက်ထပ်မည့် ဗီလင်ဒါ အဖို့သော်မူ ထို့ထက် [illegible] ကြာဦးမည် ထင်သည်။

လူကြီးက ဝဝဖိုင့်ဖိုင့်။ ချမ်းသာသည့် မုဆိုးဖို၊ [illegible] စိန်တွေ ဝယ်ပေးနိုင်သည်။ တစ်နေ့တွင် လေဒီ [illegible] ဆိုသည့် ဘွဲ့ရအောင် လုပ်ပေးနိုင်သည်။ သူ့အရွယ် [illegible] ရှိသည့် အသင့်လုပ်ပြီး မယားပါ ကလေး နှစ်[illegible]ကိုလည်း လက်ဆောင် ပေးနိုင်သေးသည်။

ဘာမျှ ပြောစရာ မလိုတော့။ ရေ့လျှောက် ထု[illegible]တွေ ရှင်းလင်းချက်တွေ တောင်းပန်ချက်တွေ [illegible]လည်း အကျိုးထူးမည် မဟုတ်ကြောင်းကို [illegible]၏ လက်တွင် စွပ်ထားသည့် စိန်လက်စွပ်ကြီး [illegible]သေ ပြနေလေပြီ။

ယခု သူ ဘာမျှ မတတ်နိုင်ပြီ။ သူတို့ လင်မယား ပျော်ရွှင်ပါစေကြောင်း ဆုတောင်းကာ တပ်ခေါက်ပြန်ရုံသာ ရှိတော့သည်။

ယခင်တုန်းကတော့ သူသည် ဗီလင်ဒါနှင့် သေ တစ်ပန်သက်ဆုံး လက်တွဲ လျှောက်မည်ဟု ရည်ရွယ်ခဲ့၏။ ယခုမူ ဗီလင်ဒါနှင့် နောက်ဆုံး တွေ့ရခြင်း ဖြစ်တော့မည်။ သည်အချက်ကမူ ဆန်းသည်။ အပေါ်ယံအားဖြင့် ကြည့်လျှင် ဗီလင်ဒါသည် ခါတိုင်းလို ပန်းနုသွေး ကြွလျက်။ ဖြူဖွေးလျက်။ လှပ ကြော့ရှင်းလျက်။ ရွှေရောင် တောက်နေသည့် ဆံပင်တွေ အောက်က သူ့ခေါင်းထဲတွင်မူ မည်သို့ရှိမည် မသိ။ သို့ရာတွင် မိမိအဖို့သော်မူ စိတ်ကူးယဉ် အိပ်မက်ထဲတွင် တွေ့ခဲ့ရသည့် ချစ်သူကို ချစ်နေမြဲ။

'အေးလေ၊ တကယ်ကတော့ ကိုယ်လည်း ဂျော့နှင့် အတူတူပါပဲ၊ စိတ်သက်သာရာ ရအောင် ကိုယ်ဖြစ်ချင်ရာတွေကို လျှောက်တွေးနေတဲ့ လူတစ်ယောက်ပါ'

အက်ရှ်က ဖြည်းလေးစွာ ပြောသည်။

ဗီလင်ဒါသည် ခါးကို မတ်လိုက်၏။ သူ့မျက်နှာသည် ရဲတက်လာပြန်ကာ အသံသည် စူးရှလာပြန်သည်။

'ဂျော့ အကြောင်း ကျွန်မကို မပြောပါနှင့်၊ အလကားလူ၊ တေလေကြမ်းပိုး၊ လူလိမ်၊ သူ့အဘွားက ဂရိမူးမတ်ကတော်လေး ဘာလေးနှင့်'

အက်ရှ်၏ မျက်နှာမှ တစ်စုံတစ်ရာကို မြင်လိုက်ရသဖြင့် ဗီလင်ဒါသည် စကားကို ဆုံးအောင် မပြောတော့ဘဲ ခပ်စူးစူး ရယ်လိုက်သည်။ သူ့ရယ်သံသည် သူ့စကား ပြောသံကဲ့သို့ပင် အကျည်းတန်နေသည်။

'ရှင် ဒီအကြောင်းကို မသိသေးဘူးနော်၊ သိအောင် ပြောရသေးတာပေါ့၊ သူ့အဘွားက ဂရိ မူးမတ်ကတော်လည်း မဟုတ်ဘူးရှင့်၊ ဘာကတော်မှလည်း မဟုတ်ဘူးရှင့်၊ ဈေးထဲက ကုလားမ၊ သူကတော့ ကျွန်မဟာ ဘယ်သူ့ကိုမှ ပြောမှာ မဟုတ်ဘူးလို့ ထင်မှာပဲ၊ ဒီကလည်း ဘယ်နေလိမ့်မလဲ'

'တကယ် လျှောက်ပြောနေသလား' ဟု အက်ရှ်က မေးသည်။

'ပြောတာပေါ့၊ လူတိုင်းကို သူ ဒီလို လျှောက်လိမ်နေတာကို ကျွန်မက သိလျက်သားနှင့် ဒီအတိုင်း ထိုင်ကြည့် နေရမှာလား၊ ဒီလိုဆိုရင် ကျွန်မတို့ပါ အလိမ်ခံနေရတယ် ဆိုပြီး ကျွန်မတို့ သားအမိကို လူတွေက ကွယ်ရာမှာ ဝိုင်းရယ်ကြမှာပေါ့၊ ဒီလိုတော့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အလိမ်ခံမလဲရှင်၊ ဒီတော့ ကိုယ် အလိမ်မခံရမှန်း သိအောင် ကျွန်မတော့ လူတွေ့တိုင်း ပြောတာပဲ၊ ကျွန်မ သူ့ကို မယုံလို့ စောင့်ကြည့်နေခဲ့တဲ့ အကြောင်း၊ နောက် သိလာတော့ သူ ဝန်ခံသွားရတဲ့ အကြောင်း'

ဗီလင်ဒါ၏ အသံသည် ဒေါသကြောင့် လည်းကောင်း၊ ရှက်စိတ်ကြောင့် လည်းကောင်း တိမ်ဝင်သွား၏။

အက်ရှ်က သူ့ကို စိုက်ကြည့်နေသည်။ သူ၏ လှပသော ပန်းနုရောင် နှုတ်ခမ်းမှ မကြားဝံ့ မနာသာ တွေ တစ်လုံးပြီး တစ်လုံး ထွက်လာသည်။ သူသာ ထို့ထက် အသက်ကြီးပြီး ထို့ထက် အမြော်အမြင် ရှိခဲ့လျှင် သူလည်း သည်လောက် ခံစားရမည် မဟုတ်။ ယခုမူ လူတိုင်းက ဝိုင်း၍ အမြှောက်ခံ အပိုးခံ အလိုလိုက်ခံရသည့် ဗီလင်ဒါသည် အခြောက်တိုက် မာနကြီးနေပြီ။

ဗီလင်ဒါက ငယ်လည်း ငယ်သေးသည်။ အမြော်အမြင်ကလည်း နည်းသည်။ သူ့ကို ဝိုင်းမြှောက်နေကြသည့် လူငယ်ကလေးတွေ၏ စကားကို အဟုတ်ထင်ခဲ့သည်။ ယောကျ်ားပျိုကလေးတွေ ဝိုင်းဝိုင်းလည်နေသော အလှဘုရင်မ တစ်ပါး အဖြစ် အားကျကြ၊ မနာလိုကြ၊ ချီးကျူးကြသည်ကို တစ်နှစ်လောက် ယစ်မူးခဲ့သည်။

ရုပ်ချောသည့် ဂျော့ကို တွဲပြခဲ့ပြီးနောက် ယခုကဲ့သို့ ဂျော့၏ အလိမ် ပေါ်သွားသည့် အခါတွင် သူ့ကို မနာလိုကြသည့် မိန်းမပျိုများက မည်သို့ ပြောကြလေမည်နည်းဟု တွေးတိုင်း ရှက်သည်။ ဂျော့သည် သူ့ကို ရက်ရက်စက်စက် လိမ်သွားခဲ့သည်။ အရူး လုပ်သွားခဲ့သည်။

သို့ရာတွင် ဂျော့ တစ်ယောက် အလိမ် ပေါ်သွားသည့် အတွက် မည်သို့ ခံစားနေရသည်၊ မည်သို့ မျက်နှာ မပြရဲအောင် ဖြစ်နေရသည် ဆိုသည့် အချက်မှာ သူ့ကိစ္စ မဟုတ်။ ထိုကိစ္စသည် ဗီလင်ဒါ ဟာလိုး ဆိုသော မိန်းမပျို တစ်ယောက်နှင့် မည်သို့မျှ မသက်ဆိုင်။ ဗီလင်ဒါသည် သူ့အတွက်သာ သူ စဉ်းစားနိုင်သည်။ သူများ အတွက် စဉ်းစားချိန် မရ။

သူ အလိမ်ခံရသည့် အတွက် ဒေါသ အမျက် ပေါက်ကွဲစရာ နေရာ ဆို၍ မေမေ၊ ဂျော့တို့အပြင် အက်ရှ် တစ်ဦးတည်းသာ ရှိသည်။ ဂျော့၏ အလိမ် ပေါ်သွားကတည်းက စိတ်ထဲတွင် မျိုသိပ်ခဲ့ရသည်တို့ များလှပြီ။ ယခု သူ့ရှေ့တွင် အန်ချလိုက်သည့် အခါ ဗီလင်ဒါ ရင်ပေါ့သွားသည်။

သို့ရာတွင် သူ့ပါးစပ်မှ ရင့်ရင့်သီးသီး စကားတွေကို ကြားလိုက်ရသည့် အက်ရှ်၏ အမြင်တွင်မူ သူ့ စိတ်ကူးထဲတွင် ရှိခဲ့သည့် ဗီလင်ဒါ၏ ရုပ်ပုံလွှာသည် ပြိုကွဲ ပျက်စီးသွားပြီ။

သူ့စိတ်ကူး ရုပ်ပုံထဲတွင် ရှိသည့် ဗီလင်ဒါက ချိုပြုံးလျက်။ အပြစ် ကင်းမဲ့လျက်။ သနား ကြင်နာမှု အပြည့်။

ယခု အသံစူးစူးဖြင့် ပြောနေသည့် ဗီလင်ဒါကမူ သူ့စိတ်ကူး ရုပ်ပုံလွှာနှင့် တခြားစီ။

ပိုက်ဆံနှင့် ရာထူးဂုဏ်တို့ကို မက်၍ အဖေ လောက် ရှိသည့် အဘိုးကြီး တစ်ယောက်ကို လက်ထပ် တော့မည့် ပိုင်းလုံးမ။

အဘိုး အဘွား တိုင်းခြားသား ဖြစ်ရသည့် အတွက် လူတစ်ယောက်ကို မှိုချိုးမျှစ်ချိုး ပြောတတ် သည့် မိန်းမ။

သူ့အသားကလေး ပွန်းပဲ့မှာ စိုးသည့် အတွက် လူတစ်ယောက်၏ ဂုဏ်သိက္ခာကို ရစရာ မရှိအောင် လျှော့ပြောနေသည့် နှုတ်ကြမ်း လျှာကြမ်း မိန်းမ။

အက်ရှ်သည် ဗီလင်ဒါ ရင့်ရင့်သီးသီး ပြောနေ သည်တို့ကို ကြားဖြတ်၍လည်း မပြော။ ရုပ်တန်နေ လည်း ကြိုးစားခြင်း မရှိ။

ဗီလင်ဒါ၏ အသံသည် ကျယ်သည်ထက် ကျယ် လာကာ ကြောင်တစ်ကောင် လက်သည်းလို လျှင်မြန် သည့် အဟုန်ဖြင့် သူ့ပါးကို လှမ်းရိုက်လိုက်သည်။ အက်ရှ်က ခေါင်းကို နောက်သို့ လှန်လိုက်၍ မရိုက်မိ ခြင်း ဖြစ်၏။

အက်ရှ် မျက်နှာပေါ်တွင်မူ စက်ဆုပ် ရွံမုန်းသည့် အသွင်သဏ္ဌာန်တို့ ပေါ်ပေါက် လာခဲ့လေပြီ။

သူတို့ နှစ်ယောက်သည် တစ်ယောက်ကို တစ် ယောက် တအံ့တသြဖြင့် စိုက်ကြည့်နေကြသည်။ တစ် ယောက်နှင့် တစ်ယောက် စကား မပြောနိုင်ကြ။

'ကျေးဇူးတင်ပါတယ်'

အက်ရှ်က ပြောသည်။ ဗီလင်ဒါသည် မျက်နှာ ကို လက်ဝါးဖြင့် အုပ်ကာ ငို၍ တံခါးဆီသို့ ပြေးထွက် ၏။ သို့ရာတွင် တံခါးက သော့ခတ်လျက်သား။

ထိုစဉ် အိမ်ရှေ့ လမ်းမပေါ်မှ ရထားဘီးကြိတ် သံနှင့် အတူ ဗိုလ်မှူး ဟာလိုးတို့ လင်မယား ပြန်ရောက် လာကြသည်။ နောက် ဆယ်မိနစ်လောက် အကြာ သူတို့ နှစ်ယောက် ဘာလုပ်၍ ဘာကိုင်ရသည် မသိ။



www.burmeseclassic.com

www.burmeseclassic.com



အက်ရှ်က ဘောင်းဘီ အိတ်ထဲမှ သော့ကို ထုတ်၍ တံခါးကို ဖွင့်နေသည့် အချိန်တွင်မှ ဗီလင်ဒါမှာ ဆူညံစွာ အော်ဟစ် ငိုယိုလျက် ရှိလေပြီ။ တံခါးကို ဖွင့်လိုက်၍ အထဲသို့ အလန့်တကြား လှမ်းကြည့်လိုက်သည့် အခါတွင် ရှိုက်ကြီးတငင ငိုလျက်ရှိသော ဗီလင်ဒါသည် ညှော်ခန်းထဲမှ ပြေးထွက်ကာ လှေကား အတိုင်း ပြေးတက်သွားပြီးနောက် သူ့အိပ်ခန်း တံခါးကို ပိတ်လိုက်သည်။ တံခါး ပိတ်သံသည် တိတ်ဆိတ်နေသော ဘန်ဂလိုထဲတွင် ပဲ့တင် ထပ်သွား၏။

ပထမဆုံး စကား စပြောသူက ဗိုလ်မှူး ဟာလိုး။ အက်ရှ်၏ အပြုအမူနှင့် အခြေအနေ အရပ်ရပ်ကို အကဲခတ်၍ ပြောလိုက်သည့် သူ့စကားက နားမချမ်းသာစရာ။ မစ္စက် ဟာလိုးကမူ ဘာမျှ ဝင်ရောက် ပြောဆိုခြင်းမပြုဘဲ သမီးကို နှစ်သိမ့်ရန် အပေါ်ထပ်သို့ တက်လိုက်သွားသည်။

ဗိုလ်မှူး ဟာလိုးသည် အက်ရှ်၏ အကျင့်စာရိတ္တနှင့် ပတ်သက်၍ ဝေဖန် ပြောဆိုနေစဉ် အပေါ်ထပ်ဆီမှ ဗလုံးဗထွေး ကျိတ်ငိုနေသံနှင့် ကြောက်စရာကောင်းသည့် ထိုသူငယ်က သူ့ကို မည်သို့ စော်ကားသနည်းဟု အားမြန်နေသော မစ္စက် ဟာလိုး၏ အသံသည် တစ်ချက်တစ်ချက်တွင် သူတို့ဆီသို့ ရောက်လာ၏။

'ဒီကိစ္စနှင့် ပတ်သက်လို့ မင်း တပ်မှူးကို ငါတိုင်ရလိမ့်မယ်၊ ဒီတစ်ခါ ငါ့သမီးနှင့် နောက်ဆုံး စကား ပြောတာ ဖြစ်ပါစေ၊ နောက်တစ်ခါ တွေ့ရင် မင်း မလွယ်ဘူး မှတ်ပါ၊ ကဲ မင်း ထွက်သွားပါ'

ဗိုလ်မှူး ဟာလိုးသည် ဖြေရှင်းခွင့်ကလေးမျှ မပေး။ ပြောခွင့်ရသည့် တိုင်အောင်လည်း သူ ဖြေရှင်း၍ ယုံမည် မဟုတ်။ အခြေအနေ ဆိုးသည်ထက်သာ ဆိုးတော့မည်။ သိတ္တား တောင်းပန်လျှင်မှ လက်ခံကောင်း လက်ခံလိမ့်မည်။ သို့ရာတွင် ဘာမျှ ထူးခြားမည် မဟုတ်။ အက်ရှ်ကလည်း မတောင်းပန်ချင်။ တကယ် တောင်းပန်ရမည့်သူက သူ မဟုတ်။ သူတို့။

အက်ရှ်သည် စိတ်ဆိုးနေသော ဗိုလ်မှူး ဟာလိုးကို ခြေဆုံး ခေါင်းဆုံးသာ ကြည့်နေမိသည်။ ထို့နောက် ဘာမျှ မပြောတော့ဘဲ ချာခနဲ လှည့်ထွက်လာခဲ့၏။

'အလကားကောင်၊ ခွေးကလေး အရောဝင် နှုတ်ခမ်း ပါး နား လျက် ဆိုတဲ့ ကောင်မျိုး'

ဗိုလ်မှူး ဟာလိုးသည် ထိုသို့ ပြောဆိုပြီးနောက် ဧည့်ခန်းထဲ ပြင်းပြင်းထန်ထန် စာတစ်စောင် ရေးရန် စာကြည့်ခန်းထဲသို့ ဝင်လာခဲ့သည်။ အက်ရှ်သည် ရက်စိတ်၊ နာကြည်းသောစိတ်၊ ဒေါသစိတ်တို့ ဆူဝေလျက် ရှိရင်း တပ်သို့ မြင်းဖြင့် ပြန်လာခဲ့သည်။

အက်ရှ် အခံရခက်နေသည့် ကိစ္စမှာ ဗီလင်ဒါ စေ့စပ်သွားခြင်းကြောင့် မဟုတ်။ ထိုကိစ္စကို သူ ခွင့်လွှတ်နိုင်သည်။ ဝိတိုရိယ ဘုရင်မခေတ်တွင် မိန်းကလေး ငယ်ငယ်တွေ ယောကျ်ားကြီးများကို လက်ထပ်ကြသည်မှာ ဘာမျှ မဆန်း။ အသက် ဆယ့်ခြောက်နှစ်၊ ဆယ့်ခုနစ်နှစ်ရွယ် မိန်းကလေးတွေ အသက် လေးဆယ်ရွယ်တွေကို ယူကြသည်မှာ ဖြစ်ရိုးဖြစ်စဉ်။

လူက ဘယ်သို့ ဖြစ်နေပေစေ၊ စမိုက်က ချမ်းသာသည်။ အောင်မြင်သည်။ ဂုဏ်ရှိသည်။ ဗီလင်ဒါသည် စမိုက်လို လူတစ်ယောက်က အရေးပေးသည့် အခါတွင် သဘောကျမည်မှာ အမှန်။ သူ့အရည်အချင်းတွေကို သဘောကျကာ ထိုအရာကို အချစ်ဟု ထင်သွားပုံရသည်။

ထို့ပြင် ဗီလင်ဒါ ကိုယ်တိုင်ကလည်း ငယ်ငယ်။ ထင်မိထင်ရာ အရွယ်။ စရိုက်ကလည်း ထင်ရာကို စွတ်လုပ်တတ်သည့် စရိုက်။

ထို့ကြောင့် စမိုက်ကို စေ့စပ်ကြောင်းလမ်းခြင်း အတွက် ဗီလင်ဒါကို သူ နားလည်နိုင်သည်။ ခွင့်လွှတ်နိုင်သည်။ သူ ခွင့်မလွှတ်နိုင်သည့် အချက်မှာ ဂျော့နှင့် ပတ်သက်၍ လူပုံအလယ်တွင် ဟိုးလေးတကျော် လျှောက်ပြောသည့် ကိစ္စ ဖြစ်သည်။

ဂျော့သည် သူ့အသွားနှင့် ပတ်သက်၍ မဟုတ်တယုတ်တွေကို လိမ်လည် ပြောသည်မှာ မှန်သည်။ သို့ရာတွင် သူ့အပေါ်တွင် ဗီလင်ဒါ လက်စားချေပုံက ရက်စက်လွန်းသည်ဟု သူ ထင်သည်။ ယခု သူ ပြောနေပုံက ဂျော့က သူ့ကို လိမ်၍ လက်ထပ်တော့မည့်ပုံ။

အမှန်အားဖြင့် ဗီလင်ဒါနှင့်တကွ သူ့မိဘများသည် ဂျော့ကို နဂိုကတည်းက အလေးအနက် ထား၍ စဉ်းစားခဲ့ကြသည် မဟုတ်။ ထို့ကြောင့် ဂျော့သည် သူတို့တစ်တွေ သူ့ကို စိတ်ဝင်စားအောင် လုပ်ကြံ ပြောခဲ့သည်။ သူ့စကားကို နယ်မြေ ကျဉ်းကျဉ်းကလေးသာ ရှိသည့် တပ်နယ် တစ်ခုလုံးကလည်း အဟုတ် မှတ်ခဲ့ကြ၏။

ယခု ဗီလင်ဒါသည် ထိုအသိုင်းအဝိုင်းမှာပင် ဂျော့ကို ကပြား လူလိမ် အဖြစ် ဖော်ထုတ် ဖွင့်ချနေလေပြီ။ တပ်နယ်မှ အသိုင်းအဝိုင်းသည် သူ လိမ်ပြောသည်



www.burmeseclassic.com

www.burmeseclassic.com



အတွက် ဂျော့ကို ခွင့်လွှတ်ကောင်း ခွင့်လွှတ်မည်။ မေ့ပျောက်ကောင်း မေ့ပျောက်ပစ်မည်။

သို့ရာတွင် ကပြား ဆိုသည့် အချက်ကိုမူ ခွင့်လွှတ်မည် မဟုတ်။ မေ့ပျောက်မည် မဟုတ်။ ဂျော့သည်အသိုင်းအဝိုင်းတွင် မျက်နှာ ဖော်ရဲတော့မည် မဟုတ်။ အင်္ဂလိပ် အိန္ဒိယ ကပြား ဆိုလျှင် သူတို့ အသိုင်းအဝိုင်းက အလွန် အထင်သေးတတ်သည်။ ထိုဘွဲ့သည် ဂျော့ သွားလေရာရာတွင် ထက်ကြပ်ပါလာတော့မည်။ သူ သွားလေရာတွင် ထိုအကြောင်းကို သိသူ၊ သို့မဟုတ် ထိုအကြောင်းကို ကြားဖူးသူ နောက်က ထက်ကြပ်ပါလာတော့မည်။

အလတ်တန်းစား အမျိုးသမီးများသည် ယပ်တောင် ကွယ်ကာ အတင်း ပြောကြတော့မည်။ အမျိုးသားတွေကလည်း ရယ်မောကာ ကလပ်မှ ကြဉ်ထားကြတော့မည်။

'ဒီလို လုပ်တာတော့ နည်းနည်းမှ မတရားဘူး' ဟု အက်ရ်ှ ခံပြင်းစွာ တွေးသည်။ သူ့အဘွားသည် ဘာဖြစ်ဖြစ် သူနှင့် ဘာဆိုင်သနည်း။ ပြောကြစတမ်းဆိုလျှင် သူ့အမေနှင့် သူ့အဖေသည်လည်း ဘာဖြစ်ဖြစ် သူနှင့် ဘာဆိုင်သနည်း။

အက်ရ်ှသည် သူ့မာန်ကို ချကာ ဂျော့ အတွက် ဗိုလ်မှူး ဟာလိုးကို တောင်းပန်ရလျှင် ကောင်းမည်လော ဟု စိတ်ကူးမိသေးသည်။ သူ့သမီးသည် ဂျော့နှင့် ပတ်သက်၍ လုပ်ပုံလယ်တွင် လျှောက်ပြောကြောင်း၊ ထိုကိစ္စကို ရပ်တန်းက ရပ်သင့်ကြောင်းဖြင့် သူ့အဖေကြီးကို သွားပြောခဲ့ဖို့ ကောင်းသည်။

ယခုမူ နောက်ကျခဲ့ပြီ။ ဗီလင်ဒါ့ စကားအရ ဆိုလျှင် ထိုအကြောင်းကို လူတွေ့တိုင်း ပြောခဲ့ပြီးပြီ။ သူ့အဖေကြီးကလည်း သဘောတူမည်သာ။ ထို့မျှမက သူ့အမေကြီးနှင့် စကားများသော မစ္စက် ဂစ်ဒနီနှင့် တကွ သူတို့ အပေါင်းအသင်းများ အားလုံးသည်လည်း ဗီလင်ဒါကို သနားကာ ဂျော့ကို ဝံပုလွေအုပ် ဝင်ဆွဲသလို တစ်ယောက် တစ်ပေါက် ပြောကြမည်မှာ မုချ။

အက်ရ်ှသည် ထိုမတရားမှုကို တွေးမိတိုင်း လည်ချောင်းထဲတွင် တစ်ဆို့ဆို့ကြီး ဖြစ်ကာ အသက်ရှူ မဝသလို ဖြစ်နေသည်။ တွေးရင်း ထိုအဖြစ်ကို စက်ဆုပ်နေသည်။

အက်ရ်ှသည် မရွှင်သော နှလုံး မပြုံးသည့် မျက်နှာဖြင့် မဒန်းရှိ တပ်စခန်းသို့ ပြန်ရောက်လာခဲ့သည်။

ထိုကိစ္စ ဖြစ်ပြီး များမကြာမီတွင် ဒါလီဆားခန်သည် ကာဘိုင် သေနတ်ကို ယူ၍ ပျောက်သွားကာ မာလစ်နှင့်လားမတ် အပါအဝင် သူတို့လူမျိုးစု ဆယ်ယောက် တပ်ထဲမှ အထုတ်ခံရခြင်း ဖြစ်၏။ ဒါလီဆားခန်နှင့် တကွ သေနတ်ကို မရအရ ရှာခဲ့ရမည် ဟူသော အမိန့်ဖြင့် တပ်မှ ထုတ်ခဲ့ခြင်း ဖြစ်၏။

အက်ရ်ှသည် သူတို့အား ယခုကဲ့သို့ အရေး မယူရန် ပြောဖို့ စိတ်ကူးကာ တပ်မှူးကို တွေ့ခွင့်တောင်းခဲ့သည်။ သို့ရာတွင် တပ်မှူးဆီ တွေ့ခွင့်မရမီ ဗိုလ်မှူး ဟာလိုး၏ စာကြောင့် ပက်ရှဝါသို့ ထွက်လာခဲ့ရခြင်း ဖြစ်၏။

ယခု တပ်မှူးနှင့် တွေ့၍ တပ်မှူး၏ စကားများကို ကြားလိုက်ရသည့် အခါတွင် ဗိုလ်မှူး ဟာလိုးက သူ့ကို ရက်ရက်စက်စက် ပြောလိုက်သည့် စကားများမှာ ဘာမျှမဟုတ်။ အသေးအဖွဲကလေးတွေ ဖြစ်နေသည်။

သို့ရာတွင် သည်တစ်ကြိမ်တွင်လည်း မတရားမှု လုပ်သည်ကို ခံပြင်းနေသည့် အတွက် တပ်မှူး၏ စကားများကို မကြားတော့။ မိမိတပ်မှ ထုတ်ပယ်ခြင်း ခံရသည့် တပ်သား ငါးယောက်သည် အပြစ် မရှိသူများ ဖြစ်၏။ ဒါလီဆားခန် လုပ်ပုံကိုင်ပုံကို မကြိုက်သူများလည်း ဖြစ်၏။ သူ့ကို ကူညီဖို့ ဆိုသည်မှာ ဝေးစွ။ သို့ပါလျက် သူတို့ တစ်တွေကို ရာဇဝတ်ကောင်တွေလို ယူနီဖောင်းတွေ ချွတ်ပြီး တပ်မှ ထုတ်ပစ်ခြင်းမှာမူ နည်းနည်းမျှ မတရား။

အက်ရ်ှသည် တပ်မှူး ပြောသည့် စကားကို ဆုံးအောင်ပင် နားမထောင်နိုင်တော့ဘဲ ဝင်ပြောမိ၏။

'ဒီကိစ္စမှာ တာဝန်ရှိတယ် ဆိုရင် ကျွန်တော့် တာဝန် ရှိတယ်၊ တပ်မှူး ထုတ်ချင်းထုတ်ရင် ကျွန်တော့်ကိုပါ ထုတ်ပစ်ပါ၊ ဒါလီဆားခန်ကို လိုက်အရှာခိုင်းချင်ရင် ကျွန်တော့်ကို အရှာခိုင်းပါ၊ ဒီကိစ္စကို ပထမ သိတဲ့လူဟာ ကျွန်တော်ပဲ၊ တကယ်ဆိုရင် ဒါလီဆားခန် ဒီလို မလုပ်နိုင်အောင် ကျွန်တော် စောင့်ကြည့်ရမယ်၊ မာလစ်တို့တစ်တွေနှင့် ဘာမှ မဆိုင်ဘူး၊ မဆိုင်တဲ့ လူတွေကို ဒီလို တစ်သက်လုံး ခေါင်းမဖော်ရဲအောင် မလုပ်သင့်ဘူးလို့ ကျွန်တော် ထင်တယ်၊ ဒါလီဆားခန်နှင့် အမျိုး တူနေတာနှင့် သူတို့မှာ အပြစ် ရှိရတော့မှာလား တပ်မှူး၊ သူနှင့် အမျိုး တူနေတာဟာ သူတို့ အပြစ် မဟုတ်ပါဘူး တပ်မှူး၊ ဒီလို လုပ်တာကတော့ မတရားဘူးလို့ ထင်တာပဲ၊ ပြီးတော့…'



www.burmeseclassic.com

www.burmeseclassic.com



အက်ရှ်၏ စကားသည် အဆုံး မသတ်လိုက်ရ။ တပ်မှူးသည် ရှည်လျားစွာ ပြောဆိုနေခြင်း မရှိဘဲ စကား ခပ်ပြတ်ပြတ်နှင့် သူ့ကို နှင်ထုတ်လိုက်သည်။

အက်ရှ်သည် သူ့ရင်ထဲတွင် ခံစားနေရသမျှကို ဇာရင်အား ဖွင့်ပြောလိုက်၏။ သို့ရာတွင် ဇာရင်ထံမှ လည်း အားတက်စရာ စကားကို မကြားရ။ တပ်မှူး၏ ဆုံးဖြတ်ချက်သည် မှန်သည် ထင်ကြောင်းဖြင့် ဇာရင်က ပြောသည်။ အဝါရှားကလည်း ထိုနည်းလည်းကောင်း အတိုင်းပင်။

အဝါရှားက

'သေနတ်တွေကို ပြန်ရအောင် လုပ်ဖို့က ဒီတစ်နည်းပဲ ရှိတော့တယ် သခင်ဆပ်၊ အခြားနည်း မရှိတော့ဘူး၊ ကျွန်တော်တို့ တပ်တွေ တောတွေ တောင်တွေထဲမှာ အနံ့ လိုက်ရှာပြီးပြီ၊ အရိပ်အယောင်တောင် မတွေ့ရဘူး၊ သူတို့လူမျိုး အချင်းချင်းကျတော့ ဘယ်ကို သွားနိုင်တယ် ဆိုတာ ခြေရာခံနိုင်တာပေါ့၊ ကျွန်တော့်အထင်တော့ နောက် နှစ်ရက် သုံးရက်လောက် ဆိုရင် သေနတ်တွေ ပြန်ရလာမှာပဲ၊ ဒီနည်းအားဖြင့် သူတို့ဂုဏ်သိက္ခာရော ကျွန်တော်တို့ ဂုဏ်သိက္ခာရော မထိခိုက်နိုင်တော့ဘူးပေါ့'

ဇာရင်ကလည်း ထောက်ခံသည်။ သားများထံကြိုတောင့်ကြိုခဲ ရောက်လာသည့် ကိုဒါဒတ်ကလည်း သူတို့ကို ထောက်ခံရုံမျှမက အက်ရှ်ကို ဘေးသို့ ခေါ်ကာ

'လူလေးက သခင်ဆပ် တစ်ယောက်လို ပြောနေတာကိုး၊ မတရားတာကို ဒီလို ထိုင်ပြောနေလို့ ဘာလုပ်မလဲ လူလေးရဲ့၊ တပ်မှူး ဆပ်က ဉာဏ်ရှိပါတယ်၊ သူက အင်္ဂရေဇီ တစ်ယောက်လိုလည်း စဉ်းစားတယ်၊ ပထန်တစ်ယောက်လိုလည်း စဉ်းစားတယ်၊ ဒါပေမဲ့ တစ်ခါတုန်းက အရှော့ ဖြစ်ခဲ့တဲ့ ဆပ်ကတော့ အရှော့လို မစဉ်းစားဘူး၊ အက်ရှ် မာတင် အနေနှင့် စဉ်းစားနေတယ်၊ တရားဘူး မတရားဘူးလို့ အော်နေတာဟာ ကလေးတွေမှ ဒီလို အော်တာ၊ ကလေးတွေနှင့် သခင်ဆပ်တွေမှ ဒီလို အော်တာလို့ လူလေးကို အဘ မကြာ မကြာ ပြောခဲ့ဖူးတယ် မဟုတ်လား၊ ခုမှ လူလေးဟာ သခင်ဆပ် စစ်စစ် ဖြစ်နေတာကိုး'

အက်ရှ်သည် သူ့အခန်းသို့ မကျေမနပ်နှင့် ပြန်လာခဲ့သည်။ ဂျော့နှင့် ဗီလင်ဒါတို့ ကိစ္စကိုသာ မစဉ်းစားခဲ့လျှင် သူ ထင်ရာတွေကို လုပ်မိပေလိမ့်မည်။

ထိုနေ့ညက အရာရှိ ရိပ်သာသို့ ရောက်သွားသည့်အခါတွင် ပက်ရှဝါရှိ စစ်ဌာနချုပ်မှ ပြန်လာသော လုပ်ဖော်ကိုင်ဖက် စစ်ဗိုလ်ကလေးများကို တွေ့ရ၏။

'ဗျို့ အက်ရှ်၊ ဂျော့ ဆိုတဲ့ ငနဲ အကြောင်း ကြားပြီးပလား' ဟု ကောလစ် ဆိုသည့် စစ်ဗိုလ်ကလေး တစ်ယောက်က မေးသည်။

'မကြားဘူးဗျ၊ ကျေးဇူးတင်ပါတယ်ဗျာ၊ မကြားပါရစေနှင့်'

အက်ရှ်က ခပ်ရိုင်းရိုင်း ပြန်ပြောမိသည်။ ဂျော့၏ သတင်းသည် သည်လောက် မြန်မြန်ဆန်ဆန် ပျံ့နှံ့လိမ့်မည်ဟု သူ မထင်။ ထိုသတင်းကို နောက်တစ်ဆင့်လည်း မကြားချင်။ နှစ်ဆင့်လည်း မကြားချင်။ သုံးဆင့်လည်း မကြားချင်။

'ဘာဖြစ်လို့လဲ၊ ခင်ဗျားနှင့် ခင်တယ် မဟုတ်လား'

အက်ရှ်က မည်သို့မျှ မဖြေ။ လှည့်ထွက်လာကာ စားပွဲထိုး တစ်ယောက်ကို ခေါ်ပြီးနောက် ဘရန်ဒီ နှစ်ခွက်ဆင့် မှာလိုက်သည်။ ကောလစ်က

'ဟုတ်တယ်ဗျာ၊ ကျွန်တော်လည်း ထပ်ချလိုက်ဦးမှပဲ၊ ငါ့ကိုလည်း နှစ်ခွက်ဆင့် တစ်ခွက် ပေးကွာ၊ တကယ်ပဲဗျာ၊ ဖြစ်မှ ဖြစ်ရလေ၊ ဒီပြင်လူ ဆိုရင်တော့ ကိစ္စမရှိဘူးပေါ့ဗျာ၊ ကိုယ့်ခင်တဲ့ လူထဲက ဆိုတော့ ဘယ်စိတ်ကောင်းမလဲ၊ ကျွန်တော်က သူနှင့် သိပ်တော့ မခင်ပါဘူး၊ ညစာ စားပွဲတွေ၊ ကပွဲတွေမှာတော့ ဆုံဖူးပါတယ်၊ မဆုံချင်လို့လည်း မရဘူးလေ၊ သူ့ကို ဗိတ်ကြတာကိုး၊ အဲဒီတုန်းကတော့ ကိုယ့်လူက ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ပေါ့ဗျာ၊ ဘောက်စ်ဝါလား အသေးစားကလေးပေမဲ့ တော်တော် မျက်နှာပွင့်တယ်နော်၊ ဘောက်စ်ဝါလားမို့ အထင်တော့ မသေးလိုက်နှင့်၊ သူကလည်း အလာကြီး၊ ဘောက်စ်ဝါလားထဲမှာ ပေါ်ပြူလာ အဖြစ်ဆုံးကတော့ ဂျော့ပဲဗျ၊ နေရာတကာမှာ သူ့ကို တွေ့ရတယ်၊ ခု ကြားရတာကတော့ သူက...'

'သူက ကပြားမို့လို့ပေါ့ဗျာ၊ ဟုတ်ပါတယ်၊ ကျွန်တော် သိပါတယ်၊ ဒါပေမဲ့ သူ့ဘာသာသူ ဘာပဲဖြစ်ဖြစ်လေဗျာ၊ ကျွန်တော်နှင့် မဆိုင်ပါဘူး၊ ခင်ဗျားနှင့်လည်း မဆိုင်ပါဘူး၊ ဒီတော့ ဒီအကြောင်းကို မပြောရင် ကောင်းမယ်ဗျာ'

'ဘာရယ်ဗျ၊ သူက ကပြား ဟုတ်လား၊ ကျွန်တော်ဖြင့် လုံးလုံးကို မသိဘူးဗျ၊ ဗျို့လူ ဟုတ်ရဲ့လား၊ ကပြားရုပ်နှင့်တော့ တစ်စက်မှ မတူဘူး'



www.burmeseclassic.com

www.burmeseclassic.com



အက်ရှ်မှာ မည်သူမျှ မသိသေးသော ဂျော့၏ လျှို့ဝှက်ချက်ကို ပြောလိုက်မိပြီ ဖြစ်သည့် အတွက် သူ့ကိုယ်သူ ဒေါပွသွားကာ

'မတူရင်လည်း ဘာဖြစ်လို့ မေးနေသေးသလဲ ဗျ'

'တခြားကြောင့် မဟုတ်ဘူးဗျ၊ ဒီနေ့ ညနေတွင် ဂျော့ ဆိုတဲ့လူ ကိုယ့်ကိုယ်ကိုယ် ပစ်သတ် သေသွားလို့'

'ဘာ၊ မဖြစ်နိုင်တာဗျာ'

အက်ရှ်၏ အသံက ကွဲအက်နေသည်။

'ဟိုဘက်တောင် လွန်သွားသေးဗျာ၊ ဘာဖြစ်လို့မှန်းတော့ မသိဘူး၊ အဲ မနေ့ညကတော့ သူ့ကို ကလပ်မှာ လူတွေက ဝိုင်းလှောင်ကြသတဲ့၊ ဒီနေ့ မနက်ကျတော့ သူ့ကို ဖိတ်ထားတဲ့ ဧည့်ခံပွဲတွေကို သူ မလာနိုင်တဲ့ အကြောင်း စာတွေ ရေးသတဲ့၊ နေ့လယ်ပိုင်းကျတော့ ကလပ်မှာ ရှိတဲ့ ဘားကနေပြီး ဘရန်ဒီ နှစ်လုံး ဝယ်သွားတယ်၊ ဘရန်ဒီ နှစ်လုံးကို ကုန်အောင် သောက်ပစ်လိုက်ပြီး သူ့ကိုယ်သူ သတ်သေ သွားတာပဲဗျ၊ ကိုယ့်လူ သနားပါတယ်ဗျာ၊ ကျွန်တော့်ကို ကရတ်ဒေါက်က ပြောတာ၊ ဂျော့တို့ ကုမ္ပဏီက ဆရာဝန်နှင့် ခုပဲ တွေ့ခဲ့တယ်တဲ့၊ သူက ပြောလိုက်တာတဲ့၊ ဘာကြောင့် ကိုယ့်ကိုယ်ကိုယ် သတ်သေမှန်းတော့ သူတို့လည်း မသိဘူးတဲ့'

အက်ရှ်၏ မျက်နှာသည် ပြာနှမ်းကာ ချုံးကျသွား၏။

'ကျွန်တော် သိပါတယ်ဗျာ၊ သူ့နေရာမှာ ကျွန်တော် ရောက်နေရင် ဘာလုပ်မလဲလို့ ကျွန်တော့်ကို မေးတယ်ဗျ၊ ဒီတော့ ကျွန်တော်က ကျွန်တော်က...'

အက်ရှ်သည် စကားကို ရှေ့ဆက်မပြောနိုင်။ ထို့နောက်မှ အတွေးကို ခေါင်းထဲမှ မောင်းထုတ်ပစ်လိုက်ကာ ခပ်ကျယ်ကျယ်ဖြင့်

'ဗီလင်ဒါကြောင့်ဗျ၊ ဗီလင်ဒါကြောင့် ဖြစ်ရတာ၊ ဗီလင်ဒါတို့လို အမြင် ကျဉ်းမြောင်းပြီး ပကာသနမက်တဲ့ အထက်တန်းစားတွေကြောင့် ဖြစ်ရတာ၊ သူတို့တစ်တွေက သူ့ဘွားအေဟာ မှူးမတ်ကတော်ကြီး ဆိုပြီး သူတို့ပဲ ဝိုင်းမြှောက်စား အရေးပေးခဲ့ကြတယ်၊ နောက်တော့ သူ့အဘွားဟာ မှူးမတ်ကတော် မဟုတ်ဘဲ ဈေးထဲက ဈေးသည်မ ဖြစ်တယ် ဆိုတာလည်း သိရော၊ သူတို့ပဲ ဝိုင်းပြီး...'

နောက်ဆုံး စကားလုံးများမှာ ပန်ချာပီလို ပြောခြင်း ဖြစ်ပြီး တိမ်ဝင်သွားသည့် အတွက် ကောလစ် မကြားလိုက်ရ။ ကြားသည် ဆိုလျှင်လည်း နားလည်မည် မဟုတ်။

သို့ရာတွင် အခန်းထဲသို့ ဝင်လာသည့် စားပွဲထိုးမှာ သူ့ပါးစပ်မှ ထွက်လာသော ညစ်ညမ်းသည့် စကားလုံးကြောင့် လက်တွင် ကိုင်ထားသည့် ဆေးပြင်းလိပ်ဘူးမှာ လွတ်ကျသွား၏။

ခပ်လှမ်းလှမ်းတွင် ရပ်နေသည့် ဗိုလ်မှူး တစ်ယောက်ကလည်း သူ့စကားကြောင့် အံ့အားသင့်သွားကာ ထိုသို့ ပြောဆိုခြင်း မပြုရန် လှမ်းတားလိုက်သည်။

'အိုင်ဆေး အက်ရှ်၊ အရာရှိ ရိပ်သာမှာ ဒီလို စကားမျိုးတော့ သုံးဖို့ မကောင်းဘူးဗျာ၊ ဒီလို အယုတ်တမာ စကားလုံးတွေကို ပြောချင်ရင် တစ်နေရာရာကို သွားပြီး ပြောတာ ကောင်းမယ်'

'မပူပါနှင့် ခင်ဗျာ၊ သွားပြောမှာပါ' ဟု အက်ရှ်က တမင် လုပ်ထားသည့် လေသံပျော့ကလေးဖြင့် ခပ်ငေါ်ငေါ် ပြောလိုက်သည်။

အက်ရှ်သည် ဆုတောင်း သောက်သလို အရက်ခွက် မြှောက်၍ တစ်ချက်တည်း မော့သောက်လိုက်ပြီးနောက် အချို့ တပ်ရင်းများတွင် အလှမယ် တစ်ဦး၏ ကျန်းမာရေးကို ဆုတောင်းကာ ဖန်ခွက်ကို ရိုက်ခွဲလိုက်သကဲ့သို့ ဖန်ခွက်ကို ပခုံးပေါ်မှ ကျော်၍ နောက်ပြန် ပစ်၍ ရိုက်ခွဲလိုက်သည်။

ဖန်ခွက် ကွဲသံကြောင့် စကားသံများသည် တိတ်သွားကြ၏။

တိတ်ဆိတ်နေစဉ် အက်ရှ်က ချာခနဲ လှည့်ကာ အရာရှိ ရိပ်သာထဲမှ ထွက်လာခဲ့သည်။

ဗိုလ်မှူးက လေသံ ခပ်အေးအေးဖြင့်

'ကြောင်တောင်တောင်နှင့် တော်တော် ခွကျတဲ့ ငနဲလေးပဲ၊ မနက်ဖြန်ကျမှ အေးအေးဆေးဆေး ဆုံးမဦးမှ'

သို့ရာတွင် မနက်ကျတော့ အက်ရှ် မရှိတော့ပြီ။ သူ့အခန်းက ဟာလာဟင်းလင်း။ သူ့အိပ်ရာကလည်း အိပ်ထားခြင်း မရှိ။ မနေ့ည သန်းခေါင်ကျော်လောက်တွင် အပြင်သို့ ထွက်လာပြီး အိပ်မပျော်၍ လမ်းလျှောက်သွားဦးမည် ဆိုကာ တပ်စခန်း အပြင်သို့ ထွက်သွားကြောင်းဖြင့် သတင်းပို့သည်။

ထိုအချိန်က ဗိုလ်လေး အက်ရှ်သည် သိုးမွေးဂျာကင်နှင့် ပထန် ဘောင်းဘီပွပွကြီး ဝတ်သွားကြောင်း လက်ထဲတွင် တစ်စုံတစ်ရာ ကိုင်သွားသည်ကို မြင်တွေ့



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းဖြင့်လည်း ပြောပြ၏။ အက်ရှ်၏ မြင်းမှာ မြင်းဇောင်းထဲတွင် ကျန်ရစ်ခဲ့သည်။

တပ်ရေးက အာလယားကို စစ်ဆေးသည့် အခါတွင် သားရေ ဂျာကင် တစ်ထည်၊ သားရေ ဖိနပ်ထူ တစ်ရန်နှင့် ပိုက်ဆံ အနည်းငယ်တို့ အပြင် ပထန် အမျိုးသား ဝတ်စုံနှင့် ကြောင်အိမ်ပေါ်တွင် သေတ္တာ တစ်လုံးဖြင့် သော့ခတ် သိမ်းထားသည့် အာဖဂန် စားကောက် တစ်ချောင်းမှအပ အခြား မည်သည့် ပစ္စည်းမျှ ပျောက်ဆုံးခြင်း မရှိကြောင်း၊ ယနေ့မနက် သူ့သခင်ဆပ် အတွက် ချိုတာဟာဇရီ (မနက် လက်ဖက်ရည်) လာပို့သည့် အခါတွင် သေတ္တာမှာ နဂိုနေရာတွင် မရှိတော့ဘဲ ကြမ်းပေါ်တွင် ပွင့်လျက်သား တွေ့ရကြောင်း၊ ပိုက်ဆံမှာ ငွေကျပ် အနည်းငယ်သာ ပျောက်ဆုံးနေကြောင်း၊ စားပွဲပေါ်တွင် သခင်လေး၏ ရွှေလက်ကြယ်သီးနှင့် ငွေလက်ကိုင်တပ် ဝက်မှင်ဘီးများကို အတိုင်းသား တွေ့ရသည့်အတွက် သူခိုးခိုးခြင်း မဖြစ်နိုင်ကြောင်း၊ ယခုတလောတွင် အက်ရှ်ဆပ်ကို ကြည့်ရသည်မှာ စိတ်ညစ်နေဟန်တူကြောင်း၊ သူ့အထင်ကို ပြောရလျှင်မူ (မြင်းတပ် အရာခံဗိုလ်) ရာဆီလ်ဒါ အဝါရားနှင့် (ခြေလျင်တပ် အရာခံဗိုလ်) ဂျမဒါ ဇာရင်တို့၏ အဖေနှင့် အတူ တောင်ပေါ်ရွာသို့ အလည် လိုက်သွားသည် ထင်ကြောင်းဖြင့် ပြောသည်။

'ကိုဒါဒတ်ဟာ သခင်ဆပ်ကို တော်တော် ချစ်တယ်၊ ဆပ်ကလည်း သူ့ကို အဖေ အရင်းလို အောက်မေ့တယ်၊ ဒါပေမဲ့ မနေ့ ညနေကတော့ သူတို့နှစ်ယောက် ငြင်းခုံနေကြတာကို တွေ့တယ် ဆပ်၊ ကျွန်တော့် အထင်တော့ အဘိုးကြီး စိတ်ဆိုးသွားလို့ ကျေနပ်အောင် လိုက်သွားတယ် ထင်တာပဲ၊ သူ ကိစ္စပြီးရင်တော့ ပြန်လာမှာပါ ဆပ်၊ နယ်စပ် ဟိုဘက်မှာ ဆိုရင် သူ့အဖို့ ဘာမှ အန္တရာယ် မရှိနိုင်ပါဘူး'

'ဒါကတော့ ဟုတ်ပြီလေ၊ ဒါပေမဲ့ နယ်စပ် ဟိုဘက်ကို သူက ဘာကိစ္စ သွားရမှာလဲကွ၊ ခုကော ဘာလို့ သွားရမှာလဲ၊ နောင်ကော ဘာကိစ္စ ရှိလို့ သွားရမှာလဲ'

တပ်ရေးသည် ယခုမှ သူနှင့် စကားပြောနေသူ သည်သူမည်ဝါ ဖြစ်ကြောင်း သတိရသွား၏။ ထို့ကြောင့် ဆက်၍ မပြောတော့။

'မင်း နေဦး၊ ငါ ဒီကောင်ကို...'

တပ်ရေးသည် သတိကို ပြန်ထိန်းလိုက်ကာ အာလယားကို ပြန်လွှတ်လိုက်၏။ အာလယားသည် သူ့သခင်ဆပ် အက်ရှ်၏ အခန်းသို့ ပြန်လာကာ မနက်အစောကြီးက စားပွဲပေါ်တွင် တင်ပစ်ခဲ့သည့် မနက်စာဗန်းကို သွားသိမ်း၏။

ထိုအခါကျမှပင် စားပွဲပေါ်တွင် တင်ထားခဲ့သည့် စာကို တွေ့ရသည်။ မနက် အစောကြီးတုန်းကမူ စားပွဲခင်းကလည်း အဖြူ၊ စာအိတ်ကလည်း အဖြူ ဖြစ်နေသဖြင့် ထိုစာအိတ်ကို သတိ မထားခဲ့မိ။

အာလယားသည် ဘီလပ်တွင် နေခဲ့ရစဉ်က အင်္ဂလိပ်စာလေး နည်းနည်းပါးပါး သင်ဖူးသည်။ ဆယ်မိနစ်လောက် ကြိုးစား ဖတ်လိုက်သည့်အခါ၌ စာအိတ်ပေါ်တွင် ရေးထားသည့် လိပ်စာကို သိလိုက်သည်။

ခဏကြာလျှင် အာလယားသည် တပ်မှူး၏ ရုံးခန်းထဲတွင် ရောက်နေလေပြီ။

သူ ထင်သည့်အတိုင်း အက်ရှ်သည် နယ်စပ်ကို ကျော်၍ တောင်ပေါ်သို့ သွားခြင်း ဖြစ်သည်။ သို့ရာတွင် ကိုဒါဒတ်ထံသို့ သွားခြင်း မဟုတ်။ ဒါလီဆားခန်ကို လိုက်ရှာကာ သူ ခိုးသွားသည့် ကာဘိုင် နှစ်လက်ကို ပြန်ယူရန် လိုက်သွားကြသည့် မာလစ်ရှားနှင့် လားမတ်တို့ တစ်သိုက်ထံ လိုက်သွားခြင်း ဖြစ်သည်။ တပ်မှ ထွက်၍ လိုက်ရှာကြသေးသော်လည်း အက်ရှ်၏ အရိပ်အယောင်ကိုမျှ မတွေ့ရ။

အက်ရှ်သည် ဒါလီဆားခန်ကဲ့သို့ပင် ပျောက်ချင်းမလှ ပျောက်သွားကာ နောက်နှစ်နှစ်လောက် ဘာမျှ မကြားရတော့။

ထိုနေ့ ညနေတွင် ဇာရင်သည် တပ်ရင်းမှူးရုံးသို့ သွားကာ အက်ရှ် သခင်ဆပ်ကို သူ လိုက်ရှာမည် ဖြစ်ကြောင်း၊ ထို့ကြောင့် သူ့ကို အထူး ခွင့်ပေးပါမည့် အကြောင်း သွားပြောသည်။ သို့ရာတွင် တပ်ရင်းမှူးက ခွင့်မပြု။

နောက် နာရီ အနည်းငယ် ကြာသည့် အခါတွင်မူ အာလယားသည် မာဒူးနှင့် စကား အကြာကြီး ပြောပြီးနောက် ဇာရင်နှင့် ခဏမျှ ငြင်းခုံ ပြောဆိုကာ အာလယားသည် တပ်မှ ပျောက်သွားလေသည်။

'ငါက သခင်ဆပ်ရဲ့ အစေခံ၊ ငါ့ကို သူ အလုပ်ထုတ်မပစ်သေးဘူး၊ သူ့ကို ဘေးမသီ ရန်မခစေရပါဘူးလို့ ဘီလပ်မှာ ရှိတုန်းက အင်ဒါဆင်ဆပ်ကို ငါ ကတိပေးထားခဲ့တယ်၊ ခု မင်းတို့ သွားလို့ မရဘူး ဆိုတော့ ငါ လိုက်သွားမယ်၊ ဒါပဲ' ဟု အာလယားက ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'မရပါဘူးဗျာ၊ ကျွန်တော် သွားချင်တယ်၊ ကျွန်တော်လည်း သူ့အစေခံပါပဲ၊ ဒါပေမဲ့ ခက်တာက ကျွန်တော်က အစိုးရ အမှုထမ်း ဆိုတော့ ကိုယ်ကြိုက်သလို စိတ်သွားတိုင်း ကိုယ်မပါနိုင်ဘဲ ဖြစ်နေတယ်'

'ငါ သိပါတယ်၊ ဒါကြောင့် မင်းအစား ငါ သွားမယ်လို့ ပြောတာပေါ့'

'ခင်ဗျား တော်တော်ခက်တဲ့ အဘိုးကြီးပဲ' ဟု မှာရင်က စိတ်ဆိုးဆိုးဖြင့် အော်သည်။

'အေး ခက်ချင်လည်း ခက်မှာပေါ့ကွာ'

နေမဝင်မီ တစ်နာရီလောက် အလိုတွင် အာလယားသည် မဒန်းမှ ထွက်လာခဲ့သည်။ မာဒူးက အာဖဂန် နစ္စတန် ပြည်နယ်သို့ ဝင်သည့် လမ်းမကြီး အတိုင်း တစ်မိုင်လောက် အထိ အတူ လိုက်လာ၏။ ရေတွေ ခြောက်သွေ့ကာ အပင်ဟူ၍ ဘာမျှ မရှိသည့် လွင်တီးခေါင်ကြီး။ ထို့နောက်တွင် အထပ်ထပ် ဖြစ်လျက် မှိုင်းညို့နေကြသည့် တောင်စဉ် တောင်တန်းကြီးများ။

မာဒူးသည် နယ်စပ် တောင်တန်းကြီးများ ဆီသို့ သွားနေသည့် အာလယားကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့သည်။

တဖြည်းဖြည်းနှင့် အာလယား၏ သဏ္ဌာန်သည် ဝေး၍ ဝေး၍ သွားလေပြီ။

အနောက် တောင်စွယ်တွင် နေကွယ်ခဲ့လေပြီ။ မြူမှုန်တွေ ရစ်ဝဲနေသည့် မရန်းရောင် ဆည်းဆာ ပြာပြာသည် အာလယား၏ သဏ္ဌာန်ကို ဖုံးကွယ်သွားခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၃

'ဟော ဟော၊ ဟိုမှာ တွေ့ရဲ့လား လူတစ်စု၊ ကျောက်ဆောင်ကြီးရဲ့ အလွန် လက်ဝဲဘက်မှာ၊ ကြည့်စမ်း၊ ဒီဘက်ကို လာနေကြတာ ထင်တယ်'

စန္ဒရီက လရောင်တို့ ပက်ဖျန်းထားသည့် လွင်ပြင်ကြီးဆီသို့ ငေးကြည့်ရင်း ပြောသည်။

အဖော် စန္ဒရီသည် လက်ညှိုး ညွှန်ပြရာသို့ ကြည့်လိုက်၏။ ခဏ အကြာတွင် နှစ်ယောက်သား ခေါင်းယမ်း၍ ရယ်လိုက်ကြသည်။

'ချေအုပ်ပါကွ၊ လခွေးမှုပဲ၊ ဒီနှစ် မိုးခေါင်တော့ ချေတွေက သိပ်ရဲတာပဲ၊ လူနှင့် ခဲ တစ်ပစ်လောက် အကွာနား အထိ ရောက်လာတတ်ကြတယ်၊ အင်းဟောဟိုမှာ မိုးရိပ်တော့ မြင်တာပဲ၊ မိုးဦး ကောင်းရင်တော့ ဒီနား တစ်ဝိုက်မှာ မြက် ပေါကောင်းပါရဲ့'

၁၈၇၄ နွေရာသီသည် အလွန် ပူပြင်းသည်။ မုတ်သုံလေက တော်တော်နှင့် မဝင်သေး။ ဝင်ပြန်လျှင်လည်း မဖြစ်စလောက်မျှသာ။ မဒန်း တပ်နယ်မြေ တစ်ဝိုက်က လွင်ပြင်ကြီးမှာ ခြောက်သွေ့ ဝါကျင့်လျက်။ အစိမ်းရောင် ဆို၍ တစ်စက်ကလေးမျှပင် မမြင်ရ။

ဖုတ်သရဲဟု ခေါ်သော လေပွေကြီးများက တံလှပ်တွေ ကြားထဲတွင် အမြဲတမ်း တိုက်ခတ်နေတတ်သည်။ မြစ်များတွင် ရေခန်းစ ပြုပြီ။ မျက်စိ ကျိန်းလောက်အောင် တောက်နေသည့် သဲကမ်းပါးများ ကြားတွင် မြစ်ရေက တအိအိ စီးလျက်။

တောင်တန်းကြီးများပေါ်တွင်လည်း မြက် မရှိ။ တောကောင်များမှာ ရေကြည်ရာ မြက်နုရာ တစ်ဖက်တောင်ကြားများဘက်သို့ ဆင်းသွားကြပြီ။ တောဝက်အချို့နှင့် ချေအချို့သာ ကျန်ရစ်ခဲ့ကြသည်။

ထိုတောကောင်များကလည်း ည ဆိုလျှင် ရွာအနီးအနားရှိ စိုက်ခင်းများကို ဝင်စားကြသည်။ တစ်ခါတစ်ရံတွင် တပ်နယ်မြေထဲ အထိ ဝင်လာကြကာ ပန်းခြံမှ ပန်းပင်ကလေးများကို စားသွားတတ်ကြသည်။

လွန်ခဲ့သည့် ဆယ့်ခုနစ်နှစ်က ဗိုလ်မှူးကြီး စပေါ့တစ်ဝုဒ် ကိုယ့်ကိုယ်ကိုယ် သတ်သေသွားသည့် နေရာတွင် စိုက်ထားသော ပိုးစာပင်မှ ပိုးစာရွက်များကို ကိုက်ဖြတ် သွားတတ်ကြသည်။

စန္ဒရီများသည် ထိုမြင်ကွင်းမျိုးကို ရိုးနေလေပြီ။ စစ်ရေးပြကွင်းနားတွင် မည်းမည်း မြင်လျှင် သို့မဟုတ် အမှောင်ရိပ်တွင် လှုပ်လှုပ် လှုပ်လှုပ် မြင်လျှင် ချဲလင့်လုပ်ကာ သေနတ်ဖြင့် လှမ်းပစ်ခြင်း မရှိတော့။ မဒန်းနှင့် မျက်နှာချင်းဆိုင်တွင် ရှိသည့် နယ်စပ်ဒေသ တစ်ဝိုက်တွင်လည်း နယ်မြေ ငြိမ်းချမ်းလျက် ရှိလေပြီ။

လွန်ခဲ့သည့် ငါးနှစ်လုံးလုံး ထိုဒေသ တစ်ဝိုက်တွင် 'နယ်စပ် တိုက်ခိုက်မှု' တစ်စုံတစ်ရာ ဖြစ်ပွားခြင်း မရှိခဲ့။ ထို့ကြောင့် နယ်ခြားစောင့် တပ်များ အဖို့လည်း တိုက်ပွဲ တိုက်စရာ မလို။

သံအဖွဲ့ လာလျှင် ကက်သျှဂါးမြို့သို့ လုံခြုံရေး အစောင့်အကြပ် လိုက်ပို့သည့် လုပ်ငန်းလောက်သာ ရှိတော့သည်။ ဤသည်မှာလည်း ဘာမျှ မခက်။ ဂျမဒါဆီဖတ်ခန် ခေါင်းဆောင်သည့် တပ်စုကလေး တစ်စုလောက် ထည့်လိုက်လျှင် ကိစ္စပြီးပြီ။

နောက် တစ်နှစ်လောက် အကြာတွင် အစောင့်နှစ်ယောက်သည် ဗြိတိသျှ အစိုးရနှင့် ကက်သျှဂါး စော်ဘွားတို့ ချုပ်ဆိုပြီးခဲ့သော စာချုပ်ကို ကာလကတ္တားသို့ နှစ်လနှင့် အရောက် ပြန်ယူလာခဲ့ကြသည်။

အရေးကြီးသည့် စေတမန်မျိုး ဆိုလျှင် နယ်ခြားစောင့် မြင်းတပ်မှ စစ်ဗိုလ်ရီ တစ်ယောက်ကို ထည့်လိုက်ရုံမျှဖြင့် ကိစ္စ ပြီးနိုင်သည်။ ဆိုင်ရာ စေတမန်ကို သွားလိုရာသို့ ပို့ပြီး ဗဒတ်သျှန်မှ တစ်ဆင့် ကဗူးလ်၊ ထို့မှ အိန္ဒိယသို့ ချောချောမောမောဖြင့် ပြန်ရောက်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အထူးကိစ္စဖြင့် သွားသည့် ဗြိတိသျှ အရာရှိ တစ်ယောက်ကို လိုက်ပို့သည့် နယ်ခြားစောင့် မြင်းတပ်သား တစ်ဦးမှာ တီဟီရန်သို့ အသွားတွင် ပစ္စည်းလုည်းများ ဓားပြတိုက်သဖြင့် ခုခံ ကာကွယ်ရာမှ ကျဆုံးသွားခဲ့သည့် ကိစ္စမျိုးလောက်သာ တစ်ခါတလေ ရှိတတ်သည်။

နယ်ခြားစောင့် တပ်ဖွဲ့သည် စစ်တိုက်စရာ မရှိသည့် အတွက် တစ်နှစ်ပတ်လုံး တောတွင်း တိုက်ပွဲ လေ့ကျင့်ခန်း ဆင်းနေသည်နှင့်ပင် အချိန် ကုန်ရသည်။ ဆောင်းဝင်သည်နှင့် တပ်များသည် မဒန်းတပ်မြေသို့ ပြန်လာကာ အနားယူကြသည်။

စက်တင်ဘာလသည် ဇူလိုင်လလိုပင် ပူသည်။ သို့ရာတွင် ယခု အောက်တိုဘာလ ကုန်တော့မည်။ အရာရှိ ရိပ်သာ ဝရန်တာတွင် ချိတ်ထားသည့် ပြဒါးတိုင်မှ ပြဒါးမှတ်သည် အောက်သို့ တဖြည်းဖြည်း နိမ့်ဆင်းနေလေပြီ။

တပ်ဗိုလ် တပ်သားတွေ နေ့လယ် နေ့ခင်းတွင် လျှောက်လည်နိုင်ပြီ။ အပြင် ထွက်နိုင်ပြီ။ နေဝင်ဖျိုးဖျတွင် တောင်တန်းများကို ဖြတ်သန်း၍ တိုက်ခတ်လာသည့် လေကလည်း အေးမြကာ လန်းဆန်းသွားစေသည်။ သို့တိုင်အောင် မိုးကလေး တစ်ပြိုက် နှစ်ပြိုက်လောက် ကျသည်မှအပ ဆောင်းဦး မိုးရွာမည့် လက္ခဏာကို မတွေ့ရသေး။

ယနေ့ ညတွင်မူ ထူးထူးဆန်းဆန်း။ ကောင်းကင်တွင် မိုးရိပ် ညိုညိုကို ပထမဆုံး မြင်ရလေပြီ။

'ဘုရားမလို့ ဒီတစ်ကြိမ်တော့ မိုး ရွာတန်ကောင်းပါရဲ့ကွာ၊ နောက်က လေလည်း ပါလာတယ်ကွ၊ မိုးနံ့လေးတောင် မွှေးလာသလိုလိုပဲ' ဟု စန္ဒရီ တစ်ယောက်က ပြောသည်။

'အေး ဟုတ်တယ်၊ ငါလည်း အနံ့ရတယ်'

သူတို့ နှစ်ယောက်သည် မိုးသက်နံ့ မွှေးနေသည့် လေကို တအား ရှုလိုက်ကြ၏။ ထိုစဉ် လေပွေ တစ်ချက် ဝှေ့လိုက်သဖြင့် ဖုန်တွေ ထသွားသည်။ လွင်တီးခေါင်ကြီးထဲတွင် ဖုန်တွေ ထနေသဖြင့် ဘာကိုမျှ မမြင်ရတော့။ စန္ဒရီ နှစ်ယောက်သည် ကင်းလှည့်ရန် ဆက်၍ လျှောက်လာခဲ့ကြသည်။

လ ထွက်စကတည်းက လေပြင်းသည် တိုက်လိုက် ငြိမ်လိုက်နှင့်။ သို့ရာတွင် ညဉ့်နက် လာသည့်အခါ လေပြင်းသည် ငြိမ်သက်ခြင်း မရှိတော့။ ဆက်တိုက်တိုက်ခတ်လာသည်။ ခပ်စောစောကထက်လည်း ပြင်းလာသည်။

ခဏကြာလျှင် မိုးကုပ် စက်ဝိုင်းတွင် ခပ်စောစောက မြင်ခဲ့ရသည့် တိမ်တိုက် ညိုညိုတို့သည် ခေါင်းပေါ်သို့ ရောက်လာကြကာ လကို ဖုံးအုပ်သွား၏။

နာရီတစ်စိတ် အတွင်းတွင် မိုးကြီး သည်းထန်စွာ ရွာချလိုက်သည်။ ခဏချင်း အတွင်းမှာပင် တစ်နေ့လုံး ဖုန်တသောသောဖြင့် နေခဲ့သည့် လွင်တီးခေါင်ကြီးမှာ ရွှံ့ဗွက်တွေ ထသွားသည်။ စောစောက ခြောက်သွေ့နေသည့် ချောင်းများ မြောင်းများမှာလည်း မြစ်ကြီးများလို ရေတွေ တဝေါဝေါ စီးနေသည်။

အမှောင်ရိပ်နှင့် မိုးသံ လေသံတို့ ခိုလျက် လူတစ်စုသည် ကင်းများကို တိတ်တဆိတ် ဖြတ်ကျော်လာခဲ့ကြသည်။ ထိုလူစုမှာ ခပ်စောစောက ချေအုပ် တစ်အုပ်ဟု စန္ဒရီ နှစ်ယောက် အထင် မှားခဲ့ကြသူများ ဖြစ်၏။

BURMESE CLASSIC .com

သို့ရာတွင် ထိုလူအုပ်စုသည် ရေ့တည့်တည့်မှ မိုးတွေ သဲသဲမဲမဲ ပက်လျက် ရှိသဖြင့် ခေါင်းကို ငုံ့၍ မိုးထဲ လေထဲတွင် အတင်း တိုးဝင် လာခဲ့ကြသဖြင့် လမ်းမှားသွားကာ ခံတပ် ဂိတ်အဝင်တွင် အစောင့်ကျနေသည့် ကင်းနှင့် ပက်ပင်း သွားတိုးနေသည်။

မူလက ထိုလူသိုက်သည် ထိုနေ့ ညတွင်းချင်း တပ်မှူး ရှိရာသို့ သွားရန် မဟုတ်။ သူတို့ စိတ်ကူးမှာ မြင်းတပ်သား လိုင်းများထဲသို့ ယနေ့ည အရောက် ဝင်မည်။ မနက် အထိ နားမည်။

သို့ရာတွင် ကင်းမှူး ဟာဗီဒါ (တပ်ကြပ်ကြီး) သည် တပ်ထုံးစံအတိုင်း သူတို့ အကြောင်းကို တာဝန်ကျနေသည့် အိန္ဒိယ စစ်ဗိုလ် တစ်ဦးထံသို့ သတင်း ပို့လိုက်သည်။ အရာရှိ ရိပ်သာထဲတွင် ဖဲကစားနေသည့် တပ်ရေးကို အခေါ် လွှတ်လိုက်၏။ ဒုတပ်မှူးကိုလည်း အိပ်နေရာမှ သွားနှိုးရသည်။

တပ်မှူးမှာ အိပ်ရာထဲ ရောက်နေလေပြီ။ သို့ရာတွင် မအိပ်သေး။ အိမ်သို့ စာရေးနေကျ အတိုင်း စာရေးနေစဉ် အရာရှိ နှစ်ယောက်နှင့် သူ့အခန်းထဲတွင် သည်တစ်ကြိမ်သာ မြင်ဖူးသေးသော စုတ်ပြတ် ညစ်ပတ်နေသည့် လူတစ်ယောက်တို့ ဝင်လာကြသဖြင့် သူတို့ကို လက်ခံ တွေ့ဆုံရသည်။

အရာရှိ နှစ်ယောက်နှင့် ပါလာသူမှာ ညစ်ပတ်စုတ်ပြတ်လျက် ရှိရာ သူ့အခန်းထဲတွင် ဘာမျှလောက်



www.burmeseclassic.com

www.burmeseclassic.com



စုတ်ပြတ် ညစ်ပတ်နေသူမျိုးကို တစ်ခါမျှ မမြင်ဖူးခဲ့သေး။

ထိုလူမှာ တောင်ပေါ်သား တစ်ယောက် ဖြစ်လျက် အလွန်အမင်း ချုံးကျလျက် ရှိသော မျက်နှာ၊ ရှုပ်ပွေ ညစ်ပတ်သော မုတ်ဆိတ်တို့ ရှိပြီး ခေါင်းတွင် ပတ်တီးကြီး စည်းထားသည်။ နယ်စပ်ဒေသ လူမျိုးစုများ ထုံးစံအတိုင်း စောင်ကြီး တစ်ထည်ကို ပတ်ခြုံထားရာ ထိုစောင်စုတ်ကြီးမှ မိုးရေစက်များသည် တပ်မှူး အမြတ်တနိုး ထားသည့် ရှီးရပ် ကော်ဇောကြီးပေါ်သို့ တပေါက်ပေါက် ကျလျက် ရှိ၏။ ပတ်တီးကို စိမ့်၍ ထွက်လာကြသည့် သွေးများသည် မုတ်ဆိတ်တို့ အပြိုင်းပြိုင်းထကာ ချိုင့်နေသော ပါးပြင်ပေါ်သို့ စီးကျနေကြသည်။ စာခြောက်ရုပ်ကဲ့သို့ ပိန်လှီသော ကိုယ်ခန္ဓာပေါ်တွင် ခြုံထားသည့် စောင်စုတ်ထဲမှ ရှည်လျားသည့် ပစ္စည်း တစ်ခုသည် ထိုးထိုးထောင်ထောင် ပေါ်ထွက်လျက် ရှိ၏။

ထိုလူသည် အလေးပြုနေရာမှ လက်ကို ချလိုက်ပြီး လေးလံသည့် ကာဘိုင် သေနတ် နှစ်လက်ကို အောက်သို့ လျှောချလိုက်ရာ ဂျိုးဂျိုးဂျောက်ဂျောက် မြည်သံနှင့် အတူ သေနတ် နှစ်လက်သည် စားပွဲပေါ်တွင် ထွန်းထားသည့် မီးခွက်မှ မီးရောင်အောက်သို့ ကျလာ၏။

'ကာဘိုင် နှစ်လက်ကို ကျွန်တော် ရခဲ့ပါပြီ တပ်မှူး၊ ဒီလောက် ကြာသွားရတာကိုတော့ ခွင့်လွှတ်ပါ၊ ကျွန်တော်လည်း အတတ်နိုင်ဆုံး ကြိုးစားပြီး ရှာခဲ့တာပါ'

အက်ရှ်က ပြောသည်။

တပ်မှူးသည် သူ့ကို စိုက်ကြည့်နေ၏။ တစ်လုံးမျှ မပြော။ လွန်ခဲ့သည့် နှစ်နှစ်လောက်တုန်းက သူ့ရုံးခန်းထဲသို့ လာရောက်ကာ သေနတ်ပျောက်သည့် ကိစ္စနှင့် ပတ်သက်၍ မာလစ်ရှားတို့ကို တပ်က မတရား ထုတ်ပစ်သည်ဟု ပြောခဲ့သည့် စစ်ဗိုလ်ကလေးမှ ဟုတ်ပါလေစဟု သံသယ ဖြစ်ချင်သည်။

အက်ရှ် ဖြစ်နေသည်ကို သူ မယုံနိုင်။ သူ့စိတ်ထဲတွင် ဝေခွဲ၍ မရ။ ယခု သူငယ်ကလေး မဟုတ်တော့။ ယောကျ်ားကြီး တစ်ယောက် ဖြစ်နေလေပြီ။ အရပ်ကပို၍ မြင့်လာသည်။ ပင်ပန်း ဆင်းရဲစွာ နေခဲ့ရသည့်အတွက် သူ့တစ်ကိုယ်လုံးတွင် ကြွက်သားတွေ အမြှောင်းလိုက် ထလျက်။ ကြွက်သားတွေနှင့်ချည်း ဖွဲ့စည်းထားသည့် တောင့်တင်း ကျစ်လျစ်သော ကိုယ်။ မျက်လုံးများက မျက်ကွင်းထဲတွင် ချိုင့်ဝင်နေကြသည်။ အဝတ်အစားက စုတ်ပြတ် ညစ်မပတ်ဘဲလျက်။ ခေါင်းကလည်း ဒဏ်ရာကြီးနှင့်။ အားအင် ကုန်ခန်းနေသည့် မျက်လုံးများက ပြူးကြောင်ကြောင်။

သို့ရာတွင် ကိုယ်ကို မတ်မတ်ထားကာ ကာလအတန်ကြာ မပြောခဲ့ရသည့် အင်္ဂလိပ် စကားကို ကြိုးစား၍ ပြောနေသည်။

အက်ရှ်က အထစ်ထစ် အငေါ့ငေါ့ဖြင့်

'ကျွန်... ကျွန်တော် တောင်းပန်ပါတယ်၊ တပ်မှူးရှေ့မှာ ကျွန်... ကျွန်တော် ဒီလိုလာဖို့ မဟုတ်ပါဘူး၊ ဒီနေ့ည ဓာရင်တို့ လိုင်းထဲမှာ အိပ်၊ မနက်ကျ အဝတ်အစားတို့ ဘာတို့ လဲပြီးမှ သတင်း ပို့မလို့ပါ၊ ဒါပေမဲ့ မနေ့ညက မုန်တိုင်းတိုက်တော့ ...'

သူ့အသံသည် တိမ်ဝင်သွား၏။ အက်ရှ်က စိတ်ပျက် လက်ပျက်ဖြင့် အရှေ့တိုင်းသားများလို လက်ကို ယမ်းလိုက်သည်။

တပ်မှူးက တပ်ရေးဘက်သို့ လှည့်လိုက်ပြီး လေသံ ခပ်ပြတ်ပြတ်ဖြင့်

'သူနှင့် ပါလာတဲ့ လူတွေရော'

'ဟုတ်ကဲ့၊ ပါပါတယ်၊ အာလယား တစ်ယောက်ပဲ ကျန်ခဲ့ပါတယ်'

'အာလယားကတော့ သေသွားပါပြီ တပ်မှူး'

အက်ရှ်က နွမ်းနယ်စွာ ပြောသည်။

'ဒါလီဆားခန်ကော'

'သူလည်း သေပါပြီ၊ သူ ယူသွားတဲ့ ကျည်ဆန်တွေ တော်တော်များများကိုတော့ ပြန်ရလာပါတယ်၊ သိပ် မသုံးရသေးပါဘူး၊ လားမတ်ကတော့ ...'

အက်ရှ်သည် ကြမ်းပြင်ပေါ်တွင် ကျနေသည့် ကာဘိုင် နှစ်လက်ကို ငေးစိုက်ကြည့်နေသည်။ ထို့နောက် ရုတ်တရက် နာကြည်းလာဟန်ဖြင့်

'ဒီသေနတ်တွေဟာ အလွန် အဖိုးတန်ပါတယ် တပ်မှူး၊ လူသုံးယောက် အသက်နှင့် လဲခဲ့ရတာပါ၊ ငွေနှင့် တန်ဖိုးဖြတ်လို့ မရပါဘူး၊ ဘာနှင့်မှ တန်ဖိုးဖြတ်လို့ မရပါဘူး'

'ဂုဏ် သိက္ခာနှင့်ရောကွာ'

အက်ရှ်က ရှင်လန်းခြင်း ကင်းစွာ ရယ်လိုက်၏။

'မာလစ်နှင့် အာလယားကတော့ သေခဲ့ရပြီ ခင်ဗျ'

အက်ရှ်၏ အသံသည် တိမ်ဝင်သွားကာ သူ့မျက်လုံးမှ မျက်ရည်တွေ စီးကျလာကြသည်။

'ကျွန်တော် သွားနိုင်ပြီ မဟုတ်လား တပ်မှူး'



www.burmeseclassic.com

www.burmeseclassic.com



အက်ရှ်က ခပ်ပြတ်ပြတ် ပြော၏။ ထိုသို့ ပြောနေစဉ် သူ့ခန္ဓာကိုယ်သည် ရှေ့သို့ ယိုင်လာကာ သစ်ပင်ကြီး တစ်ပင် လဲကျသွားသလို ကြမ်းပြင်သို့ လဲကျသွားသည်။ သေနတ် နှစ်လက် ဘေးတွင် ပက်လက်လဲလျက်။ သတိ မရတော့။

သည်သေနတ် နှစ်လက်သည် လွန်ခဲ့သည့် နှစ်နှစ်လောက်က ပျောက်သွားခဲ့သည်။ ယခု လူသုံးယောက် အသက်ကိုပေး၍ ပြန်ယူခဲ့ပြီးပြီ။ တစ်ယောက်က သူ့အစေခံ အာလယား။

'သူ့ကိုတော့ တပ်က ထုတ်ပစ်ရလိမ့်မယ် ထင်တယ် တပ်မှူး'

ဒုတပ်ရင်းမှူးက ပြောသည်။

သူ့အသံက တပ်မှူးကို မေးနေသည့် အသံမဟုတ်။ ထင်မြင်ချက်ကို ထုတ်ဖော်သည့် အသံ။ တပ်မှူးသည် မင်နှိပ် စက္ကူပေါ်တွင် လျှောက်ခြစ်နေရာမှ မော့ကြည့်လိုက်၏။

'ကျွန် ... ကျွန်တော် ဆိုလိုတာက ဒီလိုပါ တပ်မှူး၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ ဒီကိစ္စကိုတော့ ကိုင်ရတော့မယ်၊ လားမတ်တို့နှင့် စကား ပြောကြည့်တော့ ...'

'ငါလည်း ပြောပြီးပါပြီကွာ၊ ဒီကိစ္စမှာ မင်းက ဆွဲချ လုပ်ချင်လို့လား၊ အေး မင်း လုပ်ချင်ရင်တော့ လုပ်ပေါ့၊ ဒါပေမဲ့ ငါ့အဖို့ကတော့ ဆွဲချတွေ ဘာတွေ မလိုချင်ဘူး၊ ဒါပဲ'

အက်ရှ်နှင့် သူ့အဖော် လေးယောက်တို့ မဒန်း တပ်နယ်မြေထဲသို့ ရုတ်တရက် ပြန်ရောက် လာခဲ့ကြသည်မှာ နှစ်ရက် ရှိသွားလေပြီ။ သို့ရာတွင် မိုးက ရွာနေဆဲ။ မဒန်း တပ်မြို့ကလေးထဲမှ အမိုး ပက်ပက်များတွင် တပ်ထားသည့် ရေပိုက်များ၊ ရေတံလျှောက်များမှ ရေတွေ တဝေါဝေါ ကျနေသည်။ ယခင် တစ်ပတ်က ခြောက်သွေ့နေသော မြက်ခင်းများနှင့် ဖုန်တောများတွင် ရေတွေ ခြေချင်းဝတ်လောက် အထိ ဝပ်နေသည်။

မာလစ်ရှား၏ သားသမီးများကို ပင်စင်ပေးလိုက်ပြီး သူနှင့် အတူ လိုက်ရာခဲ့ကြရသည့် လူမျိုးစု တပ်သား လေးယောက်ကိုလည်း ဂုဏ်ပြုကာ သူတို့ကို ပြန်ခန့်လိုက်သည်။ ယူနီဖောင်းများကို ပြန်ထုတ်ပေးလိုက်သည်။ နှစ်နှစ်တွက် လစာဟောင်းများကိုလည်း ထုတ်ပေးလိုက်သည်။

သို့ရာတွင် နှစ်ဆယ့် သုံးလနှင့် နှစ်ရက်တိုင်တိုင် ခွင့်မတိုင်ဘဲ တာဝန် ပျက်ကွက်ခဲ့သည့် ဗိုလ်လေး အက်ရှ်ကိုမူ အကျယ်ချုပ် ချုပ်ထားလိုက်၏။ အမှန်အားဖြင့်မူ အပျင်းဖျားကာ ခေါင်းမှ ဒဏ်ရာက သွေးဆိုင်းတက်နေသဖြင့် တပ်ဆရာဝန် ကယ်လီ၏ တန်းလျားတွင် ပို့ထားခြင်း ဖြစ်သည်။

သူ့နောင်ရေးနှင့် ပတ်သက်၍မူ မည်သို့မျှ ဆုံးဖြတ်ချက် မပြုရသေး။ ဆိုင်ရာတို့နှင့် တိုင်ပင်ရဦးမည်။

'ဒီလိုဆို တပ်မှူး ကျွန်တော်နှင့် သဘောတူတယ်ပေါ့'

ဗိုလ်မှူးက ခပ်လန့်လန့်ဖြင့် မေး၏။

'သဘောတော့ တူပါတယ်လေ၊ တူလို့ မနေ့က ငါ ပက်ရှဝါ စစ်ဌာနချုပ်ကို သွားတာပေါ့၊ အရေးပိုင်နှင့်ရော ငါ့အထက်က လူကြီးတွေနှင့်ရော သွားတွေ့တာ အလကား သွားတွေ့တာမှ မဟုတ်ဘဲ၊ အက်ရှ် ဆိုတဲ့ ကောင်က တော်တော်ခက်တဲ့ ကောင်၊ အမိန့်ကို မနာခံဘူး၊ ဒါပေမဲ့ ခက်တာက ဒီကောင်ကို လွှင့်ပစ်လိုက်ဖို့ ဆိုပြန်တော့လည်း တို့အတွက် အလွန် အဖိုးတန်တဲ့ ကောင် ဖြစ်နေတယ်။

'မင်း စဉ်းစားကြည့်လေ၊ တိုက်ပွဲ တစ်ပွဲကို ဆင်ဖို့ ပြင်နေတဲ့ တပ်မှူး တစ်ယောက်၊ ဒီလို တိုင်းပြည်မျိုးကို လာ အုပ်ချုပ်နေရတဲ့ တပ်မှူး တစ်ယောက်အတွက် အရေးအကြီးဆုံး အရာဟာ ဘာလဲ၊ မင်း သိရဲ့လား၊ ထောက်လှမ်းရေးကွ၊ သတင်း ထောက်လှမ်းရေး၊ စစ်ပွဲမှာ သတင်းကို စောစောစီးစီး တိတိကျကျ ရရေးဟာ အမြောက်ကြီးတွေ လက်နက် ခဲယမ်း မီးကျောက်တွေထက် အဖိုးတန်တယ်။

'ဒါကြောင့်မို့ ဒီခွေးမသားလေးကို တပ်က ထုတ်မပစ်ဖို့ ငါ အကျောက်အကန် ကာကွယ်နေတာ၊ ဒိပြင်တပ်ဆိုရင် ဒီလိုကောင်မျိုးကို ထုတ်ပစ်မှာ သေချာတယ်၊ ဒါပေမဲ့ တို့တပ်က ဒိပြင်တပ်တွေနှင့် မတူဘူး၊ ငါတို့တပ်က သမားရိုးကျ တပ်တွေလို အယူသီးလို့ မရဘူးကွ၊ တချို့ဟာတွေကို လျှော့ပေါ့ချက် ပေးတန်ပေးရတယ်။

'မင်း စဉ်းစားကြည့်လေ၊ တို့တပ်က အရာရှိ တစ်ယောက်၊ တောင်တန်း နယ်စပ်ဒေသ လူမျိုးတွေကြားထဲမှာ နှစ်နှစ်လုံး နေလာတာ၊ သူ့ကို ဘယ်သူမှလည်း အင်္ဂလိပ်လို့ မထင်ဘူး၊ အင်္ဂလိပ် စပိုင်ဆိုပြီး အသတ်လည်း မခံခဲ့ရဘူး၊ ဒီလိုကောင်မျိုးကိုလက်လွှတ်



www.burmeseclassic.com

www.burmeseclassic.com



ရရင် သိပ် နာတယ်ကွာ၊ ငါက ဒါကြောင့်မို့ ဒီလောက် စဉ်းစားနေတာ၊ အမှန် ပြောရရင်တော့ ထုတ်ပစ်ရုံတင် ဘယ်ကမလဲ၊ စစ်ခုံရုံးတောင် တင်ဖို့ ကောင်းတာပေါ့'

'ဒါဖြင့် ကျွန်တော်တို့ သူနှင့် ပတ်သက်လို့ ဘယ်လို လုပ်မလဲ တပ်မှူး၊ ဘာမှ မဖြစ်ခဲ့သလို သူ့ကို ဒီအတိုင်း ထားလို့ ဖြစ်ပါ့မလား'

'ဒီလို ထားလို့တော့လည်း မဖြစ်ဘူးပေါ့၊ သူ့ အဖို့ကတော့ မဒန်းက မြန်မြန် ထွက်သွားလေ ကောင်းလေပဲ၊ တစ်နှစ်တန်သည် နှစ်နှစ်တန်သည် တခြားတပ် တစ်ခုခုကို ပြောင်းပေးဖို့ ပြောရမလားလို့ ငါ စိတ်ကူးနေတယ်၊ အထူးသဖြင့် အင်္ဂလိပ်တွေချည်း ရှိတဲ့ တပ်မျိုးပေါ့ကွာ၊ အဲဒီမှာ အေးအေးလူလူနေပြီး ကိုယ့် အင်္ဂလိပ်ချင်း သွေးနီးသွားအောင် အနေခိုင်းရမလားလို့၊ အပြောင်းအလဲ ရတာပေါ့၊ ခုလောလောဆယ်မှာ သူ့အပေါင်းအသင်းတွေနှင့် နယ်စပ်ဒေသက ခွဲထားလိုက်ရင် ကောင်းမယ် ထင်တာပဲ၊ တောင်ပိုင်းကို ပို့လိုက်ရင် သူ့အဖို့လည်း ဒီလောက် နစ်နာစရာ မရှိပါဘူး'

'အဲဒီရောက်မှ ပြဿနာ ထပ်ဖြစ်နေလို့ ဒုက္ခရောက်နေဦးမယ်နော်၊ ဒီကောင်က ဟိန္ဒူလို ကြီးပြင်းလာတော့ ခက်တာပေါ့၊ မဟုတ်ဘူးလား'

'ဒါက အရေး မကြီးပါဘူးကွာ၊ အရေးကြီးတာက သူ ဒီမှာ မရှိဖို့ဘဲ အရေးကြီးတယ်၊ သူ ရှိနေရင် စည်းကမ်းနှင့် ပတ်သက်လို့ တပ်တွေကို ထိန်းရတာ ခက်နေလိမ့်မယ်'

သို့ဖြင့် ထိုဆောင်းရာသီတွင် အက်ရှ်သည် ရဝါလ်ပင်ဒီသို့ ပြောင်းရသည်။

တပ်မှူးကမူ ရဝါလ်ပင်ဒီ မြို့လောက်တွင်သာ မက ခပ်ဝေးဝေးသို့ ပို့ချင်သည်။ ရဝါလ်ပင်ဒီသည် နယ်ခြားမြို့ တစ်မြို့ဟု မပြောနိုင်သည့်တိုင် (အနောက်မြောက်ပိုင်းတွင် ဆိုလျှင် ရေး မဂိုမင်းများ ကသ္မီယ ပြည်နယ်သို့ သွားလျှင် ချောစခန်းထောက် အဖြစ် နားရာဖြစ်သည့် ဟာဘယ် အဗ္ဗဒါးလ်သို့ ရောက်မှ အနောက်မြောက်နယ်စပ်သို့ ရောက်သည်ဟု အသိအမှတ် ပြုကြသည်။) ဓဒန်း၏ အရှေ့တောင်ဘက် မိုင် တစ်ရာ့ သုံးဆယ် သုံးမိုင် ဝေးသည်။

သို့ရာတွင် အထက်အရာရှိများ၏ ရည်ရွယ်ချက်မှာ အက်ရှ်ကို သူတို့ တပ်ရင်းမှ အမြန်ဆုံး ပြောင်းရွှေ့ရေး ဖြစ်ပြီး ရဝါလ်ပင်ဒီတွင် ရှိသည့် ရဝါလ်ပင်ဒီ တပ်ရင်းမှာလည်း ချက်ချင်း နေရာ တစ်နေရာ ခန့်ပေးနိုင်သည့် တပ်ရင်း ဖြစ်နေသည့် အတွက် သူ့ကို ထိုနေရာသို့ ချက်ချင်း ပြောင်းပေးလိုက်ရခြင်း ဖြစ်၏။ (ထိုသို့ ပြောင်းရွှေ့ပေးနိုင်ရန် အတွက် ဆိုင်ရာ တပ်မှူးတို့ မည်မျှ အလုပ် များကြသည်ကို သိလျှင်မူ အက်ရှ် တစ်ယောက် များစွာ အံ့ဩမိပေလိမ့်မည်။)

တပ်မှူးက နောက်ထပ် အခွင့်အရေး ပေါ်သည်နှင့် တစ်ပြိုင်နက် တောင်ပိုင်းသို့ ထပ်ပြောင်းရအောင် လုပ်ပေးမည် ဖြစ်ကြောင်းဖြင့်လည်း ကတိပေးလိုက်သည်။ မည်သည့် အကြောင်းနှင့်ပင် ဖြစ်စေ အနောက်မြောက် နယ်စပ် ပြည်နယ်ထဲသို့ ခြေမချရန် ဤနှုတ်မြစ် မြောက်ဘက်ကို ဖြတ်ကူး မလာရဟုလည်း ပြောလိုက်၏။

လွန်ခဲ့သည့် သုံးနှစ်လောက်က ဘုံဘေမှ အနောက်မြောက် နယ်စပ်ဒေသသို့ လာခဲ့စဉ် လမ်းတွင် ရပ်နားသည့် ဘန်ဂလိုများတွင် သူ့ကို မြင်ခဲ့သူများသည် ယခု တစ်ကြိမ် အက်ရှ်ကို မြင်ရလျှင် နည်းနည်းမျှ မှတ်မိကြမည် မဟုတ်။ အက်ရှ်သည် အပြင်ပန်း သာမက အတွင်း သဏ္ဍာန်ပါ မမှတ်မိနိုင်လောက်အောင် ပြောင်းလဲခဲ့လေပြီ။

ဂူးလ်ကုတ်တွင် ကလေး ဘဝဖြင့် နေခဲ့ရစဉ်က ဥရောပစံဖြင့် ကြည့်၍ ပြောလျှင် အက်ရှ်သည် သူ့အရွယ်ထက် ပို၍ ကြီးရင့်နေသည်ဟု ထင်ခဲ့ရ၏။ ဂူးလ်ကုတ်မြို့နှင့် ဟဝါးမဟာ ခေါ် လေညင်းသာ ဟော်နန်းတွင် လူငယ်တို့ဘာဝ ပျော်စရာ ဟူ၍ မရှိ။ အက်ရှ်သည် ငယ်ငယ်နှင့် လူ့လောကကြီးကို မျက်ဝါးထင်ထင် တွေ့လိုက်မြင်လိုက်ရသည်။ သေခြင်း၊ ရှင်ခြင်း၊ အကောက်ကြံခြင်းတို့ကို မြင်ခဲ့ရသည်။

သို့ရာတွင် အင်္ဂလိပ်ကလေးများထဲသို့ ရောက်လာသည့် အခါတွင်မူ ပြဿနာ တစ်ရပ်ကို ကလေးလိုကြည့်မြင်ကာ ကလေးလို တွေးတတ်သဖြင့် သူ အလွန်ကလေး ဆန်နေသည်ဟုပင် ထင်ရသည်။ ပြဿနာတိုင်းတွင် ဘက်နှစ်ဖက် မက ရှိတတ်သည်ကို အက်ရှ်သည် သတိမထားမိ။ အသိအမှတ် မပြုချင်။

ထိုနှစ် ဆောင်းရာသီတွင် ရဝါလ်ပင်ဒီ တပ်စခန်းသို့ သူ ရောက်လာသည့် အခါ၌ အက်ရှ်သည် အသက် နှစ်ဆယ့် နှစ်နှစ်သာ ရှိသေး၏။ သူ့တွင် ကလေးစိတ် လူငယ်စိတ် ရှိသေးသည့်တိုင် ကြီးရင့်သည့် လူကြီး တစ်ယောက် ဖြစ်လာခဲ့လေပြီ။

ကိုဒါဒတ်က သူ့ကို ဘက်ပေါင်းစုံမှ ကြည့်တတ်ဖို့ ဆုံးမခဲ့သည့်တိုင် အက်ရှ်သည် ပြဿနာ တစ်ခုကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လျှင် တရားခြင်းနှင့် မတရားခြင်း နှစ်မျိုးသာ ရှိသည် ဟူသော အမြင်မျိုးကို ဆက်လက် ကိုင်စွဲထားခဲ့၏။

သို့ရာတွင် အက်ရှ်သည် နယ်စပ် တစ်ဖက် တောင်တန်းများပေါ်သို့ နှစ်နှစ်လုံးလုံး ရောက်ခဲ့စဉ်က အရာများစွာကို သင်ကြား လေ့လာခဲ့ပြီးလေပြီ။ မြင်းကို ကုန်းနီး မပါဘဲ စီးတတ်အောင်၊ စကား မပြောဘဲ နေတတ်အောင်၊ စဉ်းစားတတ်အောင်၊ စိတ်ရှည်အောင်၊ ရယ်မောတတ်အောင် သင်ကြားခဲ့ပြီးပြီ။

အက်ရှ်၏ အပြင် ဗဟိဒ္ဓ သဏ္ဌာန် ပြောင်းလဲမှုမှာ ပို၍ သိသာသည်။ အက်ရှ်သည် မုတ်ဆိတ်မွေးတွေ နှုတ်ခမ်းမွေးတွေကို ရိတ်ပယ်ပြီးသည့်တိုင် လူငယ်လေး တစ်ယောက်၏ အသွင်အပြင်သည် လုံးဝ ပျောက်ကွယ်သွားခဲ့လေပြီ။

အငတ်ငတ် အပြတ်ပြတ် နေခဲ့ရခြင်း၊ စိတ်သောက ရောက်ခဲ့ရခြင်း၊ ဆင်းရဲ ပင်ပန်းစွာ နေထိုင်ခဲ့ရခြင်းတို့ကြောင့် သူ့မျက်နှာတွင် အရေးအကြောင်းတွေ ပေါ်စ ပြုခဲ့လေပြီ။ လက်ဝဲဘက် နားထင်စပ်မှ နေ၍ ဆံပင်ထဲသို့ တိုးဝင်သွားသည့် အမာရွတ်ကြီး တစ်ခုသည်လည်း သူ့မျက်နှာတွင် ထင်းထင်းကြီး ပေါ်နေလေပြီ။ ထို အမာရွတ်ကြီးကြောင့် မျက်ခုံး တစ်ဖက်သည် အထက်သို့ မြင့်တက်နေကာ ရယ်စရာ အသွင် ပေါက်လျက် ရှိလေပြီ။

သူ့ကို မြင်သူတို့ စိတ်၌ အက်ရှ်သည် တစ်ခါက ချောမော ခံ့ညားခဲ့သည့် လူငယ် တစ်ဦး ဖြစ်သည့်တိုင် တော်တော် အရွယ်ကြီးသည့် လူတစ်ယောက်၊ ပေါ့ပေါ့တွက်၍ မရသည့် လူတစ်ယောက် အဖြစ် ထင်ကြမည်သာ ဖြစ်၏။

အက်ရှ်သည် ဂူးလ်ဘတ်နှင့် မာဒူးတို့ကို ခေါ်ကာ ရဝါလ်ပင်ဒီသို့ ရောက်လာခဲ့သည်။ မာဒူးမှာ ခန္ဓာကိုယ် ကျုံ့ဝင်သွားကာ အိုမင်းစ ပြုလာလေပြီ။

အက်ရှ်သည် စာရွက်စာတမ်းများကို သိမ်းသည့် ဗိုလ်တဲအိုကြီး တစ်လုံးတွင် နေရ၏။ ဗိုလ်တဲက ခပ်မှောင်မှောင် ခပ်ကျဉ်းကျဉ်း။ သို့ရာတွင် နယ်စပ် တစ်ဖက်က တောင်တန်းများပေါ်တွင် အိပ်ခဲ့ရသည်နှင့် စာလျှင် ယခုနေရာသည် သူ့အဖို့ နန်းတော်တမျှ အောက်မေ့ရသည်။

ထို့ပြင် ယခင်ကလည်း မဒန်း တပ်နယ်မြေထဲတွင် ရဲဘော်များနှင့် တိုးတိုးဝှေ့ဝှေ့ နေခဲ့ဖူးပြီ ဖြစ်သည့် အတွက် ယခုလို ဗိုလ်တဲ သေးသေးကလေးတွေထဲတွင် အများနှင့် ခွဲဝေ နေရသည်မှာ သူ့အဖို့ ဘာမျှ မထူးဆန်းတော့။

ရဝါလ်ပင်ဒီက တပ်နယ်မြေမှာ အဆောက်အအုံ ရှားပါးနေရာ ရွက်ဖျင်တဲ ထိုး၍ မနေရလျှင် ကံကောင်းလှလေပြီ။ အထူးသဖြင့် သူနှင့် မြင်းစီးဖော် ဖြစ်သည့် စစ်ဗိုလ်ကလေး တစ်ယောက်နှင့် နေရသည့် အတွက် ပို၍ ကံကောင်းသည်ဟုပင် ဆိုရဦးမည်။

စစ်ဗိုလ်ကလေးမှာ သူ့ထက် လေးနှစ် ငယ်ပြီး မကြာသေးမီက ဘိလပ်မှ ရောက်လာခဲ့သူ ဖြစ်သည်။ ကဗျာတွေ ဘာတွေကလည်း ရေးလိုက်သေးသည်။ ရေးသည့် ကဗျာများကလည်း ခပ်ညံ့ညံ့တွေ။

ထို့ကြောင့် သူနှင့် နေမည့် အခန်းဖော်ကို ရွေးပါဆိုလျှင် သူ့ကို နောက်ဆုံး ရွေးမိပေလိမ့်မည်။ သို့ရာတွင် အတူ နေကြည့်လိုက်သည့် အခါ၌ အဆင်ပြေနေကြသည်။ သူတို့ နှစ်ယောက်သည် တွေ့တွေ့ချင်း ခင်မင်သွားကြကာ စိတ်တူ သဘောတူ ဖြစ်နေကြသည်ကို တွေ့ရ၏။

ဗိုလ်လေး ဝေါလာတာ ခေါ် ဝေါလီသည် အမှတ် ၇၀ ခြေလျင် တပ်ရင်းမှ ဖြစ်၍ သူ အိန္ဒိယသို့ ရောက်လာသည့် အချိန်တွင် အက်ရှ် ပြန်ရောက်ကာစ အရွယ်ထက် တစ်နှစ်ပင် ငယ်သေးသည်။

အက်ရှ်ကဲ့သို့ပင် ဝေါလီသည် အိန္ဒိယ ပြည်ကြီးကို အံ့သြစရာ ကောင်း၍ လျှို့ဝှက် ဆန်းကြယ်သော တိုင်းပြည်ကြီး တစ်ပြည် အဖြစ် မြင်သည်။ စိတ်ဝင်စားစရာ၊ သည်းထိတ် ရင်ဖိုစရာ ကောင်းသော အဖြစ်အပျက်များဖြင့် ပြည့်နှက်နေသည့် တိုင်းပြည်ကြီး တစ်ပြည် အဖြစ် မြင်သည်။

ဝေါလီက စိတ်ရင်းကောင်းပြီး ပျော်ပျော်နေတတ်သည်။ စိတ်ကူးလည်း ယဉ်တတ်သည်။ သူလည်း အက်ရှ်လိုပင် ဘိလပ်မှ သင်္ဘောနှင့် လာခဲ့စဉ် ဆံပင် ဝါဝါလဲ့လဲ့၊ အသက် ဆယ့်ခြောက်နှစ်ရှိ ကောင်မလေး တစ်ယောက်ကို ချစ်ခဲ့မိသည်။ ကောင်မလေးကလည်း သူ ပိုးသည်ကို လက်ခံခဲ့သည်။ ဖွင့်ပြောလိုက်သည့် အခါ၌ ငယ်သေးသည်ဟု အကြောင်းပြချက်ဖြင့် ငြင်းလိုက်၏။ သို့ရာတွင် ဘုံဘေသို့ သင်္ဘော ဆိုက်တော့မည့် နှစ်ရက် အလိုတွင် သူ့ထက် နှစ်ဆလောက် ကြီးသည့် လူတစ်ယောက်နှင့် စေ့စပ်လိုက်ကြသည်။

ဝေါလီက စက်ဆုပ်စွာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



'အလကားပါ အစ်ကိုရာ၊ ငနဲကြီးက သုံးဆယ်လောက်တောင် ရှိနေပြီ၊ ပြီးတော့ စစ်ဘက်က မဟုတ်ဘူး၊ နယ်ဘက်က၊ နိုင်ငံရေး ဌာနက အရာရှိ ဆိုလား ဘာဆိုလား၊ အစ်ကိုကတော့ ယုံချင်မှ ယုံမယ်'

'အမယ်လေး ယုံပါတယ် မောင်ရာ၊ ယုံလိုက်သမှ သိပ်ယုံ၊ ကိုယ့်မှာလည်း ...'

အက်ရှ်က သူ့အကြောင်းကို စားမြုံ့ပြန်သည်။ သို့ရာတွင် ဗီလင်ဒါကို စိတ်နာခြင်းမှာ သူ့ကို စွန့်ပစ်၍ မဟုတ်။ လူပုံလယ်တွင် ဂျော့ကို အရှက်တကွဲ ဖြစ်အောင် လုပ်ခဲ့သည့် အတွက် စိတ်နာခြင်း ဖြစ်၏။ လွန်ခဲ့သည့် နှစ်နှစ်လုံးလုံး အက်ရှ်သည် ထိုအကြောင်းကို တွေးမိတိုင်း ရင်နာသည်။ သူ့ကိစ္စကိုမူ ရယ်စရာ အဖြစ် သဘောထားလိုက်နိုင်ပြီ။

ဝေါလီကို ပြန်ပြောသည့် အခါ၌မူ သူ့ဇာတ်လမ်းသည် အဆွေးရိပ် အဆွေးငွေ့တွေ မပါတော့။ ငယ်ငယ်တုန်းက သမီးရည်းစား အကြောင်းတွေကို ပြန်ပြောပြီး ရယ်ရသလို ဗီလင်ဒါသည်လည်း ရယ်စရာ ဖြစ်နေသည်။ ဗီလင်ဒါ၏ တစ္ဆေကို အပြီးတိုင် မောင်းထုတ်ပြီးလေပြီ။

ရယ်မောခြင်း မုန်တိုင်းကြီးကြောင့် အချစ် ဇာတ်လမ်းကောင်းတို့ကို မြုပ်နှံရာ မေ့လျော့ခြင်း ပင်လယ်ကြီး အောက်သို့ ရောက်သွားပြီ။ တစ်ဆယ့်ခြောက်နှစ်ရွယ် ပျံ့တံ့တံ့ ကောင်မလေး၏ တစ္ဆေကိုလည်း ထုံးစံအတိုင်း မောင်းထုတ်လိုက်ပြီးပြီ။

ဝေါလီသည် ဤသည်ကို ရည်ရွယ်၍ 'စွန့်ပစ်ခြင်း ခံရသော လူငယ် စစ်ဗိုလ်ကလေးများသို့ တမ်းချင်း' ဟူသော ကဗျာ အတိုအစကလေး ရေးလိုက်၏။ ဝေါလီဟု သူ့ကို ချစ်စနိုး ခေါ်ကြသော သူ့ညီအစ်ကို မောင်နှမ သားချင်းတွေ မြင်လျှင် သူတို့ ညီလေး မောင်လေး အဖြစ်ကို ကြည့်ကာ မည်မျှ ရင်နာကြမည် မသိ။

ဝေါလီကလည်း သူ့ကိုယ်သူ ကဗျာဆရာ တစ်ယောက်ဟု ထင်သည်။ ကဗျာ စပ်ရမည် ဆိုလျှင် ဝေါလီသည် လေသံ မရှင်တော့။ ဟာသတွေ ဘာတွေ မနှောတော့။ အိမ်သို့ စာတွေ ရေးလျှင် ဝေါလီသည် ပတ်သက်ရာ ပတ်သက်ကြောင်း ကဗျာတိုကလေးတွေ ရေးထည့်တတ်သည်။ သူ့ကို အလိုလိုက်သော သူ့ ဒေါ်လေးများ၊ သားချင်းများကလည်း သူ့ကဗျာကို တစ်လုံးချင်း ဖတ်ကြသည်။ သူတို့ တူ၊ သူတို့ သား စပ်သည့် ကဗျာကို တင်နီဆန်၏ ကဗျာ နီးပါးလောက် ကောင်းသည်ဟု ထင်ကြသည်ချည်း။

အက်ရှ်က သူ့ကဗျာများကို အူရဒူလို ဘာသာပြန်ပေးသည်။ ထို့နောက် သူ့မိတ်ဆွေ ကသွီယ ပြည်နယ်သား အဆိုတော် တစ်ယောက်ကို အသံ ထည့်ခိုင်း၏။ သို့ဖြင့် သူ့ကဗျာသည် အူရဒူ သီချင်း ဖြစ်သွားကာ ရဝါလ်ပင်ဒီ ဈေးထဲတွင် တော်တော် လူကြိုက်များခဲ့သည်။ နောင် နှစ်ပေါင်းများစွာ ကြာသည်အထိ ပန်ဂျပ်ပြည်နယ်တွင် ခေတ်စားခဲ့သည်။

ဝေါလီကလည်း သီချင်းဆို ခေသူ မဟုတ်။ သို့ရာတွင် သူ ဆိုတတ်သည့် သီချင်းများမှာ အများအားဖြင့် ဓမ္မသီချင်းများ ဖြစ်၏။ ဝေါလီသည် ကျောင်းတုန်းက ဓမ္မသီချင်း အဖွဲ့များထဲတွင် ပါခဲ့ဖူးသည်။ သူ သီချင်း ဆိုချင်စိတ် ပေါ်လာလျှင် (ဤသည်မှာလည်း မကြာခဏ ဖြစ်ပါသည်။ ဝေါလီသည် ပျော်လျှင်လည်း သီချင်းဆိုသည်။) သူ ငယ်ငယ်က ရခဲ့သည့် သီချင်းများကို ဆိုတတ်၏။

'ဓမ္မတရား အတွက် တိုက်ခိုက်ကြကုန်' ဆိုသော သီချင်း၊ 'ခရစ်ယာန် စစ်သည်တို့ ရှေ့သို့ချီ' ဆိုသည့် သီချင်း၊ 'ငါတို့ ကြွေးကြော်သံသည် ရှေ့သို့ချီ' ဆိုသည့် သီချင်း၊ 'သူတော်စင်များသို့' ဆိုသည့် သီချင်းတို့ ဖြစ်၏။ နောက်ဆုံး သီချင်းကိုမူ သူ အကြိုက်ဆုံးပင်။

ဝေါလီသည် ဓမ္မ သီချင်းများကို အပြင်တွင် ဆိုသည့် အတွက် အပြစ် ရှိသည်ဟု မထင်။ ဓမ္မ သီချင်းများကို ဘုရား ဝတ်ပြုရာတွင်သာ ဆိုရသည် ဟူသော အယူအဆကို သူ လက်မခံ။

ဝေါလီသည် ထိုသီချင်းများကို ဆိုလျှင် သူ့မျက်စိထဲတွင် တံပိုးတွေ၊ ခရာတွေ မှုတ်ကာ အောင်လံတွေ တလူလူ လွင့်လာသည့် ခရစ်ယာန် စစ်သည်တို့ကို မြင်ယောင်နေသည်။ ထိုသီချင်းများကို သူ ကြိုက်ပုံမှာ ဆိုဖွယ်ပင် မရှိတော့။

မနက်လင်း၍ ရေချိုးခန်းသို့ ဝင်သည်နှင့် ရေသံနှင့် အတူ အသံ ဩဩကြီးဖြင့် သူ့ သီချင်းသံကို ကြားရစမြဲ။

'အချိန် ဆိုသည်မှာ အစဉ် စီးဆင်းနေသော စမ်းရေပမာ' သို့မဟုတ်လျှင်လည်း

'အို အရှင်၏ စစ်သည်၊ သစ္စာရှိသည်၊ မှန်ကန်သည်၊ ရဲရင့်သည်'

မနက် ရေချိုးစဉ်တွင် သာမက ညနေ မြင်းစီး ကျင့်လျှင်လည်း ဝေါလီသည် ထိုသီချင်းများကို ဆိုတတ်သေးသည်။ တစ်ခါတွင်မူ ပိုလို ရိုက်ရင်းပင် 'အောင်ပွဲ



www.burmeseclassic.com

www.burmeseclassic.com



**တလုလု** ထုလို့သာ တိုက်ပွဲ တိုက်ကြမှာ' ဟုပင် ဆို လိုက်သေး၏။

ဝေါလီတွင် တခြား ထူးခြားချက်ကလေးတွေ ရှိသေးသည်။ ဝေါလီသည် တစ်ခါတစ်ရံတွင် အိုင်းရစ် ဒေသသုံး စကားကို ပြောတတ်သေးသဖြင့် အက်ရှ်မှာ ရယ်ရ၏။ အခြားသူ တစ်ယောက်ကသာ ပြောလျှင် အက်ရှ်သည် ထိုစကားလုံးများကို သည်းခံနိုင်ဖွယ် မရှိ။ ၎လှောင်ပြောင် သရော်မိပေလိမ့်မည်။ သို့ရာတွင် ဝေါလီ ကိုမူ သူ မလှောင်ရက်။

အက်ရှ်တွင် အစ်ကိုကြီး တစ်ယောက်လို ခင် သည့် ဇာရင်မှ လွဲလျှင် မိတ်ရင်းဆွေချာ ဟူ၍ မရှိ။ အက်ရှ်သည် မျက်နှာဖြူ အင်္ဂလိပ် အချင်းချင်းကို ခင် မင်တတ်သော ပါရမီခံ နည်းလေသလော မသိ။ ကျောင်း မှာတုန်းကရော၊ စစ်တက္ကသိုလ်တုန်းကရော၊ တပ်ထဲ မှာရော အက်ရှ်သည် တစ်ကိုယ်တည်းသမားသာ ဖြစ်ခဲ့ သည်။ ပါဝင် ကပြသူထက် ပွဲကြည့်သူသာ ဖြစ်ခဲ့ သည်။

BURMESE CLASSIC .com

အားကစားသမား တစ်ယောက် အနေဖြင့် ရေပန်း စားခဲ့စဉ်ကပင် သူ့ကို ကောင်းစွာ နားလည်သူ မရှိကြ။ အက်ရှ်ကို ရင်းနှီးသည်ဟု ပြောနိုင်သည့် လူဆို၍ တစ် ယောက်မျှ မရှိ။ သူကလည်း သူ့ကို မည်သူကြိုက်ကြိုက် မကြိုက်ကြိုက် ဂရုစိုက်သူ မဟုတ်။ သူ့ကို ခင်မင်သည့် လူတွေ ရှိသည့်တိုင် အက်ရှ်၏ ခပ်အေးအေး ဘာသိ ဘာသာ နေတတ်သည့် အကျင့်ကြောင့် မည်သူမျှ ရင်း ရင်းနှီးနှီး ကျွမ်းဝင်ခြင်း မရှိကြ။

သို့ရာတွင် ယခုမူ သူ့ဘဝ တစ်လျှောက်လုံး ရှာဖွေ မတွေ့ခဲ့သည့် သူငယ်ချင်း အရင်းအချာ တစ် ယောက်ကို အက်ရှ် တွေ့ရပြီ။

အက်ရှ်သည် ဝေါလီနှင့် ပထမဆုံး တွေ့လိုက် စဉ် ကတည်းက ရင်းနှီးသွားသည်။ ထို့ကြောင့် အက်ရှ် သည် ဇာရင်ကိုပင် မပြောခဲ့သေးသော အကြောင်းများ ကို ဝေါလီအား ပြောပြ၏။

ဥပမာ ဒါလီဆားခန်ကို လိုက်ရှာခဲ့သည့် ကိစ္စ။ အာလယားနှင့် မာလစ်တို့ သေဆုံးခဲ့ရသည့် ကိစ္စ။ ဒါလီ ဆားခန်ကို လားမတ်တို့ တစ်တွေနှင့် လူမျိုးစု စစ်သား များက မည်သို့ သတ်ဖြတ်ခဲ့ပုံ။ မိမိတို့ကို သတ်ဖြတ်ရန် လိုက်လံ ရှာဖွေနေသော သောင်းကျန်းသူ လူမျိုးစု နယ် မြေများကို ဖြတ်သန်းကာ မည်သို့မည်ပုံ တပ်စခန်းသို့ အရောက် ပြန်လာခဲ့ရပုံ။ ကာဘိုင် သေနတ်များကို မြင်

သွားသဖြင့် ဥတမန်ခဲ လူမျိုးစုများက သူတို့ သေနတ် များကို လုယူရန် ချုံခို တိုက်ခိုက်ကြပုံ။ သူနှင့် လားမတ် တို့ ဒဏ်ရာရပြီး အနိုင်နိုင် ထွက်ပြေး လာခဲ့ကြရပုံ။

တပ်မှူးနှင့် အာဏာပိုင်များသည် ထိုအကြောင်း ကို လိုက်၍ အရာခိုင်းလိုက်သည့် လူမျိုးစု တပ်သားများ ထံမှ အချို့အဝက် ကြားပြီး ဖြစ်၏။ သို့ရာတွင် အက်ရှ် ထံမှ မကြားရသေး။ သည်တုန်းက အက်ရှ်မှာ ဒဏ်ရာ ကြောင့် အလူးအလဲ ဖြစ်နေသဖြင့် သူ့ကို စစ်ဆေး မေး မြန်းခြင်း မပြုခဲ့ရ။ နေထိုင်ကောင်း၍ စစ်ဆေး မေးမြန်း သည့် အခါတွင်လည်း အက်ရှ်က အကုန် မပြော။ ထို နှစ်နှစ်အတွင်း မည်သို့မည်ပုံ နေခဲ့ ထိုင်ခဲ့ကြခြင်းနှင့် ပတ်သက်၍ အက်ရှ်၏ အစစ်ခံချက်မှာ ဘာမျှ စိတ်ဝင် စားဖွယ် မရှိ။ သို့ရာတွင် တကယ့် အဖြစ်အပျက်မှာ စိတ်ဝင်စားစရာ အပြည့်။

ဝေါလီမှာ သူကိုယ်တိုင်က ထိုသို့သော စွန့်စား ခန်းမျိုးကို ကြိုက်နှစ်သက်ကာ သူရဲကောင်း ဖြစ်လိုသော သူ တစ်ယောက် ဖြစ်သည့်အတိုင်း ရင်သပ်ရှုမော ဖြစ် လျက် ရှိကာ အက်ရှ်ကို သူရဲကောင်း တစ်ယောက်ကို ကိုးကွယ်သလို ကိုးကွယ်လျက် ရှိလေပြီ။ လောကတွင် အက်ရှ်လို သူရဲကောင်းမျိုး မရှိ။ နယ်ခြားစောင့် တပ်ဖွဲ့ လို တပ်မျိုးလည်း မရှိဟု ထင်နေသည်။

ဝေါလီသည် ငယ်ငယ်တုန်းကတည်းက စစ်သား ဖြစ်ချင်သည်။ သူ ငယ်ငယ်တုန်းက ကြားခဲ့ရသည့် သူရဲ ကောင်းများမှာ သမ္မာကျမ်းစာထဲက ဂျိုရှုဝါနှင့် ဒေးဗစ် တို့ ဖြစ်သည်။ သမိုင်းတွင် ထင်ရှားသည့် မဟာ အယ် လက်ဇန္ဒြာ ဘုရင်ကြီးနှင့် ရှုးပါတ် ဘုရင်တို့ ဖြစ်သည်။

သူသည် ကျော်ကြားသော စစ်ဘုရင်ကြီး ဖြစ် ချင်သည်။ စစ်သူရဲကောင်းကြီး ဖြစ်ချင်သည်။ သို့ရာတွင် ကိုယ့်စိတ်ကူးထဲတွင် ကိုယ့်ဘာသာကိုယ် စိတ်ကူးယဉ် နေခြင်း ဖြစ်သည့် အတွက် မည်သူ့ကိုမျှ မပြောရဲ။ အက်ရှ်ကိုမူ ပွင့်ပွင့်လင်းလင်း ပြောရဲသည်။ အက်ရှ်က လည်း အကြံပေးတတ်သည်။

'အင်း မင်းက လူဖြစ် နောက်ကျတာကိုးကွ၊ အမှန်ကတော့ မင်းက ရှေး စစ်သူရဲကောင်းတွေ ခေတ်က မွေးဖို့ ကောင်းတာ၊ ဒါမှ မဟုတ်ရင်လည်း ဟင်နရီ ဘုရင်ကြီးရဲ့ စစ်သူရဲကောင်း ဖြစ်ခဲ့ဖို့ ကောင်းတာ၊ ခု တော့ စစ်တိုက်ပြီး အောင်ပွဲ ခံရလောက်အောင် ထူးခြား တဲ့ တိုက်ပွဲမျိုးလည်း မရှိတော့ပါဘူးကွာ၊ ခုခေတ်သစ် စစ်ပွဲ ဆိုတာကလည်း ဘာမှ မက်လောက်စရာ မရှိတော့

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ဟန်ရေး ပြတာလောက်ပဲ ရှိတော့တယ်'

'ဥရောပမှာတော့ ဒါမျိုး မရှိတော့ဘူးဗျ၊ ဒါကြောင့်မို့ ကျွန်တော် အရှေ့တိုင်းကို လာတာပေါ့၊ အိန္ဒိယက တစ်မျိုး မဟုတ်လား'

'ခုတော့ တွေ့ပြီ မဟုတ်လား'

'တွေ့ရတာပေါ့၊ အိန္ဒိယမှာ ဆိုရင် အမြောက်တွေကို နွားနှင့် ဆွဲလို့၊ အစ်ကိုတို့လို နယ်ခြားစောင့်တပ်မျိုးမှာ ဆိုရင်လည်း ဂုဏ်သိက္ခာ အတွက် တစ်ယောက်နှင့် တစ်ယောက် အပြိုင်အဆိုင်၊ အစ်ကိုတို့ တပ်ထဲမှာ ရှိတဲ့ မြင်းတပ်သားတွေ ခြေလျင် တပ်သားတွေဟာ အတင်း တပ်ထဲ ဆွဲသွင်းလို့ လိုက်လာတဲ့ လူတွေ မဟုတ်ဘူး၊ လာဟိုးတို့ ပက်ရှဝါတို့လိုမှာ ရှိတဲ့ တပ်တွေထဲကလို တေလေကြမ်းပိုးတွေ မဟုတ်ဘူး၊ တကယ့်ဆောင်ပေါ်သားတွေ၊ လူရိုးလူကောင်းတွေ၊ ကိုယ့်ဂုဏ်သိက္ခာ အတွက် စွန့်စားချင်တဲ့ လူတွေ၊ ကျွန်တော်တော့ သဘော ကျတယ်'

'မင်းဟာ တော်တော် စိတ်ကူးယဉ်တဲ့ကောင်ပါလား ဝေါ်လီ'

အက်ရှ်က စိတ်ပျက်လက်ပျက်ဖြင့် ပြော၏။

'အစ်ကိုကတော့ ဒါတွေကို စိတ်ကူးယဉ်တယ်လို့ ထင်မှာပေါ့၊ အစ်ကိုက လောကကြီးကို လှောင်ပြောင်ချင်နေတဲ့ လူကိုး၊ ဒီမှာ အစ်ကို၊ ကျွန်တော် မေးမယ်၊ ထိုးဖောက်လို့ မရနိုင်ဘူး ဆိုတဲ့ ခံတပ်ကြီးကို အစ်ကို အတင်း ဝင်တိုက်တာမျိုး မတွေ့ချင်ဘူးလား၊ ဒါမှမဟုတ် အားလုံးက လက်မြှောက် အရှုံးပေးရတော့မယ်လို့ ထင်နေကြတဲ့ ခံတပ်မျိုးကို ခက်ခက်ခဲခဲ ခုခံကာကွယ်ရတာမျိုးကို သဘောမကျဘူးလား။

'ကျွန်တော်ကတော့ သဘောကျတယ်၊ မြင်းတပ်ကို ခေါင်းဆောင်ပြီး ရှေ့ဆုံးက တက်တိုက်ချင်တယ်၊ အားလုံးက လက်လျှော့ရတဲ့ အခက်အခဲမျိုးကို လုပ်ချင်တယ်၊ အလျှော့မပေးဘဲ အသေအလဲ ခုခံကြည့်ချင်တယ်၊ ဒီလစ် ဆစ်ဒနီတို့၊ ဆာဂျွန်မိုးတို့လိုပဲ လူတွေ တသက်သက် ဖြစ်ကျန်ရစ်ခဲ့စေမယ့် အလုပ်မျိုးကို လုပ်ချင်တယ်၊ ရာဇဝင် တွင်ကျန်ခဲ့မယ့် အလုပ်မျိုး ဆိုပါတော့ အစ်ကိုရာ၊ ဟော ပြောရင်း ဆိုရင်း သူ့လို ဖြစ်အောင်ပေါ့၊ ဟိုမှာ ...'

သူတို့နှစ်ယောက်သည် ရဝါလ်ပင်ဒီ၏ အနောက်ဘက် လွင်ပြင်ထဲတွင် မြင်းစီးလာခဲ့ကြခြင်း ဖြစ်၏။ ဝေါ်လီက မိုးကုပ်စက်ဝိုင်း အောက်တွင် ထင်းထင်းကြီး ပေါ်နေသည့် ကျောက်တောင်ကြီး တစ်ခုကို လက်ညှိုး ထိုးပြသည်။ ကျောက်တောင်ထိပ်တွင် လွန်ခဲ့သည့် ဆယ့်ခုနစ်နှစ်လောက်တုန်းက ဒေလီမြို့ကို တိုက်ရာတွင် ကျဆုံးခဲ့သည့် ဂျွန် နီကိုလ်ဆန်၏ အထိမ်းအမှတ် ထုလုပ်ထားသည့် နှမ်းဖတ် ကျောက်တိုင်ကြီးကို ပြ၏။

'ကျွန်တော်က သေချင်း သေရင် သူ့လို သေချင်တာ အစ်ကိုရ၊ ဂုဏ်ရှိရှိနှင့် သေချင်တာ၊ လက်ထဲမှာ ဓားကို ကိုင်လို့၊ ကိုယ်က ကိုယ့်တပ်သားတွေရဲ့ ရှေ့မှာ'

ဂျွန် နီကိုလ်ဆန် ကျဆုံး ဒဏ်ရာရသည့် အခါတွင် သူ့တပ်သားများသည် ထွက်ပြေးကြသည်။ နီကိုလ်ဆန်သည် ဒဏ်ရာရပြီး သုံးရက်လုံးလုံး မေ့မြောပြီးမှ ကျဆုံးသွားခြင်း ဖြစ်၏။

'ဘာဖြစ်သလဲ အစ်ကိုရာ၊ ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့၊ လွန်ခဲ့တဲ့ အနှစ် နှစ်ထောင်လောက်တုန်းက အယ်လက်ဇန္ဒြား ဘုရင်ကြီးက ပြောဖူးတယ် မဟုတ်လား'

ဝေါ်လီ၏ မျက်လုံးများသည် တောက်ပလာကြကာ သူ့မျက်နှာသည် အပျိုမကလေး တစ်ယောက်၏ မျက်နှာလို နီရဲလာ၏။

'သတ္တိ ရှိရှိဖြင့် အသက် ရှင်နေရခြင်း၊ ထာဝရ တည်သော ဂုဏ်သတင်းဖြင့် သေရခြင်းလောက် ကောင်းမြတ်သော အရာသည် လောက၌ မရှိတဲ့၊ ကျွန်တော် ဆယ်နှစ်သားလောက် ကတည်းက ဖတ်ဖူးတာ၊ ခုထိ မှတ်မိနေတယ်၊ ကျွန်တော်က ဒီလို သေတာမျိုးမှ'

ကျောထဲတွင် စိမ့်ခနဲ ဖြစ်သွားသဖြင့် စကား ဆက် မပြောနိုင်။

'တော်စမ်းပါကွာ၊ စိတ်ကူးယဉ် မနေစမ်းပါနှင့်၊ ငါကတော့ ကိုယ် အနိုင်ရမှပဲ ကစားချင်တယ်၊ အချောင် မသေချင်ဘူး၊ အညတရပဲ ဖြစ်ဖြစ် အိုမင်းမစွမ်းထိ အောင် နေချင်သေးတယ်၊ ဂုဏ်သတင်းတွေ၊ ကျော်စောမှုတွေ မရချင်လည်း နေပါစေ'

အက်ရှ်သည် သူ့ရဲကောင်း တစ်ယောက် ဖြစ်သည်ဟု စွဲမြဲစွာ ယုံကြည်နေသည့် ဝေါ်လီက

'အသာနေစမ်းပါ အစ်ကိုရာ၊ မဟုတ်တရုတ်တွေ လျှောက်ပြော မနေစမ်းပါနှင့်၊ အလို တော်တော်တောင် အေးလာပြီဗျ၊ မှောင်လည်း မှောင်လာပြီ၊ ကဲ ပြိုင်စီးကြမယ်လေ'

အက်ရှ်သည် သူ့ကို သူရဲကောင်းလို ကိုးကွယ်သူမျိုးကို ယခုမှ တွေ့ရခြင်း မဟုတ်။ ကျောင်းတွင်လည်းကောင်း၊ စစ်တက္ကသိုလ် ဘောလုံး အသင်းတွင်

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း ကစားခဲ့ ကတည်းက လူငယ်များက သူ့ကို သူရဲကောင်း အဖြစ် ကိုးကွယ်ခဲ့ကြသည်။ ထို့ပြင် 'တော်တော် ချဉ်မယ့် သရက်သီးကလေး' ဟု သူ့ကို သြဘာပေးခဲ့သည့် ကလေးမ တစ်ယောက်၏ ကိုးကွယ်မှုကိုလည်း ခံခဲ့ရဖူးပြီ။

အက်ရှ်သည် သူတို့ သည်လို ကိုးကွယ်ခြင်းကို မည်သည့်အခါမှ အလေးအနက် မထားခဲ့။ သူရဲကောင်းကြီး တစ်ယောက်လို ကိုးကွယ်ကြလျှင် သူ အနေရ ခက်သည်။ ရှက်သည်။

သို့ရာတွင် ဝေါ်လီက သူ့ကို ကိုးကွယ်ပုံမျိုးမှာ တစ်ဘာသာ ဖြစ်၏။ ဝေါ်လီ သူ့ကို လေးစားခြင်းမှာ မိတ်ဆွေ တစ်ယောက်က သူ့ကို ဂုဏ်ပြုသည့် သဘောဟု ယူဆသည့် အတွက် သူ ကျေနပ်သည်။ အားကစားတွင် သူ တော်၍ သူ့ကို အထင်ကြီး ကိုးကွယ်ခြင်းမျိုး မဟုတ်။

သူတို့ နှစ်ဦးကို ရဝါလ်ပင်ဒီတွင် 'အမြွှာ' ညီနောင်ဟု ခေါ်ကြသည်။ သူတို့ နှစ်ယောက် မဟုတ်ဘဲ တစ်ယောက်တည်း တွေ့လျှင် 'ဟလို ဒေးဗစ်၊ ဂျိုနသန်ကော' ဟု မေးတတ်ကြသည်။ သို့မဟုတ်လျှင်လည်း 'ဟေ့ ဝေါ်လီ၊ ဘယ်လိုလဲကွ၊ အက်ရှ် မပါတော့ မင်းကို မှတ်တောင် မမှတ်မိဘူး၊ မင်း ကြည့်ရတာ အဝတ်အစား တစ်ဝက်တစ်ပျက်ပဲ ဝတ်ထားသလိုပဲ' ဟု ပြောတတ်ကြသည်။

ဤသို့သော နောက်ပြောင် ကျီစယ်မှုများကို အထက်အရာရှိက မကြိုက်။ သူတို့သည် သူတို့ အရာရှိငယ်များ ကပြား မယားငယ် ထားခြင်း၊ ဈေးနားရှိ မကောင်းသော အိမ်သို့ သွားခြင်း စသည့် ကိစ္စများကို ဘာမျှ မပြောကြသော်လည်း ယခုလို ယောကျ်ားလေး အချင်းချင်း ခင်မင် ရင်းနှီးလာပြီ ဆိုလျှင် တစ်မျိုး ထင်တတ်ကြသည်။

အထက် အရာရှိများ အမြင်၌ ယောကျ်ားလေး အချင်းချင်း ခင်မင် ရင်းနှီးလာကြသည်နှင့် ထွေလာကေလာတွေ တွေးလာကြပြီ။ သဘာဝ မကျသော ဆက်ဆံရေးမျိုး ရှိသည်ဟု ကြောက်လာကြပြီ။

သို့ရာတွင် အက်ရှ်နှင့် ဝေါ်လီတို့ ရင်းနှီးပုံကို သေသေချာချာ စုံစမ်းကြည့်လိုက်သည့် အခါတွင် ထိုသို့သော ကိစ္စမျိုးနှင့် ပတ်သက်၍ တစ်စုံတစ်ရာကိုမျှ သံသယဖြစ်ဖွယ် အကြောင်း ရှာမတွေ့။ ထိုကိစ္စမျိုးတွင် သူတို့ နှစ်ယောက်သည် သွေးရိုးသားရိုးမျှသာ။

သူတို့ သွေးရိုးသားရိုး ဖြစ်သည့် အကြောင်းကို ရဝါလ်ပင်ဒီ မြို့ထဲတွင် ရှိသည့် နာမည်ကျော် ပြည့်တန်ဆာမ တစ်ဦးကို သွားမေးကြည့်လျှင် သိနိုင်သည်။ သို့ရာတွင် ထိုသို့ ဆိုသဖြင့် သူတို့နှစ်ယောက်သည် ထိုအိမ်မျိုးသို့ချည်း သွားနေကြသည် မဟုတ်။

သူတို့ ဝါသနာက မြင်းစီးခြင်း၊ ပိုလိုကစားခြင်း၊ ဖြုတ်တောထူထူသို့ သွားပြီး ရစ်တို့ ခါတို့ ပစ်ခြင်း၊ မြစ်ထဲသို့ သွား၍ ရေကူးခြင်း၊ ငါးမျှားခြင်း၊ ရသမှု ပိုက်ဆံကလေးကို စကာ မြင်းကောင်းကောင်း ဝယ်ခြင်း စသည်တို့ ဖြစ်သည်။

သူတို့ စာဖတ်လိုက်သည်မှာလည်း ပြောစရာ မရှိတော့။ စစ်သမိုင်း၊ ကိုယ်ရေးမှတ်တမ်း၊ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထု။ သူတို့ ဖတ်သည့် စာရေးဆရာများကလည်း ဒီကွင်စီ၊ ဒစ်ကင်း၊ သက္ကာရေး၊ ဝေါ်လ်တာစကော့၊ ရှိတ်စပီးယား၊ ယူရီပိုက်စ်၊ မားလိုးနှင့် တကွ ဂစ်ဗွန်၏ 'ရောမ အင်ပိုင်ယာ ကျဆုံးခန်း'၊ ဘားလ်ဇက်၏ 'ရယ်စရာ လူ့ဇာတ်ခုံ'၊ ဒါဝင်၏ 'လူ၏ မူလ အစ' စသည့် စာအုပ်ကြီးတွေက အစ အကုန် ဖတ်သည်။

တက်စီးတပ်၏ ရာဇဝင် ကျမ်းများနှင့် ကိုရမ် ကျမ်းစာကိုလည်း ဖတ်သည်။ ရနိုင်သမျှသော အိန္ဒိယ စာပေတို့ကိုလည်း ဖတ်သည်။ သူတို့ အကြိုက်ကလည်း စုံသည်။ ထို့ကြောင့် သူတို့ မဖတ်ချင်သည့် စာအုပ် ဟူ၍ မရှိတော့။

ဝေါ်လီမှာ ဗိုလ်သင်တန်း' စာမေးပွဲကို ဖြေဆိုရမည် ဖြစ်သည့် အတွက် အက်ရှ်က ပထန် စကားနှင့် ဟိန္ဒူစတန် စကား သင်ပေးပြီး အိန္ဒိယပြည်နှင့် အိန္ဒိယ တိုင်းရင်းသားများ အကြောင်းကို အားအားရှိတိုင်း ပြောပြသည်။

အိန္ဒိယပြည် အကြောင်း ဆိုရာ၌ ဗြိတိသျှတို့၏ အိန္ဒိယပြည် ဖြစ်သော တပ်နယ်မြေက အကြောင်းတွေ၊ မြင်းအလှပြပွဲ အကြောင်းတွေ၊ ကလပ် အကြောင်းတွေ၊ တောင်ပေါ်စခန်း မြို့များ အကြောင်းတွေ မဟုတ်။

ဇာတ်နိမ့်နှင့် ဇာတ်မြင့် ခြားနေသော အိန္ဒိယပြည်၊ နတ်တွေ၊ ရွှေငွေရတနာတွေ၊ သရောခိုင်းသည့် ကပ်ကြီးတွေ အလွန်ပေါသည့် အိန္ဒိယပြည် အကြောင်းကို ပြောခြင်း ဖြစ်သည်။

ပုပ်ပွနေသော အလောင်းကောင်လို အရုပ်ဆိုးပြီး တစ်ဖက်တွင် ယုံနိုင်စရာ မရှိအောင် လှပသော အိန္ဒိယပြည် အကြောင်းကို ပြောခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကိုယ်ကတော့ ငါဟာ အိန္ဒိယ တိုင်းရင်းသား တစ်ယောက်၊ ကိုယ့်တိုင်းပြည်ဟာ အိန္ဒိယပြည်လို့ ခုထိ ထင်နေတုန်းပဲကွာ၊ ဒါပေမဲ့ကွာ၊ ကိုယ့်ဘာသာကိုယ် တိုင်းရင်းသားလို့ ထင်နေရုံနှင့် မပြီးဘူး ဆိုတာ ကိုယ် သိပါတယ်၊ ကိုဒါဒတ်နှင့် ကိုယ့်အကြောင်း မသိသူ တချို့ကတော့ ကိုယ့်ကို တိုင်းရင်းသားလို့ လက်ခံ ကောင်း ခံကြမှာပေါ့၊ ဒါပေမဲ့ ကိုယ့်အကြောင်းကို သိ တဲ့ လူတွေကတော့ ကိုယ့်ကို ဆပ်တစ်ယောက်လိုပဲ မြင်နေကြတာပါပဲ။

'ကိုယ် ငယ်ငယ်တုန်းက ခုနစ်နှစ်နီးပါး ဟိန္ဒူ လေး တစ်ယောက် ဖြစ်ခဲ့တယ်၊ အေးလေ ဟိန္ဒူလေး တစ်ယောက်လို့ ကိုယ့်ကိုယ်ကိုယ် ထင်ခဲ့တယ်၊ တကယ် တော့ ခုနစ်နှစ် ဆိုတဲ့ ကာလဟာ ကလေး တစ်ယောက် အဖို့ တစ်ဘဝလောက် ကြာတယ် ထင်ရတာပဲ၊ အဲဒီ တုန်းကတော့ ဟိန္ဒူ တစ်ယောက် မဟုတ်ဘူးလို့ ကိုယ့် ကိုယ်ကိုယ်လည်း မထင်မိခဲ့ဘူး၊ သူများတွေကလည်း မထင်ခဲ့ကြဘူး၊ သူတို့အထဲက တစ်ယောက်လို့ပဲ ထင် ခဲ့ကြတယ်။

'ဒါပေမဲ့ ခုတော့ ဒီလို မဟုတ်တော့ဘူး၊ ဇာတ် မြင့် ဟိန္ဒူတွေက ဆိုရင် ကိုယ်နှင့် တစ်စားပွဲတည်း ထိုင် ပြီး ထမင်း အတူ မစားဘူး၊ သူတို့ ထမင်းစားနေတုန်း သူတို့ ပန်းကန်ပေါ်ကို ကိုယ့်အရိပ် ထိုးကျရင် ထမင်း ပန်းကန်ကို လွှင့်ပစ်တယ်၊ မစားတော့ဘူး၊ ကိုယ့်ကိုယ် နှင့် ထိရင် သူတို့ ညစ်ပတ်တယ် ထင်ပြီး ရေဆေးပစ် တယ်၊ သူတို့အထဲက အနိမ့်ကျဆုံး ဆိုတဲ့ လူကတောင် ကိုယ် စားပြီးသား ပန်းကန်၊ ကိုယ် သောက်ပြီးသား ရေ ခွက် ဆိုရင် မသုံးတော့ဘူး။

'ဒါပေမဲ့ မဟာမေဒင်တွေကျတော့ ဒီလို မဟုတ် တော့ဘူးကွ၊ ဒါလီဆားခန်ကို လိုက်ရှာရင်း တောင်ရိုး တွေပေါ်မှာ ငါ နေခဲ့တာ ကိုယ်ဟာ သူတို့နှင့် အတူစား အတူနေပြီး သူတို့နှင့် ထပ်တူ တွေးခဲ့တယ်၊ ကိုယ့်ကို ဘယ်သူမှန်း သိတဲ့ လူတွေကတောင် အင်္ဂလိပ် တစ် ယောက်လို သဘော မထားတော့ဘဲ သူတို့အထဲက တစ် ယောက်လို သဘောထားခဲ့ကြတယ်၊ ကိုယ်က ကိုယ့် ကိုယ်ကိုယ် ဆပ်သခင် တစ်ယောက်လို့လည်း မတွက်၊ အင်္ဂလိပ် တစ်ယောက်လို့လည်း မထင်တော့ ကိုယ့်ကို နိုင်ငံခြားရေးရုံးက အခေါ်နှင့် ခေါ်ရမယ်ဆိုရင် ကိုယ်ဟာ နိုင်ငံမဲ့သူ တစ်ဦး၊ ကြားနယ်မြေက လူတစ်ဦး ဖြစ်နေ တာပေါ့'

'တိုင်းပြည် မရှိ၊ လူနတ္ထိဟု၊ ဘယ်ရပ် ဘယ်ရွာ၊ သွားရာ မရှိ'

'ဘာလဲကွ မင့်ဟာ'

'ဩော် မီလ်တန်ရဲ့ ကဗျာထဲက စာလေး တစ် ပိုဒ်ပါ'

'အေး၊ မင်း ပြောတာ မှန်တယ်၊ ကိုယ် ရောက် နေတဲ့ နေရာဟာ ကောင်းကင်ဘုံလို့တော့ မပြောလို ပါဘူး၊ ဒါပေမဲ့ ကိုယ် သဘောကျတယ်'

'ဒါပေါ့လေ၊ ကောင်းတာလည်း ရှိမှာပေါ့'

'ကောင်း မကောင်းတော့ မသိဘူးကွာ'

တစ်ခါတွင် သူတို့ နှစ်ယောက်သည် လရောင် မှုန်မှုန်အောက်က တက္ကသီလာ မြို့ရိုးပျက်ကြီးပေါ်တွင် ထိုင်နေကြသည်။ (ထိုစဉ်က ရဝါလ်ပင်ဒီ တပ်မသည် စစ်လေ့ကျင့်ခန်း ဆင်းနေစဉ် ဖြစ်၏။) ထိုစဉ်က အက်ရှ် သည် အမေ သီတာ အကြောင်းကို ဝေါလီအား ပြောပြ ခဲ့ဖူးသည်။ ဤအကြောင်းကိုလည်း ဝေါလီမှ အပ တခြား မည်သူ့ကိုမျှ မပြောခဲ့စဖူး။ အမေ သီတာကို သိသည့် ဇာရင်နှင့် ကိုဒါဒတ်တို့ကိုပင် ပြောမပြခဲ့။

'...ဒီတော့ မင်း စဉ်းစားကြည့် ဝေါလီ၊ လူတွေက ဘာပြောပြော သူဟာ ကိုယ့်အမေ အရင်းပဲ၊ သူ့အပြင် တခြား အမေကိုလည်း မတွေ့ခဲ့ဖူးဘူး၊ ရှိတယ်လို့လည်း မထင်ဘူး၊ ဓာတ်ပုံကိုတော့ မြင်ဖူးတာပေါ့ကွာ၊ ကိုယ့် အမေ အရင်းဟာ တော်တော် ချောတဲ့ မိန်းမ တစ်ယောက် ပါ၊ အမေ သီတာကတော့ သူ့လောက် မချောဘူးပေါ့၊ ဒါပေမဲ့ ကိုယ့်စိတ်ထဲမှာ အမေ သီတာဟာ အမြဲ လှနေ တယ်လို့ ထင်တယ်။

'ခု ဘီလပ်ကို ကိုယ့်တိုင်းပြည်လို့ မထင်ဘဲ အိန္ဒိယပြည်ကို ကိုယ့်တိုင်းပြည်လို့ ထင်နေတာဟာ တခြား ကြောင့် မဟုတ်ဘူးကွ၊ အမေ သီတာကြောင့် ထင်နေ တာ၊ အေးလေ ဒီပြင်ဟာကို မကြည့်နှင့်၊ ခု အမေ သီတာ အကြောင်း ပြောနေတာကိုပဲ ကြည့်ပေါ့၊ အင်္ဂလိပ် ဆိုတဲ့ လူမျိုးက ကိုယ့်အမေ အကြောင်းကို သိပ်ပြောတဲ့ လူမျိုးမှ မဟုတ်တာ၊ အင်္ဂလိပ် လူမျိုးက အမေ့ အကြောင်းကို ပြောရင် မိန်းမလျာ ဆန်တယ်လို့ ထင် တယ် မဟုတ်လား'

ဝေါလီက ကျေနပ်စွာဖြင့်

'ကျွန်ဝေဘ့်ကို ပြောလို့ကတော့ ဒီလို မထင်ပါ ဘူးဗျာ၊ ကျွန်တော်လည်း အိုင်းရစ် လူမျိုးပါ၊ အမေ့ အကြောင်းကို ကျွန်တော်လည်း ပြောမှာပဲ၊ တစ်ခါတလေ



www.burmeseclassic.com

www.burmeseclassic.com



မှာ စိတ်ထဲ ရှိတာကို ထုတ်ပြောရတာဟာ သိပ် အရသာ ရှိတယ်၊ ရင်ထဲမှာ ပေါ့သွားတယ်၊ အစ်ကို့ မွေးစား အမေဟာ တော်တော် အံ့ဩဖို့ ကောင်းတဲ့ မိန်းမနော်'

'ဟုတ်တယ်၊ အံ့ဩဖို့ ကောင်းတယ်၊ ဒါပေမဲ့ သူ့ ဒီလောက် ထူးခြား အံ့ဩစရာ ကောင်းတာကို ကိုယ် သိလာတာ သိပ် မကြာသေးဘူး၊ ငယ်ငယ်တုန်းကတော့ လည်း ဘာမှ နားမလည်သေးဘဲကိုးကွ၊ အမေ သီတာ ဟာ ကိုယ် တွေ့ဖူးသမျှ လူတွေထဲမှာ သတ္တိ အကောင်း ဆုံးကွ၊ ဘာဖြစ်လို့လဲ ဆိုတော့ သူဟာ အမြဲတမ်း ကြောက်တတ်နေလို့၊ မရယ်နှင့်၊ တကယ် ပြောတာ၊ ဒါကို ကိုယ် ခုမှ သဘောပေါက်တယ်၊ အဲဒီတုန်းကတော့ ဘယ်သိမလဲ၊ လူက သေးသေးညှက်ညှက်ကလေးရယ်၊ ဘယ်လောက်များ သေးသလဲ ဆိုရင်'

အက်ရှ်သည် စကား ဖြတ်လိုက်ပြီးနောက် လွင်ပြင်ကြီးကို ငေးကြည့်နေသည်။ သူ့လို အသက် ဆယ့် တစ်နှစ်သား သူငယ်ကလေး တစ်ယောက် အမေ သီတာ ကို ချီပိုးကာ ယမုန်နာ မြစ်ထဲသို့ မျောခဲ့သည်ကို သတိ ရနေသည်။

ညနေက ထင်းမီးနံ့ မွှန်နေသည်။ တစ်ချီ တစ်ချီ တွင် တွန့်ကြေနေသည့် ကတ္တီပါစကြီးနှင့် တူသော တောင်ခြေရှိ ထင်းရှူးနံ့ သင်းပျံ့ပျံ့ကို ရတတ်၏။ သည် ထင်းရှူးနံ့ကြောင့်များ အမေ သီတာကို အမှတ်ရနေ သည်လော မပြောတတ်။

အက်ရှ်က ခပ်လေးလေးဖြင့်

'အမေ သီတာဟာ ဒီလို ထင်းရှူးနံ့တွေ သင်းနေ တဲ့ တောင်ပေါ်မှာ မွေးလာတာ ထင်တယ်၊ တစ်နေ့ကျ ရင် အဲဒီ တောင်ခြေကို သွားပြီး အိမ်ကလေး တစ်ဆောင် ဆောက်မယ်၊ သီးပင် စားပင်တွေ စိုက်မယ်၊ ဆိတ်တစ် ကောင်ရယ်၊ လားတစ်ကောင်ရယ် မွေးမယ်လို့ ကိုယ့်ကို ခဏ ခဏ ပြောဖူးတယ်၊ အင်း ဘယ်နေရာများ ဖြစ် လေမလဲ မသိဘူး'

'ဘယ်နေရာရယ်လို့တော့ အစ်ကို့ကို တစ်ခါမှ မပြောဖူးဘူးလား'

'တစ်ခါတော့ ပြောဖူးတယ်၊ ဒါပေမဲ့ ကိုယ် လည်း မမှတ်မိပါဘူး၊ ကိုယ် ထင်တာကတော့ ဟောဟို ပါပန်ဂျား တောင်ရိုးကြီးလို့ပဲ ထင်တာပဲ၊ အဲဒီ ပါပန်ဂျား တောင်ရိုးကြီးဟာလည်း ကိုယ်နေတဲ့ လေညင်းသာဟော် က လှမ်းမြင်နေရတဲ့ ရွှေပြည်သာ တောင်တန်းကြီးထဲမှာ ရှိလိမ့်မယ် ထင်တယ်၊ ရွှေပြည်သာ တောင်တန်းကြီး အကြောင်းကို မင်း မသိသေးဘူးနော်၊ သူ့ကို ဒူးရ်ခိုင်မာ လို့လည်း ခေါ်တယ်၊ အဲဒီ တောင်တန်းကြီးဟာ ဂူးလ်ကုတ် ကနေ လှမ်းပြီး ကြည့်လိုက်ရင် အမြင့်ဆုံး တောင်တန်း ကြီးပဲ၊ တောင်ထိပ်မှာ နှင်းပွင့်တွေကို ဆောင်းလို့၊ အဲဒီ တောင်တန်းကြီးကို နေ့တိုင်း ငါ ဦးချတယ်ကွ၊ အေးလေ မင်းကတော့ အရူး ထတာလို့ မြင်မှာပေါ့'

'မထင်ပါဘူးဗျာ၊ အော်ရီရာလီးရဲ့ ကဗျာ တစ် ပုဒ်ကို အစ်ကို ဖတ်ဖူးလား၊ မြေကြီးသည်ပင် ကောင်းကင် တစ်ခွင် အလှဆင်လျက် မြက်ပင်ချုံဖုတ် ယိမ်းလှုပ်မီး အိမ် နတ်ဝတိန်တည့် ဦးနှိမ်ဝပ်ချ ရှိတုပ်ကွသည် အလှ ကိုပင် ရှိဦးတင်၏တဲ့၊ အစ်ကိုဟာလည်း အင်မတန် လှပတဲ့ ဩကာသ လောကကြီးကို ရှိခိုးတာပဲ မဟုတ် လား၊ ဒါ ဘာ အရူး ထရမှာလဲ၊ အစ်ကိုတင် မဟုတ်ပါ ဘူး၊ အစ်ကို့လိုပဲ အလှမှာ ကြည်နူးပြီး ဒီလိုပဲ အလှကို ကိုးကွယ် ဦးချချင်တဲ့ လူတွေ လောကမှာ အပုံကြီးပါ၊ ကမ္ဘာပေါ်မှာ အဲဒီလို လှပပြီး အဲဒီလို အထွတ်အမြတ် ဖြစ်တဲ့ တောင်တွေကလည်း အများကြီးပါ၊ သမ္မာကျမ်းစာ ထဲမှာ ပါတဲ့ ဒါဝိ ဘုရင်ကြီးကို ကြည့်ပါလား'

အက်ရှ်သည် နောက်ဘက်သို့ လှည့်ကာ ကြယ် ပွင့်တွေ လက်နေသည့် ကောင်းကင်ကြီး အောက်တွင် မှိုင်းမှိုင်းရိပ်ရိပ် ပေါ်နေသော အဝေး တောင်တန်းကြီး များနှင့် တောင်ခြေရင်းကို လှမ်းမျှော် ကြည့်နေသည်။ ထို့နောက် 'ငါသည် ငါ့ကို ကူညီ မှိုင်းမည့် တောင် တန်းကြီးများကို မော်ကြည့်၏' ဆိုသော ဒါဝိ မင်းကြီး ၏ ဆုတောင်းကို တိုးတိုး ရွတ်နေသည်။

'ကိုယ် ဘီလပ်ကို ပြန်ရောက်စတုန်းကဆို ဘုရား ရှိခိုး ပြီးတယ် ဆိုရင် ဟိမဝန္တာ တောင်တန်းကြီး ရှိမယ့် နေရာကို မှန်းပြီး ရှိခိုးတာပဲ၊ ကိုယ် အဲဒီလို ရှိခိုးတာ မြင်တော့ ကိုယ့်အဒေါ်က အထိတ်တလန့် ဖြစ်လို့၊ ကိုယ်ဟာ တိတ္ထိတင် မကဘူး၊ မိစ္ဆာနတ်တွေကိုလည်း ကိုးကွယ်သူတဲ့၊ ကိုယ့်အဒေါ်က ဘုန်းကြီးကို လျှောက် တယ်'

ဝေါလီက စိတ်ရှည်လက်ရှည်ဖြင့်

'ဒါတော့ သူ့ကိုလည်း အပြစ် မဆိုသာဘူးလေ၊ သူ့ဘက်ကနေ ကြည့်ရင် ဒီတိုင်းပဲ မြင်မှာပေါ့၊ ကျွန်တော် ငယ်ငယ်တုန်းကလိုပေါ့၊ ငယ်ငယ်တုန်းက အို ဘုရား သခင်လို့ ရှိခိုးရင် ကျွန်တော့် စိတ်ထဲမှာ ဘုရားသခင် ဘာတွေ ဘယ်သိမလဲ၊ ကျွန်တော့် ခေါင်းကိုင်အဖေကို ရှိခိုးတာပဲလို့ ထင်ခဲ့မိတာပေါ့ဗျာ၊ ကျွန်တော့် ခေါင်းကိုင်



www.burmeseclassic.com

www.burmeseclassic.com



အဖကလည်း နှုတ်ခမ်းမွေး ကျင်စွယ်နှင့်၊ ရွှေခါးပိုက် ဆောင် နာရီကြီးနှင့်၊ သူ့ကို လူတိုင်းက လန့်ကြတာကိုး၊ ဒါကြောင့် သူ့ကိုပဲ ရှိခိုးတယ်လို့ ထင်ခဲ့မိပြီး ဆုတွေ တောင်းခဲ့တာပဲ၊ ကြီးလာတော့မှ သောက်ကျိုးနည်း ကျွန် တော့် ဆုတောင်းတွေကို လိပ်စာ မှားပြီး ပို့နေမိတယ် ဆိုတာ သိတော့တယ်၊ ငယ်ငယ်တုန်းက ကျွန်တော် တောင်းခဲ့တဲ့ ဆုတွေဟာ အလကား ဖြစ်ကုန်တာပေါ့ဗျာ'

အက်ရှ်က သူ့စကားကို သဘောကျ၍ အားရ ပါးရ ရယ်လိုက်၏။ သူ့ရယ်သံကြောင့် အနီးရှိ ရွက် ဖျင်တဲ တစ်တဲမှ ဒေါ်ပွပွဖြင့် လှမ်းအော်သံကို ကြား လိုက်ရ၏။

ဝေါ်လီက ပြုံး၍ လေသံ တိုးတိုးဖြင့်

'မဟုတ်တဲ့ဆီကို ရည်စူးပြီး ဆုတွေ တောင်းခဲ့ မိတော့ ကျွန်တော့် ဆုတောင်းတွေ အရာမထင်တော့ဘူး ပေါ့ဗျာ၊ ဒါပေမဲ့ဗျာ၊ ဘယ်လိုပဲ ရည်ရွယ်ပြီး ရှိခိုး ရှိခိုး စေတနာသာ ပဓာနပါ၊ မဟုတ်ဘူးလား၊ ကျွန်တော့် ဆုတောင်းဟာ ရင်ထဲ အသည်းထဲက လာတဲ့ ရိုးသား ဖြူစင်တဲ့ ဆုတောင်း၊ အစ်ကို့ရဲ့ ဆုတောင်းဟာလည်း ဒီ အတိုင်းပဲပေါ့၊ ဒီတော့ ကျွန်တော်တို့တစ်တွေ ဆုတောင်း မှားခဲ့တယ် ဆိုရင်လည်း ဒီအမှားအတွက် ဘုရားသခင်က ခွင့်လွှတ်တော်မူမှာပါ၊ မဟုတ်ဘူးလား'

'ဒါပေါ့၊ မင်းကော ခုထက်ထိ ဘုရားရှိခိုးပြီး ဆုတောင်းတုန်းပဲလား'

ဝေါ်လီက အံ့အားသင့်လျက်

'ဒါပေါ့၊ အစ်ကိုကော ရှိခိုးပြီး ဆုမတောင်း တော့ဘူးလား'

'အင်း တစ်ခါတလေတော့ ရှိခိုးဖြစ်ပါရဲ့၊ ဆုလည်း တောင်းဖြစ်ပါရဲ့၊ ဒါပေမဲ့ ဘယ်ကို ရှိခိုး ဆုတောင်းရ မယ် ဆိုတာတော့ ငါ မပြောတတ်တော့ပါဘူးကွာ'

အက်ရှ်က ဖုတ်ဖက်ခါ၍ ထလိုက်ကာ

'ကဲ သွားကြဦးစို့ကွာ၊ မနက် သုံးနာရီမှာ စစ် လေ့ကျင့်ခန်း ဆင်းရဦးမယ်'

သည်လို အခြေအနေမျိုးတွင် ဝေါ်လီ တစ်ယောက် နယ်ခြားစောင့် တပ်ဖွဲ့သို့ ဝင်ချင်သည်မှာ မဆန်း။ သို့ ရာတွင် ဝင်ချင်သည့်တိုင် ဝင်ဖို့ မလွယ်သေး။ နယ်ခြား စောင့်တပ်သို့ ဝင်လိုလျှင် ဝေါ်လီသည် ဗိုလ် ဖြစ်ရဦး မည်။ ဝေါ်လီ အတွက် သူကိုယ်တိုင် ပြောပေးမည် ဆို လျှင် အကျိုးထက် အပြစ် များနေမည်လောဟု အက်ရှ် ဆင်သည်။ ထို့ကြောင့် သူကိုယ်တိုင် တပ်မှူးကို ပြော

မပေးတော့ဘဲ သွယ်ဝိုက် ချဉ်းကပ်ရ၏။ အက်ရှ်သည် ရဝါလ်ပင်ဒီသို့ တာဝန်ဖြင့် နှစ်ကြိမ် ရောက်လာသည့် ဗိုလ်ဝိုက်ဂရမ်နှင့် မိတ်ဆက်ပေးသည်။ ထို့နောက် ဇာရင် နှင့် မိတ်ဆက်ပေးသည်။

ဇာရင်သည် ဇွန်လထဲတွင် ရဝါလ်ပင်ဒီသို့ မြင်း ဖြင့် ရောက်လာခဲ့ပြီး သူ့အဖေ ကိုဒါဒတ်နှင့် သူ့အစ်ကို အဝါရှားတို့၏ စာများကို ယူလာခဲ့၏။ တပ်ရင်းနှင့် ပတ်သက်သည့် သတင်းများနှင့် နယ်စပ်ဒေသ သတင်း များကိုလည်း သိရ၏။

မုတ်သုံ ရာသီသို့ ဝင်တော့မည် ဖြစ်သဖြင့် ရဝါလ်ပင်ဒီတွင် ဇာရင် ကြာကြာမနေနိုင်။ မိုးကျသည် နှင့် ချောင်းတွေ ကျပြီး မြစ်တွေ ရေကြီးတတ်သည်။ လမ်းတွင် နွံ့ဗွက်တွေ ထူတတ်သည်။ ထို့ကြောင့် ခရီး မတွင်ချင်။

သို့ရာတွင် ရောက်လာသည့် အချိန်ကလေး အတွင်းတွင်မှ ဇာရင်သည် အက်ရှ်၏ သူငယ်ချင်း မိတ် ဆွေသစ် ဖြစ်သည့် ဝေါ်လီကို အကဲခတ်ခွင့် ရလိုက်၏။ အက်ရှ် ပြောသည့်အတိုင်း ဝေါ်လီက သေနတ်ပစ် ဖြောင့်သည်။ မြင်းစီးကောင်းသည်။ ထို့ပြင် ဝေါ်လီသည် အက်ရှ် သင်ပေးသဖြင့် နယ်စပ်ဒေသသုံး စကား နှစ်မျိုး ကိုလည်း ကောင်းကောင်း ပြောတတ်သည့် အတွက် ဇာရင်နှင့် အလွမ်းသင့်နေသည်။

အက်ရှ်က ဝေါ်လီ အကြောင်းကို အမွှမ်းတင် မပြောသည့်တိုင် အက်ရှ်၏ ထမင်းချက် မာဒူးထံမှ ဝေါ်လီ အကြောင်းကို စုံစုံလင်လင် သိရသည်။

'ဝေါ်လီဆပ်က လူကောင်းကွ၊ အင်ဒါဆင်ဆပ် ငယ်ငယ်ကလို စိတ်ကောင်း ရှိတယ်၊ သနားတတ်တယ်၊ ယဉ်လည်း ယဉ်ကျေးတယ်၊ သတ္တိကလည်း ကောင်း လိုက်တာမှ မပြောနှင့်တော့၊ တို့ဆပ်သခင်လေးလည်း သူ ရောက်လာတော့ လုံးလုံးကို ပြောင်းသွားတာပဲ၊ အလျှင်တုန်းကလို တင်ိုင်ငိုင် ဖြစ်မနေတော့ဘူး၊ ရယ်လား မောလား ဖြစ်လာတယ်၊ ဆပ်သခင် နှစ်ယောက်စလုံး လူကောင်းတွေပါ' ဟု မာဒူးက နောက်ဖေး ဝရန်တာတွင် ထိုင်ရင်း ဇာရင်ကို ပြောပြနေသည်။

ဇာရင်ကလည်း အဘိုးအို မာဒူး၏ အမြင်ကို လက်ခံ၏။ ဝေါ်လီကို မြင်လိုက်ရ၍ သူ့ရုပ်ရည်နှင့် စိတ် နေသဘောထားကို သိသွားသည့် အခါတွင်မှ ဆိုဖွယ် မရှိတော့။ ဝေါ်လီကို ဇာရင် သဘောကျသွားပြီ။ ဗိုလ် ဝိုက်ဂရမ်ကလည်း ဝေါ်လီကို အကဲခတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ဝိုက်ဂရမ်နှင့် ဇာရင်တို့က ဝေါလီအကြောင်းကို မဒန်း တပ်နယ်မြေရှိ နယ်ခြားစောင့်တပ်ရင်းမှူးကို ပြန်ပြောသည်တွင် တပ်သားကောင်း၊ တပ်ဗိုလ်ကောင်းတို့ကို ကြိုနေသည့် နယ်ခြားစောင့်တပ်သည် အရာခံလေး ဝေါလီအား သူတို့ တပ်ဖွဲ့တွင် ဗိုလ်ခန့်ရန် စာရင်း တို့ထားလိုက်သည်။

ထိုနှစ်က နွေရာသီမှာ မနှစ်ကလောက် ထူးထူးခြားခြား ပူခြင်း မရှိ။ သို့ရာတွင် ဝေါလီ အဖို့ အိန္ဒိယတွင် ပထမဆုံး တွေ့လိုက်သော နွေရာသီ ဖြစ်သဖြင့် တော်တော် ခံလိုက်ရသည်။ မိတ်တွေ ထွက်လိုက်၊ အနာစိမ်းတွေ ပေါက်လိုက်၊ ဝမ်းကိုက်လိုက်၊ အပူရှပ် ဖျားလိုက်နှင့် နွေတွင် ဖြစ်တတ်သည့် ရောဂါတွေ စုံနေတော့သည်။

တစ်ခါတွင်မူ အပူရှပ်ပြီး အကြီးအကျယ် ဖျားသဖြင့် အတန်ကြာသည် အထိ အမှောင်ခန်းထဲတွင် နေရ၏။ လူ့ဘဝတွင် သူ့စိတ်ကူး မျှော်မှန်းချက်တွေ ဘာမျှမလုပ်လိုက်ရဘဲ ကိစ္စ ချောတော့မည်ဟုပင် သူ့ဘာသာသူ ထင်လိုက်မိသေးသည်။

ဤတွင် ဆရာဝန်၏ ထောက်ခံချက်ဖြင့် တပ်မှူးသည် သူ့ကို တောင်စခန်းမြို့သို့ အနားယူရန် လွှတ်လိုက်သည်။ အက်ရှ်မှာလည်း ခွင့်ရသည့် အတွက် ဝေါလီနှင့် အတူ လိုက်လာခဲ့၏။

သူတို့ နှစ်ယောက်သည် မာဒူးနှင့် ဂူးလ်ဘတ်ကို ခေါ်ကာ မာရီးသို့ တုန်ဂါ ခေါ် မြင်းလှည်းကလေးဖြင့် လာခဲ့ကြသည်။ နွေရာသီ အပူကို ရှောင်ရန် လာလည်သူတွေ ပြည့်နေသဖြင့် ဟိုတယ်တွင် ကြိုတင် အခန်း ငှားခဲ့ရသည်။

ဝေါလီသည် ဟိုတယ်တွင် မိန်းမပျို သုံးယောက်ကို တစ်ပြိုင်တည်း ပိုးလိုက်သည်။ တစ်ယောက်မှာ ဟိုတယ် ထမင်းစားခန်းတွင် သူတို့ စားပွဲနှင့် ကပ်လျက်စားကြသည့် မိန်းမပျို ချောချောကလေး တစ်ယောက်ဖြစ်သည်။ တခြား နှစ်ယောက်မှာ ဟိုတယ်ဝင်းထဲတွင် အိမ်တစ်လုံး ငှားနေသည့် ဟိုက်ကုတ် တရားသူကြီးတစ်ဦး၏ အမြွှာ သမီး နှစ်ယောက် ဖြစ်သည်။ သုံးယောက် အနက် မည်သူ့ကိုမျှ မရွေးနိုင်သဖြင့် ကြီးကြီးကျယ်ကျယ် မဖြစ်ခဲ့ကြ။

သို့ရာတွင် ဝေါလီသည် သူတို့ သုံးယောက်အတွက် ချစ်ကဗျာတွေ ရေးသည်။ သူတို့ကလည်း သူ့ကဗျာတွေကို သဘောကျကာ ထမင်းစား ဖိတ်သည်။ ကပွဲသို့ ဖိတ်သည်။ နောက်ဆုံး အက်ရှ်က ဝင်၍ သတိပေးတော့မှပင် ဝေါလီသည် ဆရာဝန် ပြောသည့်အတိုင်း အေးအေးဆေးဆေး အနားယူတော့သည်။

အက်ရှ်ကမူ ဟေးလားဝါးလားဖြင့် သူ့ခွင့်ရက်ကလေးကို ဖြုန်းမပစ်ချင်။ သူတို့ကို ပျံတံတံ နန့်တန့်တန့်တွေဟု သဘောထားသည်။ အိန္ဒိယတွင် တွေ့ရသည့် အင်္ဂလိပ်မ အပျိုကလေးများ အနက် အောက်တန်းအကျဆုံးဟု ပြောသည်။ ဝေါလီ၏ ခပ်ညံ့ညံ့ ကဗျာများနှင့် လိုက်ဖက်သည်ဟု လှောင်သည်။

ဤတွင် ဝေါလီ မခံနိုင်တော့။

'ဟုတ်မှာပေါ့၊ အစ်ကိုက အသည်းနှလုံး မရှိတဲ့လူကိုး၊ အစ်ကိုကတော့ ကလေး ဘဝတုန်းက မျက်လုံးနက်နက်၊ နှာခေါင်းချွန်ချွန်နှင့် ဟော်နန်းက ကုလားမလေးကိုပဲ စွဲနေခဲ့တော့ ကျန်တဲ့ မိန်းမတွေကို မုန်းတော့မှာပေါ့၊ ပြီးတော့ အစ်ကို့ရဲ့ ဗီလင်ဒါတို့ ဘာတို့ကိုလည်း ဒီလောက် တမ်းတမနေပါနှင့်တော့ဗျာ၊ လောကမှာ မိန်းမတွေ တစ်ပုံကြီးပါ၊ သူတို့ထက်တော့ လှတာတွေ ချည်းပါပဲ၊ ကျွန်တော်တော့ စစ်သား ဆိုတာ သုံးဆယ်ငါးနှစ်လောက်ကျမှ မိန်းမ ယူရမယ် ဆိုတဲ့ မူကို လက်မခံဘူး'

အက်ရှ်က ခပ်လှောင်လှောင်ဖြင့်

'ဟုတ်ပါသတဲ့ဗျာ၊ ဟုတ်ပါသတဲ့၊ မင်း ဘာပဲပြောပြော ကိုယ့်အဖို့ကတော့ မိန်းမတွေကို ရှောင်လေလေ ကောင်းလေလေပဲ'

သူတို့ နှစ်ယောက်သည် ပစ္စည်းများကို ဟိုတယ်တွင် ထားခဲ့ကာ ကသ္မီယနယ်သို့ မြင်းဖြင့် လာခဲ့ကြသည်။ ထိုမှတစ်ဖန် ဝေလာ အင်းကြီးထဲသို့ သွား၍ တောဘဲ ပစ်ကြသည်။ တောင်ရိုးသို့ တက်၍ ဝက်ဝံ ပစ်ကြသည်။ ဝေါလီ အဖို့မူ တောင်ရိုးပေါ်သို့ ပထမဆုံး အကြိမ် ရောက်ဖူးခြင်း ဖြစ်၏။ ကိုယ်တုံးလုံးတောင်ဟု ခေါ်ကြသော နန်ဂါပါဗက် တောင်ထိပ်ပေါ်တွင် နှင်းတွေ ဖြူဖွေးလျက်။

နှင်းဖုံးနေသည့် တောင်တန်းကြီးများကို မြင်သည့်အခါတွင် အက်ရှ် ငယ်ငယ်က ဒူးရှိခိုင်မာ ခေါ် ရွှေပြည်သာ တောင်တန်းကြီးကို ငေးကြည့်ရင်း လွမ်းမောခဲ့ရပုံ၊ ထိုတောင်တန်းကြီးကို ရှိခိုး ဦးချခဲ့ပုံတို့ကို သူ နားလည်လာ၊ သဘောပေါက် လာခဲ့သည်။

ဝေါလီ၏ အမြင်တွင် ရှုလေတိုင်းသည် လှပနေသည်။ ကြာတွေ ပွင့်နေသည့် ကန်များကလည်း လှ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကမ်း တစ်ဖက်တစ်ချက်တွင် မိုးမခပင်တွေ စီတန်းပေါက်နေသည့် ကွေ့ကောက် ရစ်ခွေနေသော မြစ်ကလေးများကလည်း လှသည်။ ကျွန်းတောကြီးတွေ ဝက်သစ်ချ တောကြီးတွေက မိုးသို့ မျှော်နေကြသည်။ သည်တောင်ရိုးကို သူ မခွဲနိုင်။ မခွဲချင်။

ရဝါလ်ပင်ဒီ တပ်နယ်ထဲသို့ မြင်းလှည်းကလေးဖြင့် ပြန်ဝင်လာသည့် အခါ၌ ရဝါလ်ပင်ဒီသည် ပို၍ ရှုပ်ကာ၊ ပို၍ ဖုန်ထူလာသည်ဟု ထင်ရ၏။ ပို၍ ခြောက်သွေ့ကာ ပို၍ သာယာခြင်း ကင်းသည်ဟု ထင်ရ၏။ တောင်ပေါ်သို့ သွား၍ အနား ယူလိုက်ရသည့် အတွက်လည်း ဝေါလီမှာ ပြန်၍ နေထိုင်ကောင်းလာကာ နွေရာသီ တစ်နွေလုံး ဘာမျှ ပြန်မဖြစ်တော့။

အက်ရှ်ကမူ နေပူကို မကြောက်။ သို့ရာတွင် စားပွဲတွင် ထိုင်၍ အလုပ် လုပ်ရသည်ကို စိတ်ပျက်ငြီးငွေ့သည်။ ထိုအတောအတွင်းတွင် မဒန်းမှ ရဝါလ်ပင်ဒီသို့ မြင်းဖြင့် ရောက်လာသည့် ဓာရင်က သူတို့ နယ်ခြားစောင့် တပ်ဖွဲ့သည် လာမည့် ဆောင်းရာသီတွင် အိန္ဒိယပြည်သို့ တိုင်းခန်း လှည့်လည်လာမည့် ဝိတိုရိယ ဘုရင်မကြီး၏ သားတော်ကြီးအား အစောင့်အရှောက် လိုက်ရမည်ဟု ပြော၏။

'ကျွန်တော်တို့ အဖို့တော့ ဂုဏ်ယူစရာကြီးပေါ့ သခင်ဆပ်၊ တစ်ခုပဲ ရှိတယ်၊ ကျွန်တော်တို့ တပ်ထဲမှာ သခင်ဆပ် မရှိတဲ့ အတွက်တော့ ကျွန်တော် စိတ်မကောင်းဘူး၊ သခင်ဆပ်ကို ဒီမှာ ဘယ်လောက် ကြာကြာ ထားဦးမလဲ မသိဘူးနော်၊ ခုဆိုရင် သခင်ဆပ် ဒီကို ရောက်တာ တစ်နှစ်တောင် ရှိသွားပြီ၊ မကြာခင် ဆိုရင် သခင်ဆပ် ကျွန်တော်တို့ နယ်ခြားစောင့်တပ်ကို ရောက်တာ သုံးနှစ် ပြည့်တော့မယ်၊ ဒီလောက်ဆိုရင် ကိုယ့်မိခင် တပ်ရင်းကို ပြန်ပို့ဖို့ ကောင်းပါပြီဗျာ'

သို့ရာတွင် အာဏာပိုင်များကမူ ထိုသို့ မယူဆကြ။ နယ်စပ်နှင့် ပို၍ ဝေးသည့် နေရာသို့ပင် ပို့ရဦးမည် ဖြစ်ကြောင်းဖြင့် ပြောခဲ့ကြ၏။ ဆယ့်တစ်လ ကြာသည့် ယခုအချိန်တွင်မှ အထက် အာဏာပိုင်များသည် အိပ်ရာမှ လန့်နိုးသကဲ့သို့ ဖြစ်လာကြကာ အက်ရှ်ကို တစ်နေရာသို့ ပို့ရန် စိတ်ကူး ရလာကြသည်။

ပန်ဂျပ် ပြည်နယ် ဘုရင်ခံ၏ အတွင်းဝန်ထံမှ စာတစ်စောင် ရောက်လာခဲ့သည်။ စာတွင် ကာရိကုတ် ဆော်ဘွား၏ ညီမတော် နှစ်ဦးသည် ဘိသော ပြည်နယ် ဆော်ဘွားနှင့် လက်ထပ်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် ရာဇပုတ် ပြည်နယ်မှ သွားရမည် ဖြစ်ကြောင်း၊ သူတို့ကို စောင့်ရှောက် လိုက်ပါရန် အတွက် သင့်လျော်မည့် ဗြိတိသျှ စစ်အရာရှိ တစ်ဦးကို စေလွှတ်ပေးပါရန် ဘုရင်ခံ ကိုယ်စား မေတ္တာရပ်ခံကြောင်း၊ ထိုဗြိတိသျှ စစ်အရာရှိ၏ တာဝန်မှာ နှမတော် နှစ်ဦးအား လမ်းတွင် ရှိသည့် ဗြိတိသျှ တပ်ရင်းများက လိုအပ်သလို ဂုဏ်ပြု ကြိုဆိုခြင်း ရှိ မရှိ ကြည့်ရှုပေးရန်နှင့် သတို့သမီး နှစ်ဦး ချောမောစွာ လက်ထပ်မင်္ဂလာ ပြီးစီးခြင်း ရှိ မရှိ ကြည့်ရှုပေးရန် ဖြစ်ကြောင်း၊ ကိစ္စပြီးသည်နှင့် သူတို့ကို ကာရိကုတ် နယ်စပ် အထိ ပြန်ပို့ပေးရန် ဖြစ်ကြောင်းဖြင့် ပါရှိသည်။

ဆိုင်ရာတို့သည် အဘက်ဘက်မှ စဉ်းစားပြီးနောက် ခေါ်ဆောင်ရမည့် လူအရေအတွက်မှာ များပြားမည်ဟု ယူဆကာ အစောင့်အရှောက် လိုက်ပါမည့် အရာရှိသည် တိုင်းရင်းဘာသာ စကားများကို ကောင်းစွာ ကျွမ်းကျင်ရမည့် အပြင် တိုင်းရင်းသားတို့၏ ဓလေ့ထုံးစံနှင့် စိတ်နေ သဘောထားတို့ကို နားလည်သူ တစ်ဦး ဖြစ်သင့်သည်ဟု ဆုံးဖြတ်လိုက်ကြ၏။

ထိုဆုံးဖြတ်ချက်အရ အက်ရှ်ကို သတိရကြ၏။ သူ့ကိုလည်း အနောက်မြောက် နယ်စပ်နှင့် ဝေးရာသို့ ပို့ပြီးသား ဖြစ်မည်ဟု ဆိုကာ အက်ရှ်ကို ရွေးချယ်လိုက်ကြသည်။ အက်ရှ်၏ ထင်မြင်ချက်ကိုပင် ခေါ်ယူ မေးမြန်းခြင်း မပြုကြတော့။ လိုက်သွားရမည်ဟု အမိန့် ထုတ်ပြန်လိုက်ကြသည်။

အက်ရှ်သည် အထက်လူကြီးများထံမှ ပြန်လာခဲ့ပြီးနောက် ဝေါလီအား

'အင်း ဟော်နန်းထဲက ကပ်ပါးတွေနှင့် ဗလစ်ဗလစ်နှင့် စကားများတဲ့ မိန်းမတွေကို စောင့်ရှောက် လိုက်ပို့ဖို့ လူတစ်ယောက် လိုနေတယ်ကွာ၊ အဲဒီလူဟာ သိုးကျောင်းတဲ့ ခွေးလိုလည်း လုပ်ရမယ်၊ ထောက်ပံ့ရေး အရာရှိလည်း လုပ်ရမယ်၊ မိန်းမထိန်းလည်း လုပ်ရမယ်၊ ဒီတော့ ဒီအရည်အချင်းတွေနှင့် ပြည့်ဝတဲ့ လူဆိုလို့ ကိုယ်ပဲ ရှိတယ် ဆိုပြီး ကိုယ့်ကို ရွေးလိုက်ကြတာပေါ့၊ လခွီးတဲ့၊ ပိုလိုလေး ရိုက်ချင်တာတောင်မှ ကောင်းကောင်း မရိုက်ရတော့ဘူးပေါ့၊ စစ်တိုက်ချင်လို့ စစ်ထဲ ဝင်ပါတယ် ဆိုမှ မိန်းမထိန်း လုပ်နေရပြီ'

'မဟုတ်လိုက်လေဗျာ၊ အမှန်က အစ်ကို သိပ်ကံကောင်းတာ၊ ကျွန်တော့်ကို ရွေးရင် ဘယ်လောက် ကောင်းမလဲ၊ အစ်ကိုပဲ စဉ်းစားကြည့်လေ၊ အိန္ဒိယပြည်

www.burmeseclassic.com

www.burmeseclassic.com



တစ်ပြည်လုံးလည်း အနံ့ သွားရမယ်၊ ပြီးတော့ အင်မတန်ချောတဲ့ မင်းသမီး နှစ်ပါးကိုလည်း ခေါ်သွားရမယ်'

အက်ရှ်က စိတ်ချဉ် ပေါက်ပေါက်ဖြင့်

'ချောရင်တော့ တော်ပါရဲ့ကွာ၊ မချောဘဲနှင့် မုန့်လုံး မျက်နှာမျိုးနှင့် အဝတ်အစား ကိုးရိုးကားရားတွေနှင့် ဆိုရင်တော့ ဒုက္ခပဲ၊ ငါ့အထင်တော့ ဒီအတိုင်းပဲ ဖြစ်မှာပါ၊ မယုံရင် ကြည့်နေ၊ ကိုယ်လုံးကိုယ်ပေါက်က နပ်ဝဝ၊ မျက်နှာက မှဲ့ခြောက်တွေနှင့်၊ အလိုလိုက်လို့ ပျက်စီးနေတဲ့ ကောင်မလေးသာသာ အရွယ်တွေ နေမှာပါ'

'မဖြစ်နိုင်တာ အစ်ကိုရာ၊ စော်ဘွားသမီးတို့ ဘာတို့ ဆိုတာ အချောအလှလေးတွေ များပါတယ်၊ ဘယ်နည်းနှင့်မှ ရုပ်မဆိုးနိုင်ဘူး၊ ကျွန်တော့် မျက်စိထဲမှာ မြင်တောင် နေသေးတယ်၊ လက်ချောင်းမှာ လက်စွပ်တွေ ဝတ်လို့၊ ခြေထောက်မှာ ချူကလေးတွေနှင့်၊ ဆံပင်ကလည်း နက်မှောင်လို့၊ ကျွန်တော်က ဆံပင်နက်ရင် သိပ်သဘောကျတာ၊ ကဲ အစ်ကို သတ္တိရှိရင် ကျွန်တော့်ကို ခေါ်ကြည့်လေ၊ မလိုက်တော့ ကျွန်တော့် အပြစ်ပေါ့၊ အစ်ကို့ လက်တိုလက်တောင်း ခိုင်းတဲ့ လက်ရုံးပေါ့ အစ်ကိုရာ၊ ထမင်းချက် ပုလင်းဆေး ဆိုရင်လည်း ကိစ္စ မရှိပါဘူး၊ လိုက်ပါတယ်၊ အစ်ကို့မှာ ဒီလို လက်တိုလက်တောင်း တစ်ယောက်တော့ လိုမှာပဲ မဟုတ်လား'

'တော်စမ်းပါကွာ' ဟု အက်ရှ်က စိတ်တိုတိုဖြင့် ပြော၏။

ဆယ့်ငါးရက် ကြာသည့် အခါ၌ အက်ရှ်သည် ဝေါလီကို နှုတ်ဆက်ကာ မာဒူး၊ ဂူးလ်ဘတ်၊ မြင်းထိန်းကူလူရန်း၊ မြက်ရိတ်သမား တစ်ယောက်နှင့် အခိုင်းအစေ ခြောက်ယောက်ခန့်ကို ခေါ်လျက် မင်္ဂလာ သတို့သမီးတို့ စောင့်ကြိုနေရာ ဖြစ်သည့် ဗြိတိသျှပိုင် အိန္ဒိယ နယ်ထဲမှ ဒီနာပွန့် မြို့ကလေးသို့ ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၄

ဒီနာဂွန်. မြို့ကလေးက တောင်ခြေတွင် ရှိသည့် မြို့ကလေး တစ်မြို့။ စော်ဘွား အုပ်ချုပ်သည့် ကာရီကုတ်ပြည်နယ်မှ တစ်နေ့ခရီး အကွာတွင် ရှိပြီး အနီးဆုံး ဗြိတိသျှ တပ်ရင်း စခန်း တစ်ခုနှင့် မိုင်နှစ်ဆယ်လောက် ဝေးသည်။

မြို့ဟု ဆိုရသည့်တိုင် ရွာကလေး သာသာမျှသာ။ ချိန်တိ၊ ရာဝိနှင့် ဗီအက် မြစ်ရေကို သောက်သုံးကြသည့် အခြားသော အိန္ဒိယ မြို့ငယ်ကလေးများနှင့် ဘာမျှ ခြားနားခြင်း မရှိ။ လူဦးရေကလည်း နှစ်ထောင် တစ်ဝိုက် လောက်မှာသာ ရှိသည်။

ယခုမူ ဧည့်သည်တွေ အဆမတန် များပြားသည့်အတွက် မြို့ကလေးမှာ ပိုးပရွက်အုံ တစ်ခုနှယ်။ အတွင်းဝန်ထံမှ လာသည့် စာထဲတွင် ပါသည့်အတိုင်း လက်ထပ်မင်္ဂလာသို့ လိုက်ပါလာကြသည့် အခြွေအရံနှင့် ဧည့်သည်များမှာ တစ်မြို့လုံး ပြည့်နေတော့သည်။

လက်ထပ်မင်္ဂလာသို့ လိုက်ပါလာသည့် အခြွေအရံ ပရိသတ်တို့သည် ဒီနာဂွန်. မြို့ကလေးတွင် ရှိသည့် လူဦးရေထက် လေးဆခန့် များနေသည်။ မင်္ဂလာပရိသတ်တို့၏ စခန်းက မြို့ကလေး ဖြစ်နေပြီး ဒီနာဂွန်. မြို့ကလေးက အဖျားအနားသဖွယ် ဖြစ်နေသည်။

ဈေးထဲတွင် ရှိသမျှ အစားအသောက်ဆိုင်တို့တွင် ပြောင်တလင်း ခါနေလေပြီ။ ကွဲစာ၊ နွားစာ၊ မြင်းစာတို့လည်း ဝယ်မရတော့။ ရေပင်လျှင် မလုံလောက်တော့။ မြို့မိမြို့ဖများမှာ မျက်လုံး ပြူးနေကြလေပြီ။

အရေးထဲတွင် မြို့နယ်ကို အုပ်ချုပ်သည့် အရေးပိုင်ကလည်း ငှက်ဖျားကြောင့် အိပ်ရာထဲတွင် လဲနေသည်။

သည်လို အခြေအနေမျိုးတွင် ပြဿနာ အရပ်ရပ် ဖြေရှင်းဖို့ရန်မှာ လွယ်သည့် ကိစ္စ မဟုတ်။ အတွေ့အကြုံ ရှိသည့် အရာရှိကြီးများသာ ဖြေရှင်းနိုင်သည့် ကိစ္စမျိုး ဖြစ်သည်။ သို့ရာတွင် အက်ရှ်ကို ရွေးချယ်လိုက်ခြင်းမှာ သိပ်မဆိုးလှ။ ထိုကိစ္စကို ဆောင်ရွက်ရန် အတွက် အက်ရှ်ကို ဗိုလ်ကြီး ရာထူးသို့ ယာယီ တိုးပေးလိုက်သည်။

သူတို့တစ်တွေ တရုန်းရုန်း ဖြစ်နေပုံကို ကြည့်လိုက်လျှင် မြင်နေကျ မဟုတ်သည့် လူတစ်ယောက် အဖို့ အဓိကရုဏ်းများ ဖြစ်နေလေရော့သလားဟု အောက်မေ့ ရလောက်သည်။

သို့ရာတွင် အိန္ဒိယပြည် မြို့ကြီး တစ်မြို့ထဲက ဈေးထဲတွင် ကြီးပြင်းလာခဲ့ရပြီး ငယ်ငယ်ရွယ်ရွယ်တွင် အိန္ဒိယ စော်ဘွား တစ်ဦး၏ ဟော်နန်းထဲရှိ ခမ်းနား ထောက်ပြောင်မှု၊ အကောက်ကြံမှု၊ ရှုပ်ထွေးမှုတို့ကို မြင်ခဲ့ရသည့် အက်ရှ် အဖို့ကား ထိုအရာများသည် အဆန်း မဟုတ်တော့။

မင်္ဂလာဆောင်သို့ လိုက်ပါကြသည့် ပရိသတ်၏ စခန်းတွင် လူတွေ ပြွတ်သိပ်နေခြင်း၊ ဖရိုဖရဲ ဖြစ်နေခြင်းတို့သည်လည်း သူ့အဖို့ အဆန်း မဟုတ်တော့။ လာလာဂျီ၏ စေ့စပ်ပွဲတုန်းက မြင်ခဲ့ဖူးပြီ။ ထိုစဉ်က စေ့စပ်ပွဲသို့ လာသည့် ပရိသတ်သည် ဂူးလ်ကုတ် တစ်မြို့လုံးနှင့် လေညင်းသာ ဟော်နန်းတွင် လယ်ကွက်ထဲ ကျိုင်းကောင်အုပ် ကျသည့်နှယ် သည်းသည်းလှုပ်နေတော့သည်။ သို့တိုင် လာလာဂျီ၏ သတို့သမီးမှာ တောင်ပေါ် နယ်ကလေး တစ်နယ်မှ စော်ဘွားကလေး တစ်ဦး၏ သမီးတော်မျှသာ ဖြစ်သည်။

ယခု သတို့သမီး နှစ်ယောက်၏ အစ်ကို ကာရီကုတ် စော်ဘွားမှာမူ ပြည်နယ်ကြီး တစ်နယ်ကို အုပ်ချုပ်သည့် တင်းပြည့် မဟာရာဇာကြီး တစ်ဦး ဖြစ်သည်။ သူတို့နှင့် လိုက်ပါလာသည့် အခြွေအရံများမှာလည်း များပြားသည်။ ထို့ကြောင့် ယခုစခန်းတွင် လိုနေသည်မှာ တာဝန်ယူ ဆုံးဖြတ် ကြီးကြပ်ရမည့် လူကောင်းကောင်း လိုနေသည်။

ယခု အက်ရှ်နှင့်မှ အဆင်သင့်။



www.burmeseclassic.com

www.burmeseclassic.com


အက်ရှ်သည် ဂူးလ်ဘတ်ကို ခေါ်၍ အရေးပိုင်ဆီသို့ သွားရန် လမ်းညွှန် တစ်ယောက်ကို အရှာခိုင်းလိုက်သည်။ သူတို့ကို ကာရီကုတ် ပြည်နယ် တပ်ယူနီဖောင်းဝတ် အသက်ကြီးကြီး အရာရှိ တစ်ယောက်က ခေါ်သွား၏။

သူတို့ တစ်သိုက်သည် ရုတ်ရုတ်သဲသဲ ဖြစ်နေသည့် လူအုပ်ကြီး ကြားထဲမှ ဖြတ်၍ မြင်းစီးလာခဲ့ကြသည်။ ရှေ့က သွားနှင့်သည့် လမ်းပြက ဓားလှယ်ကြီးကို အိမ်မှ မချွတ်ဘဲ တယမ်းယမ်းဖြင့် လူအုပ်ကို ရှင်းသည်။

အရေးပိုင်၏ ရွက်ဖျင်တဲမှာ အင်ကြင်းပင် တစ်ပင် အောက်တွင် ထိုးထားသည်။ အထဲရှိ ခေါက်အိပ်စင် တစ်လုံးပေါ်တွင် အရေးပိုင်သည် တဟီးဟီး တုန်၍ ငှက်ဖျားတက်နေသည်။ အဖျား ဒီဂရီက တစ်ရာသုံး။ ရွက်ဖျင်တဲထဲတွင် ရှိသည့် အပူရှိန်နှင့် ပြိုင်လျက်။ သူ့နေရာကို အက်ရှ်က တာဝန်ယူမည်ဟု ဆိုသည့် အခါတွင် ဟန်မဆောင်နိုင်လောက်အောင် ဝမ်းသာနေသည်။

အရေးပိုင် မစ္စတာ ကာတားက ခပ်ငယ်ငယ်။ ထို နယ် အကြောင်းကိုလည်း ကောင်းကောင်း မသိသေး။ ငှက်ဖျားတွင်လည်း အတွေ့အကြုံသစ်။ ထို့ကြောင့် တရုန်းရုန်း ဖြစ်နေသည့် လူအုပ်ကြီးသည် သူ့အဖို့ ခြောက်အိပ်မက် မက်နေသည်နှင့် တူနေတော့သည်။

တသဲသဲ လာနေသည့် လှျောက်လွှာတွေ၊ တိုင်စာတွေ၊ ပစ်စာတွေ၊ တရုန်းရုန်း ဖြစ်နေသည့် လူတွေ၊ အပူရှိန်၊ အသံဗလံတွေ၊ အထူးသဖြင့် အုတ်အုတ်ကျက်ကျက် ဖြစ်နေသည့် လူအုပ်ကြီး၏ အသံသည် သူ့ခေါင်းကို တူကြီးဖြင့် ထုသကဲ့သို့ ရှိသည်။

ယခု သူ့တာဝန်ကို ယူမည့် အက်ရှ်ကို မြင်လိုက်သည့် အခါတွင် သဲကန္တာရကြီးထဲတွင် ရေကို တွေ့လိုက်ရသည့်နယ် အကြီးအကျယ် ဝမ်းသာသွား၏။

အရေးပိုင်က

'ဆောရီးဗျာ၊ ခင်ဗျား မြင်တဲ့ အတိုင်းပဲ၊ ဘယ်လောက် ပရမ်းပတာ ကျနေသလဲ၊ ခုလို အခြေအနေမျိုးမှာ ခင်ဗျားကို ထိုးအပ်ရတာ ကျွန်တော် ဝမ်းနည်းပါတယ်၊ အလကားကောင်တွေ၊ ဘာမှ စည်းကမ်း မရှိဘူး၊ သူတောင်းစားအုပ် ကျနေတာပဲ၊ ဒီမှာ ကြာကြာနေရင် မြို့သိပ်နာနေလိမ့်မယ်၊ ဒီတော့ မြန်မြန် သွားခိုင်းရင် ကောင်းမယ် ထင်တယ်၊ အရေးထဲမှာ မဟာရာဇာစော်ဘွားရဲ့ ညီတော် ဂျိုတီကလည်း လိုက်လာသေးတယ်၊ မနေ့ညကမှ ရောက်တယ်၊ အစ်ကို ပြီးရင် အရိုက်အရာကို သူ ဆက်ခံရမှာပေါ့၊ အိမ်ရှေ့ ဥပရာဇာ ဆိုပါတော့ဗျာ၊ ပြီးတော့ ခင်ဗျား သိအောင် ပြောထားရဦးမယ်'

အရေးပိုင်သည် ပြဖွယ်ကိစ္စများ၊ တာဝန်ဝတ္တရားများကို တတ်နိုင်သလောက် ရှင်းပြ၏။ သို့ရာတွင် ငှက်ဖျားဒဏ်ကြောင့် ကောင်းကောင်း မပြောနိုင်။ သူ့စကားများက ကပေါက်ချိ ကပေါက်ချာ။ နောက်ဆုံးတွင် မပြောနိုင်တော့ဘဲ တိုင်းရင်းသား စာရေး တစ်ယောက်ကို ခေါ်လွှတ်လိုက်သည်။

စာရေးက ခန်းဝင် ပစ္စည်းများကို မှတ်သားထားသည့် စာရွက်ထပ်ကြီးနှင့် တကွ ရွှေငွေ လက်ဝတ်လက်စားများ၊ ငွေများကို သံသေတ္တာကြီးများဖြင့် သယ်လာသည်။ ထိုမှုမက လူစာရင်း၊ အခြေအရံ စာရင်း၊ ဝန်တင် တိရစ္ဆာန် စာရင်း၊ ရွက်ဖျင်တဲ လုံးရေ စာရင်း၊ ရိက္ခာ ပစ္စည်း စာရင်း၊ အလုပ်သမား စာရင်းတို့ကို ယူလာသည်။ သို့ရာတွင် ထိုအရေအတွက်မှာ ခန့်မှန်းခြေ စာရင်းမျှသာ ဖြစ်ကြောင်း၊ အတိအကျ ဆိုလျှင် ထို့ထက် များမည် ထင်ကြောင်းဖြင့် ပြော၏။

အက်ရှ်သည် စာရင်းကို ကြည့်လိုက်သည်။ စာရွက်ပေါ်မှာပင် နည်းသည့် အရေအတွက် မဟုတ်။ မဟာရာဇာ စော်ဘွား၏ ခြေလျင် တပ်ရင်း နှစ်ရင်းနှင့် အမြောက် တပ်စု တစ်စု၊ ဆင် နှစ်ဆယ့်ငါးကောင်၊ ကုလားအုတ် ကောင်ရေ ငါးရာ၊ မရေမတွက်နိုင်သော မြင်းများနှင့် လူဦးရေ ခြောက်ထောင်ခန့် ရှိသည်ကို တွေ့ရသည်။

အရေးပိုင်က

'သောက်ကျိုးနည်း ဒီလောက်တောင် များဖို့လည်း မလိုပါဘူးဗျာ၊ ခုတော့ လွန်လှချေလား၊ မဟာရာဇာ ဆိုတာကလည်း ကောင်လေး အရွယ်ပဲ ရှိသေးတယ်၊ ဆယ့်ခုနစ်နှစ်တောင် မပြည့်သေးဘူး ထင်တယ်၊ သူတို့ ခမည်းတော် စော်ဘွားက မနှစ်က ဆုံးသွားတယ်ဗျ၊ ဒီတော့ စော်ဘွား အချင်းချင်း ဟိတ်ဟန်ပြချင်တယ် ထင်ပါရဲ့၊ အေးလေ ကျွန်တော်တို့ အပေါ်မှာလည်း ဟိတ်ဟန်ပြချင်မှာပေါ့၊ ပိုက်ဆံတွေ ဆိုလည်း ကုန်လိုက်တာ သောက်သောက်လဲ၊ ဒါပေမဲ့ သူ့ သွားပြောနေလို့လည်း အပိုပဲ၊ ခေါင်းက မာဘိသနှင့်'

မဟာရာဇာလေးသည် အစ်မနှင့် ညီမကို နယ်စပ်အထိ လိုက်ပို့ကာ တာဝန်ကြီးလှသော မင်္ဂလာဆောင်



www.burmeseclassic.com

www.burmeseclassic.com



ပရိသတ် ထိန်းသိမ်းရေး ကိစ္စကို အရေးပိုင်သို့ လွှဲပေးပြီးနောက် အမဲပစ်သွားမည့် လက္ခဏာ ရှိသည်။ အရေးပိုင်က ထိုပရိသတ်ကို ဒီနာဝွန်သို့ အရောက် ခေါ်လာပြီးလျှင် အက်ရှ်သို့ လွှဲပေးရမည် ဖြစ်၏။

သို့ရာတွင် ပန်ဂျပ်ပြည်နယ် ဘုရင်ခံသည် လည်းကောင်း၊ အက်ရှ်၏ အထက်တွင် ရှိသည့် စစ်အာဏာပိုင်များသည် လည်းကောင်း ပရိသတ် သည်လောက်များမည် မထင်ခဲ့ကြ။

ထို့ပြင် ထိုပရိသတ်ကြီး ရှိရာသို့ ဆယ်နှစ်အရွယ်သာ ရှိသေးသည့် ဂျိုတီ အမည် ရှိသော အိမ်ရှေ့ဥပရာဇာ ကိုယ်တော်လေး ကိုယ်တိုင် လိုက်လာမည် မထင်ခဲ့ကြ။

အရေးပိုင်က

'ဘာဖြစ်လို့ ဒီဥပရာဇာကလေးကိုပါ လွှတ်လိုက်သလဲ မသိဘူးဗျာ၊ ကျွန်တော်တို့မှာ သက်သက် အလုပ်ပိုရုံပဲ၊ လာတော့လည်း ကမန်းကတန်းကြီး၊ တစ်နေ့ညက အထိ သူ ရောက်လာတာကို ကျွန်တော်တို့ မသိဘူး၊ ခုတော့ ကျွန်တော်တို့မှာ တာဝန်တွေ ပိုလာတာပေါ့၊ ကဲလေ စခန်းကြီး တစ်ခုလုံး ခင်ဗျား လက်ထဲက ခိုင်ကပ်ပဲ၊ ကြိုက်သလို လုပ်ပေတော့၊ ခင်ဗျား အတွက်တော့ စိတ်မကောင်းပါဘူး'

အခမ်းအနား အဆောင်အယောင်တွေကလည်း များလိုက်သည့် ဖြစ်ခြင်း။ ထိုကိစ္စများ ပြီးသည့်အခါတွင် မိုးတော်တော် ချုပ်နေလေပြီ။ သို့တိုင်အောင် ငှက်ဖျားဖြင့် ခိုက်ခိုက်တုန်နေသော အရေးပိုင်သည် သူ့တာဝန်များကို လွှဲပေးပြီး ပြန်မည်တကဲကဲ လုပ်နေသည်။ အနား ယူချင်လှပြီ။ လေကောင်း လေသန့်ကလေးကို ရှူချင်လှပြီ။ ထို့ပြင် ဤစခန်းတွင်လည်း လူပို အဖြစ် မနေချင်တော့။

အက်ရှ်ကို လွှဲပေးပြီးသည်နှင့် သူ့တာဝန် ကုန်ပြီ။ စခန်းသည် သူ့လက်ထဲက ခိုင်ကက်ကလေး မဟုတ်တော့။ အက်ရှ် လက်ထဲသို့ ရောက်သွားသည့် ခိုင်ကက်ကလေး ဖြစ်သွားပြီ။ သူ့အဖို့ မြန်မြန် သွားလေ ကောင်းလေ မဟုတ်လော။

အရေးပိုင်၏ အစေခံများက သူ့ကို ဝေါတစ်စင်းပေါ်သို့ တင်ကြသည်။ ဝေါသည် ဖုန်မှုန့်တွေ လုံးထနေသော နေခြည် ဖျော့ဖျော့ထဲတွင် ထွက်သွား၏။ ယခု စခန်းကြီး တစ်ခုလုံးသည် အက်ရှ် လက်အောက်တွင် ရောက်နေလေသည်။

ထိုပထမညက အက်ရှ် တစ်ယောက် ပင်ပန်းလိုက်သည့် ဖြစ်ခြင်း။ အရေးပိုင်၏ ဝေါ ပျောက်ကွယ်သွားသည်နှင့် သူ့ဆီသို့ လူတွေ တစ်သုတ်ပြီး တစ်သုတ် ရောက်လာကြသည်။ ပစ္စည်းများ ဝယ်ယူသည့်အတွက် ငွေလာတောင်းသူ၊ ပစ္စည်းပျောက်မှုတွေ၊ ခိုက်ရန် ဖြစ်ပွားမှုတွေ၊ အနိုင်ကျင့်မှုတွေ၊ ကုလားအုတ်မောင်းသမား အချင်းချင်း၊ ဆင်ဦးစီး အချင်းချင်း ရန်ဖြစ်မှုတွေက အစ နေရာထိုင်ခင်း အဆင် မပြေသဖြင့် လာရောက် တိုင်တန်းမှုတွေ အဆုံး အမှုမျိုး စုံနေတော့သည်။

သူတို့ကို ကြည့်ရသည်က ယခု ရောက်လာသည့် စစ်ဗိုလ်ကလေးသည် ခပ်စောစောက ပြန်သွားသည့် အရေးပိုင် ကတ်တား သခင်ဆပ်လို အတွေ့အကြုံ ရှိသူ မဟုတ်ဟု ထင်ကြဟန်တူသည်။ ထို့ကြောင့် စကားပြောတော့လည်း ပမာမခန့် မထီလေးစားနှင့်။ သို့ရာတွင် ငါးမိနစ်လောက် ကြာသည့် အခါတွင် သူတို့ အထင်များ ကြောင်းကို တွေ့လိုက်ရပြီ။

အက်ရှ်က ဝေါလီသို့ ပေးသော စာ၌ 'ဒီအတိုင်း လုပ်နေလို့တော့ မဖြစ်ချေဘူး ဆိုပြီး သူတို့ကို ခေါ်ပြီး ခပ်ကြမ်းကြမ်းကလေး မိန့်ခွန်း ပေးလိုက်ရတယ်ကွ၊ အဲဒီတော့မှ ငနဲတွေ နည်းနည်း ရှိန်းသွားကြတယ်၊ နောက်တော့လည်း အဆင်ပြေသွားပါတယ်' ဟု ရေးထားသည်။

အက်ရှ်သည် စခန်းမှ မင်္ဂလာ ပရိသတ်ကို သူတို့ ဘာသာ စကားဖြင့် ခပ်ကြမ်းကြမ်းကလေး ပြောပစ်လိုက်သည်။ သူတို့ တွေ့ခဲ့ဖူးသည့် သခင်ဆပ်များက အက်ရှ်လောက် သူတို့ဘာသာ စကားကို ကျွမ်းကျင်ခြင်း မရှိ။ သူတို့ တွေ့ခဲ့ဖူးသည့် သခင်ဆပ်များသည် သိမ်မွေ့သည့် အရာရှိများလျှင်လည်း ဖြစ်နေတတ်သည်။ သို့မဟုတ်လျှင်လည်း ဆူလား ဆဲလား ကြိမ်းလား မောင်းလား လုပ်တတ်သည့် အရာရှိများလျှင်လည်း ဖြစ်နေတတ်သည်။

အက်ရှ် သခင်ဆပ်က အထူးတလည်လည်း သိမ်မွေ့ခြင်း မရှိ။ အထူးတလည်လည်း ရိုင်းစိုင်းခြင်း မရှိ။ သူ စကားပြောပုံက အတွေ့အကြုံ ကြွယ်သည့် ရှာသူကြီး တစ်ယောက်နှယ်။ သူတို့ ပြည်နယ်၏ ထုံးစံဓလေ့တွေကို တတ်ကျွမ်း နားလည်သည့် လူတစ်ယောက်ပုံ။ လက်အောက်ငယ်သားကို နိုင်နိုင်နင်းနင်း အုပ်ချုပ်နိုင်သည့် အကြီးအကဲ တစ်ယောက် သဏ္ဍာန်။



www.burmeseclassic.com

www.burmeseclassic.com



အက်ရှ်သည် ထိုအတွေ့အကြုံများကို တပ်ရင်း ဒါဘာပွဲများမှ ရခဲ့ခြင်း ဖြစ်၏။

စခန်း တစ်ခုလုံးသည် သူ့စကားကို နားထောင်ကြ၏။ လက်ခံကြ၏။ သူတို့ကို စောင့်ရှောက် ခေါ်သွားမည့် ဤဗြိတိသျှ စစ်ဗိုလ်ကလေးသည် သူတို့အကြောင်းကို ကောင်းစွာ နားလည်၍ သူတို့ကလည်း ကောင်းစွာ နားလည်နိုင်သူ တစ်ယောက် ဖြစ်ကြောင်းကို သဘောပေါက်သွားကြ၏။

နောက်တစ်နေ့ မနက် စခန်းကို ရုပ်သိမ်း၍ ခရီးဆက်မည် ပြုသည့် အခါတွင်မူ မြို့ထဲရှိ ကုန်စုံဆိုင်များမှ အကြွေးများကို ရှင်းပြီးပြီ။ ခိုက်ရန် ဖြစ်ပွားမှုများကို ဖြေရှင်းပြီးပြီ။ သတို့သမီးဘက်မှ လိုက်ပါလာသည့် လူကြီးများကို တွေ့ဆုံ နှုတ်ဆက်ပြီးပြီ။

သို့ရာတွင် မျက်နှာများကို ကောင်းစွာ မမှတ်မိသေး။ လူတွေကလည်း များသဖြင့် မှတ်ဉာဏ်ထဲတွင် ဝါးကုန်သည်။ နောင်တွင် စခန်းကြီး တစ်ခုလုံးကို အောင်မြင်စွာ ရွှေ့ပြောင်းရေးက အရေးကြီးသည်။

အက်ရှ်သည် သူ့ကို တာဝန်လွှဲပေးသည့် အရေးပိုင် ပြောသွားသကဲ့သို့ စခန်းကြီးကို လိုရာ ခရီးသို့ အမြန်ဆုံး ရောက်အောင် ရွှေ့လိုသည်။ ဖြစ်နိုင်လျှင် တစ်နေရာတွင် တစ်ည နှစ်ညထက် ပို၍ မနားချင်။ လမ်းတွင် ခရီး ကြန့်ကြာသည် ဆိုလျှင် ဒီနာဂွန့်တွင် ဖြစ်ပျက်ခဲ့သလို ဗရုန်းသုန်းကား ဖြစ်နိုင်သည်။

သူတို့ စခန်း အဖွဲ့တွင် လူက ရှစ်ထောင်ခန့်။ ဝန်တင် တိရစ္ဆာန် ဦးရေကလည်း လေးထောင်ကျော်ခန့်။ နေရာ တစ်နေရာကို ရောက်သည်နှင့် လယ်ကွင်းထဲ ကျိုင်းကောင်အုပ် ဆင်းသလို ပရမ်းပတာ။ စည်းကမ်းမရှိလျှင်၊ ကြိုတင် စီမံမှု မရှိလျှင် သူတို့ ဖြတ်သန်းရာ နေရာများတွင် အစာရေစာများ ပြောင်တလင်း ခါသွားနိုင်သည်။ ဖရိုဖရဲ ဖြစ်နိုင်သည်။

အက်ရှ်သည် ပထမနေ့ စခန်းပြောင်းတွင် လူတန်းကြီးနှင့် လှည်းတန်းကြီး ဦးပိုင်းနှင့် အမြီးပိုင်းကို ခေါက်တုံ့ခေါက်ပြန် မြင်းတစ်စီးဖြင့် လျှောက်ကြည့်ကာ လူအပျောက်အရှ ရှိ မရှိ၊ အနေအထား မှန် မမှန်၊ မြန်နှုန်း ကိုက် မကိုက်ကို ကြည့်၍ (ဝေါ်လီအား ရေးပေးလိုက်သည့် စာထဲတွင် ပါသလို) 'သိုးကျောင်းခွေး' တာဝန်ကို ထမ်းနေရသဖြင့် တစ်ဦးချင်းကို သတိမထားမိ။

လူတန်းကြီးနှင့် လှည်းတန်းကြီးက တစ်မိုင်လောက် ရှည်သည်။ ရွှေ့တော့လည်း ခပ်နှေးနှေး။ ဆင်များ သွားသလို ဖုန်တောကြီးထဲတွင် တရွေ့ရွေ့။ တစ်ခါတစ်ရံတွင် နားကြသေးသည်။ စကား ပြောကြသေးသည်။ ဟော်နန်းသုံး ဆင်ကြီး လေးစီးမှ အပ ကျန်ဆင်များမှာ ဝန်တင်ထားကြပြီး အများအားဖြင့် ကာရိကုတ်စော်ဘွား၏ စစ်သားများ၊ အမြောက်ကြီးများ အပါအဝင် လက်နက်များကို တင်ထားကြ၏။

ဟော်နန်းသုံး ဆင်ကြီး လေးစီးမှာမူ ရွှေနှင့် လောဟာပြားကြီးများ ခတ်ထားသည့် ဆင်ကများကို တင်ထားသည်။ ရာဇကုမ္မာရီ (မင်းသမီး) များ၊ အခြွေအရံများ၊ သူတို့မောင်တော် အိမ်ရှေ့ ဥပရာဇာ ကိုယ်တော်လေးနှင့် သတို့သမီးဘက်မှ လူကြီးများ မင်္ဂလာပွဲကျင်းပသည့် နေ့တွင် စီးရန် ဖြစ်၏။

ခရီး တစ်လျှောက်တွင်လည်း ထိုဆင်ကြီးများဖြင့် လိုက်ပါ လာလိမ့်မည်ဟု ထင်ရ၏။ သို့ရာတွင် အသွားနှုန်းက နှေးသဖြင့် ဆင်ကပေါ်တွင် ထိုင်လိုက်ရသည်မှာ မသက်သာလှ။ ဆင်ကကြီးပေါ်တွင် ခရီးရှည်လိုက်လာရသည်မှာ စကောတွင် ဆီးဖြူသီး ထည့်လှိမ့်သလို ဖြစ်နေသည့် အတွက် သတို့သမီး အငယ်ဖြစ်သူ ညီမငယ်က (ယင်းမှာ မဟာရာဇာ၏ ညီမ အရင်း ဖြစ်သည့်အတွက် အရေးအကြီးဆုံးလည်း ဖြစ်သည်။) ဆင်ပေါ်တွင် မလိုက်လို။ သူ့အစ်မပါ (သူတို့ ညီမငယ်သည် သူ့အစ်မနှင့်လည်း မခွဲနိုင်။) လှည်းယဉ်ဖြင့် လိုက်မည်ဟု ဆိုသဖြင့် ပေါင်းမိုးကြီးတွေ ချကာ ရွှေချည်ထိုးကန့်လန့်ကာတွေ ကာထားသည့် လှည်းယဉ် တစ်စီးပေါ်သို့ ပြောင်းပေးလိုက်ရသည်။

သို့ပြောင်းရွှေ့ရာတွင် ခရီး အနည်းငယ် ကြန့်ကြာနေသဖြင့် မိန်းမစိုးချုပ်က

'သခင်မကလေး တော်တော် ခရီး ပန်းနေပါတယ်၊ မိန်းမဆောင်ရဲ့ အပြင်ဘက်ကို တစ်ခေါက်မှ ရောက်ဖူးသေးတာ မဟုတ်ဘူး၊ ဒါကြောင့် ခုတော့ ဟော်နန်းကို လွမ်းပြီး ခရီး သွားရတာကို စိုးရိမ်နေတယ်' ဟု အက်ရှ်ကို ရှင်းပြသည်။

ပထမနေ့တွင် သူတို့ လူတန်း လှည်းတန်းကြီးသည် ကိုးမိုင်မျှသာ ခရီးပေါက်၏။ ထိုအထဲတွင် လမ်းက ကွေ့ကောက်ကာ ကုန်းတက် ကုန်းဆင်းတွေ များနေသဖြင့် ကျီးကန်းပျံ လမ်းအတိုင်း တွက်လျှင် သုံးမိုင်ထက် ပို၍ ခရီး မပေါက်။ ထိုမျှပင် ခရီး မပေါက်သည့် နေ့တွေကလည်း အများကြီး။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညတွင် အက်ရှ်သည် ကြီးမားလှသော မြေပုံကြီးကို ဖြန့်၍ တွက်ကြည့်ရာ တစ်ပတ်လျှင် ပျမ်းမျှ မိုင်ငါးဆယ် ခြောက်ဆယ်လောက်သာ ခရီးပေါက်သည်ကို တွေ့ရသည်။ သည်နှုန်းဖြင့် ဆိုလျှင် ရဝါလ်ပင်ဒီရှိ သူ့တပ်စခန်းသို့ လပေါင်းများစွာ ကြာမှ ပြန်ရောက်တော့မည်။

သို့ရာတွင် အက်ရှ် စိတ်မပျက်။ ရှုခင်းတွေ တစ်မျိုးပြီး တစ်မျိုး ပြောင်းကာ ကွင်းပြင်ကြီးထဲတွင် ခရီး သွားရသည်ကို သူ ပျော်သည်။ သူ့ကို အုပ်ချုပ်အမိန့် ပေးမည့်သူ မရှိဘဲ ထောင်ပေါင်းများစွာသော လူတန်းကြီးကို ကွပ်ကဲ လိုက်ပါရသည်ကို သူ နှစ်ခြိုက်သည်။

နောက်တစ်နေ့ နေ့လယ်လောက် ရောက်မှ သူတို့စခန်းနှင့် အတူ မဟာရာဇာ၏ ညီ အိမ်ရှေ့ ကိုယ်တော်လေး ပါလာကြောင်းကို သူ သတိရ၏။ အိမ်ရှေ့ ကိုယ်တော်လေးအား သွားရောက် နှုတ်ဆက်ရန် စုံစမ်းကြည့်သည့်အခါတွင် အိမ်ရှေ့ ကိုယ်တော်လေးမှာ ကောင်းစွာ နေထိုင်မကောင်း ဖြစ်လျက် ရှိကြောင်းဖြင့် သိရသည်။ (အချိုများကို အစား များသဖြင့် နေထိုင်မကောင်း ဖြစ်သည်ဟု ဆို၏။) နောင် တစ်ရက် နှစ်ရက်လောက် ရှိမှ တွေ့ခွင့်ရမည်ဟု သိရသည်။

ထို အတောအတွင်းတွင်မူ အက်ရှ်အား အထူးအခွင့်အရေးပေးသည့် အနေဖြင့် အိမ်ရှေ့ ကိုယ်တော်လေး၏ အစ်မတော်များ (သတို့သမီးများ) နှင့် တွေ့ဆုံခွင့်ပြုမည်ဟု သိရသည်။

သတို့သမီး နှစ်ယောက်၏ ရွက်ဖျင်တဲကြီးမှာ စခန်းထဲတွင် အကြီးဆုံး ရွက်ဖျင်တဲကြီး ဖြစ်သည်။ စခန်းချလျှင် ထိုရွက်ဖျင်တဲကြီးကို အလျင်ထိုးပြီး ကျန်ရွက်ဖျင်တဲများက နောက်မှ လခြမ်းသဏ္ဌာန် ဝိုင်းပတ်၍ ထိုးကြရ၏။ အလယ်တွင် သတို့သမီး နှစ်ဦး၏ ရွက်ဖျင်တဲ၊ ထိုရွက်ဖျင်တဲ ပတ်ပတ်လည်တွင် သတို့သမီး အခြွေအရံများ၏ တဲငယ်များ၊ အစေတော်များ မိန်းမပျိုများ၏ တဲငယ်များ၊ ထို့နောက် အမတ်ကြီးများနှင့် ဟော်နန်းစောင့် တပ်များ၏ တဲများ။ ထို့နောက် အိမ်ရှေ့ကိုယ်တော်လေး၏ တဲနန်းနှင့် ကျန်အခြွေအရံများ၏ တဲများ။

ထုံးစံအတိုင်း ဆိုလျှင် အက်ရှ်၏ ရွက်ဖျင်တဲသည် နောက်ဆုံး တဲသိုက်ထဲတွင် ရှိရမည် ဖြစ်၏။ သို့ရာတွင် အက်ရှ်က အေးအေးဆေးဆေး တိတ်တိတ်ဆိတ်ဆိတ် နေလိုသည့် အတွက် အစွန်တွင် သွား၍ သူ့တဲကို ထိုးထားသည်။

ထို့ကြောင့် ထိုနေ့ညက ဆိုလျှင် အက်ရှ်၏ တဲသည် အလယ်ကောင်တွင် ရှိနေသည့် သတို့သမီးများ၏ တဲနန်းနှင့် တော်တော် လှမ်းနေ၏။ ထိုနေ့ညက အက်ရှ်သည် ဟော်နန်းစောင့် တပ်သား နှစ်ဦး၊ ကွယ်လွန်သူ မဟာရာဇာ၏ နောင်တော် (သတို့သမီး နှစ်ယောက်၏ ဘကြီး) တို့ လာရောက် ခေါ်သဖြင့် သူတို့နှင့် အတူ သတို့သမီး နှစ်ယောက်၏ တဲနန်းသို့ လိုက်လာခဲ့ရသည်။

ပူးရ်ဒါး ခေါ် မိန်းမများ ခေါင်းမြီးခြုံသည့် စနစ်နှင့် သီးခြား ခွဲနေသည့် စနစ်မှာ မဟာမေဒင် ဘုရင်များကြောင့် ဟိန္ဒူထုံးစံ ထွန်းကားသည့် အိန္ဒိယပြည်တွင် ကျင့်သုံးခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် တစ်ပြည်လုံး အတိုင်းအတာ အထိ ပျံ့နှံ့ခဲ့ခြင်း မရှိ။ ထို့ကြောင့် သတို့သမီး နှစ်ယောက် အက်ရှ်ကို အတွေ့ခံခြင်းမှာလည်း အံ့သြဖွယ် မဟုတ်။

စင်စစ် အက်ရှ်သည် သခင်ဆပ် တစ်ယောက်။ နိုင်ငံခြားသား တစ်ဦး။ ဗရစ်တစ်ရပ်ဂျ် ခေါ် ဗြိတိသျှ အချုပ်အခြာ အာဏာကို ကိုယ်စားပြုထားသူ တစ်ယောက်။ သတို့သမီး နှစ်ယောက်အား လမ်းခရီးတွင် သက်သောင့်သက်သာ လုံလုံခြုံခြုံဖြင့် လိုက်ပို့ရမည့် တာဝန်သည် သူ့တာဝန်။ သူ့ကို အထူး အခွင့်အရေး ပေးရမည်သာ။ ထို့ကြောင့် ဆွေမျိုးနီးစပ်မှ အပ အခြား မည်သည့် ယောက်ျားကိုမျှ ပေးရိုးထုံး မရှိသည့် အခွင့်အရေးကို ပေးခြင်း ဖြစ်သည်။

သို့ရာတွင် ရာဇကုမ္မာရီ နှစ်ဦးကို တွေ့ဆုံရခြင်းမှာ ခဏမျှသာ။ ထို့ပြင် သူတစ်ယောက်တည်း တွေ့ရသည် မဟုတ်။ သူတို့ ဘကြီးတော် ကာကာဂျီ ရောင်း၊ သူတို့နှင့် ဆွေမျိုးနီးစပ် တော်သူ မာလဒီယိုရိုင်းတို့အပြင် သူတို့ အခြွေအရံများ၊ မိန်းမစိုးများနှင့် ကလေးငယ် ခြောက်ယောက်ခန့်တို့နှင့် အတူ တွေ့ရခြင်း ဖြစ်သည်။

ခေါင်းမြီး မခြုံရသည့်တိုင် သတို့သမီး နှစ်ယောက်နှင့် သူတို့အစ်မ ဝမ်းကွဲဖြစ်သူ အန်ပိုရာဘိုင်တို့မှာ ထုံးစံအရ ရွှေခြည်ထိုး ဆာရီများကို မျက်နှာတွင် ဖုံးထားသည့်အပြင် ခပ်ဝေးဝေးမှသာ တွေ့ရသဖြင့် မျက်လုံးများနှင့် နဖူးပြင် တစ်ပိုင်းကိုသာ မြင်လိုက်ရသည်။ သို့ရာတွင် ဆာရီများမှာ ဗာရာဏသီ ပြည်နယ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အနုစား ပိုးဇာနုများ ဖြစ်သည့် အတွက် အခြားသော ဆာရီများထက် ပါးလွှာသဖြင့် သာမန် တွေ့ရိုးတွေ့စဉ် မဟုတ်ဘဲ အထူး အခွင့်အရေးပေး တွေ့ခြင်း ဖြစ်ကြောင်း ကမ္ဘူ ထင်ရှား၏။

အက်ရှ်သည် သူတို့ ရုပ်ရည်ကို အတော် အတန် အသင့် မြင်ခွင့် ရလိုက်သည်။

အက်ရှ်က သူ စခန်း တာဝန် ယူရပုံနှင့် ပတ်သက်၍ ဝေါ်လီထံ ရေးလိုက်သည့် စာတွင်

'မင်း ပြောတာ မှန်တယ် ဝေါ်လီ၊ ရာဇကုမ္မာရီ နှစ်ယောက်ဟာ အရုပ်ကလေးတွေလို တယ်ချောတာပဲ၊ အငယ်မက ပိုပြီး ချောတယ်ကွ၊ အသက်ကလည်း ဆယ့်လေးနှစ်ပဲ ရှိသေးတယ်၊ ချောလိုက်တာကတော့ မပြောပါနှင့်တော့၊ တပ်ဂျ်မဟာက ရာဂျီဟန်ရဲ့ မိဖုရား လား အောက်မေ့ရတယ်၊ ကိုယ်နှင့် တွေ့တုန်း အနားမှာ ရှိတဲ့ ဆွေတော် မျိုးတော် ကလေးလေး တစ်ယောက်က သူ့ဆာရီကို လှမ်းဆွဲလိုက်လို့ ဆာရီက မျက်နှာပေါ်က လျှောကျသွားတော့ သူ့မျက်နှာကို သေသေချာချာ မြင်လိုက်ရတာကိုးကွ။

'တကယ်ပဲ ဟေ့၊ လှလိုက် ချောလိုက်ပုံတော့ မပြောနှင့်၊ ကိုယ်ဖြင့် ကမ္ဘာပေါ်မှာ ဒီလောက် ချောတဲ့ မိန်းမရယ်လို့ ရှိမယ်တောင် မထင်ဘူး၊ မင်း မမြင်လိုက် ရတာ ငါ့အဖို့ ကံကောင်း သွားတာပေါ့ကွ၊ မင်းဆိုတဲ့ ကောင်က လုပ်မိရင် တစ်ဖွတ်ထိုး၊ မြင်မြင်ချင်း ချစ်လှ ချေရဲ့ ကြိုက်လှချေရဲ့ ဆိုပြီး ဖြစ်နေမှဖြင့် ငါ့မှာ ဒုက္ခ၊ မင်းသာ ပါလာရင် အဲဒီ ရာဇကုမ္မာရီကို မြင်ပြီး တစ်လမ်းလုံး မြားနတ်မောင်ရဲ့ အချစ်မြား အကြောင်းကို ကဗျာတွေ စပ်မှာ မြင်ယောင်သေးတယ်ကွာ၊ ကိုယ်က တော့ မိန်းမ ဆိုရင် အသည်းနာနေတဲ့ ကောင် ဆိုတော့ ကိုယ် ကံကောင်းတယ်လို့ပဲ ဘုရားကိုပဲ ကျေးဇူး တင်ရမှာပေါ့ကွာ။

'နောက် ရာဇကုမ္မာရီ တစ်ယောက်ကတော့ သိပ် ရှေ့တန်း မထွက်လှဘူးကွ၊ ခပ်ကုပ်ကုပ်ပဲ၊ အသက်က လည်း နည်းနည်းကြီးတယ်၊ ကြီးဆို ဆယ့်ရှစ်နှစ်လောက် ရှိပြီပေါ့ကွာ၊ ဆယ့်ရှစ်နှစ် ဆိုတာ ဒီတိုင်းပြည်မှာ ချောင်ထဲကို ထိုးထားလိုက်ပြီလေ၊ ဒီအချိန်အထိ အပျိုကြီး ဖြစ်နေတာ ဘာကြောင့်လဲ ဆိုတာတော့ ကိုယ် မသိဘူးပေါ့၊ ကြည့်ရတာကတော့ သူက သာမန် မဟာဒေဝီ အငယ်စား တစ်ယောက်ရဲ့ သမီးတော်မို့လို့လား၊ ဒါမှမဟုတ် ကွယ်လွန်သူ မဟာရာဇာရဲ့ မောင်းမ တစ်ယောက်ယောက်က မွေးတာလားတော့ မသိဘူး၊ တစ်ခုခု တော့ တစ်ခုခုပဲ။

'ဒါပေမဲ့ ကိုယ် မြင်လိုက်ရသလောက် ဆိုရင် တော့ သူလည်း တော်တော်လေးကို ချောပါတယ်၊ ဒါပေမဲ့ သူက အိန္ဒိယ အလှမျိုးတောင် မဟုတ်ဘူးကွ၊ အိန္ဒိယ အလှ မဟုတ်တော့ ကိုယ်ကြိုက်တဲ့ အလှမျိုး မဟုတ်ဘူးပေါ့ကွာ၊ အရပ်က မြင့်မြင့်သွယ်သွယ်ကွာ၊ မျက်နှာလေးက လေးထောင့် မကျတကျလေး၊ မျက်နှာ ကတော့ ကိုယ့်အကြိုက်နှင့် နည်းနည်း ကွာသွားတယ် ကွ၊ ကိုယ်က မျက်နှာ သွယ်သွယ်ကလေးမှ ကြိုက်တာကိုး ဒါပေမဲ့ မျက်လုံးကတော့ တကယ် လှတာဟေ့၊ မက်ရှ ဖွန်းက ငါးကန်လေး နှစ်ကန် ကျနေတာပဲ၊ သူ့ညီမလို မျက်လုံးက သိပ်အနက်ကြီးလည်း မဟုတ်ဘူး၊ ညိုတိုတို ကလေးတွေ၊ အနက်ထဲမှာ ရွှေရောင် စွက်နေတယ် ဘယ့်နှယ်လဲဟေ့၊ ကိုယ့်ကို အားမကျဘူးလား' ဟု ရေး ထားသည်။

အက်ရှ်က သူ မိန်းမတွေကို အသည်းနာကြောင်း တော်တော်တန်တန် မိန်းမကို စိတ်မဝင်စားတော့ကြောင်း ဖြင့် ရေးထားသည့်တိုင် ကာရီကုတ် ရာဇကုမ္မာရီ နှစ်ဦး သည် ရုပ်ချောရုံမျှမက သူ့အတွက် အမောပြေ အပျင်း ပြေစရာလည်း ဖြစ်နေသည်။

သူတို့ နှစ်ယောက်၏ ကိုယ်လုံး ကိုယ်ပေါက်နှင့် ရုပ်ရည်ကို မကြာခဏ မတွေ့ရသည့်တိုင် အရေးမကြီး စင်စစ် သူသည် 'ဝဝဖိုင့်ဖိုင့်၊ အဝတ်အစား မသပ်မရပ် မင်းသမီး နှစ်ယောက် အစား ချစ်စရာ ကောင်းသည့် ရာဇကုမ္မာရီ နှစ်ဦးကို မင်္ဂလာဆောင်သို့ လိုက်၍ ပို့ရ သည် ဆိုခြင်းမှာ ကြည်နူးစရာ၊ လွမ်းမောစရာ၊ စိတ်ကူး ယဉ်စရာ။ ညစ်ပတ် ဆူညံသော သူတို့ စခန်းကြီးသည် သူတို့ နှစ်ယောက်ကြောင့် လှပလာသည်ဟုပင် ထင်မိ သေး၏။

သို့ဖြင့် အက်ရှ်သည် 'လက်စွပ်တွေ လက်မှာ အစီအရီ၊ ခြေတွင် ချူတွေ အစီအရီ' ဖြင့် ဗန်ဗူရီသို့ မြင်းစီး၍ သွားသော မိန်းမပျို တစ်ယောက် အကြောင်း ကို ဖွဲ့ထားသည့် ငယ်ငယ်တုန်းက ရခဲ့သော သားချော သီချင်းကလေးကို လေချွန်ရင်း တဲစခန်းသို့ ပြန်လာခဲ့ သည်။

တော့ဒ် ရေးသည့် 'ရာဂျစသန်' အမည်ရှိ စာအုပ်ထဲတွင် ပါသော သူတို့ တိုင်းပြည်က ရေးခဲ့ မိန်းမချောများ ဖြစ်သည့် ဟူမာရန်း၏ မိဖုရား ဟာမီဒ



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာတွင် အလှဆုံး မိန်းမဟု ပြောကြသည့် ပဒ္မဇာ၊ တပ်ဂျ် မဟာကို ဆောက်ခဲ့သည့် ရှာဂျဟန်၏ မိဖုရား မွန်းတပ်ဇ် မဟာ စသူတို့ကို ပြေး၍ သတိရမိသည်။

ဟုတ်သည်၊ ဝေါ်လီ၏ စကားသည် အမှန်။ မင်းသမီး အားလုံးသည် ချောကြ လှကြသည်ချည်းသာ။

အက်ရှ်သည် သတို့သမီးများ ဖြစ်ကြသည့် ရာဇကုမာရီ နှစ်ဦးကို စိတ်ဝင်စားလျက် ရှိသဖြင့် ကျန် ပရိသတ်များကို တစ်ချက်မျှသာ ဝေ့ယမ်းကြည့်မိ၏။ ပရိသတ်ကလည်း အက်ရှ်ကို ပို၍ စိတ်ဝင်စားနေကြသည်။

နောက်တစ်နေ့ ခရီး အဆုံး ညရပ်နားမည့် မြို့မှာ ဗြိတိသျှ တပ်ရင်း တစ်ရင်း တပ်စွဲထားသည့် မြို့ တစ်မြို့ အစွန်တွင် ဖြစ်သဖြင့် အက်ရှ်သည် ဆိုင်ရာ တပ်မှူးနှင့် စကားပြောဆိုရန် မြင်းဖြင့် ကြို၍ သွားနှင့်သည်။ တပ်သို့ ရောက်လျှင် တပ်မှူးက စားမြိန်ရိပ်သာတွင် ညစာ စား ဖိတ်သဖြင့် ထိုနေ့တွင် မည်သူနှင့်မှ မတွေ့ရတော့။

တပ်မှူးကမူ ဝေါ်လီလို မဟုတ်။ သည်တာဝန်ကြီးကို ယူလာရသည့် အက်ရှ်ကို ကြည့်၍ သနားနေသည်။ ထမင်းစားပြီး၍ ပို့ဝိုင်နှင့် ဆေးပြင်းလိပ်ကို သောက်ကြရင်း တပ်မှူးက

'ငါကတော့ မင်းတာဝန်မျိုးကို အားမကျဘူးကွာ၊ မင်းတာဝန်မျိုးကို မယူရတာ ငါ့အဖို့တော့ ဘုရားမတာပဲ၊ ဒီလူအုပ်ကြီး ကြားထဲမှာ တစ်နေ့ကို အကြိမ်နှစ်ဆယ်လောက် ခြေချနေရတာ ဘယ်လောက် စိတ်ပျက်စရာ ကောင်းသလဲ၊ အရောရော အနှောနှောနှင့်၊ မင်း ဘယ်လို ထိန်းလာတယ် ဆိုတာ ငါဖြင့် စဉ်းစားလို့ မရဘူး'

'ဘာကို ထိန်းရမှာလဲ တပ်မှူး'

'အဲဒီ ဇာတ်စနစ်ပေါ့ကွ၊ မူဆလင်တွေမှာတော့ ဇာတ်နိမ့် ဇာတ်မြင့် ခွဲခြားတဲ့ စနစ် မရှိပါဘူး၊ ဘယ်သူနှင့် အတူ စားရ စားရ၊ ဘယ်သူကပဲ ချက်ကျွေးကျွေး၊ ဘယ်သူကပဲ လာပြီး စားပွဲထိုးထိုး ကိစ္စမရှိဘူး၊ ဒါပေမဲ့ ဟိန္ဒူ ဇာတ်မြင့်တွေနှင့် ဆက်ဆံရတာ သိပ် ဒုက္ခရောက်တယ်ကွ၊ ငါတော့ သူတို့နှင့် ဆက်ဆံရတာ လန့်လွန်းလို့၊ သူတို့မှာ စည်းမျဉ်းတွေ ထုံးစံတွေကလည်း များပါဘိသနှင့်၊ ဟိန္ဒူ ဇာတ်မြင့်တွေထဲ ရောက်သွားတဲ့ လူတစ်ယောက်ဟာ သူတို့ကို စော်ကားမိသလို ဖြစ်နေလားလို့ အမြဲတမ်း သတိထားနေရတယ်၊ အနည်းဆုံး သူတို့ကို အနှောင့်အယှက် မဖြစ်အောင် သတိထား နေရတယ်၊ ငါ့ ကိုယ်တွေ့ တစ်ခုကို ပြောပြမယ်'

တပ်မှူးက ဟိန္ဒူ ဇာတ်နိမ့် ဇာတ်မြင့် ခွဲခြားမှု အကြောင်းကို ရှည်လျားစွာ ပြောပြကာ ထိုစနစ်ကြောင့် စစ်ဗာရီ တစ်ယောက် ဒုက္ခရောက်ခဲ့ပုံကို ဥဒါဟရုဏ် ဆောင်ပြ၏။

တစ်ခါက တိုက်ပွဲ တစ်ခုတွင် ဟိန္ဒူ စစ်ဗာရီ တစ်ယောက် ဒဏ်ရာ ရလာသည်တွင် သူ့ကို သေပြီ ထင်သဖြင့် ထားပစ်ခဲ့ကြောင်း၊ သတိ ပြန်ရလာသည့် အခါ၌ တောထဲတွင် မျက်စိလည်နေကြောင်း၊ အစာလည်း ငတ်၊ ရေလည်း ငတ်ရသည့် အထဲတွင် ရောဂါကလည်း ဖိစီး နှိပ်စက်လျက် ရှိကြောင်း။

ထိုစဉ် တောထဲတွင် ဆိတ်ကျောင်းသည့် သူငယ်မကလေး တစ်ယောက်နှင့် သွားတွေ့ကြောင်း၊ ဆိတ်ကျောင်းသမကလေးက သူ့ကို ဆိတ်နို့ တစ်ခွက် တိုက်လိုက်သဖြင့် သူ့အသက် ချမ်းသာရာ ရခဲ့ကြောင်း၊ များမကြာမီတွင် မိမိတို့ ရဲဘော်များနှင့် တွေ့သဖြင့် သူ့ကို ဆေးရုံသို့ ပို့ခဲ့ကြကြောင်း၊ အတန်ကြာ ဆေးရုံတွင် ကုသပြီးနောက် တပ်ထဲသို့ ပြန်ဝင်ခဲ့ကြောင်း။

နှစ်ပေါင်းများစွာ ကြာ၍ ခွင့်ရသည့် အခါတွင် အိမ်သို့ ပြန်လာခဲ့ကြောင်း၊ အိမ်သို့ ပြန်ရောက်သည့် အခါတွင် မိမိ အဖြစ်အပျက်ကို အိမ်သူအိမ်သားများအား ပြောပြကြောင်း၊ ဤတွင် သူ့ဖခင်က သူပြောသည့် အတိုင်း ဆိုလျှင် သူ့ကို ဆိတ်နို့ တိုက်လိုက်သည့် ဆိတ်ကျောင်းသမကလေးမှာ ဇာတ်နိမ့်ထဲက ဖြစ်နိုင်ကြောင်း၊ သူ့သားသည် ညစ်ညမ်းကာ ဇာတ်ပျက်သွားပြီ ဖြစ်သည့်အတွက် အိမ်တွင် နေခွင့် မပေးနိုင်တော့ဟု ပြောကြောင်း၊ အိမ်တွင် သူ ရှိနေလျှင် တစ်အိမ်လုံး ညစ်ညမ်းကာ ဇာတ်ပျက်ကုန်တော့မည် ဆိုကာ အိမ်မှ နှင်ချလိုက်ကြောင်း။

အကျိုးအကြောင်း ရှင်းပြသည့်တိုင် လက်မခံတော့ကြောင်း၊ ထိုမျှမက တစ်ရွာလုံးကပါ သူ့ကို ဝိုင်းကြဉ်ကာ ဇာတ်ပျက်ဟု သဘောထားကြကြောင်း၊ ငွေကုန်ကြေးကျခံ၍ ဇာတ်သွင်းသည့် အခါကျမှပင်လျှင် (ဇာတ်သွင်းပေးသည့် ဟိန္ဒူ ဘုန်းကြီးကို ရှိသမျှ ပိုက်ဆံ အကုန် ပေးလိုက်ရသည်။) သူ့ကို 'သန့်ရှင်း' သွားပြီဟု အသိအမှတ် ပြုကာ အိမ်တွင် ပြန်၍ လက်ခံကြောင်း...။

'ကြည့်စမ်းပါဦးကွာ၊ ဒဏ်ရာကြီးနှင့် အစာငတ် ရေငတ်ဖြစ်ပြီး သေတော့မတတ် ဖြစ်နေတဲ့ ကြားထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်နိမ့်လို့ ထင်ရတဲ့ ဆိတ်ကျောင်းသမကလေး တစ်ယောက်ဆီက နို့ကလေး တစ်ခွက် သောက်မိတာနှင့် ဒီလို ဖြစ်ရသတဲ့လား၊ ဇာတ်ပျက်မှာကို ကြောက်ပြီး အခြောက်တိုက် အသေ ခံရတော့မှာတဲ့လား၊ ခု ငါပြောတာဟာ တကယ့် အဖြစ်အပျက်နော၊ ငါ့ညီ ဝမ်းကွဲ တစ်ယောက်ကို သူ့တပ်ထဲက စစ်ဗိုလ် ကိုယ်တိုင်က ပြောလိုက်တာ၊ အိန္ဒိယပြည်ကြီး ဖြစ်နေပုံတော့ အဲဒါကိုသာ ကြည့်ပေတော့၊ အေးလေ ခုလောက်ဆိုရင် မင်းလည်း ဒါတွေ သိလောက်ရောပေါ့'

ထိုအရာများကို အက်ရှ်သည် ယခုမှ တွေ့ရသည် မဟုတ်။ နှစ်ပေါင်းများစွာ ကတည်းက တွေ့ခဲ့ဖူးခြင်း ဖြစ်သည်။

သို့ရာတွင် မည်သူ့ကိုမှ ထုတ်မပြောမိ။ ဇာတ်ပျက်မည်ကို စိုးရိမ်ကြခြင်းမှာ ဝေဒကျမ်းများထဲတွင် ပါသည့်အတိုင်း တစ်သဝေမတိမ်း လိုက်လုပ်ကြသည့် အတွက်ကြောင့် တစ်ကြောင်း၊ ထိုကိစ္စများမှာ ငွေအမြောက်အမြား ရနေသော ဟိန္ဒူ ဘုန်းကြီးများကြောင့် တစ်ကြောင်း ဖြစ်နိုင်ကြောင်းဖြင့်သာ ပြော၏။

အထူးသဖြင့် အောက်တန်းလွှာများနှင့် အထက်တန်းလွှာများသည် ဇာတ်ပျက်မည်ကို အလွန် စိုးရိမ်တတ်ကြသည်။ သို့ရာတွင် မင်းမျိုးမင်းနွယ်တို့မှာမူ မိမိတို့ 'ညစ်ညမ်း' သွားပြီ ဆိုလျှင် ဗြာဟ္မဏ ပုဏ္ဏားများကို ငွေအမြောက်အမြား ပေး၍ 'သန့်စင်' အောင် ပြုလုပ်နိုင်သည့် အတွက် ထိုစည်းမျဉ်းများကို များစွာ ဂရုမစိုက်လှ။

အက်ရှ်က

'သူတို့တစ်တွေ ဒီလို ဇာတ်စနစ်ကို အယူမသီးတာက ခေတ်မီလို့ စိတ်သဘောထား ကြီးလို့တော့ မဟုတ်ပါဘူး၊ သူတို့က သူတို့ကိုယ်သူတို့ နေနတ်မင်းက ဆင်းသက်လာသူတွေ၊ လနတ်သမီးက ဆင်းသက်လာသူတွေလို့ ထင်ကြတယ်၊ ဒါကြောင့် သူတို့မှာ ဘုရားပေးလိုက်တဲ့ အုပ်ချုပ်ခွင့် အာဏာတွေလည်း မွေးကတည်းက ပါလာတယ်လို့ ယူဆကြတယ်၊ ဒီလို ယုံကြည်လာတာနှင့် ကိုယ်ဟာ တခြားလူတွေနှင့် မတူတော့ဘူးလို့ ထင်လာတယ်လေ၊ ဒီတော့ သူများတွေ မလုပ်ရဲတဲ့ ဟာတွေကိုလည်း လုပ်ရဲလာကြတော့တာပေါ့၊ ဒီလို ပြောတဲ့ အတွက် သူတို့ဟာ ဟိန္ဒူဘာသာတရားကို မယုံကြည်ဘူးလို့တော့ မထင်လိုက်လေနှင့်၊ သူတို့လည်း ဘာသာတရားကို ကိုင်းရှိုင်းတာပဲ၊ ဒါပေမဲ့ သူတို့က သာမန် လူတွေလောက်တော့ အယူ မသီးဘူးပေါ့'

'အေးလေ၊ မင်း ပြောတာလည်း ဟုတ်ချင်ဟုတ်မှာပေါ့၊ ငါကတော့ မဟာရာဇာ စော်ဘွားထဲမှာ အသိအကျွမ်း ဆိုလို့ တစ်ယောက်မှ မရှိတာ၊ ကဲ ပို့ဝိုင်လေး တစ်ခွက်လောက် ချဦးကွာ'

ထို့နောက် သူတို့ နှစ်ယောက်သည် တောဝက် လိုက်သည့် အကြောင်း၊ မြင်းအကြောင်းတို့ကို ပြောနေကြသည်။

ထိုညက အက်ရှ်သည် သန်းခေါင်ကျော်မှ သူ့တဲစခန်းသို့ ပြန်ရောက်လေသည်။

နောက်တစ်နေ့ မနက်တွင် အရုဏ်တက် ကတည်းက မိုးတွေ ရွာပြီး လေပြင်း တိုက်နေသည်။ သည်လို ရာသီမျိုးတွင် သူတို့စခန်းကို ချက်ချင်း မရွှေ့နိုင်သေး။ ပြင်ရ ဆင်ရသည်မှာ အချိန် အလွန် ကြာသည်။ ထို့ကြောင့် အက်ရှ်သည် စိတ်ရှိလက်ရှိ အိပ်နိုင်သည်။

ရာသီဥတု ဆိုးသဖြင့် သူ လိုက်ပို့ရမည့် ပရိသတ်ကိုလည်း အက်ရှ်သည် အထူးတလည် လိုက်၍ မကြည့်နိုင်တော့။ သူတို့တစ်တွေမှာ အအေးမိမည် စိုးသဖြင့် ဇောင်ကြီးတွေ၊ ဝတ်ရုံကြီးတွေကို ခြုံထားကြသည်။ သို့ရာတွင် အက်ရှ် အဖို့မူ မိုးရွာရွာ လေတိုက်တိုက် အရေးမကြီး။ နောက်တွင် ကြည့်စရာ အချိန် ရှိသေးသည်။

ထို့ကြောင့် မြင်းတစ်စီးဖြင့် တိတ်ဆိတ်စွာ လိုက်ပါလာခဲ့သည်။ မိုးတွေ ရွာနေသဖြင့် ရေစိုနေသည့် ကုန်းနီး ပေါ်တွင် တစ်နေကုန် ထိုင်လိုက် လာခဲ့ရသည်မှာ မသက်သာ။ သည်အထဲတွင် လေပြင်းကလည်း ရှေ့က ပိတ်တိုက်နေသဖြင့် ခေါင်းကို ငုံ့ထားရသည်။ တစ်ချီ တစ်ချီတွင် မိုးရေစက်တွေ မျက်စိထဲသို့ လာဝင်သည်။ တစ်ခါ တစ်ခါတွင်လည်း သူ့ဝတ်ရုံကြီးကို လေ ပင့်တင်လိုက်သဖြင့် မျက်နှာကို လာရိုက်၏။

မည်သို့ပင်ဖြစ်စေ ရဝါလ်ပင်ဒီ တပ်စခန်းက စားပွဲတွင် ထိုင်၍ အလုပ် လုပ်နေရသည်နှင့် စာလျှင် အများကြီး တော်သေးသည်။ သည်တာဝန်ကို သူ ကြိုက်ခြင်းမှာ ရုံးလုပ်ငန်း၊ စာရေးရသည့် လုပ်ငန်းတို့ မပါခြင်းကြောင့် ဖြစ်၏။

နောက်တစ်ချက်မှာ သည်စခန်းထဲတွင် ပြဿနာ ပေါ်လာလျှင်လည်း ကြီးမားသည့် ပြဿနာ ပေါ်၍ မရှိ



www.burmeseclassic.com

www.burmeseclassic.com



လှ။ သည်ပြဿနာမျိုးလောက်ကိုမူ တပ်ရင်း ဒါဘာပွဲများတွင် တွေ့နေကျ။ ယခု ပြဿနာများက ပို၍ပင် ရှင်းရ လွယ်သေးသည်။

သို့ရာတွင် သည်တစ်ကြိမ်တွင်မူ အက်ရှ် မှား သွားပြီ။ ထိုနေ့ ညနေ၌ အက်ရှ် ကြုံရသည့် ပြဿနာသည် မတွေ့ဖူးသေးသော ပြဿနာ ဖြစ်ရုံမျှမက အန္တရာယ်ကြီးလှသည့် ပြဿနာ တစ်ရပ်လည်း ဖြစ်နေသည်။

သည်ပြဿနာကို ရင်ဆိုင်ဖို့ အဆင်သင့် မဖြစ်ခဲ့သည်မှာ အဓိကအားဖြင့် သူ့အမှား။ ရဝါလ်ပင်ဒီတွင် ရှိသည့် စစ်ဌာနချုပ်နှင့် မဒန်းရှိ နယ်ခြားစောင့် တပ်ဖွဲ့သည် နိုင်ငံရေးဌာန၏ ညွှန်ကြားချက်ဖြင့် ပြီးစလွယ် ကိုင်တွယ်၍ သူ့အား တာဝန်ပေးခဲ့ကြသည်။ သည်အထဲတွင် ဒီနာဂွန့်သို့ ရောက်သောအခါ အရေးပိုင်က လည်း ဖျားနေသည်။ သို့ရာတွင် မည်သို့ဖြစ်စေ အဓိကမှာ သူ့အမှားသာ ဖြစ်၏။

အက်ရှ်သည် သူ့ကို 'ဝဝဖိုင့်ဖိုင့် အဝတ်အစား ကပျစ်ကညစ်နှင့် ရာဇကုမ္မာရီ နှစ်ဦးကို သိုးကျောင်းခွေး လိုက်သလို လိုက်၍ အုပ်ချုပ်ရမည်' ဆိုသည့် အခါတွင် ကျောင်းက ပြန်လာသည့် ကလေး အိမ်စာ လုပ်ရန် မေ့သွားသလို အားလုံးကို မေ့သွားကာ တပ်ထဲမှ အပြင်သို့ သွားနေရမည် ဖြစ်သည့် အတွက် အပျော်ကြီး ပျော်သွားသည်။

စင်စစ် အက်ရှ်သည် ထိုတာဝန်ကို ယူတော့မည် ဆိုသည့် အခါတွင် သူ လိုက်ပို့ရမည့် ရာဇကုမ္မာရီ နှစ်ဦးသည် ဘယ်ပြည်နယ်က မဟာရာဇာ၏ ညီမ ဘာညာ စသည်ဖြင့် မျိုးရိုးဇာတိကို စုံစမ်းသင့်သည်။ သူတို့၏ အတိတ် အကြောင်းကို မေးမြန်းဖို့ ကောင်းသည်။ ဤသည်မှာ သူ့အမှား ဖြစ်သည်။ ထို့ကြောင့် အပြစ်တင်ခြင်း တင်လျှင် ကိုယ့်ကိုယ်ကိုယ်သာ ပြန်၍ တင်ဖို့ ရှိသည်။

ထိုအထဲတွင် ရဝါလ်ပင်ဒီရှိ စစ်ဌာနချုပ်ကလည်း သူ့ကို အရေးပိုင် ကာတားက သတင်း အပြည့်အစုံ ပေးလိမ့်မည် အထင်ဖြင့် ဘာမျှ မပြောလိုက်။ ထို့ကြောင့် အက်ရှ်သည် ဘာကိုမျှ မစဉ်းစားတော့ဘဲ ထိုတာဝန်ကို ဝမ်းမြောက်ဝမ်းသာ ယူခဲ့ခြင်း ဖြစ်၏။

မဟာရာဇာ၏ ညီတော် အိမ်ရှေ့ ကိုယ်တော်လေး တစ်ပါး ရောက်လာကာ သူတို့နှင့် အတူ လိုက်မည်ဟု ကြားသည့် အခါတွင်လည်း အထူးတလည် စိတ်ဝင်စားခြင်း မဖြစ်မိ။ ထို့ပြင် အစ်မတွေ မင်္ဂလာဆောင်သွားမည့် ကိစ္စတွင် ဥပရာဇာ ကိုယ်တော်လေး ဂျိုတီသည် လိုက်ပါလာနိုင်သည်။ ထို့ကြောင့် သူ့ကို အရေးတကြီး မထားမိ။ နေထိုင်မကောင်း ဖြစ်သည် ဆိုသည့် အခါတွင် ဝတ်ကျေတမ်းကျေ သွားရောက် မေးမြန်းပြီးနောက် ကိုယ်တော်လေးကို ခေါင်းထဲမှ ဖျောက်ထားလိုက်သည်။

ထိုနေ့ညနေ မှောင်စပျိုးချိန်၌ စခန်း ရပ်နားချိန်တွင်မူ အစေတော် တစ်ယောက် ရောက်လာကာ ကိုယ်တော်လေးမှာ နေထိုင် ကောင်းသွားပြီ ဖြစ်ကြောင်း၊ ထို့ကြောင့် ကိုယ်တော်လေးက တွေ့ဆုံလိုကြောင်းဖြင့် အက်ရှ်ကို အကြောင်းကြား၏။

မိုးစဲသွားသည်မှာ အတန်ကြာခဲ့လေပြီ။ ကောင်းကင်က ကြည်လင်လျက်။ အက်ရှ်သည် ကိုယ်တော်လေးကို ဂုဏ်ပြုသောအားဖြင့် ညစာ ဝတ်စုံကို ဝတ်ဆင်ကာ မီးတုတ် မီးစည်းတို့ လင်းထိန်သော စခန်းထဲမှ ဖြတ်၍ ရာဇကုမ္မာရီ နှစ်ဦး၏ တဲနန်း အနီးရှိ တဲနန်း တစ်ခုထဲသို့ ဝင်လာခဲ့သည်။ တဲနန်းဝတွင် ဓားကောက်ကို ကိုင်ထားသည့် စန္တရီ တစ်ယောက်၊ သမ်းဝေနေသည့် အစေတော် တစ်ယောက်တို့ကိုသာ တွေ့ရသည်။

အစေတော်သည် သူ့ကို ရွက်ဖျင်တဲ အတွင်းသို့ ခေါ်သွား၏။ တဲအပြင်ဘက်တွင် ဟာရီကိန်း မှန်အိမ် တစ်လုံးကို သံချိတ်ဖြင့် ချိတ်ဆွဲထား၏။ သို့ရာတွင် ရွက်ဖျင်တံခါးကို ဆွဲဟလိုက်သည့် အခါတွင်မူ အထဲတွင် မီးရောင်တွေ ထိန်လျက် ရှိသည်ကို တွေ့ရသည်။

အက်ရှ်၏ မျက်လုံးများ ပြာဝေသွားကြ၏။ ကတ္တီပါ အုပ်ဆောင်း၊ ပိုးအုပ်ဆောင်း စသည်တို့ဖြင့် ထွန်းရသည့် အနောက်တိုင်းဖြစ် လသာ မှန်အိမ်ကြီး ခြောက်လုံးကို အုပ်ဆောင်း မပါဘဲ ထွန်းထားကာ စားပွဲ နိမ့်နိမ့်ကလေးများပေါ်တွင် တင်ထားပြီး အလယ်ကောင်ရှိ မှိအုံးများပေါ်တွင်မူ ခပ်ဝဝ၊ အသားဖြူရော်ရော်နှင့် လူငယ်ကလေး တစ်ယောက် ထိုင်လျက်ရှိသည်ကို တွေ့ရသည်။

သူငယ်ကလေးက ရုပ်ချောချော၊ ချစ်စရာ။ အသားဖြူရော်ကာ ဝအစ်အစ် ဖြစ်နေသည့်တိုင် ကြည့်၍ကောင်းဆဲ။ တောက်ပ ထိန်လင်းသော မီးရောင်များ အောက်မှ သူ့ကို မြင်လိုက်သည့် အခါတွင် အက်ရှ်သည် လာလာဂျီကို ပြေး၍ ချက်ချင်း သတိရလိုက်သည်။

ဟုတ်သည်။ လေညင်းသာ ဟော်နန်းတွင် တွေ့ခဲ့စဉ်က လာလာဂျီသည် သည်အရွယ်မျှသာ ရှိသေး၏။ အက်ရှ် စိတ်ထဲတွင် လာလာဂျီသည် ယခု သူ မြင်နေ



www.burmeseclassic.com

www.burmeseclassic.com



ရသည့် အိမ်ရှေ့ ကိုယ်တော်လေးလောက် ချစ်စရာ မကောင်းသည့်တိုင် တူသည့် အချက်တွေ ရှိနေသည်။

အိမ်ရှေ့ ကိုယ်တော်လေး ဝတ်သည့် အဝတ်အစားက လာလာဂျီ ဝတ်သည့် အဝတ်အစားမျိုး။ မျက်နှာကလည်း လာလာဂျီလိုပင် ရှုံ့မဲ့မဲ့၊ ခပ်မှုန်မှုန်။ တစ်စုံတစ်ရာကို ကြောက်ရွံ့နေသည့် ဟန်။

အက်ရှ်သည် သူ့ကို မတ်တတ်ရပ်၍ ခရီးဦးကြိုပြုသော အိမ်ရှေ့ ကိုယ်တော်လေး ဂျိုတီကို ဦးညွှတ်လိုက်၏။ ဦးညွှတ်ထားရင်း (ဝေါလီ ပြောသလို) မင်းသမီးများ အားလုံးသည် လှကြသည် ဆိုလျှင် မင်းသားများ အားလုံးသည်လည်း ခပ်ဝဝ ခပ်မှုန်မှုန် ခပ်ရွံ့ရွံ့ ဖြစ်ကြသည်ဟု ပြောလျှင် ရလေမည်လော မသိဟု တွေးနေသည်။ အားလုံး မဟုတ်သည့်တိုင် သူ တွေ့ဖူးသမျှ မင်းသားငယ်များမှာ ထိုနည်းလည်းကောင်းသာ။

အက်ရှ်သည် ထိုသို့ တွေးလိုက်မိသဖြင့် ပြုံးမိရာက ကိုယ်ကို မတ်၍ ခေါင်းကို မော့လိုက်၏။ ခေါင်းမော့လိုက်သည့် အခါတွင် မျက်နှာပေါ်တွင် အပြုံးရိပ်သန်းဆဲ။ အက်ရှ်သည် ပြုံးရိပ် သန်းနေလျက်က မော်ကြည့်လိုက်သည်တွင်...။

နှစ်ပေါင်းများစွာ ကြာသည့်တိုင် သူ မမေ့နိုင်သေးသော မျက်နှာ တစ်ခုကို တည့်တည့် ကြည့်မိလျက်သား ဖြစ်နေသည့် အတွက် ရင်ထဲတွင် ဒိန်းခနဲ ဖြစ်သွားကာ အကြီးအကျယ် တုန်လှုပ်သွားသည်။

အိမ်ရှေ့ကိုယ်တော်လေး၏ နောက်ပါး ခြေသုံးလှမ်း အကွာလောက်တွင် ထိုင်သော လူတစ်ယောက်၏ မျက်နှာ။ မေးစင်း၍ စိုက်ကြည့်နေသော သူ့မျက်လုံး ကျဉ်းကျဉ်းများထဲတွင် ခါတိုင်းလို ခယဝပ်တွားသော အရိပ်အယောင်။ ခါတိုင်းလို အကောက်ကြံသော အရိပ်အယောင်။ ခါတိုင်းလို ရန်ငြိုးကြီးသော အရိပ်အယောင်။

ထိုစဉ်က ထိုမျက်လုံးများ၏ ပိုင်ရှင်သည် လာလာဂျီ၏ လက်ရုံးကြီး တစ်ဦး ဖြစ်သော ကိုယ်ရံတော်။ ကချေသည် မဟာဒေဝီ ဂျာနူးဘိုင်၏ သူလျှို။

ဟုတ်သည်။ သူ့ ရှေ့က မျက်ပေါက် ကျဉ်းကျဉ်းဖြင့် သူ့ကို စိုက်ကြည့်နေသူသည် အခြားသူ မဟုတ်။ ဘီဂျူရန်း။

အက်ရှ်၏ မျက်နှာပေါ်မှ အပြုံးသည် ရုတ်ခြည်းပျောက်သွားကာ မျက်နှာထားသည် တင်းသွား၏။ နှလုံးသည် အခုန် ရပ်သွားသည် ထင်လိုက်ရ၏။ မဖြစ်နိုင်။ သူ အမှတ်မှားခြင်း ဖြစ်ရမည်။ မဟုတ်။ မမှား။

ကိုယ်တော်လေး ဂျိုတီကို ကိုယ်တော်လေး လာလာဂျီနှင့် တူသည်ဟု ထင်လိုက်ခြင်းမှာ ထိုအကြောင်းကြောင့်ပင် ဖြစ်လိမ့်မည်။ ကိုယ်တော်လေး ဂျိုတီသည် ကိုယ်တော်လေး လာလာဂျီ၏ ညီအရင်းသော်လည်း ဖြစ်ရမည်၊ သို့မဟုတ် တစ်ဝမ်းကွဲသော်လည်း ဖြစ်ရမည်။

ကိုယ်တော်လေး ဂျိုတီသည် နန်ဒူး မဖြစ်နိုင်။ နန်ဒူးသည် သူ့လောက် မငယ်နိုင်။ သို့ရာတွင် သူတို့တွင် နောက်ထပ် ညီအစ်ကို နှစ်ယောက် ရှိသေးသည်။ သူ သိသလောက် ဆိုလျှင် ကချေသည် မဟာဒေဝီ ဂျာနူးဘိုင်တွင် နောက်ထပ် သားယောက်ျားလေးတွေ မွေးသေးသည်ဟု သိရသည်။

သို့မဟုတ်လျှင်လည်း ကိုယ်တော်လေး ဂျိုတီသည် လာလာဂျီ၏သား ဖြစ်မည်လော။ မဖြစ်နိုင်။ သို့မဟုတ်လျှင် ဝမ်းကွဲညီလော။ ကွယ်လွန်သူ ဂူးလ်ကုတ်မဟာရာဇာ၏ သားငယ်လော။ သို့မဟုတ် မြေးငယ်လော။

မိမိအား စူးစမ်းသော အကြည့်ဖြင့် ဝိုင်းကြည့်နေသည်ကို အက်ရှ် သတိပြုလိုက်မိ၏။ ဘီဂျူရန်း၏ မျက်လုံး ကျဉ်းကျဉ်းကလေးထဲတွင် သူ့အား မှတ်မိသည့် အရိပ်အယောင် မတွေ့လိုက်ကြောင်းကိုလည်း အက်ရှ် သတိ ပြုမိလိုက်သည်။ တွက်ချက် အကဲခတ်နေသည့် အမူအရာကမူ သူတို့စခန်းနှင့် လိုက်ပါလာသည့် ဗြိတိသျှ စစ်ဗိုလ်ကလေး အက်ရှ်၏ အရည်အချင်းကို အကဲခတ်နေဟန် တူ၏။

သို့ရာတွင် သူတို့ကို လိုက်ပါ စောင့်ရှောက်နေသည့် သခင်ဆပ်သည် နှစ်ပေါင်းများစွာက ဥပရာဇာကိုယ်တော်လေး လာလာဂျီ၏ အသက်ကို ကယ်ခဲ့သည့် 'မြင်းထိန်း သူငယ်ကလေး' ဟု နည်းနည်းမျှ ရိပ်မိပုံ မပေါ်။

အက်ရှ်သည် မျက်နှာကို လွှဲလိုက်ကာ အိမ်ရှေ့ ကိုယ်တော်လေး ဂျိုတီ မေးသည့် မေးခွန်းများကို ယဉ်ကျေးစွာ ကြိုးစား၍ ဖြေလျက် ရှိ၏။ အတန်ကြာမှ အက်ရှ်၏ စိတ်သည် ပြန်၍ ငြိမ်သက်သွားကာ တဲနန်း ပတ်ပတ်လည်ကို တစ်ချက်မျှ လှည့်၍ အကဲခတ်လိုက်သည်။

သူနှင့် သိသူ ဆို၍ တဲနန်းထဲတွင် တစ်ယောက်မျှ မရှိ။ လောကတွင် သူ့ကို အင်ဂရေစီဟု သိသူ ဆို၍ နှစ်ယောက်သာ ရှိ၏။ တစ်ယောက်က အမေ သီတာ၊ နောက်တစ်ယောက်က ကိုဒါဒတ်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ကိုဒါဒတ်သည် ထိုအကြောင်းကို ဘယ်တော့မျှ ပြောလိမ့်မည် မဟုတ်။ သူတို့ရှေ့တွင် ရောက်နေသည့် ဗြိတိသျှ နယ်ခြားစောင့်တပ်မှ ဗိုလ်ကြီး အက်ရှ်သည် သီတာ၏သား အရှော့ ဖြစ်သည်ကို သိသူ ဆို၍ ဂူးလ်ကုတ်တွင် တစ်ယောက်မျှ မရှိ။ စင်စစ် အရှော့နှင့် ဗိုလ်ကြီးအက်ရှ်တို့ ကြားတွင် တူညီမှု ဆို၍လည်း ဘာမျှ မကျန်တော့။

မပြောင်းလဲသူမှာ ဘီဂျူရုန်းသာ ဖြစ်သည်။ ဘီဂျူရုန်းမှာ ပို၍ ဝလာကာ ပို၍ ဆံပင်တွေ ဖြူလာခဲ့လေပြီ။ မျက်နှာပေါ်မှ အရေးအကြောင်းများသည်လည်း အပျော်အပါး ကျူးသည့် ဒဏ်ကြောင့် ပို၍ နက်ရှိုင်းလာခဲ့လေပြီ။ သို့ရာတွင် သူပြောင်းလဲမှုသည် ဤမျှလောက်သာ ဖြစ်၏။ ခါတိုင်းလို စကားချိုချို။ ခါတိုင်းလို သပ်သပ်ရပ်ရပ်။ ခါတိုင်းလို ကောက်ကောက်ကျစ်ကျစ်။ နားတစ်ဖက်တွင် ကြီးမားသည့် စိန်နားဆွဲကြီး တစ်ဖက်ကို ပန်ထားဆဲ။

သို့ရာတွင် ဘီဂျူရုန်းသည် ဤအဖွဲ့တွင် မည်သို့ ပါလာခဲ့သနည်း။ ယခု တွေ့ရသည့် အိမ်ရှေ့ ကိုယ်တော်လေး ဂျူတီနှင့် ဂူးလ်ကုတ် မဟာရာဇာ စော်ဘွားတို့သည် မည်သို့ တော်စပ်ကြသနည်း။ ကိုယ်တော်လေး ဂျူတီသည် မည်သူ့ကို ကြောက်ရွံ့နေသနည်း။ မည်သည်ကို ကြောက်လန့်နေသနည်း။

အက်ရှ်သည် ကြောက်ရွံ့နေသည့် မျက်နှာများကို တွေ့ခဲ့ဖူးပြီ။ ယခု ထိုမျက်နှာကို ကိုယ်တော်လေး ဂျူတီ၏ထံတွင် တစ်ဖန် တွေ့နေရပြန်ပြီ။ ပြူးကျယ်၍ ထူးထူးကဲကဲ တောက်ပနေသော မျက်လုံးများ။ ကျီးကန်းတောင်းမှောက်သည့်နှယ် ဝဲယာကို ကြည့်နေသည့် မျက်လုံးများ။ တင်းမာနေသည့် ကြွက်သားများ။ ခေါင်းကို တစ်ဖက်သို့ ဆတ်ခနဲ လှည့်လိုက်ပုံ။ လက်တွေ တုန်ယင်ကာ လက်သီးကို မကြာခဏ ဆုပ်နေပုံ။

ငယ်ငယ်က တွေ့ခဲ့ရသည့် ကိုယ်တော်လေး လာလာဂျီလည်း ထို့အတူပင်။ ထိုစဉ်က လာလာဂျီ ကြောက်သည် ဆိုသည်မှာ အကြောင်း ရှိသည်။

ယခု အိမ်ရှေ့ ကိုယ်တော်လေး ဂျူတီမှာ စော်ဘွား အရိုက်အရာကို ဆက်ခံရမည့်သူ မဟုတ်။ ညီငယ်မျှသာ။ သို့ဖြစ်လျှင် သူ့ကို ဘယ်သူကမျှ အန္တရာယ်ပြုစရာ အကြောင်း မရှိ။

လူကြီး မသိအောင် မင်္ဂလာဆောင်သို့ လိုက်လာခဲ့ခြင်းကြောင့်များလော။ လိုက်တုန်းက လိုက်လာပြီး ယခုမှ သူ့အဖြစ်ကို သူ ပြန်တွေး၍ ကြောက်နေခြင်းလော။

'အေးလေ၊ လူကြီးတွေက အလိုလိုက်ခံရပြီး လုပ်ချင်ရာကို လုပ်နေတဲ့ ကလေးဆိုး တစ်ယောက် ထင်ပါရဲ့၊ လုပ်တုန်းက လုပ်ပြီး ခုတော့ အရိုက်ခံရမှာကို တွေးကြောက်နေပုံရတယ်၊ ဘီဂျူရုန်းကများ သွေးဆောင် ခေါ်လာလေသလား၊ အင်း သူ့အကြောင်းကို ငါသိအောင် လုပ်ရမယ်၊ သူတို့အားလုံး အကြောင်းကို စုံစမ်းရမယ်၊ အမှန်က စောစောကတည်းက စုံစမ်းခဲ့ဖို့ ကောင်းတာ' ဟု အက်ရှ် တွေးနေသည်။

အိမ်ရှေ့ကိုယ်တော်လေးက သူ့ကို နောက်လိုက်နောက်ပါများနှင့် မိတ်ဆက်ပေးနေသည့် အတွက် အက်ရှ်မှာ ဘီဂျူရုန်းကိုလည်း နှုတ်ဆက်ရသည်။ နောက်တစ်ယောက်ကို နှုတ်မဆက်ခင် ထုံးတမ်းစဉ်လာ အရ စကား တစ်လုံးစ နှစ်လုံးစ ပြောရသေးသည်။

ဆယ်မိနစ်ခန့် ကြာသည့်အခါတွင် တွေ့ဆုံနှုတ်ဆက်သည့် အခမ်းအနား ပြီးသဖြင့် အက်ရှ်သည် အမှောင် ပျပျထဲသို့ ပြန်ရောက်လာ၏။ တဲထဲမှ ထွက်လာပြီး အပြင် လေအေးကို တွေ့လိုက်ရသဖြင့် တစ်ကိုယ်လုံး တုန်သွားသည်။

အက်ရှ်သည် ထောင်ချောက် တစ်ခုထဲမှ ထွက်လာခဲ့ရသည့်နှယ် သက်ပြင်းကြီး တစ်ချက် ချလိုက်၏။ လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသဖြင့် လက်ဖဝါးတွေ ကျိန်းနေသည်ကို တွေ့ရသည်တွင် ကိုယ့်ကိုယ်ကိုယ် ရှက်မိသေးသည်။ ထိုအခါကျမှပင် တဲထဲတွင် ရောက်နေစဉ်က သူ လက်သီး ဆုပ်ထားခဲ့မိသည်ကို သတိပြုမိသည်။

ထိုနေ့ညက အက်ရှ်၏ ရွက်ဖျင်တဲမှာ ညောင်ပင်ကြီး တစ်ပင်အောက်တွင် ထိုးထား၏။ စခန်း အပြင်ဘက် ကိုက်ငါးဆယ်လောက် ဝေးလိမ့်မည်။ သူ့တဲ အပြင်ဘက်တွင် အစေခံများ၏ တဲငယ်ကလေးများ ရှိသေးသဖြင့် သူ့တဲသည် ပျောက်နေသည်။ အစေခံတဲများကို ဖြတ်လာရင်း ကာရိကုတ်မှ လိုက်လာသည့် စာရေး တစ်ယောက်ကို ခေါ်မေးမည် စိတ်ကူးသေး၏။

သို့ရာတွင် တဲတစ်လုံး ရှေ့တွင် ထိုင်၍ တမာကူ ရှူနေသည့် မာဒူးကို တွေ့သည့် အတွက် သည်အချိန်လောက် ဆိုလျှင် သူလည်း စုံစမ်း ပြီးလောက်ပြီဟု သတိရကာ မာဒူးကို တဲထဲသို့ ခေါ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မာဒူးကလည်း သည်လို စကား ပြောရသည်ကို နှစ်ခြိုက်၏။ မာဒူးမှာ အက်ရှ် မတွေ့ရသည့် လူမျိုးစုံနှင့် တွေ့ပြီး ဖြစ်သည့် အတွက် သူ့ကို မေးလျှင် သိနိုင်ကောင်းသည်။

အက်ရှ်က မာဒူး ရှေ့တွင် ရပ်လိုက်ကာ လေသံကလေးဖြင့်

'အဘရေ၊ ပျင်းရင် ကျွန်တော့် တဲထဲကို လိုက်ခဲ့ပါလားဗျ၊ စကားလေး ဘာလေး ပြောရတာပေါ့၊ အဘဆီက အကြံဉာဏ်လေး ဘာလေးလည်း လိုချင်တယ်၊ ကျွန်တော် မသိတာလေးတွေကို မေးချင်တယ်၊ ပေးပါ အဘရဲ့ တမာကူအိုးကြီးကို ကျွန်တော် သယ်ခဲ့မယ်'

အက်ရှ်၏ တဲထဲတွင် ဟာရီကိန်း လသာမှန်အိမ်တစ်လုံးကို မီးစာနှိမ့်ပြီး ခပ်မှိန်မှိန် ထွန်းပစ်ခဲ့သည်။ သို့ရာတွင် တဲထဲတွင် မထိုင်ချင်။ ရွက်ဖျင်တဲ အပြင်ဘက်က ယင်းအဖီကလေး အောက်တွင် ထိုင်ချင်သည်။

ထိုမှနေ ကြည့်လျှင် မည်းမှောင်နေသည့် ညောင်ပင်ရိပ် အပြင်ဘက်ရှိ လယ်ကွင်းပြင်ကြီးကို မြင်နိုင်သည်။ ကွင်းပြင်ကြီးက ကြယ်ရောင် အောက်တွင် မှုန်ရီလျက်။

မာဒူးက တမာကူအိုးကြီးကို ခွ၍ ဆောင့်ကြောင့်ထိုင်လိုက်၏။ အက်ရှ်ကမူ ညစာ ဝတ်စုံကို ဝတ်ထားသဖြင့် စခန်းသုံး ရွက်ဖျင် ခေါက်ကုလားထိုင်ပေါ်တွင် ထိုင်သည်။

'ဘာများ သိချင်လို့လဲ လူလေးရဲ့'

မာဒူးက သူ့ကို အလျင်တုန်းကလို ရင်းရင်းနှီးနှီး ခေါ်သည်။ သည်လို မခေါ်ခဲ့သည်မှာ ကြာလှပြီ။

အက်ရှ်က ချက်ချင်း မဖြေသေး။ တမာကူအိုးမှ တကူးကူး မြည်သံကို နားထောင်ရင်း သူ့ အတွေးကို ပြန်၍ စဉ်နေသည်။

အတန်ကြာမှ အက်ရှ်က ခပ်ဖြည်းဖြည်းဖြင့်

'ကျွန်တော် သိချင်တာ တစ်ခု ရှိတယ် အဘ၊ ခု ကျွန်တော်တို့ လိုက်ပို့ရတဲ့ သတို့သမီး နှစ်ယောက်ရဲ့ အစ်ကို ကာရီကုတ် မဟာရာဇာ စော်ဘွားနှင့် ဂူးလ်ကုတ် မဟာရာဇာ စော်ဘွားတို့က ဘာတော်သလဲ၊ ပြီးတော့ ပါလာတဲ့ အိမ်ရှေ့ ကိုယ်တော်လေး ဂျိုတီနှင့် ဂူးလ်ကုတ် စော်ဘွားကကော ဘယ်လို တော်ကြသလဲ၊ တစ်ခုခုတော့ တော်လိမ့်မယ် ထင်တယ်'

မာဒူးက တအံ့တသြဖြင့်

'အလိုဗျာ၊ ဘယ့်နှယ့် မေးလိုက်ပါလိမ့်၊ ကာရီကုတ်နှင့် ဂူးလ်ကုတ် ဆိုတာ အတူတူပေါ့၊ ဒီလိုလေ၊ အရင်တုန်းက ကာရီဩ စော်ဘွားရဲ့ နယ်နှင့် ဂူးလ်ကုတ် နယ်က နယ်ချင်း စပ်နေတယ်၊ သူတို့ နှစ်ယောက်က ညီအစ်ကို ဝမ်းကွဲလည်း တော်တယ်၊ ကာရီဩ စော်ဘွား ကွယ်လွန်တော့ သူ့မှာ အရိုက်အရာ ဆက်ခံမယ့် လူ မကျန်ရစ်ခဲ့ဘူး၊ ဒါနှင့် ဂူးလ်ကုတ် စော်ဘွားက ကာလကတ္တားကို လိုက်သွားပြီး ဘီလပ် သခင်ဆပ်တွေဆီမှာ ကာရီဩနယ်နှင့် စော်ဘွားဘွဲ့ကို သူ့ကို ဆက်ခံခွင့် ပေးဖို့ တောင်းတယ်၊ သူ့အစ်ကိုရဲ့ အရိုက်အရာကို ဆက်ခံခွင့် တောင်းတာပေါ့လေ၊ ဆွေမျိုးနီးစပ် ဆိုလို့ သူပဲ ရှိလေတော့ ဘီလပ် အစိုးရကလည်း သူ့ကိုပဲ ဆက်ခံခွင့်ပေးလိုက်တယ်၊ ဒီနောက် နှစ်နယ်ကို ပေါင်းလိုက်ပြီး ကာရီကုတ်လို့ အမည် ပေးလိုက်တယ်လေ၊ လူလေး မသိဘဲကိုး'

'သေပါတော့ဗျာ၊ ကျွန်တော့်လောက် ထုံတဲ့ အတဲ့ကောင် ရှိမှာ မဟုတ်တော့ဘူး'

အက်ရှ်၏ အသံမှာ တိုးတိုးမျှ ဖြစ်သော်လည်း သူ ပြောလိုက်သည့် အသံကြောင့် မာဒူးပင် အံ့အားသင့်နေသည်။

'ဘာလဲ အဘ၊ ကျွန်တော် ဒေါသသံ ပါသွားသလား၊ တခြားကြောင့် မဟုတ်ပါဘူးဗျာ၊ စစ်ဌာနချုပ်က လူတွေဟာ ကျွန်တော့်ကို နယ်စပ်က ကျွန်တော့် တပ်နှင့် ဝေးရာ၊ ကျွန်တော့် မိတ်ဆွေ သူငယ်ချင်းတွေနှင့် ဝေးရာကို လွှတ်ချင်တာနှင့် ဒီတာဝန်ကို ပေးလိုက်ရသလားလို့ တွေးမိလို့ပါ၊ နို့မို့ရင် မေးစရာ အကြောင်း မရှိပါဘူး၊ ဘာမှလည်း စပ်စုစရာ မလိုပါဘူး၊ ပြီးတော့ကော'

'နို့နေပါဦး လူလေးရဲ့၊ လူလေးနှင့် ဒီမဟာရာဇာ စော်ဘွားမျိုးတွေနှင့် ဘာဆိုင်လို့လဲ၊ သူတို့အကြောင်း သိလို့ကော ဘာထူးမှာတဲ့လဲ'

မာဒူးသည် အက်ရှ် တစ်ယောက် စိတ်တိုနေသည်ကို နားမလည်နိုင်အောင် ဖြစ်နေသည်။ မာဒူးသည် ဂူးလ်ကုတ်တွင် နေခဲ့ရသည့် အက်ရှ်၏ အတိတ် အကြောင်းကို ဘာမျှ မသိ။

ဗိုလ်မှူးကြီး အင်ဒါဆင်က သူ့အတိတ် ဇာတ်ကြောင်းကို ဘယ်သူမျှ မသိလေ ကောင်းလေဟု ပြောလိုက်သည့် အတွက် အက်ရှ်ကလည်း ထိုအကြောင်းကို မပြောမိ။



www.burmeseclassic.com

www.burmeseclassic.com



အက်ရှ်က သူ့ဘဝ ဇာတ်ကြောင်းကို အာလယား နှင့် မာဒူးတို့ကို ပြောပြပြီး ဖြစ်သော်လည်း ထိုအကြောင်း ကိုမူ ချန်ထားခဲ့သည်။ ယခုအချိန်ကျမှလည်း မပြော ချင်တော့။

'ဩော် ကိုယ်က ကြီးကြပ် စောင့်ရှောက်လိုက် ရတဲ့လူ ဆိုတော့ သူတို့အကြောင်းကို သိသင့်သမျှ သိ ထားရတာပေါ့ အဘရယ်၊ မတော်လို့ ကိုယ့်ဘက်က တစ်ခုခု မှားသွားရင် ဘယ်ကောင်းမလဲ၊ မဟုတ်ဘူးလား၊ ဒီနေ့ သူတို့နှင့် တွေ့လိုက်တော့ ကျွန်တော်ဟာ သူတို့ အကြောင်းကို ဘာမှ နားမလည်ဘဲ ကြောင်တောင်တောင် ဖြစ်နေတယ်၊ ဟို... ဟို ဂူးလ်ကုတ် မဟာရာဇာ စော်ဘွားကကော ဘယ်တုန်းက ကွယ်လွန်တာလဲ ဟင် အဘ၊ အဲဒီ မဟာရာဇာရဲ့ အစ်ကိုတော်လို့ ပြောတဲ့ အဘိုးကြီးကကော ဘယ်သူလဲ ဟင်'

'သူ့နာမည်က ရောင်းတဲ့၊ ရောင်းဆပ်တဲ့၊ ကာ ကာဂျီလို့လည်း ချစ်စနိုး ခေါ်ကြတယ်၊ သူက အဖေတူ အမေကွဲပါ၊ စော်ဘွားကြီးထက် နှစ်နှစ်လောက် ကြီး မှာပေါ့၊ သူက မောင်းမသား ဆိုတော့ အရိုက်အရာကို ဆက်ခံနိုင်ဘူးလေ၊ ဒီတော့ မဟာဒေဝီက မွေးတဲ့ အငယ်ကို ပေးရတာပေါ့၊ ဒါပေမဲ့ ဆွေတော် မျိုးတော် တွေ အားလုံးက သူ့ကိုတော့ လေးစားကြပါတယ်၊ မဟာရာဇာ စော်ဘွားကတော့ လွန်ခဲ့တဲ့ သုံးနှစ်လောက် ကပဲ ကွယ်လွန်တယ်၊ ခုဟော်နန်းမှာ အရိုက်အရာကို ဆက်ခံရတာက သတို့သမီး နှစ်ယောက် ဖြစ်တဲ့ ရာဇ ကုမ္မာရီ နှစ်ဦးရဲ့ အစ်ကိုတော်ဗျ'

'လာလာဂျီလား' ဟု အက်ရှ်က ခပ်တိုးတိုး မေးသည်။

'ဘယ်သူ'

'သားကြီး ဩရသလေ၊ ငယ်ငယ်တုန်းက နာမည် ဆို ထင်ပါရဲ့၊ ခုလောက်ဆိုရင် အသက်က...'

အက်ရှ်သည် ရှေ့ဆက်မပြောဘဲ ရပ်လိုက်၏။ ကာရိကုတ် စော်ဘွား အသက်မှာ 'ဆယ့်ခုနစ်နှစ်သာ ရှိသေးသည်' ဟူသော အရေးပိုင်၏ စကားကို အမှတ် ရလိုက်သောကြောင့် ဖြစ်သည်။

'မဟုတ်ဘူးလေ၊ ခုစော်ဘွားက မဟာဒေဝီကြီး က မွေးတဲ့သား မဟုတ်ဘူး၊ သားအငယ်၊ သားကြီး လာလာဂျီက သူ့ခမည်းတော် မသေခင် သုံးနှစ်လောက် ကတည်းက ဆုံးသွားတာ၊ ဟော်နန်း တံတိုင်းပေါ်မှာ မျောက်တစ်ကောင်နှင့် ဆော့နေတုန်း မြို့ရိုးပေါ်က လိမ့် ကျ သေသွားတာတဲ့၊ မတော်တဆ ဖြစ်တာပေါ့လေ၊ အားလေ မတော်တဆ ဖြစ်တာလို့ ပြောကြတာပဲ'

မတော်တဆ။ အက်ရှ်သည် ထိုစကားလုံးကို စိတ်ထဲမှ ရွတ်လိုက်၏။ ယခင်ကလည်း 'မတော်တဆ' တွေ များခဲ့လှပြီ။ လာလာဂျီကို မြို့ရိုးပေါ်မှ တွန်းချ ခဲ့သူမှာ ဘီဂျူရန်းလော။ ပန်ဝါလော။ သို့မဟုတ်... သနားစရာ ကောင်းလိုက်ပါသည့် လာလာဂျီ။

အက်ရှ်သည် တစ်ကိုယ်လုံး တုန်သွား၏။ မြွေ ဖြင့် တိုက်ခဲ့သည့် ကိစ္စ၊ အဆိပ် ခတ်ခဲ့သည့် ကိစ္စ။ နောက်ဆုံး ထိုလုပ်ကြံမှုတွေ မအောင်မြင်သည့် အခါ တွင် မြို့ရိုးပေါ်မှ အောက် ကျောက်ဆောင်ပေါ်သို့ လိမ့် ကျ သွားရရှာပြီ။ သနားစရာ အိမ်ရှေ့ ကိုယ်တော်လေး လာလာဂျီ။

ယခု သူတို့သည် အိမ်ရှေ့ ကိုယ်တော်လေးကို အပြတ် ရှင်းပစ်လိုက်ကြပြီ။ ကချေသည် မဟာဒေဝီသည် အောင်ပွဲခံနေပြီ။ အလိုလိုက်၍ အကျင့်ပျက်နေသည့် သူ့သား နန်ဒူးသည် သူတို့ လေညင်းသာ ဟော်နန်းတွင် ဗိုလ်မှူးကြီး ဗင်းတို့ အဖွဲ့ ရောက်လာခဲ့စဉ်က ကြောက် လန့်တကြား ထွက်ပြေးခဲ့၏။

ယခု ထိုသူငယ်သည် ကာရိကုတ် ဟော်နန်းတွင် မဟာရာဇာ စော်ဘွား တစ်ပါး ဖြစ်နေလေပြီ။ လာလာဂျီ ကိုယ်တော်လေးလည်း မရှိတော့ပြီ။

မာဒူးက တမာကူ အိုးကြီးကို တကူးကူး မြည် အောင် ရှူလိုက်လျက်

'အင်း အဲဒီနှစ် တံစ်ဝိုက်လောက်က စော်ဘွား ကြီး မိသားစုလည်း တော်တော်လေး ကြမ္မာဆိုး ဝင် လိုက်တာပဲ၊ စော်ဘွားကြီး ဆိုရင်လည်း မြင်းပေါ်က ကျသေရရှာတာ၊ အဲဒီတုန်းက စော်ဘွားကြီးက တောထဲ မှာ သိမ်းငှက်တိုက် သွားတာ၊ ဟိုရောက်တော့ လူရော မြင်းရော ကမ်းပါးပေါ်က ကျသေတာပဲ၊ မြင်းရော လူရော လည်ပင်း သွင်သွင် ကျိုးသွားတာတဲ့၊ တချို့က ပြောကြတော့ မြင်းကို ပျားတုပ်လိုက်တာနှင့် မြင်းက လန့်အပြေးမှာ ချောက်ထဲကို ကျတာတဲ့၊ သူ့မဟာဒေဝီ လေးတော့ ရင်ကွဲတာပေါ့ကွယ်၊ သူ့ခမျာ မဟာဒေဝီ အမြှောက်ခံရတာ ဘာကြာသေးလို့လဲ၊ သူ့စတုတ္ထမြှောက် မဟာဒေဝီပေါ့လေ၊ ပထမ နှစ်ယောက် သေသွားတယ်၊ အဲဒီ မဟာဒေဝီကလေးက ငယ်လည်းငယ်၊ ချောလည်း အလွန်ချော ဆိုသကိုး၊ မြေရှင်ကြီး တစ်ယောက်ရဲ့ သမီး တဲ့'



www.burmeseclassic.com

www.burmeseclassic.com



တမာကူအိုးထဲမှ ရေက ဂလောက် ဂလောက် မြည်နေသည်။ အက်ရှ် အဖို့သော်မူ ထိုအသံသည် ရန်ငြိုးတကြီး လှောင်ပြောင် ရယ်မောနေသံနှင့် တူသည်ဟု ထင်မိ၏။

'စော်ဘွားကြီးလည်း ကမ်းပါးက ကျသေရော၊ အို တတိယ မဟာဒေဝီဟာ စိတ်ထိခိုက်လွန်းလို့ ကိုယ့်ကိုယ်ကိုယ် သတ်သေမယ်လို့ တကဲကဲ ဖြစ်နေတယ် ဆိုပဲ၊ ဒါပေမဲ့ မလုပ်တော့ မလုပ်ဖြစ်ပါဘူး၊ နောက်ဆုံး ဖြောက်တဲ့ မဟာဒေဝီကလေးက စော်ဘွားကြီးရဲ့အလောင်းကို သင်္ဂြိုဟ်တဲ့ မီးပုံထဲကို ခုန်ဆင်းလိုက်သတဲ့'

'ဘာလဲ၊ ဆတ္တီး လုပ်တာလား၊ ဒါက ဥပဒေအရ ခွင့်မှ မပြုတော့တာ' ဟု အက်ရှ်က အလန့်တကြား မေးလိုက်သည်။

'ဥပဒေက ဥပဒေပေါ့ လူလေးရယ်၊ ဒါပေမဲ့ စော်ဘွား ဆိုတာ သူတို့ ပါးစပ်က ထွက်တာ ဥပဒေ ဖြစ်နေတယ် မဟုတ်လား၊ ပြည်နယ် တော်တော်များများမှာ မဟာရာဇာတွေဟာ ဒီလိုပဲ သူတို့ လုပ်ချင်တာ လုပ်၊ ဆိုင်ရာက သိတော့ နောက်ကျနေပြီ၊ ခုလည်း စတုတ္ထ မဟာဒေဝီကလေးဟာ မီးပုံကြီးထဲကို ခုန်ဆင်းလိုက်တာ၊ ဘယ်သူမှ ဆွဲချိန် မရလိုက်ဘူးတဲ့၊ သတိရလို့ ကြည့်လိုက်တော့ ပြာဖြစ်နေပြီ၊ တတိယ မဟာဒေဝီ ဆိုတာ မီးပုံထဲကို ခုန်ဆင်းမယ် တကဲကဲ ဖြစ်နေလို့ နောက်ဆုံးတော့ အခြွေအရံတွေက သူ့ကို အခန်း တစ်ခုထဲ လှောင်ပြီး သော့ခတ် ထားရတယ်၊ ဆိုင်ရာ အစိုးရက နယ်လှည့် လာတုန်းမို့ သူ့ကိုတော့ တားလို့လည်း မီလိုက်ပါရဲ့၊ ဒါပေမဲ့ စတုတ္ထ မဟာဒေဝီလေးကိုတော့ မမီလိုက်တော့ဘူး'

'ဒါဖြင့် တတိယ မဟာဒေဝီ အဖို့တော့ ဟန်ကျသွားတာပေါ့ အဘရာ၊ သားဖြစ်တဲ့ ကာရိကုတ် စော်ဘွား နောက်ကွယ်က နေပြီး စိတ်ထင်တိုင်း ကြိုးကိုင်နိုင်ပြီပေါ့' ဟု အက်ရှ်က စိတ်ဆိုးဆိုးဖြင့် ပြောလိုက်၏။

'ဒါပေါ့၊ လူတွေကတော့ ကံကောင်းတယ်လို့ ပြောကြတာပဲ၊ တတိယ မဟာဒေဝီက ဟိုတုန်းက ကသ္မီယ ကချေသည်တဲ့၊ နှစ်နှစ်လောက်တော့ ပြည်နယ်ကို ကြိုးကိုင် လိုက်ရတာပေါ့လေ၊ ကွယ်လွန်တော့လည်း မဟာဒေဝီကြီး အဖြစ် ကွယ်လွန်သွားတာပေါ့'

'ဟင် ဒါဖြင့် သူ မရှိတော့ဘူးပေါ့' ဟု အက်ရှ်က အလန့်တကြား မေးလိုက်သည်။ ဖြစ်နိုင်စရာ အကြောင်း မရှိ။ အက်ရှ်သည် ထိုစဉ်ကတည်းက ဂျာနူးဘိုင်ကို မတွေ့ရတော့။ မဟာဒေဝီ ဂျာနူးဘိုင်သည် အလွန်ထက်သည့် မိန်းမ။ ဟဝါးမဟာ ခေါ် လေညင်းသာ ဟော်နန်းတွင် သူ့လက် သူ့ခြေချည်း။

ထိုရက်စက် အကြင်နာကင်းသော မိန်းမ၊ မဟာရာဇာကို ကြိုးကိုင်ကာ လာလာဂျီကို လုပ်ကြံခဲ့သည့် မိန်းမ၊ မိမိကိုပင်လျှင် လိုက်လံ သတ်ဖြတ်ရန် ကြိုးစားခဲ့သည့် မိန်းမ။ ယခု ထိုမိန်းမ သေပြီ ဆိုသည်ကို အက်ရှ် မယုံချင်။

မဟာဒေဝီ ဂျာနူးဘိုင် သေပြီ ဆိုသည့် သတင်းသည် ဟဝါးမဟာ ခေါ် လေညင်းသာ ဟော်နန်းကြီးမှ ခံတပ် တံတိုင်းကြီး ပြိုပြီ ဆိုသည့် သတင်းကို ကြားရသည့်နှယ် ယုံနိုင်ဖွယ် မရှိ။

'ဘယ်ပုံဘယ်နည်း သေတာတဲ့လဲ အဘ'

မာဒူး၏ မှုန်မွဲ၍ အမြော်အမြင် ရှိသော မျက်လုံးများသည် တမာကူအိုးမှ ရောင်ပြန်ဟပ်သော အလင်းရောင်ထဲတွင် တလက်လက် တောက်ပနေကြသည်။

'သူ့သားကြီးနှင့် ရန်ဖြစ် စကားများကြပြီး နောက်တော့ အဆိပ်လူးတဲ့ စပျစ်သီးတွေကို စားသေသွားတယ်လို့ ပြောကြတာပဲ'

အက်ရှ်က အသက်ကို အနိုင်နိုင် ရှုလိုက်ရင်း

'ဘာ၊ မဖြစ်နိုင်တာ အဘရယ်၊ ကျွန်တော်တော့ ဘယ်လိုလုပ်မှ မယုံနိုင်ဘူး၊ ကိုယ့်အမေရင်း ခေါက်ခေါက်ကို ဘယ် ဒီလို...'

'သူ့သားက အဆိပ်ခတ်တယ်လို့ အဘ မပြောပါဘူးလေ၊ ဒီလိုတော့လည်း ဘယ်လုပ်ပါ့မလဲ၊ ဆိုင်ရာက စုံစမ်းတော့ မတော်တဆ ဖြစ်တာတဲ့၊ ဟော်နန်းက ဥယျာဉ်ထဲမှာ ကျီးကန်းတွေ လာလွန်းလို့ စပျစ်သီးတွေကို အဆိပ်လူးပြီး ဥယျာဉ်ထဲကို သူကိုယ်တိုင် ပစ်လေ့ ရှိသတဲ့၊ ကြည့်ရတာကတော့ အဲဒီ အဆိပ်လူးတဲ့ စပျစ်သီးတွေ သူ့ပန်းကန်ထဲမှာ ကျန်ခဲ့ပြီး မှားစားမိသလားမှ...'

တမာကူအိုးမှ ဂလောက် ဂလောက် အသံက လှောင်ရယ်ရယ်သည့် အသံ။ မာဒူးက စကားကို ဆက်၍ မပြော။ အတန်ကြာမှ

'ဒါကြောင့် အဘ ပြောတယ် မဟုတ်လား လူလေးရဲ့၊ ကာရိကုတ် မဟာရာဇာ စော်ဘွားဟာ ဒုက္ခသုက္ခတွေကို တော်တော် တွေ့ခဲ့ရတယ်လို့၊ သူမှာ နောင်တော် ဆုံးခဲ့ရတယ်၊ နောက် ခမည်းတော်၊ နောင်နှစ်နှစ်လောက် ကြာတဲ့ အခါ မယ်တော်၊ ဒါတွေ မတိုင်



www.burmeseclassic.com

www.burmeseclassic.com



ခင်တုန်းကလည်း ဂူးလ်ကုတ်မှာ ကာလဝမ်း ဖြစ်လို့ ကလေးတွေ သေကြတော့ ညီတော် တစ်ယောက် နှစ်ယောက်နှင့် နှမတော်လေး တစ်ယောက် ဆုံးခဲ့ရသေးတယ်၊ ဆွေတော် မျိုးတော်တွေထဲက လူကြီးတွေလည်း ဆုံးခဲ့ရတယ်၊ ခုဆိုရင် မဟာရာဇာ စော်ဘွားမှာ ခု အဘတို့နှင့် ပါလာတဲ့ ညီတော်လေး တစ်ယောက်ပဲ ကျန်တော့တာကလား၊ နှမ အရင်းခေါက်ခေါက်ထဲက ဆိုရင်လည်း ခုသတို့သမီး အငယ် ဖြစ်တဲ့ ရာဇကုမ္မာရီပဲ ကျန်တော့တယ်၊ သတို့သမီး အကြီးက အစ်မ အရင်း မဟုတ်ဘူးလေ၊ ခမည်းတော်ရဲ့ ဒုတိယ မဟာဒေဝီက မွေးတဲ့ သမီးတဲ့၊ အဖေတူ အမေကွဲ ဆိုပါတော့၊ သူ့အမေ မဟာဒေဝီက နိုင်ငံခြားသူတဲ့၊ ဖာရင်ဂီ မဟာဒေဝီလို့လည်း ခေါ်ကြတယ်'

'ဇူလီ' ဟု အက်ရှ် စိတ်ထဲမှ ရွတ်လိုက်မိသည်။ အက်ရှ်သည် ထိုအတွေးကြောင့် လန့်သွား၏။

လွန်ခဲ့သည့် နှစ်ညက သတို့သမီး နှစ်ယောက်၏ တဲနန်းတွင် သူ မြင်ရသည့် အရပ်မြင့်မြင့် သွယ်သွယ် မျက်နှာကို ဇာပဝါနှင့် ဖုံးထားသည့် သတို့သမီးသည် ဖာရင်ဂီ မဟာဒေဝီ ခေါ် နိုင်ငံခြားသူ မဟာဒေဝီ၏ မိတဆိုး သမီးငယ် ဇူလီပါတကား။ ကချေသည် မဟာဒေဝီက သရက်သီး ရွှမ်းပြင်းဟု လှောင်၍ ခေါ်ခဲ့သည့် ဇူလီပါတကား။ လေညင်းသာ ဟော်နန်း တစ်ခုလုံးက 'ကိုင်ရီဘိုင်' ဟုခေါ်ခဲ့ကြသည့် ဇူလီပါတကား။

ဟုတ်သည်။ ဇူလီမှ ဇူလီ အစစ်။ သို့ရာတွင် အက်ရှ် မသိခဲ့။

အက်ရှ်သည် ငူငူကြီး ထိုင်ရင်း ကြယ်ရောင်ကို ငေးကြည့်နေသည်။ သူ့စိတ်သည် အတိတ်သို့ ပြန်ရောက်နေ၏။ စခန်း တစ်ခုလုံး ငြိမ်သက်စ ပြုနေပြီ။ မိန်းမ ယောကျ်ားတို့၏ စကားသံများသည် တိုး၍သွားကာ လေအသုတ်တွင် တရှဲရှဲ မြည်နေသော ညောင်ရွက်တို့ ထိပွတ်သံနှင့် ရောသွားကြလေပြီ။ အဝေးမှ ဗုံသံနှင့် တွင်းစပ်ဆီမှ ခွေးအ တစ်သိုက်၏ အူသံ ပေါ်လာသည်။

သို့ရာတွင် အက်ရှ်သည် ထိုအသံများကို မကြားမိ။ သူ့စိတ်သည် အချိန်အားဖြင့် လည်းကောင်း၊ အကွာအဝေးအားဖြင့် လည်းကောင်း ပျံ့လွင့်လျက် ရှိကာ နှင်းတို့ ဖုံးနေသည့် ဒူးရှ်ခိုင်မာ ခေါ် ရွှေပြည်သာ တောင်တန်းကြီးကို လှမ်းမြင်နေရသည့် ဘုံဆောင်ပျက်ကလေး တစ်ခုပေါ်တွင် သူငယ်မကလေး တစ်ယောက်နှင့် စကားပြောနေမိပါပကော။

ဟဝါးမဟာ ခေါ် လေညင်းသာ ဟော်နန်းတုန်းက ဇူလီသည် သူ့ဘဝ၏ အစိတ်အပိုင်းကလေး တစ်ခု။ သည်လို အရေးကြီးသည့် အစိတ်အပိုင်း တစ်ခုကို အဘယ်ကြောင့်များ မေ့ရက်နိုင်သနည်း။ မဟုတ်။ မမေ့။ ဘာကိုမျှ သူ မမေ့။ မတွေးမိအောင် စိတ်ထဲမှ အတင်း ဖျောက်ထားခဲ့ခြင်းသာ ဖြစ်သည်။

ဘာကြောင့် သည်လို အတင်း ဖျောက်ခဲ့သည်ကိုမူ...။

ထိုနေ့ည မာဒူး ပြန်သွားသည့် အခါ၌ အက်ရှ်သည် သူ ပထမဆုံး ရခဲ့သည့် ပိုက်ဆံဖြင့် ဝယ်ခဲ့သည့် ပိုက်ဆံ သေတ္တာကလေးကို ဖွင့်ကြည့်သည်။ သည်အထဲတွင် သူ့ အဖိုးထိုက် ရတနာတွေ ထည့်ထား၏။

အမေ သီတာ ဝတ်ခဲ့သည့် ငွေလက်စွပ်ကလေး တစ်ကွင်း၊ သူ့အဖေ ဘရားဆပ် ဟီလာရီ နောက်ဆုံး ရေးခဲ့သည့် မပြီးဆုံးသေးသော ရေးလက်စ စာတစ်စောင်၊ ပယ်လ်ဟမ်အဘာစ်သို့ သူ ရောက်သည့်နေ့က ဗိုလ်မှူးကြီး အင်ဒါဆင် ပေးခဲ့သည့် နာရီ၊ ပထမဆုံး ဝတ်ရသည့် လက်ကြယ်သီး တစ်စုံနှင့် အခြား တိုလီမိုလီ ပစ္စည်းကလေးများ။

အက်ရှ်သည် ထိုပစ္စည်းများကို မွှေနှောက်ကာ တစ်စုံတစ်ခုကို ရှာနေသည်။ နောက်ဆုံး ပိုက်ဆံသေတ္တာကလေးကို ရွက်ဖျင် ခေါက်အိပ်စင်ပေါ်သို့ သွန်ချလိုက်၏။ ဟုတ်သည်။ ဝါကျင့်နေပြီ ဖြစ်သည့် စက္ကူထုပ်ကလေး တစ်ထုပ်။

အက်ရှ်သည် မှန်အိမ် အနားသို့ ထလာကာ အထုပ်ကလေးကို ဖြေပြီး အထဲမှ ပစ္စည်းကလေးကို ကြည့်နေသည်။ ကရုကမာခွံ ငါးရုပ် ထက်ပိုင်းကျိုးကလေး။ ငါးမျက်စိကလေးကို အပေါက် ဖောက်ပြီး ကျစ်ပိုးကြိုးကလေး ဆိုင်းထားသည်။ (ဖာရင်ဂီ မဟာဒေဝီ ကိုယ်တိုင် ထိုသို့ လုပ်ပေးခဲ့သည်လော မသိ။) ဇူလီ ဆွဲခဲ့သလို လည်တွင် ဘယက် အဖြစ် ဆွဲနိုင်ရန် ဖြစ်၏။

သည်ပစ္စည်းကလေးသည် ဇူလီ၏ အဖိုး အထိုက်ဆုံးသော ရတနာကလေး။ ဇူလီသည် အမှတ်တရ သိမ်းဆည်းထားရန် သူ့ကို ပေးခဲ့သည်။ သူ့ကို မမေ့ဖို့ တဖွဖွ မှာခဲ့သည့်တိုင် အက်ရှ်သည် ဇူလီ၏ အကြောင်းကို နောက်ပိုင်းတွင် သိပ်မတွေးမိတော့။ သူ့တွင် အခြားကိစ္စတွေ တစ်ပုံတစ်ပင်။ အရေးတကြီး ပြဿနာတွေ ဒုနှင့်ဒေး။



www.burmeseclassic.com

www.burmeseclassic.com



ဝူးလ်ကုတ်တွင် ကိုဒါဒတ် မရှိတော့သည့် အခါ၌ လေညင်းသာ ဟော်နန်း သတင်းကိုလည်း မကြားရတော့။ မည်သူနှင့်မှလည်း အဆက်အသွယ် မရှိတော့။ ဟီရာလားလ်ပင်လျှင် ဘယ်ဆီ ဘယ်စခန်းသို့ ရောက်နေပြီကို မသိခဲ့။

ထိုနေ့ညက အက်ရှ် ကောင်းကောင်း အိပ်မပျော်။ အမှောင်ထဲတွင် လဲလျောင်းနေစဉ် အတန်ကြာ ပျောက်ကွယ်နေကြသည့် ရာပေါင်းများစွာသော အသေးအဖွဲ အဖြစ်အပျက်ကလေးများသည် သူ့မျက်စိရှေ့တွင် ကခုန်နေကြသည်။

ယခု ကာရိကုတ် ပြည်နယ် မဟာရာဇာ စော်ဘွား ဖြစ်နေသည့် နန်ဒူးကို သူ့မယ်တော် မဟာဒေဝီ ဂျာနူးဘိုင်မှ ဖွားမြင်သည့် အတွက် ပျော်ပွဲ ရွှင်ပွဲတွေ၊ မီးရှူးမီးပန်းတွေ လွှတ်ကာ ဝူးလ်ကုတ် တစ်မြို့လုံး ပျော်ပွဲရွှင်ပွဲ ကျင်းပနေသည့် ည…။

ဝူးလ်ကုတ်မြို့ လမ်းမများပေါ်တွင် သူနှင့် ဆော့ကစားခဲ့ကြသည့် ဂိုပီ၊ ဝူးလ်၊ ဂျာဂတ်နှင့် ရှိုကီ စသည့် ကစားဖော် ကစားဖက်များ၏ မျက်နှာများ…။

မြွေပါကလေး တူကူး သေဆုံးခဲ့ရပုံ…။

မိမိမှာ လာလာဂျီထက် ကံကောင်းသူ ဖြစ်သည့်အတွက် လာလာဂျီအား သည်းခံရန် ဟီရာလားလ်က ပြောခဲ့ပုံ…။

အမေ သီတာ ပြောသည့် တောင်ကြားတွင် အိမ်ကလေး တစ်ဆောင် ဆောက်ရန် အတွက် စုဆောင်းထားဖို့ ဇူလီက ငွေမတ်စေ့ကလေး တစ်စေ့ ယူလာခဲ့ပုံ…။

သူတို့နှစ်ယောက် ငွေမတ်စေ့ကလေးကို မဟာဒေဝီ ဘုံဆောင်ပျက် ကြမ်းပြင်မှ ကျောက်တုံး တစ်တုံး အောက်တွင် ဝှက်ထားခဲ့ကြပုံ…။

အခါအားလျော်စွာ ပိုက်ဆံရလျှင် ထိုကျောက်တုံး အောက်တွင် ဝှက်၍ စုထားမည်ဟု သူတို့ စိတ်ကူးခဲ့ကြ၏။ သို့ရာတွင် မစုဖြစ်ခဲ့ကြ။ သူ မရှိတော့သည့် နောက် ဇူလီ ပြန်မယူလျှင် ထိုငွေမတ်စေ့ကလေးသည် ထိုနေရာမှာပင် ရှိနေပေလိမ့်ဦးမည်။

ဇူလီ ပေးလိုက်သည့် ကရုကမာခွံ ငါးရုပ် ထက်ပိုင်းကျိုးကလေးသည် သူ့သေတ္တာ အောက်ဆုံးတွင် မှေးမှေး ပျောက်ပျောက် ရှိနေသလို ထိုငွေမတ်စေ့ကလေးသည်လည်း (ဇူလီသာ ပြန်မယူလျှင်) ထိုနေရာမှာပင် ရှိနေပေလိမ့်ဦးမည်။

သူ အိပ်ပျော်သွားသည့် အခါ၌ ကောင်းကင်တွင် ကြယ်ရောင်တို့ မှိန်စပြုနေပြီ။ မျက်စိ မှိတ်လိုက်သည်နှင့် မဆီမဆိုင် စကား တစ်ခွန်းသည် သူ့ခေါင်းထဲတွင် ပြန်ပေါ်လာ၏။ ထိုစကား တစ်ခွန်းသည် သူ ပြောခဲ့သည့် စကား ဖြစ်၏။ ဘယ်တုန်းက ဘာကြောင့် ပြောခဲ့သည်ကိုမူ သူ မမှတ်မိတော့။

'ကိုယ်သာ ဇူလီ ဆိုရင် ဘယ်တော့မှ လက်ထပ်မှာ မဟုတ်ဘူး၊ လက်ထပ်တယ် ဆိုတာ အန္တရာယ် များလှပါတယ်ကွယ်'

ဘာကြောင့် အန္တရာယ် များရမည်နည်းဟု အက်ရှ် စဉ်းစား၏။ အက်ရှ်သည် ငိုက်မျဉ်းရာမှ အိပ်ပျော်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၅

**'အာစ**တေး၊ အာစတေး၊ ခါဗဒါ၊ (ပရင်ကူလီ) ရှား**ဘားစ်**၊ မီရာမိုတီ၊ အက်အက်ဟိုး၊ အားစ်၊ ဘာစ်၊ ကျား**ကွတ်**တား၊ အူလူး၊ နီကာရော့ေ၊ ဟရေး ဟရေး၊ ဟေး **ဟေး** ဟေး'

စခန်း တစ်ခုလုံး မြစ်ကို ဖြတ်ကူးလျက် ရှိသဖြင့် **အော်သံ** ညာသံ ဆူညံလျက် ရှိ၏။ လူတွေ ရုတ်ရုတ်**သဲသဲ**။ ဝန်တင်လှည်း တစ်စီး ရွံ့ထဲတွင် နစ်နေသဖြင့် **ဆွဲဆင်** တစ်စီးဖြင့် ဆွဲတင်နေကြခြင်း ဖြစ်၏။

ကာရီကုတ် စော်ဘွား၏ လက်နက်ကိုင် တပ်မှူး **ဖြစ်သည့်** မူးလ်ရတ်သည် အက်ရှ်နှင့် အတူ မြင်းဖြင့် **တပ်ဦး**မှ ထွက်လာကာ ရေ အတိမ်အနက်ကို စမ်းသပ်ပြီးနောက် တစ်ဖက်ကမ်းသို့ ကူးလာခဲ့ကြသည်။ တစ်**ဖက်ကမ်း**သို့ အရောက်တွင် တောင်ကမ်းပါးယံမှာ ရပ်၍ **မြစ်ထဲ**တွင် ရုတ်ရုတ်သဲသဲ ဖြတ်ကူးနေသူများကို ငုံ့**ကြည့်**နေကြသည်။

'မြန်မြန် မကူးနိုင်ရင်တော့ မိုးချုပ်သည် အထိ **ဒီဘက်**ကို ရောက်မှာ မဟုတ်သေးဘူး သခင်ဆပ်၊ တော်**တော်**ခက်တဲ့ ကောင်တွေပဲ၊ ဘာလုပ်နေကြမှန်း မသိဘူး'

မူးလ်ရတ်က ပြောသည်။

အက်ရှ်က ရေယောင်၍ ခေါင်းညိတ်လိုက်ရင်း **ရေတိမ်**၌ တစွက်စွက် ကူးနေသူများ၊ မြစ်လယ်ရှိ ရင်ဆို့**လောက်** ရေထဲတွင် ကူးလာနေသူများကို ငေးကြည့်**နေသည်**။

ဘီဂျူရန်းကို တွေ့ပြီးနောက် ကာရီကုတ် ပြည်**နယ် ဆို**သည်မှာ အခြား မဟုတ်၊ မိမိ ငယ်စဉ်က နေခဲ့**ဖူးသည့်** ဂူးလ်ကုတ်နှင့် အတူတူ ဖြစ်သည် ဆိုသည်ကို **သိခဲ့**ရသည်မှာ သုံးရက် ရှိခဲ့လေပြီ။

ထိုသည့်နောက်မှ စ၍ အက်ရှ်သည် သူ့ပတ်**ဝန်းကျင်**မှ လူများကို သတိထား ကြည့်ခဲ့မိရာ သူ မှတ်မိသည့် **လူ**တော်တော်များများကို တွေ့ရသည်။ ဆင်ဦးစီးတွေထဲမှာပင် လေညင်းသာ ဟော်နန်း ဆင်ကျုံးတွင် သူ မြင်ခဲ့ဖူးသူ ခြောက်ယောက်နှင့်နှင့် ရှိသည်။

ထိုမျှမက ဟော်အရာထမ်းတွေ၊ မြင်းထိန်း ဆိုက်ကုလားတွေ၊ လက်နက်ကိုင် တပ်သားတွေ၊ အစေတော်တွေ၊ အခြွေအရံတွေထဲတွင်လည်း သူ သိသူတွေ မနည်း။

လွန်ခဲ့သည့် လေးရက်လောက်က ဆိုလျှင် သူတို့ကို ဂရုစိုက်၍ မကြည့်မိခဲ့။ သို့ရာတွင် မာဒူးထံမှ အကျိုးအကြောင်း သိပြီးနောက် သတိထား၍ ကြည့်လိုက်သည့် အခါ၌မူ လူတော်တော်များများကို သူ မှတ်မိနေသည်။

လူတွေကိုသာမက ပရင်ကူလီ ဆိုသည့် ဆင်ကြီးကို သူ မှတ်မိနေသည်။ သူ ငယ်ငယ်က ထိုဆင်ကြီးကို ကြံချောင်းတွေ မကြာခဏ ကျွေးခဲ့သေးသည် မဟုတ်လော။ ထိုစဉ်က ဆင်ဦးစီးကပင် သူ့ကို သတိထားရန် မကြာခဏ သတိပေးခဲ့သေးသည် မဟုတ်လော။

ဝင်လုဆဲ နေခြည်သည် မြစ်ပြင်ပေါ်သို့ ဖြာကျကာ ရောင်ပြန်ဟပ်လျက် ရှိသဖြင့် ဖြတ်ကူးနေသူများကို သဲသဲကွဲကွဲ မမြင်ရ။ ထို့ကြောင့် အက်ရှ်သည် မူးလ်ရတ်နှင့် အတူ စခန်း အုပ်ချုပ်ရေး ကိစ္စများကို ပြောဆိုလျက် ရှိ၏။

အစေခံများ၊ အလုပ်သမားများနှင့် ဝန်တင်တိရစ္ဆာန်များကို အလျင် ဖြတ်ကူးခိုင်းရ၏။ စခန်းချမည့် နေရာသို့ အလျင်ရောက်ပြီး ရွက်ဖျင်တဲများ ထိုးရန်၊ မီးဖိုရန်၊ အစားအသောက် ချက်ပြုတ်ရန် သူတို့ကို အလျင် အကူးခိုင်းရခြင်း ဖြစ်သည်။ သတို့သမီးများနှင့် အခြွေအရံများက ရောက်သည်နှင့် အားလုံး အဆင်သင့် ဖြစ်နေစေရန် နောက်မှ ဖြည်းဖြည်းသာ လိုက်လာကြသည်။

ထိုနေ့က သူတို့တစ်သိုက်သည် ကူးတို့ဆိပ်မှ မိုင်ဝက်ခန့် ဝေးသည့် တောအုပ်ထဲတွင် စခန်းချကြ



www.burmeseclassic.com

www.burmeseclassic.com


ရေ့မှ သွားနှင့်သူများ အားလုံး အဆင်သင့် ရှိ မရှိ သတင်းကို စောင့်ဆိုင်းနေကြသည်။ သတင်းပို့သူ ရောက်လာ၍ ဖြတ်ကူးနိုင်ကြောင်း သတင်းပို့လာသည့် အခါတွင် ကျေးငှက်တို့ပင် သစ်ပင်များပေါ်တွင် အိပ်တန်းတက်ကုန်ကြလေပြီ။ နေလုံးကြီးသည်လည်း မိုးကုပ်စက်ဝိုင်း အောက်သို့ လျှောကျနေလေပြီ။

သို့ဖြင့် အစောင့် ကျန်ရစ်ခဲ့သော ပြည်နယ်တပ်သား သုံးဆယ်ခန့် လိုက်ပါလျက် သတို့သမီးများနှင့် အဖွဲ့သည် ခပ်ဖြည်းဖြည်း လာခဲ့ကြရာ နေဝင်ရီတရောတွင် ကူးတို့ဆိပ်သို့ ရောက်လာသည်။

ခါတိုင်းဆိုလျှင် သတို့သမီးများ လိုက်ပါလာသည့် ပေါင်းမိုးချ လှည်းယဉ်နောက်တွင် အခြွေအရံတို့၏ လှည်းတစ်စီး လိုက်ပါလာမြဲ ဖြစ်၏။ သို့ရာတွင် ယနေ့ညတွင်မူ အခြွေအရံလှည်းမှာ နောက်ကျ ကျန်ရစ်ခဲ့သဖြင့် သတို့သမီးများ၏ လှည်းယဉ် ရေထဲသို့ ဆင်းသည့် အချိန်တွင် တပ်သား အချို့၊ အစေတော် အချို့နှင့် သတို့သမီးများ၏ ဘကြီးတို့သာလျှင် ပါလာကြ၏။

ဘကြီးတော်သည် ယနေ့ညတွင် အညောင်းပြေ လမ်းလျှောက်မည်ဟု ဆိုကာ သူ စီးသည့် ဝေါကို ရေ့မှ လွှတ်လိုက်၍ လိုက်လာခဲ့ခြင်း ဖြစ်၏။ သို့ရာတွင် ကူးတို့ဆိပ်သို့ ရောက်၍ ရေထဲသို့ ဆင်းကြည့်လိုက်သည့် အခါ၌ မြစ်ရေမှာ သူ ထင်သလောက် တိမ်ခြင်း မရှိသည်ကို တွေ့ရှိရသဖြင့် စိတ်ပျက်သွားသည်။

အက်ရှ်သည် မြင်းပေါ်သို့ ပြန်တက်လိုက်ပြီးနောက် ကမ်းပါးအောက် မြစ်ဆိပ်သို့ ဆင်းလာခဲ့သည်။ ထိုစဉ် မှောင်ရီလွှမ်းနေသော မြစ်ပြင်ဆီမှ အလန့်တကြား အော်သံ၊ ဆူပူ အော်ဟစ်သံတို့ကို ကြားလိုက်ရ၏။ အက်ရှ်သည် မြင်းခြေနင်းကွင်းပေါ်တွင် မတ်တတ် ရပ်၍ လှမ်းကြည့်လိုက်သည်။

သတို့သမီးများ စီးလာသည့် လှည်းယဉ်မှာ ချောက်ထဲသို့ ကျသွားပြီး ဝင်ရိုး ကျိုးသွားကာ လှည်းသမားမှာလည်း ရေထဲသို့ ကျသွားသည်ကို မြင်လိုက်ရ၏။ လှည်းဆွဲသည့် မြင်းမှာ မြင်းလှည်းသန် ကြားထဲတွင် ညှပ်လျက်ရှိရာ ရေနစ်မည် စိုးသဖြင့် ရုန်းထွက်ကန်ကျောက်လျက် ရှိ၏။

လှည်းယဉ်မှာ မှောက်တော့မည့်နှယ် တစ်ဖက်သို့ စောင်းစောင်းကြီး ဖြစ်နေလေပြီ။ ဓာကန့်လန့်ကာများ အလုံချထားသည့် လှည်းပေါ်မှ ထိတ်လန့်တကြား အော်နေသံနှင့် အတူ လူတစ်ဒါဇင်ခန့်တို့သည်လည်း ဆူညံစွာ ပြောဆိုလျက်ရှိရင်း ရေနက်ရာသို့ မျောပါနေသည့် လှည်းကို အတင်း ဆွဲနေကြသည်။

အမှောင်ဖုံးသွားပြီ ဖြစ်သဖြင့် မြစ်ထဲတွင် မည်သို့ ဖြစ်နေသည်ကို ကမ်းပေါ်မှ မည်သူမျှ သေသေချာချာ မမြင်ရ။ သို့ရာတွင် လမ်းတစ်ဝက် ရောက်နေသည့် အက်ရှ်မှာမူ ထိုအဖြစ်အပျက်ကို သိလိုက်လေပြီ။

ထို့ကြောင့် အက်ရှ်သည် မြင်းကို သံဆူးဖြင့် တို့လိုက်ကာ ကမ်းပါးအောက်သို့ ဒုန်းစိုင်း စီးလာခဲ့သည်။ မြစ်ထဲတွင် ရှိသည့် လူများသည် သူ့ကို တအံ့တသြဖြင့် ငေးကြည့်နေကြ၏။

အက်ရှ်သည် လှည်းနားသို့ ရောက်သည့်အခါတွင် မြင်းပေါ်မှနေ၍ လှည်းယဉ်ကို ဖုံးထားသည့် ဓာကန့်လန့်ကာကို ဆွဲ၍ ဖြတ်ပစ်လိုက်၏။ လှည်းကို တွန်းနေသူများမှာလည်း သူ့ကို နေရာ ဖယ်ပေးပြီး ကြည့်နေကြသည်။

အမှောင် ဝိုးဝါးထဲတွင် ကြည့်လိုက်သည့် အခါ၌ သူ့လက်ထဲတွင် ရေတွေ စိုရွှဲကာ ထိတ်လန့်တကြား ဖြစ်နေသော မိန်းမပျို တစ်ယောက်။ လှည်းသည် စောင်းသွားကာ ရေတွေ တရဟော ဝင်လာသည်။

'ဇူလီ၊ မြန်မြန် ထွက်လေ၊ ထွက်ခဲ့'

အနားတွင် အုတ်အုတ်ကျက်ကျက် ဖြစ်နေသည့် လူသံတွေကို လွှမ်းသွားအောင် အထဲတွင် ကျန်နေသေးသည့် မိန်းမပျိုကို လှမ်းခေါ်လိုက်သည်။ ပါးစပ်မှ အလိုလို အသံ ထွက်သွားခြင်း ဖြစ်၏။ သို့ရာတွင် အော်သံတွေ၊ တဝေါဝေါ မြည်နေသော ရေသံတွေကြောင့် သူ့အသံကို မည်သူမျှ မကြားမိကြ။

ထိုအထဲတွင် သူ့ရင်ခွင်ထဲတွင် ရောက်နေသည့် သေးသေးသွယ်သွယ် ခန္ဓာကိုယ်နှင့် မိန်းမပျိုကလည်း သူ့ကို အတင်း တွယ်ဖက်ကာ အလန့်တကြား အော်နေလိုက်သေးသည်။

အက်ရှ်သည် သူ့လက်ကို အတင်း ဆွဲဖြုတ်ကာ မိန်းမပျိုကို အနီးရှိ လူတစ်ယောက်ထံ လှမ်းပေးလိုက်၏။ တပ်သား တစ်ယောက် ဖြစ်ချင်ဖြစ်မည်။ လှည်းသမား တစ်ယောက် ဖြစ်ချင်ဖြစ်မည်။ မည်သူမည်ဝါမှန်း မသိ။ သို့ရာတွင် သူ့ဘကြီးတော် ဖြစ်နေ၍ တော်ပါသေး၏။

အက်ရှ်သည် မိန်းမပျိုကို သူ့ဘကြီးအား လှမ်းပေးလိုက်ပြီးနောက် ခါးလောက် ရှိသည့် ရေထဲတွင်


www.burmeseclassic.com

www.burmeseclassic.com



မြင်းကို ဓွတ်အတင်း စီးကာ မျောပါနေသော လှည်းယဉ် နောက်သို့ လိုက်သွားသည်။

'ကလေးမ ထွက်ခဲ့လေ'

အမှောင်ထဲမှ ရေသံများကို ကြားရသည်။ စုတ်ပြဲနေသည့် ဓာကန့်လန့်ကာထဲမှ လက်တစ်ဖက် ထွက်လာ၏။ အက်ရှ်က လက်ကို ဖမ်းဆွဲ၍ မ ယူလိုက်ပြီး မိန်းမပျိုကို ပွေ့ချီကာ ကမ်းသို့ လာခဲ့သည်။

ယခု မိန်းမပျိုမှာ ခပ်စောစောက မိန်းမပျိုလို သေးသေးကလေး မဟုတ်။ ခပ်စောစောက မိန်းမပျိုလို အတင်း ဖက်တွယ်ထားခြင်း မရှိ။ အလန့်တကြား အော်ဟစ်ခြင်းလည်း မပြု။ မိန်းမပျို၏ အသံကို မကြားရသည့်တိုင် မိမိ၏ ရင်ခွင်ထဲတွင် ထိနေသော မိန်းမပျို၏ ရင်အုံသည် လျှင်မြန်စွာ နိမ့်ချည် မြင့်ချည် ဖြစ်နေသည်ကို သတိ ထားလိုက်မိသည်။

ရေတွေ စိုရွှဲကာ နွေးထွေးလျက် ရှိသော ခန္ဓာကိုယ်နှင့် ကောက်ကြောင်း ဖော်ထားသည့်နှယ် လှပစွာ မြင်နေရသော အင်္ကျီအကောက် အမို့အဝန်း အဖိုအရှိုက်တို့သည် ကလေးမကလေး တစ်ယောက် မဟုတ်ဘဲ မိန်းမပျို တစ်ယောက် ဖြစ်ကြောင်းကို ထင်ရှားစွာ ဖော်ပြလျက် ရှိ၏။

ကမ်းစပ်သို့ ရောက်သည့် အခါတွင် အက်ရှ်ကိုယ်တိုင်လည်း ဟောဟဲ လိုက်နေလေပြီ။ မရိုးမသား စိတ်ကြောင့် မဟုတ်။ ပင်ပန်းသဖြင့် အသက်ရှူ မြန်နေခြင်း ဖြစ်သည်။ ပေါင်လယ် အရောက် တဝေါဝေါ စီးနေသည့် ရေစီးကို ဖြတ်လျက် ဘေးတွင် ဆူညံစွာ အော်ဟစ် ပြောဆိုလျက် ရှိသည့် လူအုပ် ကြားထဲတွင် တစ်ရာ ဆယ့်နှစ်ပေါင်ခန့် လေးသော အလေးချိန်ကို သယ်လာရသည့် လူတစ်ယောက် အဖို့ မမောဘဲ မနေနိုင်။

အက်ရှ်သည် မြစ်ကမ်းစပ်သို့ ရောက်သည့်အခါတွင် သူ့လက်ထဲတွင် ပါလာသည့် မိန်းမပျိုကို ဘယ်သူ့ကို ပေးရမည်မှန်းလည်း မသိ။ မီးတုတ်တွေ ယူလာဖို့၊ ရာဇကုမ္မာရီ၏ အခြွေအရံများ လာခေါ်ဖို့ အော်ပြောသည့်တိုင် မည်သူမှ ရုတ်တရက် ပေါ်မလာကြ။

ဇူလီ၏ ရေ တစ်စက်စက် ကျနေသော ခန္ဓာကိုယ်ကို သူ့လက်မောင်းထဲတွင် ပွေ့လျက်။ ထိုအထဲတွင် မြစ်လယ်တွင် လွှတ်ပစ်ခဲ့သည့် သူ့မြင်းကို ဆွဲလာဖို့လည်း အော်ရသေးသည်။

ကျန်လူများမှာလည်း နွားများကို ထမ်းပိုးမှ ဖြုတ်လွှတ်ပေးခြင်း၊ နောက်က ပါလာသည့် အခြွေအရံလှည်းများ ဖြတ်နိုင်အောင် မှောက်သွားသည့် လှည်းယဉ်ကို ဆွဲတင်ရခြင်းတို့ကြောင့် သူ့အသံကို မကြားနိုင်ဘဲ ဖြစ်နေကြသည်။

ကောင်းကင်တွင် ကြယ်တို့သည် တစ်ပွင့်ပြီး တစ်ပွင့် ပေါ်လာကြ၏။ ညဦး လေပြည်သည် မြစ်ဘက်မှ တသုန်သုန် တိုက်စ ပြုလာသည်။ သူ့လက်မောင်းထဲတွင် ရှိနေသည့် မိန်းမပျိုသည် ချမ်းသဖြင့် ခိုက်ခိုက်တုန်စ ပြုလာသည်။

အက်ရှ်က စောင်တစ်ထည်ကို တောင်းကာ သူ့ကို လူသူ မမြင်အောင် ခေါင်းမြီးခြုံ ပေးလိုက်ပြီး ကိုယ်ကိုလည်း ပတ်ထားလိုက်သည်။

ထိုအချိန်၌ သူတို့အနီးတွင် မီးတုတ် မီးစည်းတွေနှင့် လူတွေ ရောက်နေကြလေပြီ။ တစ်ဖက်ကမ်းတွင် ကျန်ရစ်ခဲ့သည့် လှည်းများလည်း ဖြတ်ကူးနေကြလေပြီ။

ကူးလာသည့် လှည်းတစ်စီးပေါ်တွင် စောစောက ဆယ်ထားသည့် သတို့သမီး အငယ်မ ပါလာဟန်တူသည်။ စောစောတုန်းကလို အလန့်တကြား အော်ဟစ်သံကိုမူ မကြားရတော့။ ရှိုက်ကြီးတငင် ငိုလာသံကိုသာ ကြားရ၏။

သို့ရာတွင် အက်ရှ်သည် သူ့အကြောင်းကို မေးမြန်း စုံစမ်းခြင်း မပြုမိ။ လက်မောင်းတွေ ထုံကျဉ် ကိုက်ခဲစ ပြုလေပြီ။ လှည်းတွေ ဖြတ်မောင်းသွားကြသဖြင့် လှည်းတစ်စီးပေါ်တွင် ဇူလီကို တင်ပေးလိုက်ပြီး နောက်သို့ ဆုတ်ပေးလိုက်သည်။

ထိုအခါကျမှပင် သူ့ တစ်ကိုယ်လုံးတွင်လည်း ရေတွေ ရွှဲရွှဲစိုကာ ခိုက်ခိုက်တုန်စ ပြုလာသည်ကို သတိထားမိတော့သည်။

ထိုစဉ် အမှောင်ထဲမှ မူးလ်ရတ် အနားသို့ ရောက်လာကာ

'သခင်ဆပ် ကယ်ပေလို့ပဲဗျာ၊ တကယ်ပါ၊ သခင်ဆပ် ကျွန်တော့် အသက်ကို ကယ်လိုက်တာပါ၊ သခင်ဆပ်သာ မကယ်ရင် ရာဇကုမ္မာရီ နှစ်ယောက်စလုံး ရေနစ်မှာ၊ သူတို့ ရေနစ်ရင် မဟာရာဇာက ကျွန်တော်တို့ကို ဘယ်လို အပြစ်ဒဏ် ပေးမယ် ဆိုတာ တွေးတောင် မတွေးရဲဘူး၊ ကျွန်တော်တင် မဟုတ်ဘူး၊ အစေတော်တွေရော၊ အခြွေအရံတွေရော အားလုံး အသက်ကို ဖက်နှင့် ထုပ်ထားရမှာ'

အက်ရှ်က စိတ်တိုတိုဖြင့်



www.burmeseclassic.com

www.burmeseclassic.com



'မဆိုင်တာဗျာ၊ ဘာလို့ အပြစ်ပေးရမှာလဲ၊ သူတို့လည်း ရေမနစ်နိုင်ပါဘူး၊ မသကာ ရေထဲကျပြီး ရေစိုရုံပေါ့၊ ဒီနားက မြစ်က တိမ်တိမ်ကလေးပဲဟာ'

'မဟုတ်ဘူး ခင်ဗျ၊ လှည်းယဉ်မောင်းတဲ့ လှည်းသမားတော့ ရေထဲ ပါသွားပြီ၊ ရေကလည်း မကူးတတ် ရေစီးကလည်း ရေနက်ထဲ ဆွဲသွားတော့ နစ်တော့တာပေါ့၊ ရာဇကုမ္မာရီတွေလည်း ဇာကန့်လန့်ကာထဲမှာ ပိတ်မိပြီး ရေနစ်ကုန်မှာ၊ သခင်ဆပ်က မြင်းနှင့် ရပ်ကြည့်နေတုန်း မြင်သွားပေလို့ပေါ့၊ ပြီးတော့ ခက်တာက ဒီနားမှာ ဒိပြင်လူတွေ ရှိနေရင်လည်း ဆယ်ရဲမှာ မဟုတ်ဘူး ခင်ဗျ၊ သူ့ဘကြီး ဆိုတာကလည်း အသက်ကလည်း ကြီး၊ သန်သန်စွမ်းစွမ်းလည်း မရှိတော့ဘူး၊ ဆယ်ရင် သူ တစ်ယောက်တည်း ဆယ်ရဲမှာပေါ့၊ ဒိပြင်ယောကျ်ားတွေက မဟာရာဇာရဲ့ သမီးတော်တွေကို ဘယ်လက်ဖျားနှင့် ထိရဲပါ့မလဲ၊ ကျွန်တော် ကိုယ်တိုင် မြင်သားပဲ၊ မဆယ်ရဲလို့ နေတာ၊ သခင်ဆပ်မို့လို့ ဆယ်ရဲတာ၊ တကယ်တော့ သခင်လေးကို ဆုအနေနှင့် ရွှေငွေတွေ ပေးသင့်တာပေါ့'

'ရွှေတွေ ငွေတွေ မလိုပါဘူးဗျာ၊ ကျွန်တော် ဒီနေ့ည အဖို့ ရေနွေးနှင့် ရေချိုးပြီး အဝတ်အစား ခြောက်ခြောက်သွေ့သွေ့ကလေး ရရင် တော်ပါပြီ၊ ချီးကျူးချင်း ချီးကျူးရင် ဖူလီဘိုင်ကိုသာ ချီးကျူးသင့်တာပေါ့၊ သူက ခေါင်းအေးအေး ထားပြီး သူ့ညီမလေးကို အရင် ထွက်ခိုင်းလို့သာပေါ့၊ ဒီလို မဟုတ်ဘဲ သူကပါ ကြောက်လန့်ပြီး ကိုယ်လွတ် ရုန်းရင် လုထွက်နေကြတာနှင့် နှစ်ယောက်စလုံး သေကုန်မှာ၊ နေစမ်းပါဦး၊ ကျွန်တော့် မြင်းထိန်းကော၊ ဟော့ ကူလူရန်း'

'ဒီမှာ ရှိတယ် ဆပ်'

နောက်နားမှ အသံကြားရ၏။ သောင်ပြင်ပေါ်တွင် ဖြစ်၍ မြင်းခွာသံကို မကြားလိုက်မိ။ အက်ရှ်က ဇက်ကြိုးကို လှမ်းယူလိုက်ကာ ကုန်းနှီးပေါ်သို့ ခုန်တက်လိုက်၏။ မူးလ်ရတ်ကို အလေးပြုပြီးနောက် မြင်းကို ဖနောင့်ဖြင့် တို့လိုက်လျက် ကိုင်းတောများနှင့် ဆူးချုံများ အကြားမှ ဖြတ်ကာ ညဦး ကောင်းကင်အောက်တွင် မီးရောင်တွေ ထိန်ထိန်ဝေနေသော စခန်းဆီသို့ ခပ်သော့သော့ စီးလာခဲ့သည်။

အက်ရှ်သည် ထိုနေ့ညက အိပ်ရာသို့ ခပ်စောစော ဝင်ခဲ့သည်။

နောက်တစ်နေ့မှာ အလုပ်များသည့်နေ့ ဖြစ်၏။ အက်ရှ်သည် အိမ်ရှေ့ ကိုယ်တော်လေး ဂျိုတီ၊ မူးလ်ရတ်၊ စခန်းလှူကြီး တစ်ဦး ဖြစ်သူ တာယာနတ်တို့ အပြင် လက်နက်ကိုင် တပ်သား ခြောက်ယောက်ခန့်တို့နှင့် အတူ နောက် ဖြတ်ကူးရမည့် နေရာကို သွားကြည့်ကြသည်။

စောစောက အိမ်ရှေ့ ကိုယ်တော်လေး ဂျိုတီ လိုက်ရန် မဟုတ်။ သို့ရာတွင် မူးလ်ရတ်ကို ပူဆာကာ အတင်း လိုက်လာသဖြင့် ခေါ်ခဲ့ရခြင်း ဖြစ်သည်။ သို့ရာတွင် အိမ်ရှေ့ ကိုယ်တော်လေးမှာ မြင်းစီး ကျွမ်းကျင်သဖြင့် ပြဿနာ သိပ်မရှိလှ။

သည်တစ်ကြိမ် ဖြတ်ရမည့် စည်းတိမ်မှာ သိပ်မလွယ်။ ထို့ကြောင့် အချိန်လည်း နည်း၊ လူလည်း မပင်ပန်းရလေအောင် ဖြတ်ကူး၍ ကောင်းမည့် နေရာ နှစ်နေရာကို လျှောက်ရှာပြီးနောက် စခန်းသို့ ပြန်ခဲ့ကြသည်။ စခန်းသို့ သူတို့ ပြန်ရောက်သည့် အခါတွင်မူ တစ်နေကုန်ခဲ့လေပြီ။

အက်ရှ်၏ စိတ်ကူးမှာ မနက်ဖြန် မနက်စောစော ထွက်ကြရန် ဖြစ်၏။ သို့ရာတွင် သတို့သမီး အငယ် ဖြစ်သည့် ရှရီလာဘိုင်က မိမိမှာ ယမန်နေ့ညက ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်ကြောင့် ထိတ်လန့် ချောက်ချားကာ နေထိုင်မကောင်း ဖြစ်လျက် ရှိကြောင်း၊ အနည်းဆုံး နှစ်ရက် သုံးရက်တန်သည် နားလိုသေးကြောင်း ပြောသဖြင့် ထိုနေ့က စခန်း မထွက်ဖြစ်တော့။

မထွက်ရလျှင်လည်း ကိစ္စမရှိ။ သူတို့တွင် ရိက္ခာတွေ အများကြီး ကျန်သေးသည်။ အနီးတွင် မြစ်ကြီး ရှိနေသည့် အတွက် ရေအတွက်လည်း မပူရ။ အက်ရှ် ကိုယ်တိုင်ကလည်း တစ်နေရာတည်းတွင် သုံးလေးရက်ခန့်လောက် နေလျှင် အပန်းကြီးသည် မဟုတ်။

ပို၍ ဟန်ကျသည်မှာ သည်နေရာ တစ်ဝိုက် လွင်ပြင်တွင် ဆတ်ညိုကြီးများနှင့် ချေများ အလွန်ပေါသည်။ မလှမ်းမကမ်း ကုန်းစောင်းတွင် ငုံးတွေလည်း ပေါသည်။ သို့မဟုတ်လျှင်လည်း အနီးတစ်ဝိုက်ရှိ ဖြုတ်တောကလေးများတွင် ခါ ပစ်နိုင်သည်။ အက်ရှ်သည် မူးလ်ရတ်နှင့် အတူ တောပစ် ထွက်ချင်နေသည်နှင့် အခန့်သင့်ပင်။

သူ့ထံသို့ ရာဇကုမ္မာရီ ရှရီလာ နေထိုင်မကောင်းကြောင်း သတင်း လာပို့သူ ထွက်သွားပြီး မကြာမီမှာပင် နောက်အစေတော် တစ်ဦး ရောက်လာကာ မဟာရာဇာ စော်ဘွား၏ နှမတော်များက သူတို့ တဲနန်းတို့ အ[illegible]



www.burmeseclassic.com

www.burmeseclassic.com



လာရောက်ပါရန် ဖိတ်ကြားလိုက်ကြောင်းဖြင့် ရှိသေစွာ အကြောင်း ကြားသည့် အခါတွင် အက်ရှ်သည် တအံ့တဩ ဖြစ်လျက်ရှိ၏။

လာရောက် ဖိတ်ကြားသူမှာလည်း အခြားသူ မဟုတ်။ စခန်း တစ်ခုလုံးက 'ကာကာဂျီရောင်း' ဟု ချစ်စနိုး ခေါ်ကြသော သမီးတော်များ၏ ဘကြီးတော် ကိုယ်တိုင် ဖြစ်နေသဖြင့် အက်ရှ်မှာ ငြင်း၍ မရတော့။ အမှန်အားဖြင့် အချိန် လင့်နေလေပြီ။ ထိုအချိန်မှာ အိပ်ဖို့ ကောင်းသည့် အချိန် ဖြစ်၏။ သို့ရာတွင် မတတ်နိုင်။

အက်ရှ်သည် သင့်တင့်သည့် အဝတ်အစားကို လဲလှယ်လိုက်၏။ ထို့နောက် တစ်စုံတစ်ခုကို သတိရ လိုက်သဖြင့် ကရကမာခွဲ ငါးရုပ် ထက်ပိုင်းကျိုးကလေး ကို အောင်းဘီအိတ်ထဲသို့ ထိုးထည့်လိုက်ပြီးနောက် ကာကာဂျီနှင့် အတူ မီးတုတ်မှ မီးရောင်တွေ ထိန်နေသည့် စခန်းကို ဖြတ်၍ လာခဲ့သည်။

နမတော်များက ဧည့်သည်များကို လက်ခံ တွေ့ဆုံရာ 'ဒါဘာ တဲနန်း' သည် အတော်အတန် ကျယ်ဝန်းသည့် ရွက်ဖျင်တဲကြီး တစ်လုံး ဖြစ်၏။ တဲနန်း အတွင်း ပတ်ပတ်လည်တွင် ကြေးနီရောင် ကန့်လန့်ကာကြီး ကာထားပြီး ကန့်လန့်ကာ အပေါ်တွင် ရွှေခြည်ထိုး ပန်းပွင့်တို့ ထိုးထားလျက် မှန်ဝိုင်း သေးသေးကလေးများကို စီထားသည်။ လေတိုက်သဖြင့် ကန့်လန့်ကာတို့ ဖောင်းလိုက် ပိန်လိုက် ဖြစ်နေသည့် အခါများတွင် မှန်ကလေးများသည် မီးရောင်တွင် တလက်လက် ဖြစ်နေကြသည်။

ကြမ်းပြင်တွင် ပါးသျှန်း ကော်ဇောကြီးများ ခင်းထားပြီး ကော်ဇောပေါ်တွင် ဖဲမွှီအုံးကြီးများ ချထား၏။

ဆင်စွယ် မြှုပ်ထားသည့် စန္ဒကူး စားပွဲခုံ နိမ့်နိမ့် ကလေးများပေါ်တွင် ငွေလင်ပန်းများဖြင့် သစ်သီးများ၊ ချိုချဉ်ခဲဖွယ်များကို ပြင်ထားသည်။

တဲနန်းထဲတွင် သူတို့ ဘကြီးတော် ကာကာဂျီ၊ အစ်မတော် အန်ပိုရာဘိုင်နှင့် အမှောင်ထဲတွင် ထိုင်နေသည့် အစေတော် နှစ်ယောက်မှ အပ သတို့သမီး ညီအစ်မ နှစ်ယောက်နှင့် သူတို့ မောင်ငယ် အိမ်ရှေ့ ကိုယ်တော်လေး ဂျိုတီတို့သာ ရှိ၏။

ရာဇကုမ္မာရီ နှစ်ဦးသည် ခါတိုင်း ဝတ်နေကျ အဝတ်အစားများကို ဝတ်ထားကြ၏။ သို့ရာတွင် ယနေ့ည ထူးခြားသည်မှာ သူတို့ နှစ်ယောက်စလုံး မျက်နှာဖုံး တပ်မထားခြင်းပင် ဖြစ်သည်။

အစ်မတော်များ ကိုယ်စား သူ့ကို ထ၍ ဆီးကြိုသည့် အိမ်ရှေ့ ကိုယ်တော်လေး ဂျိုတီက

'သူတို့ အသက်ကို ကယ်ခဲ့တဲ့ အတွက် သခင်ဆပ်ကို ဂုဏ်ပြုတဲ့ အနေနှင့် မျက်နှာဖုံး တပ်မထားတာပါ၊ သခင်ဆပ်သာ မကယ်ခဲ့ရင် အစ်မတော် နှစ်ယောက်စလုံး ရေနစ်မှာပဲ၊ ဒီနေ့လောက် ဆိုရင် သူတို့ အလောင်းကို မီးရှို့ပြီး ပြာကို ရေမျှောပြီးလောက်ပြီ၊ ကျွန်တော်တို့ တစ်တွေလည်း မနက်ဖြန်မှာ မျက်နှာပန်း မလှဘဲ ဟော်နန်းကို ပြန်ကြရတော့မှာ၊ ဒီတော့ သခင်ဆပ်ကို ကျွန်တော်တို့ အများကြီး ကျေးဇူးတင်ပါတယ်၊ ဒီနေ့က စပြီး သခင်ဆပ်ဟာ ကျွန်တော်တို့ရဲ့ နောင်တော် တစ်ဦးလို့ ယူဆပါတယ်'

အက်ရှ်က ရေနစ်နိုင်သည့် အန္တရာယ် မရှိကြောင်း ပြောသည်ကိုပင် လက်မခံ။ ညီအစ်မ နှစ်ဖော်က မတ်တတ်ရပ်ကာ သူ့ကို ဦးညွှတ် နှုတ်ဆက်ပြီး အန်ပိုရာဘိုင်က ခေါင်းမြီးခြုံထဲမှ နေ၍ အသံပေး နှုတ်ဆက်သည်။

ကာကာဂျီကမူ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချတတ်ခြင်းသည် ရဲစွမ်းသတ္တိ ရှိခြင်းထက် အဖိုးတန်သော အရည်အချင်း တစ်ခု ဖြစ်သည်ဟု ယုံကြည်သူ ဖြစ်သည့် အလျောက် အက်ရှ်က ထိုသို့ ပြောသည့် အခါတွင် အက်ရှ်သည် ရဲစွမ်းသတ္တိရော ကိုယ့်ကိုယ်ကိုယ် နှိမ့်ချတတ်သည့် အရည်အချင်းကိုပါ ပိုင်ဆိုင်သူ တစ်ဦး ဖြစ်သည်ဟု မှတ်ချက်ချသည်။

ထိုစဉ် အစေတော် တစ်ယောက်သည် ငွေလင်ပန်း တစ်ချပ်ကို ကိုင်၍ ရှေ့သို့ တိုးလာ၏။ ငွေလင်ပန်းပေါ်တွင် ရွှေကြိုးများဖြင့် သီထားသည့် ပန်းကုံး နှစ်ကုံးကို တင်ထားသည်။ ရှရီလာနှင့် အန်ဇူလီတို့က အက်ရှ်၏ လည်ပင်းတွင် ရွှေပန်းကုံးများကို လာစွပ် ပေးကြ၏။

ရွှေပန်းကုံး နှစ်ကုံးသည် အက်ရှ် ဝတ်ထားသည့် ကာကီရောင် ညစာ ဝတ်စုံပေါ်တွင် တလက်လက် တောက်ပလျက် ရှိရာ အက်ရှ်မှာ ဂုဏ်ထူး ဘွဲ့ထူးတွေ ဆုတံဆိပ်တွေ သီးနေအောင် ဆင်ထားသည့် ဗိုလ်ချုပ်ကြီး တစ်ယောက်နှင့် တူနေသည်။

ထို့နောက် အက်ရှ်ကို စားပွဲ တစ်ခုသို့ ဖိတ်ခေါ်ကာ အထူး ဂုဏ်ပြုသည့် အနေဖြင့် သူနှင့် အတူတူ ညစာ စားကြသည်။ (အထူး အခွင့်အရေးဟု ပြောရခြင်းမှာ ဇာတ်မြင့်သူများသည် ဇာတ်မရှိသူ တစ်ဦးနှင့် အတူ



www.burmeseclassic.com

www.burmeseclassic.com



တကွ စားသောက်ခြင်း မပြုသောကြောင့် ဖြစ်၏။) ထိုသို့ အခွင့်အရေးပေးသည့်တိုင် တစ်စားပွဲတည်း မစားဘဲ တခြားစီ စားကြသည်။

ရှုရှီလာဘိုင်မှာ ခပ်စောစောက ရှက်နေသေးသော်လည်း အတန်ကြာသည့် အခါတွင် ပုံမှန် ဖြစ်သွား၏။

ဤတွင် သူတို့တစ်သိုက်လည်း ဟလဝါ စားလိုက်၊ ရှာလပတ်ရည် သောက်လိုက်၊ စကား ပြောလိုက်ဖြင့် ရှိကြရာ နောက်ဆုံးတွင် ခေါင်းမြီးခြုံထားသည့် အစ်မတော် အန်ပိုရာဘိုင်ပင်လျှင် မနေနိုင်တော့ဘဲ သူတို့ စကားဝိုင်းသို့ ရောက်လာသည်။

အငယ်မ ရှုရှီလာမှာ ရှက်သဖြင့် တော်တော်နှင့် စကား ဝင်မပြော။ အက်ရှ်မှာ စကားဝိုင်းတွင် ပွဲကျအောင် စကား ပြောတတ်သူ ဖြစ်သည့် အတွက် ခပ်ရွှင်ရွှင်ကလေး ပြောသည့် အခါတွင်မှ ရှုရှီလာသည် ရှက်ပြုံးကလေး ပြုံးသည်။ ခဏကြာသော အခါတွင်မူ ရှုရှီလာမှာ အသံထွက်အောင် ရယ်ကာ အက်ရှ်ကို ငယ်ပေါင်းကြီးဖော်ပမာ စကား ပြောလျက် ရှိလေပြီ။ အက်ရှ်ကို တကယ့် အစ်ကိုရင်း တစ်ယောက်လို ခင်မင်သွားခဲ့လေပြီ။

ထိုအခါကျမှပင် အက်ရှ်မှာ ရှုရှီလာ၏ အဖေတူအမေကွဲ အစ်မတော် ဇူလီကို အာရုံ စိုက်နိုင်တော့သည်။

ဇူလီကို မြင်သည့်အခါတွင် အက်ရှ်သည် အံ့အားသင့်သွား၏။

သူ ဝင်လာခဲ့စဉ်က ဇူလီက သူ့ညီမငယ်၏ နောက်နားတွင် ထိုင်လျက်။ အမိုးတွင် ချိတ်ထားသော မှန်အိမ်အောက်တွင် ရောက်နေသဖြင့် သဲကွဲစွာ မမြင်လိုက်ရ။

သူ့ကို ထ၍ ပန်းကုံး စွပ်ပေးတုန်းကလည်း ရွှေခြည်လိုက်ထားသည့် ဆာရီကို ခေါင်းမြီးခြုံ၍ ခေါင်းငုံ့ထားသဖြင့် သူ့ ရုပ်ပုံကို ကောင်းစွာ မမြင်လိုက်ရ။ ရွှေခြည်နား အောက်မှ ပေါ်နေသည့် နဖူးပြင်ကလေးကိုသာ တစ်ပိုင်းတစ်စ မြင်လိုက်ရသည်။

ပြန်ထိုင်၍ စကားပြောသည့် အခါတွင်လည်း အငယ်မ အရှက်ကြီးနေသဖြင့် သူ့ကို စကားပြောအောင် မနည်း လုပ်နေရသည့် အတွက် ဇူလီကို မကြည့်အား။ ကိစ္စမရှိ။ သူ နားလည်သည်။ ဇူလီ စကား မပြောဘဲ နေခြင်းမှာ သူ့ညီမငယ်လို ရှက်ကြောက်၍လည်း မဟုတ်၊ သူတို့ ပြောနေသည့် စကားကို စိတ်မဝင်စား၍လည်း မဟုတ်ကြောင်းကို သူ သိသည်။

ဇူလီသည် ငြိမ်သက်စွာ ထိုင်ကာ သူတို့ ပြောသမျှကို စိတ်ဝင်စားစွာ နားထောင်လျက် ရှိ၏။ တစ်ခါတစ်ရံတွင် ထောက်ခံသည့် အနေဖြင့် ခေါင်းညိတ်လိုက်၊ သဘောမတူသည့် အခါများတွင် ပြုံး၍ ခေါင်းယမ်းလိုက်နှင့်။

စင်စစ် ဇူလီသည် သူတစ်ပါး စကားပြောသည်ကို စိတ်ရှည်စွာ နားထောင်နိုင်သူ။ သည်အကြောင်းကို အက်ရှ် ကောင်းကောင်း သိသည်။

ယခု ဇူလီဘက်သို့ လှည့်ကြည့်လိုက်သည့် အခါတွင်မူကား...။

မိမိသည် လူမှားလေပြီဟု အက်ရှ် ထင်လိုက်မိသည်။ ဇူလီ မဖြစ်နိုင်။

အကျည်းတန်တန်၊ ပိန်ပိန်လှီလှီ၊ အဝတ်အစားစုတ်စုတ်ပြတ်ပြတ်နှင့် သူ သွားလေရာသို့ ကြောင်တော်မကလေး တစ်ကောင်လို တကောက်ကောက် လိုက်နေသည့် ဝူးလ်ကုတ်က သူငယ်မကလေးသည် ယခုလောက်ချောမော လှပသည့် မိန်းမ တစ်ယောက် မည်သည့်နည်းနှင့်မျှ ဖြစ်မလာနိုင်။ မာဒူး အပြောမှားခြင်း ဖြစ်ရမည်။ မဖြစ်နိုင်။

ယခု ရာဇကုမ္မာရီသည် ဖာရင်ဂီ မဟာဒေဝီက မွေးခဲ့သည့် ဇူလီ မဖြစ်နိုင်။ အခြား တစ်ယောက်ယောက်က မွေးသည့် သမီးတော်သာ ဖြစ်ရမည်။

ရာဇကုမ္မာရီသည် ခေါင်းကို မော့လိုက်၏။ ခေါင်းတွင် ခြုံထားသည့် ပိုးဆာရီသည် နောက်သို့ လျှောကျသွားသည်။

ထိုအခါတွင် သွေးနှောသည့် ရုပ်လက္ခဏာကို ထင်ရှားစွာ မြင်ရပြန်သည်။ အသားအရောင်၊ အရိုးအဆစ်၊ မြင့်သွယ်၍ လှပ ကြော့ရှင်းသည့် ခန္ဓာကိုယ် အဆက် အပေါက်၊ ရင်အုံဖြိုးဖြိုးနှင့် သေးသွယ်သော ခါးအောက် တင်ကျယ်ကျယ်၊ နဖူးပြင် ရှင်းရှင်း၊ မေးရိုး ကားသယောင် ရှိသော မျက်နှာ၊ တောအုပ်ထဲက ရေအိုင်လို နက်မှောင် စိမ်းလဲ့သော မျက်လုံး အစုံ၊ နှာဖျားကလေး မဖြစ်စလောက် လန်နေသော နှာခေါင်း၊ ညီမငယ်နှင့် မတူဘဲ အရှေ့တိုင်း အလှစံချိန်များနှင့် တိုင်းလျှင် မဖြစ်စလောက် ထူနေသည့် ချစ်စရာ ကောင်း၍ ရက်ရောသည့် နှုတ်ခမ်း။ ထိုအရာများ အားလုံးထဲတွင် အနောက်တိုင်း သွေးနှော နေသည်ကို မြင်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



သုနှင့်စာလျှင် ညီမငယ် ရှုရှီလာသည် သေးကွေး ကာ တာနဂရ နတ်သမီး ရုပ်တုကလေး လိုလို၊ ရှေး ယ ရှေးပုံပြင်တွေထဲက အလှမယ် တစ်ပါးလိုလို၊ သားအရေက ရွှေရောင်ဝင်းကာ မျက်လုံးတို့က နက် ောင်နေကြသည်။ မျက်နှာက သွယ်လျကာ နှုတ်ခမ်း နှင်းဆီ ဝတ်လွှာချပ်နှင့် တူသည်။ အရပ်အမောင်း ဖြစ်သည့်တိုင် သူ့အစ်မတော်နှင့် စာလျှင် ပုသယောင် ာင် ထင်ရသည့် အတွက် ရွှံ့တစ်မျိုးစီဖြင့် ထုထား ာ အရပ် နှစ်ရပ်နှင့် တူနေသည်။

အစ်မတော်သည် ခပ်စောစောက အရပ် အတော် င်သည်ဟု ထင်ခဲ့သော်လည်း အက်ရှ်နှင့် ယှဉ်၍ ရပ် ိုက်သည့် အခါတွင် ခေါင်း တစ်လုံးလောက် နိမ့်နေ ည်။

ညီမတော် ရှုရှီလာမှာမူ ပိုးလွှာဖိနပ် စီးထား ည့် အတွက် လေးပေ ဆယ်လက်မလောက်သာ ရှိ ည် ထင်ရ၏။

အစ်မတော်ကို ကြည့်ရသည်မှာ အရှေ့တိုင်း သိမ်အမွေ့၊ အရှေ့တိုင်း အလှအပ နည်းနေသည်ဟု င်ရသည်။ သို့တိုင် ဖာရင်ဂီ မဟာဒေဝီမှ မွေးသည့် ူလီဟု မည်သူ အတပ် ပြောနိုင်မည်နည်း။

အက်ရှ်၏ မျက်လုံးများသည် ဆင်စွယ်နှစ်ရောင် ဖွေးလျက် ရှိသော ဟာလာဟင်းလင်း လက်မောင်းများ ဆီသို့ ရောက်သွား၏။ ရွှေလက်ကောက်များ ဆင့်ဝတ် ထားသည့် လက်မောင်း အထက်ပိုင်းတွင် လခြမ်းသဏ္ဍာန် အမာရွတ်ကလေး တစ်ခုကို မြင်လိုက်ရသည်။ လွန်ခဲ့ သော နှစ်ပေါင်းများစွာတုန်းက မျောက်ကိုက်ခံရသဖြင့် ထင်ခဲ့ရသည့် အမာရွတ်ကလေး။

ဟုတ်သည်။ ဇူလီမှ ဇူလီ အစစ်။ ဇူလီသည် ကြီး ရင့်လာကာ လှပ ချောမောသော မိန်းမပျို တစ်ယောက် ဖြစ်လာခဲ့ပြီ။

ဘိလပ်တွင် ကျောင်းနေစဉ်က အက်ရှ်သည် ခရစ္စတိုဖာလိုး၏ ပြဇာတ်ထဲက စာသား အချို့ကို စွဲစွဲ လမ်းလမ်း ဖြစ်ခဲ့ဖူးသည်။

ထရွိုင်မြို့မှ ဟယ်လင် မင်းသမီးကို မြင်သည့် အခါတွင် ဖောစ်က ‘သိန်းသန်းမက ငွေကြယ်မြ၏ အလှဝတ်ဆင် နှောင့်သခင်သည် လေညင်းရှင်ထက် သာယောင်တကား’ ဟု ဆိုခဲ့ရာ အက်ရှ်သည် ထိုစကား လုံးများကို ယခင်ကလည်း စွဲလမ်းခဲ့သည်။ ယခုတိုင် လည်း အမှတ်ရဆဲ။ အလှကို ဖော်ကျူးရာတွင် သည် လောက် လှသည့် စာသား ဟူ၍ ရှိမည်ပင် မထင် တော့။

လီလီ၏ အလှကို ကြည့်တုန်းကလည်း ထိုစာ သားများဖြင့် ညှိခဲ့သည်။ ဗီလင်ဒါ၏ အလှကို ကြည့် စဉ်ကလည်း ထိုအတိုင်း။

သို့ရာတွင် ယခု ကာရိကုတ် မဟာရာဇာ၏ အစ်မတော် အလှကမူ သူတို့ထက် သာသည်။ ထိုစာ သားများသည် ဇူလီ အတွက် ရေးခဲ့သလားဟုပင် အက်ရှ် ထင်ချင်သည်။

ဇူလီကို ကြည့်ရင်း သူ့တစ်သက်တွင် အလှကို ပထမဆုံး အကြိမ် တွေ့ဖူးလိုက်ရခြင်းဟုပင် အက်ရှ် ထင်မိသေး၏။ လီလီမှာ လှသော်လည်း သူ့လောက် ပြစ်မျိုးမစင်။ ဗီလင်ဒါ လှသည်မှာလည်း မှန်ပါ၏။ သို့ရာတွင် မိန်းမ၏ အလှကို ကြည့်ရာ၌ အက်ရှ်သည် အရှေ့တိုင်းတွင် ကြီးပြင်းခဲ့ရသူ ပီပီ အရှေ့တိုင်း မျက် စိဖြင့် ကြည့်မိနေလေပြီ။

မျက်လုံးလှလှ၊ မျက်နှာသွယ်သွယ်၊ နှင်းဆီဖူး နှုတ်ခမ်းနှင့် ဆယ့်ကိုးလက်မရှိ ခါးကျင်ကျင်တို့သည် ဝိတိုရိယခေတ် အင်္ဂလန်တွင် ခေတ်စားခဲ့သည့် အလှ ဖက်ရှင် ဖြစ်၏။ ထိုစဉ်က စာရေးဆရာမ ဒပ်ဖနီ ဒူမောရီးယား၏ ဝတ္ထုများထဲက ဇာတ်လိုက် မင်းသမီး တွေလို ခံ့ခံ့ထည်ထည်၊ တည်တည်ကြည်ကြည် အလှ မျိုး အင်္ဂလန်တွင် ခေတ်မစားကြသေး။

ထို့ကြောင့် မိန်းမတို့၏ လှပုံ လှနည်းနှင့် ပတ် သက်၍ ငယ်စဉ်က အ ေရှ့တိုင်း အမြင်ဖြင့် မြင်ခဲ့ရပြီး ကြီးလာသည့် အခါတွင် ဝိတိုရိယ အင်္ဂလန်၏ အမြင် လွှမ်းမိုးခြင်း ခံခဲ့ရသည့် အက်ရှ်သည် မိန်းမ ဆိုလျှင် မျက်နှာသွယ်မှ၊ မျက်လုံးကျယ်မှ၊ နှုတ်ခမ်းက နှင်းဆီဖူး လို လှနေမှ၊ ခါးသေးမှ လှသည်ဟု ထင်ခဲ့၏။ ထိုအလှ စံနှင့် မကိုက်လျှင် မည်သည့် မိန်းမမျှ လှသည်ဟု မထင်ခဲ့။

ယခု ထိုအိန္ဒိယ အလှစံ၊ ဝိတိုရိယ အင်္ဂလန်၏ အလှစံနှင့် ဆန့်ကျင်သည့် အလှကို မြင်လိုက်ရသည့် အခါတွင်မူ ယခုအလှသည် သူ စံထားခဲ့သည့် အလှများ ထက် ပို၍ စွဲမက်ဖွယ်၊ ပို၍ မြတ်နိုးဖွယ် ဖြစ်နေသည် ကို ထူးထူးဆန်းဆန်း ရုတ်တရက် တွေ့လိုက်ရသည်။

သူ့စိတ်ထဲတွင် ရှုရှီလာလို သေးသေးသွယ်သွယ်၊ နုနုနယ်နယ်ကလေးကိုသာ သဘောကျသည့်တိုင် ရှာ သွေးမှ ဆင်းသက်လာသည့် ဇူလီကို မြင်လိုက်ရသည့်



www.burmeseclassic.com

www.burmeseclassic.com



အခါတွင်မှ အလှနှင့် ပတ်သက်၍ တစ်မျိုး တစ်ဖုံ သဘောထား ပြောင်းသွားကာ မျက်လုံးများကို မခွာနိုင်အောင် ဖြစ်နေသည်။

ဇူလီကလည်း အက်ရှ် စိုက်ကြည့်နေသည်ကို သိလိုက်သဖြင့် ရှက်အမ်းအမ်း ဖြစ်သွားကာ တစ်ဖက်သို့ မျက်နှာ လွှဲလိုက်၏။ နောက်သို့ လျှောကျနေသည့် ပိုးဇာ ဆာရီကို နဖူးပြင်ပေါ်သို့ ပြန်ဖုံးလိုက်ကာ မှောင်ရိပ်ဘက်သို့ တိုးထိုင်လိုက်သည်။

မိမိ စိုက်ကြည့်နေသည်ကို ထိုအခါကျမှပင် အက်ရှ် သတိ ထားမိလိုက်၏။ အနားတွင် အိမ်ရှေ့ ကိုယ်တော်လေး ဂျိုတီက သူ့အား တစ်စုံတစ်ရာ မေးမြန်းနေသည်ကိုလည်း ထိုအခါကျမှပင် သတိပြုမိတော့သည်။ သို့တိုင်အောင် ဘာမေးနေသည်ကို သူ မသိလိုက်။

အက်ရှ်သည် သတိကို ပြန်ထိန်းကာ ကိုယ်တော်လေးဘက်သို့ လှည့်လိုက်ပြီး သိမ်းငှက် တိုက်သည့် အကြောင်းကို ပြောဆိုလျက် ရှိ၏။ ဂျိုတီနှင့် ရှုရီလာတို့က တစ်ဖက်ကမ်းသို့ သိမ်းငှက်တိုက် သွားရန် သူတို့ ဘကြီးတော်ကို ပူဆာနေသည့် အခါကျမှပင် အက်ရှ်သည် ဇူလီဘက်သို့ ပြန်လှည့်နိုင်တော့သည်။

ညဥ့်နက်နေပြီ ဖြစ်သည့် အတွက် အစေတော် မိန်းမ နှစ်ယောက်မှာ တသမ်းသမ်း တဝေဝေ အိပ်ငိုက်စ ပြုနေလေပြီ။ ပြန်ဖို့ ကောင်းပြီကို အက်ရှ် သိလိုက်၏။ သို့ရာတွင် မပြန်ခင် တစ်ခုခု လုပ်ချင်သေးသည်။

အက်ရှ်သည် ဘောင်းဘီအိတ်ထဲသို့ လက်နှိုက်လိုက်သည်။ ခဏ အကြာတွင် အိတ်ထဲမှ လက်ကို ထုတ်လိုက်ကာ ကော်ဇောပေါ်တွင် တစ်ခုခုကို ကောက်ချင်ယောင် ပြုလိုက်၏။

'ဒါ ရာဇကုမ္မာရီရဲ့ ရင်ထိုးကလေး ထင်ပါတယ်'

အက်ရှ်က လှမ်းပေးလိုက်သည်။

ဇူလီသည် အံ့အား သင့်သွားလိမ့်မည် သို့မဟုတ် ဇဝေဇဝါ ဖြစ်သွားလိမ့်မည်ဟု အက်ရှ် မျှော်လင့်ထား၏။ ဇဝေဇဝါ ဖြစ်ဖို့က ပို၍ များသည်ဟုပင် ထင်သည်။ သည်လောက် နှစ်ပရိစ္ဆေဒ ကြာသည့် အခါတွင် သူ ပေးခဲ့သည့် အဆောင် လက်ဖွဲ့ကလေးနှင့် ဂူးလ်ကုတ်က သူငယ်ကလေးကို မေ့လောက်ရော့မည်။

သို့ရာတွင် ဇူလီသည် အံ့အားသင့်ခြင်းလည်း မဖြစ်။ ဇဝေဇဝါလည်း မရှိ။ အက်ရှ်၏ လက်ထဲမှ ကရုကမာခွံ ငါးရုပ် ထက်ပိုင်းကျိုးကလေးကို မြင်သည့် အခါ၌ ကျေးဇူးတင်ကြောင်း ခပ်ပြုံးပြုံးကလေး ပြော၍ လှမ်းယူလိုက်သည်။

'ကျေးဇူးတင်ပါတယ် သခင်ဆပ်၊ ဟုတ်ပါတယ်၊ ရာဇကုမ္မာရီရဲ့ လည်ဆွဲကလေးပါ၊ ဘယ်လိုလုပ်များ ပြုတ်ကျ...'

ဇူလီသည် သူ့ရင်အုံကို လက်ဖြင့် စမ်းလိုက်ရင်း အလန့်တကြား ဖြစ်သွား၏။ စကားကိုပင် ဆက်မပြောနိုင်။ သည်အချိန်တွင် သူ တွက်ကိန်း မှားသွားပြီကို အက်ရှ် သိလိုက်၏။

ဇူလီသည် မမေ့ရုံမျှမက ထိုငါးရုပ် ထက်ပိုင်းကျိုးကလေးကို ယခုတိုင် လည်တွင် ဆွဲထားဆဲပါတကား။ ငါးရုပ် ထက်ပိုင်းကျိုးကလေးက သူ့လည်တွင် ပိုးကြိုးကလေး ဆိုင်းလျက်။ အတိုင်းသား။

အက်ရှ်သည် အမျိုးအမည် မဖော်ပြနိုင်သော ဝေဒနာ မျိုးစုံကို ခံစားရင်း ဇူလီဘက်သို့ လှည့်လိုက်ကာ ညဥ့်နက်သည် အထိ လာရောက် လည်ပတ်မိသည့် အတွက် ခွင့်လွှတ်စေလိုကြောင်း၊ ပြန်ခွင့်ပြုပါမည့် အကြောင်း ပြောလိုက်၏။

ကာကာဂျီက ချက်ချင်းပင် မတ်တတ် ထလိုက်ကာ အိပ်ချိန်ရောက်ပြီ ဖြစ်ကြောင်း၊ လူငယ်တွေ အချိန် မထောင်းတာလှသော်လည်း မိမိ အဖို့မူ အိပ်ရေးပျက် မခံနိုင်ကြောင်းဖြင့် ပြောသည်။

'အင်မတန် ပျော်စရာကောင်းတဲ့ ညနေခင်းပါ သခင်ဆပ်၊ နောက် တွေ့ကြသေးတာပေါ့'

ကာကာဂျီက ပြော၏။

ဇူလီက ဘာမျှ မပြော။ ထိုင်ရာမှလည်း မထ။ တုတ်တုတ်မျှ မလှုပ်။ ဇူလီသည် မလှုပ်ဘဲ ထိုင်လျက် ရှိရာမှ ငါးရုပ် ထက်ပိုင်းကျိုးကလေးကို ကျစ်ကျစ်ပါ အောင် ဆုပ်ထားရင်း အက်ရှ်ကို ထိတ်လန့် အံ့သြသော မျက်လုံး အစုံဖြင့် ကြည့်နေသည်။

အက်ရှ်သည် ထိုအခါကျမှပင် မိမိ ထုတ်ပေးလိုက်မိသည့် အတွက် စိတ်မကောင်းဖြစ်ကာ နောင်တ ရနေသည်။ ထို့နောက် ဇူလီကို လှည့်မကြည့်တော့ဘဲ နှုတ်ဆက်ကာ စခန်းတဲများကို ဖြတ်၍ ပြန်လာခဲ့သည်။

သည်ကရုကမာခွံ ငါးရုပ်ကလေးကို ဘာကြောင့်များ ထုတ်ပေးမိသနည်း။ သည်အတိုင်း ထားလိုက်လျှင် ဘာဖြစ်မည်နည်း။ ဇူလီသည်ကော ဘယ်မျှ ပြောင်းသွားပြီနည်း။ ဤသည်ကို သူ မသိနိုင်။ ဇူလီသည် ယခု အချိန်တွင် မည်သူ့ သစ္စာကို ခံနေပြီနည်း။



www.burmeseclassic.com

www.burmeseclassic.com



သူ ငယ်ငယ်က တွေ့ခဲ့ရသည့် ဇူလီက သနား စရာ၊ မိတဆိုးကလေး တစ်ယောက်။ ဆော်ဘွား သမီး ဆောင်ဟုသာ ပြောရသည်၊ အစုတ်စုတ် အပြတ်ပြတ်။

ယခု သူ တွေ့ရသူက ကာရိကုတ် ပြည်နယ်မှ ဆော်ဘွား အစ်မတော် ရာဇကုမ္မာရီ။ ရွှေငွေရတနာတွေ ညွှတ်လျက်။ လက်ထပ် မင်္ဂလာသို့ သွားရာတွင်ပင် အဆောင်အယောင် အခမ်းအနား အပြည့်။ ဇူလီ၏ အခြေအနေသည် ပြောင်းလဲနေလေပြီ။ သူ့ဘဝသည် အစစအရာရာ ချောမော အဆင်ပြေနေလေပြီ။

သို့ရာတွင် မိမိအနေဖြင့်မူ သူ့အစ်ကိုတော် လာ သာဂျီ၏ အစေအပါး ဖြစ်ခဲ့ဖူးသည့် သူငယ်ကလေး တစ်ယောက် ဖြစ်သည်ကို မသိစေချင်။ မဟာဒေဝီ ဂျာ နဘိုင် မရှိတော့သည်မှာ မှန်သည်။ သို့ရာတွင် ဘီဂျူ ရန်း ရှိသေးသည်။ အလျင်တုန်းကလိုပင် ကြောက်စရာ ကောင်းနေသေးသည်။

ဘီဂျူရန်းသည် အရော့ကို မေ့ဦးမည် မဟုတ်။ ဇူလီ၏ အဆောင်လက်ဖွဲ့ ဖြစ်သည့် ငါးရုပ် ထက်ပိုင်း ကျိုးကလေး အကြောင်းကိုသာ သိလျှင် လန့်ဖျပ်ကာ ယခင်က ရန်ရှာခဲ့သည့်နည်းတူ ရန်ရှာဦးမည် မုချ။

အက်ရှ် ခေါ် အရော့သည် သူတို့အကြောင်းကို ရေစေ့တွင်းကျ သိသူ။ သူတို့ အကောက်ကြံမှုများကို အပ်ချမတ်ချ သိခဲ့သူ။ ထိုသို့သော လူတစ်ယောက်ကို အရှင်ထားမည် မဟုတ်။

အက်ရှ်သည် ထိုအကြောင်းများကို တွေးရင်း ကျောစိမ့်သွား၏။ စခန်းထဲ ဖြတ်လျှောက်ခဲ့ရသည်ကို ပင် ကျောမလုံ။ နောက်သို့ မကြာခဏ လှည့်ကြည့်မိ သည်။ မိမိသည် သည်တစ်ကြိမ်တွင်လည်း မည်သည့် အကျိုး သက်ရောက်မှုတွေ ထွက်လာမည်ကို မစဉ်းစား ဘဲ မိုက်မိုက်ကန်းကန်း လုပ်ခဲ့မိပါပကော။

ထိုညက အက်ရှ်သည် ရွက်ဖျင်တဲခါးကို အလုံ ပိတ်ကာ ခြောက်လုံးပြူးကို ခေါင်းအုံးအောက်တွင် ထိုး အိပ်သည်။ သူ့ရွက်ဖျင်တဲသည် ရန်သူ လာသည် ဆိုလျှင် ဝူးလ်ဘတ်တို့ မာဒူးတို့ သူ့ကိုယ်ပိုင် အစေခံတို့ မသိဘဲ ဘက်သုံးဘက်မှ တဲနားသို့ လာကပ်နိုင်သည်။

နောက်စခန်းများတွင် ဆိုလျှင် သည်လို ပြီးစလွယ် ထိုး၍ မဖြစ်။ မာဒူးတို့ တဲများကို သူ့တဲ ဘေးပတ်ပတ် လည်တွင် လခြမ်းသဏ္ဌာန် ရှိနေအောင် အထိုးခိုင်းရ မည်။ မြင်းများကိုလည်း ယခုလို တဲအနောက် တစ် နေရာတည်းတွင် ချည်မထားဘဲ ဝဲယာ ညှပ်၍ ချည်ထား မှ ဖြစ်မည်။ မနက်ဖြန် ဆိုလျှင် ထိုကိစ္စကို စီစဉ်မှ ဖြစ် မည်။

သို့ရာတွင် မနက်ဖြန် မနက်က မရောက်နိုင် သေး။ မှေးခနဲ ဖြစ်သွားစဉ် ရွက်ဖျင် တံခါးဝကြိုးကို ဖြေနေသည့် အသံကြောင့် အက်ရှ်သည် အိပ်ရာမှ လန့် နိုးလာ၏။

အက်ရှ်သည် အအိပ်ဆတ်သူ တစ်ယောက် ဖြစ် ၏။ ချွတ်ခနဲ အသံကြားရုံဖြင့် နိုးလာတတ်သည်။ အိပ် ရာပေါ်တွင် ငြိမ်ငြိမ်ကလေး လှဲရင်း ရွက်ဖျင် တံခါး ကြိုးဖြေနေသံကို နားထောင်နေသည်။

တဲထဲသို့ ဝင်ရန် ဖွင့်နေခြင်း ဖြစ်ရမည်။ သူ့ အစေခံထဲကမူ မဖြစ်နိုင်။ သူ့အစေခံထဲက ဆိုလျှင် အသံပြုလိမ့်မည်။ အနည်းဆုံး ချောင်းဟန့်လိမ့်မည်။ တောခွေးတို့ ခွေးအတို့လည်း မဖြစ်နိုင်။ အသံက မြေ ကြီးဆီက မဟုတ်။ အထက်မှ လာသည့် အသံ။

အက်ရှ်သည် ခေါင်းအုံးအောက်မှ သေနတ်ကို ဆွဲထုတ်လိုက်ပြီးနောက် ခလုတ်ထိန်းကို ဖြုတ်ထားလိုက် သည်။ အပြင်မှ အသံကလည်း ပျောက်မသွား။ ကြိုးကို ဖြေဆဲ။

'ဆပ်၊ သခင်ဆပ်'

ခပ်တိုးတိုး ခေါ်သည့် အသံ ပေါ်လာသည်။

'ဘယ်သူလဲ၊ ဘာကိစ္စလဲ'

'အန္တရာယ် ပေးဖို့ လာတာ မဟုတ်ပါဘူး၊ စကားလေး တစ်ခွန်းလောက်'

အသံရှင်သည် စိုးရိမ်၍လော၊ ချမ်း၍လော မပြော တတ်။ ခိုက်ခိုက်တုန်နေသည်။

'ဒါဖြင့် ပြော ဘာလဲ'

'ကျွန်... ကျွန်မ သခင်မလေး ရာဇကုမ္မာရီက...၊ ဇူလီဘိုင်က'

'ဒါဖြင့် ခဏနေဦး'

အက်ရှ်သည် ရွက်ဖျင်တံခါး ကြိုးထုံးကို ကောက် ၍ ဖြေလိုက်၏။ ရွက်ဖျင်တံခါးကို မ လိုက်သည့် အခါ တွင် ခေါင်းမြီးခြုံထားသည့် အမျိုးသမီး တစ်ယောက်။ ရာဇကုမ္မာရီများ၏ အစေတော် တစ်ဦးဦး ဖြစ်ပုံရသည်။ ကိုယ်အထက်ပိုင်း ဗလာကျင်းကာ ဘောင်းဘီကိုသာ ဝတ်ထားသည့် အက်ရှ်ကို မြင်သည်တွင် အမျိုးသမီး သည် လန့်ဖျပ်သွားကာ နောက်သို့ ဆုတ်လိုက်၏။

အက်ရှ်မှာ အိပ်နေတုန်း လာနှိုးသဖြင့် စိတ်တို နေရာက



www.burmeseclassic.com

www.burmeseclassic.com



'ကဲ ဘာလဲ ပြောပါ'

'သခင်မလေးက မှာလိုက်ပါတယ်၊ ကရုကမာခွဲ ငါးရုပ်ကလေးကို ဘယ်သူ့ဆီက ရတာလဲ ဆိုတာ သိချင်ပါတယ်တဲ့၊ အဲဒီလူနှင့် သူ့အမေ အကြောင်းကို လည်း သိရင် ပြောပါတဲ့၊ သူတို့ကို ဘယ်မှာ ရှာရင် တွေ့နိုင်မလဲ ဆိုတာကိုလည်း သိပါရစေတဲ့'

မေးလိုက်သည်ကလည်း အစုံ။ ထိုသတင်းကို ရှုလီ ကိုယ်တိုင်က သိချင်၍ မေးခြင်းလော။ သို့မဟုတ် ထိုငါးရုပ် ထက်ပိုင်းကျိုးကလေး အကြောင်းကို တစ် စခန်းလုံး သိသွားကာ ဘီဂျူရှန်းကပင် ထိုမိန်းမကို အမေး ခိုင်းလိုက်သလော။

အက်ရှ်က လေသံ ခပ်ပြတ်ပြတ်ဖြင့်

'ကျုပ် ဘာမှ မကူညီနိုင်လို့ ဝမ်းနည်းပါတယ် လို့ ရာဇကုမ္မာရီကို ပြောလိုက်ပါ၊ ဒီအကြောင်းကို ကျုပ် ဘာမှ မသိဘူးလို့'

အက်ရှ်က ရွက်ဖျင်တံခါးကို ပြန်ချမည် ပြု၏။ သို့ရာတွင် အမျိုးသမီး၏ လက်တစ်ဖက်သည် တဲအတွင်း သို့ ဝင်လာကာ သူ့လက်မောင်းကို လှမ်းဆွဲလိုက်ပြီး

'မဖြစ်နိုင်ဘူးရှင်၊ ပေးလိုက်တဲ့ သူကို သခင်ဆပ် သိရမယ်၊ သိရင် ပြောပါရှင်၊ ကျွန်မ တောင်းပန်ပါတယ်၊ သူတို့ သားအမိ အသက်ရှင်လျက် ရှိကြသေးသလား ဟင်၊ ကျွန်မကို သနားသောအားဖြင့် ပြောပါရှင်'

အက်ရှ်သည် သူ့လက်မောင်းကို ကိုင်ထားသည့် လက်ကို ငုံ့ကြည့်လိုက်၏။ လဆုတ် ဖြစ်၍ လခြမ်း ကလေးက ခပ်မှိန်မှိန် လင်းလျက်။ သို့တိုင်အောင် လ ရောင်ထဲတွင် ထိုလက်ကလေးကို သူ မှတ်မိသည်။

အက်ရှ်သည် လက်ကောက်ဝတ်ကို ဖမ်းဆုပ် လိုက်ပြီးနောက် အမျိုးသမီး၏ မျက်နှာပေါ်တွင် ဖုံးထား သည့် ပဝါကို လှပ်လိုက်၏။ အမျိုးသမီးက ရုန်းသည်။ ရုန်း၍ မရသည့်အခါတွင် ငြိမ်သက်စွာ ရပ်ရင်း သူ့ကို စူးစိုက် ကြည့်နေသည်။ အသက် ရှူသံက မြန်လျက်။

အက်ရှ်က ရယ်လိုက်ပြီးနောက် ဦးညွှတ်လိုက် ၏။

'ခုလို ကျွန်တော်ဆီကို လာတဲ့ အတွက် ဂုဏ်ယူ ပါတယ် ရာဇကုမ္မာရီ၊ ဒါပေမဲ့ လာဖို့ မသင့်ဘူးလို့ ထင်ပါတယ်၊ ကျွန်တော့်မှာ အဝတ်အစား ဖရိုဖရဲနှင့် ဆိုတော့ ဧည့်သည်တွေကို လက်ခံဖို့ မသင့်ပါဘူး၊ ဒီ အချိန်မှာ ရာဇကုမ္မာရီကို ကျွန်တော့် တဲထဲမှာ တွေ့ သွားရင် ကျွန်တော်တို့ နှစ်ယောက်စလုံး ဒုက္ခရောက် သွားနိုင်ပါတယ်၊ ပြီးတော့ ရာဇကုမ္မာရီ ကိုယ်တိုင်လည်း အခြေအရံ မပါဘဲ စခန်းထဲမှာ ဖြတ်သွားဖို့ မကောင်း ပါဘူး၊ အန္တရာယ် ကြီးလှပါတယ်၊ အစေတော် တစ် ယောက်ကို လွှတ် အမေးခိုင်းလိုက်ရင် ရပါတယ်၊ ဒီ တော့ အစောင့်တွေ ဘာတွေ မမြင်ခင် မြန်မြန် ပြန်သွား ပါလို့ ပြောချင်ပါတယ် ရာဇကုမ္မာရီ'

'သခင်ဆပ်က ကိုယ့်အတွက် ကိုယ် ဒီလောက် စိုးရိမ်နေတာ ထင်ပါရဲ့နော်၊ ကျွန်မ အတွက်တော့ မစိုး ရိမ်ပါနှင့်ရှင်၊ ကျွန်မက တဲနန်းထဲမှာ တစ်ယောက် တည်း အိပ်တာပါ၊ ကျွန်မ ထွက်လာတာကို ဘယ်သူမှ မသိနိုင်ပါဘူး၊ ကျွန်မ အတွက်တော့ ကျွန်မ မစိုးရိမ် ပါဘူး၊ မစိုးရိမ်လို့ ဒီကို ရောက်လာတာပေါ့'

ရာဇကုမ္မာရီ၏ အသံမှာ ခပ်တိုးတိုးမျှသာ ဖြစ် သော်လည်း လှောင်ပြောင်သည့် အသံ ပါနေသည့် အတွက် အက်ရှ်၏ မျက်နှာမှာ ရဲတက်သွားသည်။ အက်ရှ်သည် သူ့လက်ကောက်ဝတ်ကို တစ်ချက် ခပ် ကြမ်းကြမ်း ညှစ်လိုက်၏။

အက်ရှ်က ရယ်လိုက်လျက် လက်ကို ပြန်လွှတ် လိုက်ပြီးနောက်

'တော်တော် ခက်ပါလား ဟုတ်တယ်၊ ကျွန် တော်တော့ ကြောက်တယ်၊ ရာဇကုမ္မာရီက မကြောက် ဘူး ဆိုရင်လည်း ကြောက်ပါလို့ ကျွန်တော် ပြောချင် တယ်၊ ခုလို အချိန်မတော် ထွက်လာတာကို မောင်တော် လေးနှင့် ဘကြီးတော် သိရင် အများကြီး ကိစ္စများသွား နိုင်တယ်၊ ရာဇကုမ္မာရီရဲ့ သတို့သား သိသွားရင်လည်း ဘယ်လိုနေမလဲ၊ သူတို့အနေနှင့် ကြည့်ရင် ဣန္ဒြေပျက် တယ်လို့ ထင်ကြလိမ့်မယ်၊ ပြီးတော့လည်း ကျွန်တော့် နံရိုးကြားမှာ ဓားမြှောင် အစိုက် မခံပါရစေနှင့်၊ ဒီတော့ အမြန်ဆုံး ပြန်ပါလို့ ကျွန်တော် အနူးအညွတ် တောင်း ပန်ပါတယ်'

ရှုလီက ခေါင်းမာစွာဖြင့်

'ဟင့်အင်း၊ ကျွန်မ သိချင်တာကို မပြောမချင်း မပြန်ဘူး၊ ဘယ်သူတွေ သိသိ ဘယ်သူတွေ တွေ့တွေ့ သခင်ဆပ် ပြောပြမှ ပြန်မယ်၊ ပြောပါရှင်၊ သခင်ဆပ် ဟာ ကျွန်မ အသက်ကို ကယ်ခဲ့သူပါ၊ ကျွန်မရဲ့ အဆိုး ဆုံး ငြိုးသူရန်ဖက်တွေတောင် ကျွန်မကို ဒီလောက် မနှိပ် စက်ပါဘူး၊ ကျွန်မ သိချင်တာကလေးကိုသာ ပြောပါ၊ နောင်မှာ သခင်ဆပ်ကို ကျွန်မ ဒုက္ခမပေးတော့ပါဘူး တကယ်ပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့ သိချင်ရတာလဲ'

'ဒီနေ့ည သခင်ဆပ် ပေးလိုက်တဲ့ ထက်ပိုင်းကျိုး ငါးရုပ် အဆောင်ကလေးဟာ ဟို လွန်ခဲ့တဲ့ နှစ်ပေါင်း များစွာတုန်းက ကျွန်မ မိတ်ဆွေ တစ်ယောက်ကို ပေး လိုက်တဲ့ အရုပ်ကလေး ဖြစ်နေလို့ပါ၊ ဒီငါးရုပ်ကလေး ကို မြင်လိုက်တော့...'

သူ့နောက်တွင် လှုပ်ခနဲ မြင်လိုက်သဖြင့် ရှူလီ သည် ချာခနဲ လှည့်ကြည့်လိုက်၏။ တရှပ်ရှပ် ပြေးသံ နှင့် သစ်ရွက်တိုးသံ။

'ဘာလဲ မသိဘူး'

'ခွေးအပါ'

ခွေးတစ်ကောင်ကဲ့သို့ မည်းမည်း သဏ္ဌာန် တစ်ခု သည် စခန်းထဲမှ အကြွင်းအကျန်များကို စားပြီးနောက် ကွင်းပြင်ဘက်သို့ ထွက်ပြေးသွားသည်။ ရှူလီက သက် ပြင်းကလေး တစ်ချက် ချလိုက်ကာ

'တော်ပါသေးရဲ့ရှင်၊ နောက်ကများ လိုက်ချောင်း ကြသလားလို့'

'တကယ်တော့ ရာဇကုမ္မာရီလည်း ကြောက်တယ် မဟုတ်လား၊ ကဲ စကား ပြောချင်တယ် ဆိုရင်လည်း အထဲကို ဝင်ပါ၊ အပြင်မှာ ရပ်နေလို့ တစ်ယောက်ယောက် မြင်သွားရင် ပိုဆိုးမယ်'

အက်ရှ်က တဲထဲသို့ ဝင်ရန် အပေါက်ဝမှ ဖယ် ပေးလိုက်သည်။ ရှူလီသည် ခပ်တွေတွေ လုပ်နေပြီးမှ သူ့အားမှ ဖြတ်၍ တဲထဲသို့ ဝင်လာ၏။ အက်ရှ်က တံခါးရွက်ဖျင်ကို ဆွဲစေ့ကာ ကြိုးချည်ပြီးနောက်

'ခဏလေးနော်၊ ကျွန်တော် မှန်အိမ် ထွန်းလိုက် ဦးမယ်'

အမှောင်ထဲတွင် စမ်းနေသံကို ကြားရသည်။ ထို့နောက် ရဲခနဲ မီးခြစ် ခြစ်လိုက်သည်တွင် ဟာရီကိန်း သသာမှန်အိမ်မှ မီးတောက်သည် လင်းလာ၏။

အက်ရှ်က ရွက်ဖျင် ကုလားထိုင် တစ်လုံးကို ဆွဲပေးလိုက်ပြီးနောက် ညဝတ်ရုံ အင်္ကျီနှင့် လွှာဖိနပ်ကို စီးနေသည်။ အက်ရှ်က ညဝတ်အင်္ကျီ ခါးစည်းကြိုးကို စည်းလိုက်ရင်း

'မတော်လို့ ကျွန်တော်တို့ နှစ်ယောက် စကား ပြောတာ မိသွားရင်လည်း အဝတ်အစားကလေး သပ် သပ်ရပ်ရပ်နှင့် ဆိုတော့ တော်သေးတာပေါ့၊ ထိုင်ပါ ရာဇကုမ္မာရီ၊ ခင်ဗျား မထိုင်တော့ဘူးလား၊ ကျွန်တော် ထိုင်မယ်နော်'

အက်ရှ်သည် ရွက်ဖျင် အိပ်စင်စွန်းတွင် ဝင် ထိုင်လိုက်ရင်း ရှူလီကို ကြည့်နေသည်။

သူ့နောက်မှ ရထားတင် နာရီက တစ်ချက်ချက်။ တိတ်ဆိတ်နေသဖြင့် ပို၍ ကျယ်လောင်နေသည် ထင် ရ၏။ အပြင်ဘက်မှ တိုးဝင်လာသော ပိုးကောင် တစ် ကောင်က မှန်အိမ်ကို ပတ်ချာလှည့် ဝဲလျက်။

'ကျွန်မ... ကျွန်မ'

ရှူလီသည် စကား ထစ်နေသည်။ နှုတ်ခမ်းကို ကိုက်လိုက်သဖြင့် အက်ရှ် ငယ်ငယ်က မြင်နေကျရုပ် ပေါ်လာ၏။ ရှူလီ ငယ်ငယ်တုန်းက သည်လိုပင် နှုတ် ခမ်းကို ကိုက်နေကျ။ နှုတ်ခမ်းကို ကိုက်လွန်းသဖြင့် သူ့အမေက ပါးစပ်အလှ ပျက်ကုန်လိမ့်မည်ဟု ဆိုကာ မကြာခဏ မြည်တွန်ခဲ့ဖူးသည်။

'ဟုတ်ကဲ့၊ ပြောပါ ရာဇကုမ္မာရီ'

'ကျွန်မ သခင်ဆပ်ကို ပြောခဲ့ပြီကော၊ ဟိုတုန်း က ကျွန်မ မိတ်ဆွေ တစ်ယောက်ကို ဒီလက်ဖွဲ့ပစ္စည်း ကလေး ပေးခဲ့ဖူးတယ်လို့၊ ဒီအဆောင်ကလေးကို ဗိုလ် လေး ဘယ်လို ရခဲ့တယ် ဆိုတာ ကျွန်မ သိပါရစေ၊ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်မ မိတ်ဆွေနှင့် သူ့အမေ တို့ ဘယ်လို ဖြစ်သွားကြတယ် ဆိုတာကို သိချင်လို့ပါ၊ ခု ဘယ်မှာများ ရောက်နေကြသလဲလို့၊ ကျွန်မ ပြောတာ ရှင်းပါတယ်နော်'

'ဒါတော့ မဖြစ်နိုင်ဘူး ထင်တယ် ရာဇကုမ္မာရီ၊ ဒီလောက်ကလေး သိရုံလောက်နှင့် ဆိုရင် ကျွန်တော့် ဆီကို ဘာဖြစ်လို့ စွန့်စွန့်စားစား လာမလဲ၊ ဒီတော့ ကျွန်တော် ပြည့်ပြည့်စုံစုံ သိပါရစေ၊ နောက်တစ်ခု သိ ချင်တာက ကျွန်တော့်ဆီက သိရင်ကော ဘယ်သူ့ကို ပြောမှာလဲ'

'ဘယ်သူ့ကို ပြောရမှာလဲရှင်၊ ရှင် ဘာတွေ ပြောနေတာလဲ၊ ကျွန်မ နားမလည်ဘူး'

'စဉ်းစားပါ ရာဇကုမ္မာရီ၊ ရာဇကုမ္မာရီရဲ့ မိတ်ဆွေ ဘယ်ကို ရောက်နေသလဲ ဆိုတာ သိချင်တဲ့လူဟာ ရာဇ ကုမ္မာရီ တစ်ယောက် အပြင် အခြားလူတွေများ ရှိသေး သလား'

ရှူလီက ခေါင်းကို ယမ်းလိုက်၏။

'မရှိပါဘူး ဗိုလ်လေးရယ်၊ ခု မရှိတော့ပါဘူး၊ တစ်ခါတုန်းကတော့ ရှိခဲ့တယ်ပေါ့လေ၊ သူ့အပေါ်ကို အကောက်ကြံပြီး သတ်နိုင်ရင် သူ့ကို သတ်ပစ်ချင်တဲ့ မိန်းမယုတ် တစ်ယောက်တော့ ရှိခဲ့ဖူးပါတယ်၊ ဒါပေ



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ သူလည်း သေပါပြီ၊ ဘာမှ မတတ်နိုင်တော့ပါဘူး၊ မသေခင်ကလည်း အဲဒီလူ အကြောင်းကို သူ သတိ မရတော့ပါဘူး၊ အဲဒီလူရဲ့ မိတ်ဆွေတွေ ဆိုရင်လည်း ဂူးလ်ကုတ်မှာ မရှိကြတော့ဘူး၊ ဘယ်ရောက်လို့ ဘယ်ပျောက်ကုန်ကြပြီ ဆိုတာလည်း ကျွန်မ မသိပါဘူး၊ တကယ်လို့ သူတို့နေရာကို သိတယ် ဆိုရင်လည်း သူတို့ဆီကို သွားပြီး အဲဒီလူ အကြောင်းကို မေးရရဲ့၊ သူတို့လည်း သေကုန်ကြပြီ ထင်ပါရဲ့လေ၊ ဒါမှ မဟုတ်ရင်လည်း သူတို့ကိုယ်တိုင်က ဒီလူကို မေ့ချင် မေ့နေကြပြီလား မသိပါဘူး’

‘ရာဇကုမ္မာရီ တစ်ယောက်က လွဲရင် ဆိုပါတော့’

‘ဟုတ်တယ်၊ ကျွန်မ တစ်ယောက်က လွဲရင် ဆိုပါတော့၊ ဗိုလ်လေး ကျွန်မကို မနှိပ်စက်ပါနဲ့ရှင်၊ အဲဒီလူက ကျွန်မရဲ့ အစ်ကိုပါ၊ တကယ့် အစ်ကို အရင်း တစ်ယောက်လို လူပါ၊ ကျွန်မ အစ်ကိုရင်းတွေထက်တောင် သံယောဇဉ် တွယ်ခဲ့ရတဲ့ လူပါ၊ ကျွန်မဟာ ကျွန်မ မယ်တော်ကို မမှတ်မိတော့ပါဘူး။

‘မကွယ်လွန်ခင် ကတည်းက မယ်တော်ဟာ ခမည်းတော် အလိုမရှိတော့တဲ့ အတွက် ချောင်ထိုးခံခဲ့ရသူပါ၊ မယ်တော် မရှိတော့ ခမည်းတော်ရဲ့ နောက် မဟာဒေဝီကလည်း ကျွန်မကို ခမည်းတော် မျက်စိရှေ့တောင် အဝင် မခံတော့ပါဘူး၊ ဒီလိုနဲ့ ကျွန်မနဲ့ ခမည်းတော်ဟာ သူစိမ်းပြင်ပြင်ကြီးတွေလို ဖြစ်ခဲ့ရတယ်၊ အစေတော်တွေကတောင် ကျွန်မကို ဂရုမစိုက်ကြတော့ပါဘူး။

‘ကျွန်မကို ဂရုစိုက်တဲ့ လူ၊ ကြင်နာတဲ့ လူဆိုလို့ ကျွန်မရဲ့ အစေခံ မိန်းမ တစ်ယောက်နဲ့ သူ့ရဲ့ သား အရွယ် ဆိုတဲ့ လူငယ်ကလေး တစ်ယောက်ပဲ ရှိပါတော့တယ်၊ သူငယ်ကလေး ဆိုပေမဲ့ ကျွန်မထက်တော့ နည်းနည်း ကြီးတာပေါ့လေ၊ သူကလည်း အဲဒီတုန်းက ကျွန်မရဲ့ အစ်ကိုတော် အိမ်ရှေ့ကိုယ်တော်လေးဆီမှာ နေရပါတယ်။

‘လောကမှာ အရှေ့နှင့် သူ့အမေတို့က လွဲရင် ကျွန်မ မိတ်ဆွေရယ်လို့ တစ်ယောက်မှ မရှိတော့ပါဘူး၊ ကျွန်မလို မိတဆိုး ကလေးငယ် တစ်ယောက် အတွက် ကြင်နာ ယုယမှုဟာ ဘယ်လောက် အရေးကြီးတယ် ဆိုတာ ဗိုလ်လေး သိဖို့ ကောင်းပါတယ်ရှင်’

ဇူလီ၏ အသံသည် တိမ်ဝင်သွား၏။ အက်ရှ်သည် မျက်နှာကို တခြားသို့ လွှဲလိုက်၏။ ဇူလီ၏ မျက်လုံးမှ မျက်ရည်များကို သူ မမြင်ချင်။ မမြင်ရက်။ သူ အမေ သိတာကို ချစ်ခဲ့ပြီး သူ့ကို မိတ်ဆွေ တစ်ယောက်လို သူ့ရဲ့ကောင်း တစ်ယောက်လို သဘောထားခဲ့သည့် ဇူလီကို မေ့ပျောက်ခဲ့သည့် အတွက် သူ့ကိုယ်သူ စိတ်မကောင်း။

ဇူလီက

‘စဉ်းစားကြည့်ပါရှင်၊ ကျွန်မမှာ ချစ်ခင် တွယ်တာရမယ့်သူ ဆိုလို့ တစ်ယောက်မှ မရှိပါဘူး၊ သူတို့ သားအမိ ထွက်သွားကြတော့ ကျွန်မမှာ လွမ်းဖျား လွမ်းနာကျပြီး သေလိမ့်မယ်တောင် ထင်ခဲ့မိတယ်၊ သူတို့ အဖို့လည်း မသွားလို့ မဖြစ်တော့ပဲကိုး၊ ဒါပေမဲ့ အဲဒီ အကြောင်းကိုတော့ ကျွန်မ မပြောလိုပါဘူးလေ၊ ဒီ လောက်ဆိုရင် ဗိုလ်လေးလည်း သိလောက်ရောပေါ့၊ ငါးရုပ် ထက်ပိုင်းကျိုးကလေးကို ပိုင်တဲ့လူကိုပဲ သိနေပေါ့ပဲ၊ ဒီအကြောင်းကို ဗိုလ်လေး ဘယ်မှာ မသိဘဲ နေပါတော့မလဲ။

‘ကျွန်မနှင့် အရှေ့တို့ ခွဲကာနီးတော့ ကျွန်မက ကနကမာခွဲ ငါးရုပ်ကလေးကို အမှတ်တရ ပစ္စည်း အနေနှင့် ပေးလိုက်တယ်၊ ဒီတော့ သူက ငါးရုပ်ကလေး ကို ထက်ပိုင်း ချိုးလိုက်ပြီး တစ်ပိုင်းကို ကျွန်မကို ပြန် ပေးခဲ့တယ်၊ တစ်နေ့မှာ ကျွန်မတို့ဆီကို ရောက်အောင် ပြန်လာခဲ့မယ်တဲ့၊ အဲဒီ အခါကျတော့မှ ငါးရုပ် ထက် ပိုင်းကျိုးကလေးကို ပြန်ပြီး ဆက်ကြရအောင်တဲ့။

‘ဒါပေမဲ့ အဲဒီနောက် ကတည်းက သူတို့ အကြောင်း ကို မကြားရတော့တာပါပဲ၊ သေသလား ရှင်သလားလည်း မသိရ၊ ကျွန်မ အထင်တော့ သူတို့ နှစ်ယောက်စလုံး မရှိ ကြတော့ဘူး ထင်တာပဲ၊ ရှိရင် သူ မာကြောင်း သာ ကြောင်း သတင်းလေးတော့ ရောက်အောင် ပို့မှာပေါ့၊ ကျွန်မဆီကို အကြောင်းမကြားဘဲလည်း ဘယ်နည်းနှင့်မှ မနေဘူး ဆိုတာ ကျွန်မ ယုံတယ်၊ သူ သေသေချာချာ ကတိ ပေးသွားတာပဲရှင်၊ သူ့ကတိအတိုင်း လုပ်မှာပေါ့။

‘ဒီနေ့ညကျတော့ ဗိုလ်လေး ပေးလိုက်လို့ လှမ်း ယူလိုက်တော့ ကျွန်မဆီမှာ ရှိတဲ့ အပိုင်းကလေးဆို ထင်လိုက်မိသေးတယ်၊ ဒါပေမဲ့ ကျွန်မဆီမှာ ရှိတဲ့ ငါး ရုပ်ပိုင်းကလေး မဟုတ်ဘူးရှင့်၊ ဒီတော့ သူဟာ အသက် မသေသေးဘူး ဆိုတာ ကျွန်မ သိတယ်၊ ကျွန်မကို ရှင် ကတစ်ဆင့် ပေးလိုက်တာပဲ ဖြစ်ရမယ်၊ ဒါနှင့် ခေါင်း တစ်ခုလုံး အိပ်ပျော်နေတုန်းမှာ ဗိုလ်လေးဆီကို ... တာပဲ၊ သူ့အကြောင်းကို ကျွန်မ မသိရဘူးလား ဟင်



www.burmeseclassic.com

www.burmeseclassic.com


ပိုးဖလံကလေးမှာ လသာမှန်အိမ် ပြောင်းထဲသို့ ကျသွားသည့် အတွက် မီးတောက်ကလေးသည် ယိမ်းလှုပ်သွား၏။ နောက်တစ်ကောင်က မှန်အိမ်ကို အတင်းတိုးလျက်။ အတောင်ဖြင့် မီးအိမ်ကို တဖျပ်ဖျပ် ဝင်တိုးနေသည်။ သူ့အသံသည် တိတ်ဆိတ်နေသော ညတွင်ပို၍ ကျယ်လောင်နေသည် ထင်ရ၏။

အက်ရှ်က ထိုင်ရာမှ ထကာ မီးစာကို ညှိသည်။ ဘာမျှလည်း မပြော။ ဘာမျှလည်း မဖြေ။ ဇူလီသည် တိတ်ဆိတ်ခြင်းကို သည်းမခံနိုင်တော့။

'ဒီလိုဆိုရင် သူတို့ သားအမိ သေပြီလားဟင်'

အက်ရှ်က မှန်အိမ်ဘက်သို့ လှည့်ကာ သူ့ကိုကျောပေးထားရင်းက

'ဟုတ်တယ်၊ သူ့အမေကတော့ မရှိတော့ဘူး၊ ဒူးလ်ကုတ်က ထွက်သွားပြီး မကြာခင်မှာပဲ ဆုံးသွားတယ်'

'ဒါဖြင့် အရှော့ကကော'

'သူကတော့ ဒီမှာ ရှိပါတယ်'

အက်ရှ်သည် ဇူလီဘက်သို့ ပြန်လှည့်လိုက်သည်။ မီးရောင်သည် သူ့မျက်နှာကို ကွယ်သွားကာ ဇူလီ၏မျက်နှာပေါ်သို့ ထိုးကျနေ၏။

'ရှင် ဘာပြောတယ် ဗိုလ်လေး၊ သူ ဒီစခန်းထဲမှာ ရှိသလား၊ ဒါဖြင့် သူ ဘာဖြစ်လို့...၊ ခု သူ ဘယ်မှာလဲဟင်၊ ဘာအနေနှင့် ပါလာတာလဲ၊ သူ့ကို...'

ဇူလီ၏ အသံသည် ခပ်တိုးတိုး ပြောသည့်တိုင် တုန်နေသည်။

'ကိုယ့်ကို မမှတ်မိဘူးလား ဇူလီ'

ဇူလီက ဇဝေဇဝါဖြင့်

'ရှင်၊ ဗိုလ်လေးကို မသိဘူးလား၊ ဟုတ်လား၊ ဒီလို မကျီစားပါနှင့် ဗိုလ်လေးရယ်၊ ဒီလို မကျီစားကောင်းပါဘူး၊ မလုပ်ပါနှင့်'

ဇူလီက စိတ်ပျက်လက်ပျက်ဖြင့် သူ့လက်ကို သူပြန်ညှစ်လိုက်၏။ အက်ရှ်က

'ဇူလီကို ကိုယ် ကျီစားနေတာ မဟုတ်ပါဘူး ဇူလီ၊ ကိုယ့်ကို သေသေချာချာ ကြည့်ပါဦး'

အက်ရှ်က မှန်အိမ်ကို လှမ်းယူလိုက်ပြီး သူ့မျက်နှာရှေ့တွင် မြှောက်ပြလိုက်သည်။

'ကိုယ့်ကို သေသေချာချာ ကြည့်ပါဦး၊ ကိုယ်ဟာဆော်တော်ပဲ ပြောင်းလဲသွားသလား၊ ကိုယ့်ကို တကယ်ပဲ မမှတ်မိတော့ဘူးလား'

ဇူလီသည် နောက်သို့ အလန့်တကြား ဆုတ်သွားကာ 'ဟင့်အင်း မဟုတ်ဘူး၊ မဖြစ်နိုင်ဘူး' ဟု တဖွဖွ ရွတ်နေသည်။

'ကိုယ့်ကို ဇူလီ မှတ်မိမှာပါ၊ ကိုယ်ဟာ ဒီလောက်လည်း ပြောင်းလဲသွားတာ မဟုတ်ပါဘူး၊ အဲဒီတုန်းက ကိုယ်က ဆယ့်တစ်နှစ်၊ ဇူလီကတော့ ပြောင်းလဲချင်ပြောင်းလဲ သွားမှာပေါ့လေ၊ အဲဒီတုန်းက ခြောက်နှစ်ခုနစ်နှစ်လောက်သာ ရှိသေးတာကိုး၊ မပြောလို့ ရှိရင်ကိုယ်ကတော့ ဇူလီကို လုံးဝ မှတ်မိမှာ မဟုတ်ဘူး၊ ဒါပေမဲ့ ဇူလီရဲ့ လက်မောင်းမှာ မျောက်ကိုက်ခံရတဲ့ အမာရွတ်ကလေး ရှိတယ် မဟုတ်လား၊ အဲဒီတုန်းက အမေကတောင် အနာကို ဆေးပြီး ပတ်တီး စည်းပေးခဲ့သေးတယ်လေ၊ ရာမနှင့် သီတာ ပုံဝတ္ထုကို ပြောပြီး ဟနုမန်က သူတို့ နှစ်ယောက်ကို ကယ်ဆယ်ခဲ့တယ် ဆိုတာပြောခဲ့သေးတယ် မဟုတ်လား၊ ပြီးတော့ ကိုယ်က ဆင်ကျုံးနားက ဟနုမန် ဝတ်ကျောင်းကို လိုက်ပို့ခဲ့သေးတယ်လေ၊ အိမ်ရှေ့ ကိုယ်တော်လေးရဲ့ မြွေပါကလေးလွတ်ပြေးလို့ လိုက်ဖမ်းရင်း မဟာဒေဝီ ဘုံဆောင်ပျက်ကလေးပေါ်ကို ကိုယ်တို့နှစ်ယောက် ရောက်သွားကြတာကိုကော မှတ်မိသေးရဲ့လား ဇူလီ'

ဇူလီက မျက်လုံး အဝိုင်းသားဖြင့်

'ဟင့်အင်း၊ မဖြစ်နိုင်ဘူး၊ ကျွန်မ မယုံဘူး၊ ဗိုလ်လေး ညာပြောတာပဲ ဖြစ်ရမယ်'

'ကိုယ် ဘယ့်နှယ့်လုပ် ညာရမှာလဲ ဇူလီ၊ အရှော့သိတာတွေကို ကိုယ့်ကို မေးကြည့်စမ်းပါ၊ ကိုယ် မဖြေနိုင်ဘူး ဆိုရင်...'

'ဒါတော့ ဗိုလ်လေးကို သူက ပြောထားမှာပေါ့၊ ခု သူ့ဆီက သိရတာတွေကို ပြန်ပြောနေတာ မဟုတ်လား'

'မဟုတ်ရပါဘူး ဇူလီ၊ ကိုယ်က ဒီလို လုပ်ကြံပြောတော့ ကိုယ့်မှာ ဘာအကျိုး ရှိမှာမို့လဲ၊ မဟုတ်ဘဲနှင့် ကိုယ်က ဘာဖြစ်လို့ အပင်ပန်းခံပြီး ပြောနေရမှာတဲ့လဲ'

'ဗိုလ်လေးဟာ အင်္ဂရေစီ သခင်ဆပ် တစ်ယောက်၊ ဘယ့်နှယ့် လုပ်ပြီး အရှော့ ဖြစ်နိုင်မလဲ၊ သူ့အမေကို ကျွန်မ သိတာပဲ၊ သူ့အမေက အစေခံ မိန်းမသိတာတဲ့'

အက်ရှ်သည် မှန်အိမ်ကို စားပွဲပေါ်သို့ ပြန်တင်လိုက်ပြီးနောက် ရှက်ဖျင် အိပ်စင်စွန်းတွင် ထိုင်ချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com


'ဟုတ်တယ်၊ အစတုန်းကတော့ အရှေ့ ဆိုတဲ့ ကောင်လေးဟာလည်း အဲဒီလိုပဲ ထင်ခဲ့တာပဲ၊ ဒါပေမဲ့ အမေ သီတာ ဆုံးကာနီးတော့ သူ့သား မဟုတ်တဲ့ အကြောင်း၊ အရှေ့ရဲ့ အမေဟာ အင်ဂရေစီ တစ်ယောက် ဖြစ်တဲ့ အကြောင်း၊ သူ့အဖေကလည်း အင်ဂရေစီ ဖြစ်တဲ့ အကြောင်း ပြောသွားတယ်၊ တကယ်ကတော့ သီတာ့ ယောက်ျားဟာ အဲဒီ အင်ဂရေစီရဲ့ မြင်းထိန်းတဲ့၊ ဒီမှာတင် သီတာကလည်း သားသမီး အဖတ်မတင်တော့ သူ့ကို မွေးစားတာတဲ့။

'ဒီအကြောင်းတွေကို သူ... အဲလေ ကိုယ် မပြောချင်ဘူး ဇူလီ၊ တကယ်တော့ သီတာဟာ ကိုယ့် အမေရင်းပါပဲ၊ ဒါဟာ တကယ် အမှန်ပါ ဇူလီ၊ ကိုယ် မလိမ်ပါဘူး၊ ကိုယ်ဟာ အရှေ့ပါ၊ အလျှင်တုန်းကလည်း အရှေ့ပါပဲ၊ ခုလည်း အရှေ့ပါပဲ၊ တကယ်လို့ ကိုယ် ပြောတာကို မယုံဘူး ဆိုရင် ကိုဒါဒတ်ကို မေးကြည့်ပါ၊ အနောက်မြောက် နယ်စပ်ဒေသ တောင်ပေါ်က ယူစွတ် ဖိုင် ရွာမှာ ရှိပါတယ်၊ ကိုဒါဒတ်ကိုတော့ ဇူလီ မှတ်မိဦး မှာပေါ့၊ ဒါမှ မဟုတ်ရင်လည်း မဒန်းက နယ်ခြားစောင့် တပ်ဖွဲ့မှာ ရှိတဲ့ သူ့သား ဂျမဒါ ဇာရင်ကို မေးကြည့်ရင် သိပါတယ်၊ မှန် မမှန်ကို သူတို့က ပြောပြပါလိမ့်မယ်'

'ဟင့်အင်း၊ ကျွန်မ မယုံဘူး၊ မဖြစ်နိုင်ဘူး'

ဇူလီသည် ခပ်တိုးတိုး ပြောကာ ရွက်ဖျင်တဲတိုင်ကို မှီ၍ ရှိုက်ကြီးတငင် ငိုနေသည်။

စင်စစ် ဇူလီသည် သူ့ကို မမှတ်မိနိုင်လောက်အောင် ဖြစ်လိမ့်မည်ဟု အက်ရှ် မမျှော်လင့်ခဲ့။ ထို့ကြောင့် အက်ရှ်သည် ဘာလုပ်၍ ဘာကိုင်ရမည်ကို မသိတော့ဘဲ ကြောင်တက်တက် ဖြစ်နေသည်။ စိတ်လည်း ဆိုးနေသည်။

ဘာငိုစရာ ရှိသနည်း။ မိန်းမ ဆိုသည်မှာ ထိုအတိုင်းသာဟု အက်ရှ် တွေးမိသည်။ ပါးစပ်က ထုတ် မပြောခဲ့လျှင်လည်း အကောင်းသား။ စောစောတုန်းကမူ ဂူးလ်ကုတ်က အတိတ် ဘဝကို ဖာတ်မြှုပ်ထားမည်ဟု ရည်ရွယ်ရင်း ရှိခဲ့သည်။

သို့ရာတွင် သူနှင့် သူ့အမေ သီတာကို ဇူလီက တသသ ဖြစ်နေသည်ကို တွေ့ရသည့် အခါတွင် အက်ရှ် စိတ်ကို မထိန်းနိုင်။ ထိုစကားများကို ကြားရသည့်အခါတွင် သူ မထိမ်ချန်ရက်။

ထို့ပြင် ဇူလီသည် သူမှန်း သိသွားလျှင် ပျော်သွားလိမ့်မည်ဟု သူ ထင်ခဲ့သည်။ အနည်းဆုံး အံ့အားသင့် သွားလိမ့်မည်ဟု သူ ထင်ခဲ့သည်။ ယခုမူ သူ ထင်သည်နှင့် တခြားစီ။ ဇူလီက မျက်ရည်စက်လက်ဖြင့်။

ဇူလီက ဘာဖြစ်စေချင်သနည်း။ သူ ဘာလုပ်ရမည်နည်း။ ဤငါးရုပ် ထက်ပိုင်းကျိုးကလေးကို လူတစ်ယောက် ပေးသွားခဲ့သည်ဟု လုပ်ကြံ ပြောစေချင်သည်လော။ သို့မဟုတ်လျှင်လည်း ဘာမျှ မပြောဘဲ ငြင်းလွှတ်လိုက်စေချင်သလော။ ငြင်းလွှတ်ဖို့ ကောင်းသည်ကမူ အမှန်။

အက်ရှ်သည် မှန်အိမ် အနီးတွင် ဝဲပျံနေကြသော ပိုးဖလံကောင်များကို ကြည့်ရင်း ရှိုက်သံကို မကြားလိုသဖြင့် နားကို ပိတ်ထားလိုက်၏။

အိပ်ရာဘေး စားပွဲပေါ်ရှိ နာရီမှာ သုံးနာရီ ထိုးနေလေပြီ။ နာရီထိုးသံကို ကြားသဖြင့် အက်ရှ်သည် လန့်ဖျပ်သွား၏။ ညဥ့်နက်နေခြင်းကြောင့် မဟုတ်။ အာရုံကြောတွေ မသိမသာ တင်းနေသောကြောင့် ဖြစ်သည်။

ထိုအခါကျမှ မိမိတို့ နှစ်ယောက် ယခုလို တွေ့ဆုံနေခြင်းသည် မည်မျှ အန္တရာယ် ကြီးကြောင်းကို သတိ ရမိတော့သည်။

မိမိ အခြေအနေသည် အန္တရာယ် များသည့် အခြေအနေ။ ဤအခြေအနေတွင် အချိန်မရွေး အသတ်ခံရနိုင်သည်။ (ဇူလီလည်း ထို့အတူပင်။)

အက်ရှ်သည် ဇူလီကို လှည့်ကြည့်လိုက်၏။ ဇူလီ ငိုနေပုံက ကျိတ်၍ ငိုနေသည့်ပုံ။ ထိုအခါကျမှ သူနှင့် နောက်ဆုံး ခွဲကာနီးတွင် ကျိတ်၍ ငိုနေပုံကလေးကို မြင်ယောင်လာသည်။

ထိုစဉ် ဇူလီသည် သူတစ်ယောက်တည်း ကျန်ရစ်ခဲ့မည် စိုးသဖြင့် ငိုခြင်း မဟုတ်။ သူတို့ သားအမိ နှစ်ယောက် အန္တရာယ် ကြုံတွေ့ရမည်ကို စိုးရိမ်သည့်အတွက် ငိုခဲ့ခြင်း ဖြစ်၏။ ယခု သူ့ကို ငိုအောင် လုပ်ခဲ့မိပြန်ပြီ။ သြော် သနားစရာ ကောင်းလိုက်ပါသည် ဇူလီ။

အက်ရှ်သည် သူ့အနီးသို့ ထလာခဲ့သည်။

'မငိုပါနဲ့ ဇူလီ၊ ဘာငိုစရာ ရှိလို့လဲ'

ဇူလီက မည်သို့မျှ မပြော။ ခေါင်းကို ယမ်းနေသည်။ မငိုတော့ဘူးဟု ပြောလိုသည်လော။ မငိုဘဲ မနေနိုင်ဟု ပြောလိုသည်လော။ သူ မဝေခွဲနိုင်။ ဘာကြောင့်မှန်း မသိ။ ဇူလီ၏ အဖြစ်ကို မြင်သည့် အခါတွင် အက်ရှ် ရင်ထဲတွင် ဆို့သွား၏။



www.burmeseclassic.com

www.burmeseclassic.com



အက်ရှ်သည် ဇူလီကို သိုင်း၍ ပွေ့ဖက်ထားဆိုက်ကာ အဓိပ္ပာယ် မရှိသည့် စကားများကို ထပ်ကာအလဲလဲ ပြောနေသည်။

'မငိုပါနှင့် ဇူလီ၊ မငိုပါနှင့်၊ အားလုံး အဆင်ပြေနေပါပြီ၊ ကိုယ် ပြန်လာပြီ မဟုတ်လား၊ ကိုယ် ပြန်လာပြီလေ၊ နောက်ထပ် ငိုစရာ အကြောင်း မရှိတော့ပါဘူး'

သေးသွယ် တုန်ယင်နေသည့် ခန္ဓာကိုယ်ကလေးသည် မည်သို့မျှ ရုန်းကန်ခြင်း မပြုဘဲ အတန်ကြာမျှ ငြိမ်သက်လျက် ရှိ၏။ သူ့ခေါင်းက အက်ရှ်၏ ပခုံးဆီသို့ အရုပ်ကြိုးပြတ် မှီလျက်။ ပါးလွှာသော ညဝတ် အင်္ကျီသည် ဇူလီ၏ မျက်ရည်တွေကြောင့် စိုရွှဲလျက်။

ခဏအကြာတွင် ဇူလီ၏ ခန္ဓာကိုယ်သည် တောင့်တင်းသွားကာ သူ့ရင်ခွင်ထဲမှ နေ၍ ဆတ်ခနဲ ရုန်းလိုက်သည်။ ဇူလီ၏ မျက်နှာသည် လှပခြင်း မရှိတော့။ မီးရောင်ထဲတွင် သူ့မျက်နှာသည် သောကကြောင့် ရှုံ့မဲ့လျက် ရှိ၏။ ချစ်စရာ မျက်လုံးများသည် နီရဲ၍ အစ်မို့နေကြသည်။ စကား တစ်ခွန်းမျှ မဟ။ သူ့ကိုသာ စိုက်ကြည့်လျက်။ သူ့အကြည့်က ကျာပွတ်ဖြင့် ရိုက်လိုက်သလို အေးစက်၍ စက်ဆုပ် ရွံရှာသည့် အကြည့်။

ဇူလီသည် ချာခနဲ လှည့်ကာ ရွက်ဖျင်တံခါးကို ဆွဲဖယ်၍ လရောင်နှင့် အမှောင်ရိပ်တို့ ထွေးနေသည့် အပြင်ဘက်သို့ ပြေးထွက်သွားသည်။

'ဟုတ်တယ်၊ မဖြစ်နိုင်ဘူး၊ အဓိပ္ပာယ် မရှိဘူး၊ မဖြစ်သင့်ဘူး၊ တစ်မိနစ်ကလေး အတွင်းမှာ ထွက်သက်ဝင်သက်ကြားမှာ ဒီလောက် အချိန်တိုတိုကလေး အတွင်းမှာ ငါ မပြောလိုက်သင့်ဘူး၊ မပြောသင့်ဘူး'

သို့ရာတွင် ဖြစ်ခဲ့ပြီ။ ယခုလေးတွင်ပင် သူကိုယ်တိုင် ပြောခဲ့ပြီးပြီ။ သူ့ရှေ့တွင် ဖြစ်ပျက်သွားခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၆

သတို့သမီးငယ် ရှုရီလာ၏ ဆန္ဒအရ နောက်တစ်နေ့ မနက်တွင် စခန်းကို ရုပ်သိမ်းခြင်း မပြုတော့။ သုံးရက် လောက် နားကြဦးမည်ဟု သတင်း ထွက်နေသည်။ အားလုံးကလည်း နားချင်ကြသည်။ နားတုန်း အဝတ် များကို လျှော်ရ ဖွပ်ရမည်။ အစားအသောက် ကောင်း ကောင်းကလေးတွေ ချက်စားရမည်။ ရွက်ဖျင်တဲများ၊ မြင်းကကြိုးတန်ဆာများ၊ ကုန်းနှီးများကို ပြင်ရ ဆင်ရ ဦးမည်။

မကြာမီ မြစ်ကမ်း တစ်လျှောက်တွင် အဝတ် လျှော်နေသည့် ဒိုဘီများ၊ ဆင်များကို ရေချိုးပေးနေကြ သည့် ဆင်ဦးစီးများ၊ ရေတိမ်တွင် ဆော့ကစားနေကြ သူများဖြင့် ပြည့်နေသည်။ မြက်ရိတ်သမားများက မြင်းစာ နွားစာ အတွက် မြက်ရိတ် ထွက်ကြသည်။ အမဲလိုက် သူများက အမဲပစ် ထွက်ကြ၏။

ရှုရီလာနှင့် ကိုယ်တော်လေး ဂျိုတီတို့က သိမ်း ငှက်တိုက် ထွက်ရန် သူ့ဘကြီးကို ပူဆာကြသည်။ ထုံးစံ အရ သိမ်းတိုက်ထွက်လျှင် မိန်းကလေးများကို ခေါ်င်း မီးခြံစရာ မလိုတော့။

ကာကာဂျီသည် သူတို့ကို လိုက်မပို့ချင်။ သို့ရာ တွင် သိမ်းတိုက် ထွက်လိုလျှင် အနီးအနားတွင် မထွက် ရ၊ စခန်းမှ ဝေးဝေး လူသူ မမြင်ရာတွင် ထွက်ရမည် ဟူသော ခြွင်းချက်ဖြင့် သူတို့ တောင်းဆိုချက်ကို သဘော တူလိုက်သည်။

သိမ်းတိုက် ထွက်ရမည့် အဖွဲ့တွင် အက်ရှ်နှင့် နှုလ်ရတ်တို့ အပြင် သိမ်းငှက်တိုက်သမား ခြောက် ယောက်၊ သတို့သမီးများ၏ အစေတော် သုံးယောက်၊ ဆော်နန်းစောင့် တပ်စု တစ်စုနှင့် အစေခံ အချို့ လိုက် ပါလာကြ၏။ အဖွဲ့ထဲတွင် (အိမ်ရှေ့ ကိုယ်တော်လေး ဂျိုတီ၏ သက်တော်စောင့် အဖြစ်) ဘီဂျူရှန်းလည်း လိုက်ပါလာသည်။

သူ့တူမတော်များကို လိုက်ပါ စောင့်ကြပ် ကြည့် ရှုရန် အတွက် ဘကြီးတော် ကာကာဂျီလည်း လိုက်မည် ဟု ဆိုသည်။ ဤသည်မှာ အကြောင်းပြချက်သာ ဖြစ် ၏။ ဘကြီးတော် ကာကာဂျီသည် သိမ်းငှက်တိုက်ခြင်း ကို ဝါသနာကြီးသူ ဖြစ်ရာ သူ့တူမတော်များ ပါသည် ဖြစ်စေ၊ မပါသည် ဖြစ်စေ လိုက်မည်သာ ဖြစ်၏။

'ကျုပ် တူမတော်တွေက မြင်းတော့ စီးတတ် ပါရဲ့၊ ဒါပေမဲ့ သိမ်းတိုက်တယ် ဆိုတာ ယောကျ်ားကြီး တွေ ကစားတဲ့ ကစားနည်း မဟုတ်လား၊ ဒီတော့ သူတို့ ဘယ်နားလည်မလဲ၊ မိန်းကလေး တစ်ယောက်ရဲ့ လက် ကောက်ဝတ်ဟာ သိမ်းငှက် နားတာကို ဘယ်ခံနိုင်မလဲ၊ အထူးသဖြင့် ရှုရီလာ ဆိုရင် သူ့လက်ကောက်ဝတ်မှာ သိမ်းငှက်ကို ဘယ်တင်ထားနိုင်ပါ့မလဲ၊ သူက နုနုနယ် နယ်ကလေးရယ်၊ သူ့အစ်မတော်ကတော့ ရပါတယ်၊ ဒါပေမဲ့ အစ်မတော် ဇူလီကတော့ ဒီကစားနည်းမျိုးကို ဝါသနာ မပါဘူး၊ ခက်တာပဲ၊ ဒီကလေးမလေးတွေ ဘာ ဖြစ်လို့ ကျုပ်တို့နှင့် လိုက်ချင်နေသလဲ မသိဘူး'

ဂျိုတီက

'အစ်မတော် ဇူလီက မလိုက်ချင်ဘူးတဲ့၊ သူ နေ ရစ်ခဲ့မယ်တဲ့၊ ဒါပေမဲ့ ရှုရီလာက သူ့အစ်မတော် မလိုက် ရင် သူလည်း မလိုက်ဘူး ဆိုပြီး ငိုနေတယ်၊ စခန်းထဲ မှာ ပိတ်လှောင်နေရတာ နံစော်လှပြီတဲ့၊ ဒီလောက်ကလေး မှ အပြင်ထွက်ပြီး လေကောင်းလေသန့်ကလေး မရှူရရင် သေမှာတဲ့၊ ဘကြီးတော်လည်း ရှုရီလာ့ အကြောင်းကို သိသားပဲ၊ သူက တစ်ဇွတ်ထိုး မဟုတ်လား၊ ဒါနှင့် အစ်မတော် ဇူလီလည်း လိုက်လာရတော့တာပေါ့၊ ပျော် စရာကြီးပေါ့ ဘကြီးတော်ရာ၊ ကဲ သွားကြစို့'

အစေတော်များ၏ လှည်းနှင့် သိပ် မကွာစေရန် သူတို့ တစ်သိုက်သည် လွင်ပြင်ကို ဖြတ်၍ သုံးချောင်း ထောက် စီးလာခဲ့ကြသည်။ ရှုရီလာမှာ မြင်းစီး [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကျင်သူ ဖြစ်သည်ဟု ဘကြီးတော်က ပြောသည့်တိုင် တစ်ယောက်တည်း အလွတ် မစီးရဲသည့် အတွက် မြင်းထိန်း တစ်ယောက်က ရှေ့မှ ဆွဲ၍ သွားရသည်။

ညီအစ်မ နှစ်ဖော်သည် ခေါင်းစည်း လက်ကိုင်ပဝါနှင့် မျက်နှာကို စည်းထားကြပြီး မျက်လုံးများသာ ဖော်ထားကြ၏။ သို့ရာတွင် စခန်းနှင့် ဝေးရာ ကွင်းပြင်သို့ ရောက်သည့် အခါတွင်မူ သူတို့ နှစ်ယောက်စလုံး မျက်နှာဖုံးများကို ခွာချ လိုက်ကြလေပြီ။

ဘကြီးတော်မှ အပ သူတို့နှင့် ဆွေမျိုးနီးစပ်တော်သည့် တပ်မှူး မှူးလ်ရတ်ပင်လျှင် ရာဇကုမ္မာရီများနှင့် စကား ပြောဆိုခြင်း ပြုလျှင် မျက်နှာကို မကြည့်ဘဲ တစ်ဖက်သို့ လွှဲထားကြသည်ကို အက်ရှ် သတိပြုမိသည်။

အက်ရှ်သည် သူတို့၏ ယဉ်ကျေး သိမ်မွေ့ပုံကို သတိပြုမိသော်လည်း ထိုသို့မူ မလုပ်နိုင်။ သူတို့ မိသားစုထဲမှ အစ်ကိုတော် တစ်ဦးနှယ် သဘောထားသည်ဟု ပြောပြီးသည့် နောက်တွင် အဘယ်ကြောင့် မျက်နှာကို ရဲရဲ မကြည့်ရမည်နည်း။

ထို့ကြောင့် အက်ရှ်သည် သူတို့ မျက်နှာကို ကြည့်၍ စကားပြောသည်။ ကြည့်လျှင်လည်း တည့်တည့် ကြည့်သည်။ သို့ရာတွင် ညီမတော် ရှုရီလာကို ကြည့်သည်ထက် အစ်မတော် အန်ဇူလီကို ကြည့်သည်က ပိုများသည်။

သို့တိုင် သိမ်းတိုက် ထွက်ရသည့် အတွက်ကြောင့်လည်းကောင်း၊ လွတ်လပ်ခွင့် ရသည့် အတွက်ကြောင့်လည်းကောင်း မြူးထူး ရွှင်လန်းလျက် ရှိသည့် ရှုရီလာကို ကြည့်ရသည်မှာလည်း ကြည့်၍ ကောင်းသည်သာ။ နတ်သမီး ပုံပြင်ထဲက နတ်သမီးကလေး တစ်ပါးနှယ် ရွှေရောင် တောက်လျက်။ နှင်းဆီရောင် တောက်လျက်။ ပန်းနုရောင် တောက်လျက်။ မြူးထူး ရွှင်လန်းမှုကြောင့် ဝင်းပလျက်။

ကိုယ်တော်လေး ဂျိုတီက

'ဗိုလ်လေး မယုံရင် ကြည့် ခင်ဗျ၊ အစ်မတော်လေး ရှုရီလာတော့ ညကျရင် နေထိုင်မကောင်း ဖြစ်တော့မှာ သေချာတယ်၊ သူ ဒီလို စိတ်လှုပ်ရှားပြီးရင် အမြဲတမ်း နေထိုင်မကောင်း ဖြစ်တော့တာပဲ၊ မိန်းမတွေဟာ တော်တော် ရယ်စရာ ကောင်းတယ်နော် ဗိုလ်လေး၊ ဒါနှင့်များ လက်ထပ်ချင်တဲ့ လူကလည်း လက်ထပ်ချင်ရသေးတယ်'

'အင်း'

အက်ရှ်က သူ့စကားကို စိတ်မဝင်စား။

'ကျွန်တော့် မယ်တော်က ကျွန်တော့်ကို လက်ထပ်ဖို့ စီစဉ်ခဲ့တယ်၊ ဒါပေမဲ့ မယ်တော် ကွယ်လွန်တော့ ကျွန်တော့် နောင်တော် နန်ဒူးက စေ့စပ်ထားတာကို ဖျက်ပစ်လိုက်တယ်ဗျ၊ ကျွန်တော်ကလည်း လက်မထပ်ချင်တာနှင့် ဆိုတော့ အတော်ပဲပေါ့၊ အမှန်ကတော့ ကျွန်တော် လက်မထပ်ဖြစ်အောင် ကပျက်ယပျက် လုပ်တာ၊ ကျွန်တော့်ကို မနာလိုလို့ လုပ်တာပေါ့ဗျာ၊ ဒါပေမဲ့ ကျွန်တော့် အကြိုက် ဖြစ်သွားတာပေါ့၊ ဘာပဲဖြစ်ဖြစ် တစ်နေ့တော့ လက်ထပ်ရမှာပေါ့လေ၊ မဟုတ်ဘူးလား ယောက်ျား ဆိုတာ သားယောက်ျားလေး မွေးအောင် မိန်းမတော့ ယူကြရမှာပေါ့၊ ဗိုလ်လေးမှာကော သားယောက်ျားလေးတွေ မရှိဘူးလား'

အက်ရှ်က ဗိုးတိုးဝါးတားဖြင့် ဖြေသည်။

ဘေးတွင် မြင်းချင်းယှဉ်၍ စီးလာသည့် မှူးလ်ရတ်က

'သခင်ဆပ်မှာ မိန်းမမှ မရှိသေးတာ၊ သခင်ဆပ်တို့ လူမျိုးက ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင် မပြုကြဘူးလေ၊ အသက်ကြီးပြီး စဉ်းစား ဆင်ခြင်တတ်တဲ့ အရွယ်ရောက်မှ လက်ထပ်ကြတာ၊ မဟုတ်ဘူးလား သခင်ဆပ်'

'ခင်ဗျာ၊ ဘာပြောလိုက်ပါလိမ့်'

မှူးလ်ရတ်က ရယ်၏။

'ဟော ဟော ကြားရဲ့လား ကိုယ်တော်လေး ကျုပ်တို့ ပြောတာတွေကို ဘာမှ မကြားဘူးတဲ့၊ ဒီနေ့ တစ်နေ့လုံး သခင်ဆပ်ကို ကြည့်ရတာ ဘာဖြစ်နေမှန်း မသိဘူး၊ စိတ်တွေက တခြား ရောက်နေတယ် ထင်တယ်၊ ဘယ်လိုလဲ သခင်ဆပ်၊ ဘာများ ဖြစ်လို့လဲ'

'ဘာမှ မဖြစ်ပါဘူး၊ ကျွန်တော်က တခြားကို စဉ်းစားနေလို့ပါ'

'ခက်တာပဲ၊ သခင်ဆပ်က စဉ်းစားနေတာနှင့် ငှက်သုံးကောင်လောက် လွတ်သွားပြီ၊ ဟော ဟော ဟိုမှာ ခိုတစ်ကောင် ခင်ဗျ၊ အို သခင်ဆပ် မရလိုက်တော့ဘူး ကိုယ်တော်လေးက ဦးသွားပြီ'

အိမ်ရှေ့ ကိုယ်တော်လေး ဂျိုတီသည် ခိုအုပ်ကို ပထမ မြင်လိုက်၏။ မှူးလ်ရတ် စကားပြော၍ မဆုံးမီ ကိုယ်တော်လေး၏ သိမ်းငှက်သည် လေထဲသို့ ရောက်သွားလေပြီ။ ကိုယ်တော်လေးသည် သိမ်းငှက်နောက်မှ မြင်းကို ဒုန်းစီး၍ လိုက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



မှုးလ်ရတ်က မြင်းကို ဒုန်းစီးသွားသည့် ကိုယ်တော်လေးကို ကြည့်ရင်း

'ကိုယ်တော်လေးက မြင်းကောင်းကောင်း စီးတတ်တယ် ခင်ဗျ၊ မြင်းစီးတာမှ ရာဇပုတ် (ရတ်ဂျပွတ်) နယ်သားများလိုပဲ၊ ဒါပေမဲ့ ကိုယ်တော်လေး ကုန်းနှီးကြည့်ရတာက သိပ် မကောင်းလှဘူး၊ အလို... သခင် ဆပ် ခဏ နေခဲ့ဦးနော်'

မှုးလ်ရတ်သည် အက်ရှ်ကို တစ်ယောက်တည်း ထားပစ်ခဲ့ကာ ကိုယ်တော်လေး နောက်သို့ ဒုန်းရိုက်၍ စီးသွားသည်။ အက်ရှ်မှာ သူ ထွက်သွားသည့် အတွက် ဝမ်းသာနေသည်။

ထိုနေ့ တစ်မနက်လုံး အက်ရှ်ကို ကြည့်ရသည်မှာ ငူတူတူ ငိုင်တိုင်တိုင်။ သည်နေ့မနက် အမဲလိုက်ရသည်ကိုလည်း စိတ်ပါဝင်စားခြင်း မရှိ။ သူ့လက်မောင်းပေါ်တွင် တင်ထားသည့် သိမ်းငှက်မှာ ကာကာဂျီက လက်ဆောင်ပေးသည့် တိုက်သိမ်း ဖြစ်သည်။ ခါတိုင်းဆိုလျှင် သည်လို လွင်ပြင်တွင် တိုက်သိမ်းဖြင့် ငှက်ဖမ်းရသည်ကို အက်ရှ် အလွန်ပျော်သည်။ သို့ရာတွင် ယနေ့၌မူ သူ့စိတ်သည် တခြားသို့ ရောက်နေသည်။

ရှုရှီလာမှာ တွေ့စကကဲ့သို့ ရှက်ရွံ့ဟန် မရှိတော့ဘဲ သူ့ကို မိတ်ဆွေရင်းချာ တစ်ယောက်လို သဘောထားကာ စကားတွေ ပြောနေသည်။ ဇူလီကမူ စကားမပြော။ အက်ရှ်ကို ခပ်ရှောင်ရှောင် လုပ်နေသည်။ သူ့ကိုပင် မကြည့်။

အက်ရှ်က စကားပြောရန် ကြိုးစားကြည့်၏။ သို့ရာတွင် ဇူလီသည် ခေါင်းညိတ်ပြရုံ၊ ခေါင်းယမ်းပြရုံ၊ တောတ်သာသည့် အဆုံးတွင် ယဉ်ကျေးသမှု အနေဖြင့် အပြုံးလဲ့လဲ့ကလေး သန်းသည် ဆိုရုံမျှသာ ပြုံးပြတတ်ပြီး သူနှင့် မျက်လုံးချင်း မဆိုင်ဘဲ အဝေးသို့သာ ငေးကြည့်နေတတ်သည်။

ဇူလီကို ကြည့်ရသည်မှာ ကောင်းစွာ နေထိုင်ကောင်းပုံ မရ။ မျက်နှာက အနည်းငယ် အမ်းတမ်းတမ်းဖြစ်နေပြီး ဖျော့တော့နေသည်။ ညက ကောင်းကောင်းအိပ်ခဲ့ရဟန် မတူ။ မနေ့ညက သူ့ဆီမှ ပြန်သွားသည့်အခါတွင် သုံးနာရီ ထိုးနေပြီ မဟုတ်လော။

ဇူလီသည် ဘယ်အချိန်အခါ ကြည့်ကြည့် လှနေလိမ့်မည်ဟု သူ ထင်ခဲ့သည်။ စင်စစ် ဇူလီ၏ အလှသည် အရေပြားပေါ်က အလှ မဟုတ်။ အရိုးခိုက်အောင် သှသော အလှ ဖြစ်သည်။ လည်တိုင်ကြော့ကြော့ပေါ်က လေးထောင့် မကျတကျ သူ့မျက်နှာ။ အပေါ်နှုတ်ခမ်းကလေး မဖြစ်စလောက် တိုလျက်။ မျက်လုံး တစ်လုံးနှင့် တစ်လုံး အကြား နှာရောင်က ခပ်ကျယ်ကျယ်။

ထိုအလှများသည် ဘယ်အခါမျှ ပျောက်ကွယ်မည် မဟုတ်ဟု အက်ရှ် ထင်ခဲ့သည်။ သို့ရာတွင် ယနေ့မနက် ရှုရှီလာ ဘေးတွင် ထိုင်လိုက်လာသည့် ဇူလီကို ကြည့်ရသည်မှာ အကျည်းတန်နေသည်ဟု ထင်မိ၏။

တစ်ခါတုန်းကမူ သူသည် မိန်းမ တစ်ယောက်ကို နောက်ထပ် ချစ်နိုင်တော့မည် မဟုတ်၊ တစ်ခါကျောက်ပေါက်ပြီးသူ ကျောက်ပြီးသကဲ့သို့ အချစ် 'ပြီး' သွားပြီဟု ဝေါလီကို ပြောဖူး၏။

လွန်ခဲ့သည့် ရှစ်နာရီ မတိုင်မီလောက်က အထိ သူ့ကို မေးလျှင် ထိုအတိုင်း ဖြေမည်သာ။ ယခု မဟုတ်တော့။ ဘယ်လိုက ဘယ်လို ဖြစ်သွားလိုက်သည် မသိ။ ထိုရောဂါသည် သူ့တွင် တစ်ဖန် ပြန်ပေါ်လာပြန်ပြီ။ ဤသည်ကို သူ နားမလည်နိုင်။

သူသည် ဇူလီ ဆိုသည့် ကလေးမကလေးကို အကာအကွယ် ပေးခဲ့သည့်တိုင် ဆန်းဆန်းပြားပြား စိတ်မျိုး မရှိခဲ့သည် အမှန်။ (ယောက်ျားကလေးများသည် ကိုယ့်ထက် ငယ်သည့် သူငယ်မကလေးများကို ဆန်းဆန်းပြားပြား စိတ် ရှိဖို့ မပြောနှင့်၊ စိတ်ဝင်စားလေ့ပင် မရှိကြ။) တခြား ယောက်ျားကလေး ကစားဖော်သာ ရှိခဲ့လျှင် ထို ကစားဖော်ကိုပင် ရွေးမိပေလိမ့်မည်။

ထို့ပြင် ဇူလီကို ဇူလီမှန်း သိသည့်နေ့ ရေထဲမှ ဆယ်ယူကာ အတန်ကြာ ပွေ့ထားခဲ့သည့် အချိန်ကလည်း သူ့တွင် မည်သို့သော စိတ်မျိုးမှ မပေါ်။

နောက်နှစ်ည အကြာ ဒါဘာ ရှက်ဖျင်တဲထဲတွင် သူနှင့် တွေ့၍ သူ့အလှကို ရုတ်ခြည်း သတိပြုမိလိုက်သည့် အခါကလည်း သူ ဘယ်လိုမျှ မဖြစ်ခဲ့။ သူ့ရင်သည် ပို၍ ခုန်လာခြင်း မရှိ။ သူ့ရှက်ဖျင်တဲထဲသို့ ရောက်လာစဉ်ကလည်း မယုံသင်္ကာစိတ်၊ ရှက်စိတ်၊ ဒေါသစိတ်တို့သာ ပေါ်ခဲ့သည်။

သို့ရာတွင် သူ့ရင်ခွင်ထဲတွင် ငိုရှိုက်နေသည်ကို တွေ့ရသည့် အခါတွင်မူ သူ့စိတ်သည် ဘယ်လို ပြောင်းလဲသွားခဲ့သည် မသိ။ ရှုံ့မဲ့ကာ မျက်ရည်တို့ စိုစွတ်နေသော သူ့မျက်နှာကို မြင်လိုက်ရသည့် အခါတွင် ကမ္ဘာလောကကြီးသည် မည်သို့ ဖြစ်သွားလိုက်သည် မသိ။ အဓိပ္ပာယ် မရှိသည်မှာ အမှန်။ သို့ရာတွင် အဓိပ္ပာယ်မရှိကာမှ နေရော သူ့စိတ်ကမူ ပြောင်းလဲ သွားခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com


လွန်ခဲ့သည့် တစ်မိနစ်လောက်တုန်းက သူ့တဲသို့ ရောက်လာသည့် အတွက် သူ စိတ်ဆိုးသည်။ ငိုသည့် အတွက် ဒေါသ ထွက်သည်။ မြန်မြန် ပြန်စေချင်ခဲ့သည်။ သို့ရာတွင် နောက် စက္ကန့် သုံးဆယ်လောက် အကြာ သူ့ကို ပွေ့ဖက်၍ ချော့လိုက်သည့် အခါတွင်မူ သူ့စိတ်ထဲတွင် ကာလ အတန်ကြာမျှ ဟာလာဟင်းလင်း ဖြစ်နေရသည့် အကြောင်းရင်းကို သူ သိလိုက်ပြီ။ ဟာလာဟင်းလင်း ဖြစ်နေသော စိတ်သည် ပျောက်သွား၏။ သူ့စိတ်သည် ပြည့်ဖြိုးလာ၏။ သူ လိုနေသည့် အရာကို သူ တွေ့လိုက်ပြီ။ ယခု ထိုအရာသည် သူ့ရင်ခွင်ထဲတွင် ရောက်နေပြီ။

... ထိုအရာသည် ဇူလီ။ သူ ချစ်ရပါသော ဇူလီ။ သူ့ အတိတ်၏ အစိတ်အပိုင်းကလေး တစ်ခုမျှ မက သူ့ အသည်းနှလုံး၏ အစိတ်အပိုင်း တစ်ခု ထာဝရ ဖြစ်နေမည့် ဇူလီ။

သို့တိုင်အောင် သူ ဘာလုပ်၍ ဘာကိုင်ရမည် မသိ။ ဇူလီကို သူ့အသည်းနှလုံးထဲမှ ဖျောက်ဖျက်ပစ်ရန် ဦးနှောက်က တောင်းဆိုနေသည်။ သူနှင့် မျက်နှာချင်း မဆိုင်ဖို့၊ သူနှင့် စကား မပြောမိဖို့ သတိပေးနေသည်။ ထိုသို့ မရှောင်နိုင်လျှင် သူတို့ နှစ်ယောက်စလုံး ဒုက္ခ လှလှကြီး တွေ့ရတော့မည်။

ရာဇကုမ္မာရီ ဇူလီသည် မဟာရာဇာ စော်ဘွား တစ်ဦး၏ သမီးတော် တစ်ပါး။ နောက် မဟာရာဇာ စော်ဘွား တစ်ဦး၏ အဖေတူ အမေကွဲ အစ်မတော်။ နောက် မဟာရာဇာ စော်ဘွားတစ်ဦး၏ ကြင်ရာတော် လောင်း။ ထိုအရာများကို ဘာကမှ ပြောင်းလဲသွားအောင် မတတ်နိုင်။

ထို့ကြောင့် အကောင်းဆုံးသော နည်းလမ်းမှာ မနေ့ညက အဖြစ်အပျက်ကို မေ့လိုက်ရန်သာ ဖြစ်သည်။ သူ ပြောသမျှ သူ လုပ်သမျှ အတွက် သူ့ကို စိတ်နာသွားလျှင်မူ အကောင်းဆုံး ဖြစ်ပေလိမ့်မည်။

သို့ရာတွင် အက်ရှ်သည် ဦးနှောက်ကို ဘယ်တော့မျှ ဦးစားပေးသူ မဟုတ်။ ထို့ကြောင့် သတိထားရန်လည်း ဂရုမစိုက်။ ယခု လောလောဆယ်တွင် သူနှင့် စကားပြောချင်သည်။

စင်စစ် သူနှင့် စကားပြောဖို့ ဆိုသည်မှာလည်း ဇူလီက စိတ်လိုလက်ရ ဖြစ်သည့်တိုင် ပြော၍ မဖြစ်သေး။ ဇူလီ ကိုယ်တိုင်က စိတ်လိုလက်ရ မရှိ ဆိုက သူနှင့် စကားပြောဖို့ ဆိုသည်မှာ ဝေလာဝေး။ သို့ရာတွင် မတတ်နိုင်။ ဘယ်နည်းနှင့်ဖြစ်ဖြစ် ပြောဖြစ်အောင်မူ ပြောရမည်။ မပြောရ၍ မဖြစ်။ သူတို့ ခရီးက အရှည်ကြီး ကျန်သေးသည်။

ယခု အချိန်အထိ အက်ရှ်သည် လိုရာ ခရီးကို အမြန်ဆုံး ရောက်အောင် ခရီးပြင်း နှင်ခဲ့သည်ချည်း။ ရှေ့တွင်မူ ခပ်နှေးနှေးပင် သွားရတော့မည်။

ရှေ့ခရီးများကို နှေးနှေးသွားမည်။ စခန်းချလျှင် တစ်နေရာတွင် နှစ်ရက်တန်သည် သုံးရက်တန်သည် စခန်းချမည်။ သို့ဆိုလျှင် ဇူလီနှင့် တွေ့ချိန် ပို၍ ရမည်။ ဇူလီက သူ့ကို မရှောင်နိုင်အောင် ရှရီလာကို ပေါင်းထားရမည်။ ကာကာဂျီနှင့် ဂျိုတီတို့ကိုလည်း အလွှမ်းသင့်အောင် လုပ်ထားရမည်။

သို့ဆိုလျှင် သူ့ကို ဒါဘာ တဲသို့ မကြာခဏ ဖိတ်၊ ဇူလီနှင့် တွေ့။ သည်လိုဆိုလျှင် ဇူလီသည် ညီမငယ် ရှရီလာ ပူဆာလျှင် ငြင်းနိုင်မည် မဟုတ်။ ငြင်းနိုင်သည့် အခြေအနေလည်း မရှိ။ ဇူလီသည် သူတို့ အကြောင်းကို မည်သူ့ကိုမျှလည်း ပြော၍ မဖြစ်။

'အင်း၊ ဒီလိုဆိုရင်တော့ ဖြစ်နိုင်ကောင်းပါရဲ့'

အက်ရှ်သည် သက်ပြင်းကြီး တစ်ချက် ချလိုက်ကာ ပါးစပ်မှ အသံထွက်၍ ရွတ်မိသည်။

သူ့ဘေးတွင် လိုက်လာသည့် ကာကာဂျီက မြင်းဇက်ကြိုးကို ဆွဲလိုက်ကာ

'သခင်ဆပ် ဘာပြောတာလဲ'

'ဘာမှ မဟုတ်ပါဘူးဗျာ'

ကာကာဂျီက နောက်သလိုလိုဖြင့်

'မဟုတ်ပါဘူး၊ တစ်ခုခုတော့ တစ်ခုခုပဲ၊ ဘာမှန်းသာ မသိတယ်၊ ကျွန်တော် သိပါတယ်၊ ရဝါးပင်ဒီမှာ ကျန်ခဲ့တဲ့ ရည်းစားကို လွမ်းနေပြီ မဟုတ်လား၊ ဒီလိုပဲ လူငယ် ဆိုတာ ရည်းစားကို လွမ်းမိပြီ ဆိုရင် တမှိုင်မှိုင် တတွေတွေ သက်ပြင်းကြီး တချချနှင့်'

'ကာကာဂျီ ပြောတာ ဗေဒင် ဟောတာထက် တောင် မှန်ပါသေးကလား'

အက်ရှ်က အလိုက်အထိုက် ပြောလိုက်သည်။

'မမှန်ဘဲ နေပါ့မလားဗျ၊ ကျွန်တော်လည်း ... ရာက ကြီးလာတာပဲဟာ၊ ကျွန်တော် ပြောတာကို ... မရှိနှင့်နော်'

'ကာကာဂျီ အိမ်ထောင် ပြုဖူးသလား ဟင်'

'ပြုဖူးတာပေါ့၊ သခင်ဆပ်လောက်တောင် ... သေးဘူး၊ ဒါပေမဲ့ ကျွန်တော့် မိန်းမဟာ အိမ်ထောင် ...


www.burmeseclassic.com

www.burmeseclassic.com



ပြီး ငါးနှစ်လောက် ကြာတော့ ကာလဝမ်း ရောဂါနှင့် ဆုံးသွားတယ်၊ သမီးလေး နှစ်ယောက် ကျန်ရစ်ခဲ့တယ်၊ ခုဆိုရင် ကျွန်တော့်မှာ မြေးခုနစ်ယောက်နှင့်ဗျ၊ ဒါပေမဲ့ သခင်ဆပ်ရေ မြေးတွေက မိန်းကလေးတွေချည်းပဲ၊ သူ တို့ကတော့ ကျွန်တော့်ကို မြစ်ယောက်ျားလေးတွေ မွေး ပေးကောင်းပါရဲ့'

'နောက်အိမ်ထောင် ပြုဖို့ ကောင်းတာပေါ့'

'ကျွန်တော့် မိတ်ဆွေတွေကရော ကျွန်တော့် အမျိုးတွေကရော ယူစေချင်ကြတယ်၊ ဒါပေမဲ့ ကျွန်တော့် အိမ်မှာ မိန်းမတွေ များလှပြီလေ၊ နောက်ထပ် မိန်းမ တစ်ယောက် မတိုးချင်တော့ဘူး၊ အတန်ကြာလို့ ချစ်တဲ့ မိန်းမ တစ်ယောက် တွေ့တော့လည်း... အင်း'

နောက်ဆုံး စကားလုံးများမှာ ဆွေးမြည့်သံ ပေါက် နေသဖြင့် အက်ရှ်က အားရပါးရ ရယ်လိုက်ရင်း

'အံမယ်လေးဗျာ၊ ကာကာဂျီ ပြောလိုက်တာက လည်း မိန်းမ တစ်ယောက်ကို ချစ်ရတာဟာ ကံဆိုးမိုး မှောင်ကြီး ကျသလိုပဲ၊ ညည်းညည်းညူညူ ရှိလိုက်တာ'

'ဟုတ်တယ်၊ ကျွန်တော့် အဖို့တော့ ကံဆိုးမိုး မှောင်ကျတာနှင့် အတူတူပဲ၊ ကျွန်တော် ချစ်မိတဲ့ မိန်းမ က ကျွန်တော်တို့နှင့် ဇာတ် အဆင့်အတန်း မတူတော့ ကျွန်တော်လည်း တတ်နိုင်သလောက် ရှောင်ပါတယ်၊ ကျွန်တော့် အမျိုးတွေကရော၊ ဘုန်းကြီးတွေကရော သဘောတူမှာ မဟုတ်ဘူး ဆိုတာ ကျွန်တော် သိပါ တယ်၊ ဒီလိုနှင့် ကျွန်တော် ချီတုံချတုံ ဖြစ်နေတုန်းမှာ သူ့အိမ်က တခြားလူ တစ်ယောက်နှင့် ပေးစားလိုက် တယ်လေ၊ အဲဒီကတည်းက ကျွန်တော့် စိတ်ထဲမှာ ဘယ်မိန်းမမှလည်း မချစ်တော့ဘူး၊ သူ့ကိုလည်း မေ့လို့ မရနိုင်အောင် ဖြစ်နေတယ်၊ ဒါနှင့် ကျွန်တော် ခုထိ နောက်အိမ်ထောင် မပြုတော့ဘဲ နေလိုက်တာပဲ၊ ပြီး တော့ မိန်းမ ဆိုတာကလည်း တယ်ပြီး ဒုက္ခ ပေးလှ တယ်ဗျာ၊ နားပူနားဆာကလည်း တယ်များတာပဲ၊ ကျွန် တော့်လို အဘိုးကြီး တစ်ယောက် အနေနှင့် အေးအေးပဲ နေတာ ကောင်းပါတယ်၊ ဒုက္ခ မရှာချင်တော့ပါဘူး'

'ပျင်းရင် သိမ်းတိုက်တယ်ပေါ့'

'ဟုတ်တယ် ဟုတ်တယ်၊ အိုမင်းမစွမ်း ဆိုသလို ခွမ်းလှတယ်ရယ်လို့တော့ မဟုတ်ဘူးပေါ့ဗျာ၊ ဒါပေမဲ့ ဒါနှင့်ပဲ အပျင်းဖြေရတာပေါ့၊ ကဲ သခင်ဆပ်ရော၊ သိမ်း တိုက်မှာ ဘယ့်နှယ်နေသလဲ၊ လက်ရည်ကလေး ဘာလေး ကြည့်ရအောင်'

သူတို့ နှစ်ယောက်သည် အချစ် အကြောင်းကို မပြောကြတော့။ အက်ရှ်သည် သိမ်းငှက်ဖြင့် ငှက်ကလေး များ လိုက်လိုက်ဖမ်းသည်။ သိမ်းငှက်ကို ကိုင်တွယ်ရာ တွင် တော်ပါပေသည်ဟု ကာကာဂျီက ချီးကျူး၏။

ကန်တစ်ကန်ဘေး တောအုပ်ထဲတွင် နေ့လယ် စာ စားကြသည်။ နေ့လယ်စာ စားပြီးလျှင် ရာဇကုမ္မာရီ နှစ်ဦးနှင့် အစေတော်များသည် ယာယီ တဲကလေး တစ် လုံးထဲတွင် ခဏ အပန်းဖြေကြ၏။ ယောက်ျားများကမူ သစ်ပင်ရိပ်တွင် လဲလျောင်းကာ အိပ်သူအိပ် နားသူနား အပန်းဖြေကြသည်။

ထိုအချိန်၌ကား မနက်ခင်းက တသုန်သုန် တ ညင်းညင်း တိုက်နေသော လေသည် ငြိမ်သက်သွားခဲ့ လေပြီ။ တစ်ခါတစ်ရံ လေပြည်ကလေး တိုက်လိုက် သည့် အခါများတွင် သစ်ရွက်ကလေးများ လှုပ်သံကို ကြားရ၏။ ငှက်ကလေးများနှင့် ရှဥ့်ကလေးများမှာလည်း ငြိမ်သက် သွားကြလေပြီ။ တစ်ခါ တစ်ခါတွင် သစ် ရွက် တရဲရဲ မြည်သံတွေကြားမှ အဝေးမှ ချိုးကူသံ တနွဲ့ နွဲ့ ပေါ်လာသည်။ တစ်ခါတစ်ရံတွင်လည်း အရိပ်ထဲ တွင် နားနေသည့် သိမ်းငှက်များဆီမှ ခေါင်းလှုပ် လည် လှုပ်သည့် အခါတွင် ချူသံများကို ကြားရ၏။

ငြိမ်သက် တိတ်ဆိတ်နေသော ပတ်ဝန်းကျင် တွင် လူကြီးများမှာ ငိုက်မျဉ်းစ ပြုနေကြလေပြီ။ ကိုယ်တော်လေး ဂျိုတီ တစ်ယောက်သာလျှင် ဆယ်နှစ် သား ကလေးငယ်များ ထုံးစံအတိုင်း နေ့လယ် နေ့ခင်း တွင် မအိပ်နိုင်ဘဲ ဆော့ကစားလျက် ရှိ၏။ လူကြီးများ အားလုံး အိပ်ကြသည့်တိုင် အက်ရှ်ကား အိပ်မပျော်။

အက်ရှ်သည် ညောင်ပင်ကြီး တစ်ပင်၏ မြစ် ပျဉ်းကြားထဲတွင် လှဲလိုက်ရင်း ဇုလီ အကြောင်းကို တွေးနေမိသည်။ ထိုစဉ် သူတို့ချည်း ရှိသည် အထင်ဖြင့် ညောင်ပင် တစ်ဖက်မှ လူနှစ်ယောက် ခပ်တိုးတိုး စကား ပြောနေသံကို ကြားရ၏။ သူတို့စကားက စိတ်ဝင်စား စရာ မရှိ။ သို့ရာတွင် အသံ တစ်သံမှာ ဂျိုတီ၏ အသံ ဖြစ်သည်။

ဂျိုတီက ကန်တစ်ဖက်သို့ သွားကာ သူ့ သိမ်း ငှက်ဖြင့် ငှက်ဖမ်းသွားမည်ဟု ပြောနေသည်။ တစ်ယောက် က မသွားဖို့ တား၏။

အက်ရှ်သည် သူတို့ကိစ္စထဲတွင် ဝင်မပါချင်။ ညောင်မြစ်ကြားတွင် အသာ အိပ်နေလိုက်သည်။ သူတို့ မြန်မြန် ထွက်သွားလျှင်လည်း အကောင်းသားဟု တွေး



www.burmeseclassic.com

www.burmeseclassic.com



ရင်း သူ့ကို အနှောင့်အယှက် ပေးနေသည့် အတွက် စိတ်တိုနေသည်။

'ကျွန်တော် သွားချင်တယ်ဗျာ၊ သူများတွေက အိပ်နေတော့ ပျင်းစရာကြီး၊ ခင်ဗျား မလိုက်ချင်နေ၊ ကျွန်တော့်ဘာသာ တစ်ယောက်တည်း သွားမယ်၊ ကျွန်တော့်မှာ ကိုယ့်ဘာသာကိုယ် လွတ်လွတ်လပ်လပ် သွားချင်လို့ မသွားရ၊ အမြဲနောက်က တကောက်ကောက် လိုက်နေကြတယ်၊ ဂန်ချန်းကိုလည်း ခေါ်မသွားချင်ဘူးဗျာ၊ သူ့လောက်တော့ ကျွန်တော်လည်း သိမ်းတိုက်တတ်တာပေါ့၊ လိုက်လာရင် ကျွန်တော့်ကို ဆရာ လုပ်ဦးမယ်'

အခြား အသံ တစ်သံက တောင်းပန် တိုးလျှိုးသည့် လေသံဖြင့်

'ဟုတ်ပါတယ် ကိုယ်တော်လေးရယ်၊ ကိုယ်တော်လေးက သိမ်းတိုက်တတ်ပါတယ်၊ ဒါပေမဲ့ အခြွေအရံ မပါဘဲ သွားလို့ ဘယ်ဖြစ်မလဲ၊ ဟော်နန်းမှာတုန်းက တောင် နောင်တော်က တစ်ယောက်တည်း သွားခွင့် မပေးတာ၊ ကိုယ်တော်လေး ကြီးလာမှ...'

'ကျွန်တော် လူကြီး ဖြစ်ပြီပဲဗျ၊ နောင်တော့် အကြောင်း ထည့်မပြောစမ်းပါနှင့်၊ နောင်တော်က ကျွန်တော် ပျော်ပျော်နေတာကို ကြည့်ချင်တာ မဟုတ်ဘူး၊ ခုတောင် အစ်မတော်တွေနှင့် မလိုက်ရဘူး ဆိုပြီး နေခဲ့ရတယ် မဟုတ်လား၊ ကျွန်တော့်ဘာသာ ကျွန်တော် ထွက်လာလို့ ဒီကို ရောက်လာတာ'

'ကိုယ်တော်လေးကို မလိုက်ပါနှင့်လို့ ဟိုမှာ တုန်းကတည်းက ကျုပ် ပြောခဲ့တယ်နော်၊ ခု ကိုယ်တော်လေး လိုက်လာတာကို သိရင် ကိုယ်တော်လေးရော၊ ကျုပ်တို့ရော မသက်သာဘူးဗျ၊ ခု ကျုပ်မှာ ခေါင်းကိုင်းလုပြီ၊ လမ်းမှာ တစ်ခုခု ဖြစ်ရင် ကျုပ် ခေါင်းဖြတ်ခံရမှာ'

'မဟုတ်တာဗျာ၊ ဘာဖြစ်လို့ ခေါင်းဖြတ်ရမှာလဲ၊ ဒီရောက်တော့ လူသိရှင်ကြား ဖြစ်ကုန်မှာ စိုးလို့ အတင်း အဓမ္မ လိုက်ဆွဲခေါ်တော့မှာ မဟုတ်ဘူးလို့ ခင်ဗျားပဲ ပြောခဲ့တယ် မဟုတ်လား၊ ပြီးတော့လည်း ခင်ဗျား သူ့ အကြောင်း ကောင်းကောင်း သိပါတယ်၊ ကျွန်တော့်ဆီမှာ မစားစဉ် ကတည်းက သူ့ဆီမှာ စားခဲ့တာပဲ'

'မဟုတ်ဘူး ကိုယ်တော်လေးရဲ့၊ ကျုပ်က ကိုယ်တော်လေးရဲ့ မယ်တော် မဟာဒေဝီဆီမှာ စားခဲ့ရတာ၊ မယ်တော်ရဲ့ အမိန့်အရ သူ့ဆီမှာ စားရတာ၊ ကိုယ်တော်လေးဆီကို စားရတာကလည်း မယ်တော့် အမိန့် အရ စားရတာ၊ အင်း ကိုယ်တော်လေးရဲ့ မယ်တော် မဟာဒေဝီကတော့ တကယ့်ကို ထူးခြားတဲ့ အမျိုးသမီးပါဗျာ'

'ဒါတွေကို ပြောမနေပါနှင့်တော့လေ၊ ကျွန်တော် သိပါတယ်၊ ကျွန်တော့် မယ်တော်ဟာ ကျွန်တော့်ကို အချစ်ဆုံး၊ ခင်ဗျား အစတုန်းက နောင်တော် နန်ဒူးရဲ့ အဆောင်မှာ စားရတယ်၊ ခု ကျွန်တော့် အဆောင်မှာ စားရတယ် ဆိုတဲ့ အခါကျတော့ ကျွန်တော့်ကို စောင့်ရှောက်ဖို့ လာတာလို့ပဲ ပြောရမှာပေါ့'

အခြား အသံက တခစ်ခစ် ရယ်လိုက်သည်။ ထိုရယ်သံများကို ကြားလိုက်ရုံဖြင့် အသံရှင် မည်သူဖြစ်သည်ကို အက်ရှ် သိလိုက်လေပြီ။ ဟုတ်သည်၊ ထိုရယ်သံကို သူ မှတ်မိပြီ။ နှစ်ပေါင်းများစွာ ကြာသည့်တိုင် ဘီဂျူရန်း၏ တခစ်ခစ် ရယ်သံကို သူ မမေ့။

'ဘာဖြစ်လို့ ရယ်နေတာလဲဗျ' ဟု ဂျိုတီက စိတ်ဆိုးဆိုးဖြင့် မေးလိုက်၏။

'တိုးတိုး ကိုယ်တော်လေး၊ တိုးတိုး၊ ဒိပြင်လူတွေ နိုးကုန်လိမ့်မယ်၊ ကိုယ်တော်လေး ပြောတဲ့ စကားကို နောင်တော် ကြားရင် ဘယ်လို နေမလဲ ဆိုတာ တွေးမိလို့ ရယ်တာပါ၊ ကိုယ်တော်လေးက ကိုယ့်ဘာသာ လွတ်လွတ်လပ်လပ် လုပ်နိုင်သတဲ့၊ ကိုယ်တော်လေး ခြေထောက်ကို မျောက်ကလေးလို ကြိုးချည်ထားစရာ မလိုဘူးတဲ့၊ ကိုယ်ကြိုက်တာ ကိုယ်လုပ်မယ်တဲ့၊ ကိုယ်တော်လေးဟာ ကိုယ်တော်လေး မယ်တော်လိုပါပဲလား အာဂ သတ္တိပဲ၊ မယ်တော်ဟာ တော်တော် စိတ်ကြီးတယ် သူ လုပ်ချင်ပြီ ဆိုရင် ဘယ်သူမှ တားလို့ မရတော့ဘူး ကိုယ်တော်လေးရဲ့ ခမည်းတော်တောင် ပြောလို့ မရဘူး'

'ကျွန်တော့်ကိုလည်း ပြောလို့ မရပါဘူး၊ တော်ပြီဗျာ၊ နောက်ကို ကျွန်တော့် နောက်က လိုက်မနေကြနှင့်၊ ကျွန်တော့်ဘာသာ ကျွန်တော် သွားပြီး သိမ်းတိုက်ချေတော့မယ်၊ ဒီမှာတော့ အိပ်မနေနိုင်ဘူး၊ နောက်ထပ် မပြောနှင့်တော့'

'ကိုယ်တော်လေးရဲ့ မြင်းထိန်းကို နှိုးလိုက်မယ်လေ၊ ဂန်ချန်းကိုလည်း နှိုးလိုက်မယ်၊ သူတို့ ပါတော့ စိတ်ချရတာပေါ့'

'မနှိုးပါနှင့်ဗျ၊ ခင်ဗျားဟာ ကျွန်တော့်ရဲ့ မိထွေးဆွေဆို၊ ဒီလိုဆိုရင် ခင်ဗျားကကော နောင်တော်နဲ့ ဘာထူးသေးသလဲ၊ ခင်ဗျားလည်း ဒိပြင်လူ တွေနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



တုပဲ၊ ဟိုဟာ မလုပ်နှင့် ဒီဟာ မလုပ်နှင့် ဆိုပြီး ကျွန်တော့်ကို ချုပ်ချယ်နေတာပဲ’

‘ကိုယ်တော်လေးရယ်၊ ကျုပ် တောင်းပန်ပါတယ်’

‘ကျွန်တော့်ဘာသာ တစ်ယောက်တည်းပဲ သွားမယ်၊ ဘယ်သူမှ မလိုက်ခဲ့နှင့်’

‘ကိုယ်တော်လေး သတိထားပါ၊ ကျွန်တော်လည်း မလိုက်ဘူး၊ ဂန်ချန်းလည်း မလိုက်ရဘူး ဆိုရင် ဘူဘူးကိုတော့ မစီးပါနှင့်၊ ဒီနေ့ ဘူဘူးက ဆတ်နေတယ်၊ အစီးရ ခက်လိမ့်မယ်၊ မီလာကိုပဲ စီးသွားပါ၊ မီလာက ငြိမ်လည်း ငြိမ်တယ်၊ သန္ဓေလည်း ကောင်းတယ်၊ ဒါတောင် စခန်းနှင့် ဝေးဝေး မသွားပါနှင့်၊ ဒုန်းမစီးပါနှင့်၊ သုံးချောင်းထောက်လောက်သာ စီးပြီး ကျွန်တော်တို့နှင့် မလှမ်းမကမ်းလောက်ပဲ သွားပါ၊ မြင်းပေါ်က လိမ့်ကျနေမှဖြင့်’

‘ဘာဖြစ်လို့ ကျရမှာလဲဗျ၊ ကျွန်တော့် တစ်သက်မှာ မြင်းပေါ်က တစ်ခါမှ လိမ့်မကျဖူးဘူး’

ဘီဂျူရန်းက တခစ်ခစ် ရယ်လိုက်ရင်း

‘မြင်းသမား ဆိုတာ တစ်သက်မှာ တစ်ခါတော့ ကျတတ်ကြတာချည်းပဲ ကိုယ်တော်လေး’

ဘီဂျူရန်းသည် ထိုသို့ ပြောရသည်ကို နှစ်ခြိုက်သည့်နှယ် တခစ်ခစ် ရယ်ပြန်နေသည်။

ကိုယ်တော်လေး ဂျိုတီကလည်း ရယ်လိုက်၏။ ခဏကြာလျှင် သူတို့နှစ်ယောက်သည် ထသွားကာ သစ်ပင်များ ကြားထဲတွင် ပျောက်သွားကြသည်။

ဆိတ်ဆိတ်နေသည့်တိုင် အက်ရှ်သည် စိတ်ထဲတွင် ယောက်ယက်ခတ်နေသည်။ သူတို့ နှစ်ယောက် ပြောသည့် စကားများက မသင်္ကာစရာ။ ဥပမာအားဖြင့် ဘီဂျူရန်းသည် အဘယ်ကြောင့် နောင်တော် နန်ဒူးကို ဆန့်ကျင်ကာ ညီတော် ဂျိုတီနှင့် တွဲနေရသနည်း။ မဟာရာဇာ၏ အလိုမပါဘဲ အဘယ်ကြောင့် ဂျိုတီကို ကာရိကုတ် ပြည်နယ်မှ တိတ်တိတ် ခေါ်လာခဲ့သနည်း။

ဘီဂျူရန်းသည် အကောက် ကြံတတ်သူ ဖြစ်ရာ ဤသို့ ခေါ်လာခြင်းမှာ ရိုးရိုးတန်းတန်း ဟုတ်မည်မထင်။ ဘီဂျူရန်းသည် ပေါင်မုန့် မည်သည့်ဘက်တွင် ထောပတ် သုတ်ထားသည်ကို ကောင်းကောင်း သိသူဖြစ်၏။ ယခုကိစ္စတွင်လည်း ထိုအတိုင်းပင် ကျင့်သုံးလိမ့်မည်ဟု အက်ရှ် ထင်သည်။

ထို့ပြင် ဘီဂျူရန်းသည် ကွယ်လွန်သူ ကချေသည် မဟာဒေဝီ ဂျာနူးဘိုင်၏ လူယုံတော် တစ်ဦး ဖြစ်ခဲ့ရာ အကယ်၍ မာဒူး ပြောသည့်အတိုင်း မဟာဒေဝီ ဂျာနူးဘိုင်သည် ရုတ်တရက် ကွယ်လွန်သွားခြင်း ဖြစ်သည် ဆိုလျှင် ဘီဂျူရန်းသည် သားကြီးနှင့် ပေါင်းကာ သူ့သခင်မပဟောင်းကို အကောက်ကြံခဲ့သည်လည်း ဖြစ်နိုင်သည်။

သို့ဖြစ်လျှင် ယခု တစ်ကြိမ်တွင်လည်း ဘီဂျူရန်းသည် အရိုက်အရာကို ဆက်ခံသော မဟာရာဇာ နန်ဒူးကို လုပ်ကြံရန် အကောက်ကြံ နေသည်လော။ သူ့နေရာတွင် သူထင်တိုင်း ကြိုးဆွဲရာ ကရမည့် သူငယ်ကလေး ဂျိုတီကို ရာဇပလ္လင်ပေါ်သို့ ဆွဲတင်ချင်သည်လော။ ကိုယ်တော်လေး ဂျိုတီ အတွက် သည်လောက် စိုးရိမ်နေသည် ဆိုလျှင် ဘီဂျူရန်းတွင် ထိုအကြံအစည်မျိုး ရှိမည် မုချ။

အက်ရှ်သည် ဒူးကို လက်နှစ်ဖက်ဖြင့် ပိုက်ကာ တသိတတန်းကြီး တွေးနေမိသည်။ သို့ဖြစ်လျှင် ထိုအကြောင်းကို အရေးပိုင်ဖြစ်သူ မစ္စတာ ကာတားကို အကြောင်း ကြားမည်လော။ ကာရိကုတ် ပြည်နယ်ရှိ ဗြိတိသျှ ကိုယ်စားလှယ်ထံသို့ အကြောင်းကြားမည်လော။

သို့ရာတွင် ခက်သည်က သူ့တွင် ဘာမျှ အထောက်အထား မရှိ။ ‘ကျွန်တော် ဘီဂျူရန်းကို သိတယ်၊ အိမ်ရှေ့ ကိုယ်တော်လေး ဂျိုတီနှင့် ပေါင်းနေပြီး နန်ဒူးကို လုပ်ကြံတော့မယ်၊ ဂျိုတီကို မဟာရာဇာ အဖြစ် တင်တော့မှာလည်း သေချာတယ်’ ဟု လက်လွတ်စပယ် ပြော၍ မရ။ သူ့ စကားကို မည်သူမျှ ယုံမည် မဟုတ်။ မှားချင်လည်း မှားသွားနိုင်သည်။ သူ့အထင်လည်း ဖြစ်နိုင်သည်။ မာဒူး ပြောသည့် စကားမှာလည်း အတည်ယူ၍ မဖြစ်သေး။ သူ ဘာလုပ်ရမည်နည်း။

မည်သို့ဖြစ်စေ ကာရိကုတ် ပြည်နယ်၏ ပြည်တွင်းရေးသည် သူနှင့် ဘာမျှ မသက်ဆိုင်။ သူ့ကိစ္စ မဟုတ်။

အက်ရှ်သည် သစ်မြစ်ကြီးကို မှီကာ ပြန်အိပ်ရန် ပြင်၏။ သို့ရာတွင် အိပ်၍ မရ။ အဝေးမှ မြင်းခွာသံသဲ့သဲ့ကို ကြားရသည်။ လှမ်းကြည့်လိုက်သည့် အခါတွင် ကိုယ်တော်လေး ဂျိုတီသည် ခေါင်းစွပ် စွပ်ထားသည့် သိမ်းငှက်ကို လက်မောင်းပေါ်တွင် တင်၍ မြင်းကို အသာ စီးထွက်သွားသည်ကို မြင်ရ၏။ သူ စီးသည့် မြင်းက ဗွေဆိုးသည်ဟု နာမည်ကြီးသော မန်ကျည်းရောင် မြင်းမကြီး ဘူဘူး။ အဖော် မည်သူမျှ [illegible]



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း။ နောက်ဆုံးတွင် ဘီဂျူရုန်းသည် သူ့အလိုအတိုင်း ခွင့်ပြုလိုက်ရဟန် တူသည်။

အက်ရှ်သည် လွတ်လွတ်လပ်လပ် နေချင်သည့် အိမ်ရှေ့ ကိုယ်တော်လေး ဂျိုတီကို ကိုယ်ချင်းစာနာသည်။ ကန်တစ်ဖက်တွင် ဂျိုတီ ပျောက်ကွယ်သွားသည့် အခါ၌ အက်ရှ်သည် ဘီဂျူရုန်း ပြောသလို တစ်ခုခု ဖြစ်မည်ကို စိုးရိမ်လာ၏။

အိမ်ရှေ့ ကိုယ်တော်လေးသည် တစ်သက်တွင် သည်တစ်ခါသာ တစ်ယောက်တည်း မြင်းစီးထွက်ဖူးသေးသည်။ ခါတိုင်း ကိုယ်တော်လေး တောလိုက်ထွက်သည် ဆိုလျှင် မြင်းစီးသူရဲတွေ ရှေ့က သွားနေကျ။ သူတို့က တောတောင် ရေမြေ အနေအထား၊ ရှေ့တွင် ချောက်ကမ်းပါး ရှိ မရှိ၊ အန္တရာယ် ရှိ မရှိ စောင့်ကြည့် သတိပေးလေ့ ရှိ၏။ ယခုမူ သူ တစ်ယောက်တည်း။

'အင်း တစ်ယောက်တည်း သွားလို့ ဘယ်ဖြစ်ပါ့မလဲ၊ တစ်ယောက်ယောက်တော့ လိုက်သွားဖို့ ကောင်းတာပေါ့' ဟု အက်ရှ် စဉ်းစားမိသည်။ လာလာဂျီ၏ ခမည်းတော် မဟာရာဇာသည် သိမ်းတိုက်ရင်း မြင်းရော လူပါ ချောက်ကမ်းပါးမှ ကျသွားသည်ဟု ပြောခဲ့သည် မဟုတ်လော။

အက်ရှ်သည် စိတ်ထဲတွင် မသက်မသာ ဖြစ်ကာ သူ့မြင်းကြီး ကာဒီနယ် ချည်ထားရာ သစ်ပင်များ နောက်သို့ ခပ်သုတ်သုတ် လျှောက်လာခဲ့သည်။

ဘီဂျူရုန်းကိုလည်း မတွေ့ရ။ တိုက်သိမ်းငှက် ရေကိုင်များကိုလည်း မတွေ့ရ။ မြင်းထိန်းများကိုလည်း မတွေ့ရ။ အားလုံး အိပ်ပျော်နေကြဟန် တူသည်။

သို့ရာတွင် မူးလ်ရတ်ကမူ အိပ်မပျော်။ သူ သုတ်သီးသုတ်ပျာ သွားသည်ကို မြင်သည့်အခါတွင် အကျိုး အကြောင်းကို မေးသည်။ အက်ရှ်က ခပ်သွက်သွက် ပြန်ပြောကာ ဆက်လျှောက်လာခဲ့သည်။

'ဒီလိုဆိုရင် ကျွန်တော်လည်း လိုက်ခဲ့မယ်လေ၊ ဒိပြင်လူတွေ မေးရင် တောလိုက်လို့ ဘယ်နေရာ ကောင်းမလဲ သွားကြည့်တာလို့ ပြောတာပေါ့၊ ပြီးတော့ ကိုယ်တော်လေး သွားတဲ့ လမ်းအတိုင်း လိုက်ကြတာပေါ့၊ သူလည်း ကျွန်တော်တို့ လိုက်လာတာကို သိချင်မှ သိမှာ၊ ကဲ ခပ်သုတ်သုတ်ကလေး'

အက်ရှ်၏ အမူအရာကို မြင်သည့်အတွက် မူးလ်ရတ်မှာလည်း ပျာယီးပျာယာ ဖြစ်နေသည်။ မြင်းများကို မြန်မြန် ကုန်းနှီးတင်ပြီးနောက် အခြားသူများ မသိစေရန် မြင်းများကို အသာစီး၍ ထွက်ခဲ့ကြ၏။ ခပ်ဝေးဝေး ရောက်မှ မြင်းကို ဒုန်းရိုက်၍ စီးခဲ့ကြသည်။

ကွင်းပြင်ကြီးထဲတွင် တံလှပ်တွေ ထနေသဖြင့် ကိုယ်တော်လေးကို ရုတ်တရက် မမြင်ရ။ အတန်ကြာမှ လှမ်းမြင်လိုက်သဖြင့် မြင်းဇက်ကို ဆွဲကာ ခပ်သော့သော့ကလေး စီးခဲ့ကြသည်။

ဘူဘူးသည် ခေါင်းမော့မော့ လည်မော့မော့ဖြင့် ရုန်းနေသည်။ သို့ရာတွင် ကိုယ်တော်လေးသည် မြင်းကို နိုင်အောင် စီးနိုင်သည်ကို တွေ့ရ၏။ ခါထောင်သည်လော၊ ယုန်ထောင်သည်လော မပြောတတ်။ ချုံဖုတ်ကလေးတွေ ကြားတွင် ခပ်ဖြည်းဖြည်း စီးနေသည်ကို မြင်လိုက်ရသည့် အခါကျမှပင် အက်ရှ်မှာ အလုံးကြီးကျသွားသည်။ သည်လောက်ဆိုလျှင် စိတ်ချရပြီ။

ကိုယ်တော်လေးသည် သူ ထင်သည်ထက် မြင်းစီး ကျွမ်းကျင်သည်။ သူတို့နှစ်ယောက် အနေဖြင့်ကလေးထိန်းသလို နောက်က တကောက်ကောက် လိုက်ထိန်းစရာ မလိုတော့။ ကိုယ်တော်လေးသည် ဟလဝါစသည့် အချိုအဆိမ့်တို့ကို လျှော့စားလျှင်၊ လေ့ကျင့်ခန်းမှန်မှန်လုပ်လျှင် အဆီတွေ လျော့သွားကာ မြင်းစီးကောင်းတစ်ယောက် ဖြစ်လာနိုင်စရာ ရှိသည်။ ထို့ပြင် တိုက်သိမ်းကို ကိုင်တွယ်ပုံကလည်း မဆိုးလှ။

'ဟုတ်သားပဲ၊ ကျွန်တော်တို့ကသာ စိုးရိမ်လို့ စိုးရိမ်နေတာ၊ သူလည်း ဒီလောက်တော့ ကိုယ့်ကိုယ်ကိုယ်ထိန်းတတ်သားပဲ၊ ခုတော့ ကျွန်တော်တို့ နှစ်ယောက် အဘွားကြီးတွေလို အစိုးရိမ် ကြီးနေကြတယ်'

'အလို အလို၊ ကြည့်စမ်း၊ သခင်ဆပ်၊ ခါမြင်ထင်တယ်၊ ခါ မဟုတ်ဘူး ခင်ဗျ၊ ခို ခို၊ နှစ်ကောင်တောင် မိသွားပြီ'

'ခို မဟုတ်ဘူး ခင်ဗျ၊ စစ္စလီရယ်၊ ချုံတွေကြားမှာ ကိုင်းတောတို့ ဘာတို့ ရှိဟန် တူတယ်'

ပို၍ မျက်စိကောင်းသော အက်ရှ်က ပြောသည်။

ကိုယ်တော်လေး ဂျိုတီသည် ဝမ်းသာအားရ အော်ကာ ခြေနင်းကွင်းပေါ်တွင် မတ်တတ်ရပ်လိုက်ပြီးနောက် သိမ်းငှက် ပျံတက်ရန် လက်မောင်းကို ဆန့်ထုတ်လိုက်၏။ ကိုယ်တော်လေးနှင့် သိမ်းငှက်သည် မယှဉ်မယှက်။ အတန်ကြာသည့် အခါတွင် သိမ်းငှက်သည် ရေထဲသို့ ခုန်ချလိုက်သည့် ရေကူးသမား တစ်ယောက်နှယ် တောင်ဟုန်သံပေးကာ ခေါင်းပေါ်သို့ ပျံတက်သွားပြီးနောက် သားကောင်ကို ဝဲရှာနေသည်။ သားကောင်



www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့လိုက်သည်နှင့် မြားတစ်စင်းလို စိုက်ဆင်းသွား၏။

ကိုယ်တော်လေးသည် ကုန်နီးပေါ်တွင် ပြန်ထိုင်လိုက်ကာ သိမ်းငှက်သွားရာသို့ မျှော်ကြည့်နေစဉ် မြင်းမှာ အတင်း ပတတ် ရပ်ပြီးနောက် ကျောက်တောင်တွေ၊ ကျောက်ကမ်းပါးတွေ ဘက်သို့ လန့်ပြေးသွားသည်ကို မြင်လိုက်ရ၏။

'ဟင် မြင်း လန့်ပြေးပြီထင်...'

အက်ရှ်သည် စကားကို ဆုံးအောင် မပြောနိုင်။ သူတို့နှစ်ယောက်သည် မြင်းကို ကြိမ်သွင်းကာ ဒုန်းစိုင်းသွားသော မြင်းနောက်သို့ လိုက်သွားကြသည်။

တစ်ယောက်နှင့် တစ်ယောက် မေးမြန်းနေခြင်း မပြုနိုင်။ သူတို့ မြင်လိုက်ရသည့် အခြင်းအရာက ထင်ထင်ရှားရှား ပြက်ပြက်ထင်ထင်။ ဂျိုတီသည် မြင်းထိန်းတွေကို မရှိုးတော့ဘဲ မြင်းကို သူ့ဘာသာသူ ကုန်းတင်သာခဲ့ဟန် တူသည်။ ထိုစဉ် မြင်းဝမ်းပတ်ကို တင်းတင်းချည်မိဟန် မတူ။ ထို့ကြောင့် ကုန်းနီးသည် တစ်ဖက်ဆီးသို့ လျှောကျသွားကာ မြင်းဘေးတွင် တန်းလန်းကြီး ဖြစ်နေသည်။ အတင်း ဒုန်းပြေးနေသော မြင်း၏နက်ကို လှမ်းမဆွဲနိုင်တော့။

သို့ရာတွင် ကိုယ်တော်လေး ဂျိုတီသည် ရာဇပုတ်နယ်သားပီပီ သတ္တိကောင်းသည်။ သူ့မယ်တော် ကချေသည် မဟာဒေဝီသည် အညတရ မျိုးရိုးမှ ဆင်းသက်လာသည့်တိုင် သတ္တိကောင်းရုံမျှ မက ဦးနှောက်ကလည်း ကောင်းသည်။ သူ့သားတော် အငယ် ဂျိုတီသည် ထိုနှစ်ခုစလုံးကို မယ်တော်ထံမှ အမွေ ရလိုက်ဟန်တူ၏။

ကုန်းနီးက တစ်ဖက်သို့ စောင်းသွားသည်တွင် ဘယ်ဘက် ခြေထောက်ကို ခြေနင်းကွင်းမှ ဖြုတ်လိုက်ပြီး လက်ဝဲဘက် ခြေထောက်ဖြင့် ခြေနင်းကွင်းကို မြဲမြဲစွပ်ကာ မျောက်တစ်ကောင်နှယ် မြင်း၏လည်ပင်းကို လှမ်း ခိုစီးလိုက်သည်။ ကုန်းနီးသည် လည်ထွက်သွားကာ အောက်မြေကြီးပေါ်သို့ ကျသွား၏။ မြင်းကြီးသည် လန့်၍ ဦးတည်ရာသို့ ပြေးလျက် ရှိလေပြီ။

'အလို ကိုယ်တော်လေး ဘယ်ဆိုးလို့လဲ ဗျို့၊ ချားဘားစ်' ဟု အက်ရှ်က အော်သည်။

ကိုယ်တော်လေး ဂျိုတီသည် သူတို့ကို နောက်ပြန် လှည့်ကြည့်ကာ ပြုံးရန် ကြိုးစား၏။ သို့ရာတွင် ကိုယ်တော်လေး၏ မျက်နှာမှာ ကြောက်လွန်းသဖြင့် ဖြူဖပ်ဖြူရော် ဖြစ်နေလေပြီ။ သို့ရာတွင် သူ့မျက်နှာက ပိုင်းဖြတ်မှုရှိသည့် မျက်နှာ။ ဂုဏ်ယူသည့် မျက်နှာ။ တကယ်သာ သူ မြင်းစီး ကျွမ်းကျင်လျှင် လိမ့်ကျစရာ အကြောင်း မရှိ။

မည်သို့ဆိုစေ ယခုအတိုင်းမှု ကြာရှည်လိုက်၍ မဖြစ်။ သည်အတိုင်းသာ လိုက်သွားလျှင် အောက်က မြေကြီးမှာ မြေမာ ဖြစ်သည့် အတွက် ကျောရိုး မကျိုးသည့်တိုင် လက်တစ်ဖက် သို့မဟုတ် ခြေထောက် တစ်ဖက် ကျိုးသွားနိုင်သည်။ ထို့ပြင် အောက်က မြေပြင်တွင် ပေါက်နေသည်မှာလည်း ဆူးချုံတွေ။ အောက်သို့ လိမ့်ကျလျှင် မျက်စိ ပေါက်သွားနိုင်သည်။ ထို့ကြောင့် မြင်းလည်ကို တွယ်ဖက် လိုက်သွားရန်မှ အပ အခြားနည်း မရှိတော့။

ကိုယ်တော်လေးသည် ပက်ကျိ တစ်ကောင်နှယ် ကပ်၍ လိုက်ပါသွားသည်။ သို့ရာတွင် မျက်နှာကို မြင်းလည်တွင် ကပ်လိုက်သွားရသဖြင့် မြင်းလည်ဆံမွေးတွေက သူ့မျက်လုံးတွေကို ဖုံးနေသည်။ ထို့ကြောင့် ရှေ့တွင် ဘာမျှ မမြင်ရ။

အက်ရှ်နှင့် မူးလ်ရတ်တို့ကမူ သူ့ရှေ့တွင် ရှိနေသည့် ချောက်ကမ်းပါးကြီးကို လှမ်းမြင်လိုက်ရလေပြီ။ မိုးတွင်းတုန်းက ရေစီးသွားသဖြင့် ကွင်းလယ်ကောင်တွင် ရိုးကြီးတစ်ရိုး ဖြစ်နေသည်။ ရိုးထဲတွင်မူ ကျောက်ဆောင်များ၊ ရေတိုက်စားထားသည့် အတွက် ချွန်ထက်နေသည့် ကျောက်တုံးများ။

မြင်းကလည်း ရိုးကို မမြင်။ လန့်ပြေးသည့် မြင်းများ ထုံးစံအတိုင်း ရှေ့သို့ တန်းတန်းမတ်မတ်ကြီး စွတ်ပြေးနေသည်။ ရှေ့တွင် ချောက်ကမ်းပါးကြီး ရှိရှိ၊ မြင်းဖောင်း ပိုင်းတားတွေ ရှိရှိ အတင်းဝင် တိုးတော့မည်။

မြင်းက နောက်က လိုက်သူတို့နှင့် အကွာကြီး ကွာနေသည့်ပြင် ကျောပေါ်တွင် ပါလာသည့် ဝန်ကလည်း ဝန်ပေါ့။ မြင်း၏ ဘယ်ဘက်ဘေးတွင် ကိုယ်တော်လေးက မျက်နှာအပ်ထားသည့် အတွက် မြင်းသည် ဘယ်ဘက်ကို အတင်း ချိုးသွားသည်တွင် နောက်က မျဉ်းဖြောင့်အတိုင်း တန်းတန်း စီးလိုက်လာသည့် အက်ရှ်တို့ နှစ်ယောက်အဖို့ မြင်းကို မီရန် အလားအလာ ကောင်းသွားသည်။

အက်ရှ်၏ မန်ကျည်းစေ့ရောင် မြင်းကြီး ကာဒီနယ်သည် မကြာသေးမီက ရဝါလ်ပင်ဒီ ခေခ်း...



www.burmeseclassic.com

www.burmeseclassic.com



အလွတ်စီး ပြိုင်ပွဲ နှစ်ပွဲ နိုင်ခဲ့ဖူးသည်။ မူးလ်ရတ်၏ မြင်းမကြီး ဒါလဟမ်မှာလည်း စခန်းတွင် အကောင်းဆုံး မြင်းဟု နာမည်ကြီးသည်။

သူတို့ နှစ်ယောက်သည် နောက်မှ အပြင်းလိုက်လာခဲ့ကြရာ တဖြည်းဖြည်း နီးသည်ထက် နီးလာခဲ့လေပြီ။ မူးလ်ရတ်က ဇက်ကို လွှတ်လိုက်သည့် အခါ၌ကားရှေ့က မြင်းမှာ ချောက်နှုတ်ခမ်းနှင့် ဆယ်လှမ်း အကွာလောက်သာ ရှိတော့သည်။

မူးလ်ရတ်သည် မြင်းကို ဒူးနှစ်ဖက်ဖြင့် ညှပ်ကာ ကိုယ်ကိုယိုင်၍ ကိုယ်တော်လေး၏ ခါးကို လက်နှစ်ဖက်ဖြင့် လှမ်းဆွဲလိုက်သည်။ တစ်ဖက်ဘေးမှလည်း အက်ရှ်က လိုက်လာကာ အောက်သို့ တန်းလန်းကျနေသော မြင်းဇက်ကို ကောက်ယူလိုက်ပြီး နောက်ပြန်ဆွဲရန် ကြိုးစားသည်။

မူးလ်ရတ်သည် မြင်းစီးကျွမ်းရာတွင် ရာမှုရှားသူတစ်ယောက် ဖြစ်ရာ ထိုနေ့က သူ့ကိုယ်ပိုင် မြင်းကြီးကို မစီးမိဘဲ တခြား မြင်းကိုသာ စီးခဲ့မိလျှင် တစ်ခုခု မဖွယ်မရာ ဖြစ်မည်မှာ သေချာသည်။

သို့ရာတွင် မူးလ်ရတ်နှင့် သူ့မြင်းသည် နှစ်ပေါင်းများစွာ အတူ နေလာခဲ့ကြရသဖြင့် တစ်ဦး အကြောင်းကို တစ်ဦး ကောင်းကောင်း သိကြသည်။ သူတို့ နှစ်ဦးသည် တစ်ခါတစ်ရံတွင် လူတစ်ပိုင်း မြင်းတစ်ပိုင်း မွေးလာသည်ဟု ထင်ရလောက်အောင် ဘက်ညီကြသည်။

ကဆုန်စိုင်းနေသည့် မြင်းနှင့် ရင်ပေါင်တန်းပြေးနေခြင်းအားဖြင့် သူလည်း ရိုးထဲသို့ ကျသွားနိုင်သည်ကို တွက်ချက်ပြီး ဖြစ်၏။ သူက အတွင်းကရောက်နေသဖြင့် ဒုန်းစိုင်းနေသော မြင်းကို ရိုးထဲသို့ မကျအောင် မောင်းထုတ်နိုင်သည့် အခြေအနေတွင် ရှိနေသည်။

ထို့ပြင် သူ့လက်တစ်ဖက်တွင် ကိုယ်တော်လေးကို ပိုက်ထားပြီး ဇက်မှာလည်း သူ့လက်ထဲတွင် မရှိတော့သည့် အတွက် မြင်းကို ဒူးဖြင့် ထိန်းနေရခြင်းဖြစ်ရာ သူက ဘေးက ပြေးနေသမျှ ကာလပတ်လုံး မြင်းသည် ရိုးဘက်သို့ ဦးလှည့်နိုင်မည် မဟုတ်။

သို့ရာတွင် အက်ရှ်မှာ သူ့မြင်းကြီး ကာဒီနယ်ကို ထိန်းမရတော့။ မန်ကျည်းစေ့ရောင် မြင်းကြီးနှင့် မြင်းနီမကြီးသည် ရိုးနှုတ်ခမ်းတွင် ဗလုံးဗထွေး ဖြစ်သွားကာ အောက် ဆယ်ပေခန့် အနက် ရိုးထဲက ကျောက်တုံး ကျောက်ဆောင်များပေါ်သို့ တလိမ့်ခေါက်ကွေး ကျသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၇

အက်ရှ်သည် တော်တော်နှင့် သတိမရဘဲ မေ့မြောနေသည်။ သူ့တွင် ပွန်းရာ ပဲ့ရာတွေ ခြစ်ရာ ရှရာတွေကလည်း တစ်ကိုယ်လုံး အနှံ့။ ညှပ်ရိုး သွင်သွင်ကျိုးသွားပြီး နံရိုး နှစ်ချောင်းလည်း အက်သွားသည်။ လက်ကောက်ဝတ် အရိုးလည်း ပြုတ်သွားသည်။

ဤသို့သော အခြေအနေမျိုးတွင် သုံးမိုင်လောက် လှည်းကြမ်းကြီးပေါ်တွင် လိုက်လာရခြင်းမှာ မသက်သာလှ။ အရိုးတွေ ကျိုးထားသဖြင့် ထုံးဆေးတို့ ဘာတို့ ရှိသည့် အတွက် နာကျင်လိုက်သည်မှာလည်း မခံရပ်နိုင်အောင်ပင်။

သို့ရာတွင် ကာကာဂျီ၏ သမားတော်မှာ အရိုးဆက်ရာတွင် ကျွမ်းကျင်သည့် အတွက် ကံကောင်းသည်ဟု ဆိုရချိမ့်မည်။

ရာဇကုမ္မာရီများ အတွက် သမားတော် တစ်ဦးပါလာသည့်တိုင် ထိုသမားတော်မှာ အသက်ကလည်းကြီး၊ ပရဆေးနှင့် ဂါထာမန္တာန်တို့လောက်သာ အဓိကအားသဖြင့် အက်ရှ် အတွက် အားမကိုးလောက်။ ထို့ပြင် ချေးတို့ နွားသေးတို့ကို သောက်ရခြင်း၊ မံခြင်းသည့် နည်းများဖြင့်လည်း ကုတတ်သေးသည့် အတွက် သူ့ကိုသာ အားကိုးနေရလျှင် တော်တော် အခြေအနေဆိုးနိုင်သည်။

ကာကာဂျီသည် ဟိန္ဒူစစ်စစ် တစ်ယောက် ဖြစ်သည့်တိုင် အရိုးတို့ အကြောတို့ကို ကုသည့် နေရာမျိုးတွင်မူ ထိုကုထုံးများတွင် မယုံကြည်။ ကာကာဂျီသည် ဘုန်းတော်များ စေလွှတ်သည့် သမားတော်ကို ယဉ်ကျေးစွာ သွယ်ဝိုက် ငြင်းပယ်ပြီးနောက် သူ့ကိုယ်ပိုင် သမားတော် ဂိုဗင်ဒတ်စ်ကို ပင့်သည်။

ဂိုဗင်ဒတ်စ်က အရိုးကုတွင် ဥရောပ ခေတ်မီသမားတော်များထက် မညံ့။ မာဒူး၊ ဂူးလ်ဘတ်၊ ရာဇကုမ္မာရီ ဇူလီ၏ အခြွေအရံ တစ်ဦး ဖြစ်သော ဂီတာ (ယင်းမှာ သူနာပြုရာတွင် ကျွမ်းကျင်သည်။) တို့၏ အကူအညီဖြင့် သမားတော် ဂိုဗင်ဒတ်စ်သည် သူ့လူမမာကို နှစ်ရက်နှင့် နှစ်ညတိုင်တိုင် အပြင်းဖျားနေရာမှ တတ်နိုင်သမျှ ကြိုးစားကုသည်။

ထို့ကြောင့် အက်ရှ် အခြေအနေမှာ အများကြီး ကောင်းလာ၏။ အက်ရှ်သည် ကယောင်ကတမ်းဖြင့် အိပ်ရာထဲတွင် လူးလိမ့်နေလေရာ သူ့ကို မနည်း ဝိုင်းချုပ်ထားရ၏။ ဤမျှ အခြေအနေ ဆိုးသော လူမမာကို ဤမျှ ရက်တိုတိုနှင့် သက်သာအောင် ကုနိုင်ခြင်းမှာ နည်းသည့် စွမ်းရည် မဟုတ်။

အက်ရှ်သည် ထိုနှစ်ရက် အတွင်း သတိကောင်းကောင်း မရ။ တစ်ခါတွင် သတိ ပြန်လည်လာစဉ် (ထိုအချိန်မှာ ညအချိန် ဖြစ်၏။) 'သူ သေများ သေနိုင်သလားဟင်' ဟု မေးသံ ကြားသဖြင့် မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။ သူ့အနီးတွင် ရပ်နေသော မိန်းမပျိုတစ်ယောက်ကို မြင်လိုက်ရ၏။ သို့ရာတွင် မီးရောင်ကို ကွယ်၍ ရပ်နေသဖြင့် သူ့မျက်နှာကို မမြင်ရ။ အရိပ်ကိုသာ မြင်ရသည်။

အက်ရှ်သည် သူ မမြင်ရသည့် မျက်နှာကို မော့ကြည့်ကာ 'ကိုယ် စိတ်မကောင်းပါဘူး ဇူလီ၊ တကယ်ကတော့ ဇူလီကို စိတ်ထိခိုက်အောင် ရည်ရွယ်တာမဟုတ်ပါဘူး၊ ကိုယ်လေ ကိုယ်...' ဟု ရွတ်မိသည်။ သို့ရာတွင် သူ့စကားများက လျှာပေါ်တွင် ဗလုံးဗထွေး။ ဘယ်သူ့ကို ရည်ရွယ်၍ ဘာကို ပြောသည်ဟု သူ မမှတ်မိ။

မျက်လုံးကို ပြန်ဖွင့်ကြည့်လိုက်သည့် အခါတွင် မိန်းမပျိုကို မတွေ့ရတော့။ သူ့ရှေ့တွင် အကာအဆုပ် မရှိသည့် မှန်အိမ်ကိုသာ မြင်ရသည်။ အက်ရှ်သည် မျက်လုံးများကို ပြန်မှိတ်လိုက်၏။ ထို့နောက် အမှောင်ထုကြီးထဲသို့ ပြန်ရောက်သွားသည်။

www.burmeseclassic.com



တတိယနေ့တွင် အဖျား မရှိတော့။ အက်ရှ်သည် တစ်နေ့လုံး အိပ်ပျော်သွားသည်။ ပြန်နိုးလာသည့် အခါတွင် ညဖြစ်နေပြန်ပြီ။ မှန်အိမ်က လင်းမြဲ လင်းလျက်။ သို့ရာတွင် အလင်းရောင်ကို အရိပ် တစ်ခု ကွယ်ထား သည်။ အရိပ်သည် သူ့အိပ်ရာပေါ်သို့ ထိုးကျလျက် ရှိ၏။

အက်ရှ်သည် ထိုအရိပ်ကို ဖယ်ပစ်ချင်သည်။ သူ့ ပါးစပ်များသည် ခြောက်သွေ့လျက်။ ရေကလည်း အလွန် ငတ်သည်။ လှုပ်ရှားရန် ကြိုးစားကြည့်သည်။ သို့ရာတွင် အသည်းခိုက်အောင် နာကျင်လွန်းသဖြင့် ထုတ်၍ ညည်း လိုက်မိသည်။ သူ့အိပ်ရာပေါ်တွင် ထိုးကျနေသည့် မည်း မည်း အရိပ်သည် ချက်ချင်း လှုပ်ရှားသွား၏။

'လူလေး၊ ငြိမ်ငြိမ်နေလေ၊ အဘ ရှိပါတယ် သားရယ်၊ ငြိမ်ငြိမ်နေနော်' ဟု မာဒူးက ပြောသည်။

သူ့အသံက ခြောက်အိပ်မက်မှ လန့်နိုးလာသည့် ကလေး တစ်ယောက်ကို နှစ်သိမ့်နေသည့် လူကြီး တစ် ယောက်၏ လေသံ။ အက်ရှ်သည် မျက်လုံးကို ဖွင့်ကြည့် လိုက်၏။ သည်အချိန်မျိုးတွင် သူ့တဲထဲသို့ မာဒူး ရောက် နေရုံမျှမက သူ ပြောသည့် လေသံကြောင့်လည်း ဝေခွဲ၍ မရနိုင်အောင် ဖြစ်နေသည်။

'အဘ ဒီမှာ ဘာလာ လုပ်နေတာလဲ ဟင်'

သူ့အသံကြောင့် သူရော မာဒူးပါ အံ့အားသင့် နေကြသည်။ သူ့အသံက ခြောက်သွေ့ ကွဲအက်လျက်။ မာဒူးက လက်နှစ်ဖက်ကို မြှောက်လိုက်ကာ

'အလ္လာ ကိုယ်တော်မြတ် ကယ်တော်မူပါ ဘုရား၊ ကျုပ်ကို ဂူးလ်ဘတ်က ပြောလိုက်လို့၊ သခင်ဆပ် သတိ ပြန်ရနေပြီတဲ့၊ သခင်ဆပ် သတိရပြီနော်၊ အလ္လာ အရှင် ကယ်တော်မူပါ ဘုရား'

အဘိုးအို မာဒူး၏ ပါးပြင်တွင် မျက်ရည်တွေ စီးကျလာကြသည်။ မျက်ရည်များသည် မီးရောင်တွင် လက်နေကြသည်။

'မငိုစမ်းပါနှင့် အဘရယ်၊ ဘာဖြစ်လို့ ကျွန်တော် သတိမရ ရမှာလဲ၊ ကျွန်တော် သတိရပါတယ်၊ ဘာဖြစ် လို့ ငိုရမှာလဲ၊ ကျွန်တော် ရေ… ရေဆာတယ်၊ ရေ သောက်ချင်တယ်'

အက်ရှ်က လေသံ သဲ့သဲ့လေးဖြင့် ပြောသည်။

ဂိုဗင်ဒတစ်သည် အိပ်နေရာမှ ထလာကာ သူ့ကို သောက်စရာ တစ်ခွက် ပေး၏။ အထဲတွင် ဆေးပါသည် လော မပြောတတ်။ ထိုအရည်ကို သောက်ပြီးနောက်တွင် အက်ရှ်သည် ပြန်၍ အိပ်ပျော်သွားသည်။ တတိယ အကြိမ် ပြန်နိုးလာသည့် အခါတွင်မူ ညနေ စောင်းနေ လေပြီ။

ရွက်ဖျင် တံခါးကို လှန်ထားသဖြင့် ခပ်နိမ့်နိမ့် ဖြာကျနေသော နေရောင်ခြည်များ၊ ရှည်လျားသော အရိပ် များနှင့် အဝေးတွင် ဖုန်တသောသော ထနေသည့် လွင် တီးခေါင်ကြီးနှင့် နှင်းဆီရောင် လဲ့လဲ့ ပြေးစ ပြုနေသော အဝေး တောင်တန်းကြီးများကို မြင်နေရသည်။ ရွက် ဖျင်တဲ တံခါးဝတွင် လူတစ်ယောက် ထိုင်၍ အန်စာ ပစ် နေသည်။

ချောက်ထဲသို့ မူးလ်ရတ် လိမ့်မကျခဲ့သည့် အတွက် သူ ဝမ်းသာသည်။ ထိုအခါမှ သူ့ ခေါင်းထဲတွင် ရှိနေ မှုန်မှိုင်းနေသည့် အဖြစ်သည် ပျောက်ကွယ်သွားကာ ဖြစ်ခဲ့သမျှကို ပြက်ပြက်ထင်ထင် မြင်လာ၏။

အိပ်ရာထဲတွင် လှဲရင်း သူ့ကိုယ်မှ ဒဏ်ရာများ ကို စဉ်းစားကြည့်သည်။ ခြေထောက်တွေ ဘာမှ မဖြစ်။ လက်ဝဲဘက် လက်နှင့် လက်ဝဲဘက် ညှပ်ရိုးတွင် ပတ် တီးတွေ စည်းထားသည်ကို တွေ့ရသည်။ လက်ယာဘက် မဟုတ်။ ကျတုန်းက သူ့လက်ဝဲဘက်သို့ စောင်းကျသွား ကြောင်း ထင်ရှားသည်။

သူ့မြင်းကြီး ကာဒီနယ်သည် ချောက်ထဲ ကျသွား တုန်းက သူ့ညာဘက်ကို အကျိုး မခံနိုင်သဖြင့် ဘယ် ဘက်သို့ စောင်းပေးလိုက်စဉ် ဘယ်ဖြင့် ကျသွားခြင်း ဖြစ်သည်။ သူ့ကိုယ်သူ ဤသို့ လုပ်နိုင်ခဲ့သဖြင့် အက်ရှ် ကျေနပ်သွား၏။

မူးလ်ရတ်က တစ်ယောက်တည်း အန်စာ ပစ် နေရာမှ သူ လှန်သည့် အပွင့်ကို ကျသဖြင့် အားရ ကျေ နပ်စွာ အော်လိုက်သည်။ ပခုံးပေါ်မှ ကျော်၍ အက်ရှ်ကို လှမ်းကြည့်လိုက်၏။ မျက်လုံး ပွင့်လျက် လေးနက် တည်ငြိမ်နေသော အက်ရှ်ကို မြင်ရသည်။

မူးလ်ရတ်သည် အန်စာများကို စုပစ်ခဲ့ပြီးနောက် သူ့ဆီသို့ ထလာကာ

'သခင်ဆပ် နိုးနေပြီလား၊ အတော်ပဲ၊ ခုဘယ် နှယ့် နေသေးသလဲ ဟင်'

'ဆာတယ်'

အက်ရှ်က ခပ်ပြုံးပြုံးဖြင့် ပြောလိုက်၏။

'ဆာတာ ကောင်းတာပေါ့၊ ကာကာဂျီရဲ့ ခန်တ… ကို ကျွန်တော် ခုပဲ လွှတ်လိုက်မယ်၊ သိုးသားပြုတ်ကလေး တော့ သောက်လို့ ရမှာပေါ့၊ ဒါမှမဟုတ်ရင်လည်း နို့ ကလေး တစ်ခွက်လောက်ပေါ့'



www.burmeseclassic.com

www.burmeseclassic.com



အက်ရှ်က မျက်နှာ ရှုံ့မဲ့၍ ပြလိုက်သဖြင့် မူးလ်ရတ်က ရယ်သည်။ မူးလ်ရတ်က အစေခံ တစ်ယောက်ကို ခေါ်ရန် လှည့်ထွက်မည် အပြုတွင် အက်ရှ်က ညာဘက်လက်ဖြင့် ဖမ်းဆွဲထားလိုက်ကာ

'ကိုယ်တော်လေးကော ဘာဖြစ်သေးသလဲ'

မူးလ်ရတ်က ခဏမျှ တွေဝေနေပြီးနောက် ကိုယ်တော်လေးမှာ နေထိုင်ကောင်းကြောင်း၊ သူ့အတွက် စိတ်ပူဖို့ မလိုကြောင်း ပြောသည်။

'ကိုယ့်ဒဏ်ရာ ပျောက်အောင်သာ ဂရုစိုက်ပါ၊ သခင်ဆပ် ဒဏ်ရာက မြန်မြန် ပျောက်သွားမှာပါ၊ သခင်ဆပ် နေထိုင် မကောင်းမချင်း ကျွန်တော်တို့လည်း စခန်းပြောင်းလို့ ရဦးမှာ မဟုတ်သေးဘူး၊ ခု ကျွန်တော်တို့ နားနေတာ တစ်ပတ်နီးပါးတောင် ရှိသွားပြီ'

'တစ်ပတ်လား'

'သခင်ဆပ် သတိ မေ့နေတာကိုက တစ်နေ့နှင့် တစ်ညလုံးလုံးလေ၊ ကယောင်ကတမ်း ဖြစ်နေတာကလည်း သုံးရက်လုံးလုံးပဲ၊ အဲဒီနောက်ကျမှသာ ကလေးလေးများလို နေ့ရော ညရော အိပ်ပျော်သွားတာ'

'ဩ လက်စသတ်တော့ ဒါကြောင့် ဒီလောက် ဆာနေတာကိုး၊ မြင်းတွေကော ဘာဖြစ်သေးသလဲ'

'ကိုယ်တော်လေးရဲ့ မြင်းကြီး ဘူဘူးကတော့ ကုပ်ကျိုးသွားတယ်'

'ကျွန်တော့် မြင်းကြီးကော'

'ကျွန်တော် ပစ်သတ်ခဲ့ရတယ် သခင်ဆပ်၊ ရှေ့ခြေနှစ်ချောင်းစလုံး သွင်သွင် ကျိုးနေပြီ'

အက်ရှ်က ဘာမျှ မပြော။ သို့ရာတွင် အက်ရှ် မျက်လုံးတွင် မျက်ရည်တွေ ဝဲနေသည်ကို မြင်လိုက်သည်။ မူးလ်ရတ်က လေပျော့ကလေးဖြင့်

'ကျွန်တော် စိတ်မကောင်းပါဘူး သခင်ဆပ်၊ ဒါပေမဲ့ မတတ်နိုင်ဘူးလေ၊ မလုပ်လို့ မဖြစ်လို့ လုပ်လိုက်ရတာ၊ ရှေ့ခြေ နှစ်ချောင်းစလုံး သွင်သွင် ကျိုးနေပြီ'

'အင်း ကျွန်တော့် အပြစ်ပါလေ၊ ကိုယ်တော်လေးရဲ့ မြင်းကို ကျွန်တော် ပြန်လှည့်ခိုင်းလို့ မရဘူး ဆိုတာ ကျွန်တော် သိဖို့ ကောင်းတာပေါ့၊ နောက်ကျနေပြီပဲဟာ'

တခြားလူ တစ်ယောက်သာ ဆိုလျှင် အက်ရှ် စိတ်သက်သာလို သက်သာငြား ဖြေသိမ့်၍ ပြောကောင်း ပြောမည်။ သို့ရာတွင် မူးလ်ရတ်ကမူ အက်ရှ်ကို သဘောကျသည်။ ခင်မင်ရင်းစွဲ ရှိသည်။ ထို့ကြောင့် လိမ်မပြောချင်။ မူးလ်ရတ်က ခေါင်းညိတ်ပြလိုက်ရင်း

'ဒီလိုပေါ့ သခင်ဆပ်ရယ်၊ မှားတဲ့ အခါလည်း မှားကြတာပေါ့၊ ဒါပေမဲ့ ပြီးတာက ပြီးခဲ့ပြီပဲ၊ ကိုယ်လုပ်လို့ မတတ်နိုင်တာကို ပူဆွေးနေလို့ ဘာထူးမှာလဲ၊ ဒါတွေ ခေါင်းထဲက ဖျောက်ထားလိုက်ပါ သခင်ဆပ်ရာ၊ လူမသေတာကိုပဲ ဘုရားကျေးဇူးလို့ အောက်မေ့ရတော့မှာပေါ့၊ ခပ်စောစောကတော့ သခင်ဆပ်ပဲ တစ်ခုခု ဖြစ်လေမလားလို့ ကျွန်တော်တို့မှာ ပူလိုက်ရတာ'

သူ့စကားကို ကြားလိုက်ရသည့် အတွက် အက်ရှ်သည် တစ်စုံတစ်ရာကို ခပ်ရေးရေး အမှတ်ရလာသည်။ အက်ရှ်သည် မျက်မှောင်ကုတ်၍ စဉ်းစား၏။ ထို့နောက် ရုတ်တရက် မေးလိုက်သည်။

'နေစမ်းပါဦး၊ တစ်ညတုန်းက ကျွန်တော့် တဲထဲကို မိန်းမ တစ်ယောက် လာသလားဟင်'

'ဟုတ်တယ် သခင်ဆပ်၊ လာတယ်၊ ရာဇကုမ္မာရီ တစ်ယောက်ရဲ့ အစေတော်ပါ၊ သူ ညတိုင်း လာတယ်လေ၊ နောက်ညတွေလည်း လာဦးမယ်၊ သူက အနှိပ်တို့၊ အကြောအဆစ် လွဲတာတို့ကို နားလည်တယ်လေ၊ ခု သူ ပြုစုလို့ သခင်ဆပ် ဒီလောက် မြန်မြန် ကောင်းလာတာပေါ့၊ သမားတော်ကြီး ဂိုဗင်ဒတ်စ်လည်း ပါတာပေါ့လေ'

'သြော် ဟုတ်လား'

အက်ရှ် စိတ်ပျက်သွား၏။ နေရောင်ခြည် နိမ့်နိမ့်တို့ ထိုးကျနေသဖြင့် မျက်လုံးကို မှိတ်လိုက်သည်။

အက်ရှ်သည် မြန်မြန် နာလန်ထလာသည်။ သူ့ကျန်းမာရေး ခံတတ်ခံကလည်း ကောင်း၊ သမားတော်ကြီး ဂိုဗင်ဒတ်စ်ကလည်း ဂရုစိုက်သောကြောင့် ဖြစ်၏။

အနောက်မြောက် နယ်စပ် တစ်ဖက်ရှိ တောင်များပေါ်တွင် နှစ်နှစ်တိုင်တိုင် နေခဲ့ခြင်းကြောင့် သူ့တွင် အကျိုးအမြတ်တွေ ရနေပြီ။ ထိုသို့သာ မနေခဲ့ရလျှင် သူသည် သည်မျှ အကြမ်းပတမ်းကို ခံနိုင်ဖွယ် မရှိ။

ကျွမ်းကျင်သည့် သူနာပြု မရှိခြင်း၊ ဖုန်နှင့် ယင်ကောင် ပေါခြင်း၊ အခြေခံ ကျန်းမာ သန့်ရှင်းရေး စည်းမျဉ်းလောက်ကလေးကိုမျှ ဂရုမစိုက်ကြခြင်း၊ တိတ်ဆိတ်အေးချမ်းမှု မရှိခြင်း စသည့် ပတ်ဝန်းကျင် အခြေအနေများ အားလုံးကို ကြည့်၍ အနောက်တိုင်း ဆရာဝန်များ အနေဖြင့် ကြက်သီးထလောက်သည့်တိုင် အနောက်မြောက် တောင်ပေါ်ဒေသတွင် ကြမ်းကြမ်းတမ်းတမ်း နေလာခဲ့ရသည့် အက်ရှ် အဖို့ကား ထိုအရာများသည် နတ်စည်းစိမ် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com


အက်ရှ်သည် သူ့ကိုယ်သူ ကံကောင်းသူဟု ထင်သည်။ ဟုတ်လည်း ဟုတ်သည်။ တကယ်လည်း ကံကောင်းသည်။ ကာကာကျီ ပြောသည့်အတိုင်း ဆိုလျှင် သူ သေလျှင်သေ၊ မသေလျှင် တစ်သက်လုံး ဒုက္ခိတ ဖြစ်ဖို့သာ ရှိတော့သည် မဟုတ်လော။

'သခင်ဆပ်က တယ်လည်း တဓောက်ကန်းနိုင်တာကိုး၊ မြင်းတစ်ကောင် သေမယ့် ကိစ္စကို ဘာဖြစ်လို့ နှစ်ကောင် အသေခံမလဲ၊ ဒါတောင် ကံကြီးလွန်းလို့၊ နို့မို့ရင် လူပါ သေနိုင်သေးတယ်၊ လူငယ်တွေဟာ ဒီလို ချည်းပဲ ထင်ပါရဲ့၊ ဘာကိုမှ မစဉ်းစားဘူး၊ သတ္တိက တော့ အာဂသတ္တိလို့ ပြောနိုင်တာပေါ့လေ၊ သခင်ဆပ် သတ္တိမျိုးကိုတော့ လိုချင်ပါရဲ့' ဟု ကာကာကျီက ပြောသည်။

အက်ရှ်ထံသို့ လူမမာ လာမေးကြသူများမှာ ကာကာကျီသာ မဟုတ်။ ကာရာနတ်နှင့် ဂျန်ဆင်းတို့လို စခန်းအုပ်များ၊ ကာကာကျီ၏ သုံးလေးဝမ်းကွဲ ညီတော်သူ မာလဒီယိုနှင့် အခြားသူများလည်း လာကြ၏။

မာဒူးနှင့် ဝူးလ်ဘတ်တို့ကမူ လူတွေ သည်လောက် လာသည်ကို သိပ် မကြိုက်ကြ။ သမားတော် ဂိုဗင်ဒတ်စ်ကလည်း လူတွေ လာသည်ကို သဘောမကျ။ သို့ရာတွင် ကာရိကုတ် ပြည်နယ် အကြောင်း၊ စခန်းအကြောင်း သတင်းတွေကို နားထောင်ရသည့် အခါတွင် လူမမာ စိတ် အပြောင်းအလဲ ရသည်ကို မြင်သည့် အခါ၌ သဘောထား ပြောင်းသွား၏။

ကိုယ်တော်လေး ဂျီတီမှာ အက်ရှ်ထံ မကြာခဏ ရောက်လာတတ်သည်။ ကိုယ်တော်လေးသည် ရောက်လာလျှင် ကြမ်းပြင်တွင် တင်ပျဉ်ခွေ၍ ထိုင်ကာ စကားတွေ တသွင်သွင် ပြောတတ်၏။ သူ့စကားများထဲမှနေ၍ အက်ရှ် ခေါင်းထဲတွင် မသဲမကွဲ ဖြစ်နေသည့် အရာတစ်ခုသည် ပီပီပြင်ပြင် ဖြစ်လာခဲ့သည်။ ယင်းမှာ အခြား မဟုတ်။

ဘီဂျူရန်းသည် တစ်ခါက မဟာဒေဝီ ဂျာနူးဘိုင်၏ မြှောက်စားခြင်းကို ခံခဲ့ရကြောင်း။ ထိုအတောအတွင်း လာဘ်စားခြင်း၊ အမည်မဖော်သော ကိစ္စများကို ဆောင်ရွက်ခဲ့သဖြင့် ဆုလာဘ် ရရှိခြင်းတို့ကြောင့် အကြီးအကျယ် ချမ်းသာလာခဲ့ကြောင်း။ ထို့နောက်တွင်မူ ဘီဂျူရန်းမှာ တန်ခိုး ဩဇာ မှေးမှိန်သွားခဲ့ကြောင်း...။

ကချေသည် မဟာဒေဝီ ဂျာနူးဘိုင် ကွယ်လွန်ပြီးသည့် နောက်၌ နန်ဒူးက အရိုက်အရာကို ဆက်ခံသည့် အခါတွင် ယခင်က မားထက်ခဲ့သူများသည် တန်ခိုးဩဇာ မှေးမှိန် သွားခဲ့ကြဟန် တူသည်။

မဟာဒေဝီ ဂျာနူးဘိုင်၏ အရှိန်အဝါဖြင့် တန်ခိုးထွားခဲ့သည့် ဘီဂျူရန်းသည် နည်းနည်းကလေးမျှ မခံနိုင်။ ဘီဂျူရန်းသည် ငြိမ်မနေ။ မကျေနပ်သည့် အရာအရာကို ပြသည်တွင် အရိုက်အရာကို ဆက်ခံသည့် နန်ဒူးနှင့် ပဋိပက္ခ ဖြစ်လာခဲ့ကာ လူဖမ်း ပစ္စည်းသိမ်းခံရတော့မည့် ဆဲဆဲတွင် ကာရိကုတ် ပြည်နယ်တွင် ရောက်နေသည့် ဗြိတိသျှ ကိုယ်စားလှယ် ဗိုလ်မှူးကြီး ပိုင်းကရော့အား ဝင်ရောက် ဖျန်ဖြေပေးရန် သွားရောက်တောင်းပန်သဖြင့် ထိုအခြေအနေသို့ မရောက်ခဲ့ခြင်း ဖြစ်သည်။

ဗိုလ်မှူးကြီး ပိုင်းကရော့သည် မဟာရာဇာ နန်ဒူးနှင့် တွေ့ဆုံ စကားပြောသည့် အခါတွင် မဟာရာဇာက သူ့မယ်တော်၏ လူယုံတော် ဘီဂျူရန်း ဖောက်ပြန်ခဲ့သမျှကို ရန့်ရင်း ကြမ်းတမ်းစွာ ပြောဆိုသည့်တိုင် နောက်ဆုံးတွင် အသနားခံချက်ကို လက်ခံလိုက်ပြီးနောက် ဒဏ်ငွေ အမြောက်အမြားသာ တပ်လိုက်ကာ ထိုကိစ္စကို လျှော်ပစ်လိုက်သည်။

သို့ရာတွင် ဘီဂျူရန်းသည် မဟာရာဇာ နန်ဒူးကို နည်းနည်းမျှ စိတ်မချ။

ဘီဂျူရန်းက လူသိရှင်ကြား ဝန်ချ တောင်းပန်ပြီးနောက် တစ်ပတ်မျှ အကြာ အိမ်ရှေ့ ကိုယ်တော်လေး ဂျီတီအား ဘိသော ပြည်နယ်တွင် ကျင်းပမည့် လက်ထပ် မင်္ဂလာပွဲသို့ လိုက်ပါခြင်း မပြုရဟု အမိန့် ထုတ်လိုက်သည့် အခါတွင် ဘီဂျူရန်းသည် ကိုယ်တော်လေး ဂျီတီအား ဖိဆန်ရန် မြှောက်ပေးကာ သူတို့နှစ်ယောက် အရှူ ထွက်ပြေး လာခဲ့ကြခြင်း ဖြစ်သည်။

အက်ရှ် ထင်သည့် အတိုင်းပင်။ ထိုအကြံသည် ဘီဂျူရန်း၏ အကြံ ဖြစ်၏။ ဘီဂျူရန်းနှင့် မဟာဒေဝီ ဂျာနူးဘိုင်၏ မြှောက်စားခြင်းကို ခံခဲ့ရပြီးနောက် တန်ခိုးဩဇာ မှေးမှိန်လျက် ရှိသည့် သူ့မိတ်ဆွေ နှစ်ယောက်တို့သည် စီမံကိန်းချကာ ထွက်ပြေးလာကြခြင်း ဖြစ်ကြောင်း ထင်ရှားသည်။

'သူက ကျွန်တော့် အတွက် စိတ်မကောင်းဘူးတဲ့၊ သူရယ်၊ မိုဟန်ရယ်၊ ပရန်ကရှစ်သျှဏာရယ်က မယ်တော့် အပေါ်မှာ အလွန် သစ္စာ ရှိခဲ့ကြတယ် သခင်လေး၊ မယ်တော်သာ ရှိရင် အစ်မတော် ရှုရီလာရဲ့ လက်ထပ်ပွဲ ကို ကျွန်တော် လိုက်ရမှာ သေချာတယ်၊ ခုတော့ ...


www.burmeseclassic.com

www.burmeseclassic.com



တော့ကို နောင်တော်က မလိုက်ရဘူးတဲ့ဗျာ၊ ပြီးတော့ ဒါကြောင့်တင်လည်း မဟုတ်ပါဘူးဗျာ'

'ဒါကြောင့်တင် မဟုတ်သေးရင် ဒီပြင် ဘာကြောင့်လဲ'

အက်ရှ်သည် ငယ်ရွယ်သည့် ကိုယ်တော်လေး ဂျိုတီကို လေးစားစ ပြုလာ၏။ ကိုယ်တော်လေးသည် လွယ်လွယ်ဖြင့် လိမ်၍ ရမည့်သူ မဟုတ်။

'ကျွန်တော်တို့ချင်း စိတ်ဝမ်း ကွဲကြလို့ပေါ့ဗျာ၊ ကျွန်တော့် နောင်တော်ဟာ သူနှင့် သဘောကွဲတဲ့လူဆိုရင် ဘယ်သူ့ကိုမှ သဘောမကျဘူး၊ ဘီဂျူရန်းကို ခွင့်လွှတ်လိုက်တယ်လို့သာ ပြောပေမဲ့ တကယ်ကတော့ ခွင့်မလွှတ်ပါဘူး၊ ဒီတော့ ဘီဂျူရန်း အနေနှင့် ကာရိကုတ်က တတ်နိုင်သမျှ အမြန်ဆုံး ထွက်သွားပြီး ဝေးဝေး နေနိုင်သမျှ နေတာ အကောင်းဆုံးလို့ တွက်တာပေါ့၊ ကြာရင် နောင်တော်ဟာ သူ့အပေါ်မှာ စိတ်ပြေသွားလိမ့်မယ်လို့ ထင်တယ်လေ။

'ဒါပေမဲ့ ကျွန်တော်ကတော့ မထင်ဘူး၊ မိုဟန်နှင့် ကရစ်သျှဏာတို့ကလည်း ကာရိကုတ်မှာ မနေချင်ဘူး၊ နောင်တော်က မယ်တော် မြှောက်စားခဲ့တဲ့ လူတွေကို ကြိုက်မှ မကြိုက်ဘဲကိုး၊ ဒီတော့ သူတို့ကလည်း ဝေးဝေးနေရင် စိတ်ချရတယ်လို့ ထင်ကြတာပေါ့၊ ဒါကြောင့် ပြန်မရရင်လည်း မပြန်တော့ဘူး ဆိုပြီး ရှိသမျှ ပစ္စည်းတွေကို ယူနိုင်သလောက် ယူလာခဲ့ကြတာပဲ၊ ကျွန်တော်လည်း မပြန်ချင်တော့ဘူး၊ ဘိသောမှာ အစ်မတော်နှစ်ယောက်နှင့် အတူ နေမယ်လို့ စိတ်ကူးထားတယ်၊ ဒီလိုမှ မဟုတ်ရင်လည်း ကာလီခန်တို့လို တောပုန်းကြီး လုပ်နေတော့မယ်ဗျာ'

'ကာလီခန်ကို မိသွားပြီး ကြိုးပေးလိုက်ပြီလေ'

အက်ရှ်က အေးစက်စက် ပြော၏။

ဂျိုတီအား သူ့နောင်တော်ကို ပုန်ကန် ခြားနားရန် သူ အားမပေးလို။ မည်သို့ဖြစ်စေ ဘီဂျူရန်းနှင့် အပေါင်းပါများသည် ကိုယ်တော်လေး ဂျိုတီကို ဘိသောတွင် တတ်နိုင်သမျှ ကြာကြာ နေစေချင်ပေလိမ့်မည်။ နောင်တော် စိတ်ပြေမှ ပြန်စေချင်ပေလိမ့်မည်။

ထိုအတောအတွင်း နောင်တော် ကွယ်လွန်သွားလျှင်မူ သူတို့သည် အိမ်ရှေ့ ကိုယ်တော်လေးကို မဟာရာဇာ တင်မြှောက်ရန် ပြန်လာကြလိမ့်မည်။

သို့ရာတွင် ကိုယ်တော်လေး ဂျိုတီသည် ကာရိကုတ် ပြည်နယ် အကြောင်းကို မကြာ မကြာ ပြောလေ့မရှိ။ သူ စိတ်ဝင်စားသည်မှာ အနောက်မြောက် နယ်စပ်ဒေသနှင့် ဘိလပ် အကြောင်း ဖြစ်သည်။ ကိုယ်တော်လေး ဂျိုတီနှင့် နေရသည်မှာ စိတ်ပျက်စရာ။ သူကလည်း အလွန် သိချင်၊ အက်ရှ်ကလည်း စကား ကောင်းကောင်း မပြောနိုင်သေး။

သို့တိုင် ကိုယ်တော်လေး လာ၍ စကားပြောနေသဖြင့် လောလောဆယ် ဒဏ်ရာများကို မေ့ပျောက်နိုင်သည့် အတွက်မူ သူ ဝမ်းသာသည်။ မူးလ်ရတ်နှင့် စကား ပြောရသည်ကလည်း စိတ်ပျက်စရာ။

အက်ရှ် ပြန်လည် ကျန်းမာလာခြင်း မရှိသေးမီ မူးလ်ရတ်သည် ထိုအကြောင်းများကို မပြောချင်။ သို့ရာတွင် အက်ရှ်က သူတို့ မြင်းပေါ်မှကျသည့် အကြောင်းကို မကြာခဏ မေးနေသဖြင့် မူးလ်ရတ် ရှောင်၍ မရတော့။

အက်ရှ်က ရှက်ဖျင်တဲ ခေါင်းတိုင်ကို ငေးကြည့်ရင်း

'ကိုယ်တော်လေးရဲ့ မြင်းကုန်းနှီး ဘာဖြစ်လို့ လျှောကျသွားသလဲ ဆိုတာ ကျွန်တော် နားမလည်နိုင်ဘူးဗျာ၊ ဒီဝမ်းပတ်ကို ဘီဂျူရန်းက ချည်ပေးလိုက်တာလား၊ မြင်းထိန်းက ချည်ပေးလိုက်တာလား၊ သူတို့ ချည်မပေးလိုက်ဘူး ဆိုရင်တော့ ကိုယ်တော်လေးရဲ့ အပြစ်ပေါ့၊ ဘယ်သူ ချည်ပေးလိုက်တာလဲ၊ ခင်ဗျား သိသလား'

မူးလ်ရတ်က ရုတ်တရက် မဖြေ။ သူ့ကို ကြည့်ရသည်မှာ ထိုကိစ္စကို ပြောချင်ဟန် မတူ။ အက်ရှ်သည် သူ့ကို လူမမာ တစ်ယောက်လို သဘောထားနေကြသည်ကို သည်းမခံနိုင်တော့ဘဲ ထိုမေးခွန်းကို ထပ်မေး၏။

မူးလ်ရတ်က ပခုံးကို တွန့်ပြလိုက်လျက်

'ကိုယ်တော်လေးက ပြောတော့ သူကိုယ်တိုင် ချည်တယ်လို့ ပြောတာပဲ၊ ကိုယ်တော်လေး တစ်ယောက်တည်း ဝမ်းပတ်ကြိုးကို ချည်လို့တော့ ရမှာ မဟုတ်ဘူး၊ ချည်လို့ မရရင် သူလည်း ဘယ်ကိုမှ သွားဖြစ်တော့မှာ မဟုတ်ဘူးလို့ တွက်ပြီး ဘီဂျူရန်းက ရှောင်ထွက်သွားတယ် ထင်တယ်'

'တော်တော် မိုက်တဲ့ သူငယ်ပဲ၊ ခုတော့ မှတ်ကရောပေါ့'

မူးလ်ရတ်က ဆတ်ခနဲ ကြည့်လိုက်ရင်း

'ဘာမှတ်ရမှာလဲ သခင်ဆပ်၊ နောင် မြင်းစီးရင် ဝမ်းပတ်ကြိုးတွေကို ခိုင် မခိုင် ခြေနင်းတွေကို မြဲ မမြဲ သတိထားဖို့ မှတ်ရမှာလား၊ ဒါမှမဟုတ် ကုန်းနှီး



www.burmeseclassic.com

www.burmeseclassic.com



ဘာတို့ တင်ရင် ကုန်းနီးအောက်မှာ ဘာရှိတယ် ဆိုတာ လှန်ကြည့်ဖို့ သတိထားရမှာလား’

မူးလ်ရတ်၏ အသံနှင့် မျက်နှာထားက ထူးဆန်းနေသည်။

‘ခင်ဗျား ဘာကို ဆိုလိုတာလဲ’

‘မြင်း ဝမ်းပတ်ကြိုးက ကွင်းတွေကို သေသေချာချာ ချည်တယ် ခင်ဗျ၊ ဒါပေမဲ့ ဝမ်းပတ်ကြိုးဟာ ပြုတ်ထွက်သွားတယ်၊ ဘယ့်နှယ်ခင်ဗျာ၊ ဝမ်းပတ်ကြိုးဟာ နာရီပိုင်းကလေး အတွင်း ပါးပြီး ပြတ်သွားရမလား၊ တိုက်တိုက်ဆိုင်ဆိုင် မနေ့ကပဲ ကျွန်တော် ကုန်းနီးကို ကြည့်လိုက်မိသေးတယ်၊ သခင်ဆပ် မှတ်မိသလား၊ ကိုယ်တော်လေးက ခိုတစ်ကောင်ကို သိမ်းနှင့် တိုက်ဖမ်းတော့မလို့ လုပ်တော့ မြင်းက လန့်ပြေးသွားတယ်လေ၊ အဲဒီတုန်းက ကိုယ်တော်လေး မြင်းကုန်းနီးဟာ နောက်ကို ရွေ့ပြီး နောက်ကို ရောက်နေတယ် ထင်တယ်လို့ ကျွန်တော် ပြောလိုက်သေးတယ် မဟုတ်လား၊ ဒါနှင့် ကျွန်တော် သူ့နောက်ကို စီးလိုက်သွားတယ်လေ’

‘ဟုတ်တယ်၊ ခင်ဗျား ပြောတယ်၊ ကုန်းနီး အခြေအနေကို ခင်ဗျား မကြိုက်ဘူးလို့ ပြောတယ်၊ ဒါပေမဲ့… အေးလေ ဆက်ပါဦး’

‘သူ့သိမ်းက ခိုဖမ်းလာတော့ ကျွန်တော် သူ့ကို မီသွားပြီ၊ အဲဒီတော့ သခင်ဆပ်က နောက်မှာပဲ ရှိသေးတယ်၊ အဲဒီတုန်းက ကျွန်တော်က သူ့ဝမ်းပတ် လျော့နေလို့ သေသေချာချာ ပြန်တင်း ပေးလိုက်သေးတယ်၊ ဒါပေမဲ့ နောက် ဘာကြာသလဲ၊ မြင်း လန့်ပြေးတာပဲ၊ ဒီတင် ဝမ်းပတ်ကြိုးဟာ ပါးပြီး ပြတ်သွားတယ်’

‘ဟုတ်ရဲ့လားဗျာ’

မူးလ်ရတ်က မျက်နှာထား တည်တည်ဖြင့်

‘ဟုတ်တယ် ခင်ဗျ၊ သခင်ဆပ်ကတော့ ယုံချင်မှ ယုံမယ်၊ ဒါပေမဲ့ ဖြစ်တာကတော့ ဒီအတိုင်းပဲ၊ ဒီတော့ ဖြစ်နိုင်တာ နှစ်ခုပဲ ရှိတယ်၊ တစ်ခုက ဝမ်းပတ်ကြိုးဟာ ခါတိုင်း သုံးနေကျကြိုး မဟုတ်ဘဲ ဆွေးနေတဲ့ ကြိုးအဟောင်းရင်လည်း ဖြစ်ရမယ်၊ ဒါမှမဟုတ်ရင်လည်း ကျွန်တော်တို့ တစ်တွေ နားနေကြတုန်းမှာ ဝမ်းပတ်ကြိုးကို တစ်ယောက်ယောက် ဓားထက်ထက်နှင့် လှီးထားလိုက်တာရင်လည်း ဖြစ်ရမယ်၊ ဓားထက်ထက်နှင့် လှီးထားလိုက်တဲ့ အခါကျတော့ တည်းတည်းကလေး ကျန်နေတာကို မြင်လည်း မမြင်ရတော့ဘူး၊ မြင်းက ပြေးတာနှင့် အဲဒီကြိုးလည်း ပြတ်ထွက်သွားရော၊ ကျွန်တော်ကတော့ အဲဒါက ပိုပြီး ဖြစ်နိုင်တယ်လို့ ထင်တယ်’

အက်ရှ်သည် သူ့ကို မျက်မှောင်ကြီး ကုတ်လျက် စိုက်ကြည့်နေသည်။ ထိုအတိုင်း မှန်၍ ကိုယ်တော်လေး အနီးတစ်ဝိုက်တွင် လူသူ ရှိနေလျှင် ဘာမျှ မဖွယ်မရာ မဖြစ်နိုင်။

ကြံစည်သူသည် ဝမ်းပတ်ကြိုး ပြတ်စဉ် ကိုယ်တော်လေး အနီးတွင် မည်သူမျှ မရှိသည်ကို သိသူ ဖြစ်ရမည်။ ဤသည်ကို သိသူမှာ အခြားသူ မရှိ။ ဘီဂျူရှန်းတစ်ယောက်သာ ရှိသည်။ အက်ရှ်က သူ့စိတ်ကူးကို သူ ပွင့်ပွင့်လင်းလင်း ထုတ်ပြောလိုက်၏။

မူးလ်ရတ်က သဘောတူသည့်ဟန် ပခုံးကို တွန့်ပြသည်။ သို့ရာတွင် သခင်လေး မသိသည့် သူတို့ အကြောင်းတွေ ရှိသေးသည်ဟု မူးလ်ရတ်က ပြော၏။

ဥပမာ ကိုယ်တော်လေးသည် သိမ်းတိုက်၍ သိမ်းငှက်ကို လွှတ်လိုက်ပြီးပြီ ဆိုလျှင် သိမ်းငှက် နောက်သို့ သူ့မြင်းကို ဒုန်းစီးလိုက်တတ်သည့် အကျင့် ရှိကြောင်း၊ ထိုသို့ ဒုန်းစီးပြီ ဆိုလျှင် သူ့နောက်မှ လူလိုက်လာသည်ကို နှစ်သက်ခြင်း မရှိကြောင်း၊ ထို့ကြောင့် သူ့နောက်တွင် အခြွေအရံတွေ မည်မျှ ပါလာစေ သိမ်းငှက်ကို လွှတ်ပြီ ဆိုသည်နှင့် သိမ်းငှက်ပျံရာ နောက်သို့ မြင်းကို ဒုန်းရိုက်၍ စီးတတ်ကြောင်း၊ နောက်မှ လိုက်ပါလာသူများမှာ စောင့်ကြည့်ရုံမျှသာ တတ်နိုင်ကြကြောင်း။

မြင်းကို ဒုန်းစီးသည့် အခါတွင် ဝမ်းပတ်ကြိုးသည် ပြတ်သွားနိုင်ကြောင်း၊ အလေးချိန် နည်းနည်းဖြင့် လန့်ပြေးနေသော မြင်း၏ အရှိန်သည် လူကြီး တစ်ယောက် စီးနေစဉ်ကထက် ပို၍ မြန်ကြောင်း၊ ဤတွင် နောက်မှ လိုက်မမီခင် ကိုယ်တော်လေးသည် မြင်းပေါ်မှ ကျသွားနိုင်ကြောင်း။

‘ဒီလောက် အရှိန်ပြင်းပြင်း ပြေးနေတဲ့ မြင်းပေါ်က မြေကြီးပေါ်ကို ကျတယ် ဆိုရင် ဘယ်သက်သာတော့ ဆပ်ရာ၊ ပွဲချင်းပြီးတာပေါ့၊ ကလေး မပြောနှင့် လူကြီးတောင် မခံနိုင်ဘူး၊ ဒါပေမဲ့ ကြံစည်တဲ့ လူတွေအတွက် မှားသွားတာ တစ်ခု ရှိတယ်၊ အဲဒါကတော့ ကိုယ်တော်လေးဟာ သတ္တိ ကောင်းသလောက် ဖြတ်ထိုးဉာဏ် ကောင်းတယ် ဆိုတဲ့ အချက်ကို သူတို့ ထည့်မတွက်လိုက်မိကြဘူး၊ ပြီးတော့ လူကြီးသာ ဆိုရင် မြင်းလည်ကို တွယ်ပြီး လိုက်လို့ မရရင် ရှိမယ်၊ ကလေးက



www.burmeseclassic.com

www.burmeseclassic.com



တော့ မြင်းလည်ကို ဖက်တွယ်လိုက်သွားလို့ ရတယ်လေ၊ ဒါကိုလည်း သူတို့ မတွက်လိုက်မိကြလို့ပေါ့'

အက်ရှ်က စိတ်မရှည်နိုင်ဘဲ ထို 'သူတို့' သည် မြင်း လန့်ပြေးမည်ကို မည်သို့ ကြိုတင် သိမြင်နိုင်မည်နည်း။ မြင်း လန့်ပြေးမှ 'သူတို့' အကြံ အောင်နိုင်မည်ဖြစ်ရာ မြင်း လန့်ပြေးအောင် 'သူတို့' မည်သို့ လုပ်နိုင်မည်နည်း။ ထို့ကြောင့် ထိုအယူအဆလည်း မဖြစ်နိုင်။

မှုးလ်ရတ်သည် ထိုင်ရာမှ ထလိုက်၏။ လက်နှစ်ဖက်ကို ခါးပတ်ကြားထဲသို့ ထိုးထည့်လိုက်ပြီး အက်ရှ်ကို ငုံ့ကြည့်နေသည်။ သူ့မျက်နှာသည် ချက်ချင်း တင်းသွား၏။ ထို့နောက် လေသံ ခပ်တိုးတိုးဖြင့်

'သခင်ဆပ် ထင်သလို မဟုတ်ဘူး ခင်ဗျ၊ ဒီလို လန့်ပြေးအောင် နဂိုက ကြိုတင် စီစဉ်ထားတာ သေချာတယ်၊ ကိုယ်တော်လေးဟာ သိမ်းတိုက်တော့မယ် ဆိုရင် ခြေနင်းကွင်းပေါ်မှာ မတ်တတ်ရပ်တယ်၊ ပြီးတော့ သိမ်းကို လွှတ်လိုက်တာနှင့် တစ်ပြိုင်နက် အော်လေ့ ရှိတယ်၊ သူဘုရားဟာ ဒီအကျင့်တွေ အားလုံးကို နားလည်ပြီးသား၊ ဒါကြောင့် မြင်းကို လန့်ပြေးအောင် ဘယ်လို စီစဉ်ထားသလဲ ဆိုတာကိုတော့ ကျွန်တော် မပြောနိုင်သေးဘူး၊ ကြိုတင် စီစဉ်ထားတာကတော့ အမှန်ပဲ၊ ကိုယ်တော်လေးသည်း မတ်တတ် ရပ်လိုက်ရော မြင်းဟာ မြားတစ်စင်းလို လန့်ပြေးလိုက်တာ မှန်နေတာပဲ မဟုတ်လား'

အက်ရှ်က ယောင်၍ ခေါင်းညိတ်လိုက်မိသဖြင့် ကျိုးထားသည့် ညှပ်ရိုးက မခံမရပ်နိုင်အောင် နာကျင်သွားသည်။

'ဟုတ်ပါတယ်လေ၊ ကျွန်တော် မြင်ပါတယ်၊ ကျွန်တော် မှတ်မိသလောက် ပြောရရင် အနားတစ်ဝိုက်မှာလည်း လူဆိုလို့ တစ်ယောက်မှ မတွေ့ရဘူး၊ သေနတ်သံ ဆိုလို့လည်း တစ်ချက်မှ မကြားရဘူး၊ အဲဒီတစ်ခုတော့ ရှိသပေါ့ဗျာ၊ ပျားကောင်တို့ နကျယ်ကောင်တို့...'

အက်ရှ်သည် စကားကို ရပ်လိုက်၏။ တစ်စုံတစ်ခုကို သွား၍ အမှတ်ရသောကြောင့် ဖြစ်သည်။ ကိုယ်တော်လေး ဂျိုတီနောက်သို့ စိတ်မချ၍ လိုက်သွားစဉ်ကလည်း ထိုအချက်ကို အမှတ်ရ၍ လိုက်သွားခြင်း ဖြစ်၏။ ယင်းမှာ အခြားမဟုတ်။ ဂူးလ်ကုတ် စော်ဘွားကြီးသည် သိမ်းတိုက် ထွက်ရာတွင် မြင်းပေါ်မှကျ၍ ဘယ်လွန်ခဲ့ခြင်း ဖြစ်ကြောင်း၊ ပျားတုပ်၍ မြင်းလန့်ပြေးသည် ထင်ရကြောင်းဖြင့် သူ့ကို ပြောဖူးသည့် မာဒူး၏ စကားများ ဖြစ်သည်။

မှုးလ်ရတ်သည်လည်း သူ့အတွေးကို ရိပ်မိလိုက်ပုံ ရသည်။ မှုးလ်ရတ်က

'သခင်ဆပ်လည်း ဒီအကြောင်းကို ကြားဖူးသကိုး၊ ဒါ့တော့ ဟုတ်ချင်လည်း ဟုတ်မှာပေါ့လေ၊ ဘယ်သူ သိနိုင်ပါ့မလဲ၊ ဒါပေမဲ့ ဒီတစ်ခါတော့ ကျွန်တော် သေသေချာချာ သိချင်တယ်ဗျာ၊ သခင်ဆပ် ချောက်ထဲ ကျသွားတော့ ကျွန်တော် ဆင်းထမ်းတယ်၊ ဆပ် မသေဘူး ဆိုတာလည်း သိရော ကျွန်တော် ကိုယ်တော်လေးကို ကျွန်တော့် မြင်းကြီး ဒါဟန်ကို အစီးခိုင်းပြီး ပြန်လွှတ်လိုက်တယ်၊ ကျွန်တော့်မြင်း ဒါဟန်ဟာ တော်တော် သနွေကောင်းတဲ့ မြင်း၊ ကိုယ်တော်လေးလောက် မြင်းစီးကောင်းတဲ့ လူကို မပြောနှင့်၊ မွေးစကလေးတွေကို တင်လွှတ်လိုက်ရင်တောင် ဒါဟန်နှင့် ဆိုရင် စိတ်ချရတယ်၊ ဒါကြောင့်မို့ ကိုယ်တော်လေးကို ကျွန်တော် ဒါဟန်နှင့် ပြန်ပို့လိုက်တာ၊ အဲ သူ ထွက်သွားလို့ ကိုယ်တော်လေး စီးတဲ့ ကုန်းနှီးကို ကျွန်တော် ကောက်ကြည့်လိုက်တော့...'

မှုးလ်ရတ်က ဆက်မပြောသေးဘဲ အနားတွင် လူသူ ရှိ မရှိ ပခုံးပေါ်မှ ကျော်၍ ပြန်ကြည့်လိုက်သည်။

'အင်း ပြောပါ၊ ဘယ်သူမှ မရှိပါဘူး၊ မာဒူး တစ်ယောက်တည်းပါ၊ မာဒူးလည်း မကြားပါဘူး၊ လူလာရင် မာဒူးက ချောင်းဟန့်ပြီး အချက်ပေးမှာပါ'

မှုးလ်ရတ်က ခေါင်းညိတ်လိုက်၏။ ထို့နောက် လေသံ တိုးတိုးကလေးဖြင့်

'ဒီတစ်ခါတော့ ပျားတုပ်တာလည်း မဟုတ်ဘူး၊ နကျယ်ကောင် တုပ်တာလည်း မဟုတ်ဘူး ခင်ဗျ၊ ကုန်းနှီးအောက်မှာ ကျားလျှာဆူးကြီး၊ ကိုယ်တော်လေးကလည်း သိမ်းငှက်ကို လွှတ်ပြီးလို့ ကုန်းနှီးပေါ်ကိုလည်း ဆောင့်ထိုင်ချလိုက်ရော အဲဒီ ဆူးကြီးဟာ မြင်းအသားထဲကို မြုပ်ဝင်သွားတယ်၊ ဆူးကို ကုန်းနှီးအောက်မှာ ခင်းတဲ့ သားရေပြားထဲမှာ သေသေချာချာ မြှုပ်ထားတာ ခင်ဗျ၊ ကိုယ်တော်လေးက မြင်းကို အားစိုက်စီးလိုက်တိုင်း ဆူးက မြင်းကိုယ်ထဲကို တဖြည်းဖြည်း နစ်ဝင်သွားတယ်၊ သခင်ဆပ် နေပြန်ကောင်းလို့ ရှိရင် အဲဒီ ဆူးကို ဘယ်လို မြှုပ်ထားတယ် ဆိုတာ ကျွန်တော် ပြမယ်၊ ဘယ့်နှယ်ခင်ဗျာ၊ ဒီဆူးကြီးဟာ တစ်ယောက်ယောက် လာမစိုက်ရင် ကုန်းနှီးကြားထဲကို ဘယ့်နှယ့် ရောက်နေပါ့မလဲ၊ လူစိုက်လို့သာ ရောက်နေတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ရွက်ဖျင်တဲထဲတွင် အတန်ကြာမျှ တိတ်ဆိတ်နေသည်။ တစ်ခါတစ်ရံတွင် တဝီဝီ မြည်နေသော ယင်မြည်သံကို ကြားရ၏။ အက်ရှ် သံသယ မရှိတော့။

'ဒါဖြင့် ခင်ဗျား ဘာလုပ်မလဲ မှူးလ်ရတ်'

'ကျွန်တော် ဘာလုပ်နိုင်မှာလဲ၊ ကိုယ်တော်လေးကို စောင့်ကြည့်နေရုံပဲ တတ်နိုင်မှာပေါ့၊ ဒါကလည်း မလွယ်ပါဘူး သခင်လေးရာ၊ ကျွန်တော်က အပြင်လူ၊ သူ့အနားမှာ အတွင်း လူယုံတော်တွေက ပြည့်လို့၊ ကျွန်တော်လည်း ကုန်နီးကို ချောက်နားမှာပဲ ပစ်ထားခဲ့ပါတယ်၊ ဆူး တွေ့တဲ့ အကြောင်းကိုလည်း ဘယ်သူ့ကိုမှ မပြောပါဘူး၊ ဝမ်းပတ်ကြီး ပြတ်သွားတာလောက်ပဲ ပြောပြပြီး မြင်းထိန်းတွေကို ဆူရတာပေါ့၊ ဒီလိုမှ မဆူရင်လည်း ဘာဖြစ်လို့ ငြိမ်နေရသလဲလို့ လူတွေက ကျွန်တော့်ကို တစ်မျိုး ထင်ကြဦးမယ် မဟုတ်လား'

'ဒါဖြင့် ခင်ဗျား ဒီအကြောင်းကို ဘယ်သူ့ကိုမှ မပြောဘူးပေါ့'

'လျှောက်ပြောလို့ ဖြစ်မလား သခင်လေး၊ ဒီကိစ္စမှာ ဘယ်သူတွေ ပါပြီး ဘယ်သူတွေက ထောက်ခံနေမှန်းမှ မသိတာ၊ ဘုမသိ ဘမသိနှင့် ကိုယ်က ဝင်ပြောလို့ အဆင်မပြေရင် ကိုယ်ပါ ခားစာမိနေမှာ၊ သခင်ဆပ်က ကာရိကုတ် ပြည်နယ် အကြောင်း မသိသေးဘဲကိုး၊ ကျွန်တော် မပြောချင်ဘူး၊ ကျွန်တော်တို့ ဟော်နန်းထဲမှာ တစ်ယောက်နှင့် တစ်ယောက် အကောက်ကြံမှုတွေ ရှိနေတယ်၊ မိုးတွင်းမှာ ခါချဉ်တွေ ပေါသလို ဟော်နန်းတစ်ခုလုံး အကောက်ကြံမှုတွေချည်းပဲ၊ သခင်ဆပ် စိတ်ထိခိုက်နေမှာ စိုးလို့ ကျွန်တော် မပြောချင်သေးဘူး၊ နောင် သခင်လေး ကျန်းမာလာတော့မှ ပြောပြဦးမယ်၊ ဒါပေမဲ့ ခုပြောသင့်သလောက် ပြောလိုက်ရလို့ ကျွန်တော့်မှာ တော်တော် ရင်ပေါ့သွားပြီ၊ ကျွန်တော်တို့ နှစ်ယောက် ပေါင်းပြီး ကိုယ်တော်လေးရဲ့ အသက်ကို ကာကွယ်ရင် ပိုပြီး လုံခြုံနိုင်တာပေါ့လေ'

ဂိုဗင်ဒတ်စ်နှင့် ကာကာဂျီတို့ ရောက်လာသဖြင့် သူတို့နှစ်ယောက် စကားပြတ်သွားကြသည်။ သမားတော် ဂိုဗင်ဒတ်စ်က လူမမာမှာ ကောင်းကောင်း နေမကောင်းသေးသည့် အတွက် ယနေ့ အဖို့ နောက်ထပ် လာရောက်မေးမြန်းသူများကို လက်မခံသင့်တော့ကြောင်းဖြင့် ပြောသည်။

အက်ရှ်သည် ထိုနေ့ ညဉ့်နက်သည် အထိ ကိုယ်တော်လေး ဂျိုတီ အကြောင်းကို စဉ်းစားနေမိသည်။ ဇူလီ၏ အကြောင်းကို မစဉ်းစားမိတော့ဘဲ အပြောင်းအလွဲ စဉ်းစားစရာ ပေါ်သည့် အတွက် ဝမ်းသာရသေး၏။

သည်လို အချိန်မျိုးတွင် အိပ်ရာထဲ၌ လူမမာကြီးဖြစ်နေရသည်ကို မကျေမနပ် ဖြစ်ရသည်။ ထို့ကြောင့် ကိုယ်တော်လေး ဂျိုတီကို သူ့ရွက်ဖျင်တဲသို့ မကြာမကြာ လာလည်ဖို့ ဖိတ်မည်ဟု ဆုံးဖြတ်လိုက်၏။ သို့ရာတွင် သူ့ဆုံးဖြတ်ချက်ကို ဂိုဗင်ဒတ်စ်၊ မာဒူးနှင့် ကာကာဂျီတို့က လက်မခံ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၈

'သခင်ဆပ်ဟာ ကျွန်တော်တို့ကို တော်တော် ဒုက္ခပေး တယ်နော်' ဟု ကိုယ်တော်လေး ဂျိုတီက နောက်သလို ဆိုဖြင့် ပြောလိုက်၏။

'ဝမ်းနည်းပါတယ် ကိုယ်တော်လေး'

အက်ရှ်သည် နောက်သလို ပြောင်သလိုဖြင့် ကိုယ်တော်လေးကို လက်နှစ်ဖက် ယှက်၍ အရိုအသေ ပေးလိုက်သည်။ အမြန်ဆုံး နေထိုင်ကောင်းရန် ကြိုးစားသွက် ရှိကြောင်း၊ ရက်များ မကြာမီ ပြန်လည် ကျန်းမာ လာတော့မည် ထင်ကြောင်းဖြင့် ပြန်၍ ပြောလိုက်သည်။

'အို ကျွန်တော်က ဒါကို ပြောတာ မဟုတ်ပါဘူး၊ ဘီရှူ ဘုန်းကြီးတွေရဲ့ ကိစ္စကို ပြောတာပါ'

'ခင်ဗျာ၊ အဲဒါ ကျွန်တော်နှင့် ဘာဆိုင်လို့လဲ'

'ခု ဘုန်းကြီးတွေက ကျွန်တော့် အစ်မတော် နှစ်ပါးကို တော်တော် စိတ်ဆိုးနေကြတယ်၊ မူးလ်ရတ်ကိုလည်း စိတ်ဆိုးတယ်၊ ဘကြီးတော်ကိုတော့ စိတ်အဆိုးဆုံးပေါ့လေ၊ ဘာဖြစ်လို့လဲ သိရဲ့လား၊ သခင်ဆပ် ကျွန်တော်တို့ ဒါဘာ ရှက်ဖျင်တဲ့ကို လာလည်ရင် ကျွန် တော်တို့ ထိုင်တဲ့ ကော်ဇောတွေပေါ်မှာ ထိုင်တယ်တဲ့၊ ပြီးတော့ သခင်လေးနှင့် သစ်သီးတို့ အချိုပွဲတို့ကို စား ရင်လည်း ကျွန်တော်တို့က ဧည့်ဝတ်ကျေရုံ ဟန်ဆောင် ဟန်ဆောင် စားတာ မဟုတ်ဘဲ တကယ် စားတယ်တဲ့၊ သူတို့က အလွန် အယူသီးတယ် မဟုတ်လား၊ ကျွန် တော်တို့က ဇာတ်နိမ့်တွေနှင့် ရောတယ် ဘာဖြစ်တယ် ဆိုပြီး ပြောနေကြတာပေါ့၊ သူတို့ကို ဘယ်သူကများ သွားပြောသလဲ မသိပါဘူး'

'ဟုတ်လား၊ အဲဒီလို ပြောနေသလား၊ ဟုတ်တာ ပေါ့၊ ကျွန်တော်ကလည်း အလိုက်သိဖို့ ကောင်းတာပေါ့၊ ဒီလိုဆိုရင် နောင်ကို ကျွန်တော့်ကို ကိုယ်တော်လေးတို့ ဒါဘာတဲ့ကို မဖိတ်တော့ဘူးပေါ့'

'အို ဒီလို မဟုတ်ပါဘူး၊ ဒီလို ကြားတော့ ဘကြီးတော်က သိပ် စိတ်ဆိုးတာပေါ့၊ သခင်ဆပ်ဟာ ကျွန်တော်တို့ တစ်မျိုးလုံး တစ်ဆွေလုံး အရှက်တကွဲ အကျိုးနည်း မဖြစ်အောင် ကယ်ခဲ့တဲ့ လူတဲ့၊ သခင်ဆပ် သာ မကယ်ရင် ကျွန်တော်တို့ အားလုံး ဒုက္ခ ရောက်မှာ တဲ့၊ အစ်မတော် ရှုရီလာသာ ရေနစ်သေရင် သူလည်း နေရဲတော့မှာ မဟုတ်ဘူးတဲ့၊ သခင်ဆပ် ကယ်လို့သာ အရှက်တကွဲ အကျိုးနည်း မဖြစ်တာတဲ့၊ အားလုံး သူ့ ခေါင်းပေါ် ပုံကျတော့မှာတဲ့၊ ဘကြီးတော်က ဒီလို ပြော လိုက်တော့မှ သူတို့လည်း နောက်ဆုတ်သွားကြတယ်၊ ဘကြီးတော်က ဘာသာတရားကို တကယ် ရိုသေ ကိုင်း ရှိုင်းတဲ့ ပုဂ္ဂိုလ် မဟုတ်လား၊ ဘကြီးတော်ဟာ နေ့တိုင်း နာရီပေါင်း များစွာ ဘုရားရှိခိုးတယ်၊ မရှိဆင်းရဲသား တွေ ဆိုရင်လည်း ပေးကမ်း စွန့်ကြဲတယ်၊ ဝတ်ကျောင်း တွေကိုလည်း အများကြီး လှူတယ်၊ ပြီးတော့လည်း ဘကြီးတော်ဟာ ကျွန်တော်တို့ ခမည်းတော်ကြီးရဲ့ နောင် တော်ကြီး မဟုတ်လား၊ ဟုတ်တယ်၊ ကျွန်တော်လည်း ဘီဂျူရန်း ဆိုတဲ့လူကို ကြည့်လို့ကို မရဘူး'

'ဘာဖြစ်လို့လဲ'

'အလကားပါ သခင်လေး၊ ကျွန်တော်တို့ ဒါဘာ တဲ့ကို လာတဲ့ အခါကျတော့ သခင်လေး ဘာတွေ လုပ် သလဲ၊ ဘာတွေ ပြောသလဲ၊ ကျွန်တော်တို့က ဘယ်လို ဧည့်ခံသလဲ ဆိုတာ အကုန် လျှောက်မေးနေတာပဲ၊ ကျွန်တော်ကလည်း ပြောလိုက်တာပေါ့၊ ဒီတင် ဘုန်းကြီး တွေဆီကို သွားတိုင်တယ် ထင်ပါရဲ့၊ သူက ပြောတော့ ကျွန်တော့် အတွက် ပြောတာပါတဲ့၊ နောင်တော် နန်ဒူးရဲ့ နားကို ဒီသတင်းတွေ ရောက်လို့ရှိရင် နောင်တော်က ဟိုလူပြော ဒီလူပြော ပြောမှာတဲ့၊ ဒီလိုဆိုရင် လူတွေက ပါ ကျွန်တော့်ကို တစ်မျိုး ထင်ကြမှာတဲ့၊ ကျွန်တော်က နောင်တော် နန်ဒူးကိုရော သူတို့ဈေးသည် သားတွေကို

www.burmeseclassic.com

www.burmeseclassic.com



ရော ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူး သခင်လေး၊ တကယ်ဆိုရင် ဘီဂျူးရုန်းဟာ ကျွန်တော့် ကိစ္စထဲမှာ ဘာဝင်ရှုပ်စရာ ရှိသလဲ၊ ကျွန်တော်ကကော သူ့စကား ဘာဖြစ်လို့ နားထောင်ရမှာလဲ၊ ကျွန်တော်က သူ ထိန်းတဲ့ ကလေး လေးမှ မဟုတ်တာ၊ ဟော ပြောရင်းဆိုရင်း ဘကြီးတော်တောင် လာနေပြီ'

ကာကာဂျီက

'တူတော်မောင်လေး ဒီရောက်နေမယ် ဆိုတာ ဘကြီးတော် သိသားပဲ၊ သက်သက်မဲ့ သခင်လေး နားငြီးအောင် စကား လာများနေတယ်ပေါ့ ဟုတ်စ၊ ကဲ သွား သွား၊ အပြင်မှာ မြင်းစီးထွက်ဖို့ မှူးလ်ရတ် စောင့်နေတယ်'

ဘကြီးတော်သည် ကိုယ်တော်လေး ဂျိုတီကို မောင်းထုတ်လိုက်ပြီးနောက် အက်ရှ်ကို သတိပေးသည့် အနေဖြင့် လက်ညှိုး ထောင်ပြလိုက်က

'သခင်ဆပ်ကလည်း တော်တော် အပြောရခက်တယ်၊ ဘာဖြစ်လို့ ဒီကလေး လာပြီး စကား များနေတာကို သည်းခံ နေရတာလဲ၊ သူ့ကို အလို မလိုက်နှင့်လို့ ကျုပ် ပြောသားနှင့်'

'ဟုတ်ပါတယ် ကာကာဂျီရယ်၊ ကျွန်တော် မှားပါတယ်၊ ကာကာဂျီက ကျွန်တော့်ကို ရန်ထောင်ဖို့ လာတာပေါ့ ဟုတ်လား' ဟု အက်ရှ်က ရယ်၍ ပြောလိုက်၏။

'ဟုတ်တယ်၊ သခင်လေးကို ပြောပေးနိုင်ကာမှ တော်ရုံကျတယ်'

'ကာကာဂျီရဲ့ တူတော်မောင်က သူတို့ကို ဘုန်းကြီးတွေ ဆူနေတယ်တဲ့၊ အဲဒါ ကျွန်တော့်ကြောင့်လို့ လာဆူနေလို့'

'အလကားပါ၊ ဒီကလေးဟာ တွေ့ရာကို လျှောက်ပြောနေတာ၊ ဒီကိစ္စက သခင်လေးနှင့် မဆိုင်ပါဘူး၊ ကျွန်တော်တို့ ကိစ္စပါ၊ ခုတော့ ရှင်းသွားပါပြီ'

'ဟုတ်လား၊ ကျွန်တော်ကတော့ ကျွန်တော့် အတွက် ကာကာဂျီတို့ ကြားထဲမှာ ပြဿနာ မဖြစ်စေချင်လို့ပါ'

'ကျုပ် ပြောပြီးပြီကော၊ ဒီကိစ္စဟာ ရှင်းသွားပါပြီလို့၊ ကျုပ်ကို ခင်ရင် ဒီအကြောင်းကို နောက်ထပ် မပြောပါနှင့်တော့၊ တူတော်မောင် ဂျိုတီကိုလည်း သခင်လေးဆီ ခဏ ခဏ လာပြီး အနှောင့်အယှက် ပေးတာ သည်းမခံပါနှင့်၊ သခင်လေးက ကလေး လာလာပြီး နှောင့်ယှက်တာကို တယ်ပြီး သည်းခံတာကိုး'

ကိုယ်တော်လေး ဂျိုတီ သူ့ထံ လာရောက်နေခြင်းသည် အက်ရှ် အတွက် အနည်းငယ် အနှောင့်အယှက် ဖြစ်သည့်တိုင် ကာကာဂျီ ပြောသလောက်ကား မဟုတ်၊ သို့ရာတွင် အက်ရှ်သည် ကာကာဂျီနှင့် ယှဉ်ပြိုင် ငြင်း ခြင်း မပြုလိုတော့။

ကာကာဂျီ၏ စေတနာကို အက်ရှ် နားလည် သည်။ သို့ရာတွင် ဂျိုတီ လာ၍ စကား များနေတာထက် သူ လာ၍ စကား များနေခြင်းက အက်ရှ် အတွက် ပို၍ အနှောင့်အယှက် ဖြစ်နေသည်ကိုသာ သိလျှင် ကာကာဂျီ သည် များစွာ စိတ်မကောင်း ဖြစ်မိပေလိမ့်မည်။

ကာကာဂျီသည် အလွန် စကားများသူ ဖြစ် အိပ်ရာပေါ်တွင် ဒဏ်ရာဒဏ်ချက်တွေ ပတ်တီးတွေ မလှုပ်မယှက် ဖြစ်နေသည့် အက်ရှ်သည် ကာကာဂျီ အဖို့ အကွက်ကောင်း ဖြစ်နေသည်။ ကာကာဂျီသည် ပြောသင့် မပြောသင့် မချိန်ဆဘဲ စကားများသည်။ ကာကာဂျီတွင် နားထောင်သူ ရှားဘိခြင်း။

အက်ရှ် အဖို့သော်မူ စိတ်ဝင်စားဟန် ဖြင့် အသာ နားထောင်နေရုံဖြင့် သူတို့ အတွင်းရေးများ ကောင်းကောင်း သိနေရသည်။ ဥပမာအားဖြင့် ကာ ကုတ် ပြည်နယ် မဟာရာဇာ နန်ဒူး အကြောင်း ဆိုလျှင် အက်ရှ် သူ့ထံမှ အများကြီး သိလိုက်ရသည်။

ကာကာဂျီမှာ စကား ပြောမိလျှင် ပြောသင့် မပြောသင့် မချိန်ဆတော့ဘဲ စကားဖွာတတ်သူ ဖြစ် တစ်ခါတစ်ရံတွင် မရည်ရွယ်ဘဲနှင့် အတွင်းရေးတွေ ပြောမိလျက်သား ဖြစ်နေတတ်သည်။

မဟာဒေဝီ ဂျာနူးဘိုင်သည် အလွန် ပါး ကျွမ်းကျင်သော မိန်းမ တစ်ယောက် ဖြစ်ကောင်း ဖြစ် မည်။ သို့ရာတွင် မိခင် တစ်ယောက် အနေဖြင့် ပါးနပ် ထက်မြက်သည့် မိခင် တစ်ယောက် မဟုတ်

မဟာဒေဝီသည် သားများ အားလုံးကို အလိုလိုက် ကာ မည်သူ ပြောဆို ဆုံးမသည်ကိုမျှ မကြိုက်။ သား ကြီး နန်ဒူးကို ဆိုလျှင် အလို လိုက်ချင်တိုင်း လိုက် သည်။ ဤတွင် ပျော်ပျော်ပါးပါး နေတတ်သည့် ခမည်း တော်ကလည်း စိတ်ရှုပ်ခံ၍ သူ့သားတော်ကြီးကို ဆုံးမ ကွပ်ညှပ်ခြင်း မပြုခဲ့။

'ကျုပ်သဘော ပြောရမယ် ဆိုရင်တော့ ညီတော် စော်ဘွားကြီးဟာ သူများ ကလေးကို မပြော ကိုယ့်ကလေးတွေကိုတောင် ချစ်ပုံ မရဘူးဗျ၊ ကလေးတွေ သူ့ရှေ့မှာ ကြည်ကြည်သာသာ နေတုန်း ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



သည်းခံပါရဲ့၊ ဒါပေမဲ့ ကလေးတွေက အော်ဟစ် ငိုယိုပြီ ဆိုရင်တော့ သူ့အနားကို အလာတောင် မခံတော့ဘူး၊ သူကတော့ ကလေးတွေကို အပြစ်ပေးတာလို့ ထင်ချင် ထင်မှာပေါ့လေ။

'ကွယ်လွန်သွားတဲ့ လာလာဂျီက လွဲရင် ကျန်တဲ့ ကလေးတွေကလည်း သူတို့ကို လာခွင့်မပြုတဲ့ အတွက် ထူးပြီး ဝမ်းမနည်းပါဘူး၊ ဘာသိဘာသာပဲ နေလိုက်ကြတာပါပဲ၊ အဲ လာလာဂျီက သူ့ခမည်းတော်ကို တော်တော် ချစ်ရှာတယ်၊ ခမည်းတော် မကြိုက်တာ ဆိုလို့ ဘာမှ မလုပ်ဘူး၊ ဒါပေမဲ့ အငယ်တွေကတော့ ခမည်းတော်နှင့်လည်း သိပ်မတွေ့ဘူး၊ ဒီလောက်လည်း ချစ်ကြဟန်မတူပါဘူး၊ ဒီတော့ ခမည်းတော် ချစ်တဲ့ သားတော် ဆိုလို့ရှိရင် လာလာဂျီ မရှိတဲ့နောက် ဂျိုတီပဲ ကျန်တော့တယ်၊ နန်ဒူးကတော့ မြင်းစီးကလည်း မကျွမ်း'

နန်ဒူး တစ်ယောက် မြင်းစီး မတတ်ခဲ့ခြင်းမှာလည်း မဟာဒေဝီ ဂျာနူးဘိုင် အလိုလိုက်သောကြောင့် ဖြစ်၏။ ပထမဆုံး မြင်းငယ်ကလေး တစ်စီးပေါ်သို့ တင်ပေးစဉ်က နန်ဒူးမှာ အသက် သုံးနှစ်သာ ရှိသေး၏။ ထိခိုက်နာကျင်ခြင်းကို တစ်ခါမှ မတွေ့ခဲ့ဖူးသော နန်ဒူးသည် မြင်းပေါ် တက်မိ၍ သစ်ကိုင်းကလေး ခြစ်မိသည်နှင့် အော်ငိုတော့သည်။ ဤတွင် မဟာဒေဝီ ဂျာနူးဘိုင်ကလည်း မြင်းစီးခွင့် မပေးတော့။

ငယ်ငယ်ကတည်းက မြင်း မစီးခဲ့သည်မှာ ကြီးလာသည် အထိပင်။ မရှောင်သာ မလွှဲသာမှပင် စီးတော့သည်။ 'ဆင်နှင့် သွားရင် သွား၊ မသွားရင်လည်း ရထားနှင့်ပဲ သွားတော့တယ်ဗျ၊ တကတည်းဗျာ မိန်းကလေးကျနေတာပဲ' ဟု ဘကြီးတော် ကာကာဂျီက ပြောသည်။

မဟာဒေဝီ ဂျာနူးဘိုင်သည် သားအငယ်ကိုလည်း မြင်းမစီးစေချင်။ သို့ရာတွင် သားငယ် ဂျိုတီက နားမထောင်။ ဂျိုတီသည် ပထမ တစ်ကြိမ် စီးစဉ်က မြင်းပေါ်မှ လိမ့်ကျ၍ ငိုသည်။ သို့ရာတွင် ဂျိုတီသည် အငိုတိတ်သွားသည့် အခါတွင် မြင်းပေါ်သို့ ပြန်တက်၏။ မြင်းထိန်းက ရေ့ဇက်ကြိုး ဆွဲသွားသည်ကိုလည်း ခွင့်မပြု။

ဂျိုတီ မြင်းစီးသည်ကို သူ့ခမည်းတော်က ကြည့်၍ ကျေနပ်သလောက် နောင်တော် နန်ဒူးက ကျေနပ်ခြင်း မရှိ။ 'နန်ဒူးက ညီတော် မြင်းစီးတတ်တာကို မနာလိုဘူးလေ၊ ကိုယ့်မှာ မရှိတဲ့ အရည်အချင်း သူ့မှာ ရှိရင် ညီအစ်ကို အချင်းချင်းပဲ၊ ဘာမနာလိုစရာ ရှိသလဲ' ဟု ကာကာဂျီက ပြောသည်။

ကံကြမ္မာသည် နန်ဒူးကို မျက်နှာသာပေးသည်။ ပထမအားဖြင့် နန်ဒူးသည် အမေ၏ အချစ်တော် ဖြစ်သည်။ ထို့နောက် အဖေတူ အမေကွဲ နောင်တော် လာလာဂျီ ကွယ်လွန်သည့် အခါတွင် အရိုက်အရာကို ဆက်ခံသူ ဖြစ်လာ၏။ ယခု ကာရိကုတ် ပြည်နယ်၏ မဟာရာဇာ စော်ဘွား ဖြစ်နေလေပြီ။

ယခုထက်တိုင်လည်း မနာလိုဝန်တို ဖြစ်တတ်ဆဲ။ ဤနေရာတွင်မူ အမေ့သွေး ပါသည်ဟု ဆိုရလိမ့်မည်။ နန်ဒူးသည် သူ့အမေလို စိတ်ကြီးသည်။ သူ အမျက်ဒေါသ ထွက်လျှင် မည်သူမျှ အနား မကပ်ဝံ့ကြ။ ထီးနန်းကို စိုးစံရသူမှာ သည်လို စိတ်မျိုး ရှိဖို့ လိုသည်။ သို့မှသာ ကိုယ့်လက်အောက်ခံတို့က ကြောက်ရွံ့ ခန့်ညားကြမည်ဟု ဆိုကာ မဟာဒေဝီကလည်း သဘောကျ၏။ နန်ဒူးကို တစ်ခါတစ်ရံမှသာ တွေ့သည့် ခမည်းတော်ကမူ ထိုအချက်များကို သတိမပြုမိ။

နန်ဒူးသည် အရုပ်ပုပု။ ဝဝဖိုင့်ဖိုင့်။ အားကစားစသည်တို့ကိုလည်း ဝါသနာ မပါ။ သို့ရာတွင် အရုပ်ပုသည့် နေရာတွင်သာ အမေနှင့် တူသော်လည်း ရုပ်ကမူ အမေ့လိုလည်း မလှ။ အသားကလည်း မည်းလိုက်သေးသည်။ ထို့ကြောင့် သူ့ကို ကာရိကုတ် ပြည်နယ်သားများက 'ကုလား အတ်ဒမီ' (လူမည်း) ဟု ခေါ်ကြသည်။ ဂျိုတီ မြင်းစီးသွားသည်ကို မြင်လျှင် သောင်းသောင်း ဖြဖြ သြဘာပေးကြပြီး နန်ဒူး သွားလျှင်မူ တိတ်တိတ်သာနေကြသည်။

ကာကာဂျီက

'မနာလိုစိတ် ဆိုတာ အလွန် ဆိုးတာပဲ၊ မနာလိုစိတ် ဆိုတာ လူတိုင်းမှာ အနည်းနှင့် အများတော့ ရှိကြတာပါပဲ၊ ကျုပ်တို့လည်း ငယ်ငယ်တုန်းက မနာလိုစိတ်ရှိခဲ့ဖူးတာပါပဲ၊ ခုတော့ အသက်လည်း ကြီးပြီလေ၊ ဒီလိုစိတ်မျိုးလည်း မထားသင့်တော့ဘူး မဟုတ်လား၊ မနာလိုစိတ် ပေါ်လာရင်လည်း ချိုးနှိမ်ရတာပေါ့၊ အင်း သူ့နောင်တော်က မနာလိုဝန်တို အားကြီးတော့ ဂျိုတီ အတွက် ကျုပ် စိုးရိမ်တယ်'

ကာကာဂျီသည် ယိုဘူးထဲမှ ဆီးယို တစ်လုံးကို နှိုက်ယူလိုက်ရင်း

'သူ့ကို ဖျောက်ဖျက်ပစ်ချင် ပစ်နိုင်တယ်ပေါ့'

အက်ရှ်က အမှတ်တမဲ့ ကောက်မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'အို အို မဟုတ်ပါဘူး၊ ကျုပ်က ဒီလို ဆိုလိုတာ မဟုတ်ပါဘူး'

ကာကာဂျီသည် ကြောက်လန့်တကြားဖြင့် ဆီးယိုကို အလုံးလိုက် မျိုချလိုက်မိသဖြင့် ရေတစ်ခွက်ကို ကမန်းကတန်း သောက်လိုက်ရသည်။ အက်ရှ်သည် သူ့အမှားကို ရုတ်တရက် သိလိုက်၏။

ဂျိုတီသည် သူ့နောင်တော်၏ ခွင့်ပြုချက် မရဘဲ သတို့သမီးများနှင့် လိုက်လာခဲ့ခြင်း ဖြစ်ကြောင်းကို အက်ရှ် ကောင်းကောင်းသိသည်။ သို့တိုင် ဂျိုတီ လိုက်လာခဲ့ခြင်းမှာ သူတစ်ယောက်တည်း ခိုးကြောင်ခိုးဝှက် မဟုတ်။ သူ့တွင် နောက်လိုက် နောက်ပါ အခြွေအရံတွေ အပြည့်။ ဝန်စည်စလယ်တွေ အစုံအလင်။

ဤသည်ကို ထောက်လျှင် မဟာရာဇာသည် ညီတော် ဂျိုတီကို အကျဉ်းချထားသလို ထားခြင်း မဟုတ်ဘဲ အတော်အတန် လွတ်လပ်ခွင့် ပေးထားကြောင်း သိနိုင်သည်။ ထိုအချက်ကို အက်ရှ် နားမလည်နိုင်။

သူတို့ ပြောသည့် အတိုင်း ဆိုလျှင် လက်ရှိ မဟာရာဇာသည် ရက်စက် ကြမ်းကြုတ်သလောက် မနာလို ဝန်တိုမှု အားကြီးရမည်။ ညီတော်ကို ချုပ်ချယ် ညှဉ်းပန်း လိုသဖြင့် ညီတော်ကို အစ်မတော်များ၏ လက်ထပ်ပွဲသို့ မလိုက်ရန် တားခဲ့သည်။ ယခု ညီတော်က ထိုအမိန့်ကို ဖီဆန်၍ လိုက်လာခဲ့သည်တွင် ဒေါသ အမျက် ခြောင်းခြောင်းထွက်ကာ ညီတော်ကို တစ်ဖက်လှည့်ဖြင့် လုပ်ကြံခြင်း ဖြစ်နိုင်သည်။

မဟာရာဇာသည် ညီတော် ထွက်ပြေးသည့် သတင်းကို ရက် အတော်ကြာသည် အထိ မသိသေး။ ကာကာဂျီ၏ အဆိုအရ မဟာရာဇာသည် နှမတော်များကို ကာရိကုတ် နယ်စပ် အထိ လိုက်ပို့ခဲ့ခြင်းမှာ အစ်ကို တစ်ယောက် အနေဖြင့် ခင်မင် ကြင်နာလှ၍ မဟုတ်။ အရှေ့မြောက် တောင်ခြေသို့ တောပစ်ထွက်ရင်း လမ်းကြုံသဖြင့် သွားရင်းဟန်လွှဲ သဘော လိုက်ပို့ခြင်းသာ ဖြစ် သည်။

မဟာရာဇာသည် တောထဲတွင် တစ်လ ကိုးသီတင်းမျှ သွားရောက်ပြီး နေတတ်သည်။ ထုံးစံအားဖြင့် ဆိုလျှင် ယခုလို မကြာခဏ တောပစ်ထွက်လေ့ မရှိ။ မဟာရာဇာ တောပစ်ထွက်ပြီ ဆိုလျှင်လည်း ပြည်နယ် အုပ်ချုပ်ရေး ကိစ္စ အဝဝကို စဉ်းစားခြင်း မပြုတော့ဘဲ မေ့မေ့လျော့လျော့ နေတတ်သည်။ ခြေမြန်များဖြင့် စာပို့လွှတ်ခြင်းတို့ကိုလည်း ခွင့်မပြု။

ထိုအထဲတွင် တောပစ် အဖွဲ့ကလည်း နေ့တိုင်း စခန်း ပြောင်းနေတတ်သည့် အတွက် မဟာရာဇာသည် ညီတော် ထွက်ပြေးသည့် သတင်းကို အချိန် တော်တော် ကြာသည်ထိ သိဦးမည် မဟုတ်။ ထိုအချက်ကို ကိုယ်တော်လေး ဂျိုတီလည်း သိပုံရသည်။ သူနှင့်အတူ လိုက်ပါလာသူများလည်း သိပုံရသည်။

သူတို့သည် ဤမျှ အမျက် ဒေါသကြီးသည့် မဟာရာဇာထံမှ ထွက်မပြေးသင့်ဟု အက်ရှ် ထင်သည်။

သို့ရာတွင် ကာကာဂျီ၏ အမြင်မှာ ထိုသို့ မဟုတ်။ ယခု ထွက်ပြေးလာကြသူများမှာ ကိုယ်တော်လေး ဂျိုတီ၏ အိမ်တော်သားများ ဖြစ်ကြသည်။ သူတို့ အားလုံးကို ကွယ်လွန်သူ မဟာဒေဝီ ဂျာနူးဘိုင်က ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် သူတို့ အားလုံးသည် ဂျိုတီ၏ အမိန့်ကို နာခံကြရတော့မည်သာ ဖြစ်ကြောင်း ကိုယ်တော်လေး ဂျိုတီနှင့် သူတို့ အကျိုးစီးပွားသည်လည်း ဆက်စပ်လျက် ရှိကြောင်းဖြင့် ယူဆသည်။

'နောက်တစ်ချက်ကလည်း တူတော်မောင် ဂျိုတီဟာ တော်တော် ခေါင်းမာတဲ့ သူငယ်ကလေးဗျ၊ သူတို့က ထွက်မပြေးဖို့ တားဦး၊ ခင်ဗျားတို့ မလိုက်ချင် နေခဲ့ ကျွန်တော် တစ်ယောက်တည်း သွားမယ် ဆိုပြီး ခွတ် လုပ်ချင် လုပ်မှာ၊ ဒီလိုကျတော့လည်း သူတစ်ယောက်တည်း ဘယ့်နှယ်လုပ်ပြီး လွှတ်ရဲပါ့မလဲ၊ လိုက်လာခဲ့ကြရတော့တာပေါ့၊ သူတို့ချည်း ပြန်သွားရင် နင်တို့ကလေး တစ်ယောက်ကို မထိန်းနိုင်ဘူးလား ဆိုပြီး ရာဇမန် ရဦးမယ်။

'နောက်တစ်ချက်က နောင်တော်ကသာ အမီ လိုက်နိုင်လောက်ရင်လည်း အခြွေအရံတွေဟာ လိုက်ခဲ့ကြမှာ မဟုတ်ပါဘူး၊ တော်တော်နှင့် ဒီသတင်းကို သိဦးမှာ မဟုတ်သေးဘူး၊ သိတဲ့ အချိန်ကျရင်လည်း ဒီ စခန်းကို ရောက်နေတဲ့ အတွက် ဒီလောက် စိုးရိမ်စရာ မရှိတော့ဘူး ထင်လို့ လိုက်လာကြတာ ဖြစ်လိမ့်မယ် ဒီဘက် ရောက်တော့ မဟာရာဇာရဲ့ ပိုင်နက် မဟုတ်တော့ဘူးလေ၊ ဗြိတိသျှ ပိုင်နက် ဖြစ်သွားပြီ မဟုတ်လား၊ ဒီ ရောက်ပြီ ဆိုတော့ သခင်ဆပ်ကလည်း သူ့ကို အကာအကွယ် ပေးရတော့မယ် မဟုတ်လား၊ ဒါကြောင့် သူ့ လူတွေ လိုက်လာပြီး ဖမ်းလား ဆီးလားလည်း လုပ်တော့မှာ မဟုတ်ဘူးလို့ သူတို့တွက်ပုံ ကျတယ်။

'လက်ထပ်ပွဲ ပြီးလို့ ညီတော် ဂျိုတီ ပြန်လာတဲ့ အခါကျတော့ ကိစ္စ မရှိတော့ဘူးလေ၊ ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



မဟာရာဇာက သွေးအေးသွားလောက်ပြီ၊ အလွန်ဆုံး အပြစ် ပေးရင် ကလေး တစ်ယောက်ကို ရိုက်တာ လောက်ပဲ အပြစ် ပေးတော့မှာပေါ့'

ကာကာဂျီ၏ အမြင်မှာ အကောင်းဘက်မှချည်း တွေးသည့် အမြင် ဖြစ်၏။ သို့ရာတွင် သူ့အသံကမူ များ စွာ အားတက်သရော မရှိလှ။ ထို့ကြောင့်လော မသိ။ ကာကာဂျီသည် ထိုအကြောင်းကို မပြောဘဲ အခြား အကြောင်းများကို ပြောဆိုလျက် ရှိ၏။

သို့ရာတွင် သူ့စကားများသည် ညတွင် ဒဏ်ရာ ကြောင့် တော်တော်နှင့် အိပ်မပျော်နိုင်သည့် အက်ရှ်အဖို့ စဉ်းစားစရာများ ဖြစ်လာခဲ့လေပြီ။

ရဝါလ်ပင်ဒီ စစ်ဌာနချုပ်မှ ပုဂ္ဂိုလ်များသည် လမ်းတွင် တွေ့နိုင်သည့် အခက်အခဲများကို ကြိုတင် သတိပေးလိုက်ကြ၏။ ဥပမာအားဖြင့် ရိက္ခာလုံလောက် အောင် ရှာဖွေရေး ကိစ္စ၊ ပြည်နယ်များနှင့် ဆက်သွယ်ရေး ကိစ္စ၊ (အရေးမကြီးလှသည့်တိုင်) လမ်းတွင် လူဆိုးများ ၏ တိုက်ခိုက်ခြင်းခံရလျှင် မည်သို့မည်ပုံ ဆောင်ရွက် ရမည့် ကိစ္စတို့ ဖြစ်၏။

သို့ရာတွင် ယခုကိစ္စမျိုးကား ရုတ်တရက် ရောင် တခင် ပေါ်လာသည့် ကိစ္စမျိုး ဖြစ်၍ ထိုကိစ္စမျိုးတွင် မည်သို့ မည်ပုံ ဆောင်ရွက်ရမည် ဆိုသည်ကို ညွှန်ကြား ချက် မပေးလိုက်။

ယခု မိမိတွင် ဒဏ်ရာရနေပြီ။ ထို့ကြောင့် စခန်း ကြီး တစ်ခုလုံး မပြောင်းနိုင်သေး။ ဤတွင် သူ့အတွက် စဉ်းစားချိန် ရသွားသည်။ ထို့ကြောင့် ဒဏ်ရာရသည် ကိုပင် ကြံဖန်၍ ကျေးဇူးတင်ရသေး၏။

ယခု လောလောဆယ်တွင်မူ ဂျိုတီကို သူ့ရှက် ချင်တဲထဲသို့ ကြာနိုင်သမျှ ကြာကြာ လာနေရန် တိုက် တွန်းရုံမှတစ်ပါး အခြား နည်းလမ်း မရှိတော့။ ကျန် အချိန်များတွင်မူ ထိုသူငယ်ကို ကြည့်ရန် မူးလ်ရတ်ကို သာ မှာထားရတော့သည်။

အမှန်အားဖြင့်မူ လုပ်ကြံမှု ဆိုသည်မှာ ညအချိန် တော်တွင်သာ ဖြစ်တတ်မြဲ။ သို့ရာတွင် ဂျိုတီ အဖို့မှု ညရေးညတာ မစိုးရိမ်ရ။ ညဆိုလျှင် သူ့တဲအောက်တွင် အခြွေအရံတွေ ဝိုင်းဝိုင်းလည်လျက်။

သူတို့ အားလုံးမှာ ကိုယ်တော်လေး ဂျိုတီကို သစ္စာစောင့်သိ ရှိသေသူများ ဖြစ်ကြောင်း ကာကာဂျီ ထံမှ သိရသည်။ သူ့ကို သစ္စာ မရှိသည့်တိုင် သူတို့ အကျိုးစီးပွားနှင့် ဆက်စပ်လျက် ရှိသဖြင့် ကိုယ်တော် လေးကို ကာကွယ် စောင့်ရှောက်မည်မှာ သေချာသည်ဟု အက်ရှ် ယူဆသည်။

သို့ဖြစ်လျှင် သူ့ နောက်သို့ လိုက်လာကြသည့် အစေတော်များ၊ အခြွေအရံများ အနေနှင့်ကော ပြန်သွား လျှင် အပြစ်ပေးခံရမည်ကို မကြောက်ကြတော့ပြီလောဟု စဉ်းစားစရာ ရှိသည်။

မဟာရာဇာသည် အချိန် ကြာသွားလျှင် သွေးအေး သွားလိမ့်မည်ဟု ကာကာဂျီ မျှော်လင့်သလို မျှော်လင့် ထားကြသလော။ သို့မဟုတ် သူတို့တွင် အခြား အကြံ အစည် ဟူ၍ ရှိသေးသလော။ သားယောကျ်ားကလေး မရှိသော မဟာရာဇာ နန်ဒူးကို လုပ်ကြံ သတ်ဖြတ်ကာ ကိုယ်တော်လေး ဂျိုတီကို တင်ရန် ကြံရွယ်ထားကြလေ သလော။

သို့ရာတွင် လောလောဆယ် လုပ်ကြံရန် ကြိုးစား ခြင်း ခံလိုက်ရသူမှာ မဟာရာဇာ နန်ဒူး မဟုတ်။ ကိုယ် တော်လေး ဂျိုတီ ဖြစ်သည်။ ကြံစည်သူကလည်း စခန်း ထဲမှ ဖြစ်နေသည်။ ယခုအချိန်ထိ ဆိုလျှင် အရေးပိုင် ထံမှ ထိုစခန်းကို သူ လက်ခံယူပြီးနောက် ကာရိကုတ် ပြည်နယ်မှ တစ်ယောက်မျှ လိုက်လာသူ မရှိသေး။ မည် သည့် သတင်းမျှလည်း ရောက်မလာသေး။

ဤသည်ကို ထောက်လျှင် လုပ်ကြံရန် ကြံရွယ် သည့် ရည်ရွယ်ချက်မှာ ကိုယ်တော်လေး ထွက်ပြေး၍ ကြံစည်ခြင်း မဟုတ်။ ကိုယ်တော်လေးနှင့် ပြိုင်ဘက် တစ်ဦးဦးက လုပ်ကြံရန် ကြံရွယ်ခြင်းသာ ဖြစ်မည်။ နန်ဒူး၏ နောက်လိုက် တစ်ယောက်ယောက်သည် ကိုယ် တော်လေး ရောက်လာခြင်းကို သဘောမကောင်း ဖြစ်ပုံရ သည်။ ထို့ကြောင့် ယခုလို ခရီးထွက်တုန်းတွင် အပျောက် ရှင်းရန် ကြိုးစားခြင်း ဖြစ်နိုင်သည်။

ထိုအကြောင်းကို ဇူလီအား ဖွင့်ပြောရလျှင် မည် သို့ ရှိမည်နည်း။ ဇူလီသည် မိန်းမဆောင်ထဲတွင် ဖြစ်နေ သည့် အတွင်းရေးများကို သိနိုင်သည်။ ဝက်ပါလို ရှုပ် ထွေး ကွေ့ကောက်နေသည့် ဟော်နန်းက စကြံများတွင် ပြောနေသည့် တိုးတိုး အတင်းအဖျင်းများ၊ ကောလာဟလ များကို သိနိုင်သည်။ ဟုတ်သည်။ အနည်းနှင့် အများ တော့ သိနိုင်သည်။ သို့ရာတွင် ခက်သည်က သူနှင့် ဇူလီ တို့ တွေ့ဖို့ ဆိုသည်မှာ မလွယ်။

ကာကာဂျီထံတွင်မူ စုံစမ်း၍ ရနိုင်ဖွယ် မရှိတော့။ သို့ဖြစ်လျှင် မူးလ်ရတ်ကို တီးခေါက် ကြည့်လျှင်ကော။ မူးလ်ရတ်သည် ဘယ်သူ့ကို စောင့်ကြည့်ရမည် ဆိုသည်



www.burmeseclassic.com

www.burmeseclassic.com



လောက်ကိုမှ သိနိုင်သည်။ စောင့်ကြည့်ရမည့် ဦးရေလည်း များလှသည် မဟုတ်။ ထို့နေ့ သိမ်းတိုက်ထွက်သည့် လူများကို စောင့်ကြည့်ရုံမျှသာ။

သို့ရာတွင် မူးလ်ရတ်မှာ များစွာ အကူအညီ မရလှ။

'သိပ်မများလှဘူး ဆိုတာ ဘာကို ပြောတာလဲ သခင်လေး၊ သခင်လေးက အဲဒီနေ့က သိမ်းတိုက် လိုက်လာတာမှ မဟုတ်ဘဲ၊ သခင်လေး ဘယ်သိနိုင်မလဲ၊ သိမ်းတိုက် ထွက်တဲ့ လူက ဘယ်လောက် များတယ် ထင်သလဲ၊ တစ်ရာ့ ဆယ့်ရှစ်ယောက်တောင် ရှိတယ် ခင်ဗျ၊ အဲဒီထဲက သုံးပုံနှစ်ပုံက ပြည်နယ် အမှုထမ်း အရာထမ်းတွေ၊ တစ်နည်း ပြောရရင် မဟာရာဇာရဲ့ လူတွေ၊ သူတို့ကို သွားပြီး စစ်ဆေးနေလို့ ဘယ်မှာ အမှန်ကို သိရမလဲ၊ လိမ်ပြောမှာပေါ့၊ တကယ် လုပ်ဖို့ အကြံအစည် ရှိနေတဲ့ လူကို တပ်လှန့် နှိုးပေးလိုက်သလို ဖြစ်နေဦးမယ်'

မူးလ်ရတ်၏ ခပ်ဆတ်ဆတ် အသံကြောင့် အက်ရှ်သည် အနည်းငယ် စိတ်တိုလာကာ

'ဘာလို့ တပ်လှန့် နှိုးပေးသလို ဖြစ်ရမှာလဲဗျ၊ ကိုယ်တော်လေးရဲ့ အသက်ကို လုပ်ကြံနိုင်တဲ့ အန္တရာယ် ရှိတယ် ဆိုတာ ကျွန်တော်တို့ ရိပ်မိတဲ့ အကြောင်း သူတို့ သိသွားရင် သူတို့အနေနှင့် စဉ်းစဉ်းစားစား ဆင်ဆင်ခြင်ခြင် လုပ်တော့မှာပေါ့၊ စောင့်ကြည့်နေမှန်း သိလျက်သားနှင့်တော့ ဖွတ်တိုးပြီး ဘယ်မှာ လုပ်မလဲ'

မူးလ်ရတ်က

'သခင်လေးတို့ အင်္ဂလိပ် လူမျိုးတွေ အတွက်တော့ ဒီလို ဟုတ်ချင် ဟုတ်မှာပေါ့၊ ကျွန်တော်တို့ လူမျိုးက ဒီလို မဟုတ်ဘူး ခင်ဗျ၊ ဆပ်သခင်လေး ထင်တာက ဒီလို လုပ်ပြလိုက်ရင် သူတို့ လန့်ပြီး နောက်ဆုတ်သွားမယ်လို့ ထင်တယ်၊ ဒါပေမဲ့ မထင်နှင့် ဆပ်သခင်လေး၊ ပိုပြီး သတိ ဝီရိယ ရှိရှိနှင့် လုပ်ကြံဖို့ ကြိုးစားလာကြမှာ၊ အဲဒီအခါကျတော့ ကျွန်တော်တို့ စောင့်ကြည့်ဖို့ ခက်တဲ့ နည်းတွေကို အသုံးပြုလာနိုင်တယ်'

'ဥပမာ ဘယ်လို နည်းတွေလဲဗျာ'

'အဆိပ်ခတ်တာတို့၊ ဓားနှင့် ပေါက်တာတို့ ဘာတို့ပေါ့၊ ဒါမှမဟုတ် သေနတ်နှင့် ချောင်းပစ်မှာပေါ့'

'လုပ်ရဲမယ် မထင်ပါဘူးဗျာ၊ မင်းမဲ့တိုင်းပြည်ကြီးမှ မဟုတ်တာ၊ ဒါဟာ ဗြိတိသျှ ပိုင်နက်ဗျ၊ ဆိုင်ရာ အာဏာပိုင်တွေက သေသေချာချာ စုံစမ်းပြီး...'

မူးလ်ရတ်က လှောင်ရယ် ရယ်လိုက်၏။ ဖြောင့်လုပ်ကြံ သတ်ဖြတ်ခြင်းမှာ လက်ညှိုးထိုးပြဖို့ 'ဓားစာခံ' ရှာရသည့် အတွက် ထိုနည်းကို သုံးမည် မဟုတ်ကြောင်း၊ ထို့ကြောင့် မတော်တဆ ဖြစ်မှု တစ်ခုခုကို ရှာလိမ့်မည် ဖြစ်ကြောင်းဖြင့် ပြောသည်။

'ပထမ တစ်ချီ လုပ်ကြံမှုကို သင်္ကာမကင်း မဖြစ်ဘူးလို့ သိသွားရင် သူတို့ နောက်တစ်နည်းကို ရှာကြလိမ့်မယ်ဗျ၊ အကောင်းဆုံးကတော့ ကိုယ်တော်လေးကို ကျွန်တော်တို့ အတတ်နိုင်ဆုံး ကာကွယ်၊ ပြီးတော့ လုပ်ကြံသူကို ဖော်ထုတ်၊ ဒီနည်းအားဖြင့် လုပ်ကြံမှုကို တစ်ခါတည်း ပြတ်သွားအောင် ရှင်းလိုက်တာက အကောင်းဆုံး ဖြစ်လိမ့်မယ် ထင်တယ်၊ ဒါဟာ ကျွန်တော်တို့ လုပ်ရမယ့် တစ်ခုတည်းသော နည်းလမ်းပဲ'

အက်ရှ်မှာ မငြင်းနိုင်တော့။ စဉ်းစားကြည့်လိုက်သည့် အခါတွင် မူးလ်ရတ်၏ စကားမှာ တရားနည်းလမ်းကျကြောင်း တွေ့ရသည်။ လောလောဆယ်တွင်မူ သူ့ကျန်းမာရေး အခြေအနေကလည်း မကောင်းသဖြင့် ဘာမျှ မလုပ်နိုင်သေး။ လုပ်နိုင်သည့် အရာမှာ ကိုယ်တော်လေး ဂျိုတီ၏ နောင်တော် မဟာရာဇာ နန်ဒူး၏ စရိုက်၊ စိတ်နေသဘောထားတို့နှင့် ပတ်သက်၍ သိအောင် စုံစမ်းရုံလောက်သာ တတ်နိုင်သည်။

သို့ရာတွင် ထိုအလုပ်သည်ပင်လျှင် တကယ်လုပ်ကြည့်လိုက်သည့် အခါတွင် သူ ထင်ထားသလောက် မလွယ်ကူလှ။ သူ့ရွက်ဖျင်တဲထဲသို့ ဧည့်သည် မြောက်မြားစွာ လာရောက်ကာ ပြည်နယ်နှင့် ပတ်သက်၍ နိုင်ငံရေး၊ စီးပွားရေး စသည့် သတင်းများကို ပြောကြသည့်တိုင် ပြည်နယ်ကို အုပ်ချုပ်နေသည့် မဟာရာဇာ အကြောင်းကိုမူ ဘာမျှ ထူး၍ ပြောနိုင်ကြသည် မဟုတ်။

ကိုယ်တော်လေး ဂျိုတီမှာမူ သူ့နောင်တော် အကြောင်းကို မေးသမျှ ပြောသည်။ သို့ရာတွင် ကိုယ်တော်လေးမှာ ကလေးပီပီ ထင်ရာ ပြောတတ်သဖြင့် သူ့စကားကိုလည်း အားမကိုးရပြန်။ သူ့တဲထဲတွင် သမားတော် ဂိုဗင်ဒတ်စ်၏ ညွှန်ကြားချက်အရ သူ့ကို လာရောက်ပြုစုနေရသည့် ကျောက်ပေါက်မာ သက်သက်နှင့် သူနာပြု ဂီတာ ရှိသည်။

ဂီတာမှာ ကွယ်လွန်သူ မဟာရာဇာ စော်ဘွားကြီး၏ ပထမ မဟာဒေဝီနှင့် ဆွေမျိုးနီးစပ် တော်သူ တစ်ဦး ဖြစ်သည့်အလျောက် မိန်းမဆောင်မှာ ကောလာဟလ



www.burmeseclassic.com

www.burmeseclassic.com



များကို ကြားရလို ကြားရငြား သူ့ကို မသိမသာ စုံစမ်း ကြည့်ပြန်သည်။

သို့ရာတွင် ဂီတာမှာ ကြောက်တတ်လိုက်သည်မှာ ဆိုဖွယ် မရှိတော့။ သူ့သခင်မ ရှုရှီလာက ခိုင်းသည့် အိုင် လူမြင်ကွင်းသို့ မသွားရဲ။ လူခြေတိတ်တွင် ခိုင်း သွင်ပင် မူဆလင် အမျိုးသမီးတို့ ထုံးစံ လူမမြင်အောင် ခေါင်းမြီးခြုံပြီးမှ အပြင်သို့ ထွက်ရဲသူ ဖြစ်သည်။ (စင်စစ် သူ့မျက်နှာကို မည်သူမျှ ကြည့်မည် မဟုတ်။ အက်ရှ် ဆိုလျှင် ကျောက်ပေါက်မာသက်သက်ဖြင့် ပါးရေတို့ တွန့်နေသည့် သူ့မျက်နှာကို မလွှဲသာ၍ ကြည့်ရခြင်း ဖြစ်သည်။)

ညဆိုလျှင် အက်ရှ်သည် အိပ်မပျော်သဖြင့် သူနှင့် စကားပြောဘက် ဖြစ်သည့် ဂီတာကို မျှော်မိသည်။ သို့ရာတွင် ဂီတာသည် မီးရောင်အောက်တွင် ထိုင်၍သာ ဆောင့်နေတတ်ပြီး စကား တစ်လုံးမျှ မပြော။ အင်မတန် မေးနိုင်လွန်းပါမှ တစ်ခွန်းစ နှစ်ခွန်းစ ပြော၏။

နောက်ဆုံးတွင် အက်ရှ်သည် မဟာရာဇာနှင့် ပတ်သက်၍ သတင်းကို အခြားသူများထံ မေးမြန်းရန် အကြံကို စွန့်လွှတ်လိုက်ပြီး မာဒူးထံမှ မေးမြန်းသည်။ စိတ်အချရဆုံး ဖြစ်သည်။ မာဒူးက စိတ်ချရသည်။ လူ အမျိုးမျိုးနှင့် ဆက်ဆံနေရသည့် အတွက်လည်း သတင်း စုံသည်။

ညမိုးချုပ်၍ ဧည့်သည်တို့ ပြန်သွားသည်နှင့် တစ်ပြိုင်နက် မာဒူးသည် တမာကူ ရှုရင်း သူ ကြားခဲ့ရသမျှ သတင်းပလင်းတို့ကို ဖောက်သည်ချတတ်၏။ သူတို့နှစ်ယောက် စကား ပြောကြပြီ ဆိုလျှင် ဂူးလ်ဘတ်က တဲအဝတွင် စောင့်ကာ ဧည့်သည် လာ မလာကို သတိပေးတတ်သည်။

မာဒူးထံမှ သိရသည့် သတင်းများမှာ သတင်းစုံ။ ဟုတ်တာရော မဟုတ်တာရော ရောနှောလျက်။ ဈေးစကားနှင့် ဘာမျှ မခြား။ သူ့စကားတွေကို အားကိုး၍ မဖြစ်။ သို့တိုင်အောင် ထိုသတင်းများ ကြားထဲမှ အဖိုးတန်သည့် သတင်း အစအနကလေးများကို စစ်ထုတ်ယူရသည်။

ထိုသို့ စစ်ထုတ်၍ ဆက်စပ်ကြည့်လိုက်သည့် အခါတွင်မူကား တစ်ခါက ဂူးလ်ကုတ်ဟု ခေါ်တွင်ခဲ့သော ပြည်နယ်၏ အခြေအနေကိုသာမက လက်ရှိ မဟာရာဇာ စော်ဘွား၏ အကြောင်းကိုပါ တစေ့တစောင်း သိလာခဲ့ရသည်။

လက်ရှိ မဟာရာဇာသည် အလွန် ဘဝင်မြင့်ကြောင်း၊ ခမ်းခမ်းနားနားတို့ကို သဘောကျတတ်ကြောင်း၊ ရက်စက်တတ်ကြောင်း၊ ကလေး ဘဝ ကတည်းကပင် ကောက်ကျစ် စဉ်းလဲသော သဘော ရှိခဲ့ကြောင်း...။

သို့ဖြင့် ရသည့် သတင်းပလင်းများကို စစ်ထုတ်၍ ချုပ်ကြည့်လိုက်သည့် အခါတွင် အချက် နှစ်ချက် ထင်ထင်ရှားရှား ပေါ်လာ၏။ နန်ဒူးသည် ဘယ်တော့မျှ အရှုံးပေးလေ့ မရှိဘဲ ကိုယ့်ဘက်က လက်ဦးမှု ရအောင် ယူတတ်ခြင်းနှင့် မိမိ အလိုမကျသူများကို ရက်စက်စွာ စီရင်လေ့ ရှိခြင်း ဆိုသည့် အချက်များ ဖြစ်သည်။

ဥပမာ တစ်ခါက နန်ဒူးသည် သမင် လိုက်ရန် ကျားသစ် နှစ်ကောင် မွေးထားခဲ့ကြောင်း၊ လေညင်းသာ ဟော်နန်း ကျောက်တောင် အောက်တွင် သမင်ကို လွှတ်ပေးလိုက်ပြီး ရွှေဒင်္ဂါးပြား နှစ်ဆယ် လောင်းကြေးထပ်ကာ အလိုက်ခိုင်းကြောင်း၊ လိုက်မမိသည့် အခါတွင် ထို ကျားသစ်ကို ရေနံဆီ တစ်ပုံးလုံး လောင်းပြီး မီးရှို့သတ်ပစ်လိုက်ကြောင်း။

ဤအဖြစ်အပျက်မှာ လူပြော သူပြော မဟုတ်။ ယခု လက်ထပ်ပွဲသို့ လိုက်လာခဲ့သူများထဲတွင် ကိုယ်တွေ့မျက်မြင် မြင်လိုက်သူများ ရှိသည်။ ကျားသစ်ကို ယဉ်အောင် သင်ပေးသည့် ဆရာမှာ ပြည်နယ်မှ ထွက်ပြေးသွားသည်ဟု ဆိုသော်လည်း ထိုစကားကို မည်သူမျှ မယုံကြ။

'အဲဒီ ကျားသစ်ဆရာလည်း အဲဒီညကပဲ သေတယ်လို့ ပြောကြတာပဲ၊ ဘာမှတော့ အထောက်အထား မရှိဘူး၊ ဒါပေမဲ့ ကာရိကုတ်မှာ သူ့ကို အဲဒီနောက်မှာ တစ်ခါမှ မတွေ့ရတာကတော့ သေချာတယ်၊ သေတာလည်း ဟုတ်ချင်မှ ဟုတ်မှာပေါ့လေ၊ သူ့ အသက်ဘေးကို စိုးရိမ်လို့ ထွက်ပြေးသွားတာလည်း ဖြစ်နိုင်တာပေါ့၊ ဘယ်သူ အတပ်ပြောနိုင်မလဲ' ဟု မာဒူးက ပြောသည်။

'ဒါကတော့ မဟာရာဇာ ကိုယ်တိုင်မှ သိမှာပေါ့ဗျာ' ဟု အက်ရှ်က ပြော၏။

မာဒူးက ခေါင်းညိတ်လိုက်၏။

'ဒီလိုပဲ ယူဆရတာပေါ့လေ၊ မဟာရာဇာ စော်ဘွားကလေးက ငယ်ငယ် ရှိသေးပေမဲ့ သူ့ကို ပြည်နယ်သူ ပြည်နယ်သားတွေက သိပ် ကြောက်ကြရတယ်၊ သူ့ကို လူတွေက မုန်းသလား ဆိုတော့ မုန်းတော့ မမုန်းကြဘူး၊ ကာရိကုတ် ပြည်နယ်သူ ပြည်နယ်သားတွေဟာ စိတ်ဓာတ် အားပျော့တဲ့ လူတွေကို ဘယ်တော့မှ အလေး



www.burmeseclassic.com

www.burmeseclassic.com



မကြီးဘူး၊ သူတို့ မဟာရာဇာကလေးက ပါးနပ်ပြီး ရက်စက်တာကို သဘောတောင် ကျနေကြသေးသဗျ၊ သူတို့ မဟာရာဇာကသာ ဒီလို အုပ်ချုပ်နိုင်ရင် သူတို့ ပြည်နယ်ဟာ ဒီပြင် ပြည်နယ်တွေလို ဗြိတိသျှ လက်အောက်ကို ရောက်မှာ မဟုတ်ဘူး၊ လွတ်လပ်တဲ့ ပြည်နယ် အဖြစ်ဆက်လက် တည်ရှိနေမယ်လို့ သူတို့ ယုံကြည်နေကြတယ်လေ၊ တချို့ကတော့ ဒီလို ခပ်ကြမ်းကြမ်း အုပ်ချုပ်တာ ကောင်းတယ်လို့တောင် ထင်နေကြသေးတယ်'

'ဒါပေမဲ့ တချို့ကျတော့လည်း သူ့ကို မုန်းတဲ့အတွက် သူ့ကို ဖြုတ်ချဖို့ စိုင်းပြင်းနေကြတာတွေလည်း ရှိမှာပေါ့၊ တစ်ယောက်ယောက်ကို တင်ချင်တဲ့ လူတွေဆိုပါတော့'

မာဒူးက နှုတ်ခမ်းကို လျက်လိုက်ပြီး အက်ရှ်ကို သက်ာမကင်းသည့်နှယ် လှမ်းကြည့်လိုက်သည်။

'ဘာလဲ၊ သခင်ဆပ်က ကိုယ်တော်လေး ဂျိုတီကို ရည်ရွယ် ပြောတာလား၊ ဒါတော့ ဟုတ်ချင်လည်း ဟုတ်မှာပေါ့လေ၊ ဒါပေမဲ့ စခန်းထဲမှာတော့ ဒီအကြောင်းကို ပြောသံ မကြားရဘူးဗျ၊ ကျုပ်အထင် ပြောရရင်တော့ ခုလို အချိန်မျိုးမှာ ကလေးလေး တက်ပြီး အုပ်ချုပ်တာကို ဘယ်သူမှ ကြိုက်မယ် မထင်ဘူး'

'ကလေးလေး အုပ်ချုပ်တာတော့ ဘယ်ကြိုက်မလဲ အဘရာ၊ ဒါပေမဲ့ ကလေးလေးကလည်း ဘယ်မှာ ကိုယ်တိုင် အုပ်ချုပ်နိုင်ပါ့မလဲ၊ သူ့အကြံပေးပုဂ္ဂိုလ်တွေက အုပ်ချုပ်ကြမှာပေါ့၊ လက်ရှိ မဟာရာဇာကို ဖြုတ်ချပြီး ကလေးလေးကို တင်ချင်တယ် ဆိုတာကလည်း အဲဒီ လူတွေ ဖြစ်မှာပေါ့၊ အဲဒီအခါကျတော့ ကာရိကုတ်ပြည်နယ်ကို ကလေးလေးက မအုပ်ချုပ်ဘဲ သူတို့က အုပ်ချုပ်မှာပေါ့'

'ဘီဂျူရန်းတို့လို လူတွေ ဖြစ်မှာပေါ့လေ' ဟု မာဒူးက တစ်ယောက်တည်း ပြောသလို ခပ်တိုးတိုး ပြောနေသည်။

'ဘာဖြစ်လို့လဲ၊ သူ့အကြောင်းနှင့် ပတ်သက်လို့ အဘ ဘယ်လိုများ ကြားလို့လဲ' ဟု အက်ရှ်က ရုတ်တရက် ကောက်မေးလိုက်၏။

'အကောင်းသတင်းတော့ တစ်ခါမှ မကြားဖူးပါဘူး၊ လူတွေကတော့ သူ့ကို တော်တော်လေး မုန်းကြတယ်၊ သူ့ကိုလည်း အမျိုးမျိုး ခေါ်ကြတာပဲ၊ ကင်းမြီးကောက်တဲ့၊ မြွေပွေးတဲ့၊ ခွေးအတဲ့၊ သူလျှိုတဲ့၊ ဝက်ဝံတဲ့၊ ဒီပြင် နာမည်တွေလည်း အများကြီး၊ ကွယ်လွန်သူ ကချေသည် မဟာဒေဝီ ဂျာနူးဘိုင်ရဲ့ လူယုံတော်တဲ့၊ သူနှင့် ပတ်သက်တဲ့ အဖြစ်အပျက် တစ်ခုတောင် ရှိသေးတယ်၊ ဒါပေမဲ့ ဒါတွေက ကြာလှပါပြီလေ၊ သိပ် အရေးမကြီးတော့ပါဘူး'

'ဘယ်လို အဖြစ်အပျက်တဲ့လဲဗျ'

မာဒူးက ပခုံးကို တွန့်ပြလိုက်ကာ တမာကူအိုးကို ရှုရင်း ကြက်တူရွေးအိုကြီး တစ်ကောင်လို ငိုင်ငိုင်ကြီး ထိုင်နေသည်။

တမာကူအိုးက ဂလောက် ဂလောက် မြည်လျက်၊ မာဒူးသည် ထိုအကြောင်းကို နောက်ထပ် ဘာမျှ မပြောတော့။ သို့ရာတွင် ထိုညက ဂူးလ်ဘတ် ရောက်လာသည့် အခါ၌မူ မာဒူးသည် ထိုင်ရာမှ ထလိုက်လျက်

'အင်း ခု ကျုပ်တို့ ပြောတဲ့ အကြောင်းကို သတင်းပလင်းလေး စုံစမ်း လိုက်ဦးမယ်လေ' ဟု ဆိုကာ ည အမှောင်ကြီးထဲတွင် တလက်လက် ဖြစ်နေကြသည့် စခန်း မီးပုံများဆီသို့ ထွက်သွားသည်။

သို့ရာတွင် ဘာသတင်းမျှ မထူး။ အက်ရှ်က ဤသတင်းထူးလျှင် တခြား နေရာမှ မထူးနိုင်။ မဟာရာဇာ၏ မိသားစု ဖြစ်သော ရာဇကုမ္မာရီများမှသာ ထူးနိုင်သည်ဟု တွက်သည်။

ဇူလီသည် မဟာရာဇာ နန်းဒူးထက် လအနည်းငယ်မျှသာ ကြီးသည်။ သူ့အကြောင်းကို ဇူလီကောင်းကောင်း သိနိုင်သည်။ ထို့ပြင် ဘီဂျူရန်းအကြောင်းကိုလည်း ကောင်းကောင်း သိသူ ဖြစ်သည်။ ဇူလီသည် ကိုယ်တော်လေး လာလာဂျီကို မေ့နိုင်ဦးမည် မဟုတ်။

သူနှင့် စကားပြောခွင့် ရရင်တော့ ကောင်းမှာပဲ၊ သူ့အကြောင်းကို ဇူလီ ကောင်းကောင်း သိမှာ သေချာတယ်၊ သူနှင့် စကား ပြောရအောင်တော့ ကြံဖန်ဦးမှ၊ ဒါ အိပ်ရာထဲက ထနိုင်ရင်လည်း အကောင်းသားဟု အက်ရှ် တွေးနေသည်။

အက်ရှ်သည် ထိုအခွင့်အရေးကို ကြာကြာ မစောင့်လိုက်ရ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၉

နောက်ရက် အနည်းငယ် ကြာသည့် အခါတွင် ကိုယ်တော်လေး ဂျိုတီသည် အက်ရှ်၏ ရွက်ဖျင်တဲ စခန်းသို့ ရောက်လာသည်။

'အစ်မတော် ရှုရှီလာက ဆပ်သခင်လေးနှင့် တွေ့ချင်လို့တဲ့'

'ဟုတ်လား၊ ဘာကိစ္စတဲ့လဲ'

'အပျင်းပြေ စကားလေး ဘာလေး ပြောရအောင်လို့ ထင်ပါရဲ့၊ ခုတောင် ကျွန်တော်နှင့် လိုက်လာဦးမလို့၊ ဘကြီးတော်က မလိုက်ရဘူးလို့ ပြောတာနှင့် နေရစ်ခဲ့တာ၊ ဆပ်သခင်လေး တဲကို ခဏ ခဏ သွားလို့ ကောင်းဘူးတဲ့၊ သမားတော်ကြီး ဂိုဗင်ဒတ်စ်နှင့် တိုင်ပင်ကြည့်မယ်တဲ့၊ ခွင့်ပြုချက် ရရင် ဆပ်သခင်လေးကို ဒါဘာတဲကို ထမ်းစင်နှင့် ခေါ်မယ်တဲ့၊ ဟိုမှာ စားရင်းသောက်ရင်း စကားပြောလို့ ရတာပေါ့လေ'

အက်ရှ်သည် တွေးနေရာမှ ရုတ်တရက် သူ့ဘက်သို့ လှည့်လိုက်ကာ

'သမားတော်ကြီးကကော ခွင့်ပြုသလား'

'ခွင့်ပြုပါတယ်၊ ဆပ်သခင်လေးကို ထမ်းစင်နှင့် သယ်ရင် ဖြစ်ပါတယ်တဲ့၊ ဒါပေမဲ့ ကျွန်တော်ကတော့ အစ်မတော် ရှုရှီလာကို ပြောလိုက်ပါတယ်၊ ဆပ်သခင်လေးကတော့ လိုက်ချင်မှာ မဟုတ်ဘူးလို့၊ ဘာဖြစ်လို့လဲ ဆိုတော့ အစ်မတော်တို့ မိန်းကလေးတွေ ဆိုတာ ကြက်တူရွေးလို ဗလစ်ဗလစ်နှင့် စကားများပြီး အရည်မရ အဖတ်မရတွေ ပြောကြလွန်းလို့ စိတ်ညစ်မှာပဲလို့။

'ဒီတော့ အစ်မတော်က သူတို့ သိပ် မပြောပါဘူးတဲ့၊ ဆပ်သခင်လေး ပြောတာကို နားထောင်ချင်လို့ပါတဲ့၊ ဘကြီးတော်က ပြောတော့ အစ်မတော်လေးဟာ ပျင်းလို့ ခေါ်တာတဲ့၊ ပြီးတော့ ဆပ်သခင်လေး ပြောတဲ့ စကားတွေက သူ မတွေ့ဖူး မကြားဖူးတာမျိုးတွေ ဆိုတော့ သူလည်း စိတ် အပြောင်းအလဲ ရတာပေါ့တဲ့၊ အစ်မတော်လေးက ကြောက်လည်း ကြောက်တတ်တယ် ဆပ်သခင်လေးရဲ့၊ ကြွက်ကိုတောင် ကြောက်တာ'

'နောက် အစ်မတော် တစ်ယောက်ကကော'

'အစ်မတော် ဇူလီက သူ့လို မဟုတ်ဘူး၊ သူက အသက်လည်း ကြီးပြီ၊ ပြီးတော့ သူ့မယ်တော်ကလည်း ဖာရင်ဂီ (နိုင်ငံခြားသား) မဟုတ်လား၊ အစ်မတော် ဇူလီက သတ္တိလည်း ကောင်းတယ်၊ ကြံလည်း ကြံနိုင်တယ်၊ နောင်တော်ထက်လည်း အရပ် နှစ်လက်မလောက် ပိုမြင့်တယ်၊ နောင်တော်ကတော့ အစ်မတော် ဇူလီဟာ ယောကျ်ားလေး ဖြစ်ဖို့ ကောင်းတယ်တဲ့။

'ဟုတ်တယ်နော်၊ ကျွန်တော်ကလည်း သူ့ကို ယောကျ်ားလေးပဲ ဖြစ်စေချင်တယ်၊ အဲဒီလိုဆိုရင် နောင်တော်က မဟာရာဇာ မဖြစ်ဘဲ သူဖြစ်မှာ၊ အစ်မတော် ဇူလီဟာ လက်ထပ်ပွဲကို လိုက်ခွင့်ပေးမှာ၊ နောင်တော်လို မဟုတ်ဘူး၊ နောင်တော်ကတော့ လူကလည်း ဝဝ ဖိုင့်ဖိုင့်၊ ပြီးတော့ သိပ် အနိုင်ကျင့်တယ်၊ ကျွန်တော်ဖြင့် မုန်းလွန်းလို့'

အက်ရှ်သည် ဇူလီ အကြောင်းကို ပြောချင်သည်။ သို့ရာတွင် သူ့အနားတွင် ကိုယ်တော်လေး၏ အခြွေအရံ နှစ်ယောက် အပြင် သူ့အစေခံများလည်း ရှိသည့် အတွက် မဟာရာဇာ အကြောင်း မကောင်းသတင်းများကို သူတို့ ရှေ့တွင် မပြောစေချင်။

ထို့ကြောင့် အက်ရှ်သည် အခြား အကြောင်းကို လှီးလွှဲ ပြောဆိုလျက် ရှိပြီး ကရစ်ကက် ကစားခြင်း၊ ဘောလုံးကန်ခြင်းနှင့် အင်္ဂလိပ် သခင်ဆပ်တို့ ကစားသော အားကစားနည်းများ အကြောင်း မေးမြန်းသည်ကို ရှင်းပြနေသည်။

ထိုစဉ် ဘီဂျူရန်း ရောက်လာကာ နေ့လယ်စာ စားသုံးရန် အတွက် ကိုယ်တော်လေးကို လာခေါ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့တဲသို့ ဘီဂျူရုန်း လာသည်မှာ ခဏမျှသာ။ သို့ရာတွင် အက်ရှ် အဖို့သော်မူ အကြာကြီးဟု ထင်မိ၏။ ကိုယ်က ညနေစာ ဝတ်စုံနှင့် မီးရောင်တွေ အောက်တွင် သူ စူးစိုက် ကြည့်နေသည် ဆိုလျှင် ဘာမျှ အရေးမကြီး။ ယခုမူ အချိန်က နေ့ခင်းကြောင်တောင်။ ကိုယ်က အိပ်စင်ပေါ်တွင် ခွေနေရသည့် ဂီလာန။

အက်ရှ်သည် အိပ်ရာပေါ်တွင် ထိုင်ရင်း သူ ရင်းနှီးပြီးသား ဖြစ်သည့် ဘီဂျူရုန်း၏ မျက်နှာကို ကြည့်ကာ ဒဏ်ရာ အကြောင်းကို မေးမြန်းနေသည့် အသံကို နားထောင်နေရသည်။ သို့ရာတွင် ဘီဂျူရုန်းသည် သူ့ကို မမှတ်မိဘဲ နေမည် မထင်။

ဘီဂျူရုန်းကို အနီးကပ်၍ မြင်လိုက်ရသည့် အခါတွင် များစွာ ပြောင်းလဲခြင်း မရှိသည်ကို တွေ့ရ၏။ သူ့ကို မြင်လိုက်ရသည့် အခါ၌ ယခင် နှစ်ပေါင်းများစွာက အဖြစ်အပျက်များသည် မနေ့ တစ်နေ့က အဖြစ်အပျက်များလို ထင်လိုက်ရသည်။

မိမိသည် အရော့ ဆိုသည့် ကောင်လေး တစ်ယောက်။ ဟော်နန်းတွင် လာလာဂျီက သူ့ကို နှိပ်စက်ကလူပြု၍ ရယ်မောတိုင်း သူ ခေါင်းငုံ့ ခံခဲ့ရသည်။ အခြေအရုံတွေက ဝိုင်းရယ်သည်ကို ခေါင်းငုံ့ ခံခဲ့ရသည်။ ထိုအဖြစ်ကို သူ မမေ့နိုင်။

ဘီဂျူရုန်း၏ မျက်လုံးများသည် ယခင်ကကဲ့သို့ ပင် ကောက်ကျစ်သည့် အသွင်ကို ဆောင်မြဲ။ သို့ရာတွင် သူ့ကို မှတ်မိသည့် လက္ခဏာကို မတွေ့ရ။

သူ ပြောသည့် စကားများအတိုင်း ဆိုလျှင် ဂျိုတီကို ကယ်ခဲ့သည့် အတွက် တကယ် ကျေးဇူး တင်နေပုံ ရသည်။ ဤသည်မှာလည်း ဘာမျှ အံ့သြစရာ မရှိ။ ဘီဂျူရုန်းကို မဟာရာဇာက အလိုတော်မကျ ဖြစ်နေသည် ဆိုလျှင် ပြိုင်ဘက် တစ်ယောက်ကို ကပ်ရတော့မည်သာ ဖြစ်သည်။

ဂျိုတီ ရှိနေလျှင် သူတို့သည် ဂျိုတီကို ဝက်ဖဲ အဖြစ် အသုံးချနိုင်သည်။ ဂျိုတီ သေပြီ ဆိုလျှင်မူ သူနှင့် အတူ ကာရီကုတ် ပြည်နယ်မှ လိုက်လာသူများ အားလုံး ဒုက္ခလှလှကြီး တွေ့ရတော့မည်။

ထူးတော့ ထူးဆန်းသည်။ ယခုမူ သူနှင့် ဘီဂျူရုန်းသည် ဘက်တစ်ဖက်တည်းတွင် ရောက်နေကြပြီ။ အက်ရှ်သည် ဘီဂျူရုန်းလို လူမျိုး တစ်ယောက်နှင့် ဘက်တစ်ဖက်တည်းတွင် ရောက်နေကာ သူနှင့် မဟာမိတ် မဖြစ်လိုသည့်တိုင် ဂျိုတီ၏ လုံခြုံရေး အတွက်မူ ယခု လောလောဆယ်တွင် ဘီဂျူရုန်းလောက် စိတ်ချရသူ မရှိတော့။

ဘီဂျူရုန်းသည် သူ့ကြီးပွားရေးနှင့် သူ့အသက်ဘေး အတွက် ဂျိုတီကို ကာကွယ် ရတော့မည်သာ ဖြစ်၏။ ဘီဂျူရုန်းသည် မိမိနှင့် မူးလ်ရတ်တို့ထက်ပင် လျှင် ဂျိုတီ အတွက် စိတ်ချရသည့် အနေအထားတွင် ရှိနေသည်။

မည်သို့ဖြစ်စေ ထိုလူ့ အကြောင်းကို တွေးလိုက်သည်နှင့် အက်ရှ် တစ်ကိုယ်လုံး အာရုံကြောတွေ တင်းလာကာ တစ်ကိုယ်လုံး ကြက်သီးတွေ ထလာသည်။ ထို့ကြောင့် အက်ရှ်သည် ထိုအကြောင်းကို မတွေးတော့ဘဲ ညနေကျလျှင် ဇူလီနှင့် တွေ့ရတော့မည့် အကြောင်းကိုသာ တွေးနေသည်။

အကယ်၍ သူ မတွေ့ချင်လျှင် ထိုနေ့ညနေတွင် အက်ရှ်အား ဖိတ်ကြားသည့် ကိစ္စကို ဖျက်ပစ်နိုင်သည်။ ရှုရှီလာသည် သူ့အစ်မကို အလွန် အားကိုး မှီခိုသူ ဖြစ်ရာ ဇူလီက သဘောမတူလျှင် ယခုကဲ့သို့ ဖိတ်ခေါ်မည် မဟုတ်။

ထိုနေ့ညနေ အက်ရှ် ရောက်ပြီး မကြာမီ သူတို့ ညီအစ်မ အတွင်းဆောင်မှ ထွက်လာသည့်အခါ၌ ဘာမျှ အံ့သြခြင်း မဖြစ်တော့။ သို့ရာတွင် ထူးခြားသည်မှာ ဇူလီသည် ခါတိုင်းလို သူ့အကြည့်ကို ရှောင်လွှဲခြင်း မပြုတော့ဘဲ သူ့ကို စိတ်ဝင်စားစွာ စိုက်ကြည့်နေတတ်သည့် အချက် ဖြစ်သည်။

အက်ရှ်က နှုတ်ဆက်သည့် အခါတွင် ဇူလီသည် ရှက်အမ်းအမ်း ဖြစ်ခြင်း မရှိ။ ဇူလီသည် သူတို့ ထုံးစံအတိုင်း လက်နှစ်ဖက်ကို ယှက်၍ နဖူးတွင် ထိကာ နာမာစတေး ပြုဟန်ဖြင့် ခေါင်းကလေးကို မသိမသာ ညွှတ်သည်။

အခြားသော အိန္ဒိယ အမျိုးသမီးများ၏ လက်ချောင်းများလို သွယ်ပျောင်းခြင်း မရှိဘဲ အနည်းငယ် တုတ်ခိုင်၍ လေးထောင့်ကျကျ လက်ချောင်းများနှင့် လေးထောင့် မကျတကျ လက်ဝါးကို လှမ်းကြည့်လိုက်သည်။ စင်စစ် မိမိသည် ထိုလက်ပုံစံကို မြင်လိုက်ရ၍ ဇူလီကို မှတ်မိဖို့ ကောင်းသည်။

မတွေ့ခင်တုန်းက ဇူလီသည် သူ့ကို သူစိမ်း ပြင်ပြင်လို မဆက်ဆံသည့်တိုင် အေးတိအေးစက် ဆက်ဆံလိမ့်မည်။ သို့ဆက်ဆံလျှင် သူ့အနေဖြင့် မည်သို့ လုပ်ရမည်ကို စဉ်းစားခဲ့ပြီး ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် 'ဟက်ရှ်ဗွန်း ရေအိုင်ကလေးများနှင့်တူသည်' ဟု သူ တင်စား ပြောခဲ့သည့် ဇူလီ၏ မျက်လုံးများတွင် သူစိမ်းပြင်ပြင် အရိပ်အယောင်များကိုလည်း မတွေ့ရ။ အေးတိအေးစက် သဘောကိုလည်း မဆောင်။ ကြောက်ရွံ့သည့် လက္ခဏာလည်း မရှိ။ စိတ်ဝင်စားခြင်း အပြည့်။

မိမိသည် အရှေ့ ဖြစ်သည် ဆိုသည့် အချက်ကို ဇူလီ လက်ခံသွားပြီလော မဆိုနိုင်။ သူစိမ်း တစ်ယောက်ဖြစ်သည့် အင်္ဂလိပ် စစ်ဗိုလ် တစ်ယောက်၏ မျက်နှာပေါ်တွင် မိမိ တစ်ခါက သိခဲ့သည့် ဟိန္ဒူကလေး တစ်ယောက်၏ သွင်ပြင်ကို လိုက်လံ ရှာဖွေနေသည့်ဟန်ဖြင့် သူ့အား မကြာ မကြာ စိုက်ကြည့်နေသည်ကို တွေ့ရသည်။

ညဥ့်နက်လာသည်နှင့်အမျှ ဇူလီသည် သူ ပြောသော အကြောင်းအရာများထက် သူ့အသံကို အာရုံစိုက်၍ နားထောင်နေသည်ကိုလည်း တွေ့လာရ၏။ မဟာဒေဝီ ဘုံဆောင်ပျက်ကလေးပေါ်တွင် သူ ကြားခဲ့သည့် ဟိန္ဒူ သူငယ်လေး၏ အသံ ဟုတ် မဟုတ် ခွဲခြားနေဟန်တူသည်။

ထိုနေ့ညက မိမိ ဘာတွေ ပြောခဲ့သည်ကို အက်ရှ် ကောင်းကောင်း မမှတ်မိ။ ပြောလိုက်သည့် စကားတွေကလည်း အစုံ။ ဇူလီက သူနှင့် တစ်ကိုက်လောက်တွင် ထိုင်နေသည့် အတွက် ဂနာမငြိမ်နိုင်။ ဇူလီသည် ငယ်စဥ်ကတည်းက အလွန် ဏ္ဍန့်ကြီးသဖြင့် သူ့အသက်ထက် အနည်းငယ် ရင့်နေသည်။

ယခုလည်း ထို့အတူပင်။ သူ့ကို ကြည့်လိုက်ရုံမျှဖြင့် ဇူလီသည် ကျဉ်းမြောင်းသည့် ဘဝကလေးထဲတွင် အလုပ်နှင့်လက် မပြတ်အောင် တကုတ်ကုတ် ဖြစ်နေပြီး ကိုယ့်အရေး ကိုယ့်ခံစားချက်ကို ဦးစားမပေးနိုင်ဘဲ သူများအတွက် တာဝန်ယူနေရသည့် မိန်းမပျို တစ်ယောက်မှန်း သိသာနိုင်သည်။ ကိုယ့်အလှကို သတိမပြုနိုင်။ ညီမငယ် ရှုရှီလာအား အထိန်းတော် တစ်ယောက် သဖွယ်၊ အမေ တစ်ယောက် သဖွယ် ထိန်းနေရသည်။

ဇူလီ၏ အလှကို သူကိုယ်တိုင်လည်း သတိမပြု၊ အခြားသူများကလည်း ဂရုမပြုမိကြောင်း အက်ရှ် တွေ့ရသည့် အခါတွင် ဘာမျှ အံ့သြခြင်း မဖြစ်တော့။ ဇူလီ၏ အလှက အိန္ဒိယ တိုင်းသားတို့ ကြိုက်သော အလှမျိုး မဟုတ်။

သို့ရာတွင် ရှုရှီလာက သူ့အပေါ် သည်းလောက်နှဲ့ဆိုးဆိုးချင်တိုင်း ဆိုးသည်ကို ဇူလီ ခွင့်လွှတ်နေသည့်အတွက်မူ အက်ရှ် မကျေနပ်။ အကြောင်းရင်းကိုလည်း ရှာမရ။ ရှုရှီလာကို ကြောက်ရသောကြောင့်လော။ ဤသို့မူ မဟုတ်တန်ရာ။ မည်သို့ဖြစ်စေ ရှုရှီလာက ပထမ နေရာသို့ ရောက်နေပြီး ဇူလီက ဒုတိယ နေရာသို့ ရောက်နေခြင်းကိုမူ သူ မကျေနပ်နိုင်။

ရှုရှီလာက အလိုလိုက်ခံခဲ့ရသူပီပီ ဆိုးသွမ်းသည်။ စိတ်ကောက်တတ်သည်။ တစ်ဆိတ်ရှိလျှင် ဆူပူ ငိုယိုတတ်သည်။ သို့ရာတွင် တစ်ဖက်က ကြည့်လျှင် ဇူလီသည် ရှုရှီလာကို အလိုလိုက်ခြင်းမှာ ကြောက်၍ ဟုတ်ဟန်မတူဟု စိတ်ဖြေ၏။ တန်းနေသည့် ဇူလီ၏ မျက်ခုံးများက စိတ်ဓာတ် ကြံ့ခိုင်ခြင်းကို ဖော်ပြနေသည်။

ရေနစ်ခဲ့စဉ်က အဖြစ်အပျက်ကို ကြည့်လျှင် ဇူလီသည် သတ္တိ ကောင်းသလောက် ဖြတ်ထိုးဉာဏ် ကောင်းသည်ကို တွေ့ရသည်။

အက်ရှ်သည် မျက်လုံးများကို ဇူလီထံမှ မခွာနိုင်။ လွှဲရန်လည်း ကြိုးစားခြင်း မပြုတော့။ ဇူလီ၏ မျက်နှာကလေးကို တစိမ့်စိမ့် ကြည့်နေရသည်က ကြည်မောစရာ။

ထိုစဉ် ဂျိုတီက သူ့အင်္ကျီလက်ကို ဆွဲ၍ အဘယ်ကြောင့် ဇူလီကို သည်မျှကြာကြာ စိုက်ကြည့်နေရသနည်းဟု ခပ်တိုးတိုး မေးသည့် အခါတွင်မှ အက်ရှ်သည် ကိုယ့်အဖြစ်ကို ပြန်၍ သတိထားမိတော့သည်။ ကာကာဂျီ ခွင့်ပြုထားသည့် အချိန်သည် ပျော်ပျော်ရွှင်ရွှင်ဖြင့် ကုန်ဆုံးသွားခဲ့သည်။

နေ့တိုင်း တဲစခန်း ရွက်ဖျင်တဲထဲရှိ ရွက်ဖျင်ခုတင်ပေါ်တွင် လဲလျောင်းကာ အရိုးပြိုင်းပြိုင်း ထနေသည့် ကုက္ကိုပင်များကို ကြည့်နေရသည်နှင့် စာလျှင် ယခုလို အလည် သွားနေရသည်က ပျော်စရာ။

အက်ရှ် ပြန်ကာနီးသည့် အခါ၌ ရှုရှီလာက 'ဆပ်သခင်လေး မနက်ဖြန် လာခဲ့ဦးနော်' ဟု လှမ်းပြောလိုက်၏။ သူ့အသံက မှာကြားသံထက် အမိန့်ပေးသံ ပေါက်နေသည်။ ကာကာဂျီကလည်း ထပ်မံ ဖိတ်ကြားနေသည့် အခါတွင် အက်ရှ်သည် အံ့အားသင့်နေသည်။ သို့ရာတွင် ကာကာဂျီက အက်ရှ်ကို ဖိတ်ကြားခြင်းမှာ သူ့အကြောင်းနှင့် သူ။

သူ့တူမတော် အငယ်ဆုံး ဖြစ်သည့် ရှုရှီလာ နားပူနားဆာ လုပ်သည်ကို ကာကာဂျီ ငြီးငွေ့လှပြီ။ နိုင်ငံခြားသား တစ်ယောက် တွေ့နေရသည့် အတွက် အသစ်အဆန်း ဖြစ်နေခြင်း၊ ကိုယ်တော်လေး ဂျိုတီကို ဆွဲ



www.burmeseclassic.com

www.burmeseclassic.com



သခင်လေး အက်ရှ်က ကယ်တင်ခဲ့ခြင်း၊ အက်ရှ်၏ အသက်ဘေးမှ သိသိကလေး လွတ်ခဲ့ခြင်း စသည်တို့ကြောင့် ခပ်စောစောက သူတို့စခန်းတွင် အပြောင်းအလဲတွေ တွေ့ခဲ့သည်။

သို့ရာတွင် ကြာလာသည့် အခါတွင် ထိုအရာများသည်လည်း ရိုးအီသွားကြပြန်လေပြီ။ ထိုသည်နှင့် သူ့ တူမတော်များသည် ထိတ်လန့်စရာ ကြောက်စရာတွေကို တွေးကာ ထိတ်လန့် နေကြပြန်ပြီ။ ဘကြီးတော် ကာကာဂျီသည် သူတို့တစ်တွေအား အကြောက်ပြေရန် ချော့မော့ နှစ်သိမ့်နေရသည်ကိုလည်း ငြီးငွေ့လှပြီ။

တူမတော် ဇူလီမှာမူ အလုပ်နှင့်လက် ပြတ်သည် ဟူ၍ မရှိ။ သူ့တွင် လုပ်စရာတွေ တစ်ပုံတစ်ပင်။ အစေခံများကို စီမံ ခန့်ခွဲနေရသည်။ အထိန်းတော်များကို နေရာချရသည်။ ရန်ဖြစ်သည့် ကိစ္စများကို ဖြေရှင်းရသည်။ အချက်အပြုတ် ကိစ္စများကို စီစဉ် ကြီးကြပ်ရသည်။

သို့ရာတွင် ရှုရီလာမှာ ထိုသို့မဟုတ်။ စခန်းချနေရသည်ကို ငြီးငွေ့လာခဲ့လေပြီ။ စခန်းပြောင်းနေတုန်းဆိုလျှင် တစ်နေ့ တစ်နေ့ အသစ်အဆန်း တွေ့လိမ့်နိုးဖြင့် ပျော်နိုင်သေးသည်။ သူ ကြောက်လန့်နေသော အနာဂတ်နှင့် နီးလာသည့်တိုင် ထိုသို့ ရွှေ့လျားနေသည် ဆိုလျှင် ဖြေသာသေးသည်။

ယခု အက်ရှ်၏ ဒဏ်ရာကြောင့် သူတို့ စခန်းကြီးသည် ရက်ပေါင်းများစွာ နားနေရလေပြီ။ နေ့တွင် ခြစ်ခြစ်တောက် ပူသလောက် ညတွင် စိမ့်အေးနေသည့် ရွက်ဖျင်တဲကြီးထဲတွင် အောင်းနေရခြင်းကို ရှုရီလာ သည်းမခံနိုင်အောင် ဖြစ်လာခဲ့ပြီ။

ဇူလီသည် ညီမတော်လေး အပျင်းပြေရန် အတတ်နိုင်ဆုံး ကြိုးစား၏။ ကြွေပစ်ခြင်း စသည့် ကစားနည်းများသည်လည်း ရိုးလာခဲ့လေပြီ။ ဂီတသံကို ကြားရလျှင် ခေါင်းကိုက်သည်ဟု ရှုရီလာ ပြော၏။ လက်မထပ်ချင်သေးဟု ဆိုကာ ငို၏။

ကာကာဂျီ၏ မြေး၊ သူနှင့် ညီမတော်သည့် အရွမိ တစ်ယောက် မီးတွင်းတွင် သေဆုံးသွားသည်ကို တွေးကာ မိမိလည်း လက်မထပ်ချင်၊ ကလေး မမွေးချင်၊ သူများ နယ်မြေတွင် သွား၍ မသေချင် စသဖြင့် ငိုယိုခြင်းပြု၏။

ကာကာဂျီသည် သူ့ညီတော် မဟာရာဇာကဲ့သို့ပင် အေးဆေးစွာ နေတတ်သူ တစ်ယောက် ဖြစ်၏။ သို့ရာတွင် တူမတော်လေး၏ မျက်ရည်များ၊ ကြောက်လန့် စိုးရိမ်မှုများ၊ ပူဆာသံများကို ကြားရသည့် အခါတွင်မူ သူလည်း စိတ်ညစ်လာကာ ရေနစ်သူ နီးရာ ကောက်ရိုးပင်ကို လှမ်းဆွဲသည့်နှယ် တွေ့ရာကို အားကိုးရတော့သည်။

သာမန်အားဖြင့် ဆိုလျှင် ကာကာဂျီသည် မိမိ၏ တူမတော်များအား ဤသို့ သူစိမ်း နိုင်ငံခြားသား ယောကျ်ား ပျို တစ်ယောက်နှင့် ရင်းရင်းနှီးနှီး ပြောဆို နေထိုင်ခွင့် ပေးလိမ့်မည် မဟုတ်။ သို့ရာတွင် ယခု အခြေအနေကား ထူးခြားသည့် အခြေအနေ။ သူတို့ ရောက်နေသည် တောကြီး တောင်ကြီးထဲတွင် ဟော်နန်း စည်းကမ်းများကို လိုက်နာမနေနိုင်။

ထို့ပြင် သူတို့နှင့် လာရောက် စကား ပြောဆို နေသူမှာလည်း အခြားသူ မဟုတ်။ သူတို့ အသက်ကို ကယ်ခဲ့ဖူးသူ။ သူ ပြောသည့် ဘိလပ် အကြောင်း၊ နိုင်ငံခြားသားများ၏ အနေအထိုင် အကြောင်း စသည်တို့ ကလည်း ဘာမျှ အန္တရာယ် မရှိ။ အန္တရာယ် မရှိရုံ အပြင် အပျင်းပြေသေးသည်။ ရယ်ရ မောရသေးသည်။

ထို့ပြင် သူနှင့် စကားပြောရသည် ဆိုရသည့်တိုင် သူတို့ချည်း ရှိသည် မဟုတ်။ အနားတွင် လူတွေ အနည်းဆုံး ဒါဇင်ဝက်လောက်တော့ ရှိစမြဲ။ ထို့ပြင် အက်ရှ်မှာ ကုလားထိုင်မှပင် ထနိုင်သည့် အခြေ အနေ မရှိသေးသဖြင့် ဘာမျှ စိုးရိမ်ဖွယ်ရာ မမြင်။ ထို့ကြောင့် ကာကာဂျီက ဖိတ်သဖြင့် အက်ရှ်သည် နေ့တိုင်း လိုလို ရောက်နေတော့သည်။

အက်ရှ်၊ ဂျူတီ၊ ကာကာဂျီ၊ တစ်ခါတစ်ရံတွင် မာလဒီယိုရိုင်းနှင့် မူးလ်ရတ် (မူးလ်ရတ်မှာ တာဝန်အရ ထိုတဲထဲသို့ ဝင်ခွင့်ရခြင်း ဖြစ်သည်။) တို့သည် ရာဇ ကမ္ဘာရီများ၊ အခြေအရံများနှင့် စကား ထိုင်ပြောကြသည်။ သကြားလုံးကြေး၊ ခရခွံကြေး လောင်းတမ်း ကစားကြသည်။

သို့ဖြင့် ရှုရီလာမှာ ခါတိုင်းလို ငိုငိုရယ်ရယ် မဟုတ်တော့ဘဲ စိတ်ပြေလက်ပျောက် ဖြစ်နေသည်။ ဂျူတီကဲ့သို့ပင် ဘိလပ် အကြောင်း ပြောပြသည့်အခါတွင် တခစ်ခစ် ဖြစ်နေကြသည်။

ဥပမာအားဖြင့် မိန်းမနှင့် ယောကျ်ား နှစ်ယောက် တွဲ၍ ကသည့် ကပွဲများ အကြောင်း၊ 'စားတော်ပဲ ဟင်း ချိုရည်' လို ဝါကျင့်ကျင့် နှင်းမှောင်ကြီးထဲတွင် လန်ဒန် မြို့သူ မြို့သားတွေ မမြင်မစမ်း သွားလာကြရသည့် အကြောင်း၊ ဗရိုက်တန် ကမ်းခြေတွင် ပင်လယ်ရေထဲ ထွက်၊ နေပူစာ လှုံကြသည့် အကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂရေဇီ အမျိုးသမီးတို့ ဝတ်စားပုံ အကြောင်း၊ ကျပ်တည်းလှသည့် ခုံမြင့် ဖိနပ်များနှင့် ကျပ်တည်းလှသည့် ဘော်လီ အင်္ကျီများ အကြောင်း၊ သံမဏိယောက်ဆလင်ပါးရိုးယောက်တို့ဖြင့် ခံထားသည့် ကောဆက်အင်္ကျီများ အကြောင်း၊ ခေါင်းပေါ်တွင် နန်းကြိုးခွေနှင့် သိုးမွေးတို့ဖြင့် ယက်ထားသည့် ခေါင်းစွပ်ကို ဆောင်းပြီး ထိုအပေါ်မှနေ၍ ဆံပင် အတု တပ်သည့် အကြောင်း၊ ထိုဆံပင်တုပေါ်ကမှ ဦးထုပ် ဆောင်းသည့် အကြောင်း၊ ထိုအပေါ်တွင် ပန်းပွင့်တို့ ငှက်တောင်တို့ စိုက်သည့် အကြောင်း၊ တစ်ခါတစ်ရံတွင် ဆိုလျှင် အဝတ်သွင်း၍ ချုပ်ထားသည့် ငှက်ရုပ်ကလေးများကိုပင် စိုက်တတ်သည့် အကြောင်း။

ထိုအကြောင်းများကို ကြားသည့်အခါတွင် ကိုယ်တော်လေး ဂျိုတီနှင့် ရှုရီလာတို့သည် သဘောကျကာ တခစ်ခစ် ရယ်နေတတ်ကြ၏။

သူတို့ အထဲတွင် စကားနည်းသူ ဆို၍ ဖူလီ တစ်ယောက်သာ ရှိ၏။ တစ်ခါတစ်ရံမှသာ သဘောကျ၍ ရယ်တတ်သည်။

အက်ရှ်သည် ထိုပရိသတ် အားလုံးကို ပြောဆိုနေသည်ဟု ထင်ရသည့်တိုင် သူ တကယ် ရည်ရွယ်ပြောနေသူမှာ ဖူလီ ဖြစ်၏။ သူ တကယ် စိတ်ချမ်းသာအောင် လုပ်နေသူမှာ ဖူလီ ဖြစ်၏။ ဘိလပ် အကြောင်းကို သူ တကယ် သိစေချင်သူမှာ ဖူလီ ဖြစ်၏။

ဤသို့အားဖြင့် အက်ရှ်သည် ဂူးလ်ကုတ် ပြည်နယ်မှ သူ ထွက်ပြေး၍ ဘိလပ်သို့ ရောက်သည့် အခါတွင် မည်သို့ နေထိုင်ခဲ့ကြောင်းကို ဖူလီ သိအောင် သွယ်ဝိုက် ပြောခြင်း ဖြစ်သည်။ သူတို့ နှစ်ယောက် အတိတ်ကို ပြန်ရောက်နေသည်နှင့် မခြား။

သူ ပြောသည့် စကားများသည် အခြားသူများအတွက် အမိဟ္ဂယ် တစ်မျိုး ဆောင်သည့်တိုင် ဖူလီအတွက် သဘော တစ်မျိုး ထွက်နေသည်။ ဖူလီသည် အင်းပါသူပီပီ ဆိုလိုသည့် သဘောကို ရိပ်မိတန်ကောင်း၏။ ဤသည်ကို ဖူလီကလည်း တစ်ခါတစ်ရံတွင် အပြုံးဖြင့် လည်းကောင်း၊ ခေါင်း အငုံ့အစောင်းဖြင့် လည်းကောင်း ပြတတ်သည်။

သူတို့ နှစ်ယောက်တွင် အတိတ်ကို ပြန်ရောက်သည်နှင့် မခြား။ ဟိုစဉ်က သူတို့ နှစ်ယောက်သည် လာလာဂျီနှင့် သူ့အခြွေအရံတွေ ရှေ့တွင် သူတို့ နှစ်ယောက်တည်းသာ နားလည်သည့် စကားများကို ပြောနိုင်ခဲ့ကြသည်။ ယခုလည်း သူတို့ နှစ်ယောက်သည် ဂျိုတီ၊ ရှုရီလာနှင့် ကာကာဂျီတို့ ရှေ့တွင် သူတို့ နှစ်ယောက်တည်းသာ နားလည်စေသော စကားများကို အချက်ပြ၍ ပြောနိုင်ကြပြီ။

ဟိုစဉ် သူတို့ နှစ်ယောက် ကစားခဲ့တုန်းက ဖူလီသည် သူငယ်မကလေး။ ကလေးမကလေး။ သူတို့ နှစ်ယောက်သည် လာလာဂျီ၏ ရှေ့တွင်ပင် သူတို့ နှစ်ယောက် ဘယ်နေရာတွင် တွေ့ဆုံကြမည်၊ ဘယ်အချိန် လာရမည် ဆိုသည်ကို လက်ပြ ခြေပြ လုပ်ပြခြင်း၊ ချောင်းဆိုးပြခြင်း၊ ပန်းအိုးကို ရွှေ့ပြခြင်း၊ ထိုင်ဖုံကို ရွှေ့ပြခြင်း စသည့် အချက်ပြ နည်းများဖြင့် ပြောဆိုခဲ့ကြသည်။

မဟာဒေဝီ ဘုံဆောင်ပျက်ကလေးကို လာလာဂျီ၏ ဥယျာဉ်ထဲမှ ဒေါင်းကလေး နာမည် ဖြစ်သော ဇင်မာရတ် (မြစိမ်း) ဟု အမည်ပေးခဲ့သည်ကို အက်ရှ် အမှတ်ရနေသည်။ သို့ဖြင့် သူတို့သည် လူမသိအောင် ပြောလိုလျှင် မဟာဒေဝီ ဘုံဆောင်ပျက်ကလေးကို ဇင်မာရတ် (မြစိမ်း) ဟု ပြောလေ့ ရှိကြသည်။

အက်ရှ်၏ အမေ သီတာ၏ အခန်းကို ခေါ်သည့် အမည်ဝှက် တစ်ခု ရှိသေး၏။ သို့ရာတွင် အမည်ကို ကောင်းကောင်း မမှတ်မိတော့။ အချက်ပြ သင်္ကေတကို လည်း ကောင်းကောင်း မမှတ်မိတော့။ အဓိက အချက်ကြီးများကို မှတ်မိသည့်တိုင် အသေးစိတ်များသည် နှစ်ပရိစ္ဆေဒ တည်းဟူသော အပျက်အစီးပုံကြီးထဲတွင် ပျောက်ကွယ် နှစ်မြုပ်သွားခဲ့ကြပြီ။ စဉ်းစားသော်လည်း မပေါ်တော့။

သို့ရာတွင် တစ်ညဉ့်မှ အိပ်မပျော်နိုင်သည်နှင့် တောင်စဉ်းစား မြောက်စဉ်းစား လုပ်နေစဉ် ထိုစကားလုံးသည် ခေါင်းထဲတွင် လက်ခနဲ ပေါ်လာသည်။ ထိုစကားလုံးက ဟနုမန်။ ဟုတ်သည်၊ ဟနုမန်။ လင်္ကာဒီပကျွန်းသို့ ရောက်အောင် ကိုယ်ကို တံတား ခင်းပေးခဲ့သည့် ဟနုမန် မျောက်မင်း။ ရာမမင်းသည် ဟနုမန်၏ အမြီးကို တွယ်၍ လင်္ကာဒီပသို့ ကူးသွားကာ ချစ်သူ သီတာကို ဒသဂီရိ လက်မှ ကယ်တင်ခဲ့သည် မဟုတ်လား။

ဖူလီသည် ထိုစကားဝှက်ကို မှတ်မှ မှတ်မိပါဦးမည်လော မသိ။ ထိုစဉ်က ဖူလီသည် ငယ်သေးသည်။ သို့ရာတွင် လူတွေ ရှေ့တွင် ထိုစကားကို ပြောကြည့်သည့် အခါတွင် ဖူလီ မမေ့သေးကြောင်းကို အက်ရှ်



www.burmeseclassic.com

www.burmeseclassic.com



သတိပြုမိ လိုက်သည်။ သို့ဖြစ်လျှင် မိမိသည် ထိုစကားဝှက်ကို အသုံးပြုကာ ဇူလီနှင့် တွေ့ဆုံရလေမည်လော။

ထို့ကြောင့် နောက်တစ်နေ့ ညနေ တွေ့ကြသည့် အခါတွင် အက်ရှ်သည် ထိုစကားလုံးကို သုံး၍ ချိန်းလိုက်သည်။ ဇူလီက မည်သို့မျှ တုံ့ပြန်ခြင်း မပြု။ နားလည်သည့် လက္ခဏာကိုလည်း မပြ။ ဇူလီသည် သူ့ကို ငေးစိုက် ကြည့်နေသည့်တိုင် မည်သို့မျှ ပြန်မဖြေ။

အက်ရှ်သည် စိတ်ပျက်ပျက်ဖြင့် မိမိ ရွက်ဖျင်တဲသို့ ပြန်လာခဲ့သည်။ မာဒူးနှင့် ဂူးလ်ဘတ်တို့ကိုလည်း ဆူပူ မာန်မဲသည်။ ထိုနေ့ညက သူနာပြု ဂီတာ ရောက်လာပြီး သူ့ရွက်ဖျင်တဲ တံခါးကို အသာအယာ လာရောက် ကုတ်ခြစ်သည့် အခါတွင်လည်း မိမိသည် နေထိုင်ကောင်းပြီ ဖြစ်ကြောင်း၊ မည်သူမျှ လာရောက် ပြုစုဖို့ မလိုတော့ကြောင်းဖြင့် အော်ငေါက်ပစ်လိုက်သည်။

သူ သွားနိုင် လာနိုင်ကြောင်း သက်သေပြသည့် အနေဖြင့် တဲအလယ်ကောင်တွင် ထွန်းထားသော မီးအိမ်ကို မှုတ်ပစ်လိုက်၏။ မီးကို ငြိမ်းလိုက်သည်ဆိုလျှင် ဂီတာလည်း လာရဲတော့မည် မဟုတ်။ နောက်ထပ်လည်း နားပူနားဆာ လုပ်တော့မည် မဟုတ်။

သို့ရာတွင် ထိုနေ့ညက ရွက်ဖျင် တံခါးသည် ပွင့်လာကာ ကြယ်ရောင်တို့ကို ရိပ်ခနဲ မြင်လိုက်ပြီးနောက် သူ့တဲထဲသို့ ခေါင်းမြီးခြုံကာ အမျိုးသမီး တစ်ယောက် ဝင်လာသည်ကို မြင်လိုက်ရသည်။ သူနာပြု ဂီတာ လာခြင်း ဖြစ်မည်။

အက်ရှ်သည် ခေါင်းအုံးကို တံတောင်ဖြင့် မှီ၍ ထောက်လိုက်ပြီးနောက် ယနေ့ညအဖို့ လာဖို့ မလိုတော့ကြောင်း၊ မိမိဘာသာ တစ်ယောက်တည်း အေးအေးဆေးဆေး နေလိုကြောင်းဖြင့် ခပ်ဆတ်ဆတ်ကလေး ပြောလိုက်သည်။

'ဒီနေ့ည လာခဲ့ရမယ် ဆို'

အက်ရှ်၏ နှလုံးသည် လည်ပင်းထဲသို့ ရောက်အောင် ခုန်တက်လာသည်ဟု ထင်လိုက်ရ၏။ အသက်ကိုလည်း မရှူနိုင်။ စကားလည်း မပြောနိုင်။ အက်ရှ်သည် အိပ်ရာပေါ်သို့ ပြန်လှဲလိုက်ရင်း

'ဟင် ဇူလီလား'

ရယ်သံသဲ့သဲ့ကို ကြားလိုက်ရ၏။ ထိုရယ်သံသည် ကြားနေကျ ရယ်သံ။ အက်ရှ်၏ အကောင်းပကတိ ကျန်နေသည့် လက်တစ်ဖက်သည် ဇူလီ၏ ဆာရီကို ဆွဲဆုပ်ထားလိုက်မိသည်။ ဇူလီသည် ရုတ်တရက် ပေါ်လာသလို ရုတ်တရက် ပျောက်သွားမည်ကို စိုးရိမ်သည် နှယ်။

'ဘာလဲ၊ ဇူလီ မလာတော့ဘူးလို့ အစ်ကို ထင် လို့လား၊ အစ်ကိုပဲ ဟနုမန် အကြောင်းကို ပြောခဲ့တယ် လေ၊ မေ့သွားပြီလား၊ အစ်ကို့ အခန်းရှေ့က တလင်းပြင်မှာ ဇူလီတို့ တွေ့ချင်ရင် ဒီစကားကို သုံးခဲ့ကြတယ် လေ'

'အစ်ကို့ အခန်းရှေ့က တလင်းပြင် မဟုတ်ပါ ဘူးကွယ်၊ အမေ သီတာရဲ့ အခန်းရှေ့ကပါ'

'အမေ့ အခန်းဟာလည်း အစ်ကို့ အခန်း မဟုတ်ဘူးလားလို့၊ ခု အမေ သီတာ မရှိတော့ အစ်ကို တစ်ယောက်တည်းရဲ့ နေရာ ဖြစ်နေပြီပေါ့၊ အစ်ကို့ ရွက် ဖျင်တဲပေါ့၊ မဟုတ်ဘူးလားဟင်'

'ဟုတ်ပါတယ်၊ နေစမ်းပါဦး ဇူလီ၊ အဲဒီတုန်းက ဇူလီက ငယ်ငယ်လေးပဲ ရှိသေးတယ်၊ ခုထိ ဒီစကား ဝှက်ကို မမေ့ဘူးပေါ့'

'မခက်ပါဘူး အစ်ကိုရယ်၊ အစ်ကိုတို့ သားအမိ နှစ်ယောက် မရှိတဲ့ နောက်မှာ ဇူလီ အဖို့ ဒါတွေ တသသ ဖြစ်ပြီး တွေးနေမိတော့ အလိုလို မှတ်မိနေတာ ပေါ့'

သူ ပြောလိုက်သည်က ရှင်းရှင်းကလေး။ သို့ရာ တွင် သူ့စကားကို ကြားလိုက်သည့် အခါ၌ မိမိတို့ ... သည့်နောက်တွင် ဇူလီ တစ်ယောက် မည်မျှ အထီးကျန် ဖြစ်ရှာလေမည်နည်း။ ဤသည်ကို ယခုမှ သူ တွေး သည်။

အက်ရှ်သည် ရုတ်တရက် စကား မပြောရဲ...

အမှောင်ထဲမှာမို့ ဇူလီသည် သူ့မျက်နှာကို မမြင် ရ။ သို့ရာတွင် သူ့အတွေးကို ခံစားမိပုံ ရ၏။

'ဇူလို့ အတွက် ဒီလောက် စိတ်မကောင်း မဖြစ် ပါနှင့် အစ်ကိုရယ်၊ ဇူလီ နေတတ်ပါပြီ'

ဇူလီသည် အထီးကျန် နေရသော အကျင့်ကို ... ဟန် တူနေလေပြီ။ သို့ရာတွင် အက်ရှ် မနေတတ်။ ... မကောင်း။ အမေ့လျော့ခံ ဘဝတွင် သူ ပြန်လာနိုး ... စောင့်မျှော် နေခဲ့ရမည့် ဇူလီကို သနားသွားသည်။ ... ပြန်မလာတော့ဟု မျှော်လင့်ချက်ကို ဘယ်အချိန်က ... စွန့်လွှတ် လိုက်ခဲ့လေသည် မသိ။

'အစ်ကိုလည်း ဇူလို့ကို သတိရတယ်နော်'

အက်ရှ် မဖြေနိုင်။ စင်စစ် သူသည် ဇူလီကို ... နေပြီ။ သူတို့ စကားဝှက်တွေကို သတိရဆဲ ထားဦး ...



www.burmeseclassic.com

www.burmeseclassic.com



ကိုပင် ကောင်းကောင်း သတိမရတော့။ ဘီဂျူရှန်းကို မြင်လိုက်သည့် အခါတွင်မှ ဇူလီကို သတိရလာခြင်း ဖြစ်သည်။

အက်ရ်ှသည် လည်ချောင်း ရှင်းလိုက်ပြီးနောက်

'ရပါတယ်၊ ဒါပေမဲ့ ဇူလီက ဒီစကားဝှက်တွေကို သတိရလိမ့်မယ်လို့တော့ သိပ် မထင်တော့ဘူး၊ တကယ်ကတော့ ဇူလီ ဒီကို မလာသင့်ဘူး ထင်တယ်၊ အန္တရာယ် ကြီးလွန်းလှတယ်'

အက်ရ်ှသည် သူ့ တစ်ကိုယ်ကောင်း ဆန်မှုအတွက် စိတ်မကောင်းဖြစ်ကာ နောင်တရနေသည်။

'ဒါဖြင့် ဘာဖြစ်လို့ အစ်ကိုက ခေါ်သေးသလဲ'

'အစ်ကိုကတော့ ဇူလီ အမှတ်မရတော့ဘူး ထင်လို့ ပြောလိုက်တာပါ၊ မှတ်မိရင်လည်း လာလိမ့်မယ်လို့ မထင်ဘူး၊ လာနိုင်လိမ့်မယ်လို့လည်း မထင်ဘူး'

ဇူလီက

'လာပါတယ် အစ်ကိုရယ်၊ အဘွားကြီး ဂီတာရဲ့ ခေါင်းမြီးခြုံကို ငှား၊ သူ့ကို လိုက်ခဲ့ပါရစေလို့ ပူဆာတာပေါ့၊ ဇူလီက သူ့ကို စောင်မခဲ့ဖူးတော့ ဇူလီ အတွက်ဆိုရင် သူ လုပ်ပေးပါတယ်၊ အရင် တစ်ခေါက်တုန်းကလည်း ဒီကို လာဖူးပြီပဲ'

'ဘာ၊ အဲဒီတုန်းက ဇူလီလား၊ အစ်ကို မြင်းပေါ်က ကျတဲ့နေ့ ညက လာတာလေ၊ အစ်ကို့ စိတ်ထဲမှာတော့ အထင်လိုက်သား၊ ဒါပေမဲ့ မူးလ်ရတ်က ပြောတော့ ဂီတာလို့ ပြောတာနဲ့'

'သူ ဘယ်သိမလဲ အစ်ကိုရဲ့၊ အဲဒီတုန်းက ဇူလီ ဘာလို့ လာတယ် ထင်သလဲ၊ အစ်ကို့ကို ဇူလီ စိတ်ဆိုးနေတယ် သိလား၊ အစ်ကိုက အင်္ဂရေစီဆပ်တွေလို မေ့တတ်နိုင်လွန်းလို့၊ အစ်ကိုကတော့ မေ့မှာပေါ့လေ၊ ဇူလီကသာ...'

'ဟုတ်ပါတယ် ဇူလီရယ်၊ အစ်ကို တောင်းပန်ပါတယ်၊ ဇူလီဟာ အစ်ကို့ကို စကား မပြောချင်လောက်အောင် စိတ်ဆိုးသွားတယ် မဟုတ်လား'

'ဟုတ်တယ်၊ အစ်ကိုသာ မြင်းပေါ်ကကျပြီး ဒဏ်ရာ မရခဲ့ရင် အစ်ကို့ကို ဇူလီ စကား ပြောမိချင်မှ ပြောမိတော့မှာ၊ အဲဒီတုန်းကတော့ အစ်ကို အသက်မှ ရှင်ပါဦးမလားလို့ စိုးရိမ်တာနဲ့ ဂီတာကို ပြောပြီး အတင်း လိုက်လာခဲ့တာ၊ ဒီတစ်ခါတင် မဟုတ်ပါဘူးလေ၊ ဇူလီ သူနဲ့ လိုက်လာတာ သုံးလေးငါးခါပဲ၊ ဒါပေမဲ့ နောက်အကြိမ်တွေကတော့ တဲထဲကို မဝင်တော့ဘူး၊ သူ အလုပ် လုပ်တုန်း ဇူလီက အပြင်က ထိုင်စောင့်နေတာ'

'ဘာဖြစ်လို့ ထိုင်စောင့်နေရတာလဲ ဇူလီ၊ ဟင် ဘာဖြစ်လို့ မဝင်တာလဲ'

အက်ရ်ှက စိုးရိမ်တကြီးဖြင့် ဇူလီ၏ ဆာရီစကို ဆွဲဆုပ်ရင်း မေးလိုက်သည်။

ဇူလီက ဖြည်းလေးစွာဖြင့်

'အစ်ကို့ အသံကို နားထောင်ကြည့်ချင်လို့၊ အစ်ကိုဟာ အစ်ကို ပြောသလို ဟုတ်ရဲ့လား ဆိုတာ သေချာအောင် အစ်ကို့ အသံကို နားထောင်ကြည့်ချင်တာနဲ့ လိုက်လာတာ'

'အရှော့ ဟုတ်သလား မဟုတ်ဘူးလားလို့ သေချာအောင်ပေါ့'

'ဟုတ်တယ်၊ ဇူလီရဲ့ အစ်ကို အရှော့မှန်း သေချာအောင်၊ ဇူလီရဲ့ တစ်ဦးတည်းသော အစ်ကိုမှန်း သေချာအောင်လို့'

'ဇူလီရဲ့...'

'ဇူလီရဲ့ တစ်အူထုံ့ဆင်း အစ်ကိုလေ၊ အစ်ကို မှတ်မိတယ် မဟုတ်လား၊ ဇူလီမှာ မောင်နှမသားချင်းဆိုလို့ တစ်ယောက်မှ မရှိဘူး ဆိုတာလေ၊ တကယ်တော့ အရှော့ဟာ ဇူလီရဲ့ အစ်ကို အရင်းတွေထက်တောင် ပိုပါတယ် အစ်ကို၊ လာလာဂျီတို့၊ နန်ဒူးတို့၊ ဂျိုတီတို့ထက် ပိုပါတယ်၊ သူတို့ဟာ ဇူလီရဲ့ အစ်ကိုတွေ မောင်တွေနဲ့ မတူဘူး၊ အရှော့ကသာ ဇူလီရဲ့ အစ်ကို အရင်း'

အက်ရ်ှက စိတ်ပျက်လက်ပျက်ဖြင့်

'တကယ်ပဲလား ဇူလီရယ်၊ နေပါဦး၊ အစ်ကိုဟာ အရှော့ အစစ်ပဲ ဆိုတာကိုကော ယုံပြီနော်'

'ယုံလို့ လာတာပေါ့ အစ်ကိုရဲ့၊ မယုံရင် ဒီလို ရောက်လာပါ့မလား'

အက်ရ်ှက ရေ့နားသို့ တိုးလာရန် သူ့ဆာရီစကို ဆွဲယူလိုက်လျက်

'ဇူလီရဲ့ ခေါင်းမှာ ခြုံထားတဲ့ ခေါင်းမြီးခြုံကြီးကို ဖယ်လိုက်စမ်းပါကွယ်၊ ပြီးတော့ မီးထွန်းလိုက်စမ်းပါ၊ ဇူလီရဲ့ မျက်နှာကို အစ်ကို တစ်ဝကြီး ကြည့်ချင်လို့'

ဇူလီက ရယ်လိုက်ပြီးနောက် ခေါင်းယမ်းလိုက်ရင်း

'မဖြစ်ဘူးလေ အစ်ကို့ရဲ့၊ အဲဒီတော့မှ တကယ် ဒုက္ခရောက်မှာ၊ တစ်ယောက်ယောက်က တွေ့သွားရင် ခက်ကုန်လိမ့်မယ်၊ ခုအတိုင်း ဆိုတော့ ဘယ်သူကမှ



www.burmeseclassic.com

www.burmeseclassic.com



လီလို့ ထင်မှာ မဟုတ်ဘူး၊ ဂီတာလို့ပဲ ထင်ကြမှာ၊ ဂီတာက စကားတို့ ဘာတို့ သိပ်ပြောတာ မဟုတ်တော့ လူတွေ မြင်သွားရင်တောင် ဇူလီအနေနှင့် စကားမပြောဘဲ နေလိုက်ရုံပဲ၊ ကဲ လွှတ်ပါတော့ အစ်ကိုရယ်၊ ဇူလီ ဒီနားမှာ ထိုင်ပါ့မယ်၊ အမှောင်ထဲမှာ စကားပြောတာက ပိုကောင်းပါတယ်၊ ခုလို တစ်ယောက် မျက်နှာကို တစ်ယောက် မမြင်ရတော့ ဟိုတုန်းက အရှေ့နှင့် ဟိုတုန်းက ဇူလီလို့လည်း အောက်မေ့လို့ ရတာပေါ့၊ မျက်နှာကို မြင်ကြရင် အစ်ကိုက အင်္ဂရေစီ စစ်ဗိုလ်၊ ဇူလီက ရာဇကုမ္မာရီ ဇူလီ၊ မကြာခင် လက်ထပ်ရတော့မယ့်...'

ဇူလီက စကားဆုံးအောင် မပြောဘဲ ရပ်လိုက်၏။ ကော်ဇောပေါ်သို့ ဆင်းလိုက်ကာ အိပ်စင်ဘေးတွင် ကျုံ့ကျုံ့ကလေး ထိုင်နေသည်။ သူ့သဏ္ဌာန်က ခပ်ဖြူဖြူ။ တစ္ဆေ တစ်ကောင် လိုလို၊ အဝတ် လျှော်ထုပ်ကြီး တစ်ထုပ်လို။ ရေးရေးမျှသာ။

နောက်တွင် ပြန်စဉ်းစားသည့် အခါ၌ ထိုညက ဘာတွေ ပြောခဲ့သည်ကို အက်ရှ် ကောင်းကောင်း မမှတ်မိတော့။ စကားတွေ ပြောခဲ့ကြသည် ဆိုသည်လောက်ကိုသာ မှတ်မိသည်။ သူ ပြန်သွားသည့် အခါတွင်မှ မေ့၍ မပြောလိုက်ရသည့် စကားများကို အက်ရှ် သတိရတော့သည်။ သူတို့နှစ်ယောက်သည် ထိုနေ့ညက ဘယ်လောက်ကြာကြာ စကား ပြောခဲ့ကြသည်ကိုလည်း သူ မမှတ်မိတော့။

လရောင်သည် ရွက်ဖျင်တဲ တံခါးကြားမှ ထိုးကျလာကာ ဇူလီ၏ မျက်လုံးကို ဖုံးထားသည့် ဇာမျက်နှာဖုံးပေါ်သို့ ထိုးကျလာသည်။ လရောင်အောက်တွင် ပိုးဇာ မျက်နှာဖုံး ကြားမှ တလက်လက် တောက်ပနေသော ဇူလီ၏ မျက်လုံးမှ အရောင်ကို မြင်ရ၏။

ခဏအကြာတွင် တဲတံခါး အလိုက် ထိုးကျနေသော မှန်ကူကွက်ပုံ လရောင်သည် ဇူလီ၏ ခေါင်းပေါ်သို့ ရောက်သွား၏။ ပိုမြင့်လာသည်နှင့် ထိုလရောင်ကလေးသည် ပျောက်ကွယ်သွားကာ နောက်ဆုံး၌ ကြယ်ရောင်တို့ဖြင့် လင်းလက်နေသော ကောင်းကင် တစ်ပိုင်းတစ်စကို ရွက်ဖျင်တဲ တံခါးမှ မြင်နေရသည်။

သူတို့နှစ်ယောက်သည် အက်ရှ်၏ အစေခံတွေ နိုးမည် စိုးသည့် အတွက် စကားကို ကျယ်ကျယ် မပြောကြ။ ဂီတာသည် သူ့သခင်မ ပြန်ချိန်တန်၍ ပြန်မလာသည့် အခါတွင် အရဲစွန့်ကာ တဲထဲသို့ ဝင်လာခဲ့သည်။ သို့မဟုတ်လျှင် သူတို့နှစ်ယောက်သည် အချိန်ကုန်သွားသည်ကို မသိလိုက်ကြဘဲ အရုဏ်တက်သည် အထိ စကား ပြောနေမိကြလိမ့်မည်။

ဂီတာ၏ အသံကို ကြားလိုက်ရသည့် အခါတွင်မှ သူတို့နှစ်ယောက်သည် အတိတ်မှ ပြန်နိုးလာခဲ့ကြကာ သူတို့နှစ်ယောက် အတင့်ရဲပုံကို သတိရကြတော့သည်။ ဂီတာသည် သူတို့ တဲထဲသို့ ခြေဖျားထောက်၍ ဝင်လာခဲ့ခြင်း ဖြစ်ရာ ဂီတာသာ မဟုတ်ဘဲ တစ်ယောက်ယောက်သာ ဆိုလျှင် သူတို့ ရှေ့ရေးသည် တွေးဝံ့စရာပင် မရှိတော့။

ဇူလီက ဆတ်ခနဲ ထိုင်ရာမှ ထကာ ရွက်ဖျင်တံခါးဆီသို့ လျှောက်သွား၏။ သူ့အရိပ်ကြောင့် တံခါးဝမှ မြင်နေရသည့် ကြယ်ပွင့်တို့ ပျောက်ကွယ်သွားကြသည်။

'လာ ဂီတာ၊ ကဲ အစ်ကို၊ သွားမယ်နော်၊ အိပ်တော့'

'နောက်တစ်ခါ လာဦးမှာလား ဟင် ဇူလီ'

'အခြေအနေ အရပေါ့ အစ်ကိုရယ်၊ မလာနိုင်ရင်လည်း ညနေကျရင် ဒါဘာတဲထဲမှာ တွေ့နေကြရတာပဲဟာ'

'ဒီလို တွေ့ရတာကတော့ ဘာလုပ်မလဲကွယ်၊ စကားကလေးမှ လွတ်လွတ်လပ်လပ် မပြောရ'

'ပြောနိုင်ပါတယ် အစ်ကိုရဲ့၊ ဟိုတုန်းက ပြောခဲ့သလို ခုညဦးပိုင်းတုန်းက ပြောခဲ့သလို သင်္ကေတနှင့် ပြောမှာပေါ့၊ ကဲ ညဥ့်နက်လှပြီ အစ်ကို၊ သွားတော့မယ်'

'ဇူလီ၊ ခဏ...'

အက်ရှ်က အမှောင်ထဲတွင် လက်ကို ဆန့်တန်းလိုက်၏။ သို့ရာတွင် ဇူလီသည် ခပ်လှမ်းလှမ်းသို့ ရောက်သွားပြီ။ ခဏကြာလျှင် ရွက်ဖျင် တံခါးဝတွင် ပြန်ပေါ်လာသော ကြယ်ပွင့်တို့ ဝင်းလက်နေသည့် ကောင်းကင်ကြီးကို မြင်လိုက်ရ၏။ ခြေသံကို မကြားလိုက်ရသည့်တိုင် ဇူလီ ပြန်သွားသည်ကို သူ သိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂၀

အက်ရှ်သည် ခေါင်းအုံးကို မှီလိုက်ရင်း ညဘက် ကောင်းကင်ပြင်ကြီးကို ငေးကြည့်နေသည်။ 'အစ်ကို အရင်း' ဟု သုံးနှုန်းသွားသည့် ဇူလီ၏ စကားကို ဘဝင် မကျချင်။ ဇူလီသည် သူ့ကို အစ်ကို အရင်း တစ်ယောက်လို တကယ်ပင် သဘောထားသည်လော။ ထိုသို့ သဘောထားခြင်းကြောင့်သာလျှင် ညကြီးမင်းကြီးတွင် သူ့ထံသို့ လာရဲခြင်း ဖြစ်သည်လော။ သည်လိုဆိုလျှင် ဇူလီကို အပြစ်ဆိုဖွယ် မရှိ။

သို့ရာတွင် သူ့ဘက်ကမူ ဇူလီကို ညီမ အရင်းလို သဘောမထားနိုင်။ သို့ရာတွင် ဇူလီက သူ့ကို အစ်ကို အရင်းလို သဘောထားသည် ဆိုလျှင်လည်း သူ ကျေနပ်သည်သာ။ သို့ထားနိုင်ကြသည် ဆိုလျှင် သူတို့နှစ်ယောက်အားမသိ ရန်မခ ရှိနိုင်သည်။ သို့မဟုတ်ဘဲ ဆက်ဆံရေး တစ်မျိုးတစ်ဖုံ ပြောင်းလဲခဲ့သည် ဆိုလျှင်မူ သူတို့နှစ်ယောက် အနာဂတ်သည် တွေးဝံ့စရာ မရှိ။ အန္တရာယ်တွေ အပြည့်။

အက်ရှ်သည် အိပ်ရာထဲတွင် လှဲရင်း တောင်စိတ်ကူး မြောက်စိတ်ကူးဖြင့် တလူးလူး တလိမ့်လိမ့် ဖြစ်နေသည်။ သို့ရာတွင် အမျိုးမျိုး စဉ်းစားသည့်တိုင် အဖြေ တစ်ခုသာ ထွက်၏။ ယင်းမှာ အခြား မဟုတ်။ သတိ ဝီရိယနှင့် နေရန် ဆိုသည့် အချက် ဖြစ်သည်။

မိမိ အတွက်က အရေးမကြီး။ ဇူလီ အတွက် အနေအထိုင် များစွာ ဆင်ခြင်ရလိမ့်ဦးမည်။ မိမိက ကြိုးကြပ် လိုက်ပို့ရသည့် မင်္ဂလာ သတို့သမီး တစ်ယောက်အပေါ်တွင် သဘောထား တစ်မျိုး ထားမိသည် ဆိုလျှင် အန္တရာယ် ကြီးနိုင်သည်သာ။

ထိုအတိုင်း ဆိုလျှင် ဂျိုတီ၏ အသက် အန္တရာယ်ပူသာမက မိမိ၏ အသက် အန္တရာယ်လည်း စိုးရိမ်ရသော အခြေအနေသို့ ရောက်လာနိုင်သည်။ မတော်တဆ သေဆုံးသွားသည် ဆိုလျှင် ဘာတတ်နိုင်သနည်း။ ဗြိတိသျှအစိုးရသည်လည်း မည်သည့် စုံစမ်းမှုမျိုးကိုမှ လုပ်နိုင်တော့မည် မဟုတ်။

အိန္ဒိယပြည်တွင် လူတစ်ယောက် သေဖို့ ဆိုသည်မှာ လွယ်ကူလှဘိခြင်း။ စခန်းချနေတုန်း မတော်တဆ ထိခိုက် ဒဏ်ရာရ၍ သေသွားသည် ဆိုလျှင် ကိစ္စပြတ်လေပြီ။

အနီးအနားတွင် အင်္ဂလိပ် ဆရာဝန် ဆို၍လည်း တစ်ယောက်မျှ မရှိ။ အခြား တတ်ကျွမ်းသူ ဆို၍လည်း တစ်ယောက်မျှ မရှိ။ သူတို့ လာအောင် စောင့်ပြီး အလောင်းကို စစ်ဆေးကြည့်ရအောင် ဆို၍လည်း အလောင်းမှာ အပုပ်ရှိန်ကြောင့် ပုပ်တော့မည်။ သို့မဟုတ်လျှင်လည်း လင်းတစာ ခွေးအစာ ဖြစ်လောက်ပြီ။ ထိုအခါကျမှ ဆေးဆရာဝန် ရောက်လာ၍ အလောင်းကို စစ်ဆေးကြည့်သည် ဆိုလျှင် ဘာမျှ သိနိုင်တော့မည် မဟုတ်။

သူ့ကို သတ်သည် ဆိုလျှင် မသေမရှင် ထားမည် မဟုတ်။ တစ်ခါတည်း ကိစ္စတုံး စီရင်မည် မုချ။ ဇူလီကိုမူ တစ်မျိုး တစ်နည်း စီရင်လိမ့်မည်။

အလောင်းအစား ရှုံးသည့် အတွက် အမဲလိုက်သည့် ကိုယ့်ကျားသစ်ကို အရှင်လတ်လတ် မီးရှို့သတ်သည့် အကြောင်းကို အက်ရှ် ကြားခဲ့ဖူးပြီ။ ဇူလီကိုလည်း ထို့အတူ သတ်ပစ်နိုင်သည်။

မည်သို့ဖြစ်စေ သူ့ဆီသို့ ဇူလီ မလာလျှင် အကောင်းဆုံး ဖြစ်လိမ့်မည်။ တွေ့လိုလျှင်လည်း အခြားနည်းလမ်းကို ရှာရလိမ့်မည်။ ယခု လောလောဆယ်တွင်မူ ညဦးပိုင်း ဒါဘာတဲတွင် တွေ့ရလျှင် လုံလောက်ပြီဟု အက်ရှ် ယူဆသည်။

ဤသို့ တွေးရင်း အက်ရှ် အိပ်ပျော်သွားသည်။ သို့ရာတွင် မနက် လင်းသည့် အခါ၌ အက်ရှ်သည် ထိုဆုံးဖြတ်ချက်ကို ဖျက်ပစ်လိုက်ပြန်သည်။ အန္တရာယ်ကို



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားလိုက်သည့် အခါတွင် မနေ့ညက သူ စဉ်းစား သလောက် ကြီးကျယ်သည်ဟု မထင်တော့ချေ။

ထိုနေ့ ညဦးပိုင်းက သူ့ကို ဝေါဖြင့် ဒါဘာတဲ ထဲသို့ သယ်လာခဲ့စဉ် ရာဇကုမ္မာရီများနှင့် တွေ့သည့် အခါ၌ အက်ရှ်သည် အကျိုးအကြောင်း အားလုံးကို ရှင်းပြရန် သူ့တဲသို့ လာခဲ့ဖို့ အချက်ပြခဲ့သည်။

နောက် သုံးနာရီလောက် ကြာသည့် အခါတွင်မှ ဇူလီသည် အက်ရှ်၏ အိပ်စင် အစွန်းတွင် ထိုင်လျက် ရှိပြီး ဂီတာမှာ အပြင်ဘက် တဲဆိုင်းကြိုးကြိုးများကြား မှောင်ရိပ်တွင် ငုတ်တုတ် ထိုင်နေသည်။ အက်ရှ်က နောက်ထပ် သူ့ဆီသို့ မလာရန် ပြောသည့်တိုင် ဇူလီက လက်မခံ။

'ဘာလဲ၊ အစ်ကိုက အဘွားကြီး ဂီတာ လျှောက် ပြောမှာ စိုးလို့လား၊ မပြောပါဘူး အစ်ကိုရဲ့၊ စိတ်ချပါ၊ ပြီးတော့ သူက နားလေးနေတော့ ဇူလီတို့ ဘာပြောပြော ကြားမှာ မဟုတ်ပါဘူး'

'အစ်ကို ပြောချင်တာက သူ ကြားမှာ မကြားမှာ ကြောင့် မဟုတ်ပါဘူးကွယ်၊ ဇူလီ ဒီကို မလာသင့်ဘူးလို့ ထင်တဲ့ အတွက် ပြောတာပါ၊ ကောင်းပြီ၊ ဇူလီ ဒီကို လာတာကို တစ်ယောက်ယောက် တွေ့သွားရင် ဇူလီ ဘယ်လို ပြောမလဲ'

ဇူလီက ရယ်လိုက်၏။ သူ လာသည်ကို မည်သူမျှ တွေ့နိုင်မည် မဟုတ်ကြောင်း၊ တွေ့လျှင်လည်း ဘာမျှ ကြီးကြီးကျယ်ကျယ် အန္တရာယ် မရှိနိုင်ကြောင်းဖြင့် ခပ်လွယ်လွယ် ပြောသည်။

'အစ်ကို့ကို ဇူလီရဲ့ အစ်ကို အရင်း တစ်ယောက် လို သဘောထားပါတယ်လို့ ဇူလီ ပြောပြီးပြီ မဟုတ်လား၊ ပြီးတော့လည်း အစ်ကိုဟာ ဇူလီတို့ ညီအစ်မ နှစ်ယောက် ရဲ့ အသက်သခင် ကျေးဇူးရှင်၊ ဒါတင်မကဘူး၊ ဂျိုတီကို ကယ်ခဲ့တဲ့သူ၊ ညီမ တစ်ယောက်ဟာ နေထိုင်မကောင်း တဲ့ အစ်ကို တစ်ယောက်ဆီကို မလာရဘူးတဲ့လား၊ ပြီး တော့ ဘယ်သူမှ မမြင်တဲ့ အချိန်ကျမှ လာတာ၊ လာတော့ လည်း တစ်ယောက်တည်း မဟုတ်ဘူး၊ အင်မတန် စိတ် ချရတဲ့ မိန်းမဖော်နှင့်'

အက်ရှ်က စိတ်တိုတိုဖြင့်

'တယ် ခက်ပါလား ဇူလီ၊ အစ်ကိုက ဇူလီရဲ့ အစ်ကို အရင်းမှ မဟုတ်တာ'

ထိုမျှမက အစ်ကို အရင်းလည်း မတော်ချင် ကြောင်း ပြောလိုက်မည် ပြုသေးသည်။ သို့ရာတွင် ယခု အချိန်တွင် မပြောသင့်သေးဟု ယူဆ သတိရလိုက်သဖြင့် ရပ်ထားလိုက်၏။

'ဇူလီဟာ အခုထက်ထိ ကလေး တစ်ယောက်ထို ပြောတုန်း ရှိသေးတာကိုး၊ ကလေး ဆိုရင်တော့ ဟုတ် တာပေါ့၊ ဘယ်အချိန်လာလာ ဘာဖြစ်သလဲ၊ ခု ဇူလီဟာ ကလေးလေး တစ်ယောက် မဟုတ်တော့ဘူး၊ အပျိုကြီး ဖြစ်နေပြီ သိရဲ့လား၊ အစ်ကို့ရဲ့ တဲထဲကို တစ်ယော တည်း လာဖို့ မကောင်းတော့ဘူး၊ ဒါကို ဇူလီ နားလည် မှပေါ့'

'နားလည်ပါသတဲ့ ရှင်၊ နားလည်ပါသတဲ့'

ဇူလီက ပြော၏။ အမှောင်ထုကြောင့် လည် ကောင်း၊ မျက်နှာကို ပဝါဖုံးထားသည့် အတွက်ကြောင် လည်းကောင်း ဇူလီ၏ မျက်နှာကို သူ မမြင်ရ။ သို့ရာ တွင် ဇူလီ ပြုံးနေမှန်း သိလိုက်သည်။

'ဇူလီလည်း ဒီလောက် မမိုက်မဲသေးပါဘူး ဇူလီကို ဒီမှာ တွေ့သွားလို့ရှိရင် ဇူလီ ဟန်ဆောင်တ ပါတယ်၊ တွေ့သွားရင် စောစောက ပြောသလို ကျေး ရှင် အသက်သခင်မို့ လာတွေ့တယ်လို့ ပြောမှာ အလွန်ဆုံး ဇူလီကို သူတို့ ဆူပူ ကြိမ်းမောင်းပြီး နော မသွားနှင့်လို့ ပြောရုံပဲ ရှိမှာပေါ့၊ အလွန်ဆုံး ဒီအပြ မဖြစ်နိုင်ပါဘူး'

'အေးလေ၊ ဇူလီ အဖို့တော့ ဒီလောက်နှင့် ချင် ပြီးမှာပေါ့၊ ဒါပေမဲ့ ကိုယ့်ဘက်က နေပြီးလ စဉ်းစား ကြည့်ဦးလေ၊ အစ်ကိုဖြစ်ဖြစ် ဘယ်သူဖြစ် ယောက်ျား တစ်ယောက်ဟာ အချိန်မတော်ကြီး သူ ထဲမှာ မိန်းမပျို တစ်ယောက်ကို လက်ခံ တွေ့ဆုံ ရိုးရိုးသားသားပါလို့ ပြောရင် ဘယ်သူက ယုံမှာတဲ့

'အစ်ကိုက ယောက်ျား တစ်ယောက်မှ မဟု တာ'

'ဘာ အစ်ကိုက ယောက်ျား တစ်ယော မဟုတ်လို့ ဘာလဲ၊ ဇူလီ ဘာကို ပြောတာလဲ'

ဇူလီ နှစ်သိမ့်သည့် လေသံကလေးဖြင့်

'အစ်ကို ပြောတဲ့ ယောက်ျားမျိုး မဟုတ်ဘူ ပြောတာပါ၊ ခုလောလောဆယ်မှာ အစ်ကိုဟာ အ ပြောတဲ့ ယောက်ျားမျိုး မဟုတ်ဘူးလေ၊ ဘကြီး ကိုယ်တိုင်က ပြောဖူးတာပဲ၊ လူတစ်ကိုယ်လုံး ပတ် နှင့် ထုပ်ထားပြီး မလှုပ်ရှားနိုင်တဲ့ လူနာ တစ်ယော ရှေ့မှာ မိန်းကလေး တစ်ယောက်ဟာ ဘာအန္တရာ မရှိနိုင်ဘူးတဲ့၊ သိပြီလား'



www.burmeseclassic.com

www.burmeseclassic.com


'အင်း၊ ဒီလို သဘောထားတဲ့ အတွက် ကျေးဇူးတင်ပါတယ်'

အက်ရှ်က စိတ်တိုတိုဖြင့် ပြောလိုက်သည်။

'ဟုတ်တယ်လေ၊ ဇူလီ အမှန်ကို ပြောတာ၊ အစ်ကို နေထိုင်ကောင်းသွားပြီ ဆိုရင်တော့ တစ်မျိုးပေါ့လေ၊ ဒါပေမဲ့ ခုလောလောဆယ်မှာတော့ ဇူလီရဲ့ ကာယခြွေကို ဖျက်ဆီးချင်ဦး၊ အစ်ကို့မှာ ဖျက်ဆီးနိုင်တဲ့ အနေအထား ရှိသွား မဟုတ်လား'

အက်ရှ်သည် မည်သို့မျှ ပြန်လည် ချေပနိုင်ခြင်း မရှိတော့။ စင်စစ် သူ ပြောသလောက် မလွယ်။ ဘကြီးတော်သည် မိမိတို့ နှစ်ယောက်ကို တွေ့သွားလျှင် ဇူလီ အပေါ်တွင်ရော မိမိအပေါ်တွင်ပါ သက်သက်ညှာညှာ စဉ်းစားလိမ့်မည် မဟုတ်။ သို့ရာတွင် သူကိုယ်တိုင်က ဇူလီ၏ မျက်နှာကလေးကို မြင်ချင်သည်။ ထို့ကြောင့် သူ့ကို နောက်ထပ် နှင်လည်း မလွှတ်တော့။ မလာရန်လည်း မပြောတော့။

ထိုညက ဇူလီသည် ကြာကြာမနေ။ ဇူလီသည် သူနာပြု ဂီတာကို အတင်းခေါ်ကာ အက်ရှ်ကို နင်းနိုပ်နိုင်းပြီး သူကိုယ်တိုင်မှာမူ အပြင်ဘက် လရောင်ထဲတွင် စောင့်နေသည်။ အတန်ကြာမှ သူတို့ နှစ်ယောက် ပြန်သွားကြ၏။

ဂီတာက နှိပ်ပေးသွားကာ ဒဏ်ရာများကို ပြုစုသွားသည့်တိုင် ထိုညက အက်ရှ် ကောင်းကောင်း အိပ်၍ မရ။

အက်ရှ်က စခန်းကို ရုတ်တရက် မရွှေ့ချင်သေး။ သို့ရာတွင် တစ်နေရာတည်းတွင် အကြာကြီး စခန်းချထားသည့် အတွက် ပြဿနာတွေ ရှိသည်။ ဥပမာ သူတို့ စခန်းချရာ နေရာ တစ်ဝိုက်တွင် အစာရေစာနှင့် ကျွဲစာ နွားစာ ပြတ်လပ်သွားနိုင်သည်။ ဒီနာဂွန့်တွင် တွေ့ခဲ့ရသည့် အဖြစ်မျိုးကို သူ အဖြစ်မခံနိုင်။ လူတွေ၊ ဝန်တင် တိရစ္ဆာန်တွေ အများကြီးဖြင့် ကြာကြာ စခန်းချထားသည့် အတွက် ထိုနေရာ တစ်ဝိုက်တွင် ညစ်ညမ်းနိုင်သည်။ ယခုပင်လျှင် အနံ့အသက်တွေ ဆိုးရွားလှပြီ။

ထို့ပြင် သည်နေရာတွင် ကြာကြာ စခန်းချထားလျှင် ဇူလီကလည်း မကြာခဏ လာ၍ လည်နေဦးမည်။ စခန်း ပြောင်းနေလျှင် သူ လာလည်ဖို့ မလွယ်တော့။ သူ တစ်ယောက်တည်း အတွက် ကြည့်လျှင် သည်စခန်းတွင် ကြာကြာ နေချင်သည်။ သို့ရာတွင် စခန်း တာဝန်ခံ တစ်ယောက် အနေဖြင့်မူ ကြာကြာ နေလို့ မကောင်း။

ထို့ကြောင့် နောက်တစ်နေ့ မနက်တွင် အက်ရှ်သည် ထိုကိစ္စကို မူးလ်ရတ်နှင့် တိုင်ပင်၏။ သမားတော် ဂိုဗင်ဒတ်စ်ကိုလည်း မိမိသည် မြင်းမစီးနိုင်သေးသည့်တိုင် လှည်းဖြင့် ဖြစ်စေ၊ ဆင်ဖြင့် ဖြစ်စေ ခရီးသွားနိုင်ပြီ ဖြစ်ကြောင်းဖြင့် ပြောပြသည်။

သမားတော်ကြီး ဂိုဗင်ဒတ်စ်က သူ့စကားကို လက်မခံ။ သို့ရာတွင် အကျောက်အကန် ငြင်းခုံကြပြီးနောက် စခန်းကို ပြောင်းချင်လှသည် ဆိုလျှင် ဆပ်သခင်လေး အက်ရှ်သည် ဝေါဖြင့် ဖြစ်စေ၊ သန်လျင်းဖြင့် ဖြစ်စေ လိုက်နိုင်သည်ဟု သဘောတူသည်။

သို့ဖြင့် သူတို့စခန်းကို နောက်တစ်နေ့ မနက်တွင် ပြောင်းရန် စီစဉ်ကြ၏။

ထိုဆုံးဖြတ်ချက်ကို အားလုံးက လက်ခံကြသည်။ သို့ရာတွင် သတို့သမီးငယ် ရှုရီလာမှာ လွှန်ခဲ့သည့် ရက်အနည်းငယ်ခန့်က စခန်း မပြောင်းသည့် အတွက် ပျင်းရိ ငြီးငွေ့နေသည့်တိုင် ယခု ပြောင်းတော့မည် ဆိုသည့် အခါတွင်မူ သူတို့ ခရီးပန်းတိုင်သို့ မြန်မြန် ရောက်လေ မင်္ဂလာ ဆောင်ရတော့မည့် အဖြစ်ကို ကြောက်လေလေ ဖြစ်ကာ တငိုငို တရယ်ရယ် ဖြစ်လျက် ရှိပြန်သည်။

ထိုနေ့ ညနေက ဒါဘာ တဲနန်းထဲတွင် သူတို့ တွေ့ဆုံခြင်း မပြုကြတော့။ ညပိုင်းတွင် အက်ရှ်၏ တဲသို့ သူနာပြု ဂီတာ ရောက်လာကာ ဇူလီဘိုင်သည် ယနေ့ည လာရောက်နိုင်မည် မဟုတ်တော့ကြောင်း၊ နောက်တစ်နေ့ညတွင်လည်း လာရောက်နိုင်မည် မဟုတ်တော့ကြောင်းဖြင့် ပြောပြသည်။

သို့ရာတွင် ဇူလီသည် နောက်ညများတွင်မူ ညတိုင်း ရောက်လာပြန်သည်။ တစ်ယောက်တည်း လာခြင်း မဟုတ်။ ဂီတာနှင့် အတူ လာခြင်း ဖြစ်သည်။ သူတို့ နှစ်ယောက် စကားပြောနေစဉ် ဂီတာသည် တဲပြင်တွင် ထိုင်စောင့်နေတတ်၏။

အဘွားအို ဂီတာသည် နားလေးကောင်း လေးမည်။ သို့ရာတွင် မျက်စိ မမှုန်သေး။ ဂီတာသည် စိုးရိမ်စိတ်ကြောင့် သူတို့နှစ်ယောက် လှုံ့ခြုံရေးကို အထူး ဂရုစိုက်သည်။ အနားသို့ လူသူ ကပ်လာလျှင် ကြောက်ကြောက်ဖြင့် ချောင်းဆိုး၍ အချက်ပေးသည်။ ဤတွင် သူတို့ နှစ်ယောက်ကလည်း စကားပြော ရပ်ကာ တိတ်တိတ်ကလေး နေကြရ၏။

စခန်းကို ပြောင်းသည့် အခါတွင် သူတို့အဖို့ ညနေခင်း ဒါဘာတဲထဲတွင် တွေ့ဆုံချိန်လည်း မရတော့။



www.burmeseclassic.com

www.burmeseclassic.com



ရှူရီလာသည် အလုံ ပိတ်ထားသည့် ဝေါထဲတွင် လိုက်လာရသည့် အတွက် ပင်ပန်းနေလေပြီ။ သူတို့ လာခဲ့ရသည့် လမ်းကလည်း လမ်းကြမ်းကြီး။ လှည်းလမ်း သာသာမျှသာ။

ဖုန်တွေကလည်း ထူသည်။ နွားလှည်းတွေ၊ လူတွေ၊ ဝန်တင် တိရစ္ဆာန်တွေ သွားကြသဖြင့် ဖုန်တထောင်းထောင်း ထလျက် ရှိသည့် အတွက် ဝေါများမှာ ကန့်လန့်ကာကို အလုံပိတ်၍ သွားကြရသည်။ ဝေါထဲတွင်လည်း မှိုအုံး၊ အဝတ်အစား၊ ကိုယ် လက်မျက်နှာ စသည်တို့တွင် ဖုန်တွေ အလိမ်းလိမ်း ကပ်လျက်။

ရှူရီလာမှာ ချောင်းကလည်း တဟွပ်ဟွပ် ဆိုးသည်။ ငိုလည်း ငိုသည်။ ဖုန်ထူသည့် အတွက် ညည်းညူလိုက်သည်မှာလည်း ဆိုဖွယ် မရှိတော့။ သည်အထဲတွင် လမ်းက မညီညာသဖြင့် ဝေါထဲတွင် လိုက်လာရသည်မှာ ကသိကအောက် အလွန် နိုင်သည်။

ဇူလီသည် ညီမငယ်ကို အမျိုးမျိုး ချော့မော့ နှစ်သိမ့်၏။ တစ်ခါတစ်ရံတွင် စိတ်ပင် မရှည်နိုင်တော့။ ညီမငယ်ကို ကိုင်လှုပ် ယမ်းခါ ပစ်လိုက်ချင်သည်။ ရှူရီလာကို နှစ်ရှည်လများ သံယောဇဉ် ရှိခဲ့ခြင်းကြောင့်သာ ထိုသို့ မလုပ်မိခြင်း ဖြစ်သည်။

ဇူလီသည် နှစ်ရှည်လများ ကိုယ်ကို ချုပ်တည်းသည့် အကျင့်နှင့် ရေငုံနှုတ်ပိတ် လုပ်ခဲ့ရသည့် အကျင့်ကို ရလာခဲ့လေပြီ။ သူများတွေ မထမ်းနိုင်သည့် ဝန်ကို ထမ်းနိုင်သည့် အကျင့်ကို ရခဲ့လေပြီ။

အရှော့နှင့် သီတာတို့ ဂူးလ်ကုတ် ပြည်နယ်မှ ထွက်ပြေးခဲ့စဉ်က ဇူလီသည် ခြောက်နှစ် သမီးမျှသာ ရှိသေး၏။ နောင် လအနည်းငယ် ကြာသည့် အခါထိ ဇူလီ၏ အနေအထားသည် ဟော်နန်းထဲတွင် ဘာမျှ အားကျစရာ မရှိ။

သို့ရာတွင် တစ်နေ့၌ ရှူရီလာမှာ သွားကိုက်သဖြင့် အော်ဟစ် ငိုယိုလျက်ရှိရာ မည်သူမျှ ချော့မရဘဲ ဖြစ်နေသည်။ ဇူလီ ကောက်ချီလိုက်သည့် အခါတွင် ကလေးမှာ အငိုတိတ်သွား၏။ သို့အငိုတိတ်သွားခြင်းမှာ မောပန်းသွားသောကြောင့် အလိုလို တိတ်သွားခြင်း ဖြစ်၏။

သို့ရာတွင် မိန်းမဆောင် တစ်ဆောင်လုံးကမူ ဤသို့ မယူဆ။ သားယောက်ျားကလေးလောက်ကိုသာ ဂရုစိုက်ပြီး သမီး မိန်းကလေးကို ပစ်ထားသည့် မဟာဒေဝီ ဂျာနူးဘိုင်ကမူ ဇူလီသည် လူပို ဖြစ်နေသည်။ နောင်တွင် အဖေတူ အမေကွဲ ညီမ ရှူရီလာကို ထိန်းရမည်ဟု အမိန့်ချခဲ့သည်။

ဇူလီသည် ကလေး အငိုတိတ်အောင် ကပြရသည်။ သီချင်း ဆိုပြရသည်။ မဟာဒေဝီ ဂျာနူးဘိုင်သည် သူ့သမီးငယ်အား ဖာရင်ဂီ မဟာဒေဝီ၏ သမီးက ထိန်းရ ကျောင်းရသည်ကို မြင်သည့် အခါတွင် ကျေနပ်၏။ သို့ရာတွင် ဇူလီမှာမူ တာဝန်သိစိတ် တိုးလာခဲ့လေပြီ။ ဇူလီတွင် ယခင် အခါများကလို မအားတော့။

မဟာဒေဝီ ဂျာနူးဘိုင်၏ သားသမီးများမှာ အလွန် ဆိုးသည့် ကလေးများ ဖြစ်သည့် အတွက် မည်သည့် အထိန်းတော်ကမှ ထိန်းကျောင်းခြင်း မပြုချင်။ ယခု ခြောက်နှစ် သမီးကလေးက ထိန်းနေသည်ကို မြင်ရသည့် အခါ သူတို့လက်မှ လွတ်လျှင် ပြီးရောဟု သဘောထားကာ ဝမ်းသာနေကြသည်။

သို့ဖြင့် ဇူလီသည် ရှူရီလာကို ငယ်စဉ်တောင်ကျေး ကတည်းက ထိန်းလာခဲ့ရသည့် အတွက် ကြီးလာသည့်အခါ၌ ရှူရီလာက သူ့ကို မှီခို အားထားနေသည်မှာလည်း ဘာမျှ မဆန်း။ ရှူရီလာသည် ဇူလီအား အစ်မတစ်ယောက်ထက် အထိန်းတော် တစ်ယောက်၊ ကစားဖော် တစ်ယောက်၊ ကျွန်တစ်ယောက် အဖြစ်သာ သဘောထားလာခဲ့သည်။

ဇူလီကလည်း ထိုအနေအထား အားလုံးကို မညည်းမညူ လက်ခံသည်။ သူ့ထံ ကျွန်ခံရသည့် အတွက် ဇူလီ ရသည့် ဆုလာဘ်မှာ အချစ် ဖြစ်၏။ ရှူရီလာက သူ့အပေါ် ထားသည့် အချစ်သည် တစ်ကိုယ်ကောင်းဆန်သော အချစ်မျိုး ဖြစ်၏။ သို့ရာတွင် ကိစ္စ မရှိ။

ဇူလီသည် မယ်တော် ဖာရင်ဂီ မဟာဒေဝီ ကွယ်လွန်သည့် နောက်၌ အချစ် ခေါင်းပါးခဲ့သူ ဖြစ်လေရာ ယခု ထိုအချစ်မျိုးကို ရသည် ဆိုလျှင်လည်း သူ လက်ခံနိုင်လေပြီ။

အရှော့နှင့် သီတာတို့သည် သူ့ကို ချစ်ခဲ့၊ ကြင်နာခဲ့ကြသည် မှန်ပါ၏။ သို့ရာတွင် သူတို့က ချစ်ရုံမျှသာ။ ကြင်နာရုံမျှသာ။

သို့ရာတွင် ရှူရီလာကမူ သူ့ကို ချစ်ရုံမျှသာ မဟုတ်။ မရှိလျှင် မဖြစ်သည့် အထိ သူ့ကို လိုအပ်သည်။ သူတစ်ပါးက သူ့ကို လိုအပ်နေခြင်းသည်လည်း စိတ်ကျေနပ်မှုကို ဖြစ်စေသည်သာ ဖြစ်၏။ ထို့ကြောင့်ဇူလီ



www.burmeseclassic.com

www.burmeseclassic.com



သည် ရှုရီလာ အပေါ်တွင် ကျွန်တစ်ယောက်လို ခစားနေရသည့်တိုင် မညည်းညူမိ။

အကယ်၍သာ ဇူလီ စိတ်တိုင်းကျ ထိန်းကျောင်းရလျှင်မူ ရှုရီလာသည် လောကကြီးတွင် စိတ်နှလုံးပြည့်ဝ၍ ရှေ့နောက် မြော်မြင် စဉ်းစားတတ်သော မိန်းမပျို တစ်ယောက် ဖြစ်အောင် ပုံသွင်းမိပေလိမ့်မည်။

သို့ရာတွင် ရှုရီလာက ငယ်လည်း ငယ်သေးသည်။ မိန်းမဆောင်မှ အထိန်းများ၏ အရိပ်အာဝါသအောက်တွင် ကြီးပြင်းလာရသူ ဖြစ်သည့်အတွက် ပျက်စီးချင်တိုင်း ပျက်စီးနေသည်။ အခြွေအရံများသည် မဟာဒေဝီ ဂျာနူးဘိုင်ကို မျက်နှာလိုအားရ လုပ်ချင်စောဖြင့် ကလေးကို အပြိုင်အဆိုင် အလိုလိုက်၍ ဖျက်ဆီးခဲ့ကြသည်။

မယ်တော် မဟာဒေဝီ ဂျာနူးဘိုင်က သူ့သမီးငယ် အပေါ် ထားသည့် သဘောထားကလည်း မမှန်။ စိတ်လိုလျှင် လိုသလို ဆက်ဆံတတ်သည်။ သမီးငယ် ရှုရီလာသည် သူ့အမေ ဘာလုပ်မည်ကို ကြိုတင် မခန့်မှန်းနိုင်။ အယုအယကို ခံရမည်လော။ အရိုက်အပုတ်ကို ခံရမည်လော ဆိုသည်ကို သူ ကြို၍ မတွက်တတ်။ သို့ဖြင့် ကလေးမှာ ဘယ်အချက်တွင် အရိုက်ခံရမည်နည်းဟု အထိတ်ထိတ် အလန့်လန့် ဖြစ်နေကာ ကြောက်လန့် စိုးရိမ်တတ်သော စရိုက်ကြီး တစ်ခုကို ရလာခဲ့သည်။

ဤတွင် ရှုရီလာသည် သူ့အတွက် လုံခြုံမှု ပေးနိုင်သည် ထင်သည့်သူ၊ သူ့ကို ရင်းနှီး ကျွမ်းဝင်သူအပေါ်တွင် သံယောဇဉ် ကြီးလာခဲ့ခြင်း ဖြစ်၏။

သူ့တစ်သက်တွင် မိန်းမဆောင်ကို ကာရံထားသည့် တံတိုင်းကြီးများ၊ မိန်းမဆောင်မှ အထိန်းတော်တို့၏ မျက်နှာများနှင့် အသံများ၊ နေ့စဉ် နေထိုင် စားသောက်ရသည့် ကိစ္စများလောက်ကိုသာ နားလည်သည်။ ရှုရီလာသည် ပြင်ပ လောကကြီးကိုလည်း စိတ်ဝင်စားခြင်း မရှိ။ လေညင်းသာ ဟော်နန်း အပြင်ဘက်က အမှာကိုလည်း နားမလည်။

သူ့ကို ထိန်းကျောင်းရသည့် ဇူလီသည် ထိုအချက်ကို သတိပြုလိုက်မိ၏။ ရှုရီလာ တစ်ယောက် မကြာခဏ ခေါင်းကိုက်ခြင်း၊ တငိုငို တရယ်ရယ် ဖြစ်ခြင်း စသည်တို့သည် ကိုယ်ခန္ဓာ ကျန်းမာရေး ချွတ်ယွင်းခြင်းကြောင့် မဟုတ်ဘဲ စိတ်ကြောင့် ဖြစ်သည်ကို နားလည်လိုက်သည်။

မိန်းမဆောင်မှ အထိန်းတော်များကို ရှုရီလာ အနိုင်ကျင့်ခြင်း၊ လူစိမ်း သူစိမ်းကို ကြောက်ရွံ့တတ်ခြင်း စသည်တို့သည် အမေက သူ့အပေါ်တွင် လိုအပ်သည့် ယုယ ကြင်နာမှုကို မပေးသည့် အတွက် ဖြစ်ကြောင်းကိုလည်း ဇူလီသည် ကြမ်းတမ်းသည့် သူ့ဘဝ အတွေ့အကြုံ အရ သိလိုက်သည်။

သို့တိုင်အောင် ရှုရီလာသည် သူ့ထက် သူ့အမေကို ချစ်မည်မှာ ဓမ္မတာ။ စင်စစ် သူ့အမေသည် မွေးရုံသာ မွေးခဲ့ပြီး သူ့သမီးကို ဘာမျှ ဂရုစိုက်ခဲ့သည် မဟုတ်။ တကယ် သူ့ကို ပြုစု စောင့်ရှောက်ခဲ့သူမှာ ဇူလီသာ ဖြစ်၏။

ဇူလီသည် သူ့ကို ပြုစုခဲ့သည်။ သူနှင့် အတူ ကစားခဲ့သည်။ သူ့ကို နှစ်သိမ့်ခဲ့သည်။ အားပေးခဲ့သည်။ နားလည်ခဲ့သည်။ ချစ်ခဲ့သည်။

ဇူလီသည် မည်မျှ နားလည်မှု ရှိသည် ဆိုလျှင် သူ့ မယ်တော်အား ရှုရီလာ မည်မျှ ချစ်ကြောင်းကို မယ်တော် မဟာဒေဝီ ဂျာနူးဘိုင် ကွယ်လွန်သည့် အခါတွင်မှ သိရတော့သည်။

မယ်တော် ကွယ်လွန်သည့်အခါ၌ ရှုရီလာသည် ထိန်းမနိုင် သိမ်းမရ ဖြစ်ကာ အရူးကြီး တစ်ပိုင်း ဖြစ်လျက် ရှိရာ မိန်းမဆောင် တစ်ခုလုံးကပင်လျှင် ရှုရီလာသည် ထိုစိတ်ဖြင့် ရင်ကွဲနာကျ သေတော့မည်ဟု ပြောကြသည်။

ရှုရီလာသည် မယ်တော် အလောင်းကို ကြည့်ကာ အော်ဟစ် ငိုယိုပြီးနောက် လေညင်းသာ ဟော်နန်း ပြတင်းပေါက်မှ ခုန်ချမည် တကဲကဲ လုပ်၏။

ဇူလီက ချော့မော့ ခေါ်ငင်သည့် အခါ၌ တောကြောင်ရိုင်း တစ်ကောင်နယ် ဇူလီ၏ မျက်နှာကို သွေးချင်းချင်းနီအောင် လက်သည်းဖြင့် ကုတ်ခြစ်ပစ်သည်။ သံတိုင်တို့ တပ်ထားသည့် အခန်းထဲတွင် အောင်းကာ မည်သူ့ကိုမျှ တံခါး ဖွင့်မပေးဘဲ ငါးရက်တိုင်တိုင် အစာမစားဘဲ နေသည်။ ဇူလီက အမျိုးမျိုး ချော့မော့သည့်တိုင် လက်မခံ။

နောက်ဆုံးတွင် နန်ဒူး ကိုယ်တိုင် အခန်းတွင်းသို့ ဝင်ရောက်ကာ ညီမငယ်ကို ဆူပူ ဆဲဆို ကြိမ်းမောင်းသည့် အခါတွင်မှ ရတော့သည်။

နန်ဒူး၏ စကားကို လက်ခံခြင်းမှာ နန်ဒူးသည် ကာရိကုတ် ပြည်နယ်ကို အုပ်စိုးသည့် မဟာရာဇာ တစ်ယောက် ဖြစ်သည့် အတွက်ကြောင့် လည်းကောင်း၊ သူ



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုတော် ဖြစ်သည့် အတွက်ကြောင့် လည်းကောင်း ကြောက်၍ လက်ခံရခြင်း ဖြစ်၏။

အထူးသဖြင့် နန်းဒူးသည် ယောက်ျား တစ်ယောက် ဖြစ်နေသည့် အတွက်လည်း ရှုရီလာသည် သူ့စကားကို မပယ်လှန်ရဲ။

အိန္ဒိယ တိုင်းသူတို့သည် ငယ်ငယ်ကတည်းက ကျိုးနွံရန် လေ့ကျင့် သင်ကြားခဲ့ရသူများ ဖြစ်သည်။ ထို့ကြောင့် အိန္ဒိယ စော်ဘွားများ၏ ဟော်နန်းများရှိ မိန်းမဆောင် အားလုံးသည် ယောက်ျား၏ အုပ်ထိန်းမှုကို မလွန်ဆန်ရဲ။

ရှုရီလာသည် ဇူလီ၏ ချစ်ခင် ကြင်နာမှုဖြင့် ဖျောင်းဖျခဲ့သည်ကို မနာခံခဲ့သော်လည်း အစ်ကိုတော်၏ အမျက်ဒေါသဖြင့် ဆူပူ ကြိမ်းမောင်းသည်ကိုမူ နာခံ အလျှော့ ပေးလိုက်ရလေပြီ။

သို့ရာတွင် သူ့ကို ဤသို့ ဆူပူ ကြိမ်မောင်းသည့် အတွက် ရှုရီလာသည် သူ့အစ်ကိုတော် နန်းဒူး အပေါ်တွင် စိတ်နာခြင်း မရှိ။ မယ်တော် အပေါ်တွင် ထားရှိခဲ့သည့် မေတ္တာကို အစ်ကိုတော် အပေါ်သို့ လွှဲပြောင်းပေးလိုက်သည်ကို တွေ့ရသည့် အခါတွင် အားလုံး အံ့အားသင့်ကြသည်။

ထို့ပြင် မိန်းမဆောင်မှ အထိန်းတော်များ၏ အမြင်၌ ရှုရီလာသည် မယ်တော် မရှိသည့် နောက်တွင် အစ်မတော် ဇူလီ၏ ဩဇာအောက်တွင် ရောက်နေတော့မည်ဟု ထင်ခဲ့ကြ၏။ ဤသို့ မဟုတ်သည်ကို တွေ့ရသည့် အခါတွင်လည်း သူတို့ တအံ့တဩ ဖြစ်ကြရပြန်သည်။ ရှုရီလာနှင့် ဇူလီတို့၏ ဆက်ဆံရေးသည် ပြောင်းလဲခြင်း မရှိ။ သို့ရာတွင် အခြား ကိစ္စများတွင်မူ ဇူလီ၏ အခြေအနေမှာ အများကြီး ပြောင်းလဲခဲ့လေပြီ။

မဟာရာဇာ နန်းဒူးသည် သူ့မိသားစုထဲမှ တစ်ဦးဦး နိမ့်ကျခဲ့လျှင် သူကိုယ်တိုင်လည်း ဂုဏ်သရေ နိမ့်ကျသည်ဟု ယူဆသည့် အလျောက် ဇူလီကို ဟော်နန်းမှ ရာဇကုမ္မာရီ တစ်ဦး၊ သူ့အဖေတူ အမေကွဲ အစ်မ တစ်ဦး အဖြစ် အသိအမှတ်ပြုကာ အဆောင်အယောင် အပြည့်ဖြင့် ထားခဲ့သည်။

ဇူလီသည် သူ့နောင်ရေးကို တွေး၍ ဘာမျှ စိုးရိမ် ပူပန်ခြင်း မဖြစ်။ လောလောဆယ် အတွက်ကိုသာ စဉ်းစားသည်။ နောင်ရေး ဆိုသည်မှာ ဘာမျှ ရေရာ သေချာသည် မဟုတ်။ ကံကြမ္မာ လက်ထဲတွင်သာ ရှိသည် မဟုတ်လော။ တစ်နေ့တွင်မူ မိန်းကလေးတို့ ခမ္မတာ သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့် ဆိုသည့် စကား အတိုင်း တစ်ယောက်ယောက်နှင့် လက်ထပ်ရတော့မည် ဟူ၍ကား မျှော်လင့်ပြီးသား။

သို့ရာတွင် ခမည်းတော်သည် ထိုကိစ္စကို ဘာမျှ ခေါင်းထဲသို့ ထည့်ဟန် မတူ။ မိထွေးတော် မဟာဒေဝီ ဂျာနူးဘိုင်ကလည်း သူ လင်ကောင်း သားကောင်း ရ မည်ကို မနာလို မရှုဆိတ် ဖြစ်မည်။

သို့ဖြင့် ဇူလီ တစ်ယောက် အိမ်ထောင်ပြုရေး ကိစ္စသည် မေ့မေ့ပျောက်ပျောက် ဖြစ်နေသည်။ ဇူလီ သည် သတို့သမီး တစ်ယောက် အနေဖြင့်လည်း အသက် အနည်းငယ် ထောက်လာခဲ့လေပြီ။

ခမည်းတော် ကွယ်လွန်သည့် အခါတွင် ဇူလီ အတွက် အတားအဆီးကြီး တစ်ခု ဖြစ်နေသည်။ မိထွေး တော် မဟာဒေဝီ ဂျာနူးဘိုင် ကျန်သေးသည်။ နန်းဒူး ကသာလျှင် မိမိ၏ အဖေတူ အမေကွဲ အစ်မတော်ကို လက်ထပ် ပေးချင်းပေးလျှင် ဂုဏ်အဆင့်အတန်း နိမ့်သူ တစ်ဦးနှင့် မဟုတ်ဘဲ ဂုဏ်ရည်တူထဲက လူတစ်ယောက် နှင့် လက်ထပ်ပေးမည်ဟု စိတ်ကူးရှိသည်။

ထို့ပြင် လက်ထပ်ပေးသည့် တိုင်အောင်လည်း ညီမ အရင်း ဖြစ်သည့် ရှုရီလာကို လက်ရှိ မဟာရာဇာ တစ်ဦးနှင့် လက်ထပ်ပေးမည်။ ရှုရီလာကို လက်ထပ် ပြီးသည့် နောက်တွင်မှ ဇူလီကို ထို့ထက် အဆင့်နိမ့်သူ တစ်ဦးဦးနှင့် ပေးစားမည်။ သို့တိုင် မလွယ်လှ။

ဇူလီက အသက်ကလည်း အနည်းငယ် ထောက် လာပြီ။ ထို့ပြင် ရုပ်ကလည်း အချောအလှကြီး မဟုတ်။ အရပ်မြင့်မြင့်၊ မေးရိုး ပါးရိုး ကားကား၊ ပါးစပ်က ပြဲပြဲ။ ထို့ပြင် လက်တွေကလည်း အလုပ်ကြမ်းသမ လက်ချော လို ဥရောပသူတို့၏ လက်တွေလိုလို လေးထောင့်ကျကျ။ သို့ရာတွင် ဇူလီသည် မည်သို့ဖြစ်စေ ခမည်းတော်၏ သမီး။ သူနှင့် အဖေတူ အမေကွဲ မောင်နှမ။

ရှုရီလာကမူ တကယ့် မိန်းမချော။ သူ့ကို လာ၍ တောင်းရမ်းသူတွေ တစ်ပုံတစ်ပင်။ ဂုဏ် အဆင့်အတန်း နှင့် သူတို့ ဥစ္စာပစ္စည်းတို့ကို သိပ်မကျေနပ်သဖြင့် အစ် ကိုတော်က ပေးစားခြင်း မပြုခဲ့။ ထိုအရည်အချင်း နှစ်ရပ် ပြည့်သူကို တွေ့ပြန်လျှင်လည်း သူ့နယ်မှာ မိမိ ပိုင် အုပ်ချုပ်ရာ ကာရိကုတ် ပြည်နယ်နှင့် နီးစပ်ရေး လွှန်းသည့် အတွက် မပေးစားဖြစ်ခဲ့။

သူ့ ခမည်းတော်သည် ကာရိဒြာနယ်ကို မည်သို့ ရအောင် လုပ်ခဲ့သည်ကို နန်းဒူး ကောင်းကောင်း သိ၏



www.burmeseclassic.com

www.burmeseclassic.com



နယ်ချင်းစပ်နေသည့် စော်ဘွား တစ်ဦးဦးနှင့် ရှရှီလာကို ပေးစားလိုက်မည် ဆိုလျှင် တစ်နေ့တွင် ရှရှီလာမှ မွေးဖွားလာသော သားသမီးများသည် မိမိတို့ ကာရိကုတ် ပြည်နယ်ထဲမှ နယ်အချို့ကို ဖဲ့၍ တောင်းလာနိုင်စရာ ရှိသည်။ ဤသို့မူ အဖြစ်မခံနိုင်။

ထို့ကြောင့်ပင် နန်ဒူးသည် သူ့ညီမတော် ရှရှီလာကို ဘိသော ပြည်နယ် စော်ဘွားနှင့် ပေးစားရန် သဘောတူခဲ့ခြင်း ဖြစ်သည်။ စင်စစ် ဘိသော ပြည်နယ်က ပြည်နယ်ကလေး တစ်ခုမျှသာ။ အခွန်အကောက်ကလည်း ဘာမျှ မရ။

ထိုအထဲတွင် သတို့သား စော်ဘွားကလည်း လူ့သက်ပိုင်းသို့ ရောက်နေပြီ။ နှစ်ကြိမ် လက်ထပ်ပြီး နှစ်ကြိမ် မုဆိုးဖို ဖြစ်ခဲ့ဖူးပြီ။ ကလေးလည်း ခုနစ်ယောက်။ အားလုံး မိန်းကလေးတွေချည်း။ ယခင် ကြင်ရာတော် နှစ်ဦးမှာ မီးတွင်းမှာပင် ကွယ်လွန်ခဲ့ကြသည်။ (အချို့ကမူ အဆိပ်မိ၍ သေသည်ဟု ပြောကြ၏။) သမီး မိန်းကလေး ခုနစ်ယောက် အနက် ငါးယောက် ကျန်ခဲ့ရာ သူတို့ အားလုံးမှာ ရှရှီလာထက် အသက်ကြီးသူတွေချည်း ဖြစ်ကြသည်။

သို့ရာတွင် ဘိသော စော်ဘွားမှာ နန်ဒူးထက် ချိုးရိုးကောင်းသည်။ ပေးလိုက်သည့် လက်ဆောင်ပဏ္ဏာတွေကလည်း မက်စရာ။

ထို့ပြင် အရေးအကြီးဆုံးမှာ ဘိသော ပြည်နယ်သည် မိမိ အုပ်စိုးရာ ကာရိကုတ် ပြည်နယ်နှင့် မိုင်ပေါင်း ငါးရာကျော် ဝေးနေခြင်း ဖြစ်သည်။ သို့ဆိုလျှင် နှမတော် ရှရှီလာမှ မွေးသည့် သားသမီးများသည် မိမိ၏ ကာရိကုတ် ပြည်နယ်ထဲမှ နယ်မြေများကို ဖဲ့၍ တောင်းစရာ အကြောင်း မရှိတော့။ နန်ဒူး၏ အမြင်တွင် ယခု ဆေ့စပ်မင်္ဂလာသည် လိုက်ဖက်သည့် မင်္ဂလာဟု မြင်သည်။ သို့ရာတွင် ရှရှီလာကမူ ထိုသို့ မယူဆ။

မိမိသည် တစ်နေ့တွင် လက်ထပ် ထိမ်းမြားရမည်ကို ရှရှီလာ သိ၏။ ယခု တကယ် လက်ထပ်ရမည် ဆိုသည့် အခါတွင် ရှရှီလာ အထိတ်တလန့် ဖြစ်နေသည်။ မိမိ နေထိုင်ခဲ့ရာ ဟော်နန်း၊ မိမိ ကြီးပြင်းလာခဲ့ရာ ပတ်ဝန်းကျင်၊ မိမိနှင့် ရင်းနှီးခဲ့ရသူများနှင့် ခွဲခွာရတော့မည် ဆိုသည့်အခါတွင် ရှရှီလာ ကြောက်သည်။

ထိုထက် မိုင်ပေါင်း ငါးရာလောက် ခရီးသွားကာ သူစိမ်း ပြည်နယ်တွင် ကိုယ့်ထက် အသက် များစွာ ကြီးသည့် လူကြီး တစ်ယောက်ကို လက်ထပ်ရမည့် ဆိုသည့် အခါတွင် ရှရှီလာ သဘောမတူနိုင်။ မည်သည့်နည်းနှင့်မှ လက်မခံနိုင်။ ထိုလူကြီးကို လက်ထပ်မည့် အစား ကိုယ့်ကိုယ်ကိုယ် သတ်သေ ပစ်လိုက်ချင်သည်။

ထိုသတင်းကို ကြားပြီးသည့် နောက်၌ မိန်းမဆောင်ထဲတွင် ရှရှီလာ၏ အော်ဟစ် ငိုယိုသံတို့သည် ဆူညံလျက် ရှိ၏။ သည်တစ်ကြိမ်တွင်မူ မဟာရာဇာ နန်ဒူးလည်း ခြောက်လှန့် ကြိမ်းမောင်း၍ မရတော့။ မဟာရာဇာက သေအောင် ရိုက်မည်ဟု ခြိမ်းခြောက်သည်ကိုလည်း ဂရုမစိုက်။

ရှရှီလာသည် မီးရှို့၍ပင် သတ်ခံရဦးမည်ဟု တွက်ထားပြီး ဖြစ်သည့် အတွက် ရိုက်မောင်း ပုတ်မောင်း လုပ်မည်ဟု ခြိမ်းခြောက်သည်လောက်ကိုမူ ဂရုမစိုက်တော့။

အက်ရှ်၏ ရွှက်ဖျင်တဲသို့ လာစဉ် ဇူလီက

'ဒါတွေ အားလုံးဟာ ကချေသည် မဟာဒေဝီရဲ့ အစီအမံတွေပေါ့ အစ်ကိုရယ်၊ မဟာဒေဝီ ဂျာနူးဘိုင်ဟာ သူ့သမီးကို အထက်တန်းစားတွေ ရှိအပ်တဲ့ အရည်အချင်းတွေ အကုန် ရှိရမယ်၊ ဒီအရည်အချင်းတွေ ရှိအောင် သင်ကြားပေးရမယ်လို့ ယူဆတယ်လေ၊ ဘာသာတရားမှာ ရှိသေ ကိုင်းရှိုင်းရုံတွင် မကဘူး၊ လင်ယောက်ျားကို ပြုစုတဲ့ နေရာမှာလည်း မယား ဝတ္တရား ကျေရမယ်တဲ့၊ ဒီကိစ္စတွေကို ရှရှီလာ စကား တတ်ကာစ ကတည်းက သင်ပေးခဲ့တာပဲ၊ ငါးနှစ် သမီးလောက် ရောက်တော့ ဆတ္တီး တံခါးကို ခေါ်သွားပြီး လက်ဗွေရာတွေကို ပြခဲ့တယ်လေ၊ ဆတ္တီး တံခါးက လက်ဗွေရာတွေကို အစ်ကို မြင်ဖူးမှာပေါ့၊ လင်သေလို့ မုဆိုးမ ဖြစ်လို့ ရှိရင် လင်ယောက်ျားရဲ့ အလောင်းကို ရှို့တဲ့ မီးပုံထဲကို ခုန်ဆင်းရမယ်လို့လည်း သင်ခဲ့တယ်၊ ပြီးတော့ ပွက်ပွက်ဆူနေတဲ့ ထမင်းအိုးထဲကို လက်နှင့် အမွှေခိုင်းခဲ့တယ်၊ နောင်မှာ မီးပုံထဲကို ခုန်ဆင်းရင် မီးအပူကို မကြောက်အောင်လို့တဲ့'

အက်ရှ်က စိတ်တိုတိုဖြင့် အင်္ဂလိပ်လို ကျိန်ဆဲလိုက်၏။ ဇူလီသည် သူ ကျိန်ဆဲလိုက်သည်ကို နားမလည်သည့်တိုင် သူ့အသံနှင့် မျက်နှာထားကြောင့် ကျိန်ဆဲလိုက်မှန်းကိုမူ သိလိုက်သည်။

'ဟုတ်တယ်နော် အစ်ကို၊ တော်တော် ရက်စက်တာပဲ၊ ဒါပေမဲ့ သူတို့ကတော့ မီးကို မကြောက်တတ်အောင် ပွက်ပွက်ဆူနေတဲ့ ထမင်းအိုးထဲကို လက်အနှိုက်ခိုင်းတာပဲ၊ ဒါပေမဲ့ သူတို့ ရည်ရွယ်ချက်အတိုင်း မဖြ



www.burmeseclassic.com

www.burmeseclassic.com



လာပါဘူး၊ ရှုရှီလာဟာ မိုပြီးတောင် ကြောက်သွားတယ် လေ၊ နာကျင်တာ၊ ပူလောင်တာကို သူ မခံရဲတော့ဘူး'

ရှုရှီလာသာ မဟုတ်။ သူ့မယ်တော် မဟာဒေဝီ ဂျာနူးဘိုင် ကိုယ်တိုင်လည်း ထိုအပူကို ခံနိုင်မည် မဟုတ်ဟု အက်ရှ် တွေးနေသည်။ မဟာဒေဝီသည် သူ ပြောသည့်အတိုင်း မလုပ်ခဲ့။ သူ့ကြင်ရာတော် ဇော်ဘွားကြီး ကွယ်လွန်ခဲ့သည့် အခါတွင် အဘယ်ကြောင့် မီးပုံထဲသို့ လိုက်၍ ခုန်ဆင်းခြင်း မပြုခဲ့ပါသနည်း။ ကိုယ် မလုပ်ချင်သည့် အရာကို မည်သူမျှ အတင်း လုပ်ခိုင်း၍ မရ။

'ဟုတ်တာပေါ့နော်၊ အစတုန်းကတော့ ဇူလီ ထင်ခဲ့တာက မဟာဒေဝီ ဂျာနူးဘိုင် မီးပုံထဲ ခုန်မဆင်းခဲ့တာဟာ ခမည်းတော်က နောက်မိန်းမ ယူလို့ စိတ်ဆိုးလို့ ခုန်မဆင်းခဲ့တာပဲလို့ ထင်ခဲ့မိတယ်၊ အဲဒီ နောက်မိန်းမကို မုန်းလွန်းတဲ့ အတွက် မီးပုံထဲ ခုန်ဆင်းရင်တောင် သူနှင့် အတူတော့ ခုန်မဆင်းဘူး၊ ဒါကြောင့် မဟာဒေဝီ ဂျာနူးဘိုင်ဟာ ခုန်မဆင်းခဲ့တာပဲလို့ ထင်ခဲ့မိတယ်၊ ခုန်ဆင်းရင် သူတို့နှစ်ယောက်ရဲ့ ပြာတွေဟာ ရောနှောသွားကြမယ် မဟုတ်လား'

အက်ရှ်က နောက်တစ်ကြိမ် ဆဲရေး တိုင်းထွာလိုက်ပြီးနောက် ထိုအဖြစ်အပျက်သည် စိတ်ဝင်စားစရာကောင်းသည်မှာ မှန်ကြောင်း၊ သို့ရာတွင် မဟာဒေဝီ ဂျာနူးဘိုင် မီးပုံထဲသို့ ခုန်မဆင်းခြင်းမှာ ထိုအကြောင်းကြောင့် မဟုတ်ဘဲ သူ အသေ မခံနိုင်၍ ခုန်မဆင်းခြင်းသာ ဖြစ်ကြောင်းဖြင့် ပြောပြသည်။

ရှုရှီလာ အတွက်မူ ထိုသို့ မီးပုံထဲသို့ ခုန်ဆင်းစရာ မလိုတော့ကြောင်း၊ ယခုအချိန်တွင် လင်သေလျှင် မယားက မီးပုံထဲသို့ ခုန်ချရသည့် ဆတ္တီး စနစ်ကို ဥပဒေ အရ တားမြစ် ပိတ်ပင်ထားပြီ ဖြစ်ကြောင်းဖြင့် အက်ရှ်က ပြောပြ၏။

ဇူလီက လှောင်ပြောင်သံကလေးဖြင့်

'ခက်လိုက်ပါဘိတော့ အစ်ကိုရယ်၊ အစ်ကိုတို့ အင်္ဂလိပ် တရားဥပဒေတွေကို စကားထဲ ထည့်ပြော မနေစမ်းပါနှင့်၊ အစ်ကိုကလည်း တကယ့် အင်္ဂရေစီ စစ်စစ်ကြီး ဖြစ်နေပြီနော်၊ ဥပဒေနှင့် တားမြစ်လိုက်ရုံကလေးနှင့် ထုံးစံ တစ်ခုဟာ ပျောက်သွားမယ် ထင်သလား၊ အဲဒါက အစ်ကိုတို့ အင်္ဂရေစီတွေမှာတော့ ဟုတ်ချင် ဟုတ်လိမ့်မယ်၊ ဇူလီတို့ဆီမှာတော့ မဟုတ်ဘူးရှင့်။

'အိန္ဒိယ မုဆိုးမတွေဟာ သူတို့ လင်ယောက်ျား အလောင်းကို ရှို့တဲ့ မီးပုံထဲကို ခုန်ဆင်းခဲ့တာ နှစ်ပရိစ္ဆေဒ ကြာလှပြီ၊ ရှေးပဝေသဏီ ကတည်းက လုပ်ခဲ့ကြတာ ဒီထုံးစံကြီးဟာ တစ်နေ့တည်းနှင့် ပျောက်သွားမှာ မဟုတ်ဘူး၊ တစ်နှစ်အတွင်း ဆယ်နှစ်အတွင်း ပျောက်သွားမယ်လို့ အစ်ကို ထင်သလား၊ အစ်ကိုတို့ ဖာရင်ဂီ နိုင်ငံခြားသားတွေက တားမြစ် ပိတ်ပင်လိုက်ရုံနှင့် ပျောက်သွားလိမ့်မယ်လို့ ထင်သလား။

'အင်္ဂရေစီတွေ ပုလိပ်တွေ ရှိတဲ့ နေရာမျိုးမှာတော့ ပျောက်ချင် ပျောက်သွားလိမ့်မယ်၊ ဒါပေမဲ့ သူတို့ မရှိတဲ့ နေရာတွေမှာ ဘယ်နည်းနှင့်မှ ချက်ချင်း ပျောက်မသွားနိုင်ဘူး အစ်ကို၊ အိန္ဒိယ ပြည်ကြီးက အကျယ်ကြီး၊ အစ်ကိုတို့ ဖာရင်ဂီက လက်တစ်ဆုပ်စာလောက်ပဲ ရှိတယ်၊ ဒီတော့ အစ်ကိုတို့ နေရာတကာ လိုက်ကြည့်နိုင်မှာတဲ့လား၊ မိန်းမတွေ ကိုယ်တိုင်က ဒီထုံးစံဓလေ့ကြီးကို လက်မခံမှသာ ပျောက်သွားမှာ'

သို့ရာတွင် ရှုရှီလာသည် ထိုထုံးစံကို လက်မခံဘဲ နေမည် မဟုတ်။ မီးပုံထဲ ခုန်ဆင်းရသည်ကို သေမတတ် ကြောက်သည့်တိုင် ငယ်ငယ်ကတည်းက အရိုးစွဲလာခဲ့ရသည့် ဓလေ့ထုံးစံကို ရှုရှီလာ ပယ်ဖျက်နိုင်မည် မဟုတ်။

သူ့ဘိုးဘေးများသည် တစ်ယောက်တည်း သေသွားခဲ့ကြသည် မဟုတ်။ သူတို့နောက်တွင် မိန်းမတွေ တသီကြီး လိုက်သေခဲ့ရသည် မဟုတ်လော။ ခမည်းတော်၏ နောက်ဆုံး ကြင်ရာတော် လက်ချမ်း ကိုယ်တိုင်သည်ပင်လျှင် မီးပုံထဲသို့ ခုန်ဆင်း သေသွားခဲ့သည် မဟုတ်လော။ ဤသည်မှာ မဟာရာဇာ၏ ကြင်ရာတော်တို့ အတွက် ရှောင်လွှဲမရသော မဟာ ဝတ္တရားကြီး မဟုတ်လော။

အကယ်၍ သတို့သားသည် မိမိနှင့် ရွယ်တူဖြစ်လျှင်၊ သို့မဟုတ် ဆယ်ကျော်သက် တစ်ယောက်သာ ဖြစ်ခဲ့လျှင် ရှုရှီလာသည် လက်ထပ်ရမည်ကို သည်လောက် ကြောက်မည် မဟုတ်။ ယခု သူ လက်ထပ်မည့် ဇော်ဘွားက အသက် လေးဆယ်ကျော်။ အချိန်မရွေး ကွယ်လွန်နိုင်သည့် အရွယ်။ ထိုအခါတွင် မိမိသည်လည်း အရှင်လတ်လတ် မီးပုံထဲသို့ ခုန်ဆင်းရတော့မည်။

ပွက်ပွက်ဆူနေသည့် ထမင်းအိုးကို မွှေခဲ့သည့် လက်ညှိုးကလေးသည် ပိန်ခြောက် ညှိုးလျော်ကာ သိမ်နေသည်။ ရှုရှီလာ ထိုလက်ညှိုးကလေးကို လူမမြင်အောင် ဆာရီထဲတွင် ထည့်၍ ဖွက်ထားတတ်၏။ ထိုလက်ညှိုးကလေးသည် ငယ်ငယ်ကတည်းက ထုံကျဉ်နေခဲ့သည်



www.burmeseclassic.com

www.burmeseclassic.com



ဘိုင် ထိုစဉ်က သူ ဘယ်လောက် ခံစားခဲ့ရသည်ကို ရှုရီလာ မမေ့နိုင်သေး။

လက်ညှိုးကလေး တစ်ချောင်းကို ထမင်းရေပူထဲ နှစ်ရုံဖြင့် ဤမျှလောက် ခံရသည် ဆိုလျှင် လူတစ်ကိုယ်လုံး မီးပုံထဲသို့ ခုန်ဆင်းရသည့် ကိစ္စသည် မည်မျှရှိတော့မည်နည်း။ ထို့ကြောင့်ပင်လျှင် ရှုရီလာသည် လက်ထပ်ရမည့် ကိစ္စ၊ အထူးသဖြင့် မဟာရာဇာ တစ်ယောက်နှင့် လက်ထပ်ရမည့် ကိစ္စကို ထိုမျှ ကြောက်လန့်တကြား ဖြစ်နေခြင်း ဖြစ်သည်။

ထိုအကြောင်းကို အစ်ကိုတော် နန်ဒူးအား ပြောခဲ့လျှင် နန်ဒူးသည် သူ့ကို သနားကောင်း သနားလိမ့်မည်။ သို့ရာတွင် အစီအစဉ်ကိုမူ ပြောင်းလိမ့်မည် မဟုတ်။ သူကလည်း သူ ကြောက်နေခြင်းမှာ လက်ထပ်ရမည်ကို ကြောက်ခြင်း မဟုတ်၊ မုဆိုးမ ဖြစ်မည့် အရေးကို ကြောက်ခြင်း ဖြစ်သည်ဟု ထုတ်၍ ဝန်မခံချင်။

များစွာသော ဆင်းရဲသား အမျိုးသမီးများပင် ထိုကိစ္စကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ခဲ့ကြပါလျက် မိမိကဲ့သို့သော မဟာဆီ မဟာသွေး ရာဇကုမ္မာရီ တစ်ဦးက ထိုကိစ္စမျိုးကို ရင်မဆိုင်ရဲဟု ဆိုလျှင် ရာဇဝင် ရိုင်းတော့မည်။ မိမိ၏သိက္ခာ အကျခံ၍မူ ကိုယ် သူရဲဘောကြောင်သည်ကို ထုတ်မပြနိုင်။

သူ့အကြောက်ကို ဇူလီ သိနေခြင်းမှာ ရှုရီလာက ပွင့်ပွင့်ဟ ဝန်ခံ၍ မဟုတ်။ ဇူလီသည် ရှုရီလာကို တကယ်ချစ်သည့်အလျောက် သူ့စိတ်အလိုကို စကားဖြင့် မကြားရသည့်တိုင် အလိုလို သိနေသောကြောင့်သာ ဖြစ်သည်။

လက်ထပ်ပေးတော့မည်ဟု ပြောသည့် အခါတုန်းက ဆိုလျှင် ဇူလီ တစ်ယောက်သာ စိတ်ညစ်ရသည် မဟုတ်။ လေညင်းသာ ဟော်နန်း တစ်ခုလုံး စိတ်မချမ်းသာ ဖြစ်ရသည်။ ရှုရီလာက တငိုငို တရယ်ရယ် အဆူဆူ တပူပူ လုပ်ဖန်များလတ်သော် မည်သူမျှ စိတ်ရှည်နိုင်ကြတော့။ သနား မနေနိုင်ကြတော့။ တောင်းပန်သူက တောင်းပန်၊ ခြိမ်းခြောက်သူက ခြိမ်းခြောက်၊ အစိုးလက်ဆောင် ထိုးသူက ထိုး လုပ်ကြသည်။

နောက်ဆုံးတွင် မဟာရာဇာ နန်ဒူးက ရှုရီလာကို ကြိမ်ဖြင့် ရိုက်စေသည်။ ဤတွင် ရှုရီလာ တစ်ရက်လောက် အငို အရယ် ရပ်သွား၏။ အရိုက်ခံရခြင်းသည် မီးပုံထဲသို့ ခုန်ဆင်းရခြင်းလောက် ကြောက်စရာ မကောင်းသည့်တိုင် ရှုရီလာသည် နာကျင်သည့် ဝေဒနာကို မခံနိုင်။ အရိုက်ခံရသည်က ယခု။ မီးပုံထဲသို့ ခုန်ဆင်းရမည့် ကိစ္စက နောက်မှ။ ဤသည်မှာလည်း မသေချာ။ ရှောင်၍ ရချင် ရနိုင်သေးသည်။ အရိုက်ခံရသည့် ကိစ္စကမူ ရှောင်၍ မရ။ နူးညံ့သည့် သူ့ အသားအပေါ်တွင် ကြိမ်ရာကြီးတွေ အရှိုး အရှိုး ထင်လျက်။

သို့ဖြင့် ရှုရီလာသည် ချက်ချင်း လက်လျှော့လိုက်ရသည်။ သို့ရာတွင် ခြွင်းချက်ဖြင့် သဘောတူခြင်းမျှသာ။ သူ့ခြွင်းချက်က မိမိသည် အစ်ကိုတော် နန်ဒူး၏ အစီအမံအတိုင်း ထိုစော်ဘွားနှင့် လက်ထပ်မည်၊ သို့ရာတွင် မိမိနှင့်အတူ အစ်မတော် ဇူလီ လိုက်နေရမည် ဟူ၍ ဖြစ်သည်။ သဘောတူညီချက် ရသည့်အခါတွင် ရှုရီလာက မိမိသည် အစ်ကိုတော် နန်ဒူး၏ သဘောကျ လက်ထပ်မည် ဖြစ်ကြောင်း၊ လင်ယောက်ျားအပေါ်တွင်လည်း သေတပန်သက်ဆုံး သစ္စာရှိမည် ဖြစ်ကြောင်း၊ သို့ရာတွင် ဇူလီ မပါလျှင်...။

ဟုတ်သည်၊ သူ့တောင်းဆိုချက် အတိုင်း လိုက်လျောမှ ဖြစ်မည်။ ဤသည်ကို အစ်ကိုတော် နန်ဒူး နားလည်သည်။ ရှုရီလာသည် ရုပ်ချောသည့် နေရာတွင်သာ သူ့မယ်တော် ဂျာနူးဘိုင်နှင့် တူသည် မဟုတ်။ စိတ်ကြီးသည့် နေရာတွင်လည်း အတူတူ။ သည်တောင်းဆိုချက်လောက်ကိုမူ လိုက်လျောမှ ဖြစ်မည်။ မလိုက်လျောဘဲ အတင်းအကျပ် လုပ်ခဲ့လျှင် ရှုရီလာသည် သူ့ကိုယ်သူ သတ်သေသွားနိုင်သည်။

ဓားတို့ အဆိပ်တို့ဖြင့် သတ်သေမည် မဟုတ်။ လေညင်းသာဟော် ပြတင်းဝမှ နေ၍ အောက်က ကျောက်တောင် ကမ်းပါးကြီးထဲကို ခုန်ချလိုက်ရုံ။ ရေတွင်းထဲ ခုန်ချလိုက်ရုံမျှသာ။ သို့မဟုတ်လျှင်လည်း အစာငတ်ခံ၍ သေလိုက်ရုံမျှသာ။ ရှုရီလာသည် အနာခံ၍ သေမည် မဟုတ်။

ရှုရီလာသည် ခေါင်းမာပြီ ဆိုလျှင် အလွန် မာတတ်သည်။ ယခု သူ့ကို လွှတ်လိုက်ဦး။ လမ်းတွင် တစ်ခုခု မလုပ်ဟု မပြောနိုင်။ သူ ကျေကျေနပ်နပ်နှင့် သွားသည်က ပိုကောင်းလိမ့်မည်။

ဘိသော စော်ဘွားအား သတို့သမီး တစ်ယောက်တည်း မဟုတ်ဘဲ နှစ်ယောက် လွှတ်လိုက်၍ လက်ခံလျှင် မည်သို့နည်း။ သို့ဆိုလျှင် ဇူလီ လက်ထပ်ဖို့ ကိစ္စလည်း တစ်ခါတည်း ပြီးပြတ်သွားနိုင်သည်။

ဘိသော မဟာရာဇာ၏ သံတမန်များသည် ထိုအချက်ကို သဘောတူကြသည်။ နန်ဒူးကလည်း ခဲတစ်လုံးတည်းနှင့် ငှက်နှစ်ကောင်ကို ပစ်သည့် အတွေ့အကြုံ



www.burmeseclassic.com

www.burmeseclassic.com



ရခဲ့ပြီ မဟုတ်လော။ သို့ရာတွင် ခက်သည်က ဇူလီနှင့် အတူ ပေးလိုက်ရမည့် ခန်းဝင်ပစ္စည်းမှာ သူ တွက်ထား သည်ထက် အဆမတန် များနေသည်။ ဤတွင် ခန်းဝင် ပစ္စည်း ကိစ္စနှင့် ပတ်သက်၍ နှစ်ဖက် အချေအတင် ဆွေးနွေးကြသည်။ စေ့စပ်ပွဲ ပျက်တော့မည့်နှယ် ဖြစ် နေသည်။

နောက်ဆုံးတွင် နန်ဒူး၏ အချစ်တော် မဟာဒေဝီ တစ်ယောက်က ဝင်ရှင်းပေးလိုက်သဖြင့် ထိုပြဿနာမှာ ပြေလည်သွား၏။ ဇူလီသည် မျိုးရိုးကလည်း မသန့် ကြောင်း၊ အသက်ကလည်း အနည်းငယ် ထောက်နေပြီ ဖြစ်ကြောင်း၊ ထို့ပြင် ရုပ်ကလည်း အချောအလှကြီး မဟုတ်ကြောင်း၊ ထို့ကြောင့် ထိုအချက်များကို ထောက် ၍ သူတို့ တောင်းသည့် ခန်းဝင်ပစ္စည်းကို ပေးသင့် ကြောင်း၊ သို့ဆိုလျှင် လက်ထပ် မင်္ဂလာပွဲလည်း နှစ် ယောက် အတွက် တစ်ခါတည်း ပြီးပြတ်သည့် အတွက် စရိတ်ကုန် သက်သာမည် ဖြစ်ကြောင်းဖြင့် မဟာဒေဝီက ထောက်ပြသည်။

ဟုတ်သည်။ သို့ဆိုလျှင် နန်ဒူးသည် အဖေတူ အမေကွဲ အစ်မတော် ဇူလီ အတွက် လက်ဝတ်လက်စား ရွှေငွေရတနာတို့ ချွေတာနိုင်မည်။ သတို့သမီး အဝတ် အစားလည်း ချွေတာနိုင်သည်။ ဇူလီ၏ သတို့သမီး အဝတ်အစားနှင့် အဆောင်အယောင် အားလုံးကို နည်း နည်းနှင့် ကျဲကျဲ ဝိုင်းနိုင်သည်။ သတို့သမီး တစ်ယောက် သွားလျှင်လည်း ထိုအခြွေအရံ၊ ထိုအစေအပါးလောက် ပါရလိမ့်မည်။

ထို့ကြောင့် နန်ဒူးသည် သတို့သမီး နှစ်ယောက် ကို ကြီးကျယ် ခမ်းနားသော အဆောင်အယောင် အခြွေ အရံတို့ဖြင့် လွှတ်လိုက်၏။ တစ်ချက်တည်းဖြင့် မိမိ၏ ဂုဏ်အဆင့်အတန်းကိုလည်း ဗြိတိသျှ အာဏာပိုင်များနှင့် တကွ ဘိသော စော်ဘွားကို ပြပြီးဖြစ်ရာ ရောက်သည်။

ဤအစီအစဉ်များကို အချိန်ယူ၍ ဆောင်ရွက် ရ၏။ ဘိသော စော်ဘွားက သူ့ပြည်နယ်တွင် နေရစ်ခဲ့ သဖြင့် နောက်ထပ် သတို့သမီး တစ်ယောက် တိုးလာ သည့် ကိစ္စကို သံတမန်များက ပြည်နယ်သို့ ပြန်၍ တိုင် ပင်ရသေးသည့် အတွက် ထိုကိစ္စကို ဆောင်ရွက်ရသည် မှာ အချိန် အတော်ကြာသည်။

အလှမ်းကွာလှသော ပြည်နယ် နှစ်ခုသို့ သံတမန် များ ခေါက်တုံ့ခေါက်ပြန် မြင်းဖြင့် ခရီးနှင်ကြရသည်။ စခန်းထောက်များနှင့် မြင်းများ လဲ၍ ခရီးသွားသည့်တိုင် ခရီးက ကြမ်းတမ်းသဖြင့် အချိန်ကြာသည်။ သို့ဖြင့် အချိန် အတော်ကြီးကြာမှ သတို့သမီး နှစ်ယောက် ခရီး ထွက်နိုင်ခဲ့ကြ၏။

ထိုကိစ္စများကို ဆောင်ရွက်ရာ၌ ဇူလီတွင် ဘာမျှ ပြောရေးဆိုခွင့် မရှိ။ သူ့ကံကြမ္မာကို နန်ဒူးနှင့် သူ့မဟာ ဒေဝီများက ဆုံးဖြတ်လိုက်ကြပြီ။ သူ ဘာမျှ မတတ်နိုင် တော့။ သူ့ကို တိုင်ပင်သည် ဆိုလျှင်လည်း (တိုင်ပင် သည့် တိုင်အောင် သူ့ထင်မြင်ချက်ကိုမူ အရေးထားမည် မဟုတ်။) ရှုရီလာကို သူ စွန့်ပစ်၍ ရှောင်ထွက်မည် မဟုတ်။

ရှုရီလာ တစ်ယောက်တည်း လွှတ်လိုက်ဖို့ ဆို သည်မှာလည်း အဘယ်နည်းနှင့်မျှ မဖြစ်နိုင်။ သူ လက် ထပ်မည့် စော်ဘွားသည် မည်သည့် လူစားမျိုး ဖြစ်သည် ကို သူ မသိ။ မစဉ်းစား။ ညီမကို လိုချင်သည့် အတွက် အစ်မကို လက်ထပ်ယူရမည့် ထိုလူ၏ စိတ်ထဲတွင် ဘယ်သို့ ရှိမည်နည်းကိုလည်း ထည့်မတွက်။ ယခု အပေးအယူ ကိစ္စကြောင့် သူ့အတွက် ဘာမျှ ပျော်စရာ မရှိ ဆိုသည့် အချက်ကလည်း သူ့အတွက် အသေးအဖွဲ မျှသာ။

ဇူလီသည် သည်တစ်သက်တွင် လက်ထပ်ဖို့ကို လည်း စိတ်ကူးတော့မည် မဟုတ်။ စင်စစ် လက်ထပ် ခြင်း ဆိုသည်မှာ ယောက်ျားတွေဘက်ကို အကြွေး လောင်းရသည့် ကြွေအန်ကစားနည်း တစ်မျိုး ဖြစ်သည် ဟု သူ ယူဆသည်။ ကိုယ့်စိတ်ကြိုက် ယောက်ျားကို ရွေး ချယ် ယူနိုင်ခွင့် မရှိကတည်းက ကိုယ့်ဘက်က တစ်ပွဲ ရှုံးနေလေပြီ။

လက်ထပ်ပြီးသည်နှင့် နူနူရွဲရွဲ ဆိုးဆိုးကောင်း ကောင်း သူ့ကို ဘုရား တစ်ဆူ ဂူတစ်လုံးလို ကိုးကွယ် ရတော့မည်။ သေတပန်သက်ဆုံး သူ့ထံတွင် ကျွန်ခံရ တော့မည်။ ကိုယ့်ထက် အလျင် သေလျှင် သူ့နောက်သို့ လိုက်၍ မီးပုံထဲသို့ ခုန်ဆင်းရဦးတော့မည်။

သတို့သမီး မျက်နှာဖုံးကို မ၍ ကြည့်လိုက် သည့် အခါတွင် အရုပ်ဆိုး အကျည်းတန်နေလျှင် ထို သတို့သားသည် အခြားသော မိန်းမများနှင့် ပျော်ပါး ပါးနိုင်သည်။ စိတ်ဖြေဖျောက်နိုင်သည်။ သို့ရာတွင် အကျည်းတန် ယောက်ျားကို ရသည့် သတို့သမီးကား ဘာမျှ မတတ်နိုင်။ လင်ကို လုပ်ကျွေးပြုစုကာ မွေးဖွား သည့် သားသမီးတွေနှင့်သာ ကိုယ့်စိတ်ကိုယ် ဖြေဖျောက် ရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



သည်လို အခြေအနေမျိုးတွင် မိမိအနေဖြင့် ချော မော အဆင်ပြေနေသည့် အိမ်ထောင်ရေးမျိုးကို ဇူလီ မမျှော်လင့်နိုင်။ ရှင်းရှင်း ဝန်ခံရမည် ဆိုလျှင် အရှေ့နှင့် သူ့အမေ သီတာတို့သည် တစ်နေ့တွင် သူ့ထံ ရောက်လာ ကြကာ တောင်ခြေ လျှိုကြားမှ ရွာကလေးသို့ ခေါ်သွား ကြလိမ့်မည်ဟုလည်း ဇူလီ စိတ်ထဲတွင် စွဲနေသည်။

ထိုအစွဲသည် ဇူလီ၏ ရင်ထဲတွင် ပျောက်ကွယ် မေးမှိန်သွားခြင်း မရှိ။ အသက်တွေ ကြီးလာသည့်တိုင် သူ့အတွက် အိမ်ထောင်ရက်သား ချပေးဖို့ အသံ မကြားရ သေး။ သူ့တစ်သက်တွင် အိမ်ထောင်မှ ကျပါဦးမည်လော ဟုပင် သံသယ ရှိချင်သည်။

ရှုရီလာကမူ သူနှင့် တခြားစီ။ ရှုရီလာသည် သူ့အမေလို မိန်းမချော ဖြစ်လာမည် အမှန်။ ထို့ပြင် ဟော်နန်းထဲတွင် အရေးပါ အရာရောက်သူ တစ်ဦး။ ထို့ကြောင့် သူ့အတွက်မူ အရွယ် ရောက်သည်နှင့် တင့် တောင့်တင့်တယ် လက်ထပ်ရမည်မှာ မြေကြီးလက်ခတ် မလွဲ။ ရှုရီလာသာ လက်ထပ်ခဲ့လျှင် မိမိတို့ နှစ်ယောက် သည် အနေဝေး သွားကြရတော့မည်ဟု ဇူလီ တွက်ခဲ့ သည်။

သို့ရာတွင် ဤသို့ မဟုတ်တော့ဘဲ သူတို့ နှစ် ယောက် အတူ နေကြရတော့မည်။ သူတို့ နှစ်ယောက်ကို ယောကျ်ား တစ်ယောက်နှင့် ပေးစားတော့မည်ဟု သိရ သည့် အခါတွင်မူကား အရှေ့တို့ သားအမိ ပြန်လာခဲ့ လျှင်၊ တောင်ခြေသို့ သွားနေရလျှင် ဟူသော စိတ်ကူး အိပ်မက်ကလေးသည် ပြိုကွဲခဲ့လေပြီ။

ကာရိကုတ် ပြည်နယ်မှ နေပူ ဖုန်ထူသည့် ဘီ သော ပြည်နယ်သို့ သွားနေရလျှင် တောင်စလပ် နီနီတွေ၊ တောင်တမာပန်းတွေ၊ ထင်းရှူး စိမ်းစိမ်းတွေ၊ တောင်တွေ နှင့် နှင်းပွင့်တွေကိုပင် မြင်ရတော့မည် မဟုတ်။

သူသည် ဒူးရ်ခိုင်မာ ခေါ် ရွှေပြည်သာ တောင် တန်းကြီးကို မြင်ရတော့မည် မဟုတ်။ ထင်းရှူးနံ့ သင်း သင်းတို့ကိုလည်း ဘယ်တော့မှ ရှူရှိုက်ရတော့မည် မဟုတ်။ ယခုနေ အရှေ့သာ သူ့ကတိအတိုင်း ပြန်ရောက်လာ ခဲ့လျှင် အရှေ့သည် သူ့ကို တွေ့ရတော့မည် မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၂၁

ထိုနေ့ မနက်က စခန်းကြီး တစ်ခုလုံး နေမြင့်အောင် ညဉ်သူမျှ မအိပ်နိုင်ကြ။ လုပ်စရာတွေက တစ်ပုံတစ်ပင်။ ဝန်တင် တိရစ္ဆာန်များကို ရေတိုက်ကြရသည်။ အစာ ကျွေးကြရသည်။ နွားတွေ ဆိတ်တွေကို နို့ညှစ်ကြရသည်။ မီးဖိုကာ စားဖွယ် သောက်ဖွယ်တို့ကို ချက်ပြုတ်ကြရသည်။

မာဒူးနှင့် ကာကာဂျီတို့မှာလည်း အစောကြီး ထ၍ ဘုရားရှိခိုးကြသည်။

မာဒူး ဘုရား ဝတ်ပြုသည်က သည်မျှလောက် မကြာ။ သို့ရာတွင် ကာကာဂျီ ဘုရား ဝတ်ပြုသည်မှာ ကြာဘိခြင်း။ ဘုရားသခင်သည် မိမိ တည်ရှိနေသည်ကို သိ မသိ မပြောနိုင်သော်လည်း ကာကာဂျီကမူ ဘုရား သခင် တကယ် အမှန် တည်ရှိသည်ဟု စွဲမြဲစွာ ယုံကြည် သည်။ 'လူတစ်ယောက်မှာ မျှော်လင့်ချက် ထားရှိရမယ် လေ၊ မျှော်လင့်ချက်နှင့် အသက်ရှင် နေကြတာပဲ မဟုတ် လား' ဟု ကာကာဂျီက မကြာခဏ ပြောတတ်၏။ ကာကာဂျီသည် ခရီးသွားတုန်းမှာပင်လျှင် ဝတ်ပျက် မခံနိုင်။ ထို့ကြောင့် မနက် အစောကြီး အိပ်ရာမှ ထကာ နှစ်နာရီခန့် ကြာမျှ ဘုရား ဝတ်ပြုတတ်သည်။

တူမတော် ရှရီလာမှာ စောစော အိပ်ရာ မထ တတ်။ သို့ရာတွင် ဇူလီကမူ ဘကြီးတော် ကာကာဂျီ နှင့် မရှေးမနှောင်း အိပ်ရာမှ ထတတ်သည်။ သို့ရာတွင် ဘုရား ဝတ်ပြုရန် မဟုတ်။ ကြက်ဦးတွန်လောက် ကတည်း က ထကာ မြောက်ဘက်ရှိ တောင်တန်းကြီးများကို ငေးမျှော်ကြည့်စမြဲ။

အရုဏ် အပြုတွင် နှင်း ဆောင်း ထား သည့် ဟိမဝန္တာ တောင်ထိပ်များကို ခဏမျှ မြင်ရ၏။ နှင်းတွေ က ဝေဆိုင်းလျက်။

သို့ရာတွင် နေ့လယ်လောက်တွင် ဆိုလျှင်မူ သူ တို့ လှည်းများ၊ ဝန်တင် တိရစ္ဆာန်များကြောင့် ဖုန်တွေ အလုံးလိုက် ထကာ ဟိမဝန္တာ တောင်တန်းကြီးကို မမြင်ရတော့။

ညနေ ရောက်ပြန်သည့် အခါတွင်မူ နေဝင်ချိန် စိမ်းပြာပြာ ကောင်းကင်အောက်တွင် နှင်းဆီရောင် သန်း နေသည့် တောင်တန်းကြီးများကို မြင်လိုက်ရပြန်သည်။

ရက်တွေ ကြာလာ၍ တောင်ပိုင်းသို့ ရောက်လာ သည်နှင့်အမျှ တောင်တန်းကြီးများသည် ဝေး၍ ဝေး၍ မှုန်၍ မှုန်၍ ကျန်ရစ်ခဲ့ကြလေပြီ။ နောက်ဆုံး ဘာကိုမျှ မမြင်ရတော့။ ဇူလီသည်လည်း ထိုတောင်တန်းကြီးများ ကို လှမ်းမျှော် ကြည့်ရှုခြင်း မပြုတော့။

နောက်ဆုံး၌ သူတို့ လှည်းတန်းကြီးသည် မြစ်ကြီး ငါးသွယ်တို့ စီးဆင်းရာ၊ ဖော်ရွေ ရက်ရောသည့် ရွာကလေး တွေ ရှိရာ၊ ကောက်နှံ အထွက် ကောင်းသည့် လယ်တော ကြီးတွေ ရှိရာ ပန်ဂျပ်ပြည်ကြီးကို လွန်လာခဲ့ကြသည်။ ထိုနောက်တွင်မူ ဗြိတိသျှတို့ ပိုင်သည့် အိန္ဒိယပြည်ကြီး။

ယခု သူတို့သည် ရာဇပုတ် ပြည်နယ်ကို ဖြတ် ကျော်နေကြပြီ။ မင်းတို့၏ တိုင်းပြည်ဟု ခေါ်ကြသော ရာဂျာစသံ ပြည်နယ်ကို ဖြတ်ကျော်နေကြပြီ။ ဤနေရာ သည် စစ်ဘုရင် အစဉ်အဆက်တို့ စိုးမိုးခဲ့ရာ နေရာ ဖြစ် ၏။ ဟိန္ဒူစတန် ပြည်ကြီး၏ ရာဇဝင် စာမျက်နှာများကို သွေးတို့ စွန်းပေအောင် လူတို့တစ်တွေ စစ်တိုက်ခိုက်ရာ စစ် တလင်းပြင်ကြီး ဖြစ်၏။ ဆီကန္တာ၊ ဂျူဒ်ပုရ်၊ ဗွာလီယ၊ အာလဝါ၊ ဂျေပူရ်၊ ဘာတ်ပူရီ၊ ကိုတား၊ တုန့်၊ ဘန္ဒ၊ ဒိုလ်ပူရ် စသည့် နေရာများ....။

ယခု သူတို့ ရောက်နေသည့် တောင်ပိုင်းက အစာရေစာ ပေါများ၍ လူဦးရေ ထူထပ်သည့် ပန်ဂျပ် ပြည်နယ်နှင့် မတူ။ မြို့တွေ ရွာတွေက တစ်ခုနှင့် တစ်ခု အဝေးကြီး။ မြေပြင်ကလည်း မြေပြန့်ကြီး။ သစ်ပင် တောတောင် ဟူ၍ သိပ်မရှိလှ။ နေက ကျဲကျဲ တောက် လျက်။ မိုးကုပ် စက်ဝိုင်းကြီးကလည်း မျှော်မဆုံးနိုင်



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဆီတွင် အသွေးစုံ အရောင်စုံတို့ကို မမြင်ရသည့် အခါတွင် လူတွေက သူတို့အိမ်များကို ဆေးဖြူသို့မဟုတ် ဆေးဝါ သုတ်ထားကြသည်။ အုတ်တံတိုင်းတွေ၊ မုခ်ဦးတွေမှာ တိုက်ဆင်ကြီးတွေ၊ ရေးပုံပြင်များထဲတွင် ပါသည့် သူရဲကောင်းတွေကို ရုပ်ပုံတွေ ရေးခြယ်ထားကြသည်။ တိရစ္ဆာန် ဦးချိုများကိုပင် ဆေးသုတ်၍ ချိတ်ထားကြသည်။

ဝတ်တော့လည်း ဆာရီ မဟုတ်။ အပြာရောင်၊ ကြက်သွေးရောင်၊ လိမ္မော်ရောင်၊ အစိမ်းရောင်၊ သီတင်းရောင် စသည့် ပန်းပြောက် ပန်းခက်တွေ ရိုက်ထားသည့် အဝတ်ပိုင်း ရှည်ရှည်ကြီးတွေကို ခါးမှာ ပတ်ထားကြသည်။ သူတို့ အင်္ကျီကလည်း အရောင် မျိုးစုံ။ ခေါင်းတွင် ပန်းရိုက် ပဝါတွေ စည်းလျက်။

ကြေးအိုးကြီးများ၊ မြက်ထုံးများ၊ ရေအိုးများကို ခေါင်းပေါ်တွင် ရွက်၍ သူတို့ လမ်းလျှောက်သည့် ဟန်ကမူ တစ်မျိုး ကြည့်ကောင်းနေသည်။ ခြေထောက်နှင့် လက်ကောက်ဝတ်တွင် ခြေကျင်းတွေ လက်ကောက်တွေ အစီအရီ။ လမ်းလျှောက်လျှင် တချွင်ချွင်နှင့်။

'တကတည်းဗျာ၊ ကချေသည်တွေ ကျနေတာပဲ' ဟု မာဒူးက မနှစ်သက်ဟန်ဖြင့် ပြော၏။

'နတ်သမီးတွေလိုပေါ့ အဘရဲ့' ဟု အက်ရှ်က ပြောသည်။

ခြောက်သွေ့လှသဖြင့် အက်ရှ် စိတ်ပျက်သည်။ သို့ရာတွင် တောက်တောက်ပပ အမျိုးသမီး အဝတ်အစားများကိုမူ သဘောကျ၏။

သဲမြေနှင့် ကျောက်တောင်တွေ ဖုံးနေသည့် အတွက် ထင်သလောက်မူ ခြောက်သွေ့ခြင်း မရှိ။ တောကောင်တွေကလည်း အလွန် ပေါသည်။ သမင်အုပ်များ၊ ချေအုပ်များကို မကြာခဏ တွေ့ရသည်။ ချုံဖုတ်ကလေးများထဲတွင် ခါ၊ ငုံး၊ ခို စသည်တို့ကို တွေ့ရသည်။ မနက် အရုဏ်တက်တွင်မူ ရေအိုင် တစ်အိုင်မှ ထပျံသွားသော တောဘဲအုပ်ကြီး တစ်အုပ်ကို မြင်လိုက်ရ၏။

ထို့ကြောင့် အက်ရှ် အဖို့ ကာကာဂျီတို့ ဟိန္ဒူများသို့ သက်သတ်လွတ် စားစရာ မလိုတော့။

ဗိုလ်ကြီး အက်ရှ်သို့ လိပ်တပ်ထားသည့် စာထုပ်ကြီး တစ်ထုပ်ကို စာပို့လုလင် တစ်ယောက်က ယူလာ၏။ စာတွေက ဘာမျှ စိတ်ဝင်စားစရာ မကောင်း။ အက်ရှ်သည် စာများကို အပြေးအဖြန်း ဖတ်ကာ ချောင်ထဲသို့ ထိုးထည့်ထားလိုက်သည်။ သူ စိတ်ဝင်စားသည့် စာနှစ်စောင်ကိုသာ အခေါက်ခေါက် အခါခါ ဖတ်၏။

တစ်စောင်မှာ ဇာရင်ထံမှ ဖြစ်၏။ နောက်တစ်စောင်မှာ ဝေါလီထံမှ ဖြစ်သည်။ ဝေါလီက ရဝါလ်ပင်ဒီတွင် ပျင်းစရာကောင်းကြောင်း ရှည်လျားစွာ ရေးထားသည်။

'အဲဒီ မင်းသမီး နှစ်ယောက်ဟာ လှရ ချော[ရ]မယ်လို့ ကျွန်တော် ပြောခဲ့တယ် မဟုတ်လား၊ ဒါပေမဲ့ အစ်ကိုက မယုံခဲ့ဘူးလေ' ဟု ရေးထား၏။

အက်ရှ်သည် ထိုစာများကို ဖတ်ပြီးနောက် လုံးခြေ၍ လွှတ်ပစ်လိုက်သည်။ သူ ရေးထားသည့် စာတွေကလည်း နည်းနည်းနောနော မဟုတ်။ ခြောက်မျက်နှာတိတိ ရှိသည်။

ဇာရင်၏စာမှာ တစ်မျက်နှာသာ ရှိ၏။ သို့ရာတွင် စိတ်ဝင်စားစရာ အကောင်းသား။ ဇာရင်က အင်္ဂလိပ်လို ရေးထားသဖြင့် အက်ရှ် အံ့သြနေသည်။ ခါတိုင်းက ဇာရင်သည် တိုင်းရင်း ဘာသာဖြင့် ရေး၏။ ယခု စာကိုမူ လျှောက်လွှာ စာရေးထံ သွား၍ အရေးခိုင်းဟန် တူသည်။

စာထဲတွင် ထုံးစံအတိုင်း မာကြောင်း သာကြောင်း ရေးထားပြီးနောက် တပ်ရင်း အကြောင်းကိုလည်း ရေးထားသည်။ ထို့ပြင် သူ့မိခင် နေထိုင်ကောင်းကြောင်း၊ သခင်ဆပ် ကျန်းမာရေးကို ဂရုစိုက်ရန် အရေးခိုင်းကြောင်း၊ အထူးသဖြင့် မြွေ၊ ကင်းခြေများနှင့် ကင်းမြီးကောက်တို့ကို ဂရုစိုက်ဖို့ အကြောင်း၊ အထူးသဖြင့် ရာဇပုတ်ပြည်နယ်တွင် ကင်းမြီးကောက် အလွန် ပေါကြောင်း စသည်တို့ ပါ၏။

ဇာရင်၏ အမေ ကွယ်လွန်ခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ။ ကာရိကုတ်နှင့် ဂူးလ်ကုတ်သည် အတူတူပင် ဖြစ်ကြောင်း ဇာရင် သိသွားပြီး သူ့ကို သတိပေးချင်ပုံ ရသည်။ သူ့အမေ နာမည်ကို ထုတ်ရေးလိုက်လျှင် တစ်ခုခု ရည်ရွယ်သည်ကို သတိထားမိလိမ့်မည်။ ကင်းမြီးကောက် ဟူသည့် စကားသည် ဘီဂျူရန်းကို ဆိုလိုခြင်း ဖြစ်ကြောင်း အက်ရှ် သိလိမ့်မည်ဟု ထင်ပုံလည်း ရသည်။ စာကို အင်္ဂလိပ်လို ရေးလိုက်သည်ကို ထောက်လျှင် တစ်ယောက်ယောက် ဖွင့်ဖတ်မည်ကို ဇာရင် စိုးရိမ်ဟန် တူသည်။

ဇာရင် စိုးရိမ်သည့် အတိုင်းလည်း အမှန်ပင် သေသေချာချာ ကြည့်လိုက်သည့် အခါတွင် စာအိတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ထားသည်ကို တွေ့ရ၏။ သို့ရာတွင် အက်ရှ် မစိုးရိမ်။ ကာရိကုတ် ပြည်နယ်တွင် အင်္ဂလိပ်စာ တတ်သူ ဟူ၍ တစ်ယောက်မျှ မရှိ။

မည်သို့ဖြစ်စေ ဇာရင်သည် အကြောင်းမဲ့ စိုးရိမ်ကာ အကြောင်းမဲ့ သတိပေးခြင်း မဟုတ်သည်မှာကား ထင်ရှားသည်။

သူတို့ စခန်း ပြောင်းရွှေ့ လာခဲ့သည်မှာ တစ်ပတ်နီးပါး ရှိလာခဲ့ပြီ။ အက်ရှ်သည် သန်လျင်းကို မစီးတော့။ မြင်းစီးနိုင်သည်ဟု ဆိုကာ ဖွေဆိုးသည့် အာရပ် မြင်းကြီးတစ်ကောင် ဖြစ်သော ဘာရာဇာ အမည်ရှိ မြင်းကြီးကို စီးလာခဲ့သည်။ သူ့မြင်းကြီး ကာဒီနယ် သေဆုံးသွားသည့်တွင် မာလဒီယိုက သူ့ကို လက်ဆောင်ပေးခဲ့ခြင်း ဖြစ်သည်။

သူ ဤသို့ မြင်းစီးနိုင်ခြင်းမှာ သမားတော် ဂိုဇင်ဒတ်စ်၏ ကျွမ်းကျင်မှုနှင့် ဂီတာ၏ ပြုစုမှုတို့ကြောင့် ဖြစ်သည်။ သို့တိုင်အောင် ပထမနေ့ မြင်းစီးရစဉ်ကမူ တော်တော်လေး ပင်ပန်းလိုက်သည်။ နောက်တစ်နေ့တွင်မူ အနည်းငယ် သက်သာသွား၏။ နောက်တစ်ပတ်အကြာတွင်မူ ပုံမှန် ဖြစ်သွားခဲ့လေပြီ။

သို့ရာတွင် နေပြန်ကောင်းသွားသည့် အတွက်မူ အခွင့်အရေးကြီး တစ်ခု ဆုံးရှုံးသွား၏။ ယင်းမှာ အခြားမဟုတ်။ ဂီတာ မလာရောက်တော့သည့် အတွက် သူလည်း ဇူလီနှင့် မတွေ့ရတော့ခြင်း ဖြစ်သည်။

ယခု လောလောဆယ်တွင်မူ ဇူလီကို ဒါဘာတဲတွင် တွေ့ရုံ မြင်ရုံမှတစ်ပါး တခြား နည်းလမ်း မရှိတော့။ အက်ရှ် အဖို့မူ သည်လောက်နှင့် မကျေနပ်နိုင်။ ညနေ ရွက်ဖျင် ဒါဘာတဲတွင်းတွင် တွေ့ရသည်က ရှုရှီလာ၏ အလိုကို လိုက်နေရသဖြင့် ကောင်းကောင်းဝင် မကြည့်ရ။ သူကလည်း လူမမာတစ်ယောက် မဟုတ်တော့။

ယခုတစ်ဖန် အက်ရှ်သည် ည ည ဆိုလျှင် အိပ်မပျော်။ ဇူလီနှင့် တွေ့ရအောင် မည်သို့ လုပ်ရမည်နည်းဟူသာ စဉ်းစားလျက် ရှိ၏။

သို့ရာတွင် ကိုယ်တော်လေး ဂျိုတီက သူ့အစ်မတော်နှင့် ညီမတော်မှာ ပျင်းရိ ငြီးငွေ့လျက် ရှိကြောင်း၊ တစ်ခါမျှ နာမကျန်း မဖြစ်ဖူးသည့် ဇူလီသည်ပင်လျှင် သူက စစ်တုရင် ကစားဖို့ ခေါ်သည်ကို ခေါင်းကိုက်သည်ဟု အကြောင်းပြကာ ငြင်းနေကြောင်း၊ မွန်းကျပ်နေသည့် ဝေါထဲတွင် လိုက်ရပြီး နားသည့် အခါတွင်လည်း အလုံပိတ် တဲကြီးထဲတွင် နေရကြောင်း၊ တစ်နေ့မှ လေးငါး ဆယ်လှမ်းလောက်သာ လမ်းလျှောက်ရကြောင်း၊ ထိုအတိုင်းသာ ဆိုလျှင် ဇူလီသည် ခရီး အဆုံးတွင် ရှုရှီလာလို ရှုနာရှိုက်ကုန်းကလေးသာ ဖြစ်နေတော့မည် ဖြစ်ကြောင်းဖြင့် ကာကာဂျီကို ပြောသည်။

ရှုရှီလာ အဖို့ကား ဘီသော ပြည်နယ်သို့ မရောက်လျှင်လည်း အရေးမကြီး။ နဂိုက ရောဂါ ထွေပြားနေရသည့် အထဲတွင် အစားလည်း ကောင်းကောင်း မစားတော့။ ဤအတိုင်းသာ ဆိုလျှင် ရှုရှီလာသည် ပိန်ချုံးခြောက်ကပ်၍ သေဖို့သာ ရှိတော့သည်။

သို့ဆိုလျှင် ဘီသော စော်ဘွား၌ သတို့သမီးတစ်ယောက်သာ ကျန်ရစ်ခဲ့တော့မည်။ ထိုသတို့သမီးကို လက်မခံတော့ ဆိုလျှင် အခက်။ သည်အတိုင်းသာ ဆိုလျှင် သူတို့တစ်တွေ ကာရိကုတ် ပြည်နယ်သို့ ပြန်လှည့်ဖို့သာ ရှိတော့သည်။

ထိုအခါတွင် မဟာရာဇာ နန်ဒူးသည် သူတို့အားလုံးကို ခေါင်းဖြတ်သတ်မည် မုချ။ သို့မဟုတ်လျှင်လည်း ထောင်သွင်း အကျဉ်းချထားမည် မုချ။ ထိုသို့မှမဟုတ်သေးလျှင် သူကိုယ်တိုင် မူးလဲကျပြီး သေသွားမည်လော မဆိုနိုင်။

ကိုယ်တော်လေး ဂျိုတီက ဤအကြောင်းများကို ပြောပြသည်။ ဤတွင် ကာကာဂျီလည်း အလန့်တကြားဖြစ်ကာ သူ့တူမတော်များကို ဂရုစိုက်လာသည်။ ဇူလီကို ကြည့်ရသည်မှာ ပင်ပန်း နွမ်းနယ်လျက် ရှိ၏။ အမူအရာကလည်း ဂနာမငြိမ်။ ဤအမူအရာမျိုးကို တစ်ခါမျှ မမြင်စဖူး။

ဇူလီ နေထိုင်မကောင်းလျှင် ရှုရှီလာ မည်သို့နေမည်နည်း။ မည်သူကမျှ ရှုရှီလာကို ချော၍ ရမည် မဟုတ်။ ရှုရှီလာကို ကြည့်လိုက်သည့် အခါတွင်လည်း နေကောင်းဟန် မတူ။ သူ့ကို ကြည့်ရသည်မှာ အရိုးပေါ်အရေတင်လျက်။ မျက်လုံးက ဟောက်ပက်။ ချောက်ညိုတစ်ကောင်နှင့်သာ တူတော့သည်။

ကာကာဂျီသည် သူ့ကို ကြည့်၍ လန့်သွားသည်။ စင်စစ် တူမတော် ရှုရှီလာသည် ချောမော လှပသည့် မိန်းမပျို တစ်ယောက်။ ဘီသော ပြည်နယ်သို့ မရောက်ခင် အထိ ကတိမ်းကပါး ဖြစ်သည့်တိုင် ရုပ်ရည် ရူပကာရမှာ ကြည့်၍ ကောင်းတော့မည် မဟုတ်။

ဘီသော စော်ဘွားသည် လှပ ချောမောသော သတို့သမီး တစ်ယောက်၊ ခန်းဝင်ပစ္စည်း အမြောက်အမြား



www.burmeseclassic.com

www.burmeseclassic.com



နှင့် နောက်ထပ် အစ်မတော် တစ်ယောက်ကို မျှော်လင့်ထားခဲ့သည်။ သို့ရာတွင် ရောက်လာတော့ ရှုရှီလာ ရုပ်ဆင်းသဏ္ဌာန် ပျက်နေသည် ဆိုလျှင် မည်သို့ တုံ့ပြန်မည်မသိ။ တစ်ခုခုတော့ လုပ်မှ ဖြစ်မည်ဟု ကာကာဂျီ ယူဆသည်။

ထို့ကြောင့် အက်ရှ်ထံသို့ ထွက်လာကာ နာရီဝက်နီးပါး တိုင်ပင်ကြ၏။

အက်ရှ်၏ အမြင်၌မူ တိုင်း၍ ရက်သည့် ပက္ကလာ မိုးရွာသည်နှင့် အဆင်သင့်။ သူတို့ နှစ်ယောက်ကို လေကောင်း လေသန့် ရှိသည့် နေရာတွင် လေ့ကျင့်ခန်း ယူစေလျှင် ကောင်းမည်ဟု အကြံပေးသည်။

ဥပမာ ညနေခင်း ရွက်ဖျင်တဲစခန်းတွေ ထိုးနေကြတုန်း လေကောင်း လေသန့် ရရာသို့ သွား၍ မြင်းစီးခြင်း စသည့် လေ့ကျင့်ခန်းမျိုး။ သို့ဆိုလျှင် တစ်နေကုန် ဝေါထဲတွင် လိုက်လာရသည့် အတွက် ညောင်းညာနေသည့် ကြွက်သားများကိုလည်း လေ့ကျင့်ခန်း လုပ်ပေးရာ ရောက်မည်။ အစားအသောက်လည်း ကောင်းလာနိုင်သည်။ ညတွင်လည်း ကောင်းကောင်း အိပ်ပျော်နိုင်သည်။

ကာကာဂျီ၊ မူးလ်ရတ်နှင့် သူတို့ လိုက်၍ စောင့်ရှောက်မည် ဆိုလျှင် အခြား အစောင့်အရှောက်များလည်း လိုတော့မည် မဟုတ်။ ကိုယ်တော်လေး ဂျိုတီမှာလည်း သူ့အစ်မတော် ရှုရှီလာကို မြင်းစီး သင်ပေးသည့် အတွက် အပျင်းပြေနိုင်သည်။

အက်ရှ်သည် ထိုအစီအစဉ်ကို ကာကာဂျီ၏ အစီအစဉ် ဖြစ်လေဟန်၊ သူကမူ ကာကာဂျီ ပြောသမျှကိုသာ လုပ်ရလေဟန် ဆောင်ထားသည်။

ညနေပိုင်းတွင် ဂိုဗင်ဒတ်စ်နှင့် တိုင်ပင်ကြသည့် အခါတွင်လည်း အတော်အသင့် ကျန်းမာရေး လေ့ကျင့်ခန်း လုပ်ခြင်းသည် အားတိုးဆေး စားခြင်း၊ ဝမ်းနုတ်ခြင်းကဲ့သို့ပင် အကျိုးရှိကြောင်း ပြောဆိုသည်။

သို့ဖြင့် ရာဇကုမ္မာရီ နှစ်ယောက် အတွက် သင့်လျော်သည့် မြင်းများနှင့် ပစ္စည်း ကိရိယာများကို မူးလ်ရတ်အား အရာခိုင်းလိုက်၏။

ဂျိုတီကား သူ မြင်းစီး ကောင်းကြောင်းကို ရှုရှီလာတို့ကို ပြရသည့် အတွက် ဝမ်းသာ၍ မဆုံး။ နောက်တစ်နေ့ ညနေတွင် မြင်းစီး လေ့ကျင့်ခန်း စတင်ရာ အောင်မြင် ချောမောခဲ့သည်။ ဒါဘာ ရွက်ဖျင်တဲထဲမှာလို လူတွေ ဝိုင်းကြည့်နေသည်ကိုလည်း မခံရ။ မွန်းကျပ်၍လည်း မနေ။ သူတို့အားလုံး ကွင်းပြင်ကြီးထဲတွင် မြင်းစီးရင်း လွတ်လွတ်လပ်လပ် စကားပြောနိုင်ကြသည်။

ညနေတိုင် ရောက်၍ စခန်းချမည့် နေရာနှင့် တစ်မိုင် အကွာသို့ ရောက်လျှင် သူတို့သည် ဝေါကို ရပ်ထားလိုက်၏။ အက်ရှ်၊ ဂျိုတီနှင့် မူးလ်ရတ်တို့က သူတို့ ရှိရာသို့ ရှုရှီလာ အတွက် သန္ဓေကောင်းသည့် မြင်းကလေး တစ်ကောင်နှင့် ဇူလီဖို့ ခပ်ကြွပ်ကြွပ် မြင်းတစ်ကောင်ကို ယူလာခဲ့ကြသည်။

တစ်ခါတစ်ရံ သူတို့နှင့်အတူ သိမ်းငှက်များကိုလည်း ယူလာခဲ့ကြ၏။ ငှက်ပေါသည့် နေရာမျိုး ဆိုလျှင် ငှက်ပစ်ရန် သေနတ် တစ်လက်လည်း ယူလာခဲ့ကြသည်။ အများအားဖြင့်မူ အညောင်းပြေ အညာပြေ မြင်းစီးကြသည်က များသည်။

ရှုရှီလာက မြင်းကို ကဆုန် မစီးရဲ။ အများဆုံး လမ်းထိုး စီးရုံလောက်သာ မြင်းစီးရဲသည်။ (မြင်းဆရာအဖြစ်) ဂျိုတီက ဘေးမှ လိုက်စီးသည်။ မူးလ်ရတ်ကမူ သူတို့ နှစ်ယောက်ကို ထိန်းရင်း ဘေးက လိုက်စီးရသည်။

ကာကာဂျီမှာကား အသက်ကြီးပြီ ဖြစ်သည့်အလျောက် တစ်နေ့တာ ခရီး အဆုံးတွင် မြင်းကို ကောင်းကောင်း မစီးနိုင်။ ခပ်ဖြည်းဖြည်းသာ နောက်ချန်၍ စီးတတ်သည်။

ဤတွင် အက်ရှ်နှင့် ဇူလီတို့က ရှေ့မှကြို၍ စီးနှင့်ကာ မြေပြင် အနေအထားတို့ကို သွားကြည့်နှင့်ကြသည်။ ထို့ကြောင့် သူတို့ နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် စကား ပြောနိုင်သည့် အခွင့်အရေးကို ရနေကြ၏။ မည်သူကမျှ သံသယ မဖြစ်။

ဂျိုတီက ရှုရှီလာကို ယောက်ျားတွေ ဝတ်သည့် မြင်းစီး ဝတ်စုံကို ဝတ်စေချင်သည်။ ဆာရီနှင့် ဆိုလျှင် မြင်းစီး၍ မကောင်းဟု အကြောင်းပြ၏။ ကာကာဂျီက ကန့်ကွက်သည့်တိုင် ရှုရှီလာ ကိုယ်တိုင်က အသစ်အဆန်း ဖြစ်သည့် အဝတ်အစားများကို ဝတ်ချင်နေသည့် အတွက် နောက်ဆုံးတွင် သဘောတူလိုက်ရသည်။

မူးလ်ရတ်ကလည်း ဆာရီမှာ မြင်းစီးဖို့ ကောင်းသည့် အဝတ်အစား မဟုတ်သည့်တိုင် သူစိမ်းတစ်ရံဆံတို့ မြင်သွားလျှင် မကောင်း။ ယခု မြင်းစီးဝတ်စုံနှင့် ဆိုလျှင် သူတို့ကို မိန်းကလေးဟု မည်သူကမျှ သတိထားမကင်း ဖြစ်မည် မဟုတ်။ ညနေခင်း အပျင်းပြေ မြင်း



www.burmeseclassic.com

www.burmeseclassic.com



လေ့ကျင့်သည့် ယောက်ျားပျိုကလေးများဟုသာ ထင်မှတ်မည် ဖြစ်ကြောင်းဖြင့် ပြောသည်။

မြင်းစီး ဘောင်းဘီကို ဝတ်လိုက်သည့် အခါတွင် ရှရီလာမှာ သူငယ်ကလေး တစ်ယောက်နှင့် တူနေပြီး ဇူလီမှာ ချောမောသည့် ယောက်ျားပျိုကလေး တစ်ယောက်နှင့် တူနေသည်။ ကာကာဂျီ ကိုယ်တိုင် ပင်လျှင် သူတို့ ဝတ်သည့် မြင်းစီး အဝတ်အစားသည် ဣန္ဒြေမဲ့ခြင်း မရှိဟု ဝန်ခံရသည်။ မိန်းမပျိုကလေး နှစ်ယောက် ကိုယ်တိုင်မှာလည်း ထိုအဝတ်အစားများကို ဝတ်လိုက်ရသည့် အတွက် ရှီးတိုးရှန့်တန့် ဖြစ်ခြင်းတို့ မရှိတော့ဘဲ ရဲဝံ့ ဖျတ်လတ်လာသည်ဟု ထင်မှတ်ရ၏။

သို့ယောက်ျားလေးလို ဝတ်လိုက်သည့် အတွက် ဇူလီမှာလည်း ရှေ့မှ အက်ရှ်နှင့်အတူ သွားရင်း ခွေးအထွေ့လျှင် အတူလိုက်သည်။ တောင်ကြော ကွယ်နေလျှင် တောင်ကြောပေါ်သို့ မြင်းဖြင့် တက်ပြီး ရှေ့က မြေပြင် အနေအထားကို ကြို၍ ကြည့်နိုင်သည်။ သို့ကြည့်လိုက်ခြင်း အတွက် သူတို့ နှစ်ယောက်ကို မည်သူကမျှ ထွေလာကေလာ မထင်တော့။ ဇူလီ ကိုယ်တိုင်မှာလည်း ယောက်ျားလေးလို ဝတ်လိုက်သည့် အတွက် ကိုယ် မိန်းကလေး ဖြစ်သည် ဆိုခြင်းကို မေ့သွားကာ လိပ်ပြာသန့်နေသည်။

ကာကာဂျီမှာ သူ့အစီအမံ ချောမောနေသည့် အတွက် ဝမ်းသာနေပုံရ၏။ မိန်းမပျို နှစ်ယောက်၏ ကျန်းမာရေးနှင့် စိတ်ဓာတ် အခြေအနေမှာလည်း ပို၍ ကောင်းမွန်လာခဲ့လေပြီ။

ရှရီလာတွင် မျက်နှာ ဖြူဖပ်ဖြူရော် မဟုတ်တော့။ ခါတိုင်းလို ရွှင်လန်းနေလေပြီ။ စားသောက်၍ ကောင်းကာ ညဆိုလျှင်လည်း ခေါင်းချလိုက်သည်နှင့် အိပ်ပျော်သွားတော့သည်။ ဂျိုတီက မြင်းစီးဆရာ လုပ်ရသည်ကို ပျော်သလို ရှရီလာကလည်း မြင်းစီး သင်ရသည်ကို နှစ်ခြိုက်နေသည်။

အက်ရှ်လည်း ညနေတွင် သူတို့ တစ်သိုက်နှင့် မြင်းစီး ထွက်ရသည်ကို ပျော်၏။ အချိန် မြန်မြန်ကုန်သဖြင့် စိတ်မကောင်း ဖြစ်ရသည်။ ညတာက ရှည်ဘိခြင်း။ နေ့တွင် ဖုန်တွေကလည်း တထောင်းထောင်း။

ညနေ ဇူလီနှင့် နှစ်ယောက်တည်း တစ်နာရီလောက် မြင်းစီးဖို့ အရေးကို တွေးကာ ထိုအရာများကို အောင့်အည်း သည်းခံခဲ့ရသည်။ ထိုတစ်နာရီကလေးမှာပင် သူတို့ နှစ်ယောက်ချည်း အချိန်ဖြုန်း၍ မဖြစ်။ အခြားသူများနှင့် စကား ပြောနိုင်အောင် ဖွဲ့ပေးလိုက်ရသေးသည်။

သူတို့ လှည်းတန်းကြီးသည် ရာဇပုတ်နယ်ကို ဖြတ်ကျော်ခဲ့ပြီးနောက် တောင်ပိုင်းသို့ တရွေ့ရွေ့ လာခဲ့ကြသည်။ တောင်ပိုင်းက တဖြည်းဖြည်း ပူ၍လာ၏။ မကြာခင် ဆိုလျှင် ပူလွန်းသဖြင့် နေ့တွင် ရပ်ထားကြရတော့မည်။

သို့တိုင်အောင် ယခု လောလောဆယ်တွင်မူ နေ့လယ် မွန်းတည့်ချိန်တွင်သာ ပူ၍ ညပိုင်းတွင် အအေးဓာတ်ကလေး ကဲနေသေးသဖြင့် သူတို့ စခန်းကို မှန်မှန် ပြောင်းရွှေ့နိုင်သေးသည်။

သို့ဖြင့် ရက်တွေ ညောင်းလာခဲ့ပြန်သည်။ အက်ရှ်ကမူ ပျင်းရိ ငြီးငွေ့သည့်နေ့ ဟူ၍ မရှိ။ နေ့တိုင်းသည် သူ့အဖို့ ပျော်စရာ။ နေ့တိုင်းတွင် ပြဿနာတွေနှင့်။ ရိက္ခာ ပြဿနာ အစ၊ လယ်တွေ ယာတွေကို သူတို့ မြင်းတွေ နွားတွေ ဝင်စားသဖြင့် လျော်ကြေးတောင်းသည့် ကိစ္စ အလယ်၊ စခန်းတွင် လိုက်ပါလာသူ အချင်းချင်း ရန်ဖြစ်သည့် ပြဿနာ အဆုံး ပြဿနာတွေ စုံနေသည်။

တစ်ခါတွင်မူ လက်နက်ကိုင် လူဆိုးတို့ သူတို့ စခန်းကို ဝင်တိုက်သဖြင့် သူတို့တစ်တွေ ခုခံ ကာကွယ်ခဲ့ရသေးသည်။ ထို့ကြောင့် အက်ရှ်မှာ ပျင်းချိန် ငြီးငွေ့ချိန် ဟူ၍ မရှိ။ သူ လုပ်ရသည့် တာဝန်တွေက တကယ့် တာဝန်ကြီးတွေ။ ထိုအထဲတွင် ကိုယ်တော်လေး ဂျိုတီကို လုပ်ကြံရန် ကြံစည်သည့် ကိစ္စပင် ပါလိုက်သေးသည်။ ထို့ကြောင့် ပြဿနာတွေ တိုးလာသည်နှင့်အမျှ သူ့ကြံရည်ဖန်ရည်တွေ၊ ခွန်အားတွေ တိုးလာသည်ဟု ထင်မှတ်ရသည်။

အက်ရှ်သည် ထိုတာဝန်မျိုးကို ကမ္ဘာတွင် မည်သည့် တာဝန်မျိုးနှင့်မျှ မလဲချင်။ မလဲနိုင်။

ထိုသို့ အလုပ်တွေ ပင်ပန်းပြီး တစ်နေကုန်သည့်နောက် ညနေအေးအေးတွင် ဇူလီနှင့် အတူ ဘေးချင်းယှဉ်ပြီး မြင်းစီးရသည့် အရသာကို သူ မမေ့နိုင်။ ထိုအခါမျိုးတွင် သူသည် စခန်းမှူး သခင်ဆပ်၏ တာဝန်တွေကို မေ့ပျောက်သွားကာ အက်ရှ် အဖြစ်သို့ ဘဝပြောင်းသွားခဲ့သည်။

ထိုသို့သော ညနေ တစ်ညနေတွင် အက်ရှ်သည် ဟီရာလားလ် တစ်ယောက် စော်ဘွားကြီး၊ ကိုယ်တော်လေး လာလာဂျီတို့နှင့် အတူ ကာလကတ္တားသို့ လိုက်



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့ပုံ၊ တစ်ညတွင် တဲစခန်းမှ ပျောက်ခြင်းမလှ ပျောက်သွားခဲ့ပုံ၊ ထိုအနီးတစ်ဝိုက်တွင် သောင်းကျန်းနေသည့် လူသားစား ကျားကြီး တစ်ကောင်က ဝင်ဆွဲသွားသည်ဟု ပြောကြပုံ၊ သွေးစွန်းနေသော ဟီရာလားလ်၏ အဝတ်အစားများကို ချုံတစ်ချုံပေါ်တွင် တွေ့ရပုံ။

သို့ရာတွင် ကျားခြေရာနှင့် စွပ်ကြောင်းများကိုမှ ရှာမတွေ့ရကြောင်း၊ ဒေသခံ မုဆိုး တစ်ဦးကမူ ကျားဆွဲခြင်း မဖြစ်နိုင်ဟု အခိုင်အမာ ပြောဆိုကြောင်း၊ ထိုညက ဟီရာလားလ်တို့ စခန်းချသည့် နေရာနှင့် နှစ်ဆယ့်ငါးမိုင် အကွာရှိ ရွာတစ်ရွာမှ နွားများကို ထိုကျားကြီး ဝင်ဆွဲသွားသည့်အတွက် မုဆိုး၏ စကားသည် အမှန်ဖြစ်သည်ဟု ယူဆရကြောင်း စသည်တို့ကို အက်ရှ် ပထမဆုံး အကြိမ် ကြားရသည်။

ဇူလီက

'ဒီသတင်းကို လေညင်းသာ ဟော်နန်းမှာ ရှိတဲ့ လူတွေကလည်း မယုံကြဘူး အစ်ကို၊ ဟီရာလားလ်ဟာ ကချေသည် မဟာဒေဝီရဲ့ အမိန့်အရ ပျောက်သွား ဘယ်လို့ပဲ ယူဆကြတယ်၊ ဒါပေမဲ့ အတိအလင်းတော့ မပြောရဲကြဘူးပေါ့၊ ဇူလီကတော့ အမှန်လို့ ယုံတယ်၊ ဟီရာလားလ်ကို ခမည်းတော်ကြီးက ခေါ်သွားတာဟာလည်း မဟာဒေဝီ ဂျာနူးဘိုင်ရဲ့ တိုက်တွန်းချက် အရ ဆိုတာ လူတိုင်း သိနေကြတာကိုး၊ ခမည်းတော် မရှိတာနှင့် မဟာဒေဝီ ဂျာနူးဘိုင်ဟာ လာလာဂျီ အပေါ်မှာ အကောက်ကြံတော့မယ်လို့ ဆိုတာကို ဟီရာလားလ် သိထားတယ်၊ ဒါကြောင့် လာလာဂျီ ကို အတူ ခေါ်သွားဖို့ တိုက်တွန်းတာ၊ မဟာဒေဝီ ဂျာနူးဘိုင်ကလည်း လာလာဂျီကို နည်းနည်းမှ မနာလိုဘူး မဟုတ်လား'

အက်ရှ်က သုန်မှုန်စွာဖြင့်

'ဒါကြောင့်မို့ ဟီရာလားလ်ကို အပြတ် ရှင်းလိုက်တာ ဖြစ်မှာပေါ့၊ ဟီရာလားလ်ကိုတင် မဟုတ်ပါဘူးလေ၊ လာလာဂျီကိုလည်း အပြတ် ရှင်းလိုက်တာပဲ မဟုတ်လား၊ မဟာဒေဝီ ဂျာနူးဘိုင်တို့လို လူဝှားနှင့် လူသတ်ခိုင်းတဲ့ လူတွေ အတွက် ငရဲမှာ အထူးဌာန တစ်ခု ဖွင့်ထားမှာပဲလို့ ကိုယ်ထင်တယ်'

ဇူလီက ကိုယ်ကလေး တသိမ့်သိမ့် တုန်သွားကာ လေသံကလေးဖြင့်

'ဒီလို မပြောပါနှင့် အစ်ကိုရယ်၊ ဒီလို ဆုမတောင်းကောင်းပါဘူး၊ ဘုရားသခင်ဟာ တရား မျှတမှု ရှိပါတယ်၊ မဟာဒေဝီ ဂျာနူးဘိုင်ဟာ ငရဲထိအောင် မစောင့်ရပါဘူး၊ ကာလဝိပါက် နောက်ပိုးတက် ဆိုသလို လောကမှာတင် ခံသွားရတာပါ၊ မဟာဒေဝီ ဂျာနူးဘိုင်ဟာလည်း သေကာနီးမှာ သက်သက်သာသာ သေရတာ မဟုတ်ပါဘူး၊ အော်ဟစ် ရုန်းကန်ပြီး သေသွားရတာ၊ သူ့ကို သတ်တာဟာ နန်ဒူး သတ်တယ်လို့လည်း အော်သွားသေးတယ်။

'ဇူလီကတော့ မယုံပါဘူး၊ လောကမှာ ဒီလောက်တော့လည်း ရက်စက်ကြမှာ မဟုတ်ဘူး၊ သူ့မှာ သူ့တစ္ဆေက သူ့ကို ပြန်ခြောက်ခံရရင်း သေသွားရတာ ဘယ်လောက် စိတ်ဆင်းရဲလိုက်မလဲ မသိဘူး၊ ဒီတော့ ဂျာနူးဘိုင်ဟာ ငရဲပြည်ထိအောင်တောင် သွားဖို့ မလိုပါဘူး၊ ခုဘဝမှာတင် သူ့ဝဋ်ကြွေးကို သူ ခံသွားပြီပဲ၊ လောကမှာ မကောင်းမှုပြုတဲ့ လူဟာ ဒီဘဝတွင် မဟုတ်ဘဲ နောင် အဖန်ငါးရာ ငါးကမ္ဘာ ထိအောင် ခံရမှာပါ'

'သင် အလိုရှိသော အရာကို ယူလော့၊ ထိုအရာအတွက် သင် ပေးဆပ်လော့လို့ ကျမ်းစာမှာ ဆိုတယ် မဟုတ်လား၊ ဇူလီကော ယုံရဲ့လား ဟင်'

'ယုံပါသော်ကော အစ်ကိုရယ်၊ ဘယ်သူမပြု မိမိမှုတဲ့၊ ကိုယ် လုပ်ရင် ကိုယ်ပဲ ခံရမှာပေါ့'

'အစ်ကို ပြောတာက ဒါမဟုတ်ပါဘူး၊ အစ်ကိုတို့ဟာ တစ်ဘဝပြီး တစ်ဘဝ ပြန်ပြီး မွေးနေကြဦးမယ်၊ သံသရာမှာ လည်နေကြရဦးမယ်၊ ဥပမာ အစ်ကို ဆိုပါတော့၊ အစ်ကိုဟာ အရင်တုန်းကလည်း ဘဝပေါင်းများစွာမှာ ကျင်လည်ခဲ့ရတယ်၊ နောင်မှာလည်း ဘဝများစွာ ကျင်လည် ရလိမ့်ဦးမယ် ဆိုတာကို ယုံသလားလို့ မေးတာပါ'

'ဘာဖြစ်လို့ မယုံရမှာလဲ အစ်ကို၊ လူတစ်ယောက်ဟာ တစ်ခါ မွေးဖွားပြီးရင် ဘာဖြစ်လို့ နောက်တစ်ခါ ပြန်လည် မမွေးဖွားရမှာလဲ၊ ဥပါနိသျှ ကျမ်းရေး ရဲ့ အလိုအရ ဆိုရင်လည်း ဒီအတိုင်းပဲ၊ မိမိ၏အတ္တ ဗြဟ္မနှင့် ပေါင်းစည်းနိုင်သော ဉာဏ်အလင်းကို ရသူ လျှင် သံသရာကို ပြန်မလည်တော့ဘဲ ကျွတ်တမ်းဝင် တယ်တဲ့၊ ဒီတော့ အစ်ကိုတို့ ဇူလီတို့ဟာ ပုထုဇဉ် ဉာဏ်အလင်းကို မရကြသေးဘူး၊ ဒါကြောင့်မို့ သံသရာ ကလည်း မလွတ်မြောက်နိုင်ကြသေးဘူး၊ အစ်ကိုနဲ့ ဇူလီတို့ဟာ မဂ်လမ်းကို မရှာနိုင်ကြသေးဘူး၊ မဂ်လမ်း ကို မရှာနိုင်ကြသေးသမျှ သံသရာမှာ လည်နေကြရဦး မှာပဲလို့ ထင်တယ်လေ'



www.burmeseclassic.com

www.burmeseclassic.com



'ပိုးလောက်လန်း ဖြစ်ချင် ဖြစ်မယ်၊ ကြွက် ဖြစ်ချင် ဖြစ်မယ်၊ ခွေး ဖြစ်ချင် ဖြစ်မယ်ပေါ့'

'ဒါကတော့ ခုဘဝမှာ ဇူလီတို့ တစ်တွေ ကုသိုလ်ဆွ အကုသိုလ်တွေကို ဘယ်လောက် ပြုခဲ့တယ် မပြုခဲ့ဘူး ဆိုတာပေါ်မှာ တည်မှာပေါ့၊ ဇူလီတို့မှာ ကရုဏာတရား ရှိခဲ့ရင်၊ မေတ္တာကို လက်ကိုင်ထားခဲ့ရင် ကတညုတကတဝေဒီ စတဲ့ တရားကို ခါးဝတ်လို မြဲခဲ့ရင်...'

'ဟိန္ဒူ ဘုန်းကြီးတွေကို လှူဒါန်းရင်၊ ပုဏ္ဏားဆရာတွေကို ကိုးကွယ်ရင်' ဟု အက်ရှ်က ခပ်လှောင်လှောင် ပြောသည်။

ဇူလီက လေးနက်စွာဖြင့်

'သူတို့ကိုလည်း ဆည်းကပ်ရမှာပေါ့၊ ဒီလိုသာ နေနိုင်ခဲ့ရင် နောင်ဘဝမှာ ဘာဖြစ်မယ်လို့ ဘယ်သူ ပြောနိုင်မလဲ၊ အစ်ကို ဆိုရင်လည်း ဧကရာဇ် ဘုရင်ကြီး၊ စစ်ဘုရင်ကြီး၊ ဒါမှမဟုတ်ရင်လည်း မဟာတ္တမ သူတော်စင်ကြီး ဖြစ်ချင် ဖြစ်မှာပေါ့၊ ဇူလီ ဆိုရင်လည်း ဧကရီတို့၊ ဒါမှမဟုတ် မယ်သီလတို့ မဖြစ်ဘူးလို့ ဘယ်သူ ပြောနိုင်ပါ့မလဲ'

အက်ရှ်က ရယ်လိုက်သည်။ သို့ရာတွင် ဇူလီက ပြုံးရယ်ခြင်း မရှိ။ ဇူလီ၏ မျက်နှာသည် တည်သွားကာ

'ဇူလီ မေ့သွားလို့ပါလေ၊ ဇူလီက နောင်ဘဝထိအောင်တောင် စောင့်ရတော့မှာ မဟုတ်ပါဘူး၊ မကြာခင်မှာပဲ မဟာဒေဝီ တစ်ယောက် ဖြစ်တော့မှာပဲဟာ၊ ဘီသော ပြည်နယ် မဟာရာဇာရဲ့ မဟာဒေဝီ အငယ်စားကလေး ဆိုပါတော့'

ဇူလီ၏ အသံသည် တိမ်ဝင်သွား၏။ သူတို့နှစ်ယောက်သည် နောက်ထပ် စကား မပြောကြတော့ဘဲ မြင်းများကို ဆက်စီးလာခဲ့ကြသည်။ တစ်နေရာသို့ အရောက်တွင် အက်ရှ်သည် မြင်းကို ဇက်သတ်ပြီးနောက် နေလုံးကြီး လျှောကျသွားသည်ကို ငေးကြည့်နေသည်။ ဇူလီသည်လည်း သူ့အားတွင် ရပ်လိုက်ကြောင်းကို အက်ရှ်သိလိုက်၏။

အက်ရှ်သည် သူ့ကို လှည့်မကြည့်သည့်တိုင် သူ့အနီးတွင် နှင်းဆီနံ့ပြေပြေ သင်းနေသည့် အတွက် ဇူလီ ရပ်မှန်း သိခြင်း ဖြစ်သည်။ လက်လှမ်းလိုက်လျှင်ပင် ဇူလီကို မီတော့မည် ထင်ရ၏။

နေလုံးကြီးမှာ မိုးကုပ်စက်ဝိုင်း အောက်သို့ ငုပ်လျှိုး ပျောက်ကွယ်သွားလေပြီ။ ကိုင်းတောများ ကြားမှ ဆါထွက်လာသည့် ဒေါင်းအော်သံက လွမ်းစရာ။ ဇူလီ အသက်မျှဉ်းမျှဉ်း တစ်ချက် ရှုလိုက်သံကို အက်ရှ် ကြားရ၏။

'ဘာတွေကိုများ စဉ်းစားနေတာလဲ ဇူလီ'

အက်ရှ်က သူ့ကို လှည့်မကြည့်ဘဲ မေးလိုက်သည်။

'ရွှေပြည်သာ တောင်တန်းကြီးကို အမှတ်ရလို့ပါ၊ ဇူလီတော့ ရွှေပြည်သာ တောင်တန်းကြီးကို ဘယ်တော့မှ မြင်ရတော့မှာ မဟုတ်တော့ဘူးနော်၊ ခရီး ဆုံးရင် အစ်ကို့ကိုလည်း နောင် ဘယ်တော့မှ တွေ့ရတော့မှာ မဟုတ်ဘူး'

တဖြည်းဖြည်း ပြိုကျလာနေသော တိတ်ဆိတ်သည့် အမှောင်ထုထဲတွင် ဒေါင်းအော်သံသည် နောက်တစ်ကြိမ် ပေါ်လာပြန်၏။ ဒေါင်းအော်သံနှင့် မရေးမနှောင်းပင် သူတို့ကို လှမ်းခေါ်နေသည့် ဂျိုတီ၏ အသံ စူးစူးကို ကြားသည့် အခါတွင်မှ သူတို့ နှစ်ယောက်သည် သတိ ပြန်ရလာကြကာ မြင်းများကို ပြန်စီးလာခဲ့ကြသည်။

စခန်းသို့ အပြန်ခရီး တစ်လျှောက်တွင် အက်ရှ်သည် ငြိမ်ချက်သား ကောင်းလျက် လိုက်ပါလာ၏။ ထိုညတွင် အက်ရှ်သည် အခြေအနေ အရပ်ရပ်ကို သေချာစွာ စဉ်းစားသည်။ ဇူလီ အတွက် မည်သို့ လုပ်ပေးနိုင်သနည်း။ မည်သို့ လုပ်မည်နည်း။

နာရီ အတန်ကြာမျှ လမ်းလျှောက် ထွက်ဦးမည်ဟု ပြောသည့် အခါတွင် ဂုလ်ဘတ်သည် အံ့အားသင့်နေသည်။ အက်ရှ်သည် သူ့နောက်သို့ မည်သူမျှ မလိုက်ခဲ့ရန် ပြောဆိုပြီးနောက် အမှောင်ထုထဲသို့ ထွက်လာခဲ့၏။ သူ့လက်ထဲတွင် ရွှာသားများ ကိုင်လေ့ရှိသည့် ခဲသီးတပ် တုတ်တစ်ချောင်းမှအပ အခြား ဘာမျှ မပါ။

မာဒူးက

'သူ့ဘာသာသူ လမ်းလျှောက်ချင်လို့ နေမှာပေါ့ဗျာ၊ သွားပါစေ၊ လိုက်မနေပါနှင့်၊ လူငယ် ဆိုတော့ ပူလွန်း အိုက်လွန်းလို့ အိပ်မပျော်ဘူး ထင်ပါရဲ့၊ သူ့ကြည့်ရတာ တစ်ခုခုလည်း ဖြစ်နေပုံရတယ်၊ ကဲ ခင်ဗျားအိပ်ချင်ရင် အိပ်ချည်တော့၊ ကွန်ဝါကိုလည်း ပြောလိုက်၊ ဒီနေ့ည ကျုပ် စောင့်နေတယ်လို့၊ ဆပ်သခင်လေးကို ကျုပ်တို့ နှစ်ယောက်စလုံး စောင့်စရာ မလိုပါဘူးလို့'

အက်ရှ်သည် ခဏနေလျှင် ပြန်လာလိမ့်မည်ဟု မာဒူး ထင်ခဲ့သည်။ သို့ရာတွင် ဆပ်သခင်လေး အက်ရှ်သည် အရုဏ်တက်ကာနီးမှ ပြန်လာ၏။ အက်ရှ်သည်

www.burmeseclassic.com

www.burmeseclassic.com



နယ်ခြားစောင့်တပ်တွင် ကြီးပြင်းလာခဲ့သူပီပီ တော်တော် တန်တန်ကို သတိထားလိမ့်မည်၊ သူ့ကိုယ်သူ ခုခံ ကာ ကွယ် ထိန်းသိမ်းနိုင်လိမ့်မည်ဟု မာဒူး ယုံသည်။ ထို့ ကြောင့် မာဒူးသည် သူ့ကိုစောင့်ရင်း အိပ်ပျော်သွား၏။ တစ်ခုမှု ရှိသည်။ ထိုနေ့ည အက်ရှ်ကို ကြည့်ရသည်မှာ တစ်စုံတစ်ရာနှင့် ပတ်သက်၍ စိတ်လှုပ်ရှားနေပုံ ရ သည်။ ဤသည်ကိုမူ မာဒူး သတိ ပြုလိုက်မိ၏။

'ဆပ်သခင်လေးဟာ တစ်ယောက်ယောက်ကိုများ ကြိုက်နေသလား၊ ကြိုက်တယ် ဆိုရင်တော့ ရာဇကုမ္မာရီ နှစ်ယောက် အနက် တစ်ယောက်ယောက်နှင့် ဖြစ်မယ် ထင်တယ်၊ ဒါမှမဟုတ်ရင်လည်း သူတို့နောက်က ပါ လာတဲ့ အခြွေအရံ တစ်ယောက်ယောက်နှင့်များလား၊ ဒါလည်း ဖြစ်နိုင်တာပဲ၊ ဒါပေမဲ့ ဘယ်သူနှင့်ပဲ ဖြစ်ဖြစ် သူ့အဖို့တော့ အန္တရာယ် ရှိနိုင်တယ်၊ အေးလေ ဒီလောက် တော့ သူလည်း သိမှာပါ၊ ခု ညကြီးမင်းကြီး လမ်း လျှောက် ထွက်သွားတာဟာ သူ့စိတ်တွေ လှုပ်ရှားနေလို့ ငြိမ်အောင် စိတ်ပြေလက်ပျောက် ထွက်သွားတာ ထင် ပါရဲ့၊ တစ်ခုခု ကိုယ်က မလုပ်ခင် အမှား မလုပ်မိအောင် စဉ်းစားနိုင်ကောင်းပါရဲ့'

အက်ရှ်သည် မာဒူး ထင်သည့် အတိုင်း သူ့ အန္တရာယ်ကို မသိ မဟုတ်။ အစကတည်းကပင် သိခဲ့ သည်။ သို့ရာတွင် ထိုအန္တရာယ်ကို လောလောဆယ် မစဉ်းစားနိုင်သေးဘဲ ခေါင်းထဲမှ ဖျောက်ထားခဲ့၏။

အက်ရှ်သည် အိပ်ပျော်ရင်း လမ်းလျှောက်နေသူ ကဲ့သို့ အမှောင်ထဲတွင် လမ်းလျှောက်နေသည်။ 'မကြာ ခင်မှာ ဇူလီလည်း မဟာဒေဝီ အငယ်စားကလေး တစ် ယောက် ဖြစ်တော့မှာ' ဟု ညနေက ပြောလိုက်သည့် ဇူလီ၏ စကားများသည် သူ့မျက်နှာကို ရေခဲရေဖြင့် ပက်လိုက်သလို လန့်ဖျပ်သွားစေ၏။

သူ လျှောက်သည့် လမ်းများသည် ချောမော ညီ ညာသည့် မြေပြင်လမ်း မဟုတ်။ ချောက်ကမ်းပါးတို့ဖြင့် ပြည့်နှက်လျက် ရှိသည့် ကြမ်းတမ်းသော ကန္တာရ ခရီး ကြီး ဖြစ်သည်ကို သူ ချက်ချင်း သဘောပေါက် လာခဲ့ သည်။

ဇူလီ၏ စကားသည် သူ လျစ်လျူရှုခဲ့သည့် အချက် တစ်ချက်ကိုလည်း သတိပေးလိုက်သည့်နှယ် ရှိသည်။

ယင်းမှာ အခြား မဟုတ်။ မိမိတို့သည် ခရီး လမ်းဆုံး၏ သုံးပုံ နှစ်ပုံကို ကျော်ဖြတ်ခဲ့ပြီးနောက် မကြာမီတွင် ဘိသော ပြည်နယ်သို့ ရောက်တော့မည် ဆို သည့် အချက် ဖြစ်သည်။

ယခုပင်လျှင် ရာဇပုတ်နယ် တစ်ဝက်ကို ကျော် ခဲ့ပြီ။ ဘိကနွာ သဲကန္တာရကြီး အနီးမှ ဖြတ်ခဲ့ပြီးနောက် ဆမ္ဘာ ကန်ကြီးကို ကာရံထားသည့် ကျောက်ဆောင်တို့ ထူထပ်သည့် တောင်ကြောကြီးကို ကျော်၍ ဂျေပူရ် အနီး ချဉ်းကပ် လာခဲ့ကြလေပြီ။ ယခု လွှန်နီမြစ်ကို ဖြတ်၍ ဗာဏ မြစ်လက်တက် နှစ်ခုကို ဖြတ်ကျော်ပြီးလျှင် တောင်ဘက်သို့ ဆင်းလာခဲ့ကြပြီ။ မကြာမီ ဆိုလျှင် မိမိ တို့ ခရီးဆုံးဖြစ်သည့် ဘိသော ပြည်နယ်ထဲသို့ ရောက် တော့မည်။

ထို့နောက်တွင်မူ...။

ထို့နောက်တွင်မူ မိမိသည် မင်္ဂလာပွဲသို့ ရောက် ကာ ဘိသော စော်ဘွားနှင့် ဇူလီတို့ မီးပုံကို ခုနစ်ကြိမ် ခုနစ်လီ ပတ်ကာ မီးပူဇော်သည်ကို ကြည့်ရဦးမည်။ ထို ကိစ္စများ ပြီးလျှင် ဇူလီသည် ဤတစ်သက်တွင် မိမိနှင့် ဝေးခဲ့ရပြီ ဟူသော အသိကို ရင်မှာ ပိုက်၍ ပန်ဂျပ်ပြည်သို့ သူ တစ်ယောက်တည်း မြင်းစီး၍ ပြန်ခဲ့ရတော့မည်။

ဤသို့ တွေးလိုက်လျှင် အက်ရှ် ရင်ထဲတွင် နာ လာ၏။ သို့ရာတွင် သည်ကိစ္စကို မတွေး၍ မဖြစ်။ ယခု တွေးမှ ဖြစ်တော့မည်။ အချိန် မရှိတော့။

ထိုညက လရောင် မရှိ။ သို့ရာတွင် အက်ရှ်၏ မျက်လုံးသည် အမှောင်ထဲတွင် ကျင့်သားရနေလေပြီ။ နယ်စပ်ဒေသ တောင်တန်းများပေါ်တွင် နေခဲ့သဖြင့် သူ့ အမြင်အာရုံသည် ညဆိုလျှင် ပို၍ ထက်မြက်လာသည်ဟု ပင် ထင်ရသေးသည်။

သူ့များတကာတွေ စမ်းတဝါးဝါးဖြင့် သွားရသည့် နေရာမျိုးတွင် အက်ရှ် ရဲရဲလျှောက်နိုင်သည်။ လက်ထဲ တွင် ခဲသီးတပ်တုတ်ကို ယူလာခြင်းမှာ လက်နက် အဖြစ် ယူလာခြင်း မဟုတ်။ လမ်းလျှောက်တုတ် အဖြစ် ကိုင်လာခဲ့ခြင်းသာ ဖြစ်၏။ ရန်ပြုခံရမည်ကို အက်ရှ် မစိုးရိမ်။ မျက်စိလည် လမ်းမှားမည်ကိုလည်း သူ မကြောက်။ ညနေတုန်းက သည်နေရာ တစ်ဝိုက်တွင် မြင်းတစ်ပတ် စီးခဲ့ပြီ မဟုတ်လော။

သူ့ထဲမှ တန်းတန်း မိုင်ဝက် မရှိတရှိလောက် တွင် ဆူးချုံတောများနှင့် ကိုင်းတောများ ရှိသည်။ ထို တောများကြားတွင် လမ်းကလေး တစ်လမ်း ရှိ၏။ ထို လမ်းကလေး အတိုင်း လိုက်သွားလျှင် လွင်တီးခေါင်သို့ ရောက်သွားသည်။ ထို့ကြောင့် လမ်းများစရာဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မရှိ။ ထို့ပြင် စခန်းမှ မီးရောင်များကိုလည်း အဝေးကြီးက မြင်နိုင်သေးသည်။

မြေကြီးက မာကျော ခြောက်သွေ့လျက်။ ကြယ်ရောင်တို့ အောက်တွင် မျက်စိကျင့်သား ရလာသည့်အခါ အက်ရှ်သည် ခပ်သွက်သွက် လျှောက်လာခဲ့သည်။ စခန်းမှ လူနံ့ သူနံ့၊ တိရစ္ဆာန်နံ့၊ စကားပြောသံ၊ မီးရောင် စသည်တို့နှင့် ဝေးရာကို သူ သွားချင်နေသည်။

စခန်း ကြီးကြပ်ရေး ကိစ္စများကြောင့် သူ့ကိုယ်ရေးကိုယ်တာ ကိစ္စများကို အက်ရှ် မစဉ်းစားနိုင်ခဲ့။ အက်ရှ်သည် မည်မျှ သေးဖွဲသည့် ကိစ္စပင် ဖြစ်စေကာမူ စခန်း ကိစ္စကို ချက်ချင်း လက်ငင်း ဖြေရှင်းခဲ့သည်ချည်း။ သည် စခန်း ကိစ္စများကို မဖြေရှင်းနိုင်လျှင် အသေးအဖွဲကလေးမှ အုပ်မနိုင် ထိန်းမရ ဖြစ်လာနိုင်သည်။

သို့ရာတွင် ဇူလီ ကိစ္စကိုမူ သူ နေ့ရွှေ့ ညရွှေ့ လုပ်ခဲ့သည်။ သည်နေ့ မဟုတ်လျှင် နောက်တစ်နေ့။ သည် ညနေ မဟုတ်လျှင် နောက်တစ်ညနေ ပြောနိုင်သည်ဟု အမှတ်မထင် ရွှေ့ဆိုင်းခဲ့သည်ချည်း။

ယခုမူ နောက်ထပ် အချိန် ရွှေ့၍ မရတော့။ အချိန်က နီးလာပြီ။ ဆုံးဖြတ်စရာ ရှိလျှင် ယခု ဆုံးဖြတ်ရတော့မည်။

စခန်းမှ အသံများသည် တဖြည်းဖြည်း ဝေး၍ ကျန်ရစ်ခဲ့ကြ၏။ ဆူဆူညံညံမှ အုတ်အုတ်ကျက်ကျက်။ အုတ်အုတ်ကျက်ကျက်မှ အသံသည် တိမ်၍ တိမ်၍ ပျောက်သွားသည်။

ညသည် ပကတိ တိတ်ဆိတ်လျက်။ ပိုးပုရစ်တို့ မြည်သံ၊ သစ်ရွက်တို့ မြည်သံကိုပင် ကြားနေရသည်။ ထိုအသံများမှ အပ အခြား ဘာသံမှ မကြားရ။ ကိုင်းပင်တို့ လေတိုးသဖြင့် တရှဲရှဲမြည်သံ၊ ကဗွီးပင်တို့ ထိပွတ်သံ၊ ဇီးကွက်မြည်သံ၊ ကိုင်းတောထဲသို့ ကျက်စားသည့် တောကောင် တိုးသွားသံ၊ ပုရစ်မြည်သံ၊ လင်းနို့ တစ်ကောင် ပျံသွားသံ။ ဟိုအဝေးဆီမှ အိန္ဒိယ၏ ညတေးသံဖြစ်သော ခွေးအအုပ်တို့ အော်သံ။

မြေပြင်သည် တစ်မိုင်ခန့် ညီညာ ပြန့်ပြူးနေပြီးနောက် တောင်ကြောကလေး တစ်ခုပေါ်သို့ ရောက်လာသည်။ တောင်ကြော ဟိုဘက်သို့ ဆင်းလိုက်သည်နှင့် မီးရောင်တို့ကိုလည်း မမြင်ရတော့။ လူသူ အရိပ်အယောင်ကိုလည်း မတွေ့ရတော့။ အောက်တွင် အပြောကျယ်သော လွင်တီးခေါင်ကြီး။ အထက်တွင် ကြယ်တို့ဖြင့် အပြောက် ခတ်ထားသော ကောင်းကင်။ လမ်း ဟူ၍လည်း မရှိ။

အက်ရှ်သည် ခြေဦးတည့်ရာသို့ လျှောက်လာခဲ့ရာ တစ်နာရီခန့် ကြာလျှင် အောက်တွင် ကျောက်စရစ်ခဲကလေးများ၊ ဘေးတွင် ကျောက်ဆောင်ကြီးများ ရှိနေသည့် ချောင်းခြောက်ကလေး တစ်ခုသို့ ရောက်လာခဲ့သည်။

လရောင် မရှိ။ ကြယ်ရောင်တို့ အောက်တွင် သည်ချောင်းထဲသို့ ဖြတ်လျှောက်ရမည် ဆိုလျှင် ခြေချော်လဲနိုင်သည်။

အက်ရှ်သည် ချောင်းရိုးအတိုင်း ဆက်မလျှောက်တော့ဘဲ သဲပြင်လွင်လွင် တစ်နေရာတွင် တင်ပျဉ်ခွေ ထိုင်ကာ ဇူလီ အကြောင်းကို တွေးနေသည်။ သို့ရာတွင် စိတ်သည် ဇူလီထံသို့ မရောက်။ သူ့ ပထမ အချစ်ဦး လီလီထံ ရောက်သွား၏။ ထို့နောက် သူ့ကို ဆက်ခံသူ သုံးယောက်ဆီသို့ ရောက်သွား၏။

သူတို့ လေးယောက်စလုံးသည် သူ့ထက် အသက်ကြီးသူများ ဖြစ်သည်။ သူ့ထက် အတွေ့အကြုံ ရှိသူများ ဖြစ်သည်။ ထို့မျှမက ယောကျ်ားတကာတို့ကို ယိုဖိတ်အောင် လုပ်နိုင်သူများ ဖြစ်သည်။ သို့ရာတွင် သူတို့နှင့် ပတ်သက်၍ သူ့တွင် ဘာမှ စွဲစွဲလမ်းလမ်း မရှိ။ နောက်ဆုံး ဗီလင်ဒါနှင့်ကျမှ သူ အရူးအမူး ဖြစ်ခဲ့ရသည်။ ဗီလင်ဒါက သူတို့ လေးယောက်နှင့် မတူ။

အက်ရှ်သည် သူတို့ လေးယောက်၏ စိတ်ဓာတ်ကို မသိခဲ့သော်လည်း သူတို့ လေးယောက်၏ ခန္ဓာကိုယ်နှင့်မူ ရင်းနှီး ကျွမ်းဝင်ခဲ့ပြီ။ ဗီလင်ဒါကိုမူ ခန္ဓာကိုယ်ကို မရင်းနှီးခဲ့သည့်တိုင် စိတ်ဓာတ်အရ ရင်းနှီး ကျွမ်းဝင်ခဲ့သည်ဟု သူ ထင်ခဲ့၏။

သို့ရာတွင် တစ်နှစ်လောက် ကြာသည့် အခါတွင်မှ မိမိသည် ဗီလင်ဒါကိုလည်း စိတ်ဓာတ်အရ နားမလည်သေး ဆိုသည့် အချက်ကို သဘောပေါက်လာခဲ့သည်။ ဗီလင်ဒါတွင် ရှိသည်ဟု သူ အထင်ကြီး လေးစားခဲ့သော အရည်အချင်းများမှာ တကယ်ရှိသော အရည်အချင်းများ မဟုတ်ဘဲ သူ့စိတ်က ထင်နေခဲ့သော အရာများ ဖြစ်ကြောင်းကို ထိုအခါကျမှ သိလာခဲ့သည်။

သူ တကယ် တွေ့လိုက်ရသည့် ဗီလင်ဒါက သူ့စိတ်ကူးထဲမှ ရုပ်ပုံနှင့် တခြားစီ။ ဗီလင်ဒါသည် သူ ထင်ခဲ့သလို နတ်မိမယ် တစ်ပါး မဟုတ်။ ရုပ်ရည် အထိုက်အလျောက် ရှိ၍ သူ့ရုပ်ရည်ကို ဘဝင်မြင့်နေသည့်



www.burmeseclassic.com

www.burmeseclassic.com



အဆင်ခြင်ဉာဏ် ကင်းသော သာမန် မိန်းကလေး တစ်ဦးမျှသာ ဖြစ်ကြောင်းကို တွေ့လာခဲ့ရသည်။ အမြှောက်ကြိုက် အချော့ကြိုက် ဖြစ်ကြောင်းကို တွေ့လာခဲ့ရသည်။

စမိုက်လို အဘိုးကြီး တစ်ယောက်ကို လင်လုပ်ခဲ့ခြင်းနှင့် ဂျော့ကို အရှက်တကွဲ အကျိုးနည်း ဖြစ်အောင် လုပ်ခဲ့ခြင်း အတွက် အစတုန်းက ဗီလင်ဒါကို ရှုတ်ချ အထင်သေးခဲ့သည့်တိုင် ယခု ဘာမျှ အထင်သေးစရာ မဟုတ်တော့။ သာမန် မိန်းမတို့ လုပ်ရိုး လုပ်စဉ်မျှသာ။

စမိုက်ကို ရွေးခဲ့ခြင်းသည် ဗီလင်ဒါဘက်မှ ကြည့်လျှင် စိတ်အေးရသည့် ရွေးချယ်မှု ဖြစ်ပြီး ဂျော့ကို အရှက်ကွဲအောင် လုပ်ခဲ့ခြင်းမှာလည်း သူ့ကို လိမ်လည် ပြောသည့် အတွက် မိန်းမတို့၏ လက်စားချေနည်းမျှသာ ဖြစ်ကြောင်းကို သူ သဘောပေါက်လာခဲ့သည်။

ယခု ဗီလင်ဒါ၏ ရုပ်ကို ပြန်စဉ်းစားလိုက်သည့် အခါတွင် ပီပီပြင်ပြင် မပေါ်ချင်တော့။ မျက်လုံးပြာပြာ၊ ဆံပင်ဝါဝါတို့လောက်ကိုသာ မှတ်မိတော့သည်။

ယခင် လေးယောက်တို့ကို ရမ္မက်ဖြင့် ချစ်ခဲ့သည်။ သို့ရာတွင် ဗီလင်ဒါနှင့်ကျတော့ ရမ္မက်တွေ မရှိတော့။ စိတ်ကူးယဉ် အချစ်ဖြင့် ချစ်ခဲ့ခြင်း ဖြစ်သည်။ သို့ဖြင့် အက်ရှ်သည် မိန်းမတွေကို အစွန်း နှစ်ဖက်ဖြင့် ချစ်ခဲ့ဖူးရာ ထိုအစွန်း နှစ်ဖက်ကို ရှောင်၍ မည်သို့ ချစ်ရမည်ကို နားလည်ခဲ့ပြီဟု သူ ထင်သည်။

ယခုမူ အချစ်ရေး ရှုံးနိမ့်ခဲ့ဖူးသူတို့၏ ထုံးစံအတိုင်း မိန်းမ တစ်ယောက်ကို ချစ်မိပြန်လေပြီ။ သည်တစ်ခါ ချစ်ပုံကမူ သူ့တစ်သက်တွင် ပထမဆုံး အကြိမ် ချစ်ဖူးသည့်နှယ်၊ နောက်ဆုံး အကြိမ် ချစ်ဖူးသည့်နှယ် ထင်မိ၏။

သို့ရာတွင် ယခု တစ်ကြိမ် ဇူလီကို ချစ်ရသည်ကမူ ပျော်စရာ မကောင်းလှ။ သည်အချစ်မျိုးကို ရှောင်ကွင်း၍ ရလျှင် ရှောင်ကွင်းချင်သည်။ ယခု သူတို့ နှစ်ယောက် ကိစ္စသည် သူ့အတွက်လည်း မကောင်း၊ ဇူလီ အတွက်လည်း မကောင်း။

သူ့ဘက်က ဆိုလျှင် ဇူလီကို ယခုလို ချစ်မိသည့် အတွက် ဘာမျှလည်း တတ်နိုင်တော့မည် မဟုတ်။ သူ့ ထံတွင် ရှိသည့် ကရကမာခွဲ ငါးရုပ် ထက်ပိုင်းကျိုးကလေး ကို ပြန်ပေးကာ ဇူလီကို သူ့ရင်ခွင်ထဲတွင် ပွေ့ခဲ့သည့် ညကတည်းက သူတို့ အချစ်ရေးသည် နှောင်းခဲ့ပြီကို သူ သိခဲ့သည်။ ငါးရုပ် ထက်ပိုင်းကျိုးကလေး နှစ်ခုပေါင်းမှ တစ်ခု ဖြစ်သလို ဇူလီနှင့် သူတို့ ဘဝသည်လည်း နှစ်ခု ပေါင်းမှ တစ်ခု ဖြစ်သည့်တိုင် ယခု ဘာမျှ မတတ်နိုင် တော့။

ဟိမဝန္တာ တောင်တန်း တစ်ဝိုက်မှ ပြာလဲ့သော နေ့တစ်နေ့သည် ဆောလ်ဘာရီ လွင်ပြင်မှ မှုန်မှိုင်းသည့် နေ့တစ်နေ့နှင့် မတူ ခြားနားသလို ဇူလီသည်လည်း အခြားသော မိန်းမများနှင့် မတူ ခြားနားသော မိန်းမ တစ်ယောက် ဖြစ်၏။

ထို့ကြောင့် ဇူလီကို ဆုံးရှုံးရခြင်းသည် သူ့ အသည်းနှလုံးနှင့် ဝိညာဉ်ကို ဆုံးရှုံးရခြင်းနှင့် အတူတူ။ သို့ရာတွင် ဤသည်ကို ဇူလီ နားလည်နိုင်မည် မထင်။

'ငါ သူ့ကို မစွန့်နိုင်ဘူး၊ မခွဲနိုင်ဘူး' ဟု အက်ရှ် တွေးသည်။

မြေဝပ်ငှက် တစ်ကောင်သည် ချောင်းရိုးအတိုင်း ပျံလာကာ မနီးမဝေးရှိ ကျောက်ဆောင် တစ်ဆောင်ပေါ် တွင် နားလိုက်၏။ သူနှင့် တစ်ကိုက်လောက် အကွာတွင် မလှုပ်မယှက် ထိုင်နေသည့် သဏ္ဌာန်သည် လူတစ်ယောက် ဖြစ်မှန်း သိဟန် မတူ။ အစာရှာ ထွက်လာသည့် မြွေပါ တစ်ကောင်က အနားသို့ ရောက်လာကာ နှာခေါင်း တရှုံ့ရှုံ့ လုပ်ပြီးနောက် သူ့အတွက် အန္တရာယ် ရှိ မရှိ စူးစမ်းနေသည်။

အက်ရှ်သည် ထိုအရာများကို သတိ မပြုမိ။ သူ့ အတွေးထဲတွင် နစ်မြုပ်လျက်။ အကယ်၍များ ထိုနေ့ ညက သူခိုး ဓားပြများနှင့် တွေ့လျှင် စခန်းသို့ ပြန်မှ ရောက်ပါဦးမည်လော မဆိုနိုင်။

ဇူလီကို အဆုံးအရှုံး မခံနိုင် ဆိုသော တွေ့ရှိချက် သည် ရှည်လျား၍ အန္တရာယ် များလှသည့် လမ်းတစ် လျှောက်တွင် ပထမဆုံး ခြေလှမ်းမျှသာ ဖြစ်ရုံသာမက သူတို့ နှစ်ယောက်ကြား အခက်အခဲ၊ အတားအဆီးတို့ သည်လည်း မည်မျှ ကြီးမားကြောင်းကို ပို၍ သဘော ပေါက် လာစေခဲ့သည်။

ဇူလီလည်း သူ့နှယ် ရှိရှာမည်ကို မပြောဘဲနှင့် သိသည်။ ဇူလီသည် ကမ္ဘာပေါ်တွင် သူတစ်ယောက်တည်း သာလျှင် အခင်ဆုံး ဆိုသည်မှာ မေးဖို့မလို။ သို့ရာတွင် ခင်ခြင်းမှာ ခင်ခြင်းသာ ဖြစ်၍ ချစ်ခြင်း မဟုတ်။

ဇူလီသည် သူ့ကို ဟိုတုန်းကလိုပင် ကမ္ဘာပေါ် တွင် အရဲရင့်ဆုံး၊ အမြော်အမြင် အရှိဆုံး ယောကျ်ား ကလေး တစ်ယောက် ဖြစ်သည်ဟု ထင်ကာ ထိုအထင် ဖြင့် သူ့ကို ကိုးကွယ်နေသည် ဆိုလျှင် ဤသည်မှာ သူ လိုချင်သည့် အရာ မဟုတ်။ ဇူလီ၏ ထိုအမြင်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲအောင် မလုပ်နိုင်လျှင် ရူလီကို သူ ဆုံးရှုံးရတော့မည်မှာ သေချာသည်။

ရူလီ၏ ကံကြမ္မာကို သူ့ဘဝနှင့် ပေါင်းစပ်လိုခြင်းမှာ မောင်လို ညီမလို ပေါင်းစပ်လိုခြင်း မဟုတ်။ သူက ရူလီကို ချစ်ခဲ့ခြင်းမှာလည်း အစ်ကို တစ်ယောက်က ညီမ တစ်ယောက်ကို ချစ်သလို မဟုတ်။ ချစ်သူတစ်ယောက်လို၊ ဘဝ ခရီးဖော် တစ်ယောက်လို ချစ်လိုခြင်း ဖြစ်သည်။

ရူလီက ထိုအချစ်ကို လက်ခံသည့်တိုင် သူတို့ခရီးသည် အစမျှသာ ရှိသေး၏။ စင်စစ် ရူလီသည် ရာဇကုမ္မာရီ တစ်ယောက်။ ဟိန္ဒူ အမျိုးသမီး တစ်ယောက်။ ရူလီသည် ရာဇကုမ္မာရီ ဟူသော ဂုဏ်အဆင့်အတန်းကို အရေးမထားသည့်တိုင် ဇာတ်အဆင့်အတန်းကိုမူ အရေးတကြီး ထားလိမ့်မည်။

အက်ရှ်၏ မွေးစား အမေ သီတာသည် ဟိန္ဒူစစ်စစ်ကြီး ဖြစ်၏။ သူ့သားဖြစ်သည့် အက်ရှ်သည်လည်း ဟိန္ဒူ ထုံးစံတို့ အကြားတွင် ကြီးပြင်း လူလားမြောက်ခဲ့ရခြင်း ဖြစ်၏။ အက်ရှ်သည် ဝေဒကျမ်းများကိုလည်း ဖတ်ဖူးပြီ။ ဟိန္ဒူ ဘာသာတရားတွင် လူနှင့် အရာ အားလုံးတို့၏ ဖန်ဆင်းရှင် ဖြစ်သော ပုရုသျှ အကြောင်းကိုလည်း သိခဲ့ပြီ။ ဟိန္ဒူတို့၏ ဇာတ်လေးမျိုး အကြောင်းကိုလည်း သူ နားလည်ခဲ့ပြီ။

ပုရုသျှ၏ ထွက်သက်မှ နေ၍ ဗြဟ္မဏ ပုဏ္ဏားမျိုး၊ ပုရုသျှ၏ လက်ရုံးမှ နေ၍ ခတ္တိယ ဟူသော မင်းမျိုး၊ ပေါင်မှ ဝေဿ ဟူသော ကုန်သွယ် လယ်ယာ လုပ်သူ အမျိုးနှင့် ခြေထောက်မှ သုဒ္ဒ သူဆင်းရဲမျိုးတို့ ပေါ်ထွက်လာခဲ့သည်ကိုလည်း သူ မှတ်သားခဲ့ရဖူးသည်။

ထိုလေးမျိုးမှ လွဲလျှင် ကျန်လူတို့သည် ယုတ်ညံ့သော ဇာတ်နိမ့်မျိုးများ ဖြစ်ကြ၏။ ထို့ကြောင့် ဟိန္ဒူ တစ်ယောက် အဖို့ ဇာတ် အဆင့်အတန်းသည် အရေးတကာ့ အရေးအကြီးဆုံး ဖြစ်နေသည်။ ထို ဇာတ် အဆင့်အတန်းကို မည်သည့် အရာကမျှ ပြောင်းလဲစေခြင်းငှာ မတတ်နိုင်။

သုဒ္ဒမျိုးတွင် မွေးဖွားခဲ့သည့် လူတစ်ယောက်သည် ဥစ္စာ စည်းစိမ်တွေ မည်မျှ ရှိစေ၊ တန်ခိုးအာဏာတွေ မည်မျှ ရှိစေ သေသည် အထိ ဇာတ်နိမ့် တစ်ဦးအဖြစ်သာ စခန်းသိမ်းရုံ ရှိသည်။ မည်သည့် တန်ခိုးအာဏာတွေ စည်းစိမ်ဥစ္စာတွေ မြင့်မြင့် ဇာတ်မြင့်အဖြစ်သို့ ရောက်မလာတော့။

သူ့တွင် မဟုတ်၊ သူ့သား မြေး မြစ် အားလုံးသည်လည်း သုဒ္ဒမျိုးမျှသာ ဖြစ်ကြရတော့မည်။ ကုသိုလ်ကောင်းမှုပြုခြင်း၊ ဘာသာတရား ကိုင်းရှိုင်းခြင်းဖြင့်သာလျှင် နောင်ဘဝတွင် ဇာတ်မြင့် တစ်ယောက် အနေဖြင့် မွေးဖွားလာရန် ဆုတောင်းဖို့သာ ရှိတော့သည်။ ထိုနည်းမှ လွဲလျှင် အခြားနည်း မရှိတော့။

အမေ သီတာ၏ ဆွေမျိုးများသည် တောင်ပေါ်သား ယာသမားများ ဖြစ်ကြပြီး ရာဇပုတ်သွေး အနည်းအကျဉ်း ပါကြသည်။ သူ့ယောက်ျား ဒါယာရန်းသည် တကယ့် လယ်သမား စစ်စစ် တစ်ယောက် ဖြစ်သည်။ အမေ သီတာသည် သူ့ရင်မှ မွေးထုတ်သည့် သားအရင်း တစ်ယောက်လို အက်ရှ်ကို မွေးမြူ သင်ကြားခဲ့သည်။

ရူလီ၏ မယ်တော်မှာမူ ကပြား တစ်ယောက် ဖြစ်သည့် အတွက် ဟိန္ဒူတို့ အမြင်တွင် နိုင်ငံခြားသား သွေးနှောသူ တစ်ဦး ဖြစ်သည်။ သို့ရာတွင် သူ့ခမည်းတော်မှာမူ ခတ္တိယမျိုး ဖြစ်သည့် အတွက် သူတို့သာလျှင် အမြတ်ဆုံးဟု ယူဆကြသူများ ဖြစ်၏။

ထိုအထဲတွင် ရူလီ၏ ခမည်းတော်သည် ရာဇပုတ်သွေး ပါပြီး မဟာရာဇာ တစ်ယောက်လည်း ဖြစ်နေလိုက်သေးသည်။ ထို့ကြောင့် ခမည်းတော်သည် သူ့ကိုယ်သူ ဇာတ် အဆင့်အတန်း အထက်တွင် ရှိသူဟု ယူဆကာ သူ နှစ်သက်လျှင် ဇာတ်နိမ့် တစ်ယောက်ကို လက်ထပ်ယူကာ ထိုဇာတ်နိမ့်ကို ဇာတ်မြင့် အမျိုး ဖြစ်အောင် လုပ်ပေးနိုင်စွမ်း ရှိသည်ဟု ယူဆသည်။

သို့တိုင်အောင် ဇာတ် ခွဲခြားမှု စနစ်ဖြင့် ကြည့်လျှင် ခမည်းတော်သည် ခဝါသည် သီတာ၏ သားအရော့ ဆိုသည့် ကောင်လေး တစ်ယောက်ကို သမီးတော်နှင့် နည်းနည်းမျှ သဘောတူနိုင်ဖွယ် မရှိ။ ထို့အတူ သူ့သားတော် ဖြစ်သည့် နန်ဒူးသည်လည်း (သူကိုယ်တိုင်က ဇာတ်နိမ့်မျိုး ဖြစ်သည့် ကချေသည် မဟာဒေဝီမှ မွေးဖွားခဲ့သူ တစ်ဦး ဖြစ်သည့်တိုင်) သူနှင့် သဘောတူနိုင်ဖွယ် မရှိ။ သူ့အစ်မ အရင်း မဟုတ်သည့်ဘိုင် သူ့အမျိုးကို မဟာဒေဝီသာ ဖြစ်စေချင်ပေလိမ့်မည်။

ထို့ကြောင့်ပင်လျှင် ဘိသောမှ သံတမန်များနှင့် အကြီးအကျယ် ဆွေးနွေးကာ လက်ဆောင်ပဏ္ဏာ များစွာ ပေး၍ ဘိသော စော်ဘွားကို ကြောင်းလမ်းခဲ့သည် မဟုတ်လော။

သို့ရာတွင် ယခုအချိန်တွင်မူ အန္တရာယ်မှာ [illegible] ထံမှ လာနိုင်ဖွယ် မရှိ။ သတို့သားလောင်း [illegible]



www.burmeseclassic.com

www.burmeseclassic.com



လာနိုင်သည်။ ယခုအချိန်တွင် နှစ်ဖက် လက်ဆောင်ပဏ္ဏာများ လဲလှယ်ပြီးကြပြီ။ လက်ထပ်ဖို့ ကိစ္စကို နှစ်ဖက် သဘောတူပြီးကြပြီ။ မင်္ဂလာဆောင် အခမ်းအနားမှာ နှစ်ဖက် သဘောတူညီချက်ကို အသိအမှတ် ပြုသည့် အဆောင်အယောင်မျှသာ။

သို့ဖြစ်ရာ ယခု ဇူလီနှင့် မိမိတို့ ကိစ္စ ပေါ်လာသည် ဆိုလျှင် အုတ်အော်သောင်းတင်းတွေ ဖြစ်ကာ အန္တရာယ်တွေ ဖြစ်ပေါ်လာနိုင်သည်။

မိမိသည် ဇူလီကို သွေးဆောင်၍ ခေါ်မပြေးနိုင်လျှင် မင်္ဂလာဆောင် အခမ်းအနားသည် မလွဲမသွေ ဖြစ်တော့မည်။ မဟာဒေဝီ ဖြစ်သွားသည်နှင့် ဇူလီကို မြင်ရ တွေ့ရတော့မည် မဟုတ်။ စကား ပြောရတော့မည် မဟုတ်။ မဟာဒေဝီ ဖြစ်သွားသည်နှင့် ဇူလီသည် မိန်းမဆောင် တံခါး နောက်ကွယ်တွင် အိမ်တွင်းပုန်း ဘဝဖြင့် အရိုး ထုတ်ရတော့မည်။ သူ့ကို သံချိုင်းထဲ မြုပ်လိုက်ရသည်နှင့် ဘာမျှ ခြားနားတော့မည် မဟုတ်။ သူ့ထံ စာလေး တစ်စောင်သော်မျှ ရေးခွင့် ရှိတော့မည် မဟုတ်။ သတင်းလေး အစအနကိုသော်မျှ ကြားရတော့မည် မဟုတ်။

ထိုအခါ ကာကာကျီကလည်း သူ့လို မဟာဒေဝီ တစ်ယောက်အား အခြား တစ်ပါးသော ယောကျ်ား တစ်ယောက်နှင့် မျက်နှာချင်းဆိုင် တွေ့ဖို့ ကိစ္စကို ခွင့်ပြုနိုင်မည် မဟုတ်။ အလွန်ဆုံး ကာကာကျီဆီမှ ကြားရလျှင် မဟာဒေဝီ ဇူလီဘိုင်တွင် သားသမီး ရတနာ ဖွားမြင်သည် ဆိုသည့် သတင်း သို့မဟုတ် ကွယ်လွန်ပြီ ဆိုသည့် သတင်းများလောက်သာ ဖြစ်ပေလိမ့်မည်။

အက်ရှ်သည် ထိုအကြောင်းကို တွေးလိုက်မိသဖြင့် ကြက်သီးတွေ ထသွားကာ ကိုယ်ကို လှုပ်လိုက်မိသည်။ မလှုပ်မယှက် ထိုင်နေသည့် ထူးဆန်းသော သတ္တဝါကို စုံစမ်းရန် အတွက် သဲပြင်သို့ တက်လာသည့် မြွေပါသည် အက်ရှ်က လှုပ်ရှားလိုက်သဖြင့် စိတ်ဆိုးမာန်ဆိုး ဖြစ်ကာ တကျစ်ကျစ် မြည်ပြီးနောက် အမှောင်ထဲတွင် ထွက်ပြေး ပျောက်ကွယ်သွားသည်။

အက်ရှ်သည် ထိုမြွေပါကလေး ထွက်ပြေးသည်ကို မမြင်လိုက်ရ။ သို့ရာတွင် မြွေပါ တွန်သံကြောင့် လေညင်းသာ ဟော်နန်းက မြွေပါကလေး တူကူးကို သွား၍ သတိရလိုက်၏။

နှစ်တွေ ကြာသည် အထိ သည်နာမည့်ကလေးကို သူ မမေ့ မပျောက်ဖြစ်နေခြင်းမှာ အံ့ဩဖို့ကောင်းသည်။ ဘီဂျူရုန်း၏ ရန်ညိုးဖွဲ့သော မျက်လုံးများနှင့် သူ့လက်ထဲတွင် မလှုပ်မယှက် ဖြစ်နေသော မြွေပါကလေး တူကူး၏ ခန္ဓာကိုယ်ကလေးကို ဘယ်တော့မျှ မေ့နိုင်တော့မည် မထင်။

သို့ရာတွင် ထိုအကြောင်းကို တွေးမိသည်နှင့် ဇူလီကို အမှတ်ရလာပြန်သည်။ တူကူး သေသွားပြီးသည့်နောက် သူ့ဘဝတွင် ဟာလာဟင်းလင်း ဖြစ်နေခဲ့ရာ ထိုနေရာတွင် ဇူလီ ရောက်လာခဲ့သည် မဟုတ်လော။

လေညင်းသာ ဟော်နန်း အကြောင်း တွေးလျှင် ဇူလီ မပါဘဲ တွေး၍ မရ။ ထိုစဉ်ကမူ ဇူလီအား အနှောင့်အယှက် ဖြစ်သည်ဟု သူ ထင်ခဲ့မိသည်။ ဇူလီကို သူက 'ဆရာကြီး' လုပ်ခဲ့သည်။ သို့ရာတွင် နောက်ဆုံး၌ ဇူလီ၏ ကျေးဇူးကို သူ မမေ့နိုင်။

လေညင်းသာ ဟော်နန်းမှ အသက်နှင့် ကိုယ် အိုးစားမကွဲဘဲ ထွက်လာနိုင်ခဲ့ခြင်းမှာ ဇူလီ၏ ကျေးဇူးကြောင့် မဟုတ်လော။ ဇူလီ၏ ကျေးဇူးကို သူ ပြန်မဆပ်နိုင်သေး။ သူနှင့် ပြန်မတွေ့ကြလျှင်လည်း အကောင်းသား။

ဇူလီသည် ငယ်ငယ် ကတည်းကပင် သူ့ဘဝကို သူ ကျေနပ် ရောင့်ရဲခဲ့သည်။ ဖြစ်သမျှ အကြောင်းကို အကောင်းဟု လက်ခံဦးမည်သာ ဖြစ်၏။ မဟာဒေဝီ တစ်ဦး အနေဖြင့် ကျေနပ်၍ပင် နေဦးမည်လော မဆို နိုင်။

အကယ်၍ ယခု သူ့လို ဖာရင်ဂီ တစ်ယောက် နောက်သို့ လိုက်၍ ပြေးလာခဲ့သည် ဆိုလျှင် ဇူလီသည် မည်သို့ ရှိမည်နည်း။ သူတို့သည် ဘယ်လောက်ဝေးဝေး ရောက်အောင် ပြေးနိုင်မည်နည်း။

'အင်း လွတ်အောင် ပြေးဖို့တော့ မလွယ်ဘူး' ဟု အက်ရှ် စိတ်ပျက်လက်ပျက်ဖြင့် တွေးမိသည်။

သူတို့ နှစ်ယောက်သာ ထွက်ပြေးခဲ့လျှင် စခန်း တစ်ခုလုံးကိုသာမက အိန္ဒိယ တစ်ပြည်လုံးမှာပင် မျက်နှာပြရဲစရာ ရှိတော့မည် မဟုတ်။ ဘိသော စော်ဘွားနှင့် တကွ ကာရိကုတ် မဟာရာဇာကိုပါ စော်ကားသည့် ရက်ဖွယ်လိလိ အမှုကြီး တစ်ခုဟု မြင်ကြတော့မည်။

ထိုမျှမက အိန္ဒိယပြည်တွင် ရှိသည့် ဗြိတိသျှ အသိုင်းအဝိုင်းကလည်း ထိုကိစ္စကို ကဲ့ရဲ့စကား ဆိုကြမည် မုချ။ ဇူလီကိုမူ သည်လောက် အပြစ်တင်ကြမည် မဟုတ်။ 'မိန်းမဆောင်ထဲက စာမတတ် ပေမတတ်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမြီးခြုံ ကုလားမကတော့ ထားလိုက်ပါတော့ဗျာ၊ ဘာသိမှာလဲ' ဟု ဆိုကာ ပခုံးတွန့်ရုံမှ အပ တခြား ဘာမျှ ပြောမည် မဟုတ်။

သို့ရာတွင် မိမိကိုမူ ရစရာ မရှိအောင် ပြောလိမ့်မည်။ အိန္ဒိယ တိုင်းရင်းသူ တစ်ယောက်နှင့် ထွက်ပြေးရကောင်းလား၊ သူများနှင့် မင်္ဂလာဆောင်ကာနီး သတို့သမီးကို လိုက်ပို့သည့် တာဝန်ကြီးကို ယူထားပါလျက် ထိုသတို့သမီးကို ခိုးပြေးရကောင်းလားဟု အပြစ် ဆိုကြပေလိမ့်မည်။

'ငါ့ကို တပ်ထဲကလည်း ထုတ်ပစ်တော့မှာပဲ' ဟု အက်ရှ် တွေးမိ၏။

လွန်ခဲ့သည့် တစ်နှစ်လောက်တုန်းက သူသည် ဒါလီဆားခန်နှင့် ကာဘိုင် သေနတ် ကိစ္စ အတွက် စစ်ခုံရုံးသို့ အတင်ခံရတော့မည် ဖြစ်ခဲ့ဖူး၏။ သို့ရာတွင် ယခု ဇူလီနှင့် ထွက်ပြေးလျှင်မူ မလွဲမသွေ စစ်ခုံရုံးသို့ ရောက်ရတော့မည်။

စစ်ခုံရုံးတွင် တင်၍ စစ်ဆေးပြီးနောက် 'ဧကရီဘုရင်မကြီး၏ အစိုးရသည် မောင်မင်း၏ တာဝန် ထမ်းရွက်မှုကို အသုံး မပြုလိုတော့သည့် အတွက်...' ဟူသော အမိန့်ဖြင့် တပ်မှ အရှက်တကွဲ ထုတ်ပယ်ခြင်း ခံရတော့မည်။

သို့ဆိုလျှင် သူသည် မဒန်းသို့ ဘယ်တော့မျှ ပြန်ရောက်တော့မည် မဟုတ်တော့။ ဇာရင်တို့၊ အဝါရားတို့၊ ကိုဒါဒတ်တို့နှင့် ဘယ်တော့မျှ ပြန်တွေ့နိုင်မည် မဟုတ်တော့။ နယ်ခြားစောင့်တပ်မှ လုပ်ဖော်ကိုင်ဖက် အရာရှိများ၊ တပ်သားများနှင့် တကွ မာဒူးတို့ကိုလည်း ဘယ်တော့မှ တွေ့နိုင်မည် မဟုတ်တော့။

ဝေါလီနှင့်လည်း မတွေ့နိုင်တော့ပြီ။ သူ့ကို သူ့ရဲကောင်းကြီးပမာ ကိုးကွယ်ခဲ့သည့် ဝေါလီသည် သူ့ကို တစ်ချက်တည်းဖြင့် အကြီးအကျယ် အထင်သေးသွားတော့မည်။

ဝေါလီသည် အချစ် အကြောင်း၊ အလွမ်းအဆွေး အကြောင်းကို အဓိပ္ပာယ် မရှိ ပြောတတ်သည့် တိုင် တာဝန်နှင့် ပတ်သက်လာလျှင် အလွန် လေးနက်သူ ဖြစ်သည်။ ယခု ဇူလီကို ခိုးပြေးလျှင် မိမိသည် ယုံကြည်မှုကို ဖောက်ဖျက်သည်ဟု ဆိုကာ ဝေါလီသည် သူ့ကို ခွင့်လွှတ်တော့မည် မဟုတ်။

'ဇူလီကိုသာ ခိုးပြေးရင်တော့ ငါ့မှာ အသိုင်းအဝိုင်း တစ်ခုလုံး ဆုံးရှုံးရတော့မယ်၊ ဝေါလီကိုလည်း ဆုံးရှုံးရပေတော့မယ်'

အက်ရှ်သည် နာကျင်စွာ ခံစားလိုက်ရသကဲ့သို့ ဒုတိယ အကြိမ် ကိုယ်ကို တွန့်လိုက်ပြန်သည်။ ဝေါလီ၏ ခင်မင်မှုနှင့် ဝေါလီ၏ အထင်ကြီးမှုသည် သူ့အတွက် မည်မျှ အရေးကြီးကြောင်းကို ပို၍ သဘောပေါက်လာ၏။ ထိုအရာများ မရှိတော့လျှင် သူ့ဘဝတွင် ဘာမျှ ရှိတော့မည် မဟုတ်။

သို့ရာတွင် ဇူလီကို ဘိလပ်သို့ ခေါ်သွားရလျှင် မည်သို့ ရှိမည်နည်း။

အိန္ဒိယပြည်တွင် ရှိသည့် ဗြိတိသျှ လူမျိုးများသည် အင်္ဂလန်ကို 'ဟုမ်း' (ဌာနေ) ဟု ခေါ်ကြသည်။ သို့ရာတွင် သူ့အဖို့မူ အင်္ဂလန်သည် မည်သည့်အခါမျှ 'ဟုမ်း' မဖြစ်ခဲ့။ ဇူလီက လိုက်သည် ဆိုစေဦး၊ အင်္ဂလန်သို့ သူ မပြန်ချင်။ အိန္ဒိယတွင်လည်း နေ၍ မဖြစ်။ အိန္ဒိယတွင်သာ နေလျှင် သူတို့ကို ဗြိတိသျှ အသိုင်းအဝိုင်းက ကြည့်ထားသည်ကို ဂရုမစိုက်ဘဲ နေနိုင်သည်ထား၊ ဘီသောစော်ဘွားနှင့် ကာရိကုတ် စော်ဘွားတို့ ရန်တုံ့ပြန်မည့် အန္တရာယ် ရှိနေသည်။

သို့ဖြစ်လျှင် သူတို့ နှစ်ယောက် ဘယ်သို့ ပြေးရမည်နည်း။ အမေရိကလော၊ စပိန်ပြည်လော၊ တောင်အမေရိကတိုက်လော။

သို့ရာတွင် ဘယ်သွားသွား သူတို့ နှစ်ယောက်အဖို့မူ နယ်နှင် ခံရသည်နှင့် အတူတူ။ အိန္ဒိယသည် သူတို့ တိုင်းပြည်။ သို့ဆိုလျှင် အိန္ဒိယပြည်မှ ထွက်ခွာရခြင်းသည် သူတို့ နှစ်ယောက် အဖို့ ကိုယ့်အိမ်မှ ထွက်ခွာရခြင်းနှင့် ဘာခြားသနည်း။ အသက် ဆယ့်နှစ်နှစ် အရွယ်တုန်းက ဘုံဘေ ဆိပ်ကမ်းမှ ထွက်သွားရစဉ်ကကဲ့သို့ပင် သူ့အဖို့ ရင်နာဖွယ် ကောင်းလိမ့်မည်။

အလျင် တစ်ကြိမ်က ပြန်လမ်း ရှိသေးသည်။ ယခု အကြိမ်တွင်မူ အိန္ဒိယသို့ ပြန်လမ်း ရှိမည် မထင်တော့။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂၂

မတ်တတ် ထလိုက်သည့် အခါတွင် ခြေထောက်တွေ ထောင့်နေသည်။ ဝေလီဝေလင်းသို့ပင် ရောက်တော့မည်။ အက်ရှ်သည် ကိုယ်ပေါ်တွင် တင်နေသည့် သဲများကို ခါလိုက်ပြီး ခဲသီးတပ် တုတ်ကလေးကို ကောက်၍ လာလမ်း အတိုင်း ပြန်လာခဲ့သည်။

အလာတုန်းက သည်လောက်ကြာကြာ ထိုင်ဖို့ စိတ်မကူးခဲ့။ လေအေးတိုက်ကာ ကျောက်ဆောင်ကြားမှ သဲမှုန်များ ဖေ့တက်လာပြီး မျက်နှာကို လာပက်တော့မှ သူ ဘယ်မျှ ကြာသည်ကို အက်ရှ် သတိ ထားမိတော့သည်။ ရာဇပုတ်တွင် မနက် ဝေလီဝေလင်းတွင် သည်လိုပင် လေပြင်း တိုက်တတ်ပြီး နေထွက်သည်နှင့် လေငြိမ်သွားတတ်၏။

တောင်ကြောကလေး ပေါ်သို့ ရောက်သည့်အခါတွင် အက်ရှ်သည် စခန်းဘက်ဆီသို့ မျှော်ကြည့်လိုက်သည်။ ညတုန်းကလို စခန်းဘက်တွင် မီးရောင်တွေ ထိန်မနေတော့။ ငြိမ်းကုန်ကြပြီ။ ကျိုးတိုးကျဲတဲမျှသာ ကျန်တော့သော မီးရောင်များကို ကြည့်၍ စခန်းကို မှန်းဆရသည်။ ကြယ်ရောင်တို့လည်း မှိန်ကုန်ကြပြီ။ သည်အချိန်သည် မိုးမလင်းမီ အမှောင်ဆုံး အချိန်ကလေး ဖြစ်၏။ ကောင်းကင်တွင် လခြမ်းကလေး တစ်ဝက် ပြူထွက်နေသည့်တိုင် တိမ်ညိုတွေ ကြားထဲသို့ ရောက်နေသဖြင့် မလင်းနိုင်။ လီမွှော်ရောင် လခြမ်းကလေးသည် ဖျော့ဖျော့သာ လင်းနေသည်။

ကျောက်ဆောင်တွေ ကျင်းတွေ ရှိသဖြင့် အက်ရှ်သည် စမ်းတဝါးဝါးဖြင့် လျှောက်ရ၏။ သို့တိုင် သူ့ခေါင်းထဲတွင် ညဦးပိုင်းက ပါလာခဲ့သည့် ပြဿနာကို စဉ်းစားဆဲ။ တစ်ညလုံး ထိုင်စဉ်းစားခဲ့သော်လည်း ပြေလည်ခြင်း မရှိ။ လိပ်ခဲတည်းလည်း ဖြစ်နေဆဲ။

သည်ပြဿနာသည် စောစောက သည်လောက် ရှုပ်မည် မထင်ခဲ့။ ယခု သေသေချာချာ စဉ်းစားလိုက်သည့် အခါကျမှပင် ပို၍ ရှုပ်ထွေး ခက်ခဲလာခဲ့သည်။ ယခု စခန်းဘက်သို့ ပြန်လျှောက်လာခဲ့သည့် အခါတွင်ကား ခြေလှမ်း တစ်လှမ်း လှမ်းလိုက်သည်နှင့် အမျှ ပြဿနာသည် ပို၍ ကြီးလာခဲ့ပြီ။

သူတို့ နှစ်ယောက် ထွက်ပြေးသည် ဆိုလျှင် နောက်က လိုက်ရှာကြမည် မုချ။ သည်နယ်မြေသည် ဗြိတိသျှ ပိုင်နက် မဟုတ်။ 'ရာဇာတို့၏ တိုင်းပြည်' ဟု ခေါ်သော ရာဇပုတ် ပြည်နယ်။ သီးခြား လွတ်လပ်သည့် မဟာရာဇာများ အုပ်ချုပ်သည့် နယ်ကလေးများကို စုပေါင်းထားသည့် ပြည်နယ်ကြီး။

သည်ပြည်နယ်တွင် ဗရစ်တစ်ရပ်ဂျ် ခေါ် ဗြိတိသျှတို့၏ အချုပ်အခြာ အာဏာသည် ဘာမျှ အရာမရောက်။ မဟာရာဇာ စော်ဘွားများသည် ဘီလပ်ရှိ ဧကရီ ဘုရင်မကြီးကို သစ္စာခံသည်ဟုသာ ပါးစပ်က ပြောကြသော်လည်း သူတို့စိတ်နှင့် သူတို့ကိုယ် ထင်ရာ စိုင်းနေကြသည်။ သူတို့ကို တရားရုံးတွင် တင်၍ တရား စွဲဆိုပိုင်ခွင့်လည်း မရှိ။

ဗြိတိသျှ အစိုးရ သံကိုယ်စားလှယ်များ၊ ဝန်ရှင်တော် မင်းကြီးများ၊ နိုင်ငံရေး အရာရှိများနှင့် ကိုယ်စားလှယ်ချုပ် စသည်တို့ကို 'အကြံပေး အရာရှိများ' အမည်ဖြင့် ခန့်အပ် စေလွှတ်ထားကာ မည်သည့် အခမ်းအနားတွင် အမြောက် ဘယ်နှချက် ဖောက်ရမည် စသည့် ကိစ္စများလောက်ကိုသာ အကြံပေးရုံမှ အပ အတင်း စွက်ဖက်သည့် အခါမျိုးက လွဲလျှင် စွက်ဖက်ပိုင်ခွင့် မရှိကြ။

ထို့ကြောင့် ခိုးရာသို့ လိုက်လာသော ရာဇကုမ္မာရီ တစ်ဦးနှင့် သူ့ချစ်သူတို့ အဖို့ ပြေးစရာ မြေမရှိ။

သူတို့ ထွက်ပြေးသည့် သတင်းကို ကြားသည်နှင့် မည်သည့် ပြည်နယ်ကမှလည်း သူတို့ကို လက်ခံမည် မထင်။ ထို့ကြောင့် လောလောဆယ်တွင် သူ့အဖို့



www.burmeseclassic.com

www.burmeseclassic.com



ဒစ်ကင်း၏ ဝတ္ထုထဲက မက်ကောဗာလို 'အဆန်းတကြယ်' အဖြစ်မျိုးကို စောင့်ရုံမှအပ အခြားနည်းလမ်း မရှိပြီ။

အက်ရှ်သည် ထိုသို့ စဉ်းစားရင်း လျှောက်လာခဲ့သည်။ နောက် နာရီဝက်ခန့် အကြာတွင်မှ အဆန်းတကြယ် ကိစ္စ တစ်ရပ်နှင့် တွေ့ရ၏။ သို့ရာတွင် သူမျှော်လင့်ထားသည့် အဆန်းတကြယ် ကိစ္စမျိုး မဟုတ်။ သူ ကြုံတွေ့ရမည့် အန္တရာယ်များသည် သူ့အထင် မဟုတ်ဘဲ တကယ် အမှန် ဖြစ်ကြောင်းကို အတည်ပြု သက်သေပြလိုက်သည့် အဆန်းတကြယ် ကိစ္စ ဖြစ်သည်။

အလင်းရောင် မရှိဘဲ မှောင်မိုက်နေသည့် အတွက် အက်ရှ်သည် မြေပြင်ကို ကြည့်၍ လျှောက်လာခဲ့သည်။ မိမိ လမ်းလျှောက် ထွက်လာခြင်းကို မာဒူးမှအပ မည်သူမျှ စိတ်ဝင်စားသူ မရှိ။ သူ့ကို လာရောက် တိုက်ခိုက်မည့်သူ ဟူ၍လည်း ရှိမည် မထင်ခဲ့။

သို့ရာတွင် ကြားလိုက်ရသည့် သေနတ်သံကြောင့် အက်ရှ် အံ့အားသင့်သွားသည်။ သူ့ကို ပစ်နေမှန်း မသိသေး။ သေနတ်သံ ကြားလိုက်ရသည်နှင့် မရှေးမနှောင်း လက်ထဲတွင် ကိုင်လာသည့် ခဲသီးတပ်တုတ်ကို မှန်ကာ လက်မှ လွတ်ကျသွားသည်။

အက်ရှ်သည် ကျောက်ဆောင်ပေါ်တွင် အလိုလို ဝမ်းလျားမှောက်ပြီးသား ဖြစ်နေ၏။ သို့တိုင်အောင် တောလိုက်သည့် မုဆိုး တစ်ယောက်ယောက်က သူ့ကို သားကောင် ထင်၍ မှားပစ်သည်လောဟု ထင်လိုက်မိသေးသည်။

အက်ရှ်သည် ခေါင်းကို ထောင်ကာ အမှောင်ထဲမှ နေ၍ စိတ်ဆိုးမာန်ဆိုး လှမ်းအော်လိုက်၏။

အဖြေပေးသည့် အနေဖြင့် ဒုတိယ သေနတ်သံ တစ်ချက် နောက်ထပ် ပေါ်လာသည်။ ကျည်ဆန်များသည် သူ့အထက် တစ်လက်မ အကွာလောက်မှ နေ၍ ရှီးခနဲ ဖြတ်သွား၏။ ဆံပင်မွေးတွေပင် ထောင်သွားသည်။

သည်တစ်ကြိမ်တွင်မူ အက်ရှ် အသံ မပြုတော့။ ပထမ တစ်ချက်သည် မတော်တဆပစ်ခြင်း ဖြစ်နိုင်သော်လည်း ဒုတိယကမူ မတော်တဆ မဟုတ်။ သေနတ်ပြောင်းဝမှ မီးပွင့်သွားသည်ကို မြင်လိုက်ရသည့် အတွက် သေနတ်ပစ်သူသည် သူနှင့် ဆယ့်ငါးကိုက် အကွာသာသာလောက်တွင် ရှိလိမ့်မည်ဟု ခန့်မှန်းရသည်။ သူ့အသံကို မကြားဘဲ မနေနိုင်။ သူ့အသံကို ဒဏ်ရာ ရနေသည့် တောကောင် တစ်ကောင်၏ အသံနှင့် မမှားနိုင်။

တိတ်ဆိတ်နေသည့် အမှောင်ထုထဲမှ နေ၍ နောက် တစ်ခါ မောင်းချိုး၍ ကျည်ဆန် ထည့်နေသံကို ကြားရ ပြန်သည်။

သေနတ်ကို မောင်းချိုး၍ ကျည်ထည့်နေသည့် အသံက ကြောက်စရာ။ အက်ရှ်၏ နှလုံးသည် တစ်ချက် ကျော်၍ ခုန်သွားသည်ဟု ထင်လိုက်ရ၏။ သေနတ် မောင်းတင်လိုက်သံကြောင့် အချိန် အတန်ကြာမျှ ရှုပ်ထွေး နောက်ကျိနေသည့် သူ့ဦးနှောက်သည် ကြည်လင်သွား၏။ အက်ရှ်သည် စစ်လေ့ကျင့်ခန်း သင်တန်းဆင်းနေသည့်နှယ် အခြေအနေကို တည်ငြိမ်စွာ အကဲခတ်နေသည်။

လူစိမ်းသည် သူ့ကို အပျင်းပြေ ပစ်ခတ်နေခြင်း မဟုတ်။ ရိုင်ဖယ် ကျည်ဆန်သည် အလွန် ရှားသည့် ပစ္စည်း။ သည်ပစ္စည်းကို အကြောင်းမဲ့ ဖြုန်းတီးနေခြင်း ဟုတ်ဟန်မတူ။ မိမိတွင် မည်သည့် လက်နက်မျှ မပါ ကြောင်းကို ရန်သူ ကောင်းကောင်း သိပုံရသည်။ ရန်သူ သည် သူ့ကို နှစ်ကြိမ်တိုင် ပစ်ပြီးနောက် ထွက်မသွား သေးဘဲ ကိုင်းတောထဲတွင် စောင့်နေဆဲ။

ဟုတ်သည်။ ရန်သူသည် မိမိကို ချောင်းမြောင်း ပစ်ခတ်ခြင်းသာ ဖြစ်ရမည်။ စခန်းသို့ ပြန်လျှင် သည် လမ်းမှအပ အခြားလမ်း မရှိ။ ရန်သူသည် မိမိ ပြန်မည့် လမ်းကို သိထားကာ စောင့်ဆိုင်းခြင်း ဖြစ်ရမည်။ ရန် သူသည် အနီးမှကပ်၍ ပစ်ခြင်း ဖြစ်ရာ အမှောင်ထဲမှာ ပင်လျှင် မှန်နိုင်သည့် အလားအလာ ရှိနေသည်။

အက်ရှ်သည် ဖြည်းညင်းစွာ လျှောက်လာခဲ့ခြင်း ဖြစ်သည့် အတွက် ချိန်သားရဖို့ကလည်း သိပ် မခက်လှ။ သူ့လက်ထဲတွင် ခဲသီးတပ် တုတ်ကလေးသာ မပါလျှင် အက်ရှ်သည် သေနတ်မှန်၍ သေလောက်ပြီ။ သို့မဟုတ် လျှင်လည်း ပေါင်ကို ထိကာ လဲကျသွားလောက်ပြီ။

သို့ရာတွင် သေနတ်နှင့် လူသည် ခဲသီးတပ် တုတ်ကို မှန်သွားကြောင်းကို သိဟန်မတူ။ အက်ရှ် လဲကျ လိုက်သည်ကို မြင်သည့် အခါတွင် သူ့စိတ်ထဲ၌ ကျည်ဆန် သင့်၍ လဲကျသွားသည်ဟု ထင်ပုံရ၏။ အသံထွက်၍ အော်ဟစ်လိုက်သည့် တစ်ချက်မှ မှားသွားသည်။ သို့တိုင် အချို့လူများမှာ သေနတ်မှန်၍ လဲသွားလျှင် ယောင်ယမ်း အော်နေကျ။

အက်ရှ်သည် နောက်ထပ် အသံ မပြုဘဲ နေသည့် အတွက် ရန်သူသည် သူ့ကို သေပြီဟု ထင်နိုင်သည်။ ရန်သူသည် အလောင်း တစ်လောင်းကို ပစ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ကျည်ဆန် တစ်တောင့်ကို အလဟဿ ဖြုန်းတီးမည် မထင်။

သို့ဖြစ်ရာ အက်ရှ် အဖို့ သေချင်ယောင် ဆောင်ကာ မလှုပ်မယှက် နေမှသာလျှင် အသက် ချမ်းသာ ရတော့မည်။ သို့မဟုတ်လျှင် လှုပ်လိုက်သည်နှင့် သူက ပစ်တော့မည် မုချ။

ရန်သူသည် ငါးမိနစ်ခန့်မျှ မလှုပ်မရှား ငြိမ်သက်လျက်၊ ကိုင်းတောထဲတွင် ရပ်နေသည်။ ထို့နောက် ကြောင်တစ်ကောင်လို ခြေလှမ်းတိုင်းကို သတိထားကာ တစ်လှမ်းချင်း ရှေ့သို့ တက်လာ၏။

နောက်က ကိုင်းတောနှင့် ဆူးချုံများ နောက်ခံတွင် သူ့ကို ဝိုးတိုးဝါးတား မြင်ရသည်။ သို့ရာတွင် ကောင်းကင်မှာ အနည်းငယ် ဖြူစပြုလာပြီ ဖြစ်သည့်အတွက် စောစောက မှုန်ဝါးနေသည့် အရာတို့ကို သဲကွဲစွာ မြင်ရစ ပြုလေပြီ။ ထိုအရာများမှာ ကျောက်ဆောင်များနှင့် ချုံများ ဖြစ်၏။ မိမိဆီသို့ ချိန်ထားသည့် သေနတ်မောင်းကိုပင် မြင်ရလေပြီ။ လက်အနေအထားကို ကြည့်ခြင်းအားဖြင့် လက်ညှိုးကို မောင်းပေါ်တွင် တင်ထားကြောင်း သိနိုင်သည်။ အသက် မရှူဘဲ မလှုပ်မယှက် နေမှ အသက် ချမ်းသာရာ ရတော့မည်။

အရုဏ် စလာပြီ ဖြစ်သည့် အတွက် လေသည် ငြိမ်သွား၏။ လောက တစ်ခုလုံးက တိတ်ဆိတ်လျက်။ ကျောက်စရစ်လုံးကလေးများနှင့် ခြောက်သွေ့နေသည့် မြေမာပေါ်သို့ နင်းလာသော သားရေဖိနပ်မှ တကျွိကျွိ မြည်သံကို ကြားရသည်။ ထို့နောက် ရန်သူ၏ မညီမညာသော အသက်ရှူသံ။

ထိုလူသည် မိမိနှင့် တစ်ကိုက် အကွာသို့ ရောက်လာခဲ့လေပြီ။ သို့ရာတွင် လှုပ်၍ မဖြစ်သေး။ သေနတ်ပြောင်းက သူ့ကို တည့်တည့် ချိန်ထားလျက်။ လှုပ်လိုက်သည်နှင့် တတိယ ကျည်ဆန် တစ်တောင့်ကို ဖိတ်ခေါ်လိုက်သကဲ့သို့ ရှိလိမ့်မည်။ ယခုတစ်ကြိမ် ပစ်လိုက်လျှင်မူ ဘာမျှ မတတ်နိုင်တော့။ အနီးကပ်၍ ဖြတ်လိုက်ရုံသာ။

ရန်သူသည် မလှုပ်မယှက် ရပ်ကာ နားကို စွင့်ထား၏။ သူ ကြားနိုင်မည် မဟုတ်သော်လည်း အက်ရှ်အဖို့သော်မူ သူ့နှလုံးခုန်သံသည် ပေပေါ်တွင် တူထုသကဲ့သို့ တဒိုင်းဒိုင်း မြည်နေသည်ဟု ထင်ရ၏။ ရန်သူသည် သူ့အနီးသို့ ကပ်လာကာ သေပြီ အထင်ဖြင့် အက်ရှ်ကို ခြေထောက်ဖြင့် ထိကြည့်သည်။ အက်ရှ်က မလှုပ်သည့် အခါတွင် ခပ်ဆတ်ဆတ်ကလေး တစ်ချက် ကန်လိုက်သည်။

သူ့ခြေထောက် မြေသို့ ပြန်မကျမီ လက်တစ်ဖက်သည် ကျန်ခြေတစ်ဖက်နှင့် ခြေချင်းဝတ်ကို ပြုတ်တူဖြင့် ညှပ်လိုက်ဘိသို့ ညှပ်လိုက်ပြီးနောက် ဆွဲခါလိုက်သည်။ ထိုလူသည် ရှေ့သို့ မှောက်လျက်သား ထိုးပြီး လဲကျသွား၏။

သေနတ်သံသည် နားကွဲလုမတတ် ဟိန်းထွက်သွားကာ ကျောက်ဆောင်ကြီး တစ်ဆောင်ကို ကျည်ဆန်သွားမှန်သံ ကြားလိုက်ရပြီးနောက် ကျည်စကလေးများသည် ပတ္တအုံမှ ပတ္တကောင်တို့ ထပျံသည့်နှယ် လွင့်စဉ်သွား၏။

အစ တစ်စသည် အက်ရှ်၏ နဖူးကို ရှပ်မှန်သွားသည်။ အက်ရှ် နဖူးမှ သွေးစများသည် မျက်လုံးပေါ် စီးကျလာကြသည်။

မျက်လုံးပေါ်သို့ သွေးများသာ စီးမကျခဲ့လျှင် အက်ရှ်သည် ထိုလူကို အသေ သတ်လိုက်မိမည် ဖြစ်၏။ တစ်ချက် ခပ်ပြင်းပြင်း အကန်ခံလိုက်ရသည့် အခါတွင် အက်ရှ်သည် အကြီးအကျယ် ဒေါပွသွားကာ ကွင်းစ်ဘာရီး စည်းကမ်းဟု ခေါ်သော နစ်ယောက်ချင်း သတ်ပွဲများတွင် လိုက်နာရမည့် စည်းကမ်း ကလနားများကို ခေါင်းထဲမှ မောင်းထုတ်လိုက်သည်။ သူ့သေ ကိုယ်သေ သတ်ဖို့သာ စိတ်စောနေသည်။

ရန်သူသည် လက်ထဲတွင် သေနတ်ရှိသဖြင့် သူ့ထက် တစ်ပန်းသာနေသော်လည်း သူ့လက်တွင် သေနတ်မရှိတော့သည်နှင့် မှုစရာ မလိုတော့ပြီ။ ရန်သူသည် သူ့ထက် အရပ်နိမ့်သည်။ ခပ်ဝဝ ခပ်ဖိုင့်ဖိုင့်။ သူ့ကြွက်သားများက ပျော့စိစိ။ အသက်ရှူသံကလည်း ခပ်ပြင်းပြင်း။

အက်ရှ်သည် ထိုသူနှင့် လုံးထွေး သတ်ပုတ်ရင်း ချောင်ပိတ်မိနေသည့် ကြွက်တစ်ကောင်လို ထိုလူကို ကုတ်သည်ရော ခြစ်သည်ရော ကိုက်သည်ရော နည်းမျိုးစုံဖြင့် တိုက်ခိုက်၏။ တစ်ချက် ဆောင့်၍ ရုန်းအထွက် လိုက်တွင် သူ့လက်မှ လွတ်သွား၏။

အက်ရှ်သည် မျက်လုံးထဲသို့ သွေးတွေ စီးကျနေသဖြင့် ထိုလူကို မမြင်မစမ်းဖြင့် လှမ်းဆွဲလိုက်ရာ အဝတ်စကိုသာ ဆွဲလိုက်မိသည်။ အင်္ကျီသည် သူ့လက်ထဲတွင် စုတ်ပြတ် ကျန်ရစ်ခဲ့၏။

ထိုလူမှာ ဟောဟဲ လိုက်အောင် မောနေရင်းက လန့်ဖျပ်သွားသော တိရစ္ဆာန် တစ်ကောင်လို တစ်ဟုန်



www.burmeseclassic.com

www.burmeseclassic.com



ထိုး ထွက်ပြေးကာ ကိုင်းတောများ ကြားတွင် ပျောက်ကွယ် သွားခဲ့လေပြီ။

သူ့ကို လိုက်ရှာနေ၍ အကျိုး မထူးတော့။ မျက်လုံးထဲသို့ စီးကျနေသည့် ချွေးများကို သုတ်ကြည့်လိုက်သည့် အခါတွင် ထိုလူ၏ အရိပ်အယောင်ကိုမျှပင် မမြင်ရတော့။

အလင်းရောင် ပျို့လာပြီ ဖြစ်သည့်တိုင် သည်ကိုင်းတောကြီးထဲတွင် သူ့ကို လိုက်ရှာဖို့ ဆိုသည်မှာ မလွယ်။ စခန်းသို့ ပြန်ကာ အကျိုးအကြောင်း စုံစမ်းဖို့မှအပ အခြား နည်းလမ်း မရှိတော့ပြီ။

အက်ရ်သည် သူ့လက်ထဲတွင် ကျန်ခဲ့သည့် အဝတ်စဖြင့် နဖူးက ဒဏ်ရာကို ပတ်တီး စည်းကာ လွင့်ကျသွားသည့် ခဲသီးတပ် တုတ်နှင့် သေနတ်ကို ကောက်လိုက်သည်။

ခဲသီးတပ် တုတ်မှာ ကျိုးနေလေပြီ။ သုံး၍မရတော့။ သေနတ်ကမူ သက်သေခံ အထောက်အထား ကောင်းကောင်း ရနိုင်သည်။ ထိုသေနတ်ပိုင်ရှင်ကို စုံစမ်းလိုက်လျှင် ဘာမျှ ခက်စရာ မရှိ။

သေနတ်က မိမိတွင် ရှိသည့် နောက်ဆုံးပေါ်တောပစ် သေနတ်မျိုး။ စခန်းတွင် သည်လက်နက်မျိုးကို ပိုင်သူ များများစားစား မရှိနိုင်။ သည်သေနတ်ကို သုံးနေကျ လူမျိုးမှသာ သည်သေနတ်မျိုးဖြင့် လူသတ်ဖို့ စိတ်ကူး ရနိုင်ပေလိမ့်မည်။ ထိုသေနတ်ကို ကိုင်လာသူသည် အစေအပါး တစ်ယောက် မဖြစ်နိုင်။

သေနတ်ပိုင်ရှင်သည် သူတို့ စခန်းထဲမှ ဖြစ်ရမည်။ ဤသည်ကို ဘာမျှ သံသယ ဖြစ်ဖွယ် မရှိ။ ထိုသေနတ်ကို ပြလိုက်လျှင် ပိုင်ရှင်ကို သိရမည် မုချ။

သို့ရာတွင် မိမိတွင် ရန်သူ တစ်ဦး ရှိနေရုံမျှမက ထိုရန်သူသည် မိမိကို အမြဲတစေ စောင့်ကြပ် ကြည့်နေကာ သူ့နောက်သို့ ထက်ကြပ် လိုက်လာသည် ဆိုသည့် အချက်ကိုမူ တွေးလိုက်လျှင် ကြက်သီးထစရာ။

သူတို့နှစ်ယောက် ကျောက်တုံးတွေပေါ်တွင် လုံးထွေးသတ်ပုတ် ခဲ့ကြသည်မှာ ဘာမျှ မကြာလိုက်။ အလွန်ဆုံး ရှိမှ ဆယ့်ငါးမိနစ်လောက်သာ ရှိလိမ့်မည်။ ထိုစဉ်ကမူ သူ့ရန်သူ မည်သူ ဖြစ်သည်ကို မစဉ်းစားနိုင်။ စဉ်းစားချိန်လည်း မရ။

ကိုယ်တော်လေး ဂျိုတီကို လုပ်ကြံရန် ကြံသူများသည် မိမိကြောင့် သူတို့ စီမံကိန်း မအောင်မြင်သည့် အခါတွင် မိမိကို ရန်ရှာကြသည်လော။ သို့မဟုတ် ကိုယ်တော်လေးကို မိမိက စောင့်ကြပ် ကြည့်ရှုနေသည့် အတွက် မိမိကို အရင် ရှင်းကြသည်လား။ သို့မဟုတ် လျှင်လည်း ဇူလီကြောင့် သူ့ကို လုပ်ကြံရန် ကြံစည်ခြင်းလော။

ရာဇကုမ္မာရီ ဇူလီ မိမိ ရွက်ဖျင်တဲသို့ ညညတွင် လာရောက် လည်ပတ်သည်ကို သိသူများမှာ ဂီတာ တစ်ယောက်တည်း ဟုတ်ချင်မှ ဟုတ်မည်။ မိမိသည် ဇူလီကို သွေးဆောင် ဖြားယောင်းနေသည်ဟု ထင်သဖြင့် ဂုဏ်သိက္ခာ အတွက် မိမိကို သတ်ရန် ကြံစည်ခြင်းလော မဖြစ်နိုင်ပြီလော။

သို့မဟုတ်လျှင်လည်း ဘီဂျူရန်းသည် မိမိအား လေညင်းသာ ဟော်နန်းမှ ထွက်ပြေးသွားသည့် အ[...] မှန်း သိသွားကာ လုပ်ကြံရန် ကြိုးစားခြင်းလော။

ဤသို့လည်း မဖြစ်နိုင်။ သိလျှင်ကော ဘာ[...] မည်နည်း။ လာလာဂျီကလည်း မရှိတော့။ မဟာ[...] ဂျာနူးဘိုင်လည်း မရှိတော့။ လက်ရှိ ကာရိကုတ် [...] နယ်တွင် မိမိ သေသဖြင့် မည်သူမျှ အကျိုးအမြတ် [...] စရာ အကြောင်း မမြင်။ သူတို့ သည်လောက် ရန်[...] ကြီးနေစရာ အကြောင်း မရှိ။

မည်သို့ဖြစ်စေ စခန်းထဲတွင် သူ့အဖို့ ရန်သူ[...] ပေါ်စရာ အကြောင်းများကမူ အများကြီး။ ရန်သူ[...] တစ်ယောက်တည်းပင် ကမည် မထင်။ အမြောက်အမြား ရှိနိုင်သည်။

အက်ရ်သည် အပြန်လမ်း တစ်လျှောက်တွင် ရန်သူတို့ ခိုအောင်းနိုင်သော ကိုင်းတောများ ကျော[...] ဆောင်များကို ကွင်း၍ ပြန်လာခဲ့သည်။ နောက် အပြ[...] သို့ ထွက်လျှင် ခြောက်လုံးပြူး တစ်လက်တော့ ဆော[...] မှဟုလည်း စိတ်က ဈေးလာသည်။

တဲစခန်းသို့ ပြန်ရောက်သည့် အခါတွင် အရုဏ်[...] သည် လွင်ပြင်ကြီး တစ်ခုလုံးကို လွှမ်းခြုံလိုက်လေပြီ[...] မာဒူးက တခေါခေါ ဟောက်ရင်း အိပ်ပျော်လျက်။ ရွက်[...] ဖျင်တဲ ဝါးလုံးတန်းတွင် ချိတ်ဆွဲထားသည့် မှန်အိမ်[...] လည်း ငြိမ်းသွားပြီ။ သို့ရာတွင် လင်းနေပြီ ဖြစ်သ[...] အတွက် ထွန်းစရာ မလိုတော့။ အက်ရ်သည် ခဲသီး[...] တုတ်ကျိုးကလေးနှင့် သေနတ်ကို အိပ်ရာ အောက်[...] ထိုးလိုက်ပြီး အိပ်စင်ပေါ်သို့ လှဲချလိုက်သည်နှင့် ချက်[...] ချင်း အိပ်ပျော်သွားသည်။

အက်ရ်သည် သူ ရလာခဲ့သည့် ဒဏ်ရာများ[...] မာဒူး မမြင်စေချင်။ သူ့မျက်နှာကို မှန်ထဲတွင် ပြန်[...]



www.burmeseclassic.com

www.burmeseclassic.com



ဦးမည်။ ထို့ကြောင့် မနက် အစောကြီး မာဒူးကို မနိူးဘဲ သူ့ဘာသာသူ အိပ်ရာထဲ ဝင်ခဲ့ခြင်း ဖြစ်၏။

သို့ရာတွင် နောက်နာရီဝက် အကြာ မာဒူး နိုးလာ၍ တဲထဲသို့ ဝင်လာသည့်အခါတွင်မူ မာဒူးသည် သခင်ဆပ်ကို မြင်လိုက်ရသည်ဟု မထင်။ လူသေ အလောင်း တစ်လောင်းကို မြင်လိုက်သည်ဟု ထင်သဖြင့် မူးမေ့ လဲကျတော့မလို ဖြစ်သွားသည်။

အသက်ရှူသံ မှန်မှန်နှင့် အိပ်ပျော်နေသည်ကို မြင်သည့် အခါမှ မာဒူးသည် ဂူးလ်ဘတ်ကို အပြေး သွားခေါ်သည်။ မာဒူးက သေသေချာချာ ကြည့်၍ သခင်ဆပ်တွင် အကြီးအကျယ် ထိခိုက်ခြင်း မဟုတ်သည့် အတွက် ဘာမျှ စိုးရိမ်စရာ မရှိကြောင်း ပြောပြရသည်။

ဂူးလ်ဘတ်က

'သခင်ဆပ် ရန်ဖြစ်လာတယ် ထင်တယ်၊ ပါးပေါ်မှာ လက်သည်းရာတွေနှင့် ကျောက်တုံးရှရာတွေ တွေ့တယ်၊ ပြီးတော့ သွေးတို့ ဘာတို့လည်း အများကြီး မထွက်ပါဘူး၊ နည်းနည်းပါးပါးပါ၊ မနိူးပါနှင့်၊ အိပ်ပါစေ၊ မျက်လုံးကို ဆိတ်သားစိမ်း အုံပြီး ပတ်တီး စည်းပေးလိုက်ရင် ညိုမည်းနေတာတွေ ရောင်တာတွေ ပျောက်သွားမှာပါ'

အက်ရှ်၏ မျက်လုံးပေါ်တွင် ဆိတ်သားစိမ်း အုံ၍ စည်းပေးသဖြင့် ညိုမည်းနေသည့် ဒဏ်တွေ ပျောက်သွားသည်။ ကျန်ဒဏ်ရာများမှာလည်း အပရိက ဖြစ်သဖြင့် တစ်ပတ်လောက် အတွင်းမှာပင် ပျောက်သွားကြ၏။

နဖူးပြင်တွင် ကျန်ရစ်ခဲ့သည့် အစင်းကလေးမှာလည်း သိပ် မသိသာလှ။ မျက်မှောင်ကုတ်လိုက်သည့် အခါတွင် ပေါ်လာသည့် နပူးရေ အတွန့်လောက်မျှသာ ကျန်တော့သည်။ သူ့ရန်သူသည်လည်း သူ့နည်းတူ ဒဏ်ရာရခဲ့မည် အမှန်။ သူ့မျက်နှာတွင် ကုတ်ခြစ်ရာတွေ ရှိနိုင်သည်။ ပွန်းရာ ပွဲရာတွေ ရှိနိုင်သည်။ သို့ဆိုလျှင် စခန်းထဲတွင် ရန်သူကို လိုက်ရှာဖို့ သိပ်ခက်မည် မဟုတ်။

သို့ရာတွင် ဤသည်မှာ သူ့အထင်မျှသာ။

သည်စခန်းကြီးထဲတွင် နေ့စဉ် နေ့တိုင်း အမှုကိစ္စတွေက များဘိခြင်း။ ထိုအတူ ရန်ဖြစ်မှုတွေ သတ်ပုတ်မှုတွေကလည်း နေ့စဉ်နှင့် အမျှ။ ထို့အပြင် စခန်းတွင် အလုပ် လုပ်နေကြသည့် အတွက် ထိခိုက် ဒဏ်ရာရမှုတွေကလည်း အများကြီး။

'ဂန်ဂါဒတ်တို့ ကြည့်ပါလား၊ ရသမျှ ပိုက်ဆံကို မကောင်းတဲ့ အိမ်မှာ သွားဖြုန်းတော့ အမေနှင့် မယားက ခေါင်းကို ကြေးအိုးနှင့် ပေါက်လိုက်တာ ထိပ်ပေါက်သွားတာပေါ့၊ ရန်လာလား ဆိုရင်လည်း...'

ဤသို့ဖြင့် ဒဏ်ရာရသူတွေ နေ့စဉ် တစ်ပုံတစ်ပင်။

'ကျွန်တော်တို့ စခန်းမှာ လူတစ်ရာလောက် ရှိရင်တော့ ရှာရတာ လွယ်တာပေါ့၊ ဒါပေမဲ့ ခုဟာ လူက ထောင်နှင့်ချီ ရှိနေတာ မဟုတ်လား၊ သခင်ဆပ် ရှာချင်တဲ့ လူကို တွေ့တယ်ထားဦး၊ ဒဏ်ရာက ဘာဖြစ်လို့ ရတာ ညာဖြစ်လို့ ရတာလို့ ပြောမှာပေါ့၊ ဒီတော့ ကျွန်တော်တို့ ဘာတတ်နိုင်မှာလဲ' ဟု မူးလ်ရတ်က ပြောသည်။

ထို့ကြောင့် ရန်သူကို ရှာချင်လျှင် ဒဏ်ရာတွေကို ကြည့်၍ လိုက်ရှာခြင်းဖြင့် မတွေ့နိုင်။ သေနတ်ကို အထောက်အထား ပြု၍ ရှာမှသာ ရနိုင်ပေလိမ့်မည်။ သေနတ်က ရှေးတုန်းက ကိုင်သည့် မြင်းစီး သေနတ်မျိုး မဟုတ်။ နောက်ဆုံးပေါ် ဝက်စလေ ရစ်ချက် တောပစ် ရိုင်ဖယ် ဖြစ်သည်။ ကိုက်လေးရာလောက် အတွင်း ဆိုလျှင် ပစ်၍ မလွဲတော့။

စခန်းထဲတွင် သည်လို သေနတ်မျိုး များများ မရှိနိုင်။ အနည်းငယ်သာ ရှိနိုင်သည်။ ဟုတ်သည်၊ အနည်းငယ်မှ တကယ့် အနည်းငယ်လေး။ အနည်းငယ် ဆိုသည်မှာ တစ်လက်တည်း။ ထိုတစ်လက်သည် သူ့သေနတ်။

ကိုယ့်သေနတ်ဖြင့် ကိုယ် အလုပ်အကြံ ခံရတော့မည့် ဘေးမှ တည်းတည်းကလေး လွတ်လာခဲ့သည် ဆိုလျှင် နည်းနည်းမျှ ကြား၍ မကောင်း။ ခံလည်း ခံရသေး၊ အရှက်လည်း ကွဲလိုက်ရသေး။ မိလျှင်မူ ထိုသူ့ကို တစ်သက်လုံး မှတ်လောက်သားလောက် ဖြစ်အောင် လုပ်လိုက်ဦးမည်ဟု စိတ်ထဲတွင် တေးထားလိုက်သည်။

သို့ရာတွင် ခက်သည်မှာ မာဒူးနှင့် သူ့အစေခံတွေ ရှိနေပါလျက်နှင့် သည်သေနတ်သည် သူ့အိပ်ရာအောက်က မည်သို့မည်ပုံ ရန်သူ့လက်သို့ ရောက်သွားသနည်း။ သည်အတိုင်းဆိုလျှင် သူ့အတွက် ဘာမျှ လုံခြုံခြင်း မရှိတော့။ သူ့ရန်သူ သို့မဟုတ် သူ့ရန်သူများသည် သူ့ကို သေသေချာချာ စောင့်ကြည့်နေခဲ့ကြဟန် ရှိသည်။

မနေ့ညက သူ ထွက်သွားသည်ကို ရန်သူ မြင်လိုက်ရမည်။ လက်ထဲတွင် ခဲသီးတပ် တုတ်ကလေး တစ်ချောင်းသာ ပါသွားသည်ကို မြင်လိုက်သည့် အခါ၌ ရန်သူသည် မာဒူးတို့ တစ်သိုက် အလစ်တွင် တဲထဲသို့ ဝင်မည်။ ထို့နောက် လသာမှန်အိမ်မီးကို မှိန်၊ သေနတ်



www.burmeseclassic.com

www.burmeseclassic.com



ကို ယူ၍ မိမိနောက်သို့ လိုက်လာ၊ ကိုင်းတောဘေးက လှိုဏ်ထဲတွင် ဝပ်စောင့်။

နောက်တစ်ချက် စဉ်းစားစရာ ကျန်သေးသည်။

မိမိတဲသို့ ဇူလီ လာသည်ကို မည်သူတွေ သိသေးသနည်း။ အကယ်၍ ဇူလီ အတွက်ကြောင့် မိမိ အသက်ကို လုပ်ကြံသည် ဆိုလျှင် ထိုအကြောင်းတွေကို အသေးစိတ် ပြောဖို့ မဆိုထားနှင့်၊ ယခုလို ဖြစ်ခဲ့ရသည့် ကိစ္စကိုပင် သူတို့ကို အသိပေးဖို့ မကောင်း။

သူ မည်သို့ ပြောရမည်ကို မဆုံးဖြတ်ရသေးမီ နောက်တစ်နေ့ မနက် နေမြင့်၍ အိပ်ရာမှ နိုးလာသည့် အခါတွင် သူ့အနီး၌ စိုးရိမ်တကြီး ကြည့်နေသော မူးလ်ရတ်၊ သူ့နောက်နားတွင် ရပ်နေသော မာဒူးနှင့် ဂူးလ်ဘာတ်တို့ကို တွေ့ရသည်။

အက်ရှ်က အဖြစ်အပျက်ကို ပြောပြ၏။ ထို့နောက် သူ့မျက်နှာက ဒဏ်ရာကို မှန်ထဲတွင် ကြည့်ကာ သူ့လို အလားတူ ဒဏ်ရာမျိုး ရှိသည့် လူတစ်ယောက်ကို သတိထား ကြည့်သင့်ကြောင်း၊ ထိုလူမှာ အရပ် အတော်အသင့်၊ ခပ်ဝဝ ဖြစ်၍ သေနတ်ပစ် လက်ဖြောင့်ကြောင်းကိုလည်း ပြောပြသည်။

အက်ရှ်က အိပ်ရာ အောက်က သေနတ်ကို ယူပြမည် အပြုတွင် ဂူးလ်ဘာတ်က စုတ်ပြတ်၍ သွေးစွန်းနေသော အဝတ်အစားကို တွေ့လျှင် သတိထားဖို့ အကြောင်း၊ ဒိုဘီများကို သတိ ပေးထားသင့်ကြောင်း ပြောလိုက်သဖြင့် အက်ရှ်မှာ ထိုအခါကျမှ သူလည်း ရေချိုးရမည် ဖြစ်ကြောင်းကို သတိရတော့သည်။

အက်ရှ်သည် မူးလ်ရတ်ကို သေနတ် လှမ်းပေးပြီးနောက် တဲ တစ်ဖက် အစွန်တွင် ရေချိုးနေသည်။

ဤတွင် မူးလ်ရတ်နှင့် မာဒူးတို့က စခန်းထဲတွင် လူရှစ်ထောင်လောက် ပါသည့် အနက် မျက်နှာနှင့် ခြေလက်တို့တွင် လုပ်ရင်း ကိုင်ရင်း ဒဏ်ရာရသူတွေ တစ်ပုံတစ်ပင် ရှိကြောင်း၊ ထို့ကြောင့် ဒဏ်ရာကို ကြည့်၍ တရားခံကို လိုက်ရှာရန် မလွယ်ကူကြောင်း ဖြင့် ပြောပြသည်။

ဤတွင် သူ စည်းထားသည့် ပတ်တီးကို လှမ်းကြည့်လိုက်၏။ သူ စည်းထားသည့် ပတ်တီးမှာ သူ့အင်္ကျီစ မဟုတ်။ ချည်အပေါ်အင်္ကျီ ပါးပါးကလေးမှ လက်ဝဲဘက် အရှေ့ခြမ်း ဖြစ်သည်။ ရန်သူသည် အတင်း ရုန်းထွက်သွားသဖြင့် အင်္ကျီစုတ်၍ ကျန်ရစ်ခဲ့ခြင်း ဖြစ်၏။

အက်ရှ်သည် အမှတ်မထင် ကောက်၍ စည်းလာခဲ့ပြီးနောက် တဲသို့ ရောက်သည့် အခါတွင် ပတ်တီးစကို လွှင့်ပစ်ထားခဲ့သည်။ ယခု အချိန်အထိ ပတ်တီးစကို မည်သူမျှ သတိ မထားမိကြသေးသည့် အတွက် တော် သေးသည်။ ယခုအချိန်မှ စ၍ ထိုအကြောင်းကို မေ့မေ့ ပျောက်ပျောက် ထားလိုက်သည်က ကောင်းလိမ့်မည်။

လက်သည်ကို ရှာလိုလျှင် သူတစ်ယောက်တည်း ပင် ကျိတ်ရှာတော့မည်။ မည်သူ့ အကူအညီမျှ မယူဘဲ ကိုယ့်ဘာသာကိုယ် ကျိတ်ရှာသည်က ပိုကောင်းလိမ့် မည်။ သို့ရာတွင် ဇူလီနှင့် ပတ်သက်၍မူ မြန်မြန် ဆုံး ဖြတ်မှ ဖြစ်တော့မည်။ ကြာကြာ အချိန် ဆိုင်းနေ၍ မဖြစ်တော့။

အက်ရှ်သည် စခန်းထဲတွင် သူ့အတွက် အန္တရာယ် ရှိနိုင်သည်ကို မသိ မဟုတ်။ အချို့တို့သည် အိန္ဒိယတာ တွင်း သူပုန်ကြီးကို မေ့ပျောက်နေကြပြီ ဖြစ်သည့်တိုင် သူ မမေ့။ အိန္ဒိယပြည်သည် ဗြိတိသျှတို့ကို ကြိုက်လှ၍ ငြိမ်နေခြင်း မဟုတ်။ အင်အားကို ကြောက်သဖြင့်သာ မနိုင်၍ သည်းခံနေရခြင်း ဖြစ်ကြောင်းကို အက်ရှ် ကောင်းကောင်း သိသည်။ အိန္ဒိယပြည်ကြီးသည် ဝါးရုံ တော တစ်ခုနှင့် တူသည်။ လေသုတ်လျှင် ဘယ်ညာ ယိမ်း၍ လေပြင်းတိုက်လျှင် ခေါင်းကို ညွှတ်ပေးတတ် သည်။ သို့ရာတွင် မည်သည့်အခါမျှ လေပြင်းတွင် ကျိုး ပဲ့ ပျက်စီး၍ မသွား။ ထိုဝါးရုံတောထဲတွင် အိပ်ပျော်နေ သော ကျားတစ်ကောင် ရှိသည်။ ထိုကျားသည် နိုးလာ ကာ အချက်ကောင်း ပေါ်သည်နှင့် ခုန်အုပ်မည် မုချ။

အက်ရှ်သည် စခန်းတွင် ဗြိတိသျှ အချုပ်အခြာ အာဏာ ကိုယ်စားလှယ် ဖြစ်၏။ တစ်ဦးတည်းသော ဗြိတိသျှ လူမျိုးလည်း ဖြစ်၏။ သူ့အခြေအနေသည် အန္တရာယ် ကြီးသည်။ ထို့ကြောင့် အက်ရှ်သည် ပေါ့လျော့ ခြင်း မရှိသော သတိဖြင့် သူ့ကိုယ်သူ အမြဲ သတိထား သည်။

သူ နေသည့် ရွက်ဖျင်တဲကို ထိုးရန် နေရာယူ သည်က အစ မြည်း ချည်ဖို့ နေရာ ရွေးသည် အထိ အားလုံးကို အကွက်ချ၍ လုပ်သည်။ အိပ်လျှင် ခေါင်း အုံး အောက်တွင် သေနတ် အမြဲထား၍ အိပ်ပြီး စားပွဲ ပေါ်တွင် အာဖဂန် ဓားကောက် တစ်ချောင်းကို အမြဲ တင်ထားသည်။ တဲထိုးပြီးသည်နှင့် သူ မရှိလျှင် သူ့ အစေခံ တစ်ယောက်ယောက်ကို အမြဲ အစောင့်ချထား တတ်သည်။ သို့တိုင်အောင် ယခု သူ့တဲသို့ လူဝင်မည့် သူ



www.burmeseclassic.com

www.burmeseclassic.com



စိမ်းတို့ ဝင်ရောက်ကာ သူ့ရိုင်ဖယ်ကိုပင် ခိုးယူသွားခဲ့ပြီ။ သူ့သေနတ်ဖြင့်ပင် သူ့ကို လုပ်ကြံခဲ့ပြီ။ ရှေ့တွင် ထို့ထက် ဂရုစိုက်ဖို့ လိုလာပြီ။

သို့ရာတွင် ကိုယ်က ဘယ်လောက်ပင် သတိဝီရိယ ထားထား၊ အကာအကွယ် ဘယ်လောက်ပင် လုပ်လုပ် သည်ကိစ္စမျိုး ဆိုသည်မှာ ရန်သူက အမြဲ တစ်ပန်းသာသည်ချည်း။ ကြာလာသည့် အခါတွင် မည်သူ့ကို သံသယ ဖြစ်ရမည် မသိဘဲ ကိုယ့်ဘက်က သတိဝီရိယ ပေါ့လျော့ လာနိုင်သည်။ ထိုအခါ၌ ရန်သူသည်...။

ဖုန်ထဲတွင် သွေးအလိမ်းလိမ်းဖြင့် လဲကျနေလိမ့်မည်ဟု အက်ရှ် သူ့ကိုယ်သူ မယုံကြည်။ သူ့မျက်စိထဲတွင် မြင်နေသည့် ရုပ်ပုံမှာ ဇူလီ။ ဇူလီ တစ်ယောက် ဖုန်ထဲတွင် သွေးအလိမ်းလိမ်းဖြင့် လဲကျလျက်။ သည်ရုပ်ပုံကိုသာ မျက်စိထဲတွင် မြင်ယောင်နေသည်။ ဇူလီကို သည်အဖြစ်သို့ သူ အရောက် မခံနိုင်။

ဘိသော စော်ဘွားနှင့် လက်မထပ် ဖြစ်အောင်လည်း သူ မလုပ်သင့်။ လက်ထပ်ပြီး သားသမီးတွေ ရလာသည့် အခါတွင် ဇူလီသည် အိမ်ထောင်ရေး သုခကို ခံစားကာ အပျော်ကြီး ပျော်ကောင်း ပျော်နေလိမ့်မည်။ သို့ တွေးလိုက်မိသည်နှင့် သူ့အသည်းကို ဓားမြှောင်နှင့် စိုက်သလို နာကျင်သည်မှာ မှန်သည်။ သို့ရာတွင် ကိစ္စ မရှိ။ ဇူလီ တစ်ယောက် ပိုးစိုးပက်စက် သေရသည့် အဖြစ်မျိုးနှင့် စာလျှင် ထိုအဖြစ်ကမှ တော်လိမ့်ဦးမည်။

ဇူလီသည် ရှုရှီလာနှင့် အတူ မဟာဒေဝီ ဖြစ်လာခဲ့သည် ဆိုလျှင် စည်းစိမ်ချမ်းသာ အခြွေအရံတွေနှင့် အတူ နေရမည် မုချ။ ခဏတွင် တောင်တန်းကြီးတွေကို လွမ်းကောင်း လွမ်းမည်။ သို့ရာတွင် ကြာလာသောအခါ ထိုအရာများကို မေ့သွားမည်သာ။ မဟာဒေဝီ ဘုံဆောင်ပျက်ကလေးမှ မောရိယ မျှော်စင်ကိုလည်း မေ့သွားမည်သာ။ အရှော့ကိုလည်း ထို့အတူ မေ့သွားမည်သာ။

ဇူလီသည် သူ့ကံအကြောင်းတရားကို မည်သည့်သူ လက်ခံမည်သာ ဖြစ်၏။ ဘယ်ကြမ္မာဆိုး ဝင်သည် ဖြစ်စေ သေခြင်းထက်မူ ကောင်းသည်ချည်း။ မသေသေးဆိုလျှင် ထိုကြမ္မာဆိုးကို ကောင်းအောင် ပြောင်းပစ်ဖို့ရန် အခွင့်အရေး ရှိနေသေးသည်။ အဆိုးထဲမှ အကောင်းကို ပြောင်းအောင် လုပ်နိုင်ဖို့ အခွင့်အရေး ရှိနေသေးသည်။

သို့ရာတွင် သေပြီ ဆိုသည့်နောက်တွင်မူ မြေကြီးထဲ ရောက်၊ ပြာဖြစ်။

သည်ကိစ္စများသည် သက်ကြီးရွယ်အိုတို့ အတွက်သာ ဖြစ်သည်။ ဇူလီလို လှသော ငယ်သော ကျန်းမာသန်စွမ်းသော မိန်းမပျိုကလေးများ အတွက် မဟုတ်။ ဇူလီသည် သူနှင့်အတူ ထွက်ပြေးခဲ့သည် ဆိုလျှင် သေခြင်းတရားသည် နောက်က အမီ လိုက်လာနိုင်သည်။

ခပ်စောစော ဗြိတိသျှပိုင် နယ်ထဲတုန်းက ထွက်ပြေးခဲ့ကြသည် ဆိုလျှင်လည်း သည်လောက် ကိစ္စ မရှိနိုင်သေး။ သို့ရာတွင် ယခုမူ နောက်ကျသွားပြီ။ ယခုမှ ထွက်ပြေးကြသည် ဆိုလျှင် သူတို့ လက်ထပ်ပွဲကို အချိန် အနည်းငယ် ရွှေ့ဆိုင်းရုံမျှသာ တတ်နိုင်မည်။ တစ်နေ့တွင်မူ သူတို့ နှစ်ယောက်ကို မိမည် မုချ။

အက်ရှ်သည် ပန်ဂျပ်ပြည် တစ်ဝန်းတွင် တပ်နယ်မြေတွေ၊ ဗြိတိသျှ စစ်စခန်းတွေ၊ ပုလိပ်ဌာနာတွေ ရှိသည့်ကြားမှ မဟာဒေဝီ၏ လူများက သူ့ကို အမဲလိုက်သလို လိုက်ခဲ့သည်ကို သူ မမေ့နိုင်။ သည်တုန်းက ဗိုလ်မှူးကြီး အင်ဒါဆင်နှင့် တွေ့ကာ သူ့ကို ဘိလပ်သို့ ခေါ်သွားသဖြင့်သာ သူ အသက် ချမ်းသာရာ ရခဲ့သည် မဟုတ်လော။

သူ့လို ဈေးထဲက ကောင်လေး တစ်ယောက်ကိုပင် တွေ့အောင် ရှာနိုင်သေးသည် ဆိုလျှင် ဇူလီကို ပို၍ အရှာရ လွယ်လိမ့်မည်။ မိမိကိုယ်တိုင်က အဖမ်းခံရပြီ ဆိုလျှင် ဇူလီသည် သည်တိုင်းပြည်မှ မည်သို့ ထွက်ပြေးနိုင်တော့မည်နည်း။

သူတို့ ထွက်ပြေးသည့် အတွက် ဟော်နန်း အမှုထမ်း အရာထမ်းများက သူတစ်မျိုး ငါတစ်ဖုံ တစ်ယောက်ကို တစ်ယောက် အပြစ် လွှဲချနေစဉ်တွင် မဟာရာဇာနန်ဒူးသည် လက်ပိုက်ကြည့်နေမည် မဟုတ်။ သူလုပ်စရာ ရှိမည်ကို လုပ်မည်သာ။

ကာရိကုတ် မဟာရာဇာ နန်ဒူးနှင့် ပတ်သက်၍ သူ ကြားဖူးသည့် သတင်းများကို ထောက်လျှင် နန်ဒူးသည် သူ့ဂုဏ်သိက္ခာ စွန်းထင်း ညစ်နွမ်းရသည့် အတွက် အဖေတူ အမေကွဲ အစ်မတော် ဇူလီကို အပြစ် မပေးဘဲ နေမည် မဟုတ်။ ကောင်းပြီ၊ နန်ဒူးက ဘာမျှ မလုပ်သည့်တိုင် သတို့သား ဖြစ်သည့် ဘိသော စော်ဘွားက သည်အတိုင်း နေမည် မဟုတ်။

ဗြိတိသျှ ပိုင်နက်တွင် ဖြစ်စေ၊ ဗြိတိသျှ ပိုင်နက် မဟုတ်သည့် နေရာတွင် ဖြစ်စေ သူတို့သည် ဇူလီကို



www.burmeseclassic.com

www.burmeseclassic.com



ဝံပုလွေအုပ် အမဲလိုက်သည့်နှယ် နောက်က အတင်းလိုက်လာကြမည်မှာ သေချာသည်။ သူတို့ နှစ်ယောက်ပြည်ပသို့ ရောက်မသွားခင် မိမည်မှာ သေချာသည်။

သို့ဖြစ်လျှင် ဇူလီ အဖို့ သေခြင်းကို ရွေးမည်လော။ ဘိသော မဟာရာဇာကို ရွေးမည်လော။ ဇူလီသည် ထိုနှစ်ခု အနက် မည်သည့် အရာကို ရွေးမည်ကို သူ မသိနိုင်။

သို့မဟုတ်လျှင်လည်း ဇူလီသည် သူ့ကို အသေခံ၍ ချစ်မည်လော၊ သို့မဟုတ် သူ့ကို အစ်ကို အရင်းတစ်ယောက်လိုသာ ချစ်မည်လော။ ဤသည်ကိုလည်း သူ မသိ။

မည်သည့်လမ်းကို ရွေးသည် ဖြစ်စေ သူ့အဖို့မှု ဇူလီကို ဆုံးရှုံးရတော့မည်မှာ ဇေဒင် မေးစရာ မလိုတော့။

အက်ရှ်သည် နဖူးပေါ်တွင် လက်တင်ကာ ဘာမျှရေရာ သေချာခြင်း မရှိသော အနာဂတ်ကို တွေးကြည့်၏။ ထိုနေ့ ညနေ မြင်းစီးထွက်ကြသည်ကိုပင် မလိုက်တော့ဘဲ အလုပ်များသည်ဟု အကြောင်းပြ၍ နေရစ်ခဲ့သည်။

သူ မပါတော့သည့် အခါတွင် အခြားသူများကလည်း မြင်းစီး မထွက်ကြတော့။ ရှရီလာက သူတို့ဒါဘာ တဲနန်းသို့ လူလွှတ်၍ ဖိတ်သည့်တိုင် အက်ရှ်သည် ခေါင်းကိုက်သည်ဟု ဆိုကာ လိုက်မသွား။ သည်လို ငြင်းပယ်ခြင်းသည် ရိုင်းပျရာ ရောက်ကြောင်းကို သူသိသည်။ သို့ရာတွင် သွား၍ မဖြစ်။ ဇူလီနှင့် မတွေ့ကြသည်က ကောင်းလိမ့်မည်။

မတွေ့လျှင် သူတို့ နှစ်ယောက်စလုံး အတွက် ကောင်းသည်။ အထူးသဖြင့် သူ့ကို လုပ်ကြံရန် ကြံစည်ခြင်းသည် ဇူလီကြောင့် ဖြစ်သည် ဆိုလျှင် ဇူလီအဖို့ သူနှင့် မတွေ့သည်က ပိုကောင်းသည်။

ယခု သူ့တွင် မြင်းစီး မထွက်ဖြစ်တော့။ သာယာ ကြည်နူးစရာ အချိန်ကလေးတွေ မရှိတော့။ ထိုအခါတွင် အက်ရှ်သည် ပို၍ စိတ်တိုလာသည်။ သူ့ထံ ဖြေရှင်းရန် လာသည့် ကိစ္စများ၊ သူ့ထံ နေ့စဉ်နှင့်အမျှလာရောက် တိုင်တန်းနေသည့် ကိစ္စများကို သူ စိတ်ရှည် လက်ရှည် နားမထောင်နိုင်တော့။ စခန်းတွင် ရှိသည့် ပြဿနာများကို ကာကာဂျီတို့ မူးလ်ရတ်တို့က ဒိုင်ခံ ဖြေရှင်းကြသည် မှန်သော်လည်း နောက်ဆုံးအဆုံးအဖြတ် ပေးရသူမှာ အက်ရှ် ဖြစ်၏။

စခန်းတွင် အချင်းချင်း ရန်ဖြစ်ကြသည်။ သတ်ကြ ပုတ်ကြသည်။ လိမ်ကြသည်။ အကြွေးကိစ္စ၊ ချေးကြ ငှားကြသည့် ကိစ္စဖြင့် စကား များကြသည်။ တစ်ယောက်ကို တစ်ယောက် စွပ်စွဲကြသည်။ လူသတ်မှုဖြစ်သည့် ကိစ္စက အစ အလေးမမှန် ချိန်ခွင် မမှန်သည့်ကိစ္စ အထိ ပြဿနာတွေ ပေါ်ကြသည်။

အက်ရှ်သည် နာရီပေါင်းများစွာ ထိုင်ကာ တရားလို တရားခံတို့၏ စွပ်စွဲချက် ချေပချက်တို့ကို နားထောင်ရ၏။ တစ်ခါတစ်ရံတွင် သူတို့ နှစ်ဖက် စွပ်စွဲ ပြောဆိုနေကြပုံမှာ မည်သူကပင် တရားခံမှန်း မသိတော့။ ဘာကြောင့် ဖြစ်ကြသည်ကိုပင် နားမလည်နိုင်တော့။ ထို့ကြောင့် နောက်တစ်ခါ ပြန်စစ်ရပြန်သည်။ နောက်ဆုံးတွင် ဘာမျှ မတတ်နိုင်တော့သဖြင့် 'နောက်ထပ် စစ်ဆေးရန်' ဟု မှတ်ချက်ချကာ နောက်တစ်မှုကို ကောက်စစ်သည်။ ထိုအခါကျတော့လည်း ရှေးနည်း အတိုင်းပင်။

ကိုယ်ရေးကိုယ်တာကို မစဉ်းစားမိအောင် ကြိုးစား အားထုတ်နေရသည်နှင့် အခြားကိစ္စများကိုပင် စဉ်းစားခြင်း မပြုနိုင်။ စိတ်ပန်း လူပန်း ဖြစ်လိုက်သည်မှာ ဆိုဖွယ် မရှိတော့။ ညတွင်လည်း ကောင်းကောင်း အိပ်မပျော်။

ထိုအထဲတွင် ရာသီဥတုကလည်း တောင်ပိုင်းရောက်သည်နှင့် တစ်နေ့တခြား ပူသည်ထက် ပူလာ၏။ ရာဇပုတ်နယ်တွင် ဆောင်းကုန်သည်နှင့် လေပူကြီး တိုက်တတ်သည်။ ချောင်းများ၊ ကန်များတွင် ရေတွေ ခန်းခြောက်စပြုပြီ။ လူတွေ၊ အပင်တွေတွင် ရေငွေ့ဓာတ်ခန်းစပြုပြီ။

အတန်ကြာသည့် အခါတွင် မြစ်များမှာပင် ရေခန်းစပြုလာကာ ရွှံ့ခင်းကြီး တစ်ခုလုံးသည် ခြောက်သွေ့နေတော့သည်။ တစ်ခါတစ်ရံတွင် သဲမုန်တိုင်းကြီးများ တိုက်တတ်သေးသည်။ တိမ်ညိုကြီးများ အုပ်ဆိုင်းကာ နေ့ခင်းမှာပင် အမှောင်ကြီး ကျချင် ကျနေတတ်သည်။

သဲမုန်တိုင်းတွေ ကျတတ်သည့် ရာသီသို့ မရောက်တတ်သေးသည့်တိုင် ထိုမုန်တိုင်းများကို လွတ်ရန် အတွက် အက်ရှ်သည် မြန်မြန် ခရီးပြင်းနှင်သည်။ သို့ရာတွင် နေ့လယ် နေ့ခင်းတွင် နေပူသဖြင့် စခန်း မပြောင်းနိုင်ဘဲ မနက်ခင်းလောက်သာ ပြောင်းနိုင်သည့် အတွက် သူဘယ်မျှ ကြိုးစားစေကာမူ ခရီး မတွင်လှ။

ညနေတိုင် ဆိုလျှင် ကင်းများသည် မြင်းကိုစီး၍ ဖြင့် ထွက်သွားကြကာ နောက်တစ်နေ့ အတွက် စခန်း



www.burmeseclassic.com

www.burmeseclassic.com



ချုပ်၊ နေရာကို ထွက်ရာကြရ၏။ မနက် ကြက်ဦးတွန်သည်နှင့် တဲစခန်းများကို ရုပ်ကာ စခန်း တစ်ခုလုံးကို စောစောစီးစီး ပြောင်းကြရသည်။ နေမြင့်လာလျှင် ခရီး သွား၍ မဖြစ်တော့။

စခန်း ရပ်နားသည့် နေရာမှာ တစ်ခုနှင့် တစ်ခု သိပ်မကွာလှ။ အများဆုံးကွာလျှင် ငါးမိုင်လောက်သာ ကွာသည်။ တစ်ခါတစ်ရံတွင် ငါးမိုင်ပင် မကွာချင်။ အရိပ်အာဝါသ ကောင်း မကောင်း၊ ရေပေါ မပေါကို ကြည့်ရသည့် အတွက် ကိုယ် ပြောင်းချင်တိုင်း ပြောင်း၍ မရ။

သို့ဖြင့် စခန်းပြောင်း ခရီး နှေးလာသည်နှင့် အမျှ လူတွေက စိတ်တိုသည်ထက် တိုလာကြသည်။ ခိုက်ရန် ဖြစ်ပွားမှုတွေ များသည်ထက် များလာကြသည်။ သို့တိုင်အောင် သူတို့ ခရီးသည် မည်မျှ နှေးကွေးသည် ဖြစ်စေ ဘိသောနှင့်မူ တစ်နေ့တခြား နီးသည်ထက် နီးလာခဲ့လေပြီ။

အက်ရှ်သည် စောစောတုန်းက ခရီး ကြာလေ ကောင်းလေဟု ထင်ခဲ့သော်လည်း ယခုမူ မြန်မြန် ရောက်ချင်နေသည်။ ခရီး ပန်းလာကြပြီ ဖြစ်သည်နှင့် အမျှ ပို၍ စိတ်တိုလာကြကာ ပြဿနာတွေက ပို၍ များလာကြသည်။

ထိုအထဲတွင် အက်ရှ်မှာလည်း လုံခြုံမှု မရှိ။ သူ့ကို လုပ်ကြံပြီး သုံးရက်မြောက် အကြာတွင် သူ့တဲကို လူဆိုးတို့က ဖောက်ထွင်းကြပြန်သည်။ ဖောက်ထွင်းသည်မှ နေ့ခင်းကြောင်တောင်ကြီး။

ထိုနေ့က စခန်းချသည့် နေရာမှာ မော်တွေ၊ ဒိုက်တွေ ပြည့်နေသည့် ကန်ကြီး တစ်ကန် အနီးတွင် ဖြစ်၏။ တစ်ခါက မြို့ကြီး ဖြစ်ခဲ့သည့် မြို့ဟောင်းနေရာ။ ထိုမြို့ကြီး သောက်သုံးရန် တူးထားခဲ့သည့် ကန်ကြီး တစ်ကန် ဖြစ်ဟန် တူသည်။ ကန်နှင့် မနီးမဝေးတွင် မြို့ရိုးပျက်ကြီးတွေက အတိုင်းသား။ ချုံနွယ် ပိတ်ပေါင်းတို့ ဖုံးအုပ်လျက်။ အချို့နေရာတွင် အုတ်ကျိုး အုတ်ပဲ့တွေ စုပုံလျက်။ မြို့ရိုးပျက်ပေါ်တွင် ညောင်ပင်ကြီးတွေ၊ အင်ကြင်းပင်ကြီးတွေ ပေါက်နေကြသည်။ မလှမ်းမကမ်းတွင် ခြင်္သေ့ လည်ဆံမွေးရောင် ကိုင်းတောညိုညို။

အက်ရှ်၏ တဲသည် ခါတိုင်းလို စခန်း အစွန်တွင် ထိုးထားသည်။ အစေခံ၏ တဲများက နောက်တွင် လခြမ်းသဏ္ဌာန် ဝိုင်းပတ်လျက်။ အနီးတစ်ဝိုက်တွင် လူသူလာလျှင် မြင်နိုင်အောင် ကိုက်နှစ်ဆယ်ခန့် အထိ ကိုင်းတောများကို ခုတ်ထွင် ရှင်းလင်းထား၏။ သို့တိုင် နေ့လယ် နေပူပြင်းချိန်တွင် သူ့တဲကို လူဆိုးတို့ ဖောက် သွားကြပြီ။

ထိုအချိန်က အက်ရှ်၏ အစေခံ နှစ်ယောက် ရှိသည်။ ခပ်လှမ်းလှမ်း တလင်းပြင် အစပ်ရှိ ညောင်ပင် ရိပ်တွင် ထိုင်နေသဖြင့် တဲထဲသို့ လူဝင်လျှင် ကောင်း ကောင်း မြင်နိုင်သည်။ သို့ရာတွင် သူတို့ နှစ်ယောက် စလုံးက မသင်္ကာစရာ အရိပ်အယောင် ဆို၍ တစ်စုံတစ်ရာ မျှ မတွေ့ရဟု ဆိုသည့် အတွက် တော်တော် ထူးဆန်း နေသည်။

သူတို့ နှစ်ယောက်သည် မနက် လေးနာရီက တည်းက အိပ်ရာမှထကာ နေ့လယ်စာ စားပြီး ညောင် ပင်ရိပ် အောက်တွင် ထိုင်နေကြစဉ် ရာသီကလည်း ပြင်း၊ ထမင်းဆိပ်ကလည်း တက်သဖြင့် ခဏ ငိုက်မျဉ်း သွားကြ၏။ သူတို့ နှစ်ယောက် ငုတ်တုတ်ကြီးတွေ ရှိနေသဖြင့် မည်သူမျှ ဝင်ရဲမည် မထင်။

အနားတွင် ကိုင်းတောမှ ကိုင်းရွက်များက လေ တိုးသဖြင့် တရှဲရှဲမြည်ကာ သစ်ရွက်ခြောက်တွေကလည်း လေတိုက်တိုင်း ရုပ်တိုက်ပြေးနေသဖြင့် မည်သည့် အသံ ကိုမျှလည်း သင်္ကာမကင်း မဖြစ်မိ။

အက်ရှ်သည် တစ်နေရာတွင် အလုပ် များနေသည်။ ပြန်လာသည့် အခါ၌ သူ့တဲတွင် ပစ္စည်းတွေ ဖရိုဖရဲ ဖြစ် နေသည်ကို တွေ့ရ၏။ သေတ္တာများတွင် သော့ခလောက် တွေ ပျက်စီးလျက်။ ပစ္စည်းများမှာ မြေကြီးပေါ်တွင် ဖရိုဖရဲ။ အိပ်ရာကိုပင် မွှေနှောက်ထားကြသည်။

လူဆိုးများသည် တဲကို ကပျာကယာ ဝင်မွှေ သွားကြဟန် တူ၏။ သို့ရာတွင် တဲတစ်ခုလုံး အနံ့။ ပရိဘောဂတွေကို ရွှေ့ထားကြပြီး ဖျာအောက် မြေကြီး ထဲတွင် မြုပ်ထားသည့် ပစ္စည်း ရှိ မရှိ ဖျာများကိုပင် လှန်ကြည့်ထားကြသည်။ မွေ့ရာကို ဓားဖြင့် ခွဲ ထားကာ ခေါင်းအုံးစွပ်များကိုလည်း ချွတ်ရာထားကြ သည်။

သို့ရာတွင် ဘာမျှ ရသွားဟန် မတူ။ တဲထဲတွင် ပိုက်ဆံကြေးပြား အကြွေ အနည်းငယ်မှ အပ လက်နက် လည်း မရှိ။ ငွေလည်း မရှိ။

အက်ရှ်သည် ခြောက်လုံးပြူးကို ကိုယ်နှင့်မကွာ ဆောင်ထားပြီး ပိုက်ဆံ သေတ္တာ နှစ်လုံး၊ ရိုင်ဖယ်နှင့် အမဲလိုက် သေနတ်နှင့် ကျည်ဆန်များကို မာဒူးထံတွင် အပ်ထားခဲ့သည်။ မာဒူးက ထိုပစ္စည်းများကို သူ၏ ...



www.burmeseclassic.com

www.burmeseclassic.com



ဖျင် အိပ်ရာလိပ်စုတ်ကလေးထဲတွင် ပတ်ထည့်ထားပြီး သူ့ပစ္စည်းများနှင့် အတူထားသည်။

ယခုတစ်ခေါက်တွင်မူ လူဆိုးသည် ပိုက်ဆံကို အဓိကထား ရှာဟန်တူ၏။ ယခင် ရိုင်ဖယ်ကို ခိုးသွားသည့် လူဆိုး ဟုတ်ဟန်မတူ။ အက်ရှ်သည် ဤသို့ဖြင့် စိတ်ကို သက်သာအောင် တွေးသည်။

မိမိ၏ အစောင့် နှစ်ယောက် ငုတ်တုတ်ကြီး ရှိပါလျက် နေ့ခင်းကြောင်တောင်တွင် တဲထဲသို့ ဝင်ကာ စိတ်တိုင်းကျ မွှေနှောက်ပြီး ပြန်ထွက်သွားကြသည့် ကိစ္စမှာ ခံပြင်းစရာ ကောင်းသည် မှန်၏။ သို့ရာတွင် ရန်သူသည် မိမိအား နောက်တစ်ကြိမ် လုပ်ကြံရန် မိမိ သေနတ်ကို ဝင်ရှာခြင်း မဟုတ်လျှင် တော်သေးသည် ဟုပင် အောက်မေ့ရတော့မည်။

ရန်သူသည် မိမိ သေနတ်ဖြင့် မိမိကို လုပ်ကြံလိုသည် ဆိုလျှင်ကော။ မည်သည့်အတွက်ကြောင့် ထိုသို့ ကြံနေရသနည်း။ သူ့ကို သတ်ပြီးနောက် သူ့ကိုယ်သူ သတ်သေခြင်း ဖြစ်သည်ဟု အထင်ရောက်အောင် လုပ်လို၍လော။ သို့မဟုတ်လျှင်လည်း သူ့အစေခံ တစ်ယောက်ယောက် သတ်သည်ဟု အထင်ရောက်အောင် လုပ်လို၍လော။

ကြည့်ရသည်မှာ သူ့ကို သတ်ပြီး အစေခံတွေ လက်ချက်ဖြင့် သေရခြင်း ဖြစ်သည်ဟု လုပ်ချင်ပုံရသည်။ သူ့တဲသည် စခန်း အစွန်တွင် ရှိပြီး အပြင်လူ လာလျှင် သိသာနိုင်သည့် နေရာ ဖြစ်ရာ သူ့သေနတ်ကို ယူသွားသူသည် သူ့အစေခံ မဟုတ်လျှင် မည်သူတွေ ဖြစ်နိုင်ဦးမည်နည်း။ သို့ဆိုလျှင် အားလုံးကလည်း ထို အတိုင်း ထင်ကြမည်သာ။

(သူတို့စခန်းတွင် မြင်းစီး သေနတ်များ၊ နှစ်လုံးပြူး သေနတ်များ၊ တူမီး သေနတ်များ တောင်ပုံရာပုံ ရှိနေသည် ဖြစ်ရာ အက်ရှ်ကို သတ်ချင်သူသည် သူ့တဲသို့ သွား၍ သူ့ရိုင်ဖယ် သေနတ်ကို ဘာခိုးစရာ လိုသေးသနည်း။ သတ်ချင်သည် ဆိုလျှင် တွေ့ရာ လက်နက်ဖြင့် ကောက်သတ် လိုက်ရုံမျှသာ ရှိသည် မဟုတ်လော။) ထို့ကြောင့် အက်ရှ် သေလျှင် သူ့အစေခံ တစ်ဦးဦး လက်ချက်ဖြင့် သေသည်ဟု ထင်ကြမည်သာ ဖြစ်သည်။

အက်ရှ်သည် ထိုကိစ္စကို မူးလ်ရတ်နှင့် တိုင်ပင်ကြည့်လျှင် ကောင်းမည်လောဟု စိတ်ကူးမိသေးသည်။ လူဆိုးသည် သေနတ်ကို လိုခြင်း မဟုတ်ဘဲ ပိုက်ဆံကို ရှာခြင်း ဖြစ်သည်ဟု သူ့ကိုယ်နှိုက်က ခိုင်ခိုင်မာမာ ယုံကြည်လျှင်မူ ထိုအကြောင်း တိုင်ပင်၍ အရေးမကြီး။ သို့ရာတွင် ခက်သည်က လူဆိုးသည် ဘာကို ရှာမှန်း မသိ။

ထို့ကြောင့် အက်ရှ်သည် မူးလ်ရတ်ကို မည်သို့မျှ မပြောဘဲ ထားလိုက်သည်။ မာဒူးနှင့် ဂူးလ်ဘတ်တို့ကိုမူ အကျိုးအကြောင်း ပြောပြလိုက်၏။

ဂူးလ်ဘတ်သည် မည်သူ့ အကူအညီကိုမှ မယူဘဲ တဲကို ရှင်းပြီးနောက် မင်္ဂလာကိစ္စ ပြီး၍ သူတို့ ရဝါလ်ပင်ဒီသို့ မြန်မြန်ဆန်ဆန် ရောက်ချင်လှပြီဟု ထုတ်၍ ညည်းမိသည်။

'ဒီရာဇပုတ် ပြည်နယ်မှာ နေရတာ ကျုပ်တော့ ငြီးငွေ့လှပြီဗျာ၊ ဒီစခန်းကြီးထဲမှာ နေရတာကိုလည်း စိတ်ကုန်လှပြီ၊ ပြီးတော့ သခင်ဆပ်ကို ဘာဖြစ်လို့ ဒီလို ခြိမ်းခြောက်နေရသလဲ ဆိုတာကိုလည်း ကျုပ် နားမလည်ဘူး၊ ဘာမှ မဖြစ်ခင် ဟောဒီ ကာရိကုတ်သားတွေနှင့် မြန်မြန်ဝေးပြီး မြောက်ပိုင်းကို မြန်မြန် ပြန်ရောက်အောင် ဆုတောင်းရတော့မှာပဲ' ဟု ဂူးလ်ဘတ်က ပြော၏။

အက်ရှ်မှာလည်း ထို့အတူပင်။ သူ့တာဝန် မြန်မြန် ပြီးဆုံးကာ ရဝါလ်ပင်ဒီ စစ်ဌာနချုပ်သို့ မြန်မြန် ပြန်ရောက်ချင်လှပြီ။

နေ့လယ် နေ့ခင်းတွင် ဆိုလျှင် အလုပ် လုပ်ခြင်းဖြင့် ဇူလီကို ခေါင်းထဲမှ ဖျောက်ထားနိုင်သည်။ သို့ရာတွင် ညရောက်လျှင်မူ တစ်မျိုး။ မည်မျှ ကြိုးစား၍ ဖျောက်သည့်တိုင် အိပ်ရာပေါ်သို့ လှဲလိုက်သည်နှင့် ဇူလီ၏ မျက်နှာသည် မျက်စိထဲတွင် တရစ်ဝဲဝဲ ပေါ်လာတော့သည်။

အက်ရှ်သည် အိပ်ရာပေါ်တွင် လူးလိမ့်ရင်း အမှောင်ထဲသို့ ငေးကြည့်၏။ သို့မဟုတ်လျှင်လည်း မှန်အိမ်ကို ထထွန်းကာ မရေးဘဲ နေလျှင် ရသည့် အစီရင်ခံစာများကို ရေးသည်။ သို့မဟုတ်လျှင်လည်း ဂဏန်းတွေကို ပေါင်းကြည့်သည်။ ဇူလီ့ အကြောင်းကို မတွေးမိလျှင် တော်ပြီ။

မနက်လင်း၍ ဂူးလ်ဘတ်က မတ်ခွက် တစ်ခွက်ဖြင့် လက်ဖက်ရည် လာပို့သည့် အခါတွင်မူ စာရွက်တွေ တစ်ထပ်ကြီး ရှေ့တွင် ချကာ စားပွဲတွင် ခေါင်းတင်၍ အိပ်ပျော်နေသော အက်ရှ်ကို တွေ့ရတတ်သည်။

မနက်လင်း၍ ဖြူပြာရောင် သန်းလာသည့်အခါ စခန်း တစ်ခုလုံး လှုပ်လှုပ်ရွရွ ဖြစ်နေလေပြီ။ အက်ရှ်



www.burmeseclassic.com

www.burmeseclassic.com



သည် အိပ်ချင်မူးတူးဖြင့် မြင်းပေါ်သို့ တက်ကာ တပ်ဦး နှင့် အတူ ရှေ့မှ ထွက်သွားရသည်။

အစေခံများက တဲကို ရုပ်သိမ်းကာ ပစ္စည်းများ လှည်းပေါ်သို့ တင်၍ လိုက်လာကြ၏။ မာဒူးမှာ လှည်း ပေါ်က ပန်းကန်ခွက်ယောက် သေတ္တာတွေပေါ်တွင် ငုတ်တုတ်ထိုင်လျက်။ သူ့ဘေးတွင် စုတ်ပြတ်နေသည့် ရွက်ဖျင် အိပ်ရာလိပ်က အစန့်သား။

မနက်ခင်း ဆိုလျှင် လေပြည်က တညင်းညင်း။ အေးမြလျက်။ သို့ရာတွင် မည်သူမျှ ထိုလေပြည် လေ ညင်း၏ အရသာကို မခံစားနိုင်။ လူတွေက လှုပ်လှုပ် ရွရွ။ အုတ်အုတ်ကျက်ကျက်။ မီးတုတ်မှ မီးရောင်တွေ စခန်းမီးပုံတွေက တထိန်ထိန်။

ကျီးကန်းပျံ လမ်းအတိုင်း ဆိုလျှင် ဘိသော ပြည်နယ်သည် သိပ်မဝေးတော့။ သို့ရာတွင် သည်ဘက် ပိုင်း ရောက်လာသည့် အခါတွင် မြေပြင် အနေအထား သည် ပြောင်းသွား၏။ လွင်ပြင်ကြီး မဟုတ်တော့ဘဲ တောင်စွယ်ကလေးတွေ တောင်ကြောကလေးတွေကို ဖြတ် ရသည်။ အောက်တွင် ကျောက်ဆောင်ဖျာကြီးတွေ ရှိပြီး ကျောက်ချောများနှင့် မြက်ခြောက်တွေ ရှိနေသဖြင့် တောင် အဆင်း ဆိုလျှင် ချော်တတ်သည်။

ခြေကျင် ခရီးသွား တစ်ယောက် အဖို့ ဆိုလျှင် သွားသည်က ဘာမျှ မခက်။ ဖြတ်လမ်းက သွား၍ ရ သည်။ သို့ရာတွင် လှည်းလမ်းကမူ ကွေ့ကောက် လျက်။ တောင်ကြားတွေကို ကွေ့ပတ်ကာ မြေညီရာ ချိုင့်ဝှမ်းမှ သွားရ၏။ ဝက်ပါထဲတွင် သွားနေရသလို တောင်ကြားတွေထဲမှာ တလည်လည်နှင့်။ သို့ဖြင့် တောင် ကြားတွေထဲတွင် အတော်ကြာ ဖြတ်သန်းခဲ့ရပြီးနောက် အတော်အတန် ကျယ်သည့် လွင်ပြင်ကြီးသို့ ရောက် လာခဲ့သည်။

ထိုအခါတွင်မူ ရှရီလာက ခြေကျင် ဆင်းလိုက် ကာ သည်လွင်ပြင် တစ်ဝိုက်တွင် သုံးရက်လောက် နား ချင်သည်။ သို့မှ မနားရလျှင် ရှေ့ဆက် မလိုက်တော့ဟု အကျပ်ကိုင်သည်။

နောင် မကြာမီ ဆိုလျှင် ဘိသော ပြည်နယ်သို့ ရောက်တော့မည် ဖြစ်ကြောင်း၊ မိမိမှာ ခရီးပန်းကာ နေထိုင်မကောင်း ဖြစ်နေသည့် အတွက် ဘိသောသို့ နေ ထိုင် မကောင်းလျက်ကြီးနှင့် မရောက်လိုကြောင်း၊ ကောင်း ကောင်း နား၍ ကောင်းကောင်း အိပ်ပြီးမှသာ ခရီးဆက် လိုကြောင်းဖြင့် ပြောသည်။

ရှရီလာ၏ တောင်းဆိုချက်မှာ အချိန်ကိုက် ဖြစ် နေသည်။ ထိုနေ့က သူတို့ စခန်းချသည့် နေရာမှာ တောအုပ်တို့ ပေါသည့် မြစ်ကမ်းဘေးတွင် ဖြစ်၏။

အက်ဂ်ရှ် တစ်ယောက်မှ အပ ကျန်အားလုံးက နားချင်ကြသည်။ နေပူသဖြင့် မြစ်ရေ နည်းသွားကာ ကျဉ်းသွားသည့်တိုင် စခန်းချဖို့ ရေမြေသင့်သော နေရာ ကလေး ဖြစ်သည်။ ဖြတ်ကူးရလည်း လွယ်သည်။ ရေ လည်း ပေါသည်။

မြစ်တစ်ဖက်တွင် လယ်ကွင်းများနှင့် ရွာများ ရှိပြီး ရွာသားများကလည်း ဆန်၊ ပဲ၊ ဟင်းသီးဟင်းရွက်၊ နို့၊ ဥနှင့် ကြက်တို့ကို လိုလိုချင်ချင် ရောင်းကြသည်။ တိရစ္ဆာန်များ အတွက် မြက်လည်း ပေါသည်။ ကွင်းပြင် တွင် ဆတ်ညိုကြီးများနှင့် ချေများလည်း ရှိ၏။ မြစ်ထဲ တွင် ငါးမျှားချင်သည် ဆိုလျှင်လည်း လွယ်သည်။ ထို့ ကြောင့် နားလိုလျှင် သည်ထက် ကောင်းသည့် စခန်းပင် ရှိတော့မည် မထင်။

ကာကာဂျီက ယပ်တောင်ကို တဖျပ်ဖျပ်ခတ်ရင်း

'သုံးလေးရက်ပဲ သခင်လေးရယ်၊ ဒီလောက်နှင့် တော့ မထူးပါဘူး၊ ဘာဖြစ်လို့ ဒီလောက် ရေးကြီးသုတ် ပျာ သွားနေတော့မလဲ၊ ခု နည်းနည်း နားလိုက်ရင် လူ ရော တိရစ္ဆာန်ရော အားပြည့်လာတာပေါ့၊ သခင်လေး လည်း အနားရတာပေါ့၊ ခုတလော သခင်လေးကို ကြည့်ရတာ တယ်ပြီး နေလို့ ထိုင်လို့ ကောင်းပုံ မရဘူး၊ လူကလည်း နည်းနည်း ကျသွားသလိုပဲ၊ ကြည့်ရတာက လည်း တငိုင်ငိုင်နှင့်၊ စကားလည်း မပြော၊ ပြုံးပြုံးရယ် ရယ်လည်း မရှိနှင့်၊ ခါတိုင်းလို ကျုပ်တို့နှင့်တောင် မြင်း စီး မထွက်တော့ဘူး၊ အို အို သခင်လေးက ဒါတော့ မငြင်းနှင့်'

အက်ဂ်ရှ်က တစ်စုံတစ်ရာ ပြောမည် အပြုတွင် ကာကာဂျီ လက်ကာ ပြလိုက်သည်။

'ပိုပြီး ဆိုးတာကတော့ အပူရှိန်နှင့် လေပူကြီး တိုက်နေတာဗျ၊ သခင်လေးတို့ မူးလ်ရုတ်တို့ကတော့ ဘာအရေးလဲ၊ လူကလည်း ငယ် ကြံ့လည်း ကြံ့ခိုင် တော့ ဒီလောက်ကိုတော့ ခံနိုင်တာပေါ့၊ ဒါပေမဲ့ ကျွန် တော်တို့လို အဘိုးကြီးတွေနှင့် ကျီတီတို့လို ကလေးတွေ ကျတော့ မခံနိုင်ဘူးဗျ၊ တူမတော်လေး ရှရီလာ ဆိုရင် လည်း နဂိုကမှ ကြောက်ရ လန့်ရတဲ့ အထဲမှာ ခရီးပြင်း တော့ နေလို့ ထိုင်လို့ ကောင်းတယ်လို့ကို မရှိဘူး၊ ရှရီ လာက လက်ထပ်ရမှာကို ကြောက်တော့ ဘိသောနှင့် နီး



www.burmeseclassic.com

www.burmeseclassic.com



လေလေ စိတ်က လှုပ်ရှားလေလေပဲ၊ သူကတော့ တစ်ရက် နောက်ကျ ရောက်လည်း ဝမ်းသာတာပဲ'

မူးလ်ရတ်က ပခုံးကို တွန့်ပြလိုက်ရင်း

'ဒါကတော့ သခင်လေး အပြစ်နှင့် သခင်လေးပဲ ခင်ဗျ၊ ရှုရီလာဘိုင် ဘယ်လိုနေသလဲ ဆိုတာ သခင်လေး သိပါတယ်၊ သူ ပျော်ပျော်ပါးပါး ရွှင်ရွှင်လန်းလန်း ရှိတယ် ဆိုရင် သူတို့ လက်ထပ်ရမယ့် ကိစ္စကို မေ့မေ့ပျောက်ပျောက် နေနိုင်တာပေါ့၊ ဒါပေမဲ့ နောက်တော့ သခင်လေးက ညနေလည်း မြင်းစီး မလိုက်၊ ဒါဘာတဲ့ကိုလည်း အလည်မလာ ဆိုတော့ သူလည်း စိတ်ထွေတော့တာပေါ့'

'ကျွန်တော် မလာတာက အလုပ် များလို့ပါဗျာ၊ ဒီပြင် ပျော်စရာတွေ၊ နို့နေစမ်းပါဦး၊ ကိုယ်တော်လေး ဂျိတီကကော ဘာဖြစ်လို့ မြင်းစီး မလိုက်တော့တာလဲ'

'အစတုန်းကတော့ သခင်လေး မလိုက်တာနှင့် မလိုက်တာပဲ၊ နောက်တော့ ကိုယ်တော်လေးလည်း ကောင်းကောင်း နေထိုင် မကောင်းချင်ဘူး'

'ဘာ နေထိုင်မကောင်းဘူး၊ ဟုတ်လား၊ ဘာဖြစ်လို့ ကျွန်တော့်ကို မပြောတာလဲ'

မူးလ်ရတ်၏ မျက်ခုံးများသည် မြင့်တက်သွားကြကာ သူ့ကို တအံ့တသြဖြင့် ကြည့်နေသည်။ ထို့နောက် မျက်လုံးများကို မှေးထားလိုက်ပြီး

'ဗျာ၊ ဘယ့်နှယ့် မပြောရမလဲ သခင်လေး၊ သခင်လေး ဘာဖြစ်နေသလဲ ဟင်၊ ကျွန်တော် ပြောတာတွေကို ကြားဟန် မတူဘူး၊ ဒါကြောင့်မို့ ကိုယ်တော်လေး အကြောင်းကို ဘာမှ မမေးတာကိုး၊ လွန်ခဲ့တဲ့ လေးရက်က ကျွန်တော် ကိုယ်တိုင် လာပြီး သခင်လေးကို ပြောခဲ့တယ်လေ၊ နောက်တစ်နေ့ မနက်လည်း တစ်ခေါက် လာပြောခဲ့သေးတယ်၊ အဲဒီတုန်းက သခင်လေးက ဘာမှတော့ မပြောဘူး၊ ခေါင်းပဲ ညိတ်နေတယ်၊ ကျွန်တော်ကတော့ သြော် ဒီကိစ္စကို သူ ခေါင်းရှုပ်ခံပြီး မတွေးချင်တော့လို့ ထင်ပါရဲ့လို့ အောက်မေ့နေတာ။

'သခင်လေး ဘာဖြစ်နေတာလဲ ဟင်၊ ခုတလော မှာ သခင်လေးကို ကြည့်ရတာ တစ်မျိုးပဲ၊ ဟိုတစ်ခါ သေနတ်နှင့် ချောင်းပြီး အပစ်ခံရ ကတည်းက တစ်မျိုး ဖြစ်နေတယ်၊ ဒါတွေ ခေါင်းထဲ ထည့်မနေပါနှင့်ဗျာ၊ ကိုယ့်ကိုယ်ထဲကို ကျည်ဆန် တစ်တောင့် ပစ်သွင်းဖို့ အလုပ် ခံရတယ်၊ ကိုယ့်နောက်ကျောကို ဓားမြှောင်နှင့် အစိုက် ခံရမလို အလုပ် ခံရတယ် ဆိုတာ ကောင်းတော့ မကောင်းဘူးပေါ့၊ ကျွန်တော်လည်း ဒီလို ခံရဖူးတဲ့ အတွက် ကိုယ်ချင်းစာပါတယ်၊ သခင်လေး ဒီကိစ္စကြောင့် စိတ်ရှုပ် နေတာလား၊ ဒါမှမဟုတ် တခြား ကိစ္စကြောင့်လား၊ ကျွန်တော့်ကို ပြောပါ၊ ကျွန်တော် တတ်နိုင်ရင် ကူညီပါ့မယ်'

အက်ရှ်က မျက်နှာ နီရဲလျက်

'အို ဘာကြောင့်မှ မဟုတ်ပါဘူးဗျာ၊ ရာသီဥတုက ပြင်းလွန်းလို့ ထင်ပါတယ်၊ ရာသီဥတု ပြင်းတာကိုတော့ ဘယ်သူ တတ်နိုင်မလဲ၊ ကဲ ကိုယ်တော်လေး အကြောင်းကို ပြောစမ်းပါဦး၊ ကာကာဂျီက ပြောတော့ ရာသီဥတု ပြင်းလွန်းလို့ဆို'

'ရာသီဥတုကြောင့် မဟုတ်ဘူး ခင်ဗျ၊ ကျွန်တော့် အထင်တော့ ပဒိုင်းသီးကြောင့် ထင်တယ်၊ သေတော့ မသေချာဘူးပေါ့ဗျာ'

ပဒိုင်းပင်မှာ အိန္ဒိယပြည် အနှံ့အပြားတွင် ပေါက်သည့် အပင် ဖြစ်သည်။ အပွင့်က ဖြူဖြူ၊ နှင်းပန်းပွင့်လေး လိုလို။ ရနံ့ကလည်း အလွန် မွှေးသည်။ သို့ရာတွင် ပဒိုင်းသီးထဲတွင် ပါသည့် အစေ့မှာ အလွန် အဆိပ်ပြင်းသည်။ ရှေးတုန်းကတည်းကပင် အိန္ဒိယပြည်တွင် လူတစ်ယောက်ကို အဆိပ်ကျွေး သတ်ချင်ပြီ ဆိုလျှင် ပဒိုင်းသီးစေ့ကို အမှုန့် ဖြစ်အောင် ထောင်းပြီး အစာထဲတွင် ထည့်လိုက်ရုံမျှသာ။ ပွဲချင်းပြီး သေ မသေမှာ အမှုန့် အနည်း အများပေါ်တွင် တည်သည်။

မူးလ်ရတ်၏ အဆိုအရမူ ကိုယ်တော်လေး ဂျိတီမှာ ပဒိုင်းသီး အမှုန့်များ ပါသည့် အစာကို တော်တော်များများ စားမိဟန် တူကြောင်း၊ သို့ရာတွင် အန်ပစ်သဖြင့် သက်သာရာ ရသွားကြောင်း၊ ယခုအချိန်တွင် ကိုယ်တော်လေးမှာ အစ်မတော်များ၏ တဲနန်းတွင် ရောက်နေကြောင်း၊ ဂီတာ၏ ပြုစုမှုကြောင့် ယခုအချိန်တွင် များစွာ သက်သာလျက် ရှိပြီ ဖြစ်ကြောင်း...။

'နို့ နေစမ်းပါဦးဗျာ၊ သူက ဘယ့်နှယ့် လုပ်ပြီး ပဒိုင်းသီးကို စားမိတာလဲ၊ ဘယ်အစာထဲမှာ ထည့်ထားတာလဲ၊ ခန်တမာတို့ တခြား အစေခံတို့ကိုကော စစ်ဆေး မကြည့်ဘူးလား၊ ဒီပြင် လူတွေကကော ဒီအစာကို မစားမိကြဘူးလား၊ ဒီပြင် လူတွေရော စားတယ် ဆိုရင် ဘာဖြစ်လို့ သူတစ်ယောက်တည်း နေထိုင်မကောင်း ဖြစ်ရတာလဲ'

မူးလ်ရတ်က သူတစ်ယောက်တည်း စားမိသည် ထင်ကြောင်း၊ ပဒိုင်းသီးမှာ ကိုယ်တော်လေး အလွန် ကြိုက်သည့် ဂျလေဘီထဲတွင် ထည့်ထားခြင်း ဖြစ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပဒိုင်းသီးမှုန့် ပါသော ဂျုလေဘီများကို ကိုယ်တော်လေး၏ တဲထဲမှ တွေ့ရကြောင်း၊ စား၍ အန်သည့် အခါတွင် အစေခံ တစ်ယောက်က သမားတော် ဂိုဗင်ဒတ်စ်ကို ပြေး၍ ခေါ်ရခြင်း ဖြစ်ကြောင်း။

'သမားတော်ကြီးကကော ပဒိုင်းသီးလို့ ပြောသလား'

မူးလ်ရတ်က လက်တစ်ဖက်ကို ကာ၍ ပြလိုက်ပြီး

'သမားတော်ကတော့ မပြောပါဘူး၊ ဒါပေမဲ့ ဒါပဲ ဖြစ်ရမှာပေါ့ သခင်လေးရယ်၊ ကိုယ်တော်လေးကလည်း ဘယ်လောက်များ ကြိုက်သလဲ ဆိုတော့ ဂျုလေဘီတွေကို အကုန် စားလိုက်တဲ့ အပြင် ဂျုလေဘီ ထုပ်ထားတဲ့ ငှက်ပျောရွက်ကိုတောင်မှ လျှာနှင့် လျက်လိုက်သေးတယ်ဗျ၊ ဒီတော့ စစ်ဆေးကြည့်ဖို့ ဆိုတာ ဘာမှ မကျန်တော့ဘူး၊ သူ့အစေခံတွေက ပြောတော့ စားတာကလည်း များ၊ အချိုအဆိမ့်တွေကလည်း များလွန်းလို့ အန်တယ် ပြောတာပဲ'

သမားတော် ဂိုဗင်ဒတ်စ် ကိုယ်တိုင်ကလည်း သေချာဟန် မတူ။ သမားတော်သည် သူ့ထင်မြင်ချက်ကို မပြောသည့်တိုင် ကိုယ်တော်လေးကို ပြုစု ကုသသည့် အခါတွင် အဆိပ်မိသူများကို ကုသည့် နည်းအတိုင်း ကုသည်ကို တွေ့ရ၏။

ထိုမုန့်များ မည်သူက ဝယ်သနည်းဟုလည်း အစေခံများကို မေးမြန်းသည်။ တစ်ယောက်ယောက်သည် ကိုယ်တော်လေး ကြိုက်သည့် ဂျုလေဘီကို ဝယ်ကျွေးမိဟန် တူကြောင်း၊ သို့ရာတွင် နေထိုင်မကောင်း ဖြစ်သည့် အခါတွင် ကြောက်သည့် အတွက် ပြောမည် မထင်ကြောင်းဖြင့် နောင်တွင် မူးလ်ရတ်ကို ပြောပြသည်။

'ဒါပေမဲ့ ကိုယ်တော်လေး စားတာကို တစ်ယောက်ယောက်တော့ မြင်ရမှာပေါ့ဗျ၊ သမားတော်ကြီးက ဒါကိုကော မေးမကြည့်ဘူးတဲ့လား'

'မေးပါတယ်၊ ဒါပေမဲ့ သူတို့က ပြောတော့ ဂျုလေဘီကို ကိုယ်တော်လေး ကိုယ်တိုင် ယူလာတာတဲ့၊ သမားတော်ကြီးကလည်း မုန့်ထဲမှာ ပဒိုင်းသီးမှုန့် ပါလိမ့်မယ် ထင်တယ်တဲ့၊ စားတာ သိပ်မများတဲ့ အတွက် ဘာမှ မဖြစ်တာတဲ့၊ ဆီတွေက များလို့ အဆိပ် အာနိသင် လျော့သွားတာတဲ့၊ ခု နေထိုင်မကောင်းတာကတော့ ဆီနှင့် အချိုတွေ စားတာ များလို့ ဖြစ်တာတဲ့၊ ပြီးတော့လည်း အန်လိုက်တော့ တော်တော် သက်သာသွားတယ်တဲ့။

'သမားတော်ကြီးကတော့ သူ့အထင်ပဲ ပြောတာလေ၊ သက်သေ အထောက်အထားတော့ မပြနိုင်ဘူးပေါ့၊ ဒါနှင့် ကျွန်တော်လည်း သမားတော်ကြီးနှင့် တိုင်ပင်ပြီး ကိုယ်တော်လေးကို ဘယ်သူ့ကိုမှ ပြုစုခွင့် မပေးတော့ဘဲ အစ်မတော်များ လက်ကို အပ်ခဲ့တယ်၊ အစ်မတော် ဇူလီဘိုင်ကတော့ အမြော်အမြင် ရှိပါတယ်လေ၊ အစ်မတော်လေး ရှရီလာဘိုင်လည်း လူမမာ ပြုစုဖို့ အလုပ် ရသွားတော့ သူ့စိတ် တိမ်းတိမ်းပွေပွေ ဖြစ်စရာ မရှိတော့ဘူးပေါ့၊ အလုပ် ရသွားတာပေါ့'

အက်ရှ်က

'နေစမ်းပါဦးဗျ၊ သူ့ တဲနန်းမှာ အစောင့် တစ်ယောက် အမြဲ ရှိနေတာပဲ၊ ဘာဖြစ်လို့...'

အက်ရှ်သည် စကားကို မပြောတော့ဘဲ ရပ်လိုက်၏။ အစောင့် နှစ်ယောက် ရှိသည့် သူ့တဲကိုပင် နှစ်ကြိမ် ဝင်ရောက် မွှေနှောက်သွားခဲ့ပြီ မဟုတ်လော။ အက်ရှ်သည် ခေါင်းကို တဗျစ်ဗျစ် မြည်အောင် ကုတ်လိုက်လျက်

'ပထမ အကြိမ် ကိုယ်တော်လေးကို မြင်းပေါ်က ကျအောင် လုပ်တုန်းကလည်း ဒီအကြောင်းကို လူတွေကို အသိပေးသင့်တယ်၊ ဒါမှ ကျွန်တော်တို့ သိတယ် ဆိုတာကို သူတို့ နားလည်ပြီး နောက်ဆုတ်သွားမယ်လို့ ကျွန်တော် ပြောခဲ့တယ်၊ ဒါပေမဲ့ ခင်ဗျားတို့ အသိမပေးခဲ့ဘူး၊ ခုကြည့်၊ နောက်တစ်ကြိမ် ကြိုးစားပြန်ပြီ၊ ဒီတစ်ခါတော့ ပြောသင့်တယ် ထင်တာပဲဗျာ'

မူးလ်ရတ်က လေသံ ပြတ်ပြတ်ဖြင့်

'သခင်လေးကို ကျွန်တော် ပြောခဲ့သားပဲ၊ ဒါပေမဲ့ သခင်လေးက ဘယ်မှာ စိတ်ရောက်နေမှန်းမှ မသိတာ၊ ကျွန်တော် ပြောတာကို ဘယ်ကြားမလဲ'

အက်ရှ်က မည်သို့မျှ မပြော။ ဟုတ်သည်။ ယခုတလောတွင် အက်ရှ်သည် ပင်ပန်း နွမ်းနယ်လျက် ရှိသဖြင့် သူများတွေ ပြောသည့် စကားကို နားထောင်နေဟန် ဆောင်ရသည့်တိုင် နားထဲသို့ မဝင်။ မိမိသည် သူများတွေ ပြောသည့် စကားများကို ဘယ်နှကြိမ်များ နားချော် သွားခဲ့ပြီနည်း။

မူးလ်ရတ်သည် အက်ရှ်ကို ကြည့်ရင်း အက်ရှ် တစ်ယောက် အတော်ကြီး ပိန်ချုံးသွားသည်ကို ပထမဆုံး အကြိမ် သတိပြုလိုက်မိသည်။ အိုစာသွားသည်ဟုလည်း ထင်ရ၏။ ကာကာဂျီမှာ ခပ်စောစော ကတည်းကပင်လျှင် ထိုအချက်ကို သတိ ပြုမိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com


'သခင်လေး စိတ်မကောင်းအောင် ပြောမိပြီ ထင်တယ်ဗျာ၊ ဝမ်းနည်းပါတယ်' ဟု မူးလ်ရတ်က ပြောလိုက်သည်။

'ပြောပါဗျာ၊ ရပါတယ်၊ တောင်းပန်ချင်း တောင်းပန်ရင် ကျွန်တော်က တောင်းပန်ရမှာပါ၊ ကျွန်တော်လည်း တဖြည်းဖြည်း ဂျော့နှင့် တူနေပြီ ထင်ပါရဲ့'

မူးလ်ရတ်က ဧဝေဇဝါဖြင့်

'ဗျာ၊ ဘယ်က ဂျော့လဲဗျ၊ ဂျော့ ဆိုတာ ဘယ်သူလဲ'

'သြော် ကျွန်တော့် အသိ တစ်ယောက်ပါဗျာ သူက သူ့ကိုယ်သူ သနားစရာ ကောင်းအောင် ပြောတတ်တယ်၊ မကောင်းတဲ့ အကျင့် တစ်မျိုးပေါ့ဗျာ၊ ကဲ ကျွန်တော်တို့ ကိုယ်တော်လေး ဂျိုတီ အတွက် ဘာလုပ်ကြမလဲ'



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၂၄

ကိုယ်တော်လေး ဂျိုတီ၏ လုံခြုံရေးကို ဆွေးနွေး တိုင်ပင်ကြသည့် အခါ၌ ယခုလို စောင့်ကြပ်ကြည့်ရှုံထက် သူတို့လည်း ဘာမျှ ပိုမလုပ်နိုင်။

သူ့ကိုလည်း နေရာတကာ လိုက်၍ စောင့်ကြပ်မကြည့်နိုင်။ သူ့ကို စောင့်ကြပ်ကြည့်ဖို့ ဆိုလျှင် ဟော်နန်းစောင့် တပ်မှ လက်ရွေးစင်များကို နေ့ည မပြတ်အစောင့် ချထားရလိမ့်မည်။ တကယ်တမ်း ပြောရလျှင် မူးလ်ရတ်၏ ကိုယ်ရံတော် တပ်ထဲမှာပင်လျှင် စိတ်မချရသည့် လူ ဘယ်နှယောက် ပါဦးမည် မသိ။ နန်ဒူးသည် သူတို့ သခင်၊ သူတို့ အရှင်။ ထို့ကြောင့် သစ္စာရှိချင်ရှိလျှင် မဟာရာဇာ နန်ဒူးကိုသာ သစ္စာ ရှိကြလိမ့်မည်။ နန်ဒူးက အပေးအကမ်း ရက်ရောသည်။ သူ ခိုင်းသည့် ကိစ္စကို အောင်မြင်လျှင် ဆုလာဘ်တွေ အမြောက်အမြား ပေးမည် မုချ။

မူးလ်ရတ်သည် လောကကြီးကို မကောင်း အမြင်ဖြင့် ကြည့်တတ်သူ တစ်ယောက် မဟုတ်သည့်တိုင် လူ့သဘာဝနှင့် ပတ်သက်၍မူ အရှိကို အရှိအတိုင်း ကြည့်တတ်သူ တစ်ယောက် ဖြစ်၏။ သူ့တပ်ထဲက သူတွေ ဘယ်လောက်ပင် ယုံရသည် ဆိုစေ၊ မြိုးမြိုးမြက်မြက် ရကြသည် ဆိုလျှင် တစ်ဖက်လူ ခိုင်းရာကို လုပ်ကြမည်သာ။

ထို့ကြောင့် မူးလ်ရတ်သည် ထိုကိစ္စနှင့် ပတ်သက်၍ မည်သူ့ကိုမျှ မပြောဘဲ ဘုရားတွင် ဆုတောင်းကာ ကိုယ် တတ်နိုင်သမျှ စောင့်ကြပ် ကြည့်ရှုံသာ ရှိတော့သည်ဟု ဆုံးဖြတ်လိုက်၏။

သို့ရာတွင် မူးလ်ရတ် ဆုတောင်း မပြည့်ခဲ့။ ယခု တစ်ဖန် ဒုတိယ အကြိမ် လုပ်ကြံရန် ကြံစည်မှုကို တွေ့ရသည့်အခါ မူးလ်ရတ်သည် အခြေအနေကို သူ့တပ်သားများအား ရှင်းမပြ၍ မဖြစ်တော့။ အချိန်ကြာကြာ လျှို့ဝှက်ထား၍ အကြောင်းမထူးဟု မြင်လာသည်။ ကိုယ်တော်လေးကိုလည်း နောင်တွင် အစားအသောက် စားလျှင် သတိထားရန် ပြောရတော့မည်။

အက်ရှ်သည် တစ်ခါတုန်းက ထိုသို့ စိတ်ကူးရခဲ့သည်။ သို့ရာတွင် ယခုတစ်ကြိမ်မှ အက်ရှ်က ထိုသို့ ထုတ်ဖော် ပြောဆိုခြင်း ပြုရန် သဘောမတူ။ အက်ရှ် မျက်စိထဲတွင် အတိတ်မှ လာလာဂျီ၏ မျက်နှာကို ပြန်၍ မြင်ယောင်လာသောကြောင့် ဖြစ်သည်။

လာလာဂျီသည်လည်း လုပ်ကြံရန် ကြံစည်ခြင်း ခံခဲ့ရသည်။ ထို့ကြောင့် သူ့မှာ အမြဲတမ်း ထိတ်လန့်ကာ မည်းမည်းမြင်လျှင် ကြောက်နေပြီး ဘယ်သူ့ကိုမျှ မယုံရဲအောင် ဖြစ်ခဲ့ရ၏။ သူ့အထိန်းတော်ကြီး ဒွန်မာယားက တဖွဖွ သတိပေးခဲ့သည့်တိုင် ကိုယ်တော်လေး လာလာဂျီသည် လုပ်ကြံမှုဘေးမှ ပြေးမလွတ်ခဲ့။ နောက်ဆုံးတွင် အရှုံးနှင့် မလိုက်အောင် သေဘေးကို ကြောက်နေရသည့် အတွက် လာလာဂျီသည် ထိတ်လန့်ရခြင်း၊ ဒေါသထွက်ရခြင်း၊ နိုင်လိုမင်းထက် ပြုမူခြင်းဖြင့်သာ သူ့စိတ်ကို ဖြေဖျောက်ရသည့် အခြေသို့ ရောက်ခဲ့ရ၏။

ဂျိုတီသည်လည်း သည်အကြောက်မျိုးကို တွေ့ခဲ့ရပြီ။ အက်ရှ် ပထမဆုံး မြင်ခဲ့ရသည့် ညက ကိုယ်တော်လေး ဂျိုတီကို ကြည့်ရသည်မှာ ကြောက်လန့်လျက်။ သူ့နောင်တော် လာလာဂျီလိုပင် ခပ်ဝဝ ဖြူဖွေ့ဖွေ့ဖြင့်။ သူ ကြောက်သည်ကို အက်ရှ် အပြစ် မဆို။ ကိုယ်တော်လေး ဂျိုတီသည် နောင်တော် နန်ဒူး၏ အမိန့်ကို ဖီဆန်ကာ ပြည်နယ်မှ ထွက်ပြေးလာခဲ့ပြီး မင်္ဂလာဆောင်သို့ လိုက်လာခဲ့သည် မဟုတ်လော။

သို့ဖြစ်ရာ ကိုယ်တော်လေး ဂျိုတီသည် အသတ်ခံရမည်ကို မကြောက်သည့်တိုင် သူ့နောင်တော်က ရက်စက်စွာ အပြစ်ပေးမည်ကို ကြောက်နေသည်မှာ ဘာမျှ မဆန်း။ သို့ရာတွင် ယခုကဲ့သို့ လုပ်ကြံခြင်း ခံရမည့် အလားအလာကို ပြောလိုက်လျှင်မူ...။



www.burmeseclassic.com

www.burmeseclassic.com



'မလုပ်နှင့်ဗျာ၊ မပြောတာဘဲ ကောင်းပါတယ်၊ ကလေး တစ်ယောက်ကို ကျွန်တော်တို့ ဖွင့်ပြောလိုက်ရင် ရက်စက်ရာ ရောက်ပါတယ်၊ စခန်းထဲမှာ သူ့ကို သတ်ဖို့ ကြံစည်နေတဲ့လူ ရှိနေတယ် ဆိုတာ သူ သိသွားရင် ဘယ်လောက် တုန်လှုပ် ချောက်ချားသွားမလဲ၊ ခု ကိစ္စက သူ့အသက်ကို နှစ်ကြိမ်တိုင်တိုင် ကြံစည်ပြီးပြီ၊ နောင်လည်း ကြံစည်ဦးမယ်လို့ ပြောလိုက်ရင် ကိုယ်တော်လေး ဘယ်လို နေမလဲ၊ ဘယ်သူ့ကိုမှလည်း မယုံရဲ၊ ဘာကိုမှလည်း မစားရဲ မသောက်ရဲနှင့် တော်တော် ဒုက္ခ ရောက်ရှာမှာ၊ အိပ်တာတောင် ဖြောင့်ဖြောင့် အိပ်နိုင်မှာ မဟုတ်ဘူး၊ ကလေး တစ်ယောက်ကို ဒီစကားကြီး ထုတ်ပြောရတာ မကောင်းပါဘူး'

'ဒါပေမဲ့ ကာကာဂျီနှင့် အစ်မတော်တွေကိုတော့ ပြောရင် ကောင်းမယ် ထင်တယ်၊ သူတို့ကို ပြောလိုက်ရင် ကိုယ်တော်လေး အစာ မစားမီ တစ်ယောက်ယောက်ကို အမြည်း ခိုင်းကြည့်တာတို့ ဘာတို့ လုပ်နိုင်တာပေါ့၊ ပြီးတော့ သမားတော်ကြီးကိုလည်း အချို အဆိမ့်တွေ စားခွင့် မပေးဖို့ ပြောကြည့်တာပေါ့၊ ဥပမာ ကိုယ်တော်လေး စားတဲ့ အစားအသောက်တွေက ပုပ်သိုးနေချင် နေမယ်၊ ထောပတ် အညှီစားတွေနှင့် ကြော်ထားတာ ဖြစ်ချင် ဖြစ်နေမယ်၊ ဒီတော့ သမားတော်ကြီးရော၊ ရာဇကုမ္မာရီတွေရော၊ ကာကာဂျီရော အားလုံး စောင့်ကြည့်မယ်ဆိုရင် တော်တော်တန်တန်တော့ စိတ်ချရလိမ့်မယ် ထင်ပါရဲ'

မူးလ်ရတ်က မျက်မှောင်ကုတ်ကာ ကလေးကို သနား၍ မပြောလိုလျှင် ကာကာဂျီနှင့် ရှရီလာတို့ကို လည်း မပြောသင့်ကြောင်း၊ အထူးသဖြင့် ရှရီလာကို မပြောသင့်ကြောင်း၊ ရှရီလာမှာ လျှို့ဝှက် မထားတတ်ကြောင်း၊ ရှရီလာသာ သိသွားလျှင် လန့်ဖျပ်ကာ တစ်နာရီ အတွင်း စခန်း တစ်ခုလုံးကို မောင်းထု ကြေညာသလို ဖြစ်နိုင်ကြောင်း၊ ကာကာဂျီ ဆိုလျှင်လည်း အသက်ကြီးပြီ ဖြစ်သည့် အလျောက် ထိုကိစ္စမျိုးကို မပြောသင့်ကြောင်း၊ ထို့ပြင် စကားကလည်း အလွန် ဖွာကြောင်း၊ ထို့ကြောင့် အသိ ပေးချင်း ပေးလျှင် ဇူလီဘိုင် တစ်ယောက်သာ အသိ ပေးသင့်ကြောင်း...။

မူးလ်ရတ်က

'ကိုယ်တော်လေးဟာ အစ်မတော် ဇူလီကို တော်တော် ချစ်တယ်၊ ဇူလီဘိုင်ကလည်း သူ့မောင်တော်လေးကို ချစ်တယ်၊ ပြီးတော့ ဇူလီဘိုင်က စဉ်းစဉ်းစားစား ဆင်ဆင်ခြင်ခြင် လုပ်တတ်တဲ့ မိန်းကလေး တစ်ယောက်၊ တော်တော်တန်တန် အန္တရာယ်ကို တွေ့ရင်တောင် ခေါင်း အေးအေးနှင့် စဉ်းစားနိုင်တယ်၊ ဒီပြင်ဟာ မကြည့်နှင့်၊ မြစ်ထဲမှာ လှည်းမှောက်ပြီး ရေနစ်တဲ့ ညက ကြည့်ပါလား၊ ဇူလီဘိုင်က အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်နှင့် ရင်ဆိုင်ပြီး ညီမတော်ကို အရင် ကယ်တာကို ခွင့်ပြုခဲ့တယ် မဟုတ်လား။

'ခု ကိုယ်တော်လေးကိုလည်း သူ ဒီအတိုင်းပဲ စောင့်ရှောက်မှာပါ၊ မိန်းကလေး တစ်ယောက်ကို ဒီတာဝန်ကြီး ပေးရတာ မျှတော့ မမျှဘူးပေါ့၊ ဒါပေမဲ့ မတတ်နိုင်ဘူးလေ၊ ဒီအချိန်မှာ သူ့အကူအညီကို တောင်းရတော့မှာပဲ၊ ကျွန်တော် မြင်သလောက် ပြောရရင်တော့ ဒီကိစ္စမှာ အကူအညီ အကောင်းဆုံး ပေးနိုင်သူဟာ ဇူလီဘိုင်ပဲ ရှိတော့တယ် ခင်ဗျ၊ အကူအညီ မရဘူး ဆိုတောင် အနည်းဆုံး စိတ်ချရတယ်ဗျာ၊ သူ့ကို ဆိုရင် ဘာကိုဖြစ်ဖြစ် စိတ်ချလက်ချ ပြောလို့ ရတယ်'

ဟုတ်သည်။ ဇူလီသည် စိတ်ချရသည့် မိန်းကလေး တစ်ယောက်။ ဤသည်ကို အက်ရှ် ထောက်ခံသည်။ ဇူလီသည် သူ့အဖေတူ အမေကွဲ မောင်တော်လေးကို အတတ်နိုင်ဆုံး ကာကွယ်မည် မုချ။ အရေးကြုံလာလျှင် တည်တည်ငြိမ်ငြိမ်ဖြင့် အန္တရာယ်ကို ရင်ဆိုင်နိုင်မည် အမှန်။ အကူအညီ တောင်းစရာ ဆို၍ သူ တစ်ယောက်သာ ရှိသည်။ မောင်တော်လေး ဂျိုတီ၏ အသက်ကို လုပ်ကြံသည့် ကိစ္စကို သူ့ကိုမှ မပြောလျှင် သူတို့အမှား ဖြစ်လိမ့်မည်။ အက်ရှ် ကိုယ်တိုင်ကလည်း ပြောဖို့ ရည်ရွယ်ရင်း ရှိသည်။ သို့ရာတွင် ယခုအချိန် အထိ မပြော ဖြစ်သေး။ ဘာကြောင့် မပြောဖြစ်ခဲ့သည်ကိုမူ အကြောင်း ရှာမရ။

'ဒါပေမဲ့ ခက်တာက ဇူလီဘိုင်က တစ်ယောက် တည်းနေတာ မဟုတ်ဘူးဗျ၊ ညီမတော်နှင့် အမြဲလိုလို ရှိနေတော့ သူနှင့် နှစ်ယောက်ချင်း ဘယ့်နှယ်လုပ်ပြီး ပြောမလဲ'

'အံမယ်လေး၊ ကျွန်တော်တော့ မပြောဘူး ခင်ဗျ သခင်လေး သွားပြောချေ၊ ကျွန်တော် သူ့သွား ပြောရင် မသွားစဖူး သွားတဲ့ အတွက် လူတွေက အထူးအဆန်း ဖြစ်ကုန်ကြမှာ၊ သခင်လေးက ဇူလီဘိုင်နှင့် မြင်းစီးထွက် ရင် ရေ့က ထွက်နေကျ၊ ခု သခင်လေးနှင့် ရာဇကုမ္မာရီ ဇူလီဘိုင်တို့ နှစ်ယောက်တည်း မြင်းစီးထွက်ကြရင် သူကမှ ဘာမှ ထင်မှာလည်း မဟုတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com


သို့ဖြင့် နောက်တစ်နေ့ ညနေတွင် အက်ရှ်သည် ဇူလီနှင့် အတူ မြင်းစီး ထွက်ဖြစ်ခဲ့ကြသည်။

အမှန်အားဖြင့် အက်ရှ်သည် ဇူလီနှင့် မနေ့ညက တွေ့ခဲ့ကြပြီးပြီ။ မူးလ်ရတ်နှင့် တိုင်ပင်ပြီးသည့် နောက်တွင် အက်ရှ်သည် ကိုယ်တော်လေး နေထိုင် မကောင်းသည်ကို ကြည့်ရှုခွင့်တောင်းခဲ့သည်။

ကိုယ်တော်လေး ခေတ္တ နေထိုင်ရာ အစ်မတော် နှစ်ဦး၏ တဲနန်းတွင် လူတွေ ပြည့်ကျပ်လျက် ရှိ၏။ အရှေ့တိုင်းတွင် လူမမာကို တစ်ယောက်တည်း တိတ်ဆိတ်စွာ ခွဲခြားထားရလေ့ မရှိကြ။ အစ်မတော်များနှင့် အခြွေအရံများ အပြင် တဲနန်းထဲတွင် ကာကာဂျီနှင့် မူးလ်ရတ်တို့ ရောက်နေသည်ကိုလည်း တွေ့ရ၏။

ကိုယ်တော်လေး ဂျိုတီမှာ သူ ထင်သည်ထက်ပင် အခြေအနေ ကောင်းနေလေပြီ။ သို့ရာတွင် သူ နှုတ်ဆက်ပုံက အက်ရှ်ကို မကျေနပ်သည့် လေသံ။ စောစောက သူ့ထံ လူမမာမေး မလာသည့် အတွက် စိတ်ဆိုးနေဟန် ရှိသည်။

အက်ရှ်က သူ မလာရောက်နိုင်ခြင်းမှာ သမားတော်ကြီး ဂိုဗင်ဒတ်စ်က တားမြစ်ထားသောကြောင့် ဖြစ်ကြောင်း ပြောပြသည်တွင်မှ ကိုယ်တော်လေး ဂျိုတီသည် ကျေနပ်သွားဟန် ရှိ၏။

အက်ရှ်သည် ဇူလီနှင့်ပင် ကောင်းကောင်း စကားမပြောခဲ့ရ။ ဇူလီကို ကြည့်ရသည်မှာလည်း ဖျော့တော့နွမ်းနယ်နေဟန် ရှိသည်။ သူ့ အကြည့်ကလည်း ကိုယ်တော်လေး ဂျိုတီလို သူ့ကို မကျေနပ်သည့်ဟန်။ အက်ရှ်သည် စိတ်မကောင်း ဖြစ်သွား၏။

အက်ရှ်သည် သူ့ကို နောက်ထပ် မကြည့်တော့။ ကြည့်မိ၍ မျက်လုံးချင်း ဆုံမိလျှင် လူတွေ ရှေ့မှာပင် သူ့ကို ချစ်မိကြောင်း၊ ထို့ကြောင့် သူ ဒုက္ခရောက်မည် စိုးသည့် အတွက် မလာခြင်း ဖြစ်ကြောင်း ရှင်းချက်ထုတ်မိလိမ့်မည် ထင်သည်။

သို့ဖြင့် အက်ရှ်က ရှရီလာကို လှည့်၍ စကားပြောလျက် ရှိရာ နောက်ဆုံးတွင် မည်သူ စကားစလိုက်မှန်း မသိ၊ မနက်ဖြန် ညနေတွင် မြင်းစီးထွက်ကြမည်ဟု ပြောဆိုနေကြသည်ကိုသာ သိလိုက်တော့သည်။ သူကလည်း လိုက်မည်ဟု ကတိပေးလိုက်မိသည်။ တဲနန်းထဲမှ ထွက်၍ ကိုယ့်တဲသို့ ပြန်လာသည့် အခါတွင်မှ ကတိပေးမိသည်ကို နောင်တရနေသည်။

'အေးလေ၊ ငါ မြင်းစီးလိုက်တာဟာ ကိုယ်တော်လေး ဂျိုတီ အတွက် လိုက်တာပဲ၊ ကိုယ်တော်လေး ကိစ္စမှာ ဇူလီ ကူညီနိုင်တာတွေ အများကြီး ရှိတယ်၊ ကိုယ်တော်လေး ကိစ္စ ဇူလီကို ပြောမှ ဖြစ်မယ်၊ ဇူလီကို ပြောနိုင်မယ့် လူက ငါ တစ်ယောက်တည်း ရှိတာ ဘယ်တတ်နိုင်ပါတော့မလဲ'

သို့ရာတွင် ဇူလီ ကူညီနိုင်သည် ဆိုသည့်တိုင် အချိန် အကန့်အသတ် ရှိသေးသည်။ မကြာမီပင် သူတို့ တစ်တွေ ဘီသောသို့ ရောက်ကြတော့မည်။ မင်္ဂလာ အခမ်းအနား ပြုလုပ်ကြတော့မည်။ ထို့နောက်တွင်မူ သူလည်း ပြန်ရတော့မည်။ ထိုအခါတွင် ကိုယ်တော်လေး ဂျိုတီကို သူလည်း ကာကွယ်နိုင်မည် မဟုတ်တော့။ ထို့ကြောင့် ရသည့် အချိန် တိုတိုကလေးတွင် သူ့မောင်တော်လေးကို မည်သို့မည်ပုံ ကာကွယ်ရမည် ဆိုသည်နှင့် ပတ်သက်၍လည်း များများစားစား ပြောစရာ မရှိတော့။

'အမှန်ကတော့ ငါ စောစောကတည်းက ပြောခဲ့ဖို့ ကောင်းတာ' ဟု အက်ရှ် တွေးသည်။ သို့ရာတွင် သူ မပြောဖြစ်ခဲ့။ ယခုမှ ပြော၍ကော ဘာထူးဦးမည်နည်း။ နောက်ကျခဲ့ပြီ မဟုတ်လော။ သို့ဖြစ်လျှင် သူလည်း မပြောချင်တော့။ မြင်းစီးလည်း မလိုက်တော့ဟု အကြောင်းကြားလိုက်ရတော့မည်လော။

စင်စစ် သူသည် ဇူလီနှင့် တွေ့ဖို့ မကောင်းတော့။ တွေ့ခြင်းအားဖြင့် နှစ်ယောက်စလုံး အခြေအနေ ဆိုးသွားနိုင်သည်။ သူ မသွားတော့။

သို့ရာတွင် သူ မသွားဘဲ မနေနိုင်။ ဇူလီကို သူ တွေ့ချင် မြင်ချင်သည်။ ဇူလီနှင့် စကားပြောချင်သည်။ သည်အကြိမ်သည် သူနှင့် ဇူလီတို့ နောက်ဆုံး အကြိမ် တွေ့ခြင်း၊ နောက်ဆုံး အကြိမ် စကားပြောရခြင်း ဖြစ်မည်လော မဆိုနိုင်။ ဟုတ်သည်။ သည်အကြိမ်သည် နောက်ဆုံး ဖြစ်နိုင်သည်။

ထိုနေ့ညတွင် အက်ရှ်သည် ခေါင်းအုံးပေါ်သို့ ခေါင်းချလိုက်သည်နှင့် တစ်ပြိုင်နက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားကာ နောက်တစ်နေ့ မနက်တွင် ရှင်လန်းစွာ အိပ်ရာမှ နိုးလာသည်။ အနာဂတ်သည် ယခုတိုင် မှုန်မှိုင်း ရီဝေလျက် ရှိသည့်တိုင် သူ့ကို လွှမ်းခြုံထားသည့် စိတ်ပူပန် အားငယ်ခြင်း မြူမှောင်ကြီးကမူ ပျောက်ကွယ်သွားပြီ။ ဘဝသည် စောစောကလောက် စိတ်ပျက် ညစ်ညူးဖွယ် မကောင်းတော့။

ရာသီဥတုပင်လျှင် ပို၍ သာယာလာသည် ထင်ရ၏။ နေမြင့်လာသည့်တိုင် ခါတိုင်းလို လေပူကြီး



www.burmeseclassic.com

www.burmeseclassic.com


မတိုက်တော့။ ကိုင်းပင်တွေက တရှဲရှဲ မမြည်တော့။ လေပွေတွေ မထတော့။ လေပွကြီး အတိုက် ရပ်သွားခြင်းသည် နားငြီးစရာ ဗုံသံ တစ်ခု ချက်ချင်း ရပ်သွားသည့်နှယ် စိတ်သက်သာရာ ရစေသည်။

အရိပ်အာဝါသ ကောင်း၊ ရေကောင်းသည့် နေရာမျိုးတွင် သုံးလေးရက်တန်သည် စခန်းချသည့် အတွင်း လေပွကြီး အတိုက် ရပ်သွားသည့် အတွက် စခန်း တစ်ခုလုံးလည်း ဝမ်းသာနေကြသည်။ လေအတိုက် ရပ်သွားသည့် အတွက် စောစောက ပျောက်ကွယ်နေကြသည့် ယင်တွေ ပြန်၍ ပေါလာသည့်တိုင် ထိုမျှလောက်ကိုမူ သူတို့ မမှု။

ညနေ တော်တော် မိုးချုပ်သည့် အခါတွင်မူ မြစ်ဘက်မှ လေပြည်ကလေး တိုက်စပြုလာသည်။ 'ကွင်းပြင်ထဲမှာ ဆိုရင်တော့ တော်တော် အေးမှာဗျ' ဟု ကာကာဂျီက ပြော၏။

သို့ရာတွင် ထင်သလောက် မဟုတ်လှ။ သစ်ပင်များနှင့် လယ်ကွင်းများ ရှိသည့်တိုင် တစ်ဖက်တွင် ရှိသည့် ကွင်းပြင်ကြီးမှာ ခြောက်သွေ့၍ ကျောက်ဆောင် ထူထပ်သည့် ကွင်းပြင်ကြီး ဖြစ်သည်။ ထိုကွင်းပြင်ကြီးကို ကာရံထားသည့် တောင်နိမ့်နိမ့်ကလေးများမှလည်း တစ်နေကုန် အပူကို စုပ်ထားသည့် အတွက် မီးဖိုပေါ်မှ ချကာစ ဒယ်အိုးကြီးလို တရှိန်ရှိန် ပူနေသည်။

ကွင်းပြင်ကြီးကို ဖြတ်ကာ တောင်တန်းနိမ့်နိမ့်များ ဘက်သို့ စီးလာကြသည့် သူတို့ မြင်းစီး တစ်သိုက် အဖို့သော်မူ အေးမြသည့် အရိပ်ထဲမှ မီးဖိုကြီး တစ်ဖိုဆီသို့ စီးလာရသည့်နှယ်။ မြင်းများနှင့် ရာဇကုမ္မာရီများ အပြန်တွင် စီးရန် လိုက်လာသည့် လှည်းယဉ်များမှ နွားများသည်ပင်လျှင် လေးကန်ကန် ဖြစ်နေကြသည်။

တစ်ခါတစ်ရံ၌ ကွင်းပြင် အလယ်ကောင်တွင် လေပွေကြီး တိုက်လိုက်သဖြင့် သဲများ ရွက်ခြောက်များသည် အပေါ်သို့ ပျံတက်သွားကြ၏။ လေပွေကြီးသည် ဂျင်ကြီး တစ်လုံးနှယ် ကွင်းလယ်တွင် ဇော့ပတ် တိုက်ခတ်ကာ ကျောက်ဆောင်တွေ ကျောက်တုံးတွေ ကြားတွင် ဝင်ရောက် ပျောက်ကွယ်သွားတတ်သည်။ ထိုလေပွေများမှ လွဲလျှင် ကွင်းပြင်ကြီးသည် တိတ်ဆိတ် ငြိမ်သက်လျက်။

သူတို့ မြင်းစီးရာတွင် တာထွက်မည့် နေရာမှာ စခန်းနှင့် တစ်မိုင်လောက် ဝေးသည်။ ထိုနေရာကို မူးလ်ရတ် ရွေးခဲ့ခြင်း ဖြစ်၏။ မူးလ်ရတ်သည် မနက် အရဏ်တက်တွင် သူ့တပ်သား အချို့နှင့် မုဆိုး တစ်ယောက်ကို ခေါ်၍ ထိုနေရာကို ရွေးခဲ့ခြင်း ဖြစ်သည်။ ထိုနေရာမှာ ရွာနှင့်လည်း ဝေး၊ စခန်းနှင့်လည်း လှမ်းရုံမျှမက သမင်များ ပေါသည့် အတွက် တောပစ်ရန်လည်း ကောင်းသည်။

တစ်ခါက တောင်များပေါ်တွင် ရွာကလေးများ ရှိခဲ့သော်လည်း မြစ်ကြောင်း ပြောင်းကာ ရေရှားသွားသည့် အတွက် တောင်ပေါ်ရွာများလည်း ရွှေ့ပြောင်းကုန်ကြပြီ ဖြစ်ကြောင်း၊ ထိုနေရာသို့ တောပစ်သူများမှ အပ မည်သူမျှ လာလေ့ မရှိကြောင်း၊ ယခုအချိန်တွင် ညနေ အတော် စောင်းသွားပြီ ဖြစ်၍ တောပစ်၍ မကောင်းတော့ ကြောင်း၊ သမင်များမှာ မြစ်သို့ ရေသောက်ဆင်းသွား ကြပြီ ဖြစ်ကြောင်းဖြင့် မုဆိုးက ပြောပြသည်။

ဇူလီနှင့် ညီမတော် ရှုရှီလာတို့သည် အခြွေအရံ တစ်ယောက်နှင့် အတူ စခန်းမှ လှည်းယဉ်ဖြင့် ထွက်လာ ခဲ့ကြ၏။ သူတို့စီးမည့် မြင်းများကိုမူ အသက်ကြီးကြီး မြင်းထိန်း တစ်ယောက်နှင့် ကိုယ်ရံတော်တပ်မှ အသက် ကြီးကြီး အစောင့် နှစ်ယောက်တို့က နောက်မှ ဆွဲလာခဲ့ ကြသည်။

အက်ရှ်၊ ကာကာဂျီနှင့် မူးလ်ရတ်တို့က ရှေ့မှ စီးလာခဲ့ကြသည်။ ဂျူတီမှာမူ သူ နေကောင်းပြီ ဖြစ်သဖြင့် လိုက်မည်ဟု တပူစာစာ လုပ်သည့်တိုင် ထားပစ်ခဲ့ကြ၏။ သို့ရာတွင် သမားတော် ဂိုဗင်ဒတ်စ်က ရောင်စုံ[illegible] ကလေးများဖြင့် ကစားစရာ တစ်မျိုးကို ထွင်ပေးသဖြင့် နောက်ဆုံးတွင် ပူဆာခြင်း မပြုတော့ဘဲ နေရစ်ခဲ့သည် တွင် ဇူလီနှင့် ရှုရှီလာတို့ နှစ်ယောက်သာလျှင် လိုက် လာခဲ့ကြခြင်း ဖြစ်သည်။

ရာဇကုမ္မာရီ နှစ်ဦးတို့ စီးနင်း လိုက်လာသည့် လှည်းယဉ်သည် ဘေးတွင် တောင်တန်းများ စက်ဝိုင်း ခြမ်း သဏ္ဍာန် ကာထားသည့် မိုင်ဝက်ခန့် ကွင်းပြင်ကြီး ထဲရှိ ကျောက်ဆောင်ကြီး တစ်ခု အနီးတွင် ရပ်လိုက် သည်။ သူတို့ နှစ်ယောက် ဆင်းသည့် အခါတွင် မြင်း ထိန်းနှင့် အစောင့်များသည် တစ်ဖက်သို့ မျက်နှာ [illegible] နေကြသည်။

မကြာမီ သူတို့ အသိုက်သည် မြင်းကိုယ်စီဖြင့် ညီညာသည့် လွင်ပြင် တစ်လျှောက်တွင် စီးလာခဲ့ကြ ၏။ ရှုရှီလာသည် ဂျူတီ မပါသည့် အတွက် ပျင်းပျင်း[illegible] တိုင်း သူ့ကို ခေါ်၍ စကား ပြောတော့မည်ဟု တွေး[illegible] အက်ရှ်သည် စိုးရိမ်လျက် ရှိရာ ယခုမူ ကာကာဂျီ [illegible]


www.burmeseclassic.com

www.burmeseclassic.com



ရှီလာနှင့် နောက်ပြောင် ပြောဆိုလာသည့် အတွက် အက်ရှ် သက်သာရာ ရသွားသည်။

ကာကာဂျီသည် ရှုရှီလာအားမှ မြင်းစီး၍ လိုက်ပါလာကာ ရှုရှီလာ မြင်းစီး ပိုကောင်းလာသည့် အကြောင်း၊ စခန်းတွင် ဖြစ်ပျက်နေသည့် အကြောင်းများကို နောက်ပြောင် ပြောဆိုလာသည်။ မူးလ်ရတ်ကမူ သူ့ထုံးစံအတိုင်း သူတို့၏အနားမှ လိုက်လာ၏။

ဤတွင် အက်ရှ်နှင့် ဇူလီတို့ နှစ်ယောက် ရှေ့မှ ထွက်၍ မြင်းစီးခွင့် ရသွားကြသည်။ သို့ရာတွင် ဂျိုတီ အကြောင်းကို မပြောဖြစ်။ သူတို့ ရေ့နားသို့ ရောက်၍ မကြာမီမှာပင် ဇူလီက စ၍ စကား ပြောသဖြင့် ထို အကြောင်းကို တော်တော်နှင့် မပြောဖြစ်တော့။

'ခုတလောမှာ ဘာဖြစ်လို့ ဇူလီကို ရှောင်နေတာလဲ အစ်ကို၊ အလုပ်လည်း ဒီလောက် မများပါဘူး၊ ဂီတာကို လွတ်ပြီး အကြည့်ခိုင်းတော့လည်း အစ်ကို နေကောင်းတယ်တဲ့၊ အကြောင်းတော့ တစ်ခုခု ရှိရမယ်၊ ဘာဖြစ်လို့လဲ ဟင်'

အက်ရှ်သည် မည်သို့ ဖြေရမည် မသိဘဲ အတန်ကြာ စဉ်းစားနေသည်။ ဇူလီသည် စကားကို မည်သည့်အခါမှ သွယ်ဝိုက် ပြောလေ့ မရှိ။ ထို့ကြောင့် အလွယ်တကူ ပေးနိုင်သည့် အဖြေကို သူ စဉ်းစားခဲ့ဖို့ ကောင်းသည်။ သို့ရာတွင် ယခု စဉ်းစား၍ မရသေး။ အမှန်ကိုလည်း ပြော၍ မဖြစ်။

အက်ရှ်သည် အမှန်ကို ပြောလိုက်မည် ပြုပြီးမှ လက်သီးကို ဆုပ်၍ အံကို ကြိတ်ကာ မနည်းကြီး ချုပ်တည်းထားလိုက်ရသည်။ ဇူလီသည် သူ့အခြေအနေကို သတိ ပြုလိုက်မိပုံ ရ၏။ သူ့နဖူးပြင်ပေါ်တွင် အတွန့်ကလေး ပေါ်လာသည်။ သည်မျက်မှောင်ကလေးကို ပြေသွားအောင် သူ လုပ်ချင်သည်။ ဇူလီ စိတ်ညစ်နေသည်ကို သူ မကြည့်နိုင်။ မကြည့်ရက်။

ယနေ့ မျက်မှောင် တွန့်နေသည်ကိုမှ ပို၍ပင် မကြည့်ရက်။ ဇူလီကို ချစ်နေမိပြီ ဖြစ်ကြောင်း သူ ဖွင့်ပြောလိုက်ချင်သည်။ သို့ရာတွင် သူ့တွင် ပြောနိုင်သည့် အခြေအနေ မရှိ။

ထို့ကြောင့် အက်ရှ်သည် စိတ်တိုလာကာ သူ့တွင် အလုပ်တွေ တစ်ပုံကြီး ရှိကြောင်း၊ ဒါဘာ တဲထဲသို့ လာ၍ အလကား ထိုင်ပြီး အချိန်ကုန်ခံ စကား ပြောမနေနိုင်ကြောင်း၊ ကိုယ်တော်လေး ဂျိုတီကို လုပ်ကြံရန် ကြံစည်မှု နှစ်ကြိမ် ဖြစ်ခဲ့ကြောင်း၊ တစ်ကြိမ်မှာ အဆိပ်ခတ်ရန် ကြံစည်ခြင်း ဖြစ်ကြောင်း၊ ဤသည်တို့ကို ဇူလီ ဘာမျှ မသိကြောင်းဖြင့် စိတ်ဆိုးမာန်ဆိုးဖြင့် ပြောလိုက်သည်။

စင်စစ် သည်သတင်းကို ဇူလီအား ထိုသို့ ဖြန်းစားကြီး ပြောရန် မရည်ရွယ်ခဲ့။ ဇူလီ၏ မျက်နှာသည် သူ့စကားကြောင့် ဖြူဖပ်ဖြူရော် ဖြစ်သွား၏။ ထိုအခါကျမှ အက်ရှ် စိတ်မကောင်း ဖြစ်သွားသည်။ သို့ရာတွင် ယခုမူ ပြောလိုက်ပြီးပြီ။ နုတ်၍ မရတော့။ ထို့ကြောင့် အဖြစ်အပျက် အသေးစိတ်ကို မခြွင်းမချန် ပြောပြလိုက်သည်။

'တကယ်တော့ ပထမအကြိမ်တုန်း ကတည်းက ဇူလီကို ပြောခဲ့ဖို့ ကောင်းတယ်၊ ခုမှတော့ ဇူလီလည်း ဘာတတ်နိုင်တော့မှာလဲ၊ ဇူလီလည်း ဘိသောကို မကြာခင် ရောက်တော့မှာ'

ဟုတ်သည်။ အက်ရှ်လည်း ထိုအတိုင်းပင် တွေးမိသည်။ သို့ရာတွင် မိမိနှင့် မူးလ်ရတ်တို့သည် ထိုအချက်ကို မတွေးမိခဲ့။ ဇူလီကမူ ချက်ချင်း မြင်လိုက်လေပြီ။ ဇူလီ၏ နဖူးပြင်ပေါ်မှ မျက်မှောင်သည် ပို၍ နက်ရှိုင်းသွား၏။ မျက်နှာမှာလည်း ပို၍ ဖြူရော်သွားသည်။ အိပ်ရေးပျက်ထားသည့် ပမာ ဇူလီ၏ မျက်ကွင်းများ ညိုနေသည်ကို သူ ယခုမှပင် သတိပြုမိတော့သည်။

'ဝမ်းနည်းပါတယ် ဇူလီ'

ပြောမည့်သာ ပြောရသည်။ သည်အခြေအနေမျိုးတွင် သည်စကားသည် ဘာအဓိပ္ပာယ်မျှ မရှိ။ လက်ဖက်ရည် ဖိတ်ကျသည့် အခါ၊ တံခါး အထွက်တွင် မတော်တဆ လူချင်း ဝင်တိုက်မိသည့် အခါမျိုးတွင် ပြောသည့် သာမန် ဝတ်ကျေတမ်းကျေ စကားထက် ဘာမျှ မပို။ သို့ရာတွင် ထိုထက်လည်း ဘာမျှ ပိုမပြောနိုင်။ ပြောစရာ စကားလုံးလည်း ရှာမရ။ ဟုတ်သည်။ တကယ် ဝမ်းနည်းသည်။

ဂျိုတီ အကြောင်း မပြောမိသည်ထက် တခြား ပြောစရာ စကားများကို မပြောရသည့် အတွက် စိတ်ထဲတွင် တကယ် ဝမ်းနည်းလာ၍ ထိုစကားများကို ပြောလိုက်ခြင်း ဖြစ်သည်။ အထူးသဖြင့် သူ့ကို ငါးရုပ်ထက်ပိုင်းကျိုးကလေး ပြန်ပေးလိုက်မိသည့် အတွက် ပို၍ ဝမ်းနည်းသည်။ ထိုငါးရုပ် ထက်ပိုင်းကျိုးကလေးကိုသာ မပေးမိခဲ့လျှင်...။

နောက်မှ ရှုရှီလာ၏ ရယ်သံသဲ့သဲ့ကို ကြားလိုက်ရသည်။ မြန်မြန် မစီးလျှင် နောက်မှ တစ်သိုက်သည်



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို မီလာတော့မည်။ သူတို့နှစ်ယောက်မှာ စကား ပြောလာကြသဖြင့် နှေးနေသည်။

'ကဲ စီးကြဦးစို့'

သူတို့ နှစ်ယောက်သည် မြင်းများကို ခပ်သော့ သော့ စီးလာခဲ့ကြသည်။ တောင်စောင်းများမှာ ကျောက် ဆောင် ကမ်းပါးကြီးတွေ ဖြစ်နေပြီး အနီ့ နေရာများ တွင် ဂူကြီးများကို တွေ့ရ၏။ ဂူထဲတွင် မီးဖိုထားသည့် အရာများ၊ နွားချေးပုံများ၊ နွားချေးပိုးများကို တွေ့ရသည့် အတွက် တစ်ခါက လူသူ ကျွဲနွားများ စခန်း ချထား ကြောင်း ထင်ရှားလေပြီ။ သို့ရာတွင် လောလောဆယ် တွင်မူ လူသူ မှီတင်း နေထိုင်ဟန် မရှိ။

နောက်မှ လူများမှာ ပြတ်ကျန်ရစ်ခဲ့လေပြီ။

အက်ရှ်သည် တောင်ကမ်းပါးယံကြီးများ ကြားက လွင်ပြင်ကလေးသို့ အရောက်တွင် ဇက်ကို ဆွဲလိုက် သဖြင့် နှစ်ယောက်စလုံး မြင်းကို ဖြည်းညင်းစွာ စီးကာ စကား ပြောလာကြပြန်သည်။ သူတို့ အနီးတွင် မည်သူမျှ မရှိသည့်တိုင် အက်ရှ် စကား မဆက်မိ။ ဇူလီကလည်း ဘာမျှ မပြော။

တောင်စွယ်ရိပ်မှာ တောင်ကြားထဲသို့ သုံးပုံနှစ်ပုံ ခန့် ထိုးကျလျက် ရှိပြီး သူတို့နှင့် နီးသည့် အပိုင်းတွင်မူ ညနေခင်း နေခြည်များသည် တောက်ပ ဖြာကျလျက် ရှိ၏။ တောင်ကြားထဲတွင် လွင်ပြင်ထက် ပို၍ လေပြင်း နေသည်။ လေပြင်း တိုက်နေသဖြင့် သူတို့ကိုယ်တွင် စို ရွှဲ နေသည့် ချွေးများပင် ခြောက်သွားကြလေပြီ။

ရှေ့တွင် ကောင်းကင်သည် ညနေ ဆည်းဆာ၏ ပြာရီရောင်သန်းစ ပြုလာကာ တောင်ကုန်းကြီးများမှာ လည်း ခြံသေ့ လည်ဆံရောင် ညိုမှိုင်းမှိုင်း မဟုတ်တော့။ နေရောင် ဖြာကျနေသဖြင့် ဆီးသီးရောင်၊ နှင်းဆီရောင် ပြေပြေ သန်းနေသည်။ နေရောင် ဖြာကျခြင်း မရှိသည့် တောင်အောက်ခြေတွင်မူ မရန်းရောင် မှိုင်းပြာ ညိုမှောင် လျက်။ သို့ရာတွင် အက်ရှ်သည် ထိုသဘာဝ အလှအပ များကို သတိ မမူမိ။

အက်ရှ်သည် ဇူလီကို စိုက်ကြည့်နေသည်။ နောက် ရက်အနည်းငယ် အတွင်းတွင်သာ ဇူလီကို မြင်ရတော့ မည်။ လက်ထပ် မင်္ဂလာပွဲတွင် နောက်ဆုံး မြင်ရတော့ မည်။ ထို့နောက် ဇူလီကို သူ မြင်ရတော့မည် မဟုတ်။ သူနှင့် ဘယ်တော့မှ နှစ်ယောက်တည်း တွေ့ရတော့မည် မဟုတ်။ ဘယ်တော့မျှ အားရပါးရ ဝအောင် ကြည့်ရ တော့မည် မဟုတ်။

ဇူလီသည် ခါတိုင်းလိုပင် ယောကျ်ားဝတ် မြင်း စီး ဝတ်စုံကို ဝတ်ထားသည်။ မြင်းစီး ဘောင်းဘီ၊ မြင်း စီး ကိုယ်ကျပ်အင်္ကျီ၊ ဆံပင်ကို တစ်ပိုင်းတစ်စ အုပ်ထား သည့် ချည်ခေါင်းစည်း။ ထိုအောက်မှ မဟာနဖူးကလေး က ရှင်းလျက်။ ယောကျ်ားလေးများ ပေါင်းသည့် ဦး ပေါင်းထုပ်ကို ပေါင်းထားသည့် အတွက် ဇူလီ၏မျက်နှာ အလှသည် ပို၍ ပေါ်လွင်လာသည်။

ပါးရိုးနှင့် မေးရိုးမှ ကောက်ကြောင်းများ၊ ရှည် လျား ကော့ညွတ်သော မျက်တောင်ကော့ကြီးများ အောက် မှ လှပ ဝိုင်းစက်သော မျက်လုံးရွဲများ၊ ဆင်စွယ်နှစ်ကဲ့သို့ သော အသားကို ပို၍ တောက်လာအောင် လုပ်ပေးလိုက် သည့်နှယ် ရှိသည့် နွေးထွေး ကွေး ညွတ်သော နှုတ်ခမ်း များနှင့် မျက်မှောင် အလယ်တွင် ထိုးထားသည့် ဆေးနီ စက်။ ထိုအရာ အားလုံးသည် ထင်းထင်းကြီး ပေါ်နေ ကြသည်။

ဇူလီသည် ကုန်းနှီးပေါ်တွင် ခါးကို မတ်၍ ထိုင် နေသည်။ သူ့ပခုံးများက ရုရှလာ၏ ပခုံးများလို ကိုင်း ညွတ်ခြင်း မရှိ။ သေးသွယ်၍ လေးထောင့်ဘက်သို့ လှ နေသော ပခုံး ဝိုင်းဝိုင်းကလေး။

ရုတ်တရက် ကြည့်လိုက်လျှင် ဇူလီသည် လှပ ချောမောသည့် ယောကျ်ားပျိုကလေး တစ်ယောက်နှင့် တူသယောင်ယောင်။ သူ့ ခေါင်းက သိမ်သိမ်မွေ့မွေ့ ကြီးပြင်း လူလား မြောက်လာရသည့် မိန်းကလေး တစ် ယောက်၏ ခေါင်းနှင့် မတူ။ ယောကျ်ားပျိုကလေး တစ်ယောက်၏ ခေါင်းလို မော့လျက်။ သို့ရာတွင် ဆာ ဖြင့် ကြည့်ရသည်ထက် ယခုလို ယောကျ်ားလေး အဝတ် အစားဖြင့် ကြည့်ရသည်က ဇူလီ၏ ဣတ္ထိဘာဝ အလှကို ပို၍ ပေါ်လွင်စေသည်ဟု အက်ရှ် ထင်သည်။

မြင်းစီး ကိုယ်ကျပ် အင်္ကျီရှည်ကို ဝတ်လိုက်သည့် အခါတွင် ဆာရီနောက်တွင် ဖုံးကွယ်နေသည့် ရင်အုံ အလှသည် ပို၍ ပေါ်လွင် ထင်ရှားလာ၏။ သေးသွယ် သော ခါးနှင့် ပြည့်ဝိုင်းသော တင်တို့က မိန်းမ တစ် ယောက်၏ အလှကို ထင်ရှားစေသည်။ လက်များကမူ ယောကျ်ားကလေးများ လက်နှင့် တူသယောင် လိုလို။ ထိုလက်များသည် ဇူလီ၏ စရိုက်ကို ဖော်ပြနေသည်ဟု အက်ရှ် ထင်၏။

မြင်းလည်ဆံမွေးကို ပွတ်နေသည့် ဇူလီ၏ လက် များကို အက်ရှ် ငေးစိုက် ကြည့်နေမိသည်။ သန်း တောင့်တင်း၍ လေးထောင့်ကျနေသည့် လက်ဖမိုး ထိပ်



www.burmeseclassic.com

www.burmeseclassic.com



ကလေးများ ရှိသည့် လက်ချောင်းကလေးများက ဇက်ကြိုးကို ရစ်ခွေပတ်ထားသည်။ အားကိုးလောက်သည့် လက်များဟု အက်ရှ် ထင်သည်။

အက်ရှ်သည် ဇူလီကို စိုက်ကြည့်ရင်း ဂျိုတီ ကိစ္စကို မေ့နေလေပြီ။ သို့ရာတွင် ဇူလီက မမေ့။ နောက်ဆုံးတွင် ဇူလီက လေသံ ခပ်တိုးတိုးကလေးဖြင့်

'ဒါဟာ မောင်တော် နန်ဒူး လက်ချက်ပဲ ဖြစ်ရမယ်၊ မောင်တော်လေး ဂျိုတီ သေရင် သူ့အပြင် တခြားလူ ဘယ်သူ အကျိုး ရှိမှာမို့လဲ၊ ဘယ်သူက မောင်တော်လေး ဂျိုတီကို လုပ်ကြံဖို့ စိတ်ကူးပေါ်မှာလဲ၊ ဇူလီတို့ စခန်း တစ်ခုလုံးမှာ နန်ဒူးရဲ့ လူတွေချည်းပဲ၊ ဒါပေမဲ့ တစ်ခုတော့ ရှိပါတယ်လေ၊ ကလေး တစ်ယောက်ကိုတော့ သတ်ချင်ကြမှာ မဟုတ်ပါဘူး၊ ကလေး တစ်ယောက်ကို သတ်ဖို့လည်း လူ ဒီလောက် မလိုပါဘူး၊ တစ်ယောက် နှစ်ယောက် ရှိရင် ပြီးနေတဲ့ ကိစ္စပဲ၊ မောင်တော်လေးကို လုပ်ကြံမယ့် သူတွေဟာ ဘယ်သူတွေလဲ ဆိုတာ မသိရင် သူ့ကို ကာကွယ်ဖို့ ဆိုတာ ခက်တော့ ခပ်ခက်ခက်ပဲ၊ ဒီတော့ စိတ်ချရတဲ့ တစ်ယောက်ကို ရွေးပြီး မောင်တော်လေးကို နေ့ညမပြတ် အစောင့် ခိုင်းထားရင် မကောင်းဘူးလား'

ဇူလီက အက်ရှ်ဘက်သို့ လှည့်ကြည့်လိုက်ပြီးနောက်

'ဒီကိစ္စကို ဒိပြင် ဘယ်သူတွေ သိသေးသလဲ အစ်ကို၊ မူးလ်ရတ်ရယ်၊ အစ်ကိုရယ်၊ ဘကြီးတော်ရဲ့ သမားတော် ဂိုဗင်ဒတ်စ်ရယ်၊ ပြီးတော့ကော'

'ဟင့်အင်း၊ တခြားတော့ ဘယ်သူမှ မသိပါဘူး'

အက်ရှ်က ထိုကိစ္စကို လျှို့ဝှက်ထားဖို့ လိုကြောင်း၊ နောင်ကျမှ ဇူလီနှင့် ဂိုဗင်ဒတ်စ်တို့ကို ဘာကြောင့် ပြောပြရကြောင်းတို့ကို ရှင်းပြ၏။

'အစ်ကို လုပ်တာ မှန်ပါတယ် အစ်ကို၊ ညီမတော်လေးသာ သိသွားရင် အလန့်တကြား ဖြစ်မှာ၊ ပြီးတော့ ဒီအကြံအစည်ဟာ နန်ဒူးရဲ့ အကြံအစည် ဆိုတာကိုလည်း ဘယ်နည်းနှင့်မှ ယုံမှာ မဟုတ်ဘူး၊ နန်ဒူး အပါအဝင် ဇူလီတို့ ဆွေတော် မျိုးတော်တွေ အားလုံးကို လုပ်ကြံတဲ့ အစီအမံ တစ်ရပ်လို့ပဲ ထင်မှာပဲ၊ ဘကြီးတော်ကတော့ ယုံချင် ယုံမယ်၊ ဒါပေမဲ့ သူ ဘာတတ်နိုင်မှာလဲ၊ ပြီးတော့ သူ သိသွားတယ် ဆိုရင် ရှုရီလာကို မပြောဘဲ နေနိုင်မှာ မဟုတ်ဘူး၊ ဒီလိုဆိုရင် မောင်တော်လေးဒါ သိကုန်တော့မှာ၊ ဒါပေမဲ့ ဇူလီတို့ ယုံကြည်ရတဲ့ လူတွေ ရှိပါသေးတယ် အစ်ကို၊ ဂီတာ ဆိုရင် စိတ်ချရပါတယ်၊ မောင်တော်လေးကို မွေးကတည်းက ထိန်းလာတဲ့ သူ့ကိုယ်ရံတော် ရမ်ဂျီ ဆိုရင်လည်း စိတ်ချရပါတယ်၊ သူ့မိန်းမကလည်း ဇူလီရဲ့ အခြွေအရံပါ၊ ရမ်ဂျီကို တီးခေါက်ကြည့်လိုက်ရင် မောင်တော်လေး အခြွေအရံတွေထဲက ဘယ်သူ့ကို ယုံရတယ်၊ ဘယ်သူ့ကို မယုံရဘူး ဆိုတာ သိနိုင်ပါတယ်၊ စဉ်းစားကြည့်ဦးလေ'

သူတို့ နှစ်ယောက် စကား ပြောနေစဉ် မြင်းများမှာ ဖြည်းဖြည်း သွားလိုက်၊ တစ်ခါတစ်ရံတွင် ရပ်၍ မြက်စားလိုက်ဖြင့် ဖြည်းဖြည်း လာခဲ့ကြရာ အချိန်ကို သတိ မထားမိတော့။ သူတို့ အထက်တွင် ကောင်းကင်ကြီးမှာ တဖြည်းဖြည်း မှောင်စ ပြုလာခဲ့လေပြီ။

ထိုစဉ် တောင်ကြားထဲတွင် လေပြင်းတိုက်စ ပြုလာပြန်သည်။ ဖုန်မှုန့် သဲမှုန့်များသည် လေထဲတွင် တလုံးလုံး ဖြစ်နေသည်။ လေတိုက်လိုက်သဖြင့် ဇူလီ၏ ခေါင်းပေါ်တွင် ပေါင်းထားသည့် ပေါင်းထုပ်သည် ပြေကျသွားကာ လေထဲတွင် လွင့်ပါသွားသည်။ ဇူလီ၏ ဆံပင်များသည် မျက်နှာပေါ်သို့ ဝဲကျလျက် ရှိ၏။

မြင်း နှစ်ကောင်သည် ခေါင်းကို ဆတ်ခနဲ ထောင်ကာ အနံ့ကို ရှူပြီးနောက် ရှေ့သို့ အသော့ပြေးနေကြသည်။

'ပြန်လှည့်ကြမှပဲ ထင်တယ်၊ ဇူလီရဲ့ ခေါင်းကို အဝတ် တစ်ခုခုနှင့် စည်းလိုက်ပါလား၊ နို့မို့ဆိုရင် မျက်နှာပေါ်မှာ ဆံပင်တွေ ဝဲကျနေလို့ ဘာမှ မြင်ရမှာ မဟုတ်ဘူး'

အက်ရှ်က မြင်းစီးဘောင်းဘီ အိတ်ထဲမှ လက်ကိုင်ပဝါ တစ်ထည်ကို ဆွဲထုတ်ပေးသည်။ အက်ရှ်သည် မြင်းကို နောက်ပြန် လှည့်လိုက်၏။

'ဟာ ဒုက္ခ'

သူတို့ နှစ်ယောက်သည် စကား [illegible] သဖြင့် ပတ်ဝန်းကျင်ကို သတိ မထားမိခဲ့ကြ၊ [illegible] လာသည်ကိုလည်း သတိ မပြုမိကြ။ သူတို့ရှေ့ [illegible] ကင်သည် ကြည်လင် ငြိမ်သက်လျက် ရှိ၏၊ [illegible] နေခြည်များသည် သူတို့ရှေ့က တောင်[illegible] များကို ပက်ဖျန်းနေဆဲ။

သို့ရာတွင် နောက်သို့ ပြန်[illegible] တွင်မူ ကောင်းကင်ကြီး တစ်ခုလုံး[illegible] သူတို့ဘက်သို့ ရွေ့လျားလာသော [illegible] တိုက်ကြီးကို မြင်ရသည်။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



သည့် လမ်းကလေးကိုပင် ကောင်းကောင်း မမြင်ရတော့။ မိမိတို့ဆီသို့ တိုက်လာသော လေမှာ လေပြင်းသက်သက်မျှ မဟုတ်တော့ဘဲ လေပွေမုန်တိုင်းကြီး ဖြစ်လာနေလေပြီ။ သဲတွေ ဖုန်တွေ ထလာကာ ကောင်းကင်ကြီး တစ်ခုလုံး နီကျင့် ညိုမှောင်လျက် ရှိလေပြီ။

'မုန်တိုင်းကလည်း အစောကြီးပါကလား၊ မုတ်သုံ ရွှင်ဖို့ တစ်လလောက်တောင် လိုသေးတာပဲ၊ ဘာဖြစ်လို့...'

အက်ရှ်သည် မိမိတို့ဘက်သို့ ရွေ့လျားလာသည့် သဲမုန်တိုင်းကြီးကို ကြည့်ရင်း ကိုယ့်မျက်စိများကို မယုံနိုင်အောင် ဖြစ်နေသည်။

'ဟင် ညီမတော်လေးတော့ ဒုက္ခပဲ၊ ဘယ့်နှယ် လုပ်ကြမလဲ' ဟု ဇူလီက ယောင်၍ အော်လိုက်သည်။

ဇူလီက လက်နှစ်ဖက်ကို အောက်သို့ လွှတ်လိုက်သဖြင့် ခေါင်းတွင် လျော့လျည်းလျည်း စည်းထားသည့် လက်ကိုင်ပဝါသည် ပြုတ်ထွက်ကာ လေထဲသို့ လွင့်ပါသွားသည်။ ဇူလီသည် ဇက်ကို ကောက်ကိုင်လိုက်ကာ လွင်ပြင်ဘက်ဆီသို့ မြင်းကို ဒုန်းစီး၍ ထွက်သည်။

အက်ရှ်က မြင်းကို သံဆူး နှစ်ဖက် တို့လိုက်သည်နှင့် သူ့မြင်းကြီး ဘာရာဇာသည် ရှေ့ခုန် ခုန်လိုက်သည်တွင် ဇူလီနှင့် ဘေးချင်း ယှဉ်မိလျက်သား ဖြစ်သွားသည်။ အက်ရှ်သည် ဇူလီ၏ မြင်းဇက်ကြိုးကို လှမ်းဆွဲလိုက်ကာ တောင်ကြားဘက်သို့ ပြန်ဆွဲခေါ်သည်။

'ဟင့်အင်း၊ သွားမယ် အစ်ကို၊ မဖြစ်ဘူး၊ ညီမတော်လေး သိပ် ကြောက်နေလိမ့်မယ်'

အက်ရှ်က ဇက်ကြိုးကို ဝင်ဖမ်း ဆွဲလိုက်သဖြင့် ဇူလီ၏ မြင်းကြီးမှာ အလန့်တကြား ဖြစ်နေလေပြီ။ ဇူလီက အက်ရှ် လက်မှ ဇက်ကြိုးကို အတင်း ဆွဲလုယူနေသည်။ အက်ရှ်သည် ဇူလီ၏ လက်ကောက်ဝတ်ကို ကျာပွတ်ဖြင့် တစ်ချက် ဖြတ်ရိုက်လိုက်ပြီးနောက် အသံကွဲကြီးဖြင့်

'ဇူလီ မင်း ရူးနေသလား၊ ဟိုမှာ မူးလ်ရတ်တို့ ရှိတယ်'

အက်ရှ်သည် သူ့မြင်းကြီး ဘာရာဇာကို ကျာပွတ်ဖြင့် တစ်ချက် ရိုက်လိုက်၏။ မြင်းက ကျာပွတ် ရိုက်စရာ မလို။ ရှေ့တွင် တဟီးဟီး အော်၍ မည်းမှောင်သည့် အရာကြီးကို သည်တစ်ခါသာ မြင်ဖူးသေးသဖြင့် သူကလည်း ထိုအရာကြီးမှ လွတ်အောင် ပြေးချင်နေသည်။

ဇူလီ၏ မြင်းမကြီးကလည်း နောက်က ကဆုန်စိုင်း၍ ပြေးလာ၏။ မည်သူမျှပင် တား၍ ရမည် မထင်။ ဇူလီ ကိုယ်တိုင်လည်း သူ့မြင်းကို ပြန်လှည့်၍ လွင်ပြင်ဘက်သို့ ထွက်ရန် မကြိုးစားတော့။

ဟုတ်သည်။ အက်ရှ် ပြောသည့် စကားသည် မှန်သည်။ ဤမျှ ပြင်းထန်စွာ တိုက်ခတ်နေသည့် သဲမုန်တိုင်းကြီးထဲမှ ပြန်ထွက်လျှင် ရူးနှမ်းရာသာ ရောက်လိမ့်မည်။ သဲမုန်တိုင်းကြီးထဲသို့ ရောက်သွားလျှင် ဘာကိုမျှလည်း မြင်ရတော့မည် မဟုတ်။ မည်သူ့ကိုမျှလည်း ကယ်နိုင်တော့မည် မဟုတ်။

ရှရီလာနှင့် အတူ မူးလ်ရတ် ရှိသည်။ မူးလ်ရတ်နှင့် အခြားသူများသည် ရှရီလာကို တတ်နိုင်သမျှ စောင့်ရှောက်ကြမည် မုချ။ သူတို့သည် သဲမုန်တိုင်းကြီး လာနေသည်ကို အစောကြီး သတိ ပြုခဲ့မိကြမည် အမှန်။ သို့ဆိုလျှင် အစောကြီးကတည်းက ပြန်သွားကာ သည် အချိန်လောက် ဆိုလျှင် စခန်းသို့ ဘေးမသီ ရန်မခ ပြန်ရောက်နေလောက်ပြီ။

သို့ရာတွင် သူနှင့် အရှေ့တို့မှာမူကား...။

သဲမုန်တိုင်းကို ဇူလီ တစ်ခါမျှ မမြင်စဖူး။ သဲမုန်တိုင်း တိုက်ပြီ ဆိုလျှင် ကွင်းပြင်ကြီး အလယ်ကောင်တွင် မနေသင့်ကြောင်းကိုမူ သူ သိသည်။ ဇူလီသည် ကုန်းနှီးထိပ် အထိ ဦးခေါင်းကို ငိုက်နေအောင် ရှေ့သို့ ကုန်း၍ လိုက်လာကာ မြင်းကို တအား စီးလာခဲ့သည်။ မည်သည့် အရပ်သို့ စီးနေမှန်းကို သူ မသိ။ သူ့ဆံပင်တွေက မျက်နှာပေါ်သို့ ဝဲကျနေသဖြင့် ဘာကိုမျှ သဲကွဲစွာ မမြင်ရ။

အက်ရှ်ကမူ ခပ်စောစော အလာတုန်းက သူ မြင်ခဲ့ရသည့် ဂူဆီသို့ မြင်းကို အပြင်း နှင်နေသည်။ အကယ်၍သာ ထိုစဉ်က တောင်ကမ်းပါးယံပေါ်သို့ နေခြည်ထိုး မထားခဲ့လျှင် ထိုဂူကို သတိ ထားမိခဲ့မည် မဟုတ်။

ထိုဂူသို့ ရောက်အောင် နောက်ထပ် မိုင်ဝက်လောက် စီးရဦးမည်။ သူတို့ နှစ်ယောက်မှာ ထိုဂူသို့ တစ်ဝက် ခရီးပင် မကျိုးသေး။ သို့ရာတွင် အက်ရှ်သည် အနောက်မြောက် နယ်စပ် တောင်ပေါ်ဒေသတွင် ကျက်စားခဲ့ဖူးပြီ ဖြစ်၏။ ထို့ကြောင့် ထိုဂူသည် သဘာဝ အလျောက် ဖြစ်သည့် ဂူလော၊ လူလုပ်ခဲ့သည့် ဂူ တစ်ခုလော ဆိုသည်ကို နေရောင်တွင် ကောင်းစွာ ခွဲခြားမိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အက်ရှ်သည် တောင်ကမ်းပါးယံဆီသို့ လှမ်းကြည့်လိုက်၏။ ရှေ့သို့ ထိုးထွက် ငိုက်ကျလျက် ရှိသည့် ကျောက်ဆောင်ကြီး တစ်ခု အောက်တွင် ထိုဂူကြီး အဝကို အုတ်များဖြင့် ပိတ်ထားပြီး လူတစ်ယောက်၊ သို့မဟုတ် နွားတစ်ကောင် ဝင်သာရုံမျှသာ အပေါက် ချန်ထားသည်။ ကြည့်ရသည်က တံခါးပေါက် သဏ္ဌာန်။ ရှည်မျောမျော၊ ခပ်မည်းမည်း အပေါက် တစ်ခု။ အုတ်ခဲ အဖရောင်က တောင်ကမ်းပါးယံမှ အရောင်နှင့် မတူ။ ခပ်ဖြူဖြူ၊ ခပ်ဖျော့ဖျော့။

အက်ရှ်သည် မျက်လုံးများကို မှေးလိုက်ပြီးနောက် ထိုဂူပေါက်ကို လှမ်းကြည့်လိုက်၏။ ဂူထဲတွင် လူသူ ရှိဟန် မတူ။ လူသူ ရှိသည် ဆိုလျှင် မီးခိုး စသည်တို့ကို မြင်ရဖွယ် ရှိသည်။ နေရောင်မှာ တောင်စွယ်နောက်သို့ လျှောကျသွားလေပြီ။ ဂူပေါက်မှာလည်း အရိပ်ထဲတွင် ပျောက်သွားလေပြီ။ အက်ရှ်သည် နောက်ပြန်လှည့်၍ ဇူလီကို ကြည့်သည်။ သူတို့နောက်တွင် သဲမုန်တိုင်းကြီးက တရကြမ်း လိုက်လာလျက်။

အနီးတစ်ဝိုက် တောင်စောင်းများတွင်လည်း ဂူပေါက်များကို မြင်ရ၏။ သို့ရာတွင် ထိုဂူပေါက်များသည် မည်မျှ နက်၍ မည်မျှ ကျယ်ဝန်းမည်ကို မည်သူမျှ မသိနိုင်။ ဂူပေါက် တိမ်တိမ်ကလေး ဆိုလျှင် သည်မျှပြင်းသော သဲမုန်တိုင်းကြီးကို ရှောင်မလွတ်နိုင်။ သို့ရာတွင် ဂူပေါက်တွင် တံခါး လုပ်ထားသည် ဆိုလျှင်မူ ထိုဂူသည် အတွင်းတွင် တော်တော် နက်လိမ့်မည်။

ထိုဂူပေါက်သို့ သူတို့ စောစော ရောက်မှ ဖြစ်မည်။ သဲမုန်တိုင်းကြီး မီလာသည့် အခါကျမှ ဂူပေါက်ကို ရှာလျှင် ရှာ၍ တွေ့နိုင်ဖွယ် မမြင်။ ယခုပင်လျှင် သဲမုန်တိုင်း၏ ရှေ့တော်ပြေး အဖြစ် မြက်ခြောက်များ၊ သစ်ရွက်ခြောက်များ၊ ဖုန်မှုန်များသည် နှင်းမှောင်ကျသကဲ့သို့ မှောင်ဝေလာ၍ ပြုနေပြီ။

အကယ်၍သာ ထိုနေရာ တစ်ဝိုက်တွင် မြေပြင် ညီညာခြင်း မရှိခဲ့လျှင် သူတို့နှစ်ယောက်သည် ထိုကျောက်ဂူဆီသို့ အမီ ရောက်နိုင်တော့မည် မဟုတ်။ သူတို့ မြင်းများသည် ကျောက်ဆောင်တွေဖြင့် တိုက်မိကာ ချော်လဲကုန်ကြမည်မှာ သေချာသည်။ ကံကောင်းချင်တော့ ထိုနေရာ တစ်ဝိုက်တွင် ကျောက်တုံး ကျောက်ဆောင်တွေ ချုံနွယ်တွေ မရှိ။

သို့ရာတွင် ခက်သည်က သူတို့မြင်းများမှာ အားကုန် ပြေးလာကြခြင်း ဖြစ်သည့် အတွက် ရပ်ဖို့ ခက်နေသည်။ သည်နားတစ်ဝိုက်တွင် မရပ်နိုင်လျှင် ဂူပေါက်ကို လွန်သွားတော့မည်။

ဤတွင် အက်ရှ်သည် ဇက်ကို ဆောင့်ဆွဲလိုက်သည်၌ မြင်းကြီးမှာ ရှေ့ခြေနှစ်ချောင်းကို မြှောက်ကာ ပတတ်ရပ်နေသည်။ ဇူလီ၏ မြင်း အနီးမှ ဖြတ်သွားသည့် အခါတွင် အက်ရှ်သည် သူ့မြင်းပေါ် ခုန်တက်လိုက်သည်။ ဇူလီကလည်း သူ့မြင်းဇက်ကို တစ်အားကုန် ဆွဲထားလိုက်၏။

မြင်းမကြီးသည် ချာချာလည် ထွက်သွားကာ ရောခနဲ ပါသွားပြီးနောက် မလှမ်းမကမ်းတွင် ရပ်သွားသည်။ ဇူလီမှာလည်း မြင်းပေါ်မှ ကျသွား၏။ သို့ရာတွင် ဇူလီသည် ချက်ချင်း ပြန်ထလိုက်ပြီး ဇက်ကြိုးတွေ ခြေကြားထဲ လိမ်ကာ ချာချာလည်နေသည့် ဘာရာဇာကို ကောက်ဆွဲလိုက်ကာ မည်းမှောင်နေသည့် ဂူပေါက်ထဲသို့ ဆွဲခေါ်သွားသည်။ ခဏကြာလျှင် အက်ရှ်သည်လည်း ဇူလီ၏ မြင်းမကြီးကို ဆွဲ၍ နောက်မှ ဝင်လာသည်။

ဂူထဲတွင် မည်းမှောင်လျက် ရှိသဖြင့် မည်မျှ ကျယ်ဝန်းသည်ကို မသိရ။ သို့ရာတွင် ဂူထဲတွင် မြင်းခွာသံများ ပဲ့တင်ဟိန်းလျက် ရှိသည့်အတွက် အတော်အတန် ကျယ်ဝန်းသည်ဟု ခန့်မှန်းရ၏။ သူတို့သည် ဂူထဲသို့ တကယ့် အချိန်မီကလေး ရောက်သွားကြခြင်း ဖြစ်သည်။

သူတို့ ဂူထဲ ရောက်၍ အပြင်သို့ လှမ်းကြည့်လိုက်သည်တွင် မည်းမှောင်နေသော အရိပ်ကြီး တစ်ခုသည် ဂူရှေ့မှ ဖြတ်ကျော်သွားသည်ကို တွေ့လိုက်ရကာ အလင်းရောင် လုံးလုံး မရှိတော့ဘဲ မှောင်သွားသည်ကို တွေ့လိုက်ရ၏။ ဖုန်တွေ သဲတွေ လွင့်ကာ လေသည် တဝီဝီ အော်မြည်ရင်း တောင်ကြား တစ်လျှောက် အတိုင်း တိုက်ခတ်သွားသည်။

လေ၏ တဝီဝီ မြည်သံသည် ဂူထဲ အထိ ရောက်လာကာ မှောင်ကြီးမည်းမည်းတွင် အော်မြည်လျက် ရှိ၏။ ပဲ့တင်သံများကြောင့် လေသံများသည် ဂူထောင့်တိုင်းမှ ပေါ်ထွက်နေသည်။ ဖုန်တွေကလည်း ဂူထဲသို့ ဝင်လာသဖြင့် ဇူလီမှာ အသက်မရှူနိုင်တော့ဘဲ ချောင်းတဟွပ်ဟွပ် ဆိုးနေသည်။

အက်ရှ်ထံမှ တစ်စုံတစ်ရာ အော်ပြောသည်ကို ကြားရ၏။ သို့ရာတွင် အက်ရှ်၏ အသံသည် အော်မြည်လျက် ရှိသော လေသံနှင့် ပဲ့တင်သံတွေ ကြားထဲတွင် ပျောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com


ထိုစဉ် အက်ဂ်ျသည် သူ့လက်မောင်းကို ကိုင်ကာ နားနားကို ကပ်၍ 'ဇူလီ၊ အင်္ကျီကို ချွတ်ပြီး ခေါင်းကို ပတ်ထား၊ အထဲကို ရောက်အောင် ဝင်' ဟု အော်နေသည်။ ပါးစပ်ထဲသို့ ရောက်လာသည့် ပိုးမျှင်လို နူးညံ့သည့် ဇူလီ၏ ဆံပင်များကို ဖယ်ရှားလိုက်ရင်း 'သတိထား သွားနော်၊ လာလာ၊ ခလုတ်တွေ ဘာတွေ တိုက်မယ်' ဟု ပြောသည်။

'လာလာ' ဟူသော ချစ်စနိုး ခေါ်သည့် အမည်သည် ပါးစပ်မှ အလိုလို ထွက်သွား၏။ သို့ရာတွင် အက်ဂ်ျ သတိ မထားလိုက်မိ။ သူ့တွင် လုပ်စရာတွေ အများကြီး။

အရေး အကြီးဆုံးမှာ ဖုန်မှုန့်တွေ မွန်းနေသဖြင့် အပြင်သို့ထွက်ရန် ရုန်းကန်နေသည့် မြင်းများကို ထိန်းရန် ဖြစ်၏။ လန့်ဖျပ်ကာ ဂူထဲတွင် ဟိုပြေး သည်ပြေး လုပ်လျှင် သူနှင့် ဇူလီတို့ တစ်ယောက်ယောက်ကို ခိုက်မိကုန်တော့မည်။ သူတို့ကို မခိုက်မိလျှင်လည်း မြင်းအချင်းချင်း တိုက်မိ ခိုက်မိကုန်တော့မည်။ မြင်းတွေ ခြေကျိုးသွားလျှင် စခန်းသို့ ခြေကျင် လျှောက်ပြန်ရမည့် ကိန်း ဆိုက်နေသည်။

သို့ရာတွင် သူတို့ စခန်းသည်လည်း ရှိမှ ရှိပါဦးမည်လော မသိ။ စခန်း အကြောင်းကို သူ မတွေးချင်။ သူ မတတ်နိုင်သည့် အရာကို တွေး၍ စိတ်ညစ် ပူပန်နေ၍လည်း ဘာ အကျိုး ထူးလာတော့မည်နည်း။ ယခု လောလောဆယ်တွင်မူ မြင်းနှစ်ကောင်ကိုသာ နိုင်အောင် ထိန်းရတော့မည်။

ဇူလီကို ပေးလိုက်သဖြင့် သူ့တွင် လက်ကိုင်ပဝါ မရှိတော့။ ထို့ကြောင့် အက်ဂ်ျသည် ရှပ်အင်္ကျီကို ချွတ်၍ ဆုတ်ဖြဲပစ်လိုက်သည်။ သွားဖြင့် ကိုက်၍ အရာပေး ဆုတ်လိုက်ပြီးလျှင် နှာခေါင်းနှင့် ပါးစပ်တို့ကို စည်းလိုက်၏။ ထိုအခါကျမှပင် အသက်ရှူ နည်းနည်း ချောင်သွားသည်။

ထို့နောက် အက်ဂ်ျသည် မြင်းများကို ပွတ်သပ်ချော့မော့ခြင်း၊ ဇက်ကြိုးများကို ဖြုတ်၍ တစ်နေရာတွင် သိမ်းခြင်း၊ မြင်းနှစ်ကောင်၏ ရှေ့ခြေနှစ်ချောင်းကို အဝတ်ကြိုးဖြင့် ကွင်းစွပ်ပေးခြင်း စသည်တို့ကို မှောင်ထဲတွင် စမ်းတဝါးဝါးဖြင့် လုပ်ရသည်။

ဤနည်းမှာ အိန္ဒိယ လယ်သမားများ လုပ်သည့်နည်း ဖြစ်သည်။ အိန္ဒိယ လယ်သမားများသည် သူတို့မြင်းတွေ ဝေးဝေး မသွားစေလိုလျှင် လျှော်ကြိုးကို ကျစ်၍ ကွင်းလုပ်ပြီး မြင်းခွာဆစ် အထက်တွင် စွပ်ထားလိုက်သည်။ မြင်း ဝေးဝေး မပြေးနိုင်တော့ပြီ။

ထို့နောက်ကျမှ အက်ဂ်ျသည် ဂူ အခြေအနေကို လေ့လာ ကြည့်ရတော့သည်။ ရှေ့ဆက် ဂူထဲသို့ ဝင်သွားလျှင် ဤသဲမုန်တိုင်း ဒဏ်မှ လွတ် မလွတ် စူးစမ်းရသည်။

မုန်တိုင်းမှာ တောင်ကြား လွင်ပြင်ကို ကန့်လန့်ဖြတ်၍ တိုက်သွားသည့် အတွက် သူတို့ ဂူဝမှာ မုန်တိုင်းအဖျားမိလိုက်ခြင်း ဖြစ်၏။ ဂူရှေ့တွင် ကျောက်ဆောင်ကြီး တစ်ဆောင် ငိုက်ကျနေသည့် အတွက်လည်း အမိုးသဖွယ် ဖြစ်နေပြီး သူတို့ဂူထဲသို့ ဖုန်တွေ သဲတွေ များများ မဝင်နိုင်ခြင်း ဖြစ်သည်။

သို့တိုင်အောင် ဂူဝကိုမူ ပိတ်ဆို့ ထားနိုင်ခြင်း မရှိ။ ထို့ကြောင့် သဲမှုန်များသည် ပွက်ပွက်ဆူနေသည့် ရေနွေးအိုး တစ်အိုးမှ ရေနွေးငွေ့များလို ဂူထဲသို့ စုပြုံဝင်လာကြသည်။ ဂူတွင်းသို့ ဝေးဝေး ဝင်နိုင်လေ သဲမုန်တိုင်း အန္တရာယ်မှ ဝေးလေလေ ဖြစ်သည်။

အက်ဂ်ျသည် နံရံကို စမ်းကာ ဂူအတွင်းသို့ သတိ ထား၍ ဝင်လာခဲ့သည်။

ကိုက်နှစ်ဆယ်ခန့်လောက် လျှောက်မိသည့် အခါ နံရံတွင် သံချောင်းလို အရာ တစ်ခုကို သွားစမ်းမိ၏။ သေသေချာချာ စမ်းကြည့်သည့် အခါတွင် ဂူကို ရွှံ့အုတ်တို့ဖြင့် ပိတ်သွားသူသည် ကျောက်နံရံတွင် သံစို့ကြီးများ ရိုက်ထားခြင်း ဖြစ်ကြောင်းကို တွေ့ရ၏။ မည်သည့် ရည်ရွယ်ချက်ဖြင့် ကျောက်နံရံတွင် စို့ကြီးများ ရိုက်ခဲ့သည်ကိုမူ မပြောနိုင်။

သံစို့များမှာ လှေကားထစ်များ သဖွယ် အောက်မှ အထက်သို့ စောင်း၍ အနိမ့် အမြင့် ရိုက်ထားခြင်း ဖြစ်သည်။ အထက် သူ မမီသည့် နေရာတွင်လည်း သံစို့များ ရှိလိမ့်ဦးမည်။ သို့ရာတွင် သူ စမ်းမိသလောက် ဆိုလျှင်မူ လေးချောင်းခန့် ရှိနေပြီ။

အက်ဂ်ျသည် သံစို့ကြီးများ ရိုက်ထားခဲ့သည့် အမည်မသိ လူကို ကျေးဇူးတင်သွား၏။ ထိုနေရာမှာ အတွင်းပိုင်းကျသဖြင့် သဲမှုန် များများစားစား မလာသည့် အတွက် အသက်ရှူ ချောင်ချိသည်။

အက်ဂ်ျသည် နံရံအတိုင်း စမ်းကာ မြင်းများ ရှိရာသို့ ပြန်လျှောက်လာခဲ့သည်။ ထို့နောက် သဲမှုန်တွေ ပက်သဖြင့် ခေါင်းကို ဘယ်ညာ ယမ်းလျက် ရှိသည့် သူ့မြင်းကြီး ဘာရာဇာကို ဆွဲခေါ်လာခဲ့သည်။ သဲမှုန်တို့



www.burmeseclassic.com

www.burmeseclassic.com



ကင်းရာ အတွင်းပိုင်းသို့ ရောက်လာပြီး မြင်းကြီးကို စို့တွင် ချည်ထားလိုက်သည့် အခါတွင် မြင်းကြီးမှာ အသက်ရှူရ ချောင်သွားသည့် အတွက် အတော်အတန် ငြိမ်သက် သွားခဲ့လေပြီ။

အက်ရှ်သည် ဇူလီ၏ မြင်းမကြီးကိုလည်း ထိုနည်းအတိုင်း ဆွဲခေါ်လာခဲ့ကာ စို့တစ်ချောင်းတွင် ချည်ထားလိုက်ပြန်သည်။ ထို့နောက် မျက်လုံးပေါ်တွင် ဖုံးအုပ် ကပ်ငြိနေသည့် ဖုန်မှုန့်များကို သုတ်လိုက်ပြီးလျှင် မျက်လုံးကို အသာဖွင့်ကာ မုန်တိုင်း၏ အခြေအနေကို ကြည့်လိုက်သည်။ သို့ရာတွင် ဂူဝတွင်လည်း ဂူထဲမှာလို မည်းမှောင်လျက်။ အပြင်ဘက်တွင် လေသည် ဥမင်ထဲတွင် ဖြတ်မောင်းနေသည့် မီးရထားကြီး တစ်စင်းပမာ တဝီဝီ အော်မြည် ဖြတ်သန်းနေဆဲ။

လေမုန်တိုင်းသည် တော်တော်နှင့် စဲမည် မထင်။ ရာဇပုတ်ပြည်တွင် လေပူကြီးများ၊ သဲမုန်တိုင်းများ တိုက်ခတ်တတ်ကြောင်း၊ ရာသီဥတု ဖောက်ပြန်တတ်ကြောင်းကို လမ်းတစ်လျှောက်မှ ရွာသူကြီးများက မကြာခဏ ပြောလိုက်ကြသည်။

သို့ရာတွင် ထိုစဉ်က အက်ရှ် သည်မျှ အရေးတကြီး မထားခဲ့။ မုန်တိုင်းကျသည့် ရာသီဥတုမှာ အဝေးကြီး လိုသေးသည်။ သဲမုန်တိုင်း မည်သည် မည်မျှ ကြာကြာ တိုက်တတ်လေသနည်း။ နာရီများစွာလော၊ သို့မဟုတ် မိနစ်ပိုင်းမျှသာလော။ ဤသည်ကို သူ မမေးမိခဲ့။

မုန်တိုင်း တိုက်သည်မှာ တစ်နာရီလောက် ကြာသွားပြီဟု ပထမ ထင်လိုက်မိသေး၏။ တွက်ကြည့်လိုက်သည့်အခါတွင် ဘာမျှ မကြာလိုက်သေး။ အင်္ကျီဆုတ်၍ ကြိုးကျစ်ချိန်၊ စို့ကြီးများကို တွေ့သည့် အချိန်၊ အားလုံး ပေါင်းပါမှ ဆယ့်ငါးမိနစ်လောက်သာ ရှိဦးမည်။ သည်လောက်ကြာကြာ သဲမုန်တိုင်းကြီး တိုက်ရအောင်လည်း ရာဇပုတ် ပြည်နယ်ထဲတွင် သဲများများစားစား ရှိမည် မထင်။ သည်နားတစ်ဝိုက်တွင် အကြာကြီး ကွေ့ပတ် တိုက်နေသည် ဆိုလျှင်မူ သူ မပြောတတ်။ မည်သို့ဖြစ်စေ အကန့်အသတ် မရှိ မတိုက်နိုင်။ လေစဲသွားသည်နှင့် ဖုန်တို့သည်လည်း မြေကြီးပေါ်တွင် ပြန်ဝပ်သွားလိမ့်မည်။

အက်ရှ်၏ မြင်းစီးဘောင်းဘီ အိတ်ထဲတွင် နာရီတစ်လုံး ပါသည်။ သို့ရာတွင် ထွက်လာခဲ့ ကတည်းက နာရီကို တစ်ခါမျှ မကြည့်မိသေး။ ယခုမှ ထုတ်ကြည့်၍လည်း ဘာကိုမျှ မြင်ရမည် မဟုတ်။ ထို့ကြောင့် သူတို့ နှစ်ယောက် ဤဂူထဲသို့ ရောက်နေသည်မှာ မည်မျှ ကြာပြီကို မခန့်မှန်းနိုင်။

စင်စစ် လေမုန်တိုင်းကျ၍ သူတို့တစ်တွေ မှောင်နေခြင်း မဟုတ်။ လေမုန်တိုင်း မကျလျှင်လည်း ညအမှောင်ထု ရောက်လာမည်သာ ဖြစ်၏။ အိန္ဒိယပြည်တောင်ပိုင်းတွင် နေဝင် ဆည်းဆာချိန်က ခပ်တိုတို။ ယခု အလင်းရောင် မြင်ရပြီး ကြည့်ရင်း ချက်ချင်း ပျောက်သွားတတ်သည်။

သို့ဆိုလျှင် သူတို့ နှစ်ယောက်သည် ညမှောင်ကြီးမည်းကြီး ကျောက်တောင်ကြို ကျောက်တောင်ကြားမှ ဖြတ်၍ စခန်းသို့ ပြန်ရမည်သာ ဖြစ်သည်။

'မူးလ်ရတ်ကတော့ လူတွေ လွှတ်ပြီး လိုက်ရှာနေမှာပဲ' ဟု အက်ရှ်က တွေးမိသည်။ သို့ရာတွင် ရှာမည်ဟုလည်း ကံသေကံမ မပြောနိုင်သေး။ အကယ်၍ သူတို့ စခန်းကိုပါ မုန်တိုင်း ဖြတ်သွားလျှင် မူးလ်ရတ်တို့ တစ်တွေလည်း အလုပ် များနေကြတော့မည်။ ရှာချင်သည့်တိုင်အောင် မနက် မိုးထိန်ထိန်လင်းမှ ရှာနိုင်တော့မည်။

ထိုအချိန်လောက် ဆိုလျှင် သူတို့ မရှာ၍လည်း အရေးမကြီးတော့။ ကိုယ့်ဘာသာကိုယ် ပြန်နိုင်ပြီ။ မည်သို့ဖြစ်စေ ယခု မုန်တိုင်း တိုက်နေစဉ်တွင်မူ မိမိတို့လည်း ဘာမျှ မတတ်နိုင်။ ဂူထဲတွင် ခိုနေဖို့မှ တစ်ပါး အခြားနည်း မရှိတော့။

အက်ရှ်သည် နှာခေါင်းနှင့် ပါးစပ်ကို စည်းထားသည့် အဝတ်စကို ဖြုတ်ချလိုက်၏။ လေထဲသို့ အနံ့ခံကြည့်သည်။ သူ ထင်သလောက်တော့ အခြေအနေ မဆိုးတော့။ အတွင်းဘက်တွင် ဆိုလျှင် သဲမုန်တိုင်း ဒဏ်သည် ထိုမျှလောက်ပင် ပြင်းထန်မည် မထင်။

လိုဏ်သံတွေ ပေါက်နေသည်ကို ထောက်လျှင် ဘေးသို့ ထွက်သည့် လိုဏ်များ ရှိလိမ့်ဦးမည် ထင်သည်။ ထိုလိုဏ်ပေါက်များထဲတွင်မူ သဲတွေ ရောက်မည် မထင်။ အနည်းဆုံး ထိုအထဲတွင် အေးနေလိမ့်မည်ဟု ထင်သည်။ အပူရှိန်သည် ဤတောင်ကြီးကို ထိုးဖောက်ကာ သည်အထိ ရောက်နိုင်လိမ့်မည် မဟုတ်။ အပြင်ဘက်တွင် နေပူသလောက် အထဲတွင်တော့ အေးမြနေသည် အမှန်။ သည်လောက် အေးနေလျှင် ဇူလီ တစ်ယောက် ချမ်းများနေပြီလော မသိ။ သူ့ကိုယ်ပေါ်တွင် ပါးလွှာသည့် ဖျင်အင်္ကျီကလေး တစ်ထည်သာ ဝတ်ထားသည်။ အောက်ခံပင် ပါမည် မထင်။



www.burmeseclassic.com

www.burmeseclassic.com



အက်ရှ်သည် ဇူလီကို လှမ်းအော် ခေါ်သည်။ လေသံတွေ ကြားထဲမှနေ၍ ပဲ့တင်သံတွေ ငြိမ်သွားသော အခါ လေသံချည်း ကျန်ရစ်ခဲ့သည်။ ဇူလီသည် သူ ခေါ်သည်ကို ပြန်ထူး မထူးကို သူ ခွဲခြား မသိနိုင်။ ဇူလီ၏ ပြန်ထူးသံသည် လေသံ၊ ပဲ့တင်သံတွေ ကြားထဲတွင်လည်း မြုပ်သွားနိုင်သည်။

ထိုစဉ် ချက်ချင်းပင် စိုးရိမ်စိတ်တွေ ပေါ်လာကာ အက်ရှ်၏ ရင်သည် ဒိတ်ခနဲ ဖြစ်သွား၏။ ဇူလီအား ခလုတ်ကန်သင်းတို့ မတိုက်မိအောင် သတိထားသွားဖို့ သူ ပြောခဲ့သည်။ ဆိုပါစို့။ ဂူကြမ်းပြင်တွင် ကျင်းကြီးတွေ၊ မြေတွင်းကြီးတွေများ ရှိခဲ့လျှင်...။ သို့မဟုတ် ဇူလီသည် ဘေးမှ ဝင်္ကပါလို ရှုပ်ထွေးနေသည့် လိုဏ်ဂူ တစ်ခုထဲ ဝင်သွားခဲ့မိလျှင်...။ မြွေတို့ ကင်းတို့ စသည့် အကောင်ဘလောင်တို့နှင့်များ တွေ့ခဲ့လျှင်...။

အက်ရှ်သည် ကြောက်လန့်တကြားဖြင့် ရှေ့ အမှောင်ကြီးထဲသို့ တိုးလာခဲ့သည်။ လက်နှစ်ဖက်ကို ဆန့်လျက်။

'ဇူလီ၊ ဇူလီရေ၊ ဘယ်ရောက်နေသလဲ ဇူလီ'

တဝီဝီ တိုက်နေသော လေပြင်းမုန်တိုင်း၏ အသံ။ ဇူလီ ဇူလီ ဇူလီ ဟူသော သူ့ခေါ်သံကို ပဲ့တင်ထပ်နေသည့် အသံများ။

တစ်ချီတွင်မူ ပြန်ထူးသံ တစ်ခုကို ကြားလိုက်ရသည်ဟု ထင်လိုက်၏။ သို့ရာတွင် အသံ ဘယ်က လာမှန်း မသိ။ အသံတွေ ငြိမ်ကျ သွားစေချင်သည်။ အက်ရှ်သည် နားကို စွင့်ကြည့်၏။ သို့ရာတွင် တဝီဝီ မြည်နေသည့် လေသံနှင့် သူ့ခေါ်သံကို ပဲ့တင် ပြန်လာသည့် အသံများမှအပ အခြား ဘာမျှ မကြားရ။

အက်ရှ်သည် ခလုတ် တိုက်မိကာ လဲကျသွားသည်။ အောက်တွင် ကြမ်းရှနေသည့် ကျောက်ဆောင်များနှင့် မာခြောက်နေသည့် မြေကြီး။

အက်ရှ်သည် ဘေးလိုဏ်ပေါက် တစ်ခုထဲသို့ ရောက်သွားဟန် တူ၏။ ထိုနေရာတွင် လေသံသည် အနည်းငယ် ပျော့သွားသည်။ ဖုန်မှုန့်တွေလည်း သိပ် မရှိတော့။ ဇူလီ၏ အသံကိုမူ မကြားရ။ အမှောင်ထု ကလည်း ကြီးမားမြဲ။ သို့ရာတွင် ဇူလီသည် သည်လိုဏ် ပေါက်ထဲတွင် ရှိမည်ဟု သူ ထင်လိုက်သည်။ အေးမြ သိပ်သည်းနေသည့် လေထုထဲတွင် နှင်းဆီနံ့ သင်းပျံ့ပျံ့ ကို ရလိုက်သည်။ အက်ရှ်သည် ထိုနှင်းဆီနံ့ ရှိရာသို့ လက်ကို ဆန့်၍ စမ်းလိုက်၏။

ဇူလီသည် သူ့ရင်ခွင်ထဲသို့ ရောက်လာသည်။

ဇူလီ၏ လက်မောင်းများ၊ ပခုံးများ၊ ရင်အုံများ နှင့် သေးသွယ်သည့် ခါးကျင်ကျင်ကလေးက ဟာလာ ဟင်းလင်း။ ပူနွေး နူးညံ့လျက်။

ဇူလီသည် ခပ်စောစောက သူ့ကိုယ်ရဲ့ အကျႌ ကလေးကို ချွတ်ကာ နှာခေါင်းနှင့် ပါးစပ်ကို စည်းထား ခဲ့သည်။ သူ့ကို လှမ်းခေါ်ရန် ဖြုတ်လိုက်စဉ် အမှောင် ထဲတွင် လွင့်ကျ ကျန်ရစ်ခဲ့သည်။ သူ့ပါးကို လာအပ် သည့် ဇူလီ၏ ပါးပြင်တွင် မျက်ရည်တွေ စွတ်စိုလျက်။ အဝေးကြီးမှ ပြေးလာသူ တစ်ယောက်လို အသက်ရှူသံ ပြင်းလျက်။ မြန်လျက်။

ဇူလီသည် အက်ရှ်၏ ခေါ်သံကို ကြားသည်တွင် အက်ရှ် တစ်စုံတစ်ရာ အန္တရာယ် တွေ့နေပြီ အထင်ဖြင့် မှောင်ကြီးထဲတွင် နံရံကို စမ်းပြီး သူ့ဆီသို့ ပြေးလာခဲ့ ခြင်း ဖြစ်သည်။ သို့ရာတွင် ပဲ့တင်သံများကြောင့် ဘယ် က ခေါ်၍ ဘယ်ကို သွားရမည် မသိဘဲ အမှောင်ကြီး ထဲတွင် လမ်းပျောက်နေသည်။ သူ့တစ်ကိုယ်လုံးမှာလည်း ကျောက်ဆောင် အစွန်းတွေ ရှသဖြင့် ပွန်းပဲ့လျက်။ ဇူလီ သည် ဆူညံနေသော အမှောင်ထုကြီးထဲတွင် သူ့ကို အော်ခေါ်ကာ ငိုရှိုက်နေသည်။

သူတို့ နှစ်ယောက်သည် တစ်ယောက်ကို တစ် ယောက် ဖက်ကာ အတန်ကြာမျှ ငြိမ်သက်နေကြသည်။ လှုပ်လည်း မလှုပ်၊ စကားလည်း မပြော။ အက်ရှ်သည် ဇူလီ့ဘက်သို့ လှည့်လိုက်၏။ ထို့နောက် အားရပါးရ နမ်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂၄

သဲမုန်တိုင်းကြီးသာ သည်လောက် မြန် မြန် ဆန် ဆန် တိုက်မလာလျှင်၊ သဲမုန်တိုင်းကြီး လာသည်ကို သူတို့ စောစောစီးစီးသာ သိခဲ့လျှင်၊ ဂူက ငယ်ပြီး သူတို့ နှစ်ယောက် တစ်ယောက်ကို တစ်ယောက် မြင်နိုင် ကြားနိုင်ခဲ့လျှင်...။

သို့ဆိုလျှင် သူတို့နှစ်ဦးသည် မည်သို့ ဖြစ်ခဲ့မည် မသိ။ သည်အတိုင်းမူ ဖြစ်လာမည် မထင်။ အဘ အက္ကဘာခန် မကြာခဏ ပြောသည့် စကားသည် မှန်လေစွ ဟု အက်ရှ် နောက်တွင် ပြန် စဉ်းစားမိသည်။

ကံကြမ္မာသည် ရှောင်လွှဲ၍ မရ၊ မွေးကတည်းက လည်ပင်းတွင် ချည်လျက်သား ပါလာစမြဲ ဆိုသည့် စကားကို ကိုဒါဒတ် မကြာခဏ ပြောခဲ့ဖူးသည်။ အဘ အက္ကဘာခန်ကလည်း သူ ငယ်စဉ် ကတည်းက ထိုအတိုင်း ပြောခဲ့ဖူး၏။

သည်တုန်းက သူနှင့် အဘ အက္ကဘာခန်သည် လင့်စင်ပေါ်တွင် အကြာကြီး ထိုင်စောင့်ကာ လွန်ခဲ့သည့် ငါးမိနစ်ခန့်က သူတို့ ပစ်ခဲ့သည့် ကျားသေကြီးကို ငုံ့ကြည့်နေကြသည်။ နောက်တစ်ခါ ဒေလီတွင် ရှိသည့် ရာဂျီဟန် ဘုရင်၏ ဗလီဝင်းကြီးထဲတွင် လူတွေ ကြိတ်ကြိတ် တိုးကြသဖြင့် လူနှစ်ယောက် သေခဲ့စဉ်ကလည်း အဘ အက္ကဘာခန်သည် ထိုစကားကိုပင် ပြောခဲ့သည်။ သည်တုန်းက အဓိပ္ပာယ်ကို သူ မေးကြည့်ခဲ့သေးသည်။

ယခု လောလောဆယ်တွင်မူ ကံကြမ္မာက လူကို စီရင် ဆုံးဖြတ်သည်လော၊ လူက ကံကြမ္မာကို ဖန်တီးသည်လော ဆိုသည့် ကိစ္စကို အငြင်းပွားစရာ မလိုတော့။

မုန်တိုင်းကြီး တိုက်မည်ကို သူတို့ ကြိုတင် မသိခဲ့ခြင်း၊ မည်းမှောင်နေသည့် ဂူကြီး တစ်ခုထဲသို့ ရောက်သွားခြင်း၊ ဂူထဲတွင် ဇူလီ တစ်ယောက် မျက်စိလည် လမ်းမှားနေမည်လောဟု ထိတ်လန့်တကြား ဖြစ်ခဲ့ရခြင်း၊ ဝူကြမ်းပြင်တွင် ရှိသည့် မြေကျင်းကြီးထဲသို့ ကျမလား၊ မြွေ ကင်းတို့နှင့် တွေ့မလားဟု စိုးရိမ်တကြီး ဖြစ်ခဲ့ရခြင်း စသည့် ကိစ္စတို့သည် သူတို့က ပြုလုပ် ဖန်တီးခြင်း မဟုတ်။ အလိုအလျောက် မမျှော်လင့်ဘဲ ဖြစ်လာသော ကိစ္စများ ဖြစ်သည်။

သူ့ ခေါင်းကိုသာ အေးအေး ထားနိုင်ခဲ့လျှင် သူတို့ နှစ်ယောက်သည် သည်အခြေသို့ ရောက်ခဲ့ကြမည် မဟုတ်။ သူ့စိတ်ကိုသာ ငြိမ်ငြိမ် ထားနိုင်ခဲ့လျှင် သူတို့ နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် လက်ဖျားနှင့်ပင် မတို့မိကြဘဲ မုန်တိုင်းကြီး ကျော်ဖြတ်သွားသည် အထိ ထိုင်စောင့် နေနိုင်ခဲ့ကြပေလိမ့်မည်။ မုန်တိုင်း စဲသွားသည်နှင့် စခန်းသို့ ပြန်လာနိုင်ခဲ့ကြပေလိမ့်မည်။

ယခုမူ မုန်တိုင်းကြီးကလည်း ဘယ်လောက်ကြာမည် မသိ။ တစ်နာရီလည်း ဖြစ်နိုင်သည်။ နှစ်နာရီလည်း ဖြစ်နိုင်သည်။ ဆယ်နာရီလည်း ဖြစ်နိုင်သည်။ အချိန်ကို သူတို့ မမှတ်မိ။

'အစ်ကို မှားပြီ ဇူလီ၊ အစ်ကို မှားပြီ' ဟု အက်ရှ် စိတ်ထဲမှ ဆိုမိသည်။ ရှောင်လွှဲရန် ကြိုးစားသည့်တိုင် မရတော့။ မှောင်ကြီးထဲတွင် သူ့ကို တွေ့လိုက်သည့် အခါ၌ ဇူလီသည် သွယ်ပျောင်းသော လက်မောင်း နှစ်ဖက်ဖြင့် သူ့လည်ပင်းကို သိုင်းဖက်လိုက်သည်။ သူကလည်း ဇူလီကို နမ်းလိုက်မိသည်။

ထိုအနမ်းတွင် နူးညံ့ သိမ်မွေ့မှု မပါ။ ပြင်းထန်သည့် အနမ်း။ ကြမ်းတမ်းသည့် အနမ်း။ သူ့ အနမ်းသည် ဇူလီ၏ နှုတ်ခမ်း နုနုထွေးထွေးကလေးများကို ဒဏ်ရာ ရစေသည့်တိုင် ဇူလီကလည်း မရုန်း။ မရုန်းသည့်ပြင် ဇူလီသည် ပို၍ပင် ထက်သန်စွာ တုံ့ပြန်ကာ ပို၍ပင် တင်းကျပ်စွာ ပြန်ဖက် ထားလိုက်သေးသည်။ သူတို့ နှစ်ယောက်သည် နာကျင်သည်ကိုလည်း မမှု။ တစ်ယောက်ကို တစ်ယောက် နာကျင်အောင် လုပ်နေ[illegible]



www.burmeseclassic.com

www.burmeseclassic.com



သည့် မြို့သူရန်ဖက် နှစ်ဦးသဖွယ် ကြမ်းတမ်း ပြင်းထန် နေကြသည်။

တိုတောင်းသည့် ရှူးမူးပြင်းပြချိန် ကလေးသည် ကုန်ဆုံးသွားခဲ့ပြီ။ တက်ကြွ မူးယစ်မှုသည် ဒီရေဆုတ်သလို ဆုတ်သွားကာ ဇူလီ၏ ခန္ဓာကိုယ်သည် တောင့်တင်းနေရာမှ သူ့ရင်ခွင်ထဲတွင် ပျော့ပျောင်း ခွေညွတ်၍ ကျန်ရစ်ခဲ့သည်။ မူးယစ်မှု ကုန်ဆုံးသွားပြီးနောက် ကြည်နူးမှုသည် အသွေးထဲ အသားထဲ အကြောထဲတွင် သာသာ ညင်းညင်း စီးဝင် ပျံ့နှံ့သွားသည်။

ဇူလီ၏ မျက်ရည်များက အက်ရှ်၏ လျှာပေါ်တွင် ငန်ပျပျ။ အက်ရှ်၏ ပတ်ပတ်လည်တွင် သူ့ဆံပင်လှိုင်းတို့ကို ထိတွေ့နေရသည်။ ရှည်လျား၍ ပိုးမျှင်လို နုသည့် ဆံနွယ်က နှင်းဆီနံ့ ပြေပြေသင်းလျက်။ အက်ရှ်၏ ကိုယ်ပေါ်တွင် ငှက်မွေး ငှက်တောင်တို့ ဖုံးအုပ်ထားသည့်နှယ် ကိုယ်ပေါ်သို့ လျှောကျနေကြသည်။ ထိုဆံနွယ်များသည် သက်ရှိ ပစ္စည်းများပမာ အက်ရှ်ကို ဖမ်းယူ ရစ်ပတ်နေကြ၏။

အက်ရှ်သည် ဇူလီ၏ ကိုယ်ကလေးကို ပွေ့ချီလိုက်ပြီးနောက် ဂူကြမ်းပြင်ပေါ်သို့ ချလိုက်သည်။ လက်နှစ်ဖက်ဖြင့် တင်းကျပ်စွာ ပွေ့ဖက်လိုက်သည့်တိုင် အက်ရှ်သည် သူ့ကိုယ်သူ ထိန်းကာ သူ့နှုတ်ခမ်းမှ ခွာလိုက်ပြီး ယခုအချိန်တွင် မေးစရာ မလိုသော မေးခွန်းကို မေးမိသည်။ သူကိုယ်တိုင်မှာလည်း မည်းမှောင်နေသည့် အမှောင်ထုကြီးထဲတွင် တုန်လှုပ် ချောက်ချားနေသည်။

သူ့ကို တုံ့ပြန်သည့် ဇူလီ၏ ပြင်းပြ ထက်သန်သော အနမ်းများသည် ကြောက်လန့်တကြား လုပ်မိလုပ်ရာ လုပ်ခြင်း ဟုတ် မဟုတ် သိချင်သည်။ သူ လိုချင်သည့် အဖြေကို ရမှ ရမည်လောဟု မဝေခွဲနိုင်။ ထို့ကြောင့် အက်ရှ်သည် ကြောက်ကြောက်လန့်လန့်ဖြင့် အတင်း မေးသည်။

'ဇူလီ၊ ကိုယ့်ကို ချစ်ရဲ့လား ဟင်'

လိုဏ်ဂူကြီးနှင့် များစွာသော လိုဏ်ဂူကလေးများထဲမှ ပဲ့တင်ပြန်၍ လာသော အသံများကို ကြားနေရ၏။ ကိုယ့်ကို ချစ်ရဲ့လား ... ချစ်ရဲ့လား ... ချစ်ရဲ့လား။

ဇူလီက တိုးညင်းစွာ ရယ်လိုက်၏။ သို့ရာတွင် သူ့ရယ်သံက ချစ်စရာ။ ထိုရယ်သံကလေးကြောင့် သူ့ရင်သည် အခုန် ရပ်သွားသည်ဟုပင် ထင်လိုက်ရသည်။ ဇူလီက သူ့နားနားသို့ ကပ်ကာ တိုးတိုးကလေး ဖြေ၏။

'မေးနေရသေးသလား အစ်ကိုရယ်၊ ဇူလီရဲ့ ဘဝ တစ်လျှောက်လုံးမှာ အစ်ကို့ကို ဇူလီ ဘယ်လောက် ချစ်ခဲ့တယ် ဆိုတာ အစ်ကို သိတယ် မဟုတ်လား၊ ဟုတ်တယ်၊ တစ်လျှောက်လုံး ချစ်ခဲ့တယ်၊ တွေ့ကတည်းက ချစ်ခဲ့တယ်'

အက်ရှ်က နူးညံ့ အိစက်နေသည့် သူ့ပခုံးကလေးကို ကြမ်းတမ်းစွာ ကိုင်လှုပ်လိုက်ရင်း

'ဘာလဲ၊ အစ်ကိုလို ချစ်တယ်လို့ ပြောတာလား၊ ဒီလို ချစ်တာကတော့ အလကားပဲ၊ အစ်ကို လိုချင်တာက ချစ်သူ တစ်ယောက်လို မယား တစ်ယောက်လို လိုချင်တာ၊ ဇူလီရဲ့ နှလုံးသားကိုရော၊ ခန္ဓာကိုယ်ကိုရော လိုချင်တာ၊ ကိုယ့်ကို ချစ်တယ် ဆိုတာ အဲဒီလို ချစ်တာ ဟုတ်ရဲ့လား ဇူလီ၊ ဟုတ်ရဲ့လား ပြောစမ်းပါ'

ဇူလီက သူ့ပခုံးကို ကိုင်ထားသည့် အက်ရှ်၏ ဘယ်ဘက်လက်ပေါ်တွင် ခေါင်းစောင်းပြီး ပါးကို ကပ်ထားလိုက်၏။ ထို့နောက် ကဗျာ တစ်ပုဒ်ကို ရွတ်သလို ကျမ်းထုပ် တစ်ခုကို ကိုင်ရွတ်နေသလို တိုးတိတ် ဖြည်းညင်းစွာ ပြောသည်။

'ချစ်တာပေါ့ အစ်ကိုရယ်၊ အစ်ကို့ကို အမြဲတမ်း ချစ်ခဲ့တယ်၊ ဇူလီဟာ အစ်ကိုရဲ့ ဇူလီ၊ အရင်တုန်းကလည်း အစ်ကို့ ဇူလီပဲ၊ ခုလည်း အစ်ကို့ ဇူလီပဲ၊ နောင်လည်း အစ်ကို့ရဲ့ ဇူလီပဲ ဖြစ်နေဦးမှာပဲ၊ အစတုန်းကတော့ အစ်ကိုရင်း တစ်ယောက်လို ချစ်ခဲ့တာပါပဲ၊ ဒါပေမဲ့ ဇူလီ အရွယ်ရောက်လာတဲ့ အခါကျတော့ အစ်ကို့ကို ချစ်သူ တစ်ယောက်လို မျှော်ခဲ့ရတယ်၊ စောင့်ခဲ့ရတယ်၊ ပြီးတော့...'

ဇူလီက ရှေ့သို့ တိုးကာ ပါးချင်း အပ်ထားလိုက်သည်။

'အစ်ကိုကတော့ ဘယ်သိမလဲလေ၊ အစ်ကို့နှင့် ခု ပြန်တွေ့တော့လည်း အစ်ကို ဘယ်သူဘယ်ဝါမှန်း မသိခင် ကတည်းက အစ်ကို့ကို ချစ်ခဲ့မိတယ်၊ မှတ်မိသေးလား အစ်ကို၊ မြစ်လယ်ကောင်မှာ ရေနစ်တဲ့ ညက လေ၊ အစ်ကိုက ဇူလီကို လှည်းယဉ်ထဲက ဆွဲထုတ်ပြီး ပွေ့လာတော့ ဇူလီ ရင်တွေ တဒိတ်ဒိတ် ခုန်ပြီး အသက်ကိုတောင် ဘယ်လို ရှူရမှန်း မသိဘူး ဖြစ်နေတယ်၊ အဲဒီတုန်းက အစ်ကို့ကို သူစိမ်းလို့ ထင်နေတော့ ဇူလီ ရှက်လိုက်တာလေ၊ ဒါပေမဲ့ စိတ်ထဲကတော့ အဲဒီလို ပွေ့ထားတာကို သာယာနေတယ်၊ ပိုပြီး တင်းတင်းကျပ်ကျပ်ကြီး ဖက်ထားလိုက်စေချင်တယ်၊ ဒီလို ဒီလို'



www.burmeseclassic.com

www.burmeseclassic.com


ဇူလီက သူ့လည်ပင်းကို တင်းကျပ်စွာ ပွေ့ဖက်လိုက်ပြီးနောက် မေးရိုးအောက်မှ ချိုင့်ကလေးကို နမ်းနေသည်။

'ချစ်လိုက်တာ အစ်ကိုရယ်၊ ဘယ်လိုနေမှန်း မသိဘူး၊ ဇူလီကို ချစ်တယ်နော် အစ်ကို၊ ဇူလီကို ချစ်နော်'

ဇူလီ၏ ခပ်တိုးတိုး အသံကလေးသည် တိုး၍ ပျောက်သွား၏။ အက်ရှ်က ဇူလီ၏ ကိုယ်ကလေးကို ပွေ့ကာ ဂူကြမ်းပြင်ပေါ်သို့ လှဲချလိုက်သည်။

ခြောက်သွေ့ ဖြူလွသည့် သဲပြင်က ပြန့်ပြူးချောမွေ့လျက်။ အမှောင်ထဲတွင် လှဲလိုက်သည့် ဇူလီ၏ ပိုးမျှင်လို ဆံနွယ်များသည် မြေကြီးပေါ်တွင် ပိုးစ တစ်စကို ခင်းလိုက်သည့်နှယ်။

အက်ရှ်၏ လက်များက ဇူလီ့ ကိုယ်ပေါ်တွင် နောက်ဆုံး ကျန်ခဲ့သည့် အင်္ကျီကို ဆွဲဖယ်လိုက်သည်။ သူ့လက်များသည် ဖြည်းညင်းစွာ အထက်သို့ တက်သွားကြ၏။ ဇူလီသည် ထိတ်ခနဲ ဖြစ်သွား၏။ သို့ရာတွင် ထိုအကြောက်သည် ချက်ချင်း ပျောက်သွားသည်။

'ဇူလီ'

ဇူလီသည် သူ့ကို တင်းကျပ်စွာ ပြန်ဖက်လိုက်သည်။ သူ့ အပျိုစင် ဘဝကို အဆုံးသတ်ပစ်လိုက်သည့် ချစ်စရာကောင်းသော ရက်စက် ကြမ်းကြုတ်မှု အတွက် သူ ညည်းတွားခြင်း မရှိ။

'ကိုယ် ဒီလို ရည်ရွယ်ချက် မရှိခဲ့ပါဘူး ဇူလီ'

သို့ရာတွင် ထိုစကားကို နောင် နာရီ အတော်ကြာမှ ပြောခြင်း ဖြစ်သည်။ မည်မျှ ကြာသည် မသိ။ ထို့နောက်…။

'ဇူလီကတော့ ဒီလို ဖြစ်ချင်နေတာ'

ဇူလီက သူ့ပခုံးပေါ်တွင် ခေါင်းမှီ၍ တင်ထားရင်း ရင်ခွင်ထဲတွင် ငြိမ်ငြိမ်ကလေး မှီနေသည်။

'ဘယ်တုန်းက ဒီစိတ်ကူးမျိုး ပေါ်ခဲ့တာလဲ ဇူလီ'

ဇူလီက ချက်ချင်း မဖြေ။ သို့ရာတွင် အက်ရှ်သည် တခြား ကိစ္စများကို တွေးနေရာမှ ပါးစပ်ထဲ တွေ့ရာကို ကောက်မေးလိုက်ခြင်း ဖြစ်သည်။

အက်ရှ်သည် အိန္ဒိယပြည် တောင်ပိုင်းသို့ သူတို့ စခန်း ပြောင်းလာကတည်းက နေ့စဉ် နေ့တိုင်း ကြည့်ခဲ့သည့် စစ်သုံး မြေပုံကြီးကို မျက်စိထဲတွင် မြင်ယောင်နေရင်း မည်သည့်လမ်းသည် အလုံခြုံဆုံး ဖြစ်မည်နည်းဟု တွေးနေသည်။ သူတို့ နှစ်ယောက်အဖို့ ရာဇပုတ်ပြည်နယ်နှင့် အိန္ဒိယပြည် တောင်ပိုင်းမှ မြန်မြန် ထွက်သွားလေလေ ကောင်းလေ မဟုတ်လော။ သူတို့တွင် မြင်း ရှိသည်။ သို့ရာတွင် ပိုက်ဆံ မရှိ။ သူတို့တွင် ပိုက်ဆံ လိုလိမ့်မည်။ စခန်းသို့ ပြန်ယူနေ၍ မဖြစ်တော့။

ဇူလီက ခေါင်းကို လှုပ်လိုက်သဖြင့် သူ့နားတွင် ပန်ထားသည့် နားပန်သည် သူ့အသားကို လာထိသည်။ ထိုအခါ ဇူလီ့နားတွင် ပန်ထားသည့် နားပန်သည် ရွှေကွပ်ထားသည့် ခိုသွေး ပတ္တမြားကြီးများ ဖြစ်သည်ကို သူ သတိရ၏။ ထို့မျှမက ဇူလီ၏ အင်္ကျီတွင် ထိုးထားသည့် ပတ္တမြား ရင်ထိုးလည်း ရှိသေးသည်။ ပတ္တမြား ကြယ်သီးတွေလည်း ရှိသေးသည်။ သူတို့သာ ရောင်းတတ်လျှင် ဈေးကောင်း ရပေလိမ့်မည်။ လိုအပ်လျှင် တစ်ခုပြီး တစ်ခု ထုခွဲ ရောင်းချသွားနိုင်သည်။

'အစ်ကိုနှင့် ထွက်ပြေးဖို့ စိတ်ကူး ပေါ်ခဲ့တာ ကြာလှပြီ၊ လွန်ခဲ့တဲ့ တစ်လကျော်ကျော်လောက် ကတည်းက ဆိုပါတော့၊ ဒါပေမဲ့ ဒီလိုပုံမျိုးတော့ မဟုတ်ဘူး ပေါ့လေ၊ ဇူလီတို့ နှစ်ယောက် မုန်တိုင်းမိပြီး ဒီဂူကြီးထဲ ဝင်ပုန်းကြရလိမ့်မယ်လို့တော့ ဘယ် စဉ်းစားမိမလဲ၊ ဒါကတော့ ဘုရားက ဖန်တီးပေးလိုက်တာကိုး၊ အစ်ကိုကတော့ ဇူလီကို အရှက်နည်းတဲ့ မိန်းကလေး တစ်ယောက်လို့ ထင်မှာပဲနော်၊ ဇူလီ စိတ်ကူးထားတာက အစ်ကို့တဲကို ဇူလီ လာမယ်၊ ထွက်ပြေးကြဖို့ အစ်ကိုက သဘောမတူဘူး ဆိုရင် အစ်ကို သဘောတူအောင် ဇူလီ ပြောမယ်လို့ စိတ်ကူးပြီးသား၊ ဇူလီ စိတ်ဆင်းရဲလှပြီ အစ်ကို၊ တကယ်လို့သာ ဇူလီဟာ…'

'ဟင် ဇူလီ၊ ဘာတွေ ပြောနေတာလဲ'

ကိုယ့်အတွေးနှင့် ကိုယ်ဖြစ်၍ အက်ရှ်ကလည်း သူ ပြောသည့် စကားများကို သတိ မထားလိုက်မိ။ ဇူလီက အသံ တုန်တုန်ကလေးဖြင့်

'ဘိသော မဟာရာဇာ အကြောင်းလေ၊ ဇူလီရဲ့ အပျိုစင် ဘဝကို ဒီပြင် လူတစ်ယောက်ဆီမှာ ဇူလီ ပုံမအပ်နိုင်ဘူး အစ်ကို၊ အဲဒီ လူကြီးကို ဇူလီလည်း မသိဘူး၊ ချစ်လည်း မချစ်ဘူး၊ သူကလည်း ဇူလီကို ချစ်တာ မဟုတ်ဘူး၊ ဒါပေမဲ့ သူ့မယား ဖြစ်တော့ သူ့ရဲ့ ဆန္ဒကို ဖြည့်ရုံသက်သက်ပဲ အသုံးချမှာ၊ သူ့အတွက် ဇူလီက အရိုက်အရာခံဖို့ ကလေးတွေ မွေးပေးရုံ သက်သက်ပဲ ဇူလီကို အသုံးချမှာ၊ ပြီးတော့ ဇူလီလည်း တစ်ခါမှ မမြင်ဖူးတဲ့ အဘိုးကြီး'



www.burmeseclassic.com

www.burmeseclassic.com


ဇူလီက တစ်ကိုယ်လုံး တုန်သွားသဖြင့် အက်ရှ်က ခပ်တင်းတင်း ဖက်လိုက်သည်။

'ဒါတွေကို မတွေးပါနှင့်တော့ အချစ်ရယ်၊ နောင်မှာ ဒါတွေကို တွေးစရာ မလိုတော့ပါဘူး'

'တွေးရမယ် အစ်ကို၊ တွေးရမယ်၊ အစ်ကို နားလည်အောင် ဇူလီ ပြောပါရစေဦး၊ ဇူလီဟာ အဲဒီလူကို ယူရတော့မယ် ဆိုတာ အစကတည်းက သိခဲ့ပါတယ်၊ သူဟာ ဇူလီကို မလိုချင်သည့်တိုင် သူ့မယား ဖြစ်လာမှတော့ ဇူလီကို တတ်နိုင်သမျှ အသုံးချမှာပဲ၊ သူက သားယောက်ျားကလေးတွေ လိုချင်တာကိုး၊ ဒီအထိတော့ ဇူလီ သူ့ကို ရှောင်လို့ မရတော့ဘူး။

'ဒါပေမဲ့ ဇူလီ ဘဝမှာ တစ်သက်လုံး သူနှင့် နေရတော့မယ် ဆိုတာရယ်၊ ဇူလီကို မချစ်ဘဲ ယူပြီး ဇူလီကလည်း မချစ်ဘဲနှင့် ပေါင်းဖော်နေရတော့မယ် ဆိုတာရယ်၊ ကိုယ် ချစ်တဲ့သူနှင့် ဘယ်တော့မှ အတူ မနေရတော့ဘူး ဆိုတာရယ်၊ ဒါတွေကို တွေးလိုက်မိတဲ့ အခါကျတော့ ဇူလီ ရင်နာတယ် အစ်ကို၊ ဒါကြောင့်မို့ ဇူလီကို ကယ်ဖို့၊ ဒီဘဝက လွတ်အောင် လုပ်ပေးဖို့ အစ်ကို့ကို တောင်းပန်မယ် ဆိုတာ ဇူလီ ဆုံးဖြတ်ပြီးသား၊ ခု အစ်ကိုက ဇူလီကို ကယ်လိုက်ပြီ၊ ဒီတော့ ဇူလီ ကျေနပ်တယ်၊ ဝမ်းသာတယ်၊ ဇူလီ့ ဘဝမှာ အစ်ကိုနှင့် ဒီလို နေလိုက်ရတဲ့ အချိန်ကလေးဟာ တကယ့် ဘဝ တကယ့် အချိန်ကလေး၊ ဒီအချိန်ကလေးကို ဇူလီ့ ဘဝက ဘယ်သူမှ နုတ်ယူလို့ မရတော့ဘူး၊ ဘယ်သူမှ ဒီအချိန်ကလေးကို ညစ်နွမ်းအောင် ပျက်စီးအောင် လုပ်လို့ မရတော့ဘူး။

'ဒီနေ့ညမှာ ဟို ဟို ကိုယ်ဝန် ရှိပါစေလို့ နတ်သိကြားတွေဆီမှာ ဇူလီ ဆုတောင်းတယ်၊ ဒီလိုဆိုရင် ဇူလီ ပထမဆုံး မွေးတဲ့ ကလေးဟာ အစ်ကို့ ကလေးပဲ ဖြစ်မှာပဲ၊ ထားပါလေ၊ ဒီဆုတောင်း မပြည့်ခဲ့ရင်တောင် ဇူလီဟာ အချစ် ဆိုတာကို သိခဲ့ရပြီ၊ နားလည်ခဲ့ရပြီ၊ ဒီတော့ အချစ်ကို သိခဲ့ရပြီ ဖြစ်လို့ အဲဒီ လူကြီးနှင့် ရပြီး သူ့အလိုကို ဖြည့်စွမ်း နေရတာတွေ၊ ရက်စရာကောင်းတာတွေကို ဇူလီ ရင်ဆိုင်ရဲပါပြီ၊ ဇူလီရဲ့ အချစ်ကို အစ်ကို့ကို ပုံပေးခဲ့ပြီး နောက်မှာ ဖြစ်ချင်ရာတွေ ဖြစ်စမ်းပါစေ၊ ဇူလီ ခံနိုင်ပါပြီ၊ သူ့မယား ဖြစ်ရရင်လည်း ဖြစ်ပါစေ၊ ဇူလီ မမှုတော့ပါဘူး'

'ဘာဖြစ်လို့ မှုရမှာလဲ အချစ်ရယ်၊ နောင်မှာ ဘာကိုမှ မှုနေစရာ မလိုတော့ဘူး၊ သိလား'

အက်ရှ်က ဒေါသတကြီးဖြင့် ပြောကာ ဇူလီ၏ ခေါင်းကို နောက်သို့ လှန်လိုက်သည်။ ဇူလီ၏ မျက်လုံး၊ ဇူလီ၏ နဖူးပြင်၊ ဇူလီ၏ နားထင်၊ ဇူလီ၏ ပါးပြင်၊ ဇူလီ၏ မေးသွယ်သွယ်နှင့် နှုတ်ခမ်းတို့ကို နမ်းလိုက်၏။ အက်ရှ်သည် တရှုပ်ရှုပ် နမ်းရင်းလည်း စကားကို တတွတ်တွတ် ပြောနေသည်။

'အချစ် မသွားရဘူး၊ အချစ်ကို လက်လွှတ် မခံနိုင်ဘူး၊ ခုလည်း မသွားရဘူး၊ နောင်လည်း မသွားရဘူး'

အက်ရှ်က ဇူလီနှင့် ထွက်ပြေးဖို့ စိတ်ကူးခဲ့ပုံ၊ မိမိမှာ တာဝန်ဖြင့် လာရသည့် အပြင် အန္တရာယ် ကြီးလှသည့် အတွက် ထိုအကြံကို စွန့်လွှတ်လိုက်ရပုံ၊ သို့ရာတွင် နောက်ဆုံး၌ သဲမုန်တိုင်း မိသဖြင့် သူ့ဆုံးဖြတ်ချက်ကို ပြင်လိုက်ပုံ စသည်တို့ကို ပြောပြ၏။

သူတို့တွင် မြင်းတွေ ပါလာသည်။ မုန်တိုင်း စဲသည်နှင့် ထွက်ပြေးကြမည် ဆိုလျှင် ညတွင်းချင်း ခရီး တော်တော်များများ ပေါက်နိုင်သည်။ မနက်လင်းလျှင် သူတို့ ရှာမရနိုင်သည့် အရပ်သို့ ရောက်နေပြီ။ ထို့ပြင် သူတို့ စခန်းကိုလည်း မုန်တိုင်း မွှေသွားသဖြင့် ချက်ချင်း လိုက်ရှာနိုင်ကြဦးမည် မဟုတ်။ ရှာ၍ မတွေ့လျှင် သူတို့ နှစ်ယောက် မုန်တိုင်းမိကာ သဲမုန်တိုင်းကြောင့် ပို့သွားသော တောင်စောင်း သဲပုံကြီးများ အောက်တွင် မြုပ်ပြီးသား ဖြစ်နေတော့မည်ဟု ထင်ကြတော့မည်။ သူတို့၏ အလောင်းများကို မြေကြီးအနံ့ တူးဆွ၍ လှန်လှော၍ ရှာနိုင်သည်လည်း မဟုတ်။

'တစ်ရက် နှစ်ရက်လောက် လိုက်ရှာပြီး မတွေ့ရင် သူတို့ ဘိသောကို ဆက်သွားကြမှာပဲ၊ ဒီလောက် ရာသီဥတု ပြင်းတဲ့ အချိန်မှာ လမ်းမှာ သူတို့ကြာကြာ မနေနိုင်ပါဘူး၊ ပြီးတော့ အစ်ကိုတို့မှာ ပိုက်ဆံ အတွက်လည်း ပူစရာ မရှိဘူး၊ ကိုယ့်မှာ နာရီ ရှိတယ်၊ ဇူလီမှာလည်း ပတ္တမြား နားဆွဲတွေ ကြယ်သီးတွေ ပါသေးတယ် မဟုတ်လား၊ ဒီလောက်ဆိုရင် ကိုယ်တို့ နှစ်ယောက် တော်တော် ကြာကြာ နေနိုင်ပါတယ်၊ ကိုယ်တို့ နှစ်ယောက်ကို မသိတဲ့ တစ်နေရာရာကို သွားနေကြတာပေါ့၊ အဒ်နယ်မှာပဲ ဖြစ်ဖြစ်၊ မြောက်ပိုင်းက တောင်ခြေရွာတွေမှာပဲ ဖြစ်ဖြစ်၊ ဒါမှမဟုတ် ကူလူး တောင်ကြားမှာပဲ ဖြစ်ဖြစ်ပေါ့၊ ကိုယ် အလုပ် ရှာနိုင်ပါတယ်ကွယ်၊ ကိုယ်တို့ အကြောင်းကို မေ့လောက်တဲ့ အချိန်ကျတော့မှ...'

ဇူလီက ခေါင်းကို ယမ်းလိုက်၏။


www.burmeseclassic.com

www.burmeseclassic.com



'မေ့မှာ မဟုတ်ဘူး အစ်ကို၊ ဇူလီကိုတော့ မေ့ချင် မေ့မှာပေါ့လေ၊ ဇူလီက သူတို့အတွက် ဘာမှ တန်ဖိုးမှ မရှိတာ၊ ဒါပေမဲ့ အစ်ကို့ကိုတော့ မေ့မှာ မဟုတ်ဘူး၊ အစ်ကို တစ်နှစ် ပုန်းချင် ပုန်းနိုင်မယ်၊ ဆယ်နှစ်ပုန်းချင် ပုန်းနိုင်မယ်၊ ဒါပေမဲ့ ဘိလပ်မှာပဲ ဖြစ်ဖြစ်၊ အိန္ဒိယမှာပဲ ဖြစ်ဖြစ် အစ်ကို မျက်နှာ ပြလိုက်ရင်တော့ အစ်ကို့ကို ဆိုင်ရာက ဖမ်းပြီး အပြစ်ပေးမှာပေါ့၊ အစ်ကိုဟာ ခုထိ ဗြိတိသျှ အစိုးရရဲ့ စစ်မှုထမ်း တစ်ယောက် မဟုတ်လား၊ တပ်ပြေး အနေနှင့် ဖမ်းကြမှာပေါ့၊ အဲဒီ အခါကျတော့ အားလုံး သိကြတော့မှာပေါ့'

'အင်း ဟုတ်တယ်'

စောစောတုန်းက ယစ်မူးနေသဖြင့် နယ်ခြားစောင့်တပ်ဖွဲ့ အကြောင်းကို မတွေးမိ။

'ဟုတ်တယ်၊ အစ်ကို ပြန်သွားလို့ ရမှာ မဟုတ်တော့ဘူး၊ ဒါပေမဲ့ အစ်ကိုတို့ နှစ်ယောက် မခွဲနိုင်ဘူး ဇူလီ၊ ပြီးတော့...'

ဇူလီက သူ့ပါးစပ်ကို လှမ်းပိတ်လိုက်၏။

'ဒီလို မပြောပါနှင့် အစ်ကိုရယ်၊ ဇူလီ တောင်းပန်ပါတယ်၊ ဇူလီ အစ်ကို့နှင့် လိုက်လို့ မဖြစ်လို့ပါ၊ ဇူလီ ညီမတော်လေးကို ထားခဲ့လို့ မဖြစ်ဘူး၊ သူနှင့် သေတပန် သက်ဆုံး နေပါ့မယ်လို့ ရှရီလာကို ဇူလီ ကတိပေးခဲ့မိပြီ အစ်ကို၊ ဇူလီ ကတိကို မဖျက်ချင်ဘူး'

အက်ရှ်သည် သူ့စကားများကို မယုံနိုင်။ သူက စကားပြောမည် ပြုသောအခါ၌ ဇူလီသည် သူ့ပါးစပ်ကို အတင်း ပိတ်ထားသည်။ တတွတ်တွတ် တောင်းပန်သည်။ ဇူလီ၏ စကားလုံးတိုင်းသည် သူ့ကို တူကြီး တစ်ခုနှင့် ထုနေသည့်နှယ်။ ရှရီလာသည် ဇူလီကို ချစ်၏။ သူ့ကို မီခို အားထား၏။ ဇူလီပါ သူနှင့်အတူ လိုက်နေမှ ဘိသော စော်ဘွားကို လက်ထပ်မည်ဟု ပြောခဲ့၏။ ဇူလီသည် ညီမငယ်ကို တစ်ယောက်တည်း ထားမပစ်ခဲ့ချင်။ မပစ်ခဲ့ရက်။

ရှရီလာ ဘယ်လောက် ကြောက်တတ်၊ အားငယ်တတ်၊ လွမ်းတတ်သည်ကို အက်ရှ် နားမလည်။ မိမိနှင့် ဓလေ့ထုံးစံချင်း မတူ၊ အနေအထိုင်ချင်း မတူ၊ ပတ်ဝန်းကျင်ချင်း မတူသည့် အသက် လေးဆယ်ကျော် လူကြီး တစ်ဦးအား လက်ထပ်ရသည့် ကိစ္စသည် မည်မျှ ကြောက်လန့်စရာ ကောင်းကြောင်းကို သူ မသိ။ ရှရီလာသည် ကလေးငယ်မျှသာ။ ကြောက်လန့် ချောက်ချားနေသည့် ကလေးငယ် တစ်ဦးမျှသာ။

'သူ့ကို ဒီအတိုင်း ထားပစ်ခဲ့ပြီး ဇူလီ ဘယ့်နှယ်လုပ် ပျော်နိုင်မလဲ အစ်ကိုရယ်၊ ရှရီလာဟာ ကိုယ့်ညီမလေး၊ ညီမလေးကို ဇူလီ ချစ်တယ်၊ သူကလည်း ဇူလီကို ချစ်တယ်၊ ယုံတယ်၊ အားထားတယ်၊ ဇူလီမှာ တွယ်တာစရာ ချစ်စရာ ဆိုလို့ ဘာမှ မရှိခဲ့တဲ့ အချိန်တုန်းက ရှရီလာဟာ သူ့အချစ်ကို ပေးခဲ့တယ်၊ ခု သူ့အဖို့ အလိုအပ်ဆုံး အချိန်မှာ ဇူလီက ပြန်မပေးနိုင်ရင် ဇူလီ တစ်သက်လုံး လိပ်ပြာသန့်တော့မှာ မဟုတ်ဘူး၊ ကိုယ့်ကိုယ်ကိုယ်လည်း ခွင့်လွှတ်နိုင်မှာ မဟုတ်တော့ဘူး၊ ပေးထားတဲ့ ကတိကို ဖျက်ပြီး သူ့ကို တစ်ယောက်တည်း ထားပစ်ခဲ့တယ် ဆိုတာ တွေးမိတိုင်း...'

အက်ရှ်က သူ့ပါးစပ်ကို ပိတ်ထားသည့် ဇူလီ၏ လက်ကို ဆွဲဖယ်လိုက်သည်။

'ကိုယ်လည်း ဇူလီကို ချစ်တယ် ဆိုတာ သတိထားပါဦး၊ ဇူလီကို သူမှ လိုတာ မဟုတ်ဘူး၊ ကိုယ့်အဖို့လည်း လိုတယ် သိရဲ့လား၊ ကိုယ် ချစ်တာကိုတော့ ဇူလီ ထည့်မစဉ်းစားတော့ဘူးလား၊ သူဟာ ကိုယ့်ထက်တောင် အရေးကြီးနေသလား၊ ဟုတ်လား'

ဇူလီ ငိုရှိုက်နေလေပြီ။

'အရေး မကြီးပါဘူး အစ်ကိုရယ်၊ ဒါကို အစ်ကို သိပါတယ်၊ အစ်ကို့ကို ဇူလီ ကိုယ့်အသက်ထက်တောင် မြတ်နိုးပါတယ်၊ ချစ်ပါတယ်၊ အို လောကကြီးမှာ ရှိသမျှ အားလုံးထက် အစ်ကို့ကို ဇူလီ ချစ်ပါတယ်၊ အစ်ကို့ကို ချစ်တဲ့ ဇူလီရဲ့ အချစ်ဟာ အားလုံးတွေထက် ပိုပါတယ်၊ အရက်ထက်လည်း ပိုပါတယ်၊ ဒါပေမဲ့ အစ်ကို၊ အစ်ကိုက ယောကျာ်း၊ ကြံ့ခိုင်တယ်၊ ဒါတွေ အားလုံးနှင့် တကွ ဇူလီကို မေ့ပျောက်ပစ်လိုက်လို့ ရတယ်၊ တစ်နေ့ကျရင် အစ်ကိုလည်း...'

'မမေ့ဘူး၊ ဘယ်တော့မှ မမေ့နိုင်ဘူး' ဟု အက်ရှ်က အကျောက်အကန် ပြောသည်။

'မေ့မှာပါ အစ်ကိုရယ်၊ မေ့နိုင်ပါတယ်၊ ဇူလီကလည်း မေ့နိုင်ပါတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ အစ်ကိုနှင့် ဇူလီက စိတ်ဓာတ် ကြံ့ခိုင်တယ်၊ ဒါကြောင့် မေ့လို့ ရတယ်၊ ဒါပေမဲ့ ရှရီလာက စိတ်ပျော့တယ်၊ သူ အားငယ်နေတုန်းမှာ နေထိုင်မကောင်းတုန်းမှာ စိတ်မကောင်း ဖြစ်နေတုန်းမှာ အားပေး နှစ်သိမ့်မယ့်လူ မရှိရင် သေမှာ'

'မဖြစ်နိုင်တာကွယ်၊ ရှရီလာဟာ ဇူလီ ထင်သလောက် စိတ်ဓာတ် မပျော့ပါဘူး၊ ကလေးပေမဲ့ ရှရီ

www.burmeseclassic.com

www.burmeseclassic.com



လာမှာ သူ့အမေ့သွေး ရှိတယ် ဇူလီ၊ ဟုတ်ပါတယ်၊ ရှုရီလာဟာ လှသလောက် ရက်တတ်သလောက် တစ်ကိုယ်ကောင်းဆန်တဲ့ ကလေးမ၊ အလိုလိုက် ခံထားရလို့ ဆိုးနေတဲ့ မိန်းကလေး တစ်ယောက်၊ သူများကို အနိုင် ကျင့်မယ်၊ ဗိုလ်ကျမယ်၊ ဒါကို ဇူလီကလည်း သည်းခံခဲ့တယ်၊ ခုတော့ ရှုရီလာကို သူ့ခြေထောက်ပေါ် သူ ရပ်ဖို့ အခွင့်အရေး ပေးသင့်ပြီ ဇူလီ၊ ရှုရီလာဟာ ဇူလီရဲ့ ကလေးလေး မဟုတ်တော့ဘူး၊ ညီမလေးလည်း မဟုတ်တော့ဘူး၊ တစ်လလောက် အတွင်းမှာ အိမ်ထောင်ရှင်မ တစ်ယောက် ဖြစ်လာပြီး တစ်နှစ်လောက် အတွင်းမှာ ကလေး အမေ တစ်ယောက် ဖြစ်ရတော့မှာ၊ သူ့ကိုယ်သူ အသေမခံပါဘူး၊ ဇူလီ ထင်သလား'

ဇူလီသည် အတန်ကြာမျှ ငြိမ်သက်နေ၏။ ထို့နောက် လေးနက် ပြတ်သားသော အသံဖြင့်

'ဒီမှာ အစ်ကို၊ တကယ်လို့သာ ဇူလီ သဲမုန်တိုင်း မိပြီး သေသွားရင် သူ ဘယ်လိုဖြစ်မယ် ထင်သလဲ သိရဲ့လား၊ ကြောက်တာရော သောက ရောက်တာရော ပေါင်းပြီး ရူးသွားနိုင်တယ် အစ်ကို၊ သူ့ကို ဘယ်သူမှ ထိန်းလို့ရမှာ မဟုတ်ဘူး၊ ရှုရီလာ အကြောင်းကို အစ်ကို မသိပါဘူး၊ ဇူလီ သိပါတယ်၊ ဇူလီဟာ သူ့ကို ချစ်သည့်တိုင် သူ့ချွတ်ယွင်းချက်တွေကို မြင်ပါတယ်၊ ရှုရီလာဟာ အလိုလိုက် ခံရလို့ ဆိုးတယ်၊ တစ်ကိုယ်ကောင်း ဆန်တယ်၊ တဇွတ်ထိုးနိုင်တယ်၊ ပြီးတော့ ဂျာနူးဘိုင်ရဲ့ သမီး၊ ဒါပေမဲ့ သိမ်မွေ့တယ်၊ ချစ်တတ်တယ်၊ သနားတတ်တယ်၊ ယုံလွယ်တတ်တယ်၊ ဇူလီကြောင့် သူ သေရတဲ့ အဖြစ်မျိုးကို မရောက်စေချင်ဘူး၊ ဒီလိုဆိုရင် ဇူလီဟာလည်း တစ်ကိုယ်ကောင်းဆန်တဲ့ မိန်းမ၊ ကိုယ့်ဘက်လောက်ကိုသာ ကြည့်တဲ့ မိန်းမ၊ သစ္စာ မရှိတဲ့ မိန်းမပဲ ဖြစ်နေမှာပေါ့၊ ရက်စက်တဲ့ မိန်းမ တစ်ယောက် ဖြစ်သွားမှာပေါ့၊ ကိုယ့် ညီမလေးရဲ့ အသက်ကို ဂရုမစိုက်ဘဲ ကိုယ့် ပျော်ရွှင်မှုကို ရှာသွားရင် ဇူလီဟာလည်း အလကား မိန်းမ တစ်ယောက် ဖြစ်သွားမှာပေါ့၊ ဇူလီမှာ ဘာ ချစ်စရာ ကျန်တော့လဲ'

'အစ်ကို့ ပျော်ရွှင်မှုကိုကော ဇူလီ မစဉ်းစားတော့ဘူးလား၊ ဇူလီ အတွက် ကိုယ်ဟာ အရေးမကြီးတော့ဘူးလား'

သို့ရာတွင် မည်သို့ပြောပြော အချည်းနှီးသာ။ အက်ရှ်သည် ဇူလီကို သူနှင့် လိုက်ခဲ့ရန် အမျိုးမျိုး ပြော၏။ အကြောင်း အမျိုးမျိုး ပြ၏။ သို့ရာတွင် ဇူလီက ခေါင်းမာမြဲ။

အက်ရှ်သည် ဇူလီကို ဖက်လိုက်ကာ အဟိတ်တိရစ္ဆာန်၏ ကြမ်းတမ်းမှုမျိုးဖြင့် သူ့ကို နာကျင် ဒဏ်ရာရစေသည့်တိုင် ဇူလီထံမှ ပီတိ တစ်ဝက် ဝေဒနာ တစ်ဝက်ဖြင့် တုံ့ပြန်မှုမျိုးကို ရအောင် ခပ်ကြမ်းကြမ်း ကိုင်တွယ် ချစ်ပစ်လိုက်၏။ အတန်ကြာ၍ မောပန်း ငြိမ်သက်စွာ လှဲလျောင်းနေကြသည့် အခါတွင်လည်း 'ဟင့်အင်း မဖြစ်ဘူး အစ်ကို၊ ဇူလီ ညီမလေးကို သစ္စာမဖောက်နိုင်ဘူး' ဟု ပြောနေဆဲ။

သည်စစ်ပွဲတွင် ရှုရီလာက အနိုင်ရပြီး သူ ရှုံးသွားပြီကို အက်ရှ် သိလိုက်ပြီ။ အက်ရှ်သည် သဲပြင်ပေါ်တွင် ပက်လက်လှန်ကာ အမှောင်ထဲသို့ စိုက်ကြည့်နေသည်။ အတန်ကြာသည့်တိုင် တစ်ယောက်နှင့် တစ်ယောက် စကား မပြောမိကြ။

အတိတ်ကြီး တိတ်နေသဖြင့် ကိုယ့် အသက်ရှူသံကိုပင် ကြားနေရသည်။ အပြင်ဘက် လိုဏ်ဂူဘက်ဆီမှာ မြင်းများ လှုပ်နေသည့် အတွက် ဇက်ကြိုးသံ တချွင်ချွင်ကို ကြားရ၏။

ထိုအခါကျမှပင် အပြင်ဘက်တွင် မုန်တိုင်း စဲသွားပြီကို သတိ ပြုမိတော့သည်။ မုန်တိုင်း စဲသွားသည်မှာ အနည်းဆုံး တစ်နာရီလောက်ပင် ရှိတော့မည်။ စခန်းသို့ ပြန်ကြမည် ဆိုလျှင် ယခုလို ညအမှောင်ကို ခို၍ ပြန်သည်က ပိုကောင်းလိမ့်မည်။ မုန်တိုင်းပြီး ဆိုလျှင် စခန်းတွင်လည်း ဖရိုဖရဲ ဖြစ်နေသည့် အတွက် သူတို့နှစ်ယောက် နောက်ကျ၍ ပြန်ရောက်လာသည်ကို မည်သူမျှ သတိပြုမိမည် မဟုတ်။

ဇူလီ ဘက်ကနေ ကြည့်လျှင် ယောကျာ်းမျိုး တစ်ယောက်နှင့် အချိန် အတော်ကြာ ပျောက်ကွယ်နေသည့် အတွက် အမြင် မကောင်းလှ။ သို့ရာတွင် သဲမုန်တိုင်း တိုက်နေသဖြင့် အကြောင်းပြစရာ ရနေသည်။ ယခု မြန်မြန် ပြန်လျှင် မုန်တိုင်း စဲစဲချင်း ပြန်လာသည့် အတွက်ကြောင့် လည်းကောင်း၊ စခန်းတွင်လည်း ကိုယ့်ကိစ္စနှင့် ကိုယ် အလုပ် များနေကြသည့် အတွက်ကြောင့် လည်းကောင်း သူတို့ကို ဘာမျှ ပြောစရာ မရှိ။ အလွန်ဆုံး ရှိလျှင် ရှုရီလာကို ထားပြီး သည်လောက် ဝေးဝေး မြင်းစီးသွားရသလောဟု အပြစ် တင်ရုံမျှသာ ရှိမည်။ မည်သူမျှ သူတို့ကို သင်္ကာမကင်း ဖြစ်မည် မဟုတ်။

www.burmeseclassic.com



အက်ရှ်သည် တစ်စုံတစ်ရာကို ချက်ချင်း အမှတ်ရလာသဖြင့်

'ဇူလီ ဒီအတိုင်း လိုက်သွားလို့ ဘယ်ဖြစ်မလဲ၊ သူက မသိဘဲ နေမတဲ့လား'

'ဘယ်သူက သိရမှာလဲ၊ ဘာကို သိရမှာလဲ'

ဇူလီက ငိုသံဖြင့် ခပ်ထွေးထွေး ပြောသည်။

'ဘီသော စော်ဘွားကပေါ့၊ ဇူလီဟာ အပျိုစင် မဟုတ်တော့ဘူး ဆိုတာကို သူ သိမှာပေါ့၊ သိရင် ဘယ့်နှယ့် လုပ်မလဲ၊ ဒါမျိုးကို သူ ဘယ်ခွင့်လွှတ်မလဲ၊ သူများ အကျကိုကော သူ ယူမှာတဲ့လား၊ ဘယ်သူနှင့် ဖြစ်ခဲ့သလဲ၊ ဘယ်တုန်းက ဖြစ်ခဲ့သလဲ ဆိုတာကို သူ သိချင်မှာပေါ့၊ ဇူလီက မပြောရင် သူ ဇူလီကို နှိပ်စက်မယ်၊ ကာရိကုတ် ပြန်ပို့မယ်၊ ခန်းဝင် ပစ္စည်းတွေကို သိမ်းမယ်၊ ဟိုရောက်တော့လည်း ဇူလီရဲ့ မောင်တော် နန်ဒူးက ဇူလီကို ဘယ်မှာ အရှင်ထားမလဲ၊ အနည်းဆုံး ဒိပြင် မိန်းမတွေ ဒီလို မလုပ်ရဲအောင် ဇူလီကို ခြေနှစ်ချောင်း ဖြတ်ပြီး ဒုက္ခိတကြီး အဖြစ် ထားမှာပေါ့၊ အဲဒီအခါကျတော့ ဇူလီ ချစ်တဲ့ ညီမတော် ရှရီလာအတွက် ဘာလုပ်ပေးနိုင်ဦးမှာလဲ၊ ဇူလီဟာ ဖောင်ကို မီးရှို့ ဖျက်ပစ်ခဲ့ပြီ ဇူလီ၊ နောက်ကြောင်း ပြန်လို့ မရတော့ဘူး'

'ပြန်ရမယ် အစ်ကို၊ မပြန်လို့ မဖြစ်ဘူး၊ သူလည်း မသိနိုင်ပါဘူး အစ်ကိုရယ်၊ မသိအောင် လုပ်တဲ့...'

ဇူလီ၏ အသံက ဝါးတားတား။

'မသိအောင် လုပ်တဲ့ နည်းတွေ ရှိပါတယ်'

'ဘာနည်းတွေလဲ ဇူလီ၊ ဇူလီ ဘာတွေ ပြောနေတာလဲ၊ ဒါတွေကို ဇူလီ ဘယ့်နှယ့်လုပ် သိ...'

ဇူလီက တံတွေးကို မျိုချလိုက်ပြီးနောက် အရဲစွန့်ကာ

'ပြည့်တန်ဆာမတွေ သုံးတဲ့ နည်းတွေ အစ်ကို၊ သိပြီလား၊ ဒီနည်းတွေကို ဇူလီ သိပါတယ်၊ ဇူလီဟာ လေညင်းသာ ဟော်နန်းက မိန်းမဆောင် အစေခံတွေကြားထဲမှာ ကြီးပြင်းလာရတယ် ဆိုတာကို အစ်ကို မေ့သွားပြီ ထင်တယ်၊ မဟာရာဇာတွေမှာ သူတို့ ကြင်ရာတွေ အပြင် မောင်းမတွေ အများကြီး ရှိတယ် ဆိုတာ အစ်ကို မေ့သွားပြီလား၊ အဲဒီ မိန်းမတွေဟာ ယောကျ်ား တစ်ယောက် ကျေနပ်အောင်လည်း လုပ်တတ်တယ်၊ ယောကျ်ား တစ်ယောက်ကို အရူးဖြစ်အောင်လည်း ညာတတ်တယ်၊ သူတို့မှာ ဒိပြင် ပြောစရာ စကား မရှိတဲ့ အခါကျတော့ မိန်းမဆောင်မှာ ဒါမျိုးတွေကိုချည်းပဲ ပြောနေကြတာပဲ၊ ဇူလီ မကြားဘဲ နေပါတော့မလား၊ မိန်းမ ဆိုတာ ဒါမျိုးတွေကို သိထားသင့်တယ်လို့လည်း သူတို့က ထင်နေကြတာကိုး'

ဇူလီ၏ အသံနုနုသည် အတန်ကြာ တိတ်ဆိတ်သွား၏။

'ဒီအကြောင်းတွေကို ဇူလီ မပြောချင်ပါဘူး အစ်ကိုရယ်၊ ထားပါတော့၊ ဟိုရောက်လို့ ဘီသော စော်ဘွားကို ဇူလီ လိမ်မပြောနိုင်ဘူး ဆိုရင် အစ်ကိုရဲ့ အချစ်ကို လက်ခံပါ့မလား အစ်ကိုရယ်၊ ခက်လိုက်ပါဘိတော့'

ရေခဲတုံးမှ ရေစက်များ ကျလာသလို ဇူလီ၏ စကားလုံးများသည် အမှောင်ထုကြီးထဲမှ ပေါ်ထွက်လာ၏။ လိုဏ်ဂူထဲမှ ပဲ့တင်ထပ်လိုက်သော အသံများသည် ရေခဲစီးကြောင်းများနှင့် တူနေသည်။

'ဒီလိုဆိုရင် ဇူလီဟာ ဇူလီ မွေးမယ့် ကလေး၊ ကိုယ်နှင့် ရတဲ့ ကလေးရဲ့ ကံကြမ္မာကိုလည်း စဉ်းစားပြီးပြီပေါ့၊ ကိုယ်နှင့် ရတဲ့ ကလေးကို မဟာရာဇာရဲ့ တရားဝင် ကလေး လုပ်တော့မယ်ပေါ့၊ အဲဒီအခါကျတော့ ကိုယ့်ကလေးဟာ နန်ဒူးလို လာလာဂျီလို အရိုက်အရာကို ဆက်ခံ၊ ပြီးတော့ ဘီဂျူရန်းလို ကင်းမြီးကောက်တွေကို လူယုံတော် အဖြစ် မွေး၊ မကောင်းမှုမှာ ပျော်ပါး၊ ဒီအတိုင်း လုပ်မယ်ပေါ့'

အက်ရှ်က နာကြည်းစွာ ပြောလိုက်၏။ ဇူလီက တိုးတိတ် ညင်သာစွာဖြင့်

'ဘီဂျူရန်းကို ခန့်ခဲ့တာဟာ ခမည်းတော် မဟုတ်ပါဘူး အစ်ကိုရယ်၊ မဟာဒေဝီ ဂျာနူးဘိုင်ပါ၊ ဒီမှာ အစ်ကို၊ ကလေး တစ်ယောက်ကို ဘယ်လို လူမျိုး ဖြစ်လာအောင် ပုံသွင်းပေးနိုင်ဆုံးဟာ အမေ လုပ်တဲ့ လူပါ၊ ကလေးကို ငယ်စဉ်တောင်ကျေး ကတည်းက စောင့်ရှောက် မွေးမြူလာခဲ့ရတဲ့ သူဟာ အဖေ မဟုတ်ပါဘူး၊ အမေပါ၊ တကယ်လို့ အစ်ကို့ ကလေးကို ဇူလီ မွေးခဲ့ရရင် ဇူလီ ဂရုစိုက်ပြီး မွေးမှာပါ၊ အစ်ကိုတို့ ဇူလီတို့ ဂုဏ်ယူရမယ့် မဟာရာဇာ တစ်ယောက် ဖြစ်လာအောင် ဇူလီ မွေးမှာပါ'

'ကိုယ့်သား ဖြစ်ပြီး ကိုယ့်သားကို သိလည်း မသိ၊ မြင်လည်း မမြင်ရတဲ့ နောက်မှာတော့ ကိုယ့်အဖို့ ဘာလုပ်တော့မှာလဲ ဇူလီရယ်'

အက်ရှ်၏ အသံက နာကြည်းသံ ပေါက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇူလီထံမှ ဖြေသံ မကြားရ။ ထို့နောက် ခပ်တိုးတိုး ပြောသံ ထွက်လာသည်။

'ပြောတော့ အစ်ကို၊ ပြောတော့၊ ဇူလီ ဒီလို ပြောတာဟာ ဇူလီ့ အတွက် မဟုတ်ဘူး၊ ဇူလီ တစ်ကိုယ်ကောင်းဆန်လို့ ပြောတာ မဟုတ်ဘူး၊ ကလေး အတွက် ပြောတာ၊ ခုတော့ ဇူလီတို့ နှစ်ယောက် လွန်ခဲ့ကြပြီလေ၊ ဇူလီတို့ ဘာမှ မတတ်နိုင်တော့ဘူး'

ဇူလီသည် ငိုရှိုက်လျက် ရှိ၏။

'ဘာဖြစ်လို့ မတတ်နိုင်ရမှာလဲ၊ တတ်နိုင်တယ်၊ ဇူလီ ကိုယ်နှင့် လိုက်ခဲ့ရမယ်၊ ကိုယ့်အတွက် မလိုက်ချင်တောင် ကလေးကို ငဲ့ပြီး ကိုယ်နှင့် လိုက်ခဲ့ရမယ်၊ ကဲ ဒီတော့ ဇူလီ ကိုယ့်ကို ကတိပေးပါ၊ ကလေး ရှိခဲ့ရင် ကိုယ်နှင့် လိုက်မယ် မဟုတ်လား၊ ဇူလီ မလုပ်ရဲဘူးလား၊ တကယ်တော့ ဇူလီဟာ ကိုယ့်သားသမီးထက် ရှူရှီလာကို ပိုပြီး မချစ်နိုင်ပါဘူး၊ ကိုယ့်ကလေးရဲ့ အနာဂတ်ကို မကြည့်တော့ဘဲ ရှူရှီလာ အတွက်ကိုပဲ ကြည့်တော့မှာလား၊ ကိုယ့်ကို ကတိပေးပါ၊ လိုက်မယ် မဟုတ်လား'

ဇူလီက မည်သို့မျှ မဖြေ။ အဖြေ အဖြစ် သူ့စကားကို ပံ့တင်သည့် လိုဏ်သံများသာ ပေါ်လာ၏။ တိတ်တိတ်နေခြင်းသည် ဇူလီ၏ အဖြေ။ ဇူလီသည် သူ့ကို ပြောပြီးပြီ။ ရှူရှီလာနှင့် လိုက်မည်ဟု ရှူရှီလာကို ကတိ ပေးခဲ့ပြီးပြီ။ ကတိ ဆိုသည်မှာ စောင့်ထိန်းရမည်သာ။

အက်ရှ်၏ လည်ချောင်းထဲတွင် တစ်ဆို့နေသည်။ သို့ရာတွင် ဒေါသကြောင့် အက်ရှ်၏ ပါးစပ်မှ စကားလုံးများသည် အစီအရီ ထွက်လာကြ၏။

'စဉ်းစားလည်း ကြည့်ဦး ဇူလီ၊ ကိုယ့်ကလေး ကိုယ့်သားသမီးကို သူများ လက်ထဲမှာ သူများ သဘောကျ ထားတာကို လက်ပိုက် ကြည့်နေရတာ ဘယ်လောက်ခံစားရမလဲ ဆိုတာ ဇူလီ စဉ်းစားကြည့်ပါ၊ တစ်နေ့ကျရင် ခု ဇူလီတို့ ညီအစ်မ နှစ်ယောက် ဖြစ်သလို ကိုယ့်သားသမီးကို သူများ ရွေးချယ် လက်ထပ်ပေးတာကို ကိုယ်က ဒီအတိုင်း ကြည့်နေရတော့မှာလား'

'အစ်ကို့မှာ ဒီပြင် ကလေးတွေ ရဦးမှာပဲ အစ်ကိုရယ်'

'မရဘူး၊ ဘယ်တော့မှ မရဘူး'

ဇူလီက အက်ရှ်၏ စကားကို မကြားဟန်ဖြင့် ဆက်ပြော၏။

'မပြောနိုင်ဘူးလေ၊ ခုတောင် အစ်ကို့မှာ ကလေးတွေ ရှိချင် ရှိနေမှာ၊ ယောကျ်ား ဆိုတာ အိုင် တွေ့ရင် ခြေဆေးတတ်ကြတယ် မဟုတ်လား၊ မကောင်းတဲ့ မိန်းမ ရှင် မိန်းမပေါ့တွေနှင့် ပျော်ပါးဖို့လည်း ဝန်မလေးဘူး သူတို့နှင့် ပျော်ပါးလို့ သားသမီးတွေ ရလည်း အရေး မကြီးဘူး မဟုတ်လား၊ ကဲ ဇူလီ တစ်ခု မေးမယ်၊ မှန် မှန် ဖြေစမ်း၊ အစ်ကိုဟာ ဇူလီ အပြင် တခြား ဘယ် မိန်းမနှင့်မှ မအိပ်ခဲ့ပါဘူးလို့ အစ်ကို ပြောနိုင်မလား'

အက်ရှ်ထံမှ စကားပြန် မရ။

'ဇူလီဟာ ပထမ မဟုတ်ပါဘူး အစ်ကိုရယ်၊ ဇူလီ သိပါတယ်၊ ဇူလီ့ အထင်တော့ တစ်ယောက်တောင် ကမယ် မထင်ဘူး၊ အများကြီး နေမှာ၊ ဒီတော့ တစ်နေ ရာရာမှာ အစ်ကို့ သားလေး တစ်ယောက်ယောက်၊ သမီးလေး တစ်ယောက်ယောက် မွေးမနေဘူးလို့ ဘယ် သူ ပြောနိုင်သလဲ၊ ယောကျ်ား ဆိုတာ သူတို့ဆန္ဒကို ငွေ နှင့် ဝယ်ပြီး ဖြေဖျောက်လို့ ရပါတယ်၊ သူတို့ဆန္ဒ ပြည့် တဲ့ အခါကျတော့ ငွေပေးပြီး ထွက်သွားရုံပဲ၊ အစ်ကို့ မှာ မိန်းမ မရှိဘူးလို့ ပြောပေမဲ့ အစ်ကိုဟာ ရသေ့ ရဟန်းမှ မဟုတ်တာ၊ မိန်းမနှင့် ဘယ်ကင်းခဲ့ပါ့မလဲ'

'နောင်ကျရင်လည်း အစ်ကိုဟာ မိန်းမတွေနှင့် ပျော်ပါးပြီး သားသမီးတွေ ရ၊ အဲဒီ သားသမီးတွေထို မွေးပြီး စောင့်ရှောက် နေရမှာပဲ၊ မိန်းမတွေမှာသာ ပဋိသန္ဓေကို ကိုးလလွယ် ဆယ်လ မွေးလာရပြီး မွေး တော့လည်း သေချင် သေရဦးမှာ၊ ဇူလီဟာ အစ်ကို့ အလိုကို လိုက်လျောခဲ့တာဟာ အစ်ကို့ကို ချစ်လွန်းလို့ ဒီလောက် လိုက်လျောခဲ့တာပါ အစ်ကို၊ ဒီတော့ ဇူလီရဲ့ သားသမီးကို ဇူလီ စောင့်ရှောက်မှာပါ၊ အစ်ကို မပူပါ နှင့်'

ရှိုက်သံနှင့် အတူ ထိုစကားလုံးသည် ပဲ့တင်ထပ် လျက် ရှိ၏။ ဟုတ်သည်။ သူ ပူစရာ မလို။ ယောကျ်ား ဆိုသည်မှာ တွေ့ရာနေရာတွင် မျိုးစေ့ကို ကြဲခဲ့ကြသည် သာ။ သို့တိုင် သူ့မျိုးစေ့မှ ပေါက်လာသည့် အသီးအပွင့် များကို ကောက်ချင်မှ ကောက်နိုင်သည်။ လွှင့်ပစ်ခဲ့လျှင် လည်း ရသည်။ ကိုယ့်သားသမီး မဟုတ် ဟူ၍လည်း ပြော၍ ရသည်။

အက်ရှ်သည် ကလေး တစ်ယောက် အဖေ ဖြစ် လာလိမ့်မည်ဟု တစ်ခါမျှ အတွေးမပေါ်စဖူး။ ယခု ထို အတွေး ခေါင်းထဲသို့ ရောက်လာသည့် အခါ၌ အ... အကြီးအကျယ် လန့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com


ဟုတ်သည်။ ယခုလောက် ဆိုလျှင် ရဝါလ်ပင်ဒီဈေးထဲတွင်၊ သို့မဟုတ် နယ်စပ် တောင်ပေါ်ဒေသမှ မီးခိုးတို့ မွှန်နေသည့် တဲကလေး တစ်လုံးထဲတွင်၊ သို့မဟုတ် လန်ဒန် ဆင်းရဲသား ရပ်ကွက် တစ်ခုတွင် သူ့ကလေး တစ်ယောက် ဆော့ကစားနေခြင်း မရှိဟု မည်သူမျှ မပြောနိုင်။ ယခု အကယ်၍ ဇူလီနှင့် ကလေး တစ်ယောက် ရခဲ့သည် ဆိုလျှင် သူ စွန့်ပစ်လိုလျှင် စွန့်ပစ်နိုင်သည်သာ။

အက်ရှ်သည် စကားပြောဖို့ ကြိုးစားကြည့်၏။ သို့ရာတွင် ပြော၍ မရ။ သူ့ပါးစပ်သည် အက်စစ်ရည်တွေနှင့် လောင်ထားခံရသည့်နှယ် ပူလောင်နေသည်။ သူ့တွင် ဘာမျှလည်း ပြောစရာ မရှိ။

လိုဏ်ဂူထဲတွင် ပုံတင်သံတွေ တိတ်သွားကာ တိတ်ဆိတ်ခြင်းသာ မင်းမူလျက် ရှိ၏။ အမှောင်ထဲမှ လှုပ်ရှားသံများကို ကြားရသည်။ ဇူလီသည် အဝတ်အစားများကို ပြန်ဝတ်နေခြင်း ဖြစ်၏။ အချိန် မည်မျှကြာသွားပြီနည်း။ တစ်သက် တစ်ဘဝလောက်များ ကြာသွားပြီလား မဆိုနိုင်။

အက်ရှ် တစ်ကိုယ်လုံးသည် အေးစက်သွားကာ ခံစားချက်တွေ မုန်သမျှ ကုန်ခန်းသွားသည်ဟုပင် ထင်လိုက်ရ၏။ ဂူထဲတွင် တိုက်လာသည့် လေသည် အေးစိမ့် နေသဖြင့် အက်ရှ် တစ်ကိုယ်လုံး တုန်သွားသည်။ အကယ်၍ သူ့ ရပ်အင်္ကျီနှင့် ဇူလီ၏ အပေါ်ဝတ်အင်္ကျီကို ရှာမတွေ့လျှင် ဒုက္ခ။ သူတို့နှစ်ယောက်သည် စခန်းသို့ ကိုယ်အထက်ပိုင်း ဗလာ ပြန်သွားရမည် ဆိုလျှင်...။

အက်ရှ်သည် သူ့အဝတ်အစားများကို ရှာ၍ ကောက်ဝတ်သည်။ မိမိ အင်္ကျီအိတ်၊ ဘောင်းဘီအိတ်များထဲက ပစ္စည်းတွေ စုံ မစုံ စမ်းကြည့်၏။

'ဇူလီရဲ့ အင်္ကျီကော'

'ဘယ်ကို လွင့်ကျသွားမှန်း မသိလိုက်ဘူး၊ စောစောတုန်းက ခေါင်းပေါ်မှာ ပတ်ထားတာ၊ အစ်ကို့ ခေါ်သံ ကြားလို့ ဒီဘက်ကို လာရင်း ဘယ်နေရာမှာ ကျနေရစ်ခဲ့မှန်း မသိဘူး'

'အဲဒါမှ ဒုက္ခပဲ၊ အင်္ကျီ မပါဘဲနှင့်တော့ ပြန်သွားလို့ ဘယ့်နှယ်လုပ် ဖြစ်မလဲ၊ ကဲ လာ၊ အဲဒီ တစ်စိုက်ကို လျှောက်ရှာကြည့်မယ်၊ လက်ပေး၊ တော်တော်ကြာ အမှောင်ထဲမှာ တစ်ယောက်နှင့် တစ်ယောက် ကွဲသွားရင် ခက်နေဦးမယ်'

ဇူလီ၏ လက်က အေးစက် ပျော့ဖတ်လျက်။ သူ့လက်ကိုလည်း ဆုပ်ကိုင်ခြင်း မပြု။ သူ့လက်ထဲတွင် အလိုက်သင့် ပါလာသည်။ လူစိမ်း သူစိမ်း တစ်ယောက်၏ လက်ကို ကိုင်ရသည့်နှယ်။ သူတို့ နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် လက်တွဲကာ ဂူနံရံကို စမ်း၍ အမှောင်ထဲတွင် လျှောက်လာခဲ့ကြသည်။

နာရီဝက်လောက် ရှာသည့် အခါတွင် ဇူလီ၏ အင်္ကျီကလေးကို တွေ့၏။ ရှပ်အင်္ကျီကိုမူ ဂူပေါက်ဝရှိ မြင်းများ အနီးတွင် တွေ့ရသည်။ မုန်တိုင်းမှာ စဲသွားခဲ့လေပြီ။ အမှောင်ထုကြီးထဲတွင် အလင်းရောင်ကလေး ပျပျ သန်းနေသည့် ဂူပေါက်ဝကို လှမ်းမြင်ရ၏။

ဂူထဲတွင် အေးမြနေသလောက် အပြင်ဘက်တွင် လေပူကြီး တိုက်နေဆဲ။ ဖုန်နံ့က မပျောက်သေး။ ကြယ်ပွင့် ကျိုးတိုးကျဲတဲသည် ဇာပဝါအောက်တွင် ရောက်နေသည်လော။ သို့မဟုတ် ဖုန်လုံးကြီးတွေ နောက်တွင် ပျောက်ကွယ်နေသလော။

တောင်ကြားထဲတွင် အမှောင်ထုသာ လွှမ်းနေသည်။ သို့ရာတွင် မည်မျှမှောင်မှောင် ဂူကြီးထဲက အမှောင်နှင့် စာလျှင် ကောင်းကင်နှင့် မြေကြီးသည် အံ့ဩစရာ ကောင်းလောက်အောင် လင်းနေသည်။ မုန်တိုင်းကြီးကြောင့် ကောင်းကင်ကြီး တစ်ခုလုံး ဖြူပြာရောင် သန်းနေခြင်း မဟုတ်။ အရုဏ် လာကာနီးသောကြောင့် လင်းနေခြင်း ဖြစ်ကြောင်း အက်ရှ် သတိပြုလိုက်မိ၏။

အက်ရှ် ရင်သည် ထိတ်ခနဲ ဖြစ်သွား၏။ သူ့စိတ်ထဲတွင် သည်လောက် ကြာမည် မထင်။ နှစ်နာရီ သုံးနာရီ အလွန်ဆုံး လေးနာရီလောက်သာ ရှိမည် ထင်သည်။ သို့ရာတွင် သူတို့နှစ်ယောက်သည် ဂူထဲတွင် တစ်ညလုံး ရောက်နေကြပါပကော။

အမှောင်ကို ခိုကာ ရတ်ရတ်သဲသဲ ဖြစ်နေစဉ် ဇူလီကို စခန်းသို့ တိတ်တဆိတ် ပြန်ခေါ်မည် ဟူသော စိတ်ကူးသည် မဖြစ်နိုင်တော့။

စခန်းသို့ သူတို့ ပြန်ရောက်သည့် အချိန်လောက် ဆိုလျှင် မိုးထိန်ထိန် လင်းနေတော့မည်။ လခြမ်းကလေးကိုပင် မမြင်ရတော့။ လ ဝင်သွားသည်မှာ တော်တော်ကြာသွားဟန် တူသည်။ ကြယ်တို့ပင် မှိန်ကုန်ကြပြီ မဟုတ်လော။

ဖုန်တွေ ထနေသည့်တိုင် မနက်ခင်း လေပြည်၏ အနံ့မွှေးမွှေးကို ရ၏။ ထိုလေချို မွှေးမွှေးသည် အလင်း


www.burmeseclassic.com

www.burmeseclassic.com



ရောင်လို၊ ကြက်ဦးတွန်သံလို နေ့ခင်း၏ ရေ့တော်ပြေးအနံ့။

အက်ရှ်သည် သူ့မြင်းကြီး ဘာရာဇာကို ခပ်သော့သော့ စီးလာခဲ့၏။ သို့ရာတွင် နောက်မှ စီးလိုက်လာသည့် ဇူလီ၏ မြင်းမကြီးသည် ခြေချော်၍ လဲကျသွားသည်။ ထို့ကြောင့် သူ့ကို ရပ်စောင့်နေရသည်။

ဇူလီက မြင်းပေါ်က ဆင်းလိုက်ရင်း

'ခွာကြားထဲများ ကျောက်ခဲ ညပ်သလား မသိဘူး'

သို့ရာတွင် ဆင်းကြည့်သည့် အခါ၌ ကျောက်ခဲမဟုတ်။ ဖန်ကွဲကြီးလို ချွန်ထွက်နေသည့် အင်ကြင်းကျောက်ပဲ့ကြီး။ ဓားမပါလျှင် တော်တော်နှင့် ထုတ်ဖို့မလွယ်။

အက်ရှ်သည် ခွာကြားထဲမှ ထိုကျောက်စကို ဆယ်မိနစ် ကြာအောင် ထုတ်ယူရသည်။ ထုတ်ယူပြီးသည့်တိုင်အောင် မြင်းမကြီးမှာ ကောင်းကောင်း လမ်းမလျှောက်နိုင်။ ထော့ကျိုး ထော့ကျိုး ဖြစ်နေသည်။

'ဒီလိုဆိုရင် ဇူလီက အစ်ကို့ မြင်းကြီးကို စီးသွားနှင့်၊ အစ်ကို နောက်က ဖြည်းဖြည်း လိုက်လာခဲ့မယ်၊ စခန်းကို တစ်ယောက်တည်း ပြန်ရောက်နှင့်တော့ပိုတောင် ကောင်းသေးတယ်၊ ကိုယ်တို့ နှစ်ယောက်မုန်တိုင်းထဲမှာ ကွဲသွားကြတယ်လို့ ပြောလို့ ရပြီပေါ့၊ ဂူတစ်ခုထဲမှာ ဝင်အိပ်နေရတယ်လို့၊ မိုးလင်းလင်းချင်းပြန်လာတယ်လို့ ပြော၊ ကိုယ့်ကို မေးရင် မသိဘူးလို့'

'ဇူလီက အစ်ကို့မြင်းကြီးကို စီးပြီး အစ်ကိုက ဇူလီ့ မြင်းကြီးကို စီးလာတာ ယုံမတဲ့လား၊ အစ်ကိုက ဇူလီကို ပျောက်ခဲ့တယ် ဆိုတာကိုလည်း ယုံမှာ မဟုတ်ဘူး'

'ကိစ္စ မရှိပါဘူးကွယ်၊ အစ်ကို ပြောတဲ့ အတိုင်းသာ လုပ်စမ်းပါ၊ နောက်ကျမှ ရှင်းယူတာပေါ့၊ ခုလောလောဆယ်တော့ သူတို့လည်း ဒါတွေကို စဉ်းစားမိကြမှာ မဟုတ်ပါဘူး၊ နည်းနည်းပါးပါးတော့ လိမ်ပြောရမှာပေါ့'

'လိမ်လည်း ပြောစရာ မလိုပါဘူး၊ အမှန်အတိုင်းပြောလိုက်ရုံပေါ့'

'ဘာလဲ၊ အကုန်လုံး ပြောပြမှာလား'

ဇူလီက မည်သို့မျှ မပြော။ မြင်းပေါ်သို့ တက်စီးကာ ဆက်လာခဲ့ကြသည်။ ခြေကျင် လျှောက်သည်ထက် သာရုံမျှသာ။ သားရေ ကုန်းနှီးများ၏ တကျွီကျွီမြည်သံနှင့် ဖုန်တောထဲသို့ မြင်းခွာကျသံကို ကြားရ၏။ ဇူလီသည် ငယ်ငယ်တုန်းကလိုပင် မျက်လုံးများကို မပိတ်ဘဲငိုနေကြောင်းကို သူ သိလိုက်သည်။

ဩော် သနားစရာ ကောင်းလိုက်ပါသည့် ဇူလီကလေး။ သည်လောက် ဒုက္ခတွေ သုက္ခတွေ ရောက်နေသည့် ကြားမှာပင် ပျော်စရာ တဒင်္ဂကလေးကို ရှာဖွေအောင် ရှာလိုက်သေးသည်။ ထို့နောက် သူ့အတွက် မဟုတ်ဘဲ ညီမငယ် ရှုရီလာ အတွက် သူတို့ကိစ္စကို လျှို့ဝှက် ထားလိုက်ချင်သေးသည်။ သူတို့ အကြောင်းကို ဘိသော စော်ဘွား သိ၍ သူ့ကို ကာရိကုတ်သို့ ပြန်ပို့လျှင် မောင်တော် နန်ဒူး ပေးမည့် အပြစ်ကို မကြောက်ဘဲ သူ့ညီမလေး ရှုရီလာ တစ်ယောက်တည်း ကျန်နေမည့် အရေးကို တွေးပူနေသည့် ဇူလီ။

အရှေ့ မိုးကုပ် စက်ဝိုင်းမှ အလင်းရောင် ပျို့လာကာ ကောင်းကင်တွင် ကြယ်တို့ ပျောက်ကွယ်ကုန်ကြပြီ။ ဘေးတွင် ဝိုင်းရံနေသည့် တောင်တန်းများကို ထင်ထင်ရှားရှား မြင်ရစ ပြုလာ၏။

ခပ်လှမ်းလှမ်းတွင် ရှေ့သို့ စွန်းထွက်နေသည့် ကျောက်ဆောင်ကြီးကို မြင်နေရလေပြီ။ ထိုနေရာမှာ သူတို့ လှည်းယဉ်ကို ထားခဲ့ကြသည့် နေရာ ဖြစ်သည်။ ထိုနေရာသို့ ရောက်လျှင် စခန်းသို့ ပြန်ဖို့ မခက်တော့။ စခန်းကို ပြန်သည့် လမ်းကို သူ ကောင်းကောင်း မှတ်မိပြီ။

အက်ရှ်သည် ဇူလီကို လှည့်ကြည့်လိုက်၏။ ဇူလီကို ကြည့်ရသည်မှာ အင်အား ကုန်ခန်းနေသူ တစ်ဦးပမာ။ ခေါင်းစိုက်ကျလျက်။ မြင်းပေါ်မှာသာ ထိုင်လိုက်လာရသည်၊ သူ သွားနေသည့် နေရာကိုပင် သိဟန်မတူ။ အင်္ကျီက တွန့်ကြေလျက်။ ဆံပင်ကလည်း သပ်ရပ်အောင် ထုံးလာခဲ့သည့်တိုင် ဖရိုဖရဲ။

အက်ရှ်က လှမ်းကြည့်လိုက်သည့်အခါတွင် ဇူလီသည် ငိုနေသည်ကို မြင်မည် စိုးသည့်အတွက် မျက်နှာကို တစ်ဖက်သို့ လွှဲလိုက်သည်။ သို့တိုင်အောင်လည်း အလင်းရောင်တွင် မျက်ရည်တို့ စိုရွှဲနေသော သူ့မျက်နှာကို ဖုံး၍ မရ။

ဇူလီသည် သူ့ကို အက်ရှ် ကြည့်နေမှန်း အလိုလိုသိလိုက်၏။ ထို့ကြောင့် ပခုံးကို မတ်လိုက်ပြီးနောက် ခေါင်းတွင် မသပ်မရပ် ဖြစ်နေသည့် ဆံပင်တို့ကို ပြန်သပ်လိုက်သည်။ သူ့ကိုယ်သူ အားတင်းလိုက်သည့်ဟန်။

သို့ရာတွင် ဇူလီ အကြောင်းကို အက်ရှ် ကောင်းကောင်း သိသည်။ အက်ရှ်သည် ရင်ထဲတွင် သနားသည်



www.burmeseclassic.com

www.burmeseclassic.com



ရော၊ ချစ်သည်ရော ခံစားမှု မျိုးစုံ ပေါ်လာသည်။ သူ့ကိုယ်သူ အားတင်းလိုက်ပုံ၊ သူ့ပခုံးကို မတ်လိုက်ပုံတို့တွင် ရဲရင့်သည့် သဘော ပါနေသည်။ ဇူလီသည် သူများ၏ အသနားကို မခံနိုင်။ သောကကို ဖုံးကွယ်ကာ အနာဂတ်ကို သတ္တိရှိရှိဖြင့် ရင်ဆိုင်မည့်ဟန်။

ဇူလီ၏ သွေးထဲတွင် ရာဇပုတ်သွေး အပြည့်။ ပြင်းထန်သော စိတ်နှင့် တရှူးထိုးစိတ်ကို အဘိုးဖြစ်သည့် ကော့ဆက် သွေးအေးအေးဖြင့် ပေါင်းစပ်လိုက်သည့်အခါတွင် ညီမျှသွားသည်။

ရာဇပုတ်သွေးနှင့် ကော့ဆက်သွေး နှစ်ခု ပေါင်းစပ်ခြင်းသည် အလွန် ထူးဆန်းသည်။ သို့ရာတွင် သွေးနှစ်မျိုးသည် ဇူလီကို မွေးဖွားပေးလိုက်၏။ ဤတွင် သစ္စာ ရှိသော၊ ချစ်တတ်သော၊ စိတ်ဓာတ် ပြင်းထန်သော၊ သတ္တိ ရှိသော၊ အခက်အခဲကို မညည်းမညူ ခံနိုင်သော ဇူလီ ဖြစ်လာသည်။ ကတိ တစ်လုံးကို ပေးမိသည် ဆိုလျှင် မိမိ၏ ပျော်ရွှင် ချမ်းမြေ့မှုကိုပင် စွန့်လွှတ်တတ်သော ဇူလီ ဖြစ်လာခဲ့သည်။

တစ်ခါတွင် အက်ရှ်က ဇူလီကို ကတိ တစ်ခု ပေးခဲ့ဖူး၏။ သို့ရာတွင် ပေးပြီး မေ့သွားသည်။ မေ့မည်ဆိုလည်း မေ့စရာ။ ထိုစဉ်က အက်ရှ်သည် အသက် ဆယ့်တစ်နှစ်သာ ရှိသေးသည်။ သို့ရာတွင် ဇူလီသာဆိုလျှင် မေ့လည်း မေ့မည် မဟုတ်။ ချိုးလည်း ချိုးဖောက်မည် မဟုတ်။ ဇူလီသည် ဝေါလီကဲ့သို့ပင် ထိုကိစ္စမျိုးတွင် အလေးအနက် ထားသူ ဖြစ်သည်။ သူတို့ နှစ်ယောက်သည် ထိုအချက်တွင် တူသည်ဟု အက်ရှ် အောက်မေ့မိသေး၏။

အက်ရှ်သည် သူ့ကိုယ်သူ စက်ဆုပ်သဖြင့် တစ်ချက် မဲ့လိုက်ပြီး ဇူလီဘက်သို့ လက်ကမ်းပေးလိုက်သည်။ ဇူလီက မြင်းကို ခပ်သုတ်သုတ် စီးလာကာ သူတို့ရှေ့တွင် လှုပ်ရှားနေသည့် အရာ တစ်ခုကို ထိုးပြသည်။ အဝေး ကွင်းပြင်ကြီးထဲတွင် ရေးသတ္တဝါကြီး တစ်ကောင်လို ခုံးခုံးကြီး ဖြစ်နေသည့် အရာ တစ်ခု။ အခြားမဟုတ် သူတို့ လှည်းယဉ် ဖြစ်၏။

'ဟိုမှာ ကြည့်စမ်း၊ ရှုရီလာတို့ရယ်၊ သူတို့လည်း စခန်းကို ပြန်မရောက်ကြသေးဘူး ထင်တယ်'

သို့ရာတွင် ရှုရီလာ မဟုတ်။ ကာကာဂျီနှင့် လှည်းယဉ်မောင်းသမားတို့ ဖြစ်သည်။

အက်ရှ်က ခြေနင်းကွင်းထဲတွင် မတ်တတ် ရပ်လိုက်ပြီးနောက် သူတို့ကို အော်ခေါ်သည်။ ထို့နောက် သူတို့ဆီသို့ မြင်းကို ကဆုန်ချ၍ စီးလာခဲ့ရာ ဇူလီမှာ နောက်မှ ဖုန်လုံးကြီးထဲတွင် ချောင်းတဟွပ်ဟွပ် ဆိုး ကျန်ရစ်ခဲ့သည်။

လူစုံသည့် အခါတွင် ကာကာဂျီက သူတို့ အဖြစ်အပျက်ကို ပြောပြ၏။ အက်ရှ်နှင့် ဇူလီတို့ကလည်း သူတို့ အကြောင်းကို ပြောသင့်သလောက် ပြောပြသည်။ ကာကာဂျီမှာ ဇူလီ ဖြစ်နေပုံ မြင်သည်နှင့် အလန့်တကြား ဖြစ်နေလေပြီ။

'ဟရေး ဘာဘာ' ဟု အော်ကာ ဇူလီကို လှည်းယဉ်ပေါ်သို့ အတက်ခိုင်းသည်။ ထို့နောက် ရှပ်အင်္ကျီ တစ်ခုလုံး အမြွာမြွာ ဖြစ်နေသည့် အက်ရှ်ကို ကြည့်လိုက်ပြန်ကာ

'ဟုတ်ပြီ၊ ကျုပ်တို့ အားလုံး တစ်စုတည်း မနေ့က မုန်တိုင်းမိနေတယ်လို့ ပြော၊ အမယ် ငြင်းမနေကြနှင့်၊ ဟော့ ဘုဒ္ဓူး၊ တကယ်လို့များ တစ်ယောက်ယောက်က မေးရင် မုန်တိုင်းစဲစဲချင်း ငါရော ရာဇကုမ္မာရီရော အားလုံး အတူတူ ပြန်လာကြတယ်လို့ ပြော၊ မုန်တိုင်းမိတော့ ရာဇကုမ္မာရီက လှည်းယဉ်ထဲမှာ ပိတ်နေတယ်၊ ငါတို့ကတော့ လှည်းအောက်မှာ ဝပ်နေရတယ်လို့ ပြော၊ ကြားလား၊ ဒါဟာ အမိန့်၊ တစ်ခုခု ပေါက်ကြားရင် မင်းဆီက ပေါက်ကြားတာပဲ၊ ဒါပဲ'

'မှန်ပါ ကာကာဂျီဆပ်'

လှည်းဆရာက လက်နှစ်ဖက်ကို နဖူးဖြင့် ထိ၍ အရိုအသေ ပေးရင်း ပြော၏။ လှည်းဆရာမှာ အသက် ကြီးကြီး။ မြစ်လယ်တွင် သူတို့ လှည်းသမား ရေနစ်ပြီးနောက် အသစ် ခန့်ထားခဲ့ခြင်း ဖြစ်သည်။ ထိုအဘိုးကြီးမှာ ဟော်နန်းတွင် သစ္စာရှိသည့် အစေတော် တစ်ဦးဖြစ်ပြီး ယုံကြည် စိတ်ချရသူ တစ်ယောက် ဖြစ်သည်။

ကာကာဂျီက အက်ရှ်ဘက်သို့ လှည့်လိုက်ပြီးနောက်

'သခင်ဆပ်ကတော့ အဲဒီ အင်္ကျီကို ချွတ်ပြီး ကျုပ် ရှပ်အင်္ကျီကို ဝတ်ခဲ့ဗျာ၊ ကျုပ်ကတော့ စောင်တွေ ခြုံခဲ့မယ်၊ လှည်းယဉ်ထဲမှာ စောင်တွေ ပါတယ်၊ ဆပ်သခင်လေး အနေနှင့်ကတော့ စခန်းထဲမှာ အင်္ကျီဗလာနှင့် လိုက်လာဖို့ မကောင်းဘူး၊ စကား နည်းနည်း ပြောလေကောင်းလေလေပဲဗျ၊ ကျုပ် ကြည့်ပြီး ပြောမယ်၊ ဟိုကျတော့ အသာသာ နေကြ'

အက်ရှ်သည် မည်သို့မျှ မပြောတော့။ ကာကာဂျီက လှည်းယဉ်ထဲတွင် ဇူလီနှင့် အတူ လိုက်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



အက်ရှ်က မြင်းမကြီးကို ဆွဲကာ နောက်က လိုက်လာခဲ့သည်။ တစ်ခါ တစ်ခါတွင် မနေ့ညက အဖြစ်အပျက်ကို ဇူလီအား ပြောပြနေသော ကာကာဂျီ၏ အသံကို ကြားရ၏။ မိမိတို့ အဖြစ်အပျက်ထက် သူ့အဖြစ်အပျက်ကို စိတ်ဝင်တစား ပြောချင်နေသည့် ကာကာဂျီကို ကြည့်၍ ကျေးဇူး တင်ရသေးသည်။

ကာကာဂျီသည် သူတို့ပြောသည့် အဖြစ်အပျက်ကို ခြွင်းချက်မရှိ ယုံသွားသည်။ သူ့ ပြောစကားအရ ကာကာဂျီ၊ မူးလ်ရတ်နှင့် ရှုရှီလာတို့သည် မုန်တိုင်းလာသည်ကို သတိ ထားမိခဲ့ဟန် မတူ။ မူးလ်ရတ်က လှည့်ကြည့်လိုက်သည့် အခါ သူတို့နောက်တွင် ကောင်းကင်ကြီး ညိုမည်းနေသည်ကို မြင်လိုက်ရလေပြီ။

အစောင့်နှင့် လှည်းသမားတို့မှာ ကျောက်ဆောင်ကြီး တစ်ဆောင်ကို ကွယ်ကာ ကြည်လင်နေသော ကောင်းကင်ဘက်သို့ မျက်နှာမူ၍ ထိုင်ရင်း စကားပြောလိုက်၊ ဆေးလိပ်သောက်လိုက် လုပ်နေကြသဖြင့် မုန်တိုင်း လာနေသည်ကို မသိလိုက်ကြ။ ထိုအချိန်က မုန်တိုင်းမှာလည်း အဝေးကြီး ရှိသေးသည်။ မုန်တိုင်းမှာ လျင်မြန်စွာ လာနေခြင်းဖြစ်ရာ မြင်လိုက်ရသည့် အချိန်တွင် စခန်းသို့ ပြန်မည်ဆိုက ဖြစ်နိုင်သည်။ သို့ရာတွင် ရှေ့တွင် ရောက်နေသည့် သူတို့နှစ်ယောက်ကို လိုက်ခေါ်လျှင်မူ အချိန် ရတော့မည် မဟုတ်။

ကာကာဂျီသည် ဖြောင့် ထုတ်ဖော် ပြောဆိုခြင်း မပြုသည့်တိုင် အဓိကဖြစ်သည့် ရှုရှီလာကို ဦးစားပေး ပြန်ပို့လိုက်ခြင်း ဖြစ်ကြောင်း ထင်ရှားသည်။ ဘီသော ပြည်နယ် စော်ဘွားသည် လက်ထပ်ချင်း လက်ထပ်လျှင် အချောအလှ ဖြစ်သည့် ရှုရှီလာကိုသာ လက်ထပ်ချင်မည် မုချ။ နန်ဒူးနှင့် အဖေတူ အမေကွဲ အရုပ် ခပ်ဆိုးဆိုး၊ နိုင်ငံခြား သွေးနှောသည့် ဇူလီကို အဓိကထားမည် မဟုတ်။

ဇူလီသာ ပျောက်သွားခဲ့သည် ဆိုလျှင် ဘီသော စော်ဘွားနှင့် ကာရိကုတ် စော်ဘွားတို့သည် များစွာ အိပ်ရေးပျက်ကြမည် မဟုတ်။ သို့ရာတွင် ရှုရှီလာ ပျောက်သွားသည် ဆိုလျှင်မူကား သူတို့အားလုံး လှလှကြီး ဒုက္ခရောက်ဖွယ်သာ ရှိသည်။ ဘီသော စော်ဘွားသည် ရှုရှီလာ အစား ဇူလီကို လက်ခံဖွယ် မမြင်။

ထိုအခါတွင် လက်ထပ်ပွဲ ပျက်ရတော့မည်။ လက်ဆောင်များ၊ မင်္ဂလာ ကြေးငွေများ၊ သတို့သမီးတို့၏ အဝတ်အစားများ၊ အားလုံးအတွက် ကုန်ကျရသည့် စရိတ်များ အဟောသိကံ ဖြစ်ရတော့မည်။ အခြွေအရံတွေနှင့် လူရှစ်ထောင် လွှတ်ရသည့် ကုန်ကျစရိတ်တွေ အလကား ဖြစ်ရတော့မည်။

သို့ဆိုလျှင် မဟာရာဇာ နန်ဒူးသည် ရာဇမာန် ရှမည် မုချ။ ခေါင်း တော်တော်များများ အဖြတ်ခံရမည် မုချ။ ထိုအထဲတွင် သူတို့ ခေါင်းနှစ်လုံးသည် ပထမဆုံး အဖြတ်ခံရမည့် ခေါင်းနှစ်လုံး ဖြစ်ကြောင်းကို ကာကာဂျီနှင့် မူးလ်ရတ်တို့ ကောင်းကောင်း သိသည်။

ထို့ကြောင့် ကောင်းကင်တွင် မုန်တိုင်းရိပ် မည်းမည်းကြီးကို မြင်လိုက်သည်နှင့် ဇူလီနှင့် အက်ရှ်တို့ အတွက် အရေးမကြီး။ ရှုရှီလာကို စခန်းသို့ ပြန်ရောက်အောင် လွှတ်ဖို့က အရေးကြီးသည်။ စခန်းသို့ ရောက်မှ မုန်တိုင်းမိသည် ဆိုလျှင်မူ သူတို့ တာဝန် မဟုတ်တော့။

မူးလ်ရတ်သည် မုန်တိုင်းကို မြင်လိုက်သည်နှင့် တွက်ချက်လိုက်၏။ ထို့နောက် ထုံးတမ်းစဉ်လာတွေကို ဖောက်ဖျက်ကာ ရှုရှီလာကို သူ့မြင်းပေါ်တွင် နောက်က တင်ပြီး စခန်းသို့ ဒုန်းစိုင်း ပြန်လာခဲ့သည်။ သူ့မြင်းကိုမူ ကာကာဂျီကို ပေးပစ်ခဲ့၏။

ကျောက်ဆောင်တွင် ထိုင်၍ စကား ပြောနေကြသော လှည်းသမားနှင့် အစောင့်တို့သည် ရှုရှီလာကို မြင်းဖြင့် တင်၍ ဒုန်းစိုင်းသွားသော မူးလ်ရတ်ကို မြင်လျှင် အရပ်ခိုင်းကြသေးသည်။ သို့ရာတွင် စခန်းဘက်သို့ စီးသွားသည်ကို မြင်သည့် အတွက် သူတို့လည်း အခြွေအရံ မိန်းကလေးကို ခေါ်ကာ စခန်းသို့ ပြန်လာခဲ့ကြသည်။

ကာကာဂျီသည် သူတို့နှင့် အတူ မလိုက်။ ရှုရှီလာ၏ မြင်းနှင့် သူ့မြင်းကို သူတို့ကို ပေးလိုက်ပြီး သူကိုယ်တိုင်မှာမူ လှည်းယဉ်တွင် လှည်းသမားနှင့် အတူ နေရစ်ခဲ့သည်။ လှည်းသမားသည် မည်သည့်နည်းနှင့်မျှ မုန်တိုင်း မလွတ်သည်ကို သိသည့်အခါတွင် နွား နှစ်ကောင်ကို ကျောက်ဆောင်ကြား လေကွယ်တွင် သွား၍ ချည်ထားလိုက်သည်။

'တို့နှစ်ယောက်ကတော့ ဆပ်သခင်လေးနှင့် တူမတော်ကို စောင့်ကြတာပေါ့ကွာ၊ မကြာခင် သူတို့ ပြန်လာမှာပါ၊ တို့ကို မတွေ့ရင် သူတို့ အားငယ်နေလိမ့်မယ်'

သို့ရာတွင် မိနစ်တွေ နာရီတွေသာ ကုန်ဆုံးသွားခဲ့သည်။ အက်ရှ်နှင့် ဇူလီတို့၏ အရိပ်အယောင်ကို မမြင်



www.burmeseclassic.com

www.burmeseclassic.com



ရ။ လှည်းသမား ဘူဒူးသည် လှည်းကို ကျောက်ဆောင်ကြီးနားသို့ မောင်းလာခဲ့ကာ နွားများကို ဖြုတ်သည်။ ထို့နောက် လှည်းပေါ်တွင် ရာဇကုမ္မာရီများ အသုံးပြုရန် ပါလာသည့် စောင်များ၊ ကော်ဇောများ၊ မီးအိုးများ၊ ရောစောင်များကို ယူကာ အကာအရံ လုပ်သည်။

မုန်တိုင်း တဖြည်းဖြည်း နီးလာနေပြီ။ သို့ရာတွင် ကာကာဂျီမှာ သူတို့နှစ်ယောက်ကို လည်ပင်း တဆန့်ဆန့်ဖြင့် မျှော်ဆဲ။ မုန်တိုင်းကြီးထဲသို့ ရောက်သွားသည့် အခါတွင်မှ ကာကာဂျီသည် လှည်းထဲ ဝင်တော့သည်။ အပြင်ဘက်တွင် မုန်တိုင်းကြီး ပြင်းစွာ တိုက်ခတ်နေစဉ် အဘိုးအို နှစ်ယောက်သည် လှည်းထဲတွင် ဝပ်နေကြရ၏။

ကာကာဂျီသည် စကားများသူ ဖြစ်သည့် အလျောက် အတွေ့အကြုံကို ပြော၍ မဆုံးနိုင်။ သို့တိုင် မုန်တိုင်းသည် ဘယ်လောက်ကြာကြာ တိုက်၍ ဘယ်အချိန်မှာ စဲသွားသည်ကိုလည်း ကောင်းကောင်း မပြောတတ်။ သူတို့ နှစ်ယောက်သည် ကြောက်ကြောက်မောမော ဖြင့် အိပ်ပျော်သွားခဲ့ကြရာ မနက် အလင်းရောင် ပျို့လာမှပင် နိုးခဲ့ကြခြင်း ဖြစ်သည်။ မနက်လင်း၍ လိုက်ရာကြမည် ပြုစဉ် အက်ရှ်၏ အော်သံကို ကြားရခြင်း ဖြစ်၏။

ကာကာဂျီသည် အက်ရှ် ပြောပြသည့် စကားကို သံသယ ဖြစ်ဟန် မရှိ။ သူ့တူမတော်ကိုလည်း တစ်စုံတစ်ရာ မေးမြန်းခြင်း မပြုတော့။ သည်လောက် ပြင်းထန်သည့် မုန်တိုင်းကြီးထဲတွင် အသက်ကိုပင် အနိုင်နိုင် လုနေကြရာ မဖွယ်မရာ တစ်စုံတစ်ခု ဖြစ်နိုင်သည်ဟုလည်း မထင်။

'ဘာပဲဖြစ်ဖြစ်လေ၊ တူမတော်က လက်ထပ်တော့မယ့် သတို့သမီးလောင်း ဆိုတော့ ဆပ်သခင်နှင့်ပဲ ဖြစ်ဖြစ်၊ ဘယ်သူနှင့်ပဲ ဖြစ်ဖြစ် နှစ်ယောက်တည်း သွားတာတော့ မကောင်းဘူးပေါ့၊ လူဆိုတာ ဒါမျိုးကျရင် တယ်ပြောတတ်ကြတာလား၊ ဘီသော စော်ဘွားရော၊ မောင်တော် နန်ဒူးရော မတော်တရော် ကြားသွားတယ် ဆိုရင် စိတ်ဆိုးလိမ့်မယ်၊ ဒီတော့ တူမတော် အနေနှင့် လှည်းယဉ်ကို အချိန်မီ ပြန်ရောက်တယ်၊ တစ်ညလုံး လှည်းယဉ်ထဲမှာ အိပ်တယ်လို့ ပြော၊ ဘကြီးတော်ရယ်၊ သခင်ဆပ်ရယ်၊ ဘူဒူးရယ်ကလည်း ဘယ်သူမှ ဒီအကြောင်းကို မပြောဘူး၊ ကြားလား'

ဇူလီသည် ခေါင်းကိုသာ ညိတ်နိုင်တော့သည်။ ပင်လည်း ပင်ပန်းလှပြီ။ အရှေ့နှင့် သူ့အား မုန်တိုင်းသို့ ရောက်အောင် ပို့ပေးလိုက်သည့် ကံကြမ္မာကိုလည်း ကျေးဇူး မတင်နိုင်တော့။ ပင်ပန်းလှပြီ။

နေရောင်သည် ဇာကန့်လန့်ကာများထဲမှ ထိုးဖောက်ကာ ဖုန်တွေ အလိမ်းလိမ်း ကပ်နေသည့် လှည်းယဉ်ထဲသို့ လျှောကျလာ၏။ ဇူလီသည် မောမောဖြင့် အိပ်ပျော်သွားရာ စခန်းသို့ ရောက်မှ နိုးတော့သည်။

ကာကာဂျီက သူ့ကို နှိုး၍ ရှုရှီလာ တစ်ယောက် ချောချောမောမော ပြန်ရောက်ကြောင်း ပြောသည်။ ဂီတာက သူ့ကို စောင့်၍ တွဲခေါ်ကာ အိပ်ရာဆီသို့ ခေါ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂၅

စခန်းသို့ သူတို့ လှည်းယဉ် ပြန်ရောက်လာသည့် အခါတွင် စခန်းတွင် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ သို့ရာတွင် ထိုထက် ဘာမျှ မပို။ အက်ရ်ှ ထင်သည့်အတိုင်းပင်။ စခန်းမှာ မုန်တိုင်း မွှေသွားသည့် အတွက် တခြားကိစ္စများကို စဉ်းစားမနေနိုင်။ စခန်းတွင် ကြောက်စရာ အဖြစ်အပျက်တွေ တောင်ပုံရာပုံ။

သူတို့ကိစ္စကို မပြောနှင့်။ မနေ့ညနေက မုန်တိုင်း မကျမီကလေးတွင် ပြန်ရောက်လာသည့် မူးလ်ရတ်နှင့် ရှုရီလာတို့ အကြောင်းကိုပင် မသိလိုက်ကြ။

ထိုအချိန်၌ စခန်း တစ်ခုလုံးမှာ မုန်တိုင်းဒဏ်ကို ကာကွယ်ရန် ရုတ်ရုတ်သဲသဲ ဖြစ်လျက် ရှိလေပြီ။ ရွက်ဖျင်တဲ ဆိုင်းကြိုးများကို သေသေချာချာ ချည်ရသည်။ ငုတ်များကို ထပ်၍ နက်နက် ရိုက်ရသည်။ လွင့်ပါသွားနိုင်သည့် ပစ္စည်းများကို ဖုံးဖိ သိမ်းဆည်းရသည်။ မြင်းထိန်းများ၊ လှည်းသမားများ၊ ကျွဲထိန်း နွားထိန်းများမှာ ကိုယ့်တိရစ္ဆာန်များ အသေအပျောက် မရှိအောင် ထိန်းသိမ်း နေကြရသည်။

ဆင်ကြီးများကို မြစ်တစ်ဖက်ကမ်းသို့ မောင်းပို့ကာ ခိုင်ခံ့သည့် ထန်းပင်ကြီးများတွင် ချည်၍ ထူးခတ်ထားကြရသည်။ သို့မဟုတ်လျှင် လန့်ဖျပ်ပြီး စခန်းထဲတွင် လျှောက်နင်းကုန်မည်ကို စိုးရသည်။

မူးလ်ရတ်နှင့် ရှုရီလာတို့ မြင်းဖြင့် ရောက်လာကြသည်ကိုပင် မကြည့်အားကြ။ မုန်တိုင်း တိုက်နေစဉ်တွင် သူတို့အားလုံး ရွက်ဖျင်တဲထဲတွင် ကုပ်ကုပ်ကလေး ထိုင်နေကြရသည်။ ဖုန်မဝင်အောင် နှာခေါင်းနှင့် ပါးစပ်များကို အဝတ်တွေနှင့် စည်းထားကြရသည်။ ရွက်ဖျင်တဲတွေ၊ လှည်းတွေ၊ တခြား အကာအကွယ်တွေ လွင့်မပါသွားအောင် မနည်း လုပ်နေကြရသည်။

မုန်တိုင်း ဖြတ်ကျော်သွားသည့် နောက်တွင်မူ ကား အပျက်အစီးတွေ များလွန်းလှသည့် အတွက် လိုက်လံ ပြင်ဆင် နေရသဖြင့် ယား၍ပင် မကုတ်အားကြ။ မနက်လင်း၍ ရာဇကုမ္မာရီ ရှုလီနှင့် သူ့ဘကြီးတော်တို့ လှည်းယာဉ်နှင့် ပြန်ရောက်လာသည့် အခါတွင်မူ သက်ပြင်း ချနိုင်ကြသည့်တိုင် အထူးအဆန်း မဟုတ်တော့။

အက်ရ်ှ၏ တဲမှာ အကောင်းပကတိ။ သို့ရာတွင် ရှုလီလို အိပ်စက်ခြင်း မပြုနိုင်။ စခန်း အပျက်အစီးက သူ ထင်သည်ထက် များသဖြင့် သူနှင့် မူးလ်ရတ်တို့ အပြင် ကျန်းမာ သန်စွမ်းသည့် ယောကျာ်း မိန်းမ အားလုံး စခန်းကို ပြင်ဆင်နေကြရသည်။

လူတွေ၊ တိရစ္ဆာန်တွေ သည်လောက် များပြားသည့် အထဲတွင် သုံးယောက် အသေအပျောက် ရှိပြီး ဒဏ်ရာရသူ တစ်ရာလောက်သာ ရှိသဖြင့် တော်သေးသည်ဟု ဆိုရမည်။ အများအားဖြင့် ပွန်းရုံ ပဲ့ရုံလောက်မျှသာ ဖြစ်ကြ၏။

တိရစ္ဆာန် အဆုံးအရှုံးကမူ အနည်းငယ် များသည်။ သဲမုန်တိုင်းကြီးထဲတွင် ကျွဲနွား တိရစ္ဆာန်တွေ လန့်ဖျပ် ပြေးကြသဖြင့် ခြေကျိုး ကုပ်ကျိုး ဖြစ်သည့် တိရစ္ဆာန်တွေ အများအပြား။ အပျက်အစီး အစအနတွေ၊ ပြိုပျက်နေသည့် တဲတွေ၊ စုတ်ပြတ်နေသည့် ရွက်ဖျင်တွေ၊ ရှုပ်ထွေးနေသည့် တဲဆိုင်းကြိုးတွေကို ရှင်းလင်းရသည်ကလည်း အမော။

သူတို့အနားတွင် မြစ်ကြီး ရှိသဖြင့် သောင်ပြင်က သဲတွေ လွင့်တက် လာသည့်တိုင် ရေ လုံလုံလောက်လောက် ရသည့် အတွက် ကျေးဇူး တင်ရသေးသည်။ သည်လို အခြေအနေတွင် စခန်းကို နိုင်အောင် ထိန်းသိမ်းမှ ဖြစ်မည်။ မထိန်းသိမ်းနိုင်လျှင် ကိုးရိုးကားရား ဖြစ်သွားနိုင်သည်။

အက်ရ်ှသည် တဲတွင် ခဏ နားပြီးနောက် လာရောက် မေးမြန်းသည်တို့ကို အနည်းအကျဉ်း ပြောကြ



www.burmeseclassic.com

www.burmeseclassic.com



စခန်းကို ပြင်ဆင်စရာ ရှိသည်တို့ကို တိုင်ပင်ရန် မူးလ်ရတ်ဆီသို့ ထွက်လာခဲ့၏။

တဲ အများအပြားမှာ ပြိုပျက်နေကြလေပြီ။ သို့ရာတွင် ကိုယ်ရံတော်တပ်များသည် ကြီးမားသည့် ဒါဘာ ရွက်ဖျင်တဲကြီးကို အချိန်မီ ဖျက်သိမ်းခဲ့ကြ၏။ ရှုရီလာနှင့် သူ့အခြွေအရံများ အိပ်ကြသော တဲကို ရွက်ဖျင်များဖြင့် ဖုံးအုပ်ထားခဲ့ကြ၏။

ရှုရီလာနှင့် ဂျိုတီတို့သည် အခြားသူများလောက် ဒဏ်မခံလိုက်ကြရ။ ထို့ကြောင့် သူတို့အခြေအနေ ဆိုးရွားလှပြီဟု အထင်ရောက်ကာ တတွတ်တွတ် ပြောနေကြသည်တွင် ဇူလီမှာ ကိုယ့်အကြောင်းကို မပြောရသည့်အတွက် စိတ်အေးသွားသည်။

'အစ်မတော်ကတော့ သိပ် ကံကောင်းတာပဲနော်၊ ဒီစခန်းမှာ မရှိဘဲ လှည်းယဉ်ထဲ ရောက်နေတော့ ဟန်ကျတာပေါ့'

ရှုရီလာက ပြောသည်။ ဂျိုတီကလည်း

'အစ်မတော်ရေ၊ ပျော်စရာကြီးဗျ၊ တဲကြီးတွေက တဖြန်းဖြန်းနှင့် လန်နေတာပဲဗျာ၊ ကျွန်တော်ဖြင့် ဘယ်အချိမှာ တဲကြီး ပြုတ်ထွက် ပါသွားမလဲလို့ တထိတ်ထိတ် ဖြစ်နေတာပဲ၊ ဒါနှင့် ကျွန်တော်က အစ်မတော် ရှုရီလာကို ခုတင်အောက် သွင်းပြီး စောင်ကြီးနှင့် အုပ်ထားရတယ်၊ အစ်မတော် ဆိုတာ အော်လိုက် အူလိုက်တာ ဘာပြောကောင်းမလဲ၊ အမိုးကြီး ပြုတ်ကျရင် သူ မှုန့်မှုန့်ညက်ညက် ကြေတော့မှာ ဆိုပြီး'

'အံမယ် ဘယ်က အူရမှာလဲ'

'အူပါတယ်ဗျာ၊ အူလိုက်တာမှ ခွေးအ ခြောက်ကောင်လောက် ပြိုင်တူ အူသလိုမျိုးပဲ'

'မအူဘူး'

'အူတယ်'

သို့ဖြင့် သူတို့ မောင်နှမ နှစ်ယောက် ရန်ဖြစ်ကြသည်။ ဇူလီ တစ်ယောက် မည်သည့်အချိန်က မုန်တိုင်းကို စမြင်သည်၊ မည်သည့် အချိန်တွင် လှည်းယဉ်ထဲသို့ ရောက်နေသည်ကို မည်သူကမျှ မမေးကြတော့။

ထို့နောက်တွင် ညနေခင်း မြင်းစီးထွက်ခြင်း၊ ဒါဘာ တဲထဲတွင် တွေ့ဆုံခြင်းလည်း မရှိကြတော့။ အက်ရှ်နှင့် မာဒူးတို့ နှစ်ယောက်မှာ အလုပ် များနေကြသည်။

ဂျိုတီမှာ သူ တတ်နိုင်သမျှ အကူအညီ ပေးမည်ဟု ဆိုကာ သူတို့နောက်မှ တစ်နေ့လုံး တကောက်ကောက် လိုက်နေသဖြင့် ညဆိုလျှင် မောပန်းကာ စောစော အိပ်ရာဝင်တော့သည်။ ကာကာဂျီမှာ တူမတော်များနှင့် စကား ပြောသေးသော်လည်း မည်သူမျှ မရှိသည့် အတွက် ပျင်းလာကာ ကြာကြာ မနေဘဲ ပြန်သွားတတ်၏။

အချိန်မကျဘဲ မုန်တိုင်း တိုက်လိုက်မိသည့်အတွက် ရာသီဥတုသည် သူတို့ကို ပြန်တောင်းပန်သည့်နှယ် နောက်နေ့များတွင် အထူး သာယာ ကြည်လင်လျက်ရှိ၏။ နေ့တွင် အပူရှိန်သည် ဒီဂရီ ကိုးဆယ်အောက် ရောက်နေပြီး ညဆိုလျှင် အေးနေသည်။

စခန်းရှိ လူများ အားလုံးမှာ ရေးခေတ်မှ ကျွန်များကဲ့သို့ စခန်းကြီး တစ်ခုလုံး မြန်မြန် ပြောင်းရွှေ့နိုင်ရေး အတွက် အားသွန်ခွန်စိုက် အလုပ် လုပ်နေကြသည်။ ခရီးကလည်း ကြာလာပြီ ဖြစ်သည့်အတွက် တစ်နေရာတည်းတွင် ကြာကြာ မနေချင်ကြတော့ပြီ။ စားကောင်းသောက်ဖွယ်တို့ကို စားချင်လှပြီ။ မင်္ဂလာဆောင် အခမ်းအနားကို တွေ့ချင် မြင်ချင်လှပြီ။

လမ်းတွင် တွေ့ခဲ့သမျှ ကျွဲနွားများကို အစားဝယ်ထည့်ကာ ကျွဲစာ နွားစာများကိုလည်း ထပ်ဖြည့်ပြီးပြီ။ ရိက္ခာများလည်း ထပ်၍ စုဆောင်းပြီးပြီ။ သို့တိုင်အောင် လုံလောက်ခြင်း မရှိသေး။ အနားရှိ ရွာများမှာလည်း သဲမုန်တိုင်းဒဏ် ခံလိုက်ရသည့် အတွက် ရိက္ခာနှင့် ကျွဲနွား တိရစ္ဆာန် အစာ များများစားစား ရာ၍ မရေ

တဲများ၊ လှည်းယဉ်များ၊ ယာဉ်များကို ပြင်ရဆင်ရသည့် အတွက် စခန်းတွင် တူသံ လွှသံ တညံညံ။ သို့ရာတွင် မည်မျှလောက် ပြင်ဆင်သည် ဆိုစေ စခန်းကြီးကို ပြောင်းရွှေ့ဖို့ ကိစ္စသည် တစ်ပတ်လောက် ကြာဦးမည်။

တိတိကျကျ ပြောရလျှင် စခန်း ပြောင်းရွှေ့ရေးအတွက် ပြင်ရ ဆင်ရသည်မှာ ရှစ်ရက်တိတိ ကြာသည်။ ထိုအတောအတွင်း အက်ရှ်သည် ဇူလီကိုလည်း မမြင်ရ၊ ရှုရီလာနှင့်လည်း မတွေ့ရ။ ယားချီမျှ မကုတ်နိုင်။ သို့ရာတွင် ကာကာဂျီနှင့် ဂျိုတီတို့ထံမှ သူတို့အကြောင်း ကြားနေရ၏။

စခန်း ပြောင်းပြီး၍ ဇူလီကလည်း သူ့ကို စိတ်မဆိုးလျှင် သွားတွေ့ဦးမည် ဟူ၍ကား အက်ရှ် စိတ်ကူးထားသည်။ သည်လောက် တွေ့ဖို့ကမူ လူတွေ ဘယ်မျှရှိရှိ အကြောင်း မဟုတ်။ သူ ပြောသည့် စကားများ ဇူလီ နားလည်မည် မုချ။



www.burmeseclassic.com

www.burmeseclassic.com



ဇူလီနှင့် မခွဲခင်ကလေးတွင်မှ ဇူလီကို တောင်းပန်စကားလောက်မျှ ဖြစ်စေ ပြောရဦးမည်။ သေတပန်သက်ဆုံး သူ့ကို ချစ်နေမည် ဖြစ်ကြောင်းလောက်ကိုတော့ ပြောခဲ့ရဦးမည်။ သည်လောက်ကလေးကိုမျှ မပြောရဘဲနှင့်မူ ဇူလီနှင့် သည်အတိုင်း ခွဲခွာသွား၍ မဖြစ်။

မကြာမီတွင် မိမိအား ဒါဘာတဲသို့ ဖိတ်ခေါ်လိမ့်မည်ဟု အက်ရှ် မျှော်လင့်ထားခဲ့သည်။ သို့ရာတွင် မည်သူကမျှ ဖိတ်ခေါ်ခြင်း မရှိ။ မိမိကို ဒါဘာတဲသို့ ဖိတ်ရန် ကာကာဂျီအား တီးခေါက်ကြည့်သည့် အခါ၌ ကာကာဂျီသည် ပခုံးကို တွန့်လိုက်ပြီးနောက်

'ပျင်းစရာကြီးပါ သခင်လေးရာ၊ ကျုပ် တူမတော်တွေကလည်း ဘိသော ရောက်ကာနီးတော့ ပြင်ကြဆင်ကြ ထုပ်ကြ ပိုးကြနှင့် အလုပ် များနေကြတယ်၊ စကားပြောချိန် ရမှာ မဟုတ်ဘူး၊ ဟိုရောက်ရင် ဘယ်လက်ဝတ်လက်စား ဝတ်ရမလဲ၊ ဘယ်ဆာရီကို ဝတ်ရမလဲနှင့် စကား များနေကြတာနှင့် အချိန် ကုန်နေတော့တာပဲ'

ဇူလီကမူ ထိုကိစ္စများကို သည်လောက် အရေးထားမည် မထင်။ အက်ရှ်က ထိုအတိုင်း ဖွင့်ပြောလိုက်သည့် အခါ၌ ကာကာဂျီက သဘောတူသည်။ ရှရီလာမှာ ထိုကိစ္စများတွင် စိတ်ဝင်စားနေသည့် အတွက် ဇူလီမှာလည်း ညီမငယ် စိတ်ကျေနပ်အောင် အလိုက်အထိုက် ပြောနေရဟန် တူကြောင်းဖြင့် ပြောသည်။

'ဇူလီကတော့ ဒီလောက် မဟုတ်ပါဘူးလေ၊ သို့သော်လည်း ညီမငယ် အလိုက်အထိုက် ဒါတွေကိုပဲ ပြောနေရတာပေါ့'

ဂျိုတီကလည်း သူ့ဘကြီးတော်၏ စကားကို ထောက်ခံသည် (သို့ရာတွင် ဘာမဟုတ်သည့် အဝတ်အစား ကိစ္စတွေကို သည်လောက် အရေးတကြီး ထားနေကြသည့် အတွက်မူ ဂျိုတီ နှစ်သက်ပုံ မရ။)။

မူးလ်ရတ်ကမူ မိမိတို့မှာ ဘိသော ပြည်နယ်အနီးသို့ ရောက်လာကြပြီ ဖြစ်ကြောင်း၊ ဘိသော စော်ဘွားသည် ထုံးတမ်းစဉ်လာကို အင်မတန် အလေးထားသူဖြစ်သည့် အတွက် မိမိတို့လို သူစိမ်း ယောကျ်ားများ ရာဇကုမ္မာရီတို့နှင့် ခပ်ဝေးဝေး နေခြင်းသည် အကောင်းဆုံး ဖြစ်မည် ထင်ကြောင်းဖြင့် ပြောသည်။

အက်ရှ် အဖို့ သွယ်ဝိုက် ချဉ်းကပ်သည့် နည်းလမ်းတွေ ကုန်ပြီ။ ထို့ကြောင့် အက်ရှ်သည် ရာဇကုမ္မာရီများထံ မည်သည့် အချိန်တွင် လာရောက် လည်ပတ်နိုင်သနည်းဟု မေးမြန်း စုံစမ်းကြည့်သည်။

သူတို့ အကြောင်းပြပုံက လုလုယဉ်ယဉ်ကလေး။ ယခုတလောတွင် ရှရီလာဘိုင်မှာ ဧည့်သည်များကို လက်ခံနိုင်လောက်အောင် ကျန်းမာခြင်း မရှိသေးသည့် အတွက် လည်ပတ်ခြင်းကို ရွှေ့ဆိုင်း ထားစေလိုကြောင်းဖြင့် အကြောင်းပြန်သည်။ စကားလှ သုံးထားသည့်တိုင် သူ့ကမ်းလှမ်းချက်ကို ငြင်းပယ်ခြင်း ဖြစ်ကြောင်း ထင်ရှားသည်။

ဘိသော ပြည်နယ်ထဲသို့ ရောက်ကာနီးသည့် အမျိုးသမီးများ အနေဖြင့် စည်းကမ်း တင်းကျပ်စွာ နေသင့်သည် ဆိုသည့် အချက်ကို ဇူလီကလည်း သဘောတူသည်လော မဆိုနိုင်။ သို့မဟုတ်လျှင်လည်း ဇူလီသည် မိမိကို နောက်ထပ် မတွေ့လိုတော့ပြီလော။

မည်သည့် အကြောင်းပြချက်ကို ပြသည် ဖြစ်စေ သူတို့နှစ်ယောက် ကြားတွင် ရှိခဲ့သော ပြဿနာကို ရှင်းခွင့် မရှိတော့။ မည်သည့်အခါတွင်မျှ ရှင်းနိုင်မည် မဟုတ်တော့။ သူတို့နှစ်ယောက် ကြားတွင် ဖြစ်ခဲ့သည့် ပြဿနာသည် သူ့အဖို့ မကျက်နိုင်သော ဒဏ်ရာကြီး တစ်ခု အဖြစ် ကျန်ခဲ့တော့မည်။ ထိုဒဏ်ရာကြီးကို သေတပန် သက်တဆုံး ရင်ဝယ် ပိုက်သွားရတော့မည်။ ဤသည်မှာ ဇူလီက မိမိကို ပေးလိုက်သည့် အပြစ်ဒဏ်ပေလော။ အပြစ်ဒဏ်ဆိုလျှင်လည်း ခံထိုက်သည်သာ။

သို့ရာတွင် အက်ရှ်သည် ဇူလီကို အကဲခတ်များခဲ့ပြီ။ ဇူလီသည် ခွင့်မလွှတ်တတ်သူ၊ အကျိတ်အခဲကြီးသူ မဟုတ်။ ထိုနေ့က ဖြစ်ခဲ့သည့် ကိစ္စအတွက် အက်ရှ်ကိုလည်း အပြစ်တင်ခြင်း မရှိ။ သူတို့နှစ်ယောက် ဖြစ်ခဲ့သည့် ကိစ္စတွင် အဓိက တရားခံသည် အက်ရှ် မဟုတ်။ အပြစ် ရှိချင်ရှိလျှင် သူတို့ နှစ်ယောက်စလုံး ရှိကြသည်သာ။ ဇူလီသည် ထိုအကြောင်းကို အက်ရှ်အား တွေ့ဆုံ၍ ပြောပြချင်နေသည်။

တစ်ညနေ စခန်းချပြီး မကြာမီတွင် အက်ရှ်ထံသို့ အစေတော်များ ရောက်လာကာ ရာဇကုမ္မာရီ ဇူလီဘိုင်က အပို့ ခိုင်းလိုက်ကြောင်းဖြင့် လိမ္မော်ခြင်း တစ်ခြင်း လာပို့သည်။

ညီမငယ် ရှရီလာ နေထိုင် မကောင်းသဖြင့် မတွေ့နိုင်သည့် အတွက် ဝမ်းနည်းပါကြောင်း၊ သခင်လေး ကျန်းမာစေကြောင်း ဆုတောင်းပါကြောင်း၊ ပို့လိုက်သော သစ်သီးများကိုလည်း နှစ်သက်မည် ထင်ပါကြောင်းဖြင့်လည်း မှာလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အက်ရှ်သည် အစေတော်များ လက်မှ လိမ္မော်ခြင်းကြီးကို လုယူကာ အထဲတွင် သူ့အတွက် စာပါ မပါ ရှာချင်လှပြီ။ အစေတော်များကို ဆုလာဘ်များ ပေး၍ ပြန်လွှတ်ပြီးနောက် တဲထဲသို့ ပြန်ဝင်လာကာ လိမ္မော်ခြင်းကြီးကို သွန်၍ ရှာကြည့်သည်။ သို့ရာတွင် ဘာမျှ မတွေ့။

တစ်ခုခုမူ ရှိရမည်။ သို့မဟုတ်လျှင် ဇူလီသည် ထုံးတမ်းစဉ်လာ ကိစ္စ တစ်ရပ်မျှသာ ဖြစ်သည့် လက်ဆောင်ပေးခြင်းမျိုးကို တခုတ်တရ ပို့ခိုင်းလိမ့်မည် မဟုတ်။ ဇူလီသည် သည်လိုလုပ်လေ့ မရှိ။ အစေတော်တို့ ပြောသွားသည့် စကားများထဲတွင်လည်း မည်သည့် လျှို့ဝှက်ချက်မျှ မပါ။ မည်သည့် သင်္ကေတမျှ မပါ။

အက်ရှ်သည် လိမ္မော်သီးများကို ကောက်ယူလိုက်ပြီးနောက် တစ်လုံးချင်း လိုက်ကြည့်သည်။ ပဉ္စမမြောက် လိမ္မော်ခွံပေါ်တွင် ဓားထက်ထက်ဖြင့် ခွဲထားသည့်ပမာ အမည်းစင်းကြောင်းကလေးကို တွေ့လိုက်ရ၏။ အက်ရှ်သည် လိမ္မော်သီးကို ခွဲလိုက်၏။ သူ့တစ်ကိုယ်လုံး ရွှင်လန်းသွားသည်။ လွန်ခဲ့သည့် ရက်များတွင် ဖြစ်ခဲ့ရသည့် စိတ်ပျက်ခြင်း၊ ကိုယ့်ကိုယ်ကိုယ် စက်ဆုပ်ခြင်းတို့ ပျောက်ကွယ်သွားကြသည်။ အက်ရှ်သည် လိမ္မော်သီးကလေးကို ငုံ့ကြည့်လိုက်သည်။

ဇူလီသည် သူ့ထံ စာရေးခြင်း မပြု။ ရေးစရာလည်း မလို။ ဇူလီသည် အရှည်ဆုံး စာတစ်စောင်ထက် သာသွားသည့် အရာကို ပေးလိုက်ခြင်း ဖြစ်သည်။ အထဲတွင် ငါးရုပ် ထက်ပိုင်းကျိုးကလေး။ ဂူးလ်ကုတ်မှ သူတို့ ထွက်မပြေးမီ တစ်ညက သူ့ကို ပေးလိုက်သည့် ငါးရုပ် ထက်ပိုင်းကျိုးကလေး။

အက်ရှ်သည် ငါးရုပ် ထက်ပိုင်းကျိုးကလေးကို ငုံ့ကြည့်နေသည့်တိုင် သူ့မျက်စိထဲတွင် ထိုငါးရုပ် ထက်ပိုင်းကျိုးကလေးကို မမြင်။ သည်နေ့ညတွင် အက်ရှ်သည် အသက် ပြန်ရှင်လာသည့်နှယ် အောက်မေ့မိသည်။ ရွှေပြည်သာ တောင်တန်းကြီးများ ထိပ်ရှိ နှင်းခဲပေါ်တွင် ဖြာကျနေသော လရောင်ခြည် လဲ့လဲ့။ မဟာဒေဝီ ဘုံဆောင်ပျက်ကလေး။ ဟီရာလားလ်၏ ပုလဲနက် နားတောင်းပေါ်သို့ ဖြာကျနေသည့် အရောင်။ ထိုအရာများကို အက်ရှ် မြင်ယောင်နေသည်။

အက်ရှ်သည် ဇူလီ၏ အဖိုးထိုက် လက်ဆောင် ဖြစ်သည့် ကရုကမာခွံ ငါးရုပ် ထက်ပိုင်းကျိုးကလေးကို ငုံ့ကြည့်နေမိသည်။

အက်ရှ်သည် သူ့ တစ်အူထုံ့ဆင်းသည့် အစ်ကိုရင်း တစ်ယောက်။ ထို့ကြောင့် ကံကောင်းအောင် အဆောင် လက်ဖွဲ့အဖြစ် ထိုပစ္စည်းကလေးကို ပေးလိုက်ခြင်း ဖြစ်၏။ အက်ရှ်က ထိုအရုပ်ကလေးကို ထက်ပိုင်းချိုးလိုက်ကာ တစ်ယောက် တစ်ပိုင်းစီ သိမ်းထားမည် ဖြစ်ကြောင်း၊ တစ်နေ့ သူတို့ ပြန်တွေ့သည့် အခါ၌ ထိုငါးရုပ်ကလေးကို ပြန်ဆက်မည် ဖြစ်ကြောင်းဖြင့် ပြောခဲ့သည်။

ယခု ဇူလီသည် သူ သိမ်းရမည့် ငါးရုပ် ထက်ပိုင်းကျိုးကို သူ့ထံ ပြန်ပေးလိုက်ပြီ။ အဓိပ္ပာယ်က သူတို့ နှစ်ယောက်သည် ယခုတိုင် တစ်ခုလုံး၏ အစိတ်အပိုင်း နှစ်ခု ဖြစ်ကြောင်း၊ နောင်တစ်နေ့တွင် ထိုနှစ်ပိုင်းသည် တစ်ခုလုံး အဖြစ် ပြန်လည် ပေါင်းစည်းကြမည် ဖြစ်ကြောင်း အဓိပ္ပာယ် ထွက်သည်။

ထိုအဓိပ္ပာယ်ကို အက်ရှ် နားလည်မည် ဟူသော အထင်ဖြင့် ပို့လိုက်ခြင်း ဖြစ်ကြောင်း ထင်ရှားသည်။ ဘာမျှ မရေရာ။ ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာမျှသာ။ သို့ရာတွင် ဘာမျှ မရှိသည်နှင့်မူ အများကြီး တော်သေးသည်။ သဲကန္တာရကြီးထဲတွင် တစ်နေ့လုံး လျှောက်လာခဲ့ရပြီးနောက် ကြည်လင်သည့် စမ်းချောင်း တစ်ခုကို တွေ့လိုက်ရသည့်နှယ်။ ပြန်၍ မတွေ့ကြတော့သည်တိုင် ထိုငါးရုပ် ထက်ပိုင်းကျိုးကလေးသည် ဇူလီ၏ ချစ်သက်သေ။ သူ့ကို အစစ အရာရာ ခွင့်လွှတ်သည့် သင်္ကေတ။

အက်ရှ်သည် ကောင်းကင်မှ ကျလာသည့် ပစ္စည်း တစ်ခုပမာ ငါးရုပ် ထက်ပိုင်းကျိုးကလေးကို တယုတယ ကိုင်လိုက်၏။ သေသေချာချာ ကြည့်လိုက်သည့် အခါတွင် မိမိ ပြန်ပေးခဲ့သည့် ထက်ပိုင်းကျိုး ငါးရုပ်ကလေး မဟုတ်။ ဇူလီ၏ ရင်တွင် ဆွဲထားသည့် ငါးရုပ် ထက်ပိုင်းကျိုးကလေး။ ပူနွေးသည့် သူ့ရင်ခွင် အချိုင့်အဝှမ်းထဲတွင် နှစ်ပေါင်းများစွာ ကိန်းအောင်းလာသည့် ငါးရုပ် ထက်ပိုင်းကျိုးကလေး။

ထိုငါးရုပ် ထက်ပိုင်းကျိုးကလေးတွင် သူ့ကိုယ်နံ့ကလေး သင်းနေသည်ဟုပင် အက်ရှ် ထင်လိုက်မိသေးသည်။ နှင်းဆီနံ့ပြေပြေ။ သူ့ကို အလျှင်ကလိုပင် ချစ်နေသေးကြောင်း၊ အနမ်း တစ်ခုလိုပင် သူနှင့် ရင်းနှီးကျွမ်းဝင်နေသေးကြောင်းကို ဖော်ပြသည့် အမှတ်အသား။ အက်ရှ်သည် ငါးရုပ်ကလေးကို ကောက်ယူပြီး ပါးတွင် အပ်ထားလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ချောင်းဟန့်သံ ကြားလိုက်ရသဖြင့် ဂူးလ်ဘတ်နှင့် သူ့စားပွဲထိုးတို့ ရောက်လာကြောင်း သိလိုက်ရ၏။ အက်ရှ်သည် ငါးရုပ် ထက်ပိုင်းကျိုးကလေးကို အိတ်ထဲသို့ ထည့်လိုက်ပြီး လိမ္မော်သီးများကို ခြင်းတောင်းထဲသို့ ပြန်ထည့်လိုက်သည်။ ထိုနေ့ည ညစာ စားကောင်းလိုက်သည်မှာ ဆိုဖွယ် မရှိတော့။ သည်လို စားမကောင်းခဲ့သည့်မှာ ကာလ အတန်ကြာခဲ့ပြီ။

ရာသီဥတုကောင်းလျှင် အက်ရှ်သည် တဲထဲတွင် ညစာ စားလေ့ မရှိ။ တဲပြင်က သစ်ပင်ရိပ်တွင် ညစာ စားတတ်သည်။ ထိုနေ့ ညနေက ညစာကို ကုက္ကိုပင်ကြီးအောက်တွင် ပြင်ထား၏။ ပူနွေးသည့် ညနေခင်း လေပြည်သည် ကုက္ကို ပန်းနံ့ကလေး သင်းလျက်ရှိ၏။ သူ့စားပွဲခင်းပေါ်တွင် ဝတ်မှုန်ကလေးတွေ ကြွေကျနေကြသည်။ ထို့နောက် သူ့ ပန်းကန်ပြားထဲ။ ထို့နောက် သူ့ခေါင်းပေါ်။ ကောင်းကင်တွင် နေခြည် အကြွင်းအကျန် ရှိနေဆဲ။

သို့ရာတွင် ညစာ စားပြီး၍ ကော်ဖီ သောက်နေသည့် အခါ ကောင်းကင်တွင် ကြယ်ပွင့်ကလေးတွေ ပြူထွက်ကုန်ကြပြီ။ အက်ရှ်သည် ညစာ စားပြီးနောက် စီးကရက် တစ်လိပ်ကို ဖွာရင်း သူနှင့် ဇူလီ၏ နောင်ရေးကို စဉ်းစားနေမိသည်။ မိမိသည် မည်သူ့ကိုမျှ လက်မထပ်တော့။ ဇူလီအား ဇနီးမယား အဖြစ် တစ်သက်လုံး အောက်မေ့နေတော့မည်ဟု သစ္စာ ဆိုမိသည်။

သူ့ ရှက်ဖျင်တဲထဲမှ လသာမှန်အိမ်ရောင်က သူ့နောက်တွင် လင်းလျက်။ ဂူးလ်ဘတ်က တဲထဲတွင် သူ့အဝတ်အစားများကို သိမ်းနေသည်။

အက်ရှ်သည် တစ်စုံတစ်ရာကို အမှတ်ရကာ သူ့တဲကို သူခိုးတို့ ဝင်ရောက် ဖောက်ထွင်းပြီးကတည်းက မာဒူးထဲတွင် သိမ်းထားသည့် ဆေးသုတ်သည့် သံသေတ္တာကလေးကို အယူခိုင်းလိုက်၏။ မာဒူးက ယူလာပြီး သူ့အနားတွင် တမာကူ ရှူရင်း ထိုင်၍ စကားတွေ ပြောနေပြန်သည်။ သူ ပြန်သွားသည့်အခါတွင်မှ အက်ရှ်သည် သေတ္တာကလေးကို တဲထဲသို့ ယူလာကာ အိပ်ရာထဲမှ ငါးရုပ် ထက်ပိုင်းကျိုးကလေးကို ထုတ်ယူလိုက်သည်။

လိမ္မော်သီးထဲသို့ ထည့်နိုင်အောင် ငါးရုပ်ကလေးတွင် တပ်ထားသည့် ပိုးကြိုးကလေးကို ဖြုတ်ထား၏။ နဂိုအတိုင်း ရှိနေအောင် ကြိုးကလေး ချည်ထားလျှင် ကောင်းမည် ထင်သည်။ တဲထဲတွင် ကြိုးကောင်းကောင်း ရှာကြည့်သည်။ သို့ရာတွင် မတွေ့။ မနက်ဖြန်မှ ဂူးလ်ဘတ်ကို ကြိုးကောင်းကောင်း အရှာခိုင်းရမည်။ ငါးရုပ် ထက်ပိုင်းကျိုးကလေးကို သေတ္တာထဲသို့ ထည့်၍ သော့ခတ်လိုက်ပြီးနောက် တစ်နေရာတွင် သိမ်းထားရမည်။

အက်ရှ်သည် သူ့အိတ်ဆောင်နာရီ ကြိုးတွင် ချည်ထားသည့် အပေါစား ကြေးသော့ကို ဖြုတ်ယူကာ သေတ္တာကလေးကို ဖွင့်ကြည့်လိုက်သည်။ သေတ္တာကို ဖွင့်လိုက်သည့် အခါ၌ သေတ္တာ အဖုံးသည် အထဲတွင် စပရိန် တပ်ထားသည့်နှယ် ကန်ထွက်လာ၏။

လွန်ခဲ့သည့် ရက်များ မကြာမီက သူ သေနတ်ပစ် ခံခဲ့ရပြီးနောက် စုတ်ပြဲ သွေးစွန်းနေသည့် အင်္ကျီကို သေတ္တာထဲသို့ ခေါက်ထိုးထည့်ထားခဲ့သည်။ ထိုစဉ်က သေတ္တာကို ပိတ်၍ မရသဖြင့် အတင်းဖိ၍ ပိတ်ခဲ့ရခြင်း ဖြစ်၏။

တစ်နေ့တွင်မှ လူမမြင်အောင် လွှင့်ပစ်လိုက်တော့မည်၊ သို့မဟုတ် မီးရှို့လိုက်တော့မည်ဟု စိတ်ကူးဖြင့် တွေ့ရာ သေတ္တာကလေးထဲသို့ ထည့်ထားခဲ့ခြင်း ဖြစ်သည်။ ထို့နောက် မေ့သွားကာ သေတ္တာရော၊ ငွေတွေရော၊ လက်နက်တွေရော မာဒူးကို အပ်ထားခဲ့ခြင်း ဖြစ်သည်။

အက်ရှ်သည် ထိုအင်္ကျီစုတ်ကို စက်ဆုပ် ရွံရှာစွာ ကြည့်မိသည်။ မည်သူ့ အင်္ကျီမှန်း မသိ။ တဲထဲတွင် မီးရှို့လျှင် အစေခံတွေက မီးလောင်သည် ထင်၍ ပြေးလာကြဦးမည်။ တဲထဲတွင် သည်အတိုင်း လွှတ်ပစ်ထား၍ မကောင်း။ ထို့ကြောင့် စခန်းနှင့် ခပ်လှမ်းလှမ်းသို့ သွားပစ်မည်ဟု စိတ်ကူးကာ အမှောင်ထဲတွင် စခန်းမှ ထွက်လာခဲ့သည်။

အက်ရှ်သည် သွေးတွေ ပေနေသည့် အဝတ်ပိုင်းကို လက်ထဲတွင် လုံးခြေကိုင်လိုက်သည်။ လက်ထဲ ခုတုတု သွားစမ်းမိ၏။ ထိုစဉ်တုန်းကလည်း သူ သတိထားခဲ့မိသည်။ သို့ရာတွင် အမှတ်တမဲ့မျှသာ။ ကြယ်သီးကလေး တစ်လုံးလော။ သို့မဟုတ် အိန္ဒိယ အပ်ချုပ်သည်များ အင်္ကျီချုပ်ရာတွင် ချုပ်ရိုးကြောင်း တည့်အောင် အထဲသို့ ထည့်၍ ချုပ်တတ်ကြသည့် ခဲတုံးကလေး တစ်တုံးလော။

အက်ရှ်သည် ထိုအင်္ကျီစကို ရုတ်တရက်မျှသာ ကြည့်ပြီးနောက် တစ်ခါမျှ သေသေချာချာ မကြည့်ဖူး။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ထိုပစ္စည်းမှာ သက်သေခံ ပစ္စည်း ဖြစ်နေသည့်အတွက် အစေခံများ မမြင်အောင် လုံးထွေး ထည့်ပစ်ခဲ့ခြင်း ဖြစ်သည်။ ယခု အက်ရှ်သည် အဝတ်ပိုင်းကလေးကို ဖြန့်ကာ ပထမဆုံး အကြိမ် သေချာစွာ ကြည့်မိသည်။

အဝတ်ပိုင်း တစ်ခုလုံးမှာ သွေးစွန်းကွက်ကာ မာတောင့်နေလေပြီ။ သူ့နဖူးမှာ ဒဏ်ရာက နက်သဖြင့် သည်မျှ သွေးထွက်ခဲ့ခြင်း ဖြစ်သည်။ သွေးကွက်များကြားထဲတွင် မြင်ရသည့် အစမှာ မီးခိုးရောင် ပိုးနှင့် ချည်ရောထားသည့် လက်ရက်ထည်။ အဖိုးတန်ထဲက ဖြစ်သည်။ ခပ်ပါးပါး။

သူ လှမ်းဆွဲလိုက်တုန်းက အထည်သား စုတ်၍ ပါလာခြင်း မဟုတ်။ အရှေ့ပိုင်း လက်ဝဲဘက်ခြမ်း တစ်ခုလုံး ချုပ်ရိုး ပြုတ်ပါလာခဲ့ခြင်း ဖြစ်သည်။ ကော်လာနှင့် လက်မောင်းကမူ ကျန်ရစ်ခဲ့၏။ ကြယ်သီးပေါက်များက ဟာလာဟင်းလင်း။ အတွင်း အိတ်ကပ် တစ်ခု ပါသည်။ သို့ရာတွင် အိတ်ကပ်က ကြဲကြဲဖန်ဖန် တပ်နေကျ နေရာတွင် မဟုတ်။ ချိုင်းအောက်မှာ တပ်ထားသည်။ ပစ္စည်းတို့ ဘာတို့ ထွက်မကျရလေအောင် အိတ်ကပ်ကို နှစ်ထပ် ဖုံးထားသည်။ ဖွင့်ကြည့်သည့် အခါတွင် မရ။ အသေ ချုပ်ထားသည်ကို တွေ့ရ၏။ အထဲတွင် ရှိနေသည့် ခပ်မာမာ ပစ္စည်းကလေး ပျောက်မကျအောင် ချုပ်ထားခြင်း ဖြစ်ပုံရသည်။

ကုတ်အင်္ကျီ အတွင်းဘက် ချိုင်းအောက်တွင် ကတ်ကတ်သတ်သတ် ချုပ်၍ သေချာစွာ ထည့်ထားသည် ဆိုလျှင် အလွန် အဖိုးတန်သည့် ကျောက်မျက်ရတနာမျိုး ဖြစ်လိမ့်မည်။

ချုပ်ရိုးကြောင်းများ တစ်လျှောက်တွင်လည်း သွေးခြောက်တို့ကြောင့် မာတောင့် စေးကပ်နေသည်။ အက်ရှ်သည် ချုပ်ရိုးများကို ဖြေ၏။ ထိုအဖိုးတန် ပစ္စည်း ပျောက်သည်ကို တွေ့လျှင် သူ့ရန်သူသည် မည်သို့ နေမည် မသိဟု တွေးကာ ကျေနပ်စွာ ပြုံးလိုက်သည်။ ရန်သူ အဖို့မူ တော်တော်လေး တန်ဖိုး ပေးလိုက်ရပေလိမ့်မည်။ သည်လောက် ဆိုလျှင် သင်ခန်းစာ ကောင်းကောင်း ရသွားလောက်ပြီ။

ထိုပစ္စည်းကလေးကြောင့် ရန်သူသည် တဲကို ဖောက်ထွင်း ဝင်ရောက် မွှေနှောက်သွားခြင်း ဖြစ်နိုင်သည်။ ထိုစဉ်က ရန်သူ မွှေနှောက်ရှာပုံကို သူ နားမလည်။ ငွေထုပ်လိုလို ကျည်ဆန်လိုလို ခပ်သေးသေး ပစ္စည်းကို ရှာမှန်းလောက်ကိုမူ သူ သိသည်။ သို့ရာတွင် ယခု သူ သိပြီ။ ထိုသေတ္တာကလေးကို မာဒူးထဲတွင် အပ်ထားခဲ့ခြင်းကြောင့်သာ တွေ့မသွားခဲ့ခြင်း ဖြစ်သည်။

အက်ရှ်သည် လက်သည်းညှပ်သည့် ကတ်ကြေးကလေးကို လှမ်းယူလိုက်သည်။

'ငါ ဘာလုပ်ရမလဲ၊ မနက် လင်းလင်းချင်း အဲဒီနေရာက မြက်တောထဲကို ပစ်ထားရမလား၊ ငနဲကတော့ သူ့ပစ္စည်းကို အဲဒီနေရာမှာ ဒေါင်းတောက်အောင် ရှာနေမှာပဲ'

အက်ရှ်သည် ကတ်ကြေးဖြင့် အိတ်ကို ကိုက်လိုက်၏။ အထဲမှ ပစ္စည်းကလေးသည် ချောက်ခနဲကျပြီး လိမ့်သွားသည်။ ရွှက်ဖျင်တဲ ခေါင်တိုင်တွင် ချိတ်ဖြင့် ချိတ်ထားသည့် လသာမှန်အိမ်မှ အရောင်တွင် ထိုအရာသည် တလက်လက်။ သစ်တော့သီးပုံ ခိုရောင်မှိုင်းမှိုင်း ကျောက်ကြီး တစ်လုံး။

ဟီရာလားလ်၏ နားမှ နားတောင်းကြီး။

အက်ရှ်သည် အသက်လည်း မရှူနိုင်၊ ဘာမှလည်း မလုပ်နိုင်ဘဲ ရုတ်ခနဲ ထလိုက်ကာ တောင့်တောင့်ကြီး ရပ်ရင်း နားတောင်းကြီးကို ငုံ့ကြည့်နေသည်။ ထို့နောက် ကောက်ယူလိုက်၏။

နှစ်ပေါင်းများစွာ မြင်ခဲ့ဖူးသည့် ထိုနားတောင်းကြီးကို သူ မြင်ရလိမ့်မည်ဟု မမျှော်လင့်ခဲ့။ ယခု တိုက်တိုက်ဆိုင်ဆိုင် ပြန်တွေ့နေရပြီ။ ကျောက်က အဖိုးတန် ပုလဲနက်ကြီး။

ထိုပုလဲနက်ကြီးကို ဟီရာလားလ် ဝတ်သွားသည်ကို မြင်လျှင် ဘီဂျူရန်း မခံရပ်နိုင်။ ဟီရာလားလ်၏ ပုလဲနက်ကြီးက သူ့နားတွင် တစ်ဖက်တည်း ဆွဲထားသည့် စိန်နားတောင်းနှင့် ဘာမျှမဆိုင်။ ပုလဲနက်နှင့် ယှဉ်လိုက်သည့် အခါတွင် ဘီဂျူရန်း၏ စိန်သည် အပေါစား ဆန်နေသည်။

ပုလဲနက်ကြီးသည် သက်ရှိ သတ္တဝါ တစ်ကောင်ပမာ မီးရောင်တွင် တလက်လက် တောက်နေသည်။ ဟီရာလားလ်ကို မည်သူသတ်သည် ဆိုသည်ကို အက်ရှ် သံသယ မဖြစ်တော့။ နောက်ကွယ်တွင် မည်သူများ ရှိလေသနည်း။

စော်ဘွားကြီး ကာလကတ္တားသို့ သွားစဉ်က ဘီဂျူရန်းသည် လာလာဂျီနှင့် အတူ လိုက်ဖြစ်အောင် လိုက်သွားခဲ့သည်။ ဘီဂျူရန်းသည် ဟီရာလားလ်ကို မနာလို ဝန်တို ဖြစ်သည်။ ထိုပုလဲနက်ကြီးကို လိုချင်သည်။ လုပ်ကြံမှုကို မဟာဒေဝီ ဂျာနူးဘိုင် ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



အကွက်ချ ပေးလိုက်ခြင်း ဖြစ်ရမည်။ ဘီဂျူရန်း အဖို့ ကျားပေါသည့် နယ်တစ်ဝိုက် အထိ ရောက်အောင် စောင့်ဖို့သာ လိုသည်။ အထူးသဖြင့် လူသားစားကျား ရှိသည် ဆိုသော နယ်သို့ ရောက်အောင် စောင့်ဖို့သာ လိုသည်။

သို့ရာတွင် ဘီဂျူရန်းသည် ထိုပုလဲနက်ကြီးကို လူမြင်ကွင်းတွင်လည်း ဝတ်မရ။ လွှင့်လည်း မပစ်ရက်။ ထို့ကြောင့်ပင်လျှင် ဘီဂျူရန်းသည် ထိုပုလဲနက်ကို မဝတ်ရဲဘဲ သွားလေရာတွင် ကိုယ်နှင့် တစ်ပါတည်း ယူနေရဟန် တူသည်။

သည် ပုလဲနက်ကြီးကို မြင်လျှင် မှတ်မိသူတွေ အများအပြား ရှိကြဦးမည်။ သည်ပုလဲနက်မျိုးက ရှားပါးသည့် ပုလဲနက်ကြီးမျိုး ဖြစ်၍ နောက်တစ်လုံးကို မြင်ဖူးဖို့ လွယ်မည် မထင်။ အိန္ဒိယပြည်တွင် ဆိုလျှင် တစ်လုံးသာ ရှိမည် ထင်သည်။

သူ့ကို လူသတ်တရားခံ အဖြစ် ဖော်ထုတ်နေသည့် ပုလဲနက်ကြီးကို ဘီဂျူရန်း သိမ်းထားခြင်းမှာ လောဘဓောကြောင့်လော၊ ဒေါသကြောင့်လော ဆိုသည်ကိုမူ သူ မသိ။ အက်ရှ်၏ ရှက်ဖျင်တဲကို ဝင်၍ မွှေနှောက် ရှာဖွေသူမှာ ဘီဂျူရန်းမှ အပ မည်သူမျှ မဖြစ်နိုင်တော့ပြီ။

အက်ရှ်သည် ပုလဲနက်ကြီးကို လက်ထဲတွင် ကိုင်ထားရင်း အမှောင်ထဲတွင် သူ့အင်္ကျီကို လှမ်းဆွဲတုန်းက လူကို သူ အဘယ်ကြောင့် မမှတ်မိဘဲ ဖြစ်ရသနည်း။ ပုလဲနက်ကြီးကို ကြည့်ရင်း အက်ရှ်၏ စိတ်ထဲတွင် အတိတ်က အဖြစ်အပျက်များသည် တရေးရေး ပေါ်လာကြသည်။ ပုလဲနက်ကြီး၏ အရွယ်၊ ပုံသဏ္ဌာန်နှင့် အနံ့တို့ကို သူ သတိပြုမိသည်။

ဘီဂျူရန်းသည် အမွှေးနံ့သာကို အလွန် ကြိုက်သူ ဖြစ်သည်။ သူ့ကို လာရောက် သတ်ပုတ်ခဲ့စဉ်က သူ့ရန်သူထံမှ သစ်မွှေးနံ့ တစ်မျိုး ရ၏။ ထိုစဉ်က ရန်သူကို အသေသတ်ရန် ကြိုးစားနေသည့် အတွက် ထိုအနံ့ကို သတိမထားမိ။ ယခုမှ သတိရတော့သည်။

ဘီဂျူရန်းသည် ထိုစဉ်က သူ့ ထုံးစံ အတိုင်း တောက်တောက်ပပတို့ကို ဝတ်စားထားခြင်း မရှိ။ သေသွားသည့် ဟီရာလားလ် ဝတ်သည့် မီးခိုးရောင် မှိုင်းမှိုင်း အဝတ်အစားကိုသာ ဝတ်ထားသည်။

စားပွဲပေါ်တွင် တင်ထားသည့် သွေးစွန်းနေသော အဝတ်ပိုင်းက ထိုအနံ့ မရတော့။ အက်ရှ်သည် အဝတ်ပိုင်းကို တဲပြင်သို့ လွှင့်ပစ်လိုက်သည်။ ဘယ်သူမြင်၍ တွေ့၍မျှ အရေးမကြီးတော့။

ယခုကိစ္စသည် ဇူလီနှင့် ဘာမျှ ပတ်သက်ခြင်း မရှိကြောင်းကို သိရပြီ။ ဇူလီနှင့် မဆိုင်တော့ဟု ဆိုလျှင် ထိုလုပ်ကြံမှု၏ အကြောင်းရင်းကို လိုက်ရှာရလိမ့်မည်။ လူမသိ သူမသိ ပုန်းလျှိုး ကွယ်လျှိုး လိုက်၍ ရှာနေစရာ မလို။

သူကသာ ကွေ့ကွေ့ကောက်ကောက် တွေးနေသဖြင့် ရှုပ်နေခြင်း ဖြစ်သည်။ လုပ်ကြံမှု ရည်ရွယ်ချက်က ရှင်းရှင်းကလေး။ ယခု ဟီရာလားလ်၏ ပုလဲနက် နားတောင်းကြီးကို မြင်လိုက်ရသည့်အခါတွင် မှန်ထဲတွင် ကြည့်လိုက်ရသလို ထင်ထင်ရှားရှား မြင်လာရသည်။

ဘီဂျူရန်းသည် ဇူလီကိုလည်း စိတ်ဝင်စားခြင်း မရှိ။ သူ့ကိုလည်း အရှေ့ဟု မှတ်မိပုံ မပေါ်။ သူ့ကို လုပ်ကြံရန် ကြံစည်ခြင်းမှာ (မဟာဒေဝီ ဂျာနူးဘိုင်သည် လာလာဂျီကို လုပ်ကြံရန် ကြံစည်စဉ်က ဝင်ရှုပ်ခဲ့သည့် အရှေ့ကို အပျောက်ရှင်းရန် ကြိုးစားခဲ့သည့် နည်းတူ) ဘီဂျူရန်းသည်လည်း ကိုယ်တော်လေး ဂျိုတီကို လုပ်ကြံရာတွင် အက်ရှ် ကြားဝင် ရှုပ်သဖြင့် သူ့ကို အပြတ်ရှင်းရန် ဖြစ်သည်ကို တွေ့လာရသည်။

ဘီဂျူရန်းသည် ကွယ်လွန်သူ မဟာဒေဝီ ဂျာနူးဘိုင်၏ လူယုံတော်ကြီး ဖြစ်၏။ ဂျိုတီ၏ ကိုယ်ရံတော်အဖြစ်လည်း သူကိုယ်တိုင် ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။

ဤတွင် အက်ရှ်က မဟာဒေဝီ ဂျာနူးဘိုင်၏ လူယုံတော် ဘီဂျူရန်းသည် မဟာဒေဝီ၏ သားတော် ဂျိုတီကို လုပ်ကြံစရာ အကြောင်း မရှိနိုင်ဟု တွက်ခဲ့သည်။ ထို့ပြင် ဘီဂျူရန်းသည် နန်ဒူးနှင့် သဘောကွဲလွဲခဲ့သဖြင့် ရှိချင်းရှိလျှင် ဂျိုတီဘက်တွင်သာ ရှိမည်ဟုလည်း သူ တွက်ခဲ့သည်။ ထိုသို့ သဘောကွဲသောကြောင့်ပင် ဘီဂျူရန်းသည် နောင်တော့် အလိုကို ဆန့်ကျင်ကာ ညီတော် ဂျိုတီကို သွေးဆောင်၍ ဘိသောသို့ ခေါ်လာခဲ့ခြင်း ဖြစ်ရမည်ဟု သူ တွက်ခဲ့သည်။

သူ တွက်သည့်အတိုင်း မှန်လျှင် သူ့ ရန်သူ ဘီဂျူရန်းသည် နန်ဒူးကို လုပ်ကြံ၊ ဂျိုတီကို နန်းတင်၊ ထို့နောက် သူ့နောက်မှ ကြိုးကိုင်ပြီး ကာရံကုတ်ကို ခြယ်လှယ် စိုးမိုးရန် ဖြစ်လိမ့်မည်။

ယခုမူ ထိုသို့ မဟုတ်တော့။ သူ တွက်သည့် အတိုင်း မဟုတ်တော့။ ပန်းစကြာ မှန်ပြောင်းကို လှည့်ကြည့်လိုက်သည့် အခါတွင် အထဲတွင် ရှိသည့် ပန်းစကြာ



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ကလေးတို့၏ အနေအထားသည် ပြောင်းလဲသွားကြပြီ။

နန်ဒူးနှင့် ဘီဂျူရန်းတို့သည် အဘယ်ကြောင့် လူသိရှင်ကြား သဘော ကွဲလွဲခဲ့ကြသနည်း။ ဘီသော ပြည်နယ်သို့ မလိုက်ရန် ဂျိုတီကို အဘယ်ကြောင့် တားမြစ် ပိတ်ပင်ခဲ့သနည်း။ ထွက်ပြေးလာသည့် အခါတွင်လည်း အဘယ်ကြောင့် လိုက်လံ ဖမ်းဆီးခြင်း မပြုခဲ့သနည်း။

'ဒါတွေကို ကြိုမြင်ခဲ့ဖို့ ကောင်းတယ်' ဟု အက်ရှ် နာကြည်းစွာ တွေးသည်။ ပြဿနာများကို အပေါ်ယံတွင် မကြည့်ဘဲ နက်ရှိုင်းစွာ ကြည့်လျှင် အကြောင်းရင်းက ရှင်းရှင်းကလေး။ တခြားသူ မမြင်လျှင် ရှိစေ၊ မိမိကမူ မြင်ဖို့ကောင်းသည်။ ဇူလီ၏ စိတ်မွှန်နေ၍ ထိုအကြောင်းရင်းကို မမြင်ခဲ့လျှင် မိမိလောက် ညံ့သူ ဟူ၍ ရှိမည် မထင်တော့။

ဗီလင်ဒါကို လက်ထပ်ခွင့် တောင်းခံခဲ့စဉ်က တပ်ရင်းမှူးနှင့် ဗိုလ်မှူး ဟာလိုးက မိန်းမဝတ် ဂါဝန် တစ်ထည်ကြောင့် ကိုယ့်စိတ်ကိုယ် မထိန်းနိုင်သူ တစ်ယောက်သည် စစ်တပ်တွင် ဘာမျှ အသုံးမဝင်၊ မုန်လာဥ စိုက်စားဖို့သာ ကောင်းသည်ဟု ပြောခဲ့ဖူးသည့် စကားကို သူ အမှတ်ရသည်။

အက်ရှ်သည် အိပ်စင် အစွန်းတွင် ထိုင်ကာ ပြဿနာကို တခြားဘက်မှ ကြည့်၏။

နန်ဒူးသည် သူ့ညီငယ် ဂျိုတီကို ပြိုင်ဘက်၊ အရိုက်အရာ လုဘက် တစ်ယောက် အနေဖြင့် မြင်နိုင်သည်။ ထို့ကြောင့် သူ့ကို အပြတ် ရှင်းချင်သည်။ သို့ရာတွင် သူ့မှာ အမေ ဖြစ်သည့် ဂျာနူးဘိုင်ကိုပင် လုပ်ကြံသည် ဆိုသည့် ကောလာဟလများ ရှိနေသည်။

ဂျိုတီ ရုတ်တရက် သေသွားသည် ဆိုလျှင် ဂျာနူးဘိုင် ကွယ်လွန်ပြီး ကတည်းက သူ့ကို သံသယ မကင်း ဖြစ်နေသည့် ဗြိတိသျှ သံကိုယ်စားလှယ်က ပို၍ သံသယ ကြီးလာကာ ပြဿနာ ရှုပ်လာနိုင်သည်။ ဂျိုတီသည် သူ့ ပြည်နယ်ပြင်ဘက် တစ်နေရာရာတွင် မတော်တဆ သေသွားသည် ဆိုလျှင် ဘာမျှ ပြဿနာ ရှိနိုင်တော့မည် မဟုတ်။

သို့ဆိုလျှင် မိမိတွင်လည်း အပြစ် ပြောစရာ၊ မသင်္ကာစရာ ရှိတော့မည် မဟုတ်။ ထို့အပြင် မိမိက ခွင့်မပြုဘဲ သူ့ဘာသာသူ ထွက်ပြေးရင်း ဖြစ်သည် ဆိုလျှင် ပို၍ပင် ယုတ္တိ ရှိလိမ့်မည်။ ထို့ကြောင့် နန်ဒူးသည် ဂျိုတီ ထွက်ပြေးနိုင်အောင် လမ်းဖွင့်ပေးသည့် အနေဖြင့် တောပစ် ထွက်သွားခဲ့ခြင်း ဖြစ်နိုင်သည်။

ဤတွင် လိုက်ပါလာသူက ဘီဂျူရန်း။ ကာရီကုတ် ပြည်နယ်မှ သူနှင့်အတူ ထွက်ပြေးခဲ့သည့် လူ တစ်ယောက်။ သူတို့ ထွက်ပြေးနိုင်အောင် အစစအရာရာ ကူညီခဲ့သည့် လူတစ်ယောက်သည် ဂျိုတီ၏ လူသာ ဖြစ်ရမည်။ ထို့ကြောင့် ဂျိုတီ သေသွားလျှင် ဘီဂျူရန်းကို မည်သူကမျှ သင်္ကာမကင်း ဖြစ်ကြတော့မည်မဟုတ်။

အက်ရှ်သည် ထိုသို့ တွေးကာ သည်အကြံသည် နန်ဒူးနှင့် ဘီဂျူရန်းတို့ နှစ်ယောက် ပေါင်းသည့် အကြံအစည် ဖြစ်နိုင်သည်ဟု တွက်လိုက်၏။ ဘီဂျူရန်းတွင် လုပ်ဖော်ကိုင်ဖက် များများ ရှိဟန် မတူ။ အလွန်ဆုံး ရှိလျှင် တစ်ယောက် နှစ်ယောက်မျှသာ။ သည်လို ကိစ္စမျိုးတွင် လူများလေ မြန်မြန် ပေါ်လေ မဟုတ်လော။ သို့ဖြစ်လျှင် ထိုကြံရာပါများသည် မည်သူ ဖြစ်နိုင်သနည်း။

ဂျိုတီ၏ ကိုယ်ရံတော်တွေထဲမှ စဉ်းစားကြည့်သည်။ ပရန် ကရစ်ရှနားလော။ ဆင်းဂုပတ္တားလော။ မိုဟန်လော။ ပထမ နှစ်ယောက်က သေချာသည်။ တတိယ တစ်ယောက်က ဖြစ်နိုင်သည့် အလားအလာ ရှိသည်။ သူတို့သုံးယောက်၏ အစေခံများသည် တံစိုး လက်ဆောင် ရထားသူများ ဖြစ်ဖွယ်ရှိသည်။ ထို့ကြောင့် သူတို့ သုံးယောက်၏ အစေခံများကိုလည်း စောင့်ကြည့်လျှင် အကျိုးရှိနိုင်သည်။

ပရန် ကရစ်ရှနားသည် ဘီဂျူရန်း၏ လူယုံတော်ကြီး ဖြစ်၏။ သူ့ ကြည့်လိုက်လျှင် ကိုယ်တော်လေး ဂျိုတီကို အလွန် သစ္စာ ရှိသည့်ဟန်၊ အသက် အသေခံ၍ အကာအကွယ် ပေးမည့်ဟန်။ ပရန် ကရစ်ရှနားက မြင်းစီးလည်း ကျွမ်းသည်။ ဂျိုတီ၏ မြင်းကြီး ချောက်ထဲ ကျသည့်နေ့က သိမ်းတိုက်ရာတွင်လည်း တစ်ယောက် အပါအဝင် ဖြစ်၏။ သူတို့ တွက်ထားသည့် အစီအစဉ် အတိုင်း ဖြစ်လျှင် ကုန်းနီးရော လူရော ပြုတ်ကျမည်။ ထိုအခါတွင် လူတွေက ကိုယ်တော်လေးကို ပွေ့ချီနေကြစဉ် သူက ကုန်းနီးကို ကောက်၍ စစ်သလိုလိုနှင့် ကုန်းနီးထဲက ဆူးတွေကို ဖယ်ပစ်လိုက်မည်။

ထိုနေ့က ကိုယ်တော်လေး မထွက်ရန် ဘီဂျူရန်းက တားနေသည်ကို အက်ရှ် သတိရ၏။ ကိုယ်တော်လေး ဂျိုတီသည် မလုပ်ပါနှင့် ဆိုသည်ကိုမှ ဇွတ်လုပ်တတ်သူဖြစ်ရာ သူတို့ ဇွတ်တားခြင်းဖြင့် ကိုယ်တော်



www.burmeseclassic.com

www.burmeseclassic.com



လေး မသွားဖြစ်လျှင် သွားဖြစ်အောင် ဆွပေးနေခြင်း ဖြစ်ရမည်။ ဂျိုတီ တစ်ခုခု ဖြစ်လျှင် သူ တားသည့် ကြားထဲက သည်လို ဖြစ်ရသည်ဟု ဆိုကာ ဝမ်းနည်းပူဆွေးဟန် ဆောင်မည်။

သို့ရာတွင် မည်မျှ စနစ်ကျသော စီမံကိန်းပင် ဖြစ်စေကာမူ ဟာကွက်များ ရှိစမြဲ။ ဤသည်ကိုလည်း သူတို့ တွက်ထားပုံ ရသည်။ ဂျိုတီသည် လိမ့်ကျရုံမျှသာ ကျပြီး မသေခဲ့လျှင် လိမ်းဖို့ ကျွေးဖို့ ဆေးဝါးတွေ စီရင်ထားပြီး ဖြစ်ရမည်။

နန်ဒူးနှင့် ဘီဂျူရန်းတို့သည် ဘိသော ပြည်နယ်သို့ အသွားတွင် ဆိုင်ရာ ဗြိတိသျှ အစိုးရက စစ်ဗိုလ်တစ်ဦး အစောင့်အရှောက် ထည့်မည်ကို သိထားပုံရ၏။ သို့ဆိုလျှင် သူတို့ ပို၍ ကြိုက်သည်။ ဗြိတိသျှကိုယ်စားလှယ်၏ အစောင့်အရှောက် ပါလျက်သားနှင့် ဂျိုတီ တစ်ခုခု ဖြစ်သည် ဆိုလျှင် သူတို့ အနေဖြင့် သက်သေ ရှင်းစရာ မလိုတော့။

သို့ရာတွင် သူတို့သည် ဗြိတိသျှ အရာရှိများနှင့် များစွာ မဆက်ဆံဖူးသည့် အတွက် အက်ရှ်ကဲ့သို့ ဘာသာစကားနှင့် ဓလေ့ထုံးစံများကို များစွာ ကျွမ်းကျင်နားလည်သည့် စစ်ဗိုလ် ပါလာမည် မထင်ခဲ့ကြ။

သို့ရာတွင် ခရီးသွားသည့် အခါ၌ သူတို့နှင့် လိုက်လာသည့် ဗြိတိသျှ စစ်ဗိုလ်မှာ တိုင်းရင်း ဘာသာစကားများကို တတ်ကျွမ်းသည့် အပြင် တိုင်းရင်း ဓလေ့ထုံးစံတို့ကိုလည်း နားလည်သူ တစ်ယောက် ဖြစ်နေသည့်အတွက် အခက်ကြုံနေကြသည်။

ဤတွင် ဘီဂျူရန်းသည် အက်ရှ်ကို အပျောက်ရှင်းရန် ကြိုးစားလာခြင်း ဖြစ်နိုင်သည်။ သို့တိုင် အရမ်းလုပ်၍ မဖြစ်။ ဗြိတိသျှ ပိုင်နက်ထဲမှ ထွက်ကာ လူသူမြို့ရွာတို့နှင့် ဝေးရာတွင် လုပ်မှ ဖြစ်မည်ဟု တွက်ထားပုံ ရသည်။

သို့ဖြင့် ဘီဂျူရန်းသည် နည်းအမျိုးမျိုးကို စဉ်းစားကာ အင်္ဂရေစီ စစ်ဗိုလ် အက်ရှ်ကို တစ်လမ်းလုံးစောင့်ကြည့်လာခဲ့သည်။ အခွင့်အရေး ရသည်နှင့် ဘီဂျူရန်းသည် အက်ရှ်အား သူ့သေနတ်နှင့်သူ မတော်တဆ ပစ်မိလေဟန်၊ သို့မဟုတ် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သွားလေဟန် ကြံစည်ခြင်း ဖြစ်သည်။ ဘီဂျူရန်း၏ လူယုံတော်များမှာ ထိုသေနတ်ကို မကိုင်တတ်သဖြင့် 'ဆရာကြီး' ကိုယ်တိုင် လုပ်ကြံရန် စီစဉ်ခြင်း ဖြစ်၏။

အက်ရှ်သည် ထိုသို့ တွေးရင်း တဲပြတင်းဝသို့ လျှောက်လာကာ ကောင်းကင်ကြီးကို လှမ်းကြည့်လိုက်၏။ အပြင်ဘက်တွင် မှောင်ပိန်းလျက်။ သူ့အနီးတစ်ဝိုက်တွင် လုပ်ကြံသူများ ရှိနေသည် ဆိုလျှင် သူ့အရိပ်သည် တဲထဲတွင် ထင်းထင်းကြီး မြင်နေရမည်။ သို့ရာတွင် ဘီဂျူရန်းနှင့် အပေါင်းပါများသည် ဤသို့မူ မလုပ်တန်ရာ။ ဤသို့လုပ်လျှင် ဖြောင်လုပ်ကြံမှု အဖြစ်ထင်ရှားကာ ဗြိတိသျှ အာဏာပိုင်တို့ ဝင်ရောက် စွက်ဖက် လာနိုင်သည်။ ဤသည်ကိုမူ သူတို့ အကြောက်ဆုံး။ ဗြိတိသျှ စစ်ဗိုလ် တစ်ယောက်ကို လုပ်ကြံ သတ်ဖြတ်သည် ဆိုလျှင် ပြဿနာသည် အများကြီး ကြီးလာနိုင်သည် မဟုတ်လော။

ထို့ကြောင့် မတော်တဆ သေဆုံးသည့် အဖြစ်မျိုး ရောက်အောင် သူတို့ ကြံမည် မုချ။ ရန်သူသည် နောက်တစ်ခါ ကြံစည်ကောင်း ကြံစည်မည် မုချ။ သို့ဖြစ်ရာ ဘိသောသို့ အသက်နှင့်ကိုယ် အိုးစားမကွဲဘဲ ရောက်လိုသည် ဆိုလျှင် မြန်မြန် ခရီးပြင်းနှင်မှ ဖြစ်မည်။ သည်တစ်ချီတွင် တွက်ကိန်းမှား၍ မဖြစ်။ တွက်ကိန်း လွဲသွားသည်နှင့် အသက် ဇီဝိန် ပြုတ်သွားနိုင်သည်။

အက်ရှ်၏ မျက်လုံးများသည် တဲအပြင်ဘက်တွင် လွှင့်ပစ်ထားသော အဝတ်ပိုင်းပေါ်သို့ ရောက်သွားကြသည်။ အက်ရှ် စိတ်ကူး တစ်ခု ရသည်။ မဖြစ်သေး။ သည်အဝတ်ပိုင်းကို လွှင့်ပစ်၍ မဖြစ်သေး။

အက်ရှ်သည် တဲအပြင်ဘက်သို့ ထွက်လာကာ ထိုအဝတ်ပိုင်းကို ကောက်ယူလိုက်သည်။ ထိုအဝတ်ပိုင်းကို အသုံးပြုစရာ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂၆

ဝန်တင်သည့် ကိစ္စနှင့် ပတ်သက်၍ ဆင်ဦးစီး တစ်ယောက်နှင့် လှည်းသမား တစ်ယောက်တို့ စကားများရန်ဖြစ်ကြသဖြင့် နောက်တစ်နေ့ စခန်းထွက် နောက်ကျသည်။ ပြဿနာက တကယ့် သေးသေးကလေး။ သို့ရာတွင် လူတွေ စိတ်တိုနေကြပြီ။ နီးစပ်ရာတို့ကလည်း ကိုယ့်လူကို ထောက်ခံကြသည်။ သို့ဖြင့် နောက်ဆုံးတွင် ဆင်ဦးစီးများက တစ်ဖက်၊ လှည်းသမားများက တစ်ဖက် ရန်ဖြစ်ကာ ရိုက်ကြ နှက်ကြသည် အထိ ဖြစ်သည်။

သူတို့ကိစ္စကို ရှင်းပြီးသည့် အချိန်တွင် နှစ်နာရီလောက် နောက်ကျနေလေပြီ။ နောက်စခန်းချမည့် နေရာကို အစောဆုံး နေမွန်းတည့်ချိန်လောက်မှ ရောက်တော့မည်။ သည်ရာသီမျိုးတွင် သည်အချိန်ကြီး စခန်းချဖို့ ပြင်ရ ဆင်ရသည်မှာ အဆိုးဆုံး။

ထိုနေ့က သူတို့ လှည်းတန်းကြီးသည် သဲချောင်းရိုးကြီး တစ်ခုထဲတွင် ဖောက်ထားသည့် လမ်းအတိုင်း လာခဲ့ကြ၏။ ချောင်းကမ်းပါး တစ်ဖက်တစ်ချက်တွင် ကိုင်းတောကြီးတွေက ဆင်တစ်ရပ်ခန့်။ တစ်ခါတွင် ဆူးပင်ကြီးတွေ။ တစ်ခါတစ်ရံတွင် တောင်ပို့ကြီးတွေ။ သူတို့ ထွက်လာသည့် အချိန်တွင် နေလုံးကြီး မထွက်သေး။ မနက် အစောကြီး ကတည်းက ဖေတိတ်နေသည်ကို ထောက်လျှင် သည်နေ့သည် ပူပြင်းမည့် လက္ခဏာ။ မြင်းများ နွားများကြောင့် ချောင်းထဲတွင် ဖုန်လုံးတွေ အလိပ်လိပ်။

ရှုရှီလာမှာ လှည်းယဉ်ထဲတွင် လိုက်လာပြီး တငိုငို တရယ်ရယ် လုပ်လာရာ နောက်ဆုံးတွင် သူနှင့် အတူ ပါလာသည့် ဂျိုတီက သည်းမခံနိုင်တော့ဘဲ အစ်မကို လက်သီးနှင့် ထိုးတော့သည်။

'ခရီး သွားရတာ ခင်ဗျား တစ်ယောက်တည်း ဒုက္ခ ရောက်တယ် ထင်သလား၊ ဒီပြင်လူတွေလည်း ပင်ပန်းတာပဲဗျ၊ တော်ပြီ၊ ဒီလောက်တောင် နားငြီးတာ ခင်ဗျားလှည်းမှာ မလိုက်ချင်ဘူး၊ ကျွန်တော့် ဘာသာသွားမယ်'

ဂျိုတီသည် ဖုန်ထဲသို့ အတင်း ဆင်းလာကာ သူ့မြင်းကို တောင်းသည်။ မည်သူမျှ တား၍ မရ။

ဂျိုတီက လှည်းပေါ်မှ ဆင်း၍ မြင်းနှင့် လိုက်လာသည့် အခါတွင် ဘီဂျူရန်း အပါအဝင် ကိုယ်ရံတော်များမှာလည်း လှည်းများပေါ်တွင် မလိုက်ကြတော့ဘဲ မြင်းများနှင့် လိုက်လာခဲ့ကြသည်။

ကိုယ်တော်လေး ဂျိုတီက မိမိနှင့် အတူ ဆပ်သခင်လေးနှင့် မူးလ်ရတ်တို့ ရှိသည့်အတွက် သူတို့တစ်တွေ လိုက်ဖို့ မလိုကြောင်း ပြောသည့် အခါတွင် သူတို့ လိုက်လာလျှင်လည်း ကောင်းကြောင်း၊ ရှေ့ခရီး စခန်းထောက်များ အတွက် ကြိုတင် အကြည့်လွှတ်နိုင်ကြောင်းဖြင့် ပြောသည့် အတွက် ဂျိုတီသည် သူတို့ကို လိုက်ခွင့်ပြုလိုက်သည်။

ထိုနေ့ နေ့လယ်တွင်မူ စခန်းချချိန် မရတော့သောကြောင့် ထမင်းစားလျှင် သစ်ပင်ရိပ် အောက်တွင် စားပြီး မနားဘဲ ခရီးဆက်ကြရုံ ရှိတော့သည်။

အက်ရှ်ကလည်း မငြင်းဘဲ သူတို့နှင့် လိုက်ပါလာစေသည်။ ထို့ကြောင့် ရက်ပေါင်းများစွာ အတွင်း အက်ရှ်သည် ဘီဂျူရန်းနှင့် ပထမဆုံး အကြိမ် နာရီပေါင်းများစွာ အတူ ခရီးသွားခွင့်ကို ရခဲ့သည်။ အက်ရှ်သည် ဘီဂျူရန်း၏ အကဲကို စမ်းရန် အကြံ တစ်ခု ရထားရာ ယခု အခွင့်အရေး ရပြီ။ သူတို့ နှစ်ယောက်သည် ဘာမျှ မဖြစ်ကြသည့်နှယ် စကားစမြည်ပင် ပြောလိုက်သေးသည်။ ရာသီဥတု ပြင်းသဖြင့် စကားများများ မပြောနိုင်။

သို့ရာတွင် အက်ရှ်က လှည်းတန်းကြီးနှင့် ကပ်လျက် လိုက်သည်မှာ ဖုန်မွှန်သည်၊ သူတို့ မြင်းစီး တစ်



www.burmeseclassic.com

www.burmeseclassic.com



သိုက် နောက်မှ လိုက်ခဲ့ကြမည်၊ စခန်း တဲတန်းတွေ ထိုးပြီးလောက်ချိန် ကျမှ ရောက်အောင် စီးကြမည်ဟု ဆိုသဖြင့် အားလုံး သဘောတူကာ စခန်း လှည်းတန်းကြီးနှင့် ခပ်ဝေးဝေးမှ လိုက်လာခဲ့ကြ၏။

ထမင်းစားရန် ရပ်နားဖို့ ကောင်းသည့် နေရာ တစ်ခုကို တွေ့သည့် အခါ၌ နေမှာ ခေါင်းပေါ်တွင် တည့်တည့်ကြီး ရောက်နေလေပြီ။

မိုဟန်နှင့် ဘီဂျူရန်းတို့သည် သူတို့ အတွက် စားသောက်ဖွယ်များ ယူလာဖို့ ပြောရန် မြင်းကိုယ်စီဖြင့် ထွက်သွားကြသည်။ ပြန်လာသည့် အခါတွင် စခန်းမှာ ရှေ့တွင် တစ်မိုင် မဲ့မဲ့မျှသာ ဝေးကြောင်း၊ တပ်ဦးမှာ စောစီးစွာ ကြိုတင် ရောက်သည့် အတွက် တဲတော်တော် ထိုးပြီးပြီ ဖြစ်ကြောင်း၊ အနည်းငယ်လောက်မျှသာ ကျန်တော့ကြောင်းဖြင့် ပြောပြ၏။

အက်ရှ်သည် လေပြင်းကျလိမ့်မည်ဟု မျှော်လင့်ထား၏။ သို့ရာတွင် ထိုနေ့က လေပြင်း မကျသဖြင့် ကံကောင်းသည်ဟု ဆိုရလိမ့်မည်။ မိမိ ကြံစည်ထားသည့် အကြံအစည် ဖြစ်မှ ဖြစ်ပါ့မည်လော ဟူ၍ကား အက်ရှ် စိုးရိမ်သည်။

မိမိ ကြံစည်ထားသည့် အတိုင်း ဖြစ်ရေး မဖြစ်ရေးမှာ ကိုယ်က ထိုကိစ္စကို အမှတ်တမဲ့ ရှောင်တခင် လုပ်ပြနိုင်ခြင်း ရှိ မရှိ အပေါ်တွင် တည်သည်။ ထိုအချိန်တွင် ဘီဂျူရန်းလည်း အနားတွင် ရှိရမည်။ မိမိကလည်း အမှတ်တမဲ့ လုပ်သည့် သဘောပေါ်အောင် လုပ်နိုင်ရမည်။ အကောင်အထည် ဖော်မည့် နေရာသည် မှတ်မိနိုင်သော နေရာလည်း ဖြစ်ရမည်။ စခန်းနှင့်လည်း မဝေးလွန်း မနီးလွန်းသော နေရာလည်း ဖြစ်ရမည်။ ထိုအချက်များ အားလုံး ညီညွတ်မှ သူ့အကြံအစည် အောင်နိုင်လိမ့်မည်။

ထမင်း စားသောက်ကြပြီးနောက် ခရီးဆက်ခဲ့ကြ၏။ ရှေ့တွင် သဲပြင်ဖွေးဖွေး ထနေသည့် နေရာကလေး တစ်ခု။ ဘေးတွင် ချုံဖုတ်တွေ ထန်းပင်တွေနှင့်။ ထိုနေရာကလေးသည် သူ့အကြံအစည်ကို အကောင်အထည် ဖော်ရန် အကောင်းဆုံး နေရာ။ ဘေးတွင် ကိုင်းတောကလေးတွေလည်း ရှိသည်။

ထိုနေရာမှ တစ်မိုင်ခန့် အကွာ ရှေ့တွင်မူ ဖုန်တထောင်းထောင်း ထနေသည်ကို မြင်နိုင်သည်။ သည်အချိန်တွင်မှ သူ့အကြံအစည်ကို အကောင်အထည် မဖော်နိုင်လျှင် နောင်တွင် အချိန်ရှိမည် မဟုတ်တော့။

အက်ရှ်သည် သက်ပြင်း တစ်ချက်ကို ချလိုက်၏။ ကာရိကုတ် ပြည်နယ် အကြောင်း ပြောလျှင် ဘီဂျူရန်း စိတ်ဝင်စားမည်ကို သိသည့် အတွက် အက်ရှ်သည် ကာကာဂျီဘက်သို့ လှည့်လိုက်ပြီး ကာရိကုတ် ပြည်နယ် အကြောင်းကို ပြောဆိုလျက် ရှိသည်။

သူတို့ သုံးဦးသား မြင်းချင်း ယှဉ်စီးလာခဲ့၍ ထန်းတောအုပ်အုပ်နားသို့ ရောက်လျှင် အက်ရှ်သည် ခေါင်းတွင် ဆောင်းထားသည့် သံခမောက်ကို ချွတ်လိုက်သည်။ ထို့နောက် အိတ်ထဲမှ လက်ကိုင်ပဝါ တစ်ထည်ကို ထုတ်ကာ နဖူးနှင့် မျက်နှာတွင် စို့ရွှဲနေသည့် ချွေးများကို သုတ်လိုက်သည်။

သို့ရာတွင် သူ့အိတ်ထဲမှ ဆွဲထုတ်လိုက်သည့် အရာမှာ လက်ကိုင်ပဝါ မဟုတ်။ အပေါ်အင်္ကျီ ရှေ့တစ်ခြမ်းကို ဆုတ်ထားသည့် မီးခိုးရောင် အဝတ်စကလေး တစ်ပိုင်း ဖြစ်နေသည်။ အဝတ်စတွင် သွေးကွက်တို့ စွန်းပေကာ မာတောင့်လျက်။ အက်ရှ်သည် မျက်နှာကို သုတ်နေရာမှ ရပ်ကာ အဝတ်ပိုင်းကို တအံ့တသြဖြင့် ကြည့်နေသည်။

သူ့အမူအရာက ထိုအဝတ်ပိုင်းကလေးကို တစ်ခါမျှ မမြင်ဖူးသည့်နှယ်။ ထိုအဝတ်ပိုင်းကလေး သူ့အိတ်ထဲသို့ မည်သို့မည်ပုံ ရောက်လာသည်ကို မသိသည့်ဟန်။ အက်ရှ်သည် အဝတ်ပိုင်းကလေးကို မျက်မှောင်ကြီးကုတ်ကာ စိုက်ကြည့်နေပြီးနောက် တစ်ချက် နမ်းကြည့်ကာ မျက်နှာကို ရှုံ့လိုက်၏။ ထို့နောက် ထိုအဝတ်ပိုင်းကလေးကို စက်ဆုပ် ရွံရှာသည့် ဟန်ဖြင့် လုံးခြေကာ လမ်းဘေးကိုင်းတောထဲသို့ လွှင့်ပစ်လိုက်သည်။

အက်ရှ်သည် ပြောလက်စ စကားကိုလည်း ဆုံးအောင် မပြော။ ဘီဂျူရန်းကိုလည်း မကြည့်ဘဲ အိတ်ထဲသို့ လျှောက်နှိုက်ပြီး လက်ကိုင်ပဝါကို လိုက်ရှာနေသည်။ မြင်းစီးအင်္ကျီရှည် အတွင်းအိတ်ထဲတွင် ရှာတွေ့သဖြင့် အက်ရှ်သည် လက်ကိုင်ပဝါကို ထုတ်ကာ မျက်နှာကို သုတ်လိုက်၏။ ထို့နောက် နေပူသဖြင့် လက်ကိုင်ပဝါကို သံခမောက်ပေါ်တွင် ထပ်အုပ်လိုက်ပြီးနောက် ဘီဂျူရန်း နောက်ပြန် လှည့်ကြည့်ချိန် မရအောင် စကားကို အမျှင်မပြတ် ပြောနေသည်။

စခန်းသို့ ရောက်သည့်အခါတွင် ဘီဂျူရန်းသည် ထိုအဝတ်ပိုင်းကလေးကို ပြန်၍ ရှာ မရှာ စောင့်ကြည့်ရမည်။ မိမိတဲမှာ အစွန်ဆုံးတွင် ဖြစ်သည့် အတွက် စခန်းမှ လူဝင် လူထွက်ကို ကောင်းကောင်း မြင်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် အက်ရှ်၏ တဲမှာ ကွင်းပြင်ကြီးကို စီးမြင်နေရပြီး သူ့တဲရှေ့တွင် ယင်းကာထားသည့် အတွက် သူ ကြည့်နေသည်ကို အပြင်က မည်သူမျှ မမြင်နိုင်။ ထိုအထဲတွင် သူ့တွင် ဆတ်ညိုအုပ်ကြီးတွေ ချေအုပ်ကြီးတွေ ကြည့်ရန် အဝေးကြည့် မှန်ပြောင်းလည်း ပါလာသေးသည်။

ဘီဂျူရန်းသည် သူ့အတွက် အလွန် အဖိုးတန်သည့် ထိုအဝတ်ပိုင်းကလေးကို နေ့ခင်းတွင် ချက်ချင်း သွားယူချင်မှ ယူမည်။ သို့ရာတွင် ထိုအဝတ်ပိုင်းကို ဘီဂျူရန်း မြင်လိုက်သည် ဆိုလျှင်မူ (မြင်အောင်လည်း သူ လုပ်ပြခဲ့ပြီ မဟုတ်လော။) ဘီဂျူရန်းသည် ထိုအဝတ်ပိုင်းကို လူလစ်ချိန်တွင် ပြန်ရာမည်မှာ သေချာသည်။

နောက် ဆယ့်ငါးမိနစ်ခန့် အကြာတွင် သူတို့သည် စခန်း အစွန်သို့ ရောက်လာခဲ့ကြ၏။ ထိုနေ့ နေ့လယ်ပိုင်းမှာ အမှတ်မထင် ကုန်လွန်သွားခဲ့သည်။ အပူရှိန် ပြင်းသဖြင့် မည်သူမျှ ကောင်းကောင်း အလုပ်မလုပ်နိုင်။ လူများ၊ တိရစ္ဆာန်များသည် သင့်လျော်ရာ အရိပ်ကို ရှာဖွေကာ အရိပ်တွင် ငိုက်မျဉ်းနေကြသည်။

အက်ရှ်သည် သူ့တဲဝတွင် ထိုင်ကာ ဖြူပြာရောင် ကောင်းကင် နောက်ခံတွင် သွားကြားထိုးတံ တစ်ချောင်းလို အထီးတည်း ရှိနေသော ထန်းပင် အနီးရှိ မြေပြန့်ဆီသို့ စူးစိုက်ကြည့်နေခဲ့သည်။ သို့ရာတွင် လွင်ပြင်တွင် တလျှပ်လျှပ် ပြေးနေသော တံလှပ်များမှ အပ အခြားမည်သည့် အရာကိုမျှ မမြင်ရ။ ညနေပိုင်း အလုပ် လုပ်ချိန် ရောက်သည့် အခါတွင်လည်း မြက်ရိတ်သမားများသည် ထိုလမ်းဘက်သို့ မသွားကြ။ တခြား တစ်ဖက်သို့သာ ထွက်သွားကြသည်။

အက်ရှ်သည် ထုံးစံအတိုင်း ညစာကို သစ်ပင်ရိပ် အောက်တွင် စား၏။ သို့ရာတွင် ယနေ့ ညနေတွင်မူ အပြင်တွင် ကြာကြာ မထိုင်။ ကောင်းကင်တွင် ကြယ်တွေ ပေါက်လာသည်နှင့် တဲထဲသို့ ဝင်လာခဲ့၏။

ဂူးလ်ဘတ်ကို ပြန်လွှတ်လိုက်ပြီးနောက် တဲထဲက လသာမှန်အိမ်ကို ငြိမ်းလိုက်သည်။ သူ့ကို စောင့်ကြည့်သူ ရှိလျှင် အိပ်ရာ ဝင်သွားပြီဟု ထင်ပေလိမ့်မည်။ သူ့တွင် အချိန် အများကြီး ကျန်နေသေးသည်။ လဆုတ်ရက် ဖြစ်၍ နောက်တစ်နာရီလောက် ကြာမှ လထွက်မည်။ သို့ရာတွင် နောက်ကျမခံရဲ။ ကိုယ်က သတိဝီရိယ ရှိထားမှ တော်ရုံကျမည်။

အက်ရှ်သည် လသာမှန်အိမ်ကို ငြိမ်းပြီး ပြောင်းမအေးခင်မှာပင် တဲပြင်သို့ ပြန်ထွက်လာခဲ့၏။ ထို့နောက် မြေကြီးတွင် ဝမ်းလျားမှောက်ကာ စခန်း အပြင်သို့ ထွက်လာခဲ့သည်။ မီးတွေ ထိန်နေသော စခန်းသည် နောက်တွင် ကျန်ရစ်ခဲ့ပြီ။ သို့ရာတွင် သူ့ရှေ့က ကွင်းပြင်ကြီးမှာ ချုံပင်တွေ ကိုင်းပင်တွေနှင့် ရုတ်တရက် မှတ်မိစရာ မရှိ။ ထိုအထဲတွင် လမိုက်သဖြင့် အထင်ရှားဆုံးဖြစ်သည့် ကုက္ကိုပင်ကြီးပင်လျှင် ပိုးတိုးဝါးတားသာ။

အက်ရှ်သည် ခဏ ရပ်ကာ သူ့နောက်မှ လိုက်လာသူ ရှိ မရှိ အကဲခတ်ကြည့်သည်။ ထို့နောက် ကြယ်ရောင်တွင် ခပ်ရေးရေး မြင်နေရသည့် သဲချောင်းရိုးကမ်းပါး အတိုင်း လိုက်လာခဲ့သည်။ သူတို့ လာသည့် လမ်းကြောင်းမှာ ထိုချောင်းရိုးနှင့် မျဉ်းပြိုင် မဟုတ်လော။

အကွေ့အကောက်တွေကြောင့် သာမန် လမ်းရိုးထက် မိုင်ဝက်ခန့် ပိုလျှောက်ရသည့်တိုင် ဘီဂျူရန်း၏ အဝတ်ပိုင်းကလေး ချခဲ့သည့် နေရာကို ရှာရသည်မှာ မခက်လှ။ အမှောင်ထဲမှ ထန်းပင် အုပ်စုကို ရေးရေး မြင်နေရသည်။

အက်ရှ်သည် သူ အဝတ်ပိုင်း ချထားခဲ့သည့် ချုံတစ်ပိုက်သို့ လျှောက်လာခဲ့ပြီး ဆောင့်ကြောင့် ထိုင်၍ စောင့်နေသည်။ နောက်နာရီဝက်လောက် ကြာမှ လထွက်မည်။

သို့ဆိုလျှင် ဘီဂျူရန်းသည် လရောင်ဖြင့် လင်းလင်းချင်းချင်း ရှိမှ စခန်းမှ ထွက်လာလိမ့်မည်ဟု ယူဆရသည်။ ထို့နောက် လမ်းရိုးအတိုင်း လိုက်လာလျှင် လေးဆယ့်ငါး မိနစ်လောက် လျှောက်လာရဦးမည်။

အက်ရှ်သည် စိတ်ရှည်အောင် သူ့ကိုယ်သူ လေ့ကျင့်ခဲ့ဖူးသည့်တိုင် လေ့ကျင့်၍ မလွယ်ကြောင်းကို အတွေ့အကြုံအရ သိပြီး ဖြစ်၏။ ယနေ့ ညမှာမူကား ခါတိုင်းထက်ပင် ဆိုးသေးသည်။ အဝတ်ပိုင်းကို သည်နေရာ တစ်ဝိုက်တွင် ပစ်ချခဲ့သည် မှန်သော်လည်း ညကြယ်ရောင်များ ကြားတွင် မြက်ပင် ချုံပင်များသည် ပုံသဏ္ဌာန် တစ်မျိုးကို ဆောင်နေကြသည့် အတွက် နေရာ အတိအကျကို ရှာဖို့ မလွယ်။ သို့မဟုတ်လျှင်လည်း ထို အဝတ်ပိုင်းသည် ရှိမှ ရှိပါဦးမည်လော။ သိမ်းတို့ စွန်တို့ သုတ်သွားပြီလော။ သို့မဟုတ် ခွေးအတို့ ဘာတို့ ချီသွားပြီလော။

အဝတ်ပိုင်းကို ဘီဂျူရန်း တွေ့သွားလျှင် ကောင်းမည်။ မတွေ့တော့လျှင်လည်း ကိစ္စ မရှိ။ သူ့ကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



ထိုပစ္စည်း လာရှာသည်ကို ထောက်လျှင် လုံလောက်ပြီ။ နောက်ဆုံး လရောင် ဖြာကျလာသည့် အခါကျမှ အက်ရှ်သည် ထိုအဝတ်ပိုင်းကို သွားတွေ့သည်။ သူ့လက်ဝဲဘက်က ဆယ်လှမ်း အကွာလောက်ရှိ မြက်တောပေါ်တွင် သူ မနက်က လွှင့်ပစ်ခဲ့သည့် အဝတ်ပိုင်းကလေး။

လရောင် ဖြာကျလာသဖြင့် သူ့သဏ္ဌာန်သည်လည်း မြက်တောပေါ်တွင် ထင်းထင်းကြီး ပေါ်နေသည်။ ထန်းပင်အုပ်စုမှ အရိပ်များသည် သူ့အနားသို့ မရောက်လာ။ အက်ရှ်သည် တစ်ဖက် ကိုင်းတော အစပ်သို့ ထလာကာ ထိုနေရာမှနေ၍ ထိုင်စောင့်နေသည်။

သူ့နေရာက သိပ်တော့ မကောင်းလှ။ နည်းနည်းကလေး လှုပ်လိုက်သည်နှင့် သစ်ရွက်များကို ထိမိသဖြင့် တရှဲရှဲ မြည်နေသည်။ ညကလည်း တိတ်ဆိတ်ဘိခြင်း။ အသေးဆုံး ဆိုသည့် အသံကိုပင် အကျယ်ကြီး ကြားနေရသည်။ တစ်နည်း ပြောရလျှင် ယခုလို တိတ်ဆိတ်နေခြင်းသည်လည်း သူ့အတွက် တစ်မျိုး ကောင်းနေသည်။ ဘီဂျူရန်းသာ လာမည် ဆိုလျှင် အဝေးကြီးကတည်းက သိနိုင်သည်။

သို့ရာတွင် အချိန်တွေသာ ကုန်သွားခဲ့သည်။ ဘာမျှ မထူးခြား။ မိမိသည်ပင် အတွက် မှားပြီလော။ အင်္ဂါကမှ ဘီဂျူရန်း အင်္ဂါ ဖြစ်သည်မှာ သေချာသည်။ သို့ရာတွင် ဘီဂျူရန်းသည် မိမိ လွှင့်ပစ်ခဲ့သည်ကို မြင်မှမြင်ပါ၏လော။ မြင်လိုက်သည် ဆိုလျှင်လည်း သူ့အဝတ်ပိုင်းမှန်း သိပါ၏လော။ သို့တည်းမဟုတ် ဘီဂျူရန်းသည် သူ့ကို ထောင်၍ ဖမ်းသည် ထင်သဖြင့် တမင်ရှောင်ကွင်းခြင်းလော။

ဘီဂျူရန်းသည် လူအ မဟုတ်။ သူ့ကို ကောင်ဖမ်းသည်ဟု သံသယ ရှိလျှင် ငါးစာ မည်မျှ ကောင်းကောင်း ထိုငါးစာကို လာ၍ ဟပ်မည် မဟုတ်။ သို့မဟုတ်ဘဲ ရိုးရိုးသားသား ပစ်ချခဲ့သည်ဟု ယုံကြည်သည်ဆိုလျှင်မူ ဘီဂျူရန်းသည် ထိုအဝတ်ပိုင်းကို လာ၍ ယူမည်မှာ မြေကြီးလက်ခတ် မလွဲ။ သူ့ကိုယ်စားလှယ် သူ့တပည့် တစ်ယောက်ကိုပင် အယူလွှတ်မည် မဟုတ်။ သူကိုယ်တိုင် တစ်ယောက်တည်း လာယူမည် မုချ။

ယခု လထွက်သည်မှာ နှစ်နာရီလောက် ကြာပြီ။ လူသူ အရိပ်အယောင်ကိုမျှ မမြင်ရသေး။ ထောင်ချောက်ဆင်၍ ဖမ်းသည်ဟု ထင်လျှင် ဘီဂျူရန်းသည် သည်နေရာသို့ မလာရောက်ရုံမျှမက အပြန် သူ့ကိုပင် ချောင်းမြောင်း တိုက်ခိုက်နိုင်သည့် အန္တရာယ် ရှိနေသည်။

အက်ရှ်သည် တလှုပ်လှုပ် တရွရွ ဖြစ်ကာ မစောင့်တော့ဘဲ ပြန်တော့မည်ဟု စိတ်ကူးမိသည်။ အချိန်မှာ ညနာရီပြန် တစ်ချက် နီးပါး ရှိလေပြီ။ နောက်သုံးနာရီလောက် ဆိုလျှင် စခန်းကြီး တစ်ခုလုံး လှုပ်လှုပ်ရှားရှား ဖြစ်ကြတော့မည်။

ဘီဂျူရန်းသည် မိမိ အသက်ကို လုပ်ကြံရန် ကြံစည်ခဲ့ကြောင်း၊ လုံးထွေး သတ်ပုတ်ရာတွင် သက်သေခံအဖြစ် အဝတ်ပိုင်း ကျန်ရစ်ခဲ့ကြောင်း၊ ထိုသို့ မိမိအား လုပ်ကြံ သတ်ဖြတ်ရန် ကြံစည်ခြင်းမှာလည်း ကိုယ်တော်လေး ဂျိုတီကို လုပ်ကြံရေးတွင် မိမိသည် အတားအဆီး ဖြစ်နေသည့် အတွက် ဖြစ်ကြောင်းဖြင့် အက်ရှ်သည် အခိုင်အမာ ယူဆပြီး ဖြစ်၏။

ထိုအယူအဆကို သက်သေပြနိုင်ရန် အတွက် အက်ရှ်သည် သက်သေခံ အထောက်အထားကို ရအောင် ကြိုးစားနေခြင်း ဖြစ်ရာ ယခု ဘီဂျူရန်း မလာတော့လျှင် မိမိသည် ထိုအယူအဆ ခိုင်မာ မှန်ကန်ကြောင်းကို သက်သေ ပြနိုင်တော့မည် မဟုတ်တော့။ လက်လျှော့လိုက်ရတော့မည်သာ ဖြစ်၏။

သို့ရာတွင် မိမိသည် အခိုင်အမာ သိရှိထားပြီး ဖြစ်ရာ ထိုသက်သေ အထောက်အထားကို မရရအောင် လုပ်ရလိမ့်မည်။ ယခုအထိမူ ဘာမျှ လက်ဆုပ်လက်ကိုင် မပြနိုင်သေး။ ထိုအတိုင်း လက်လျှော့၍ နေလိုက်ရတော့မည်လော။

'အင်း ငါ ဘာမှ မတတ်နိုင်တော့ဘူး ထင်တယ် သိလျက်သားနှင့် လက်ပိုက် ကြည့်နေရတော့မယ် ထင်ပါရဲ့' ဟု အက်ရှ် တွေးနေသည်။

သို့ရာတွင် သေချာအောင်မူ စောင့်လိုက်ချင်သေးသည်။ သည်လောက် အခိုင်အမာ သိထားလျက်နှင့်မှ မပြနိုင် ဆိုလျှင် မိမိ ညံ့ဖျင်းရာ ရောက်လိမ့်မည်။

လောကတွင် အဆိုးဆုံးသော အလုပ်သည် မတရားမှု ဖြစ်သည်ဟု အဘ အက္ကဘာခန်က မကြာခဏ ပြောခဲ့သည်။ ထိုမတရားမှုကြီးကို မြင်တွေ့နေပါလျက် လက်ပိုက်ကြည့်နေမည် ဆိုလျှင် မိမိသည်လည်း ထိုမတရားမှုကို ကူညီနေသည်နှင့် ဘာထူးသေးသနည်း။

တစ်ရာလျှင် ကိုးဆယ့် ကိုးယောက်သော ဗြိတိသျှ စစ်ဗိုလ်များသည် သည်လို အခြေအနေမျိုးတွင် ဘီဂျူရန်းကို ဖမ်းဆီးကာ သက်ဆိုင်ရာ အာဏာပိုင်တို့ထံ ပို့ပေလိမ့်မည်။ သို့ရာတွင် မိမိသည် လူတစ်ယောက်

www.burmeseclassic.com



သည့်မျှ အလွယ်တကူ ဖမ်းဆီးခြင်း မပြုလို။ သေချာအောင် လုပ်ချင်သည်။

လဝန်းသည် ကောင်းကင်တွင် မြင့်တက်လာခဲ့လေပြီ။ အရိပ်များမှာလည်း တိုလာခဲ့လေပြီ။ လရောင်မှာ ထိန်လျက် ရှိသဖြင့် စာဖတ်လျှင်ပင် ဖတ်၍ ရနေပြီ။

သွေးနံ့ရသဖြင့် ဖြူကောင်ကလေး တစ်ကောင်သည် အနားသို့ တိုးလာ၏။ သို့ရာတွင် အဝတ်စကို နမ်းပြီးနောက် စား၍ မရမှန်း သိသည့်အခါတွင် ဖြူကောင်သည် ဖြူဆူးတွေကို ထောင်ကာ ထွက်ပြေးသွားသည်။ အဝေးမှ ခွေးအအုပ်များ၏ အူသံသည် ရှည်လျားစွာ ထွက်ပေါ်လာကာ လွင်ပြင် တစ်လျှောက်တွင် ပဲ့တင်ထပ်၍ ပျောက်သွား၏။ တောခွေး တစ်ကောင်သည် စခန်းမှ စားကြွင်း စားကျန်များကို စားရန် အတွက် ချုံတောထဲမှ ထိုးထွက်ကာ စခန်းဆီသို့ ပြေးနေသည်ကို မြင်ရသည်။ သို့ရာတွင် လူသံကိုမူ လုံးဝ မကြားရ။

အက်ရှ်သည် ကိုယ်ကို ဆန့်လိုက်၏။ စီးကရက်သောက်ချင်လာသည်။ ထို့ကြောင့် လက်ဝါးကာ၍ စီးကရက် တစ်လိပ်ကို မီးညှိမည် စိတ်ကူးသေးသည်။ သို့ရာတွင် စီးကရက်နံ့ ရမည် စိုးသည့် အတွက် မသောက်ရဲ။

အက်ရှ်သည် သမ်းဝေကာ မျက်လုံးများကို မှိတ်လိုက်သည်။ မိနစ် အတန်ကြာမျှ အိပ်ပျော်သွားသည်ဟု ထင်လိုက်၏။ နိုးလာသည့် အခါတွင် လေပြည်သုတ်သဖြင့် ချုံတောများမှ သစ်ရွက်များသည် တရှဲရှဲ မြည်နေကြသည်။ သူတို့ မြည်သံက ပင်လယ် ကမ်းခြေ သောင်ပြင်ပေါ်တွင် လှိုင်းတွေ ရိုက်နေသည့် အသံမျိုး။

အက်ရှ်သည် မျက်လုံးကို ပွတ်၍ ကြည့်လိုက်သည်။

ဘီဂျူရုန်းက ရပ်လျက်။ သူနှင့် ဆယ့်လေးငါးကိုက်လောက်သာ ကွာလိမ့်မည်။

သူ့ကို မြင်သွားလေပြီလားဟု အက်ရှ် စိုးရိမ်သည်။ ဘီဂျူရုန်းသည် သူ့ဘက်သို့ စိုက်ကြည့်လျက် ရှိ၏။ သို့ရာတွင် သူ့ကို မမြင်။ သူ့အနီး တစ်ဝိုက်က မြက်ခင်းပေါ်သို့ လှမ်းကြည့်နေသည်။ သူ့ကို ကြည့်ရသည်မှာ ထောင်ချောက် ဆင်၍ ဖမ်းသည်ဟု ထင်ပုံ မပေါ်။ အနီးတွင် တစ်စုံတစ်ယောက် ရှိသည်ဟုလည်း ထင်ပုံ မရ။ မြေပြန့်တွင် မားမားကြီး ရပ်လျက်။ အင်္ကျီကြယ်သီးများကို ဖြုတ်ထားသဖြင့် စူထွက်နေသည့် သူ့ဝမ်းဗိုက်ကြီးကို မြင်နေရသည်။

ဘီဂျူရုန်းသည် ဒူးဆစ်လောက် ရှိသည့် မြက်ပင်များနှင့် ကိုင်းပင်များ တစ်ဝိုက်တွင် သူ လိုချင်သည့် ပစ္စည်းကို လိုက်ရှာနေသည်။ တစ်ချီ တစ်ချီတွင် ငွေခေါင်းတပ် လက်ကိုင်တုတ်ကလေးဖြင့် ချုံဖုတ်များ၊ မြက်ပင်များကို ထိုးဆွလျက် ရှိ၏။

တစ်ခါတွင်မူ တစ်စုံတစ်ရာကို ကောက်ကိုင်လိုက်သည်။ ထို့နောက် စက်ဆုပ် ရွံရှာစွာဖြင့် လွှင့်ပစ်လိုက်ပြီး ပေရေနေသည့် သူ့လက်ကို ဘောင်းဘီဖြင့် သုတ်နေသည်။

အက်ရှ်နှင့် ပေ အနည်းငယ် အကွာသို့ ရောက်လာသည့် အခါတွင် ဘီဂျူရုန်းသည် သူ ရှာနေသည့် အရာကို မြင်သွားပြီ။ လေတိုးသဖြင့် တရှဲရှဲ မြည်နေသော သစ်ရွက် အသံများ ကြားမှ သက်ပြင်း ချလိုက်သံကို အတိုင်းသား ကြားလိုက်ရ၏။

ဘီဂျူရုန်းသည် ထိုအရာကို မျက်လုံးကြီး အပြူးသားဖြင့် စူးစိုက်ကြည့်နေပြီးနောက် လက်တွင် ကိုင်လာသည့် တုတ်ကို လွှတ်ချကာ ထိုအဝတ်ပိုင်းကို ပြေးကောက်ပြီး အလောတကြီး လုံးခြေ စမ်းသပ်နေသည်။

ချုပ်ရိုး ကြားထဲတွင် ဝှက်ထားသည့် မာကျောကျော အရာကို စမ်းသပ် တွေ့လိုက်သည့်အခါတွင် ဘီဂျူရုန်းသည် ချုပ်တည်းခြင်းငှာ မစွမ်းနိုင်တော့ဘဲ တစ်ချက် ရယ်လိုက်သည်။ ထို့နောက် အတွင်းအိတ်ကို အတင်း ဆွဲဖြဲလိုက်သည်တွင် နားတောင်းသည် အိတ်ထဲမှ သူ့ ခြေထောက် အနီးသို့ ကျသွား၏။

နားတောင်းကို ရံထားသည့် စိန်ပွင့်များက တလက်လက်။ ဖုန်ထဲတွင် ကျနေသည့် ပုလဲနက်ကြီးက မြေကြီးပေါ်တွင် သွေးမည်းစက်ကြီး တစ်စက်နှယ်။ ဘီဂျူရုန်းသည် ပုလဲနက်ကြီးကို ကြည့်ပြီး သူ့ထုံးစံအတိုင်း တခစ်ခစ် ရယ်နေသည်။ သူ့ရယ်သံက ရွှင်မြူး၍ ရယ်သည့် အသံမျိုး မဟုတ်။ မလိုမုန်းထားခြင်းကို ဖော်ပြသည့် ရယ်သံ။

ဘီဂျူရုန်းသည် သူ့ပစ္စည်းကိုသာ အရေးတကြီး ထားနေသည့် အတွက် သူ့အနားတွင် လူတစ်ယောက် ရှိနေသည်ကို သတိထားမိဟန် မတူ။ ပစ္စည်းကို ကုန်းကောက်နေစဉ် လေမတိုက်ဘဲနှင့် ချုံတွေ သစ်ရွက်တွေ လှုပ်ရှားနေသည်ကို သတိထားမိပုံ မရ။ လူရိပ်ကို မြင်လိုက်သည့် အခါတွင်မူကား နောက်ကျသွားလေပြီ။

သံမဏိလို မာကျောသော လက်တစ်ဖက်သည် သူ့လက်ကောက်ဝတ်ကို ဖမ်းဆုပ်လိုက်ပြီးနောက် လိမ်



www.burmeseclassic.com

www.burmeseclassic.com



ချိုးလိုက်သည်တွင် ဘီဂျူရန်းသည် ယောင်၍ အော်လိုက်၏။ လက်ထဲတွင် ကိုင်ထားသည့် ပုလဲ နားတောင်းသည် မြေကြီးပေါ်သို့ ကျသွားသည်။

အက်ရှ်က နားတောင်းကို ကောက်ယူလိုက်ကာ အိတ်ထဲသို့ ထည့်လိုက်ပြီးနောက် သူ့လက်ကို လွှတ်ပေးလိုက်ကာ နောက်သို့ ဆုတ်လိုက်သည်။

ဘီဂျူရန်းသည် အလွန် လျင်ရှံမှုမက ဖြတ်ထိုးဉာဏ်လည်း အလွန် ကောင်းသူ ဖြစ်၏။ အတွေးနှင့် အလုပ်ကို တစ်ပြိုင်တည်း လုပ်နိုင်သူ တစ်ယောက်လည်း ဖြစ်၏။ သို့ရာတွင် သည်တစ်ချီတွင်မူ ဘီဂျူရန်း အလစ်တွင် ခံလိုက်ရလေပြီ။ သူ တစ်ယောက်တည်း ရှိသည်ဟု ထင်ခဲ့ရာမှ အက်ရှ်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည့် အခါတွင် တုန်လှုပ် ချောက်ချားသွားသည်။

'ဟင် ဆပ်သခင်လေးပါလား၊ ဒီ... ဒီနားမှာ ဘာ... ဘာလာလုပ်နေတာလဲ ဟင်၊ မ... မနက်က ကျွန်... ကျွန်တော့် နားဆွဲကလေး ကျကျန်ရစ်ခဲ့လို့ လာ... လာရှာတာ၊ ပြန်ပေးပါ သခင်လေး၊ ကျွန်... ကျွန်တော့် ပစ္စည်းပါ'

အက်ရှ်က လေသံ တင်းတင်းဖြင့်

'ခင်ဗျားဟာလား၊ ဒီလိုဆိုရင် အဲဒီပစ္စည်း ထည့်ပြီး ဝှက်ထားတဲ့ ကုတ်အင်္ကျီဟာလည်း ခင်ဗျား အင်္ကျီပေါ့၊ ဒီအတိုင်းဆိုရင် ခင်ဗျား ကျုပ်ကို သတ်ဖို့ ကြံစည်တာ နှစ်ကြိမ် ရှိပြီ ဆိုတဲ့ သဘောပေါ့ ဟုတ်လား'

ဘီဂျူရန်းသည် ပြန်၍ သတိကို ထိန်းလိုက်ကာ နားမလည်နိုင်သည့် အမူအရာဖြင့်

'ဗျာ သတ်ဖို့ ကြံစည်တယ် ဟုတ်လား၊ မဟုတ်တာဗျာ၊ သခင်လေး ဘာတွေကို လျှောက်ပြောနေတာလဲ၊ ကျွန်တော် နားမလည်ဘူး၊ ဘာ ကုတ်အင်္ကျီလဲ'

အက်ရှ်က မြေကြီးပေါ်တွင် ကျနေသည့် အဝတ်ပိုင်းကို ခြေထောက်ဖြင့် တို့ပြလိုက်ရင်း

'ဒီအင်္ကျီဗျ၊ ကျုပ်ကို သတ်မလို့ လာတုန်းက ကျုပ် ဆွဲလိုက်လို့ စုတ်ကျန်ရစ်ခဲ့တဲ့ အင်္ကျီ၊ နောက်တော့ ဒီအင်္ကျီထဲမှာ ပါသွားတဲ့ ပစ္စည်းကို ပြန်လိုချင်တဲ့ အတွက် ကျုပ်တဲကို ခင်ဗျား ဝင်မွှေခဲ့တယ်၊ ဘာပါမှန်း ကျုပ် မသိဘူး၊ မနေ့ညတုန်းကမှ သိလို့ မနက်က ခင်ဗျား ရေ့တွင် ဒီနေရာမှာ လွှင့်ပစ်ခဲ့တာ၊ ခင်ဗျား ပြန်လာယူမှာပဲ ဆိုတာ ကျုပ် သိတယ်၊ ခင်ဗျား ဒီပစ္စည်းကို လာရှာတယ်၊ တွေ့တော့ အဲဒီအထဲက ပုလဲ နားတောင်းကို ထုတ်ယူတယ်၊ ဒီတော့ ကိုယ့်လူ ခုမှ မသိချင်ယောင်ဆောင်မနေနှင့်၊ အချိန်ကုန်တယ်၊ ကဲ ခင်ဗျား ဘာပြောမလဲ'

ဒေါသထွက်ခြင်း၊ ကြောက်လန့်ခြင်း၊ ဝေခွဲမရခြင်း၊ စိုးရိမ်ခြင်းတို့သည် ဘီဂျူရန်း၏ မျက်နှာပေါ်တွင် တစ်လှည့်စီ ပေါ်နေကြ၏။ ထို့နောက် ဘီဂျူရန်းသည် ဣန္ဒြေဆည်လျက် ခပ်လျော့လျော့ ပြုံးလိုက်ကာ လက်နှစ်ဖက်ကို ဖြန့်ပြလိုက်ပြီးနောက်

'ဒီလိုဆိုရင်လည်း ပြောပါ့မယ်ဗျာ၊ စိတ်ချပါ'

'ကောင်းပြီ၊ ပြော'

အက်ရှ်သည် ဘီဂျူရန်း သည်မျှ မြန်မြန် အလျှော့ပေးလိမ့်မည်ဟု မထင်။ ထို့ကြောင့် အံ့အားသင့်နေသည်။

'သခင်လေး ကျွန်တော့်ကို သံသယ ဖြစ်နေမှန်း သိရင် ကျွန်တော် စောစောကတည်းက ပြောပါတယ်၊ ကျွန်တော်က ဒီလို သံသယ မရှိတန်ကောင်းဘူး ထင်လို့ မပြောတာပါ၊ ဖြစ်တာက ကျွန်တော့် တပည့် ကရင်ကြောင့် ခင်ဗျ၊ ကရင်က သူ ကျူးလွန်ခဲ့တာတွေကို ကျွန်တော့်ကို ဖြောင့်ချက်ပေးပြီး သူ့ကို ကယ်ပါ ဆိုလို့ ကျွန်တော်က ကြားက ဝင်ကယ်ရတာပါ၊ ကိုယ့်တပည့် ဆိုတော့ ကယ်ရတာပေါ့ သခင်လေးရာ။

'ဒါပေမဲ့ ကျွန်တော့် တပည့်ကို ထိုက်သင့်တဲ့ အပြစ်တော့ ပေးလိုက်ပြီးပါပြီ၊ သူက သေနတ်ခိုးဖို့ မရည်ရွယ်ပါဘူးတဲ့၊ ဆတ်ပစ်ချင်တာနှင့် ငှားမလို့ လာတာပါတဲ့၊ ကျွန်တော်တို့ စခန်းမှာ အသားစားတဲ့ ရေတွေ ရှိတော့ ဆတ်တို့ ဘာတို့ရရင် ဈေးကောင်းကောင်း ရတယ် မဟုတ်လား၊ သေနတ်ကို ယူပြီး ဆတ်ပစ် ထွက်လာတုန်းမှာ သခင်လေးကို မှားပစ်မိတာပါတဲ့၊ မှားလည်း ပစ်မိရော ကြောက်လန့်ပြီး ဘာလုပ်ရမှန်း မသိဘဲ ဖြစ်နေတယ်တဲ့၊ သခင်လေးက သူ့ခြေထောက်ကို လှမ်းဆွဲလိုက်တော့မှ သခင်လေး မသေဘူး ဆိုတာ သူ သိတယ်တဲ့၊ နောက်တော့ သခင်လေးဆီက ရုန်းထွက်ပြီး အပြေးမှာ သေနတ်ရော သူ့အင်္ကျီ တစ်ပိုင်းရော ကျန်ရစ်ခဲ့တာတဲ့။

'အစတုန်းကတော့ ကျွန်တော့်ကို ဘာမှ မပြောဘူး ခင်ဗျ၊ ဒဏ်ရာတွေ မြင်လို့ ဘာဖြစ်လာတာလဲလို့ မေးတော့ လဲလို့ပါတဲ့၊ ဒါပေမဲ့ တစ်နေ့ကမှ ကျွန်တော်က သူ့ကို ဝတ်ဖို့ ပေးလိုက်တဲ့ ကျွန်တော့် ကုတ်အင်္ကျီဟောင်းထဲမှာ ကျွန်တော့် နားတောင်း ပါသွားတာ သတိရလို့ ကုတ်အင်္ကျီ ဘယ်မလဲလို့ တောင်းတော့



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက် အမှန်ကို ဖွင့်ပြောတာ ခင်ဗျ၊ တကယ်ပါ ခင်ဗျာ၊ ဒီကောင်ဟာ တော်တော် ဆိုးတဲ့ အကောင်'

ဘီဂျူရန်းက စကားကို ရပ်လိုက်၏။ အက်ရှ်၏ စကားပြန်ကို စောင့်နေပုံရသည်။ အက်ရှ်က မည်သို့မျှ ပြန်မပြောသည့် အခါ၌ ဘီဂျူရန်းသည် သက်ပြင်းကြီး တစ်ချက်ကို ချလိုက်ကာ ခေါင်းကို ယမ်းလိုက်လျက်

'အင်း တကယ်တော့ သူ့ကို သခင်လေးဆီ ခေါ်ခဲ့ဖို့ ကောင်းတာပေါ့လေ၊ ဒါပေမဲ့ သူက ငိုကြီး ချက်မနှင့် သူ့ကို သခင်လေးဆီ မပို့ပါနှင့် တောင်းပန် တော့ ကျွန်တော်လည်း သနားသွားတယ် ခင်ဗျာ၊ ဒီ အထဲမှာ သခင်လေးဆီကလည်း ဘာမှ ပြောသံ မကြားရ၊ လူလည်း ဘာမှ ထိခိုက် ဒဏ်ရာရတာမျိုး မတွေ့တော့ ကျွန်တော်လည်း မပြောမိတော့ဘူး၊ သနားသွားတယ်၊ အင်္ကျီအိတ်ထဲမှာ ပါသွားတဲ့ နားတောင်းကိုလည်း သူ ရအောင် ရှာပေးပါ့မယ်လို့ ကျွန်တော့်ကို ပြောတာကိုး၊ ဒါကြောင့် သခင်လေးတဲကို သူ ဝင်မွှေတာ၊ အင်္ကျီကို ကျွန်တော့် အင်္ကျီမှန်း သခင်လေး သိတယ် ဆိုတာကို ကျွန်တော် သိရင် အဲဒီတုန်းကတည်းက ချက်ချင်း လာ ပြီး ဖြေရှင်းပါတယ်။

'တကယ်ပါ၊ ကျွန်တော်လည်း နားတောင်းပြန် ရ သခင်လေးလည်း စိတ်ထဲမှာ ရှင်းသွားတော့ ပိုကောင်း တာပေါ့၊ အေးလေ အမှန်ကတော့ ကျွန်တော့် အပြစ် ပါ၊ ကိုယ့်အစေခံ ဆိုးမှန်း သိလျက်သားနှင့် သူ့အပေါ် သနားမိပေသကိုး၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ သခင်လေး၊ ဒါပေမဲ့ ကျွန်တော် ထင်ပါတယ်၊ သခင်လေးသာ ကျွန် တော့် နေရာမှာ ရောက်နေပြီး ကိုယ့်တပည့် တစ်ယောက် ဒီလို လုပ်ခဲ့မိတယ် ဆိုရင် သခင်လေးလည်း ကျွန်တော့် လိုပဲ နေမှာပဲလို့။

'ကဲ သခင်လေးကိုလည်း ကျွန်တော့် အဖြစ် အပျက်ကို လုံးဝဥသုံ ပြောပြီးပြီပဲ၊ ဒီတော့ ကျွန်တော် စခန်းကို ပြန်တော့မယ်၊ မနက်ဖြန်ကျရင် အဲဒီကောင် ကို သခင်လေးဆီကို ခေါ်လာပြီး တောင်းပန်ခိုင်းပါမယ်၊ မကျေနပ်ဘူး ဆိုရင်လည်း သခင်လေး ကြိုက်သလို အပြစ် ပေးနိုင်ပါတယ်၊ ဒီလောက်တော့ ကျွန်တော် ကတိ ပေးနိုင်ပါတယ်'

'ဟုတ်ပါတယ်လေ၊ ဒီလောက်တော့ ခင်ဗျား ကတိ ပေးနိုင်မှာပေါ့၊ အဲဒီ ကောင်ကလည်း မနက်ဖြန် ကျတော့ ကျုပ်ဆီကို လာပြီး ခု ခင်ဗျား ပြောတဲ့အတိုင်း ပြောမှာ သေချာပါတယ်၊ ခင်ဗျားက ဒီလိုပြော ဆိုရင် ဒီကောင် ပြောရမှာပေါ့၊ မပြောဘဲ ဘယ်နေရဲပါ့မလဲ၊ ပြီးတော့ ခင်ဗျားအတွက် ဓားစာခံ လုပ်ပေးတဲ့ အတွက် ဒီကောင်လည်း မြိုးမြိုးမြက်မြက်ကလေးတော့ ရမှာပေါ့'

'သခင်လေး ကျွန်တော့်ကို ဒီလို အထင်မလွဲ ပါနှင့်ဗျာ၊ ကျွန်တော် အမှန်ကို ပြောတာပါ၊ အဲဒီညက ကျွန်တော် တဲအပြင်ဘက်ကို မထွက်ဘူး ဆိုတာ သက် သေ ခံနိုင်မယ့် လူတွေ တစ်ပုံကြီး ရှိပါတယ်၊ ပြီးတော့'

'ဘာလဲ၊ နောက်တစ်နေ့ မနက်ကျတော့ ခင်ဗျား မျက်နှာပေါ်မှာ ဒဏ်ရာတွေ ဘာတွေလည်း မရှိဘူးလို့ ပြောမလို့ မဟုတ်လား၊ ကောင်းပြီလေ၊ ဟုတ်ချင် ဟုတ် မှာပေါ့၊ ကြားတာကတော့ ဒီလို မဟုတ်ဘူးဗျ၊ ထားပါ၊ ခင်ဗျားနှင့် ခင်ဗျား မိတ်ဆွေတွေမှာ အကြောင်းပြချက် တွေ အဆင်သင့် ရှိမယ် ဆိုတာ ကျုပ် နားလည်ပါ တယ်၊ ခင်ဗျား ပြောသလို ခင်ဗျား အစေခံ တစ်ယောက် က ကျုပ် သေနတ်ကို ယူသွားပြီး ဆတ်သွားပစ်တယ်၊ ကျုပ်ကို ဆတ်ထင်ပြီး မှားပစ်တယ်လို့ပဲ ထားပါတော့၊ အင်္ကျီကလည်း ခင်ဗျား အင်္ကျီ၊ သူ့ကို ပေးလိုက်တယ် လို့ပဲ ထားပါ၊ နားတောင်းက ဘယ်က နားတောင်းလဲ၊ ခင်ဗျား နားတောင်း ဆိုတာကို သက်သေ ပြနိုင်ပါ့ မလား'

ဘီဂျူရန်း၏ မျက်လုံးကြီးများသည် အလန့် တကြား ပြူးသွားကြသည်ကို လရောင်တွင် မြင်လိုက် ရ၏။ သည်ပုလဲ နားတောင်းကြီးကို သူ တစ်ခါမျှ မဝတ်စဖူး။ ထို့ကြောင့် သူ့ ပုလဲ နားတောင်းဟု သိသူ ရှိမည် မထင်။ သည်နားတောင်းသည် သူ့နားတောင်း ဖြစ်သည်ဟု ဝန်ခံလိုက်လျှင် လူသတ်တရားခံ အဖြစ် မပေါ်သည့်တိုင် အနည်းဆုံး သူ့ကို ခြိမ်းခြောက် အကျပ် ကိုင်ဖို့ အကြောင်းပြချက် တစ်ခု ဖြစ်နေပေလိမ့်မည်။

စင်စစ် သည်နားတောင်းကြီးသည် မည်သူ့ နား တောင်း ဖြစ်သည်ကို စခန်းတွင် သိသူတွေ ခုနှင့်အေး၊ ထိုနားတောင်းပိုင်ရှင် ပျောက်ကွယ်သွားရသည့် ကိစ္စနှင့် ပတ်သက်၍လည်း ကျေနပ်လောက်သော အဖြေကို မပေး နိုင်ခဲ့။ ဘီဂျူရန်းသည် လူအချို့ကို လာဘ်ထိုး၍သော် လည်းကောင်း၊ ခြိမ်းခြောက်၍သော် လည်းကောင်း သိမ် ၍ သက်သေ ထွက်ဆို ခိုင်းကောင်း ခိုင်းနိုင်လိမ့်မည်။ သို့ရာတွင် ထိုပုလဲနက်ကြီးကိုမူ လူမြင် သူမြင် ထုတ် ပြရဲမည် မဟုတ်။

ဘီဂျူရန်းသည် မည်သို့မျှ မဖြေဘဲ အတန်ကြာ မျှ ငိုင်နေသည်။ ထို့နောက် ပြုံးလိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com



'သခင်လေးက တယ်ပြီး အကျိစား သန်တာကိုးဗျ၊ ဘာသက်သေပြစရာ လိုသလဲဗျာ၊ ဒီနားတောင်းဟာ ကျွန်တော့် နားတောင်းပဲဟာ၊ ကိုယ့်နားတောင်းမို့လို့ ဒီနေရာကို လာရာတာပေါ့၊ ကျွန်တော့် အင်္ကျီအတွင်းအိတ်ထဲမှာ ထည့်ထားတယ် ဆိုတာကို ကျွန်တော်မသိရင် ဘယ့်နှယ် လုပ်ပြီး ဒီကို လာရှာပါ့မလဲ၊ ပြီးတော့ ဒီနားတောင်းကြီးက ကျွန်တော် တစ်ခါမှ မဝတ်ဖူးတော့ ကျွန်တော့် အစေခံတွေလည်း ကျွန်တော့် နားတောင်းမှန်း သိချင်မှတောင် သိကြမှာ၊ ကျွန်တော့်အဖေ ဆုံးကာနီးမှာ ကျွန်တော့်ကို ပေးခဲ့တဲ့ နားတောင်းခင်ဗျ၊ စိတ်မကောင်းတာနှင့် ကျွန်တော် ဒီနားတောင်းကြီးကို မဝတ်ဘဲ အိတ်ထဲမှာပဲ ထည့်ထားခဲ့တာ၊ ကျွန်တော့် အဖေကို သတိရတဲ့ အနေနှင့် ကျွန်တော် အမြဲဆောင်ထားခဲ့တယ်၊ ဒီနားတောင်းကြီးကို ဆောင်ထားရင် ကံကောင်းတယ်လို့လည်း ကျွန်တော် ယူဆတယ်'

အက်ရှ်က အေးစက်စက်ဖြင့်

'သြော် ဒါဖြင့် မိဘကို တော်တော် ရိုသေ ကိုင်းရှိုင်းတဲ့ ပုဂ္ဂိုလ်ကြီးပေါ့၊ အင်း တော်တော်တော့ စိတ်ဝင်စားစရာ ကောင်းတယ်ဗျ၊ ကျွန်တော့် အထင်တော့ အဲဒီ နားတောင်း ပိုင်ရှင်ဟာ ခင်ဗျားအဖေ အရွယ်မဟုတ်ဘူး ထင်တယ်ဗျ၊ အလွန်ဆုံး ခင်ဗျားနှင့် ကွာရင် ငါးနှစ်ပေါ့၊ ဒီလိုမှ မဟုတ်ရင်လည်း ခင်ဗျားအဖေဟာ အရွယ် မရောက်ခင်ကတည်းက မိန်းမ ယူခဲ့ပြီး ခင်ဗျားကို မွေးခဲ့တာရင်လည်း ဖြစ်ရမယ်'

ဘီဂျူရန်း၏ ခပ်ပြုံးပြုံး မျက်နှာသည် တည်သွား၏။ သို့ရာတွင် အသံကမူ မှုမပျက်။ လက်နှစ်ဖက်ကို ဖြန့်ပြလိုက်ရင်း

'သခင်လေးက ပဟေဠိတွေကို တော်တော် ပြောတတ်တာပဲ၊ ကျွန်တော် လိုက်လို့ မမီဘူး ဖြစ်နေတယ်၊ ကျွန်တော့် အဖေ အကြောင်းကို သခင်လေး ဘယ့်နှယ် လုပ် သိမလဲဗျာ'

'ခင်ဗျား အဖေ အကြောင်းကိုတော့ ကျုပ် မသိဘူး၊ ဒါပေမဲ့ ဒီနားတောင်းကို ပိုင်ပြီး ဒီနားတောင်းကို အမြဲ ဝတ်ခဲ့တဲ့ လူကိုတော့ ကျုပ် သိတယ်ဗျ၊ သူ့နာမည်က ဟီရာလားလ်တဲ့'

ဘီဂျူရန်း၏ ခန္ဓာကိုယ်သည် တောင့်တင်းသွား၏။ တိတ်ဆိတ်နေသည့် အချိန်တွင် သက်ပြင်းကြီးတစ်ချက် ရှိုက်သွင်းလိုက်သံကို ကြားရသည်။ သူ့မျက်လုံးများက ပြူးကျယ် ထိတ်လန့်လျက်။ သည်တစ်ကြိမ်တွင်မူ ထိုမျက်လုံးများသည် တုန်လှုပ် ချောက်ချားခြင်း၊ မယုံကြည်နိုင်ခြင်းတို့ကို ဖော်ပြလျက် ရှိကြ၏။ ဒေါသထွက်ခြင်းနှင့် ကြောက်လန့်ခြင်းတို့ကိုလည်း တစေ့တစောင်း မြင်လိုက်ရသည်။ ဘီဂျူရန်းသည် နှုတ်ခမ်းများကို လျှာဖြင့် လျက်သည်။ သူ့စကားများက အထစ်ထစ် အငေါ့ငေါ့။

'မ... မဟုတ်ပါဘူး ဗျာ၊ လုံးလုံး... မဟုတ်ရပါဘူး၊ ဖြစ်လည်း မဖြစ်နိုင်ပါဘူး'

ဘီဂျူရန်းသည် ထိုသို့ အထစ်ထစ် အငေါ့ငေါ့နှင့် ပြောနေရာမှ ချက်ချင်း သတိရလိုက်ကာ လေသံခပ်ပြတ်ပြတ်ဖြင့်

'သခင်လေးကို ဘယ်သူတွေက ဘာတွေ လာပြောထားမှန်း မသိဘူး၊ ကျွန်တော့်ကို မလိုတဲ့ လူတွေက ကျွန်တော့် အကြောင်းကို မဟုတ်တရုတ်တွေ ပြောထားတာ ဖြစ်ရမယ်၊ သူတို့ ပြောတာတွေကို အဟုတ် ထင်မနေပါနှင့်၊ တစ်လုံးမှ မဟုတ်ဘူး၊ ဘာရယ်၊ သခင်လေး ပြောလိုက်တာ ဘယ်သူ၊ မီရာလားလ်၊ ဘာ ဟီရာလားလ်တဲ့ ဟုတ်လား။

'ကာရိကုတ်မှာ ဒီလို နာမည်နှင့် လူတွေ အများကြီးပဲ ခင်ဗျ၊ လူတူ မရှား နာမည်တူ မရှားတဲ့၊ အဲဒီနာမည်နှင့် လူတစ်ယောက်ယောက်ဆီမှာ ကျွန်တော့် နားတောင်းနှင့် တူတဲ့ နားတောင်းမျိုး ရှိချင် ရှိမှာပေါ့၊ ဒါနှင့် ကျွန်တော်က သူ့ပစ္စည်းကို ခိုးတယ်လို့ အစွပ်စွဲခံရတော့မှာလား၊ ကျွန်တော့်ကို မကောင်းကြံနေတဲ့ လူတစ်ယောက်ယောက်ရဲ့ စကားကို သခင်လေး ယုံနေပြီ ထင်တယ်။

'ဆပ်သခင်လေးဟာ တရား မျှတတဲ့ လူတစ်ယောက်၊ တရားသဖြင့် ဖြစ်စေချင်တဲ့ လူတစ်ယောက် ဆိုရင် အဲဒီလို ပြောတဲ့ လူရဲ့ နာမည်ကို ကျွန်တော့်ကို ပြောပါ၊ သခင်လေး ရှေ့မှာတင် ကျွန်တော် ရှင်းပြနိုင်ပါတယ်၊ ပြောပါ၊ သခင်လေးကို ဘယ်သူ ပြောသလဲ၊ ကျွန်တော် ခိုးတယ်လို့ ဘယ်သူ ပြောသလဲ၊ သခင်လေး သိရင် ပြောပါ၊ တစ်ဖက်သတ်တော့ မယုံပါနှင့်၊ တရားသဖြင့် စဉ်းစားပါ'

အက်ရှ်က လေသံ မာမာဖြင့်

'ခင်ဗျား သိချင်ရင် ပြောပါတယ်၊ အဲဒီလူရဲ့ နာမည်က အရှေ့တဲ့၊ တစ်ခါတုန်းက ဂူးလ်ကုတ် ပြည်နယ် ဥပရာဇာ ကိုယ်တော်လေးထံမှာ ခစားခဲ့ဖူးတယ်၊ ဒီလောက်ဆိုရင် ခင်ဗျား သူ့ကို မှတ်မိလောက်ရော့ပေါ့



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်နိုင်တာ ခင်ဗျာ၊ သူက သေတာ ကြာလှပြီပဲ၊ မဟုတ်ဘူး၊ သက်သက် လိမ်ပြောတာ ဖြစ်ရမယ်၊ ဒီလူက အရှေ့ ဆိုတဲ့လူ ဟန်ဆောင်ပြီး ပြောတာပဲ ဖြစ်ရမယ်၊ အရှေ့ ဆိုတဲ့ ကောင်လေးက သေတာ တော်တော်ကို ကြာလှပြီ'

'ဩ ဒီကောင်လေးကို လိုက်ဖမ်းတဲ့ ခင်ဗျားလူတွေက ခင်ဗျားကို ဒီလိုပဲ ပြန်အစီရင်ခံကြသလား၊ ဒီလိုဆိုရင် ခင်ဗျားလူတွေ လိမ်ပြောတာပေါ့၊ သူတို့ကို လိုက်အဖမ်းခိုင်းလို့ မမိဘဲ ပြန်လာရင် ခေါင်းဖြတ်ခံရမှာ စိုးလို့ ညာပြောတာ ဖြစ်မှာပေါ့၊ ဒီမှာ ဘီချူး'

ဘီဂျူရုန်းသည် ထိုအမည်ဖြင့် ခေါ်သံကို ကြားလိုက်သည့် အခါ၌ အကြီးအကျယ် တုန်လှုပ် ချောက်ချားသွား၏။

'ခင်ဗျား လူတွေဟာ အဲဒီ ကောင်လေးကို မမိသွားကြဘူးဗျ၊ သူ့အမေကတော့ သေပြီ၊ အဲဒီကောင်လေးကတော့ မသေဘူး၊ ခုတော့ အဲဒီ ကောင်လေးဟာ သူ့မိတ်ဆွေ ဟီရာလားလ်ကို သတ်တဲ့ အတွက် ခင်ဗျားတို့ကို စွဲချက် တင်ရအောင် ပြန်လာပြီ သိရဲ့လား၊ ခင်ဗျားဟာ ဟီရာလားလ်ရဲ့ ပုလဲနက်ကိုလည်း ခိုးသွားခဲ့တယ်၊ နောက်တော့ ဂျီတီ ဆိုတဲ့ သူငယ်ကလေးကိုလည်း သတ်ဖို့ ကြံစည်ခဲ့တယ်၊ ဒါတင်မကဘူး၊ ကျုပ်ကိုလည်း သတ်ဖို့ ကြံစည်ခဲ့တယ်၊ ပြီးတော့ ကိုယ်တော်လေး လာလာဂျီ သေခဲ့ရတဲ့ ကိစ္စလည်း ရှိသေးတယ်။

'ကိုယ်တော်လေးကို ခံတပ် တံတိုင်းပေါ်က တွန်းချတာ ခင်ဗျား ကိုယ်တိုင် ဟုတ်သလား မဟုတ်သလားတော့ ကျုပ် မသိဘူး၊ ဒါပေမဲ့ အဲဒီ လုပ်ကြံမှုတွေ နောက်ကွယ်မှာ ခင်ဗျားနှင့် သူ့မိထွေးတော် မဟာဒေဝီ ဂျာနူးဘိုင်တို့ ပါတယ် ဆိုတာကတော့ သေချာတယ်၊ ခင်ဗျားတို့ နှစ်ယောက်ကြောင့် ကျုပ် အမေ သီတာ သေခဲ့ရတယ်၊ ခင်ဗျားတို့ နှစ်ယောက် အမဲလိုက်သလို လိုက်ခဲ့ကြလို့ ကျုပ်တို့ သားအမိ နှစ်ယောက်ဟာ ပန်ဂျပ်ပြည် တစ်ခွင်မှာ ခွေးပြေး ဝက်ပြေး ပြေးခဲ့ကြရတယ်၊ ကျုပ်အမေဟာ ဒီလို ပြေးရင်း လွှားရင်း အမောဆိုပြီး သေခဲ့ရတယ်'

'ဗျာ ကျွန်တော်တို့က လိုက်တယ်၊ ခင်ဗျားအမေကို ကျွန်တော်တို့က လိုက်တယ် ဟုတ်လား'

'ဟုတ်တယ်၊ ကျုပ်အမေ၊ ကျုပ်ကို ခင်ဗျား မမှတ်မိဘူးလား၊ ဒီမှာ ကျုပ်ကို သေသေချာချာ ကြည့်စမ်း၊ ကျုပ် တော်တော် ပြောင်းသွားသလား၊ ခင်ဗျားကတော့ ဘာမှ မပြောင်းပါဘူး၊ မြင်မြင်ချင်း ကျုပ်ခင်ဗျားကို မှတ်မိသားပဲ၊ ကိုယ်တော်လေး ဂျီတီရဲ့ ရွက်ဖျင်တဲထဲမှာ တွေ့လိုက်တဲ့ည ကတည်းက ခင်ဗျားကို ကျုပ် မှတ်မိတယ်၊ ပြီးတော့ ကျုပ် လက်ထဲမှာ ပါလာတဲ့ ခင်ဗျား အင်္ကျီစုတ်ထဲမှာ သေသေချာချာ ဝှက်ထားတဲ့ ပုလဲနက်ကြီးကိုလည်း ကျုပ် မှတ်မိတယ်'

ဘီဂျူရုန်း၏ နှုတ်ခမ်းများမှာ ခြောက်သွေ့လျက်။

'ခင်... ခင်ဗျားက သခင်ဆပ် တစ်ယောက်ပဲ၊ သခင်ဆပ် မဟုတ်ဘူးလား'

'ဟုတ်တယ်၊ တစ်ခါက အရှေ့ ဖြစ်ခဲ့ဖူးတဲ့ သခင်ဆပ် တစ်ယောက်'

ဘီဂျူရုန်းသည် သူ့ကို မျက်လုံးပြူးကြီးဖြင့် စိုက်ကြည့်နေသည်။ သူ့ မျက်လုံးကြီးများက မျက်လုံးအိမ်မှ ကျွတ်ကျတော့မည့်နှယ်။ သူ့နဖူးပြင်တွင် စို့နေသည့် ချွေးသီးချွေးပေါက်ကြီးများကို လရောင်ထဲတွင် အတိုင်းသား မြင်နေရသည်။

'မဟုတ်ဘူး၊ မဖြစ်နိုင်ဘူး၊ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ဘူး၊ ကျွန်တော် မယုံဘူး'

ဘီဂျူရုန်းက တတွတ်တွတ် ရွတ်နေသည်။ ထို့နောက် ခပ်ကျယ်ကျယ်ဖြင့်

'ကောင်းပြီ၊ ဒါဖြင့်ရင် ခင်ဗျားမှာ အမာရွတ် ရှိရမယ်၊ သံပူနှင့် ကပ်ထားတဲ့ အမာရွတ် ရှိရမယ်'

'ဒီမှာ'

အက်ရှ်က အင်္ကျီ ရင်ဘတ်ကို ဟ၍ ပြလိုက်၏။ သံပူ ကပ်ထားသည့် အတွက် စက်ဝိုင်းခြမ်းပုံ အမာရွတ်သည် နေလောင်ထားသဖြင့် ညိုမောင်းနေသော သူ့ရင်ဘတ်ပေါ်တွင် အတိုင်းသား ပေါ်နေသည်။ သေနတ်ပြောင်းဝကို မီးဖုတ်၍ ကပ်ထားခဲ့သည့် ဒဏ်ရာက အတိုင်းသား။

ဘီဂျူရုန်းက တစ်ချက်မျှ ယောင်ယမ်း အော်လိုက်ပြီး သူ့ရင်ဘတ်က အမာရွတ်ကို လှမ်းကြည့်နေသည်။ ဤသည်မှာ အက်ရှ်၏ အမှား။

ဘီဂျူရုန်းသည် 'ကင်းမြီးကောက်' ဟူသော အမည်ကို ရခဲ့ခြင်းမှာ အကြောင်းမဲ့ မဟုတ်။ သည်လိုလူတစ်ယောက်နှင့် ရင်ဆိုင်ရာတွင် မျက်ခြည်ပြတ် မခံသင့်။ လက်နက် မပါဘဲ မလာသင့်။ ငွေခေါင်းတပ် လက်ကိုင်တုတ်သည် ဘီဂျူရုန်းနှင့် မလှမ်းမကမ်းတွင် ကျနေသည်။ သို့ရာတွင် သူ၏အင်္ကျီရှည် အိတ်ထဲတွင် ဓားမြှောင် တစ်ချောင်း ပါလာ၏။

www.burmeseclassic.com

www.burmeseclassic.com



အက်ရှ်က သူ့ဒဏ်ရာကို ငုံ့ကြည့်နေစဉ် ဘီဂျူရန်းသည် အိတ်ထဲတွင် ပါလာသည့် ဓားမြှောင်ကို လှစ်ခနဲ ထုတ်ကာ လျင်မြန်သော အဟုန်ဖြင့် အက်ရှ်၏ ကိုယ်ပေါ်သို့ စိုက်ချလိုက်သည်။

အက်ရှ်က ဘေးသို့ တိမ်းလိုက်၏။ အက်ရှ်သည် သူ့ဒဏ်ရာကို ငုံ့ကြည့်နေစဉ် ရိပ်ခနဲ မြင်လိုက်သဖြင့် ဘေးသို့ အရှောင်လိုက်တွင် ဘီဂျူရန်းသည် သူ့ပခုံးကို ပွတ်သွားပြီး အရှိန်ဖြင့် လွန်ကာ ရှေ့သို့ ငိုက်ကျသွား၏။ အက်ရှ်က ခြေထောက်ကို ထိုးခံလိုက်သည်တွင် ဘီဂျူရန်းသည် မြေကြီးပေါ်သို့ ဝမ်းလျားထိုး လဲကျသွားသည်။

ဘီဂျူရန်းသည် ဟောဟဲလိုက်အောင် မောလျက် မြေကြီးပေါ်တွင် လဲကျနေစဉ် အက်ရှ်က ဓားမြှောင်ကို ကောက်ယူလိုက်ပြီး သူ့လက်ပြင်ကြားသို့ စိုက်လိုက်မည် ပြုသည်။ သို့ရာတွင် အက်ရှ်သည် တုံ့ခနဲ ဖြစ်သွား၏။ ဤနေရာတွင် ဓာရင်၏ သွေးမျိုးသာ ဆိုလျှင် နောက်ကျောကို တအား စိုက်လိုက်မိပေလိမ့်မည်။

သို့ရာတွင် အက်ရှ်၏ မျိုးရိုးဗီဇနှင့် အင်္ဂလိပ် ပညာရေးက ဓာတ်ပြပြီ။ လူတစ်ယောက်ကို နောက်ကျောတွင် ဓားဖြင့် ထိုးခြင်း၊ လက်နက်မဲ့ လူတစ်ယောက်ကို လက်နက်ဖြင့် တိုက်ခိုက်ခြင်း၊ လဲကျနေသည့် လူတစ်ယောက်ကို သတ်ပုတ်ခြင်းသည် ယောကျ်ား မပီသရာ ရောက်သည်ဟု သူ့စိတ်ထဲတွင် စွဲနေသည်။ ထို့ကြောင့် အက်ရှ်သည် နောက်သို့ ဆုတ်ကာ ဘီဂျူရန်း ပြန်ထလာအောင် စောင့်သည်။

သို့ရာတွင် ဘီဂျူရန်းသည် သူ့ကို ယှဉ်ပြိုင် တိုက်ခိုက်ရဲပုံ မတူ။ အသက်ကို အနိုင်နိုင်ရှူ၍ ပြန် အထ သူ့ရှေ့တွင် မားမားကြီး ရပ်နေသည့် အက်ရှ်ကို မြင်သည့် အခါ၌ ဘီဂျူရန်းသည် တစ်ချက်မျှ အော်ကာ နောက်သို့ ပြန်ဆုတ်လိုက်သည်။ ဤတွင် ဘီဂျူရန်းသည် ပြန်လဲကျသွားကာ အသက်ကို ချမ်းသာပေးရန် အက်ရှ်ကို တတွတ်တွတ် တောင်းပန်နေသည်။

မြင်ရသည့် ရှုခင်းက ကျက်သရေ မရှိ။ ဘီဂျူရန်းသည် ယုတ်မာသူ တစ်ဦး ဖြစ်ကြောင်းကို အက်ရှ် သိခဲ့သည့်တိုင် တစ်ဖက်သားကို နာကျင်အောင် လုပ်ရမှ အာသာပြေသူ တစ်ဦးသည် သူရဲဘောကြောင်သူ တစ်ဦး ဖြစ်ကြောင်းကို၊ အက်ရှ် မသိခဲ့။

ဘီဂျူရန်းသည် တစ်ဖက်သား နာကျင်အောင် လုပ်ခြင်းဖြင့် သူ့အာသာကို ဖြေဖျောက်ခဲ့သည့်တိုင် သူ့အလှည့်သို့ ရောက်သည့်အခါတွင် သေမတတ် ကြောက်နေသည်ကို တွေ့ရသည့် အခါ၌ အက်ရှ် အံ့အားသင့်နေသည်။ သူ့တွင် နောက်လိုက် နောက်ပါလည်း မရှိ၊ လက်နက်လည်း မရှိသည့် အခါ၌ ဘီဂျူရန်း၏ ကိုယ်တွင်းတွင် ရှိသည့် ဘီလူးကြီးသည် ကောက်ရိုးရုပ်ကလေး အဖြစ်သို့ တစ်မုဟုတ်ချင်း ပြောင်းလဲ သွားခဲ့လေပြီ။

အက်ရှ်က လှောင်ရယ် ရယ်လိုက်ပြီးနောက် ခြေဖြင့် ကန်၍ အထခိုင်းသည်။ သို့ရာတွင် ဘီဂျူရန်း မထ။ သူ ထလိုက်သည်နှင့် အက်ရှ်သည် သူ့ကို တိုက်ခိုက်တော့မည် ဖြစ်ကြောင်း အလိုလို သိနေသည်။ သခင်လေး၏ လက်ထဲတွင် ဓားမြှောင် ကိုင်ထားလျက်။

ထိုမျှမက ပဉ္စလက်ဖြင့် မန်းမှုတ်လိုက်သည့်နှယ် သူ့ရန်သူတော်ဟောင်း အရှော့သည် အသက်ပြန်ဝင်လာပြီ။ အသတ်ခံရသည်နှင့် စာလျှင် လှောင်ပြောင် စော်ကား ခံရသည်က ဘာအရေးနည်း။

ဘီဂျူရန်းသည် သေရမည်ကို ကြောက်နေသည်။ သူ့ရှေ့တွင် ရပ်နေသူသည် တစ္ဆေ သရဲလောဟုလည်း လိပ်ပြာလန့်နေသည်။ ထိုအကြောင်း နှစ်ခု ပေါင်းကာ ဘီဂျူရန်းသည် လဲရာမှ မထဘဲ ဝမ်းလျားထိုးကြီး စင်းခံနေသည်။

အက်ရှ်က တစ်ဖက်သို့ လှည့်လိုက်ကာ စခန်းသို့ အပြန်ခိုင်းတော့မှ ဘီဂျူရန်းသည် လဲနေရာမှ ကြောက်ကြောက်ဖြင့် ထသည်။

အက်ရှ်က

'မနက်ဖြန်ကျရင် ခင်ဗျားရော၊ ခင်ဗျား အပေါင်းအသင်းတွေရော အကြောင်း တစ်ခုခု ပြပြီး စခန်းက ထွက်သွားပါ၊ ခင်ဗျား ပြချင်တဲ့ အကြောင်းကို ပြ၊ ရတယ်၊ အရေးကြီးတာက ကျုပ်တို့နှင့် မလိုက်ဖို့ဘဲ၊ သွားချင်တဲ့ နေရာကို သွားနိုင်တယ်၊ အဲ တစ်ခုတော့ ရှိတယ်၊ ဘီသောနှင့် ကာရီကုတ်ကိုတော့ မသွားလေနှင့်၊ တခြား ကြိုက်တဲ့ နေရာကို သွားနိုင်တယ်၊ အဲဒီ ပြည်နယ် တစ်ခုကို ပြန်ရောက်တယ်လို့ ကြားရင်တော့ သက်ဆိုင်ရာ အာဏာပိုင်တွေဆီကို သွားပြီး ခင်ဗျား အကြောင်းကို တိုင်ရမယ်၊ အဲဒီ အခါကျရင် ခင်ဗျား ကြိုးစင်နှင့် တစ်သက်တစ်ကျွန်း ကြိုက်ရာ ရွေးပေါ့၊ သူတို့က ဘာမှ မလုပ်သေးဘူး ဆိုရင်လည်း ကျုပ်ကိုယ်တိုင် လာပြီး ခင်ဗျားကို သတ်မယ်၊ မှတ်ထား၊ သွားဗျာ၊ သွားဆို မြန်မြန်သွား၊ ဒီနားမှာ ရပ်မနေနှင့်၊ တော်တော်ကြာ ကျုပ် စိတ်ပြောင်းသွားပြီး ခင်ဗျားကို သတ်မိနေဦး



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ အလကားလူ၊ လူလိမ်၊ သူခိုး၊ လူသတ်သမား၊ သွား မြန်မြန်သွား'

အက်ရှ်၏ အသံသည် ဒေါသကြောင့် အက်ကွဲလျက် ရှိ၏။

ဘီဂျူရုန်းသည် လှုးလဲ၍ ထလိုက်သည်။ သူ့မျက်လုံးများက အက်ရှ် လက်ထဲတွင် ကိုင်ထားသည့် ဓားရှမြှောင်ကို စိုက်ကြည့်လျက်။ နောက်သို့ တစ်လှမ်းချင်း ဆုတ်သွားသည်။ အက်ရှ်က သူ့ကို မသတ်ဘဲ လွှတ်လိုက်သည် ဆိုခြင်းကို သူ မယုံနိုင်။ သူ့နောက်ကျောကို နောက်မှ ဓား စိုက်လိုက်လေမည်လောဟု စိုးရိမ်သဖြင့် နောက်ပြန် မလှည့်ရဲ။

နောက်သို့ သုံးလှမ်းလောက် အဆုတ်တွင် မြေကြီးပေါ်တွင် လဲကျနေသည့် တုတ်ကောက်ကို တက်နင်းမိသဖြင့် လဲတော့မည်ကဲ့သို့ ဖြစ်သွားသည်။ အက်ရှ်က ခပ်လှောင်လှောင်ဖြင့်

'အဲဒီတုတ်ကို ကောက်ပေါ့ဗျာ၊ ခင်ဗျား လက်ထဲမှာ တုတ် ရှိတော့ နည်းနည်း အားကိုး ရသွားတာပေါ့'

ဘီဂျူရုန်းသည် ဘယ်ဘက်လက်ဖြင့် တုတ်ကို ကုန်းကောက်လိုက်၏။ မျက်လုံးများက အက်ရှ် လက်ထဲတွင် ကိုင်ထားသည့် ဓားမြှောင်ကို ကြည့်နေမြဲ။ အက်ရှ် ထင်သည့် အတိုင်းပင်။ လက်ထဲတွင် တုတ်ကို ကောက်ပြီး ပြန်မတ်လိုက်သည်နှင့် သူ့မျက်နှာပေါ်တွင် ထိမထင်သည့်ဟန် ပေါ်လာ၏။

ဘီဂျူရုန်းသည် လေသံချိုချိုဖြင့် သူ့အား သက်ညှာခွင့် ပေးလိုက်သည် ဟူဇော (အရှင်သခင်) အားများစွာ ကျေးဇူးတင်ရှိကြောင်း၊ အက်ရှ် ပြောသည့်အတိုင်း မနက်ဖြန် အရုဏ် တက်သည်နှင့် မိမိသည် စခန်းမှ ထွက်သွားမည် ဖြစ်ကြောင်း၊ သို့ရာတွင် ဟူဇော (အရှင်သခင်) သည် မိမိအား အထင်လွဲခြင်း ဖြစ်ကြောင်း၊ မိမိ တစ်သက်တွင် မည်သူ့အပေါ်တွင်မျှ မကောင်းကြံစည်ခဲ့ခြင်း မရှိကြောင်း၊ ယခုကိစ္စမှာ မိမိအား နားလည်မှု လွဲခြင်းသာ ဖြစ်ကြောင်း။

ဘီဂျူရုန်းသည် စကား တပြောပြောဖြင့် နောက်သို့ ဆုတ်သွားပြီး ချုံကလေး တစ်ချုံကို ကျော့ပတ်ကာ တစ်ဖက်တွင် ရပ်လိုက်ပြီးနောက် ပခုံးကို တွန့်လိုက်ရင်း

'ကဲပါလေ၊ စကားတွေ ပြောမနေတော့ပါဘူး၊ အလုပ်နှင့် သက်သေပြပါ့မယ်၊ ကျွန်တော်ဟာ ဟူဇောရဲ့ ကျေးကျွန် ဆိုတော့ အလုပ်နှင့် သက်သေပြရမှာပေါ့၊ သခင်လေးရဲ့ အမိန့်ကို ကျွန်တော် နာခံရမှာပေါ့၊ ကဲ သွားမယ် သခင်ဆာပ်'

ဘီဂျူရုန်းသည် လက်နှစ်ဖက်ကို ယှက်၍ ရင်တွင် အပ်ကာ သူ့ကို ဦးညွှတ်လိုက်၏။

ဘီဂျူရုန်း၏ အမူအရာက သူတို့ တိုင်းရင်းသားများ နှုတ်ဆက်သည့် အစဉ်အလာ။ လက်ထဲတွင် ကိုင်ထားသည့် တုတ်ကလည်း သာမန် တုတ်ကလေး တစ်ချောင်း။ သို့ရာတွင် အက်ရှ်သည် သည်တစ်ချီတွင်လည်း သတိ လွတ်သွားပြန်ပြီ။

ဘီဂျူရုန်း ကိုင်ထားသည့် တုတ်က အမြင်တွင်သာ သာမန် တုတ်ကလေး တစ်ချောင်း။ သို့ရာတွင် မဟာရာဇာတို့ ကိုင်ရန် ပန်းပဲဆရာတို့ အထူး ပြုလုပ်ထားသည့် တုတ်သေနတ်။ ကွယ်လွန်သူ ကာရိကုတ်စော်ဘွားကြီး ရှိစဉ်က ထိုတုတ်သေနတ်ကို ကိုင်ခဲ့သည်။ ထို့နောက်တွင် အမျိုးအမည် မဖော်ပြလိုသော ကိစ္စများကို ဆောင်ရွက်ခဲ့ရသည့် အတွက် မဟာဒေဝီက ဘီဂျူရုန်းကို ဆုချခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် ဤသည်ကို အက်ရှ် မသိ။

ဘီဂျူရုန်းသည် တုတ်ကို ဘယ်ဘက် လက်ထဲတွင် ကိုင်ထားရင်း လက်နှစ်ဖက်ကို ပူး၍ အရိုအသေ ပေးလိုက်သည်တွင် ညာဘက်လက်သည် ထိပ်တွင် စွပ်ထားသည့် ငွေခေါင်းစွပ်ကလေးကို ချွတ်လိုက်၏။ ကိုယ်ကို ပြန်မတ်လိုက်သည့် အခါတွင် သူ့လက်ထဲတွင် ပြောင်းသေးသေးဖြင့် သေနတ် တစ်လက်။

မီးပွင့်သွားသည်နှင့် အတူ သေနတ်သံသည် လရောင် ဆမ်းထားသည့် တိတ်ဆိတ်မှုကို ဖြိုဖျက်လိုက်၏။ သူတို့ ရပ်နေကြသည်က တစ်ယောက်နှင့် တစ်ယောက် ဘာမျှ မကွာ။ အလွန်ဆုံး ရှိမှ ခြောက်ကိုက် ခုနစ်ကိုက်လောက်သာ ရှိမည်။ သို့ရာတွင် စောစောကတွေ့ခဲ့ရသည့် အဖြစ်အပျက်များကြောင့် ဘီဂျူရုန်း၏ လက်များသည် တုန်နေကြသည်။ ထိုအထဲတွင် သေနတ်က ဘယ်သို့ ယမ်းလေ့ ရှိသည်ကို သူ သတိ မထားလိုက်မိ။

ထို့ကြောင့် သေနတ်ပြောင်းသည် ချိန်ထားသည့် အက်ရှ် ရင်ဘတ်ဆီသို့ မရောက်။ ဘယ်သို့ ယမ်းသွားကာ အက်ရှ်၏ အင်္ကျီ ဘယ်ဘက်လက်ကို ထိမှန်ကာ အသားကို ပွတ်သွားပြီးနောက် တခြားသို့ ရောက်သွားသည်။

'ကဲ သေပေတော့ကွာ'



www.burmeseclassic.com

www.burmeseclassic.com



အက်ရှ်က အင်္ဂလိပ်လို ဆဲရေး တိုင်းထွာကာ ဘီဂျူရှန်းကို ဓားဖြင့် လှမ်းပေါက်လိုက်သည်။

ဒေါသ ထွက်နေသဖြင့် လိုသည့် နေရာသို့ မရောက်၊ ပေါက်တုန်းက သူ့လည်ပင်းကို ချိန်ပေါက်လိုက်ခြင်း ဖြစ်၏။ သို့ရာတွင် အဆီတွေ ဖုံးနေသည့် ညှပ်ရိုးကို ထိကာ ဓားသည် အောက်သို့ လွင့်ကျသွားသည်။ ဘီဂျူရှန်း၏ ရင်ဘတ်မှ သွေးတွေ စီးကျလာ၏။ ဘီဂျူရှန်းသည် သေနတ်ကို လွှတ်ချလိုက်ပြီး ငယ်သံပါအောင် အော်လိုက်သည်။

သူ့ငယ်သံသည် လူအော်သံမျိုး မဟုတ်။ တိရစ္ဆာန် တစ်ကောင်၏ အော်သံကြီး။ သည်လောက် ဓားကလေး ရှ၍ သည်လောက် သွေးကလေး ထွက်သည်ကို မြင်ရုံဖြင့် ကလေး တစ်ယောက်ပင် ဘာမျှ မဖြစ်နိုင်။ ယခု လူကြီး တစ်ယောက်က ကြောက်လန့်တကြား အော်နေသည်ကို မြင်လိုက်ရသည့် အခါ၌ အက်ရှ် စက်ဆုပ်သွား၏။ အက်ရှ် ဒေါသတွေ ဘယ်ရောက် ကုန်ပြီ မသိ။ တကယ်က အက်ရှ်သည် ဘီဂျူရှန်းကို ခုန်အုပ်ကာ ထိုတုတ်ဖြင့် တဖုန်းဖုန်းနေအောင် ရိုက်သတ်ပစ်ဖို့ ကောင်းသည်။ သို့ရာတွင် မရိုက်မိ။

အက်ရှ်သည် သူ့ကို ကြည့်၍ တဟားဟား ရယ်နေမိသည်။ သူ့အဖြစ်က ရယ်စရာ ကောင်း၍ မဟုတ်။ သည်မျှ သူရဲဘောကြောင်သူ တစ်ယောက်က လူများစွာကို ခြိမ်းခြောက်နိုင်ခဲ့သည့် အဖြစ်ကို တွေးကာ မယုံနိုင်အောင် ဖြစ်နေသဖြင့် ရယ်မိခြင်း ဖြစ်သည်။ သူ့လို သူရဲဘောကြောင်သူ တစ်ယောက်သည် ဟီရာလားလ်လို လူတစ်ယောက်ကို သတ်ခဲ့ခြင်းကို မယုံနိုင်သောကြောင့် ဖြစ်သည်။ အက်ရှ်၏ ရယ်သံသည်လည်း မိန်းမများ ကြောက်လန့်တကြား အော်သံလို နားကလောစရာ ကောင်းနေသည်။

သွေးများသည် ဘီဂျူရှန်း ရင်ဘတ်ပေါ်သို့ စီးကျလာကြ၏။ ဘီဂျူရှန်းသည် အအော် ရပ်လိုက်ကာ သူ့ဒဏ်ရာကို ပါးစပ်ဖြင့် စုပ်ရန် ကြိုးစားနေသည်။ သို့ရာတွင် သူ့ပခုံးကို ပါးစပ်ဖြင့် လျက်၍ မမီ။

ထိုအခါတွင် ဘီဂျူရှန်းသည် ထပ်၍ အော်ကာ ခေါင်း အဖြတ်ခံလိုက်ရသည့် ကြက်တစ်ကောင်ကဲ့သို့ ကျောက်တုံးတွေ၊ မြက်တွေ၊ ချုံဖုတ်တွေ အကြားထဲတွင် ဆောက်တည်ရာ မရ ပြေးလွှားနေသည်။ နောက်ဆုံး တစ်နေရာတွင် ဗိုင်းခနဲ လဲကျသွားကာ မြေကြီးပေါ်တွင် စန့်စန့်ကြီး ဖြစ်နေသည်။

'ကျွန်တော် သေတော့မယ်ဗျ၊ လုပ်ကြပါဦး၊ ကျွန်တော် သေတော့မယ်'

အက်ရှ်က အေးစက်စက်ဖြင့်

'သေဖို့ ကောင်းတာ ကြာလှပြီ၊ ဒီမှာ ကိုယ့်လူ ဒီလောက်လည်း ကြောက်မနေနှင့်၊ ပခုံးကို ထိတာက နည်းနည်းကလေးရယ်၊ နှစ်ရက် သုံးရက်လောက် နောက် ကျော တက်တာလောက်ပဲ ရှိမယ်၊ ဒီလောက် သူရဲ ဘော ကြောင်၊ ဒီလောက် ကျောရိုးမဲ့တဲ့ သတ္တဝါ တစ် ယောက်ကို သတ်ရတာ ကျုပ် လက်သနတယ် သိရဲ့ လား၊ ထ ကိုယ့်လူ၊ သိပ်ဟန်ဆောင်မနေနှင့်၊ စခန်းကို ပြန်၊ ညဥ့်နက်နေပြီ၊ ဟော့လူ ထလို့ ဆိုနေ၊ ခင်ဗျားကို ဘယ်သူကမှ ဘာမှ မလုပ်ဘူး၊ သွား'

အက်ရှ်က ရွံရွံရှာရှာဖြင့် ရယ်လိုက်၏။ သို့ရာ တွင် ဘီဂျူရှန်းက မယုံ။ တကယ် တုန်လှုပ် ချောက်ချား နေပြီ။ ဘီဂျူရှန်းသည် မထနိုင်သေးဘဲ မြေကြီးပေါ်တွင် တွန့်လိမ်နေသည်။

'သခင်လေး ကျွန်တော့်ကို ကယ်ပါ၊ ကျွန်တော် မထနိုင်တော့ဘူး၊ ကျွန်တော့်ကို ထူပေးပါဦး'

ဘီဂျူရှန်း၏ အသံသည် တိမ်ဝင်သွား၏။ အက်ရှ် သည် ရယ်ရင်း သူ့အနီးသို့ လျှောက်လာခဲ့သည်။ သို့ ရာတွင် နောက်လက်နက် တစ်ခုဖြင့် လုပ်ကြံရန် သူ့ကို ထောင်ချောက် ဆင်သည်လော မဆိုနိုင်။

ထို့ကြောင့် အက်ရှ်သည် သတိကြီးစွာ ထားကာ အနားသို့ ကပ်လာခဲ့၏။ ငုံ့ကြည့်လိုက်သည့် အခါ၌ ဘီဂျူရှန်း၏ မျက်နှာမှာ ရှုံ့မဲ့ ပြာနှမ်း နေလေပြီ။ နဖူး တွင် ချွေးသီးကြီးတွေ စို့နေသည်ကို မြင်ရ၏။

အက်ရှ်က အရယ်ရပ်လိုက်သည်။ သူ နားမလည် သည့် အချက် တစ်ချက် ရှိသည်။ အချို့လူများသည် ကိုယ့်သွေးကို မြင်လျှင် မူးမေ့ လဲကျသွားတတ်ကြသည် ဟု သူ ကြားဖူး၏။

ယခု ဘီဂျူရှန်းသည်လည်း အလားတူ လူမျိုး ဖြစ်နေလေသလော မသိ။ သူ့ကို ကြည့်ရသည်မှာ တကယ့် ကြောက်လန့်နေသည့်ပုံ။ ကုန်းထကာ တွန့် လိမ်လျက်။

'ဘာဖြစ်တာလဲ ကိုယ့်လူ'

အက်ရှ်က သူ့ကို ငုံ့ကြည့်ရင်း မေးသည်။

'အဆိပ်... အဆိပ်၊ ဓားမှာ အဆိပ်လူး...'

အက်ရှ်သည် ကိုယ်ကိုမတ်ကာ နောက်သို့ ဆုတ် ၍ ခုန်မိသည်။ ဟုတ်ပြီ။ ထို့ကြောင့် ဘီဂျူရှန်း သည်



www.burmeseclassic.com

www.burmeseclassic.com



လောက် တုန်လှုပ် ချောက်ချားနေခြင်း ဖြစ်မည်။ မိမိသည် ဘီဂျူရုန်းကို အထင်သေးခဲ့ပါပကော။

ဘီဂျူရုန်း မြေကြီးပေါ်တွင် လိမ့်နေခြင်းမှာ နာကျင်၍ မဟုတ်။ သေမည်ကို ကြောက်၍ ဖြစ်ကြောင်း သူ သိပြီ။ သေနည်းက ကြောက်စရာ။ ခုမြင် ခုပျောက်။ အက်ရှ်ကို ကြောက်ခြင်းလည်း မဟုတ်။ အက်ရှ် လက်ထဲက ဓားမြှောင်ကို ကြောက်ခြင်း ဖြစ်သည်။ ထိမိ ရှမိ ရုံကလေးဖြင့် သေအောင် အဆိပ်တွေ လူးထားသည့် သူ့ဓားကို သူ ပြန်ကြောက်နေခြင်း ဖြစ်သည်။

သည်ဓားကို သူ မျက်တောင်မခတ် ကြည့်နေခြင်းမှာ ဘာမျှ အံ့သြစရာ မဟုတ်တော့။ သွေးကြောင်းကလေး စီးကျရုံဖြင့် သည်မျှ ကြောက်လန့်နေခြင်းကို ဘာမျှ အံ့သြစရာ မရှိတော့။ ဒဏ်ရာက တကယ့်သေးသေးကလေး။ ခြစ်မိသည် ဆိုရုံမျှသာ။

ဘီဂျူရုန်းသည် ကိုယ့်အတတ်နှင့်ကိုယ် စူးနေလေပြီ။ သူ ဘာမျှ မတတ်နိုင်။ ဒဏ်ရာမှ အဆိပ်ကို ပါးစပ်မှ စုပ်ယူဖို့ ဆိုသည်ကလည်း နောက်ကျသွားပြီ။ သူ့တွင် ဖြေဆေး မရှိ။ မည်သည့် အဆိပ်မျိုးမှန်းလည်း သူ မသိ။

စခန်းက တစ်မိုင်လောက် ဝေးသည်။ ထို့ထက် တစ်ဝက်လောက်သာ ဝေးသည် ဆိုဦး။ သွားချိန် ပြန်ချိန်နှင့် ဆိုလျှင် သူ့ကို ကယ်ဖို့ အချိန်မီ ပြန်မရောက်နိုင်။ ရောက်သည် ဆိုဦး၊ အဆိပ်သည် အလွန်ပြင်းသည့် အဆိပ်မျိုး ဖြစ်လိမ့်မည်။

ဘီဂျူရုန်းသည် လူပေါင်းများစွာ၏ ဇီဝိန်ကို ခြွေခဲ့၏။ သို့မဟုတ် ခြွေရာတွင် သူ့အကြံအစည် ပါခဲ့၏။ သည်လို လူတစ်ယောက်သည် ထိုအကြွေးကို သူ့အသက်ဖြင့် ပြန်ဆပ်ဖို့ ကောင်းသည်မှာ အမှန်။ သို့ရာတွင် သူ့ကို ဘယ်မျှ မုန်းတီး စက်ဆုပ်စေ၊ ယခု သူ့ကို မြင်နေရသည်က သနားစရာ။

အက်ရှ်သည် သူ့ကို ကြည့်ရင်း အတိတ် ရုပ်ပုံကားချပ်များကို မြင်ယောင်လာသည်။ ကိုယ်တော်လေး လာလာဂျီ မုခ်ဦးကျောက်တုံးကြီး ရန်မှ သီသီကလေး လွတ်ခဲ့ပုံ...။ ရေကန်ထဲတွင် ငါးကလေးများ အဆိပ်မိ၍ သေခဲ့ရပုံ...။ ဥပရာဇာ ကိုယ်တော်လေး၏ အိပ်ခန်းထဲသို့ မြွေကြီး တစ်ကောင် ရောက်လာပုံ...။ ဂျီလွန် မြစ်ဆားတွင် သူ့ အမေ သီတာ တစ်ယောက် အမောဆို့ သေခဲ့ရပုံ...။ တောထဲတွင် ဟီရာလားလ် တစ်ယောက် သေခဲ့ရပုံ...။ နောက်ဆုံး ကိုယ်တော်လေး ဂျိုတီ ကိစ္စ...။

သူ့ မကောင်းမှုများကို ပြန်တွေးလိုက်သည့် အခါ၌ ဘီဂျူရုန်းသည် သူနှင့် ထိုက်သင့်စွာ ပေးဆပ်ရမည့် အကြွေးကို ပြန်ဆပ်ရပြီဟု အက်ရှ် သဘောပေါက်လိုက်၏။

ဤသည်မှာ မည်သူ့ အပြစ်မျှ မဟုတ်။ စခန်းမှ ထွက်သွားဖို့၊ ဘိသော ပြည်နယ်နှင့် ကာရိကုတ် ပြည်နယ်မှ လွဲလျှင် လွတ်ရာကျွတ်ရာသို့ သွားဖို့ အက်ရှ် သူ့ကို ခွင့်ပေးခဲ့သည် မဟုတ်လော။ ထိုစဉ်ကသာ အေးအေးစွာ ထွက်ခွာသွားခဲ့သည် ဆိုလျှင် ယခုလို အသေဆိုးသေရမည် မဟုတ်။ ယခုမူ သူက ယုံယုံကြည်ကြည် သွားခွင့်ပေးသည်ကို ဘီဂျူရုန်းသည် အကောက်ကြံကာ သေနတ်ဖြင့် ပစ်ခဲ့သည်။ ယခု ထိုသစ္စာမဲ့မှုက သူ့ကို ပြန်၍ ဒဏ်ခတ်လိုက်လေပြီ။

ဘီဂျူရုန်းသည် ခွေးရူး တစ်ကောင်လို နေခဲ့သူ ဖြစ်ရာ ယခု ခွေးရူး တစ်ကောင်လို သေရတော့မည်မှာလည်း အဆန်း မဟုတ်။ သို့ရာတွင် အက်ရှ်သည် ထိုမြင်ကွင်းကို ကြာကြာ မကြည့်ချင်။ မကြည့်ရက်။

စောစောက ဘီဂျူရုန်း၏ တုတ်သေနတ်ထဲတွင် ကျည်ဆန် တစ်တောင့်လောက် ကျန်နေသေးသည် ဆိုလျှင် ထိုကျည်ဆန်ကို အသုံးပြုကာ ဘီဂျူရုန်းကို ဤဒုက္ခဆင်းရဲမှ မြန်မြန် ကျွတ်သွားအောင် လုပ်လိုက်ချင်သည်။ သို့ရာတွင် ယခုမူ စောင့်ကြည့်နေရုံမှ တစ်ပါး ဘာမျှ မတတ်နိုင်ပြီ။

ထိုနေရာမှ မြန်မြန် ထွက်သွားချင်သည့်တိုင် သေအံ့မူးမူး လူတစ်ယောက်ကို ယခုလို တစ်ယောက်တည်း ပစ်မထားရက်။ သူလည်း မိမိလို လူသား တစ်ဦးပင် မဟုတ်လော။ သူ့ရန်သူဟောင်း တစ်ယောက်၊ လက်ရှိ ရန်သူ တစ်ယောက် ဖြစ်သည် မဖြစ်သည်က အကြောင်း မဟုတ်။

အက်ရှ်သည် ဘီဂျူရုန်း အသက် ထွက်သွားသည် အထိ ထိုနေရာတွင် ရပ်နေသည်။ သိပ် မကြာလိုက်။ ထို့နောက်၌ အက်ရှ်သည် ပွင့်နေသော ဘီဂျူရုန်း၏ မျက်လုံးများကို ပိတ်ပေးလိုက်ပြီး ဓားကို ကုန်းကောက်ယူလိုက်သည်။ အဆိပ်တွေ မကျန်စေရန် ဓားကို မြေကြီးတွင် အထပ်ထပ် အပြန်ပြန် ပွတ်လိုက်၏။ တုတ်သေနတ်မှာ မြက်တောထဲသို့ ကျသွားသည့် အတွက် မနည်းကြီး ရှာယူရသည်။ ရှာတွေ့သည့် အခါတွင် တုတ်သေနတ်ကို တုတ်ခေါင်းထဲသို့ ပြန်သွင်းကာ သေသူ လက်လှမ်းမီရာတွင် ချထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘီဂျူရန်း ပျောက်နေမှုန်းကို တော်တော်နှင့် သိကြဦးမည် မဟုတ်။ မနက် အရုဏ်တက်တွင် လေပြင်းတိုက်ဦးမည် ဖြစ်ရာ ထိုအချိန်လောက် ဆိုလျှင် သဲပြင်တွင် ထင်နေသည့် ခြေရာတို့ ဖုံးသွားလောက်ပြီ။ ထိုနေရာတွင် လူနှစ်ယောက် သတ်ပုတ်ခဲ့သည့် အထောက်အထားတို့ ရှိမည် မဟုတ်တော့။ မေးလား မြန်းလား အလုပ် ခံရမည် မဟုတ်တော့။ အဆိပ်မိ၍ သေခြင်းဖြစ်သည်မှာ ထင်ရှားနေပြီ။ သို့ရာတွင် ပိုးထိ၍ သေသည်ဆိုလျှင်လည်း ယုတ္တိရှိသည်။

အက်ရှ်သည် စားမြှောင်ကို ကောက်ယူလိုက်၏။ နှစ်ခွ ရှိသည့် ထနောင်းဆူးကြီး တစ်ချောင်းကို ချိုးလာခဲ့သည်။ ထို့နောက် ဘီဂျူရန်း၏ ခါးဒဏ်ရာအောက်နားတွင် ထိုဆူးနှစ်ခွဖြင့် စိုက်လိုက်၏။ အပေါက်ကလေး နှစ်ပေါက်။ မြွေစွယ်ရာကလေး နှစ်ရာ။ ထိုအထက်က ခါးဒဏ်ရာမှာ မြွေဆိပ် မတက်အောင် ခုတ်ထားသည့် ဓားရာ။

သည်လောက်ဆိုလျှင် ရှင်းသွားပြီ။ ဘီဂျူရန်းသည် ညကြီး မင်းကြီး အချိန်မတော်တွင် အဘယ်ကြောင့် စခန်း အပြင်ဘက်သို့ ထွက်လာသနည်း ဆိုသည့် ကိစ္စလောက်သာ ကျန်တော့သည်။ ဤသည်ကလည်း ဘာမျှ မခက်။

သည်လောက် အပူရှိန်ပြင်းသည့် ညမျိုးတွင် မည်သူမျှ အိပ်မပျော်နိုင်။ ဘီဂျူရန်းသည် ပူလွန်း အိုက်လွန်းသည့် အတွက် အိပ်မပျော်နိုင်သည်နှင့် လသာသာတွင် လမ်းလျှောက် ထွက်လာသည်ဟု ထင်ကြမည် မုချ။ မောမောနှင့် အထိုင်လိုက်တွင် မြွေပေါက် ခံလိုက်ရခြင်း ဖြစ်သည်ဟုသာ ထင်ကြလိမ့်မည်။ ဟီရာလားလ်ကို ကျားဆွဲသွားသည် ဆိုသော စကားကဲ့သို့ ယုတ္တိရှိသည်သာ။

'တကယ်ဆိုတော့ နတ်သိကြားတွေဟာ တရားသဖြင့် စီရင် ဆုံးဖြတ်ကြတာပဲ၊ ငါ့သဘောနှင့် ငါသာဆိုရင် အမိုက်ခံပြီး သူ့အသက်ကို ချမ်းသာပေးလိုက်မိမှာ' ဟု အက်ရှ် တွေးနေသည်။

သို့ရာတွင် ဟီရာလားလ်၏ ပုလဲနက် နားတောင်းကြီးက ရှိသေးသည်။

အက်ရှ်သည် ပုလဲနက် နားတောင်းကြီးကို အိတ်ထဲမှ ထုတ်ကြည့်၏။ ရေးလွန်လေပြီးသော ညက မဟာဒေဝီ ဘုံဆောင်ပျက်ကလေးပေါ်တွင် သူ မြင်ခဲ့ရသည့် အတိုင်း ပုလဲနက်ကြီးက တောက်ပလျက်။ ထိုစဉ်က ဟီရာလားလ် ပြောခဲ့သည့် စကားများကိုလည်းကြားယောင်နေသည်။

'လူလေး မြန်မြန်လုပ်နော်၊ အချိန် မရှိဘူး၊ သွားတော့၊ မြန်မြန် သွားတော့၊ လူလေးကို ဘုရားသခင်စောင်မပါစေ' ဟူသော စကားများ ဖြစ်သည်။

ယခု ဟီရာလားလ် အတွက် ဘီဂျူရန်းကို လက်စားချေလိုက်ပြီ။ ပုလဲနက်ကြီးကပင် လက်စားချေ လိုက်သည်လော။ သို့မဟုတ် သူကိုယ်တိုင်ကလော။ သို့ရာတွင် ပုလဲနက်ကြီးသာ စကားပြောတတ်လျှင် ဘီဂျူရန်းလက်ထဲတွင် ရှိစဉ် တွေ့ခဲ့ရသည့် ဆိုးယုတ်မှု အပေါင်းကို ပြန်ပြောင်း ပြောပေလိမ့်မည်။

ထို့ကြောင့် အက်ရှ် အဖို့သော်မူ ထိုပုလဲနက်နားတောင်းကြီးသည် နိမိတ် မကောင်း။ ထိုနားတောင်းကြီးကို သိမ်းထားခဲ့သူမှာ ထိုနားတောင်းကို လို၍ လူသတ်ခဲ့သူ။ သူ့အဖို့မှာမူ ထိုနားတောင်းကြီးကို သိမ်းထားကောင်း သိမ်းထားပေလိမ့်မည်။ သည်ပုလဲကြီးကို မဝတ်ရဲသဖြင့် သိမ်းထားခဲ့ရပြီး နောက်ဆုံးတွင် အဆောဆိုးဖြင့် သေခဲ့ရသည်။ ပုလဲနက်ကြီးသည် သူ့သခင်အစေရန်သူကို လက်စားချေခဲ့ပြီ။ ထို့ကြောင့် သည်ပုလဲကြီးကို သူ သိမ်းမထားချင်တော့။

စောစောက သူ ပုန်းခဲ့သည့် ကိုင်းတောစပ်တွင် မြေကြွက် တွင်းကြီး တစ်တွင်း တွေ့ခဲ့သည်။ မြေစာချေမရှိတော့သဖြင့် ကြွက် ရှိဟန် မတူ။ အက်ရှ်သည် ထိုကြွက်တွင်းဆီသို့ လာခဲ့ကာ ပုလဲ နားတောင်းကြီးကို တွင်းထဲသို့ ချလိုက်ပြီးနောက် တွင်းကို မြေကြီးဖြင့် ဖြည့်ဖို့လိုက်၏။ ခြေရာ လက်ရာတို့ကို ဖျက်လိုက်သည့် အခါတွင် ကြွက်တွင်းရာကို ရှာမတွေ့တော့။

အက်ရှ်သည် ထိုနေရာတွင် အတန်ကြာမျှ ရပ်ကာ နောင်တစ်နေ့တွင် ထိုနေရာကို တစ်ယောက်ယောက်များ တူးဆွခဲ့လျှင် နားတောင်းကြီး မည်သို့မည်ပုံ ရောက်နေသည်ကို တွေးမိပေလိမ့်မည်။ ထိုအခါတွင် ထိုလူလည်း သိမည် မဟုတ်။ ပုလဲသည်လည်း တန်ဖိုး ရှိမည် မထင်တော့။ ပုလဲ ဆိုသည့် ရတနာသည်လည်း ကြေပြုန်း ပျောက်ကွယ်သွားတတ်သည်မှာ ဓမ္မတာ။

စခန်းသို့ အက်ရှ် ပြန်လာသည့် အခါတွင် အရုဏ်ဦး လေပြင်းတိုက်စ ပြုနေလေပြီ။ ဘီဂျူရန်း၏ အစေခံ တစ်ယောက် ဖြစ်သည့် ကရင်က သူ့သခင် ပျောက်နေသည်ဟု တိုင်တန်းသည့်အခါ၌ကား နေ့အတော် မြင့်နေလေပြီ။

www.burmeseclassic.com



မိမိ၏ သခင်သည် စောစောက လမ်းလျှောက် ထွက်သွားသည် ထင်ကြောင်း၊ တော်တော်နှင့် ပြန်မလာ နိုင်သည့် အတွက် တိုင်တန်းရခြင်း ဖြစ်ကြောင်း၊ မိမိ သည် သခင်၏ အသွားအလာများကို မေးမြန်းလေ့ မရှိ ကြောင်း၊ သို့ရာတွင် စခန်း ထွက်တော့မည့် အတွက် တဲတွေ တစ်တဲပြီး တစ်တဲ ရုပ်သိမ်းကုန်သည် အထိ ပြန်မလာသေးကြောင်း၊ မနက်စာလည်း မစားရသေး ကြောင်း၊ စခန်းထွက်ရန် အတွက် မည်သည့်အမိန့်မျှ လည်း မပေးသေးကြောင်း၊ ထို့ကြောင့် စိုးရိမ်သည့် အတွက် လာရောက် တိုင်တန်းခြင်းဖြစ်ကြောင်း၊ နီးစပ် ရာ အစေခံများထံ စုံစမ်းသော်လည်း ဘာမျှ အကျိုး မထူးကြောင်း၊ သို့ကြောင့် အစောင့် တာဝန်ကျသည့် အရာရှိထံ လာရောက် တိုင်တန်းရခြင်း ဖြစ်ကြောင်းဖြင့် ကရင်က ပြောပြ၏။

စခန်းက ကြီးလှသည့် အတွက် ဘီဂျူရန်း၏ အလောင်းကို ရှာရသည်မှာ မလွယ်။ နောက်ဆုံး စခန်း ပြောင်းကြ၍ ကောင်းကင်တွင် လင်းတများ၊ စွန်များ ဝဲနေသည်ကို မြင်သဖြင့် ထိုနေရာသို့ မြင်းများဖြင့် သွား ကြည့်သည်တွင်မှ အလောင်းကို တွေ့ကြခြင်း ဖြစ်သည်။

သွားကြည့်သည်မှာ အချိန်ကိုက်ပင်။ နောက် နာရီဝက်လောက်ဆိုလျှင် ဘီဂျူရန်း မည်သို့မည်ပုံ သေ သည်ကို မည်သူမျှ ပြောနိုင်တော့မည် မဟုတ်။ ကောလာ ဟလတွေ အမျိုးမျိုး ထွက်ကာ ထင်မြင်ချက်တွေ အမျိုး မျိုး ပေးကြတော့မည်။ ယခုမူ လင်းတများ၏ ထိုးရာ ဆိတ်ရာတွေ ရှိသည့်တိုင် ဘီဂျူရန်း၏ လည်ပင်းနား တွင် မြွေစွယ်ရာ နှစ်ခုနှင့် အဆိပ်ကို တွေ့ရသည့် အတွက် သူ သေသည့် အကြောင်းမှာ ရှင်းသွားပြီ။ သည်နေရာ အချိန်မတော် လာရောက်သည့် အကြောင်း ရင်းကိုလည်း မည်သူကမျှ မေးမြန်း မနေကြတော့။ ပူ အိုက်၍ လမ်းလျှောက် ထွက်လာသည်ဟုသာ အားလုံး က လက်ခံလိုက်ကြသည်။

သူ့အလောင်းကို တွေ့သည့် အခါတွင် မူးလ်ရတ် က နောက်ထပ် အမိန့် မရမချင်း စခန်းကို ပြောင်းရွှေ့ ခြင်း မပြုရန် အမိန့်ပေးလိုက်သည်။ ဘီဂျူရန်း၏ အလောင်းကိုလည်း သစ်ကိုင်းခြောက်များကို စုပုံမီးဖို ကာ ထုံးတမ်းစဉ်လာနှင့် အညီ မီးသင်္ဂြိုဟ် လိုက်ကြ၏။

နောက်တစ်နေ့ မနက်တွင် အရိုးပြာများကို အိုး ဖြင့် ထည့်ကာ ထုံးစံအတိုင်း ဂင်္ဂါမြစ်တွင်းသို့ မျှောရန် ယူလာခဲ့ကြသည်။

မူးလ်ရတ်က တင်းမာသော မျက်နှာထားဖြင့်

'ဒီမှာ သူ့ဆွေမျိုးရင်းချာလို့လည်း ပါမလာတော့ အရင်းနီးဆုံး မိတ်ဆွေများကပဲ ဒီတာဝန်တွေကို ဆောင် ရွက်ရလိမ့်မယ်၊ ဒါကြောင့် ပရန်ရယ်၊ မိုဟန်ရယ်၊ ဆင် ဂူပတားရယ်၊ သူတို့ အစေခံတွေနှင့် ဘီဂျူရန်းရဲ့ အစေ ခံတွေရယ် ဗာရာဏသီကို ခုချက်ချင်း သွားဖို့ စီစဉ် ထားတယ်၊ အရိုးပြာကို ဂင်္ဂါမြစ်မှာ မျှောမယ် ဆိုရင် အလာဟာဘတ်မှာ မျှောရင် မျှော၊ ဒါမှမဟုတ် ဗာရာ ဏသီမှာ မျှောရင် မျှော၊ ဒီနှစ်နေရာပဲ ရှိတယ်၊ ဒါကြောင့် ဗာရာဏသီမှာ မျှောဖို့ အားလုံး စီစဉ်ထားတယ်'

မူးလ်ရတ် စီစဉ်သည့်အတိုင်း ဆိုလျှင် အက်ရှ် အတွက် စိုးရိမ်စရာ မရှိတော့။ ဘီဂျူရန်း သေသွား သည့် နောက်တွင် ဘီဂျူရန်း၏ လူများသည် သူတို့ ဆရာ သေသည့် အတွက် စခန်းထဲတွင် ခြေရှုပ် လာနိုင် သေးသည်။ ယခုမူ သူတို့ကိုလည်း ရှင်းပြီးသား ဖြစ် သွားပြီ။

'ကိုယ်တော်လေး ဂျူတီက သဘောတူပါ့မလား၊ အဲဒီလူတွေ အားလုံးက သူ့ကိုယ်ရံတော်တွေ၊ အခြွေ အရံတွေ ဖြစ်နေတယ် မဟုတ်လား၊ သွားခွင့်ပြုပါ့ မလား'

'ကိုယ်တော်လေးက သဘောတူပြီးပါပြီ၊ ဘီဂျူ ရန်း ဆိုတာ သူ့ကိုယ်ရံတော်လည်း ဖြစ်တယ်၊ ခမည်း တော် မယ်တော်တို့ လက်ထက်ကတည်းက သစ္စာရှိရှိ အမှုထမ်းခဲ့တဲ့ ကျွန်ယုံကြီးလည်း ဖြစ်တယ်တဲ့၊ ဒီလို လူတစ်ယောက်ရဲ့ အရိုးပြာကို တွေ့ကရာက နေပြီး မျှောလို့ ဘယ်ကောင်းမလဲတဲ့၊ ဒါကြောင့် သူတို့ကို သွားခွင့်ပြုလိုက်တယ်'

'သူတို့ကကော သွားမတဲ့လား'

'ဘာဖြစ်လို့ မသွားရမှာလဲ'

'ရှားဘားစ်၊ ကောင်းလိုက်လေဗျာ၊ မူးလ်ရတ် ကို ဆလမ်ပေးပါတယ်'

မူးလ်ရတ်ကလည်း သူ့ကို ခပ်ယဲ့ယဲ့ ပြုံးကြည့် လိုက်ကာ

'ကျွန်တော်ကလည်း သခင်လေးကို ဆလမ် ပေးပါတယ်'

အက်ရှ်က စူးစမ်းသော အကြည့်ဖြင့် သူ့ကို ဆတ်ခနဲ လှမ်းကြည့်လိုက်၏။ မူးလ်ရတ်က သူ့ကို လက်ကမ်းပေးလိုက်သည်။ သူ့လက်ထဲတွင်မူ ကရုကမာ ဖြင့် လုပ်ထားသည့် ရုပ်အင်္ကျီ ကြယ်သီးကလေး တစ်



www.burmeseclassic.com

www.burmeseclassic.com



လုံး။ သာမန် အပေါစား ကြယ်သီးကလေး။ ကြယ်သီး ပေါ်တွင် ဥရောပတိုက်မှ ထုတ်လုပ်သည့် ကုမ္ပဏီ အမည်နှင့်။

မုးလ်ရတ်က ခပ်အေးအေးဖြင့်

'အလောင်းနှင့် ဆယ်လုမ်းလောက် အကွာမှာ အမှတ်မထင် တွေ့လာတာ ခင်ဗျ၊ စခန်း ပြန်ရောက်လို့ သခင်လေးရဲ့ အစေခံတွေကို မင်းဆရာ ကြယ်သီးလား၊ ငါ့တံထဲမှာ တွေ့တယ်လို့ ပြောတော့ ဟုတ်တယ်တဲ့၊ မနေ့တုန်းက သခင်လေး ဝတ်သွားတဲ့ အင်္ကျီက ပြုတ်ကျန်ရစ်ခဲ့တာတဲ့၊ ဒီလိုဆိုရင် မင်းဆရာကို ငါကိုယ်တိုင် ပေးပြီး စဦးမယ်လို့ ပြောပြီး ယူလာတာ'

အက်ရှ်သည် အတန်ကြာမျှ စဉ်းစားနေသည်။ ရင်ဘတ်က မိမိ ဒဏ်ရာကို ပြမည်ပြုစဉ် အင်္ကျီရင်ဘတ် ဟလိုက်သည့် အဖြစ်ကို သူ သတိရသည်။ ဘီဂျူရန်း၏ လူတွေ မတွေ့ဘဲ မုးလ်ရတ် တွေ့လာ၍ တော်ပါသေး၏။

အက်ရှ်က ကြယ်သီးကလေးကို လှမ်းယူလိုက်ပြီး

'သြော် ဟုတ်တယ်၊ စခန်းထဲကို မြင်းစီး ဝင်လာတုန်းက ပြုတ်ကျခဲ့သလား မသိဘူး'

မုးလ်ရတ်က ပခုံးကို တွန့်လိုက်လျက်

'မပြောတတ်ဘူးလေ၊ ဟုတ်ချင်လည်း ဟုတ်မှာပေါ့၊ ဒါပေမဲ့ အဲဒီနေ့ မနက်က ဆပ်သခင်လေး ဝတ်လာတဲ့ အင်္ကျီကတော့ ကြယ်သီး အနက်နှင့် ကာကီ အင်္ကျီလို့ ထင်လိုက်တာပဲ ခင်ဗျ၊ အရေးမကြီးပါဘူးလေ၊ ဒါတွေ ကျွန်တော်နှင့် မဆိုင်ပါဘူး၊ ပြောမနေပါနှင့်တော့'

သူတို့ နှစ်ယောက်သည် ထိုအကြောင်းကို မပြောကြတော့။ မုးလ်ရတ်ကလည်း သူ့ကို တစ်ခွန်းမျှ မမေး။ အက်ရှ်ကလည်း ဘာမျှမပြော။

နောက်တစ်နေ့ မနက် ဘီဂျူရန်း၏ လူများ ဗာရာဏသီဘက်သို့ ထွက်သွားကြသည့် အခါတွင် သူတို့ စခန်းလည်း ပြောင်းလာခဲ့သည်။

သူတို့ စခန်းတွင် သူလျှိုတွေ၊ လုပ်ကြံရေးသမားတွေ မရှိတော့။ ကျန်ခဲ့သည် ဆိုလျှင်လည်း သူတို့တွင် ခေါင်းဆောင် ဦးစီး မရှိတော့သည့် အတွက် မည်သည့် အန္တရာယ်ကိုမျှ ပေးနိုင်တော့မည် မထင်။ သို့ရာတွင် သူတို့ ခေါင်းဆောင် ရတ်တရက် သေဆုံးသွားရခြင်းနှင့် သူ့လူယုံများ စခန်းမှ ထွက်သွားကြရခြင်းသည် သွေးရိုးသားရိုးဟု ထင်ကောင်းမှ ထင်ကြမည်။

မည်သို့ဆိုစေ ယခု လောလောဆယ်တွင်မူ သူတို့သည် နောက်ဆုတ်သွားကြလိမ့်မည်။ သို့ဆိုလျှင် လောလောဆယ်တွင် ကိုယ်တော်လေး ဂျူတီ အတွက် ဘာမျှ စိုးရိမ်စရာ မရှိသေး။

ထိုအတောအတွင်းတွင် ဇူလီကိုကား မမြင်ရ။ လက်ထပ် မင်္ဂလာပွဲတွင် ဆာရီကို လွှမ်းခြုံထားသည့် သတို့သမီး အဖြစ်သာ မြင်ရတော့မည် ထင်သည်။ ဘီသော ပြည်နယ်နားသို့ ကပ်လာပြီ ဖြစ်သည့်အလျောက် ဇူလီသည် ယခင်ကလို လွတ်လွတ်လပ်လပ် မနေတော့ဘဲ သတို့သမီးများ ထုံးစံ တင်းကျပ်စွာ နေထိုင်ခြင်း ပြုသည်။ စကားကလေး တစ်ခွန်း ပြောချင်လျှင်ပင် မပြောနိုင်။ သတို့သမီးများ အနီးတွင် အခြွေအရံတွေ ဝိုင်းလျက်။ လမ်းတွင် ဆိုလျှင်လည်း လှည်းယဉ်အနီးတွင် အစောင့်အကြပ် ထူထပ်စွာ ခြံရံလျက်။

သူ့အဖို့ လုပ်စရာ တစ်ခုသာ ကျန်တော့သည်။ ယင်းမှာ အခြား မဟုတ်။ သူတို့ မင်္ဂလာဆောင်တွင် ဇူလီ ပေးလိုက်သည့် ငါးရုပ်ကျိုးကလေးကို ဇူလီ မြင်သာအောင် ဝတ်ပြရန်၊ ထိုသို့အားဖြင့် လိမ္မော်သီးခြင်းထဲတွင် သူ ထည့်ပေးလိုက်သည့် ပစ္စည်းကလေး ရကြောင်း ပြရန်သာ ကျန်တော့သည်။

သည်ငါးရုပ် ထက်ပိုင်းကျိုးကလေးသည် ဇူလီက သူ့ကို ခွင့်လွှတ်ကြောင်း ဖော်ပြသည့် သင်္ကေတ။ သူတို့ နှစ်ယောက် တစ်နေ့တွင် ပြန်လည် တွေ့ဆုံမည် ဆိုသော ရည်ရွယ်ချက်၏ အထိမ်းအမှတ်။

အက်ရှ်သည် ဤသို့ တွေးကာ ကိုယ့်စိတ်ကို ဖြေသိမ့်သည်။ ဖြေသိမ့်စရာ ကြီးကြီးမားမား မဟုတ်။ ဖြေသိမ့်စရာ ကလေးမျှသာ။ သို့ရာတွင် သူ့တွင် အခြား ဖြေသိမ့်စရာ မရှိတော့။ လောလောဆယ်တွင်မူ ဇူလီအကြောင်း မတွေးဘဲ နေသည်က ပိုကောင်းမည်။ အနာဂတ် အကြောင်းကို မတွေးဘဲ နေသည်က ပိုကောင်းမည်။

ဇူလီ မရှိသော အနာဂတ်သည် အနှစ် မရှိသော အနာဂတ်။ ဟာလာဟင်းလင်း ဖြစ်သော အနာဂတ်။ အဆုံးလည်း မရှိ၊ ဘယ်ကိုမျှလည်း မရောက်သော လမ်း တစ်ခုနှယ်။ မျှော်လေ ဝေးလေ။

ထိုအနာဂတ်ကို သူ မတွေးချင်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂၇

ဘိသော ပြည်နယ် မြောက်ဘက် နယ်စပ်ကို ကာရံထားသည့် တောင်တန်း နိမ့်နိမ့်များကို မြင်နေရလေပြီ။ ထိုစဉ် သူတို့စခန်းသို့ ဘိသော စော်ဘွား၏ သံအဖွဲ့သည် မြင်းများဖြင့် ရောက်လာကြသည်။

သံတမန်များက လက်ဆောင် ပဏ္ဍာများ၊ ပန်းကုံးများ၊ နှုတ်ခွန်းဆက် စကားများကို ယူဆောင်လာခဲ့ကြသည်။ သူတို့နောက်မှလည်း လက်နက်ကိုင်များ ခြံရံ လိုက်ပါလာကြ၏။ ရုတ်တရက် ကြည့်လိုက်လျှင် ဘိသော ပြည်နယ် စော်ဘွား၏ လက်နက်ကိုင် တပ်များသည် မျက်နှာဖုံး တပ်ထားသည့် တောပုန်းများ သဖွယ်။

ဘိသော ပြည်နယ် ထုံးစံအရ ပခုံးပေါ်တွင် ဝဲနေသည့် ဦးပေါင်းထုပ် အစဖြင့် မေး၊ ပါးစပ်၊ နှာခေါင်းတို့ကို စည်းလာကြခြင်း ဖြစ်၏။ 'ဓာတ်မြင့်သူများကို အရိုအသေ ပေးသောအားဖြင့် မိမိတို့၏ နိမ့်ကျသော ကိုယ်လက် အင်္ဂါတို့ကို ဖုံးလွှမ်းထားခြင်း' ဖြစ်သည် ဆို၏။

အက်ရှ်သည် မျက်လုံးကလေးများသာ ဖော်ထားသည့် မြင်းစီး ယောကျ်ားများကို ကြည့်ကာ မိမိတို့သည် ဘယ်တိုင်းပြည်သို့ ရောက်နေသနည်းဟုပင် တွေးလိုက်မိသေးသည်။

နောက် သုံးရက် ကြာသော အခါတွင်မူ လွန်ခဲ့သည့် လပေါင်းများစွာက ကာရီကုတ် ပြည်နယ်မှ ထွက်လာခဲ့သည့် လူတန်း၊ မြင်းတန်း၊ လှည်းတန်းကြီးသည် ဘိသော ပြည်နယ်သို့ ဝင်ရောက်ခဲ့လေပြီ။ သူတို့ အဖွဲ့အား အမတ်ချုပ် ခေါင်းဆောင်သည့် မှူးမတ်များနှင့် မြင်းတပ်များက ကြိုဆိုကြသည်။ အမတ်ချုပ်ကြီးက ပန်းကုံးများ ဆက်ပြီးနောက် ကြိုဆို နှုတ်ဆက်စကား ပြောသည်။

အက်ရှ်သည် ဘိသော ရောက်လျှင် သူ့တာဝန် ကုန်ပြီဟု ဝမ်းသာခဲ့သည့်တိုင် ယခုမှ အစရှိသေးသည်ကို တွေ့ရသည့် အခါ၌ အကြီးအကျယ် စိတ်ပျက်ခြင်း ဖြစ်မိ၏။

အမတ်ချုပ်ကြီး ပြန်လည် ထွက်ခွာသွားသည့် အခါ၌ အက်ရှ်နှင့် မူးလ်ရတ်တို့သည် စော်ဘွား၏ မှူးမတ်များနှင့် အတူ သူတို့ စခန်းချ ရပ်နားရမည့် နေရာကို ကြို၍ မြင်းဖြင့် သွားကြည့်ကြရသည်။ သူတို့ စခန်းချ ရပ်နားရမည့် နေရာမှာ မဟာရာဇာ စော်ဘွား ကိုယ်တိုင် ရွေးချယ်ပေးထားခြင်း ဖြစ်ပြီး ရှေးဟောင်း မြို့တော်ကြီး ဖြစ်သည့် ဘိသော မြို့ရိုးနှင့် သုံးမိုင်ခန့် အကွာ တောင်ကြားထဲတွင် ဖြစ်သည်။

နေရာက မဆိုးလှ။ သူတို့ စခန်းကြီး တစ်ခုလုံး တောင်ကြားထဲတွင် ချောင်ချောင်ချိချိ နားနေနိုင်သည်။ သောက်ရေ သုံးရေ အလို့ငှာ အနီးတွင် စမ်းချောင်း တစ်ခုလည်း ရှိ၏။ မူးလ်ရတ်နှင့် အခြားသူများက သဘောကျကြောင်း ပြောဆိုကြ၏။ သို့ရာတွင် အက်ရှ်မှာ ထူးထူးခြားခြား တိတ်ဆိတ်နေသည်။

အနောက်မြောက် နယ်စပ်တွင် စစ်လေ့ကျင့်ခန်းကို ယူခဲ့ရသည့် နယ်ခြားစောင့် တပ်ဗိုလ် တစ်ယောက် အနေဖြင့် ကြည့်လျှင် ထိုနေရာမှာ ကောင်းကွက်ထက် ဆိုးကွက်က များနေသည်။

ဥပမာအားဖြင့် တောင်ကြားထိပ်တွင် အနည်းဆုံး ခံတပ် သုံးခု ရှိနေသည်။ နှစ်ခုက ဘိသောမြို့ကို ဝိုင်းရံထားသည့် တောင်ပေါ်တွင် အတိုင်းသား မြင်နေရ၏။ ထိုခံတပ် နှစ်ခုသည် မြို့အဝင်လမ်းများကို စီးနေသည့် အပြင် သူတို့ စခန်းချရာ မြေပြင်ကိုလည်း မိုးထားသည်။ တတိယ ခံတပ်မှာ ကျဉ်းမြောင်း နက်စောက်သော ကမ်းပါး တစ်ခုထိပ်တွင် ဆောက်ထား၏။

အက်ရှ်တို့ စခန်းသည် ထိုကမ်းပါးစောက် ကြားမှနေ၍ တောင်ကြားထဲသို့ ဝင်လာခဲ့ကြရခြင်း ဖြစ်သည်။ ခံတပ်ကြီးမှာ အခိုင်အခံ့။ ကတုတ်များထဲတွင် အမြောက်



www.burmeseclassic.com

www.burmeseclassic.com



ကြီးများကိုလည်း ဆင်ထားလိုက်သေးသည်။ ဤသည်ကို လူတိုင်း မြင်နိုင်သည်။

ထိုအမြောက်ကြီးများမှာ အလွန် ကြီးသည့် ကြေး အမြောက်ကြီးများ ဖြစ်လျက် မဂိုမင်းများတွင် ဘုန်းတန်ခိုး အကြီးဆုံး ဖြစ်သည့် အက္ကဘာ ဘုရင်ကြီး လက်ထက်က သွန်းခဲ့သည့် အမြောက်ကြီးများ ဖြစ်သည်။ တောင်ကြား ထဲသို့ ဝင်လာလျှင် ပစ်နိုင်ရန် အဆင်သင့် ပြင်ထား၏။

ဤအချက်များကို စဉ်းစားလိုက်လျှင် သူတို့ စခန်း ချရာ မြေပြန့် လွင်ပြင်ကြီးသည် ထောင်ချောက် ကြီး သဖွယ် ဖြစ်နေသည်။ အက်ရှ်သည် မြေပြင် အနေ အထားကို အကဲခတ်ကြည့်၏။ သူ တစ်ဦးတည်း အနေ ဖြင့် ပြောရလျှင် သည်လွင်ပြင် တစ်ဝိုက်တွင် မနေချင်။ သူ့အနေဖြင့် ဘီသော စော်ဘွားကို ဘာမျှ မယုံသင်္ကာ ဖြစ်စရာ မရှိ။

သို့ရာတွင် အက်ရှ်သည် မင်္ဂလာကြေး ကိစ္စ၊ ခန်းဝင် ပစ္စည်း ကိစ္စ၊ လက်ထပ် ထိမ်းမြားရေး ကိစ္စတို့ တွင် နှစ်ဖက် အချေအတင် ငြင်းခုံ ခဲ့ကြရသည်ကို သတိ ပြုမိသည်။ ကိုယ်တော်လေး လာလာဂျီ၏ လက် ထပ် မင်္ဂလာပွဲတုန်းက သဘောတူထားသည့် ခန်းဝင် ပစ္စည်းနှင့် လက်ဖွဲ့ကို သတို့သမီးဘက်မှ နှစ်ဆတိုး တောင်းခဲ့သဖြင့် ပြဿနာ ဖြစ်ခဲ့ရပြီ မဟုတ်လော။

အက်ရှ်ကို ဆိုင်ရာက ပေးလိုက်သည့် တာဝန်မှာ ကာရိကုတ် မဟာရာဇာ၏ အစ်မတော် ညီမတော်များ ၏ အကျိုးစီးပွားကို ကာကွယ် စောင့်ရှောက်ရန် ဖြစ်၏။ မင်္ဂလာကြေး ကိစ္စ၊ ခန်းဝင်ပစ္စည်း ကိစ္စ၊ လက်ဆောင် ပဏ္ဏာ ကိစ္စများတွင် နှစ်ဖက် သဘောတူသည့် အတိုင်း ဟုတ် မဟုတ် စောင့်ကြပ် ကြည့်ရှုရန် ဖြစ်၏။

သို့ဖြစ်ရာ မိမိနှင့် တကွ ကာရိကုတ် ပြည်နယ် ဘက်မှ လိုက်လာသူများ အားလုံးအား ပစ်ကွင်းကောင်း သည့် နေရာတွင် မထားလို။ အကယ်၍ ဆွေးနွေး ငြင်း ခုံစရာ ပေါ်လာ၍ သူ့အမြောက်ကြီးများ နှုတ်ခမ်းဝတွင် ထိုင်၍ ဆွေးနွေးရလျှင် များစွာ အခက်အခဲ တွေ့နိုင် သည်။ ထိုအခြေအနေတွင် မိမိဘက်က သွေးထွက်သံယို မှုကို ရှောင်လိုသည် ဆိုလျှင် သတို့သားဘက်က တောင်း ဆိုသမျှကို လိုက်လျောရန်သာ ရှိတော့သည်။ သည်လို အဖြစ်မျိုးကို သူ အရောက် မခံနိုင်။

ဤတွင် အက်ရှ်သည် မိမိတို့စခန်းကို တောင် ကြား မြေပြန့်တွင် စခန်းချခြင်း မပြုလိုဟု ငြင်းဆိုလိုက် ရုံမျှမက တောင်စောင်း တစ်ဖက် နှစ်မိုင်ခန့်သို့ ရောက် အောင် ပြန်ဆုတ် ထားလိုက်သည်။ ထို့ပြင် ဘီသော ပြည်နယ်တွင် ရှိသည့် အင်္ဂလိပ် အစိုးရ နိုင်ငံရေး အရာ ရှိ ထံသို့လည်း မိမိသည် ထိုနေရာကို အဘယ်ကြောင့် ငြင်းပယ်ရကြောင်း စာတစ်စောင် ရှင်းလင်း ရေးသား လိုက်၏။

ဤတွင် ဘီသော ပြည်နယ် မှူးမတ်များမှာ ကသိကအောက် ဖြစ်ကုန်ကြသည်။

အက်ရှ်၏ ဆုံးဖြတ်ချက်ကို မူးလ်ရတ်နှင့် အမြော် အမြင် ရှိသည့် လူကြီးပိုင်းကသာ ထောက်ခံကြသည်။ အများစုကမူ သူ့ ဆုံးဖြတ်ချက်ကို မကြိုက်ကြ။ သူတို့ စိတ်ကူးမှာ ဘီသောပြည် မြို့တော်သို့ ရောက်လျှင် ဈေး ထဲသို့ လျှောက်လည်ကြမည်။ မြို့ဟောင်းကြီးကို လှည့် လည် ကြည့်ရှုကြမည်ဟု စိတ်ကူးထားခဲ့ကြသည်။ ယခု လည်း သွားလည်လိုလျှင် လည်နိုင်သည်။ သို့ရာတွင် အသွား အပြန် ဆယ့်ခြောက်မိုင် ခရီးကြီးကို နေပူကြီး ထဲတွင် သွား၍ မဖြစ်။ ထို့ကြောင့် ဆူပူ ကန့်ကွက်ကြ ၏။

ထိုစဉ် ဘီသော စော်ဘွားထံမှ အသက်ကြီးကြီး ဆွေတော် မျိုးတော် နှစ်ဦးနှင့် အထက်တန်း အရာရှိများ လိုက်ပါလာသည့် ကိုယ်စားလှယ် အဖွဲ့ တစ်ဖွဲ့ ရောက် လာကာ ထိုနေရာသည် သာယာသဖြင့် မိမိကိုယ်တိုင် ရွေးချယ်ထားသည့် နေရာ ဖြစ်ကြောင်း၊ သခင်လေးသည် အဘယ်ကြောင့် ထိုနေရာတွင် သတို့သမီးများနှင့် အခြွေ အရံများအား စခန်းချခွင့် မပေးသည်ကို သိလိုကြောင်း ဖြင့် လာရောက် မေးမြန်း စုံစမ်းကြသည်။

ကိုယ်စားလှယ် အဖွဲ့သည် အကြီးအကျယ် စိတ် ပျက်နေပုံ ရ၏။ အက်ရှ်က မိမိတို့ ကြိုက်သည့် နေရာ တွင် စခန်း ချလိုကြောင်း၊ ထိုအတွက် စိတ်အနှောင့်အယှက် မဖြစ်စေလိုကြောင်းဖြင့် အကြောင်းပြန်သည်။ ကိုယ်စား လှယ် အဖွဲ့သည် စိတ်ဆိုးမာန်ဆိုးဖြင့် ပြန်သွား၏။

ကာကာဂျီမှာ ကြောက်လန့်နေပြီ။ မိမိတို့သည် မဟာရာဇာ ရွေးပေးသည့် နေရာတွင် စခန်းချသင့်ကြောင်း၊ စိတ်ဆိုးပြီး လက်ထပ် ထိမ်းမြားသည့် ကိစ္စကို ဖျက်သိမ်း လိုက်မည်ကို စိုးရိမ်ရကြောင်းဖြင့် ကာကာဂျီက ပြော သည်။

အက်ရှ်က မိမိတို့ဘက်မှ မင်္ဂလာကြေး၊ လက် ဆောင်ပဏ္ဏာ စသည်တို့ကို ကျေလည်အောင် ပေးပြီး ဖြစ်ကြောင်း၊ ထို့ကြောင့် ဘီသော ပြည်နယ်တွင်လည်း ငွေကုန်ကြေးကျ အမြောက်အမြား ခံကာ လက်ထပ်

www.burmeseclassic.com



မင်္ဂလာပွဲ အတွက် ပြင်ဆင်ပြီး ဖြစ်ကြောင်း၊ ထို့ကြောင့် ဖျက်သိမ်းမည် မဟုတ်ကြောင်းဖြင့် ရှင်းပြသည်။

သို့ရာတွင် အစ်မတော်ကြီး အန်ပိုရာဘိုင်နှင့် အခြား လူကြီးများမှာ ကာကာဂျီထံမှ စိုးရိမ် ပူပန်စိတ်တွေ ကူးစက်ကာ သူ ရွေးပေးသည့် နေရာတွင် စခန်းချရန် အက်ရှ်ကို တိုက်တွန်းကြသည်။

မူးလ်ရတ်မှာ ဇဝေဇဝါ ဖြစ်နေပုံရ၏။ နောက်ဆုံးတွင် ဗြိတိသျှ နိုင်ငံရေး အရာရှိထံမှ စာပြန်လာသည်။ ထိုစာတွင် ဗိုလ်ကြီး အက်ရှ်သည် အစိုးရိမ် လွန်နေခြင်း ဖြစ်ကြောင်း၊ ယခု စော်ဘွား ရွေးချယ်ပေးသည့် နေရာကို အလျင်အမြန် ပြောင်းရွှေ့စေလိုကြောင်းဖြင့် ဖော်ပြထားသည်။

ယခုကဲ့သို့ မလိုလားအပ်ဘဲ သတိထားနေခြင်းသည် ဘိသော မဟာရာဇာ စော်ဘွားအား သိက္ခာ မကင်း ဖြစ်ရာ ရောက်ကြောင်းဖြင့်လည်း ရေးထားသည်။ ဘိသော စော်ဘွားသည် မိမိ၏ ကတိကို ပြန်၍ ရုပ်သိမ်းမည် မဟုတ်ကြောင်း၊ ထို့ပြင် တစ်ဖက်က လက်မခံနိုင်သော စည်းကမ်းချက်များကိုလည်း တောင်းဆိုမည် မဟုတ်ကြောင်း၊ ထို့ကြောင့် စခန်းကို မြန်မြန် ပြောင်းနိုင်လျှင် အကောင်းဆုံး ဖြစ်ကြောင်းဖြင့်လည်း ရေးထားသည်။

နိုင်ငံရေး အရာရှိ၏ စာပါ အချက်အလက်များနှင့် လေသံမှာ အနည်းငယ် တင်းမာနေသည်။ ထို့ကြောင့် အက်ရှ် လက်မခံ၍ မရတော့။ ဤတွင် စခန်းကို ပြောင်းရန် အမိန့်ပေးလိုက်ရသည်။

နောက် နှစ်ရက်ခန့် အကြာတွင် သူတို့စခန်းမှ နောက်ဆုံး လှည်းတန်းကြီးများသည် အမြောက်ကြီးများ ဆင်ထားရာ ကမ်းပါးအောက်ရှိ တောင်ကြားထဲသို့ ဝင်ရောက်လာခဲ့ကြသည်။ စခန်းချ၍ တဲများ ထိုးပြီး နာရီပိုင်း အတွင်းတွင် အက်ရှ် အစိုးရိမ်လွန်ခြင်း မဟုတ်ကြောင်း၊ နိုင်ငံရေး အရာရှိ၏ အထင်သည် အခြေအမြစ်မရှိကြောင်းကို အတည်ပြုသည့် အဖြစ်အပျက် တစ်ရပ် ပေါ်လာခဲ့သည်။

သူတို့ စခန်းချပြီး မကြာမီတွင် ပေါ်နန်းမှ အရာရှိငယ် တစ်ဦး ရောက်လာကာ ယမန်နှစ်က အကြည်တော် ကာရိကုတ် မဟာရာဇာနှင့် စေ့စပ် ပြောဆိုခဲ့သည့် လက်ထပ် ထိမ်းမြားရေး သဘောတူညီချက်ကို ပြန်စဉ်းစားလိုက်သည့် အခါတွင် ကျေနပ်ဖွယ်ရာ မရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် လက်ရှိ အခြေအနေများတွင် ပို၍ ကျိုးကြောင်း ညီညွတ်သည့် အခြေခံပေါ်၌ ထိုစည်းကမ်းချက်များကို ထပ်မံ ဆွေးနွေးသင့်သည်ဟု ဘိသော မဟာရာဇာ၏ အုပ်ချုပ်ရေး အဖွဲ့က ဆုံးဖြတ်လိုက်ကြောင်း။

သခင်လေးနှင့် တကွ လူကြီးများ ပေါ်နန်းသို့ လာရောက် ဆွေးနွေးမည် ဆိုပါက မဟာရာဇာ အနေဖြင့် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကာ ထိုကိစ္စကို အသေးစိတ် ဆွေးနွေးရန် အဆင်သင့် ရှိကြောင်း၊ ထိုအခါတွင် မိမိ တောင်းဆိုချက်များသည် မည်မျှ တရားမျှတသည်ကို နားလည် လာကြလိမ့်မည်ဟု မျှော်လင့်ကြောင်း၊ ထိုအခါတွင် ပြဿနာသည် အမြန်ဆုံး ပြေလည် ချောမောသွားလိမ့်မည်ဟု ယူဆကြောင်းဖြင့် လာရောက် အကြောင်းကြားသည်။

အမတ်သည် စကားလုံးကို ရွေး၍ လှအောင် သုံး သွား၏။ အက်ရှ်က ဘာမျှ ဆွေးနွေးစရာ မရှိကြောင်း ပြောဆိုသည့် အခါတွင် အမတ်သည် သူ့စကားကို မကြားယောင်ပြုကာ နောက်တစ်နေ့ မနက် တွေ့ဆုံမည့် အချိန်ကို ချိန်းဆိုပြီးနောက် ခပ်သုတ်သုတ် ထွက်ခွာသွားသည်။

'ကဲ ဘယ့်နှယ့်ရှိစ၊ ကျွန်တော် မပြောဘူးလား'

အက်ရှ်က စိတ်ဆိုးဆိုးဖြင့် သူတို့စခန်းမှ လူကြီးများကို ပြောလိုက်သည်။ ဤတွင် အရာရှိကြီး တစ်ယောက်က

'ဟုတ်တာပေါ့၊ ဒီလို လုပ်လို့တော့ ဘယ်တရားမလဲ၊ စည်းကမ်းချက်ကို သဘောတူပြီးပြီ၊ အားလုံး လက်ခံပြီးပြီ၊ ဒါတွေကို ပြန်ရုပ်သိမ်းတယ် ဆိုရင်တော့ တော်တော် အရုပ်ဆိုးတာပဲ'

'ရုပ်သိမ်းနိုင်လို့ ရုပ်သိမ်းမယ်လို့ ပြောနေပြီလေဗျာ၊ ဒီတော့ ကျွန်တော်တို့ ဘာမှ မဆုံးဖြတ်ရသေးခင် သူ ဘာလုပ်မလဲ စောင့်ကြည့်ရသေးတာပေါ့၊ ကျွန်တော်တို့ ထင်သလောက် ဆိုးဆိုးရွားရွား မဖြစ်ပါစေနှင့်လို့ပဲ ဆုတောင်း ရတော့မှာပဲ'

နောက်တစ်နေ့ မနက်၌ အက်ရှ်၊ ကာကာဂျီနှင့် မူးလ်ရတ်တို့သည် မြင်းတပ်သား အစောင့်အရှောက်များကို ခေါ်ကာ မဟာရာဇာ စော်ဘွားနှင့် တွေ့ရန် မြို့တွင်းသို့ မြင်းကိုယ်စီဖြင့် ဝင်လာခဲ့ကြ၏။

လမ်းက ဆိုးလိုက်သည့်လမ်း။ လှည်းလမ်းကြမ်းကြီး သက်သက်။ ဖုန်တွေကလည်း ထူလိုက်သေးသည်။ လှည်းဘီးရာ စောက်ကြီးတွေကလည်း အနက်ကြီးတွေ။



www.burmeseclassic.com

www.burmeseclassic.com



ချိုင့်တွေ ကျင်းတွေကလည်း ပေါ်ဘိခြင်း။ နေက ကျဲကျဲ တောက် ပူနေသည်။

သူတို့ စခန်းချထားသည့် နေရာတွင် တောင်ကြား မြေပြန့်သည် နှစ်မိုင်လောက် ကျယ်မည်ဟု ခန့်မှန်းရ၏။ တောင်ကြားသည် မြို့နားသို့ ရောက်သည်နှင့် ကျဉ်းသည်ထက် ကျဉ်းလာခဲ့လေပြီ။ အချို့ နေရာများတွင် ဆိုလျှင် တစ်မိုင်လောက်သာ ကျယ်တော့သည်။ ထိုတောင်ကြားကလေးသည် မြို့ဝင်သည့် သဘာဝ တံခါးပေါက်ကြီးသဖွယ် ဖြစ်လျက် ရှိ၏။ ထိုတောင်ကြား ဆုံးလျှင် 'ဧကရီ ကန်တော်ကြီး' ကို တွေ့ရသည်။ ထိုကန်တော်ကြီးဘေး တောင်များ ခြံရံထားသည့် မြေပြန့် လွင်ပြင်တွင် ဘိသောမြို့ကို တည်ထားခဲ့ခြင်း ဖြစ်သည်။

မြို့သက်က ရှည်လှပြီ။ သို့ရာတွင် ဘိသောမြို့သည် များစွာ ပြောင်းလဲခြင်း မရှိ။ ထုံးစံ ဓလေ့တို့ကလည်း မပြောင်းလဲ။ အနေအထိုင်ကလည်း မပြောင်းလဲ။

မြို့ပြင်သို့ ထွက်သည့် တံခါးကြီး လေးပေါက် ရှိသည်။ ယင်းတို့မှာ လွင်ပြင်သို့ ထွက်သည့် ဟတ္ထိ တံခါး (ဆင် တံခါး)၊ ကန်တော်ကြီးဘက်သို့ မျက်နှာမူနေသည့် သီတာ တံခါး (ရေစင် တံခါး)၊ မြောက်ဘက်တွင် မောရိယ တံခါး (ဒေါင်း တံခါး) နှင့် တောင်ဘက်တွင် သက္က တံခါး (သိကြား တံခါး) တို့ ဖြစ်သည်။ တောင်ဘက်နှင့် မြောက်ဘက် တံခါးများမှ မျှော်ကြည့်လျှင် တစ်မိုင်နီးပါး ရှည်လျားသည့် လယ်ကွင်းကြီးများကို မြင်ရသည်။ ထိုလယ်ကွင်းများ အစွန် တောင်ကြီး တစ်လုံးပေါ်တွင်မူ ရှေးဟောင်း ခံတပ်ကြီး တစ်ခု။

လယ်ကွင်းများ အလယ်တွင် ရှိနေသည့် တောင်ကမ်းပါးယံ မြို့ကြီးသည် မြစ်ထဲက ကျောက်တောင်ကြီး တစ်ခုနှင့် တူနေသည်။ လယ်ကွင်းများက စိမ်းစိုလျက်။ စပါးခင်းများ၊ ဟင်းသီးဟင်းရွက်ခင်းများ၊ ကြံခင်းများ။ ထိုအခင်းများ အလယ်တွင် သရက်ခြံ၊ ထန်းတော၊ ဆီးပင်အုပ်၊ သဘော်ပင်များဖြင့် အပြောက်ခတ်ထားသည်။ ထိုလယ်ကွင်းများကို လွန်လျှင် စားကျက်များကို မြင်ရ၏။ ထို့နောက် ကျောက်တောင်ကြီးတွေ။

နေပူကျဲကျဲတွင် မြင်းစီးလာခဲ့ရာမှ မြို့တံခါး အရိပ်ကြီးတွေအောက် ရောက်သွားသဖြင့် အက်ရှ် အမောပြေသွား၏။ သူတို့ ပြောရမည့် စကားက ခက်ခက်ခဲခဲ ပြောရမည့် စကား။ သို့ရာတွင် အေးမြသည့် ဟော်နန်းထဲတွင် ဇိမ်ရှိရှိ ထိုင်ပြောရမည် ဖြစ်သဖြင့် တော်သေးသည်ဟု ဆိုရမည်။

မြို့တံခါးမှ သူတို့ ဖြတ်သွားသည်ကို အစောင့်ကပင် အလေးမပြု။ ဤသည်ကို ထောက်လျှင် သူတို့ ပြောရမည့် စကား မည်မျှ ခက်ခဲနိုင်ကြောင်းကို အက်ရှ် သတိ ပြုလိုက်မိပြီ။

ထို့အပြင် တံခါးဝမှ နေ၍ သူတို့ကို ဟော်နန်းသို့ ခေါ်သွားမည့် လူကလည်း လက်ပါးစေ အဆင့် သာသာ အရာရှိကလေး တစ်ယောက်မျှသာ။ သံတမန် ဆိုင်ရာ စည်းကမ်းတို့ကို ဖောက်ဖျက်သည့် အပြုအမူ တစ်ခု။ စော်ကားခြင်း မပြုရုံတမည်မျှသာ ကျန်တော့သည်။

မူးလ်ရတ်က အံကို ကြိတ်လိုက်ပြီးနောက်

'သခင်လေး၊ ကျွန်တော်တို့ လှည့်ပြန်ကြရင် ကောင်းမယ် ထင်တယ်ဗျာ၊ ဒီကောင်တွေ လူလို သူလို နားလည်မှ စကားပြောတာ ကောင်းတယ်'

အက်ရှ်က

'နေပါဦးဗျာ၊ ဒီက စောင့်ကြည့်သေးတာပေါ့'

အက်ရှ်က လက်ကို မြှောက်ပြလိုက်သည်။ နောက်တွင် ပါလာသည့် အစောင့်များသည် မြင်းကို ရပ်လိုက်ကြ၏။ ထို့နောက် အမတ်ဘက်သို့ လှည့်ကာ ခပ်ကျယ်ကျယ်ဖြင့်

'စော်ဘွားကြီးကို တွေ့ချင်ဇောနှင့် လာခဲ့တာ ကျွန်တော်တို့ စောများ စောနေသလား မသိဘူး ခင်ဗျ၊ စော်ဘွားကြီး အဆင်သင့် မဖြစ်သေးဘူး ထင်တယ်၊ ဒါမှမဟုတ်ရင်လည်း စော်ဘွားကြီး စက်ရာကပဲ နောက်ကျနေသလား၊ အပါးတော်မြဲများကပဲ လစ်ဟင်းနေသလား၊ ကိစ္စ မရှိပါဘူး ခင်ဗျာ၊ ဖြစ်တတ်ပါတယ်၊ ဘယ်ဟော်နန်းမှာပဲ ဖြစ်ဖြစ် ဒီလို လစ်ဟင်းတာလေးတွေ ရှိစမြဲပါ၊ ကျွန်တော်တို့ကလည်း ဒီလောက် အရေး မကြီးပါဘူး၊ ဒီတော့ ကျွန်တော်တို့ မြို့ပြင်ဘက် မြို့ တံခါးကပဲ စောင့်နေပါ့မယ်၊ အဆင်သင့်မှ ခေါ်ပါ'

'ဒါပေမဲ့...'

အမတ်သည် မရေမရာ ဖြစ်နေသည်။

'ကိစ္စ မရှိပါဘူး ခင်ဗျာ၊ တောင်းပန်စရာ မလိုပါဘူး၊ အားလုံး အဆင်ပြေပါတယ်၊ ဒီက မိတ်ဆွေကြီး သွားချင်တယ် ဆိုရင် သွားနိုင်ပါပြီ'

အက်ရှ်သည် နောက်သို့ ပြန်လှည့်လိုက်သော်လည်း ကာကာကျီနှင့် စကားပြောနေသည်။ အမတ်က လည်

www.burmeseclassic.com

www.burmeseclassic.com



ချောင်းကို ရှင်းကာ တစ်စုံတစ်ရာကို ပြောရန် ပြင်လိုက်၏။ သို့ရာတွင် မူးလ်ရတ်က လေသံပြတ်ပြတ်ဖြင့်

'သခင်လေး ပြောတာ ကြားပြီးပြီ မဟုတ်လား၊ ခင်ဗျားကို သွားပါလို့ ခွင့်ပေးထားပြီကပဲ'

အမတ်သည် မြို့တွင်းသို့ ပြန်ဝင်သွား၏။ ကာရီကုတ်မှ ကိုယ်စားလှယ် အဖွဲ့သည် မြို့တံခါး အရိပ်တွင် မြင်းကိုယ်စီဖြင့် ရပ်စောင့်နေကြသည်။ နောက်မှ လိုက်ပါလာသည့် ကိုယ်ရံတော် မြင်းစီးတပ်သားများက ဝိုင်းအုံကြည့်နေသည့် လူများကို နောက်သို့ အဆုတ်ခိုင်းနေသည်။

မူးလ်ရတ်ကမူ ကာကာဂျီဘက် လှည့်၍ ဘိသော ပြည်နယ် စော်ဘွား လုပ်ပုံ ညံ့ဖျင်းကြောင်း၊ စည်းကမ်းမဲ့ကြောင်း၊ ရာဇဝါဒ ကျမ်းများနှင့် အညီ မင်းတို့ လိုက်နာအပ်သည့် သံတမန် ထုံးတမ်းစဉ်လာတို့ကို နားမလည်ကြောင်း၊ ခေတ်နောက်ကျသည့် ပြည်နယ်ကလေးများသည် ထိုအတိုင်းပင် ဖြစ်ကြောင်းဖြင့် ပြောဆိုလျက် ရှိသည်။

ကာကာဂျီကို ပြောဆိုခြင်း ဖြစ်သည့်တိုင် မူးလ်ရတ်သည် ထိုစကားများကို ဘေးမှ ဝိုင်းအုံကြည့်နေသည့် ပရိသတ်များ ကြားအောင် ခပ်ကျယ်ကျယ်ကလေး ပြောဆိုနေခြင်း ဖြစ်၏။

နောက်မှ လိုက်ပါလာသည့် ကိုယ်ရံတော် အစောင့်တပ်သားများမှာမူ မူးလ်ရတ်၏ စကားကို ကြားကာ တပြုံးပြုံး ဖြစ်နေကြလေပြီ။

ကာကာဂျီကမူ သည်လောက် ပြောရကောင်းလောဟု ဆိုကာ မူးလ်ရတ်ကို အပြစ်တင်လျက် ရှိ၏။ ယခုကဲ့သို့ ဖြစ်ရသည်မှာ သူတို့ အပြစ်ချည်း မဟုတ်ကြောင်း၊ မိမိတို့ထက် ယဉ်ကျေးမှုအရ အဆင့်အတန်း နိမ့်သူများ ဖြစ်သည့် အလျောက် သူတို့ကို ကဲ့ရဲ့ အပြစ်တင်နေ၍လည်း ဘာမျှ အကျိုး မထူးကြောင်းဖြင့် ပြောနေသည်။

မူးလ်ရတ်သည် လူကြီး ဖြစ်သည့် ကာကာဂျီ စကားကို ပယ်လှန်ခြင်း မပြုလိုသည့် အတွက် တိတ်တိတ်နေလိုက်၏။ ထို့နောက် အရွဲ့တိုက်သည့် အနေဖြင့် မြို့တံခါးကြီး မည်မျှ ခမ်းနားကြောင်း၊ စော်ဘွား၏ ကိုယ်ရံတော်တပ်များ မည်မျှ ခံ့ညား ထည်ဝါကြောင်း၊ မိမိတို့ အတွက် စခန်းချရန် ပြုလုပ်ထားသည့် အစီအစဉ်မှာလည်း မည်မျှ ပြည့်စုံကြောင်းကို ကျယ်လောင်စွာ ပြောဆိုလျက် ရှိသည်တွင် ကိုယ်ရံတော်များနှင့် အနီးတစ်ဝိုက်ရှိ လူများမှာ မူးလ်ရတ် တမင် ပြောနေမှန်းကို သိသည့် အတွက် ပြုံးစိစိ ဖြစ်နေကြသည်။

အက်ရှ်ကမူ တစ်ခွန်းမျှ မပြော။ အက်ရှ်သည် မိမိတို့ ကြုံတွေ့ရမည့် အခက်အခဲကို ကြိုတင် တွက်ဆပြီး ဖြစ်၏။ ဘိသော စော်ဘွားက မိမိတို့ သံတမန် ထုံးတမ်းစဉ်လာများနှင့် အညီ ကြိုဆိုခြင်း ပြုအောင် လုပ်ဖို့ ကိစ္စသည် သာမန် အသေးအဖွဲ။ သူက ထိုသို့ ကြိုဆိုခြင်း ပြုသည့် အတွက် မိမိတို့က အနိုင်ရသည် ဆိုလျှင် နိုင်မှတ်သည် တစ်မှတ် နှစ်မှတ်ထက် မပို။

ပြဿနာက ထုံးတမ်းစဉ်လာနှင့် အညီ ကြိုရေး မကြိုရေး မဟုတ်။ လက်ထပ်မင်္ဂလာ ကိစ္စကို ဆွေးနွေးသည့် ပြဿနာသာလျှင် တကယ့် ပြဿနာဟု အက်ရှ်ယူဆသည်။ ထိုကိစ္စကို ဆွေးနွေးသည့် အခါတွင် ဘိသော စော်ဘွားသည် မည်သို့ ပြောလာမည်နည်း။ မိမိတို့ဘက်ကလည်း မည်မျှ တင်းခံနိုင်မည်နည်း။

မြင်းခွာသံများကို ကြားရပြီးနောက် စော်ဘွား၏ ကိုယ်ရံတော် ဗိုလ်ချုပ်၊ အမတ်ကြီး နှစ်ဦးနှင့် အသက်ကြီးကြီး အနွယ်တော် တစ်ဦးတို့ ရောက်လာကြကာ ဧည့်သည်များ လာရောက်မည့် အချိန်ကို အမှတ် မှားသည့် အတွက် တောင်းပန်ပါကြောင်း၊ အချိန် အမှတ် မှားလိုက်သည့် အတွက် အကြို နောက်ကျခြင်း ဖြစ်ကြောင်း၊ ထိုသို့ ဖြစ်ရသည်မှာလည်း မတော်တဆဖြစ်ခြင်း ဖြစ်ကြောင်း (အတွင်းဝန် တစ်ဦးက စော်ဘွားကို အချိန်မှား၍ ပြောမိဟန် တူသည် ထင်ကြောင်း)၊ တာဝန်ရှိသည့် ပုဂ္ဂိုလ်ကို ထိုက်သင့်သည့် အပြစ် ပေးမည် ဖြစ်ကြောင်း၊ ဧည့်သည်တော်များ အဆင်မပြေ ဖြစ်ရသည့် အတွက် ဝမ်းနည်းပါကြောင်းဖြင့် ပြောဆိုသည်။

ဧည့်သည်တော်များသည် တောင်းပန်ချက်ကို လက်ခံပြီးနောက် အခမ်းအနားဖြင့် မြို့တွင်းသို့ ဝင်လာခဲ့ကြ၏။ လမ်းကလေးတွေက ကျဉ်းကျဉ်း။ ဝက်ပါလိုကောက်ကွေ့လျက်။ ထိုလမ်းကလေးများ အတိုင်း စော်ဘွားကြီး စောင့်ကြိုနေရာ ဟော်နန်းသို့ လာခဲ့ကြသည်။

အက်ရှ်သည် သူ ငယ်ငယ်က တွေ့ခဲ့ရသည့် ဂူးလ်ကုတ်မြို့ကို မမေ့သေး။ အိန္ဒိယပြည် မြို့တော်ကြီးများကိုလည်း သူ မြင်ခဲ့ တွေ့ခဲ့ဖူးပြီ။ သို့ရာတွင် ဘိသော မြို့နှင့် တစ်မြို့မျှ မတူ။

ဂူးလ်ကုတ်မြို့မှ လမ်းမများနှင့် ဈေးကွက်များက ဆူဆူညံညံ။ အသွေးအရောင် တောက်တောက်ပပ။ သွားကြ လာကြ လှုပ်ရှားကြ။ အသက်ဝင်လျက်။



www.burmeseclassic.com

www.burmeseclassic.com



ပက်ရှဝါ ဆိုလျှင်လည်း ယုန်အိမ်လို တိုးတိုး ဝှေ့ဝှေ့။ ကျပ်ကျပ်သိပ်သိပ်။

မြို့တံတိုင်းကြီးတွေ ကာထားသည့် ဒေလီနှင့် လာဟိုမြို့တို့ ဆိုလျှင်လည်း ဈေးဆိုင်ကနားတွေ၊ အော်ဟစ် ရောင်းချနေသည့် ဈေးသည်တွေ၊ သောသောညံ စကား ပြောဆိုနေကြသည့် မြို့သူမြို့သားတွေ။

သို့ရာတွင် ဘိသောကား လွန်လေပြီးသော ခေတ်ကြီး တစ်ခေတ်သို့ ပြန်ရောက်သွားသည့်နှယ်။ အိုမင်း၍ အန္တရာယ်များသော ခေတ်ကြီး။ ကြောက်မက်ဖွယ် လျှို့ဝှက် ဆန်းကြယ် အသွယ်သွယ်တို့ဖြင့် ပြည့်နေသော ခေတ်ကြီး။

မြို့တံတိုင်း အဖြစ် ကာထားသည့် သဲကျောက်အုတ်ကြီးတွေက ဖြုဖြော့ဖျော့။ နေရောင်သည် သူတို့အရောင်ကို ရာစုနှစ်ပေါင်း များစွာကတည်းက စုပ်ယူသွားသည့်နှယ်။ မြို့ရိုး အရိပ်ကြီးက ပြာမှဲမှဲ။ အကွက်ချခြင်း မရှိဘဲ စိတ်ကူးတည့်ရာ ဖောက်ထားသည့် လမ်းတွေက ကွေ့ကောက်လျက်။ အိမ်မျက်နှာစာတွေက ပြတင်းပေါက် မရှိ၊ ဘာမရှိ။

အက်ရှ်သည် ထိုအိမ်ကြီးများ ကြည့်၍ အကျဉ်းကျနေသူနှယ် ခံစားနေရသည်။ ထိုအိမ်များထဲသို့ နေရောင်ခြည် ရောက်မည် မထင်။ လေဝင်ဖူးမည် မထင်။ တံခါးတွေ ပြတင်းတွေ ပိတ်ထားသည့် ထိုအိမ်များထဲတွင် နေသူများသည် သာမန် လူသားများပင် ဟုတ်မှဟုတ်ပါလေစ။

သို့ရာတွင် ပြတင်းပေါက် တရုတ်ကတ် ကြားမှ လမ်းမကို ချောင်းကြည့်နေသည့် မျက်လုံးများကို သူမြင်ရသည်။ ထိုမျက်လုံးများမှာ အမျိုးသမီးများ၏ မျက်လုံးများ ဖြစ်၏။

သို့ရာတွင် မှောင်ရိပ်ကျသည့် လမ်းကျဉ်းကျဉ်းကလေးများထဲတွင် အမျိုးသမီး အချို့ကို ထူးထူးဆန်းဆန်း တွေ့လိုက်ရသည်။ ခေါင်းမြီးခြုံလျက်။ မျက်လုံးကလေးမှအပ အခြား ဘာကိုမျှ မမြင်ရ။ အဝတ်က ခြေမျက်စိဖုံးနေသည်။ အဝတ်က အနက်ရောင်။ သံချေးရောင်၊ မြေဝါရောင်နှင့် လိမ္မော်ရောင်တို့ကို တစ်ခါတစ်ရံ မြင်ရသည်။ ရာဇပုတ် နယ်သူတို့ ဝတ်လေ့ ရှိသည့် အဝတ်အစား ဖြစ်၏။ အခြား ပြည်နယ်သူများ ဝတ်လေ့ ရှိသည့် အပြာရောင်၊ အစိမ်းရောင်တို့ကို မတွေ့ရ။

အမျိုးသားများပင်လျှင် မျက်နှာကို မဖော်။ ဦးဖောင်းထုပ်ကြီးမှ ဖားလျားကျနေသည့် အစကို ပါးစပ်နှင့် နှာခေါင်းတို့တွင် ပတ်ထားသည်။ သူတို့ ကြည့်ပုံကိုထောက်လျှင် ဥရောပတိုက်သားသည် ဘိသော ပြည်နယ်တွင် အထူးအဆန်း ဖြစ်နေသည်။ သို့ရာတွင် ရန်လိုသည့် အကြည့်။

မြို့သူ မြို့သားများသည် အက်ရှ်ကို အထူးအဆန်း သဖွယ် ဝိုင်းကြည့်နေကြ၏။ ကြောင်တွေချည်း ရှိသည့် လမ်းကြားကလေး တစ်လမ်းထဲတွင် ခွေးတစ်ကောင် လျှောက်လာသည့်နှယ်။ အက်ရှ်သည် သူတို့၏ ဥပေက္ခာ နိုင်လှသော တိတ်ဆိတ်မှုကြောင့် တိရစ္ဆာန် တစ်ကောင်လို သတိကြီးစွာ ထားနေမိသည်။

'သူတို့ အကြည့်တွေက ဘယ့်နှယ့်လဲဗျ၊ မင်္ဂလာဆောင်ဖို့ လာတဲ့ လူတွေ မဟုတ်ဘဲ မကောင်းတဲ့ အကြံနှင့် လာတဲ့ လူတွေကို ကြည့်နေသလိုပါပဲလား၊ မြို့ကြီးကို ကြည့်ရတာကိုက မင်္ဂလာ မရှိဘူးဗျာ၊ ဒီလိုမြို့က ဒီလို လူတွေက သွေးသောက် နတ်ပူဇော်တာ ဆန်းသလားဟိုမှာ ကြည့်စမ်းပါဦး'

မူးလ်ရတ်က ခပ်တိုးတိုး ပြောသည်။

အက်ရှ်က သူ ပြရာသို့ ကြည့်လိုက်၏။ လမ်းဆုံတွင် ကာလီ နတ်သမီး၏ နတ်ကွန်းကို တွေ့ရသည်။ နတ်ကွန်း အနီးမှ ဖြတ်စီးလာခဲ့သည့် အခါတွင် အက်ရှ်သည် ကာလီ နတ်သမီး၏ ကြောက်စရာ မျက်နှာကို လှမ်းကြည့်လိုက်မိ၏။ ကိုးကွယ်သူတို့သည် တိရစ္ဆာန်၏ လည်ချောင်းသွေးဖြင့် ထိုနတ်သမီးကို ယဇ်ပူဇော်ခဲ့ကြသည် မဟုတ်လော။

ကာလီ နတ်သမီးတွင် လက်တွေကလည်း များလှဘိခြင်း။ မျက်လုံးကြီးတွေ ပြူးထွက်လျက်။ လျှာကြီးက တန်းလန်း။ လည်တွင် တိရစ္ဆာန် ခေါင်းခွံများကို ပုတီးလုပ်၍ ဆွဲထားသည်။ ကမ္ဘာဖျက်သည့် သျှီဝနတ်မင်း၏ နတ်ဒေဝီ မဟုတ်လော။ သည်လိုမြို့တွင် သည်လို နတ်သမီးနှင့် လိုက်ပါပေ့ဟု အက်ရှ် စိတ်တွင် ဆိုမိသည်။

နတ်ကွန်းနားတွင် ဆိတ်တို့ကို သတ်၍ ယဇ်ပူဇော်ထားသည့် အတွက် ယင်တအုန်းအုန်း ဝဲလျက် ရှိ၏။ အက်ရှ်သည် ထိုအဖြစ်ကို ကြည့်ရင်း စိတ် မသက်မသာ ဖြစ်ရာမှ ခေါင်းကို ယမ်းလိုက်မိသည်။

လမ်းများကို ကွေ့ကောက် ဖြတ်သန်းလာပြီးနောက် သူတို့သည် ကျောက်တုံး ပော်နန်းဝတွင် မြင်းများပေါ်မှ ဆင်းသက်ခဲ့ကြပြီးနောက် ဖုန်ထူသည့် အဆောင်များနှင့် ကျောက်တုံး စင်္ကြံကြီးများ အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာခဲ့ကာ မဟာရာဇာ စော်ဘွား ရှိရာ ပလ္လင်ဆောင်သို့ လာခဲ့ကြသည်။ ဟော်ထဲတွင်လည်း မြို့ထဲတွင် မြင်ခဲ့ရသည့် အိမ်များလို အက်ရှ်၏ စိတ်သည် မည်းမှောင် မွန်းကျပ်နေသည်ဟု ထင်မိ၏။ ဟော်ကြီးတစ်ခုလုံးက ငြိမ်သက်လျက်။ တရှိန်ရှိန် ပူလောင်လျက်။

ဂူးလ်ကုတ်က လေညင်းသာ ဟော်နန်းနှင့် စာလျှင် ဘီသော မြို့တော်မှ ရွှေရေး ဟော်နန်းဆောင်သည် ကြီးကျယ် ခမ်းနားခြင်း မရှိလှ။ ရင်ပြင် ခြောက်ခု၊ ဥယျာဉ် နှစ်ခုနှင့် ခန်းဆောင်ပေါင်း ခြောက်ဆယ်ခန့်သာ ရှိမည် ထင်ရ၏။ လေညင်းသာ ဟော်နန်းမှာမူ မည်သူမျှ ရေတွက်ဖူးခြင်း မရှိသည့်တိုင် ခန်းဆောင်ပေါင်း တစ်ရာပတ်လည် တစ်ဝိုက်တွင် ရှိလိမ့်မည်။

ဟော်နန်း အပြင်ဘက် ရင်ပြင်တွင် လက်နက်ကိုင် အစောင့်အရှောက်များ ပြည့်ကျပ်လျက် ရှိ၏။ အက်ရှ်သည် အတွင်းဆောင်များနှင့် စင်္ကြံများတွင် စောင့်ကြပ်နေသည့် စော်ဘွား၏ ကိုယ်ရံတော်တပ်ကို မြင်လိုက်သည့်အခါတွင် လန့်ဖျပ်သွားသည်။ အရေအတွက်များသောကြောင့် မဟုတ်။ သူတို့၏ ထူးဆန်းသော အဝတ်အစားကြောင့် ဖြစ်သည်။ သူတို့ အားလုံးမှာလည်း မျက်နှာများကို ဖုံးထားကြသည်။

ကိုယ်ရံတော် ဗိုလ်များသည် ကရူးဆိတ် စစ်ပွဲများတုန်းက စစ်သည်တွေ ဆောင်းခဲ့သည့် သံခမောက် မြင့်မြင့်ကြီးများကို ဆောင်းထားသည်။ ထို့ပြင် ရှေးသံခမောက်ကြီးများမှာ နှာခေါင်းပေါက် နေရာတွင် ပြားပြားကြီး ဖြစ်ပြီး မျက်နှာပြင်ပေါ်တွင် ရွှေနှင့် ငွေလှိုင်းတွန့်ကြောင်းများ ရေးခြယ်ထားလျက် ရန်သူ့ ဓားချက်လှံချက် မထိအောင် မေးရိုးနှင့် လည်ပင်း တစ်ဝိုက်တွင် သံကျပ်ခွေများကို စွပ်ထားသည်။ သို့ဖြင့် ဝတ်ဆင်သူ၏ မျက်နှာကို လုံးဝ မမြင်ရတော့ဘဲ မျက်လုံး ကွက်ကွက်ကလေးသာ ပေါ်လျက် ရှိ၏။ သာမန် တပ်သားများ၏ သံခမောက်မှာလည်း ပုံစံ အတူတူ ဖြစ်သည့်တိုင် ခေါင်းစွပ်မှာ သားရေဖြင့် လုပ်ထား၏။

မှိန်ပျပျသာ ရှိသော အလင်းရောင်တို့တွင် သူတို့၏ သဏ္ဍာန်ကြီးများသည် တစ်မျိုး ကြောက်စရာကောင်းနေသည်။ သို့ဖြင့် စင်္ကြံတွင် ရပ်နေသော တပ်ဗိုလ် တပ်သားများကို ကြည့်ရသည်မှာ ခေါင်းစွပ်ကြီးတွေ စွပ်ထားသည့် အရုပ်ကြီးများ၊ ဆေးစိမ်ထားသော ရှေးစစ်သည် သူရဲများတို့၏ အလောင်းကောင်များနှင့် တူနေသည်။ ကျန် အခြွေအရံများသည်လည်း သံခေါင်းစွပ်များကို စွပ်ထားကြသည်။ သူတို့ လက်ထဲတွင်မူ ဓားရှည် ကိုင်ခြင်း မရှိ။ လှံတိုကလေးများကို ကိုင်ထားကြသည်။

အက်ရှ်သည် သူတို့ကို ကြည့်၍ ခြောက်လုံးပြူး မယူခဲ့သည်ကို နောင်တရမိနေသည်။ သံခေါင်းစွပ်ကြီးတွေ စွပ်ထားသည့် သူတို့တစ်တွေကို ကြည့်ရသည်မှာ သူတို့ အနောက်တိုင်းသားများ နားလည်သည့် တရားဥပဒေတို့ ဘာတို့ကို ဂရုစိုက်ဟန် မတူ။ ဘီသောသည် သူတို့နှင့် ခြားနားသည့် ခေတ်ကြီး တစ်ခု။ ကမ္ဘာကြီး တစ်ကမ္ဘာ။ ဘီသောသည် ပစ္စုပ္ပန်နှင့် တခြားစီ။ သူကိုယ်တိုင်သည် တရားဥပဒေ။

ခန်းဆောင် တစ်ခုထဲသို့ အရောက်တွင် ဘီသော မဟာရာဇာ စော်ဘွား၏ အရောင် ဖြစ်သော ကြက်သွေးရောင်၊ ထုံးခြောက်ရောင်နှင့် လိမ္မော်ရောင်တို့ကို အဆင့်အသီးသီး အလိုက် ဝတ်ဆင်ထားသည့် အခြွေအရံ ငါးဆယ်ခန့်တို့သည် ဧည့်သည်များ ဝင်လာသည့် လမ်းတစ်ဖက်တစ်ချက်တွင် တန်းစီရပ်လျက် ရှိကြ၏။ ထိုထိပ်တွင်မူ ဆွေတော် မျိုးတော်များနှင့် မှူးမတ်များ အသီးသီး နေရာယူ ထားကြသည်။

ဧည့်သည်တော်များအား မဟာရာဇာ စော်ဘွားနှင့် တကွ အမတ်ချုပ်ကြီး၊ အမတ်များနှင့် အရာရှိများ ရှိရာ ညီလာခံ ခန်းမသို့ ခေါ်သွားကြသည်။

ညီလာခံ ခန်းမမှာ လှပသည့် ခန်းဆောင် တစ်ခု ဖြစ်၏။ ရှေ့မျက်နှာစာတွင် တိုင်လုံးကြီး သုံးတန်း ရှိနေသဖြင့် ယခုလို ပူပြင်းသည့် ရာသီတွင် ညီလာခံရန် သင့်လျော်ခြင်း မရှိသည့်တိုင် အတော်အတန် လှပသည့် ခန်းဆောင်ကြီး တစ်ခု ဖြစ်သည်။

နေရောင်သည် ခန်းဆောင်ထဲသို့ ထိုးကျလျက် ရှိပြီး လေကွယ်နေသဖြင့် ခန်းဆောင်ထဲတွင် အနည်းငယ် ပူအိုက်နေသည်။ သို့ရာတွင် ခန်းဆောင်မှာ ကြည့်၍ လှသဖြင့် တော်သေးသည်ဟု ဆိုရလိမ့်မည်။ ဝတ်ရုံကြီးများကို ဝတ်ကာ ကြမ်းပြင်တွင် ဝပ်၍ ခစားနေကြသည့် မှူးမတ် အခြွေအရံများ အဖို့သော်မူ အပူရှိန်သည် ဘာမျှ မဆန်းတော့။

ခန်းဆောင် အစွန်တွင် လှေကားထစ်များ ရှိသည့် စင်မြင့် တစ်ခု ရှိပြီး မဟာရာဇာ စော်ဘွားကြီး ညီလာခံရာ ပလ္လင်ကြီး တစ်ခု ရှိသည်။ ပလ္လင် နောက်တွင်မူ မှန်သားကဲ့သို့ ချောပြောင်နေသည့် အနက်ရောင် ကျောက်သား နံရံကြီး ရှိ၏။ ပလ္လင်၏ ဘေးတစ်ဖက်တစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



တွင်မူ ကနုတ်ပန်းနွယ်တို့ ဖော်ထားသော ကျောက်ဖြူသား လိုက်ကာများ ရှိသည်။

မိန်းမဆောင်မှ ကြင်ရာတော်များ၊ အခြွေအရံများသည် ထိုလိုက်ကာ နောက်ကွယ်မှ နေ၍ ညီလာခံပရိသတ်ကို ချောင်းမြောင်း ကြည့်လေ့ ရှိကြသည်။ လိုက်ကာပေါ်တွင် တိရစ္ဆာန်ပုံ၊ ငှက်ပုံ၊ ပန်းပွင့်ပုံ စသည်တို့ကို ကျောက်ဆစ်ပန်းကြွ ထုထား၏။

တစ်ခါကမူ ထိုပန်းကြွရုပ်များသည် အသွေးအရောင်စုံ တောက်ကာ လှပနေပေလိမ့်မည်။ သို့ရာတွင် ရာစုနှစ်ပေါင်း များစွာ ကြာခဲ့သည့် ယခုအချိန်တွင်မူ ထိုအသွေးအရောင်တို့လည်း မှေးမှိန်ခဲ့ကြပြီ။

သို့တိုင် မဟာရာဇာ စော်ဘွား၏ မှူးမတ်များသည် အသွေးစုံ အရောင်စုံ ပြိုးပြက်နေကြသော ဝတ်လုံကြီးများကို ဝတ်ထားကြသည့် အတွက် ညီလာခံ ခန်းမသည် တစ်မျိုး ကြည့်၍ ကောင်းနေသည်။

ဦးဖောင်းထုပ်ကြီးများက ကြက်သွေးရောင်၊ အဝါရောင်၊ ထုံးခြောက်ရောင်၊ ပန်းနုရောင်၊ မရန်းရောင်...။ ဝတ်လုံကြီးများက အပြာရောင်၊ ခရမ်းရောင်၊ အစိမ်းရောင်၊ ဟင်္သပဒါးရောင်၊ လိမ္မော်ရောင်...။ အဝေးမှနေကြည့်လျှင် အရောင်မျိုးစုံ ရောထားသည့် အစုအခဲကြီးနှင့် တူတော့သည်။

ထိုမျှမက အလယ် မင်းလမ်းမတွင်လည်း ကြက်သွေးရောင် ဦးဖောင်းထုပ်များကို ပေါင်းထားကာ လိမ္မော်ရောင် စလွယ်၊ အနီရောင်ရဲရဲ ဆိုးထားသည့် မြင်းမြီးယပ်ကြီးများကို ကိုင်၍ ရပ်နေသည့် အစေတော်များက နှစ်တန်းခွဲ၍ ရပ်နေသည့် အခါတွင် ရှုခင်းမှာ ကြည့်၍ မဝနိုင်လောက်အောင် လှပ ဆန်းကြယ်နေသည်။

စင်မြင့်ပေါ်တွင် အစေတော်များ ရပ်နေကြသည်။ နှစ်ယောက်မှာ ပလ္လင် တစ်ဖက်တစ်ချက်တွင် ရပ်ကာ ဒေါင်းမြီး ယပ်ကြီးများကို လှုပ်ယမ်းလျက် ရှိကြ၏။ ကျန်အစေတော်များတို့မှာ ရာဇပုတ်နယ်သုံး ဖြစ်သည့် တူလ်ဝါး ခေါ် ဓားကောက်ရှည်ကြီးများကို ဓားအိမ်မှ ချွတ်၍ ကိုင်ထားကြသည်။

ပလ္လင်ပေါ်တွင်မူ ပုလဲနှင့် ကျောက်မျက်ရတနာတို့ စီထားသည့် ကော်ဇောကြီး တစ်ချပ် ခင်းထားပြီး ထိုကော်ဇောပေါ်တွင်မူ ငယ်ထိပ်မှ ခြေဖျားတိုင် ရွှေတို့ ညွတ်နေအောင် ဝတ်ဆင်ထားသည့် ခမ်းနား ကြီးကျယ်မှု အပေါင်းတို့၏ အရှင်သည် တင်ပျဉ်ဖွဲ့ခွေ ထိုင်လျက် ရှိ၏။

ထိုသူကား ဘိသော မဟာရာဇာ စော်ဘွား ဖြစ်သတည်း။

ရာဇပုတ်နယ်သား စစ်သူရဲမျိုးတို့သည် ရုပ်ရည်ချောမော ခံ့ညားကြသည်ဟု နာမည်ကြီးသည်။ ယခုညီလာခံကို ကြည့်လိုက်ရုံမျှဖြင့် ထိုအချက်သည် ထင်ရှား၏။ မည်သည့် ဥရောပတိုက် ဘုရင် ဧကရာဇ်တို့၏ ညီလာခံတွင်မျှ ဤသို့ ချောမော ခံ့ညားသော အစုအဝေးမျိုး ရှိမည် မထင်။

သက်ကြီး ရွယ်အို မှူးမတ်ကြီးများပင်လျှင် မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးတွေ ဖြူနေသည့်တိုင် ငယ်ငယ်က ရှိနေခဲ့သည့် ချောမော ခံ့ညားသည့် လက္ခဏာတို့သည် အထင်းသား ပေါ်နေကြဆဲ။ သူတို့ ထိုင်နေပုံက ကြမ်းပြင်တွင် ထိုင်နေသည်နှင့် မတူ။ မြင်းကုန်းနှီးပေါ်တွင် ထိုင်နေသည့်နှယ် ခါးမတ်လျက်။

ဖြူဖွေး၍ အသားတွင် ကပ်နေသည့် ဘောင်းဘီရှည်နှင့် ဖဲဝတ်လုံရှည်တို့ဖြင့် သေးသွယ် ကျစ်လျစ်သည့် ခန္ဓာကိုယ်၊ ကျယ်ပြန့် တောင့်တင်းသော ပခုံး၊ သေးသွယ်ချပ်ရပ်သော ခါး စသည်တို့သည် သူတို့ ကိုယ်လုံး အလှကို ဖော်ပြနေသကဲ့သို့ ရှိကြ၏။ ထိုအထဲတွင် ဦးဖောင်းထုပ်များကို သေသပ်စွာ ပေါင်းထားကြသည့် အတွက် သူတို့ အရုပ်အမောင်းသည် ပို၍ မြင့်လာကာ လူထွားကြီးများ ဖြစ်နေကြသည်။

ထိုအထဲတွင် အထူးခြားဆုံးကား မဟာရာဇာ။

မဟာရာဇာ၏ အဝတ်အစားနှင့် အနှောင့်တွင် စိန်စီထားသည့် ဓားလွယ်ကြီးက ခံ့ညားနေသည်။ သို့ရာတွင် ဘယ်မျှ သားနားသည့် အဝတ်အစားများကို ဝတ်ထားစေ၊ ဘယ်မျှ အဆောင်အယောင် အခမ်းအနားတွေကို ဆင်ယင်ထားစေ အောက်ဆုံး လှေကားထစ်မှ မော့ကြည့်လိုက်သည့် အခါတွင် အက်ရှ်သည် အကြီးအကျယ် တုန်လှုပ် ချောက်ချားသွား၏။

ကာရိကုတ် မဟာရာဇာ နန်ဒူးသည် သူ့အစ်မတော်နှင့် နှမတော်တို့၏ သတို့သားလောင်း အဖြစ် ဤမျှ ပုံပန်းသဏ္ဌာန် ပျက်နေသော လူဝကြီးကို မည်သည့် အတွက်များ ရွေးချယ် လိုက်လေသနည်း။

မဖြစ်နိုင်။ တစ်ခုခုတော့ မှားနေပြီ ထင်သည်။ ရာဇပလ္လင်ပေါ်တွင် ထိုင်နေသည့် မဟာရာဇာသည် မည်သည့် နည်းနှင့်မျှ အသက် လေးဆယ်တွင်း မဖြစ်နိုင်။ မည်သို့နည်း။ မဟာရာဇာသည် အိုမင်းလှပြီ။ အသက် ခြောက်ဆယ် သို့မဟုတ် ခုနစ်ဆယ်လောက် ရှိတော့



www.burmeseclassic.com

www.burmeseclassic.com



မည်။ မရှိသေးလျှင်လည်း သူ့ရုပ်သည် ထိုအသက် အရွယ်လောက် ရှိပြီဟု ထင်ရသည်။ သို့မဟုတ်လျှင်လည်း အရွယ်နှင့် မလိုက်အောင် သည်မျှ အိုစာ ရင့်ရော်နေသည် ဆိုလျှင် မဟာရာဇာသည် အပျော်အပါးကို အလွန်အကျူး လိုက်စားခဲ့လိမ့်မည်။

မဟာရာဇာကို ကြိုက်သည် မကြိုက်သည် အပထား။ သူ့ ရုပ်ဆင်းသဏ္ဌာန်က နည်းနည်းမျှ ရှုချင်စဖွယ် မရှိ။ လူဝံနှင့် တူသည် ဆိုသည်မှာ သူ့ကို အာဃာတကြောင့် ထင်ခြင်း မဟုတ်။ တိရစ္ဆာန်ရုံသို့ ဖြစ်စေ၊ အာဖရိကတိုက်သို့ ဖြစ်စေ ရောက်ဖူးသူ တစ်ယောက်ကို မေးကြည့်လျှင်လည်း ထိုအတိုင်း ဖြေမည်သာ။

မျက်လုံးပေါက် နှစ်ခုက တစ်ခုနှင့် တစ်ခု ကပ်လျက်။ နှာခေါင်းကြီးက ရှည်လျားသလောက် အဖျားတွင် ကျယ်သွားသည်။

နှာခေါင်းပေါက်ကြီးများက လူဝံ တစ်ကောင်၏ နှာခေါင်းပေါက်ကြီးတွေလို အကျယ်ကြီးတွေ။ ထိုမျှမက မေးစေ့ မရှိသည့် ရဲတင်းပုံ မျက်နှာ လေးထောင့်ကြီးကလည်း အပျော်အပါး လိုက်စားခြင်း၊ စည်းစိမ် ယစ်မူးခြင်းတို့ကို ဖော်ပြသည့်နှယ် အရစ် အရစ် ထလျက်။

တစ်ခုနှင့် တစ်ခု နီးကပ်စွာ ရှိနေသည့် မျက်လုံးနှစ်လုံးက မြွေဟောက် တစ်ကောင်၏ မျက်လုံးများနှယ်။ ထိုမျက်လုံးများက ငြိမ်နေသလောက် နှုတ်ခမ်းတွဲကြီးနှင့် ပါးစပ်ပြဲကြီးက ကွမ်းဝါးလျက် ရှိသည့် အတွက် အမြဲတမ်း လှုပ်နေသည်။ နှုတ်ခမ်းနှင့် သွားတို့မှာ ကွမ်းရည်ဝသဖြင့် မည်းနက်လျက် ရှိရာ နှုတ်ခမ်းထောင့်တို့တွင် ကွမ်းသွေးတွေ ပေကျံလျက်။ သူ့ကို ကြည့်ရသည်မှာ အသွေးတို့ကို သောက်သုံးလျက် ရှိသော ကာလီနတ်သမီးရုပ်နှင့် တူနေသည်။

အသားအရေမှာ ဥရောပတိုက် တောင်ပိုင်းသားတို့ထက် ပို၍ ဖြူ၏။ (ဘိသော စော်ဘွား၏ မျိုးရိုးသည် နတ်မှ ဆင်းသက်လာသည်ဟု ဆိုသည်။) သို့ရာတွင် ဖြူသော အသားအရေသည် ပြာနှမ်းနှမ်း အရောင် သန်းနေလေပြီ။ မျက်လုံး နှစ်လုံး အောက်မှ မျက်လုံးအိမ်မှာ ဒဏ်ရာ ရသကဲ့သို့ ညိုစပြုလေပြီ။

ချုပ်၍ ပြောရလျှင် ဘိသော မဟာရာဇာ စော်ဘွားကို ကြည့်ရသည်မှာ နည်းနည်းမျှ သနရုပ်ပ မရှိ။ သူ၏ တောက်ပ ခမ်းနားသော အဝတ်အစားသည် သူ့ကို ပြောင်လက်အောင် အရောင်တင် မပေးနိုင်ရုံမျှမက သူ၏ အကျည်းတန် အရုပ်ဆိုးမှုကို ပို၍ ထင်ရှားအောင် လုပ်ပေးနေသကဲ့သို့ ရှိသည်။

မဟာရာဇာသည် ဤမျှလောက် အကျည်းတန်လိမ့်မည်ဟု အက်ရှ် မမျှော်လင့်။ ယခု သူ မျှော်လင့်ထားသည်ထက် ဆိုးနေသည်ကို တွေ့လိုက်ရသည့် အခါတွင်မူ စကား တစ်လုံးမျှ မပြောနိုင်ဘဲ ကြက်သေသေနေသည်။

မဟာရာဇာ စော်ဘွားကလည်း တစ်ခွန်းမျှ မပြောသည့် အတွက် အားလုံး တိတ်ဆိတ်စဉ် ကာကာဂျီက ယဉ်ကျေးသမှု အရ စ၍ နှုတ်ခွန်းဆက်သည်။ ဤတွင် မဟာရာဇာကလည်း ကျက်သရေကင်းစွာ တုံ့ပြန် ပြောဆိုခြင်း ပြု၏။

သူတို့ နှစ်ဖက် တွေ့ဆုံကြပုံက မင်္ဂလာ ကျက်သရေကို မဆောင်။ ထိုနေ့ တစ်မနက်လုံးတွင်လည်း ထိုအတိုင်းနှင်နှင်။ နှစ်ဖက်တို့သည် ထုံးစံအတိုင်း နှုတ်ခွန်းဆက်ကာ စကား အနည်းငယ် ပြောဆိုကြသည်။ ထို့နောက်တွင် မဟာရာဇာသည် ထိုင်ရာမှ ထလိုက်၏။ ထို့နောက် ညီလာခံကို ရုပ်သိမ်းလိုက်ကာ အမတ်ချုပ်ကြီး၊ မှူးမတ်များနှင့် ကာရိကုတ် ကိုယ်စားလှယ်များနှင့် အတူ စည်းဝေးဆောင်သို့ ဝင်လာခဲ့သည်။

စည်းဝေး ဆောင်ထဲတွင် အေးမြလျက် ရှိ၏။ စည်းဝေးဆောင်မှာ ဥယျာဉ် တစ်ခု အလယ်ရှိ ကျောက်ဖြူသားဖြင့် ဆောက်ထားသည့် အဆောက်အအုံ ဖြစ်လျက် အေးပတ်ပတ်လည်တွင် ရေမြောင်းများ၊ ရေကန်များ၊ ရေပန်းများ ဆင်ယင်ထားသည်။

မျက်စိပသာဒ လှရုံမျှမက လူ ကွယ်နိုင်လောက်အောင် ချုံဖုတ် ကြီးကြီးမားမား မရှိသည့် အတွက်လည်း အတွင်းရေးများကို လွတ်လပ်စွာ ပြောဆိုနိုင်သည့် နေရာဖြစ်သည်။ အကယ်၍ ချောင်းမြောင်းနားထောင်သူ လာလျှင်လည်း ရေပန်း ရေမွှားတို့၏ မြည်သံကြောင့် ကြားနိုင်မည် မဟုတ်။

အက်ရှ် အတွက် ကုလားထိုင် တစ်လုံး ပေးပြီး မဟာရာဇာမှာမူ ကော်ဇောခင်း၊ မှိအုံး ရှိသည့် ညောင်စောင်း တစ်ခုပေါ်တွင် နေရာယူသည်။ ကျန်ပုဂ္ဂိုလ်များမှာ ကျောက်ဖြူသား ကြမ်းပြင်တွင် ထိုင်ကြရ၏။ ယူနီဖောင်းဝတ် အစေတော်များက အအေး စိမ်ထားသည့် ရာရပတ်ရည် ဖန်ခွက်များကို လာချကြသည်။

ခဏကြာလျှင် ခပ်စောစောကထက် ရင်းနှီးဖော်ရွေ လာကြ၏။ သို့ရာတွင် ထိုအချိန်ကလေးသည်



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ မကြားလိုက်။ အစေတော်များက ရာရပတ်ရည် ဖန်ခွက်များကို ပြန်သိမ်းသွားပြီး မကြာမီတွင် မဟာရာဇာ၏ ကိုယ်စားလှယ် အမတ်ချုပ်ကြီးက စတင် စကားပြောသည်။ ထိုစကားများမှာ အက်ရှ် ကြိုတင် စိုးရိမ်ခဲ့သည့် အတိုင်းပင်။

အမတ်ချုပ်ကြီးသည် သိမ်မွေ့ လှပသည့် စကားလုံးများကို သုံးကာ ပြဿနာကို သွယ်ဝိုက် တင်ပြသွား၏။ သို့ရာတွင် ထိုစကားလုံးများကို ဖယ်လိုက်လျှင် အဓိပ္ပာယ်က ရှင်းရှင်းကလေး။

သဘောတူခဲ့သည့် အတိုင်း မိမိဘက်သို့ ပေးရန် လက်ဆောင် ပဏ္ဏာမှာ နည်းလွန်းနေကြောင်း၊ ထို့ကြောင့် သဘောတူပြီး လက်ဆောင်ပဏ္ဏာထက် သုံးဆ ပေးသင့်ကြောင်း၊ ထိုသို့မှ မပေးနိုင်လျှင် မဟာရာဇာသည် ရာဇကုမ္မာရီ ရှုရီလာ အတွက် သတ်မှတ်သည့် သတို့သမီးကြေးကို ပေးနိုင်မည် မဟုတ်သည့်ပြင် ရာဇကုမ္မာရီ ဇူလီကိုလည်း လက်ထပ်နိုင်မည် မဟုတ်ကြောင်း…။

ထိုမျှမက ရာဇကုမ္မာရီ အန်ဇူလီ၏ မျိုးရိုးမှာလည်း ရာဇပုတ် တစ်ပြည်လုံး အမြတ်ဆုံး အမျိုးဖြစ်သော ဘိသော မဟာရာဇာ စော်ဘွား၏ ကြင်ရာတော် မဟာဒေဝီ အဖြစ် တင်မြှောက်ခံလောက်သည့် မျိုးရိုး မဟုတ်ကြောင်း၊ ရာဇကုမ္မာရီ အန်ဇူလီကို လက်ထပ်မည်ဟု သဘောတူခဲ့ခြင်းမှာ မဟာရာဇာ အနေဖြင့် အထူး လျှော့ပေါ့၍ စဉ်းစားပေးခြင်း ဖြစ်ကြောင်း…။

စင်စစ် မဟာရာဇာ နန်ဒူးက ရာဇကုမ္မာရီ ရှုရီလာ အတွက် တောင်းသည့် သတို့သမီးကြေးမှာ များပြားလွန်းသည်မှာ မှန်သည်။ သို့ရာတွင် ကာရိကုတ် စော်ဘွားကြီး၏ မဟာဒေဝီမှ မွေးဖွားသည့် သမီးတော် ဖြစ်ခြင်း၊ ရှုရီလာ၏ လှပသော ရုပ်ရည်နှင့် မိမိဘက်မှ ပေးရသော ခန်းဝင် ပစ္စည်းများကြောင့် ထိုမျှ များပြားသော သတို့သမီးကြေးကို တောင်းခဲ့ခြင်း ဖြစ်သည်။

ရှုရီလာသည် အိမ်ထောင်ရေး ဈေးကွက်တွင် ရှားပါး ကုန်ပစ္စည်း တစ်ခု ဖြစ်နေသည်။ ရှုရီလာကို ကြင်ရာ မြှောက်ရမည် ဆိုလျှင် ထို့ထက်ပို၍ မပေးသည့်တိုင် ထိုမျှလောက်ကို ပေးမည့် မဟာရာဇာတွေ တစ်ပုံတစ်ပင်။ အချို့ မဟာရာဇာများ ဆိုလျှင် ဘိသော မဟာရာဇာ စော်ဘွားထက်ပင် တန်ခိုးဩဇာ ကြီးကြသေးသည်။

သို့ရာတွင် ကာရိကုတ် မဟာရာဇာ နန်ဒူးသည် ကိုယ့်အကြောင်းနှင့် ကိုယ် ဖြစ်သည့်အတွက် ရှုရီလာကို ဘိသော စော်ဘွားနှင့် သဘောတူခဲ့ခြင်း ဖြစ်သည်။ ထို စဉ်က ဘိသော မဟာရာဇာ၏ ကိုယ်စားလှယ်များသည် နန်ဒူး တောင်းသည့် ဈေးကို ဆစ်ခြင်းလည်း မပြုခဲ့ကြ။ တစ်ဝက် ကြိုတင်၍ ပေးရန်လည်း ငြင်းဆိုခြင်း မပြုခဲ့ကြ။ သတို့သမီးများ ဘိသော ပြည်နယ်သို့ ရောက်သည့် အခါတွင် ကျန်ငွေတို့ကို ပေးချေမည် ဆိုသည့် ပဋိညာဉ်ကိုလည်း လက်မှတ် ရေးထိုးခဲ့ကြသည်။

နန်ဒူး တောင်းဆိုသည့် ဈေးက ကြီးသည့်တိုင် ရာဇကုမ္မာရီ အန်ဇူလီကို သတို့သမီးကြေး တောင်းဆိုခြင်း မပြုဘဲ ပေးလိုက်သည့် အတွက် မိမိတို့ စော်ဘွားဘက်က အမြတ်ရသည်ဟု တွက်ကာ လက်ခံခဲ့ကြခြင်း ဖြစ်သည်။

ယခုမူ ဘိသော စော်ဘွားသည် ထို သဘောတူညီချက်ကို ကျေနပ် အားရခြင်း မရှိ။ ရာဇကုမ္မာရီ အန်ဇူလီ အတွက် လက်ဆောင်ပဏ္ဏာ ဆို၍ ဘာမှ မြီးမြီးမြက်မြက် မရလိုက်။ ထို့ကြောင့် နောက်ထပ် ပဏ္ဏာ လိုချင်သည်။ သူ တောင်းသည့် တန်ဖိုးက ရှုရီလာ အတွက် ရသည့် သတို့သမီးကြေး တစ်ဝက်ကျော် ကျော်လောက် ရှိသည်။

သူ တောင်းသည့်အတိုင်း ရလျှင် ဘိသော မဟာရာဇာသည် သတို့သမီး နှစ်ယောက်ကိုလည်း ရမည်။ သူတို့နှင့် ပါလာသည့် ခန်းဝင်ပစ္စည်းများကိုလည်း ရမည်။ သို့ဆိုလျှင် မိမိဘက်က အမြတ်အစွန်း အများကြီး ရနိုင်သည်ဟု ဘိသော စော်ဘွား တွက်သည်။

အက်ရှ်သည် တောင်းဆိုချက် တစ်ခုခု လာလိမ့်မည်ဟု မျှော်လင့်ပြီးသား ဖြစ်၏။ သို့ရာတွင် ယခုလောက် တောင်းဆိုလိမ့်မည် ဟူ၍ကား မထင်ခဲ့မိ။

အစတွင်မူ အမတ်ချုပ်ကြီးကပင် ပို၍ ပြောနေသလောဟု သံသယ ဖြစ်မိသေးသည်။ သို့ရာတွင် နာရီဝက်ခန့် ဆွေးနွေးပြီးသည့် နောက်တွင်မူ အမတ်ချုပ်ကြီးသည် မဟာရာဇာ စော်ဘွား၏ သဘောတူညီချက် အရ ပြောခြင်း ဖြစ်ကြောင်း၊ သူ့ တောင်းဆိုချက်ကို အမတ် အားလုံးကလည်း လက်ခံကြောင်းကို တွေ့လာရသည်။

ယခုမူ သတို့သမီးများနှင့် ခန်းဝင် ပစ္စည်း၊ လက်ဆောင်ပဏ္ဏာ အားလုံးသည် ထောင်ချောက်ထဲတွင် ရောက်နေပြီ။ မိမိတို့ တပ်များမှာလည်း ခံတပ်ကြီး နှစ်ခုထဲမှ ဘိသော တပ်များနှင့် သူတို့ အမြောက်ကြီးများ အောက်တွင် ကျား သနားမှ ချမ်းသာရ



www.burmeseclassic.com

www.burmeseclassic.com



မည့် အဖြစ်မျိုးသို့ ရောက်နေကြပြီ။ မိမိတို့ စခန်းကြီး တစ်ခုလုံးသည် ထွက်ပေါက် တစ်ခုတည်းသာ ရှိသည့် တောင်ကြားထဲတွင် ပိတ်မိနေလေပြီ။ ဘိသော ပြည် နယ်ကမူ သူ့ တောင်းဆိုချက်ကို အလျှော့ပေးဖွယ် မမြင်။

ရေ့ဆက်၍ ဆွေးနွေးလျှင် အကျိုးထူးဖွယ် မရှိ။ နှစ်ဦး နှစ်ဖက် စကားတွေ များလာပြီး မျက်နှာပျက်ကြ ရမည်။ အက်ရှ် ကိုယ်တိုင်မှာလည်း စိတ်တိုလျက် ရှိလေပြီ။

ထိုအထဲတွင် ဇူလီကိုလည်း ထိုလူကြီးလက်သို့ အပ်လိုက်ရမည် ဆိုသည်ကို မနှစ်မြို့နိုင်။ ထိုလူကြီး၏ ရုပ်ရည် ရူပကာကလည်း စက်ဆုပ်ဖွယ် ကောင်းရုံမျှ မက အပျော်အပါး လိုက်စားသဖြင့် အသက်ထက် အို မင်း ရင့်ရော်နေလေပြီ။ ထိုမျှမက ကိုယ့်စကားကို ပြန် ရုပ်သိမ်းကာ လူပုံလယ်တွင် ဇူလီကို စော်ကားလိုက် သေးသည်။

သည်လို သတ္တဝါမျိုးက ဇူလီကို မယား လုပ်ရ သည့် အတွက် လျော်ကြေး တောင်းသည် ဆိုသည်မှာ နည်းနည်းမျှ သည်းခံနိုင်စရာ မရှိ။ ရေ့ဆက် ဆွေးနွေး နေလျှင် ရှိင်းရှိင်းပျပျ ပြောမိတော့မည်။

အက်ရှ်က အမတ်ချုပ် တောင်းဆိုသည့် တောင်း ဆိုချက်များကို လိုက်လျောနိုင်မည် မဟုတ်ကြောင်း၊ ထို့ ကြောင့် ဝမ်းနည်းပါကြောင်းဖြင့် ပြောဆိုကာ ဆွေးနွေး ပွဲကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် အက်ရှ်သည် မတ်တတ် ရပ်လိုက်ကာ မဟာရာဇာကို ဦးညွတ် နှုတ်ဆက်ပြီးနောက် နောက်သို့ ဆုတ်လာခဲ့သည်တွင် ကျန်ကိုယ်စားလှယ် အဖွဲ့သားများ သည်လည်း နောက်မှ လိုက်ပါလာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မြသန်းတင့်

# ရွှေပြည်တော်မျှော်တိုင်းဝေး

# THE FAR PAVILIONS

M. M. KAYE

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂၈

အပြင်ဘက် ဟော်နန်း ရင်ပြင်တွင် အစောင့်များသည် သူတို့ကို စောင့်ဆိုင်းလျက် ရှိကြ၏။ မြင်းများပေါ်သို့ တက်ကာ ကျဉ်းမြောင်း ညစ်ပတ်သည့် လမ်းများ အတိုင်း မြို့ပြင်သို့ တိတ်ဆိတ်စွာ ထွက်လာခဲ့ကြသည်။ ဟတ္တိ တံခါးတွင် တုံးလုံးပက်လက် လှဲနေသည့် အစောင့်များသည် သူတို့ကို ပြုံးပြုံးရယ်ရယ်ဖြင့် နှုတ်ဆက်ကြ၏။

တောင်ကြားထဲတွင် နေသည် ကျဲကျဲတောက် ပူလျက်။ လက်ဝဲနှင့် လက်ယာဘက် ခံတပ်ပေါ်တွင်လည်း လူသူ အရိပ်အယောင် ဆို၍ မတွေ့ရ။ အစောင့်များသည် အရိပ်ထဲတွင် အေးအေးလူလူ လဲလျောင်းနေကြပုံ ရသည်။ သို့ရာတွင် အမြောက်ဝကြီးများမှာ နေရောင်ထဲတွင် မည်းနက်လျက်။

အက်ရှ်သည် နောက်မှ ကျောက်ဖြူနံရံတွင် မည်းမည်းကြီး ပေါ်နေသည့် အမြောက်ကြီးများကို မော့ကြည့်လိုက်၏။ အမြောက် ဦးရေကို မှတ်သားလိုက်ရင်း ကာကာဂျီကို လှည့်ပြောလိုက်သည်။ သူ့အသံက ဒေါသကြောင့် တုန်ရီလျက်။

'အမှန်ကတော့ ကျွန်တော့် အပြစ်ပဲ ခင်ဗျ၊ ကိုယ့် ဆုံးဖြတ်ချက် အတိုင်း လုပ်ရင် ဟုတ်ရဲ့သားနှင့်၊ နိုင်ငံရေး ဝန်ထောက် လူကြွားရဲ့ စကားကို သွားနားထောင်မိတော့ ဒုက္ခ ရောက်ကုန်တာပေါ့၊ တော်တော်လည်း ကောက်ကျစ်တဲ့ လူ၊ အားလုံး သေသေချာချာ အကွက်ချ စီမံပြီးမှ ကျွန်တော်တို့ကို ထောင်ချောက်ထဲကို ရိုက်သွင်းတယ်၊ ကျွန်တော်တို့ကဖြင့် အဟုတ်မှတ်လို့'

'မကောင်းဘူးဗျာ၊ မကောင်းဘူး၊ ကျုပ်တော့ ယုံတောင် မယုံနိုင်ဘူး၊ စော်ဘွားကြီးဟာ ဒီလို လုပ်ဖို့တော့ မကောင်းပါဘူးဗျာ၊ သူ ပေးရမယ့်ဟာကို ငြင်းတဲ့ အပြင် ကျုပ်တို့ဆီကတောင် ထပ်ပြီး တောင်းလိုက်သေးတယ်'

'မပူပါနှင့် ကာကာဂျီ ရယ်၊ ဘာလို့ ပေးရမှာလဲ၊ ရမလားလို့ ကျွန်တော်တို့ကို သွေးတိုးစမ်း ကြည့်တာပါ'

မူးလ်ရတ်က

'သခင်လေးက ဒီလို ထင်သလား၊ ကျွန်တော်ကတော့ တကယ်လို့ ထင်တယ် ခင်ဗျ၊ တကယ်လို့ တိုက်ခိုက်မှုတွေ ဘာတွေ ဖြစ်ရင်တော့ ကျွန်တော်တို့ အနေနှင့် သိပ် မကောင်းလှဘူး၊ သူတို့က ခံတပ်တံတိုင်းကြီးတွေ၊ အမြောက်ကြီးတွေနှင့်၊ ကျွန်တော်တို့မှာက ဓားလွတ်နှင့် မြင်းစီး သေနတ်ပဲ ရှိတယ်'

'တိုက်လား ခိုက်လား ဖြစ်သည် အထိတော့ သူ လုပ်ရဲမယ် မထင်ပါဘူး' ဟု အက်ရှ်က ပြောသည်။

'အေးလေ၊ မဖြစ်ပါစေနှင့်လို့ပဲ ဆုတောင်းရတော့တာပဲ၊ ဒါပေမဲ့ ကံသေကံမတော့လည်း မပြောနိုင်သေးဘူး၊ ရာဇပုတ် ပြည်နယ်က စော်ဘွားတွေဟာ ဗြိတိသျှရပ်ဂျ် သခင်တွေကို သစ္စာခံတယ်လို့ ပါးစပ်ကတော့ ပြောကြတာပဲ၊ ဒါပေမဲ့ သူတို့ပြည်နယ်တွေ အတွင်းမှာတော့ သူတို့ ထင်ရာစိုင်းနေကြတာ၊ တခြား မကြည့်နှင့်လေ၊ သခင်လေး မြင်တဲ့ အတိုင်းပဲ၊ နိုင်ငံရေး ဌာနမှာ ရှိတဲ့ သခင်ဆပ်တွေ ကိုယ်တိုင်က သူတို့ လုပ်တာတွေကို မမြင်ချင် မကြားချင်ယောင် ပြုနေကြတာ မဟုတ်လား'

အက်ရှ်က ယခုကိစ္စနှင့် ပတ်သက်၍ မိမိ အနေဖြင့် အထက် အာဏာပိုင်များသို့ ရောက်အောင် တင်ပြမည် ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံရေး ဌာနမှ အရာရှိများသည်လည်း မကြားယောင် မမြင်ယောင်ပြု၍ ရမည် မဟုတ်ကြောင်း၊ အစီရင်ခံစာ တစ်စောင်ကို အပြည့်အစုံ ရေးကာ အထူး စေတမန်ဖြင့် ယနေ့ ညနေတွင်ပင် အပို့ခိုင်းမည် ဖြစ်ကြောင်းဖြင့် ပြောပြသည်။

မူးလ်ရတ်က ခပ်တွေတွေဖြင့်

'အင်း ပို့နိုင်ရင်တော့ ကောင်းတာပေါ့လေ၊ ဒါပေမဲ့ ကျွန်တော်တော့ ဒီအစီရင်ခံစာဟာ ရောက်မည်



www.burmeseclassic.com

www.burmeseclassic.com



လို့ သိပ်မထင်ဘူး၊ လမ်းတစ်လျှောက်လုံးမှာ သူတို့ အစောင့်တွေ ပြည့်နေအောင် ချထားတယ် မဟုတ်လား၊ ပြီးတော့ မနေ့ညက ကျွန်တော့် အထောက်တော်တွေဆီက သိကြားရတဲ့ သတင်းကလည်း သိပ်မကောင်းလှဘူး၊ မြို့ရိုးတွင်းနှင့် မြို့ရိုးပြင်က ခံတပ်တွေ တစ်ခုနှင့် တစ်ခု စကား မပြောဘဲနှင့် ဆက်သွယ်လို့ ရတယ်တဲ့'

'ခင်ဗျား ပြောတာက အချက်ပြ စနစ်နှင့် ဆက်သွယ်လို့ ရတာကို ပြောတာ မဟုတ်လား၊ အင်း ဒီငနဲတွေ အချက်ပြ ဆက်သွယ်တဲ့ နည်းကို ဘယ်ကများ ရထားကြသလဲ မသိဘူး'

အက်ရှ်က ပြောသည်။

'ဒါဖြင့် ဒီနည်းကို သခင်လေးလည်း သိတယ်ပေါ့၊ ဖြစ်ကော ဖြစ်နိုင်ရဲ့လား'

'လွယ်လွယ်ကလေးပါဗျာ၊ အလံနှင့် ပြပြီး အချက်ပေးတာပေါ့၊ ဒါပေမဲ့ နည်းနည်းတော့ ကြာကြာ ပြရတာပေါ့၊ တစ်နေ့ကျရင် ခင်ဗျားကို ကျွန်တော် ပြပါ့မယ်'

'အံမယ် အလံနှင့် အချက်ပြတာ မဟုတ်ဘူး ခင်ဗျ၊ ပြောင်နေအောင် တိုက်ထားတဲ့ ငွေဒိုင်းကလေးတွေနှင့် အချက်ပြတာတဲ့၊ အဲဒီ ငွေဒိုင်းကလေးတွေကို နေရောင်မှာ ထောင်ပြီး အဲဒီက အလင်းရောင်နှင့် အချက်ပြတာတဲ့၊ အဝေးကြီးက နေပြီး မြင်ရတယ်တဲ့'

'ဒါကတော့ မဖြစ်နိုင်ပါဘူးဗျာ'

မြောက်အမေရိကတိုက်မှ အိန္ဒိယ လူနီများသည် မီးခိုးဖြင့် အချက်ပြခဲ့သည်မှာ ကြာခဲ့လေပြီ။ အလံ စသည်တို့နှင့်လည်း အချက်ပြ ဆက်သွယ်ခဲ့ကြသည်။ သို့ရာတွင် အိန္ဒိယပြည် ဗြိတိသျှ စစ်တပ်သည် ယခုအထိ ထိုနည်းများကို မသုံးသေး။ နောင်တွင်လည်း တော်တော်နှင့် သုံးဦးမည် မဟုတ်သေး။ ထို့ကြောင့် ထိုအချက်ကို မဖြစ်နိုင်ဟု အက်ရှ် ယူဆလိုက်သည်။

မူးလ်ရတ်က

'ကျွန်တော်လည်း သိပ်တော့ မယုံပါဘူး၊ ဒါပေမဲ့ အထောက်တော်တွေ အဆို အရတော့ သူတို့ ဘီသောပြည်နယ်မှာ ဒီစနစ်ကို သုံးလာတာ ခုမှ မဟုတ်ဘူးတဲ့၊ သူတို့ အဆိုကတော့ ဒီနည်းကို သူတို့ ပြည်နယ်သား ကမ္ဘာလှည့် ခရီးသည် တစ်ဦးက တရုတ်တွေဆီက ယူလာတာတဲ့၊ အဲဒါက အရှေ့အိန္ဒိယ ကုမ္ပဏီ ဒီကို မလာခင်တုန်း ကတည်းက ရောက်နေတာတဲ့၊ ထားပါလေ၊ ဘာပဲဖြစ်ဖြစ် သူတို့ကတော့ ကျွန်တော်တို့ လှုပ်ရှားမှုတွေကို စောင့်ကြည့်နေပြီး ဆိုင်ရာကို သတင်းပို့မှာ သေချာတယ် ခင်ဗျ၊ ကျွန်တော်တို့ အချင်းချင်း ပေးတဲ့ သတင်းတွေကိုလည်း သူတို့ ကြားဖြတ်ရမှာ သေချာတယ်၊ ဒီတော့ ခု ကျွန်တော်တို့က နိုင်ငံရေး ဌာနကို စာပို့လွှတ်တယ် ဆိုရင် စာပို့လုလင်ကို စောင့်ပြီး ဖမ်းကြမှာပဲ၊ တကယ်လို့ ကျွန်တော်တို့ စာပို့လုလင်က သူတို့ လက်ကြားထဲက လွတ်ထွက်သွားတယ်ပဲ ထားဦး၊ နိုင်ငံရေး ဌာနက သခင်ဆပ်တွေက စိတ်ရှည်ဖို့၊ ဘီသော မဟာရာဇာကို စိတ်တိုအောင် မလုပ်ဖို့ သခင်လေးကို ပြောမှာ အမှန်ပဲ၊ ရွှေဒင်္ဂါး ငါးပြားနှင့် ကျပ်ပြား ငါး ပြားတောင် လောင်းကြေး ထပ်လိုက်ချင်သေးတယ်'

'တကယ်လား၊ ဒါဖြင့် လောင်းမယ်ဗျာ၊ ဒါနှင့် ပတ်သက်လို့ အရေးယူဖို့ ပြောမှာ သေချာတယ်၊ ခင်ဗျား ရှုံးသွားမှာပေါ့'

'သခင်လေး ရှုံးလိမ့်မယ်နော်၊ သတိထားပါ၊ ကျွန်တော် ပြောမယ်၊ သခင်လေးတို့ အစိုးရဟာ မဟာရာဇာတွေနှင့် ပဋိပက္ခ မဖြစ်စေရပါဘူး၊ သေချာပါတယ်၊ မဟာရာဇာတွေနှင့် အချင်းများရင် သွေးထွက်သံယိုမှု တွေ ဖြစ်ရမယ်၊ ပုန်ကန် ထကြွမှုတွေ ဖြစ်မယ်၊ ဒီလို ဖြစ်လာရင် တပ်တွေကို ဟိုပြောင်း ဒီရွှေ့နှင့် အလု... ပိုပြီး စရိတ်တွေ ကုန်လာမယ်'

မူးလ်ရတ် တွက်သည့် အတိုင်းပင်။

အက်ရှ်သည် နောက်ဆုံး အခြေအနေကို အသေး စိတ် အစီရင်ခံလိုက်၏။ တစ်ပတ်လုံး ကြာသည် အထိ မိမိတို့ စေတမန်လည်း ပြန်ရောက်မလာ။ ထိုအခါတွင် အက်ရှ်က အမတ်ချုပ်ကြီးထံ ပြင်းပြင်းထန်ထန် ကန့် ကွက်စာ ရေးလိုက်သည်။

မိမိတို့ စေတမန်မှာ ကမ်းပါးထိပ် ကင်းချေ... အရာခံရပြီး လုပ်ကြံ ဖန်တီးသည့် စွဲချက် တစ်ခုဖြင့် ... တပ်ထဲတွင် အချုပ် ခံထားရသည်ဟု သိရသည်။ (... စေတမန်အား နာမည်ကျော် တောပုန်း ခေါင်းဆော... တစ်ဦး ထင်၍ မှားယွင်း ဖမ်းမိကြောင်း၊ ထို့အတွက် ... ဝမ်းနည်းကြောင်းဖြင့် အကြောင်းပြန်သည်။)

ဒုတိယ စေတမန် တစ်ယောက်ကို စေလွှတ်သ... အခါတွင်မူ လက်နက်ကိုင် အစောင့် နှစ်ယောက် ထ... လိုက်သည်။ နောက် သုံးရက်ကြာသည့် အခါတွင် သု... သုံးယောက် ခြေကျင် ပြန်ရောက်လာကြသည်။ နယ်... အလွန် မိုင်နှစ်ဆယ်လောက်တွင် တောပုန်း ဓားပြများ... ချုံခို တိုက်ခိုက်ကြကြောင်း၊ မိမိတို့တွင် ပါလာသ... လုယူလိုက်ကြကြောင်း၊ မိမိတို့ မြင်းများနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားများကို ယူသွားပြီး ရိုက်နှက် ပစ်ခဲ့ကြကြောင်း၊ အစာ ရေဝတ် ထားခဲ့ကြကြောင်း၊ ယခု မိမိတို့သာ ပြန်လာခဲ့ရခြင်း ဖြစ်ကြောင်းနှင့် ပြောပြကြ၏။

မဖြစ်တော့။ မိမိကိုယ်တိုင် သွားမှ ဖြစ်တော့မည်ဟု အက်ရ်ှ ယူဆသည်။ အက်ရ်ှသည် ကာရိကုတ် ပြည်နယ် တပ်မှ လက်ဖြောင့်တပ်သား ဆယ့်နှစ်ယောက်နှင့် အတူ သွားမည်ဟု ကြေညာသည်။ စင်စစ်မူ အက်ရ်ှ ကိုယ်တိုင်သွားခြင်း မဟုတ်။ စခန်းကြီးကို သည်အတိုင်း ထားပစ်ခဲ့၍ မရ။ ထို့ကြောင့် အက်ရ်ှသည် စေတမန်ကို လက်ဖြောင့် တပ်သားများနှင့် ဘီသောသို့ လွှန်အောင် လိုက်ပို့လိုက်သည်။

သူတို့ ထွက်လာစဉ် ခံတပ် နှစ်ခုနှင့် မြို့လယ် ခေါင်မိုး တစ်ခုပေါ်မှ နေရောင်ဖြင့် အချက်ပြသည်ကို အက်ရ်ှ သတိမထားမိ။ သို့ရာတွင် မူးလ်ရတ်ကမူ ထိုသို့ အချက်ပြနေသည်ကို မြင်လိုက်သည်။ မူးလ်ရတ်သည် ဝီရိယကောင်းသော မိမိ အထောက်တော်များကို ကျေနပ်သည့် အတွက် ပြုံးလိုက်၏။ သူတို့ အချက်ပြက လွယ်လွယ်ကလေး။

အင်္ဂလိပ်တွေ သုံးသည့် ကရာကတ္တူ အချက်ပြ စနစ်ထက်ပင် လွယ်သေးသည်။ 'ရန်သူ' ဟု ပြောလျှင် ရောင်ပြန်ကို တစ်ချက်တည်း အကြာကြီး ပြထားသည်။ 'မိတ်ဆွေ၊ မနှောင့်ယှက်ပါနှင့်' ဟု ပြောလျှင် သုံးချက် အကြာကြီး ပြသည်။ ထို့နောက် ဆက်တိုက် အချိန်တို ပြလျှင် ရန်သူဦးရေ အတွက်ကို ညွှန်းသည်။ ဆက်တိုက် ဘေးတိုက် ယမ်းပြလျှင် ရန်သူများသည် ခြေကျင် မဟုတ်၊ မြင်းနှင့် လာသည်ဟု အဓိပ္ပာယ် ထွက်သည်။ အချက်ပေါင်း များစွာ ဝိုင်း၍ ပြလျှင် ရန်သူကို 'တားထား' ဟု အနက်ထွက်၏။ တစ်ဖက်က တစ်ချက် ပြန်ပြလျှင် 'ရပြီ' ဆိုသည့် အဓိပ္ပာယ်။

မူးလ်ရတ်သည် ရောင်ပြန် အချက်ပြချက်များကို စောင့်ကြည့်သည်။ 'မိတ်ဆွေ၊ မနှောင့်ယှက်နှင့်' ဟူသော အချက်ပြကို မြင်သဖြင့် ပြုံးလိုက်ခြင်း ဖြစ်သည်။ အက်ရ်ှသည် နယ်စပ်ကို ကျော်သည်နှင့် စခန်းသို့ ပြန်လာသောအခါ စော်ဘွားသည် သခင်ဆပ် တစ်ယောက် ကွပ်ကဲ လိုက်ပါလာသော လက်နက်ကိုင် တပ်စု တစ်စုကို လမ်းမှ ချောင်းမြောင်း ပစ်ခတ်ရမည် မဟုတ်။

စာပို့ လွှတ်လိုက်သည့် အဖွဲ့က တော်တော်နှင့် ရောက်မလာ။ သို့ရာတွင် သူတို့ အအား မနေနိုင်ကြ။ ရွက်ဖျင်တဲ မရှိသူတို့မှာ အပူရှိန်နှင့် ညတွင် နှင်းကို ကာကွယ်ရန် အတွက် သက်ကယ်တဲတွေ ထိုးကြရသည်။ ဘီသောသည် သစ် ဝါး ရှားသည့် ပြည်နယ်။ သို့ရာတွင် သူတို့ ကြာကြာ နေရဦးမည်ကို သိသဖြင့် မူးလ်ရတ်သည် သူ့လူများအား တံမြက်စည်း ပင်များကို အလှဲ ခိုင်းရသည်။ ထန်းလက်တဲများ၊ သက်ကယ်တဲများ ထိုးစေသည်။ ကန်ထဲမှ ကျူရိုးများဖြင့် ကျူထရံ ရက်၍ အကာခိုင်းရသည်။

အက်ရ်ှနှင့် အဖွဲ့လူကြီးများသည် မြို့တွင်းသို့ မကြာခဏ သွားရောက်ကာ အမတ်ချုပ်ကြီးနှင့် လည်းကောင်း၊ အခြား အရာရှိများနှင့် လည်းကောင်း တစ်ခါ တစ်ရံတွင် မဟာရာဇာ ကိုယ်တိုင်နှင့် လည်းကောင်း အကြိမ်ပေါင်း များစွာ ဆွေးနွေးရ၏။ စာချုပ်အတိုင်း လိုက်နာရန် သို့မဟုတ်လျှင်လည်း အနည်းဆုံး သူ့တောင်းဆိုချက်များကို လျှော့ပေါ့ရန် ဆွေးနွေးကြည့်သည်။

မဟာရာဇာ၏ အမတ်များ၊ အရာရှိများကို စားပွဲကြီးများ တည်ခင်း ကျွေးမွေးသည်။ (မဟာရာဇာမှာမူ အနာစိမ်းတွေ ပေါက်နေသဖြင့် မတက်နိုင်ဟု အကြောင်းပြ၏။) ထိုမျှမက ချစ်ကြည်မှုကို ပြသောအားဖြင့် သူတို့နှင့် အတူ ပါလာသည့် ကာကာဂျီ၏ သမားတော် ဂိုဗင်ဒတ်စ်ကို လွှတ်ကာ ဆေးကုပေးသည်။

ဂိုဗင်ဒတ်စ်သည် ထိုအနာစိမ်းများကိုသာ ပျောက်အောင် ကုသခဲ့သည် မဟုတ်။ မဟာရာဇာ၏ သမားတော်များ လက်လျှော့ထားခဲ့ရသည့် အခြားသော ရောဂါများကိုလည်း ကုသပေးနိုင်ခဲ့သည်။ မဟာရာဇာသည် ဂိုဗင်ဒတ်စ်အား ရွှေဒင်္ဂါး တစ်ဆုပ် ချီးမြှင့်ကာ ကာကာဂျီကိုလည်း ပတ္တမြား လက်စွပ်ကြီး တစ်ကွင်း လက်ဆောင် ပေးသည့်တိုင် လက်ထပ် ထိမ်းမြားရေး ကိစ္စနှင့် ပတ်သက်၍မူ သဘောထား ပြောင်းလဲခြင်း မရှိ။

သို့ဖြင့် ရက်ပေါင်းများစွာ ကြာသည့် အခါတွင်မှ နိုင်ငံရေး ဝန်ထောက်ထံသို့ လွှတ်လိုက်သည့် စေတမန်နှင့် အဖွဲ့သည် ပြန်ရောက်လာကြသည်။ သို့ရာတွင် နိုင်ငံရေး ဝန်ထောက်၏ အကြောင်းပြန်ချက်မှာ ဘာမျှ ထူးခြားခြင်း မရှိ။ မူးလ်ရတ် ထင်သည့် အတိုင်းပင်။

နိုင်ငံရေး ဝန်ထောက်က မိမိသည် ဗိုလ်ကြီး အက်ရ်ှ ပေးပို့သည့် အစီရင်ခံစာကြောင့် များစွာ စိတ်အနှောင့်အယှက် ဖြစ်ရကြောင်း၊ မိမိ (ဗိုလ်မှူး စပီးလား) အထင် ပြောရလျှင် ဗိုလ်ကြီး အက်ရ်ှသည် ဘီသော မဟာရာဇာ၏ တောင်းဆိုချက်များနှင့် ပတ်သက်၍ နားလည်မှု လွဲနေသည်ဟု ထင်ကြောင်း၊ ဘီသော မဟာ



www.burmeseclassic.com

www.burmeseclassic.com



ရာဇာနှင့် တကွ အမတ်များနှင့် ဆက်ဆံရာတွင်လည်း စိတ်မရှည်ဘဲ ဖြစ်နေဟန် တူကြောင်း၊ မဟာရာဇာသည် မိမိ သဘောတူညီချက်ကို ဖောက်ဖျက်လိမ့်မည်ဟု မထင်ကြောင်း။

သို့ရာတွင် ယခု လိပ်ခဲတည်းလည်း ဖြစ်ရသည့်ကိစ္စမှာ နှစ်ဖက်စလုံးတွင် တာဝန်ရှိသည် ထင်ကြောင်း၊ တစ်ဖက်နှင့် တစ်ဖက်သည် အထင်မှားနေကြဟန် တူကြောင်း၊ ဗိုလ်ကြီး အက်ရှ်သည် ပြဿနာကို အဆောတလျင် ဆုံးဖြတ်ခြင်း မပြုဘဲ ခေါင်းအေးအေးထား၍ စဉ်းစားသင့်ကြောင်း၊ ရာဇပရိယာယ်၊ ယဉ်ကျေးမှုနှင့် စိတ်ရှည်မှုတို့ကို ကျင့်သုံးဖို့ လိုကြောင်း၊ ဗြိတိသျှတို့၏ အချုပ်အခြာ အာဏာကို တစ်လျှောက်လုံး သစ္စာခံခဲ့သည့် မဟာရာဇာ တစ်ဦးနှင့် ပဋိပက္ခ မဖြစ်အောင် ရှောင်ကွင်းရမည် ဖြစ်ကြောင်း၊ ထို့ကြောင့်...။

အက်ရှ်သည် မည်သို့မျှ မပြောတော့ဘဲ မှူးလ်ရတ်အား ငွေဒင်္ဂါး ငါးပြား ထုတ်ပေးလိုက်သည်။

ဘောလုံးသည် မိမိ၏ စည်းတွင်းသို့ ပြန်ရောက်လာလေပြီ။ နိုင်ငံရေး ဝန်ထောက်ထံမှ အကူအညီကို မျှော်လင့်၍ မဖြစ်တော့။ ကိုယ့်ဘာသာကိုယ် စေ့စပ်ဖြေရှင်းမှ ဖြစ်တော့မည်။ အောင်မြင်လျှင် ကိစ္စ မရှိ။ မအောင်မြင်လျှင်မူ မိမိ ခေါင်းပေါ်သို့ ပုံကျတော့မည်။

အချုပ်ပြောရလျှင် 'နည်းပရိယာယ်၊ ယဉ်ကျေးမှုနှင့် စိတ်ရှည်မှုတို့ကို ကျင့်သုံးရန် ပျက်ကွက်ခဲ့သည့်အတွက် ဗိုလ်ကြီး အက်ရှ်အား ပေးရမည့် ပြစ်ဒဏ်မှာ ထောင်ဒဏ်မှ တစ်ပါး...' ဟူသော စီရင်ချက်ကို ကြားရတော့မည်။

ထို့နောက်တွင်မူ သက်ဆိုင်ရာ အာဏာပိုင်များသည် ကာရိကုတ် ပြည်နယ်နှင့် လည်းကောင်း၊ ဘိသော ပြည်နယ်နှင့် လည်းကောင်း ယခင်ကကဲ့သို့ပင် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံမြဲ ဆက်ဆံကြမည်သာ ဖြစ်သည်။ မိမိသာလျှင်...။

အလားအလာကမူ မကောင်းလှ။

'သူတို့က ခေါင်း၊ ငါက ပန်း၊ ဒီတော့ သူတို့ နိုင်တယ်၊ ငါ ရှုံးတယ်'

အက်ရှ်သည် စိတ်ထဲမှ နာကြည်းစွာ ဆိုမိသည်။

အက်ရှ်သည် အိပ်မပျော်သော ည တစ်ညကို လွန်မြောက်ရပြန်သည်။ (သူ အိပ်မပျော်သည်မှာ ကြာခဲ့လေပြီ။) အက်ရှ်သည် ဇူလီထံမှ သတင်းကလေး ဘာလေး ကြားလိုသည်။ သူ့အတွက် မည်မျှ စိုးရိမ်သောက ရောက်နေရသည်ကို ဇူလီ မသိ မဟုတ်။ ဇူလီ သိရမည်သာ။ သို့တိုင် အဘယ်ကြောင့် သတင်းကလေး ဘာလေး မပို့ရသနည်း။ ယခုကဲ့သို့ သတင်း မပို့ခြင်းမှာ အကောင်းလော။ အဆိုးလော။

အကယ်၍ သူ့ထံမှ သတင်း တစ်စုံတစ်ရာ သိခဲ့လျှင် လက်ရှိအတိုင်း ဆက်စခန်းသွားဖို့ လိုသည်။ သို့ရာတွင် အကျိုးအကြောင်း မသိခဲ့လျှင် သူလည်း ဘာမျှ မတတ်နိုင်။ နိုင်ငံရေး ဝန်ထောက် ပြောသည့် အတိုင်း အလျှော့ပေးကာ ဇူလီကို သူတို့လက်သို့ အပ်လိုက်ရုံသာ ရှိတော့သည်။

အချိန် သိပ် မရှိတော့။ ထုံးစံအတိုင်း ဆိုလျှင် မင်္ဂလာပွဲသည် သတို့သမီးများ ရောက်ပြီး ရက်များ မကြာမီတွင် ကျင်းပရမည်။ ထိုမင်္ဂလာပွဲ အခြေအနေကို ဇူလီ သိမှ သိပါ၏လော။

ယခုဆိုလျှင် သူတို့ ရောက်သည်မှာ သုံးပတ်ကျော်ခဲ့ပြီ။ သံမုန်တိုင်း တိုက်သည့် ညမှ ဆိုလျှင် နှစ်လ ရှိခဲ့ပြီ။ ဇူလီ ထင်သည့်အတိုင်း ကိုယ်ဝန် ရှိခဲ့သည် ဆိုလျှင် ဇူလီ မှ မွေးလာမည့် ကလေးငယ်ကို အချိန်မကျမီ မွေးသည့် ကလေးဟု လက်ခံရတော့မည်။

အကယ်၍ သံသယ ရှိခဲ့သည် ဆိုလျှင်မူ ဇူလီရော ကလေးငယ်ပါ သက်သာမည် မဟုတ်။ သေဖွယ်ရာသာ ရှိတော့သည်။ ဘိသော မဟာရာဇာ စော်ဘွား၏ အခြွေအရံ မဟာဒေဝီသည် အချိန်မကျမီ ကလေးငယ် တစ်ဦး မွေးဖွားပြီးနောက် မီးတွင်းတွင် ကွယ်လွန်သွားခဲ့သည်ဟု ပြောလိုက်လျှင် မည်သူကမျှ အံ့ဩမည် မဟုတ်။ ဇူလီထံမှ ဘာသတင်းမျှ မရောက်လာ။ လက်ရှိ အခြေအနေကို ဇူလီ သိထားမှ ဖြစ်မည်။ မသိ၍ မဖြစ်။

အက်ရှ်သည် တစ်ရေးမျှ အိပ်မပျော်။ ကောင်းကင်မှ ကြယ်ပွင့်တို့ကို ငေးကြည့်လျက်။ ဝါလဲ့လဲ့ အရုဏ်တွင် ထိုကြယ်ပွင့်များ မှေးမှိန် ပျောက်ကွယ်သွားကြသည် အထိ မအိပ်နိုင်။

မနက် လင်း၍ အချိန် ရောက်သည်နှင့် မှူးလ်ရတ်နှင့် အတူ မြို့တွင်းသို့ ဝင်ခဲ့ရပြန်သည်။ အမတ်ချုပ်ကြီးနှင့် ဆွေးနွေး ရပြန်သည်။ ဘာမျှ အကြောင်း မထူး။ (ယခုဆိုလျှင် ရက်သတ္တ လေးပတ်ထဲသို့ ရောက်လာခဲ့ပြီ။)

အက်ရှ်တို့ အဖွဲ့သည် စတုတ္ထ အကြိမ်မြောက် အဖြစ် မဟာရာဇာ စော်ဘွား၏ စည်းဝေးဆောင်သို့ ဝင်

www.burmeseclassic.com

www.burmeseclassic.com



ကာ တစ်နာရီလောက် ထိုင်စောင့်နေကြသည်။ ဆွေးနွေးသည့် အခါတွင် လိပ်ခဲတည်းလည်း ဖြစ်ဆဲ။

သူ အပေါ်စီး ရနေသည်ကို မဟာရာဇာ သတိထားမိဟန် တူသည်။ သူ့တောင်းဆိုချက်ကို အလျှော့ပေးမည့် အရိပ်အယောင် မရှိ။ ထိုမှုမက နိုင်ငံခြားသူတစ်ယောက်၏ သမီးကို လက်ထပ်ရသည့် အတွက် သူ့ကို 'သုန့်စင်' အောင် လုပ်ရန် ပုဏ္ဏားဆရာတို့ကို ပူဇော်ပသရဦးမည် ဖြစ်သည့် အတွက် မင်္ဂလာကြေးကို ပိုတောင်းမည့် နိမိတ် လက္ခဏာများကိုပင် ပြနေပြန်ပြီ။

အက်ရှ်က ထိုကိစ္စများမှာ လွန်ခဲ့သည့် တစ်နှစ်လောက်ကတည်းက သဘောတူ ပြီးပြတ်ခဲ့ပြီးကြောင်း၊ အကယ်၍ ထိုစဉ်က စေလွှတ်ခဲ့သော မဟာရာဇာ၏ ကိုယ်စားလှယ်များတွင် အာဏာ အပြည့်အစုံ မရှိခဲ့လျှင် ထိုကိုယ်စားလှယ်များကို စေလွှတ်ခြင်း မပြုသင့်ကြောင်း၊ အကယ်၍ သူတို့တွင် အခွင့်အာဏာ မရှိဘဲ သဘောတူလာခဲ့သည် ဆိုလျှင် သူတို့ ပြန်ရောက်ပြီးချက်ချင်း စေတမန် လွှတ်၍ ထိုအချက်များကို ဖျက်သိမ်းသင့်ကြောင်း၊ ထိုထက် အာဏာပိုင်သော ကိုယ်စားလှယ်များကို စေလွှတ်သင့်ကြောင်း၊ သို့မဟုတ်လျှင်လည်း အနည်းဆုံး သတို့သမီးများ ကာရိကုတ် ပြည်နယ်မှ ထွက်ခွာလာခြင်း မပြုရန် အကြောင်းကြားသင့်ကြောင်း။

ယခုမှ မိမိတို့မှာ မိုင်ပေါင်းများစွာ ဝေးကွာသော ခရီးကြီးမှ လာရခြင်း ဖြစ်ကြောင်း၊ ဤသို့သော အပြုအမူသည် မဟာရာဇာ တစ်ဦး၏ ဂုဏ်သိက္ခာနှင့် လိုက်လျောခြင်း မရှိ၊ မိမိတို့မှာ သည်ခရီးကြီး အတွက် စရိတ်အကုန်အကျ များလှကြောင်း၊ ရှုရီလာ အတွက် ပေးရမည့် ခန်းဝင် ပစ္စည်း တစ်ဝက်ကိုလည်း မလျှော့နိုင်ကြောင်း၊ အန်ဖုလီ အတွက် သတို့သမီးကြေးလည်း နောက်ထပ်တိုးမပေးနိုင်ကြောင်းဖြင့် အက်ရှ်က ပြောပြ၏။

အမတ်ချုပ်ကြီးက သူတို့ တင်ပြချက်ကို မဟာရာဇာထံ တင်ပြပေးမည် ဖြစ်ကြောင်း၊ နောက်ဆုံးတွင် နှစ်ဦးနှစ်ဖက် ပြေလည်မည် ထင်ကြောင်းဖြင့် ပြောဆိုကာ ဆွေးနွေးပွဲကို ရပ်စဲလိုက်သည်။

စခန်းသို့ မြင်းကိုယ်စီဖြင့် ပြန်လာကြစဉ် အက်ရှ်က

'ဘယ်လောက်များ အချိန်ကြာကြာ ဆွဲထားဦးမလဲ မသိဘူးဗျာ'

မူးလ်ရတ်က ပခုံးကို တွန့်လိုက်လျက်

'ကျွန်တော်တို့ဘက်က အလျှော့ ပေးလာသည့် အထိပေါ့'

'ဒီလိုဆိုရင်တော့ ကျွန်တော်တို့ ဒီမှာ ကြာကြာ နေရဦးမယ် ဆိုတဲ့ သဘောပေါ့၊ ကျွန်တော်ကလည်း ဒီလို ခြိမ်းခြောက် အကျပ်ကိုင်တာမျိုး ဆိုရင် နည်းနည်းမှ ခံချင်တာ မဟုတ်ဘူး၊ အေးလေ၊ သူတို့ မြန်မြန် သဘော ပေါက်လာရင်တော့ ကောင်းတာပေါ့'

'ဒီတော့ ကျုပ်တို့က ဘယ်လို လုပ်မလဲ၊ တကယ်လို့ ကျုပ်တို့ ကုန်ကျစရိတ်တွေကို'

ကာကာဂျီက ဝင်ပြောသည်။ အက်ရှ်က ကြားဝင်၍

'တစ်ပြားမှ မပေးနိုင်ဘူး ခင်ဗျ၊ မဟာရာဇာက အားလုံး ပေးရမယ်၊ သူ ပေးစရာ ရှိတာတွေ အားလုံး ပေးချေရမယ်'

မူးလ်ရတ်က ပြုံးလိုက်ရင်း

'ရှားဘားစ်၊ သခင်လေးက တယ် အပြောကြီးလိုက်ပါကလား၊ မပေးရင် ဘယ်လိုများ လုပ်မှာတဲ့လဲ၊ ကိုယ်က ထောင်ချောက်ထဲ ရောက်နေတာလည်း သတိထားဦး ခင်ဗျ၊ ဒီခံတပ်ကြီးတွေကို ဘယ်လို လုပ်ပြီး ဝင်တိုက်မှာလဲ၊ ညမှာတောင် တိုက်လို့ လွယ်မှာ မဟုတ်ဘူး'

'မတိုက်ပါဘူးဗျာ၊ ခံတပ်လည်း မတိုက်ပါဘူး၊ ဘာကိုမှလည်း မတိုက်ပါဘူး၊ နောင်မှာ ကျွန်တော် စိတ်တိုလို့ ကျွန်တော် ရမ်းလို့ ဒီလို ဖြစ်ရတာလို့ အပြော မခံရအောင် လုပ်ရမှာပေါ့၊ ကျွန်တော် လုပ်မှာက မဟာရာဇာကို သူ လိုချင်သလောက် အချိန်ပေးမှာလို့ ပြောတာပါ၊ သူကပဲ စိတ်ရှည်နိုင်မလား၊ ကျွန်တော်ကပဲ စိတ်ရှည်နိုင်မလား၊ စောင့်ကြည့်ရသေးတာပေါ့၊ ဒါမှ မဟုတ် ဘီသော နယ်သူ နယ်သားတွေကပဲ စိတ်ရှည်နိုင်မလား'

'ဘီသော နယ်သူ နယ်သားတွေက ဘာဆိုင်လို့လဲ'

'ဆိုင်ပါသော်ကောဗျာ၊ ကျွန်တော်တို့က ဧည့်သည်တွေ၊ ကျွန်တော်တို့နေသမျှ ကာလပတ်လုံး သူတို့နယ်က စရိတ် ခံရမှာပေါ့၊ ကျွန်တော်တို့က ဘာပေးစရာ လိုသလဲ၊ ဒါဟာ ဧည့်သည်ဘက်က တစ်ပန်းသာတဲ့ အချက်ပဲ၊ ခုပဲ ကျွန်တော်တို့ဆီကို ရိက္ခာတွေ သွင်းနေရတဲ့ ဈေးသည်တွေ၊ ထင်းတို့ နွားစာတို့ကို သွင်းနေရတဲ့ လယ်သမားတွေ၊ နွားကျောင်းသားတွေက သူတို့ ရသင့်တဲ့ ငွေတွေကို တောင်းနေကြပြီ မဟုတ်လား၊ ကျွန်တော်တို့ဆီကတော့ ခြူးတစ်ပြားမှ ရမှာ မဟုတ်ဘူး

www.burmeseclassic.com



နောက်ကျရင် ကျွန်တော်တို့ကို ဒီမှာ ကျွေးမွေးထားရတဲ့ စရိတ်ဟာ သူ လိုချင်တဲ့ သတို့သမီးကြေး၊ မင်္ဂလာကြေး ထက် များနေတယ် ဆိုတာကို မကြာခင် သူတို သိတော့ မှာပေါ့၊ အဲဒီအခါကျတော့ သူတို့ တောင်းဆိုချက်တွေ ကို အလျှော့ ပေးလိုက်တာက တော်သေးတယ် ဆိုပြီး အလျှော့ ပေးလာရမှာပေါ့'

မူးလ်ရတ်သည် ရက်ပေါင်းများစွာ အတွင်း ပထမ ဆုံး အကြိမ် အားရပါးရ ရယ်မိသည်။ အခြားသူများ၏ မျက်နှာမှာလည်း ကြည်လင်သွားကြသည်။

မူးလ်ရတ်က

'မှန်လိုက်လေ ခင်ဗျာ၊ ကြည့်စမ်း၊ ကျွန်တော်ဖြင့် လုံးလုံးကို မတွေးမိဘူး၊ ဟုတ်တာပေါ့၊ ကျွန်တော်တို့ တစ်တွေ ဒီမှာ ကြာကြာနေရင် ကျွန်တော်တို့ကို ကန် တော့ပွဲနှင့်တောင် ပသပြီး ပြန်လွှတ်မယ် ထင်တယ်'

စိတ်ပျက်လက်ပျက် ဖြစ်နေသည့် ကာကာဂျီကမူ ခံတပ်ကြီးဆီသို့ တစ်ချက် မေးငေါ့ပြလိုက်ကာ

'ကိုရင်တို့က ကောင်းဘက်ကချည်း တွေးနေ ကြတာကိုး၊ တော်တော်ကြာ ကန်တော့ပွဲနှင့် မပို့ဘဲ ဟောဟို ခံတပ်ပေါ်က အမြောက်နှင့် ထုလွှတ်နေလို့ ဟုတ်ပေ့ ရှိနေလိမ့်ဦးမယ်၊ အင်း သခင်လေးနှင့် ကျွန် တော်တို့နှင့်တော့ သဘော တစ်မျိုးစီ ဖြစ်နေပြီဗျ၊ ကျွန် တော့်အထင် ပြောရရင်တော့ မဟာရာဇာဟာ လက်နက် အားကိုး လုပ်ချင်ရင် လုပ်လာနိုင်တယ်လို့ တွေးနေ တယ်'

'ဘယ်လို သုံးလာမှာလဲ၊ အကျပ်ကိုင်တာရယ်၊ သွေးတိုးစမ်းပြီး ကြည့်မှာရယ်ကို ပြောတာလား၊ ဒါတော့ အဘရယ်၊ တကယ် မလုပ်ဘဲနှင့် သွေးတိုးစမ်း အကျပ် ကိုင်ကြည့်တယ် ဆိုတာ သူတစ်ယောက်တည်း လုပ်လို့ ရတာမျိုး မဟုတ်ပါဘူး၊ ကျွန်တော်တို့ကလည်း လုပ် ချင်ရင် လုပ်နိုင်တာပါပဲ၊ သူတို့က သွေးတိုးစမ်း ခြောက် ကြည့်တယ် ဆိုရင် ကျွန်တော်တို့ကလည်း လုပ်ကြည့် မှာပေါ့'

အက်ရှ်က ပြောသည်။ အက်ရှ်သည် နောက်ထပ် ဘာမျှ မပြောတော့။ သူ့စိတ်ထဲတွင်မူ မဟာရာဇာ၏ တောင်းဆိုချက်များကို မည်သည့်နည်းနှင့်မျှ လိုက်လျော ခြင်း မပြုရန် အခိုင်အမာ ဆုံးဖြတ်ပြီး ဖြစ်သည်။

လောလောဆယ်တွင်မူ မိမိတို့ဘက်က ငြိမ်းချမ်း သည့် နည်းလမ်းများဖြင့် ဖြေရှင်းရန် အတတ်နိုင်ဆုံး ကြိုးစားလျက် ရှိကြောင်း၊ စိတ်ရှည်ရှည်ဖြင့် ဆွေးနွေး လျက် ရှိကြောင်းကို နိုင်ငံရေး ဝန်ထောက် ဗိုလ်မှူး စပီးလားပါ သိအောင် ပြထားရမည်။

ထိုသို့ စိတ်ရှည်စွာ စောင့်ဆိုင်းပါလျက် မဟာ ရာဇာက ဆက်လက် ခေါင်းမာနေသည် ဆိုလျှင် မိမိ၏ တာဝန် မဟုတ်ပြီ။

ထိုအခါတွင် သတို့သား ဖြစ်သည့် မဟာရာဇာ ကို ကျိုးကြောင်း ညီညွတ်စွာ စဉ်းစားလာအောင် လုပ် ရတော့မည်။ အရေး အကြီးဆုံးမှာကား စိတ်မတိုဖို့ပင် ဖြစ်သည်။

သို့ရာတွင် နောင်နှစ်ရက်လောက် အကြာတွင်မူ အက်ရှ်သည် ထိုဆုံးဖြတ်ချက်ကို မဖောက်ဖျက်မိအောင် ကိုယ့်ကိုယ်ကိုယ် မနည်းကြီး ချုပ်တည်းထားခဲ့ရ၏။

ထုံးစံအတိုင်း ဟော်နန်း စည်းဝေးဆောင်တွင် နှစ်ဖက် ဆွေးနွေးကြစဉ် အမတ်ချုပ်ကြီးက အလွန် အရေးကြီးသည့်ဟန်ဖြင့် အက်ရှ်ကို ခေါ်ကာ လေသံ တိုးတိုးဖြင့် သတို့သမီး ရှုရှီလာ၏ အဖေတူ အမေကွဲ အစ်မတော်ကို လက်ထပ်ရေးနှင့် ပတ်သက်၍ သက်ဆိုင် ရာ ပုဏ္ဏားဆရာများကို မေးကြည့်သည့် အခါတွင် ၎င်း တို့က ထိုသို့ လက်ထပ်နိုင်ရန် သတို့သမီးဘက်မှ မင်္ဂ လာကြေး အမြောက်အမြား တောင်းရမည်ဟု အခိုင်အမာ ဟောလျက် ရှိကြောင်း၊ ထို့ကြောင့် မိမိတို့ အနေဖြင့် မနေသာ၍ တောင်းဆိုရခြင်း ဖြစ်ကြောင်းဖြင့် ပြောပြ သည်။

'တော်တော်တော့ ခက်တာပဲဗျာ၊ ပုဏ္ဏားဆရာ တွေ ဆိုတာကလည်း လောဘက ခပ်ကြီးကြီးရယ်၊ ကျွန်တော်တို့က ဒီလောက် တောင်းရင်တော့ တော်တော် ကို များနေပြီလို့ ပြောသေးတယ်၊ ဒါပေမဲ့ လုံးလုံးကို လက်မခံဘူး၊ ဒီမင်္ဂလာပွဲကို သဘောတူရမယ် ဆိုရင် ဝတ်ကျောင်းကြီး တစ်ဆောင် ဆောက်လုပ် လှူဒါန်းရမယ် လို့ မဟာရာဇာ စော်ဘွားကြီးကို အကျပ်ကိုင်နေကြတယ်၊ ဘာသာရေး ဆိုတော့ ငြင်းလို့ မဖြစ်ဘူးပေါ့၊ ဒါပေမဲ့ ခက်တာက သူတို့ ပြောတဲ့ အတိုင်း ဝတ်ကျောင်းကြီး ဆောက်ရမယ် ဆိုရင် ကုန်လိုက်မယ့် ငွေတွေကလည်း သောက်သောက်လဲပဲ။

'ဒီတော့ စော်ဘွားကြီး အနေနှင့် မေတ္တာ ရပ်ခံ တာက အကြည်တော် ကာရိကုတ် မဟာရာဇာဟာ သူ့ အဖေတူ အမေကွဲ အစ်မတော် အတွက် မင်္ဂလာကြေး မပေးချင်ရင်လည်း လှူဒါန်းရမယ့် ဒီဝတ်ကျောင်းကြီး အတွက် အလှူငွေ ထည့်ပါလို့ တောင်းပန်ချင်တယ်ဗျာ၊



www.burmeseclassic.com

www.burmeseclassic.com



တော်တော် ခက်တာပဲ၊ ကျွန်တော်တို့လည်း ဘာမှ မတတ်နိုင်ဘူး'

အမတ်ချုပ်ကြီးသည် အလွန် စိတ်မကောင်းသည့် ဟန်ဖြင့် လက်နှစ်ဖက်ကို ဖြန့်ပြပြီး ခေါင်းကို ဖြည်းညင်းစွာ ယမ်းနေသည်။

အက်ရှ်သည် တခြား အကြောင်းများကို မတွေးနိုင်။ ယခု သူတို့ ပြောနေသည်မှာ ဇူလို ကိစ္စ။ ဇူလီကို စော်စော်ကားကား ပြောနေသဖြင့် အက်ရှ်သည် အကြီးအကျယ် ဒေါသထွက်ကာ မည်သည့် စကားကိုမျှ မပြောနိုင်အောင် ဖြစ်နေသည်။ သည်အချိန်တွင် မပြောသည်က ပိုကောင်းမည်ဟုလည်း ယူဆ၏။ ပြောမိလျှင် ဒေါသကြောင့် အမှားတွေ ပါကုန်တော့မည်။

ကာကာဂျီသည် အမတ်ချုပ်ကြီးအား တစ်စုံတစ်ရာကို ပြောလျက် ရှိ၏။ သို့ရာတွင် စည်းဝေးဆောင်ထဲမှ ထွက်ကာ စခန်းသို့ မြင်းကိုယ်စီဖြင့် ပြန်လာခဲ့ကြသည် အထိ ကာကာဂျီ မည်သို့ အဖြေပေးခဲ့သည်ကို အက်ရှ် မသိ။

'ဘယ်လို လုပ်မလဲ သခင်လေး'

မူးလ်ရတ်က မေးသည်။ ကာကာဂျီကလည်း ထိုမေးခွန်းကိုပင် ထပ်မေး၏။ အက်ရှ်သည် အိပ်မက်မှ လန့်နိုးလာသူကဲ့သို့

'ကျွန်တော် ဇူလီဘိုင်နှင့် စကား ပြောချင်တယ်'

ကာကာဂျီက သူ့ကို နားမလည်နိုင်သည့် ဟန်ဖြင့် အလန့်တကြား ကြည့်လိုက်ပြီး

'ဘယ်သူနှင့်လဲ၊ ရှုရီလာနှင့်လား'

'မဟုတ်ဘူး ခင်ဗျ၊ အန်ဇူလီနှင့်၊ ကာကာဂျီ ကျွန်တော့်ကို စီစဉ်ပေးပါ၊ ကျွန်တော် သူနှင့် နှစ်ယောက်ချင်း တွေ့ချင်တယ်'

'မဖြစ်နိုင်တာ သခင်လေးကလည်း၊ စခန်းထွက်လာတုန်းက လမ်းခရီးမှာမို့လို ကိစ္စ မရှိဘူးပေါ့၊ ဒါပေမဲ့ ဘိသော ရောက်မှ ဒီလို တွေ့လို့ ဘယ်ဖြစ်ပါ့မလဲ၊ မဖြစ်ဘူး ဆပ်သခင်လေး၊ ကျွန်တော် ခွင့်မပြုနိုင်ဘူး ထင်တယ်'

အက်ရှ်က လေသံ ခပ်ပြတ်ပြတ်ဖြင့်

'ခွင့်မပြုလို့ မဖြစ်ဘူး ခင်ဗျ၊ တကယ်လို့ ကျွန်တော်နှင့် တွေ့ခွင့် မပေးနိုင်ဘူး ဆိုရင်တော့ ကျွန်တော်လည်း ဆွေးနွေးပွဲမှာ ဆက်မပါနိုင်တော့ဘူး၊ ကာကာဂျီတို့ ဘာသာ ဆက်ပြီး စခန်းသွားကြပေတော့၊ နိုင်ငံရေးဝန်ထောက်ဆီကိုလည်း စာရေး အကြောင်းကြားလိုက်မယ်၊ ဒီကိစ္စကို သူနှင့် မဟာရာဇာတို့ တိုင်ပင် လုပ်ကြတော့လို့၊ ကျွန်တော် တာဝန် မယူတော့ဘူးလို့'

'မဖြစ်နိုင်တာဘဲ သခင်လေးရယ်၊ နိုင်ငံရေးဝန်ထောက်က အကျယ် အကျယ် မငြိမ်းဖွယ်တွေ ဖြစ်မှာ စိုးလို့ မဟာရာဇာကို အလျှော့ ပေးလိုက်ရင် ဘယ့်နှယ် လုပ်မလဲ၊ မူးလ်ရတ် ပြောတဲ့ အတိုင်းပဲ၊ သူကတော့ ဒီအတိုင်း လုပ်မှာပဲ၊ မဟုတ်တာဗျာ၊ ဒီလောက် မတန်တဆ တောင်းတာကို ဘယ့်နှယ်လုပ် လိုက်လျောနိုင်ပါ့မလဲ၊ ကျုပ်တို့မှာ ပေးနိုင်တဲ့ အခြေအနေလည်း မရှိဘူး၊ ရှိဦး၊ သူ တောင်းတဲ့ အတိုင်း ပေးလိုက်ရင် ကျုပ်တို့မှာ တောင်းစားဖို့ပဲ ရှိတော့တယ်၊ အပြန် လမ်းစရိတ်တောင် ရှိမှာ မဟုတ်ဘူး၊ တူတော်မောင် နန်ဒူးကလည်း နောက်ထပ် ပေးတော့မှာ မဟုတ်တာ သေချာတယ်ဗျ၊ မပေးတဲ့အပြင် ဒေါသူပုန် ထပြီး...'

ကာကာဂျီသည် သာမန်အားဖြင့် ဆိုလျှင် သည်မျှလောက် ပွင့်ပွင့်လင်းလင်း ပြောလေ့ မရှိ။ ယခုမူ စိတ်ဆိုးလျက် ရှိသည့် အတွက် ပွင့်ပွင့်လင်းလင်း ပြောနေသည်။ ကာကာဂျီသည် စကားကို ဖြတ်လိုက်ပြီး နောက်မှ ပါလာသည့် မူးလ်ရတ်တို့ တစ်သိုက်ကို လှမ်းကြည့်လိုက်သည်။ သူ ပြောသည့် စကားကို မကြားနိုင်သည့် နေရာတွင် ရောက်နေသည့်ပြင် သူတို့မှာလည်း အချင်းချင်း ငြင်းခုံလာကြသည်ကို မြင်လိုက်သည့် အခါတွင်မှ ကာကာဂျီ စိတ်အေးသွားသည်။

အတန်ကြာမှ ကာကာဂျီသည် လေသံမှန်မှန်ဖြင့်

'ပြီးတော့လည်း သခင်လေးနှင့် ဇူလီနှင့် တွေ့တော့ကော ဘာထူးမှာလဲဗျာ၊ သူလည်း ဘာမှ တတ်နိုင်မှာ မဟုတ်ပါဘူး၊ ပြီးတော့ မဟာရာဇာရဲ့ တောင်းဆိုချက်တွေကို သူ့ ဖွင့်ပြောလိုက်ရင်လည်း ဘယ်ကောင်းပါ့မလဲ၊ သူ စိတ်ဆင်းရဲရုံပဲ ရှိတော့မှာပေါ့'

'ဘယ်လိုပဲ ဖြစ်ဖြစ်လေ၊ ကျွန်တော်ကတော့ တွေ့ရမှ ဖြစ်မယ်၊ ဇူလီမှာ ဒီကိစ္စတွေနှင့် ပတ်သက်လို့ သိသင့်တဲ့ အခွင့်အရေး ရှိငယ်လို့ ထင်တယ်၊ သတိပေးတန်သလောက် ပေးထားသင့်တယ်လို့လည်း ထင်တယ်၊ တကယ်လို့များ...'

အက်ရှ်သည် ဆက်မပြောနိုင်ဘဲ တို့သွား၏။ မူးလ်ရတ်က သူ့အစား ဝင် ဆက်ပြောလိုက်သည်။

'တကယ်လို့ မဟာရာဇာက သူ့ကို လက်ထပ်ဖို့ ငြင်းနေတယ် ဆိုရင်ပေါ့ဗျာ၊ ဟုတ်တယ်၊ ဆပ်သခင်လေး ပြောတာ မှန်တယ်'



www.burmeseclassic.com

www.burmeseclassic.com



ကာကာဂျီကမူ စိတ်ပျက်လက်ပျက်ဖြင့်

'ကျုပ်ကတော့ ပြောဖို့ မလိုဘူး ထင်တာပဲဗျာ၊ ကောင်းပြီ၊ ခင်ဗျားတို့ နှစ်ယောက်စလုံးက ဒီလောက် တောင် ပြောချင်နေတယ် ဆိုရင်လည်း သခင်လေးတော့ မပြောနှင့်၊ ကျုပ် ကိုယ်တိုင် သွားပြောပေးမယ်၊ ဘယ့် နှယ့်လဲ၊ ကျေနပ်ပြီလား'

အက်ရှ်က ခေါင်းကို ယမ်းလိုက်၏။

'မဖြစ်ဘူး ကာကာဂျီ၊ ကျွန်တော် ကိုယ်တိုင် ပြောမှ ဖြစ်မယ်၊ ကာကာဂျီကို မယုံလို့တော့ မဟုတ်ပါ ဘူး၊ ဒါပေမဲ့ ကျွန်တော် ပြောစေချင်တဲ့ စကားတွေထဲ မှာ ကာကာဂျီ ပြောလို့ မဖြစ်တာတွေ ပါနေတယ်၊ ဒီ တော့ ကျွန်တော်တို့ နှစ်ယောက် တွေ့နိုင်အောင်သာ စီစဉ်ပေးပါ'

'မဖြစ်ဘူး သခင်လေး၊ ဘယ်နည်းနှင့်မှ မဖြစ် နိုင်ဘူး၊ တော်တော်ကြာ လူတွေ အားလုံး သိကုန်ကြမှာ၊ မဖြစ်ဘူး'

'မဖြစ်သည့်တိုင် ကျွန်တော့် အတွက် လုပ်ပေးပါ ကာကာဂျီ၊ ကျွန်တော် ကာကာဂျီကို အနူးအညွတ် တောင်းပန်တာပါ၊ ကာကာဂျီနှင့် သူ့အဘိုး ဆာဂျီတို့ ဟာ မိတ်ရင်း ဆွေရင်းတွေပါ၊ ပြီးတော့ သူ့မယ်တော် ကိုလည်း ကာကာဂျီ ကောင်းကောင်း သိပါတယ်၊ ဒါ ကြောင့် ကျွန်တော် တောင်းပန်နေတာပါ'

ကာကာဂျီသည် အက်ရှ်ကို လက်ပြပြီးနောက်

'ကဲ သခင်လေး ကြားတာ ဟုတ်ပါတယ်ဗျ၊ ကျုပ်ဟာ ငယ်ငယ်တုန်းက သူ့အဘိုး ကော့ဆက် ဗိုလ် ကြီး ဆာဂျီကို လေးစား ကြည်ညိုခဲ့တယ်၊ သူ့အဘိုးဟာ သတ္တိလည်း ကောင်းတယ်၊ ပျော်လည်း ပျော်တတ်တယ်၊ ဒေါသ ကြီးသလောက် အားရပါးရ ရယ်တတ်တယ်၊ သေခါနီးတောင်မှ ရယ်မောရင်း သေသွားတဲ့လူ၊ သေ တာကို နည်းနည်းလေးမှ မကြောက်ဘူး'

ကာကာဂျီသည် အတန်ကြာမျှ တိတ်ဆိတ်စွာ တွေးနေသည်။ နောက်ဆုံးတွင်မှ

'ကဲ ဒီလောက်တောင် ရှိလှတာ ကျုပ် တွေ့ပေး မယ်၊ ဒါပေမဲ့ ခြွင်းချက် တစ်ခုတော့ တောင်းချင်တယ် ဗျ၊ သခင်လေးတို့ နှစ်ယောက်တည်း တွေ့လို့တော့ မဖြစ်ဘူး၊ ကျုပ်ပါ ရှိရမယ်'

အက်ရှ်က နှစ်ယောက်တည်း တွေ့ရန် အကြောင်း အမျိုးမျိုး ပြသည့်တိုင် ကာကာဂျီသည် ထိုအချက်ကိုမူ လိုက်လျောခြင်း မပြုတော့။ အန်ဇူလီဘိုင်သည် မိမိနှင့် ဆွေမျိုး တော်စပ်ခြင်း မရှိသည့် ယောက်ျား တစ်ယောက် နှင့် နှစ်ယောက်တည်း တွေ့သည် ဆိုသည့် သတင်းကို ဘိသော မဟာရာဇာနှင့် သူ့အုပ်ချုပ်ရေး အဖွဲ့တို့သာ ကြားခဲ့လျှင် အန်ဇူလီကို အရှက်တကွဲ ဖြစ်စေကာ ဘာ ရိကုတ်သို့ ပြန်ပို့မည် မြေကြီးလက်ခတ် မလွဲ။

ကာကာဂျီက

'မစိုးရိမ်ပါနှင့် သခင်လေး၊ သခင်လေးနှင့် တူမ တော် ဇူလီတို့ ပြောတဲ့ စကားတွေကို ဘယ်သူ့ဆီမှ မပေါက်ကြားစေရပါဘူး၊ ကျုပ် ကတိပေးပါတယ်၊ ခု ကျုပ် ပြောနေတာက မတော်လို့ သခင်လေးနှင့် နှစ် ယောက်တည်း တွေ့တယ် ဆိုတဲ့ သတင်းကို ပေါက်ကြား သွားရင် တူမတော်မှာ သိပ်ထိခိုက် နစ်နာသွားမှာမို့လို့ ကျုပ် ဒီလောက် ပြောနေရတာပါ၊ ခုတော့ သူ့ ကွယ်လွန် သူ ခမည်းတော်ရဲ့ အစ်ကို အရင်းခေါက်ခေါက် ဖြစ်တဲ့ ဘကြီးတော် ကိုယ်တိုင် ရှိနေတယ် ဆိုတော့ ကိုယ့် ဘက်က လုံခြုံတာပေါ့၊ ဒါကိုမှ သခင်လေး လက်မခံဘူး ဆိုရင်လည်း ကျုပ်တော့ ဘာမှ မတတ်နိုင်တော့ဘူး'

အက်ရှ်သည် ဘာမျှ ပြန်မပြောဘဲ ငိုင်နေသည်။ ကာကာဂျီနှင့် ပတ်သက်၍ သူ တစ်ခါက ကြားခဲ့ဖူးသည့် ကောလာဟလများကို ပြန်၍ အမှတ်ရနေသည်။ ထို ကောလာဟလများသည် မှန်ချင်လည်း မှန်လိမ့်မည်။ မှားချင်လည်း မှားလိမ့်မည်။ မှန်ခဲ့လျှင်...။

ထိုအကြောင်းများကို ပြန်ပြော ငြင်းခုံနေ၍လည်း အကျိုး မထူးတော့။ ကာကာဂျီသည် ထိုထက်မူ လိုက် လျောမည့်ပုံ မပေါ်။ သူ စီစဉ်ပေးမှ တွေ့ရတော့မည် ဆိုလျှင် သူ့တောင်းဆိုချက်ကို လက်ခံရန်မှအပ အခြား နည်းလမ်း မရှိတော့။ အနည်းဆုံး မည်သူ့ကိုမျှ မပေါက် ကြားစေရ ဆိုသည့် သူ့ကတိကိုမူ စောင့်ထိန်းလိမ့်မည် ထင်သည်။

'ကောင်းပြီလေ၊ ဒီလိုဆိုရင်လည်း ကာကာဂျီပါ လိုက်ခဲ့ပေါ့'

'ဒီလိုမှပေါ့၊ တွေ့ဖို့ ကိစ္စကိုတော့ ကျုပ် စီစဉ် မလေ၊ ဒါပေမဲ့ သူ့သဘောကိုတော့ ကျုပ်လည်း မသိ ဘူးနော်၊ သူက မတွေ့ချင်ဘူး ဆိုရင်တော့ ကျုပ်လည်း ဘာမျှ မတတ်နိုင်ပေဘူး'

'ကာကာဂျီကလည်း နည်းနည်းပါးပါးတော့ တိုက် တွန်းပေးပေါ့၊ သူဟာ...၊ ထားပါလေ၊ တွေ့ဖို့ လိုတယ် လို့၊ မတွေ့ဘူး ဆိုရင် ကျွန်တော် ဒီလို ဘာကြောင်းဆို စရာ ရှိသလဲ ကာကာဂျီရယ်'



www.burmeseclassic.com

www.burmeseclassic.com



ကာကာဂျီသည် သူတို့ နှစ်ယောက် တွေ့ဖို့ ကိစ္စကို စီစဉ်ပေးသည်။ တွေ့ရမည့် နေရာမှာ ကာကာဂျီ ၏ ရှက်ဖျင်တဲ ဖြစ်ပြီး စခန်း တစ်ခုလုံး အိပ်မောကျနေ သည့် ညနာရီပြန် တစ်ချက် အချိန်တွင် ဖြစ်သည်။ အက်ရ်ှ လာသည့် အခါတွင် လူသူ မမြင်စေရန် အတွက် ညစောင့် ပတ္တရောင် တစ်ယောက် အနေဖြင့် ရုပ်ဖျက် လာရမည် ဖြစ်ကြောင်း၊ ထိုညတွင် တာဝန်ကျသည့် ပတ္တရောင်ကို အိပ်ဆေး ခတ်ထားမည် ဖြစ်ကြောင်းဖြင့် ကာကာဂျီက ပြောပြသည်။

ကာကာဂျီက

'ဒီအတွက်တော့ သမားတော်ကြီး ဂိုဗင်ဒတ်စ် တာဝန် ယူလိမ့်မယ်လေ၊ ကျုပ် အစေခံတွေ အတွက် တော့ မစိုးရိမ်ပါနှင့်၊ အနားမှာ မရှိစေရဘူး၊ စိတ်လည်း ချရပါတယ်၊ ကျုပ်တဲကို လာတာ ဘယ်သူလဲ ဆိုတာ သူလည်း သိမှာ မဟုတ်ပါဘူး၊ ဒီတော့ ကျုပ် စီစဉ် ချင်တာက...'

အက်ရ်ှက သည်လောက် အကာအကွယ်တွေ မလုပ်စေချင်။ လူမသိရုံလောက် ဆိုလျှင် တော်လောက် ပြီ။ သို့ရာတွင် ကာကာဂျီက လက်မခံ။ သူတို့ တတ် နိုင်သမျှ လုံခြုံစေရန်ဟု ဆိုကာ အစီအစဉ်တွေ လုပ် ထားသည်။

ထိုနေ့ညတွင် အန်ဇူလီသည် ပထမ ရောက်လာ ၏။ အနက်ရောင် ဆာရီကို ခေါင်းမြီးခြုံထားလျက်။ အရိပ် တစ်ခုလို တဲထဲသို့ လှစ်ခနဲ ဝင်ရောက်လာသည်။ ဦးဖောင်းထုပ် ပေါင်းထားပြီး မျက်နှာကို ပဝါနက် စည်းထားသည့် အရပ်မြင့်မြင့် လူတစ်ယောက် မရှေး မနှောင်း ရောက်လာ၏။

အက်ရ်ှသည် အစောင့်ကိုင်သည့် တုတ်နှင့် လူဆိုး သူဆိုးတို့ကို သတိပေးရန် မကြာခဏ ကိုင်လှုပ်ရသည့် သံကြိုးကို တချွင်ချွင် လှုပ်လာသဖြင့် ကာကာဂျီ ကျေ နပ်သွား၏။ အရေးကြီးသည်မှာ ပြောစရာ ရှိသည်ကို မြန်မြန် ပြောကြဖို့ပင် ဖြစ်သည်။ နာရီ တစ်စိတ်လောက် အတွင်း ဆိုလျှင် ပြောစရာ ရှိသည်တို့ ပြောပြီးနောက် ကိုယ့်တဲသို့ ကိုယ် အသာပြန်ရုံသာ ကျန်တော့သည်။

ကာကာဂျီသည် သူ့အစီအစဉ်ကို ကျေနပ် နှစ် သိမ့်လျက် ရှိရာမှ မီးအုံးကြီးများကို မှီ၍ ထိုင်ရင်း အက်ရ်ှ ပြောသည့် စကားများကို နားထောင်နေသည်။ အက်ရ်ှက ဘီသော မဟာရာဇာ တောင်းသည့် ငွေတောင်း ဆိုချက်များကို ဇူလီအား ရှင်းပြနေသည်။

အက်ရ်ှသည် မျက်လုံးများကို မီးရောင်တွင် ကျင့်သားရအောင် အတန်ကြာမျှ နေလိုက်ပြီးနောက် ဆာရီနှင့် ဓာပဝါ မျက်နှာဖုံးကို လွှမ်းထားသည့် ဇူလီကို စိုက်ကြည့်နေသည်။

ဇူလီက မျက်နှာဖုံးကို မချွတ်။ အညိုရောင် ရှက် ဖျင်တဲ နောက်ခံတွင် ဇူလီ၏ ဓာမျက်နှာဖုံး နက်နက် သည် ထင်းထင်းကြီး ပေါ်လျက် ရှိ၏။ သူ ဝင်လာခဲ့တုန်း က အပြင်မှ လေစိမ်း တိုက်လိုက်သဖြင့် လသာမှန်အိမ် မှ မီးရောင်သည် ယိမ်းလှုပ်နေသည်။ တိတ်ဆိတ်နေသည့် အချိန်တွင် အက်ရ်ှက ကြမ်းပေါ်သို့ တုတ်နှင့် သံကြိုး ကို လွှတ်ချလိုက်သည့် အသံသည် ပို၍ ကျယ်လောင် နေသည် ထင်ရ၏။

ကာကာဂျီသည် ပါးနပ်သူ တစ်ယောက် မဟုတ် သည့်တိုင် တိတ်ဆိတ်စွာ ရပ်လျက် ရှိသည့် သူတို့ နှစ် ယောက်၏ ကြားထဲတွင် တစ်စုံတစ်ရာ အားကောင်း သည့် အရာ တစ်ခုသည် တည်ရှိလျက် ရှိကာ ထိုအရာ သည် သူတို့ နှစ်ယောက်အား သံမဏိနှင့် သံလိုက်တုံး သဖွယ် ဆွဲဆောင်လျက် ရှိသည်ကို သတိပြုလိုက်မိ၏။ သူတို့ နှစ်ယောက်သည် ရှေ့သို့ တရွေ့ရွေ့ တိုးလာ ကြသည်။ အနီးသို့ ရောက်သည့် အခါတွင် အက်ရ်ှ သည် ဇူလီ၏ မျက်နှာဖုံးမှ ဓာပဝါကို ဖယ်ရှားလိုက် ၏။

ကာကာဂျီသည် သူတို့ နှစ်ယောက်ကို ကြည့် ကာ ကျောက်ရုပ်ကြီး တစ်ရုပ် ပမာ။

သူတို့ နှစ်ယောက်သည် တစ်ယောက်ကို တစ် ယောက် စကားလည်း မပြောကြ။ ထိလည်း မထိကြ။ ထို့နောက် တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်နေ ကြသည်။ လောကကြီးကို လည်းကောင်း၊ တဲထဲကို လည်းကောင်း၊ အနီးတွင် ရှိသည့် ကာကာဂျီကို လည်း ကောင်း အမှတ် မရကြတော့။

မျက်လုံးဖြင့် ကြည့်ရုံဖြင့် အရာအားလုံး ပြီးစီး သည့်နှယ်။ တစ်ယောက်ကို တစ်ယောက် စိုက်ကြည့် နေကြသည်။ သူတို့ အကြည့်သည် သူတို့ နှစ်ယောက် အတွက် လုံလောက်နေပြီ။ စကားတွေ ထုတ်ပြောဖို့ မလို။ အမူအရာတွေ လုပ်ပြဖို့ မလို။ ပွေ့ဖက်ဖို့ မလို။ ထိုအရာများ အားလုံးသည် တစ်ယောက် အချစ်ကို တစ်ယောက် ထုတ်ဖော် ပြသရာတွင် ယခု မျက်လုံး အကြည့်များလောက် တာသွားမည် မထင်၊ အရာ ရောက်မည် မထင်။



www.burmeseclassic.com

www.burmeseclassic.com



ကာကာဂျီသည် သတိ ပြန်ရလာကာ ထိုင်ရာမှ ထမည် ပြု၏။ သူတို့ နှစ်ယောက်ကြားတွင် ဝင်ရပ်မည် ပြု၏။ သို့ရာတွင် သူ့ခြေထောက်များက မတ်တတ်ထ ရန် ငြင်းဆန်နေကြသဖြင့် ကာကာဂျီသည် စိတ်ပျက် လက်ပျက်ဖြင့် ထိုနေရာမှာပင် ထိုင်နေလိုက်သည်။ ဘာ တစ်ခွန်းမျှလည်း မပြောနိုင်။ သူတို့ နှစ်ယောက်ကို ကြည့်ကာ အံ့အားသင့်နေသည်။

နောက်ဆုံးတွင် အက်ရှ်က စကားပြော၏။

'သတင်းကတော့ မကောင်းဘူး ဇူလီ၊ ဇူလီ သူ့ကို လက်ထပ်လို့ ဖြစ်မှာ မဟုတ်ဘူး၊ ဒီလောက် ကြာသည် အထိ ဘာမှ မဖြစ်သေးပေမဲ့ သူ့ကို လက် ထပ်လို့ မဖြစ်ဘူး ထင်တယ်၊ ဇူလီ့ဆီကလည်း အဲဒီ ကိစ္စနှင့် ပတ်သက်လို့ ဘာမှ မကြားရသေးဘူး၊ စိတ်ချ ရပါ့မလား ဟင်'

အန်ဇူလီကလည်း သူ ပြောသည့် စကားကို ချက်ချင်း နားလည်လိုက်သည်။ ဇူလီက ခေါင်းကို ညိတ်လိုက်၏။ ဇူလီက ယခုထိ သူ့တွင် ကိုယ်ဝန် အရိပ် အယောင် မပေါ်သေးဟု ခေါင်းညိတ် ပြလိုက်သည့် အခါတွင်မှ အက်ရှ်သည် သက်ပြင်းကြီး တစ်ချက်ကို ချ နိုင်တော့သည်။ သို့ရာတွင် သူ လိပ်ပြာ မလုံ။

'ဝမ်းနည်းပါတယ် အချစ်ရယ်'

'ဇူလီလည်း ဝမ်းနည်းပါတယ် အစ်ကို၊ ဝမ်းနည်း တာမှ ဘယ်လို ပြောရမှန်းတောင် မသိတော့ဘူး'

ဇူလီ၏ နှုတ်ခမ်းကလေးများသည် တရှုရှု တုန် နေကြသည်။ ဇူလီသည် ကိုယ့်ကိုယ်ကိုယ် ချုပ်တည်း ကာ ခေါင်းကို ငုံ့လိုက်၏။ သူ့မေးနှင့် နှုတ်ခမ်းများသည် အရိပ်ထဲသို့ ရောက်နေကြသည်။

'အစ်ကို တွေ့ချင်တယ် ဆိုတာ ဒီကိစ္စ အတွက် လား'

'ဒီကိစ္စလည်း ပါတယ်၊ ဒိပြင် ကိစ္စလည်း ပါ တယ်၊ တကယ်တော့ မဟာရာဇာဟာ ဇူလီကို လိုချင်တာ မဟုတ်ဘူး ဇူလီ၊ ရှုရှီလာကို လိုချင်တဲ့ အတွက် ဇူလီကို လက်ခံရတာ၊ ပြီးတော့ မောင်တော် နန်ဒူးက လက် ဆောင်တွေ အများကြီး ပေးလို့ လက်ခံရတာ၊ ဇူလီ့ အတွက်လည်း သတို့သမီးကြေး မပေါင်းဘူး'

'ဇူလီ သိပါတယ် အစ်ကို၊ အစကတည်းက သိ ခဲ့ပါတယ်၊ မိန်းမဆောင်ထဲမှာ ဘာမှ လျှို့ဝှက်လို့ မရ ပါဘူး'

'ဒီတော့ ဇူလီ စိတ်မထိခိုက်ဘူးလား'

ဇူလီက ခေါင်းမော့ကာ ခြောက်သွေ့သော မျက် လုံးများဖြင့် သူ့ကို ကြည့်လိုက်သည်။ သို့ရာတွင် ချစ် စရာ သူ့နှုတ်ခမ်းသည် မဲ့လျက်။

'နည်းနည်းတော့ စိတ်ထိခိုက်တာပေါ့ အစ်ကို ရယ်၊ ဒါပေမဲ့ စိတ်ထိခိုက်တော့ကော ဘာတတ်နိုင်မှာ တဲ့လဲ၊ ဇူလီမှာ တခြား ရွေးစရာ လမ်းမှ မရှိတာ၊ ရွေး စရာ ရှိသည့် တိုင်အောင်လည်း ဇူလီကတော့ ဒီလမ်း လိုက်ရတော့မှာ'

'ဘာကြောင့်လဲ၊ ရှုရှီလာကြောင့်လား၊ ဟုတ်ပါ တယ်လေ၊ ဒါကို အစ်ကိုလည်း သိပါတယ်၊ ဒါပေမဲ့ ခုတော့ ဘိသော မဟာရာဇာက မောင်တော် နန်ဒူးဆီ က ရတဲ့ တံစိုးလက်ဆောင်ဟာ အလွန် နည်းနေတယ် တဲ့၊ နောက်ထပ် သုံးဆလောက် ထပ်ပေးရမယ်တဲ့၊ မပေးနိုင်ရင် ဇူလီကို လက်မထပ်ဘူးလို့ ပြောနေ တယ်'

ဇူလီသည် မျက်လုံးပြူးသွားကာ သူ့လည်တိုင် ကို လက်ဖြင့် အုပ်လိုက်မိသည်။ သို့ရာတွင် မည်သို့မျှ မပြော။

အက်ရှ်က အသံကွဲကြီးဖြင့်

'ခု အစ်ကိုတို့မှာ သူ တောင်းသလောက် မပါလာ ဘူး၊ ပါလာသည်ပဲ ထားဦး၊ ဇူလီ့ မောင်တော် နန်ဒူး သဘောတူ ခွင့်ပြုချက် မပါဘဲ အစ်ကို မပေးနိုင်ဘူး၊ အစ်ကို ကြားရသလောက် ဆိုရင် ဇူလီ့ မောင်တော်က လည်း ပေးဖို့ သဘောတူမှာ မဟုတ်ဘူး၊ ဒါပေမဲ့ အစ်ကို တော် ညီမတော်ကိုလည်း ပြန်ခေါ်မယ် မထင်ဘူး၊ ဒီကို လာရတဲ့ စရိတ်စက ကုန်လှပြီ မဟုတ်လား၊ ဒီတော့ အစ်ကို ထင်တာက မောင်တော်ဟာ သူ့အရှက်ကို နောက်ထားပြီး ညီမတော် ရှုရှီလာကိုပဲ မဟာရာဇာနဲ့ လက်ထပ် ပေးလိမ့်မယ် ထင်တယ်'

'ဒါဖြင့် ဇူလီကိုကော'

'ဇူလီကိုတော့ ကာရီကုတ်ကို ပြန်ပို့လိမ့်မယ် ထင်တယ်၊ ဒါပေမဲ့ သူ မနှစ်သက်တဲ့ မိန်းကလေး တစ် ယောက်ကို လက်ထပ်ဖို့ ကြောင်းလမ်းတဲ့ အတွက် လျော်ကြေး တောင်းတဲ့ အနေနှင့် သူ့ ခန်းဝင် ပစ္စည်း ကိုတော့ သိမ်းယူလိမ့်မယ် ထင်တယ်၊ အစ်ကိုတို့ဘက် က သူနှင့် ရန်စစ်ဖြစ်ဖို့ အဆင်သင့် မရှိဘူး ဆိုရင် သူ အတိုင်း သူ့ လုပ်တာကို လက်ခံရတော့မယ် ထင်တယ်'

'ဒါပေမဲ့ သူ ဒီလို လုပ်လို့ ဘယ်ဖြစ်မလဲ အစ်ကို၊ ဒါကို ဇူလီတို့ တရားဥပဒေက ခွင့်မပြုဘူး



www.burmeseclassic.com

www.burmeseclassic.com



'ဘယ် တရားဥပဒေလဲ၊ ဘိသော ပြည်နယ်မှာ မဟာရာဇာရဲ့ တရားဥပဒေ တစ်ခုပဲ ရှိတယ် ဇူလီ'

'ဇူလီပြောတာက မနုဓမ္မသတ်ကို ပြောတာပါ၊ သူဟာ ဟိန္ဒူ တစ်ယောက် ဆိုရင် ဒီဓမ္မသတ်ကို လိုက်နာရမှာပေါ့၊ သတို့သမီး၏ လက်ဝတ်လက်စား ရတနာတို့သည် အမွေပစ္စည်းများ ဖြစ်ကြသည့် အတွက် သူ့ထံမှ သိမ်းယူခြင်း မပြုနိုင်၊ မိမိတို့ လင်ယောကျ်ား တစ်သက်တွင် ဝတ်ဆင်ခဲ့ကြသည့် ဇနီးမယားတို့၏ လက်ဝတ်ရတနာများကို အမွေ ဆက်ခံသူတို့က ခွဲဝေယူခြင်း မပြုနိုင်၊ ခွဲဝေယူလျှင် ဇာတ်မြင့်သူ အဖြစ်မှ ဝိုင်းပယ်ဖဲကြဉ်ခြင်း ခံရမည်လို့ ပါတယ် အစ်ကို'

'ဒါပေမဲ့ ဇူလီက သူ့ဇနီးမယားမှ မဟုတ်တာ၊ သူက ဘာဖြစ်လို့ ဒီဓမ္မသတ်ကို လိုက်နာရမှာလဲ၊ လိုက်နာစရာလည်း မလိုဘူး'

'ဒါပေမဲ့ ဇူလီ ပြန်သွားလို့ မဖြစ်ဘူး အစ်ကို၊ ဒါကို အစ်ကို သိတယ်၊ ဇူလီ ရှုရီလာကို မခွဲနိုင်ဘူး'

'ဇူလီမှာ ပြန်ဖို့မှအပ အခြားလမ်း မရှိဘူး ဇူလီ'

ဇူလီသည် နောက်သို့ ဆုတ်လိုက်ပြီးနောက်

'မဖြစ်နိုင်ဘူး အစ်ကို၊ လုံးဝ မဖြစ်နိုင်ဘူး၊ ဟုတ်တယ်၊ ဘိသော မဟာရာဇာဟာ ဇူလီကို လက်ထပ်ချင်မှ လက်ထပ်မယ်၊ ဒါပေမဲ့ သူ့ဟော်နန်းမှာ နေပြီး ရှုရီလာကိုတော့ စောင့်ရှောက်ခွင့် ပေးမှာပါ၊ အနည်းဆုံး ရံရွေတော် တစ်ယောက်၊ အစေတော် တစ်ယောက် အနေနှင့် ဖြစ်စေ နေခွင့်တော့ ပေးမှာပါ၊ တကယ်လို့ ဇူလီ အတွက် ပေးလိုက်တဲ့ ခန်းဝင် ပစ္စည်းကို သူ သိမ်းလိုက်ပြီ ဆိုရင်လည်း ဒီဟော်မှာ သူ ကျွေးတဲ့ ထမင်း တစ်လုတ် အတွက် အဖိုးသားနား ပေးလိုက်တယ်လို့ပဲ ဇူလီ ယူဆလိုက်တော့မယ်၊ တကယ်လို့ ဇူလီဟာ အိမ်တွင်းဆုံး ကျဉ်း၊ သူ့ ကြင်ရာတော်ဟာ ဇူလီ မရှိရင် ရင်ကွဲနာကျ သေမယ် ဆိုလို့ ရှိရင် မဟာရာဇာဟာ ဇူလီကို နေခွင့်ပေးမှာပါ အစ်ကို၊ မောင်တော် နန်ဒူးက တော့ ဇူလီကို ဘယ်နည်းနှင့်မှ ပြန်လာစေချင်မှာ မဟုတ်ဘူး၊ ဒါကို ဇူလီ သိပါတယ်၊ ဟိုရောက်တော့မှ တော့ ဘိသော မဟာရာဇာက မလိုချင်လို့ ပယ်လိုက်တဲ့ မိန်းမ တစ်ယောက်ကိုလည်း ဘယ်သူက ယူတော့မှာတဲ့လဲ'

'တစ်ယောက်တော့ ရှိပါတယ်ကွယ်' ဟု အက်ရှ်က ခပ်တိုးတိုး ပြောသည်။

နာကျင်သော ကလေး တစ်ယောက်ကဲ့သို့ ဇူလီ၏ မျက်နှာသည် မဲ့သွား၏။ ဇူလီသည် မျက်နှာကို တစ်ဖက်သို့ လွှဲလိုက်ကာ ဆို့နစ်သည့် အသံဖြင့်

'ဒါကို ဇူလီ သိပါတယ် အစ်ကိုရယ်၊ ဒါပေမဲ့ ဒါက ဖြစ်မှ မဖြစ်နိုင်တာ၊ ဒီတော့ ဇူလီဟာ ကာရီကုတ်ကို ဘယ်နည်းနှင့်မှ ပြန်မလိုက်နိုင်ဘူး၊ ပြန်လိုက်အောင်လည်း ဘယ်သူမှ မလုပ်နိုင်ဘူး ဆိုတာ အစ်ကိုက လူတွေကို ပြောပြပါ၊ ဇူလီဟာ ဘိသောမှာ ညီမလေးနှင့် အတူ အမြောင်မယား အဖြစ် နေခွင့် မရဘူး ဆိုရင်လည်း သူ့အစေအပါး အဖြစ် နေမှာပဲ၊ ဒါဟာ ဇူလီရဲ့ သဘောထားပဲ အစ်ကို၊ ဇူလီကို ခုလို သတိပေးတဲ့ အတွက် အစ်ကို့ကိုတော့ ကျေးဇူး တင်ပါတယ်'

ဇူလီ၏ အသံသည် တိမ်ဝင်သွား၏။ ဇူလီသည် ခေါင်းကို ငုံ့လိုက်လေရာ ထိုအပြုအမူသည် သူ့စကားလုံးများထက်ပင် ပို၍ သနားစရာ ကောင်းနေသည်။ ထို့နောက် ဇူလီသည် တုန်ယင်သော လက်များဖြင့် သူ့မျက်နှာဖုံး ဇာပဝါကို မျက်နှာပေါ်သို့ ပြန်ဖုံးလိုက်၏။

အက်ရှ်သည် ဘာမျှ မပြောနိုင်။ အတန်ကြာ ငိုင်နေသည်။ ထို့နောက် ဇူလီ၏ ပခုံးကို ဆွဲယူလိုက်ကာ မျက်နှာပေါ်မှ ဇာပဝါကို ဖယ်ရှားလိုက်၏။ မျက်ရည်တို့ စိုစွတ်နေသော ဇူလီ၏ ပါးပြင်ကို မြင်လိုက်ရသည့် အခါ၌ ရင်ထဲတွင် နာကျင်သွားသည်။ စကားလုံးများသည် အလိုလို ရင်ထဲမှ ထွက်လာကြ၏။

'မရှုစမ်းပါနှင့် ဇူလီ၊ ရှုရီလာရဲ့ အစေအပါး အဖြစ် နေခဲ့တော့ကော ဘိသော မဟာရာဇာက ဇူလီကို ခြေတော် မတင်တော့ဘူး ထင်သလား၊ တင်မှာပေါ့၊ သူ့ဟော်ထဲ ရောက်ရင် ဇူလီဟာ ဘာပဲဖြစ်ဖြစ် သူ့ပစ္စည်းဖြစ်ရတော့မယ်၊ ဇူလီကို မဟာဒေဝီ အရာမှာ ထားချင်မှ ထားမယ်၊ မောင်းမလောက် အဆင့်ကိုတောင် ပေးချင်မှ ပေးမယ်၊ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် သူ့ဟော်ထဲ ရောက်ရင် ဇူလီကို ချမ်းသာ ပေးမတဲ့လား၊ သူ့လက်ခုပ်ထဲက ရေပဲ ဖြစ်မှာပေါ့၊ ခု သူ့ကို ကြည့်ရတာက ဘဝင်ကလည်း တော်တော် မြင့်ပုံရတယ်၊ မဟာရာဇာ တစ်ယောက်ရဲ့ သမီးကို မောင်းမ အဖြစ် ထားတယ် ဆိုတာကို သူ ဂုဏ်ယူမှာပေါ့၊ အဲဒီအခါကျရင် ဇူလီရဲ့ အခြေအနေဟာ ပိုပြီး ဆိုးမလာနိုင်ပေဘူးလား'

ဇူလီက တည်ငြိမ်စွာဖြင့်

'ဇူလီ အဖို့ကတော့ မထူးတော့ပါဘူး အစ်ကို၊ မွေးကတည်းက ကိုယ့်အကြောင်းနှင့် ကိုယ် ဖြစ်လာကြတာပဲ၊ ရှုရီလာမှာသာ'



www.burmeseclassic.com

www.burmeseclassic.com



'တော်စမ်းပါကွယ်၊ သူ့ အကြောင်း ပြောမနေစမ်းပါနဲ့' ဟု အက်ရှ်က အော်လိုက်၏။ 'ဇူလီ ဒီမှာ နေခဲ့လို့ အလကားပဲ၊ အစ်ကိုကလည်း မထားခဲ့နိုင်ဘူး၊ ရှင်းရှင်းပဲ၊ အစတုန်းကတော့ ဇူလီကို ထားရစ်နိုင်ခဲ့မယ်လို့ ကိုယ့်ကိုယ်ကိုယ် ထင်ခဲ့တယ်၊ အဲဒီတုန်းကတော့ မဟာရာဇာကို မြင်မှ မမြင်ရသေးဘဲကိုး၊ ခု သူ့ရုပ်ကို ဇူလီ မြင်စေချင်တယ်၊ လူကြီးကလည်း အသက်ကလည်း ကြီးလှပြီ၊ အသက်တင် ကြီးတာ မဟုတ်ပါဘူးလေ၊ လူကလည်း အိုစာနာ ကျနေပြီ၊ အရုပ်ကလည်း ဆိုးသေးတယ်၊ နှလုံးသားကလည်း ကင်းမဲ့သေးတယ်၊ တကယ့် လူဝံကြီး ကျနေတာပဲ၊ မကောင်းမှု ဆိုတာကလည်း ကမ်းကုန်နေပြီ၊ ဒီလို လူကြီးကို ဇူလီ ယူမလားဟင်၊ ဇူလီ ယူတော့မှာလား၊ သူနှင့် ရပြီး ဘီလူးကလေးတွေကို မွေးချင်လို့လား၊ သူနှင့် ယူရင် ဘီလူးကလေးတွေပဲ မွေးမှာ၊ ဒါကို ဇူလီ သိရဲ့လား'

မျက်ရည်တို့ စိုစွတ်လျက် ရှိသော ဇူလီ့ မျက်နှာသည် ရှုံ့မဲ့လျက် ရှိ၏။ သို့ရာတွင် ဇူလီက အလျှော့မပေး။ တည်ငြိမ် ပြတ်သားသည့် လေသံဖြင့်

'ယူရမယ် အစ်ကို၊ ဘာကြောင့် ယူရတယ် ဆိုတာ အစ်ကို သိပါတယ်၊ မဟာရာဇာဟာ အစ်ကို ပြောသလို ဘဝင်မြင့်ချင် မြင့်မယ်၊ ဇူလီကို မဟာဒေဝီ အဆင့်မှာ မထားဘဲ မောင်းမ တစ်ယောက်လောက်ပဲ ထားချင် ထားမယ်၊ ဇူလီ့ ဘဝဟာလည်း သာယာမှု ဆိုလို့ ဘာမှ မရှိတဲ့ ဘဝ ဖြစ်ချင် ဖြစ်မယ်၊ ဘယ်လိုပဲ ဖြစ်ဖြစ် ဇူလီဟာ ညီမတော်လေး အတွက် အကူအညီ ဖြစ်တယ် ဆိုရင် ဇူလီ ကျေနပ်ပါပြီ၊ ကာရီကုတ်ကို ပြန်လိုက်တယ် ဆိုရင် ဇူလီအဖို့ ဘာအသုံးကျမှာလဲ၊ အရှက်တကွဲ အကျိုးနည်း ဖြစ်ပြီး သောက ရောက်ရုံပဲ ရှိမှာပေါ့၊ ဟိုရောက်ရင် မောင်တော် နန်ဒူးကလည်း ပြန်လာရမလား ဆိုပြီး မျက်နှာသာ တစ်ချက်မှ ပေးမှာ မဟုတ်ဘူး'

'ဇူလီ ပြောနေပုံက ဇူလီ့မှာ တခြား ရွေးစရာ လမ်း မရှိတော့သလိုပဲနော်၊ ဇူလီမှာ ရွေးစရာ လမ်းတွေ ရှိပါတယ်ကွယ်၊ ဒါကို ဇူလီ သိပါတယ်၊ ဇူလီ ကိုယ်နှင့် လိုက်ခဲ့ပါလားဟင်၊ ကိုယ်နှင့် လိုက်ခဲ့ရင် ဘယ်လောက် ပျော်စရာ ကောင်းမလဲ၊ ဒီမှာ ဘာဖြစ်လို့ ဇူလီ နေရစ်ခဲ့မလဲ၊ သူတစ်ပါးဆီမှာ အနှိမ်ခံ ကျွန်ခံပြီး...၊ အို တော်ပါတော့ကွယ်၊ ဒါတွေကို အစ်ကို မပြောချင်ဘူး၊ ဇူလီက ရှရီလာ အတွက် နေခဲ့မယ်လို့ ပြောတယ်၊ အစ်ကို ပြောဖူးတယ် မဟုတ်လား၊ ရှရီလာဟာ ပျက်စီး နေတဲ့ ကလေး တစ်ယောက်၊ လောကကြီး အကြောင်း ကို သူ ဘာမှ မသိဘူး၊ အော်ဟစ် ငိုယိုရင် မျက်ရည်ကျရင် သူ လိုချင်တာ အားလုံး ရနိုင်တယ်လို့ ထင်နေတယ်၊ ရှ ရီလာဟာ အဲဒါတွေကို လက်နက် အဖြစ် သုံးပြီး သူ လိုချင်တာကို ရအောင် တောင်းတယ်၊ သူ ဒီလောက်ပဲ သိတယ်၊ နောင်ကျရင် ရှရီလာမှာ အခြွေအရံတွေနှင့် အပျော်အပါးတွေနှင့်၊ သားတွေ သမီးတွေနှင့်၊ အဲဒီအခါ ကျတော့ ဇူလီကို ချစ်နိုင်ဦးမှာတဲ့လား၊ ဇူလီကို လိုဦး မှာတဲ့လား၊ အစ်ကိုဟာ ဇူလီ မရှိဘဲ မနေနိုင်တော့ဘူး ဆိုတာကိုကော ထည့်မစဉ်းစားတော့ဘူးလား၊ တကယ် တော့ ဇူလီဟာ အစ်ကို့အတွက် လိုပါတယ် ဇူလီ၊ ဇူလီ ဟာ သူ့အဖို့ထက် အစ်ကို့ အဖို့ ပိုပြီး လိုပါတယ်'

မျက်ရည်များသည် ဇူလီ၏ ပါးပြင်ပေါ်သို့ စီး ကျလာကြသည်။ ငိုရှိုက်လျက် ရှိသဖြင့် တော်တော်နှင့် စကား မပြောနိုင်။ ဇူလီသည် ခေါင်းကို ယမ်းကာ ရှိုက် သံများ ကြားမှနေ၍

'တော်ပါတော့ အစ်ကိုရယ်၊ ဒါတွေကို မပြော ပါနှင့်တော့၊ ဒီအကြောင်းတွေကို အစ်ကို ပြောခဲ့ပြီးပြီ၊ အစ်ကိုဟာ ယောကျ်ား၊ သူ့ထက် ကြံ့ခိုင်တယ်၊ အား ကောင်းတယ်၊ ရှရီလာဟာ မိန်းမသား၊ အားနွဲ့တယ်၊ စိတ်ဓာတ် ပျော့ညံ့တယ်၊ ဇူလီ သူ့ကို သစ္စာ မဖောက် နိုင်ဘူး အစ်ကို၊ မဟာရာဇာဟာ အစ်ကို ပြောတဲ့အတိုင်း ဆိုရင် ဇူလီ သူ့ကို သာပြီး မထားခဲ့နိုင်သေးတယ်၊ အစ်ကို့ကို ဇူလီ ဘယ်လောက် ချစ်တယ် ဆိုတာ အစ်ကို သိပါတယ်၊ အသက်ထက်တောင် ချစ်ပါတယ်၊ ဒါပေမဲ့ ဇူလီ သူ့ကို ချစ်တယ် အစ်ကို၊ သူသာ မဟာဒေဝီ ဖြစ် ရင် ဇူလီ့ကို မလိုတော့ဘူးလို့ အစ်ကို ပြောသွားတယ် မဟုတ်လား အစ်ကို၊ လိုတယ်၊ လိုတာမှ သိပ်ကို လို တယ်၊ ခုဆိုရင် ပိုပြီးတောင် လိုသေးတယ်၊ ဒီတော့ မဖြစ်ဘူး အစ်ကို၊ ဇူလီ လိုက်လို့ မဖြစ်ဘူး'

ဇူလီ၏ အသံသည် တိမ်ဝင် သွားပြန်သည်။ အက်ရှ်သည် ဇူလီကို လိမ်မပြောလိုက်မိလေခြင်း ဟု နောင်တ ရသွား၏။

မဟာရာဇာသည် မည်မျှ ချောမော ခံ့ညား ကြောင်း၊ ရှရီလာသည် မဟာရာဇာကို မုချ ချစ်မည် ဖြစ်ကြောင်း၊ သူတို့ နှစ်ယောက် ကြားတွင် ဇူလီသည် ကြားဝင် ရှုပ်နေမည်ဟုပင် ထင်နိုင်ကြောင်း စသည် လိမ်ညာ ပြောလိုက်လျှင် အကောင်းသားဟု သူ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုစကားကို ယုံသွားလျှင် ဇူလီသည် ရှုရီလာ အပေါ်တွင် သည်မျှ သံယောဇဉ် ကြီးတော့မည် မဟုတ်။

သို့ရာတွင် မိမိသည် အမှန်ကို ပြောလိုက်မိပြီ။ ထိုသို့ ပြောလိုက်သည့် အတွက် ဇူလီသည် ညီမ အပေါ်တွင် သံယောဇဉ်ကြီးသူ ပီပီ သူ့ညီမကို အသနားပို သွားကာ ညီမနှင့် အတူ နေရစ်ခဲ့တော့မည်။ အက်ရှ်သည် သူ့ကိုယ်သူ နောင်တရ၍ မဆုံး ဖြစ်နေသည်။

အက်ရှ်သည် ဇူလီ၏ ပခုံးကို ကိုင်ထားရာမှ စိတ်ပျက်လက်ပျက်ဖြင့် လွှတ်လိုက်၏။ ရှေ့တွင် ရပ်ရင်း ဇူလီကို စိုက်ကြည့်နေမိသည်။ ဇူလီက သူ့ရှေ့တွင် ရပ်လျက်။ အရပ်မြင့်မြင့် ကိုယ်လုံးသွယ်သွယ်။ လသာ မှန်အိမ် မီးရောင်တွင် ချစ်စရာကောင်းနေသည်။ မင်းသမီး တစ်ပါးနှယ်။ ဟုတ်သည်၊ မင်းသမီး တစ်ပါး။ မကြာမီ ရံရွှေတော် တစ်ဦး ဖြစ်ရတော့မည့် မင်းသမီး တစ်ပါး။

တိတ်ဆိတ်မှုထဲတွင် တိုးညင်းသော အသံကလေး များကို ကြားရသည်။ မှန်အိမ်ကို တိုးနေသည့် ပိုးကောင် လေးများ၏ တဖျတ်ဖျတ် အသံ။ ရွက်ဖျင်တဲကြီးမှ တကျွိကျွိ မြည်သံ။ အက်ရှ်၏ ခပ်မှျင်းမှျင်း အသက်ရှူသံ။ သူ့နှလုံးခုန်သံ။ ယခုအချိန် အထိ သူ့နှလုံး ခုန်နေသေး သည့် အတွက် အက်ရှ်သည် အံ့သြနေသည်။ သို့မဟုတ် ထိုနှလုံး ခုန်သံသည် ဇူလီ၏ နှလုံး ခုန်သံလော။

အက်ရှ်သည် ပိန်းချုံး သွယ်ကျနေသော မျက်နှာ၊ အချစ်နှင့် ဝေဒနာတို့ကြောင့် မျက်ရည်တို့ဖြင့် မှုန်မှိုင်း ကာ ပြူးကျယ်နေသည့် မျက်လုံး စသည်တို့ကို အတန် ကြာမျှ စိုက်ကြည့်နေသည်။ ထို့နောက် ဇူလီ၏ ကိုယ် ကလေးကို ရင်ခွင်ထဲသို့ ပွေ့ယူလိုက်ကာ အငမ်းမရ နမ်းမိသည်။

ဇူလီ မရုန်းနိုင်တော့။ ဇူလီသည် အတန်ကြာမျှ သူ့လည်ပင်းကို သိုင်းဖက်ထားလိုက်ကာ ခေါင်းကို မော့၍ အက်ရှ်ကို ပြန်နမ်းလိုက်သည်။ သို့ဖြင့် သူတို့ နှစ်ယောက် အဖို့ ကမ္ဘာ လောကကြီးသည် အချိန် အတော် ကြာမျှ လှည့်ပတ်ခြင်း မရှိဘဲ ရပ်တန့်သွားသည်ဟု ထင်လိုက်မိကြသည်။ သူတို့ အနားတွင် ကာကာဂျီ ရှိသည်ကိုလည်း မေ့နေပြီ။ အရာ အားလုံးကိုလည်း မေ့နေပြီ။ ကမ္ဘာကြီးသည် အချိန်ကာလ မရှိသော နှစ်လို စဖွယ် အဝန်းအဝိုင်းကလေး တစ်ခုဟု ထင်လိုက်မိသည်။

သူတို့ကို ရပ်ကြည့်နေသည့် ကာကာဂျီ၏ စိတ်၌ သဏ္ဌာန် နှစ်ခုသည် တစ်ခုတည်း အဖြစ်၊ ခွဲခွာ၍ မရနိုင် ကောင်းသော အရာ တစ်ခု အဖြစ် ပေါင်းစည်းသွားသည် ဟု ထင်လိုက်၏။ မမြင်ရသော လေပြင်း တစ်ချက် အတိုက်တွင် ယိမ်းလှုပ်နေသော မီးလျှံ တစ်ခု ပမာ။ အရိပ် တစ်ခု ပမာ။

ဇူလီသည် ချက်ချင်း သတိပြန်ရ၏။ ရစ်ပတ် ထားသော လက်သည် ပြေကျသွားကာ ကိုယ်ကို နောက်သို့ ဆုတ်၏။ သူတို့ နှစ်ကိုယ်ကြားတွင် လက်ထိုးသွင်း၍ အက်ရှ်ကို တွန်း၏။ အက်ရှ်သည် သူ့ကို မလွှတ်ဘဲ ထားနိုင်သည့်တိုင် မကြိုးစားတော့။ သူ အရေးနိမ့်သည် ကို သိလေပြီ။ ညီမတော် ရှုရီလာ၏ အားနည်းချက် သည် သူ့အချစ်၊ သူ့လိုအင်ဆန္ဒထက် အားကြီးကြောင်း သိလိုက်လေပြီ။

နောက်ထပ် ဘာမျှ ပြောစရာ မရှိတော့။ နောက် ထပ် ဘာမျှ လုပ်စရာ မလိုတော့။ ဇူလီကို ခိုးပြေးရန် အကြံကို အစောကြီးကတည်းက စွန့်လွှတ်ခဲ့ပြီ မဟုတ် လော။ ဇူလီက လိုလိုချင်ချင် ခိုးရာ လိုက်ခဲ့သည် ထား ဦး။ လွတ်လမ်းက နည်းပြီး အန္တရာယ်က များသည် မဟုတ်လော။ ဇူလီက သဘောမတူလျှင်မူ ဆိုဖွယ် မရှိ တော့ပြီ။ သူတို့ နှစ်ဦးစလုံး မြေကြီးလက်ခတ် မလွဲ သေပွဲ ဝင်ကြရုံသာ ရှိတော့သည်။

အက်ရှ်သည် နောက်သို့ ဆုတ်၍ ရပ်နေသည်။ ဇူလီက မျက်နှာဖုံး ဇာပဝါကို လိုက်ရှာနေ၏။ လက်တွေ တုန်နေသဖြင့် မျက်နှာဖုံး ဇာပဝါကို မနည်း တပ်ယူ ရ၏။ ထို့နောက် ဇူလီသည် မျက်နှာဖုံး ဇာပဝါကို ကိုင် ထားရင်းက အသုဘခေါင်း မပိတ်မီ မိမိ ချစ်ခင် မြတ်နိုးသူ တစ်ယောက်၏ မျက်နှာကို နောက်ဆုံး အကြိမ် ကြည့်သကဲ့သို့ အက်ရှ် မျက်နှာကို ကြည့်နေ သည်။

သူ့မျက်လုံးများ၏ အရောင်၊ ဖြောင့်တန်းသော မျက်ခုံးများ၊ ချိုသာ နူးညံ့မှု သို့မဟုတ် တင်းမာမှုကို ပေးနိုင်သည့် နှုတ်ခမ်းများ၊ ရင့်ရော်စ ပြုနေသော မျက် နှာမှ အရေးအကြောင်းများ၊ နဖူးပေါ်တွင် ဝဲကျနေသည့် ဆံပင်များ၊ ထို့နောက် တောင်ပေါ်တန်းက အာဖရိကန် ဓားကောက်နှင့် ထိုးမိခဲ့သဖြင့် နဖူးပြင်တွင် ထင်နေသည့် အမာရွတ်ကလေး။

အက်ရှ်က တည်ငြိမ်သည့် လေသံဖြင့်

'ဇူလီ ကိုယ့်ကို လိုတဲ့ အချိန်မှာ ပြောပါ၊ ငါးရှဉ့် ထက်ပိုင်းကျိုးကလေးကိုသာ ပို့လိုက်ပါ၊ အဲဒီအခါကျ ရင် ဘယ်လောက် ဝေးတဲ့ နေရာကပဲ ဖြစ်ဖြစ် အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



အရောက် လာခဲ့ပါ့မယ်၊ တကယ်လို့ အစ်ကို မသေခဲ့သေးဘူး ဆိုရင်ပေါ့လေ'

'ဟုတ်ပါတယ်၊ ဇူလီ သိပါတယ်'

'ကဲ ပြန်ပေတော့ ဇူလီ၊ ဇူလီ့ကို အစ်ကို နေ့တိုင်း နာရီတိုင်း အမှတ်ရ နေမှာပါ'

'ဇူလီကလည်း အမှတ်ရနေမှာပါ အစ်ကိုရယ်'

ဇူလီသည် အညိုရောင် ဇာမျက်နှာဖုံးကို မျက်နှာပေါ်တွင် တပ်လိုက်၏။ မီးရောင်ထဲတွင် မည်းမည်း အရိပ် တစ်ခု၏ သဏ္ဌာန်ကိုသာ မြင်ရတော့သည်။

ဇူလီသည် အရိပ် တစ်ခု ပမာ သူ့အနီးမှ လျင်မြန်စွာ ဖြတ်သွား၏။ အက်ရှ်က သူ့ကို လမ်းဖယ်ပေးလိုက်သည်။ ရွက်ဖျင် ဘေးကာ တံခါးကို ဖွင့်၍ ထွက်သွားသည့် အသံကို ကြားလိုက်သည့်တိုင် သူ လှည့်မကြည့်။ အပြင်လေ တိုးလိုက်သဖြင့် မီးတောက်သည် ဘယ်ညာ ယိမ်းသွား၏။ ရွက်ဖျင် အကာ ပြန်ပိတ်သွားသည့် အခါတွင် မီးရောင်သည် ငြိမ်သွားကြသည်။ ကြယ်တို့က ကောင်းကင်တွင် လက်လျက်။ ဇူလီ မရှိတော့။

အက်ရှ်သည် မည်မျှ ကြာအောင် ရပ်နေသည် မသိ။ ဘာကိုမျှလည်း မတွေး။ ဘာကိုမျှလည်း မကြည့်။ သူ့လက်မောင်း သူ့နှလုံးသားကဲ့သို့ သူ့စိတ်သည် ဟာလာဟင်းလင်း။

အရိပ်ထဲမှ သဏ္ဌာန်သည် လှုပ်ရှားလာကာ သူ့လက်မောင်းကို လာထိသည်။ ကြည့်လိုက်သည့် အခါ သူ့ဘေးတွင် ကာကာဂျီသည် ရပ်လျက်။ ကာကာဂျီ၏ မျက်နှာပေါ်တွင် ဒေါသလည်း မထင်။ အံ့သြရိပ်လည်း မလွှမ်း။ ကြင်နာမှု နားလည်မှု အပြည့်။ ဝမ်းနည်းသည့် အသွင်က အထင်းသား။

'အင်း ကျုပ် မသိခဲ့ဘူးဗျာ၊ ဒီလို ဖြစ်မယ် ဆိုတာ သိခဲ့ဖို့ ကောင်းတာပေါ့၊ ဒီလိုမှန်း သိရင် သခင်လေးကို ရင်းရင်းနှီးနှီး နေခွင့် မပေးခဲ့ပါဘူး၊ ကျုပ် စိတ်မကောင်းပါဘူးဗျာ၊ ဒါပေမဲ့ ခုတော့ ဇူလီ ရွေးတာ မှန်ပါတယ်၊ နှစ်ယောက်စလုံး အတွက် ကောင်းပါတယ်၊ တကယ်လို့ သခင်လေးတို့ ထွက်ပြေးကြမယ် ဆိုရင် နှစ်ယောက်စလုံး သေမှာပဲ၊ သူ့မောင်တော် နန်ဒူးဟာ ဒီလို ဟာမျိုးကို ဘယ်နည်းနှင့်မှ ခွင့်လွှတ်မှာ မဟုတ်ဘူး၊ အသေ လိုက်သတ်မှာ၊ ဒီအခါမှာ ဘီသော မဟာရာဇာကလည်း သူ့ကို အကူအညီ ပေးမှာပဲ၊ ဒီလိုဆိုရင် သခင်လေးတို့ နှစ်ယောက်ဟာ ဘယ်နည်းနှင့်မှ ပြေးလို့ လွတ်မှာ မဟုတ်ဘူး၊ ခုအတိုင်းပဲ ကောင်းပါတယ်၊ ကြာတော့ သခင်လေးတို့ နှစ်ယောက် မေ့မေ့ပျောက်ပျောက် ဖြစ်သွားကြမှာ၊ လူငယ် ဆိုတာ မေ့ဖို့ လွယ်ပါတယ်'

'ဒီလိုဆိုရင် ကာကာဂျီကော သူ့အမေကို မေ့လို့ ရသလား' ဟု အက်ရှ်သည် ဖြုန်းစားကြီး မေးလိုက်သည်။

ကာကာဂျီသည် အသက်ရှူ မှားသွားကာ အက်ရှ်၏ လက်မောင်းကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်၏။

'သခင်လေး၊ ဘယ်လို ပြောလိုက်...'

ကာကာဂျီသည် သူ့လက်ကို ကိုင်ထားရာမှ လွှတ်လိုက်သည်။ သက်ပြင်းကြီး တစ်ချက်ကို ချလိုက်၏။ မျက်လုံးများသည် အက်ရှ်၏ ပခုံးပေါ်မှ ကျော်ကာ နောက်ဘက် နံရံကို စိုက်ကြည့်နေသည်။

'အေးလေ၊ မေးရင်လည်း ဖြေရတာပေါ့၊ မေ့တော့ ဘယ်မှာ မေ့နိုင်ပါ့မလဲ၊ ဒါပေမဲ့ အဲဒီတုန်းက ကျုပ်ဟာ လူငယ်ကလေး တစ်ယောက် မဟုတ်တော့ဘူးလေ၊ လူလတ်ပိုင်း ရောက်နေပြီပဲ၊ ဒါပေမဲ့ ကျုပ် မေ့လိုက်ပါတယ်၊ မမေ့လို့ကော ဘာလုပ်နိုင်ဦးမှာလဲ၊ ကျုပ်သာ စောစောစီးစီး ဖွင့်ပြောခဲ့ရင် ကျုပ်လည်း ဒီလို ခံစားခဲ့ရမှာ မဟုတ်ပါဘူး၊ ကျုပ်နှင့် သူ့အမေဟာ ငယ်ပေါင်းကြီးဖော်တွေကလား၊ ဒါပေမဲ့ တကယ်ကတော့ သူဟာ ကျုပ်ထက် အများကြီး ငယ်ပါတယ်၊ ဒါနှင့် သူ့ကို ကျုပ် တစ်နေ့မှာ လက်ထပ်မယ် ဆိုပြီး စောင့်ခဲ့တယ်၊ ဒါပေမဲ့ ကျုပ်ညီတော်က သူ့အမေရဲ့ ချောတဲ့ လှတဲ့ သတင်းကို ကြားပြီး သူနှင့် တွေ့အောင် ကြိုးစားခဲ့တယ်၊ တွေ့တာနှင့် တစ်ပြိုင်နက် သူ့ကို ကောက်သွားတာပါပဲ'

ကာကာဂျီသည် အတန်ကြာမျှ တိတ်ဆိတ်နေသည်။ ထို့နောက် သက်ပြင်းကြီး ချလိုက်၏။

'သူတို့ လက်ထပ်မင်္ဂလာ ပြီးတဲ့ အခါကျတော့ ကျုပ်လည်း ပြည်နယ်မှာ မနေတော့ဘဲ ထွက်လာခဲ့တယ်၊ ဘုရားတွေ လျှောက်ဖူးတယ်၊ တရား အားထုတ်တယ်၊ မေ့ပျောက်ဖို့ ကြိုးစားခဲ့တယ်၊ ဒါပေမဲ့ မေ့ပျောက်လို့ မရပါဘူး၊ ပြည်နယ်ကို ကျုပ် ပြန်ရောက်တဲ့ အခါကျတော့ သူ ကွယ်လွန်နှင့်ပြီလေ၊ သူက မွေးခဲ့တဲ့ သမီးလေးကိုပဲ တွေ့ရတော့တယ်၊ ကျုပ် ဘာမှ မတတ်နိုင်တော့ဘူးလေ၊ အဲဒီအချိန်မှာ ကချေသည် မဟာဒေဝီက ဟော်ထဲမှာ သိပ် တန်ခိုးကြီးပြီး ဓားထက်နေပြီ၊ ကျုပ်ညီတော် ဆိုတာလည်း သူ ကြိုးဆွဲရာကို က[illegible]ရတဲ့ အဖြစ်ကို ရောက်နေပြီ၊ တစ်ခါတုန်းက အရင်းနှီးဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တဲ့ ကျုပ်ဟာ ခုတော့ ညီတော်နှင့် သူစိမ်းပြင်ပြင်လို ဖြစ်နေကြပြီ။

'ဒါနှင့် ကျုပ်လည်း သူ့သမီးလေး ဓူလီကို ဘာမှ မစောင့်ရှောက်နိုင်တော့ဘဲ စိတ်ညစ်ညစ်နှင့် ကျုပ် အိမ်ကလေးမှာပဲ ကျုပ် နေတော့တယ်၊ ဟော်ကိုလည်း တစ်လနေလို့တောင် တစ်ကြိမ် မရောက်တော့ဘူး၊ ပထမ ဓနီး သေသွားတော့ နောက်အိမ်ထောင် ထူဖို့ ပြောကြ ပါသေးရဲ့၊ ဒါပေမဲ့ ကျုပ် မယူချင်တော့ပါဘူး၊ ကျုပ် သူ့ကိုပဲ သတိရနေတယ်၊ ခု ကျုပ်လည်း အိုပါပြီလေ၊ ဒါပေမယ့် သူ့ကိုတော့ မမေ့နိုင်သေးဘူး'

'ဒါနှင့်တောင် ကျွန်တော့်ကိုတော့ မေ့ဖို့ ပြော သေးတယ် နော်'

'ဒါကတော့ သခင်လေးက ငယ်သေးတယ်လေ၊ ကိုယ့်ရှေ့မှာ ပျော်ရပါးရမယ့် အချိန်တွေ အများကြီး ကျန်သေးတာကိုး၊ ဒီတော့ သခင်လေး အဖို့ လွယ်မှာပါ'

'ဒါဖြင့် ဓူလီကကော၊ သူကကော မေ့လို့ လွယ် မှာတဲ့လား'

ကာကာဂျီ က မည်သို့မျှ မဖြေဘဲ လက်နှစ်ဖက် ကို ဖြန့်ပြလိုက်သည်။ အက်ရှ်က

'သူလည်း မေ့နိုင်မှာ မဟုတ်ပါဘူးဗျာ၊ ဒီမှာ ကာကာဂျီ ကျွန်တော် ပြောမယ်၊ သူ ငယ်ငယ်တုန်းက တော့ ဂျာနူးဘိုင်ကြောင့် ခင်ဗျား ဘာမှ မကူညီနိုင်ခဲ့ ဘူးလို့ ပြောခဲ့တယ်၊ ခု ခင်ဗျား တကယ် ကူညီချင်ရင် ကူညီနိုင်ပြီ မဟုတ်လား၊ ခင်ဗျားကို ဘယ်သူက တား မှာလဲ၊ ခု ဘိသော မဟာရာဇာ စော်ဘွား ဆိုတဲ့ လူကို ခင်ဗျား မြင်ပြီ မဟုတ်လား၊ ကတိမတည် သစ္စာမရှိ၊ ဒီတော့ လက်ထပ် ပဋိညာဉ်ကို ပြန်ရုပ်သိမ်းပြီး တူမ တော် နှစ်ယောက်ကို ကာရိကုတ်ကို ပြန်ခေါ်သွားရင် ခင်ဗျားကို ဘယ်သူက ဘာပြောမှာတဲ့လဲ'

ကာကာဂျီက အလန့်တကြားဖြင့်

'အလိုလေးလေးဗျာ၊ မဖြစ်နိုင်တာ မလုပ်ပါနှင့်၊ ဒီလိုကတော့ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ဘူး၊ ဒါဟာ သက်သက်မဲ့ အရှုးထတာပဲ ဖြစ်မှာပဲ'

'ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ၊ ခင်ဗျားကို ဘယ် သူက တားမှာလဲ၊ ဒီမှာ ကာကာဂျီ၊ ရှရီလာ ကိုယ်စား ရော၊ ဓူလီ ကိုယ်စားရော ကျွန်တော် တောင်းပန်ပါတယ်၊ သဘာတူညီချက်ကို ပြန်ရုပ်သိမ်းလိုက်ပါ၊ ခင်ဗျားကို ဘယ်သူကမှ အပြစ်တင်မှာ မဟုတ်ဘူး၊ ခင်ဗျား လုပ် ဖို့က...'

'မဖြစ်ဘူး၊ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ဘူး၊ နောက် ကျနေပြီ၊ တူတော် နန်ဒူး အကြောင်းကို သခင်လေး မသိပါဘူး'

'ဘိသော စော်ဘွားထက်တော့ ဆိုးမှာ မဟုတ် ပါဘူးဗျာ'

'ဒါက သခင်လေး ထင်တာကိုး၊ သခင်လေး သူ့အကြောင်းကို မသိဘူး၊ ခု ကျုပ်တို့ လက်ထပ် ပဋိညာဉ်ကို ဖျက်၊ မင်္ဂလာကြေးတွေ ခန်းဝင်ပစ္စည်း တွေကို အဆုံးခံပြီး တူမတော် နှစ်ယောက်ကို ကာရိကုတ် ကို ပြန်ခေါ်လာရင် ဘာဖြစ်မယ် ထင်သလဲ၊ နန်ဒူးဟာ ရာဇမာန် ရှတော့မယ်ဗျ၊ ကျုပ် အသက်က အရေးမကြီး ပါဘူး၊ ဒါပေမဲ့ မူးလ်ရတ်တို့၊ မာလဒီယိုရိုင်းတို့၊ စူးရတ် တို့၊ ဘဂဝန်ဆင်းတို့ ဆိုတဲ့ လူတွေ ရှိသေးတယ်၊ အန် ပိုရီဘိုင်ကိုတောင် ချမ်းသာပေးမှာ မဟုတ်ဘူးဗျ'

'သူ မသတ်ရဲပါဘူးဗျာ၊ ကာရိကုတ်မှာ ဗြိတိသျှ သံကိုယ်စားလှယ်က...'

'ကြံကြီးစည်ရာဗျာ၊ သခင်လေးတို့ ဗြိတိသျှ သခင်တွေဟာ ကိုယ့်ကိုယ်ကိုယ် တော်တော် အထင်ကြီး တာကိုး၊ သူတို့ အားလုံးကို လူမြင်ကွင်းမှာ ကားစင်တင် သတ်တာမျိုးတော့ ဘယ်လုပ်မလဲဗျ၊ ဒီပြင် နည်းတွေ ကို ရွေးမှာပေါ့၊ ထားပါလေ၊ ကျုပ်တို့တစ်တွေ အသတ် မခံရသည့်တိုင် ကျုပ်တို့မှာ ရှိသမျှတွေ အကုန် လျော်ရ မှာဗျ၊ အိမ်ခေါင်တိုင်တောင် ချွတ်ပေါင် ရလိမ့်ဦးမယ်၊ ပြီးတော့ တူမတော် နှစ်ယောက်ကိုလည်း ထည့်စဉ်းစား ပါဦး၊ ခုလို ပြန်လာရတယ် ဆိုရင် အိန္ဒိယပြည် တစ်ဝန်း မှာ လူရယ်စရာ ဖြစ်ကြတော့မယ်၊ အရှက်တကွဲ အကျိုး နည်း ဖြစ်ကြရတော့မယ်၊ သူတို့ကို လက်ထပ်မယ့်လူ ဆိုလို့ တစ်ယောက်မှတောင် ရှိမှာ မဟုတ်တော့ဘူး၊ သူတို့နှစ်ယောက် အဖို့ ပြန်သွားလို့ ရှိရင် ဘိသော စော် ဘွားလက်မှာ နေရတာထက်တောင် ဆိုးဦးမှာ၊ ကျုပ် ပြောတာကို မယုံလို့ ရှိရင် မူးလ်ရတ်တို့၊ မာလဒီယိုတို့ ကို မေးကြည့်လေ၊ မဖြစ်ဘူး သခင်လေး၊ ဘယ်နည်း နှင့်မှ မဖြစ်နိုင်ဘူး၊ ဒီတော့ ကျုပ်တို့ အလုပ်နိုင်ဆုံးက ဘိသော စော်ဘွားနှင့် တတ်နိုင်သမျှ ပြေလည်အောင် ညှိဖို့ပဲ ရှိတော့တယ်'

'ကာကာဂျီ ပြောတဲ့ အတိုင်း ဆိုရင် ဓူလီဟာ သူ့အပေါ်မှာ ဆိုးယုတ်ခဲ့တဲ့ မိန်းမ တစ်ယောက်ရဲ့ သမီး အတွက် သူ့ကိုယ်သူ အစတေး ခံရတော့မယ် ဆိုတဲ့ သဘောပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဒါကတော့ သူ့ဘာသာသူ ရွေးတဲ့ လမ်းလေ၊ သခင်လေးဟာ သူ့ချစ်သူ၊ သူ့ချစ်သူ ကိုယ်တိုင်တောင် ဖျက်လို့ မရတာ ကျုပ် ဘယ့်နှယ့်လုပ် ဖျက်လို့ ရမှာတဲ့လဲ၊ ဒီလိုဆိုရင် သခင်လေးဟာ သူ့ကို နားမလည်သေးဘူး ဆိုတာ ထင်ရှားတာပေါ့'

'နားလည်ပါတယ်ဗျာ၊ ဟိုဘက်တောင် လွန်နေသေးတယ်'

'ဒီလိုဆိုရင် ကျုပ် ပြောတာကို သခင်လေး လက်ခံမှာပေါ့'

အက်ရှ်သည် စကား တစ်လုံးမျှ မပြောနိုင်။ မျက်နှာကြီး ညိုမှောင်လျက် ရှိ၏။ ကာကာဂျီက သူ့အခြေအနေကို သတိ ထားလိုက်မိသည့် အတွက် လေသံပျော့ကလေးဖြင့်

'သခင်လေးတို့ နှစ်ယောက်စလုံး အတွက် စိတ်မကောင်းပါဘူးဗျာ၊ ကျုပ်မှာ တခြား နည်းလမ်း မရှိလို့ပါ၊ သူ့မှာလည်း တခြားနည်း ရွေးစရာလမ်း မရှိဘူး၊ ဘယ်သူ ဘာပြောပြော သူလည်း ဒီအတိုင်း လုပ်ရမှာပဲ၊ ဒီလို အခြေအနေမှာ ကျုပ်တို့ အတတ်နိုင်ဆုံးက ဇူလီကို အခြွေအရံ တစ်ယောက် မဟုတ်ဘဲ မဟာဒေဝီ တစ်ယောက် ဖြစ်အောင် လုပ်ပေးဖို့ပဲ တတ်နိုင်တော့တယ်၊ ခုတော့ ကျုပ်တို့ နှစ်ယောက်ကြောင့် သူ့မှာ ပိုပြီးတောင် ဒုက္ခ ရောက်နေရပြီ၊ သခင်လေး ဆိုရင်လည်း သူ့အချစ်ကို ရယူခဲ့ခြင်းအားဖြင့် သူ့ဘဝမှာ တသက်သက် ဆွေးရအောင် လုပ်သလို ဖြစ်နေပြီ၊ ကျုပ် ဆိုရင်လည်း သူနှင့် အတူ လွတ်လွတ်လပ်လပ် နေခွင့်ပေးခဲ့တဲ့ အတွက် မမျှော်လင့်တာတွေ ဖြစ်လာခဲ့ရပြီ၊ အေးလေ တကယ်ကတော့ ဒါတွေ အားလုံးဟာ ကျုပ် အပြစ်တွေချည်းပါပဲ၊ အဓိက တာဝန် ရှိတာက ကျုပ်ပါ'

ခါတိုင်းဆိုလျှင် အက်ရှ်သည် ကာကာဂျီကို သနားကောင်း သနားမိပေလိမ့်မည်။ သို့ရာတွင် ယခု သနားခြင်း မဖြစ်တော့။ သူ့တွင် ခံစားချက်တွေ ကုန်ခန်းသွားပြီ။ ဒေါသ အမျက်တို့ ဘာတို့လည်း မရှိတော့။ ရပ်နေရာမှ ဗိုင်းခနဲ လဲကျသွားလိမ့်မည်ဟုပင် ထင်မိသေးသည်။ သူတို့ နှစ်ယောက်သည် ဇူလီကို အကျိုးပြုခြင်းထက် အပြစ် ဖြစ်စေခဲ့ပြီ။

အက်ရှ်သည် ကြည်လင်စွာ မစဉ်းစားနိုင်တော့။ သည်နေ့ညတွင် ထိုအကြောင်းကို စဉ်းစားနိုင်ခြင်း မရှိတော့။ မနက်ဖြန် ဆိုလျှင် စဉ်းစားကောင်း စဉ်းစားနိုင်မည်လော မသိ။ မနက်ဖြန်သည် နေ့သစ် တစ်နေ့ မဟုတ်လော။ သို့ရာတွင် ထိုနေ့သစ်တွင် ဇူလီ မရှိတော့။ ထိုနေ့သစ်တွင်သာ မဟုတ်။ နောင်တွင်လည်း သူ့ဘဝတွင် ဇူလီ ရှိမည် မဟုတ်တော့။ သွားပေတော့ ဇူလီ။

အက်ရှ်သည် စကား တစ်လုံးမျှ မပြောတော့ဘဲ တဲထဲမှ ချာခနဲ လှည့်ထွက်လာခဲ့သည်။ ထို့နောက် တိတ်ဆိတ်လျက် ရှိသော စခန်းကြီးကို ဖြတ်ကာ အိပ်ပျော်ရင်း လမ်းလျှောက်နေသူ တစ်ဦးကဲ့သို့ လျှောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂၉

အက်ရှ်သည် တတ်နိုင်သမျှ စိတ်ရှည်အောင် ကြိုးစားရင်း ဘိသော စော်ဘွားနှင့် ဆွေးနွေးခြင်း မပြုသေးဘဲ တစ်ပတ်လုံးလုံး စောင့်သည်။ စော်ဘွား၏ နောက်ဆုံး တောင်းဆိုချက်များကိုလည်း ပြန်ကြားခြင်း မပြု။

ဘိသော စော်ဘွားထံမှ သဝဏ်များ၊ သစ်သီး လက်ဆောင်များကမူ နေ့တိုင်း ရောက်ရှိနေဆဲ။ အက်ရှ်ကလည်း ထိုပစ္စည်းများကို ယဉ်ကျေးမှု အရ လက်ခံ၏။ သို့ရာတွင် ဆွေးနွေးပွဲ ပြန်လည် စတင်ရန်ကိုမူ မည်သည့်ဘက်ကမျှ ထုတ်ဖော် ပြောဆိုခြင်း မပြုကြ။ ဘိသော စော်ဘွားသည်လည်း သူ့လိုပင် စောင့်၍ ကစားသည့် နည်းကို ကျင့်သုံးနေပုံ ရသည်။

'သူ လိုချင်တာကိုတော့ တင်ပြပြီးပြီ၊ ခင်ဗျား တို့ ပေးနိုင်ရင် ပေးကြ၊ ကျုပ်ကတော့ တစ်ပြားသားမှ မလျှော့နိုင်ဘူး ဆိုတဲ့ အပေါက်မျိုး ချိုးတာပေါ့ဗျာ' ဟု မူးလ်ရတ်က ပြော၏။

အက်ရှ်က မိမိတို့ဘက်က အလျှော့ပေးလိမ့်မည်ဟု ဘိသော စော်ဘွား ယူဆခဲ့သည်ဆိုလျှင် မကြာခင် သူ မှားမှန်း သိလာလိမ့်မည်ဟု ပြောသည်။

မူးလ်ရတ်က ပခုံးကို တွန့်ပြလိုက်လျက်

'ဒါတော့ ဟုတ်ချင်လည်း ဟုတ်မှာပေါ့လေ၊ ဒါပေမဲ့ လောလောဆယ် တော်မှာက ကျွန်တော်တို့ ခင်ဗျ၊ သခင်လေး ပြောတဲ့ အတိုင်း ကုန်သည်တွေက ကျွဲစာ နွားစာ ရောင်းတဲ့ လူတွေက ပိုက်ဆံ တောင်းနေကြပြီ၊ ကျွန်တော်တို့က အမတ်ချုပ်ကြီးနှင့် အုပ်ချုပ်ရေး အဖွဲ့ဆီကို တောင်းပါလို့ လွှဲလိုက်တယ်၊ ခု သူတို့က ပြန်ပြီး ကျွန်တော်တို့ဆီကို ပြန်လွှတ်လိုက်တယ် ခင်ဗျ၊ ခုဆိုရင် ကျွန်တော်တို့က ကြိုတင် ပိုက်ဆံပေးမှ ရိက္ခာတွေ၊ မြင်းစာတွေ၊ ကျွဲစာ နွားစာတွေကို သွင်းနိုင်မယ်လို့ ပြောနေတယ်၊ ကျွန်တော်တို့က ငွေထုတ်မပေးရင် ကျွန်တော်တို့ အားလုံး တော်ကုန်ကြတော့မှာ၊ ပြီးတော့ တိရစ္ဆာန်တွေ အတွက်လည်း ကျွဲစာတို့ ဘာတို့ ဘာမှ ရှိတော့မှာ မဟုတ်ဘူး ခင်ဗျ၊ သတိထားပြီး ချွေတာ သုံးရင်တော့ ကျွန်တော်တို့မှာ ဆိတ်တို့ နွားတို့က ရတဲ့ နို့ကလေးတွေနှင့် ထောပတ်တို့ ဘာတို့တော့ လုပ်လို့ ရဦးမှာပေါ့'

အက်ရှ်က ခပ်ပြုံးပြုံးဖြင့်

'မုန့်ကလေး ဘာလေး လုပ်ဖို့လည်း ဂျုံကလေး ဘာလေး ရှိပါသေးတယ်ဗျ၊ ဒီလို အခြေအနေမျိုးကို ရင်ဆိုင်ရရင် အဆင်သင့် ဖြစ်အောင် ဆိုပြီး ကျွန်တော် အစုခိုင်းထားတဲ့ ကောက်နှံတွေ ရှိပါသေးတယ်၊ ဒါပေမဲ့ အဲဒီ ကောက်နှံတွေကိုတော့ အင်မတန် အသုံးလိုမှ ထုတ်သုံးရမှာပဲ။

'ကျွန်တော်တို့ အနေနှင့်ကတော့ ဘိသော နယ်သူ နယ်သားတွေကို ကျွန်တော်တို့ကို အကြွေး ရောင်းဖို့ တတ်နိုင်သမျှ စည်းရုံး သိမ်းသွင်းရမှာပဲဗျ၊ ဒီလို လုပ်လို့မှ မရောင်းတော့ဘူး ဆိုရင်တော့ သူတို့စာရင်းတွေနှင့် တကွ ကြွေးတောင်းတဲ့ လျှောက်လွှာကို ကျွန်တော်တို့ဆီကို တင်လိုက်ပါလို့၊ ကျွန်တော်တို့ ဘယ်လောက် သည်းခံတယ် မခံဘူး ဆိုတာကို နိုင်ငံရေး ဝန်ထောက် သိအောင် ပြရမှာပေါ့'

မူးလ်ရတ်က ပြုံးလိုက်ရင်း

'ကောင်းပြီလေ၊ ကျွန်တော် သူတို့ဆီက စာရင်းတွေကို တောင်းထားမယ်၊ သခင်လေးကကော အမတ်ချုပ်ကြီးနှင့် ဘယ်တော့လောက် တွေ့မယ် စိတ်ကူးထားသလဲ'

'ဒီတစ်ခါတော့ ကျွန်တော်တို့က တွေ့ဖို့ မတောင်းဆိုတော့ဘူးဗျ၊ သူတို့ တောင်းဆိုမှပဲ တွေ့တော့မယ်၊ ဒီအတောအတွင်းမှာ ကျွန်တော်တို့ သိမ်းတိုက်ကြတာပေါ့ဗျာ၊ ပြီးတော့ တောပစ်သွားသလိုလို ဘာလိုလိုနှင့် ဒီတောင်ကြားထဲက လူမမြင် သူမမြင် ထွက်နိုင်မယ့်



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်သွားလမ်းကလေး ဘာလေးတွေများ ရှိသလားလို့လည်း လျှောက်ကြည့်ကြသေးတာပေါ့'

အက်ရှ်နှင့် မူးလ်ရတ်တို့သည် တောင်ကြားမှ တိတ်တဆိတ် ထွက်သွားနိုင်သည့် လူသွားလမ်းကလေးများ၊ ဆိတ်သွားလမ်းကလေးများကို လိုက်ရှာသော်လည်း မတွေ့ခဲ့ကြ။

များမကြာမီတွင် သူတို့ကို ဘိသော စော်ဘွားက ဟော်နန်းသို့ လာရောက်ရန် ဖိတ်ကြားပြန်သည်။ သို့ရာတွင် တွေ့ဆုံသည့် အခါတွင် ဘာမျှ အကြောင်းမထူး။ ယခင် တောင်းဆိုချက်များကို ထပ်မံ တင်ပြကာ ယခင် အကြောင်းပြချက်များကိုပင် ထပ်မံ တင်ပြပြန်သည်။ သူတို့ဘက်ကလည်း ယခင် အတိုင်းပင် လက်ခံနိုင်ခြင်း မရှိကြောင်းဖြင့် ပြန်ကြားကာ စခန်းသို့ ပြန်လာခဲ့ကြ၏။

'နောက်တစ်ခါကျရင်တော့ ကျွန်တော်တို့ အလှည့်ပေါ့ဗျာ' ဟု အက်ရှ်က ပြော၏။

သို့ဖြင့် ရက်ပေါင်းများစွာ ကြာသည့် အခါတွင် အက်ရှ်သည် ဘိသော မဟာရာဇာ စော်ဘွားကို တွေ့ခွင့်တောင်းကာ မိမိတို့ တောင်းဆိုချက်များကို တင်ပြပြန်သည်။ သို့ရာတွင် အချည်းနှီးသာ။

ထို့နောက်တွင်မူ ထိုသို့ ဆွေးနွေး စေ့စပ်ပွဲမှာ ဘာမျှ တိုးတက်မှု မရှိဘဲ တန့်နေသည်။ ဘိသော ပြည်နယ် စော်ဘွားသည် တစ်ဖက်က မည်သို့ တင်ပြလာမည်နည်းဟု စောင့်ဆိုင်းနေသည်။ မိမိဘက်ကမူ မည်သို့မျှ ကမ်းလှမ်းခြင်း မပြုတော့။ ထိုအတောအတွင်း၌ ကား ကာရိကုတ်မှ ဧည့်သည်များမှာ အစားအသောက် ကျွဲစာ နွားစာတို့ တစ်နေ့တခြား ရှားပါးသည်ထက် ရှားပါးလာခဲ့လေပြီ။ အကြွေး ဝယ်၍လည်း မရတော့။

ဤတွင် အက်ရှ်သည် နည်းပရိယာယ် ပြောင်းကာ စော်ဘွား၏ ဟော်သို့ နေ့တိုင်း သွားရောက်ကာ စော်ဘွားနှင့်သော် လည်းကောင်း၊ အမတ်ချုပ်ကြီးနှင့်သော် လည်းကောင်း တွေ့ဆုံ၍ အကျိုးအကြောင်း ညီညွတ်သည့် တောင်းဆိုချက်များကိုသာ တောင်းရန် တိုက်တွန်းနေသည်။

ထိုအတောအတွင်း၌ အက်ရှ်သည် မိမိ အပေါ်၌ တာဝန် ပုံမကျစေရန် မိမိတို့ဘက်က လျှော့ပေါ့ချက်များ ပေးတန် ပေးမည် ဖြစ်ကြောင်းကိုလည်း နိုင်ငံရေးဝန်ထောက်ထံ စာရေး အကြောင်းကြားလိုက်သည်။

သို့ရာတွင် မိမိတို့ ကြိုတင် တွက်ထားသည့် အတိုင်း ဤသို့ လုပ်လာခြင်းမှာ မိမိတို့ဘက်က အားနည်းသောကြောင့် အလျှော့ပေးလာခြင်း ဖြစ်သည်ဟု ထင်ရှိကာ ဘိသော စော်ဘွားသည် သူ့တောင်းဆိုချက်ကို ပို၍ ပြတ်သားစွာ တောင်းဆိုလာခဲ့သည်။

အမတ်ချုပ်ကြီး ကိုယ်တိုင်ကလည်း ထိုအတိုင်းပင် ယူဆပုံ ရ၏။ မိမိ အရှင်သခင်၏ တောင်းဆိုချက်များကို အသေအချာ စဉ်းစားစေလိုကြောင်းဖြင့် သတိပေးသည်။ လက်ခံခြင်း မပြုလျှင် အခြေအနေ သည် ထက်သည် ပိုမို ဆိုးလာနိုင်ကြောင်းကို ရည်ညွှန်းလိုပုံ ရ၏။

ဤတွင် အက်ရှ်သည် သူ ဆိုလိုသည့် အဓိပ္ပာယ်ကို နားမလည်ချင်ယောင် ပြုကာ မိမိ အနေဖြင့် ပြောရလျှင်လည်း စဉ်းစားရမည် ဖြစ်ကြောင်း၊ မိမိသည် ယခုအချိန်တွင် ရဝါလ်ပင်ဒီ စစ်ဌာနချုပ်သို့ ပြန်ရောက်သင့်နေပြီ ဖြစ်ကြောင်းနှင့် ပြောဆိုသည်။

ဘိသော စော်ဘွားနှင့် နှစ်ထပ်ကွမ်း မင်္ဂလာပွဲများ နွေဦးပေါက်တွင် ကျင်းပရန် စီစဉ်ထား၏။ ကာရိကုတ် ပြည်နယ်မှ ခရီး ရှည်လျားစွာ လာခဲ့ရသည့်တိုင် လက်ထပ်မင်္ဂလာ ကျင်းပလိုသည် ဆိုလျှင် နွေလယ် အပူဆုံး အချိန်သို့ မရောက်မီ ကျင်းပမည် ဆိုက အချိန်ရသေးသည်။

သို့ရာတွင် သတို့သမီးများ ရောက်လာ၍ ဘိသောမြို့အနီးတွင် စခန်းချ နေခဲ့သည်မှာ ရက်သတ္တ ခြောက်ပတ်မျှ ကြာမြင့်ခဲ့လေပြီ။

ရာသီဥတုမှာလည်း ပူပြင်းသည်ထက် ပူပြင်းလာခဲ့လေပြီ။ စခန်း တစ်ဝိုက်မှာ ငရဲပြည် ရောက်သည့်နှယ် တရှိန်ရှိန် ပူလောင်လျက်။ ဖုန်တွေ တထောင်းထောင်း ထလျက်။ ယင်တွေကလည်း ပေါလိုက်သည် ဖြစ်ခြင်း။ လူရော တိရစ္ဆာန်ရော အပူဒဏ်ကို လိမ့်နေအောင် ခံကြရသည်။

သည်အထဲတွင် လေပူကြီးကလည်း နေထွက်ဆည်းဆာမှသည် နေဝင် ဆည်းဆာ အထိ တိုက်ခတ်နေတတ်သည်။ ဖုန်တွေက တထောင်းထောင်း။ ရွက်ဖျင်တဲတွေက တဖျပ်ဖျပ်။ ငြိမ်ငြိမ်ဆိမ်ဆိမ်ကလေး ဆို၍ တစ်ချက်ကလေးမျှပင် မနေရ။

ထိုအသံများ ပျောက်၍ ညရောက်သည်နှင့် ခြင်တပ်ကြီးများက တဝီဝီ။ ခွေးအ အုပ်များက တအူအူ။ တောခွေးများက တဝုတ်ဝုတ်။ တစ်ခါတလေတွင် ရွက်ဖျင် တဲကြားတွေထဲသို့ အရောက် ဝင်လာကာ အစာ အကြွင်းအကျန်တို့ကို ရှာဖွေ စားသောက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အနီးအနားတွင် ကန်ကြီး ရှိနေခြင်း၊ အနား တစ်ဝိုက်တွင် တိုက်သော လေမှာ တခြားသော ရာဇပုတ် ပြည်နယ်များတွင် တိုက်သည့်လေထက် ပို၍ အေးမြခြင်း စသည့် အကြောင်းများကြောင့်သာလျှင် သူတို့တစ်တွေ ဤမျှ ခံနိုင်ခြင်း ဖြစ်သည်။ သို့မဟုတ်လျှင် မည်မျှလောက် အခြေအနေ ဆိုးမည် မသိ။

အလွန်အမင်း ပူလွန်းသည့် အခါတွင် ဖျာကြီး များကို ရေဆွတ်ကာ တဲဝတွင် ကြိုးဖြင့် ဆိုင်းပြီး ထား ရသည်။ ထိုအခါကျမှ လေအေး၏ အငွေ့ကို ရ၏။ ထို ဖျာမရှိသည့် တဲများ၊ အထူးသဖြင့် ယခုလို ပူပြင်းသည့် ရာသီကို မကြုံဖူးသည့် မြောက်ဘက် တောင်ပေါ်သား များမှာ အထူး အခက်အခဲ တွေ့ကြရသည်။

'ကျုပ်တို့တွေ ဘယ်လောက်ကြာကြာ တောင့် ခံနိုင်မှာလဲဗျာ' ဟု ကာကာဂျီက ညည်းသည်။

ကာကာဂျီကို ကြည့်ရသည်မှာ ရုံ့တွကာ မှိုင်တွေ ချလျက် ရှိပြီး မွေးကာစ မျောက်ကလေး တစ်ကောင်နှင့် တူနေသည်။

'ဒီလောက်လည်း စိတ်ပျက်မနေပါနှင့် ကာကာ ဂျီရယ်၊ ဆွေးနွေးတာတွေ အဆင်ပြေသွားလို့ ရှိရင် အားလုံး ချောမောပြီး ကျွန်တော်တို့လည်း ကန်အေးက ညှို့ဝေဟာမှာ ဇိမ်နှင့် နေကြရတော့မှာပါ'

'အင်း အဆင်ပြေရင်တော့ ကောင်းတာပေါ့လေ၊ ဒါပေမဲ့ ကျုပ်အမြင်ကို ပြောရမယ် ဆိုရင်တော့ ဘိသော စော်ဘွားဟာ အလျှော့ပေးမယ်လို့ မထင်ဘူးဗျ၊ မကြာ ခင်မှာ ဆိုရင် ကျုပ်တို့မှာ ရေပြတ်တော့မယ်၊ ခုပဲ စမ်း တွေ ချောင်းတွေမှာ ရေနည်းနေပြီလို့ ကျုပ် အစေခံတွေ က ပြောနေကြတယ်၊ ဒီတော့ ကျုပ်တို့မှာ အစာလည်း ငတ်၊ ရေလည်းငတ် ဆိုတဲ့ ကိန်းကို ဆိုက်တော့မှာဗျ'

'ဒီလောက် မြန်မြန်ဆန်ဆန်လည်း မခန်းသေး ပါဘူး ကာကာဂျီရယ်၊ တောင်ပေါ်က စမ်းပေါက်တွေ ကနေပြီး ရေတွေ စီးနေဦးမှာပါ၊ ပြီးတော့ ရေကန်ကြီး လည်း ရှိပါသေးတယ်၊ ကန်ထဲမှာ ရေနည်းနေပေမဲ့ တော်တော်လေး ကျန်ပါသေးတယ်၊ ဒါပေမဲ့ ဘယ်လိုပဲ ဖြစ်ဖြစ်လေ၊ ကျွန်တော်တို့ အနေနှင့် တစ်ခုခု လုပ်သင့် ပြီ ဆိုတာတော့ အမှန်ပဲပေါ့၊ ခုလောက် ဆိုရင်တော့ နိုင် ငံရေး ဝန်ထောက်ဟာ ကျွန်တော့်ကို စိတ်မရှည်ဘူးလေး ဘာလေးနှင့် စွပ်စွဲနိုင်တော့မှာ မဟုတ်တော့ပါဘူး၊ မနက် ဖြန်ကျရင်တော့ မဟာရာဇာ စော်ဘွားနှင့် တွေ့ပြီး သူ့ စိတ်ပြောင်း မပြောင်း ကြည့်ရဦးမှာပေါ့'

'မပြောင်းပါဘူးဗျာ၊ ဘာဖြစ်လို့ အချိန်ကုန် လေကုန် ခံနေဦးမှာလဲ'

မူးလ်ရတ်က ပြောသည်။

'ဘိလပ် စကားပုံ တစ်ခုတော့ ရှိတယ်ဗျ၊ ပထမ အကြိမ် မအောင်မြင်လျှင် အကြိမ်ကြိမ် ကြိုးစားရာ၏တဲ့'

'ကြံကြံစည်ရာဗျာ၊ ကြိုးစားတာ အကြိမ်ပေါင်း နှစ်ဆယ်လောက်တောင် ကမှာ မဟုတ်တော့ဘူး၊ တော် ပြီဗျာ၊ ကျွန်တော်တော့ စိတ်ကုန်ပြီ'

သို့တိုင် နောက်တစ်နေ့ မနက်တွင် သူတို့ တစ် သိုက်သည် ဘိသော မြို့ထဲသို့ မြင်းဖြင့် ထွက်လာခဲ့ကြ ပြန်သည်။ သူတို့အားလုံး ထိုလမ်းကို ကျွမ်းနေကြလေ ပြီ။ ခါတိုင်းလိုပင် အချိန် အကြာကြီး စောင့်နေရပြီး ခါ တိုင်းလိုပင် ဘာမျှ မထူးဘဲ ပြန်လာခဲ့ကြရသည်။

သည်တစ်ကြိမ်တွင်မူ အက်ရှ်က မဟာရာဇာ၏ တောင်းဆိုချက်များကို စာဖြင့် ရေးသားစေလိုကြောင်း၊ အကယ်၍ ကာရီကုတ် မဟာရာဇာနှင့် ဗြိတိသျှ အာဏာ ပိုင်တို့က မယုံကြည်ဟု ဆိုလျှင် သက်သေပြနိုင်ရန် ဖြစ် ကြောင်းဖြင့် ပြောပြသည်။

'ဒီအချက်တွေ တောင်းဆိုတယ် ဆိုတာကို သက် သေ မပြနိုင်ရင် ကျွန်တော်တို့ အနေနှင့် ဘယ့်နှယ့်လုပ် ပေးလို့ ဖြစ်မှာလဲ၊ မဟာရာဇာက နောက်ထပ် တောင်း တယ်လို့ ကျွန်တော်တို့တစ်တွေက ပြန်ပြောလို့ ကာရီ ကုတ် မဟာရာဇာက ကျွန်တော်တို့ စကားကို မယုံရင် ဘယ့်နှယ့် လုပ်မလဲ၊ ကျွန်တော့်ကိုလည်း ကျွန်တော့် အထက် လူကြီးတွေက ယုံကြည်မှာ မဟုတ်ဘူး၊ ဒီ တော့...'

မဟာရာဇာနှင့် သူ့အုပ်ချုပ်ရေး အရာရှိများက အက်ရှ်၏ တောင်းဆိုချက်သည် ယုတ္တိရှိသည်ဟု လက်ခံ ကြသည်။ သို့ဖြင့် မဟာရာဇာသည် သူ့တောင်းဆိုချက် များကို စာဖြင့် ရေး၍ ပေးလိုက်သည်။

အက်ရှ်သည် သူ့တောင်းဆိုချက်ကို သေချာစွာ ဖတ်ရှုပြီးလျှင် စာရွက်ကို ကုတ်အင်္ကျီထဲသို့ ထည့်လိုက် ကာ မဟာရာဇာကို ကျေးဇူးတင်စကား ပြောသည်။

မဟာရာဇာ၏ အမြင်တွင်မူ အက်ရှ်တို့ ကိုယ် စားလှယ် အဖွဲ့သည် မိမိ၏ တောင်းဆိုချက်များကို လက်ခံရန်မှတစ်ပါး အခြား နည်းလမ်း မရှိတော့ပြီဟု ထင်မှတ်သွားပုံ ရသည်။

'ဒီစာရွက်ကို ရခဲ့လို့ကော ကျွန်တော်တို့ အဖို့ ဘာထူးမှာလဲ သခင်လေး'



www.burmeseclassic.com

www.burmeseclassic.com



ဟတ္တိ တံခါးမှ မြင်းကိုယ်စီဖြင့် ထွက်လာသည့် အခါတွင် မူးလ်ရတ်က မေးလိုက်သည်။ ထိုနေ့က ကာကာဂျီမှာ အအေးမိနေသည့် အတွက် မြို့တွင်းသို့ လိုက်ပါလာခြင်း မပြု။

အက်ရှ်က စာရွက် ထည့်ထားသည့် အကျီအိတ်ကို ပုတ်ပြလိုက်ကာ

'သက်သေ အထောက်အထားပေါ့ဗျာ၊ ဒီတောင်းဆိုချက်ကို ဒီနေ့ည နိုင်ငံရေး ဝန်ထောက်ဆီကို ပို့ပေးရမယ်၊ ဒီတောင်းဆိုချက်ကို မြင်ရင် နိုင်ငံရေး ဝန်ထောက်လည်း အံ့အားသင့်သွားမှာပါ၊ ဒီလောက် မတရားတောင်းဆိုထားတာကို သူလည်း ဘယ်လက်ခံနိုင်ပါ့မလဲ'

အက်ရှ်သည် နာရီပိုင်း အတွင်းတွင် ပူးတွဲ စာတစ်စောင်ကို ရေးလိုက်၏။ စိတ်ဆိုးနေသည့် အတွက် စာမှာ ပြေပြေပြစ်ပြစ် မရှိလှ။ ရိုင်းပျခြင်း မရှိသည့်တိုင် ဆိုင်ရာတို့၏ သဘောထားမှာ ပျော့ညံ့သည့် အကြောင်းကို ခပ်ပြောင်ပြောင် ရေးလိုက်သည့် အတွက် နောင်တွင် ထိုစာသည် ပြဿနာ အကြီးအကျယ် ပေါ်ပေါက်လာခဲ့သည်။ သို့ရာတွင် ထိုစဉ်ကမူ အက်ရှ် မသိခဲ့။

အက်ရှ်သည် ထိုစာကို မဟာရာဇာ၏ တောင်းဆိုချက်နှင့် အတူ ပူးတွဲကာ စာအိတ် တစ်အိတ်တွင် ထည့်၍ ချိပ်ပိတ်လိုက်ပြီးလျှင် စေတမန်ကို သူကိုယ်တိုင် နယ်စပ်သို့ အရောက် လိုက်ပို့ပြီး လွှတ်လိုက်သည်။

အမှန်အားဖြင့် အက်ရှ်သည် မဟာရာဇာဘက်က အလျှော့ ပေးမည်လောဟု သွေးတိုးစမ်းသည့် အနေဖြင့် လုပ်ကြည့်ခြင်း ဖြစ်၏။ အကယ်၍ မအောင်မြင်လျှင် ယခုကိစ္စသည် ဖရိုဖရဲ ဖြစ်သွားနိုင်သည်။ သို့ရာတွင် မတတ်နိုင်။ ဤနည်းကိုသာ လုပ်ရတော့မည်။ ထိုနည်း မအောင်မြင်ခဲ့ ဆိုလျှင် မိမိသည် ဂျူလီကို စွန့်လွှတ်ခဲ့ရတော့မည်။

သို့ရာတွင် ဘိသောတွင် နေရစ်ခဲ့ရမည် ဆိုလျှင် ဂျူလီကို အခြွေအရံလောက်၊ အစေအပါးလောက် အဖြစ်မျှကား မထားရက်။ မဟာဒေဝီ အဖြစ်နှင့် ဆိုလျှင် တော်သေးသည်။ ထို့ကြောင့် သူ အတတ်နိုင်ဆုံး လုပ်နိုင်သည့် အရာမှာ ဘိသောတွင် ဂျူလီ ကျန်ခဲ့လျှင် မဟာဒေဝီအဖြစ် ကျန်ရစ်ခဲ့အောင် လုပ်ရန်သာ ရှိတော့သည်။

အက်ရှ်သည် သူ့စေတမန်အား နိုင်ငံရေး ဝန်ထောက်ထံသို့ နှစ်ရက် အတွင်း အရောက်သွားရန် စေလွှတ်လိုက်၏။

တတိယမြောက်နေ့တွင် အက်ရှ်သည် မဟာရာဇာကို တွေ့ခွင့် တောင်းသည်။ ဇော်ဘွားက တွေ့ခွင့် ပေးသည့် အတွက် အက်ရှ်သည် မူးလ်ရတ်နှင့် အစောင့်အချို့ကို ခေါ်ကာ မြို့တွင်းရှိ ဟော်နန်းသို့ မြင်းစီးလာခဲ့၏။ ဟော်နန်းသို့ ရောက်လျှင် စည်းဝေးဆောင်တွင် ဇော်ဘွားနှင့် အရာရှိများက ဆီးကြိုကြသည်။

သူတို့ တွေ့ဆုံပွဲမှာ ဘာမျှ မကြာလိုက်။ ထုံးစံအတိုင်း နှုတ်ဆက်စကား ပြောပြီးနောက် အက်ရှ်က စကား နှစ်ကြိမ် ပြောကာ ဇော်ဘွားက တစ်ကြိမ် ပြောသည်။

အက်ရှ်က မဟာရာဇာ အနေဖြင့် ယခု သဘောတူသည့် အတိုင်း လက်ခံနိုင်မည်လောဟု ထပ်မေးသည်။ မဟာရာဇာက လက်မခံနိုင်ကြောင်း၊ မိမိ၏ တောင်းဆိုချက်များမှာ တရားမျှတရုံမက ကျိုးကြောင်း ညီညွတ်ခြင်းလည်း ရှိကြောင်းဖြင့် အကြောင်းပြန်သည်။ သူ့လေသံက ခပ်တင်းတင်း။

ဇော်ဘွားက ဤသို့ ပြောသည့် အခါတွင် သူ့အမတ်များကလည်း ရယ်ကာ ပြုံးကာဖြင့် ခေါင်းတညိတ်ညိတ် ဖြစ်နေကြသည်။ အလွန် မျက်နှာချို သွေးလိုသည့် အမတ် တစ်ယောက် နှစ်ယောက်မှာ အသံထွက်အောင်ပင် ရယ်လိုက်ကြသေး၏။

အက်ရှ်ကလည်း လေသံ ခပ်တင်းတင်းဖြင့်

'ကောင်းပြီ ခင်ဗျာ၊ ဒီအတိုင်း ဆိုရင် ကျွန်တော်တို့ အနေနှင့်လည်း ဒီကိစ္စကို ဗြိတိသျှ အိန္ဒိယ အစိုးရကို လွှဲလိုက်ဖို့ပဲ ရှိတော့တယ်'

အက်ရှ်သည် ဦးညွှတ် နှုတ်ဆက်ပြီးနောက် စည်းဝေးဆောင်ထဲမှ လှည့်ထွက်လာခဲ့သည်။

မူးလ်ရတ်မှာလည်း တည်ကြည် ခံ့ညားသော အမူအရာဖြင့် နောက်မှ လိုက်လာခဲ့၏။ ခဏကြာလျှင် အမတ်ချုပ်ကြီးက လွှတ်လိုက်သဖြင့် အမတ် တစ်ယောက်သည် သူတို့နောက်မှ အူယားဖားယား ပြေးလိုက်လာသည်ကို တွေ့ရ၏။ အမတ်ချုပ်ကြီးက နှစ်ယောက်ချင်း သီးသန့် တွေ့လိုကြောင်း၊ ထို့ကြောင့် အချိန် ပေးပါမည့် အကြောင်းဖြင့် မှာလိုက်ကြောင်း ပြောပြသည်။

အက်ရှ်တို့ တစ်သိုက်သည် ခပ်စောစောက စည်းဝေးခန်းမဆောင် အနီးရှိ အမတ်ချုပ်ကြီး၏ ခန်းဆောင်ထဲသို့ လိုက်လာခဲ့ကြသည်။

အမတ်ချုပ်ကြီးက မိမိတို့ အချင်းချင်းကြားတွင် 'အထင်လွဲမှုကလေးများ' ဖြစ်ခဲ့ရသည့် အတွက် စိတ်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းကြောင်းဖြင့် တောင်းပန်ကာ အဖျော်ယမကာများကို တိုက်ကျွေးရင်း တသွင်သွင် စကား ပြောဆိုလျက်ရှိ၏။

သို့ရာတွင် အမတ်ချုပ်ကြီး၏ စကားမှာ ဘာမျှအကြောင်း မထူးလှ။ စောစောက တောင်းဆိုချက်များ အတိုင်းသာ ဖြစ်နေပြန်သည်။ ဤတွင် အက်ရှ်မှာ စိတ်တိုလာခဲ့လေပြီ။ ထို့ကြောင့် သူ့စကား ဆုံးအောင်ပင် မစောင့်တော့ဘဲ အမတ်ချုပ်ကြီး၏ စကားထဲတွင် နောက်ထပ် အချက်အလက်သစ် ပါသည် ဆိုလျှင် နားထောင်မည် ဖြစ်ကြောင်း၊ သို့မဟုတ်လျှင်မူ မိမိတို့အနေဖြင့် နားထောင်စရာ အကြောင်း မရှိတော့ကြောင်းဖြင့် ခပ်ပြတ်ပြတ် ပြောလိုက်သည်။

အမတ်ချုပ်ကြီးက သူတို့ကို မပြန်စေချင်သေး။ သို့ရာတွင် အက်ရှ်တို့ အနေဖြင့်လည်း နောက်ထပ် မစောင့်နိုင်တော့ပြီ။ အက်ရှ်တို့ ထွက်လာသည့် အခါတွင် အမတ်ချုပ်ကြီးသည် အပြင်ဘက် ရင်ပြင် အထိ လိုက်လာပြီး တောင်းပန်စကားတွေ တတွတ်တွတ် ပြောနေပြန်သည်။

ထိုအထဲတွင် အစေတော်များက အက်ရှ်တို့၏ မြင်းများကို သွားယူနေရသေးသဖြင့် စောင့်နေရပြန်သည်။ အက်ရှ်တို့နှင့် လိုက်ပါလာသည့် အစောင့်အရှောက်များကိုလည်း ဟော်နန်းစောင့်များက ကျွေးမွေး ပြုစုနေကြပြန်သဖြင့် အချိန် ကြာသွား၏။ သို့ဖြင့် အက်ရှ်တို့ တစ်သိုက်မှာ အချိန် တစ်နာရီခန့် နောက်ကျသွားသည်။

'ဒါက ဘာသဘောလဲ သခင်လေး၊ နောက်ထပ် ဘာမှ ထူးခြားတာ မဟုတ်ဘဲနှင့် ဘာဖြစ်လို့ ခေါ်ရတာလဲ၊ ပြီးတော့ ကျွန်တော့် တပ်သားတွေကိုလည်း မကျွေးစဖူး နန်းတော်စောင့် တပ်သားများက ကျွေးမွေး လွတ်လိုက်ကြတယ်၊ ကျွန်တော်တို့ဆီက ဘာလိုချင်လို့လဲ'

'အချိန်ဗျ'

'ဒါကတော့ ဟုတ်ပါပြီလေ၊ ကျွန်တော်တို့ကို ဘာမှ အကြောင်း မရှိဘဲနှင့် တစ်နာရီလောက် အချိန်ဆွဲထားတယ်၊ ပြီးတော့ ကျွန်တော်တို့ မြင်းတပ်သားတွေကိုလည်း ကျွေးဟယ် မွေးဟယ် လုပ်တယ်၊ မြင်းတွေကို သွားယူတဲ့ အခါမှာလည်း တော်တော်နှင့် မပါလာကြဘူး၊ ဒီတော့ သဘောက ကျွန်တော်တို့ တစ်တွေကို ဟော်ထဲက မြန်မြန် မထွက်စေချင်သေးဘူး ဆိုတာ ထင်ရှားပါတယ်၊ ဒါပေမဲ့ ဘာရည်ရွယ်ချက်နှင့် ကျွန်တော်တို့ကို အချိန် ဆွဲထားတာလဲ၊ ဘာဖြစ်လို့လဲ'

ကြာကြာ မစောင့်လိုက်ရ။ မြို့ထဲမှ ထွက်လာ၍ ဆယ်မိနစ်လောက် ကြာသည့် အခါတွင် အကျိုးအကြောင်းကို သိရတော့သည်။

ထိုအတောအတွင်း၌ကား မဟာရာဇာသည် သူ လုပ်သင့်သည်တို့ကို လုပ်ခဲ့ပြီးလေပြီ။ ယမန်နေ့က အစောင့် အနည်းငယ်သာ ရှိသည့် ခံတပ် နှစ်ခုမှာ ယခု အချိန်တွင် အမြောက် တပ်သားများဖြင့် ပြည့်နှက်နေလေပြီ။ အမြောက် တပ်သားများသည် ခံတပ်ပေါ်တွင် လည်းကောင်း၊ အမြောက်ကြီးများ အနီးတွင် လည်းကောင်း ရပ်လျက် ရှိကြ၏။

အက်ရှ်တို့ တစ်သိုက်သည် စခန်းသို့ ပြန်လာခဲ့ကြစဉ် ထိုအချက်ကို သတိ မမူမိဘဲ မနေနိုင်။ အကယ်၍ တစ်စုံတစ်ရာ ဖြစ်ပွားလျှင် မိမိတို့ အခြေအနေမှာ သူ့လက်ခုပ်တွင်းမှ ရေ အဖြစ်သို့ ရောက်နေသည်ကို တွေ့ရသည်။

သူတို့သာ မဟုတ်။ စခန်း တစ်ခုလုံးလည်း ထို အချက်ကို သတိ ပြုမိကြသည်။ ခါတိုင်းဆိုလျှင် မနက်စာ စားပြီး သစ်ရိပ်များ အောက်တွင် တစ်ရေးတစ်မော အိပ်နေကျ ဖြစ်သည့်တိုင် ယနေ့တွင်မူ လူများသည် နေပူကျဲကျဲတွင် ရပ်ကာ ခံတပ်ဆီမှ အမြောက်ကြီးများနှင့် တလှုပ်လှုပ် တရွရွ ဖြစ်နေကြသော စစ်သားများကို ကြည့်နေကြသည်။ အချင်းချင်းလည်း တစ်ယောက်တစ်ပေါက် ပြောဆိုလျက် ရှိကြ၏။

ထိုမှုမက ဘိသော စော်ဘွားသည် မိမိတို့ စခန်းကို အမြောက်ကြီးများဖြင့် ထုကာ စခန်းတွင် ရှိသည့် ရွှေငွေရတနာတို့ကို သိမ်းယူတော့မည် ဖြစ်ကြောင်းဖြင့် ပြောဆိုလျက် ရှိကြပြန်သည်။

အက်ရှ်နှင့် မူးလ်ရတ်တို့ စခန်းသို့ ပြန်ရောက်သည့် အခါတွင်မူ ကောလာဟလများသည် လေပွေ၏ အရှိန်ဖြင့် စခန်း တစ်ခုလုံး ပျံ့နှံ့လျက် ရှိလေပြီ။ မူးလ်ရတ်က သူ့ တပ်များကို အဆင်သင့် ပြင်ဆင်ကာ လူအုပ်ကြီးကို ထိန်းသိမ်းခြင်း ပြုသည့် အတွက် စခန်းထဲတွင် အဓိကရုဏ်း မဖြစ်ခြင်း ဖြစ်သည်။

မည်သို့ဖြစ်စေ စခန်း အခြေအနေမှာ အတော် ဖရိုဖရဲ ဖြစ်သွားခဲ့လေပြီ။ တစ်နာရီ အတွင်းတွင် အက်ရှ်သည် ပြန်ရောက်လျှင်ရောက်ချင်း ဟော်နန်းသို့ နောက်ထပ် စာတစ်စောင် ရေးကာ နောက်မနက်ဖြန်တွင် ညီလာခံသို့ ဝင်ရောက် တွေ့ဆုံခွင့်ပြုပါရန် မေတ္တာရပ်ခံလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့ ဒီလောက် အလျင်စလို တွေ့မလဲ သခင်လေး၊ မနက်ဖြန်လောက် အထိမှ မစောင့်နိုင်တော့ဘူးလား၊ ခုတော့ သူက အမြောက်ကြီးတွေနှင့် ချိန်ထားတဲ့ အတွက် ကျွန်တော်တို့ ကြောက်လို့ အရေးတကြီး တွေ့ခွင့်တောင်းတယ်လို့ မထင်နိုင်ပေဘူးလား'

မူးလ်ရတ်က ပြောသည်။ မူးလ်ရတ်က ဘိသော စော်ဘွား ခြိမ်းခြောက်သည်ကို ဂရုမစိုက်သည့်ဟန် ပြလိုသည်။

'ဒီလို ထင်ရင်တော့ သူတို့ အမှားပေါ့၊ ထင်ချင်သလို ထင်စမ်းပါစေဗျာ၊ ကျွန်တော်တို့မှာ အချိန်တွေ ဖြုန်းခဲ့ရတာ များလှပြီ၊ နောက်ထပ် မဖြုန်းချင်တော့ဘူး'

'အင်း မဟာရာဇာဆီကို နောက်ထပ် ထူးထူးခြားခြား ပြောစရာ ရှိတယ် ဆိုရင်တော့ ဟုတ်တာပေါ့လေ၊ ဒါပေမဲ့ ကျုပ်တို့က ဘာပြောစရာ ရှိတော့တာ မှတ်လို့၊ ပြောစရာ ရှိသမျှ ကုန်အောင် ပြောပြီးပြီကပဲ' ဟု ကာကာဂျီက ပြော၏။

'ကျွန်တော့် သဘောနှင့် ကျွန်တော် ဆိုရင်တော့ ပြောစရာ ရှိတာတွေကို ပြောပြီးတာ ကြာလှပြီ ခင်ဗျ၊ မနက်ဖြန် ဆိုရင်တော့ ကာကာဂျီ လည်း နေထိုင်ကောင်းသွားပြီ၊ ကျွန်တော်တို့နှင့် လိုက်နိုင်တော့မှာပါလေ၊ ဒီတော့ ဟိုရောက်ရင် ကျွန်တော် ဘာပြောမလဲ ဆိုတာ ကာကာဂျီ နားထောင်ရတာပေါ့'

နောက်တစ်နေ့ မနက်တွင် အက်ရှ်နှင့် အတူ ကာကာဂျီသာမက ပထမဆုံး ညီလာခံတွင် တွေ့ခဲ့ကြသူများ အားလုံး လိုက်လာခဲ့ကြသည်။ အချိန်မှာ ညနေစောင်း ဖြစ်၏။

သူတို့အားလုံး သားနားစွာ ဝတ်ဆင် ထားကြကာ ယူနီဖောင်းဝတ် လုံကိုင် စစ်သား သုံးဆယ်ခန့်လည်း လိုက်ပါလာကြသည်။ ထိုနေ့မှာ အလွန် ပူပြင်းသည့်နေ့ ဖြစ်သည့်တိုင် အက်ရှ်သည် ယူနီဖောင်းကို အပြည့်အစုံ ဝတ်ဆင်ကာ ရွှေရေးဟော်သို့ ထွက်လာခဲ့သည်။

ဟော်နန်းသို့ ရောက်သည့် အခါတွင် သူတို့ကို အရာရှိငယ် တစ်ယောက်က ကြိုဆိုကာ ညီလာခံ ခန်းဆောင်ကြီးသို့ ခေါ်သွားသည်။ ဆေးခြယ်ထားသည့် မှန်စီ တိုင်ကြီးများ ကြားတွင် ကိုယ့် အဆင့်အတန်း အလိုက် စုရုံး ထိုင်နေကြသည့် ဟော် အမှုထမ်း အရာထမ်းများကို တွေ့ရ၏။

အပြင် မုခ်များ အောက်တွင် ရေဆွတ်ထားသည့် ဝါးယပ်ကြီးများ၊ မြက်ဖျာယပ်ကြီးများ ချိတ်ဆွဲထားပြီး တစ်ဖက်တွင်လည်း ယင်းများကို ဆွဲထားလေရာ အဆောင်ထဲတွင် အနည်းငယ် အပူရှိန် ချိုနေသလောက် မှောင်ပျပျ ဖြစ်လျက် ရှိသည်။

အက်ရှ်သည် ဟော် အရာထမ်း အမှုထမ်းများ၏ မျက်နှာကို တစ်ချက်မျှ လှမ်း၍ အကဲခတ် ကြည့်လိုက်၏။ သူတို့ မျက်နှာများက ကျေနပ် အားရနေသည့် မျက်နှာ။ လှောင်ပြောင် အထင်သေးနေသည့် မျက်နှာ။

နောက်ဆုံးတွင် ကာရိကုတ် စော်ဘွား၏ ကိုယ်စားလှယ်များသည် သူတို့အရှင် ဘိသော စော်ဘွား တောင်းဆိုသမျှကို အောက်ကျခံ လိုက်လျောရတော့မည်ကို မျက်ဝါးထင်ထင် တွေ့ရတော့မည်ဟု ဝမ်းသာနေကြသည့် ဟန်။ ဗြိတိသျှ စစ်ဗိုလ်ကလေးသည် အလွန် ပါးနပ် ကျွမ်းကျင်သည့် သူတို့သခင်ထံတွင် ဒူးထောက် တောင်းပန်ရတော့မည် ဖြစ်သည့် အတွက် အားရနေကြသည့် ဟန်။

အက်ရှ်ကမူ သူတို့ကို ကြည့်၍ သနားနေသည်။ သူ လုပ်မည့် အလုပ်က သူတို့ ထင်ထားသည်နှင့် တခြားစီ။

အက်ရှ်သည် ထုံးစံအတိုင်း နှုတ်ခွန်းဆက် စကား လောကဝတ် စကားတို့ကို တစ်လုံးမျှပင် ပြောဆိုခြင်း မပြုတော့ဘဲ လိုရင်းကို တိုက်ရိုက် စတင် ပြောဆိုခြင်း ပြု၏။

'ဘိသော မဟာရာဇာ စော်ဘွားကြီးဟာ တောင်ကြားလွင်ပြင်ကို မျက်နှာမူပြီး ခံတပ်ကြီး သုံးခုကို ပြင်ဆင်ထားခဲ့တယ် ခင်ဗျ၊ အဲဒီ ကိစ္စကို ဆွေးနွေးချင်တဲ့ အတွက် ကျွန်တော်တို့ တွေ့ခွင့်တောင်းရတာပဲ၊ ဒီတော့ ခု မဟာရာဇာရဲ့ ညီလာခံမှာ ကျွန်တော် ပြောချင်တဲ့ အချက်ကတော့ တခြား မဟုတ်ပါဘူး၊ ကျွန်တော်တို့ကို ချိန်ထားတဲ့ စော်ဘွားကြီးရဲ့ အမြောက်များနှင့် ကျွန်တော်တို့ စခန်းကို ပစ်ခတ်လာမယ် ဆိုရင်တော့ မဟာရာဇာ စော်ဘွားရဲ့ ပြည်နယ်ကို ဗြိတိသျှ အိန္ဒိယ အစိုးရက သိမ်းပိုက်ပြီး စော်ဘွား ကိုယ်တိုင်လည်း ပြည်နှင်ဒဏ် ခံရမယ် ဆိုတဲ့ အကြောင်းကို ကျွန်တော် ပြောချင်တယ် ခင်ဗျ။

'ဒါတွင် မကဘူး၊ ကျွန်တော်တို့ စခန်းကို ဒီ လွင်ပြင်က ရုပ်သိမ်းပြီး ပထမ စတည်းချခဲ့တဲ့ နေရာမှာ ပြန်ပြီး စခန်းချမယ် ဆိုတဲ့ အကြောင်းကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အကြောင်းကြားချင်ပါတယ်၊ အဲဒီနေရာက နေပြီး ကျွန်တော်တို့ရဲ့ သဘောတူညီချက်တွေကို ရအောင် ဆက်လက် ဆွေးနွေးမှာပဲ၊ ဒီလို ဆွေးနွေးတဲ့ နေရာမှာ ကျွန်တော်တို့ရဲ့ စည်းကမ်းများ အတိုင်း ဆွေးနွေးမှာ ဖြစ်တယ် ခင်ဗျ၊ ကျွန်တော် ဒီလောက်ပဲ ပြောချင်တယ်'

အက်ရှ်သည် လေးနက် တည်ငြိမ်လျက် ရှိသည့် သူ့အသံကို ပြန်ကြားကာ အံ့အားသင့်လျက် ရှိ၏။ သူ့ ပါးစပ်များသည် ခြောက်သွေ့လျက်။

စင်စစ် ဗြိတိသျှ အစိုးရ၏ သဘောထား မည်သို့ ရှိမည်ကို သူ ကောင်းစွာ သိသည် မဟုတ်။ သူ့စကား ကိုလည်း ထောက်ခံချက် ပေးမှ ပေးပါမည်လော မဆို နိုင်။ မိမိအား အခွင့်အာဏာ ပေးထားခြင်း မရှိဘဲ ပြော သည့်အတွက် မိမိကို အရေးယူကောင်း ယူမည်။ ဆူပူ ခြင်း ပြုကောင်းပြုမည်။ သို့ရာတွင် ယခု ဘိသောက လူများကမူ သိနိုင်မည် မဟုတ်။

အမတ်ချုပ်ကြီးသည် ပါးစပ်ကြီး အဟောင်းသား နှင့် ဖြစ်နေပြီး စော်ဘွားမှာ အလွန်အမင်း တုန်လှုပ် ချောက်ချားသွားဟန် ရှိ၏။ ဟော်ထဲတွင် ခစားနေကြ သူ အပေါင်းမှာ အသက်ကို ရှူသွင်းလိုက်ပြီးနောက် ပြန် ထုတ်ရန် မေ့နေကြသူများနှယ် ဖြစ်လျက် ရှိကြသည်။ မြက်ဖျာယပ်ကြီးများ ကြားမှ ဖြတ်သန်းလာသော လေသံ မှအပ အခြား ဘာသံမျှ မကြားရ။

ဆက်၍ ဆွေးနွေးနေလျှင် သူတို့တစ်တွေ ထိတ် လန့်နေကြသည့် အရှိန် ပျက်သွားမည်စိုးသည့်အတွက် အက်ရှ်သည် မဟာရာဇာအား စကားပြန်ခွင့် မပေးတော့ ဘဲ မိမိ၏အဖွဲ့နှင့် အတူ ညီလာခံ ခန်းဆောင်မှ လှည့် ထွက်လာခဲ့သည်။ သူတို့ မြင်းစီးဖိနပ်မှ ချူသံများက တချွင်ချွင်။ ဓားလွယ်ကို တင်ပါးနှင့် ရိုက်သံများ တချပ်ချပ်။

ယခု အခေါက်တွင်မူ သူတို့နောက်မှ တစ်ယောက် မျှ လိုက်ပါလာခြင်း မရှိတော့။ သူတို့ ခရီးကိုလည်း ကြန့်ကြာအောင် လုပ်ခြင်း မပြုတော့။ အစောင့်များနှင့် မြင်းများသည် သူတို့ကို အဆင်သင့် စောင့်နေကြ၏။

အက်ရှ်တို့ တစ်သိုက်သည် မည်သူ့ကိုမျှ နှုတ် ဆက်ခြင်း မပြုတော့ဘဲ ဟော်နန်း၏ ရင်ပြင်ထဲမှ မြင်း ခွာသံ ပြင်းပြင်းဖြင့် ထွက်လာခဲ့ကြသည်။

မြို့တံခါးမှ ထွက်လာခဲ့ကြ၍ ဝင်လုဆဲ နေကို မျက်နှာမူကာ တောင်ကြားထဲတွင် စီးလာခဲ့ကြစဉ် ကာ ကာဂျီက စတင်၍ လေသံ တိုးတိုးကလေးဖြင့်

'ဘိသော မဟာရာဇာကို ပြောခဲ့တဲ့ အတိုင်း တကယ်ပဲလားဟင် သခင်လေး၊ သူက ကျုပ်တို့ကို အမြောက်ကြီးတွေနှင့် ထုခဲ့ရင် ဘိလပ် အစိုးရက သူ့ကို တကယ် ပြည်နှင်ဒဏ် ပေးမှာလား ဟင်'

အက်ရှ်က ပြုံးလိုက်ရင်း

'ဒါတော့ ကျွန်တော်လည်း မသိဘူးလေ၊ ပေး ချင်ပေးမှာပေါ့၊ တကယ်လို့ တိုက်ကြ ခိုက်ကြရင် ကျွန် တော်တို့လည်း သေချင် သေကုန်မှာပေါ့၊ အဲဒီအခါကျ တော့ ဆိုင်ရာ ဗြိတိသျှ အစိုးရကို ဘယ်သူတွေက ဘယ် လို အစီရင်ခံစာ ရေးမယ် ဆိုတာ ကျွန်တော်လည်း ဘယ်သိနိုင်ပါ့မလဲ၊ ဘယ်လိုပဲဖြစ်ဖြစ် ခုလောလောဆယ် ကျွန်တော်တို့ အတွက် အရေးကြီးတာကတော့ ဘိသော စော်ဘွားက ကျွန်တော် ပြောတဲ့ စကားကို တကယ် ထင်သွားဖို့ အရေးကြီးတယ်၊ အေးလေ၊ သူ တကယ် ယုံ မယုံကတော့ ကျွန်တော်တို့ စခန်း ရပ်တဲ့ အခါ ကြည့်ရ မှာပေါ့'

'ဒါဖြင့် ကျွန်တော်တို့ စခန်းကို ပြောင်းမယ်ပေါ့၊ ဘယ်တော့လောက် ပြောင်းမှာလဲ သခင်လေး'

'အခု ပြောင်းမှာပေါ့၊ ကျွန်တော် ပြောတာကို အဟုတ်ထင်ပြီး အခု သူတို့ တော်တော်လေး ကြောက် နေကြတယ်၊ ဒီတော့ ခုလို အချိန်မှာ ပြောင်းမှ ဖြစ်မှာ ပေါ့၊ မနက်ဖြန် မနက် လင်းတာနှင့် တစ်ပြိုင်နက် ကျွန် တော်တို့ တစ်တွေ သူတို့ အမြောက် တစ်ကမ်းထဲမှာ မရှိတော့ဘူး၊ လွတ်ရာ ကျွတ်ရာကို ရောက်နေကြပြီ'

ကာကာဂျီက အထိတ်တလန့်ဖြင့်

'ဖြစ်မှ ဖြစ်ပါ့မလား သခင်လေးရာ၊ ကျွန်တော် တို့ စခန်းပြောင်းနေတုန်း သူတို့က လုမ်းထုရင် ဘယ့် နှယ့် လုပ်မလဲ'

'ခုလောလောဆယ်တော့ သူတို့ ထုရဲဦးမှာ မဟုတ် သေးပါဘူး၊ ဗြိတိသျှ အစိုးရက ဒီကိစ္စနှင့် ပတ်သက်လို့ တစ်စုံတစ်ရာ အရေးယူချင် ယူမှာလို့ သူတို့ စိတ်ထဲမှာ သံသယ ဖြစ်နေတယ်၊ ဒီတော့ ဘယ်မှာ အရမ်း လုပ်ရဲ ပါ့မလဲ၊ ဒါကြောင့် ကျွန်တော်တို့ ခုချက်ချင်း ပြောင်းမှ ဖြစ်မယ်လို့ ပြောတာပေါ့၊ သူတို့ အချင်းချင်း ဟုတ် မဟုတ် မှန် မမှန် ငြင်းခုံနေတုန်းမှာ ကျွန်တော်တို့ ပြောင်းပြီး ဖြစ်ဖို့ လိုတယ်၊ ခုလုပ်ရတာဟာ နည်းနည်း တော့ စွန့်စားရတာပေါ့လေ၊ ဒါပေမဲ့ မတတ်နိုင်ဘူး၊ ကျွန်တော်တို့ သူပြုသမျှ နုရတော့မယ့် ဘဝမှာ နေမလား၊ ဒါနှင့်စာရင် ခုလို စွန့်စားရတာက ပိုတော်သေးတာ

www.burmeseclassic.com



ပေါ့၊ သူ့တောင်းဆိုချက်ကို အလျှော့ပေးပြီး သူ ပြုသမျှ နုရတော့မယ့် ဘဝမျိုးကိုတော့ ကျွန်တော် မနေနိုင်ဘူး **ကာကာဂျီ**၊ ကျွန်တော်တို့ တစ်နာရီ အတွင်း ပြောင်းမယ်'

မူးလ်ရတ်က ဝင်လုဆဲ နေခြည်များကို လှမ်းကြည့်ပြီးနောက်

'ပိုကောင်းတာပေါ့ဗျာ၊ ရွှေ့လျားနေတဲ့ ပစ်မှတ်တစ်ခုကို မှောင်ကြီးထဲမှာ ပစ်ရတာဟာ လွယ်တဲ့ ကိစ္စမှတ်လို့၊ အဲဒီလို ရမ်းပစ်ရင် ပစ္စည်းတွေကိုလည်း ထိခိုက်နိုင်တယ်၊ သတို့သမီးတွေကိုလည်း ထိခိုက်နိုင်တယ်၊ ပြီးတော့ ကျွန်တော်တို့ အဖို့လည်း နေ့လယ် နေပူကြီးထဲမှာ ပြောင်းရ ရွှေ့ရတာထက် ညမှာ အေးအေးဆေးဆေး ပြောင်းရတာက ပိုကောင်းတာပေါ့'

စခန်းသို့ သူတို့ ပြန်ရောက်သည့် အချိန်တွင်မူ တောင်ကြီး တစ်ဝက်ကို အမှောင်ဖုံးစ ပြုလေပြီ။ နေဝင်သွားပြီ ဖြစ်သည့် အတွက် လေမှာလည်း ငြိမ်စပြုနေပြီ။ ထမင်း ဟင်း ချက်ပြုတ်နေသော မီးဖိုများမှ မီးရောင်ကလေးများကို မြင်နေရသည်။

ကောင်းကင် တခိုတွင်မူ မီးခိုးတန်းကြီးများသည် မီးခိုးရောင် လည်စည်းကြီး တစ်ခု လွင့်နေသည့်နှယ် တောင်ကြား မြေပြန့်ထဲတွင် လည်းကောင်း၊ တစ်ဖက်တစ်ချက်ရှိ တောင်တန်းများပေါ်တွင် လည်းကောင်း လွင့်နေကြသည်။

တောင်ထိပ်ဖျားများပေါ်တွင် နေရောင်တို့ ဖြာကျလျက် ရှိသေးသဖြင့် သဲကျောက် ခံတပ်ကြီးများကို ထင်ရှားစွာ မြင်ရ၏။ နေရောင် ထိုးထားသဖြင့် ခံတပ်မှ သဲကျောက်တုံးများက ရွှေအိုရောင် မှိုင်းမှိုင်း။ ကြေးအမြောက် ပြောင်းဝကြီးများနှင့် မြင်းစီးသေနတ် ပြောင်းဝများက တပြောင်ပြောင် တလက်လက်။

မျက်နှာချင်းဆိုင် တောင်ကုန်းပေါ်မှ ခံတပ်မှာမူ နေရောင် မရှိတော့သည့် အတွက် မည်းမည်းရိပ်ရိပ် သဏ္ဌာန်သာ ပေါ်နေသည်။ အမှောင်ထဲတွင် ကြောက်စရာ။

အက်ရှ်သည် ခံတပ် မည်းမည်းကြီးကို ကြည့်ကာ ကျောထဲတွင် စိမ့်ခနဲ ဖြစ်သွား၏။ အကယ်၍များ မိမိက ခပ်တည်တည် ခြိမ်းခြောက်ခဲ့သည်ကို ဘိသော မဟာရာဇာ စော်ဘွား ရိပ်မိသွားခဲ့လျှင်...။

သို့ရာတွင် မတတ်နိုင်တော့ပြီ။ ယခုမှ တွေးစိတ်ပူနေ၍ မရတော့။ စခန်းကို ရုပ်သိမ်းရန် အမိန့်ပေးပြီးပြီ။ အက်ရှ်သည် တဲထဲသို့ ပြန်ဝင်လာကာ ယူနီဖောင်းကို လဲပစ်ခဲ့သည်။

မကြာမီ ဆိုလျှင် လုံးလုံး နေဝင်သွားတော့မည်။ မည်သူမျှ ညစာ စားချိန် မရ။ အချို့က မတ်တတ်ရပ်လျက် စားကြရသည်။ စခန်းရှိ လူများမှာလည်း အက်ရှ်လိုပင် သည်နေရာ တစ်ဝိုက်မှ ပြောင်းချင်နေကြသည်။ အချိန်တိုအတွင်း အကြောင်းကြားကာ စခန်း ပြောင်းခိုင်းသည့် အတွက် မည်သူမျှ မေးခွန်း မထုတ်ကြ။ မည်သူကမျှ ကန့်ကွက် ပြောဆိုခြင်း မပြုကြ။ စခန်းရှိ ယောက်ျား မိန်းမ ကလေးတိုင်းသည် ခပ်သုတ်သုတ် လုပ်ကြသည်။ မှောင်ရီ မပျိုးခင်မှာပင် မြင်းတပ်သားများ ခြံရံ လိုက်ပါလာသည့် လှည်းဦးသည် တောင်ကြားမှ စ၍ ထွက်စပြုလေပြီ။

သန်းခေါင်ကျော်လောက်တွင်မူ နောက်ဆုံး လှည်းသည် တောင်ကြားမှ ထွက်လာခဲ့သည်။

အက်ရှ်၏ အမိန့်အရ စခန်း ချခဲ့သည့် နေရာတွင် စခန်းမီးပုံများကို မငြိမ်းဘဲ ထားခဲ့ကြသည်။ စခန်းတွင် လူဘယ်လောက် ကျန်ခဲ့သည်၊ စခန်းမှ လူဘယ်လောက် ထွက်သွားသည်ကို ခံတပ်ပေါ်မှ ခန့်မှန်း၍ မရနိုင်အောင် တမင် စီမံခဲ့ခြင်း ဖြစ်၏။

စခန်းမှ ထွက်ခွာသူများကို မီးတုတ် မီးစည်းများ ကိုင်ဆောင်ခွင့် မပြု။ ခံတပ်ပေါ်မှနေ ကြည့်လျှင် ကြယ်ရောင် မှုန်တိမှုန်မွှားကြောင့် ဘာကိုမျှ သဲကွဲစွာ မမြင်ရ။ သူတို့ ချီတက်ရာ လမ်းတစ်လျှောက်တွင် ဖုန်လုံးကြီးတွေက တလိပ်လိပ်။ အသွားရ အလာရ ခက်သည့်တိုင် သူတို့ အရေအတွက်ကို ခံတပ်ပေါ်က မမြင်နိုင်အောင် ဖုံးကွယ်ထားသလို ဖြစ်နေသည့် အတွက် တစ်နည်း ကောင်းနေသည်။

လူအုပ် ကြားထဲတွင် မြင်းစီး လိုက်ပါလာသည့် အက်ရှ် အဖို့သော်မူ သူတို့၏ အသံသည် ဆူညံလွန်းလှသည်ဟု အောက်မေ့မိ၏။ တိရစ္ဆာန်များကို မောင်းသံ၊ အမိန့်ပေးသံတို့လောက်ကိုသာ ပြုကြသည့်တိုင် (ဤသည်မှာလည်း ကြားလောက်ရုံ လေသံကလေးဖြင့် အသံပြုကြခြင်း ဖြစ်သည်။) ရှောင်လွှဲ၍ မရသည့် အခြား အသံများကို ကြားနေရသည်။

လှည်းဘီးများ၏ တကျွိကျွိမြည်သံ၊ ကျာပွတ်တို့ တဖျန်းဖျန်း ရိုက်သံ၊ မရေမတွက်နိုင်သော ခြေထောက်တို့ မြေကြီးပေါ်သို့ တဘုတ်ဘုတ် ကျသံ၊ တိရစ္ဆာန် ခွာသံတို့ တဖျောက်ဖျောက် မြည်သံ၊ ကကြိုးတန်ဆာတို့



www.burmeseclassic.com

www.burmeseclassic.com



တချွင်ချွင် ထိသံ၊ ကလေးငိုသံ၊ ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ သိုး၊ ကုလားအုတ် စသည်တို့၏ မြည်သံ၊ တွန်သံ၊ အော်သံ၊ အောင်းသံ၊ ဟီသံ။ ထိုအထဲတွင် စခန်းထဲသို့ လာရောက်ကာ အခြေတကျ နေကြသည့် ခွေးလေ ခွေးလွင့်တို့၏ ဟောင်သံကိုလည်း ကြားရသေးသည်။

ထိုအသံများသည် အနားကပ်၍ နားထောင်လျှင် ဆူညံနေသည့်တိုင် မိုင်ဝက်လောက် အကွာက ဆိုလျှင် ကြားရမည် မဟုတ်ဟု တွေးမိကာ စိတ်သက်သာရာ ရသွား၏။ ထို့ပြင် မိမိတို့ စခန်း ပြောင်းသည်ကို မဟာရာဇာ စော်ဘွား၏ လူများလည်း မသိ မဟုတ်၊ ပြောင်ပြောင်တင်းတင်း ပြောခဲ့ပြီးသား။

သို့ရာတွင် မိမိတို့ စခန်းကို ပြောင်းရွှေ့ရာတွင် မည်မျှ ကြာသည် ဆိုသည်ကိုမူ သူတို့ မသိစေချင်။ စခန်းကြီးကို ညတွင်းချင်း သည်လောက်မြန်မြန် ပြောင်းနိုင်လိမ့်မည် မဟုတ်ဟု ဘိသော စော်ဘွား ထင်စေချင်သည်။ မနက် လင်းသည်နှင့် စခန်း သုံးပုံ နှစ်ပုံ ကျန်နေသေးသည်ဟု ထင်လျှင် ဘိသော စော်ဘွားသည် ညတွင် ဘာမျှ လှုပ်ရှားဦးမည် မဟုတ်။

အရေးကြီးဆုံး နေရာမှာ ခံတပ်အောက် ကမ်းပါးကြား ဖြစ်သည်။ ထိုနေရာမှာ လမ်းကလည်း ကျဉ်းသည်။ ထိပ်တွင် ခံတပ်ကြီး နှစ်ခုကလည်း မိုးထားသည်။

ယခုလောက် ဆိုလျှင် ဇူလီတို့ လှည်းယဉ်သည်လည်း မည်သည့် နေရာလောက်တွင် ရောက်နေလေပြီနည်း။

ဇူလီတို့ လှည်းယဉ် ထွက်သွားသည်ကို သူ မြင်လိုက်၏။ သူတို့ လှည်းယဉ် ရှေ့တွင် မြင်းတပ်ခွဲ တစ်တပ်၊ သတို့သမီးများ၏ အခြွေအရံများ၊ အစေတော်များ၊ ပစ္စည်းများကို တင်ဆောင်ထားသည့် ပေါင်းမိုးတပ် လှည်းတပ်ကြီး တစ်တပ်၊ ဘေးပတ်ပတ်လည်တွင် အစောင့်အရှောက် သုံးထပ် ခြံရံလျက်။

မူးလ်ရတ်နှင့် ကာကာဂျီ တို့သည် ထိုလှည်းယဉ်ဘေးမှ မြင်းကိုယ်စီဖြင့် လိုက်ပါသွားခဲ့ကြ၏။ ကိုယ်တော်လေး ဂျိုတီကမူ လှည်းယဉ်ထဲတွင် အစ်မတော်များနှင့် အတူ လိုက်ပါသွား၏။ လှည်းယဉ်ပေါ်သို့ အတက် မှိုင်းတို့ စွဲနေသည့် လသာမှန်အိမ် မီးရောင်ထဲတွင် တုန်လှုပ် ချောက်ချားလျက် ရှိသည့် ကိုယ်တော်လေး ဂျိုတီ၏ မျက်နှာကို လှမ်းမြင်လိုက်ရသည်။

သို့ရာတွင် သတို့သမီး နှစ်ယောက်ကိုမူ သေချာစွာ မမြင်လိုက်ရ။ ဇာမျက်နှာဖုံး တပ်ကာ ခေါင်းမြီးခြုံထားသည့် မည်းမည်း သဏ္ဌာန် နှစ်ခုကိုသာ ရိပ်ခနဲ မြင်လိုက်ရသည်။ သူတို့ အခြွေအရံများနှင့်ပင် ခွဲခြားမရချင်။ သူတို့နှစ်ယောက် အနက် တစ်ယောက်မှာ အရပ် မြင့်နေသဖြင့် ဇူလီမှန်း သိလိုက်ခြင်း ဖြစ်သည်။ ခဏ အကြာတွင် သူတို့ အနီးတွင် အစောင့်တွေ ရောက်လာကြကာ လှည်းယဉ်သည် အမှောင်ထဲတွင် ထွက်ခွာသွား၏။

အက်ရှ်သည် လှည်းယဉ်နှင့် မျက်စိတစ်ကမ်း အကွာမှပင် မလိုက်ခဲ့ရ။ အကယ်၍ မဟာရာဇာ၏ တပ်များက ခံတပ်ပေါ်မှ အမြောက်များဖြင့် ပစ်ခတ်ခဲ့လျှင် ဇူလီ၊ ရှုရှီလာနှင့် ဂျိုတီတို့ကို မူးလ်ရတ်နှင့် သူ့မြင်းတပ်သားများက ရုတ်ရုတ်သဲသဲ အုတ်အုတ်ကျက်ကျက် ထဲမှ အတင်း ဆွဲထုတ်ကာ တောင်များကို ကျော်၍ ဘိသော နယ်ထဲမှ ထွက်ရန်၊ မိမိမှာမူ ကျန်လူများနှင့် အတူ တောင်ကြားထဲတွင် နေရစ်ခဲ့ပြီး စော်ဘွား၏ တပ်များနှင့် ရင်ဆိုင် တိုက်ခိုက် ကျန်ရစ်ခဲ့ရန် စီစဉ်ထားခဲ့သည်။

စီမံကိန်းက ဖြစ်သလို ဆွဲထားရသည့် စီမံကိန်း။ ယိုပေါက် ဟာပေါက်တွေ အများကြီး ရှိနိုင်သည်။ သို့ရာတွင် အဆိုးဆုံးသို့ ရောက်လာခဲ့လျှင် ထိုစီမံကိန်း အတိုင်း ဖြစ်သလောက်နှင့် ကြိုးစား လုပ်ရတော့မည်။ ထို အခြေအနေမျိုးသို့ မရောက်ပါစေနှင့် ဟု အက်ရှ် ဆုတောင်းရသည်။

အက်ရှ်နှင့် မူးလ်ရတ်တို့သည် ယမန်နေ့က တစ်နေ့လုံး လှည့်သွားလမ်းများ၊ ဆိတ်သွားလမ်းများကို ရှာခဲ့ကြသည့်တိုင် အပြင်ထွက်သည့် လမ်း ဆို၍ မတွေ့ခဲ့။ မြင့် စောက် သော ကျောက်တောင်ကြီးများပေါ်တွင် ဟိုတစ်စ သည်တစ်စ ပေါ်လာသည့် ဆိတ်သွားလမ်းများကိုသာ တွေ့ရသည်။ ထိုလမ်းများ အတိုင်း ဘယ်ကိုမျှ သွား၍ မရ။

ယခုမူ လောင်းကြေး ထပ်ပြီးလေပြီ။ မိမိ ဘာမျှ မတတ်နိုင်တော့ပြီ။ မိမိတို့ အပေါ်တွင် အကြမ်းဖက်မှု သုံးလာလျှင် သူလည်း သက်သာမည် မဟုတ်ကြောင်း ဘိသော စော်ဘွားကို ပြောခဲ့ပြီး ဖြစ်ရာ ဘိသော စော်ဘွားသည် သူ့စကားကို ယုံပါစေဟုသာ ဆုတောင်းရတော့သည်။

'တိုက်ကြ ခိုက်ကြရင်တော့ မင်္ဂလာ လက်ထပ်ပွဲလည်း ဖြစ်တော့မှာ မဟုတ်ဘူး၊ ဒီလောက် ဖြစ်ပြီးမှတော့ ရှေ့ဆက်လုပ်လို့ ဘယ်ရတော့မလဲ၊ နန့်ဒူးကလည်း သဘောတူတော့မှာ မဟုတ်တော့ဘူး၊ ဒီလို ဖြစ်လာရင်



www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှ အစိုးရကလည်း ဒီကိစ္စကို လက်ပိုက်ကြည့်နေလို့ မရတော့ဘဲ ဝင်ရောက် စွက်ဖက်လာရတော့မယ်၊ ဘိသော ပြည်နယ်ကို လုံးဝ သိမ်းပိုက်တာမျိုး မလုပ်ရင်တောင် သူ့ကို ချပြီး တခြား တစ်ယောက်ယောက်ကို ခန့်မှာပဲ၊ နန်ဒူးကလည်း ဒီလောက် ငွေကြေးတွေ အကုန်အကျခံရတဲ့ အတွက် သိပ် နစ်နာနေလေတော့ သူကိုလည်း ထိုက်သင့်သလောက် လျော်ကြေးတို့ ဘာတို့ ပေးမှာပဲ၊ ဟုတ်တယ်၊ ငါ ဝင်ပြီး မနှောင့်ယှက်သင့်ဘူး၊ သူတို့ကိစ္စကို ဒီအတိုင်း ကြည့်နေလိုက်ဖို့ ကောင်းတယ်၊ အဲဒီလို ဆိုရင် ဇူလီဟာလည်း...'

သို့ရာတွင် သူ ဘာမျှ မတတ်နိုင်။ ယခုမှ မိမိ၏ အမိန့်တွေကို ပြန်ရုပ်သိမ်း၍ မဖြစ်တော့။ ယခုမှ မိမိက ဘေးရှောင်ထွက်၍ မဖြစ်တော့။ ဘိသော စော်ဘွားနှင့် ဆွေးနွေးရမည့် ကိစ္စ အဝဝကို ကာကာဂျီတို့နှင့်ချည်းပုံအပ်ထား၍ မဖြစ်တော့။

ကာကာဂျီတို့ချည်းသာ ဆိုလျှင် အလျှော့ပေးပြီးသား ဖြစ်နေတော့မည်။ ကာကာဂျီတို့ အလိုအတိုင်းသာဆိုလျှင် အန်ဇူလီ၏ ခန်းဝင်ပစ္စည်း အတွက်လည်း အလျော် ပေးခဲ့မည်။ အန်ဇူလီကို လက်မထပ်လို ဆိုသည့် စော်ဘွား၏ အလိုကိုလည်း လိုက်လျောခဲ့ကြမည် မုချ။

ထိုသို့ စဉ်းစားရင်း အက်ရှ်သည် ဘိသော မဟာရာဇာ၏ စစ်သားများ သေနတ်သံများကိုလည်း နားထဲတွင် ကြားယောင်နေသည်။ သို့တိုက်ခိုက်ကြပြီဆိုလျှင် မင်္ဂလာလည်း ဆောင်ဖြစ်မည် မဟုတ်တော့။ လူတွေကမူ သေကြေကြတော့မည်။ ဘယ်မျှလောက်များပြားမည်ကိုမူ သူလည်း မခန့်မှန်းနိုင်။

အက်ရှ်သည် သူ့ကိုယ်သူ စက်ဆုပ်သွား၏။ မိမိသည် ဇူလီကို ဘိသော မဟာရာဇာနှင့် လက်မထပ်စေချင်သောကြောင့် မိမိနှင့် ရင်းနှီး ကျွမ်းဝင်သော မိတ်ဆွေအများ အပါအဝင် လူပေါင်းများစွာ သေဆုံးသည့် တိုက်ခိုက်မှုမျိုး ဖြစ်ပါစေဟု ဆုတောင်းမိနေပါပကော။

သို့ဆိုလျှင် မိမိသည် မည်မျှ ယုတ်ညံ့ သိမ်ဖျင်းလိုက်ပါသနည်း။ ဇူလီသည် ထိုသို့သော တန်ဖိုးများစွာ ပေးပြီးမှ သူ့ပျော်ရွှင်မှုကို ယူမည့် မိန်းမစားမျိုး မဟုတ်။ မိမိသည်လည်း ထိုသို့သော လူစားမျိုး မဟုတ်။

စောစောတုန်းကမူ ည၏ အသံဗလံများသည် ဇူလီ၏ အမည်ကို ရေရွတ် မြည်တမ်းနေသည်ဟု သူ ထင်၏။ ဖုန်နံ့များထဲတွင် ဇူလီ့ကိုယ်မှ နှင်းဆီနံ့ပြေပြေ သင်းနေသည်ဟု ထင်ခဲ့သည်။ ယခု ဇူလီကို သူ့စိတ်ထဲမှ ဖျောက်ဖျက်ပစ်လိုက်ပြီ။ အက်ရှ်သည် သူ့ဘေးပတ်ပတ်လည်မှ အသံများကို နားထောင်ကြည့်၏။ အဝေးမှ မြင်းစီး သေနတ်သံ တစ်ချက်တလေကို နားစွင့်ကြည့်၏။

သူ့နောက် ခံတပ်ကြီးများထဲမှ အမြောက်ကြီးများ ရန်ကို စိုးရိမ်ဖွယ် မရှိတော့။ ခံတပ်ပေါ်မှ အမြောက်တပ်သားများသည် သူတို့ကို အမြောက်ဖြင့် ပစ်လိုသည် ဆိုလျှင် အစောကြီး ကတည်းက ပစ်ခဲ့ကြလိမ့်မည်။ အမြောက် ပစ်ကွင်း အပြင်သို့ စခန်းကြီး တစ်ခုလုံး ရောက်မှ ပစ်တော့မည် မဟုတ်။ တကယ့် အန္တရာယ်က ယခု မဟုတ်။ ရှေ့မှာ ရှိသည်။

တတိယ ခံတပ်ကို ဖြတ်ရမည့် နေရာမှာ မိုင်ဝက်လောက် ဖြတ်ရမည့် ကမ်းပါးကြား ဖြစ်သည်။ ထိုနေရာရောက်မှ ဆီးပိတ် ပစ်လိုက်ပြီ ဆိုလျှင်မူ ဘယ်လိုမျှ ထွက်၍ မရတော့။ နောက်မှ ပါလာသည့် လှည်းများအဖို့လည်း တောင်ကြားထဲသို့ ပြန်လှည့် ဝင်ရတော့မည်သာ ဖြစ်သည်။

'အဲဒီ တောင်ကြားထဲ ရောက်မှ တို့ကို ပစ်ရင်တော့ ဒုက္ခပဲ' ဟု အက်ရှ် တွေးမိသည်။

သို့ရာတွင် သူ့ပြည်နယ်ကို သိမ်းပိုက်ကာ သူ့ကို ပြည်နှင်ဒဏ် ပေးမည် ဟူသော စကားကို ကြားလိုက်ရသည့် နောက်တွင်မူ ဘိသော စော်ဘွား၏ ယုံကြည်ချက်တို့သည် ပြိုလဲ ပျက်စီးခဲ့လေပြီ။

သခင်ဆပ်သည် သည်စကားမျိုးကို သူ့သဘောနှင့် သူ မည်သည့်နည်းနှင့်မျှ မပြောနိုင်။ သူ့နောက်မှ သက်ဆိုင်ရာ အာဏာပိုင်တို့၏ သဘောထား ပါ၍သာ ပြောခြင်း ဖြစ်ရမည်။ သခင်ဆပ်သည် နိုင်ငံရေး ဝန်ထောက်၏ ကိုယ်စား ပြောခြင်း ဖြစ်ရမည်။ နိုင်ငံရေး ဝန်ထောက်သည်လည်း ဗြိတိသျှ ရပ်ဂျ် သခင်များ၏ ကိုယ်စား ပြောခြင်း ဖြစ်ရမည်။

ယခင်ကလည်း အခြား နယ်များတွင် ထိုအတိုင်း ဖြစ်ခဲ့ဖူးသည်ကို ဘိသော စော်ဘွား မြင်ခဲ့ တွေ့ခဲ့ဖူးပြီ။ အိန္ဒိယ သူပုန်ကြီး မတိုင်မီ အရှေ့အိန္ဒိယ ကုမ္ပဏီ အုပ်စိုးသော ခေတ်တုန်းက ဆိုလျှင် ထိုအဖြစ်မျိုးတွေ မနည်း။ ယခု ဝိတိုရိယ ဘုရင်မကြီး ကိုယ်စားပြုသည့် ဘုရင်ခံချုပ် လက်ထက်တွင်မူ ဤသို့ မဖြစ်တန်ရာ။ ... တိုင် ရှေးတုန်းက အုဒ်လို ပြည်နယ်ကြီး တစ်ခုလုံး ... လျှင် သိမ်းပိုက်ခဲ့သေးသည် ဆိုလျှင် မိမိ ပြည်နယ်



www.burmeseclassic.com

www.burmeseclassic.com



ပေါက်စနကလေးကို သိမ်းယူခြင်း မပြုဟု မည်သူ အာမခံနိုင်မည်နည်း။

ဘိသော စော်ဘွားနှင့် အမတ်များသည် ထိုကိစ္စကို တိုင်ပင်ကာ ခံတပ်များရှိ တပ်မှူးများအား တစ်စုံတစ်ရာ ပစ်ခတ်ခြင်း မပြုရန် အကြောင်းကြားလိုက်သည်။

လှည်းတန်းကြီးသည် ကမ်းပါး နှစ်ခု ကြားမှ ချော့ချောမောမော ထွက်လာခဲ့သည်။ မနက်လင်းသည့် အခါတွင်မူကား ရွက်ဖျင်တဲ ထိုးသူ၊ ထမင်းချက်သူ၊ မီးဖိုသူ စသဖြင့် စခန်းကြီး တစ်ခုလုံး လှုပ်လှုပ်ရွရွ အသက်ဝင်နေလေပြီ။ ဘိသော စော်ဘွား၏ အမြောက်ကြီးများနှင့်လည်း ဝေးရာသို့ ရောက်နေလေပြီ။

အကယ်၍ လာရောက် တိုက်ခိုက်လျှင် ပြန်လည် ခုခံနိုင်သည့် အနေအထား၊ သို့မဟုတ်လျှင်လည်း နယ်စပ်ကို ဖြတ်၍ ဆုတ်ခွာနိုင်သည့် အနေအထားသို့ ရောက်နေလေပြီ။

'ကဲ ဒီကောင်တွေ လာတိုက်ချင်ရင် တိုက်လှည့် ကြတော့၊ ခုမှတော့ ဘာမှ ပူစရာ မရှိတော့ဘူး၊ အံမယ် လေးလေး မောလိုက်တာ၊ သေချင်စော် နံသွားတာပဲ၊ ကျွန်တော်ဟာ ကြောက်တတ်တဲ့ ကောင်တစ်ယောက် မဟုတ်ပါဘူး၊ ကွင်းပြင်မှာ သူနိုင် ကိုယ်နိုင် တိုက်ရလို့ ကတော့ ဘယ်လောက် အားကြီးတဲ့ ရန်သူနှင့်ပဲ တိုက်ရ တိုက်ရ တိုက်ရဲပါတယ်၊ ဒါပေမဲ့ မနေ့ညက သူတို့ ခံတပ် နှစ်ခုကြား အောက်ကမ်းပါးကြားထဲက ဖြတ်လာ ခဲ့ရတုန်းကတော့ ကျောချမ်းမိတာ အမှန်ပဲ သခင်လေး ရေ၊ သူတို့ ခံတပ်ထဲက နေပြီး လူနည်းနည်းကလေးနှင့် ကျွန်တော်တို့ကို ဆီးပစ်လိုက်ရုံပဲ ခင်ဗျ၊ ကျွန်တော်ဖြင့် မနေ့ညက သူတို့ ခံတပ် ကမ်းပါးကြားကို ဖြတ်လို့သာ ဖြတ်ရတယ်၊ ဘယ်အချိန်မှာ အမြောက်ကြီးနှင့် စပစ်မလဲ ဟဲ့၊ ဘယ်အချိန်မှာ သေနတ်ကိုင် စစ်သားတွေက ကျွန် တော်တို့ကို ဝင်တိုက်မလဲဟဲ့နှင့် တထိတ်ထိတ် ဖြစ်နေ ရတာပဲ၊ ခုတော့ တော်သေးတာပေါ့ဗျာ၊ ကျွန်တော်တို့ လည်း ဒီထောင်ချောက်ကြီးထဲက လွတ်ပြီပေါ့၊ ကဲ ကျွန် တော်တို့ ဘာလုပ်ကြမလဲ'

'ဒါကတော့ မဟာရာဇာ အပေါ် တည်တာပဲဗျ၊ သူ ဘာလုပ်မလဲ ဆိုတာ ကျွန်တော်တို့ စောင့်ကြည့်ရမှာ ပဲ၊ ဒါပေမဲ့ ကျွန်တော့် အထင်ကို ပြောရရင်တော့ မဟာ ရာဇာဟာ ကျွန်တော်တို့ကို နောက်ထပ် ဒုက္ခပေးတော့ မယ်လို့ မထင်တော့ပါဘူး၊ ဒါတွေ အားလုံးကို လျှော့ ပစ် လိုက်လိမ့်မယ်လို့ပဲ ထင်တယ်၊ သူ့အမတ်ချုပ်ကြီး ပြောသလိုပေါ့၊ ဒါတွေဟာ အထင်လွဲမှုကလေးတွေ ဆို ပြီး ပြည်ဖုံးကား ချလိုက်မှာပဲ၊ ဒီနေ့ သို့မဟုတ် မနက် ဖြန်လောက် ဆိုရင် ကျွန်တော်တို့ဆီကို လက်ဆောင် ပဏ္ဏာတွေ နှစ်သိမ့် စကားတွေနှင့် စေတမန်တွေ ရောက် လာနိုင်တယ်၊ ဒီတော့ ကျွန်တော်တို့လည်း ရသမျှ အချိန်ကလေး လုပြီး အနားယူ လိုက်ကြဦးစို့ရဲ့၊ ကိုယ် တော်လေး ဂျိုတီကော'

'အိပ်ပျော်နေတယ် ခင်ဗျ၊ သူကတော့ မဟာရာဇာ ကို မြင်ပြီး စိတ်ပျက်သွားတာပေါ့၊ တစ်ဖက်နှင့် တစ်ဖက် တိုက်မလား ဆိုပြီး ပျော်တောင်နေသေးတယ်'

'အင်း သူကတော့ စစ်တိုက်ချင်တာလောက်ပဲ သိတာကိုး' ဟု အက်ရှ်က စိတ်ပျက်လက်ပျက်ဖြင့် ပြော လိုက်၏။ အက်ရှ်က ကာကာဂျီမှာ မနေ့ညက အိပ်ရေး ပျက်ခဲ့သည့် အတွက် ယခုအချိန်လောက်တွင် အိပ်နေ ဦးမည် ထင်ကြောင်းဖြင့် စုံစမ်းသည်။

'ဟုတ်တယ်ခင်ဗျ၊ ဒါပေမဲ့ အိပ်တော့ အိပ်ဦးမယ် မထင်ဘူး၊ ကာကာဂျီက ဘယ်လောက်ပဲ အိပ်ရေးပျက် ပျက် ဘုရား ရှိခိုးနေကျအတိုင်း ရှိခိုးပြီးမှ အိပ်တာ ခင် ဗျ၊ ကျွန်တော်တို့ကတော့ လူငယ် ဆိုတော့ ဒီလောက် ကြာကြာ ဘုရားရှိခိုး မနေနိုင်ဘူးဗျာ၊ ကိုယ်တော်လေး ဂျိုတီလိုပဲ ဘိသောက ငနဲတွေ ရောက်မလာခင် အိပ်ရေး ဝဝ အိပ်လိုက်ဦးမယ်'

'သူတို့ဘာသာ လာလာ မလာလာဗျာ၊ ကျွန် တော်တို့ အိပ်ရေးပျက် မခံနိုင်ပါဘူး၊ သူတို့ဆီကို သွား တိုင်း ကျွန်တော်တို့ စောင့်ခဲ့ရတာ များလှပြီ မဟုတ် လား၊ ဒီတော့ သူတို့ကိုလည်း တစ်လှည့် ပြန်အစောင့် ခိုင်းရမှာပေါ့'

မူးလ်ရတ်သည် သူ့ကို နှုတ်ဆက်၍ ထွက်သွား ၏။ အက်ရှ်သည် သူ့ကို စောင့်ကြည့်ရင်း ကျန်ရစ်ခဲ့ ၏။ သူကိုယ်တိုင်မှာလည်း ပင်ပန်း နွမ်းနယ်လှပြီ။ ကိုယ်ခန္ဓာအရ လည်းကောင်း၊ စိတ်ဓာတ်အရ လည်း ကောင်း နွမ်းနယ်စ ပြုပြီ။ မိမိသည် ဇူလီ အတွက် မိမိ လုပ်နိုင်သည်တို့ကို လုပ်ခဲ့ပြီ။ ဇူလီ၏ ဂုဏ်သိက္ခာကို ဆည်ခဲ့သည်နှင့် အတူ နန်ဒူး၏ မာနနှင့် ခနတို့ကို လည်း ဆည်တင် ပေးခဲ့ရပြီ။ ထိုမျှမက ဘိသော မဟာ ရာဇာ၊ နိုင်ငံရေး ဝန်ထောက်နှင့် ဗိုလ်ကြီး အက်ရှ်တို့၏ ဂုဏ်သိက္ခာတို့ကိုလည်း ဆည်တင် ပေးခဲ့ပြီးပြီ။

အက်ရှ်သည် ချာခနဲ လှည့်ကာ မိမိတဲသို့ ဝင်လာ ခဲ့သည်။ ခဏကြာလျှင် မာဒူးသည် အဋ္ဌေ့တထောင်း



www.burmeseclassic.com

www.burmeseclassic.com



ထောင်း ထနေသည့် လက်ဖက်ရည် တစ်ခွက်ကို ယူလာ၏။

သို့ရာတွင် အက်ရှ်မှာ အင်္ကျီ မလဲ၊ ဖိနပ်ကိုပင် မချွတ်နိုင်ဘဲ အိပ်စင်ပေါ်တွင် အိပ်ပျော်နေလေပြီ။ မာဒူးနှင့် ဂူးလ်ဘတ်တို့က အင်္ကျီကို ချွတ်ပေးသည့် အခါတွင် အက်ရှ်သည် ပါးစပ်မှ အင်အာမြည်ကာ အိပ်မက်ထဲတွင် ယောင်ယမ်းနေသည်။

ဂူးလ်ဘတ်နှင့် မာဒူးတို့သည် မနက်ခင်း နေရောင် မထိုးစေရန် အတွက် ရွက်ဖျင်ဘောင်းကာကို ချပေးပြီးနောက် ထွက်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၃၀

အက်ရှ်သည် တောင်နိမ့်နိမ့်ကလေးတွေ တစ်ဖက်တစ်ချက် ရံထားသည့် ကျောက်တုံး ကျောက်ဆောင်တို့ ထနေသော လွင်ပြင်ကြီးပေါ်တွင် မြင်းကို တရကြမ်း စီးပြေးနေသည်။ ဇူလီက သူ့နောက်မှ ခါးကို ဖက်လျက် လိုက်ပါလာ၏။ ဇူလီသည် သူ့ကို အတင်း တွယ်ဖက်ထားကာ မြန်နိုင်သမျှ မြန်မြန်စီးရန် တိုက်တွန်းနေသည်။

အက်ရှ်သည် နောက်က လိုက်လာသော ရန်သူများကို လှည့်ကြည့်၏။ လေထဲတွင် တလွင့်လွင့် ဝဲနေသော ဇူလီ၏ ဆံပင်များ ကွယ်နေသဖြင့် နောက်ကို မမြင်ရ။ သို့ရာတွင် မိုးချုန်းသံကဲ့သို့ မြည်ဟည်းနေသော မြင်းခွာသံများကမူ တဖြည်းဖြည်း နီးလာနေလေပြီ။

အက်ရှ်သည် ရယ်လိုက်၏။ ဇူလီသည် သူနှင့်အတူ ရှိနေပြီ။ သူ့အနားတွင် ရောက်နေပြီ။ ဇူလီနှင့်အတူ ရှိနေသည် ဆိုလျှင် လောကတွင် မည်သည့် အန္တရာယ်မျိုးကို မဆို သူ ရင်ဆိုင်ရဲသည်။

ထိုစဉ် အက်ရှ်သည် သူ့နောက်က လွင့်နေသော ဆံပင်များကို သတိထား ကြည့်လိုက်မိ၏။ ဆံပင်နက်နက်တွေ မဟုတ်။ ဆံပင် ဝါဝါတွေ။ နောက်သို့ လှည့်ကြည့်လိုက်သည့် အခါတွင် ဇူလီ မဟုတ်။ သူ့ကို တပူဆာဆာ လုပ်နေသည့် မျက်လုံးပြာပြာနှင့် မိန်းကလေး တစ်ယောက်။ ဗီလင်ဒါ။ မိမိသည် ဗီလင်ဒါကို ခိုးပြေးခဲ့ပြီ။ ဗီလင်ဒါကို လက်ထပ်ရတော့မည်။ ဗီလင်ဒါကို တစ်သက်လုံး လက်တွဲရတော့မည်။

'မဟုတ်ဘူး၊ သူ မဟုတ်ဘူး'

အက်ရှ်သည် ယောင်ယမ်း အော်လိုက်ကာ အိပ်ရာမှ နိုးလာခဲ့သည်။ မာဒူးက သူ့ဘေးမှ ရပ်ကာ စိုးရိမ်တကြီး ငုံ့ကြည့်နေ၏။ သူ့တဲထဲတွင် လသာမှန်အိမ်မှ မီးရောင်ကြောင့် လင်းထိန်လျက်။

အက်ရှ် အိပ်လိုက်သည်မှာ တစ်နေကုန်။ ဘိသော စော်ဘွားထံမှ လွှတ်လိုက်သည့် ကိုယ်စားလှယ်များသည် မနက်ခင်း ကတည်းက ရောက်လာခဲ့ကြရာ ယခုတိုင် စောင့်နေကြဆဲ။

'မူးလ်ရတ်က ပြောထားတယ်၊ သခင်ဆပ်ကိုလည်း မနှိုးရဘူး၊ သူ့ကိုလည်း မနှိုးရဘူးတဲ့၊ သူကတော့ ခုထက်ထိ မနိုးသေးဘူး ခင်ဗျ၊ ခု ကာကာဂျီက သူတို့ကို ဘယ်လို ပြောရမလဲ ဆိုတာ အမေးခိုင်းလိုက်လို့၊ သူတို့ကို ဒီနေ့ည ဒီမှာ တည်းခိုဖို့ နေရာထိုင်ခင်းတို့ ဘာတို့ ပေးရမလားတဲ့'

မာဒူးက မေးသည်။

'ဘာဖြစ်လို့ ဒီမှာ တည်းမှာလဲ'

အက်ရှ်သည် သူပြောသည့် စကားများကို ကောင်းကောင်း နားမလည်။ သူ့စိတ်ထဲတွင် ခပ်စောစောက မက်ခဲ့သည့် အိပ်မက်ကို မြင်ယောင်ဆဲ။ အိပ်ပျော်သလို၊ အိပ်ရာမှ နိုးသလို မူးတူးမင်တင်။

'သိပ်လည်း နောက်ကျနေပြီ၊ ပြီးတော့ လမ်းကလည်း သိပ်ဆိုးလို့၊ တော်တော်လေးလည်း မှောင်တယ်'

မာဒူးက ဖြေသည်။

အက်ရှ်သည် ရေထဲမှ တက်လာသည့် ခွေးတစ်ကောင် ကိုယ်ကို လှုပ်၍ ရေတွေကို ခါချလိုက်သလို အိပ်ချင်မူးတူး စိတ်ကို လှုပ်ခါချလိုက်၏။

'လမ်းကြမ်းပြီး မှောင်တော့ ဘာဖြစ်သလဲဗျ၊ ကျွန်တော်တို့တောင် လာနိုင်ခဲ့သေးရင် သူတို့ကော ဘာကြောင့် မပြန်နိုင်ရမှာလဲ၊ အပြင်မှာ ကာကာဂျီရဲ့ အစေခံ ရှိသလား၊ ရှိရင် ခေါ်လိုက်ဗျာ၊ ကျွန်တော် စကား တစ်ခွန်း နှစ်ခွန်း ပြောချင်လို့'

မာဒူးက သွားခေါ်လိုက်သဖြင့် ကာကာဂျီ၏ အသက် ခပ်ကြီးကြီး အစေခံသည် တဲထဲသို့ ဝင်လာခဲ့သည်။

'ဒီမှာ ခင်ဗျားတို့သခင် ကာကာဂျီကို ပြောလိုက်ပါ၊ ဒီလို လူမျိုးတွေကို ဒီလောက် ဧည့်ဝတ်ကျ



www.burmeseclassic.com

www.burmeseclassic.com



နေစရာ မလိုဘူးလို့၊ ပြီးတော့ ဒီညမှာ သူတို့အိပ်ဖို့လည်း ကျွန်တော်တို့ စီစဉ် မပေးနိုင်တဲ့ အတွက် ဝမ်းနည်းပါတယ်လို့ ကျွန်တော် အကြောင်းကြားခိုင်းလိုက်မယ်၊ ကျွန်တော်တို့ အိပ်ပျော်နေတဲ့ အတွက် စခန်းကို ကောင်းကောင်း ပြင်ဆင်လို့ မပြီးသေးဘူးလို့၊ ဒီတော့ မြို့ထဲကို ပြန်သွားပြီး မနက်ဖြန်ကျမှ လာတွေ့ပါတော့လို့ပဲ ပြောလိုက်ပါ၊ အဲဒီအခါကျရင် သူတို့ကို ဒီထက်ကောင်းကောင်း ဧည့်ခံနိုင်မှာပါ'

ဘိသော စော်ဘွား၏ ကိုယ်စားလှယ်များကို ထိုအတိုင်း အကြောင်း ပြန်လိုက်သည့် အတွက် ကိုယ်စားလှယ်များသည် ကြယ်ရောင်ဖြင့်ပင် မြင်းစီး၍ ပြန်သွားကြသည်။ သူတို့ စိတ်ထဲတွင်မူ တထင့်ထင့်။ တစ်နေကုန် စောင့်နေခဲ့ကြရသည့်တိုင် အရေးကြီးသည့် ပုဂ္ဂိုလ်တစ်စုံတစ်ယောက်နှင့်မှ စကားပြောခွင့် မရခဲ့ကြ။ အက်ရ်တို့ ကိုယ်စားလှယ်အဖွဲ့ကို ချီးကျူးစကား ပြောရန် ပြင်ဆင်ထားခဲ့သော်လည်း တစ်လုံးမျှ မပြောခဲ့ရ။

နောက်တစ်နေ့ မနက် ခပ်စောစောတွင် ကိုယ်စားလှယ် အဖွဲ့သည် အမတ်ချုပ်ကြီးထံ ဝင်ရောက်ကာ မိမိတို့ ကိစ္စ ဘာမျှ အောင်မြင်မှု မရှိခဲ့ကြောင်း၊ ဤသို့ မိမိတို့ကို ပမာမခန့် လုပ်ခြင်းမှာ သခင်ဆပ်သည် သူတို့ဆိုင်ရာ အာဏာပိုင်များ၏ ထောက်ခံမှုကို ရထားသောကြောင့် ဤသို့ လုပ်ရဲခြင်း ဖြစ်သည်ဟု ထင်ကြောင်းဖြင့်လည်း ပြောကြသည်။

ဤယူဆချက်ကို ဘိသော စော်ဘွား ကိုယ်တိုင်ကလည်း လက်ခံသည်။ ဘိသော စော်ဘွားသည် အမတ်များနှင့် အလျင်အမြန် ဆွေးနွေးပြီးနောက် မိမိနှင့်တကွ ဘိသော မြို့သူမြို့သားများ၏ ချစ်ကြည်မှုကို ပြသောအားဖြင့် ကောက်နှံများ၊ သစ်သီးများ၊ ဟင်းသီးဟင်းရွက်များကို စခန်းသို့ လက်ဆောင် အဖြစ် ပို့လိုက်၏။

စခန်းတွင် အက်ရ် စုဆောင်းထားသည့် ရိက္ခာများမှာ တဖြည်းဖြည်း နည်းစ ပြုလာလေပြီ။ ထိုစဉ် ဘိသော စော်ဘွားထံမှ လက်ဆောင် ပဏ္ဏာများ ရောက်လာသည့် အတွက် ကံကောင်းသွားသည်။ အကယ်၍သာ ဘိသောမှ ရိက္ခာများ မရတော့လျှင် အက်ရ်တို့ အဖွဲ့သည် ကာရိကုတ်သို့ ပြန်ရတော့မည်။ သို့ရာတွင် မိမိတို့ စခန်းထဲသို့ ရှည်လျားလှသော ရိက္ခာလှည်းကြီးများ ဝင်ရောက်လာသည့် အခါတွင်မူ သူတို့ စိတ်အေးသွားရလေပြီ။ ဘိသော စော်ဘွားသည် လက်လျှော့သွားကာ အလံဖြူ ထိုး၍ ဝင်လာခဲ့လေပြီ။

ထိုနေ့က ဟော်နန်းမှ ကိုယ်စားလှယ် အဖွဲ့ရောက်လာခြင်း မရှိ။ သို့ရာတွင် နောက်တစ်နေ့ မနက်တွင်မူ အမတ်များ ခြံရံကာ အမတ်ချုပ်ကြီး ကိုယ်တိုင်ရောက်လာခဲ့သည်။ အက်ရ်တို့ကလည်း အခမ်းအနား၊ အဆောင်အယောင်ဖြင့် ကြိုဆိုခြင်း ပြု၏။

အမတ်ချုပ်ကြီးက ယခုကဲ့သို့ လက်ထပ်မင်္ဂလာ ကြန့်ကြာသွားရခြင်းမှာ စော်ဘွား၏ ပုဏ္ဏားဆရာက မင်္ဂလာရက်ရွေး စောင့်ဆိုင်းကာ သူကိုယ်တိုင် ရွေးပေးနေသည့် အတွက် ကြန့်ကြာသွားရခြင်း ဖြစ်ကြောင်း၊ သူ ကိုယ်တိုင် အကောင်းဆုံးရက်ကို ရွေးပေးလိုက်ပြီဖြစ်သည့် အတွက် ယခု ရွေးပေးလိုက်သည့် ရက်နှစ်ရက်အနက် (နှစ်ရက်စလုံးမှာ နေ့ကောင်းရက်သာများ ဖြစ်သည်။) သတို့သမီးများ ကြိုက်သည့် ရက်ကို ရွေးရန်သာ ရှိတော့ကြောင်း၊ သတို့သမီးများ ကြိုက်သည့် ရက်ကို ရွေးချယ်ပြီးသည်နှင့် မင်္ဂလာပွဲ အတွက် ပြင်ဆင်စရာရှိသည်တို့ကို ပြင်ဆင်မည် ဖြစ်ကြောင်းဖြင့် ပြောဆိုသည်။

မည်သည့်ဘက်ကမျှ ယခင်က အဖုအထစ် ဖြစ်ခဲ့သည့် ကိစ္စကို ပြန်၍ မပြောကြ။ ယခုမူ သူတို့ ပြောနေပုံက တကယ့် ငယ်ပေါင်းကြီးဖော်တွေ အချင်းချင်း ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပြောနေသည့်ပုံ။

ဧည့်သည်တော်များနှင့် သတို့သမီးများ အတွက် ဧည့်ဂေဟာများနှင့် မိုတီမဟားလ် ခေါ် ပုလဲ နန်းတော်ကို ကြိုက်သလို အသုံးပြုနိုင်ပါကြောင်း၊ ဧည့်သည်တော်များ အနေဖြင့် တတ်နိုင်သမျှ စောစော ကြွရောက် နားနေပါမည့် အကြောင်းဖြင့်လည်း ပြောဆိုခြင်းပြုသည်။

ယခုအချိန်၌ စခန်း တစ်ခုလုံးမှာ ဘိသော စော်ဘွားကို များစွာ အယုံအကြည် မရှိကြတော့။ မိမိတို့အားလုံးကို မြို့တွင်းသို့ သွင်းကာ သုံ့ပန်း အဖြစ် ဖမ်းထားလျှင် မည်သို့ လုပ်မည်နည်း။ သို့ရာတွင် ကာရိကုတ်ကိုယ်စားလှယ် အဖွဲ့သည် ဘိသော စော်ဘွား၏ ကမ်းလှမ်းချက်ကို လက်ခံလိုက်သည်။

အက်ရ် ကိုယ်တိုင်က အန္တရာယ် မရှိတော့ဟု ယူဆသည့် အတွက်ကြောင့် တစ်ကြောင်း၊ မိမိတို့အား ခြိမ်းခြောက် အကျပ်ကိုင်ခြင်းမျိုး မရှိတော့သည့် အတွက်ကြောင့် တစ်ကြောင်း၊ ပုလဲ နန်းတော်နှင့် တကွ ဧည့်ဂေဟာများမှာ မြို့အပြင်ဘက် ကန်ပေါင်ပေါ်တွင် ရှိသည့် အတွက်ကြောင့် တစ်ကြောင်း လက်ခံလိုက်ခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



‘ခု ကျွန်တော်တို့ကို ပေးမယ့် ဂေဟာတွေက ရမ်ဘက် ပန်းဥယျာဉ်တော်ထဲမှာ ရှိတယ်ဗျ၊ အဲဒီ ပန်းဥယျာဉ်ရဲ့ ပတ်ပတ်လည်မှာ တံတိုင်းကြီး ဆောက်ထားတယ်၊ အကယ်၍ ဘိသော စော်ဘွားက ကျွန်တော်တို့ကို အကောက်ကြံချင်တယ် ဆိုရင်လည်း ကျွန်တော်တို့ အဖို့ ဘာမှ စိုးရိမ်စရာ မလိုဘူး၊ ခံတပ်နှင့် ကျွန်တော်တို့ ကြားထဲမှာလည်း မြို့ကြီး ခံနေတဲ့ အတွက် ခံတပ်ထဲက နေပြီး အမြောက်နှင့် ထုမှာကိုလည်း စိုးရိမ်စရာ မလိုတော့ဘူး ခင်ဗျ၊ ခု ကျွန်တော်တို့ရဲ့ အင်အား သုံးပုံ တစ်ပုံဟာ မြို့ပြင်ဘက်မှာ ကျန်နေတယ်၊ တကယ်လို့ ကျွန်တော်တို့နှင့် ဘိသော စော်ဘွား ကြားမှာ မပြေလည်မှု ရှိလာခဲ့ရင် အဲဒီတပ်တွေဟာ သူတို့ကို ဖောက်ထွက်ပြီး နယ်စပ်ကို ကျော်ဖြတ်သွားမယ် ဆိုတာ သူတို့ သိတယ်၊ နယ်စပ်ကို ကျော်မိပြီ ဆိုတာနှင့် ကျွန်တော်တို့ ဒီလို အတိုက်ခံရတယ် ဆိုတဲ့ သတင်းကို ဗြိတိသျှ အစိုးရက သိတော့မှာပဲ၊ မစိုးရိမ်ပါနှင့်၊ သူ ပေးတဲ့ နေရာမှာ ကျွန်တော်တို့ မနေရဲစရာ မရှိပါဘူး’

ကာကာဂျီနှင့် ကျန်လူများ အားလုံးကလည်း သဘောတူသည်။ ကာကာဂျီသည် သူ၏ နတ်ဆရာနှင့် တိုင်ပင်ပြီးနောက် မင်္ဂလာရက် နှစ်မျိုး အနက် ဒုတိယ မင်္ဂလာရက်ကို ရွေးချယ်လိုက်သည်။

သို့ဖြင့် စခန်းတွင် ပါသည့် လူသုံးပုံ နှစ်ပုံတို့သည် ယမန်နေ့က စခန်းချခဲ့သည့် ခံတပ် နှစ်ခု ရှိသည့် တောင်ကမ်းပါး ကြားကို ဖြတ်ကာ လွင်ပြင်သို့ ပြန်၍ ဆင်းလာခဲ့ကြသည်။ အချို့က မြို့ကို ပတ်ကာ တစ်ဖက်ရှိ ဧည့်ဂေဟာများ၊ ဥယျာဉ်များထဲတွင် သွား၍ စခန်းချကြ၏။

သတို့သမီးများနှင့် မောင်တော်လေး ဂျိုတီတို့မှာ အခြွေအရံများနှင့် အတူ ကန်တစ်ဖက်ရှိ ကျောက်ဖြူ နန်းတော် တစ်ခုတည်းတွင် တည်းနေကြသည်။ အက်ရှ်နှင့် မူးလ်ရတ်တို့က ဧည့်ဂေဟာများတွင် တည်းကြ၏။ အခြားသူများကမူ သရက်ပင်၊ ညောင်ပင်၊ ပိန္နဲပင်ကြီးများ အောက်တွင် ရွက်ဖျင်ထိုး၍ နေကြသည်။

သူတို့အဖို့ အပြောင်းအလဲ ရလိုက်သဖြင့် ဟန်ကျသွား၏။ မနက်နှင့် ညနေ ဆိုလျှင် လေပြင်း မကျတော့။ ပန်းဥယျာဉ်ထဲတွင် ဖြစ်သည့် အတွက် အရိပ်အာဝါသ ကောင်းသည်။ အေးမြသည်။ တောင်ကမ်းပါး နှစ်ခုကြား လွင်ပြင်ကြီးထဲ နေရသလို ပူလောင် အိုက်စပ်ခြင်း မရှိ။ ကျောက်ဖြူ နန်းဆောင်နှင့် ဧည့်ဂေဟာများထဲတွင်လည်း ပန်ကာများ၊ မြက်ဖျာယပ်များ ရှိသည်။ ကန်ရေပြင်ကို ဖြတ်သန်း တိုက်ခတ်လာသည့် လေပြည်သည် အေးမြလျက်။

ရတ်တရက် ရက်ရော သဘောထား ကြီးသွားသည့် ဘိသော စော်ဘွားသည် ထိုဥယျာဉ်ကို ရက်သတ္တ ခြောက်ပတ်စလုံး ကာရိကုတ် ပြည်နယ်ပိုင် နယ်မြေ အဖြစ် ကြေညာပေးသည်။ သတို့သမီးများနှင့် တကွ သတို့သမီး၏ ဆွေမျိုးသားချင်းများ၊ အခြွေအရံများ စိတ်လက်ချမ်းသာ နေနိုင်ရန် ဖြစ်၏။ သတို့သမီးများသည် သတို့သားအား ထိုနေရာသို့ လာရောက်ရန် ဖိတ်ကြားရမည် ဖြစ်၏။

ကာကာဂျီမှာ အကြီးအကျယ် ကျေနပ်လျက် ရှိ၏။ ဘိသော စော်ဘွားသည် လူကောင်း တစ်ယောက် ဖြစ်လျက် မူးမတ်များ မကောင်း၍ ဤသို့ ဖြစ်နေရခြင်း ဖြစ်သည်ဟု ယူဆသွား၏။

‘အင်း မောင်မင်းကြီးသား တော်ရှာပါပေတယ် ဗျာ၊ နောင်မှာ ဆိုရင် မဟာရာဇာ စော်ဘွားကြီးဟာ ကျုပ်တို့အပေါ်မှာ မျှမျှတတ ဆက်ဆံမှာပါ၊ သေချာပါတယ်’

အက်ရှ်ကမူ ဘိသော စော်ဘွားကို နည်းနည်းမျှ မယုံ။ သို့ရာတွင် ပြောစရာ မရှိသည့် အတွက် မည်သို့မျှ မပြောတော့ဘဲ အသာနေလိုက်သည်။ ကာကာဂျီသည် အသက်လည်း ကြီးလှပြီ။ ပင်လည်း ပင်ပန်းလှပြီ။ သူ စိတ်ချမ်းသာသလို နေသည်ကို အဘယ်ကြောင့် လိုက်၍ ငြင်းခုံနေတော့မည်နည်း။

ယခု ဘိသော စော်ဘွား စိတ်ကောင်းဝင်နေသည် ဆိုခြင်းမှာ ဝင်ချင်၍ မဟုတ်။ အက်ရှ်၏ စကားကို အဟုတ်ထင်ကာ ကြောက်လန့်နေသောကြောင့် ဖြစ်သည်။ သို့ရာတွင် ကျားသစ် ဆိုသည်မှာ မည်သည့် အခါမျှ အပြောက်ကို ဖုံးမရ။ မင်္ဂလာ ဆောင်ပြီး၍ မိမိတို့ ထွက်ခွာသွားသည်နှင့် တစ်ပြိုင်နက် ဘိသော စော်ဘွားသည် ယခင်အတိုင်း ဖြစ်မည်မှာ မုချ။

အက်ရှ်သည် မည်သို့မျှ ပြောစရာ အကြောင်း မရှိသည့် အတွက် တိတ်တိတ် နေလိုက်သည်။ သို့ရာတွင် ပန်းဥယျာဉ်ကို ကာရိကုတ်ပိုင် ပြည်နယ် အဖြစ် လုပ်ခွင့် ပေးခြင်းမှာ အကောင်း မဟုတ်ကြောင်း၊ မင်္ဂလာပွဲ ကျင်းပသည့် သုံးရက် အတွင်းတွင် သတို့သမီးဘက်မှ သတို့သားဘက်သို့ ဧည့်ခံ ကျွေးမွေးရသည့်အလျောက် ကာရိကုတ် မဟာရာဇာ နန်းဒူးဘက်မှ များစွာ ငွေကြေး



www.burmeseclassic.com

www.burmeseclassic.com



ကုန်ကျစရာ အကြောင်း ရှိကြောင်း၊ ထို့ပြင် မင်္ဂလာပွဲသို့ လာရောက် တောင်းရမ်းရာတွင် လူနှစ်ရာထက် မပိုရဟု စည်းကမ်း သဘောတူထားသည့်တိုင် ယခု နယ်မြေမှာ သတို့သားနယ်မြေ ဖြစ်သည့် အတွက် လိုက်လာမည့် လူဦးရေမှာ ထို့ထက်မက များပြားနိုင်ကြောင်း၊ သို့ဆိုလျှင် မိမိတို့ဘက်တွင် အကုန်အကျတွေ ပိုများလာနိုင်ကြောင်းဖြင့် အက်ရှ်က ပြောပြသည်။

ကာကာဂျီသည် စောစောက ထိုအချက်ကို မမြင်ခဲ့။ ယခု အက်ရှ်က ထောက်ပြလိုက်သည့် အခါတွင် အလန့်တကြား ဖြစ်သွားသည်။

'ဟုတ်သားပဲ သခင်ဆပ်ရယ်၊ ဒါကို ကျုပ် မတွေးမိဘူး၊ ဟုတ်တယ်ဗျာ၊ ဘိသော မဟာရာဇာဟာ တော်တော် ကောက်ကျစ်တဲ့လူ၊ အေးလေ ဘာပဲဖြစ်ဖြစ် ကျုပ်တို့မှာလည်း သူက နေရာထိုင်ခင်း ပေးတာကို ငြင်းလို့ မကောင်းတော့ လက်ခံခဲ့ရတာပေါ့၊ ခုတော့ အကောင်းဆုံး အပြေပြစ်ဆုံး ဖြစ်အောင်ပဲ ကြိုးစားရပေတော့မှာပေါ့လေ၊ ဒီပြင် နေရာတွေမှာ ကျုပ်တို့က နိုင်ခဲ့ပြီပဲဗျာ၊ ဒီလောက်ကလေးကိုတော့ သူ အနိုင်ယူချင်ရင် ယူပါစေတော့၊ နောက်မှာတော့ ကျုပ်တို့အပေါ်မှာ ကောက်ကောက်ကျစ်ကျစ် လုပ်စရာ အကြောင်း မရှိတော့ဘူး ထင်ပါရဲ့'

အက်ရှ်က စိတ်မချရသေးကြောင်းဖြင့် ပြောပြသည်။ သို့ရာတွင် အက်ရှ်သည် ထိုအကြောင်းကို ကြာရှည်စွာ ပြောဆိုခြင်း မပြု။ သတို့သား၏ အဖွဲ့တွင် လူမည်မျှ ပါမည်နည်းဟု ကာကာဂျီကို လှမ်းမေးလိုက်သည်။ စင်စစ် လက်ထပ်မင်္ဂလာ အခမ်းအနား လုပ်မည့် ပုလဲ နန်းဆောင် ဒါဘာ ခန်းမမှာ သိပ် ကျယ်ဝန်းလှသည် မဟုတ်။

ဆွေမျိုးများနှင့် ရင်းနှီးသည့် မိတ်ဆွေများကိုသာ ဒါဘာ ခန်းမထဲသို့ ဖိတ်မည် ဖြစ်ကြောင်း၊ ကျန် ပရိသတ်များကိုမူ မိုတီမဟားလ် ခေါ် ပုလဲနက် နန်းဆောင် အနီးရှိ ဥယျာဉ်များ အတွင်းတွင် မဏ္ဍပ်များ ထိုးပြီး ဖြစ်ကြောင်းဖြင့် ပြောဆိုကာ အက်ရှ်အား ထိုမဏ္ဍပ်များကို စစ်ဆေးခိုင်းသည်။

သို့ဖြင့် လက်ထပ် မင်္ဂလာပွဲ အတွက် ပြင်ရဆင်ရသည်နှင့် သူတို့မှာ ဘိသော စော်ဘွား အနိုင်ယူသွားပုံကလေးကို မေ့ပျောက်သွားကြ၏။

ယခုအချိန်တွင် ဇူလီ အတွက် သတို့သမီးကြေးလည်း ပေးစရာ မလိုတော့။ ထို့ကြောင့် ဧည့်သည်များအဖို့ အစစ အရာရာ အဆင်ပြေနေသည်။ လက်ထပ်မင်္ဂလာ ပြီးလျှင် သတို့သမီး၏ ဘကြီးတော်နှင့် တကွ မောင်တော် ဂျိုတီတို့ အပြင် အခြား နေရစ်သူများ ရှိသည် ဆိုလျှင်လည်း ဘိသောတွင် ကြိုက်သလောက် နေနိုင်ကြောင်း၊ ဧည့်သည်များ အတွက် ပုလဲနန်းဆောင်ကို ပေးထားမည် ဖြစ်ကြောင်း၊ မိမိတို့၏ အခြွေအရံများကိုလည်း ကြိုက်သလောက် ခေါ်ထားနိုင်ကြောင်း၊ သူတို့အားလုံး အတွက် ဥယျာဉ်ထဲတွင် နေရာ ချထားပေးမည် ဖြစ်ကြောင်းဖြင့် ဘိသော စော်ဘွားက ပြော၏။

ဘိသော စော်ဘွား၏ ကမ်းလှမ်းချက်က မစားရဝခမန်း။ သူ့ကမ်းလှမ်းချက်ကို အားလုံးက ဝမ်းမြောက်ဝမ်းသာ လက်ခံခဲ့ကြမည် မလွဲ။ သို့ရာတွင် မိမိ အဖို့မှာမူ သည်နေရာ သည်ပြည်နယ်တွင် ကြာကြာ မနေချင်တော့ပြီ။

ဂျိုတီ အဖို့မူ နန်ဒူးနှင့် ဝေးရာတွင် တစ်ရက် ပိုနေရလျှင် တစ်ရက် ပိုကောင်းသည်သာ ဖြစ်၏။ ယခုအချိန်၌ ဘီဂျူးရန်း မရှိတော့။ သူ့နောက်လိုက် နောက်ပါများနှင့် ကြံရာပါများကိုလည်း စခန်းမှ အပြင်သို့ ရောက်အောင် ပို့ခဲ့ပြီးပြီ။ သို့ရာတွင် ကာရိကုတ်ပြည်တွင် သူတို့သခင် နန်ဒူးက ခေါင်းညိတ် ပြလိုက်သည်နှင့် ဂျိုတီကို သတ်မည့်သူတွေ ရှိနေဦးမည်။

ဘိသော မဟာရာဇာကို မတွေ့ခင် မမြင်ခင်တုန်းကမူ ဘိသော စော်ဘွားသည် သူ့ယောက်ဖတော်ကလေး ဂျိုတီကို သူ့ဆီတွင် ခေါ်ထားကောင်း ခေါ်ထားမည်။ သို့ဆိုလျှင် ဂျိုတီ၏ အသက် အန္တရာယ် အတွက် စိုးရိမ်စရာ မရှိတော့။ အရွယ်ရောက်လျှင်မူ သူ့ကိုယ်သူ ကာကွယ်နိုင်ပြီ။ ထို့ကြောင့် သူ့ယောက်ဖတော်ကလေးကို ခေါ်ထားလျှင် ကောင်းလေစွဟု အက်ရှ် တောင့်တခဲ့သည်။

ထို့ပြင် စခန်းကြီး တစ်ခုလုံးကိုလည်း ထည့်၍ စဉ်းစားရသေး၏။ မိမိတို့လူများ၊ ဆင်များ၊ မြင်းများ၊ ကျွဲနွား တိရစ္ဆာန်များမှာ ပင်ပန်းလှလေပြီ။ ဘိသောတွင် မုတ်သုံရာသီ ဝင်သည် အထိ စခန်းချမည် ဆိုလျှင် နားနေချိန် ရမည်။ အစာရေစာ ဝဝလင်လင် စားရမည်။

နဂိုက အတိုင်းသာ ဆိုလျှင် မိမိတို့ စခန်းသည် ယခုအချိန်တွင် အပြန်ခရီး တစ်ဝက်လောက်ပင် ရောက်နေတော့မည်။ သို့ရာတွင် စခန်းချရာတွင် ကြာမြင့်ခြင်း၊ ခရီးဖင့်ခြင်း၊ ဘိသော ရောက်သည့် အခါတွင်လည်း နှစ်ဖက် စေ့စပ် ဆွေးနွေးရသည့် အတွက် အချိန်ကုန်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



စသည့် အကြောင်းများကြောင့် ခန့်မှန်းသည်ထက် များစွာ နောက်ကျနေသည်။

ယခုဆိုလျှင် နွေခေါင်ခေါင်သို့ ရောက်နေလေပြီ။ သည်လောက် ပူပြင်းသည့် ရာသီတွင် ခရီးထွက်ရမည် ဆိုပါက တော်တော်တန်တန် လူပင်လျှင် ခံနိုင်ဖွယ် မရှိ။ ကျန်းမာရေး မကောင်းသည့် ကာကာဂျီလို လူကြီး များမှာမူ ဆိုဖွယ် မရှိတော့။

ဟုတ်သည်။ မိမိတို့ အားလုံး မုတ်သုံဝင်သည် အထိ ဘိသောတွင် နေကြရတော့မည် ထင်သည်။ မိမိ ၏ တာဝန်မှာ ထိုစခန်းကြီး တစ်ခုလုံးကို ဒီနာဂွန့်သို့ ရောက်အောင် ပြန်ရွှေ့လာရမည် ဖြစ်ရာ စခန်းကြီးကို ပစ်သွား၍လည်း မဖြစ်တော့။ ကာကာဂျီတို့က မိုးကျ သည် အထိ ဘိသောတွင် စခန်းချထားရန် လာရောက် ပြောဆိုသည့် အခါတွင် အက်ရှ် သဘောတူလိုက်ရသည်။

ခပ်လှမ်းလှမ်းတွင် ရွှတ်တွ ကောက်ကျစ် ဆိုး ယုတ်သည့် ဘိသော စော်ဘွား၏ ပုလဲ နန်းတော်။ သည်နန်းတော်ကြီးကို သူ မကြည့်ချင်။ သူ ချစ်ရပါသော ဇူလီသည် ရွှတ်တွ၍ ဟိရိ သြတ္တပ္ပကင်းသော ဘိသော စော်ဘွားကို လက်ထပ်ပြီး ဘိသော စော်ဘွားနှင့် နှံ့ပျော် ရာ ပုလဲ နန်းဆောင်ကို သူ မမြင်ချင်။ မကြည့်ချင်။

သည်ဟော်နန်းကြီးက ထွက်သွားရမည် ဆိုလျှင် နောက်ထပ် အသက် ဆယ်နှစ် ကြီးချင် ကြီးပေ့စေတော့ အသက် ကြီးပျော်ပြီ။ နောက်ထပ် သည်ဟော်နန်း အကြောင်းကို မတွေးမိလျှင် ဆယ်နှစ် အလျော်ပေး ဆိုလျှင်လည်း နောက်ထပ် အလျော် ပေးလိုက်ဦးမည်။

သို့ရာတွင် သူတို့တစ်တွေ ဘိသောတွင် နောက် ထပ် တစ်လ နေဦးမည် ဆိုသည့် သတင်းကို ကြားသည့် အခါတွင်မူ ဂျိုတီမှာ အကြီးအကျယ် ဝမ်းသာလျက် ရှိ၏။ ဂျိုတီမှာ လက်ထပ် မင်္ဂလာပွဲ မြန်မြန်ပြီး၍ ကာ ရီကုတ်သို့ ပြန်ရလျှင် သူ့နောင်တော် နန်ဒူးမှာ သူ့အား မည်သည့် ပြစ်ဒဏ်မျိုးကို ပေးမည်နည်းဟု တွေးကာ နီးလာသည်နှင့် အမျှ ရင်တထိတ်ထိတ် ဖြစ်နေသည်။ ထိုအကြောင်းကို တွေးလိုက်တိုင်း ဂျိုတီ ကျောချမ်းသည်။

ယခု ဘိသော မဟာရာဇာက မိမိတို့ကို နောက် ထပ် တစ်လနေရန် ဖိတ်ကြားလိုက်သည့် အခါတွင်မူကား ဘိသော စော်ဘွားကို ကျေးဇူးတင်၍ မဆုံး ဖြစ်နေသည်။

ကာကာဂျီမှာလည်း ဘိသော စော်ဘွားကို ကျေး ဇူးတင်လျက် ရှိ၏။ သည်မျှ ပူပြင်းသော ရာသီတွင် ကာရီကုတ်သို့ ပြန်ရမည့် ခရီးကြမ်းကြီးကို တွေးမိတိုင်း ကာကာဂျီ စိတ်မောသည်။ ပုလဲ နန်းတော်ရှိ အေးမြသော ကျောက်ဖြူ နန်းဆောင်ထဲမှ လွင်တီးခေါင်တွင် ဖုန် တသောသော၊ နေပူရှိန် ကျဲကျဲကြီးထဲတွင် ရွက်ဖျင်တဲ ထိုးနေရမည်ကို တွေးလိုက်တိုင်း ကာကာဂျီ စိတ်ညစ် သည်။

ယခုကဲ့သို့ ဘိသောတွင် တစ်လ နေခြင်းသည် ဂျိုတီနှင့် ကာကာဂျီတို့ အတွက် သင့်လျော်ကောင်း သင့် လျော်မည်။ မူးလ်ရတ်ကမူ ထိုသို့နေခြင်းကို များစွာ သဘောမကျလှ။

'သူတို့အတွက်တော့ ကောင်းချင် ကောင်းမှာပေါ့၊ ဒါပေမဲ့ ကျွန်တော်တို့ အားလုံး နေဖို့တော့ မလိုဘူး ထင်တယ်၊ ကျွန်တော်တို့မှာ လူတွေ၊ တိရစ္ဆာန်တွေ နည်းတာ မဟုတ်ဘူး၊ ဘိသော မဟာရာဇာရဲ့ ဧည့်ဝတ် ကျေပွန်မှုကို အခွင့်ကောင်း ယူသလို ဖြစ်မနေဘူးလား၊ ပြီးတော့ ဒီလောက်ကြာကြာ နေဖို့လည်း လိုမယ် မထင် ပါဘူး၊ ကျွန်တော် အကြံပေးချင်တာကတော့ လက်ထပ် ပွဲ ပြီးတာနှင့် ကျွန်တော်တို့ စခန်းကို နှစ်ခု ခွဲလိုက်ရင် ကောင်းမယ် ထင်တယ်၊ တစ်စုကို ဟီရာဆင်း ကွပ်ကဲ ပြီး အရင် လွှတ်လိုက်၊ အများအားဖြင့် ဝန်တင်လှည်း တွေ ဆိုပါတော့လေ၊ ဟိုမှာ အရေးတကြီး ကိစ္စ ဘာမှ ရှိတာ မဟုတ်တော့ နေ့ကို ခရီးမသွားဘဲ နားပြီး ညကျမှ ခရီးသွားခိုင်း၊ ကျွန်တော်တို့က နောက်က လိုက်သွားရင် ကာရီကုတ် နယ်ထဲ မရောက်ခင် မီမှာပါ'

အက်ရှ်က ထိုအစီအစဉ်ကို သဘောတူလိုက် သည်။ သို့ရာတွင် အကောင်အထည် ဖော်ခြင်း မပြု။ စခန်းကြီး တစ်ခုလုံး၏ ကိစ္စသည် အဓိပ္ပာယ် မရှိဟု သူ ထင်လာသည်။

အက်ရှ်သည် ဘာကိုမျှလည်း စိတ်ပါဝင်စားခြင်း မရှိတော့ဘဲ စခန်း ကိစ္စကို မူးလ်ရတ်နှင့် သူ့ အရာရှိ များကိုသာ လွှဲထားလိုက်ပြီး သူကိုယ်တိုင်မှာမူ ငှက်ပစ် ထွက်ခြင်း၊ တောင်ကြားထဲတွင် မြင်းစီးထွက်ခြင်း စသည် ဖြင့် အချိန်ကုန်လျက် ရှိသည်။

သို့ဖြင့် အက်ရှ်သည် ပုလဲ နန်းတော်မှ လည်း ကောင်း၊ အတိတ်မှ လည်းကောင်း၊ လက်ထပ် မင်္ဂလာပွဲ အတွက် ပြင်ဆင်လျက် ရှိသော ပတ်ဝန်းကျင်မှ လည်း ကောင်း ရှောင်ထွက်လျက် ရှိ၏။

ဘိသော ပြည်နယ် မြို့တော်တွင်သာမက ရွာသိမ် ရွာငယ်ကလေးများတွင်လည်း အလံများ၊ တံခွန်များ၊ ပန်းကုံးများ ဝေလျက် ရှိသည့်ပြင် ပန်းဥယျာဉ် အဝင်



www.burmeseclassic.com

www.burmeseclassic.com



လမ်းမတွင်လည်း ရောင်စုံစက္ကူများ၊ ပန်းများ ခြယ်လှယ်ထားသည့် မုခ်ဦးကြီးများကို ဆင်ထားသည်။

ထို့ကြောင့် အက်ရှ်အဖို့ ထိုပတ်ဝန်းကျင်မှ ထွက်ပြေးရန်မှာ တောင်ကုန်းများ၊ တောတောင် လွင်ပြင်များ၊ တောင်ကြားများသာ ရှိတော့သည်။

လက်ထပ်မင်္ဂလာပွဲ ကျင်းပသည့် နေ့တွင်မူကား 'ဘီသော တစ်မြို့လုံးတွင် ခါတိုင်းလို ဖုန်နံ့၊ အမှိုက်နံ့၊ ထောပတ်နံ့တို့ မရှိတော့။ တစ်မြို့လုံး စံပယ်နံ့၊ မြတ်လေးနံ့တို့ဖြင့် မွှေးထုံနေတော့သည်။ တစ်မြို့လုံး ဗုံသံ၊ ဗျောက်အိုးသံတို့ ဆူညံလျက်။

ပုလဲ နန်းတော် ညီလာခံ ခန်းမ အလယ်ရှိ လသာဆောင်တွင် မင်္ဂလာပွဲ အတွက် အမိုး ကာထားသည်။ အမိုးအောက်တွင် မြတ်လေးပန်းတို့ သီထားသည့် ဗိတာန်ကြီး။ ထိုဗိတာန်ကြီးကို ငွေသားတိုင်ကြီး လေးတိုင်ဖြင့် ထောက်ထား၏။ ထိုဗိတာန်အောက် ကွက်လပ်ထဲတွင် ပူဇော်မီးကို ထွန်းညှိထားမည် ဖြစ်ပြီး နတ်ဆရာတို့က ရာဒီ ခေါ် မင်္ဂလာ လက်ထပ်ပွဲကို ကျင်းပပေးမည် ဖြစ်သည်။

ငွေသားတိုင်ကြီး လေးတိုင်ကြားတွင်မူ နွားချေးမံ၍ ကြမ်းပြင်ကို ချောအောင် လုပ်ထားသည်။ ထိုနွားချေး မံထားသည့် ကြမ်းပြင်တွင် ဂျုံမှုန့်ကို ဖျော်ကာ အဖြူရောင် စက်ဝိုင်း တစ်ခု ဝိုင်းထားပြီး ကံကောင်းသည့် အမှတ်အသားများကို ရေးထားသည်။

ပြည်နယ် တစ်ခုလုံးက စောင့်မျှော်နေသည့် မင်္ဂလာ နေ့ကြီးသည် မကြာမီ ဆိုက်ရောက် လာတော့မည်။

ပုလဲနန်းတော် အတွင်းဆောင်များထဲတွင် မင်္ဂလာ သတို့သမီးများသည် ရေမိုးချိုး ကိုယ်လက် သန့်စင်ကာ ကိုယ်ကို အမွှေးနံ့သာဆီတို့ဖြင့် လိမ်းကျံလျက် ရှိကြ၏။ ခြေဖနောင့်များနှင့် သေးသွယ်သည့် လက်ဖဝါးများကို ဒန်းနီ ဆိုးကြသည်။ ဆံပင်ကို သေချာစွာ ဖြီးကာ အန်ပိုရာဘိုင်လို ထုံးဖွဲ့ထားသည်။

သတို့သမီးများသည် မနက် လင်းသည်နှင့် ပူဇော်ပွဲ ကျင်းပကြရ၏။ ပူဇော်ပွဲတွင် သားတစ်ရာ သမီးတစ်ရာ ရပါစေကြောင်း ဆုတောင်းကာ မင်္ဂလာရက် ကုန်လွန်သည် အထိ သီတင်း သီလ ဆောက်တည်ရသည်။

သတို့သမီးများ၏ အခြွေအရံများသည် သတို့သမီးများအား ပိုး၊ ဖဲ၊ ဇာ စသည့် မင်္ဂလာ ဝတ်စုံများကို ဆင်ယင်ပေးခြင်း၊ သတို့သမီးများ၏ မျက်တောင်များနှင့် မျက်ခုံးများကို ဆေးခြယ်ပေးခြင်း၊ စိန်၊ မြ၊ နီသွေးရောင် ပတ္တမြား၊ ပုလဲ စသည် ကာရီကုတ် ပြည်နယ် လေညင်းသာ ဟော်နန်း ဘဏ္ဍာတိုက်ရှိ လက်ဝတ်ရတနာများကို ဆင်မြန်းပေးခြင်းဖြင့် အလုပ်များကာ ကြက်တူရွေးအုပ် ကျသည့်နှယ် ဆူညံစွာ စကားပြောလျက် ရှိကြ၏။

သတို့သမီးများ အလှပြင်သည့် အခန်းက ခပ်မှောင်မှောင်။ ခပ်ကျဉ်းကျဉ်း။ လေတိတ်သဖြင့် စန္ဒကူးနံ့၊ စံပယ်နံ့၊ နှင်းဆီနံ့တို့ လှောင်လျက်။

ရှရီလာ၏ ငိုရှိုက်သံသည် မိန်းမတွေ၏ စကားပြောသံကြားမှ ပေါ်လာ၏။

ဂျိုတီသည် အစ်မတော်များထံသို့ ဝင်ရောက်တွေ့ဆုံကာ မည်သည့် လက်ဝတ်လက်စားကို ဝတ်လျှင်ကောင်းမည်၊ မည်သည့် အဝတ်အစားကို ဝတ်လျှင်ကောင်းမည် စသည်တို့ကို အကြံပေးလျက် ရှိသည်။ သို့ရာတွင် တစ်ယောက် တစ်ပေါက် ပြောဆိုလျက် ရှိသော အမျိုးသမီးများသည် ကိုယ်တော်လေး ဂျိုတီ၏ စကားကို သတိမပြုကြ။

ဤတွင် ဂျိုတီသည် စိတ်ပျက် လက်ပျက်ဖြင့် သူ့အစ်မ ရှရီလာ အနီးသို့ ကပ်လာကာ ဤအတိုင်းသာ ဆက်ငိုနေလျှင် ရှရီလာသည် အိန္ဒိယပြည်တွင် အရုပ်ဆိုးဆုံးသော သတို့သမီးသာ ဖြစ်နေတော့မည် ဖြစ်ကြောင်းဖြင့် ပြောဆိုလျက် ရှိသည်။ ဤတွင် ရှရီလာမှာ သူ ပြောလိုက်သည့် အတွက် ပို၍ ဆိုးလာကာ ပို၍ ကျယ်လောင်စွာ ငိုကြွေးခြင်းပြုသဖြင့် အန်ပိုရာဘိုင်က ဂျိုတီကို လှမ်းရိုက်လိုက်သည်။

ဂျိုတီသည် စိတ်ကောက်ကာ မိမိ၏ လက်ထပ်ပွဲတက် အဝတ်အစားကို ပြသရန်နှင့် မိန်းမများ ညံ့ဖျင်းပုံကို ပြောရန် အက်ရှ်ဆီသို့ ထွက်လာခဲ့သည်။

'ကျွန်တော် ပြောတာ မဟုတ်ဘူးလား သခင်လေး ရှရီလာဟာ ရောက်ကတည်းက တရှုံ့ရှုံ့ ငိုနေတာ ဘယ်ကောင်းပါတော့မလဲ၊ မျက်ခွံကြီးတွေ ဆိုရင်လည်း မို့ပြီး ရောင်လို့၊ မျက်နှာကြီးကလည်း အစ်လို့၊ နှာခေါင်း ဆိုတာလည်း ငိုထားလိုက်တာ နီရဲနေတာပဲ၊ ဒီအတိုင်း မင်္ဂလာဆောင်ကို သွားရင်တော့ ရုပ်ပျက် ဆင်းပျက် ဖြစ်မှာပဲ၊ ဘီသော စော်ဘွားက လိမ်ပြီး လက်ထပ်ပေးတယ် ဆိုပြီး ကျွန်တော်တို့ အားလုံးကို စိတ်ဆိုးမှာ၊ သူ့ကိုတော့ ရိုက်ချင် ရိုက်မှာပေါ့ သခင်လေးရ၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



သာ စော်ဘွား ဖြစ်ရင်တော့ ရိုက်ကို ရိုက်မှာ၊ ဘယ့်နှယ် ဗျာ မင်္ဂလာဆောင်မှာ ဒီလို ငိုနေရင် ဘယ်သူ ကျေနပ် နိုင်ပါ့မလဲ၊ အစ်မတော် ဇူလီကသာ...'

သို့ရာတွင် အက်ရှ်သည် နားထောင်ခြင်း မပြု တော့။

ယခုတလောတွင် အက်ရှ်ကို ကြည့်ရသည်မှာ တစ်မျိုး။ ဘာကိုမျှ စိတ်ဝင်စားခြင်း မရှိသည့်နှယ်။ မြင်းစီးခြင်း၊ တောလိုက်ခြင်းဖြင့် သူ့ကိုယ်သူ ပင်ပန်း အောင် လုပ်နေသကဲ့သို့ ရှိ၏။ သို့မဟုတ်လျှင်လည်း အထက် အာဏာပိုင်များထံ ရေးရန် ရှိသည့် အစီရင်ခံစာ များကို ရေးခြင်း၊ ကာကာဂျီ၊ မူးလ်ရတ် စသူတို့နှင့် စစ်တုရင် ဆက်တိုက်ထိုးခြင်း၊ ဖဲကစားခြင်းဖြင့် အချိန် ဖြုန်းလျက် ရှိသည်။

မိမိအဖို့ အဆိုးဆုံးနေ့သည် လွန်မြောက်ခဲ့လေ ပြီ။ ရှေ့တွင် တွေ့ရမည့် မင်္ဂလာ လက်ထပ်ပွဲကို တည် ငြိမ်စွာဖြင့် ရင်ဆိုင်နိုင်အောင် လုပ်မည် ဟူသော အသိ ဖြင့် အက်ရှ်သည် သူ့ကိုယ်သူ ပြင်ဆင်ထားခဲ့သည်။

ယခု ဂျိုတီက ဇူလီ၏ အကြောင်းကို လာပြော နေသည့် အခါတွင် အက်ရှ် တင်းခံထားသမျှသည် ကျိုး ပေါက်သွားကြပြန်ကာ ရင်ထဲတွင် နာကျင်ခြင်း ဖြစ်ရ ပြန်သည်။ တစ်မှုတ်ချင်း အတွင်း၌ သူ့အခန်းသည် မှောင်ကြီးအတိ ကျသွားကာ နံရံနှင့် ကြမ်းပြင်များသည် ယိမ်းယိုင် ပြိုလဲကျသွားသည်ဟု ထင်လိုက်မိသည်။ သတိ ထား၍ ကြည့်လိုက်သည့် အခါတွင်မှ ဂျိုတီသည် သူ့အနီး တွင် စကားတွေ တသွင်သွင် ပြောနေသည်ကို တွေ့ရ သည်။ သို့ရာတွင် ထိုစကားများသည် သူ့အဖို့ ဘာမျှ အဓိပ္ပာယ် ရှိမည် မထင်။

ဂျိုတီက သူ့ ရှေ့တွင် ရပ်ကာ ပတ်ချာလှည့် လိုက်ရင်း

'သခင်လေး၊ ကျွန်တော့် ကိုယ်ကျပ်အင်္ကျီ ကောင်း ရဲ့လားဗျ၊ ကျွန်တော်က ငွေရောင် ဖဲ ကိုယ်ကျပ်အင်္ကျီကို ဝတ်ချင်တာဗျ၊ ဒါပေမဲ့ ဘကြီးတော်က ရွှေရောင်က ကောင်းတယ်တဲ့၊ ဟုတ်လား ဟင် သခင်လေး'

အက်ရှ်သည် သူပြောသည့် စကားများကို တစ် လုံးမျှ မကြား။ ဂျိုတီက ထပ်မေးသည့် အခါတွင် အက်ရှ်သည် ဘာဖြေရမည် မသိဘဲ ယောင်တီးယောင်န ဖြစ်နေသည်။

'သခင်လေး ဘာဖြစ်လို့လဲ ဟင်၊ နေမကောင်း ဘူးလား၊ ရာသီဥတု ပြင်းလို့လား'

ထိုအခါတွင်မှ အက်ရှ်သည် သူ့အနီးတွင် ကိုယ် တော်လေး ဂျိုတီ ရောက်နေသည်ကို သတိပြုမိကာ

'ဟင်၊ ဟင့်အင်း၊ ဘာမှ မဖြစ်ပါဘူး ကိုယ်တော် လေး၊ တခြား ကိစ္စကို စဉ်းစားနေလို့ပါ၊ ကိုယ်တော်လေး ဘာပြောလိုက်တာလဲ'

'အလကားပါဗျာ၊ ဘာမှ မဟုတ်ပါဘူး'

ကိုယ်တော်လေး ဂျိုတီက ပြောလိုက်သည်။ ဘိန်းစားထားသည့် လူများသည် သူ့လို ငေးငေးငိုင်ငိုင် ဖြစ်နေသည်ကို ကိုယ်တော်လေး ဂျိုတီ တွေ့ခဲ့ဖူးပြီ။ သခင်ဆပ်သည် ဝမ်းကိုက် ဝမ်းနာ ဖြစ်သဖြင့် ဘိန်းကင်း စသည့် မူးယစ်ဆေး တစ်မျိုးမျိုးကို မှီဝဲထားသောကြောင့် ယခုလို ငူတူတူ ဖြစ်နေသည်ဟု ထင်လိုက်မိသည်။ ကိုယ်တော်လေး ဂျိုတီသည် အက်ရှ်ကို ခင်မင်ရင်းစွဲ ရှိသည်။ ထို့ကြောင့် နေထိုင်မကောင်း ဆိုသည့် အခါတွင် သူ စိတ်မကောင်း။

သို့ရာတွင် ထိုနေ့မှာ စိတ်ဝင်စားစရာတွေ စိတ် လှုပ်ရှားစရာတွေ များလှသဖြင့် ကိုယ်တော်လေး ဂျိုတီ သည် ထိုအကြောင်းကို ကြာကြာ မတွေးနိုင်။ မူးလ်ရတ် ထံသို့ ပြေးလာပြန်ကာ သူ့ ရွှေရောင် ဖဲ ကိုယ်ကျပ်အင်္ကျီ အကြောင်းကို မေးမြန်းခြင်း ပြုပြန်သည်။

အက်ရှ်မှာမူ သူ့အနီးမှ ကိုယ်တော်လေး ဂျိုတီ ထွက်သွားသည်ကိုလည်း သတိမပြုမိ။ ဂူးလ်ဘတ် ဝင် ရောက်လာကာ သူတို့ သွားဖို့ ပြောနေသည်ကိုလည်း ဂရုမမူမိ။ ဘယ်ကို သွားရမည်နည်း။ ဂူးလ်ဘတ်သည် ဘယ်သွားဖို့ လာပြောနေသနည်း။

'သတို့သားနှင့် အဖွဲ့ ဟော်နန်းက ထွက်လာပြီ လို့ သတင်း ပို့လိုက်တယ် သခင်ဆပ်'

ဂူးလ်ဘတ်က ပြောသည်။

အက်ရှ်သည် သက်ပြင်းကြီး တစ်ချက် ချလိုက်၏။ ခေါင်းတစ်ချက် ညိတ်လိုက်ကာ နဖူးတွင် သီးနေသည့် ချွေးသီး ချွေးပေါက်များကို တုန်ယင်သော လက်ဖြင့် သုတ်သည်။ သူ့လက်ချောင်းများသည် ထိန်း၍ မရတော့ အောင် တုန်နေကြပုံကို သူ သတိပြုမိသည်။

အက်ရှ်သည် လက်ချောင်းများကို ပြန်ရှုပ်လိုက် ကာ တည်ငြိမ်အောင် ကြိုးစားကြည့်၏။ တည်ငြိမ်သွား သည့် အခါတွင် ရွှေကြိုးတွေ ခတ်ကာ အလှအပတွေ ဆင်ယင်ထားသည့် အင်္ကျီကို လှမ်းကြည့်လိုက်၏။ ရွှေ ခြည် ငွေခြည်များနှင့် သက်တန့် ရောင်စုံတို့ အကြားတွင် သူ့အင်္ကျီမှ အရောင်သည် ခပ်မှိန်မှိန်သာ ဖြစ်နေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဂူးလ်ဘတ်က ဖိနပ်ရှည် ဝတ်ရာ၊ ဘောင်းဘီဝတ်ရာ၊ ငွေမားလွယ်ကြိုး ချိတ်သည့် ခါးပတ် ပတ်ရာတွင် ကူညီလုပ်ပေး၏။ အက်ရှ်သည် စိတ်ပျက်လက်ပျက်ဖြင့် ကုတ်အင်္ကျီကြီးကို ကောက်စွပ်လိုက်ပြီးနောက် ရင်သိုင်းကြိုး နှစ်ချောင်းကို တပ်လိုက်သည်။

သူ့စိတ်ထဲတွင် မင်္ဂလာဆောင် တစ်ခုသို့ သွားရမည့်ဟု စိတ်တွင် မထင်။ မြင်းဒုန်းစီး ကျင့်ပြီး ပြန်လာသလို မောပန်း နွမ်းနယ်နေသည်။ စစ်ယူနီဖောင်းတွင် တပ်ထားသည့် လည်ထောင်မြင့်မြင့်ကြီးက သူ့လည်ကို ညှစ်နေသည့်နှယ်။ ခပ်အစ်အစ်။

ထိုနေ့သည် သူ့ဘဝတွင် အရှည်လျားဆုံး နေ့။ အဆိုးရွားဆုံး နေ့။ ယခုပင် ပူလောင် အိုက်စပ်စ ပြုနေပြီ။ အက်ရှ်သည် သခင်ဆပ် တစ်ယောက် အနေဖြင့် မင်္ဂလာပွဲ ပြီးသည်အထိ တစ်လျှောက်လုံး ထိုင်နေရဦးမည်။ ယူနီဖောင်း အပြည့် ဝတ်လျက်။ လက်အိတ်၊ ဖိနပ်ရှည်၊ ဖနောင့်သံဆူး အပြည့် တပ်လျက်။ ခါးတွင် ပွဲတက်ဓားရှည်ကြီးကို ချပ်လျက်။ သည်တစ်လျှောက်လုံးတွင် ထိုအကြိမ်သည် နောက်ဆုံး သူ ပါဝင် ကပြရမည့် အခန်း ဖြစ်သည်။

အက်ရှ်၏ လက်များသည် တည်ငြိမ်သွားကြ၏။ ထိုအခါကျမှ အက်ရှ်သည် ဓားလွယ် လွယ်သည့် ခါးပတ်ကို ပတ်နိုင်တော့သည်။ ဂူးလ်ဘတ်က ယူနီဖောင်းဝတ်လျှင် ဝတ်ရမြဲ ဖြစ်သည့် သံခမောက်ကြီးကို လှမ်းပေးလိုက်ပြန်သည်။ အက်ရှ်သည် မားမားကြီး ရပ်ကာ ထိုသံခမောက်ကြီးကို ငုံ့ကြည့်နေသည်။ သို့ရာတွင် သံခမောက်ကို မမြင်။

သံခမောက် ထိပ်တွင် ရေးထားသည့် အပြာရောင်နှင့် ရွှေရောင် အစင်းကလေးများက အရစ် အရစ်ထလျက်။ အလင်းရောင်သည် မေးသိုင်း ကြိုးကွင်းကလေးများပေါ်သို့ ထိုးရိုက်နေသဖြင့် တလက်လက်တောက်နေသည်။

ဂူးလ်ဘတ်က ချောင်းတစ်ချက် ဟန့်ကာ ရှင်းလိုက်ပြီးနောက် အချိန် ရောက်လုနီးပြီ ဖြစ်ကြောင်းဖြင့် သတိပေး၏။ သို့ရာတွင် အက်ရှ်က တုတ်တုတ်မျှ မလှုပ်။

'သခင်ဆပ်၊ ဝတ်တော့လေ၊ ဥတုက တော်တော်ပြင်းနေပြီ'

အက်ရှ်သည် စက်ရုပ်ကြီး တစ်ရုပ်နှယ် သူ ခိုင်းသည့်အတိုင်း လုပ်သည်။ မေးသိုင်းကြိုးကို ပြင်တပ်သည်။ လက်အိတ်များကို ဆွဲဆန့်လိုက်ပြီးနောက် ဓားနောင့်ကို လက်ဖြင့် ဆုပ်ကိုင်လိုက်၏။ ထို့နောက် မိမိအား ပစ်သတ်မည့် လူသတ် တပ်စု ရှေ့တွင် ရပ်လိုက်သကဲ့သို့ ပခုံးကို မတ်၍ ရင်ကော့ လိုက်ပြီးနောက် သတို့သားနှင့် အဖွဲ့ကို ကြိုဆိုရန် ရင်ပြင်တွင် အသင့်စောင့်နေကြသော ကာကာဂျီတို့ တစ်သိုက် ရှိရာသို့ ထွက်လာခဲ့သည်။

ဟော်နန်း ရင်ပြင်ကြီးမှာ အတော်အတန် ကြီးသည့် ရင်ပြင်ကြီး ဖြစ်၏။ သို့ရာတွင် နေက ကျဲကျဲတောက် ပူလောင်ကာ မွန်းကျပ်လျက်။ လူသံ သူသံကလည်း ဆူညံနေသည်။ လူသံ သူသံများကြောင့် ဆူညံနေရသည့် အထဲတွင် လသာဆောင်တွင် ဗုံအဖွဲ့ကလည်း မရပ်မနား တီးနေလိုက်သေးသည်။

လသာဆောင် အစွန်တွင် နှင်းဆီပန်းကုံးများ၊ စံပယ်ကုံးများကို ချိတ်ထားပြီး ကျောက်ဖြူသား လိုက်ကာများတွင်လည်း ပန်းကုံးများကို ဆွဲထားပြန်ရာ တစ်ခန်းလုံးမှာ အမွှေးတိုင်နံ့၊ ပန်းခြောက်နံ့၊ ကွမ်းယာနံ့၊ ဖာလာစေ့နံ့ စသည့် အနံ့ပေါင်းစုံတို့ဖြင့် ချိုအီကြီး ဖြစ်လျက် ရှိရသည့် အပြင် ချွေးနံ့တွေကလည်း ထွက်နေပြန်သေးသည်။

အက်ရှ်သည် လက်ကတီး ကြားထဲတွင် ချွေးတွေစီးကျလာသည်ကို သတိ ပြုလိုက်မိသဖြင့် ကုတ်အင်္ကျီလည်ထောင်မှ ကြယ်သီးကို လူမမြင်အောင် အသာဖြုတ်လိုက်၏။

အိန္ဒိယ မိတ်ဆွေများ ထိုင်သလို ဖျာပေါ်တွင် တင်ပျဉ်ခွေ မထိုင်ရဘဲ ဥရောပတိုက်သား ဖြစ်သည်ဟုဆိုကာ ကုလားထိုင် ပေးလျှင် ဒုက္ခဟု တွေးမိသဖြင့် စိတ်ပျက်နေသည်။ ကျောက်ဖြူသား ကြမ်းပြင်ပေါ်တွင် ထိုင်ရလျှင် အနည်းဆုံး ကျောက်ဖြူသားက အေးနေမည်။ ကူရှင်တွေ တပ်ထားသည့် ကုလားထိုင်နှင့် စာလျှင် အများကြီး နေသာသည်။ ကုလားထိုင်ကြီးပေါ်တွင်သာ ထိုင်ရမည် ဆိုလျှင် ပေါင်းဖိုကြီးထဲသို့ ဝင်ရသည့်နှယ် ရှိလိမ့်မည်။

အက်ရှ်သည် ဂနာမငြိမ် ဖြစ်ရင်းက မည်မျှ ကြာအောင် ဝင့်ခံ နေရဦးမည်နည်းဟု တွေးနေမိသည်။ အပူရှိန်၊ မွန်းကျပ်ခြင်း၊ အဆက်မပြတ် ဆူညံစွာ မြည်နေသော အသံတို့ကြောင့် သူ့ခေါင်းသည် အက်ကွဲတော့မည် ထင်ရလောက်အောင် တစစ်စစ် ကိုက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သတို့သားနှင့် အဖွဲ့ကို စောင့်ရသည်မှာ သူတို့ ထင်သည်ထက် ကြာသည်ကို တွေ့ရ၏။ အမှန်အားဖြင့် သူတို့ဆီသို့ ထွက်လာပြီဟု သတင်းပို့သည့် အချိန် အထိ ဟော်နန်းမှ မထွက်သေး။ မည်သည့် အချိန်ကျမှ ထွက်လာမည် မသိ။

သတို့သားနှင့် အဖွဲ့ ဥယျာဉ်သို့ ရောက်ကြသည့် အခါတွင် နေလုံးသည် အနောက်ဘက် ကောင်းကင်တွင် တော်တော် စောင်းသွားခဲ့လေပြီ။ အပူရှိန်မှာလည်း အတော် ချိုသွားခဲ့လေပြီ။

သတို့သားနှင့် အဖွဲ့ လာနေသည်ကို သူတို့ အဝေးကြီးမှ သိနေရသည်။ ပထမတွင် တထုံထုံ မြည်သော ဗုံသံ၊ ထို့နောက် တတွဲတွဲ မြည်သော ခြေသံများ၊ တဘော်ဘော် မြည်သော ခရုသင်းသံများနှင့် လမ်းဘေး တွင် ရပ်၍ ကြည့်နေသော လူအုပ်ကြီး အော်သံများကို အဝေးကြီး ကတည်းက ကြားနေရ၏။ သို့ရာတွင် လူ အုပ်၏ အော်သံမှာ ထိုမျှလောက် ကျယ်လောင် ဆူညံ ခြင်း မရှိ။ အဝေးမှ ကျီးအော်သံ၊ ခိုညည်းသံ၊ ချိုးကူသံ သာသာလောက်သာ ကြားနေရသည်။ အသံများသည် တဖြည်းဖြည်း နီးလာခဲ့ကြလေပြီ။

ခဏကြာလျှင် လသာဆောင် အစွန် သစ်ပင် များကြားမှ လှမ်းကြည့်နေသည့် ဂျိုတီသည် သူ့ထံသို့ မောကြီးပန်းကြီးဖြင့် ရောက်လာကာ သတို့သားနှင့် အဖွဲ့သည် ပန်းဥယျာဉ်ဝသို့ ရောက်လာပြီ ဖြစ်ကြောင်း၊ ထို့ကြောင့် ပန်းကုံးများကို အသင့်ပြင်ထားရန် လိုကြောင်း ဖြင့် လာရောက် ပြောသည်။

ဤတွင် သူတို့ တစ်သိုက်သည်လည်း မိမိတို့ ၏ ကိုယ်ကျပ် အင်္ကျီရှည်များကို ဆွဲဆန့်သူဆန့်၊ ဦး ဖောင်းထုပ်ကို ပြင်သူပြင်ဖြင့် အလုပ် များလျက် ရှိကြ သည်။

အက်ရှ်သည် ဖြတ်ထားသော လည်ထောင်ကို ပြန်၍ ကြယ်စေ့ တပ်လိုက်ပြီးနောက် သက်ပြင်းကြီး တစ်ချက်ကို ရှိုက်လိုက်သည်။ တခြား ဘာကိုမျှ မတွေး။ သူ့ခေါင်းထဲတွင် ဝေါလီ၊ ဇာရင်နှင့် ဒူးရ်ခိုင်မာ တောင် တန်းကြီးကိုသာ မြင်ယောင်နေ၏။

သတို့သားသည် မြို့တွင်းမှ ဥယျာဉ်သို့ လာခဲ့ ရာတွင် မြင်းစီးခြင်း မရှိ။ ကော်ဇောခင်း၊ ရွှေခြည်ထိုး၊ ပုလဲမြိတ်စီ ဇီတာန်တပ် သန်လျင်းကို စီးလာသည်။ သန်လျင်းကို ကိုယ်ကျပ် အင်္ကျီရှည်ဝတ် ဟော်နန်း လူပျိုတော်သားများက ထမ်းလာခဲ့ကြ၏။

လွန်ခဲ့သည့် သီတင်းပတ်များက ညီလာခံ ခန်း မတွင် မြင်ခဲ့ရသည့်အတိုင်း ဇော်ဘွားမှာလည်း ရွှေခြည် တို့ဖြင့် ရက်ထားသည့် အင်္ကျီတို့ကို ဝတ်ဆင်ထားသည်။ သို့ရာတွင် ယနေ့ သူ ဝတ်သည့် ရွှေခြည်ရက် အင်္ကျီမှာ ရွှေခြည်မျှသာမက ကျောက်မျက်ရတနာများ စီခြယ် ထားသည့် အတွက် ယခင် တစ်ခေါက် သူတို့ မြင်ခဲ့ရ သည့် အင်္ကျီထက် ခမ်းနား လှပနေသည်။

ဇော်ဘွား၏ ဖောင်းထုပ်ပေါ်တွင်လည်း ကျောက် သံ ပတ္တမြားတွေ အပြည့် စီခြယ်ထားလျက်။ လခြမ်းပုံ စိန်နှင့် ပတ္တမြား ရင်ထိုးကြီး တစ်ချောင်းဖြင့် ဦးဖောင်း ထုပ်တွင် ရှိသည့် ရွှေခြည်များပေါ်တွင် ဖျိုင်းရုပ် တစ် ရုပ်ကို ထိုးထားသည်။ ဦးဖောင်းထုပ် ဘေးမှလည်း သစ် တော်သီးပုံ စိန်ပွင့်ကြီးများသည် တွဲလောင်းကျလျက် ရှိ၏။

ထိုမျှမက လက်ချောင်းများပေါ်တွင် လည်း ကောင်း၊ ဓားလွယ် ချိတ်သည့် ရွှေခါးပတ်ကြီးပေါ်တွင် လည်းကောင်း ကျောက်မျက်ရတနာများသည် ပြိုးပြိုး ပြက်ပြက် တောက်ပလျက် ရှိကြသည်။

မိမိ၏ သတို့သမီးအား ဘေးရန် အပေါင်းမှ ကာကွယ် ပေးမည် ဟူသော အထိမ်းအမှတ်ဖြင့် သတို့ သား ကိုင်ဆောင်ထားသည့် ဓားလွယ်ကြီးမှာမူ အနောင့် တွင် စိန်တွေ အပြည့် စီထားလျက် ထိပ်တွင် ဒင်္ဂါးဝိုင်း ခန့်ရှိ ပတ္တမြားကျောက်ကြီးကို စီထားသည်။

ရွှေသန်လျင်းကြီးပေါ်တွင် ပြိုးပြိုးပြက်ပြက် ဝတ် ဆင်ထားသည့် သတို့သားကို ရုတ်တရက် ကြည့်လိုက် လျှင် နတ်ရုပ် တစ်ရုပ်ကို ဝေါတွင် တင်၍ နတ်ပွဲ လှည့်လာခြင်း ဖြစ်သည်ဟု ထင်ကောင်း ထင်ကြပေ လိမ့်မည်။

ဦးဖောင်းထုပ်မှ စံပယ်ကုံးများ၊ ခရေကုံးများက လည်း တွဲလောင်းကျလျက် ရှိသဖြင့် မျက်နှာ တစ်ခုလုံး ကို ဖုံးအုပ်လျက် ရှိလေရာ တဖျတ်ဖျတ် တောက်နေ သည့် မျက်လုံး နှစ်လုံးကြောင့်သာလျှင် သန်လျင်းပေါ် တွင် လိုက်ပါလာသည့် သူသည် သက်ရှိ ပုဂ္ဂိုလ် တစ် ယောက် ဖြစ်ကြောင်း သိရခြင်း ဖြစ်သည်။ သို့မဟုတ် လျှင် ရုပ်တု တစ်ခုဟု ထင်ကြလိမ့်မည်။

ဂီတသံများ ရပ်သွားသည့် အခါတွင် ကာကာ ဂျိတို့ဘက်မှ နတ်ဆရာများသည် ဝေဒကျမ်းမှ ဂါထာ မန္တန်တို့ကို ရွတ်ဆိုကာ နတ်တို့ကို တိုင်တည်လျက် ရှိ ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် နတ်ဆရာများသည် သတို့သမီးများနှင့် ဘကြီးတော်ကို ဖိတ်ခေါ်ခြင်း ပြုသည်။ (ထုံးစံအတိုင်း ဆိုလျှင် နှစ်ဖက်မှ ဖခင်များကို ဖိတ်ခေါ်ခြင်း ပြုရသည်။) သို့ရာတွင် ယခုမူ နှစ်ဖက်သော ဖခင်များမှာ ကွယ်လွန်ခဲ့ကြပြီ ဖြစ်သည့်အလျောက် သတို့သမီးများဘက်မှ ကာကာဂျီနှင့် သတို့သားဘက်မှ အမေဘက်မှ တော်သည့် ဦးကြီး တစ်ယောက်ကို ဖိတ်ခေါ်ခြင်း ပြုရသည်။

ထို့နောက်တွင် ပုဏ္ဏားများသည် သတို့သားကို သန်လျင်းပေါ်မှ ဆင်းစေကာ အမိုး မိုးထားသည့် ရင်ပြင် မဏ္ဍပ်ထဲတွင် ပန်းကုံးစွပ်ခံရန် သတို့သမီးများ ရှိရာသို့ ခေါ်ဆောင် လာခဲ့ကြ၏။

သတို့သား ဖြစ်သည့် ဘိသော မဟာရာဇာသည် တောက်ပ ပြိုးပြက်သည့် အဝတ်အစားများကို ဝတ်ဆင်ထားသည့်တိုင် ခြေကျင် လျှောက်လာသည်ကို မြင်ရသည့် အခါတွင် တင့်တယ်ခြင်းကို မဆောင်။ ကျက်သရေမင်္ဂလာ ကင်းမဲ့နေသည်ဟု ထင်ရ၏။

ခေါင်းပေါ်တွင် ဦးဖောင်းထုပ်ကြီး ပေါင်းထားပြီး ဇျိုင်းရုပ်ကြီး တပ်ထားသည့်တိုင် အရပ်သည် ပုမြဲ [illegible]ျက်။ အရပ်မြင့်သူ တစ်ယောက် မဟုတ်သည့် ကာကာဂျီပင်လျှင် သူ့ထက် ခေါင်းတစ်လုံး နီးပါးစာ လောက် မြင့်နေသည်။

သို့တိုင်အောင် မျက်နှာတွင် ပန်းကုံးတွေ တွဲလောင်းကျ၍ ဖုံးနေသည့် အရပ်ပုပု ထိုလူသည် ဘိသော ပြည်နယ်သူ ပြည်နယ်သားများ အဖို့ တန်ခိုးအာဏာ၏ တည်ရာ ဖြစ်နေသည်။ အက်ရှ် အဖို့သော်မူ အန္တရာယ် တည်ရာလည်း ဖြစ်နေသည်။

ဘိသော စော်ဘွားကို ကြည့်ရသည်က အစာဝနေသည့် ကျားကြီး တစ်ကောင်နှင့် တူသည်။ အစာဝနေသည့် အတွက် ရုတ်တရက် ကြည့်လျှင် အန္တရာယ် မရှိသယောင်။ ကျွဲအုပ်၊ သိုးအုပ်တွေထဲတွင် ဣန္ဒြေရရ လျှောက်သွားလျက်။ မည်သူ့ကိုမျှ အန္တရာယ် မပေး။ သို့ရာတွင် ချက်ကောင်း ပေါ်သည်နှင့် ခုန်အုပ်မည်မှာ မုချ။

အက်ရှ်သည် သူ့အနီးတွင် ဖြတ်သွားသည့် မဟာရာဇာ၏ ကိုယ်မှ တိရစ္ဆာန်ရိုင်း တစ်ကောင်၏ အနံ့ နံနေသည်ဟုပင် စိတ်ထဲတွင် ထင်လိုက်မိသေးသည်။ သူ့ဆံပင်များသည် ထောင်ထသွားသည်ဟု ထင်လိုက်ရ

ထိုသည်နှင့် အတူ လရောင် မှုန်ရီရီ၊ ပြောက်တိပြောက်ကျား ဖြစ်နေသော သစ်ရိပ်များ၊ ကိုင်းတောထဲမှ လေတိုးသံ၊ ကျယ်ပြန့်လှသော ရေပြင်ကျယ်ကြီးပေါ်တွင် လေတိုက်လိုက်သကဲ့သို့ တိတ်ဆိတ်ခြင်းထဲတွင် တစ်စုံတစ်ခု ဆင်းသက်သည့်နှယ် နားမှ မကြားရသည့်တိုင် စိတ်ထဲမှ အလိုလို သိနေသော ခံစားမှု။ ထိုအရာသည် အဘ အက္ကဘာခန်၏ အသံလော မဆိုနိုင်။ 'ဟော တောကောင် လာနေပြီ' ဟူသော သူ့အသံ။

သူ့ တစ်ကိုယ်လုံး ချွေးတွေ ပြန်နေသဖြင့် အေးစက်နေသည်။ အက်ရှ်သည် တစ်ကိုယ်လုံး တုန်သွားကာ မေးတွေ ခိုက်ခိုက်တုန်စ ပြုနေ၏။

ထိုစဉ် သတို့သားသည် သူ့ အနီးမှ ဖြတ်ကာ သတို့သမီးများထံမှ ပန်းကုံး ဆက်သခြင်းကို ခံယူရန် အတွက် မုခ်ဦးကြီး အောက်သို့ သွားနေသည်။

ခပ်ခုံးခုံး မုခ်ဦးကြီး အောက်တွင် သတို့သမီး ဖြစ်သည့် ရှုရီလာနှင့် ဇူလီတို့သည် ပန်းကုံးများကို ကိုင်လျက် အသင့် စောင့်နေကြသည်။ ထိုအချိန်တွင် သတို့သမီးက ပန်းကုံးစွပ်သည် ဆိုခြင်းမှာ သတို့သားကို လက်ခံသည် ဆိုသည့် အဓိပ္ပာယ်။ သတို့သမီးက သတို့သားကို လက်ခံခြင်း မပြုလိုလျှင် ပန်းကုံး မစွပ်ဘဲ ငြင်းပယ်နိုင်သည်။

မုခ်ဦးကြီး အနီးသို့ အရောက်တွင် အဘယ်ကြောင့် မသိ။ ဘိသော စော်ဘွားသည် ရှေ့သို့ ဆက်မသွားသေးဘဲ ရပ်နေသည်။ သူ့နောက် လူအုပ်ကြီးကလည်း တိုးဝှေ့လျက် ရှိ၏။ အဘယ်ကြောင့်နည်း။ ရှုရီလာက သဘောထား ပြောင်းသွားကာ ပန်းကုံးစွပ်ရန် ငြင်းဆန်နေ၍များလော။

ခဏမျှ အကြာတွင် သတို့သားသည် မုခ်ဦးကြီး အောက်သို့ ရောက်သွားကာ ခေါင်းကို ညွတ်၍ ကိုယ်ကို ကိုင်းလိုက်သည်။ ကိုယ်ကို ပြန်မတ်လိုက်သည့် အခါတွင် သူ့လည်ပင်းတွင် သတို့သမီး၏ ပန်းကုံးက စွပ်လျက်သား။

သတို့သားသည် နောက်တစ်ကြိမ် ခေါင်းငုံ့လိုက်ပြန်သည်။ ဤတစ်ကြိမ်တွင်မူ ခပ်စောစောကလို ကိုယ်ကို ကိုင်းညွတ်ခြင်း မပြုရတော့။ ခေါင်းညွတ်သည် ဆိုရုံမျှသာ။ ထို့နောက်တွင် အမျိုးသမီး တစ်ယောက်၏ လက်နှစ်ဖက် ပေါ်လာကာ ဖောင်းထုပ်တွင် စိုက်ထားသည့် ငှက်တောင်ကို လွတ်အောင် ပန်းကုံးကို ခပ်ပြင်းပြင်း မြှောက်ပြီး လည်တွင် စွပ်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုတစ်ကြိမ် ပန်းကုံးစွပ်သူ၏ လက်ဖဝါးနှင့် လက်သည်းတို့တွင် ဒန်းနီရောင် ခြယ်လျက်။ သို့ရာတွင် ထိုလက်များမှာ လေးထောင့် ခပ်ကျကျ။ ကြွံခိုင် ပြတ်သားသည့် လက်များ သဏ္ဌာန်။ အချစ် ဇော်ခဲ့သူကလေး အန်ဖုလီ၏ လက်များ ဖြစ်ကြောင်းကို ကောင်းကောင်း သိနိုင်သည်။

အက်ရှ်သည် ဖုလီ၏ လက်ထပ်မင်္ဂလာကို စောင့်ကြည့်ချင်သည်။ သတို့သား အိမ်သို့ ထွက်ခွာသွားသည်ကို စောင့်ကြည့်ချင်သည်။ သူ့အဖို့ မထူးတော့။ နောက်ထပ် မြင်ရသည့် အရာများသည် လက်နှစ်ဖက်ဖြင့် ဘိသော စော်ဘွား၏ လည်ကို ပန်းကုံးစွပ်ခြင်းကို မြင်ရသည်လောက် နာကြည်းစရာ ကောင်းမည် မဟုတ်တော့။

ပန်းကုံးစွပ် အခမ်းအနား ပြီးသည့် အခါတွင် ဆိုင်းသံ ဗုံသံများကို နောက်ထပ် ကြားရပြန်သည်။ သတို့သားနှင့် ဧည့်သည်များသည် စားသောက်ပွဲကြီး ကျင်းပရန် အတွက် ပုလဲ ခန်းဆောင်သို့ ဝင်သွားကြသည်။ သတို့သမီးနှင့် အဖွဲ့သည် သတို့သားနှင့် အဖွဲ့အား စားသောက်ဖွယ်တို့ကို တည်ခင်း ကျွေးမွေးကြသည်။ နေရာမဆံ့သဖြင့် အချို့ကို အပြင်ဘက် မဏ္ဍပ်ထဲတွင် ကျွေးကြရ၏။

ယခုအချိန်၌ နေ့မှာလည်း အတော် စောင်းခဲ့လေပြီ။ ညနေခင်း လေပြည်သည် ကန်ရေပြင်ကို ဖြတ်ကာ တသုန်သုန် တညင်းညင်း တိုက်ခတ်စ ပြုလာသည်။ အပြင်ဘက် မဏ္ဍပ်များထဲတွင် အေးမြစ ပြုလာသည့်တိုင် ပုလဲ နန်းတော်ဆောင်ထဲတွင်မူကား မွန်းကျပ်မြဲ မွန်းကျပ်လျက် ရှိ၏။ စောစောက ပန်းနံ့နှင့် ရေမွှေးနံ့တို့လောက်ကိုသာ ရသည့်တိုင် ယခု အချိန်တွင်မူ အစားအသောက်များ၏ အနံ့ကပါ ရောစွက်လာသည့် အတွက် အခန်းထဲတွင် အသက်ရှူ၍ မရလောက်အောင် ဖြစ်လျက် ရှိ၏။

သို့ရာတွင် အက်ရှ်မှာမူ ထိုဧည့်ခံပွဲသို့ တက်ရောက်ခြင်း မပြုဘဲ ခွင့်တောင်းထားသည်။ ထို့အတွက် ကြောင့်လည်း အခမ်းအနားသို့ သူ တက်နေလျှင် ကာကာဂျီသည် (သူမသိ ဟူသော အထင်ဖြင့်) သူတို့ မင်္ဂလာ လက်ထပ်ပွဲ ထုံးစံများကို ရှင်းပြနေဦးမည့် အန္တရာယ်မှ သက်သာရာ ရသွားသည်။ ထို့ပြင် ဘိသော စော်ဘွားမှာလည်း ဇာတ်မြင့် တစ်ဦး ဖြစ်သည့် အတွက် မိမိတို့လို နိုင်ငံခြား ဧည့်သည်များနှင့် အတူ ထိုင်၍ စားသောက်ခြင်း ပြုမည် မဟုတ်။

အက်ရှ်သည် ဟော်နန်း ဘေးတံခါးမှ ထွက်လာကာ မိမိ တည်းခိုရာ ဧည့်ဂေဟာသို့ ပြန်လာခဲ့သည်။ ဧည့်ဂေဟာသို့ ရောက်လျှင် တစ်ယောက်တည်း ညစာ စားကာ မြို့စွန် တောင်ကုန်းများ အောက်သို့ လျှောကျသွားသည့် နေလုံးကြီးကို ကြည့်နေမိသည်။

စိမ်းပြာပြာ အရောင်မှ နက်ပြာရောင်သို့ ကူးပြောင်းနေသည့် ကောင်းကင်တွင် ကြယ်ပွင့်တို့ လက်နေကြသည်။ ကောင်းကင်မှာသာ မဟုတ်။ အိမ်များ၊ နံရံများ၊ မုခ်ဦးများ၊ အိမ်ခေါင်မိုးများပေါ်တွင်လည်း ဘိသော စော်ဘွား၏ လက်ထပ် မင်္ဂလာ အခမ်းအနားကို ကြိုဆိုသောအားဖြင့် ရာထောင်မကသော ဆီမီးခွက်များသည် လင်းလျက် ရှိကြ၏။

ပန်းခုံတော်ထဲတွင်လည်း ဆီမီးတွေ တဝေဝေ။ လေတိုက်လိုက်သည်နှင့် ဆီမီးတောက်ကလေးများသည် ဘယ်ညာ ယိမ်းလှုပ်ကြလျက်။ ပုလဲ နန်းတော်တွင်လည်း အဆောက်အအုံပုံ အလိုက် ဆီမီးတွေ ထွန်းထားသည်။ ပုလဲ နန်းတော်ကို ကြည့်ရသည်မှာ နတ်သမီး ပုံပြင်ထဲမှ နတ်သမီးတို့ ပျော်စံရာ ရဲတိုက်ကြီး တစ်ခုနှယ်။ ခံတပ်များမှာပင်လျှင် ဆီမီးတွေ အမြိုင်သား။

မီးရှူး မီးပန်းများ ပစ်ဖောက်လိုက်သည့် အခါတွင် ဘိသောမြို့ ကောင်းကင်သည် အနီ၊ အစိမ်း၊ မရန်းစသည့် ကြယ်ပွင့် ကြယ်ပန်းများတို့ကို ဆုပ်ကြဲ ပက်ထားသည့်နှယ်။

အက်ရှ်သည် မိမိ အိပ်ခန်း အပြင်ဘက်ရှိ ဝရန်တာတွင် ထိုင်လျက် ထိုမီးရှူးမီးပန်းများကို ငေးကြည့်နေသည်။ ဘိသော စော်ဘွား၏ ဇာတ်မြင့်တို့ ထုံးစံတွင် သူတို့ လက်ထပ် မင်္ဂလာပွဲသို့ နိုင်ငံခြားသား တစ်ယောက် တက်ရောက်ခြင်း မပြုရ ဆိုသည့် ထုံးစံမျိုး ရှိလျှင်လည်း ကောင်းလေစွဟု အက်ရှ် တောင့်တမိ၏။

သို့ရာတွင် သူဆုတောင်းသည် ပြည့်နိုင်ဖွယ် မမြင်။ လက်ထပ် မင်္ဂလာပွဲသို့မူ မတက်၍ မဖြစ်။ ထိုအထဲတွင် ကာကာဂျီနှင့် မူးလ်ရတ်တို့ကလည်း လက်ထပ် မင်္ဂလာပွဲသို့ တက်ရန် တဖွဖွ ပြောနေသည် မဟုတ်လော။

ထို့ပြင် ရဝါလ်ပင်ဒီ စစ်ဌာနချုပ်မှ ထုတ်ပေးလိုက်သည့် အမိန့်စာတွင်လည်း ဗိုလ်ကြီး အက်ရှ်သည် စော်ဘွား သမီးတော် နှစ်ယောက်တို့၏ လက်ထပ် မင်္ဂလာပွဲ အောင်မြင် ချောမောစွာ ပြီးစီးခြင်း ရှိ မရှိကို စောင့်ကြပ် ကြည့်ရှုခဲ့ရမည်ဟု ပါရှိသည် မဟုတ်လော။



www.burmeseclassic.com

www.burmeseclassic.com



စကား အသုံးအနှုန်း အတိအကျကို လိုက်နေသည် ဆိုလျှင်မူ အငြင်းပွားစရာတွေ တစ်ပုံကြီး။ သို့ရာတွင် လက်ရှိ အခြေအနေမျိုးတွင်မူ အမိန့်တွင် ပါသည့်အတိုင်း သူတို့ နှစ်ယောက် ချောမောအောင်မြင်စွာ လက်ထပ်ပြီးစီးခြင်း ရှိ မရှိကို စောင့်ကြည့်ရတော့မည်။

သူ့ရှေ့မှ ကော်ဖီဗန်းကို ဂူးလ်ဘတ် သိမ်းသွားသည်မှာ တစ်နာရီခန့် ကြာသွားလေပြီ။ ဂူးလ်ဘတ်မှာလည်း ပျော်ပွဲ ရွှင်ပွဲများကို ကြည့်ရန် အပြင်သို့ ထွက်သွားလေပြီ။

အက်ရှ်သည် အုတ်အုတ်ကျက်ကျက် ညံလျက်ရှိသော လူအုပ်များကို ကြည့်ကာ ကိုယ်တော်လေးလာလာဂျီ၏ လက်ထပ် မင်္ဂလာကို အမှတ်ရနေသည်။ ရှာဒီပြုသည့် မင်္ဂလာ ကျင်းပရန် အချိန် တစ်နာရီ နှစ်နာရီလောက် လိုလိမ့်ဦးမည်။ နန်းတော်နှင့် ပန်းခုံတော်ထဲတွင် ဆိုင်းသံ ဗုံသံတို့ ခြိမ့်ခြိမ့်ညံလျက်။ ဗျောက်အိုးသံတို့က နားကွဲလုမတတ်။ တစ်မြို့လုံးသည် ရုတ်ရုတ်သဲသဲ။

အက်ရှ်သည် သူ့အခန်းထဲသို့ ပြန်ဝင်လာခဲ့ကာ ထိုအသံများနှင့် ဝေးသွားအောင် တံခါးကို ပိတ်လိုက်၏။ ထို့နောက် စားပွဲတွင် ထိုင်ကာ မိမိသည် ဘိသော ပြည်နယ်တွင် နောက်ထပ် တစ်လခန့် ကြာလိမ့်ဦးမည် ထင်ကြောင်း၊ နွေအကုန်လောက်မှာ မည်သည့်နည်းနှင့်မျှ ပြန်ရောက်နိုင်မည် မထင်ကြောင်းဖြင့် ဝေါလီနှင့် ဇာရင်တို့ထံ စာရေးနေသည်။

အက်ရှ်သည် သူတို့ နှစ်ယောက်ထံ စာရေးပြီးနောက် တတိယမြောက် စာအဖြစ် နိုင်ငံရေး ဝန်ထောက်ထံ ရေးနေစဉ် မူးလ်ရတ် ရောက်လာကာ ရှာဒီ မင်္ဂလာပြုလုပ်တော့မည် ဖြစ်သဖြင့် ပုလဲ နန်းတော်သို့ သွားရန် လာခေါ်သည်။

ပန်းခုံကို ဖြတ်၍ လျှောက်လာခဲ့ကြသည့် အခါ၌ ကောင်းကင်တွင် လဝန်းသည် ဝင်စပြုလေပြီ။ သန်းခေါင်နားသို့ပင် ရောက်နေလေပြီ။

ဒါဘာ ကျင်းပရာ ခန်းဆောင်ထဲတွင် လူတွေ ပြည့်ကျပ်လျက် ရှိ၏။ လတ်ဆတ် သန့်ရှင်းသည့် လေကို ရှူရှိုက်နေရာမှ စန္ဒကူးနံ့၊ အမွှေးတိုင်နံ့၊ ပန်းခြောက်နံ့ စသည့် အနံ့မျိုးစုံကို ရှူရှိုက်လိုက်ရသည့် အခါတွင် မွန်းကျပ်ကာ အသက်ရှူ မှားသွားသည်ဟု ထင်လိုက်ရ၏။ ဗုံသံတို့ကို မကြားရတော့။ ခပ်တိုးတိုး ပြောဆိုနေသည့် အသံများမှ အပ ခန်းဆောင် တစ်ခုလုံးသည် ငြိမ်သက်လျက်။ မှန်အိမ်များမှာ ရောင်စုံမှန်များ တပ်ဆင်ထားသည့် အတွက်ကြောင့် တစ်ကြောင်း၊ ဆီနည်းနေပြီ ဖြစ်သည့် အတွက်ကြောင့် တစ်ကြောင်း ဒါဘာ ခန်းဆောင်ထဲတွင် မှောင်ပျပျ ဖြစ်နေသည်။

အက်ရှ်သည် အမှောင်ထဲတွင် မျက်လုံးများကို ကျင့်သားရအောင် အနည်းငယ် စောင့်လိုက်ပြီးမှ မိတ်ဆွေများ၊ အသိအကျွမ်းများကို လှမ်းကြည့်ရသည်။

တံခါးဝ တိုင်လုံးကြီး တစ်လုံး အကွယ်တွင် သူ့အတွက် ကုလားထိုင် တစ်လုံး ချပေးထား၏။ နောက်ပိုင်း ခပ်ကျကျတွင် ဖြစ်၍ သူ့ကို မည်သူမျှ ကောင်းကောင်း မမြင်ကြ။ သူကသာ ရှေ့တွင် ရှိသော လူအုပ်ကြီးကို စီးကြည့်နိုင်သည်။

သူ့နေရာမှ ကြည့်လျှင် ငွေသား တိုင်လုံးကြီးလေးတိုင် ထူကာ ရွှေဇီတာန် ကျက်ထားသည့် အမိုးကို သာမက ထိုဇီတာန်အောက် နွားချေးမံထားသည့် ကြမ်းခင်းတွင် ဆန်မှုန့် ဂျုံမှုန့်တို့ဖြင့် ရေးထားသော စက်ဝိုင်းကိုလည်း မြင်နေရသည်။ မီးပူဇော်သည့် အခါတွင် မီးထွန်းရန် ကြီးမားလှသော ကြေးခွက်ကြီး တစ်ခွက်ကိုလည်း ချထား၏။

ထိုအနီးတွင် နတ်ဆရာများ၊ ပုဏ္ဏားများသည် ပလ္လင်ကြီး တစ်ခုကို ပြင်ဆင်ကာ ထိုပလ္လင်ပေါ်တွင် ပူဇော်ပွဲများ ကျင်းပရန် အိုးများ၊ ဂင်္ဂါ မြစ်ရေ ထည့်သည့် မြူတာအိုးများ၊ ဆီမီးခွက်များ၊ နတ်ရုပ်များ၊ အမွှေးတိုင် ထွန်းခွက်များကို ပြင်ဆင်နေကြသည်။

တစ်ဖက်တွင်မူ မျက်နှာ တစ်ခုလုံး ပန်းပွင့်များအောက်တွင် နစ်မြုပ်နေကြသည့် သတို့သားနှင့် သတို့သမီး နှစ်ယောက် အပြင် ကာကာဂျီ၊ (သတို့သမီး၏ ခမည်းတော် ကိုယ်စား) မာလဒီယိုရိုင်းနှင့် မယ်တော် ကိုယ်စား ဆောင်ရွက်ရသည့် အန်ပိုရာဘိုင်တို့ကို တွေ့ရသည်။

စကား ပြောသံများသည် တိုးသွားကြကာ နောက်ဆုံးတွင် မျှဉ်းမျှဉ်းကလေးသာ ကြားရတော့သည်။ နတ်ဆရာ တစ်ယောက်က အချက်ပြလိုက်သည့် အခါတွင်မူ အားလုံး တိတ်ဆိတ် သွားကြသည်။

ဇီတာန်အောက် စက်ဝိုင်းဖြူဖြူထဲတွင် ရပ်နေသည့် နတ်ဆရာသည် နတ်ပူဇော်မည့် မီးကို စတင်ထွန်းညှိလိုက်သည်။ မုတ်ဆိတ်မွေးတို့ မရှိ၊ ချောမွေ့ပြောင်တင်းလျက် ရှိသည့် နတ်ဆရာ၏ မျက်နှာပေါ်သို့ မီးရောင်သည် ထိုးကျလျက် ရှိလေရာ သူ့မျက်နှာသည်



www.burmeseclassic.com

www.burmeseclassic.com



ပွတ်တိုက်ထားသော ကြေးရုပ် တစ်ရုပ်၏ မျက်နှာနှင့် တူနေသည်။

နတ်ဆရာသည် မီးထွန်းထားသည့် ခွက်ဆီသို့ ကုန်းကာ နံ့သာဖြူ ထင်းစကလေးများ၊ အမွှေးတုံးစကလေးများကို ချိုးဖဲ့ ထည့်လျက် ရှိ၏။ မီး အရှိန် ရလာသည့် အခါတွင်မူ အမွှေးနံ့သာမှုန်များ ထည့်ထားသော ငွေပန်းကန်ပြားများကို စက်ဝိုင်း အနီးရှိ လူများအား ကမ်းပေးပြီး ယင်းတို့က နံ့သာမှုန့်များကို တစ်တို့စီ ယူကာ မီးပုံထဲသို့ ပစ်ထည့်ကြရသည်။

နံ့သာမှုန်ကလေးများသည် မီးပုံထဲတွင် တဖျစ်ဖျစ် မြည်ကာ ပြင်းထန်သည့် အမွှေးနံ့ တစ်မျိုး ထွက်ပေါ်လာသည်တွင် အနီးရှိ လူများမှာ အသက်ရှူ၍ မရကြတော့ဘဲ ချောင်း တဟွပ်ဟွပ် ဆိုးလျက် ရှိကြ၏။

ထို့နောက် နတ်ဆရာက အချက်ပြလိုက်သည်တွင် ဘိသော စော်ဘွားနှင့် ရှုရီလာတို့သည် ထိုင်ရာမှ ထကာ အဖြူ ဝိုင်းထားသည့် စည်းဝိုင်းထဲသို့ ဝင်သွားကြသည်။

နတ်ဆရာ တစ်ယောက်က မန္တန်များကို ရွတ်ဖတ်လျက် ရှိစဉ် အက်ရှ်မှာ ခပ်ဝေးဝေးမှ ဖြစ်နေသည့် အတွက် ကောင်းကောင်း မကြားရ။ တစ်လုံးတလေကိုသာ ကြားရသည်။

ထို့နောက် နတ်ဆရာက ရှေ့မှ တိုင်ပေးပြီး သတို့သားနှင့် သတို့သမီးတို့က နောက်မှ လိုက်၍ ရွတ်ရသည်။ နှစ်ယောက်စလုံး ရွတ်ဆိုသည့်တိုင် ရှုရီလာ၏ အသံကို ကောင်းစွာ မကြားရ။ စော်ဘွား၏ အသံကိုသာ ကြားနေရသည်။ သို့ရာတွင် မကြားရ၍လည်း အကြောင်း မဟုတ်။ ထိုမန္တန်မှာ သစ္စာတိုင်သည့် မန္တန် ဖြစ်ကြောင်း လူတိုင်း သိပြီးသား ဖြစ်၏။

အကြင် လင်မယားတို့သည် မိမိတို့ ထုံးစံဓလေ့များနှင့် အညီ သေတပန်သက်တဆုံး ပေါင်းသင်းကြမည် ဖြစ်ကြောင်း၊ တစ်ယောက် အပေါ်တွင် တစ်ယောက် သစ္စာ စောင့်သိကြမည် ဖြစ်ကြောင်း၊ အေးအတူပူအမျှ ခွဲဝေ ခံစားကြမည် ဖြစ်ကြောင်း၊ သားရတနာများကို မွေးဖွားကြမည် ဖြစ်ကြောင်း၊ ရိုးမြေကျသည့်တိုင် မယိမ်းမယိုင် ကျောက်တိုင်ကဲ့သို့ ခိုင်မြဲကြမည် ဖြစ်ကြောင်း...။

သေးကွေး ကြုံလှီစ ပြုနေသည့် သတို့သား စော်ဘွား၏ ဘေးတွင် ရပ်နေသည့် ရှုရီလာသည် ယှဉ်နိုင်စရာ မရှိလောက်အောင် သေးငယ်လျက်။ အမေ၏ အဝတ်အစားကို ဝတ်ထားသည့် ကလေးမလေး တစ်ယောက်နှင့် တူနေသည်။

ရှုရီလာသည် ကြက်သွေးရောင် ဆာရီကို ဝတ်ထားသည်။ အနီရောင်သည် မင်္ဂလာ ရှိသော အရောင် ဖြစ်သည့် အတွက်ကြောင့် တစ်ကြောင်း၊ ရာဂျပုတ်သန် တစ်ပြည်လုံး နယ်များ အားလုံးထဲတွင် အပါအဝင် ဖြစ်သည့် ဘိသော ပြည်နယ်၏ ရိုးရာ အရောင်မှာလည်း ကြက်သွေးရောင် ဖြစ်သည့် အတွက်ကြောင့် တစ်ကြောင်း ထို အရောင်ကို ရွေး၍ ဝတ်ဆင်ခြင်း ဖြစ်သည်။

ရှုရီလာ၏ လည်တွင် လည်းကောင်း၊ လက်ကောက်ဝတ်များတွင် လည်းကောင်း၊ လက်ချောင်းများတွင် လည်းကောင်း ဝတ်ဆင်ထားသည့် ခိုသွေးရောင် ပတ္တမြားလုံးကြီးများမှာ အရည်လဲ့ကာ မီးရောင်ထဲတွင် တဖျတ်ဖျတ် တောက်ပနေကြသည်။

ရှုရီလာသည် ခေါင်းကို ငုံ့ထားကာ ခပ်တိုးတိုးဖြင့် သစ္စာဆိုနေခြင်း ဖြစ်သည့်တိုင် လက်ထပ်မင်္ဂလာ အခမ်းအနားတွင် တည်တည်ငြိမ်ငြိမ်ဖြင့်။ ဆွေတော်မျိုးတော်များ၊ အခြွေအရံများနှင့် ကျန်အမျိုးသမီးများမှာ ဣန္ဒြေဆောင် နေနိုင်သည့် ရှုရီလာကို ကြည့်၍ အံ့အားသင့်လျက် ရှိကြ၏။

ရှုရီလာသည် သတို့သား၏ မျက်နှာကြီးကိုသာ သေသေချာချာ မြင်လိုက်ရသည် ဆိုလျှင် ဣန္ဒြေ ကောင်းနိုင်ပါမည်လောဟု အက်ရှ် သံသယ ဖြစ်ချင်သည်။ သို့ရာတွင် သူတို့ထုံးစံ၌ သတို့သမီးနှင့် သတို့သားတို့သည် လက်ထပ်မင်္ဂလာပွဲ မပြီးမချင်း တစ်ယောက် မျက်နှာကို တစ်ယောက် ကြည့်ရရိုး ထုံးစံ မရှိ။ သတို့သားရော သတို့သမီးပါ မျက်နှာ တစ်ခုလုံး ဖုံးအောင် ပန်းကုံးတွေ တွဲလွဲချထားသည့် အတွက် ကြည့်ချင်သည် ဆိုသည့်တိုင် အောင် မြင်ရမည်လည်း မဟုတ်။

မင်္ဂလာ လက်ဝတ်ဟု ခေါ်ကြသော သံကွင်းကို သတို့သမီး၏ လက်မောင်းတွင် ဝတ်လျက်။ မင်္ဂလာ ချည်မန်းကွင်းဟု ခေါ်သော ကြိုးကို လည်တွင် ဆွဲလျက်။

ထို့နောက် သတို့သမီး၏ ဆာရီ အစွန်ကို သတို့သား၏ စလွယ်သိုင်းကြိုး အစွန်းဖြင့် ပူးတွဲ ချည်ပေးလိုက်သည်တွင် သူတို့နှစ်ဦးသည် မီးပုံကို ပတ်ကာ ခြေလှမ်း ခုနစ်လှမ်း လှမ်းရသည်။ ထိုအချက်မှာ အရေးအကြီးဆုံး ဖြစ်သည်။ ထိုကိစ္စကို လုပ်ဆောင် မပြီးမချင်း လက်ထပ်ပွဲကို ဖျက်သိမ်းလိုလျှင် ဖျက်သိမ်း၍ ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ထိုအခမ်းအနား ပြီးသွားသည် ဆိုလျှင်မူ လက်ထပ် မင်္ဂလာကို ဖျက်သိမ်း၍ မရတော့။

ရှရီလာသည် ဘိသော မဟာရာဇာ၏ ကြင်ရာတော် ဖြစ်လေပြီ။ လင်ယောကျ်ား ဖြစ်သည့် ဘိသော စော်ဘွားက ဝေဒကျမ်းထဲတွင် ပါသည့်အတိုင်း ကြင်ရာ ဇနီးကို နှုတ်ဆက်ရသည်။

'...သင်သည် ငါနှင့်အတူ ခြေလှမ်း ခုနစ်လှမ်းကို လှမ်းပြီးသဖြင့် ငါ့ကြင်ဖက် ဖြစ်ပြီ၊ သင် မရှိလျှင် ငါ အသက် မရှင်နိုင်၊ ငါ မရှိလျှင်လည်း သင် အသက် မရှင်နိုင်၊ ဇနီးမောင်နှံတို့သည် စည်းစိမ်ဥစ္စာတို့ကို အညီအမျှ ခံစားကြအံ့၊ သင်သည် ငါ့အိမ်ကို စိုးမိုးပေအံ့'

သတို့သား၏ အသံသည် ရပ်သွားပြီးနောက် လက်ထပ်ပြီးစ မောင်နှံတို့သည် ဆွေမျိုးသားချင်းများ၏ ဩဝါဒကို ခံယူရန် အတွက် စည်းဝိုင်းနားသို့ သွားကြရသည်။ ထိုသို့ ဩဝါဒခံပြီးနောက် ထိုနေရာတွင် ပြန်ထိုင်ကြ၏။

နတ်ဆရာတို့က မီးဖိုထဲသို့ နံ့သာဖြူ ထင်းစများနှင့် အမွှေးဆီ အမွှေးခဲများကို လောင်းထည့်ကြပြန်သည်။ ထို့နောက် မန္တန်များကို ရွတ်ဖတ်ကြပြန်ကာ ငွေလင်ဗန်းများကို လိုက်ကမ်းပြီး မီးထည့်ခိုင်းပြီးနောက် နောက်တစ်ကြိမ် မင်္ဂလာပွဲ ကျင်းပရန် ပြင်ကြပြန်သည်။ ယခုတစ်ကြိမ်တွင် စောစောတုန်းကလို ခပ်ဖြည်းဖြည်း မဟုတ်။ ခပ်သုတ်သုတ် ခပ်မြန်မြန်။ သတို့သမီးကလည်း စောစောက သတို့သမီး မဟုတ်တော့။ နောက်တစ်ယောက်။

ဇူလီသည် ရှရီလာ၏ ဘေးတွင် ထိုင်နေသဖြင့် သူ့ကို အက်ရှ် ကောင်းကောင်း မမြင်ရ။ သူ့တစ်ကိုယ်လုံးကို အန်ပိုရာဘိုင်၏ ကိုယ်လုံး တုတ်တုတ်ကြီးက ကွယ်ထားသည်။ သို့ရာတွင် ယခု သူ့အလှည့် ရောက်ပြီ။ ဇူလီသည် အဖြူရောင် စက်ဝိုင်းဆီသို့ ထွက်လာခဲ့သည်။ သူ အကြောက်ဆုံး အချိန် ရောက်လာခဲ့လေပြီ။ ဇူလီ၏ လက်ထပ်ပွဲကို ကြည့်ရတော့မည်။

အက်ရှ်သည် သူ့အား ခန္ဓာကိုယ် အရ ထိခိုက်နာကျင်အောင် လုပ်တော့မည့် အပြုအမူ တစ်ခုကို ရင်ဆိုင်ရတော့မည့်နှယ် အမှတ်မထင် ကိုယ်ကို တောင့်ထားလိုက်သည်။ သို့ရာတွင် စင်စစ် ထိုသို့ လုပ်စရာ မလို။ သူ့တွင် မျှော်လင့်ချက် မရှိတော့။ မျှော်လင့်ချက် မရှိတော့သည့် အတွက် သူ့ခန္ဓာကိုယ်သည် နွမ်းခွေယိမ်းယိုင်လျက် ရှိနေလေပြီ။ သူ့ခန္ဓာကိုယ်သည် ဘာကိုမျှ မသိတော့။ အကြောအခြင်တွေ တောင့်တင်းသွားသည်ကိုလည်း မသိ။ ပြေလျော့သွားသည်ကိုလည်း အမှတ်မထင်။ ပန်းကုံးစွပ်ပွဲ အခမ်းအနားသည် သူ့ရင်တွင် ကျန်ခဲ့သည့် မျှော်လင့်ချက်တည်း ဟူသော နောက်ဆုံး မီးတောက်ကလေးကို ငြိမ်းသတ်ခဲ့ပြီ။

ရှရီလာသည် စိတ်အပြောင်းအလဲ မြန်သူ ဖြစ်သည့်အတိုင်း နောက်ဆုံး အချိန်တွင်မှ ကပ်ကာ လူစိမ်းတစ်ယောက်နှင့် လက်ထပ်ခြင်း မပြုလို၊ ထို့ကြောင့် နောက်ထပ် အခမ်းအနားများကိုလည်း ကျင်းပဖို့ မလိုဟု ပြောလာခဲ့လျှင်မူ သူ့အတွက် မျှော်လင့်ချက် မီးရောင် မဟုတ်သည့်တိုင် မီးပွားကလေး ကျန်ရစ်ခဲ့သေးသည်ဟု ဆိုနိုင်သည်။

သို့ရာတွင် ဤသို့ မဖြစ်နိုင်။ ဟိန္ဒူ ဘာသာတရားကို ကိုင်းရှိုင်းသည့် အမျိုးသမီး တစ်ယောက်သည် ဘယ်တော့မျှ သည်အလုပ်မျိုးကို မလုပ်။ ပူဇော်မှု မီးပုံဘေး ရောက်ပြီး နောက်ဆုံး အချိန်ကျမှ သတို့သားနှင့်အတူ ယှဉ်တွဲ လျှောက်လှမ်းခြင်း မပြုဟု ဘယ်မှာမှ မရှိ။

သို့ရာတွင် အနောက်တိုင်း စံများဖြင့် ကြည့်လျှင် ရှရီလာသည် စိတ်ထင်ရာကို ကောက်လုပ်သည့် ကလေးငယ် တစ်ယောက်။ ထို့ကြောင့် အကဲခတ်ရသည်မှာ တော်တော် ခက်သည်။ နောက်ဆုံး အဆင့်သို့ ရောက်မှ မီးပူဇော်ပွဲကို မလုပ်တော့ဟု ဆိုလျှင် မည်သို့ ရှိမည်နည်း။ သို့ရာတွင် ရှရီလာသည် ထိုသို့ မလုပ်။ ခြေလှမ်း ခုနစ်လှမ်းကို လှမ်းပြီးလေပြီ။

ယခု သူ့ရင်ထဲတွင် ကျန်နေသည့် နောက်ဆုံး မီးပွားကလေးသည် ငြိမ်းသွားပြီ။ ထို့ကြောင့် အက်ရှ်သည်လည်း မျှော်လင့်ချက် မှန်သမျှကို စွန့်လွှတ်လိုက်လေပြီ။ သို့ဖြင့် အက်ရှ်သည် ဇူလီ၏ လက်ထပ်ပွဲကို တုန်လှုပ်ခြင်း ကင်းစွာဖြင့် ကြည့်နေသည်။

ဇူလီ၏ မျက်နှာကို မမြင်ရ။ မျက်နှာ တစ်ခုလုံး ပန်းကုံးတွေ ဖုံးလျက်။ ဆာရီကြီးက တစ်ကိုယ်လုံးကို လွှမ်းထားသည့် အတွက် သူ့ကိုယ်လုံးကိုလည်း မမြင်ရ။ သူ့နေရာမှ ကြည့်လျှင် အခြားသော အိန္ဒိယ အမျိုးသမီး တစ်ယောက်လားဟုပင် ထင်ရသေးသည်။ အရပ် နည်းနည်း ပိုမြင့်သည်က လွဲလျှင် ဘာမှ မထူးခြား။ သူ့အရပ် မြင့်နေသည့် အတွက် သတို့သားမှာ ညှိုးခြောက် ပိန်ရှုံ့ သွားသည်ဟုပင် ထင်ရသေးသည်။

ဇူလီ၏ သတို့သမီး အဝတ်အစားမှာ ညီမငယ် ရှရီလာကဲ့သို့ တောက်ပြောင်ခြင်း မရှိလှ။ အရောင်



www.burmeseclassic.com

www.burmeseclassic.com



ရွှေးပုံ၊ လက်ဝတ်ရတနာများကို ဆင်ယင်ပုံ၊ ပစ္စည်းရွှေးပုံကလည်း အကောင်းကြီးထဲက မဟုတ်။ နီလာနှင့် ပုလဲတို့ကို ဆင်ထားသည့်တိုင် မီးရောင်ထဲတွင် အရောင်မထွက်လှ။

သို့ရာတွင် အဝါရောင်နှင့် ရွှေရောင် ရောထားသည့် ဆာရီကမူ ရှုရှိလာ၏ ကြက်သွေးရောင်ထက် ပို၍ကြည့်ကောင်းသည်ကို တွေ့ရ၏။ အဝတ်အထည် အမျိုးအစားကလည်း ခပ်ညံ့ညံ့ပင်။ ဆာရီကြီးက တောင့်၍ပွရောင်းနေသည့် အတွက် ဝတ်သူ၏ ကိုယ်ခန္ဓာ အလှကို မမြင်ရတော့။ ဝတ်လိုက်သူပင်လျှင် ပုံမကျ ပန်းမကျ ဖြစ်သွားသည်ကို တွေ့ရသည်။ ဇူလီ ဟူ၍ နည်းနည်းမျှထင်စရာ မရှိ။

ယခု လက်ထပ်ပွဲတွင်မူ နတ်ဆရာများကလည်း ခပ်သုတ်သုတ် နှင်ကြ၏။ သတို့သားကလည်း မန္တန်ကို ခပ်သုတ်သုတ် ရွတ်သည်။ ခဏကြာလျှင် လက်ထပ်မင်္ဂလာ အခမ်းအနား ပြီးဆုံးလေပြီ။ မဟာရာဇာ စော်ဘွားက သူ့ကြင်ရာတော်များအား မှူးမတ်များနှင့် မိတ်ဆက်ပေးသည့် အခမ်းအနားသာ ကျန်တော့သည်။

ထိုအခမ်းအနား ပြီးသည့်နောက်တွင်မူ ရှုရှိလာနှင့် ဇူလီတို့မှာ ပင်လည်း ပင်ပန်းလှပြီ။ ဆာလည်း ဆာလှပြီ။ သို့ဖြင့် သူတို့ နှစ်ယောက်သည် သူတို့ ခန်းဆောင်သို့ ပြန်လာကာ အဝတ်အစားများကို လဲကြ၏။ နှစ်ဆယ့်လေးနာရီ အငတ်ခံခဲ့ရပြီးနောက်တွင် စားသောက်ဖွယ်တို့ကို အားရပါးရ စားသောက်ကြသည်။

ကာကာဂျီနှင့် အခြားသူများသည် သတို့သားအား ပန်းခုံတော်ထဲတွင် ရှိသည့် အကြီးဆုံးသော မဏ္ဍပ်ကြီး တစ်ခုဆီသို့ ခေါ်သွားကြ၏။ အက်ရှ်ကမူ အိပ်ရာသို့ ဝင်ခဲ့သည်။ ဗျောက်အိုးသံ ဗုံသံ လူသံ စသည့် အသံပေါင်းစုံ ဆူညံနေသည့် ကြားထဲတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နိုင်သည်မှာ တော်တော် အံ့ဩဖို့ ကောင်းသည်။

သုံးရက် ကျင်းပမည့် မင်္ဂလာဆောင် ပထမနေ့မှာ ကုန်ဆုံး သွားခဲ့လေပြီ။ ဒုတိယနေ့ နေ့ဘက်သို့ ကူးလာခဲ့လေပြီ။ အရုဏ်မတက်မီ အချိန်ကလေးလောက်တွင်မူ ပန်းခုံတော်ဆီမှ ဗျောက်အိုးသံ ဗုံသံများ တိတ်ဆိတ်သွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၃၁

ထုံးတမ်းစဉ်လာ အရ မင်္ဂလာဆောင် နှစ်ရက်မှာ သတို့သားနှင့် အဖွဲ့အား ကျွေးမွေး ပြုစုရသည့် ရက်များ ဖြစ်သည်။ သို့ရာတွင် လက်ထပ်မင်္ဂလာ ပြီးသည့် နောက်တစ်နေ့ မနက်တွင် အက်ရှ်သည် ခွင့်တောင်းကာ မြင်းထိန်း ကူလူရန်းနှင့် ဒေသခံ မုဆိုး တစ်ယောက်တို့ကို ခေါ်ကာ တောပစ် ထွက်လာခဲ့သည်။

တောပစ်မှ ပြန်လာသည့် အခါတွင် မှောင်စပျိုးနေလေပြီ။ အိမ်ခေါင်မိုးများ၊ မုခ်ဦးများပေါ်တွင် မီးပွင့်ကလေးတွေ လက်နေကြလေပြီ။ မြို့ပြင်ဘက်တွင် စားကျက်မှ ပြန်လာကြသည့် ကျွဲနွားအုပ်များကို တွေ့ရသည်။ အခန်းဝသို့ အရောက်တွင် နေ့လယ်ကတည်းက ရောက်လာကာ မိမိအား စောင့်ဆိုင်းနေသည့် စေတမန် တစ်ယောက်ကို တွေ့ရသည်။

ထိုလူမှာ မိုင်ပေါင်းများစွာ မြင်းစီးလာခဲ့ကာ ရက်ပေါင်းများစွာ အိပ်ရေး ပျက်ခဲ့လေပြီ။ ထိုစေတမန်သည် တည်ခင်း ကျွေးမွေးသည့် အစားအသောက်တို့ကို လက်ခံသည့်တိုင် မိမိ ယူလာခဲ့သည့် စာကို သခင်ဆပ်လက်သို့ ကိုယ်တိုင် အပ်ပြီးမှ အနား ယူနိုင်မည် ဖြစ်ကြောင်း၊ ထိုစာမှာ အလွန် အရေးကြီးသည့်စာ ဖြစ်ကြောင်း၊ သခင်ဆပ် တောပစ် ထွက်သွားသည့် နေရာကို ပြောပြလျှင် ထိုနေရာသို့ လိုက်သွားမည် ဖြစ်ကြောင်း ဖြင့် ပြောသည်။

ထိုစေတမန် ကိုင်ထားသည့် စာအိတ်မှာ ချိပ်ပိတ်ထား၏။ လက်ရေးကို မြင်လိုက်သည့် အခါတွင် အက်ရှ်မှာ ထိတ်လန့် တုန်လှုပ်လျက် ရှိလေပြီ။ မိမိသည် နိုင်ငံရေး ဝန်ထောက်ထံ ပြင်းထန်သည့် စာတစ်စောင်ကို ရေးခဲ့ရာ ယခု မိမိအား နိုင်ငံရေး ဝန်ထောက်က ဆူပူကြိမ်းမောင်းသည့်စာ ဖြစ်ရမည်ဟု တွက်လိုက်သည်။

မည်သို့ဖြစ်စေ ဆူပူ ကြိမ်းမောင်းခြင်း မပြုသည့်တိုင် နိုင်ငံရေး ဝန်ထောက်ထံမှ စာမှာ မိမိအား ဆောင်ရန်၊ ရှောင်ရန်တို့ကို ရှည်လျားစွာ ရေးထားသည့် စာတစ်စောင် ဖြစ်မည်မှာ သေချာသည်။ သို့ရာတွင် မည်သည့်စာပင် ဖြစ်စေကာမူ ယခုမှ ရောက်လာသည့် အတွက်မှု အကြောင်း မထူးတော့ပြီ။ နောက်ကျသွားပြီ။ မင်္ဂလာ လက်ထပ်ပွဲလည်း ပြီးပြီ။ သတို့သမီးကြေးကို လည်း ပေးခဲ့ပြီးပြီ။

အက်ရှ်သည် စေတမန်ကို နားနေရန် ပြန်လွှတ်လိုက်ကာ တောပစ် သေနတ်ကို ဂူးလ်ဘတ်သို့ ပေးပြီးနောက် ပစ်၍ ရလာသည့် ခါ အချို့ကို မာဒူးသို့ ပေးလိုက်၏။

ထို့နောက် စာကို မီးလင်းနေသည့် ဧည့်ခန်းထဲသို့ ယူလာခဲ့ကာ စာအိတ်ပေါ်မှ ချိပ်ကို လက်သည်းဖြင့် ထိုးခွာလိုက်၏။ စာအိတ်ထဲတွင် စာရွက် တစ်ရွက်မျှသာ။ အက်ရှ်သည် စာရွက်ကို ကြည့်လိုက်သည်။ စာက ခပ်တိုတို။ သည်လို စာမျိုးကို နိုင်ငံရေး ဝန်ထောက်ထံမှ တစ်ခါမျှ မရဖူးသေး။

သို့ရာတွင် အက်ရှ် ခေါင်းထဲတွင်မူ နောက်ကျ၍ ရောက်သည့်စာဟု စိတ်ထဲတွင် စွဲနေသဖြင့် စာထဲတွင် ပါသည့် သဘောကို ကောင်းကောင်း နားမလည်။ နှစ်ခေါက်တိုင်တိုင် ပြန်ဖတ်ရသည်။

လွန်ခဲ့သည့် တစ်ပတ်က ရောက်လျှင်၊ သို့မဟုတ် လွန်ခဲ့သည့် နှစ်ရက်လောက်က ရောက်ခဲ့သည် ဆိုလျှင် အားလုံး ပြောင်းလဲသွားနိုင်သည်။ တစ်မျိုးတစ်ဖုံ ဖြစ်သွားနိုင်သည်။ ယခုမူ ဘာမျှ မတတ်နိုင်တော့။ နောက်ပြန်ဆုတ်၍ မရတော့။

အက်ရှ်သည် တစ်ကိုယ်လုံး အေးစက်သွားသည်ဟု ထင်လိုက်ရ၏။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီးနောက် အနီးရှိ နံရံကြီးကို အားကုန် ပိတ်ထိုးလိုက်၏။ လက်ကောက်ဝတ်မှ သွေးတွေ ဖြာကျလာ၏။ ကိစ္စ မရှိ။ သူ့ရင်ထဲတွင် ပေါက်ကွဲသော



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းအတာနှင့် စာလျှင် ထိုဒဏ်ရာနှင့် ထိုနာကျင်မှုသည် ဘာမျှ မပြောပလောက်။

အက်ရှ်သည် အကြာကြီး ရပ်ကာ နံရံကို တွေတွေကြီး စိုက်ကြည့်နေသည်။ ဂူးလ်ဘတ်သည် အခန်းထဲသို့ ရောက်လာသည်တွင် သွေးသံရဲရဲနှင့် ဖြစ်နေသည့် အက်ရှ်ကို မြင်သဖြင့် လန့်၍ အော်လိုက်၏။

ထိုအခါကျမှ အက်ရှ်သည် သတိ ပြန်လည်လာကာ သွေးတွေ ပေကျံနေသည့် လက်ကို ဆေးကြောသန့်စင်ရန် ထွက်လာခဲ့သည်။ ရေဖြင့် ဆေးလိုက်သည့်အတွက် သွေး အထွက် ရပ်သွား၏။ သူ့ခေါင်းသည်လည်း ကြည်လင်စ ပြုလာသည်။ ထိုစာ စောစော ရောက်လာလျှင် အခြေအနေ တစ်မျိုးတစ်ဖုံ ပြောင်းသွားနိုင်သည်ဟု ခပ်စောစောက သူ ထင်ခဲ့ခြင်းမှာ သူ့အထင်မျှသာ။ စင်စစ်သည်လောက် စရိတ်တွေ အကုန်အကျ ခံလာခဲ့ပြီးမှ နောက်ကြောင်း ပြန်လှည့်ဖို့ ဆိုသည်မှာ လုံးဝ မဖြစ်နိုင်တော့။

ဂူးလ်ဘတ်က သူ့လက်ကောက်ဝတ်ကို ပတ်တီးစည်းပေး၏။ ဘရန်ဒီ လက်သုံးလုံးလောက်ကို ရေမရောဘဲ သောက်ချလိုက်ပြီးနောက် စာကို ဖတ်ပြရန် မူးလ်ရတ်ဆီသို့ ထွက်လာခဲ့သည်။

အက်ရှ် ရောက်သွားသည့် အခါ၌ မူးလ်ရတ်သည် ညစာ စားပွဲသို့ သွားရောက်ရန် အဝတ်အစား လဲလျက်ရှိ၏။

အက်ရှ်က နှစ်ယောက်ချင်း စကားပြောလိုသည် ဆိုသည့် အခါတွင် မူးလ်ရတ်သည် သူ့ကို တစ်ချက်မျှ လှမ်းကြည့်လိုက်ပြီးနောက် သူ့ အစေခံများကို အပြင်သို့ ထွက်ခိုင်းလိုက်သည်။ မူးလ်ရတ် ကိုယ်တိုင် ထိုသတင်းကို ရုတ်တရက် မယုံကြည်နိုင်အောင် ဖြစ်နေသည်။

ထိုသတင်းကို လွန်ခဲ့သည့် ရက်သတ္တ နှစ်ပတ်လောက်က ပန်ဂျပ်ပြည်နယ် ဘုရင်ခံထံမှ ရဝါလ်ပင်ဒီ စစ်ဌာနချုပ်သို့ ပို့ခဲ့သည်။ စစ်ဌာနချုပ်မှ ဘီသော ပြည်နယ် အတွက် တာဝန်ရှိသည့် နိုင်ငံရေး ဝန်ထောက်ထံ ကြေးနန်းဖြင့် ပို့လိုက်သည်။ နိုင်ငံရေး ဝန်ထောက်ကမှ တစ်ဖန် ဗိုလ်ကြီး အက်ရှ်ထံသို့ 'ချက်ချင်း အရေးယူဆောင်ရွက်ရန်၊ အလျင်အမြန်' ဟူသော စာတန်းကို နှိပ်၍ ပို့လိုက်ခြင်း ဖြစ်သည်။

ထိုသတင်းကား အခြား မဟုတ်။

လွန်ခဲ့သည့် နှစ်များအတွင်း ဒုက္ခမျိုးစုံနှင့် ကြုံတွေ့ခဲ့ရသည့် ကာရိကုတ် ပြည်နယ် စော်ဘွားမျိုးနွယ်များမှ ဆင်းသက်လာခဲ့သူ ကာရိကုတ် ပြည်နယ် လက်ရှိ မဟာရာဇာ စော်ဘွား နန်ဒူးသည် မိမိ လက်ချက်ဖြင့် မတော်တဆ သေနတ် ထိမှန် သေဆုံးသွားပြီ ဆိုသည့် သတင်း ဖြစ်သည်။

မဟာရာဇာ နန်ဒူးသည် ဟဝါးမဟာ ခေါ် လေညင်းသာ ဟော်နန်းထဲရှိ လက်နက်တိုက်ထဲတွင် ရှေးသေနတ် တစ်လက်ကို စမ်းသပ်ကြည့်နေစဉ် ကျည်ဆန် ပေါက်ကွဲ ထွက်သွားကာ မျက်နှာကို ထိမှန်ပြီး ထိုဒဏ်ရာဖြင့်ပင် ပွဲချင်းပြီး သေဆုံးသွားကြောင်း ပါရှိ၏။

မဟာရာဇာ နန်ဒူးတွင် သားယောကျာ်းလေး မရှိ။ ဥပရာဇာ ကိုယ်တော်လေး ဂျိုတီသည် မဟာရာဇာ တစ်ဦး ဖြစ်သွားလေပြီ။ ထို့ကြောင့် ကိုယ်တော်လေး ဂျိုတီအား ကာရိကုတ် ပြည်နယ်သို့ အမြန်ဆုံး ပြန်လာရန် အကြောင်း ကြားလိုက်သောစာ ဖြစ်သည်။

အက်ရှ်အားလည်း ကိုယ်တော်လေး ဂျိုတီကို ကာရိကုတ် ပြည်နယ်သို့ အမြန်ဆုံး စောင့်ရှောက်လိုက်ပါ ပို့ဆောင်ရန် ညွှန်ကြားထား၏။ အလျင်အမြန် ပြန်ရမည် ဖြစ်သည့် အတွက် လူနှင့်တကွ ပစ္စည်း လိုသလောက်သာ ယူရန် စီစဉ်ရသည်။ ထို့ပြင် မင်္ဂလာဆောင်သို့ လိုက်ပါလာကြသည့် ကျန်ပရိသတ်များ အတွက်လည်း အဆင်ပြေအောင် စီစဉ် ညွှန်ကြားရသေးသည်။

'အားလုံး အလကား ဖြစ်ကုန်ပြီပေါ့ဗျာ' ဟု အက်ရှ်က နာကြည်းစွာ ပြောသည်။

'ဘာဖြစ်လို့လဲ' ဟု မူးလ်ရတ်က နားမလည်နိုင်ဘဲ မေး၏။

'လက်ထပ်ပွဲတွေ လုပ်တာ အလကား ဖြစ်ကုန်တာပေါ့ဗျာ၊ သူ့အစ်မတော်နှင့် သူ့ညီမတော်ကို လက်ထပ်တာဟာ နန်ဒူးရဲ့ အစီအစဉ်အရ လက်ထပ်ရတာ မဟုတ်လား၊ သူ့နယ် အနီးအနား တစ်ဝိုက်က စော်ဘွားတစ်ယောက်ယောက်နှင့် လက်ထပ်ခဲ့ရင် တစ်နေ့မှာ သူ့ယောက်ဖတော်ဟာ သူ့နယ်တွေကို ဖွဲ့ တောင်းချင်တောင်းမှာ၊ ဒါမှမဟုတ်ရင် သူ့ရာဇပလ္လင်ကို လုမှာပဲ ဆိုပြီး ခပ်ဝေးဝေး ပြည်နယ်က မဟာရာဇာနှင့် ပေးစားပစ်တာ မဟုတ်လား၊ ခုတော့ သူ သေတော့ အဲဒီ ညီမတော်နှင့် အစ်မတော်ခမျာ သနားပါတယ်ဗျာ၊ အဘိုးကြီးတစ်ယောက်ကို အခြောက်တိုက် လင်လုပ်လိုက်ရတာပဲ အဖတ်တင် ကျန်ရစ်ခဲ့တာပေါ့'

မူးလ်ရတ်က

'ဒီလိုတော့လည်း ဘယ်ဟုတ်မလဲလေ၊ ခုလို



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်လိုက်တဲ့ အတွက် ကိုယ်တော်လေး ဂျိုတီ အသက် ချမ်းသာရာ ရသွားတယ်လို့ ဆိုချင် ဆိုနိုင်တာပေါ့၊ တကယ်လို့ ကိုယ်တော်လေးသာ ဟိုမှာ ကျန်ရစ်ခဲ့မယ် ဆိုရင် သူလည်း အသက် ချမ်းသာရာ ရချင်မှ ရမှာ၊ ခုတော့ ကိုယ်တော်လေးကို နတ်သိကြားတွေ မလိုက်တယ်လို့ပဲ ဆိုရတော့မှာပေါ့၊ သူ့နောင်တော်သာ အသက် ရှိနေသေးရင် ကိုယ်တော်လေးရဲ့ အသက်အန္တရာယ်ဟာ ဒီမှာတောင် သိပ် စိတ်ချရမှာ မဟုတ်သေးဘူး၊ လောကမှာ ကြေးစား လူသတ်သမားတွေ အများကြီး မဟုတ်လား၊ ထိုက်ထိုက်တန်တန် ကြေးရတယ် ဆိုရင် လုပ်ကြတာချည်းပဲ'

'ကဲ ထားပါတော့ဗျာ၊ နောက်မှာ ဒါတွေကို စိုးရိမ်စရာ လိုတော့မှာ မဟုတ်ပါဘူး၊ ခု ကာရိကုတ် မဟာရာဇာ သေသွားပြီ ဆိုတော့ ကိုယ်တော်လေး ဂျိုတီရဲ့ ပြဿနာတွေ တော်တော်များများလည်း ရှင်းသွားပြီပေါ့'

ကိုယ်တော်လေး ဂျိုတီ၏ ပြဿနာများသာ ရှင်းသွားသည် မဟုတ်။ မိမိ ပြဿနာ များသည်လည်း ရှင်းတန်သလောက် ရှင်းသွားခဲ့လေပြီ။ ထိုပြဿနာသာ မပေါ်ခဲ့လျှင် မိမိသည် ဘီသော ပြည်နယ်တွင် မည်မျှကြာကြာ နေရဦးမည် မသိ။

ဘီသော စော်ဘွား၏ ဟော်နန်းကို ကြည့်ကာ မိမိနှင့် မလှမ်းမကမ်းရှိ ဟော်နန်းပေါ်တွင် စော်ဘွား၏ ရင်ခွင်ထဲတွင် ရောက်နေမည့် မိန်းမ တစ်ယောက် အတွက် ရင်နာနေရဦးမည်။ ထိုစော်ဘွားကို ယဉ်ကျေးမှုအရ နေ့တိုင်း တွေ့ဆုံကာ စကားတွေ ပြောနေရဦးမည်။

အပြန်တွင် ဆိုလျှင်လည်း ဇူလီ မပါဘဲ ရည်ဝေးလှသည့် ခရီးကြီးကို ပြန်ရဦးမည်။ ဇူလီနှင့် အတူ မြင်းစီးခဲ့ကြသည့် နေရာ၊ သူနှင့်အတူ နားနေခဲ့ကြသည့် နေရာတို့ကို မြင်နေရဦးတော့မည်။

ယခုမူ သူ့တွင် အမျိုးသမီးတွေ မပါ။ ဆင်တွေ မြင်းတွေ မပါ။ ဝန်တင်လှည်းတွေ မပါ။ စခန်းနောက်လိုက် အစေခံတွေလည်း မပါ။ လူ အနည်းငယ်ဖြင့် ခပ်မြန်မြန် ပြန်ရမည် ဖြစ်သည့် အတွက် လာလမ်းအတိုင်း မဟုတ်ဘဲ လမ်းတိုကိုလည်း ရွေးနိုင်ပြီ။ သည်လိုဆိုလျှင် ဇူလီနှင့် တွေ့ခဲ့၊ စကားပြောခဲ့၊ မြင်းစီးခဲ့ကြသည့် နေရာများကိုလည်း နောက်ထပ် တွေ့စရာ မလိုတော့ပြီ။

ပြန်ချင်လွန်းသဖြင့် အက်ရှ် ရှပိုးထိုးနေလိုက်ပုံမှာ ဆိုဖွယ် မရှိတော့။ အားလုံး အဆင်သင့် ဖြစ်လျှင် ယခုညပင် ထွက်လိုက်ချင်သေးသည်။ သို့ရာတွင် သည်လောက် မြန်၍မူ မဖြစ်သေး။ ထို့ကြောင့် မနက်ဖြန် ညနေတွင် ထွက်ချင်ကြောင်းဖြင့် မူးလ်ရတ်ကို ပြောသည်။

'မနက်ဖြန် ဘယ့်နှယ့်လုပ် ထွက်လို့ ရဦးမှာလဲ သခင်လေးရ'

'ဘာဖြစ်လို့ ထွက်လို့ မရရမှာလဲဗျ၊ ပြင်ဆင်စရာ ရှိတာကို ပြင်ဆင်ရမယ် ဆိုတာက ဟုတ်ပါတယ်၊ တကယ်ပြင်ရင် ဘယ်လောက်များ ကြာမှာ မှတ်လို့၊ ခုပဲ ပြီးသွားမှာပေါ့'

'ပြင်တာ ဆင်တာက လွယ်ပါတယ်၊ ဒါပေမဲ့ မနက်ဖြန် လက်ထပ်မင်္ဂလာပွဲ နောက်ဆုံးနေ့ ခင်ဗျ၊ မနက်ဖြန် ညဦးပိုင်း ရောက်ရင် သတို့သမီးတွေဟာ သတို့သား အိမ်ကို လိုက်သွားကြရတော့မယ်'

ထိုအချက်ကို အက်ရှ် မမေ့။ မနက်ဖြန်တွင် သူ သွားလိုခြင်းမှာ ထိုရှုခင်းကို မမြင်ချင် မကြည့်ချင်သောကြောင့် ဖြစ်သည်။ သို့ရာတွင် ထိုအကြောင်းကို ပြော၍ မဖြစ်။

ယခုလို မင်္ဂလာပွဲ မပြီးခင် ပြန်သွားခြင်းသည် ဘီသော ပြည်နယ် စော်ဘွားကို လည်းကောင်း၊ ပြည်နယ်သူ ပြည်နယ်သားများကို လည်းကောင်း စော်ကားရာ ရောက်ကြောင်း၊ နောက်ဆုံးနေ့ ပျော်ပွဲ ရွှင်ပွဲတွေ ခြိမ့်ခြိမ့်သဲလျက် ကျင်းပနေကြစဉ် ယခုလို ထွက်သွားမည် ဆိုလျှင် လူမြင်၍ မတင့်တယ်ကြောင်း၊ ယခုအချိန်တွင် နန်ဒူး ကွယ်လွန်ခဲ့သည်မှာ သီတင်း နှစ်ပတ် ရှိခဲ့ပြီ ဖြစ်သည့်အလျောက် တစ်ရက် နှစ်ရက် နောက်ကျ၍လည်း အကြောင်း ထူးတော့မည် မဟုတ်ကြောင်းဖြင့် မူးလ်ရတ်က ပြောပြ၏။

'အေးအေးဆေးဆေး ဆိုတော့ ပြင်ချိန် ဆင်ချိန်လည်း ရတာပေါ့ ဆပ်သခင်လေးရာ၊ ကျွန်တော်တို့မှာလည်း ပြင်စရာ ဆင်စရာတွေက အများသား မဟုတ်လား'

ဤအချက်ကို အက်ရှ် မငြင်းလို။ ထို့ကြောင့် နိုင်ငံရေး ဝန်ထောက်ထံမှလာသော စာကို ယခု ချက်ချင်း မပြသေးဘဲ ထားရန်၊ မင်္ဂလာ အခမ်းအနား ပျော်ပွဲရွှင်ပွဲများ ပြီးသည့် အချိန်တွင်မှ ပြသရန် နှစ်ယောက်သဘော တူလိုက်ကြသည်။

ထိုနေ့ညက ထမင်းစားပွဲမှာ ကာကာဂျီက ကျင်းပသည့် ထမင်းစားပွဲ ဖြစ်သည်။ ကာကာဂျီက ထမင်းစားပွဲသို့ မပျက်မကွက် တက်ရောက်ပါရန် ဖိတ်ကြား



www.burmeseclassic.com

www.burmeseclassic.com



သည့် အတွက် အက်ရ်ကလည်း သူ့ဖိတ်ကြားချက်ကို လက်ခံလိုက်၏။ သို့ရာတွင် ညစာ စားကာနီးတွင်မူ အက်ရ်သည် ရုတ်တရက် ခေါင်းကိုက်လာသဖြင့် မတက်ရောက်နိုင်သည့် အတွက် ဝမ်းနည်းပါကြောင်း အကြောင်းကြားလိုက်သည်။

မူးလ်ရတ် ထွက်သွားသည့် အခါတွင် အက်ရ်သည် သူ့အခန်းထဲသို့ ပြန်ဝင်လာခဲ့ကာ စခန်းကြီး တစ်ခုလုံးနှင့် ပတ်သက်သည့် စာရင်းအင်းများ၊ မှတ်တမ်းများကို အယူခိုင်းလိုက်ပြီးနောက် လူစာရင်း၊ ဝန်တင်တိရစ္ဆာန် စာရင်း၊ လှည်းယဉ် စာရင်း စသည်တို့ကို ကြည့်ရှုကာ မည်မျှ ယူလာခဲ့ပြီး နောက်တွင် မည်မျှ ချန်ပစ်ခဲ့ရန် စသည်တို့ကို စဉ်းစားလျက် ရှိသည်။

ထိုကိစ္စများ အားလုံးကို မူးလ်ရတ်နှင့် တကွ စခန်းက လူကြီးများနှင့်ပါ တိုင်ပင် ဆွေးနွေးရမည် ဖြစ်၏။ သို့ရာတွင် မိမိက အဆင်သင့် ရေးဆွဲပြီး စီမံကိန်းကို တင်ပြလိုက်နိုင်သည် ဆိုလျှင် အချိန် မကုန်တော့ဘဲ မင်္ဂလာကိစ္စ ပြီးသည်နှင့် မိမိတို့ ထွက်နိုင်မည်။

ကာကာဂျီ၏ ထမင်းစားပွဲမှ ပြန်လာကြသည့် အချိန်တွင် အက်ရ် အခန်းမှ မီးအိမ်မှာ လင်းလျက်၊ မနက် ကြက်ဦး တွန်တော့မှပင် အက်ရ် မှန်အိမ်ကို ငြိမ်းကာ အိပ်ရာသို့ ဝင်ခဲ့သည်။

မင်္ဂလာ အခမ်းအနား နောက်ဆုံးနေ့ ဖြစ်သည့် တတိယနေ့တွင်လည်း ပျော်ပွဲ ရွှင်ပွဲများ တခြိမ့်ခြိမ့် ရှိနေသေးသည်။ သို့ရာတွင် ထိုနေ့တွင်မူ အက်ရ်သည် တောပစ်လည်း မထွက်တော့။ မြင်းစီးလည်း မထွက်တော့။

ညနေ မိုးချုပ်တွင် ကာကာဂျီထံမှ စာတစ်စောင် ရောက်လာကာ ပုလဲ နန်းဆောင်သို့ လာရန် အခေါ်လွှတ်လိုက်သည်။ အက်ရ်သည် ယူနီဖောင်း အပြည့်အစုံကို ဝတ်ပြီးနောက် မင်္ဂလာ အခမ်းအနား၏ နောက်ဆုံး အစီအစဉ်ကို ကြည့်သည်။

သတို့သမီးများနှင့် သတို့သားတို့ ထွက်ခွာသည့် အခမ်းအနားက ကြီးကျယ်ပါဘိ။ သူ့သမီးများ၏ ဤမျှ ခမ်းနားသော လက်ထပ် အခမ်းအနားကို မြင်လျှင် ကာရီကုတ် မဟာရာဇာသည် မည်မျှ ဂုဏ်ယူလေမည် မသိ။

ကကြိုးတန်ဆာတို့ ပြည့်စုံစွာ ဆင်ထားသည့် ကာရီကုတ် ပြည်နယ် မဟာရာဇာ၏ ဆင်ကြီးများသည် ပုလဲ နန်းဆောင် မုခ်ဦးရှိ မီးတုတ် မီးစည်းကြီးများ၏ အရောင်ထဲတွင် ခံ့ညားစွာ ရပ်လျက်။ စီတန်း လှည့်လည်ပွဲ မစသေးသဖြင့် ခြေထောက်တွေ တလှုပ်လှုပ်။ နားရွက်ကြီးတွေက တခပ်ခပ်။ ဦးကင်း၊ နှာမောင်း၊ နားရွက်နှင့် ခြေထောက်တို့တွင် ဆေးရောင်စုံဖြင့် ပန်းပြောက် ပန်းခက်တို့ ရေးခြယ်ထားလျက်။ အစွယ်ကြီးများကိုမူ ရွှေကွပ်ထားသည်။ ဆင်ကျောကုန်းတွင် ခင်းထားသည့် ကတ္တီပါစကြီးများမှာ မြေကြီး အထိ လျှောကျနေကြ၏။ ဆင်အပေါ်တွင် ထုထားသည့် ရွှေပြောက် ရွှေမွှန်းနှင့် ငွေလက်ကိုင်ရိုးကြီးများသည် မီးတုတ်များနှင့် ဆီမီးများ၏ အရောင်များထဲတွင် တလက်လက် တောက်နေကြ၏။

ကာကာဂျီထံမှ စာရပြီးနောက် တစ်နာရီခန့် ကြာသည် အထိ သတို့သမီးနှင့် သတို့သားတို့ ထွက်ခွာခြင်း မပြုကြသေး။ နောက် နှစ်နာရီလောက် ကြာသည့် အခါတွင်လည်း တုတ်တုတ်မျှ မလှုပ်။ အစေခံများက စောင့်ကြည့်နေကြသည့် ပရိသတ်များအား ကွမ်းယာများ၊ ဆေးလိပ်များ ကမ်းလှမ်းသည်။ ထို့နောက် မုန့်ဝေသည်။ ပရိသတ်များမှာ မုန့်ဝါးသူ ဝါး၊ သမ်းသူ သမ်း၊ စကားပြောသူ ပြောလျက် ရှိကြ၏။

နောက်ဆုံးတွင် ကျောက်ဖြူသား လှေကားထစ်ပေါ်တွင် သတို့သား၏ မိတ် လူပျိုရံများကို မြင်ရလေပြီ။ ဆင်ကြီးများက သူတို့ကိုယ်ပေါ်သို့ အရှင်သခင်များ တက်နိုင်ရန် ဝပ်၍ ပေးကြ၏။ တောက်ပစွာ ဝတ်စားထားကြသည့် မြင်းစီး သူရဲ အချို့တို့သည် ရှေ့ဆုံးမှ ခွာသံ တဖြောင်းဖြောင်း ပေး၍ ထွက်သွားကြသည်။ ကျောက်သံ ပတ္တမြားများကို ညွှတ်နေအောင် ဝတ်ကာ ပေါ်နန်း အမှုထမ်းများ၊ အစေတော်များ လိုက်ပါ ခြံရံလာသည့် ဘိသော စော်ဘွားသည် မုခ်ဦးမှ ပေါ်ထွက်လာသည်။ ထို့နောက်မှ အမျိုးသမီး တစ်သိုက်လည်း လိုက်ပါလာကြ၏။ ယင်းတို့မှာ ဘိသော ပြည်နယ် စော်ဘွား၏ ကြင်ရာတော်များနှင့် သူတို့၏ အခြွေအရံများ ဖြစ်ကြသည်။

ယနေ့ည ရှုရီလာ ဝတ်သည့် ဆာရီမှာ ရဲရဲနီနေသော ပိုးဇာဆာရီ။ ရွှေခြည် ရွှေပြောက်တို့ ထိုးထားလျက်။ ဆာရီကို မျက်နှာ ဖုံးလုနီးပါး ခြုံထားသည့်တိုင် သူ ဝတ်ဆင်ထားသည့် ကျောက်မျက်ရတနာများသည် ပိုးဇာဆာရီ အောက်မှနေ၍ မီးစုန်းတောက်သလို ပြိုး ပြက် တောက်ပနေကြသည်။

သူ့တစ်ကိုယ်လုံးတွင် ကျောက်သံ ပတ္တမြားတွေ အပြည့် ဆင်ထားသည့် အတွက် ရှုရီလာသည် အဖော်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် ကိုင်တွဲထားသည့်တိုင် သူ လမ်းလျှောက်ပုံက ယိုင်တီးယိုင်တိုင်။ ခြေတစ်လှမ်း လှမ်းလိုက်တိုင်း နဖူးတွင် စည်းထားသည့် သင်းကျစ်သည် တုန်ခါသွားသည်။ သင်းကျစ် အလယ်တွင် ဆင်ထားသည့် ပတ္တမြားကြီးသည် ပိုးဇာရုံအောက်တွင် သွေးစက်ကြီး တစ်စက် ပက်ထားသည့်နှယ် ရဲနီနေသည်။

သူ့နောက် နှစ်လှမ်း အကွာလောက်တွင်မူ ဖူလီ။ အရပ်မြင့်မြင့်၊ ကိုယ်လုံးသွယ်သွယ်။ တစ်ကိုယ်လုံး စိမ်းမြလျက်။ သူ့ ဆာရီတွင် ငွေကွပ်ထားသည့် ပုလဲလုံးကလေးတွေ သီထားသည်။ သို့ရာတွင် ရှုရီလာ၏ တောက်ပ ပြိုးပြက်သော အဆောင်အယောင်များ ကြားတွင် ဖူလီ၏ အဝတ်အစားများသည် မှိန်နေသည်။

သူ့နဖူးပေါ်တွင် မြကျောက်ကြီး တစ်လုံး ဆင်လျက်။ ဆံပင် ခွဲကြောင်းကို ဆိုးထားသည့် ဆေးနီစက်ကို မြစိမ်းရောင် ပိုးဆာရီ အောက်မှ မြင်ရသည်။ ဆံပင်ကို ပုလဲများ စီထားပြီး နောက်တွင် ကျစ်ဆံမြီး ထိုး၍ ချထားလေရာ ကျစ်ဆံမြီးသည် ဒူးဆစ်ပေါ်တွင် ဝဲနေသည်။

သူ့အနီးမှ ဖြတ်လျှောက်သွားသည့် အခါတွင် သူ့ကိုယ်သင်းနံ့ ဖြစ်သော နှင်းဆီပွင့်ခြောက်နံ့ ပြေပြေသင်းသင်းကို အက်ရှ် ရှူရှိုက်လိုက်မိ၏။ ထိုရနံ့ကို အက်ရှ် ဘယ်တော့မှ မေ့နိုင်တော့မည် မထင်။

သူတို့ကို လာကြည့်နေကြသည့် ပရိသတ်များထဲတွင် အက်ရှ် တစ်ယောက်လည်း ပါမည်ကို ဖူလီ သိရမည်။ သို့ရာတွင် ဖူလီသည် ဘယ်ကိုမျှ မကြည့်၊ ခေါင်းကို ငုံ့ထားလျက်။

စော်ဘွားကြီးက ကြက်သွေးရောင် ဦးဖောင်းထုပ်ပေါင်း အစေတော် နှစ်ဦး ထောင်ပေးသည့် ငွေလှေကားဖြင့် ရှေ့ဆုံးမှ ဆင်ကြီးပေါ်သို့ တက်ပြီး နေရာယူသည်။

ထို့နောက် ရှုရီလာကို အောက်မှ အစေတော် အမျိုးသမီးများက တွန်းတွန်းထိုးထိုး ပွေ့ပွေ့ငင်ငင်ဖြင့် ဆင်ပေါ်သို့ တင်ကြပြန်သည်။ ရှုရီလာသည် စော်ဘွားဘေးတွင် နေရာယူ၏။

ထို့နောက် အန်ဖူလီ။ သေးသွယ် ဖြောင့်စင်းလျက်။ ရာဇကုမ္မာရီ တစ်ပါးလို တင့်တယ်လျက်။ အစိမ်းရောင်နှင့် ငွေရောင်တို့ ပြိုးပြက်လျက်။ ကျစ်ဆံမြီး ထိုးထားသည့် ဆံပင်က ဝဲပျံလျက်။ သေးငယ်သည့် ခြေထောက်အစုံက ကနုတ်ပန်းနွယ် ဖော်ထားသည့် ဆင်စွယ် တစ်ချောင်းနှယ်။

ဆင်ဦးစီးက ဆင်ကို အမိန့်ပေးလိုက်သည်။ ဆင်ကြီးက ဝပ်နေရာမှ ထကာ တအိအိ ထွက်လာခဲ့သည်။ ရွှေပိန်းချ ကပေါ်တွင် ထိုင်လိုက်လာရင်း အန်ဖူလီသည် အောက်သို့ ငုံ့ကြည့်လိုက်မိသည်။ သူ့မျက်ဝန်းများက ဆေးခြယ်ထားသည့် အတွက် ညိုပြေပြေ အရောင်သန်းလျက်။ ဆာရီ အစွန်း အောက်မှ သူ့မျက်လုံးကြီးများသည် ရွှဲကြီးများလို ပြူးကျယ်နေကြသည်။ သူ့မျက်လုံးများသည် လူပင်လယ်ကြီးထဲမှ မျက်နှာများကို မကြည့်။ အက်ရှ်၏ စူးစိုက်ကြည့်နေသည့် အကြည့်တွင် သူ့မျက်လုံးများကို ဆွဲငင် ယူလိုက်သည့်နှယ်။ ဖူလီသည် လူတွေ အားလုံးကို ကျော်ကာ အက်ရှ်နှင့် မျက်လုံးချင်း သွား၍ ဆုံမိကြသည်။

သူတို့ နှစ်ယောက်သည် အချိန် အတန်ကြာမျှ တစ်ယောက်ကို တစ်ယောက် စူးစိုက် ကြည့်နေကြသည်။ ထိုအကြည့်တွင် ချစ်ခြင်းနှင့် တမ်းတ လွမ်းမောခြင်းတို့ အပြည့်။ သို့ရာတွင် သောကဖြစ်ခြင်း မပါ။ ပါးစပ်ဖြင့် ထုတ်ပြောစရာ မလိုသော အကြောင်းအရာများကို မျက်လုံးများဖြင့် ပြောနေကြသည်။

'အစ်ကိုကို ဖူလီ ချစ်ပါတယ် အစ်ကိုရယ်၊ အစ်ကိုကို အမြဲ ချစ်နေမှာပါ၊ ဖူလီကို မမေ့နှင့်နော်' ဟု သူ တစ်ခါက ပြောခဲ့ဖူးသည်။ လရောင် ရွှန်းမြသည့် တစ်ညတုန်းက ထိုစကားကို ပြောခဲ့စဉ် ဖူလီသည် သူ့မျက်လုံးများကို ရွှန်းရွှန်းစားစားကြီး စိုက်ကြည့်လျက် ရှိ၏။

ထိုစဉ် အစေတော်များနှင့် မီးတုတ်ကိုင်များ အနီးသို့ ရောက်လာကြသည်။ ဗုံတီးသံများ ပေါ်လာကြပြန်ကာ ဆင်ကြီး တအိအိ သွားသည်နှင့် အတူ ဆင်ကမှာလည်း ယိမ်းလှုပ်လျက် ရှိ၏။ သို့ဖြင့် ဆင်ကြီးသည် သစ်ရိပ်တို့ ဝေလျက်ရှိသည့် လမ်းအတိုင်း ဘိသော စော်ဘွား၊ ရှုရီလာနှင့် အန်ဖူလီတို့ကို တင်ဆောင်ကာ ရွှေရေး ဟော်နန်းနှင့် ဘိသော မြို့ဘက်သို့ တအိအိ သွားလျက် ရှိလေသည်။

ထို့နောက် ရှုခင်းကိုမူ အက်ရှ် ကောင်းကောင်း အမှတ် မရတော့။ သတို့သားဘက်မှ လိုက်ပါလာသည့် လူကြီးများကို တင်ဆောင်လာသည့် ဆင်ကြီးများ သူ့အနီးမှ ဖြတ်သန်း သွားကြသည်ကို သတိရလိုက်သည်။ ထို့နောက် ကာကာဂျီ၊ ဂျိုတီ၊ မာလဒီယိုရိုင်း စသည်တို့ကို ဆင်ကများပေါ်သို့ တင်ပေးနေကြပုံ၊ မူးလ်ရတ်နှင့် ကာရိကုတ်မှ လိုက်ပါလာကြသော အခြားသူများ

www.burmeseclassic.com



ဆင်တစ်စီးပေါ်သို့ တက်သွားကြပုံ၊ ထို့နောက် ဆိုင်းသံ ဗုံသံတို့ကို ကြားရပုံ၊ အဝတ်အစား တောက်တောက်ပပ တို့ကို ဝတ်ဆင်ထားသည့် ယောကျ်ား မိန်းမများ တန်းစီ သွားကြပုံ၊ သူတို့နောက်မှ မီးတုတ် မီးစည်း ကိုင်ဆောင် ထားသူများ လိုက်ပါလာကြပုံ။

လူတန်းက အရှည်ကြီး။ တပ်ဦးက ရွှေရေးပော် ရုံထဲသို့ ဝင်နေပြီ ဖြစ်သည့်တိုင် မြို့ပြင် ပန်းခုံထဲရှိ မုခ်ဦး အောက်တွင် တပ်ဖျားက မထွက်ရသေး။ အက်ရှ်သည် ပွဲကြည့် ပရိသတ်များနှင့် အတူ မည်မျှကြာအောင် ငေး ကြည့်နေခဲ့သည် မသိ။ မိမိ၏ တည်းခိုဂေဟာသို့ ပြန် လာသည့်အခါတွင် သန်းခေါင် ကျော်နေလေပြီ။

သူ့အိပ်ခန်း အပြင်ဘက် ဝရန်တာတွင် ပန်ကာ ဆွဲသည့် ကုလီသည် တိုင်ကို မှီရင်း ထိုင်လျက် အိပ်ပျော် နေသည်။ ညစောင့်မှာလည်း ဆင်ဝင်အောက် မှောင်ရိပ် ထဲက ကြိုးခုတင်ပေါ်တွင် အိပ်မော ကျနေလေပြီ။

အက်ရှ်သည် သူတို့ကို မနှိုးတော့။ သူတို့အနား မှ အသာအယာ လှည့်ထွက်လာခဲ့ကာ ဘေးအမိုးသို့ တက်သည့် ကျောက်အုတ် ကြောင်လိမ် လှေကားကလေး အတိုင်း အမိုးပေါ်သို့ တက်လာခဲ့ကာ ကန်ကြီးနှင့် မြို့ ကို လှမ်းကြည့်နေသည်။

လွန်ခဲ့သည့် ရက်များ အတွင်းက ဇူလီကို မစဉ်း စားမိအောင် သူ့ခေါင်းထဲမှ အတင်း မောင်းထုတ်ခဲ့ သည်။ လုံးဝ မောင်းထုတ်နိုင်ခြင်း မရှိခဲ့သည့်တိုင် အတော်အတန်မှု အောင်မြင်ခဲ့သည်။

သို့ရာတွင် ဇူလီကို စိတ်ထဲမှ မောင်းထုတ်ရသည့် အလုပ်သည် ခက်ခဲ ပင်ပန်းလှဘိခြင်း။ စစ်ပွဲ တစ်ပွဲကို တိုက်ရသည့်နှယ်။ သည်တိုက်ပွဲကို ဘယ်မျှ ကြာကြာ တိုက်နေရဦးမည် မသိ။ အချိန်နှင့် ဇရာက သူ့ကို ကယ် မှသာလျှင် ထိုတိုက်ပွဲကို သူ နိုင်တော့မည် ထင်သည်။

လူ့ဘဝတွင် အတိတ်က ပဲ့တင်သံတွေချည်း နားထောင်ကာ ရေးဖြစ်ဟောင်းတွေကိုချည်း တွေး၍ အသက်ရှင်နေ၍ မဖြစ်သေး။ ဘဝ ဆိုသည်မှာ အသက် ရှင် လှုပ်ရှားနေရမည်။ ယခု သူ့ဘဝမှာမူ ဇူလီနှင့် ခွဲဝေ ခံစား၍ မရနိုင်တော့။ ထိုအချက်ကို နှစ်ယောက်စလုံး အသိအမှတ် ပြုရလိမ့်မည်။ မပြု၍ မဖြစ်။ သို့ရာတွင် ယနေ့ညတွင်မူ ဇူလီ့ အကြောင်းကို တွေးလိုက်ချင်သေး သည်။

ပန်းခုံထဲတွင် တဖြည်းဖြည်း တိတ်ဆိတ်သွား လေပြီ။ မြို့ထဲသို့ လိုက်မသွားသည့် ပရိသတ်မှာ တွေ့ ရာ မဏ္ဍပ်၊ သစ်ပင်ရိပ် စသည်တို့တွင် မောမောဖြင့် အိပ်ပျော်ကုန်ကြလေပြီ။

သို့ရာတွင် ဘိသော မြို့ထဲသို့ ဝင်သည့် လမ်း တစ်လျှောက်တွင် မီးတုတ် မီးစည်းတို့ ထိန်ထိန်ဝေလျက်။ မြို့ထဲတွင် မီးရောင်တွေ တထိန်ထိန်။ ဆိုင်းသံ ဗုံသံတွေ တငြိမ့်ငြိမ့်။ တိုက်တာ အဆောက်အအုံများ၊ အမိုးများ၊ ဟော်နန်းမှ စုလစ်မွမ်းချွန်များပေါ်တွင် မီးပွင့်တို့ တန် ဆာဆင်လျက် ညကောင်းကင် နောက်ခံတွင် ထင်းထင်း ကြီး ပေါ်နေကြသည်။

သည်အချိန်ဆိုလျှင် ဟော်နန်းတွင် ဆင်ကြီးများ တစ်စီးပြီး တစ်စီး ဆိုက်ကာ ဝပ်ပေးကြလိမ့်မည်။ ထို အခါတွင် သတို့သမီးများသည် ဆင်များပေါ်မှ ဆင်းပြီး ကြရော့မည်။ ယခုလောက်ဆိုလျှင် ဇူလီသည် မိန်းမ ဆောင်တွင် ရောက်နေတော့မည်။ အစေအပါးများသည် သူ့ကိုယ်မှ လက်ဝတ်ရတနာကို ချွတ်ပေးနေကြတော့ မည်။ မင်္ဂလာ သတို့သမီး၏ အဝတ်အစားများ၊ အဆောင် အယောင်တို့ကို ချွတ်ပေးနေကြတော့မည်။ ထို့နောက် တွင်မူ…။

အက်ရှ်၏ အတွေးများသည် အလိုလို ရပ်သွား ကြ၏။ သို့ရာတွင် ယနေ့ညတွင် ဘိသော စော်ဘွား၏ စက်ရာတွင် ယှဉ်တွဲ အိပ်ရမည့်သူမှာ ဇူလီ မဟုတ်။ ရှုရီလာသာ ဖြစ်လိမ့်မည်။ သည်အချက်ကို အက်ရှ် သိ သည်။ ဘိသော စော်ဘွားသည် ဇူလီကို ဘယ်တုန်းကမျှ လိုချင် မက်မောခြင်း မရှိခဲ့။ နောင်တွင်လည်း ရှိမည် မထင်။

ဇူလီသည် အပျိုစင် ဘဝဖြင့် အေးချမ်းစွာ နေ ထိုင်ကာ ရှုရီလာကို စောင့်ရှောက်ရင်း သူ့ သားသမီး များကို ထိန်းကျောင်းရင်း အချိန် ကုန်ရလိမ့်မည်။ သည် လိုဆိုလျှင် အက်ရှ် ဝမ်းသာသည်။ သို့ရာတွင် ငယ်ရွယ် လှပ၍ အချစ် အတွက် မွေးဖွားလာသော ဇူလီ အတွက်မူ ထိုဘဝသည် ပျော်ကောင်းပျော်ဖွယ် မဖြစ်။

ဇူလီလို မိန်းကလေး တစ်ယောက်အား မိခင် ဖြစ်ခွင့် မပေးဘဲ မိန်းမဆောင်တွင် ပိတ်လှောင်ထားခြင်း သည် မိုးစွေငှက်ကလေး တစ်ကောင်ကို လှောင်အိမ်ထဲ တွင် ထည့်ထားသလို ရက်စက်ရာ ရောက်သည်။

ရှုရီလာသည် ထိုအချက်ကို မြင်လျှင် သူ့အချစ် ဖြင့် ဇူလီကို အကြွေး ပြန်ဆပ်တန် ကောင်းပါ၏။ အက်ရှ်သည် ထိုသို့သာ ဆုတောင်းရတော့သည်။ [illegible] တိုင်အောင် ယုံကြည်မှု မရှိသေး။



www.burmeseclassic.com

www.burmeseclassic.com



ရှုရီလာသည် သူ့အဖေတူ အမေကွဲ အစ်မ အပေါ်တွင် မှီခို အားထားခဲ့သည်မှာ ကြာမြင့်ခဲ့ပြီ ဖြစ်ရာ ယခု အချိန်လောက် ဆိုလျှင် ဖူလီက သူ့ကို ဂရုစိုက် စောင့်ရှောက်သည်ကိုလည်း အထူးတလည် ကျေးဇူး တင်တော့မည် မဟုတ်။ လုပ်ရိုးလုပ်စဉ် တစ်ခုဟု ယူဆကာ ခပ်ပေါ့ပေါ့ နေတော့မည်ဟု သူ ထင်သည်။ ရေဝတ်သူ ထမင်းဝတ်သူသာလျှင် ထမင်း တစ်လုတ်နှင့် ရေတစ်မှုတ်၏ တန်ဖိုးကို သိကာ ကျေးဇူး တင်တတ် ပေလိမ့်မည်။

ဖူလီသည် ထမင်း တစ်လုတ် ဖြစ်၍ ရေတစ်မှုတ် ဖြစ်၏။ သို့ရာတွင် သူ့အနီးတွင် အလွန် အရသာရှိသည့် ခဲဖွယ် ဘောဇဉ်တွေ၊ ချိုမြိန်သည့် သစ်သီးတွေ၊ ဝိုင် အရက်ချိုတွေ လိုတိုင်း ရနေသည့် အတွက် ရှုရီလာသည် ထို ထမင်း တစ်လုတ်နှင့် ထို ရေတစ်မှုတ်၏ တန်ဖိုးကို သိကောင်းမှ သိပေလိမ့်မည်။ ထိုအရာများကို စောင်းငဲ့ ကြည့်ဖော်ပင် ရချင်မှ ရလိမ့်မည်။

ရှုရီလာသည် ဘယ်တော့မှ စိတ်ချရသူ မဟုတ်။ စိတ်ရင်း ကောင်းချင် ကောင်းမည်။ စေတနာ ကောင်းချင် ကောင်းမည်။ သို့ရာတွင် သူ့စိတ်က တည်ကြည်ခြင်း မရှိ။ စိတ်နောက်ကိုယ်ပါ လုပ်တတ်သည်။ ယနေ့ စိတ်ကောင်း ဝင်နေသည့်တိုင် နောက်တစ်ခဏတွင် ဘာဖြစ်မည်ကို မည်သူမျှ မပြောနိုင်။ ရှုရီလာသည် ယခုမှ ကလေးသာသာ။ ကလေးတို့ ထုံးစံအတိုင်း အမြှောက်လည်း ကြိုက်လိုက်သည်မှာ ဆိုစရာ မရှိတော့။

ယခု ဘိသော စော်ဘွား၏ ဟော်နန်းတွင် သူ့ကို မြှောက်ပင့်၍ သူ့အကြိုက်ကို ဆောင်ကာ မျက်နှာချိုသွေးမည့် လူတွေ ဘယ်နှယောက်များ ရှိလေမည် မသိ။

ဖူလီကို အားမကိုးရအောင်၊ ဖူလီကို မှီခိုခြင်း မပြုရအောင် ဖူလီနှင့် လှည့်တိုက်ပေးမည့်သူတွေ ဘယ်နှယောက်များ ရှိလေမည် မသိ။

'အင်း ဖူလီလည်း ဘာဖြစ်မယ် ဆိုတာ မပြောနိုင်ဘူး၊ အစ်ကိုလည်း ဘယ်လို ဖြစ်မယ် ဆိုတာ မပြောနိုင်ဘူး'

အက်ရှ်သည် စိတ်ထဲမှ ဆိုမိသည်။

အနာဂတ်သည် သူ့အဖို့ ဟင်းလင်းပြင်ကြီးလို အေးစက် မည်းမှောင်လျက်။ အထီးကျန် ဖြစ်လျက်။ ထာဝရ ကာလကြီးလို အဆုံး မရှိ။ ဖူလီ မရှိသည့်နောက်တွင် အသက် ရှင်နေ၍ကော ဘာများ အဓိပ္ပာယ် ရှိသေးသနည်း။

အက်ရှ်သည် ထိုသို့ တွေးမိကာ လောကကြီးကို ရော၊ သူ့ကိုယ်သူရော စိတ်နာသလို ဖြစ်လာ၏။ ထိုသည်နှင့် အတူ သူ့ခေါင်းထဲတွင် လူမဆန်သော အတွေးများသည် တစ်ခုပြီး တစ်ခု ပေါ်ပေါက် လာကြသည်။

အက်ရှ်သည် အောက်မှ အင်္ဂတေ ခင်းထားသည့် ရင်ပြင်ကြီးကို ငုံ့ကြည့်လိုက်၏။ သည်အရာတွေ အားလုံးကို အဆုံးသတ် ပစ်လိုက်ရလျှင် ကောင်းလေမည်လောဟု ပထမဆုံး အကြိမ် တွေးမိသည်။

အက်ရှ်သည် သတိကို ချက်ချင်း ပြန်ထိန်းလိုက်၏။ ဤသို့သာ ကိုယ့်ကိုယ်ကိုယ် အဆုံး စီရင်သွားလျှင် မိမိသည် ကျောရိုးမဲ့သူ၊ သူရဲဘောကြောင်သူ၊ ကိုယ့်ဒုက္ခကိုမှ ဒုက္ခထင်သူ။ ဖူလီသာ သိလျှင် သူ့ကို မည်မျှ အထင်သေးမည် မသိ။ အထင်သေးမည် ဆိုလျှင် သေးထိုက်သည်သာ။

စင်စစ် သူ့ဘဝသည် ဖူလီ၏ ဘဝနှင့် စာလျှင် ဘာမျှ အခက်အခဲ မရှိ။ သူ့ဘဝသည် ဖူလီလို ဘိသော ပြည်နယ်က ဟော်နန်းထဲတွင် တစ်သက်လုံး မြုပ်နှံရသည် မဟုတ်။ သူ့ဘဝတွင် ဖြည့်စရာ အများကြီး။ အနောက်မြောက် နယ်စပ် ဆိုသည်မှာ ငြိမ်ငြိမ်သက်သက် ဟူ၍ မရှိလှ။ နယ်ခြားစောင့်တပ်သည် စစ်ပွဲများကိုချည်း တိုက်နေရသည့် တပ်။ အနောက်မြောက် နယ်စပ် တောင်တန်းများပေါ်တွင် တိုက်ပွဲတွေ တိုက်ရဦးမည်။ စစ်မြင်းတွေ စီးရဦးမည်။ မရောက်ဖူးသည့် နယ်စိမ်း ပယ်စိမ်းတွေ နယ်ရိုင်း ပယ်ရိုင်းတွေကို ရောက်ရဦးမည်။ တောင်တွေကို တက်ရဦးမည်။ ထို့နောက် မိတ်ဆွေတွေနှင့် စကား ပြောရဦးမည်။ ဇာရင်တို့၊ ဝေါ်လီတို့၊ ကိုဒါဒတ်တို့၊ မာဒူးတို့၊ မူးလ်ရတ်တို့၊ ကာကာဂျီ တို့ တစ်တွေ ရှိသေးသည်။ သူတို့နှင့် သောက်ကြစားကြ၊ ရယ်ကြ မောကြ လုပ်နိုင်သေးသည်။

သို့ရာတွင် ဖူလီမှာမူ ထိုအရာတွေ ဘာမှ မရှိ။ သူ့တွင် ရှုရီလာ တစ်ယောက်တည်း။ ရှုရီလာက သူ့ကို စိတ်ကောက်လျှင်၊ သူ့ကို စွန့်ပစ်ထားလျှင်၊ နေထိုင်မကောင်း ဖြစ်လျှင် သို့မဟုတ် ကွယ်လွန်သွားခဲ့လျှင် ဖူလီတွင် ဘာမျှ မရှိတော့။ ဘာမျှ မကျန်တော့။

အက်ရှ် ပြန်ရောက်စတုန်းက မည်းမှောင်နေသည့် ကောင်းကင်တွင် ဖြူရောင်သန်းစ ပြုလာသည်။ မြို့ထဲတွင် မီးတွေ ငြိမ်းကုန်ကြပြီ။ ညသည် ကုန်ဆုံးသွားခဲ့ကာ မနက်ခင်းသည် ခြေတစ်လှမ်း အကွာတွင် ရောက်နေပြီ။ မကြာခင် ကြက်တို့တွန်ကာ နေ့သစ် တစ်နေ့ကို

www.burmeseclassic.com



ရောက်တော့မည်။ သည်လို အေးမြမြ မနက်ခင်းချိန် ကလေးတွင် တစ်ရေးတစ်မောလောက်တော့ အိပ်ထားရဦးမည်။ နေမြင့်လာသည် ဆိုလျှင် ပူလွန်းသဖြင့် အိပ်၍ရမည် မဟုတ်တော့။ မနက်ဖြန်တွင် အလုပ်တွေ တစ်ပုံကြီး ရှိသေးသည်။

အက်ရ်သည် နွမ်းနယ်စွာဖြင့် ကိုယ်ကို မတ်, လိုက်ကာ လက်နှစ်ဖက်ကို အိတ်ထဲသို့ စုံနှိုက်လိုက်သည်။ အိတ်ထဲတွင် မာမာဝိုင်းဝိုင်းကလေး တစ်ခုကို သွားစမ်းမိ၏။ ပုလဲနန်းဆောင် ဘေးတွင် ရပ်၍ ကြည့်နေစဉ်က ပရိသတ်ကို ကမ်းသွားခဲ့သည့် မုန့်ဝိုင်းကလေး တစ်ချပ်။ အားနာပါးနာဖြင့် လှမ်းယူလိုက်ပြီး နောင်ကျမှ လွှင့်ပစ်မည်ဟု စိတ်ကူးကာ အိတ်ထဲတွင် ထည့်ထားခဲ့ခြင်း ဖြစ်၏။

အက်ရ်သည် မုန့်ဝိုင်းကလေးကို ထုတ်ကြည့်လိုက်၏။ မုန့်ကလေးကို ကြည့်၍ အတိတ်ကို အမှတ်ရလိုက်သည်။ အက်ရ်၏ နှုတ်ခမ်းတွင် အပြုံးယဲ့ယဲ့ ပေါ်လာသည်။ အက်ရ်သည် မုန့်ဝိုင်းကလေးကို ခြေမွကာ ကျောက်ပြားပေါ်တွင် ကြဲပက်လိုက်၏။

ထို့နောက် မည်းမည်းရိပ်ရိပ် ပေါ်နေသည့် ဘိသော စော်ဘွား၏ ရွှေရေး ဟော်နန်းကို လှမ်းကြည့်ကာ တစ်ယောက်တည်း ပါးစပ်မှ ရွတ်နေသည်။

ဒူးရ်ခိုင်မာ ခေါ် ရွှေပြည်သာ တောင်တန်းကြီးဆီသို့ လှူဖွယ်ဝတ္ထုတွေ တင်လျှင် အက်ရ် ပါးစပ်မှ ဆုတောင်းစကားတွေ ထွက်နေကျ။ သို့ရာတွင် ယခုမူ ဆုတောင်း မဟုတ်။ သစ္စာ ဆိုဖြစ်သည်။

'စိတ်မပူပါနှင့် ဇူလီရယ်၊ ဇူလီ့ကို အစ်ကို မမေ့ပါဘူး၊ ဇူလီ့ကို အစ်ကို အမြဲ ချစ်နေမှာပါ၊ ထာဝရ ချစ်နေမှာပါ၊ ကဲ နေရစ်တော့ အချစ်ရေ၊ နေရစ်ခဲ့ပေတော့'

အက်ရ်သည် အမိုးပေါ်မှ အောက်သို့ ဆင်းလာခဲ့သည်။ တောင်ကုန်းများနောက်မှ လိမ္မော်ရောင် အရုဏ်ပြူလာသည့် အခါတွင်မူ အက်ရ် အိပ်ပျော်နေလေပြီ။

နောက်နှစ်ရက် ကြာသည့်အခါ၌ ကာရိကုတ် ပြည်နယ် မဟာရာဇာ ဖြစ်သည့် ကိုယ်တော်လေး ဂျိုတီသည် နောက်လိုက် နောက်ပါ ခုနစ်ဆယ်တို့နှင့် အတူ ခရီးထွက်လာခဲ့သည်။ နှစ်ဆယ့်လေးယောက်မှာ စစ်သားများ ဖြစ်၍ ဆယ့်နှစ်ယောက်တို့မှာ အရာရှိများ ဖြစ်ပြီး ကျန်လူများမှာ မြင်းထိန်းများနှင့် အစေခံများ ဖြစ်ကြ၏။

ကိုယ်တော်လေး ဂျိုတီနှင့် အဖွဲ့အား ဘိသော မဟာရာဇာ ကိုယ်တိုင် နယ်စပ်သို့ အရောက် လိုက်ပို့သည်။ ဘိသောမြို့မှ သူတို့တစ်သိုက် ထွက်လာခဲ့ပြီးနောက် တောင်ကြားကို ဖြတ်လာခဲ့သည့် အခါတွင် ခံတပ်မှ အမြောက်ကြီးများ ပစ်ဖောက်၍ အရိုအသေ ပေးသည်။

ကိုယ်တော်လေး ဂျိုတီ မပြန်မီတွင် နှုတ်ဆက်ပွဲ ကျင်းပ၏။ တစ်ပွဲမှာ ဒါဘာ ခန်းဆောင်ထဲတွင် ကျင်းပသည့် တရားဝင် နှုတ်ဆက်ပွဲ ဖြစ်သည်။ နောက် နှုတ်ဆက်ပွဲမှာ ကိုယ်တော်လေး ဂျိုတီနှင့် သူ့အစ်မတော်များ တွေ့ဆုံ နှုတ်ဆက်သည့်ပွဲ ဖြစ်ပြီး နောက်တစ်ပွဲမှာ အက်ရ်နှင့် ကာကာဂျီတို့၏ နှုတ်ဆက်ပွဲ ဖြစ်သည်။

တရားဝင် နှုတ်ဆက် ညှော်ခံပွဲမှာ မိန့်ခွန်းပြောခြင်း၊ ပန်းကုံးများ ဆက်ခြင်းတို့ဖြင့် အချိန်ကုန်သွားသည်။ ဂျိုတီမှာ စော်ဘွား တစ်ယောက်၏ အတွေ့အကြုံများကို စတင် တွေ့ကြုံ နေရလေပြီ။

ရှရီလာမှာမူ ကွယ်လွန်သွားသည့် အစ်ကိုတော် နန်ဒူး အတွက် အကြီးအကျယ် စိတ်ထိခိုက်လျက် ရှိ၏။ ထိုအထဲတွင် မောင်တော်လေး ဂျိုတီကလည်း ကာရိကုတ်သို့ ပြန်ရတော့မည်ဟု ဆိုသည့်အခါတွင် ရှရီလာသည် စိတ်မထိန်းနိုင်တော့ဘဲ ဆူပူ အော်ဟစ် ငိုယိုလျက် ရှိသဖြင့် ကိုယ်တော်လေး ဂျိုတီက တစ်ချက် နှစ်ချက် ရိုက်ရသေးသည်။ ရှရီလာသည် အရိုက်ခံလိုက်ရသည့် အခါတွင် ထိတ်လန့်တကြား ဖြစ်ကာ အငိုတိတ်သွား၏။ ထိုသို့ အငိုတိတ်နေစဉ် ဂျိုတီသည် ကိုယ့်စိတ်ကိုယ် ထိန်းဖို့ လိုကြောင်း ပြောဆိုကာ သူ မည်သို့မျှ ပြန်မပြောနိုင်သေးခင် လှည့်ထွက်လာခဲ့သည်။

အက်ရ်နှင့် ကာကာဂျီတို့ တွေ့ဆုံပွဲမှာ တိုးတိုးတိတ်တိတ်မျှသာ။ အစတုန်းက ကာကာဂျီသည် ကိုယ်တော်လေး ဂျိုတီကို သူကိုယ်တိုင် ကာရိကုတ် ပြည်နယ်သို့ လိုက်ပို့ရန် စီစဉ်ထားခဲ့သည်။ သို့ရာတွင် မုံးလ်ရတ်က ယခုအချိန်တွင် တူမတော်များမှာ အားငယ်နေကြမည် ဖြစ်သည့် အတွက် ကာကာဂျီ ကိုယ်တိုင် နေရစ်သင့်ကြောင်း အကြံပေးသဖြင့် စိတ်မပါ့တပါဖြင့် နေရစ်ခဲ့ရခြင်း ဖြစ်သည်။

ရှေ့ပြေးအဖွဲ့ ထွက်သွားသည့် အခါတွင် အက်ရ်သည် ကာကာဂျီထံသို့ ရောက်လာကာ



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့် အပေါ်မှာ ကာကာဂျီရဲ့ ကျေးဇူးတွေ အများကြီး ရှိပါတယ် ကာကာဂျီ၊ ကာကာဂျီရဲ့ နားလည်မှု မိတ်ဆွေ ပီသမှုတို့ အပြင် ကာကာဂျီရဲ့ သဘောထား ကြီးမှုတို့ အတွက် ကျွန်တော် ကျေးဇူး အများကြီး တင်ပါတယ်၊ တကယ်တော့ ကာကာဂျီ စကား တစ်ခွန်း ပြောလိုက်တာနှင့် ကျွန်တော်ဟာ ဘဝ ပျက်သွားနိုင်ပါတယ်၊ ကျွန်တော်တင် မကပါဘူးလေ၊ သူလည်း ဘဝ ပျက်သွားနိုင်ပါတယ်၊ ဒါပေမဲ့ ကာကာဂျီဟာ ဒါနှင့် ပတ်သက်လို့ တစ်ခွန်းမှ မပြောခဲ့ဘူး၊ ဒီအတွက် ကာကာဂျီရဲ့ ကျေးဇူးဟာ ဆပ်လို့ ကုန်နိုင်တော့မှာ မဟုတ်တော့ပါဘူး၊ ကာကာဂျီရဲ့ ကျေးဇူးကို ဆပ်နိုင်တဲ့ နည်းလမ်းများ ရှိရင် ကျွန်တော် ဆပ်ပါ့မယ်'

ကာကာဂျီက မလိုကြောင်း ပြောသည့် အနေဖြင့် လက်ဝှေ့ယမ်း ပြလိုက်သည်။

အက်ရှ်က ရယ်လိုက်ရင်း

'ခုတော့ ကျွန်တော်မှာ ဘယ်သူ့ကိုမှ ကူညီနိုင်တဲ့ အခြေအနေ မရှိသေးတော့ ကြွားသလို ဖြစ်နေမှာပေါ့လေ၊ ကျွန်တော်က ဘာမဟုတ်တဲ့ အညတရ စစ်ဗိုလ်လေးကိုး၊ ခု ဗိုလ်ကြီး ရာထူး တပ်လာတာတောင်မှ ဗြိတိသျှ အစိုးရရဲ့ ကိုယ်စားလှယ် အဖြစ် လာလို့ ဝှားတပ်လာရတာ မဟုတ်လား၊ ကျွန်တော့် တာဝန်ပြီးလို့ ဟိုကို ပြန်ရောက်သွားရင် ကျွန်တော်ဟာ သာမန် အရာရှိ ပေါက်စကလေးပဲ ပြန်ဖြစ်မှာ၊ ဘယ်သူ့အတွက်မှ အရေးမကြီးတဲ့ ကောင်လေး တစ်ယောက် ဆိုပါတော့ ကာကာဂျီ၊ ဒါပေမဲ့ ဘယ်ပုံပဲဖြစ်ဖြစ် တစ်နေ့မှာတော့ ကျွန်တော်ဟာ ကျွန်တော့် မိတ်ဆွေတွေကို ကူညီနိုင်ပြီး ကျေးဇူး ပြန်ဆပ်နိုင်တဲ့ အခြေအနေကို ရောက်လာလိမ့်ဦးမယ်လို့ ထင်ပါတယ်၊ အဲဒီ အချိန် ရောက်ရင်တော့...'

ကာကာဂျီက ဖြိုးလိုက်ကာ

'အဲဒီ အချိန် ရောက်ရင်တော့ ကျုပ် အရိုးပြာတွေလည်း ဂင်္ဂါမြစ်ထဲကို မျောပြီးလောက်ရောပေါ့၊ သခင်လေး အပေါ်မှာ ကျုပ် ကျေးဇူး ဘာမှ မရှိပါဘူး၊ သခင်လေးဟာ ကျုပ်လို အဘိုးကြီး တစ်ယောက် အပေါ်မှာ ယဉ်ကျေးတယ်၊ စာနာတယ်၊ ဒီတော့ ကျုပ်ကလည်း သခင်လေးလို လူတစ်ယောက်နှင့် နေရတာကို ပျော်တယ်၊ တကယ်တော့ ကျေးဇူး တင်ချင်းတင်ရင် ကျုပ်တို့ကသာ သခင်လေးကို တင်ရမှာပါ၊ သခင်လေးဟာ ကျုပ် တူမတော်တွေကိုလည်း ရေထဲက ဆယ်တင်ပေးခဲ့တယ်၊ သူတို့ လက်ထပ်မင်္ဂလာကိုလည်း အောင်မြင် ချောမောအောင် လုပ်ပေးခဲ့တယ်၊ ဒါတင်မကဘူး၊ ကျုပ်တို့တစ်တွေ ကာရိကုတ် ပြည်နယ်ကို အရက်တကွဲ အကျိုးနည်းပြီး မပြန်ရအောင်လည်း သခင်လေး လုပ်ပေးခဲ့တယ်၊ ဟိုကိစ္စကတော့ ကျုပ် ခေါင်းထဲမှာ ထည့်မထားပါဘူး၊ မေ့ပစ်လိုက်ပါပြီ၊ ဒါအတွက်လည်း ဘာမှ အားတုံ့အားနာ ဖြစ်မနေနှင့်တော့'

အက်ရှ်၏ နှုတ်ခမ်းများသည် တရွရွ တုန်နေကြ၏။ သူ့မျက်နှာ အမူအရာက စကားလုံး များစွာထက် လေးနက်နေသည်။ ကာကာဂျီက သူ ဆိုလိုသည့် အဓိပ္ပာယ်ကို နားလည်သည့်နှယ် ပြန်ပြော၏။

'ကျုပ် သိပါတယ် သခင်လေး၊ ကျုပ် ကောင်းကောင်း သိတာပေါ့၊ ကျုပ်ထက် သိတဲ့လူ ဘယ်မှာ ရှိပါတော့မလဲ၊ ခု ကျုပ် ဒီစကားကို ပြောနိုင်တာဟာလည်း ကျုပ်မှာ အတိတ်က သင်ခန်းစာတွေ ရှိခဲ့ဖူးလို့ သခင်လေးကို ဒီစကား ပြောနိုင်တာပေါ့၊ ဒီတော့ ကျုပ်ပြောချင်တာက နောက်ကို ဘယ်တော့မှ ပြန်မကြည့်နှင့်၊ အတိတ် ဆိုတာဟာ အရေးနိမ့်သွားတဲ့ လူတွေ၊ အိုမင်းတွင်းဆုံး ကျနေတဲ့ လူတွေရဲ့ ခိုလှုံရာ ဖြစ်တယ်ဗျ၊ ဒီတော့ သခင်လေးဟာ အရေးနိမ့်ခဲ့တဲ့ လူတစ်ယောက်လည်း မဟုတ်သေးဘူး၊ အိုမင်းတွင်းဆုံး ကျနေတဲ့ လူအိုကြီး တစ်ယောက်လည်း မဟုတ်သေးဘူး၊ ဒီတော့ အတိတ်ကို ပြေးဝင် ခိုလှုံဖို့လည်း မလိုသေးဘူး၊ ပြီးခဲ့တာဟာ ပြီးခဲ့ပြီလို့ သဘောထားပြီး အားလုံးကို မေ့ပစ်လိုက်၊ ရှေးဖြစ်ဟောင်းတွေကို တွေးမနေနှင့်၊ လူ့ဘဝ ဆိုတာ နတ်သိကြားတွေက ပေးလိုက်တဲ့ လက်ဆောင်၊ ဒီတော့ ဒီလက်ဆောင်ကို အချည်းနှီး အကျိုးမဲ့ မဖြစ်စေနှင့်၊ အလဟဿ မဖြစ်စေနှင့်၊ အကျိုးရှိအောင် နေ၊ ပြည့်ပြည့်ဝဝ အသုံးချ၊ ကျုပ်ကတော့ ဒီလို အသုံးမချခဲ့မိလို့ မှားခဲ့ပြီ၊ ဒီတော့ မောင်က လူငယ်ပဲ ရှိသေးတယ်၊ ဒါကြောင့် ကျုပ် အမှားမျိုး မမှားပေစေနှင့်'

'ဟုတ်ကဲ့ ကာကာဂျီ၊ ကျွန်တော် ကြိုးစားပါ့မယ်၊ ကဲ ကျွန်တော်လည်း သွားရတော့မယ်၊ ကျွန်တော့်အတွက် ဆုတောင်း မေတ္တာ ပို့ပါနော်'

'ဘယ့်နှယ် ဆုတောင်း မေတ္တာ မပို့ဘဲ နေရမလဲဗျာ၊ ပို့ရမှာပေါ့၊ ကျုပ် တူကြီး ကာရိကုတ်ပြည်ကို ချောချောမောမော ရောက်ပါစေ၊ လာမယ့် နှစ်များမှာ စိတ်နှလုံး ချမ်းမြေ့ ပျော်ရွှင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်၊ အပြီးသတ်တော့ နှုတ်မဆက်သေးဘူးဗျ၊ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



တို့ နှစ်ယောက်က နောင်မှာ မကြာခဏ တွေ့နေကြရဦးမှာ'

'ဟုတ်ပါတယ် ကာကာဂျီ၊ တွေ့ကြဦးမှာလို့ ကျွန်တော်လည်း ထင်ပါတယ်၊ ကာကာဂျီလည်း မဒန်းက ကျွန်တော့် တပ်စခန်းကို အလည် လာစေချင်ပါသေးတယ်'

'အမယ်လေး၊ မလာနိုင်တော့ပါဘူးဗျာ၊ အသက်ကြီးလှပါပြီ၊ ခုလောက် ခရီးသွားရတာတောင်မှ လွန်လှပြီ၊ ဒီတစ်ခါ ကာရိကုတ် ပြန်ရောက်ရင်တော့ နောက်ဘယ်ကိုမှ မထွက်တော့ဘူးဗျ၊ တူတော်မောင် ဂျိုတီကတော့ ဆပ်သခင်လေးကို တော်တော် ခင်ရှာတယ်၊ သူ မဟာရာဇာ ဖြစ်ပြီ ဆိုတော့ ဆပ်သခင်လေးကို ကာရိကုတ်ကို လာစေချင်မှာပဲ၊ ဆပ်သခင်လေးကို ကာရိကုတ်မှာ တွေ့ရလိမ့်မယ်လို့ မျှော်လင့်ပါတယ်ဗျာ'

အက်ရှ်သည် သူ့စကားကို ငြင်းဆန်ခြင်း မပြု။ သို့ရာတွင် အက်ရှ်သည် ကာရိကုတ် ပြည်နယ်တွင် နောက်ထပ် ခြေမချချင်တော့ပြီ။ ကိုယ်တော်လေး ဂျိုတီကို ကာရိကုတ်ပြည်သို့ အရောက် ပို့ပေးပြီးသည့်နောက်တွင် ကာရိကုတ်သို့ လာမည် မဟုတ်တော့။ သို့ရာတွင် ထိုအကြောင်းကို ကာကာဂျီကို ပြော၍ မဖြစ်။

အက်ရှ်သည် ဘိသောရှိ ရွှေရေး ဟော်နန်းမှ အခမ်းအနားဖြင့် ထွက်ခွာရမည် ဖြစ်သည့် အတွက် ယူနီဖောင်းကို အပြည့်အစုံ ဝတ်ထားသည်။ သို့ရာတွင် အက်ရှ်သည် ယူနီဖောင်း ဝတ်ထားသည်ကို မေ့သွားကာ အရှေ့တိုင်း ထုံးစံအတိုင်း ဝပ်တွားကာ ကာကာဂျီ၏ ခြေအစုံကို နဖူးဖြင့် ထိမိသည်။

'အင်း ကျုပ် တူကြီးကို ဘုရား သိကြား မပါစေဗျာ၊ တကယ်လို့များ အကူအညီ လိုရင်တော့ ကျုပ်တူကြီးကို အကြောင်း... အကြောင်း ကြားပါရစေနော်'

သူ့အတွက် အကူအညီ လိုခြင်း မဟုတ်ကြောင်း၊ အခြားသူများ အတွက်သာ ဖြစ်ကြောင်းကို ကာကာဂျီ ပြောစရာ မလို။ အက်ရှ်ကလည်း အလိုလို နားလည်ပြီး ဖြစ်၏။

ကာကာဂျီသည် အက်ရှ်ကို ပွေ့ဖက်လိုက်၏။ နောက်ထပ် ပြောစရာ မရှိတော့။ ထို့ကြောင့် အက်ရှ်ကို လွှတ်လိုက်သည်။ ညနေပိုင်းတွင် ထပ်၍ တွေ့ကြဦးမည်။ ကာကာဂျီသည် ဘိသောပြည် နယ်စပ် အထိ မြင်းဖြင့် လိုက်လာကာ တူတော်လေး ဂျိုတီကို ပို့ရဦးမည်။ သို့ရာတွင် နှစ်ယောက်ချင်း စကား ပြောချိန် မရတော့။ ပြောဖို့လည်း မလိုတော့။

ကာရိကုတ်သို့ ပြန်မည့် အဖွဲ့အနက် သုံးပုံနှစ်ပုံတို့သည် ဝန်တင်မြင်းများနှင့် အတူ အရုဏ်တက်တွင် စတင် ထွက်ခွာကြ၏။ ဘိသော နယ်စပ် တစ်ဖက်သို့ အရောက်သွားကာ တဲစခန်းများ ကြိုတင် ထိုးရန် စောစော ထွက်ခွာကြရခြင်း ဖြစ်သည်။

ကိုယ်တော်လေး ဂျိုတီနှင့် အဖွဲ့မှာမူ သံတမန်ဆိုင်ရာ ထုံးတမ်းစဉ်လာ အတိုင်း လုပ်နေရသည့် အတွက် နေမြင့်မှ ထွက်ဖြစ်တော့မည်။ အမှန်အားဖြင့် သူတို့အဖွဲ့သည် မွန်းသည်ထက် နောက်ကျမှ ထွက်ဖြစ်သည်။ သူတို့အဖွဲ့ ဘိသော နယ်စပ်ကို ကျော်ဖြတ်သည့် အခါ နေလုံးသည် လုံးဝ ကွယ်ပျောက်ခဲ့လေပြီ။

အက်ရှ်သည် နောက်သို့ ပြန်လှည့်လိုက်ကာ မီးတုတ် မီးစည်းများမှ အရောင်ထဲတွင် ကာကာဂျီကို လှမ်းကြည့်လိုက်သည်။ ကာကာဂျီ ၏ ပါးပြင်တွင် မျက်ရည်တို့ စိုရွှဲနေသည်ကို မြင်ရ၏။ အက်ရှ်သည် လက်ကို မြှောက်၍ သူ့ကို အရိအသေ ပေးလိုက်သည်။ သူ့မျက်လုံးထဲတွင်လည်း မျက်ရည်တွေ စိုရွှဲလျက်။

'သွားတော့မယ် ကာကာဂျီ' ဟု ဂျိုတီက အသံစူးစူးဖြင့် နှုတ်ဆက်သည်။

မြင်းခွာသံသည် ခပ်သော့သော့ ပြေးစပြုလာ၏။ နှုတ်ဆက်သံများသည် မြင်းခွာသံများ ကြားတွင် ပျောက်သွားကြသည်။ မီးတုတ်မှ မီးရောင်များသည် ဖြည်းဖြည်းဝေး၍ ကျန်ရစ်ခဲ့လေပြီ။

သူတို့တစ်သိုက်သည် ရေးရေးရိပ်ရိပ် ပေါ်နေကြသည့် တောင်ရိပ်များနှင့် လရောင် မှုန်ပြပြထဲတွင် မြင်းစီး လာခဲ့ကြသည်။ ရင်နာရခြင်း၊ မွန်းကျပ်ခြင်းတို့နှင့် အတူ ဘိသောပြည်သည် နောက်တွင် ကျန်ရစ်ခဲ့ပြီ။

သူတို့ တစ်သိုက်သည် မြောက်ဘက်သို့ ဦးတည် နေကြသည်။

[ဒုတိယတွဲကို ဆက်လက် ဖတ်ရှုပါ။]



www.burmeseclassic.com